မောင်ပေါ်ထွန်း

အကြီးအကဲ

နိုင်ငံတစ်ခု ပျက်သုဉ်းခြင်း

The Haj

Leon Uris

အကြီးအကဲ (နိုင်ငံတစ်ခုပျက်သုဉ်းခြင်း)

မောင်ပေါ်ထွန်း

The HAJ

Leon Uris

သီဟရတနာစာအုပ် - (၆၁) – ဘာသာပြန်စာစဉ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၁၀၃၉/၂၀၀၃(၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၄၇/၂၀၀၃(၈)

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်၊ ၁၉၈၈ ခုနှစ် မြဝတ်ရည်စာပေ

ဒုတိယအကြိမ်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ သီဟရတနာစာပေ အုပ်စု

(၅၀၀)

ထုတ်ဝေသူ

ဦးသိန်းစိုး (ယာယီ-၇၅၇) (သီဟရတနာစာပေ)

အမှတ် (၁၀၀-D)၊ အင်းယားလမ်း၊ကမာရွတ်မြို့နယ်၊

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဒေါ်ခင်အေးမြင့် (ရာပြည့်အော့ဖ်ဆက်)

၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်

မျက်နှာဖုံးဒီဇိုင်း

THIHA GROUP

စာအုပ်ချုပ် - ကိုမြင့်

About Us

ကျွန်တော်တို့ အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများအတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန်အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ယခု Ebooks4MM website လေးကို ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ) အသုံးမပြုပါ။

"စာရေးဆရာများနှင့် စာပေထုပ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုပ်ဝေသူတို့ နှင့် ဆရာ၊ ဆရာမများအနေဖြင့် မြန်မာနိုင်ငံအတွင်းက e-Books Market အတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် အကြံပြုလိုပါသည်။ eBooks Digital Market ဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာရှိနေပါပြီ။ Digital Product ဖြစ်သည့် အတွက် ဆရာ၊ ဆရာမများအတွက်လည်း ပိုမိုအကျိုးများပါသည်။

ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့်ချိုးဖေါက်နေမှုများကို လည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည်ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

✤ ✤

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ eBook ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ်ပြုသင့်တယ်"လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။ စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ်နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံစာပေလောက အတွက် အနာဂတ်ကလေးငယ်များအတွက် များစွာ နစ်နာကြပါလိမ့်မည်။

✤ ✤

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (Ebook ရှိလျှင်) Ebook များ ကို အဓိက ဖတ်ကြပါသည်။ ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုထည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။ ထိုကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

Proofread အခြေအနေ

ဒီစာအုပ်ကို တောင်းဆိုသူများရှိလို့ ပြုလုပ်ပေးလိုက်တာဖြစ်ပါတယ်။ PDF quality ညံ့တာနှင့် Proofread ကောင်းကောင်းမလုပ်နိုင်တာကြောင့် အမှားအယွင်းများစွာ ပါနိုင်ပါတယ်။

အမှားအယွင်းများကို eBook4mm.org Comment မှာ ဖြစ်ဖြစ်၊ Ebooks 4 MM Telegram Comment မှာဖြစ်ဖြစ် Report ပြုလုပ်ပေးနိုင်ပါတယ်။ Proofread ဖတ်နိုင်သူရှိလျှင်လည်း .docx ဖိုင်လာရောက် တောင်းယူနိုင်ပါတယ်။

✤--- www.ebooks4mm.org ---✤

ဤ၀တ္ထုကြီးကို ဤသို့ မြင်ကြသည်

ကျွန်ုပ်သည် လီယွန်ဦးရစ်၏ ဇာတ်ပြောကောင်းသော မဟာစွမ်းရည်ကိုသာ လေးစားသည်မဟုတ်၊ အရှေ့အလယ်ပိုင်းပြဿနာကို အနီးအဝေး မြင်ကွင်းကျယ်ဖြင့် သတ္တိရှိစွာနှင့် ရိုးသားစွာ အချိန်ကိုက်တင်ပြနိုင်ခြင်းကိုလည်း လေးစားပါသည်။ - ကျွန်ုပ်မှာသာ အာဏာရှိခဲ့လျှင် ဤစာအုပ်ကို ကုလသမဂ္ဂဝင် နိုင်ငံတိုင်းအား ဖတ်ခိုင်းမည်ဖြစ်သည်။ ဤစာအုပ်ကို ကျွန်ုပ်အလေးအနက် နှစ်သက်ချီးကျူးပါသည်။

Gerald Green 'Holocaust

၀တ္ထုရေးသားသူ

ဤ၀တ္ထုသည် လူသားတို့၏ ရေးအကျဆုံးနှင့် အပြင်းပြဆုံး ဆန္ဒကြီးတစ်ခုဖြစ်သည့် အထူးအဆန်းသိချင်စိတ်ကို အစွမ်းကုန် နှိုးဆွပေးနိုင်သော၀တ္ထုဖြစ်သည်။

Washington Post Book World

The Haj ၀တ္ထုသည် သမိုင်းဖြစ်ရပ်များနှင့် စိတ်ကူးဉာဏ်ကွန်မြူးချက်များကို ပေါင်းစပ်ရေးသားထားသောကြောင့် စာဖတ်သူအဖို့ ဗဟုသုတလည်းရသည်။ ဖျော်ဖြေမှု လည်းရသည်။ အရေးအသား အလွန်သွက်ပြီး လှုပ်ရှားတိုက်ခိုက်မှုများနှင့် ပြည့်နှက်နေ သည်။ ၀တ္ထုရေးဆရာသည် ဒေသန္တရဗဟုသုတအပြင်၊ လူမျိုး၊ ယဉ်ကျေးမှုနှင့် လူနေမှု ဘ၀တို့ကို အထူးကျွမ်းကျင်သည်မှာ ထင်ရှားသည်။

John Barkmam Review

ဇာတ်ကောင်သရုပ်ဖော်မှု အလွန်ကောင်းသည်။ စိတ်ဝင်စားစရာအလွန်ကောင်းသည်။ The Haj၀တ္ထုသည် သမိုင်းအခြေခံ၀တ္ထုတစ်ပုဒ်အဖြစ် အလေးအနက်ထားရမည့် ၀တ္ထု ကြီးဖြစ်သည်။

အရှေ့အလယ်ပိုင်းပြဿနာကို နက်နက်ရှိုင်းရှိုင်းလေ့လာလိုလျှင် ဤစာအုပ်မပါဘဲနှင့် ပြည့်စုံလိမ့်မည်မဟုတ်။

EL Paso Times

✥---- www.ebooks4mm.org ----✥

မူရင်းစာရေးသူ၏ အမှာ

The Haj ကဲ့သို့သော ဝတ္ထုကြီးတစ်ပုဒ် ပေါ်ထွက်လာနိုင်ရေးအတွက် နှစ်ပေါင်း များစွာ ခရီးထွက်ခြင်း၊ သုတေသန ပြုခြင်းနှင့် ရေးသားခြင်း လုပ်ငန်းများတွင် စာရေးသူ၏ ကိုယ်စွမ်း ဉာဏ်စွမ်းကို အများကြီးသုံးခဲ့ရသည်။ တစ်ချိန်တည်းတွင် တစ်ပါးသူတို့၏ ကူအညီကိုလည်း များစွာယူခဲ့ရသည်။

ထို့ကြောင့် ဤစာအုပ် ပြုစုရေးမီမံကိန်းတွင် ကျွန်တော့်ဇနီး ဂျစ်လ် ထံမှလည်း ကျွန်တော့်ထက် မယုတ်လျော့သော မြတ်နိုးယုံကြည်မှုဖြင့် အကူအညီများစွာ ရရှိခဲ့သည်။ ဂျစ်လ်သည် ကိုယ်ကျိုးကိုစွန့်ပြီး ကျွန်တော့်အား စေတနာ၊ သစ္စာနှင့် မေတ္တာတို့ကို ပေးခဲ့သည်။ ထို့ပြင် ဤစာအုပ်ကိုရေးသားနေစဉ်ကာလတွင်လည်း အရေးပါသော အကြံဉာဏ်များဖြင့် ကူညီခဲ့သည်။ တကယ်ဆိုသော် ကျွန်တော်၏ ဘေးတွင် ဤကဲ့သို့သော အဖော်မွန်တစ်ယောက်သာမရှိခဲ့လျှင် ဤစာအုပ်ကို ကျွန်တော် ရေးဖြစ်ရန်ပင် မလွယ်ပါချေ။

Trinity ဝတ္ထုကြီးကို ရေးသားခဲ့စဉ်က ကျွန်တော်၏ သုတေသန လက်ထောက် ဒီအီးဂဲလ်သည် ကျွန်တော်တင်ပြ လိုသည့်အချက်များနှင့် ဝတ္ထုအတွက် လိုအပ်ချက်များကို အံ့သြရလောက်အောင် နားလည်ကြောင်း ကျွန်တော်ကောင်းစွာ သိရှိခဲ့ရသည်။ ယခု The Haj ဝတ္ထုသည်လည်း သုတေသနသမား တစ်ယောက်အတွက် အလွန်တာဝန်ကြီးသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ဒိန်းသည် ဤဝတ္ထုအတွက် အရေးပါသော အစီရင်ခံစာပေါင်း တစ်ထောင်ကျော်ကို ဖတ်ရှု၍ အချက်အလက်များ ရှာဖွေပေးခဲ့သည်။ ယင်းအချက် အလက်များသည် လက်နှိပ်စက်နှင့် ကျွန်တော် နပန်းလုံး နေချိန်တွင် လက်တကမ်း၌ အသင့်ရှိနေသောကြောင့် လျင်မြန်လွယ်ကူစွာ အသုံးပြုနိုင်ခဲ့သည်။

ဒိန်းသည် ဝတ္ထု၏ နောက်ခံအချက်အလက်များ မှန်ကန်ရေးအတွက်လည်း မှတ်လောက်သားလောက် ကူညီခဲ့သဖြင့် ကျွန်တော့်အတွက်

တာဝန်အများကြီးပေါ့သွား ခဲ့ရသည်။ အထူးသဖြင့် ဂျစ်လ်နှင့် ကျွန်တော်တို့၏ သစ္စာရှိသော မိတ်ဆွေကောင်း တစ်ယောက်အဖြစ် ဒိန်းအား ကျေးဇူးတင်၍မဆုံးနိုင်ပါ။

ဤဝတ္ထုတွင်ပါဝင်သော ဖြစ်ရပ်များစွာတို့ကို သမိုင်းစာအုပ်များနှင့် အစိုးရမှတ်တမ်းများမှ ယူထားခြင်းဖြစ်သည်။

ဇာတ်ကွက်များစွာတို့ကို သမိုင်းဖြစ်ရပ်အပေါ်တွင် အခြေခံ၍ ဖန်တီးထားပြီး ဝတ္ထု၏နောက်ခံကားအဖြစ် အသုံးပြုထားသည်။

ဤဝတ္ထုပါ ဇာတ်ဆောင်တို့၏ နာမည်များနှင့် တကယ့်သမိုင်းဝင်ပုဂ္ဂိုလ်တို့၏ နာမည်များလည်း တူညီမှုရှိနိုင်သည်။ ထို့ကြောင့် ဝတ္ထုပါပုဂ္ဂိုလ်တို့၏ နာမည်များကို စာဖတ်သူများအနေဖြင့် အမှတ်မှားကောင်း မှားနိုင်သည်။

ဤဝတ္ထုထဲမှ ဇာတ်ဆောင်များသည် စာရေးသူဖန်တီးထားသော စိတ်ကူးယဉ် ဇာတ်ဆောင်များသာဖြစ်ကြောင်း အလေးအနက်ပြောလိုပါသည်။

သို့သော်လည်း သက်ဆိုင်ရာ ခေတ်ကာလသမိုင်းဖြစ်ရပ်များနှင့် ပတ်သက်နေသည့် ဒေးဗစ်ဘင်ဂူရီယံ၊ ဂျေရုဆလင်မဟာမင်းကြီး၊ အဗ္ဗဒူလာဘုရင်၊ ယီဂယ်အေလွန်၊ ဂါမယ် အဗ္ဗဒယ်နာဆာနှင့် ဘုရင်ဟူစိန် အစရှိသော ပုဂ္ဂိုလ်များကတော့ တကယ့်သမိုင်းဝင်ပုဂ္ဂိုလ် များဖြစ်ကြသည်။

လီယွန် ဦးရစ်

❖--- www.ebooks4mm.org ---❖

မောင်မိုးသူ၏ အမှာ

လီယွန်ဦးရစ်ရဲ့ THE HAJ ဝတ္ထုကို မောင်ပေါ်ထွန်းက "အကြီးအကဲ" (နိုင်ငံတစ်ခု ပျက်သုန်းခြင်း) ဆိုတဲ့နာမည်နဲ့ ဘာသာပြန်ပါတယ်။

လီယွန်ဦးရစ်ဆိုတာ ကမ္ဘာကျော်စာရေးဆရာ၊ ပြီးတော့ မြန်မာဘာသာပြန်စာဖတ် ပရိတ်သတ်တွေနဲ့လည်း ရင်းနှီးကြပြီးသား။ (မောင်ပေါ်ထွန်းရဲ့ အမှာထဲမှာ ဦးရစ်ရဲ့ ဘယ် စာအုပ်တွေကို ဘယ်သူတွေက မြန်မာပြန်ပြီးပြီဆိုတာ ဖော်ပြထားပါတယ်။) ဒီတော့ သူ့အကြောင်း သူ့အတ္ထုပ္ပတ္တိကိုလည်း မိတ်ဆက်ပေးစရာမလို။ သူ့စာအုပ်အကြောင်းကို လည်း ရှင်းပြစရာမလိုတဲ့ကိစ္စပါ။

မောင်ပေါ်ထွန်းဆိုတာကတော့ ယနေ့ လူလတ်ပိုင်း ဘာသာပြန်ဆရာတွေထဲမှာ "လက်ရာအသန့်ဆုံး"လို့ ပြောနိုင်တဲ့လူပဲ။ သူ့အတွက် မောင်မိုးသူက အထူးတလည် မိတ်ဆက်ပေးစရာမလိုဘူး၊ နှမ်းဖြူးပေးစရာ မလိုဘူး၊ ဘုန်းကြီးရှေ့ကကြွ လုပ်ပေးနေဖို့ လိုပါဘူး။

ဒါပေမယ့် ဒီစာအုပ်... ။ ဒီစာအုပ်ဆိုတာ THE HAJ ဒီစာအုပ်အတွက်ကတော့ ဘာသာမပြန်ခင်ကတည်းက မောင်ပေါ်ထွန်းကို မောင်မိုးသူ အမှာစာ ရေးပေးမယ်လို့ ကတိပေးပြီးသား။

ဖြစ်ပုံက ဒီလိုပါ။ လီယွန်ဦးရစ်ရဲ့ THE HAJ ရောက်လာတော့ ဘာသာပြန်စာရေးဆရာ အသိုင်းအဝန်းက မောင်မိုးသူ ဘာသာပြန်မယ်လို့ ယူဆထားပုံရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မောင်မိုးသူက 'Exodus' ကို ဘာသာပြန်ထားတဲ့သူ။ ဒီစာအုပ်ဟာ Exodus ရဲ့ အဆက် ဟုတ်ပေမယ့် Exodus ဝတ္ထုရဲ့ တစ်ခြားတစ်ဘက်က မျက်နှာလို့ ပြောရင်ရတဲ့စာအုပ် ဖြစ်နေလို့ပါပဲ။

THE HAJ ဝတ္ထုကို မောင်မိုးသူ အလွန်သဘောကျပါတယ်။ ပထမတော့ ဘာသာပြန်မလို့ပါပဲ။ နောက်တော့ ဘာသာမပြန်ဖြစ်တော့ပါဘူး။

အကြောင်းကတော့ - စာအုပ်ကြီးက အလွန်ထူတယ်။ အချိန်တွေအများကြီးပေးရမယ်၊ အားထုတ်ရမယ်။ ခုနှစ် ထဲမှာ မောင်မိုးသူဟာ မဂ္ဂဇင်းတွေနဲ့ ချာချာလည်နေတယ်။ လုံးချင်းဘက် မလှည့်နိုင်ဘူး၊ မလှည့်ဖြစ်ဘူး။ ဒီနှစ်ထဲမှာ ဘာသာပြန်လုံးချင်းတစ်အုပ်မှ အသစ်မထွက်နိုင်တာကိုပဲ ကြည့်။

နောက်တစ်ကြောင်းက ဘာသာရေးနဲ့ ပတ်သက်တာပါတယ်။ ဘာသာရေးဆိုတော့ မောင်မိုးသူ သိပ်မသိဘူး။ ဒါကြောင့် အစကပြန်မလိုလုပ်ပြီး နောက်မှမပြန်တော့ဘူးလို့ ဆုံးဖြတ်လိုက်တာပဲ။

တစ်နေ့ မောင်ပေါ်ထွန်းအိမ်ရောက်လာပါတယ်။ THE HAJ ဝတ္ထုကို မောင်မိုးသူ ဘာသာမပြန်ဖြစ်ရင် သူပြန်ချင်တယ်တဲ့။ သူပြန်ပြီးရင်လည်း မောင်မိုးသူက အမှာရေး ပေးပါတဲ့။ မောင်မိုးသူကလည်း ချက်ချင်းပဲ 'လုပ်ပါ ကောင်းပါတယ်”လို့ ကတိပေး လိုက်ပါတယ်။ ခုတော့ မောင်ပေါ်ထွန်းရဲ့ အတွဲသုံးတွဲရှိတဲ့ “အကြီးအကဲ” (နိုင်ငံတစ်ခု ပျက်သုန်းခြင်း) စာအုပ်ဟာ ခွင့်ပြုချက်လည်းရပြီး စာအုပ်အဖြစ်နဲ့တောင် ရိုက်နေပြီဖြစ်လို့ မောင်မိုးသူ အမှာရေးလိုက်ရတာ ဖြစ်ပါတယ်။

ပြောဖို့ဖြစ်လာမှတော့ လီယွန်ဦးရစ် အကြောင်းကပဲ စပြောရတော့မှာပေါ့။ လီယွန်ဦးရစ်ဟာ ၁၉၂၄ ခုနှစ်မှာ မွေးတယ်။ မရိမ်းတပ်မှာဝင်ဖူးတယ်။ အမေရိကန် ဂျူးအမျိုးသား တစ်ဦး ဖြစ်တယ်။ ၁၉၅၀ ပြည့်နှစ်မှာ စာပေနယ်ကို စတင်ဝင်ရောက်တယ်။ ၁၉၅၃ ခုနှစ် မှာ Battle Cry ဆိုတဲ့ဝတ္ထုနဲ့ စတင် အောင်မြင်ကျော်ကြားလာခဲ့တယ်။ ၁၉၈၄ ခုနှစ်မှာ ထုတ်တဲ့ THE HAJ အပါအဝင် ဝတ္ထုပေါင်းကိုးအုပ်ရေးဖူးပြီး အစ္စရေးပြည်အကြောင်း ဓာတ်ပုံစာအုပ်၊ အိုင်ယာလန်ပြည်အကြောင်း ဓာတ်ပုံစာအုပ် (အိုင်ယာယန်ပြည်အကြောင်း ကိုတော့ ဇနီးသည်ဂျစ်လ်နှင့်အတူတွဲရေးတာပါ) ပေါင်း ဓာတ်ပုံမှတ်တမ်းနှစ်အုပ် ထုတ်ဝေဖူးပါတယ်။

လီယွန်ဦးရစ်ဟာ ယေဘုယျအားဖြင့် သမိုင်းဇာတ်ခံဝတ္ထုရေးသူလို့ ပြောရင်ရမယ် ထင်ပါတယ်။ သူရဲ့ ပထမဆုံး Battle Cry ကတော့ သူ့ရဲ့ မရိန်းတပ်သားအတွေ့အကြုံကို အခြေခံပြီးရေးတာ။ နောက် The Angry Hill က စွန့်စားခန်း၊ Topaz က လျှို့ဝှက် စပိုင်ဝတ္ထု ဖြစ်ပေမယ့် တကယ့်ဖြစ်ရပ်မှန်

ကမ္ဘာ့နိုင်ငံရေး လှုပ်ရှားမှုများကို အခြေခံရေး တာတွေပါပဲ။ Arniagaddon ကတော့ ဘာလင်အရေးအခင်း သမိုင်းကြောင်းဝတ္ထု၊ Trinity က အိုင်ယာလန်ပြည်ရဲ့ သမိုင်းနောက်ခံဝတ္ထု။ Exodus ကတော့ အစ္စရေးပြည် တည်ထောင် မွေးဖွားလာခဲ့တဲ့ သမိုင်း ဝတ္ထု၊ Mila IX က Exodus ရေးစဉ်က စုဆောင်း ထားပုံရတဲ့ အခန်းတစ်ခန်း (နာဇီဂျာမဏီ လက်အောက် ပိုလန်ပြည် ဒူးရပ်ကွက်ရဲ့ အလံမလှဲတဲ့ တိုက်ပွဲအကြောင်း) ဖြစ်တယ်။ အိုင်ယာလန် အကြောင်းရေးတဲ့ Trinity နဲ့ အစ္စရေး တိုင်းပြည် မွေးဖွား တည်ထောင်ခြင်းကိုရေးတဲ့ Exodus စာအုပ် နှစ်အုပ်မှာ သမိုင်းကြောင်း တွေက ပြည့်စုံလွန်းတယ်လို့ ဖတ်ကြပြောကြပါတယ်။

Exodus ဝတ္ထုဟာ လီယွန်ဦးရစ်ရဲ့ အကျော်ကြားဆုံး အထင်ရှားဆုံးစာအုပ် ဖြစ်ပါတယ်။ တကယ်တမ်း ပြောရမယ်ဆိုရင် အကောင်းဆုံးစာအုပ်ပါပဲ။ ဦးရစ်ဟာ ဂျူး လူမျိုးတစ်ယောက်ဖြစ်ပါတယ်။ ဒီတော့ လူမျိုးစွဲတော့ ရှိမှာပါပဲ။ လူမျိုးစွဲမှာမှ ဂျူးလူမျိုးစွဲ ဟာ အလွန်ကြီးတယ် ဆိုတာတော့ တစ်ကမ္ဘာလုံးက သိပြီးသားကိစ္စပါ။ ဂျူးလူမျိုးတွေ အတွက်ကတော့ နှစ်ပေါင်း ၂၀၀၀ ကျော် တိုင်းပြည် ပျောက်ဆုံးခဲ့ရာက ပါလက်စတိုင်းဒေသ မှာ ဂျူးလူမျိုးတို့ရဲ့ တိုင်းပြည် “အစ္စရေးပြည်" တည်ထောင်နိုင်ဖို့ ကြိုးပမ်းမှုဟာ သမိုင်းဝင် အထူးခြားဆုံး ဖြစ်ရပ်တစ်ခုပါပဲ။ အံ့မခန်းဖြစ်ရပ်ဆိုပြီး သတ်မှတ်ကြပါတယ်။

ဒါပေမယ့် စာရေးဆရာက ဂျူးအမျိုးသားလေ။

ဦးရစ်ဟာ “အိပ်ဇိုးဒပ်”ကို ရေးတဲ့နေရာမှာ စိတ်ထဲပါလို့ပဲဖြစ်ဖြစ်၊ မပါလို့ဘဲဖြစ်ဖြစ် ဂျူးတွေဘက်က လိုက်မိနေတာက အမှန်ပေါ့။ ဒါကို စာရေးဆရာ ဦးရစ်ကိုယ်တိုင် သတိ ခဲ့ပုံရပါတယ်။ ဒါကြောင့် အခု THE HAJ ဝတ္ထုကို ထပ်ရေးတာဖြစ်ရမယ်လို့ အောင်မိုးသူ ယူဆမိတာပဲ။

“THE HAJ” ဝတ္ထုဟာ “Exodus’ ဝတ္ထုရဲ့ အဆက်မဟုတ်ပါဘူး။ ဒါပေမယ့် အင်္ဂလိပ်လိုပြောရမယ်ဆိုရင် “other side of the coin? (ဒင်္ဂါးတစ်ပြားရဲ့ တခြား တစ်ဘက်) လို့ ပြောရမယ်ထင်ပါတယ်။ ဒင်္ဂါးတစ်ခုမှာ တစ်ဘက်ကခေါင်းဆိုရင် တစ်ဘက် သန်းပဲ။ တစ်ဘက်နဲ့တစ်ဘက် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တယ် ဆိုတဲ့သဘောကိုတောင် တင်စားပြောကြတယ် မဟုတ်လား။

THE HAJ ဝတ္ထုဟာ ပါလက်စတိုင်းဒေသမှာ နေထိုင်ကြတဲ့ ပါလက်စတိုင်း

လူမျိုးများ သူတို့ရဲ့ ပါလက်စတိုင်းပြည် ပျက်သုဉ်းဆုံးရှုံးရခြင်းကို ဖွဲ့ဆိုထားတဲ့ဝတ္ထု။ ပါလက်စတိုင်းလူမျိုးတွေဘက်က ရေးတဲ့ဝတ္ထုလို့ပြောရင် ရနိုင်ပါတယ်။

ဦးရစ်ဟာ စာရေးဆရာကောင်း တစ်ယောက် ဖြစ်တယ်ဆိုတဲ့ အကြောင်းကို ပထမ ပြောရမယ် ထင်ပါတယ်။ ပြီးတော့ ခု သူရေးထားတာက ဝတ္ထုတစ်ပုဒ်ပါ။ ဝတ္ထုဆိုတာ သမိုင်းဝင်အချက်အလက်တွေ ဘယ်လိုပါပါ၊ သမိုင်းကို ဘယ်လိုပဲနောက်ခံပြုပြု ဝတ္ထုကတော့ ဝတ္ထုပါပဲ။ ဝတ္ထုကောင်း တစ်ပုဒ်ဖြစ်အောင်က စာရေးဆရာကောင်းကမှ ရေးတတ်တာ။ ချက်အလက်တွေ ဘယ်လောက် ပြည့်စုံပြည့်စုံ၊ ဘယ်လောက်ကောင်းကောင်း စာရေးဆရာက ညံ့ရင် ဝတ္ထုကောင်း မဖြစ်ဘူး။ ဖတ်လို့ အရသာမရှိဘူး၊ အဲ "ရသ" မပါဘူးလို့ ရမှာပေါ့။

ဒီဝတ္ထုမှာတော့ လီယွန်ဦးရစ်ဟာ စာရေးဆရာကောင်းလို့ ပြောခဲ့ပြီကော။ ဒီတော့ သူက ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်အောင် ပီပီသသရေးနိုင်တယ်။ ဇာတ်ကောင်တွေရဲ့ စရိုက် ကိုလည်း ပီပီပြင်ပြင် ရုပ်လုံးထင်အောင်ဖော်နိုင်တယ်။

အဖြစ်အပျက်ကတော့ ဝတ္ထုနာမည်အတိုင်း နိုင်ငံတစ်ခုပျက်သုဉ်းခြင်း မဟုတ်လား။ နိုင်ငံတစ်ခုပျက်သုဉ်းရတာ ဘယ်သူ့ကြောင့်လဲဆိုတော့ အဲဒီနိုင်ငံမှာနေထိုင်ကြတဲ့ ပြည်သူ တွေရဲ့ အသိပညာနည်းမှု၊ မိုက်မဲမှု၊ ချွတ်ယွင်းအားနည်းမှု တွေကြောင့် ဖြစ်ရတာပဲ။

ဒီလို အဖြစ်အပျက်တွေကို စာရေးဆရာက ကြေကွဲစိတ်နဲ့၊ သနားစိတ်နဲ့ သူတို့ ကိုယ်စား မချင့်မရဲစိတ်၊ ဒေါမနဿစိတ်နဲ့ ရေးတယ်လို့ထင်ပါတယ်။ ဒါကြောင့်ဖတ်ရ အဲ့အခါမှာ ဖြစ်မှဖြစ်ရလေခြင်းဆိုပြီး ယူကျုံးမရ ဖြစ်ရပါတယ်။ ကရုဏာဒေါသောလည်း ဖြစ်ရပါတယ်။

ဒီလောက်ဆိုရင် စာရေးဆရာ လီယွန်ဦးရစ် အကြောင်းနဲ့ "THE HAJ' ဝတ္ထု အကြောင်း တော်လောက်ပြီလို့ထင်ပါတယ်။ ဒီထက်ပိုရေးရရင် "ကြက်တူရွေးက တော်တော် အောင်မိုးသူက ပိုကဲ" ဆိုပြီး စာဖတ်သူတိုင်း မျက်စိစပါးမွေးစူးမှာစိုးလို့ပါ။

မူရင်းဝတ္ထု ဘယ်လောက်ကောင်းကောင်း ဘာသာပြန်တဲ့လူက ရှော်ရင် အဲဒီဝတ္ထု က ပစ်လိုက်ရပါလေရော၊ နှမြောစရာသိပ်ကောင်းတာ။

ဒီစာအုပ်ကို ဘာသာပြန်သူက မောင်ပေါ်ထွန်းဖြစ်ပါတယ်။ မောင်ပေါ်ထွန်းက တော့ ဒီနေ့လက်ရှိအသန့်ဆုံး ဘာသာပြန်ဆရာ လူလတ်ပိုင်းထဲမှာ တစ်ယောက်လို့ မောင်မိုးသူ ယူဆယုံကြည်ထားတဲ့လူ ဖြစ်ပါတယ်။

သူနဲ့ မောင်မိုးသူ ...။ မောင်ပေါ်ထွန်းနဲ့ မောင်မိုးသူ ဘာသာပြန်သမားနှစ်ယောက်။

အတိတ်ကို ပြန်ကောက်ကြည့်တော့ မောင်မိုးသူက ၁၉၆၅ ခုနှစ်မှာ "စိတ္တဇ" စာအုပ် ကို ဘာသာပြန်ခဲ့တယ်။ မောင်ပေါ်ထွန်းက "နိုင်းမြစ်ဝှမ်းမှ တော်လှန်ရေး" စာအုပ်ကို ၁၉၇၄ ခုနှစ်မှာ ဘာသာပြန်တယ်။ မောင်ပေါ်ထွန်းက ဘာသာပြန်သက် ကိုးနှစ်နောက်ကျ တယ်။ ဒါပေမယ့် သူက စိုက်လိုက်မတ်တတ် ဘာသာပြန်ဖြစ်တယ်။ မောင်မိုးသူကတော့ နောက် ၁၁ နှစ်ကြာမှ "အိပ်မက်ကုန်သည်" ကိုပြန်တယ်။ မောင်ပေါ်ထွန်းက ၇၅၊ ၇၆၊ ၇၇၊ ၇၈၊ ၇၉၊ ခုနှစ်တွေမှာ တစ်နှစ်တစ်အုပ် နှစ်အုပ်တော့ ဘာသာပြန်တယ်။ မောင်မိုးသူ က ၇၇ ခုနှစ်မှာ တစ်အုပ်ပဲဘာသာပြန်ပြီး ရပ်သွားပြန်ရော။ ၈၀ ပြည့်နှစ်နောက်ပိုင်းမှာ တော့ နှစ်ယောက်စလုံး အတော်ဘာသာပြန်ဖြစ်ကြပါတယ်။ ဘာသာပြန်စာပေ တစ်ခေတ် ကလည်း ထွန်းကားလာတော့တာကိုး။

ဒီလိုနဲ့ မောင်မိုးသူနဲ့ မောင်ပေါ်ထွန်းတို့ဟာ တစ်နှစ်သုံးအုပ်ကနေပြီး လေးငါးအုပ် အထိ ပြန်ဖြစ်သူများဖြစ်လာပါတယ်။ ၁၉၈၆ ခုနှစ်ရောက်လာတော့ မောင်မိုးသူက ကဲ့ သွားပြန်ပြီ။ တစ်နှစ်မှ တစ်အုပ်ပဲ၊ တစ်ပုဒ်ပဲ။ ၈၇ ခုနှစ်ကျတော့လည်း တစ်ပုဒ်ပဲ။ ဟော ၈၈ ခုနှစ်ကျတော့ တစ်ပုဒ်တောင်မှ မတစ်ပုဒ်တော့ဘူး။ မောင်ပေါ်ထွန်းကတော့ "လမ်း ဆက်လျှောက်လျက်ပဲ"။ စာပေနယ်ထဲမှာ အတူရှိနေကြပေမယ့် မောင်မိုးသူဟာ မောင်ပေါ်ထွန်း ကို ၁၉၈၀ ပြည့်နှစ်မှာမှ ခင်မင်သိကျွမ်းရသူ ဖြစ်ပါတယ်။

ဘဝတက္ကသိုလ်စာအုပ်တိုက်ရဲ့ သဘာသာပြန်ဆရာနှစ်ဦးအဖြစ်နဲ့ သိကျွမ်းကြတာ ဖြစ်ပါတယ်။ သိကျွမ်းရတဲ့အချိန်ကစပြီး ခုထိ တစ်ယောက်နဲ့ တစ်ယောက် ညီရင်းအစ်ကို တွေလို ချစ်ခင်ရင်းနှီးကြသူများ ဖြစ်ပါတယ်။ နှစ်ယောက်သား စားပွဲတစ်လုံးတည်းမှာ ထိုင်ပြီး စာအုပ်တစ်အုပ်စီ

အတူဘာသာပြန်ဖူးကြပါတယ်။

မောင်ပေါ်ထွန်းဟာ မောင်မိုးသူမှာမရှိတဲ့ အလွန်ကောင်းတဲ့ အရည်အချင်းတွေ တပုံတပင်ကြီးရှိတဲ့ ဘာသာပြန်ဆရာတစ်ယောက်ပါ။

မှတ်မှတ်ရရ ... ၁၉၈၅ ခုနှစ်၊ ဩဂုတ်လလောက်က ... ပြင်ဦးလွင် 'Ludky Seven” ဆိုတဲ့ တည်းခိုရိပ်သာမှာ မောင်မိုးသူ ရယ်၊ မောင်ပေါ်ထွန်း ရယ်၊ ဘ၀တက္ကသိုလ်စာပေ ကိုနေဝင်း ရယ် သုံးယောက်သား ဘာသာပြန် လုပ်ငန်း လုပ်ခဲ့ကြဖူးပါတယ်။ သုံးယောက်သားဆိုပေမယ့် ကိုနေဝင်းကတော့ နံဘေးက ဖတ်စရာစာတစ်အုပ်ကိုဖတ်ပြီး မောင်မိုးသူ၊ မောင်ပေါ်ထွန်း တည်းဟူသော “စာပေနွား တစ်ရှဥ်း” ကို “စာပေနွားကျောင်းသား” အနေနဲ့ ကြိမ်တို့ပေးသူလောက်ပဲ လုပ်သူပါ။

စာရေးစားပွဲက အတော်ကြီးပါတယ်။ အမှန်တော့ စာရေးစားပွဲ မဟုတ်ပါဘူး၊ ထမင်းစားစားပွဲရှည်ကြီးမျိုးပါ။ စားပွဲကကြီးပြီး သုံးယောက်အခန်းမှာ အဲဒီ စားပွဲတစ်လုံး ပဲရှိတာမို့ နှစ်ယောက်သားအတူထိုင်ပြီး မောင်မိုးသူ၊ မောင်ပေါ်ထွန်း တို့ ဘာသာပြန်ကြည့် ပါတယ်။ မောင်ပေါ်ထွန်း ဘာသာပြန်တဲ့ စာအုပ်နာမည်ကိုတော့ မမှတ်မိတော့ပါ။

မောင်မိုးသူရဲ့ စာအုပ်ကတော့ Harold Robbins ရဲ့ 'Never Leave Me’ (ပစ်မသွားနဲ့ အချစ်ရယ်) ဖြစ်ပါတယ်။

စားပွဲမှာစထိုင်ကတည်းက မောင်ပေါ်ထွန်း က အသင့်ယူလာခဲ့တဲ့ ညီညီညာညာ ဇတ်ထားတဲ့ စာရွက်လွတ်တွေကို ညီညီညာညာထပ်ပါတယ်။ ပါလာတဲ့ ငွေရောင်ဘောလ်ပင် သုံးချောင်းကို ညီညီညာညာချပါတယ်။ အဘိဓာန်စာအုပ်တွေကိုလည်း လက်တစ်လှမ်းမှာ အသင့်ချထားပါတယ်။ ပြီးမှပြန်ရမယ့် အင်္ဂလိပ်စာအုပ်ကို စိတ်ရှည်လက်ရှည်၊ တစ်ကြောင်း ခြင်း ပြန်ဖတ်၊ မရှင်းလင်းတာရှိ အဘိဓာန်ကိုကြည့်ပြီးမှ စာရွက်လွတ်ပေါ်မှာ စိတ်ရှည် လက်ရှည်နဲ့ ညီညာလှပတဲ့လက်ရေးနဲ့ ဘာသာပြန်တယ်။

အဲဒီအချိန်မှာ မောင်မိုးသူက လမ်းထိပ်ကွမ်းယာဆိုင်ကဝယ်လာတဲ့ ဗလာစာအုပ် ထဲမှာ အလွယ်ဆုံးဝယ်လို့ရတဲ့ မြဝတီဘောလ်ပင်နဲ့

မူရင်းအင်္ဂလိပ်စာအုပ်ရှေ့ချ တောက်လျှောက် ဘာသာပြန်နေတာ အတော်ပြီးနေပါပြီ။ မောင်မိုးသူလည်း ဘာသာပြန်ရမယ့် စာအုပ်ကို နှစ်ကြိမ်တော့ ဖတ်ပြီးသားပါ။ ပထမ စာဖတ်ဝါသနာပါလို့ ဖတ်ပြီးသားစာအုပ် ဒါက အရသာခံပြီး ဖတ်လိုက်တာပါပဲ။ ဘာမှမသိ မမှတ်ပါဘူး။ ဒုတိယတစ်ကြိမ်ကျတော့ ဘာသာပြန်တော့မယ်ဆိုမှ နောက်တစ်ခေါက် ပြန်ဖတ်တာပါ။ အဲဒီတစ်ခါတော့ နည်းနည်း စိတ်ရှည်ရှည်ထားပြီး ပိုနားလည်အောင် အရသာသက်သက် မဟုတ်တော့ဘဲ စာလုံးတွေကို ပါပေါ့… ဖတ်ပါတယ်။

နှစ်ကြိမ်ဖတ်ပြီးသားစာအုပ်ဆိုတော့ မောင်မိုးသူ ပျင်းနေပါပြီ။ နောက်တစ်ခေါက် တစ်ကြိမ်မဖတ်ချင်တော့ပါဘူး။ ရှေ့မှာမြင်နေရတဲ့ အင်္ဂလိပ်စာလုံးတွေကို ရင်ထဲမှာပေါ် လာတဲ့ မြန်မာစာလုံးတွေနဲ့လှယ်ပြီး ကိုယ့်ဘာသာ ဝတ္ထုရေးနေသလို ရေးချလိုက်တာပါပဲ။ ရေးရင် တလဒွန်းရေးပါတယ်။ စဉ်းစားခဲတယ်၊ ရပ်နားခဲပါတယ်။ ဒါပေမယ့် နာရီဝက် တစ်နာရီထက် ပိုကြာကြာမထိုင်နိုင်ဘူး၊ စိတ်မရှည်ဘူး။ အဲဒီစာရေးဆရာ အဲဒီစာအုပ်ကို လည်း မုန်းတယ်၊ နာရီဝက် တစ်နာရီကြာရင် ရပ်တယ်၊ ကွမ်းစားတယ်၊ ဆေးလိပ်သောက် တယ်။

အဲဒီတုန်းကပြင်ဦးလွင်မှာ မောင်မိုးသူ အရက်လည်း စွပ်ကယ်၊ စွပ်ကယ် သောက် တယ်။ ပြီးတော့ ဟိုဟိုဒီဒီအပြင်ထွက်ပြီး လမ်းလျှောက်တယ်။ တစ်နေကုန်မှ နှစ်ခါသုံးခါပဲ စာရေးစားပွဲမှာ ထိုင်ဖြစ်တယ်၊ ဒါပဲ။

မောင်ပေါ်ထွန်းကတော့ မောင်မိုးသူနဲ့ ပြောင်းပြန်လို့ ပြောပါပကော။ စိတ်သိပ်ကြည်တယ်၊ ကျကျနန ပြင်ဆင်ရုံမကဘူး၊ စေ့စေ့စပ်စပ် သေသေချာချာပြန်တယ်၊ အခေါက်ခေါက် ထပ်ဖတ်တယ်။ (မောင်မိုးသူက ကြောက်လို့ ပြန်မဖတ်ရဲဘူး) အကြာကြီး အ ကြီးထိုင်တယ်။ အဲဒီတုန်းက သူဟာ အရက်လည်း မသောက်ရှာဘူး။ (ဘေးနားက ထိုင်နေတဲ့ ထုတ်ဝေသူ ဘဝတက္ကသိုလ် ကိုနေဝင်းကို ကြောက်လို့ထင်ပါရဲ့)။

တကယ်တော့ မောင်ပေါ်ထွန်းမှ ဘာသာပြန်ဆရာပဲ။ စည်းစနစ်ကျတယ်၊ စိတ်ရှည်တယ်။ သေချာတယ်။

မောင်မိုးသူက စည်းစနစ်မရှိဘူး၊ စိတ်မရှည်ဘူး၊ ခံစားချက်နောက်

မျှောပါလိုက် တတ်လွန်းတယ်။

ဘာသာပြန်ဆရာတစ်ယောက်မှာ အရည်အချင်းနှစ်ခုလိုတယ်။ အဲ မောင်မိုးသူ ပြောနေတာက ဝတ္ထုဘာသာပြန်၊ ရသစာပေဘာသာပြန်ကို ပြောနေတာနော်၊ သတင်းတို့ ဘာသာရပ်ဆိုင်ရာတို့၊ ကျမ်းတို့ကို ပြောနေတာမဟုတ်ဘူး။

နံပါတ်တစ် ကိုယ်ပြန်တဲ့စာအုပ်ရဲ့ ဆိုလိုချက်၊ အရသာရှိချက်တွေကို သိနားလည် ခံစားနိုင်လောက်တဲ့ နိုင်ငံခြားဘာသာစကား ကျွမ်းကျင်မှု၊ အဲဒီဘာသာနဲ့ရေးတဲ့ စာအုပ်တွေ၊ ဝတ္ထုတွေကို များများဖတ်ထား နိုင်လောက်တဲ့ စာဖတ်နာတဲ့ အရည်အချင်းတွေ ရှိဖို့လိုတယ်။ ကိုယ်မှနားမလည်ရင်၊ ကိုယ်မှ အဲဒီဝတ္ထုရဲ့ "အရသာ"ကို မခံစားနိုင်ရင် စာဖတ်သူနားလည် အောင် စာဖတ်သူ အရသာရှိအောင် ဘယ့်နှယ်လုပ် ပြန်ပြောနိုင်တော့မှာလဲ။

နံပါတ်နှစ်၊ မြန်မာစာအရေးအသား ကျွမ်းကျင်နိုင်နင်းသူ၊ စကားလုံးတွေ ပေါပေါ များများ သိထားသူ၊ စကားပြေ ရေးသားရာမှာ ပြေပြေပြစ်ပြစ်ရေးတတ်သူ၊ ပြီးတော့..... စာဖတ်သူ အရသာရှိရှိ ခံစားနိုင်လောက်အောင် ရေးဖွဲ့ပြနိုင်လောက်သူ ဖြစ်ဖို့လိုပါတယ်။

မောင်ပေါ်ထွန်းဟာ စာဖတ်နာသူတစ်ဦး ဖြစ်ပါတယ်။ ဝါသနာကြီးသူတစ်ယောက် လည်း ဖြစ်ပါတယ်။ စာအုပ်ကောင်းတစ်အုပ်ရရင် "သူခိုးရွှေရ တပြုံးပြုံးနဲ့ လုပ်နေတတ်သူ တစ်ဦးလည်းဖြစ်ပါတယ်။ ဘာသာပြန်တာ မပြန်တာအသာထား၊ အဲဒီစာအုပ်ရဲ့ ကောင်းပုံ ကောင်းနည်း၊ အရသာရှိပုံရှိနည်းကို လက်ဖက်ရည် လိုက်တိုက်ပြီး၊ တတ်နိုင်ရင် အရက်လိုက် တိုက်ပြီး လျှောက်ပြော နေတတ်တဲ့ လူမျိုး ဖြစ်ပါတယ်။

မောင်ပေါ်ထွန်းရဲ့ စကားပြေ အရေးအသားဟာ ကျစ်ကျစ်လျစ်လျစ် ပြေပြေပြစ်ပြစ် ရှိတယ်။ စကားလုံးရွေးခြယ်တဲ့ နေရာမှာလည်း စိတ်ရှည်လက်ရှည် အံဝင်ခွင်ကျဖြစ်အောင် ကြိုးစားအားထုတ်တတ်သူ ဖြစ်တယ်။ စကားလုံးတွေနဲ့ ပတ်သက်ရင်လည်း အသက်လည်း အတော်ရ၊ စာဖတ်သက်လည်း အတော်ရင့်၊ ထိုက်တန်တဲ့ဒေသန္တရ ဗဟုသုတတွေ လည်းရှိပြီးမို့ အတော်ပေါပေါများများ ရှိတဲ့သူတစ်ဦး ဖြစ်ပါတယ်။

ဒီတော့ မောင်မိုးသူတို့ မြန်မာပြည်လို စည်းနဲ့ကမ်းနဲ့ ကျောင်းနဲ့ စနစ်တကျ ဘာသာပြန်အတတ်ပညာကို လေ့လာလိုက်စား တက်မြောက်လာကြတဲ့သူ မရှိတဲ့အရပ်မှာ မောင်ပေါ်ထွန်းဟာ မောင်မိုးသူအပါအဝင် ဘာသာပြန် အနူတောမှာတော့ လူချောတစ်ယောက် ပါပဲ။ ခပ်ကောက်ကောက်တွေ အကြားမှာ အတော်ဖြောင့်တဲ့သူပါပဲ။

ဒီလောက်ဆိုရင် လီယွန်ဦးရစ်အကြောင်းနဲ့ မောင်ပေါ်ထွန်းတို့အကြောင်း တော် လောက်ပြီထင်ပါတယ်။

THE HAJ "အကြီးအကဲ" (နိုင်ငံတစ်ခုပျက်သုဉ်းခြင်း) ဝတ္ထုကို အရသာခံပြီး ဖတ်ကြည့်ကြပါ စို့လား။

လီယွန်ဦးရစ်၊ မောင်ပေါ်ထွန်းနဲ့
စာဖတ်သူများကို ခင်မင်လေးစားတဲ့
မောင်မိုးသူ

(ပထမအကြိမ်မှ အမှာစာကို ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။)

✥--- www.ebooks4mm.org ---✥

ဘာသာပြန်သူ၏အမှာ

ဤဝတ္ထုသည် ကမ္ဘာကျော်စာရေးဆရာကြီး လီယွန်ဦးရစ်၏ ကိုးအုပ်မြောက် နောက်ဆုံးထုတ်ဝတ္ထုဖြစ်သည်။

မြန်မာစာဖတ်ပရိသတ်အား လီယွန်ဦးရစ်နှင့် အထူးတလည် မိတ်ဆက်ပေးနေစရာ မလိုတော့ပါ။ အဘယ်ကြောင့်ဆိုသော် သူ၏ Mila 18 ကို တင်ထွေးက “မီလာ ၁၈” ထူ၍လည်းကောင်း၊ Topaz ကို နေမျိုးထွန်းက 'ကိုပက်” ဟူ၍လည်းကောင်း၊ Q.B. VII ကို အောင်ရဲမြင့် က “နိဗ္ဗာန်ဘုံအထက်နားဆီက” ဟူ၍လည်းကောင်း၊ Exouds ကို မောင်မိုးသူက “အိပ်ဖိုးဒပ် (နိုင်ငံတစ်ခု မွေးဖွားခြင်း)” ဟူ၍လည်းကောင်း၊ The Angry hill ကို လင်းယုန်မောင်မောင် က “အချစ်နှောင်ထုံး စစ်တောင်ကုန်း ဟူ၍လည်းကောင်း သီး ပြန်ဆိုထုတ်ဝေခဲ့ပြီး ဖြစ်သည်။

ဤဝတ္ထုသည် လီယွန်ဦးရစ်၏ အခြားသော ဝတ္ထုများကဲ့သို့ပင် ရိုက်မလောက် ရောင်းတိုင်းစွံ ‘ဘက်စ်ဆဲလား' (Bestseller) ဝတ္ထုကြီး ဖြစ်သည်။ များသောအားဖြင့် ဘစ်ဆဲလား ဝတ္ထုများတွင် ဇတ်ကွက်များကို အသေးစိတ် ခြယ်မှုန်းရေးဖွဲ့ ကြသည်။

ဆရာသည် ဇာတ်အိမ်တည်ရာဒေသများသို့ အခေါက်ခေါက်အခါခါ ခရီးထွက်၍ နိုက်ချွတ်ချွတ် သုတေသနပြုသည်။ လိုအပ်လျှင် အထောက်အထား စာအုပ်စာတန်း များစွာကိုလည်း ဖတ်ရှုလေ့လာသည်။ သက်ရှိ လူပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံ မြစ်သည်။ ယင်းသို့လျှင် ကုန်ကြမ်းပစ္စည်းအချက်အလက် အပြည့်အစုံရရှိသောအခါ မှ ဝတ္ထုကို စိမ်ပြေနပြေရေးသားသည်။ ထို့ကြောင့်လည်း “ဘက်စ်ဆဲလား' ဝတ္ထုများကို ကမ္ဘာ့စာဖတ် ပရိသတ်က အထူး နှစ်သက်ကြခြင်း ဖြစ်သည်။

မောင်မိုးသူပြန်ဆိုထုတ်ဝေခဲ့သော “အိပ်ဖိုးဒပ်”ဝတ္ထုကြီးကို စာဖတ်သူများ ဖတ်ရှု ပြီးဖြစ်ပါလိမ့်မည်။ ထိုဝတ္ထုဘာသာပြန်ကို ဒုတိယအကြိမ်ပင် ထုတ်ဝေခဲ့ရပြီး

ဖြစ်ပါ ယခု ဤဝတ္ထုသည် အိပ်ဖိုးဒပ်”ဝတ္ထုနှင့် ပြောင်းပြန်ဖြစ်သည်။ “အိပ်ဖိုးဒပ်” တွင် ကမ္ဘာ့အနှံ့အပြားမှ ဂျူးလူမျိုးများ ပါလက်စတိုင်းဒေသသို့ရောက်ရှိလာပြီးနောက် အစ္စရေး နိုင်ငံ ထူထောင်ပုံကို ဇာတ်အိမ်တည်၍ ရေးဖွဲ့ထားသည်။ ဤဝတ္ထုတွင်မူ အာရပ်လူမျိုးများ ပါလက်စတိုင်းမှ ထွက်ခွာသွားကြရပုံကို ဇာတ်အိမ်တည်၍ ရေးသားထားသည်။ သို့သော် ဤဝတ္ထုသည် အိပ်ဖိုးဒပ်”ဝတ္ထု၏ အဆက်မဟုတ်ပါ။ အကြောင်းရပ်ချင်း ဆက်စပ်နေသော သီးခြား ဝတ္ထုတစ်ပုဒ်သာ ဖြစ်သည်။ တစ်နည်းအားဖြင့် အဆိုပါဝတ္ထုနှစ်ပုဒ်ပေါင်းမှ သမိုင်းနှင့် ချီလာခဲ့သော အာရပ်-အစ္စရေး ပဋိပက္ခနှင့် ပါလက်စတိုင်း ပြဿနာတို့ကို အနီးအဝေး မြင်ကွင်းကျယ်ဖြင့် ရုပ်လုံးပေါ်အောင် ပီပြင်စွာမြင်နိုင်မည်ဟု ဆိုနိုင်စရာရှိပါသည်။

ဤဝတ္ထုတွင် သမိုင်းဖြစ်ရပ်နှင့် စိတ်ကူးဖန်တီးမှုတို့ကို ဒေါ်လီကျို၍ ရေးသားထား သည်။ ယင်းသို့ရေးသားရာတွင် လောဘ၊ ဒေါသ၊ မောဟ၊ တရားတို့၏ သားကောင်များ ဖြစ်ကြသော လူသားတို့၏ အချစ်အမုန်း၊ အလွမ်းအဆွေး၊ အတိုက်အခိုက်၊ အသတ်အဖြတ် လုပ်ရပ်များကို စာပေရသမြောက်စွာ ပီပီပြင်ပြင် သရုပ်ဖော်နိုင်သည်မှာ စာရေးဆရာ၏ ကြီးမားသောအနုပညာစွမ်းပကားပင် ဖြစ်သည်။

စာရေးဆရာသည် ဤဝတ္ထုတွင် သူ၏ စေတနာနှင့် အနုပညာဖန်တီးမှုစွမ်းရည်ကို လက်စွမ်းကုန်တင်ပြထားသောကြောင့် ရသမြောက် “ဘက်စ်ဆဲလား”ဝတ္ထုကြီးများ ဆာလောင် မွတ်သိပ်နေကြသော စာဖတ်ပရိသတ်အတွက် “နတ်သုဒ္ဓါဝတ္ထုကြီး” ဟူ၍ပင် တင်စား လိုက်ချင်ပါသည်။

ဤဝတ္ထုကို ဘာသာပြန်ဆိုရန် တိုက်တွန်းခဲ့သော စာရေးဆရာဒါရိုက်တာ မောင်မိုးသူ အားလည်းကောင်း၊ မုံရွာမြို့သို့ သွားရောက် ရေးသားနေစဉ် ကာလအတွင်း စာရေးသူအား စေတနာ သဒ္ဓါတရားအပြည့်ဖြင့် ဧည့်ဝတ်ပြုခဲ့ကြသော မုံရွာတောင်၊ အမှတ်(၄၃)၊ သစ်စက်ဝင်း နေ သစ်လုပ်ငန်းအင်ဂျင်နီယာ ဦးလှရိုန်၊ ဇနီး ဒေါ်အေးချမ်းနှင့် သားသမီးများ အားလည်း ကောင်း၊ မုံရွာမြို့ ချင်းတွင်းရေကြည် ပန်းချီဆရာများနှင့် စာပေမိတ်ဆွေ အပေါင်းတို့အား လည်းကောင်း၊ စာမူကို ဖတ်ရှုသန့်စင်ပေးသော ဝါဇီညွန်ချုပ်ရုံးမှ ဌာနခွဲမှူး ဦးသောင်းဖေ (ဇာမင်း) အားလည်းကောင်း အထူးတလည်

ကျေးဇူးတင်လျက်ရှိပါကြောင်း။

မောင်ပေါ်ထွန်း

(ပထမအကြိမ်မှ အမှာစာကို ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။)

✥--- www.ebooks4mm.org ---✥

ဇာတ်လမ်းအစ (၁၉၂၂)

အီဘရာဟင်သည် သူ့ဖခင်ကြီး၏ အိပ်ရာဘေးတွင် ငြိမ်သက်စွာ ဝင်ထိုင်လိုက် ပြီးနောက် အသက်ငင်နေသောဖခင်ကြီးအား မျက်တောင်မခတ် စိုက်ကြည့် နေသည်။

ဖခင်ကြီး၏ မျက်လုံးများသည် အရောင်တဖျပ်ဖျပ်တောက်လာကြ သည်။ သားဖြစ်သူအား ဝိုးတဝါးမှတ်မိခြင်းလက္ခဏာပင်ဖြစ်သည်။ အဘိုးအိုသည် စိတ်ကိုတင်းကာ နောက်ဆုံးကျန် နေသောအားအင်ကို စုစည်းလိုက် သည်။ ထို့နောက် အရိုးတွင် အဖိုးတန် ကျောက်မျက်ရတနာ များစီခြယ်ထားသော မျိုးဆက်ကို ခေါင်းအုံးအောက်မှ ဆွဲထုတ်လျက် တုန်ရင်သောလက်ဖြင့် အီဘရာဟင် ထံသို့ ကမ်းပေးသည်။

ဤသည်ကား မျိုးနွယ်စုအာဏာကို ရိုးရာထုံးတမ်း စဉ်လာအတိုင်း ဖခင်ထံမှ သားဖြစ်သူထံသို့ ဆက်လက် အပ်နှင်းလိုက်ခြင်း ပင်တည်း။

အီဘရာဟင်သည် ဖခင်ကြီးကမ်းပေးသော မျိုးဆက်ကို မယူသေးဘဲ။

"ဒီဓားကို ဖရောက်သာ ဆက်ဆံထိုက်ပါတယ် ဖေဖေ၊ သူက ကျွန်တော့် အစ်ကိုကြီး မဟုတ်လား" ဟု ပြောလိုက်သည်။

"မင်း အစ်ကိုကြီးက အလကားလူပါ၊ သွားမရှိတဲ့ ခွေးနဲ့ အတူတူပဲ" အဘိုးကြီးက အံကြိတ်ရင်း ပြန်ပြောသည်။ "တခြားလူတွေက ခေါင်းဆောင် သစ်ရွေးဖို့ ကျိတ်ကြံနေကြပြီ။ ခေါင်းဆောင်မှုအာဏာဟာ တို့ဆုကိုရီမျိုးနွယ်စု လက်ထဲမှာပဲ ဆက်ပြီးရှိနေရမယ် အီဘရာဟင်" သူက မျိုးဆက်ကို အီဘ ရာဟင်၏ လက်ထဲသို့ ထည့်ပေးရင်း

"ဒီ ဆောင်ဓားက သေးတော့သေးတယ်၊ သို့ပေမဲ့ ဒီဓားဟာ တို့မျိုးနွယ်စုတွေကို ရိုးရာစဉ်ဆက်အုပ်ချုပ်လာတဲ့ လက်နက် ပဲ။ ဒီဓားရဲ့ ဩဇာအာဏာနဲ့ ဒီဓားကို အဆုံးအထိ ဓားအိမ်ထဲထိုးသွင်းနိုင်တဲ့ ပုဂ္ဂိုလ်ရဲ့ သတ္တိကို

တို့မျိုးနွယ်စုတွေအားလုံးသိကြတယ် ငါ့သား”

ယင်းသို့ နောက်ဆုံးစကား ပြောကြားပြီးနောက် ခေါင်းဆောင်ကြီး ကွယ်လွန်သွားခဲ့ရာ တစ်ရွာလုံး ငိုကြွေးခဲ့ကြလေသည်။

ခေါင်းဆောင်ကြီး မကွယ်လွန်မီ နောက်ဆုံးပြောသွားသော စကားမှာ တကယ်ပင် မှန်နေပါသည်။ အဘယ်ကြောင့်ဆိုသော် တခြားသော မျိုးနွယ်စု လေးစုတို့သည် တဘားရွာ၏ အကြီးအကဲခေါင်းဆောင်သစ်တစ်ဦးကို သူတို့ သဘောကျ ရွေးချယ် တင်မြှောက် လိုက်ကြသောကြောင့် ဖြစ်သည်။

ဤလုပ်ရပ်သည် နှစ်ပေါင်းတစ်ရာမျှ ဆူကိုရီမျိုးနွယ်စုက ခေါင်းဆောင် လာခဲ့သော အစဉ်အလာကို ချိုးဖျက် လိုက်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် အီဘရာဟင်သည် ဖခင်ကြီးအား သင်္ဂြိုဟ်မြှုပ်နှံပြီးနောက် တစ်နာရီခန့်အကြာတွင် အခြားသောမျိုးနွယ်စုများမှ ခေါင်းဆောင်များအား သူ့အိမ်သို့ ဖိတ်ခေါ်လိုက်လေသည်။

ဧည့်ခန်းမကြီး၏အလယ်တွင် သစ်သားစားပွဲကြီးတစ်ခု ချထားသည်။

အီဘရာဟင်သည် ဓားမြှောင်ရှစ်ချောင်းကို ရုတ်တရက်ဆွဲထုတ်လျက် စားပွဲပေါ်တွင် တန်းစီ၍ ထိုးစိုက်လိုက်လေသည်။ ထို့နောက် ခါးတွင်ချိတ် ထားသော မျိုးဆက်ကိုမြင်သာအောင် ဝတ်ရုံကိုဆွဲဖွင့်လိုက်သည်။ ပြီးတော့ သူကပြောသည်။

“ဒီအချိန်မှာ ခေါင်းဆောင်သစ် ရွေးချယ်တင်မြှောက်ဖို့ အချိန်ရောက် ပြီလို့ ကျုပ်ယုံကြည်တယ်၊ ဆူကိုရီမျိုးနွယ်စုရဲ့ ခေါင်းဆောင်မှုကို တစ်ယောက် ယောက်က ဆန့်ကျင်မယ် ဆိုလျှင်တော့” သူက စကားကို ဆက်မပြောဘဲရပ်ထားလိုက်ပြီးနောက် စားပွဲတွင် စီတန်းထိုးစိုက်ထားသော ဓားမြှောင်များကို လက်တစ်ဖက်ဖြင့် ဝှေ့ယမ်း ညွှန်ပြလိုက်သည်။

ထုံးစံအတိုင်းဆိုလျှင် ခေါင်းဆောင်သစ်ရွေးချယ်ပွဲသည် အချေအတင် ထောက်ခံကန့်ကွက်ချက်များဖြင့် နာရီပေါင်းတစ်ထောင်ကြာမြဲ ဖြစ်သည်။ သို့သော် ယခုရွေးချယ်ပွဲကား မိနစ်ပိုင်းအတွင်းမှာပင် ပြီးဆုံးသွားခဲ့လေပြီ။

အီဘရာဟင်၏ ရှေ့တွင်ရပ်နေသော အတိုက်အခံ ခေါင်းဆောင် ရှစ်ဦး

တို့သည် တစ်ယောက်စီ ရှေ့သို့တိုးလာပြီး ဦးညွတ် အရိုအသေပြုကာ အီဘရာဟင်၏ လက်ကိုနမ်း၍ သစ္စာတော်ခံ လိုက်ကြလေသည်။

အီဘရာဟင် အေလ်ဆူကိုရီသည် အသက်နှစ်ဆယ်ကျော် အရွယ်မျှသာ ရှိသေးသည်။ သို့သော် ယခုအချိန်မှစ၍ သူသည် တဘားရွာ၏ အကြီးအကဲ ခေါင်းဆောင် ဖြစ်လာခဲ့ပြီ။

အာရပ်လူမျိုးတို့၏ ဘဝတွင် မျိုးဆက်၏ အရေးပါပုံ၊ ဩဇာအာဏာ ကြီးမားလှပုံကို အီဘရာဟင်က ကောင်းစွာ နားလည်ထားပြီး ဖြစ်ချေသည် တကား။

❖--- www.ebooks4mm.org ---❖

ပထမပိုင်း - အေယာလုံ မြစ်ဝှမ်းဒေသ

အခန်း (၁)

၁၉၄၄ ခုနှစ် …။

ကျွန်တော့်နာမည်မှာ အစ္စမေဖြစ်သည်။ ကျွန်တော့်ကို ၁၉၃၆ ခုနှစ် အဓိကရုဏ်း ကာလအတွင်း ပါလက်စတိုင်းတွင် မွေးဖွားခဲ့သည်။ ကျွန်တော့်ကို မမွေးဖွားမီကတည်းကပင် - ဤဒေသတွင် သမိုင်းဝင်ဖြစ်ရပ်ပေါင်း မြောက်မြားစွာ ပေါ်ပေါက်ခဲ့သောကြောင့် “အဲဒီဖြစ်ရပ် တွေကို အစ္စမေဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ”ဟု မေးချင်ကြပါလိမ့်မည်။ ဥပမာအားဖြင့် ကျွန်တော့်ဖခင် အီဘရာဟင်သည် တဘားရွာ၏ ခေါင်းဆောင် (ဝါ) အကြီးအကဲဖြစ်လာ ရသည့်အကြောင်း။

ကျွန်တော်တို့ အာရပ်လူ့အဖွဲ့ အစည်းတွင် သမိုင်းဖြစ်ရပ်များကို သက်ကြီးစကား သက်ငယ်ကြား၊ တစ်ဆင့်စကား တစ်ဆင့်မှာ ပြောကြားလာခဲ့ခြင်းမှာ ရိုးရာအစဉ်အလာ တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် အတိတ်ကာလမှ သမိုင်းဖြစ်ရပ်များကို အာရပ်လူမျိုးတိုင်း လက်ဆင့်ကမ်း သိရှိကြခြင်းဖြစ်သည်။

ဤဒေသတွင် ကျွန်တော်မသိမီလိုက်သော ကာလများ၌လည်း အခြားသောဖြစ်ရပ် ပေါင်းများစွာ ပေါ်ပေါက်ခဲ့သည်။ သို့ဆိုလျှင် ယင်းဖြစ်ရပ်များကို ကျွန်တော့်အနေဖြင့် ဘယ်ပုံဘယ်နည်း အသေးစိတ် သိရှိနိုင်ခဲ့ပါသနည်း။

လေးစားအပ်သော စာဖတ်သူအဆွေ။ ကျွန်တော်တို့ အာရပ်လူမျိုးများသည် အဆန်း တကြယ်ဖြစ်ရပ်များနှင့် လျှို့ဝှက်နက်နဲသော ပညာရပ်များတွင် သူမတူအောင် ကျွမ်းကျင် တတ်မြောက်ကြသည်ဟူသော အချက်ကို မမေ့စေလိုပါ။ ထို့ကြောင့်ပင်လျှင် ကျွန်တော်တို့ အာရပ်လူမျိုးများသည် ကမ္ဘာကျော်

ရှေးဟောင်းဂန္ထဝင် ဝတ္ထုကြီးဖြစ်သော "တစ်ထောင့်တစ်ည ပုံပြင်များ"ကို ကမ္ဘာ့စာဖတ်ပရိသတ်များအတွက် စာပေလက်ဆောင် ပေးစွမ်းနိုင်ခဲ့သည် မဟုတ်ပါလော။

ဤသမိုင်းဇာတ်ကြောင်းကို ပြန်ပြောင်းပြောပြရာတွင် အချို့နေရာများ၌ ကျွန်တော် ကိုယ်တိုင် တွေ့ကြုံခံစားရသည့်အတိုင်း ကျွန်တော့်စကားဖြင့် ပြောပြပါမည်။ အခြားသော ပုဂ္ဂိုလ်များကလည်း သူတို့တွေ့ကြုံခံစားရသည်များကို သူတို့စကားဖြင့် ပြောကြပါလိမ့်မည်။

ကျွန်တော်ပြောပြမည့် ဤဇာတ်ကြောင်းသည် နေမင်းပေါင်းများစွာ၊ လမင်းများစွာ၊ ကြယ်တံခွန်ပေါင်းများစွာတို့မှ ဆင်းသက်လာခြင်းဖြစ်သည်။ ကျွန်တော်ကိုယ်တိုင် မသိနိုင်သော ဖြစ်ရပ်အားလုံးတို့သည်ကား အလ္လာအရှင်မြတ်၏ အကူအညီဖြင့်လည်းကောင်း၊ ကျွန်တော်တို့ အာရပ်လူမျိုးများ၏ ထူးထွေဆန်းပြားသော ဂမ္ဘီရအတတ်ပညာ၏ အကူအညီ ဖြင့် လည်းကောင်း ဤသမိုင်းဇာတ်ကြောင်း စာမျက်နှာများအတွင်းသို့ စုပေါင်းရောက်ရှိ ကြပါလိမ့်မည်။

ကျွန်တော့်မှာ သားယောကျ်ားကလေးဖြစ်သောကြောင့် မိခင်၏ရင်နို့ကို မိမိဆန္ဒရှိသလောက် သောက်စို့ခွင့်ရှိသည်။ အနည်းဆုံး ငါးနှစ်သားအရွယ်အထိ သောက်စို့ခွင့်ရှိသည်။ ထုံးစံအားဖြင့် ဤသဘောသည် သားယောကျ်ားကလေး တစ်ယောက်အနေဖြင့် သမီးမိန်းကလေးထက် သာလွန်ကြောင်း သက်သေပြခြင်းပင်ဖြစ်သည်။ သို့သော် ကျွန်တော့်မှာ ကိုယ်ကာယအားဖြင့် သေးငယ်သောကြောင့် ငါးနှစ်သားအရွယ်အထိ မိန်းမများ၏ရင်ခွင်မှ မထွက်နိုင်သေးပါ။

ကျွန်တော်၏ မိခင်နာမည်မှာ ဟာဂါဖြစ်ပါသည်။ မေမေသည် ရင်သားထွားထွားနှင့် လုံးကြီးပေါက်လှ အမျိုးသမီးတစ်ယောက်ဖြစ်သည်။ မေမေ၏ ရင်သားအစုံတွင် နို့ရည်တွေ သောက်ဖို့မကုန်နိုင်အောင်ပြည့်လျှမ်းနေသည်။ ထိုရင်သားအစုံသည် ကျွန်တော့်အား အနန္တမေတ္တာနှင့် ကြီးစွာသော စိတ်ချမ်းသာမှုကိုပေးသည့် အေးရိပ်သာလည်းဖြစ်သည်။

ကွန်တော်သည် ရှစ်နှစ်သားအရွယ် (၁၉၄၄ ခုနှစ်) တိုင်သည်အထိ ယောကျ်ားသားများနှင့် ရောနှောဆက်ဆံခြင်းမပြုဘဲ မေမေ၏ အနန္တမေတ္တာ ရင်ခွင်တွင်ပင် အေးချမ်းပျော်ရွှင်စွာ ခိုလှုံနေခဲ့ပါသည်။

ယင်းသို့နေလာခဲ့ရာမှ တစ်နေ့သောအခါ ကျွန်တော်၏ဖခင် အီဘရာဟင်သည် မိုင်များစွာဝေးကွာသော တောင်ပိုင်းဒေသရှိ မေမေ၏မွေးရပ်ရွာသို့ မေမေ့ကိုပြန်လွှတ် လိုက်လေသည်။ ခရီးဝေးသွားရန် မေမေမှာ အချိန်လုံလောက်စွာမရပ်။ မေမေဖြုန်းစားကြီး ထွက်ခွာသွားရခြင်းကြောင့် ကျွန်တော် အကြီးအကျယ် စိတ်ထိခိုက်မိပါသည်။ ကျွန်တော့် အနာဂတ်ဘဝအတွက် မကောင်းသော အတိတ်နိမိတ်ဟုလည်း ယူဆမိပါသည်။

ကျွန်တော်သည် နို့စို့အရွယ် လူမမည်ဘဝနှင့် ကလေးငယ်ဘဝတို့ကို မိန်းမများ၏ အပြုအစု အစောင့်အရှောက်ဖြင့်သာ ကုန်လွန်ခဲ့ရသည်။ ကျွန်တော်၏ အဘွားကလည်း ကျွန်တော့်အား အချိန်ပိုင်းအားဖြင့် ထိန်းကျောင်း စောင့်ရှောက်ပါသည်။ အဘယ်ကြောင့်ဆိုသော် မေမေ့မှာ အိမ်ထောင်ရှင်မတစ်ဦးအနေဖြင့် တာဝန်ဝတ္တရားတွေက များပြားလှ သောကြောင့် ဖြစ်သည်။ မေမေသည် ထမင်းဟင်းလည်း ချက်ပြုတ်ရသည်။ အိမ်မှုကိစ္စ တာဝန်တို့လည်း ပြုလုပ်ရသည်။ လင်ယောကျ်ားနှင့် သားသမီးများအားလည်း ဝတ္တရားမပျက် ပြုစုရသည်။ ထိုမျှသာမကသေးပါ။ မေမေသည် လယ်ကွင်းထဲတွင်လည်း အလုပ်လုပ်ရ သည်။ ထို့ပြင် အိမ်ဘေးမှ ဥယျာဉ်ခြံမြေကိုလည်း ထိန်းသိမ်းပြုပြင်ရပါသေးသည်။

အဘွားကွယ်လွန်ပြီးနောက် သုံးလေးရက်အကြာတွင် ဖေဖေသည် မေမေ့ကို သူ့ရွာသို့ ပြန်လွှတ်လိုက်ခြင်းဖြစ်သည်။

ကျွန်တော်လုပ်ရသော တစ်ခုတည်းသောအလုပ်မှာ ရေခပ်ခြင်းဖြစ်သည်။ ကျွန်တော် သည် ယခင်အခါ မေမေနှင့်အတူ ရွာဦးရေတွင်းသို့ နေ့စဉ်နေ့တိုင်းသွား၍ ရေခပ်ခဲ့သည်။ ယခုမူ မေမေမရှိတော့ပါ။ ကျွန်တော်တစ်ယောက်တည်းသာ ရေတွင်းသို့သွားရသည်။

ရေတွင်းသို့ရောက်သောအခါ မိန်းမတွေက ကျွန်တော့်ကို စိတ်ဆိုးအောင် စကြနောက်ကြသည်။ ပြောင်လှောင် သရော်ကြသည်။ ရယ်သွမ်းသွေးကြသည်။ ကျွန်တော့်ဖေဖေက   နောက်မိန်းမတစ်ယောက် ထပ်ယူဖို့လုပ်နေပြီဟု သူတို့ကပြောကြသည်။ ဒါကြောင့်မို့လို့ ကျွန်တော့်မေမေကို သူ့ရွာသို့

နှင်လွှတ်လိုက်ခြင်းဖြစ်သည် ပြောကြသည်။

မကြာမီတွင် ကျွန်တော်နှင့် ကစားဘက် အပေါင်းအသင်းတွေ ဝိုင်းလာကြပြီး ကျွန်တော့်ကို စကြလှောင်ကြပြန်သည်။ အချို့ဆိုလျှင် ကျွန်တော့်ကို ခဲနှင့်ပင်ပေါက်ကြသည်။

ဖေဖေ လက်ဖက်ရည်ဆိုင်သို့ ထွက်သွားသည်ကို ကျွန်တော် လှမ်းမြင်လိုက်သည်။ လက်ဖက်ရည်ဆိုင်ကို ဖေဖေနှင့် ဘကြီးဖရောက်တို့ ညီအစ်ကိုနှစ်ယောက် ပိုင်ကြသည်။ ဖေဖေသည် လက်ဖက်ရည်ဆိုင်မှာပင် အများဆုံးအချိန်ဖြုန်းလေ့ရှိသည်။

ကျွန်တော်သည် ဖေဖေထံသို့ ပြေးလိုက်သွားပြီး ကျွန်တော့်အား နောက်ပြောင်ကြ ကြောင်းကို ငိုပြီးတိုင်သည်။ သို့သော်ဖေဖေက ခါတိုင်းလိုပင် ကျွန်တော့်အား ကြမ်းတမ်းစွာ တွန်းပစ်လိုက်ပြီးနောက် သူ့လမ်းသူ ဟန်မပျက် ဆက်လျှောက်သွားသည်။

ကျွန်တော်က ပြေးပြီးထပ်လိုက်သွားသည်။ သူ့အင်္ကျီကို မလျှော့မတင်းကလေး ဆွဲထားလိုက်သည်။ သူကပြန်လှည့်ကြည့်တော့ ကျွန်တော်က လက်သီးကလေးဆုပ်ပြီး “ဖေဖေ့ကို ကျွန်တော်သိပ်မုန်းတယ်” ဟု ပြောလိုက်သည်။

ဖေဖေသည် ကျွန်တော့်လက်မောင်းနှစ်ဖက်ကို တအားဆုပ်ကိုင်ပြီး အကြမ်းပတမ်း လှုပ်ယမ်းလိုက်ရာ ကျွန်တော့်မှာ မေ့မြောသွားတော့မတတ်ပင် ခံစားရလေသည်။ ထို့နောက် သူသည် ကျွန်တော့်ကိုကိုင်မြှောက်လျက် အမှိုက်သရိုက်ပမာ လွှင့်ပစ်လိုက်သည်။ ကျွန်တော့်မှာ ရွှံ့ဦးမှစီးဆင်းလာသော ရေမြောင်းထဲသို့ ပုံလျက်သားကျသွားလေတော့သည်။

မိန်းကလေးတစ်ယောက်လို ဝတ်ထားသော ကျွန်တော်သည် ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံးဆတ်ဆတ်တုန်နေသည်။ မျက်ရည်တွေရော၊ နှာရည်တွေရော ကျွန်တော့် ပါးစပ်ထဲသို့ စီးကျလာကြသည်။ ကျွန်တော့်အရွယ်မှာ ငယ်လှသည် မဟုတ်တော့ သော်လည်း ဖေဖေ၏ ရိုင်းစိုင်းစွာ ဆက်ဆံမှုကြောင့် အထူးပင် စိတ်ဓာတ်ကျသွားမိပါသည်။ မခံချင်စိတ်က ပြင်းထန်လှသော်လည်း ဘယ်လိုမှ ဆန့်ကျင်တော်လှန်နိုင်ခြင်းမရှိပါ။

ကျွန်တော်သည် ကျွန်တော့်လိုကလေးမျိုးတွေကို ဒုက္ခသည်စခန်းများတွင် အများ ကြီးမြင်ဖူးပါသည်။ သူတို့သည် အမှိုက်ပုံဘေးတွင် ကလေးတို့ဘာသာဘာဝ လွတ်လပ်စွာ ကစားနေကြရာမှ လူကြီးမိဘများနှင့် ကစားဖော်ကစားဘက်များ၏ ရက်စက်စွာ ရိုက်နှက်ခြင်း၊ အကြင်နာမဲ့စွာ သရော်ပြောင်လှောင်ခြင်းများကို အလူးအလိမ့် ခံနေကြရရှာသည်။ သူတို့တစ်တွေက ကယ်ပါကူပါတစာစာဖြင့် အလ္လာအရှင်မြတ်ထံတွင် ငိုယို တောင်းပန် နေကြသော်လည်း သူတို့၏ငိုကြွေးသံကို အလ္လာအရှင်မြတ်က ကြားတော်မူဟန်မတူပါ။

ကျွန်တော်တို့၏ တဘားရွာသည် ဂျေရုဆလင်မြို့သို့သွားသော လမ်းမကြီးအနီးတွင် တည်ရှိပါသည်။ ကျွန်တော်၏ မျိုးနွယ်စုမှာ ဆူကိုရီမျိုးနွယ်စုဖြစ်ပြီး တစ်ချိန်တုန်းက ဝါဟာဘီဂိုယင် လူမျိုးစုတွင် ပါဝင်ခဲ့သည်။ ဝါဟာဘီလူမျိုးစုသည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀ ခန့်က အာရေဗျကျွန်းဆွယ်မှ ဆင်းသက်လာခဲ့သော နာမည်ကျော် စစ်သူရဲကောင်းများ ဖြစ်ခဲ့ကြသည်။ သူတို့သည် လက်ရုံးအားကို အသုံးပြုကာ ထိုဒေသတစ်ဝိုက်ကို အစဉ်အဆက် စိုးမိုးအုပ်ချုပ်လာခဲ့ကြခြင်းဖြစ်သည်။

နောင်အခါတွင် စစ်ကြူးသော တူရကီများနှင့် အီဂျစ်တို့၏ ကျူးကျော်တိုက်ခိုက် မှုကြောင့် ဝါဟာဘီတို့၏သြဇာအာဏာသည် တစ်စတစ်စဖြင့် လုံးပါးပါးသွားခဲ့ရလေသည်။

ယင်းသို့ဖြင့် ပင်မလူမျိုးစုကြီးမှ မျိုးနွယ်စုတွေ အများကြီးကွဲထွက်သွားခဲ့ရာ တချို့မျိုးနွယ်စု များသည် ပါလက်စတိုင်း ဒေသသို့ ရွှေ့ပြောင်းခိုလှုံခဲ့ကြလေသည်။

ကျွန်တော်တို့ ဆူကိုရီမျိုးနွယ်စုဝင် မိသားစုများကတော့ ဂဇာနှင့် ဘီယာရှီဗာ တစ်ဝိုက်တွင် လှည့်လည်ကျက်စားပြီး နောက်ဆုံးတွင် နီဂျက်နှင့်ဆီနိုင်း သဲကန္တာရ တစ်လျှောက်တွင် ရပ်ရွာတည်ထောင်ကာ အခြေချနေထိုင်ခဲ့ကြလေသည်။ မိသားစုပေါင်း ၁၅၀ ကျော်ပါဝင်သော မျိုးနွယ်စုများစွာတို့သည် မြောက်ဘက်ဒေသသို့ပြောင်းရွှေ့ကာ အခြေချ ထိုင်ခဲ့ကြသည်။

သို့သော်လည်း ကျွန်တော်တို့ ဆူကိုရီမျိုးနွယ်စုဝင်များကတော့ မူလဝါဟာဘီလူမျိုးစုနှင့် အဆက်မပြတ် နီးကပ်စွာဆက်ဆံနေထိုင်ခဲ့ကြသည်။

ဝါဟာဘီလူမျိုးစု ပွဲလမ်းသဘင် - ထုံးတမ်းစဉ်လာများ၊ လက်ထပ်မင်္ဂလာဓလေ့များနှင့် အသုဘအခမ်းအနားကျင်းပပုံများကို ရိုးရာမပျက် လိုက်နာကျင့်သုံးခဲ့ကြသည်။

ကျွန်တော့်ဖေဖေ အီဘရာဟင်သည် လူသိထင်ရှားသည့် ခေါင်းဆောင်ကြီးဖြစ်သည်။ သူ့အား နယ်မြေတစ်ဝန်းလုံး ကြောက်ရွံ့လေးစားကြသည်။ ဖေဖေသည် ရပ်ရွာအကြီးအကဲ တစ်ဦးသာမဟုတ်၊ မြေပိုင်ရှင်ကြီးများ၏ ကိုယ်စားလှယ်လည်းဖြစ်သည်။ ကျွန်တော်၏ ဘိုးဘွားဘီဘင်များသည် တမန်တော်မိုဟမ္မက်ထံမှ တိုက်ရိုက်ဆင်းသက်လာသည့် မြင့်မြတ်သော မိသားစုဝင်များ ဖြစ်ကြသည်။ ဤအချက်ကြောင့်ပင် ကျွန်တော်တို့မိသားစုသည် တခြားသောမိသားစုများထက် အဆင့်အတန်းမြင့်သည်ဟု အားလုံးကပင် ခံယူကြခြင်းဖြစ် သည်။

ကျွန်တော်တို့နယ်မြေတွင် တဘားရွာအပြင် ဝါဟာဘီဒိုယင်လူမျိုးစုမှ ဆင်းသက် လာသော တခြားမျိုးနွယ်စု ရွာငယ်များလည်းရှိသေးသည်။ ဖေဖေသည် ယင်းရွာများကိုလည်း အုပ်ချုပ်ရသည်။ ဖေဖေသည် ရပ်ရွာနှင့်ဆိုင်သော ဥပဒေရေးရာကိစ္စများ၊ စာရေးစာချီကိစ္စများ နှင့် ပုလိပ်လုပ်ငန်းကိစ္စများကို ဆောင်ရွက်ရသည်။ ထို့ပြင်ရွာသူရွာသားများ၏ ပစ္စည်း ပိုင်ဆိုင်မှုကိစ္စနှင့် အမွေကိစ္စများကိုလည်း တာဝန်ယူ၍ ညှိနှိုင်းဖြေရှင်းပေးရသည်။

ဤနည်းအားဖြင့် ဖေဖေသည် သူ့နယ်မြေတွင် ဩဇာတိက္ကမ ရှိသော ခေါင်းဆောင် အဖြစ်သို့ ရောက်ရှိလာခဲ့သည်။ ထို့ပြင်လည်း ဖေဖေသည် မက္ကာသို့ သွားရောက်ဖူးသော တစ်ဦးတည်းသော ‘ဟာဂျီ”ဖြစ်သည်။ မက္ကာသို့ ဖေဖေသွားရောက်ခဲ့သည်ကို ပန်းချီ ကားချပ်ရေးဆွဲကာ ရက်စွဲနှင့်တကွ အိမ်ရှေ့တံခါးမျက်နှာစာတွင် တခမ်းတနား ဂုဏ်ယူစွာ ချိတ်ဆွဲထားသည်။

ဖေဖေ၏ နာမည်အပြည့်အစုံမှာ “အီဘရာဟင် အေလ်ဆူကိုရီ အလ်ဝါဟာဘီ”ဟူ၍ ဖြစ်သည်။ လူမျိုးစုနှင့် မျိုးနွယ်စုအမည်များကို ဂုဏ်ပြုမှည့်ခေါ်ထားသည့် နာမည်ဖြစ်သည်။ သို့သော်လည်း အာရပ်လူမျိုးတို့၏နာမည်များမှာ သားယောက်ျားကလေးများ မွေးဖွား လာသည်နှင့် တဖြည်းဖြည်း ပြောင်းလဲသွားကြသည်။

ကျွန်တော်၏ မိဘများတွင် (ကံမကောင်း အကြောင်းမလှသောကြောင့်) ပထမဦးစွာ သမီးနှစ်ယောက် မွေးဖွားခဲ့ကြသည်။ ဤအချက်သည် သူတို့၏ဂုဏ်သိက္ခာကို တစ်စုံတစ်ရာသော အတိုင်းအတာအထိ ထိခိုက်နိုင်သော ဂြိုဟ်ဆိုးဝင် ဖြစ်ရပ်ကလေးပင် ဖြစ်သည်။ ဖေဖေ၏ နောက်ကွယ်တွင် လူတိုင်းကပင် “သမီးများဖအေ” ဟူ၍ နောက်ပြောင်ခေါ်ဝေါ် ကြသည်။ အထူးသဖြင့် မိန်းမတွေက ပို၍ကဲသည်။ ဤသည်မှာ ဖေဖေ့အနေဖြင့် လူမှုရေးအရ နစ်နစ်နာနာ အစော်ကားခံရခြင်းပင် ဖြစ်သည်။

မေမေသည် သမီး မိန်းကလေးနှစ်ယောက် ဆက်တိုက်မွေးသောကြောင့် ဖေဖေ့မှာ သိက္ခာကျရသည်။ ထို့ကြောင့် ဖေဖေက မေမေ့အား အိမ်မှနှင်ထုတ်ရန်ကြိုးစားသည်။ သို့သော် မေမေက နောက်ဆုံး အခွင့်အရေးပေးပါရန် အသနားခံသည်။ အလ္လာအရှင်မြတ်၏ ကျေးဇူးတော်ကြောင့် မေမေ့တွင် သားကလေးတစ်ယောက် တတိယမြောက်မွေးဖွားလာသည်။ သူ့နာမည်မှာ ကမယ်။ ကမယ်သည် ကျွန်တော်၏ အစ်ကိုအကြီးဆုံးဖြစ်သည်။ ကမယ်ကို မွေးဖွားပြီးသည့်နောက်တွင် ဖေဖေသည် “အီဘရာဟင် အဘူကမယ်”ဟူသော ဘွဲ့နာမည် ကိုရလာခဲ့သည်။ အဓိပ္ပာယ်မှာ “ကမယ်၏ ဖခင် အီဘရာဟင်”ဟူ၍ ဖြစ်သည်။

ကမယ်၏ နောက်တွင် သားသုံးယောက် ဆက်တိုက်မွေးသည်။ ဖေဖေမှာ “သားများ ဖခင်”အဖြစ် ပျော်တပြုံးပြုံးနှင့် မော်မဆုံးတော့။ သို့သော် နောက်ပိုင်းကျတော့ ကျွန်တော့်ကို မမွေးခင် သမီးမိန်းကလေးသုံးယောက် ဆက်တိုက်မွေးလာပြန်သည်။

ကျွန်တော်မသိမီ လိုက်ခင်ကပင် အစ်ကိုတစ်ယောက်နှင့် အစ်မနှစ်ယောက် သေဆုံး သွားခဲ့ကြသည်။ အစ်ကိုက ဝမ်းရောဂါဖြင့်သေရသည်။ အစ်မတစ်ယောက်က အစာအိမ် ရောဂါဖြင့်လည်းကောင်း၊ နောက်တစ်ယောက်က ရင်ဘတ်နာဖြင့်လည်းကောင်း သေဆုံး သွားခဲ့ကြသည်။ သူတို့အားလုံးပင် အခါမလည်ခင် သေဆုံးသွားခဲ့ကြခြင်း ဖြစ်သည်။ သားသမီး ဆယ်ယောက်ရှိသော မိသားစုတွင် သုံးလေးယောက်ခန့် ဆုံးပါးသွားတတ်ကြသည် မှာ သဘာဝဖြစ်သည်။ ထို့ကြောင့်ပင် ဖေဖေ့အနေဖြင့် သားယောကျ်ားသုံးယောက် ကျန်နေသေးသည်ကိုပင် ဝမ်းသာ၍မဆုံးနိုင်တော့။

ကျွန်တော့် အစ်မကြီးနှစ်ယောက်သည် အချိန်တန် အရွယ်ရောက်သောအခါ အိမ်ထောင်ပြုသွားကြသည်။ သူတို့သည် ဝါဟာဘီလူမျိုးစုဝင် ယောကျ်ားများနှင့် လက်ထပ် ကြခြင်းဖြစ်သည်။ သူတို့၏ယောကျ်ားများမှာ ဝေးလံသောကျေးရွာများမှဖြစ်သည်။ ကျွန်တော့်အစ်မများသည် အိမ်ထောင်ကျပြီးနောက်တွင် ရိုးရာထုံးစံအတိုင်း "သျှောင်နောက် ဆံထုံးပါ" ကာ ခင်ပွန်းသည်တို့၏ ကျေးရွာများသို့ လိုက်ပါသွားကြသည်။

ကျွန်တော့်ဖေဖေသည် ရပ်ရွာအကြီးအကဲဖြစ်လာသောအချိန်တွင် အသက်နှစ်ဆယ် ကျော်အရွယ်မျှသာ ရှိသေးသည်။ ကျွန်တော့်အဘိုးသည်လည်း ရပ်ရွာအကြီးအကဲဖြစ်ခဲ့သည်။ အဘိုးကွယ်လွန်သောအခါ အကြီးအကဲသစ် ရွေးချယ်တင်မြှောက်ရန် ကြုံလာသည်။ တခြားမျိုးနွယ်စုလေးခုမှ ခေါင်းဆောင်များက အသက်အကြီးဆုံးပုဂ္ဂိုလ်ကို အကြီးအကဲ တင်မြှောက်ရန် အဆိုပြုကြသည်။

သို့သော် ကျွန်တော့်ဖေဖေက သဘောမတူ။ ဖေဖေ၏သတ္တိ၊ ဖေဖေ၏ ကြီးမြတ်ခြင်း အကြောင်းတို့ကို လူတိုင်းပါးစပ်ဖျားတွင် အကြိမ်ပေါင်းများစွာ ပြောမကုန်နိုင်အောင်ပင် ဖြစ်ခဲ့ရလေသည်။

ကျွန်တော့် ဖေဖေ အီဘရာဟင်ကို ယခုရာစုနှစ်မဝင်မီ ငါးနှစ်ခန့်က မွေးဖွားခဲ့သည်။ သူသည် ရပ်ရွာအကြီးအကဲ ဖြစ်လာသောအခါ တစ်ရွာလုံးတွင် အခွင့်ထူးခံပုဂ္ဂိုလ်ဘဝသို့ ရောက်ရှိလာခဲ့သည်။ သူသည် မည်သည့်အလုပ်မျှ လုပ်စရာမလိုတော့။ . မကြာမီတွင် သားသုံးယောက်ရလာသည်။ အိမ်ထောင်ပြုသွားသော သမီးနှစ်ယောက် ၊ အပြင် အိမ်တွင်သမီးတစ်ယောက် ကျန်နေသေးသည်။ ထို့ပြင် အိမ်သူသက်ထားဇနီး မယားလည်းရှိသည်။ အားလုံးပင် အားကောင်းမောင်းသန် အလုပ်လုပ်နိုင်ကြသူများချည်း ဖြစ်သည်။

ဖေဖေ့တွင် အကောင်းဆုံး လယ်မြေများ အများဆုံးရှိသည်။ ထိုလယ်မြေများမှ သီးစားခများ မှန်မှန်ရသည်။ ဖေဖေသည် ရွာပေါင်းခြောက်ရွာကို အုပ်ချုပ်ရသော အကြီးအကဲ ဖြစ်သည်။ သူသည် လယ်သမားများ စီးသောဖိနပ်ကို ဘယ်တော့မှမစီး။ သူများတကာတွေ ဥပုသ်နေ့တွင်စီးကြသော အကောင်းစားဖိနပ်ကိုသာ အမြဲတမ်းစီးသည်။

ကျွန်တော့် ဘကြီး ဖရောက်မှာ ဖေဖေ့အစ်ကိုဟုပင် ထင်စရာမရှိ၊ ကျေးကျွန်တစ်ယောက်နှင့်သာ တူနေသည်။ ဘကြီးနှင့်ဖေဖေတို့သည် ရွာလက်ဖက်ရည်ဆိုင်နှင့် ထိုဆိုင်ကို စပ်တူပိုင်ကြသည်။ ဘကြီးဖရောက်သည် ကလေးဘဝက ချူချာလွန်း၍ မီးဖိုခန်းထဲ ပစ်ထားခဲ့ကြသည်ဟုဆိုသည်။

သို့သော် အလ္လာအရှင်မြတ်၏ ကျေးဇူးတော်ကြောင့် သူ့ကို ကျွန်တော်တို့ ရွာနီး ချဉ်စပ်တွင်နေထိုင်သော ခရစ်ယာန် သာသနာပြုများက ကောက်ယူပြီး ကျန်းမာလာအောင် မွေးစားခဲ့ကြသည်။ စာရေးစာဖတ် သင်ပေးကြသည်။ သူသည် ကျွန်တော်တို့ တဘားရွာ စာလုံးတွင် စာရေးစာဖတ်တတ်သော တစ်ဦးတည်းသော ပုဂ္ဂိုလ်ပင်ဖြစ်သည်။ သို့သော်လည်း ကျွန်တော်၏ဖေဖေက ဘကြီး ဖရောက်ထက်လူရည်လည်သဖြင့် ဘကြီး၏အရည် ခြင်းများကို ဖေဖေက သူ့အတွက် အသုံးချခဲ့လေသည်။

ဖေဖေသည် နေ့စဉ်နေ့တိုင်း အိမ်မှထွက်၍ လက်ဖက်ရည်ဆိုင်သို့ သွားသောအခါ လက်ကစိပ်ပုတီးကိုစိပ်ပြီး ပါးစပ်က ကိုရန်ကျမ်းလာ နှုတ်ကပတ်တော်များကို တဖွဖွ သွားလေ့ရှိသည်။ ဤသည်မှာ တစ်ပါးသူများ အထင်ကြီးအောင် တမင်ဟန်ဆောင်ခြင်း သာဖြစ်သည်။ လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ ရွာသူရွာသားများကို နှုတ်ဆက် ထို့နောက် ရေပြွန်တပ် တမာဂူကြီးကို သောက်ရင်း ရွာသားများ၏ တင်ပြချက်များကို စိတ်ရှည်လက်ရှည် နားထောင်သည်။ အများအားဖြင့် အတိတ်ကာလမှ သမိုင်းဒဏ္ဍာရီများကို ရပ်ရွာလူကြီးများနှင့် ပြန်ပြောင်းပြောဆိုရင်းသာ အချိန်ကုန်လွန်သည်။

ညတိုင်း အိမ်သို့ ဖေဖေပြန်ရောက် လာသောအခါ မေမေနှင့် ကျွန်တော့်အစ်မ နာဒါတို့က ခြေဆေးပေးကြရသည်။ ထို့နောက် ဖေဖေသည် ရောမကုလားထိုင်ကြီးပေါ်တွင် ခန့်သားထိုင်နေသည်။ ညစာစားခါနီးရောက်တော့ ကျွန်တော့်အစ်ကိုများ အခန်းထဲသို့ ထင်လာကြပြီး ဒူးထောက်ထိုင်ချကာ ဖေဖေ့လက်ကို နမ်းကြသည်။ ပြီးနောက် သူတို့၏ ခဲ့သမျှ တစ်နေ့တာလုပ်ငန်းများကို ဖေဖေ့အား အစီရင်ခံတင်ပြကြသည်။

ဘကြီးဖရောက်အပါအဝင် တခြားညီအစ်ကို ဝမ်းကွဲများနှင့် မိတ်ဆွေများကိုလည်း အများအားဖြင့် ညစာဖိတ်ကျွေးလေ့ရှိသည်။ သူတို့အားလုံးပင်

ဒေါင်းလန်းတစ်ချပ်တည်းတွင် လက်ရည်တစ်ပြင်စီး ဖွန်း၊ ခက်ရင်းမပါဘဲ လက်ဖြင့်ပင် စားသောက်ကြသည်။ သူတို့ စားပြီးသား အကျန်ကိုမှ မေမေရယ် မမနာဒါရယ်၊ ကျွန်တော်ရယ် သုံးယောက်သား မီးဖိုခန်းတွင် စားကြရသည်။

ကျွန်တော့်ဖေဖေသည် တစ်ရွာလုံးတွင် အကောင်းဆုံးမြင်းကို ပိုင်ဆိုင်သူဖြစ်သည်။ ဤအချက်သည် ရှေးအတိတ်ကာလမှ သမိုင်းဝင် ဘီဒိုယင် စစ်သူရဲကောင်းများနှင့် ယှက်နွယ်နေသည်။ ကျွန်တော်၏ အစ်ကိုတစ်ယောက်ဖြစ်သော ဂျမီလ်က အဆိုပါမြင်းကြီးကို ဂရုတစိုက် တာဝန်ယူထိန်းကျောင်းရသည်။

ဖေဖေသည် သူ့မြင်းကြီးကိုစီးကာ တစ်လတစ်ကြိမ်စီ ပတ်ဝန်းကျင်ကျေးရွာများသို့ သွားရောက်၍ အုပ်ချုပ်ရေးကိစ္စများကို ဆောင်ရွက်လေ့ရှိသည်။ နောက်ဘက်တွင် ဝတ်ရုံ တဖားဖားဖြင့် မြင်းကိုဒုန်းနှင်စီး ထွက်သွားသော ဖေဖေ့ကိုမြင်ရသည်မှာ ခန့်ညားထည်ဝါ လှပါဘိတော့သည်။

ကျွန်တော်နို့လွတ်၍ မေမေ့ရင်ခွင်မှ ခွာသည့်အချိန်အထိ ကျွန်တော်၏ ကလေး ဘဝသည် ပျော်စရာအတိသာ ဖြစ်လေသည်။ ကျွန်တော်၏ အနီးကပ်ဆုံးအဖော်မှာ ကျွန်တော့် အစ်မနာဒါပင်ဖြစ်သည်။ မမနာဒါက ကျွန်တော့်ထက် နှစ်နှစ်မျှသာကြီးသည်။ သူ့ကို ကျွန်တော် အလွန်ချစ်ခင်သည်။

ကျွန်တော့်မှာ မိန်းမများ၏ ထိန်းကျောင်းမှုအောက်မှ မလွတ်သေးသဖြင့် မမနာဒါ နှင့်အတူ ကစားခွင့် ရနေဆဲပင်ရှိသေးသည်။ သို့သော် တစ်နေ့သောအခါတွင်မူ ကျွန်တော့် အနေဖြင့် ဘယ်မိန်းကလေးနှင့်မျှ ပူးပူးကပ်ကပ် ဆက်ဆံပေါင်းသင်းခြင်း မပြုရသော အချိန်ကာလသို့ မလွဲမသွေ ရောက်ရှိလာလိမ့်မည် ဆိုသည်ကိုတော့ ကျွန်တော် ကြိုတင် သိရှိထားပြီး ဖြစ်သည်။

မမနာဒါ၏ မျက်လုံးများမှာ ဝိုင်းစက်ပြီးအလွန်လှသည်။ သူသည် ကျွန်တော့်ကို ချစ်စနိုးဖြင့် ခဏခဏကျီစယ်လေ့ရှိသည်။ မကြာခဏဆိုသလို ကျွန်တော့်ကို ပွေ့ဖက်နမ်းရှုပ် ခြင်းလည်းပြုတတ်သည်။ ကျွန်တော့်ဆံပင်များကို တယုတယ ပွတ်သတ်ကစားနေသော မမဒါနာ၏ လက်ချောင်းနုနု ကလေးများ၏ အတွေ့အထိကို ယခုပင်လျှင် ပူပူနွေးနွေး ကျွန်တော်ခံစားနေရပါသေးသည်။

မမနာဒါသည် ကျွန်တော့်ကို မကြာခဏထိန်းရသည်။ လယ်ကွင်းထဲ၌ မိခင်များ အလုပ်လုပ်နေချိန်တွင် ကလေးငယ်များအား ထိန်းကျောင်းရန် အဘွားများမရှိလျှင် အကြီးကလေးများက အငယ်ကလေးများအား ထိန်းရသည်မှာ ထုံးစံပင်ဖြစ်သည်။

ကျွန်တော်တို့ ညီအစ်ကို မောင်နှမများတွင် ကစားစရာဆို၍ တုတ်ချောင်းကလေးများနှင့် အပ်ချည်ကြိုးများမှတစ်ပါး ဘာမျှမရှိပါ။ ဂျူးလူမျိုးတို့၏ "ကိဘုဇ်" ခေါ် "ဘုံကျေးရွာ"များသို့ ရောက်သွားသောအခါတွင်မှ ကလေးများအတွက် ကစားကွင်း၊ ကစားခန်းနှင့် ကလေးစာကြည့်တိုက် ဆိုသောအရာများကို ပထမဆုံးအကြိမ် မြင်ဖူးတွေ့ဖူး ရပါသည်။

မမနာဒါသည် ကျွန်တော့်အတွက် တုတ်ချောင်းကလေးများကို အရုပ်ကလေးလုပ်ကာ အဝတ်ဝတ်ပေးသည်။ ထိုအရုပ်ကလေးကို ကျွန်တော့်နာမည်အတိုင်း "အစ္စမေ" ဟုပင် နာမည်ပေးသည်။ သူသည် ထိုအရုပ်ကလေးကို ရင်မှာပိုက်ကာ နို့တိုက်သည်။ ဤသို့ပြုလုပ်ခြင်း သည် သူ့ရင်ထဲမှခံစားချက်ကို ဖော်ထုတ်ခြင်းဖြစ်သည်ဟု ကျွန်တော်ထင်သည်။ အဘယ်ကြောင့်ဟူမူ မမနာဒါသည် သမီးမိန်းကလေး ဖြစ်သောကြောင့် မိခင်နို့ရည်ကို ဝလင်အောင် မစို့ခဲ့ရရှာပါ။ ကျွန်တော်ကတော့ ထိုအခွင့်အရေးကို ယနေ့တိုင် အပြည့်အဝ ရရှိနေဆဲဖြစ်သည်။

မေမေသည် ကျွန်တော့်အား ယောကျ်ားများနှင့် အရောတဝင် နေထိုင်နိုင်ရန် ဧည့်ခန်းထဲသို့ မကြာခဏတွန်းပို့တတ်သည်။ သို့သော်လည်း ကျွန်တော့်မှာ မိန်းမများ၏ နွေးထွေးသောရင်ခွင်ကို ရုတ်တရက်စွန့်ခွာရန် ဝန်လေးနေတတ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ယောကျ်ားများ၏ရင်ခွင်ကို ကျွန်တော်က "ရန်သူ့နယ်မြေ" ပမာ ယူဆထားသော ကြောင့် ဖြစ်လေသည်။

အခန်း (၂)

ကျွန်တော့်ဖေဖေသည် ရာမီဇာအမည်ရှိသော မိန်းကလေးတစ်ယောက်ကို ဒုတိယ မြောက်ဇနီးအဖြစ် ယူလိုက်သည်။ ရာမီဇာသည် ပါလက်စတိုင်းဒေသမှ

ဝါဟာဘီဘီဒိုယင် လူမျိုးစု အကြီးအကဲ ရိုတ်ဝါလစ်အဇစ်၏ သမီးထွေးကလေးဖြစ်သည်။ ရိုတ်ဝါလစ်အဇစ်မှာ ဖေဖေ၏ဦးလေးတော်ဖြစ်ရာ ဖေဖေ၏ ဒုတိယဇနီးသစ်ကလေးသည် တခြားသူမဟုတ်ဘဲ သူ၏ သမီးမြောက်သား မောင်နှမဝမ်းကွဲပင် ဖြစ်လေသည်။ ရာမီဇာ၏အသက်က ၁၆ နှစ်။ ဖေဖေ အသက်က ၅၀။ သူတို့နှစ်ယောက် လက်ထပ်ပြီးသောအခါ မေမေ့ကို တဘားရွာကို ပြန်လာ ခွင့်ပြုသည်။

သို့သော် ထိုနေ့မှစ၍ မေမေ၏မျက်နှာတွင် အပြုံးရိပ်ကိုပင် ကျွန်တော် လုံးဝ ရတော့ပါ။

တစ်ရွာလုံးတွင် ဖေဖေတစ်ယောက်တည်းသာလျှင် ခုတင်နဲ့အိပ်သည်။ တခြားလူတွေ အားလုံးကတော့ ဆိတ်ရေအခင်း၊ သို့မဟုတ် ဖျာပါးနှင့် အိပ်ကြသည်။ ဒုတိယဇနီးအတွက် အိပ်ခန်းဆောင်မပြီးသေး၍ ရာမီဇာသည် ဖေဖေ့အခန်းတွင် အိပ်ခွင့်ရသည်။ မေမေ့မှာမူ ကပ်လျှက်အခန်းတွင် ဖျာခင်း၍အိပ်ရသည်။ အိပ်ခန်းနှစ်ခန်းအကြားရှိ တံခါးအပေါ်တွင် အဝင်ပေါက် လုပ်ထားသောကြောင့် တစ်ဖက်ခန်းထဲတွင် ဖြစ်ပျက်နေသမျှကို တခြားအခန်းမှ ထိုင်းသားကြားနေရသည်။

ကျွန်တော်သည် မေမေနှင့်အတူအိပ်ပါသည်။ မေမေသည် လက်တစ်ဖက်ကို ခေါင်းအုံးလုပ်ပြီး ကျန်တစ်ဖက်ကို ခေါင်းပေါ်တွင်တင်ကာ အိပ်သောကြောင့် ကျွန်တော့် ခေါင်းမှာ မေမေ့ရင်သားအစုံကြားတွင် ရောက်နေသည်။ တစ်ဖက်ခန်းမှ လူးလိမ့်သံများ၊ ကလူကျီစယ်သံများနှင့် ညည်းတွားသံများ ကြားရသောအခါ မေမေ့မှာအိပ်မပျော် ဘဲ အိပ်ရာပေါ်တွင် ဘယ်ပြောင်းညာပြန်လူးလိမ့်ပြီး ထွန့်ထွန့်လူးနေတော့သည်။ တစ်ခါတစ်ခါတွင် မေမေသည် ကျွန်တော့်ကို မသိမသာကုတ်ခြစ်သည်။ အသံတိတ်ကျိတ်၍ ငိုသည်။ မေမေ့မျက်နှာပေါ်သို့စီးကျလာသော မျက်ရည်ပူများကို ကျွန်တော့်လက်နှင့် စမ်းမိသည်။ ကျွန်တော့် ရွှေပန်းကလေးကို မေမေက လက်ဖြင့်အသာအယာ ပွတ်သပ်ရင်း သိပ်သောအခါ မကြာမီတွင်ပင် ကျွန်တော် အိပ်ပျော်သွားတော့သည်။

ညပေါင်းများစွာကြာ၍ ရာမီဇာအပေါ်တွင် ဖေဖေ၏ရမ္မက်စိတ် လျော့နည်း သွားသောအခါ ဖေဖေက မေမေ့အား သူ့အခန်းသို့ လာအိပ်ရန် ခေါ်လေ့ရှိသည်။ သို့သော် တစ်စုံတစ်ရာသည် မေမေ၏ စိတ်နှင့်ကိုယ်မှ ထွက်ခွာသွားခဲ့ပြီ။

မေမေသည် ယခင်က မေမေမဟုတ်တော့။ မေမေ့တွင် ရမ္မက်ခံစားမှုမရှိတော့။ ဖေဖေ့အား ကျေနပ်ရောင့်ရဲမှု မပေးနိုင်တော့။ ထိုအခါဖေဖေသည် မေမေ့ကို အကြီးအကျယ် ဒေါကန်တော့သည်။ သူသည်ဒေါသူပုန်ထကာ မေမေ့အား အိမ်ပေါ်မှဆင်းသွားရန် အတင်းနှင်ထုတ်တတ် လေသည်။

တဘားရွာမှ ရမ်လီမြို့သို့မြင်းစီးသွားလျှင် နှစ်နာရီကြာသည်။ လိုင်ဒါမြို့သို့ သုံးနာရီကြာသည်။ နှစ်မြို့စလုံးတွင် ရက်သတ္တတစ်ပတ်လျှင် ဈေးနေ့ တစ်နေ့ စီရှိသည်။ ဈေးထဲတွင် ကျွန်တော်တို့မိသားစုပိုင် ဈေးဆိုင်တစ်ဆိုင်ရှိသည်။ ဖေဖေ ဒုတိယဇနီး ယူသည့်အချိန်အထိ ထိုဈေးဆိုင်ကို ကျွန်တော်၏ ဒုတိယအစ်ကိုကြီး အိုမာက ကြီးကြပ် ရောင်းချခဲ့သည်။

ယခုအခါတွင်မူ ဖေဖေက မေမေအား ရမ်လီမြို့နှင့်လိုင်ဒါမြို့များသို့ တစ်ပတ်လျှင် လေးရက်သွား၍ ဈေးရောင်းခိုင်းသည်။ မေမေသည် မနက်အရုဏ်တက်တွင် ဈေးသို့ထွက် သွားရာ နေဝင်မိုးချုပ်မှ အိမ်သို့ပြန်ရောက်လာတတ်သည်။

ကျွန်တော်တို့ရွာတွင် အတော်ဆုံး ဝမ်းဆွဲဆရာမ နှစ်ယောက် ရှိသည့်အနက် မေမေသည် တစ်ယောက်ဖြစ်သည်။ မေမေ့အား ဆေးမြီးတိုများကို ကျွမ်းကျင်သူအဖြစ် တစ်ရွာလုံးက လေးစားကြသည်။ သို့သော် ယခုအချိန်တွင် မေမေ့အနေဖြင့် ရွာဘုံရေတွင်းသို့ ရေခပ်သွားသော အခါတွင်လည်းကောင်း၊ ရွာဘုံချက်ပြုတ်ပွဲသို့ သွားသောအခါတွင်လည်းကောင်း၊ တခြားမိန်းမ များက မေမေ့နောက်ကွယ်မှနေ၍ မသိမသာ စောင်းပါးရိပ်ခြည် လှောင်ပြောင်သရော် လာကြသည်။

မိန်းမများက ယောကျ်ားများ၏ ကျွန်လိုနေရသော လူ့အဖွဲ့ အစည်းတစ်ခုတွင် အစော်ကားခံရသော မိန်းမအနေဖြင့် လက်စားပြန်ခြေလိုလျှင် မိမိတို့၏ သားယောကျ်ားများကို တုံ့ပြန်လက်နက်အဖြစ် အသုံးချတတ်ကြသည်။ ထို့ကြောင့် အစော်ကားခံရသော ကျွန်တော့် မေမေသည်လည်း သားဖြစ်သူကျွန်တော့်ကို တုံ့ပြန်လက်နက်အဖြစ် အသုံးချလေသည်။ ကျွန်တော်သည် တစ်ပတ်လျှင် လေးရက်တိုင်တိုင် မြင်းလှည်းမောင်းကာ မေမေ့အား ရမ်လီနှင့်လိုင်ဒါမြို့သို့ လိုက်ပို့လေသည်။

ပေသီးဂဏန်းတွက် ကရိယာကို ကျွန်တော် ပထမဆုံးမြင်ဖူးသည်မှာ လိုင်ဒါဈေးထဲ မှ ဈေးဆိုင်တစ်ဆိုင်တွင် ဖြစ်သည်။ ပေသီးဂဏန်းတွက် ကရိယာမှာ တုတ်ချောင်းတွင် ထိုးသီထားသော ပေသီးလုံးကလေးများကို ဟိုရွှေ့သည်ရွှေ့ လုပ်ခြင်းဖြင့် အပေါင်းအနုတ် ပြုလုပ်နိုင်သော သစ်သားခုံကလေးတစ်မျိုးဖြစ်သည်။ ဈေးဆိုင်ထဲတွင် ပေသီးတွက်နေသူမှာ သားရေကုန်သည်နှင့် မြင်းခွာလုပ်သူဖြစ်သည်။ သူက ကျွန်တော့်ကို သူ့ဆိုင်ထဲဝင်ခွင့်ပြုပြီး ပေသီးတွက်ခွင့်ပြုသည်။

ဤသို့ဖြင့် ကျွန်တော်တို့ ခင်မင်ရင်းနှီးသွားကာ နောက်ဆုံးတွင် စိပ်ပုတီးမှ ပုတီးစေ့များကိုအသုံးပြု၍ ပေသီးခုံသစ် တစ်မျိုးကိုပင် ပူးပေါင်းတီထွင်ခဲ့ကြလေသည်။ ကျွန်တော်ကိုး နှစ်သားမပြည့်မီတွင် ပေသီးခုံကိုအသုံးပြု၍ ပေါင်းခြင်းနုတ်ခြင်းတွင် အဆိုပါ ကုန်သည်ကြီးထက် ကျွမ်းကျွမ်းကျင်ကျင် တက်မြောက်နေပြီဖြစ်သည်။

”ဂဏန်းတွေကို အစဉ်လိုက် ရေတွက်တတ်အောင် အလျင်ကြိုးစားပါသား” ဤစကားကို မေမေသည် အကြိမ်ပေါင်းများစွာ ကျွန်တော့်ကိုပြောခဲ့သည်။ ပထမတော့ မေမေဘာပြောမှန်း ကျွန်တော်လုံးဝသဘောမပေါက်ခဲ့ပါ။ နောက်တော့ မေမေက တော့်အား စာရေးစာဖတ် တတ်အောင်ကြိုးစားရန် အမြဲမပြတ် တိုက်တွန်းခဲ့သည်။

ကုန်သည်ကြီးမှာ သေစာရှင်စာလောက်သာတတ်သူ ဖြစ်သည်။ သို့သော်လည်း တတ်သမျှကို ကျွန်တော့်အား စေတနာအပြည့်ဖြင့် သင်ပေးခဲ့သည်။ မကြာခင်မှာပင် ကျွန်တော်က သူ့ထက် ပို၍တတ်လာခဲ့သည်။ နောက်ကာလအတန်ကြာသောအခါ ကျွန်တော်သည် တစ်ဈေးလုံးရှိ ကုန်ထုပ်ပေါ်မှ တံဆိပ်စာတန်းမှန်သမျှကို ဖတ်တတ်လာခဲ့လေသည်။ ထိုမှတစ်ဆင့်တက်၍ ကျွန်တော်သည် ကုန်ထုပ်သတင်းစာများမှ စာများကို စတင်ဖတ်ရှုလေတော့သည်။

အိမ်တွင် လွတ်လွတ်လပ်လပ် ကစားချိန်ရသောအခါတိုင်း မေမေကကျွန်တော့်အား ရွာထဲရှိအိမ်များနှင့် သီးစားပင်အားလုံးကို ရေတွက်ခိုင်းလေ့ရှိသည်။ ထို့ပြင် ဘယ်လယ်မြေကို ဘယ်သူပိုင်ကြောင်း သိရှိရန်လည်း လေ့လာခိုင်းသည်။ ထိုနောက်တွင် ဖေဖေ လယ်ထောက်ခ

သွားဘောင်းသောအဝေးမှ ကျေးရွာများရှိ အိမ်ခြေနှင့်လယ်ကွင်းများကိုပါ အတိအကျရေတွက် နိုင်သည်။ မိသားစုတစ်စုသည် လယ်ကွင်းဆယ်ကွင်းမှ ဆယ့်ငါးကွင်းအထိ ငှားရမ်း၍ သော်လည်းကောင်း၊ ကိုယ်ပိုင်သော်လည်းကောင်းလုပ်ကိုင်၍ အချို့လယ်ကွင်းများမှာ ရွာတဆုံးရှည်လျားကျယ်ဝန်းသည်။ အပြန်အလှန် မင်္ဂလာလက်ဖွဲ့ခြင်းနှင့် မိဘများတွင် သားယောက်ျားများအား အမွေပေးခြင်းဖြင့် အဆိုပါလယ်ကွင်းများမှာ ပြောင်းလက်လွဲ အဆင့်ဆင့် များပြားသောကြောင့် မည်သူမည်ဝါတွေ ပိုင်ဆိုင်လာခဲ့သည်ကို အတိအကျမှတ်တမ်းယူရန် မလွယ်လှပါ။ အများစုမှာ ငှားရမ်းလုပ်ကိုင်ကြကြောင့် လယ်သမားများသည် လယ်ထောက်ခနှင့် လယ်ခွန်လွတ်ကင်းရန်အတွက် စာရင်းမဝင်လယ်ကွင်းများကို ချဲ့ထွင်လုပ်ကိုင်လေ့ရှိကြသည်။

ကျွန်တော့်ဖေဖေမှာ သေစာရှင်စာ လောက်သာတတ်သောကြောင့် လယ်ကေ သတ်မှတ်ခြင်း၊ ရေသွင်းခွင့်ပိုင်းခြားခြင်း၊ အမွေခွဲဝေခြင်းနှင့် လယ်ခွန်သတ်မှတ်ခြင်းဆိုင်ရာ မှတ်တမ်းမှတ်ရာများကို မကျွမ်းကျင်လှပါ၊ ထို့ကြောင့် ကျွန်တော့်ဘကြီး ဖရောက်၏ အကူအညီဖြင့် စခန်းသွားနေရသည်။ ကုန်စုံဆိုင်၊ တည်းခိုရိပ်သာနှင့် လက်ဖက်ရည်ဆိုင်တို့ကို ဖေဖေနှင့် စပ်တူပိုင်သောဘကြီးဖရောက်မှာ ကျေးရွာဗလီဆရာလည်းဖြစ်၍ ဖေဖေ၏ စာရေးလည်းဖြစ်သည်။ သို့သော် ဖေဖေက ဘကြီးအား မယုံသောကြောင့် အစ်ကိုကြီးကမယ်ကို ရမ်လီမြို့သို့ပို့၍ စာသင်သည်။ အစ်ကိုကြီး စာတတ်လာသောအခါ ဘကြီးဖရောက် နေရာတွင် အစားထိုးရန် ရည်ရွယ်သောကြောင့် ဖြစ်သည်။

ဖေဖေသည် လယ်ထောက်ခများ ကောက်ခံပြီးနောက် ဒမတ်စကတ်မြို့မှ လယ် ရှင်သူဌေးကြီး ဖောဇီကဘားအား ပေးအပ်ရသည်။ သူဌေးကြီးသည် လယ်ထောက်ခသိမ်းရန် ပါလက်စတိုင်းဒေသသို့ တစ်နှစ်တစ်ကြိမ်စီ လာရောက်လေ့ရှိသည်။ ဖေဖေ့မှာ ကြီး၏ ကိုယ်စားလှယ်ဖြစ်သောကြောင့် လယ်ထောက်ခကောက်ခံပေးခြင်းအတွက် အချိုးကျရာခိုင်နှုန်း ရရှိသည်။

မေမေသည် အစ်ကိုကြီးကမယ်နှင့် ဘကြီးဖရောက်တို့ကို လုံးဝမယုံပါ။ သူတို့ နှစ်ယောက်ပေါင်းပြီး ဖေဖေ့အား လိမ်ညာနေ ကြသည်ဟု ယူဆသည်။ ပတ်ဝန်းကျင်လယ်ကွင်းများကို ကျွန်တော်အပြည့်အစုံ ရေတွက်မှတ်သားပြီးသော် အခါ မေမေက ကျွန်တော့်ကို ဖေဖေ့နောက်မှ အရိပ်ပမာလိုက်သွားရန်

အတင်းခိုင်းသည်။ ပထမတွင် ကျွန်တော်ကြောက်နေမိသည်။ နောက်တော့ အရဲစွန့်ပြီး ဖေဖေ့နောက်သို့ လိုက်သွားသည်။ ယင်းသို့လိုက်သွားတိုင်း ဖေဖေက ကျွန်တော့်ကို ကြိမ်းမောင်းရိုက်နှက် တတ်သည်။

တကယ်ဆိုသော် ဖေဖေသည် ကျွန်တော့်ကို ကျွန်တော့်အစ်ကိုကြီးများထက်ပို၍ မုန်းခြင်း၊ ပို၍နှိပ်စက်ခြင်းတော့မပြုပါ။ အာရပ်ဖခင်များသည် သူတို့ ၏သားယောကျ်ားများကို ကလေးဘဝတွင် အလွန်ချစ်ခင်ကြသော်လည်း လူလားမြောက်လာသောအခါ လုံးဝမျက်နှာ သာမပေးကြတော့ပါ။ ထိုအချိန်မှစ၍ ဖခင်နှင့်သားတို့၏ ဆက်ဆံရေးတွင် အမိန့်နာခံခြင်းသာ အဓိကဖြစ်တော့သည်။ သားတို့သည် ဖခင်၏အမိန့်ကို တသဝေမတိမ်း လိုက်နာရသည်။ ပြန်လှန် မေးခွန်းထုတ်ခွင့် လုံးဝမရှိ။ ဤသည်မှာ ဖခင်၏ ဘုရားပေးသော အခွင့်အရေး ဖြစ်သည်။

ဖခင်သည် သားယောကျ်ားများအား သူ့ လယ်မြေများလုပ်ကိုင်စေသည်။ အလုပ် မလုပ်ဘဲ မည်သူမျှ အလကား ထိုင်နေခွင့်မရှိ။ သို့သော် သားယောကျ်ားများ အိမ်ထောင်ပြုသော အခါတွင်တော့ သူတို့မိန်းမများအား အိမ်သို့ခေါ်လာခွင့်ပြုသည်။

ဖခင်လုပ်သူသည် "လျင်"ဖို့လိုသည်။ သို့မှသာ သားယောကျ်ားများ၏ လိမ်ညာလှည့် ပတ်ခြင်းမှ လွတ်ကင်းမည်ဖြစ်သည်။ ဤသဘောကြောင့် ဖခင်နှင့် သားတို့၏ဆက်ဆံရေး သည် သူစိမ်းပြင်ပြင်နိုင်လှသည်။ ထို့ကြောင့် တစ်ဖက်မှ ထွက်ပေါက်ပေးသည့် သဘောဖြင့် သားယောကျ်ားကလေးများက မိန်းမများအပေါ်တွင် "မိုလ်ကျခွင့်" လွတ်လပ်စွာပေးထား သည်။ သားယောကျ်ား ကလေးများသည် မိခင်အပေါ်တွင်ပင် မိုလ်ကျနိုင်သည်။ ထို့ပြင် အစ်ကိုကြီးများက ညီငယ်များကို လက်ဝါးဖြင့် ရိုက်ခွင့်လည်း ပေးထားသည်။

ကျွန်တော်သည် လေးနှစ်သား အရွယ်ကပင် အဘွားအပေါ်တွင် မိုလ်ကျတတ် လာသည်။ အဘွားကိုသာမက မေမေနှင့် မှာနာဒါတို့ အပေါ်တွင်လည်း ကျွန်တော်၏ "သားယောကျ်ားအခွင့်အရေး" ကို မကြာခဏဆိုသလို အသုံးချသည်။

ဖေဖေက ကျွန်တော့်ကိုခွာပြေးလေလေ မေမေက ကျွန်တော့်ကို ဖေဖေ့နောက်သို့ အတင်းလိုက်ခိုင်း လေလေဖြစ်သည်။ သို့ဖြင့် ကျွန်တော်သည် ဖေဖေသွားလေရာသို့ အမြဲ လိုလိုလိုက်ပါတတ်သည်။ ကျွန်တော်က ဖွဲ့နပဲဖြင့်

အတင်းကပ်လိုက်နေသဖြင့် ကြာတော့လည်း ဖေဖေက လက်လျှော့လိုက်ရတော့သည်။

တစ်နေ့တော့ ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ်ရဲစိတ်သွင်းပြီး ဖေဖေနှင့်ရင်ဆိုင် သည်။ ကျွန်တော်သည် အရေးအဖတ်အတွက် အခြေခံတက်မြောက်နေပြီ ဖြစ်သောကြောင့် ကျွန်တော့်ကို ရမ်လီမြို့သို့ပို့၍ ကျောင်းထားပေးရန်ပြောသည်။ ကျွန်တော့်မှာ အငယ် ဆုံးသားဖြစ်၍ ရိုးရာထုံးစံအတိုင်း သုံးလေးနှစ်ခန့် ဆိတ်ကျောင်းရဦးမည် ဖြစ်သည်။ ဤအလုပ်မှာ မိသားစုတွင် အနိမ့်ဆုံးအလုပ်ဖြစ်သည်။ ဖေဖေက ကျွန်တော် တောင်းဆိုချက်ကို ပယ်ချသည်။

"မင်းအစ်ကို ကမယ်က စာရေးစာဖတ်တတ်နေပြီ၊ မင်းတတ်ဖို့ မလိုတော့ဘူး မင်းက နောက်နှစ်ဆိုလျှင် ဆိတ်ကျောင်းရတော့မယ်၊ မင်းကြီးလာလျှင် ဘာလုပ်ရမယ် ဆိုတာရှင်းနေပြီ။ တစ်နေ့ မင်းမိန်းမယူတဲ့အခါ ငါ့အိမ်မှာ ကိုယ်ပိုင်အခန်းတစ်ခန်း ရမယ်"

ဤကား ဖေဖေ၏ တစ်ချက်လွှတ် အမိန့်ပင် ဖြစ်သည်။ ကျွန်တော်သည် သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း ပြန်ပြောလိုက်သည်။

"ဖေဖေ၊ ကျွန်တော် သိထားတာတစ်ခုရှိတယ်"

"မင်းက ဘာကိုသိထားလို့လဲ"

"ဖေဖေလဲ သိသင့်တဲ့အချက်တစ်ခုပါ၊ အဲဒီအချက်ကြောင့်ပဲ ကျွန်တော် ရမ်လီ ခြံကိုသွားပြီး ကျောင်းနေချင်တာ"

"ငါ့ကို ပဟေဠိတွေ ပြောမနေနဲ့ အစ္စမေ၊ မင်းစကားကို ငါဘာမှ နားမလည်ဘူး ၊"

"တဘားမှာ လယ်ကွင်းပေါင်း ၉၆၂ ကွက်ရှိတယ်" ကျွန်တော့်မှာ ပြောလို့သာ ရသော်လည်း စိတ်ထဲကတော့ အကြီးအကျယ်ကြောက်နေမိသည်။

"တခြားရွာ ဌာမှာ လယ်ကွင်းပေါင်း ၈၂၀ ရှိတယ်၊ ဒီအထဲမှာ စုပေါင်းလုပ်ကိုင်တဲ့ ဘုံလယ်ကွင်းတွေ မပါဘူး"

ဖေဖေ့မျက်နှာ ပျော့ပျောင်းလာသည်။ ကျွန်တော့်စကားကို စိတ်ဝင်စားကြောင်း ထင်ရှားသည်။ ကျွန်တော်က အသံမတုန်အောင်ထိန်းပြီးဆက်ပြောသည်။

“ဒါပေမယ့် ကမယ့် စာရင်းစာအုပ်ထဲမှာတော့ တဘားမှာ ၉၁ဝ၊ တခြားရွာတွေမှာ ၈ဝဝ ပဲ စာရင်းတင်ထားတယ်”

ဖေဖေ့မျက်နှာ ကြက်သွေးရောင်တောက်လာသည်။ ကျွန်တော်က စိတ်ကိုတင်းထားသည်။

“မင်းပြောတာ တကယ်ပဲလား အစ္စမေ”

”ကျွန်တော် တကယ်ပြောတယ်ဆိုတာ အလ္လာအရှင်မြတ်သိပါတယ် ဖေဖေ”

ဖေဖေသည် လည်ချောင်းသံကြီးဖြင့် ကြိမ်းလိုက်ပြီးနောက် သူ့ကုလားထိုင်ကြီးကို တိုးနောက်ငင်လှုပ်နေသည်။ ထို့နောက် ကျွန်တော့်ကို သူ့အနီးသို့ ကပ်လာရန် အက်သိုးလှုပ်၍ခေါ်သည်။ ကျွန်တော့်မှာ အကြောက်လွန်၍ နှုတ်ခမ်းကို တင်းတင်း ကိုက်ထားမိသည်။

“ဒီတော့ အဲဒါဘာသဘောလဲ” ဟု ဖေဖေကမေးသည်။

“ကမယ်နဲ့ ဘကြီးဖရောက်တို့ဟာ လယ်ကွင်း ၇၂ ကွင်းအတွက် လယ်ထောက်ခကို ငါ့အတွက် ကောက်ယူနေကြတာပေါ့”

ဖေဖေက လည်ချောင်းသံကြီးဖြင့် ကြိမ်းလိုက်ပြန်သည်။ ထို့နောက် ကျွန်တော့် ဦးခေါင်းကို သူ့လက်ဖြင့်ပွတ်သပ်နေသည်။

ဤဖြစ်ရပ်ကို ကျွန်တော်ဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်ပါ။ အဘယ်ကြောင့် ဆိုသော် ဖေဖေသည် ကျွန်တော် မှတ်မိသည့် အချိန်မှစ၍ ယခု တစ်ကြိမ်သာ တယုတယ ရွတ်သပ်ဖူး သောကြောင့်ဖြစ်သည်။ ထို့ပြင် သူအကြိမ်ပေါင်းများစွာ ရိုက်ဖူးသော ကျွန်တော့် ၏ကျောပြင်ကိုလည်း ပွတ်သပ်ကစားနေသည်။

“ဒါနဲ့ ကျွန်တော့်ကို ကျောင်းပို့မှာလားဖေဖေ”

“ပို့မယ် ငါ့သား၊ မင်းကို ကျောင်းပို့ပြီး ပညာသင်မယ်၊ ဒါပေမယ့် ခုန ကကိစ္စကို သူ့ကိုမှမပြောနဲ့။ ပြောလျှင် မင်းလက်ကိုဖြတ်ပစ်မယ်၊ ငါပြောတာ နားလည်ရဲ့လား”

“နားလည်ပါတယ် ဖေဖေ”

အဖြစ်အပျက်က မြန်ဆန်လှသည်။ ကျွန်တော်ကရှင်းပြရန်လည်း အချိန်မရလိုက် တော့။ ထွက်ပြေးရန်လည်း အချိန်မရလိုက်တော့။

၁၉ နှစ်သားအရွယ် အစ်ကိုကြီးကမယ်သည် ကျွန်တော့်အား ကောက်ရိုးပုံနောက် ဘက်တွင်ဖမ်းချုပ်ပြီး မြေကြီးပေါ်သို့လှဲချကာ ကျွန်တော့်ဦးခေါင်းကို မြေကြီးနှင့် ကိုင် ဆောင့်နေသည်။

“ခွေးတိရစ္ဆာန်ကလေး၊ မင်းကို အသေသတ်ပစ်မယ်”

သူက ဒေါသတကြီး အော်ပြောသည်။ ကျွန်တော်က သုံးလေးချက်မျှ အားကုန် ကန်ကျောက်လိုက်သည်။ ကမယ်သည်အော်ညည်းရင်း မြေကြီးပေါ်လဲကျသွားသည်။ ဒူးထောက်ပြီးကုန်းထသည်။ ကျွန်တော်လည်း အတင်းလူးလဲထပြီး ကောက်ဆွတုတ်ကြီးကို ကောက်ယူလိုက်သည်။

ကမယ်သည် ကျွန်တော့်ဆီသို့ လေးဖက်တွားလာပြီး ကျွန်တော့်ကို လက်သီးနှင့် လှမ်းထိုးသည်။ ကျွန်တော်က ဘေးသို့ ရှောင်တိမ်းကာ သူ့ရင်ဘတ်ကို ကောက်ဆွနှင့် ရိုက်လိုက်သည်။ သူကအော်ညည်းရင်း ကောက်ရိုးပုံဆီသို့ ပြေးသွားသည်။ ကောက်ဆွ တစ်ချောင်းကိုဆွဲယူပြီး ကျွန်တော့်ဆီသို့ ပြန်ပြေးလာသည်။

“ခွေးတိရစ္ဆာန်လေး သေမယ့်သာပြင်ပေတော့”

”ဟေ့…ကမယ်၊ လွှန်မယ်… လွှန်မယ်၊ ငါ့သားလေးကို မရိုက်ပါနဲ့” မေမေ့အသံကြား၍ ကမယ်သည် နောက်သို့ လှည့်ကြည့်လိုက်သည်။

“ခင်ဗျားကြီးဘာသိလို့လဲ၊ အလကား အဘွားကြီးပဲ၊ ဒါကြောင့် ဖေဖေက ပစ်ထား တာပေါ့”

"ပစ်မထားပါဘူးကွယ်၊ ဒီနေ့ပဲ သူ့အခန်းမှာလာအိပ်ဖို့ ခေါ်ထားသေးတယ်။ ငါသူ့ကို အရေးကြီးတဲ့စကား ပြောစရာရှိတယ်"

ကမယ်သည် သူ့အသက်အရွယ်၊ သူ့ဗလလောက်ရှိသော လူငယ်များထဲတွင် ရန်လိုတတ် သူတစ်ယောက်မဟုတ်။ သူ့ကို ရန်လိုလာလျှင်တော့ သူ့ကိုယ်သူ ကာကွယ်ချင် ကာကွယ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူက ရပ်ရွာအကြီး အကဲ၏သား မဟုတ်လား။ ပြီးတော့ စာရေးစာဖတ် တတ်သူလည်း ဖြစ်သည်မဟုတ်လား။ သူသည် ထိုအချက်ကိုတွေး မိပြီး လက်ထဲမှ ကောက်ဆွကို ပစ်ချလိုက်သည်။

"မင်း နောက်ထပ်ဘယ်တော့မှ အစ္စမေကို လက်နဲ့တောင်မထိပါနဲ့"

မေမေက ယင်းသို့ပြောကာ ကျွန်တော့်လက်ထဲမှ ကောက်ဆွကို ဆွဲယူလိုက်သည်။ ပြီးတော့ ကျွန်တော်တို့ နှစ်ယောက်ကို တစ်လှည့်စီကြည့်ရင်း...

"နောက်ထပ် ဒီလို ဘယ်တော့မှမလုပ်နဲ့" ဟု ပြောကာ ပြန်ထွက်သွားသည်။

"တစ်နေ့တော့ တွေ့ကြသေးတာပေါ့" ကမယ်က ပြန်ပြောလိုက်သည်။

"ကျွန်တော်တို့ ညီအစ်ကိုချင်း ရန်သူမဖြစ်သင့်ပါဘူး" ကျွန်တော်ကပြောသည်။

"ဖေဖေ့ကို ကျွန်တော်မပြောသေးတဲ့ လယ်ကွင်း ၃၀ ကျန်ပါသေးတယ်။ ကျွန်တော့်ကို တစ်ဝက်ပေးလျှင် ကျွန်တော် ဘယ်တော့မှမပြောဘူး"

"မင်းက ငယ်ပါသေးတယ်၊ ဒီကိစ္စမှာ မပါသင့်သေးပါဘူး ။"

"ကျွန်တော် တစ်ဝက်လိုချင်တယ်၊ အဲဒီတစ်ဝက်ကို မေမေ့ကိုပေးပါ"

"အဲဒီလိုဆို ဘကြီးဖရောက်အတွက် ဘယ်လိုလုပ်မလဲ"

"သူ့ကို အစ်ကိုတစ်ဝက်ထဲက ခွဲပေးပေါ့၊ ဘကြီးဖရောက်က ပိုပြီးသတိထားရဦးမယ်၊ သူ့ကို ဖေဖေက ရွာကနှင်ထုတ်ဖို့လုပ်နေတယ်၊ ကဲ...ဘယ်လိုလဲ၊ ပေးမလား မပေးဘူးလား"

ကမယ်သည် စိတ်မပါစွာဖြင့် ခေါင်းညိတ်ပြီး နေရာမှလှည့်ထွက်သွားလေသည်။

နောက်ထပ် သုံးလေးညမျှ ကျွန်တော် မေမေနှင့် အတူတူအိပ်သောအခါ မေမေသည် ကျွန်တော့်ဦးခေါင်းကို ပွတ်သတ်ရင်း မျက်နှာကို အကြိမ်ပေါင်းများစွာ နမ်းရှုပ်သည်။ ထွန်တော့်အတွက် ဂုဏ်ယူဝမ်းသာပြီး ငိုလည်းငိုသည်။

ဤသို့လျှင် ကျွန်တော် ကိုးနှစ်သား အရွယ်မတိုင်မီတွင်ပင် အာရပ်လူမျိုးတို့၏ အခြေခံဥပဒေကို နားလည်တတ်မြောက်ခဲ့သည်။ ထိုဥပဒေသမှာ တခြားမဟုတ်။ ကျွန်တော်က အစ်ကိုကြီးကို ဆန့်ကျင်သည်။ ကျွန်တော်နှင့် အစ်ကိုကြီးတို့က ဖေဖေ့ကိုဆန့်ကျင်သည်။ ကျွန်ဘော်နှင့် ကျွန်တော်မိသားစုက မျိုးနွယ်စုကို ဆန့်ကျင်သည်။ မျိုးနွယ်စုက လူမျိုးစုကိုဆန့်ကျင် လူမျိုးစုက တစ်ကမ္ဘာလုံးကို ဆန့်ကျင်သည်။ ထို့ပြင် ကျွန်တော်တို့အားလုံးက အတိတ္ထိများကို ဆန့်ကျင်သည်။

အခန်း (၃)

"အသင်နေမင်း၊ ဂီဘီယွန်မြို့ပေါ်တွင်သာ ထွန်းတောက်ပါလော့၊

အသင်လမင်း၊ အေယာလုံမြစ်ဝှမ်းတွင်သာ ထိန်လင်းပါလော့"

ဤသို့လျှင် ဂျူးလူမျိုးတို့၏ ဘာသာရေးခေါင်းဆောင်ကြီး ယောရှုက သူ၏ ရန်သူများကို တိုက်ခိုက်ရန် အလင်းရောင်ကို မေတ္တာရပ်ခံခဲ့လေသည်။

တဘားရွာသည် အေယာလုံ မြစ်ဝှမ်းဒေသတွင် သေးငယ်သော်လည်း အရေးပါသော တောင်ကုန်းကလေးနှင့် ဆက်စပ်နေသည်။ အေယာလုံဒေသကို မြစ်ဝှမ်းဒေသအဖြစ် လည်းကောင်း၊ လွင်ပြင်ဒေသအဖြစ်လည်းကောင်း ခေါ်ဝေါ်ကြသည်။ ပထမကမ္ဘာစစ် မတိုင်မီက ဂျာမန်ရှေးဟောင်းသုတေသနအဖွဲ့ တစ်ဖွဲ့၏ တူးဖော်တွေ့ရှိချက်အရ လွန်ခဲ့သော နှစ်ပေါင်းလေးထောင်ကျော်ကာလက အဆိုပါ တောင်ကုန်းဒေသတွင် ယဉ်ကျေးသော လူသားများ နေထိုင်ခဲ့ကြကြောင်း သိရှိခဲ့ရသည်။

တစ်စုံတစ်ယောက်သည် ဂျက်ဖာဆိပ်ကမ်းမှ တောင်ဘက်နှင့် အရှေ့ဘက် ဂျေရုဆလင်မြို့သို့သာလျှင် ရမ်လီနှင့်လိုင်ဒါမြို့ညီနောင်ကို ဖြတ်ကျော်ကာ အေယောလုံ လွင်ပြင်ဒေသသို့ ဝင်ရောက်လာလိမ့်မည်။

ယင်းလွင်ပြင်သို့ ဆယ်မိုင်ခန့်ဝင်လာသောအခါ ဂျေရုဆလင်မြို့သို့ဝင်ရာ ကမ်းစောင့် ဂိတ်တံခါးအဖြစ် တဘာရွာတည်ရှိသော တောင်ကုန်းပေါ်သို့ ရောက်ရှိလာမည်ဖြစ်သည်။ တဘားရွာအလွန်မှ လမ်းမကြီးသည် ဘက်အယ်ဝဒ်ဟုခေါ်သော ရှိုမြောင်တောင်ကြား တစ်လျှောက် မြွေလိမ်မြွေကောက်သွားသော တောင်ကုန်းလမ်းနှင့် ဆက်သွားသည်။ ဘက်အယ်ဝဒ်တောင်ကြားသည် ဂျေရုဆလင်မြို့ပြသို့ ၁၂ မိုင်ခန့်အထိ ဝင်ရောက်သည်။

ယောရှု၏ တိုက်ပွဲမတိုင်မီတွင် ဤဒေသတွင် ရှေးဟောင်းခါနာန်မြို့တော် တည်ရှိ ခဲ့သည်။ အီဂျစ်နှင့် လခြမ်းဒေသ မက်ဆိုပိုတေးမီးယားနိုင်ငံများကို ဆက်သွယ်ထားသောဒေသ ဖြစ်သည်။ ထိုအခါက ခါနန်ဒေသသည် ယနေ့တွေ့မြင်ရသည့်အတိုင်းပင် ကျူးကျော်လာသော စစ်တပ်များအတွက် မိကျောင်းပါးစပ်ကြားမှ အစာကဲ့သို့ အဝင်လမ်းပေါက်ဖြစ်ခဲ့သည်။

သမ္မာကျမ်းစာ မပေါ်မီကာလတွင် ဆီမိုက်လူမျိုးစုများ တစိမ့်စိမ့် သော်လည်းကောင်း အလုံးအရင်းနှင့်သော်လည်းကောင်း ဝင်ရောက်လာကြပြီး မြို့နိုင်ငံငယ်များ တည်ထောင်နေ ထိုင်ခဲ့ကြသည်။ နောက်ပိုင်းတွင် ဟေဗြဲလူမျိုးစုများက ဆီမိုက်တို့အား တဖြည်းဖြည်းနှင့် လွှမ်းမိုးသွား သွားခဲ့သည်။

ယောရှုနောက်ပိုင်းကာလတွင် တဘားတောင်ကုန်းပေါ်၌ အဆီးရီးယားနှင့် ဘေဘီလုံ၊ အီဂျစ် နှင့် ပါရှား၊ ခေါမနှင့် ရောမတို့၏ ပြင်းထန်သောတိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ကြသည်။ ဤဒေသသည် ကံဆိုးသော ဟေဗြဲလူမျိုးစုဝင် “ဒန်'မျိုးနွယ်စုတို့၏ ခံတပ်လည်းဖြစ်ခဲ့သည်။ ခေတ်ဦးဂျူးတရားသူကြီး ဆမ်ဆင်၏ ဇာတိချက်ကြွေလည်းဖြစ်ခဲ့သည်။ ထို့ပြင် ဖိလိတ္တိ လူမျိုးစုတို့၏ စစ်ရထားဘီးရာများလည်း ဤဒေသတွင် အပ်ကြောင်းထပ်ခဲ့သည်။

ဂျူးလူမျိုးတို့သည် ဤဒေသကိုခြေကုပ်ယူကာ ခေါမလူမျိုးတို့အား ပုန်ကန်တော်လှန် ခဲ့ကြသည်။ သမ္မာကျမ်းလာ ယာကုပ်နှင့်လေအာတို့၏သား

ယုဒသည် ဂျေရုဆလင်လွတ် မြောက်ရေးတိုက်ပွဲအတွက် သူ၏နောက်လိုက် မကာဘီးလူမျိုးစုများအား ဤဒေသတွင် ညီးရုံးစုဆောင်းခဲ့သည်။

တမန်တော်မိုဟာမက်သည် မက္ကာမှဂျေရုဆလင်သို့ တစ်ညတာခရီးမနှင်မီ တဘားး ဆောင်ကုန်းပေါ်တွင် ရပ်နားခဲ့သည်။ တမန်တော်သည် သူ၏နတ်မြင်းပျံ "အယ်လ်ဘူရတ်" ကိုစီးကာ တဘားတောင်ကုန်းမှ လွှားခနဲပျံတက်သွားပြီး ဂျေရုဆလင်မြို့သို့ တစ်ချက်ခုန်ဖြင့် ဆက်ရှိသွားခဲ့သည်ဟု အဆိုရှိသည်။ အယ်ဘူရတ် နတ်မြင်းပျံမှာ မိန်းမမျက်နှာနှင့် အမြီးရှိသည်ဟုဆိုသည်။

"မြင့်မြတ်သောဒေသ"မှ ခရစ်ယာန်ဘာသာဝင်တို့အား မောင်းထုတ်ရန် အစ္စလာမ် အသာဝင် စစ်သည်တော်များသည် တမန်တော်နောက်သို့လိုက်ကာ ဤဒေတွင် စုရုံး ခဲ့ကြသည်။

ထို့ပြင် "သီဟရာဇာ'ဘွဲ့ခံ ဗြိတိသျှ ရစ်ချတ်ဘုရင်သည် "ခရူးဆိတ်" ဘာသာရေး စစ်ပွဲကာလအတွင်း ဂျေရုဆလင်မြို့သို့ မချီတက်မီ တဘားတောင်ကုန်းပေါ်တွင် ဆက်တဲနန်းထိုး၍ စခန်းချခဲ့သည်။ ယင်းတိုက်ပွဲတွင် ရစ်ချတ်၏တပ်များ ဖရိုဖရဲပြိုကွဲကာ သူ၏ ဘာသာရေးစစ်ပွဲလည်း ဆုံးခန်းတိုင်ခဲ့လေသည်။

ပထမကမ္ဘာစစ်အတွင်းက ဂျေရုဆလင်မြို့သို့ စစ်ချီတိုက်ခိုက်လာသော ဗြိတိသျှ၊ ဘက်မှာကိုလည်း တဘာတောင်ကုန်းက မြင်တွေ့လိုက်ရသည်။

ထိုထိုကာလများအတွင်း ဂျူး၊ ခရစ်ယာန်နှင့် မွတ်စလင်လူမျိုး သန်းပေါင်း များစွာတို့သည် "မြင့်မြတ်သောဒေသ" ဘုရားဖူးသွားရင်း တဘာတောင်ကုန်းကို ကျော်ဖြတ် သွားခဲ့ကြသည်။

ဤသို့လျှင် တဘားရွာသည် ခေတ်အဆက်ဆက် သမိုင်းဝင်ထင်ရှားခဲ့သော တောင်ကုန်းပေါ်တွင် တည်ရှိလေသည်။

ဤဒေသကို အများဆုံး ဗိုလ်ကျချယ်လှယ်ခဲ့သူများကား တူရကီနိုင်ငံသား အော်တိုမန် စစ်သားများပင် ဖြစ်သည်။ တူရကီတို့သည် ၁၆ ရာစုတွင် အရှေ့အလယ်ပိုင်းဒေသကို မောင်ပိုင်စီးကာ နှစ်ပေါင်း ၄၀၀ တိုင်တိုင် စိုးမိုးအုပ်ချုပ်ခဲ့ကြသည်။

"မြင့်မြတ်သောဒေသ" သည် အော်တိုမန်အုပ်ချုပ်ရေးအောက်တွင် "နိမ့်ကျသောဒေသ" သာ ဖြစ်နေခဲ့သည်။ ကျောက်ဆောင်များနှင့် ရွှံ့နွံများဖုံးလွှမ်းနေသော အနာရောဂါ ထူပြောသည့် ဒေသအဖြစ်သာ ရှိနေခဲ့သည်။ ဤသို့ဖြင့် ပါလက်စတိုင်းဒေသသည် ဆီးရီးယားပြည်နယ်၏ အရေးမပါသော အစိတ်အပိုင်းတစ်ခုအဖြစ် မိဘမရှိသောသားဘဝသို့ ရောက်ခဲ့ရသည်။ ဂျေရုဆလင်မြို့မှာလည်း ပြာပုံဖြစ်ခဲ့ရသည်။

တူရကီတို့သည် ဒေသခံပြည်သူတို့အား ရက်စက်စွာနှိပ်ကွပ်ကြသည်။ အုပ်ချုပ်ရေး အမှုထမ်းတို့၏ အကျင့်ပျက်မှုမှာလည်း သမိုင်းဝင်သည်။ ဆင်းရဲသားပြည်သူများမှာ ကံကြွေးချစနစ်၏ဒဏ်ကို လူစင်မမီအောင် အလူးအလိမ့်ခံကြရသည်။

သြဇာတိက္ကမရှိသော ပါလက်စတိုင်း အာရပ်မိသားစု အချို့ကလည်း တူရကီတို့အား အလုပ်အကျွေးပြုကာ မိမိတို့ကိုယ်ကျိုးအတွက် ဒေသခံပြည်သူတို့အပေါ်တွင် ရက်ရက် စက်စက် ခေါင်းပုံဖြတ်ကြသည်။ ယင်းမိသားစုများအနက် "ကဘားမိသားစု "မှာ အဆိုးဝါး ဆုံးဖြစ်သည်။ ကဘားမိသားစုသည် အုပ်ချုပ်သူ တူရကီတို့အား အကူအညီပေးသောကြောင့် ဆုလာဘ်အဖြစ် ပါလက်စတိုင်းခရိုင်တွင် လယ်မြေများ မြောက်မြားစွာရရှိသည်။ ကဘား မိသားစုပိုင် လယ်မြေများမှာ အေယာလုံလွင်ပြင်ဒေသတွင် လက်ညှိုးထိုးလိုက်တိုင်းမလွဲ။

၁၈ ရာစုတွင် ကဘားမိသားစုဝင်များသည် လယ်သမားရွာပေါင်းများစွာကို သိမ်းယူပြီးနောက် စာလုံးဝမတတ်သော အာရပ်လယ်သမားများအား စေခိုင်းကာ အကြီး အကျယ် ခေါင်းပုံဖြတ်သွေးစုပ်ကြသည်။ အဆိုပါ လယ်သမားရွာများအနက် တဘားရွာမှာ အလယ်ဗဟိုတွင်တည်ရှိပြီး လွင်ပြင်ဒေသအနှံ့အပြား တခြားရွာငယ်များဖြင့် ဝိုင်းရံထား သည်။

ကဘားမိသားစုများသည် ပါလက်စတိုင်းဒေသကို အစောကြီးကပင် စွန့်ခွာကာ ဒမတ်စကတ်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ဆီးရီးယားပြည်နယ်ကို ဒမတ်စကတ် မြို့မှပင် ကြိုးကိုင်အုပ်ချုပ်နေသည်။

သူတို့သည် ကျေးပိုင်၊ ကျွန်ပိုင်၊ မြေရှင်ပဒေသရာဇ်ကြီးများဖြစ်သောကြောင့်

ဆောင်းရာသီတွင် စပိန်နိုင်ငံသို့လည်းကောင်း၊ နွေရာသီတွင် အင်္ဂလန်နိုင်ငံတွင်လည်းကောင်း သွားရောက်၍ အနားယူအပန်းဖြေကြသည်။ ဥရောပနိုင်ငံများမှ လောင်းကစားဝိုင်းများတွင် သူတို့ကို လူတိုင်းသိကြသည်။ သူတို့သည် အီစတန်ဘူမြို့တော်မှ စူလတန်ဘုရင်များ၏ ညှော်ခံပွဲများသို့လည်း မကြာခဏတက်ရောက်ကြသည်။

တူရကီများနှင့် ကဘားမိသားစုဝင်များသည် ဤဒေသကို ရာစုပေါင်းများစွာ ချယ်လှယ်စိုးမိုးခဲ့ကြသော်လည်း ဒေသခံပြည်သူတို့၏ တိုးတက်ရေးအတွက်ကား ဘာတစ်ခုမျှ လုပ်မပေးခဲ့ကြချေ။ ပညာရေးအတွက်ကျောင်းမရှိ၊ ဆက်သွယ်ရေးအတွက် လမ်းမရှိ၊ ကျန်းမာရေးအတွက် ဆေးရုံမရှိ၊ စိုက်ပျိုးရေးအတွက် ခေတ်မီနည်းနာများမရှိ။

မြေရှင်ပဒေသရာဇ်များ၏ လယ်ကျွန်စနစ်အောက်တွင် တောင်သူလယ်သမားများမှာ ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်အငတ်ငတ်အပြတ်ပြတ်ဘဝဖြင့်သာ မသေရုံတမည် အသက် ရှင်နေထိုင်ခဲ့ကြရှာသည်။ သူတို့တတွေသည် တူရကီအုပ်ချုပ်သူများ၊ ဘီဒိုယင်လူဆိုး များနှင့် မြေပိုင်ရှင်သွေးစုပ်ကောင်များ၏ ချယ်လှယ်ဖိနှိပ်မှုအမျိုးမျိုးကြောင့် လူစင်မမီသည့် ဘဝတွင်သာ ပြားပြားဝပ်နေခဲ့ကြရသည်။

၁၈၀၀ ပြည့်နှစ် ရောက်သောအခါ အေယာလုံမြစ်ဝှမ်းဒေသရှိ တဘားမိသားစုပိုင် လယ်မြေပေါင်းများစွာ ပျက်စီးဆုံးပါးသွားခဲ့လေသည်။ ရွာသူရွာသားများသည် ဘိုးဘွား ဘီဘင်များလက်ထက်မှစတင်ခဲ့သော အခွန်အတုပ်ကွေးမြီများနှင့် မွေးဖွားသည်မှ သေဆုံး သည်အထိ ဆပ်၍မကုန်နိုင်သော ကြွေးမြီများကြောင့် လွတ်ကင်းရာသို့ အဆက်မပြတ် ထွက်ပြေး ပြောင်းရွှေ့သွားကြသည်။

သည်ကြားထဲတွင် မိုးခေါင်ရေရှားခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းနှင့် ရောဂါထူပြော ခြင်းကပ်ကြီးများ မကြာခဏကျရောက်ပြန်ရာ လဲရာဖိထောင်းခံရသည့်နှယ်၊ မြင့်မြတ်သော ဒေသတစ်ခုလုံး ခြောက်ကပ်ဆိတ်သုဉ်း သွားခဲ့ရတော့သည်။

တဘားရွာသည် ဘီဒိုယင်လူမျိုးစုအတွက် ရိက္ခာထောက်ပံ့ရာ "စပါးကျီကြီး ဖြစ်သည်။ အဓိက ဗိုလ်ကျလုယက်သူများမှာ ဝါဟာဘီလူမျိုးစုဝင်များဖြစ်သည်။ သူတို့သည် ဒေသဝန်းကျင်ရှိ သူတို့၏ စားကျက်လယ်မြေများမှ လှည့်လည်ထွက်ခွာကာ ကောက်ရိတ် ချိန်တွင် တဘားဒေသသို့ဝင်ရောက်လာပြီး လယ်သမားများထံမှ ဆန်စပါးများကို သိမ်း ကြသည်။ ဘုရားဖူး ခရီးသည်များအား လုယက်တိုက်ခိုက်ကြသည်။

ဤဒေသတွင် အဓိက ဆိုးသွမ်းတိုက်ခိုက်နေသူများသည် ဝါဟာဘီလူမျိုးစုဝင်၊ မျိုးနွယ်စုများဖြစ်သည်ဟု ကဘား မိသားစုဝင်များက ယူဆသည်။ ထို့ကြောင့် ၁၀ ပြည့်နှစ်ဝန်းကျင်တွင် ကဘားမိသားစု အကြီးအကဲလုပ်သူက ဆူကိုရီဘီဒိုယင် အကြီးအကဲနှင့် တွေ့ဆုံကာ ဂုဏ်သိက္ခာရှိသော အခွင့်အရေးတစ်ရပ်ကို ကမ်းလှမ်းခဲ့သည်။ ကိုရီတို့က တဘားရွာတွင် အခြေတကျနေထိုင်မည်ဆိုလျှင် အေယာလုံမြစ်ဝှမ်းဒေသရှိ မိသားစုပိုင် လယ်မြေအားလုံးအတွက် ဆူကိုရီအကြီးအကဲအား ကိုယ်စားလှယ်အဖြစ် ထားမည်ဖြစ်ကြောင်း ကဘာမိသားစုအကြီးအကဲက ပြောပြသည်။

ဤကမ်းလှမ်းချက်သည် ဆူကိုရီမျိုးနွယ်စုတို့အား လာဘ်ထိုးခြင်းမဟုတ်ဘဲ လယ်မြေ လုပ်ကိုင်ခွင့်ရစေသော အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ သတ္တိဇွဲတ္တိနှင့် ပြည့်စုံသော ဆူကိုရီ အကြီးအကဲတစ်ယောက်သည် ကျေးရွာလူထုကိုလည်း အခြေတကျအုပ်ချုပ်နိုင်မည်။

မိသားစုအတွက်လည်း လယ်ထောက်ခများကို ပြည့်ပြည့်ဝဝကောက်ခံနိုင်မည် သည်။ ထို့ပြင် မြစ်ဝှမ်းဒေသတွင် ဘီဒိုယင်လူမျိုးများ၏ သောင်းကျန်း နှိပ်စက်မှုကိုလည်း ဆီးနိုင်မည်ဖြစ်သည်။ ဤကမ်းလှမ်းချက်ကြောင့် ဝါဟာဘီ လူမျိုးစုများအတွင်း အကြီးအကျယ်မကျေနပ်မှု ဖြစ်ပေါ်လာသည်။ ဘီဒိုယင်မျိုးနွယ်စုများအဖို့ ခြေသလုံးအိမ်တိုင်ဘဝဖြင့် ရေကြည်ရာ က်နုရာသို့ လှည့်လည် သွားလာနေရခြင်းကို စွန့်လွှတ်ရခြင်းသည် မျိုးနွယ်စုတစ်ခုလုံး၏ လွတ်လပ်မှုကို စွန့်လွှတ်ရခြင်းပင်ဖြစ်သည်။

ဘီဒိုင်မျိုးနွယ်စုတို့သည် သူတို့ကိုယ်သူတို့ အခွင့်ထူးခံ အာရပ်လူမျိုးများ၊ အယ်လူမျိုးစစ်စစ်များဟူ၍ခံယူထားကြသည်။ ဘီဒိုယင်တို့သည် အစ္စလာမ်ဘာသာ

ရေးအတွက် မူလဘူတအင်အားစုဖြစ်ခဲ့သည်။ တမန်တော်မိုဟာမက်၏ ပထမဦးဆုံး သည်တော်များမှာ ဘီဒိုယင်များပင်ဖြစ်ပြီး မွတ်စလင်အောင်ပန်းကို ဆွတ်ခူးပေးခဲ့သည်မှာလည်း ဘီဒိုယင်များပင်ဖြစ်ကြသည်။ . "ဒိုယင်တို့သည် လယ်ခွန်ပေးရခြင်း၊ လယ်ထောက်ခပေးရခြင်း လုံးဝမရှိခဲ့ကြ။ နယ်မြေဟူ၍လည်း သတ်မှတ်ထားခြင်းမရှိဘဲ မိမိတို့သွားလိုရာသို့ လွတ်လပ်စွာ နေထိုင်ခဲ့ကြသည်။ ဘီဒိုယင်တို့သည် အာရေဗျကျွန်းဆွယ်မှ ဆင်းသက်လာကြပြီး လူများနှင့် အဆက်အဆံမပြုဘဲ သီးသီးသန့်သန့် နေထိုင်ခဲ့ကြသည်။ အီဂျစ်လူမျိုးများနှင့် ရောမလူမျိုးတို့၏ ရှေးဦးတိုက်ခိုက် သိမ်းသွင်းမှုများမှလည်း ကင်းလွတ်ကြသည်။

ဒဏ်ခတ်တတ်သော ဤသဲကန္တာရဒေသတွင် ကြမ်းတမ်းရက်စက်သော ယဉ်ကျေးမှု ဂဂ လာခြင်းမှာ ကြမ်းတမ်းသောသဘာဝတရားနှင့် လိုက်ဖက်ဟပ်မိသည်။ ခေတ်ရေစီး ကြောင်းနှင့်အတူ တိုးတက်သောနိုင်ငံများ ပေါ်ထွန်းနေချိန်တွင် ဘီဒိုယင်တို့သည် အားနည်း သူတို့အား လုယက်တိုက်ခိုက်ရင်း ခေတ်အဆက်ဆက်ကို ဖြတ်ကျော်ရပ်တည်လာခဲ့ကြသည်။ အင်အားကြီးသောမျိုးနွယ်စု အကြီးအကဲများသည် အကြင်နာမဲ့သော သဲကန္တာရနေပူရှိန် ကဲ့သို့ပင် အားနည်းသူများအား ကြင်နာသနားခြင်း မရှိခဲ့ကြ။ အားကြီးသူကို အားနည်းသူက တုန်နေအောင်ကြောက်ရသော လူမှုရေးစနစ်ကြီး ပေါ်ပေါက်လာခဲ့သည်။

ထို့ကြောင့် လူမျိုးစုဝင် လူသားတစ်ယောက်အနေဖြင့် ပုခက်တွင်းမှသည် သင်္ချိုင်း သို့ရောက်သည်အထိ အဖိနှိပ်ခံဘဝဖြင့်သာ တစ်လျှောက်လုံး နေထိုင်ခဲ့ရသည်။ ယင်းဘဝမှ လွတ်မြောက်ရေးလမ်းမှာ အထက်လူကိုတော်လှန်၊ အောက်လူကိုဖိနှိပ်ရန် တစ်လမ်းသာ ရှိသည်။ ဘီဒိုယင်တို့အဖို့ အသက်ရှင်ရပ်တည်ရေးအတွက် တရားမျှတသော ဒီမိုကရေစီ နည်းလမ်းဟူ၍မရှိ။ အဘယ့်ကြောင့်ဟူမူ သဲကန္တာရ၏ဥပဒေသည် တစ်သွေး၊ တစ်သံ၊ တစ်မိန့်ဖြစ်သောကြောင့်တည်း။

ဘီဒိုယင်တို့သည် သူခိုးဓားပြများ၊ လူသတ်သမားများ၊ လုယက် တိုက်ခိုက်သူများ ဖြစ်သည်။ မိမိ၏လက်ကိုအသုံးပြု၍ ချွေးထွက်သံယို အလုပ်ကြမ်းလုပ်ခြင်းကို မကောင်း သောအလုပ်ဟု သဘောထားကြသည်။ သူတို့သည် ခြေသလုံးအိမ်တိုင်ဘဝဖြင့် ယင်းသို့ ဆင်းရဲမွဲတေနေကြသော်လည်း

သူတို့ကိုယ်သူတို့ အမျိုးမြတ်သော အထက်တန်းစား များဟူ၍ ယူဆကြသည်။ မြို့နေအာရပ်များအား သူတို့ထက်နိမ့်ကျသော လူလတ်တန်းစား များဟု သတ်မှတ်ကြသည်။ ကျေးရွာများမှ ဆင်းရဲသားတောင်သူလယ်သမားများကိုမူ အဆင့်အတန်းအနိမ့်ဆုံး လူ့အလွှာများအဖြစ် သဘောထားကြသည်။

ထို့ကြောင့်လည်း အင်အားကြီးသော ဆူကိုရီအကြီးအကဲတစ်ယောက်သည် တဘား ရွာတွင် အခြေတကျနေထိုင်ရန် ပြောင်းရွှေ့သွားသောအခါ ပင်မ ဝါဟာဘီလူမျိုးစုကြီးနှင့် နှစ်ငါးဆယ်ကြာ လူမျိုးစုရန်ပွဲကြီး ပေါ်ပေါက်လာခြင်းမှာ အံ့သြစရာမဟုတ်ချေ။ ဝါဟာဘီ မျိုးနွယ်စုများသည် ခြေသလုံးအိမ်တိုင်ဘဝကို တဖြည်းဖြည်းစွန့်လွှတ်ကာ အယာလုံး မြစ်ဝှမ်းဒေသတွင် အတည်တကျ ကျေးရွာတည်ထောင်၍ နေထိုင်လာကြသောအခါ နှစ် ငါးဆယ် မျိုးဆက်ရန်ပွဲကြီးမှာလည်း ရပ်နားသွားလိုက်၊ ပြန်တိုက်လိုက်၊ တစ်ဖန် ရပ်နား သွားလိုက်ဖြင့် အရှိန်လျော့၍ "အနာကျက် လာခဲ့သည်။

ဤမျိုးဆက်ရန်ပွဲကြောင့် ရရှိသောဒဏ်ရာဒဏ်ချက်များကိုကား ဘယ်တော့မှ ပျောက်ကင်းအောင် ကုစားနိုင်လိမ့်မည်မဟုတ်ချေ။ သို့သော် နောင်အခါတွင် မျိုးနွယ်စု အချင်းချင်း လက်ဆက်ထိမ်းမြားမှုများ တိုးပွားလာသောကြောင့်လည်းကောင်း၊ အခြား ကျူးကျော်လာသော လူမျိုးစုများနှင့် ဘာသာအယူဝါဒမတူသော မျိုးခြားများအား တိုက် ခိုက်ရန် အခါအားလျော်စွာ ပြန်လည်ပေါင်းစည်းမှုများကြောင့်လည်းကောင်း မျိုးဆက် ရန်ပွဲကြီးမှာ တဖြည်းဖြည်းနှင့် အရှိန်သေသွားခဲ့လေသည်။

ဤသို့လျှင် ဆူကိုရီမျိုးနွယ်စုအကြီးအကဲများသည် တဘားတောင်ကုန်းဒေသ၏ ခေါင်းဆောင်များအဖြစ် အစဉ်အဆက်အားဖြင့် နှစ်ပေါင်းတစ်ရာကျော်မျှ အုပ်ချုပ်လာ ခဲ့လေသည်။

၁၈၂၄ ခုနှစ်...။

သူ၏ နိစ္စဓူဝထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်သို့ အီဘရာဟင်ရောက်ရှိပြီးနောက် ကြာမီတွင်ပင် သူ့အစ်ကိုကြီး ဖရောက်သည် "ဂျူးတွေလာနေပြီ၊ ဂျူးတွေလာနေပြီ" ဟူ၍ အော်ဟက် ပြေးဝင်လာသည်။

မိနစ်ပိုင်းအတွင်းမှာပင် ရွာလယ်လမ်းမပေါ်တွင် ပြေးလာသောလူအုပ်များနှင့် အော်ကျယ်ဟစ်ကျယ် စကားပြောသော လူအုပ်များဖြင့် ပြည့်နှက်သွားသည် အီဗရာဟင်နောက်မှလိုက်ကာ တောင်ကုန်းထိပ်သို့တက်လာကြသည်။ တောင်ကုန်းထိပ်မှ ကြည့်လိုက်လျှင် တာလမ်းမကြီးကို ကောင်းစွာမြင်နိုင်သည်။

တစ်စုံတစ်ယောက်က အီဘရာဟင်အား စစ်မြေပြင်သုံး မှန်ပြောင်းတစ်လက် သေးသည်။ ယင်းမှန်ပြောင်းမှာ တူရကီစစ်တပ်တွင် အမှုထမ်းခဲ့သော ရွာသား တစ်ယောက်ပိုင်သော မှန်ပြောင်းဖြစ်သည်။ အီဘရာဟင်သည် မှန်ပြောင်းကို မျက်လုံးရှေ့ သို့ကပ်လိုက်သည်။ တာလမ်းမကြီးပေါ်တွင် တန်းစီမောင်းနှင်လာသော ထရပ်ကားတန်း ကြီးကိုမြင်ရသည်။ ကားများပေါ်တွင် သံဆူးကြိုးများ၊ ပေါက်ပြားများ၊ ခြံတိုင်များ၊ အိတ်များနှင့် လယ်ယာသုံးကရိယာများ အပြည့်တင်ဆောင်လာကြသည်။ သုက ဖရောက်ကိုရေတွက်ခိုင်းသည်။ စုစုပေါင်း ယောကျ်ားအယောက်နှစ်ဆယ်နှင့် မိန်းမခြောက်ယောက်။ ယောကျ်ားများက ဂျူးဘုံလယ်မြေလုပ်သားများဝတ်သော အဝတ်များကို ဝတ်ထားကြသည်။ မိန်းမတွေကတော့ ပေါင်လယ်လောက်အထိရောက်သော အဝတ်တိုများကိုဝတ်ထားကြသည်။ အရှက်အကြောက် ကင်းလွန်းလှချေသည်တကား။

အဆိုပါ ယောကျ်ားမိန်းမများနှင့် မလှမ်းမကမ်းတွင် လှည့်လည်သွားလာနေသော နောက်ထပ်ယောကျ်ား တစ်ဒါဇင် လောက်ကိုလည်း မြင်ရသည်။ သူတို့က မြင်းကိုယ်စီနှင့်။ ကျောကုန်းတွင် ရိုင်ဖယ်သေနတ်များလွယ်ထားပြီး ကျည်ဆန်အိတ်ကို ပခုံးတွင် သိုင်းထားကြသည်။ ယူနီဖောင်းက အစိမ်းနုရောင်။ သို့သော် အများစုသည် ဦးခေါင်းတွင် အာရပ်ခပ်အုပ်ပေါင်းများ ပေါင်းထားကြသည်။ သူတို့သည် “ရှိမား”ဟုခေါ်သော ဂျူးကင်း တပ်သားများဖြစ်ကြောင်း အီဘရာဟင် ချက်ချင်းသိလိုက်သည်။

စောစောကယာဉ်တန်းသည် တာလမ်းမကြီးကိုကွေ့လျက် ရွှံ့နွံထူပြောသော အပြင်ဘက်သို့ မောင်းနှင်သွားကြသည်။ ဂျူးတစ်ယောက်က အော်လံကြီးဖြင့် အခြားသူများကိုအော်၍ အမိန့်ပေးညွှန်ကြားနေသည်။ ခဏအကြာတွင် မြေတိုင်းကရိယာများ ယူဆောင်လာသော ဂျူးများသည်

ခြောက်သွေ့သောကုန်းမြေတစ်နေရာတွင် တိုင်းတာ ပြီးနောက် ခြံတိုင်များဖြင့် စတုရန်းအကွက်ရိုက်ကြသည်။ သူတို့ကိုကြည့်ရသည်မှာ လုံခြုံသော သံဆူးကြိုးခတ်စခန်းများ ဖုတ်ပူမီးတိုက် ဆောက်လုပ်နေကြပုံရသည်။

အီဘရာဟင်သည် မှန်ပြောင်းကို ဖရောက်ဆီသို့ ကမ်းပေးလိုက်ပြီးနောက် ..

“ရပ်ရွာလူကြီးတွေကို လက်ဖက်ရည်ဆိုင်လာကြဖို့ ဆင့်ခေါ်လိုက်ပါ" ဟုပြောကာ နေရာမှလှည့်ထွက်သွားသည်။

မိနစ်ပိုင်းအတွင်းမှာပင် ရပ်ရွာလူကြီးများသည် လယ်ကွင်းများနှင့် အပန်းဖြေနေရာ အသီးသီးမှထွက်လာကြပြီး လက်ဖက်ရည်ဆိုင်သို့ စုရုံးရောက်ရှိလာကြသည်။

“ဒီဂျူးတွေ ဘာလာလုပ်ကြတာလို့ ထင်သလဲ”

“ဘာထင်နေစရာရှိသေးသလဲ၊ မင်းမြင်ရတဲ့အတိုင်းပဲပေါ့၊ မင်းကအရူးပဲ”

”ဒီလူတွေ တာလမ်းမကြီးဘေးမှာ ရွာတည်ထောင်ဖို့ လုပ်နေကြတာကွ”

”ဒီရွှံ့ဗွက်တောထဲမှာလား”

”ဒါပေါ့”

”ဒီနေရာကို သူတို့ကဝယ်ယူပြီး အိမ်ဆောက်ကြမှာလား”

”ဟုတ်တယ်၊ ဝယ်ပြီးဆောက်ကြမှာ” အီဘရာဟင်က ဝင်ပြောလိုက်သည်။

“ဂျူးတွေကဘာပဲလုပ်လုပ် တရားဝင်အောင်လုပ်ထားတယ်။ ဒါပေမယ့် ကျုပ်တို့က သူတို့ကိုတားကိုတားရမယ်။ မတားလျှင် ဒီမြစ်ဝှမ်းဒေသမှာ အာရပ်ရွာ တစ်ရွာမှရှိတော့မှာ မဟုတ်တော့ဘူး၊ ဒမတ်စကတ်က သူဌေးကြီးကဘားက ဒီနေရာကို သူတို့ကိုရောင်းလိုက် တာ။ ကျုပ်တို့က သူတို့ကို မှတ်လောက်သားလောက်ဖြစ်အောင် ဒီညပဲ “ဧည့်ခံပွဲ” လုပ်ရ လိမ့်မယ်”

အားလုံးကပင် တစ်ညီတစ်ညွတ်တည်း ထောက်ခံသဘောတူကြသည်။

ထိုအခိုက် လူအုပ်ထဲသို့ လူငယ်တစ်ယောက် အတင်းပြေးဝင်လာသည်။

ပရိသတ်များ ကြားတွင် ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ လူငယ်သည် အီဘရာဟင်၏စားပွဲသို့ စိုက်စိုက် မတ်မတ် လျှောက်သွားပြီး အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည်။

"ဂျူးတစ်ယောက် မြင်းနဲ့လာနေပါတယ် ခင်ဗျား"

အားလုံးပင် အီရာဟင်၏ မျက်နှာကို စိုက်ကြည့်လိုက်ကြသည်။ အီဘရာဟင်သည် ထိုင်ရာမှထရပ်လိုက်သည်။ သူ့မျက်နှာ တင်းမာလျက်။ ပရိသတ်များ ရုတ်ရုတ်သဲသဲဖြစ်ကာ အုပ်စုကွဲသွားသည်။ အီဘရာဟင်က လူတိုင်း မိမိတို့နေရာတွင် ငြိမ်သက်စွာရပ်နေကြရန် အမိန့်ပေးလိုက်သည်။ ထို့နောက် သူ တစ်ယောက်တည်း ကွက်လပ်သို့လျှောက်လာခဲ့သည်။

ခဏကြာသောအခါ တစ်ကိုယ်တော် မြင်းစီးသမားသည် လှပကျော့ရှင်းသော အာရေဗျမြင်းကြီးကိုအသားကျစီးကာ အီဘရာဟင်ထံသို့ တန်းတန်းမတ်မတ်လာနေသည်။ မြင်းစီးသမားမှာ ကိုယ်လုံးကိုယ်ဖန် အနေတော်ရှိပြီး ရွှေဝါရောင်မုတ်ဆိတ်မွေးကို သေသပ်စွာ သုပ်ထားသည်။ သူ့မျက်လုံးက အပြာရောင်။ သူ့အရွယ်မှာ "ရှိမား" ကင်းစောင့်တပ်သား အရွယ်ထက် တဆိတ်ကြီးနေပြီ။ အနည်းဆုံး အသက်လေးဆယ်လောက်တော့ ရှိရော့မည်။

သူတွင် မည်သည့်လက်နက်မျှပါမလာ။ ဤမြင်းစီးသမားသည် အာရပ်ထုံးစံကို နားလည်သူဖြစ်ရမည်ဟု အီဘရာဟင်က တွေးလိုက်မိသည်။ (လူစိမ်းတစ်ယောက် ရွာထဲ သို့ဝင်ရောက်လာလျှင် ဂျူးလူမျိုးပင်ဖြစ်စေကာမူ အာရပ်ထုံးစံအတိုင်း ထိုသူ၏ အသက် အန္တရာယ်ကို ကာကွယ်ရန်မှာ ရပ်ရွာ၏တာဝန်ဖြစ်သည်။)

မြင်းစီးသမားသည် မြင်းပေါ်မှကျွမ်းကျင်စွာဆင်းလိုက်ပြီးနောက် မြင်းကို ရေတွင်း အနီးတွင် ချည်ထားလိုက်သည်။ သူသည် လက်တစ်ဖက်ကိုရှေ့သို့ကမ်းရင်း အီဘရာဟင်ထံသို့ လျှောက်လာသည်။

အီဘရာဟင်က လူစိမ်းအား ရှေ့သို့မတိုးဘဲ ခပ်လှမ်းလှမ်းမှရပ်နေရန် လက်တစ် ဖက်ကိုမြှောက်၍ တားလိုက်သည်။

"ကျွန်တော့်နာမည် ဂီဒီယံအက်ရှိပါ" သူက

ပီသသောအာရေဗစ်ဘာသာစကားဖြင့် ပြောသည်။

"ကျွန်တော်တို့က တာလမ်းမတစ်ဖက်က မြေနေရာတော်တော်များများကို သူဌေးကြီး ကဘာဆီက ဝယ်ယူထားပါတယ်။ အဲဒီမှာ လယ်ယာစိုက်ပျိုးဖို့ ကျွန်တော်တို့ ရည်ရွယ်ထားပါတယ်။ လူကြီးမင်းက ရပ်ရွာအကြီးအကဲဖြစ်မယ် ထင်ပါတယ်"

"ဟုတ်ပါတယ်၊ ကျုပ်ဟာ ရပ်ရွာအကြီးအကဲ့ပဲ" အီဘရာဟင်က ခပ်တင်းတင်းနှင့် ပြန်ပြောလိုက်သည်။ သူ့နောက်မှ ပရိသတ်များက ရှေ့သို့ တဖြည်းဖြည်း တိုးလာကြသည်။ အီဘရာဟင်သည် စိတ်ကိုတင်းကာ သူ့ကိုယ်သူ သတ္တိသွင်းလိုက်သည်။ "ရှိမား" ကင်းစောင့်စစ်သားများသည် သူရသတ္တိအတွက် ကျော်ကြား ကြသည်။

ယခု သူ့ရှေ့တွင်ရပ်နေသော ပုဂ္ဂိုလ်သည်လည်း သတ္တိဗျတ္တိနှင့် ပြည့်စုံသူဖြစ်ကြောင်း သိသာထင်ရှားသည်။ သို့သော် ဤအချိန်တွင် အီဘရာဟင်အနေဖြင့် သတ္တိရှိသော၊ ကြောက်ရွံ့ခြင်းကင်းသော ရပ်ရွာအကြီးအကဲဖြစ်ကြောင်း သက်သေပြရန် အခွင့်ကောင်း ကြုံကြိုက်နေပြီ။

"အခုလာကြတဲ့ ဂျူးလူငယ်တွေက လူကောင်းကလေးတွေပါ" ဂီဒီယံအက်ရှိဟု သော ဂျူးအမျိုးသားက ဆက်ပြောသည်။ "ကျွန်တော်တို့အချင်းချင်း အိမ်နီးချင်းကောင်း တွေအဖြစ် နေထိုင်နိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ။

အတန်ကြာမျှ ငြိမ်သက်နေသည်။ ထို့နောက် အာရပ်အမျိုးသားများက ဂျူးအမျိုးသားကို ဝိုင်းထားလိုက်ကြသည်။ ပြီးတော့ အချက်ပေးညှိနှိုင်းထားသည့်အလား သံပြိုင်အော်ဟစ်ကာ လက်သီးကိုယ်စီ လှုပ်ယမ်းပြကြသည်။ အားလုံးငြိမ်သက်စွာနေကြရန် အီဘရာဟင်က လက်ကိုမြှောက်၍ အချက်ပြလိုက်သည်။

ဂီဒီယံက ဆက်ပြောသည်။ "ကျွန်တော်တို့ ရေသယ်ကားတွေက နောက်ကျနေတယ်။ ဒါကြောင့် လူကြီးမင်းတို့ တွင်းက ရေနည်းနည်းခပ်ခွင့် ပြုလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

"တစ်စက်မှ ခပ်ခွင့်မပြုဘူး" အီဘရာဟင်က ပြန်ပြောလိုက်သည်။

ဤတွင် လူထုပရိသတ်က ဝါးခနဲ သံပြိုင်ရယ်လိုက်ကြပြီးနောက် ဆူညံစွာ အော်ဟစ်ကြပြန်သည်။

ဂျူးအမျိုးသားသည် အီဘရာဟင်ထံသို့တိုးလာရာ သူတို့နှစ်ယောက် နှာခေါင်းချင်း ထိလုမတတ် ဖြစ်နေသည်။

ထို့နောက် ဂီဒီယံကပြောသည်။

"လူကြီးမင်းအနေနဲ့ ဒီဆုံးဖြတ်ချက်ကို ပြန်ပြင်ဖို့သင့်ပါတယ်။ မြန်မြန်ပြင်နိုင်လေ ကျွန်တော်တို့အားလုံးအတွက် ပိုကောင်းလေပဲ"

အားလုံးငြိမ်သက်နေကြသည်။ ဂီဒီယံသည် ကိုယ်ကိုလှည့်ကာ သူ့အားဝိုင်းထား သူများနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ အားလုံးပင် ရှဲခနဲလူစုကွဲ၍ အသီးသီး နောက်ဆုတ်သွားကြသည်။ ဂီဒီယံသည် မြင်းကိုဇက်ကြိုးမှကိုင်ကာ ရေတွင်းနားသို့ သွားပြီး ရေတိုက်သည်။ ပြီးနောက် သူ့မျက်နှာကိုလည်း ရေထဲသို့နှစ်လိုက်သည်။

လူတိုင်းပင် အီဘရာဟင်၏ မျက်နှာကို ဆတ်ခနဲ လှည့်ကြည့်လိုက်ကြသည်။ အမျိုးသားသည် မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်သည်။ ပရိသတ်အားလုံး မှင်တက် ကုန်ကြသည်။ အီဘရာဟင်က လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အော်ပြောလိုက်ပါ

"မင်းတို့ကို လုံးဝလက်မခံနိုင်ဘူး၊ မင်း နောက်ထပ် တဘားရွာထဲကိုဝင်လာလျှင် မင်းအသက်အန္တ ရာယ်အတွက် တာဝန်မယူနိုင်ဘူး၊ တကယ်တော့ မင်းကို ငါကိုယ်တိုင် သတ်ရမှာပဲ"

ဤတွင် ဂျူးအမျိုးသားက အံ့အားသင့်စရာတစ်ခုလုပ်သွားသည်။ သူသည် ဟားတိုက်ရယ်လိုက်ပြီးနောက် သရော်တော်တော် အမူအရာဖြင့် အလေးပြုကာ မြင်းကို ဒုန်းနှင်မောင်းထွက်သွားလေသည်။

သူ့ လူမျိုးများအတွက် အန္တရာယ်ရှိလာပြီဆိုသည်ကို အီဘရာဟင်က ချက်ချင်း သိလိုက်သည်။ ဤဂျူးအမျိုးသားသည် မထီလေးစားနိုင်သည်။ အကြောက်အရွံ့ ကင်းသည်။ ဤသည်ကို အီဘရာဟင်က လားလားမျှမကြိုက်။

ရှိမားကင်းစောင့် စစ်သားများသည် ဘီဒိုယင်များကဲ့သို့ပင် ပရိယာယ်များပြီး သတ္တိရှိကြသည်ဟု အီဘရာဟင်ကြားဖူးသည်။ သို့သော် အီဘရာဟင်သည် တဘားရှ၏အကြီးအကဲဖြစ်သည်။ သူ့အနေဖြင့် ရွေးစရာ တခြားလမ်းမရှိတော့။ လာမည့်ဘေး ပြေးတွေ့ရန်သာရှိတော့သည်။ သူက ယင်းသို့မလုပ်လျှင် ရွာသူရွာသားများက သူ့ကို ဖြုတ်ချကြလိမ့်မည်။

ကောင်းပြီး တိုက်မိန့်ထုတ်ပြန်ရန်သာရှိတော့သည်။ နောက်ပိုင်း ဖြစ်ချင်ရာသာ ဖြစ်စေတော့။ နောင်ခါလာ နောင်ခါစျေးပေါ့။

အခန်း (၄)

ရို၍ပင်နာ၊ ၁၈၈၂ ခုနှစ် တကယ်ဆိုလျှင် ဂီဒီယံအက်ရှိသည် တဘားရှထဲသို့ မြင်းစီးဝင်လာသည်မှာ လံသော သူစိမ်းတစ်ရံ ဒေသမှ ဝင်လာခြင်းမဟုတ်။ သူသည်လည်း ခေတ်သစ် ပါလက်စတိုင်းသမိုင်းတွင် မျိုးဆက်နှင့်ချီ၍ ပါဝင်နေသူ တစ်ယောက် ပင်ဖြစ်သည်။

အချို့သော ဂျူးလူမျိုးများသည် အမေရိကန်နိုင်ငံသို့ ခိုလှုံဝင်ရောက်ကာ လူမှုရေး သာတူညီမျှအခွင့်အရေးကို သဘောကျပြီး အတည်တကျ နေထိုင်ခဲ့ကြသည်။ သို့သော် ၁၉ ရာစုကာလတွင် ဥရောပနိုင်ငံများသို့ ရောက်ရှိနေကြသော ဂျူးလူမျိုးအများစုမှာမူ သောကပင်လယ်ဝေကာ ပြင်းပြသောဆန္ဒကြီးတစ်ခုကို အမြဲတမ်း ရင်ဝယ်ပိုက်ထားခဲ့ကြသည်။ ဆန္ဒမှာတခြားမဟုတ်။ ပါလက်စတိုင်းဒေသသို့ ပြန်လိုသောဆန္ဒပင်ဖြစ်သည်။

သူတို့သည် ဤဆန္ဒကို နေ့စဉ် ဘုရားဝတ်ပြုရာတွင်လည်း ထုတ်ဖော်ကြသည်။ တစ်နှစ်တစ်ကြိမ်ကျင်းပသော “ယွန်ကစ်ပူး’ ဘာသာရေးပွဲတော်တွင် အချင်းချင်း ဆုံတွေ့ သောအခါတွင်လည်း “နောင်နှစ် ဂျေရုဆလင်မှာဆုံကြစို့” ဟု နှုတ်ဆက်ရင်း ယင်းဆန္ဒကို အလေးအနက်ပြုကြသည်။

နောင်အခါ ပါလက်စတိုင်းဒေသတွင် ရုတ်တရက် လှုပ်လှုပ်ရှားရှားဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာသည်။ ဘာသာရေးဆိုင်ရာ ဂျူးလူမျိုးများသည် လာဘ်ထိုးခြင်းဖြင့်လည်း

တရားဝင်နည်းလမ်းများဖြင့်လည်းကောင်း၊ တရားမဝင်နည်းလမ်းများဖြင့်လည်း လည်းကောင်း ပါလက်စတိုင်းသို့ အမြောက်အမြား ဝင်ရောက်လာခဲ့ကြသည်။ ယင်းတို့အနက် အစမှာ ရုရှနှင့်ပိုလန်နိုင်ငံတို့က ရာစုနှစ်ပေါင်းများစွာကတည်းက ဖိနှိပ်ချုပ်ချယ်မှု ကြောင့် ထွက်ပြေးလာခဲ့သော ဆင်းရဲသား “ဟက်စီဒင်' ဂျူးလူမျိုးစုများ ဖြစ်ကြသည်။

၁၈၀၀ ပြည့်လွန်နှစ်များသို့ ရောက်သောအခါ ဂျေရုဆလင်မြို့တွင် ဂျူးလူမျိုးဦးရေ အများဆုံး ဖြစ်လာခဲ့သည်။ ထိုအချိန်မှစ၍ ယနေ့တိုင်အောင် ဂျေရုဆလင်မြို့သည် ဂျူး အများစု နေထိုင်သောမြို့အဖြစ် တည်ရှိနေခဲ့သည်။ သူတို့သည် တခြားမြင့်မြတ်သော သာသနာဝင်မြို့များဖြစ်ကြသော ဟီဘရွန်၊ ဆေးဖက်၊ တီဘာရိယ စသောမြို့ကြီးများ လည်း (ဘာသာရေးလေ့လာရန်၊ တရားအားထုတ်ရန်နှင့် “ကယ်တင်ရှင်” ကို စောင့်မျှော်ရန် ရည်ရွယ်ချက်များဖြင့်) အခြေချနေထိုင်ခဲ့ကြသည်။ သူတို့အား ကမ္ဘာ့ဂျူးအဖွဲ့ အစည်းများက ဖ ဆောက်ပံ့ခဲ့သည်။

နောက်ပိုင်းတွင် ခရစ်ယာန်ဘာသာဝင် ဥရောပနိုင်ငံများ၏ နှိပ်ကွပ်မှုကြောင့် ဂျူးလူမျိုးထောင်ပေါင်းများစွာတို့သည် ပါလက်စတိုင်းဒေသသို့ ဆက်လက်ရောက်ရှိလာ ကြပြန်သည်။ ဤဒုတိယသုတ်ဝင် ဂျူးလူမျိုးတို့သည် စေတနာရှင် သူဌေးသူကြွယ်များ၏ အထောက်အပံ့ဖြင့် စိုက်ပျိုးရေးကျေးရွာများ မြောက်မြားစွာ တည်ထောင်နိုင်ခဲ့ကြသည်။

သို့သော် သူတို့၏ လုပ်ငန်းမှာ ပြောရလောက်အောင် အောင်မြင်ခြင်းမရှိလှ။ အဘယ်ကြောင့်ဆိုသော် သူတို့နေထိုင်သော တိုင်းပြည်တိုင်းလိုလို၌ ဂျူးလူမျိုးတို့အား လယ်မြေပိုင်ဆိုင်ခွင့် မပေးသောကြောင့်ဖြစ်သည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းသည် သူတို့အဖို့စိမ်းနေသည်။ မလုပ်ဖူးသော မကျွမ်းကျင်သောလုပ်ငန်းဖြစ်နေသည်။

. ကွန်စတင်တီနိုပက် နောင်အခါ...“အီစတန်ဘူ” မြို့တော်ရှိ အော်တိုမန်ဘုရင်များ သည် လယ်ခွန်နှင့်လာဘ်ထိုးငွေ ပိုမိုရရှိရေးအတွက် ပါလက်စတိုင်းခရိုင်တွင် ဂျူးလူမျိုးများ အခြေချနေထိုင်ခြင်းကို ကြည်ဖြူစွာခွင့်ပြုခဲ့သည်။ သို့သော် ဂျူးလူမျိုးတို့သည် ယခင်က

မရှိခဲ့ဖူးသောအရာများကို ၎င်းတို့နှင့်အတူ ယူလာခဲ့ကြသည်။ ယင်းအရာများကား ဇွဲသတ္တိ၊ အားမာန်နှင့် မြင့်မြတ်သောဒေသကို ချစ်မြတ်နိုးသောစိတ်တို့ပင်တည်း။

ဤဒေသတွင် ရေတွင်းရေကန်မရှိ။ ငါးမရှိ။ ကြက်မရှိ ဆီရီယန်းလူမျိုးမရှိ။ တူရကီလူမျိုးမရှိ။ အာရပ်လူမျိုးမရှိ။ ဂျူးလူမျိုးလည်းမရှိ။ ဤဒေသကား လူသူမရှိသော ဖုန်းဆိုးသဲကန္တာရဒေသသာ ဖြစ်သည်။ သို့သော် သူတို့သည် ဤဒေသကို ချစ်မြတ်နိုးသော ကြောင့် ဤဒေသသို့ ပြောင်းရွှေ့ လာခဲ့ကြသည်။

ပါလက်စတိုင်းဒေသသို့ ဂျူးလူမျိုးများ ထောင်ပေါင်းများစွာ ပြန်လည်ရောက်ရှိလာ ခြင်းသည် သူတို့အတွက်ရော၊ ပါလက်စတိုင်းဒေသအတွက်ပါ နောက်ဆုံးကောက်ရိုးမျှင်ကို လှမ်းကိုင်ခဲ့ခြင်းပင် ဖြစ်သည်။

၁၈၈၂ ခုနှစ်တွင် ဆင်မြူရယ်အက်ရုံနှင့် ဆာရာတို့လင်မယားသည် စေတနာရှင် ရိုသံချိုင်းလ်မိသားစုက တည်ထောင်ထားသော ဖောင်ဒေးရှင်း၏ အထောက်အပံ့ဖြင့် အခြားသော ဂျူးလူမျိုးလူငယ်တစ်စုနှင့်အတူ ရုမေးနီးယားနိုင်ငံမှ ပြောင်းရွှေ့ လာခဲ့ကြသည်။

သူတို့သည် ဂါလီလီမြောက်ပိုင်းသို့ လာခဲ့ကြပြီးနောက် ၡပင်မှာရွာတွင် အခြေချ ကြသည်။ ရို၍ပင်နာရွာမှ ဘီဒိုယင်များက မောင်းထုတ်၍ ထွက်ပြေးသွားရသော ဟက်စီဒင်ဂျူးလူမျိုးစုများ နေထိုင်ခဲ့သောရွာ ဖြစ်သည်။

အာရပ်လူမျိုးအစောင့်အရှောက်များနှင့် အာရပ်လယ်ကူလီများကို အစွမ်းကုန် အသုံးပြု၍ စမ်းသပ်သီးနှံအမျိုးမျိုးဖြင့် ကြိုးစားလုပ်ကိုင်သော်လည်း ရို၍ပင်နာစိုက်ပျိုးရေးမှာ တိုးတက်မှု အပြည့်အဝမရှိခဲ့။ တခြားလူနေဒေသများနှင့်ဝေးလံပြီး မကြာခဏ လုယက် တိုက်ခိုက်ခြင်း ခံနေရသည်။

ပြင်သစ်အမျိုးသား စေတနာရှင်နယ်စားကြီး အက်ဒမွန်ဒီရိုဒ်ချိုင်းလ်က ပြင်သစ် ပြည်ရှိ သူ့စိုက်ခင်းများမှ ပါရဂူများကို စေလွှတ်လုပ်ကိုင်စေသော်လည်း ဥရောပလယ်သမား ပုံစံမျိုးအစားထိုးရန် ကြိုးစားကြသောကြောင့် အောင်မြင်မှုမရခဲ့ချေ။

၁၈၈၄ ခုနှစ်ရောက်သောအခါ ဆင်မြူရယ်နှင့် ဆာရာတို့တွင်

သားယောကျ်ား ကလေးတစ်ယောက် ဖွားမြင်သည်။ ဤကလေးသည် ရှေးခေတ်ဦးကတည်းက ဒါလီလီ ဒေသတွင် မွေးဖွားခဲ့သော ကလေးများအနက် တစ်ဦးအပါအဝင် ဖြစ်လေသည်။ ကလေးကို ဂီဒီယံအက်ရှ်ဟု နာမည်မှည့်သည်။ ဂီဒီယံအက်ရှ်ကား မွေးဖွားသည့်အချိန်မှစ၍ ခေါဂတ်ကာလတွင် သမိုင်းဝင်ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာမည့်သူပင်တည်း။

ရာစုနှစ်တစ်ပတ်လည်သောအခါ ရုရှနှင့်ပိုလန်နိုင်ငံများ၌ ဂျူးလူမျိုးတို့အား အစုလိုက် အလိုက် သတ်ဖြတ်မှုများကြောင့် ပါလက်စတိုင်းသို့ ဂျူးမျိုးဆက်တစ်သုတ် ကံပြေးရောက်ရှိလာကြပြန်သည်။ သူတို့သည် သီးသန့်ရပ်ကွက်များမှ စည်းလုံးညီညွတ် များဖြင့် ထွက်ပြေးလာကြရာ ကိုယ်ကျိုးစွန့်လွှတ်၍ အပြင်းအထန် ကြိုးစားလုပ်ကိုင်မှသာလျှင် ဒါလက်စတိုင်းဒေသကို နာလန်ထူအောင် ပြန်လည်တည်ထောင်နိုင်မည်ဟု အလေးအနက် ထားကြလေသည်။

ကိုယ်တိုင်လယ်မလုပ်သော အာရပ်လယ်ပိုင်ရှင်ကြီးများသည် နှစ်ပေါင်းများစွာ သုံးမပြုဘဲထားသော လယ်မြေများကို ဂျူးလူမျိုးများအား တန်ဖိုးကြီးကြီးဖြင့်ရောင်းချရ၍ ကျေနပ်ဝမ်းသာကြသည်။ ဤသို့ဖြင့် ဂျက်ဇရီးလ်မြစ်ဝှမ်းဒေသ၊ ဂါလီလီတောင်တန်းဒေသ၊ ရှာရွန်လွင်ပြင် အေယာလုံမြစ်ဝှမ်းဒေသနှင့် ဗီယာမာရစ်ကမ်းရိုးတန်းဒေသများတွင် ကိဘုဇ် ခေါ် လယ်ယာများ တစ်ဒါဇင်ခန့် ပေါ်ပေါက်လာသောအခါ နှစ်ပေါင်းများစွာ တိတ်ဆိတ် အောက်သွေ့ နေခဲ့သော ပါလက်စတိုင်းခရိုင်တွင် သာယာချိုအေးသော နွေဦးတေးတံများ ကို တစ်ဖန်ပြန်လည်၍ ကြားလာကြရလေသည်။

တူရကီအော်တိုမန်များနှင့် အာရပ်လူမျိုးတို့၏ အနိုင်ကျင့်ခြင်း၊ ဖိနှိပ်ခြင်း၊ ဖြတ်ခြင်း၊ ကျွန်ပြုခြင်းတို့ကိုနှစ်ပေါင်းများစွာ အလူးအလိမ့်ခံခဲ့ရသော ပါလက် တိုင်းဒေသသည် အသစ်တစ်ဖန်ပြန်လည်၍ လန်းဆန်းရှင်သန်လာခဲ့လေသည်။

က်ဖျားထူပြောသော ရွှံ့ဗွက်အိုင်များ၊ ကြီးမားသောကျောက်ဆောင်များ၊ ဆုံးစ သောသဲကန္တာရနှင့် ဖုန်ဆိုးကွင်းပြင်များသာ ပြည့်နှက်နေခဲ့သောဒေသသည် တွင် မြစိမ်းရောင်ကမ္ဘာလာဖြင့် လွှမ်းမိုးလာခဲ့ပြီ။ နေ့ညမပြတ် အဆောက်အအုံများ က်လုပ်သံတို့ဖြင့် ဆူညံလာခဲ့ပြီ။ ရာစုနှစ်ပေါင်းများစွာက မရှိခဲ့ဖူးသော သစ်ပင်များ

စိမ်းစုံလာပြီ။ တိုးတက်သောယဉ်ကျေးမှု အသစ်တစ်ရပ်သည် ဂျေရုဆလင်မြို့မှ ရွှားလာခဲ့ပြီ။ ရှေးဟောင်းဂျက်ဖာဆိပ်ကမ်းမြို့ မြောက်ဘက်တွင် ကန္တာရသဲသောင်ထဲမှ မျိုးသားတို့၏ မြို့တော်သစ်တစ်မြို့ ပေါ်ပေါက်လာခဲ့ပြီ။ ထိုမြို့တော်ကား တဲလ်အဗစ်။ ဗစ်ဆိုသည်ကား "နွေဦးတောင်ကုန်း'။

ဂျူးလူမျိုးတို့သည် အတိတ်ကာလက အတွေ့အကြုံမျိုးစုံကို ရရှိခဲ့သောကြောင့် အသံစုစည်းလာသောအခါတွင် အဘက်ဘက်မှ ပြောင်းလဲမှုမျိုးစုံကို ရရှိလာခဲ့ကြသည်။

သံယာစနစ်သစ် ပေါ်ပေါက်လာခြင်းမှာ အဓိကပြောင်းလဲမှုကြီးဖြစ်သည်။ ဒုတိယ င်းလဲမှုမှာ ဂျူးလူမျိုးများ အသက်ရှင်ရပ်တည်နိုင်ရန်အတွက် မိမိတို့ကိုယ်မိမိတို့ ကွယ်ရမည်ဟူသော ခံယူချက်ဖြစ်သည်။

တည်စောင့်ရှောက်၍ အန္တရာယ်များကို အကာအကွယ်ပေးသည်။ နောင်သောအခါ လ်မားသည် "ရှိမား"ဟုခေါ်သော ကင်းစောင့်စစ်သားများ ဖြစ်လာကြသည်။ သည် အာရပ်ဘာသာစကားကို ပြောကြသည်။ အာရပ်ဓလေ့ထုံးစံကို နားလည်ကြသည်။ စ်ရံ အာရပ်လူမျိုးများကဲ့သို့ပင် ဝတ်ရုံကြီးများကို ဝတ်ဆင်ကြသည်။ * ၁၈၀၀ ပြည့်နှစ်သို့ ရောက်သောအခါ ဂီဒီယံအက်ရှိသည် ၁၆ နှစ်သားအရွယ် ရှိလာခဲ့ပြီ။ သူသည် ဂျူးအမျိုးသားကာကွယ်ရေးဝါဒသစ်ကို သက်ဝင်ယုံကြည်သဖြင့် ဘုံလယ်မြေများနှင့် -ဂါလီလီဒေသရှိ ကျေးရွာကာကွယ်ရေးအတွက် ရှို့မီးမြင်းစီးသမား တစ်ယောက် ဖြစ်လာခဲ့သည်။

ပထမတွင် ဂီဒီယံသည် ဘီဒိုယင်အာရပ်များ၏ မြင်းစီးကျွမ်းကျင်မှုကို အားကျမိသည်။ သို့ဖြစ်၍ ဘီဒိုယင်မြင်းစီးချန်ပီယံများနှင့် မကြာခဏ မြင်းစီးပြိုင်ခြင်းဖြင့် မိမိ၏ကျွမ်းကျင်မှုကို ရရှိအောင် ကြိုးစားခဲ့သည်။

သူသည် မြင်းကုန်းနှီးပေါ်တွင်ထိုင်ကာ လှည့်လည်သွားလာနေရခြင်းကို မြတ်နိုးသော ကြောင့် မိသားစုကို စွန့်ခွာလာခဲ့သည်။ ရာစုနှစ်သစ်၏ ရှေးဦးကာလများတွင် ဂီဒီယံသည် ရှိမားမြင်းစီးသမား ၁၂ ဦးပါဝင်သော တပ်စိတ်ခေါင်းဆောင်ဖြစ်လာခဲ့သည်။ သူသည် နယ်သစ်တီထွင်သူများနှင့် ခရီးလှည့်လည်ကာ ဝေးလံသော၊ လူသူမနေသော ဒေသများတွင် ကျေးရွာသစ်များ

တည်ထောင်သည်။

တစ်ခါတစ်ရံ ရန်ပြုသော အာရပ်နယ်မြေများနှင့် ဘီဒိုယင်လူမျိုးစုများ ပိုင်နက်သို့ပင် စွန့်စွန့်စားစားဝင်ရောက်၍ ဂျူးကျေးရွာများကို တည်ထောင်သည်။ အာရပ်များက ကျူးကျော်တိုက်ခိုက်လာလျှင် ရဲဝံ့စွာခုခံကာကွယ်တိုက်ခိုက်သည်။ သို့သော် သူ၏ ပင်ကိုစိတ်ရင်းမှာ အာရပ်များနှင့် မိတ်ဆွေအဖြစ်ဆက်ဆံနေထိုင်ရန်သာ ဖြစ်သည်။ ထို့ကြောင့် အာရပ်ကျေးရွာများသို့ စွန့်စားသွားရောက်၍ မိတ်ဆွေဖွဲ့သည်။ ဂျူးကျေးရွာသစ် တစ်ခုအတွက် လုံခြုံရေးရရှိပြီးသောအခါ နောက်တစ်နေရာသို့ ဆက်လက်ထွက်ခွာသွားသည်။

သူ့အနေဖြင့် ရန်မကင်းသောအနေအထားတွင် ရှိနေသော်လည်း ဂီဒီယံနှင့် အာရပ်များအကြားတွင် တစ်ယောက်ကို တစ်ယောက် လေးစားမှုရှိကြသည်။ အထူးသဖြင့် ဘီဒိုယင်လူမျိုးစုများနှင့် ပိုမို၍အဆင်ပြေသည်။ ဂီဒီယံက ဘီဒိုယင်တို့အား သမ္မာကျမ်းစာဝင် လူမျိုးကြီးများအဖြစ် လေးစားသည်။ တစ်ခါရစ်ရံ သူသည် ဂါလီလီနယ်မြေကိုဖြတ်၍ တစ်ကိုယ်တော် မြင်းစီးလာစဉ်တွင် သူ့ကိုယ်သူ လွန်ခဲ့သော နှစ်ပေါင်းသုံးထောင်ကျော်က ခါနာန်ဒေသကျေးရွာတစ်ရွာသို့ ဝင်လာသော ရှောလမုန်ဘုရင်ကြီး၏ စစ်ဗိုလ်တစ်ဦးကဲ့သို့ စိတ်ကူးယဉ်နေတတ်သည်။ သူသည် အာရပ်တို့အား ကြောက်ရွံ့ခြင်းမရှိ။

ထို့ကြောင့် သူ့ကို အာရပ်တို့က လေးစားကြသည်။ အာရပ်အကြီးအကဲ၏ ရွာထဲမှ စံအိမ်ထဲတွင်ဖြစ်စေ၊ တောထဲမှ သစ်ခက်တဲနန်းတွင်ဖြစ်စေ မျက်လုံးပြာနှင့် မြင်းစီးသမားသည် ကိုယ့်အိမ်ကိုယ့်ယာပမာ အကြောက်အလန့်ကင်းမဲ့စွာ နေထိုင်လေ့ရှိသည်။

ဂီဒီယံသည် အာရပ်အမျိုးသမီးပေါင်းများစွာနှင့် ရင်းနှီးသည်။ ဤအချက်သည် သူ့အတွက် အန္တရာယ်ပင်ဖြစ်သည်။ သို့သော်လည်း သူက နုပျိုသည်။ အရုက်အကြောက် ကင်းသည်။ ထို့ထက် အလိမ္မာရှိသည်။ သူသည် ဂါလီလီတစ်ခွင်မှ အာရပ်အမျိုးသမီးများစွာ နှင့် ဆက်ဆံဖူးသည်။ သို့သော် မည်သည့် အာရပ်အမျိုးသားတစ်ယောက်ကမျှ သူ့ကို သံသယမဝင်။

ဤသို့ ဘာကြောင့်ဖြစ်ရပါသနည်း။ အကြောင်းကား ဤသို့ဖြစ်သည်။ ထောင်ဆို သည်မှာ အများအားဖြင့် ယောကျ်ားများအတွက်သာဖြစ်သည်မှာ

ထင်ရှားသည့် အိမ်ခြေဘယ်လောက်ပင်ရှိသည်ဖြစ်စေ အာရပ်ကျေးရွာ တော်တော်များများတွင် ခိုးမှု၊ လိမ်လည်မှုနှင့် ခေးထိုးမှုများဖြင့် ထောင်ကျနေသောယောကျ်ား နှစ်ယောက်သုံးယောက် ၊ လောက်တော့ အမြဲတမ်းရှိတတ်သည်။ ထို့ပြင် မုဆိုးမများနှင့် ကလေးမမွေးသော မိန်းမ များလည်းရှိသေးသည်။ သူတို့က ပို၍စိတ်ချရသည်။

အာရပ်ကျေးရွာတိုင်းတွင် မနီးမဝေး၌ ဂူခေါင်း၊ သို့မဟုတ် ပုန်းအောင်းစရာ ရောများရှိကြသည်။ ယင်းတို့သည် ဂီဒီယံအတွက် “အနားယူရန်” အကောင်းဆုံးနေရာများ ဖြစ်သည်။ သူသည်နုပျိုသည်။ အားမာန်အပြည့်ရှိသည်။ အာရပ်အမျိုးသမီးများက ဂီဒီယံကို သဘောကျကြသည်။ ဂီဒီယံမြင်းစီး၍ ရွာရိုးလျှောက်သွားလျှင် အာရပ်အမျိုးသမီး က ပြုံးရယ်၍တော့မပြကြ။ သို့သော် မသိမသာမျက်လုံးထောင့်ကပ်၍တော့ ရပ်ကြည့် ခံရစ်ကြသည်သာ ဖြစ်သည်။

ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာသောအခါ ဗြိတိသျှနှင့် ပြင်သစ် တို့က အလယ်ပိုင်းတွင် တူရကီများသိမ်းထားသောနယ်မြေများကို လိုချင်တပ်မက်စိတ်ဖြင့် ဆောင်းထိုးလာကြသည်သည်။ အဆိုပါ နိုင်ငံတကာနယ်ချဲ့အင်အား ကြီးနှစ်နိုင်ငံတို့သည် အလယ်ပိုင်းဒေသကို အရေးပါသော လမ်းဆုံလမ်းခွအဖြစ် မြင်လာကြသည်။ အက်တူးမြောင်းကို ပိုင်ဆိုင်ခြင်းသည် အဓိကအချက်ဖြစ်သည်။ ဗြိတိသျှတို့က အီဂျစ် နှင့်တကွ စူးအက်တူးမြောင်းကို လက်လွှတ်ခဲ့ရသည်။ ဆိုင်နိုင်းနှင့် ပါလက်စတိုင်း စံဖက်ကမ်းဒေသများတွင် တူရကီတို့၏ချုပ်ကိုင်မှု စတင်လာသည်။ ဤအချက်ဖြင့် က်စတိုင်းဒေသသည် စစ်မြေပြင်ဖြစ်လာရန် သေချာနေလေပြီ။

တူရကီများ သိမ်းပိုက်ထားသော ပါလက်စတိုင်းဒေသတွင် ဂျူးအမျိုးသားရေး ခေတ်လျှင်မြန်စွာပြန့်ပွားလာပြီး အမျိုးသားနိုင်ငံထူထောင်ရေးအတွက် ကြိုးပမ်း ဘကြသည်။ ဤလုပ်ရပ်ကို နိုင်ငံတကာ ဂျူးအဖွဲ့ အစည်းများကလည်း ထောက်ခံ အသည်။ ကမ္ဘာ့နိုင်ငံစုံကလည်း စိတ်ဝင်စားလာသည်။ သို့သော် ပါလက်စတိုင်း များအနေဖြင့် တူရကီကို ဆန့်ကျင်တိုက်ခိုက်ရန်မှာ အန္တရာယ်ကြီးလှသည်။ ထို့ကြောင့် ဂျူးတို့သည် ဗြိတိသျှတပ်များတွင် ဝင်ရောက်အမှုထမ်းကြသည်။ စ်မျိုးသားလုံး မဟာမိတ်တို့ဘက်သို့ ဝင်ရောက်လာစေရန် ရည်ရွယ်ချက်ဖြင့်

နိုင်ငံခြားရေးဝန်ကြီးက ဘဲလ်ဖိုးကြေညာချက်ကိုထုတ်ပြန်ကာ ပါလက်စတိုင်း၌ အသားနိုင်ငံ ထူထောင်ရေးကို ထောက်ခံလိုက်သည်။ နောင်အခါတွင် ဘဲလ်ဖိုး ညာချက်ကို နိုင်ငံတကာဥပဒေတစ်ရပ်အဖြစ် သတ်မှတ်ကာ တစ်ကမ္ဘာလုံးက အမှတ်ပြုကြသည်။

သို့သော် အာရပ်နိုင်ငံများကတော့ လုံးဝလက်မခံ။ ပထမကမ္ဘာစစ်ကြီး မဖြစ်ကလေးတွင် အာရပ်နိုင်ငံများက သူတို့ကိုယ်ပိုင် အမျိုးသားရေးဝါဒ တစ်ရပ်ကို အီလိုက်ကြသည်။ ရည်ရွယ်ချက်မှာ တူရကီအုပ်ချုပ်ရေး ယိုင်နဲ့လာသောအခါတွင် အမျိုးသားရေးလှုပ်ရှားမှုကို အလုံးအရင်းနှင့် စတင်ရန် ဖြစ်သည်။

ဗြိတိသျှထောက်လှမ်းရေးသူလျှိုများသည် သူတို့၏စစ်တပ်များ ဝင်မလာမီ အချိန် တင် ပါလက်စတိုင်းဒေသသို့ လျှို့ဝှက်စွာဝင်ရောက်လာခဲ့ကြသည်။ ရည်ရွယ်ချက်မှာ တော်လမ်းရေးလုပ်ငန်းများ စတင်ရန်နှင့် သူလျှိုလုပ်ငန်းအတွက် အထူးအရည်အချင်း သော ပုဂ္ဂိုလ်များကို ရှာဖွေရန်ဖြစ်သည်။ ဂီဒီယံအက်ရှိသည် ဗြိတိသျှတပ်မတော်တွင် ဗိုလ်အဖြစ်ဖြင့် လျှို့ဝှက်စွာဝင်ရောက် အမှုထမ်းသည်။ သူ့တာဝန်မှာ နီဂျက်နှင့် ဆိုင်းနိုင်းသဲကန္တာရများသို့ သွားရောက်၍ ရေကြောင်းလမ်းများ၊ ရေစမ်းများ၊ အရိပ်အာဝါသရှိသောနေရာများနှင့် တောင်ကြားလမ်း များကို ရှာဖွေမှတ်သားရန်ဖြစ်သည်။ ဤလုပ်ငန်းမှာ တူရကီတို့အား တိုက်ခိုက်ရန်အတွက် ကြိုတင်ပြင်ဆင်ချက်ဖြစ်သည်။

ဂီဒီယံကား သဲကန္တာရကြွက်ဖြစ်သည်။ ထို့ကြောင့် ဘီဒိုယင်လူမျိုးများအကြားတွင် ရတ်ခြည်း ကိုယ်ရောင်ဖျောက်သွားနိုင်စွမ်းသည်။ သမ္မာကျမ်းစာခေတ်ကတည်းက ဂျူးလူမျိုး တို့၏ ဘာသာရေးခေါင်းဆောင်ကြီးမောရှေနှင့် ဟေဗြဲလူမျိုးစုများ နှစ်ပေါင်း ၄၀ တိုင်တိုင် လှည့်လည်ကျက်စားလာခဲ့သော ဆုံးစမထင်ကျယ်ပြောလှသည့် ဇင်နှင့်ပရန်း ကန္တာရများတွင်လည်း အန္တရာယ်ကင်းစွာ လှည့်လည်သွားလာနိုင်စွမ်းသည်။ “

သူသည် သမ္မာကျမ်းစာဝင် အဆိုပါဒေသများတွင် လှည့်လည်သွားလာကာ ဤဒေသ၌ ဘယ်ပုံဘယ်နည်း သက်ရှင်ရပ်တည်နိုင်သည့် နည်းလမ်းများကို ရှာဖွေစူးစမ်း သည်။

ယင်းသို့ လှည့်လည်ရင်းမှ ဝါဟာဘီလူမျိုးစုဝင်

လမ်းပြတစ်ယောက်နှင့်လည်းကောင်း၊ လူမျိုးစုအကြီးအကဲ ရှိတ်ဝါလစ်အဇဇ်နှင့်လည်းကောင်း မိတ်ဆွေဖြစ်ခဲ့ရသည်။ သူသည် နာမည်ကျော်လမ်းပြကြီး နာဘီနှင့်အတူ အဆိုပါဒေသတွင် ရက်သတ္တပတ်ပေါင်းများစွာ လှည့်လည်လေ့လာခဲ့သည်။

တစ်နေ့သောညနေခင်းတွင် နာဘီနှင့် ဂီဒီယံတို့သည် သဲကန္တာရတစ်နေရာရှိ ဝက်သစ်ချတောကလေးတစ်ခုသို့ ရောက်ရှိလာကြသည်။ ဝက်သစ်ချတောအနီးတွင် ဘီဒိုယင်တစ်ယောက် ဝတ်ရုံကိုယာယီတဲထိုး၍ ထိုင်နေသည်ကို တွေ့ကြရသည်။ ဘီဒိုယင်အနီးတွင် မြေသားရေတကောင်းတစ်ခုနှင့် မှိုတက်နေသော ပေါင်မုန့်အချို့ရှိသည်။

နာဘီက ဘီဒိုယင်အားလှမ်းခေါ်ပြီး အနီးသို့ကပ်လာသည်။ ဘီဒိုယင်မှာ ပြင်းထန် လှသောနေပူရှိန်ကြောင့် မေ့မြောလုမတတ် ဖြစ်နေသည်။ သူတို့နှစ်ယောက် စကားပြော ကြသည်။ ဘီဒိုယင်က ဂီဒီယံဘက်သို့လှည့်ကြည့်သည်။

“သူကဘယ်သူလဲ နာဘီ” ဂီဒီယံက မေးလိုက်သည်။ “သူ့နာမည်က မူစတာဖာတဲ့၊ ဆူလီကန်လူမျိုးစုဝင်တစ်ယောက်ပဲ”

”သူက ဒီမှာထိုင်ပြီး ဘာလုပ်နေတာလဲ”

“မိတ်ဆွေတစ်ယောက်ကို စောင့်နေတယ်လို့ပြောတာပဲ၊ သူ့မိတ်ဆွေက ဒီလမ်းက လာမယ်လို့ ပြောလို့ဆိုပဲ”

“သူဒီမှာစောင့်နေတာ ဘယ်လောက်ကြာပြီလဲ”

”နေပေါင်းများစွာ ဝင်သွားခဲ့ပြီပေါ့” ‘သူ့မိတ်ဆွေက ဘယ်အချိန်ရောက်လာမှာတဲ့လဲ”

”သူကပြောတော့ ကြာချင်လဲကြာမယ်၊ မြန်ချင်လဲ မြန်မယ်တဲ့”

“သူဟာ သူ့မိတ်ဆွေ ဘယ်တော့ရောက်လာမယ်ဆိုတာ လုံးဝမသိဘဲ ဒီလိုပဲ တစ်နေ့ပြီးတစ်နေ့ ထိုင်စောင့်နေမှာလား”

ebelas

”သူ့မိတ်ဆွေ တကယ်ရောက်လာမယ်ဆိုတာ သူသိပါတယ်၊ သူ့မိတ်ဆွေ ဘယ် အချိန် ရောက်လာမယ်ဆိုတာက အရေးမကြီးပါဘူး၊ သူ့အနေနဲ့ ထိုင်စောင့်နေဖို့သာ အခံက သူ့မှာက တခြားဘာမှလုပ်စရာမှ မရှိတာဘဲ” နေမဝင်မီ အချိန်ပိုင်းကလေးတွင် နာဘီသည် ဝန်တင်ကုလားအုတ် အနံ့ကိုခံမိသည်။ သည် မြင်းကို ဟိုဟိုဒီဒီလှည့်ပတ်စီးကာ ခြေရာခံကြည့်သည်။ ထို့နောက် မြင်းပေါ် ပြန်ဆင်းပြီး နှာခေါင်းနှင့်နှုတ်ခမ်းများကို မြေကြီးနှင့်ကပ်၍ စစ်ဆေးသည်။ ပြီးတော့ . သော ပြောသည်။

“သူတို့သိပ်မကြာခင်က ဒီနေရာက ဖြတ်သွားကြတယ်”
'ဘယ်လောက်ကြာသွားပြီလဲ”

”သိပ်မကြာသေးဘူး”

”တစ်နာရီ နှစ်နာရီလောက်ကလား”

”ဖြစ်နိုင်တယ်” ‘နာရီပေါင်း တော်တော်ကြာသွားပြီလား”

”ဖြစ်နိုင်တယ်” ‘သုံးလေး ငါးနာရီလောက်ကလား”

”ဖြစ်နိုင်တယ်”

”နေထွက်ချိန်က နေဝင်ချိန်အထိ ကြာသွားပြီလား”

”ဟင့်အင်း၊ အဲဒီလောက်တော့ မကြာသေးဘူး”

”ကုလားအုတ် ဘယ်နှစ်ကောင်ပါမယ်ထင်သလဲ" 'အများကြီးပဲ”

”ဖြစ်နိုင်တယ်”

”ငါးဆယ်လောက်လား' “ဖြစ်နိုင်တယ်၊ ခြေရာတွေက တော်တော်နက်တယ်၊ ဝန်တွေအများကြီး တင်ထား

”သူတို့ ဘယ်ကိုသွားကြတာလဲ” နာဘီသည် မိုးကုပ်စက်ဝိုင်းဆီသို့ မျက်စိမှေး၍ စောင်းကြည့်လိုက်သည်။ “ဟိုနေရာကိုသွားကြတာ” သူက

လက်ညှိုးထိုးပြသည်။ "ဆူလီကန်တွေပိုင်တဲ့ စမ်းပေါက်ပဲ၊ သူတို့ဟာ ဆူလီကန်တွေလဲ ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် ဆူလီကန်တွေရဲ့ မိတ်ဆွေတွေလဲ ဖြစ်နိုင်တယ် ဂီဒီယံက မြေပုံကိုထုတ်၍ အနီးအနားမှ ရေစမ်းပေါက်ကို ရှာကြည့်သည်။ တွင် တစ်ခုမျှပြမထား။ "ရေရှိတဲ့အရပ်နဲ့ ဘယ်လောက်ဝေးသလဲ"

"သိပ်မဝေးတော့ဘူး"

"တစ်ရက်ခရီးလား၊ နှစ်ရက်ခရီးလား" နှစ်ခုစလုံး ဖြစ်နိုင်တယ်"

"ဘယ်နှစ်မိုင်လောက်ရှိမလဲ"

"အိုး မိုင်ကိုပြောတာလား" သူက နားရွက်ကို လက်နှင့်ဆွဲလိုက်ပြီး "မိုင်ပေါင်းလေး

"ထွက်သရီး မဖြစ်နိုင်တာပဲ၊ ကျွန်တော်တို့ အဲဒီကိုမရောက်ခင် နေဘယ်နှစ်ကြိမ် ထွက်ပြီး ဘယ်နှစ်ကြိမ်ဝင်ဦးမှာလဲ"

"ဒီနေရာကနေထွက်ပြီး ဟိုနေရာကိုဖြတ်သွားတဲ့အထိ' နာဘီက လက်ကို မိုးကုပ်စက်ဝိုင်းတစ်နေရာသို့ ဝိုက်ပြရင်း ပြောလိုက်လေသည်။

စခန်းမီးဖိုတွင် မီးငြိမ်းသွားပြီ။ ဂီဒီယံကလှဲအိပ်ရင်း မိုးကောင်းကင်ပေါ်မှ ကြယ်တံခွန် ရောင်ခြည်တန်းများကို စူးစိုက်ကြည့်နေစဉ် နာဘီက ရိုးရာကဗျာတစ်ပုဒ်ကို ရွတ်ဆိုနေသည်။ ဤအချိန်သည် တကယ့်သဲကန္တာရ၏ အရသာကို ခံစား၍အကောင်းဆုံးအချိန်ဖြစ်သည်။ ဂီဒီယံသည် ဤအကြောင်းကို သမိုင်းဦးမှစ၍ အကုန်အစင်သိရှိသည်။ သူသည် သူ့ကိုယ်သူ မောရှေလိုလည်း ထင်မိသည်။ အာဖြဟံလိုလည်း ယူဆသည်။ မောရှနှင့် အာဖြဟံတို့သည် လည်း သူ့လိုပင် ဆုံးစမထင်သော မိုးကောင်းကင်ကြီးကို စိုက်ကြည့်ရင်း လူသားတို့၏ အဦးဆုံးဆန်းကြယ်မှုများကို တွေးတောနေခဲ့ကြသည်။ စကြဝဠာကြီး၏ လျှို့ဝှက်မှုများ အတွက် အဖြေရှာခဲ့ကြသည်။

"တောကိုပိုင်သ၊ ငါ့ခွေးအ သားကောင်ဟူသမျှ၊ ဖမ်းနိုင်စွ။ ငါသာအမြန်၊ နတ်မြင်းပျံ မိုးယံအတက်၊ မိုဟာမက် ဆက်ဆက်ငါလျှင်၊ အပြင်းနှင်။ ကုလားအုတ်များစွာ၊ တန်းစီလာ ငါသာရှေ့က ဦးဆောင်ရ။

ခြေနှစ်ချောင်းသတ္တဝါ၊ လူခေါ်တာ သူဟာအမိုက်တုံး၊ ငါ့အသိဆုံး။ ငါထင်ရာငါလုပ်၊ ငါခေါင်းချုပ်ငါဘုရင် ငါသာလျှင်စံစား၊ သူတို့ကတော့ခံစား”

နာဘီသည် ကဗျာကို ရုတ်တရက်ရပ်လိုက်ပြီး ဦးခေါင်းကို ဆတ်ခနဲထောင်ကာ ပြောလိုက်သည်။

“ နားထောင်”

“ကျွန်တော်တော့ ဘာသံမှမကြားရဘူး” တော်တော်ကြာတော့မှ လေညင်းနှင့်အတူ အသံဗလံများ လွင့်မျောပါလာသည်။ “တော်တော်ဝေးသလား၊ ဘယ်နှစ်ယောက်လောက် ရှိသလဲ”

“အတိအကျဖြေလို့မရတဲ့ ကိစ္စတွေကို ဘာဖြစ်လို့ တစ်မေးတည်းမေးနေရတာလဲ ဂီဒီယံ”

“ဩော်... ရန်သူတွေများ ဖြစ်နေမလားလို့ပါ၊ သူတို့ ဘယ်နှစ်ယောက်လောက် ရှိတယ်၊ ဘယ်လောက်ဝေးတယ်ဆိုတာသိရလျှင် ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာကို ကျွန်တော် “ သိနိုင်တယ်”

“ဝေးတာနဲ့နီးတာ ဘာထူးလို့လဲ ? နာဘီကပြန်မေးသည်။ “သဲကန္တာရမှာဆိုတော်က ကိုယ့်ကိုကိုယ် အမြဲတမ်းအသင့်ရှိနေရတာပဲ၊ ရန်သူဘက်က လူဘယ်နှစ်ယောက်ပဲပါပါ ဘာမှမထူးပါဘူး၊ ကိုယ်က တိုးလို့လျှော့လို့ ရတာမှမဟုတ်ဘဲ”

သူကနားစွင့်သည်။ ကုလားအုတ်တွေ အများကြီးပါကြောင်းသိရသည်။ သူတို့ စမ်းပေါက်သို့ ရောက်သွားကြပြီ။

နာဘီက ဆက်ပြောသည်။ “နေထွက်လာတဲ့အချိန်မှာ ကျွန်တော်တို့ ရေစမ်းပေါက်ကို ရောက်လိမ့်မယ်။ ရေကို သွားမသောက်ပါနဲ့။ ကျွန်တော်တို့ ဖြည်းဖြည်းပဲသွားကြမယ်၊ ပြီးတော့ ကမ်းစပ်မှာထိုင်ကြမယ်၊ မြင်းတွေ ရေမသောက်နိုင်အောင် ထိန်းထားကြမယ်။ သူတို့က ကျွန်တော်တို့ကို အဝေးကစောင့်ကြည့်နေလိမ့်မယ်၊ ကျွန်တော်တို့က အခွင့်မရဘဲ သောက်လျှင် သူတို့က သေနတ်နဲ့ပစ်လိမ့်မယ်။ ခဏကြာလျှင် သူတို့ထွက်လာကြမှာပဲ၊ ဘို့က

ကျွန်တော့်ကို ဝါဟာဘီလူမျိုးစုတစ်ယောက်အဖြစ် သည်းခံကြလိမ့်မယ်၊ ခင်ဗျား ဆိုတော့ ထူးဆန်းတဲ့ဆံပင်အရောင်နဲ့ မျက်လုံးအရောင်ကြောင့် သိပ်ပြီးသဘောကျကြမှာပဲ။

နောက် သူတို့က ကျွန်တော်တို့ကို ရေသောက်ခွင့်ပြုလိမ့်မယ်”

နောက်သုံးရက်အကြာတွင် သူတို့သည် မူလလာလမ်းကို ပြန်လည်နေရာ သည်။ မူစတာဖာဟုခေါ်သော ဘီဒိုယင်အမျိုးသားသည် ဝတ်ရုံကြီးကို နေကာအမိုး ရင် သူ့မိတ်ဆွေအလာကို စောင့်နေဆဲပင် ရှိလေသည်။

အော်တိုမန်တူရကီတို့၏ မတရားအုပ်ချုပ်ခြင်းကို နှစ်ပေါင်း ၄၀၀ မျှ ခံရပြီးနောက် အရပ်လူမျိုးတို့က တူရကီတို့အား မွတ်စလင်ဘာသာဝင်အချင်းချင်း ဖြစ်သည့်တိုင်အောင် နိုင်အုပ်ချုပ်သူ” အဖြစ်သာ မြင်နေကြသည်။ ထို့ကြောင့် အရှေ့အလယ်ပိုင်းဒေသသို့ ထမကမ္ဘာစစ်ကြီး ဝင်ရောက်လာသောအခါ တူရကီဆန့်ကျင်ရေး အာရပ်အမျိုးသား လှုပ်ရှားမှုများလည်း အရှိန်အဟုန်နှင့် ပေါ်ပေါက်လာလေသည်။

တူရကီအုပ်ချုပ်ရေးကို မကျေနပ်သော အာရပ်ခေါင်းဆောင်များအနက် အဓိက ကြိုလ်မှာ အာရေဗျကျွန်းဆွယ် ဟီဂျက်ဒေသမှ ဟာရှီမိုက်မျိုးနွယ်စုအကြီးအကဲ ရှရစ် ထူး ဖြစ်သည်။ ဟီဂျက်ဒေသသည် ဗြိတိသျှတို့၏ အသက်သွေးကြောဖြစ်သည့် စူးအက် မောင်းနှင့် ဆက်စပ်နေသော ပင်လယ်နီကမ်းမြောင် ဒေသတစ်လျှောက် မိုင်ပေါင်း ဆစ်ဆောင်ခန့် ရှည်လျားသည့်နယ်မြေဖြစ်သည်။

ဟာရှီမိုက်မျိုးနွယ်စုမှာ တမန်တော်မိုဟာမက်မှ တိုက်ရိုက်ဆင်းသက်လာသူများ ဖြစ်သောကြောင့် အစ္စလာမ်ဘာသာဝင်တို့၏ အထွတ်အမြတ်ဆုံး “ကာအဘာ” ဗလီ ကျောင်းတည်ရှိသော မက္ကာမြို့နှင့် မဒီနာမြို့ “မြင့်မြတ်သော သာသနာဝင်ဌာနများကို ရောက်သူ”အဖြစ် သမိုင်းဝင်သော လူမျိုးဖြစ်သည်။

ဗြိတိသျှတို့၏နည်းဗျူဟာမှာ ဟာရှီမိုက်လူမျိုးစုတို့အား သွေးထိုးပေးပြီး တူရကီ အံ့အား တော်လှန်စေခြင်းဖြင့် အာရပ်အမျိုးသားရေးစိတ်ဓာတ်ကို

ဖော်ထုတ်ပေးရန်ပင် အာရပ်တို့က တူရကီအား တော်လှန်တိုက်ခိုက်လျှင် အာရပ်တို့အနေဖြင့် မည်သို့မည်ပုံ ထူးခံစားရမည်ဆိုသည်ကိုသိရှိရန် အာရပ်အမျိုးသားရေးခေါင်းဆောင် ရှရစ်ဟူစိန်က စစ် ဤစ်နိုင်ငံရှိ ဗြိတိသျှဝန်ရှင်တော်မင်းကြီးထံသို့ စာရေးမေးမြန်းလိုက်လေသည်။

သူ၏ ပူးပေါင်းကူညီမှုအတွက် ရှရစ်ဟူစိန်အား "မဟာအာရပ်အမျိုးသားနိုင်ငံ" ဘုရင်အဖြစ် တင်မြှောက်မည်ဖြစ်ကြောင်း ဗြိတိသျှတို့က ကတိပေးသည်။ တကယ်သော်ကား ယင်းကတိမှာ ဟန်ဆောင်ကတိသာ ဖြစ်သည်။ အဘယ်ကြောင့်ဟူမူ ဗြိတိသျှနှင့် ၎င်း၏ မဟာမိတ် ပြင်သစ်တို့သည် တူရကီများအား အရှေ့အလယ်ပိုင်းမှ မောင်းထုတ်ပြီးသောအခါ အာရပ်နိုင်ငံများကို ဘယ်ပုံဘယ်နည်း နေရာချထားမည်ဆိုသည်ကို လျှို့ဝှက်စွာ ကြိုတင် စီမံကိန်းရေးဆွဲထားပြီးဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသကို မည်သို့မည်ပုံ အုပ်ချုပ်မည်ဟူသောအချက်နှင့် ပတ်သက် သည့် လျှို့ဝှက်စာချုပ်တစ်ခုကို ဗြိတိသျှနှင့်ပြင်သစ်တို့က ၁၉၁၆ ခုနှစ်၊ မေလ (၉) ရက်နေ့တွင် ချုပ်ဆိုလိုက်ကြသည်။ ထိုစာချုပ်မှာ လက်မှတ်ရေးထိုး သူများ၏နာမည်ဖြင့် ဆိုက်ကီး - ပီကော့ စာချုပ်ဟုတွင်သည်။ ယင်းစာချုပ်သည် ဂျူးလူမျိုး၏ဆန္ဒနှင့် ရှရစ်ဟူစိန်၏ ပုဂ္ဂလိကအခွင့်အရေးတို့ကို လုံးဝထည့်မတွက်သောကြောင့် နာမည်ပျက်နှင့် လူသိများသော စာချုပ်တစ်ရပ် ဖြစ်ခဲ့သည်။

ဤသို့ဖြင့် ပါလက်စတိုင်းဒေသမှာ "နှစ်ကြိမ်တိတိ ကတိပေးခံရသည့် မြင့်မြတ်သော ဒေသ' ဖြစ်လာခဲ့ရလေသည်။

ပါလက်စတိုင်းဂျူးတို့သည် ၎င်းတို့၏ လိုလားချက်များနှင့် "ဘဲလ်ဖိုး ကြေညာချက်"ပါ ကတိပြုချက်များကို ရရှိရေးအတွက် ဗြိတိသျှတပ်မတော်သို့ အများအပြားဝင်ရောက်ကြသည်။ ဂျူးတပ်ဖွဲ့များအနက် ဇီယွန်လားတပ်ဖွဲ့ မှာ ဂါလီပိုလီတိုက်ပွဲတွင် ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ခဲ့သော ကြောင့် အထူးကျော်ကြားခဲ့သည်။

အာရပ်တို့ဘက်တွင်လည်း ရှရစ်ဟူစိန်နှင့်သူ့သားများသည် ပြောက်ကျား စစ်ဆင် ရေးစနစ်ဖြင့် ဖျက်ဆီးဖောက်ခွဲရေးလုပ်ငန်းများကို ထရန်စ်-

ဂျော်ဒန်မီးရထားလမ်းနှင့် ဟီဂျက်ရထားလမ်းများတွင် ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ကြသည်။ ဟီဂျက်ရထား လမ်းမှာ တူရကီတို့၏ အရေးကြီးဆုံး ပို့ဆောင်ဆက်သွယ်ရေး လမ်းကြောင်းတစ်ခု ဖြစ်သည်။ လူပေါင်းထောင်သောင်းချီ၍ ပါဝင်သော ဤအာရပ်တော်လှန်ရေးကို အဓိကဦးဆောင်ခဲ့သူကား နောင်အခါအာရေဗျသူရဲကောင်းဟု နာမည်ကျော်လာသော ဗြိတိသျှစစ်ဗိုလ် တီ၊ အီး လောရင့် ပင် ဖြစ်သည်။

ရှရစ်ဟူစိန်က သူ့ကိုယ်သူ အာရပ်ဘုရင်အဖြစ် ကြေညာသည်။ ဗြိတိသျှတို့က သူ့အား ဟီဂျက်ဘုရင်အဖြစ်သို့ လျှော့ချလိုက်သည်။ နောက်ပိုင်းတွင် ဟူစိန်၏သား ဖိုင်စယ်သည် ဒမတ်စကတ်မြို့သို့ ဝင်ရောက်ကာ သူ့ကိုယ်သူ ဆီးရီးယားဘုရင်အဖြစ် ကြေညာလိုက်သည်။ ဤအရ သူ့ပိုင်နက်တွင်ပါလက်စတိုင်းခရိုင်လည်း အလို အလျောက်ပါဝင်ပြီးသားဟု ဖိုင်စယ်ကယူဆသည်။

၁၉၁၇ ခုနှစ်၊ ခရစ္စမတ်ကာလတွင် ဗိုလ်ချုပ်ကြီးအလင်ဘီကွပ်ကဲသော ဗြိတိသျှ တပ်များက ဂျေရုဆလင်မြို့ကို သိမ်းပိုက်လိုက်သည်။ ဤတွင် သူတို့၏ ရပိုင်ခွင့်များကို ခွဲဝေယူရန် ဂျူးနှင့်အာရပ်တို့ မဟာမိတ်အဖြစ် ပူးပေါင်းလာခဲ့ကြလေသည်။

တစ်ချိန်တုန်းက တူရကီတို့သည် မိမိတို့အတွက် အခွန်ဘဏ္ဍာရရှိအတွက် ၊ ဂျူးလူမျိုးတို့အား ပါလက်စတိုင်းဒေသတွင် အခြေချနေထိုင်ခွင့်ပေးခဲ့သည်။ အလားတူပင် အခုလည်း ဖိုင်စယ်သည် သူအုပ်စိုးနေသမျှကာလပတ်လုံး ပါလက်စတိုင်းဒေသရှိ ကျေးရွာအများစုကိုလိုချင်သည်။ သို့ရာတွင် ပြင်သစ်တို့က ဆီးရီးယားကိုဝင်သိမ်းပြီး ဖိုင်စယ်ဘုရင်ကို ကန်ထုတ်သည်။ ယခုအခါ ဖိုင်စယ်မှာ ဆီးရီးယားဘုရင်မဟုတ်တော့။ သို့သော် သူက ပါလက်စတိုင်း ဂျူးနယ်မြေများကို လိုချင်တပ်မက်စိတ်ဖြင့် မလိုမုန်းထား ရှိနေဆဲပင်ဖြစ်သည်။

နောက်ဆုံးတွင် ဗြိတိသျှတို့သည် နှင့်အာရပ်တို့၏ တောင်းဆိုချက်များကို ငြင်းပယ်ကာ သစ္စာဖောက်လုပ်ရပ်များကို ကျူးလွန်ရုံသာမကဘဲ သူ၏မဟာမိတ် ပြင်သစ်တို့ လည်း ပါလက်စတိုင်းခရိုင်ကို လုယူလိုက်လေသည်။

ဗြိတိသျှတို့သည် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ကွပ်ကဲမှုဖြင့်

ပါလက်စတိုင်းကို အပ်သည်။ နောက်ပိုင်းတွင် နိုင်ငံတကာအစည်းအဝေးများနှင့် စာချုပ်ပေါင်းများစွာဖြင့် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ကွပ်ကွဲမှုကို ဥပဒေဘောင်ဝင်အောင်လုပ်ကာ ဘဲလ်ဖိုး ကြေညာချက်နှင့် ဂျူးလူမျိုးတို့၏ အမိနိုင်ငံရပိုင်ခွင့်ကို အသိအမှတ်ပြုသည်။ သို့သော် စစ်ဟူသည် အောင်နိုင်သူအတွက်သာဖြစ်သည်။

ပါလက်စတိုင်းဒေသသည် စူးအက်တူးမြောင်း၏အဝတွင် တည်ရှိသောကြောင့် လူမျိုးအတွက်ထက် ဗြိတိသျှတို့အတွက် အလွန်အရေးကြီးသည်။ ၁၉၂၀ ပြည့်နှစ် ဝန်းကျင်ကာလတွင် ပါရှင်းပင်လယ်ကွေ့၌ ရေနံရှာဖွေတွေ့ရှိသောအခါ ဗြိတိသျှတို့၏ စိတ်ဝင်စားမှုသည် ပို၍ကြီးထွားလာခဲ့သည်။ ထို့ကြောင့် ဗြိတိသျှတို့သည် ပေးထားသော ကတိများကို မသိကျိုးကျွံပြုလာခဲ့ကြသည်။

ဂျော်ဒန်မြစ် အရှေ့ဘက်ခြမ်းသည် ပါလက်စတိုင်းကွပ်ကဲရေးနယ်မြေထဲတွင် ကျယ်ပြန့်စွာပါဝင်သည်။ ဤဒေသတွင် ဘီဒိုယင် အာရပ်လူမျိုးစုများ အများဆုံး ထိုင်ကြသည်။ ဗြိတိသျှတို့သည် သူတို့၏အကျိုးစီးပွားကို ကာကွယ်ရန် ထရန်စ် - ဒန်အမည်ဖြင့် ရုပ်သေးနိုင်ငံတစ်ခုကို ဖန်တီးလိုက်သည်။

ဤဒေသသည် ပါလက်စတိုင်းကွပ်ကွဲရေးနယ်မြေ ၇၅ ရာခိုင်နှုန်း ပါဝင်သည်။ ၁ ခုနှစ် မတိုင်မီကဆိုလျှင် ဤဒေသတွင် ဂျော်ဒန်လူမျိုးများဟူ၍လည်း မပေါ်ပေါက်သေး၊ နိုင်ငံတစ်နိုင်ငံအဖြစ်လည်း မသတ်မှတ်သေး။ ဤဒေသမှလူများကို ပါလက်စတိုင်း အမျိုးသားများ ဟူ၍သာသိကြသည်။ စင်စစ်သော်ကား လူမျိုးဆိုသည်မှာ ဗြိတိသျှကိုလိုနီ နံချပ်တီထွင်လိုက်သော လူမျိုးသစ်တစ်မျိုးသာ ဖြစ်သည်။

ဗြိတိသျှတို့သည် အာရပ်အမျိုးသားရေးအုံကြွမှုကိုငြိမ်သက်စေရန် စားကြွင်းစားကျန် ကို ပစ်ချပေးခဲ့သည်။ ဆီးရီးယားဘုရင်အဖြစ်မှ ဖြုတ်ချခံခဲ့ရသော ဖိုင်စယ်အား အီရတ်ဘုရင်အဖြစ် တင်မြှောက်လိုက်ကြသည်။ သို့သော် တကယ့်အုပ်ချုပ်ရေး ဏာကိုတော့ ဗြိတိသျှတို့ကသာ ချုပ်ကိုင်ထားသည်။

ထို့ပြင် ဗြိတိသျှတို့သည် သူတို့ တမင်ဖန်တီးထားသော ထရန်စ်- ဂျော်ဒန်

နယ်မြေ ဟီဂျက်သို့ တစ်ဖန်ပြန်ဝင်လာကာ ရရစ်ဟူစိန်၏ အခြားသားတစ်ဦးဖြစ်သူ လာအားစည်းရုံးပြီး ထရန်စ်-ဂျော်ဒန် စော်ဘွားအဖြစ် ခန့်ထားလိုက်ပြန်သည်။ စစ်သော်ကား အဗ္ဗဒူလာနှင့် ဖိုင်စယ်တို့မှာ အာရေဗျကျွန်းဆွယ်မှ ဆင်းသက်လာကြ များသာဖြစ်ရာ ဗြိတိသျှချုပ်ကိုင်မှုဖြင့် သူတို့အုပ်ချုပ်နေသောနယ်မြေများနှင့် ဘယ်လိုမှ မ ဆိုင်ဆက်စပ်သူများ မဟုတ်ကြချေ။

' မက္ကာအကြီးအကဲ ရရစ်ဟူစိန်မှာမူ သူ့ကိုယ်သူ ပင်လယ်နီမှ ပါရှင်းပင်လယ် ကွေ့အထိ ကျယ်ပြန့်သော နိုင်ငံတစ်နိုင်ငံ၏ဘုရင်အဖြစ် မှတ်ထင်နေသည်။ သူ့ အင်ပိုင်ယာထဲတွင် အီရတ်၊ ပါရှား၊ ပါလက်စတိုင်း၊ ဆိုင်နိုင်းကျွန်းဆွယ်၊ လက်ဘနွန်နှင့် အာရေဗျကျွန်းဆွယ်များလည်း ပါဝင်ကြသည်။ သို့သော်နောက်ဆုံးတွင် စစ်အောင်နိုင်သော ဆော်ဒီမိသားစုတို့က သူ့အား ဟီဂျက်ဒေသမှ မောင်းထုတ်လိုက်သောအခါ သူသည် လက်ချည်းသက်သက်ဖြင့် နိုင်ငံခြားသို့ ထွက်ပြေးသွားရလေသည်။

ဗြိတိသျှတို့သည် အာရပ်၊ ဂျူးနှင့် ၎င်း၏မဟာမိတ်ပြင်သစ်တို့အား တစ်ပတ်လှည့်ဖြင့် လိမ်ညာခဲ့ကြသည်။ “ထရန်စ်- ဂျော်ဒန်” ဟူသော ရုပ်သေးနိုင်ငံကိုလည်းတီထွင်ခဲ့ကြသည်။ နောက်ဆုံးတွင် ဤမှုဖြင့် မတင်းတိမ်ရောင့်ရဲနိုင်သေးဘဲ ပါလက်စတိုင်းကွပ်ကဲနယ်မြေကို ဖန်တီးလာခဲ့ပြန်သည်။ ပါလက်စတိုင်းဒေသသည် ပထမကမ္ဘာစစ်အတွင်းက အကြီးအကျယ် အထိနာခဲ့သည်။ ဂျေရုဆလင်တစ်မြို့တည်းမှာပင်လျှင် ဒုလ္လိက္ခန္တရကပ်နှင့် ရောဂန္တရကပ်များ ကြောင့် လူပေါင်းနှစ်သောင်းခန့် သေဆုံးခဲ့ရသည်။ စစ်ကြီးပြီး၍ တူရကီလက်အောက်မှ လွတ်မြောက်ပြီး ဗြိတိသျှလက်အောက်သို့ ရောက်လာသောအခါ ပါလက်စတိုင်းပြည်သူ တို့သည် အသက်ရှူပြန်ချောင်လာသလို ရှိလာခဲ့ကြသည်။ သို့သော်ဤသည်မှာ နောက်ဆုံး အခြေအနေကား မဟုတ်သေးချေ။

ပါလက်စတိုင်း ကွပ်ကဲရေးနယ်မြေ၏အနာဂတ်ကို အစောကြီးကတည်းက မြင်သာ နေခဲ့သည်။ ဩဇာအာဏာရှိသော ရှေးဟောင်းပါလက်စတိုင်းမိသားစုတစ်စု ဖြစ်သည့် ဟူစိန်မျိုးနွယ်စုက အင်အားသစ်တစ်ရပ်အဖြစ် ပေါ်ပေါက်လာခဲ့သည်။ ဤအင်အားစု တို့၏ ခေါင်းဆောင်မှာ ဘာသာရေးစိတ်ဓာတ် ပြင်းထန်သော ဟာဂျီအာ မင်အေလ် ဟူစိန်နီ ဖြစ်သည်။

၁၉၂၀ ပြည့်နှစ်တစ်ဝိုက်တွင် နောက်ထပ်ဝင်လာသော ဂျူးလူမျိုးများအား ဆန့်ကျင် သည့် အဓိကရုဏ်းများ ပေါ်ပေါက်လာသည်။ ယင်းအဓိကရုဏ်းများ၏ နောက်ကွယ်တွင် ပြင်းထန်ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒက ခိုင်မြဲစွာကြိုးကိုင်ထားသည်။

နောက်ဆုံးတွင် ဟာဂျီအာမင်သည် ပါလက်စတိုင်းကို အကြမ်းနည်းဖြင့် အပြီးအပိုင် သိမ်းယူရန်ကြိုးစားရာမှ နိုင်ငံခြားသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ရသည်။ ဗြိတိသျှတို့၏ သူ့အား တရားခွင်သို့မလာရောက်ဘဲ ပျက်ကွက်သောတရားခံအဖြစ် ထောင်ဒဏ် ၁၅ နှစ် မျက်ကွယ်တွင် အပြစ်ပေးလိုက်သည်။

စွမ်းရည်သတ္တိအတွက် သူရဲကောင်းပြုဘွဲ့တံဆိပ်များရထားသော ဂျူးအမျိုးသား ဗြိတိသျှစစ်ဗိုလ် ဂီဒီယံအက်အတွက် ခေတ်သစ်တစ်ရပ် ပေါ်ထွန်းလာခဲ့သည်။ အာရပ် အမျိုးသားရေးအဓိကရုဏ်းများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာသောအခါ ကာကွယ်တား ဆီးရေး ပြဿနာမှာလည်း ဆတက်ထမ်းပိုး ကြီးထွား တိုးတက်လာသည်။ ရှိမားကင်းစောင့် စစ်သားအင်အားမှာ အဓိကရုဏ်းများကို ထိရောက်စွာ ကာကွယ်နိုင်ခြင်းမရှိတော့။ ဂျေရုဆလင်မြို့တွင် ဂျူးအမျိုးသားအေဂျင်စီတစ်ခု ဖွဲ့စည်းထားပြီးပါလက်စတိုင်းဒေသမှ အမျိုးသားများအား ကာကွယ်စောင့်ရှောက်ထားသည်။

ဤသို့ဖြင့် အမျိုးသား ကျေးရွာအုပ်စုတိုင်း ကိုယ့်ကျေးရွာကို ကိုယ်ကာကွယ် ကြရမည်ဟူသော သဘောတရားပေါ်တွင် အခြေခံကာ ၁၉၂၀ ပြည့်နှစ်ဝန်းကျင်ဟာလတွင် အမာ'ဟုခေါ်သော “ကျေးရွာကာကွယ်ရေးတပ်” ပေါ်ပေါက်လာခဲ့လေသည်။ ဤကာကွယ်ရေးတပ်သည် မြေပေါ်တစ်ဝက် မြေအောက်တစ်ဝက် ဖွဲ့စည်းထားသောတပ် *ဒီယံအက်ရှိအား ဂျေရုဆလင်သို့ခေါ်ယူကာ အေယာလုံမြစ်ဝှမ်းဒေသရှိ ဟာဂနာ ယ်စခန်းကို လွှဲပြောင်းယူရန်တာဝန်ပေးသည်။ သူသည် နှစ်ပေါင်း ၃၀ မျှ မြင်းကုန်းနှီး အတွင်ထိုင်ကာ အနှံ့အပြား လှည့်လည်သွားလာနေခဲ့ရသည်။ ယခု သူ့အဖို့ အတည်တကျ ရန် အချိန်ရောက်လာပြီ။ သူသည် ပေးအပ်သောတာဝန်ကို လက်ခံပြီးနောက် တည်ထောင်မည့် ဂျူးဘုံလယ်ယာတစ်ခုတွင် အမြဲတမ်းအသင်းဝင်အဖြစ် ဝင်ရောက် လိုက်သည်။

သုဝင်ရောက်သော ဘုံလယ်ယာမှာ ရှီမက်ရှ် (နေသူရိန်) ဟုခေါ်သည်။ နေမင်း ရာမရွှေ့ဘဲ ရပ်မြဲရပ်နေခိုင်းရန် ဤဒေသမှနေ၍ ယေရှုက ဘုရားသခင်ထံတွင် ရပ်ခံခဲ့သည်ကို ဂုဏ်ပြုမှည့်ခေါ်ခြင်းဖြစ်သည်။ ရှီမက်ရှ်ဆိုသည်မှာ ဆမ်ဆင်ဟုလည်း ရသည်။ ဆမ်ဆင်မှာ ရှေးဦးခေတ် ဂျူးတရားသူကြီးဖြစ်သည်။ ရှံမက်၍ ဘုံလယ်ယာကို တဘားဟုခေါ်သော အာရပ်ရွာနှင့် မျက်နှာချင်းဆိုင် မ တဘားလမ်းမကြီးဘက်သို့ ၁၀ မိုင်အကွာ) တွင် တည်ထောင်ရန် ဖြစ်သည်။

“ဒီယံအက်ရှိသည် တဘားရွာသို့ သွားရောက်ခဲ့ပြီးနောက် သူ့လူသုံးဒါဇင်ခန့်တို့ ကြီးကာ၊ ခြံစည်းရိုးခတ်ရန် မိုးမချုပ်မီ အပူတပြင်းလုပ်ကိုင်နေကြသော မြေကွက်သို့ ခဲ့သည်။

သူ့လူတွေကသူ့အလည်ခရီးအကြောင်းကို စိတ်အားထက်သန်စွာ မေးမြန်းကြသည်။ = ဘာရွှာအကြီးအကဲ အီဘရာဟင်နှင့် တွေ့ဆုံခဲ့ရပုံကို အမှန်အတိုင်း ပြန်လည် သည်။ ထို့နောက် သူကထပ်ပြောလိုက်သည်။

“ည သူတို့လာတိုက်ကြလိမ့်မယ်၊ ကျုပ်တို့မှာ လူအင်အားဖြည့်တင်းဖို့အချိန် ရှိတော့ဘူး၊ အဲဒီတော့ရှိသမျှပစ္စည်းတွေနဲ့ ကတုတ်ကျင်းတွေသာ မြန်မြန်တူးကြတော့”

✣--- www.ebooks4mm.org ---✣

အခန်း (၅)

၁၉၂၄ ခုနှစ်…။ တဘားရွာမှ ဂီဒီယံအက်ရှ် ပြန်ထွက်သွားသောအခါ တစ်ရွာလုံး ဝမ်းသာပျော်ရွှင် စွာဖြင့် တရုန်းရုန်းဖြစ် ကျန်ရစ်သည်။ သူတို့အတွက် မမျှော်လင့်သော အခွင့်အရေးကြီးတစ်ရပ် ရရှိလာသလို ခံစားကြရသည်။ အလ္လာအရှင်မြတ်ထံမှ ရောက်ရှိလာသော လက်ဆောင်ပင် ဖြစ်တော့သည်။

ဤသို့ဖြင့် ရွာသားများသည် ရိုင်ဖယ်သေနတ် တစ်ဒါဇင်လောက်ကို ဝှက်ထားသော နေရာများမှ ထုတ်ယူလာကြသည်။ ယင်းတို့မှာ ဘိုးဝါးစစ်ပွဲသုံး ရိုင်ဖယ်များနှင့် ပထမ ကမ္ဘာစစ်အတွင်းကကျန်ရစ်သော တူရကီနှင့် ဂျာမန်ရိုင်ဖယ်များ ဖြစ်ကြသည်။ ထို့ပြင် ဗြိတိသျှလုပ် အင်ဖီးလ်သေနတ်များနှင့် အမေရိကန်လုပ် စပရင်းဖီးလ်သေနတ်များလည်း ပါဝင်သည်။

ကျည်ဆန်ကပ်များကို လယ်ကွင်းများနှင့် ချုံပုတ်များထဲတွင် သေတ္တာများဖြင့် မြှုပ်ထားရာမှ ပြန်ဖော်ယူလာကြသည်။ တဲအိမ်နံရံတွင် ချိတ်ထားသော ဆောင်များကို ဆွဲယူပြီး အရောင်တလက်လက်ထွက်အောင် သွေးကြသည်။

တစ်နေ့လုံးလိုလို ရပ်ဝေးကျေးရွာများမှလူများ တဘားရွာထဲသို့ ဝင်လာမစဲ တသဲသဲဖြစ်နေကြသည်။ သူတို့သည် အီဘရာဟင်ရှိရာ လက်ဖက်ရည်ဆိုင်သို့ စုဝေးရောက်ရှိ လာကြသည်။ အီဘရာဟင်က သူတို့အား လှိုက်လှဲဝမ်းသာ ကြိုဆိုနှုတ်ဆက်သည်။ လူတိုင်းကပင် သေနတ်ကိုကိုင်မြှောက်ကာ ခေါင်းဆောင်အကြီးအကဲ၏ သစ္စာတော်ကို ခံယူကြသည်။ သူတို့သည် သူတို့ခေါင်းဆောင်၏ သတ္တိကိုလည်း အပြည့်အဝယုံကြည်သည်။

“ဒီဂျူးတွေအားလုံး ရဲတင်းနဲ့ခုတ်သတ်ပစ်မယ်”

”ကုလားအုတ်သေးရည်ဟာ သူတို့အမေတွေရဲ့ နို့ရည်ပဲ”

”ဒီမြစ်ဝှမ်းမှာ ဂျူးတွေ လုံးဝချေးမပါစေရဘူး”

"ဒီကောင်တွေ သေချင်းဆိုးနဲ့သေပါစေ"

ယင်းသို့ တစ်ယောက်တစ်ပေါက် အော်ဟစ်ကျိန်ဆဲနေချိန်တွင် သာမန်မျိုးနွယ်စု ငယ်တစ်စု၏ ခေါင်းဆောင်ဖြစ်သူ ဆလင်သည် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာသည်။

ဆလင်သည် ကမ္ဘာစစ်ကြီးအတွင်းက တူရကီတပ်တွင် အမှုထမ်းခဲ့သည်။ အေယာလို မြစ်ဝှမ်းဒေသတစ်ခွင်မှ ရွာသူရွာသားများသည် စစ်တပ်ထဲတွင် ခြောက်နှစ်တိတိ အမှုထမ်း ခဲ့သော ဆလင်၏သတ္တိရှိပုံကို ဖြစ်ရပ်မျိုးစုံဖြင့် ပြော၍မကုန်နိုင်အောင် ရှိခဲ့ကြသည်။

ဘိုက်ခိုက်ခဲ့ရသောတိုက်ပွဲများအနက် ဗြိသိသျှစစ်သားများနှင့် မျက်နှာချင်းဆိုင် လုံ့စွပ် ထိုက်ပွဲဆင်နွှဲကာ ရန်သူများကို အတင်းထိုးဖောက်ပြီး လက်နက်တိုက်တစ်တိုက်ကို က်ပစ်ဗုံးဖြင့် ဖောက်ခွဲပစ်ခဲ့သည်ဆိုသောတိုက်ပွဲမှာ သည်းထိတ်ရင်ဖိုစရာ အကောင်းဆုံး ဖြစ်သည်။

သို့သော် ဆလင်သည် တပ်ကြပ်အဆင့်ထက်ပို၍ ဘာကြောင့် ရာထူးမတက်ခဲ့ရသလဲ။ ဆူရကီဗိုလ်မှူးကြီးတစ်ယောက်၏ အော်ဒလီတစ်ယောက်ဘဝတွင်သာ ဘာကြောင့်ရှိနေခဲ့ လဲ။ ရှေ့တန်းစစ်မျက်နှာ အတွင်းသို့ လည်း မိုင်ငါးဆယ်အထိပင် ဘယ်တုန်းကမျှ ရောက်ဖူးခဲ့ခြင်းမရှိဟူသော အချက်များကိုမူ အများကမသိကြချေ။ ဗိုက်သားပေါ် သည်တစ်ယောက်အား ဗလက္ကာရလုပ်ရန်ကြိုးစားရာမှ ရရှိလာခဲ့သော ဓားဒဏ်ရာ မာရွတ်ကိုလည်း တိုက်ပွဲတွင် ရရှိခဲ့သောဒဏ်ရာဟု လိမ်ပြောခဲ့သည်။ ယင်းတိုက်ပွဲအတွက် သတ္တိတံဆိပ်တစ်ခုရရှိပြီး ယင်းတံဆိပ်ကို အီစတန်ဘူစျေးတွင် ရောင်းစားပစ်ခဲ့သည်ဟု ဆိုသည်။

မည်သို့ပင်ဖြစ်စေ ဆလင့်ကိုမြင်လိုက်ရသောအခါ လူတိုင်းပင် အားတက်သွားကြ သည်ကတော့ အမှန်ပင်။ အီဘရာဟင်ကလည်း အခြားသော ကျေးရွာခေါင်းဆောင်များ၊ ကီးအကဲများနှင့် ဆွေးနွေးနေသော စစ်ကောင်စီအစည်းအဝေးသို့ သူ့အား ချက်ချင်းပင် ဖိတ်ခေါ်လိုက်လေသည်။

လက်ဖက်ရည်ဆိုင်ထဲတွင် လူကြီးများက အကြိတ်အနယ်အပြင်းအထန်

ဆွေးနွေး ငြင်းခုံနေကြစဉ်တွင် အပြင်ဘက်ရေတွင်းနားတွင်လည်း ကလေးတွေက တုတ်ချောင်းများဖြင့် အပြန်အလှန် စစ်တိုက်ကစားနေကြသည်။

သည်ညတွင် ဂျူးလူမျိုးတို့၏အရိုးတွေကို ကျွတ်ကျွတ်မြည်အောင် ချိုးပစ်ကြရမည်။ တောပြင်ထဲတွင် ဂျူးအလောင်းတွေ တောင်ချင်းထပ်စေရမည်။ သူတို့ပစ္စည်းတွေကိုလည်း တစ်ခုမကျန် အကုန်သိမ်းယူရမည်။ သို့သော် ဂျူးအမျိုးသမီး တစ်ယောက်ကိုတော့ အာရပ်ယောကျ်ားတွေအတွက် အသေမသတ်ဘဲ အရှင်ဖမ်းယူမည်။ ယနေ့မှစ၍ ဤဒေသ တစ်ဝှမ်းတွင် ဂျူးတွေ ဘယ်တော့မှ ရှာတည်ခွင့်မပြုတော့။

လက်ဖက်ရည်ဆိုင်ထဲတွင် အချေအတင်ငြင်းခုံသံများ၊ ကန့်ကွက်သံများဖြင့် ဆူညံနေ ည်။

လတာပြင်မှပတ်တက်ပြီး ဒီကောင်တွေကို နောက်ဘက်မှ အငိုက်ဖမ်းရမယ်။ အဲဒီလိုမဖြစ်နိုင်ဘူး။ လတာပြင်က ရွံ့ဗွက်တွေနဲ့ ပြည့်နေတယ်။ ဒီလိုလုပ်ပါ။ သူတို့ကို သုံးဖက်သုံးတန်ညှပ်ပြီး ဝိုင်းဖမ်းပါ။ အဲဒီလိုလည်းမဖြစ်သေးဘူး။ ကျုပ်တို့အချင်းချင်း ပစ်မိကုန်ကြလိမ့်မယ်။

တစ်ယောက်တစ်ပေါက်ငြင်းရင်း ဒေါသထွက်လာပြီး စားပွဲကိုလက်သီးဖြင့် ထုကြ ည်း ဆွေးနွေးပွဲက ရန်ပွဲအသွင်ဆောင်လာသဖြင့် ခေါင်းဆောင်များက ခါးကြားမှ မှောင်များကို ဆွဲထုတ်ပြီး အတင်းတားရတော့သည်။

နောက်ဆုံးတွင် အီဘရာဟင်သည် သက်မကြီးတစ်ချက် မှုတ်ထုတ်လိုက်ပြီးနောက် စိတ်ကူးထားသော မဟာဗျူဟာနည်းလမ်းကို ရှင်းပြသည်။

ညအမှောင်ရောက်လာချိန်တွင် ဗြိတိသျှတို့၏တပ်ကူများ ရောက်မလာနိုင်အောင် လမ်းပိတ်ဆို့မှုများလုပ်မည်။ ယင်းသို့လုပ်လျှင် မနက်အရုဏ်တက်ချိန်လောက်တွင်မှ ဗြိတိသျှစစ်ကူများ ရောက်လာနိုင်လိမ့်မည်။ ဂျူးတွေ ထွက်မပြေးနိုင်အောင်လည်း လမ်းပို့ဆို့မှုများလုပ်ရမည်။ စစ်ကြောင်းသုံးကြောင်းဖြန့်၍ လူအင်အားတစ်ရာလောက်ဖြင့် ရင်ဆိုင်တိုက်ပွဲဆင်နွှဲမည်။ အီဘရာဟင်က ပထမစစ်ကြောင်းကို ဦးဆောင်မည်။

ဒုတိယ စစ်ကြောင်းကို ဆလင်ကဦးဆောင်မည်။

ဤ၌တွင် တတိယစစ်ကြောင်းအတွက် လူရွေးရင်း ရှုန်းရင်းဆန်ခတ်ဖြစ်လာပြန်သည်။ သို့ဖြင့် အီဘရာဟင်က အကြီးအကဲတစ်ဦးကိုလက်ညှိုးထိုးပြီး သူ့သဘောကျ ရွေးချယ် လိုက်သည်။ ထို့နောက် အီဘရာဟင်က တိုက်ခိုက်ရေးမဟာဗျူဟာကို ဆက်လက်ရှင်းပြသည်။

"သံဆူးကြိုးကာ ခြံစည်းရိုးကိုရောက်တဲ့အခါ ဆိတ်သားရေတွေနဲ့ဖုံးပြီး ကျော်တက် မယ်၊ ဒီနည်းနဲ့ ဂျူးတွေကိုအပြတ်ရှင်းပြီးတော့ ကျုပ်တို့လူတွေအားလုံး ရွာကို အမြန်ဆုံး ပြန်ပြေးလာကြမယ်။ ပြီးတော့ လက်နက်တွေကို အမြန်ဆုံး ပြန်ပြီးဝှက်ထားကြရမယ်။ မနက်မိုးလင်းတဲ့အခါ သက်ကြီးရွယ်အိုတွေ၊ မိန်းမတွေနဲ့ ကလေးတွေထွက်ပြီး ဂျူးအလောင်း တွေကို ကန်ကျောက်ကြမယ်။ သူတို့လက်နက်တွေနဲ့ ပစ္စည်းတွေကို တစ်ခုမကျန် သိမ်းယူမယ်၊ အဲဒီပစ္စည်းတွေကို နောက်တော့မှ ကျုပ်ကိုယ်တိုင် သင့်သလိုခွဲဝေပေးမယ်" ။

လက်ခုပ်တီးသံများ တဖြောင်းဖြောင်းပေါ်ထွက်လာသည်။ စစ်ကောင်စီဝင် ခေါင်းဆောင်များက တပ်သားများဖွဲ့စည်းရန် လက်ဖက်ရည်ဆိုင်ထဲမှ ထွက်သွားကြသည်။ ထို့နောက်တွင် ဖရောက်က ၎င်းတို့အားလုံးကို ဗလီဝတ်ကျောင်းသို့ ခေါ်လာခဲ့သည်။ အားလုံးဘုရားဝတ်ပြုပြီးသောအခါ ဖရောက်က အသံကျယ်ကျယ်ဖြင့် "ဒါဟာဂျီဟတ် (ဘာသာရေးစစ်ပွဲ) ပဲ" ဟု ကြေညာလိုက်သည်။ ကျန်လူများကလည်း "ဂျူးတွေကျဆုံးပါစေ"ဟု သံပြိုင် ပြန်အော်လိုက်ကြသည်။

သူတို့အားလုံး စစ်သွေးစစ်မာန် အလွန်ကြွနေကြသည်။ သူတို့ဘက်က အောင်ကို အောင်ရမည်ဟုလည်း ယုံကြည်နေကြသည်။ သို့သော် အီဘရာဟင်ကတော့ သူတို့ယုံသလို မယုံ။

ဂျူးတို့ဘက်တွင် ရှိမားတပ်သားဟောင်း တစ်ဒါဇင်လောက်ပါဝင်သည်။ ယခုသူတို့က ဟာဂနာ (ကာကွယ်ရေးတပ်)ဟု နာမည်ပြောင်းထားသည်။ အီဘရာဟင်က ဤတပ်သားများ ကို လန့်နေသည်။

အာရပ်များက ဂါလီလီမှ ဂျူးရွာများကိုဝင်တိုက်ခဲ့စဉ်က

အာရပ်တွေညှံ့ခဲ့ကြသည်။ အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့။ သူ့တပ်အင်အားမှာ ဂျူးတပ်အင်အားထက် ငါးဆခန့်ပိုသော်လည်း သူ့လူတွေက ရင်ဆိုင်တိုက်ပွဲအတွေ့အကြုံ လုံးဝမရှိကြ။ သူက ခေါင်းဆောင် ဂီဒီယံကို ပို၍ကြောက်မိသည်။ သည်လူက ဘယ်သူ့ကိုမှ ကြောက်သူ မဟုတ်။ တစ်ရွာလုံး မျက်မှောက်တွင် ရေတွင်းမှရေကို ဝံ့ဝံ့စားစားသောက်သွားခဲ့သည်။ သူသည်စစ်ပညာကို ကောင်းစွာကျွမ်းကျင်ပုံရသည်။ ရှိမားတပ်သားများသည် အတိုက်အခိုက်)

ကောင်းသူများအဖြစ် နာမည်ကြီးကြသည်။ သူတို့သည် ပထမကမ္ဘာစစ်အတွင်းက ဗြိတိသျှတပ်မတော်တွင် အမှုထမ်းခဲ့ကြသည်။

ဟယ်… သို့သော်လည်း ကြောက်စရာမဟုတ်ပါဘူး။ ခေါင်းဆောင်ဆိုတာ ခေါင်းဆောင်အလုပ်ကို ရဲရဲဝံ့ဝံ့လုပ်ရမှာဘဲ။

ညနေပိုင်းလေငြိမ်သွားသောအခါ အီဘရာဟင်နှင့် စစ်ကောင်စီဝင်များသည် တောင်ကုန်းထိပ်သို့ လာခဲ့ကြသည်။ တောင်ကုန်းထိပ်မှ လှမ်းကြည့်လိုက်သောအခါ မျှားသည် သံဆူးကြိုးကာ ခြံဝင်းများခတ်ထားပြီး ဖြစ်နေသည်ကို မြင်ကြရသည်။ ငှမှာမလာနိုင်အောင် မီးတိုင်များလည်း ညှိထွန်းထားကြသည်။ သူတို့သည် တစ်နေကုန် ထင်ပန်းတကြီး လုပ်ကိုင်ခဲ့ကြသောကြောင့် ထရပ်ကားများပေါ်တွင် ခြေပစ်လက်ပစ် အိပ်ပျော်နေကြသည်။ မိန်းမများသည် ယောက်ျားများနှင့် ဘေးချင်းယှဉ်၍အိပ်နေကြသည်မှာ အရက်အကြောက် ကင်းမဲ့လှတော့သည်။

နေ့အလင်းရောင်ပျောက်၍ အမှောင်ထု လွှမ်းမိုးလာသောအခါ ရွာအောက်မှ မာဂူမီးခိုးနံ့များ တောင်ကုန်းပေါ်သို့ ပျံ့လွင့်လာသည်။ တိုက်ခိုက်ရေးသမားများလည်း သွေးကြွကာ ရဲစိတ်ဝင်လာကြသည်။ သူတို့သည် လေးယောက်တစ်စု၊ ခြောက်ယောက်တစ်စု ဖွဲ့ကာ တစ်သုတ်ပြီး တစ်သုတ် လျှို့ဝှက်စွာ ထွက်ခွာသွားကြသည်။

အီဘရာဟင်သည် ပထမစစ်ကြောင်းကို ဦးဆောင်ကာ သံဆူးကြိုးကာခြံစည်းရိုးနှင့် ထိုက်သုံးရာလေးရာအကွာအဝေးထိ ချီတက်လာခဲ့သည်။ ဒုတိယစစ်ကြောင်းကမူ အုန်းမြင့်ပိုင်းရှိ

ကျောက်ဆောင်များနောက်ဘက်မှ နေရာယူထားသည်။ ဂျူးများက စတင်ပစ်ခတ်လျှင် ကိုယ့်လူများကို အကာအကွယ်ပေးရန်ဖြစ်သည်။

အီဘရာဟင်သည် ကိုယ်ကိုကုန်းပြီး ရှေ့သို့တက်လာခဲ့သည်။ သူ့လူများက အောက်မှလိုက်လာကြသည်။ အခြေအနေသည် ချက်ချင်းပြောင်းလဲသွားသည်။ နောက်ပိုင်းမှ ဆိုက်လာသော လူအုပ်သည် အလွန်ဆူညံလာသည်။ လူကြီးတွေက မကြာမီ ရင်ဆိုင်ရ တော့မည့် တိုက်ပွဲအကြောင်းကို တစ်ယောက်တစ်ပေါက် ကျယ်လောင်ကျယ်လောင် ပြောလာကြသည်။ မိန်းမများနှင့်ကလေးများက ဂျူးတွေထံမှ သိမ်းယူရရှိမည့် ပစ္စည်း များအကြောင်းကို ကျွက်စီကျွက်စီ ပြောလာကြသည်။

သည်ကြားထဲတွင် ပထမစစ်ကြောင်းကို အကာအကွယ်ပေးရမည့် ဒုတိယစစ် ကြောင်းက အချိန်မကျသေးခင် စောစီးစွာ စတင်ပစ်ခတ်လိုက်သည်။ ဤသို့ဖြင့် ရန်သူ အား အငိုက်ဖမ်းရမည့်အစီအစဉ် ပျက်သွားတော့သည်။

ထို့ပြင် သူတို့က အီဘရာဟင်နှင့်သူ့ လူများ၏ နောက်မှနေ၍ ပစ်ခတ်ကြသောအခါ “ရာဟင်နှင့်အတူ ကပ်လိုက်လာသော ဖရောက်မှာ စိတ်ဓာတ်ကျကာ သူ့လက်ထဲမှ တ်ကိုပစ်ချပြီး ထွက်ပြေးသွားတော့သည်။ သူ့ နောက်မှ လူသုံးယောက်လည်း ထိုက်ပြေးသွားကြသည်။

ထို့နောက် အားလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ “ဂျူးတွေအားလုံး သေနေကြပြီထင်တယ်” အီဘရာဟင်အား တစ်စုံတစ်ယောက်က တိုးတိုးပြောသည်။ “မြည်းမသား၊ တိတ်တိတ်နေစမ်း၊ ဘာမှမပြောနဲ့” အီဘရာဟင်က ပြန်ဟောက်လိုက်သည်။ “ဒီလူတွေ ဘာလို့မပစ်တာလဲမသိဘူး”

နောက် လူတစ်ယောက်က နောက်ဘက်သို့ လေးဖက်တွား၍ ပြန်ဆုတ်သွားသည်။ ဘရာဟင်သည် ကိုယ်ကိုမတ်မတ်ရပ်ကာ သေနတ်ကို အပေါ်သို့မြှောက်ရင်း အော်ပြော " ထိုက်သည်။

”အလ္လာ အက္ကဘာ... အလ္လာ အက္ကဘာ”

ထပ်ဆင့် သံပြိုင်အော်လိုက်သံများလည်း မြစ်ဝှမ်းဒေသတစ်ခွင်ကို

လွှမ်းခြုံပွဲတင် သွားသည်။

အီဘရာဟင်နောက်မှလူတွေ ရှေ့သို့တိုးလာကြသည်။ ဒူးထောက်ထိုင်ချလိုက်ပြီး သံဆူးကြိုးကာ ခြံဝင်းထဲသို့ တရစပ်ပစ်ခတ်ကြသည်။ ရှေ့သို့ ပြေးသွားလိုက်၊ ဒူးထောက် ထိုင်ချလိုက်၊ ပစ်ခတ်လိုက်၊ ပြေးလိုက်နှင့် မရပ်မနားလှုပ်ရှားနေကြသည်။ သူတို့၏ တိုက်ပွဲခေါ်သံကလည်း မိုးမွှန်လျက်ရှိသည်။

ယခုအချိန်အထိ ဂျူးတွေက ပြန်လည်ပစ်ခတ်ခြင်း လုံးဝမရှိသေး။ "ကိုင်း… သံဆူးကြိုးဝင်းအထိချီတက်" အီဘရာဟင်က အော်၍အမိန့်ပေးလိုက်သည်။

သံဆူးကြိုးဝင်းနှင့် ပေငါးဆယ်အကွာခန့်သို့ရောက်သောအခါ ကြောက်စရာဖြစ်ရပ် တစ်ခု ရုတ်တရက်ပေါ်ပေါက်လာသည်။

ဂျူးတို့ဘက်မှ အန္တရာယ်အချက်ပေးဥသြသံများ နားကွဲမတတ် ပေါ်ထွက်လာပြီး တခြားအသံဗလံအားလုံးကို ဖုံးလွှမ်းသွားသည်။ ထို့နောက် ကောင်းကင်တစ်ခွင်တစ်ပြင်လုံး . နေ့ခင်းကဲ့သို့ ထိန်ထိန်လင်းသွားသည်။ တစ်ချိန်တုန်းက ဘုရားသခင်က ယောရှုအတွက် နေမင်းကို ရပ်တန့်တားဆီးခဲ့သည့်အတိုင်းပင် ဖြစ်သည်။

လုံးဝမမျှော်လင့်သော အလင်းရောင်နှင့် ဆူညံသံများကြောင့် အာရပ်များမှာ အရှိန်ပြင်းလှသော မီးမောင်းကြီးနှင့်အထိုးခံလိုက်ရသော သမင်ကလေးများလို ဆောက်တည် ရာမရ ဖြစ်ကုန်ကြတော့သည်။

ထို့နောက် ဂျူးတွေဘက်မှ စည်းချက်ညီညီပစ်ခတ်သံများ အဆက်မပြတ် ပေါ်ထွက် လာသည်။ သူတို့က သေနတ်ကို မိုးပေါ်ထောင်ပစ်ပြီး ပစ်ခတ်ခြင်းသာဖြစ်သော်လည်း အာရပ်တပ်များအများစုမှာ အကြောက်လွန်ပြီးထွက်ပြေးသဖြင့် လဲသူလဲ ပြသူပဲ ဖြစ်ကုန် ကြသည်။ နောက်ထပ်တစ်ကြိမ် သံပြိုင်ညီညာ ပစ်ခတ်လိုက်သောအခါ အာရပ်များမှာ ဖဝါးနှင့်တင်ပါး တစ်သားတည်းကျအောင် နောက်ပြန်လှည့်၍ တပ်ဆုတ်ထွက်ပြေးကုန် ကြတော့သည်။

တိုက်ပွဲကား ပြီးဆုံးသွားလေပြီ။

နောက်တန်းမှ စောင့်နေကြသောလူအုပ်မှာ ဂျူးတို့၏ပစ္စည်းများကို ဘာတစ်ခုမျှမ ရဘဲ သူတို့၏ သားများ၊ ဖခင်များနှင့် လင်ယောကျ်ားများ အလဲလဲအကွဲကွဲ အမောမော အပန်းပန်းဖြင့် လေးဖက်တွားရှ်တချို့၊ ခြေကုန်ပြေးရှ်တချို့ လာလမ်းမကြီးအတိုင်း ရွာထဲသို့ ပြန်ရောက်လာကြသည်ကိုသာ တွေ့မြင်ကြရလေသည်။

"ဘယ်လိုကဘယ်လို ဖြစ်တာလဲ"

"နေရောင်ပျောက်တဲ့အချိန်မှာ ဟာဂနာတပ်သားသုံးရာ တိတ်တိတ်ကလေး ဝင်လာတာ"

သုတို့က တို့လူတွေကို စက်သေနတ်တွေနဲ့ တရစပ်ပစ်ခတ်ကြတယ်" ။ "သူတို့အထဲမှာ ဗြိတိသျှစစ်သားတွေလဲ အများကြီးပါလိမ့်မယ်" ။

"ပြီးတော့ သူတို့က စက်သေနတ်တွေနဲ့ ပစ်ခတ်ရုံတွင် မကသေးဘူး၊ အဆိပ်ငွေ့ တွေနဲ့လဲ ပစ်ခတ်ကြသေးတယ်"

"ကျုပ်တို့ဘက်ကအင်အားနည်းလို့ ဒီလိုခံလိုက်ရတာပေါ့"

အရုဏ်တက်အချိန်... ။ အီဘရာဟင်သည် တောင်ကုန်းထိပ်တွင် တစ်ယောက်တည်းထိုင်ရင်း ဂျူးတွေ၏ ကို လှမ်းကြည့်နေသည်။ သူကား ပွဲဦးထွက်တွင် အရှက်ကြီးရှက်ခဲ့ရပြီ။ ပထမတွင် လူတွေသေနတ်ထိမှန်ပြီး လဲကျသွားသည်ဟု ထင်မိသည်။ နောက်တော့ သူတို့ကလဲနေရာမှ ကာ သေနတ်တွေလွှင့်ပစ်ခဲ့ပြီး ထွက်ပြေးကုန်ကြသည်။

အတန်ကြာသောအခါ အီဘရာဟင်သည် ရွာထဲသို့ပြန်ဆင်းလာခဲ့သည်။ အိမ်သို့ ခံသေးသူများသည် လက်ဖက်ရည်ဆိုင်သို့လာပြီး မျက်နှာသေကလေးများဖြင့် ရပ်နေ အီဘရာဟင် သူ့အိမ်ဘက်သို့ လျှောက်သွားသောအခါ လူအုပ်ကြီးက သံပြိုင်အော်ကာ အပေးကြသည်။ ထို့နောက် တစ်ယောက်တစ်ပေါက် အော်ပြောနေကြသည်။ "တို့က ဒီကောင်တွေကို မမေ့နိုင်အောင် သင်ခန်းစာပေးလိုက်တာ"

"ကျွန်တော်ပစ်ထည့်လိုက်တာ အနည်းဆုံး သုံးလောင်းတော့ကြွမှာပဲ"

”ကျုပ်က ဒီခေါနဲ့ လျှာကိုဖြတ်ပစ်ခဲ့တာ” အီဘရာဟင်သည် တံခါးဝတွင်ရပ်ရင်း လူအုပ်ဘက်သို့လှည့်ကာ ပြောလိုက်သည်။ “ခင်ဗျားတို့အားလုံး တော်တော်ကြမ်းကြတာပဲ၊ ဘာပဲပြောပြော ကျုပ်တို့ဘက်က ဆင်ခံလိုက်တာတော့ သေချာတယ်။ ဂျူးတွေက တော်တော် သူရဲဘောကြောင်တာပဲ၊ ထို့က ဗြိတိသျှတပ် အကူအညီကို ခိုးကြောင်ခိုးဝှက်ယူထားကြလို့၊ နို့မဟုတ်လျှင်လား၊ ပြောကောင်းမလဲ၊ အဲဒီတော့ ဗြိတိသျှတွေသစ္စာဖောက်တာကို ဘယ်တော့မှ မမေ့ကြနဲ့” (လူထုပရိသတ်က သြဘာပေးလိုက်ကြပြန်သည်။ အီဘရာဟင် အိမ်ထဲသို့ဝင်လာ ည်။ သူသည်အိပ်ရာပေါ်တွင် အရုပ်ကြိုးပြတ်လှဲချလိုက်သည်။ သူ့အကြောင်းနှင့်သူ တာ ဖြစ်ချင်ရာသာ ဖြစ်ပါစေတော့။

အခန်း (၆)

အီဘရာဟင်သည် ရွာဦးမှတောင်ကုန်းပေါ်သို့ နေ့စဉ်ရက်ဆက် သွားရောက်ပြီး တစ်ယောက်တည်းထိုင်ရင်း အတွေးနက်နေတတ်သည်။ တကယ်တော့ ဤနေရာသည် စိတ်ကူးတွေးတောရန် အကောင်းဆုံးနေရာပင် ဖြစ်သည်။

အာရပ်ကျေးရွာ အများစုကဲ့သို့ ပင် တဘားရွာတွင်လည်း မြင့်မြတ်သော သင်္ချိုင်းဂူတစ်ခု ရှိသည်။ ဤဒေသတွင် တရားဒေသနာ ဟောပြောပြသရင်း ကွယ်လွန် သွားခဲ့သော သူတော်စင် (သို့မဟုတ်) တမန်တော်တစ်ပါး၏ သင်္ချိုင်းဂူဟုဆိုကြသည်။ အရွယ်အစားမှာ ခေါင်းလုံးသဏ္ဍာန် ခပ်သေးသေးပင်ဖြစ်သည်။ ထုံးဖြူဆေး သုတ်ထားသည် ထိုသင်္ချိုင်းဂူကလေးသည် တောင်ထိပ်ပေါ်မှ ဝက်သစ်ချပင်အောက်တွင်ရှိသည်။ ဒဏ္ဍာ သမိုင်းကြောင်းအရဆိုသော် အဆိုပါသံချိုင်းဂူပိုင်ရှင် သူတော်စင်မှာ တစ်ချိန်သောအခါ ယောရှုနှင့်အတူ တိုက်ပွဲဝင်ခဲ့သော အညတြစစ်သည်တော်တစ်ဦး ဖြစ်ခဲ့သည်။

သူသည် နောင်သောအခါ ဖိလစ်စတိုင်းလူမျိုးများကို ကာကွယ်ရန် ခံတပ်စခန်းအဖြ လည်းကောင်း၊ နောက်ပိုင်းတွင် ဂျေရုဆလင်မြို့အတွက် ကင်းစောင့်စခန်းအဖြစ်လည်းကောင် တဘားရွာကို တည်ထောင်ခဲ့သည်ဟု ဆိုသည်။

တမန်တော်မိုဟာမက်သည်လည်း ဤရွာ ပင်နေ၍ နတ်မြင်းပျံဖြင့် ဂျေရုဆလင်သို့ တစ်ဟုန်ထိုး ဒုန်းစိုင်းသွားခဲ့သည်။

အီဘရာဟင်သည် တောင်ကုန်းပေါ်တွင် တိုင်တစ်ချောင်းတည်းပါသော ဘီဒိုယ ယာယီတဲကလေးတစ်ခု ဆောက်လုပ်သည်။ နေပူကိုကာကွယ်ရန် ဆိတ်မွေးနှင့် သိုး၊ ထည်များကို အမိုးမိုးသည်။ တဲထဲတွင် သူတစ်ကိုယ်တည်းသာနေသည်။ သူ့ထံသို့ လူနှစ်ယောက်ကိုသာ လာခွင့်ပြုသည်။ ဖရောက်က ရပ်ရေးရွာရေးဆွေးနွေးရန် လာရောက် သည်။

သူသည် ဟာဂါနှင့် ဖရောက်တို့ အကြောင်းကိုလည်းတွေးတောသည်။ ဖရောက် ပျော့ညံ့မှုကို သူကအမြဲတမ်းမုန်းသည်။ ဖရောက်က သူ့ထက်ကြီးသည်။ ဖရောက်သ သတ္တိရှိလျှင် ရပ်ရွာအကြီးအကဲရာထူးကို ဆက်ခံရမည်ဖြစ်သည်။ ဂျူးတို့၏ ရှီမက်ရှ်ဘုံရိပ်သ ကိုတိုက်ခိုက်ရာတွင် ဖရောက်၏ သူရဲဘောကြောင်မှုကြောင့် အီဘရာဟင်က ဖရော အပေါ်တွင် ပို၍ ရွံမုန်းစိတ်တိုးပွားလာခဲ့သည်။

ဖရောက်သည် စာရေးစာဖတ်တတ်သည်။ ဤအချက်ကို အကြောင်းပြုပြီး သူ၊ အမြဲတမ်း အခွင့်အရေးယူနေသည်ဟု အီဘရာဟင်ကယူဆသည်။ သူ့ အစ်ကိုက သူ့ လိမ်ညာနေသည်ဟု ထင်သည်။ ထို့ကြောင့် သူ့တွင် သားယောကျ်ားကလေးရလာလျှင် ဆောင်းပို့၍ပညာသင်ခိုင်းပြီး ဖရောက်ကို ဖယ်ထုတ်ပစ်ရန် ရည်ရွယ်ထားသည်။

အီဘရာဟင်သည် သူ့တွင် သားယောကျ်ား မရှိသေးခြင်းကိုလည်းတွေးသည်။ ာဂါသည် ပထမဦးစွာ သမီးမိန်းကလေးနှစ်ယောက် ဆက်တိုက်မွေး သည်။ မကြာမီတွင် အဘိယကိုယ်ဝန်ရှိလာသည်။ ဤတစ်ကြိမ်တွင်လည်း သမီးမိန်းကလေးထပ်မွေးပြန်လျှင် သူ့ကို ရွာသူရွာသားတွေက သရော်ပြောင်လှောင်ကြတော့မည်မှာ သေချာသည်။ ထို့ကြောင့် သားယောကျ်ားကလေးမမွေးလျှင် ကွာရှင်းပြတ်စဲပစ်မည်ဟု သူက ဇနီးသည်အား ကြိုတင် ပေးထားသည်။

သူသည် ဂျူးတို့အား ဝင်တိုက်ခဲ့သော

တိုက်ပွဲအကြောင်းကိုလည်းတွေးကြည့်သည်။ လူတွေက ယောက်ျားတွေလို မတိုက်ကြ၊ မိန်းမတွေလိုသာ တိုက်ကြသည်။ သည်အတိုင်း လျှင် ဂျူးတွေနှင့် ဘယ်တော့မှ ရင်ဆိုင်နိုင်တော့မည်မဟုတ်။ ဂျူးတွေကို ဤဒေသမှ ဘယ်တော့မှ မောင်းထုတ်ပစ်နိုင်တော့မည်မဟုတ်။ သူ့လူတွေကမကျေနပ်၍ နေ့တိုင်း တောင်ကုန်းပေါ်တက်ပြီး ဂျူးဘုံရိပ်သာကို သေနတ်ဖြင့်လှမ်းပစ်ကြသည်။ သို့သော် ဝေးကြီးမှ ပစ်ခတ်ခြင်းဖြစ်၍ ဘာမျှမဖြစ်၊ ဘာကိုမျှမထိ။

ဤဒေသတွင် ဂျူးတို့၏ဘုံရိပ်သာများ မကြာမီတိုးပွားလာမည့် အရေးကိုလည်း တွေးကြည့်သည်။ သူသည် တူရကီမှန်ပြောင်းဖြင့်လှမ်းကြည့်သည်။ ဂျူးတွေ ရွှံ့အိုင်တွေကို နားမနေ မြေဖို့နေကြသည်။ ရက်သတ္တပတ်အတွင်းတွင် ကျောက်လုံးခြံစည်းရိုးများဖြင့် အခြံကာရံပြီးသား ဖြစ်နေသည်။

ခြံစည်းရိုးမလှမ်းကမ်းနေရာများတွင် ကင်းမျှော်စင်များလည်း အမြဲဆောက်ထား ကြသည်။ ကိုယ်ပိုင်မီးစက်ဖြင့် မီးထွန်းထားသောကြောင့် ညအချိန်တွင်လည်း နေခင်းလိုပင် ထိန်ထိန်လင်းနေသည်။ သည်အတိုင်းဆိုလျှင် သူတို့ကို ဆက်တိုက်ဖို့မလွယ်တော့။

အဆောက်အအုံသစ် ဆောက်လုပ်နေသံများကိုလည်း အမြဲတမ်း ကြားနေရသည်။ မတွင် တဲအိမ်ကလေးတွေ ဆောက်ထားရာမှ မကြာမီတွင် ကျောက်လုံးအိမ်တွေ ဖြစ်လာကြသည်။ ဆေးရုံတ်စခန်းတစ်ခုကိုလည်း မြင်ရသည်။ ငှက်ဖျားရောဂါဖြစ်နေသူများကို ရာဟင်က မှန်ပြောင်းဖြင့်လှမ်းကြည့်ပြီး မှတ်သားထားသည်။ လူတွေ တစ်ယောက်ပြီး တစ်ယောက် သေဆုံးကြသည်။ သို့သော်လည်း သူတို့ကလျော့မသွား။ နောက်ထပ် ညီရေးအဖွဲ့တွေ တဖွဲ့ဖွဲ့ရောက်နေကြသည်။

ဂျူးတွေ ဘုံရိပ်သာတည်ထောင်သောနေရာမှာ အများအားဖြင့် ရွှံ့နွံတောနှင့် ဘောပင်တွင်သာ ဖြစ်သည်။ ယင်းနေရာများတွင် ခြင်တွေ၊ မြွေတွေနှင့် အခြားအဆိပ်ရှိသော တွေ တွေပေါသည်။ ဤကဲ့သို့သောနေရာမျိုးတွင် ဘယ်သူတစ်ယောက်သည် ဘယ်လို ဆင်ကိုများ ရှင်သန်အောင် စိုက်ပျိုးနိုင်ပါမည်နည်း။

တွေသည် ပင်လယ်ကမ်းရိုးတန်းဘက်သို့ဦးတည်ပြီး

ရောမတူးမြောင်းကြီးနှစ်ခုကို အားညမအား ကြိုးစားတူးနေကြသည်။ တူးမြောင်းများကို ရွှံ့အိုင်ဘေး တစ်ဖက်တစ်ချက် ချင်ဘူးပြီး မြေဇာများဖြင့် ရွှံ့အိုင်ကိုဖို့ကြသည်။ ပင်မတူးမြောင်းကြီးနှင့် ဆက်သွယ်ထားသော မြောင်းငယ်များကိုလည်း ဟိုမှသည်မှဖြတ်၍ တူးထားကြသည်။

ဘုံရိပ်သာနယ်မြေ၏ ဒုတိယတစ်ခြမ်းသည် တောင်ကုန်းပိုင်းဖြစ်ပြီး တဘားရွာ၏ လွင်စိုက်ခင်းနှင့် ဘုံနယ်နိမိတ်ဖြင့် ခွဲခြားထားသည်။ ထိုနေရာတွင် လွန်ခဲ့သောနှစ်ပေါင်း ထောင်ပေါင်းများစွာက ဟီးဘရူးလူမျိုးများ တည်ဆောက်ခဲ့သော ရှေးဟောင်းတောင်စောင်း လှေကားထစ် အပျက်အစီးများဖြင့် ပြည့်နှက်နေသည်။ ပုံသဏ္ဌာန်မှာ ဘယ်အယ်ဝဒ် တောင်ကြားရှိ ရောမတောင်စောင်းလှေကားထစ်များ၏ အသေးစားပုံစံကဲ့သို့ပင် ဖြစ်သည်။ ထို့ပြင် ဂျူဒီယာတွင် သမ္မာကျမ်းစာခေတ်က ထင်ရှားခဲ့သော တောင်စောင်းလှေကားထစ်များနှင့်လည်းတူသည်။ 'ဂျူးများသည် ကျောက်တုံးများကို အများအပြားအသုံးပြုကြသည်။ သူတို့သည် ကျောက်တုံးများကို နွားလှည်းများဖြင့် တောင်စောင်းလှေကားထစ်အောက်ခြေသို့ သယ်ယူ ကြသည်။ ထိုမှတစ်ဆင့် လက်ဆင့်ကမ်း၍ သယ်ယူကြသည်။ ရှေးခေတ်အီဂျစ်ပြည်တွင် ဟီးဘရူးကျေးကျွန်များက ပိရမစ်သင်္ချိုင်းဂူများကို ဆောက်လုပ်ခဲ့ကြသကဲ့သို့ပင် ဖြစ်သည်။ အချိန်ကာလ၊ ဒီရေ၊ နေ၊ ငလျင် နှင့် သဘာဝရေတိုက်စားမှုကြောင့် တောင်စောင်း လှေကားထစ်နံရံများ ပျက်စီးသွားသောနေရာများသို့ ကျောက်တုံးများကို သယ်ယူကြသည်။

သူတို့လုပ်နေပုံမှာ ပျက်စီးနေသော ရောမလှေကားဟောင်းကြီးတစ်ခုကို ပြန်လည် ပြုပြင်နေသည်နှင့် တူသည်။ လှေကားထစ် တစ်ခုနှင့်တစ်ခုကြားတွင် သီးစားပင်များ၊ စပျစ်ပင်များနှင့် စပါးစိုက်ပျိုးနိုင်သော မြေကွက်လပ်ကလေးများ ပြုလုပ်ထားသည်။

အပေါ်ပိုင်း မြေသားများကို ရေတိုက်စားခြင်းမပြုနိုင်အောင် ကျောက်တုံးနံရံသစ်များ ဆောက်လုပ်ထားကြသည်။ တဘားရွာတွင်လည်း တောင်စောင်းလှေကားထစ်များရှိခဲ့သည်။ သို့သော် ပျက်စီးနေသည်မှာ နှစ်ပေါင်းများစွာကြာပြီ။ ဘယ်တုန်းကမျှ ပြန်လည်ပြုပြင်ခြင်း မရှိခဲ့။

ဂျူးများသည် ထူးဆန်းသောသစ်ပင်များကိုလည်း ယူဆောင်လာကြသည်။ အီဘရာ ဟင်က ဖရောက်အား တောင်ကုန်းပေါ်သို့ခေါ်ကာ ရေတွက်ခိုင်းသည်။ ဖရောက်က ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာရှိလိမ့်မည်ဟုပြောသည်။ ထို့နောက် သူက ဆက်လက် မရေတွက်နိုင်တော့သဖြင့် သိန်းသန်းမကရှိလိမ့်မည်ဟု ပြောသည်။

"သူတို့က ဒီသစ်ပင်တွေနဲ့ ဘာလုပ်ကြမလို့လဲ" အီဘရာဟင်က မေးသည်။ "ဗွက်အိုင်ကြီး ဖုံးသွားအောင် လုပ်မလို့လား"

"ဂျက်ဇရီးလ်မြစ်ဝှမ်းမှာလဲ ဒီလိုပဲ လုပ်နေကြတယ်ဆိုပဲ"

"ဒီလူတွေ အလ္လာအရှင်မြတ်ရဲ့ အလိုတော်ကို မပြောင်းလဲနိုင်ဘူး၊ ဘယ်တော့မှ အောင်မြင်မှာမဟုတ်ဘူး၊ အလကားလူတွေပါ"

"ရမ်လီဈေးထဲမှာ ပြောနေကြတယ်၊ ဒီသစ်ပင်တွေဟာ ဩစတြေးလျက ယူလာတာ တွေတဲ့၊ ဒီကောင်တွေက အမြဲတမ်း လောဘကြီးကြတာ"

"ဩစတြေးလျ ဟုတ်လား၊ အဲဒီ ဩစတြေးလျမှာ လူရိုင်းတွေရှိသလား" 'ငါမသိဘူး"

"ဩစတြေးလျက ဘယ်မှာရှိသလဲ"

"အိန္ဒိယအလွန်က တစ်နေရာမှာ၊ ဒီကမ္ဘာကြီးရဲ့ အရှေ့ဘက်အစွန်ဆုံးမှာ"

"အဲဒါတော့ ကျွန်တော်မသိဘူး၊ ဒါနဲ့သူတို့က ဒီအပင်တွေ ရှင်မယ်လို့ ထင်သတဲ့လား။ ကြည့်လိုက်စမ်းပါ အစ်ကိုကြီး။ ဒီမြစ်ဝှမ်းမှာ ဟောဒီ ဝက်သစ်ချပင်ကလေးလွဲပြီး တခြားသစ်ပင် မြင်ရသလား၊ ဒီသစ်ပင်က ကျွန်တော်တို့ရဲ့ သူတော်စင်ကြီးအတွက် တမင်ရှင်သန်နေတာ မဟုတ်လား"

e

"ဟုတ်ပါတယ်"

ဖရောက်မှာ သူ့ညီပြောလျှင် ဘယ်တော့မှမဆန့်ကျင်ဘဲ အမြဲတမ်း ခေါင်းညိတ် ဆောက်ခံလေ့ရှိသည်။

ဂျူးတွေရောက်ရှိလာပြီးနောက် ခြောက်လခန့်အကြာတွင် ထူးဆန်းသော အခြေ I အနေများ ပေါ်ပေါက်လာသည်။ သူတို့သည် ဖွက်အိုင်နှင့် ခွဲခြားထားသော မြေကြီးရေကာတာ များကို ဖျက်ပစ်လိုက်ကြသည်။ တူးမြောင်းများထဲသို့ စိမ့်ဝင်နေသော ရေပုပ်ရေသိုးများကို ရေသွယ်မောင်းကလေးများဖြင့် ထုတ်ပစ်ကြသည်။ မကြာမီတွင် တူးမြောင်းများမှတစ်ဆင့် မေး ဒလဟောစီးဆင်းသွားပြီး ဖွက်အိုင်ကြီးခြောက်ခန်းသွားသည်။

ရက်ပိုင်းအတွင်းမှာပင် ဖွက်အိုင်ကြီးထဲ၌ ဩစတြေးလျသစ်ပင်များ ရှင်သန်ကြီးထွား လာကြသည်။ ပူပြင်းသောနေရှိန်ကြောင့် ဖွက်အိုင်ကြီး လုံးဝခန်းခြောက်သွားသောအခါ ပေါ်မြေမျက်နှာပြင်တွင် အလွန်မြေသြဇာကောင်းသော အနက်ရောင်မြေဆီလွှာများ ဖြစ်ပေါ်လာသည်။ ယင်းမြေဆီလွှာ အမြောက်အမြားကို တောင်စောင်းလှေကားထစ် ကွက်များသို့လည်း သယ်ယူကြသည်။ တူးမြောင်းများထဲမှရေများကို မြေနိမ့်ပိုင်း လတာပြင်ဘက်သို့လည်း ဖောက်ချကြ

”သူတို့က ဒီရေတွေကို ပင်လယ်ထဲ ဘာလို့မလွှတ်တာလဲ” အီဘရာဟင်က ဖရောက်အားမေးကြည့်သည်။

“အလကားထင်ရာလုပ်နေကြတာပါ” ဖရောက်ကပြန်ပြောသည်။ “လတာပြင်ကို တ်တွေအတွက် သီးသန့်နေရာသတ်မှတ်ပေးမလို့ဆိုပဲ”

ညတိုင်းညတိုင်း ဂျူးတွေ ကခုန်သီဆိုကြသံကို ကြားရသောအခါ အီဘရာဟင်က လွန်ဒေါသထွက်မိသည်။ တစ်နေကုန် ပင်ပင်ပန်းပန်း အလုပ်လုပ်ကြပြီးနောက်လည်း ခုကဲ့သို့ ပျော်ရွှင်မြူးထူးနိုင်ကြသည့်အတွက် ပို၍မကျေမနပ်ဖြစ်မိသည်။ ပေါ့ပေါ့ နေ = စားပြီး တစ်ချိန်လုံး တွေဝေထိုင်းမှိုင်းနေကြသော တဘားရွာသားများ၏ ဘဝနှင့်တော့ ခြားလှပါဘိ။ ဤအတိုင်းဆိုလျှင် ဤမတူကွဲပြားသော ဘဝနှစ်ခုသည် တစ်နေ့မဟုတ် အစ်နေ့ ထိပ်တိုက်တွေ့ကြမည်မှာ သေချာသည်။

တကယ်တော့ ဂျူးတွေလုပ်နေသမျှသည် တဘားရွာသားများအဖို့ စိတ်ခေတ်ကျ တည်းသာ ဖြစ်နေတော့သည်။ “တို့တော့ ဒီလူတွေကို ဘယ်တော့မှလက်စားချေနိုင်မှာ မဟုတ်တော့ဘူး အီဘာ တစ်နေ့တွင်

ဖရောက်ကပြောသည်။ "ဘာလို့ မချေနိုင်ရမှာလဲ၊ ချေဖြစ်အောင်ကိုချေရမယ်" အီဘရာဟင်က စိတ်ဆိုး ဆုံးနှင့် ပြန်ပြောသည်။ "ဒီဂျူးတွေ သူတို့တတ်တာကလေး တွေတော့ ပညာပြကြမှာပေါ့။ ထို့က ပိုက်ဆံတွေအများကြီးရှိတယ်၊ ကျွန်တော်တို့မှာ တစ်ပြားမှမရှိဘူး၊ သူတို့က ခွဲသောကြောင်တဲ့ကောင်တွေပါ။

ဒါကြောင့်မို့ ညကျတော့ သူတို့ခံတပ်ထဲ အောင်းနေကြ ဒါပေမယ့် ဒီလူတွေ ခံတပ်အောင်းတာက အနေးနဲ့အမြန် ပြန်ထွက်လာကြမှာပါ၊ ၁ တော့ သူတို့ သီးနှံတွေ စိုက်ပျိုးကြလိမ့်မယ်။ အဲဒီနောက် သီးနှံပေါ်တဲ့အချိန် ရောက် ယ် အဲဒီအချိန်ကျတော့ သူတို့ကို ဘီဒိုယင်ဥပဒေအတိုင်း သင်ခန်းစာပေးရမယ်၊ စောင့်သာနေပါ၊ စောင့်နိုင်လျှင် တောင်ကြီးကိုတောင်ရွှေ့လို့ရတယ်"

အီဘရာဟင်က လယ်မြေရောင်းဝယ်ရေးကိစ္စကိုလည်း အလေးအနက် တွေးကြည့် သည်။ ဤကိစ္စသည် စိုးရိမ်စရာအကောင်းဆုံးဖြစ်သည်။ ပထမတွင် ဗွက်အိုင်၊ နွံအိုင်များနှင့် ရေတိုက်စားထားသော လယ်ကွင်းများကိုသာ ဂျူးတွေကိုရောင်းသည်။ ဤအဆင့်အထိ အီဘရာဟင်နှင့်တကွ ရပ်ရွာခေါင်းဆောင်များ၊ လယ်သမားများက ဘယ်လိုမှမဖြစ်ကြသေး။ ထိုမြေပေါ်တွင် ဂျူးတွေ ဘာအပင်မှစိုက်၍မရနိုင်ဟု သူတို့က ယုံကြည်ကြသောကြောင့် ဖြစ်သည်။ အနေးနှင့်အမြန် သူတို့ ဤနေရာမှ ပြန်ထွက်သွားကြမည်မှာ သေချာသည်။

သို့သော် အဖြစ်မှန်က သူတို့ထင်သလိုမဟုတ်။

ကိုယ်တိုင်လယ်မလုပ်သော လယ်ပိုင်ရှင်ကြီးများက ဤနယ်မြေတစ်ဝှမ်းရှိ အာရပ် ကျေးရွာအားလုံးသို့ နယ်နှင်မိန့်များ ဖြန့်ဝေထားပြီးဖြစ်သည်။ တချို့ကျေးရွာများမှာ မျိုးဆက်ပေါင်းများစွာနေထိုင်လာခဲ့ကြပြီး တချို့ဆိုလျှင် ရာစုနှစ်ပင်ပြည့်ခဲ့ကြပြီ။

လယ်သမားများအား ကိုယ့်ဖာကိုယ်လိပ်ပြီး ထွက်ခွာသွားကြရန် အချိန်အနည်း ငယ်မျှသာပေးသည်။ တချို့က ရှောရှောရှူရှူး ထွက်သွားကြသည်။ တချို့မှာ အကြမ်း နှင်ထုတ်မှ ထွက်သွားကြသည်။ သူတို့အဖို့ ပြေးစရာမြေမရှိ။

ဤသို့ဖြင့် လအနည်းငယ်အတွင်းတွင် လယ်သမားများ

ထွက်ခွာသွားပြီးနောက် အဆိုပါလယ်မြေများကို လယ်ပိုင်ရှင်များက "ဂျူလယ်ရန်ပုံငွေအဖွဲ့သို့ ဈေးကောင်း ကောင်းဖြင့် ရောင်းချလိုက်ကြလေသည်။ ယင်းလယ်မြေများကို လယ်သမားများအား နှစ်ပေါင်း ၅၀ ငှားရမ်းလုပ်ကိုင်စေခြင်းထက် ဂျူးတို့အား လယ်တစ်ကွက်ရောင်းချခြင်းက ပို၍အမြတ်ရသည်ဟု လယ်ပိုင်ရှင်ကြီးများက ပြောကြသည်။

- အယာလုံမြစ်ဝှမ်းဒေသမှ လယ်မြေများကို လယ်ပိုင်ရှင်သူဌေးကြီး ဖောဇီကဘားက တကွက်ပြီးတစ်ကွက် ရောင်းချလျက်ရှိရာ နောက်ဆုံးတွင် တဘားကျေးရွာနှင့် အခြားအနီး အနား ကျေးရွာအနည်းငယ်မှ လယ်ကွင်းများသာ ကျန်တော့သည်။

ဤအခြေအနေကို တွေ့မြင်ရသောအခါ အီဘရာဟင်မှာ အလွန် စိုးရိမ်မကင်း ဖြစ်လာမိသည်။

လယ်မြေ အရောင်းအဝယ်လုပ်ငန်း ရုတ်တရက်ရပ်စဲသွားသည်။ တဘားရွာမှ လယ်မြေများကတော့ အရောင်းမခံရဘဲ နဂိုအတိုင်း ရှိနေသည်။

ဤသို့ ဘာကြောင့်ဖြစ်ရသနည်း၊ အီဘရာဟင်က တွေးကြည့်သည်။ ဤဒေသတွင် တဘားလယ်မြေများသည် သီးနှံထွက်နှုန်းအကောင်းဆုံး ဖြစ်သည်။ ပြန်ပေးဆွဲခံရသော ဘုရင်တစ်ပါးကိုပင် ဤဒေသမှရသော လယ်ထောက်ခဖြင့် ပြန်ရွေးနိုင်သည်။ သို့သော် ဖောဇီကဘာသည် တဘားလယ်ယာများကို မရောင်းဘဲထားသည်မှာ စေတနာသက်သက် ဖြင့်တော့ မဖြစ်တန်ရာ။

အီဘရာဟင်သည် ဤကိစ္စကို အလေးအနက်တွေးသည်။ သူ့တစ်သက်တာတွင် ဤမျှလောက်လေးလေးနက်နက် ဘယ်တုန်းကမျှမတွေးခဲ့စဖူး။ တွေးရင်းတွေးရင်းဖြင့် တဖြည်းဖြည်း သဘောပေါက်နားလည်လာသည်။

ဖောဇီကဘားသည် စီးပွားရေးနှင့်နိုင်ငံရေးသြဇာ ပြိုင်ဆိုင်မှုများကြောင့် တခြားသော ပါလက်စတိုင်း မိသားစုကြီးများနှင့် မကြာခဏ ပဋိပက္ခဖြစ်နေရသည့် တဘားရွာမှာ ဒီအနေအထားအရ မဟာဗျူဟာကျသော အနေအထားတွင် တည်ရှိသည်။

ဩဇာတိက္ကမရှိသော အာရပ်မိသားစုကြီးတစ်ခုခုက နိုင်ငံရေးအာဏာကိုရယူလျှင် ဆလင်မှသည် အခြား အဓိကမြို့များဖြစ်ကြသည့် ရမ်လီနှင့် လိုင်ဒါမြို့များအထိ စည်းမှုရှိရန်လိုသည်။ တဘားကျေးရွာက ယင်းရည်မှန်းချက်ကို ပိတ်ဆို့ထားသည်။ စုံတစ်ယောက်သည် ပါလက်စတိုင်းဒေသကိုချုပ်ကိုင်နိုင်ရန် ဖောဇီကဘားနှင့် ရင်ဆိုင် ည်ဖြစ်သည်။ တစ်နေ့တွင် ဖရောက်သည် တောင်ကုန်းပေါ်သို့ တက်လာပြီးနောက် သူဌေးကြီး ဘာသည် လယ်ထောက်ခများ ကောက်ခံရန် ဂျက်ဖာသို့ မကြာမီနှစ်ပတ်လည်ခရီး က်လာလိမ့်မည်ဟု အီဘရာဟင်အား ပြောကြသည်။

ဖရောက်က သူဌေးကြီး၏ ထိုခရီးသည် တစ်နှစ်လုံးတွင် အထူးခြားဆုံးကာလ လိမ့်မည်ဟု မျှော်လင့်သည်။ အဘယ်ကြောင့်ဆိုသော် ဂျက်ဖာတွင် သူဌေးကြီးက အတ္တာတစ်ပတ်တိုင်တိုင် ပွဲလမ်းသဘင်များကျင်းပပြီး ပရိသတ်များအား ထမင်းရေ စံ ညွှေ့ခံကျွေးမွေးမည် ဖြစ်သောကြောင့် ဖြစ်သည်။ "ဂျက်ဖာကိုလိုက်သွားပြီး ကဘားနဲ့သွားတွေ့ပါ" အီဘရာဟင်က အစ်ကိုဖြစ်သူအား ည်။ "လယ်ထောက်ခတွေလိုချင်လျှင် တဘားရွာကိုလာခဲ့ပါလို့ သူ့ကိုပြောပါ"

"ဘာလဲ၊ မင်းက တောင်တန်းကြီးကို တမန်တော်မိုဟာမက်ဆီ လာပါလို့ ခေါ်နေ ကဘားကတို့ကို အလျှင်သတ်မပစ်ဘူးဆိုလျှင် တို့ဆီကလယ်ကွင်းတွေ တစ်ကွင်း ချိန် ရောင်းပစ်မှာသေချာတယ် အီဘရာဟင်၊ သူ့ အနေနဲ့ တို့ဆီကိုတော့ ဘယ်တော့မှ မဟုတ်ဘူး"

"သူ လာကိုလာမှာပါ" အီဘရာဟင်က ပြုံးပြီး ပြောလိုက်သည်။

အခန်း (၇)

ဖောဇီကဘားသည် တူရကီအုပ်ချုပ်သူများကပေးခဲ့သော အီဖင်ဒီခေါ်ဘွဲ့ထူးဂုဏ်ထူး ဟောင်းကြီးကို အမြတ်တနိုးခံယူထားဆဲဖြစ်သည့် အော်တိုမန်အင်ပိုင်ယာ၏ အကြွင်းအကျန် လက်ကိုင်တုတ်ကြီးတစ်ယောက် ဖြစ်သည်။

ကဘားမိသားစုသည် ပါလက်စတိုင်းခရိုင်တွင်

နှစ်ပေါင်းတစ်ရာကျော်တိုင်တိုင်၊ ဩဇာအာဏာအရှိဆုံး မိသားစုကြီးတစ်စုဖြစ်ခဲ့သည်။ သူတို့သည် အီစတန်ဘူမြို့တော် တူရကီစူလတန်ဘုရင်များအား သစ္စာတော်ခံကာ အလုပ်အကြွေး ပြုခဲ့ကြရသောကြောင့် တူရကီတို့၏ ရက်ရက်ရောရော ချီးမြှောက်မှုကို ရရှိခဲ့ကြသည်။

ထို့ကြောင့်ပင် ကဘားမိသားစုတို့သည် တောင်ပိုင်းတွင် ဂါဇာမှသည် လက်ဘနွန်တွ ဘီကားမြစ်ဝှမ်းဒေသအထိ လယ်ယာမြေကေပေါင်း သန်းနှင့်ချီ၍ ရရှိပိုင်ဆိုင်ခဲ့ကြခြင် ဖြစ်သည်။

ကဘားမိသားစုတို့သည် လက်ရှိရာစုနှစ်အစကတည်းကပင် ဒမတ်စကတ်မြို့ သူတို့ပိုင်နက်နယ်မြေ၏ အုပ်ချုပ်ရေးမြို့တော်၊ သူတို့၏ ဘူမိနက်သန်နှင့် သူတို့ ဌာနချုပ်အဖြစ် တည်ထောင်ခဲ့ကြသည်။

သူတို့သည် အစိုးရဌာနများတွင် ဝင်ငွေကောင်းသောရာထူးကြီးများကို ရရှိခဲ့ကြသည် ကဘားမိသားစုဝင်သားများ၊ ဝမ်းကွဲညီအစ်ကိုများနှင့် အခြားဆွေမျိုးသားချင်းများစွာတို့ အရေးပါသော အစိုးရရာထူးကြီးများကို ယူထားခဲ့ကြသည်။ သို့သော် အရှေ့အလယ်ပိုင် ဒေသမှ တူရကီများ ထွက်ပြေးကြရသောအခါတွင်ကား ကဘားမိသားစုတို့၏ စီးပွားရေး မှာလည်း ဆုတ်ယုတ်သွား ခဲ့ရလေတော့သည်။

တူရကီများ ပြန်သွားပြီးနောက် ဒမတ်စကတ်သို့ ပြင်သစ်များရောက်လာကြသည် သူတို့ လည်းအပေးအယူလုပ်ခြင်းဖြင့် ကိုယ်ကျိုးရှာနည်း အတတ်ပညာကို ကောင်း တတ်ကျွမ်းကြသည်။ ပြင်သစ်တို့က ဆီးရီးယားနှင့်လက်ဘနွန်ကို မောင်ပိုင်စီးထားသည် ပြင်သစ်တို့လက်အောက်၌လည်း ကဘားမိသားစုဝင်တို့သည် အကျိုးစီးပွား ဆက်လက်စံ နေကြရဆဲ ဖြစ်သည်။

သို့သော် ပါလက်စတိုင်းဒေသကိုမူ ဗြိတိသျှတို့အုပ်ချုပ်ထားသည်။ ဗြိတိသျှအစိုး အမှုထမ်းများသည် လာဘ်ပေးလာဘ်ယူမရှိဘဲ လွတ်လွတ်လပ်လပ်ဖြင့် စီးပွားဖြစ် လေသည်။

ပါလက်စတိုင်းဒေသကို ဗြိတိသျှတို့က နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ကွပ်ကဲမှုဖြင့် စက်ချုပ်နေသောကြောင့် ဖောဇီကဘားက သူ့လယ်မြေများအတွက် အခွန်ဆောင်နေရသည်။

ကြောင့် သူပိုင်ကျေးရွာများမှ လယ်သမားတွေက လမ်းကောင်းဖောက်ပေးရန်၊ စာသင် သတင်းများ ဆောက်ပေးရန်နှင့် ခေတ်မီစိုက်ပျိုးနည်းနာများ ဖန်တီးပေးရန် တောင်းခံလာ သည်။ အာရပ်ခရစ်ယာန်ကျေးရွာအချို့ကလည်း ဆေးခန်းများဖွင့်လှစ်ပေးရန် တောင်းဆို သည်။ ရွာတစ်ရွာကဆိုလျှင် လျှပ်စစ်မီးတပ်ဆင်ပေးရန်ပင် တောင်းဆိုခဲ့သည်။

တူရကီတို့ အုပ်ချုပ်နေစဉ်က ဖောဇီကဘားသည် လယ်ခွန်ပေးဆောင်ခြင်း မပြု နှ ငါ့ကြောင့် တူရကီတို့ကလည်း လယ်သမားများအတွက် ဘာတစ်ခုမျှ ဆောင်ရွက်မပေးခဲ့။

ဖောဇီကဘားသည် ပါလက်စတိုင်းတွင် နိုင်ငံရေးပြိုင်ဆိုင်မှုနှင့် ရင်ဆိုင်နေရသည်။ သူ၏ကမ္ဘာ့ရန်ဘက်ပုဂ္ဂိုလ်မှာ ဟာဂျီအာမင် အယ်လ်ဟူစိန်နီ ဖြစ်သည်။ ဟူစိန်နီသည် ထိဒဏ် ၁၅နှစ် အပြစ်ပေးခံရသည်ကို ထွက်ပြေးရှောင်တိမ်းနေပြီးနောက် ပြန်လာခဲ့သည်။ ဖြတ်သူတို့က သူ့ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရုံသာမက ဂျေရုဆလင်မြို့တော်၏ ကြီး (မူဖတီ) အဖြစ်ပင်ခန့် ထားလိုက်သေးသည်။ ထိုရာထူးသည် ပါလက်စတိုင်း ချင်ကဲအုပ်ချုပ်ရေးခေတ်တွင် မွတ်စလင်လူမျိုးတစ်ဦးအနေဖြင့်ရရှိသော အမြင့်ဆုံးရာ အပင် ဖြစ်သည်။

ဖောဇီကဘား၏ တခြားရန်သူတစ်ဦးမှာ အဗ္ဗဒူလာဖြစ်သည်။ အဗ္ဗဒူလာအား သူတို့က အာရေဗျကျွန်းဆွယ်မှခေါ်လာပြီး ထရန်စ်- ဂျော်ဒန်စော်ဘွားအဖြစ် ခန့်ထားခဲ့ သည်။ အဗ္ဗဒူလာသည် သူ့နိုင်ငံထဲသို့ ပါလက်စတိုင်းဒေသကို သွတ်သွင်းလိုစိတ် ပြင်းပြနေသည်။

ဖောဇီကဘားသည် လယ်ယာမြေမှရရှိသောအကျိုးအမြတ် နည်းပါးလာသည့်အပြင် သူတို့က လယ်ခွန်ဆောင်ရန်တောင်းခံခြင်း၊ လယ်သမားများက စာသင်ကျောင်းနှင့် အခြားဆောက်လုပ်ပေးရန်တောင်းခံခြင်းနှင့် အင်အားကြီးသော နိုင်ငံရေးပြိုင်ဘက်များ ပေါ်ပေါက်လာခြင်းတို့နှင့်

ရင်ဆိုင်လာရသောအခါ မိမိ၏ အခြေအနေကို ပြန်လည် ပ်လာသည်။

ပါလက်စတိုင်းဒေသတွင် ဖောဇီကဘားအား ရပ်တည်မှုရအောင် ကယ်တင်သူများမှာ လူမျိုးများဖြစ်သည်။ ပထမကမ္ဘာစစ်ကြီး နောက်ပိုင်းကာလများတွင် ပါလက်စတိုင်း သို့ ဂျူးတွေ သိန်းသန်းချီ၍ ဝင်လာခဲ့ကြသည်။ ဂျူးလူမျိုးများ အခြေတကျ ရပ်ရွာ ည်ဆောင်၍နေနိုင်အောင် နိုင်ငံတကာဂျူးအမျိုးသား အဖွဲ့ အစည်းများကလည်း ငွေကြေး ထောက်အပံ့ ရက်ရက်ရောရော ပေးခဲ့ကြသည်။

တူရကီတို့လက်ထက်တွင် သီးစားချလုပ်ငန်းသည် စီးပွားဖြစ်ခဲ့သော်လည်း ဗြိတိသျှ ထက်အောက်တွင်မူ အကျိုးအမြတ်နည်းပါးသော လုပ်ငန်းအသွင်သို့ လျှင်မြန်စွာ င်းလဲလာသည်။ ထို့ကြောင့် ဖောဇီကဘားသည် ပါလက်စတိုင်းဒေသရှိ လယ်မြေအားလုံး ဂျူးလူမျိုးတို့အား ရောင်းပစ်လိုက်သည်။ သို့သော် ဂျက်ဖာရိုလိမ္မော်ခြံများနှင့် ပထဝီအနေအထားအရ မဟာဗျူဟာကျသော လုံမြစ်ဝှမ်းဒေသမှ လယ်မြေများကိုတော့ မရောင်းဘဲချန်ထားသည်။ နယ်မြေများသည် အံ့သြရလောက်အောင် လျှင်မြန်စွာ တိုးခက်လာကြသည်။

ငွေပင်ငွေရင်း မြှုပ်နှံလုပ်ကိုင်စရာလုပ်ငန်းများလည်း အလျှံပယ်ဖြစ်လာသည်။ ထိုအခါ ဆီးရီးယားပြည်နယ်တစ်ဝှမ်းမှ အာရပ်လုပ်သားများသည် ပါလက်စတိုင်းသို့ ထောင်သောင်း ချီ၍ တဖွဲဖွဲဝင်ရောက်လာကြသည်။

လယ်ယာလုပ်ငန်းဖြင့် အကျိုးအမြတ် နည်းပါးလာသောအခါ ဖောဇီကဘားသည် ၊ လုပ်ငန်းပြောင်းကာ ရင်းနှီးမြှုပ်နှံလာသည်။ ထိုအချိန်တွင် ဟိုင်ဖာမြို့သည် ဆိပ်ကမ်းမြို့ သစ် အဖြစ် တိုးတက်လာချိန်ဖြစ်သည်။ အီရတ်မှဟိုင်ဖာအထိ ရေနံပိုက်လိုင်းသွယ်ပြီး ရေနံချက်စက်ရုံ တည်ဆောက်မည်ဟု သတင်းဖြစ်ပေါ်နေသည်။

ထို့ကြောင့် ဖောဇီကဘားသည် အီဂျစ်သူဌေးကြီးတချို့နှင့်ပူးပေါင်းပြီး ဟိုင်ဖာမြို့တွင် ဟိုတယ်ကြီးတစ်ခုဆောက်လုပ်ရန် ငွေရင်းမြှုပ်နှံသည်။ ဟိုတယ်ကို "ဒေးဗစ်ဘုရင်ဟိုတယ်"ဟု အမည်ပေးသည်။ ဘုရားဖူးလာကြသော သူဌေးကြီးများနှင့် ကျော်ကြားသောပုဂ္ဂိုလ်များ တည်းခိုနိုင်ရန်

ရည်ရွယ်ခြင်းဖြစ်သည်။

ထို့ပြင် ဂျူးလူမျိုးများသာနေထိုင်သော တဲလ်အဗစ်မြို့တွင်လည်း ဟီးဘရူးနာမည် ဖြင့် ဘဏ်တိုက်တစ်ခု ဖွင့်လှစ်တည်ထောင်သည်။ သို့သော် သူသည် အာရပ်လူမျိုးဖြစ်သော ကြောင့် သူ့လုပ်ငန်းများကို အာရပ်များရော ဂျူးများပါမသိအောင် လျှို့ဝှက်ထားသည်။

ဖောဇီကဘားသည် နှစ်စဉ်နှစ်တိုင်း နွေဦးပေါက်ကာလတွင် လယ်ငှားလုပ်သာ များနှင့် တွေ့ဆုံရန်၊ လယ်ထောက်ခကောက်ရန် ကိုယ်ပိုင်မီးရထားဖြင့် ဒမတ်စကတ်မြို့ ထွက်ခွာလေ့ရှိသည်။ ကိုယ်ပိုင်ရထားအပြင် နောက်ထပ် သီးသန့်ဗိမ်ခံကားသုံးစီးလည်း ပါသေးသည်။

ပထမကားမှာ သူ၏ဇနီးတစ်ယောက်၊ သို့မဟုတ် နှစ်ယောက်နှင့် အချစ်တော် သားသမီးပေါင်းများစွာအတွက် ဖြစ်သည်။ အခြားနှစ်စီးကတော့ အမှုထမ်းများ ကိုယ်ရံတော်များနှင့် အမြှောင်မယားငယ်များအတွက် ဖြစ်သည်။

ပထမဦးစွာ လက်ဘနွန်ပြည်နယ်၊ ဘီကားမြစ်ဝှမ်းဒေသရှိ ဇာလီမြို့နယ်သို့ ထွက်ခွာလာခဲ့ပြီး လယ်သမားကျေးရွာပေါင်း ၂၆ ရွာမှ လယ်ထောက်ခများကို ကောက်ခံသည် ၊ ထို့နောက် မီးရထားသည် ဘေရွတ်မြို့သို့ ဆက်လက်ထွက်ခွာလာခဲ့သည်။ ဘေရွတ်မြို့မှ ပြင်သစ်တို့၏ လက်အောက်တွင် ကုန်သွယ်ရေးနှင့် ဘဏ်လုပ်ငန်း အဓိကမြို့ဖြစ်ရာ ဖောဇီကဘားသည် လုပ်ငန်းပေါင်းများစွာတွင် ရင်းနှီးမြှုပ်နှံထားသည်။

ထိုမှတစ်ဆင့် ဟိုင်ဖာမြို့သို့လာခဲ့သည်။ ဤမြို့တွင် အာရပ်လူမျိုး အများဆုံး နေထိုင်ကြသည်။ ဤမြို့သည် ဆိပ်ကမ်းမြို့လည်းဖြစ်သည်။ ဆန်စပါး ထွက်သည် ၊ ရေနံပိုက်လိုင်းသုံးသည်။ ခေတ်မီမြို့တစ်မြို့ဖြစ်၍ ဖောဇီကဘားက စိတ်ဝင်စားသည် ဂါလီလီဒေသရှိ လယ်မြေများအတွက် လယ်ထောက်ခကို ဤမြို့မှနေ၍ ကောက်ခံသိရှိ ယူသည်။

ထို့နောက်မီးရထားသည် မြေထဲပင်လယ်ကမ်းရိုးတန်းအတိုင်း ဂျက်ဖာမြို့သို့ လာခဲ့သည်။ အေယာလုံမြစ်ဝှမ်းဒေသမှ လယ်မြေများအတွက် လယ်ထောက်ခကို ကောက် သည်။ ထိုမှတစ်ဖန် ဂါဇာမြို့သို့ ခရီးဆက်ခဲ့ပြန်သည်။ ဤဒေသတွင်

လိမ္မော်ခြံပေါက် နှစ်သောင်းခန့်ရှိ၍ ဝင်ငွေအရဆုံးဖြစ်သည်။

သူဌေးကြီး၏ရထားသည် ပို့ဆက်မြို့တွင် ခရီးဆုံးသည်။ စူးအက်တူးမြောင်း ဖြတ်ဝင်လာမည့် သင်္ဘောကိုစောင့်သည်။ သင်္ဘောရောက်လာသောအခါ သူဌေးကြီးမိသာ လာခဲ့ပြီး လ ေရွှတ်မြို့သယ်ရေးနှင့် နပ်နှံထားသည့် နှင့်တကွ အခြွေအရံအားလုံးတို့သည် စပိန်နိုင်ငံ ရှိ နွေရာသီစံအိမ်ကြီးသို့ လာခဲ့ကြသည်။

သူဌေးကြီးသည် ကိုယ်ပိုင်လယ်မြေများမှ သုံးမကုန်အောင် ငွေကြေးရရှိသောကြောင့် သူ၏ဥစ္စာခနကြွယ်ဝပုံနှင့် ဩဇာတိက္ကမရှိပုံတို့ကို ပြသရန် ယခုကဲ့သို့ တခမ်းတနား နှစ်စဉ်ခရီးထွက်ခြင်း ဖြစ်သည်။

လယ်သမားများ၏ မကျေနပ်ချက်များကို တင်ပြခွင့်ပြုထားသော်လည်း လက်တွေ့ တွင်ကား လယ်သမားများအကျိုးစီးပွားအတွက် ပြောရလောက်အောင် ဘာတစ်ခုမျှ ဆောင်ရွက်ပေးခြင်းမရှိ၊ လယ်သမားများအပေါ်ထားရှိသော သူဌေးကြီး၏ “မဟာကရုဏာ”ကို သက်သေပြရန် ဟိုတစ်ကွက် သည်တစ်ကွက် ဆောင်ရွက်ချက်မှာလည်း စတိသဘောမျှသာ ဖြစ်သည်။

သူ၏ပါလက်စတိုင်းဒေသရှိ လယ်မြေအများစုသည် အေယာလုံမြစ်ဝှမ်းနှင့် ဂါဇာ ဒေသများသို့သာ အများဆုံးရောက်ရှိသွားသည့်အတွက် သူဌေးကြီးက ဝမ်းသာမိသည်။ သို့သော် ယခု ၁၉၂၄ ခုနှစ်ခရီးကား သူ့အနေဖြင့် နောက်ဆုံးခရီးပင် ဖြစ်လေသည်။

သူဌေးကြီးနှင့် အခြွေအရံတို့၏ရထားများသည် ဟိုင်ဖာသို့ ပြန်ရောက်လာကြသည်။ သူတို့သည် အပန်းဖြေစံအိမ်ကြီးတွင် ရက်သတ္တတစ်ပတ်မျှ အနားယူကြမည် ဖြစ်သည်။

တစ်နေ့သောအခါ ဖာရောက်အေလ်ကိုရီအမည်ရှိ လူတစ်ယောက်သည် သူဌေးကြီး တွတည်းခိုနေရာစံအိမ်ကြီးသို့ ထိတ်ထိတ်ပျာပျားနှင့် ရောက်ရှိလာသည်။ ထိုသူက မိမိ၏ညီဖြစ်သူ အီဘရာဟင်သည် သူဌေးကြီးထံသို့ ကိုယ်တိုင်လာရောက်၍ လယ်ထောက်ခ ပေးသွင်းရန် ငြင်းဆိုကြောင်း။ ထို့ကြောင့် လယ်ထောက်ခများရလိုပါက တဘားရွာသို့ သူဌေးကြီးကိုယ်တိုင် လာရောက်၍ ကောက်ခံစေလိုကြောင်း ပြောပြသည်။

တူရကီများအုပ်စိုးစဉ်ကာလကသော် ယခုကဲ့သို့ ကဏ္ဍာကောစလုပ်ခြင်းသည် ကိုယ့် ညပ်ပင်းကို ကြိုးကွင်းစွပ်ခြင်းဖြစ်သည်။ သို့သော် ယခုအခါ ခေတ်ပြောင်းသွားခဲ့ပြီ။ ယခင်ကလို လုပ်ချင်တိုင်းလုပ်၍မရတော့။

သူဌေးကြီး ဖောဇီကဘားနှင့် နောက်ပါအခြွေအရံများသည် ကားသုံးစီးဖြင့် လမ်းမကြီးမှကွေ့ကာ ညစ်ပတ်ပြီး ချိုင့်ခွက်များပြည့်နှက်နေသော ရွာလမ်းအတိုင်း လယ်ကွက်လပ်သို့ မောင်းဝင်လာခဲ့ကြသည်။

အီဘရာဟင်သည် သူဌေးကြီးအား ကြိုဆိုဧည့်ခံရန် တောင်ကုန်းပေါ်တွင် တိုင်လေး အိုင်စိုက် ဘီဒိုယင်မဏ္ဍပ်ကြီးကို အရန်သင့်ဆောက်လုပ်ထားခဲ့သည်။ ရွာသားများတန်းစီး၍ ကြံဆိုအရိုအသေပြုပြီးနောက် လိုလားချက်များကို တင်ပြကြသည်။

ထို့နောက် သူဌေးကြီးအား ရိုးရာထုံစံအတိုင်း သုံးနာရီကြာမျှ ဂုဏ်ပြုဧည့်ခံကြသည်။

ကြီးနှင့် အီဘရာဟင်သည် ရွာသားများရှေ့တွင် ရင်းနှီးစွာဖြင့် ဆက်ဆံပြောဆိုကြသည်။ ဒီဘရာဟင်မှာ အရွယ်အားဖြင့် ငယ်သေးသော်လည်း လူတိုင်းကို ဆွဲဆောင်နိုင်စွမ်းရှိသော ခေါင်းဆောင်တစ်ဦးဖြစ်သည်ဟု သူဌေးကြီးက မှတ်ချက်ချသည်။

နောက်ဆုံးတွင် သူဌေးကြီးနှင့် အီဘရာဟင်တို့သည် အီဘရာဟင်၏ အိမ်သို့ ခဲ့ကြသည်။ ဤအခမ်းအနားအတွက် အကောင်းစားကုလားထိုင်နှစ်လုံးကို အီဘရာဟင် က ကြိုတင်ဝယ်ယူထားခဲ့သည်။

သူဌေးကြီးသည် အီဘရာဟင်နှင့် အလ္လာပသလ္လပပြောဆိုရင်း လင်ပန်းထဲမှ စပျစ်သီးနှင့် လွှံသီးများကို တစ်လုံးပြီးတစ်လုံး မနားတမ်း ယူစားနေသည်။ စကားပြောသောအခါ လေချဉ်တက်သောအခါနှင့်သူ့လက်ကို လျှာနှင့်လျက်သောအခါများတွင်သာ အစားရပ်သည်။

နောက်ဆုံးတွင် သူဌေးကြီးကပြောသည်။

"ကိုင်း ... အီဘရာဟင်၊ ကျုပ် တဘားရွာကိုရောက်လာခဲ့ပြီ၊ မောင်ကျွေးတဲ့

အစားအစာကိုလဲစားပြီးပြီ၊ ဒီတော့အဓိကကိစ္စပြောကြစို့၊ ကျုပ်ကို အန္တရာယ်မကင်းတဲ့ ဒီနေရာကို ဘာကြောင့် ဆင့်ခေါ်တာလဲ”

“သူဌေးကြီးက လယ်မြေတွေ ရောင်းပစ်နေတာကြောင့် ကျွန်တော့်ရွာသူရွာသား တွေအနေနဲ့ သိပ်ပြီး စိုးရိမ်ပူပန်နေကြပါတယ်။ အခုလို သူဌေးကြီး ကျွန်တော့်ရွာကို ကိုယ်တိုင်ရောက်လာတဲ့အတွက် သူတို့တစ်တွေစိတ်အေးရအောင် ကူညီနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်”။

“ရိုးသားစွာပြောရလျှင် မောင့်ကို ရပ်ရွာအကြီးအကဲအဖြစ် ရွေးလိုက်တော့ ကျုပ် တော်တော် အံ့သြသွားမိတယ်။ အင်း… ဒီအတိုင်းဆိုလျှင်တော့ အစဉ်အဆက် အုပ်ချုပ် လာခဲ့တဲ့ ဆူကိုရီမျိုးနွယ်စုအာဏာတော့ ပြိုကွဲသွားခဲ့လျှင် ကျုပ်အနေနဲ့ အချင်းချင်း ရန်စောင်နေတဲ့ ရပ်ရွာအကြီးအကဲ ဒါဇင်ဝက်လောက်နဲ့ ရင်ဆိုင်ရတော့မှာကိုတွေးပြီး စိုးရိမ်မိခဲ့တယ်။ အဲဒီအတိုင်းသာဖြစ်ခဲ့လျှင် ကျုပ်အနေနဲ့ တဘားရွာတစ်ဝိုက်က လယ်မြေ တွေကိုလည်း မလွဲမသွေ ရောင်းပစ်ရမှာသေချာတယ်၊ တကယ်တော့ ဆူကိုရီမျိုးနွယ်စုနဲ့ ကျုပ်ရဲ့ မိသားစုတို့ မဟာမိတ်ဖြစ်ခဲ့တာကြာခဲ့ပါပြီ။ အဲဒီလို မဟာမိတ်ဖြစ်ခဲ့တာကြောင့် နှစ်ဦးနှစ်ဝအတွက်လဲ အကျိုးများ ခဲ့တယ်”

အီဘာရာဟင်က ပြုံးလျက်…။ 'လက်တွေ့ကျတော့ မဟာမိတ်ဆိုတာ ဘယ်တော့မှမရှိပါဘူး”

”တစ်ဦးနဲ့တစ်ဦး သင့်မြင်စွာဆက်ဆံရေးလို့ပဲ ဆိုပါတော့

”သူဌေးကြီး အခုလို တဘားရွာကိုလာတာဟာ သူဌေးကြီးရဲ့ ရင်းနှီးမြှုပ်နှံမှုကို ကာကွယ်ဖို့အတွက် လာတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒီတာလမ်းမကြီးကို သူဌေးကြီး အတွက် ကျွန်တော်က ကာကွယ်ပေးစေချင်တဲ့ဆန္ဒရှိလျှင် အဲဒါဟာ တကယ့်အစစ်အမှန် မဟာမိတ်ဖြစ်တာပါပဲ။ ဂျေရုဆလင်မင်းကြီးဟာ ကျွန်တော်တို့ရဲ့ ဘုံရန်သူဖြစ်ပါတယ်၊ ဟူစိန်မျိုးနွယ်စုတွေဟာ ဝါဟာဘီလူမျိုးစုတွေကို နှစ်ပေါင်းများစွာကျွန်ပြုပြီး လူစင်မမီအောင် ဖိနှိပ်ခဲ့ကြပါတယ်”။

“မောင်ဟာ အလွန်လိမ္မာတဲ့ လူငယ်တစ်ယောက်ပဲ အီဘာရာဟင်”

“ဘီဒိုယင်တွေရဲ့ စကားနဲ့ပြောရလျှင် ကျွန်တော့်ရန်သူရဲ့ ရန်သူဟာ ကျွန်တော် မိတ်ဆွေပါပဲခင်ဗျာ”

“ဒီလိုဖြင့် ကျုပ်ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ၊ ဂျူးဘုံရိပ်သာကို မောင်တို့ ဝင်တိုက်တာဟာ အားရစရာမရှိဘူး။ အဲဒီတော့ မောင့်အနေနဲ့ ဂျေရုဆလင်မင်းကြီးကို ဘယ်လိုလုပ်ပြီး တိုက်နိုင်ပါ့မလဲလို့ ကျုပ်တွေးမိတယ်” ။

“ကျွန်တော့်လူတွေက ဆင်းရဲသားလယ်သမားတွေပါ၊ စစ်သားတွေလည်း မဟုတ်ပါဘူး။ ဒါပေမယ့် တူရကီတပ်နဲ့ ဗြိတိသျှတပ်တွေမှာ အမှုထမ်းခဲ့ဖူးတဲ့ စစ်သား ဖ ၁၅ ယောက်၊ အယောက် ၂၀ ကို ကျွန်တော့်အနေနဲ့ အချိန်မရွေးငှားရမ်းလို့ရပါတယ်။ သူတို့ကို နေရာချပေးဖို့အတွက် ကျွန်တော်တို့မှာ လယ်မြေတွေ တစ်ပုံကြီးရှိပါတယ်။ ဝါဟာဘီလူမျိုးစုတွေကို ခေါင်းဆောင်ခန့်ထားလိုက်လျှင် သူတို့က ကျွန်တော်တို့အပေါ် ောစောင့်သိကြမှာ သေချာပါတယ်”

သူဌေးကြီးသည် အစားရပ်ပြီး သူ့လက်ကို လက်သုတ်ပဝါဖြင့် သုတ်နေသည်။ နောက် ခဲတံနှင့်စာရွက်ကိုထုတ်ကာ ရေးခြစ်တွက်ချက်သည်။

“အလကားပဲ၊ စီးပွားရေးအရ ဘာမှတွက်ခြေမကိုက်ဘူး။ ကျုပ် ဒီရွာကရတဲ့ က်ဆံတွေအားလုံး ကာကွယ်ရေးစရိတ်ထဲပဲ ဝင်သွားမှာပဲ”

“ကျွန်တော်တို့ အဖြေတစ်ခုခုရအောင်တော့ လုပ်နိုင်ပါတယ်”

”မောင်က ဘယ်လိုများ စဉ်းစားထားလို့လဲ”

”ကျွန်တော် တာဝန်ယူလုပ်ကိုင်နေတဲ့ လယ်ကွင်းရှစ်ရာကို ကျွန်တော့်ကို လွှဲပြောင်း ချင်ပါတယ်”

”လတ်စသတ်တော့ မောင်က သူခိုးကျင့်သူခိုးကြံ ကြံနေတာပါလား အီဘရာဟင်”

”ပြီးတော့ ရွံ့ဗွက်ဖုံးနေတဲ့ လယ်ကွင်းငါးရာခြောက်ရာလောက် ကျန်သေးတယ်။ တွေလဲ ဘာမှလုပ်လို့မရဘူး။ အဲဒါတွေကိုလဲ ကျွန်တော် လိုချင်ပါတယ်” ။ “ဂျူးတွေ ဘာလုပ်နေကြတယ်ဆိုတာ မောင်

အမြဲတမ်းစောင့်ကြည့်နေတယ် လား' "ကျွန်တော် ဂျူးတွေဆီက ဘာမှမလိုချင်ဘူး။ ဩစတြေးလျသစ်ပင်တွေပဲ လိုချင် ဖောဇီကဘားသည် ကုလားထိုင်မှ ခက်ခက်ခဲခဲပြန်ထလိုက်ပြီး... "ဒီကိစ္စက တန်ဖိုးကြီးလွန်းလှပါတယ် အီဘရာဟင်" 'ဘယ်လိုပဲဖြစ်ဖြစ် ဒီကိစ္စကို လေးလေးနက်နက်စဉ်းစားရမှာပဲ၊ ကျွန်တော်က ဆာနဲ့တော့ မဟာမိတ်မလုပ်နိုင်ဘူး၊ ဒါပေမယ့် သူတို့လဲ ဂျေရုဆလင်မင်းကြီးရဲ့ ရန်ဘက်ပါပဲ။ တာလမ်းမကြီးတစ်ဖက်မှာက ဂျူးတွေ၊ နောက်တစ်ဖက်မှာက တဘားရွာ။ ကိုစဉ်းစားပါ၊ သူဌေးကြီးအနေနဲ့ ဂျေရုဆလင်မင်းကြီးကို ဂျေရုဆလင်မှာပဲ ပိတ်ထားပြီး လိုင်ဒါနဲ့ ရမ်လီကို ရောက်မလာနိုင်အောင်လုပ်ထားဖို့ သိပ်ပြီး ကြီးပါတယ်" သူဌေးကြီးသည် ကိုယ်ကိုကိုင်းပြီး လင်ပန်းထဲမှ စပျစ်သီးလက်ကျန်ကို ကောက် ဆိုက်သည်။

" ဒါတော့ လုံးဝမဖြစ်နိုင်ဘူး ဟု သူကပြောလိုက်ပြီးနောက် တံခါးဝသို့ လျှောက်လာသည်။ သူ့ခြေလှမ်းများ ရပ်သွားပြီး အီဘရာဟင်ဘက်သို့ ပြန်လှည့်လိုက်သည်။ သူတွေးမိသည်။ ကိုယ့်အလို ချင်လျှင် သူ့အလိုကိုလည်း ဖြည့်ပေးရလိမ့်မည်။ "ကောင်းပြီ၊ ကိစ္စပြတ်ပါပြီ" သူက ရုတ်တရက်ပြောလိုက်သည်။ "သို့သော် တော့ရှိတယ်၊ မောင်ဖွဲ့စည်းမယ်ဆိုတဲ့ လုံခြုံရေးတပ်ကိစ္စပါ။ သူတို့ကပဲဖြစ်ဖြစ်၊ တွေကပဲဖြစ်ဖြစ်၊ ဂျူးတွေကို အနှောင့်အယှက်လုပ်တာကိုတော့ ကျုပ် လုံးဝ ဘုနိုင်ဘူး၊ ဂျူးတွေဟာ ကျုပ်တို့ရဲ့ မဟာမိတ်တော့မဟုတ်ပါဘူး။ သို့သော် ဤကိစ္စတွေမှာ သူတို့လဲ ကျုပ်တို့ကို ကူညီနိုင်ပါတယ်၊ အမှန်ပြောရလျှင် ဂျေရု မင်းကြီးထက် ဂျူးတွေက ပိုပြီးကောင်းပါသေးတယ်" ။ "ဒါပေမယ့် ကျွန်တော်တော့ ဂျူးတွေနဲ့ ဘယ်တော့မှ မိတ်ဆွေဖွဲ့ မှာမဟုတ်ဘူး   အီဘရာဟင်က ခေါင်းမာမြဲမာနေသည်။

"ဘယ်သူက မိတ်ဆွေလဲ၊ ဘယ်သူက ရန်သူလဲ။ ဘယ်သူက မဟာမိတ်လဲ" သူဌေးကြီးက ပခုံးကိုတွန့်၍ ပြောလိုက်သည်။ "ဒီကိစ္စဟာ ကျုပ်တို့အတွက် အလွန် ရှုပ်ထွေးတဲ့ကိစ္စ။ သို့ပေမယ့် ဒါဟာ ကျုပ်တို့ရဲ့ သဘာဝပဲ၊ ကျုပ်တို့ရဲ့ စရိုက်ပဲ၊ မောင်နဲ့ ကျုပ်နဲ့ကတော့ အချင်းချင်း နားလည်ကြပါတယ် အီဘရာဟင်"

"အခု ကျွန်တော့်အိမ်က ပြန်သွားတဲ့အခါ..." အီဘရာဟင်က ပြောသည်။

"ကျွန်တော်တို့နှစ်ယောက် လက်ချင်းတွဲပြီး ညီရင်းအစ်ကိုလို

လျှောက်သွားကြလျှင် သိပ်ကောင်းလိမ့်မယ်။ အဲဒီလို အခြေအနေမျိုးမြင်ရလျှင် ရွာသူရွာသားတွေလဲ အားတက် ကြလိမ့်မယ်”

သူဌေးကြီးက ပြုံးသည်။ ဘီဒိုယင်မျိုးဆက်ဝင် စာမတတ်ပေမတတ်သူ ဤလူငယ်က သူ့ကို လိမ္မာပါးနပ်စွာ စည်းရုံးသိမ်းသွင်းလိုက်ပါရောလား။

ဘယ်လိုပင်ဖြစ်ဖြစ် သူ့အနေဖြင့် တဘားနယ်မြေတွင် အလွန်အင်အားကောင်းသော မဟာမိတ်တစ်ယောက် ရပြီဆိုသည်ကတော့ သေချာသည်။ ဤအချက်သည် ပါလက်စတိုင်း တွင် သူသန်းနှင့်ချီ ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းပေါင်းများစွာအတွက် အဓိက အာမခံ ချက်ပင် ဖြစ်သည်။

ထို့နောက် သူက တံခါးရွက်ကိုဖွင့်ကာ အီဘရာဟင်၏ပါးပြင်ကို လက်နှင့်ပွတ်သပ် ၍ ပြောလိုက်လေသည်။

“တစ်ခုတော့သတိရပါ အီဘရာဟင်၊ နောက်ဆိုလျှင် ကျုပ်ကို အခုလို ဘယ်တော့မှ မဆင့်ခေါ်ပါနဲ့”

အခန်း (၈)

၁၉၂၅ ခုနှစ်…။ သူဌေးကြီး ဖောဇီကဘား လာရောက်လည်ပတ်သွားပြီးနောက် အီဘရာဟင်၏ အနေသည် သိသိသာသာကြီး ပြောင်းလဲလာခဲ့လေသည်။

အေယာလုံမြစ်ဝှမ်းတွင် ဆက်လက်ကျန်ရှိနေသော လယ်သမားများက အီဘရာ ဆင်အားသူတို့၏ကယ်တင်ရှင်ကြီးအဖြစ် မှတ်ယူလာကြသည်။ ဖောဇီကဘားကဲ့သို့သော ဣကိုုလ်ကြီးအား သူ့တို့ထံလာရောက်ရန် ဆင့်ခေါ်နိုင်သည်မှာ အီဘရာဟင်၏ ချီးကျူးမကုန် နိုင်သော သတ္တိဖြစ်သည်။ တဘားနယ်မြေ လယ်ယာများကို ရောင်းမပစ်ဘဲ နဂိုအတိုင်း ဆက်လက်ထားရှိမည့်အကြောင်း သတင်းစကားသည် သဲကန္တာရလေပွေပမာ တစ်နယ်လုံးသို့ ချက်ချင်းပြန့်သွားခဲ့သည်။

. ဤသည်မှာ အီဘရာဟင်အဖို့ ဘုရားပေးသောဆုလာဘ်ကြီးပင်ဖြစ်သည်။ သူ့ သံမြေများအတွက် နှစ်စဉ်လယ်ထောက်ခ ပေးစရာမလိုတော့ဘဲ လယ်မြေအားလုံးကို အပြီးအပိုင်ရလိုက်လေပြီ။ ထိုမျှသာမက ရွှေပေါ်တွင်တင်လိုက်သကဲ့သို့ သူ့ဇနီး ဟာဂါ လည်း ကမယ်ဟူသော သားယောကျ်ားကလေးကို မွေးဖွားပေးလိုက်လေသည်။

အီဘရာဟင်အနေဖြင့် ဂုဏ်ယူစရာအကောင်းဆုံးကတော့ စစ်ပညာကျွမ်းကျင်သော စံငနံတစ်ဒါဇင်ခန့်ကို သူ၏ အမြဲတမ်းကိုယ်ရံတော်တပ်ဖွဲ့ အဖြစ် ခန့်ထားနိုင်ခဲ့ခြင်း ပင်ဖြစ်သည်။ ဤသည်မှာ အာရပ်အကြီးအကဲ တစ်ယောက်အနေဖြင့် မိမိ၏ တန်ခိုး ဩာစကိုကို ထုတ်ဖော်ကြေညာလိုက်ခြင်းလည်း ဖြစ်သည်။

ယခုအချိန်တွင် သူ့လက်အောက်ခံကျေးရွာများမှ ခေါင်းဆောင်အကြီးအကဲများ လည်း အသေးအဖွဲ့ ကိစ္စကလေးများဖြင့် သူ့အား စိတ်ညစ်အောင် မလုပ်နိုင်ကြတော့။

ဓပိုင်နက်နယ်မြေတွင် မိသားစုပေါင်း ၂၀၀ ကျော်ရှိပြီး လူဦးရေအားဖြင့် ၁၁ ခန့်ရှိသည်။ သူ၏ ဩဇာအာဏာသည် ထိုလူများအပေါ်တွင် အကန့်အသတ်မရှိ တော်ရောက်သောကြောင့် ယခုအခါ သူသည် လူမျိုးစုအကြီးအကဲအဖြစ်သို့ ပြည့်ပြည့်ဝဝ က်ရှိလာခဲ့ပြီ ဖြစ်လေသည်။ [၁၈၂၅ ခုနှစ်၊ ဆောင်းဦးပေါက်သီးနှံများ ရိတ်သိမ်းပြီးနောက် အီဘရာဟင်သည် သို့ ဘုရားဖူးသွားခဲ့သည်။ ဤမြစ်ဝှမ်းဒေသမှ မက္ကာသို့ ပထမဦးဆုံး သွားရောက်ဖူးသော ပုဂ္ဂိုလ်ပင်ဖြစ်သည်။ မက္ကာမှ ပြန်ရောက်လာသောအခါ သူ့နာမည်တွင်လည်း ဂုဏ်ထူး ဘွဲ့ ထူးတစ်ခုတိုးလာခဲ့သည်။ ဟာဂျီအီဘရာဟင်။

ဟာဂျီဘွဲ့ ကား လူတိုင်းရနိုင်သောဘွဲ့မဟုတ်။ မက္ကာသို့ ဘုရားဖူးသွားရောက်ခဲ့ပြီး သူများသာလျှင် ရရှိနိုင်သောဘွဲ့ထူး ဖြစ်သည်။

သို့သော်လည်း ယင်းသို့သော ဘွဲ့ထူးဂုဏ်သိမ် အရှိန်အဝါများသည် သူ့အား စိတ်ချမ်းသာမှုကို အပြည့်အဝ မပေးနိုင်ခဲ့ချေ။ ထို့ကြောင့် သူသည် တောင်ကုန်းပေါ်တွင်သာ တစ်ယောက်တည်း အချိန်ကုန်ပြီး နေသူရိန်ဘုံရိပ်သာနှင့် ဤဒေသရှိ အခြားသော ဂျူးရပ်ရွာသစ်များအကြောင်းကိုသာ

အမြဲလိုလိုတွေးနေတတ်သည်။

ယင်းသို့တွေးမိတိုင်လည်း သူ့ရင်ထဲတွင် ခံပြင်းသောစိတ်များ တဖွားဖွား ပေါ်ပေါက် လာတတ်သည်။ တဘားရွာနှင့် နေသူရိန်ဘုံရိပ်သာတို့အကြားတွင် အခြေအနေတင်းမာ နေသည်။ ပေါ်ပေါက်လာသမျှ ပြဿနာများကို အီဘရာဟင်၏ အစ်ကိုကြီး ဖရောက်က တာဝန်ယူ ဖြေရှင်းနေရသည်။

ဂျူးတို့၏ ဘုံလယ်မြေများမှာ တစ်နှစ်ထက်တစ်နှစ် ဆတက်ထမ်းပိုး တိုးတက် လာသည်။ သီးနှံတွေ တစ်မျိုးပြီးတစ်မျိုး တိုးတက်စိုက်ပျိုးလာသည်။ ယခင်က ဘာမှအသုံး ချ၍မရသော ရွှံ့ဗွက်တောကြီးမှာ ယခုအခါ သီးနှံစိုက်ခင်းကြီး ဖြစ်လာခဲ့ပြီ။

သီးနှံရိတ်သိမ်းချိန်တွင် ဂျူးတွေကိုတိုက်ခိုက်ရန် အီဘရာဟင်က ကတိပေးခဲ့သည်။ သို့သော် သူကား ကတိအတိုင်းမလုပ်နိုင်ခဲ့။ သူ့ဘိုးကြီး ဖောဇီကဘား၏ ဟန့်တားချက်ကို များစွာ အလေးအနက်ထားစရာ မလိုသည့်တိုင်အောင်၊ သူ့အနေဖြင့် ကာကွယ်ရေးတပ်ရှိနေပြီ ဖြစ်သည့်တိုင်အောင် လက်တွေ့တွင် ဂျူးတွေနှင့် ထိပ်တိုက်ရင်ဆိုင်ရန် မဖြစ်နိုင်ကြောင်း သူကောင်းစွာသိနေသည်။

နေသူရိန်ဘုံရိပ်သာတွင်လည်းကောင်း၊ အေယာလုံမြစ်ဝှမ်းတစ်ခွင်ရှိ အခြားသော ဂျူးကျေးရွာများတွင်လည်းကောင်း၊ ဂီဒီယံအက်ရှ်၏ကွပ်ကဲမှုဖြင့် ဖွဲ့စည်းထားသော ဟာဂနာ ၊ ကာကွယ်ရေးတပ်သားများ ရှိနေကြသည်။

ဤတပ်သားများသည် စစ်ရေးလည်း ကျွမ်းကျင်ကြသည်။ ခေတ်မီလက်နက် များလည်း အလုံအလောက်ရှိသည်။ ဂျူးတို့သည် လက်နက်ခဲယမ်းမီးကျောက်များကိုပင် လျှို့ဝှက်စွာထုတ်လုပ်နေကြသည်ဟူ၍လည်း သတင်းထွက်နေသည်။

၁၉၂၇ ခုနှစ် နွေဦးတွင် ဘုံရိပ်သာ၌ ကြက်ဘဲမွေးမြူရေးလုပ်ငန်းကြီး စတင်ရာ ဥဖောက်လုပ်ငန်းကြောင့် လျှပ်စစ်မီးရောင်များ တစ်ညလုံး ထိန်ထိန်လင်းနေသည်။ ထိုနှစ်နောက်ပိုင်းတွင် နွားမွေးမြူရေးနှင့် နို့ဆီထုတ်လုပ်ရေးကိုပါ တိုးချဲ့လုပ်ကိုင်လာခဲ့သည်။ နို့ဆီများကို တဲလ်အဗစ်နှင့်

ဂျေရုဆလင်မြို့များသို့ပင် တင်ပို့ရောင်းချနိုင်လာသည်။

အီဘရာဟင်က တားမြစ်ထားသော်လည်း သူ့ရွာမှ လယ်သမားများသည် ဂျူးလယ် သမားများနှင့် အသေးအဖွဲ့ဆက်ဆံမှုများ အခါအားလျော်စွာ ရှိနေကြသည်။ လယ်ကွင်းချင်း ဆက်နေကြသောကြောင့် မလွဲမရှောင်သာ ပြောဆိုဆက်ဆံနေကြရသည်။ ဂျူးတို့သည် ဇောင်းကြမ်းပင်၊ ရှားစောင်းလက်ဝါးပင်နှင့် ဆူးပင်များဖြင့် ခြံစည်းရိုး ထိုးထားကြသော်လည်း] မွေးမြူရေးခြံထဲမှ ကြက်များနှင့် တောင်စောင်းလှေကားထစ် စိုက်ကွင်းများမှ သီးနှံများကို ခိုးယူမှုများ မကြာခဏပေါ်ပေါက်တတ်သည်။

.၊ များနှင့် အာရပ်လယ်သမားများသည် အခါအားလျော်စွာ တွေ့ဆုံဆက်ဆံကြပြီး ပြန်အလှန် ရောင်းဝယ်ခြင်းများပင် ပြုလုပ်နေကြသည်။

ယင်းသို့ အေးချမ်းတည်ငြိမ်နေသော အခြေအနေသည် ၁၉၂၇ ခုနှစ် သီးနှံပေါ်ချိန် ခုသောနေ့တွင် ဝုန်းခနဲ ပေါက်ကွဲသွားခဲ့လေသည်။

ဖြစ်ပုံမှာ တဘားရွာမှ ဟာနီအမည်ရှိလူတစ်ယောက်သည် ဘုံရိပ်သာ လှေကား စိုက်ခင်းထဲ တိတ်တဆိတ်ခိုးဝင်ပြီး ဂျူးလုပ်သားများ ပြန်ထွက်သွားကြသောအခါ သီးများကိုခူးသည်။ - (ဟာနီအား ဘုံရိပ်သာမှ ဂျူးအမျိုးသမီးတဦးကမြင်သွားသည်။ အမျိုးသမီးက သူများထံမှ အကူအညီမတောင်းနိုင်မီမှာပင် ဟာနီ က အတင်းဖမ်းချုပ်ပြီး မြေကြီး ချင်လှဲချကာ ခေါင်းကိုပြင်းထန်စွာရိုက်နှက်သည်။ မြေကြီးပေါ်တွင် အဝတ်အစား လဲဖြင့်လဲနေသော အမျိုးသမီးကို မြင်ရသောအခါ ဟာနီမှာ စိတ်ကိုမထိန်းနိုင်တော့ဘဲ သမီး၏ အဝတ်အစားများကို အတင်းဆွဲချွတ်ပြီး ဗလက္ကာရပြုကျင့်ရန် ကြိုးစား သည်။ သို့သော် အမျိုးသမီးသည်ကြောက်အားလန့်အားဖြင့် ဟာနီအား အတင်းရုန်းကန် ဆောက်ပြီး ထွက်ပြေးလွတ်မြောက်သွားသည်။ ဟာနီ၏လက်ချက်ကြောင့် အမျိုးသမီးမှာ င်းရိုးကျိုးသွားသည်။ သွားတွေလည်းကျိုးသွားသည်။ ပို၍ဆိုးသည်မှာ ထိုအချိန်တွင် သမီးမှာ ကိုယ်ဝန်ရှိနေသည်ဟုဆိုသည်။

ဟာနီသည် နာရီပိုင်းအတွင်းမှာပင် တောင်ပိုင်းမှရွာတစ်ရွာသို့ ထွက်ပြေးသွားပြီး များထံတွင် ပုန်းအောင်းနေသည်။ ဂျူးများက တန်ပြန်လာရောက်

တိုက်ခိုက်မည်စိုး၍ လည်း လုံခြုံရေးအပြည့်ချထားကြသည်။ သို့သော် ဂျူးတွေတော့မလာ။ ဗြိတိသျှပုလိပ် က ရောက်လာကြသည်။

တစ်ရွာလုံးက ဘာမျှမပြောဘဲ တညီတညွတ်တည်း နှုတ်ပိတ်ရေငုံနေကြသော်လည်း ၏နာမည်ကို ပုလိပ်များသိသွားကြသည်။ ပုလိပ်များသည် တရားခံကိုမဖမ်းမိဘဲ ည်းသက်သက် ပြန်သွားကြသည်။ သို့သော် ဂျူးတွေဘက်မှ ဘယ်လိုမှလှုပ်ရှားမှုမရှိဘဲ ငြိမ်သက်နေသောကြောင့် အခြေအနေမှာ ဖွဲမီးပမာဖြစ်နေသည်။ တဘားရွာမှ လူတစ်ယောက်ယောက်က ဟာနီ့အကြောင်းကို ဂျူးများအား ပေးလိုက်ခြင်းဖြစ်ကြောင်း သိရှိရသောအခါ အီဘရာဟင်သည် အလွန်စိုးရိမ် ည်။ မတည့်သောလူမျိုးစု တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် သတင်းပေးပြီး က်၏လှုပ်ရှားမှုကို တစ်ဖက်က မျက်ခြည်မပြတ် စောင့်ကြည့်နေတတ်ခြင်းမှာ လူမျိုးတို့၏ ထုံးတမ်းစဉ်လာတစ်ရပ်ပင် ဖြစ်သည်။ ဤတွင်မှ ဂျူးများသည် သူ့ များကို ပိုက်ဆံပေးပြီး စည်းရုံးနေကြကြောင်း အီဘရာဟင် သဘောပေါက်မိ အီဘရာဟင်သည် ထိုနေ့ညတွင် အစောင့်များလုံခြုံစွာချပြီး တောင်ကုန်းပေါ်တွင် ခေါက်ပြန် လမ်းလျှောက်ရင်း အလွန်ဦးနှောက်ခြောက်နေသည်။ ဟာနီကတော့ ဆွေမျိုးများကြားတွင် လုံခြုံစိတ်ချနေရပြီ။ ဗြိတိသျှပုလိပ်များက သူ့ကို ဘယ်တော့မှ တော့မည်မဟုတ်။ ဂျူးတွေဘက်မှ ငြိမ်လှချည်လား။ သူတို့က ကလဲ့စား ပြန်မ တော့ဘူးလား။ သူတို့ ဘာကြောင့်များ လာမတိုက်တာပါလိမ့်။ အီဘရာဟင်သည် အမျိုးမျိုးကာ အဖြေရှာကြည့်သည်။ နောက်နေ့နံနက် နေထွက်ပြီးနောက် မကြာမီကလေးတွင်ပင် အဖြေပေါ်လာတော့သည်။ ဖရောက် ဟာဂါတို့ ဦးဆောင်သော ရွာသားများသည် အော်ဟစ်ဆူညံစွာ တောင်ကုန်းပေါ် ပြေးတက်လာကြသည်။ "ရေတွင်းမှာ ရေခန်းသွားပြီ။ တစ်စက်မှမကျန်တော့ဘူး ။

ကြားလိုက်ရသောစကားကြောင့် အီဘရာဟင်၏ လည်ချောင်းလည်း ခြောက်က သွားသည်။

"ကျွန်တော်တို့ ရေငတ်ကြရတော့မယ်"

"ဒီအတိုင်းဆို မကြာခင် သေကြရတော့မှာပဲ"

"ကျွန်တော်တို့ ယောကျ်ားတွေမဟုတ်လား၊ မိန်းမတွေလို အော်မနေစမ်း

ကြိုး ကျုပ်မြင်းကိုသာ အမြန်ကုန်နိုးတင်စမ်း အီဘရာဟင်က အော်ပြောလိုက်သည်။ ထို့နောက် လက်နက်ကိုင်အစေ နှစ်ယောက်ကို သူနှင့်အတူလိုက်ရန် နာမည်ခေါ်၍ အမိန့်ပေးလိုက်သည်။

သူတို့သည် မိနစ်ပိုင်းအတွင်းမှာပင် ဘုံရိပ်သာဂိတ်ဝသို့ ရောက်လာကြသော လက်နက်မပါသော အစောင့်တစ်ယောက်သည် ကင်းရုံထဲမှထွက်လာသည်။

“ကျုပ် မင်းတို့အကြီးအကဲနဲ့တွေ့ချင်တယ်" အီဘရာဟင်က အော်၍ပြောလိုက်သည်။

အစောင့်က နောက်တစ်ယောက်ကို လှမ်းခေါ်လိုက်ပြီး သူတို့နှစ်ယောက် ခေါင်း ဆိုင်၍ စကားပြောကြသည်။

“ကျွန်တော်တို့မှာ အကြီးအကဲမရှိပါဘူး' ဒုတိယအစောင့်က အာရေဗစ်စကား ထစ်ထစ်အအ ပြောသည်။ “မြင်းတွေကိုချည်ထားပြီး စောင့်နေပါ”

သူပြန်ထွက်သည်။ မကြာမီတွင် ပြန်ရောက်လာသည်။ တုတ်ခိုင်သန်မာ အမျိုးသမီးတစ်ယောက်လည်း ပါလာသည်။ အီဘရာဟင်နှင့် သူ့လူများသည် တစ် မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

“ကျွန်မနာမည်ရှည်ပါ၊ ဘုံရိပ်သာရဲ့ အတွင်းရေးမှူးပါ” အမျိုးသမီးက အာရေဗစ်လ မပီမသဖြင့်ပြောသည်။ “ရှင်တို့ ဘာကိစ္စများရှိပါသလဲ”

“မင်းနဲ့မဖြစ်ဘူး၊ မင်းက မိန်းမပဲ၊ ငါက မိန်းမတစ်ယောက်နဲ့ မဆွေးနွေးချင် တဘားရွာက အကြီးအကဲ အီဘရာဟင်ဆိုတာငါပဲ”

“ဩော်... ရှင်က အရိုက်ခံရတဲ့မိန်းကလေးကို တွေ့ချင်လို့လာတာလား”

”ငါ ဂီဒီယံအက်ရှ်နဲ့ပဲ စကားပြောချင်တယ်” ။

ရှည်နှင့် အစောင့်နှစ်ယောက်တို့ အချင်းချင်းစကားပြောကြသည်။ ပြီး ရှည်က ပြောသည်။

“ဂီဒီယံကလဲ ရှင်လာပြီး သူနဲ့တွေ့ခွင့်တောင်းလိမ့်မယ်လို့ ပြောထားပါ ရှင်တို့လက်နက်တွေကို ရှိုလိုမိုဆီမှာအပ်ထားခဲ့ပါ။ ပြန်တော့မှ ပြန်ယူသွားကြပါရ

အီဘရာဟင် မကျေမနပ်စွာဖြင့် သူ့ရိုင်ဖယ်ကို အစောင့်ရှိုလိုမိုလ် ကမ်းပေးလိုက်သည်။ သူ့လူနှစ်ယောက်အားလည်း လက်နက်များကို ပေးအပ်လို၊ အမိန့်ပေးလိုက်သည်။

“ရှိုလိုမို၊ သူတို့ကိုယ်မှာ ခားမြှောင်တွေဘာတွေပါလား၊ ရှာကြည့်စမ်း”

ရှသပ်က ခပ်တည်တည်ဖြင့် ပြောလိုက်သည်။

အီဘရာဟင်က နှာခေါင်းရှုံ့ကာ လက်နှစ်ဖက်ကို မြှောက်လျက် ရှာဖွေခွင့် ပြုလိုက်သည်။ ရှိုလိုမိုက သူတို့သုံးယောက်စလုံးကို စမ်းသပ်ရှာဖွေကြည့်သည်။

“ဘာမှမရှိပါဘူး ။ ရှိုလိုမိုက ပြောလိုက်သည်။ ရှသ်က ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။ ရှိုလိုမိုက ဂိတ်တံခါးကိုဖွင့်ပေးသည်။ “မြင်းစီးပြီး ဝင်နိုင်ပါတယ်” ရှသ်က ပြောသည်။ “ရေတံခွန်နားက စမ်းချောင်း ကို သိပါသလား”

”သိတယ်”

”ဂိဒီယံ အဲဒီကစောင့်နေပါတယ်” စမ်းချောင်းကလေးတစ်ခုသည် ရေကန်ကလေးကိုဖြတ်ကာ ရေတွေတသွင်သွင် သည်။ ဂိဒီယံအက်ရှိသည် စမ်းချောင်းလေးမှ ယူကလစ်ပင်ရိပ်တွင် အပန်းဖြေ အကြောင်းနေရာမှ မြင်းခွာသံများကြားရ၍ ထရပ်လိုက်သည်။ မြင်းစီးသမားသုံးယောက် ထံသို့လာနေကြသည်။ အီဘရာဟင်သည် မြင်းပေါ်မှခုန်ဆင်းလိုက်ပြီးနောက် အသက် ပြင်းပြင်းရှူးကာ လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး ပြောလိုက်သည်။

'ခင်ဗျားကို ကျုပ်တစ်ခုသတိပေးမယ်၊ ဒီမြစ်ဝှမ်းဒေသမှာ ကျုပ်လက်နက်ကိုင် သားပေါင်း တစ်သောင်းရှိတယ်၊ လိုအပ်လျှင် နောက်ထပ် ဝါဟာဘီလူမျိုးစု တစ်သောင်း သည် ကျုပ်ဘက်ကို ဝင်ရောက်လာကြမယ်၊ အဲဒီတော့ ဒီမြစ်ဝှမ်းတည့်တည့်ကို ရောက်ချိန်မှာ ကျုပ်တို့ရေတွင်းကို ရေပြန်မထည့်လျှင် ဒီမြစ်ဝှမ်းမှာ ဂျူးသွေးတွေနဲ့ လွှမ်းသွားအောင် လုပ်ရလိမ့်မယ်”

“ကျွန်တော်တစ်ခုပြောပါရစေ အီဘရာဟင်” ဂိဒီယံက လေသံအေးအေးနှင့်သည်။ “ခင်ဗျားရွာကို ကျွန်တော်ပထမဆုံးအကြိမ် လာလည်ခဲ့တာ သုံးနှစ်တိတိ ပြီး ခင်ဗျားမှာ အင်အားကောင်းတဲ့ စစ်တပ်ကြီးရှိနေတာဟုတ်မှာပါ။ ဒါပေမယ့်

အေးတို့အနေနဲ့ ရေတော့ တစ်စက်မှရမှာမဟုတ်ဘူး၊ အဲဒီရေက ကျွန်တော်တို့ပိုင်တဲ့

”ခင်ဗျားက ဂျူးလူလိမ်ပဲ”

“ပြောချင်သလိုပြောပါ၊ ဒါပေမယ့် ခင်ဗျားရဲ့ ကျေးဇူးရှင်ကြီး ဖောဇီကဘားက ကျွန်တော်တို့ကို ဒီနယ်မြေတွေကို ရောင်းထားတာပါ။ ဒါကြောင့် ရေသွင်းရေထုတ်ခွင့်ကို ကျွန်တော်တို့ပဲပိုင်ပါတယ်၊ ခင်ဗျားတို့ ဆက်ဆံရေးကောင်းလျှင် တဘာရွာအနေနဲ့ လုံအလောက်ရမယ်၊ ဆက်ဆံရေးမကောင်းလျှင် ရေတစ်ပေါက်မှသောက်ရမှာ ထုတ်ဘူး”

“မင်းက လူလိမ်ပဲ၊ သူများတွေမသေခင် မင်း အလျှင်သေရမယ်”

”စိတ်မတိုပါနဲ့၊ အေးအေးဆေးဆေးပြောစမ်းပါ၊ ကျွန်တော်ပြောတာ မယုံလျှင် ချက်ချင်း မြင်းပေါ်တက်ပြီး လိုင်ဒါကိုသွားပါ။ ကျွန်တော်တို့ ဝယ်ထားတဲ့ လယ်မြေတွေကို ယ်မြေမှတ်ပုံတင်ရုံးမှာ အားလုံးမှတ်ပုံတင်ထားပြီးပါပြီ”

အီဘရာဟင်သည် အံ့အားကြီးသင့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ - နံတကယ်သာ ရေသွင်းရေထုတ်ခွင့်ကို ဂျူးတို့ကပိုင်ခဲ့လျှင် သူ့အနေဖြင့် မုဒိမ်းကောင် သည်။ “ကျွန်တော်ပေါ့။ ကျွန်တော်ရောက်နိုင်ပါ့မလာသူပမာ ဘေး လောင်း ဟာနီအား ဂျူးတို့လက်သို့ မလွဲမသွေ ပေးအပ်ရလိမ့်မည်။ သို့မှသာ ရွာထဲမှရေတွင်း၌ ရေပြန်ပြည့်လာနိုင်မည်ဖြစ်သည်။

ဂီဒီယံက အီဘရာဟင်၏ အစောင့်များအားပြန်ထွက်သွားကြရန် ခပ်မာမာ အမိန့်ပေးလိုက်သည်။ သူတို့သည် မြင်းများကိုပြန်လှည့်ကာ ပြန်ထွက်သွားရန် ပြင်ကြသည်။

“ခင်ဗျားလဲ ပြန်နိုင်ပြီ။ ကျွန်တော်တို့ ဆွေးနွေးပွဲပြီးပြီ" ဂီဒီယံက အီဘရာဟင်အား ပြောလိုက်သည်။

ဂျူးက သူ့ကို ထောင်ချောက်ထဲသွင်းထားလိုက်ပြီ။ သူ့အနေဖြင့် ရွေးစရာ တခြားလမ်းမရှိတော့။ သူက ဒေါသစိတ်ကိုထိန်းထားသည်။ မထိန်းလျှင် မကြာမီတွင် အခြေအနေ ပို၍ဆိုးရွားလာမည်မှာ သေချာသည်။ ဂီဒီယံသည်

ခြောက်လျှင်ကြောက်တတ်သူ မဟုတ်ကြောင်းကိုလည်း သူကောင်းစွာသိသည်။ သူက အလျှော့မပေးဘဲတင်းလိုက်လျှင် ဂီဒီယံနှင့် အရှုံးအနိုင်ရင်ဆိုင်ရတော့မည် ဖြစ်သည်။ ထို့ကြောင့် သူက သူ့လူများအား ပြန်လှည့်ရန် လက်ကိုဝှေ့ယမ်းပြီး အမိန့်ပေးလိုက်သည်။

"ခဏနေပါဦး" ဂီဒီယံက အနီးမှကျောက်ပြားကြီးနှစ်ခုကို လက်ညှိုးထိုးပြပြီး ပြောလိုက်သည်။ "ကျွန်တော်က ခဏခဏ ဒီနေရာမှာ လာထိုင်တတ်တယ်။ တောင်ကုန်းပေါ် တက်ပြီး ခင်ဗျားအနားယူသလိုပေါ့၊ ကျွန်တော်တို့မှာ ပြောစရာတွေ အများကြီးရှိသေးတယ် ဒါနဲ့ ခင်ဗျား ဝိုင်အရက်နည်းနည်းလောက် သောက်နိုင်ပါ့မလား"

အီဘရာဟင်သည် သူ့ကိုယ်သူ သူလျှိုတွေကြားထဲ ရောက်လာသူပမာ ဘေးဘီကို မလုံမလဲ အကဲခတ်ကြည့်လိုက်သည်။ သူသည် မွတ်စလင်ဘာသာဝင် ဖြစ်သောကြောင့် အရက်သောက်၍မဖြစ်။

"ကျုပ်တို့ စကားပဲပြောကြမယ်" အီဘရာဟင်က ပြန်ပြောသည်။ 'ဂီဒီယံသည် ကျောက်ဖျာပေါ်တွင် သွား၍ထိုင်သည်။

"ကိုယ့်ထက် တစ်ရက်ကြီးတဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်ထက်တစ်ရက်စာ ပိုပြီးလိမ္မာတတ်ပါတယ်။ သူဌေးကြီး ဖောဇီကဘားဟာ ခင်ဗျားကို တစ်ပတ်လှည့်နဲ့ ပေါင်းနေတယ် ဆိုတာ သတိပြုမိသလား"

အီဘရာဟင်က ဂီဒီယံအား မုတ်လောက်သားလောက် သတိပေးချင်စိတ် ပေါက်မိသည်။ အဘယ်ကြောင့်ဆိုသော် ဂျူးတစ်ယောက်က မွတ်စလင်တစ်ယောက် အကြောင်း မကောင်းပြောဆိုသည်ကို မည်သူမျှ ခွင့်မလွှတ်နိုင်သောကြောင့် ဖြစ်သည် ဖောဇီကဘားသည် ရေသွင်းရေထုတ်ခွင့်ကို ဂျူးတို့အားရောင်းချလိုက်ခြင်းဖြင့် မိမိအား သစ္စာဖောက်သွားသည်ကို အီဘရာဟင်က ကောင်းစွာသိသည်။ ဤသို့ပြုလုပ်ခြင်း တဘားရွာသားများက ဂျေရုဆလင်မင်းကြီးကို ဆန့်ကျင်လာအောင် တမင်ပြုလုပ်ခြင်း ဖြစ်သည်။ ဤကိစ္စကို ဘယ်လိုဖြေရှင်းရမည်နည်း။ ဂျူးတွေက ကြင်နာမှုပြကြပါ့မလား ကိုယ်က သူ့ကိုမစားနိုင်မီ သူကကိုယ့်ကို အလျင်စားသွားမည်ဟု အီဘရာဟင်က ထော မိသည်။

"ကျွန်တော် ဟာနီကိုလိုချင်တယ်" ဗီဒီယံက တောင်းဆိုလိုက်သည်။ "ခင်ဗျားလူတွေ တစ်ဒါဇင်လောက် သူ့ကိုလာတိုက်တုန်းက ဟာနီဟာသူ့လယ်ကွင်ထဲမှာရှိတယ်"

အီဘရာဟင်က ပြန်ပြောလိုက်သည်။

ဂီဒီယံက ပြုံးသည်။ သူ့အပြုံးက မထိလေးစားအပြီး။ လွန်ခဲ့သောသုံးနှစ်က အီဘရာဟင်အား ပြုံးပြခဲ့သောအပြုံးမျိုး။

"အဲဒီလိုဆိုလျှင် သူ့ကို ဥပဒေအတိုင်းလုပ်ရလိမ့်မယ်၊ တရားရုံးတင်ပြီး ဥပဒေအတိုင်း ထိုက်သင့်တဲ့ပြစ်ဒဏ် ခံရလိမ့်မယ်"

"မဖြစ်ဘူး၊ အဲဒီလိုလုပ်လို့မဖြစ်ဘူး။ ခင်ဗျားတို့က ကျုပ်တို့ကို ရေဖြတ်ချင်လို့ ဟာဋ္ဌီကိုလုပ်ကြံပြီး တမင်စွပ်စွဲတာ"

"ဒါဆို ခင်ဗျား ရွေးစရာနှစ်လမ်းပဲရှိတယ်၊ ဟာနီဟာ ဝါဟာဘီလူမျိုးစုတွေဆီမှာ မှန်းနေတယ်ဆိုတာ ကျွန်တော်သိတယ်။ ကျွန်တော့်မှာ ခင်ဗျားရွာမှာရော၊ ဝါဟာဘီလူမျိုးစု ထဲမှာရော သတင်းပေးတွေရှိတယ်။ ကျွန်တော်က ဝါဟာဘီအကြီးအကဲ ရှိတ်အဇစ်ရဲ့ အိမ်မှာ ၄၁ ရက်တိတိ ထမင်းစားခဲ့ဖူးတယ်။ သူနဲ့ကျွန်တော်နဲ့ မိတ်ဆွေဖြစ်နေကြပြီ။ ဒီတော့ ဟာနီ့ကိုပြန်အပ်ပြီး တရားဥပဒေအတိုင်းပဲ အပြစ်ဒဏ်ခံယူစေမှာလား၊ ဒါမှမဟုတ် ကျွန်တော့်မိတ်ဆွေ ဝါဟာဘီတွေလက်ထဲအပ်လိုက်ပြီး သဲကန္တာရထဲမှာပဲ လင်းတစာ ကျွေးလိုက်ရမှာလား အီဘရာဟင်သည် ဂျူးလူမျိုးတစ်ယောက်၏ ပညာသားပါပါဖြင့် အကျပ်ကိုင်ခြင်းကို ထမဆုံးခံရခြင်းပင်ဖြစ်သည်။ သူ့အနေဖြင့် ဟာနီအားအဖမ်းခံစေပြီး တရားခွင်သို့ ဘယ်တော့မှ ပို့လိမ့်မည်မဟုတ်ဆိုသည်ကို ဂီဒီယံသိကြောင်း သူသိသည်။ ဟာနီအား တရားခွင်သို့ပို့၍ စစ်ဆေးလျှင် အီဘရာဟင်အနေဖြင့် သူ့မျိုးနွယ်စုအတွင်း အရှက်ကွဲရ လိမ့်မည်။ ထို့ကြောင့် ဟာနီအား ဂီဒီယံ၏ ဘီဒိုယင်မိတ်ဆွေများလက်ထဲ အပ်လိုက်တာက ကောင်းလိမ့်မည်။

ဤသဘောတူညီချက်ကို ဂီဒီယံနှင့် သူတို့သာသိကြမည်။ သူက ဂီဒီယံအား အရေးတစ်ခုပေးရမည်။ သူ့ရေကို ဂျူးတွေက ပိုင်ထားသောကြောင့် သူ့အနေဖြင့် တွေထံတွင် အကြွေးတွေထပ်ဆင့်တင်ရှိလာလိမ့်မည်။ ငတ်နေသောအချိန်တွင်

ရန်သူရှေ့မှ တံလျှောက်နိုင်သော်လည်း အားနည်းနေသောအချိန်တွင်မူ ... ။

"ဟာနီက သူ့အပြစ်နဲ့သူရှိပါစေ' အီဘရာဟင်က ပြောသည်။ "သူ့ကို အရိုးချည်းကျန်အောင် လင်းတစာကျွေးကြလိမ့်မယ်"

"ဟုတ်ပြီ၊ ဒါဆိုလျှင် ဒီသတင်းဟာ ဒီညပဲ ဝါဟာဘီတွေဆီရောက်သွားလိမ့်မယ်"

"သို့သော် ဘယ်သူမှတော့မသိရဘူး"

"သဲကန္တာရဟာ ဘာကိုမဆို ဖုံးကွယ်ထားနိုင်ပါတယ်"

"ကဘားက ကျုပ်တို့ကိုလှည့်စားသွားတဲ့အတွက် ခင်ဗျားတို့က ကျုပ်တို့အပေါ်မှာ ခွင့်အရေးတော့ မယူပါနဲ့။ ကျုပ်တို့က တဘားရွာမှာ နေလာခဲ့ကြတာ နှစ်ပေါင်းတစ်ထောင် တ်လာပြီ"

အီဘရာဟင်က ရာစုနှစ်ပေါင်း တော်တော်များများ ပိုပြောလိုက်သည်။ "ခင်ဗျားတို့ကို ရေပေးလျှင် အလကားတော့မပေးနိုင်ဘူး။ တန်ရာတန်ဖိုးတော့ ရလိမ့်မယ်"

"ဒါပေမယ့် ကျုပ်တို့က သိပ်ပြီးဆင်းရဲပါတယ်၊ အလွန်ဆင်းရဲပါတယ်"

"ခင်ဗျား အများကြီးချမ်းသာတယ်ဆိုတာ ကျွန်တော်သိပါတယ်"

"ကျုပ်ကို အကျပ်ကိုင်ပြီး ငွေညှစ်လို့တော့ရမှာမဟုတ်ဘူး"

"ကျောက်တုံးကျောက်ခဲတွေထုခွဲပြီး ရေထွက်အောင် လုပ်နိုင်လျှင်တော့ ကိုယ့်ဖျာ ကိုယ်လိပ်ပြီးသာ ပြန်ပါတော့ အီဘရာဟင်က စိုးရိမ်သွားပြီး... "ဒါဖြင့် ဈေးကိုပြောပါ"

"ကျွန်တော်လိုချင်တဲ့ဈေးက ပိုက်ဆံမဟုတ်ဘူး၊ ငြိမ်းချမ်းရေး"

"ငြိမ်းချမ်းရေး ဟုတ်လား"

"ဟုတ်တယ်၊ ငြိမ်းချမ်းရေးပဲ"

”ဒါပဲလား”

“ဒါပါပဲ၊ ကျွန်တော်တို့က ခင်ဗျားတို့ရွာကို ရေသွင်းပေးမယ်။ ကျွန်တော်တို့ကို ဘယ်လိုမှမနှောင့်ယှက်ပါနဲ့တော့။ ကျုပ်လူတွေကို မှဲ့တစ်ပေါက် မစွန်းပါစေနဲ့”

“ခင်ဗျားတောင်းဆိုချက်တွေကို ကျုပ်ကပေးလျှင် ခင်ဗျားက ကျုပ်ကို ဘာတွေ ပြန်ပေးမှာလဲ”

“ရေပဲပေးမယ်”

“ကျုပ်လူတွေကို တရားဝင်ပြဖို့ အထောက်အထား၊ စာရွက်စာတမ်းရှိမှဖြစ်မယ်။ ကျုပ်ကို စာရွက်စာတမ်းနဲ့ လက်မှတ်ထိုးပေးပါ၊ ခင်ဗျား တောင်းဆိုချက်ကို ကျုပ် သဘောတူပါတယ်” ။

“ခင်ဗျားတို့ရဲ့ “ ရပိုင်ခွင့်ကို ကျွန်တော်တို့က တရားဝင်မှတ်တမ်းတင်ထားပြီးပါပြီ။ မြေယာမှတ်ပုံတင်ရုံးမှာ အပြည့်အစုံရှိနေပြီ၊ ခင်ဗျားတို့ဘက်ကကတိတည်လျှင် ရေအဆက် မပြတ်ရမယ်။ ကိုင်း… တခြားမရှင်းတာ ဘာများရှိသေးသလဲ”

“မရှိတော့ပါဘူး၊ ရှင်းပါတယ်” အီဘရာဟင်က ဂီဒီယံနှင့် လက်ဆွဲနှုတ်ဆက်လိုက်သည်။

“ဒါနဲ့ ကျုပ်တို့ ရေလုံလုံလောက်လောက်ရတယ်ဆိုတာ ဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ။ စမ်းချောင်းက နွေရာသီမှာရေနည်းတယ်၊ ရောမစင်ကြီးတွေ ခင်ဗျားတို့ဆောက်နေတာ ကျုပ်တို့ မြင်နေရတယ်” ။

“ကျွန်တော်တို့က စမ်းချောင်းကို နှစ်နှစ်အတွက် တိုင်းတာထားပြီးပါပြီ။ လော လောဆယ်အဖို့ ရေအလုံအလောက်ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က လုပ်ငန်း တိုးချဲ့ဖို့ စီစဉ်ထားပြီးပါပြီ။ လှေကားထစ်စိုက်ခင်းတွေ အောက်ဘက်မှာ ရေကာတာနဲ့ ရေလှောင်ကန်ကြီးတွေ ထပ်ပြီးတည်ဆောက်ဖို့ လုပ်ငန်းစနေပါပြီ။ ခင်ဗျားတို့ကသာ အိမ်နီးချင်းကောင်းပီပီသသ ဆက်ဆံသွားမယ်ဆိုလျှင် ဒီရာစုနှစ်တစ်ခုလုံးအတွက် ရေအတွက် ဘာမှပူစရာမရှိပါဘူး ။

ရေကာတာ။ ရေလှောင်ကန်။ ကြီးကျယ်လှပါကလား။ ဒီဂျူးတွေလုပ်နေတာ အံ့ဩစရာကောင်းလှချည်လား။

ဂီဒီယံက ဆက်ပြောသည်။

"ခင်ဗျားတို့ ဒီဒေသမှာရှိနေသမျှကာလပတ်လုံး တစ်ခုတော့ အမြဲတမ်း သတိပြုစေ ချင်တယ်။ ခင်ဗျားတို့ ဆိတ်ကျောင်းသားတွေဟာ တောင်ပိုင်းစားကျက်နဲ့ဆက်နေတဲ့ နံတော့်တို့ရဲ့ မြောက်ပိုင်းစိုက်ခင်းတွေရဲ့ ခြံစည်းရိုးတွေကို ဖျက်ဆီးကြတယ်။ ပြီးတော ဘို့ ဆိတ်တွေကလဲ တော်တော်ကဲကြတာပဲ၊ သူတို့က ခွာတွေနဲ့ယက်ပြီး ရေတူးကြလို့ ချင်းတို့ စိုက်ခင်းတွေ ပျက်စီးကုန်ကြတယ်" ။

"ကျုပ်တို့ဆိတ်တွေက ဒီဒေသမှာ ကျက်စားလာတာ နှစ်ပေါင်းထောင်နဲ့ချီနေပြီ" 'ဆိတ်တွေကတော့ ဟုတ်ပါလိမ့်မယ်။ ဒါပေမယ့် စိုက်ခင်းတွေက အခုမှ ဒေါက်လာတာပါ။ ခင်ဗျားတို့လည်း ရွှံ့ဗွက်အိုင်တွေကိုပက်ထုတ်ပြီး စိုက်ခင်းလုပ်ဖို့ ခဲ့တာ ကျွန်တော်သိပါတယ်။ ခင်ဗျားပိုင်တဲ့မြေကို ခင်ဗျားကြိုက်သလိုလုပ်နိုင်ပါတယ်။ ဘော်စေတနာနဲ့ အကြံတစ်ခုပေးပါရစေ။ ခင်ဗျားတို့ တကယ်အကျိုးစီးပွားဖြစ်ချင်လျှင် ဆိတ်တွေကို မောင်းထုတ်ပစ်လိုက်ပါ၊ ကျွန်တော်တို့လုပ်သလို တခြား တိရစ္ဆာန်မွေးမြူရေး ငန်းကို လုပ်ကြည့်ပါ"

အီဘရာဟင်သည် ခြေစုံထရပ်လိုက်ပြီးနောက်... "ဒီမှာ ကျုပ်ပြောမယ် ဂီဒီယံအက်ရှ်။ ကျုပ်မှာ တခြားရွေးစရာလမ်း မရှိတော့လို့ သလိုခင်ဗျားနဲ့ အပေးအယူ လုပ်လိုက်ရတာဖြစ်တယ်။ ကျုပ်တို့က ရေကလွဲပြီး မလိုချင်ဘူး။ ဒီရေကလဲ ကျုပ်တို့ဆီက ခင်ဗျားတို့ ခိုးထားတဲ့ရေပါ။ ကျုပ်တို့က တို့ရဲ့ တိရစ္ဆာန်တွေ၊ စက်ကိရိယာတွေ၊ ဆေးဝါးတွေကိုလဲ မလိုချင်ဘူး။

"ဒီနယ်မြေကို ကောက်ပဲသီးနှံပေါများကြွယ်ဝတဲ့ သာယာရွှေပြည်လို့ ခင်ဗျားထင်လျှင် ဒါဟာ ခင်ဗျားကိုယ်ခင်ဗျား လိမ်ညာနေတာပဲ၊ ရှေးတုန်းက မောရှေရဲ့ သူလျှိုတွေက အရှေ့ကိုပြန်ပြီး လိမ်ညာနေကြသလိုပေါ့။ ခါနာန်ပြည်ဟာ အမြဲတမ်း သဲတွေဖုန်တွေနဲ့ လွှမ်းနေခဲ့တယ်။ မိုးခေါင်ရေရှားကပ်ကြီး ဆိုက်လို့ ဟေဗြဲလူမျိုးတွေဟာ ခါနာန်ပြည်ကနေပြီး ပြည်ကို ထွက်ပြေးခဲ့ကြရတယ်" ။ "

ဒါကြောင့်မို့ ကျုပ်တို့ဟာ လွန်ခဲ့တဲ့နှစ်ပေါင်းသုံးထောင်ကာလအတွင်းမှာ “နီးစာတွေ၊ အတွေ့အကြုံတွေရခဲ့ကြတာပေါ့။ အဲဒီတော့ ခင်ဗျားတို့လည်း အဲဒီအတွေ့ ကြီးတွေကို အခြေခံပြီး ကိုယ့်အခြေအနေကို ကိုယ်ပြုပြင်ဖို့ အချိန်ရောက်နေပါပြီ”

“ပြီးတော့တမန်တော်က သဲတွေဖုန်တွေ ရှိနေစေချင်တဲ့ဒေသမှာ သဲတွေဖုန်တွေပဲ မှဲ့မယ်ဆိုတာ ခင်ဗျားသတိထားစေချင်တယ်။ တစ်နေ့ကျတော့ ခင်ဗျားတို့ရေတွေ ကုမကျန် ခန်းခြောက်သွားလိမ့်မယ်။ မြေလျှင်တွေ ပြင်းထန်စွာလှုပ်လာလိမ့်မယ်၊ ချိန်မှာ ခင်ဗျားတို့ဆေးဝါးတွေဟာ ဘာမှအသုံးကျတော့မှာမဟုတ်ဘူး။ နေပူရှိန် လွန်းအားကြီးလို့ ကျောက်တုံးကျောက်ဆောင်တွေလဲ ဖြန်းဖြန်းကွဲသွားကြတဲ့အချိန်ကို ကုလာလိမ့်မယ်။ အဲဒီအချိန်ကျတော့ ခင်ဗျားတို့ရဲ့ တကုကြွနေတဲ့စိတ်ဓာတ်တွေလည်း ကုတုံးကျောက်ဆောင်တွေလိုပဲ ကွဲအက်ပျက်စီးကုန်မှာ မြေကြီးလက်ခတ်မလွဲပါဘူး”

“တကယ်တော့ အကူအညီဆိုတာ အလ္လာအရှင်မြတ်အတွက်တောင်မှ လိုအပ်ပါတယ် ကိုအီဘရာဟင်၊ ခင်ဗျားတို့အနေနဲ့ ဘယ်လိုမှအသုံးချလို့မရတဲ့ မြေပေါ်မှာထိုင်ပြီး တွေကိုက်နေတာကို ရပ်တန်းကရပ်ဖို့ အချိန်တန်နေပါပြီ”

”ခင်ဗျားဟာအရူးပဲ ဂီဒီယံ”

“ကျွန်တော်တို့ဟာ အိမ်နီးချင်းကောင်းတွေအဖြစ် အကြာကြီး နေသွားကြရမယ် ဂျီဘရာဟင်၊ ခင်ဗျားဟာ ခင်ဗျားရဲ့ လူမျိုးစု ကောင်းစားရေးအတွက် လက်ရှိထက် ကျိုးရှိမယ့် လုပ်ငန်းတွေကို လုပ်စေချင်ပါတယ်”

”ဒါပေမယ့် ခင်ဗျားတို့ဆီကတော့ ဘာအကူအညီမှမလိုချင်ဘူး” အီဘရာဟင်က မြင်းပေါ်သို့ခုန်တက်လိုက်သည်။ " ဂီဒီယံက ပြောလိုက်သည်။

“ကျွန်တော်တို့ထပ်တွေ့ကြဦးမယ်။ ခြစည်းရိုးကိစ္စ၊ ရောဂါပိုးမွှား နှိမ်နှင်း ရေးကိစ္စတွေနဲ့ တုသက်ပြီး ကျွန်တော်တို့ ထပ်တွေ့ကြရဦးမယ်။ ဒီကိစ္စတွေက ခင်ဗျားတို့နဲ့ရော ကျွန်တော်တို့နဲ့ပါ အရေးတကြီးပတ်သက်နေတဲ့ ကိစ္စတွေပါ”

"ခင်ဗျားတို့က မိန်းမတစ်ယောက်ကို အကြီးအကဲရွေးထားတော့ ကျုပ်က ဘယ် လိုလုပ်ပြီး တွေ့ဆုံဆွေးနွေးနိုင်မှာလဲ"

"ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေကို ကျွန်တော်တို့က ရွေးချယ်တာပါ။ ခေါင်းဆောင် တွေက ကျွန်တော်တို့ကို ရွေးချယ်တာမဟုတ်ပါဘူး"

"အလွန်ဆိုးရွားတဲ့စနစ်ပဲ၊ ဘယ်တော့မှ အလုပ်မဖြစ်ပါဘူး။ ကျုပ်က ခင်ဗျားနဲ့ တွေ့မယ်၊ တခြား ဘယ်သူနဲ့မှ မတွေ့ချင်ဘူး။ တွေ့တဲ့အခါမှာလဲ ကျုပ်ရဲ့ တောင်ကုန်းပေါ်မှာ တွေ့မယ်"

"ပထမအကြိမ် တောင်ကုန်းပေါ်မှာတွေ့၊ နောက်တစ်ကြိမ်ကျတော့ ဒီက စမ်းချောင်း ဘေးမှာပေါ့"

အီဘရာဟင်သည် သူ့ရွာသို့ မြင်းစီး၍ပြန်လာရင်း အလွန်ဒေါသထွက်နေသည် ယခု ဂီဒီယံနှင့် တွေ့ရခြင်းကို ယခင်က သူဌေးကြီးဖောဇီကဘားနှင့် တွေ့ခဲ့ရခြင်းထက် ပို၍ဒေါသထွက်မိသည်။ ဖောဇီကဘားသည် သူ့အပေါ်တွင် ပရိယာယ်သုံး၍ လှည့်စားလိမ့် ဆိုသည်ကို ကြိုတင်သိထားပြီး ဖြစ်သည်။ သို့သော် ယခု ဂျူးထံမှ သနားကြင်နာမှု ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့။

အီဘရာဟင်သည် လက်ဖက်ရည်ဆိုင်ရှေ့သို့ မြင်းစီး၍ဝင်လာသည်။ ဆိုင်ရှေ့တွင် စိုးရိမ်မကင်းသောမျက်နှာဖြင့် လူတွေ စုရုံးရောက်ရှိနေကြသည်။ သူသည် တံခါးအပြင် စားပွဲတွင် တည်ငြိမ်စွာဝင်ထိုင်သည်။ ဖရောက်က ကော်ဖီကရားကိုလာချသည်။ အီဘရာဟင်က ကော်ဖီကို ပန်းကန်ထဲသို့ ဖြည်းဖြည်းနဲ့ ထည့်သည်။ ပြီးတော့ အရသာခံထ တစ်ခွက်ချင်းသောက်ရင်း သူ့ရှေ့မှ လူထုပရိသတ်ကိုကြည့်လိုက်သည်။ အားလုံး၏ မျက် ပေါ်တွင် စိုးရိမ်ရိပ်များ အထင်းသားပေါ်လွင်နေသည်။

"သူဌေးကြီး ကဘားက ကျုပ်တို့ကို ဂျူးတွေကို ရောင်းပစ်လိုက်တယ်"

အီဘရာဟင်က ပြောလိုက်သည်။ လူထုပရိသတ် ရုတ်ရုတ်သဲသဲ ဖြစ်မလာ သူက လက်ကို အပေါ်မြှောက်ပြီး တားလိုက်သည်။

“ဒါပေမယ့် ဘာမှမစိုးရိမ်ကြပါနဲ့။ နေမွန်းမတည့်ခင် ရေတွင်းကို ရေပြည့် ပြန်ဖြည့်ပေးဖို့ ကျုပ်က ဒူးခေါင်းဆောင်ကို ပြောခဲ့ပြီးပြီ။ အဲဒီအချိန်အထိ ကျုပ်တို့ရေ ကို ရေမဖြည့်ပေးလျှင်တော့ အင်္ဂလိပ်စစ်သင်္ဘောငါးဆယ်နဲ့ ကာကွယ်တောင်မှ ရ ဟုတ်ဘူးလို့လည်း ပြောခဲ့တယ်” ။

“ဒီတော့ ဘယ်လိုအခြေအနေရှိသလဲ”

“ဂျူးခေါင်းဆောင်က သဘောတူတယ်။ ကျုပ်ကသူ့ခေါင်းပေါ်က ဆံပင် . တစ်ချိန်မှာ တစ်ချောင်းစီပဲနုတ်ရမှာလား၊ ဒါမှမဟုတ် လက်တစ်ဆုပ်စာစီပဲ နုတ်ရမှာလာ ကြိုက်တာရွေးပါလို့ ပြောခဲ့တယ်”

”ဒါဆို စစ်ဖြစ်တော့မှာပေါ့”

“မဖြစ်ပါဘူး၊ သူက ငြိမ်းချမ်းရေးကိုပဲတောင်းဆိုတယ်၊ ကျုပ်က သူ့ကို သနားသဖြင့် သဘောတူခဲ့တယ်”

ထိုအခိုက် လူထုပရိသတ်ထဲသို့ လူတစ်ယောက်တိုးဝင်လာပြီး အော်ပြောလိုက် သည်။

“ဟာဂျီအီဘရာဟင် ခင်ဗျား၊ ရေတွင်းမှာရေတွေပြည့်လာပါပြီး ရေတွေပြည့်လာပါပြီ လူထုပရိသတ်၏ ဝမ်းမြောက်ဝမ်းသာ အော်ဟစ်ဩဘာပေးသံများ ဆူညံစွာ ဖြေ ထွက်လာသည်။

“ခေါင်းဆောင်ကြီး ဟာဂျီအီဘရာဟင်၊ ခေါင်းဆောင်ကြီး အီဘရာဟင်”
ထို့နောက် ဟာနီ၏ဖခင်သည် အီဘရာဟင်၏ စားပွဲရှေ့သို့ တိုးဝင်လာကာ...
“ကျီအီဘရာဟင် ခင်ဗျာ၊ ကျွန်တော့်သား ဟာနီ အခြေအနေ ဘယ်လိုရှိပါသလဲ သော်... ဟုတ်ပြီ၊ ဟာနီလို လူကောင်းကလေးတစ်ယောက်က ဒီလိုယုတ်ညံ့တဲ့ အသံမျိုး ဘယ်တော့မှမလုပ်ပါဘူးလို့ ကျုပ်က ဒူးခေါင်းဆောင်ကို ပြောပြခဲ့တယ်။

ပတ်သက်ပြီး ဘယ်လိုမှ အရေးမယူတော့ပါဘူးလို့ ဒူးခေါင်းဆောင်က ကတိပေးလိုက် အယ် ဒီတော့ မကြာခင်မှာ ဟာနီဟာ ရွာကိုပြန်ရောက်လာပါလိမ့်မယ်”

“ဟာဂျီအီဘရာဟင် ခင်ဗျား၊ အလ္လာအရှင်မြတ်ရဲ့ စောင့်ရှောက်မှုကို အမြဲတမ်း နိုင်ပါစေ အီဘရာဟင်သည် ညနေဝတ်ပြုဆုတောင်းပြီးသောအခါ တောင်ကုန်းပေါ်သို့ လာခဲ့သည်။ ဂျူးတို့၏ နေသူရိန်ဘုံရိပ်သာသို့ လှမ်းကြည့်လိုက်သည်။ သစ်ပင်များကာဆီးနေ၍ ဆောက်အအုံများကို ကောင်းစွာမမြင်ရတော့။

... အလကားဂျူးတွေ။ သို့သော် သူက ဂီဒီယံကိုတော့ သဘောကျမိသည်။ သူ၏ တစ်ဦးတည်းသော ဖြစ်သူ ကမယ်သာလျှင် ဂီဒီယံလိုတော်ခဲ့လျှင် သူတို့သားအဖနှစ်ယောက်သည် တက်စတိုင်း တစ်နယ်လုံးကို အဘယ်ကြောင့် မသိမ်းပိုက်နိုင်ဘဲရှိပါအံ့နည်း။

အခန်း (၉)

၁၉၂၉ ခုနှစ်...။ ဂျေရုဆလင်မင်းကြီး ဟာဂျီအာမင်အေလ်ဟူစိန်နီသည် တရားဟောစင်မြင့်တွင် နေရာယူထားသည်။ မွတ်စလင်ဗလီဝတ်ကျောင်းသည် ကျယ်ဝန်း သောရင်ပြင်ကြီးပေါ်တွင် တည်ရှိသည်။

ရှေးအခါက ဤနေရာတွင် ဟေရွတ်နှင့် ရှောလမုန်းတောင် ဝတ်ကျောင်းတော် တည်ရှိခဲ့သည်။ အစ္စလာမ်ဘာသာဝင် ရောက်လာသောအခါ အေလ်အကစာဗလီနှင့် တမန်တော်မိုဟာမက် ကောင်းကင်ဘုံသို့ တက်သွားခဲ့သည်ဟုဆိုသော မဟာကျောက်ခုံးကြီး တို့၏ တည်ရှိရာဖြစ်လာခဲ့သည်။

ယခုအခါ “ဟာရမ်းအက်ရှိရှရစ်' (အမြင့်မြတ်ဆုံး အေးချမ်းသောဝတ္တကမြေ) အဖြစ် ထင်ရှားသည်။ အစ္စလာမ်ဘာသာဝင်တို့၏ သာသနာ့နယ်မြေအားလုံးတွင်ရှိသော အမြင့် မြတ်ဆုံး ဝတ္တကမြေများအနက် တတိယ အမြင့်မြတ်ဆုံးဝတ္တကမြေဟူ၍ သတ်မှတ်ထား ကြသည်။

“ရာဇဝတ်ကောင် ဂျူးတွေက သူတို့ရဲ့ ယွန်ကစ်ပူးဥပုသ်နေ့မှာ “ဟာရမ်းအက်ရှိ ရှရစ်” ကို သိမ်းယူဖို့ စိုင်းပြင်းနေကြတယ်။ ကျုပ်တို့ရဲ့ ဗလီနဲ့ မဟာကျောက်ခုံးကြီးကို ဖျက်ဆီးပြီး သူတို့ရဲ့ ဝတ်ကျောင်းဆောက်ဖို့ ကြိုးစားနေကြတယ်” ။

ဟာဂျီဟူစိန်နီသည် တရားဟောစင်မြင့်ပေါ်မှ အော်၍ပြောလိုက်သည်။ "ဂျူးတွေ သေခြင်းဆိုးနဲ့သေကြပါစေ" ပရိသတ်က တစ်ခဲနက် ပြန်အော်လိုက်သည်။ "ဂျူးတွေကိုမုန်းတီးတာ ငရဲမကြီးဘူး၊ မြင့်မြတ်တယ် မြင့်မြတ်တယ်"

ဟာဂျီဟူစိန်က အော်လိုက်ပြန်သည်။ "ဂျူးတွေ သေခြင်းဆိုးနဲ့ သေကြပါစေ" လူထုပရိသတ်၏အော်သံများ ဆူညံသွားပြန်သည်။

ခဏအကြာတွင် သူတို့သည် ဓားများ၊ တုတ်များနှင့် ခြောက်လုံးပြူးသေနတ်များ ၊ ကိုယ်စီကိုင်ဆောင်ကာ ဗလီထဲမှ အန်ထွက်လာကြသည်။ ဟာဂျီဟူစိန်၏ သွေးထိုး စကားကြောင့် သူတို့သည် ယမ်းပုံမီးကျခဲ့သကဲ့သို့ ထွက်ပြီး အနီးအနားရှိ ဂျေရုဆလင်မြို့တော် ခေါင်းထဲမှ ဟက်စီဒင်ဒူးရပ်ကွက်ကို တိုက်ခိုက်ကြတော့သည်။ သူတို့သည် ဂျူးတို့၏ တိုက်ကျောင်းများနှင့် ဈေးဆိုင်များ၊ အိမ်များကို ဝင်ရောက်ဖျက်ဆီးကြသည်။ ဂျူးအချို့ ကိုလည်း တ်ဖြတ်ကြသည်။ အဓိကရုဏ်းပြီးသွားသောအခါ စုစုပေါင်း ဂျူးအမျိုးသားသုံးဆယ်တိတိ တ်ဖြတ်ခံကြရသည်။ "ဂျူးတွေက အလ်အကစာဗလီကို ဝင်ဖျက်နေကြပြီတဲ့" ဤသတင်းသည် ဗလီတစ်ခုမှတစ်ခုသို့ ကူးစက်ကာ ပါလက်စတိုင်းတစ်နယ်လုံး နှံ့သွားသည်။

ဤသတင်းကြောင့် ဂါလီလီပြည်နယ်ရှိ ဆေးဖက်မြို့တွင် ဂျူးလူမျိုး ၁၈ ဦးအသတ် သည်။ တစ်ချိန်က သူတော်စင်များ၏သင်္ချိုင်းဂူများတွင် ဂျူးလူမျိုးများနှင့် မွတ်စလင်လူမျိုး = အတူတကွဝတ်ပြုပူဇော်ခဲ့ကြပြီး အာဗြဟံနှင့် အခြားသမ္မာကျမ်းစာဝင် ပုဂ္ဂိုလ်ပေါင်းများစွာ ထို ခေါင်းချရာဒေသလည်း ဖြစ်သော ဟီဘရွန်မြို့တွင် ဂျူးလူမျိုးပေါင်း ၆၇ ယောက် တ်ခံရသည်။

ထို့ပြင် အခြားသော ဂျက်ဖာ၊ ဟိုင်ဖာ၊ ဘီယာတူဗီးယားနှင့် ဟူလဒါမြို့များတွင်လည်း ကရုဏ်းများ ဆက်လက်ပေါ်ပေါက်သေးသည်။

ဟာဂျီ အာမင်အေလ်ဟူစိန်နီသည် မိမိ၏ ရာထူးဂုဏ်သိန်နှင့် အရှိန်အဝါကို ခွဲသုံးစားလုပ်ကာ ၁၉၂၀ ပြည့်ဝန်းကျင်ကာလတွင် ပါလက်စတိုင်းဒေသကို ထင်သလို ယူခဲ့သည်။

သူသည် လယ်ယာမြေပေါင်း မြောက်မြားစွာရှိသော

မြေပိုင်ရှင်သူဌေးကြီးလည်း သည်။ သူ့လယ်မြေများကို ငှားရမ်းလုပ်ကိုင်သော လယ်သမားများမှာ စာမတတ် ခေတ်နှင့် ငတ်ပြတ်မွဲတေကာ စိတ်ခေတ်ကျနေသူများဖြစ်သည်။ ဘာသာရေးဖြင့် ဆိုးလှုံ့ဆော်ပေးလျှင် အသက်ပင်စွန့်ရစွန့်ရ တစ်ဇွတ်ထိုးလုပ်တတ်သူများ ဖြစ်သည်။

"ဂျူးအေဂျင်စီ" ခေါ် ဂျူးအမျိုးသားအသင်းများ ပေါ်ပေါက်လာသောအခါ အာရပ် များကလည်း တန်ပြန်သဘောဖြင့် "အာရပ်အေဂျင်စီ' ခေါ် အာရပ်အမျိုးသား စင်းများ တည်ထောင်လာကြသည်။

အာရပ် အမျိုးသားအသင်းများတည်ထောင်ခြင်းကို ဟာဂျီအာမင်အေလ်ဟူစိန်နီက ငံပင်တားဆီးသည်။ ဤအသင်းများ ပြန့်ပွားလာလျှင် သူ့အနေဖြင့် ရန်ဘက်မျိုးနွယ်စု နှင့် ပူးပေါင်းရမည်။ သူ၏ ဩဇာအာဏာအရှိန်အဝါလည်း လျော့ပါးကျဆင်းလာမည် ည်။

သူ၏ ကိုယ်ကျိုးကိုသာကြည့်သော ဤလုပ်ရပ်ကြောင့် အာရပ်ကျေးရွာလူထုမှာ ငံးရဲတွင်းနက်ပြီး ကျန်းမာရေးနှင့် ပညာရေးဘက်တွင်လူစဉ်မမီ၊ သူချင်းမမျှ ဖြစ်နေ မိသည်။ သူတို့အဖို့ အနာဂတ်ကာလသည် ပိန်းပိတ်အောင်မည်းမှောင်လျက်ရှိလေသည်။

ဟူစိန်နီသည် သူ့ကိုယ်ကျိုးအတွက် အာရပ်ဆင်းရဲသားများကို တစ်ဖက်လှည့်ဖြင့် သနပ်စွာ ချုပ်ကိုင်ထားသည်။ အာရပ်လူမျိုးတို့၏ဘဝသည် မွတ်ဆလင်ဘာသာရေးတွင် ထိုရက်ခွာပြုထားသည်။ "

ဦးသျှောင် မွတ်ဆလင်ကောင်စီသည် ဘာသာရေးရန်ပုံငွေများ၊ ရေးခုံရုံးများ၊ ဗလီများ၊ မိဘမဲ့ကလေးသူငယ်များအတွက် ထောက်ပံ့ငွေများနှင့် လုပ်ငန်းအဝဝကို လုံးဝချုပ်ကိုင်ထားသော အဓိကဦးဆောင် အဖွဲ့ အစည်းကြီး   ဟူစိန်နီသည် မဟာမင်းကြီးရာထူးအပြင် အဆိုပါ မွတ်ဆလင်ကောင်စီ၏ ဥက္ကဋ္ဌ ရာထူးကိုပါ ယူလိုက်သောအခါ သူ့အနေဖြင့် အာရပ်တစ်မျိုးသားလုံးကို ထင်သလို ခြယ်လှယ်နိုင်ခွင့် ရရှိသွားလေပြီ။

ဟူစိန်နီသည် ဦးသျှောင်ကောင်စီ၏ အာဏာပိုင်ဥက္ကဋ္ဌကြီးဖြစ်၍ မြောက်မြားစွာသော ကောင်စီပိုင်ငွေများကို မည်သူမျှ စစ်ဆေးခွင့်မရှိဘဲ

သူ့ဆန္ဒအတိုင်း ကြိုက်သလိုသုံးစွဲနိုင် သည်။ ထို့ပြင် သူသည် တရားဟောဆရာများ၊ ဗလီဆရာများ၊ ကျောင်းဆရာများနှင့် တရားသူကြီးများကိုလည်း ခန့်နိုင်၊ ဖြုတ်နိုင်သည်။

ဤသို့လျှင် သူ၏ ဩဇာအာဏာမှာ အကန့်အသတ်မရှိ ကြီးမားလာသောကြောင့် သူ၏ လက်ရှိဘွဲ့ထူးရာတွင် "မဟာ" တစ်လုံး ထပ်တိုးကာ "ဂျေရုဆလင် မဟာမင်းကြီး ဖြစ်လာခဲ့လေသည်။

(သို့သော် သူသည် အကန့်အသတ်မရှိ သက်ဦးဆံပိုင် အာဏာရရှိရေးအတွက် တရားလက်လွတ်ကြိုးစားရင်း သူ့လူများကို သူမနိုင်မနင်း ဖြစ်လာသောအခါ ဆယ်စုနှစ် တစ်နှစ်ခန့် ငြိမ်းချမ်းနေသော အခြေအနေမှာ ပေါက်ကွဲပျက်ပြားသွားတော့သည်။

အကာအကွယ် လုံးဝမရှိသော ဂျူးလူမျိုးတို့အား သတ်ဖြတ်မှုများ အနှံ့အပြား ပေါ်ပေါက်လာသောအခါ မဟာမင်းကြီး၏လုပ်ရပ်များမှာ ခြေလှမ်းမှားကုန်တော့သည်။ သူ့လူများသည် ဂျူးဘာသာရေးသုခမိန်များ၊ ဘာသာရေးခေါင်းဆောင်များကိုသာမက ရန်ဘက်အာရပ်မျိုးနွယ်စုများကိုပါ လုယက်တိုက်ခိုက်လာကြသည်။ အဆိုးရွားဆုံးကတော့ ကာကွယ်ရေးအခိုင်အမာရှိသော ဂျူးတို့၏ဘုံရိပ်သာများကို ဝင်ရောက်တိုက်ခိုက်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် မဟာမင်းကြီးသည် အေယာလုံမြစ်ဝှမ်းရှိ ဂျူးဘုံရိပ်သာများကို လုံးဝ မထိုးဖောက်နိုင်ဘဲရှိသည်။ ဟာဂနာကာကွယ်ရေးတပ်ခေါင်းဆောင် ဂီဒီယံအက်ရှိသည် သူ၏လက်နက်ကိုင်တပ်ကို လျှို့ဝှက်စွာဖွဲ့စည်းထားသည်။ အရွယ်ရောက်ပြီးသော ယောကျ်ား မိန်းမအားလုံးကို စနစ်တကျ စစ်သင်တန်းများပေး၍ အခိုင်အမာဖွဲ့စည်းထားခြင်း ဖြစ်သည်။

ထို့ကြောင့် ၁၉၂၉ ခုနှစ်တစ်ဝိုက် အဓိကရုဏ်းကာလများတွင် သူ့ဘုံရိပ်သာမှာ မဲ့တစ်ပေါက်မစွန်းဘဲ ငြိမ်းချမ်းလျက်ရှိနေခဲ့သည်။ အေယာလုံမြစ်ဝှမ်းတွင် ငြိမ်းချမ်းရေး ခဲ့ခြင်းမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် အီဘရာဟင်၏ ကျေးဇူးကြောင့်လည်း ဖြစ်သည်။ အီဘရာဟင်က သူ့လူများအား မဟာမင်းကြီး၏ "မမြင့်မြတ်သော" ဘာသာရေးစစ်ပွဲတွင် လုံးဝမပါဝင်ကြရန်

အမိန့်ထုတ်ထားသောကြောင့် ဖြစ်သည်။

ဂျူးတို့၏ နေသူရိန်ဘုံရိပ်သာနှင့် တဘားရွာတို့သည် ကျေးရွာကာကွယ်ရေး လုပ်ငန်းများတွင် ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများတော့မရှိ။ သို့သော်လည်း အချင်းချင်း စီးပွားရေးအရ မကြာခဏဆက်ဆံမြဲ ဆက်ဆံနေကြသောကြောင့် မူလ တင်းမာမှုမှာ တဖြည်းဖြည်းနှင့် ပျော့ပျောင်းလာခဲ့သည်။

အီဘရာဟင်သည် ဘုံရိပ်သာမြေအတွင်းပိုင်းသို့ ဘယ်တော့မှ ခြေမချသော်လည်း အကြောင်းရှိ၍ ဂီဒီယံထံသို့ သွားရောက်သောအခါ စိုက်ခင်းများကိုဖြတ်ပြီး စမ်းချောင်း ကို ကလေးဆီသို့သာ အမြဲတမ်းလာသည်။ ထို့အတူ ဂီဒီယံကလည်း အကြောင်းရှိလျှင် ရာဟင်၏အိမ်သို့ လုံးဝမလာ၊ တောင်ကုန်းပေါ်သို့ လာတတ်သည်။

သူတို့နှစ်ယောက်သည် ရပ်ရွာအုပ်ချုပ်ရေးတာဝန်တွေပိပြီး စိတ်ပန်းလူပန်းဖြစ်နေရာမှ နှစ်ယောက်သား အေးအေးလူလူအနားယူ၍ ပြောဆိုနေရခြင်းကို အလွန်သဘောကျ ကြသည်။ အီဘရာဟင်သည် ဂီဒီယံ၏ တည်ငြိမ်အေးဆေးမှုကြောင့် ထူးထူးခြားခြား စားရသည်။ ဤပုဂ္ဂိုလ်တွင် ဘီဒိုယင်လူမျိုးစု၏သွေး တစ်ဝက်တော့ပါလိမ့်မည်ဟု အထင်မိသည်။

သူက ဂီဒီယံကိုလေးစားသည်။ မြင်းစီးကောင်းခြင်းနှင့် အာရေဗစ်စကားကို ကျွမ်းကျင်စွာပြောတတ်ခြင်းကိုလည်း လေးစားသည်။ ခေါင်းအေးအေး ထားပြီး တရားမျှတစွာ ပြောဆိုပြုမူတတ်ခြင်းကိုလည်း လေးစားသည်။ ဤအချက်တွင် ဂီဒီယံက သူ့ထက်သာသည်။

သူသဘောအကျဆုံးကတော့ ဂီဒီယံနှင့်စကားပြောရခြင်းကို ဖြစ်သည်။ ဂီဒီယံနှင့် ကားပြောရခြင်းသည် သူ့အဖို့ ဘဝအမြင်သစ်တစ်ရပ်ကို ရရှိစေသည်။ ကိုယ့်ရင်ထဲမှာ ချီသော စိတ်ကူးစိတ်သန်းများကို တခြားတစ်ယောက်အား ရင်းရင်းနှီးနှီးဖွင့်ပြောနိုင်သော ည်အချင်းပင် ဖြစ်သည်။

တကယ်တော့ အီဘရာဟင်သည် အတွင်းစိတ်ခံစားချက်ကို နှစ်ပေါင်းများစွာ မပြောဘဲနေခဲ့ကြသော လူမျိုးတစ်မျိုး၏ မျိုးဆက်ဝင်တစ်ဦးဖြစ်သည်။ ထို့ကြောင့် သည်လည်း သူ၏

အတွင်းစိတ်ခံစားချက်ကို မည်သူ့အားမျှ ဖွင့်မပြောဘဲ အကြာကြီး သိပ်ထားခဲ့သည်။

ဤသို့ဖြင့် သူသည် အထီးကျန်အဖော်မဲ့သူတစ်ယောက် ဖြစ်နေရသည်။ လူမျိုးစု အကြီးအကဲတစ်ဦးအနေဖြင့် မိမိ၏ အတွင်းစိတ်ခံစားချက်ကို မည်သူ့အားမျှ ထုတ်ဖော် ပြောကြားခွင့်မရှိ။ သူတို့၏ဘဝသည် ရေငုံနှုတ်ပိတ်ဘဝ ဖြစ်သည်။ မိတ်ဆွေများနှင့် မျိုးများကိုပင် မိမိ၏ခံစားချက်ကို ပြောခဲ့ကြသည်။ မိမိ၏ဆန္ဒ၊ မိမိ၏ရည်မှန်းချက်နှင့် စိုးရိမ်မှုများကို တစ်ပါးသူများအား ဖွင့်ဟပြောကြားလေ့ မရှိကြ။

သို့သော် ဂီဒီယံနှင့်ကျတော့ တစ်မျိုးဖြစ်သွားသည်။ ဂျူးလူမျိုးတစ်ယောက်နှင့် အားပြောရသည်နှင့်လုံးဝမတူ။ ဟန်ဆောင်နေရခြင်းမရှိ။ ထိန်းချုပ်ထားရခြင်းမရှိ။

က်ထားစရာမလို၊ စမ်းရေစီးသလို၊ သစ်ရွက်လှုပ်သလို အေးဆေးညင်သာရှိလှသည်။ တ်ခမ်းသာစရာ ကောင်းလှသည်။ သူနှင့် ဂီဒီယံတို့သည် ကျယ်လောင်စွာဖြင့် အချေအတင် ခံပြောဆိုကြသည်။ တစ်ယောက်ကိုတစ်ယောက် ပြစ်တင်ပြောဆိုသည်။ သို့သော် အချင်းချင်း ဘယ်တော့မှစိတ်မဆိုးကြ။

အီဘရာဟင်သည် အကြောင်းထူးမရှိ၍ ဂီဒီယံနှင့် ကာလအတန်ကြာ မတွေ့ဆုံရသော = တမင်တကာ အကြောင်းမရှိအကြောင်းရှာကာ ဂီဒီယံထံသို့ ဆက်သားလွှတ်၍ က်တတ်သည်အထိ ဖြစ်သည်။

သူတို့နှစ်ယောက်သည် စမ်းချောင်းကလေးဘေးတွင် ထိုင်နေကြသည်။ အီဘရာဟင် အခိုင်အရက်ပုလင်းကို တစ်မော့မော့သောက်ပြီးနောက် ပုလင်းကို ရေကန်ထဲ ပြန်စိမ်ထား မိုက်သည်။ ပြီးတော့ သံဘူးကိုဖွင့်ကာ ဂန်ဂျာထုပ်ကလေးကိုဖြေသည်။

“ကျွန်တော့်အတွက် နည်းနည်းပဲလုပ်ပါ” ဗီဒီယံက ပြောသည်။ “နောက်ပိုင်းမှာ ကရက်တွေနဲ့ ဖြေရှင်းနေရပါဦးမယ်” ။ “ဂျူးတွေက ဂန်ဂျာကို ဘာလို့မကြိုက်ကြတာလဲ”

”အဲဒါတော့ မပြောတတ်ဘူး”

“ကျုပ်တို့ကတော့ ရောင်းနေကြတာပဲ။ ဒါပေမယ့် ဘယ်သူမှ မဝယ်ကြဘူး၊ ခင်ဗျားကျတော့ ကြိုက်သားပဲ၊ ခင်ဗျားကြိုက်မှန်း သူတို့သိကြသလား”

“မသိကြပါဘူး၊ ကျွန်တော်ကကြိုက်ပါတယ်လို့ပြောတာတောင် သူတို့က ယုံမှာ မဟုတ်ဘူး။ ကျွန်တော်ဟာ သဲကန္တာရသားတစ်ယောက်ဆိုတာ သူတို့က လက်ခံကြ တယ်၊ ဒါကြောင့်မို့ ကျွန်တော် ဘီဒိုယင်လူမျိုးသွေးပါတာကို သူတို့ကခွင့်လွှတ်ကြတာ”

ဂီဒီယံသည် ဂန်ဂျာပွန်တံကို အကြာကြီးဆွဲရှိုက်ကာ “အား”ဟူ၍ အသံပြုပြီးနောက် မြေကြီးပေါ်တွင် လှဲချလိုက်သည်။

“ကျွန်တော်တို့ ဂုဏ်ယူရမှာပဲ၊ အဓိကရုဏ်းကာလတွေမှာ ကျွန်တော်တို့မြစ်ဝှမ်း တစ်ခုလုံး ဘာမှမဖြစ်ဘဲ အေးချမ်းနေခဲ့တယ်”

“တခြားရွေးစရာလမ်းမှ မရှိတာဘဲ” အီဘရာဟင်ကပြောသည်။ “ခင်ဗျားတို့က ကျုပ်တို့ရေကို ချုပ်ကိုင်ထားတာကိုး”

“ဆိုကြစို့ ကျွန်တော်တို့က ခင်ဗျားတို့ကို ရေမပေးဘူးဆိုလျှင် ဘယ်လိုဖြစ်မှာလဲ။ ခင်ဗျားက ခင်ဗျားလူတွေကို အဓိကရုဏ်းဖြစ်ပွားအောင် လှုံ့ဆော်ပေးမှာလား”

“နွေရာသီပူပြင်းချိန်မှာ ကျုပ်လူတွေဟာ သိပ်ပြီးပင်ပန်းနေကြတယ်။ သူတို့က ဆောင်းဦးပေါက်သီးနှံအတွက်လဲ တွေးပူနေကြတယ်၊ စိတ်ခတ်တွေ အလွန်ကျဆင်းနေ ကြတယ်။ အချိန်မရွေးပေါက်ကွဲနိုင်တဲ့ အခြေအနေမှာ ရှိနေကြတယ်၊ အဲဒီအခြေအနေမှာ အစ္စလာမ်ဘာသာကလွဲပြီး သူတို့ကို ဘယ်အရာကမှဦးမဆောင်နိုင်ဘူး၊ ဒီဒေသမှာ မုန်းတီးခြင်းဟာ မြင့်မြတ်တဲ့ စိတ်ထားပါ။ ဒါဟာ ထာဝရအမှန်တရားပဲ၊ ကျုပ်က အကြီးအကဲဖြစ်ပေမယ့် သူတို့ရဲ့ ဒေါသဒီရေကို မတားဆီးနိုင်ဘူး၊ ဒါကြောင့်မို့ ခင်ဗျားဟာ ကိုယ့်ကိုယ်ကို အရူးလုပ်နေတာလို့ ကျုပ်ပြောခဲ့တာပေါ့ ဂီဒီယံ။ ကျုပ်တို့နဲ့ ဘယ်လိုဆက်ဆံရမယ်ဆိုတာ ခင်ဗျားမသိပါဘူး။ ကျုပ်တို့ဟာ ခင်ဗျားတို့နဲ့ နေထိုင်ချင်နေထိုင်ကြမှာပဲ၊ ဒါပေမယ့် အတွင်းစိတ်သဏ္ဌာန်မှာတော့ ကလဲ့၊

စားချေချင်တဲ့စိတ်ဟာ အမြဲတမ်းကိန်းအောင်းနေလိမ့်မယ်။ ကျုပ်တို့ဒေသ၊ ကျုပ်တို့၊ ကမ္ဘာမှာ ဘယ်ပဋိပက္ခကိုမှ အေးချမ်းစွာဖြေရှင်းလို့ မရပါဘူး။ ကျုပ်တို့အနေနဲ့ ဆက်လက်ပြီး ရန်ပြုချင်လာအောင် ဂျူးတွေကဖန်တီးပေးခဲ့တာ”

“ကျွန်တော်တို့က အာရပ်တွေကို ကျွန်တော်တို့လိုပဲ ဆက်ဆံတယ်လို့ထင်သလား

”ခင်ဗျားတို့က အာရပ်တွေတွေးသလို မတွေးတတ်ပါဘူး၊ ခင်ဗျားတစ်ယောက် ၊ အနေနဲ့တော့ တွေးချင်တွေးတတ်လိမ့်မယ်။ ဒါပေမယ့် ခင်ဗျားလူတွေက မတွေးတတ်ပါဘူး။ ဥပမာတစ်ခုပြမယ်၊ ရေပေးရေးသဘောတူညီချက်ထဲမှာ ကျွန်တော်တို့မတောင်းဆိုတဲ့ အချက်တစ်ချက်ပါတယ်၊ အဲဒီအချက်က ခင်ဗျားတို့အပေါ် ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ခဲ့ရင် ရေပေးတာကို ဖြတ်တောက်ပစ်မယ်ဆိုတဲ့အချက်ပဲ”

“ဒါပေမယ့် မဟာမင်းကြီးရဲ့ လူတွေက ကျွန်တော်တို့လူမျိုးတွေကို နှိပ်စက်နေကြ တာပဲ။ အဲဒါကြောင့် ခင်ဗျားတို့ရွာကို ကျွန်တော်တို့က ရေမပေးဘဲနေရမှာလား၊ တခြား ရွာသားတွေ ကျူးလွန်တဲ့ပြစ်မှုအတွက် တဘားရွာကို ကျွန်တော်တို့က ဒဏ်မခတ်ပါဘူး

”အဟား... ခင်ဗျားတို့ ညံ့သေးတယ်ဆိုတာပြတာပေါ့။ အဲဒီလို သဘောထားလျှင် ခင်ဗျားတို့ကျဆုံးမှာပဲ၊ ခင်ဗျားတို့က ကျုပ်တို့အပေါ်မှာ ကြင်နာမှုပြချင်တယ်။ ဒါပေမယ့် ကျုပ်တို့ကတော့ ခင်ဗျားတို့ကို ဘယ်တော့မှ ပြန်ပြီးကြင်နာလိမ့်မယ်မထင်နဲ့”

“ဂျူးလူမျိုးတွေဟာ နိုင်ငံပေါင်းတစ်ရာလောက်မှာ အကြိမ်ပေါင်းများစွာ ကြင်နာမှု တောင်းခံခဲ့ပါတယ်။ အဲဒီတော့ ကျုပ်တို့ဆီက ကြင်နာမှုတောင်းခံလာတဲ့ လူတွေကို အုပ်တို့က ဘယ်လိုလုပ်ပြီး ရက်စက်နိုင်ပါ့မလဲ”

“အကြောင်းကရှင်းပါတယ်၊ ဒီနိုင်ငံဟာ ကြင်နာမှုကို အသိအမှတ်ပြုတဲ့နိုင်ငံ ဟုတ်ဘူး။ ဒီဒေသ ဒီကမ္ဘာမှာ သဘောထားကြီးခြင်းဆိုတာမရှိဘူး၊ အနေးနဲ့အမြန် နိုင်ငံရေးကျားကွက်ထဲဝင်လာလျှင် မဟာမိတ်တွေဖွဲ့လာရမယ်၊

လျှို့ဝှက်ထောက်လှမ်းရေးတွေ တယ်လာရမယ်၊ လူမျိုးစုတစ်စုကိုတိုက်ဖို့အတွက် တခြားလူမျိုးစုတစ်စုကို လက်နက်တပ်ဆင် လာရမယ်၊

”ခင်ဗျားတို့လည်း ကျုပ်တို့လိုပဲလုပ်လာကြရမှာပဲ၊ ဂျူးအတွေးအခေါ်ဟာ ဒီဒေသမှာ လုပ်မဖြစ်ပါဘူး။ ကျုပ်တို့က သဲကန္တာ ရမှာ ပထဝီအနေအထားအရ တီထွင်ထားရတဲ့ နှစ်တစ်ခုကို ခင်ဗျားတို့ကလာပြီး ဖျက်ဆီးပစ်ကြတယ်။ ကျုပ်တို့ရဲ့ နေ့စနစ်ဟာ အားတို့အတွက် အလကားလို့ထင်ပေမယ့် ကျုပ်တို့အတွက်တော့ အလုပ်ဖြစ်တယ်၊ လာမ်ဝါဒကို ခင်ဗျားတို့က အယူသည်းဝါဒလို့ ထင်ကောင်းထင်လိမ့်မယ်။ ဒါပေမယ့် ဒဟာ အားကြီးသူ အသက်ရှင်စတမ်း လောကကြီးမှာ ကျုပ်တို့အတွက် အဓိပ္ပာယ်ရှိတယ်။ ပိုမိုကောင်းမွန်တဲ့ အနာဂတ်အတွက်လဲ ကျုပ်တို့ကို ကြိုတင်ပြင်ဆင်မှုပေးတယ်”

“အစ္စလာမ်ဝါဒအောက်မှာ လူ့ဘဝဟာ အဓိပ္ပာယ်မဲ့ မဖြစ်သင့်ဘူး။ ဒီလောကကို ဆက်လာတာဟာ သေရမယ့်အချိန်ကို စောင့်နေဖို့ရောက်လာတာမျိုးသာ မဖြစ်သင့်ဘူး။ ဒီမှာ ဟာဂျီအီဘရာဟင်၊ ခင်ဗျားမလုပ်လို့ မဖြစ်တာကြောင့် အစ္စလာမ်ဝါဒကို အပြစ်တင်လို့ ကြမလား။ မင်းမဲ့ဝါဒကို ခေါင်းညိတ်လက်ခံတာ အစ္စလာမ်ဝါဒကြောင့်လို့ဆိုနိုင်ပါ့မလား။ ဒီမြေယာတွေကို အကျိုးရှိအောင် ချွေးနဲ့ရင်းပြီး မကြိုးစားဘဲနေတာ အစ္စလာမ်ဝါဒကြောင့်လို့ ပြောလို့ရပါ့မလား”

“ကျုပ်ပြောမယ် ဂီဒီယံ၊ ကျုပ်ရဲ့ ဆင်းရဲသားလယ်သမားတွေ စာရေးစာဖတ် ဆတ်လာလျှင် သူတို့နဲ့ မထိုက်တန်တဲ့အရာတွေကို လိုချင်လာကြလိမ့်မယ်။ ခင်ဗျားတို့မှာတော့ တစ်မျိုးသားလုံးကထောက်ပံ့လို့ ပိုက်ဆံတွေသုံးမကုန်အောင် ချမ်းသာတယ်။ ကျုပ်တို့မှာ ဒီလို ထောက်ပံ့မယ်လူမရှိဘူး။ ဖောဇီကဘားအနေနဲ့ သူ့အတွက်အကျိုးမရှိဘဲ ကျုပ်တို့ကို အပေးမယ်ထင်သလဲ၊ ဘာမှမပေးပါဘူး။ တကယ်ဆိုလျှင် ခင်ဗျားတို့ဂျူးတွေဟာ သားကျနေတဲ့ ကျုပ်တို့ဘဝကို လာပြီးဖျက်ဆီးပစ်ကြတာပဲ။ ဒီဒေသကို အပြင်လူတွေ ဆက်လာတိုင်း ကျုပ်တို့နဲ့ အံမဝင်ခွင်မကျတဲ့နည်းလမ်းတွေကိုယူလာကြတာ ခင်ဗျား သိပဲမဟုတ်လား ။

“ဒါဟာအဓိကအချက်ပဲ အီဘရာဟင်။ အစ္စလာမ်ဝါဒဟာ တခြားကမ္ဘာနဲ့ က်ဆံဘဲ ပုန်းနေလို့မရတော့ပါဘူး။ ကျွန်တော်တို့ဂျူးတွေ

ဒီဒေသကိုရောက်လာတာဟာ တို့ကို တခြားကမ္ဘာနဲ့ ဆက်ဆံနိုင်အောင် တံခါးဖွင့်ပေးဖို့ ရောက်လာတာပဲ” အီဘရာဟင်က ဦးခေါင်းကိုခါယမ်းလိုက်သည်။

“အပြင်လူတွေ ဒီဒေသကိုရောက်လာပြီး ကျုပ်တို့ကို ဘယ်လိုနေ ဘယ်လိုထိုင်ဆိုပြီး ညွှန်ကြားပြတဲ့အခါတိုင်း ပြဿနာတက်ရတာပဲ။ ပထမ ဥရောပတိုက်က ခရစ်ယာန် ဂ စစ်တပ်တွေရောက်လာတယ်၊ ပြီးတော့ တူရကီတွေရောက်လာတယ်၊ ပြီးတော့ အင်္ဂလိပ်တွေပါ ရောက်လာတယ်။ ပြီးတော့ ပြင်သစ်တွေရောက်လာတယ်။ အဲဒီလို ရောက်လာတဲ့လူတိုင်းကပဲ ကျုပ်တို့ရဲ့ လူနေမှုစနစ်ကို မကောင်းဘူး၊ ပြုပြင်ပြောင်းလဲရမယ်လို့ ပြောကြတာပဲ”

“ခင်ဗျားပြောတာ တစ်ချက်တော့မှားတယ် အီဘရာဟင်။ တကယ်တော့ ဂျူးတွေဟာ ဒီဒေသက ပေါက်ဖွားလာတဲ့လူမျိုးတွေပါ။ အာရပ်တွေနဲ့ ဂျူးတွေဟာ ဖခင်တစ်ယောက် တည်းက ဆင်းသက်လာတဲ့သားတွေပါ၊ ဖခင်အာဗြဟံက ဆင်းသက်လာတဲ့ ညီအစ်ကို အရင်းအချာတွေပါ။ ဒါကြောင့်မို့ ဖခင်ရဲ့ အိမ်မှာ ဂျူးတွေလည်း တစ်နေရာတော့ရသင့် ကယ်။ ဒါပေမယ့် ကျွန်တော်တို့က များများမတောင်းပါဘူး၊ အခန်းကလေးတစ်ခန်းလောက်ပဲ တောင်းတာပါ”

“ခင်ဗျားတို့ ရဲ့ မျက်လုံးအရောင်ကိုပဲ ပြန်ကြည့်စမ်းပါဂီဒီယံ။ ခင်ဗျားတို့ဟာ တခြားတစ်နေရာက သူစိမ်းတစ်ရံဆံတွေဆိုတာ ထင်ရှားနေပါတယ်” ။

“ပါလက်စတိုင်းမှာ ရှေးတုန်းကလဲ ဂျူးတွေနဲ့အာရပ်တွေ ရှိခဲ့ကြတယ်။ နောင်ကိုလ်၊ အမြဲတမ်းရှိနေဦးမှာပဲ။ ဂျူးတွေရဲ့ မျက်လုံးအရောင်ပြောနေတာ တခြားဒေသတွေမှာ ခြေသလုံးအိမ်တိုင် လှည့်လည်နေခဲ့ရလို့ပါ။ ဂျူးလူမျိုး တွေအနက် တချို့က ဇာတိနိုင်ငံကို ပြန်လာချင်ကြတယ်”

“ဒီတော့ ခင်ဗျားတို့အပေါ်မှာ ခရစ်ယာန်တွေကျူးလွန်တဲ့ ပြစ်မှုအတွက် ကျုပ်တို့က ပေးဆပ်ရမှာလား”

“ခင်ဗျားတို့က ပေးဆပ်စရာမလိုပါဘူး။ ဒီနိုင်ငံဟာ ခင်ဗျားတို့နိုင်ငံလည်း မဟုတ်တော့ပါဘူး၊ ဒီနိုင်ငံကို ခင်ဗျားတို့ စွန့်လွှတ်ခဲ့တာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ ခင်ဗျားတို့ဟာ ဒီနိုင်ငံအတွက်လဲ တိုက်ပွဲမဝင်ခဲ့ပါဘူး၊ ဒီနိုင်ငံတိုးတက်အောင်လဲ ဘာမှမလုပ်ခဲ့ပါဘူး။ ကုန်ကုန်ပြောရလျှင် နိုင်ငံတစ်နိုင်ငံလို့ ခေါ်နိုင်လောက်အောင်

ဘာမှမဆောင်ရွက်ခဲ့ကြပါဘူး ။

“လတ်စသတ်တော့ ခင်ဗျားတို့က ပါလက်စတိုင်းကို မောင်ပိုင်စီးဖို့ ကြိုးစားနေကြတာကိုး။ ခင်ဗျားတို့ဟာ ကျုပ်တို့ကို ကျုပ်တို့နားမလည်တဲ့ ကမ္ဘာတစ်ခုထဲကို တွန်းပို့နေကြတယ်။ ကျုပ်တို့က ကျုပ်တို့နားလည်တဲ့အရာကိုပဲ လိုချင်တယ်။ ကျုပ်တို့ကျေနပ် ရောင့်ရဲတဲ့ အခြေအနေမှာပဲနေချင်တယ်၊ ခင်ဗျားတို့က ကျုပ်တို့ကမ္ဘာကို ပိုပြီးရှုပ်ထွေးအောင် လာလုပ်နေကြတယ်” ။

“ခင်ဗျားတစ်ခုလောက် စလုပ်ကြည့်ပါလား၊ ခင်ဗျားတို့ရဲ့ ကလေးတွေကို ကျွန်တော်တို့ဆေးခန်းကို ဘာလို့မပို့တာလဲ။ ကျွန်တော်တို့ဆေးခန်းကိုပို့လျှင် အစာအိမ်ရောဂါ ကြောင့် မသေရဘူး၊ ရင်ဘတ်နာကြောင့် မသေရဘူး၊ မျက်ခမ်းစပ်ရောဂါကြောင့်လည်း မျက်လုံးမကန်းရဘူး”

အီဘရာဟင် တော်တော်စိတ်ညစ်နေပြီ။ သူစိတ်မရှည်တော့။ ဂီဒီယံနှင့် အမြန်ဆုံး စကားဖြတ်ချင်လှပြီ။

“ကျုပ်တို့အထဲမှာ အားနည်းသူကို ထုတ်ပယ်ရှင်းလင်းပစ်တာဟာ အလ္လာအရှင်မြတ်၏ အလိုတော်ပါ ဂီဒီယံ”

သူသည် သူ့မြင်းအစာစားနေရာသို့ လျှောက်လာပြီးနောက် ဇာက်ကြိုးကို လှမ်း လိုက်သည်။

ဂီဒီယံက ရပ်ကြည့်နေရာမှ သက်ပြင်းတစ်ချက်မှုတ်ထုတ်ပြီး လှမ်းပြောလိုက်၏။

”ကျွန်တော်တို့ ဘုံရိပ်သာမှာ မီးစက်ကြီးအသစ်တစ်လုံး ရောက်နေပြီ”

”မလိုပါဘူး၊ ခင်ဗျားတို့လျှပ်စစ်မီးကို ကျုပ်တို့မလိုချင်ဘူး”

“ဖြစ်နိုင်လျှင် ခင်ဗျားရဲ့ လက်ဖက်ရည်ဆိုင်မှာ ဝါယာကြိုးတစ်ချောင်းသွယ်ပြီး ဒီယိုတောင် တပ်ဆင်ပေးချင်ပါတယ်” ။

“အို ... ခင်ဗျားက ကျုပ်ကိုဖြားယောင်းနေပြန်ပါပကော၊ ဘာတဲ့။ ရေဒီယိုတပ်ဆင် တယ်ဟုတ်လား၊ အဲဒါဆိုလျှင် ကျုပ်လူတွေက ကျုပ်ကို

တမန်တော်နီးပါး ကြီးကျယ်တဲ့ပုဂ္ဂိုလ်လို့ ထင်ကြတော့မှာပေါ့ ဟုတ်စ"

အင်း... ရေဒီယို၊ ရေဒီယို။ အီဘရာဟင်က ပြန်တွေးမိသည်။ တကယ်တော့ က သူ့ကိုလိမ္မာပါးနပ်စွာဖြင့် စည်းရုံးနေပြီ။ သို့သော် ဆိုးတော့မဆိုး။ လောကကြီးက အတိုင်းပါပဲ။ ရေဒီယို... ရေဒီယို။

နောက်ဆုံး သူကပြန်ပြောလိုက်သည်။ "ကောင်းပြီလေ၊ ခင်ဗျားပေးလျှင် ကျုပ်လက်ခံပါတယ်"

"နောက်တစ်ခု ပြောပါရစေဦး၊ ဥပုသ်နေ့လွန်ပြီး နောက်အပတ်မှာ ကျွန်တော် ထက်ထပ်တော့မယ်။ ခင်ဗျားနဲ့တကွ ရပ်ရွာခေါင်းဆောင်တွေ၊ လူကြီးသူမတွေကို ပါတယ်"

အီဘရာဟင်သည် မြင်းပေါ်သို့ခုန်တက်လိုက်သည်။ ထို့နောက် ဦးခေါင်းကို ယမ်းလိုက်ပြီး...

"မဖြစ်နိုင်ဘူး၊ ခင်ဗျားတို့ ယောကျ်ားတွေနဲ့ မိန်းမတွေတွဲပြီး ကကြခုန်ကြတာ ကြသောက်ကြတာကို ကျုပ်လူတွေ မြင်သွားလိမ့်မယ်။ ဒါဟာ ကောင်းတဲ့အရာ ထုတ်ဘူး"

သူတို့နှစ်ယောက် ဘေးချင်းယှဉ်၍ မြင်းစီးပြီး ဂိတ်တံခါးသို့ လာခဲ့ကြသည်။ ဆောင့်က တံခါးဖွင့်ပေးသည်။ အီဘရာဟင်က တံခါးဝမှ မြင်းစီးထွက်လာရင်း နောက် ပြန်လှည့်၍ အော်ပြောလိုက်သည်။

'ဒါပေမယ့် ကျုပ်တစ်ယောက်တော့ ဆက်ဆက်လာခဲ့မယ် ဂီဒီယံ၊ ဘာဖြစ် တို့လည်းဆိုတော့ ခင်ဗျားက ကျုပ်မိတ်ဆွေဖြစ်လို့ပါ"

❖--- www.ebooks4mm.org ---❖

အခန်း (၁၀)

၁၉၃၁ ခုနှစ်...။

သူကောင်းမျိုးနှင့် သူဌေးသူကြွယ်ဂျာမန်မိသားစုများ၏ ဂန္တဝင်လုပ်ရပ်တစ်ခုမှာ ၎င်းတို့၏ တတိယသား၊ သို့မဟုတ် စတုတ္ထသားများကို နိုင်ငံရပ်ခြားသို့ အမြဲတမ်း ပို့လေ့ရှိခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများစွာတို့တွင် ချမ်းသာကြွယ်ဝသော ဂျာမန်လူမျိုးများ၏ ရပ်ကွက်များကို တွေ့မြင်ကြရသည်။ အထူးသဖြင့် ဗဟိုအမေရိကနှင့် တောင်အမေရိကတွင် ဂျာမန်လူမျိုးအများအပြား ခြေချနေထိုင်ကြသည်။

အရှေ့အလယ်ပိုင်း ဒေသတွင်လည်း ခရူးဆိတ်စစ်ပွဲတွင် တိုက်ခိုက်ခဲ့သော တန်ဘုရားများခေတ်မှစ၍ ဂျာမန်လူမျိုးများ စတင်အခြေချခဲ့ကြသည်။ ၁၈၀၀ ပြည့် ဝန်းကျင်နှစ်များအတွင်း ဂျေရုဆလင်မြို့တော်ဟောင်း၏ မြို့ပြင်တစ်ဝိုက်တွင် လူနေရပ်ကွက် သစ်များ စတင်ပေါ်ပေါက်လာခဲ့သည်။

ယင်းတို့အနက် ဂျူးလူမျိုးများက အစောဆုံးဖြစ်သည်။ ဂျူးလူမျိုးများသည် ဘီဒိုယင်လူမျိုးစုများ၏ အန္တရာယ်ကိုကြောက်၍ မိမိတို့၏ရပ်ကွက်များကို ခံတပ်သဖွယ် လေးဖက်လေးတန် ပိတ်ဆို့ကာကွယ်ထားကြသည်။

အခန်းတွဲတန်းလျားမှာ သံတိုင်တပ်ပြတင်းပေါက်များဖြင့် အပြင်ဘက်နံရံကဲ့သို့ ဆောက်လုပ်ထားသည်။ ရပ်ကွက်အဝင်တံခါးကို သံတံခါးဖြင့် အခိုင်အမာပြုလုပ်ထားပြီး နေဝင်သည်နှင့်တစ်ပြိုင်နက် တံခါးပိတ်သည်။ ဝတ်ကျောင်း၊ စာသင်ကျောင်း၊ ဆေးခန်းနှင့် ဘုံချက်ပြုတ်ဆောင်များကို ဗဟိုကွက်လပ်ကြီး ပတ်ပတ်လည်လည်တွင် ဆောက်ထားကြ သည်။

ဂျာမန်လူမျိုးများသည် ဆီးရီးယန်းကလေးများအတွက် မိဘမဲ့ဂေဟာဆောက်လုပ်ရန် ဂျေရုဆလင်မြို့တော်ဟောင်း၏ မြို့ပြင်၌ ပထမဆုံးစတင်အခြေချသည်။ နောက်ပိုင်းတွင် အနာကြီးရောဂါဆေးရုံတစ်ရုံနှင့် အာရပ်မိန်းကလေးကျောင်း တစ်ကျောင်းကိုပါ ထပ် ၊ ဆောက်လုပ်ခဲ့ကြသည်။

၁၈၇၉ ခုနှစ်တွင် ဂျာမန်သာသနာပြုဂိုဏ်းတစ်ခုက မြို့တော်ဟောင်း အနောက်တောင် ဘက်၌ ဂျာမန်ရပ်ကွက်ကို တည်ထောင်သည်။ ဂျာမန်ရပ်ကွက်မှာ ဂျူးရပ်ကွက်ကဲ့သို့ ခံတပ်နှင့်မတူ။ သစ်ပင်များစီတန်းနေသော လမ်းမကျယ်ကြီးများ တစ်ဖက်တစ်ချက်တွင် လှပသော သီးသန့်အိမ်များ ဆောက်လုပ်နေထိုင်ကြသည်။ ထိ လိုက်တောင်နှင့် စကော်ပတ်တောင်တို့ ဆက်မိသော တောင်ရိုးပေါ်တွင် 'တတ်စတာဝိတိုရိယ' အမည်ရှိ ခေတ်မီဆေးရုံကြီးတစ်ခု ဆောက်လုပ်ထားသည်။ သောင်းမြို့တော်တွင်းရှိ ခရစ်တော်အား ကားစင်တင်ရာနှင့် မြှုပ်နှံရာ "မြင့်မြတ်သော ခိုင်းတော်" အနီးတွင် ဂျာမန်လူသာရန်ဘုရားရှိခိုးကျောင်းတစ်ကျောင်း ဆောက်လုပ်ထားသည်။

၂၀ ရာစုနှစ်အဝင်တွင် ဂျာမန်ဧကရာဇ် ကိုင်ဇာဝီလျံ လာရောက်လည်ပတ်ခြင်းကြောင့် ခရုဆလင်၌ ဂျာမန်လူမျိုးတို့ အခြေစိုက်ခြင်း ပို၍ခိုင်မာသွားသည်။ ပို၍လည်း ကြီးကျယ်သွားသည်။ ကိုင်ဇာဝီလျံသည် ဂျာမန်ကာတိုလိတ်ဂိုဏ်းက ဝယ်ယူထားသော မြေကွက်ကိုလည်း ဇီယွန်တောင်ပေါ်ရှိ မယ်တော်မာရီ ခေါင်းချရာနေရာတွင် ခရစ်ယာန် ဘုန်းကြီးကျောင်းဆောက်လုပ်ရန် ရည်ညွှန်းခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသ၌ ဂျာမန်တို့၏အရေးပါမှုသည် ပထမကမ္ဘာစစ်မဖြစ်မီနှင့် စစ်ဖြစ်နေစဉ်အတွင်း အထွတ်အထိပ်သို့ ရောက်ရှိလာခဲ့သည်။ အကြောင်းကား ဂျာမန်တို့သည် အူရကီတို့၏ မဟာမိတ်ဖြစ်သောကြောင့်ဖြစ်သည်။

ဩဂတ်စတာဝိတိုရိယဆေးရုံကြီးသည် စစ်ကာလတွင် ၎င်းတို့၏ စစ်ဌာနချုပ် ဖြစ်လာသည်။ ဂျေရုဆလင်မြို့ထဲတွင် ဂျာမန်စစ်သားများနှင့် တူရကီတို့အတွက် ခံတပ်များ ဆောက်လုပ်ရန် ရောက်ရှိလာသော ဂျာမန်အင်ဂျင်နီယာများ ခြေချင်းလိမ်နေကြသည်။

ဂျာမန်မြို့စားကြီး လူဒွစ်ဗွန်ဘွတ်ကမန်း၏ ဘိုးဘွားဘီဘင်များသည် မျိုးဆက်ပေါင်း များစွာ ၎င်းတို့၏သားငယ်များကို ဂျေရုဆလင်သို့ ရိုးရာမပျက် စေလွှတ်ခဲ့ကြသည်။

အလားတူပင် မြို့စားကြီး လူဒွစ်ဗွန်ဘွတ်ကမန်း၏သားငယ်

ဂုစတပ်ဘွတ်ကမန်း' သည်လည်း ပထမကမ္ဘာစစ် (၁၉၁၄ -၁၈)အတွင်း ဂျာမန်ရေငုပ်သင်္ဘောတွင် အမှုထမ်းခဲ့ပြီး နောက်ပိုင်းတွင် မိသားစုလုပ်ငန်းကိုအုပ်ချုပ်ရန် ဂျေရုဆလင်မြို့သို့ ရောက်ရှိလာခဲ့သည်။ သူသည် ဂျာမန်ရပ်ကွက်ရှိ ခြံဝင်းကျယ် အကောင်းဆုံးစံအိမ်ကြီးတွင် နေထိုင်ခဲ့သည်။

၁၉၂၀ ပြည့် ဝန်းကျင်ကာလတွင် ဂျာမန်ထောက်လှမ်းရေးတပ်များက ဂုစတပ်ဘွတ် တမန်းအား ချဉ်းကပ်စည်းရုံးသည်။ ရည်ရွယ်ချက်မှာ ဗြိတိသျှတို့သိမ်းပိုက်ထားသော ပါလက်စတိုင်းဒေသတွင် ထောက်လှမ်းရေးတပ်ဖွဲ့ ကလေးတစ်ဖွဲ့ ဖွဲ့စည်းရန်နှင့် ပတ်ဝန်းကျင် အာရပ်နိုင်ငံများမှ ဂျာမန်ဘက်တော်သားများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်သည်။

သို့ဖြင့် ဂုစတပ်ဘွတ်ကမန်းသည် အပေါ်ယံဟန်ပြအဖြစ် သွင်းကုန်ထုတ်ကုန် လုပ်ငန်းမျိုးစုံနှင့် ဘဏ်တိုက်တစ်တိုက် ဖွင့်လှစ်လုပ်ကိုင်ကာ သူ၏မူလတာဝန်ကို ကျေပွန်စွာဆောင်ရွက်သည်။ အများအမြင်တွင်တော့ ဘွတ်ကမန်းသည် ကောင်းရောင်း ကောင်းဝယ် ကုန်သည်ကြီးတစ်ဦးနှင့် ဘာသာရေးအကျိုးတော်ဆောင် ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေသည်။

၁၉၃၀ ပြည့်ဝန်းကျင်တွင် အဒေါ့ဟစ်တလာ တန်ခိုးကြီးလာသောအခါ ဘွတ်ကမန်း သည် နာဇီများနှင့်ရှောခနဲ ပူးပေါင်းသွားသည်။ ဟစ်တလာအာဏာရလာပြီးနောက် တစ်နှစ်အတွင်းမှာပင် ဂျာမနီနိုင်ငံ၌ ဂျူးဆန့်ကျင်ရေးဝါဒ ကြီးထွားလာသည်။ ထို့ကြောင့် ၁၉၃၄ ခုနှစ်နှင့် ၁၉၃၅ ခုနှစ်များတွင် ဂျာမနီနိုင်ငံဖွား ဂျူးလူမျိုးထောင်ပေါင်းများစွာတို့သည် ဖ ဂျာမနီနိုင်ငံကိုစွန့်ခွာပြီး ပါလက်စတိုင်းဒေသသို့ ထွက်ပြေးလာခဲ့ကြရသည်။ ထိ ဥာလူဝင်မှုလှိုင်းသစ်ကြီးကို ဂျေရုဆလင်မဟာမင်းကြီး ဟာဂျီအာမင်အေလ်ဟူစိန်နီ ဦးဆောင်သော အာရပ်လူမျိုးများက ပြင်းထန်စွာ ဆန့်ကျင်ကြပြန်သည်။

ဟူစိန်နီသည် ၁၉၂၉ ခုနှစ်အတွင်း အဓိကရုဏ်းများကို လှုံ့ဆော်ပေးပြီး ဂျူးအမျိုးသား အများအပြားကို သတ်ဖြတ်ကာ တစ်စခန်းထလာခဲ့ပြန်သည်။ သူသည် ဟန်ပြအဖြစ် ဂျေရုဆလင်မြို့တွင် မွတ်စလင်ဘာသာဝင်များညီလာခံ တစ်ရပ်ပြုလုပ်ပြီး အိန္ဒိယ၊ အီရန်နှင့် အာဖဂန် နစ္စတန်နိုင်ငံများသို့ ခရီးထွက်လျက် ဂျူးမုန်းတီးရေးကို ဟောပြောသည်။

ဗြိတိသျှတို့က သူ့အား ခပ်ရှိန်းရှိန်းဆက်ဆံနေသည်ကို အခွင့်ကောင်းယူကာ ဗြိတိသျှကိုလည်း သူကပြောင်ပြောင်ပင် ဆန့်ကျင်သည်။ ဗြိတိသျှဆန့်ကျင်ရေးလုပ်ငန်းများ ကို အတိအလင်း အားပေးလာသည်။

ဤသို့ဖြင့် အာရပ်နိုင်ငံများ၏ ခေါင်းဆောင်များကလည်း ဇီယွန်ဝါဒဆန့်ကျင်ရေးနှင့် ဗြိတိသျှဆန့်ကျင်ရေးကို အင်တိုက်အားတိုက် ပါဝင်အားပေးလာကြသည်။ ပါလက်စတိုင်း ဒေသတွင် ဗလီတိုင်းရှိ တရားဟောစင်မြင့်များသည် ဂျူးဆန့်ကျင်ရေးအတွက် လှုံ့ဆော်ဝါဒ ဖြန့်ရာ အဓိကစင်မြင့်များ ဖြစ်လာကြသည်။ ', ဤဖြစ်ရပ်များကို ကြားရမြင်ရသောအခါ ဂုစတပ်ဘက်ကမန်းက ဒူးနှံ့ပြီး လေချွန် နေသည်။ ယခုအချိန်တွင် ဂျူးဆန့်ကျင်ရေးသည် နာဇီဂျာမနီနိုင်ငံ၏ အဓိကပန်းတိုင် ဖြစ်နေပြီ။ ဗြိတိသျှတို့အနေဖြင့် အကျပ်အတည်းကြုံရလေလေ ဂျာမနီနိုင်ငံအတွက် အကျိုးရှိလေလေ ဖြစ်သည်။ ထို့ကြောင့် ဘွတ်ကမန်းသည် ဘုံရန်သူကို ဆန့်ကျင်တိုက်ခိုက် နေသော မဟာမင်းကြီးဟူစိန်နီအား လိမ္မာပါးနပ်စွာမိတ်ဖွဲ့ပြီး မိမိတို့ဘက်သို့ပါလာအောင် ဖြားယောင်းသိမ်းသွင်းသည်။

ဟူစိန်နီသည် ဘာသာရေးရန်ပုံငွေများကို ချုပ်ကိုင်ထားသောကြောင့် ထိုငွေများကို သူ့ဆန္ဒအတိုင်း ထင်သလိုသုံးစွဲနိုင်သည်။ ထို့ကြောင့် သူသည် ယင်းငွေများဖြင့် လက်နက်များ ဝယ်ယူသည်။ မိမိကိုယ်ကျိုးအတွက် ဇိမ်ခံပစ္စည်းများ ဝယ်ယူသည်။ ထို့ကြောင့် သူ့လုပ်ရပ်ကို မခံမရပ်နိုင်သော အာရပ်မိသားစုညွန့်ပေါင်းအဖွဲ့က သူ့ကိုဆန့်ကျင်ပြီး ဘာသာရေးရန်ပုံငွေ အသုံးစာရင်း ရှင်းလင်းရန် တောင်းဆိုသည်။

ဤတွင် ဟူစိန်နီအဖို့ မိမိအားကျားကန်ပေးမည့် ပြင်ပမိတ်ဆွေတစ်ဦး အရေးတကြီး လိုအပ်လာသည်။ ထိုမိတ်ဆွေသည် မိမိအား ငွေကြေးလိုအပ်သလောက် ပေးနိုင်သူ လက်နက်များပေးနိုင်သူနှင့် နိုင်ငံရေးအရ ပူးပေါင်းနိုင်သူဖြစ်ရမည်။ ဤသို့ဖြင့် ဂျေရု ဆလင်မြို့မှ ဂျာမန်များနှင့် ဟူစိန်နီတို့ ပေါင်းမိကြတော့သည်။

၁၉၃၅ ခုနှစ်နောက်ပိုင်းတွင် ဂုစတပ်ဘွတ်ကမန်းအား ဘာလင်မြို့မှ လျှို့ဝှက် ဆွေးနွေးပွဲအတွက် ခေါ်ယူသည်။ ရည်ရွယ်ချက်မှာ အာရပ်နိုင်ငံများရှိ

ဂျာမန်တို့၏ အနေ အထားကို သုံးသပ်ရန်နှင့် ဗြိတိသျှနှင့် ပြင်သစ်တို့ အုပ်ချုပ်နေသော နိုင်ငံများအတွက် ရေရှည်စီမံကိန်းများ ရေးဆွဲရန်ဖြစ်သည်။

ဘွတ်ကမန်းသည် ဂျေရုဆလင်မဟာမင်းကြီး ဟာဂျီအာမင်အေလ်ဟူစိန်နီအား အာရပ်ကမ္ဘာတွင် အဓိကခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့ပြီးနောက် ပါလက်စတိုင် ဂျာမနီနိုင်ငံသို့ ထွက်ခွာသွားသည်။ ဟူစိန်နီ၏ရန်သူများသည် ဂျာမနီ၏ ရန်သူများပင်ဖြစ်၍ ဟူစိန်နီမှာ ဂျာမနီ၏မဟာမိတ်ဖြစ်သည်။ မကြာမီပင် ဘွတ်ကမန်းသည် ဂျာမနီနိုင်ငံ မှံရသောမျက်နှာနှင့် ပြန်ရောက်လာသည်။

ဟာဂျီအာမင်၏ စံအိမ်ကြီးသည် ရာမာလာသို့သွားသော ဂျေရုဆလင်မြို့ပြင် လမ်းမကြီးဘေးတွင် တည်ရှိသည်။ ဘွတ်ကမန်းကား အမြဲတမ်းဂျာမနီပီသသည်။ သည် အလွန်ပြီးခဲသည်။

သို့သော် ပန်းဥယျာဉ်ကို စိုးမိုးမြင်နေရသော ဟာဂျီအာမင်၏ စံအိမ်တော် လသာဆောင်၌ ထိုင်နေစဉ်တွင်မူ သူ့မျက်နှာသည် ထူးထူးခြားခြား နေသည်။ သူတို့ နှစ်ယောက်သည် ပဋိသန္ဓာရစကားများ ပြောကြပြီးနောက် အဓိကကိစ္စကို ဘွတ်ကမန်းက တင်ဆွေးနွေးသည်။

"ကျွန်တော်တက်ခဲ့တဲ့ ဆွေးနွေးပွဲကတော့ ထူးထူးခြားခြား အောင်မြင်ပါတယ် ဟာမင်းကြီး။ ဆွေးနွေးပွဲကို ခေါင်းဆောင်ကြီးဟစ်တလာကိုယ်တိုင် တက်ပါတယ်။ က ကျွန်တော်နဲ့ အချိန်အများကြီးပေးပြီး ဆွေးနွေးပါတယ်"

ဟာဂျီအာမင်က သဘောကျစွာဖြင့် ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ဘွတ်က က ဆက်ပြောသည်။

"အခု ကျွန်တော်တို့ ဂျာမနီနိုင်ငံအနေနဲ့ အာရပ်နိုင်ငံတွေဆီကရရှိတဲ့ အကူအညီ အတိုင်းအတာကိုကြည့်လိုက်တဲ့အခါ အားထားလောက်တဲ့ မိတ်ဆွေတွေရရှိထားပြီဆိုတာ တွေ့ ရပါတယ်။ ကျွန်တော်တို့မှာ ဒမတ်စကတ်နဲ့ဘဂ္ဂဒက်မှာလဲ မိတ်ဆွေတွေ ရှိနေပါပြီ။ ပြီးတော့ အီဂျစ်အရာရှိတပ်ထဲကိုလဲ အင်နဲ့အားနဲ့ စိမ့်ဝင်ထားပြီးဖြစ်ပါတယ်" ။

နာဇီတွေအတွက် မိတ်ဆွေများတိုးလာလေလေ ကောင်းလေဖြစ်သည်။ သို့သော် ဂျာမန်ဘက်တော်သား အာရပ်ပေါ်ပေါက်လာခြင်းသည် သူ့အဖို့ ပြိုင်ဘက်တစ်ဦး ထိုးလာခြင်းပင်ဖြစ်သည်ဟု ဟာဂျီအာမင်က တွေးမိသည်။ သူက ဘာစကားမှမပြောဘဲ ဇော်လက်နားထောင်နေသည်။

"ဘယ်အာရပ်အမျိုးသားခေါင်းဆောင်မှ မဟာမင်းကြီးလောက် ဟစ်တလာရဲ့ စိတ်ဝင်စားမှုကို မဆွဲဆောင်နိုင်ဘူးဆိုတာ ကျွန်တော် အလေးအနက် ပြောချင်ပါတယ်။

ဟာမင်းကြီးက ဂျူးတွေအပေါ်မှာ အပြတ်အသတ် စစ်ကြေညာလိုက်တာကို ဟစ်တလာက ထိပ်သဘောကျနေပါတယ်၊ မွတ်ဆလင်ဘာသာရေးခေါင်းဆောင်အဖြစ် မဟာမင်းကြီး လွန်ကြီးမားတဲ့ တန်ဖိုးကိုလည်း သူက ကောင်းကောင်း သဘောပေါက်ပါတယ်"

"ကျုပ်တို့အခြေအနေကို ဂျာမနီအနေနဲ့ ဘယ်လိုသဘောထားတယ်ဆိုတာ ခင်ဗျား အကျ ပြောနိုင်ပါသလား" ဘွတ်မန်းက လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီးနောက်...

"နာဇီတွေ အာဏာရလာတာ အများကြီးအချိန်တိုပါသေးတယ်။ ဒါပေမယ့် အကျိုးသက်ရောက်မှုကတော့ အံ့သြစရာကောင်းလောက်အောင် ကြီးမားပါတယ်။ ပထမ မ္ဘာစစ်မှာ အရှုက်တကွဲ ဖြစ်လိုက်ရပြီးတဲ့နောက် ဂျာမနီပြည်သူတွေဟာ မျိုးချစ်စိတ်နဲ့ အမျိုးသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်တွေ အလွန်တရာ တိုးပွားရှင်သန်လာခဲ့ပါတယ်၊

"နောက် သုံးလေးနှစ်အတွင်းမှာ ဟစ်တလာဟာ ဩစတြေးလျ၊ ပိုလန်၊ ချက်ကို ထားကီးယားစတဲ့ နိုင်ငံတွေမှာရှိတဲ့ ဂျာမန်လူမျိုးစုတွေအားလုံးကို လူမျိုးတစ်မျိုးတည်းအဖြစ် ရုံးသိမ်းသွင်းနိုင်မှာ သေချာပါတယ်။ ဂျာမနီလူမျိုးအားလုံးဟာ တစ်ခုတည်းသော "လံတော်အောက်မှာပဲ ရှိကြရပါမယ်။

"ဥရောပတိုက်မှာ ဂျာမန်တွေ အရှိန်အဟုန်နဲ့တိုးတက်လာတာကို အင်္ဂလိပ်နဲ့ ပြင်သစ်တို့က ထိထိရောက်ရောက် တားဆီးနိုင်မယ့်အင်အား မရှိကြတော့ဘူးဆိုတာ အားလုံးကပဲ ယုံကြည်နေကြတယ်။

နောက်ဆယ်နှစ်ကာလမှာဆိုလျှင် အရှေ့အလယ်ပိုင်း ဒေသကိုလဲ ဂျာမနီက အပြီးအပိုင် သိမ်းယူနိုင်မှာမလွဲပါဘူး”

“ဘယ်လို သိမ်းယူမှာလဲ၊ စစ်တိုက်ပြီး သိမ်းယူမှာလား”

““အဲဒါဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ရေရှည်စစ်ပွဲမဟုတ်နိုင်ပါဘူး။ အဲဒီအချိန်မှာ မဟာမင်းကြီးအနေနဲ့လဲ ကိုယ်ရသင့်တဲ့ အခွင့်အရေးတွေကို ပိုင်ပိုင်နိုင်နိုင်ရရှိမှာ ကျိန်းသေပါပဲ”

“အဲဒီအချိန်မှာ ဂျာမနီက အာရပ်နိုင်ငံတွေကို တိုက်ရိုက်အုပ်ချုပ်နေမှာလား၊ ဒါမှမဟုတ် အဝေးကပဲ ဩဇာပေးနေမှာလား”

“တခြား ဘယ်နည်းများ ရှိနိုင်သေးလို့လဲ”

”ပါလက်စတိုင်းအခြေအနေက ဘယ်လိုဖြစ်လာနိုင်သလဲ”

“လုပ်ငန်းတစ် … ဗြိတိသျှတို့ရဲ့ ပါလက်စတိုင်းကွပ်ကဲရေးဟာ ယိမ်းယိုင်ချည့်နဲ့ နေပြီ။ မဟာမင်းကြီးကိုယ်တိုင်ဦးဆောင်တဲ့ အာရပ်တော်လှန်ရေးကြီးကို အောင်မြင်စွာ လုပ်နိုင်လျှင် ဗြိတိသျှအုပ်ချုပ်ရေးပြိုကွဲသွားမှာ မြေကြီးလက်ခတ် မလွဲပါဘူး။ လုပ်ငန်းနှစ် …။ ဗြိတိသျှတွေမရှိလျှင် ဂျူးတွေလဲ ဘာမှမတတ်နိုင်တော့ပါဘူး၊ အဲဒီအချိန်မှာ မဟာမင်းကြီးရဲ့ စွမ်းရည်နဲ့ အာရပ်တွေအားလုံး စည်းစည်းလုံးလုံးနဲ့ ဝိုင်းတိုက်လျှင် ဂျူးတွေ တစ်ယောက်မကျန် ပျောက်သွားကြလိမ့်မယ်။ လုပ်ငန်းသုံး … နောက်ဆုံးမှာ ဟစ်တလာက မဟာမင်းကြီးကို ကျေးဇူးတင်လွန်းလို့ အာရပ်နိုင်ငံများရဲ့ ခေါင်းဆောင်ကြီးရာထူးကို ကြည်ကြည်ဖြူဖြူ ပေးအပ်ပါလိမ့်မယ်” ။

ဤသည်မှာ မစားရဝခမန်း ကမ်းလှမ်းချက်ဖြစ်သည်။ သို့သော် ဂျာမန်တို့၏ ကမ်းလှမ်းချက်ကိုလက်ခံလျှင် သူ့အနေဖြင့် ဗြိတိသျှရာဇာအစား ဂျာမန်ရာဇာနှင့် လဲလှယ် လိုက်သလို ဖြစ်နေမည်လား။ ယင်းသို့တော့ ဖြစ်နိုင်စရာမရှိ။ သူ့အနေဖြင့် ခြေကုပ်ခိုင်သည်။ ဟစ်တလာအနေဖြင့် အစ္စလာမ်ဘာသာကိုတော့ လာထိရဲမည်မဟုတ်။ ထိလျှင်လည်း အကြီးအကျယ်မှားလိမ့်မည်။ ထို့ကြောင့် ဟာဂျီအာမင်သည် ဟစ်တလာ၏ မဟာမိတ်ကြီး အဖြစ်ဖြင့် အာရပ်ကမ္ဘာ၏

ခေါင်းဆောင်ကြီးဖြစ်လာမည်မှာ သေချာနေသည်။

"အစဉ်အလာအရဆိုလျှင်..." သူက ပြောသည်။ "ပါလက်စတိုင်းနယ်မြေထဲမှာ ဂျော်ဒန်မြစ် အရှေ့ဘက်ကမ်းဒေသရော၊ ထရန်စ် - ဂျော်ဒန်စော်ဘွားနယ်မြေတွေရော ပါဝင်တယ်။ ပြီးတော့ ကျုပ်တို့ဟာ ဆီးရီးယားပြည်နယ် ထဲမှာ ပါဝင်နေတယ်ဆိုတာလဲ ထည့်တွက်ရဦးမယ်"

"တူရကီပိုင်နက်နဲ့ပတ်သက်ပြီး မဟာမင်းကြီးရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဘာလင်က သဘောပေါက်နားလည်ပြီးသားပါ"

"ဒီမှာ ဂုစတပ်၊ တူရကီတွေကို ဆန့်ကျင်ခိုင်းတုန်းက အင်္ဂလိပ်တွေကလဲ ရှုရစ် ဟူစိန်ကို အဲဒီအတိုင်းပဲပြောခဲ့တာပဲ။ နောက်တော့ ဟူစိန်ဟာ တိုင်းပြည်က ထွက်ပြေးသွား ၍ ရပြီး ပြည်ပြေးဘဝနဲ့ သေသွားခဲ့ရတယ်"

ဘွတ်ကမန်း မျက်နှာတည်သွားပြီး... "ဘာလဲ၊ မဟာမင်းကြီးက ဟစ်တလာရဲ့ စကားကို ဗြိတိသျှကိုလိုနီရုံးရဲ့ စကားနဲ့ နှိုင်းယှဉ်တာလား၊ ကျွန်တော်တို့က မိတ်ဆွေတွေအပေါ်မှာ ကတိတည်ပါတယ်" သူက လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး သံတမန်ဟန်အပြည့်ဖြင့် ...။

"မဟာမင်းကြီးကို ဘာလင်ကိုဖိတ်ကြားဖို့ ကျွန်တော့်ကို အာဏာကုန် လွှဲလိုက်ပါ တယ်။ သွားလျှင်တော့ လူမသိအောင်သွားရမှာပဲ၊ မဟာမင်းကြီး လိုချင်တာတွေကို အပြည့်အဝသဘောတူတဲ့ စာချုပ်ချုပ်ဆိုဖို့ ဘာလင်က အချိန်မရွေး အသင့်ရှိပါတယ်ခင်ဗျား"

ဟာဂျီအာမင်သည် ထိုင်ရာမှထရပ်ကာ လက်နှစ်ဖက်ကို နောက်ပစ်လျက် သောဆောင်အစွန်သို့ လျှောက်လာခဲ့သည်။ လသာဆောင်မှ လှမ်းကြည့်လိုက်သောအခါ ခင်လယ်သေအလွန်တွင် ထရန်စ် - ဂျော်ဒန်ဒေသ၏ တောင်တန်းကို မြင်နေရသည်။

"အဲဒီ အဗ္ဗဒူလာမှာ လက်နက်ကိုင်တပ်တွေ အပြည့်ရှိတယ်၊ ဗြိတိသျှက သင်တန်းပေးတယ်။ လက်နက်တပ်ဆင်ပေးတယ်။ ဗြိတိတိသျှစစ်ဗိုလ်တွေ ကွပ်ကဲတယ်။ လက်စတိုင်းမှာ နောက်ထပ် အာရပ်တော်လှန်ရေးပေါ်ပေါက်လျှင် ဗြိတိသျှတွေက ဒူလာရဲ့ စစ်သားတွေကို ဒီအတိုင်း ထိုင်နေခိုင်းထားမယ်လို့

ခင်ဗျားထင်သလား”

“အဲဒီလိုဖြစ်လာလျှင် ကျွန်တော်တို့က အာရပ်တွေကိုစည်းရုံးပြီး ဗြိတိသျှကို လင်ကထက်ပိုပြီး အရှိန်အဟုန်ပြင်းစွာနဲ့ အကျပ်ကိုင်ရမှာပေါ့၊ အဲဒီလိုဆိုလျှင် လာအနေနဲ့ ဂျော်ဒန်မြစ်ကို ဘယ်လိုမှဖြတ်ကူးလာလို့ မရနိုင်ပါဘူး ။ “ကျုပ်တော့ သိပ်စိတ်မချဘူး၊ အဗ္ဗဒူကာလ အလွန်လောဘကြီးတဲ့လူ”

”အဆုံးစွန်ပြောရလျှင် ဖြစ်လာတော့လဲ ဖြစ်လာသလို ရင်ဆိုင်ရတာပေါ့ မဟာ ကြီး။ ဒီအလုပ်က စွန့်စားထိုက်တဲ့အလုပ်ပါ”

“စောစောက ခင်ဗျားပြောသွားတဲ့ လုပ်ငန်းစဉ်ကို ကျုပ်ပြန်ပြီး သုံးသပ်ပါရစေ။ ဗြိတိသျှအုပ်ချုပ်ရေးက ခင်ဗျားထင်သလို လွယ်လွယ်နဲ့ မပြိုကွဲနိုင်ပါဘူး။ သူတို့က အားနည်းနေတာတော့ မှန်တယ်၊ ဒါပေမယ့် သေတော့မသေနိုင်သေးပါဘူး။ ဂျာမနီက အင်မတိုက်ဘဲနဲ့ ဆီနိုင်းဒေသနဲ့ စူးအက်တူးမြောင်းကို လုံးဝလက်လွှတ်မှာ မဟုတ်ဘူး၊ 'ဂျာမနီက ထိုးစစ်မလုပ်ခင် ကျုပ်ကထပြီးတော်လှန်လျှင် အရှုံးနဲ့ရင်ဆိုင်သွားတော့ ဘယ်လိုပြောမှာလဲ။ အဲဒါဟာ စွန့်စားထိုက်တဲ့အလုပ်လား၊ အဲဒီတော့ ခင်ဗျားတင်ပြတဲ့ လက်စတိုင်းက အာရပ်မိသားစုတွေကို အပြုတ်တိုက်ပစ်ချင်တယ်။ ဒါပေမယ့် ကျုပ်မှာ အင်အားရော လက်နက်အားပါ မပြည့်စုံဘူး၊ ငွေအင်အားလဲမပြည့်စုံဘူး ဂုစတပ်”

တိုင်းက အာရဟာ စွန့်စားပြီးတော်လက်လွှတ်။ ဂျာမန် ဂုစတပ်ဘွတ်ကနက်အားပါ မပြတ်တိုက်ပစ်ချင်တော့ ခင်ဗျားတော့ ကျွန်တော်ဘာက ပြုံးလိုက်သ ငွေအင်အားဒါပေမယ့် ကျုန်

”ကျွန်တော် ဘာလင်ကပြန်လာတာ လက်ချည်းသက်သက်လာခဲ့တာ မဟုတ်ပါဘူး မဟာမင်းကြီးက သူ၏ဝမ်းသာမှုကို ဖုံးကွယ်ထားလိုက်သည်။ ထို့နောက် နှစ်ယောက် သား ခေါင်းချင်းဆိုင်ကာ တိုးတိုးပြောကြသည်။ တခြားလူများ ချောင်းနားထောင်နေမည်ကို စိုးရိမ်သည့်ဟန်မျိုး ဖြစ်သည်။

“မဟာမင်းကြီးရဲ့ ပြဿနာကို ကျွန်တော် အနုလုံပဋိလုံ စဉ်းစားခဲ့ပါတယ်။ ဒါကြောင့်လဲ ဂျူးတွေနဲ့ အင်္ဂလိပ်တွေကို ဆက်ပြီးတိုက်ခိုက်တဲ့အခါ တန်ဖိုးအများကြီး ရလိမ့်မယ်ဆိုတာကို ဘာလင်ဆွေးနွေးပွဲမှာ

ကျွန်တော်တင်ပြခဲ့ပါတယ်” မဟာမင်းကြီးက ဤစကားမျိုးကို ကြားချင်နေသည်မှာကြာပြီ။ “အဲဒီတော့ ကျွန်တော်တို့က ဘာသာရေးရန်ပုံငွေကိစ္စကိုလဲ ဖြည့်ပေးဖို့ ပြင်ဆင်ထား တယ်။

မဟာမင်းကြီးက ခေါင်းညိတ်လိုက်သည်။ ဘွတ်ကမန်းက လျှင်မြန်စွာ ဆက်၍ ပြောသည်။

“၁၉၂၉ ခုနှစ်ကပေါ်ပေါက်ခဲ့တဲ့ အဓိကရုဏ်းတွေကို ကျွန်တော်တို့ လေ့လာကြည့် ပါတယ်။ ဒီတစ်ကြိမ်မှာတော့ မဟာမင်းကြီးအနေနဲ့ ရန်ပုံငွေအလုံအလောက် ရစေရပါ့မယ်။ ပြီးတော့ ခေတ်မီလက်နက်ခဲယမ်းမီးကျောက်တွေလည်း အလုံအလောက် ရစေရမယ်”

မဟာမင်းကြီးက အလွန်ကျေနပ်သွားဟန်ဖြင့် “ပြီးတော့ ဆက်ပြောပါဦး ။

“ဒီတစ်ကြိမ်မှာတော့ တဘာလိုအဓိကရွာတွေနဲ့ သူတို့ကင်းချထားတဲ့ လမ်းမကြီး တွေကို ချန်ထားလို့မဖြစ်တော့ဘူး။ တစ်ချိန်တည်းမှာ ဂျူးတွေရဲ့ ဘုံရိပ်သာတွေကိုလဲ အပြတ်ရှင်းပစ်ရလိမ့်မယ်”

ထို့နောက် တိတ်ဆိတ်သွားသည်။ ကော်ဖီပန်းကန်တွေပေါ်မှာ လူးလာခေါက်ပြန် ပျံသန်းနေသော ယင်တစ်ကောင်၏ တဝီဝီမြည်သံသာ ပေါ်ထွက်နေသည်။

အတန်ကြာတော့မှ ဘွတ်ကမန်းက ဆက်ပြောသည်။

“အမှန်အတိုင်းပြောရလျှင် မဟာမင်းကြီးက ဘာသာရေးခေါင်းဆောင် ဖြစ်နေတယ်။ လောလောဆယ် အခြေအနေက ထိပ်တန်းစစ်ပညာပြည့်ဝတဲ့ စစ်ခေါင်းဆောင်တစ်ဦး အရေးတကြီး လိုအပ်နေတယ်။ အဲဒီပုဂ္ဂိုလ်ဟာ အင်အားတောင့်တင်းတဲ့ အပျော်တမ်း အာရပ်တပ်ကို ဖွဲ့စည်းနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်”

“ကောက်ဂျီ ဆိုပါတော့" မဟာမင်းကြီးက လွှတ်ခနဲပြောလိုက်သည်။ “ကောက်ဂျီပဲပေါ့” ဘွတ်ကမန်းက ပြန်ပြောလိုက်သည်။ ဤသည်ကို မဟာမင်းကြီးက သဘောမကျ။

ကောက်ဂျီသည် ပထမကမ္ဘာစစ်အတွင်းက တူရကီတပ်တွင် ဗိုလ်ဖြစ်ခဲ့ပြီး သူရသတ္တိ ဘွဲ့တံဆိပ်ရခဲ့သည်။ စစ်ပြီးသောအခါ ကြေးစားစစ်ဗိုလ်အဖြစ် လှည့်လည်လုပ်ကိုင်ခဲ့သည်။ ဆီးရီးယားတွင် ပြင်သစ်ဆန့်ကျင်ရေးတိုက်ပွဲ၌ ပါဝင်ခဲ့သည်။ မအောင်မြင်၍ ထွက်ပြေးခဲ့ ရသည်။ ထို့နောက် ဆော်ဒီအာရေဗျနှင့် အီရတ်နိုင်ငံများတွင် ထောက်လှမ်းရေးအကြံပေး ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့သည်။

ကေန္တ .. အီရတ်နိုင်ငံမှ ဂျာမန်ထောက်လှမ်းရေးအဖွဲ့က ကောက်ဂျီအား ထောက်ခံ လိုက်ခြင်း ဖြစ်နိုင်သည်။ သူက ဂျာမန်စကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်သည်။ သူ့မိန်းမကလည်း ဂျာမန်မ။ သူရသတ္တိဘွဲ့လည်း ရထားသည်။ သူ့မှာ ဘာလင်နန်းတော်တွင် မိတ်ဆွေများရှိသည်။

ဟာဂျီအာမင်က ကောက်ဂျီအား ပုဂ္ဂိုလ်ရေးအရ သိပ်ပြီးမနှစ်သက်။ ကောက်က အလွန်လိုဘကြီးသည်။ ကြီးပွားလိုစိတ် ပြင်းထန်သည်။ သူ့ကိုယ်သူ ဖီးမာရှယ်ယူနီဖောင်းကြီး ဝတ်ပြီး ဂျာမန်ဖီးမာရှယ် ဗိုလ်ချုပ်ကြီးတစ်ယောက်လို နေထိုင်သည်။ မ သို့သော် ကောက်ဂျီက အောင်မြင်နေသည်။ တစ်ပါးသူနှင့် သင့်အောင်ပေါင်း၍ မိမိအတွက် အခွင့်အရေးကို ရအောင်ယူတတ်သည်။ ဤအချက်ကို ဟာဂျီအာမင်းကောင်း ကောင်းသိသည်။ ပါလက်စတိုင်း အာရပ်ညွှန့်ပေါင်းအုပ်စုက ကောက်ဂျီနှင့် အဆက်အသွယ် လုပ်နေသည်။ ဟာဂျီအာမင်၏ရန်သူ သူဌေးကြီးဖောဇီကဘားနှင့် လျှို့ဝှက်တွေ့ဆုံခဲ့သည်။

ကဘားသည် ဟာဂျီအာမင်က အပြုတ်တိုက်ပစ်ချင်နေသော ကုန်သည်ကြီးများနှင့် ငံနီးမြေပိုင်ရှင်သူပေါင်းများစွာကို ကိုယ်စားပြုသည်။ ကဘားသည် ဂျူးစီးပွားရေးလုပ်ငန်းများတွင် လျှို့ဝှက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားသောကြောင့် ပါလက်စတိုင်းတွင် ဂျူးရပ်ကွက်ပေါင်း များစွာ ရှိနေစေချင်သည်။ ဤအချက်ကိုလည်း ဟာဂျီအာမင်သိထားသည်။ အကယ်၍ အောက်ဂျီကို သူ့ဘက်သို့မခေါ်လျှင် ကဘားနှင့်သူ့လူများက သူတို့ဘက်သို့ ခေါ်သွားမည်မှာ သေချာသည်။ “တကယ်လို့ ကျုပ်က ကောက်ဂျီကိုသဘောတူခဲ့လျှင် ...” ဟာဂျီအာမင်က ပြောသည်။ ဘွတ်ကမန်းက ကြားဖြတ်ပြီး... “ကောက်ဂျီကို သဘောတူကို တူရမှာပါ”

”ဒါဆို ဒီကိစ္စက ကြိုတင်စဉ်းစားထားပြီးသား ဖြစ်မှာပေါ့”

”ဟုတ်ပါတယ်၊ ကြိုတင်စဉ်းစားထားပြီးသားပါ”

“ကျုပ်က ကောက်ဂျီနဲ့ လူချင်းတွေ့ပြီး ဆွေးနွေးချင်သေးတယ်၊ သူအနေနဲ့ ကျုပ် မိန့်ကိုနာခံရမယ်၊ ဒီအချက်ကိုတော့ ကြိုတင်သဘောပေါက်ထား စေချင်တယ်”

'ဒါကတော့ဖြစ်ပါတယ်၊ နောက်တစ်ချက်ကတော့ မဟာမင်းကြီးရဲ့ လူတွေကို မနီကိုပို့ပြီး စစ်သင်တန်းတက်ခိုင်းစေချင်တယ်။ တကယ်တော့ စစ်ပညာသက်သက်သာ ဟုတ်ဘူး။ နောင်အခါ အရေးကြီးတဲ့ ရာထူးတွေမှာ ခန့်ထားနိုင်အောင် အစိုးရလုပ်ငန်းနဲ့ အုပ်ချုပ်ရေးပညာတွေလည်း သင်ရမယ်”

“ကျုပ်တို့အနေနဲ့ ကိုယ်ပိုင်အစိုးရဖွဲ့နိုင်မယ်လို့ ထင်သလား”

”ဖွဲ့ နိုင်မယ်လို့ ထင်ပါတယ်၊ ကျွန်တော်တို့က လိုသလိုဘေးက ကူညီဖေးမပေး မယ်”

ဂျာမန်တို့၏ အကူအညီအတွက် ပြန်ပေးရမည့်တန်ဖိုးများ အဆမတန်မြင့်မည်မှာ ချာလုသည်။

ဘွတ်ကမန်းက ဆက်ပြောသည်။

“ပြီးတော့ ဝါဒဖြန့်ချီရေးလုပ်ငန်းဟာ အလွန်ထိရောက်တယ်ဆိုတာကိုလည်း လွှန်တော်တို့က အလေးအနက်ခံယူထားပါတယ်။ ဒီလုပ်ငန်းဟာ ဂျူးတွေကို ဆန့်ကျင် ရာမှာ အထိရောက်ဆုံးလက်နက်ဖြစ်ပါတယ်၊ ကျွန်တော်တို့က ဝါဒဖြန့်ချိရေး နည်းလမ်းသစ်တွေ တီထွင်ထားပါတယ်”

“တခြား ဘာများပြောစရာရှိသေးသလဲ” ဟာဂျီအာမင်က မေးသည်။

ဘွတ်ကမန်းက တခြားပြောစရာ ဘာမျှမကျန်တော့ကြောင်း လက်နှစ်ဖက်ဖြန့်၍ ကိုက်သည်။ သူသည် တံခါးဆီသို့ လျှောက်လာရင်း...

”ကျွန်တော်တို့အနေနဲ့ ခဏခဏ လူမြင်သူမြင်တွေ့ဆုံနေလျှင် အကျိုးထက် အဖြစ်သာများနိုင်တယ်။ ဒါနဲ့စကားမစပ် ဂျေရုဆလင်မြို့ထဲကို

လက်နက်တွေခိုးသွင်းဖို့ ကြီးတယ်။ အဲဒီတော့ အဲဒီလက်နက်တွေကို ဝှက်ထားဖို့နေရာ လိုလာလိမ့်မယ်

”ဘာသာရေးစစ်ပွဲတုန်းကတော့ ဥရောပစစ်သားတွေက အေလ်အကစာဗလီကို သူတို့ဌာနချုပ်လုပ်ခဲ့ကြတာပဲ” ဟာဂျီအာမင်က ပြောသည်။ “မြင်းတွေထားနိုင်တဲ့ မြေအောက်ခန်းအကျယ်ကြီးတွေတောင် ရှိတယ်၊ အဲဒါတွေကို ရှောလမုန်းဘုရင်ကြီးရဲ့ မြင်းဇောင်းတွေဆိုပြီးတောင် မဟုတ်မမှန် ပြောနေကြသေးတယ်၊ အဲဒီမှာ လက်နက်တွေ ဝှက်ထားလျှင် လုံခြုံပါတယ်” ။

“သိပ်ကောင်းတာပေါ့၊ ဒါပေမယ့် ဗြိတိသျှတွေ သိသွားနိုင်တယ်”

“ဘယ်လိုမှမသိနိုင်ဘူး၊ ဗြိတိသျှတွေက မွတ်စလင်ဗလီထဲကို ဘယ်တော့မှ မဝင်ပါဘူး”

နောက်ဆုံးတွင် နှစ်ယောက်သားရယ်လိုက်ကြသည်။ ဘွတ်ကမန်း ပြန်ထွက်သွား သည်ကို ဟာဂျီအာမင်က ရပ်ကြည့်ကျန်ရစ်သည်။

အခန်း (၁၁)

၁၉၃၆၊ မေ ၁၉။ ဂျက်ဖာမြို့။

ရှေးဟောင်း အာရပ်ဆိပ်ကမ်းမြို့နှင့် ဂျူးတို့၏ တဲလ်အဗစ်မြို့သစ် အကြားတွင် ဘမျှအသုံးချ၍မရသော ဖုန်းဆိုးကွင်းပြင်ကြီးရှိသည်။ ယင်းကွင်းပြင်ကြီးပေါ်တွင် အရှေ့တိုင်းဂျူးလူမျိုးများ၊ အာရပ်လူမျိုးများနှင့် ကပြားများ၏ တဲအိမ်များဖြင့် ပြည့်နှက် သည်။ ဤဒေသမှလူများမှာ လူစဥ်မမီ သူစင်မမှီသည့် အဖိနှိပ်ခံဆင်းရဲသား နင်းပြားများ သာ ဖြစ်ကြသည်။

ညနေပိုင်း ဝတ်ပြုဆုတောင်းနေကြချိန်တွင် ဟာဂျီအာမင်၏ဘက်တော်သားများသည် တဲလ်အဗစ်မှာ အာရပ်တွေကို ဂျူးတွေသတ်ကုန်ကြပြီ' ဟူ၍အော်ဟစ်ကာ ဂျက်ဖာမြို့တွင်းရှိ လီများထဲသို့ ပြေးဝင်လာကြသည်။ အချိန်ကအလွန်တိကျသည်။ မြို့တွင်းရှိ ဗလီဟူသမျှ သည် ဤသတင်းကို တစ်ချိန်တည်း တစ်ပြိုင်တည်း ရရှိကြသည်။

အာရပ်အမျိုးသားများသည် ကြားရသောသတင်းကြောင့် ယမ်းပုံမီးကျ ဒေါသအိုး ဒေါက်ကွဲကာ လမ်းများပေါ်သို့ ရုတ်ရုတ်သဲသဲဖြင့် အန်ထွက်လာကြသည်။ အသင့်စောင့် သော ဟာဂျီအာမင်၏လူများက လူအုပ်ကြီးကို သွေးထိုးဆွပေးပြီး အနီးအနားရှိ ရပ်ကွက်များသို့ ဦးဆောင်ခေါ်ယူသွားသည်။

လူအုပ်ကြီးက ဂျူးတဲအိမ်များကို အတင်းဝင်ရောက် ဖျက်ဆီးကြသည်။ တွေ့ရာ ဒုမ္မာကို သတ်ဖြတ်ကြသည်။ အဓိကရုဏ်းပြီးဆုံးသွားသောအခါ ဂျူးလူမျိုးကိုးဦး ခဲ့ခြင်းပြီးသေဆုံးပြီး အများအပြား ပြင်းထန်စွာဒဏ်ရာရကြသည်။

ဤသတင်းသည် ထုံစံအတိုင်း ပါလက်စတိုင်းဒေသတစ်ခုလုံးသို့ နာရီပိုင်းအတွင်း တောမီးပမာပျံ့နှံ့သွားသည်။

နောက်တစ်နေ့တွင် မဟာမင်းကြီး ဟာဂျီအာမင်အေလ်ဟူစိန်နီက သူကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ပါဝင်သော “အဆင့်မြင့်အာရပ်အမျိုးသားကော်မတီ” ကို ဖွဲ့စည်းကြောင်း ကြေညာလိုက်သည်။

' အဆင့်မြင့်ကော်မတီ၏ ပထမဆုံးကြေညာချက်မှာ ကြေးစားစစ်ဗိုလ်လောင်း ၊ ကောက်ဂျီအား ပါလက်စတိုင်းပုန်ကန်မှု၏ ဗိုလ်ချုပ်ကြီးအဖြစ် ခန့်အပ်လိုက်ကြောင်း ကြေညာချက်ဖြစ်သည်။ မြင့်မြတ်သောစစ်ပွဲကို အောင်မြင်စွာ ဆင်နွှဲနိုင်ရေးအတွက် နိုင်ငံပြင်ပတွင် စစ်သားများစုဆောင်းဖွဲ့စည်းရန် ကောက်ဂျီအား အဆင့်မြင့်ကော်မတီက တာဝန်ပေးလိုက်သည်။

စစ်တပ်ဖွဲ့စည်းရန် ငွေကြေးအရေးတကြီးလိုအပ်လာသည်။ ဘာသာရေးရန်ပုံငွေ များမှာလည်း ဟာဂျီအာမင် အလွဲသုံးစားလုပ်ပစ်၍ ကုန်ခန်းသလောက်ဖြစ်နေပြီ။ ထို့ကြောင့် ဟာဂျီအာမင်အနေဖြင့် ဂျာမန်တို့ထံမှထောက်ပံ့ငွေကို အမြန်ဆုံးလိုအပ်လာသည်။ သို့သော် ဂုစတပ်ဘွတ်ကမန်းကလည်း သူထုတ်ယူ ထားသောငွေများဖြင့် တရားမဝင်လက်နက်များ ဝယ်ယူထားသောကြောင့် ဘာမျှမကူနိုင် ဖြစ်နေသည်။

သို့ဖြင့် ဟာဂျီအာမင်သည် ချမ်းသာကြွယ်ဝသော အာရပ်မိသားစုများထံသို့ အထူးတပ်များစေလွှတ်ပြီး “ပါလက်စတိုင်းတိုက်ခိုက်ရေးရန်ပုံငွေအတွက်

“အလှူငွေများ”

ကောက်ခံစေသည်။ ဟိုင်ဖာမြို့မှ ဆန်စပါးကုန်သည်ကြီးတစ်ဦးက အလှူငွေမထည့်ဘဲ ပထမဆုံးငြင်းဆန်သည်။ ထိုကုန်သည်ကြီးနှင့်တကွ သားနှစ်ယောက်ရော အစောင့် ယောက်တို့ကိုပါ မိသားစုဇလီတွင် ဝတ်ပြုနေစဉ်အတွင်း သတ်ပစ်လိုက်ကြသည်။)

မြို့ပြင် အာရပ်ကျေးရွာများတွင် မဟာမင်းကြီး၏ ဘက်တော်သားများက ဆင်းရဲသား လယ်သမားများအား ညှဉ်းဆဲနှိပ်စက်၍ အတင်းလုယက် တိုက်ခိုက်ယူကြသည်။ အကြမ်းဖက် သမားများသည် သူတို့ကိုယ်သူတို့ “ဘုရားသခင်၏စစ်သည်တော်များ”(မိုဂျာဟီဒင်) ဟူသော အမည်ကို ခံယူထားကြသည်။

မိုဂျာဟီဒင်တို့သည် သူတို့၏ မြင့်မြတ်သောတိုက်ပွဲအတွက် ဆင်းရဲသားလယ်သမား များထံမှ ကျွဲနွားများမှစ၍ ရသမျှပစ္စည်းများကို အတင်းအဓမသိမ်းယူကြသည်။ မဟာမင်းကြီးက လယ်သမားများအား တပ်မတော်သို့ ဝင်ရောက်ကြရန် အမိန့်ထုတ်သည်။ မဝင်လိုသူများအား ချွေးတပ်ဆွဲသည်။

မိုဂျာဟီဒင်တပ်သားများသည် ဗြိတိသျှယာဉ်ရထားများကို ချောင်းမြောင်းပစ်ခတ်ကြ သည်။ လျှပ်စစ်မီးကြိုးများကို ဖြတ်တောက်ကြသည်။ ချုံခိုတိုက်ခိုက်ကြသည်။ တံတားများနှင့် လမ်းများကို ဖောက်ခွဲဖျက်ဆီးကြသည်။ အချိုးကျတပ်သား စုဆောင်းပေးရန်ငြင်းဆန်သော ကျေးရွာမျိုးနွယ်စုအကြီးအကဲ ဒါဇင်ဝက်ခန့်ကိုသတ်ဖြတ်လိုက်ကြသည်။ ထိုအခါ မိုဂျာဟီဒင် တပ်၏ “ခား”ကို ကြောက်၍ တစ်ရွာပြီးတစ်ရွာ တပ်သားများ စုဆောင်းပေးလာကြသည်။

ဗြိတိသျှတို့က မိုဂျာဟီဒင်များအား တပ်သားနှစ်သောင်းဖြင့် ထိုးစစ်ဆင် တိုက်ခိုက် ကြသည်။ သို့သော်လည်း သရဲသဘက်စီးနေသော အကြမ်းဖက် ရန်သူတပ်များကို မနှိမ်နင်း နိုင်ဘဲ ခံစစ်အဖြစ်သို့သာ ပြောင်းလဲတိုက်ခိုက်နေကြရသည်။ ဗြိတိသျှတို့၏ အဓိကတိုက်ခိုက် ရေးတပ်ဖွဲ့ တွင် နယ်မြေအနှံ့ အထပ်ထပ်ဖြန့်ချထားသော ပုလိပ်တန်းလျားများ ပါဝင်သည်။ ယင်းတပ်များကို ဒီဇိုင်းဆွဲသူနာမည်ဖြင့် “တီဂတ်ခံတပ်များ” ဟူ၍ခေါ်သည်။

ခံတပ်ဖွဲ့စည်းပုံ မဟာဗျူဟာမှာ ဘာသာရေးစစ်ပွဲကာလ ဥရောပစစ်တပ်များက ရဲတိုက်ငယ်များ ဖွဲ့စည်းပုံမျိုးနှင့်သော်လည်းကောင်း၊ ရှေးခေတ် ဟီးဘရူးလူမျိုးများက တောင်ကုန်းများပေါ်တွင် တစ်ခုနှင့်တစ်ခု လှမ်းမြင်နိုင်သော ကင်းစခန်းများ ချထားပြီး မျိုးနှင့်သော်လည်းကောင်း အတူတူပင်ဖြစ်သည်။ နေ့ဘက်တွင် ဗြိတိသျှတပ်သားများက အပြင်ထွက်ကင်းလှည့်ကြသည်။ ရန်သူတပ်များကို ဝင်စီးကြသည်။ သို့သော် ညဘက်တွင် တီဂတ်ခံတပ်များထဲတွင် ပုန်းနေကြသည်။ မိုဂျာဟီဒင်များက ညအမှောင်ထုထဲတွင် လွတ်လပ်စွာ လှုပ်ရှားကြသည်။

မိုဂျာဟီဒင်တပ်များ၏ ညတိုက်ပွဲများသည် တစ်ကြိမ်ထက်တစ်ကြိမ် ကြမ်းလာသော အခါ ဗြိတိသျှတို့က ရန်သူတပ်စုငယ်များအား အလုံးအရင်းနှင့် ထိုးစစ်ဆင် တိုက်ခိုက် ကြသည်။ ရန်သူကိုကူညီသူများအား ဒဏ်ငွေတပ်သည်။ အချို့ရွာများကို တစ်ရွာလုံး . ဖျက်ဆီးပစ်ကြသည်။ သို့သော်လည်း ၎င်းတို့အနေဖြင့် အာရပ်တို့၏ပြင်းထန်သော . ဒေါသမီးကို မငြိမ်းသတ်နိုင်ကြချေ။

ဗိုလ်ချုပ်ကြီး ကောက်ဂျီ၏ တပ်များသည် လပိုင်းအတွင်း ပါလက်စတိုင်းနယ်မြေ ထဲသို့ စိမ့်ဝင်လာကြပြီး မီးကုန်ယမ်းကုန် တိုက်ခိုက်ဖျက်ဆီးကြသည်။ သူသည် ဘာသာရေး တစ်ယူသန်များ၊ ရာဇဝတ်မှုကျူးလွန်သူများ၊ တစ်ကိုယ်တော်စွန့်စားရေးသမားများနှင့် ကဉ်းသားများအား သူ့တပ်မတော်ထဲသို့ သိမ်းသွင်းသည်။

သူတို့သည် ညဘက်တွင် လွတ်လပ်စွာလှုပ်ရှားခွင့်ရသောကြောင့် တိုက်ခိုက်ရန် နှင့်နေရာများကို ရွေးချယ်ရာတွင် ဗြိတိသျှတို့ထက် တစ်ပန်းသာသည်။ သူတို့၏ ကိုက်နည်းမှာ ဗြိတိသျှတပ်များအား အလစ်ဝင်တိုက်ပြီးနောက် ထွက်ပြေးနည်းဖြစ်သည်။

သို့ဖြင့် အဓိကခံတပ်တစ်ခုကို သူပုန်များက တိုက်ခိုက်ဖျက်ဆီးလိုက်ကြသောအခါ ဗြိတိသျှတို့အနေဖြင့် မျက်ဖြူဆိုက်ရသည့်အခြေသို့ ရောက်ရှိလာခဲ့သည်။

ဤတွင် ခေါင်းမီးတောက်နေသောဗြိတိသျှတို့သည် အရက်ထက် အသက်ကိုငုံကာ အမျိုးသားအဖွဲ့ကို ချဉ်းကပ်ပြီး “ဟာဂနာ” တပ်ဖွဲ့ ၏

အကူအညီကို အသနားခံရ ဆော့သည်။ ဂျူးတို့၏ ဟာဂနာ ကာကွယ်ရေးတပ်များသည် တိုက်ရည်ခိုက်ရည်ဝပြီး တ်မီလက်နက်များ တပ်ဆင်ထားသောကြောင့် မိုဂျာဟီဒင်တပ်များက ဂျူးမြို့တစ်မြို့ကို သော်လည်းကောင်း၊ ဂျူးဘုံရိပ်သာတစ်ခုကိုသော်လည်းကောင်း တိုက်ခိုက်သိမ်းယူနိုင်ခြင်း ဟာဂနာတပ်နှင့် ဗြိတိသျှတပ်များသည် မဟာမိတ်စာချုပ်ချုပ်ဆိုထားခြင်း ရှိသော်လည်း အချင်းချင်းနားလည်မှုဖြင့် ပူးပေါင်းတိုက်ခိုက်လာခဲ့ကြသည်။ ဤသို့ဖြင့် တပ်မတော်မှာလည်း တရားမဝင်တပ်မတော်အဖြစ်မှ တရားဝင်တပ်မတော်အဖြစ်သို့ ရောက်ရှိလာခဲ့သည်။

ဗြိတိသျှတပ်နှင့် ဟာဂနာတပ်တို့သည် အာရပ်တို့အားတိုက်ခိုက်ရာတွင် အချင်းချင်း ညီကြသော်လည်း ပါလက်စတိုင်းနယ်မြေသို့ ဂျူးလူမျိုးများ ဝင်ရောက်နေမှုကိစ္စတွင်မူ တစ်ဦးကိုတစ်ဦး တူညီသောမုန်းတီးမှုဖြင့် တိုက်ခိုက်နေကြသည်။

ထိုအချိန်တွင် ဥရောပနိုင်ငံများရှိ ဂျူးလူမျိုးများ အလွန်စိတ်ဓာတ်ကျနေကြသည်။ ကြောင့် ဟာဂနာတပ်ဖွဲ့များက ဥရောပဂျူးများအား ပါလက်စတိုင်းသို့ လျှို့ဝှက်စွာ သွင်းကြသည်။ ပါလက်စတိုင်းသို့ ဝင်လာသော ဂျူးလူမျိုးဦးရေမှာ အာရပ်တို့ဘက်မှ အုပ်ကိုင်တောင်းဆိုမှုအရ ဗြိတိသျှတို့၏ အချိုးကျခွင့်ပြုထားသော ဦးရေထက် အဆများစွာ ရာပေါင်းများစွာတို့သည် ကမ္ဘာ့လှည့်ခရီးသည်များနှင့် ဘုရားဖူးများအဖြစ် ကြပြီး ဘုံရိပ်သာများသို့ ရောက်ရှိသွားကြသည်။ အများစုမှာ အိမ်ထောင်ပြုရန်ဟူသော ၊ စာရွက်စာတမ်းများဖြင့်လည်းကောင်း၊ မရှိသောဆွေမျိုးများထံ သွားရောက်လည်ပတ် သော လိမ်ညာအကြောင်းပြချက်များဖြင့်လည်းကောင်း ဝင်ရောက်လာကြသည့် အချို့ က လှေကလေးများဖြင့် ကမ်းခြေဒူးရွာများသို့ ခိုးဝင်လာကြသည်။ အချို့မှာ အာရပ်နယ်မြေများကို ခက်ခက်ခဲခဲဖြတ်ကျော်ပြီး ဝင်ရောက်လာကြသည်။ ဂျူးတို့နှင့် အင်္ဂလိပ်တို့၏ လက်ရှိဆက်ဆံရေးအနေအထားကို ဥပမာဖြင့် ပြောမည်ဆိုလျှင် ညာလက်ဖြင့် လက်ဆွဲနှုတ်ဆက်နေကြပြီး ဘယ်လက်ဖြင့် ထိုးသတ်နေကြသည်ဟု ပြောရလိမ့်မည်။

အလားတူပင် အာရပ်တို့အနေဖြင့်လည်း စစ်ဘက်နှင့်အရပ်ဘက်တွင်

အင်္ဂလိပ် မိတ်ဆွေတွေ အများအပြားရှိကြသည်။

ဤသည်ကား အရှေ့အလယ်ပိုင်းဒေသ၏ သပွက်အူလိုက်နေသော ပထမပိုင်းအခြေ အနေပင်တည်း။

အာရပ်တပ်များသည် တစ်နေ့ထက်တစ်နေ့ အတင့်ရဲလာပြီး အေဃာလုံမြစ်ဝှမ်းနှင့် ဂျေရုဆလင်လမ်းမကြီးတို့ကို မျက်စိကျလာသည်။ သို့သော် တဘားရွာအကြီးအကဲ ဟာဂျီအီဘရာဟင်က တော်လှန်ရေးရန်ပုံငွေလည်းမထည့်နိုင်၊ တပ်သားလည်း စုဆောင်း မပေးနိုင်ဟု ငြင်းဆန်သည်။ (အဖြေမှာ မျှော်လင့်သည့်အတိုင်းပင် ပေါ်ထွက်လာခဲ့သည်။

တဘားရွာမှ သာမန်မျိုးနွယ်စုငယ်ကလေးတစ်စု၏ အကြီးအကဲဖြစ်သူ ဂါဆန်သည် ရမ်လီမြို့ရှိ ဆွေမျိုးများအိမ်မှပြန်လာစဉ် ပြန်ပေးဆွဲခံရသည်။ မိုဂျာဟီဒင်များက ဂါဆန်အား ညှဉ်းပန်းနှိပ်စက်ကြသည်။ နောက်ဆုံးတွင် ဂါဆန်မှာမခံနိုင်တော့ဘဲ ဟာဂျီအီဘရာဟင်၏ အစောင့်တပ်သားများအား ထောင်ချောက်ဆင်ရာတွင် ကူညီရန် သဘောတူလိုက်ရတော့သည်။

ထောင်ချောက်အတွက် "အစာ"မှာ ကောက်ဂျီ၏တပ်မှ စစ်ဗိုလ်တစ်ယောက်၏ မိတ်ဆွေ ဆီဗွဒင်အမျိုးသမီးကလေး ဖြစ်သည်။ သူမသည် နိုင်ငံတကာလှည့်၍ စီးပွားရှာ သူများ၏ မျိုးဆက်ဝင်တစ်ဦးဖြစ်ပြီး ရွှေရှာထွက်ရင်း နောက်ဆုံးတွင် ဘီရွတ်မြို့အနီး ကမ်းခြေဒေသသို့ ရောက်ရှိလာခဲ့သည်။

သူကလေးနှင့်ပတ်သက်၍ ဂါဆန်က ပြန်လည်ပြောပြရမည့် ဇာတ်လမ်းမှာ ဤသို့ဖြစ်သည်။

ဂါဆန်သည် ဆီဗွဒင်သူကလေးနှင့် သူမ၏အခြားမိတ်ဆွေ အမျိုးသမီးကလေးများ • ကိုင်ရိုမြို့သို့အသွားတွင် အမှတ်မထင် တွေ့ရှိရသည်။ သူတို့သည် စရိတ်ပြတ်ပြီး သောင်တင်နေကြခြင်းဖြစ်သည်။ ခရီးစရိတ်ရရန်အတွက် "အပျော်လိုက်ပြီး ငွေရှာနေကြသည်။

ယင်းမိန်းကလေးများနှင့် သူတစ်ညတာ "ပျော်ခဲ့ရပုံကို ဂါဆန်က အဆီတစ်ထပ် အသားတစ်ထပ် အားရပါးရပြောပြသောအခါ ဟာဂျီအီဘရာဟင်၏ ကိုယ်ရံတော် တပ်သား ၁၂ ယောက်အနက်မှ ခြောက်ယောက်တို့မှ

သွားရည်တမြားမြားကျကာ သူတို့နှင့် ဆုံပေးရန် အငမ်းမရတောင်းဆိုကြသည်။

သို့ဖြင့် ဂါဆန်၏စီစဉ်ပေးချက်အရ အစောင့်တပ်သား ခြောက်ယောက်တို့သည် သန်းခေါင်အချိန်တွင် ကင်းစခန်းမှ တိတ်တဆိတ်ထွက်ကာ ရမ်လီမြို့သို့ လစ်လာခဲ့ကြသည်။

ချိန်းဆိုထားသည့် အိမ်သို့ရောက်လာသောအခါ တံခါးဝမှ လုံးကြီးပေါက်လှ ဖြ] မိန်းကလေးတစ်ယောက်ထွက်လာပြီး ၎င်းတို့အား အထဲသို့ဝင်ရန် ဖိတ်ခေါ်သည်။

နောက်တစ်နေ့တွင် လည်ပင်းတစ်ဝက်ပြတ်နေသော ၎င်းတို့၏ အလောင်းများကို တဘားရွာလယ်မှ ကွက်လပ်ထဲတွင် မြင်တွေ့ကြရလေတော့သည်။ ဟာဂျီအီဘရာဟင်၏ ကိုယ်ရံတော်တပ်မှ ကျန်လူခြောက်ယောက်တို့မှာလည်း နောက်သုံးလေးရက်အကြာတွင် ၎င်းတို့၏ ဇာတိရပ်ရွာများသို့ ထွက်ပြေးသွားကြလေသည်။

နောက်တစ်ပတ်အကြာတွင် တဘားရွာနှင့် ရွာနီးချုပ်စပ်ရွာတစ်ရွာမှ အကြီးအကဲ၏ ခေါင်းပြတ်အလောင်းကြီးကို သူ့လယ်ကွင်းထဲ၌ တွေ့ကြရပြန်သည်။ ဤသို့ဖြင့် တဘားရွာ ကာကွယ်ရေးတာဝန်မှာ အကြောက်လွန်နေသော လယ်သမားတစ်စု၏လက်ထဲသို့ ရောက်လာခဲ့သည်။ မိမိသည် မဟာမင်းကြီး၏ "သေဒဏ်စာရင်း"ထဲတွင် ပါနေသည်ကို အီဘရာဟင်က သိရှိပြီးဖြစ်သည်။

သို့သော်လည်း သူသည် တာလမ်းမကြီးတစ်ဖက်ကို ဖြတ်ကျော်ပြီး နေသူရိန် ဘုံရိပ်သာရှိ ဟာဂနာတပ်မှ အကူအညီသွားတောင်းရန်လည်းစိတ်မကူး၊ သူ့မိတ်ဆွေ *ဒီယံအက်ရှ်၏ အကူအညီကို ရယူရန်လည်း လုံးဝဆန္ဒမရှိ။

သူက သူ့ရွာသားတွေကို မကြောက်ကြရန် အမြဲတမ်းအားပေးသည်။ သူ၏ ရင့်သောသတ္တိနှင့် ညစဉ်ညတိုင်း မအိပ်မနေ နိုးကြားမှုရှိနေခြင်းတို့ကြောင့်သာလျှင် တစ်ရွာလုံး ထွက်မပြေးကြခြင်းဖြစ်သည်။

နောက် ရက်သတ္တပတ်ကား တဘားရွာမှာ ငရဲပွက်သည်နှင့် မခြားတော့။ မိုဂျာဟီဒင် တပ်သားများသည် နေ့ဘက်တွင် တာလမ်းမကြီးအပေါ်ဘက် ခြောက်မိုင်ရှိ ဘက်အယ်ဝဒ်တောင်ကြားမှ လျှိုမြောင်လိုဏ်ခေါင်းများတွင် ပုန်းအောင်းနေကြသည်။ ဘက်ကျတော့ လာတရန်နယ်ရှိ တီဂတ်ခံတပ်တစ်ဝိုက်နှင့်

တဘားလယ်ကွင်းများ အစပ်အထိထွက်လာကြပြီး ကျေးရွာများအား အလစ်ဝင်တိုက်ကြသည်။ ရွာသားများမှာ သက်လု၍ ထွက်ပြေးကြရာ တိုက်ခိုက်သူများက မွေးမြူရေးတိရစ္ဆာန်များနှင့် ပစ္စည်းများကို သဘောရှိ သိမ်းယူကြတော့သည်။

လာတရန်မှ ဗြိတိသျှတပ်များရောက်လာသောအခါ မိုဂျာဟီဒင်တို့သည် ပါလက် အတိုင်းတောင်ပိုင်းရှိ ဂျူဒီယာတောင်ကုန်း တောနက်များထဲသို့ ကြက်ပျောက်ငှက်ပျောက် ဝင်ရောက်သွားကြတော့သည်။

ဤဒေသကား ရေးခေတ်ရောမတပ်များက ဟီးဘရူးတပ်များအား နှစ်ပေါင်းများစွာ သေအလဲ ခုခံတိုက်ခိုက်ခဲ့ရသော တောနက်ဒေသပင်ဖြစ်သည်။ နက်စောက်သော လှိုဲမြောင်များ၊ ဖြတ်ကျော်၍မရသော တောင်ကြားများနှင့် လိုဏ်ခေါင်းကြီးများ ပေါများ သောကြောင့် လူစွမ်းကောင်းစစ်သည်တော်များ၊ မှောင်ခိုကုန်သည်များနှင့် လူဆိုးများအား ရာစုနှစ်ပေါင်းများစွာ အကာအကွယ်ပေးခဲ့သော ဒေသလည်းဖြစ်သည်။

ဗြိတိသျှတို့က တဘားရွာကာကွယ်ရေးအတွက် လမ်းများပိတ်ဆို့ခြင်းနှင့် ကင်းလှည့်ခြင်းများ မပြတ်ပြုလုပ်ပေးသော်လည်း လူအင်အားနည်းသောကြောင့် မိုဂျာဟီဒင် တပ်များက လွယ်လွယ်ကူကူ ဖြတ်ကျော်နိုင်ကြသည်။

ဗြိတိသျှတပ်များမှာ တစ်တပ်နှင့်တစ်တပ် ဝေးလံစွာပြန့်ကျဲနေသောကြောင့် ဘာကွယ်ရေးအတွက် ဘယ်လိုမှထိရောက်မှုမရှိ။ ထို့ကြောင့် တဘားရွာမှာ မကြာမီ ချိန်ကာလအတွင်း စိစိညက်ညက်ကြေအောင် ဝင်စီးခံရဖို့ အခြေအနေမျိုးနှင့် ရင်ဆိုင် လေသည်။

ဂီဒီယံအက်ရှိအား ဗြိတိသျှတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ဆက်သွယ်ရေးအရာရှိ အဖြစ် တာဝန်ပေးသည်။ သူနှင့်ဆက်သွယ်ရမည့်ပုဂ္ဂိုလ်ကား ဗိုလ်မှူးကြီးဝီလ်ဖရက်ဖု။ ဗိုလ်မှူးကြီးဖုသည် ဝါရင့်စစ်သည်တော်တစ်ဦးဖြစ်သည့်အပြင် ကမ္ဘာစစ်အတွင်းက ဒေသ တာဝန်ခံ ဗိုလ်ချုပ်ကြီး၏ ညာလက်ရုံးလက်ထောက်လည်း ဖြစ်ခဲ့သည်။

ဂျေရုဆလင်မြို့အနောက်ဘက် ဂျူးနယ်မြေရှိ ဖြင့်ခ်စားတော်ဆက်မှာ

ဖြိတိသျှ စစ်ဗိုလ်များနှင့် ဟာဂနာတပ်ဖွဲ့ဝင်များ၏ စုရပ်ရိပ်သာကလေးဖြစ်သည်။ ဤနေရာတွင် လျှို့ဝှက်ချက်များကို ဖြောင်ဖွင့်ပြောကြသောကြောင့် သတင်းထောက်လှမ်းရေးအတွက် အကောင်းဆုံးနေရာလည်း ဖြစ်သည်။

ပျော်ပွဲစားရုံထဲသို့ ဂီဒီယံအက်ရှ်ဝင်လာသောအခါ ပျော်ပွဲစားရုံပိုင်ရှင် ဒေးဗစ်သ် ချိုင်းလ်က ခေါင်းညိတ်၍နှုတ်ဆက်လိုက်သည်။ (သချိုင်းလ်က သူသည် စေတနာရှင် ပြင်သစ်သူဌေးကြီး ရို့သ်အိုင်းလ်နှင့် ဘယ်လိုမှမဆက်စပ်ကြောင်း ခဏခဏပြောပြလေ့ ရှိသည်။)

ဂီဒီယံသည် ဗိုလ်မှူးကြီးဖုစောင့်နေသော သီးသန့်ခန်းရှိရာ အပေါ်ထပ်သို့ တကျွိကျွိ မြည်နေသည့် လှေကားအတိုင်း တက်လာခဲ့သည်။ ရို့သ်ချိုင်းလ်က သောက်စရာ ယမကာ များနှင့်စားစရာများ လာချပေးပြီးနောက် အခန်းထဲမှပြန်ထွက်သွားသည်။

ယနေ့ဆွေးနွေးပွဲ၏ အဓိကအကြောင်းရပ်မှာ တဘားရွာ၏အရေးကြီးသော အခြေ အနေဖြစ်သည်။ ဂီဒီယံတွင် တဘားရွာ၌ သတင်းပေးများရှိသည်။ ၎င်းတို့၏ အဓိက တာဝန်မှာ ဟာဂျီအီဘရာဟင်အား အပြင်သို့ထွက်မသွားနိုင်ရန် မျက်ခြည်မပြတ် စောင့်ကြည့် နေဖို့ ဖြစ်သည်။ အကယ်၍ အီဘရာဟင် လုပ်ကြံခံရခဲ့သော် ရွာခြောက်ရွာမှ လယ်သမား များအား ထွက်မပြေးအောင် ဟန့်တားထားရန် လွယ်ကူမည်မဟုတ်ချေ။

စားသောက်ပြီးသောအခါ ဗိုလ်မှူးကြီးဖုက ကော်ဖီငှဲ့ထည့်သည်။ စီးကရက်သို့သောက် သည်။ ပြီးတော့ ဆွေးနွေးပွဲခေါင်းစဉ်ပြောင်းကာ

”အခုအထိတော့ ရွာတွေအနေနဲ့ ဘယ်လိုမှစိုးရိမ်ရတဲ့အခြေအနေ မရှိသေးဘူး။ ဒါပေမယ့် ပြောလို့ရတာမဟုတ်ဘူး။ ဒီလူဆိုးသူခိုးတွေက မထင်ဘဲနဲ့ ဖြုန်းစားကြီး ဝင်တိုက်ချင်တိုက်ကြမှာ၊ တကယ်လို့ ကောက်ဂျီတပ်က ဂျူးရိပ်သာတစ်ခုခု ဝင်တိုက်လျှင် တော့ နောက်တစ်နေ့မှာ ဘဂ္ဂဒက်က ဖြည့်တင်းရေးတပ်တွေရောက်လာမှာ သေချာပါတယ်။ ဂျူးအမျိုးသားအေဂျင်စီက ဟာဂနာတပ်ဖွဲ့ ကို ယုံကြည်အားကိုးတာကို ကျုပ်လဲ သဘော ပေါက်ပါတယ်။ ဒါပေမယ့် ကျုပ်တို့က မဟာမင်းကြီးနဲ့တွေ့ဆုံပြီး ညှိနှိုင်းကြည့်ရကောင်းမ လားလို့ စဉ်းစားနေတယ်”

“ကျွန်တော့်သဘော ပြောရလျှင်တော့ ဗိုလ်မှူးကြီးတို့က ဗြိတိသျှစစ်တပ်အင်အားကို ပြည်ဝင်လာတဲ့ ဂျူးတွေကို သဲသဲမဲမဲလိုက်တဲ့နေရာမှာ အသုံးမချဘဲ ရပ်တန်းက ရပ်လိုက် စေချင်တယ်။ ဒါဆိုလျှင် တကယ့်ရန်သူကို ချေမှုန်းရာမှာ ပိုပြီးထိရောက်လာလိမ့်မယ်”

ဂီဒီယံ၏ စကားမှာ လူမျိုးအားလုံးအတွက် ပြောလိုက်သောစကားပင် ဖြစ်သည်။

ဗိုလ်မှူးကြီးဖုသည် စီးကရက်မီးခိုးကို မှုတ်ထုတ်လိုက်ပြီးနောက် တွေဝေနေဟန် ရှိသည်။ အတန်ကြာတော့မှ ... ။

“ဒီလိုဆို နောက်ထပ် စစ်သားနှစ်သောင်းလောက် ထပ်ဖြည့်မှ အလုပ်ဖြစ်မယ် ဆိုပါတော့၊ ခင်ဗျားသိတဲ့အတိုင်း ဗိုလ်ချုပ်ကြီး ကလေးဟတ်စ်မှာက ခြေကြွေလက်တွေ ခံထားရသလို ဖြစ်နေတယ်။ တပ်အင်အား ထပ်ဖြည့်ဖို့တောင်းတော့လဲ မရဘူး၊ ပြီးတော့ နိုင်ငံရေးပေါ်လစီကို ပြန်ပြင်နိုင်ခွင့်လဲမရှိဘူး

”ကျွန်တော်တို့သိချင်တာကတော့ အခြေအနေပိုဆိုးလျှင် ဗိုလ်မှူးကြီးတို့က အရပ်တပ်တွေကို ထရန်နစ် -ဂျော်ဒန်မှာပဲ ထိန်းထားနိုင်မလားဆိုတဲ့အချက်ပဲ”

'ကျုပ်တို့က အဗ္ဗဒူလာကို ဂျော်ဒန်မြစ်ကို ဖြတ်ကျော်ခွင့်ပြုလိုက်လျှင် သူ့အနေနဲ့ ဒါလက်စတိုင်းက ဘယ်တော့မှပြန်ထွက်သွားမှာ မဟုတ်တော့ဘူး။ ဒါတော့ ကျုပ်သေချာ ဆက် ပြောရဲတယ်၊ ဂျူးတွေက သူ့ကိုဘယ်မှမထွက်ဘဲ သူ့နေရာမှာပဲသူ နေမြဲနေစေ့ ချင်တယ်။ ဟာဂနာတပ်ဖွဲ့ အနေနဲ့ အင်အားကောင်းလျှင် အာရပ်တပ်တွေကို နောက်ဆုံးတော့ တ်တိုက်နိုင်မှာပဲ၊ ဟာဂနာတပ်ဖွဲ့ က တော်တော်အစွမ်းထက်တဲ့ တပ်ဖွဲ့ ကလေးပါ။ ကျုပ်တို့အခြေအနေက ဒီလိုရှိတယ်၊ အာရပ်တစ်မျိုးသားလုံးက ကျုပ်တို့ကို ဝိုင်းမတိုက် ဘဲနဲ့တော့ ကျုပ်တို့ဟာ မဟာမင်းကြီးအင်အားစုကို အားကုန်သွန်ပြီး မတိုက်နိုင်ဘူး။ ကြောင့်မို့ ကျုပ်တို့က ပိုပြီးကောင်းတဲ့နည်းလမ်းတွေကို စဉ်းစားထားတယ်”

”ဘယ်လို နည်းလမ်းတွေပါလဲ”

“မကြာခင်ကပဲ စစ်ဗိုလ်ကလေးတစ်ယောက် ကျုပ်တို့တပ်ကို ဝင်လာတယ်။ ခြေသလုံးအိမ်တိုင်လျှောက်သွားနေတဲ့ လူတော်ကလေးတစ်ဦးပဲ။ သူက ဗိုလ်ချုပ်ကြီးကို မော်တော်ကောင်းတဲ့ အကြံဉာဏ်တွေတောင် ပေးနိုင်တယ်”

‘သူ့နောက်ကြောင်းရာဇဝင် သိပြီးပြီလား”

“အဆင့်ကတော့ ဗိုလ်ကြီးပဲ၊ စကော့သွေးပါတယ်၊ ငယ်ငယ်တုန်းက ဘာသာရေး အခြေခံ တော်တော်ရှိခဲ့တယ်။ မိဘတွေက သာသနာပြုတွေ၊ သူက ဇီယွန်ဝါဒကိုပစ်ပြီး ထောက်ခံတယ်။ တိုက်တိုက်ဆိုင်ဆိုင် ဟီးဘရူးဘာသာစကားကိုလဲ ဂျူးတွေပြောသလို ပြောနိုင်တယ်” ။

‘အာရပ်တွေအကြောင်း သူဘယ်လောက်သိသလဲ”

“ဆူဒန်နိုင်ငံမှာ တာဝန်အရ တော်တော်ကြာကြာ ဒေသအနှံ့ သွားလာခဲ့ဖူးတယ်။ လူကတော့ သဲကန္တာရကြွက်ပါပဲ။ လစ်ဗျားသဲကန္တာရထဲမှာ ပျောက်ဆုံးနေတဲ့ ဇာဇူရာကြည် အိုင်ကို တစ်ကိုယ်တော်လိုက်ရှာခဲ့ဖူးတယ်။ ပြီးတော့ သမ္မာကျမ်းစာကို ထုံးလိုမွှေရေလိုနှောက် ွမ်းကျင်တယ်”

ဂီဒီယံသည် မမြင်ရသေးသော စစ်ဗိုလ်ကလေးကို စိတ်ဝင်စားစပြုလာသည်။ “အဲဒီတော့ သူ့ခေါင်းထဲမှာ ဘာစိတ်ကူးတွေရှိသလဲ”

“ညတိုက်ခိုက်ရေးအတွက် အထူးတပ်ဖွဲ့ ကလေးတစ်ဖွဲ့ ဖွဲ့မယ်တဲ့။ အထက်အမိန့် မလိုဘဲ တိုက်ချင်တဲ့နေရာကို တိုက်ချင်တဲ့အချိန်မှာ ဝင်တိုက်မယ်။ သူတို့ဘာပဲလုပ်လုပ် ဘာမှပြောစရာမလိုဘူး။ အဲဒါ သူတင်ပြတဲ့အချက်ပဲ။ ခင်ဗျား ဘယ်လိုသဘောရသလဲ”

“စိတ်ဝင်စားစရာအချက်ပါပဲ”

”အခု သူ့ကိုခေါ်လိုက်ရမှာလား ဂီဒီယံက ခေါင်းညိတ်ပြလိုက်သည်။ ဗိုလ်မှူးကြီးဖုသည် ခလုတ်တစ်ခုနှိပ်ပြီး အရက်ခန်းသို့ ဖုန်းဆက်သည်။

“မစ္စတာရို့သ်ချိုင်းလ်၊ အရက်ခန်းအစွန်မှာ ချာတိတ်တစ်ယောက်ရှိတယ်၊ ဟုတ်ပါ တယ်၊ ဗိုလ်ကြီးပါ။ သူ့ကို ကျုပ်တို့ဆီ ခဏလွှတ်လိုက်စမ်းပါ၊ အို... နေပါစေ နေပါစေ။ ကျေးဇူးပါပဲ၊ ဒီမှာကော်ဖီတွေ အများကြီးကျန်ပါသေးတယ်”

တံခါးခေါက်သံနှင့်အတူ ဗလံသေးသေး လူရွယ်တစ်ယောက် ဝင်လာသည်။ အသက် ၃၀ ဝန်းကျင်ခန့်အရွယ် ဆံပင်နက်နက်နှင့် လူချောကလေး။

"ခင်ဗျား ဂီဒီယံအက်ရ်ဆိုတာဖြစ်ရမယ်" လူရွယ်က ရင်းနှီးသောလေသံဖြင့်ပြော သည်။ "ကျွန်တော်ကြည်ညီနေတာကြာပါပြီ ခင်ဗျားဆွဲထားတဲ့ ဆိုင်နိုင်းမြေပုံကိုကိုင်ပြီး ကျွန်တော်ခရီးသွားခဲ့ပါတယ်။ ကျွန်တော့်နာမည် အော်ဒီဝင်းဂိတ်ပါ၊ ခိုင်းချင်တာခိုင်းပါ ခင်ဗျာ ။ သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ကြသည်။ တစ်သက်လုံး မိတ်ဆွေဖြစ်သွားကြ တော့မည့် အထိမ်းအမှတ်ပင် ဖြစ်တော့သည်။ "ခင်ဗျား ဘာတွေစိတ်ကူးထားသလဲ ဗိုလ်ကြီးဝင်းဂိတ်" ဂီဒီယံက လိုရင်းကို တဲ့တိုးကြီးမေးလိုက်သည်။ ဗိုလ်ကြီးဝင်းဂိတ်က ချစ်ရာပြုံးသည်။ သို့သော် သူ့မျက်လုံးတွေက ပို၍ချစ်စရာ ကောင်းသည်ဟု ဂီဒီယံကထင်မိသည်။

"မဟာမင်းကြီးတပ်သားတွေက ညအချိန်မှာ လှုပ်ရှားနေကြတယ်။ အဲဒီနေရာကို ကျွန်တော်တို့က ဝင်ယူရမယ်၊ မစ္စတာအက်ရ်ဟာ ဘီဒိုယင်သွေး တစ်ဝက်ပါတဲ့လူပါ။ တကယ့်စိတ်ဓာတ်ပြည့်ဝတဲ့ တပ်ဖွဲ့ ကလေးတစ်ဖွဲ့တည်းနဲ့ အလုပ်ဖြစ်နိုင်တယ်ဆိုတာ မစ္စတာအက်ရ်လဲ သိပါတယ်။ သူတို့ဟာ တော်ရမယ်၊ အလွန်တော်ရမယ်၊ အတော်ဆုံး ဖြစ်ရမယ်၊ သမိုင်းဝင် ဒါဝိဒ်ဘုရင်ကြီးရဲ့ အစဉ်အလာကို ထိန်းကြရမယ်။ အဲဒါကို သဘောပေါက်အောင် သူတို့ကို ကျွန်တော်စည်းရုံးမယ်"

"လူဘယ်နှစ်ယောက်လောက် လိုမှာလဲ"

"ဒီဘိုရာနဲ့ ဘာရက်တို့ဟာ တာဘောတောင်ပေါ်မှာ တပ်စွဲထားတဲ့ ရောမခါနာန် စစ်တပ်ကြီးကို လက်ရွေးစင်တပ်သား သုံးရာတည်းနဲ့ အပြတ်ချေမှုန်းခဲ့ပါတယ်၊ ခါနာန် စစ်သားတွေက စာမတတ်ကြဘူး၊ အယူလဲ သိပ်ပြီးသည်းကြတယ်။ ဒီဘိုရာက ဒီအချက်ကို သိထားတဲ့အတွက် ညတိုက်ပွဲဆင်ပြီးတိုက်တယ်။ ညအမှောင်ထုထဲမှာ သူ့စစ်သားတွေကို သံကုန်အော်ဟစ်ပြီး ချီတက်ခိုင်းတယ်။ အဲဒါဟာသူ့အတွက် အကောင်းဆုံးလက်နက်ပါပဲ"

"ဗိုလ်ကြီးဝင်းဂိတ်၊ ဒီစိတ်ကူးကို ကျုပ်က ဟာဂနာတပ်ဖွဲ့နဲ့

ဘင်ဂူရီယံတို့ဆီမှာ ပြန်ရောင်းစားလို့ရပါတယ်" ဗီဒီယံ ရင်းနှီးစွာ ရယ်၍ပြောသည်။ 'လောလောဆယ် ပြဿနာက အေယာလုံမြစ်ဝှမ်းဒေသပဲ။ အဲဒီမှာ အရေးတကြီးဆောင်ရွက်ရမယ့် အခြေအနေ ပေါ်ပေါက်နေတယ်။ ဘက်အယ်ဝဒ်တောင်ကြားမှာ မဟာမင်းကြီးရဲ့ တပ်သားတွေ အင်အားငါးဆယ်ကနေပြီး တစ်ရာအထိ ခြေကုပ်ယူပြီး လှုပ်ရှားနေကြတယ်။ အဲဒီပြဿနာကို ဗိုလ်ကြီးအနေနဲ့ အမြန်ဆုံး ဘယ်လိုဖြေရှင်းနိုင်မှာလဲ၊ လူအင်အားဘယ်လောက်လိုသလဲ”

“ဆယ်ယောက် ဆယ့်နှစ်ယောက်ဆိုလျှင် တော်ပါပြီ။ သူတို့အနေနဲ့ အာရပ်စကားကို ရေရေလည်လည် ပြောတတ်ရမယ်၊ ဘက်အယ်ဝဒ်တောင်ကြားဆိုတာ ဂျူးတပ်သားတွေအဖို့ ဘယ်လိုအဓိပ္ပာယ်ရှိတယ်ဆိုတာကို ကျွန်တော်က သူတို့ကိုသင်ပြမယ်၊ အချိန်နှစ်ပတ်ပဲ ၍ ပေးပါ”

“ဗိုလ်ကြီးဆီကို ကျုပ်ဒီညပဲစကားပြန်မယ်”

”ကျုပ်ကလဲ ဗိုလ်ချုပ်ကြီး ကလေးဟတ်စ်ကို ဒါဖြစ်ကိုဖြစ်ရမယ်လို့ ပြောခဲ့ပြီးပါပြီ ဗိုလ်မှူးကြီးဖုက ဝမ်းမြောက်ဝမ်းသာပြောသည်။ 'ဒါနဲ့ ဗိုလ်ကြီးဝင်းဂိတ်၊ ဒီစိတ်ကူးကို ခင်ဗျားဘယ်လိုရလာတာလဲ၊ တစ်ရေးနိုးသော် ပေါ်ဆိုတဲ့နည်းနဲ့ ဖြုန်းခနဲရလာတာလား။ ခင်ဗျားသဘောထား ပြောပါဦး” ဂီဒီယံက မေးလိုက်သည်။

“ကျွန်တော်က သိပ်ပြီးစိတ်အားထက်သန်တဲ့ ဇီယွန်ဝါဒီစစ်စစ်ပါ။ ကျွန်တော်က ဒီယ်မြေကို ဂျူးတို့ပိုင်တဲ့နယ်မြေလို့ပဲ ယုံကြည်တယ်၊ ပြီးတော့ ကာကွယ်ရေးအတွက် ဒီမြစ်ဝှမ်းတွေ၊ ဒီတောင်ကုန်းတွေနဲ့ ဒီသဲကန္တာရတွေကို ဘယ်လိုအသုံးချရမယ်ဆိုတာတွေကို သမ္မာကျမ်းစာထဲမှာ အပြည့်အစုံ ကမ္ဘည်းအက္ခရာ တင်ထားခဲ့ပြီးပြီလို့လည်း ယုံကြည်တယ်။

ကယ်လို့ ပါလက်စတိုင်းမှာ ဂျူနိုင်ငံတည်ထောင်မယ်ဆိုလျှင် အဲဒီလိုတည်ထောင်တဲ့ နေရာမှာ ကျွန်တော်လည်း တစ်ယောက်ပါဝင်ရမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်” ။

“ကျန်တဲ့ သဘောထားတွေ ပြောပါဦးဗိုလ်ကြီး”

”ကျွန်တော်တို့ဂျူးတွေ ဇီယွန်ဝါဒီတွေဟာ ဒီဒေသမှာ လူဦးရေအားဖြင့် သန်းအနည်း လောက်ပဲ နေထိုင်နိုင်ကြလိမ့်မယ်။ ဒါဟာ တကယ့်အမှန်တရားပါပဲ။ အဲဒီလို နိုင်ငံတည်ထောင်ရင်း ဘေးပတ်ပတ်လည်မှာ ရန်ပြုမယ့် ဘယ်တော့မှ နှင်မလွှတ်နိုင်တဲ့ အာရပ်လူမျိုးတွေ သန်းပေါင်းများစွာ ဝန်းရံနေလိမ့်မယ်၊ ဒါလည်းပဲ တကယ့် အမှန်တရားပါပဲ။

'... ခင်ဗျားတို့က သူတို့ကို အမြဲတမ်းဟန့်တားထားလို့ ဘယ်တော့မှမရနိုင်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့က ခင်ဗျားတို့ထက် လူဦးရေ အဆပေါင်းများစွာသာတယ်။ တင်းကျပ်ပြင်းထန်တဲ့ ဘာသာရေး စိတ်ဓာတ်ရှိတယ်၊ အဲဒါကြောင့် ဒီဒေသမှာ ကြာကြာ ခံချင်လျှင် ခင်ဗျားတို့အနေနဲ့ လုပ်စရာတစ်နည်းပဲရှိတယ်။

... အဲဒီနည်းက ရန်ကို ရန်ချင်းတုံ့နှင်း ကလဲ့စားချေတဲ့နည်းပဲ၊ ဥပမာ.. ကျွန်တော်က ဒီလိုစိတ်ကူးထားတယ်။ စောစောကပြောခဲ့သလို ညတိုက်ခိုက်ရေး တပ်ဖွဲ့ ကလေးတွေ အများကြီးဖြန့်ချထားပြီး ဟိုင်ဖာနဲ့ ဆက်သွယ်ထားတဲ့ အီရတ် ရေနံပိုက်လိုင်းတွေကို ကာကွယ်မယ်။ မိုင်ပေါင်းများစွာရှည်ပေမယ့် အင်အားသုံးလေး ဇင်လောက်နဲ့ ကာကွယ်နိုင်ပါတယ်။ သတ္တိရှိလျှင် အာရပ်တွေက ရေနံပိုက်လိုင်းတွေကို ဖောက်ခွဲကြပါစေ။

“...ဒါပေမယ့် သူတို့သိထားစေချင်တာက အဲဒီလိုလုပ်လျှင် အလုံးအရင်းနဲ့ တန်ပြန်ကလဲ့စားချေတာကို ခံရလိမ့်မယ်ဆိုတဲ့အချက်ပဲ။ ဒါဟာ ကိုယ့်ထက်အဆပေါင်း ားစွာ အင်အားကောင်းတဲ့ ရန်သူတပ်ကို ဟန့်တားတဲ့ အဓိကသော့ချက်ပါပဲ”

“ဒါဖြင့် ဗိုလ်ကြီးက ဘာလို့အချိန်ဆွဲနေရတာလဲ၊ အခုချက်ချင်း စလုပ်ပါတော့လား” ဂီဒီယံက အားပါးတရ တိုက်တွန်းလိုက်လေသည်။

အခန်း (၁၂)

၁၉၃၇ ခုနှစ်၊ နွေရာသီ... ။

ဖာကင်ရွာမှ အီဘင်ယူစွပ်ပိုင်သော သံလွင်ဆီစက်၏ သက်တမ်းသည် ပြန်လည်ပြော ပြသော ဘိုးဘွားများ၏ စကားအပေါ်တွင်တည်သည်။ တချို့ကသက်တမ်းနှစ်ရာခန့်ရှိပြီဟု ဆိုကြသည်။ တချို့ကလည်း သက်တမ်းနှစ်သောင်းခန့်ပင်ရှိပြီဟု ဆိုကြသည်။ သို့သော် ဖြစ်နိုင်ခြေအရှိဆုံးကတော့ နှစ်ပေါင်းလေးရာနှင့် ငါးရာအတွင်း ဖြစ်ဖို့များသည်။

အီဘင်ယူစွပ်၏ ဘိုးဘွားဘီဘင်များလက်ထက်က သံလွင်ဆီစက်သည် လက်ရှိ လောက်မတိုးတက်ခဲ့။ ရပ်တည်နိုင်ရုံ အတော်အတန်အဆင့်ဖြင့်ပင် မျိုးဆက်တွေ တစ်ဆက် ပြီးတစ်ဆက် လက်ဆင့်ကမ်း လုပ်ကိုင်လာခဲ့ခြင်းဖြစ်သည်။

ဖာကင်ရွာသည် ဘက်အယ်ဝဒ်တောင်ကြားသို့သွားသော လမ်းခုလတ်ရှိ တာလမ်းမ ကြီးဘေးတွင်တည်ရှိသည်။ ပတ်ပတ်လည်တွင် ဂျူဒီယာတောနက်ကြီး၏ လျှိုမြောင်စိမ့်စမ်း များနှင့် တောင်စောင်းလှေကားထစ်များဖြင့် ပြည့်နှက်နေသည်။

ဖာကင်ရွာ၏တည်နေရာမှာ ခေါင်လွန်းလှသော်လည်း မိုင်ပေါင်းများစွာဝေးလံသော ရွာများမှ ရွာသားများသည် အီဘင်ယူစွပ်၏ဆီစက်သို့ လာရောက်ကြသည်။ ဤဆီစက်သည် အလွန်နာမည်ကြီးသည်။ အနံ့အရသာနှင့် အရောင်အဆင်းတွင် တခြားမည်သည့်ဆီစက်နှင့်မျှ မယှဉ်သာအောင် အဆင့်အတန်းမြင့်သည်။ တကယ်တော့ ဆီစက်တစ်စက်သည် ပို၍ ရှေးကျလေလေ၊ ပို၍သက်တမ်းရှည်လေလေ ပို၍လက်ရာကောင်းလေလေ ဖြစ်သည်။

ထို့ကြောင့် ခေတ်မီစက်ကရိယာများနှင့် ကျွမ်းကျင်မှုနည်းပညာများရှိသော ဂျူးလူမျိုးတို့တောင်မှ အီဘင်ယူစွပ်၏စက်ကို မယှဉ်နိုင်ကြ။ ဂျူးဘုံရိပ်သာပေါင်းများစွာတို့မှ ကိုယ်စားလှယ်များသည် တောင်ပေါ်သို့ တကူးတကတက်လာပြီး သူတို့၏သီးနှံများကို အီဘင်ယူစွပ်၏စက်တွင် ဆီကြိတ်ကြသည်။ အီဘင်ယူစွပ်သည် သီးနှံကြိတ်ခအတွက် သံလွင်သီးနှင့် တခြားသီးနှံများရရှိသည်။

တစ်နေ့သောအခါ နေသူရိန်ဘုံရိပ်သာမှ သံလွင်ခင်းမန်နေဂျာသည်

အီဘင်ယူစွပ်ထံသို့ လာရောက်ပြီး အကြံဉာဏ်တစ်ခုပေးသည်။ ထိုအကြံဉာဏ်ကြောင့် အီဘင်ယူစွပ်၏ " စီးပွားရေးလည်း သိသိသာသာကြီး တိုးတက်လာခဲ့သည်။

၁ နေသူရိန်မန်နေဂျာပေးသောအကြံမှာ ဆီကြိတ်ခအဖြစ် သီးနှံကိုမယူဘဲ သင့်ကင့်မျှတ သောဆီကို ရာခိုင်နှုန်းဖြင့်ယူရန်ဖြစ်သည်။ နေသူရိန်ဘုံရိပ်သာက အီဘင်ဒွပ်အတွက် သော်စက်ရုံတစ်ရုံ ဆောက်ပေးသည်။ ထိုစက်ရုံတွင် ကြိတ်ပြီးဆီများကို သံဖြင့်ထည့်ပြီး ရိပ်သာပိုင် သမဝါယမအသင်းများက ကော်မရှင်ယူ၍ ဖြန့်ဖြူးရောင်းပေးသည်။ သံဘူးများမှာ တစ်လစ်တာနှင့် နှစ်လစ်တာဝင် အရွယ်အစားများ ဖြစ်သည်။ ပေါ်တွင် "အီဘင်ယူစွပ်၏သံလွင်ဆီ"ဟူသောစာတန်းကို အာရေဗစ်၊ ဟီးဘရူးနှင့် လိပ်သုံးဘာသာဖြင့် ရေးသားထားသည်။ ထို့ပြင် ယင်းစာတန်းအောက်တွင် ဆီစက်ဟောင်း၏ ပန်းချီပုံကြမ်းနှင့်တကွ "၁၅၀၂ ခုနှစ်တွင် ဖာကင်ရွာ၌ စတင်တည် ဆောက်ခဲ့သည်"ဟူ၍လည်း ရေးသားထားသည်။

အီဘင်ယူစွပ်နှင့်ဇနီးတို့မှာ သားသမီးတစ်ယောက်မျှ မထွန်းကား၍ အလွန် မချမ်းမသာ ဖြစ်ခဲ့ကြရသည်။ သို့သော် ဂျူးများနှင့် ပုံမှန်ဆက်ဆံ၍ ရင်းနှီးလာသောအခါ အရုဆလင်မြို့မှ ဂျူးဆေးရုံတွင် သူတို့လင်မယားနှစ်ယောက် ပြသစစ်ဆေးကြည့်ရန် တွေက တိုက်တွန်းကြသည်။ စစ်ဆေးစမ်းသပ်ကြည့်သောအခါ သာမန်ခွဲစိတ်မှုကလေး သရဲ နှင့် ဇနီးသည်တွင် သားသမီးမွေးဖွားလာနိုင်ကြောင်း သိရှိရသည်။

ဤသို့ဖြင့် ဆေးရုံတက်၍ ခွဲစိတ်ခံခဲ့သည်။ နောက်ပိုင်းတွင် အီဘင်ယူစွပ်၏ သည် ကျန်းမာသန်စွမ်းသော ကလေးနှစ်ယောက် မွေးဖွားလာခဲ့သည်။ တစ်ယောက်မှာ သူတို့တစ်သက်လုံး တောင့်တလာခဲ့ရသည့် သားယောကျ်ားကလေး...။

ထိုကလေးသည် တာလမ်းမကြီးပေါ်တွင် မတော်တဆအန္တရာယ်ဖြစ်၍ သေလုနီးပါး သည်။ ဂျူးဆေးရုံ၏ကျေးဇူးကြောင့် သေကံမရောက် သက်မပျောက်ခဲ့ရခြင်း ဖြစ်သည်။

ကြောင့် အေးဆေးရိုးသားသော အီဘင်ယူစွပ်မှာ ဂျူးတို့၏စေတနာကို

အလွှန်အကျူး" ကျေးဇူးတင်ခဲ့လေသည်။

ဂီဒီယံအက်ရှ်သည် အီဘင်ယူစွပ်နှင့် ပုံမှန်ဆက်ဆံလာရင်းမှ ကြာတော့ တဖြည်း ဖြည်းနှင့် အထူးခင်မင်ရင်းနှီးလာခဲ့ကြသည်။ အီဘင်ယူစွပ်သည် သူ့သံလွင်ဆီစက်တွင် "လာကြိတ်ကြသော အာရပ်ရွာပေါင်းများစွာတို့နှင့် အမြဲမပြတ် ဆက်ဆံနေရသောကြောင့် လူမျိုးများနှင့် ပတ်သက်၍ အာရပ်လူမျိုးတို့၏ သဘောထားများနှင့် ဂျူးဆန့်ကျင်ရေး ထင်ရှားမှုများကို မကြာခဏဆိုသလို ကြိုတင်သိရတတ်သည်။

ဖာကင်ရွာသည် မဟာမင်းကြီး၏ လက်နက်ကိုင်တပ်သားများအဖို့ အကောင်းဆုံး အခြေစိုက်စခန်းဖြစ်သည်။ ဗိုလ်ချုပ်ကြီးကောက်ကွပ်ကဲသော လက်နက်ကိုင်တပ်ဖွဲ့ များသည် တင်ရွာကိုခြေကုပ်ယူကာ အခြားရွာများကို တိုက်ခိုက်ကြသည်။

တိုက်ပွဲပြီးသောအခါ ဖာကင်သို့ပြန်ဆုတ်လာခဲ့ကြပြီးနောက် ပစ္စည်းများနှင့် လက်နက် များကို လျှို့ဝှက်လိုဏ်ခေါင်းများ၌ ဝှက်ထားကြသည်။ ပြီးလျှင် ဗြိတိသျှတပ်များ ဆက်မ ထိုက်နိုင်အောင် ဂျူဒီယာတောင်တန်းများသို့ ဝင်ရောက်သွားကြသည်။

လက်နက်ကိုင်များသည် ရွာသူရွာသားများအား ရိုင်းစိုင်းရက်စက်စွာ ဆက်ဆံကြ ။ ရွာသူရွာသားများ၏ သီးနှံများကို ခိုးယူကြရုံမျှမက မုဒိမ်းမှုများလည်း ကြိုကြား ကြိုးကြား ဖြစ်ပွားတတ်သည်။ သို့သော် လက်နက်မဲ့သော ရွာသားများမှာ ဘာမျှမတတ်နိုင်ဘဲ ငါ့လုပ်သမျှ ငုံ့၍သာခံနေကြရရှာသည်။ ကျန်းမာသန်စွမ်းသော လူငယ်များအား ချောဆွဲခြင်းများလည်း မကြာခဏပေါ်ပေါက်သည် ။ ဗိုလ်ချုပ်ကြီးကောက်ဂျီသည် ဖာကင်သို့ အကြိမ်ပေါင်းများစွာ လာရောက်ပြီ တပ်သားစုဆောင်းသည်။ ယင်းသို့လာရောက်တိုင်း ဖာကင်တစ်ရွာလုံးတွင် အကြီးဆုံး အဆောက်အအုံဖြစ်သော အီဘင်ယူစွပ်၏စက်ရုံကို အစည်းအဝေးခန်းမအဖြစ် အမြဲတမ်း အသုံးပြုသည်။ ပြီးလျှင် ပါလက်စတိုင်းတိုက်ပွဲ ရန်ပုံငွေအတွက်ဟုဆိုကာ သံလွင်ဆီ ဘူးပေါင်းများစွာကို အဓမ္မ အလှူခံသွားကြသည်။

လောလောဆယ်တွင် ဖာကင်နှင့် အနီးအနားတစ်ဝိုက်တွင်

လက်နက်ကိုင်တပ်များ တော်တော်ကလေး လှုပ်လှုပ်ရှားရှား လုပ်နေကြသည်။ မကြာမီကာလအတွင်း တိုက်ပွဲကြီး တစ်ခု ပေါ်ပေါက်လာနိုင်သည့် လက္ခဏာပင်ဖြစ်သည်။ ကေန္တ တော့ ပစ်မှတ်သည် တဘားရွာမှတစ်ပါး တခြားရွာ ဘယ်နည်းနဲ့မှမဖြစ်နိုင်။

ထိုကာလအတွင်း လက်ရွေးစင် ဟာဂနာတပ်သား လူငယ်နှစ်ဆယ်တို့သည် ဗိုလ်ကြီး အော်ဒီဝင်းဂိတ်၏ လက်အောက်တွင် "အထူးညတပ်ဖွဲ့" ကို နေသူရိန်ဘုံရိပ်သာ ပထမဆုံးအကြိမ် ဖွဲ့စည်းလိုက်ကြသည်။

ဗိုလ်ကြီးဝင်းဂိတ်သည် အထူးညတပ်သားများအား မညာမတာ သင်တန်းပေးသည်။ အမှောင်ထဲတွင် ညလုံးပေါက် ချီတက်ခိုင်းသည်။ တောတောင်များနှင့် ကျောက်ဆောင်များကို မနားတမ်း ဖြတ်ကျော်ချီတက်စေသည်။ တပ်သားများမှာ ခြစ်ရာရှရာများ၊ ပွန်းရာပဲ့ရာများနှင့် ပြည့်နှက်နေသည်။ ခြေထောက်များပေါက်ပြဲပြီး သွေးစိမ်းရှင်ရှင် ထွက်ကုန်ကြသည်။

ဗိုလ်ကြီးဝင်းဂိတ်သည် သူ့တပ်သားများအား မမျှော်လင့်ဘဲ ဖြုန်းခနဲရင်ဆိုင်ရသော ရန်သူအား လှည့်စားနည်းကို သင်ပေးသည်။ ထို့ပြင် လမ်းရှာလမ်းထွင်နည်း၊ သေနတ်ပစ်နည်း တောင်တက်နည်း၊ ဓားမြှောင်သုံးနည်း၊ ထိုးသတ်နည်း၊ တွားသွားနည်း၊ ရေကူးနည်း၊ ဂျူဒိုဗန်တိုနည်း၊ စစ်ဆေးမေးမြန်းနည်း၊ အလင်းရောင်နှင့်အိမ်မြှောင်မရှိဘဲ ကင်းလှည့်နည်းနှင့် ပစ်ပစ်ပြေးပြေး တိုက်ခိုက်နည်းများကိုလည်း အသေးစိတ်သင်ပေးသည်။

စစ်ရေးလေ့ကျင့်ပြီး၍ တပ်သားများ ခြေကုန်လက်ပန်းကျသောအခါ ဗိုလ်ကြီးဝင်းဂိတ် က ဇီယွန်ဝါဒကို အင်္ဂလိပ်ဘာသာဖြင့် ဟောပြောသည်။ သမ္မာကျမ်းစာထဲက ဖြစ်ရပ်များကို ဟီးဘရူးဘာသာဖြင့် ပြောပြသည်။

ဤသို့ ပြည့်ပြည့်စုံစုံ စိတ်ရှည်လက်ရှည် သင်တန်းပေးခြင်းမှာ ရှေးခေတ် ဂျူဒီယာနှင့် ဣသရေလ စစ်သူရဲကောင်းကြီးများက ဤနယ်မြေ၏ အစိတ်အပိုင်းဟူသမျှကို ကျွမ်းကျွမ်းကျင်ကျင်အသုံးချခဲ့သလို အထူးညတပ်သားများကလည်း ကျွမ်းကျင်စွာ အသုံးချတတ်အောင် "ဗဟုသုတလက်နက်" အပြည့်အစုံ တပ်ဆင်ပေးခြင်းပင် ဖြစ်သည်။

လူဦးရေအလွန်ထူထပ်သော ဤဒေသတွင် အာရပ်၊ ဂျူးနှင့် ဗြိတိသျှလူမျိုးများ နီးကပ်စွာနေထိုင်ကြသောကြောင့် မည်သည့်လျှို့ဝှက်ချက်ကိုမဆို ဈေးထဲတွင် အမြဲလိုလို ကြားသိကြရသည်။ ထို့ကြောင့် ထူးဆန်းသော အင်္ဂလိပ်စစ်ဗိုလ်ကလေးနှင့် သူ့တပ်များ အကြောင်းမှာ လူတိုင်းပါးစပ်ဖျားသို့ ရောက်နေသည်။ ဘုံရိပ်သာဝင်းထဲမှ ထရပ်ကားဖြင့် အထူးတပ်ဖွဲ့များ ထွက်ခွာသောအခါ တင်းတင်းကျပ်ကျပ် စစ်ဆေးမှုများ အမြဲတမ်း ပြုလုပ်သည်။ သူတို့၏ လှုပ်ရှားမှုများကို ဘေးလူများ သတိမပြုမိနိုင်အောင် ထရပ်ကားများ အရှိန်နှင့်သွားနေစဉ်တွင် ကားပေါ်မှ ကျွမ်းကျင်စွာခုန်ဆင်းနည်းကို သင်ပေးထားသည်။

ကားပေါ်မှ ခုန်ဆင်းပြီးနောက် လမ်းဘေးတူးမြောင်းထဲတွင် ပုန်းနေကြသည်။ ထို့နောက် တစ်ယောက်စီ တစ်ယောက် မသိမသာထွက်၍ အာရပ်များမသိသော စုရပ်သို့ ဆက်လက်ချီတက်သွားကြသည်။

လာထရွန်ရွာရှိ တောင်ကုန်းညီနောင်မှာ ဘယ်အယ်ဝဒ်တောင်ကြားသို့ မဝင်မီ နောက်ဆုံးကင်းစခန်းများ ဖြစ်ကြသည်။ တာလမ်းမကြီးတစ်ဖက်တွင် ဗြိတိသျှတို့၏ "ငတ်ခံတပ်တစ်ခုရှိသည်။

အခြားတစ်ဖက်တွင်မူ ရိုမန်ကက်သလစ်ဂိုဏ်းဝင် "ထရပ်ပစ်" ဘုန်းကြီးကျောင်း -အစ်ကျောင်းရှိသည်။ ခေတ်မီကျောင်းသစ် ဆောက်လုပ်ထား၍ မူလကျောင်းဟောင်းကို သုံးမပြုကြတော့။ ဂီဒီယံအက်ရုံနှင့် အီဘင်ယူစွပ်တို့သည် တစ်ပါးသူများမမြင်အောင် ဆင်းကျောင်းဟောင်းတွင် လျှို့ဝှက်စွာ လာရောက်တွေ့ဆုံလေ့ရှိကြသည်။

ယနေ့လည်း ဂီဒီယံသည် လယ်ကွင်းများကို ဖြတ်ကျော်ကာ ကျောင်းဟောင်းဆီသို့ နေသော အီဘင်ယူစွပ်ကို အဝေးမှပင်လှမ်းမြင်နေရသည်။ အီဘင်ယူစွပ်မှာ ကိုယ်ခန္ဓာ သေးနှင့် လူဗလံကလေး ဖြစ်သည်။ ဆံပင်နှင့်မုတ်ဆိတ်မွေးများလည်း ဖြူနေကြပြီ။ သည် သူ့နောက်မှတစ်စုံတစ်ယောက် လိုက်လာမလာ သေချာအောင် အကဲခတ်လိုက်ပြီး တော့ ကျောင်းထဲသို့ ဝင်လာသည်။

ဂီဒီယံက ဘုန်းတော်ကြီးများ သီတင်းသုံးခဲ့သော

ကျက်သရေခန်းကလေးတစ်ခု၏ ခါးဆီသို့ လက်ညှိုးထိုးပြလိုက်သည်။ သူတို့က ဗိုလ်ကြီးဝင်းဂိတ်ကိုမမြင်နိုင်။ သို့သော် က်ကြီးဝင်းဂိတ်ကတော့ သူတို့စကားကို ကောင်းစွာကြားနိုင်သည်။

ဗိုလ်ချုပ်ကြီးကောက်ဂျီနှင့် သူ့တပ်သားများက တဘားရွာကိုတိုက်ခိုက်ရန် ပြင်ဆင် ကို အီဘင်ယူစွပ်က အသေးစိတ်ပြောပြသည်။ သူတို့သည် စစ်မျက်နှာနှစ်ခုဖွင့်ပြီး ကပစ်မှတ်ကို ပူးပေါင်းတိုက်ခိုက်ကြမည်ဖြစ်သည်။ လိုင်ဒါနှင့်ရမ်လီမြို့များတွင် ကမင်းကြီး၏ ဗလီဆရာများက အဓိကရုဏ်းများ ပေါ်ပေါက်အောင်ဆွပေးပြီး ဗြိတိသျှ ကို "ထိန်း'ပေးထားမည်။

နောက်စစ်မျက်နှာတစ်ခုကို ဝေးလံသော အာရပ်ရွာတစ်ရွာတွင် လက်ရွေးစင် အသားအနည်းငယ်ဖြင့် တိုက်ခိုက်မည်။ ထိုတပ်သားများသည် လာထရွန်ရှိ ဗြိတိသျှ အများအား တောင်ကြားလမ်းသို့ မြူဆွယ်ခေါ်ဆောင်သွားကာ နာရီပေါင်းများစွာ ဆို့ထားမည်။

ယင်းသို့လျှင် ဗြိတိသျှသည် တစ်ဖက်တွင် အဓိကရုဏ်များနှင့် ရင်ဆိုင်နေရပြီး ကျန်တစ်ဖက်တွင် တောင်ကြားလမ်း၌ ပိတ်ဆို့ခံနေရချိန်တွင် အဓိကပစ်မှတ်ဖြစ်သော အားရွာကို အပြတ်ရှင်းပစ်လိုက်မည်။

*ဒီယံသည် အီဘင်ယူစွပ်၏ ပြောပြချက်များကို စိတ်ဝင်စားစွာနားထောင်ပြီး ဆစွာမှတ်သားသည်။ ရန်သူ၏အင်အား၊ တိုက်ပွဲနေရာနှင့် အချိန်တို့ကို မြေပုံတွင်ကြည့်၍ သေချာချာမှတ်သားသည်။ သတင်းအရဆိုလျှင် ကောက်ဂျီသည် လက်နက်ကိုင်အင်အား ဆဖြင့် တိုက်ခိုက်မည်ဟုသိရသည်။ ဤအတိုင်းသာမှန်လျှင် တကယ့်တိုက်ပွဲကြီးတစ်ပွဲ ဖြစ်နိုင်သည့်အင်အားပင် ဖြစ်သည်။ အားနှင့်သာ တကယ်တိုက်ခဲ့လျှင် တဘားရွာမှာ ရန်သူ့လက်ချက်ဖြင့် စိစိညက်ညက် သွားရဖို့သာရှိတော့သည်။ အီဘင်ယူစွပ် ပြန်ထွက်သွားသောအခါ အမှောင်ထဲမှ ဗိုလ်ကြီးဝင်းဂိတ် ထွက် သည်။ သစ်သားခုတင်ဟောင်းပေါ်တွင် ခြေပစ်လက်ပစ် လှဲအိပ်လိုက်သည်။ သူသည် ပင့်ကူအိမ်များဖြင့် ရှုပ်ယှက်ခတ်နေသော မျက်နှာကြက်ကို အကြာကြီးစိုက်ကြည့်နေသည်။ ထိုအချိန်တွင် မီဒီယံကတော့ ပြတင်းတံခါးကိုအသာလှပ်ကာ အီဘင်ယူစွပ်ကို လှမ်းကြည့်နေ သည်။ အီဘင်ယူစွပ်သည် မြင်းပေါ်သို့တက်လျက် ပြန်လည်ထွက်ခွာသွားသည်။

ဗိုလ်ကြီးဝင်းဂိတ်သည် တစ်စုံတစ်ရာကို လေးနက်စွာတွေးနေပြီဆိုလျှင် ဘောင်းဘီ အိတ်ထဲမှ သွားပွတ်တံကို အမှတ်မထင်ထုတ်ယူကာ သွေ့ရင်ဘတ်မွေးများကို ဖြည်းဖြည်း သာသာ ပွတ်ကစားနေတတ်သည်။

အတန်ကြာသောအခါ သူသည် ရုတ်တရက်ထလိုက်လျက် ဂီဒီယံအား မေးလိုက်သည်။ “ဒါနဲ့ ဒီလူကို ခင်ဗျားဘယ်အတိုင်းအတာအထိ ယုံကြည်သလဲ”

“ခင်ဗျားမေးချင်တာကို ကျုပ်သဘောပေါက်ပါတယ် ဝင်းဂိတ်၊ သူတို့ဟာ အားလုံး ကိုတော့ မလိမ်မညာကြပါဘူး”

“ဟုတ်တော့ ဟုတ်ပါတယ်။ သူတို့က ခင်ဗျားနဲ့ ဆက်ဆံလာတာကြာပြီပဲ။ ဒါပေမယ့် ပြဿနာကြုံလာလျှင် ဒီလူတွေကခင်ဗျားကို ပိုက်ဆံနှစ်ပြားနဲ့လည်း ရောင်းစား လိမ့်မယ်”

“ဒါကတော့ ကျုပ်ကိုသာ မဟုတ်ပါဘူး၊ သူတို့အချင်းချင်းလဲ ပိုက်ဆံနှစ်ပြားနဲ့ ရောင်းစားနေကြတာပါပဲ။ ကျုပ်တို့အနေနဲ့ ပါလက်စတိုင်းမှာ ဆက်နေချင်လျှင် နေရာ ထိုင်ခင်းတော့ ပြင်ဆင်ရလိမ့်မယ်”

“အီဘင်ယူစွပ် အပါအဝင် နောက်ဆုံး အာရပ်မျိုးဆက်ဝင်တိုင်းဟာ သူတို့လူ့အဖွဲ့ အစည်းရဲ့ အကျဉ်းသား လုံးဝဖြစ်နေကြတယ်။ နောက်ဆုံးမှာ ဂျူးတွေဟာ ဒီနေရာမှာ သူတို့လာလုပ်နေတာတွေအတွက် ပြဿနာနဲ့ ရင်ဆိုင်ရလိမ့်မယ်။ အာရပ်တွေအပေါ်မှာ ခင်ဗျားတို့က ဘယ်လိုပဲကောင်းအောင်လုပ်ပေးပေး သူတို့က ခင်ဗျားတို့ကို ချစ်လာကြမှာ မဟုတ်ဘူး။ တကယ်တော့ သူတို့က ချစ်ခင်ခြင်းဆိုတာကို သိကြတာမဟုတ်ဘူး။ သူတို့ သိတာက မုန်းတီးခြင်းပဲ၊ ခင်ဗျားဟာ စိတ်ရှုပ်ပေါက်နေတဲ့ လူ့အဖွဲ့အစည်းတစ်ခု၊ ဆက်ဆံနေတယ်၊ အဲဒီတော့ ဘယ်လိုထိန်းချုပ်ရမယ်ဆိုတာကို အများကြီးလေ့လာဖို့လိုတယ် 'အင်း ... တကယ်တော့ ကျုပ်တို့သဘာဝနဲ့ လုံးဝကြီးဆန့်ကျင်နေတဲ့ ဖြစ်ရပ်ပါပဲ ဂီဒီယံ စိတ်မချမ်းသာစွာဖြင့် ညည်းပြောပြောလိုက်သည်။ ဤတွင် ဗိုလ်ကြီးဝင်းဂိတ်က စကားခေါင်းစဉ် ရုတ်တရက်ပြောင်းလိုက်ပြီး... “ဒီစီမံကိန်းကြီးတစ်ခုလုံးကတော့ ကောက်ဂျီအတွက် သိပ်ပြီးမလွယ်တဲ့ အလုပ်ကြီးပဲ

”ဒါကို ကျုပ်သိပါတယ်၊ အဲဒီတော့ ကျုပ်ကတော့ မောင်ရင်ဘယ်လို အမိန့်ပေး မလဲဆိုတာကိုပဲ စိတ်ဝင်စားတာပါ”

“ကျွန်တော် ပြောခဲ့ပြီးသားပဲ၊ ခင်ဗျား မမှတ်မိတော့ဘူးလား” ဝင်းဂိတ်က အော်၍ပြောသည်။

“မောင်ရင်က အထူးညတပ်ဖွဲ့ ဝင် ကောင်လေးတစ်ယောက်ကို အားပေးစကားပြော နေတာမဟုတ်ဘူးဆိုတာ သတိထားစမ်းပါ”

“ခင်ဗျားတို့ဂျူးတွေ ပါလက်စတိုင်းကို ပြန်လာပြီးကတည်းက ပုန်းကျင်းထဲမှာပါ ပုန်းနေကြတာပဲ။ ကျုပ်က အဲဒါကိုပြောနေတာ၊ အခုဆိုလျှင် ကျွန်တော်တို့အနေနဲ့ လွတ်လွတ်လပ်လပ်လှုပ်ရှားနိုင်ပြီ။ ဒါပေမယ့် ခင်ဗျားတို့က သိပ်ပြီးစိုးရိမ်နေကြတယ်၊ ဗြိတိသျှစစ်တပ်ကို ဘေးချိတ်ထားလိုက်စမ်းပါ။ သူတို့ ဂျူဒီယာတစ်နယ်လုံး ပဲပြဲစင်အောင် သောက်ကြစမ်းပါစေ။ ဒီအကြံကို ဗြိတိသျှစစ်ဗိုလ်တစ်ယောက်က ကောက်ကို အကြံပေးတယ်ဆိုတာ ခင်ဗျားမသိဘူးလား”

ဝင်းဂိတ်သည် ထိုင်ရာမှရုတ်တရက်ထလိုက်ပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်နေ သည်။ ထို့နောက် ဂီဒီယံ၏ရှေ့တွင်ရပ်ကာ ဂီဒီယံနှာခေါင်းနားတွင် သွားပွတ်တံကို အမ်းယမ်းလုပ်ရင်း ဆက်ပြောသည်။

“ကောက်ဂျီနဲ့ အဲဒီဗြိတိသျှစစ်ဗိုလ်တို့တွေးပုံကို သတိရစမ်းပါ။ သူတို့က ဟာဂနာ အဖွဲ့ဝင်တွေဟာ ဘုံရိပ်သာခြံဝင်းထဲက ဘယ်မှမထွက်ရဲကြဘူးလို့ ထင်နေကြတယ်။

တွေက ထိုးစစ်ကိုစိတ်မဝင်စားကြဘူး၊ ခံစစ်ကိုပဲ စိတ်ဝင်စားနေကြတယ်။ ဒီနယ်မြေမှာ သျှတပ်တွေရှင်းသွားလျှင် ဟာဂနာတပ်ဖွဲ့ က ဝင်စွက်မှာမဟုတ်ဘူး၊ သူတို့က ဒီလိုတွက်ထားကြတယ်၊ ကျိန်းသေပေါက် တွက်ထားကြတယ်” ။

ဂီဒီယံအက်ရှိသည် အသက် ၅၃ နှစ်ရှိပြီ။ သို့သော်လည်း သူက ကိုယ်ခံအလွန် ကြောင်းသည်။ အကြမ်းခံနိုင်သော လူငယ်ဂျူးစစ်သားများနှင့်အတူ တောထဲတောင်ထဲ အချိန်မရွေး သွားလာလှုပ်ရှားနိုင်သူဖြစ်သည်။ သူသည် အာရပ်လူမျိုးတွေကြားထဲတွင် တစ်လျှောက်လုံး သွားလာလှုပ်ရှားကာ အာရပ်တို့၏

စိတ်ဓာတ်ကို နားလည်အောင်ကြိုးစား သည်။ သူတို့ကြားတွင်နေနိုင်အောင်၊ သူတို့၏မိတ်ဆွေအဖြစ် ငြိမ်းချမ်းစွာ ပေါင်းသင်း ဆက်ဆံနိုင်အောင် ကြိုးစားခဲ့သည်။

သို့သော် ယင်းသို့ကြိုးစားသော်လည်း သူမအောင်မြင်ခဲ့။ ယခု အထူးညတပ်ဖွဲ့ဝင် နှင့် ပထမဆုံး ခရီးထွက်လာခဲ့ရာတွင်လည်း စိတ်မချမ်းသာစရာများနှင့်သာကြုံရသည်။ ပ်တို့နှင့် မိတ်ဆွေအဖြစ် အတူတကွ ငြိမ်းချမ်းစွာနေထိုင်ရေး ရည်ရွယ်ချက်မှာလည်း လိုမှ အောင်မြင်နိုင်စရာမမြင်။ ဇီယွန်ဝါဒကို ခံယူထားသော ဂျူးတို့သည် ၎င်းတို့၏ ငဲဆန္ဒနှင့်ဆန့်ကျင်သော ထိုးစစ်ကို မလွဲမသွေ တိုက်ခိုက်ကြရတော့မည်။

ဘုန်းကြီးကျောင်းကျက်သရေခန်းကလေးသည် ဘုန်းကြီးတစ်ပါးကမ္မဋ္ဌာန်း ထိုင်နေ အလား ပိတ်ပိတ်သား တိတ်ဆိတ်ငြိမ်သက်နေသည်။

ဒီယံက အတွေးနက်စွာဖြင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

ယခုအခါ သူတို့သည် အာရပ်များကို မတိုက်ချင်ဘဲနှင့်တိုက်နေရပြီ။ သူတို့က ကဲ့သို့မတိုက်လျှင် အာရပ်တို့က သူတို့ကို အမြဲတမ်း တိုက်ခိုက်သတ်ဖြတ်နေကြလိမ့်မည်။ တွင်ရပ်သည် ဘယ်အထိ ကြာလိမ့်မည်နည်း။ ထိုသို့ တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်နေရင်း ဂျူးလူမျိုးတို့၏ အခြေခံမွန်မြတ် သတ်ခာတ်များ ပျက်ပြားသွားကြမည်လား။ ခရီးကတော့ အလွန်ရှည်လျားသည်။ လွန်ကြမ်းတမ်းသည်။ သို့သော် ဘယ်လိုပင်ဖြစ်ဖြစ် မတတ်နိုင်တော့။ ရှောင်လွှဲ၍ နိုင်တော့။ ဤသည်မှာ ဇီယွန်ဝါဒက တောင်းဆိုလာသောတန်ဖိုးပင် ဖြစ်သည်။

နောက်ဆုံးတွင်သူက ပြောလိုက်သည်။ “ကိုင်း… ဟုတ်ပြီ၊ ကျုပ်တို့ဒီနေရာလာကြတာလဲ ဒီအတွက်ပဲ မဟုတ်ဘူးလား”

”ဟုတ်ပါတယ်၊ ဇီယွန်ဝါဒအတွက်တိုက်ပွဲဝင်ဖို့ အချိန်ရောက်နေပြီ” ဗိုလ်ကြီးဝင်းဂိတ်က ထောက်ခံလိုက်သည်။ “ခင်ဗျားခေါင်းထဲမှာ ဘယ်လို စိတ်ကူးထားတယ်ဆိုတာ ကျုပ်အသေးစိတ်   မသိသေးဘူး ဝင်းဂိတ်။ ကျုပ်သိရသလောက်ဆိုလျှင် ဟာဂျီအီဘရာဟင်ဟာ အလွန်မာန ကြီးတဲ့လူတစ်ယောက်ပဲ၊ သူက တိုက်ရင်းသာ အကုန်လုံးအရှုံးခံလိမ့်မယ်၊ ကျုပ်တို့ဆီက အကူအညီကိုတော့ လုံးဝလက်ခံမှာ မဟုတ်ဘူး”

"အဲဒါဟာ အတိုဆုံးပြောရလျှင် အာရပ်နိုင်ငံသမိုင်းပါပဲ။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဟာဂျီအီဘရာဟင်ကို အဲဒီလိုလုပ်ခွင့် ဘယ်နည်းနဲ့မှ မပေးနိုင်ဘူး"

ဗိုလ်ကြီးဝင်းဂိတ်သည် ဘုံရိပ်သာအလုပ်သမားများဝတ်သော အပြာရောင်ဝတ်စုံ ကိုဝတ်ကာ တဘားရွာကို ရှောင်ကွင်းလျက် နောက်ဘက်လယ်ကွင်းများကို ဖြတ်ကျော်ပြီး တောင်ကုန်းပေါ်သို့ တိတ်တဆိတ်တက်လာခဲ့သည်။

တမန်တော်၏ သင်္ချိုင်းဂူအနီးတွင်ထိုင်ရင်း ထွေရာစိတ်ကူးနေသူ လယ်သမားတစ် ယောက်ကို တွေ့ရသောအခါ ဗိုလ်ကြီးဝင်းဂိတ်က ပြောလိုက်သည်။ "ဒီမှာကိုယ့်လူ၊ ခုချက်ချင်း ရွာကိုပြန်ဆင်းပြီး ဟာဂျီအီဘရာဟင်ကို ခေါ်လာခဲ့စမ်းပါ" ၊ အာရပ်တစ်ယောက်ကဲ့သို့ ပြောသော အာရေဗစ်စကားကို ကြားရသောအခါ လယ်သမားသည် အလွန်အံ့ဩသွားသည်။

"ကဲ... သွားစမ်းပါ၊ ကျုပ်ပြောတာလုပ်စမ်းပါ" ဗိုလ်ကြီးဝင်းဂိတ်က အမိန့်သံဖြင့် ခပ်မာမာထပ်ပြောလိုက်သည်။

နောက် ဆယ့်ငါးမိနစ်ခန့်အကြာတွင် ဟာဂျီအီဘရာဟင် ရောက်လာသည်။ သူသည် မှန်ပြောင်းကြီးဖြင့် တောင်ကုန်းများကိုကြည့်နေသော သူစိမ်း၏နောက်တွင် ရပ်နေသည်။

"ကျွန်တော် ဘယ်သူဆိုတာ သိပါသလား" ဗိုလ်ကြီးဝင်းဂိတ်က နောက်ကိုပြန်လှည့်မကြည့်ဘဲနှင့် မေးလိုက်သည်။ "ခင်ဗျားက စိတ်ရှုပ်ပေါက်နေတဲ့ ဗြိတိသျှစစ်ဗိုလ်ပဲ"

"ဟုတ်ပါတယ်၊ သိပ်မှန်ပါတယ်၊ ဒါပေမယ့် အခု ကျွန်တော် စစ်ယူနီဖောင်း ဝတ်မလာဘူးဆိုတာတော့ သတိရပါ၊ အခု ကျွန်တော်လာတာ ခင်ဗျားနဲ့ မိတ်ဆွေအဖြစ် စကားပြောချင်လို့လာတာပါ"

'ကျုပ်က ခင်ဗျားကိုထက် မိတ်ဆွေဘဝကို ပိုပြီးလိုလားသေးတယ်"

"စကားလှလှ ပြောဖို့ အချိန်မဟုတ်ပါဘူး၊ ဒီညမှာ ခင်ဗျားတို့ကို

အလုံးအရင်းနဲ့ လာတိုက်ဖို့ လုပ်နေကြပြီ။ လာထရွန်တစ်နယ်လုံး တစ်အိမ်မှကျန်မှာမဟုတ်ဘူး”

ဝင်းဂိတ်က မှန်ပြောင်းကိုပြန်ချပြီး နောက်သို့ လှည့်လိုက်သည်။ ထို့နောက် ပြုံးပြီး အီဘရာဟင်ရှေ့မှ ဖြတ်သွားကာ နောက်ထပ် မြင်ကွင်းတစ်ခုကို ကြည့်ပြန်သည်။

“ဘုရားရေ ... သူတို့ ဘာတွေလုပ်ဖို့ ကြံနေကြတယ်ဆိုတာ ဒီရွာကို ဒီနေရာမှာ တည်တဲ့လူတွေ သိကြမှာပဲ။ ဒီတောင်ကုန်းကို နောက်ဘက်ကလွဲပြီး ဘယ်လမ်းကမှ မတက်နိုင်ပါဘူး။ ကောက်ဂျီရဲ့ တပ်က လူအင်အားအများကြီး၊ သူတို့က မြက်ရှည်တောကို အကာအကွယ်ယူပြီး ကျားတက်လာကြလိမ့်မယ်။ နောက်ဆုံး အခု ကျွန်တော်တို့ ရပ်နေ တဲ့နေရာနဲ့ ကိုက်ငါးဆယ် အကွာအဝေးအထိ ချီတက်လာကြမယ်၊ သူတို့က သံကုန် အော်ဟစ်ဆဲဆိုပြီး ချီတက်လာလျှင် ခင်ဗျားလူတွေက ကြောက်ဒူးတုန်ပြီး ကစဥ့်ကရဲ ထွက်ပြေးကြမှာ ကျိန်းသေပဲ”

rme

”ဒီတော့ ဂျူးတွေဆီက အကူအညီယူရမယ်လို့ ဆိုလိုတာလား၊ ကျုပ်တော့ ဝမယူဘူး”

”စဉ်းတော့စဉ်းစားပါ ဟာဂျီအီဘရာဟင်”

ဗိုလ်ကြီးဝင်းဂိတ်၏ တောက်ပသောမျက်လုံးများက တောင်ကုန်းဆင်ခြေလျှောဆီသို့ ဆက်သွားကြပြန်သည်။

“လေက ပင်လယ်ဘက်ကလာလိမ့်မယ်။ တောင်ပေါ်ကနေပြီး တောင်အောက်ကို က်မယ်၊ မြက်တွေကလဲ ခြောက်နေကြပြီ၊ မြက်တွေကို မီးရှို့လိုက်လျှင် ယောရှက မင်းကို ရပ်ခိုင်းထားသလို တစ်မိုးလုံးထိန်ထိန်လင်းသွားမယ်၊ အဲဒါဆိုလျှင်မြေကြီးပူပြီး အောက်ဂျီလူတွေအတွက် လမ်းလျှောက်ရတာ ခက်ခဲသွားမယ်”

“လယ်ကွင်းတွေကို မီးရှို့ ဖို့ ပြောတာလား ။ “ဟုတ်ပါတယ်၊ လယ်ကွင်းတွေကို မီးရှို့လိုက်ပါ၊ ရှို့ သာရှို့ လိုက်ပါ”

”တော်တော်မိုက်မဲတဲ့ သေနင်္ဂဗျူဟာပါလား”

”အိုး... ဒီလိုထင်သကိုး၊ ကျွန်တော်ကတော့ ခင်ဗျားလဲ ဒီနည်းကို စဉ်းစားလိမ့်မယ်လို့ နေတယ်”

”တော်တော်မိုက်မဲတဲ့ အလုပ်ပဲ”

”ဒီနည်းက ခင်ဗျားတို့ရဲ့ နာမည်ကျော်ဗိုလ်ချုပ်ကြီးဆလာဒင် အသုံးပြုခဲ့တဲ့နည်းပါ အီဘရာဟင်။ ဟစ်တင်တောင်ကြားမှာ ဥရောပ ခရူးဆိတ်တပ်မတော်ကို သူ က ဒီနည်းနဲ့ပဲတိုက်ခဲ့တာပေါ့။ သူက ရန်သူတပ်ကို တောင်ကြားထဲမျှားခေါ်သွားပြီး အယ်ကွင်းတွေကို မီးရှို့လိုက်တယ်။ အရှင်လတ်လတ် မီးဖုတ်မခံရတဲ့လူတွေနဲ့ မသေဘဲ ကျန်ရစ်တဲ့လူတွေက ဂါလီလီရေအိုင်ဘက်ကို အတင်းထွက်ပြေးကြတယ်၊ ဒါပေမယ့် လောဒင်က သူတို့ကြားနဲ့ ရေအိုင်ကြားမှာ တပ်ဖွဲ့ ထားတယ်” ဗိုလ်ကြီးဝင်းဂိတ်က လှည့်ထွက်သွားရင်း ...။ “တကယ်တော့ ဆလာဒင်လို လုပ်တတ်ဖို့က စိတ်ကူးလိုပါတယ်” ထို့နောက် သူသည် တောင်ကုန်းပေါ်မှ ပြန်ဆင်းသွားလေသည်။

ညအမှောင် ရောက်လာသောအခါ ကောက်ဂျီ၏တပ်များသည် ဖာကင်မှထွက်၍ အက်အက်ဝဒ်တောင်ကြားသို့ ချီတက်လာခဲ့ကြသည်။ သူတို့သည် ရှေးတုန်းက ဂျေရုဆလင်သို့ ဆပ်များချီတက်ခဲ့သော လမ်းကြောင်းအတိုင်း လာခဲ့ကြခြင်းဖြစ်သည်။

ကောက်ဂျီသည် ရန်သူအား မျက်ခြည်ဖြတ်၍လှည့်စားရန် တပ်တစ်တပ်ကို တော က်ထဲမှ ရွာကလေးတစ်ရွာသို့ ကြိုတင်စေလွှတ်ထားခဲ့ပြီးဖြစ်သည်။ ဤသည်မှာ လာထရွန်မှ သျှတပ်များအား လှည့်စားခြင်းပင်ဖြစ်သည်။ တစ်ချိန်တည်းတွင် ရမ်လီနှင့်လိုင်ဒါမြို့များရှိ ဌ်လည်း အဓိကရုဏ်းများဖြစ်ပွားကာ ကျွက်ကျွက်ဆူနေကြပြီ ဖြစ်သည်။

ဗိုလ်ကြီး အော်ဒီဝင်းဂိတ်သည် သူ၏ အထူးညတပ်ဖွဲ့ဝင်များအား နေသူရိန် ဆင်သာမှခေါ်ထုတ်ကာ လယ်ကွင်းများကိုကွေ့ပတ်၍ တောင်ကုန်းများပေါ်သို့ ချီတက် ခဲ့သည်။ သူတို့၏လှုပ်ရှားမှုကို တခြားလူများ မြင်သည့်တိုင်အောင် ဘယ်နေရာသို့ သွားကြောင်း ဘယ်သူမျှမသိနိုင်ကြ။ သူတို့သည်

ဘက်အယ်ဝဒ်တောင်ကြား ပါးစပ်ဝတွင် ညဉ်းပြီး ပုန်းအောင်းနေကြသည်။

e'.com နောက်တစ်နာရီလောက်ကြာသောအခါ ကင်းထောက်တပ်ဖွဲ့များ ပြန်ရောက်လာပြီး ကောက်ဂျီ၏လူများ သူတို့ထံသို့ တောင်ပေါ်လမ်းအတိုင်း လာနေကြပြီဖြစ်ကြောင်း သတင်းပို့သည်။

"မဆိုးဘူး၊ သူတို့က အချိန်ကိုက်ရောက်လာကြတာပဲ' ဝင်းဂိတ်က ပြောလိုက်သည်။

"အသံမပြုနဲ့၊ မလှုပ်နဲ့၊ ရန်သူအင်အား ဘယ်လောက်ရှိဆိုတာ သေသေချာချာ ရေတွက်ထားကြ ဂျူးတပ်သားများသည် ရောမစစ်တပ်များ အသုံးပြုခဲ့သော လမ်းမကြီးအထက်ဘက်မှ တောင်စောင်းကလေးတစ်ခုပေါ်တွင် ဖြန့်၍ နေရာယူထားကြသည်။ မကြာမီတွင် သံဘူးချင်း ထိခတ်သံများနှင့် ကျောက်တုံးကျောက်ခဲ လိမ့်ကျသံများ ကြားကြရသည်။ ဂန်ဂျာရှူသော အနံ့များလည်းရသည်။ ထို့နောက်စကားပြောသံများနှင့် စစ်တိုက်ရသည့်အတွက် သူတို့ဆွေမျိုး များအား အပြစ်တင်သံများ ကြားလာရသည်။

ကောက်ဂျီ၏ တပ်သားများသည် အထူးညတပ်ဖွဲ့ဝင်များ၏ အောက်ဘက်မှဖြတ်၍ အေယာလုံမြစ်ဝှမ်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။

ဗိုလ်ကြီးဝင်းဂိတ်သည် ရန်သူများဖြတ်သွားပြီးနောက် တစ်နာရီတိတိ စောင့်ဆိုင်း နေသည်။ ထို့နောက် သူ့တပ်သားများအားလူစုရန် ဝီစီမှုတ်လိုက်သည်။ တဘားရှာကို ဝင်စီးမည့် ကောက်ဂျီတပ်သားအင်အားမှာ ၂၅၀ ကျော်ခန့်ရှိသည်။

ဝင်းဂိတ်က မြေပုံစာရွက်ကို ဖြန့်ခင်းပြီးပြောသည်။

"ကျုပ်က လမ်းနဲ့ခပ်ခွာခွာ ချီတက်ကြမယ်၊ တောင်ကုန်းတွေဘက်ကို ကပ်ပြီး တက်ကြ၊ ဖာကင်ကိုမရောက်ခင် နှစ်မိုင်ဝေးတဲ့ ဒီနေရာမှာ ရန်သူကို ချုံခိုတိုက်ခိုက်မယ်"

တိုက်ပွဲအစီအစဉ်မှာ ကောက်ဂျီ၏တပ်များ တဘားရှာကို ဝင်တိုက်ပြီးနောက် ပြန်ဆုတ်လာစဉ်တွင်မှ လမ်းမှ

လျှပ်တစ်ပြက်ဖြတ်တိုက်ရန်ဖြစ်သည်။ အထူးညတပ်ဖွဲ့ဝင် များအနေဖြင့် ရန်သူမမြင်အောင် တောင်တက်ခရီး ချီတက်ရမည်မှာ အလွန် ပင်ပန်း ခက်ခဲလှသည်။

ဗိုလ်ကြီးဝင်းဂိတ်က ဂီဒီယံအား မသိမသာစောင်းကြည့်လိုက်သည်။ ဂီဒီယံက ခေါင်းညိတ်ပြသည်။ သူက အသက်ကြီးပြီဖြစ်သော်လည်း စိတ်ဓာတ်အလွန်ပြင်းသည်။

နံနက်နှစ်နာရီတွင် ကောက်ဂျီတပ်သားများသည် တဘားရွာတောင်ခြေမှ တောင်ပံ ဖြန့်၍ အစီအရီထွက်လာကြပြီးနောက် တောင်ကုန်းဆင်ခြေလျှောအတိုင်း ရွာဆီသို့ လေးဖက်တွား၍ ချီတက်လာခဲ့သည်။

ဟာဂျီအီဘရာဟင်သည် ဗြိတိသျှစစ်ဗိုလ် အော်ဒီဝင်းဂိတ်နှင့် ထူးဆန်းစွာ တွေ့ဆုံပြီးနောက် အခြေအနေကို လေးလေးနက်နက် ပြန်လည်သုံးသပ်ခဲ့သည်။ ထို့နောက် ရွာသားများကို လူစုစေပြီး ရွာထဲတွင်ရှိသမျှ ရေနံဆီများကို တမန်တော်သချိုင်းဂူသို့ သယ်ယူလာကြရန် အမိန့်ထုတ်လိုက်သည်။ ပြီးတော့ မီးတုတ်များပြုလုပ်စေပြီး မြက်ခင်းများကို ရေနံဆီများ အနှံ့အပြား လောင်းခိုင်းသည်။

နံနက်နှစ်နာရီခွဲသောအခါ သူပုန်တပ်မှ ဗိုလ်တစ်ယောက်သည် တောင်ကုန်းထိပ် နားတွင်ရပ်ကာ လက်ထဲမှရိုင်ဖယ်ကို အပေါ်သို့မြှောက်ရင်း ရှေးဟောင်းစစ်ခေါ်သံကို ကုန်အော်၍ ကြွေးကြော်လိုက်သည်။ “အလ္လာ အက္ကဘာ၊ အလ္လာ အက္ကဘာ”

ကျန်လူများကလည်း သံပြိုင်လိုက်အော်ကြပြီးနောက် သေနတ်သံများ ဆူညံစွာ ထပေါ်လာသည်။

ဟာဂျီအီဘရာဟင်သည် မြက်တောကို မီးတုတ်နှင့် မီးတင်ရှို့လိုက်ပြီးနောက် ကြီးပေါ်တွင် အားလျားမှောက်ချလိုက်သည်။ ဆက်တိုက်လိုပင် ရွာသားများသည် စပ်သို့ပြေးတက်သွားကြပြီး ရှေ့တည့်တည့်မှ ပြေးလာသောရန်သူများအား မီးတုတ်များဖြင့် ဆောင်းဝင်ရောက် တိုက်ခိုက်ကြတော့သည်။

စက္ကန့်ပိုင်းအတွင်းမှာပင် ပတ်ဝန်းကျင်တစ်ခုလုံး ထိန်ထိန်လင်းသွားပြီး ရောမ ဘောက်ကြီးတစ်ခုသည် မိုးယံသို့ ထိုးတက်သွားသည်။

ထိုအချိန်တွင် တောင်ကုန်းပေါ်၌ လေကြမ်းတစ်ချက်ဝှေ့လိုက်ရာ မီးသည် တောင် အောက်သို့ တစ်မုဟုတ်ချင်း ကူးစက်သွားသည်။ အောက်မှတက်လာသော သူပုန်များအား လောင်ကုန်သဖြင့် ကျိန်ဆဲသံများမှာ ကြောက်စရာအော်ညည်းသံများသို့ ပြောင်းလဲသွား သည်။

မြေကြီးတစ်ပြင်လုံး မီးစွဲလောင်နေသဖြင့် သူပုန်များမှာမီးထဲတွင် အသက်လု၍ ပေါက်ပြေးလွှားနေကြသည်။ တချို့မှာ မီးခိုးလုံးကြီးများထဲတွင် လဲကျသွားကြသည်။ ကတော့ တောင်ပေါ်မှ တရိုန်ရှိန်ဆင်းလာသော မီးညွန့်မီးလျှံများကို ကြောက်လန့်ကာ အောင်အောက်သို့ ကမူးရှူးထိုး ပြေးဆင်းကြသည်။ နှစ်မိနစ်အတွင်းတွင် ရန်သူ = ယောက် ပွဲချင်းပြီး မီးလောင်သေဆုံးသွားသည်။ ကျန်လူတစ်ရာခန့်မှာလည်း အပြင်းအထန် ဆောင်ခံသွားကြရသည်။

ထွက်ပြေးလွတ်မြောက်သွားသော သူပုန်များသည် ဘက်အယ်ဝဒ်တောင်ကြားသို့ သလုံးခွေးပြေးဝက်ပြေး ပြေးလာခဲ့ကြရသည်။ သူတို့သည် အရုဏ်တက်သောအခါ တင်ရွာမှ များစွာမဝေးသော တောင်ကြားလမ်းကျဉ်းထဲသို့ ရောက်ရှိလာကြသည်။

တွင် သူတို့သည်ခြေကုန်လက်ပန်းကျပြီး မတ်တတ်ပင် မရပ်နိုင်ကြတော့။ ဗိုလ်ကြီးဝင်းဂိတ်၏ အထူးညတပ်ဖွဲ့ဝင်များမှာ အဆိုပါ တောင်ကြားလမ်းသို့ ဆာကြီးကတည်းကပင် ကြိုတင်ရောက်ရှိနေကြသောကြောင့် တဘားရွာမှ တပ်လန်ထွက် လာသော ရန်သူတပ်ကို လေးဖက်လေးတန် ပိတ်ညှပ်ကာ ချုံခိုတိုက်ခိုက်ကြတော့သည်။

အငိုက်မိခံလိုက်ရသော ရန်သူများမှာ ဘယ်လိုမှ ကာကွယ်တိုက်ခိုက်ခြင်း မပြုနိုင် ဘဲ အတုံးအရုံးကျဆုံးကြသည်။ သေကံမရောက် သက်မပျောက် သူများမှာလည်း ကြောက်လွန်ကာ လက်နက်များကိုလွှင့်ပစ်ပြီး ဦးတည့်ရာတောနက်ထဲသို့ ကိုယ်လွတ်ထွက် သွား ကြတော့သည်။ သူတို့က နောက်ထပ် ဘယ်တော့မှ သေနတ်မကိုင်ရဲကြတော့ချေ။

အခန်း (၁၃)

၁၉၃၇ ခုနှစ် အောက်တိုဘာလ... “

ဂျေရုဆလင် မဟာမင်းကြီးသည် ဘာသာရေးကောင်စီရုံးကို သူ၏ဌာနချုပ်အဖြစ် ဖွင့်လှစ်ထားသည်။ ယင်းဌာနချုပ်သည် ယခင်က ရှောလမုန်းနှင့်ဟံရော့ဒ်တောင် ဝတ်ကျောင်း တော်တည်ရှိရာ “ဟာရမ်းအက်ရှရှရစ်” ဟုခေါ်သည့် ရင်ပြင်ကြီး၏ အပြင်ဘက်ကလေးတွင် တည်ရှိသည်။

ဟာရမ်းအက်ရှိရှရစ်ရင်ပြင်တွင် ဂျေရုဆလင်တစ်မြို့လုံးရှိ ဘာသာရေးအထိမ်းအမှတ် အားလုံးထက် မြင့်မြတ်သော “မဟာကျောက်ခုံးကြီး ရှိသည်။ ဤကျောက်ခုံးကြီး၏ သက်တမ်းမှာ နှစ်ပေါင်း ၁၃၀၀ ရှိပြီး၊ ထိုနေရာသည် အာဗြဟံ ယဇ်တင်ခံရသောနေရာဖြစ်၍ ဟေဗြဲလူမျိုးတို့၏ အမြင့်မြတ်ဆုံးသော ဝတ်ကျောင်းတော်ကြီးတည်ရှိသော နေရာလည်းဖြစ်သည်။ တမန်တော် မိုဟာမက်သည် အဆိုပါမြင့်မြတ်သော ကျောက်ခုံးကြီးပေါ်မှနေ၍ ကောင်းကင်ဘုံသို့ နတ်မြင်းပျံဖြင့် ခုန်တက်သွားခဲ့သည်။

ထိုနေရာတွင် မူလအဆောက်အအုံကြီးနှင့်ပုံစံတူ 'ချယ်နဗလီ” အမည်ရှိ ဗလီကလေး တစ်ခုရှိသည်။ ဂျေရုဆလင်မဟာမင်းကြီးသည် ယင်းဗလီကလေးကို သူ၏ ကိုယ်ပိုင် ဝတ်ပြုရာဌာနအဖြစ် သတ်မှတ်ထားသည်။ သူသည် ထိုဗလီကလေးသို့ နေ့စဉ် အကြိမ်ပေါင်း များစွာသွား၍ ဝတ်ပြုလေ့ရှိသည်။

ယနေ့လယ် သူသည် ဖျာပေါ်တွင်တင်ပျဉ်ခွေထိုင်ကာ ဝတ်ပြုနေသည်။ “မဟာမင်းကြီး” သူ့နောက်မှ တစ်စုံတစ်ယောက်၏ ခေါ်သံ ကြားရသည်။ “မဟာမင်းကြီး...' ခေါ်သံသည် ကျောက်စလင်း ခန်းမကလေးထဲတွင် ပဲ့တင်ရိုက်ခတ်သွားသည်။

မဟာမင်းကြီးသည် နောက်ပြန်လှည့်ကြည့်လိုက်သောအခါ ဂုစတပ်ဘွတ်ကမန်းကို “ တွေ့ ရသည်။ ဘွတ်ကမန်းသည် အာရပ်ဝတ်စုံကို ပိုသီပတ်သီဝတ်ထားသည်။)

”ကျုပ်ဝတ်ပြုနေတာ မမြင်ဘူးလား”

”မဟာမင်းကြီး ဒီနေရာကခုချက်ချင်းထွက်ပြေးမှဖြစ်မယ်၊ မဟာမင်းကြီးနဲ့ ကောင်   တွေကို ဗြိတိသျှတပ်တွေက ပိုက်စိပ်တိုက်ပြီး လိုက်ရှာနေကြတယ်၊ သူတို့က မဟာ မင်းကြီးကို ဖမ်းဆီးဖို့ ဝရမ်းထုတ်လိုက်ပြီ” (မဟာမင်းကြီးသည် မတ်တတ်ထရပ်လိုက်ပြီး ကြောင်အမ်းအမ်းဖြစ်နေသည်။ “မြန်မြန်လုပ်ပါ၊ တစ်နေရာပုန်းနေမှ ဖြစ်လိမ့်မယ်”

သို့ဖြင့် သူတို့နှစ်ယောက်သည် ဗလီကလေးထဲမှထွက်ကာ ဟာရမ်းအက်ရှရှရစ် ပင်ကိုဖြတ်၍ အေလ်အကစာဗလီကြီးထဲသို့ ဝင်လာခဲ့ကြသည်။ သူတို့သည် ကျဉ်းမြောင်း သော ကျောက်လှေကားအတိုင်း မြေအောက်ခန်းသို့ ဆင်းလာခဲ့ကြသည်။ မြေအောက်ခန်း တွင်မြေတိုက်နံ့နှင့် တော်လှန်ပုန်ကန်ရန်အတွက် လျှို့ဝှက်သိုလှောင်ထားသော ယမ်းနံ့ ဖြင့် မွှန်ဟောင်နေသည်။ “ကျွန်တော် ပြန်မလာမချင်း ဒီမှာပဲနေပါ” တွတ်ကမန်းက ယင်းသို့ပြောပြီး ပြန်ထွက်သွားသည်။

တစ်နေ့နှင့်တစ်ည ကုန်လွန်သွားပြီးနောက်တွင်မှ အထုပ်တွေ တစ်ပွေ့တစ်ပိုက်ဖြင့် တ်ကမန်း ပြန်ရောက်လာသည်။ သူသည် မဟာမင်းကြီးအတွက် စားစရာသောက်စရာ များနှင့် အဝတ်အစားများ ယူလာသည်။ မုတ်ဆိတ်ရိတ်ဓားလည်း ပါလာသည်။

“အပြင်မှာ ဘာတွေဖြစ်နေသလဲ” (မဟာမင်းကြီးကမေးသည်။ အဖမ်းခံရသော မဟာမင်းကြီး၏ ကောင်စီဝင်ပုဂ္ဂိုလ် များစာရင်းကို ဘွတ်ကမန်းက တသီတတန်းကြီးရွတ်ပြသည်။ အချို့ ခေါင်းဆောင်များမှာ ထွက်ပြေးလွတ်မြောက်သွားကြသည်။ သို့သော် မသက်ာသူများအား နေရာအနှံ့ လိုက်ဖမ်း ကြဆဲ ဖြစ်သည်။ ဖမ်းထားသူများအား အိန္ဒိယသမုဒ္ဒရာထဲမှ ဆေးရဲလ်ကျွန်းစုသို့ ပြည်နှင်ဒဏ်ပို့ရန် ဗြိတိသျှတို့က စီစဉ်နေသည်ဟုလည်း သတင်းထွက်နေသည်။

“ခွေးမသားတွေ...” မဟာမင်းကြီးက ကျိန်ဆဲလိုက်သည်။

“ဂျက်ဖာမှာ ကျွန်တော်တို့ သင်္ဘောတစ်စင်း ဆိုက်ကပ်ထားတယ်” ဘွတ်ကမန်းက ပြောသည်။ “ဥပုသ်နေ့အထိ ဒီမှာပဲသည်းခံပြီးနေပါ၊ ဥပုသ်နေ့ကျတော့ အေလ်အကစာဗလီကို တ်ပြုသူတွေ

သောင်းနဲ့ချီပြီးလာကြလိမ့်မယ်၊ အဲဒီအချိန်ဟာ ကျွန်တော်တို့အတွက် ဒီနေရာကထွက်ဖို့ အကောင်းဆုံးအချိန်ပဲ”

“ကျုပ် ဒီအခန်းထဲမှာမနေချင်ဘူး”

”မနေချင်လို့မရဘူး၊ တခြားဘယ်မှမသွားနိုင်ဘူး၊ သူတို့က တစ်မြို့လုံး ကင်းလှည့် ကြတယ်၊ ဂိတ်တံခါးတွေအားလုံးကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်နေကြတယ်”

ထို့နောက် ဘွတ်ကမန်းက မဟာမင်းကြီးအား မုတ်ဆိတ်ရိတ်ခိုင်းသည်။ သူယူလာ သော အဝတ်အစားများကို ဝတ်ခိုင်းသည်။ သောကြာနေ့ နံနက်ဝတ်ပြုပွဲတွင် မွတ်စလင် အမျိုးသမီးများဝတ်လေ့ရှိသော အဖြူရောင်ဝတ်စုံ ဖြစ်သည်။

ဥပုသ်နေ့တွင် ဟာရမ်းအက်ရှိရှရစ်ရင်ပြင်ပေါ်၌ ဝတ်ပြုလာသူ နှစ်သောင်းတို့ဖြင့် တံသိပ်ပြည့်ကျပ်နေသည်။ မွန်းတည့်ချိန်တွင် ဝတ်ပြုပွဲပြီးဆုံးသွားရာ ဂျေရုဆလင်မြို့တော် ဟောင်းရှိ လမ်းကျဉ်းကလေးများထဲတွင် လူတွေ ကြိတ်ကြိတ်တိုးနေကြသည်။

သို့ဖြင့် မဟာမင်းကြီး ဟာဂျီအာမင်အေလ်ဟူစိန်နီသည် ဒမတ်စကတ်ဂိတ်တံခါးဝ ဘက်သို့ ပြုံထွက်နေကြသော အမျိုးသမီးအုပ်ထဲတွင် ဝင်ရောက်ကာ ဗြိတိသျှလုံခြုံရေးတပ်သား များအား လွယ်ကူစွာ မျက်ခြည်ဖြတ်နိုင်ခဲ့လေသည်။

ထို့နောက် သူ့အား ဂျက်ဖာဆိပ်ကမ်းသို့ပို့ရန် စုပုံထားသော ခရမ်းချဉ်သီး သေတ္တာများကြားမှ သေတ္တာလွတ်တစ်လုံးတွင်ထည့်၍ ဖုက်ထားသည်။ ထိုမှတစ်ဆင့် ဂျာမန်မီးသင်္ဘောဖြင့် ဘေရွတ်သို့လာခဲ့ပြီး ထိုမှတစ်ဖန် ဒမတ်စကတ်သို့ ရောက်ရှိလာခဲ့သည်။

ဟာဂျီအာမင်သည် ဒမတ်စကတ်တွင် ခြေကုပ်ယူကာ သူ့ လူများကို ပြန်စုပြီးနောက် ပါလက်စတိုင်းတွင် တော်လှန်ရေးလှုပ်ရှားမှုလုပ်ရန် ဆက်လက်ကြိုးစားပြန်သည်။

ဗိုလ်ချုပ် အော်ဒီဝင်းဂိတ်၏ အထူးညတပ်ဖွဲ့သည် သမိုင်းသစ်နှင့် သဘောတရား သစ်ကို ခိုင်မြဲစွာထူထောင်လိုက်သည်။ အာရပ်သူပုန်များကို သူတို့ချည်းသာ တိုက်ခိုက် အောင်မြင်ခဲ့သည်ဟုတော့ မပြောနိုင်ချေ။ သို့သော် အာရပ်တို့၏ သူပုန်ထချင်စိတ်ကို ချိုးနှိမ်ပစ်နိုင်ခဲ့သည်ကတော့ အမှန်ပင်။

အထူးညတပ်ဖွဲ့ဝင်တို့၏ တုံ့ပြန်မှုကြောင့် အာရပ်သူပုန်တို့၏ ညတွင်းတိုက်ခိုက်မှုများ လုံးဝပျောက်သွားခဲ့သည်။ အထူးညတပ်ဖွဲ့ဝင်တို့သည် နယ်စပ်ကိုဖြတ်၍ လက်ဘနွန်ပြည်နယ် ထဲအထိဝင်တိုက်ကာ သူပုန်စခန်းများကို ဆက်လက်ချေမှုန်းခဲ့ကြသည်။ သို့ဖြင့်အာရပ်တို့၏ တိုက်ခိုက်မှုများက တဖြည်းဖြည်းနှင့် ကျဲလာခဲ့သည်။

ယခုအချိန်တွင် ကောက်ဂျီ၏ အပျော်တမ်းတပ်ဖွဲ့ မှာ လှုပ်ရှားမှုအားယုတ်သွားခဲ့ပြီး "တိုက်မယ်လုမယ် အောင်ပွဲခံမယ်"ဟူ၍ ကြွေးကြော်ခဲ့ကြသော သူတို့သည် တစ်ဖက်လူ၏ ပြင်းထန်သော ထိုးနှက်ချက်နှင့် ရင်ဆိုင်ရသောအခါ စိတ်ဓာတ်ကျပြီး ပါလက်စတိုင်းနယ်မြေမှ အုပ်စုလိုက် ထွက်ပြေးကုန်ကြတော့သည်။

မဟာမင်းကြီး ဟာဂျီအာမင်အေလ်ဟူစိန်နီသည် ပါလက်စတိုင်းသို့ ဂျူးလူမျိုးများ တဖွဲဖွဲဝင်ရောက်နေခြင်းနှင့် ကျေးရွာများ တည်ထောင်ခြင်းတို့ကို ထိရောက်စွာ မဟန့်တားနိုင်ခဲ့။ ထိုအခါ သူသည် သူ၏ နောက်ဆုံးကျန်နေသောအင်အားဖြင့် အာရပ် အတိုက်အခံများကို ချေမှုန်းရန် တစ်မျိုးကြံပြန်တော့သည်။

အာရပ်ပုန်ကန်မှုသည် ဒုတိယနှစ်တွင် ဆုံးခန်းတိုင်သွားသောအခါ မဟာမင်းကြီး သည် သူ့လူများအား သတ်ဖြတ်ရေးတပ်စုများဖွဲ့၍ လှုပ်ရှားစေပြန်သည်။ ဤလုပ်ရပ်ကြောင့် အချင်းချင်းသတ်ဖြတ်၍ ပါလက်စတိုင်း အာရပ်လူမျိုးပေါင်း ရှစ်ထောင်ခန့် သေဆုံး ခဲ့ရလေသည်။

နောက်တစ်နှစ်တွင် ဟာဂျီအာမင်၏ ပုန်ကုန်မှု ပြိုကွဲသွားခဲ့သည်။ သို့သော် ထို ပုန်ကန်မှုသည် ဗြိတိသျှတို့၏ ပါလက်စတိုင်းကွပ်ကဲအုပ်ချုပ်ရေးကိုတော့ ဖရိုဖရဲ ဖြစ်သွား စေနိုင်ခဲ့သည်။ ပထမတွင် ဗြိတိသျှတို့အနေဖြင့် အတော်ကလေး ဘေးကျပ်နံကျပ် ကြုံရ သည်။

ဤသို့ဖြင့် ပါလက်စတိုင်းသည် “နှစ်ကြိမ်ကတိပေးခံရသောနိုင်ငံ” ဖြစ်လာခဲ့သည်။ ပထမအကြိမ်က ဘဲလ်ဖိုးကြေညာချက်ဖြင့် ဂျူးလူမျိုးတို့၏ ဇာတိဌာနေအဖြစ် အသိအမှတ် ပြု၍ ဂျူးလူမျိုးတို့အား ကတိပေးခဲ့ခြင်းဖြစ်သည်။ ဒုတိယအကြိမ်မှာ မဟာအာရပ်နိုင်ငံ၏ အစိတ်အပိုင်းအဖြစ် အာရပ်တို့အား ပေးခဲ့သောကတိဖြစ်သည်။

အဓိကရုဏ်းများနှင့် ပုန်ကန်မှုများပေါ်ပေါက်ခဲ့သော နှစ်များအတွင်း ဗြိတိသျှတို့က စုံစမ်းရေးကော်မရှင်များဖွဲ့၍ စုံစမ်းစေခဲ့သည်။ ကော်မရှင်အဖွဲ့တိုင်းကပင် စက္ကူဖြင့်တမ်းများ အသီးသီးထုတ်ပြန်ပြီး ဂျူးများဝင်ရောက်လာခြင်းနှင့် လယ်မြေရောင်းဝယ်ခြင်းတို့ကို ဟန့်တားခဲ့ကြသည်။

ဤသို့ဖြင့် နယ်မြေခွဲခြမ်းရေးစီမံကိန်းများ ပေါ်ပေါက်လာခဲ့ရသည်။ ယင်းစီမံကိန်း အရ ဂျူးတို့အနေဖြင့် တဲလ်အဗစ်မှ ဟိုင်ဖာအထိ နယ်မြေအနည်းငယ်ကိုသာ မည်ဖြစ်သည်။ ဂျေရုဆလင်ကိုမူ နိုင်ငံတကာမြို့တော်အဖြစ် အမြဲတမ်း သတ်မှတ်ထားရှိမည် ဖြစ်သည်။

ဤခွဲခြမ်းရေးစီမံကိန်းကို ဂျူးတို့က သဘောတူသော်လည်း အာရပ်တို့က လုံးဝ လက်မခံ။ လက်ခံလိုက်သော အာရပ်အမျိုးသားများကိုလည်း ဟာဂျီအာမင်၏လူများက လုပ်ကြံသတ်ပစ်ကြသည်။

အာရပ်ပုန်ကန်မှု အထွတ်အထိပ်ရောက်နေချိန်တွင် အဆင့်မြင့်စုံစမ်းရေးကော်မရှင် တစ်ခုက ပါလက်စတိုင်းအား ဗြိတိသျှတို့၏ ကွပ်ကဲမှုအုပ်ချုပ်ရေးမှာ ခြေကုန်လက်ပန်း ကနေပြီဟု အစီရင်ခံခဲ့သည်။

ထို့နောက် ဥရောပတွင် စစ်ရိပ်စစ်ငွေ့များသမ်းလာသည်။ ပါလက်စတိုင်းအရေး နှင့်ပတ်သက်၍ ဗြိတိသျှတို့၏ ဟန်ဆောင်မှုသည် ဘူးပေါ်သလိုပေါ်လာခဲ့သည်။ စုံစမ်းရေ ကော်မရှင်က စက္ကူဖြူစာတမ်း ထုတ်ပြန်သောအခါ ပါလက်စတိုင်းအား ဂျူးလူမျိုးတို့၏ ။ ဇာတိမြေအဖြစ် လုံးဝအသိအမှတ်မပြုတော့ချေ။ ယခုအချိန်တွင် ဗြိတိသျှတို့၏ သဘောထားမှာ ငါလက်စတိုင်းဒေသရှိ လူတို့၏ အကျိုးစီးပွားများကို ကာကွယ်ရန်လိုအပ်သောကြောင့် မည်သည့်နည်းဖြင့်မဆို အာရပ်ကမ္ဘာနှင့် အဆင်ပြေမှုကို ရယူရန်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီးတွင် ဥရောပနိုင်ငံများ၌ ဂျူးလူမျိုးသန်းပေါင်းများစွာ ပိတ်မိနေကြသည်။ ဗြိတိသျှ စက္ကူဖြူစာတမ်းက ပါလက်စတိုင်းသို့ ဂျူးများ နောက်ထပ်မဝင် ရောက်ရေးနှင့် လယ်မြေအရောင်းအဝယ်မပြုရေးတို့ကို ထောက်ခံထားသောကြောင့် ဂျူးတို့မှာ ဘေးကျပ်နံကျပ် ကြုံနေကြရသည်။

သို့ဖြင့် ဟာဂါ်အာမင်၏ပုန်ကန်မှုကို ဖြိုခွဲပစ်ခဲ့ပြီးသည့်တိုင် ဗြိတိသျှစက္ကူဖြူစာတမ်းက ဟာဂျီအာမင်အား အောင်ပွဲခံနိုင်အောင် လုပ်ပေးလိုက်သကဲ့သို့ ဖြစ်နေတော့သည်။

မဟာမိတ်တို့က ဂျာမနီကိုစစ်ကြေညာသောအခါ အာရပ်ကမ္ဘာတစ်ခုလုံးနီးပါးလိုပင် စိတ်ဓာတ်ရေးရာအားဖြင့် နာဇီတို့နှင့်ပူးပေါင်းကြသည်။ ဤတွင် သစ္စာဖောက်ခံရသော ငါလက်စတိုင်းဂျူးတို့က စက္ကူဖြူစာတမ်းမရှိလျှင် စစ်ကြီးကို ကျုပ်တို့ကူတိုက်မယ်။ စစ်ကြီးမရှိလျှင် စက္ကူဖြူစာတမ်းကို ကျုပ်တို့တိုက်မယ်” ဟူ၍ကြေညာလိုက်သည်။ ဤသို့ကြေညာပြီး ဂျူးအမျိုးသားအမျိုးသမီး တစ်သောင်းသုံးထောင်တို့သည် ဗြိတိသျှ စစ်တပ်သို့ အပျော်တမ်း ဝင်ရောက်သွားကြလေတော့သည်။

ဟာဂျီအီဘရာဟင်သည် အထူးပင် စိတ်ညစ်နေမိသည်။ ဂီဒီယံအက်ရှိမှာလည်း နေသူရိန်ဘုံရိပ်သာတွင် အငြိမ်နေရသည်ဟူ၍ပင်မရှိ။ ကြာခဏ ခရီးထွက်နေရသည်။ သဲကန္တာ ရသို့ခရီးထွက်ခြင်း၊ စစ်သင်တန်းမစ်ရှင်အဖွဲ့များနှင့် လိုက်သွားရခြင်း၊ လက်နက်များခိုးသွင်းရန်နှင့် တရားမဝင်နည်းလမ်းများဖြင့် ဂျူးအမျိုးသား အား ခိုးသွင်းလာရန် ဆောင်ရွက်ရခြင်းတို့ဖြင့် အားလပ်ချိန်မရှိအောင်ဖြစ်နေသည်။ - ထွက်လျှင် တစ်ခါတစ်ရံ လပေါင်းများစွာကြာတတ်သည်။ ယင်းသို့ ဂီဒီယံခရီးထွက်သွား တိုင်း ဟာဂျီအီဘရာဟင်မှာ နေမထိထိုင်မသာဖြစ်ရသည်။ သို့သော် သူ့ပါးစပ်ကတော့ ဘယ်တော့မှ ထုတ်ဖော်မပြော။

အာရပ်သူပုန်တို့၏ လက်ချက်ကြောင့် တဘားရွာသည် အတော်ပင်အထိနာခဲ့ရသည်။ လုမ်ဒါဇင်လောက်သည် အသတ်ခံခဲ့ရသည်။ သို့မဟုတ် ပျောက်ဆုံးသွားခဲ့သည်။ မာဂဓာတပ်ဖွဲ့နှင့် အထူးညတပ်ဖွဲ့တို့၏

အကူအညီကိုသာမရခဲ့လျှင် တဘားရွာတစ်ရွာလုံး ဝိညက်ညက် ကြေသွားနိုင်သည်။

ဤသည်ကို ဟာဂျီအီဘရာဟင်သိသည်။ သို့သော် သူက ဂျူးတို့အား ကျေးဇူးတင်ဖို့ အရေးကို လုံးဝမစဉ်းစား။ ကျေးဇူးမတင်သည့်အပြင် မုန်းတီးစိတ်ပင် ပို၍ပွားမိသေးသည်။ အာရပ်အချင်းချင်း တိုက်ခိုက်ခြင်းသည် အထူးအဆန်းမဟုတ်။ ရှေးပဝေသဏီကာလကပင် မျိုးဆက်နှင့်ချီ၍ ဆင်းသက်လာခဲ့သော အစဉ်အလာတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ဂျူး တို့နှင့် ဗြိတိသျှတို့က ကယ်တင်ပါမှ အသက်ချမ်းသာရာ ရမည်ဟူသောအချက်မှာ အာရပ် လူမျိုးတို့အဖို့ အလွန်ရှက်စရာကောင်းလှသည်။

“ခင်ဗျားအနေနဲ့ စစ်တိုက်ဖို့ မသင့်တော့ဘူး၊ အသက်ကြီးသွားပြီ” ဟာဂျီအီဘရာဟင်က ကော်ဖီငှဲ့ရင်း ဂီဒီယံအားပြောလိုက်သည်။
“ဒီစစ်ပွဲအတွက်တော့ အသက်မကြီးလှသေးပါဘူး” ဂီဒီယံက ပြန်ပြောသည်။

“ခင်ဗျားမှာ မိတ်ဆွေတစ်ရာရှိလျှင် ကိုးဆယ့်ကိုးယောက်ကို ဖယ်ထားလိုက်၊ ကျန်တစ်ယောက်ကို လုံးဝမယုံပါနဲ့၊ ခင်ဗျားဟာ ကျုပ်ရဲ့ တစ်ဦးတည်းသော မိတ်ဆွေစစ် မိတ်ဆွေမှန်ဆိုတာ တစ်ခါတစ်ခါ ကျုပ်စဉ်းစားမိတယ်၊ ဆွေမျိုးတွေ လူမျိုးစုတွေဆိုတာက တခြားပဲ။ သူတို့ဟာ တကယ့်မိတ်ဆွေစစ်တွေ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ အချင်းချင်းကိုက ရန်သူတွေ ပြိုင်ဘက်တွေ ဖြစ်နေကြလို့ပဲ။ တစ်ခါတလေ ခင်ဗျားရဲ့ သားအရင်းခေါက်ခေါက်ကြီးတောင်မှ ခင်ဗျားရဲ့ ရန်သူ ဖြစ်နိုင်တယ်၊

”ဒါပေမယ့် ကျုပ်တို့ကို ဘာသာရေးကတားမြစ်ထားတယ်။ သူစိမ်းတစ်ရံလူမျိုးတွေနဲ့ မိတ်ဆွေမဖွဲ့ရဘူး၊ အဲဒီတော့ ဘာဖြစ်လာသလဲ၊ ကျုပ်မှာ မိတ်ဆွေမရှိဘဲ အထီးကျန် ဖြစ်လာရတောတာပေါ့။ ကျုပ်ဟာ လူတစ်ယောက်နဲ့တွေ့ချင်လျှင် အတွေးအခေါ်ချင်း ဖလှယ်ချင်လျှင် အဲဒီလူဟာ ကျုပ်ရဲ့ ရန်သူ ဖြစ်နေရလိမ့်မယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ်လေး အနည်းဆုံးတော့ ကျုပ်တို့အနေနဲ့ စကားတော့ပြောနိုင်ပါတယ်” ။

ဟာဂျီအီဘရာဟင်သည် တော်တော် စိတ်မချမ်းမသာဖြစ်နေပုံရသည်။ ထို့ကြောင့် ဂီဒီယံက စကားခေါင်းစဉ် ပြောင်းလိုက်သည်။

“အခု ကျွန်တော့်တို့ရိပ်သာရဲ့ အတွင်းရေးမှူးအသစ်နာမည်က ဆင်ချာတဲ့၊ ကျွန်တော် မရှိတဲ့အခါ သူနဲ့လည်း ဆက်ဆံနိုင်ပါတယ်”

“ကောင်းပါတယ်၊ ကောင်းပါတယ်၊ ကျုပ်တို့ ဆက်ဆံလို့ ဖြစ်မှာပါ၊ ဒါနဲ့ ဗြိတိသျှ တို့ကတော့ ခင်ဗျားကို စစ်ဗိုလ်ချုပ်ကြီးလုပ်ဖို့ ကြံနေကြပြီမဟုတ်လား”

“အဲဒီလို မဟုတ်ပါဘူး”

”ဒါဖြင့် ဗိုလ်မှူးကြီးလား”

”အာရပ်ရေးရာ အကြံပေးအရာရှိသဘောပါ”

”အဲဒီရာထူးနဲ့ ခင်ဗျားနဲ့ အများကြီးသင့်တော်ပါတယ်။ ခင်ဗျားဟာ ဂျာမန်တွေကို ကြောင့်တိုက်တယ်ဆိုတာ ကျုပ်သိပါတယ်။ ဒါပေမယ့် ကျုပ်အဖို့တော့ ဘယ်သူရှုံးတယ် သူနိုင်တယ်ဆိုတာ အရေးမဟုတ်ပါဘူး၊ ကျုပ်လဲပဲ ဂျာမန်တွေနဲ့ ရန်မဖြစ်ပါဘူး၊ က သူတို့အပေါ်မှာ မုန်းတီးစိတ်လဲမထားပါဘူး၊ ကျုပ်ဟာ ဂျာမန်ဆိုလို့ ဘုရားဖူး ယောက်နဲ့ပဲ စကားပြောဖူးပါတယ်” သူက သက်မတစ်ချက်ချလိုက်ပြီးနောက်... “အင်္ဂလိပ်တွေက ပထမကမ္ဘာစစ်မှာ သူတို့ကိုကူညီအောင်လို့ ကျုပ်တို့ကို ကတိတွေ တယ်။ အခုလဲ ဂျာမန်တွေက အဲဒီနည်းအတိုင်းလုပ်လာပြန်ပြီ၊ ဘာလင်မြို့က လွှင့်တာကို ကျုပ်နားထောင်လိုက်ရတယ်၊ သူတို့က ပြောတယ်၊ နာဇီနဲ့အာရပ်ဆိုတာ နှင့် အစ်ကိုတွေပါတဲ့၊ ဒါပေမယ့် စစ်ဖြစ်လာလျှင် လူတိုင်းက ကျုပ်တို့ကိုလိမ်ညာ အချည်းပါဘဲ၊ သူတို့က ကျုပ်တို့အကူအညီယူမယ်၊ ပြီးတော့ ကျုပ်တို့ကို ဒီအတိုင်းဘဲ စံခဲ့မယ်၊ အင်္ဂလိပ်တွေလုပ်တဲ့ အတိုင်းဘဲပေါ့”

”တကယ်လို့ ပါလက်စတိုင်းကို ဂျာမန်တွေရောက်လာလို့ရှိလျှင် ခင်ဗျားတို့အနေနဲ့ အတွက် ပူစရာမလိုတော့ပါဘူး”

”ကျုပ်က ဂျာမန်တွေကိုအားမကိုးတာ ဂျူးတွေကို သူတို့က ဘယ်လိုဆက်ဆံနေတယ် ကြောင့် မဟုတ်ပါဘူး။ ကျုပ်က ဂျူးတွေကိုလည်း အားမကိုးပါဘူး၊ ပါလက်စတိုင်းမှာ သစ်ခေါင်းဆောင်တွေမကျန်တော့ဘူး၊ အိမ်နီးချင်းခေါင်းဆောင်တွေကိုလည်း ကျုပ်က

”အဲဒါကတော့ လူတိုင်းဖြစ်နေကြတာပဲ”

”ကျုပ်တို့က ခေါင်းဆောင်တင်လိုက်တဲ့ လူတွေကလည်း ကျုပ်တို့လည်ချောင်းကို ကြံနေကြတယ်လေ၊ ကျုပ်တို့ဟာ နောက်လိုက်ကောင်းဖြစ်နိုင်အောင် ကြိုးစားရမယ်။ ကြမ်းမြတ်က အဲဒီအတိုင်းပဲ ဆုံးမတယ်၊ နောက်လိုက်ကောင်းဖြစ်ပါ၊ နောက်လိုက် ဖြစ်ပါ၊ ဒါပေမယ့် ကျုပ်တို့ခေါင်းဆောင်တွေက တမန်တော်ရဲ့ သြဝါဒကို အကြဘူး၊ သူတို့ကိုယ်ကျိုးအတွက်ပဲ လုပ်နေကြတယ်၊ ခင်ဗျားတို့ပြန်သွားလျှင် သဥ်ဖြစ်မယ်ထင်သလဲ ဂီဒီယံ။ ကျုပ်တို့အာရပ်တွေအချင်းချင်း တိုက်ခိုက်ကြတော့မှာ ဘူး၊ ဒါ ဖြစ်ကိုဖြစ်လာရမှာပါ။ ခင်ဗျားတို့က ပါလက်စတိုင်းကို ဂျူးလူမျိုးတွေ ငှင်းနေကြတယ်၊ ဒါကို ကျုပ်တို့က ကာကိုကာကွယ်ရမှာဘဲ”

”ခင်ဗျား တော်တော်စိတ်မချမ်းမသာ ဖြစ်နေတာဘဲ” ဒီကိစ္စဟာ ကျုပ်ခေါင်းထဲမှာ အမြဲတမ်းရှိနေတယ်၊ ကျုပ်က ဆီးရီးယားလူမျိုးတွေ ဘာကိုလဲ မလိုချင်ဘူး၊ အီဂျစ်တွေ ဝင်လာတာကိုလဲ မကြိုက်ဘူး။ ကျုပ်က ကိုဘဲ နေ့တိုင်းတွေးတယ်၊ ဂျူးတွေက သိပ်ပြီးပါးနပ်ကြတယ်။ ခင်ဗျားတို့က ရဲ့ လူငယ်တွေကို ထောင်နဲ့ချီပြီး ဗြိတိသျှစစ်တပ်သွင်းပေးကြတယ်၊ ဒါဟာ လျှင် စစ်သားကောင်းတွေ ဖြစ်လာအောင်လို့ လုပ်တာဘဲမဟုတ်လား” ဒါပေမဲ့ သူတို့အနေနဲ့ အနှိမ်မခံရလျှင် ကျုပ်တို့တပ်ထဲဝင်လာကြမှာ မဟုတ်ပါဘူး” ဘယ်လိုပဲပြောပြော ကျုပ်တို့နဲ့စစ်ဖြစ်လျှင် အသင့်ဖြစ်နေအောင်လို့ ခင်ဗျားတို့ ထားတာတော့သေချာပါတယ်။ ခင်ဗျားတို့ဟာ အစိုးရတပ်ဖွဲ့ထဲမှာ နောက်ထပ် ဖွဲ့ဖွဲ့ကြတယ်။ အဲဒီလိုဆိုလျှင် ကျုပ်တို့မှာ နောက်ထပ်မဟာမင်းကြီးတစ်ယောက်၊ နောက်ထပ် ကောက်တစ်ယောက်၊ နောက်ထပ်ဘုရင်တစ်ပါး တိုးလာလိမ့်မယ်။ အဲဒါဆိုလျှင် အီဂျစ်ပြည်ကြီး ပျက်စီးသလို ပျက်စီးမှာသေချာတယ်။ အလ္လာအရှင်မြတ်ဟာ ဒီလူတွေကို ဘာကြောင့်များ ကျုပ်တို့ဆီပို့ခဲ့တာပါလိမ့်၊ ကျုပ်စိတ်မကောင်းပါဘူး ဂီဒီယံ၊ ကျုပ် စိတ်ကူးတွေက အမျိုးမျိုးဖြစ်နေကြတယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်၊ ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားအနေနဲ့ ဘာမှမဖြစ်ပါစေနဲ့လို့တော့ ကျုပ်အမြဲတမ်း ဆုတောင်းပါတယ်” ။

ဂီဒီယံသည် ကုလားထိုင်လက်တင်ကို လက်ဝါးဖြင့် ပုတ်လိုက်ပြီးနောက် ထပ် လိုက်သည်။

“တစ်ခါက လူတစ်ယောက် ကျွန်တော့်ကိုမေးဖူးတယ်၊ ခင်ဗျားမှာ အာရပ်မိတ်ဆွေတွေ ရှိသလားတဲ့၊ ဒီတော့ အဲဒါတော့ ကျွန်တော်အတိအကျ မပြောနိုင်ဘူးလို့ ကျွန်တော်က ပြန်ပြောလိုက်တယ်။ တကယ်တော့ ကျွန်တော့်မှာ မိတ်ဆွေတစ်ယောက်ရှိပါတယ်။ အဲဒီလိုပဲ ကျွန်တော်ယုံကြည်နေတယ်၊ ဒါဟာ အစပါပဲမဟုတ်ဘူးလား၊ ကျွန်တော့်ကို ခင်ဗျားယုံကြည်ပါတယ်၊ ကျွန်တော်ပြောတာ မဟုတ်ဘူးလား”

“ဂျူးတွေထဲမှာရော အာရပ်တွေထဲမှာရော ခင်ဗျားဟာ ကျုပ်ယုံကြည်တဲ့ တစ်ဦး တည်းသောပုဂ္ဂိုလ်ပါပဲ ဂီဒီယံ”

“တကယ်တော့ ကျွန်တော်တို့ ဂျူးတွေအနေနဲ့ တစ်မျိုးလုံးပျောက်ကွယ်သွားမှာကို ၊ သာ ကြောက်မနေရဘူးဆိုလျှင် ဘယ်လောက်ကောင်းလိမ့်မလဲ။ ခုတော့အဲဒါကိုပဲ အမြဲတမ်း တွေးပြီး ကြောက်နေကြရတယ်၊ ကျွန်တော်ဟာ အခု ၅၃ နှစ်ရှိပါပြီ အီဘရာဟင်။ ဆယ် လေးနှစ်သားအရွယ်ကစပြီး သေနတ်ကိုင်လာခဲ့ပါတယ်၊ ကျွန်တော့်ဘဝတစ်လျှောက်လုံး အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင် တစ်နေ့မှ မနေခဲ့ရသေးပါဘူး၊ သေရဖို့အရေးကို၏ နေ့တိုင်း တွေးပူနေခဲ့ရတယ်။ မသေနိုင်အောင် ကာကွယ်ဖို့အရေးကိုပဲ နေ့တိုင်း တွေးနေခဲ့ တယ်၊ ဒါကြောင့်မို့လည်း ကျွန်တော် စစ်ထဲဝင်လာခဲ့ရတာပါပဲ၊ ဘာဖြစ်လို့လည်းဆိုတော့ ဂျာမန်တွေက ကျွန်တော်တို့ကို သေစေချင်ကြတယ်။ ခင်ဗျားတို့ အာရပ်တွေထက်တောင် သူတို့က ကျွန်တော်တို့ကိုပိုပြီး သေစေချင်နေကြတယ်”

“ကိုင်း... လာပါ၊ ကျုပ်တို့ တာလမ်းမကြီးဘက် လျှောက်ကြရအောင်”

အခန်း (၁၄)

၁၉၄၀ ပြည့်နှစ် ...။ တဘားရွာမှ အမျိုးသားများအဖို့ လူမှုရေးဘဝတွင် ရေဒီယိုသည် အဓိကအရေးပါသော တစ်ခု ဖြစ်နေသည်။ တစ်နေ့ထက်တစ်နေ့ ဒုတိယကမ္ဘာစစ်မီး ပြန့်ပွားလာသောအခါ ရွာလက်ဖက်ရည်ဆိုင်မှရေဒီယိုမှာ မရှိမဖြစ်သော အဓိကပစ္စည်းအဖြစ်သို့ပင် ရောက် ခဲ့သည်။

ဤအချိန်တွင် အာရပ်လူမျိုးတို့သည် လက်စားချေလိုစိတ် အထူးပြင်းပြနေကြသည်။ ထို့ကြောင့် တစ်ချိန်က သူတို့အား နိုင်ထက်စီးနင်းလုပ်ခဲ့ကြသော ပြင်သစ်နှင့် အင်္ဂလိပ်တို့သည် ရေးအရ အရေးနိမ့်ပြီး ကြောက်လန့်နေကြရသောအခါ အာရပ်တို့ကလည်း ဝမ်းသာအားရ ကြသည်။ အတင့်ရဲလာသော ဟစ်တလာသည် ဩစတြီယျနိုင်ငံကို သိမ်းယူလိုက်သည်။

ထို့နောက် ၎င်းတို့၏ ကြောက်စရာအစွမ်းထက်လှသော ခေတ်မီလက်နက်များ ထွက် စမ်းသပ်ကွင်းပြုလုပ်ရန် ဒီမိုကရေစီစပိန်နိုင်ငံကို သိမ်းလိုက်ပြန်သည်။ ဤသို့ဖြင့် မိုကရေစီနိုင်ငံများ မျက်လုံးကန်းပြီး နားပင်းသွားကြရတော့သည်။

ထို့နောက် ဂျာမနီနိုင်ငံ၊ မြူးနစ်မြို့တွင်ပြုလုပ်သောဆွေးနွေးပွဲ၌ စိတ်ဓာတ် ရေ ဒေဝါလီလိုက်နေသော ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့က တခြားလွတ်လပ်သည့် တစ်နိုင်ငံဖြစ်သည့် ချက်ကိုစလိုဗားကီးယားနိုင်ငံ၏ ကံကြမ္မာကို ဂျာမနီနိုင်ငံ၏ စက်ထဲသို့ လွှဲပြောင်းပေးလိုက်ရသည်ကို အာရပ်နိုင်ငံများက မျက်ဝါးထင်ထင် တွေ့မြင် ပြန်သည်။

မြူးနစ်ဆွေးနွေးပွဲပြုလုပ်ပြီးနောက် လအနည်းငယ်အကြာတွင် ဂျာမနီသည် က်ဆစ်အီတလီနှင့် မဟာမိတ်ဖွဲ့ကာ အနောက်ယဉ်ကျေးမှုကို ဝါးမျိုရန် ခြေလှမ်းပြင်ပြန် သည်။ ဤဖြစ်ရပ်အားလုံးကို ရေဒီယိုမှတစ်ဆင့် ကြားသိရသောအခါ တဘားရွာသား - ဝမ်းသာမဆုံးတပြုံးပြုံး ဖြစ်နေကြလေသည်။ သို့သော် ဟာဂျီအီဘရာဟင်သည် မျိုးနွယ်စုအကြီးအကဲဖြစ်သည်။ သူက သူ့ မားအား လမ်းမှန်ကိုလမ်းညွှန်နိုင်ရန် အရေးကြီးသည်။ ထို့ကြောင့် သူက သူ့လူ ဖြေ ဂနာမငြိမ်မဖြစ်ဘဲ အခြေအနေကို တည်တည်ငြိမ်ငြိမ်ဖြင့် အကဲခတ်နေသည်။ နိုင်သူများသည် တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။ ထို့နောက်ပြန်ခြား အလ်ဟူစိန်နီမင်မှာ စစ်ဖြစ်သည် အီရတ် ကြိုးစားနေသည့်နေသည်။

ကြသည်း ဘယ်သူပဲ ရောက်လာရောက်လာ အဆင်ပြေအောင် ပေါင်းသင်းနိုင်ဖို့သာ အရေးကြီးသည်။ ဤသည်မှာ သဘာဝကိုဆန့်ကျင်သော အဆုံးမရှိသည့် တိုက်ပွဲကြီးဖြစ်သည်။ ဤသဘောသည်သာ

အမြဲတမ်းရှိနေသောကြောင့် ဤအချက်သာလျှင် ပို၍အရေးကြီးသည်။

၁၉၄၀ ပြည့်နှစ်၊ ပထနှစ်ဝက်ကာလတွင် ဂျာမနီတို့က အံ့မခန်းအောင်ပွဲများ တစ်ပွဲပြီးတစ်ပွဲ ဆက်တိုက်ခံလာသောအခါ ဟာဂျီအီဘရာဟင်သည်ပင်လျှင် အများတကာ ခံစားရသကဲ့သို့ ခံစားလာမိသည်။ ပါလက်စတိုင်းအာရပ်များမှာ ဝမ်းသာမဆုံး ဖြစ်နေ ကြသည်။

ဟာဂျီအီဘရာဟင်သည် သူ့အစ်ကိုဖရောက်အား ဂျေရုဆလင်သို့ စေလွှတ်၍ ဥရောပနှင့်အာရှအလယ်ပိုင်း မြေပုံများဝယ်ယူစေသည်။ ဤသို့ဖြင့် တဘားရှာ လက်ဖက်ရည် ဆိုင်မှာ စစ်ရုံးသဖွယ်ဖြစ်လာခဲ့သည်။ ဂျာမန်တို့၏အောင်ပွဲများ တစ်ပွဲပြီးတစ်ပွဲ တိုးလာ သည်နှင့်အမျှ မြေပုံများပေါ်တွင်လည်း အနီရောင်ပင်အပ်ကလေးများ တစ်ခုပြီးတစ်ခု တိုးလာသည်။ အောင်နိုင်သူနှင့် မဟာမိတ်ဖွဲ့ရန် အာရပ်တို့က ဆန္ဒပြင်းပြနေကြသည်။

ဂီဒီယံအက်ရှ်လည်း စစ်ထွက်ရသည်။ သူက အာရပ်ကမ္ဘာနှင့် မဟာမင်းကြီး တို့အကြောင်းကို ချေးခါးအူမသိသည်။ ထို့ကြောင့် သူ့အား မဟာမင်းကြီး ဟာဂျီအာမင် အေလ်ဟူစိန်နီ၏ လှုပ်ရှားမှုများကို ထောက်လှမ်းရန် ဗြိတိသျှတို့က တာဝန်ပေးလိုက်သည်။

ဟာဂျီအာမင်မှာ စစ်ဖြစ်စကပင် ဒမတ်စကတ်မှ ထွက်ပြေးလာခဲ့ပြီး အီရတ်နိုင်ငံ၊ ဘဂ္ဂဒက်မြို့တွင် ခိုလှုံနေသည်။ သူသည် အီရတ်တပ်မတော်ထဲတွင် ဂျာမန်လိုလားသူ အုပ်စုတစ်စုကိုဖွဲ့စည်းပြီး အစိုးရအဖွဲ့ ကိုချုပ်ကိုင်ရန် ကြိုးစားနေသည်။ ထိုအချိန်က အီရတ်အစိုးရအဖွဲ့ကို ငယ်ရွယ်သော ဘုရင်ကလေးက မနိုင်မနင်းအုပ်ချုပ်နေသည်။

ဂီဒီယံအက်ရှ်မှာ ဆံပင်ရော မုတ်ဆိတ်မွေးပါဖြူနေပြီး သူသည် အာရပ်စကားကို ကျွမ်းကျင်စွာပြောနိုင်ပြီး အာရပ်အမျိုးသားဝတ်စုံ ဝတ်ထားသောကြောင့် ကင်းစခန်းများကို လွယ်ကူစွာ ဖြတ်ကျော်နိုင်ခဲ့သည်။

ဘဂ္ဂဒက်သို့ရောက်သောအခါ ကမ္ဘာတွင် ရှေးအကျဆုံးတက္ကသိုလ်ဖြစ်သည့် "မူစတန် စီရိယကောလိပ်" အနီးတွင် ထောက်လှမ်းရေးတပ်ဖွဲ့ တစ်ဖွဲ့

တည်ထောင်သည်။ တပ်ဖွဲ့ဝင် များမှာ အီရတ်ဂျူးများဖြစ်သည်။ သူသည် အရေးပါသော အီရတ်အစိုးရအဖွဲ့ဝင်များနှင့် တပ်မတော်အရာရှိ တော်တော်များများကို လာဘ်ထိုးပြီး ခါးပိုက်ထဲထည့်ထားသည်။

ပြင်သစ်ပြည်မကြီး ကျဆုံးသွားသောအခါ ကမ္ဘာစစ်မီးသည် ပါလက်စတိုင်း တံခါးဝသို့ လျင်မြန်စွာကူးစက်လာခဲ့သည်။ နာဇီတို့နှင့်ပူးပေါင်းသော ဗစ်ရှီအစိုးရက ပြင်သစ်နိုင်ငံ၏ ပြည်နယ်အများဆုံးကို သိမ်းယူထားသည်။ ထိုအချိန်တွင် ဆီးရီးယားနှင့် လက်ဘနွန်တို့မှာ ဂျာမန်လိုလားသူများ၏လက်ထဲသို့ ရောက်ရှိနေသည်။ အီရတ်နိုင်ငံ အခြေအနေမှာမူ သောင်မတင်ရေမကျ ဖြစ်နေသည်။

အာဖရိကတိုက်မြောက်ပိုင်းတွင် ဒုတိယအကြိမ် ပါလက်စတိုင်းဆန့်ကျင်ရေး လှုပ်ရှားမှု အရိပ်အယောင်များသမ်းလာသည်။ "အနောက်ဘက်သဲကန္တာရ ကြီးသည် အီဂျစ်နှင့် လစ်ဗျားနယ်စပ်များကို ကားရားခွထားသည်။ ထိုဒေသတွင် အီတလီစစ်သာ သုံးသိန်းကျော်တပ်စွဲထားသည်။ ရည်ရွယ်ချက်မှာ သဲကန္တာ ရကိုဖြတ်ကျော်ပြီး အီဂျစ် စူးအက်တူးမြောင်းနှင့် ပါလက်စတိုင်းတို့ကို သိမ်းယူရန်ဖြစ်သည်။ "

ဗြိတိသျှတပ်အင်အားသည် အီတလီအင်အားနှင့်ယှဉ်လျှင် ဆယ်ယောက် တစ် ယောက်မျှ ကွာခြားနေသော်လည်း အီတလီတပ်များအားအရဲစွန့်ကာ ထိုးစစ်ဖွင့်၍ တိုက် ခိုက်သည်။ အီတလီတပ်သားများ အတုံးအရုံးကျဆုံးပြီး သောင်းနှင့်ချီ၍အဖမ်းခံရသည်။ ကျန်နေသော အီတလီတပ်များအားလည်း လစ်ဗျားအတွင်းပိုင်းသို့ မောင်းသွင်းလိုက်သည်။

ဤတွင် ဟစ်တလာက သူ၏မဟာမိတ်ကိုဝင်ကယ်၍.ဂျာမန်တပ်များကို အတင်း ချီစေသည်။ ၁၉၄၁ ခုနှစ်၊ နှစ်ဦးပိုင်းတွင် လူငယ်ဂျာမန်ဗိုလ်ချုပ်ကြီး အာဝင်ရွမ်းမဲ ဦးဆောင်သော ဂျာမန်တပ်များ လစ်ဗျားနိုင်ငံ၊ ထရီပိုလီမြို့သို့ ရောက်လာကြသည်။

အဆင့်မြင့် ခေတ်မီလက်နက်များ တပ်ဆင်ထားသော နာမည်ကျော် အာဖရိက တပ်ဖွဲ့၏ စွမ်းဆောင်မှုကြောင့် အီတလီဆုံးရှုံးခဲ့သောနယ်မြေများကို ပြန်လည်ရရှိသည်။ ဗိုလ်ချုပ်ကြီးရွမ်းမဲသည် အီဂျစ်နယ်စပ်တွင်ရပ်နားပြီး

သူ့တပ်များကို ပြန်လည်စုစည်း ထားသည်။

ထိုအချိန်တွင် ပါလက်စတိုင်းမှာ အရှေ့ဘက်နှင့်အနောက်ဘက်မှ ပိတ်ညှပ်ခံနေ ရသော အခြေအနေသို့ ရောက်ရှိနေသည်။

ဗြိတိသျှတပ်များသည် အလူးအလဲခံလိုက်ရသော်လည်း စိတ်ဓာတ်မကျဘဲ ဩစတြေလျ၊ အိန္ဒိယနှင့် လွတ်လပ်သောပြင်သစ်တပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် ပါလက် စတိုင်းမှာခြေကုပ်ယူပြီး ဆီးရီးယားနှင့် လစ်ဗျားအတွင်းပိုင်းသို့ ဝင်ရောက်ကာ အရှိန် အဟုန်ပြင်းစွာဖြင့် ထိုးစစ်ကြီးဆင်သည်။ ဤတပ်များကို အော်ဒီဝင်းဂိတ်၏ အထူးည တပ်ဖွဲ့တွင် အမှုထမ်းခဲ့သော ဂျူးကင်းထောက်တပ်စုများက ဦးဆောင်ကွပ်ကဲခဲ့သည်။ သူတို့အားလုံးပင် တစ်ချိန်မဟုတ်တစ်ချိန်တွင် ဂီဒီယံအက်ရှ်၏ ကွပ်ကဲမှုအောက်၌ တိုက်ခိုက်ခဲ့ဖူးသူများဖြစ်ကြသည်။

ဤထိုးစစ်ကြီးအောင်မြင်အောင် အများဆုံးကူညီခဲ့သူများမှာ ဘဂ္ဂဒက်မြို့၌ အခြေစိုက် ထားသော အစောကြီးကတည်းက ရောက်ရှိနေသော အခြားကျူးထောက်လှမ်းရေး တပ်သား များပင် ဖြစ်သည်။

ထိုအချိန်တွင် အီရတ်အစိုးရအဖွဲ့ကို ဂျာမန်လိုလားသောအုပ်စုက ကြိုးကိုင်ထား သည်။ ဗြိတိသျှတို့သည် ပြန့်ကျဲနေသော မိမိတပ်များကို အလျင်အမြန်စုစည်းပြီး အီရတ် နိုင်ငံ၏ တစ်ခုတည်းသောဆိပ်ကမ်းမြို့ဖြစ်သည့် ဘာဆာရာမြို့သို့ အလုံးအရင်းနှင့်ချီတက် လာခဲ့သည်။

ဘာဆာရာမှာ ဘဂ္ဂဒက်မှ မိုင်ပေါင်းများစွာဝေးကွာသောကြောင့် ပါလက်စတိုင်းမှ ဒုတိယတပ်ဖွဲ့ တစ်ဖွဲ့ ကလည်း ကုန်းကြောင်းမှ အလျင်အမြန် လိုက်လာခဲ့သည်။ ဤတပ်ဖွဲ့ ကိုလည်း ဂီဒီယံ၏ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များကပင် အကူအညီပေးခဲ့သည်။

ဘဂ္ဂဒက်မြို့အနီးသို့ ဗြိတိသျှတပ်များရောက်လာသော်အခါ နာဇီဘက်တော်သား အီရတ်များသည် သွေးရူးသွေးတန်းဖြစ်ကာ ဂျူးရပ်ကွက်များကို အတင်းဝင်ရောက် တိုက်ခိုက်ကြသည်။ သူတို့၏လက်ချက်ကြောင့် ဂျူးလူမျိုး ယောကျ်ားမိန်းမ လူကြီး လူငယ်လေးရာခန့် သေဆုံးကြရသည်။

ရန်သူလက်ထဲရောက်သွားပြီး အညှဉ်းဆဲခံရသော တပ်သားတစ်ဦးက သူ့အသက် ၁ ရင်ရေးအတွက် ဂီဒီယံအား သစ္စာဖောက်သွားခဲ့သည်။ ဗြိတိသျှတပ်များ ဘဂ္ဂဒက်မြို့တွင်းသို့ ဝင်ရောက်လာသောအခါ တစ်ဖောက်ကန်း အီရတ်ဗိုလ်မှူးကြီးတစ်ဦးက ဂီဒီယံ၏ အထိ ဘက်လက်ကို ဓားနှင့်ခုတ်ဖြတ်ပစ်လိုက်သည်။ ဤတွင် ဂီဒီယံ၏စစ်ပွဲလည်း ပြီးဆုံးသွား ခဲ့သည်။

ဟာဂျီအာမင်အေလ်ဟူစိန်နီသည် ဘဂ္ဂဒက်မြို့မှ ထွက်ပြေးသည်။ ဤကစ်ကြိမ်တွင် ၂၂ နှစ်အရွယ် ရှားဘုရင်ကလေးအုပ်ချုပ်နေသော အိမ်နီးချင်းဂျပန်သံရုံးက ဟူစိန်နီအား ခိုလှုံခွင့်ပြုသည်။ နောက်ပိုင်းတွင် မြို့ပြင်သို့ တိတ်တဆိတ်ထွက်နိုင်အောင် အကူအညီ ပေးလိုက်သည်။

သို့ဖြင့် ဟူစိန်နီသည် ဘာလင်မြို့သို့ ရောက်ရှိလာခဲ့သည်။ သူသည် စစ်ကာလအတွင်း နာဇီများကိုယ်စား အာရပ်ကမ္ဘာသို့အသံလွှင့်၍ ဝါဒဖြန့်ပေးခဲ့သည်။ ထို့ပြင် ဂျာမန်ဘက်မှ ဝင်တိုက်သော ယူကိုဆလားဗီးယား မွတ်စလင်တပ်ဖွဲ့ တစ်ဖွဲ့ ကိုလည်း သူကပင် ဦးဆောင် ဖွဲ့စည်းပေးခဲ့သည်။

အီရတ်၊ ဆီးရီးယား၊ လက်ဘနွန်နှင့် အီရန်နိုင်ငံများကို အောင်မြင်စွာသိမ်း ယူပြီးသောအခါ မဟာမိတ်တပ်များသည် အရှေ့အလယ်ပိုင်းတွင် ခိုင်မာစွာခြေကုပ်ယူ နိုင်ခဲ့ကြသည်။

အနောက်ဘက် သဲကန္တာရတွင်မူ ဗြိတိသျှတပ်များနှင့် ရှမ်းမဲ၏တပ်များ သဲသဲမဲမဲ တိုက်ခိုက်နေကြသည်။ ခေတ်မီသံချပ်ကာတပ်များဖြင့် ကျားကုတ်ကျားခဲ တိုက်ခိုက်ကြသော သမိုင်းဝင်တိုက်ပွဲကြီးပင်ဖြစ်သည်။

ထိုအချိန်တွင် အီဂျစ်တို့က သူတို့၏ကယ်တင်ရှင်ကို ကြိုဆိုရန် ကိုင်ရိုမြို့တော် အနှံ့အပြားတွင် စကြာတံဆိပ်နာဇီအလံများကို တလူလူလွှင့်ထူထားကြသည်။ ၁၉၄၂ ခုနှစ်၊ အောက်တိုဘာလတွင် ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီ၏ ဗြိတိသျှတပ်များနှင့် ဗိုလ်ချုပ်ကြီးရှမ်းမဲ၏ ဂျာမန်တပ်များသည် အလက်ဇန္ဒြီယားမြို့နှင့် များစွာမကွာဝေးသော အယ်လ်အလာမိန်းစစ်မြေပြင်၌ ဒုတိယအကြိမ် ထိပ်တိုက်တွေ့ကြသည်။

ယင်းတိုက်ပွဲတွင် ဗြိတိသျှတို့ဘက်မှ အများအပြားကျဆုံးသည်။

သို့သော်လည်း နောက်မဆုတ်ဘဲ ကြံကြံခံ၍ဆက်လက်တိုက်ခိုက်ရာ နောက်ဆုံးတွင် ရွှမ်းမဲ၏ နာမည်ကျော် အာဖရိကတပ်မဟာမှာ ဖရိုဖရဲပြိုကွဲသွားတော့သည်။ ရွှမ်းမဲက ရန်သူတပ်များအား အခိုင်အမာ ခုခံတိုက်ခိုက်နိုင်မည့် တစ်နေရာသို့ စနစ်တကျဆုတ်ခွာရန် တပ်များကို အမိန့်ပေးလိုက်သည်။

ထိုအခါ ဟစ်တလာက သူ၏ စူးအက်တူးမြောင်းပိုင်ဆိုင်ရေး အိပ်မက်ကြီး ပြိုကွဲ ရတော့မည်အခြေအနေကို မြင်သောကြောင့် တပ်မဆုတ်ဘဲ အယ်လ်အလာမိန်းတွင်ပင် တောင့်ခံရန် သူ၏ ဗိုလ်ချုပ်ကြီးအား အမိန့်ပေးလိုက်သည်။

သို့သော် နောက်ဆုံးတွင်ကား ရွှမ်းမဲ၏တပ်များမှာ ဘယ်လိုမှ တောင့်မခံနိုင်တော့ဘဲ ခွေးပြေးဝက်ပြေး ဆုတ်ခွာထွက်ပြေးခြင်းနှင့်သာ နိဂုံးချုပ်ခဲ့ရလေတော့သည်။

✥---- www.ebooks4mm.org ----✥

အခန်း (၁၅)

၁၉၄၄ ခုနှစ် ...။ ဝါဟဘီလူမျိုးစု၏ အကြီးအကဲဖြစ်သူ ရှိတ်ဝါလစ်အဇစ်သည် ရာဂကြီးသူအဖြစ် ရေးသည်။ သူ့အသက်ကို မည်သူမျှအတိအကျမသိကြ။ သို့သော် အမေရိကန်ပြည်တွင်း လတွင် မွေးဖွားခဲ့သည်ဟုတော့ ပြောကြသည်။ ရှိတ်အဇစ်သည် မိန်းမတွေ အများကြီးယူခဲ့သည်။ မိန်းမတစ်ယောက်သေသွားတိုင်း မွေးဖွားနိုင်လောက်သည့် ဆယ်ကျော်သက်ရွယ် မိန်းကလေးတစ်ယောက် အမြဲတမ်း ယူသည်။ သူ နောက်ဆုံးယူထားသော မိန်းကလေးမှာ အသက် ၂၀ ပင် မပြည့်သေး။

သက်ကတော့ ၇၀ ပင်ကျော်နေပြီ။ ထိုမိန်းကလေးသည် လွန်ခဲ့သော ၁၀ နှစ်အတွင်း သမီးရှစ်ယောက် မွေးသည်။

ရှိတ်အဇစ်တွင် သက်ရှိထင်ရှား တရားဝင်မိန်းမနှစ်ယောက်ရှိသည်။ အမြှောင်မယား ဆာတော့ မရေတွက်နိုင်။ သူ့လူမျိုးစုထဲမှ မုဆိုးမပေါင်းမြောက်မြားစွာတို့က သူ့အား ဆင်းမတစ်ထောင် ယူနိုင်စွမ်းသော ယောကျ်ားကောင်းကြီးအဖြစ် ယူဆသောကြောင့် ရင်ခွင်ထဲသို့ ဝမ်းမြောက်ဝမ်းသာ ဝင်လာတတ်ကြသည်။

ရှိတ်အဇစ်၏ “မိသားစုစက်ရုံ”မှ ထုတ်လုပ်သော ထုတ်ကုန်စုစုပေါင်းမှာ သား ယောက်နှင့် သမီး ၂၅ ယောက်ဖြစ်သည်ဟု ဆိုသည်။ သူ၏ သားသမီးများသည် နယ်စုအတွင်း အပြန်အလှန် လက်ထပ်ကြသောကြောင့် ရှိတ်အဇစ်၏ သြဇာအရှိန်အဝါမှာ ဆက်မပြတ်ဘဲ တိုးပွားမြဲ တိုးပွားနေခြင်းဖြစ်သည်။

ရှိတ်အဇစ်အဖို့ သားသမီးများအား အိမ်ထောင်ချပေးခြင်းဖြင့် ဝင်ငွေအမြောက်အမြား ရှိသည်။ လူတစ်ယောက်သည် ငွေကြေးလုံလုံလောက်လောက် ချမ်းသာလျှင် စူလတန် ဘုရင်၏ သမီးတော်ကိုပင် ဝယ်ယူရရှိနိုင်သည်။ ထို့ကြောင့် ရှိတ်အဇစ်သည် ဈေးကောင်း ရန် သူ့သမီးများကို လက်သပ်မွေးထားသည်။

သူ့သမီးများအနက် အလှတကာ့အလှဆုံးမှာ ရာမီဇာဖြစ်သည်။ အသက်က ဆယ့်ခြောက်နှစ်။ အိမ်ထောင်ပြုရန် အကောင်းဆုံးအရွယ်ပင်ဖြစ်သည်။ ကြိုက်ဈေးတောင်း၍ အနိုင်မည်မှာသေချာသည်။ ထင်ရှားသော မျိုးနွယ်စုအကြီးအကဲ၏ သားတစ်ယောက်နှင့်ပဲ စေရန် ရည်ရွယ်သည်။

သို့သော် ရိုးရာထုံးစံအတိုင်း ဝမ်းဆွဲလက်သည်များကို စစ်ဆေးကြည့်လိုက်သောအခါ ရာမီဇာနှင့် အဆိုပါသတို့သားလောင်းကလေးတို့မှာ နို့စို့အရွယ်က ကလေးထိန်းတစ်ဦး တည်း၏ အထိန်းကျောင်းကို ခံခဲ့ရကြောင်းသိရှိရသည်။ ထို့ကြောင့် လက်ထပ်ဖို့အရေးသည် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်တော့။ အာရပ်လူမျိုးများတွင် သမီးမြောက်သားဝမ်းကွဲမောင်းနှ အချင်းချင်း လက်ထပ်လေ့ရှိသောကြောင့် သွေးသားတူခြင်းသည် အဆန်းမဟုတ် သို့သော် နို့တစ်လုံးတည်း အတူစို့ဖူးခြင်းကတော့ အလွန်အရေးကြီးသည်။ နို့တူစို့ဖူးသူချစ် လက်ထပ်ခြင်းကို အထူးရှောင်ကြဉ်ကြသည်။

ဟာဂျီအီဘရာဟင်တွင် လူတစ်ယောက်အနေဖြင့် ဇိမ်ရှိရှိနေနိုင်သော အခြေအနေ အပြည့်အစုံရှိသည်။ သားယောက်ျားများရှိသည်။ အိမ်ကြီးရာသာရှိသည်။ ကျိုးနွံသေ ဇနီးမယားရှိသည်။ အပြေးမြန်သောမြင်းရှိသည်။ သို့သော်လည်း သူ့ကား သူ့ဘဝရ ရောင့်ရဲမှုမရှိသေး။

သူ့ဇနီးဟာဂါသည် သူ့ကို ကောင်းစွာပြုစုပါ၏။ သို့သော် ဟာဂါသည် အရွယ်ရလ သည်နှင့်အမျှ ရမ္မက်စိတ်နည်းပါးလာသည့်အချိန်တွင် အီဘရာဟင်ကတော့ ရာဂစိ ပို၍သာ ပြင်းပြလာသည်။ အစ္စမေကို မွေးဖွားပြီးသောအခါ ဟာဂါတွင် နောက်ထပ်သားသ မရနိုင်တော့ကြောင်း သိရှိရသည်။

" အီဘရာဟင်တွင် သားလေးယောက်ရှိသော်လည်း သုံးယောက်ကို သူကအားမ အငယ်ဆုံးသား အစ္စမေကတော့ ဘယ်လိုဖြစ်လာမည်ဆိုသည်ကို ဆုံးဖြတ်ရန် အချိန် သေးသည်။

အမြောင်မယားထားလိုလျှင် ဘီဒိုယင်စခန်းနှင့် မြို့ပေါ်တွင်ထားရန် လွယ်ကူ လည်း မိမိရွာနီးချုပ်စပ်တွင်ထားဖို့ကျတော့ ဘယ်နည်းနှင့်မျှမဖြစ်နိုင်။ သူသည် တစ်ခါ လိုင်ဒါမြို့သို့သွား၍ ပြည့်တန်ဆာများနှင့် ပျော်ပါးခဲ့သည်။ သို့သော်

ဤမျှနှင့် ကျေး ရောင့်ရဲမှုကိုမရ။

အီဘရာဟင်သည် သူဦးလေးတစ်ယောက်ကွယ်လွန်၍ မျိုးနွယ်စုကျေးရွာ သွားရောက်ခဲ့ရသည်။ ကွယ်လွန်သူဦးလေးမှာ တခြားသူမဟုတ်။ ရိုတ်ဝါလစ်အဇစ်၏ ဖြစ်သည်။ ထိုစဉ်က သူသည် ရိုတ်အဇစ်၏ သမီးချောကလေးရာမိဇာကို တွေ့မြင်ခဲ့ရသည့် ရိုတ်အဇစ်က သူ့လူမျိုးစုထဲမှ မိန်းမများအား သူစိမ်းတစ်ရံဆံများရှေ့တွင်မှတစ် ဆွေမျိုးသားချင်းများရှေ့တွင် ခေါင်းမြီးမခြုံခြင်းကို ဟန့်တားခြင်းမပြု။ ထို့ပြင် သူသည် သူ့သမီးများအား ဈေးကောင်းကောင်းဖြင့် ရောင်းစားနေသူဖြစ်၍ သူ၏ အလှဆုံးသမီးများ သတို့သားလောင်းများ မြင်နိုင်အောင် ခေါင်းမြီးခြုံခိုင်းခြင်းလည်း ဖြစ်သည်။

အီဘရာဟင်သည် ရာမိဇာအား မြင်မြင်ချင်း အရူးအမူးစွဲလမ်းမိသောကြောင့် သူ့ရွာသို့ပြန်ရောက်သောအခါ သူ့အစ်ကိုဖရောက်အား အောင်သွယ်တော်အဖြစ်စေလွှတ် စီစဉ်သည်။

သို့ဖြင့် အီဘရာဟင်အတွက် သတို့သမီးလောင်းတောင်းရန် ဖရောက် လာရော လည်ပတ်မည်ဖြစ်ကြောင်း ရိုတ်အဇစ်ထံသို့ အကြောင်းကြားလိုက်သည်။ သို့ အီဘရာဟင်က ဘယ်သမီးကိုလိုချင်ကြောင်း ရိုတ်အဇစ်မသိ။ သို့သော်လည်း သူ့စိတ် တွင်တော့ ဘယ်သမီးအတွက် ဘယ်ဈေးတောင်းမည်ဆိုသည်ကို ကြိုတင်စဉ်းစားထား ဖြစ်သည်။

သူသည် ဖရောက် ရောက်မလာမီတွင် ရပ်ရွာလူကြီးများကိုခေါ်၍ ဆွေးနွေး တိုင်ပင်သည်။ သူတို့က အီဘရာဟင်သည် အနည်းဆုံး အသက် ၅၀ တော့ရှိရော့မည်ဟု မန်းကြသည်။ ထို့ကြောင့်သားသမီးရနိုင်ပြီး ဈေးနည်းသော သမီးကြီးတစ်ယောက်ယောက် နှင့်သာသင့်တော်မည်ဟု ဆုံးဖြတ်ကြသည်။

ဖရောက် ရောက်လာသောအခါ ရိုတ်အဇစ်၏ ကိုယ်ပိုင်သီးသန့် တဲအိမ်ကလေးတွင် ခံတွေ့ဆုံသည်။ သူတို့နှစ်ယောက်သည် မဟာမင်းကြီး၏တပ်များနှင့် မကြာမီက ဗိုက်ခိုက်သော တိုက်ပွဲများအကြောင်းကို ပြောဆိုဆွေးနွေးကြသည်။ ထို့နောက် လိုရင်းကိစ္စကို ဆွေးနွေးချိန်ရောက်သောအခါ ရိုတ်အဇစ်က သူ၏လူမည်းအစေခံနှစ်ယောက်ကို သူတို့အနီးမှ ထွက်သွားရန် အမိန့်ပေးလိုက်သည်။

ထို့နောက် ဖရောက်က ရာမီဇာအား အီဘရာဟင်ကလက်ထပ်လိုကြောင်း ပြော သည်။ ဤတွင် အဘိုးကြီးမှာ အံ့အားသင့်သွားပြီး စကားမပြောနိုင်အောင် ဖြစ်သွား သည်။ ခဏကြာတော့မှ သူ၏အခြားသမီးကြီးများအနက် နှစ်သက်သူကို ယူနိုင်ကြောင်း၊ သမီးကြီးများသည်လည်း ရုပ်ရည်ချောမောကြပြီး မိန်းမကောင်းတို့၏ အရည်အချင်းများနှင့် ပြည့်စုံသူများဖြစ်ကြောင်း ပြောပြသည်။

"ဒါတော့ လုံးဝမဖြစ်နိုင်ဘူးဦး၊ အီဘရာဟင်က သိပ်ထက်တဲ့လူ၊ သူ့မျက်လုံး တွေကလဲ အလှဆုံးကိုမှ မြင်တတ်တာ ဖရောက်က အောင်သွယ်တော်ပီသစွာ သူ့ညီဘက်မှစုံရပ်၍ ပြန်လည်ချေပသည်။

ဤတွင် ရိုတ်အဇစ်အနေဖြင့် ဤကိစ္စကို အလေးအနက် စဉ်းစားရတော့သည်။ ယခုအခါ သူ့လူမျိုးစုဝင်များသည် စီးပွားရေးအရ အလွန်ကျပ်တည်းနေကြသည်။ သူ၏ အတော်ဆုံးစစ်သည် တော်တော်တော်များများမှာလည်း မဟာမင်းကြီး၏ တော်လှန် ထကြွမှုတွင် ကျဆုံးသွားခဲ့ကြသည်။ ဟာဂျီအီဘရာဟင်နှင့် မဟာမိတ်ဖွဲ့ခြင်းဖြင့် မိမိတို့အတွက် တစ်စုံတစ်ရာ အကျိုးယုတ်စရာ အကြောင်းမမြင်။

ထို့ပြင် အခြားကိစ္စများကလည်း အရေးတကြီးပေါ်ပေါက်နေသည်။ မျိုးသီးနှံဝယ်ရန် ပိုက်ဆံအမြန်ဆုံး လိုအပ်နေသည်။ သူ၏ကုလားအုတ် များစွာတို့မှာလည်း အိုမင်းကုန်ကြပြီ။ ဂျက်နှင့် ဆိုင်နိုင်းသဲကန္တာရများတွင် ဗြိတိသျှစစ်သားတွေ ခြယ်လှယ်နေသောကြောင့် မှောင်ခိုလုပ်ငန်းလုပ်ဖို့ကလည်း မလွယ်ကူတော့၊ သူ၏ မှောင်ခိုကုလားအုတ်တပ်ဖွဲ့ သား များစွာတို့မှာလည်း အဖမ်းခံရ၍ ထောင်ကျကုန်ကြပြီ။

မျိုးနွယ်စု တော်တော်များများမှာလည်း စစ်ဒဏ်ကြောင့် ဆင်းရဲမွဲတေသွားကြသော ကြောင့် ဗြိတိသျှစစ်တပ်ထဲဝင်သွားခဲ့ကြသည်။ အများစုက သူတို့လခကို မိသားစုထံ ပေးပို့ကြသည့်တိုင်အောင် ထမင်းမဝ၍ မြို့ပြသို့ ထွက်ပြေးသွားသူတွေကလည်း ဒုနဲ့ဒေး။ ရိုတ်အဇစ်၏ သားတစ်ယောက်ဆိုလျှင် အိမ်ကထွက်ပြေးသွားပြီး ဂျက်ဖာတွင် မိန်းမလျှာ ပြည့်တန်ဆာတောင် ဖြစ်နေသည်။

သည်တော့သူ့အနေဖြင့် ဟာဂျီအီဘရာဟင်က ပေးရန် ရည်မှန်းထားသော စျေးနှုန်း ထက် ပိုတောင်း၍ရနိုင်ပါမည်လော။

"ရာမီဇာက အပြစ်အနာအဆာ လုံးဝကင်းစင်တဲ့ ပတ္တမြားရတနာပဲဖရောက်"

အဘိုးကြီးက ရင်တုန်ပန်းတုန်နှင့် အရဲစွန့်၍ပြောလိုက်သည်။ ဤအတိုင်းဆိုလျှင် အလုပ်ဖြစ်နိုင်သည်ဟု ဖရောက်ကတွေးမိသည်။

ရိုတ်အဇစ်က နဖူးကိုလက်နှင့်ရိုက်ကာ လက်ဝါးနှစ်ဖက်ကို ခါယမ်းရင်း...၊

"ရာမီဇာလို သန့်ရှင်းတဲ့အလှကို အလ္လာအရှင်မြတ်ကိုယ်တိုင်တောင် မြင်တော်မူမိချင်မှ မြင်တော်မူမိလိမ့်မယ်။ ငါရိုးရိုးသားသားပြောတာပါ ငါ့တူ၊ ရာမီဇာကိုလိုချင်တဲ့လူတွေ တစ်ယောက်ပြီးတစ်ယောက် ကမ်းလှမ်းခဲ့ကြတယ်၊ သူတောင်းစားတွေ တစ်ယောက်ပြီး တစ်ယောက် ငါ့ကိုစော်ကားခဲ့ကြတယ်။ ငါ့သမီးကလေးက သူတို့နဲ့ လားလားမှ မထိုက်တန်ဘူး၊ သူက ရတနာတစ်ပါးပဲ။ ပြည်တန်ပတ္တမြားရတနာပဲ၊ သူဟာ သားသမီးတွေ အများကြီး မွေးဖွားနိုင်တယ်။ တောင်းတွေပလုံးတွေလဲ ကောင်းကောင်းရက်တတ်တယ်"

ဤသို့လျှင် ရာမီဇာအား အပြန်အလှန်တန်ဖိုးဖြတ်ကြရာ တစ်နာရီနီးနီး ကြာ သွားခဲ့သည်။

ပထမအချက်အနေဖြင့် သတို့သမီးလောင်းအတွက် မင်္ဂလာခန်းဝင်ပစ္စည်းကိစ္စကို ဆွေးနွေးကြသည်။ မင်္ဂလာလက်ဖွဲ့ ငွေကို သတို့သမီးကသာ လုံးဝပိုင်ဆိုင်သော်လည်း သတို့သမီး၏ ဖခင်အနေဖြင့်လည်း မိမိ၏သမီးကို အပြီးအပိုင်စွန့်လွှတ်လိုက်ရသောကြောင့် "ကြီးစွာသောဆုံးရှုံးမှု အတွက် နစ်နာကြေးအဖြစ် ရပိုင်ခွင့်ရှိသည်။ ထို့ကြောင့် ရာမီဇာအနေဖြင့် အထူးသီးသန့်လက်ဖွဲ့ငွေနှင့် ပစ္စည်းများကို ထပ်မံရရှိဦးမည် ဖြစ်သည်။

ထို့ပြင် သူသည် ပထမဇနီးရရှိသော အခန်းနှင့် ရွယ်တူပရိဘောဂတူ အခန်းတစ်ခန်းနှင့် သားသမီးများအတွက် အခန်းတစ်ခန်းကိုလည်းရရှိမည်။ ခင်ပွန်းသည် ကွယ်လွန်သွားသော အခါတွင်လည်း လယ်ကွင်းပေါင်း ၅၀ တိတိ ရရှိဦးမည်။ ဤသို့ဖြင့် ရာမီဇာသည် ချမ်းသာသော မုဆိုးမတစ်ဦးဖြစ်လာနိုင်ပြီး ဒုတိယအိမ်ထောင် ထပ်ပြုလျှင်လည်း ပြုနိုင် သေးသည်။

သတို့သမီးလောင်းအတွက် လက်ဖွဲ့ ပစ္စည်းများကို

သဘောတူသတ်မှတ်ပြီးနောက် ဖခင်၏ နစ်နာဆုံးရှုံးမှုအတွက် ဆက်လက်ဆွေးနွေးကြသည်။ အချေအတင် အကြာကြီး တောင်းဆိုခြင်း၊ ဈေးဆစ်ခြင်းပြုကြပြီးနောက် ရွှေဒင်္ဂါး ငွေဒင်္ဂါး၊ သီးနှံများနှင့် တိရစ္ဆာန်များ ပေးရန် သတို့သားလောင်းဘက်က သဘောတူသည်။ ထို့ပြင် နောက်ဆုံးပေါ်ရိုင်ဖယ်သေနတ် နှစ်ဆယ့်လေးလက်နှင့် ကျည်ဆန် ၅၀၀၀ ပေးရန်လည်း သဘောတူသည်။

'တို့က ဆွေမျိုးအရင်းအချာတွေပါ၊ အဲဒီတော့ ကုလားအုတ်ခြောက်ကောင် လုပ်မနေပါနဲ့၊ ရှစ်ကောင်လောက်တော့ပေးပါ”

ရိုတ်အဇစ်က တိုး၍တောင်းသည်။ “ဒီကစ္စက ပြတ်နေပါပြီ၊ မူလသဘောတူညီချက်အတိုင်းပဲယူပါ”

“မလုပ်ပါနဲ့ ငါ့တူရယ်၊ မင်းတို့ငါတို့က ဆွေမျိုးအရင်းခေါက်ခေါက် ကြီးတွေပါ။ အရင်းခေါက်ခေါက်ကြီးတွေပါ”

“တော်ပါတော့ဦး၊ တော်ပါတော့၊ ဒီကိစ္စ ကျွန်တော် နောက်ထပ်မကြားချင် တော့ပါဘူး”

“ဒါဆိုလျှင် ရိုင်ဖယ်နှစ်ဆယ့်လေးလက်အစား သုံးဆယ့်ငါးလက်တော့ လုပ်ပါ မောင်ရယ်၊ အစွန်းထွက်ငါးလက် ပြန်ရောင်းလို့ရတဲ့ပိုက်ဆံ မောင့်ကိုပေးပါ့မယ်” .

”မဖြစ်ဘူး မဖြစ်ဘူး၊ ဒါတော့ ကျွန်တော် လုံးဝသဘောမတူနိုင်ဘူးဦး” နောက်ဆုံးတွင် အဘိုးကြီးမှာ ဘာမျှမတတ်သာတော့ဘဲ မူလအတိုင်းပင် သဘောတူ လိုက်ရတော့သည်။

elas သို့သော် ဖရောက်ပေးသော စုစုပေါင်းတန်ဖိုးမှာ အီဘရာဟင်ကပေးရန် ညိရွယ်ထားသော စုစုပေါင်းတန်ဖိုးထက် အတော်အတန် နည်းနေကြောင်းကိုကား အဘိုးကြီးခမျာ မသိရှာ။

နောက်တစ်လခန့် ကြာသောအခါ ဟာဂျီအီဘရာဟင်က ဟာဂါအား ဂါဇာကမ်း မြောင်ဒေသမှ ခန်ယူနစ်ရွာရှိ ဆွေမျိုးများထံသွားလည်ရန် စေလွှတ်သည်။ ပြန်မခေါ်ဘဲနှင့် ပြန်မလာရန်လည်း မှာလိုက်သည်။

ဟာဂါထွက်သွားပြီးနောက် ဟာဂျီအီဘရာဟင်သည် ရွာရှိအမျိုးသမီးအားလုံးကို ရုံးပြီး အလှူပွဲကြီးအတွက် လိုအပ်သည်များကို စတင်ပြင်ဆင်စေသည်။

နောက်ရက်အတန်ကြာသောအခါ ခမ်းနားထည်ဝါလှသော ကုလားအုတ်တန်းကြီး သည် မိုးကုတ်စက်ဝိုင်းဆီမှ တရွေ့ရွေ့ဖြင့် တဘားရွာသို့ ရှေးရှုလာနေသည်ကို မြင်ကြရ သည်။ ဟာဂျီအီဘရာဟင်သည် ဝတ်ရုံသစ်ကိုဝတ်ကာ မြင်းပေါ်သို့တက်ပြီး ဒုန်းစိုင်းထွက်ခွာ သွားသည်။ ထို့နောက် ဧည့်သည်များအား ရွာထဲသို့ ကြိုဆိုခေါ်ဆောင်လာခဲ့သည်။

တဘားရွာလယ်တွင် နှစ်ခန်းတွဲ ဧည့်ရိပ်သာတစ်ခုရှိသည်။ အခန်းနှစ်ခန်းအနက် တစ်ခန်းမှာ ယောကျ်ားကလေးများအတွက်၊ နောက်တစ်ခန်းက မိန်းမများအတွက်။ ရှေးအခါက တဘားရွာမှ ဂျေရုဆလင်မြို့သို့သွားလျှင် ကုလားအုတ်ဖြင့် တစ်နာရီခရီးသာ ကြာသည်။ မွတ်စလင်ဘုရားဖူးခရီးသည်များသည် တဘားရွာမှ ဧည့်ရိပ်သာတွင်ပင် တစ်ထောက်ရပ်နား၍ တည်းခိုခဲ့ကြသည်။

ထိုစဉ်က ကုလားအုတ်သမားများသည် တဘားရွာသို့ နှစ်စဉ် အကြိမ်ပေါင်းများစွာ လာရောက်၍ သီးနှံများသယ်ယူကြသည်။ ထိုအခါ သူတို့သည် ရွာလယ်မှဧည့်ရိပ်သာတွင်ပင် တည်းခိုကြသည်။ ဧည့်ရိပ်သာခန်းမကြီးကို မင်္ဂလာဆောင်အခမ်းအနားများနှင့် အခြား အခမ်းအနားများအတွက်လည်း အသုံးပြုသည်။

တဘာရွာတစ်ရွာလုံးရှိ ယောကျ်ားအားလုံးသည် ရွာလယ်ကွက်လပ်တွင် စုရုံး : ရောက်ရှိနေကြပြီ။ မကြာမီတွင် ဟာဂျီအီဘရာဟင်ဝင်လာသည်။ သူ့နောက်တွင် ရိုတ်ဝါ လစ်အဇေ်က မြင်းစီး၍လိုက်ပါလာသည်။ ရိုတ်ဝါလစ်အဇေ်၏ ဘေးတစ်ဖက်တစ်ချက်တွင် သူ၏ လူမည်းအစေခံနှစ်ယောက်က မြင်းများစီး၍ ပါလာကြသည်။ ကုလားအုတ်များကို ကွင်းထဲတွင် လှန်ထားလိုက်ကြသည်။

လူတန်းနှစ်တန်းသည် မိုးပေါ်သို့ သေနတ်ထောင်၍ပစ်သူပစ်၊ မြူးထူးအော်ဟစ်သူက အော်ဟစ်မြူးတူး။ ဖက်ယမ်းနမ်းရှုပ်သူက ဖက်ယမ်းနမ်းရှုပ်၊ ရွတ်ဖတ်သရဇ္ဈာယ်သူက ရွတ်ဖတ်သရဇ္ဈာယ်ရင်း ကွက်လပ်ထဲသို့ ဝင်လာကြသည်။

ထို့နောက် လက်ဆောင်ပစ္စည်း လဲလှယ်ကြသည်။ ရှိတ်အဇစ်က အီဘရာဟင်အား အော်တိုမန်ခေတ်သုံး ရှေးဟောင်းဆောင်ခါးတစ်လက်ကို လက်ဆောင်ပေးသည်။ အီဘရာဟင် ကလည်း ရှိတ်အဇစ်အတွက် လှပခမ်းနားသော ကုလားအုတ်ကုန်းနှီးတစ်ခု ပြန်ပေးသည်။

ယောက်ျားများအချင်းချင်း နှုတ်ဆက်နေကြစဉ်တွင် သတို့သမီးအား လူသူမမြင်အောင် တောင်ကုန်းပေါ်သို့ တိတ်တဆိတ် ခေါ်ယူသွားကြသည်။ တောင်ကုန်းပေါ်တွင် ဘီဒိုယင် မဏ္ဍပ်တဲကြီးနှစ်ခု ဆောက်လုပ်ထားသည်။ ယောက်ျားများနှင့် မိန်းမများအတွက် တစ်ခုစီ သီးသန့်ဆောက်လုပ်ထားခြင်း ဖြစ်သည်။

' ဧည့်သည်များအား နေရာထိုင်ခင်းချပေးပြီးသောအခါ ကျွေးမွေးဧည့်ခံရန် ပြင်ဆင် ကြသည်။ ဧည့်ခမ်းမကြီးတွင် ကော်ဇောများခင်းကြသည်။ ခေါင်းအုံးများနှင့် ကုလားအုတ် ကုန်းနှီးများ ချကြသည်။ ထို့နောက် ဧည့်သည်အဖွဲ့ဝင်များနှင့် ဟာဂျီအီဘရာဟင်၏ မျိုးနွယ်စုမှခေါင်းဆောင်များ၊ လူကြီးမိဘများနှင့် မိတ်ဆွေရင်းချာများ အသီးသီး သက်သောင့် သက်သာနေရာယူကြသည်။ သူတို့အား အမျိုးသမီးတစ်ရာကျော်တို့က ဧည့်ခံကျွေးမွေး ကြမည်ဖြစ်သည်။

ဤသို့သောပွဲမျိုးတွင် ရှိတ်အဇစ်နှင့် ဟာဂျီအီဘရာဟင်တို့ နှစ်ယောက်စလုံးကပင် ဘာသာရေးပညတ်ချက်ကို လျစ်လျူရှုပြီး ပရိတ်သတ်များအား အရက်သေစာအနည်းအကျဉ်း သောက်သုံးခွင့်ပြုကြသည်။ တကယ်သောက်ကြသောအခါတွင်ကား အရူးအမူးသောက် ကြသည်။ သို့သော် ဆူပူသောင်းကျန်းခြင်း၊ မူးယစ်ရမ်းကားခြင်းတော့မရှိ။

စားသောက်ရာတွင် ရိုးရာထုံးစံအရ လေးနည်းရှိသည်။ လက်တစ်ချောင်းတည်း နှင့်စားလျှင် စက်ဆုပ်ရွံရှာခြင်းကိုဖော်ပြသည်။ နှစ်ချောင်းစားလျှင် မာနကို ဖော်ပြသည်။ သုံးချောင်းစားလျှင် ပုံမှန်စားခြင်း ဖြစ်သည်။ လက်လေးချောင်းစားလျှင် အစားကြူးသည်။ ယနေ့ပွဲကတော့ လူတိုင်းအဖို့ လက်လေးချောင်းပွဲပင် ဖြစ်သည်။

ဟာဂျီအီဘရင်ဟင်သည် မိမိတို့ တတ်စွမ်းနိုင်သည်ထက်ပို၍ ကျွေးမွေးပေးကမ်းခြင်း မပြုရန် သူ့ရွာသူ့ရွာသားများအား မကြာခဏ

ပြောဆိုးမလေ့ရှိသည်။ ဤလုပ်ရပ်သည် လူတစ်ယောက်၏ အတွက်ကြီးခြင်းလည်းဖြစ်သည်။ အာရပ်အမျိုးသားတို့၏ ပျက်စီးရာ ပျက်စီးကြောင်းလည်းဖြစ်သည်ဟု သူကဆိုသည်။

သို့သော် ဟာဂျီအီဘရာဟင်ကား "ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နဲ့" ဟူသော လူစားမျိုးဖြစ်နေသည်။ ညှော့ခံကျွေးမွေးပွဲများတွင် ရေစီးကမ်းပြိုနိုင်လှသော ဟာဂျီအီ တရာဟင်အား သူ့အစ်ကိုဖရောက်က မကြာခဏသတိပေးလေ့ရှိသည်။ သို့သော် သတိပေး လည်း ပေးတာပဲရှိသည်။ အီဘရာဟင်ကား သူ့ထုံးစံအတိုင်း ကျွေးမွေးညှော့ခံရာတွင် လက်ဖွားမြဲလက်ဖာလျက်သာ။

လက်ဆေးခြင်းအခမ်းအနား ပြီးသောအခါ စားစရာဟင်းလျာတွေ တစ်ပွဲပြီးတစ်ပွဲ အလျှံပယ်ရောက်ရှိလာကြတော့သည်။ အာရပ်ဟင်းလျာ အမည်ပေါင်းသုံးလေးဆယ်ခန့်ကို မြိန်ရေရှက်ရေ စားသောက်ကြပြီးသောအခါ အချိုပွဲအချဉ်ပွဲမျိုးစုံ ရောက်ရှိလာပြန်သည်။ နောက်ဆုံးတွင် ဖာလာစေ့ခတ်ထားသော အာရပ်ကော်ဖီအချိုပြင်းပြင်းကို သောက်ပြီးသော အခါ စားသောက်ပွဲကြီး ပြီးဆုံးသွားတော့သည်။

ထို့နောက်တွင်တော့ တမာများနှင့် ရေပြွန်ဆေးတံကြီးများကို တစ်ယောက်ပြီး တစ်ယောက် လက်ဆင့်ကမ်းသောက်ကြရင်း ရှေးတုန်းကဖြစ်ပွားခဲ့သော တိုက်ပွဲကြီးများနှင့် အတိတ်ဖြစ်ရပ်များကို စားမြုံ့ပြန်ပြောဆိုကာ အနားယူနေကြလေသည်။

ဤပွဲတွင် ဟာဂျီအီဘရာဟင်သည် အလွန်ပျော်ရွှင်နေသည်ဟု အားလုံးက ထင် ကြသော်လည်း သူ့စိတ်ထဲမှာတော့ တစ်စုံတစ်ရာကို မကျေမနပ်ဖြစ်နေမိသည်။ မရိုးမရွ ဖြစ်နေမိသည်။ အကြောင်းကတော့ သူ့မိတ်ဆွေကြီး ဂီဒီယံအက်ရှ်တစ်ယောက် အချိန်မီ ရောက်မလာသောကြောင့် ဖြစ်သည်။

သို့သော် စားသောက်ပြီး၍ အနားယူပြောဆိုနေကြချိန်တွင်မှ ဂီဒီယံ ပေါက်ချ လာသည်။ ဂီဒီယံ၏မျက်နှာကို မြင်လိုက်ရသောအခါ ဟာဂျီအီဘရာဟင်၏ မျက်နှာ ဆစ်ပြင်လုံး လင်းကြည်သွားသည်။

ဂီဒီယံက ဝါဟာဘီလူမျိုးစုအကြီးအကဲ ရှိတ်အဇစ်အား လှိုက်လှဲဝမ်းသာ

ဖက်ယမ်း တ်ဆက်သည်။ ဤမြင်ကွင်းကို မြင်ရသောအခါ ဝါဟာဘီလူမျိုးစုပရိသတ်များက ဝမ်းမြောက်ဝမ်းသာ အော်ဟစ်သြဘာပေးကြသည်။ တစ်ချိန်သောအခါက ဂီဒီယံသည် သူတို့ရွာများသို့လာရောက်ပြီး ရက်ပေါင်းလေးဆယ်တိုင်တိုင် နေထိုင်စားသောက်သွား ခဲ့သည် မဟုတ်ပါလား။

ရှိတ်အဇစ်သည် ဂီဒီယံနှင့်မတွေ့ရသည်မှာတော်တော်ကြာခဲ့ပြီ။ စစ်ကြီးပြီးကတည်း အပင် ဖြစ်သည်။ ထို့ကြောင့် ယခုပြန်တွေ့ချိန်တွင် ဂီဒီယံ၏ဘယ်ဘက်လက်ပြတ်နေကြောင်း မြင်ရသောအခါ ရှိတ်အဇစ်မှာ အထူးပင် စိတ်မကောင်းဖြစ်မိလေသည်။

အဘိုးကြီးသည် ဂီဒီယံအတွက် စိတ်မချမ်းမသာဖြစ်မိသောကြောင့် လူအနည်း ငယ်သာ မြင်လိုက်ရသော အပြုအမူတစ်ရပ်ကို မအောင့်နိုင်မအည်းနိုင်ဘဲ ပြုလုပ်မိလေသည်။

သူ ဝမ်းပန်းတနည်း ငိုကြွေးမိလေသည်။

အခန်း (၁၆)

အချိန်များစွာမကြာမီမှာပင် ပရိသတ်များ လူစုကွဲသွားကြလေ၏။ အဘိုးအို ရှိတ် ဝါလစ်အဇစ်သည် ခရီးရှည်လာခဲ့ရသောကြောင့်လည်းကောင်း၊ အစားတွေ တဝတပြ စားပစ်လိုက်မိသောကြောင့်လည်းကောင်း ဂီဒီယံရောက်လာပြီးနောက် ခဏအကြာတွင် ခြေပစ်လက်ပစ် အိပ်ပျော်သွားတော့သည်။

ရွာသားများ တစ်ယောက်ပြီးတစ်ယောက် အလျှိုလျှို ပြန်ထွက်သွားကြသောအခါ ဘီဒိုယင်ဧည့်သည်များမှာလည်း သူတို့ထိုင်နေသောနေရာတွင်ပင် လှဲအိပ်ကာ တခေါခေါနှင့် သံပြိုင်ဟောက်နေကြလေပြီ။

ဘီဒိုယင်ဧည့်သည်အများစုမှာ တဘားရွာသားများနှင့် တစ်နည်းနည်းဖြင့် ဆွေမျိုး ကော်သူများဖြစ်ကြသည်။ သို့သော်လည်း ရွာသားများသည် အိမ်တံခါးများကို လုံလုံ ပိတ်ကြ၏။ အဖိုးတန်ပစ္စည်းများကို သိုဝှက်ကြ၏။

သမီးပျိုကလေးများကို အပြင်မထွက်ရန် သတိပေးကြ၏။

ဟာဂျီအီဘရာဟင်သည် ဂီဒီယံအား ရွာပြင်တာလမ်းမကြီးတစ်နေရာသို့ ခေါ်လာ ခဲ့သည်။ ဤနေရာတွင် သူတို့နှစ်ယောက် လုံခြုံစိတ်ချစွာ စကားပြောနိုင်သောကြောင့် ဖြစ်၏။ အီဘရာဟင်သည် တစ်စုံတစ်ရာကို အလွန်စိုးရိမ်နေပုံရသည်။ သူကပင် စတင် ပြော၏။

"မနက်ဖြန် ကျုပ် မင်္ဂလာဆောင်ပွဲကို ခင်ဗျားအချိန်မီမှ ရောက်လာနိုင်ပါ့မလားလို့ ကျုပ်တွေးပူနေမိတယ် ဂီဒီယံ"

"မပူပါနဲ့၊ ကျွန်တော် ဆက်ဆက်လာခဲ့ပါမယ်၊ စိတ်ချပါ"

"မနက်ဖြန်ဆိုလျှင် အကုန်လုံး ချောချောမောမော အောင်မြင်သွားပြီ။ တကယ်တော့ ရာမီဇာဟာ အလွန်အဖိုးတန်တဲ့ပန်းတစ်ပွင့်ဘဲ ဂီဒီယံ။ ကျုပ် သိပ်ပြီးကံကောင်းတာပဲ။ ဒါနဲ့ ခင်ဗျားတို့ဂျူးတွေလည်း ဒုတိယအိမ်ထောင်ပြုဖို့ကိစ္စ စဉ်းစားဖို့ကောင်းတယ်။ အဲဒါဆိုလျှင် ခင်ဗျားမှာ သားသမီးတွေအများကြီး ရလာနိုင်တယ်"

"သားသမီးများလာတော့ ရန်သူလဲ ပိုများလာမှာပေါ့ဗျာ"

'အား... အဲဒီအတွက် ပူစရာမလိုပါဘူးဗျာ၊ ကျုပ်အစ်ကိုဖရောက်ဟာ ချုပ်ကို လိမ်ညာတာ နှစ်ပေါင်းများစွာကြာပါပြီ။ ကျုပ်ရဲ့ သားကြီး ကမယ်ဆိုလျှင်စီ ကျုပ်ကို သောနေတာပါပဲ။ ဒါပေမယ့် ကျုပ်က ဘာမှမလုပ်ပါဘူး၊ ကျုပ်က မေတ္တာသမားပါ။ အစ်ကိုနဲ့ ကျုပ်သားတို့က ကျုပ်ဆီမှာ အလုပ်လုပ်ကြတယ်။ ကျုပ်ကချမ်းသာတယ် ကဆင်းရဲတယ်။ ဒီတော့ သူတို့ကကျုပ်ကို ရတဲ့နည်းနဲ့ လိမ်ညာကြတော့တာပေါ့။ ဒီမှာ ကျုပ်ပြောမယ် ကိုယ့်ခွေးကို အစာမငတ်ပါစေနဲ့၊ အစာမကျွေးဘဲထားလျှင် တစ်ယောက်ယောက်က အမဲတုံးကလေးပစ်ကျွေးပြီး ယူသွားလိမ့်မယ်။ ကျုပ်ပြောတာယုံ စပါ၊ ကျုပ်ဟာ ဒုတိယအိမ်ထောင်တစ်ခုကို ကောင်းကောင်းထိန်းနိုင်ပါတယ်"

အီဘရာဟင်သည် လည်ချောင်းကို အကြိမ်ပေါင်းများစွာရှင်းနေသည်။ သူသည် ခက်ချက်တစ်ခုကို ပြောရမှာဝန်လေးနေသည်ဟု ဂီဒီယံထင်မိသည်။ အတော်ကလေး, ကြာတော့မှ အီဘရာဟင်က စကားဆက်၏။

“ကျုပ်မှာ ပြောစရာတစ်ခုရှိတယ် ဂီဒီယံ၊ တော်တော်အပြောရခက်တဲ့ကိစ္စပဲ။ ဒါပေမယ့် ခင်ဗျားက ကျုပ်အယုံအကြည်ဆုံး မိတ်ဆွေဆိုတော့... သူက ပြောပြီးပြုံးလိုက်သည်။ “ဒီကိစ္စက ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ကိစ္စပါ။ အဲဒီတော့ ကျုပ် သူ့ကိုမှ မပြောခဲ့တဲ့ကိစ္စကို ခင်ဗျားကိုပြောချင်တယ်၊ ခင်ဗျားကို ကျုပ်ယုံတယ်”

”တကယ်ပြောတာလား၊ ကျွန်တော့်ကို တကယ်ပဲယုံလို့လား”

”ဟုတ်ပါတယ်၊ တကယ်ယုံတယ်လို့ ကျုပ်ထင်တယ်”

”ဒါဖြင့် ကောင်းပြီးပြောပါ၊ ဘာကိစ္စလဲ' အီဘရာဟင်သည် ချက်ချင်းမပြောသေးဘဲ လည်ချောင်းကို တရင်းတည်း ရှင်း ၏။ ပြီးတော့ ဂီဒီယံ၏အနားသို့ကပ်ပြီး အသံတိုးတိုးဖြင့်... “ရာမီဇာက သိပ်ပြီးငယ်သေးတယ်၊ ကျုပ်ကအသက်ကြီးပြီ။ အခုမင်္ဂလာဆောင်က ဘီလူမျိုးစုအတွင်းမှာ နှစ်ပေါင်းများစွာအတွင်း အရေးအကြီးဆုံး မင်္ဂလာဆောင်တစ်ခုပဲ။ ဒီတော့ ကျုပ်အနေနဲ့လဲ မျိုးနွယ်စုတစ်ခုလုံး သိက္ခာမကျအောင် စွမ်းဆောင်နိုင်ဖို့ ပြီးအရေးကြီးတယ်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် အခုတလောအတွင်း ကျုပ်ဘက်က ချက်တွေရှိနေတယ် ဂီဒီယံ”

”ဘယ်လို ချို့တဲ့ချက်တွေလဲ” အီဘရာဟင်သည် အတန်ကြာကြာ တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။ ပြီးတော့မှ ... “ချို့တဲချက်ကတော့ ရှက်စရာအကောင်းဆုံး ချို့တဲ့ချက်ပဲ။ တကယ်တော့ အပြစ်တော့မဟုတ်ပါဘူး။ ဟာဂါနဲ့ဆက်ဆံရတာ ကျုပ်ဘယ်လိုမှ စိတ်မပါတော့ဘူး၊ အိုင်အဖြစ်က ယောကျ်ားမပီသတော့သလိုတောင် ဖြစ်နေပြီ။ အဲဒါ မိန်းမတွေက ရင်း ကျုပ်အကြောင်းကို အတင်းပြောနေကြတယ်။ ဒါဟာ ဟာဂါပြောလို့ သူတို့ သွားကြတာဖြစ်မှာပေါ့။ အဲဒီလိုဖြစ်နေလျှင်တော့ ကျုပ်ပိုပြီး အရှက်ကွဲတော့မယ်၊ ရှင်ဘဝပျက်ရတော့မယ်”

'ခင်ဗျားမှာ ယောကျ်ားအား ကုန်ခန်းနေပြီလို့ ပြောတာလား” အီဘရာဟင်က တစ်ချက်ညည်းလိုက်ပြီး ခေါင်းကိုခါယမ်းရင်း... “အဲဒါတော့ ကျုပ်နားမလည်ဘူး၊ ဒါပေမယ့် အကြိမ်တိုင်းတော့ မဟုတ်ပါဘူး၊ ဘလေတော့ လုံးဝမအောင်မြင်ဘူး။ အဲဒီလို ခဏခဏဆိုသလို ကြုံနေရတယ်” ဂီဒီယံက

နားလည်စွာဖြင့် ခေါင်းညိတ်လိုက်သည်။ အီဘရာဟင်၏ အဖြစ်ကို သူခံစားမိသည်။ ကိုယ်ချင်းလည်းစာမိသည်။ အာရပ်အမျိုးသား တစ်ယောက်အဖို့ "ဖိုအား ကောင်းခြင်းသည် အလွန်အရေးကြီးသည်။ လောကတွင် ပန်းသေနေသော ယောက်ျား တစ်ယောက်လောက် ရှက်စရာကောင်းသူမရှိတော့ ။

"အဲဒီတော့ ကျွန်တော်က ဘယ်လိုကူညီရမှာလဲ၊ ဘာလုပ်ပေးရမှာလဲ"

"ခင်ဗျားတို့ ရိပ်သာကလူတွေမှာ မူလအခြေအနေ ပြန်ရောက်အောင်လုပ်နိုင်တဲ့ ဆေးတစ်မျိုးရှိတယ်လို့ ကျုပ်သိရတယ်" ။

"ဟုတ်ပြီ၊ အဲဒါသိပ်အရေးကြီးတာပေါ့ အီဘရာဟင်း၊ ကျွန်တော်တို့လူသားတွေဟာ ကမ္ဘာဦးကတည်းက အဲဒီဆေးကိုရှာနေကြတာပေါ့၊ အဲဒီတော့ ခင်ဗျားမှာလည်း အဲဒီဆေး တစ်မျိုးမျိုးတော့ ရှိဖို့လိုတာပေါ့"

"ကျုပ် ဆေးမျိုးစုံသုံးကြည့်ခဲ့ဖူးပါပြီ။ တစ်ခါကဆိုလျှင် မဂ္ဂဇင်းတစ်စောင်မှာ ကြော်ငြာပါလို့ ကိုင်ရိုအထိတောင် သွားဝယ်ခဲ့ဖူးတယ်။ ဒါပေမယ့် အလုပ်မဖြစ်ပါဘူး ၊ ကျုပ်က စိတ်စောနေလျှင်၊ စိတ်လှုပ်ရှားနေလျှင် ဘာမှမဖြစ်တော့ဘူး"

ဂီဒီယံက ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။ အီဘရာဟင်က ဆက်ပြောသည်။

"အဲဒါက အရွက်တစ်မျိုးပဲ၊ နွားတွေ မြင်းတွေကိုလည်းကျွေးတယ်၊ စပိန်က လာတဲ့"

'... စပိန်ယင်ကောင်ဆိုတဲ့ အရွက်လား' "ဟုတ်တယ်၊ ဟုတ်တယ်၊ စပိန်ယင်ကောင်ဆိုတာပဲ"

"ဒါပေမယ့် အဲဒါက တိရစ္ဆာန်တွေအတွက်ပါ အီဘရာဟင်။ လူတွေအတွက် မဟုတ်ဘူး၊ လူတွေသုံးလျှင် အန္တ ရာယ်ရှိတယ်။ အဲဒါဘာမှမကောင်းဘူး၊ ဘာမှမကောင် ဘူး"

"ကျုပ် သိပ်ပြီးစိတ်လှုပ်ရှားနေလျှင် ဒီမိန်းကလေးကို လက်နက်ချရတော့မယ် အဲဒီလိုသာဆိုလျှင်တော့ ကျုပ်တဘားမှာနေလို့မဖြစ်တော့ဘူး၊ ပါလက်စတိုင်းမှာ နေ မဖြစ်တော့ဘူး။ တရုတ်ပြည် ထွက်ပြေးရတော့မှာပဲ"

"မပူပါနဲ့၊ ကျွန်တော် သွားကြည့်လိုက်ပါဦးမယ်"

"ကျေးဇူးအများကြီးတင်ပါတယ် မိတ်ဆွေကြီးရယ်၊ ဒါပေမယ့် ဘယ်သူမှတော မသိပါစေနဲ့နော်"

သူက ပါးစပ်ကို လက်ညှိုးနှင့်ဖိပြီးပြောသည်။ ထို့နောက် ဂီဒီယံပြန်ထွက်သွားသည်။

နောက်နှစ်နာရီခန့်ကြာတော့မှ ဂီဒီယံပြန်ရောက်လာသည်။ အီဘရာဟင်သည့် ရွာလယ်ကွက်လပ်ထဲတွင် စိတ်လှုပ်ရှားစွာဖြင့် ဂနာမငြိမ် ခေါက်တုံ့ခေါက်ပြန် လ လျှောက်နေသည်။

ဂီဒီယံက အကျီအိတ်ထဲမှ စက္ကူဘူးတစ်ဘူးကို ထုတ်ယူလိုက်ပြီး... "ဒီပစ္စည်းရဖို့အတွက် ကျွန်တော် မနည်းလိမ်ညာပြီး ပြောလာခဲ့ရတယ်"

အီဘရာဟင်သည် ဂီဒီယံ၏လက်ကို ဆုပ်ကိုင်ပြီးနမ်းသည်။ ဂီဒီယံက စက္ကူဘူး ဖွင့်သည်။ ညိုညစ်ညစ်အရောင် အမှုန့်တွေ။

'ဒါက ဘယ်လိုလုပ်ထားတာလဲ၊ ဘယ်လောက်စွမ်းသလဲ"

" ပိုးတောင်မာနဲ့လုပ်ထားတာ၊ အရေပြားနှီးဆွပေးနိုင်တယ်။ နည်းနည်းပဲလိမ်းရတယ်။ လျှင် အန္တရာယ်ဖြစ်တတ်တယ်။ ဒါအားလုံး ဆယ်ရက်စာပဲ၊ နောက်ပိုင်းကျတော့ ဆေးမှုန့် လိမ်းစရာမလိုတော့ဘူး၊ သူ့အလိုလို မူလအခြေအနေကို ပြန်ရောက်သွားလိမ့်မယ်"

အီဘရာဟင်က ဝမ်းမြောက်ဝမ်းသာ လက်ဝါးနှစ်ခုကိုပွတ်သပ်ရင်း ပြောလိုက်သည်။

"ဒါဆိုလျှင် ဒီမိန်းကလေးကို ကလေးရအောင် ကျုပ်စွမ်းဆောင်နိုင်တော့မယ်၊ "လူတိုင်းက ကျုပ်ကိုအထင်ကြီးလာကြလိမ့်မယ်"

နံနက်ပိုင်းဝတ်ပြုပြီးသောအခါ ဖရောက်နှင့်တကွ မျိုးနွယ်စုခေါင်းဆောင်များ၊ မိရပ်ဖများသည် ဟာဂျီအီဘရာဟင်၏အိမ်တွင် စုဝေးကြသည်။ ထို့နောက် သူတို့သည် တင်ကုန်းပေါ်သို့ ငြိမ်သက်စွာဖြင့်

စီတန်းလာကြပြီးနောက် ရှိတ်ဝါလစ်အဇစ်၏ တပ်ဘဲသို့ လာခဲ့ကြသည်။ ဝါဟာဘီလူမျိုးစု ခေါင်းဆောင်များစွာတို့သည် ရှိတ်အစစ်၏ တစ်ဖက်တစ်ချက်တွင် ထိုင်နေကြသည်။

ကော်ဇောခင်း ကြမ်းပြင်ပေါ်တွင် ကုလားအုတ်ကုန်းနှီးများကို ပန်းထိုးဇာထိုး =င်းအုံးများဖြင့် ဝန်းရံ၍ချထားသည်။

ဖရောက်သည် ငွေသတ္တာငယ်တစ်လုံး၊ ရွှေဒင်္ဂါးများနှင့် စာရွက်စာတမ်းအချို့ကို သည်။ သူက ပထမဆုံးစာရွက်ကိုဖြုတ်ယူ၍ ဖတ်ပြသည်။ ထိုစာရွက်တွင် အံ့သားက သတို့သမီးအားပေးမည့် မင်္ဂလာခန်းဝင် ပစ္စည်းစာရင်းနှင့် သတို့သမီး၏ဖခင် ကိုယ့်ပစ္စည်းစာရင်း ပါဝင်သည်။

ထို့ပြင် အကယ်၍ သတို့သမီးသည် အပျိုစစ်စစ်မဟုတ်ခဲ့လျှင်၊ သို့မဟုတ် ကိုယ်ဝန်သုံးကြိမ်ရှိသည်အထိ သားယောကျာ်းကလေး မမွေးခဲ့လျှင်၊ သို့မဟုတ် မမွေးနိုင်သော "အမြုံမ'ဖြစ်ခဲ့လျှင် သတို့သမီးအနေဖြင့် ပြန်လည်ဆောင်ရွက်ရမည့် ရက်အလက်များကိုလည်း အသေးစိတ်ဖော်ပြထားသည်။

ထို့နောက် ရာမီဇာအား လယ်ကွက် ၅၀ ပေးရန် သဘောတူ စာချုပ်ကို ဖရောက်က "လက်ဖတ်ပြသည်။

ငွေသေတ္တာများနှင့် ရွှေသေတ္တာများကို ရှိတ်အဇစ်၏ရှေ့တွင် ချထားလိုက်သည်။ နောက် ရှိတ်အဇစ်ရရှိမည့် သိုးနှံများနှင့် တိရစ္ဆာန်များစာရင်းကို ဖရောက်က ဖတ်ပြ ဝါဟာဘီ ခေါင်းဆောင်အားလုံးကပင် ခေါင်းတညိတ်ညိတ် လုပ်နေကြသည်။ ဘာမှာ ပဋိညာဉ်စာချုပ် အောင်မြင်စွာချုပ်ဆိုပြီးမြောက်မှုနှင့် ဟာဂျီအီဘရာဟင်၏ ရောမှုတို့ကို ထောက်ခံလိုက်ကြခြင်းပင် ဖြစ်သည်။ ရိတ်အဇစ်နှင့် ဟာဂျီအီဘရာဟင်တို့ ထိုင်ရာမှထရပ်ကာ လက်ဆွဲနှုတ်ဆက်ကြသည်။

ဆရာအဖြစ်ဆောင်ရွက်ရသော ဖရောက်က နှစ်ဦးနှစ်ဝ သဘောတူအပေးအယူပြုခြင်းကို င်ဆိုတိုင်ပေးသည်။ ရှိတ်အဇစ်နှင့် ဟာဂျီအီဘရာဟင်တို့က သုံးကြိမ်တိတိ ဆိုက်ဆိုကြရသည်။ ထို့နောက် ဖရောက်က ကိုရန်ကျမ်းမြတ်မှ အဖွင့်ဂါထာများကို ဆိုသောအခါ လက်ထပ်ထိမ်းမြားခြင်း

ပြီးဆုံးအောင်မြင်ခြင်းသို့ ရောက်သည်။

ယောက်ျားများ၏ လုပ်ငန်းပြီးဆုံးသောအခါ မိန်းမများ၏လုပ်ငန်း စသည်။ ဂ ကလေးများစွာတို့သည် တစ်ကိုယ်လုံး တွန့်လိမ်လှုပ်ခါရင်း သီဆိုကခုန်ကာ မိန်းမမဏ္ဍပ်တဲထဲသို့ ဝင်လာကြသည်။ မိန်းကလေးများအား ငယ်စဉ်ကပင် ကိုယ်ခန္ဓာ တွန့်လိမ်လှုပ်ခါတတ်အောင် သင်ပေးထားကြသည်။ ကိုယ်ခန္ဓာကြွက်သားများကို ကြီး ထွားသန်မာစေသောကြောင့် နောင်ကြီးပြင်းလာသောအခါ ကလေးမွေးဖွားရာတွင် အထောက် အပံ့ပြုစေရန် ဖြစ်သည်။

ရာမိဇာ၏ မင်္ဂလာဝတ်စုံ၊ မင်္ဂလာခေါင်းအုပ်နှင့် ခန်းဝင်ပစ္စည်း ရွှေငွေရတနာများကို အမျိုးသမီးများကစစ်ဆေးကြည့်ရှုရန် ဖြန့်ခင်းပြသသည်။ ရာမိဇာရရှိသော မင်္ဂလာလက်ဖွဲ့ ပစ္စည်းများမှာ ဘီဒိုယင်ရတနာသေတ္တာတစ်လုံး၊ ငွေဒင်္ဂါးများနှင့် မသွေးရသေးသော ကျောက်မျက်ရတနာများ ဖြစ်သည်။

မင်္ဂလာဝတ်စုံကို လက်မောင်းနှင့် နံဘေးများတွင် ငွေချည်ထိုးထားသည်။ ရင်ဘတ် တွင် စတုရန်းကွက်ဖော်ထားခြင်းမှာ ရာမိဇာသည် တဘားရွာသို့ အသစ်ရောက်လာသော ရွာသူတစ်ဦးဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်သည်။

မင်္ဂလာခေါင်းအုပ်တွင်လည်း အော်တိုမန်ခေတ်သုံး ငွေဒင်္ဂါးများကို ဖောက် ဆင်ယင်ထားသည်။ သတို့သမီးအတွက် မင်္ဂလာဝတ်စုံသုံးစုံသာ လိုအပ်သော်လည်း အီဘရာဟင်က ခြောက်စုံအထိဝယ်ယူခဲ့သည်။ ခါးပတ်တွင်လည်း ရောမငွေပြားကြီးကို ခါးပတ်ခေါင်းတပ်ထားသည်။ သတို့သမီးအတွက်မှန်ကို ငွေဖြင့်မှာယူသည်။ ရတနာသေတ္တာ မှာ ဂျေရုဆလင်မြို့ဟောင်းမှ နာမည်ကျော် ဂျူးပန်းတိမ်ဆရာ၏ လက်ရာဖြစ်သည်။

သတို့သမီးရရှိသောပစ္စည်းများမှာ ထုံးစံထက် အများကြီးပိုနေသည်။ မိန်းမတိုင်း ကပင် ဟာဂျီအီဘရာဟင်၏ ရက်ရောမှုကို ထောမနာပြုကြသည်။ အားကျကြသည်။ နာရီပိုင်းအတွင်းတွင် တစ်ရွာလုံးမှမိန်းမများ ရာမိဇာ၏မဏ္ဍပ်တဲသို့ ရောက်ရှိလာကြသည်။

တောင်ထိပ်ပေါ်မှ ကိုယ်ခန္ဓာ တွန့်လိမ်လှုပ်ခါသံများ၊ သီဆိုကခုန်သံများနှင့်

လက်ခုပ်သံပြီး တီးသံများ ဆူညံစွာ ပေါ်ထွက်နေသည်။

ထို့နောက် သတို့သမီးအား မင်္ဂလာဝတ်စုံဝတ်ဆင်ပေးသည်။ မိန်းမပျိုကလေးများ ကိုသာ သတို့သမီးအခန်းထဲသို့ ဝင်ခွင့်ပြုသည်။ ရာမီဇာ၏ အစ်မတစ်ယောက်က မင်္ဂလ ဝတ်စုံဝတ်ပေးပြီး နောက်တစ်ယောက်က ခန်းဝင်ပစ္စည်းများကို သေတ္တာထဲထည့် ပြန်လည်သိမ်းဆည်းသည်။ သတို့သမီးအား မင်္ဂလာအဝတ်အစားတစ်မျိုးစီ ဝတ်ပေးတိုင် မိန်းကလေးများက လက်ခုပ်သံပြိုင်တီးပေးကြသည်။

အလှပြင်ဘူးကိုဖွင့်ကာ သတို့သမီး၏ မျက်ခုံးနှင့် မျက်တောင်များကို အနက်ရောင် ခြယ်ပေးသည်။ မျက်လုံးအထက်နှင့်အောက်တို့တွင် အပြာရောင်ပေါင်ဒါ ခြယ်လိုက်သောအခါ မျက်လုံးအရောင်များ စိုရွှန်းတောက်ပြောင်ပြီး ညို့ဓာတ်အပြည့် ဆောင်လာသည်။

ရာမီဇာသည် တစ်ချိန်လုံး ကစားစရာအရုပ်ကလေးပမာ မလှုပ်မယှက် ငြိမ်ခံနေသည့် သူ့အစ်မက ရာမီဇာကိုရော အပျိုရံမိန်းကလေးများကိုပါ ရေမွှေးဆွတ်ဖျန်းပေးသည် ဤတွင် ဝတ်စားခြယ်သခြင်း ပြီးဆုံးသွားသည်။

သတို့သမီးအားကြည့်ရန် မိခင်ဖြစ်သူကို ခေါ်လိုက်သည်။ မိခင်ဖြစ်သူ ကိုယ်ခန္ဓာကို တွန့်လိမ်လှုပ်ခါရင်း သီချင်းဆို၍ဝင်လာသည်။ အစ်မများက သတို့သမီးအ] ခေါင်းမြီးခြုပေးသည်။ အပေါ်အင်္ကျီဝတ်ပေးသည်။ နောက်ဆုံးတွင် ငွေဒင်္ဂါးများဆွဲထား ခေါင်းအုပ်ကို ဆောင်းပေးသည်။ ထို့နောက် သတို့သမီးအား အိမ်ထောင်ရှင်မိန်းမများ ၊ စုရပ်နေသောနေရာသို့ ခေါ်လာခဲ့ကြသည်။

သတို့သမီးအား ကုလားအုတ်ပေါ်သို့တင်ပေးသည်။ ရာမီဇာမှာ ပထမနှင့် နောက်ဆုံး ကြိမ် မင်းသမီးကလေး ဖြစ်လာခဲ့သည်။ မိန်းမအုပ်ထဲမှ ဝမ်းသာအားရ အော်ဟစ်သံများ ဒေါ်ထွက်လာသည်။ မကြာမီတွင် ငိုရှိုက်သံများသို့ ပြောင်းလဲသွားသည်။

ရာမီဇာသည် ကုလားအုတ်ကြီး ယိမ်းယိုင်လမ်းလျှောက်သည့် အလိုက်အတိုင်း ကုလားအုတ်ပေါ်တွင် ငြိမ်သက်စွာလိုက်ပါလာသည်။ အော်ဟစ်သံဆူညံနေသော ကလေးများနှင့် ငိုရှိုက်နေသောမိန်းမများက ဝိုင်းအုံကာ

လမ်းပိတ်ထားကြသည်။

ထို့နောက် ရာမီဇာအား ကုလားအုတ်ပေါ်မှ ဖေးမချပေးကြသည်။ သူသည် သူ၏ခင်ပွန်းလောင်းကို ပထမဆုံးအကြိမ် ကြည့်လိုက်သည်။ အီဘရာဟင်မှာ ဝတ်ရုံသစ်ဖြင့် ပြောင်လက်တောက်ပနေသည်။ သူက ဇနီးလောင်းအား မျက်နှာတည်တည်ဖြင့် ခေါင်းညိတ်ပြ လိုက်သည်။ သူ့လက်တစ်ဖက်ကတော့ ဝတ်ရုံအင်္ကျီအိတ်ထဲမှ "အားဆေး"ဘူးကို ပွတ်သပ် တစားနေသည်။

အီဘရာဟင်က ရှေ့မှဦးဆောင်ကာ အိမ်ထဲသို့ဝင်လာသည်။ သူ့နောက်မှ ရာမီဇာနှင့် ဖခင်ကြီးတို့ လိုက်ပါလာကြသည်။ အီဘရာဟင်နှင့် ရှိတ်အဇစ်တို့က ဖုံပျော့ကုလားထိုင်တွင် ဝင်ထိုင်ကြသည်။ ရာမီဇာကတော့ အီဘရာဟင်၏ဘေးနားမှ ဖုံမာကုလားထိုင်တွင် ထိုင်သည်။

အီဘရာဟင်၏ သားများဖြစ်ကြသော ကမယ်၊ အိုမာ၊ ဂျမီလ်၊ အစ္စမေနှင့် သမီး ဖြစ်သူ နာဒါတို့အား ခေါ်လိုက်သည်။ သူတို့သည် ဖခင်ဖြစ်သူအား ဦးညွှတ်အလေးပြုကာ လက်ကိုနမ်းကြသည်။ ပြီးတော့ ရှိတ်အဇစ်လက်ကို နမ်းကြသည်။ သူတို့နှင့် ရာမီဇာကို မိတ်ဆက်ပေးသည်။ ရာမီဇာက တည်ငြိမ်စွာထိုင်မြဲထိုင်နေသည်။ .

"ကြိုဆိုပါတယ် ရာမီဇာ" အီဘရာဟင်၏ သားသမီးများက တစ်လှည့်စီပြောကြသည်။ ထို့နောက် ရွာသားများဝင်လာကြသည်။ သူတို့ကလည်း... "ကျုပ်တို့ရွာဟာ ရာမီဇာရွာပါပဲ" ဟူ၍ ထပ်တလဲလဲ အော်ပြောကြသည်။

ညနေစောင်း ရောက်လာသောအခါ ပလွေမှုတ်သံများ၊ ပတ်သာတီးသံများဖြင့် ကျွက်ကျွက်ညံနေတော့သည်။ ယောကျ်ားများက သီဆိုကခုန်ရင်း စားသောက်ကြသည်။ မိန်းမများက ကျေးမွေးဧည့်ခံကြသည်။

သူတို့သည် ရှစ်ယောက်တစ်တန်း၊ ဆယ်ယောက်တစ်တန်းစီ ပခုံးလက်တင်ပြီး ကခုန်ကြသည်။ သူတို့သည် ကိုယ်ခန္ဓာကို မာတောင့်ထားပြီးလက်ထဲမှ ဓားရှည်များကို အပေါ်မြှောက်ကာ စစ်ခေါ်သံများကို အော်ဟစ်ကြွေးကြော်ရင်း စိတ်လွတ်ကိုယ်လွတ် ကခုန်ကြသည်။

ဤညသည် အာရပ်မိသားစုအားလုံးတို့အား အဖြစ်မှန်ကို

သက်သေထူလိုက်လေပြီ။ အကြောင်းသော်ကား အကယ်၍ သတို့သမီးက မိမိအပျိုစင်ဘဝကို လိမ်ညာခဲ့လျှင် သူ့အစ်ကိုများ၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးရမည် ဖြစ်သည်။ သူတို့၏ ဂုဏ်သိက္ခာနှင့် ၊ ဖခင်ဂုဏ်သိက္ခာသည် သတို့သမီး၏ အပျိုစင်စစ်ခြင်းအပေါ်တွင် လုံးဝတည်နေသောကြောင့် ဖြစ်သည်။

တဘားရွာတွင် ကြုံရတတ်သော ဖြစ်ရပ်ဆန်းတွေ အများကြီးရှိသည်။ မိန်းကလေး တစ်ယောက်သည် အပျိုမစစ်ကြောင်း သိရသောအခါ လူတွေသိကုန်မည်စိုးသောကြောင့် ၊ အရှက်ကို ကာကွယ်သည့်သဘောဖြင့် လင်ဖြစ်သူက မိမိလက်ကို သွေးထွက်အောင်လှီး၍ ညအိပ်အဝတ်တွင် သွေးဖြင့် ဆွတ်ထားတတ်သော ဖြစ်ရပ်မျိုးလည်းရှိသည်။ မိန်းကလေးများသည် ငယ်စဉ်က ဟတ္တမေထုံအကျင့်ကြောင့် သော်လည်းကောင်း၊ ကြမ်းတမ်းစွာ ကစားခုန်စားသောကြောင့်သော်လည်းကောင်း၊ အခြားမတော်မဆ ဖြစ်ရပ် တစ်ခုခုကြောင့်သော်လည်းကောင်း၊ အင်္ဂါဇာတ်အတွင်းရှိ အမြှေးပါးပေါက်သွားတတ်ကြသည်။ ထိုအဖြစ်မျိုးကြုံလျှင် ထိုမိန်းကလေးအား လိုင်ဒါမြို့သို့လွှတ်ကာ သမားတော်တစ်ဦးဦးထံတွင် အပျိုစစ်စစ်ဖြစ်ကြောင်း ထောက်ခံချက် တောင်းယူစေသည်။

သို့သော် တချို့မိန်းကလေး တော်တော်များများ၏ အမြှေးလွှာများမှာ ပျော့ပျောင်း သောကြောင့် မေထုန်သံဝါသပြုသည့်တိုင်အောင် မပေါက်မပြဲဘဲ ရှိတတ်ကြသည်။ ထို ' အဖြစ်မျိုးကြုံလျှင် ဝမ်းဆွဲက လက်သည်းဖြင့်ဖောက်ကြည့်ပြီး အပျိုရည်ပျက်မပျက်ကို စစ်ဆေးလေ့ ရှိကြသည်။

တစ်ခါတစ်ရံ ယောက်ျားဖြစ်သူ၏ ရိုင်းပျကြမ်းတမ်းမှုကြောင့် ဒဏ်ရာအနာတရ ဖြစ်တတ်သည်။ ဝမ်းဆွဲလက်သည်၏ ချွန်ထက်ညစ်ပတ်သော လက်သည်းဒဏ်ကြောင့် သွေးမတိတ်နိုင်သောဖြစ်ရပ်များ ကြုံရတတ်သည်။

သို့သော် ဟာဂျီအီဘရာဟင် အဖို့ရာကတော့ ဆိုခဲ့သောဖြစ်ရပ်မျိုးနှင့် လုံးဝဥဿုံ ကင်းရှင်းသည်။ သူ့လိုကံကောင်းသူ ဤဇမ္ဗူမှာ ရှိပါဦးမည်လား။

မင်္ဂလာဆောင်ပွဲကြီး အောင်မြင်စွာ ပြီးဆုံးသွားပြီဖြစ်၍ သတို့သမီး၏ ဖခင်ကြီးနှင့် နောက်လိုက်နောက်ပါ အခြွေအရံတို့သည် တဘားရွာမှ ပြန်လည်ထွက်ခွာကြသည်။

ရှေ့ဆုံးတွင် အီဘရာဟင်နှင့် ရိုတ်အဇစ်တို့က ကိုယ်ရံတော်များနှင့် အစေခံများ ဝန်းရံကာ ဦးဆောင်ထွက်ခွာလာကြသည်။ ကုလားအုတ်တပ်ကြီးက နောက်မှ လိုက်လာ ကြသည်။

နေ့ဝက်ခန့် ခရီးထွက်လာကြပြီးသောအခါ နောက်မှ လိုက်လာသော ကုလားအုတ် တပ်ကို ရပ်နား၍ စောင့်ဆိုင်းနေကြသည်။ ဟာဂျီအီဘရာဟင်နှင့် ရိုတ်အဇစ်တို့သည် နီဂျက်သဲကန္တာရထဲမှ ရှားရှားပါးပါး ချုံပုတ်တစ်ခုဘေးတွင် အနားယူနေကြသည်။

ဤဒေသကား အလွန်တရာမှ ကြမ်းတမ်းရက်စက်သော ဒေသဖြစ်သည်။ အလွန် ထူးခြားသော လူမျိုးများသာလျှင် ဤဒေသတွင် အသက်ရှင် ရပ်တည်နိုင်ကြသည် အာရပ်ကမ္ဘာသည် ဤကမ္ဘာမြေ၏ အဆိုးရွားဆုံးဒေသတွင်တည်ရှိရာ အာဖရိကမြောက်ပိုင် မှသည် ပစိဖစ်သမုဒ္ဒရာ၏ အဆိုးရွားဆုံးဒေသများအထိ ကျယ်ပြောသည်။

ဤဒေသတွင် လူသားတို့သည် မြေကြီးကို ထင်သလိုခြယ်လှယ်၍ မရနိုင်ကြ ဤဒေသ ဤမြေလွှာသည် သူ့အပေါ်တွင် လာရောက်နေထိုင်သူတို့အား ရက်စက်ကြင် ကြုတ်စွာ ဆက်ဆံသည်။ ဤဒေသမှ လူသားတို့သည် သက်ရှင်ရပ်တည်နိုင်ရေးအတွက် အလွန်အကျူး ရုန်းကန်ကြရသည်။ ထို့ကြောင့် ဤဒေသမှ လူသားတို့၏ဘဝသည် ကြမ်းတမ်းရခြင်းဖြစ်သည်။ ကြမ်းတမ်းခြင်းသည် သူတို့၏သဘာဝ ဖြစ်လာရသည်။

ရိုတ်ဝါလစ်အဇစ်၏ ကိုယ်ပေါ်တွင် အညိုရောင်အစက်အပြောက်များနှင့် အကြောများ နေခြင်းမှာ သူ၏အသက်အရွယ်ကို ဖော်နေခြင်းဖြစ်သည်။ သူကား သဲကန္တာရအကြီး တစ်ဦး ဖြစ်သည်။ သူ့ လက်သည် နုပျိုသန်မာစဉ်က ရန်သူပေါင်းများစွာတို့၏ စက်များကို ရက်ရက်စက်စက် ဖောက်ခွဲခဲ့သည်။ သူ့လက်ချက်ဖြင့် သေဆုံးခဲ့ရသူ အတွက်မှာ သမ္မာကျမ်းလာ ယောဘ၏လက်ချက်ဖြင့် သေဆုံးခဲ့ရသူ အရေအတွက် က်ပင်များသေးသည်။

ဟာဂျီအာမင်နှင့် ရိုတ်အဇစ်တို့သည် သူတို့ကိုယ်သူတို့ ဤဒေသ၏ ခေါင်းဆောင်ကြီး အဖြစ်ကြေညာပြီး ကိုယ်ပိုင်နိုင်ငံငယ်များ တည်ထောင်အုပ်စိုးရန် စိုင်းပြင်းနေသူ ဖြစ်ကြသည်။ လူမျိုးစုများနှင့် လူမျိုးစုခေါင်းဆောင်များသည်

အာရပ်ကမ္ဘာ၏ နိုင်ငံရေးအဆောက်အအုံတွင် အရေးပါဆုံး ခံတပ်ကြီးများသဖွယ် ဖြစ်သည်။

အီဘရာဟင်သည် သူ့ဩဇာအာဏာ ကြီးထွားရေးအတွက် သတင်းထောက် မ်းချက်များ လိုအပ်သည်။ သို့မဟုတ် လမ်းညွှန်မှုလိုအပ်သည်။ သို့သော် လက်ရှိအခြေ တွင် သွေးချင်းသားချင်းများကိုပင် ယုံကြည်၍မရ။ တစ်ယောက်ကို တစ်ယောက် ကို မပြောကြ။ အီဘရာဟင်က ပြောသည်။ "စစ်ကြီးတော့ မကြာခင် ပြီးသွားလိမ့်မယ်ထင်တယ်ဦး"

ရှိတ်အဇစ်၏ အသက်မှာ ၉၀ နီးပါးပင်ရှိခဲ့ပြီ။ သူသည် စစ်ပွဲအမျိုးမျိုးကို မြင်ခဲ့ဖူးပြီ၊ စစ်ပွဲကြီးတွေ ပေါ်ပေါက်လာသည်။ ပြီးဆုံးသွားကြသည်။ ဝါဟာဘီဘီဒိုယင် လူမျိုးစုများကတော့ အမြဲတမ်းရှိနေသည်။ အီဘရာဟင်က ဆက်၍ပြောသည်။

"တစ်နည်းအားဖြင့်တော့ ကျွန်တော် စိတ်အေးမိတယ်၊ ကိုယ့်ကိုကိုယ်တော့ သိပ်မသေချာသေးဘူး၊ ကျွန်တော်က ဂျာမန်တွေကိုဘယ်တော့မှမယုံဘူး"

ရှိတ်အဇစ်က ဘာမျှပြန်မပြော။ ဆိတ်ဆိတ်နားထောင်၍သာနေသည်။ စစ်ကြီး ဖြစ်စတွင် ဂျာမန်တွေက သူတို့၏သူလျှိုတစ်ယောက်ကို ဝါဟာဘီလူမျိုးစုအတွင်းသို့ ထိုးဝှက်စေလွှတ်ခဲ့သည်။ ဂျာမန်တပ်များ စူးအက်တူးမြောင်းဘက်သို့ စစ်ချီသောအခါ အဖရိကတပ်မဟာကို ကူညီသည့်သဘောဖြင့် ဘီဒိုယင်မျိုးနွယ်စုတွေအားလုံး ဗြိတိသျှကို တော်လှန်ပုန်ကန်ကြရန် အဆိုပါသူက အကြံပြုသည်။ ရှိတ်အဇစ်က အတိအကျကတိ ၊ မြွေမသေတုတ်မကျိုးသဘောမျိုးသာ မတင်မကျ ကတိပေးသည်။ တူရကီ၊ "စ်နှင့် ဗြိတိသျှတို့အားလည်း သူက ဤအတိုင်းပင်ကတိပေးခဲ့သည်။

"ပါလက်စတိုင်း တစ်နယ်လုံးဆိုင်ရာပါတီဖွဲ့စည်းရာမှာ ပါဝင်ကူညီပါလို့ ကျွန်တော့် ကို လာပြီးချဉ်းကပ်ကြတယ်" ။

အီဘရာဟင်က ပြောသည်။ "ပြီးတော့ ဦးတို့ ဝါဟာဘီအုပ်စုတွေရော ပါဝင်လာကြမှာလားလို့လဲ မေးကြတယ်"

"မင်းအဖြစ်က ပစ်မှတ်တည့်တည့်မှာ ရောက်နေတယ်၊ ရွာသားတွေက

မတော်ကြ ဆူ၊ ငါကတော့ သံကန္တာရထဲမှာပဲ သွားနေတယ်၊ပါလက်စတိုင်းကို ဘယ်သူပဲအုပ်ချုပ် အုပ်ချုပ် ငါ့အဖို့ ဘာမှမထူးဘူး”

“ဒါပေမယ့် တစ်ခုရှိတယ်ဦး၊ ဒီစစ်ကြီးပြီးသွားလျှင် ဒီဒေသကို နောက်ထပ်အုပ်ချုပ်သူ သစ်တစ်ယောက် ရောက်လာလိမ့်မယ်၊ ဗြိတိသျှတွေတော့ အနေးနဲ့အမြန် ပြန်ထွက်သွား ကြတော့မှာပါ။ သူတို့ မအောင်မြင်ဘူး၊ စိတ်ဓာတ်ကျနေကြပြီ။ ဒီအချိန်မှာ ကျွန်တော်တို့ အခွင့်ကောင်းယူပြီး ပါလက်စတိုင်းကို အရယူရမယ်”

ရှိတ်အဇစ်သည် ငြိမ်ငြိမ် စဉ်းစားနေသည်။ အတန်ကြာတော့မှ…

”အလကားအလုပ်ပါ အီဘရာဟင်၊ မင်းက မင်းရွာကိုအုပ်ချုပ်၊ ငါက ဝါဟာဘီလူမျိုး ကိုအုပ်ချုပ်၊ အဲဒါအဓိကပဲ။ တခြားဟာတွေက အလကားအလုပ်တွေပါ၊ ဒီနေရာကနေပြီး ဟောဟိုကသစ်ပင်ကို ကြည့်လိုက်ပါ။ အာရပ်နှစ်ယောက်က သူတို့ထင်ရာကို တစ်မျိုး ပြောကြလိမ့်မယ်။ ဘယ်အပင်ပဲဆိုပြီး အတိအကျ လုံးဝပြောနိုင်ကြမှာမဟုတ်ဘူး။ ထို တစ်တွေဟာ ကောင်းကင်မှာ နေမင်းစပေါ်တဲ့ အချိန်ကစပြီး ဒီဒေသမှာ နေလာခဲ့ကြတယ် ပါလက်စတိုင်းကို ဘယ်အာရပ်လူမျိုးမှ မအုပ်ချုပ်ခဲ့ကြဘူး။ ဒီအချိန်မှာ နိုင်ငံရေးမဟာမိတ်ကို ကြပ်ကြပ်သတိထားပါ အီဘရာဟင်”

“ဗြိတိသျှတွေထွက်ခွာသွားတဲ့အခါ အာရပ်ကမ္ဘာတစ်ခုလုံးကို ဂျူးတွေ သိမ်းမရ နိုင်ပါဘူး”

“ဟုတ်နိုင်ပါတယ်၊ ဒီကိုရောက်လာတဲ့ မိစ္ဆာတိတ္ထိတွေ အားလုံးထဲမှာ ဂျူးတွေလောက် ဘယ်သူမှ ရွံ့စရာမကောင်းဘူး။ ဂျူးတွေကိုဆန့်ကျင်တဲ့လုပ်ရပ်ဟာ တို့အတွက် အမိန့်ရှည် အတူတူပဲ။ ဒီလောက် နှစ်ကာလကြာလာတဲ့အချိန်မှာ ကျုပ်တို့က စစ်တိုက်ပြီး အနိုင်ယူနိုင် အခြေအနေမျိုးရောက်ချင် ရောက်လာနိုင်လိမ့်မယ်။ ဒါပေမယ့် စစ်နိုင်တော့ကော ဘာဖြစ်မှာလဲ အာရပ်နိုင်ငံတွေက ပါလက်စတိုင်းကို မင်းတို့ရဲ့ နိုင်ငံရေးပါတီကို လွှဲပြောင်းပေးပါ့မလား ဒါမှမဟုတ် ဆီးရီးယားက ဂါလီလီကို၊ အီဂျစ်က နီဂျက်ကိုယူမှာလား၊ အာရပ်စစ်တပ်ကြီး ဂျော်ဒန်မြစ်ကို ပြန်ဖြတ်ပြီး အနောက်ဘက် ကမ်းပါးမှာနေမှာလား၊

”.....ပြီးတော့ ကောက်ဂျီနဲ့ မဟာမင်းကြီးတို့က ဘာလုပ်မှာလဲ၊ နောက်ပြီး တို့ရဲ့ ပါလက်စတိုင်းအမျိုးသားဝါဒက ဘယ်လိုအဆုံးသတ်သွားမှာလဲ၊ ထုံစံအတိုင်းပဲ အဆုံး သတ်မှာပဲ။ လူတစ်ဦးတစ်ယောက် ဩဇာအာဏာရရှိခြင်းနဲ့ အဆုံးသတ်မှာပဲ။ မဟာမိတ် ကြပ်ကြပ်သတိထားပါ အီဘရာဟင်၊ အစည်းအဝေးတွေကိုလဲ ကြပ်ကြပ်သတိထားပါ အဲဒီအစည်းအဝေးတွေက တစ်ယောက်နဲ့တစ်ယောက် အော်ဟစ်ငြင်းခုံပြီး ရန်ဖြစ်ကြတာ။ အဆုံးသတ်ကြတာချည်းပါပဲ ။

အဘိုးကြီးသည် အကြာကြီးစကားပြောပြီး ငြိမ်သွားသည်။ မိုးကုပ်စက်ဝိုင်း နောက်ခံထားကာ တရွေ့ရွေ့ လာနေသော ကုလားအုတ်တန်းကြီးကို အဝေးကြီးတွင် လှမ်းမြင်နေရသည်။

အီဘရာဟင်က ခေါ်လိုက်သည်။ “

ဂျူးတွေနဲ့ ကျွန်တော်တို့နဲ့ စစ်ဖြစ်ဦးမှာကတော့ကျိန်းသေပဲ၊ ဘယ်လိုမှ ရှောင်၍ ရနိုင်မှာမဟုတ်ဘူး”

“အဲဒါဟုတ်ပါတယ်၊ မင်းတို့တိုက်ကို တိုက်ရဦးမှာပဲ ဘာဖြစ်လို့လဲဆိုတော့ သူတို့က မိစ္ဆာတိတ္ထိတွေ၊ ငါတို့ကမွတ်စလင်တွေဖြစ်လို့ပဲ၊ တို့အစ္စလာမ် ဘာသာရှိနေ နေရာမှာ ဘယ်မိစ္ဆာတိတ္ထိကိုမှ ဗိုလ်ကျခွင့်မပြုနိုင်ဘူး၊ သို့သော် ဂျူးတွေကိုတိုက် သတိတော့ကြပ်ကြပ်ထားပါ

”ဦးက ဘာကိုဆိုလိုတာလဲ ? “တခြား နိုင်ငံခြားသားတွေအားလုံးဟာ တို့ကိုခေါင်းပုံဖြတ်ဖို့ လာကြတာချည်း က သူတို့အလိုပြည့်လျှင် ပြန်သွားကြမယ်။ ဒါပေမယ့် ဂျူးတွေက ဘယ်တော့မှ ပြန်ဘူး၊ သူတို့က ဒီမှာတစ်သက်လုံးနေဖို့ လာကြတာ။ သူတို့က လယ်ယာမြေတွေကို တက်အောင်လုပ်ကြမယ်၊ လုပ်ကြတယ်၊ သူတို့ကို တခြားလူတွေထက် ယုံကြည်နိုင်တယ်။ ငါးလူမျိုးစုတွေထက်တောင် ယုံကြည်နိုင်တယ်၊ - နောက်ဆုံးမှာ ငါတို့ဟာ ဆီးရီးယားသားတွေ ဂျော်ဒန်သားတွေ အင်္ဂလန်သား ပေါင်းတာထက် ဂီဒီယံအက်ရှ်နဲ့ပေါင်းတာ ပိုပြီးအကျိုး ရှိနိုင်တယ်။ ငါတို့နယ်မြေမှာ တွေလာပြီး အခြေချတာကို ကမ္ဘာကသိအောင်ရှုတ်ချရမယ်။ ဒါပေမယ့် သူတို့ကို ခေတ်နဲ့ချိန်လျှင် မင်းပစ်မှတ်လွဲလိမ့်မယ်၊ မင်းပစ်တောဘယ်ကိုမှမထိဘဲ နေလိမ့်မယ်။

ကို အမြဲတမ်းသတိရပါ၊ ငါ့ကို အီဂျစ်လူမျိုးတွေလက်အောက် ဘယ်တော့မှ မရောက် ဆန့်လို့ အလ္လာအရှင်မြတ်က မိန့်တော်မူထားတယ်"

ကုလားအုတ်တပ်ကြီးသည် လှုပ်လှုပ်လှုပ်လှုပ်ဖြင့် တဖြည်းဖြည်း နီးကပ်လာသည်။ (အဇစ်သည် ထိုင်ရာမှထရပ်ပြီး တူသမက်ကို ဖက်ယမ်းနှုတ်ဆက်သည်။ ထို့နောက် ပေါ်သို့ ပြန်တက်သည်။

"တို့အနေနဲ့ နိုင်ငံတစ်နိုင်ငံ မထူထောင်နိုင်ဘူး၊ အစိုးရအဖွဲ့ တစ်ဖွဲ့ကို ဘယ်တော့မှ ဦးဆောင်မအုပ်ချုပ်နိုင်ဘူး။ တို့ရဲ့ အစဉ်အလာက မင်းလိုငါလိုပဲနေရမယ်၊ ဂျူးတွေနဲ့ ဆက်ဆံတဲ့အခါ ခေါင်းအေးအေးနဲ့ဆက်ဆံပါ။ အဲဒါ ငါတို့အတွက်အကောင်းဆုံးပဲ"

အဘိုးကြီးသည် မြင်းဇက်ကိုလှည့်ပြီး ကုလားအုတ်တပ်ဆီသို့ ထွက်ခွာသွားလေ၏။

အခန်း (၁၇)

ကျွန်တော့်ဖေဖေသည် စစ်ကြီးကြောင့် နာမည်ကျော်ပုဂ္ဂိုလ် ဖြစ်လာခဲ့သည်။ ဖေဖေသည် မဟာမင်းကြီး၏ပုန်ကန်ထကြွမှုကို ကျော်လွှားနိုင်ခဲ့ရုံမျှမက ကောက်ဂျီ၏ သူပုန်တပ်ကိုလည်း အပြတ်အသတ်ချေမှုန်းနိုင်ခဲ့သည်။

သူ၏ တဘာလယ်ကွင်းများကို မီးရှို့ခြင်းနှင့် သူပုန်များကို လက်ရဖမ်းနိုင်ခြင်းတို့မှာ လူတိုင်းပါးစပ်ဖျားတွင် ပြောမဆုံးအောင်ဖြစ်နေသည့် သမိုင်းဝင်တိုက်ပွဲ ဖြစ်လာခဲ့သည်။ ဤတိုက်ပွဲအကြောင်းကို ကဗျာလင်္ကာများ ထောင်သောင်းမကဖွဲ့၍ မော်ကွန်းတင်ခဲ့ကြသည်။

ဖေဖေသည် ရာမီဇာ၏ နုပျိုလန်းဆန်းသော အချစ်ပန်းဝတ်ရည်ကို သောက်သုံး၍ ရိုးအီသွားသောအခါ မေမေ၏ဖွံ့ဖြိုးသော ကိုယ်ကာယဘက်သို့ စိတ်ပြန်လည်လာကာ မေမေ့ကို သူနှင့်အတူအိပ်ရန်ပြန်ခေါ်သည်။

မေမေကတောင်းပန်သော်လည်း ဘယ်လိုမှမရ။ သို့သော် မေမေက ဘာစကားမှ ပြန်မပြောဘဲနှင့် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ ဖေဖေ့အနေဖြင့်

ယခင်က မေမေ နှင့်ဆက်ဆံ၍ ခံစားခဲ့ရသောရက်ခံစားမှုမျိုး၊ သို့မဟုတ် ရမ္မက်စည်းစိမ်မျိုးကို ဘယ်တော့မှ မရစေရတော့ဟူ၏။

ဤအချက်ကြောင့် ဖေဖေက အလွန်ဒေါသထွက်သည်။ သူက မေမေ့ကို ပြတ်စဲ ကွာရှင်းပစ်မည်။ ရာသက်ပန် ကြဉ်ထားလိုက်မည်ဟူ၍ပင် ကြိမ်းဝါးသည်။ မွတ်စလင် လင်ယောကျ်ားတစ်ယောက်က မိမိ၏ ရမ္မက်ဆန္ဒကို မဖြည့်နိုင်သော ဇနီးမယားအား မောင်းထုတ်ပစ်ခြင်းမှာ သာမန်ရိုးရိုးကိစ္စလေး တစ်ခုမျှသာဖြစ်သည်။ သို့သော် ဖေဖေက အလွန်လက်တွေ့ဆန်သည်။

ရာမီဇာမှာ အလွန်လှပချောမောသော်လည်း ဘီဒိုယင်မျိုးနွယ်စုဝင် ဖြစ်သည်။ ကျွန်တော်တို့ရွာမှ မိန်းမများထက် အလွန်ကြမ်းသည်။ သူက ဖျတ်ဖျတ်လတ်လတ်မရှိ။ မီးဖိုချောင်ကိစ္စနှင့် အခြားကိစ္စများကိုဆောင်ရွက်ရာတွင် အလွန်နှေးကွေးသည်။ ပေါ့ပေါ့ လျော့လျော့နိုင်သည်။ စိတ်အားထက်သန်မှုမရှိ။

နွားမအသစ်က နို့မထွက်မချင်း နွားမအဟောင်းကို မစွန့်ပစ်ရဟူ၍ ဖေဖေက ပြောသည်။ သူသည် စားသောက်ရာတွင်လည်းကောင်း၊ တခြား အိမ်မှုကိစ္စများတွင်လည်း ကောင်း အဆင်ပြေပြေအိမ်ရှိရှိနှင့် ခံစားချင်သည်။ ထို့ကြောင့် ထိုကိစ္စများတွင် ကျွမ်းကျင် သော မေမေ့ကိုမောင်းမထုတ်ဘဲ ဆက်လက်နေစေခြင်းဖြစ်သည်။ “

စစ်ကြီးပြီးဆုံးသောအခါ ကျွန်တော် ကိုးနှစ်သားအရွယ်ရှိနေပြီ။ ကျွန်တော်သည် # အားပေးမှုဖြင့် ဖေဖေ့ထံချဉ်းကပ်ပြီး ကျွန်တော့်အား ကျောင်းထားပေးရန် ပြောသောအခါ ဖေဖေက သဘောတူသည်။ ကျွန်တော် စာရေးစာဖတ်တတ်လျှင် ရွာလယ်မြေစာရင်းများကို ကောင်းစွာထိန်းသိမ်းနိုင်မည်။ ထို့ပြင် အစ်ကိုကြီးကမယ်နှင့် အကြီးဖရောက်တို့က ဖေဖေ့အား ဆက်လက်လိမ်ညာနေကြဆဲပဲလား ဆိုသည်ကိုလည်း အတိအကျသိရှိနိုင်မည် ဖြစ်သည်။

ရမ်လီမြို့မှကျောင်းမှာ အလွန်အဆင့်အတန်းနိမ့်သည်။ သမိုင်းဦးအဆင့်အတန်း လောက်သာရှိသည်။ သို့သော်လည်း ကျောင်းနေရသည်ကိုပင် ကျွန်တော်က အလွန်ဂုဏ်ယူ သောနေမိသည်။ အစ်ကိုကြီးကမယ် အာရပ်ကျောင်းသို့ တက်ခဲ့ပြီးသည့်နောက်ပိုင်းတွင်

ကျွန်တော်သည် စာသင်ခွင့်ရသည့် တဘားရွာမှ
တစ်ယောက်တည်းသောကျောင်းသား ဖြစ်သည်။ ဘကြီးဖရောက်ကတော့ စာရေး စာဖတ်ပညာကို ခရစ်ယာန်သာသနာပြု ဆောင်းတွင် သင်ယူခဲ့သည်။

ကျွန်တော်တို့ကျောင်းတွင် မှောင်မည်းနေသော အခန်းတစ်ခန်းသာရှိသည်။ လေ အိုက်၍ ပူအိုက်သောနေ့များတွင်ပင် အိမ်သာနံ့ကနံသေးသည်။

ကစားကွင်းမှာလည်း စာသင်ခန်းထက် များစွာမကြီးလှ။ မြေမာပြီးညစ်ပတ်နေသည်။ အားကစားပစ္စည်းကရိယာ ဘာမှမရှိသောကြောင့် ကစားကွင်းဟူ၍ပင် မခေါ်နိုင်။ ကစားကွင်း ဒီမန်း တော်တော်ကြာမှ ကျွန်တော်သိရသည်။ များသောအားဖြင့် အားလပ်ချိန်တွင် လယ်စာစားကြသည်။ စားပြီးလျှင် တံတိုင်းကိုကျောပေးထိုင်ကာ အရိပ်ခိုနေတတ်ကြသည်။ တစ်ခါတလေ တချို့ ကျောင်းသားတွေ ဘောလုံးကန်ကြသည်။ စိန်ပြေးတမ်းကစားကြသည်။ သို့သော် ကျွန်တော်တို့သည် တံတိုင်းဘေးတွင်ထိုင်ရင်း အရိပ်ခိုနေကြသည်ကသာများ သည်။ သို့မဟုတ်လျှင်လည်း ဂျူးအဘိုးကြီးတစ်ယောက်ယောက် ဖြတ်လျှောက်သွား သောအခါ တံတိုင်းပေါ်မှကျော်ပြီ ခဲလုံးများဖြင့် ပစ်ပေါက်ကစားတတ်ကြသည်။

ကျွန်တော်တို့ကျောင်းတွင် ရှစ်နှစ်မှ ဆယ့်နှစ်နှစ်အရွယ် ကျောင်းသားကလေး ဆယ့်ခြောက်ယောက်ရှိသည်။ မိန်းမလေးတစ်ယောက်မျှမရှိ။ ကျွန်တော်က အသက် အငယ်ဆုံး။ သို့သော်လည်း ကျွန်တော်သည် တစ်နေ့တွင် ပညာတတ်ကြီးတစ်ယောက် ဖြစ်လာရမည်ဟု ဆုံးဖြတ်ထားသည်။ ပညာမတတ်လျှင် ကျွန်တော့်အနေဖြင့် ဆိတ်ကျောင်း သားအလုပ်ကိုသာလုပ်ရမည်။ ဤအလုပ်သည် မိသားစုထဲတွင် အနိမ့်ဆုံးအလုပ် ဖြစ် သည်။

ကျွန်တော့်လောက် ဘယ်သူမှ စာမကြိုးစားကြ။ တစ်ခါတစ်ရံ တခြားကျောင်းသား များက ကျွန်တော့်ကို မြေကြီးပေါ်လဲကျအောင် တွန်းထိုးတတ်ကြသည်။ သဘောကတော့ ကျွန်တော် စာအလွန်ကြိုးစားသည်ကို မနာလိုသောကြောင့်ပင် ဖြစ်သည်။

ကျွန်တော်တို့ဆရာနာမည်က မစ္စတာဆာလမီ။ ဆရာက ပိန်ခြောက်ခြောက်နှင့် အလွန်ဖျော့ယာခတ်သည်။ မုတ်ဆိတ်မွေးဗရပျစ်နှင့်

နဖူးကပြောသည်။ သူသည် စာ ဆောက်တုတ်ကို နံရံကပ်သင်ပုန်းကြီး၌ ထောက်ခြင်းထက် ကျွန်တော်တို့ကို ရိုက်ဖို့ ကိစ္စတွင်သာ ပို၍အသုံးပြုသည်။

ကျွန်တော့်မှာ ဟာဂျီအီဘရာဟင်၏ သားဖြစ်သောကြောင့် တခြားကျောင်းသား တွေလို ကျောကွဲအောင် အရိုက်ခံရခြင်းမျိုးမရှိ။ ဤအတွက်ကြောင့် သူတို့က ကစားကွင်းတွင် ကျွန်တော့်ကို ပိုပြီးအငြိုးထားလာကြသည်။ လအနည်းငယ်ခန့်ကြာသောအခါ ကျွန်တော်သည် ကိုယ့်အစွမ်းကိုပြရန် သတိရလာသည်။ သို့မဟုတ်လျှင် သူတို့နှိပ်စက်၍ ကျွန်တော် အသက်ထွက်ဖို့သာ ရှိတော့သည်။

ထို့ကြောင့် ကျွန်တော်သည် အင်္ကျီအိတ်ထဲတွင် ကျောက်ခဲတွေ အမြဲတမ်း အပြည့် ထည့်ထားသည်။ ကျွန်တော့်ကို သူတို့ရန်စလာလျှင် ကျွန်တော်က သူတို့ကို ခဲနှင့်ပစ်ထည့်မည်။ ကျွန်တော် အလွန်လက်တည့်သည်။

တစ်နေ့တွင် အခြေအနေကပိုဆိုးလာသဖြင့် ကျွန်တော်သည် ဖေဖေလက်နက်ဗီရိုထဲမှ ဆောင်ဓားတစ်လက်ကို တိတ်တဆိတ်ခိုးယူပြီး ကျွန်တော့်ဝတ်ရုံအောက်တွင် ဖွက်ယူ လာသည်။

ထိုနေ့က ကျွန်တော့်အား ကျောင်းသားတစ်စုက ကစားကွင်းထဲတွင် ဝိုင်းထားကြ ဓားကိုဆွဲထုတ်ပြီး သူတို့ကိုအတင်းလိုက်ယမ်းသည်။ ခေါင်းဆောင်လုပ်သူ၏ မျက်နှာကို ဓားရှပ်ထိသွားသည်။ ထိုနေ့မှစ၍ သူတို့က ကျွန်တော့်ကို နောက်ထပ်အနှောင့်အယှက် လုံးဝမပေးကြတော့။ . ကျွန်တော်တို့မှာ ကျောင်းသုံးစာအုပ် အနည်းငယ်သာရှိသည်။ တစ်ခါတစ် စာအုပ်တစ်အုပ်ကို လူလေးယောက် ဝိုင်းဖတ်ကြရသည်။ ကျွန်တော် ဉာဏ်ထက်ပုံ မြင်ရတော့ မစ္စတာဆာလမီက အံ့သြမိသည်။

တစ်ခါတလေ ကျွန်တော့်ကို မေမေလာခေါ်သောအခါ မစ္စတာဆာလမီ ကျွန်တော့်ဦးခေါင်းကိုပွတ်သပ်ပြီး ကျွန်တော်သည် အလ္လာအရှင်မြတ်၏ မေတ္တာတော် ရရှိသောကလေးဖြစ်သည်ဟု မေမေ့ကိုပြောပြတတ်သည်။ မစ္စတာဆာလမီသည် ကျွန်တော် ခေါင်းကိုပွတ်သပ်သော ဒုတိယလူကြီးဖြစ်သည်။ အစဉ်အလာအားဖြင့် ကျွန်တော်တို့ လူကြီးယောကျ်ားများက ဂရုမစိုက်ဘဲ ပစ်ထားတတ်ကြသောကြောင့် ဖြစ်သည်။ တစ်ခါ အစ်ကိုကြီးကမယ်နှင့်

ဘကြီးဖရောက်တို့က ဖေဖေ့အား စာရင်းလိမ်ပြနေကြကြောင်း ကျွန်တော်ကပြောပြသောအခါ ဖေဖေက ကျွန်တော့်ခေါင်းကို ပထမအကြိမ်ပွတ်သပ်ပါသည် မစ္စတာဆာလမီ၏ ပွတ်သပ်မှုကို ကျွန်တော်ဘယ်တော့မှ မမေ့တော့ပါ။ ကျွန် စိတ်ထဲမှာ အလွန်သာယာမိပါသည်။ သို့သော်လည်း ကျွန်တော်တို့ နှစ်ယောက်တည်းရှိတူ ပွတ်သပ်သောအခါတွင်မူ ကျွန်တော်မနေတတ်မထိုင်တတ် ဖြစ်မိပါသည်။ အဘယ်ကြေား ဆိုသော် မစ္စတာဆာလမီက ကျွန်တော့်မျက်နှာကို စူးစူးဝါးဝါး စိုက်ကြည့်တတ်သော ဖြစ်သည်။

ကျွန်တော် ကိုးနှစ်သားအရွယ်သို့ ရောက်လာသောအခါ ကိုရန်ကျမ်းမှ အ ` တော်တော်များများကို အလွတ်ရလာသည်။ အားလပ်ချိန်များတွင် အလေ့အကျင့် သောကြောင့် အမြောက်နှင့်အစားကိုလည်း စာရွက်နှင့်ကလောင်တံ မသုံးဘဲ တန်းတွက် လာသည်။

ကျွန်တော်တို့ ကျောင်းသားကလေးများ စိတ်ဝင်စားသော အခြား အကြောင်း “ နှစ်ခုအနက် ပထမအကြောင်းရပ်မှာ ဖိုမဆက်ဆံရေးဖြစ်သည်။ ကျောင်းသားကြီး ထိုအကြောင်းကိုပြောပြလျှင် ကျွန်တော်တို့ ကျောင်းသားငယ်များက တအံ့တဩ ဝိုင် နားထောင်တတ်ကြသည်။ ဤသို့ပြောရသည်ကို သူတို့က ဂုဏ်ယူကြသည့် လူထု သည်ဟုလည်း ယူဆကြသည်။ ရွာထဲတွင်လည်း လူကြီးများက အားအားရှိတိုင်း ဤ အကြောင်းကိုပင် မြိန်ရေရှက်ရေ ပြောနေတတ်ကြသည်။

ကျွန်တော် ကျောင်းမနေခင်ကသော် ဤကိစ္စကိုညစ်ညမ်းသည်၊ အန္တ ရာယ်ရှိသည်။ ဘုရားမကြိုက်သောကိစ္စဖြစ်သည်ဟု ယူဆခဲ့သည်။ ယောကျ်ားကလေးနှင့် မိန်းကလေး ချင်းချင်း ရမ္မက်စိတ်ဖြင့်ကြည့်ရုံဖြင့် မျိုးနွယ်စုအတွင်း နှစ်ပေါင်းများစွာ ရန်ပွဲများ ဖြစ်ခဲ့ရသည်ကို ကျွန်တော်သိရပါသည်။ မိန်းကလေးတစ်ယောက်ကို သွားထိရုံမျှနှင့် ဦးကိတ်ပွဲဖြစ်နိုင်သည်။ သတ်ပွဲလည်း ဖြစ်နိုင်သည်။

တစ်နေ့တွင် ကျောင်းသားများ ကစားကွင်းထဲ၌ ထိုအကြောင်းများကို ပြောနေကြစဉ် သူတို့၏ အစ်မများသည် အိမ်ထောင်မပြုဘဲ

အပျိုရည်ပျက်ကြသောကြောင့် အစ်ကိုများက တ်ပစ်ခဲ့ကြကြောင်း ကျွန်တော်ကြားသိရပါသည်။ ဤဖြစ်ရပ်မျိုးများသည် တဘားရွာတွင် ညီး ကျွန်တော်မမွေးခင်က ပေါ်ပေါက်ခဲ့သည်ဟု ကြားဖူးပါသည်။

ယင်းသို့ ကျောင်းခန်းထဲတွင် ကျောင်းသားကလေးတွေက ဖိုမကိစ္စကို မြိန်ရေရှက်ရေ နေကြသော်လည်း ရွာထဲကျတော့ ပြောင်းပြန်ဖြစ်နေသည်။

“မိန်းကလေးတွေအနား လုံးဝမကပ်နဲ့၊ လုံးဝမထိမတို့နဲ့၊ ပြုံးလို့တောင်မပြနဲ့၊ ငါ့နဲ့ကစားလည်းမကစားနဲ့။ ရပ်ရေးရွာရေးကိစ္စရှိမှ သူတို့နဲ့စကားပြော၊ တခြားကိစ္စနဲ့ တော့မှမပြောနဲ့။ ကိုယ်ရဲ့ ညီမတွေ အပျိုရည်မပျက်အောင် စောင့်ရှောက်ခြင်းဟာ သားစုသိက္ခာကို မြှင့်တင်ရာရောက်တယ်။ ကိုယ့်ရဲ့ ယောကျ်ားဘဝဂုဏ်သိက္ခာဟာလည်း ဆောင်ဦးညမှာ ကိုယ့်မိန်းမ အပျိုစစ်ကြောင်းပြနိုင်တဲ့ပေါ်မှာ မူတည်တယ်”ဟူ၍ လူကြီးမိဘများက ပြောဆိုဆုံးမတတ်ကြသည်။

ဤသို့သော ဆိုဆုံးမချက်များကြောင့် ယောကျ်ားကလေးများနှင့် မိန်းကလေးများမှာ အချင်းချင်း အပြန်အလှန် အလွန်ကြောက်နေကြရသည်။ သို့သော် လူကြီးများအဖို့တွင်တော့ တွေ ဘယ်နှစ်ယောက်နှင့် အိပ်ခဲ့သည်ဖြစ်စေ ဘာမျှအရေးမကြီးပါ။

ကျောင်းသားများ စိတ်ဝင်စားသော ဒုတိယအကြောင်းရပ်မှာ ဂျူးလူမျိုးများ ကြောင်း ဖြစ်သည်။ ဇီယွန်ဝါဒဟုလည်းခေါ်သည်။ တဘားရွာတွင် ကျွန်တော့်ဘကြီး ဆက်သည် ရွာဘုန်းကြီး “အီမမ်' ဖြစ်သည်။ သူက ကျွန်တော့်ဖေဖေဟောခိုင်းသည်ကို သားများအား ဟောပြောရသည်။ ဥပုသ်နေ့ ဩဝါဒပေးတိုင်း ဂျူးတွေအကြောင်း သည်။ ပါလက်စတိုင်းသို့ ဂျူးတွေပြန်လာခြင်းကို အမြဲတမ်းရှုတ်ချသည်။ ဂျူးတို့သည် သန်ဘော်တွေအားလုံးကို သတ်ပစ်ခဲ့ကြောင်း၊ အာဖြဟံအကြောင်းကိုလည်း မဟုတ်မမှန် ပြောပြောဆိုခဲ့ကြကြောင်း၊ သမ္မာကျမ်းစာကိုလည်း ကမောက်ကမဖြစ်အောင် အမှားတွေ သင်ခဲ့ကြကြောင်း ကျွန်တော်သိခဲ့ရသည်။

ဤအချက်တွေကို ကျွန်တော်တို့ ကလေးတိုင်းသိကြသည်။ ကျွန်တော့်ဖေဖေသည် ထံမှ မည်သည့်အကူအညီမျှ မလိုချင်ပါ။ ကျွန်တော်တို့သည်

ဂျူးတွေနှင့် ဆင်စွာနေထိုင်ကြသော်လည်း တစ်စုံတစ်ရာပြဿနာတော့ မပေါ်ပါ။ တဘားရွာတွင် မုန်းတီးရေးစိတ်ဓာတ် မပြင်းထန်ပါ။ ကျွန်တော်ကျောင်းနေပြီးမှသာလျှင် ဂျူးတွေ လွန်ဆိုးဝါးကြောင်း သိရခြင်းဖြစ်သည်။

နေသူရိန်ဘုံရိပ်သာမှဂျူးများသည် လယ်ကွင်းများကိုတူးဆွပြီး ရှေးဟောင်းပစ္စည်း ၂၀၀ ဖွေကြသည်။ ရရှိသောပစ္စည်းများကို ပြတိုက်များဆောက်လုပ်ပြီး ပြသထားကြသည်။

pros ထိုအချိန်မတိုင်မီကသော် ကျွန်တော်တို့သည် လယ်ကွင်းများထဲတွင် အိုးခြမ်းကွဲများ မီးခတ်ကျောက်များနှင့် မြားစူးများတွေ့ရှိလျှင် တာလမ်းမကြီးသို့ထွက်ပြီး ဘုရားဖူးများနှ ဂျေရုဆလင်သို့သွားသော ခရီးသည်များအား ရောင်းကြသည်။

ယခု ဂျူးတွေကပြတိုက်ဖွင့်သောအခါ ကျွန်တော်တို့အနေဖြင့် ရှေးဟော ပစ္စည်းများရလျှင် သူတို့ကို ရောင်းချနိုင်လာပြီဖြစ်သည်။ တစ်ခါတစ်ရံ အိုးခြမ်းကွဲ ရရှိတတ်သည်။ ထိုအခါ ကျွန်တော်တို့က အားလုံးကို တစ်ကြိမ်တည်းမရောင်း တစ်ကြိမ်တွင် တစ်ခြမ်းစီသာရောင်းကြသည်။ ဤနည်းဖြင့် ဈေးပိုရသောကြောင့် ဖြစ်သည်။ ဂျူးများသည် ယင်းအိုးခြမ်းကွဲများကို မူလအတိုင်းဖြစ်လာအောင် တစ်ခြမ်းစီ တစ်ခြမ်း စိတ်ရှည်လက်ရှည် ဆက်စပ်ကြသည်။

တဘားရွာမှကလေးများ ဂျူးဘုံရိပ်သာသို့ လုံးဝမသွားရဟု ဖေဖေကအမိ ထုတ်ထားသည်။ ဂျူးတွေက ကလေးတွေကိုသတ်ဖြတ်ပြီး ယဇ်ပူဇော်ကြသည်။ ကျွန်တော်တို့အား ပြောထားသည်။ ထို့ပြင် ဂျူးမများသည် ဖုံးသင့်သည့်နေရာများကိုမဖုံ အရှက်ကင်းမဲ့စွာ ပြေးလွှားနေတတ်ကြောင်း၊ အပျိုမကလေးများပင် ယောကျ်ားများမှ ပလူးပလဲ ဆက်ဆံနေကြကြောင်းကိုလည်း ပြောပြကြသည်။ ကျွန်တော်တို့သည် ဘုံရိပ် ဂိတ်ဝသို့သွားတိုင်း ပြတိုက်မှုကို မေးကြည့်သောအခါ ဂျူးတွေအကြောင်း သိချင်စိတ် ပို၍ ပြင်းပြလာကြသည်။

လူကြီးတွေကဘယ်လိုပင်ပြောပြော ကျွန်တော်တို့က ဂျူးတွေကို မကြောက်ကြ ကျွန်တော်တို့နှင့် စကားပြောသောအခါ သူတို့က အမြဲတမ်း တရင်းတနှီး ဆက်ဆံကြသည့် ကျွန်တော့်ဖေဖေသည် သူ့မြင်းကြီး အယ်လ်ဘူရတ်ကိုစီးပြီး မစ္စတာဂီဒီယံ နာရီပေါင်းများစွာ အချိန်ဖြုန်းလေ့ရှိသည်။

ဤအချက်ကို ကျွန်တော်နားလည်နိုင်ခြင်းမရှိသော ဖြစ်ရသည်။ ဖေဖေသည် လက်ဖက်ရည်ဆိုင်တွင် အစည်းအဝေးလုပ်လျှင် ဒီကိစ္စ ကျုပ်မိတ်ဆွေကြီး ဂီဒီယံနဲ့ ဆွေးနွေးကြည့်ပါဦးမယ်” ဟူ၍သာ ပြောလေ့ရှိသည်။ ကျွန်တော် ခဏခဏကြားရသည်။

တဘားရှာသားများက ဂျူးတွေအပေါ် သဘောထား ပျော့ပျောင်းသော်လည်း ကျွန်တော်တို့ဆရာ မစ္စတာဆာလမီကတော့ အလွန်မာသည်။ စာသင်ခန်းထဲတွင် ကို ကျမ်းများကို အများဆုံးသင်ကြားရသည်။

သို့သော် သူသည် ကျမ်းစာသင်ပြီးတိုင်း ဂျူးအကြောင်းနှင့်သာ အမြဲတမ်း နို ချုပ်တတ်သည်။ ဂျူးတွေက ပါလက်စတိုင်းကို ဖျက်ဆီးပစ်ခဲ့သောကြောင့် ဂျူးတွေကိုအား မုန်းတီးဆန့်ကျင်ကြရမည်ဟု သူကပြောသည်။

ယင်းသို့ သူက ဂျူးဆန့်ကျင်ရေးတရားဟောတိုင်း သူ့စလုတ်ကြီးက တက်လာလို ကျသွားလိုက် ဖြစ်နေတတ်သည်။ မျက်နှာတစ်ခုလုံးလည်း ပြာနှမ်းသွားပြီး နဖူးကြောတွေ ထောင်လာကြသည်။ ညောင်စီစီအသံကလည်း ပို၍ကျယ်လောင်လာသည်။

မစ္စတာ ဆာလမီသည် အီဂျစ်နိုင်ငံတွင် ဖွဲ့စည်းထားသော“မွတ်စလင်ညီနောင် အဖွဲ့ '၏ အသင်းဝင်တစ်ဦးဖြစ်ကြောင်း နောင်အခါ ကျွန်တော်တို့ သိလာကြရ ဤအဖွဲ့ သည် ဆန့်ကျင်ဘက်မုန်းသမျှကို သတ်ဖြတ်သည်။ သူတို့သည် လူတိုင်း၏ ရန် ဖြစ်သည်။ မွတ်စလင်တွေ၏ ရန်သူပင်ဖြစ်သည်။

mes အစ္စလာမ်ဘာသာမှတစ်ပါး အခြားသောဘာသာအားလုံး၏ မစင်ကြယ်ကြောင်းကို ကျွန်တော့်အား ပထမဆုံးပြောပြသူမှာ ဆရာ မစ္စတာဆာလမီပင်ဖြစ်သည်။ တမန်တော် မိုဟာမက်သည် ခုနစ်ရာစုတွင် မက္ကာမြို့၌ အစ္စလာမ်ဘာသာကို စတင်ဟောကြားခဲ့သည်။

ထိုအချိန်က အဆိုပါကျွန်းဆွယ်တွင် ချမ်းသာသောဂျူးလူမျိုးများ အများအပြား အခြေချနေထိုင်ခဲ့ကြသည်။ ဂျူးလူမျိုးများသည် မိမိအား တစ်ဦးတည်းသော နောက်ဆုံး တမန်တော်အဖြစ် အသိအမှတ်ပြုပြီး

အစ္စလာမ်ဘာသာကို ကိုးကွယ်လာကြလိမ့်မည်ဟု တမန်တော်က ယူဆခဲ့သည်။

သို့သော် ဂျူးတို့သည် ခရစ်တော်ကိုလက်မခံသလို တမန်တော်ကိုလည်း လက်မခံ ကြေး။ သူတို့သည် သူတို့၏ မူလလက်ခံထားသော တိတ္ထိဝါဒကိုပင် ကိုးကွယ်မြဲကိုးကွယ် ခဲ့ကြသည်။

ဤအတွက်ကြောင့် တမန်တော်သည် များစွာခံပြင်းခဲ့ရသည်။ ထို့ကြောင့်ပင် က ဂျူးတို့အား ရာသက်ပန်ရှုတ်ချခဲ့ခြင်း ဖြစ်သည်။ ဂျူးလူမျိုးတို့ သစ္စာမဲ့ပုံနှင့်ပတ်သက်၍ တမန်တော်၏ ဟောပြောချက်ပေါင်းများစွာ ကိုရန်ကျမ်းတွင်ပါရှိသည်။ ကျွန်တော့်ဆရာ . ဘာဆာလမီ သည် ရိုးရိုးသင်ခန်းစာများသင်ပြီးတိုင်း ကိုရန်ကျမ်းလာဂျူးတို့၏ သစ္စာ ခဲ့ပုံအကြောင်းများကို အမြဲတမ်းဖတ်ပြလေ့ရှိသည်။

ကိုရန်ကျမ်း အခန်းနှစ်တွင် ဖရောက်ဘုရင်၏လက်မှ ဂျူးတို့ကို ကယ်တင်ခဲ့သူမှာ မွတ်စလင်များပင်ဖြစ်ကြောင်း၊ ဂျူးလူမျိုးတို့ အဲဂုတ္တုပြည်သို့ ထွက်ပြေးနိုင်ရန် မွတ်စလင်တို့က ခင်လယ်ပြင်ကြီးကို ခွဲခြားပေးခဲ့ကြောင်း၊ မောရှေသည် တောင်ခေါင်းထဲသို့ဝင်၍ ရက်ပေါင်း ဆယ်တိတိနေနိုင်ရန် မွတ်စလင်တို့ကပင် စီစဉ်ပေးခဲ့ကြောင်း၊ ဆိုင်နိုင်းဒေသတွင် လူမျိုးတို့အား လောကကျင့်ထုံးများ ပေးခဲ့သည်မှာလည်း မွတ်စလင်တို့ပင်ဖြစ်ကြောင်းနှင့် ထင်းသို့လျှင် ဂျူးလူမျိုးတို့သည် သမ္မာကျမ်းစာဝင် လူမျိုးတစ်မျိုး ဖြစ်လာရကြောင်းကို အသေးစိတ် ဖော်ပြထားသည်။

" ဂျူးတွေက လောကကျင့်ထုံးကို သူတို့ကပဲ ရှာဖွေတွေ့ရှိပြီး သမ္မာကျမ်းစာကိုလဲ တို့ပဲ ရေးခဲ့ကြတယ်လို့ အစကတည်းကပဲ လိမ်ညာခဲ့ကြတယ်။ အာဗြဟံကိုလဲ ဂျူးလူမျိုးဖြစ်တယ်လို့ သူတို့က မဟုတ်မမှန်ပြောခဲ့ကြတယ်၊ တကယ်တော့ အာဗြဟံဟာ နတ်စလင်တစ်ယောက်ပါ" ဟု မစ္စတာဆာလမီကပြောသည်။

အလ္လာအရှင်မြတ်တွင် လူသား သားသမီးတစ်စုံတစ်ယောက် ရှိသည်ဟုလည်း ဆောင်း၊ ခရစ်ယာန်တို့ပြောသလို ခရစ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်သည် ထူ၍လည်းကောင်း၊ ကျွန်တော်တို့ မယုံကြည်ပါ။ တမန်တော်မိုဟမ္မက်သည် အလ္လာအရှင် တ်၏

နောက်ဆုံးတမန်တော်ဖြစ်သည်ဟူသော အချက်ကိုလည်း လက်မခံခဲ့ကြ။ ထို့ကြောင့်လည်း သူတို့သည် ကြောက်မက်ဖွယ်ကောင်းသော ပြစ်ဒဏ်ခတ်ခြင်းကို ခံခဲ့ကြရခြင်း ဖြစ်သည်။

နှစ်ဦးပိုင်းတွင် ကိုရန်ကျမ်းအခန်းသုံးကို ဖတ်ပြသောအခါ ကျွန်တော်တို့ အများစုအဖို့ ရှင်းလင်းသောအချက်များ ပေါ်လာသည်။ ထို့ကြောင့် ကျောင်းသားတစ်ယောက်က ၍ မေးလိုက်သည်။

'ဆရာ တမန်တော်က အစ္စလာမ်ဘာသာကိုမထူထောင်ခင် နှစ်ပေါင်း နှစ်ထောင် ကြော်ကတည်းက အာဗြဟံဟာ ဘယ်လိုလုပ်ပြီး မွတ်စလင်တစ်ယောက် ဖြစ်နိုင်ပါ့မလဲ ဤမေးခွန်းကြောင့် မစ္စတာ ဆာလမီ၏နဖူးမှ ချွေးဒီးဒီးစီးကျလာသည်။ သူ၏ အဖြေကတော့ အဆိုပါကျောင်းသားလေးအား စာထောက်တုတ်နှင့် ဆယ်ချက်တိတိ ရိုက်ခြင်းပင် ဖြစ်သည်။

တစ်ခါတစ်ရံ ကျွန်တော်တို့သည် ကစားကွင်းထဲတွင်ထိုင်ကာ ကိုရန်ကျမ်းလာ ဟောကြားချက်များကို ဝေဖန်သုံးသပ်ကြသည်။ သင်္ကရာဇ်များနှင့် အမည်နာမများ တစ်ခုနှင့်တစ်ခု တူညီဆက်စပ်မှုမရှိသည်များကို တွေ့ရသောအခါ ကျွန်တော်တို့မှာ တွေဝေယောင်ဝါးခြင်း ဖြစ်ကြရသည်။

သို့သော်လည်း မစ္စတာဆလာမီ၏ စာထောက်တုတ်ကြီးကို ကြောက်သောကြောင့် ဘာကိုမှပြန်မမေးရဲပါ။ မေးလျှင်လည်း ဘာမှအကျိုးထူးမည် မဟုတ်ပါ။ လူတစ်ယောက်သည် သူတော်စင်တစ်ပါး၊ သို့မဟုတ် ပညာရှင်ကြီး တစ်ယောက်မဟုတ်ခဲ့လျှင် ကိုရန်ကျမ်းကို လုံးစေ့ပတ်စေ့နားလည်ရန် ဘယ်လိုမှမဖြစ်နိုင်ပါ။

ကိုရန်ကျမ်းနှင့်ပတ်သက်၍ မရှင်းလင်းသော အချက်အလက်အချို့ကို ကျွန်တော်က ဦးကြီး ဖရောက်အား တစ်ခါနှစ်ခါ မေးကြည့်ဖူးသော်လည်း ပါးရိုက်ခံရခြင်းသာ အဖတ် တင်ပါသည်။

မေမေနှင့် ကျွန်တော်တို့သည် နေသူရိန်ဘုံရိပ်သာဘေးမှ နေ့တိုင်းလိုလို ဖြတ်သွား ကြသည်။ ယင်းသို့ဖြတ်သွားတိုင်း ကျွန်တော့်မှာ သိချင်စိတ်များ ပို၍ပို၍ ပြင်းပြလာမိသည်။

မေမေ့အား အိမ်တွင်ပြန်၍ နေထိုင်ခွင့်ပြုသောအခါ ကျွန်တော့်အစ်ကို အိုမာလာ စျေးထဲမှဆိုင်ကို တာဝန်ယူရောင်းချသည်။ သို့သော် အိုမာကအပျင်းထူသည်။ ထို့ကြောင့် ကျွန်တော့်အဖို့ ကျောင်းသို့ အချိန်မှန်ရောက်နိုင်ရေးအတွက် သူ့ကို အားကိုး၍မရပါ။

ကျွန်တော်သည် တစ်နေ့တခြား အရေးအဖတ်တွင် တိုးတက်လာသည်။ ထို့ကြောင့် ဖေဖေကလည်း ကျွန်တော်သည် အနာဂတ်တွင် သူ့အတွက် အလွန်အားထားရသော သားတစ်ယောက် ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ချက်ထားလာသည်။ ကျွန်တော်သည် အခွင့်သာတိုင်း အဖေနှင့် အနီးကပ်နေထိုင်ဆက်ဆံရန် ကြိုးစားသည်။

သို့သော် ဖေဖေ့နားတွင် အစ်ကိုကြီးကမယ်က အမြဲတမ်းကပ်နေသောကြောင့် ကျွန်တော့်အတွက် လမ်းပိတ်နေသည်။ သို့သော်လည်း ကျွန်တော်က သူ့ကိုဂရုမစိုက်ဘဲ လစ်လျှင်လစ်သလို ဖေဖေအနားသို့ ကပ်သည်။

တစ်ညတွင် ကျွန်တော်သည် ဖေဖေ့မျက်နှာကို စေ့စေ့ကြည့်ပြီး ရမ်လီသို့ အ အပြန် ဘတ်စကားစီးခွင့်ပြုရန် ခွင့်တောင်းသည်။ ရမ်လီသို့ပြေးနေသော အာရပ်ဘတ်စ်ကာ လိုင်းရှိသည်။ ဖေဖေက ကျွန်တော့်အား ဂျူးဘတ်စ်ကားကို ဘယ်တော့မှမစီးရန် သတ် ပေးပြီး ရောရောရှုရှု သဘောတူလိုက်သည်။

မစ္စတာဆာလမီက ကျွန်တော်တို့အား ဂျူးတွေအကြောင်း မကောင်းပြောလေ နေသူရိန်ဘုံရိပ်သာအကြောင်း ပို၍သိချင်လာလေလေ ဖြစ်သည်။ ထိုရိပ်သာတွင် အံ့မခန်း ဖြစ်ရပ်များ ပေါ်ပေါက်နေကြောင်း ကျွန်တော်စိတ်မှန်းဖြင့် သိနေသည်။

. ထိုအကြောင်းကို ကျွန်တော်က ရွာထဲမှမိတ်ဆွေများကိုလည်း မကြာခဏ) ပြသည်။ သူတို့လည်း ကျွန်တော့်လိုပင် ဘုံရိပ်သာထဲသို့ တစ်ခါမျှမရောက်ဖူးကြ သို့သော် ဘုံရိပ်သာအကြောင်းကို သူတို့ကလည်း ကျွန်တော့်လိုပင် သိချင်နေကြသည် ရွာထဲတွင် ကျွန်တော်နှင့် အရင်းနှီးဆုံးမိတ်ဆွေမှာ အီဇက်ဖြစ်သည်။ အသက် ကျွခံတော်နှင့်အတူတူ။ သို့သော် ကျွန်တော်တို့နှစ်ယောက်ကြားတွင် ပြဿနာတစ် ကြီးရှိသည်။

အီဇာတ်၏အဖေသည် ဂျူးတွေထံတွင် အလုပ်သွားလုပ်သောကြောင့် မိသားစုကို တစ်ရွာလုံးက မည်သူနှင့်မျှ အဖက်မလုပ်ရဟု ဖေဖေက တင်းတင်းကျပ်ကျပ် ထုတ်ထားသည်။

သို့သော် ကျွန်တော်က အီဇာတ်ကို အလွန်ချစ်သောကြောင့် ထိုတားမြစ်ချက်ကို အပြီးဖောက်ဖျက်သည်။ အီဇတ်သည် ကျွန်တော့်ကို ဘတ်စ်ကားဂိတ်တွင် အမြဲ အဆောင့်နေတတ်သည်။ ကျွန်တော်တို့နှစ်ယောက်တွေ့ဆုံပြီး ရွာနောက်ဘက်မှ ပြန်လာ ရသောကြောင့် ကျွန်တော်တို့ကို မည်သူမျှမမြင်ပါ။

တစ်နေ့တွင် အီဇတ်သည် ကျွန်တော့်ကို ကားဂိတ်မှစောင့်နေရာမှ မျက်ကလူး ဖြင့် ဖြစ်ရပ်တစ်ခုကိုပြောပြသည်။ ထိုဖြစ်ရပ်သည် အမှန်တကယ် ဖြစ်နိုင်သည်ဟုလည်း က အခိုင်အမာပြောသည်။

ဤဖြစ်ရပ်ကို ကြားသိရသောကြောင့် ကျွန်တော့်မှာ သိလိုစိတ်တွေ ပိုမိုပြင်းပြ သည်။ အမှန်အတိုင်းပြောရလျှင် အသားကပ်ဘောင်းဘီတိုကလေးတွေ ဝတ်ထားသော တွေအကြောင်းကို ကျွန်တော်က ပို၍စိတ်ဝင်စားသည်။

ကျွန်တော်သည် မေမေ့ခြေသလုံးမှလွဲ၍ အခြားမည်သည့်မိန်းမ၏ ခြေသလုံးကိုမှ ဖူးပါ။ ကျွန်တော့်အစ်မ နာဒါ၏ခြေသလုံးကိုလည်း တစ်ခါမျှမမြင်ဖူးပါ။ နာဒါသည် ဂတ်ရုံရှည်ကြီးကို ကိုရန်ကျမ်းလာ ပညတ်ချက်အတိုင်း ခြေမျက်စိဖုံးအောင် အမြဲတမ်း င်ထားသည်။

မာဒါက ခြေနှစ်ချောင်းကိုဖြဲ၍ ထိုင်လျှင် “ ရှက်စရာကြီး”ဟု မေမေက တမ်းဆိုလေ့ရှိသည်။ ထို့ကြောင့် ကျွန်တော် တော်တော်ကြီးလာသောအခါ ဟုသောနာမည်ကို ကြားရတိုင်း “ရှက်စရာ” ဟူ၍သာ ထင်မှတ်နေတော့သည်။

ကျွန်တော်တို့ဆရာ မစ္စတာဆာလမိသည် နေသူရိန်ဘုံရိပ်သာသို့ တစ်ပတ်လျှင် ကြိမ်စီသွားပြီး ဂျူးတွေကို အာရေဗစ်စာ သင်ပေးနေကြောင်း အမှတ်မထင် သွားတွေ့ ဤအချက်သည် တော်တော်ဆန်းသည်ဟု ကျွန်တော်ထင်သည်။ ထို့ကြောင့် ကျွန်တော်သည် မစ္စတာဆာလမီထံချဉ်းကပ်ပြီး ကျူးကလေးငယ်များအား သော်လည်း စာသင်ပေးပါရစေဟု ခွင့်တောင်းသည်။

ကျွန်တော်က သစ်ပင်ပန်းပင် မည်နှင့် တိရစ္ဆာန်အမည်များကို အာရေဗစ်ဘာသာဖြင့် သင်ပေးမည်ဟုပြောသည်။ လောဆယ်တွင် မစ္စတာဆာလမီတစ်ယောက်တည်း ကလေးတစ်သုတ်၊ လူကြီးတစ်သုတ် ပေးနေ ရသည်။ ထို့ကြောင့် သူက ကျွန်တော့်ကို ရှောရှောရှူရှူးပင်လက်ခံသည်။ တကယ်တော့ ထဲသို့ ကျွန်တော် လုံးဝဝင်ခွင့်မရှိပါ။ ဘယ်တော့မှမဝင်ရဟု ဖေဖေက ပြင်းထန်ထန် တားမြစ်ထားသည်။ သို့သော် ဤအကြောင်းကို ကျွန်တော်က ဆာလမီကို လုံးဝမပြော။ ကျွန်တော်က ဒူးကလေးငယ်များကို စာသွားသင်လျှင် ရင်း မှောင်မှအိမ်သို့ပြန်ရောက်မည်။ သို့သော် ကိစ္စမရှိ။ ဖေဖေမသိအောင် ကျွန်တော် ပြီး စခန်းသွားနိုင်သည်။ ဘုံရိပ်သာဂိတ်သို့ ရောက်သောအခါ ကျွန်တော် ကြောက်စိတ်တွေပေါ်လာသည်။

မြင်ရသမျှမှာလည်း အံ့သြစရာတွေချည်းပင်။ ကျွန်တော်မမြင်ဘူးသော အရာပေါင်းများ ပထမဆုံးအကြိမ် မြင်ရတွေ့ရခြင်းဖြစ်သည်။

ကျွန်တော်သည် တမင်စိုက်ပျိုးထားသော မြက်ခင်းစိမ်းစိမ်းကို ဘယ်တုန်း မမြင်ခဲ့ဘူးပါ။

အလေ့ကျပေါက်သော ပန်းရိုင်းပင်များမှတစ်ပါး တမင်စိုက်ပျိုးထားသော ပန်းပင် ကိုလည်း ဘယ်တုန်းကမှ မမြင်ခဲ့ဘူးပါ။

ဆိတ်ချေး၊ မြင်းချေးမရှိသောလမ်းများကို ရမ်လီမြို့မှာပင်ဘယ်တုန်းကမျှ မ ဘူးပါ။

ကလေးများကစားရန် ဘောလုံးမျိုးစုံနှင့် အခြားအားကစားပစ္စည်းကိရိယာ ရှိ သော ကစားကွင်းကို ဘယ်တုန်းကမှ မမြင်ခဲ့ဘူးပါ။

ရေကူးကန်ကို ဘယ်တုန်းကမှ မမြင်ခဲ့ဘူးပါ။

ကလေးများဖတ်ရန် စာအုပ်များ ထောင်နှင့်ချီ၍ရှိသော စာကြည့်တိုက်ကို တုန်းကမှ မမြင်ခဲ့ဘူးပါ။

ကလေးကစားစရာ အရုပ်ကလေးမျိုးစုံကို ဘယ်တုန်းကမှ မမြင်ခဲ့ဘူးပါ။

မှန်ဘီလူးတွေ၊ သံလိုက်တွေ၊ ဓာတ်ခွဲခန်းသုံးမီးခွက်တွေနဲ့ ဓာတုဆေးပုလင်း များစွာရှိသော ကျောင်းတွင်းသိပ္ပံခန်း၊ သို့မဟုတ် ဓာတ်ခွဲခန်းကို ဘယ်တုန်းကမှ မ

ဘူးပါ။

စနစ်တကျ ဆောက်လုပ်ထားသော အိမ်သာကို ဘယ်တုန်းကမှ မမြင်ခဲ့ဘူး လူနာများအား ဆေးကုသပေးသော ဆေးကုခန်းကို ဘယ်တုန်းကမှ မမြင်ခဲ့ဘူး စက်ပစ္စည်းများ ထုတ်လုပ်သောအလုပ်ရုံကို တစ်ခါမှမမြင်ခဲ့ဘူးပါ။

လယ်ထွန်စက်များ၊ စက်အပိုပစ္စည်းများနှင့် အလိုအလျောက် နို့ညှစ်သောစက် နှင့် ပြည့်နှက်နေသော ဂိုဒေါင်ကြီးကို ဘယ်တုန်းကမှ မမြင်ခဲ့ဘူးပါ။

တာလမ်းမကြီးပေါ်မှ လျှပ်စစ်မီးလုံးနှင့် ဘုံရိပ်သာမှ လျှပ်စစ်မီးများကို အလင်းမြင်ဖူးသည်မှလွဲ၍ ယခုကဲ့သို့ အနီးကပ် ဘယ်တုန်းကမှ မမြင်ခဲ့ဘူးပါ။ မီးထိန်ထိန်လင်းနေသည်ကိုကြည့်၍ ကျွန်တော့်မှာ အံ့သြမကုန် ဖြစ်နေမိသည်။ ရမ်လီမြို့ ကျွန်တော်တို့ စာသင်ခန်းထဲတွင် လျှပ်စစ်မီးလုံးတစ်လုံးတော့ ရှိပါသည်။ သို့သော် အ တုန်းကမှ မီးမလင်းပါ။

လူ၏လက်ဖြင့် ရေးဆွဲထားသော ဆေးရောင်စုံပန်းချီကားကို ဘယ်တုန်း မမြင်ခဲ့ဘူးပါ။

ဆောင်းရာသီတွင် အနွေးဓာတ်ပေးထားသော အခန်းထဲသို့ တစ်ခါမှမရောက်ဘူး သားဖောက်ပြီး မွေးမြူထားသော ငါးမွေးမြူရေးကန်ကို ဘယ်တုန်းကမှ မမြင် ပါ။ တစ်ညလုံး မီးတွေထိန်ထိန်လင်းနေသော ကြက်မွေးမြူရေးခြံကို ဘယ်တုန်း မမြင်ခဲ့ဘူးပါ။

ကျွန်တော်သည် ထိုအရာအားလုံးကို ယခု ဤဘုံရိပ်သာထဲသို့ ရောက်လာတော့ ပထမဦးဆုံး မြင်ဖူးရခြင်း ဖြစ်သည်။

မျှော်လင့်ထားသည့်အတိုင်းပင် ကျွန်တော်သည် မစ္စတာဆာလမီအတွက် တ ရှိသော လက်ထောက်ဆရာလေးတစ်ယောက် ဖြစ်လာခဲ့သည်။ လေးခေါက်မြောက် န်တွင် ကျွန်တော်သည် ဆယ်ကျော်သက်ရွယ် လူငယ်များအထိ တိုးတက်ပြသလာ နိုင်ခဲ့သည်။ ဤအလုပ်မှ ကျွန်တော်ဘယ်တော့မှ မပြုတ်နိုင်တော့၍ ဝမ်းသာမိသည်။ ဘုံရိပ်သာမှ ဂျူးတွေအားလုံးပင် ဖော်ဖော်ရွေရွေရှိကြသည်။ ပထမတော့ သူတို့က ခံတော့်ကို မြူဆွယ်ကျုံးသွင်းနေကြတာလားဟု သံသယဖြစ်မိသည်။ သို့သော် ဖြည်းဖြည်းနှင့်

အချိန်ကြာလာသောအခါ သူတို့ကိုကျွန်တော် ယုံချင်လာသည်။ ခင်မင် အသည်။ သို့သော် သူတို့ ထောင်ချောက်ထဲ မဝင်မိရန် ကျွန်တော် အမြဲတမ်း သတိထား သည်။

ဘုံရိပ်သာတွင် ဆီးရီးယားမှ ရောက်လာသော ဂျူးမလေးတစ်ယောက် ရှိသည်။ သူ့နာမည်က ဟန်နာ။ ငယ်ငယ်ကတည်းက အာရေဗစ်စကား မတောက်တခေါက် ပြော လာခဲ့သည်။ သို့ဖြင့် ဟန်နာသည် ယခု ကျွန်တော့်စာသင်ခန်းထဲတွင် ကျွန်တော် ၏လက်ထောက် ဖြစ်လာသည်။

ဟန်နာသည် ကျွန်တော့်အစ်မ မှာကဲ့သို့ပင် ကျွန်တော့်ထက် တစ်နှစ် နှစ်နှစ် သည်။ တစ်နေ့တွင် ဟန်နာက ကျွန်တော့်လက်ကို ပထမဆုံးအကြိမ် ဆွဲကိုင်တော့ ထွဒ်ဘော်က ချက်ချင်းပင် လက်ပြန်ရုပ်လိုက်သည်။ ကျွန်တော် အာခြောက်သွားမိသည်။

လို ဟန်နာက ကျွန်တော့်လက်ကိုင်သည်ကို ကျွန်တော်တို့ရွာမှ တစ်ယောက်ယောက် သွားလျှင် ကျွန်တော် အသတ်ခံရမည်မှာ သေချာသည်။

ထို့နောက်တွင် အားလုံးထက် ထူးဆန်းသောအရာကို ကျွန်တော်မြင်ရသည်။ ဆင်းအရာကား အခြားမဟုတ်။ ကျွန်တော့်ထက်ငယ်သော ကလေးများနှင့် ကျွန်တော့် က်ကြီးသော ကလေးများ၊ မိန်းမ ယောက်ျား လက်ချင်းယှက်ပြီး ကစားနေကြခြင်းပင် ဖြစ်သည်။ သူတို့သည် စကောဝိုင်းဖွဲ့ကာ အတူတကွ ကခုန်သီဆိုနေကြသည်။ တစ်ခါတစ်ခါ ယောက်ကိုတစ်ယောက် ပွေ့ဖက်နမ်းရှုပ်ကြသည်။ ကျွန်တော်မြင်ရသမျှမှာ အားလုံး ထူးအဆန်းချည်း ဖြစ်နေသည်။ ဂျူးမလေးတွေ ဒူးပေါ်ပေါင်ပေါ်ဝတ်ထားသည့်တိုင် ဆန်သည်ဟု မထင်တော့။

မစ္စတာဆာလမီနှင့် ပတ်သက်၍ ကျွန်တော်နားမလည်နိုင်ဆုံး အပြုအမူများမှာ အစတွေ ဆက်ဆံပုံပင်ဖြစ်သည်။ သူက ဂျူးတွေကို စာသင်ရင်း ရယ်စရာ ဆိုပတ်စများလည်း ပြောသည်။ အားရပါးရလည်း ရယ်သည်။ သူသည် ရမ်လီတွင် ထွန်ဘော်တို့ကို စာသင်တုန်းက ဤလုပ်ရပ်မျိုး ဘယ်တော့မှမလုပ်ခဲ့။

မစ္စတာဘာလမီသည် ဂျူးတွေတော်တော်များများနှင့်လည်း တရင်းတနှီး ပေါင်းသင်း ဆံသည်။ စာတော်သော ကလေးများကို တယုတယ ခေါင်းပွတ်၍

ချီးကျူးတတ်သည်။ က ကျွန်တော်တို့ အာရပ်လူမျိုးတွေအချင်းချင်း နှုတ်ဆက်သလို ဂျူးတွေကိုလည်း ခါးတရ နှုတ်ဆက်သည်။ တစ်ခါတုန်းကဆိုလျှင် ဂျူးမတစ်ယောက်က သူ့ပခုံးကို ကိုင်ပြီး တဟားဟားနှင့်ပင် ရယ်နေသည်။ ထိုအချိန်တွင် ဂျူးမ၏လင်ဖြစ်သူကလည်း ထို့အနီးမှရပ်လျက် ပြုံးပြုံးကြီးလုပ်နေသည်။

စာသင်ပြီး၍ အိမ်ပြန်လျှင်လည်း ဂျူးတွေက သူတို့ခြံထွက် ဟင်းသီးဟင်းရွက်တွေ၊ ကိုင်တွေ အပြည့်ပါသော ဈေးခြင်းကြီးကိုဆွဲပြီး မစ္စတာဘာလမီကို ကားဂိတ်အထိ တမ်း လိုက်ပို့တတ်ကြသည်။ တစ်ခါတလေ ကြက်တစ်ကောင်ပင် လက်ဆောင်ပေး ကာကြသေးသည်။ သို့သော်လည်း သူသည် နောက်နေ့ရောက်တော့ ရမ်လီမြို့တွင် ဂျူးမုန်းတီးရေးစကားများကို အာပေါင်အာရင်းသန်သန်နှင့် ပြောနေတတ်ပြန်သည်။

ဤသို့သော ဆန့်ကျင်ဘက်ဖြစ်ရပ်များကို မြင်တွေ့ရသောအခါ ကျွန်တော့်မှာ ၊ အံ့အားကြီးသင့်ပြီး မဝေခွဲတတ်အောင်ဖြစ်နေသည်။ ဤဘုံရိပ်သာမှလူများသည် ကျွန်တော်ကို ၊ မွတ်စလင်တွေကို မိစ္ဆာတိတ္ထိတွေဖြစ်လာအောင် မာန်နတ်ဆိုး၏ ပရိယာယ်မျိုးစုံကို ၊ အသုံးပြုနေကြတာများလားဟုပင် တွေးထင်မိသည်။

တကယ်တော့ ကျွန်တော်တို့၏ အဓိကရည်မှန်းချက်မှာ ဂျူးလူမျိုးတွေကို အယူမှ ဖြစ်လာအောင် လုပ်လျှင်လုပ်၊ မလုပ်လျှင် တစ်မျိုးလုံး အမြစ်ပြတ်အောင် ရှင်းပစ်ရန်ဖြစ်သည်။ ကိုရန်ကျမ်းက ဤသို့ပင်မိန့်သည်။

အို ... ဘုရားသခင်၊ တပည့်တော်ကို သံသယပျောက်အောင် အဖြေမှန် ပေးတော် ၊ ပါလော့။

တစ်နေ့တွင် မစ္စတာ ဂီဒီယံအက်ရှ်ကို လှမ်းမြင်တော့ သူနှင့်စကားပြောချင်စိတ် များ ဖြစ်လာမိသည်။ သို့သော်လည်း ကျွန်တော် သူတို့အနားသို့ မသွားရဲ။ ဘုံရိပ်သာတွင် ကျွန်တော် စာပြနေသည့်အကြောင်းကို သူက ဖေဖေ့ကိုပြောပြမှာ ကြောက်သည်။ သူက ဖေဖေနှင့် အလွန်ရင်းနှီးသည်။ ထို့ကြောင့် သူ့ကို ကျွန်တော်မယုံ။ အဖြစ်မှန်ကို တစ်စုံတစ်ယောက်ကသာ ကျွန်တော့်အား ပြောမပြခဲ့လျှင် ကျွန်တော်သည် အမှန်တရားကို ဘယ်တော့မှ

သိနိုင်တော့မည်မဟုတ်။ ဤအချက်သည် ယခုလည်း အန္တရာယ်ကြီးသည်။ နောင်လည်း အန္တရာယ်ကြီးသည်။

ဘယ်လိုပင်ဖြစ်ဖြစ် ကျွန်တော်ကတော့ ဘုံရိပ်သာကို အစွဲကြီးစွဲနေမိပြီ။ မကြာခဏ အိပ်မက်မက်တတ်သည်အထိပင် ဖြစ်သည်။ အကယ်၍ ဂျူးတွေက ကလေးတွေကို ၊ သတ်ဖြတ် ယဇ်ပူဇော်သည့်အပြင် ယောကျ်ား မိန်းမ အုပ်စုခွဲပြီး အယုတ္တအနတ္တ လုပ်နေကြသည်ဆိုလျှင် သူတို့သည် ထိုအရာများကို တခြားသူစိမ်းလူတွေ မမြင်နိုင်အောင် လျှို့ဝှက်လုပ်နေကြခြင်း ဖြစ်နိုင်သည်။ သူတို့တွေ ထိုအတိုင်းပင် တကယ်များ လုပ်နေ ကြတာလားဟု သိချင်စိတ်လည်း အထူးပြင်းပြလာသည်။

အန္တ ရာယ်ဘယ်လောက်ပင်ရှိရှိ အမှန်တရားကို သိရှိနိုင်ရန်စူးစမ်းဖို့ ကျွန်တော် ဆုံးဖြတ်ထားသည်။ ဤလုပ်ရပ်ကြောင့်ပင် ကျွန်တော့်မှာ ကြမ္မာငင်ရတော့သည်။

ထိုညတွင် ကျွန်တော် ဘုံရိပ်သာမှပြန်လာပြီး ခြံဝင်းကိုဖြတ်၍ မီးဖိုခန်းသို့ ခါတိုင်းလို အသာလေးဝင်လိုက်သောအခါ တံခါးဝတွင် မားမားကြီးရပ်နေသော ဖေဖေနှင့် ပက်ပင်းတိုးပါတော့သည်။

သူသည် ကျွန်တော့်ကို လမ်းလျှောက်တုတ်ကောက်ကြီးနှင့် တအားရွယ်ပြီး ရိုက်လိုက်သည်။ သို့သော် ကျွန်တော်က အလျင်အမြန် ရှောင်တိမ်းလိုက်နိုင်သဖြင့် ရိုက်ချက်လွဲသွားသည်။ ဤတွင် သူက ကျွန်တော့်ကို ဖမ်းချုပ်ပြီး ခြံဝင်းထဲသို့ တအား လွှင့်ပစ်လိုက်သည်။ ထို့နောက် ကျွန်တော်ခွေလဲရာသို့ ပြေးလာပြီး ကျွန်တော့်ကို အချက်ပေါင်းများစွာ လိမ့်ကန်သည်။ သူ့မျက်နှာမှာ ဒေါသကြောင့် တွန့်လိမ်ရှုံ့မဲ့နေသည်။

“နောက်တစ်ခါ ဂျူးတွေဆီသွားလျှင် မင်းကိုအသေသတ်ပစ်မယ်၊ ခွေးတိရစ္ဆာန် လေး၊ ကြပ်ကြပ်သတိထား”

မေမေ ပြေးထွက်လာပြီး၊ အတင်းဝင်ဆွဲတော့မှ ကျွန်တော် ချမ်းသာရာရသွားသည်။ ဖေဖေလက်ချက်ကြောင့် ကျွန်တော့်မှာ ရက်အတော်ကြာ မစားနိုင်မလှုပ်နိုင် ဖြစ်နေခဲ့သည်။ ကျွန်တော်သည် မီးဖိုခန်းထဲသို့

လေးဖက်တွားလာပြီး မီးဖိုဘေးတွင်ထိုင်ကာ တစ်နေ့လုံး နေမိသည်။ ဤဖြစ်ရပ်ကြောင့် ကျွန်တော့်အပေါ် မိုးပြိုကျသကဲ့သို့ ဖြစ်သည်။ ကျွန်တော့်ကို ဖေဖေကျောင်းမှ ထုတ်ပစ်လိုက်သည်။

ရက်သတ္တနှစ်ပတ်မျှ ကုန်လွန်သွားခဲ့သည်။ ကျွန်တော့်ကိုယ်ပေါ်မှ ဒဏ်ရာများ သက်သာသွားပြီဖြစ်သော်လည်း အသည်းထဲမှ နာကျင်မှုကတော့ ရှိနေဆဲဖြစ်သည်။ တစ်နေ့တွင် မေမေသည် သူ့ဝမ်းကွဲညီမတစ်ယောက်နှင့် စကားပြောနေသည်။ ကျွန်တော့်ကို ဒီအတိုင်းပစ်ထားလျှင် ထမင်းငတ်၍ သေတော့မည်။ ထို့ကြောင့် ဤကိစ္စ သူကြားဝင်မှ ဖြစ်တော့မည်ဟု မေမေပြောနေသည်ကို ကျွန်တော်ကြားလိုက်ရသည်။

မေမေ၏ ဖြေရှင်းနည်းမှာညက်လှသည်။ ရာမီဇာကို ကျွန်တော့်ဖေဖေ လက်ထပ်ပြီး သည့်မှစ၍ ပထမဆုံးအကြိမ်အဖြစ် မေမေက ဖေဖေ့အနားကပ်ပြီး ပျူပျူငှာငှာ ပလူးပလဲ လုပ်လာသည်။ ဖေဖေ့ကို ပွတ်သပ်လျှာဆွယ်သည်။ ရာမီဇာရောက်မလာမီ သူအသုံးပြုခဲ့သော စည်းမျိုးစုံကို ပြန်လည်အသုံးချသည်။ သို့ဖြင့် ထိုညတွင် မေမေသည် ဖေဖေ့ကို ယခင် ပေးခဲ့သော ကျေနပ်နှစ်သိမ့်မှုမျိုး အပြည့်အဝပေးနိုင်ခဲ့သည်။

နောက်တစ်နေ့မနက်ကျတော့ ဖေဖေသည် အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပြီ။ ကျွန်တော့်အပေါ်တွင် ဒေါသစိတ်လုံးဝမရှိတော့။ ထိုညတွင်လည်း မေမေသည် ဖေဖေနှင့် အတူပင် အိပ်ရာဝင်သည်။ နောက်တစ်နေ့ မနက်တွင်တော့ ကျွန်တော့်ကို ကျောင်းပြန်ထား ပေးမည်ဟု ဖေဖေကပြောတော့သည်။

နောက်ပိုင်းတွင် ကျွန်တော်ဘုံရိပ်သာသို့သွားကြောင်း ဖေဖေ့အား မည်သူပြောသည်ကို ကျွန်တော်သိရသည်။ အခြားသူကား မဟုတ်။ ကျွန်တော်၏ အချစ်ဆုံးမိတ်ဆွေ အီဇာတ်ပင် ဖြစ်သည်။ သူက ကျွန်တော့်ကို ကားဂိတ်မှာနေ့တိုင်းစောင့်သည်။ ကျွန်တော် တစ်ပတ်မှာ တစ်ရက် ကျွန်တော်နှင့် မဆုံရန်ပြောသည်။ ယင်းကို သူက သံသယဝင်ကာ ကျွန်တော့်ကို ချောင်းကြည့်နေခဲ့ခြင်းဖြစ်သည်။

သူတို့မိသားစုတစ်ခုလုံးမှာ အနာကြီးရောဂါ ဖြစ်နေသူတွေလို

ဝိုင်းပယ်ခံထားရ သည်။ သူတို့နှင့် မည်သူမျှ အပြောအဆိုအဆက်အဆံ မလုပ်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီ။ ထို့ကြောင့် သူတို့မိသားစုအတွက် အခွင့်အရေးရလိုရငြား ရည်ရွယ်ချက်ကြောင့် က ဖေဖေ့ကို ကျွန်တော့်အကြောင်း မျက်နှာလိုမျက်နှာရ တိုင်ပြောခြင်းဖြစ်သည်။

ဤဖြစ်ရပ်က ကျွန်တော့်ကို ဘဝသင်ခန်းစာတစ်ခုပေးခဲ့သည်။ ဘယ်သူ့ကိုမှ မယုံနှင့်။ အထူးသဖြင့် အချစ်ဆုံးမိတ်ဆွေကို ပို၍ မယုံနှင့်။

ကျွန်တော်သည် အစ်ကိုအရင်းများကိုပင် လုံးဝမယုံခဲ့။ အထူးသဖြင့် ကျွန်တော်၏ အကြီးဆုံးပြိုင်ဘက်ဖြစ်သူ အစ်ကိုကြီး ကမယ် ကို ပို၍မယုံခဲ့။ ကျွန်တော်သည် မေမေ့ကို အလွန်ချစ်ပါသည်။

သို့သော် မေမေ့ကိုပင် ကျွန်တော်မယုံ။ မေမေကအလွန်ဉာဏ်များသည်။ ကျွန်တော့် ဘုံ ခုတုံးလုပ်ပြီး ဖေဖေ့ကိုစည်းရုံးတတ်သည်။ သို့သော် ကျွန်တော်က မမနာဒါကိုတော့ သံသည်။ ယုံသည်ဟုထင်သည်။

ကျွန်တော်သည် နေသူရိန်ဘုံရိပ်သာသို့ အရဲစွန့်ပြီး နောက်ထပ်တစ်ကြိမ်တော့ သွားခဲ့သေးသည်။ သို့သော် ယင်းအကြောင်းမှာ နောက်ထပ်ပြောပြရမည့် တခြားဇာတ်လမ်း တစ်ပုဒ်ဖြစ်သည်။

✥--- www.ebooks4mm.org ---✥

အခန်း (၁၈)

ကျွန်တော်သည် ဆိတ်များကိုချစ်သော်လည်း ဆိတ်ကျောင်းသားတော့ မဖြစ်ချင်ပါ။ ကျွန်တော်တို့၏ခြံပေါက် ဆိတ်မကြီးနှင့် ကျွန်တော် အလွန်အကျွမ်းဝင်ပါသည်။ သူ့ကို ကျွန်တော့်အစ်ကို ဂျမီလ်ကသတ်ရာတွင် ကျွန်တော်ပါ ကူညီရန် ဖေဖေကပြောသောအခါ ကျွန်တော် မသတ်ရက်ပါ။ အလုပ်တကာ့ အလုပ်များတွင် ဆိတ်ကျောင်းသားအလုပ်သည် အောက်တန်းအကျဆုံးဖြစ်သော်လည်း ကျွန်တော်က တိရစ္ဆာန်များကို မသတ်ချင်ပါ။)

သို့သော်လည်း စနစ်တကျ အမဲဖျက်နည်းကို ကျွမ်းကျင်အောင် လေ့လာရမည်ဟု ဖေဖေကပြောပြီး ကျွန်တော့်အား သုံးခါတိတိ ဆိတ်သတ်ခိုင်းသည်။ ဖေဖေက အနီးမှထိုင်ကြည့်နေသောကြောင့် ကျွန်တော်သတ်ခဲ့ရသည်။ သတ်ပြီးနောက် ကျွန်တော် အတင်းထွက်ပြေးပြီး တဝေါဝေါ့အန်ပစ်လိုက်တော့သည်။ ထိုညတွင် ကျွန်တော် တစ်ညလုံး ငိုခဲ့ရပါသည်။

ကျွန်တော် ကျောင်းပြန်တက်ရသောအခါ ပညာတတ်ကြီးတစ်ယောက် ဖြစ်လာရန် အစွမ်းကုန်ကြိုးစားမည်ဟု သိန္နိဋ္ဌာန် ချလိုက်သည်။ သို့သော်လည်း မစ္စတာဆာလမီမှာ ကျွန်တော့်ကို သင်စရာသင်ခန်းစာ များများမရှိတော့ပါ။ သူကအလွန်ဆင်းရဲသည်။ သူ့ အိမ်တွင်လည်း စာအုပ်က တစ်အုပ်စနှစ်အုပ်စသာရှိသည်။ ယင်းစာအုပ်များကို ကျွန်တော်က ရက်ပိုင်းအတွင်း ဝါးစားပစ်လိုက်သည်။ ပြီးတော့ မစ္စတာ ဆာလမီ ဖတ်သော သတင်းစာ များကို သူဖတ်ပြီးလျှင် ကျွန်တော့်ကိုပေးရန် တောင်းခံထားသည်။

ဂျူးလူမျိုးတွေက ဟီးဘရူးဘာသာစကားကို ပြောကြသည်။ ကျွန်တော်တို့ အာရပ်တွေက အာရေဗစ် ဘာသာစကားကို ပြောကြသည်။ ထို့ကြောင့် ကျွန်တော်တို့ အချင်းချင်း စကားပြောသောအခါ အများအားဖြင့် အင်္ဂလိပ်စကားနှင့်ပင် ပြောကြရသည်။ ကျွန်တော်တို့နိုင်ငံကို အင်္ဂလိပ်တို့က နိုင့်ထက်စီးနင်း သိမ်းယူထားသောကြောင့် အင်္ဂလိပ် စကားပြောခြင်းကို ကျွန်တော်တို့ကရော

ဂျူးတွေကပါ လုံးဝမကြိုက်ကြ။

သို့သော်လည်း ကျွန်တော်တို့အားလုံး အင်္ဂလိပ်စကားကို အတော်အတန် ပြောတတ် ကြသောကြောင့် အလုပ်သဘောအရဆက်ဆံရာတွင် အင်္ဂလိပ်စကားကိုပင် အသုံးပြု နေကြရသည်။ အင်္ဂလိပ်စာကိုပင် ရေးနေကြရသည်။ မစ္စတာဆာလမီလည်း အင်္ဂလိပ် ဘာသာကို ကောင်းစွာ ရေးနိုင်ဖတ်နိုင်သည်။ သို့သော် သူ့မှာ ဖတ်စရာစာအုပ်မရှိ။

ရမ်လီမြို့ ဈေးထဲတွင် ဈေးရောင်းနေသော ဂျူးလူမျိုး အနည်းအကျဉ်းရှိသည်။ ဘာယေဟူဒါဆိုသော ဂျူးအဘိုးကြီးတစ်ယောက်သည် စာနယ်ဇင်းအဟောင်းတွေ ဗုဆောင်းပြီး ပြန်လည်ရောင်းချသည်။ သူက ဆက်ဆံရေးလည်း အလွန်ကောင်းသည်။ ရိုပ်သာမှ ဂျူးများနှင့်လုံးဝမတူ။

မစ္စတာ ယေဟူဒါသည် သူ့ဆိုင်ခန်းကျဉ်းလေးထဲတွင် တစ်နေကုန်ထိုင်ပြီး ဘုရား နံမိုးစာအုပ် ဖတ်နေတတ်သည်။ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော ပါလက်စတိုင်းပို့စ် သာင်းစာများကို ကျွန်တော့်အားပေးဖတ်သည်။

ကျွန်တော်သည် ကျောင်းဆင်းပြီးနောက် ရွာသို့ကားစီး၍မပြန်မီ နာရီဝက်စီ ါင်းစာ ထိုင်ဖတ်သည်။ သတင်းစာဖတ်ခြင်းသည် ကျွန်တော့်အတွက် အကြီးအကျယ် အကျိုးထူးသည်။

နောင်အခါ ကျွန်တော် အင်္ဂလိပ်စာတတ်သောကြောင့် ကျွန်တော့်မိသားစု၏ သက်ကို ကယ်တင်နိုင်ခဲ့သည်။ သို့သော် ပါလက်စတိုင်းပို့စ်သတင်းစာကို ကျွန်တော် အက်နေကြောင်းကိုတော့ ဖေဖေမသိအောင် လုံးဝလျှို့ဝှက်ထားသည်။ အကြောင်းမှာ ထိုသတင်းစာကို ဂျူးတွေကထုတ်သောကြောင့် ဖြစ်သည်။

တတိယနှစ်ရောက်တော့ ကျွန်တော်တော်တော်စာရေးတက်လာပြီ။ ကျွန်တော့်ရွာ အကြောင်းနှင့် ကျွန်တော်သိသော အခြားအကြောင်းများကို စာစီကုံးရန် မစ္စတာဆာလမီက အမြဲတမ်းအားပေးသည်။

ထို့ကြောင့် ကျွန်တော်သည် အကြောင်းအရာတစ်ခုကို စာစီစာကုံးတစ်ပုဒ်စီ တိုင်းရေးရသည်။ အချို့ကို ကိုရန်ကျမ်းကဲ့သို့ ကဗျာပုံစံဖြင့်ပင် စမ်းရေးကြည့်သည်။ ကျွန်တော်တို့ အာရပ်လူမျိုးများသည် ကိုယ့်ခံစားချက်ကို ထုတ်ဖော်ရာတွင်

ကဗျာလင်္ကာ လွန်အသုံးများသည်။ ကျွန်တော့်ရေးသားချက်များတွင် တဘားရွာ၏ နေ့စဉ် လှုပ်ရှား များပါဝင်သည်။ ထို့ပြင် ဘာသာရေးအကြောင်း၊ ဓလေ့ထုံးစံအကြောင်းနှင့် ကျွန်တော်တို့ စိတ်တွေ၏ ကြေကွဲစရာဖြစ်ရပ်များလည်း ပါသည်။

ထို့ကြောင့် ကျွန်တော့်ရေးသားချက်များမှာ တကယ့်မှတ်တမ်းတစ်စောင်သဖွယ် ဖြစ်နေသည်။ သို့သော် ကျွန်တော်သိသော ဖြစ်ရပ်များစွာနှင့် ကျွန်တော်ခံစားနေသော စားချက် အများအပြားကိုတော့ စာထဲတွင် ထည့်မရေးဘဲချန်ထားသည်။ အဘယ်ကြောင့် သော် သူများတွေ မပြောရဲမတွေးရဲသော အရာတွေကို တွေးတောသောကြောင့် ကျွန်တော် ဒုက္ခရောက်နိုင်သည်။

ကျွန်တော့် မှတ်တမ်းမှာ ကိုရန်ကျမ်းကဲ့သို့ပင် အကြောင်းအရာမျိုးစုံ ရောပြွမ်းနေ သည်။ ကျွန်တော့် စိတ်ကူးဖြင့်ရေးသားခဲ့သော အချက်အလက်များစွာကို နောင်နှစ်ပေါင်း များစွာကြာတော့မှ ကျွန်တော်တကယ်သိရှိရသည်။ စာဖတ်သူအား ကျွန်တော်တို့အကြောင်း ကို ပြန်ပြောင်း ပြောပြချင်ပါသည်။

ကျွန်တော်တို့ တဘားရွာသည် အခြားအာရပ်ကျေးရွာ အားလုံးကဲ့သို့ပင် တောင်ကုန်း တွင် တည်ရှိသည်။ ဘီဒိုယင်တို့၏ တိုက်ခိုက်မှုများနှင့် အခြားရန်ဘက်လူမျိုးစုများ၏ န္တ ရာယ်ကိုကာကွယ်နိုင်ရန် ခံတပ်အဖြစ် ကုန်းမြင့်တပ် ရွာတည်ထားခြင်းဖြစ်သည်။ ဂ တဘားရွာနှင့် ပတ်သက်၍ ကျွန်တော်အစောဆုံးမှတ်မိသည်များမှာ အနံ့မျိုးစုံ ဖြစ်သည်။ ညစ်ပတ်နေသောလမ်းပေါ်တွင် ဖိနပ်မပါဘဲ လျှောက်သွားသောအခါ စူးပြင်း ဟင်းခတ်အမွှေးအကြိုင်အနံ့များနှင့် လက်ဖက်ရည်ဆိုင်မှ ကော်ဖီဖျော်ရာတွင် ထည့်ခတ် လေ့ရှိသော ဖာလာစေ့နံ့များက နှာခေါင်းထဲ တိုးဝင်လာကြသည်။ ညအခါဆိုလျှင်ပို၍ ဆိုးသေးသည်။

အဆိုးဆုံးကတော့ တိရစ္ဆာန်မျိုးစုံတို့၏ အညစ်အကြေးအနံ့ဖြစ်သည်။ မြည် မြင်း၊ နွား၊ ဆိတ်၊ သိုးနှင့် ကြက်တို့၏အညစ်အကြေးများသည် လမ်းတိုင်း၊ ကွက်လပ်တိုင် လယ်ကွင်းတိုင်းတွင် ပြည့်နှက်နေကြသည်။ မိုးရွာမှသာလျှင်

ပျောက်ကုန်ကြသည်။ သို့သော် မိုးတွင်းကျပြန်တော့လည်း လမ်းတိုင်း ဗွက်ပေါက်ကုန်ကြပြန်သည်။

တိရစ္ဆာန်အညစ်အကြေးများသည် ကျွန်တော်တို့အတွက် အလွန်အရေးကြီးသည် လယ်ကွင်းတွင် မြေဩဇာအဖြစ်သာ အသုံးပြုသည်မဟုတ်၊ အဓိကလောင်စာပစ္စည်း အဖြစ်လည်း အသုံးချကြသည်။ မေမေအပါအဝင် ရွာရှိမိန်းမများသည် တိရစ္ဆာန် အညစ် အကြေးများကို အပြားအချပ်ကြီးများပြုလုပ်ကာ အိမ်ခေါင်မိုးပေါ်တွင် တင်လှမ်းကြသည် ခြောက်သွားသောအခါ လောင်စာအဖြစ် အသုံးပြုသည်၊ ထမင်းဟင်းလည်းချက်သည် မီးလည်းလှုံသည်။

ကျွန်တော်တို့အရပ်တွင် ထင်းအလွန်ရှားသည်။ မိုင်ပေါင်းများစွာ အဝေးသို့သွား ရှာကြရသည်။ အိမ်တွင် တခြားအလုပ်မရှိသော အဘွားကြီးများသာ ထင်းခွေထင်းခုတ် အလုပ်ကို လုပ်လေ့ရှိကြသည်။

နွေဦးပေါက်၍ တဲအိမ်များခြောက်သွေ့သွားသောအခါ ပေါက်ပြဲပျက်စီးနေသော အခန်းများကို ရွှံ့များဖြင့် ပြန်လည်ဖာထေးကြသည်။ ရွှံ့ကို တိရစ္ဆာန် အညစ်အကြေးများ သမလိုက်လျှင် မာသွားပြီး ကြာရှည်ခံသည်။ တိရစ္ဆာန်အညစ်အကြေးများကို တစ်ရွာကို သုံး၍မကုန်လျှင် ထင်းမရှိသော ဘီဒိုယင်လူမျိုးစုများကို ရောင်းကြသည်။ ရေနံဆီ အလွန်ဈေးကြီးသော ဓိမ်ခံပစ္စည်းဖြစ်သောကြောင့် ကျွန်တော့်ဖေဖေနှင့် အခြား ချမ်းသာ သူအနည်းငယ်သာ အသုံးပြုနိုင်ကြသည်။ ၊ တဘားရွာမှအိမ်များကို တစ်တန်းတည်း ဆောက်ထားကြသည်။ ခေါင်မိုးများ ပြန့်ပြန့်မိုးထားသည်။ မိုးရာသီတွင် ရေတင်စေရန်နှင့် နွေရာသီတွင် ကောက်ပဲသီးနှံများ လှန်းရန်ဖြစ်သည်။ ကျွန်တော်တို့၏ အိမ်များသည် လွန်ခဲ့သော နှစ်ပေါင်းများစွာ အိမ်များကဲ့သို့ပင်ဖြစ်သည်ဟု မစ္စတာ ဆာလမီက ကျွန်တော့်ကို ပြောပြသည်။

တစ်ရွာလုံးတွင် အများစုမှာ ဆင်းရဲကြသည်။ ဆင်းရဲသားအိမ်များကို ရွှံ့ ဆောက်ကြသည်။ တစ်အိမ်လုံးကို ထုံးဖြူသုတ်ပြီး ပြတင်းပေါက်နှင့် တံခါးများ အပြာရောင်ခြယ်ထားသည်။ ယင်းသို့ပြုလုပ်ခြင်းမှာ မကောင်းဆိုးဝါးများ အိမ်ထဲ မဝင်ရောက်နိုင်ရန် ဖြစ်သည်။

ရန်သူကိုကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် တစ်အိမ်နှင့်တစ်အိမ်

အလွန်နီးကပ် ဆောက်ထားကြသည်။ တဘားရွာတွင် ဝါဟာဘီလူမျိုးစုမှ ဆင်းသက်လာသော မျိုးနွယ် ငါးခုရှိသည်။ မျိုးနွယ်စုအသီးသီးသည် ကိုယ့်အစုနှင့်ကိုယ်နေကြသည်။ မျိုးနွယ်စုတိုင်း သင်္ချိုင်းကိုလည်း သီးခြားထားရှိကြသည်။ ယောကျ်ားများကို သင်္ချိုင်းတစ်ခုတည်းတွင် မြှုပ်နှံပြီး မိန်းမများကို သီးခြားခွဲ၍ မြှုပ်နှံကြသည်။

ဂ ကျွန်တော့်ဖေဖေနှင့် ဘကြီးဖရောက်တို့၏အိမ်များမှာ အခြားထင်ရှားသော ရွာသား များ၏ အိမ်များကဲ့သို့ပင် ကျောက်တုံးအိမ်များ ဖြစ်ကြသည်။ ထင်ရှားသောရွာသားများတွင် မျိုးနွယ်စုခေါင်းဆောင်၊ လက်သမား၊ အိုးဖုတ်သမား၊ ဖိနပ်ချုပ်သမား၊ တောင်းရက်သမားနှင့် ထက်ကန်းသမားများပါဝင်သည်။

တဘားရွာတွင် ထင်ရှားသော တခြားကျောက်တုံးအိမ်တစ်အိမ်လည်း ရှိသေးသည်။ အိမ်ကို မုဆိုးမကြီးတစ်ဦးပိုင်သည်။ သူ့နာမည်က ရာအတ်။ သူ့အလုပ်က အပ်ချုပ်သည်မ။

အာရပ်ကျေးရွာများတွင် အရွယ်ရောက်လျှင် လူတိုင်း အိမ်ထောင်ပြုချင်ကြသည်။ T လေးလိုချင်ကြသည်။ သားသမီးမရတတ်သော လင်မယားကို ကံဆိုးသူများအဖြစ် ဘောထားကြသည်။ မုဆိုးမများကို ဖခင်ထံမှ လယ်ယာမြေနှင့် ကြွေးမြီများအမွေရသော သားကြီးများက စောင့်ရှောက်ကြသည်။ သို့သော် မုဆိုးမကြီး ရာအတ်ကဲ့သို့ သားထောက် မီးခံ တစ်ယောက်မျှမရှိသော မုဆိုးမတွေ ရွာတိုင်းမှာပင်ရှိသည်။ ၎င်းတို့အနက် သူ့မှာ အရွယ်လွန်ကုန်ပြီ။ အချို့မှာ မသန်စွမ်းသူတွေ။ အချို့မှာ ရူးကြောင်ကြောင်တွေ။ ချို့က မျက်မမြင်တွေ။ သားထောက်သမီးခံမရှိသော မုဆိုးမကို မျိုးနွယ်စုတစ်ခုလုံးက ဘန်ယူ ထောက်ပံ့ကြရသည်။

မုဆိုးမကြီးရာအတ်မှာ အသက်ကြီးလှပြီ။ ကိုယ်ခန္ဓာက ပုတ်လောက်ရှိသည်။ ခါးတစ်ချောင်းမှ မရှိတော့။ သို့သော် သူ့မှာ အပ်ချုပ်စက်တစ်လုံးရှိသည်။ အင်္ဂလန်လုပ် ချုပ်စက်ဖြစ်ပြီး “ဖရစ္စတာနှင့်ရိုဆမန်”ဟူ၍ တံဆိပ်ကပ်ထားသည်။

တစ်ရွာလုံးမှ မိန်းမများက အဘွားကြီး ရာအတ်ကို မုန်းကြသည်။

ကြောက်လည်း ကြောက်ကြသည်။ အဘွားကြီးသည် အလိုတူယောက်ျားများနှင့် ဖောက်ပြားနေသည်ဟု တင်းကြီးသည်။ ဤအမှုမျိုးကို ကိုရန်ကျမ်းတွင် ပြင်းထန်စွာတားမြစ်ထားသည်။ ဆင်းအမှုကို လွန်ကျူးသူများသည် "ရှင်ပြန်ထမြောက်သောနေ့တွင် မီးပုံထဲသို့ဝင်ကြရမည်။

ကျွန်တော့်ဖေဖေကတော့ မုဆိုးမအဘွားကြီးရာအတ်၏ ဖောက်ပြန်မှုကို မသိချင် ယောင်ဆောင်နေသည်။ အဘယ်ကြောင့်ဆိုသော အဘွားကြီးသည် မုဆိုးဖိုများ၊ အိမ်ထောင် နိုင်တော့သော ယောက်ျားများနှင့်သာ ရှုပ်သောကြောင့်ဖြစ်သည်။

အဘွားကြီးက အလွန်အရုပ်ဆိုးသည်။ သို့သော် သူ့အိမ်ဝန်းကျင်တွင်တော့ ယောက်ျားတွေ ခြေချင်းလိမ်နေကြသည်။ အထူးသဖြင့် ကျွန်တော့်လို ကလေးတွေက များဆုံး။ အဘွားကြီးသည် သူ့အင်္ကျီအိတ်ကပ်ထဲတွင် သကြားလုံး အပြည့်ထည့်ထားသည်။ သူက ကျွန်တော်တို့ ကလေးတွေအား အပ်ချုပ်စက်ဘီးကို လှည့်ခိုင်းသည်။

အဘွားကြီးသည် စက်ချုပ်ရင်း သီချင်းတကြော်ကြော် ဆိုနေတတ်သည်။ ပွဲလမ်း ဘင်မှလွဲ၍ သူတစ်ယောက်သာ အချိန်မရွေး သီချင်းဆိုလေ့ရှိသည်။ ကျွန်တော်တို့ရွာတွင် ဒီအချမ်းသာဆုံး အမျိုးသမီးဟူ၍ အဘွားကြီးရာအတ် တစ်ယောက်သာရှိသည်ဟု ကျွန်တော်ထင်သည်။

ယောက်ျားအဖော်မပါဘဲ ရမ်လီမြို့သို့ တစ်ယောက်တည်း သွားခွင့်ရသော အမျိုးသမီးဟူ၍လည်း သူတစ်ယောက်သာရှိသည်။ အဘွားကြီးသည် မြို့ပေါ်မှလူငယ်များနှင့် ခိုက်ဆံပေးပြီးအိပ်သည်ဟု မိန်းမများကပြောကြသည်။ ကျွန်တော်ကတော့ အားကျ၍ ဆေးကြခြင်းဖြစ်သည်ဟု ထင်သည်။

ကျောက်တုံးအိမ်များမှာသာလျှင် ကိုယ်ပိုင်အပြင် အိမ်သာရှိကြသည်။ မျိုးနွယ်စုတိုင်း ၎င် စွန့်ပစ်ထားသောအိမ်ဟောင်းများရှိကြသည်။ ယင်းတို့ကို အမှိုက်စွန့်ရန်နှင့် ကျင်ကြီး ကျင်ငယ်သွားရန်အသုံးပြုကြသည်။ သို့သော် မိန်းမအိမ်သာ ယောက်ျားအိမ်သာ ခွဲခြားထား သည်။ ကျွန်တော်တို့အိမ်တွင် သီးသန့်ကိုယ်ပိုင်အိမ်သာရှိသောကြောင့် ကျွန်တော် အလွန် ဝမ်းသာသည်။ ရွာလယ်ကွက်လပ်သည် ရွာသူရွာသားများစုဝေးရာ ဘုံရိပ်သာဖြစ်သည်။

ကွက်လပ်ထဲတွင် လှပသောရေတွင်းတစ်တွင်းနှင့် ရေတသွင်သွင်စီးနေသော စမ်းချောင်း ကလေးတစ်ခု ရှိသည်။ မိန်းမများသည် စမ်းချောင်းထဲတွင် အဝတ်လျှော်ကြသည်။ ရေတွင်းနှင့် ခပ်လှမ်းလှမ်း မြေနိမ့်ပိုင်းတွင် ရွာဘုံမုန့်ဖိုရှိသည်။ ထို့ကြောင့် ရေတွင်း စမ်းချောင်းနှင့် မုန့်ဖိုတို့မှာ မိန်းမများစုဝေးပြီး အတင်းချရာဌာနများ ဖြစ်ကြသည်။

ရွာလယ်ကွက်လပ်နှင့် မျက်နှာချင်းဆိုင်တွင် မျှော်စင်ကလေးပါသော ဗလီရှိသည်။ ဘကြီးဖရောက်က ရွာဘုန်းကြီး၊ သို့မဟုတ် ဗလီဆရာဖြစ်သည်။ သူသည် တစ်ရွာလုံး၏ ဆံသဆရာလည်း ဖြစ်သည်။ မျိုးနွယ်စုအကြီးအကဲ အဘိုးကြီးတစ်ယောက်က “မော်ဇင်”အဖြစ် ဆောင်ရွက်ပြီး ဗလီမျှော်စင်ပေါ်တွင်ရပ်ကာ ရွာသူရွာသားများအား နေ့စဉ်နေ့တိုင်း ဝတ်ပြုလာကြရန်နှိုးဆော်သည်။

ရွာလယ်ကွက်လပ် တစ်ဖက်တွင် လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်နှင့် ဧည့်ရိပ် သာရှိသည်။ ယင်းတို့အားလုံးကို ဖေဖေနှင့် ဦးကြီးဖရောက်တို့က စပ်တူပိုင်ကြသည်။ ဧည့်ရိပ်သာတွင် အခန်းနှစ်ခန်းရှိရာ တစ်ခန်းမှာ ယောကျ်ားများအတွက်၊ နောက်တစ်ခန်းမှာ မိန်းမများအတွက် ဖြစ်သည်။ ကုလားအုတ်များထားရန် သီးသန့်နေရာလည်းရှိသည်။

'ဝါဘီမျိုးနွယ်စု လာရောက်လည်ပတ်လျှင် ဧည့်ရိပ်သာတွင် အမြဲတမ်းတည်းခိ ကြသည်။ အာရပ်လူမျိုးအားလုံးပင် အလွန်ဧည့်ဝတ်ကျေပွန်ကြသည်။ အဆင်းရဲဆုံး အိမ်များပင်လျှင် ဧည့်သည်ကိုဖျာခင်း၍ ဧည့်ခံကြသည်။ ထို့ပြင် သီးနှံရိတ်သိမ်းချိန်း ပွဲတော်ချိန်နှင့် ကုလားအုတ်တပ်များ တိရစ္ဆာန်အညစ်အကြေး လာဝယ်ချိန်များတွင်လည်း အသုံးပြုကြသည်။

ဖေဖေသည် ဧည့်ရိပ်သာကို သူ့ ဂုဏ်သိက္ခာအတွက် တမင်ဆောက်လုပ်ထားသည်ဟု ကျွန်တော်ထင်သည်။ မျိုးနွယ်စုကိစ္စများဆွေးနွေးရန် အခြားကျေးရွာများမှ အကြီးအကဲများ လာရောက်လျှင် ဖေဖေက ထမင်းရည်ချောင်းစီး ကျွေးမွေးဧည့်ခံလေ့ရှိသည်။

ရေတွင်းနှင့် ရွာလယ်မှ ဘုံမုန့်ဖိုကို မိန်းမများ ပိုင်သည်ဟုဆိုလျှင်

ရွာလယ်လက် ဖက်ရည်ဆိုင်ကို ယောက်ျားများပိုင်သည်ဟုဆိုရမည်။ လက်ဖက်ရည်ဆိုင်ရှိ ရေဒီယိုကို နေထွက်ကနေဝင်အထိ တစ်နေကုန်ဖွင့်ထားသည်။ အရှေ့တိုင်းဂီတသံများ၊ ကျမ်းစာဟော ပြောချက်များ၊ ဂျေရုဆလင်နှင့် ဒမတ်စကတ်မြို့များမှလာသော သတင်းများကို အဆက်မပြတ် ကြားနေရသည်။ ညဥ့်နက်ပိုင်းရောက်တော့ ဘဂ္ဂဒက်နှင့် ကိုင်ရိုမြို့များမှ ထုတ်လွှင့်သော သတင်းများကိုပင် နားထောင်ကြရသည်။

လက်ဖက်ရည်ဆိုင်ဘေးတွင် ကုန်စုံဆိုင်ရှိသည်။ ကုန်စုံဆိုင်သို့ မိန်းမများ လာရောက် ဝယ်ခြမ်းကြသည်။ ပါလက်စတိုင်းသို့ ဂျူးများ ရောက်မလာမီကဆိုလျှင် ကုန်စုံဆိုင်ရှိပစ္စည်း အားလုံးမှာ နိုင်ငံခြားလုပ်ပစ္စည်းများချည်းဖြစ်သည်။ ဆီးရီးယားမှ ဆေးလိပ်၊ ပေါ်တူဂယ် ငါးသေတ္တာ၊ ဆွီဒင်မှ မီးခြစ်၊ သင်တုန်းဓား၊ အပ်ချုပ်စက်နှင့် အင်္ဂလန်မှ သံထည်ပစ္စည်းများ၊ မုန့်ဖုတ်ဆိုဒါ နှင့် ဆေးဝါးပစ္စည်းအချို့ လည်း ရှိသည်။

သို့သော်လည်း ကျွန်တော်တို့သည် မွတ်စလင်များ ဖြစ်သောကြောင့် နိုင်ငံခြား ဆေးများကို များစွာမယုံကြည်ကြပါ။ နာမကျန်းဖြစ်ခြင်းသည် မကောင်းဆိုးဝါး စားသောကြောင့်ဖြစ်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ရိုးရာဓလေ့အရ အဘွား ခွေး ဖော်စပ်ထားသော သစ်ဥ၊ သစ်ဖု ဆေးဝါးများဖြင့်သာ အများဆုံးကုသကြသည်။ ကုန်စုံဆိုင်တွင် အရေးအကြီးဆုံးပစ္စည်းမှာ ရေနံဆီဖြစ်သည်။ သို့သော်လည်း လက်တစ်ဆုပ်စာ အိမ်ထောင်စုများကသာ ဝယ်ယူသုံးစွဲနိုင်ကြသည်။ ဂျူးတို့၏ဘုံရိပ်သာတွင် ပ်စက်ရုံရှိသည်။ သစ်သီးများနှင့် ဟင်းသီးဟင်းရွက်မျိုးစုံကို ထိုစက်ရုံတွင် ဘူးသွပ်သည်။

ယင်းဘူးသွပ်စည်များကို ကုန်စုံဆိုင်တွင်တင်ရောင်းရန် ဖေဖေက လုံးဝခွင့်မပြု။ အသံဘူးများထဲတွင် အဆိပ်ခတ်ထားသောကြောင့် စားသုံးလျှင် ကျွန်တော်တို့အားလုံး ကုန်ကြမည်။ ထိုအခါ ဂျူးတို့က ကျွန်တော်တို့နယ်မြေကို သိမ်းယူကြမည်ဟူ၍ ရွာလုံး သတင်းပြန့်နေသည်။ ရွာသားတိုင်းလိုလိုပင် ငွေဖြစ်စေ၊ သီးနှံဖြစ်စေ၊ တစ်မျိုးမဟုတ်တစ်မျိုး ကုန်စုံဆိုင်တွင် ကြွေးတင်လျက်ရှိသည်။ ဖေဖေကလည်း သူတို့ အကြွေးယူချင်သလောက် ယူပါစေဟု ပေးထားသည်။ သို့သော် သူက သဘောတရားတစ်ခုကိုတော့ လေးလေးနက်နက် ပြောသည်။ သဘောတရားမှာ “မင်းဆီမှာ အကြွေးတင်နေသူက မင်းကို ခွေးဟု မခေါ်နိုင်၊ သူသာ

အဖြစ်မည်။ မင်းပြောသမျှခံရမည်” ဟူ၍ ဖြစ်သည်။ ရွာသားတစ်ယောက် အကြွေးသိပ် လျှင်တော့ ဖေဖေက မေးခွန်းမျိုးစုံမေးပြီး စစ်ဆေးဆုံးမလေ့ရှိသည်။ ရွာလယ်ကွက်လပ်၏ နောက်ဘက်တွင် ဘုံတလင်းပြင်ရှိသည်။ ထိုနေရာသည် အပျိုများ၏ အနှစ်သက်ဆုံး စုရပ်နေရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရောတွင်သာလျှင် အပျိုလူပျိုများ အကြောက်အလန့်မရှိဘဲ လက်ပွန်းတတီး တွေ့ဆုံ ဆံနိုင်သောကြောင့် ဖြစ်သည်။ တလင်းပြင်တွင် ကောက်လှိုင်းများကိုချပြီး ယောကျ်ား ၎ မိန်းကလေးများ ဘေးချင်းယှဉ်ကာ သီးနှံခြွေကြသည်။ ဤသို့ဖြင့် တစ်ယောက်နှင့် ယောက် မလွှဲမရှောင်သာ မကြာခဏ အသားချင်းထိမိကြသည်။ ထို့ကြောင့် ထိုနေရာသည် လူပျိုအပျိုများ နှုတ်ဆော့လက်ဆော့ လုပ်နိုင်သော လည်းဖြစ်သည်။ အချို့က မသိမသာ အသားချင်းတို့ထိကြသည်။ အချို့က လုံးချင်း စကားပြောကြသည်။ အချို့က နှုတ်ဖြင့် ချစ်ကြိုးသွယ်ကြသည်။

မိန်းကလေးများသည် သူတို့၏လက်များနှင့် မျက်နှာတစ်စိတ်တစ်ပိုင်းကိုသာ ခွင့်ရသောကြောင့် မျက်လုံးကိုသာ အများဆုံးအသုံးချကြသည်။ ဤကမ္ဘာတွင် ဖြင့် စကားပြောခြင်းအတတ်ကို အာရပ်အမျိုးသမီးများလောက် ဘယ်အမျိုးသမီး မှ ကျွမ်းကျင်မည်မဟုတ်ပေ။

တဘားရွာတွင် ဆယ့်ငါးရက် တစ်ကြိမ်စီ ဈေးနေ့ ရှိသည်။ တခြားရွာများမှ Fည်များသည် ရောင်းကုန်များကို မြေအိုးကြီးများနှင့်ထည့်ကာ မြင်းလှည်းများဖြင့် ကွက်လပ်သို့ ရောက်လာကြသည်။ စဥ့်အိုး၊ မြေအိုးများ အထူးလက်ရာမြောက်သည်။ က ရင်သားမို့မို့၊ တချို့က ဗိုက်ပူပူ၊ တချို့က ဝဝဖီးဖီ၊ တချို့က ပိန်ပိန်သွယ်သွယ် : အိုးအမျိုးမျိုးဖြစ်သည်။ ထို့ပြင် မှန်အမျိုးမျိုး၊ ဘီးအမျိုးမျိုး၊ မကောင်းဆိုးဝါးနှင်ရန် အဆောင်လက်ဖွဲ့ ၊ ကိုးဆယ့်ခြောက်ပါးရောဂါ ပျောက်သည်ဆိုသော တိုင်းရင်းဆေးအမျိုးမျိုး၊ ဆေးအမျိုးမျိုး၊ အထည်ဟောင်းအမျိုးမျိုးနှင့် မြင်းခွာများကိုလည်း ခင်းကျင်း   ရောင်းချကြသည်။

အချို့ကမူ အက်နေသောအိုးများကို ပြင်ပေးကြသည်။ ဓား၊ ကတ်ကြေးနှင့် လယ်ယာသုံးကိရိယာများကို သွေးပေးကြသည်။ လက်နက်ပြင်သမားများလည်း ပါသည်။ ရွာတိုင်းလိုလိုမှာပင် ဗလီများ၌ ဝှက်ထားသော လျှို့ဝှက်လက်နက်တွေရှိကြသည်။ ဤမြင့်မြတ်သောနေရာများမှ လက်နက်တို့ကို ဘယ်အာရပ်လူမျိုးမှမခိုး။ လက်နက်ရှာဖွေ ရန်အတွက် မြင့်မြတ်သော

နေရာထဲသို့လည်း ဘယ်အင်္ဂလိပ်လူမျိုးမှမဝင်။

အာမေနီယံလူမျိုးများသည် "ခါတ်ပုံစက်" များနှင့် တစ်နှစ်တစ်ကြိမ်ခန့် ရောက်လာ တတ်ကြသည်။ မည်မျှပင်ဆင်းရဲသည်ဖြစ်စေ တစ်ရွာလုံးတွင် ခါတ်ပုံချိတ်မထား သောအိမ်ဟူ၍ မရှိသလောက်ဖြစ်သည်။ အများအားဖြင့် မိသားစုအကြီးအကဲ၏ပုံကို ဝတ်စုံအပြည့်ဖြင့် ကိုယ်လုံးပေါ် ရိုက်ထားကြသည်။ အထူးသဖြင့် မင်္ဂလာလက်ထပ်ပွဲနေ့ ခါတ်ပုံကိုအသားပေး၍ ရိုက်ကြသည်။ သို့သော် မိန်းမများကိုတော့ ခါတ်ပုံရိုက်ခွင့် လုံးဝမပြု။

ကျွန်တော့်ဖေဖေတွင် တိုက်ပွဲဝင်ခါတ်ပုံများ၊ မြင်းစီးခါတ်ပုံများနှင့် အခြား အကြီးအကဲများနှင့် လက်ဆွဲနှုတ်ဆက်နေပုံခါတ်ပုံများ အများအပြားရှိသည်။ ယင်းပုံတွေ အတွက် သူက အလွန်ဂုဏ်ယူသည်။ သူ့သားတွေအားလုံးနှင့် တွဲချိတ်ထားသော ပုံတစ် ပုံလည်း ရှိသည်။

တစ်နှစ်မှ တစ်ခေါက်လောက်သာ ရောက်လာတတ်သော တခြားဈေးသည် တစ်ယောက်လည်း ရှိသေးသည်။ သူသည် နိုင်ငံပေါင်းများစွာမှ မဂ္ဂဇင်းအဟောင်းများကို တစ်ပွေ့တစ်ပိုက်ကြီး ယူလာသည်။ ထိုမဂ္ဂဇင်းများတွင် ဝတ်လစ်စလစ်မိန်းမခါတ်ပုံများ အများဆုံးပါရှိသည်။ ကျွန်တော့်ဖေဖေသည် သူအကြိုက်ဆုံးမိန်းမပုံများကို အိပ်ခန်းထဲမှ အဝတ်ဗီရိုထဲတွင် ဝှက်သိမ်းထားသည်။ ထိုပုံများကို ကျွန်တော်တို့ညီအစ်ကိုက လစ်လျှင် လစ်သလို အရဲစွန့်၍ ခိုးကြည့်ကြသည်။

ရွာလယ်ကွက်လပ်မှ လမ်းတစ်လမ်းသည် တာလမ်းမကြီးနှင့် ဘတ်စ်ကားဂိတ်သို့ ဦးတည်ဆင်းသွားသည်။ ဘကြီးဖရောက်သည် ကားလမ်းဘေးတွင် ဆိုင်လေးတစ်ဆိုင် ဖွင့်ထားသည်။ ထိုဆိုင်တွင် သူ့သားတစ်ယောက်ထိုင်သည်။ သူက ဘတ်စ်ကားသမားများအား ပိုက်ဆံပေးထားပြီး ကားများကို တဘားရွာမှာအမြဲတမ်းရပ်ရန် ပြောထားသည်။ ထို့ကြောင့် ခရီးသည်များအား အဆိုပါဆိုင်ကလေးမှ ဖျော်ရည်များ၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ ရောင်းချသည်။

ကလေးများက ဘုံရိပ်သာမှလူများမဝယ်သော ရှေးဟောင်း အိုးခြမ်းကွဲများကို ရောင်းကြသည်။ မွတ်စလင်ခရီးသည်များအား

စိပ်ပုတီးများကိုလည်းကောင်း၊ ခရစ်ယာန် ခရီးသည်များအား လက်ဝါးကပ်တိုင်များကိုလည်းကောင်း ရောင်းချကြသည်။

ထို့ပြင် သူတို့က ခရီးသည်များအား ရှေးဟောင်းမြားစူးများကိုလည်း ရောင်းချကြ သည်။ ထိုမြားစူးများသည် သမ္မာကျမ်းစာလာ စစ်ပွဲကြီးအတွက် အသုံးပြုခဲ့သော မြား များဖြစ်သည်ဟုပြောသည်။ ယင်းစစ်ပွဲဖြစ်စဉ်က ယေရှုသည် နေမင်းကိုရပ်တန့်နေစေရန် တောင်းပန်ခဲ့သည်ဟု ဆိုသည်။

ဘာမှရောင်းစရာမရှိသော အခြားကလေးများကတော့ ကားဂိတ်သို့ သူ့ထက်ငါဦး သွားပြီး ပိုက်ဆံတောင်းကြသည်။ သူတို့သည် ခရီးသည်များအား ဝိုင်းထားပြီး ဆွဲလားရမ်းလား တောင်းခံကြသောကြောင့် သူတို့ကို ခရီးသည်များက ယင်ကောင်များ မောင်းသလို အတင်းမောင်းထုတ်ကြသည်။

ကျွန်တော်တို့ရွာတွင် ပိုက်ဆံတောင်းစားနေသော ဒုက္ခိတတွေ တော်တော်များများ ခံသည်။ ဖေဖေသည် သူ၏သားသမီးများအား ဘယ်တော့မှ သူများဆီမှ လက်ဝါးဖြန့် ဘောင်းရန် တင်းကျပ်စွာတားမြစ်ထားသည်။ သို့သော် တခြားလူတွေကိုတော့ ဟန့်တား ရေပါ။

• တဘားရွာရှိ အိမ်တိုင်းလိုလိုမှာပင် ဧည့်ခန်းနှင့် ထမင်းစားခန်းများတွင် ဆိတ်သား များကိုခင်းထားကြပြီး မိသားစုနှင့် ဧည့်သည်များထိုင်ရန် ရွှံ့ကုလားထိုင်ရှည်ကြီးတစ်လုံး တတ်သည်။ မီးဖိုခန်းတွင်ချက်ပြုတ်ရန်အတွက် ဖိုခနောက်ထင်းမီးဖိုတစ်ခုရှိသည်။ ပိုက်ဆံ ချမ်းသာသောအိမ်များတွင်မူ ပါလက်စတိုင်းမှ ဂျူးတွေထုတ်လုပ်သော ရေနံဆီမီးဖိုကို ခဲ့ကြသည်။

မီးခိုခန်း၏ မရှိမဖြစ်ပစ္စည်းမှာ ကျောက်ငရုတ်ဆုံနှင့် ကျည်ပွေ့၊ သံထည် အိုးခွက် ဒန်းကန်များ ဖြစ်သည်။ အိမ်တိုင်းတွင်ရှိသော ပစ္စည်းတစ်ခုကတော့ ကော်ဖီကရားနှင့် ကော်ဖီခွက်များ ဖြစ်ကြသည်။

ဆား၊ ကော်ဖီမှုန့်၊ ပဲနှင့် အခြားမီးဖိုချောင်သုံး အသီးအနှံအမျိုးမျိုးကို ရွှံ့ကရား များနှင့်ထည့်၍ နံရံတွင်အစီအရီတင်ထားကြသည်။ တခြားအိုးကြီးများနှင့် ရေနံဆီဖုံး ထုတ်များကို ရေထည့်ရန်နှင့် ရေခပ်ရန် တံခါးအနီးတွင်ချထားသည်။ ဆန်စပါးနှင့် သီးနှံအမျိုးမျိုးထည့်ထားသော ရွှံ့ပုံးကြီးများလည်းရှိသည်။

ကျွန်တော်တို့မှာ ပိုက်ဆံချမ်းသာသောကြောင့် စပျစ်ရည်ညှစ်ရန်နှင့် သိုးဆီထုတ်ရန် ယ်အိုးကြီးတစ်လုံးရှိသည်။ ဧည့်ခန်း၊ ထမင်းစားခန်းနှင့် မီးဖိုခန်းများပြီးလျှင် အိပ်ခန်းများ သည်။ ယင်းတို့မှာပါးလွှာသော ဖျာကြမ်းများနှင့် ဆိတ်သားရေခင်းထားသော စတုရန်းပုံ န်းကြီးများ ဖြစ်ကြသည်။

သားကြီးများ အိမ်ထောင်ကျ၍ ကလေးတွေတိုးလာသောအခါ အိပ်ခန်းတွေလည်း ဆိုးလာသည်။ ကျွန်တော်တို့ရွာမှ လူတစ်ယောက်မှာ အိမ်ထောင်သည် သားကိုးယောက် သောကြောင့် မိသားစုလည်း ၅၂ ယောက်အထိ တိုးလာခဲ့သည်။

ကျွန်တော်တို့အိမ်တွင် သူများအိမ်တွေမှာမရှိသော ပစ္စည်းအများကြီးရှိသည်။ ည့်ခန်းထဲတွင် ရွှံ့နှင့်မလုပ်ဘဲ သစ်သားနှင့်လုပ်ထားသော ထိုင်ခုံတွေရှိသည်။ ယင်းတို့ ဒေါ်တွင် ဘက်သလီဟမ်မြို့မှ အထူးချုပ်လုပ်သော ထိုင်ဖုံးများခင်းထားသည်။

ထို့အပြင် အနောက်တိုင်းဖြစ် အလွန်လှပသော ကုလားထိုင်ကြီးနှစ်လုံးလည်းရှိသည်။ တစ်လုံးက ဖေဖေ့အတွက်ဖြစ်ပြီး နောက်တစ်လုံးမှာ အထူးဧည့်သည်အတွက် ဖြစ်သည်။ ကျွန်တော်တို့အား ယင်းတို့အပေါ်တွင် ထိုင်ခွင့်လုံးဝမပြု။

အခြားအိမ်များတွင် သစ်သားတံခါးသာရှိသော်လည်း ကျွန်တော်တို့အိမ်တွင် အန်တံခါးများ တပ်ထားသည်။ ဖေဖေတစ်ဦးတည်းသာ ခုတင်နှင့်အိပ်ရသည်။ သို့သော် မီဇာရောက်လာသောအခါ နောက်ထပ်ခုတင်တစ်လုံး တိုးလာသည်။

အိမ်တန်းများနှင့် ရွာလယ်ကွက်လပ်အလွန်တွင် လယ်ကွင်းကလေးများရှိသည်။

ယင်းတို့ကို အမွေပိုင်ဆိုင်မှုအရ အကြိမ်ကြိမ်အလီလီ ခွဲခြားသတ်မှတ်ထားသည်။ ရာသီဥတု ကို သီးနှံအမျိုးအစားဖြင့် သိရှိနိုင်သည်။ ဆောင်းရာသီတွင် ဂျုံ၊ ဘာလီ၊ မြင်းစားပဲနှင့် ၊ ပဲရာဇာတို့မှာ အဓိကသီးနှံများ ဖြစ်ကြသည်။ စမုံနက်ပင်ကိုမူ တိရစ္ဆာန်အစာအတွက် စိုက်ပျိုးသည်။ နွေသီးနှံများမှာ ဖရဲသီး၊ ကုလားပဲ၊ နှမ်းနှင့် အခြားသစ်သီးဝလံ ဖြစ်ကြသည်။ “

ကျွန်တော်တို့၏ လယ်ယာများနှင့် သစ်သီးခြံအများစုမှာ စုပေါင်းပိုင်ဖြစ်ကြသည်။ ပါလက်စတိုင်းဒေသတွင် တဘားရွာသည် ထူးထူးခြားခြား မြေဩဇာကောင်းသည်။

ကျွန်တော်တို့၏ ဂုဏ်ယူစရာ အထွက်တိုးသီးနှံများမှာ ဗာဒံသီး၊ သစ်ကြားသီးနှင့် သံလွင်သီးများဖြစ်ကြသည်။ တစ်နှစ်တာကာလ၏ နောက်ဆုံးသီးနှံမှာ စပျစ်သီးဖြစ်သည်။ ဤသီးနှံကိုလည်း တိရစ္ဆာန်စားကျက်များကဲ့သို့ပင် စုပေါင်းပိုင်ဆိုင်ကြသည်။

ကုန်တင်ကားများ မပေါ်ခင်ကသော် ဝါဟာဘီလူမျိုးစု ကုလားအုတ်တပ်များသည် အိမ်ပြင်ရန် မဖောက်ထုံးများကိုယူလာကြပြီး ရွာမှသီးနှံများကို ပြန်သယ်သွားကြသည်။ ထို့ပြင် ပိုလျှံသော တိရစ္ဆာန်အညစ်အကြေးများကိုလည်း အဓိကထား၍ ဝယ်ယူကြသည်။ အဘီဒိုယင်လူမျိုးစုများသည် ကမ္ဘာတွင်အကြီးဆုံးမှောင်ခိုသမားများ ဖြစ်သောကြောင့် ကျွန်တော်တို့ရွာမှ တိရစ္ဆာန်အညစ်အကြေးများကို အများအားဖြင့် ဆေးခြောက်များနှင့် လဲလှယ်ကြသည်။

ကျွန်တော်တို့အိမ်တွင် တစ်ရွာလုံး၏ တစ်လုံးတည်းသော တိုင်ကပ်နာရီကြီးရှိသည်။ သို့သော် ဖေဖေသည် နာရီကိုမကြည့်တတ်ပါ။ နေ့စဉ်နေ့တိုင်း နေဝင်ချိန်တွင် နာရီလက်တံ ကို ၁၂ နာရီသို့ ရွှေ့ထားတတ်သည်။ တကယ်တော့ ဘာမှအဓိပ္ပာယ်မရှိ။ အချိန်ကို နေရပ်တည်ရာ အနေအထားဖြင့်သာ မှတ်သားတတ်သည်။

ဖေဖေ့တွင် လုံးဝအသုံးမပြုသော၊ အသုံးလည်းမပြုတတ်သော ပြက္ခဒိန်တစ်ခုရှိသည်။ တစ်နှစ်တာ၏ အချိန်ကာလကို ရှေးနည်းအတိုင်း လဆန်း၊ လဆုတ်၊ သို့မဟုတ် ရာသီဥတုဖြင့်သာ တိုင်းတာပြောဆိုကြသည်။

ဖေဖေသည် လူချမ်းသာဖြစ်၍ အလင်းရောင်အတွက် ရေနံဆီမှန်အိမ်ကိုသာသုံးသည်။ ရေနံဆီမှန်အိမ်မှာ သိုးမွေးမီးဇာကို သံလွင်ဆီဆွတ်၍ သံလွင်ဆီခွက်ထဲတွင်ထည့်ကာ ထွန်းခြင်းထက် အများကြီးလင်းသည်။ ဖေဖေသည် မကောင်းဆိုးဝါးများကိုနှင်ရန်အတွက် သူ့အိပ်ခန်းထဲတွင် သံလွင်ဆီမီးခွက်ကလေးကို အမြဲတမ်းထွန်းထားတတ်လေသည်။

အိမ်တိုင်းတွင် မြည်း၊ နို့စားနွားမနှင့် ဆိတ်စသော တိရစ္ဆာန်များထားရန် အ တစ်ခုစီ ချထားသည်။ ထွန်နွားများမှာ မိသားစုပိုင်ဖြစ်၍ မကြာခဏ မိသားစုအချင်းချင်း၊ ရန်ခိုက်ပုစ္ဆာ ဖြစ်ပွားတတ်သည်။ လယ်သမားများသည် သူတို့၏ အိမ်မွေးတိရစ္ဆာန်များကို ဆွေမျိုးသားချင်းများလို သဘောထားကြသည်။ လယ်ထွန်သွားရင်း တိရစ္ဆာန်များနှင့် စကားပြောသွားကြသည်။ တိရစ္ဆာန်များကို လူနှင့်နီးကပ်စွာထားရှိခြင်းမှာ တိရစ္ဆာန်များ ၏ကိုယ်မှ အနွေးဓာတ် ရရှိသောကြောင့်ဖြစ်သည်။

တိရစ္ဆာန်များထားရာ အိမ်အဖီနှင့်မနီးမဝေးတွင် သီးနှံစိုက်ခင်းကလေးများနှင့် ကြက်ခြံများရှိသည်။ ကြက်နှင့် ကြက်ဥများကို မိန်းမများက ဈေးသို့သွား၍ ရောင်းချကြသည်။ အဆိုပါ ကြက်ခြံနှင့်စိုက်ခင်းများကို ဆူးရှိသော စောင်းခြမ်းပင်များရိုက်၍ ခြံစည်းရိုး တ်ထားသည်။

တဘားရွာတွင် လူတိုင်းပင် တစ်ယောက်နှင့်တစ်ယောက် ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းများလို သဘောထားကြသည်။ တစ်ယောက်ကိုတစ်ယောက် ကူညီစောင်မရန် တာဝန်ရှိသည်ဟု ယူဆကြသည်။ မိသားစု၊ မျိုးနွယ်စုနှင့် လူမျိုးစုများအတွင်း အချင်းချင်း ရန်ဖြစ်ခြင်းကို ကိုရန်ကျမ်းက တင်းကျပ်စွာတားမြစ်ထားသည်။ သို့သော်လည်း အချင်းချင်း ရန်ဖြစ်မှုများ မကြာခဏပေါ်ပေါက်လေ့ရှိသည်သာ ဖြစ်သည်။

ကျွန်တော့်အနေဖြင့် ကျောင်းတက်ပြီး ကဗျာလင်္ကာတွေရေးကာ နိုင်ငံခြားဘာသာ စကားကို သင်ယူခြင်းသည် ကျွန်တော့်အတွက် အန္တ ရာယ်အလွန်များသည်။ အဘယ်ကြောင့် ဆိုသော် ကျွန်တော်ပညာတတ်လာ၍ ကျွန်တော့်အစ်ကိုများက မနာလိုကြသောကြောင့် ဖြစ်သည်။

တဘားရွာတွင် ပညာသင်လိုစိတ် ပြင်းပြသောကလေးဆို၍ ကျွန်တော်တစ်ယောက် သာရှိသည်။ စာသင်ကျောင်းနှင့် အခြားဖျော်ဖြေစရာနေရာများ မရှိသောကြောင့် ကလေးများမှာ လူကြီးတွေအနားကပ်ပြီး အလဟဿ အချိန်ကုန်ကြရသည်။ သို့သော် တစ်နေ့သောအခါ ကလေးများမှာ လူကြီးများနေရာကို ဆက်ခံကြရမည်သာဖြစ်လိမ့်မည်။

ကျွန်တော့် အစ်ကိုကြီးကမယ်သည် ဖေဖေ့အနားမှ တစ်ဖဝါးမခွာဘဲ အခွင့်သာတိုင်း အမြဲတမ်း ပူးကပ်နေတတ်သည်။ အကြောင်းမှာ ဖေဖေကွယ်လွန်လျှင် သူက မိသားစု ခေါင်းဆောင်နှင့် မျိုးနွယ်စုအကြီးအကဲ ဖြစ်ချင်သောကြောင့်ဖြစ်သည်။ အစ်ကိုအိုမာကတော့ ဈေးဆိုင်များတွင် တာဝန်ယူရောင်းချနေသည်။ သူလည်း တစ်နေ့တွင် ဈေးဆိုင်နှင့် လက်ဖက်ရည်ဆိုင်တာဝန်ခံ ဖြစ်လာသည်။

အစ်ကို ဂျမိလ်မှာ လယ်သမားကြီးအဖြစ် ကျွန်တော်တို့ လယ်မြေတာဝန်ခံ ငမ်းကဲ့အစ်ကိုတစ်ယောက်နှင့် တွဲလုပ်နေသည်။ ကျွန်တော်သည် ဖေဖေ၏ကိုးစားမှုကို တဖြည်းဖြည်းနှင့်ရလာသည်။ ထို့ကြောင့် အစ်ကိုများ၏မနာလိုမှုမှာ ပို၍ကြီးထွားလာ သည်။

လယ်သမားများအဖို့ မိမိလယ်၊ မိမိရွာ၊ မိမိမိသားစုနှင့် မိမိကိုးကွယ်ရာဘာသာတို့မှာ တစ်ခုတည်းပင်ဖြစ်သည်။ မနက်တိုင်းတွင် ဗလီမျှော်စင်မှ မော်ဇင်ဆရာက နှိုးဆော်သောအခါ လူတိုင်းအိပ်ရာမှထ၍ ဝတ်ပြုကြရသည်။ ထို့နောက် နံနက်စာစားပြီးလျှင် ဖေဖေမှတစ်ပါး အားလုံး ကိုယ့်အလုပ်ကိုယ်သွားကြသည်။

ကျွန်တော်သည် မိသားစုဝင်အချင်းချင်း နီးကပ်စွာနေထိုင်ကြသောကြောင့် မကြာခဏ ဆိုသလို အငြင်းပွားမှု၊ ရန်ဖြစ်မှုများ ပေါ်ပေါက်လေ့ရှိသည်။ မျိုးနွယ်စုငါးခုစလုံးတွင် အကြီးအကဲများ အသီးသီးရှိကြသည်။ မိသားစုနှင့် မျိုးနွယ်စုအတွင်း ပြဿနာပေါ်ပေါက်လျှင် ထိုအကြီးအကဲများက ထိန်းသိမ်းဖြေရှင်းပေးရသည်။ သို့သော်လည်း အချင်းချင်း ပဋိပက္ခဖြစ် မှာ လွယ်လွယ်နှင့်ပြီးဆုံးမသွား။ မျိုးဆက်ပေါင်းများစွာ ကြာရှည်တတ်သည်။

ကျွန်တော့်အဖေသည် အလွန်ဩဇာအာဏာရှိသော မျိုးနွယ်စုအကြီးအကဲ ဖြစ်သည်။ ဖေဖေ၏ တရားစီရင်မှုမှာ မြန်လည်းမြန်သည်၊ စူးလည်းစူးရှသည်။ လူတစ်ယောက်ကို အကောင်းဆုံးဒဏ်ခတ်ခြင်းမှာ သူနှင့်သူ့မိသားစုအား အရှက်တကွဲဖြစ်အောင် တစ်ရွာလုံးက ဝိုင်းပယ်ထားခြင်း ဖြစ်သည်။ အာရပ်လူမျိုးတစ်ယောက်အဖို့ ဝိုင်းပယ်ခံရခြင်းသည် အပြင်းထန်ဆုံးပြစ်ဒဏ်ပင် ဖြစ်သည်။

ကျွန်တော့်သူငယ်ချင်း အီဇတ်တို့မိသားစုအားလည်း ယင်းနည်းအတိုင်း ဝိုင်းပယ်ထား ကြသည်။ သူ့အဖေတာရက်သည် ကျွန်တော်တို့ကဲ့သို့ပင် ဆုကိုရီမျိုးနွယ်စုဝင်တစ်ဦး ဖြစ်သည်။ သီးနှံပေါ်ချိန်တွင် ယောကျ်ားတိုင်းလိုလို အပြင်လုပ်ငန်း အရှာထွက်ကြသည်။ လိမ္မော်သီးခူးချိန်တွင် ဂဇာသို့သွား၍ အလုပ်လုပ်ကြသည်။ တချို့က ဂျက်ဖာသို့သွား၍ သင်္ဘောဆိပ်တွင် အလုပ်လုပ်ကြသည်။

ဂျူးတွေမှာ ဘုံရိပ်သာအများအပြားရှိသောကြောင့် သီးနှံပေါ်ချိန်တွင် အလုပ်သမားတွေ အများကြီးလိုသည်။ သို့သော် ဖေဖေကတော့ တဘားရွာသားများအား ဂျူးတွေခိုင်းတာ မလုပ်ရဟု အမိန့်ထုတ်ထားသည်။ အီဇတ်၏ အဖေတာရက်က ဖေဖေ့အမိန့်ကို ဖီဆန်ပြီး ဂျူးတွေထံမှာ သွား၍အလုပ်လုပ်သည်။ ထို့ကြောင့် ဖေဖေက သူ့ကို လက်ဖက်ရည်ဆိုင်သို့ ဝင်ခွင့်မပြု။ ဈေးဆိုင်မှ အကြွေးစာရင်းကိုလည်း ပိတ်လိုက်သည်။

ထို့ပြင် ဗလီသို့မဝင်ရ၊ ပွဲလမ်းသဘင်များသို့မလာရ၊ စုပေါင်းဝင်ငွေရသော လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခွင့်မပြု။ တာရက်၏မိန်းမကိုလည်း တစ်ရွာလုံးမှမိန်းမတွေ က ရေတွင်းနှင့် ရွာဘုံမုန့်ဖိုများတွင် အမြဲတမ်းအတင်းပြောကြသည်။ ထို့ကြောင့်သူ့မှာ ရေခပ်ချင်လျှင် သူများတွေ တစ်ယောက်မှ မရှိတော့သောအချိန်ကျမှ သွားခပ်ရသည်။

တစ်ရွာလုံးမှ ကလေးတွေကိုလည်း တာရက်၏သားသုံးယောက်နှင့် လုံးဝမကစားရဟု တားမြစ်ထားသည်။ သို့သော် ကျွန်တော်ကတော့ အီဇာတ်နှင့် ပေါင်းသင်းမြဲ ပေါင်းသင်း နေသည်။

ဤနည်းဖြင့် သုံးနှစ်ခန့်ကြာလာသောအခါ တာရက်မှာ ဒဏ်မခံနိုင်တော့ဘဲ မိသားစုကိုပစ်ပြီး ထရန်စ် - ဂျော်ဒန်သို့ ထွက်ပြေးလေတော့သည်။ အာရပ်ကမ္ဘာတွင် ဤကဲ့သို့ မိသားစုနှင့်ကင်းကွာရခြင်းသည် ရှင်လျက်သေခြင်းပင် ဖြစ်သည်။

မိန်းမ ယောကျ်ား အားလုံးတို့သည် ကိုယ့်ဘဝကျဉ်းကျဉ်းလေးထဲတွင် ပိတ်မိနေ ကြသည်။ ပြောင်းလဲတော်လှန်နိုင်ခြင်းမရှိ။ ထွက်ပြေးလွတ်မြောက်နိုင်ခွင့်မရှိ။ မိမိ၏ လက်ရှိဘဝပေးကို ဇွတ်မှိတ်ပြီး အောင့်အည်း နေထိုင်နိုင်မှသာလျှင် လူတစ်ယောက်အနေဖြင့် ရှူးမသွားဘဲ

နေနိုင်လိမ့်မည်ဟု ဖေဖေကပြောပြလေ့ရှိသည်။ ထို့ကြောင့်လည်း လူပေါင်းများစွာတို့မှာ တစ်နည်းမဟုတ်တစ်နည်း ရှုးနေကြရသည်။

တဘားရွာတွင် အလုပ်ကြမ်းလုပ်ခြင်းကို အနိမ့်ဆုံးအလုပ်ဟု ယူမှတ်ကြသည်။ ကျွန်တော့်ဖေဖေသည် ဘာအလုပ်မှမလုပ်။ သူသည် အာရပ်လူမျိုးတစ်ယောက်အနေဖြင့် အဆင့်အမြင့်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ အလုပ်လုပ်ခြင်းသည် အသက်ရှင်ရန်အတွက်သာ ဖြစ်သည်။ သို့သော် မိမိ၏အိမ်ကို ကြီးကြီးကျယ်ကျယ် ပြုပြင်နိုင်ခွင့်မရှိ။ ထို့ကြောင့် ကိုယ်ပိုင်အိမ်ရှိသူ အလွန်နည်းသည်။

မိန်းမများတွင် သီးသန့်အခွင့်အရေးရှိသော်လည်း မွေးဖွားသည်မှ သေဆုံးသည်အထိ ပျော်ရွှင်မှုအတွက် မည်သည့်အခွင့်အရေးမျှမရှိ။ လူမှုရေးပွဲလမ်းသဘင်များတွင် သူတို့ကို ယောက်ျားများနှင့် တခြားစီခွဲထားကြသည်။ ဆိုချင်ကချင်လျှင် တစ်ကိုယ်တည်း ဆိုနိုင် ကနိုင်သည်။ ပွဲလမ်းသဘင်များတွင် ဆိုခွင့်ကခွင့်မရှိ။ ခရီးသွားလျှင်လည်း မိသားစုထဲမှ ယောက်ျားအဖော် တစ်ယောက်ယောက်ပါမှ သွားရသည်။ တချို့ ယောက်ျားများသည် ပါ တစ်နှစ်တွင် နှစ်ကြိမ်သုံးကြိမ်မျှ လိုင်ဒါမြို့သို့သွား၍ ရုပ်ရှင်ကြည့်ကြသည်။ သို့သော် ဤအခွင့်အရေးကို မိန်းမများကတော့လုံးဝမရ။

ယောက်ျားများသည် လက်ဖက်ရည်ဆိုင်၊ ဘာသာရေးပွဲနေ့၊ မင်္ဂလာဆောင်နှင့် သုဘအခမ်းအနားများတွင် လွတ်လပ်စွာ ပြောဆိုဆက်ဆံနိုင်ကြသည်။ သို့သော် မိန်းမများကိုမူ လုံးဝခွင့်မပြု။ မိန်းမများသည် သူတို့၏ နေ့စဉ်လုပ်ငန်းခွင်၌သာလျှင် ွတ်လပ်စွာ တွေ့ဆုံနိုင်ကြသည်။

ထို့ကြောင့် ရေတွင်းနှင့် ရွာပိုင်ဘုံမုန့်ဖိုတွင် မိန်းမများဆုံတွေ့ပြီး နေ့တိုင်း ရန်ဖြစ် သည်။ ယင်းသို့ရန်ဖြစ်လျှင် အချင်းချင်းဆဲဆိုပုတ်ခတ်သော စကားများမှာ ယောက်ျားများ ကံပင် ကြမ်းသေးသည်။

ကျွန်တော်တို့ဒေသ၏ ရာသီဥတုမှာ အလွန်ထူးခြားသည်။ စိုစွတ်သောရာသီနှင့် ခြောက်သွေ့သောရာသီဟူ၍ ရာသီနှစ်မျိုးသာ ရှိသည်။ မတ်လတွင် မိုးပြတ်သွားသည်။ ထိုအခါ မြေလွှာကိုပြုပြင်ကြသည်။ သီးနှံပင်များ စိုက်ပျိုးကြသည်။

ဆောင်းရာသီ၏ စိုထိုင်းမှုကို တိုက်ဖျက်ရသည်မှာ အလွန်လက်ဝင်သည်။ အအေးဒဏ်ကို အိမ်တိုင်းခံစားကြရသည်။ ကျောက်တုံးအိမ်များပင် လုံလောက်သော ထွေးမှုနှင့် ခြောက်သွေ့မှုမရှိ။ ကလေးငယ်ပေါင်းများစွာတို့သည် ပုခက်တွင်းအရွယ် အတည်းကပင် ချောင်းဆိုးရောဂါကြောင့် သေဆုံးကြရသည်။

မိုးရာသီကုန်ဆုံးလျှင် အိမ်သုံးပစ္စည်းများ၊ စောင်၊ ဖျာ၊ အဝတ်အစားများနှင့် ဆိတ်သားရေစသည်တို့ကို ခေါင်မိုးပေါ်တင်၍ လှန်းကြသည်။ ပျက်ယွင်းနေသောအိမ်များကို ပြင်ဆင်ကြသည်။ ထို့နောက် ဥယျာဉ်ခြံမြေများ ပြုစုကြသည်။ သိုးမွေးများ ညှပ်ယူကြသည်။ ဦးမွေးများကို အဘွားအိုများက လက်ဖြင့်ချည်ငင်ကြသည်။ သိုးမွေးညွတ်စောင်များမှ ဦးမွေးဟောင်းများကိုထုတ်၍ အသစ်ပြန်သွတ်ကြသည်။

နွေလယ်ရောက်လျှင် သီးနှံတွေပေါ်လာသည်။ တစ်ရွာလုံး မရပ်မနား အလုပ်များ ကာလ ဖြစ်သည်။ သီးနှံများကို အမျိုးအစားခွဲပြီး ခေါင်မိုးပေါ်တွင် လှန်းကြသည်။ ခြောက်သောအခါ တလင်းပြင်သို့သယ်၍ နေ့ရောညပါ နယ်ကြလှေ့ ကြရသည်။ ဆောင်းဝင်လာသောအခါ သီးနှံမျိုးစုံကို ရွှံ့မြေအိုးကြီးများနှင့်ထည့်၍ သိုလှောင် သည်။ သီးနှံထက်ဝက်ကို လယ်ထောက်ခပေးပြီး အကျန်ကို စားသုံးရန်ချန်ထားသည်။ သုံးမှုထက် ပိုလျှံသောသီးနှံများကို ဈေးနေ့တွင် ရောင်းချကြသည်။

စက်တင်ဘာလသည် နောက်ဆုံးသီးနှံပေါ်ချိန်ဖြစ်သည်။ စပျစ်သီးများကို စုပေါင်း ခူကြသည်။ ထို့နောက် လာထရွန်မြို့မှ ထရက်ပစ် ခရစ်ယာန်ဘုန်းကြီးကျောင်းသို့ ဆင်းခဲ့ကြသည်။ ဘုန်းကြီးများမှာ ဝိုင်အရက်ချက်လုပ်ရာတွင် နာမည်ကျော်များ သည်။

ရောင်းပြီး ကျန်နေသော စပျစ်သီးများကို ယောက်ျားများက ခြေဖြင့်နင်း၍ ခြေ သည်။ ဤအလုပ်ကို မိန်းမများအား လုံးဝ လုပ်ခွင့်မပြု။ သူတို့၏ သလုံးသားပေါ်မည် သောကြောင့် ဖြစ်သည်။ နင်းခြေပြီးသော စပျစ်သီးများကို အရည်ညှစ်၍ ကြိုချက်ကြသည်။ သင်ခန်တည်းတွင် သိုးများကိုသတ်၍ သိုးဆီထုတ်ကြသည်။ ထိုကာလတွင် ပတ်ဝန်းကျင် တစ်ခွင်လုံး စပျစ်သီးနံ့နှင့် သိုးဆီနံ့များ လှိုင်နေတော့သည်။

ဆောင်းရာသီတွင် အဆင်းရဲဆုံးလူများသည် ဘတ်အယ်ဝဒ်တောင်ကြားရှိ ဆိတ်စား - ချက်များသို့သွား၍ အလုပ်လုပ်ကြရသည်။ တစ်ခါတစ်ရံ မိန်းမများနှင့် ကလေးများပါ ၂ လိုက်ပါသွားပြီး တောင်ခေါင်းလိုဏ်ခေါင်းများတွင် နေထိုင်ကြသည်။ သူတို့သည် ဆိတ် များကောက်၍ ယင်းတို့ကိုပြန်ရောင်းကာ အသက်မွေးကြရသည်။ သူတို့စခန်းချ လိုဏ်ခေါင်းနှင့် ဆိတ်စားကျက်ခများကိုလည်း ပေးဆောင်ကြရသည်။

တစ်ရွာလုံး မိုးကိုမျှော်နေကြချိန်တွင် မိန်းမများသည် အဝတ်အစားများ ဖာထေး သည်။ ဇာထိုးပန်းထိုးလုပ်ကြသည်။ တဘားရွာသူများသည် ဇာထိုးပန်းထိုးပညာတူ အထူးကျွမ်းကျင်ကြသည်။ ယောက်ျားများက ထွန်သွားထယ်သွားနှင့် မြင်းခွာ ပြင်ဆင်ကြသည်။

အများစုကတော့ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ရေဒီယိုနားထောင်ကြသည့် စစ်ပွဲကြီးတွေ တိုက်ပွဲကြီးတွေအကြောင်းနှင့် လိင်ကိစ္စစွမ်းဆောင်နိုင်မှုများအကြောင်းတို့ အာပေါင်အာရင်းသန်သန်ဖြင့် ပြောကြသည်။

ရာသီဥတုသာယာလာသောအခါ မင်္ဂလာဆောင်တွေ တစ်ခုပြီးတစ်ခု ပေါ်လာ သည်။ ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် မွေးလာကြသည်။ မင်္ဂလာဆောင် ဆက်တိုက်ပြုလုပ်နေခြင်းသည် အလုပ်အားလပ်၍ ပျင်းရိနေသူများအား ပျော်ရွှင်လန်းဆ စေသည်။ ကျွန်တော့်ဖေဖေသည်လည်း ဤအချိန်မျိုးတွင်ပင် ဒုတိယမိန်းမကို မင်္ဂလ ဆောင်၍ယူခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်ကာလကို ကျွန်တော် ကောင်းစွာမှတ်မိနေသေးသည်။ မိုးဦးကျကာလတွ အာမေနီယံလူမျိုးတွေ ခတ်ပုံလာရိုက်ကြသည်။ ခတ္တနာပြုသူများရောက်လာပြီး ထိုနှစ်အတွ မွေးသော ယောက်ျားလေးအားလုံး၏ လိင်တံထိပ်ဖျား အရေအပြားကို ဖြတ်ပေးကြသည်။ ကလေးအားလုံးတို့သည် ဧည့်ရိပ်သာခန်းမကြီးကို တန်းစီးပြီး သူတို့မိခင်များ၏လက်များ ဆုပ်ကိုင်ထားကြသည်။ မကြာမီပင် တစ်ယောက်ပြီးတစ်ယောက် ငိုယိုအော်ဟစ်သံများ ပေါ်ထွက်လာသည်။ မိခင်များက ကလေးများ၏ဒဏ်ရာများကို သိုးဆီလိမ်း၍ ချော့မော့ ချိန်တွင် ဖခင်များကတော့ အချင်းချင်း ဝမ်းပန်းတသာ

ဂုဏ်ယူနှုတ်ဆက်နေကြသည်။

တဘားရွာအကြောင်းကို စာစီကုံးလျှင် အစ္စလာမ်၊ ကိုရန်ဆွန်နီနှင့် ဂျင်းတို့အကြော မျှားဖြင့် နိဂုံးချုပ်မှ ပြည့်စုံပါမည်။

“အစ္စလာမ်” ဆိုသည်မှာ 'ဘုရားသခင်၏အမိန့်တော်တို့နာခံခြင်း” ဟူ၍ အဓိပ္ပာ ရသည်။

ထို့ကြောင့် “မွတ်စလင်”ဟူသည် “အမိန့်တော်ကိုနာခံသူ' ဖြစ်သည်။

မိုဟာမက်သည် မက္ကာမြို့မှ ဆင်းရဲပြီးစာမတတ်သော ကုလားအုတ်ထိန်းတစ်ယော ဖြစ်သည်။ နောင်အခါ ချမ်းသာသောမုဆိုးမတစ်ဦးနှင့် လက်ထပ်ခဲ့သည်။ ဤချက်ကြော သူသည် သူ၏မူလဆန္ဒရှိရာလုပ်ငန်းကို အောင်မြင်စွာ လေ့လာလုပ်ကိုင်နိုင်ခဲ့သည်။ သူသည် အာရဖတ်တောင်ပေါ်သို့တက်၍ ရက်ပေါင်းလေးဆယ် တရားအားထုတ်ရာ အလ္လာအရှင်မြတ်၏ ဩဝါဒများကို ခံယူရရှိခဲ့သည်။

ကိုရန်ကျမ်းသည် မိုဟာမက်၏ ဟောပြောချက်များကို စုပေါင်းထားသော ဖြစ်သည်။ သူကွယ်လွန်ပြီးနောက် နှစ်ပေါင်းများစွာ ကြာသောအခါတွင်မှ သူ့တရား နာကြားလိုက်ရသူများက ရေးသားခဲ့ခြင်းဖြစ်သည်။

စစ် မိုဟာမက်သည် နောက်ဆုံးတမန်တော် ဖြစ်သောကြောင့် အစ္စလာမ်ဘာသာမှလွဲ ခြားဘာသာအားလုံးသည် ခေတ်မီမှန်ကန်ခြင်းမရှိတော့။ တစ်ညသ၌ မိုဟာမက်သည် က္ကာမြို့၌ရှိနေစဉ် ကောင်းကင်တမန် ဂါဘရီယယ်ကန္နီးဆော်ပြီး ကောင်းကင်ဘုံသို့ တစ်ညခရီးသွားရန် ပြောသည်။

ထို့နောက် ခရီးသွားရန်အတွက် နတ်တမန်သည် မိုဟာမက်၏ ကိုယ်ခန္ဓာကိုခွဲ၍ သည်းကိုနုတ်ယူကာ ရေဖြင့်သန့်စင်ဆေးကြောသည်။ ယင်းအသည်းကို ကိုယ်ခန္ဓာထဲသို့ ပြန်ထည့်ပြီးသောအခါ မိုဟာမက်သည် ဘုရား၌ယုံကြည်ခြင်းနှင့် ပညာဉာဏ်ကြီးမားခြင်း ငါ့ဖြင့် ပြီးပြည့်စုံသွားသည်။ ထို့နောက် မိုဟာမက်သည် အယ်လပ်ဘူရတ်အမည်ရှိသော ခြင်းမကိုစီးသည်။

ကျွန်တော်သည် မြင်းမဟုပြောခြင်းမှာ မိန်းမမျက်နှာမြင်းကိုယ်ခန္ဓာနှင့်

ဥဒေါင်းအမြီး ရှိသောကြောင့်ဖြစ်သည်။ ဤထူးဆန်းသောမြင်းမသည် တစ်ချက်ခုန်လိုက်ရုံနှင့် မျက်စိတစ်ဆုံး ခရီးပေါက်နိုင်သည်ဟု ဆိုသည်။ ကိုရန်ကျမ်းတွင် 'အဝေးဆုံးနေရာ"ဟုဖော်ပြသော တစ်ပုဒ်ပါ ရှိသည်။ ဂျေရုဆလင်ကိုမူ အမည်တပ်၍ လုံးဝဖော်ပြခြင်းမရှိ။ သို့သော် ပညာရှိများကမူ အဝေးဆုံးနေရာသည် ဂျေရုဆလင်ပင်ဖြစ်သည်ဟု မှန်းဆကြသည်။

မိုဟာမက်သည် ဂျေရုဆလင်သို့ ရောက်သောအခါ အယ်လပ်ဘူရက်မြင်းမကို "ရှေ့ဒ်ဝတ်ကျောင်းတော်"၏ နောက်ဘက်တံတိုင်းတွင် ချည်ထားပြီး 'ဝတ်ကျောင်း တော်တောင်'ပေါ်သို့ တက်သည်။ သူသည် ထိုနေရာတွင် အာဗြဟံ၏ ယဇ်ပူဇော်ရာ ကျောက်တုံးကြီးကို တွေ့ ရှိသည်။ ထိုကျောက်တုံးကြီးသည် ဟေဗြဲဝတ်ကျောင်းတော်၏ ပလ္လင်လည်း ဖြစ်ခဲ့သည်။ မိုဟာမက်သည် ထိုတုံးကြီးပေါ်သို့တက်၍ အလင်းရောင် ကားဖြင့် ကောင်းကင်ဘုံသို့တက်ခဲ့သည်။

ထိုအခါ ကျောက်တုံးကြီးသည် မိုဟာမက်နောက်မှ သူ့အလိုလိုတက်၍ပါလာရာ ခွဲကမက်ထက်အလျင် ဂျေရုဆလင်သို့ ပျံသန်းရောက်ရှိနေသော ကောင်းကင်တမန် ဘရီယယ်က ကျောက်တုံးကြီးကို မိမိနေရာတွင်ပြန်နေရန် အမိန့်ပေးသည်။ ကျောက်တုံး ကြီးကနာခံသည်။

နောင်အခါတွင် ထိုကျောက်တုံးပေါ်၌ "ဘာသာရေးအထိမ်းအမှတ်ကြီးတစ်ခု ဆောက်လုပ်ခဲ့ကြသည်။ ထိုအထိမ်းအမှတ်ကို မဟာကျောက်ခုံးကြီးအနီးတွင် အေလ်အကစာ ကို တည်ဆောက်ထားသည်။ အေလ်အကစာဆိုသည်မှာ အဝေးဆုံးနေရာဟူ၍ အပွာယ်ရသည်။

ကောင်းကင်ဘုံသို့ ရောက်သောအခါ အယ်လပ်ဘူရက်မြင်းသည် မိုဟာမ္မက်ကို အင့်ဆိုင်းနေသည်။ မိုဟာမ္မက်သည် မြင်းပေါ်သို့ တစ်ဖန်ပြန်တက်၍ ကောင်းကင်ဘုံ၏ ထိုခုနစ်ထပ်ကို စီးနင်းပျံသန်းသည်။ သူသည် သမ္မာကျမ်းစာလာ သူတော်စင်များနှင့် အမန်တော်များကို တွေ့ရှိရသည်။ နတ်တမန်အားလုံးတို့ ဝတ်ပြုနေကြသည်ကိုလည်း တွေ့မြင်ရသည်။ မောရှေမှာ မျက်နှာတစ်ခုလုံး အနီရောင်လွှမ်းနေသည်။ ခရစ်တော်မှာမူ ဘော် အရပ်အမောင်းရှိပြီး မျက်နှာတွင်လည်း ရှောလမုန်းကဲ့သို့ပင် မဲ့ခြောက်ကလေးများ ခဲ့သည်ဟုဆိုသည်။

မိုဟာမက်သည် အားလုံးသော သူတော်စင်များ၊ နတ်တမန်များနှင့် တမန်တော်များ၏ ဉာဏ်ပညာအားလုံးကို ရရှိသောကြောင့် သူ့အား အလ္လာအရှင်အမြတ်နှင့် နှစ်ဦးချင်း ဆုံခွင့်ပြုသည်။ သူသည် အလ္လာအရှင်မြတ်အား မျက်နှာဖုံးမပါဘဲ တွေ့မြင်ရသည့် တစ်ဦးတည်းသောပုဂ္ဂိုလ် ဖြစ်သည်။

မိုဟမ္မက်နှင့် အလ္လာအရှင်မြတ်တို့သည် အစ္စလာမ်ဘာသာ၏ အထူးထူးအပြားပြား သော တရားတော်များကို အချိန်အတန်ကြာဆွေးနွေးကြသည်။ အလ္လာအရှင်မြတ်က လူတိုင်းလူတိုင်းအား သူ့ကိုတစ်နေ့လျှင် သုံးဆယ့်ငါးကြိမ် ဝတ်ပြုစေချင်သည်။ သို့သော် မိုဟာမက်က ပို၍ အဆင်ပြေအောင်တစ်နေ့လျှင် ငါးကြိမ်မျှသာဝတ်ပြုရန် တောင်းဆိုသည်။ မိုဟာမက်သည် အလ္လာအရှင်မြတ်နှင့် တွေ့ဆုံပြီးနောက် ညတွင်းချင်းပင် မက္ကာမြို့သို့ ပြန်လာခဲ့သည်။

ကိုရန်ကျမ်းတွင် ပြစ်ဒဏ်နှင့် ဆုလာဘ်များအပြင် အခြားအချက်များလည်း အများအပြား ပါဝင်သည်။

ယင်းတို့မှာ အိမ်ထောင်မရှိသူချင်း အလိုတူသံဝါသပြုခြင်း၊ အိမ်ထောင်သည် တစ်ဦးဦးက ဖောက်ပြန်ခြင်း၊ အမိန့်မနာခံသူများ၊ အလှူပေးခြင်း၊ သတ်ဖြတ်ခြင်း အကျင့်ပျက်ခြင်း၊ စော်ကားခြင်း၊ မြီစား၊ ကွာရှင်းပြတ်စဲခြင်း၊ မင်္ဂလာခန်းဝင်ပစ္စည်း ရက်စက်စွာ ညှဉ်းဆဲသတ်ဖြတ်ခြင်း၊ ဥပုသ်စောင့်ခြင်း၊ နောက်ဆုံးတရားစီရင်သောနေ့ တိုက်ခိုက်ခြင်း၊ လောင်းကစားခြင်း၊ နို့စို့ကလေးများအား မြှုပ်နှံခြင်း၊ မိစ္ဆာတိတ္ထိအယူ အမွေစားအမွေခံဥပဒေ၊ အိပ်ပုံအိပ်နည်း၊ ဓမ္မတာလာခြင်း၊ မိဘဝတ္တရား၊ ကလေးထိန်းခြင်း၊ သစ္စာဓိဋ္ဌာန်ပြုခြင်း၊ ဝတ်ပြုချိန်နှင့်လိုအပ်ချက်များ၊ မြင်းများကိုပိုင်ဆိုင်ခြင်း၊ တရားဆုံးဖြတ်ခြင်း သဘောတရား၊ အရက်သေစာတားမြစ်ခြင်း၊ ကျေးကျွန်များကိုဆက်ဆံခြင်း၊ ခိုးဝှက် ခြင်း၊ သက်ာမကင်းဖြစ်ခြင်း၊ ကောက်ကျစ်ခြင်း၊ အတိတ်နိမိတ်၊ အစားအသောက်နှင့် စားသောက်နည်း၊ မေထုန်မှုရှောင်ကြဉ်ခြင်း၊ မသမာသောနည်းဖြင့်စီးပွားရှာခြင်း၊ မာန်မာန တက်ခြင်း၊ ရန်သူ၊ မကောင်းဆိုးဝါး၊ မိုဟာမက်ကို ယုံကြည်ထိုက်ကြောင်း၊ ခေါမလူမျိုးတို့အား နှိမ်နင်းခြင်၊ မိန်းမများမျက်နှာဖုံးတပ်ခြင်း၊ ကျွဲနွားတိရစ္ဆာန် လိမ်ညာလှည့်ဖြားခြင်း၊ ကတိပျက်ခြင်း၊ ဖြားယောင်းခံရခြင်း၊ ဝတ်ပြုသန့်စင်ခြင်း၊ ခေါင်းရိတ်ခြင်း၊ ဘုရားဖူးသွားခြင်း ဥပဒေ၊ ဒုစရိုက်သမား၏ ကံကြမ္မာ၊ ဘုရားသခင်ကိုမယုံကြည်သူ၊

လုပ်ကြံခြင်း၊ ရန်သူနှင့် မိန်းမစစ်ဒုက္ခသည်များအား ဆက်ဆံခြင်း၊ ကိုယ်ဝန်ဆောင် ကုလားအုတ်၊ တော်လှန်ခြင်းနှင့် တန်ပြန်တော်လှန်ခြင်း၊ မိုးရွာခြင်း၊ ကဏ္ဍာကောစပြခြင်း၊ ရာဂကျူးခြင်း၊ သွားပုပ်လေလွင့် ပြောခြင်း၊ အတိုးကြီးစားခြင်း၊ ဥပဒေကျူးလွန်ဖောက်ဖျက်ခြင်း၊ နောင်တရခြင်း၊ ကလေ့စား ချေခြင်း၊ မာရ်နတ်၊ သစ္စာဖောက်ခြင်း၊ မုဆိုးမများ၏သေတမ်းစာ၊ မိန်းမဆိုး၊ အလ္လာအရှင်၏ သေဒဏ်ခတ်ခြင်း၊ နှမြောတွန့်တိုခြင်း၊ လောဘကြီးခြင်း၊ ဆင်းတုရုပ်ပွားကိုးကွယ်ခြင်း သွေးခွဲခြင်း၊ သိက္ခာကျခြင်း၊ သူတစ်ပါးအကြောင်း ကွယ်ရာတွင်မကောင်းပြောခြင်း၊ အလိုဆန္ဒကြီးခြင်း၊ သဘောကွဲလွဲခြင်း၊ ဆိုးရွားခြင်း၊ လုပ်ကြံခြင်း၊ တန်ပြန်လုပ်ကြံခြင်း၊ လောကသမဂ္ဂနှင့် ကရုဏာတရား စသော လောကီရေးရာ ဆောင်ရန်ရှောင်ရန် ဥပဒေသများ ဖြစ်ကြသည်။

စင်စစ် ဤသည်တို့မှာ ကျွန်တော်တို့အား ကိုရန်ကျမ်းက သင်ကြားသော သြဝါဒ ပေါင်းများစွာတို့အနက်မှ အချို့ အဝက်မျှသာ ဖြစ်သည်။ အိမ်တိုင်းတွင် ကိုရန်ကျမ်းရှိသည်။ သို့သော် လူတိုင်းလိုလိုပင် မဖတ်တတ်ကြ။ လူတော်တော်များများကတော့ နေ့စဉ်လိုအပ်သော ဝတ်ပြုစည်းကမ်းများကို နားလည်ကြသည်။ ကိုရန်ကျမ်းမှာ ဟိုတစ်ပုဒ်၊ သည်တစ်ပုဒ် လောက်သာ သိကြသည်။ ကျန်သြဝါဒပေါင်းများစွာတို့ကို ဘကြီးဖရောက်လို ပုဂ္ဂိုလ်များထံမှ ဆင်ယူကြရသည်။

ကျွန်တော်တို့ ရွာတွင် တရားဝင်ဗလီဆရာမရှိ။ တကယ်တော့ ဘကြီးဖရောက်လည်း ရန်ကျမ်းကို လုံးစေ့ပတ်စေ့နားလည်ဟန်မတူ။ သို့သော် သူဟောပြောသမျှကို ကျွန်တော် က လက်ခံကြရသည်။

အစ္စလာမ်ဘာသာတွင် အဓိက အခြေခံမဏ္ဍိုင်ကြီးငါးခုရှိသည်။ ပထမမဏ္ဍိုင်မှာ တ်စလင်တိုင်း အလ္လာအရှင်မြတ်၏ အမိန့်တော်ကို အကြွင်းမဲ့နာခံခြင်း ဖြစ်သည်။ လောကဌ် အလ္လာအရှင်မြတ်မှတစ်ပါး အခြားဘုရားမရှိ၊ မိုဟာမက်သည်သာလျှင် လ္လာအရှင်မြတ်၏ တမန်တော်ဖြစ်၏” ဟူ၍ သဒ္ဒါကြည်ညို ရိုသေစွာရွတ်ဆိုကြရသည်။

မွတ်စလင်တစ်ယောက်သည် မိမိကိုယ်ကို စည်းကမ်းအတိုင်း ဆေးကြောသန့်စင်ခြင်း ပြီး တစ်နေ့လျှင် ငါးကြိမ်တိတိဝတ်ပြုရမည်။

ယင်းသို့ဝတ်ပြုရာတွင် မက္ကာမြို့သို့ တိုက်ပြီး ရိုကျိုးစွာ ဒူးထောက်ဝမ်းလျားမှောက်လျက် "အလ္လာ အက္ကဘာ" (အလ္လာ အရှင်မြတ်သည် အတုမရှိ ကြီးကျယ်မြင့်မြတ်တော်မူပေ၏။) ဟူ၍ ကြိမ်ဖန်များစွာ ဆိုရသည်။

မွတ်စလင်တို့သည် ကုသိုလ်ကောင်းမှုပြုလုပ်လိုလျှင် မိမိ၏ ကိုယ်စိတ်နှစ်ပါး စင်ကြယ်အောင် ကျင့်ကြံပြုလုပ်ကြရသည်။

အစ္စလာမ်ပြက္ခဒိန်တွင် ကိုးလမြောက်လကို ရမာဒန် (ရမ္မဇန်) လဟု ခေါ်သည်။ သည် အမြင့်မြတ်ဆုံးသောလဖြစ်သည်။ ထိုကာလတွင် မွတ်စလင်တိုင်း ဥပုသ် ငုံကြရသည်။ ထိုလ ထိုအချိန်အခါတွင် ကျွန်ုပ်တို့ထံသို့ ကိုရန်ကျမ်းမြတ် ရောက်ရှိလာ ကြောင့် အမြင့်မြတ်ဆုံးကာလဟု သတ်မှတ်ခြင်းဖြစ်သည်။ ရမ္မဇန်လတွင် ကောင်းကင် တခါး အားလုံးပွင့်သည်။ ကောင်းကင်တမန် ဂါဘရီယယ်က လူတိုင်းကို နှိုးဆော်ဖိတ် သည်။ သက်ကြီးရွယ်အိုများသည် ကောင်းကင်ဘုံသို့ အလျင်ရောက်ရမည်ဖြစ်သော ကြောင့် သူတို့၏အပြစ်များကို ခွင့်လွှတ်ရန် အထူးစိတ်အားထက်သန်စွာဖြင့် ဝတ်ပြု ဆောင်းပန်ကြသည်။ ရမ္မဇန်လတွင် သစ်ပင်ဟူသမျှသည် မက္ကာမြို့သို့ ရှေးရှုကိုင်းညွှတ်ကြသည်ဟု ထိုင်းက ယုံကြည်ကြသည်။ သို့သော် လူတို့၏မျက်စိနှင့်ကား မမြင်နိုင်ဟုဆိုသည်။

ကျွန်တော်တို့သည် ထိုလတွင် တစ်လလုံးလုံး နေရောင်ရှိနေသည့်အချိန်အတွင်း ည်သည့်အစာမျှ မစားသောက်ရ။ ချည်မျှင်တစ်မျှင်ကို ကြည့်ခြင်းဖြင့် နေနှင့်ညကို နိုင်သည်။ ချည်မျှင်ကို အဖြူရောင်မြင်ရလျှင် ထိုအချိန်သည် ညအချိန်ဖြစ်သည်။ နက်ရောင်မြင်ရလျှင် ထိုအချိန်သည် နေ့အချိန်ဖြစ်သည်။ ရမ္မဇန်လတွင် လူတိုင်း အဝတ်အစားသစ်ဝယ်ကြသည်။ ဘကြီးဖရောက်ထံတွင် သပ်ကြသည်။ ထို့နောက်ရေချိုးကြသည်။ နေ့အချိန်တွင် အစားမစားဘဲ ဥပုသ် စဉ် ဗလီ၌ဝတ်ပြုခြင်းဖြင့်သာ အချိန်ကုန်လွန်စေသည်။ ကျွန်တော်တို့ တဘားရွာတွင် များအား ဗလီထဲသို့ဝင်ခွင့်ပြုသည်။ သို့သော် ယောကျ်ားတွေမမြင်နိုင်အောင် နောက်ဘက် က လျှို့ဝင်ကြရသည်။ ဥပုသ်ဆောက်တည်နေစဉ် မည်သည့်အစာကိုမှ မစားရ။ ဆေးလိပ်သောက်ခြင်း၊ သဖြင့် မေထုန်သံဝါသပြုခြင်းတို့ကို ရှောင်ကြဉ်ကြရသည်။ ကိုယ်ဝန်ဆောင်များ၊ များ၊ သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများ၊ ခရီးသွားများနှင့် ကလေးငယ်များကိုမူ အလ္လာအရှင်မြတ်၏

ခွင့်ပြုချက်အရ အစားအစာစားသောက်ခွင့်ပြုသည်။

သို့သော် နေ့ညောင်းလာသောအခါ ဆာလောင်ခြင်းကြောင့် ဂနာမငြိမ် ဖြစ်လာကြ သည်။ ဤသည်မှာ မာဂျနန်နတ်မိစ္ဆာက ဖြားယောင်းသွေးဆောင်သောကြောင့် ဖြစ်သည်။ မာဂျနန်နတ်မိစ္ဆာသည် ဤလတွင် အလွန်တန်ခိုးကြီးသည်။ သူသည် လူတို့အား ဆာလောင်ခြင်း၊ ရေငတ်ခြင်း၊ နေပူခြင်းတည်းဟူသော အကြောင်းအမျိုးမျိုးပြ၍ ဥပုသ်ကို ဖောက်ဖျက်စေသည်။

ထို့ကြောင့် ရမ္မဇန်လတွင် ဥပုသ်မကျိုးအောင် ဖေဖေကအတင်းအကျပ် အမိ ထုတ်ထားရသည်။ ဥပုသ်သည်တစ်ယောက် အစားစားသည်ကိုတွေ့ ရှိခဲ့သော် သူနှင့်တ သူ့မိသားစုတစ်ခုလုံးကို နောင်လာလတ္တံ့သော ရမ္မဇန်လအထိ တစ်ရွာလုံးက ဝိုင်းပယ်ထား ခြင်းဖြင့် ပြစ်ဒဏ်ပေးသည်။

နေ့အချိန်ကုန်လွန်၍ ညအချိန်ရောက်သောအခါ ဥပုသ်ထွက်၍ အစားအ စားသောက်ကြသည်။ အန်၍ပင် ထွက်ကုန်သည်။ နေမထွက်မီကလေးတွင် ဒုတိယအကြိမ် ပြန်စားကြပြန်သည်။

ကသည္။ ဆာဆာဖြင့် အငမ်းမရစားသောက်ကြသောကြောင့် အများစု သို့သော် ညက စားပို့နင့်အောင် စားထားသောကြောင့် အရုဏ်တက်အစားအစာ မြိန်မြိန်ရှက်ရှက် မစားနိုင်ကြတော့။ ရမ္မဇန်လကုန်ဆုံးသောအခါ လူတိုင်း အလွန်အကြ ရွှင်မြူးဝမ်းသာကြရသည်။

မွတ်စလင်များတွင် ဆူနာသည် အရေးအကြီးဆုံးဖြစ်သည်။ ဆူနာကို စာ ရေးမထားသော်လည်း ကိုရန်ကျမ်းနှင့် ခွဲခြား၍မရ၊ ဆူနာသည် ကိုရန်ကျမ်း၏ တန်ဖိုးများ ခေတ်အဆက်ဆက်၌ ပညာရှင်တို့ကဖွင့်ဆိုထားချက် ဖြစ်သည်။ ဆူနာကို ယုံကြည် သူများအား “ဆူနီမွတ်စလင်”ဟူ၍ ခေါ်သည်။ ကျွန်တော်တို့ တဘားရွာတစ်ရွာလုံး ဆူနီမွတ်စလင်များ ဖြစ်ကြသည်။ အစ္စလာမ်ဘာသာကို တည်ထောင်သူများတွင် မွတ်စလင်များသည် အရေးပါဆုံးဖြစ်သည်။

နောက်တစ်မျိုးမှာ ရှိယိုက် (ရှိတီ) မွတ်စလင်များ ဖြစ်သည်။ ခုနစ်ရာစု အစ္စလာမ်ဘာသာ ထွန်းကားလာပြီးနောက် မကြာမီမှာပင် ယင်း၏ဩဇာသက်ရောက်မှုသ အာရေဗျသဲကန္တာရမှသည် မြို့ကြီးပြကြီးများသို့

ရောက်ရှိသွားခဲ့သည်။ ဒမတ်စကတ်မြို့သ အစ္စလာမ်ဘာသာ၏ ပထမဆုံး ဘူမိနက်သန်ဖြစ်လာသည်။ ထို့နောက် ဘဂ္ဂဒက်မြို့ ထို့နောက် ကိုင်ရိုမြို့၊ နောက်ဆုံးတွင် အီစတန်ဘူမြို့များ ဖြစ်လာသည်။ ထို့ကြောင့် ကလီဇာခေါ် မွတ်စလင်ဘာသာရေး ခေါင်းဆောင်များမှာလည်း အစဉ်အလာအတို မက္ကာနှင့် မဒီနာမြို့များမှ မဟုတ်တော့ဘဲလက်ရှိ အစ္စလာမ်ဘာသာ အထွန်းကားဆုံးနိုင်ငံ ပေါ်ပေါက်လာတော့သည်။

အစ္စလာမ် ဘာသာရေးခေါင်းဆောင်တစ်ယောက်သည် တမန်တော် မိုဟာမက် သော်လည်းကောင်း၊ သူ့သမက် ကလီဖာအလီမှသော်လည်းကောင်း၊ ဆင်းသက်လာ ၊ ဖြစ်ရမည်ဟု ရှီယိုက်မွတ်စလင်တို့က သတ်မှတ်ထားသည်။

ဤ ရှီယိုက်မွတ်စလင်တို့သည် သူတို့၏ ထက်သန်သောဘာသာရေး ယုံကြည် ဘာသာရေးအတွက် အသက်စွန့်လွှတ်ခြင်းတို့ကိုပြသရန် သူတို့ကိုယ်သူတို့ ကြာပွတ်များနှင့် ၊ ရိုက်နှက်လေ့ရှိသည်။ ထို့ပြင် သူတို့သည် အခြားဘာသာဝင်များကို မုန်းတီးသည် ဆုနီမွတ်စလင်များကို ပို၍မုန်းတီးကြသည်။ သူတို့သည် မကြာခဏ ဆူပူထကြွကြသည်။ ငါလက်စတိုင်း၌ ရှီယိုက်မွတ်စလင် များများစားစားမရှိသည့်အတွက် အလ္လာအရှင်အား ကျေးဇူးတင်ရပါမည်။ သို့သော် အီရန်နိုင်ငံတွင်မူ အများကြီးရှိသည်။ ကျွန်တော်တို့က သူတို့ကိုမယုံ။ မုန်းလည်းမုန်းသည်။ ကြောက်လည်းကြောက်သည်။ ရှီယိုက်၊ အေလဝိုက်၊ ဒရုဇ်နှင့် ကဒ်လူမျိုးစုများသည် အမှန်တကယ် မွတ်စလင်စစ်ပါသလားကို မေးကြည့်ဖူး သည်။ ထိုအခါ သူက ခပ်ယဲ့ယဲ့လေသံကလေးဖြင့် “အင်း မစစ်ဖူးလို့မပြောနိုင်ရုံ တစ်မည်လေးပါကွာ”ဟု ပြန်ပြောသည်။

အစ္စလာမ်ဘာသာ၏ ပဥ္စမမြောက်နှင့် နောက်ဆုံးမဏ္ဍိုင်မှာ ဘုရားဖူးသွားခြင်း ဖြစ်သည်။ မွတ်စလင်တိုင်းသည် တစ်သက်တွင်တစ်ကြိမ်မျှ မက္ကာမြို့သို့ ဘုရားဖူးသွားရမည်။

က္ကာမြို့တွင် “ကာအဘာ”ဟုခေါ်သောဘာသာရေး အထိမ်းအမှတ်အတွင်း၌ “မဟာကျောက် နက်ကြီး တစ်လုံးရှိသည်။

ဤနေရာသည် ကမ္ဘာပေါ်တွင် အမြင့်မြတ်ဆုံးသောနေရာဖြစ်သည်။ ကျွန်တော်တို့က လူမျိုးမဟုတ် မွတ်စလင်တစ်ယောက်သာဖြစ်သည်ဟု

ယုံကြည်သော ကျွန်တော်တို့ လူမျိုး၏ ဖခင်ကြီး အာဗြဟံသည် သူ၏သားအစ္စမေကို ဤနေရာတွင် အာရပ်လူမျိုး ထိုင်းပြည်တစ်ပြည်တည်ထောင်ရန် စေလွှတ်ခဲ့သည်ဟု ဆိုသည်။ ထို့ကြောင့် "အာဗြဟံ နှင့် အစ္စမေ"တို့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖေ့ကို "ဟာဂျီအီဘရာဟင်" ဟုလည်းကောင်း နာမည်မှည့်ခေါ်ခဲ့ခြင်း ဖြစ်သည်။

ကာအဘာသည် တစ်ချိန်သောအခါက မိစ္ဆာတိတ္ထိတို့၏ ဘာသာရေးအထိမ်းအမှတ် ဖြစ်ခဲ့ဖူးသည်။ သို့သော် နောင်အခါတွင် တမန်တော်မိုဟမ္မက်သည် အလ္လာအရှင်မြတ်ထံမှ မိန့်မှာချက်ကိုရရှိပြီးနောက် ထိုနေရာကို အစ္စလာမ်ဘာသာရေးအထိမ်းအမှတ်အဖြစ် ပြောင်းလဲပစ်ခဲ့သည်။

အစတုန်းက မွတ်စလင်အားလုံးတို့သည် ဝတ်ပြုသောအခါ ဂျေရုဆလင်မြို့ကို မျက်နှာမူ၍ ပြုခဲ့ကြသည်။ သို့သော် ကာအဘာကို အစ္စလာမ်ဘာသာ၏ ဘူမိနက်သန်အဖြစ် တမန်တော်က ပြောင်းလဲလိုက်ပြီးသည့်နောက်တွင် မက္ကာမြို့ကိုသာ ရှေးရှု၍ ဝတ်ပြုကြရန် ဒီမှာညွှန်ကြားခဲ့သည်။ ဤသို့ ပြောင်းလဲသတ်မှတ်ခြင်းမှာ ဂျူးလူမျိုးတို့က တမန်တော်အား က်မခံသောကြောင့် ဖြစ်သည်။

အစ္စလာမ်ဘာသာနှင့် ပတ်သက်၍ ကျွန်တော် နောက်ဆုံးတင်ပြလိုသည်မှာ ဦး(န်)" အကြောင်းဖြစ်သည်။ ဂျီး(န်)သည်လည်း ကျွန်တော်တို့အတွက် အလွန်အရေးကြီး ည်။ ၎င်းတို့သည် နာနာဘာဝ ဝိနာဘာဝ ဖန်ဆင်းနိုင်သော နတ်ဆိုးများဖြစ်ပြီး အလွန် တန်ခိုးကြီးကြသည်။ ကိုရန်ကျမ်းတွင် "ကျွန်ုပ်တို့သည် မြေကြီးအောက်မှ အိုးလုပ်သမား၏ ကိုယူ၍ လူသားကိုဖန်ဆင်းခဲ့ပြီး၊ ကျွန်ုပ်တို့သည် အလျှံတပြောင်ပြောင်တောက်နေသော မီးကိုယူ၍ "ဂျီး(န်)"ကို ဖန်ဆင်းခဲ့ပြီ"ဟူ၍ ပါရှိသည်။

ဂျီး(န်)ကို ကြောက်ရန် ကျွန်တော်တို့အား ဆူနာကဆုံးမသည်။ အဘယ်ကြောင့် ဆိုသော် ဂျီး(န်)တို့သည် လူတစ်ဦး၏ ကိုယ်ခန္ဓာထဲသို့ဝင်ရောက်၍ ရောဂါအမျိုးမျိုးကို သန်တီးနိုင်သောကြောင့်ဖြစ်သည်။ ဂျီး(န်) ဝင်ပူး၍ မကျန်းမမာဖြစ်လျှင် ကုရာနတ္ထိဆေးမရှိ။

အရှင်၏ မေတ္တာတော်ပို့သမှုဖြင့်သာ အသက်ချမ်းသာရာရနိုင်သည်။ မိမိတို့၏ဘဝနှင့်ကံကြမ္မာကို မိမိတို့ ဘယ်နည်းနှင့်မျှ မထိန်းချုပ်နိုင်ဟူ၍ မွတ်စလင်

တိုင်းက ယုံကြည်ကြသည်။ နာခြင်း၊ သေခြင်း၊ မိုးခေါင်ခြင်း၊ ရောဂါကူးစက်ကပ်ဆိုက်ခြင်း၊ မြေငလျှင်လှုပ်ခြင်းစသော ကပ်ဆိုးအားလုံးတို့ကို အလ္လာအရှင်၏ အလိုတော်အတိုင်း ဖြစ်ပေါ်လာရသော အရာများဟူ၍ အားလုံးကလက်ခံထားကြသည်။

လူတစ်ယောက်သည် တမန်တော်၏ အဆုံးအမကိုနာခံခြင်း၊ အလ္လာအရှင်၏ အလိုတော်ကို နာခံခြင်းတို့ဖြင့်သာလျှင် အယူမှန်သူဖြစ်နိုင်ပြီး ကောင်းကင်ဘုံသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ ဤလောကတွင် စိတ်ချမ်းသာစရာ ပျော်စရာဟူ၍ အလျှင်းမရှိ။ ကောင်းကင်ဘုံတွင် တမန်တော်နှင့်အတူ ရာသက်ပန်နေထိုင်နိုင်အောင် မိမိကိုယ်ကို ကောင်းအောင်ပြုပြင်နိုင်မှသာလျှင် အစစ်အမှန်ချမ်းသာ ပျော်ရွှင်မှုကို ရရှိနိုင်မည်ဖြစ်သည်။

ကျွန်တော်သည် ဘာသာတရားကို အလွန်ကိုင်းရှိုင်းသော မွတ်စလင် တစ်ယောက် ဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ ကျွန်တော်ဘယ်လိုမှ နားမလည်နိုင်သော အချက်များကို တွေ့ရသည်။ အလ္လာအရှင်မြတ်သည် အနန္တ မေတ္တာတော်၊ အနန္တ မဟာကရုဏာတော်နှင့် ပြည့်စုံသည်ဟုဆိုလျှင် အဘယ်ကြောင့် ကျွန်တော်တို့အား ကြောက်မက်ဖွယ် ပြစ်ဒဏ်များကို ပေးရပါသနည်း။ တခြားသောဘာသာများကို ယုံကြည်ကြသော ပုဂ္ဂိုလ်များအား ချေမှုန်းရန် ဘာသာတော်စစ်ပွဲကို မွတ်စလင်တို့အား အဘယ်ကြောင့် တိုက်ခိုက်ခိုင်းရပါသနည်း။ အစ္စလာမ်ဘာသာသည် တခြားသောဘာသာဝင်များနှင့် ချစ်ကြည်ရင်းနှီးစွာ အတူတကွ အဘယ်ကြောင့် မနေထိုင်နိုင်ရပါသနည်း။

အခန်း (၁၉)

သူ့သားတွေ အိမ်ထောင်ပြု၍ အိမ်သို့မိန်းမတွေကို ခေါ်လာကြမည်ကိုတွေးပြီး အလွန်ကြောက်နေမိသည်ဟု မေမေက မကြာခဏပြောတတ်သည်။ အဘယ်ကြောင့်ဆိုသော် မေမေသည် မီးဖိုခန်းတွင် တခြားဘယ်မိန်းမနှင့်မျှ အတူ မချက်ပြုတ်ချင်သောကြောင့် ဖြစ်သည်။ ဖေဖေက ရာမီဇာနှင့် ဒုတိယအိမ်ထောင်ပြုလိုက်သောအခါ အားလုံးပြောင်းလဲသွား ခဲ့ပါတော့သည်။

အစတွင် ကျွန်တော်တို့အားလုံးပင် ရာမီဇာနှင့် လုံးဝစကားမပြောဘဲနေကြသည်။ အထူးသဖြင့် ဖေဖေက မေမေ့အား ဈေးထဲမှဆိုင်ခန်းသို့ နှင်ထုတ်လိုက်သည့်နောက်ပိုင်းတွင် ဖြစ်သည်။ ကျွန်တော်တို့ တစ်အိမ်လုံးတွင် စိတ်ချမ်းသာသူဟူ၍ ဖေဖေတစ်ယောက်သာ ရှိသည်။ ကျွန်တော်တို့၏ ခံစားချက်များကို သူက လုံးဝပေပ ရက်ကွဲအောင် အနိုင်ခံရသောကြောင့် မေမေအလွန်စိတ်ဆင်းရဲနေရသည်။ ကျွန်တော်တို့ ကလည်း ဖေဖေ့မျက်နှာကို အကဲခတ်ပြီး အမြဲတမ်း သတိထားနေကြရသည်။

ရာမီဇာသည် တဖြည်းဖြည်းနှင့် ပြောင်းလဲလာသည်။ သူက အလွန်လှသည်။ ထို့ကြောင့် မေမေ့အနေဖြင့် သူ့ကို ပိုပြီးမုန်းတီးချင်စရာ ဖြစ်နေသည်။ သူသည် ဘွန်တော်တို့နှင့် စကားပြောရန် လုံးဝမကြိုးစားဘဲ အလွန်တည်ငြိမ်လှသည်။ ထို့ကြောင့် တော်တော်မာနကြီးတဲ့ မိန်းကလေးဟု ကျွန်တော်တို့က ယူဆထားသည်။

နောက်တော့မှ သူ့အကြောင်း တစ်စတစ်စသိလာကြသည်။ သူက အရက်အကြောက် လွန်ကြီးသည်။ အိမ်ထောင်ထိန်းသိမ်းမှုကိုလည်း လုံးဝမတတ်။ အဘိုးကြီး ရှိတ်အဇစ်က သူ့ကို “နှပ်ချ” လိုက်ပြီလားဟု ဖေဖေ့ညည်းသံကြားရသည်။

တကယ်တော့ ရာမီဇာသည် သူ့ဖခင်ကြီးနှင့်အတူထိုင်၍ ဘယ်တုန်းကမျှ စကား ပြောဖူး။ ထို့ကြောင့် ရာမီဇာ ဘယ်လောက်တော်ပြီး ဘယ်လောက်တုံးသည်ကို သူ့ ဖခင် ကြီးအနေဖြင့် သိနိုင်ရန်အကြောင်းလုံးဝမရှိ။ အဘိုးကြီးမှာ သမီးတွေတစ်လှေကြီး ရှိသော ကြောင့် သမီးတွေနာမည်ကိုပင် စုံစုံစေ့စေ့မမှတ်မိ။ အဘိုးကြီးက သူ့သမီးများအား ရှင်ရည်၊ ကျိုးနွံမှု၊ အပျိုရည်ထိန်းသိမ်းမှုနှင့် သတို့သမီးအဖြစ် ရရှိမည့်တန်ဖိုးတို့ဖြင့်သာ ဖတ်မှတ်သားထားသည်။

ရာမီဇာသည် သူ့တစ်ဘဝလုံး လက်လွတ်စပယ်နေလာခဲ့သည်။ ဖခင်ကြီးတွင် ၂၀၀ မြို့မိန်းမတွေ တစ်ပုံကြီးရှိသောကြောင့် ရာဇာအနေဖြင့် ဘာမှလုပ်စရာမလို။ ရာမီဇာသည် အိမ်ထောင်ထိန်းသိမ်းမှုကို လုံးဝမတတ်သည်ကတော့ သေချာသည်။

ထို့ကြောင့် မေမေ့အစား မီးဖိုချောင်ဝင်ရတော့ သူ့မှာအကြီးအကျယ် စိတ်ညစ် ရတော့သည်။ ကျွန်တော်တို့အိမ်တွင် ချက်စရာဟင်းလျာအမည်တွေလည်း

များသည်။ သူက မချက်တတ်၍ ဟင်းတွေပျက်ရသည်။

သူ့ကို ပထမဆုံးသနားမိသူမှာ မမနာဒါ ဖြစ်သည်။ နာဒါမှာ ဆယ်နှစ်သမီး အရွယ်သာ ရှိသေးသော်လည်း အချက်အပြုတ်ပညာကို မေမေက လက်ထပ်သင်ပေးထား သည်။ နာဒါကဝင်ကူသောကြောင့်သာ ရာမီဇာသည် ဖေဖေ၏အဆူအဆဲကို မခံရခြင်း ဖြစ်သည်။

သုံးလေးလခန့် ကြာသောအခါ ရာမီဇာကိုယ်ဝန်ရှိလာသည်။ ဤတွင် ဖေဖေ၏ ရာမီဇာအပေါ် စွဲမက်မှုမှာ လျင်မြန်စွာလျော့ပြယ်လာတော့သည်။ သူသည် ရာမီဇာအား မကြာခဏ ဆူပူကြိမ်းမောင်းလာသည်။ တစ်ခါတလေ ပါးကိုပင်ရိုက်တတ်သည်။ မီးဖိုခန်း ထောင့်ကြားတွင် ရာမီဇာထိုင်ပြီး တရှုပ်ရှုပ်နေသည်ကို ကျွန်တော်တို့နှင့် နာဒါတို့ ခဏခဏတွေ့ကြရသည်။

နွေဦးပေါက်တွင် ရာမီဇာအတွက် သီးသန့်အိပ်ခန်း တပ်ဆင်ပြီးစီးသည်။ အိပ်ခန်း ထဲတွင် ခုတင်တစ်လုံးလည်း စီစဉ်ပေးသည်။ ဤတွင်မှ ဖေဖေသည် မေမေ့အား ကြမ်းပေါ်တွင် မအိပ်စေတော့ဘဲ သူ့ကိုယ်ပိုင်အိပ်ခန်းတွင် ပြန်အိပ်စေသည်။

ရာမီဇာရော မေမေပါ သူ့အား လိင်မှုရသကို အပြည့်အဝ မပေးနိုင်ကြသောကြောင့် ဖေဖေက အလွန်ဒေါသထွက်သည်။ သို့သော်လည်း သူသည် အစ်ကိုအိုမာအား ဈေးဆိုင် ထွက်ခိုင်းပြီး မေမေ့ကို မီးဖိုခန်းထဲပြန်ဝင်စေသည်။ ရာမီဇာအား ချက်နည်းပြုတ်နည်းနှင့် အိမ်ထောင်ထိန်းသိမ်းမှုအတတ်ကို မေမေက စနစ်တကျသင်ပြပေးရန် ညွှန်ကြားသည်။ မေမေသည် ရာမီဇာအား စကားပြောခဲ့သည်။ သို့သော်လည်းအပြစ်မြင်လျှင်တော့ “ဒီဘီဒို ယင်မကလေး အသုံးကိုမကျဘူး” ဟူ၍ မကြာခဏဆူတတ်သည်။

ရာမီဇာ၏ ကိုယ်ဝန်မှာ တစ်နေ့ထက်တစ်နေ့ ရင့်လာသည်။ မနက်အိပ်ရာထတွင် အော့လိုက်အန်လိုက် ဖြစ်လာသည်။ ညည်းလည်း ခဏခဏညည်းလာသည်။

ထိုအခါ မေမေသည် ရာမီဇာအပေါ် သနားစိတ်ဝင်လာမိသည်။

သူတို့နှစ်ယောက် စကားပြောလာကြသည်။ ဖေဖေနှင့် အတူအိပ်ရခြင်းသည် စိတ်လည်းမချမ်းသာ၊ ဂုဏ်လည်း မရှိဟု နှစ်ယောက်စလုံးတွေးမိရာမှ သူတို့၏ ရင်းနှီးမှုလည်း စတင်ဖြစ်ပေါ်လာသည်ဟု ကျွန်တော်ထင်သည်။ သူတို့သည် ဖေဖေ၏ လူမဆန်သောလိင်ဆက်ဆံမှုကို ဝေဖန် ရှုတ်ချလာကြသည်။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် မိခင်နှင့်သမီး အခြေအနေမျိုးသို့ ရောက်ရှိလာ ကြသည်။ ရာမီဇာသည် မေမေ့ကို ဖေဖေ့ထက်ပင်ပိုချစ်သည်ဟု ကျွန်တော်ထင်သည်။

ရာမီဇာအား ကျွန်တော်တို့မိသားစုက လက်ခံအသိအမှတ်ပြုရန် တော်တော်ကြာ ခဲ့သည်။ ရွာထဲမှမိန်းမတွေ လက်ခံရန်ကတော့ ပို၍ပင်ကြာသည်။

ရွာထဲမှမိန်းမတွေက ရာမီဇာအား မကောင်းဆိုးဝါးကို ခေါ်ဆောင်လာသည်ဟုစွပ်စွဲ ကြ သည်။ ရွာထဲတွင် အန္တရာယ်တစ်စုံတစ်ရာဖြစ်လျှင် ရာမီဇာကြောင့် အပြစ်တင် ကြသည်။

တစ်ရွာလုံးတွင် ဒုတိယမယားဟူ၍ ရာမီဇာတစ်ယောက်သာရှိသဖြင့် မိန်းမတွေက မေ့ကို ကိုယ်ချင်းစာပြီး သနားကြသည်။ ရာမီဇာမှာ ငယ်လည်းငယ်သည်။ လှလည်း လွန်လှသည်။ ဤအချက်သည်ပင်လျှင် သူ့အတွက် ကြမ္မာဆိုးဖြစ်နေသည်။

ရွာဘုံမုန့်ဖိုတွင် မိန်းမတွေစုပြီး အတင်းအဖျင်းပြောကြသည်။ လင်နှင့်ရန်ဖြစ်လျှင် စည်း မုန့်ဖိုသို့ပင် ထွက်ပြေးလာတတ်ကြသည်။ ဤနေရာသည် သူတို့အဖို့ အတင်းအဖျင်း ပြော၍ စိတ်အပန်းဖြေရာလည်း ဖြစ်သည်။ မကြားဝံ့မနာသာအောင် ညစ်ညစ်ညမ်းညမ်း ဆိုသတ်ပုတ်ကြရာလည်း ဖြစ်သည်။

ရာမီဇာကလေးမီးဖွားချိန် နီးကပ်လာသောအခါ သူ့အကြောင်း မကောင်းပြောခြင်း လည်း တဖြည်းဖြည်း နည်းပါးလာသည်။ မီးဖွားချိန်သည် ရွာမှမိန်းမတွေ စုဝေးချိန် ဖြစ်သည်။

ရာမီဇာကလေးမွေးခါနီးတွင် မေမေသည် သူ့ရွာသို့ ရက်ရှည်အလည်အပတ် ထွက်သွားသည်။

ရာမီဇာ ဗိုက်နာနေပြီဟူသောသတင်းသည် တစ်ရွာလုံးသို့ ပြန့်သွားသည်။ မိန်းမတွေ ဆက်လာကြသည်။ သို့သော် ရာသီလာနေသော မိန်းမများကိုတော့ မီးနေခန်းထဲသို့ ခွင့်မပြု။ ထို့ပြင် ၎င်းတို့အား ဗလီထဲသို့လည်းဝင်ခွင့်မပြု။ သင်္ချိုင်းသို့လည်း မသွားရ။ ဇန်လတွင်လည်း ဥပုသ်စောင့်ရ။

ရာမီဇာကို ဩဇ္ဈခန်းထဲသို့ ပွေ့ချီယူလာကြသည်။ ဆိတ်သားရေခင်းပေါ်တွင် အိပ်စေသည်။ တဘားရွာတွင်နေသော သူ့အဒေါ်တစ်ယောက်က သူ့ခေါင်းရင်းတွင် ထိုင်ကာ ရာမီဇာ၏ ဦးခေါင်းကို ပေါင်ကြားထဲတွင် ညှပ်ထားသည်။ ဘေးတစ်ဖက်တစ် ချက်တွင် ရာမီဇာ၏ ဝမ်းကွဲညီအစ်မများ ထိုင်နေကြသည်။

အခန်းထဲတွင် မိန်းမတွေနှင့်ကလေးတွေ ရုတ်ရုတ်ရုတ်ရုတ် ဖြစ်နေကြသည်။ လေးတွေက ပြေးထွက်သွားလိုက် ပြန်ဝင်လာလိုက် လုပ်နေကြသည်။ ကျွန်တော်ကတော့ မီးဖိုခန်းတံခါးဝမှ လှမ်းကြည့်နေသည်။

ရာမီဇာ၏ အောက်ပိုင်းကိုယ်တစ်ဝက်ကို စောင်ခြုံထားသည်။ လက်သည်မိန်းမသည် သူ့လက်ကိုသုံးဆီသုတ်ပြီး စောင်အောက်သို့လက်သွင်းကာ မကြာခဏ စမ်းသပ်နေသည်။

ရာမီဇာက တစ်ချက်ချက် အော်ညည်းလိုက်သောအခါ မိန်းမတွေက အောင့်အည်း ခံရန် ဝိုင်း၍အားပေးကြသည်။ ရာမီဇာငြိမ်သွားသောအခါ မိန်းမများက သူတို့ ခဲ့စဉ်က ခံစားရပုံများကို တစ်ယောက်တစ်ပေါက် ပြောကြသည်။

ရာမီဇာသည် မခံမရပ်နိုင်အောင် နာကျင်သောကြောင့် သူ့မိခင်ကိုတမ်းတပြီး အော်ညည်းလိုက်သည်။ မမနာဒါက ရာမီဇာ၏လက်ကို ဆုပ်ကိုင်ထားပြီး မျက်နှာများ ကို သုတ်ပေးနေသည်။

အချိန်အတော်ကလေး ကြာသွားပြီ။ လက်သည်မိန်းမကလည်း အကြိမ်ပေါင်းများစွာ သပ်စစ်ဆေးပြီးပြီ။ နောက်ဆုံးတွင် သူက စောင်ကိုခွာလျက် ရာမီဇာ၏ ဘောင်းဘီရှည်ကို ချလိုက်သည်။

တစ်ခန်းလုံး ငြိမ်သက်နေသည်။ အားလုံးပင် အာသက်မရှူဘဲ စောင့်ကြည့် လေသည်။ ကလေးငိုသံ ရုတ်တရက်ပေါ်ထွက်လာသည်။

ကျွန်တော့်မှာ ဖအေတူမအေကွဲ ညီကလေးတစ်ယောက်ရခဲ့ပြီ။

လက်သည်မိန်းမက သွေးများနှင့် အညစ်အကြေးများကိုသုတ်ပြီး ချက်ကြိုး ဖြတ်လိုက်သည်။ ကလေးငယ်သည် ကိုယ်တုံးတုံးလုံးကလေးနှင့် ယက်ကန်ယက်က အော်ငိုနေသည်။ မိန်းမတွေက ကလေးငယ်ကို တစ်ယောက်တစ်လှည့်စီ လက်ဆင့်ကမ်း ချီကြသည်။

ကျွန်တော်က လက်ဖက်ရည်ဆိုင်သို့ပြေးပြီး ဖေဖေ့ကို သတင်းသွားပို့သည် ဖေဖေသည် သူ၏ အောင်မြင်မှုအသစ်အတွက် အလွန်ဂုဏ်ယူသည်။

ရာမီဇာ၏ ဝမ်းဗိုက်ကိုအဝတ်ဖြင့် တင်းကျပ်စွာစည်းပေးထားသည်။ သူသည် ထုံးစံအတိုင်း ရက်ပေါင်းလေးဆယ်တိတိ ယောကျ်ားနှင့် ဆက်ဆံခြင်းမပြုဘဲ နေရမည် ဖြစ်သည်။ ဖေဖေသည် ထမင်းဟင်းချက်ရန်နှင့် သူ့ကိုပြုစုရန် မေမေ့ကို ချက်ချင်းပြန် လိုက်သည်။ ရာမီဇာမှာ သူ့အခန်းထဲတွင် သားကလေးနှင့် နေနေရသည်။

ရာမီဇာကို မြင်ရသည်မှာ ကလေးမွေးပြီးစ မိခင်နှင့်မတူ၊ ကစားစရာ အရုပ်ကလေ ရထားသူနှင့်သာ တူနေသည်။ သူ့တစ်သက်တွင် ဘယ်တုန်းကမှ ကစားစရာအရုပ်ကလေ မရဘူးခဲ့။ ထို့ကြောင့် သူသည် ကလေးကိုမပြုစုတတ်။ ဤအတွက် မေမေက အားမလိုအား ဖြစ်မိပါသည်။ သို့သော် မေမေ့အား ဘယ်လိုမှဝင်စွက်ခွင့်မပြု။

ရာမီဇာ ထူထူထောင်ထောင်ဖြစ်လာသောအခါ အခြေအနေမှာ ပိုဆိုးလာသည် သူက နို့ကောင်းကောင်းမထွက်၍ ကလေးကမတင်းတိမ်။ သို့ဖြင့် နို့ထိန်းတစ်ယောက် ခေါ်ရသည်။ သို့သော် ကလေးက မကြာခဏ အော်ငိုနေသည်။ ရာမီဇာလည်း စိတ်ညစ်ပြီး ခဏခဏငိုမိသည်။ ဤကိစ္စတွင် မေမေ့အား ဘယ်လိုမှ ဝင်ရောက်ကူညီခွင့်မပြု။

ရက်ပေါင်းလေးဆယ်ပြည့်သောအခါ ဖေဖေသည် ရာမီဇာနှင့် ဆက်ဆံချင်လာသည် သို့သော် ရာမီဇာမှာ နာကျင်နေဆဲဖြစ်၍ ဘယ်လိုမှ ဆက်ဆံချင်စိတ်မရှိ။ တစ်ညတွ ဖေဖေက အတင်းဆက်ဆံသဖြင့် ရာမီဇာခမျာမှာ အရှင်လတ်လတ် ငရဲရောက်ရသည် သွေးတွေလည်း အများကြီးသွန်သည်။

ရာမီဇာနှင့် သားကလေးတို့သည် အိပ်ခန်းထဲမှာပင် တစ်နေ့လုံး နေကြရသည် မမနာဒါက ရာမီဇာအား ထမင်းပြင်ဆင်ကျွေးသည်။ သို့သော် ဖေဖေက အလွန်စိတ်ဆိုးပြီး ရာမီဖာကို ဘယ်သူမှ ဂရုမစိုက်ဘဲပစ်ထားရန် ပြောသည်။

ဖေဖေက ရာမီဇာကို သူယူမိတာ အမှားကြီးမှားသည်ဟု ထုတ်ဖော်ပြောသည် သူသည် ရိုတ်အဇစ်အား စော်ကားရာကျမည်ဖြစ်၍သာ ရာမီဇာအား မောင်းထုတ်မပစ်ခြင် ဖြစ်သည်။

မိုးဖြိုင်ဖြိုင်ကျသောအခါ ကလေးငယ်သည် သုံးလသားအရွယ်သို့ ရောက်လာသည် မိုးသည် နေ့ရောညပါ သည်းထန်စွာဆက်တိုက်ရွာနေသည်။ တတိယ မြောက်ညတွင်လည် အပြင်ဘက်တွင် တအုံးအုံးနှင့် မိုးကောင်းနေပြီး အိမ်တွင်းထဲတွင်မူ ကလေးငိုသံ ဆူညံနေသည်။

ဖေဖေသည် ရွာတွင်မရှိသောညတွေ တော်တော်များလာသည်။ ရွာဘုံမုန့်ဖိုတွင် သတင်းထွက်နေသည်ကတော့ ဖေဖေသည် ရမ်လီမြို့သို့သွားပြီး ပြည့်တန်ဆာများနှ ပျော်ပါးနေသည်ဟု ဆိုသည်။

ယနေ့ညတွင်တော့ ဖေဖေ အိမ်မှာရှိသည်။ ကလေးငိုသံကြောင့် အိပ်မရ၍ ဖေ လွန်ဒေါကန်နေသည်။ သို့နှင့် သူသည် မေမေ့ကိုအော်ငေါက်ပြီး ရာမီဇာအခန်းသို့သွား၍ လေးမငိုအောင် သွားလုပ်ရန်ပြောသည်။ နာဒါနှင့် ကျွန်တော်တို့လည်း အိပ်မပျော်၍ မေ့နောက်မှ လိုက်ပါသွားကြသည်။

အခန်းထဲမှမြင်ကွင်းမှာ စိတ်ပျက်စရာဖြစ်သည်။ ရာမီဇာသည် အိပ်ရာပေါ်တွင် ဆံပင်ဖားလျားလျားနှင့် တစောင်းကလေး ခွေအိပ်နေသည်။ သူ့မျက်လုံးတွေကလည်း အရူးမျက်လုံးကဲ့သို့ ကြောင်စီစီဖြစ်နေသည်။ သူသည် လက်သည်းကိုကိုက်ရင်း ဒဏ်ရာရထားသော တိရစ္ဆာန်တစ်ကောင်ပမာ တဟီးဟီးနှင့်ညည်းနေသည်။

ကလေးငယ်က ငယ်သံပါအောင် ငိုနေသည်။ ချောင်းကလည်း တဟွတ်ဟွတ် ဆိုသည်။ တစ်ခါတစ်ခါ အသက်ရှူကျပ်ပြီး တက်တော့မတတ်ဖြစ်နေသည်။ မေမေသည် က်နားသို့ပြေးသွားပြီး

စောင်ကိုခွာလိုက်သည်။ ကလေးငယ်မှာ အညစ်အကြေးများနှင့် ကျံနေသည်။ ရေချိုးမပေးသည်မှာ တော်တော်ကြာပြီနှင့်တူသည်။ ကလေးသည် တွေလူးပြီး သူ့ချေးသူ ပြန်စားထားပုံရသည်။

မေမေသည် ကလေးငယ်အား ဆေးကြောသန့်ရှင်းပေးပြီးနောက် အန်အောင် ထုပ်သည်။ ကလေးတစ်ကိုယ်လုံးလည်း ခြစ်ခြစ်တောက်ပူနေသည်။ လူးလိမ့်ငိုနေပုံ ဆောက်တော့ ဗိုက်ထဲကလည်း တော်တော်နာနေပုံရသည်။ မေမေ့မှာ ဘာမှမလုပ်တတ် ဖြင့် ဖေဖေ့ထံပြန်ပြီး သတင်းပို့ရတော့သည်။

ဖေဖေက ရာမီဇာကို ကျိန်ဆဲသည်။ အိမ်တွင်းသို့ မကောင်းဆိုးဝါးခေါ်လာသည့် နီးမယုတ်ဟု သမုတ်သည်။ ကျွန်တော့်အစ်ကိုများ အိမ်ပြင်သို့ ကမန်းကတန်း ထွက်သွား သည်။ မကြာမီ လက်သည်အဘွားကြီးရောက်လာသည်။ မကောင်းဆိုးဝါးကို နှင် ထုတ်ပေးရန် ဖေဖေကပြောသည်။ သို့သော် လက်သည်အဘွားကြီးလည်း ဘယ်လိုမျှ တတ်နိုင်။

နောက်ဆုံးတွင် မေမေနှင့် လက်သည်အဘွားကြီးတို့က ဆရာဝန်ခေါ်ရန် ဖေဖေ့ကို ပြောကြသည်။ ဖေဖေက မြည်းကိုယူပြီး လာထရွန်မြို့မှ ဗြိတိသျှခံတပ်စခန်းသို့ ချက်ချင်းသွားရန် ကျွန်တော့်ကိုခိုင်းသည်။ ကျွန်တော်က ခံတပ်စခန်းမှ စစ်သားတစ်ယောက်ကို လီသို့ ဖုန်းဆက်ခိုင်းပြီး အာရပ်လူမျိုး ဆရာဝန်တစ်ယောက် ခေါ်လာရန်ဖြစ်သည်။ ကျွန်တော်က ပို၍မြန်အောင် ဖေဖေ့မြင်းကို ယူသွားပါရစေဟုတောင်းသည်။ ဤမျှ ကြီးနေသည့်အထဲ သူ့မြင်းကို ယူသွားရပါ့မလားဟု ဖေဖေက ကျွန်တော့်ကိုဆဲသည်။

သို့ဖြင့် ကျွန်တော်သည် မြင်းကိုမြန်မြန်သွားအောင် ကန်လိုက် ချော့လိုက်ဖြင့် ကြီးလေကြီးထဲ ထွက်လာခဲ့ရတော့သည်။

ကျွန်တော့်မျက်လုံးကို မီးရောင်ထိုးသဖြင့် မျက်နှာကိုလက်ဝါးနှင့်အုပ်ထား ထိုက်ရသည်။

“ဟေ့...ရပ်၊ ဘယ်သူလဲ”

”ကျွန်တော် အစ္စပါခင်ဗျာ၊ တဘားရွှာ အကြီးအကဲရဲ့ သားပါ”

“ဆရာ၊ တာဝန်မှူးကို သတင်းပို့လိုက်ပါ၊ ဒီမှာ အာရပ်ကောင်လေးတစ်ယောက် ဆက်လာတယ်၊ သူ့တစ်ကိုယ်လုံးလဲ ရွှံ့ရွှံ့စိုလို့”

ကျွန်တော့်ကိုလက်ဆွဲပြီး အခန်းကျယ်ကြီးတစ်ခုထဲသို့ ခေါ်လာကြသည်။ စာရေး စားပွဲတွင် စစ်ဗိုလ်တစ်ယောက်ထိုင်နေသည်။ စစ်သားတွေက ကျွန်တော့် အဝတ်အစားများ ချွတ်ပြီး စောင်တစ်ထည်နှင့် ပတ်ပေးကြသည်။ ထို့နောက် ကျွန်တော့်အား စွပ်ပြုတ် တစ်ပန်းကန်ပေးသည်။

ကျွန်တော်က မတောက်တခေါက် အင်္ဂလိပ်စကားဖြင့် အဖြစ်အပျက်ကို ပြောပြသည်။ ပြီးတော့ တယ်လီဖုန်းတွေ ခေါ်ကြသည်။

“ရမ်လီက ဆရာဝန် အဝေးကြီးရောက်နေတယ်တဲ့၊ ဘယ်တော့ ပြန်လာမယ်ဆိုတာ မသိဘူးတဲ့”

နောက်ထပ် တစ်နေရာသို့ ဖုန်းဆက်ပြန်သည်။

“ကျွန်တော်တို့ ဆရာဝန်တစ်ယောက် ဂျေရုဆလင်က ဆင်းလာလိမ့်မယ်၊ မိုးသည် နေတော့ နည်းနည်းတော့ကြာလိမ့်မယ်”

“အို…မဖြစ်ဘူး၊ မဖြစ်ဘူး၊ အာရပ်ဆရာဝန်မှ ဖြစ်မယ်ခင်ဗျ”

”ဘယ့်နှယ် မဖြစ်နိုင်တာပဲ အစ္စမေရယ်” ။ “မရဘူးခင်ဗျာ၊ မရဘူး၊ ဖေဖေက အာရပ်ဆရာဝန်ကိုမှ ခေါ်ခဲ့ဖို့မှာလိုက်လို့ 'ကဲ… ဒါဆို လိုင်ဒါကို ဆက်ကြည့်ပါဦးဆရာ၊ အဲဒီက ကျုပ်တို့ ခန်းကိုလှမ်းတော် သူတို့ဘာများ လုပ်ပေးနိုင်မှာလဲ သိရတာပေါ့”

လိုင်ဒါက ပြန်ကြားချက်မှာ ဘာမျှမထူးပါ။ ဆရာဝန်ကိုရှာမတွေ့။ ဆေးရုံကလေးတွင် အစောင့်တစ်ယောက်သာ ရှိသည်ဟုဆိုသည်။ အနီးဆုံး အာရပ်ဆရာဝန်ကလည်း ဂျက် တွင်သာရှိသည်။ ယခုလို မိုးထဲလေထဲတွင် ဂျက်ဖာမှထွက်လာလျှင်လည်း မိုးလင်းမှ တဘားသို့ရောက်နိုင်မည်။

စစ်သားများက မြည်းကိုယူထားလိုက်ပြီး ကျွန်တော့်ကိုရွာသို့ ကားနှင့် ဖြစ် ပေးမည်ဟုပြောကြသည်။ သို့သော် ကျွန်တော်က သဘောမတူ။ မီးဖိုတွင် လှန်းထား အဝတ်အစားများလည်း ခြောက်နေပြီ။ သို့ဖြင့် ကျွန်တော်အဝတ်လဲပြီး အခန်းထဲ

ပြေးထွက်လာခဲ့သည်။

“ဟေ့ ချာတိတ်၊ မသွားနဲ့၊ မသွားနဲ့၊ ပြန်လာပါ၊ ပြန်လာပါ' “သွားပါစေ၊ သူက သူ့အဖေကို သိပ်ကြောက်နေတာ”

အပြင်ဘက်တွင် ပိန်းပိတ်အောင် မှောင်မည်းနေသည်။ မိုးရေလျှံပြီး တစ်လမ်း ရေတွေဖုံးနေသည်။ ဤအခြေအနေမျိုးတွင် ဘယ်လိုသွားလို့ ဖြစ်နိုင်ပါမည်နည်း။ သို့ ကျွန်တော်က မိုက်မဲစွာပင် ထွက်လာခဲ့သည်။ ကားတွေ ဖြတ်သွားသောအခါ လမ်း ကပ်ခံသည်။ သို့တိုင်အောင် ရေတွေက ကျွန်တော့်မျက်နှာကို ရေပုံးနှင့် သွန်းလောင်းလိုက်သည် ဖြစ်နေသည်။

ကားရှေ့ မီးရောင်လင်းတော့မှသာ ပတ်ဝန်းကျင်ကို ကျွန်တော်မြင်ရသည် ထိုအခါ လမ်းဘေးမြောင်းနားသို့အမြန်ပြေးကပ်ပြီး လမ်းအခြေအနေကို ကမန်းကတ ကြည့်သည်။ ကျွန်တော်လာခဲ့ရသည်မှာ တစ်လလောက်ပင်ကြာသွားပြီဟု ထင်မိသည် နောက်ဆုံးမှ တဘားတောင်ကုန်းပေါ်က အိမ်ဖြူဖြူတွေကို ရေးရေးလှမ်းမြင်ရသည်။

ထိုအချိန်တွင် ကားတစ်စီး၏ ရှေ့မီးရောင်ကြောင့် “နေသူရိန်ဘုံရိပ်သာ'ဟူသောက် ဆိုင်းဘုတ်ကြီးကို ရုတ်တရက် မြင်လိုက်ရသည်။ ကျွန်တော် ထိုဆိုင်းဘုတ်အနီး ကပ်သွားသည်။ ကျွန်တော် ကမန်းကတန်း အကြံထုတ်သည်။

ကျွန်တော့်ကို ဘုံရိပ်သာထဲသို့ ဘယ်တော့မှမဝင်ရဟု ဖေဖေက တားမြစ်ထား သည်။ သို့သော် ဖေဖေ့ကို ပြန်မပြောရန် တောင်းပန်လျှင်ရနိုင်သည်။ ဟုတ်ပြီ။ ဂျူးတွေ ဝင်ပြီး အာရပ်ဆရာဝန်တစ်ယောက် ရှာပေးရန် အကူအညီတောင်းကြည့်မည်။

ဘုံရိပ်သာဂိတ်ဝမှ ဆလိုက်မီးရောင်သည် မိုးစက်တွေကိုဖြတ်ပြီး ကျွန်တော့် မျက်နှာပေါ်လာစူးသည်။ ချက်ချင်းလိုပင် ကျွန်တော့်ကို လက်နက်ကိုင်ဂျူးတွေက ဝိုင်းထား ထိုက်ကြသည်။ ထို့နောက် ကျွန်တော့်ကို ဂိတ်ဝင်းထဲသို့ခေါ်လာကြသည်။

“သူက ဘာပြောသလဲ အဗစ်”

"ကလေးတစ်ယောက် နေမကောင်းဘူးလို့ ပြောတာပဲ"

"သူ့ကို ဘယ်သူသိသလဲ"

"တဘားရွာအကြီးအကဲရဲ့ သားကလေး မဟုတ်ဘူးလား"

"ကဲ... မစ္စတာ ဂီဒီယံဆီ တစ်ယောက်ယောက် ခေါ်သွားလိုက်ပါ"

"ဟော့... အဲဒီမှာ ဘာတွေဖြစ်နေကြတာလဲ"

"တဘားရွာက ကလေးတစ်ယောက်ပါ ခင်ဗျား၊ နို့စို့ကလေး တစ်ယောက် မကောင်း ဖြစ်နေလို့တဲ့"

ကျွန်တော်သည် မူးမေ့လဲကျသွားတော့မတတ် မိုက်ခနဲဖြစ်သွားသည်။

ထိုမှနောက်ပိုင်း ကျွန်တော်မှတ်မိတာကတော့ ကျွန်တော်သည် ထရပ်ကားတွင် မစ္စတာ ဂီဒီယံနှင့် ဘေးချင်းကပ်ထိုင်နေသည်။ မစ္စတာဂီဒီယံက ကျွန်တော့်ပခုံးကို ကိုင်ထားသည်။ နောက်တစ်ယောက်က ရွှံ့ဗွက်ထဲတွင်ကားကို မောင်းလာသည်။ တစ်ချိန်လုံး ဘီးများ လမ်းချော်နေသည်။ 'လမ်းက သွားလို့မရတော့ဘူး၊ လမ်းလျှောက်သွားရမှာပဲ"

ကျွန်တော် ဗွက်ထဲလဲကျသွားသည်။ ပြန်ထ၍မရ။ မစ္စတာဂီဒီယံက အကောင်း ကိုင်ဖြင့် ဆွဲထူပေးသည်။ ထို့နောက် ကျွန်တော်တို့သုံးယောက်သား ပြေးလိုက်၊ ချော်လဲ အိုက်နှင့် ကျွန်တော်တို့အိမ်သို့ရောက်အောင် ပင်ပန်းကြီးစွာလျှောက်လာခဲ့ရသည်။ အိမ်ပြင် မိုးရေထဲတွင် လူတွေရပ်နေကြသည်။ မစ္စတာဂီဒီယံနှင့် သူ့အဖော်တို့က လူအုပ်ထဲမှ ထိုး၍ အိမ်ထဲဝင်ကြရသည်။

ကျွန်တော့်ကို ဧည့်ခန်းထဲ ချီယူလာခဲ့သည်။ ကျွန်တော်သည် နာဒါ၏ရင်ခွင်ထဲ ဝင်ကာ မူးမေ့မသွားစေရန် ထိန်းပြီး မေးနေလိုက်ရသည်။ မစ္စတာဂီဒီယံက သူ့အဖော်သည် ဆရာဝန်ဖြစ်ကြောင်း ပြောပြသည်။

ဖေဖေသည် ရာမီဇာအခန်းတံခါးကို ကျောပေးပြီး ဧည့်ခန်းထဲတွင် ရပ်နေသည်။ တွေ့မျှ ထူးထူးခြားခြား ငြိမ်သက်နေပြီးနောက် မေမေ၊ နာဒါ၊ ဖေဖေနှင့် လက်သည် ဘွားကြီးတို့က ရုတ်တရက် အော်ဟစ်ကြပါလေတော့သည်။

“မအော်ပါနဲ့ မအော်ပါနဲ့ ငြိမ်းကြပါ၊ ငြိမ်ကြပါ” မစ္စတာဂီဒီယံက အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။ “ကလေးက ဘယ်မှာလဲ” ဒေါက်တာက မေးသည်။ ဖေဖေသည် ရှေ့သို့နှစ်လှမ်းမျှတိုးလာပြီး လက်သီးကိုဆုပ်၍ ပြောလိုက်သည်။ “ကျုပ်ပြောမယ်၊ ခင်ဗျားတို့ ခုချက်ချင်း လာထရွန်ကိုပြန်သွားကြပါ”

”ဖေဖေ၊ ရမ်လီမှာရော၊ လိုင်ဒါမှာရော ဆရာဝန်မရနိုင်ဘူးဖေဖေ၊ ဒါကြောင့်မို့ ရတဲ့နေရာက ခေါ်လာရတာပါ” . ကျွန်တော်က တောင်းပန်သံကလေးဖြင့် ဝင်ပြောလိုက်သည်။ “ကျွန်တော် ကလေးကိုကြည့်ပါရစေ” ဆရာဝန်က တောင်းပန်သည်။

“မကြည့်ရဘူး’ ဖေဖေကပြန်အော်သည်။ “မကြည့်ရဘူး” သူက ကျွန်တော့်ဘက်သို့ လှည့်ပြီး လက်ညှိုးငေါက်ငေါက်ထိုးကာ “တို့သောက်သုံး မကျတာပြချင်လို့ မင်းက သူတို့ကို ခေါ်လာတာလားဟင်”

“အီဘရာဟင်” မစ္စတာဂီဒီယံက တောင်းပန်သည်။ “ဒေါသမကြီးပါနဲ့ ခေါင်းအေးအေး ထားပြီး စဉ်းစားစေချင်ပါတယ်၊ စကားပြောနေလို့ အလကားပဲ၊ ကလေးအသက်က ပိုပြီး အရေးကြီးပါတယ်” မိန်းမများက သွေးရူးသွေးတန်းနှင့် ငိုကြသည်။ • ဖေဖေက ပြောသည်။

“ဂျူးတွေ သနားတာကို မလိုချင်ဘူး၊ လုံးဝမလိုချင်ဘူး၊ ခင်ဗျားတို့ တော်တာကို ပြချင်လို့ ကျုပ်အိမ်ထဲဝင်လာတာကို ကျုပ်ခွင့်မပြုနိုင်ဘူး”

မစ္စတာဂီဒီယံက အိပ်ခန်းဘက်သို့သွားရန် ရှေ့သို့တိုးလာသည်။ သို့သော် ဖေဖေက သူ့ရှေ့မှ ကာဆီးထားလိုက်သည်။

“ဒီလိုမလုပ်ပါနဲ့ အီရာဟင်၊ ကျွန်တော်တောင်းပန်ပါတယ် အီဘရာဟင်၊ ဒီလိုလုပ် လျှင် ကြီးကျယ်တဲ့ပြစ်မှုကို ကျူးလွန်ရာရောက်လိမ့်မယ်”

“ဟား... ဟား... ဘာကြီးကျယ်တဲ့ပြစ်မှုလဲ၊ ဂျူးတစ်ယောက်ဆီမှာ အသနားခံ တာမှ ကြီးကျယ်တဲ့ပြစ်မှုပါဗျ။ အဲဒါမှကြီးကျယ်တဲ့ပြစ်မှုပါ”

မစ္စတာဂီဒီယံသည် စိတ်ပျက်လက်ပျက်ဖြင့် လက်နှစ်ဖက်ကို

မြှောက်လိုက်ပြီး ဆရာဝန်အား ခေါင်းကိုခါယမ်းပြလိုက်သည်။

အားလုံး တိတ်ဆိတ်နေကြသည်။

မကြာမီတွင် ရာမီဇာသည် ကလေးကိုပွေ့ချီပြီး ဧည့်ခန်းထဲသို့ဝင်လာသည်။ သူ့မျက်နှာက သွေးမရှိသလို ဖြူရော်နေသည်။ သူ့ရုပ်ကိုကြည့်ရသည်မှာ လူနှင့်မတူး နာနာဘာဝနှင့်သာ တူနေသည်။

ဆရာဝန်သည် ဖေဖေ့ကို ဘေးသို့တွန်းဖယ်ကာ ရာမီဇာလက်ထဲမှ ကလေးငယ်ကို လှမ်းယူလိုက်သည်။ ရာမီဇာ ကြမ်းပြင်ပေါ်သို့ ပုံလျက်သားလဲကျသွားသည်။ မိန်းမများက သူ့ဘေးတွင်ထိုင်ချပြီး ဖေးမပေးကြသည်။

ဆရာဝန်သည် ကလေး၏ရင်ဘတ်ပေါ်တွင် သူ့နားကို ကပ်ကြည့်သည်။ ရင်ဘတ်ကို လက်ဖြင့်အသာပုတ်ကြည့်သည်။ ထို့နောက် ကလေး၏ပါးစပ်ထဲသို့ လေမှုတ်သွင်းကြည့် သည်။ ပြီးတော့ ဆေးသေတ္တာဖွင့်ပြီး နားကြပ်နှင့် နားထောင်ကြည့်ပြန်သည်။

ဒေါက်တာက တိုးတိုးပြောလိုက်သည်။ “ကလေး သေသွားပြီ”

“ဒီနေရာမှာ မကောင်းဆိုးဝါးတွေရောက်နေတယ်” ဖေဖေက အော်ပြောသည်။ “ကလေးသေတာကတော့ အလ္လာအရှင်ရဲ့ အလိုတော်အတိုင်းပဲ”

“ဘာ... အလ္လာအရှင်ရဲ့ အလိုတော်အတိုင်းရမှာလဲဗျ” မစ္စတာဂီဒီယံကို ပြန်သည်။ “ကလေးက ဘာမှမလုပ်ဘဲပစ်ထားလို့ သေရတာ၊ ကဲ..လာပါရှီမွန်၊ တို့ဒီနေရာက မြန်မြန်ပြန်တာပဲ ကောင်းပါတယ်”

”သူတို့နှစ်ယောက်သည် အိမ်ပေါ်မှ ဆင်းကာ မိုးရေထဲပျောက်ထွက်သွားကြသည်။

ဖေဖေက လက်သီးတပြင်ပြင်နှင့် သူတို့နောက်မှ အော်ဟစ်လိုက်ပါသွားသည်။ ဂျူနှစ်ယောက်သည် ကျောက်တုံးလမ်းပေါ်တွင် ခဏခဏခြေချော်ပြီး မနည်းကြီး ထိန်း၍ ပျောက်နေကြရသည်။ အီဘရာဟင် က သူတို့နောက်မှ လိုက်ပါလာသည်။ သူ့ပါးစပ်ကလည်း အဆက်မပြတ်ပြောလာသည်။

“ကျုပ်တို့ အလျှင်ကလဲ ဒီလိုနေလာခဲ့ကြတာ၊ နောင်လဲဒီလိုပဲ ဆက်နေသွားကြမှာပဲ။ ခင်ဗျားတို့ အကူအညီမလိုချင်ဘူး၊ ကျုပ်တို့ ဒီလိုပဲနေလာတာ နှစ်ပေါင်းထောင်ပေါင်းများ စွာကြာပြီ၊ ခင်ဗျားတို့က တခြားကလာပြီး ကျုပ်တို့ကိုဘယ်လိုနေပါ၊ ဘယ်လိုထိုင်ပါလို့ ဘာဖြစ်လို့ သင်ပြချင်ရတာလဲ၊ ခင်ဗျားတို့ကို ကျုပ်တို့မလိုချင်ဘူး၊ ခင်ဗျားတို့ဂျူးတွေကို ကျုပ်တို့ အလိုမရှိဘူး ။

ဂီဒီယံသည် ကားစက်သော့ကို ဖွင့်လိုက်သည်။ ဆရာဝန်က သူ့ဘေးတွင် ဝင်ထိုင်ပြီး တံခါးကိုပြန်ပိတ်လိုက်သည်။ အီဘရာဟင်က ကားတံခါးကိုလက်နှင့်ထုပြီး အော်ပြောလိုက်သည်။

ဂီဒီယံက မျက်လုံးကိုမှိတ်ထားလိုက်သည်။ စိမ့်လာသောမျက်ရည်များကို စိတ်တင်း ပြီး ပြန်ထိန်းသည်။ ပြီးတော့ ကားလက်ကိုင်ဘီးပေါ်တွင် မျက်နှာအပ်ကာ ငြိမ်နေလိုက် သည်။

“ဘုရားရေ” သူက ရုတ်တရက်ရေရွတ်လိုက်သည်။ “ကျုပ်လက်တုက အိမ်မှာ ကျန်ရစ်ခဲ့တာကိုး၊ ဒီအတိုင်းဆို ကျုပ်ကားမောင်းလို့မဖြစ်ဘူး”

သူက ကားတံခါးဖွင့်ပြီး ကားပေါ်မှပြန်ဆင်းလိုက်သည်။ ဆရာဝန်က ကားလက်ကိုင် “နောက်တွင် ပြောင်းထိုင်လိုက်သည်။

ဂီဒီယံသည် တာလမ်းမကြီးဆီသို့ ခြေကျင်လျှောက်ဆင်းသွားသည်။ အီဘရာဟင်က နောက်ဘက်မှ အော်ပြောလိုက်သည်။ “သွား... သွား... ကုလားအုတ်နဲ့ သွားညား”

✥---- www.ebooks4mm.org ----✥

ဒုတိယပိုင်း - မီးဟုန်းဟုန်း တောက်လောင်နေသောဒေသ

အခန်း (၁)

၁၉၄၆ ခုနှစ် ...။

ကျွန်တော် ကျောင်းထွက်ရသောနေ့သည် ကျွန်တော့်ဘဝတွင် စိတ်အဆင်းရဲ ဆုံးနေ့ ဖြစ်သည်။ သို့သော် ကျွန်တော့်ဆုံးဖြတ်ချက်နှင့်ကျွန်တော် ထွက်လိုက်ခြင်းသာ ဖြစ်သည်။

ကျွန်တော့်အသက် ဆယ်နှစ်ပြည့်ခဲ့ပြီ။ အတန်းထဲတွင် ကျွန်တော် အတော်ဆုံး ဖြစ်သည်။ အဆုံးစွန်ပြောရလျှင် ကျွန်တော့်ဆရာ မစ္စတာဆာလမီထက်ပင် ကျွန်တော်က ထက်နေသည်။ ပထမတွင် မစ္စတာဆာလမီသည် ကျွန်တော့်ကို ကိုရန်ကျမ်းဂါထာများကို တ်ပြခိုင်းသည်။ သူက အတန်းနောက်ဘက်သွားပြီး အိပ်နေသည်။

သည်လိုနှင့် သူသည် ကျွန်တော့်ကို တာဝန်တွေ တစ်စတစ်စ ပို၍ပေးလာသည်။ ကျွန်တော်ကလည်း ပို၍ပို၍တတ်ချင်သည်။ ကျွန်တော်သည် ဂျူးဘုံရိပ်သာတွင် ကလေးတွေ ကို စာသင်ပေးခဲ့သည်။ သို့သော် ကျွန်တော်သင်ပေး၍ သူတို့တက်တာထက် သူတို့ဆီမှ ကျွန်တော် ပို၍ပညာရခဲ့သည်။

ကျွန်တော် ကျောင်းကထွက်သည်မှာ အကြောင်းရှိသည်။ ဖေဖေ့ဘေးနားတွင် အနီးကပ်နေ၍ နေရာတစ်နေရာ ရချင်သောကြောင့် ဖြစ်သည်။ ဤရည်ရွယ်ချက်ကြောင့်ပင် ကျွန်တော် မိန်းမတွေကြားထဲမှ ရုန်းထွက်ရန် သတ္တိရှိလာခြင်း ဖြစ်သည်။ မီးဖိုချောင်ထဲမှ ထွက်ရန် သတ္တိရှိလာခြင်း ဖြစ်သည်။

ဤသို့ဖြင့် ကျွန်တော် အလွန်ကြောက်လန့်နေခဲ့သော ယောက်ျားတွေလောကထဲသို့ ဆက်လာခဲ့ခြင်း ဖြစ်သည်။ မေမေကလည်း နောက်ကွယ်မှနေ၍ ကျွန်တော့်အတွက် က်ပုန်းခုတ်ပေးနေသည်။

ဒုတိယကမ္ဘာစစ် ပြီးဆုံးသွားသည့်အချိန်မှစ၍ ပါလက်စတိုင်း အခြေအနေသည် နိဆိုးရွားလာသည်။ ဖေဖေသည် တဘားရွာ၏ အကြီးအကဲဖြစ်သောကြောင့် အရာရာကို လေးအနက် စဉ်းစားလာရသည်။ ရေဒီယိုမှ သတင်းစုံကြားရသည်။ အာရပ်သတင်းစာ က ဂျူးတွေကို ပြင်းပြင်းထန်ထန်ဆန့်ကျင်ကြသည်။ ကျွန်တော်တို့ အာရပ်များသည် ဘောတရားကြောင့်ထက် စကားကြောင့် ပို၍ကြွတတ်သည်ဟု ဖေဖေက ခဏခဏပြောပဲ သည်။

ဖေဖေ့အတွက် ဂျူးတွေဘက်မှ အခြေအနေကို တိတိပပသိရှိရန် မစ္စတာဂီဒီယ ကိုသာ အားကိုးနေရသည်။ သို့သော် ရာမီဇာ၏ သားကလေးသေဆုံးသည့်နေ့မှစ၍ မစ္စတာ ဂီဒီယံသည် ကျွန်တော်တို့ရွာသို့ လုံးဝခြေဦးမလှည့်တော့။ ထို့ကြောင့်ဖေဖေသည် သူ့ဘဝ အဆင်ပြေရေးအတွက် သူ့ကိုယ်သူ ဖြစ်သည့်နည်းဖြင့်သာ နှစ်သိမ့်နေရတော့သည်။

အစ်ကိုကြီး ကမယ်သည် ဖေဖေ့အား ညတိုင်းညတိုင်း အာရပ်သတင်းစာများကို ဖတ်ပြရသည်။ ကမယ်က စာဖတ်မသွက်။ ထို့ကြောင့် ဖေဖေက သူ့ကို ခဏခဏဆူ ကြိမ်းမောင်းသည်။

"မင်းက တော်တော်တုံးတဲ့အကောင်ပဲ၊ နွေခင်းကြောင်တောင်မှာတောင် မြင်းဖင်ကို လက်နှစ်ဖက်နဲ့ စမ်းလို့ တွေ့မယ်အကောင်မဟုတ်ဘူး"

ဟု ဖေဖေက ကမယ်ကိုရှုတ်ချသည်။ သို့သော် ကမယ်ကမာနရှိသည်။ သူမသိသော စာလုံးကို ကျွန်တော့်အားမေးမည့်အစား တစ်မိုင်လောက် အဝေးမှာရှိသော မြင်းချေးကို သူက သွားစားလိမ့်မည်။ သည်အချက်ကို မေမေကလည်း ကောင်းကောင်းသိထားသည်။ ထို့ကြောင့် မေမေက ကျွန်တော့်ကိုပြောသည်။

"သား၊ ဘာမှပူမနေနဲ့၊ မကြာခင်မှာ မင်းဖေဖေကို မင်းပဲ စာဖတ်ပြရလိမ့်မယ်
။

မေမေက ပြောလည်းပြောသည်။ လုပ်လည်းလုပ်သည်။ ဖေဖေ့ အခန်းထဲတွင် သုံးလေးညသွားအိပ်ပြီး ဖေဖေ့ကိုစည်းရုံးသည်။ နောက်ဆုံး ဖေဖေက

“ကမယ်အစာ မင်းပဲငါ့ကို စာဖတ်ပြပါ"ဟု ပြောတော့သည်။ ထိုနေ့သည် ကျွန်တော့်ဘဝတွင် ဝမ်းအသ ဆုံးနေ့ ဖြစ်သည်။ ကျွန်တော့် အနာဂတ်ဘဝအတွက် အရေးအကြီးဆုံးနေ့လည်း ဖြစ်သည် တကယ်တော့ ယခုအချိန်တွင် မေမေ့အနေဖြင့် ဖေဖေ့ကိုစည်းရုံးရန် သို့မဟုတ် ရာမီဖာရင်ခွင်ထဲမှ ဆွဲထုတ်ရန် အလွန်လွယ်ကူသည်။ ရာမီဇာမှာ ကလေးမွေးပြီးစဖြစ် ကျန်းမာရေးလည်း များစွာမကောင်းသေး။

ပြီးတော့ အကြောက်လွန်၍ စိတ်ဓာတ်လည်း အလွန်ကျနေသည်။ သူ့အနားသို့ ဖေဖေကပ်လာလျှင် နှုတ်ခမ်းကိုကိုက်သည်၊ လက်သည်းကို ကိုက်သည်။ ပြီးတော့ ခွေးနာမတစ်ကောင်လိုချောင်ကုပ်နေသည်။ သို့သော် ဖေဖေက သူ့ကို ဘာလုပ်ပေးရမည် ညာလုပ်ပေးရမည်ဟု အတင်းအမိန့်ပေးသည်။ ထိုအခါ ရာမီဇာသည် ချောင်ကုပ်နေရာ ထပြီး ဖေဖေခိုင်းသမျှကို အကုန်လုပ်ပေးသည်။ သို့သော် သူကစိတ်မပါ။ ဖေဖေ မချစ်။ တစ်အိမ်လုံးတွင် သူက မေမေနှင့်နာဒါတို့ကိုသာ အားကိုးသည်။ ဖေဖေ့ အကြိမ် အမောင်းခံရလျှင် မီးဖိုချောင်ထဲပြေးဝင်ပြီး ကြုံကြုံပါအောင် ငိုပစ်လိုက်သည်။ တခြား မိန်းမတွေလို ရေတွင်းနားသွားပြီး ရင်ဖွင့်ရန်လည်း သတ္တိမရှိ။ သူက တခြားမိန်းမတွေ ကို ကြောက်နေသည်။

ကျွန်တော်တို့က သူ့ကို ဒုက္ခိတမလေးလို သဘောထားကြသည်။ ထို့ကြော မေမေကလည်း သူ့အပေါ်မှာ မနာလိုစိတ်မရှိတော့ဘဲ သမီးတစ်ယောက်ပမာ ကြင်နာသနာ လာသည်။ ဖေဖေသည် ရာမီဇာ၏ အိပ်ခန်းသို့ သွားမြဲသွားနေသည်။ သို့သော် ဖေဖေသည် ရာမီဇာအား ကိုယ်လုံးတီးကခိုင်းပြီး တစ်ဝကြီး ထိုင်ကြည့်နေခြင်းသာ ဖြစ်သည် ရေတွင်းနားတွင် သတင်းထွက်နေသည်။ တစ်နေ့တွင် မေမေနှင့် ရာမီဇာတို့ စကားပြော သည်ကို ကျွန်တော် အမှတ်တမဲ့ကြားမိသည်။

) “သူနဲ့ဆက်ဆံလျှင် စိတ်ချမ်းသာချင်ယောင်ဆောင်နေစမ်းပါ၊ ဘာကိုမှတွေးမနေနဲ့၊ ဒိတ်လွတ်ကိုယ်လွတ်သာ လျှော့ပေးလိုက်”

ဟု မေမေက နည်းလမ်းပေးသည်။

ကျွန်တော်သူ့ နေရာယူပြီး ဖေဖေ့ကိုစာဖတ်ပြတော့ အစ်ကိုကြီး ကမယ်က

အကြီး ကျယ် ဒေါသထွက်သည်။ သို့သော် သူက ကျွန်တော့်ကိုတော့ တစ်စုံတစ်ရာ ရန်မလုပ်။ ကလဲ့စားချေနည်းက တော်တော်ပညာသားပါသည်။

သူမိန်းမယူမည်။ သားကလေးရလာလျှင် ကိုယ်ပိုင်မျိုးဆက်ထောင်ပြီး ကျွန်တော့် ကို တိုက်ထုတ်မည်။

သို့ဖြင့်သူ တဘားရွာသူတစ်ယောက်ကို ယူလိုက်သည်။ မျိုးနွယ်စုခေါင်းဆောင် တစ်ဦး၏ သမီးဖြစ်သည်။ သူ့မိန်းမနာမည်က ဖာတမာ။ ရုပ်ရည်က အလှကြီးတော့မဟုတ်။ သို့သော် အပြောအဆို အပြုအမူညက်သည်။ ကိုယ်လုံးကိုယ်ပေါက်က အလွန်တောင့်သည်။ ဤပုံစံမျိုးကို အာရပ်ယောကျ်ားတွေ အလွန်သည်းခြေကြိုက်သည်။

သူ့အတွက် ဖေဖေက တော်တော်ကလေး ထိုက်ထိုက်တန်တန် စျေးပေးလိုက်ရသည်။ သို့သော် သူတို့လက်ထပ်ပွဲမှာ ဖေဖေနှင့်ရာမီဇာတို့ ပွဲကိုတော့မမီ။ သို့သော်လည်း အမယ်ရော ဖာတမာရော နှစ်ဖက်သော မိဘများ၏ တန်ဖိုးရှိသော “သားသမီးရတနာ”များ ဟုတ်ကြ၍ သူတို့ကလည်း မိဘစီစဉ်ပေးသမျှနှင့်သာ ကျေနပ်ကြရသည်။

တိုတိုပြောရလျှင် မကြာမီမှာပင် ဖာတမာကိုယ်ဝန်ရှိလာသည်။ ကိုးလလွယ် ဆယ်လမြောက်တော့ ကလေးမွေးသည်။ ကျွန်တော်နှင့် မေမေတို့ ဝမ်းသာလိုက်သည့်ဖြစ် ခြင်း၊ သူ့ကလေးက မိန်းကလေး။ ဖာတမာသည် ထူးထူးခြားခြား ရုပ်မချောသော်လည်း ခက်တော့ တော်တော်ထက်သည်။ ယောကျ်ားကိုနိုင်သည်။ ထို့ကြောင့် ကမယ်ကို သားကြောက်”ဟူ၍ တစ်ရွာလုံးက သတ်မှတ်ထားကြသည်။

ဖေဖေကလည်း သူ့သားကြီးကို လုံးဝအထင်မကြီး။ ထို့ကြောင့် ကမယ် မယား ကြောက်ရပုံအကြောင်းကို လူတွေက အရှိထက်ပို၍ ချဲ့ကားပြောဆိုကြသည်။ သရော် ပြောင်လှောင်ကြသည်။

ကျွန်တော် ကျောင်းမတက်တော့သောကြောင့် ကျေးရွာမှတ်တမ်းများနှင့် မြေစာရင်း များကို အချိန်ပြည့် လေ့လာခွင့်ရလာသည်။ ဤအချက်ကြောင့် အစ်ကိုကြီးကမယ်က ကျွန်တော့်ကို ကြောက်လာရသည်။ ဖေဖေ့အတွက်

လယ်ထောက်ခမပေးဘဲ သူ့ကိုယ်ပိုင် ဝှက်ထားသော လယ်ကွက်များကို ကျွန်တော်တွေ့ရသည်။ သည်ကိစ္စကို ကျွန်တော်က မယ့်ကို ဖွင့်ပြောသည်။ ထိုအခါ ကမယ်က သူ့အပြစ်ကိုဝန်ခံပြီး ထိုလယ်မြေများအတွက် အရံသော လယ်ထောက်ခများကို ကျွန်တော်နှင့် အညီအမျှခွဲဝေယူပါမည်ဟု ကတိပြု သည်။ ကျွန်တော်ကလည်း သူ့ကမ်းလှမ်းချက်ကို လွယ်လွယ်ကူကူပင် လက်ခံလိုက်သည်။

ကမယ်သည် သူ့အပြစ်နှင့်သူ အကြောက်လွန်နေသောကြောင့် ဤကိစ္စကို ဖေဖေ့အား တစ်သက်လုံး ဖွင့်ပြောလိမ့်မည်မဟုတ်ဟု ကျွန်တော်က ကျိန်းသေပေါက် ယုံကြည်ထားသည်။ ကြီးကို တစ်နေ့ ကျလျှင် ဖေဖေ သိကောင်းသိသွားနိုင်သည်။ သို့သော် ကျွန်တော်က အောက်ပါ။ ဘကြီးဖရောက်နှင့် အစ်ကိုကြီး ကမယ်တို့က သူတို့ကိုယ်ကျိုးအတွက် ဖေဖေ့ကို ပဲ နှစ်ပေါင်းများစွာ လိမ်ခဲ့ကြပြီးပြီ။ ရိုးသားစွာပြောရလျှင် ကျွန်တော်က သူတို့လောက် မဆိုး။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်လိမ်၍ရသော ပိုက်ဆံကို ကျွန်တော့်ကိုယ်ကျိုး အတွက်မသုံးဘဲ မေမေ့ကို ပေးသောကြောင့်ဖြစ်သည်။

ဂျာမနီနှင့် ပိုလန်နိုင်ငံများ၌ “သေမင်းစခန်း”များ တွေ့ရှိရကြောင်း စစ်ကြီးပြီးခါစ တစ်ညတွင် ဒမတ်စကတ်ရေဒီယိုမှ ကြေညာသည်။ ဂျူးလူမျိုး သန်းပေါင်းများစွာတို့အား ဟစ်တလာနှင့် နာဇီများက ဓာတ်ငွေ့ ပေး၍ သတ်ဖြတ်ထားသည်ဟုဆိုသည်။ နောက်နေ့ များတွင် သတင်းစာကလည်း အတိအကျ ဖော်ပြရေးသားကြသည်။

သေမင်းစခန်းများ တစ်ခုပြီးတစ်ခု ဆက်တိုက်တွေ့ရှိနေရကြောင်း ရေဒီယိုကလည်း ညတိုင်းကြေညာနေသည်။ အင်္ဂလိပ်နန်းရင်းဝန်ကြီး ချာချီ၊ အမေရိကန်သမ္မတ ရုစဗဲ့နှင့် ပုပ်ရဟန်းမင်းကြီးတို့သည် စစ်အတွင်း သေမင်းစခန်းများ ရှိနေကြောင်းကို သိကြသော်လည်း မည်သို့မျှ ဟန့်တားခြင်းမပြုဘဲ ငြိမ်နေခဲ့ကြသည်ဟု ကိုင်ရိုရေဒီယိုမှကြေညာသည်။

ဤသတင်းသည် ကျွန်တော်တို့အတွက် ထူးလည်းထူးဆန်းသည်။ ထိတ်လန့်စရာ လည်း ကောင်းသည်။ ကျွန်တော်တို့သည် ဘုံရိပ်သာမှ ဂျူးများနှင့် မည်သို့မျှမဖြစ်ဘဲ နှစ်ပေါင်းနှစ်ဆယ်ခန့် ငြိမ်းချမ်းစွာနေလာခဲ့ကြသည်။ ကျွန်တော်တို့က ဂျူးများကို မုန်းသော်လည်း မည်သို့မျှအန္တ ရာယ်မပြုခဲ့ကြ။

သေမင်းစခန်းများအကြောင်း ကြားသိရသော အခါ အာရပ်ကျေးရွာများအတွင်း လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။

ထိုအချိန်တွင် ကျွန်တော် ကျောင်းတက်နေဆဲဖြစ်သည်။ ရမ်လီမြို့မှ လမ်းများပေါ်တွင် မွတ်စလင်ညီနောင်များအဖွဲ့မှ ဦးဆောင်သော သေမင်းစခန်း ထောက်ခံပွဲများ မြိမ့်မြိမ့်သဲ သင်နွှဲကြသည်။

သေမင်းစခန်းများ ပေါ်ပေါက်လာခြင်းသည် ဂျူးလူမျိုးတို့ မီးလောင်တိုက်သွင်း ခံရမည်ဟု တမန်တော်မိုဟမ္မက်က ကြိုတင်နိမိတ်ဖတ်ခဲ့သည်ကို သက်သေပြသည့်ဖြစ်ရပ်များ ဖြစ်ကြောင်းပြောပြီး ဆရာဆာလမီက ကိုရန်ကျမ်းကို တစ်ခန်းပြီးတစ်ခန်း ဖတ်ပြသည် ဤဖြစ်ရပ်များသည် ကိုရန်ကျမ်းတွင် အပြည့်အစုံပါသည်။ တမန်တော်သည် အလ္လာအရှင်မြတ် ထံမှ ဒိဗ္ဗစက္ခုဉာဏ်ကို ရရှိခဲ့သည်။ ဤအချက်သည် မိစ္ဆာတိတ္ထိလူမျိုးတို့ မည်သို့မည် ဒဏ်ခတ်ခံရမည်ဟူသောအချက်ကို သက်သေထူခြင်းဖြစ်သည်ဟု ဆရာဆာလမီကပြောသည်။

ဘကြီးဖရောက်သည် အလွန်ငြီးငွေ့စရာကောင်းသော တရားများကို ဥပုသ်နေ့တိုင် ဟောပြောလေ့ရှိသည်။ ယင်းတို့မှာ အယူမှန်သူများ ကွယ်လွန်လျှင် ကောင်းရာသုဂတိသို့ ရောက်ရှိနိုင်ပုံ၊ ဆင်းရဲသားများအား ပေးကမ်းစွန့်ကြဲခြင်း၏ အကျိုးကြီးမားပုံနှင့် နေ့စဉ် ဘဝတွင် အကျိုးရှိအောင် ကျင်ကြံနေထိုင်သည့်ပုံတို့ ဖြစ်သည်။

သို့သော် သေမင်းစခန်းများအကြောင်း သိရှိရသောအခါတွင်မူ သူသည် ကိုရန်ကျမ်းပါ အလွန်ကြောက်စရာကောင်းသော အဆိုအမိန့်များကို ဟောပြောလာသည်။

ယင်းတို့မှာ ဂျူးလူမျိုးတို့အား အကြွင်းမဲ့ချေမှုန်းပစ်ရန်အကြောင်းနှင့် ပတ်သက်သော အဆိုအမိန့်များ ဖြစ်သည်။ ဖေဖေသည် ယခင်အခါများက ဘကြီးဖရောက် ဟောပြောရမှာ အချက်များကို ကြိုတင်သတ်မှတ်ပေးခဲ့သည်။ ယခုမူ သူသည် ရွာသားများ၏ သဘောထား နားလည်သောကြောင့် ဘကြီးဖရောက်အား ဟန့်တားခြင်းမပြုဘဲ လွှတ်ပေးထားလိုက်သည်။ ဤသို့ဖြင့် ဘုံရိပ်သာနှင့် ဆက်ဆံရေးသည် တစ်မျိုးဖြစ်လာသည်။ တစ်ဖက်နှင့်တစ်ဖက်

မယုံမကြည် ဖြစ်လာကြသည်။ သက်ာမကင်း ဖြစ်လာကြသည်။ ရွာ ဂျူးတို့အား အစုလိုက်အပြုံလိုက် သတ်ဖြတ်ပွဲသတင်းကို အာရပ်စာနယ်ဇင်းများက ဝမ်းသာလှိုက်လှဲ ဖော်ပြခဲ့ကြသည်။ ခေတ်ငွေ့ခန်းများနှင့် မီးဖိုကြီးများ၏ခေတ်ပုံများကို တင်းစာမျက်နှာဖုံးများတွင် အသားပေးဖော်ပြခဲ့ကြသည်။

သို့သော် ယခုမူ စာနယ်ဇင်းများသည် တစ်မျိုးလုပ်လာပြန်သည်။ ဂျူးတို့အား ဆုလိုက်အပြုံလိုက် သတ်ဖြတ်ပွဲများ လုံးဝမရှိခဲ့ကြောင်း၊ စစ်နိုင်သော မဟာမိတ်နိုင်ငံများ၏ နားကြင်နာမှုကိုရရှိရန် ဇီယွန်ဝါဒီတို့က တမင်လုပ်ကြံ၍ ပြောဆိုခြင်းသာဖြစ်ကြောင်း၊ သို့ဖြင့် ဥရောပနိုင်ငံများမှဂျူးများအား မဟာမိတ်တို့က ပါလက်စတိုင်းသို့ သွားခိုင်း ထိမ့်မည်ဖြစ်ကြောင်း စသည်ဖြင့် ယခင်ရေးခဲ့သော သတင်းများနှင့် လုံးဝဆန့်ကျင်ဘက် ဆောင်းများကို ရေးသားလာကြပြန်သည်။

ပြည်သူတွေမှာ ဘာကိုယုံကြည်ရမှန်းမသိ။ ယနေ့သည်ဟာကိုယုံပြီး၊ မနက်ဖြန်ကျ ဆော့ ဟိုဟာကို ယုံနေကြရပြန်သည်။

ဂျူးလူမျိုးများ မီးလောင်တိုက်အသွင်းခံရခြင်းအတွက် အလွန်ဝမ်းသာနေခဲ့ကြသော ကျွန်တော်တို့ တဘားရွာသားများက ဤလုပ်ရပ်ကို ဇီယွန်ဝါဒီတို့၏ တမင်ထွင်လုံးတစ်ခု ၍သာ ယုံကြည်လာကြသည်။

ဖေဖေကတော့ ဘာကိုမှ အတိအကျမဆုံးဖြတ်နိုင်သေး။ သူ့အနေဖြင့် တခြားလူတွေလို စိတ်လိုက်မာန်ပါ ဆုံးဖြတ်၍မရ။ စောင့်ကြည့်ရဦးမည်။ စဉ်းစားရဦးမည်။ လောလောဆယ် တွင် သူ့အဖို့ တော်တော်အခက်ကြုံနေရသည်။ မစ္စတာဂီဒီယံ မလာတော့၍ ဆွေးနွေးတိုင်ပင် ဆု လူမရှိဖြစ်နေသည်။

ဥရောပတိုက်တွင် တစ်ခုခုတော့ ဆိုးဆိုးရွားရွား ဖြစ်နေပြီဆိုသည်မှာ သေချာသည်။ ဘယ်ကြောင့်ဆိုသော် ပါလက်စတိုင်းတစ်ဒေသလုံးတွင် ပြည်သူတို့၏ ဒေါသမုန်တိုင်းကြီး ဗိုက်ခတ်နေပြီဖြစ်သောကြောင့် ဖြစ်သည်။ ဤမုန်တိုင်းသည် မဟာမင်းကြီး၏တော်လှန်မှု တွင်းက တိုက်ခတ်ခဲ့သော မုန်တိုင်းထက် ပြင်းထန်သည်။

ပါလက်စတိုင်းသို့ ဂျူးများအတင်းဝင်ရောက်ရန် အစပျိုးသည်။ သူတို့တွင်

လက်စတိုင်းမှတစ်ပါး တခြားဘယ်ကိုမှ သွားစရာမရှိသောကြောင့်ဟု သူတို့ကဆင်ခြေ သည်။ အကယ်၍ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု တကယ်ရှိခဲ့လျှင် ဤဂျူးများမှာ သဘဲကျန်ရစ်သူများ ဖြစ်ကြလိမ့်မည်။ သို့မဟုတ် အစုလိုက်အပြုံလိုက် အသတ်ခံရသည် ဆိုသည်မှာ ဇီယွန်ဝါဒီတို့၏ လုပ်ကြံလိမ်ညာမှုသာဖြစ်ခဲ့လျှင် ယခု ရောက်လာသော အားကို ကျွန်တော်တို့ အာရပ်တွေနေရာတွင် အစားထိုးရန် တမင်ပို့လွှတ်နေခြင်း ဖြစ်လိမ့်မည်။

ဖေဖေ့တွင် အားနည်းချက်တွေ အများကြီးရှိသည်။ သို့သော် ယခုကိစ္စတွင်တော့ က သတင်းစကားသက်သက်ကို မယုံ။ ကျွန်တော် သိသလောက်ဆိုလျှင် ဖေဖေသည် ဒီယို၊ စာနယ်ဇင်းနှင့် ဘုန်းကြီးများအား ပြန်လည်မေးခွန်းထုတ်သော ကျွန်တော်တို့ရွာမှ ဦးတည်းသောပုဂ္ဂိုလ် ဖြစ်သည်။ သူက ကျိုးကြောင်းညီညွတ်မှုကို လိုချင်သည်။ သန်တရားကို သိချင်သည်။ ထို့ကြောင့်လည်း ဖေဖေသည် ကျွန်တော်က သတင်းစာ ပြနေစဉ်အတွင်း မကြာခဏ အသံထွက်၍ ညည်းညူနေတတ်ခြင်း ဖြစ်သည်။

အာရပ်သတင်းစာတွေက ခုတစ်မျိုး၊ တော်ကြာတစ်မျိုး ဘာကြောင့်ရေးသားနေကြ စ် ည်း။ ဖေဖေက သံသယဝင်မိသည်။ ဗြိတိသျှတို့ကလည်း ဂျူးတွေ ပါလက်စတိုင်းသို့ ဝင်မလာနိုင်အောင် အစွမ်းကုန်ကြိုးစားနေကြသည်။ သည်အချက်ကိုလည်း ဖေဖေ သံသယဖြစ်မိသည်။ ထောင်ပေါင်းများစွာသော ဗြိတိသျှစစ်သားများသည် ပါလက်စတိုင် ချီလာကြသည်။ ဤသည်ကို ဖေဖေက မစဉ်းစားတတ်အောင် ဖြစ်နေသည်။

ဂျူးလူမျိုး များစွာတို့သည် စစ်အတွင်းက ဗြိတိသျှတို့ဘက်မှ ဝင်တိုက်ခဲ့ကြသည် ဖေဖေသိသည်။ အာရပ်တွေက ယင်းသို့ကူညီခဲ့လျှင် ပါလက်စတိုင်းကို အာရပ်လူမျိုးများ အုပ်ချုပ်ခွင့်ရနိုင်စရာရှိသည်ဟု ဖေဖေကတွေးမိသည်။ ဗြိတိသျှတွေ စစ်နိုင်ခဲ့သည် သူတို့အား ဂျူးတွေက ကူညီခဲ့သည်။ သို့ဖြစ်လျှင် ဂျူးတွေ ပါလက်စတိုင်းသို့ဝင်လာသည် ။ ဗြိတိသျှတို့က ဘာကြောင့်ဟန့်တားနေရသနည်း။

ဖေဖေသည် စစ်အတွင်းက မြေပုံတွေအားလုံးကို လေ့လာခဲ့ဖူးသည်။ သူသည် သူ၏ ထူးခြားသော ပင်ကိုအသိဉာဏ်ဖြင့် တွေးခေါ်စဉ်းစားခဲ့သည်။

ပါလက်စတိုင် စူးအက်တူးမြောင်းနှင့် ထရန်စ်-ဂျော်ဒန်တို့တွင် ဗြိတိသျှတို့က ငွေပင်ငွေရင်း အများအပြား ရင်းနှီးမြှုပ်နှံထားကြသည်ကို ဖေဖေဆင်ခြင်မိသည်။ အထူးသဖြင့် အာရေဗျကျွန်းဆွယ်တွင် ရေနံတွင်းများ တူးဖော်နေသည်ကို သတိပြုမိသည်။

ယင်းတို့အားလုံးသည် အာရပ်နယ်မြေထဲတွင် ရှိကြသည်။ ထို့ကြောင့် အာရပ်တို့ တောင်းဆိုလာလျှင် ဗြိတိသျှတို့က လိုက်လျောရဖို့ရှိသည်။ သူတို့၏ အရင်းအနှီးများ ဖြစ် အထူးသဖြင့် ရေနံလုပ်ငန်းတွင် မြှုပ်နှံထားသော အရင်းအနှီးများသည် သူတို့အဖို့ ရ လူမျိုးများထက် အရေးကြီးသည်။ တန်ဖိုးရှိသည်။

နောက်ဆုံးတွင် ဖေဖေသည် ကျွန်တော့်အား တမန်တော်၏သင်္ချိုင်းဂူသို့ ခေါ် သွားသည်။ ကျွန်တော် ကောင်းစွာမှတ်မိနေသေးသည်။ ထိုနေ့သည် ၁၉၄၆ ခုနှစ်အတွင်း တစ်ခုသောနေ့၏ နံနက်ပိုင်းအချိန် ဖြစ်သည်။

ဖေဖေသည် သူ၏လျှို့ဝှက်ချက်တစ်ခုကို မည်သူ့အားမျှမပြောဖို့ ကျွန်တော့်အ ကတိပေးခိုင်းသည်။ သူ၏လျှို့ဝှက်ချက်ကား တခြားမဟုတ်။ မြို့သွား၍ ဈေးရောင်းနေ အစ်ကိုအိုမာက နေ့စဉ် "ပါလက်စတိုင်းပို့စ်" သတင်းစာတစ်စောင်ဝယ်လာမည်။ ကျွန်တော က ထိုသတင်းစာကို ဖေဖေအား အမြဲတမ်းဖတ်ပြရမည်ဟူသော လျှို့ဝှက်ချက်ပင် ဖြစ် သည်။

ထိုသတင်းစာမှာ ဂျူးတွေက ထုတ်ဝေသောသတင်းစာ။ ထိုသတင်းစာတွင် ပြသော သတင်းများသည် အာရပ်သတင်းများက ဖော်ပြသောသတင်းများ၊ အာရ ရေဒီယိုများက ထုတ်လွှင့်သောသတင်းများနှင့် လုံးဝကွဲပြားသည်။ ဂျူးသတင်းစာ ဖတ်ရသောအခါ ဂျာမနီနိုင်ငံ၊ နျူရင်ဘတ်မြို့တွင် စစ်တရားခံများအား ရုံးတင်စစ်ဆေးရေး ဟူသော သတင်းများကို ပထမဦးဆုံးအကြိမ် ကျွန်တော်တို့ သိရှိကြရသည်။

ဖေဖေသည် ပြဿနာကို သေချာစွာစဉ်းစားပြီးနောက် ဆုံးဖြတ်ချက်တစ် ချလိုက်သည်။ ဂျူးများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည်မှာ တကယ်အရ ဖြစ်သည်ဟု တစ်ညတွင် ဖေဖေက ကျွန်တော့်ကိုပြောသည်။

"ခရစ်ယာန်တွေ ကျူးလွန်ခဲ့တဲ့အပြစ်အတွက် မွတ်စလင်တွေက

ခံရတော့မယ်) အစ္စမေ၊ ခရစ်ယာန်တွေက သူတို့အပြစ်ကို သိပ်ပြီးကြောက်နေကြတယ်။ လျှို့ဝှက်ချက် ဖုံးဖိထားခဲ့တဲ့ မဟာမိတ်တွေတောင်မှ ကြောက်နေကြတယ်၊ သူတို့က သွေးစွန်းနေ သူတို့လက်ကို ဆေးကြောပစ်ဖို့ ကြိုးစားနေကြတာ။ အဲဒီတော့ သူတို့က အာရပ်တွေကို ရှင်းပစ်ပြီး သူတို့အပြစ်ကို ဆေးကြောကြလိမ့်မယ်၊ အဲဒါဟာ တို့အာရပ်လူမျိုးတွေအတွက် မိုးမှောင်ကျတာပဲ အစ္စမေ”

ကျွန်တော်ကတော့ ဖေဖေပြောသလိုမထင်ပါ။ တကယ်တော့ သူပြောတာကိုလည်း နားမလည်ပါ။ ကျွန်တော်က ထိုနေ့တွင် အလုပ်တစ်ခု ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင် အားသည်။ ထို့ကြောင့် နိုင်ငံရေးပြဿနာများကြောင့် ဖေဖေ စိတ်မကြည်မသာဖြစ်နေသည်ကို ဂရုမစိုက်တော့ဘဲ အရဲစွန့်ကာရင်ဆိုင် လိုက်တော့သည်။

“ဖေဖေ... ဖေဖေ့ကို စာဖတ်ပြတဲ့အခါ ဒီခုံရှည်ပေါ်မှာ ထိုင်ရတာ ကျွန်တော့်တင်ပါး တွေ သိပ်နာတယ်၊ ကျွန်တော့်ကို ဟိုဆိုဖာကုလားထိုင်ကြီးပေါ်မှာ ထိုင်ခွင့်ပြုပါလားနော် ဖေ”

တကယ်တော့ အကြောင်းရင်းကို ဖေဖေသိသည်။ ဆိုဖာကုလားထိုင်ကြီးတွင် ကျွန်တော့်အစ်ကိုများနှင့်တကွ ဘယ်မိန်းမကိုမှ ထိုင်ခွင့်မပြုပါ။ အထူးဧည့်သည်များအတွက် ဦးသန့်ထားရှိသော ကုလားထိုင်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်တောင်းဆိုချက်အတွက် ဒေဖေ တော်တော်စိတ်အိုက်သွားပုံရသည်။ သူသည် ဘာစကားမျှမပြောဘဲ အကြာကြီးတွေ သည်။ နောက်ဆုံးမှ သူကပြောသည်။

“ကောင်းပြီလေ မင်း အဲဒီကုလားထိုင်မှာထိုင်ပါ၊ ဒါပေမယ့် ငါ့ကို စာဖတ်ပြတဲ့အခါ သော ထိုင်ရမယ် အစ္စမေ”

အခန်း (၂)

ဂီဒီယံအက်ရှ်၏ စစ်ရေးလှုပ်ရှားမှုသည် အီရတ်ကို ဗြိတိသျှတို့ အောင်ပွဲခံပြီးချိန်မှစ၍ ရုတ်တရက် ရပ်တန့်သွားခဲ့သည်။ သူသည် ဘဂ္ဂဒက်မြို့မှ

ဂျူးရပ်ကွက်ကို အာရပ်များ ဝင်စီးခြင်းကို ခုခံကာကွယ်ရင်း အဖမ်းခံခဲ့ရပြီး ထောင်ထဲတွင် ဘယ်ဘက်လက်တစ်ဖက် ဆုံးရှုံးခဲ့ရသည်။

သူသည် ဗြိတိသျှကို အလွန်စိတ်နာသည်။ ဂျူးရပ်ကွက်ကို အာရပ်တွေဝင်စီးပြီး သတ်ဖြတ်နေစဉ် ဗြိတိသျှတပ်များ ရောက်လာကြသည်။ သို့သော် တားဆီးရန်လုံးဝမကြိုးစား နောက်ပိုင်းတွင်လည်း စုံစမ်းစစ်ဆေးမှု လုံးဝမလုပ်။

သို့သော် ဂီဒီယံမှာ ပထမစစ်ပွဲပြီး၍ နားချိန်မရဘဲ ဒုတိယစစ်ပွဲကို ဆင်နွှဲရပြန်သည်။ ထိုစစ်ပွဲကား အခြားမဟုတ်။ ဂျူးလူမျိုးများအား ပါလက်စတိုင်းသို့ တရားမဝင်ခိုးသွင်းသော မြေအောက်လှုပ်ရှားမှုလုပ်ရသော၊ နိုင်ငံရေးရပ်တည်မှုအတွက် ရုန်းကန်ရသော၊ လက်နက် ခိုးသွင်းရသော တိုက်ပွဲပင်ဖြစ်သည်။ ဆိပ်ကမ်းဘေးမှ ဟိုတယ်ခန်းများ၏ အမှောင်ထဲတွင် လျှို့ဝှက်အစည်းအဝေးများ ပြုလုပ်ရသော စစ်ပွဲဖြစ်သည်။

ပါလက်စတိုင်း ဂျူးအေဂျင်စီအဖွဲ့ တာဝန်ခံ ဒေးဗစ်ဘင်ဂူရီယံက ဂီဒီယံအား သူ၏ ဌာနလက်ကိုင်မရှိ လက်ထောက်အဖြစ် ခန့်လိုက်သည်။ ဂျူးအေဂျင်စီအဖွဲ့မှာ သူတို့၏ အစိုးရအဖွဲ့ သဘောမျိုးပင် ဖြစ်သည်။ သူသည် ဂျူးအမျိုးသားရေးလှုပ်ရှားမှု အမျိုးမျိုးကို နေရာများစွာတွင် အကြိမ်များစွာ ပြုလုပ်ရမည်ဖြစ်သည်။

ဂီဒီယံ၏ ပထမဆုံးအလုပ်မှာ စစ်အတွင်းက ပါလက်စတိုင်း ဂျူးများ ပေးခဲ့သော အကူအညီကို အခြေခံကာ လှုပ်ရှားရန်ဖြစ်သည်။ ဂျူးအမျိုးသား အမျိုးသမီး သုံးသောင်း ခွဲကျော်တို့သည် ဗြိတိသျှယူနီဖောင်းများဝတ်ကာ ပါဝင်ကူညီခဲ့ကြသည်။ စစ်ကြီးပြီးသောအခါ သူတို့၏အလံကိုကိုင်ဆောင်ပြီး အီတလီတိုက်ပွဲကို ချီတက်ခဲ့ကြသည်။

စစ်အတွင်းက သူတို့၏ပါဝင်ကူညီမှုကို အာရပ်နိုင်ငံများကလည်း မည်သို့ အပြစ်မဆိုခဲ့ကြ။ ထို့ကြောင့် စစ်ကြီးပြီးသောအခါတွင်လည်း အာရပ်တို့က ဝေစုဆောင်း ပိုင်းခွင့်မရှိ။ အခွင့်အရေးကို မမျှော်ကိုးဘဲ နာဇီကို တကယ်တိုက်ခဲ့သူများမှာ ဂျူးများသာ ဖြစ်သည်။

ဂီဒီယံသည် ပါလက်စတိုင်းသား ဖြစ်သည်။ သူသည်

လက်ဝဲကမ်းပါးကဖီးမှာထက် ဘီဒိုယင်တဲစခန်းတွင် ပို၍အနေများသည်။ ခရစ်ယာန်ဘာသာဝင် ဥရောပသားများသည် တစ်ခါတစ်ရံ အတွေးခေါင်တတ်ကြသည်။ ဥရောပသားများက ဂျူးတို့အား နှိပ်စက် သတ်ဖြတ်ကြောင်းသတင်းကို ကြားရသောအခါ ဂီဒီယံသည် ပထမတွင် လုံးဝမယုံခဲ့။ နောက်ပိုင်းတွင် အမှန်တကယ်ဖြစ်ကြောင်းသိရသောအခါ သူအကြီးအကျယ် စိတ်ခတ်ကျ သွားမိလေသည်။

ဩစဝစ်၊ ဘူချင်ဝေါ်၊ ဒါရှော၊ ဘာဂျင်ဘယ်လဆင်၊ မက်ဂျာနက်၊ ထရီဘလင်ကာ နှင့် အခြားများစွာသော သေမင်းစခန်းများကို ရှာဖွေတွေ့ ရှိသောအခါ ဥရောပတိုက်တွင် လူသေကောင်အပုပ်နံ့များဖြင့် မွန်ဟောင်နေသည်။

ဥရောပသားများသည် အလွန်ယဉ်ကျေးကြသည်ဟု ဂီဒီယံ သင်ကြားခဲ့ရဖူးသည်။ ရစ်ယာန်တို့သည် ဘယ်နေရာတွင်မှ အာရပ်များနှင့် မွတ်စလင်များလောက် မရက်စက်ခဲ့ ကြ။ သို့သော် အလွန်ယဉ်ကျေးပါသည်၊ အလွန်အဆင့်အတန်းမြင့်ပါသည်ဆိုသော ဥရောပ သားတို့က အပြစ်မဲ့သော၊ အားနည်းသော ဂျူးလူမျိုးတို့အပေါ် ရက်စက်ပုံကတော့ဖြင့် လူ့သမိုင်းတွင် ဘယ်တုန်းကမှ မရှိခဲ့ဖူးသေးသော ရက်စက်မှုကြီးပင် ဖြစ်သည်။

ဤအတွက်ကြောင့် ဂီယံနှင့်တကွ ဂျူးအမျိုးသားအားလုံးတို့၏ မူလယုံကြည်ထား ချက်များသည် အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားခဲ့ရလေသည်။

လူပေါင်း ခြောက်သန်းကျော်အနက်မှ အလွန်သနားစရာကောင်းသော ထောင်ပေါင်း အနည်းငယ်မျှသာလျှင် လူသားတွေဖန်တီးသော လောကငရဲမှ လွတ်မြောက်နိုင်ခဲ့ကြသည်။ စစ်အောင်နိုင်သော မဟာမိတ်တပ်များ၏ ဗိုလ်ချုပ်ကြီးများ၊ ဘုရင်များနှင့် ၎င်းတို့၏ စစ်တပ်များသည် အသက်ရှင်လျက် သေနေကြသော ဥရောပဂျူးလူမျိုးတို့အား ကြင်နာသနား နိုင်ခြင်း မရှိခဲ့ကြ။ ဂျူးအမျိုးသား ထောင်ပေါင်းများစွာတို့သည် ကမ္ဘာကြီးတိုးတက် အောင် မိမိတို့တတ်စွမ်းသည့်ဘက်မှ များစွာဆောင်ကြဉ်းခဲ့ကြသည်။ သူတို့သည် သူတို့နှင့် လူဦးရေတူညီသော အခြားလူမျိုးများကဲ့သို့ပင် လူ့လောက တိုးတက်ရေးအတွက် အကျိုး ပြုခဲ့ကြသည်။

သို့သော် အတိတ်ကိုပြန်တွေးပြီး ကြေကွဲဝမ်းနည်းနေချိန်မရ၊ ဂီဒီယံနှင့်

"ယီရှုပ်" အဖွဲ့ဝင်တို့သည် ကယ်တင်၍ ရနိုင်သမျှကိုကယ်တင်ရန် အစွမ်းကုန်ကြိုးစားကြရသည်။ အာရပ်တို့နှင့် မရှောင်သာမလွှဲသာ ရင်ဆိုင်ရမည့်စစ်ပွဲအတွက် အားသွန်ပြင်ဆင်ကြရ သည်။ ဟာဂနာတပ်ဖွဲ့ဝင်များအထဲမှ လက်ရွေးစင်လူငယ်များအား ဖွဲ့စည်းထားသော "ဒါးလ်မက်ချီ" တပ်ဖွဲ့ ကိုကူညီရန် ဂီဒီယံအား တာဝန်ပေးသည်။ ယင်းတပ်ဖွဲ့ဝင်အများစုမှာ ဗိုလ်ကြီး အော်ဒီဝင်းဂိတ်၏ "အထူးညတပ်စု ဝင်များ ဖြစ်ကြသည်။

အင်္ဂလန်အစိုးရအဖွဲ့တွင် နန်းရင်းဝန် ဝင်စတန်ချာချီပြုတ်၍ လေဘာအစိုးရတက် လာသောအခါ အားနက်ဘီဗင်ကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်သည်။

ဘီဗင်က သူ့အနေဖြင့် ပါလက်စတိုင်းသို့ ဂျူးလူမျိုးများ ဝင်ရောက်နေခြင်းကိစ္စကို ဘယ်နည်းနှင့်မျှ မြှောက်မပေးနိုင်ဟုဆိုကာ ဂျူးဒုက္ခသည်များအား တင်ဆောင်လာသော ဒီ သင်္ဘောများ မဝင်နိုင်အောင် ပါလက်စတိုင်းကို ပိတ်ဆို့ ထားရန် ဘုရင့်ရေတပ်မတော်အား အမိန့်ပေးလိုက်သည်။

အသက်မသေဘဲ ကျန်ရစ်သော ဂျူးလူမျိုးတို့သည် "

ဥရောပသင်္ချိုင်းကုန်း မှ သွေးရူးသွေးတန်းထွက်ပြေးကြရာ ပါလက်စတိုင်းမှ ယီရှုပ်အဖွဲ့ဝင်များမှတစ်ပါး တစ်ကမ္ဘာ လုံးတွင် သူတို့အား ဘယ်နိုင်ငံကမှလက်မခံလိုကြ။

သူတို့သည် ဟစ်တလာ၏လက်ထဲမှ လွတ်မြောက်၍ ပင်လယ်ခရီးသွားရန် မသင့်တော်သော ရရာသင်္ဘောများဖြင့် ထွက်ပြေးနိုင်ခဲ့ကြသော်လည်း ပင်လယ်ပြင်တွင် ဗြိတိသျှစစ်သင်္ဘောများ၏ လိုက်ဖမ်းခြင်းကို ခံကြရပြန်သည်။ ဤသို့ဖြင့် ဗြိတိသျှတို့က သူတို့အား နောက်ကြောကို လှံစွပ်နှင့်ထောက်၍ခေါ်လာပြီး ပါလက်စတိုင်းမှ အကျဉ်း စခန်းသစ်များအတွင်းသို့ သွင်းထားလိုက်ကြပြန်သည်။

ထိုအချိန်တွင် ဟာဂနာတပ်ဖွဲ့ဝင်များသည် အလီယာဘက်ခေါ် ဂျူးများအား တရားမဝင်ခိုးသွင်းရေးလုပ်ငန်းကို အပြင်းအထန် ဆောင်ရွက်ကြသည်။ ဂီဒီယံအက်ရ်ှ အားလည်း မြေအောက်လှုပ်ရှားမှု တပ်စုတစ်စုဖွဲ့စည်းရန်

တာဝန်ပေးသည်။

ဤတပ်ဖွဲ့၏တာဝန်မှာ ဒုက္ခသည်ကယ်ဆယ်ရေးသင်္ဘောများ ဝယ်ယူရန်၊ ယင်း သင်္ဘောများတွင် အမှုထမ်းရန်အတွက် ကမ္ဘာအနှံ့အပြားရှိ ဂျူးအမျိုးသား ရေတပ်သား ဟောင်းများကို ရှာဖွေရန်နှင့် ပြင်သစ်နှင့် အီတလီနိုင်ငံများ၌ ဒုက္ခသည်သင်္ဘောများ ဆိုက်ကပ်နိုင်မည့် ဆိပ်ကမ်းမြို့များအား အကူအညီတောင်းရန်တို့ ဖြစ်သည်။

ပါလက်စတိုင်းတွင် ဂျူးအမျိုးသားအေဂျင်စီက ဟာဂနာတပ်ဖွဲ့ဝင်များအား ထိန်းထားပြီး ဗြိတိသျှတို့နှင့်ဆွေးနွေးရန် ကြိုးစားသည်။ တစ်ချိန်တည်းတွင် တစ်ဖက်ကလည်း ပါးလ်မက်တပ်ဖွဲ့ဝင်များအား ဂျူးဘုံရိပ်သာများတွင် လျှို့ဝှက်စစ်သင်တန်းများ ပေးနေ ကြသည်။

ယင်းသို့လျှင် ဟာဂနာတပ်ဖွဲ့ဝင်များက ခေတ္တငြိမ်ကြည့်နေချိန်တွင် လက်နက်ကိုင် တပ်စုကလေးနှစ်ခုရှိသော ယီရှုပ်အုပ်စုက အမျိုးသားအေဂျင်စီ ပိုင်နက်အပြင်ဘက်တွင် တက်ကြွစွာဖြင့် တိုက်ပွဲဝင်နေကြသည်။

ယင်းတို့အပြင် နာဇီသေမင်းစခန်းမှ လွတ်မြောက်လာသူ မိနာချင်ဘီဂင် ဦးဆောင် သော “အာဂွန်း” အုပ်စုနှင့် “အမာခံတပ်စု” ခေါ် အုပ်စုကလေးတို့ကလည်း သူတို့နည်း သူတို့ဟန်ဖြင့် ဗြိတိသျှကို တော်လှန်လှုပ်ရှားနေကြသေးသည်။ ထိုအုပ်စုနှစ်ခုစလုံးကပင် ဂီဒီယံကို ယုံကြည်ကြသည်။ ထို့ကြောင့်ဒီယံအား သူတို့၏ ဆက်သွယ်ရေးမှူးအဖြစ် တာဝန်ပေးကြသည်။

ဂီဒီယံသည် အာဂွန်းအုပ်စုနှင့် ဟာဂနာအုပ်စုတို့ ပူးပေါင်းလှုပ်ရှားမှု အထိုက် အလျောက် အောင်မြင်အောင် ကြိုးစားနိုင်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ဗြိတိသျှတို့၏ ပေါ်လစီ ပို၍ပြတ်သားလာသောအခါ အခြေအနေမှာ တစ်မျိုးပြောင်းသွားခဲ့သည်။

အာဂွန်းအုပ်စုနှင့် အမာခံတပ်စုတို့က ဗြိတိသျှတို့အား တသီးတခြားစီ ဆန့်ကျင် တိုက်ခိုက်နေခြင်းကို ရပ်တန်းကရပ်ကြရန် ဂီဒီယံက ကြားဝင်စေ့စပ်ပေးသော်လည်း သူတို့က လက်မခံကြ။ သူတို့သည် ဗြိတိသျှတို့အား ဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းနှင့် ချုံခို တိုက်ခိုက်ခြင်းများကို တသီးတခြားစီ

ပြုလုပ်နေကြသည်။

ဗြိတိသျှ ဘုရင့်ရေတပ်မတော်မှ စစ်သင်္ဘောများသည် ထွက်ပြေးသော ဒုက္ခသည်များ > ကို တားဆီးရန် မြေထဲပင်လယ်ထဲသို့ ခုတ်မောင်းလာကြသည်။ မကြာမီတွင် ပါလက်စတိုင်းသို့ ဗြိတိသျှတပ်သားတွေ ထောင်သောင်းချီ၍ ရောက်ရှိလာကြသည်။ တစ်နေ့ထက်က်စ်နေ့ s isang ကျယ်ပြန့်လာသော ဂျူးတို့၏ တော်လှန်ပုန်ကန်မှုကို နှိမ်နင်းရန် ရောက်ရှိလာကြခြင်း ဖြစ်သည်။

နာဇီနှင့် ဖက်ဆစ်သေမင်းစခန်းများမှ မသေဘဲ လွတ်မြောက်လာသော ဂျူးဒုက္ခသည် အား ဗြိတိသျှတို့က လူမဆန်စွာ ဆက်ဆံသောအခါ ဂျူးအမျိုးသားအေဂျင်စီမှာ ထက်ပိုက်ကြည့်မနေနိုင်တော့ချေ။ ဤတွင် ဂီဒီယံနှင့်ဘင်ဂူရီယံတို့ ဦးဆောင်သော အက်ရှေးစင် ဟာဂနာတပ်စုဝင်များက ဗြိတိသျှတို့အားအန်တုရန် တိုက်ပွဲထွက်ကြ တော့သည်။

ပထမတွင် သူတို့သည် မြေထဲပင်လယ်ကမ်းခြေ၊ အေသာလစ် ခံတပ်ဟောင်းအနီးမှ ဗြိတိသျှတို့၏ အကျဉ်းစခန်းကိုဝင်တိုက်သည်။ ခိုးဝင်လာသော ဂျူးဒုက္ခသည်နှစ်ရာကျော်ကို တ်ယူပြီး ဘုံရိပ်သာများတွင်ဖြန့်၍ နေရာချထားပေးလိုက်ကြသည်။

ထို့နောက်တွင်တော့ ဝင်စီးတိုက်ခိုက်မှုများ ပေါ်ပေါက်လာတော့သည်။ ဗြိတိသျှတို့၏ ကင်းစောင့်ခံတပ်များ၊ ရေဒါစခန်းများ၊ လက်နက်တိုက်များ၊ အခြေစိုက်ရေတပ်စခန်းများနှင့် ဆက်သွယ်ရေးဌာနများကို ဝင်စီးကြသည်။ ဗြိတိသျှတို့ကလည်း တပ်အင်အားထပ်ဖြည့်ပြီး သူပုန်များကို အလုံးအရင်းနှင့် ပြန်လည်ခုခံတိုက်ခိုက်ကြသည်။

ဤသို့ဖြင့် ၁၉၄၆ ခုနှစ်တွင် ပါလက်စတိုင်းဒေသသည် မီးဟုန်းဟုန်းတောက် တော့သည်။

ထိုနှစ်မေလတွင် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဘီဗင်သည် သစ္စာဖောက်သော ကြေညာချက်များ တစ်ခုပြီးတစ်ခုထုတ်ပြန်သည်။ သူသည် ပါလက်စတိုင်းသို့ လက်ရှိရောက် သော ဂျူးဒုက္ခသည်များကို လောလောဆယ်လက်ခံထားရန် သဘောတူသော်လည်း သူ၏

ယခင်ပေးခဲ့သောကတိများကို ဖောက်ဖျက်လျက် နောက်ထပ် ဂျူးတစ်ယောက်မျှ မလာရဟု ကြေညာလိုက်သည်။

ထို့ပြင် ဂျူးတို့အား လယ်မြေရောင်းချခြင်းကို လုံးဝတားမြစ်လိုက်ပြီး ပါလက်စတိုင်း တို့၏ နိုင်ငံရေးတောင်းဆိုချက်ဟူသမျှကိုလည်း အပြတ်အသတ် ငြင်းဆန်လိုက်သည်။ ထို့နောက် ပင်လယ်ပြင်တွင် ဖမ်းဆီးမိသောဒုက္ခသည် သင်္ဘောအားလုံးကိုလည်း ဗြိတိသျှ ဘော်ာ အစောင့်အရှောက်ဖြင့် ဆိုက်ပရပ်ကျွန်းသို့ ခေါ်ဆောင်သွားပြီး ထိုကျွန်းရှိအကျဉ်း န်းသစ်များတွင် နေရာချထားပေးမည်ဟု သူက ပြောသည်။

နောက်တစ်လခန့်ကြာသောအခါ ဗြိတိသျှဘုရင့်တပ်မတော်က ပါလက်စတိုင်း ဘို့အား တောနင်းဖမ်းဆီးတော့သည်။ ယီရှုပ်အုပ်စုခေါင်းဆောင်များ၊ ဂျူးအေဂျင်စီ ခေါင်းဆောင်များနှင့် ဟာဂနာကွန်မန်ဒိုတပ်မှူးများနှင့် ဂီဒီယံအက်ရှ်အပါအဝင် ဒူးခေါင်း ဆောင်များကို ထောင်နှင့်ချီ၍ဖမ်းဆီးကြသည်။ ပါးလ်မက်ချ် ခေါင်းဆောင်များအား အကျဉ်းစခန်းတွင်လည်းကောင်း၊ အာဂွန်းအုပ်စု ခေါင်းဆောင်များအား အက်ကရီထောင် တွင်လည်းကောင်း ချုပ်ထားသည်။ အက်ကရီထောင်မှာ တစ်ချိန်သောအခါက ကျူးကျော်သူ အော်တိုမန်နှင့် ပြင်သစ် လီယံတပ်များ၏ ခံတပ်ဖြစ်ခဲ့သည်။ ယခုအချိန်တွင်မူ ဗြိတိသျှအင်ပိုင်ယာ၏ အရက်စက် နဲ့ အကျဉ်းစခန်းတစ်ခု ဖြစ်လာခဲ့သည်။ ယင်းအကျဉ်းစခန်းတွင် ဟာဂနာ၊ ပါးလ်မက်ချ်၊ ထွန်းနှင့် အမာခံတပ်စုခေါင်းဆောင်များနှင့် ပြည့်ကျပ်နေသည်။

ဗြိတိသျှတပ်များသည် ဘုံရိပ်သာနှင့် ကျေးရွာများသို့ ဝင်ရောက်ပြီး လက်နက်ပုန်းများ   ကို ပိုက်စိပ်တိုက်ရှာဖွေကြသည်။ တစ်ချိန်တည်းတွင် တခြား ဗြိတိသျှတပ်မဟာနှစ်ခုကလည်း တဲလ်အဗစ်မြို့ကို နှစ်ဖက်ပိတ်ညှပ်ပြီး လက်နက်ပုန်းများ၊ ခိုးဝင်လာသော ဂျူးများနှင့် သူပုန်ခေါင်းဆောင်များကို ရှာဖွေဖမ်းဆီးကြသည်။

ထိုအချိန်တွင် အခြား အမျိုးသားအုပ်စုများနှင့် မပူးပေါင်းဘဲ သီးခြားလှုပ်ရှား အာဂွန်းအုပ်စုက ဗြိတိသျှတို့၏ ဌာနချုပ်ဖြစ်သော ဂျေရုဆလင်မြို့ရှိ ဒါဝိဒ်ဘုရင်ဟိုတယ် ။ ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးလိုက်သည်။

. အခြေအနေတစ်ခုလုံးမှာ ဘယ်လိုမှ ထိန်းသိမ်းလို့မရတော့သည့်ကိန်း ဆိုက်နေသည် ဗြိတိသျှတို့လည်း သွေးရူးသွေးတန်းနှင့် လက်ပန်းကျသွားပြီ။ ထို့ကြောင့် သူတို့က ကျ အမျိုးသားအေဂျင်စီနှင့် စစ်ရပ်စဲရန် တောင်းဆိုရတော့သည်။ ဤသို့ဖြင့် ဂျူးအေဂျင်စီ ဩဇာပြန်တက်လာသည်။ ဒူးခေါင်းဆောင် အားလုံးသည် အချုပ်မှပြန်လွတ်လာကြသည် ဂျူးအေဂျင်စီက ပြန်လည်တုံ့ပြန်သောအားဖြင့် ဟာဂနာတိုက်ခိုက်ရေးတပ်ဖွဲ့ များ စစ်ရပ်စဲရန်အမိန့်ပေးလိုက်ပြီး ဗြိတိသျှတို့နှင့်ဆွေးနွေးရန် သဘောတူသည်။ ဟာဂနာအုပ်စု အမျိုးသားအုပ်စုများပူးပေါင်းကြရန် အမျိုးမျိုးကြိုးစားသော်လည်း အာဂွန်းအုပ်စုနှင့် အစာ အုပ်စုများက လုံးဝလက်မခံ။ သူတို့၏ သီးခြားဌာနချုပ်များတွင် တပ်စွဲထားပြီး စစ်ရပ်စဲရေး လုံးဝလက်မခံဟု ကြေညာလိုက်ကြသည်။

၁၉၄၇ ခုနှစ် ...။

ဗြိတိသျှဘုရင့်အစိုးရသည် ရွေးချယ်ရန် နည်းလမ်းနှစ်လမ်းနှင့် ရင်ဆိုင်နေရသည်။ ပထမနည်းလမ်းမှာ ပါလက်စတိုင်းကို အလုံးအရင်းနှင့်ဝင်တိုက်ပြီး ဂျူးသူပုန်ကို အ ချေမှုန်းပစ်ရန်နည်းလမ်း ဖြစ်သည်။

သို့သော်လည်း ဗြိတိသျှတို့သည် ပါလက်စတိုင်းတွင် ဆက်လက်ခြေကုပ်ယူထာ ဂျူးတို့ကို ရက်ရက်စက်စက် နှိမ်နင်းလိုစိတ်မရှိတော့။ ထို့ကြောင့် ဒုတိယနည်းလမ်းကို ရွေးချယ်လိုက်ရတော့သည်။ ထိုနည်းလမ်းကား စေ့စပ်ဆွေးနွေးရေး ဖြစ်သည်။

သို့ဖြင့် ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှတို့က နယ်မြေခွဲခြမ်းရေး စီမံကိန်းတစ်ခုကို ၊ တင်ပြသည်။ သူတို့သတ်မှတ်ထားသော နယ်နိမိတ်များမှာ အာရပ်နှင့် ဂျူးလူမျိုးတို့အမြင်တွေ ရယ်စရာဖြစ်နေသည်။ ထို့ကြောင့် ဂျူးအေဂျင်စီနှင့် အာရပ်ခေါင်းဆောင်များက အဆို ဗြိတိသျှစီမံကိန်းကို လက်မခံဘဲ လုံးဝပယ်ချလိုက်သည်။

ဤတွင် ဗြိတိသျှတို့၏ အုပ်ချုပ်ရေးအာဏာသည် ခြေကုန်လက်ပန်းကျနေပြီ၊ သည်မှာ ထင်ရှားနေသည်။ နောက်တစ်လအကြာတွင် ဗြိတိသျှခြသေ့်ကြီးသည် ဒူးထော အရှုံးပေးပြီး ပါလက်စတိုင်း ပြဿနာတစ်ခုလုံးကို

ကုလသမဂ္ဂသို့လွှဲပေးကြောင်း ကြေညာ လိုက်သည်။

သို့သော် ဗြိတိသျှတို့သည် အပြောနှင့်အလုပ် မညီဘဲရှိနေသည်။ ခိုးဝင်လာ ဂျူးလူမျိုးများအား ပါလက်စတိုင်းကမ်းခြေတွင် ဆက်လက်ဟန့်တားနေဆဲ ဖြစ်သည် ဂျူးဒုက္ခသည်များသည် မိမိတို့၏ "မြင့်မြတ်သောနယ်မြေ"၏ ကမ်းခြေကို ရေးရေးလှမ်းမြင်း ချိန်တွင်မှ ပြန်လည်တားဆီး အဖမ်းခံကြရသည်။ ယင်းဒုက္ခသည်များသည် ဆိုက်ပရပ်ကျွ" ပေါ်မှ အကျဉ်းစခန်းများတွင် စိတ်ဓာတ်ကျပြီး အရှူးတစ်ပိုင်းဘဝသို့ ရောက်နေကြရသည် ဂျူးတို့ဘက်မှ လက်သံအပြောင်ဆုံး တိုက်ခိုက်မှုမှာ အာဂွန်းအုပ်စုတပ်သားများ အက်ကရီအကျဉ်းထောင်ကို ဝင်စီးပြီး သူတို့လူများကို လွှတ်ပစ်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ယင်းကာလအတွင်း ဗြိတိသျှတို့က အာဂွန်းတပ်သားအများအပြားကို ကြိုးဒဏ်ပေးခဲ့သည်။ အာဂွန်းအုပ်စုကလည်း လက်တုံ့ပြန်ကာ ဗြိတိသျှတပ်ကြပ်ကြီးနှစ်ယောက်ကို ကြိုးပေးသတ်ပစ် ခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဂျူလိုင်လတွင် ဗြိတိသျှတို့သည် ပါလက်စတိုင်း ကွပ်ကဲအုပ်ချုပ် ကာလအတွင်း အရုပ်ဆိုးဆုံး၊ လူမဆန်ဆုံးသော ပြစ်မှုတစ်ခုကို ကျူးလွန်ခဲ့ကြသည်။ ယင်းပြစ်မှုကား အခြားမဟုတ်။ ဂျူးဒုက္ခသည် ငါးထောင်နီးပါးပါသော သင်္ဘောတစ်စင်းကို ဂျူးလူမျိုးတို့၏ 'သေမင်းနိုင်ငံ"ဖြစ်သော ဂျာမနီသို့ ပြန်လည်ပေးအပ်ခဲ့ခြင်းပင်တည်း။

၁၉၄၇ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက် ... ။ ပါလက်စတိုင်းကို အာရပ်နှင့် ဂျူးတို့အားခွဲဝေပေးရန် ခွဲခြမ်းရေးစီမံကိန်းကို ထောက်ခံချက်ယူရေးအတွက် ကုလသမဂ္ဂအထွေထွေညီလာခံကို နယူးယောက် အရှေ့ အောင်ဘက်ရှိ လောင်းအိုင်လန်းကျွန်းပေါ်မှ လိတ်ဆပ်ဆက်မြို့ကလေးတွင် ကျင်းပသည်။

ပါလက်စတိုင်းကွပ်ကဲအုပ်ချုပ်ရေး ကာလတစ်လျှောက် ဗြိတိသျှတို့နှင့် ဇွေ့စပ်ဆွေး နွေးရန် ဆက်တိုက်ငြင်းဆန်နေခဲ့သော အာရပ်တို့က ယခုလည်း ငြင်းဆန်မြဲငြင်းဆန်နေ သည်။ အစည်းအဝေးသို့ လုံးဝမတက်ဘဲ စီမံကိန်းကို ငြင်းပယ်လိုက်သည်။

သို့သော် သူတို့အနေဖြင့် ယခုထက်ပို၍ မရနိုင်တော့ဟုယူဆသော ဂျူးအေဂျင်စီကမူ သျှစီမံကိန်းကို လက်ခံရန်သဘောတူသည်။

ပါလက်စတိုင်း ပြဿနာကို ဗြိတိသျှတို့က လုံးဝလက်ရှောင်သွားသောအခါ အမေရိကန်ပြည်ထောင်စုက အချိန်မဆွဲဘဲ ခပ်သုတ်သုတ်ကလေး ဝင်ရောက်လာသည်။ ထိုအချိန်တွင် အာရပ်တို့ကလည်း သူတို့၏မိတ်ဆွေသစ် ရုရှနိုင်ငံကို ပြေးကပ်လိုက်သည်။ ရှေ့နိုင်ငံ၏ ထောက်ခံချက်ရလျှင် ပါလက်စတိုင်း ခွဲခြမ်းရေးစီမံကိန်းသည် မလွဲမသွေ ချက်စီးရမည်ဟု သူတို့က အခိုင်အမာယုံကြည်ထားကြသည်။

သို့သော် ရုရှတော်လှန်ရေးကြီး ပေါ်ပေါက်သည်မှစ၍ နှစ်ပေါင်းသုံးဆယ်အတွင်း သဘောတရားရေး ပြောင်းပြန်ဖြစ်မှုများ ပေါ်ပေါက်နေသည်။ ထို့ကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တက်ရောက်လာသော ရုရှကိုယ်စားလှယ် အင်ဒရေဂရိုမီကိုက ဆိုဗီယက်ယူနီယံသည် ပါလက်စတိုင်းပြဿနာတွင် အမေရိကန်ဘက်မှ ထောက်ခံမည် ဖြစ်ကြောင်း ကြေညာလိုက်သောအခါ တစ်ကမ္ဘာလုံး အံ့အားသင့်သွားကြသည်။

ထိုအချိန်က ကုလသမဂ္ဂဝင်နိုင်ငံအများစုမှာ နိုင်ငံငယ်လေးများသာ ဖြစ်ကြသည်။ . ယင်းတို့အနက် လက်တင်အမေရိကနိုင်ငံများက သုံးပုံတစ်ပုံပါဝင်သည်။ ၎င်းတို့အားလုံးပင် အာရပ်နိုင်ငံများ၏ ရေနံအကျပ်ကိုင်မှုကို ကြောက်နေကြရသော နိုင်ငံများဖြစ်သည်။

ယင်းဖြစ်ရပ်အားလုံးသည် စစ်ပြီးခေတ်ကမ္ဘာတွင် အလွန်အခရာကျခဲ့သည်။ ဤ ဂယက်ကြောင့် တဘားရွာတစ်ရွာလုံးလည်း လှုပ်လှုပ်ရွရွ ဖြစ်ခဲ့ရသည်။ ရွာသားများသည် ဒါလက်စတိုင်း ခွဲခြမ်းရေးသတင်းကို နားထောင်ရန် သန်းခေါင်လောက်တွင် ရွာလယ် က်ဖက်ရည်ဆိုင်သို့ စုရုံးရောက်ရှိနေကြသည်။ မိန်းမများပင် အပြင်ဘက်မှ ရစ်သီရစ်သီ နေကြသည်။ ရွာသားများသည် အော်ဟစ်ပြီး တစ်ယောက်တစ်ပေါက် ဆူညံစွာပြောဆိုနေကြသည်။ ခွဲခြမ်းရေးစီမံကိန်းသည် မုချပျက်သွားရမည်ဟု သူတို့က အလေးအနက် ယုံကြည်နေ သည်။ သို့သော် ဟာဂျီအီဘရာဟင်တစ်ဦးသာ တကယ့်အမှန်တရားကိုသဘောပေါက်သည် သူက ရွာသားများကိုပြောသည်။

“ဒီယွန်ဝါဒီတွေ လက်ချက်ကြောင့် တစ်ကမ္ဘာလုံး ရာဇဝတ်ကောင်တွေ

ဖြစ်ကုန် မှာကို ကျုပ်တို့ မြင်ကြရတော့မယ်”

သို့သော် ရွာသားများကမူ သူတို့၏ အကြီးအကဲပြောသောစကားကို လုံးဝ
သ မတူ။

ဒီလူတွေဟာ အမှန်တရားကိုလည်း မမြင်ဘူး၊ မှန်ကန်တဲ့
ဆုံးဖြတ်ချက်ကိုလည်း မချနိုင်ဘူးဟု အီဘရာဟင်တွေးမိသည်။ အာရပ်နိုင်ငံတွေက
အင်နှင့်အားနှင့် အကျပ်ကိုင်လ မည်ကို သူ ကြိုတင်မှန်းဆမိသည်။ သို့သော် ရုရှနှင့်
အမေရိကန်နှစ်နိုင်ငံပေါင်း အင်အား ဖြိုခွဲနိုင်ရန် အလွန်ကြီးမားလှသည်။

ရေဒီယိုမှ ဆက်လက်အသံလွှင့်နေသည်။ တစ်နိုင်ငံပြီးတစ်နိုင်ငံ
ဆန္ဒမဲပေးကြသည်။ တဘားရွာသားများမှာ စိတ်ပျက်စပြုလာကြပြီ။
သူတို့၏အကြီးအကဲ ဟာဂျီအီဘရာဟင်သည့် နောက်ဆုံး မဲရေတွက်ချိန်ကိုပင်
မစောင့်တော့ဘဲ ထိုင်ရာမှ ထရပ်လိုက်သည်။ ထို့နောက် မျက်နှာသုန်သုန်မှုန်မှုန်ဖြင့်
“အင်း...ဘယ်လိုမှမတတ်နိုင်ဘူး၊ အရာခပ်သိမ်း အလ္လာအရှ မြတ်ရဲ့
ဆန္ဒတော်အတိုင်းပါပဲ”ဟု ပြောကာ လက်ဖက်ရည်ဆိုင်ထဲမှ ပြန်ထွက်သွားသည်
လိပ်ဆပ်ဆက်အစည်းအဝေးတွင် ဗြိတိသျှအစိုးရက မဲမပေးဘဲနေသည်။ သူတို့
စစ်အတွင်းမဟာမိတ်များက မျက်ထောင့်နီကြီးများနှင့် လှမ်းကြည့်သည်ကို
သည်အတိုင်း ကြည့်နေရသည်။ အပြီးသတ် ဆန္ဒမဲရေတွက်လိုက်သောအခါ
ထောက်ခံမဲ သုံးဆယ့်သုံး ကန့်ကွက်မဲ ဆယ့်သုံးမဲ၊ ပျက်ကွက်မဲ ဆယ်မဲဖြင့်
ပါလက်စတိုင်း ခွဲခြမ်းရေးစီမံကို အောင်မြင်သွားသည်။

ဗြိတိသျှဘုရင့်ကိုယ်စားလှယ်တော်သည် ထိုင်ရာမှထရပ်လိုက်ပြီး
ပါလက်စတိုင် ၊ ခွဲခြမ်းရေးအစီအစဉ်တွင် ဗြိတိန်နိုင်ငံက
လုံးဝပါဝင်မည်မဟုတ်ကြောင်းနှင့် ပါလက်စတိုင်း ၊ မိမိတို့တပ်များ ၁၉၄၈ ခုနှစ်
မေလဆယ့်လေးရက်နေ့တွင် ထွက်ခွာပေးမည်ဖြစ်ကြောင်း ၊ ကြေညာလိုက်သည်။
ကမ္ဘာ့အလယ်တွင် ရက်ဖွယ်ကောင်းလှသော ဗြိတိသျှတို့၏ ပါလ စတိုင်း
ကွပ်ကဲအုပ်ချုပ်ရေးဇာတ်လမ်းသည် ဤသို့လျှင် နိဂုံးကမ္ဘတ် အဆုံးသတ်ခဲ့ ၊
တော့သည်။

ပါလက်စတိုင်းခွဲခြမ်းရေးကိစ္စ ပြီးဆုံးသွားသည်နှင့် တစ်ပြိုင်နက် တဘားရွာ
လယ်သမားများသည် လက်ဖက်ရည်ဆိုင်ထဲမှ ပြိုထွက်လာကြပြီး ဝှက်ထားသော

လက်နက် များကိုယူကာ ဒေါသတကြီးဖြင့် မိုးပေါ်သို့ ပစ်ဖောက်ကြသည်။ ပြန်လည်ကလဲ့စား ရန်လည်း အော်ဟစ်ကြုံးဝါးကြသည်။

ဤဂယက်သည် ပါလက်စတိုင်းတစ်နယ်လုံးသို့ ပွဲတင်ရိုက်ခတ်သွားပြီး အဓိကရု တွေ အနှံ့အပြားဖြစ်ပွားလာသည်။ ဆန္ဒပြသပိတ်မှောက်မှုတွေ တစ်ခုပြီးတစ်ခု ပေါ်ပေါက် လာသည်။

တဘားရှာလက်ဖက်ရည်ဆိုင်မှ ရေဒီယိုမှာ အသစ်ဖြစ်၍ အလွန်အားကောင်းသည် ထို့ကြောင့် တစ်ကမ္ဘာလုံးမှလာသော သတင်းများကို ဖမ်းယူနိုင်သည်။ အာရပ် ၊ မွတ်စလင်ဝန်ကြီးချုပ်များ၊ သမ္မတများ၊ ဘုရင်များ၊ မွတ်စလင်ညီနောင်များအဖွဲ့၊ မွတ်စလင် သူငယ်များအဖွဲ့နှင့် မွတ်စလင်ဘာသာရေးခေါင်းဆောင်များအားလုံးတို့ ကြွေးကြော်သံကို ရွာသားများ ကြားကြရသည်။ မြို့တော်အသီးသီးမှလာသော ကြေညာချက်များကို ထက် ဩဘာပေး၍ကြိုဆိုကြသည်။

ကိုင်ရိုမှ ကြေညာချက် - ဇီယွန်ဝါဒီတို့၏ ကျူးကျော်မှုသည် တာတာတို့၏ ကျူးကျော်မှုနှင့် ထပ်တူဖြစ်သည်။ ဂျူးတို့က မေ ၁၄ ရက်နေ့တွင် လွတ်လပ်ရေး ကြေ သာလျှင် ဂျူးလူမျိုးတို့၏ အရိုးစုများ တောင်လိုပုံစေရမည်။ အရိုးစု ပိရမစ်ကြီးများ ပေါ်ပေါက်စေရမည်။)

ဒမတ်စကတ်မှ ကြေညာချက် အာရပ်တို့၏လက်နက်များသည် အဆိုပါ ခွဲခြမ်းရေးစီမံကိန်းကို စက္ကူပေါ်မှ တန်ဖိုးမရှိသောမင်လို ဖြစ်စေရမည်။

ဘဂ္ဂဒက်မှ ကြေညာချက် ဂျူးလူမျိုးတို့အား မုန်းတီးခြင်းနှင့် လက်စားချေခြင်းသည် မှန်ကန်သည်။ တရားသည်။ ကျွန်ုပ်တို့သည် မြင့်မြတ်သော အာရပ်မြေပေါ်မှ ဤဆိုးရွားသော ဇီယွန်ဝါဒကင်ဆာကို အမြစ်ပါမကျန် ဂုဏ်ယူစွာဖြင့် နုတ်ဖြတ်ပစ်ကြမည်။

ကူဝိတ်မှ ကြေညာချက် အို… ပါလက်စတိုင်းမှ အာရပ်ညီအစ်ကိုတော်အပေါင်းတို့၊ သတ္တိရှိ ကြပါလေ၊ ရာဇဝင်ဘီးကို တစ်ဖန်ပြန်လည်အောင် ကျွန်ုပ်တို့ အားထုတ်ကြ ပါစို့။ ဥရောပတွင် သူတို့၏မသမာသော စီးပွားရေးခေါင်းပုံဖြတ်မှုကြောင့် ဂျူးလူမျိုးတို့

အစုလိုက်အပြုံလိုက် အသတ်ခံခဲ့ကြရသည်ကို ကျွန်ုပ်တို့အားလုံး ဝမ်းမြောက်ဝမ်းသာ ထောမနာပြုကြပါစို့။ ဟစ်တလာ၏ မပြီးပြတ်ဘဲ ကျန်ရစ်ခဲ့သောလုပ်ငန်းကြီးကို ကျွန်ုပ်တို့က ပြီးပြတ်အောင် ဆက်လက် ကြိုးစားကြပါစို့။

ဆော်ဒီအာရေဗျ ကြေညာချက် ဂျူးတစ်မျိုးသားလုံး အမြစ်ဖြတ်သုတ်သင်ရေး တိုက်ပွဲတွင် ကျွန်ုပ်တို့၏ အကြီးအကျယ်ဆုံး အစ္စလာမ်ဘာသာတရားသည် မီးရှူးတန်ဆောင်ပမာ အလင်းဆောင်နိုင်ပါစေသတည်း။

ထရန်စ်- ဂျော်ဒန်မှ ကြေညာချက် ဂျူးလူမျိုးတို့သည် သားရဲတိရစ္ဆာန်များ ဖြစ်သည်။ သွေးစုပ်ကောင်များ ဖြစ်သည်။ သစ္စာဖောက်များ ဖြစ်သည်။ လူမျိုးနွယ်တစ်ခုလုံး၏ ရန်သူများ ဖြစ်သည်။ တစ်ကမ္ဘာလုံးက သူတို့ကို မုန်းတီးကြသည်။ ရွံရှာကြသည်။ ဝိုင်းပယ်ကြသည်။ သူတို့က ဇီယွန်ဝါဒနိုင်ငံကိုထူထောင်ရန် ကြိုးစားခဲ့လျှင် သွေးနှင့် ချွေးနှင့် အသက်ပေး၍ သုတ်သင် ရှင်းလင်းပစ်ရမည်။

လစ်ဗျားနိုင်ငံမှ ကြေညာချက် ဂျူးလူမျိုးတို့၏သွေးဖြင့်ကျွန်ုပ်တို့သည် ပါလက်စတိုင်း တစ်နယ်လုံးကို သွန်းလောင်းကြပါစို့။ ဂျူးလူမျိုးတို့၏ အရိုးစုများကို ထုခြေပြီးနောက် မြေသြဇာအဖြစ် အသုံးပြုကြပါစို့။

ယီမင်မှ ကြေညာချက် ကျွန်ုပ်တို့သည် အာရပ်ပါလက်စတိုင်းနှင့် အတူနေမည်၊ သေမည်။ ဂျူးလူမျိုးတို့၏ အုစုံအသည်းစုံကို တစ်နိုင်ငံလုံးသို့ ဖြန့်ကြဲမည်။

တူးနစ်မှ ကြေညာချက် အောင်ပွဲသည် ကျွန်ုပ်တို့အတွက် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဂျူးလူမျိုး တိုင်းနှင့် ဂျူကလေးငယ်တိုင်းကို သူတို့၏ မိခင်များနှင့်အတူ ပင်လယ်ထဲသို့ ပစ်ချကြစို့။

တကယ်တော့ စကားပြောခြင်းနှင့် အလုပ်လုပ်ခြင်းတို့မှာ တခြားစီသာဖြစ်သည်။ ဤသဘောသည် တဘားရွာသားတွေက နားမလည်။ သူတို့၏ အကြီးအကဲ ဟာဂျီ၏ ဘရာဟင်ကသာ နားလည်သည်၊

သဘောပေါက်သည်။ အာရပ်ဘာသာစကားတွင် ပိုက် ပြောဆိုသော၊ ချဲ့ကားပြောဆိုသော ဝေါဟာရများနှင့်ပြည့်နှက်နေသည်။ သူစိမ်းလူတစ်ယောက်ကြားရလျှင် ဆတ်ဆတ်ခါအောင် နာလောက်သည်။

သို့သော် အာရပ်လူမျိုးတွေအဖို့တော့ အဆန်းမဟုတ်။ နေ့စဉ်ပြောနေကျ လက်သုံး စကားဖြစ်သည်။ အလွန်နားဝင်ချိုသော အသုံးအနှုန်းဖြစ်သည်။ စကားလုံးများက ဖြစ်ရပ်မှန် ကို လွန်ကဲစွာ အရောင်ခြယ်ကြသည်။

သို့သော် စကားဆိုသည်မှာ တံလျှပ်ကဲ့သို့ ဆုပ်ကိုင်၍မရသော အရာသာဖြစ်သည်။ ထင်ယောင်မြင်မှားဖြစ်စရာသာ ဖြစ်သည်။ မိမိတို့လူမျိုးများတွင် စိတ်ကူးယဉ်နှင့် ဖြစ်ရပ်မှန် သည် တစ်ခုတည်းသာ ဖြစ်သည်။ ဤသဘောကို ဟာဂျီအီဘရာဟင်သည် အစောကြီး ကတည်းက နားလည်သဘောပေါက်ခဲ့သည်။ ဘယ်လိုပဲပြောပြော စိတ်ကူးယဉ်မှုကတော့ အမြဲတမ်း အသက်ရှင်နေသည်။

ရင်ဆိုင်လာရသော ပြဿနာများနှင့်ပတ်သက်၍ မိမိတစ်ဦးတည်းသာ ဆုံးဖြတ်ချက် ချရမည်၊ တာဝန်ယူရမည်ဆိုသည်ကိုလည်း သူ ကောင်းစွာ သဘောပေါက်သည်။

ညတိုင်း၊ ညတိုင်းလိုပင် တဘားရွာ လက်ဖက်ရည်ဆိုင်ထဲမှ အော်ဟစ်ကြုံးဝါးသံ ပေါ်ထွက်နေသည်။

“ဂျီဟတ်… ဂျီဟတ်၊ သာသနာတော်စစ်ပွဲ၊ တိုက်ကြ… တိုက်ကြ”

အဓိကရုဏ်းများနှင့် သတ်ဖြတ်မှုများသည် အာရပ်ကမ္ဘာကိုပျံ့နှံ့သွားသည်။ အ အကွယ်မဲ့သော ဂျူးလူမျိုးများ အတုံးအရုံး သေဆုံးကြရသည်။ ဂျူးဘုရားကျောင်းများ မီးတင်ရှို့ခံရသည်။ဗြိတိသျှအုပ်ချုပ်ရေး တည်ရှိနေဆဲဖြစ်သော်လည်း ဘယ်လိုမှ ဟန့်တားခြင်း ၊ မပြုနိုင်း ယင်းသို့ အာရပ်တို့၏ ဒေါသမီး ဟုန်းဟုန်းတောက်နေစဉ် ကုလသမဂ္ဂဝင်နိုင်ငံများက ဂျူးတို့၏ဝေစုကို ခွဲဝေပေးလိုက်ပြီးနောက် အစည်းအဝေးခန်းမထဲတွင် လက်ကိုမြှောက် သံပြိုင်အော်ကြသည်။

”ကြားနေရေး … ကြားနေရေး”

ဤအရေးအခင်းတွင် ဂျူးတို့ အနေဖြင့် မလွဲမသွေ ဖွတ်ဖွတ်ကြေသွားလိမ့်မည်ဟု စစ်ရေးပါရဂူများက ခြွင်းချက်မရှိ တစ်ထပ်တည်း သဘောပိုက်ခဲ့ကြသည်။ နောက်ဆုံး တွင် ဂျူးတို့သည် တဲလ်အဗစ်မြို့တစ်ဝိုက်၌ ထွက်ပေါက်မရှိ ချောင်ပိတ်ခံရလိမ့်မည်။ ထို အချိန်တွင် ကျန်နေသောဂျူးများမှာ ပင်လယ်ထဲသို့ မောင်းထုတ်ခံရလိမ့်မည်။ ထိုအခါတွင်မှ သမဂ္ဂက သနားစိတ်ဝင်လာကာ ကယ်တင်ဖို့ခြေလှမ်းလာလိမ့်မည်။

ဤသည်ကား ပါလက်စတိုင်း အရေးအခင်းနှင့်ပတ်သက်၍ ကမ္ဘာ့စစ်ရေးပါရဂူ များ၏ သုံးသပ်ချက်ပင်တည်း။

ခရစ်ယာန် ဘာသာဝင်တို့၏ ခရစ္စမတ်ပွဲတော်နေ့ ဖြစ်သည်။ မစ္စတာ ဒန်ဒက်ရှ်၏ သက်ရောင်မာစီဒီးဇ်မိခံကားသည် တဘားရှာလယ်မှကွက်လပ်ထဲသို့ ခက်ခက်ခဲခဲ မောင်း ခဲ့သည်။

ကားသည် တရှုးရှုးအသံပြု၍ နောက်သို့ပြန်ဆုတ်စဉ် ရွာထဲမှကလေးတွေ ဝိုင် အစောကြသည်။ ကားတံခါးကိုဖွင့်၍ မစ္စတာဒန်ဒက်ရှ် ဆင်းသက်လာသည်။

မစ္စတာဒန်ဒက်ရှ်မှာ မြေပိုင်ရှင်သူဌေးကြီးဖောဇီကဘား၏ ညာလက်ရုံး လက်ထောက် တစ်ဦးဖြစ်သည်ကို ကျွန်တော် ချက်ချင်းမှတ်မိသည်။ ကျွန်တော်သည် ရှေ့သို့တိုးသွားပြီ ကီးအကဲ၏သားဖြစ်ကြောင်း သူ့ကို ပြောလိုက်သည်။ သူသည် ကျွန်တော့်ဖေဖေနှင့် ရန်လာခြင်းဖြစ်သည်ဟု ကျွန်တော်က အတပ်တွက်လိုက်မိသောကြောင့် ဖြစ်သည်။

ထို့နောက် ကျွန်တော်သည် မစ္စတာဒန်ဒက်ရှ်ကို တောင်ကုန်းပေါ်က တမန်တော် နိုင်းဝုသို့ ဦးဆောင်ခေါ်လာခဲ့သည်။ ဖေဖေသည် တစ်မြန်နေ့ကပင် ထိုနေရာသို့လာပြီး တစ်ယောက်တည်း စိတ်ကူးတွေးတောနေခဲ့သည်။

ဖေဖေက ကျွန်တော်တို့ကို မော့ကြည့်သည်။ သူ၏ မျက်ရစ်ကြီးများ ညှိုမည်းနေ သည်။ ညကအိပ်ရေးပျက်ထားကြောင်း သိသာသည်။ ဖေဖေသည် ထိုင်ရာမှထကာ ဘဒန်ဒက်ရှ်ကို အာရပ်ထုံးစံအတိုင်း ပွေ့ဖက်နှုတ်ဆက်သည်။ သူတို့အချင်းချင်း ညှိုကြသော်လည်း ပွေ့ဖက်မှုကတော့ လှိုက်လှဲလှသည်။

မစ္စတာ ဒန်ဒက်ရှ်ကပင် စတင်၍ စကားပြောသည်။ "ကျွန်တော်

ဒမတ်စကတ်ကလာခဲ့တာ၊ သူဌေးကြီးဆီက သတင်းပါလာပါတယ်” ‘ဆိုပါဦး”

“သူဌေးကြီးက ဟာဂျီအီဘရာဟင်ကို ဒမတ်စကတ်ကို ချက်ချင်းလာခဲ့ဖို့ ဖိတ်လိုက် တယ်၊ ကားလည်းအဆင်သင့်ပါလာပါတယ်”

ဖေဖေသည် မစ္စတာဒန်ဒက်ရှ်ကို မသင်္ကာသောမျက်လုံးဖြင့် အတန်ကြာ စိုက်ကြည့် =ည်။ ဖေဖေ့စိတ်ထဲတွင် ဘယ်လိုတွေးနေသည်ကို ကျွန်တော်အတပ်သိသည်။ “ကျုပ် ဒမတ်စကတ်လိုက်သွားပြီး အသတ်မခံနိုင်ဘူး” ဖေဖေက ပြန်ပြောသည်။ “ကျုပ်မှာ နယ်စပ်ကျော်ဖို့ ခွင့်ပြုချက်မရှိသေးဘူး”

”အဲဒီအတွက် မပူပါနဲ့၊ အားလုံး စီစဉ်ထားပြီးပါပြီ။ ပြီးတော့ ကျွန်တော်တို့ အတိုင်း ဧည့်သည်ရဲ့ လုံခြုံရေးအတွက် သူဌေးကြီးကလည်း တာဝန်ယူပါတယ် Toneš

”အင်း... ခင်များတို့ သူဌေးကြီးက ကျုပ်တို့ကို ရေအမြဲတမ်းပေးဖို့ကိုလည်း တာဝန်ယူခဲ့ပါတယ်၊ ဒါပေမယ့် နောက်တော့သာ သူက ရေသွင်းရေထုတ်ခွင့်ကို ဂျ တွေကို ရောင်းပစ်လိုက်တာ”

“စကားကို စဉ်းစဉ်းစားစားပြောစေချင်ပါတယ် ဟာဂျီအီဘရာဟင်”

ဖေဖေကတော့ သူဌေးကြီးအကြောင်းနှင့်ပတ်သက်၍ အသေးစိတ်သိပုံမရ။ သို့ သတင်းဖြစ်နေတာကတော့ သူဌေးကြီး ကဘားသည် ပါလက်စတိုင်းတစ်ဝန်းလုံးရှိ သူ စီးပွားရေးလုပ်ငန်းအများစုကို ဖျက်သိမ်းပြီး ရှိသမျှပိုက်ဆံတွေကို ဆွစ်ဇာလန်နိုင်ငံ လွဲပြောင်းအပ်နှံထားသည်ဟုဆိုသည်။

ထို့ကြောင့် သူ့အနေဖြင့် တဘားရွာနှင့် အနီးအနားဝန်းကျင်ရွာများမှ လယ် အားလုံးကို အပြီးအပိုင်ရောင်းချပစ်ရန်လည်း ဝန်လေးနိုင်စရာမရှိ။

ဖေဖေ့မှာ ရွေးစရာနှစ်လမ်းမရှိ။ တစ်လမ်းသာရှိတော့သည်။ ထို့ကြောင့် သူ ပြန်ပြောလိုက်သည်။

“ဝမ်းသာပါတယ်၊ ကျုပ်တို့ ဘယ်တော့သွားကြမလဲ”

အခန်း (၃)

ဟာဂျီအီဘရာဟင်သည် သူ့တစ်သက်တွင် ဤမျှထည်ဝါသော ဇိမ်ခံကားမျိုးကို တခါမျှမမြင်ဘူးခဲ့။ ခရီးမထွက်မီ ဒရိုင်ဘာက ဆေးကြောသန့်စင်ပြီးသောအခါ ဆင်ကားလုံးမှာ ဖိတ်ဖိတ်တောက်လာပြီး မှန်ကြည့်၍ပင်ရသည်။

ကားထဲတွင်လည်း အကောင်းစားသားရေနံ့က သင်းနေသည်။ စက်အားကလည်း ကောင်းသည်။ သို့သော် ဤကားကို စီးရသော်လည်း သူ့မှာဇိမ်မရှိ။ စိတ်ထဲတွင် , အထင့်ထင့် ဖြစ်နေမိသည်။

သူဌေးကြီးသည် ခုလိုထည်ဝါလှသော ကားမျိုးကို ဒမတ်စကတ်မှ ဘယ်တုန်းကမှ လွှတ်ခဲ့စဖူး။ ယခု ဤကားကို တမင်တကာလွှတ်ပြီး ခေါ်လာတာ ဘာရည်ရွယ်ချက် ရှိပါလိမ့်။

အသေအချာဖြစ်နိုင်သည်ကတော့ ခွဲခြမ်းရေးစီမံကိန်းကိစ္စပင် ဖြစ်မည်။ ခုအချိန်တွင် ရန်သူအချင်းချင်းပင် နိုင်ငံရေးနှင့် စစ်ရေးအရမိတ်ဆွေဖွဲ့ နေကြသည်။ ကဘာက အလွန် က်မြင်သူဖြစ်သည်။ သူသည် သူ၏ပိုက်ဆံများကို ပါလက်စတိုင်းမှ ထုတ်ယူပြီး နှစ်ဇာလန်သို့ ရွှေ့ပြောင်းအပ်နှံထားပြီးသည့်တိုင်အောင် ပါလက်စတိုင်းကိုတော့ လုံးဝ ကုပ်လှုပ်ပစ်ဦးမည်မဟုတ်။

ဟာဂျီအီဘရာဟင်သည် အဖြေမှန်ကို မကြာမီပင် သိရတော့သည်။ လေသည် ပြင်းထန်စွာတိုက်ခတ်နေသည်။ တောင်ဘက်လမ်းကလည်း မြွေလိမ် ကောက်။ ကားဆရာသည် သူ့ကားကို ကွေ့လိုက်၊ ရှောင်လိုက်၊ လှိမ့်လိုက်၊ လိုက်ဖြင့် ခက်ခဲစွာမောင်းနေရသည်။ သည်ကြားထဲ ကုန်တင်ကားတွေ ပိတ်ကျပ်နေ၍ ကမတွင်။

မာစီဒီးကားသည် ကုန်တင်ကားတစ်စီး၏နောက်တွင်ရပ်ကာ ဟွန်းကို အဆက်မပြတ် “သည်။ ထို့နောက် ကုန်တင်ကားတန်းကြီးကို သက်စွန့်ဆံဖျားကျော်တက်ပြီး ထွက်လာခဲ့သည်။

ဒန်ဒက်ရှ်သည် ဟာဂျီအီဘရာဟင်လိုပင် စိတ်လက်ကြည်လင်ပုံရသည်။

သို့သော် လည်း သူက ရေဒီယိုခလုတ်ကို တကျိုကျိုကစားပြီး သတင်းနားထောင်လိုက်၊ သီချင်းမှာပဲ ဆောင်လိုက်နှင့် သူ့ကိုယ်သူသက်သာအောင် လုပ်နေသည်။

ဟာဂျီအီဘရာဟင်သည် ဂျေရုဆလင်မြို့သို့ မကြာခဏသွားလေ့မရှိ။ သူသည် လမ်းမကြီး တစ်ဖက်တစ်ချက်ရှိ ကမ်းစောက်ကြီးများကို အကဲခတ်မိသည်။ ချောင်းမြောင်း ပစ်ခတ်ရန်နှင့် ချုံခိုတိုက်ခိုက်ရန် အကောင်းဆုံးသော ကတုတ်ကျင်းများနှင့်ပြည့်နှက်နေသည် လွန်ခဲ့သော နှစ်ပေါင်းသုံးထောင်ကျော်ကာလ စစ်ပွဲများအတွင်းကလည်း ဤအတိုင်းပင် ရှိခဲ့ကြသည်။ ထိုအချိန်က စစ်ရေးလှုပ်ရှားမှုတွင် ဤလမ်းမကြီးသည် ယခုခေတ်ထက် ပို၍ အရေးပါခဲ့လိမ့်မည်။

ဘက်အယ်ဝဒ်တောင်ကြားတစ်နေရာသို့ ရောက်လာသောအခါ လမ်းမှာ အနည်းငယ် ပြန့်ပြူးလာသည်။ ထိုနေရာတွင် ဗြိတိသျှတပ်များက လမ်းပိတ်ဆို့ထားသည်။ ကားအစီ ငါးဆယ်ခန့်တို့သည် လိုင်းနှစ်လိုင်းတန်းစီပြီး ပိတ်မိနေကြသည်။ တစ်လိုင်းက ဂျူးကားတန်း နောက်တစ်လိုင်းက အာရပ်ကားတန်း။

မစ္စတာဒန်ဒက်ရှ်က ကားတန်းကိုကျော်တက်ပြီး စစ်ဆေးရေးဂိတ်သို့ တိုက်ရိုက်မောင်း သွားရန် သူ့ဒရိုင်ဘာကို အမိန့်ပေးလိုက်သည်။ ဒရိုင်ဘာသည် အာရပ်ကားလိုင်းကို ကျော်တက်လိုက်သည်။

သို့သော် မာစီဒီးကားအရှိန်အဝါကြောင့် မည်သူမျှမပြောရဲကြ။ စစ်ဆေးရေးဂိတ်သို့ ရောက်သောအခါ မစ္စတာဒန်ဒက်ရှ်သည် ကားပြတင်းပေါက်မှခေါင်းပြုပြီး တာဝန်ကျအရာ ရှိကို လေသံဖြင့် စကားတစ်ခွန်း နှစ်ခွန်းပြောလိုက်သည်။ ချက်ချင်းပင် ဂိတ်တံခါးကိုဖွင့်ပြီး သွားခွင့်ပြုလိုက်သည်။ ဟာဂျီအီဘရာဟင်က သူဌေးကြီးကဘာ၏ အရှိန်အဝါကြီးမားပုံကို တွေးပြီး အံ့သြသွားမိသည်။

လမ်းမကြီးမှ လွန်လာသောအခါ ကားသည် နက်စောက်သော တောင်ကြားထဲသို့ ဝိုဆင်းလာသည်။ ထို့နောက် ဂျေရုဆလင်နယ်မြေ၏ နောက်ဆုံးကုန်းမြင့်သို့ မောင်းတင် လာခဲ့သည်။ ကုန်းမြင့်တစ်ဖက်တစ်ချက်တွင်

အာရပ်ကျေးရွာများ ဟိုတစ်စုသည်တစ် တွေ့ရသည်။

လက်ဝဲဘက် ခပ်လှမ်းလှမ်းတွင် ခပ်မြင့်မြင့်တောင်ပူစာကလေးတစ်လုံး ထိုးထွက် နေသည်။ တောင်ထိပ်ပေါ်တွင် အာရပ်လူမျိုးတို့ အစဉ်အလာ ကိုးကွယ်လာသော တ တော်ဆမ်မြူရယ်၏ သင်္ချိုင်းဂူရှိသည်။ '' အင်္ဂလန်ပြည့်ရှင် သီဟရာဇာဘွဲ့ခံ ရစ်ချတ်ဘုရင်သည် ခရူးဆိတ်စစ်ပွဲကို ရပ်စဲ သူ့ တပ်များကို ပြန်လည်ရုပ်သိမ်းသွားခဲ့သည်မှာ ဤတောင်ကုန်းပေါ်မှပင်ဖြစ်သည်။ ရစ်ချတ်ဘုရင်သည် သူဘယ်တော့မှ မဝင်ရောက်ခဲ့ရသော ဂျေရုဆလင်မြို့တော်ကို လှမ်း ကြည့်ရှုသွားသည်မှာလည်း ဤနေရာမှပင်ဖြစ်သည်။

ကားသည် နောက်ဆုံးအဆင့် တောင်တက်လမ်းရှည်ကြီးအတိုင်း မောင်းတင် လာသည်။ ပန်းနုရောင် ဂျေရုဆလင်ကျောက်တုံးများဖြင့် ဆောက်လုပ်ထားသည့် အိမ်များမှာ မွန်းတည့်နေရောင်အောက်တွင် တလက်လက် အရောင်ထွက်နေကြသည်။

တောင်တက်လမ်းဆုံးသောအခါ မြို့ဆင်ခြေဖုံးသို့ဝင်လာသည်။ ကားလမ်းမကြီး ဘယ်ဘက်တွင် အာရပ်ရပ်ကွက်များရှိသည်။ ၎င်းတို့ရှေ့တွင် အနောက်ပိုင်း ဂျေရုဆလင့် ရပ်ကွက်များ ရှိသည်။

ဂျက်ဖာလမ်းထဲသို့ ဝင်လာသောအခါ ဂျူးရပ်ကွက်၏ စီးပွားရေးဗဟိုအချက်အချာ ၊ ရောက်လာသည်။ တအိအိရွေ့လျားနေသော ကားတန်းကြီးနှင့်လာတိုးသည်။ လမ်းစည်းကမ်း မရှိသေသော ဟက်စီဒင်ဂျူးများက အနားကျယ် ဘီဗာဟုံမွေးဦးထုပ်နက်ကြီးတွေဆောင်းပြီး ငတ်ရုံကြီးတွေ တကားကားနှင့် သူတို့ကားရှေ့မှ မကြာခဏဖြတ်သွားကြသည်။ မြို့တော် ဟောင်း မုခ်အနီးတွင် အာရပ်မြင်းလှည်းများ၊ မီးခိုးတလူလူ မှုတ်ထုတ်နေသော ဘတ်စ် ကားများနှင့် ပွဲတော်လာလူပေါင်းမျိုးစုံ ကြိတ်ကြိတ်တိုးနေကြသည်။

ဂျက်ဖာလမ်းနှင့် မြို့တော်ဟောင်း၏ ဂျက်ဖာဂိတ်တံခါးဆုံသောနေရာတွင် သံဆူးကြိုးများပိတ်ဆို့ပြီး ဗြိတိသျှစစ်သားများ စောင့်နေကြသည်။ ဤတစ်ကြိမ်တွင်မူ ဒန်ဒက်ရှ်သည် ကားပေါ်မှဆင်းပြီး ဂိတ်မှူးထံတွင် ဖြတ်ကျော်ခွင့် သွားတောင်းရသည်။

ထို့နောက် မြို့တော်ဟောင်းကို ပတ်ဝိုက်မောင်းလာခဲ့သည်။ ဂျယ်ရီကိုလမ်းထဲသို့ ကွေ့ဝင်လိုက်သည်။ အာရပ်နယ်မြေသို့ ရောက်ရှိလာသည်။ နီးနားဝန်းကျင်ရှိ ရွာများကို ဖြတ်ကျော်ပြီး တောင်ဆင်းလမ်းအတိုင်း ဂျူဒါကန္တာရထဲသို့ ဝင်လာသည်။ ဤဒေသကား သမ္မာကျမ်းစာဝင်ဒေသ ဖြစ်သည်။ ရှောလု၏ရန်မှ ဒါဝိဒ်ပုန်းရှောင်နေခဲ့သောဒေသ ဖြစ်သည်။ ထို့ပြင် အက်ဆီးန်ဂျူးလူမျိုးစု ရှေးဦးခရစ်ယာန်နှစ်ခြင်း သူတော်စင်ကြီး ယောဟန်နှင့် ယေရှုခရစ်တော်တို့ နေထိုင်ခဲ့ဖူးသောဒေသလည်း ဖြစ်သည်။ - ကားလမ်းသည်တစ်လျှောက်လုံး ခပ်ပြေပြေဆင်းလာပြီး ကမ္ဘာမြေပေါ်တွင် အနိမ့်ဆုံး ဒေဆီသို့ ဦးတည်မောင်းနှင်လာခဲ့သည်။ တစ်နေရာတွင် ဂျေရုဆလင်မြို့သို့သွားသော ဗြိတိသျှယာဉ်တန်းတစ်ခုက ကမူးရှူးထိုးဖြင့် သူတို့ကားကို အတင်း ဖြတ်ကျော်တက် သွားကြသည်။

ကားသွားကားလာ ပါးသွားသောအခါ ဒရိုင်ဘာသည် ကားကို စက်ရှိန်တင်၍ မောင်းသည်။ ထရပ်ကားတစ်စီးစီး သို့မဟုတ် လှည်းတစ်စီးစီး ရုတ်တရက်ပေါ်လာသော အခါတွင်မှ ဘရိတ်ကိုနင်း၍ စက်ရှိန်သတ်သည်။

မွန်လွဲပိုင်းနေပူရှိန်ကြောင့် သဲကန္တာရကြမ်းပြင်သည် မျက်စိကျိန်းအောင် တလက်လက် ဘောက်နေသည်။ ကျောက်တုံးကျောက်ဆောင်များမှ အပူလှိုင်းများ တရစ်ရစ်ထွက်နေ ကြသည်။ ကားထဲတွင် ထူးဆန်းသောကိရိယာတစ်မျိုး တပ်ဆင်ထားသောကြောင့် အေး နေရာ ဟာဂျီအီဘရာဟင်က အထူးအံ့သြနေမိသည်။

ကားသည် “ပင်လယ်သေ”၏ မြောက်ဘက်အစွန်းမှကွေ့လျက် ရှင်းနေသော လမ်းမကြီးပေါ်တွင် စက်ကုန်ဖွင့်၍ ပြေးနေသည်။ သူတို့သည် “မဟာတောင်ကြားကြီး” ဟူ၍ ထင်ရှားသော အဆိုးဝါးဆုံး မြေညံ့ဒေသထဲသို့ ရောက်လာကြသည်။ မြစ်တစ်ဖက်တစ်ချက် ၏ နောက်ဘက်တွင် ခံတပ်တောင်တန်းများ ရှိသည်။ တစ်တောင်က ပါလက်စတိုင်းနယ်မြေ ထဲမှာ နောက်တစ်ကောင်က ထရန်စ်-ဂျော်ဒန် နယ်မြေထဲမှာ။

မောရှေသည် ဤမြစ်ကိုဖြတ်လျက် “ကတိပေးထားသောနယ်မြေ” ကို ကြည့်ပြီးနောက် ကွယ်လွန်သွားခဲ့သည်။ ယောရှုသည် သူတို့၏တိုက်ပွဲအတွက်

ဟောဖြဲလူမျိုးစုတို့အား ဤနေရာတွင် နေရာချထားပေးခဲ့သည်။ ဤနေရာသည် ရှေးအခါက "ဘုရင့်တာလမ်းမကြီး" ဖြစ်ခဲ့သည်။ ဒမတ်စကတ်မှ အကွာဘာပင်လယ်ကွေ့အထိသွားသော ကုလားအုတ်လမ်းမကြီး လည်း ဖြစ်ခဲ့သည်။ အာဖရိကနှင့် အရှေ့တိုင်းသို့ ရှောလမုန်း၏သင်္ဘောများ စတင်ထွက်ခွာရာ ဒေသလည်း ဖြစ်ခဲ့သည်။

လာမည့် ၁၉၄၈ ခုနှစ်၊ မေလ ၁၄ ရက်နေ့သို့ရောက်လျှင် ထရန်စ် - ဂျော်ဒန်မှ ဗြိတိသျှတပ်များလည်း ထွက်ခွာသွားကြရတော့မည်။ ထရန်စ်- ဂျော်ဒန်စော်ဘွား အဗ္ဗဒူလာဘုရင်၏ အာရပ်တပ်မတော်အတွက် နည်းပြစစ်အရာရှိတစ်ယောက်သာ ကျန်နေ ရစ်တော့မည်။

အဗ္ဗဒူလာသည် သူ့ကိုယ်သူ ဘုရင်မြှောက်၍ "ဂျော်ဒန်ဘုရင်နိုင်ငံ" အမည်ရှိသော နယ်မြေကို အုပ်ချုပ်နေသည်။ ဤ "နိုင်ငံ"သည် အာရပ်ကမ္ဘာတွင် အဆင်းရဲဆုံးနိုင်ငံ တစ်နိုင်ငံသာ ဖြစ်သည်။

အဗ္ဗဒူလာသည် ဂျူးတို့နှင့် စေစပ်ဆွေးနွေးခဲ့သည်ကို လူတိုင်းသိသည်။ သူသည် ဂျူးတို့နှင့် စစ်ဖြစ်လိုစိတ်များစွာမရှိ။ ဂျူးတို့အား မုန်းတီးမှုလည်းများစွာမပြင်းထန်။ သို့သော်လည်း သူက ဂျေရုဆလင်ကိုမျက်စိကျနေသည်။ သူ့နိုင်ငံထဲသို့ သွတ်သွင်းချင် နေသည်။

ဂျူးတို့နှင့် စေ့စပ်ဆွေးနွေးလျှင် ဂျေရုဆလင်အရှေ့ပိုင်းကိုရော၊ အနောက်ဘက် ကမ်းပါးရှိ နယ်မြေအချို့ကိုပါ ရရှိနိုင်ရန်သေချာသည်ဟု သူကတွက်ထားသည်။ သို့သော် သူသည် အာရပ်ဘုရင်တစ်ပါး ဖြစ်နေခြင်းက ကံဆိုးသည်။ တခြားသော အာရပ်နိုင်ငံ ကြီးများက သူတို့နှင့်ပေါင်းရန် သူ့ကို ဖိအားပေးနေကြသည်။

အဗ္ဗဒူလာ၏ နိုင်ငံသည် ငယ်ပင်ငယ်သော်လည်း သူ့တွင် အာရပ်ကမ္ဘာ၌ အကောင်း ဆုံးသော စစ်တပ်ရှိသည်။ အီဂျစ်၊ ဆီးရီးယားနှင့် ဆော်ဒီအာရေဗျနိုင်ငံများက အဗ္ဗဒူလာ၏ အလိုကြီးခြင်းအတွက် စိုးရိမ်နေကြသော်လည်း သူ့စစ်တပ်ကို အသုံးပြုချင်နေကြသည်။

အဗ္ဗဒူလာ၏စစ်တပ်ကို ဗြိတိသျှတို့က လက်နက်တပ်ဆင်ပေးခဲ့သည်။

သင်တန်းပေး ခဲ့သည်။ ဗြိတိသျှဗိုလ်ချုပ်ကို အုပ်ချုပ်စေခဲ့သည်။ ထို့ကြောင့် သူ့စစ်တပ်ကို ဂျူးတို့ကလည်း လန့်နေကြသည်။ အဗ္ဗဒူလာ၏ အခြေအနေသည် ကြိုးတန်းလျှောက်နေသူနှင့် တူနေသည်။

ဟာဂျီအီဘရာဟင်တို့ စီးလာသောကားသည် ညနေပိုင်းတွင် တီဘာရိယမြို့ထဲသို့၊ ဝင်လာခဲ့သည်။ ဤမြို့သည် ဂါလီလီရေအိုင်နားတွင်တည်ရှိပြီး ဂျူးလူမျိုးနှင့် အာရပ်လူမျိုး တို့၏သမိုင်းဝင်ဖြစ်သည်။ သမိုင်းဝင် ဟစ်တင်းတောင်ကြားစစ်ပွဲတွင် ဆလာဒင်သည် ခရူးဆိတ်စစ်တပ်ကို ပထမဆုံး ချေမှုန်းပစ်ခဲ့သည်။

ရောမခေတ်တွင် တခြားဒေသများက ပုန်ကန်ထကြွခဲ့ကြသော်လည်း ဂါလီလီဒေသ ကတော့ ငြိမ်နေခဲ့သည်။ ဂျေရုဆလင်မြို့မှ မောင်းထုတ်ခံရသော ဂျူးများသည် တီဘာရိယ မြို့သို့ ထွက်ပြေးလာခဲ့ကြသည်။ နာမည်ကျော် ဂျူးဘာသာရေးခေါင်းဆောင်များနှင့် သုခမိန်များသည် ဤဒေသတွင် ခေတ်အဆက်ဆက်၌ ပညာရှာဖွေခဲ့ကြသည်။ လေ့လာ “ဆည်းပူးခဲ့ကြသည်။ တီဘာရီယမြို့ကို ၎င်းတို့၏ မြင့်မြတ်သောမြို့တစ်မြို့အဖြစ် ဖန်တီးခဲ့ ကြသည်။

များစွာသော ရေဟူဒီဘာသာရေးခေါင်းဆောင်များ၏ သင်္ချိုင်းဂူများက ဂျူးဒါဝါဒကို ပြန့်ပွားစေခဲ့သည်။ ဤဒေသကို ကြီးကျယ်သော ဘာသာရေးပွဲတော်များ ကျင်းပရာဒေသ အဖြစ် ဖန်တီးပေးခဲ့ကြသည်။

အော်တိုမန်အုပ်ချုပ်ရေးခေတ် လွန်ခဲ့သော နှစ်တစ်ရာခန့်က တီဘာရီယမြို့တွင် မြေငလျင်ကြီး အကြီးအကျယ်လှုပ်ခဲ့သည်။ ဂျူးလူမျိုးများက အများဆုံးပြန်လည်တည်ဆောက် ခဲ့ကြသည်။ သူတို့သည် အဆောက်အအုံများကို ဒေသထွက် ထူးခြားတိနော်နက် ကျောက်များဖြင့် ဆောက်လုပ်ခဲ့ကြသည်။ ထို့ကြောင့် ဤမြို့မှအဆောက်အအုံများမှာ ရုဆလင်မြို့မှ ပန်းနုရောင် အဆောက်အအုံများကဲ့သို့ပင် တစ်မျိုးတစ်ဘာသာ ထူးခြား သည်။

ဤဒေသမှ မြို့ရွာများသည် အလွန်ပူအိုက်သည်။ ထို့ကြောင့် လူ၏အင်အားကို ကြီး အသုံးချကြရသည်။ ဂျူးတို့သည် သူတို့၏အင်အားကို အများကြီးအသုံးပြု၍ စိမ်းစိုလန်းဆန်းသော ဘုံရိပ်သာနှင့် ကျေးရွာများကို တည်ထောင်ခဲ့ကြသည်။ ဤဒေသတွင် လူဦးရေများသောကြောင့်

အင်အားကောင်း၍ တည်ငြိမ်အေးချမ်းစွာ နေထိုင်ခဲ့ကြရသည်။

မစ္စတာဒန်ဒက်ရှ်က ဒရိုင်ဘာအား ပင်လယ်ကမ်းနားမှ အာရပ်ရပ်ကွက်ကိုကျော်ပြီး အောက်ဘက်အဝေးကြီးမှ အထီးတည်းသော ဂျူးဟိုတယ်သို့ မောင်းခိုင်းသောအခါ ဆာဂျီအီဘရာဟင်မှာ အံ့သြနေမိသည်။ ထိုဟိုတယ်ကို "ဂါလယ်ကင်နရက်'ဟု ခေါ်ပြီး အန်စစ်ပြေးဒုက္ခသည် အမျိုးသမီးကြီးတစ်ဦးက ဖွင့်ထားခြင်းဖြစ်သည်။

မာစီဒီးကားသည် ဟိုတယ်ဆင်ဝင်ရှေ့တွင် ထိုးရပ်လိုက်သည်။ ဒရိုင်ဘာက အနောက်ခန်းမှ အထုပ်အပိုးများကိုသယ်ချသည်။ မစ္စတာဒန်ဒက်ရှ်က ဒရိုင်ဘာအား ရပ်ဟိုတယ်တစ်ခုတွင် သွားတည်းပြီး မနက်ကျတော့မှ လာ၍သတင်းပို့ရန် ပြောသည်။

"မစ္စတာ ဒန်ဒက်ရှ်၊ ကျုပ်က ခင်ဗျားရဲ့ ဧည့်ဝတ်ကျေပွန်မှုကို မစော်ကားပါဘူး" ဂျီအီဘရာဟင်က ပြောလိုက်သည်။ "ဒါပေမယ့် ကျုပ်က ဒရိုင်ဘာနဲ့အတူ ကျုပ်တို့ အရပ်ဟိုတယ်မှာပဲ သွားတည်းချင်ပါတယ်"

"သူဌေးကြီးက ကျွန်တော့်ကို အတိအကျညွှန်ကြားလိုက်လို့ပါ" 'ဒါပေမယ့် ကျုပ်က ကျုပ်ခံယူချက်အရလုပ်ရတာပါ"

"ဒါဆိုလဲသဘောပဲ၊ မနက်ကျတော့မှ ကျွန်တော်နဲ့ဆုံကြတာပေါ့" ဒန်ဒက်ရှ်က မျက်နှာမကြည်မသာနှင့် သဘောတူလိုက်ရသည်။

ဟာဂျီအီဘရာဟင်သည် တီဘာရိယမြို့သို့ ယခင်က တစ်ကြိမ်သာ ရောက်ခဲ့ဖူးသည်။ ကလေးဘဝတုန်းကဖြစ်၍ တော်တော့်ကိုကြာခဲ့ပြီ။ ရေကန်ရှုခင်းက ရှုမငြီးနိုင်စရာဖြစ်သည်။

သူနှင့်ဒရိုင်ဘာတို့သည် ပင်လယ်ကမ်းစပ်မှ စားသောက်ဆိုင်တွင် ညစာစားကြသည်။ မျက်နှာချင်းဆိုင်ရှိ တောင်ကုန်းပေါ်မှ လထွက်လာသည်ကိုကြည့်ရသည်မှာ ကြည်နူးစရာ ဆောင်းလှသည်။ ဤနေရာသည် ဆီးရီးယားနိုင်ငံ၏ ဂိုလန်ကုန်းမြင့်ဖြစ်သည်။ ရေကန်၏ နေ့ဘက်ပိုင်းကို စီးမိုးတည်ရှိနေသည်။

တိဘာရိယတွင်လည်း ပါလက်စတိုင်းမှာလိုပင် လူတွေအားလုံး ဂျူးတွေနှင့် အက်ရမည့် အနာဂတ်စစ်ပွဲအကြောင်းကိုသာ တပြောတည်း ပြောနေကြသည်။ ဒရိုင်ဘာက နှင့်ထိုင်နေသူမှာ နာမည်ကျော် တဘားရှာအကြီးအကဲ ဟာဂျီအီဘရာဟင်ဖြစ်ကြောင်း ၊ နိုင်ငံထဲမှလူများကို ပြောပြလိုက်သည်။ ဟာဂျီအီဘရာဟင်သည် ဆလာဒင်၏ သေနင်္ဂဗျူဟာ သုံးကာ လယ်ကွင်းများအား မီးတင်ရှို့ခြင်းဖြင့် ကောက်ဂျီ၏တပ်များကို အပြုတ်နှံခဲ့ကြောင်း တိုင်းသိထားကြသည်။

သူတို့သည် ဟာဂျီအီဘရာဟင်၏စားပွဲသို့ ဝိုင်းလာကြပြီး မိတ်ဖွဲ့ ကြသည်။ ဆောင်းများနှင့် သတင်းများကို ပြောဆိုဖလှယ်ကြသည်။ ဆီးရီးယားနိုင်ငံသည် ဂိုလန် သန်းမြင့်မှဆင်းလာပြီး ရေကန်ကိုသိမ်းယူမည်။ ထို့နောက် ဂါလီလီကိုဖြတ်ကျော်ကာ အကို သိမ်းမည်။ ဤနည်းဖြင့် ရှေ့သို့ချီတက်လာသော ဂျူးစစ်တပ်ကို တားဆီးထားမည် ဖြ ဤသည်မှာ မလွဲမသွေ ပေါ်ပေါက်လာရမည့် အခြေအနေဖြစ်သည်။ အလွန်မြင်ယော် e's သောအခြေအနေ ဖြစ်သည်။

ဟာဂျီအီဘရာဟင်အဖို့ နောက်ထပ် အိပ်မပျော်သောညတစ်ညနှင့် ရင်ဆိုင်ရန် တော့သည်။

သူသည် ဟိုတယ်ခန်း၏ ကျောက်တုံး လသာဆောင်ကလေးမှနေ၍ ရေကန် လှမ်းကြည့်နေသည်။ တဖြည်းဖြည်းနှင့် လဝင်သွားသောအခါ ဆီးရီးယားနိုင်ငံသည် မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ဂီဒီယံအက်ရ်သည် ဤရေကန်၏ မြောက်ဘက်အစွန်ရှိ မြို့တစ်မြို့မှဖြစ်သည်။ ဟာဂျီအီဘရာဟင်က တွေးမိသည်။ မနက်ဖြန်ဆိုလျှင် ထိုမြို့ကို သူတို့ ဖြတ်သွားကြရလိမ့်မည် သော် ... မိတ်ဆွေကြီးနှင့် မတွေ့ခဲ့ကြတာ တော်တော်တောင် ကြာခဲ့ပါရောလား။

သူသည် ဂီဒီယံကို အထူးအောက်မေ့မိသည်။ ဂီဒီယံက အလွန်တော်သည်။ နိုင်း ရေးဖြစ်ရပ်များ၏ နောက်ကွယ်တွင် ဘာတွေဖြစ်နေသည်ကို သူ အမြဲတမ်းသိနေသည် ဟာဂျီအီဘရာဟင်သည် ရို၍ပင်နာရှာကို ရောက်ဖူးချင်စိတ် ဖြစ်ပေါ်လာသည့် သူ့မိတ်ဆွေကြီး ဂီဒီယံ မွေးဖွားကြီးပြင်းခဲ့သောအိမ်ကို မြင်ချင်စိတ် ဖြစ်ပေါ်လာသည် လောလောဆယ် ဂီဒီယံနှင့်တွေ့ရလျှင် သူက အာရပ်တွေ၏

လှုပ်ရှားမှုနှင့်ပတ်သက် ဘယ်လိုများ ပြောလိမ့်မည်နည်း။

တချို့ ဖြစ်ရပ်တွေကတော့ တဖြည်းဖြည်းနှင့် သိသာပေါ်လွင်လာကြသည်။ လွန်ခဲ့သော တစ်ပတ်ခန့်က ဟာဂျီအီဘရာဟင်သည် ဝါဟဘီ လူမျိုးစု မင်္ဂလဆောင်တစ်ခုသို့ သွားရောက်ခဲ့သည်။ ဝါဘဘီတို့သည် ဆိုင်နိုင်းမြောက်ပိုင်းတစ်ခွင် လှည့်လှည်သွားလာနေကြ၍ အရာရာကို မြင်ကြကြားကြသည်။ အီဂျစ်နိုင်ငံသည် ဆိုင်နိုင်းဒေသတွင် စစ်ရေးပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု သူ့ယောက္ခမကြီး ရှိတ်ပါ လစ်အဇေစ်ကပြောပြ၍ သိခဲ့ရသည်။ အီဂျစ်နိုင်ငံက ပါလက်စတိုင်းကို တောင်ဘက် မှချဉ်းတိုက်လိမ့်မည်ဟူသော အချက်မှာ လျှို့ဝှက်ချက်မဟုတ်တော့ပေ။

အာရပ်တို့၏ စိတ်နေစိတ်ထားကို ဟာဂျီအီဘရာဟင် ကောင်းကောင်းသိသည် ထို့ကြောင့် သူစိတ်ပျက်မိသည်။ မည်သည့်အာရပ်နိုင်ငံမဆို သူတို့အနေဖြင့်အကျိုးမရှိလှ ဘဝတူအာရပ်လူမျိုးတွေအတွက် ဘယ်တော့မှစစ်တိုက်လိမ့်မည်မဟုတ်။

ရေကန်အထက်တွင်ရှိသော ဆီးရီးယားနိုင်ငံသည် ပါလက်စတိုင်း တစ်နယ်ကိုရရှိရန် အမြဲတမ်းမျှော်လင့်ချက်ထားနေသည်။ အဘယ်ကြောင့်ဆိုသော် ဒမတ်စကတ် သည် ၎င်းတို့နှစ်နိုင်ငံစလုံးအတွက်သာမက လက်ဘနွန်နိုင်ငံအတွက်လည်း နိုင်ငံရေး အုပ်ချုပ်ရေးဗဟိုအချက်အချာ ဖြစ်သောကြောင့်ဖြစ်သည်။ ဆီးရီးယားက ဂါလီလီ ဟိုင်ဖာမြို့များကို သိမ်းယူမည်မှာသေချာသည်။ ဤနည်းအားဖြင့် လက်ဘနွန် သုံးဖက်သုံးတန်ဝိုင်းထားပြီး စတုတ္ထဘက်မှာ မြေထဲပင်လယ်ရှိနေမည်။

သည်တော့ အီဂျစ်ကရော ဘယ်လိုလာနိုင်သနည်း။ အီဂျစ်ကို နီဂျက်သဲကန္တာ ဂါဇာကမ်းမြောင်ဒေသနှင့် သဲကန္တာရထိပ်မှာရှိသော ဘီယာရှီဘာတို့ကို တောင်းဆိုလိမ့် ထို့ပြင် တဲလ်အဗစ်နှင့် ဂျက်ဖာမြို့များကိုလည်း တောင်းဆိုမည်မှာ သေချာသည်။

ဂျော်ဒန်ဘုရင် အဗ္ဗဒူလာကမူ ဂျေရုဆလင်မြို့နှင့် ဂျော်ဒန်မြစ်အနောက် ကမ်းပါးတို့ကို သွားရည်မကျဘဲ နေမည်မဟုတ်။

ပါလက်စတိုင်းကို အချင်းချင်းခွဲယူကြမည်။ အီရတ်၊ ဆော်ဒီအာရေဗျ၊ ပါလ Tasecla ဆိုင်းနှင့် နယ်နမိတ်မစပ်သော အခြားနိုင်ငံများအတွက်ရော ဘယ်လိုစဉ်းစားမည်နည်း။ အံ့အားလည်း အာရပ်ဂုဏ်သိက္ခာနှင့်ညီအောင် လက်တွဲခေါ်ယူမည်။ သူတို့သည်လည်း အံ့၏ပစ္စည်းများကို ဝေစုရကြလိမ့်မည်။

ဤသို့လျှင် ပါလက်စတိုင်းကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အသီးသီးစိတ်ဝင်စား သော ဤနိုင်ငံများသည် ပါလက်စတိုင်းပြည်သူများက ကိုယ်ပိုင်နိုင်ငံ တည်ထောင် ည်ကို ခွင့်ပြုနိုင်ပါမည်လော။ ပါလက်စတိုင်းကို အာရပ်နိုင်ငံများက ဝေစုခွဲပြီးသောအခါ က်စတိုင်း ပြည်သူများအတွက် နည်းနည်းတော့ကျန်နေလိမ့်ဦးမည်။

ဟာဂျီအီဘရာဟင်၏ ကျေးရွာသားများသည် ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် နေကြသော် ည်း သူတို့၏အနာဂတ်သည် သူတို့ မည်သူနှင့် ပူးပေါင်းသလဲဟူသော အချက်ပေါ်တွင် သည်နေသည်။ အီဂျစ်၊ ဆီးရီးယားနှင့် ဂျော်ဒန်နိုင်ငံများမှ စစ်ခေါင်းဆောင်များသည် လက်စတိုင်းအာရပ်များ၏ အကျိုးကိုပင် ထည့်သွင်းကြသည်မဟုတ်။ ဟာဂျီအီဘရာဟင်သည် မဝေခွဲနိုင်အောင် ဖြစ်သွားလေပြီလား။

အမှန်တရားကား ဂါလီလီရေအိုင်ပေါ်တွင် ထင်ရှားစွာပေါ်လွင်လျက် ရှိနေပြီ ဖြစ်သည်။ သူ့အနေဖြင့် အထူးစဉ်းစားနေစရာမလိုအောင် ရှင်းနေပြီ ဖြစ်သည်။

ဂီဒီယံနှင့်တွေ့လျှင် ဒီအတိုင်းပင် ပြောလိမ့်မည် ဖြစ်သည်။ သူသည် ဂီဒီယံနှင့် အတင် စကားပြောရဖို့ရှိသည်။ သူသိထားသမျှကို အမှန်အတိုင်းပြောပြရန် ဝန်လေး ကိုက်ပါဘိ။

ယင်းသို့ဆိုလျှင် သူဌေးကြီး ဖောဇီကဘားကရော ဘယ်လို စခန်းသွားလာဦးမည် နည်း၊ သူ့စိတ်ထဲတွင် ဘာတွေကျိတ်ကြံနေလေသနည်း။

✥--- www.ebooks4mm.org ---✥

အခန်း (၄)

အချိန်ကား နံနက်ပိုင်းဖြစ်သည်။

ဇိမ်ခံမာစီဒီးကားသည် လူ့သမိုင်းနှင့် ဘာသာရေးသမိုင်းဝင်ဒေသများကို ဖြတ်တောက် လျက် ကမ်းရိုးတန်းလမ်းအတိုင်း မြောက်ဘက်သို့ အရှိန်ပြင်းစွာပြေးလျက်ရှိသည် ယေရှုခရစ်တော် ရေပေါ်၌စကြံကြွချီခဲ့သောနေရာနှင့် ခပ်လှမ်းလှမ်းတွင် ဂါလီလီရေနဲ့ နောက်မှ ရှည်လျားကျယ်ပြောသော တောင်ကုန်းဆင်ခြေလျှောကို လှမ်းမြင်ရသည်။

အပဟောသုခံ ချမ်းသာလေစွ... ချမ်းသာလေစွ။ စိတ်နူးညံ့သိမ်မွေ့သော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား သူတို့သည်ပြည်တော်ကို အမွေရကြလတ္တံ့။

ခရစ်တော်သည် ဤသို့လျှင် တောင်ထိပ်ဒေသနာကို ကျူးရင့်တော်မူခဲ့လေသည် ရေဟူဒီဓမ္မဆရာအဖြစ် ခရစ်တော်တရားဟောခဲ့သော ကပေရနောင်မြို့ရှိ ရှေးဟောင်း ဓမ္မကျောင်းတော်ရာကို ဖြတ်ကျော်လိုက်သောအခါ ဂါလီလီရေအိုင်လည်း ရုတ်ခြည် အဆုံးသတ်သွားသည်။

"ကျုပ် ... ရိုရ်ပင်နာကို ခဏဝင်ကြည့်ချင်တယ်"

ဟာဂျီအီဘရာဟင်က ဖျတ်ခနဲ ပြောလိုက်သည်။

ဒန်အက်ရှိသည် လက်ပတ်နာရီကိုကြည့်ကာ ပခုံးတစ်ချက် တွန့်လိုက်သည် ။ ထို့နောက် ဒရိုင်ဘာအား ဖြတ်လမ်းအတိုင်းမောင်းရန် ပြောလိုက်သည်။ ဂီဒီယံ ချက်မြှုပ်ရွာမှာ ခါနာန်တောင်ခြေရင်းတွင်တည်ရှိပြီး ဘာမျှပြောင်းလဲမှုမရှိသေး။ ဘာ ထောင်ခါစအတိုင်းပင် ရှိနေဆဲဖြစ်သည်။

ရွာကလေးသည် တိတ်ဆိတ်အေးချမ်းပြီးသန့်ရှင်းလှသည်။ ရွာသူရွာသားများသည် ဘုံရိပ်သာမှလူများကဲ့သို့ စုပေါင်းလုပ်ကိုင်ခြင်းမပြုဘဲ ကိုယ့်အိမ်ကိုယ့်ယာ ကိုယ့်လယ် သီးသန့် နေထိုင်လုပ်ကိုင်ကြသည်။

ဟာဂျီအီဘရာဟင်သည် သူ့မိတ်ဆွေကြီးအကြောင်းကို တွေးတောရင်း စိတ်ထဲမှ ဇဝေဇဝါဖြစ်လာမိသည်။

ငါဟာ ခုတလော သူ့အကြောင်းတွေချည်းပဲ ဘာဖြစ်လို့ တွေးနေမိပါ တကယ်တော့ ဂီဒီယံဟာ ငါ့အတွက် အမြဲတမ်းလိုအပ်နေတဲ့ မိတ်ဆွေကောင်းတစ်ယောက် ဒါကြောင့်မို့လို့လည်း သူ့အကြောင်းကို ငါခဏခဏ တွေးနေမိတာပေါ့။

အီဘရာဟင်သည် ဂီဒီယံ၏ ရုပ်ပုံလွှာကိုသူ၏မျက်လုံးထဲတွင် ထင်ဟပ်ကြည့်သည်။

သစ်ပင်ကြီးတစ်ပင်၏ အောက်တွင် လူငယ်ကလေးတစ်ယောက် စာထိုင်ဖတ်နေ သည်၊ ထို့နောက် ထိုလူငယ်သည် သူ့မြင်းကြီးကို ခပ်ကြွားကြွားစီးလျက် သူ့ရွာမှ ငှက်ခွာသွားသည်။ သူသည် ချစ်ခင်မြတ်နိုးစရာကောင်းလှသော ဤရွာကလေးကို နှုတ်ခွာသွားခြင်းမှာ ပို၍တက်ကြွသော အမျိုးသားရေးလှုပ်ရှားမှုများကို ထမ်းဆောင်ရန်ပင် နိုင်သည်။

"ကျွန်တော် ဘာကူညီရမလဲခင်ဗျာ"

ဂျူးလယ်သမားတစ်ယောက်က အီဘရာဟင်ကို မေးလိုက်သည်။ အီဘရာဟင်က ဒီယံ၏ အိမ်ကိုသွားလိုကြောင်းပြောရန် ပါးစပ်ပြင်လိုက်မိသေးသည်။ သို့သော်သူ့ပါးစပ်မှ ထွက်လာသည်ကတော့ ......။

"နေပါစေ၊ ဒီနေရာက သိပ်ပြီးသာယာတာနဲ့ ကြည့်နေမိတာပါ"

ဤဒေသရှိ ဂျူးနှင့် အာရပ်လူမျိုးများသည် လူမှုရေးအရ အချင်းချင်းဆက်ဆံရာတွင် စွာမှ ဖော်ရွေလှိုက်လှဲကြသည်။ "ဒါနဲ့ ... လူကြီးမင်းတို့ နေ့လယ်စာ ဒီမှာပဲစားသွားကြမလားခင်ဗျာ" ဂျူးလယ်သမားက ထပ်၍မေးသည်။

"အို ... မစားပါဘူးဗျာ၊ မစားပါဘူး၊ ကျုပ်တို့ကဒမတ်စကတ်ဘိုဒီနေ့ အရောက် ၃- ကြရမှာမို့ပါ"

ဒန်ဒတ်ရှိက ပြန်ပြောလိုက်သည်။ ထို့နောက် သူတို့ ကားပေါ်သို့ပြန်တက်ပြီး တံခါးပိတ်လိုက်ကြသည်။ "ရှလွမ်" လယ်သမားက နှုတ်ဆက်သည်။ "ရှလွမ်"

အီဘရာဟင်ကလည်း ပြန်၍ နှုတ်ဆက်လိုက်သည်။

ကားသည် လမ်းမကြီးပေါ်ကို ပြန်ရောက်လာခဲ့ပြီး အရှေ့ဘက်သို့ကွေ့ ကာ ဆီးရီးယားနယ်စပ်ဘက်သို့ မောင်းတက်လာခဲ့သည်။ သူတို့သည် အနိမ့်ဆုံးမြေလွှာမှသည် ဆသုံးထောင်ခန့်မြင့်သော ဂိုလန်ကုန်းပြင်မြင့်သို့ တက်လာခဲ့ကြသည်။ ဗြိတိသျှပိုင်နယ်စပ် သို့ရောက်သောအခါ ကားရပ်ပြီး အညောင်းအညာဖြေကြသည်။ ထို့နောက် ဒန်ဒက်ရှ် တည်းခိုသောဟိုတယ်မှ အသင့်ယူလာသည့် နေ့လယ်စာကို စားသောက်ကြသည်။

ဟာဂျီအီဘရာဟင်သည် အောက်ဘက်မှရေကန်ကို လှမ်းကြည့်နေသည်။ ဤမျှ မြင့်မှကြည့်လျှင် ရေကန်မှာ သာမန်ရေအိုင်ကလေးတစ်ခုလောက်သာ ထင်ရသည်။ သူသည် ဂါလီလီနယ်မြေတစ်ခုလုံး၌ နာဇရက်တောင်ကုန်းများကိုလည်း လှမ်းမြင်ရသည်။

တောင်ဘက်သို့ မျှော်ကြည့်လိုက်လျှင် မဟာတောင်ကြားမြစ်ဝှမ်းကိုမြင်ရသည်။ ထိုမြစ်သည် ဇါလီရေကန်ဝန်းကျင်တွင် ဂျူးလူမျိုးတို့၏ ဘုံရိပ်သာများကို ဟိုတစ်စုသည်တစ်စု မ်း မြင်ရသည်။ လုံခြုံရေးဘာမျှမရှိသော ဒေသပါကလား။ ဤတောင်ပေါ်မှနေ၍ ဆီးရီးယားအမြောက်တပ်က ကျည်ဆန်မိုးရွာချလိုက်လျှင် တစ်နယ်လုံး မီးဟုန်းဟုန်း ၊ ရောက်သွားနိုင်သည်။ ဂျူးတွေမှာ ဤမျှအကွာအဝေးထိ ပစ်နိုင်သော သေနတ်မရှိ။ " ပြီးတော့ သူတို့အနေဖြင့် အချွန်အတက်များသော တောင်စောင်းတွေကိုကျော်ဖြတ်ပြီး T ဤနေရာအထိ တက်လာနိုင်ရန်မှာလည်းမလွယ်ကူလှပေ။ တောင်တက်တောင်ဆင် ကျွမ်းကျင်သော မိမိ၏ တဘားရွာ လယ်သမားများသည်ပင်လျှင် ခေတ်မီလက်နက်များ တပ်ဆင်ထားသော ပါးလ်မက်ချ် ဂျူးတပ်ဖွဲ့ဝင်များကိုကျော်ဖြတ်ပြီး ဤမျှအမြင့်အဝ တက်လာနိုင်ကြမည်မဟုတ်။

ပါလက်စတိုင်းတွင် ဖြန့်ချထားသောတပ်များ၏ အနေအထားကိုကြည့်၍ ပြောရ အာရပ်တို့ဘက်မှ အခွင့်အရေးပိုရနိုင်မည့် အခြေအနေကို အီဘရာဟင်လုံးဝမမြင်။

နယ်စပ်မြို့ဖြစ်သော ကွီနေထရာမြို့သို့ ရောက်သောအခါ

ဆီးရီးယားစစ်ဗိုလ်တစ် သည် မာစီဒီးကားရှေ့တွင်လာရပ်ပြီး ဒန်ဒက်ရှိနှင့် ပျာပျာသလဲ စကားတစ်ခွန်းနှစ်ခွ ပြောသည်။ ထို့နောက် ဒန်ဒက်ရှိအားအလေးပြုပြီး ဂိတ်တံခါးကိုဖွင့်ရန် အော်ပြောလိုက်သည် ကားသည် မြို့ထဲသို့ ရှောရှောရှူရှူ မောင်းဝင်လာခဲ့သည်။

ကွီနေထရာမြို့ကို ပထဝီအနေအထားအရ မဟာဗျူဟာကျသောကြောင့် ခံတပ်အဖြစ် တည်ဆောက်ထားသည်။ ပါရှင်းပင်လယ်ကွေ့မှလာသော မိုင်တစ်ထောင်ခန့်ရှည်လျားသော ပိုက်လုံးကြီးကိုခွလျက် တည်ထားသည်။

မြို့ထဲတွင် စစ်ကားများ၊ သံချပ်ကာကားများနှင့် ရွှေ့ပြောင်း၍ရသော အမြောက လေးများကို တွေ့ရသည်။ လမ်းပေါ်တွင် ဆီးရီးယားစစ်သားများ ခြေချင်းလိမ်နေပြီး အားလုံးပင် လာလတ္တံ့သော စစ်ပွဲအကြောင်းကိုသာ ပြောနေကြသည်။

ကားသည် မြို့တွင်းကို ဖြတ်ကျော်လာပြီးနောက် နှင်းခဲနေသော ဟာ တောင်ခြေကိုပတ်၍ မောင်းလာခဲ့သည်။ ကျယ်ပြန့်သော တောင်ခြေရင်းသည် ပါလက်စတိုင် ဆီးရီးယားနှင့် လက်ဘနွန်နယ်စပ်အထိ ရောက်သည်။ ဆင်ခြေလျှော တောင်ကမ်း ယံများတွင် ဒရုဇ်မွတ်ဆလင်များ ရှီယိုက်မွတ်စလင်ရွာများနှင့် ခရစ်ယာန်အာရပ်ရွာများ ဟိုတစ်စုသည်တစ်စု မြင်တွေ့ရသည်။

အကျည်းတန်သော မွဲပြာရောင်ဂိုလန်မီးတောင် ကန္တာရလွင်ပြင်ကို ဖြတ်ကျော်လာ၊ သောအခါ အမွန်လမ်းမကြီးသို့ရောက်လာခဲ့သည်။ ထိုအခါ ဟာဂျီအီဘရာဟင်သည် မျှော်လင့်မထားဘဲနှင့် ဒမတ်စကတ်မြို့ထဲမှ (ဥမေယဒ်”ဗလီ ကျောင်းကြီး၏ မိုးသို့ထိုးနေ စုလစ်မွန်းချွန်များကို ရုတ်တရက်မြင်လိုက်ရသည်။ ဤဗလီကျောင်းကြီးသည် မြင့်မြတ်သေ ကျောက်ခုံးကြီးပြီးလျှင် ဒုတိယအမြင့်မြတ်ဆုံး ဘာသာရေးအဆောက်အအုံဖြစ်သည် ဒမတ်စကတ် (ဒမာသက်) မြို့သည် သမ္မာကျမ်းစာလာ ကဝဏ္ဏနှင့် အာဗေလညီအစ် တို့၏မြို့လည်းဖြစ်သည်။ ခရစ်ယာန်သာသနာပြုပုဂ္ဂိုလ်ကြီး ရှင်ပေါလု၏မြို့လည်းဖြစ်သည် ခရစ်ယာန်သာသနာ စတင်ထွန်းကားရာမြို့လည်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးမြို့ဟု ဆိုကြသည်။

ဤမြို့သည် ပတ်ဝန်းကျင် လွင်တီးခေါင်နယ်မြေထဲမှ စိမ်းစိုစည်ကား တည်ရှိသောမြို့လည်းဖြစ်သည်။ ရှေးအခါက ဒမတ်စကတ်မြို့တွင် နန်းစိုက်ခဲ့ကြသေ ဘုရင်များသည် ရောမအင်ပါယာထက် ကျယ်ဝန်းသောမြို့များကို ပိုင်စိုးခဲ့ကြသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်က ရရှိခဲ့သော ယင်းဂုဏ်ရည်ကို ယခုလည်း၍ ဆက်လက်ထိန်းသိမ်းနိုင်ဆဲ ဖြစ်သည်။

အီဘရာဟင်၏စိတ်သည် တည်ငြိမ်မှုမရှိဘဲ အလွန်လှုပ်ရှားနေသည်။ သူသည် စိတ်တည်ငြိမ်မှုရရန် ပုတီးစိပ်နေသော်လည်း သူ့လက်တွေက တုန်နေသည်။ မကြာမီတွ မြို့အနီးသို့ရောက်လာသည်။ သူသည် ဤကဲ့သို့ စိတ်လှုပ်ရှားမှုမျိုးကို မက္ကာမြို့သို့ ဘုရားဖူးရောက်ခဲ့စဉ်ကသာ ခံစားခဲ့ရဖူးသည်။ ယခုအကြိမ်သည် ဒုတိယအကြိမ်ခံစားရခြင်း ဖြစ်သည်။

သို့သော် ဒန်ဒက်ရှ်၏ စုစုအောင့်အောင့်မျက်နှာထားနှင့် ဒရိုင်ဘာက ကားဟွန်းကို ဆက်မပြတ် တအားနှိပ်နေခြင်းတို့ကြောင့်သူ၏ စိတ်ကြည်နူးမှု ပျက်စီးသွားရသည်။ ဗလီဝတ်ကျောင်းများ၏ မျှော်စင်များနှင့် ထိပ်ခုံးများမှာ အာရပ်ဗိသုကာလက်ရာအတိုင်း နှုပ်ယှက်ခတ်နေသည်။ တံတိုင်းကာရံထားသော မြို့ဟောင်းကြီးအတွင်းမှ ရှေးဟောင်း ကွက်များတွင် လူများ ပျားပန်းခပ်သွားလာနေကြသည်။

ယင်းမြင်ကွင်းနှင့် ဆန့်ကျင်ဘက်မြင်ကွင်းမှာ ခေတ်မီမှန်ကာ မိုးမျှော်တိုက်ကြီးများနှင့် ကျယ်ဝန်းလှပသော လမ်းမကြီးများပင်ဖြစ်သည်။ ဤအချက်သည် မကြာမီက ပြင်သစ်တို့၏ ဇာလွှမ်းမိုးခဲ့မှုကို ဖော်ပြနေသည်။ မြင်မြင်သမျှ သဲကန္တာရမှ လေနှင့်အတူပါလာသော နှင့်ပြာများ ဖုံးလွှမ်းပြီး မှုန်ဝါးနေကြသည်။

ဒမတ်စကတ်မြို့ရှိ လက်ဘနွန်တောင်တန်းများမှ မြစ်ဖျားခံလာသော ဘာရေဒါ ခြင်တွင်တည်ထားသည်။ ထိုမြစ်မှ မြစ်လက်တက်ကလေးများစွာ ဖြာထွက်လာပြီး ယင်းမှတစ်ဖန် တူးမြောင်းများစွာ ပျံ့နှံ့ဖြစ်ပေါ်လာသည်။ ဤဒေသတွင် ရေအောင် သောကြောင့် “အယ်ဂေါက်တာ” ခေါ် စိမ်းစိုလန်းဆန်းသော တောင်ခါးပန်းကို ဖြစ် စေသည်။

ပမာဆိုသော် ဤနယ်မြေသည် သမ္မာကျမ်းစာလာ

ကမ္ဘာဦးအေဒင်ဥယျာဉ်ကြီးနှင့်ပင် လှသည်။ အယ်ဂေါက်တာ တောင်ခါးပန်းတစ်ဝိုက်တွင် ဥယျာဉ်များ၊ စံအိမ်ကြီးများ၊ စီနိုလောင်းကစားရိပ်သာကြီးများ၊ စိုက်ခင်းများ၊ ပန်းဥယျာဉ်များနှင့် အပန်းဖြေစခန်းများ ပြည့်နှက်နေသည်။

သူဌေးကြီး ပောဇီကဘား၏ ရဲတိုက်ဆန်ဆန်စံအိမ်ကြီးကိုလည်း အယ်ဂေါက်တာ အောင်ခါးပန်းတွင် တခမ်းတနား ဆောက်လုပ်ထားသည်။ အစောင့်အကြပ်ချထားသော မှသည်စံအိမ်ကြီးအထိ နှစ်ဖာလုံခန့်ဝေးသော လမ်းတစ်လျှောက်တွင် သီးစားပင်များနှင့် နှင်းဆီချုံများ ဝေဆာလျက်ရှိသည်။ စံအိမ်ကြီး၏ မျက်နှာစာမှာ လိမ္မော်ရောင်ဖြစ်ပြီး ရိုးယန်း စကျင်ကျောက်ဖြင့် ဆောက်လုပ်ထားသည်။ အမိုးမှာ ပါရှင်းအုတ်ကြွပ် ဖြစ်သည်။

သူဌေးကြီး ဖောဇီကဘားက အီဘရာဟင်အား မင်းသားတစ်ပါးကဲ့သို့ လှိုက်လှဲဝမ်းသာ ဆုံနှုတ်ဆက်သောကြောင့် အီဘရာဟင်မှာ စိတ်လက်ပေါ့ပါးသွားမိသည်။ တစ်ချိန် စည်းတွင် သံသယစိတ်လည်း ဝင်နေမိသည်။ သူဌေးကြီးကသူ့အား ယခုကဲ့သို့ ဆင့်ခေါ် င်းမှာ အလွန်အရေးကြီးသော ကိစ္စကြောင့်ဖြစ်မည်ဟုလည်း တွေးမိသည်။

အီဘရာဟင်သည် သူ့ကိုယ်သူ နတ်ဘုံသို့ရောက်လာသလို ထင်မိသော်လည်း စိတ်တထင့်ထင့် ဖြစ်နေမိသည်။ သူဌေးကြီးကဘား၏ လှိုက်လှဲဝမ်းသာကြိုဆိုမှုအတွက် အနေဖြင့် တန်ဖိုးကြီးကြီး ပေးရလိမ့်မည်ဟုလည်း တွေးမိသည်။

ညစာပြင်ဆင်ထားသော ခန်းမကြီးမှာ တစ်ထောင့်တစ်ညပုံပြင်ထဲကအတိုင်း ၁ ကြီးကျယ်ခမ်းနားလှသည်။ စားပွဲကုလားထိုင်များကို ဇာထိုး ပန်းထိုး အဝတ်များဖြင့် လွှမ်းထားသည်။ ကိုယ်လုံးပေါ်မှန်များကိုလည်း သူ့နေရာနှင့်သူ စနစ်တကျတပ်ဆင် ချင်.com ထားသည်။ ခန်းမကြီး၏ကြမ်းပြင်ကို အရှေ့တိုင်းထွက် ပန်းကွက်ဖော်ကော်ဇောများ အပြည့်ခင်းထားသည်။ မီးအိုးများနှင့် ထိုင်ဖုံများပြင်ဆင်ထားပုံမှာ ရောမခေတ်ကို သတိ ရစေသည်။

ညစာစားပွဲတွင် သူဌေးကြီးနှင့် အီဘရာဟင်တို့နှစ်ယောက်သာရှိသည်။ မနီး

မဝေးတွင်မူ ရုပ်ရည်ချောမောသော လူငယ်စားပွဲထိုးများ အသင့်ရပ်နေကြသည်။ ထို့ပြင် တစ်ကိုယ်လုံး ဝတ်ရုံကြီးခြုံထားသော အစောင့်နှစ်ယောက်လည်း ရှိသေးသည်။

ညစာသုံးဆောင်ပြီးသောအခါ အစောင့်နှစ်ယောက်တို့သည် ခြေခြောက်ချောင်းတပ် ငွေဒေါင်းလန်းကြီးကို သယ်ယူလာကြသည်။ ဒေါင်းလန်းကြီးပေါ်တွင် သစ်သီးမျိုးစုံနှင့် ဥရောပချော့ကလက်မုန့်မျိုးစုံ၊ သကြားလုံးမျိုးစုံနှင့် ဒိန်ခဲများ အပြည့်အမောက်ထည့်ထား သည်။ သူဌေးကြီးသည် လက်ခုပ်တီး၍ တစ်စုံတစ်ရာကို အမိန့်ပေးလိုက်ပြီးနောက် အချိုပွဲကိုမြိန်ရှက်စွာ အားရပါးရ စတင်သုံးဆောင်တော့သည်။

ထိုအခိုက်တွင် တီးဝိုင်းတစ်ခုနှင့်အတူ ဗိုက်သားဖော် ကခြေသည်တစ်ဦးတို့ ရုတ်တရက်ဝင်ရောက်လာပြီး တီးမှုတ်ကခုန်ဖြေဖျော်ကြသည်။

ဘုရားရေ… ဒီလူကြီး ငါ့ဆီက ဘာကိုလိုချင်လို့ပါလိမ့်။ ဒီအတိုင်းဆို ငါ အကြီး အကျယ်သတိထားရလိမ့်မယ်။ ဒါဟာငါ့ကို ဖြားယောင်းမြူဆွယ်ပြီး သတ်ပစ်ဖို့ ကြံစည် နေတာများလား။ သူက ငါ့ကိုသတ်ချင်တယ်ဆိုလျှင် ဘာကြောင့်များပါလိမ့်။ ဩော်… ဟုတ်ပြီ။ ဖြစ်နိုင်တယ်။ သူ ငါ့ရွာလာတုန်းက သူ့ကိုငါ မထီလေးစား စော်ကားလိုက်ဖူး တာကိုး။ ဒါလည်း ကြာတော့ကြာခဲ့ပါပြီ။ နှစ်ပေါင်းအစိတ်လောက်တောင် ရှိရောပေါ့။ ဒါပေမယ့် ကဘာလိုလူစားမျိုးက သူ့အပေါ်စော်ကားထားလျှင် ဘယ်လောက် ကြာကြာ ဘယ်တော့မှမေ့မယ်လူမျိုး မဟုတ်ဘူး။ ဟုတ်ပါတယ်။ ငါထင်တာ မမှားနိုင်ပါဘူး။ သူ ငါ့ကိုဟန်ဆောင်ပြီး အယုံသွင်းနေတာ။ ပြီးတော့မှသာ ငါ့ကို သူ… သူ…။

ထိုအခိုက် ကခြေသည်မကလေးကသူ့ခါးကို တွန့်လိမ်လှုပ်ယမ်းပြီး သူတို့အနီးသို့ ကပ်လာသောကြောင့် တဘားရွာခေါင်းဆောင်ကြီးမှာ ပါးစပ်အဟောင်းသားနှင့် အလွန် အံ့ဩသွားမိသည်။ သူကလေးသည် အာရပ်အမျိုးသမီးတစ်ယောက်ကတော့ မဟုတ်နိုင်။ ဆံပင်က ရွှေရောင်၊ မျက်လုံးက မိုးပြာရောင်။ သူဌေးကြီးက အခြေအနေကို အကဲခတ် မိသောကြောင့် မှီအုံးပေါ်တွင် လက်ထောက်လျက် ရှေ့သို့ကိုင်းကာ အီဘရာဟင်၏ နားဝသို့ကပ်၍ တိုးတိုးပြောသည်။

“သူ့နာမည်က အာဆူလာတဲ့၊ ဂျာမန်မကလေး၊ အလွန်တော်တယ်၊ ပါရမီရှင်ကလေးပဲ၊ ကျုပ်အနှစ်သက်ဆုံးတစ်ယောက်ပေါ့၊ တစ်နှစ်ပြည့်အောင်တောင် မသင်ရဘဲ ဒီလောက်ကတတ်တယ်ဆိုလျှင် ခင်ဗျားယုံမှာမဟုတ်ဘူး။ ဒီည ခင်ဗျားအခန်းကို သူလာ လည်လိမ့်မယ်၊ ခင်ဗျားကြိုက်သလောက် ခေါ်ထားပါ”

သူဌေးကြီးသည် သစ်ကြားသီးတစ်လုံးကိုယူပြီး ခွဲနေရင်းမှ မနီးမဝေးတွင်ရပ်နေသော ယောကျ်ားအစေခံများဘက်သို့ လှမ်းကြည့်လိုက်သည်။ ပြီးတော့ နွဲ့နွဲ့နှောင်းနှောင်းနှင့် မိန်းမချောချောသော လူငယ်တစ်ယောက်ဆီသို့ မေးဆတ်ပြရင်း... 'ဒါမှမဟုတ် ခင်ဗျားကြိုက်လျှင် သူ့ကိုလဲခေါ်လို့ရပါတယ်” အီဘရာဟင်က အင်းမလုပ်မလုပ်ဘဲ ငြိမ်ပြီးထိုင်နေသည်။ အာဆူလာသည် သူမ၏ ချောမောပြေပြစ်သော ခန္ဓာကိုယ် ရှိဖိုကြီးငယ်ကို တွန့်လိမ်လှုပ်ခါလျက် အီဘရာဟင်၏မျက်နှာနားကပ်ပြီး ပွတ်ကာသီကာ မြူးမြူးကြွကြွ ကခုန်နေသည်။ အီဘရာဟင်မှာ မြင်နေရသောမြင်ကွင်းကြောင့် အသက်ပင်မရှုနိုင်အောင် ဖြစ်နေမိသည်။

“ကျွန်တော့်ကို ဒီကို ဘာဖြစ်လို့ခေါ်တာလဲ” သူကအာရုံပြောင်းစေရန် သူဌေးကြီးအား ဖျတ်ခနဲမေးလိုက်သည်။ “အလုပ်ကိစ္စပြောဖို့ အချိန်တွေအများကြီးရှိပါသေးတယ်၊ မနက်ဖြန်မှ ပြောကြတာ သူဌေးကြီးက လေအေးအေးနှင့် ဟန်မပျက်ပြန်ပြောသည်။

“ခင်ဗျားလ် ညောင်းလှရောပေါ့၊ လာရတာက နည်းတဲ့ခရီးမဟုတ်ဘူး၊ ညကျတော့လဲ ရီးရှည်ချင်ရှည်နေဦးမယ်”

ထို့နောက် အရှေ့တိုင်းထုံးစံအတိုင်း ဂီတသံများ ရုတ်တရက် ရပ်စဲသွားသည်။

အီဘရာဟင်သည် အိစက်နူးညံ့လှသော ဖဲမွေ့ရာခင်း ခုတင်ပေါ်တွင်လဲလျောင်းရင်း တွေးနက်နေသည်။ အခန်းထဲတွင် ဖယောင်းတိုင်မီးရောင်က မှိန်မှိန်ကလေးသာ ထင်းနေသည်။ မီးခိုးမျှင်တန်းကလေးများသည် ရောယှက်တွန့်လိမ်ကာ မျက်နှာကြက်ဆီသို့ အက်နေကြသည်။

ဟုတ်ပါပြီ။ ငါထင်တဲ့အတိုင်းပါပဲ။ သူက ငါ့ကိုသတ်ချင်လို့ ဒီကောင်မလေးနဲ့ မြူဆွယ်နေတာ။ ဒီအတိုင်းဆို ငါမလွယ်ဘူး။ တော်တော် သတိထားရလိမ့်မယ်။

သူ့နှလုံးသည် အသံကြားရလောက်အောင်ပင် ခုန်နေသည်ဟုထင်ရသည်။ ထိုအခိုက် ဇမတ်ကွက် ခန်းဆီးနောက်ကွယ်မှ လှုပ်ရှားမှုတစ်ခုကို သတိပြုမိလိုက်သောကြောင့် လည်ချောင်းထဲမှ နှလုံးခုန်ထွက်လာတော့မတတ် အလွန်ထိတ်လန့်သွားမိသည်။

ဖျတ်ခနဲ လှမ်းကြည့်လိုက်သောအခါ ခန်းဆီးတစ်ဖက်တွင်ရပ်နေသော မိန်းကလေးကို ဘဝါး မြင်လိုက်ရသည်။ သူကလေးသည် အီဘရာဟင်၏ အခန်းဘက်သို့ ခြေကိုဖော့နင်းပြီး လာသည်။ ဝတ်ထားသော အဝတ်အစားမှာ တစ်ကိုယ်လုံး ဖောက်ထွင်းမြင်နေရသည်။ သူသည် ခုတင်ခြေရင်းတွင်ရပ်ကာ အဝတ်အစားများကို ဟန်ပါပါဖြင့် တစ်လွှာချင်း နေသည်။

အဝတ်အစားအားလုံး သူ့ခြေရင်းတွင် စုပုံသွားသောအခါ ခုတင်နားသို့ ကပ်အသည်။ အီဘရာဟင်မှာ စိတ်ကို ထိန်းမထားနိုင်တော့ဘဲ မိန်းကလေးကိုလှမ်းဖက်ပြီး တင်ပေါ်သို့ပွေ့တင်လိုက်သည်။

"အာဆူလာ"

"ဒီအဘိုးကြီးက ငါ့ကို ဒီကိုဘာဖြစ်လို့ခေါ်တာလဲဟင်"

"ကျွန်မ ပြောလို့မဖြစ်ဘူး"

"ပြောစမ်းပါ ကလေးရယ်"

"မနက်ဖြန်ဆိုလျှင် ရှင် ကောက်ဂျီနဲ့ အဗ္ဗဒူလာ ဟူစိန်နီတို့ကို တွေ့ရလိမ့်မယ်" ။

အီဘရာဟင်သည် မေးပန်းမှုများ ချက်ချင်းပြေပျောက်သွားပြီး ခုတင်ပေါ်တွင် ပဲ ခနဲ ထထိုင်လိုက်သည်။

JJ

"ဘယ့်နှယ်၊ သူတို့က ငါရဲ့ကမ္ဘာ့ရန်တွေပဲ၊ ပြီးတော့ သူဌေးကြီးနဲ့လည်း

ကမ္ဘာ့ ရန်သူတွေပဲ”

“ဒါပေမယ့် အခြေအနေက အလျှင်လိုမဟုတ်တော့ဘူးလေ၊ အာရပ်တွေအားလုံး ညီအစ်ကိုလို ပေါင်းစည်းရမယ့်အချိန် ရောက်နေပြီမဟုတ်လား”

အီဘရာဟင်က စိတ်ပျက်စွာဖြင့် နှာခေါင်းရှုံ့ လိုက်သည်။ အာဆူလာက အီဘရာ ဟင်၏ပါးစပ်တွင် တမာဂူပြန်တပ်ပြီး မီးညှိပေးသည်။ သူက ရှည်လျားစွာ တစ်ချက် ဆွဲရှိုက်လိုက်ပြီးနောက် ခေါင်းအုံးပေါ်တွင် ပြန်၍လှဲလိုက်သည်။ အာဆူလာကတော့ သူ့ဘေးနားတွင် ပက်လက်ကလေးရှိနေသည်။

အီဘရာဟင်က ပြောလိုက်သည်။ “ကဲ မထူးတော့ပါဘူး၊ ပူစရာရှိတာ မနက်ဖြန်မှပဲပူတော့မယ်၊ ဒီနေ့ တော့ တို့နှစ် ယောက် ပျော်ပျော်ပဲနေကြစို့”

အခန်း (၅)

ဗလီမျှော်စင်ပေါ်မှ မော်ဇင်၏ ဝတ်ပြုရန်နှိုးဆော်သံသည် ညကိုနေ့သို့ ပြောင်းလဲ စေလိုက်သည်။ ဟာဂျီအီဘရာဟင်သည် နေ့စဉ်နိုးနေကျအတိုင်း အချိန်မှန်နိုးလာသည်။ ချက်တောင်များကို ဖြည်းဖြည်းကလေးခတ်ကြည့်သည်။ သူ အလွန်မူးနေတုန်း ရှိသေးသည်။ ဒမတ်စကတ်...၊ သူဌေးကြီး ဖောဇီကဘား...။

အားလုံးကို မှတ်မိသည်။ အိပ်ရာပေါ်တွင် ထထိုင်လိုက်သည်။ ဂန်ဂျာ၊ အရက်နှင့် မိန်းမတို့၏ဒဏ်ကြောင့် တစ်ခေါင်းလုံး တဒိန်းဒိန်းဆောင့်မြည်နေသည်။

သူ့ဘေးမှအိပ်ရာပေါ်သို့ ဆတ်ခနဲလှည့်ကြည့်လိုက်သည်။ ကချေသည်မလေး အာဆူလာမရှိတော့။ သို့သော် သူ့ကိုယ်နံ့ကတော့ ရစ်ဝဲသင်းပျံ့နေဆဲရှိသေးသည်။ အီဘ ဟင်သည် သက်ပြင်းတစ်ချက်မှုတ်ထုတ်ကာ ပြုံးလိုက်သည်။ ပြီးတော့ ကိုယ်ပေါ်မှ ဆောင်ကို ဆွဲခွာလိုက်သည်။

ဖြစ်ရပ်သည် တကယ်မဟုတ်ပါရဲ့လားဟု တွေးနေမိသည်။ အိပ်မက်များ ဖြစ်နေလေ ရော့သလား။ အိပ်မက်ဖြစ်သည့်တိုင် ကောင်းသောအိပ်မက်ပါတကား။

သူသည် အိပ်ရာပေါ်တွင်ဝတ်ပြုအခင်းကို ဖြန့်ခင်းလိုက်သည်။ ထို့နောက်

မဏ္ဍာမြို့ သို့မျက်နှာမူကာ ဦးတိုက်ဝတ်တွားလိုက်သည်။ “မေတ္တာတော်အနန္တနှင့် ပြည့်စုံတော်မူသော အလ္လာအရှင်မြတ်ဘုရား… အရှင်သည်ကား ချီးမွမ်း၍ မကုန်နိုင်သော လောကသုံးပါး၏သခင်၊ မဟာကရုဏာတော်ရှင် ဖြစ်ပါပေ၏။

အရှင်သည် ဤလောကကို နောက်ဆုံးစီရင်ချက်ချမှတ်သော ပုဂ္ဂိုလ်မြတ်လည်း ဖြစ်ပါပေ၏။

အရှင်အား အကျွန်ုပ်တို့ လေးမြတ်စွာပူဇော်ဆည်းကပ်ပါ၏။ အကျွန်ုပ်တို့အား ကူညီစောင်မတော်မူပါအရှင်ဘုရား။ အကျွန်ုပ်တို့အား သူတော်ကောင်းတို့သွားရာလမ်းမှန်ကို ညွှန်ပြတော်မူပါလော့။ သူယုတ်မာတို့ သွားရာလမ်းမှားကို မသွားမိအောင် စောင်မကူညီတော်မူပါလော့”

ဝတ်ပြုပြီးသောအခါ သူသည် ဒယီးဒယိုင်နှင့်ပြန်ထသည်။ သူ့တစ်ကိုယ်လုံးသည့် ဗိုက်ခဲနာကျင်နေသည်။

”ရေချိုးဖို့ အဆင်သင့်ပြင်ထားပါပြီ”

သူ့နောက်ဘက်မှ မိန်းမအသံ ပေါ်ထွက်လာသည်။ လှည့်ကြည့်လိုက်တော့ အာဆူလာ တံခါးဝတွင်ရပ်နေသည်ကို တွေ့ရသည်။ သူ့ရင်ဘတ်သည် တဒိန်းဒိန်း ခုန်လာသည်။ အာဆူလာက ဆက်ပြောသည်။

“လသာဆောင်မှာ နံနက်စာစားဖို့လဲ စီစဉ်ထားပြီးပါပြီ၊ စားသောက်ပြီးတော့မှ အစည်းအဝေးလုပ်ပါလိမ့်မယ်” ။

အာဆူလာသည် အီဘရာဟင်အား ရေချိုးဇလားကြီးထဲသို့ ဖေးမ၍ချပေးသည်။ သူတို့နှစ်ယောက်သည် လည်ပင်းအထိမြုပ်သော ရေနွေးဇလားကြီးထဲတွင် ထိုင်နေကြသည် အာဆူလာက ရေမြှုပ်များနှင့်ကျီစယ်သည်။

“လူကြီးက သိပ်ကဲတာပဲ၊ လွန်ကိုလွန်တယ်၊ ဒါပေမယ့် ကျွန်မသိပ်ပျော်ပါတယ် သူက သိပ်တော်တာပဲနော်…အဟိ…. အဟိ…”

သူတို့နှစ်ယောက် လသာဆောင်တွင်နံနက်စာစားရင်း အလ္လာပသလ္လာပ

ပြောဆို နေကြသည်။ နောက်ဆုံးတွင် အာဆူလာက သူ့အကြောင်းကို ပြောပြသည်။

ဘာလင်မြို့တွင် စက်သေနတ်သံများ၊ ဗုံးကြဲသံများဆူညံနေသည်။ မြို့ထဲသို့ ရုရှတွေဝင်လာကြပြီတဲ့။ အားလုံး အထူးကြောက်လန့်နေကြသည်။ မိန်းကလေး တစ်ယောက် အပျက်အစီးတွေကြားထဲတွင်ပုန်းနေသည်။ .. သူတို့တွေ့သွားကြပြီး မုဒိမ်းကျင့်ကြသည်။ ... ပြီးတော့ အကျဉ်းစခန်းသို့ ရောက်လာသည်။ .. ဝေ်မွတ်ခြင်း ... စိတ်ဆင်းရဲခြင်း .....။ ထွက်ပြေးလာခဲ့သည်။ ... ဘေရွတ်မြို့သို့ရောက်လာခဲ့သည်။ အဲဒီနောက်တော့ အဲဒီနောက်တော့ ... ရွှေရောင်ဆံပင်နှင့် ဒုက္ခသည်မိန်းကလေးများ၏ လမ်းစဉ်အတိုင်း ... လမ်းဘေးသို့ရောက်သွားခဲ့တော့သည်။

"အင်း ...စစ်၊ စစ် ... တော်တော်ဆိုးတဲ့ စစ်ပါလား" အီဘရာဟင်က သက်ပြင်းတစ်ချက်မှုတ်ထုတ်ရင်း ပြောသည်။ "

ငါတော့ စစ်ကိုလုံးဝမလိုလားဘူး၊ တခြားတစ်နည်းနည်းတော့ရှိရမယ်၊ တစ်နည်း နည်းနဲ့ ဖြေရှင်းရမယ်"

"ရှင်တော်တော်စိတ်ညစ်နေတယ် ထင်တယ်" - "ဟုတ်တယ်၊ တော်တော်စိတ်ညစ်နေတယ်၊ ဖာဇီကဘားက ကျုပ်ကို ဒီကိုခေါ် မွတ်စလင်သူတော်ကောင်းတစ်ယောက်အဖြစ် ဆုပေးဖို့ခေါ်တာ မဟုတ်ဘူး အာဆူလာ

”ဒီည ရှင့်ဆီကို လာရဦးမှာလား၊ မလာရတော့ဘူးလားဆိုတာတော့ ကျွန်မ မသိဘူး။ ဒါပေမယ့် အခုတော့ အစည်းအဝေးစတဲ့အထိ ကျွန်မ ရှင်နဲ့အတူ နေလို့ရပါတယ်။

"နေပါစေ၊ မနေပါနဲ့၊ ငါဝတ်ပြုဦးမယ်၊ ဒါနဲ့ မနေ့ညက ငါ့ကိုပြုစုတာ အများကြီး ကျေးဇူးတင်ပါတယ်၊ ဒီလို အတွေ့အကြုံမျိုး နောက်ထပ်ဘယ်တော့မှ ရနိုင်စရာမရှိတော့ဘူး ငါတော့ ကစ်သက်လုံး သတိရနေတော့မှာပဲ၊ ငါနောက်ထပ် အခွင့်အရေး မယူချင်တော့ဘူး ငါပြောတာ နားလည်ရဲ့လား"

'လည်ပါတယ်၊ ရှင်ကသိပ်တော်ပါတယ် အီဘရာဟင်၊ ပညာလည်းရှိတယ် လည်း ကောင်းတယ်၊ ဒါပေမယ့် ကျွန်မကတော့ အောက်တန်းစား

ပြည့်တန်ဆမိပါရှင်

"အလ္လာအရှင်မြတ်က ငါ့ကို နည်းအမျိုးမျိုးနဲ့ အရာရာကိုပေးခဲ့တယ်။ မင်းကိုလည်း တွက် ကြီးကျယ်တဲ့ ဆုလာဘ်အနေနဲ့ ပေးလိုက်တာပဲ၊ ကိုယ့်ကိုယ်ကိုယ် မနှိမ့်ချစမ်းပါနဲ့၊ ဘက်ျားတစ်ယောက်ကို ကောင်းကင်ဘုံကိုမြင်အောင် ပြနိုင်တဲ့မိန်းမဟာ မိန်းမမြတ် ယောက်ပါ အာဆူလာ"

"ကျွန်မက ငယ်ငယ်ကတည်းက အရှက်အကြောက်ကင်းမဲ့ခဲ့တဲ့ မိန်းကလေးပါ"

"သိပ်ပြီး အရှက်အကြောက်ကြီးတာလည်း မကောင်းပါဘူး၊ ထူးခြားတဲ့ အချက် သစ်ခက်ကို ငါတွေးမိတယ်၊ အဲဒါက တခြားမဟုတ်ဘူး၊ ငါ့ကို လူတိုင်း သင်ပြလို့မရဘူး။

နွယ်စုထဲမှာလည်း ငါ့ကိုသင်ပြနိုင်တဲ့လူ တစ်ယောက်မှမရှိဘူး၊ သူတို့အတွက် အရာကို ငါကပ်တာဝန်ယူရတယ်။ ငါကပဲ ဆုံးဖြတ်ချက်ချရတယ်၊ ငါ့မှာ အစ္စမေလို့ခေါ်တဲ့ တစ်ယောက်ရှိတယ်၊ သူ့ကိုငါ သိပ်ပြီးအားကိုးတယ်၊ သူဟာ ငါ့ရဲ့ တစ်ခုတည်းသော လင့်ချက်ပဲ။

... ဒါပေမယ့် သူက သိပ်ပြီးငယ်သေးတယ်၊ သူဟာ သတ္တိလဲရှိတယ်၊ ပါးလည်း နပ်တယ်၊ ဒါကြောင့် တစ်နေ့မှာ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်ကိုဖြစ်လာမှာ က လည်လည်းလည်တယ်၊ ငါ့ကို ဘယ်လိုစည်းရုံးရမယ်ဆိုတာကို သူကောင်းကောင်း တယ်၊ သူကငါ့ကို စာတွေဖတ်ပြတယ်၊ ဒါကြောင့်မို့လို့ ငါဗဟုသုတ ရှိလာတယ်၊ မယ့် နောက်ဆုံးမှာတော့ ငါဟာ ရိုးရာအစဉ်အလာအတိုင်း ဆူနာနည်းလမ်းတွေကို မြတ်နာပြီး ဆုံးဖြတ်ချက်မှန်သမျှကို ချမှတ်ရတာပဲ။

.. လူတစ်ယောက်ဟာ ရိုးရာအတိုင်းချည်း လိုက်နာနေလျှင် ပညာဗဟုသုတ ပြီးမရနိုင်ဘူး၊ ပညာဗဟုသုတဟာ ရိုးရာအစဉ်အလာနဲ့ လုံးဝဆန့်ကျင်ဘက်ဖြစ်တယ်၊ က ကိုရန်ကျမ်းလာနှုတ်ကပတ်တော်တွေအတိုင်း အမြဲတမ်း လိုက်နာကျင့်သုံးတယ်။ ဒီလိုလုပ်တော့ ပညာဗဟုသုတတံခါး ပိတ်တော့တာပေါ့၊ ခွင့်လွှတ်ပါ အာဆူလာ၊ က ပြောမိပြောရာ လျှောက်ပြောမိတာပါ"

“ပြောသာပြောပါ၊ ကျွန်မ သိပ်ပြီးစိတ်ဝင်စားပါတယ်”

”မနေ့ညက ငါအသိတစ်ခုတိုးခဲ့တယ်၊ ငါ့မှာ မိတ်ဆွေတစ်ယောက်ရှိတယ်၊ သူက စိတ်တံခါးကိုဖွင့်ပေးဖို့ နှစ်ပေါင်းများစွာကြိုးစားခဲ့တယ်၊ ကိုရန်ကျမ်းက အဲဒီလိုမလုပ်ဖို့ ကိုတားထားတယ်၊ အရာရာဟာ အလ္လာအရှင်ရဲ့ အလိုတော်အတိုင်း ဖြစ်နေတာချည်းပဲလို့ တယ်။ မနေ့ညက ငါအမှန်ကိုမြင်လာတယ်။ ပါလက်စတိုင်းကို ရောက်လာကြတဲ့ တွေယူလာတဲ့ လောကသစ်ကို ငါအလျင်ကလို မကြောက်တော့ဘဲ ရဲရဲကြည့်ဝံ့လာတယ်၊ သတ္တိကို မင်းက ငါ့ကိုပေးတာပဲ။

... ငါဟာ မိန်းမတစ်ယောက်ရဲ့ ကြင်နာသနားခြင်းကို လက်ခံပါပြီ၊ အဲဒီမိန်းမဟာ ရာရာကို ငါ့ထက်သိတယ်ဆိုတဲ့အသိကို ငါအခုသိရပြီ၊ တဘားရှာ အကြီးအကဲ တစ်ယောက်က မိန်းမတစ်ယောက်ဆီမှာ တပည့်ခံတယ်ဆိုတာ ဘာသဘောလဲ၊ ဘယ်လို သွားမလဲ၊ မင်းစဉ်းစားမိသလား အာဆူလာ”

”အာရပ်ယောကျ်ားတွေအကြောင်း ကျွန်မ ကောင်းကောင်းသိပါတယ် အီဘရာဟင်” အာဆူလာက နွမ်းလျသောလေသံဖြင့် ပြန်ပြောသည်။
“ဘာကိုဆိုလိုတယ်ဆိုတာ မင်းသဘောပေါက်ရဲ့လား” အီဘရာဟင်က ထပ်၍ သည်။
“တားမြစ်ထားတဲ့ အခန်းတံခါးကို ရုတ်တရက်ဖွင့်လိုက်တာပဲ မဟုတ်လား ၉ ငါဟာ ငါ့အချစ်ဆုံး မိတ်ဆွေတစ်ယောက်နဲ့ အမြဲတမ်း အငြင်းပွားနေခဲ့ရတယ်၊ မိတ်ဆွေတွေ အများကြီးရှိပါတယ်၊ ဒါပေမယ့် အဲဒီမိတ်ဆွေတစ်ယောက်ကိုသာ ငါယုံတယ် ငါဟာ ငါ့သား အစ္စမေကိုတောင်မှမယုံဘူး”

သူ့စကားတွင် ကြေကွဲသံပါလာသည်။

“အဲဒီမိတ်ဆွေက ဂျူးလူမျိုး၊ ဟော...ငါဟာ ငါ့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေ မိန်းမတစ်ယောက်ကိုတောင် ရင်ဖွင့်နေမိပါပကောလား”

“ဘာကိုပြောတာလဲ အီဘရာဟင်”

“ဘာကိုပြောတာလဲ ဟုတ်လား၊ ဘာကိုပြောရမှာလဲ၊ ဂျူးတွေအကြောင်းပြောတာ ဂျေရုဆလင်မဟာမင်းကြီး ဟာဂျီဟူစိန်နီက ဂျူးမုန်းတီးရေးစိတ်ထားကို ထူထောင်တ ဒီစိတ်ထားဟာ သူမတိုင်ခင်ကလဲ ရှိကောင်းရှိခဲ့မှာပါ။ တို့လူမျိုးတွေရဲ့ ရင်ထဲမှာ တစ်သက် ရှိချင်ရှိနေမှာပေါ့။ ဒါပေမယ့်

မနေ့ညကတော့ ငါအသိအမြင်တစ်ခုရလာတယ်၊ မိန်းမ ယောက်က သင်ပြလိုရတဲ့အသိ”

“.. အလျင်ကဆိုလျှင် ငါ့အတွက် အမှန်တရား တံခါးပိတ်နေခဲ့တယ်။ ဂျူး ပေါင်းလျှင် ဂျူးတွေဆီကပညာယူလျှင် အကျိုးရှိနိုင်တယ်ဆိုတဲ့ အမှန်တရားပါ၊ ငါတို့ တွေမှာက အမြင်ကျဉ်းကြတယ်၊ အမြင်ကျယ်ကြပါလို့ အသံတစ်သံပေါ်ထွက်လာသော အဲဒီအသံကို လုပ်ကြံသတ်ဖြတ်ပစ်ကြတယ်၊ ဒါဟာ ငါတို့လူမျိုးရဲ့ စိတ်ထား၊ ငါတို့လူမျိုး သဘာဝပဲ။ အခုရင်ဆိုင်ရမယ့်စစ်ပွဲဟာ ငါ့မျိုးနွယ်စုတွေအတွက် သိပ်ပြီးခက်ခဲလိမ့်မ ငါတစ်ယောက်တည်းကပဲ ဒိုင်ခံပြီးဆုံးဖြတ်ချက်ချရလိမ့်မယ်၊ တာဝန်ယူရလိမ့်မယ် သူက အာဆူလာ၏လက်ကို သူ့လက်နှင့်အသာပုတ်ပြီး ပြုံးလိုက်သည်။ သူ့မျက် ညှိုးလျှနေသည်။

ဟာဂျီအီဘရာဟင်သည် အစည်းအဝေးတက်ရန် အကောင်းဆုံးဝတ်ရုံများကို လာခဲ့သည်။ အကောင်းဆုံး လက်ဝတ်ရတနာများကို ဝတ်ဆင်လာခဲ့သည်။ သို့ အလွန်ချမ်းသာသော ခေတ်သူဌေးကြီးတစ်ယောက်၏ ဝတ်ရုံမျိုး၊ ရတနာမျိုးတော့မဟု ဘီဒိုယင်လူမျိုးစုတို့၏ အကောင်းဆုံး ရိုးရာအဝတ်အစားများနှင့် ရတနာများသာ ဖြစ်သ ခေတ်မျက်စိနှင့်ကြည့်လျှင် အလွန်ရှေးကျသည်ဟု ဆိုနိုင်သည်။ သို့သော် ခမ်းနားလှပသ ဩဇာအရှိန်အဝါ အပြည့်ရှိသည်။

သူသည် လက်သန်းတွင် ဝတ်ထားသောလက်စွပ်ကို ချွတ်လိုက်သည်။ အာ . ၏ လက်ဝါးကိုဖြန့်သည်။ လက်ဝါးထဲတွင် လက်စွပ်ကိုထည့်ပေးပြီး ပြန်ပိတ်လိုက်သ

”ကျေးဇူးပြုပြီး လက်ခံပါ” သူကပြောသည်။ “ကျေးဇူးပါပဲ၊ ကျွန်မ အမြတ်တနိုးဝတ်ထားပါ့မယ်” အာဆူလာက တိုးတိုးကလေးပြန်ပြောသည်။ “ကဲ … ခွင့်ပြုပါဦး၊ ငါ တရားထိုင်ရဦးမယ်” 'အင်း…' “ဖောဇီကဘားကို အထူးသတိထားပါ၊ သူက သစ္စာရှိတဲ့လူမဟုတ်ဘူး”

ဘာရဒါမြစ်မှ မြစ်ဖျားခံလာသော စမ်းချောင်းကလေးသည် လသာဆောင်ဘေးမှ အငြိမ့်ငြိမ့် ဖြတ်ကျော်စီးဆင်းနေသည်။ လေငြိမ်နေသော်လည်း နှင်းဆီရနံ့များ သင်းပျံ့ နေသည်။

အီဘရာဟင်သည် ငြိမ်ချက်သားကောင်းစွာထိုင်ပြီး အလေးအနက် စဉ်းစားနေသည်။ အစ္စမေက သူ့ကို အမြဲတမ်းစာဖတ်ပြခဲ့သောကြောင့် သူ့အနေဖြင့် ဗဟုသုတတွေ များကြီးတိုးလာခဲ့သည်။ အသိတရားတွေ ပွားလာခဲ့သည်။ ဆင်ခြင်စဉ်းစားဉာဏ်လည်း ဒထူးရင့်သန်လာခဲ့သည်။

မဟာမင်းကြီးဟာဂျီအာမင်အေလ်ဟူစိန်နီသည် သူ၏ ကမ္ဘာရန်ဘက်ဖြစ်သည်။ အခါ မဟာမိတ်တို့က ဟူစိန်နီအား စစ်တရားခံအဖြစ်ဖမ်းဆီးရန် အလိုရှိနေကြသည်။ သူသည် ပြင်သစ်တို့အားလှည့်စားပြီး အာရပ်ကမ္ဘာထဲသို့ ပြန်လည်ထွက်ပြေးလာခဲ့သည်။

သို့သော် အာရပ်ကမ္ဘာက သူ့ကို လှိုက်လှဲဝမ်းသာ ကြိုဆိုလိုစိတ်မရှိတော့။ သူ့ ကားနှင့် သူ့တရားမှာ တခြားစီဖြစ်နေကြပြီ။ ထို့ကြောင့် ဂျေရုဆလင်သို့ ပြန်လာ၍ ဖြစ်တော့။ တခြားသော အာရပ်နိုင်ငံမြို့ပေါင်းများစွာတွင် လှည့်လည်ခိုလှုံရင်းဖြင့်သာ ဆန့်ကျင်ရေးဝါဒကို ဆက်လက်ဟောပြောနေတော့သည်။

ပါလက်စတိုင်း ခွဲခြမ်းရေးစီမံကိန်းကို ကုသလမဂ္ဂအဖွဲ့ကြီးက မဲဆန္ဒဖြင့် အတည်ပြု ထိုက်ံသည်နှင့်တစ်ပြိုင်နက် ဟာဂျီဟူစိန်နီသည် သူ၏တူဖြစ်သူ အဗ္ဗဒူကဒါဟူစိန်နီအား သူ၏ စစ်သေနာပတိအဖြစ် ခန့်လိုက်လေသည်။

ထို့နောက် သူ့ကိုယ်စား အပျော်တမ်းစစ်တပ်ကြီးတစ်တပ်ကို အမြန်ဆုံးဖွဲ့စည်းရန် လည်း အဗ္ဗဒူကဒါအား တာဝန်ပေးလိုက်သည်။ ဂျေရုဆလင်ပတ်ဝန်းကျင်တွင် ဟူစိန်နီလူမျိုးစု နှင့် မျိုးနွယ်စုများအများအပြား နေထိုင်ကြသည်။ ယင်းတို့အထဲမှ အပျော်တမ်းတပ်သားများ ခေါ်ယူဖွဲ့စည်းရန်ဖြစ်သည်။ အပျော်တမ်းတပ်ဖွဲ့ကို သာသနာတော်တပ်မဟာ” ဟူ၍ မည်ပေးလိုက်သည်။

စင်စစ် အဗ္ဗဒူကဒါသည် စစ်ရေးစစ်ရာကို နကန်းတစ်လုံးမှ နားလည်သူမဟုတ်။ သို့သော် သူကထင်ပေါ်သည်။ ဟီဘရွန်မှ အနောက်ဘက်ကမ်းတစ်လျှောက် ရာမလာအထိ ကိုလူတိုင်းသိကြသည်။ သူသည် ဂျေရုဆလင်၊ ဂျူဒီယာနှင့် ဆမာရိယမြို့များ၏ တစ်ခေါင်းဆောင်ဖြစ်သည်။ သူ့ဦးကြီး မဟာမင်းကြီး၏ ကိုယ်စားလှယ်ဖြစ်လာသည်။

သူ၏ ဘာသာတော်တပ်မဟာမှ အပျော်တမ်းတပ်သားအများစုမှာ တိုက်ခိုက်ရေးကို နားမလည်သော အလုပ်လက်မဲ့များ၊ လယ်သမားများ၊ လူငယ်အဖွဲ့ဝင်များ၊ မွတ်စလင် ဦးနှောင်အဖွဲ့ဝင်များနှင့် ကုန်သည်များသာ ဖြစ်ကြသည်။ ဤသည်ကို ဟာဂျီအီဘရာဟင် စောင်းစွာသိထားသည်။

စစ်ရေးအတွေ့အကြုံရှိသော တပ်သားထောင်ပေါင်းအနည်းငယ်မှာ ဖြိုတိသျှလက် ဘက်တွင် အမှုထမ်းခဲ့သူများ၊ ပုလိပ်အမှုထမ်းများနှင့် နယ်ခြားစောင့် တပ်ဖွဲ့ဝင်ဟောင်း ဖြစ်သည်။ သို့သော် သူတို့တွင် လက်နက်ခဲယမ်းမီးကျောက်မလုံလောက်။ စည်းကမ်း ဦးသိမ်းမှုညွှဖျင်းသလို ခေါင်းဆောင်မှုကလည်း လျော့ရဲလှသည်။

မဟာမင်းကြီး၏ ပုန်ကန်မှုကာလတုန်းကဖွဲ့စည်းခဲ့သော “ဘုရားသခင်၏ စစ်သည် မား” အမည်ခံ မိုဂျာဟီဒင်များမှာလည်း ဂျူးတပ်ဖွဲ့များအား ဖြစ်ဖြစ်မြောက်မြောက် ဆိုက်ခိုက်နိုင်ခဲ့ကြ။ သူတို့၏ အကြီးကျယ်ဆုံးအောင်မြင်မှုများမှာ သွေးချင်းမွတ်စလင်တို့နှင့် Kas မဟာမင်းကြီး၏ ပြိုင်ဘက်များကို လုပ်ကြံသတ်ဖြတ်ခြင်းများသာဖြစ်ခဲ့သည်။ ယခု သာသနာ တော်တပ်မဟာသည်လည်း ထိုနည်းလည်းကောင်းပင်လာလိမ့်မည်။ အောင်မြင်မှုရရန် လမ်းမမြင်။

ဟာဂျီအီဘရာဟင်၏ အတွေးသည် သူ၏ အခြားကမ္ဘာရန်ဘက်တစ်ဦးဆီသို့ ရောက်သွားပြန်သည်။

ထိုသူကား ဗိုလ်ချုပ်ကြီးကောက်ဂျီ။

ကောက်ဂျီသည် လက်ဘနွန်သားလား၊ ဆီးရီးယားသားလား၊ အီရတ်လူမျိုးလား အတိအကျမသိရ။ သူသည် စစ်အတွင်းက ဂျာမနီနာဇီတပ်တွင် အမှုထမ်းခဲ့သည်။ သူ၏ အပျော်တမ်းတပ်များသည် မဟာမင်းကြီး၏ ပုန်ကန်မှုကာလတွင် အတုံးအရုံး ပြိုကွဲသွား ခဲ့သည်။ သူတို့သည် ရန်သူနှင့်ရင်ဆိုင်တွေ့ လျှင် သွေးရူးသွေးတန်း ထွက်ပြေးတတ်ကြသော သူခိုးဓားပြအဆင့်သာသာလောက်သာ ရှိသူများဖြစ်ကြသည်။

ဟာဂျီအီဘရာဟင်သည် ကောက်ဂျီအား သူအောင်ပွဲခံခဲ့ခြင်းကိုတွေးပြီး ပို၍

စိုးရိမ်မိသည်။ အာရပ်ကမ္ဘာတွင် ခွင့်မလွှတ်ခြင်းနှင့် ကလဲ့စားချေခြင်းသည် ရိုးရာစရိုက် ဖြစ်သည်။ ထို့ကြောင့် ယခုဆွေးနွေးပွဲတွင် ကောက်ဂျီနှင့်ရင်ဆိုင်ရမည်ကို အထူးနောက်ခံ တင်းနေမိသည်။ ကောက်ဂျီသည် အီဘာရာဟင်အပေါ်တွင် အရှုံးထဲမှ အမြတ်ထုတ်မည်မှာ သေချာသည်။

သို့သော် အာရပ်ကမ္ဘာကတော့ သူ့အား နာမည်ကျော်စစ်သည်တော်ကြီး တစ်ဦးအဖြစ် အသိအမှတ်ပြုထားသည်။ သူသည် "အာရပ်လွတ်မြောက်ရေးတပ်မတော်" ကိုဖွဲ့စည်းပြီး မိုရိုကိုမှ အိုမန်အထိ အပျော်တမ်းစစ်သားများ စုဆောင်းနေသည်။ ကုန်ကျစရိတ်အားလုံးကို ပုဂ္ဂလိကနှင့် အသင်းအဖွဲ့ပေါင်းစုံတို့က ထောက်ပံ့မည်ဖြစ်သည်။

ခွဲခြမ်းရေးစီမံကိန်းကို မဲခွဲဆုံးဖြတ်သောနေ့တွင်ပင် အာရပ်အမျိုးသား ထောင်ပေါင်း များစွာတို့သည် ကောက်ဂျီ၏ လွတ်မြောက်ရေးတပ်မတော်သို့ တဖွဲဖွဲနှင့် ဝင်ရောက်လာ ကြသည်။ သို့သော် သူတို့၏ စိတ်လိုက်မာန်ပါဒေါသစိတ် ပြယ်သွားသောအခါ ပြန်လည်ထွက် ပြေးသွားကြသည်။ သို့ဖြင့် ကောက်ဂျီ၏တပ်မတော်တွင် စိတ်ကူးယဉ် မိုက်ရူးရဲသမားများ ကျန်နေရစ်တော့သည်။

သူတပ်မတော် အခြေအနေမဟန်ကြောင်းသိရသောအခါ ကောက်ဂျီသည် ကြေးစား စစ်သားများကို ပိုက်ဆံပေး၍ ဝယ်လာသည်။ သို့သော် ဤလုပ်ငန်းလည်း မျှော်လင့်သလောက် မအောင်မြင်။

ဤတွင် ကောက်ဂျီသည် တစ်နည်းကြံပြန်သည်။ ယင်းမှာအခြားမဟုတ်။ အာရပ် နိုင်ငံများ၌ပုန်းနေသော နာဇီစစ်မှုထမ်းဟောင်းများ၊ ဗြိတိသျှနှင့် အီတလီတပ်ပြေးများကို စည်းရုံးသိမ်းသွင်းခြင်းဖြစ်သည်။ ၎င်းတို့ကို အုပ်ချုပ်ရန်အတွက်မူ လက်ရှိအာရပ်နိုင်ငံများ၏ စစ်တပ်များမှစစ်ဗိုလ်များကို ကြေးကြီးပေး၍ ဝယ်ယူလေသည်။

ထို့နောက် သူသည် အာရပ်ကမ္ဘာအပြင်ဘက်မှ အခြားသောအစ္စလာမ်ဘာသာဝင် များထံ အကူအညီတောင်းသည်။ ဤသို့ဖြင့် ယူဂိုဆလားဗီးယား၊ အိန္ဒိယ၊ အာဖရိကနှင့် အရှေ့ဖျားနိုင်ငံများမှ အပျော်တမ်းတပ်သား ထောင်ပေါင်းအနည်းငယ် ရရှိခဲ့သည်။

ထို့ပြင် သူသည် ဘဂ္ဂဒက်၊ ဘေရွတ်၊ ဒမတ်စကတ်နှင့် ရီယတ်စသော မြို့ကြီး များရှိ အကျဉ်းထောင်များမှ ထောင်ကျများကို ပြစ်ဒဏ်ကာလထက် အစောကြီးလွတ်အောင် နည်းအမျိုးမျိုးဖြင့်ကြိုးစား၍ သူ့တပ်မတော်အတွက် အင်အားဖြည့်တင်းသည်။ နောက်ဆုံးတွင် လင်ညီနောင်များအဖွဲ့ နှင့် အပြန်အလှန် ကူညီရေးစာချုပ်များချုပ်ဆိုသည်။

ကောက်ဂျီသည် သူ့တပ်မတော်အတွက် အင်အားတစ်သောင်းအထိ စုဆောင်း အရံမည်ဟု မျှော်လင့်ခဲ့သည်။ နောက်ဆုံးကျတော့ ရှစ်ထောင်မျှသာရရှိသည်။

သူသည် ယင်းအင်အားဖြင့် ပါလက်စတိုင်းကိုဝင်တိုက်ပြီး ရနိုင်သမျှသိမ်းပိုက်မည်ဟု ရွယ်သည်။ သို့သော် အမြဲတမ်းအာရပ်တပ်ဖွဲ့ များ ရောက်မလာခင် လှုပ်ရှားရမည်ဖြစ်၍ “ သူ့ အတွက် လှုပ်ရှားမှုကာလမှာ လေးလခွဲသာရှိသည်။

သာသနာတော်တပ်မဟာနှင့် အာရပ်လွတ်မြောက်ရေးတပ်မတော်မှ ဗိုလ်ချုပ်ကြီး နှစ်ယောက်စလုံးသည် ဒမတ်စကတ်တွင် ခြေကုပ်ယူကာ လက်နက်နှင့်ငွေ ရရှိရေးအတွက် အကြီးအကျယ် ကျိတ်ကြဲနေကြသည်မှာ ထင်ရှားသည်။

တကယ်ဆိုသော် ဤပုဂ္ဂိုလ်နှစ်ယောက်သည် အချင်းချင်းတည့်ကြသူများ မဟုတ် တစ်ဦးနှင့်တစ်ဦး အတွင်းကျိတ် မုန်းတီးနေကြသူများသာဖြစ်သည်။ အခွင့်သာလျှင် ဦးကိုတစ်ဦး အပြုတ်နှံ့ရန် ကျိတ်ကြံနေသူများသာဖြစ်သည်။

သို့ဆိုလျှင် သူတို့နှစ်ဦး ပူးပေါင်းလုပ်ဆောင်၍ ဘယ်လိုဖြစ်နိုင်ပါမည်နည်း။ တစ်ယောက်စလုံးသည် ဂျော်ဒန်၊ အီဂျစ်၊ ဆီးရီးယားနိုင်ငံများနှင့် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပေါင်းထားကြသည်မှာ သိသာသည်။

သို့ဖြစ်လျှင် သူတို့ကို ကူညီမည့်သူ တကယ်ကောရှိပါရဲ့လား။ သူဌေးကြီးဖောဇီကဘား ရော တကယ်ကူညီမှာလား။ အာရပ်တွေမှာ တိကျသောဝါဒလမ်းစဉ်ရှိရဲ့လား။ မခံချင်၍ ချိတ်ကြဲနေကြတာလား။ သူတို့ဘာတွေလုပ်နေသည် ဆိုတာကိုရော သူတို့ကိုယ်တိုင် တိကျကျသိကြရဲ့လား။

ဂျူးတွေကိုအပြုတ်နှံရလျှင် ပြီးရောဆိုပြီး တစ်ဇောက်ကန်း လုပ်နေကြတာလား။ နောက်ပိုင်း ဘယ်လိုဖြစ်လာမယ်၊ ဘယ်လိုဖြေရှင်းမယ်ဆိုတဲ့ ကိန်းအတိအကျရော ရှိပါရဲ့လား။

ပါလက်စတိုင်းတွင် အာရပ်စစ်တပ်တွေနှင့် လက်နက်ကိုင် ပြည်သူ့စစ်အင်အားစုတွေ ရှိနေကြသည်။ အကယ်၍ ဂျူးတွေကိုဝိုင်းတိုက်လို့ အောင်ပွဲခံပြီးသည့်နောက်တွင် ဆိုပါအင်အားစုတွေအချင်းချင်း သဘောချင်းမတိုက်ဆိုင်၍ အဝေမတည့်၍ အာရပ် သားအချင်းချင်း ပြန်တိုက်ကြမည်ဆိုသည်ကိုရော သည်လူတွေတွေးမိကြပါရဲ့လား။

ဟာဂျီအီဘရာဟင်သည် "အာရပ်အမျိုးသားညီလာခံ" ဟုခေါ်သော ညီလာခံတွေ ကြီးတက်ခဲ့ဖူးသည်။ နောက်ဆုံး အမျိုးသားရေးအတွက် မည်သည့်ဆောင်ရွက်ချက်မှ ပေါ်ပေါက်မလာဘဲ ရာသက်ပန် မင်းမဲ့ဝါဒီခေါင်းဆောင်တွေသာ ပေါ်ပေါက်လာခဲ့ကြသည် တ်လား။ ပြီးတော့ လွတ်မြောက်ရေးတပ်မတော်နှင့် သာသနာတော်တပ်မဟာစစ်သားများ ကလည်း မိမိ၏တဘားရွာသားတွေလိုပင် "ပါးစပ်သေနတ်" သမားတွေပဲမဟုတ်လား။

လုံ့စွပ်မြင်လျှင် ကြောက်ချေးပါပြီး ထွက်ပြေးကြသူတွေပဲ မဟုတ်လား။ ဂျူးတို့ဘက်မှအင်အားကိုတော့ အီဘရာဟင်က အတိအကျမသိ။ သို့သော် သူတို့၏ ရုံးရေး၊ အုပ်ချုပ်ရေးနှင့် ညီညွတ်ရေးစွမ်းရည်ကိုတော့ သူကောင်းကောင်းသိသည်။

ကျူးတပ်ဖွဲ့ဝင်တို့သည် ဗြိတိသျှတို့အား ဆန့်ကျင်တိုက်ခိုက်ရာတွင် တစ်စုံတစ်ခုသော င်းအတာအထိ အောင်ပွဲခံခဲ့ကြသည်။ အာရပ်တို့အား ဆန့်ကျင်တိုက်ခိုက်ရာတွင်လည်း es မရှုံးနိမ့်ခဲ့ကြ။

ဂျူလက်နက်ကိုင် တပ်ဖွဲ့ များထဲတွင် ဝါရင့်စစ်မှုထမ်းဟောင်းများ ထောင်သောင်းခံ ပါဝင်သည်။ ကောက်ဂျီနှင့် အဗ္ဗဒူကဒါတို့၏တပ်များက လာတိုက်လျှင် အဆိုပါတပ်သည် များကတောင် တိုက်ရန်မလို၊ ဘုံရိပ်သာများ၌ အမြဲတမ်းဖွဲ့စည်းထားသော ကာကွယ်ရေး များ၏အင်အားနှင့်ပင် ခုခံကာကွယ်ရန် ကောင်းကောင်းလုံလောက်သည်။

ထို့ပြင် ဂျူးတို့တွင် "ပါးလ်မက်ချီ"ခေါ်

လူငယ်အပျော်တမ်းတပ်ဖွဲ့ဝင်များလည်း အများအပြားရှိသေးသည်။

ပြီးတော့ဂျူးတို့က အာရပ်တွေလို အပြောသမားတွေမဟုတ်ကြ။ စိတ်ကူးယဉ်သ တွေမဟုတ်ကြ။ အလုပ်တစ်ခုကိုလုပ်ပြီဆိုလျှင် အမှန်တရားအပေါ်အခြေခံကာ လက် ကျကျစဉ်းစားပြီးမှ စီမံကိန်းအတိအကျဆွဲကာ ထိထိရောက်ရောက် လုပ်ကိုင်တတ်ကြသည်။ အချင်းချင်းရိုင်းပင်းကူညီကြသည်။ အာရပ်တွေကတော့ အလုပ်ထက်အပြောသာ များ သည်။ အချင်းချင်းလည်း မညီညွတ်ကြ၊ မစည်းလုံးကြ။

အဆုံးစွန်ပြောရလျှင် လာလတ္တံ့သောစစ်ပွဲအတွက် တန်ဖိုးကြီးကြီး ပေးရမည့် များမှာ သူဌေးကြီး ဟောဇီကဘားလည်းမဟုတ်။ အာရပ်လွတ်မြောက်ရေးတပ်မ ဗိုလ်ချုပ်ကြီး ကောက်လည်း မဟုတ်။ သာသနာတော်တပ်မဟာ ဗိုလ်ချုပ်ကြီးအဗ္ဗဒူက လည်းမဟုတ်။ ဘဝရပ်တည်ရေးအတွက် တစ်သက်လုံး ပင်ပန်းကြီးစွာ ကြံ့ရုန်းလာခဲ့ ရသော တဘားရွာလယ်သမားများနှင့် ပါလက်စတိုင်းသားများသာ ဖြစ်သည်။

"ဟာဂျီအီဘရာဟင်"

ခေါ်သံကြား၍ လှည့်ကြည့်လိုက်သောအခါ တံခါးဝတွင် ဒန်ဒက်ရှိ ရပ်နေသည်။ တွေ့ရသည်။

"အစည်းအဝေးစဖို့ အသင့်ဖြစ်နေပါပြီ"

အခန်း (၆)

သူဌေးကြီးဖောဇီကဘား၏ ရုံးခန်းထဲတွင်ကျင်းပနေသော အစည်းအဝေးမှာ ဘုရင်များနှင့် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးကဲ့သို့ ကြီးကျယ်လှသည်။ ဟာဂျီအီဘရာဟင်အား အဗ္ဗဒူကဒဟူစိန်နီနှင့် ဗိုလ်ချုပ်ကြီး ကောက်ဂျီတို့၏ ရှေ့တည့်တည့် တွင် နေရာချပေးသည်။ သို့သော်လည်း ဟာဂျီအီဘရာဟင်က ကြောက်စိတ်မဝင်အောင် ကိုယ့်ကိုယ်ကိုယ် တင်းထားသည်။ ကောက်ဂျီမှာ မာရှယ် ဗိုလ်ချုပ်ကြီးယူနီဖောင်း သစ်ကြီးနှင့် ကိုယ်ရောင်ကိုယ်ဝါ တောက်ပြောင်နေသည်။

သူကပင် စတင်ပြောသည်။

အစည်းအဝေးမစခင် ဟာဂျီအီဘရာဟင်ကို ကျွန်တော်ပြောချင်တာကတော့ ကျွန်တော့်ကို တိုက်ပွဲတုန်းက သူတစ်ပတ်ရိုက်ခဲ့တဲ့အတွက် သူ့အပေါ်မှာရော တဘား သားတွေအပေါ်မှာရော ကျွန်တော့်အနေနဲ့ ပုဂ္ဂိုလ်ရေးအရ ကလဲ့စားချေလိုစိတ် လုံးဝမရှိပါ ဘူး၊ ဘယ်တော့မှလဲ ရှိလိမ့်မှာမဟုတ်ဘူး။ ခုအချိန်မှာ ကျွန်တော်တို့အားလုံးဟာ ဘုံရန် သူကို ရင်ဆိုင်နေရတဲ့ ညီနောင်ရင်းချာတွေပါ”

ဘုံရန်သူက ကျွန်တော်တို့အချင်းချင်းပါပဲ။ အီဘရာဟင်က ခေါင်းတစ်ချက်ညိတ်ပြီး ကောက်ဂျီကိုပြုံးပြလိုက်သည်။ ထို့နောက် အဗ္ဗဒူကဒါက ထောက်ခံဖြည့်စွက်သည်။

“ကျွန်တော်တို့ ဟူစိန်နီမိသားစုတွေကလည်းပဲ ဗိုလ်ချုပ်ကြီးပြောသလိုပဲ သဘောထား ကြပါတယ်။ ကျွန်တော့်ဦးကြီး မဟာမင်းကြီးအနေနဲ့ ဘယ်လိုမှ အာဃာတမထားပါဘူး။ ဒီအချိန်ဟာ ကျွန်တော်တို့ညီအစ်ကိုအချင်းချင်း ရန်ဖြစ်နေဖို့အချိန် မဟုတ်တော့ပါဘူး၊ ကျွန်တော်တို့ရဲ့ အမျိုးသားရေးကိစ္စကြီးကို ချက်ချင်းဆောင်ရွက်ရမယ့်အချိန် ဖြစ်ပါတယ်”

အီဘရာဟင်က ခေါင်းညိတ်ပြလိုက်ပြန်သည်။

ဖောဇီကဘားသည် လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး ပုတစ်တစ် သူ့ခန္ဓာကိုယ်ကို ဆက်မြင့်သားရေဖုံးကုလားထိုင်ကြီးတွင် နေသားတကျ ပြင်ထိုင်လိုက်သည်။ ထို့နောက် နတ်ခမ်းချင်းဖိပြီး လက်ချောင်းထိပ်ချင်းယှက်ကာ 'မဟာမင်းကြီးရဲ့ တော်လှန်ရေး ပြီးဆုံးသွားတဲ့အချိန်ကစပြီး အခြေအနေတွေဟာ ကြီးပြောင်းလဲသွားပြီ၊ အဲဒီတုန်းက ကျုပ်တောင် အမြင်တစ်မျိုးမြင်နေခဲ့တယ်၊ ကညီအစ်ကိုတော်နှစ်ယောက် ကျုပ်ဆီရောက်လာပြီး ဖြစ်လာတဲ့အခြေအနေတွေအတွက် ဝင် ပေါင်းဆောင်ရွက်ဖို့ပြောကြတော့ ကျုပ်အလွန်ဝမ်းသာသွားမိတယ်၊ ဒီကနေ့အချိန်မှာ ကျုပ်တို့အတွက်လုပ်စရာတစ်ခုပဲရှိတယ်၊ ရန်သူတစ်ယောက်ပဲရှိတယ်၊ ဒါကြောင့် အာရပ် ကမ္ဘာတစ်ခုလုံး စည်းလုံးညီညွတ်မှုဟာ အထူးလိုအပ်နေတယ်”

"ကျွန်တော်တို့က ဘယ်တုန်းကများ စည်းလုံးခဲ့ဖူးလို့လဲ" အီဘရာဟင်က မေးခွန်းထုတ်လိုက်သည်။

ကျန်ပုဂ္ဂိုလ်သုံးဦးက သူ့ကိုစိုက်ကြည့်ပြီး စိတ်ပျက်သွားကြသည်။ စကတည်းက မလွယ်ပါလားဟု ကဘား ကတွေးလိုက်မိသည်။

"ခွဲခြမ်းရေးစီမံကိန်းကို မဲခွဲအတည်ပြုတဲ့အချိန်ကစပြီး ကျုပ်တို့စည်းလုံးခဲ့ကြတယ်။ အာရပ်ညီအစ်ကိုတော်အချင်းချင်း ပခုံးချင်းယှဉ်ပြီး လက်တွဲနိုင်တယ်ဆိုတာကို တစ်ကမ္ဘာလုံး မြင်ကြရလိမ့်မယ်"။

"ဇီယွန်ဝါဒီနိုင်ငံ ထူထောင်ဖို့အတွက် ကျုပ်တို့ကိုထိပါးလာတဲ့အခါတိုင်း ကျုပ်တို့ အာရပ်မြေပေါ်မှာ ဘယ်တုန်းကများ စည်းလုံးမှုပျက်ပြားခဲ့ဖူးလို့လဲ"

အဗ္ဗဒူကဒါက ဖြည့်စွက်ထောက်ခံသည်။ ပြီးတော့ ကောက်ဂျီကထပ်ပြီး...

"ကျွန်တော့်အနေနဲ့ မဟာမင်းကြီးနဲ့ သဘောထားကွဲလွဲချက်တွေ အများကြီးရှိခဲ့ ပါတယ်၊ ဒါပေမယ့် ကျွန်တော်က အတိတ်ကိုအတိတ်မှာပဲထားခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ၁၉၃၉ ခုနှစ်ဟာ ၁၉၃၉ ခုနှစ်ပါပဲ၊ အခု ၁၉၄၇ ခုနှစ်ဟာ အခု ၁၉၄၇ ခုနှစ်ပါပဲ"

ဒါပေမယ့် ဘာမှမထူးပါဘူး၊ ဒီလူတွေ အလျင်အချိုးအတိုင်းပဲ စခန်းသွားနေကြတာပဲ ကျားသစ်ဟာ သူ့ကိုယ်ပေါ်ကအကွက်တွေကို ဘယ်တော့မှပြောင်းမပစ်နိုင်ပါဘူး၊ ကုလား အုတ်ဟာ သံသန္တာရထဲက ရေစမ်းပေါက်မှာ သူတို့ကို ဘယ်တော့မှ စွန့်မပစ်ခဲ့နိုင်ပါဘူး။ ဘာများပြောင်းလဲလာလို့လဲ၊ သူတို့သုံးယောက်စလုံးဟာ ကိုယ်ကျိုးအတွက်ဆိုလျှင် ဘနဖူးသိုက်တူးမယ့် လူတွေချည်းပဲ၊ သူတို့အချင်းချင်း မဟာမိတ်ဖြစ်နေကြပြီလို့ သူတို့က တကယ်ပဲ ယုံကြည်နေကြတာလားဟု ဟာဂျီအီဘရာဟင်က တွေးမိသည်။

"ကျွန်တော်တို့နှစ်ယောက်ရဲ့ မဟာဗျူဟာရည်မှန်းချက်ကတော့ လွတ်မြောက်ရေး တပ်မတော်ဟာ အဓိကပဲ" ကောက်က သူ့ကိုယ်သူ တကယ့်စစ် ပါရဂူကြီးလေသံ မျိုးဖြင့်ပြောသည်။ "အီဂျစ်၊ ဆီးရီးယား၊ ဂျော်ဒန်နှင့် လက်ဘနွန်နိုင်ငံတွေက အမြဲတမ်း အာရပ်တပ်တွေက တရားဝင်ဝင်မတိုက်ခင်မှာ ကဒါနှင့်ကျွန်တော်တို့က ပါလက်စတိုင်းကို အလျင်ဝင်တိုက်ပြီး

ရသမျှသိမ်းယူကြမယ်" ။

"ခွင့်လွှတ်ပါ၊ ကျွန်တော်တစ်ခုတော့တင်ပြပါရစေ" အီဘရာဟင်က ပြောသည်။ "ကျွန်တော်က သာမန်လယ်သမားတစ်ယောက်ပါ၊ စစ်ပညာကိုလဲ ဘာမှမသိပါဘူး၊ ဒါပေမင့် ကျွန်တော်မြင်တာကတော့ ခင်ဗျားတို့ရဲ့ အပျော်တမ်းတပ်တွေ၊ အို ...ခွင့်လွှတ်ပါ။ ခင်ဗျားတို့ရဲ့ တပ်မတော်တွေဆိုတာဟာ လွန်ခဲ့တဲ့ဆယ်နှစ်လောက်ကအတိုင်းပါပဲ၊ ဒါပေမယ့် ဒီနေ့ ဂျူလက်နက်ကိုင်တွေကတော့ လေ့ကျင့်မှု၊ လက်နက်တပ်ဆင်မှု၊ စည်းလုံးမှု ဦးဆောင်မှုတွေအားလုံးမှာ လွန်ခဲ့တဲ့ဆယ်နှစ်ကထက် ပိုပြီးကောင်းလာကြတယ်၊ ခင်ဗျာ တို့ဟာ လွန်ခဲ့တဲ့ဆယ်နှစ်က ဂျူးဘုံရိပ်သာလေးတစ်ခုကိုတောင်မှ အပြုတ်မတိုက်နိုင်ခဲ့ကြဘူး ကျွန်တော်တို့အချင်းချင်း စည်းလုံမှုရှိလျှင်တောင်မှ ဒီအချိန်မှာ ဂျူးတွေကို တိုက်လို့နိုင်မယ် ခင်ဗျားတို့က ဘာကြောင့်ယုံကြည်နေကြတာလဲ"

အင်း ... ဒီမောင်ကတော့ အန္တ ရာယ်ပဲ။ တော်တော်ကြီးတဲ့ အန္တ ရာယ်ပဲဟု ဖော ကအားက တွေးလိုက်မိသည်။

Seglas

"နောက်ဆုံးအချိန်မှာ ကျွန်တော်တို့ မအောင်နိုင်ခဲ့တာကတော့ မှန်ပါတယ်"ဟု အဗ္ဗဒူကဒါက ပြောသည်။ "အဲဒါက ကျွန်တော်တို့ အိမ်ကြက်ချင်းခွပ်နေကြလို့ အဲဒီလို ဖြစ်ခဲ့ရတာပါ၊ နောက်ဆိုလျှင် အဲဒီလိုအခြေအနေမျိုး မပေါ်ပေါက်နိုင်တော့ပါဘူး"

ဘုရားရေ၊ ဒီလူ ကျားသစ်ကိုယ်ပေါ်ကအကွက်တွေကို ပြောင်းလို့ရမယ်လို့ တကယ်ယုံကြည်နေပါကလား။ သူက ကျွန်တော်တို့ အာရပ်တွေရဲ့ စရိုက်ကို နေ့ချင်းညချင်း ပြောင်းလို့ရမယ်လို့ တကယ်ထင်နေတာ။ ဒီမှာကိုယ့်လူ၊ ခင်ဗျားက နို့နဲ့ချေးကိုတောင် ခွဲခြားသိတဲ့လူမဟုတ်ပါဘူး။

"တခြားကွဲလွဲချက်တွေလည်း အများကြီးရှိပါတယ်" ' ဟု ကောက်ဂျီက အလေသုံးဆယ်ဝင်ပြောသည်။ သူသည် မြင်းရိုက်ကြာပွတ်ကို စားပွဲပေါ်တွင်တင်လိုက်ပြီးနောက် ဗိုလ်လောင်းများအား

သင်တန်းပေးနေသည့်ဟန်ဖြင့် မျက်နှာကြက်ကို အတန်ကြာကြည့်နေသည်။ ပြီးတော့မှ

”တစ်အချက်က အခုအချိန်မှာ အင်္ဂလိပ်တွေက ဂျူးတွေကိုဝင်ကယ်မှာ မဟုတ် တော့ဘူး၊ အင်္ဂလိပ်တွေ ဒီနိုင်ငံမှာရှိနေသေးပေမယ့် ကျွန်တော်တို့ တပ်မတော်ကြီးနှစ်ခုရဲ့ စစ်ရေးလှုပ်ရှားမှုကို သူတို့က ဘယ်လိုမှ အနှောင့်အယှက်မပေးဘူးဆိုတာ အင်္ဂလိပ်စစ် ဘက်ဆိုင်ရာ ထိပ်ပိုင်းကပ္ပတိန်တွေက အသေအချာအာမခံထားပြီးပြီ။

“… ပြီးတော့ အင်္ဂလိပ်တွေ ပြန်ထွက်သွားတဲ့အခါမှာလဲ အဓိက မဟာဗျူဟာနေရာ တွေအားလုံးကို ကျွန်တော်တို့ကို ပြောင်းလွှဲပေးခဲ့မယ်လို့ ပြောထားပြီးပြီ၊ နောက်နှစ် လဆယ့်ငါးရက်နေ့ဆိုလျှင် အင်္ဂလိပ်တွေ ထွက်သွားကြတော့မယ်၊ အဲဒီအချိန်မှာ တွေလည်း သူတို့ရဲ့ လွတ်လပ်ရေး ကြေညာနိုင်လောက်တဲ့ အရေအတွက်တွေ ရှိမှာမဟုတ် ဘော့ဘူး၊ စကားကုန်ပြောရလျှင် သူတို့အသုဘမှာ သရဏဂုံတင်ဖို့လူဦးရေတောင် ပြည့်တော့မှာမဟုတ်ဘူး”

ကဘားနှင့် အဗ္ဗဒူကဒါတို့က သဘောကျ၍ ရယ်လိုက်ကြသည်။ ကောက်ဂျီက ခေါင်းညိတ်ပြီး ဆက်ပြောသည်။

‘နှစ်အချက်က ခုလာမယ့်စစ်ပွဲမှာဆိုလျှင် ကျွန်တော်တို့မှာ အလျှင်ကမရှိခဲ့တဲ့ တင့်ကားတွေ၊ အမြောက်ကြီးတွေနဲ့ တခြားလက်နက်ကြီးမျိုးစုံပါလာမယ်၊ ကျွန်တော်တို့က တွေကို သူတို့ဟိုတုန်းက တစ်ခါမှမကြုံဖူးတဲ့ လက်နက်မျိုးစုံနဲ့ အပြုတ်နှံပစ်မယ်၊ ကျွန်တော်က သူတို့ဘုံရိပ်သာ ဒါဇင်ဝက်လောက်ကို ဝင်သိမ်းလိုက်နိုင်လျှင် (သိမ်းလည်း တကယ်သိမ်းနိုင်မှာပါ)၊ ဒီလူတွေ သွေးရူးသွေးတန်းထွက်ပြေးကြမှာ မြင်ယောင်ပါသေးတယ်၊ ဒီတော့မှ သူတို့ကို ပင်လယ်ထဲမောင်းချလိုက်ရုံပဲပေါ့”

ဟာဂျီအီဘရာဟင်က ဝင်ပြောမည်လုပ်သောအခါ ကောက်ဂျီက အလျှင်အမြန် လက်ကာပြလိုက်ပြီး

”သုံးအချက်က ခုလာမယ့်စစ်ပွဲမှာ ကျွန်တော်တို့ကို

အာရပ်တစ်ကမ္ဘာလုံးမှာရှိတဲ့ တစ်တပ်တွေကဝင်ကူမယ်၊ ခုတောင်မှ အမြဲတမ်းတပ်မတော်တွေက စစ်ဗိုလ်တွေ တော်တော် များများ ရထားပြီးပြီ၊ သူတို့ကို အဗ္ဗဒူကဒါနဲ့ ကျွန်တော်တို့တပ်တွေထဲသွင်းပြီး အမြဲတမ်း အဖွဲ့ ဖြစ်လာအောင်လုပ်မယ်”

“ပါလက်စတိုင်းမှာ အင်္ဂလိပ်စစ်သားတွေ သောင်းနဲ့ချီပြီးရှိတာတောင် ဂျူးတွေက သူငါ့ကို ကွပ်ကဲအုပ်ချုပ်ရေးကိုစွန့်လွှတ်ဖို့ အကျပ်ကိုင်နိုင်ခဲ့ကြတယ်မဟုတ်လား ကို A အီဘရာဟင်က ဝင်ထောက်လိုက်သည်။

“ဒါပေမယ့်... ကောက်ဂျီက ပြန်ဖြေသည်။ “ဒါပေမယ့် အင်္ဂလိပ်တွေက ဂျူးတွေကို သွားနေလို့ပါ။ ကျွန်တော်တို့ကတော့ လုံးဝသွားမှာမဟုတ်ဘူး၊ ပါလက်စတိုင်းမှာ အာရပ်စစ်သားတစ်သန်းရှိတာဟာ အင်္ဂလိပ်စစ်သားတစ်သန်းရှိတာနဲ့ လုံးဝတူမှာမဟုတ်ဘူး

”ကျွန်တော်ကတော့ ခင်ဗျားတို့ အကြီးအကျယ်အထိနာလိမ့်မယ်လို့ သေသေချာချာ ယုံကြည်တယ်”ဟု အီဘရာဟင်ကပြောသည်။ “ဘာဖြစ်လို့လဲဆိုလျှင် ဂျူးတွေဟာ ခင်ဗျားတို့ ထင်သလို လွယ်လွယ်နဲ့ ဒူးထောက်မှာမဟုတ်ဘူး”

ဤတွင် အဗ္ဗဒူကဒါကဝင်ပြောသည်။

“ကျွန်တော်တို့ဘက်က ထောင်နဲ့ချီပြီး ကျဆုံးချင်ကျဆုံးမယ်၊ သောင်းနဲ့ချီပြီးလည်း ကျဆုံးချင်ကျဆုံးမယ်၊ သန်းနဲ့ချီပြီးလည်း ကျဆုံးချင်ကျဆုံးမယ်၊ ဒါပေမယ့် ကျွန်တော်တို့က နောက်ဆုံးသွေးတစ်စက်ကျန်တဲ့အထိ သတ္တိရှိရှိနဲ့တိုက်လျှင် အောင်ပွဲခံရမှာမလွဲပါဘူး အလို...တယ်ဆိုတဲ့စာပါလား။ နောက်ဆုံးသွေးတစ်စက်ကျန်တဲ့အထိတဲ့။ ဒီစကား မျိုး ငါဘယ်တုန်းက ကြားဖူးတာပါလိမ့်။ တကယ်တော့ သူတို့က လွတ်မြောက်ရေးတပ် တော်ထဲဝင်မယ်ဆိုပြီး စာရင်းသွင်းတဲ့လူတွေလိုဖြစ်နေပြီး နောက်ဆုံးတော့ စုဆောင်းရေး ရုံးခန်းကို မရောက်ခင်မှာ သတ္တိကြောင်ပြီး အားလုံးထွက်ပြေးကြပါလေရော။ ဒီလူသုံး ယောက်က စိတ်ကူးယဉ်ယဉ်နဲ့

စကားလှလှတွေ သိပ်သုံးနေကြတယ်။ အလကားအပြော သမားတွေပါ။ ဖောဇီကဘားကတော့ သူရနိုင်မယ့် အကျိုးအမြတ်ကိုကြည့်ပြီး အပြောသာ မဟုတ်၊ အလုပ်လည်း တကယ်လုပ်ကောင်းလုပ်လိမ့်မယ်။

ဒါပေမယ့် အဗ္ဗဒူကဒါနဲ့ ကောက်ဂျီတို့ကတော့ အပြောသမားတွေပါ။ သူတို့က စစ်မိန့်တစ်ခုကို ဘယ်လိုပေးရတယ်ဆိုတာတောင် သေသေချာချာမသိကြပါဘူး။ အလျင် လူဟောင်းတွေနဲ့ပဲ တိုက်ကြမှာပါ။ ဂျူးတွေကတော့ သတ္တိရှိရှိနဲ့တိုက်ကြမှာပါ။ ဘာဖြစ်လို့ လည်းဆိုတော့ တစ်ခါတလေ ရွေးစရာဘာလမ်းမှမရှိလျှင် သတ္တိရှိလာတတ်ကြလို့ပဲ။ ဒါပေမယ့် အခု ဒီပုဂ္ဂိုလ်သုံးယောက်ထဲမှာ ဘယ်သူဟာ ဘယ်အာရပ်ခေါင်းဆောင်တွေနဲ့ လျှို့ဝှက်မဟာမိတ်ဖွဲ့ ထားတယ်ဆိုတာ ဘယ်သူကသိမှာလဲ။

"ဗိုလ်ချုပ်ကြီးကောက်ဂျီရဲ့ ဉာဏ်ပညာကို ကျွန်တော်လေးစားပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့အနေနဲ့ မျှော်လင့်ထားတဲ့အတိုင်း ရှေးဦးတိုက်ပွဲမှာ အောင်မြင်မှုမရတဲ့အတွက် အမြဲတမ်း အာရပ်စစ်တပ်တွေကို ခေါ်ရမယ်ဆိုလျှင် အခြေအနေဘယ်လိုဖြစ်သွားမလဲ ခင်ဗျားကို ကျွန်တော်တစ်ခုမေးပါရစေ အဗ္ဗဒူကဒါ၊ အာရပ်စစ်တပ်ကို ခေါ်ယူရတဲ့အတွက် အဗ္ဗဒူလာက ဘာကိုတောင်းဆိုလာမှာလဲ၊ ဂျေရုဆလင်ကို တောင်းဆိုလာမှာလား။

ဒါမှမဟုတ် သူက ဂျေရုဆလင်ကို ခင်ဗျားကိုပေးလိမ့်မယ်လို့ မျှော်လင့်သလား "ရော့ဒီမှာ…ညီအစ်ကိုတို့၊ ပါလက်စတိုင်းကို ခင်ဗျားတို့ပဲယူလိုက်ကြတော့" ဆိုပြီး သူတို့က ဒီအတိုင်းလက်ချည်းသက်သက် ပြန်သွားကြမှာလား၊ ဒါမှမဟုတ် ခင်ဗျားတို့သိတဲ့အတိုင်း သူတို့က သူတို့ရဲ့ ပါဝင်ဆောင်ရွက်မှုအတွက် နယ်နိတ်အပြောင်းအလဲ နည်းနည်းပါးပါး လုပ်ပြီး ပြန်သွားကြမှာလား"

အီဘရာဟင်၏ စကားကြောင့် တခြားပုဂ္ဂိုလ်အားလုံး မျက်နှာတွေနီရဲသွားကြသည်။ အတန်ကြာမျှ တိတ်ဆိတ်နေပြီးနောက် ဖောဇီကဘားကပြောသည်။ "ဒီကိစ္စက ရှင်းရှင်းကလေးပါ၊ ဂျူးတွေကို ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ကျုပ်တို့က Bic.com ပွတ်တိုက်ပြီးတဲ့အခါ အစည်းအဝေးကြီးခေါ်ယူပြီး သဘောတူညီချက်ရယူကြရမယ်။ အဲအချိန်မှာ

လူတိုင်းအတွက် ဝေစုတွေ လုံလုံလောက်လောက်ရမှာ သေချာပါတယ်”

အဗ္ဗဒူလာဟာ အီဂျစ်နဲ့ ဘယ်ကိစ္စမှာဘယ်တုန်းက သဘောတူညီချက်ရခဲ့ဖူးလို့လဲ။ ဆီးရီးယားကရော လက်ဘနွန်နဲ့ ဘယ်တုန်းကသဘောတူညီချက် ရခဲ့ဖူးလို့လဲ။ အီရတ်ကရော ဘယ်သူနဲ့ဘယ်တုန်းက သဘောတူညီချက် ရခဲ့ဖူးလို့လဲ။ ပြီးတော့ အဲဒီအစည်းအဝေးက ဘယ်လောက်ကြာမှာလဲ။ နှစ်ပေါင်းတစ်ထောင်လောက်ကြာမယ့် အစည်းအဝေးလား။ “ကျွန်တော်တို့က စည်းလုံးညီညွတ်ကြတယ်'အဗ္ဗဒူကဒါက ပြောသည်။ “

ဒါကြောင့် ကျွန်တော်တို့ အောင်ပွဲခံမှာသေချာတယ်၊ ဒီအချက်ကို ဟာဂျီအီဘရာဟင်က သဘော ပေါက်ဘဲဖြစ်နေတယ်၊ ကျွန်တော်တို့ကို ဂျူးတွေကမအုပ်ချုပ်ဘဲ အာရပ်တွေကအုပ်ချုပ်လျှင် နောက်ဆုံးမှာ ဘယ်လိုခြားနားချက်တွေ ရှိလာမှာလဲဆိုတာ စဉ်းစားကြည့်စမ်းပါ”

“ကျွန်တော် အ,တာကိုတော့ ခွင့်လွှတ်ကြပါ၊ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ ဆော့ ပါလက်စတိုင်းနယ်မြေဟာ ပါလက်စတိုင်းလူမျိုးတွေအတွက်ပဲဖြစ်ရမယ်လို့ စွဲစွဲမြဲမြဲ ယုံကြည်နေတယ်” ။

အီဘရာဟင်က သူ့ထင်မြင်ချက်ကိုတင်ပြသည်။

“ပြီးတော့ အာရပ်ညီအစ်ကိုများ ညီလာခံလုပ်ရမယ့်အချိန်ဟာ အခုအချိန်ပဲလို့ ကျွန်တော်ထင်တယ်၊ တိုက်ခိုက်မှုတွေမစခင် လုပ်သင့်တယ်၊ ဘယ်သူတွေက ဘာလုပ် ငန်းအတွက် ဘယ်ကဏ္ဍကပါဝင်ရမယ်ဆိုတာကို ခုကတည်းက ပြတ်ပြတ်သားသား တ်ကြရမယ်” ။ ဤတွင် ဇီကဘားက အီဘရာဟင်၏စွဲချက်များနှင့် မေးခွန်းများကို ရှောင်ဖယ်

”ဒီကိစ္စကို ကျပ် အကျဉ်းချုပ်ပြီးတင်ပြပါရစေ၊ ဂျူးတွေဟာ ဘယ်လိုနည်းနဲ့မှ က်ဆိုးမရှည်နိုင်ဘူး၊ သက်ဆိုးရှည်နိုင်မယ့် အလားအလာလုံးဝမရှိဘူး အဗ္ဗဒူကဒါနှင့် ကောက်ဂျီတို့က ခေါင်းညိတ်ထောက်ခံလိုက်ကြသည်။ “ဒီလိုဆို ဒီဆွေးနွေးပွဲမှာပဲ ကျွန်တော်တို့က ဂျူးတွေကို အပြတ်ချေမှုန်းလိုက်ပြီပဲ၊ တော့ ကျွန်တော့်ကိုဘာဖြစ်လို့ ဒီကိုခေါ်ပြီး

ဆွေးနွေးနေရသေးတာလဲ”ဟု စိတ်ပေါက် ဆက်ဖြင့် အီဘရာဟင်က ပြန်ပြောလိုက်သည်။

အခြားပုဂ္ဂိုလ်သုံးယောက်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် လှည့်ကြည့် ဗိုက်ကြသည်။ ဖောဇီကဘားသည် သူ့ထုံးစံအတိုင်း လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး ကို လက်ချောင်းများနှင့် မရပ်မနားပုတ်ခတ်ရင်း နှုတ်ခမ်းမွေးကို လိမ်ကျစ်ကစားနေ ည်။ ပြီးတော့မှ

”ဂျေရုဆလင်မှာရှိတဲ့ ဂျူးတွေအားလုံးကို ချေမှုန်းပစ်ဖို့ဟာ ကျုပ်တို့ရဲ့ အဓိက အပ်ငန်းပဲဆိုတာကို စစ်ဘက်ခေါင်းဆောင်အားလုံးကလဲ ယုံကြည်တယ်၊ ကျုပ်လည်း ကြည်တယ်”

သူက ကောက်ဂျီဘက်သို့ ခေါင်းညိတ်ပြလိုက်သည်။

“ပွဲဦးထွက်တိုက်ပွဲမှာ ကျွန်တော့်တပ်မတော်နဲ့ အဗ္ဗဒူကဒါရဲ့ တပ်မတော်နှစ်ခုစလုံး ဘက်တွဲတိုက်ခိုက်ကြမယ်၊ ကျွန်တော်တို့က သူတို့ကို ထွက်ပေါက်မရှိအောင် ပိတ်ဆို့ထား ပဲ အယ်ဘက်အယ်ဝဒ်တောင်ကြားကို သိမ်းမှာပေါ့၊ ဘယ်ဂျူးကားတစ်စီးမှ အဲဒီတောင်ကြားကို Thes ဖြတ်မသွားနိုင်အောင် ပိတ်ဆို့ထားမယ်”ဟု ကောက်ဂျီကဝင်ပြောသည်။

အဗ္ဗဒူကဒါက စိတ်တက်ကြွလာပြီး လက်ညှိုးတငေါက်ငေါက်ဖြင့်

”ကျွန်တော်တို့ရဲ့ သာသနာတော်တပ်မဟာမှာ တပ်သားတွေ သောင်းနဲ့ချီပြီးရှိတယ် ကျွန်တော့်တပ်သားတွေကို ဂျေရုဆလင်မှာရော တာလမ်းမကြီးတစ်လျှောက်မှာရော အနှံ့ အပြားချထားမယ်၊ ပြီးတော့ လေယာဉ်ကွင်းကို ဝင်စီးဖို့အတွက် လိုင်ဒါနဲ့ ရမ်လီမှာလည်း တပ်သားတစ်ထောင်ကျော်လောက် ချထားမယ်”

ကောက်ဂျီက ကြားဖြတ်ပြီး

”ကျွန်တော်တို့ဘက်က အလွန်ခေတ်မီတဲ့ ဆက်သွယ်ရေးစနစ်တွေကိုလည်း သုံးမယ် ဘယ်အချိန်မှာပဲဖြစ်ဖြစ် တဲလ်အဗစ်က ဂျူးကားတစ်စီးစီးထွက်လာလျှင် လိုင်ဒါကို ရောက်တာနဲ့တစ်ပြိုင်နက် ကျွန်တော်တို့က ချက်ချင်းသိမယ်၊ သိသိချင်း

အဲဒီကားကို တားဆီးဖို့ ကျွန်တော်တို့လူတွေကို သတင်းပို့မယ်၊ အဲဒီလို ပို့နိုင်အောင်လည်း ဂျေရုဆလင်က နေ ရမ်လီထိ လမ်းတစ်လျှောက်မှာရှိနေတဲ့ အာရပ်ရွာတိုင်းမှာ ကျွန်တော်တို့ ထောက်လှမ်း ရေးသမားတွေနဲ့ တပ်ဖွဲ့ တွေ အဆင်သင့်ရှိနေမယ်”

“ဒီနေရာမှာ ပြဿနာသုံးခုပေါ်လာတယ်”ဟု အီဘရာဟင်က ပြောသည်။ သူ စောစောက ကောက်ကျီ၍တင်ပြချက်ကို ပညာသားပါပါနှင့် သရော်တော်တော် ပြောလိုက်ခြင်း ဖြစ်သည်။

“တစ်အချက်က တဘားရွာဟာ တာလမ်းမကြီးပေါ်မှာ အချက်အချာကျတဲ့ နေရာဖြစ်ဝယ်၊ နေသူရိန်ဘုံရိပ်သာလဲ တဘားရွာလိုပဲ အချက်အချာကျတယ်၊ နှစ်အချက်က နေသူရိန်ဘုံရိပ်သာဟာ ရေသွင်းရေထုတ်ကိုလည်း ချုပ်ကိုင်ထားတယ်၊ သုံးအချက် တဘားရွာမှာ ဘာတွေဖြစ်နေတယ်ဆိုတာ နေသူရိန်ဘုံရိပ်သာက ချေးခါးအူမ သိထားတယ်။

“ပြီးတော့ ကျွန်တော်ထုတ်ဖော်ပြောရတာ စိတ်တော့မကောင်းပါဘူး၊ အဲဒါက ဘာလဲဆိုတော့ ကျွန်တော်တို့မျိုးနွယ်စုနဲ့ လူမျိုးစုတွေထဲမှာ သူတို့စပိုင်တွေရှိတဲ့အချက်ပဲ အဲဒါကြောင့် သူတို့ ကျွန်တော်တို့အကြောင်း အားလုံးသိနေကြတယ်၊ တကယ်တော့ ကျွန်တော်တို့ တဘားရွာသားတွေက ခင်ဗျားတို့ရဲ့ အဲ.. ဟိုဟို... ဘာတဲ့... တပ်မတော် ခင်ဗျားတို့ရဲ့ တပ်မတော်နဲ့ ပြောင်ပြောင်တင်းတင်း ပူးပေါင်းနေတယ်ဆိုတာ ဂျူးတွေသိသွားလျှင် ကျွန်တော်တို့ရွာကို ဝင်တိုက်မှာကျိန်းသေပဲ”

“အဲဒါကြောင့်မို့လို့ ခုလို အစည်းအဝေးခေါ်ယူရတာပေါ့”

ဖောဇီကဘားက ပြောသည်။ “ဒီအချက်ဟာ ခက်ခဲတဲ့အချက်ပဲ၊ အလွန်ခက်ခဲတဲ့အချက်ပဲ၊ ဗိုလ်ချုပ်ကြီးကောက် ဟာ အာရပ်နိုင်ငံများအားလုံးရဲ့ စစ်ဦးစီးချုပ်တွေနဲ့ ဒီကိစ္စကိုဆွေးနွေးခဲ့ပြီးပြီ၊ ကျုပ်တို့ ယူဆတာက ကျုပ်တို့လူမျိုးတွေကိုအထိနာမယ့် မဟာဗျူဟာဒေသတော်တော်များများက ပြောင်းရွှေ့ပေးတာဟာ အကောင်းဆုံးပဲ”

“ဒီစကားသိပ်မှန်တယ်၊ ဟာဂျီအီဘရာဟင်အနေနဲ့ တဘားရွာက

ပြောင်းကိုပြောင်း ပေးရလိမ့်မယ်”

ကောက်ဂျီက ထောက်ခံလိုက်သည်။ “အဲဒီလိုပြောင်းပေးမှ ကျုပ်တို့တပ်တွေ လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်လိမ့်မယ် “ဟော ငါထင်တဲ့အတိုင်း မှန်နေပါရောလား၊ ဩော်…အလ္လာအရှင်မြတ် က elas/ တော်မူပါ။ ဒါဟာ တကယ့်ဥမ္မတကအလုပ်ပဲ။ လုံးဝမဖြစ်နိုင်ဘူး။ ဒီဥမ္မတကတွေကြောင့် ဘော့တဘားရွာကို လုံးဝမပြောင်းနိုင်ဘူး။ လုံးဝမပြောင်းနိုင်ဘူး …။ “ခင်ဗျား ပြောင်းကိုပြောင်းရမှာပဲ” အဗ္ဗဒူကဒါက ထပ်ဆင့်ထောက်ခံလိုက်ပြန်သည်။ “ဟင်… အဲဒါဆိုလျှင် ကျွန်တော်တို့ ဘယ်ကိုပြောင်းရမှာလဲ” ဟာဂျီအီဘရာဟင်က အံ့အားကြီးသင့်ပြီး ဗလုံးဗထွေးပြန်မေးလိုက်သည်။ “သဲကန္တာရမှာ ခင်ဗျားရဲ့ ဝါဟာဘီလူမျိုးစုတွေရှိနေတာပဲ၊ သူတို့ဟာ ခင်ဗျားရဲ့ ဆွေမျိုးရင်းချာတွေပဲ”

“ဒါပေမယ့် သူတို့က ဘယ်သူနဲ့မှမရောနှောဘူး၊ တသီးတခြားနေကြတာ၊ မိသားစု နှစ်ရာကျော်ကျော်လောက်ကိုလည်း သူတို့အနေနဲ့ လက်ခံပြီးကျွေးမွေးနိုင်မှာမဟုတ်ဘူး”

“ခင်ဗျားကို ကျုပ်အတွင်းစကားပြောပါရစေ၊ ကဘားကပြောသည်။ “ဆီးရီးယန်း တွေ့ခဲ့ရော ဂျော်ဒန်တွေနဲ့ရော ကျုပ်တို့ဆွေးနွေးကြည့်တယ်၊ သူတို့က ခင်ဗျားတို့ကို ထပ်တို့တပ်တွေ လုပ်စရာရှိတာ အကုန်လုပ်ပြီးတဲ့အထိ ဧည့်သည်တော်အဖြစ်နဲ့ လက်ခံဖို့ စဉ်းစားပေးမယ်လို့ သဘောတူတယ်၊ လိုအပ်လျှင် ကျွန်တော်တို့က ရွာတွေကိုသာမက ခြံတွေကိုတောင် ပြောင်းဖို့စဉ်းစားထားတယ်၊ အားလုံးအတွက် သင့်တင့်လျောက်ပတ်တဲ့ မှုတွေ သေသေချာချာလုပ်မယ်လို့လည်း ထည့်တွက်ထားပါတယ်”

“ဒါပေမယ့် ကျုပ်တို့အတွက် ဟိုလူတွေက စဉ်းစားနေတုန်းပဲလို့ ခင်ဗျားကပြောတယ်၊ ဆံအကျလက်ခံပါ့မယ်လို့ ဘယ်သူကမှ မပြောသေးဘူး၊ ကျုပ်ကတော့ အဗ္ဗဒူလာကိုယ်တိုင် = ပြောတဲ့စကားကို ကြားရမှဖြစ်မယ်၊ အခု ဒီအစည်းအဝေးမှ သူ့ဆီက ကိုယ်စားလှယ် အလို့မပါတာလဲ၊ ရှင်းရှင်းပြောရလျှင်တော့ မသေချာဘဲနဲ့ လူတစ်ထောင်လောက်ကို သွားပြီး ကျုပ်ဘယ်မှမသွားနိုင်ဘူးဗျာ”

“ဒီမှာ ဟာဂျီအီဘရာဟင်၊ ဒါဟာဘာသာရေးစစ်ပွဲဗျ၊ ဘာသာရေးစစ်ပွဲ၊

ခင်ဗျား ခြင်းလို့မရဘူး၊ တစ်လမ်းပဲရွေးရမယ်၊ ဒီမယ်ကျုပ်ပြောမယ်၊ ဒီစစ်က ရေရှည်စစ်မဟုတ်ဘူး၊ က်ပိုင်းလပိုင်းအတွင်း ပြီးသွားမယ့်စစ်ပွဲ၊ ပါလက်စတိုင်းရဲ့ ဆွေကြီးမျိုးကြီးများဖြစ်တဲ့ ကဒါဟူစိန်နီနဲ့ ဗိုလ်ချုပ်ကြီးကောက်ဂျီတို့ကို သက်သေထားပြီးတော့... ပြီးတော့ အရှင်မြတ်ကိုတိုင်တည်ပြီးတော့ ကျုပ်ကျိန်ပြောရဲပါတယ်၊ ခင်ဗျားပြန်လာတဲ့အခါမှာ သုရိန်ဘုံရိပ်သာရဲ့ ပိုင်နက် သုံးပုံတစ်ပုံကို ခင်ဗျားရရစေ့မယ်" ။

ဟာဂျီအီဘရာဟင်သည် ဒေါသစိတ်ကြောင့် တစ်ကိုယ်လုံး ထုံကျင်သွားသည်။ သို့သော် သူ့အနေဖြင့် ဘယ်လိုမှမတတ်နိုင်သော ကိစ္စပါတကားဟုတွေးမိပြီး ဒေါသစိတ်ကို လည်ချုပ်တည်းထားလိုက်သည်။ အခြေအနေကတော့ သူ့အနေဖြင့်ဘယ်လိုမှ မလူးသာ သာသော ဘေးကျပ်နံကျပ် အခြေအနေပင်ဖြစ်သည်။

"အဲဒီတော့..."ကောက်ဂျီကပြောသည်။ "အခုနှစ်ကုန်ပြီး မကြာခင် ရက်ပိုင်းအတွင်းမှာ ကျွန်တော့်တပ်မတော်ဟာ နယ်စပ်ကို စတင်ဖြတ်ကျော်ချီတက်လာတော့မယ်၊ ကျွန်တော့် မတော်က ဂျူးဘုံရိပ်သာတော်တော်များများကို သိမ်းယူပြီးတဲ့နောက်မှာ အဗ္ဗဒူကဒါရဲ့ ခတော်တပ်မဟာ ရောက်လာပြီး ကျွန်တော့်တပ်မတော်နဲ့ ပူးပေါင်းမယ်၊ ဒီအခါ ကျွန်နော်တို့ တပ်မတော်နှစ်ခုလက်တွဲပြီး ဂျေရုဆလင်ကိုဝင်စီးမယ်၊ အဲဒီအချိန်မှာ ပဲ တွေဟာ ဘယ်နည်းနဲ့မှ ခုခံကာကွယ်နိုင်စွမ်း ရှိတော့မှာမဟုတ်ဘူး၊ ကျွန်တော်တို့ ညီအစ်ကိုတော်တချို့က ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်လိုတဲ့ ဆန္ဒမရှိလျှင်လည်း နေပါစေ၊ ကျွန်တော်တို့က မကြောက်ပါဘူး"

"ဟာဂျီအီဘရာဟင်အနေနဲ့...' ဖောဇီကဘားက ဖြတ်ပြောသည်။ "ဘယ်အချိန်မှာ ပြောင်းရွှေ့ ရမယ်ဆိုတာကို ကျုပ်တို့ကအတိအကျညွှန်ကြားပါ့မယ်၊ ကျုပ်တို့ဆီက ညွှန်ကြား ချက်ရတာနဲ့ တစ်ပြိုင်နက် ဟာဂျီအီဘရာဟင်က သူ့လူတွေအားလုံး ဂျက်ဖာကိုခေါ်ပြီး ပြောင်းရွှေ့ သွားဖို့ပါပဲ"

"ဟင် ဂျက်ဖာဟုတ်လား၊ ဘာဖြစ်လို့ ဂျက်ဖာကိုပြောင်းရွှေ့ရမှာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့က လုံခြုံစိတ်ချရတဲ့နေရာကို ပထမဆုံးရွေးရလို့ပဲ။ အဲဒီလို ဂျက်ဖာမှာ ပထမဆုံးအခြေချပြီးမှ

ဂါဇာကိုပြောင်းရမယ်၊ တကယ်လို့ ဂါဇာကို ကုန်းလမ်းကမသွားနိုင်လျှင် ရေလမ်းကသွားဖို့ စီစဉ်ရမယ်၊ ဂါဇာကို မသွားချင်သပဆိုလျှင် ဆီးရီးယားနိုင်ငံနဲ့ ကျုပ်ဆွေးနွေးပြီးတဲ့အခါ ဆီးရီးယားကို သင်္ဘောနဲ့ပို့ပေးမယ်၊ သင်္ဘော စင်းလုံးငှားဖို့အတွက် ကျုပ်မှာ ရန်ပုံငွေအလုံလောက်ရှိပါတယ်၊ ဂျက်ဖာမှာ ခေတ္တနေနေတုန်း ဘယ်လိုနေရာချထားပေးမယ်ဆိုတဲ့ အစီအစဉ်တွေကိုလည်း ကျုပ်က အသေးစိတ်စဉ်းစား ထားပြီးပါပြီ ။

“ဒါပေမယ့် နေရာချထားရေးစရိတ်က အများကြီးကုန်ကျလိမ့်မယ်”

”မပူပါနဲ့ ၊ ကျုပ်ပေးပါ့မယ်၊ ကျုပ်ပေးပါ့မယ်”

”အလကားသက်သက်ပေးတာတော့ မဟုတ်နိုင်ပါဘူး၊ ဘာရည်ရွယ်ချက်နဲ့ ပေးမှာ

”ကျုပ်က ဘာရည်ရွယ်ချက်နဲ့မှမဟုတ်ဘူး၊ အာရပ်တစ်မျိုးသားလုံး အောင်ပွဲအတွက် စေတနာနဲ့ပေးမှာပါ”

“အလွန်မွန်မြတ်တဲ့ စေတနာပါပဲ၊ အဲဒီတော့ ကျွန်တော် ဂျက်ဖာကိုမထွက်ခွာခင် ကျွန်တော့်လက်ထဲ ပိုက်ဆံရောက်နေစေချင်တယ်”

“စိတ်ချ၊ စိတ်ချ၊ အင်္ဂလိပ်ငွေ ပေါင်တစ်ထောင်တိတိ ရစေရပါ့မယ်”

“မိသားစုနှစ်ရာကျော်ကို ပြောင်းရွှေ့နေရာချထားရေးအတွက် ပေါင်တစ်သောင်း လောက်မှာတဲ့လား၊ ကျွန်တော်က ပေါင်ငါးထောင်တိတိမရလျှင် လုံးဝမပြောင်းနိုင်ဘူး

”ဒါက အသေးအဖွဲ့ကိစ္စပါ၊ နောက်တော့မှ အသေးစိတ်ဆွေးနွေးလို့ ဖြစ်ပါတယ် ထို့နောက် ဖောဇီကဘားက စကားခေါင်းစဉ်လွှဲပြီး

”ဆောင်းရာသီစိုက်ပျိုးရေးအမီ ခင်ဗျားတို့ တဘားရွာကို ပြန်ပြီးပြောင်းလာကြ မှာပါ၊ အဲဒီအခါမှာ ဂျူးတွေရဲ့ အန္တရာယ်ကို လုံးဝကြောက်စရာမရှိတော့ဘူး၊ စိတ်ချမ်းသာစွာနဲ့ ကိုယ့်ရပ်ကိုယ့်ရွာမှာ တစ်သက်လုံး နေသွားနိုင်ကြတော့မယ်”

အင်း.......နောက်ဆုံးတော့ ငါတို့ရဲ့ ခေါင်းဆောင်ဆိုတဲ့လူတွေဟာ ကိုယ်ကျိုးစီးပွား ကိုသာ ငမ်းငမ်းတက်ရှာဖွေနေကြတဲ့ အာဏာရူးတွေပါကလား။ သူတို့ရည်ရွယ်ချက်နဲ့ သူတို့တော့ ဟန်ကိုကျနေတာပဲ။ ဒါပေမယ့် သူတို့မှာ တိကျတဲ့စီမံကိန်းမရှိဘူး။ ခိုင်မာတဲ့ စည်းရုံးရေးမရှိဘူး။ ပြတ်သားတဲ့ပန်းတိုင်မရှိဘူး။ အင်အားတောင့်တင်းတဲ့ တပ်မတော်မရှိဘူး။ ဂ ချောဆွဲပြီး လက်နက်တပ်ဆင်ထားတဲ့ တစ်ဖောက်ကန်းလူကြမ်းတွေနဲ့ ဂျူးတွေ့ တိုက်မယ်ဆိုတာ အလကားစိတ်ကူးယဉ်နေကြတာ၊ အလကား လေဖမ်းဒန်းစီးနေကြတာ ဒီလူတွေက ငါတို့ကို ခေါင်းဆောင်မယ်ဆိုတာ ဘယ်လိုဖြစ်နိုင်ပါ့မလဲ။ ဒီအတိုင်းသာဆိုလျှင် ရွာသားတွေတော့ အကြီးအကျယ် ဒုက္ခရောက်ကြရတော့မှာပဲ။ ဘုရား ... ဘုရား... အရှင်မြတ် ကယ်တော်မူပါ...။

ဟာဂျီအီဘရာဟင်သည် သူဌေးကြီးဖောဇီကဘား၏ ကြီးကျယ်ခမ်းနားသော ညီခံပြုစုခြင်းကို ထပ်မံလက်မခံတော့ဘဲ တဘားရွာသို့ စိတ်မချမ်းသာစွာဖြင့် ပြန်လာ ခဲ့လေသည်။

ဟာဂျီအီဘရာဟင် ပြန်သွားပြီးနောက် အခြားပုဂ္ဂိုလ်သုံးဦးတို့သည် သူတို့၏ စည်းအဝေးဆုံးဖြတ်ချက်ကို ဒန်ဒက်ရှ်၏အကူအညီဖြင့် သဘောတူစာချုပ်ချုပ်ဆိုကာ ခက်မှတ်ရေးထိုးကြသည်။ ယင်းစာချုပ်အရ ဖောဇီကဘားက တပ်မတော်နှစ်ခုအတွက် ဆက်နက်ခဲယမ်းမီးကျောက်ဝယ်ယူရန် ငွေရပိုင်ခွင့်လွှဲစာကို ထုတ်ပေးသည်။

သူသည် အာရပ်အစိုးရ အဖွဲ့များနှင့်သော်လည်းကောင်း၊ အာရပ်စီးပွားရေးအသင်း များနှင့်သော်လည်းကောင်း၊ ပုဂ္ဂိုလ်ရေးအရ ဆက်သွယ်ကာ ရန်ပုံငွေပိုမိုရရှိရေးအတွက် ဆက်လက်ဆောင်ရွက်မည်။ ကောက်ခံရရှိသော ရန်ပုံငွေများကို အပျော်တမ်းစစ်သား စုဆောင်းရေး၊ လက်နက်ကိုင်တပ်သားများအား လစာပေးရေးနှင့် တိုက်ခိုက်ရေးတို့အတွက် အသုံးပြုမည်ဖြစ်သည်။

ဖောဇီကဘားက ဤသို့ ငွေလုံးငွေရင်းနှင့် ကူညီထောက်ပံ့သည့်အတွက် ကျေးဇူး သည့်အနေဖြင့် အယာလုံမြစ်ဝှမ်းဒေသရှိ ၎င်းပိုင်လယ်မြေအားလုံးကို ပြန်လည်ရရှိမည်။ ထူးသဖြင့် ဖောဇီကဘားသည် နေသူရိန်ဘုံရိပ်သာနှင့်တကွ အခြားသော ဂျူဘုံရိပ်သာ ဆယ့်ငါးခုတို့ကိုလည်း ရရှိမည်ဖြစ်သည်။

ဂျူးလယ်မြေများမှာ “ရွှေတွင်း”များပင်ဖြစ်သည်။

ဇီကဘား၏လယ်မြေများမှာ အလွန်အရေးပါသော မဟာဗျူဟာ အနေအထား တွင် တည်ရှိသောကြောင့် နောင်အခါ ပါလက်စတိုင်းကို ခွဲဝေကြသောအခါတွင် သူသည် နိုင်ငံရေးအရ အလွန်သြဇာတိက္ကမရှိသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်လာမည်မှာ သေချာနေသည်။

ထို့နောက် တရားဝင်အစည်းအဝေး ဆုံးဖြတ်ချက်စာရွက်စာတမ်းများကို သက်ဆိုင် အများသို့ပို့ပေးရန် ဒန်ဒက်ရှ်အား စေလွှတ်လိုက်သည်။

“အီဘရာဟင်က ဘယ်လိုလဲ” အဗ္ဗဒူကဒါက မေးလိုက်သည်။ “သူပြောင်းပေးပါ့ လား၊ ကျွန်တော့်ဦးကြီးရဲ့ တော်လှန်ရေးကာလအတွင်းက ဂျူးတွေနဲ့ ပူးပေါင်းပေးခဲ့ တယ်ဆိုတဲ့ သူ့သတင်းကတော့ အခုအထိမွှေးနေတုန်းပဲ”

“မပူပါနဲ့၊ ဟာဂျီအီဘရာဟင်က လက်တွေ့သမားတစ်ယောက်ပါ၊ အချိန်တန်လို့ ကျုပ်တို့က ပြောင်းတော့လို့ပြောတာနဲ့ သူ့လူတွေကို သူ ဂျက်ဖာကို မ,သွားပါလိမ့်မယ်”

“ကျွန်တော့်လူတွေကို သူလုပ်ခဲ့တာ ဒီတစ်ချီမှာတော့ ဒီငတိ ကောင်းကောင်း လည်ပြီသာမှတ်ပေရော့”ဟု ကောက်ဂျီကဆိုသည်။ “ဒီလိုလက်စားချေခွင့်ရဖို့ ကျွန်တော် ဆယ်နှစ်တောင်စောင့်ခဲ့ရတာ”

“ကျုပ်က သူ့ကို ဂျက်ဖာပြောင်းဖို့ညွှန်းနေတော့ ခင်ဗျားအတွက်ပဲလေ၊ ကျုပ်အတွက် မဟုတ်ပါဘူး ကဘားက ပြောသည်။ “သူ ဂျက်ဖာကိုရောက်တာနဲ့တစ်ပြိုင်နက် အားလက်ခုပ်ထဲကရေ ဖြစ်ကရောပေါ့၊ ကျုပ်ကတော့ အဲဒီအချိန်မှာ ဘာမှမသိဘူး)

မမကြားဘူး၊ ဘာမှမပြောဘူးပေါ့ ဗျာ”

”ကဲ ဒီတော့ ကျွန်တော်တို့ကို ပထမအသုတ်အနေနဲ့ ပေးမယ့်ငွေကိုသာ ကေ ပြုပြီး ပေးပါတော့”

ဟု အဗ္ဗဒူကဒါက တောင်းသည်။

“ဒီကိစ္စကို ကျုပ်လက်ထောက်အရာလေးတွေက ဆက်လုပ်ပါလိမ့်မယ်၊ ဒီအတွက် ဘာမှမပူပါနဲ့၊ အားလုံးအဆင်ပြေအောင် ကျုပ် ကြည့်ပြီးစီစဉ်လိုက်ပါ့မယ်”

အခန်း (၇)

၁၉၄၇ ခုနှစ်၊ နှောင်းပိုင်း။ “ဂျူးတွေနှင့် စေ့စပ်ဆွေးနွေးခြင်း လုံးဝလုပ်လိမ့်မည်မဟုတ်။ ဂျူးတွေ လာရောက် ဆိုင်ခြင်းကို လက်မခံ။ ဂျူးတွေကို အသိအမှတ်မပြု။ ဂျူးတွေနှင့် ငြိမ်းချမ်းရေး မလုပ်။ ပါလက်စတိုင်းနယ်မြေအားလုံး ကျုပ်တို့ကို မပေးသောဆုံးဖြတ်ချက်မှန်သမျှ ခ သည်။ ကျုပ်တို့၏ မူဝါဒပြဿနာမှန်သမျှကို သေနတ်နှင့်ဖြေရှင်းမည်”

အာရပ်ကမ္ဘာ တစ်ခုလုံးတွင် ဂျူးဆန့်ကျင်ရေး ကြွေးကြော်သံများ ပွက်ပွက်ညံနေ သည်၊ ကြွေးကြော်သံတိုင်းကိုလည်း “ဂျူဒါနယ်မြေပျက်သုဉ်းပါစေ”ဟူသော ရှေးခေတ် ဆမတို့၏ စစ်ပွဲခေါ်သံဖြင့် အဆုံးသတ်ထားသည်။

အာရပ်များနေထိုင်သော ပါလက်စတိုင်းနယ်မြေများတွင် ဆူပူသောင်းကျန်းလာ သည်။ ဆန္ဒပြဆန့်ကျင်မှုများ ပြုလုပ်ကြသည်။ လူဦးရေမျိုးစုံ ရောထွေးနေသော တွင် လူမျိုးစုရပ်ကွက်များကို သံဆူးကြိုးများကာရံပြီး နယ်နိမိတ်ကြားထားကြ ဗြိတိသျှတို့က မူအရ ကြားနေသည်ဆိုသော်လည်း လက်တွေ့လုပ်ရပ်တွင်မူ အစပ်များဘက်မှ သိသိသာသာဘက်လိုက်ပြီး ဂျူးများဝင်မလာနိုင်ရန် ပါလက်စတိုင်း ကမ်းခြေကို ပိတ်ဆို့ထားသည်။ ပါလက်စတိုင်းဒေသ၏ တစ်ခုတည်းသော အကြီးဆုံးလိုင်ဒါ ယာဉ်ကွင်းမှာ ဂျူးနယ်မြေအတွင်းသို့ ပါဝင်မလိုဖြစ်နေသည်။ ထို့ကြောင့် ဗြိတိသျှတို့က လေယာဉ်ကွင်းကို ချုပ်ကိုင်သွားနိုင်ရန် အာရပ်အပျော်တမ်းတပ်ဖွဲ့ဝင် အများအပြားကို ထားသည်။ တပ်များအားလွှတ်မထားဘဲ ဗြိတိသျှစစ်သားများက သေနတ်မောင်းတင် မက်ခြည်မပြတ် စောင့်ကြည့်နေကြသည်။

အာရပ်တို့သည် အဝေးပြေးကားလမ်းမကြီးပေါ်တွင် ပစ်ပစ်ပြေးပြေး တိုက်ခိုက် င်းနှင့် ချုံခိုတိုက်ခိုက်နည်းတို့ဖြင့် ဂျူးတို့အပေါ်

ရှေးတုန်းကအသာစီးရခဲ့ဖူးသည်။

လည်း အာရပ်တို့က ရှေးနည်းအတိုင်းပင် စတင်တိုက်ခိုက်သည်။ လိုင်ဒါမြို့အနီးတွင် ဘတ်စ်ကားတစ်စီးကို ချုံခိုတိုက်ခိုက်ပြီး ခရီးသည်များအား အစုလိုက်အပြုံလိုက် ဒတ်လိုက်ကြသည်။ ဤကား အာရပ်တို့က တိုက်ပွဲခေါ်သံကို စတင်လိုက်ခြင်းပင်လဲ ကျော့ချမ်းစရာကောင်းလှသော ထိုအဖြစ်အပျက်သည် ချက်ချင်းပင် သတင်းပြန့် သွားသည်။ အာရပ်လူမျိုးစုရပ်ကွက်များတွင် ရုတ်တရက် အထိတ်တလန့်ဖြစ်ကုန်သည်။ ဟူစိန်နီမိသားစုများနှင့် ကောက်ဂျီ၏တပ်များ စစ်ပြင်နေကြသည်ကိုတွေ့မြင်ရ၍ အလွန်အမင်း စိုးရိမ်လာကြသည်။ ချမ်းသာကြွယ်ဝပြီး ဩဇာတိက္ကမရှိသော အာရပ်မိသားစုများနှင့် နယ်မြေခေါင်းဆောင်များသည် မဟာမင်းကြီး၏ တော်လှန်ရေးကာလကဖြစ်ရပ်များကို ပြန်လည်သတိရမိကြသည်။

လွန်ခဲ့သောဆယ်နှစ်ခန့်က သူတို့၏ ညီအစ်ကိုတော်အာရပ်များကို နှိပ်စက်ကလူ ပြုခဲ့ကြသည်မှာလည်း ယခု စစ်ပြင်နေသော အာရပ်တပ်ဖွဲ့ကြီးနှစ်ခုပင်ဖြစ်သည်။ ယခုလည်း အဗ္ဗဒူကဒါနှင့် ကောက်ဂျီတို့၏ ကောက်ကျစ်ယုတ်မာမှု၊ အဓမ္မခြိမ်းခြောက်မှုနှင့် သတ်ဖြတ် ရက်စက်မှုများကို တစ်ဖန်ပြန်လည် ကြုံကြိုက်ရဦးမည်ကိုတွေးပြီး ပါလက်စတိုင်းနေ အာရပ်များက အလွန်ကြောက်လန့်နေကြသည်။

ပါလက်စတိုင်းနေ အာရပ်လူ့မလိုင်လွှာများသည် မိမိတို့၏ လုပ်ငန်းများကို ဖျက်သိမ်း ကာ စုငွေများကိုထုတ်ယူပြီး ဒါဇင်လိုက်၊ ရာလိုက်၊ ထောင်လိုက်ချီ၍ ဘေးကင်းရာသို့ အလျှိုလျှိုထွက်ပြေးကြသည်။ အာရပ်လူမျိုးရပ်ကွက်များတွင် ဆရာဝန်တွေ၊ ဥပဒေပညာ ရှင်တွေ၊ ပရဟိတသမားတွေ၊ နိုင်ငံရေးသမားတွေ၊ ဘဏ်လုပ်ငန်းရှင်တွေ၊ စက်ရုံအလုပ်ရုံ ပိုင်ဆိုင်တွေ၊ ပညာတတ်တွေ၊ စာရေးဆရာတွေ တစ်ယောက်မျှမကျန်တော့။

ဂျူးအာရပ် ခွဲခြမ်းရေးစီမံကိန်း ပေါ်ပေါက်လာသည့် ရက်သတ္တပတ်များအတွင်း လူတစ်သိန်းကျော်ပါဝင်သော မိသားစုသုံးသောင်းခန့် ပါလက်စတိုင်းမှ ထွက်ပြေးသွား ကြသည်။ သူတို့သည် စစ်အန္တရာယ်ကင်း၍ ပိုမိုလုံခြုံစိတ်ချရသော ဘေရွတ်နှင့် ကိုင် ပတ်ဝန်းကျင်ဒေသများသို့လည်းကောင်း၊

ဥရောပနိုင်ငံများသို့လည်းကောင်း ထွက်ခွာသွား ကြသည်။

အာရပ်များအား သတိပေးခြင်း၊ ပစ်ခတ်ခြင်းတို့ကိုမူ ဂျူးတို့ဘက်မှ ဘာမှမလုပ် သေး။ အာရပ်ပါလက်စတိုင်း၊ လွတ်လပ်ရေးလှုပ်ရှားမှုတွင် ပါဝင်လိုသောဆန္ဒနှင့် သ၍ သွေးကိုလည်း မပြကြသေး။ ဘယ်တုန်းကမှ နိုင်ငံတစ်ခုအဖြစ်မရှိခဲ့သော ပါလက်စတိုင်းနိုင် တစ်နိုင်ငံအတွက် ဘာပဲဖြစ်ဖြစ် သူတို့တွင် ခံစားချက်အလျှင်းမရှိ။ အာရပ်တို့ အောင် ခံလျှင် တစ်နိုင်ငံလုံး ဒုက္ခပင်လယ်ဝေကာ မိမိတို့မှာ ခေးစာခံများသာ ဖြစ်ရလိမ့်မည်ဟူသော အချက်ကိုသာ သူတို့ သဘောပေါက်ထားကြသည်။

ကူးသန်းရောင်းဝယ်ရေး၊ ပညာရေး၊ လူမှုရေးနှင့် ဆေးဝါးကုသရေး၊ စိုက်၍ ရောင်းချရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများအားလုံး ရပ်ဆိုင် သွားသည်။ တည်ဆောက်ရေးလုပ်ငန်းများလည်း အလုပ်မဖြစ်တော့။ စက်ရုံအလုပ်ရုံမှာ ကိုလည်း ချက်ချင်းပိတ်ထားလိုက်ကြရသည်။ ပြီးတော့ အာရပ်များအတွင်း ယုံကြည်ချက်ကို ပျက်ပြားလာသည်။

ယင်းသို့ လူချမ်းသာများနှင့် အရေးပါအရာရောက်သူများ ကိုယ်ကျိုးသက်သက် ကြည့်ကာ ပြည်ပသို့ထွက်ပြေးသွားခြင်းကြောင့် သာမန်လယ်သမားများနှင့် ကုန်သည်ပေါက်) များမှာ အကြီးအကျယ် အထိနာကျန်ရစ်သည်။ ထင်ပေါ်ကျော်ကြားသူများနှင့် လေး ကြည်ညိုလောက်သောပုဂ္ဂိုလ်များအားလုံးလိုလို ထွက်ပြေးစွန့်ခွာသွားနေကြသည်ကို မြင် သောအခါ အခြားသောမိသားစုများမှာလည်း ပြည်ပသို့ရောယောင်၍ ထွက်ခွာစပြုလ သည်။

ဤသည်ကား အစုလိုက်အပြုံလိုက် တစ်ယောက်မကျန် ထွက်ပြေးမှုကြီးကို ဖြစ် စေရန် ဂယက်ရိုက်ခတ်မှု အချီးနိဒါန်းပင်ဖြစ်သည်။ ထိုသို့အစုလိုက်အပြုံလိုက် ထွက်ပြေး ခြင်းကြောင့် ပါလက်စတိုင်း အာရပ်လောကတွင် ဒုက္ခသည်ပြဿနာကြီး ဖိစီးလာခဲ့ပြန်သည်။

ဗြိတိသျှ ကင်းလှည့်တပ်ဖွဲ့သည် ခါတိုင်းလိုပင် တဘားရွာထဲသို့ ကင်းလှည့်စစ်ဆေး ခံ ဝင်ရောက်လာသည်။ ခေါင်းဆောင်စစ်ဗိုလ်ကလေးသည် ရွာလယ်ရှိလက်ဖက်ရည်ဆိုင် သို့ဝင်လာပြီး ဖရောက်အား အပြင်သို့

တိုးတိုးတိတ်တိတ် ခေါ်ထုတ်လာခဲ့သည်။

“ဂျက်ဖာက သူ့အိမ်ကြီးမှာ ဖောဇီကဘားရောက်နေတယ်”

စစ်ဗိုလ်ကလေးက သည်။ “သူက ခင်ဗျားကို အမြန်ဆုံးတွေ့ချင်နေတယ်၊ ခင်ဗျား ဘယ်တော့လာတွေ့

”ကျွန်တော်ဥပုသ်ထွက်ပြီး နောက်တစ်နေ့မှလာနိုင်မယ်”

”ဘယ်သူ့မှမသိစေနဲ့၊ အထူးသဖြင့် ခင်ဗျားညီမသိစေနဲ့”

”ဟုတ်ကဲ့၊ စိတ်ချပါ”

”သူ တစ်ခုခု မသင်္ကာစရာများဖြစ်နေမလား”

“မဖြစ်ပါဘူး၊ မဖြစ်နိုင်ပါဘူး၊ အဆောက်အအုံဆောက်ဖို့ လိုနေတာလေးတွေယ်ဖို့ ဂျက်ဖာကိုသွားမယ်လို့ အီဘရာဟင်ကို ကျုပ်ပြောမှာပါ”

“ဘယ်သူ့မှ ပြန်မပြောနဲ့နော်၊ ခင်ဗျားကို ဒီသတင်း ဘယ်သူလာပို့တယ်ဆိုတာလည်း ဘယ်သူ့မှမသိစေနဲ့” ။

“ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမယ့် ကဘားက ဘာလုပ်ဖို့ ကျွန်တော့်ကို တွေ့ချင်ရတာလဲ”

စစ်ဗိုလ်ကလေးက ပခုံးတစ်ချက်တွန့်လိုက်ပြီး “ကျုပ်က သတင်းပလာပို့တာပါ”

ဖရောက်သည် ဂျက်ဖာမြို့လယ်နာရီစင်တွင် ဘတ်စကားပေါ်မှ ဆင်းလိုက်သည်။ ငံ့စောင့်ကြိုနေကြသော ကဘား၏လူများက ဖရောက်ကို ချက်ချင်းပင်မြင်သွားကြ ည်း လာကြိုသူများက ဖရောက်အား ကန့်လန့်ကာချထားသော ကားတစ်စီးထဲသို့ လျင်အမြန် ဆွဲသွင်းလိုက်ပြီး ကားကိုမောင်းထွက်လာခဲ့ကြသည်။

ဖောဇီကဘား၏ အိမ်ကြီးသည် ဆိပ်ကမ်းကိုစီးမိုး၍ စကော့ရိပ်သာဟိုတယ်နှင့် က်နှာချင်းဆိုင်တွင် တည်ရှိသည်။ ဖရောက်သည် တဘားရွာအတွက် နှစ်စဉ် လယ်ထောက်ခ ကိုပေးသွင်းရန် ထိုအိမ်ကြီးသို့

အခေါက်ခေါက်အခါခါ ရောက်ဖူးသည်။

သို့သော် ယခုအကြိမ်လိုတော့ ဘယ်တော့မှ ခိုးကြောင်ခိုးဝှက်တွေ့ဆုံခြင်းမျိုး း သူသည် ကဘားနှင့်တွေ့ရတိုင်း ကြောက်ခဲ့ရသည်ချည်းဖြစ်သည်။ ယခုလည်း ဘားက သူ့ကို ထူးထူးဆန်းဆန်း လျှို့လျှို့ ဝှက်ဝှက် ဆင့်ခေါ်သောကြောင့် ဖရောက်မှာ " အပြန်နေသည်။ ရင်ထဲမှာလည်း တထိတ်ထိတ်နှင့် ဖြစ်နေသည်။

ကဘားသည် ဖရောက်အား ခါတိုင်းထက်ထူးခြားစွာ လှိုက်လှဲဝမ်းသာကြိုဆိုသည်။ ဤအတွက်ကြောင့်ပင် ဖရောက်မှာ ပို၍ သံသယဖြစ်လာမိသည်။

"တဘားရွာမှာ အခြေအနေဘယ်လိုရှိသလဲ မိတ်ဆွေ" ကဘားက မေးသည်။ "အခြေအနေကတော့ သိပ်တင်းမာနေတယ်ခင်ဗျ"

"ရွာသားတွေရဲ့ ယေဘုယျစိတ်သဘောထားကကော ဘယ်လိုနေလဲ"

"ကျွန်တော်တို့ကို အဗ္ဗဒူကဒါက သူ့တပ်ထဲဝင်ဖို့ အတင်းဖိအား ပေးနေပါတယ် "အဲဒီတော့ ဝင်ကြသလား"

"တချို့ကတော့ တိုးတိုးတိတ်တိတ်ကတိပေးထားကြတယ်၊ ရွာသားအားလုံးဟာ ဟာဂျီအီဘရာဟင်က ဝင်ခွင့်ပြုမယ့်အချိန်ကို စောင့်နေကြတယ်"

"ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားညီက ဘာများပြောသေးသလဲ"

"သူ ဒတ်စကတ်က ပြန်လာကတည်းက စကားသိပ်မပြောဘူး၊ လူချမ်းသာမိသား တွေအားလုံး ကျွန်တော်တို့ကို ပစ်ထားခဲ့ပြီး အသကအသက ထွက်ပြေးသွားကြတာကြောင့် သူအတော်ကလေး ဒေါပွနေတယ်"

"ဟုတ်တာပေါ့၊ သူတို့တွေ ထွက်သွားကြတာကြောင့် ကူးသန်းရောင်းဝယ်ရေးလည်း ပျက်သွားတာပဲ၊ ကျုပ်လိမ္မော်သီးတွေတောင် ဒီနှစ် ပြည်ပကိုတင်ပို့ဖို့အတွက် ပြဿနာကြီး တစ်ခုဖြစ်နေပြီ၊ ဒီလူတွေ သတ္တိကြောင်ပြီး ထွက်ပြေးသွားကြတာ၊ သူတို့လုပ်ရပ်ကို ကျုပ်တို့ ဘယ်တော့မှ

မေ့နိုင်တော့မှမဟုတ်ဘူး၊ စစ်ပြီးသွားတဲ့အခါမှာတော့ ပါလက်စတိုင်း မှာ ခေါင်းဆောင်သစ်တွေ အများကြီးပေါ်လာလိမ့်မယ်” ။

ဖရောက်က ဦးခေါင်းကို နှစ်ကြိမ်တိတိညိတ်ပြီး ထောက်ခံလိုက်သည်။

“အယာလုံမြစ်ဝှမ်းမှာရှိတဲ့ ရွာတွေအားလုံး ပြောင်းဖို့ရွှေ့ဖို့ ပြင်နေကြတယ် ကျုပ်သတင်းရထားတယ်”

ကဘားက မေးသည်။

“အို...မဟုတ်ပါဘူးသူဌေးကြီး၊ ကျွန်တော်တို့က နောက်ဆုံးသွေး တစ်စက်ကျန် အထိ တိုက်ဖို့ပြင်ဆင်နေကြတာပါ”

“တဘားရွာကလဲ တိုက်မှာပဲလား”

”တဘားရွာကပဲ ဦးဆောင်ပြီးတိုက်မှာပါ”

“ဖြစ်လာမယ့် အခြေအနေတွေကို ခင်ဗျားတို့ ဘယ်နည်းနဲ့မှ နိုင်နိုင်နင်းနင်းထိန်း နိုင်မှာမဟုတ်ပါဘူး၊ မကြာခင်မှာပဲ ခင်ဗျားတို့ တဘားရွာက ထွက်ခွာသွားဖို့ စိုင်းပြင်း လိမ့်မယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ဟာဂျီအီဘရာဟင်က ဘာမှထုတ်မပြောသေးဘူးလား

”မပြောသေးပါဘူး၊ ကျွန်တော်ပြောခဲ့သလိုပဲ သူက လုံးဝရေငုံနှုတ်ပိတ်နေတယ် ဒါပေမယ့် ဒီကိစ္စကို နက်နက်နဲနဲစဉ်းစားနေပုံတော့ရပါတယ်”

“တဘားရွာမှာရှိတဲ့ တခြားလူတွေကကော ဘာလုပ်မတဲ့လဲ၊ ရပ်ရွာ အကြီးအကဲ ဘာလုပ်ကြမလဲ”

“ကျွန်တော်တို့အားလုံး အစွမ်းကုန်တိုက်ကြမှာပဲ”

သူဌေးကြီးဖောကဘားသည် ကိုယ်ကိုရှေ့သို့ကိုင်းပြီး ဖရောက်၏လက်နှစ်ဖက်ကို သူ့လက်ဖြင့် ဆုပ်ကိုင်လိုက်သည်။ ထို့နောက် ဖရောက်၏မျက်နှာကို စူးစိုက်ကြည့်နေသည် အရောက်မှာ ကြောက်ရွံ့ပြီး မနေတတ်မထိုင်တတ် ဖြစ်သွားသည်။

“ခင်ဗျားတို့လူတွေ သတ္တိရှိသလို ခင်ဗျားလည်း သတ္တိရှိစမ်းပါ၊ သူတို့တွေ ဘာစကား တွေ ပြောနေကြသလဲဆိုတာ အမှန်အတိုင်း ခင်ဗျားဆီက ကျုပ်သိချင်တယ်၊ ကျုပ်ကို သေသေချာချာပြောစမ်းပါ၊ အမှန်အတိုင်း ဘာဖြစ်နေသလဲဆိုတာ သိပ်အရေးကြီးတယ်၊ အဲဒါခင်ဗျားအတွက်အဓိပ္ပာယ်အများကြီးရှိနိုင်တယ်” ။

ဖရောက်သည် ကြောက်လွန်း၍ တစ်ချက်ညည်းလိုက်ပြီး ရင်တုန်ပန်းတုန်ဖြင့် က်မချလိုက်သည်။ သူဌေးကြီးက သူ့လက်များကို မလွှတ်သေးဘဲ တင်းတင်းဆုပ်ညှစ်ရင်း

”အမှန်အတိုင်းပြောစမ်းပါ၊ လုပ်ပါ၊ ပြောစမ်းပါ” ဟု ဖရောက်ကို စိုက်ကြည့်ပြီးဆိုသည်။

“ရွာလုံးကျွတ် ပြောင်းရွှေ့ရေးကိစ္စကိုပဲ အများဆုံးပြောနေကြပါတယ်၊ လူတိုင်း ဆိတ်တလန့်ဖြစ်နေကြတယ်၊ အမှန်ကတော့ ကျွန်တော်တို့ဟာ ဟာဂျီအီဘရာဟင်ဆီက ကားကိုစောင့်နေကြတာပါ”

“ဟုတ်ပြီ၊ အဲဒါကြောင့် ခင်ဗျားနဲ့ ကျုပ်နဲ့ကြားမှာ အမှန်အတိုင်းဖြစ်ရမယ်လို့ ချုပ်ပြောနေတာပေါ့၊ ဒါ သိပ်အရေးကြီးတဲ့လျှို့ဝှက်ချက်ပဲ၊ ကျုပ်ပြောတာ နားလည်ရဲ့လား အရောက်”

“နားလည်ပါတယ်ခင်ဗျာ၊ နားလည်ပါတယ်၊ တကယ်သဘောပေါက်နားလည် တယ်”

ဖောဇီကဘားက သူ့အသံကိုနှိမ့်ပြီး ခပ်တိုးတိုးပြောသည်။ “မကြာခင်ပဲ ကောက်ဂျီဟာ သူ့ လူနှစ်သောင်းသုံးသောင်းလောက်နဲ့ နယ်စပ်ကို တ်လာလိမ့်မယ်၊ ဆီးရီးယားနဲ့အီဂျစ် အမြဲတမ်းစစ်ဘက်အရာရှိတွေက ဦးဆောင်လာ ထိမ့်မယ်၊ သူတို့မှာ လေယာဉ်ပုံတွေပါလာလိမ့်မယ်” ။

“လေယာဉ်ပုံတွေဟုတ်လား၊ အဲဒီလေယာဉ်ပုံတွေကို ဘယ်သူက မောင်းလာမှာလဲ

”အိန္ဒိယက မွတ်စလင်လေသူရဲတွေက မောင်းလာလိမ့်မယ်၊ ပြီးတော့

တင့်ကားတွေ၊ သေနတ်ကြီးတွေနဲ့ လောင်ချာတွေလဲပါလိမ့်မယ်၊ အဲဒါတွေကို အာရပ်လွတ်မြောက်ရေး တပ်မတော်က ဒီကိုသယ်လာလိမ့်မယ်”

ကဘားက ဖရောက်၏လက်များကို ဆုပ်ကိုင်ဖျစ်ညှစ်ထားရာမှ ပြန်ဖြေလိုက်ပြီး သွားကိုလက်ညှိုးထိုးပြကာ

”ကောက်ဂျီက တဘားရွာကို အငမ်းရမလိုချင်နေတယ်၊ သူဘာကြောင့် လိုချင်နေ သံဆိုတာ ခင်ဗျားသိပါတယ်”

ဒါပေမယ့် ... ဒါပေမယ့် ကျွန်တော်က မီးလောင်ပြာကျနေတဲ့ လယ်ကွင်းတွေကို အလုပ်ရမလဲ၊ ကျွန်တော်က ဆင်းရဲသားတစ်ယောက်ပါ သူဌေးကြီး ။

“ကိုယ့်လူက တော်တော်အ,သေးတာကိုး၊ ဗိုလ်ချုပ်ကြီး ကောက်ဂျီအပေါ်မှာ ချုပ်ကျေးဇူးတွေ အများကြီးရှိတယ်၊ သူက ကျုပ်လုပ်ခိုင်းတာ ဘာမဆိုလုပ်မှာပဲ”

“ကျွန်တော်ကတော့ လယ်ကွင်းတွေ မီးရှို့တာလုံးဝမကြိုက်ဘူး၊ အဲဒါကတော့ ကြောက်စရာနည်းဗျူဟာပဲ၊ လူမဆန်တဲ့လုပ်ရပ်ပဲ၊ ဒါပေမယ့် သူဌေးကြီးသိတဲ့အတိုင်း ၁ ကျွန်တော်က ရွာမှာရှိတဲ့ စတိုးဆိုင်ကိုသာ ကိုင်ရတဲ့လူပါ”

”အဲဒီအချက်ကို ဗိုလ်ချုပ်ကြီးကသိပါတယ်၊ ကျုပ်က သူ့ကို ပြောပြထားပြီးပါပြီ”

“ကျေးဇူးပါပဲ သူဌေးကြီး၊ အများကြီးကျေးဇူးတင်တယ်၊ သူဌေးကြီးရဲ့ လုပ်ရပ်တိုင်း ကို အလ္လာအရှင်မြတ် စောင့်ရှောက်ပါစေ၊ ကောင်းကင်ဘုံမှာ သက်တော်ထောင်ကျော်ရှည် ပါစေ”

“ဒီမှာ မိတ်ဆွေကြီးဖရောက်၊ ကျုပ်သိပ်လျှို့ဝှက်ထားတဲ့ စကားတစ်ခွန်း ခင်ဗျားကို ပြောလိုက်မယ်၊ ခင်ဗျားညီ အီဘရာဟင်ကို အဗ္ဗဒူကဒါနဲ့ ကောက်ဂျီတို့နဲ့အတူ စီမံကိန်းတစ်ခု ကို ပူးပေါင်းဆောင်ရွက်ဖို့ ကျုပ်ဒမတ်စကတ်ကိုခေါ်ခဲ့တယ်။ တဘားရွာဟာ ကိုယ့်အား ကိုယ်ကိုးပြီး ခုခံကွယ်နိုင်မယ့်နည်းလမ်းမရှိဘူးလို့ ကျုပ်တို့ကို သူကပြောခဲ့တယ်၊ တဘားနဲ့ အနီးအနားက တခြားရွာတွေအားလုံးကို အစုလိုက်အပြုံလိုက်ပြောင်းရွှေ့ဖို့အတွက်

အခွင့် အရေး သူတောင်းဆိုထားတယ်”

“သူဌေးကြီးက ကျွန်တော့်ကို စိတ်ညစ်ပြီး သေအောင်လုပ်နေတာလား၊ ကျွန်တော် နားရှုပ်ကုန်ပြီ”

ဖရောက်က ညည်းပြီးပြောလိုက်သည်။

“အို ... အဲဒီလို မဟုတ်ပါဘူး၊ အဲဒီလိုမဟုတ်ပါဘူး မိတ်ဆွေကြီး သေသေချာချာ နားထောင်ပါဦး၊ ကျုပ်က တဘားရွာကို အလွှာအရှင်မြတ်မလိုလားတဲ့ ဂျူးမိစ္ဆာတွေလက်ထဲ ရောက်သွားတာမျိုး မကြည့်ချင်ဘူး၊ စောစောက ကျုပ်ပြောခဲ့သလိုပဲ၊ ကောက်ဂျီဟာ အမိန့်ပေးသလို လုပ်လိမ့်မယ်၊ ကျုပ်မှာ စိတ်ကူးတစ်ခုရှိနေတယ်” ။

“ဟုတ်ကဲ့၊ ဘယ်လိုစိတ်ကူးပါလိမ့်”

'ခင်ဗျားအကြောင်းကို ကောက်ဂျီကို ကျုပ်ပြောထားပြီးသားလို့ ကျုပ်ပြောခဲ့ပြီးပြီး နော်၊ သူက ခင်ဗျားအပေါ် သက်ညှာမယ်လို့ ကျုပ်ကိုကတိပေးထားတယ်၊ သူဘယ်တော့ တိုက်ခိုက်လာမယ်ဆိုတာ ခင်ဗျားကို ကြိုပြီးသတင်းပို့ပါ့မယ်”

'ဒါပေမယ့် တဘားရွာက အားလုံးပြောင်းရမှာမဟုတ်ဘူးလား”

“အဲဒါ ကျုပ်ပြောမယ့်အချက်မဲ့၊ အခြားလူတွေ အကုန်ပြောင်းကြရမယ်၊ ဒါပေမင့် ခင်ဗျားကတော့ မပြောင်းရဘူး၊ တဘားရွာမှာ ခင်ဗျား ကျန်ရစ်ရမယ်”

“ကျွန်တော် ကျန်ရစ်ခဲ့ရမယ်ဟုတ်လား၊ ဒါပေမယ့် ဘယ်လိုလုပ် ဖြစ်နိုင်ပါ့မလဲ ဟာဂျီအီဘရာဟင်က ကျွန်တော့်အပေါ်သိပ်ပြီး သံသယဝင်သွားမှာပေါ့”

“ခင်ဗျားက ခင်ဗျားညီကို ကြိုတင်ပြီးပြောထားရမှာပေါ့၊ လယ်မြေတွေကို တောင် ဆိုနိုင်ဖို့အတွက် တစ်ယောက်ယောက်တော့ ရွာမှာကျန်ရစ်ခဲ့ရမယ်လို့ သူသဘော ပေါက်သော ကြိုတင်ပြောထားရမှာပေါ့၊ သူရွာကထွက်သွားတဲ့အခါမှာ ခင်ဗျားနဲ့ မိသားစုတစ်ဆယ် နှစ်ဆယ်လောက် ကျန်ရစ်ခဲ့ရမယ်” ။

'ဒါပေမယ့် ဟာဂျီအီဘရာဟင်က အကြီးအကဲပါ၊ ခေါင်းဆောင်ပါ၊ တဘားရွာ ၊ တစ်ယောက်ကျန်နေခဲ့ဖို့ လိုအပ်လျှင် အဲဒီအတွက် သူပဲတာဝန်ယူရမှာပေါ့”

“မဟုတ်သေးဘူးလေ၊ သူက ပြောင်းရွှေ့တဲ့လူအုပ်ကြီးကို ခေါင်းဆောင်ရမှာ ၊ လူအုပ်ကြီးကို ဂါဇာကိုဖြစ်ဖြစ်၊ ဆီးရီးယားကိုဖြစ်ဖြစ် ဘယ်ကိုပဲဖြစ်ဖြစ် ခေါင်းဆောင် ၍ ခေါ်သွားဖို့ကိစ္စမှာ သူ ဘယ်သူ့ကိုမှ စိတ်ချမှာမဟုတ်ဘူးဆိုတာ ခင်ဗျားသိထားစမ်း” အဲဒီတော့ ခင်ဗျားက ငါနေရစ်ခဲ့မယ်လို့ သူ့ကိုပြောရမှာ၊ သဘောပေါက်ပြီလား

”ဟုတ်ကဲ့၊ ကောင်းပါပြီ၊ အလ္လာအရှင်မြတ်ကူညီလို့ ကျွန်တော်တို့ တစ်ဘားက ဖနေပေးမှာပဲ၊ အတမ်းတပ်မကမရှိပါဘူး၊ ဘာတွေက ရောက်လက်ထဲသို့ လုပ်ပြီးသွားတဲ့အခါ တွေလက် အောက်ဂျီရန်ကအေးပြီလို့ပဲ ထားပါတော့၊ ဒါပေမယ့် ဂျူးတွေက တဘားရွာကို ဝင်သိမ်း တွင် ဘယ့်နှယ့်လုပ်ပါ့ မလဲ”

“အဲဒီလို တဘားရွာကို ဂျူးတွေသိမ်းဖို့ဝင်လာလျှင် အလံဖြူစိုက်ပြီး ခံမတိုက်ဘဲနေရုံ ဌာထဲမှာ ကျန်ခဲ့တဲ့လူတွေထဲက ဘယ်သူ့ကိုမှ ဂျူးတွေက အတင်းနှင်ထုတ်မှာမဟုတ်ဘူး၊ သူတို့ရဲ့ အားနည်းချက်ပဲ၊ တကယ်လို့ ဂျူးတွေ တဘားရွာကိုဝင်သိမ်းလျှင်တောင်မှ ခုတုံ့က ခင်ဗျားကို လေးလေးစားစား ဆက်ဆံကြလိမ့်မယ်။

..ဒါပေမယ့် အနာဂတ်ကို ကျုပ်တို့ကြိုပြီးတွေးကြည့်ရအောင်၊ ဂျူးတွေက ဘာရွာကို ဝင်သိမ်းတယ်လို့ပဲထားလိုက်၊ သိပ်ဝမ်းနည်းစရာမရှိပါဘူး။ ဘာဖြစ်လို့လဲဆို ဆော့ နောက်နှစ် မေလမှာ အာရပ်အမြဲတမ်းတပ်မတော်တွေက ဂျူးတွေလက်ထဲက ခွတ်မြောက်အောင် လုပ်ပေးမှာပဲ၊ အဲဒီလို လုပ်ပြီးသွားတဲ့အခါမှာ... ကဘားက ဖရောက်လက်ထဲသို့ ဘဏ်အပ်ငွေစာအုပ်တစ်အုပ်ကို ကမ်းပေးလိုက်ပြီး
“ဘာကလေဘဏ်...ဘာကလေဘဏ်ဟာ ပါလက်စတိုင်းမှာ ဖွင့်ထားလိမ့်မယ်၊ ဘောရွာမှာ နေကျန်ရစ်တဲ့လူတွေအတွက် ဘာမှပူစရာမရှိဘူး၊ ကျုပ်က ခင်ဗျားနာမည်နဲ့ လိပ်ငွေ ပေါင်လေးရာ ဘဏ်မှာအပ်ထားပြီးပြီ”

“ပေါင်လေးရာဟုတ်လား၊ ဒါပေမယ့် အာရပ်တပ်မတော်က တဘားရွာကို

လွတ် မြောက်စေတဲ့အခါမှာ ဟာဂျီအီဘရာဟင်ရွာကိုပြန်လာလျှင် ဘယ်လိုလုပ်မှာလဲ”

“သူပြန်လာနိုင်မယ်လို့ ကျုပ်မထင်ဘူး” ဖရောက်၏ မျက်နှာတွင် သွေးဆုတ်သွားသည်။ ဘဏ်အပ်ငွေစာအုပ်ကို ကိုင်ထား သာ သူ့လက်များလည်း တုန်တုန်ယင်ယင် ဖြစ်နေသည်။

“ဒီမှာ ဖရောက်၊ ခင်ဗျားဟာ ခင်ဗျားညီမွေးထားတဲ့ ခွေးတစ်ကောင်လို လေးဖက် က်ပြီးဟောင်လာခဲ့တာ ကြာပါပြီ၊ ခင်ဗျားဟာ အသက်လဲကြီးတယ်၊ အမြော်အမြင်လည်း တယ်၊ ပြီးတော့ စာလည်းကောင်းကောင်းတတ်တယ်၊ တစ်ရွာလုံးရဲ့ လယ်ယာမှတ်တမ်း ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ထားတယ်၊ ရပ်ရွာရဲ့ ဘာသာရေးခေါင်းဆောင်လည်း တယ်၊ အီဘရာဟင်ဟာ ခင်ဗျားရထိုက်တဲ့နေရာကိုလုပြီးတော့ ရွာအကြီးအကဲ လုပ်နေတာ၊ မှာ ခင်ဗျားဥစ္စာဖြစ်ရမယ့် လယ်ယာမြေတွေကရတဲ့ အခွန်အခတွေနဲ့ သူ့ကိုယ်သူ သားတစ်ပါးလို နေလာခဲ့တယ်။

“.....ဒါပေမယ့် အခုအချိန်မှာတော့ ခင်ဗျားက သူ့ခြေထောက်ကို လျှာနဲ့လျက်ပြီး ဘုံ သခင်လို့ ဆက်ခေါ်နေစရာ မလိုတော့ဘူး၊ ကဲ... ဒီတော့ ခင်ဗျားလုပ်စရာရှိတာ ကုန်လုံးကို ခင်ဗျားညီ ယုံကြည်အောင်သာ နားသွင်းပေတော့၊ မိသားစုနည်းနည်းပါးပါးနဲ့ ခြား နေကျန်ရစ်နိုင်အောင်သာ အစွမ်းကုန် ကြိုးစားပေတော့”

ထို့နောက် ကဘားက ဖရောက် သည်းခြေကြိုက်မည့် အကြောင်းရပ်ကို ဆက်ပြော သည်။

“စစ်ပြီးသွားတဲ့အခါ ကျုပ်ဆီက ဂျူးတွေ ခိုးယူထားတဲ့ လယ်မြေတွေအားလုံးကို ပြီးတောင်းယူမယ်၊ အဲဒီမှာ ဂျူးဘုံရိပ်သာတွေလဲပါတယ်၊ အဲဒီလယ်မြေတွေရဲ့ တစ်ပုံကို ခင်ဗျားကို ကျုပ်ကိုယ်တိုင်လွှဲပေးပါ့မယ်”

”ဂျူးဘုံရိပ်သာတွေရဲ့ သုံးပုံတစ်ပုံဟုတ်လား”

”ဟုတ်တယ်၊ သုံးပုံတစ်ပုံပေးမယ်”

"ဒီအကြောင်းတွေကိုသာ ဟာဂျီအိဘရာဟင် သိသွားလျှင်တော့ ကျွန်တော့်ကို သူသတ်လိမ့်မယ်"

"ထွက်ပြေးသွားတဲ့လူတွေ ပြန်လာနိုင်ဖို့ လမ်းမရှိပါဘူး၊ ပါလက်စတိုင်းနိုင်ငံသစ်ကို ဦးဆောင်ဖို့ လူကောင်းလူတော်တွေကိုသာ ကျုပ်တို့လိုချင်တယ်"။

"သူဌေးကြီးခင်ဗျား၊ ကျွန်တော်ဟာ ကျေးဇူးမသိတတ်တဲ့ လူတစ်ယောက်ကို အထင်ခံရမှာကိုတော့ မလိုလားပါဘူး၊ ဒါပေမယ့် တကယ်လို့များ အာရပ်အမြဲတမ်း တပ်မတော်တွေ အရေးနိမ့်သွားခဲ့လျှင် ဘယ်လိုလုပ်မလဲ"

'အာရပ်အမြဲတမ်းတပ်မတော်တွေ အရေးနိမ့်မယ်ဟုတ်လား၊ ဒါတော့ လုံးဝမဖြ နိုင်ဘူး၊ ဘယ်တော့မှ မဖြစ်နိုင်ဘူး"

"အဲဒီလိုတော့ မဖြစ်တန်ဘူးလို့ ကျွန်တော်လည်း ယုံကြည်ပါတယ်၊ တကယ်လို့များ မလွှဲသာမရှောင်သာ အရေးနိမ့်သွားခဲ့လျှင် ဘယ်လိုများဖြစ်လာလိမ့်မလဲလို့ တွေးကြည့် တာပါ"

"ဟုတ်ပါတယ်၊ ခင်ဗျားပြောတာမှန်တယ်၊ သတိဆိုတာ ပိုတယ်လို့မရှိပါဘူး။ ကျုပ်တို့ဟာ ဖြစ်နိုင်ခြေမှန်သမျှအားလုံးကို စဉ်းစားထားရမယ်၊ ဒါပေမယ့် ဒီကိစ္စအတွက် - ဘာမှမပူပါနဲ့၊ ကျုပ်က ဘင်ဂူရီယံနဲ့ ကြိုတင်ဆွေးနွေးထားပြီးပါပြီ"

"ဘင်ဂူရီယံ ဟုတ်လား"

"ဟုတ်တယ်၊ ဘင်ဂူရီယံက ကျုပ်ကိုကတိပေးတယ်၊ ရွာမှာကျန်ရစ်ခဲ့တဲ့ အာမိသားစုတွေကို ဂျူးတွေက ဘယ်လိုမှမလုပ်ပါဘူးတဲ့၊ တကယ်လို့ ကံဆိုးမိုးမှောင်ကျ ဂျူးတွေအောင်ပွဲခံခဲ့လျှင်လဲ ခင်ဗျားအနေနဲ့ တဘားရွာက ဘယ်မှမသွားရပါဘူး၊ ကျပ် ကံမကောင်းလို့ အာရပ်တွေ အရေးနိမ့်သွားသည့်တိုင်အောင် တဘားကလယ်မြေတွေး ခင်ဗျားနဲ့ကျုပ်တစ်ယောက်တစ်ဝက်စီ ဝေယူကြရုံပဲ၊ ကိုင်း...ဘယ့်နှယ်လဲ၊ ကျေနပ်တ မဟုတ်လား"

ဖရောက်တွေးကြည့်သည်။ သူဌေးကြီးဖောဇီကဘား တွက်ပြသည့်အတိုင်းဆိုလူ ဘယ်သူရှုံးရှုံး၊ ဘယ်သူနိုင်နိုင် သူ့တွင်

ဘာမှထိခိုက်သွားစရာမရှိ။ အာရပ်တို့အောင်ပွဲရ။ သူ့မှာ မြေပိုင်ရှင်လယ်ပိုင်ရှင်ကြီး ဖြစ်လာမည့်အပြင် ရွာအကြီးအကဲလည်း ဖြစ်လာဦး အာရပ်တွေ အရေးနိမ့်သွားလျှင်လည်း တဘားရွာ၏ ထွက်အားကောင်းသော လယ်များ၏ထက်ဝက်ကို သူရမည်သာဖြစ်သည်။

ဤကိစ္စအားလုံးမှာ သူ့အပေါ်တွင် လုံးဝတည်နေသည်။ သူက သူ့ညီကို မုသ စကားတစ်ခွန်းပြောလိုက်ရုံနှင့် အားလုံးအဆင်ပြေသွားနိုင်သည်။ ဟာဂျီအီဘရာဟင် တဘားရွာသို့ ဘယ်နည်းနှင့်မျှ ပြန်လာနိုင်စရာမရှိတော့။

ဖရောက်သည် တွေးရင်းတွေးရင်းနှင့် တစ်ကိုယ်လုံး ချွေးတွေပြန်လာသည် အခြေအနေအားလုံးကို သူသုံးသပ်မိပြီ။ အကယ်၍ သူ့အနေဖြင့် ကဘားခိုင်းသည့်အ မလုပ်လျှင် သင်္ချိုင်းကုန်းသို့ သွားရဖို့သာရှိတော့သည်။

သူက သူဌေးကြီးဖောဇီကဘား၏လက်ကို ရုတ်တရက်ဖမ်းဆုပ်ပြီး နမ်းလိုက်သတ် ထို့ နောက် ဘဏ်အပ်ငွေစာအုပ်ကို အိတ်ထဲထိုးထည့်လိုက်သည်။)

”ကျွန်တော်သွားတော့မယ်၊ လိုအပ်တဲ့ပစ္စည်းတွေ သွားဝယ်ရဦးမယ်၊ နို့မဟုတ် ဟာဂျီအီဘရာဟင်က မသင်္ကာဖြစ်လာလိမ့်မယ်”

”ခင်ဗျားလိုတဲ့ပစ္စည်းတွေကို စာရင်းတစ်ခုလုပ်ပြီး ခု ကျုပ်ကို ပေးထားပါ” ကဘာက ပြောသည်။ “ခင်ဗျားလိုတာတွေ မနက်မိုးလင်းတော့ အဆင်သင့်ဖြစ်နေရပါစေ့မယ်၊ ကဲ ဒီည တော့ ကျုပ်ရဲ့ အထူးဧည့်သည်အဖြစ်နဲ့ စိတ်ချမ်းချမ်းသာသာ နေစေချင်တယ်၊ ချုပ်ရဲ့ ဧည့်သည်တော် မဟာမိတ်ကြီးအတွက် စိတ်ဝင်စားစရာ အထူးဧည့်ခံဖျော်ဖြေမှုပြုဖို့ လည်း လိုလေသေးမရှိအောင် ကျုပ်အရန်သင့် စီစဉ်ထားပြီးပါပြီ”

❖--- www.ebooks4mm.org ---❖

အခန်း (၈)

၁၉၄၇ ခုနှစ် ဆောင်းဦးပေါက်ရာသီကုန်ခါနီးတွင် ဂီဒီယံအက်ရှ်အား ဘင်ဂူရီယံက တာဝန်သစ်ပေးအပ်သည်။ ယင်းတာဝန်မှာ စစ်ကာလတွင် အခြေအနေအရ လိုအပ်သော စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်သွားရန်ဖြစ်ရာ ဂီဒီယံသည် ဟာဂနာတပ်မှူးများ ကော်မတီနှင့် ဂျူးအေဂျင်စီ အမှုဆောင်အဖွဲ့တို့ကို ဦးဆောင်ကွပ်ကဲရသည်။ ထို့ကြောင့် သူ၏ စားပွဲတွင် နယ်မြေတာဝန်ခံ တပ်မှူးအသီးသီး၏ အစီရင်ခံစာများ တောင်လိုပုံ တော့သည်။

ဂီဒီယံသည် သူ၏ ပုံမှန်အလုပ်များကို ဆောင်ရွက်ပြီးတိုင်း ခေါင်းဆောင်ကြီး ဘင်ဂူရီယံနှင့် နေ့စဉ်တွေ့ဆုံပြီး လုပ်ငန်းတိုးတက်မှုများကို တင်ပြရသည်။ တစ်ခါတစ် တဲလ်အဗစ်မြို့ရှိ ဘင်ဂူရီယံ၏ အခန်းကလေးတွင် နှစ်ယောက်သား တွေ့ဆုံကြသည်။

လောလောဆယ် အဓိကပြဿနာမှာ ပါလက်စတိုင်း ရပ်ကွက်များကို မည်မျှ ကာကွယ်နိုင်မည်လဲ၊ မည်မျှအထိ အဆုံးရှုံးခံနိုင်မည်လဲဟူသော ပြဿနာပင်ဖြစ်သည်။ ဂျေရုဆလင်မြို့မှာ ဆိုးဆိုးရွားရွား အထိနာစရာ အနေအထားတွင်ရှိနေသည်။ ထို့ပြင် နောက်ထပ်စဉ်းစားစရာ ပြဿနာများလည်း ရှိသေးသည်။ ဘက်အယ်ဝဒ် တောင်ကြား တစ်လျှောက်နှင့် လာထရွန်ပတ်ဝန်းကျင်ရှိ အာရပ်ကျေးရွာများအနေဖြင့် ဘယ်လိုတုံ့ပြန်သော နည်း။ နီဂျက်သဲကန္တာရရှိ ဝေးလံသောဂျူးကျေးရွာများက အီဂျစ်တပ်မတော်ကို ဘယ် ခုခံကာကွယ်မည်နည်း။

ယီရှုပ်အုပ်စု၏စီမံကိန်းအတိုင်း ဂျူးလူမျိုးများ အများစုနေထိုင်သော ဒေသများ တွင်သာ အဓိကအခြေစိုက်၍ ရန်သူကို ခုခံတိုက်ခိုက်မည်လား။ ဤအစီအမံကို ဂီဒီယံ သဘောကျသည်။ ဘင်ဂူရီယံကလည်း လက်ခံသည်။ ဂျူးကျေးရွာများက လုံးဝအလံမလှဲ အသေခံ၍ တိုက်ခိုက်ကြမည်ဆိုသည်ကိုလည်း တစ်ဖက်ရန်သူက အလေးအနက် ယုံကြ ထားသည်။

စီမံကိန်းမျိုးစုံကို အသေးစိတ် ဆွေးနွေးကြပြီးနောက် တိုက်ပွဲအတွက် အပြီးသတ် ဆုံးဖြတ်ချက်ချရန်အချိန်သို့ ရောက်လာသည်။

ယခုအချိန်တွင် ဂျေရုဆလင်သို့ အသွားအပြန်လမ်းမကြီးမှာ လုံခြုံရေးမရှိသ ဖြစ်နေသည်။ ထို့ကြောင့် ဂျူးအေဂျင်စီဆယ်ခုကို နိုင်နိုင်နင်းနင်း ကိုင်တွယ်လှုပ်ရှား ခက်ခဲလာသည်။ နောက်ဆုံးတွင် ဘင်ဂူရီယံသည် ဂျူးအေဂျင်စီတော်တော်များများကို ပို၍လုံခြုံစိတ်ချရသော ဂျူးလူမျိုးများသာနေထိုင်သည့် တဲလ်အဗစ်သို့ပြောင်းရွှေ့ရန် ဆုံးဖြတ် လိုက်သည်။

တဲလ်အဗစ်မြို့မှာ ကမ်းရိုးတန်းတွင်တည်ရှိပြီး အာရပ်လူမျိုးများ နေထိုင်သော ဂျက်ဖာမြို့နှင့်လည်း ဆက်စပ်နေသည်။ ဤသို့ဖြင့် တဲလ်အဗစ်မြို့ရှိ ယခင် ဂျာမန်ကိုလိုနီ ရပ်ကွက်ထဲမှ အိမ်ဟောင်းလေးတစ်ဆောင်မှာ ခေါင်းဆောင်ကြီး ဘင်ဂူနီယံ၏ ဂျူးတပ်မတော် ဌာနချုပ် ဖြစ်လာခဲ့တော့သည်။

ဆုံးဖြတ်ချက်ချသောညတွင် ဂီဒီယံသည် အစောကြီးရောက်လာပြီး လုပ်ငန်းစဉ်များကို ပြန်လည်တင်ပြသည်။ “ဒီစီမံကိန်း အစီရင်ခံစာ စာရွက်များသည် မီးရောင်အောက်တွင် ပြောင်လက်နေကြသည်။ ဘင်ဂူရီယံသည် ထိုအစီရင်ခံစာကို အကျေအလည် လေ့လာထားပြီး ကြောင်း ဂီဒီယံက မပြောဘဲနှင့်သိနေပြီးဖြစ်သည်။ ဘင်ဂူရီယံသည် အစီရင်ခံစာဆုံးဖြတ် က်အတိုင်း အတိအကျလုပ်ရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။ မည်မျှပင် အန္တရာယ်များ စေကာမူ ဂျူးကျေးရွာတိုင်းက ရန်သူကို အလံမလှဲခုခံတိုက်ခိုက်ကြရန် “ဒီစီမံကိန်းက အလေးအနက် တောင်းဆိုထားသည်။

နောက်ဆုံးတွင် ဂီဒီယံက ပြောသည်။ “ဘယ်ဘက်ကတွေးတွေး ကျွန်တော်တို့အတွက် ကောင်းကွက်တော့ တစ်ချက်မှ နိုင်ဘူး၊ အဆိုးဆုံးကြုံရလျှင်တော့ ကိုယ့်ကိုယ်ကိုယ် သတ်သေသလိုပဲ၊ အဲ… အကောင်းဆုံး ကြုံရလျှင်လဲ မလွယ်ပါဘူး၊ နိုင်ခြေမရှိတဲ့ဖဲ ကိုင်ထားသလိုပဲရှိမှာပဲ” ''မင်းဆိုလိုတာ သဘောပေါက်ပါတယ် ဒီယံ”

ဟု ဘင်ဂူရီယံက ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။

ထို့နောက်တွင် ဂါလီလီ၊ နီဂျက်နှင့် အခြားဒေသများမှ နယ်မြေတာဝန်ခံများ

အသီးသီး တက်ရောက်လာကြသည်။ အချင်းချင်း ဖက်လှဲတကင်း နှုတ်ဆက်ကြပြီးနောက် လက်ဖက်ရည်သောက်ကြသည်။ ထို့နောက်တွင် ဂီဒီယံက အခြေအနေကို အသေးစိတ် သုံးသပ်တင်ပြသည်။

အာရပ်နှင့် ဂျူးလူမျိုးများ ရောထွေးနေထိုင်သော မြို့ကြီးများမှတစ်ပါး ပါလက်စတိုင်း ဒေသတွင် ကျူးကျေးရွာပေါင်း သုံးရာခန့်မျှရှိသည်။ ယင်းရွာတိုင်းတွင် အရပ်သားလက်နက်ကိုင် များဖြင့် ဖွဲ့စည်းထားသော ဟာဂနာတပ်ဖွဲ့ တစ်ဖွဲ့ စီရှိသည်။ ဂျူးလူမျိုးအများစုမှာ ဆိုင်ဖာမှ တဲလ်အဗစ်တစ်လျှောက်တွင် နေထိုင်ကြသည်။ ဤဒေသည်ပင်လျှင် အဓိက စစ်ကြောင်းကြီးဖြစ်သည်။

သို့သော် တခြားဂျူးကျေးရွာ ငါးဆယ်ခန့်တို့မှာ အာရပ်နယ်မြေများနှင့် ဝေးလံသော ဒီရက်သဲကန္တာရနှင့် ပင်လယ်သေ စသောဒေသများတွင် ရှိနေကြသည်။ ယင်းဒေသများမှာ တစ်ခုနှင့်တစ်ခု အလှမ်းကွာဝေးနေသော ထောက်ပို့ပစ္စည်းများပို့ဆောင်ရန် မလွယ်ကူသော ကြောင့် ထိထိရောက်ရောက် ကာကွယ်နိုင်ဖို့ခက်ခဲသည်။

အာရပ်တို့ကလည်း လမ်းမကြီးများကို အကောင်းဆုံး ချုပ်ကိုင်ထားနိုင်သည့် အခြေအနေတွင် ရှိနေသည်။ ပုံမှန်ပို့ဆောင်ရေးအတွက်ပင် ဂျူးတို့အနေဖြင့် မိမိတို့၏ ဦးများကို အုပ်စုလိုက် အတင်းထိုးဖောက် မောင်းနှင်သွားရမည် ဖြစ်သည်။ ယင်းသို့ဆိုလျှင် အောက်ပို့ယာဉ်အုပ်စုကို လိုအပ်သည်ထက်ပို၍ အင်အားသုံးစွဲရမလိုဖြစ်နေသည်။ စစ်ရေး ရမယ်”

အရကြည့်လျှင် ယင်းလုပ်ရပ်သည် လုံးဝအဓိပ္ပာယ်မရှိ။

ထို့ကြောင့် ဤအစီအစဉ်ကို ဟာဂနာတပ်မှူးများက အပြင်းအထန် ကန့်ကွက်ကြ သည်။ သူတို့က ပြန့်ကျဲနေသော အကာအကွယ်မဲ့ ဂျူးကျေးရွာများကို လုံးဝပြောင်းရွှေ့ပေးရန် တောင်းဆိုကြသည်။ ဤနည်းဖြင့် ယီရှပ်အုပ်စုများက ဆက်သွယ်ရေးနှင့် ထောက်ပံ့ရေးလိုင်း များကို တတ်နိုင်သမျှရှုံ့ပြီး ပိုမိုခိုင်မာသော ကာကွယ်ရေးအင်အားကို ထူထောင်နိုင်မည် ဖြစ်သည်။

သို့သော် ယင်းအဆိုကို ဘင်ဂူရီယံက အပြတ်ပယ်ချလိုက်သည်။ “ကျုပ်တို့ဘက်က ဘယ်ရွာကိုမှ လက်လွှတ်မခံနိုင်ဘူး၊ ရန်သူကို

အစွမ်းကုန်ခံတိုက်ကြ "ဒါပေမယ့် ကျွန်တော်တို့အခြေအနေက သိပ်ပြီးပြန့်ကျဲနေလိမ့်မယ်"

"ပြန့်ကျဲနေလျှင်လဲ ကိစ္စမရှိဘူး၊ ကျုပ်တို့က ခံမတိုက်ဘဲနဲ့ အရှုံးပေးလို့ ရွာတစ် ရွာကျသွားလျှင် အာရပ်တွေကို မြှောက်ပေးသလိုဖြစ်သွားမယ်၊ အဲဒါဆိုလျှင် ပါလက်စတိုင်း တစ်နယ်လုံးမှာရှိတဲ့ ကျုပ်တို့ ဂျူးတွေအားလုံး စိတ်ဓာတ်ကျကုန်လိမ့်မယ်" ။

"အဲဒါအမှန်ဆုံးပဲ၊ တပ်ဦးမှာ ပထမဆုံးရှုံးလျှင် ကျုပ်တို့လူတွေက အကြီးအကျယ် စိတ်ဓာတ်ကျသွားမှာ ကျိန်းသေပဲ"

ဟု ဂီဒီယံက ဖြည့်စွက်ထောက်ခံလိုက်သည်။ "လမ်းမကြီးတိုက်ပွဲမှာ ကျုပ်တို့မနိုင်လျှင် ကျုပ်တို့အနေနဲ့ ဂျူးနိုင်ငံလည်း ဘယ် တော့မှ တည်ထောင်နိုင်မှာ မဟုတ်ဘူး"

ထို့နောက် တစ်ယောက်တစ်ပေါက် အပြန်အလှန် ငြင်းဆိုတင်ပြနေကြသဖြင့် ဘင်ဂူရီယံက အတင်းဝင်ထားပြီး တာဝန်ခံအသီးသီးတို့အား မိမိတို့၏ အခြေအနေများကို တင်ပြကြရန် ပြောလိုက်သည်။

တပ်အင်အားစုဆောင်းရေး တာဝန်ခံက ပထမဆုံးတင်ပြသည်။

ဟာဂနာတပ်ဖွဲ့ တွင် အသက်ဆယ့်ရှစ်နှစ်မှ နှစ်ဆယ့်ငါးနှစ်အရွယ် တပ်သားအင်အား ကိုးထောင်ရှိသည်။ ၎င်းတို့ကိုခုခံကာကွယ်ရေးအတွက် အများဆုံးအသုံးချရမည်။ အာရပ် တို့က ကျေးရွာများနှင့်မြို့များကို ကျူးကျော်တိုက်ခိုက်လာလျှင် ၎င်းတို့က ပထမဆုံး ခုခံကာကွယ်ကြရန် ဖြစ်သည်။

ဟာဂနာတပ်မတော်၏ အဓိကအင်အားမှာ ပါးလ်မက်ချ်တပ်မဟာ ဖြစ်သည်။ ဤတပ်တွင် တိုက်ခိုက်ရေးတပ်သားပေါင်း သောင်းနှင့်ချီ၍ပါဝင်သည်။ ဤသည်မှာ ဂျူးတို့၏ ပင်မတိုက်ခိုက်ရေးအင်အားစုပင် ဖြစ်သည်။ သို့သော် အမြဲတမ်းအာရပ်စစ်တပ်ကြီး ငါးခုနှင့် တကယ်ရင်ဆိုင်တိုက်ရသော အခါတွင်မူ ယီရှုပ်အုပ်စုကလည်း နောက်ထပ်အင်အား နှစ်သောင်းလောက် ဖြည့်စွက်ပေးနိုင်လိမ့်မည်။ ထို့ပြင် အာဂွန်းနှင့် အမာခံတပ်စုတို့တွင်

လက်နက်ကိုင်အင်အား ထောင်နှင့်ချီ၍ ရှိကြသေးသည်။ ၎င်းတို့မှာ ပြောက်ကျားတပ်များ ဖြစ်ပြီး ဟာဂနာတပ်ဖွဲ့နှင့် အခြေအနေအရသာ ပူးပေါင်းတိုက်ခိုက်မည် ဖြစ်သည်။

ထို့ကြောင့် အာရပ်တို့၏အင်အားနှင့်ယှဉ်လျှင် ဂျူးတို့၏အင်အားမှာ ငါးယောက် တစ်ယောက်အနေအထားတွင် ရှိနေသည်။ အာရပ်တို့က တကယ်တိုက်ပြီဆိုလျှင် မည် မတွက်နိုင်သော လူလှိုင်းဖြင့် အတင်းဖိတိုက်ခိုက်လာနိုင်သည်။ ဂဂ စစ်လက်နက်ပစ္စည်း တာဝန်ခံက ဆက်လက်တင်ပြသည်။

ဟာဂနာတပ်မတော်တွင် ရိုင်ဖယ်တစ်သောင်းနှင့် စက်သေနတ်ပစ္စည်းများ ထောင် ခေါင်းအနည်းငယ်သာရှိသည်။ အဆိုးဆုံးမှာ ရိုင်ဖယ်ကျည်ဆန်က အလုံအလောက်မရှိ။

သိပ်အုပ်စုတွင် စက်တစ်လုံးတပ် လေယာဉ်ပျံကိုးစီးနှင့် လေသူရဲလေးဆယ်ရှိသည်။ သို့သော် လေယာဉ်ပျံမရှိ၊ သံချပ်ကာကား အမြောက်မရှိ။ သင်္ဘောမရှိ။ ထို့ကြောင့် အရပ်တို့နှင့် လက်နက်အင်အားချင်းယှဉ်လျှင် တစ်ရာပုံတစ်ပုံမျှသာ ရှိသည်။ ပြီးနောက် လျှို့ဝှက်လက်နက်ဝယ်ယူရေး တာဝန်ခံကတင်ပြသည်။

လက်နက်ရရှိရေးအတွက် ကိုယ်စားလှယ်များက တစ်ကမ္ဘာလုံးဖြန့်၍ ကြိုးစား ကြသော်လည်း အောင်မြင်မှုမှာ အလွန်နည်းပါးသည်။ ချက်ကိုစလိုဗားကီးယားနိုင်ငံ = စတင်ဆွေးနွေးထားချက်မှာ အလားအလာကောင်းသည်။ သို့သော်လည်း လိုအပ် လောက်မရလျှင်၊ သို့မဟုတ် အချိန်နှောင်းမှရလျှင် အရာမရောက် ဖြစ်သွားနိုင်သည်။ ထို့နောက် ဘဏ္ဍာရေးအခြေအနေကို ဆက်လက်ဆွေးနွေးကြသည်။ ဘဏ္ဍာရေး အလုံအလောက်ရရှိရန်အတွက် ဂိုလဒါမိုင်ယာဆန်အား အမေရိကန်သို့ လွှတ်ထားသည်။ အမေရိကန်နိုင်ငံရှိ ဂျူးလူမျိုးများထံမှ ဒေါ်လာသန်းပေါင်းများစွာ ရှိရန် အလားအလာကောင်းများ မြင်နေရသည်။

“ဂိုလဒါရဲ့ ဆောင်ရွက်ချက်ကတော့ အံ့သြလောက်စရာပါပဲ၊ အကို အောင်မြင် တယ်” ဟု ဘဏ္ဍာရေးညွှန်ကြားရေးမှူးက ပြောသည်။

"ဒါပေမယ့် ဂိုလဒါရှာလို့ ရသမျှအားလုံးကို ပေါင်းလိုက်လျှင် ဆော်ဒီအာရေဗျ ခံတွင်းက သုံးလေးရက်ထွက်တဲ့ ရေနံတန်ဖိုးလောက်ပဲ ရှိလိမ့်မယ်၊ အဆုံးစွန်ပြောရလျှင် အရပ်တွေက တစ်ထောင်သုံးလျှင် ကျွန်တော်တို့က တစ်ရာပဲသုံးနိုင်မယ်၊ တစ်သောင်းသုံးလျှင် စ်ထောင်ပဲသုံးနိုင်မယ်၊ တစ်သန်းသုံးလျှင် တစ်သိန်းပဲသုံးနိုင်မယ်" ။

"ကဲ... ဂီဒီယံဘက်က သတင်းကောင်းလေးများ ဘာများတင်ပြစရာရှိသေးသလဲ၊ ဟု ဘင်ဂူရီယံက ပြောလိုက်သည်။ ဂီဒီယံသည် စားပွဲပေါ်မှစာရွက်များကို လှန်လှောကြည့်ရှုနေသည်။ တကယ်တော့ အနေဖြင့် ယင်း အရပ်တို့၏လက်နက်ကိုင်အင်အား အခြေအနေကို စောစောကပင် သူတင်ပြခဲ့ပြီးဖြစ် - ယင္းစာရွက်စာတမ်းများကို အထွေအထူးကြည့်နေစရာပင် မလိုတော့။ သည်။ သို့သော် သူက ဆက်လက်တင်ပြပြန်သည်။

"ကျွန်တော့် တွက်ခြေအရဆိုလျှင်တော့ အဗ္ဗဒူကဒါရဲ့ ဘာသာတော်တပ်မဟာမှာ ပြည့်တပ်သားပေါင်း သုံးထောင်ပျော့ပျော့ရှိတယ်၊ ဒါပေမယ့် အဲဒီထဲက ထက်ဝက် ဘက်ကို ရမ်လီနှင့်လိုင်ဒါနယ်မြေတွေမှာ ဖြန့်ချထားတယ်၊ အဲဒါက လိုင်ဒါလေယာဉ် ခြင်းကို အရတိုက်ယူဖို့ ရည်ရွယ်ချက်ပဲ၊ အဲဒီတော့ ကျွန်တော်တို့ဘက်က ပါးလ်မက်ချ်တပ် နဲ့ ပထမဆုံးထိုးဖောက်တိုက်ခိုင်းမှ ဖြစ်လိမ့်မယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော် ထို့က လေယာဉ်ကွင်းကို မသိမ်းနိုင်လျှင် အကြီးအကျယ်အထိနာမှာဖြစ်လို့ပဲ"

ရမ်လီ၊ လိုင်ဒါနှင့် လေယာဉ်ကွင်းတို့သည် အနောက်ဂျေရုဆလင်ပြီးလျှင် ဒုတိယ ရေးအကြီးဆုံးဖြစ်ကြောင်း တိုက်ခိုက်ရေးတာဝန်ခံ ယီဂယ်ယာဒင်ကလည်း ဖြည့်စွက် ဆောက်ခံလိုက်သည်။ ထို့နောက် ဂီဒီယံက ဆက်လက်၍

"အဲဒီတော့ ဘာသာတော်တပ်မဟာရဲ့ ကျန်တဲ့စစ်သားတွေကိုတော့ ဂျေရုဆလင် တစ်ဝိုက်မှာ ဖြန့်ချထားလိမ့်မယ်၊ ဒါပေမယ့် အဗ္ဗဒူကဒါလိုအပ်လျှင်လိုအပ်သလို အပျော်တင် စစ်သည်တွေ သောင်းချီပြီး စုဆောင်းနိုင်သေးတယ်ဆိုတာတော့ ကျွန်တော်တို့ ထည့်တွင် ရလိမ့်မယ်၊ သူတို့အားလုံးမှာ လက်နက်တစ်မျိုးမျိုးတော့ ရှိကြတာချည်းပဲ။

"...ကျွန်တော်တို့ဘက်က ခုခံအားညံ့နေတာတွေ့လျှင် အဗ္ဗဒူကဒါက

လူအင်အား ဖိတိုက်မှာသေချာတယ်၊ သူက ကျွန်တော်တို့ကို နည်းသုံးနည်းနဲ့တိုက်နိုင်တယ်၊ ပထမနည်း၊ ကာလမ်းမကြီးကို ပိတ်ဆို့ပြီးတိုက်မယ့်နည်းပဲ၊ သူက ကျွန်တော်တို့ယာဉ်တန်းတွေမလ ၊ နိုင်အောင် ဘက်အယ်ဝဒ်တောင်ကြားမှာ သူ့တပ်သားတွေထောင်နဲ့ချီပြီး ဖြန့်ချထားလို့ မယ်”

“ဘက်အယ်ဝဒ်တောင်ကြားနဲ့ ဂျူဒီယာတောင်ကုန်းဒေသတွေကို ကျွန်တော်တို့ အလျင်ရှင်းထားရမယ်”ဟု ယီဂယ်ယာဒင်က ဝင်ပြောသည်။ “အဲဒီအတွက် ပါးလ်မက် တပ်တွေအားလုံးကို အသုံးချရလိမ့်မယ်” .

”ဟုတ်တယ်၊ ပါးလ်မက်ချ်တပ်တွေကို အသုံးချကိုချရမယ်” ဟု ဂီဒီယံက ပြန်ပြောသည်။

“အဗ္ဗဒူကဒါရဲ့ မဟာဗျူဟာက အနောက်ဂျေရုဆလင်ကို ပိတ်ဆို့ထားဖို့နည်း ဒီနည်းနဲ့ ကျွန်တော်တို့လူထုကို အစာရေစာပြတ်အောင် လုပ်ထားလိမ့်မယ်”

“အဲဒါဆိုလျှင် ယီရှွပ်အုပ်စုတော့ တစ်ခါတည်းကိစ္စတုံးပြီပဲ” ဟု ဘင်ဂူရီယံက ပြောသည်။ ယီဂယ်ယာဒင်က

”ကျွန်တော်က ပါးလ်မက်ချ်တပ်ကို လာထရွန်ကနေပြီး ဂျေရုဆလင်အထိ ဖြန့် ထားချင်တာ၊ ဒါပေမယ့် ဒါလုံးဝမဖြစ်နိုင်ဘူး၊ ဂျေရုဆလင်မပါလျှင် ဂျူနိုင်ငံ လုံးဝမရှိ ဘူးဆိုတာကိုလည်း ကျွန်တော်တို့က အလေးအနက် ထည့်တွက်ရမှာပဲ”

ယာဒင်မှာ အသက် ၃၀ အရွယ်မျှသာရှိသေးသည်။ သူသည် ဂျေရုဆလင်သားဖြစ် သူ့ မိသားစုများမှာ ဂျေရုဆလင်မြို့တွင်ပင် နေထိုင်ကြသည်။ သူ့ဖခင်သည် “ပင်လယ် သမ္မာကျမ်းစာ”ကို ရှာဖွေတွေ့ရှိခဲ့သည့် ပုဂ္ဂိုလ်ကြီးဖြစ်သည်။

အားလုံး တိတ်ဆိတ်နေကြသည်။ အတန်ကြာတော့မှဘင်ဂူရီယံက “အဲဒီလိုတော့ လုံးဝအဖြစ်မခံနိုင်ဘူး” ဟု ပြောလိုက်သည်။

ယာဒင်ကလည်း “အဲဒီလိုဖြစ်လိမ့်မယ်လို့တော့ ကျွန်တော် လုံးဝမထင်ဘူး ထောက်ခံလိုက်သည်။

ဂီဒီယံဆက်ပြောရန် ဘင်ဂူရီယံက ခေါင်းညိတ်ပြလိုက်သည်။

"ပါလက်စတိုင်းက အများဆုံးအထိနာနိုင်တဲ့ နေရာလေးခုက အက်ဇီယံနယ်မြေ ရှိနေတယ်"

သူက ဂျေရုဆလင်တောင်ဘက် ဆယ့်ငါးမိုင်အကွာရှိ အာရပ်နယ်မြေထဲမှ ခရစ်ယံ ဂျူးကျေးရွာလေးခုကို ရည်ရွယ်၍ပြောခြင်းဖြစ်သည်။

"အဗ္ဗဒူကဒါက အဲဒီမှာ ကျုပ်တို့ကို အမဲဖျက်သလိုဖျက်နိုင်တယ်၊ အက်စီယံနယ် ကို "" စီမံကိန်းထဲမှာ အဓိကထည့်ထားတယ်၊ အဲဒီတော့ အဲဒီက ကျွန်တော်တို့လူထုကို ပြောင်းရွှေ့ ထားမှဖြစ်လိမ့်မယ်"

တခြားပုဂ္ဂိုလ်တွေအားလုံးက ကြိုတင်ညှိထားသလို တစ်ပြိုင်တည်းထ၍ ကန့်ကွက် ကြသည်။ အပြန်အလှန် ငြင်းခုန်သံများဖြင့် ဆူညံသွားသည်။

"ကဲ...ငြိမ်ကြပါ၊ ငြိမ်ကြပါ၊ ဂီဒီယံ ပြောစရာရှိတာ ဆက်ပြောပါစေ"

"အနောက်ဂျေရုဆလင်က ကျွန်တော်တို့အတွက် အဓိကပြဿနာပဲ၊ အဲဒီကနေပြီး အက်ဇီယံနယ်မြေကို ဘယ်လိုလုပ်ပြီး ထောက်ပို့လုပ်ငန်းလုပ်နိုင်မှာလဲ"

"ဒါတော့ကျွန်တော်သဘောမတူဘူး၊ အဗ္ဗဒူကဒါဟာ အက်ဇီယံနယ်မြေကို ဘယ် ည်းနဲ့မှ မသိမ်းနိုင်ပါဘူး"

'ဒါဆို ပထမဆုံးယာဥ်တန်းကို ခင်ဗျားပဲခေါင်းဆောင်ပြီး သူတို့ကို ထိုးဖောက် သွားပေါ့"

ဂီဒီယံ ပြန်လည်ချေပသည်။

"အက်ဇီယံနယ်မြေက အဗ္ဗဒူကဒါတပ်ကို ခုခံနိုင်တယ်ပဲထားပါတော့၊ ပထမပိုင်းမှာ နီကွက်နဲ့ ဂါလီလီမှာရှိတဲ့ ကျေးရွာတချို့က တောင့်ခံနိုင်တယ်ပဲထားပါတော့၊ ကဲ ... ဒီတော့ နောက်ပိုင်းဘယ်လိုဖြစ်မှာလဲ၊ နောက်ပိုင်းမှာ အဗ္ဗဒူလာရဲ့ အာရပ်တပ်မတော်က ဂျော်ဒန်မြစ်ကို ဖြတ်ကူးလျှင် ဘယ်လိုလုပ်မှာလဲ၊ အီဂျစ်တပ်တွေက တောင်ပိုင်းကဝင်တိုက် လျှင်

ဘယ်လိုလုပ်မှာလဲ”

“ကိုင်း...လောလောဆယ်'ဌ' စီမံကိန်းကို ဘေးချိတ်ထားလိုက်စမ်းပါ၊ ခင်ဗျားအနေနဲ့ ကောက်ဂျီရဲ့အခြေအနေကို ဘယ်လိုထင်သလဲ၊ အဲဒါကိုပဲ ကျုပ်သိချင်တယ်”

ဘင်ဂူရီယံက လေသံမာမာဖြင့် ပြောလိုက်သည်။ အဘိုးကြီးကတော့ ခေါင်းမာပြီးရင်း နေသည်။ ဂီဒီယံက သက်ပြင်းတစ်ချက်မှုတ်ထုတ်ပြီး ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။

“ကောက်ဂျီတပ်မှာ စုစုပေါင်းအင်အားရှစ်ထောင်ရှိပါတယ်၊ ဆီးရီးယားတပ်သား တစ်ထောင်၊ လက်ဘနွန်တပ်သားငါးရာ၊ အီရတ်တပ်သားနှစ်ထောင်၊ ဂျော်ဒန်တပ်သားငါးရာ၊ ဆော်ဒီတပ်သားနှစ်ထောင်၊ ပြီးတော့ အီဂျစ်တပ်သားနှစ်ထောင်၊ အဲဒီတပ်တွေကို သက်ဆိုင် နိုင်ငံတွေက အမြဲတမ်းစစ်ဗိုလ်တွေက အုပ်ချုပ်ကြတယ်၊ အဲဒီအပြင် မွတ်စလင်ညီနောင် အဖွဲ့ကလည်း ထောင်နဲ့ချီပြီးဝင်လာနိုင်သေးတယ်၊ ပြီးတော့ ဗြိတိသျှစစ်ပြေးတွေ၊ နာဇီလူထွက် တွေနဲ့ ဥရောပကြေးစားစစ်သားတွေလဲ ရှိသေးတယ်၊ ကောက်မှာ သံချပ်ကာကား အတော်အသင့်နဲ့ အမြောက်လည်း ဒါဇင်ဝက်လောက်ရှိတယ်”

“အဲဒီအင်အားက ဘယ်လောက်ထိ စွမ်းဆောင်နိုင်မှာလဲ”

“သူတို့မျှော်လင့်တာထက် စွမ်းဆောင်နိုင်တဲ့ အင်အားရှိပါတယ်၊ သူတို့မဟာဗျူဟာ ကိုလည်း လူတိုင်းသိနေတယ်၊ ကောက်ဂျီက ပထမပိုင်းမှာ ဂါလီလီနယ်မြေက ပြန့်ကျဲနေတဲ့ အကာအကွယ်မဲ့ ကျေးရွာတွေကိုသိမ်းယူဖို့ စိတ်ကူးထားတယ်၊ အဲဒီရွာတွေကို ကျွန်တော်တို့ အနေနဲ့ ဘယ်လိုမှစစ်ကူပို့နိုင်ဖို့ အခြေအနေမရှိဘူး၊ ကောက်ဂျီက ရွာတစ်ရွာ ဒါမှမဟုတ် ရိပ်သာတစ်ခုကို ဝင်သိမ်းလျှင် ရှိသမျှလူတွေကို သတ်ပစ်မှာကျိန်းသေပဲ။ အဲဒီလိုအကြမ်းဆုံး ရက်စက်ဆုံးလုပ်မှ ဂါလီလီက ဂျူးတွေအားလုံး သွေးရူးသွေးတန်း ထွက်ပြေးကြမယ်လို့ ကတွက်ထားတယ်” ။

ထောက်လှမ်းရေးတာဝန်ခံက ခေါင်းညိတ် ထောက်ခံလိုက်သည်။ ဂီဒီယံကုမ ဆက်ပြောသည်။

“ပထမပိုင်းမှာ ဗြိတိသျှတွေက လက်ပိုက်ကြည့်နေကြလိမ်မယ် ကောက်ရုံနဲ့ အာရပ်လွတ်မြောက်ရေးတပ်မတော် ပါလက်စတိုင်းထဲ ဝင်လာတာကို လုံးဝဟန့်တားမှာ မဟုတ်ဘူး။ ကောက်ဂျီဟာ အာရပ်လူမျိုးအများစုရှိတဲ့ နယ်မြေမှာ တပ်စွဲထားလိမ့်မယ် အထူးသဖြင့် နာဇရက်တစ်ဝိုက်မှာ စွဲထားမှာသေချာတယ်”

“ကောက်ဂျီက ဂျူးတွေကို ရက်ရက်စက်စက်သတ်ဖြတ်နေတာကို ဗြိတိသျှတွေက လက်ပိုက်ကြည့်နေမယ်လို့ ခင်ဗျားကဆိုလိုတာလား”

““ဟုတ်တယ်၊ ဒါက ကျွန်တော့်အထင်ကိုပြောတာပါ၊ ကျွန်တော့်အထင်ကတော့ ဗြိတိသျှတွေက ကျိန်းသေလက်ပိုက်ကြည့်နေမှာပဲ၊ ကောက်ဂျီကို လုပ်ချင်တာလုပ်နိုင်အောင် လွှတ်ပေးထားလိမ့်မယ်၊ တစ်ခုတော့ရှိတယ်၊ ဗြိတိသျှတွေက သူတို့အနေနဲ့ လက်ပိုက်ကြည့် မနေပါဘူးလို့ ကျွန်တော်တို့ယုံကြည်အောင် တစ်ခုခုတော့လှုပ်ရှားပြမှာပဲ၊ ဒါပေမယ့် ဒါကလဲ သိပ်တော့မသေချာပါဘူး၊ ကောက်ဂျီက ဘုံရိပ်သာဝင်သိမ်းလို့ မရတောင်း တာလမ်းမကြီးတွေပေါ်မှာတော့ ကျွန်တော်တို့ကို အကြီးအကျယ်ဒုက္ခပေးမှာ သေချာတယ် ထို့နောက် '' စီမံကိန်း၏ ချို့ယွင်းချက်များကို ဝေဖန်ဆွေးနွေးကြသည်။

အကာအကွယ်မဲ့သော ဝေးဝေးလံလံ ဘုံရိပ်သာကလေးများကို ကောက်ဂျီအား ဘာကြောင့်ဝင်တိုက်ခွင့်ပေးရမှာလဲ။ သူ့အနေဖြင့် ယင်းအောင်မြင်မှုကြောင့် အတင့်ရဲလာနိုင် သည်မဟုတ်လား။ တကယ်တော့ ဤလုပ်ရပ်မှာ အကြီးအကျယ်စွန့်စားရသော လုပ်ငန်းဖြစ် သည်။ အရှုံးကြီးမားသော လုပ်ငန်းဖြစ်သည်။

'ဂျူးနိုင်ငံထူထောင်ချင်လျှင် အကြီးအကျယ်စွန့်စားရမှာပဲ၊ အရှုံးကြီးမားတဲ့လုပ်ငန်းပဲ။ စစ်တိုက်တာလည်း အကြီးအကျယ်စွန့်စားရတဲ့လုပ်ငန်းပဲ၊ အဲဒီတော့ ကျုပ်တို့က အာလ်၊ တွေကို အလဲထိုးနိုင်ဖို့အတွက် မက်လုံးတော့ပေးထားရမှာပဲ။

ဘင်ဂူရီယံကပြောသည်။ အဘိုးကြီးကတော့ လုံးဝနောက်မတွန့်။ ရှေ့သို့သာ အမြဲတမ်း လှမ်းချင်နေသည်။

နောက်ဆုံးတွင် ထောက်လှမ်းရေးတာဝန်ခံ၏ တင်ပြင်ချက်ကို

နားထောင်ကြ - အာရပ်တို့အနေဖြင့် ကမ်းရိုးတန်းမြေပြန့်ဒေသတွင် လှုပ်ရှားရသောကြောင့် ထောက်လို့၊ လုပ်ငန်းမှာ အလွန်လွယ်ကူသည်။ လက်နက်များကိုလည်း နယ်စပ်ဖြတ်၍ လွယ်ကူစွာ ပြောင်းရွှေ့ နိုင်သည်။ ဆော်ဒီအာရေဗျနိုင်ငံမှ ငွေကြေးအကူအညီပေးလျှင် လက်နက်တွေ အလျှံပယ် ဝယ်ယူနိုင်သည်။

ဂျူးတို့အနေဖြင့်မူ လက်နက်ခဲယမ်းမီးကျောက်များကို ရေလမ်းခရီးဖြင့်သာ သယ်ယူ လာနိုင်သည်။ သည်အထဲတွင် အာရပ်လူဦးရေက အဆမတန်သာလွန်နေပြန်ရာ ဂျူးတို့ အနေဖြင့် မျှော်လင့်ချက်ရောင်ခြည်မှာ မှေးမှိန်လွန်းလှသည်။

သို့သော် အဓိကကတော့ အာရပ်စစ်တပ်များပင်ဖြစ်သည်။ အာရပ်စစ်တပ်တွေ ဘယ်လောက် စွမ်းဆောင်နိုင်ကြမည်နည်း။ နောက်ဆုံးရလဒ်သည် အာရပ်စစ်တပ်များ၏၊ စွမ်းဆောင်နိုင်မှုအပေါ်တွင် လုံးဝတည်နေသည်။

အာရပ်စစ်တပ်အများစုမှာ ခေတ်မီစစ်တပ်များမဟုတ်ကြ။ သို့သော် သူတို့မှာ သံချပ်ကာကားတွေ၊ တာဝေးပစ်လက်နက်ကြီးတွေ၊ လေယာဉ်ပျံတွေရှိသည်။ ဂျူးတွေမှာတော့ သည်။

မန်ရိုင်ဖယ်သေနတ်သာ ရှိသည်။

ဂျူးတို့အနေဖြင့် အကြောက်ဆုံးမှာ အဗ္ဗဒူလာ၏ အာရပ်တပ်မတော်ပင်ဖြစ်သည်။ ဤတပ်မတော်တွင် လေ့ကျင့်မှုပြည့်ဝသော တပ်သားတစ်သောင်းရှိသည်။ ထရန်စ် န်နယ်ခြားတပ်လည်း ပါဝင်သည်။ ခေတ်မီလက်နက်များ တပ်ဆင်ထားသည့်အပြင် ထင်ရည်ဝသော ဗြိတိသျှစစ်ဗိုလ်များက ကွပ်ကဲဦးဆောင်ကြသည်။

ထို့နောက် “ဒီ' စီမံကိန်းကို ညဥ့်နက်သန်းခေါင်အထိ ဆွေးနွေးကြသည်။ ခေါင်း ဆောင်ကြီး ဘင်ဂူရီယံကပင် ဦးဆောင်ဆွေးနွေးသည်။

သူကအက်ဇီယံနယ်မြေလိုနေရာများမှ မိန်းမများနှင့် ကလေးသူငယ်များကို ဘေး ရာသို့ ပြောင်းရွှေ့ ထားရန်ကိုတော့ သဘောတူခွင့်ပြုသည်။

နံနက်နှစ်နာရီထိုးတော့မှ ကိန်းကို အပြီးသတ်သဘောတူ လက်ခံကြသည်။ သို့သော် အဓိကပြဿနာတစ်ခုကို ခံဆွေးနွေးရန် ကျန်နေသေးသည်။ ယင်းပြဿနာမှာ အခြားမဟုတ် အာရပ်လူမျိုးအရပ် ော ပြဿနာပင်ဖြစ်သည်။ အာရပ်လူမျိုးအရပ်သားတွေ အစုလိုက်အပြုံလိုက် ထွက် ပြောင်းရွှေ့နေသည်ကို ဘယ်လိုလုပ်မလဲဟူသော ပြဿနာပင်ဖြစ်သည်။

ဤပြဿနာအတွက် အဖြေကို ခေါင်းဆောင်ကြီးဘင်ဂူရီယံကပင်ရှာရန် အားလုံးက ဆောင်းဆိုကြသည်။ ဘင်ဂူရီယံသည် ဂျူးလူမျိုးတို့၏ စိတ်ဓာတ်ရေးရာ ခေါင်းဆောင်လည်း ဖြစ်သည်။ မမွေးဖွားသေးသော ဂျူးနိုင်ငံ၏ ဖခင်ကြီးလည်းဖြစ်သည်။

"ဒီစစ်ပွဲဟာ အာရပ်တွေက တောင်းဆိုလို့ ပေါ်ပေါက်လာတဲ့စစ်ပွဲပဲ” ဘင်ဂူရီယံ သည်။ “ဒါပေမယ့် ကျုပ်တို့ဟာ အာရပ်တွေနဲ့ ရှေးအဆက်ဆက်ကလည်း ပဋိပက္ခများစွာ ဖူးတာတော့ ရှိတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ဒီစစ်ပွဲကို ကျုပ်တို့ပဲအောင်နိုင်ရမယ်။ တ်ပွဲကပဲ ကျုပ်တို့ရဲ့ ဂျူးနိုင်ငံကို မွေးဖွားပေးစေရမယ်၊ ဂျူးနိုင်ငံပေါ်ပေါက်လာနိုင်တဲ့ အလောတွေလည်း အများကြီးရှိနေတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ စိတ်ဓာတ် ကြောင့် တစ်ကမ္ဘာလုံးက ကျုပ်တို့ကိုပဲ ထောက်ခံကြမှာဖြစ်လို့ပဲ။

“ဒါပေမယ့် ကျုပ်တို့ကို အမြဲတမ်းရန်စောင်နေတဲ့ အာရပ်ကမ္ဘာအလယ်မှာ တို့နိုင်ငံကို ဖြူးဖြူးဖြောင့်ဖြောင့် လွယ်လွယ်ကူကူ ထူထောင်နိုင်မယ်လို့ ထင်လျှင်တော့ ဘုံ ရူးရာကျလိမ့်မယ်၊ ကျုပ်တို့နိုင်ငံကို ခံတပ်နိုင်ငံအသွင်မျိုးမဟုတ်ဘဲ အေးချမ်းစွာ ဆောင်ချင်လျှင် အာရပ်တွေနဲ့ ငြိမ်းချမ်းစွာ ပူးတွဲနေထိုင်နိုင်မှဖြစ်မယ်။ “... ဒါကြောင့်မို့ ပါလက်စတိုင်းမှာ အာရပ်လူမျိုးတစ်ယောက်မှ မနေရဘူးဆိုတဲ့ ထားမျိုးကို ကျုပ်တို့အနေနဲ့ ဘယ်တော့မှ မကျင့်သုံးရဘူး။ ဘယ်တော့မှ မကျင့်သုံး သူက စားပွဲကို လက်သီးနှင့်ထု၍ ပြောသည်။

“ရမ်လီတို့ လိုင်ဒါတို့ လာထရွန်တို့ အနောက်ဂျေရုဆလင်တို့လို နေရာတွေဟာ သင်တို့အတွက် အဓိကမဟာဗျူဟာနေရာတွေပဲ၊ ဒီနေရာတွေဟာ ကျုပ်တို့ရဲ့ “အသက်” ည်ရှိတဲ့နေရာတွေပဲ၊ ဒီနေရာတွေကျသွားလျှင်

ကျုပ်တို့အားလုံး သေတာနဲ့ အတူတူပဲ။ "... ဒါကြောင့် အဲဒီနေရာတွေကို ကျုပ်တို့က သွေးနဲ့ချွေးနဲ့ အသေအလဲ ခုခံ ကယ်ကြရမယ်၊ အဲဒီတော့ အာရပ်အရပ်သားတွေ ထွက်ပြေးချင်လျှင် ထွက်ပြေးကြပါစေ။

က ထွက်မပြေးပါနဲ့လို့ လုံးဝတောင်းပန်နေမှာ မဟုတ်ဘူး။ သူတို့ ပါလက်စတိုင်းက ထွက်ပြေးလျှင်လည်း ပြန်လာပါလို့ ကျုပ်ကဘယ်တော့မှ ခေါ်မှာမဟုတ်ဘူး" လဲ A ...အဲ....ထွက်မပြေးဘဲနေတဲ့ အာရပ်တွေကိုလဲ ထွက်ပြေးပါလို့ လုံးဝတိုက်တွန်း မဟုတ်ဘူး၊ အာရပ်တွေအနေနဲ့ အရှုံးကြီးရှုံးမှာကတော့ သေချာတယ်။ ဒါပေမယ့် သူ စတင်ခဲ့တဲ့စစ်ပွဲကြောင့် သူတို့ထွက်ပြေးတာကို ကျုပ်တို့အပေါ်အပြစ်ပုံချလို့တော့ ဘယ် မလဲ၊ ကျုပ်တို့ကတော့ အဲဒီအတွက် လုံးဝတာဝန်ယူမှာမဟုတ်ဘူး။ "...က်... ရဲဘော်တို့ အချိန်လဲနှောင်းသွားပြီ၊ လူတွေလည်းညောင်းညာကုန်ကြ ဒီတော့ နိဂုံးချုပ်အနေနဲ့ ကျုပ်တို့ရဲ့ တစ်ခုတည်းသော ပေါ်လစီသဘောထားကို အ ကြေညာမယ်၊ ကျုပ်တို့ဟာ အာရပ်တွေနဲ့စေ့စပ်ဆွေးနွေးဖို့ ငြိမ်းချမ်းရေးလုပ်ဖို့ အမြဲတ တံခါးဖွင့်ထားမယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူတို့က ကျုပ်တို့ဖွင့်ထားတဲ့တံခါး ဝင်လာပြီး ကျုပ်တို့နဲ့ထိုင်ပြီး ဆွေးနွေးလာလိမ့်မယ်၊ အင်း...ဂီဒီယံကတော့ ကျုပ်ပြော ယုံချင်မှယုံမှာပဲ၊ ဒါပေမယ့် ကျုပ်တို့စောင့်ကြည့်ကြတာပေါ့ ဟုတ်လား"

အခန်း (၉)

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်...။

ယာမွန်တောင်မှ မြစ်ဖျားခံစီးဆင်းလာသော ဘာနီယမြစ်သည် ဆီးရီးယားနယ်စပ်ကို က်ဖတ်ကာ ဂျော်ဒန်မြစ်အထက်ပိုင်းရှိ မြစ်လက်တက်များနှင့် ပေါင်းဆုံသည်။ ဘာနိယ ကမ်းအနီးတွင် ဖားဖိုးဘုံရိပ်သာတည်ရှိသည်။

ယင်းဘုံရိပ်သာသည် သက်တမ်းခြောက်နှစ်ကြာခဲ့ပြီ။ ဖားဖိုးဟူသော အမည်မှာ = ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့၌ ဂျူးအမျိုးသမီး စေတနာ့ဝန်ထမ်းအဖွဲ့ ကို စတင်တည်ထောင်ခဲ့သူ အမေရိကန်အမျိုးသမီး ဟင်ရီယက်ဖိုး၏ အမည်ကို ဂုဏ်ပြုမှည့် ထားခြင်း ဖြစ်သည်။

ဗိုလ်ချုပ်ကြီးကောက်ဂျီသည် ဖားဗိုးဘုံရိပ်သာကို သူ၏ ပထမဆုံးပွဲဦးထွက် မတ်အဖြစ် ရွေးချယ်လိုက်သည်။ သူ၏ ခြေလျင်တပ်ရင်းသုံးရင်းကို ဦးဆောင်၍ ဆက်လာခဲ့သည်။ ယင်းတို့မှာ ပထမယာမွတ်တပ်ရင်း၊ ဒုတိယယာမွတ်တပ်ရင်းနှင့် တင်းတပ်ရင်းတို့ ဖြစ်သည်။ ယာမွတ်ဟူသောအမည်မှာ ဘိုင်ဇန်တိုင်အင်ပိုင်ယာကို အရပ်တို့ တိုက်ခိုက်အောင်နိုင်ခဲ့သော ရှေးခေတ်စစ်ပွဲတစ်ပွဲ၏ အမည် ဖြစ်သည်။

ပွဲဦးထွက်အောင်ပွဲရသတင်းကို ထုတ်ပြန်လိုစိတ် အလွန်ပြင်းပြနေသော ကောက်ဂျီ =အလျင်စလိုဝင်တိုက်လိုက်သည်နှင့် တစ်ပြိုင်နက် မျှော်လင့်ထားသည်ထက် အစွမ်း သော ဂျူးဘုံရိပ်သာ၏တုံ့ပြန်မှုကို ရင်ဆိုင်ရတော့သည်။ ထို့ကြောင့် ကောက်ဂျီ၏ မျှားသည် တပ်လန်ကာ ဆီးရီးယားနိုင်ငံဘက်သို့ အလျင်အမြန် ဆုတ်ခွာခဲ့ရလေသည်။

အာရပ်လွတ်မြောက်ရေးတပ်မတော် ကြေညာချက်အမှတ်(၁) အနန္တ မဟာကရုဏာတော်ရှင် အလ္လာအရှင်မြတ်အား ဦးတင်ပါ၏။

ဇန်နဝါရီလ (၁၀) ရက်၊ နံနက် (၇) နာရီတွင် ယာမွတ်နှင့်ဟစ် တင်းတပ်ရင်းများ၏ တပ်ဖွဲ့ ငယ်အချို့သည် စစ်ရေးလေ့ကျင့်မှုတစ်ရပ်အဖြစ်၊ ဂျုံးဘုံရိပ်သာကို ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ စစ်ရေးလေ့ကျင့်မှုမှာ အလွန်ထိရောက်သည်။ ဂျူးဘုံရိပ်သာသည် ခုခံကာကွယ်နိုင်စွမ်းမရှိကြောင်း သိသိသာသာတွေ့ရှိရသည်။ သို့သော် စစ်ရေးလေ့ကျင့်ရာဒေသတွင် ဗြိတိသျှ တပ်ဖွဲ့များက ကြားဝင်ပြီး ကျွန်ုပ်တို့အား တားထားသဖြင့် မလွှဲမရှောင်သာ စစ်နားလိုက်ရသည်။ အောင်ပွဲကား ထင်ထင်ရှားရှား မြင်သာနေပြီဖြစ်သည်။

အက်ဖ်၊ ကောက်ဂျီ ဗိုလ်ချုပ်ကြီး အာရပ်လွတ်မြောက်ရေးတပ်မတော် ပွဲဦးထွက် အထိနာသွားသော အာရပ်လွတ်မြောက်ရေး တပ်မတော်သည် အောင်ပွဲ တစ်ရပ်ကို အလျင်အမြန်ရရှိရန် အရေးကြီးလှကြောင်းသတိပြုမိသည်။ ထို့ကြောင့် ကောက်ဂျီ နှင့် သူ၏တပ်မှူးများသည် ဂါလီလီဒေသတွင် အညံ့ဆုံးဟုယူဆသော ဂျူးဘုံရိပ်သာတစ်ခုကို ရွေးချယ်လိုက်ကြသည်။

ကောက်ဂျီသည် သူ၏ တပ်များကို ဆီးရီးယားနယ်မြေရှိ ဂိုလန်ကုန်းမြင့်အတွင်းသို့ ပြောင်းရွှေ့ သည်။ ထို့နောက် ဂါလီလီရေအိုင်အောက်ဘက်တွင် ဂျော်ဒန်မြစ်နှင့်ဆက်နေသော

ယာမွတ်မြစ်ဘက်သို့ ဆင်းလာခဲ့သည်။ ကောက်ဂျီ ရွေးချယ်သတ်မှတ်သော စစ်ရေးပစ်မှတ်၍ နောက်ဘက် မိုင်ငါးဆယ်အကွာရှိ တီရက်စဗီဘုံရိပ်သာ၏အပြင်ဘက် လယ်ကွင်းမှာ ရောက်လာကြသည်။

တီရက်စဗီဘုံရိပ်သာသည် လမ်းဆုံတွင် အထီးတည်းတည်ရှိသည်။ ဘုံရိပ်သာအဖွဲ့၏ များမှာ အယူသည်းသောဂျူးများဖြစ်ပြီး တိုက်ခိုက်စွမ်းရည်ရှိသော အမျိုးသားအမျိုးသမီးဦး တစ်ရာ့ခြောက်ဆယ်ခန့်ရှိသည်။ ၎င်းတို့တွင် ရိုင်ဖယ်သေနတ်များအပြင် နှစ်လက်မမော်တာ တစ်လက်သာ ရှိသည်။ စစ်ကူများရောက်လာနိုင်ရန် ခဲယဉ်းသဖြင့် အလွယ်တကူဝင်စီ ၍ရနိုင်သော အနေအထားတွင်ရှိသည်။

ကောက်ဂျီသည် ဂျူးဘုံရိပ်သာကို စီး၍မြင်ရသော တောင်စောင်းတစ်နေရာတွင် စခန်းချတပ်စွဲသည်။ ထို့နောက် စစ်သုံးမှန်ပြောင်းဖြင့် အခြေအနေကိုလေ့လာသည်။ ဤ ဘုံရိပ်သာကို ပထမဆုံးပစ်မှတ်အဖြစ် မရွေးချယ်မိခဲ့သည့်အတွက် သူ့ကိုယ်သူ အပြစ်တင် သည်။ အဘယ်ကြောင့်ဆိုသော် ဤဘုံရိပ်သာမှာ ငှက်ပျောသီးအခွံနွှာစားရသလို အလွယ် ကလေးနှင့် တိုက်ယူနိုင်မည်ဟု တွေးမိသောကြောင့်ဖြစ်သည်။

အာရပ်အပျော်တမ်း တပ်ဖွဲ့များသည် ချက်ချင်းပင် ပြန်လည်အားတက်လာကြသည် နိုင်လိုဇောဖြင့် တိုက်ခိုက်ရန် စိတ်အားထက်သန်နေကြသည်။ ပထမအကြိမ် ရှုံးကြွေးကို ပြန်ဆပ်ရန် ကောက်ဂျီသည် သူ၏ ထောင်လိုက်ချီသောတပ်ဖွဲ့များကို စုရုံးစေသည်။ သူသည် ဂျူးဘုံရိပ်သာကို စစ်ကြောင်းသုံးကြောင်းဖြန့်၍ ဝင်တိုက်ရန်ရည်ရွယ်သည်။

ဂျူးဘုံရိပ်သာ၏ ကာကွယ်ရေးစီမံချက်အားလုံးမှာ အလွန်စနစ်ကျသည်။ ကလေး ထိန်းကျောင်းနှင့် စာသင်ကျောင်းတို့ကို အလယ်တွင်ထားကာ ဘေးပတ်ပတ်လည်တွင် လူနေအိမ်များဖြင့် ဝန်းရံထားသည်။ အပြင်ဘက်အဆောက်အအုံများ အလွန်တွင် ကတုတ် ကျင်းများ အတန်းလိုက်တူးထားပြီး သံဆူးကြိုးများနှင့် ကာရံထားသည်။

ယင်းမှာ အင်ဒီယန်းလူရိုင်းများ၏ တိုက်ခိုက်မှုကိုကာကွယ်ရန် အမေရိကန်မြက်ခင် လွင်ပြင်ဒေသတွင် လေးဘီးတပ်လှည်းကြီးများကို

စက်ဝိုင်းသဏ္ဍာန် ဖွဲ့စည်းထားပုံ အလွန်တူသည်။ ဂျူးတို့က တီရက်စဗီလယ်ကွင်းများနှင့် အခြားသော ဘုံရိပ်သာအများစုကို ရန်သူ့လက်သို့ အကျခံခြင်းမှာ ယင်းအစွန်အဖျားဒေသများကို ခုခံကာကွယ်ရန် လူ့အင်အား ရှိသောကြောင့် ဖြစ်သည်။

အမြော်အမြင်ရှိသော တပ်မှူးနှစ်ယောက်က ဗိုလ်ချုပ်ကြီး ကောက်ဂျီနှင့် အတင် ငြင်းခုံဆွေးနွေးသည်။ သူတို့နှစ်ဦးက အခြေအနေကို တိတိကျကျ ထောက်လှမ်းရန် တပ်များ စေလွှတ်လိုကြသည်။ ဂျူးရိပ်သာကို အမြောက်များ၊ လက်နက်ကြီးများဖြင့် ထမ်းပစ်၍ အားပျော့အောင်လုပ်ပြီးမှ စက်သေနတ်များဖြင့်ကာပစ်ရင်း ရှေ့သို့ချီတက် ထိုကြသည်။ ရှေ့ပြေးတပ်များက တန်းစီဆင်းသွားလျှင် စစ်ကူများက ဘေးနှစ်ဖက်မှ ပူးညှပ်ပိတ် အားဖြည့်ပြီး တိုက်ခိုက်သွားနိုင်သည်ဟု တင်ပြကြသည်။

ဤအစီအစဉ်မှာ အလွန်ရှုပ်ထွေးပြီး နှေးလွန်းသည်ဟု ကောက်ဂျီကဆိုသည်။ ချပ်ကြီးမှာ အောင်ပွဲရရှိရေးအတွက် အလွန်စိတ်စောလျက်ရှိသည်။

အရုဏ်တက်တွင် တပ်သားအားလုံး စုရုံးကြသည်။ ဆဲဆိုသံများနှင့် တိုက်ပွဲခေါ်သံ အက်ပွက်ညံနေသည်။ ထိုနောက် ထွန်ယက်ပြီးစလယ်ကွင်းများကိုကျော်ဖြတ်ကာ အလုံး ရင်း နှင့် ချီတက်လာကြသည်။

သို့သော် ခဏအတွင်းမှာပင် စစ်တပ်တစ်တပ်၏ ချီတက်တိုက်ခိုက်မှုနှင့်တူသော ကွဲဏာများ လုံးဝပျောက်ကုန်ကြသည်။ စစ်ဗိုလ်များက သူတို့၏လူများကို စုစည်းရန် ကြိုးစားကြသည်။ ဆူပူကြိမ်းမောင်းသံ၊ ဆဲဆိုသံ၊ ဟိန်းဟောက်သံများ မိုးမွှန်သွားသည်။ အချိန်တွင် မိုးကြီး သည်းထန်စွာရွာချလိုက်ရာ သူတို့ချီတက်ရာ လယ်ကွင်းများမှာ အိုင်ကြီးသဖွယ် ဖြစ်သွားလေတော့သည်။ တီရက်စဗီဘုံရိပ်သာမှ ဂျူးများမှာ စံတင်ရလောက်အောင် စည်းကမ်းကောင်းပြီး အောက်ဂျီ၏တပ်များကို စနစ်တကျ ပစ်ခတ်ခုခံကြသည်။ အာရပ်တို့မှာ ဂျူးတို့၏သေနတ် ထင်ကမ်းသို့ မိုးရေရွှဲရွှဲ ရွှံ့အလူးလူးနှင့် ကစဉ့်ကလျား ရောက်လာကြသည်။ အာရပ်တို့က ဆူးကြိုးများကို ပစ်ခတ်သောအခါ

ဂျူးတို့က သွေးအေးအေးဖြင့် ခုခံကာကွယ်ကြ ည်။

ကောက်ဂျီ၏ ဒုတိယတပ်ရင်း စိတ်ဓာတ်ကျသွားပြီ။ တတိယတပ်ရင်းမှာမူ အစ်တလင်းတစ်ဝက်ခန့်သို့ မရောက်မီမှာပင် ပြိုကွဲပြီး ဖရိုဖရဲထွက်ပြေးသွားကြသည်။

တောင်စောင်းအမိန့်ပေးစခန်းမှ မှန်ပြောင်းကြီးနှင့် လှမ်းကြည့်နေသော ကောက်ဂျီ သည် တုန်လှုပ်ဖွယ်ရာဖြစ်ရပ်များကို မြင်နေရသည်။ သူနှင့် သူ့တပ်မှူးများက ထပ်မံ၍ ထိုးစစ်ဆင်ရန် တပ်ဖွဲ့များကို ပြန်လည်စုရုံးဖို့ ကြိုးစားကြသည်။ သို့သော် အချည်းနှီးသာ။

ကောက်ဂျီသည် သူ့တပ်များကို ပါလက်စတိုင်းဒေသတွင် အာရပ်များချည်းသာ နေထိုင်သော နာဗလူးမြို့သို့ပြောင်းရွှေ့ သည်။ နာဗလူးမြို့သည် သမ္မာကျမ်းစာလာ ထင်ရှား သော ရှေးဟောင်းရှေ့စင်မြို့ဖြစ်ခဲ့ဖူးသည်၊ နာဗလူးမြို့သို့ ကောက်ဂျီ၏တပ်များ ရောက်ရှိ အသည်ကို ထိုဒေသရှိဗြိတိသျှတို့က မမြင်ချင်ယောင်ဆောင်နေကြသည်။

အာရပ် လွတ်မြောက်ရေး တပ်မတော် ကြေညာချက်အမှတ် (၁၄)

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်။ အ4 မဟာကရုဏာတော်ရှင် အလ္လာအရှင်မြတ်အား ဦးတင်ပါ၏။

အာရပ်လွတ်မြောက်ရေး တပ်မတော်၏ တပ်ဖွဲ့ ငယ်များသည် စစ်ဆင်ရေးလေ့ကျင့်မှု နောက်ဆုံးအဆင့်အဖြစ် တီရက်စဗီဂျူးဘုံရိပ်သာရှိ G ရာ ဒေသတွင် လက်တွေ့ လေ့ကျင့်ခဲ့ကြသည်။

ဤသို့ လေ့ကျင့်တိုက်ပွဲဝင်ခြင်းသည် ကျွန်ုပ်တို့၏ တပ်ဖွဲ့များ အနေဖြင့် လက်နက်များနှင့်ရော သေနင်္ဗျူဟာများနှင့်ပါ အကျွမ်းတဝင် ရှိရေးအတွက် အလွန်လိုအပ်သည်။ လေ့ကျင့်မှုမှာ နှိုင်းယှဉ်၍ မရလောက် အောင်ပင် အထူးအောင်မြင်သည်။

ကျွန်ုပ်တို့သည် ဂျူးဘုံရိပ်သာ၏ ပတ်ဝန်းကျင်တွင် သေနင်္ဗျူဟာ နည်းမျိုးစုံဖြင့် စစ်ကစားခဲ့ကြသည်။ ယင်းသေနင်္ဗျူဟာများသည် အနာဂတ်

စစ်ပွဲအတွက် အလွန်အကျိုးရှိနိုင်မည် ဖြစ်သည်။

ယခုအချိန်တွင် အာရပ်တပ်မတော်သည် ဂျူးစခန်းများစွာကို ချေမှုန်းတိုက်ခိုက်ရန် စစ်ရည်ဝပြီး အဆင့်သင့်ဖြစ်နေပြီဟု ကျွန်ုပ်ကြေညာလိုက်သည်။ ဇီယွန်ဝါဒီတိရစ္ဆာန်များအပေါ် အောင်ပွဲခံရန်မှာ လက်တစ် ကမ်းသာ ရှိတော့သည်။

အက်ဖ်၊ ကောက်ဂျီ ဗိုလ်ချုပ်ကြီး အာရပ်လွတ်မြောက်ရေး တပ်မတော်

ထိုအချိန်တွင် အဗ္ဗဒူကဒါဟူစိန်နီ၏ ဘာသာတော် တပ်မဟာသည်လည်း ပထမဆုံး စစ်ရေးဆောင်ရွက်ချက်ကို ပြုလုပ်သည်။ သူ၏ပစ်မှတ်မှာမူ မည်သူမျှ အံ့သြလောက်စရာမရှိပါ။ သူရွေးချယ်သော ပစ်မှတ်မှာ ဟီဘရွန်နှင့် ဘက်သလီဟမ်အကြား လမ်းတစ်ဝက်တွင်ရှိ သော အက်ဇီယံဂျူးနယ်မြေ ဖြစ်သည်။ ယင်းရပ်ကွက်မှာ အာရပ်လူမျိုးများသာနေထိုင်သော ဒါမြစ်ဝှမ်းများနှင့် တောင်ကုန်းများအတွင်း တည်ရှိသည်။

အဗ္ဗဒူကဒါသည် ယင်းဘုံရိပ်သာကို ဝင်မတိုက်ဘဲ နောက်ဘက်မှ တပ်စွဲထားပြီး အဝေးမှလှမ်း၍ ပစ်ခတ်နေသည်။ ရည်ရွယ်ချက်မှာ ဂျူးတို့အား ထွက်ပေါက်မရှိအောင် ဝိုင်းထားပြီး ရိက္ခာဖြတ်ရန်နှင့် လက်နက်ခဲယမ်းမီးကျောက်များ ကုန်ခမ်းသွားစေရန်ဖြစ်သည်။ ဗြိတိသျှတို့က ကြားမဝင်ဟု ကတိပေးထားသောကြောင့်လည်းကောင်း၊ ဂျူးရပ်ကွက် တည်ရှိရာသို့သွားသော တောင်ပေါ်လမ်းကို လွယ်ကူစွာ ချုံခိုတိုက်ခိုက်နိုင်သောကြောင့် လည်းကောင်း၊ ဤတိုက်ပွဲမှာ အောင်ပွဲရရန်သေချာနေသည်။

ဂျူးတို့က အာရပ်တပ်များကို ခုခံကာကွယ်ရန် အဆင်သင့်တပ်ဖြန့်ချထားသည်။ လူသုံးဒါဇင်လောက်ကို အပိုထားပြီး အမှောင်ကို အကာအကွယ်ယူ၍ ရပ်ကွက်အတွင်း လှုပ်ရှားရန် စီစဉ်ထားသည်။

အာရပ်များဝင်ရောက်လာသည်နှင့် တစ်ပြိုင်နက် ဂျူးတို့က သဲသဲမဲမဲ ခုခံတိုက် ခိုက်ကြသည်။ အာရပ်တို့ကလည်း ဆက်လက်၍ ဝိုင်းထားမြဲဝိုင်းထားသည်။ ဂျူးရိပ်သာတွင် ရိက္ခာပစ္စည်းများ စိုးရိမ်စရာအခြေအနေသို့ ရောက်ရှိလာသည်။

ဤကိစ္စသည် ဂျေရုဆလင်ရှိ စစ်ဘက်ခေါင်းဆောင်များ၏ အရေးပေါ်တာဝန်ဖြစ်လာ သည်။ ထိုဂျူးရပ်ကွက်ကိုပင် လက်လွှတ်မည်လော။ သို့မဟုတ် ဝိုင်းထားသော အာရပ်တစ် များကို ထိုးဖောက်၍ ထောက်ပို့တပ်လွှတ်မည်လော။

စ၀ အရေးပေါ် ထောက်ပို့တပ်ကို ချက်ချင်း ဖွဲ့စည်းသည်။ ထိုတပ်သည် ဂျေရုဆလင်မြို့ .com သည်နှင့်တစ်ပြိုင်နက် တကယ့်ရန်သူနယ်မြေထဲသို့ ရောက်လာသည်။ ဤနယ်မြေ တွင်းမှ ရွာတိုင်းရွာတိုင်း၊ အိမ်တိုင်းအိမ်တိုင်းတွင် ထိထိရောက်ရောက် ဒုက္ခပေးနိုင်သော သူကင်းပုန်း တစ်ခုစီရှိသည်။ တောင်ထူထပ်၍ အကွေ့အကောက်များသည် ထိုဒေသ လမ်းချိုးလမ်းကွေ့တိုင်း၌လည်း ချုံခိုတိုက်ခင်းများချထားသည်။

အရေးပေါ် ထောက်ပို့တပ်သည် အဗ္ဗဒူကဒါတပ်များ ဝိုင်းထားသော ဂျူးရပ်ကွက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသည်။ သို့သော် အပြန်ခရီးတွင်ကား ထောင်ချောက်မိ သည်။ လူပေါင်းလေးဆယ်နှင့် ထရပ်ကားအားလုံး ချေမှုန်းခံလိုက်ရသည်။ (အဗ္ဗဒူကဒါသည် ဂျူးရိပ်သာနီးနားဝန်းကျင်အခြေအနေကို သေသေချာချာ လေ့လာ ဖြစ်သည်။ မည်သည့် ပွဲသိမ်းတိုက်ခိုက်မှုမဆို လက်တစ်ကမ်း လုံ့စွပ်တိုက်ပွဲဖြင့်သာ သတ်ရမည်ဆိုသည်ကို သဘောပေါက်လာသည်။ ထို့ကြောင့် စစ်ပန်းပြီး ကြောက်စိတ် သော သူ့တပ်သားများနှင့်အတူ ပြန်လည်ဆုတ်ခွာလာခဲ့သည်။ အဗ္ဗဒူကဒါနှင့် ကောက်ဂျီတို့နှစ်ယောက်စလုံးပင် သူတို့၏ ကနဦးယုံကြည်ချက်များ သွားကြသည်။ သို့သော် ဂျူးတို့ဘက်မှ အကျအဆုံးတော့များသည်။ ယင်းအကျအဆုံး အစားထိုးရန် အရန်အင်အားကလည်း အလွန်နည်းနေသည်။ ထိုစဉ် ဂျေရုဆလင်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှုများ ပေါ်ပေါက်လာသည်။ ကြောက်စရာ လှသော ဗုံးခွဲတိုက်ခိုက်မှုများစွာတွင် အာရပ်အသွင် မသိမသာရုပ်ဖျက်ထားသော တပ်များလည်း ပါဝင်သည်။ ပါလက်စတိုင်းသတင်းစာတိုက်ကို ဗုံးဖောက်ခွဲခံရသည်။ တစ်ချိန်တည်းတွင် တခြားကားဗုံးတစ်လုံးက ဂျူးအေဂျင်စီဌာနချုပ်ကို ဖြိုခွဲဖျက်ဆီး က်သည်။ တတိယဗုံးတစ်လုံးမှာ ဂျူးများ အရောင်းအဝယ်စည်ကားရာ အချက်အချာ င် နေ့ခင်းကြောင်တောင်ပေါက်ကွဲရာ အပြစ်ကင်းသော အရပ်သူအရပ်သားများစွာ ကြရသည်။

သို့ဖြင့် အာဂွန်နှင့် ဟာဂနာဂျူးအဖွဲ့ဝင်များက ဂျေရုဆလင်နှင့် ဂျက်ဖာနှစ်မြို့လုံး အာရပ်ဌာနချုပ်များကို ဖောက်ခွဲဖျက်ဆီးလိုက်ကြသည်။ ထိုကာလကို "ဗုံးမိုးရွာသောကာလ "ဟု ခေါ်နိုင်သည်။ နေရာတကာတွင် ဖွာလန်သော မြေစိုင်မြေခဲများ၊ မှန်အကွဲအစများ၊ ဖရိုဖရဲပြန့်ကျဲနေသော အပျက်အစီးများနှင့် ကောင်း ရှုမကောင်းဖြစ်နေကြသည်။ ညည်းတွားငိုကြွေးသံများနှင့် အချက်ပေးဥသြသံ ဆက်မပြတ်ပေါ်ထွက်နေကြသည်။ ဟိုတစ်စသည်တစ်ပိုင်းပြန့်ကျဲနေသော လူသေ အင်များကို အဝတ်အိတ်များဖြင့် ထုတ်ပိုးသယ်နေကြသည်။

တပ်များလည်း ပါက်မှုများစွာတွက်မှုများ ပေါ်ပေါ်။

အာရပ်များနေထိုင်သော နာဇရက်မြို့ရှိ တီဂတ်ခံတပ်မှ ဗြိတိသျှတပ်များ ပြန်လည် မ်းသွားသောအခါ ကောက်ဂျီသည် မြို့တွင်းသို့ဝင်လာပြီး ယင်းခံတပ်ကို သူ၏ဌာနချုပ် တွင် ဖွင့်လှစ်လိုက်သည်။ နာဇရက်မြို့တွင် ခရစ်ယာန်ဘာသာဝင် အာရပ်လူဦးရေက များ ဖြစ်သည်။ သူတို့သည် အာရပ်ဂျူးစစ်ပွဲတွင် မည်သည့်ဘက်ကမျှ ပါဝင်တိုက် ခြင်းမပြုရန် ဆုံးဖြတ်ထားကြသည်။ ထို့ကြောင့် ကောက်ဂျီသည် နာဇရက်မြို့ကို ပေါင်း၍လည်းမရ၊ သိမ်းသွင်း၍လည်းမရ။

ထိုအခါ သူသည်သူ့လူများကို လုပ်ချင်သလိုလုပ်ကြရန် အထိန်းအကွပ်မရှိလွှက် ပေးလိုက်သည်။ နာဇရပ်မြို့ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းပေါင်းများစွာ ဖျက်ဆီးခြင်း ခံရသည်။ အထွတ်အမြတ်ထားသော ဌာပနာပစ္စည်းများကို သိမ်းယူကြသည်။

ဤတွင် ခရစ်ယာန်ဘာသာဝင်အာရပ်များက ကောက်ဂျီအား အရှက်ရအောင် သရော်ပြောင်လှောင်ပြီး စစ်ပြန်တိုက်အောင် ဆွပေးကြသည်။ ထို့ကြောင့် ကောက်ဂျီသည် နာဇရက်မြို့မှ ပြန်ထွက်လာခဲ့သည်။

နယ်စပ်ကိုဖြတ်သောအခါတွင်လည်း ကြီးမားသောပြဿနာများနှင့် ရင်ဆိုင်ရန် သည်။ သူ၏အဓိက ကျောထောက်နောက်ခံဖြစ်သော ငွေကြေးထောက်ပံ့သူများ၊ အာ အသင်းအဖွဲ့များနှင့် အာရပ်အမျိုးသားအစိုးရများက ကောက်ဂျီအပေါ်တွင် အယုံအကြည် မရှိကြတော့။

ကောက်ဂျီသည် အောင်ပွဲတစ်ပွဲရရှိရေးအတွက် အလွန်အမင်းစိတ်စောနေသည်။ ထိုအောင်ပွဲသည် အဓိကအောင်ပွဲကြီးဖြစ်ရမည်ဟုလည်းခံယူထားသည်။ သူ့အား ပြစ်တင်ဝေဖန်နေသူများ နှုတ်ပိတ်သွားစေရန် ဤတစ်ကြိမ်တွင် သူက မဟာဗျူဟာအရ အလွ အရေးပါသောပစ်မှတ်ကို ရွေးချယ်လိုက်သည်။ ယင်းမှာ "မြစ်ဝှမ်းဒေသကင်းတပ် ခေါ်သော "မိရှမားဟေးမက်" ဘုံရိပ်သာဖြစ်သည်။ ဤဘုံရိပ်သာသည် ဟိုင်ဖာနှင့် ၊ ဆလင် အဝေးပြေးလမ်းမကြီးပေါ်တွင် တည်ရှိသည်။ ဤဘုံရိပ်သာကို သိမ်းနိုင်လျှင် ယီရွမ်အုပ်စုကို နှစ်ပိုင်းဖြတ်လိုက်သလို ဖြစ်သွားနိုင်သည်။

ယင်းဘုံရိပ်သာကို ဟာဂနာတပ်ဖွဲ့ ကလေးတစ်ဖွဲ့ က စောင့်ကြပ်ထားသည်။ တပ်ဖွဲ့တွင် ရိုင်ဖယ်သေနတ်များအပြင် အပေါ့စားစက်သေနတ်တစ်လက်နှင့် မော် တစ်လက်သာ ရှိသည်။

ကောက်ဂျီသည် အင်အားထောင့်နှစ်ရာခန့်ပါသော တပ်ရင်းနှစ်ရင်းဖြင့် မိရှမား မက်ဘုံရိပ်သာ ပတ်ဝန်းကျင်ရှိ ကုန်းမြင့်ပိုင်းသို့ သတိကြီးစွာဖြင့် ချီတက်လာခဲ့သည် ဤတစ်ကြိမ်တွင် သူသည် အမြောက်ကြီး တစ်ဒါဇင်ခန့်ဖြင့် တစ်နည်းထွင်၍ အ လှမ်းထုသည်။ ပစ်မှတ်မတိကျသော်လည်း ဘုံရိပ်သာတွင်အပျက်အစီးများသည်။ တက် ဂျိမ်းပေါက်ကွဲနေသော အမြောက်သံများကြောင့် ရိပ်သာမှလူများ စိတ်ဓာတ်ကျနေကြသည် ထို့နောက် ကောက်ဂျီက အကင်းပါးပြီး စည်းကမ်းသေသပ်သော တပ်စုမှာ ချီတက်ခိုင်းသည်။ တက်လာသမျှ တပ်စုများကို ဂျူးရိပ်သာက ပြန်လည်တိုက် လိုက်သည်။ ထိုအခါ ကောက်ဂျီသည် ဂျူးရိပ်သာကိုဝိုင်းလိုက်ပြီးနောက် တစ်သက် ကျည်ဆန်မိုးရွာ၍ ပစ်ခတ်သည်။)

နောက်တစ်နေ့နံနက် ဗြိတိသျှတပ်များက ကြားဝင်လာသည်။ သူတို့သည် အလဲ လွှင့်၍ ဝင်ရောက်လာကြပြီး ဒဏ်ရာရသူများ၊ မိန်းမများနှင့် ကလေးငယ်များ ပြောင်းရွှေ့ခွင့်တောင်းသည်။ လက်နက်ချရန်ဆွေးနွေးဖို့ မေတ္တာရပ်ခံသည်။ ကလေးငယ်များ အားလုံးကို ခေါ်ထုတ်သွားကြသည်။ သို့သော် လူကြီးများကတော့ နေမြဲကျန်ရစ်ကြသည် ဒုတိယတွင် ကောက်ဂျီ၏ တပ်များက ဘုံရိပ်သာကို လက်နက်ကြီးများဖြင့်တရ ပစ်ခတ်နေစဉ်မှာပင် ထိုဒေသတစ်ဝိုက်၌

စစ်ရေးလေ့ကျင့်နေသော ဟာဂနာတပ်ရင် တစ်ရင်းသည် ဘုံရိပ်သာအတွင်းသို့ အလစ်ဝင်ရောက်လာသည်။ ပါးလ်မက်ချပြ ၊ တပ်ရင်းကလည်း တစ်ညလုံး အတင်းချီတက်လာရာ အရုဏ်မတက်မီတွင် ရောက်ရှိသည်။

မနက်နေထွက်လာသောအခါ ပစ်ခတ်သံများ တိတ်သွားသည်။ သို့သော် အာရပ် .com အဲ့သည် လေးဖက်လေးတန်မှ တိတ်တဆိတ် ချီတက်လာကြသည်။ ဘုံရိပ်သာအစပ်သို့ ရောက်လာသောအခါ တိုက်ပွဲဝင်ရန်တပ်ကို ပြန်လည်စုရုံးသည်။

ဂျူးတို့သည် ပထမဆုံးအကြိမ်အဖြစ် လူအင်အားနှင့် လက်နက် ခဲယမ်းမီးကျောက် အပြည့်အစုံဖြင့် အဆင်သင့်ရှိနေကြသည်။ သူတို့သည် ဘုံရိပ်သာထဲမှ အန်ထွက်လာပြီး ရန်သူဘက်မှ အံ့အားသင့်သွားလောက်အောင် အတင်းအားသွန်တိုက်ခိုက်ကြသည်။ ဤတွင် အာရပ်လွတ်မြောက်ရေးတပ်မတော်မှာ ဦးစိုက်ကျွမ်းပြန် ဖြစ်သွားပြီး ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ခွေးပြေးဝက်ပြေး တပ်လန်ဆုတ်ပေးရတော့သည်။ ဟာဂနာနှင့် ငါးလ်မက်ချ်တပ်ရင်းများကလည်း ရန်သူ့နောက်မှ အတင်းလိုက်တိုက်သည်။ ဤတွင် အောက်က အပစ်အခတ်ရပ်စဲရန် အတင်းကြိုးစားသည်။ သို့သော် သူ့တပ်သားများမှာ တစ်ယောက်မျှမကျန်တော့။ အားလုံးပင် သွေးရူးသွေးတန်းဖြင့် ခြေဦးတည့်ရာသို့ ထွက် ပေးကုန်ကြပြီ။

ဂျူးတပ်သားများက ရန်သူ့နောက်မှ ဆက်လက်လိုက်လာကြသည်။ နောက်ဆုံးတွင် အံ့ရိပ်သာနှင့် ငါးမိုင်ခန့်ကွာဝေးသော မဂစ်ဒိုမြို့သို့ ရောက်ရှိလာကြသည်။ မဂစ်ဒိုမြို့မှာ သမ္မာကျမ်းစာလာ သူတော်ကောင်းနှင့် သူယုတ်မာတို့ တိုက်ခိုက်ကြသော နောက်ဆုံး တိုက်ပွဲ ကြီးဖြစ်ပွားခဲ့သည့် သမိုင်းဝင်ရှေးဟောင်းမြို့ ဖြစ်သည်။ မဂစ်ဒိုမြို့အလွန်တွင် ရှေးပဝေသဏီမှစ၍ ကျူးကျော်သူများ အကြိမ်ကြိမ်အသုံးပြုခဲ့သော 'ဝါဒီအေရာ” အမည်ရှိ ဆောင်ကြားလမ်းရှိသည်။

ဟာဂနာနှင့် ပါးလ်မက်ချ်တပ်များကို မဂစ်ဒိုမြို့တွင်ပြန်စုပြီး ရန်သူတို့ကို ဆက် ဖက်တိုက်ခိုက်မည်လုပ်သောအခါ ကောက်ဂျီ၏ ယာမွတ်တပ်သားများမှာ ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်သွားကြလေတော့သည်။

အာရပ်လွတ်မြောက်ရေးတပ်မတော် ကြေညာချက်အမှတ် (၅၆)

၁၉၄၈ ခုနှစ်၊ ဧပြီလ ၁၄ ရက်။ အန္တ မဟာကရုဏာတော်ရှင် အလ္လာအရှင်မြတ်အား ဦးတင်ပါ၏။

ယနေ့သည် အရှက်တကွဲ ဖြစ်ရသောနေ့ဖြစ်သည်။ ကျွန်ုပ်တို့တပ် များက မိရှမားဟေမက်ဘုံရိပ်သာကို ညက်ညက်ကြေအောင် ချေမှုန်းနိုင် ခဲ့ကြသည်။ သို့သော် ကျွန်ုပ်တို့၏ နောက်ဆုံးပွဲ သိမ်းတိုက်ပွဲတွင် အယုတ်မာ ဆုံးသစ္စာဖောက်ခြင်းကို ခံလိုက်ရသည်။ တိုက်ပွဲဖြစ်ပွားသည့်ညတွင် ဟာဂနာ ဂျူးတပ်ဖွဲ့ အသွင် ရုပ်ဖျက်ထားသော ဗြိတိသျှတပ်ရင်းကြီး တစ်ရင်းသည် ဂျူးရိပ်သာအတွင်းသို့ လျှို့ဝှက်စွာဝင်ရောက်သွားသည်။

ကျွန်ုပ်တို့တပ်များ ဂျူးရိပ်သာအနီးသို့အရောက်တွင် အမြောက်ကြီး တစ်ရာခန့်မှ အမြောက်ဆန်ပေါင်း ထောင်ပေါင်းများစွာတို့သည် ကျွန်ုပ်တို့ အပေါ်သို့ ကျရောက်ပေါက်ကွဲကြသည်။ ဗြိတိသျှအမှတ်တံဆိပ်ပါသော သံချပ် ကာကား ရှစ်ဆယ်ခန့်တို့သည် ကျွန်ုပ်တို့ထံသို့ ချီတက်လာကြသည်။

ကျွန်ုပ်တို့၏ သတ္တိပြောင်သောစစ်သည်တော်များက သစ္စာဖောက် တို့အား လမ်းမှပိတ်ဆို့ တိုက်ခိုက်စဉ်တွင် ဗြိတိသျှတိုက်လေယာဉ်များက လီ ' ၂ ကျွန်ုပ်တို့အား ဗုံးကြဲတိုက် ခိုက်ခြင်းနှင့် ရင်ဆိုင်ကြရသည်။

ရန်သူတို့ဘက်မှ လူအင်အားရော၊ လက်နက်အင်အားပါ မယှဉ် သာအောင် များပြားနေသောကြောင့် ကျွန်ုပ်တို့မှာ တခြားရွေးစရာလမ်းမရှိ တော့ဘဲ စနစ်တကျဆုတ်ခွာ ခဲ့ကြရသည်။ ကျွန်ုပ်တို့၏ ထောက်လှမ်းရေး သတင်းအရ သိရသည်မှာ ဗြိတိသျှတို့ ပါဝင်တိုက်ခိုက်ရန်အတွက် ဇီယွန်ဝါဒီ တို့က ပေါင်တစ်သိန်းပေးရသည်ဟုဆိုသည်။

သို့သော် ညီအစ်ကိုတော်များ ကြောက်စရာမလို။ ကျွန်ုပ်တို့သည် သစ္စာဖောက်တို့အပေါ် ဘယ်တော့မှ ကျမည်မဟုတ်။ တုံ့ပြန်လက်စားချေ သွားမည်သာ ဖြစ်သည်။ အာရပ်လွတ်မြောက်ရေး တပ်မတော်သားများ၏ ရဲစွမ်းသတ္တိနှင့် ရည်စူးချက်ကို အထူးပြောစရာမလို။

ယခုအခါ ကျွန်ုပ်တို့တပ်များသည် အန္တရာယ်ကင်းစွာဖြင့် အနားယူ လျက်ရှိကြသည်။ ကျွန်ုပ်တို့သည် ရန်သူအား အလုံးအရင်းနှင့် ပြန်လည်တိုက်

ခိုက်မည်။ အောင်ပွဲခံရန် မဝေးတော့ပြီ။

အက်ဖိ၊ ကောက်ဂျီ ဗိုလ်ချုပ်ကြီး (အာရပ်လွတ်မြောက်ရေးတပ်မတော် ဤအချိန်မှစ၍ ကောက်ဂျီသည် သက်ဆိုင်သူများအား ပြင်းပြင်းထန်ထန် အပြစ် တင်သော ကြေညာချက်များကို တစ်ခုပြီးတစ်ခု ထုတ်ပြန်တော့သည်။ ယင်းကြေညာ ချက်များတွင် ထောက်ပို့ဆက်သွယ်ရေးတပ်များ အဆက်ပြတ်ခြင်း၊ တပ်ပြေးများကြောင့် သူ၏ စစ်တပ်အင်အား လျော့နည်းသွားခြင်းနှင့် လစာပေးရန် ထောက်ပံ့ငွေ မလုံလောက်ခြင်း တို့အတွက် သူက သက်ဆိုင်သူများအား ခါးသီးစွာ အပြစ်တင်ထားသည်။

ကောက်ဂျီသည် ဘက်အယ်ဝဒ်တောင်ကြားသို့ ဒယီးဒယိုင်နှင့် ဆုတ်ခွာလာခဲ့ပြီး သူ၏အကြွင်းအကျန်တပ်များကို အဗ္ဗဒူကဒါ၏ ဘာသာတော်တပ်မဟာနှင့် ပူးပေါင်း လိုက်သည်။ သူသည် ဤနေရာမှနေ၍ ဂျေရုဆလင်သို့သွားသော ဂျူးတို့၏ ထောက်ပို့ တန်းများကို တိုက်ခိုက်အောင်မြင်မှု ရနိုင်လိမ့်မည်ဟု မျှော်လင့်မိသည်။

ဗြိတိသျှတပ်သားများသည် တပ်စခန်း တစ်နေရာပြီးတစ်နေရာမှ ဆုတ်ခွာသွားကြ သည်။ ယင်းစခန်းများကို အာရပ်တပ်များနှင့် ဂျူးတပ်များက ဦးရာလုဝင်၍ တပ်စွဲထား ကြသည်။ ချက်ကိုစလိုဗားကီးယားနိုင်ငံမှ တင်ပို့သော ပထမအသုတ်လက်နက်များကို ယီရှပ်ဂျူအုပ်စုဝင်တို့က နီဂျက်သဲကန္တာရရှိ လျှို့ဝှက်လေယာဉ်ကွင်းမှတစ်ဆင့် ရရှိ သည်။

ကမ်းရိုးတန်းဒေသများကို ပိတ်ဆို့မှုမရှိတော့သောကြောင့် ဂျူးတို့၏ တဲလ်အထိ ဆိပ်ကမ်းသို့ လက်နက်ကြီးများတင်ဆောင်လာသော ပိုလန်သင်္ဘောတစ်စင်း ရောက်လာ သည်။ ယင်းလက်နက်များကို အရန်တပ်များသို့ ချက်ချင်းဖြန့်ဝေလိုက်သည်။ ထို့ကြောင့် ဂျူးတို့အနေဖြင့် ယခုအခါ ရိုင်ဖယ်သေနတ်အစား ဝါးရင်းတုတ်များကိုလည်းကောင်း လက်ပစ်ဗုံးအစား ကျောက်ခဲများကိုလည်းကောင်း အသုံးပြုစရာမလိုတော့။

လက်နက်သစ်များရရှိသောကြောင့် ဟာဂနာတပ်ဖွဲ့များသည် အာရပ်နှင့်ဂျူး ရောနှော ထိုင်သောမြို့ကြီးများသို့ ပြောင်ပြောင်တင်းတင်းဝင်လာနိုင်ခဲ့ကြသည်။ ဤတွင် အာရပ် လူမျိုးများမှာ အထူးကြောက်လန့်လာကြတော့သည်။

ဟိုင်ဖာမြို့သည် ပါလက်စတိုင်းတွင် အဓိကဆိပ်ကမ်းမြို့ ဖြစ်သည်။ ဤမြို့သည် မြေထဲပင်လယ်မှသည် ကာမယ်တောင်အထိ ကျယ်ဝန်းသည်။ ကုန်းမြင့်များပေါ်မှကြည့် တွင် ဆန်ဖရန်စစ္စကိုမြို့ကဲ့သို့ တပြန့်တပြောရှိသည်။ အာရပ်မြို့သည် ဆိပ်ကမ်းဝန်းကျင် ထွင်တည်ရှိပြီး ဂျူးမြို့က ကာမယ်တောင်၏ အပေါ်ပိုင်းဆင်ခြင်လျှာတွင် တည်ရှိသည်။

ဤမြို့သည် တစ်နိုင်ငံလုံး၏ အဓိကကုန်လှောင်ရုံဖြစ်သောကြောင့် အဝေးပြေးလမ်း ၊ ကြီးပေါ်တွင် ချုံခိုတိုက်ခိုက်ခြင်းနှင့် ချောင်းမြောင်းပစ်ခတ်ခြင်းများ သုံးဖက်သုံးတန်မှ ငတ် ပေါ်ပေါက်လျက်ရှိသည်။ ဤမြို့ရှိအာရပ်တပ်များသည် ကွပ်ကဲအုပ်ချုပ်မှုကောင်းပြီး ထက်နက်လည်းပြည့်စုံသည်။ ဂျူးတို့ဘက်တွင်မူ မိုရှီကာမယ်ကွပ်ကဲသော ဟာဂနာတပ် ရှိသည်။ ယင်းတပ်ကို “ကာမယ်တပ်မဟာ”ဟု ခေါ်သည်။

အာရပ်များနေထိုင်သော ဟိုင်ဖာမြို့တွင်း၌ အာဂွန်းဂျူးအုပ်စုက ဗုံးတစ်လုံးဖောက် ခွဲသည်။ ဤတွင် ရေနံချက်စက်ရုံအနီးတွင် အာရပ်တို့၏ဆူပူအုံကြွမှုဖြစ်ပွားရာ ဂျူးလူမျိုး ဆယ် အသတ်ခံရသည်။ တစ်ဖက်နှင့်တစ်ဖက် စစ်ပြင်မှုများအပြိုင်အဆိုင် ပြုလုပ်လာ သည်။ စေ့စပ်ပြေငြိမ်းရေးလမ်းစ မမြင်တော့။

အာရပ်များနေထိုင်သောအပိုင်းတွင် အပျော်တမ်းတပ်များနှင့် ကြေးစားတပ်များအပြင် ပြည်သူ့စစ်အဖွဲ့ဝင်များကို အခိုင်အမာဖွဲ့စည်းထားသည်။

သို့သော် ဂျူးတို့၏ ကာမယ်တပ်မဟာက အပေါ်စီးအနေအထားကို ရရှိထားသည်။ ဗြိတိသျှတပ်များ စတင်ဆုတ်ခွာသွားသောအခါ ဟာဂနာတပ်များက အာရပ်ရပ်ကွက်ကို လုံးပေါက်စစ်ဆင်ရေးဖြင့် ဝင်တိုက်သည်။ အာရပ်တပ်များ လေးစုကွဲကာ ဖရိုဖရဲဖြစ်သွား ည်။ ဤတွင် ဗြိတိသျှတပ်များပြန်ဝင်လာပြီး အပစ်အခတ်ရပ်စဲကြရန် ကြားဝင် စေ့စပ် သည်။

ဂျူးခေါင်းဆောင် မိုရှီကာမယ်သည် အာရပ်မြို့တော်ဝန်နှင့် တွေ့ဆုံပြီး အာရပ်တပ် များ လက်နက်ချ၍ ပါလိုက်စတိုင်းသား မဟုတ်သူများနှင့် နိုင်ငံခြားကြေးစားတပ်သား များအားလုံးကို လွှဲပြောင်းပေးအပ်ရန်တောင်းဆိုသည်။ သို့သော် မြို့ခံအာရပ်များ ပြောင်း ပေးရန်ကိုမူ လုံးဝတောင်းဆိုခြင်းမပြု။

အာရပ်မြို့တော်ဝန်က စဉ်းစားချိန်တောင်းပြီး ဟိုင်ဖာမြို့ရှိ ကောက်ဂျီ၏ ထိပ်တန်း ထပ်မှူးထံသို့ အပြေးရောက်ရှိလာသည်။ နာဇလူးမြို့မှ ဟိုင်ဖာမြို့အထိ ထိုးစစ်ကြီးဆင်ရန် ဗိုလ်ချုပ်ကြီးကောက်က စီစဉ်ထားပြီးဖြစ်ကြောင်း အဆိုပါတပ်မှူးက မြို့တော်ဝန်အား ပြောပြသည်။ ထို့ကြောင့် အာရပ်အရပ်သားများအား မြို့တွင်းမှပြောင်းရွှေ့ပေးရန် မြို့ ဘော်ဝန်နှင့် အစိုးရအရာရှိများအား တပ်မှူးကမေတ္တာရပ်ခံသည်။ ဂျူးတို့အား အပြီးအပိုင် မောင်းထုတ်ပြီးသောအခါ အာရပ်အရပ်သားများ ပြန်ဝင်လာနိုင်ရုံတွင်မက ဟိုင်ဖာမြို့ရှိ ရပ်ကွက်များကိုလည်း သိမ်းယူနိုင်သည်ဟု တပ်မှူးကပြောပြသည်။

ဟိုင်ဖာမြို့ရှိ နှင့် အာရပ်ရပ်ကွက်အများစုမှာ အချင်းချင်း သင့်တင့်အေးချမ်းစွာ ဆက်ဆံနေထိုင်လာခဲ့ကြသည်။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ရောင်းဝယ်ဖောက်ကားပြီး အိမ်နီးချင်းကောင်းများသဖွယ် ဆက်ဆံလာခဲ့ကြသည်။ ထို့ကြောင့် ဟိုင်ဖာမြို့မှ ဒူးခေါင်   ဆောင်များ၏ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ က အာရပ်ခေါင်းဆောင်များနှင့် တွေ့ဆုံ ဘင်ဂူရီယံ၏ သဘောထားအတိုင်း အာရပ်လူမျိုးများ ပြောင်းရွှေ့မသွားဘဲ နေမြဲအတိုင်း နေထိုင်ကြရန် မေတ္တာရပ်ခံကြသည်။

သို့သော် အာရပ်တို့ကလက်မခံ။ ပြောင်းရွှေ့သွားရန် ဆုံးဖြတ်ကြသည်။ နှစ်ဖက် တပ်များ အပစ်အခတ်ရပ်စဲကြရန် ဗြိတိသျှတို့ကဆက်လက်၍ စေ့စပ်ပေးသည်။ သို့ နောက်ငါးရက်အကြာတွင် အာရပ်လူမျိုးတစ်သိန်းခန့်တို့သည် ဟိုင်ဖာမြို့ကိုစွန့်ခွာ အာကရီမြို့ကို ထွက်ခွာသွားကြသည်။ ထောင်ပေါင်းအနည်းငယ်သော အာရပ်များက ဆက်လက်နေထိုင်ကြသည်။ ၎င်းတို့အား ဂျူးတို့ဘက်မှ မည်သည့်အန္တရာယ်မျှ မပြုကြ ဟိုင်ဖာမြို့မှ အာရပ်များသည် မည်မည်ရရအကြောင်းမရှိဘဲ ထွက်ပြေးသွားကြ သာ ဖြစ်သည်။ ထွက်မပြေးဘဲ ဆက်လက်နေထိုင်လျှင် ဂျူးတို့က တွေ့ရာသင်္ချိုင်းခားမဆို သတ်ဖြတ်လိမ့်မည်ဟူသောသတင်း ပြန့်နေသည်မှာ သူတို့ဘာသာသူတို့ဖြန့်သော ကောင်း ဟလသတင်းမျှသာ ဖြစ်သည်။ သူတို့နှင့် သူတို့၏ ခေါင်းဆောင်များကသာ ဂျူးတွေ ကျူပင်ခုတ် ကျူငုတ်မကျန်အောင် သုတ်သင်ပစ်မည်ဟု ကြွေးကြော်ခဲ့ကြသည်။

ထို့ကြောင့် ဂျူးတွေအပေါ် သူတို့သဘောထားသလို ဂျူးတွေကလည်း

သူတို့အရေး အလားတူ သဘောထားကြလိမ့်မည်ဟု သူတို့ကတွေးကြောက်နေကြခြင်းဖြစ်သည်။ သူ ၏ကြောက်စိတ်မှာ သူတို့ခေါင်းဆောင်တို့ကြောင့် ပေါ်ပေါက်လာကြခြင်းသာ ဖြစ်သည် အာရပ်တပ်များဝင်လာရန်အတွက် သူတို့၏ခေါင်းဆောင်များက လမ်းရှင်းခြင်းသာ ဖြစ်သည် ဟိုင်ဖာမြို့မှ အစုလိုက်အပြုံလိုက် ထွက်ပြေးလာသူများသည် ဆေးဖက်နှင့် တီဘာရိယရက် ဒေသများသို့လည်း တစ်သုတ်ပြီးတစ်သုတ် ပြောင်းရွှေ့လာကြသည်။ သာမန်တိုက်ပွဲငယ် ဖြစ်ပွားပြီးနောက် အာရပ်အုပ်စုကြီးသည် ထိုဒေသတွင် စုပြုံပိတ်မိနေကြသည်။

ပါလက်စတိုင်း ခွဲခြမ်းရေးစီမံကိန်းကို မဲခွဲဆုံးဖြတ်ပြီးသည့်နောက် အာရပ်လူ သူဌေးသူကြွယ်များနှင့် နယ်မြေခေါင်းဆောင်များ ပါလက်စတိုင်းမှ ထွက်ပြေးသွားကြသည် ကို အာရပ်ပြည်သူတို့ မြင်ခဲ့ကြရပြီး ဖြစ်သည်။ သူတို့သည် ဂျူးတို့က သေနတ်တစ်ချက် အပစ်မခံရဘဲ အကြောင်းမဲ့သက်သက် ထောင်သောင်းချီ၍ တစ်သုတ်ပြီးတစ်သုတ် ထူး ပြေးကြသည်။ တကွဲ တပြားစီ အုပ်စုတွေကွဲကာ အကြောက်လွန်ပြီး ဖရိုဖရဲထွက် ကြခြင်း ဖြစ်သည်။

ပါလက်စတိုင်းအာရပ်တို့သည် ပထအချီတွင် အလဲထိုးခံလိုက်ရသည်။ ထို့ကြော သူတို့၏အခြေအနေကို ပြန်လည်အဖတ်ဆည်ရန် မဟာဗျူဟာသစ်တစ်ရပ်ကို ချမှတ်ကြသည် ယင်းမှာ ယီရှပ်အုပ်စုများအား ဂျေရုဆလင်နှင့်အဆက်ဖြတ်ပြီး ဂျူးတွေအားလုံး ရိက္ခာ စေရန် အဝေးပြေးလမ်းမကြီးများ၌ အလုံးအရင်းနှင့် တိုက်ပွဲဝင်ရန် စီမံကိန်းပင်ဖြစ်သည် အာရပ်တို့အနေဖြင့် ဂျေရုဆလင်တွင် အောင်ပွဲဆင်နိုင်လျှင် ယခင်ရှုံးခဲ့သမျှ သင်ပုန်းချေနိုင်ပြီဟု သူတို့ကယူဆသည်။ ဂျေရုဆလင်မြို့သည် ယီရှပ်အင်အားစုအတွ အသည်းနှလုံး ဖြစ်သည်။ အာရပ်တို့အတွက်မူ မြွေဟောက်ဦးခေါင်း ဖြစ်သည်။

အဗ္ဗဒူလာ၏ အာရပ်တပ်မတော်သည် အပစ်အခတ်ရပ်စဲရေးကတိကို ချိုးဖောက် ၊ ဂျော်ဒန်မြစ်ကို ကျော်ဖြတ်ချီတက်လာသောအခါ ယီရှပ်တပ်များမှာ ခြေမကိုင်မိ လက်မကိုင် ကုဒ် ကြတော့သည်။ ဤတိုက်ပွဲသည် အကြီးအကျယ်ဆုံးနှင့် အရေးပါဆုံးတိုက်ပွဲ ဖြစ်သည်။ ထို့ကြောင့် တစ်ဖက်နှင့်တစ်ဖက် သဲသဲမဲမဲတိုက်ခိုက်ကြသည်။ ရက်ရက်စက်စက်

တ်ဖတ်ကြသည်။

ဂျူးတို့၏ အက်ဇီယံနယ်မြေကို အာရပ်တပ်များက ဝိုင်းဝန်းပိတ်ဆို့ထားကြသည်။ နောက်ဆုံးတွင် အင်အားမမျှ၍ ဂျူးတို့ အညံ့ခံလိုက်ရသည်။ မသေဘဲကျန်ရစ်သူများကို အရပ်တို့က ရက်စက်စွာသတ်ဖြတ်လိုက်ကြသည်။ အချို့ကို စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးသွား ရသည်။

အာရပ်တို့သည် ဂျေရုဆလင်၊ ဟီဘရွန်နှင့် ဘက်သလီဟမ်မြို့များမှ မုန်တိုင်းဆင် လို အလုံးအရင်းနှင့် ပြုထွက်လာကြပြီးနောက် အက်ဒီယံနယ်မြေကို ညက်ညက်ကြေ အောင် နင်းခြေကြသည်။ ဥယျာဉ်ခြံမြေများ၊ လယ်ယာမြေများနှင့် ဂျူးဘုရားကျောင်းများကို အက်ဆီးကြသည်။

ဂျူးလူမျိုးတို့သည် အစ္စရေးနိုင်ငံ လွတ်လပ်ရေးမကြေညာမီ အကြိုညတွင် အာရပ် တပ်မတော်၏ ရက်စက်မှုတွင် ရင်နှင့်စွာပြန်လည်တွေးမိကြပြီးနောက် မိမိတို့၏ လွတ်မြောက် ရေးကို ကြေညာရန် အနိုင်နိုင်အားတင်း၍ သတ္တိမွေးယူခဲ့ကြရလေသည်။

အခန်း (၁၀)

ဂျေရုဆလင်အနောက်ပိုင်းတွင် ဂျူးလူဦးရေ တစ်သိန်းခန့် ပိတ်မိနေသည်။ ဘက်အက်ဝဒ် တောင်ကြားလမ်းတစ်လျှောက်တွင်သာ ပိတ်သွားလိုက် ပွင့်သွားလိုက်ဖြင့် အနည်းအကျဉ်း အသက်ရှုပေါက်ရနေသည်။

ဂျေရုဆလင်မြို့ဟောင်းအတွင်းမှ ခရစ်ယာန်ဂျူးနှစ်ထောင်ခန့်တို့မှာလည်း အာရပ် ငါးသောင်းတို့ကြားထဲ ရောက်နေသည်။ ၎င်းတို့သည် တခြားဒူးရပ်ကွက်များနှင့် လုံး အဆက်ပြတ်ကင်းကွာနေသော်လည်း မိမိတို့ရပ်ကွက်မှ ထွက်ခွာသွားရန် ငြင်းဆန်နေကြ သည်။ - ထောက်ပို့တပ်များသည် ထူထဲသော အာရပ်အစောင့်တပ်များကို ထိုးဖောက်ပြီး ကမ်းရိုးတန်းမှတစ်ဆင့် ဘက်အယ်ဝဒ်တောင်ကြားသို့ သက်စွန့်ဆံဖျား ဝင်ရောက်ကြရသည်။ ဗြိတိသျှတို့ကလည်း အဝေးပြေးလမ်းမကြီးများတွင် သဘောလောက်သာ

အစောင့်ချထား သည်။

အာရပ်တို့က ဝိုင်းထားစဉ်အတွင်း ဂျူးတို့သည် သူတို့ရပ်ကွက်များရှိ ရေလှောင်ကန် များကို စစ်ဆေးကြသည်။ အချိန်မှန်မိုးခေါင်ခြင်း၊ သောက်ရေသုံးရေ ရှားပါးခြင်းတို့ကိုကြောင့် အမိုးပြန့်အိမ်ခေါင်မိုးများပေါ်တွင် မိုးရေများကို ကြာရှည်စွာခံထားပြီးနောက် ရေလှောင်ကန် များထဲသို့ ပြောင်းထည့်ထားခဲ့ကြသည်။ မိုးရေတာရှည်ခံရန် ရေလှောင်ကန်များထဲသို့ ဓာတ်ဆေးများထည့်ထားပြီး အဖုံးဖုံး၍ သေသေချာချာ သိုလှောင်ထားကြသည်။ အိမ်တိုင်း လိုလိုတွင်ပင် မိုးရေလှောင် ကွန်ကရစ်ရေကန်များ ရှိကြသည်။

သို့သော် ၎င်းတို့ကို အသုံးမပြုဘဲထားခဲ့သည်မှာကြာပြီ။ ယခုအခါ ပင်လယ်ကမ်းခြေ အနီးရှိ ရေစုပ်စက်များမှတစ်ဆင့် ခေတ်မီရေသွယ်စနစ်ကို အသုံးပြုနေကြသောကြောင့်၊ ဖြစ်သည်။

သို့ဖြင့် ရှိသမျှ ရေလှောင်ကန်များကို စစ်ဆေးကြည့်သောအခါ အိမ်ထောင်စုတစ်စု အတွက် တစ်နေ့ဆယ်ဂါလံကျစီပေးလျှင် အနည်းဆုံး သုံးလစာခန့်တော့ လုံလောက်ကြောင်း ၊ တွေ့ရှိရသည်။

(ဤအတောအတွင်း ဂျေရုဆလင်အနောက်ပိုင်းသို့ ဆက်သွယ်ထားသော ရွှေသွယ်ပိုက် လုံးများကို အာရပ်တို့က ဖောက်ခွဲဖျက်ဆီးလိုက်ကြသည်။ ဗြိတိသျှတပ်များက ရေပိုက်များ E ပြန်လည်တပ်ဆင်ရာတွင်လည်း ပါဝင်ကူညီခြင်းမပြု၊ ရေပိုက်များကို စောင့်ရှောက်ကာကွယ် ခြင်းလည်းမလုပ်။

ထို့ကြောင့် ရေလှောင်ကန်များနှင့် လှောင်ထားသောမိုးရေမှာ ဂျူးတို့အတွက် “ရွှေရေ”ပမာတန်ဖိုးရှိလာသည်။ ရေလှောင်ကန်များကိုဖွင့်၍ အိမ်ထောင်စုတိုင်းသို့ ရေဝေ သည်။ အိမ်ထောင်စုတိုင်းသည် သောက်ရည်နှင့် ချက်ပြုတ်ရန်ရေအတွက် အနည်းဆုံး တစ်ဂါလံမျှ အမြဲတမ်းချန်ထားပြီး ကျန်ရေများကို ပန်းကန်ခွက်ယောက် ဆေးရန်နှင့် တခြားမသုံးမဖြစ်ကိစ္စများအတွက် အသုံးပြုကြရသည်။ ရေချိုးရန်၊ ပန်းပင်လောင်းရန်နှင့် အိမ်သာသုံးရန်အတွက် ရေလုံးဝမရှိ။ ထို့ကြောင့် ဂျူးရပ်ကွက်တွင် ရေရှားပြီး ဖုန်တ ဆောင်းထောင်းနှင့် ခြောက်သွေ့နေသည်။

ထို့ပြင် လောင်စာဆီကိုလည်း ဆေးရုံ၊ စစ်တပ်နှင့် မုန့်ဖိုများအတွက်လောက်သာ သုံးပြုနိုင်ကြသည်။ လျှပ်စစ်မီးအစား ဖယောင်းတိုင်မီးကို သုံးနေကြရသည်။ အိမ်ရှင်မ သည် ကိုယ်ပိုင်မီးဖိုနှင့် မချက်နိုင်သောကြောင့် စုပေါင်းမီးဖိုများနှင့် ချက်ပြုတ်ကြရသည်။ ဤဒေသတွင် သစ်ဝါးရှားပါးသည်။ ထို့ကြောင့် အိမ်ဝရန်တာလက်တန်းများ၊ တံခါးဘောင် နားနှင့် စားပွဲကုလားထိုင်များကို ဖျက်ဆီး၍ ထင်းအဖြစ် အသုံးပြုကြရသည်။

စားစရာ ဟင်းသီးဟင်းရွက်ဆို၍လည်း ဒန်ဒီလီယန်ပင် တစ်မျိုးသာ ပေါပေါဖျင်ဖျင် ရနိုင်သည်။ ဤသို့ဖြင့် ဂျူးတို့၏ အခြေအနေမှာ စိုးရိမ်စရာကောင်းလောက်အောင် ရွားလျက်ရှိသည်။ ဤဒေသတွင် အာရပ်လူမျိုးများသာ အများဆုံးနေထိုင်ကြသည်။ ကျေးရွာများကိုကာကွယ်ရန် ဟာဂနာတပ်ဖွဲ့ ကလေးများကို အနှံ့အပြားဖြန့်ချထားသည်။

ယင်းတပ်ဖွဲ့များတွင် ရိုင်ဖယ်သေနတ်ငါးရာခန့်နှင့် အပေါ့စားအမြောက်ကလေး အတန်အသင့်ရှိသည်။ ယင်းအမြောက်ကလေးများကို ဟိုနေရာသည်နေရာ ရွှေ့ပြောင်းသွား လာနေသည်ကို မြင်ရသောအခါ အာရပ်တို့က ဂျူးတို့တွင် လက်နက်တွေအများကြီးရှိနေ သည်ဟု ထင်ကြသည်။

ဂျူးတို့အနေဖြင့် မိမိတို့နယ်မြေကို လုံခြုံအောင်ကာကွယ်ရန် တာဝန်ရှိလာသည်။ ထို့ကြောင့် ဟာဂနာတပ်များက ကတာမွန်မြို့ပြင်မှ အာရပ်ရပ်ကွက်တစ်ခုကို ဝင်တိုက် သည်။

ဤနည်းဖြင့် မိမိတို့နယ်မြေထဲမှ ရန်သူ့ အင်အားစုတစ်ခုကို ချေမှုန်းပစ်လိုက်နိုင် သည်။

သို့သော် ဟာဂနာတပ်ဖွဲ့များ၏ အခြားတိုက်ခိုက်မှုများကတော့ အောင်မြင်ခြင်း ရုံချေ။ မိမိတို့နယ်မြေသို့ဝင်လာသော ထောက်ပို့ယာဉ်တန်းများကို ကာကွယ်ရန် တမန်တော် ဆင်မြူရယ်၏ သင်္ချိုင်းဂူရှိရာ ကုန်းမြင့်ပေါ်တွင် တိုက်ခိုက်သောတိုက်ပွဲမှာ တပ်လန်ပြီး ပြန်ဆုတ်လာခဲ့ရသည်။

ဗစ်တိုရိယ-ဩဂတ်စတာဒေသတွင် နောက်ထပ်တိုက်ခိုက်မှုတစ်ခု ပြုလုပ်သည်။ တိုက်ပွဲမှာ စကိုပတ်တောင်ပေါ်ရှိ ဝေးလံသော ကျူးကျေးရွာများနှင့်

တိုက်ရိုက်ဆက်သွယ်မှု ရရှိရန်ဖြစ်သည်။ ဤတိုက်ပွဲတွင် ဂျူးတို့ဘက်မှအရေးနိမ့်ပြီး ဟီးဘရူးတက္ကသိုလ်၊ အမျိုး စာကြည့်တိုက်နှင့် ဟာဒါဆာဆေးရုံတို့မှာ ဂျေရုဆလင်မြို့နှင့် အဆက်ပြတ်သွားသည်။ မ ယင်းဌာနများသို့ရောက်ရှိရန် ထောက်ပို့ယာဉ်တန်းအနေဖြင့် ပတ်ဝန်းကျင် အာရ ကျေးရွာများကို ဖြတ်ကျော်သွားရမည်ဖြစ်သည်။ ယင်းဌာနများ လုပ်ငန်းမပျက်ရန်နှင့် အဖျက်အဆီး မခံရစေရန်အတွက် ဂျူးတို့က စစ်မဲ့ဒေသဘောတူညီချက်ကို လက်မခံချင်ဘဲ၊ လက်ခံလိုက်ရသည်။

အာရပ်တို့၏ပိတ်ဆို့မှုကို ပထမဆုံးဖြိုခွဲရန်အတွက် တဲလ်အဗစ်မြို့မှ ဟာဂနာတပ်ဖွဲ့ များသည် လိုင်ဒါ-ရမ်လီနယ်မြေရှိ အဗ္ဗဒူကဒါ၏ အပျော်တမ်းတပ်များကို ထိုးဖောက်တိုင် ခိုက်ပြီး ၎င်းတို့ ၏ဌာနချုပ်ကို ချေမှုန်းပစ်လိုက်သည်။ ဤသို့ဖြင့် လမ်းမကြီးများ ချောင်းမြောင်းပစ်ခတ်သော ရန်သူတပ်များကို ရှင်းပစ်လိုက်နိုင်သည်။ သို့သော် ဂျေရုဆလင်၊ အထိ ထိုးဖောက်ချီတက်နိုင်ရန်မှာကား ခရီးရှည်၍ အန္တရာယ်များလှသေးသည်။

ဗြိတိသျှဗိုလ်မှူးကြီး ဖရက်ဒရက်ဘရွမ်တန်နှင့် ဗီဒီယံအက်ရ်တို့သည် လာထရွန်ခံတယ် တွင် အပတ်စဉ်တွေ့ဆုံကာ အကြိမ်များစွာဆွေးနွေး ရခဲ့ကြသည်။ သူတို့နှစ်ယောက်သည် နှစ်ဖက်သောတပ်များ၏ ဆက်သွယ်ရေး အရာရှိများအဖြစ် ဆောက်ရွက်ကြခြင်း ဖြစ်သည်။ ဗိုလ်မှူးကြီးဘရွမ်တန်ကို ဘက်မလိုက်ဘဲတရားမျှတသည့် ကြားနေစိတ်ဓာတ်ရှိသူအဖြစ် ရွေးချယ်ခြင်း ဖြစ်သည်။

"လိုင်ဒါမှာ ခင်ဗျားတို့ဘက်က ဗုံးဖောက်ခွဲတာကတော့ တော်တော်ဆိုးတဲ့လုပ် ရပ်ပဲ"ဟု ဗိုလ်မှူးကြီးဘရွမ်တန်က အပြစ်တင်သည်။ "ပါးလ်မက်ချ်တပ်တွေ နေသူရိန် ဘုံရိပ်သာက တိတ်တိတ်ကလေးထွက်ပြီး ဘက်အယ်ဝဒ်တောင်ကြားတစ်လျှောက်မှာ ဖြန့်ချထားလိမ့်မယ်လို့ ကျွန်တော်တို့က ထင်နေကြတာ၊ လက်စသတ်တော့ ခင်ဗျားတို့က လမ်းမကြီးကို အတင်းထိုးဖောက်တိုက်ခိုက်ဖို့ ကြံနေကြတာကိုး"

ဂီဒီယံအက်ရ်က သူဘာမှမသိသလို လက်နှစ်ဖက်ကို ဖြန့်ကားပြလိုက်သည်။ "ခင်ဗျားတို့လုပ်ရပ်က သိပ်ပြီးတန်ဖိုးကြီးလိမ့်မယ်၊ သိပ်ပြီးတန်ဖိုးကြီးလိမ့်မယ်

ဗိုလ်မှူးကြီး ဘရှမ်တန်က ဝေဖန်သည်။

“ဒါပေါ့၊ ခင်ဗျားတို့က လမ်းမကြီးပေါ်မှာ မဖြစ်စလောက် အစောင့်ချထားလျှင် တော့ သိပ်ပြီးတန်ဖိုးကြီးမှာ သေချာတာပေါ့”ဟု ဂီဒီယံက ပြန်ပြောသည်။

ဘရှမ်တန်ကလည်း စောစောက ဂီဒီယံလုပ်ပြသလိုပင် လက်နှစ်ဖက်ကို ဖြန့်ကား လိုက်သည်။ ,

”ကိုင်း ... ဗိုလ်မှူးကြီး၊ ကျုပ်တို့ အလုပ်စကားပြောကြစို့၊ ကျုပ်တို့အနေနဲ့ ဦးစား ပေးဖြေရှင်းရမယ့် ပြဿနာနှစ်ရပ်နဲ့ ရင်ဆိုင်နေရတယ်။ ပထမပြဿနာက ‘ဝတ်ကျောင်း တော်တောင်”ပေါ်မှာ အာရပ်တွေ လက်နက်တပ်ဆင်နေတာကို တားဆီးရမယ့်ပြဿနာပဲ။ အခု ကျုပ်တို့သိရသလောက်ဆိုလျှင် “မဟာကျောက်ခုံးကြီး”ထိပ်မှာ ကင်းမျှော်စင်ချထား ကြတယ်၊ ပြီးတော့ စက်သေနတ်အလက်နှစ်ဆယ်နဲ့ အမြောက်တွေလည်းရှိနေတယ်။ အေလ်အကစာဗလီထဲမှာ တစ်ယောက်ယောက်က မီးခြစ်ဆံတစ်ချောင်း ခြစ်လိုက်တာနဲ့ တစ်ပြိုင်နက် ဂျေရုဆလင်တစ်မြို့လုံး ပေါက်ကွဲပျက်စီးသွားမှာပဲ”

“ဒီအကြောင်းကတော့ မစ္စတာဂီဒီယံသိပြီးသားပါ။ အာရပ်တွေက ဘယ်သူ့ ခရစ် ယာန်သာသနာမြေကိုမှ ဂရုစိုက်တာမဟုတ်ဘူး။ ကုန်ကုန်ပြောရလျှင် သူတို့ရဲ့ အထွက် အမြတ် ခရစ်ယာန်သာသနာမြေတွေကိုလဲ ဖောက်ခွဲချင်ဖောက်ခွဲကြမှာပဲ”

၃၀

”အဖြစ်ကတော့ သိပ်မလွယ်တော့ဘူးဗိုလ်မှူးကြီး တကယ်လို့ ကျွန်တော်တို့ဂျူးတွေ က သူတို့ရဲ့ အေလ်အကစာဗလီကြီးကို ဖောက်ခွဲပစ်မယ်ဆိုလျှင် အာရပ်တစ်ကမ္ဘာလုံးက သင်တို့ကို ဝိုင်းပြီးလည်ပင်းညှစ်ကြမှာ ကျိန်းသေပဲ”

ဗိုလ်မှူးကြီးက ခပ်သဲ့သဲ့ကလေး ရယ်လိုက်သည်။ ဂီဒီယံကပင် ဆက်ပြီး...

”ကျုပ် အထူးပြောချင်တာကတော့ အာရပ်တွေက အရှေ့ဂျေရုဆလင်က ဆေးရုံတွေနဲ့ ငကျောင်းတွေမှာ လက်နက်တွေဝှက်ထားတဲ့ ကိစ္စပဲ” - “ဒီအချိန်မှာ အာရပ်တွေကိုတရားမျှတခြင်းနှင့် ဒီမိုကရေစီအကြောင်းကို တရား လို့မရဘူး

မစ္စတာဂီဒီယံ၊ ကွပ်ကဲအုပ်ချုပ်မှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဘယ်လိုမှ တင်လို့မရတဲ့ ကိစ္စတွေရှိတယ်၊ စစ်ဖြစ်နေတဲ့အချိန်မှာတောင် ကျွန်တော်တို့က လူသားစိတ်နဲ့ ဆံပါတယ်၊ ဒါကို ဘုရားသခင်သိပါလိမ့်မယ်၊ ဒါပေမယ့် အဲဒါကိုပဲ အခွင့်ကောင်း ထူတယ်။

ဗိုလ်မှူးကြီးသည် တော်တော်ကလေး စိတ်လှုပ်ရှားနေပုံရသည်။ သူ့စိတ်ထဲတွင် ကီးသောကိစ္စတစ်ခုကို ပြောချင်နေပုံရသည်။ “နောက် ဘာများဆွေးနွေးစရာ ကျန်သေးသလဲ” သူကပင် မေးသည်။

“ဆွေးနွေးစရာကတော့ ရေပိုက်လိုင်းကိစ္စပဲ၊ ဗိုလ်မှူးကြီးတို့ရဲ့ အကူအညီမရလျှင် သင်အံ့အနေနဲ့ ပြန်ပြီးမပြင်နိုင်ဘူး၊ စောင့်လဲမစောင့်ရှောက်နိုင်ဘူး”

ဗိုလ်မှူးကြီး၏ မျက်နှာ သိသိသာသာပျက်သွားသည်။ “အဲဒါဆို အလကားပဲပေါ့၊ ထိ... ဂီဒီယံက ထိုင်ရာမှထရပ်လိုက်သည်။ “ထိုင်ပါဦး မစ္စတာဂီဒီယံ၊ ကျေးဇူးပြုပြီးထိုင်ပါဦး” ဗိုလ်မှူးကြီးက တည်ငြိမ်စွာဖြင့်တောင်းပန်သည်။

‘ခွဲခြမ်းရေးစီမံကိန်း ပေါ်ပေါက်တဲ့အချိန်ကစပြီး ကျွန်တော်တို့အခြေအနေဟာ ညှိချုပ်သူအဆင့်ကနေပြီး ကြားနေသူအဆင့်ကို ပြောင် လဲသွားတယ်ဆိုတာ မစ္စတာဂီဒီယံကို ကျွန်တော် ပြောခဲ့ဖူးပါတယ်၊ ပြီးတော့ ကျွန်တော်တို့က အာရပ်တွေဘက်က ရပ်တယ်ဆိုပြီး ရေးတို့က ထင်နေကြတယ်။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ဟာ ဂျူး ဘက်ယိမ်းတယ်လို့ အာရပ်တွေက စွပ်စွဲနေကြပြန်တယ်။ အမှန်အတိုင်းပြောရလျှင် ယူနံ့ဘော်တပ်သားတွေထဲမှာကိုက နှစ်ပိုင်းကွဲနေတယ်”

“ကျုပ်က ဗြိတိသျှတွေ ဘယ်အထိတရားမျှတပါတယ်ဆိုတာကို ဗိုလ်မှူးကြီးဆီမှာ ရှင်းလင်းချက် တောင်းနေတာမဟုတ်ပါဘူး၊ ကျုပ်က လူတစ်သိန်းအတွက် ရေတောင်း ဘောပါ”

“ရေပိုက်လိုင်းပြန်ပြင်တဲ့ကိစ္စမှာ ကျွန်တော်တို့ ပါဝင်လို့မဖြစ်ဘူး။ ကျွန်တော်တို့က နိဆုံးတပ်ဆုတ်နေကြတာ၊ အဲဒီလုပ်ငန်းအတွက် လူအင်အားလည်းမရှိဘူး။ ဆန္ဒလည်း ဘူး၊ ရှင်းရှင်းပြောရလျှင် ကျွန်တော်တို့အနေနဲ့

ဘယ်သူ့ဘက်ကမှ ပါဝင်ကူညီချင်တဲ့ = မရှိတော့ဘူး။ ကျွန်တော်တို့ကတပ်ဆုတ်နေကြပြီ၊ ကျွန်တော်တို့တပ်တွေအားလုံး ထုတ်ပြီးတဲ့အချိန်မှာ အာရပ်ဒူးစစ်ပွဲကြီးဖြစ်လာမှာ သေချာတယ်။

"အဲဒီတော့ ကျွန်တော်တို့က အရပ်သားတွေ ဒုက္ခမရောက်အောင် တဖြည်းဖြည်းနဲ့ အဆင့်ပြီးတစ်ဆင့်ထုတ်ပေးနေတာ၊ ဟိုင်ဖာနဲ့တီဘာရိယအပြင် တခြားက အာရပ်ပြည်သူ lee .com တွေကို ကျွန်တော်တို့က စောင့်ရှောက်ပေးနေကြတာ၊ ခင်ဗျားတို့ကတော့ မြို့ကမထွက်ဘဲ ဒီအတိုင်းပဲ နေနေကြတယ်၊ လိုရင်းကိုပြောရလျှင် ကျွန်တော်တို့က ကောက်ဂျီတပ်ကိုလည်း မတားဘူး၊ ပါးလ်မက်ချ်တပ်ကိုလည်း မတားဘူး၊ ကျွန်တော်တို့က အတိတ်ကဖြစ်ခဲ့တာ အားလုံး မေ့ထားလိုက်ပြီး တပ်ဆုတ်ပေးဖို့ပဲ ဆန္ဒပြင်းပြနေကြတယ်"

"အပြစ်ကင်းစွာနဲ့ ဆိုပါတော့ ။ "အပြစ်ကင်းစွာနဲ့ပါ"

"တကယ်တော့ ဗိုလ်မှူးကြီးတို့က ဖဲမှားကိုကောက်တာပဲ၊ ဗိုလ်မှူးကြီးက ဘယ်လို သဘောရသလဲ" ဗိုလ်မှူးကြီးက လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီးနောက် -

"ခင်ဗျား သိပြီးတဲ့အချက်ကိုပဲ ကျွန်တော်ပြောပြမယ်၊ ဂျေရုဆလင်က ခင်ဗျားတို့ အခြေအနေဟာ လုံးဝမလွယ်ဘူး၊ အက်ဇီယံရပ်ကွက်ကလည်း ကိစ္စချောသွားပြီး မြို့ဟောင်းမှာရှိတဲ့ ဂျူးတွေအားလုံး ကိစ္စတုံးကုန်ပြီ၊ ဂျူးအေဂျင်စီကတော့ ဒီလောက်တော့ အရှုံးခံရမှာပဲလို့ ပြောလိမ့်မယ်။

"..ဒီနောက်ပိုင်း ဘယ်လိုဖြစ်လာနိုင်သေးသလဲ၊ ကျွန်တော်တို့ တပ်တွေ အပြီးအပိုင် ထွက်သွားတဲ့ မေလ ၁၅ ရက်နေ့အထိ ခင်ဗျားတို့ ဆက်နေလျှင် အာရပ်တပ်မတော် ရင်ဆိုင်ရလိမ့်မယ်၊ သူတို့တပ်တွေ တစ်နေ့အတွင်း ဂျေရုဆလင်ကို ရောက်လာကြလိမ့်မယ် အီဂျစ်တပ်နဲ့ ဆီးရီးယားတပ်တွေက တောင်ပိုင်းကဝင်လာမယ်၊ အီရတ်တပ်က မြောက်ပိုင်းက ဝင်လာမယ်၊ သူတို့အားလုံး ဂျေရုဆလင်မှာဆုံကြလိမ့်မယ်၊ ခင်ဗျားတို့ရဲ့ 'ဌ' စီမံကိန်းဟာ အန္တရာယ်များတယ် မစ္စတာဂီဒီယံ၊ သိပ်ပြီးအန္တရာယ်များတယ်၊ ကိုယ့်ကိုယ်ကိုယ် သတ် သေတာနဲ့ အတူတူ ဖြစ်လိမ့်မယ်" ။

ဂီဒီယံကိုယ်တိုင်ကလည်း ဂျူးတို့၏ "စီမံကိန်းကို အပြင်းအထန် ဆန့်ကျင်ကန့်ကွက်ခဲ့သည်သာ ဖြစ်သည်။ သို့သော် ယင်းအကြောင်းကို သူကထုတ်ဖော်မပြောဖြိုတိသျှစစ်ဌာနချုပ်ကလည်း အလားတူပင် သဘောထားသည်မှာ ထင်ရှားသည်။ သူတို့က ယီရှမ်အုပ်စု၏ ခေါင်းမာခြင်းအတွက် အလွန်စိုးရိမ်မကင်း ဖြစ်နေကြသည်။

ဗိုလ်မှူးကြီးက ဆက်ပြောသည်။

"ဂျေရုဆလင်က အရပ်သားတွေအားလုံးထွက်ပေးဖို့ ကျွန်တော်တို့အစိုးရက လိုလားတယ်၊ အဲဒီကိစ္စကို ခင်ဗျားကို လူကိုယ်တိုင်တွေ့ပြီးတိုက်တွန်းဖို့ ကျွန်တော့်ကို နန်းရင်းဝန်ချုပ်က တာဝန်ပေးလိုက်တယ်" ။

"အခုမှ ဖြုန်းခနဲလာပြီး ဒီကိစ္စကို ဘာကြောင့်ပြောရတာလဲ"

"အန္တရာယ်ကို ကြိုမြင်လို့ပြောရတာပေါ့၊ အာရပ်တွေက အပေါ်စီးကရသွားလျှင် ခင်ဗျားတို့အားလုံး အထိနာလိမ့်မယ်၊ အနောက်ဂျေရုဆလင်က ဂျူးတွေအားလုံး မီးလောင် တိုက်သွင်းခံရလျှင် ကျွန်တော်တို့အနေနဲ့ တာဝန်မယူနိုင်ဘူး ။

"ဗိုလ်မှူးကြီးတို့က လူသားမေတ္တာနဲ့ တကယ်ပြောတာလား၊ ဒါမှမဟုတ် ဗိုလ်မှူးကြီးတို့ လက်တွေမှာ သွေးစွန်းနေတာကို တစ်ကမ္ဘာလုံးက မြင်သွားမှာကြောက်လို့ ပြောတာလား

"ကျွန်တော် စောစောကပြောခဲ့ပြီပဲ၊ ကျွန်တော်တို့တပ်တွေက နှစ်ပိုင်းကွဲနေတယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့က ဘုရားရှိခိုးကျောင်းတွေမှာ လက်နှစ်တွေ ဝှက်မထားပါဘူး။ ကျွန်တော်တို့ဟာ နာဇီတွေမဟုတ်ပါဘူး"

"

"ဟုတ်ကဲ့၊ ကျုပ်သဘောပေါက်ပါတယ်"

"အဲဒီတော့ အာရပ်တွေအောင်ပွဲခံလျှင် နှစ်ပေါင်းနှစ်ထောင်အတွင်းမှာ အကြီးကျယ်ဆုံး လိုအပြုံလိုက် လူသတ်ပွဲကြီး ပေါ်ပေါက်နိုင်တယ်၊ ရှစ်ဆယ်ရာခိုင်နှုန်း သေချာတယ်"

”ကျုပ်တို့လဲ ဒီအချက်ကို သတိပြုမိပါတယ်”

“အဲဒီတော့ မစ္စတာဂီဒီယံ၊ ကျွန်တော် တောင်းပန်ပါတယ်။ ဒီကိစ္စကို မစ္စတာဘင်ဂူရီယံ ကိုနားဝင်အောင် ပြောပြစေချင်ပါတယ်၊ ဒီအဖြစ်မျိုးကိုသာ သူက ပေါ်ပေါက်ခွင့်ပြုခဲ့လျှင် လူသားတစ်ယောက်အနေနဲ့ ဘယ်လိုအသက်ရှင်နေနိုင်တော့မှာလဲ၊ ဒီလိုကပ်ကြီး ပေါ်ပေါက် ဆိုလျှင် ဂျူးနိုင်ငံဆိုတာ ဘယ်လိုရပ်တည်နိုင်တော့မှာလဲ”

“ကောင်းပါပြီ၊ ဗိုလ်မှူးကြီးပြောတာတွေကို ကျွန်တော်အဘိုးကြီးကို တင်ပြပေးပါ့မယ်၊ ဆမယ့်ပြဿနာတော့ရှိတယ် ဗိုလ်မှူးကြီး၊ ဥရောပမှာ ကျုပ်တို့ ကြုံခဲ့ရတဲ့ ပြဿနာမျိုးပဲ။

ကျုပ်တို့ ဂျေရုဆလင်က ထွက်ပြေးလျှင် ဘယ်နေရာကိုသွားရမှာလဲ၊ ကျုပ် ဂျူးတွေ သိန်းလောက် ဒါမှမဟုတ်ငါးသိန်းလောက်ကို အင်္ဂလန်က လက်ခံနိုင်မှာလား၊ ညီးနဲ့မှ လက်ခံနိုင်မှာမဟုတ်ဘူး၊ ကျုပ်တို့ကို ယူဂန္ဒာကိုဖြစ်ဖြစ် အိန္ဒိယကိုဖြစ်ဖြစ် နောက်အိန္ဒိယ ကျွန်းစုကိုဖြစ်ဖြစ်ပို့ပစ်လျှင် ဘယ်လိုလုပ်မှာလဲ၊ အမေရိကန်နဲ့ ကနေဒါ နိုင်ငံတွေက ကျုပ်တို့ကို စစ်ပြေးဒုက္ခသည်တွေအနေနဲ့ လက်ခံနိုင်တယ်လို့ ဗိုလ်မှူးကြီးက ခင်လိမ့်မယ်၊ အဲဒီလိုဆိုလျှင် တခြားခရစ်ယာန်နိုင်ငံတွေကို ဘယ်လို သဘောထားရ မာလဲ၊ တကယ်တော့ ဗိုလ်မှူးကြီးက အဖြစ်မှန်ကိုမသိလို့ပါ။ ကျုပ်တို့ ဂျူးလူမျိုးတွေက သေသာခံသွားမယ်၊ မျက်ရည်တော့ တစ်ပေါက်မှကျမှာမဟုတ်ဘူး ဗိုလ်မှူးကြီး ဗိုလ်မှူးကြီးက ထိုင်ရာမှထရပ်လိုက်သည်။ “မစ္စတာဂီဒီယံ”

”ပြောပါ ဗိုလ်မှူးကြီး”

“ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ပုဂ္ဂိုလ်ရေးအရ အများကြီးစိတ်မကောင်း ပြင်ပါတယ်”

“စိတ်မကောင်းမဖြစ်ပါနဲ့ ဗိုလ်မှူးကြီး၊ ဂျူးလူမျိုးဆိုတာ တစ်လျှောက်လုံး အမြဲတမ်း ထီးကျန်နေလာတဲ့ လူမျိုးပါ”

ယီရှုပ်အုပ်စုက ချက်ချင်းပင်အဖြေပေးသည်။ ဘင်ဂူရီယံကဘက်အယ်ဝဒ်တောင် ခြားလမ်းကို ဖွင့်ရန်အမိန့်ပေးသည်။

ယခင်ကသော် ပါးလ်မက်ချ်တပ်များသည် တပ်စု စိတ်ကလေးများဖြင့်သာ လှုပ်ရှားနေခဲ့ကြသည်။ ယခုမူ ဂျူးစစ်ဌာနချုပ်က 'နာရှွန် အင်ဆင်ရေး” အမည်ဖြင့် အလုံးအရင်းနှင့်တိုက်ပွဲဝင်ရန် ပြင်ဆင်လိုက်လေပြီ။ နာရှွန်ဟူသော မည်မှာ ရေမျက်နှာပြင်ကို စစ်ဆေးစမ်းသပ်ရန် မောရှေ့နှင့်အတူ ပင်လယ်နီထဲသို့ အထမဦးစွာခုန်ဆင်းခဲ့သော သမ္မာကျမ်းစာလာ ပုဂ္ဂိုလ်ဖြစ်သည်။

ပါးလ်မက်အုပ်စု၏ ဘုရားသခင်တောင်ကုန်း(ဟာအယ်) အမည်ရှိ တပ်မဟာအား ဆက်အယ်ဝဒ် တောင်ကြားလမ်းကိုဖွင့်၍ ဂျေရုဆလင်အထိ ထောက်ပို့တပ်များဝင်ရောက်ရန် ာဝန်ပေးသည်။ တစ်ချိန်တည်းတွင် ယီရှုပ်တပ်များက လာတရွှန်ကိုကျော်ဖြတ်ပြီး ဆက်အယ်ဝဒ်အနောက်ဘက်သို့ ပတ်ဝင်ရန် လျှို့ဝှက်လမ်းများဖောက်လုပ်ကြသည် Wes မဟာဗျူဟာအကျဆုံးနေရာမှာ ဂျေရုဆလင်လမ်းမကြီးအဆုံးရှိ အာရပ်ရွာဖြစ်သည်။ ထိုရွာကို ရှေးခေတ် ရောမနှင့်ကာစယ်ခေါ် ခရူးဆိပ်ခံတပ်ပျက်များပေါ်တွင် တည်ထောင် ထားသည်။ ထိုရွာသည် ကုန်းမြင့်ပေါ်တွင်တည်ရှိ၍ လမ်းမကြီးကို စီးမိုးနေသောကြောင့် ဂျူးတို့၏ ထောက်ပို့ယာဉ်တန်းများအား တိုက်ခိုက်ရန် အကောင်းဆုံးအနေအထားတွင် ရှိနေသည်။

ဟာအယ်တပ်မဟာသည် အနှစ်နှစ်အလလကပင် ဂီဒီယံအက်ရှ် ထောက်လှမ်းရရှိ ထားသော သတင်းအချက်အလက်များကို အသုံးချလျက် ညတွင်းချီတက်၍ လမ်းမကြီး တစ်လျှောက်ရှိ အာရပ်တပ်များကို ချေမှုန်းကာ အဓိကနေရာများကို သိမ်းယူသည်။

တစ်ချိန်တည်းတွင် ဟာအယ်တပ်သား ရှစ်ဆယ်တို့သည် ရှည်လျားမြင့်စောက်သော ကာစယ်ခံတပ်ဟောင်းသို့ လျှို့ဝှက်စွာ ချီတက်လာခဲ့ကြသည်။ သူတို့သည် လျှပ်တစ်ပြက် ဝင်တိုက်ရာ တိုက်ပွဲမှာမိနစ်ပိုင်းသာ ကြာသည်။ အာရပ်ရွာသားအားလုံး ထွက်ပြေးသွား ကြသည်။

ကာစယ်ခံတပ်ကို ရရှိပြီးနောက် ၂၄ နာရီတိုက်ပွဲကြီးစတင်သည်။ ထောက်ပံ့ ပစ္စည်းများကို ပါလက်စတိုင်း ဂျူးရပ်ကွက်အနှံ့အပြားမှ ကားများဖြင့်သယ်ဆောင်ကြသည်။ ဧပြီလ ၃၀ ရက်နေ့တွင် ထောက်ပို့ယာဉ်တန်းသုံးတန်းသည် ဂျေရုဆလင်မြို့သို့ အတင်း

မောင်းနှင်လာခဲ့ကြသည်။

ကာစယ်ခံတပ်ကျဆုံးသွားပြီဟူသော သတင်းသည် အာရပ်ရွာများမှ တစ်ဆင့် ဂျေရုဆလင်သို့ တစ်မုဟုတ်ချင်း ပြန့်သွားသည်။ တဘားရွာအထိ အာရပ်ကျေးရွာများအားလုံး အကြီးအကျယ်တုန်လှုပ်သွားကြသည်။ တဘားရွာသား လေးငါးခြောက်ဆယ်တို့သည် ကာစယ်ခံတပ်ကို ဂျူးတို့လက်မှပြန်သိမ်းရန် အတင်းလိုက်သွားကြသည်။ သို့သော် သူတို့၏လုပ်ရပ်ကို ဟာဂျီအီဘရာဟင်က သဘောမတူ။

အာရပ်များမှာ စစ်ရည်လည်းမဝ၊ ခေါင်းဆောင်လည်း မရှိသောကြောင့် အဝေးမှ လှမ်းပစ်ရုံလောက်သာ တတ်နိုင်ကြသည်။ သို့သော် နောက်ဆုံးတွင် ဂျူးတို့၏ပြန်လည်ခုခံမှုကို ရင်မဆိုင်နိုင်သောကြောင့် တပ်လန်ပြီး ပြန်ဆုတ်လာခဲ့ကြရသည်။

ကာစယ်ခံတပ်ကို ဂျေရုဆလင်မှ စစ်ရည်ဝဟာဂနာတပ်သား ကိုးဆယ်တို့က ထိန်းသိမ်းထားသည်။ - ကာစယ်ခံတပ်ကျပြီးနောက် သုံးလေးရက်အကြာတွင် အဗ္ဗဒူကဒါက သူ၏ ဘာသာတော်တပ်မဟာကို ဦးဆောင်ပြီး ကာစယ်ခံတပ်တောင်ကုန်းသို့ ချီတက်လာခဲ့သည်။ သူသည် စိတ်ချရသောနေရာများတွင်တပ်စွဲပြီး အင်အားသာသောဂျူးတပ်ဖွဲ့များကို ထိန်းထားသည်။

မကြာမီတွင် ဂျူးတို့ဘက်မှ ခဲယမ်းမီးကျောက် လျော့နည်းလာသည်။ အာရပ်တို့၏ ထိုးစစ်ကိုထိန်းထားရန် အလွန်ခက်ခဲသော အခြေအနေသို့ရောက်လာသည်။ ထိုအချိန်တွင် လျှို့ဝှက်သင်္ဘောတစ်စင်းသည် ဗြိတိသျှပိတ်ဆို့မှုကိုထိုးဖောက်ပြီး ရောက်ရှိလာသည်။ သင်္ဘောပေါ်မှ လက်နက်ခဲယမ်းမီးကျောက်များကို ကားပေါ်သို့ချက်ချင်းတင်ပြီး ဘက်အယ်ဝဒ် တောင်ကြားသို့ အမြန်ထွက်ခွာလာခဲ့သည်။

ထိုကားကို အာရပ်တို့က လမ်းမှဖြတ်၍ ချုံခိုတိုက်ခိုက်သည်။ ပါးလ်မက်ချ်တမိသား ၊ တစ်ဒါဇင်လောက်က ရှုပ်ရှုပ်ချုံချုံခုခံကာကွယ်ကြရာ ချုံခိုတိုက်ခိုက်သူများ အိပ်လန်၍ သွားကြသည်။ လက်နက်တင်ကားသည် ရန်သူကိုရှောင်ကာ ကွေ့ပတ်မောင်းနှင်ပြီး အင်ကြားသို့ ဝင်လာခဲ့သည်။

အဗ္ဗဒူကဒါက တပ်ကို သူကိုယ်တိုင်ကွပ်ကဲပြီး အတင်းဝင်တိုက်သည်။ ဂျူးတို့က အားနှင့် ပြန်လည်ခုခံသည်။ အဗ္ဗဒူကဒါ၏တပ်သားများ အတုံးအရုံးကျဆုံးပြီး ပြင်တွင် အလောင်းကောင်များပြန့်ကျဲနေသည်။ ဤတိုက်ပွဲတွင် အဗ္ဗဒူကဒါ ကျဆုံး ဘက် အာရပ်တပ်များ ပြန်ဆုတ်လာခဲ့ကြရသည်။

ဤတွင် ဟီဘရွန်မှ နာဗလူးအထိ ရှိသမျှကျေးရွာများမှ ရွာသားတွေပြုံထွက်ပြီး သံခံတပ်တောင်သို့ ကြုံရာကားများဖြင့် ရောက်ရှိလာကြသည်။ ယင်းတို့အထဲတွင် အီဘရာဟင်၏ တဘားရွာမှ ရွာသားတစ်ဝက်ခန့်လည်း ပါဝင်သည်။ တောင်ပေါ်တွင် ဆင်ပေါင်းများစွာသော လူအုပ်ကြီးဖြင့် ဖွေးဖွေးလှုပ်နေသည်။

ဂျူးတပ်မှူးက သူ့ တပ်သားများကို ခြေထောက်ဖြင့် ကန်ကျောက်နှိုးပြီး ကျည်ဆန် ဆွာများကို ပစ်ပေးသည်။ သူ့သေနတ်ကိုဖောက်သည်။ သူ့တပ်သားတွေကို ဆဲသည်။ ဟစ်ပြီး အမိန့်ပေးသည်။ သို့သော် လူအုပ်ကြီးမှာ လှိုင်းလုံးကြီးပမာ တလိမ့်လိမ့် အရင်းတက်လာသဖြင့် နောက်ဆုံးတွင် ဂျူးတပ်သားများက လက်လျှော့လိုက်ရတော့ အာရပ်လူထုကြီးသည် မိုးလုံးညီမျှ အော်ဟစ်ကြွေးကြော်ကြသည်။ သေနတ်များကို =ဆောင်ပြီး ပစ်ဖောက်ကြသည်။ ငိုကြွေးမြည်တမ်းကြသည်။ ထို့နောက် ကျဆုံးသွားသော ခေါင်းဆောင်ကြီး၏အလောင်းကို ဂျေရုဆလင်မြို့သို့ ယူဆောင်လာခဲ့ကြသည်။

အာရပ်တို့က ကာစယ်ခံတပ်ကိုစောင့်ရန် တပ်သားအနည်းငယ်သာ ထားခဲ့သည်။ ကြောင့် မကြာမီမှာပင် ဟာဂနာတပ်များ ပြန်တက်လာပြီး ကာစယ်ခံတပ်ကို ပြန်သိမ်း သည်။ တကယ်ဆိုသော် အာရပ်တို့သည် ကာစယ်ခံတပ်ကို သိမ်းယူရန်လာခြင်းမဟုတ်၊ ဆို့ခေါင်းဆောင်ကြီး၏ အလောင်းကိုယူရန် လာကြခြင်းသာဖြစ်သည်။

အဗ္ဗဒူကဒါ၏ ရုပ်ကလာပ်ကို အဖုံးဖွင့်ခေါင်းတွင်ထည့်ကာ ထောင်ပေါင်းများစွာသော ရုပ်ခေါင်းဆောင်များက လက်ဆင့်ကမ်း၍ သယ်ဆောင်လာခဲ့ကြသည်။ ဒမတ်စကတ် တံခါးမှတစ်ဆင့် ဂျေရုဆလင်မြို့တော်ဟောင်းအတွင်းသို့ သယ်ဆောင်လာရာ လမ်းကြီး မ်းငယ် အသွယ်သွယ်တွင် လူထုပရိသတ်ကြီး ကြိတ်ကြိတ်တိုးနေသည်။ နောက်ဆုံးတွင်

ဒုကဒါ၏ ရုပ်ကလာပ်ကို မြင့်မြတ်သော ကျောက်ခုံးကြီးအနီးရှိ "ဟာရမ်းအက်ရှရှရစ်" တင်ကုန်းပေါ်တွင် မြှုပ်နှံသဂြိုဟ်လိုက်ကြသည်။

တဘားရွာသားများသည် ရုတ်တရက် ဒေါသပေါက်ကွဲပြီး တိုက်ပွဲဝင်ခဲ့ကြသည်။ ငါ့ အမြဲတမ်းထိန်းသိမ်းလာခဲ့သော ငြိမ်းချမ်းစွာ အတူနေထိုင်ရေးအစဉ်အလာကို ချိုး ဆက်ခဲ့မိသည်။ ယခု ဒေါသစိတ်များပြေသွားကြသောအခါ အဖြစ်မှန်ကို ပြန်တွေးမိ သည်။ သူတို့၏အနာဂတ်အတွက် တွေးပြီး ကြောက်လန့်လာမိကြသည်။

ယခုအချိန်တွင် ကာစယ်ခံတပ်သည် ဂျူးတို့လက်ထဲရောက်သွားပြီ။ ထို့ကြောင့် ငါးချိန်က ကြားနေခဲ့သော တဘားရွာမှာလည်း ဂျူးတို့၏ ရန်သူဘဝသို့ အလိုအလျောက် တက်လာခဲ့တော့သည်။ ယနေ့ ပါလက်စတိုင်းတွင် ဖြစ်ပျက်နေသော ဖြစ်ရပ်အားလုံးသည် ဘာရွာတွင် ဖြစ်ပျက်နေသည်နှင့် အတူတူဖြစ်လာခဲ့တော့သည်။ သူတို့သည် လာထရွန်မှ သျှူတပ်များ လုံးဝဆုတ်ခွာသွားမည့်အချိန်ကိုတွေးပြီး ကြောက်လာကြသည်။ သူတို့မှာ တ ဘာအကာအကွယ်မှမရှိ။ အင်အားကောင်းသော ဂျူးဘုံရိပ်သာက သူတို့ရွာနှင့် ခဲတစ် ဝေးသည်။ အာရပ် ကျေးရွာများနှင့် မြို့များတွင် လူတိုင်းလူတိုင်း နေ့စဉ်ပြောနေသော မှာ ထွက်ပြေးဖို့ကိစ္စသာ ဖြစ်သည်။ တဘားရွာသားများ ရုတ်ရုတ်သဲသဲ ဖြစ်လာကြ အချို့ မိသားစုများ တိတ်တဆိတ် ထွက်ပြေးသွားကြသည်။

ဟာဂျီအီဘရာဟင်မှာ ထိုင်ပြီးစဉ်းစားနေ၍မရတော့။ သူ့ရွာသားတွေ အလျှို ထွက်ပြေးနေကြပြီ။ အာရပ်တပ်များကလည်း သူ့ရွာတွင် ထောက်လှမ်းရေးစခန်း ချောင်းပစ်ရေးစခန်းများချထားဖို့ အတင်းအကျပ် တောင်းဆိုလာပြီ။ ဖောဇီကဘာ ပိုက်ဆံကလည်း ယခုအထိ ရောက်မလာသေး။ တဘားရွာတစ်ရွာလုံး ပြောင်းရွှေ့ ရန် မှာ မကြာမီတွင် မလွဲမသွေရောက်ရှိလာတော့မည်။ ဤကိစ္စတွေကို တွေးလိုက် ဟာဂျီအီဘရာဟင်မှာ ရင်ထုမနာခံစားရသည်။

သူ့ရွာသည် ဘယ်ဘက်ကမှ အန္တရာယ်ပေးခြင်း မခံရဘဲ ဆက်လက်ရပ်တည် အခွင့်အလမ်းတစ်စုံတစ်စုံတစ်ရာများ ရှိနိုင်သေးသလား။

သူသည် ဝတ်ကောင်းစားလှဝတ်ပြီး တောင်ကုန်းပေါ်မှ ဆင်းလာခဲ့သည်။

လမ်း ကြီးကိုဖြတ်သည်။ နေသူရိန် ဘုံရိပ်သာဂိတ်ဝတွင်ရပ်ကာ ဂီဒီယံအက်ရှ်နှင့် တွေ့ လို ပြောလိုက်သည်။

အခန်း (၁၁)

၁၉၄၈ ခုနှစ်၊ ဧပြီလ ...။

ဂီဒီယံအက်ရှ်၏ တဲအိမ်ကို တခြားတဲ့အိမ်များနှင့် ခွဲခြားသိနိုင်သည်။ သူသည် သုရိန်ဘုံရိပ်သာကို တည်ထောင်သူတစ်ဦးဖြစ်၍ သူ့အိမ်၏ ခေါင်မိုးပေါ်တွင် ရေပူ လှောင်ကန်ရှိသည်။ တဲအိမ်မှာ နှစ်ခန်းတွဲအိမ်ဖြစ်သည်။ အိပ်ခန်းကလေးတစ်ခန်းနှင့် ခန်း၊ စားသောက်ခန်းနှင့် ရုံးခန်းအဖြစ်အသုံးပြုသော အခန်းကြီးတစ်ခန်း ပါဝင် သူသည် အလုပ်ကိစ္စဖြင့် အပြင်သို့ သွားနေရသောအချိန်များတွင် ဘုံစားသောက်ခန်း၌ နံမှန်မစားနိုင်သောကြောင့် သူ့အတွက် သီးသန့်မီးဖိုဆောင်ကလေးတစ်ခု ဆောက်ပေး သည်။ သူ့အလုပ်စားပွဲပေါ်မှ တယ်လီဖုန်းနှစ်လုံးက သူ၏အရေးပါမှုကို ဖော်ပြနေသည်။
“ဒေါက် ... ဒေါက်”

အခန်းတံခါးခေါက်သံကြားရသည်။ ဂီဒီယံသည် စားပွဲပေါ်က စာရွက်ပုံကြီးကို ထန်လှောကြည့်ရှုနေရာမှ မျက်လွှာပင့်လျက် ...

”ဝင်ခဲ့ပါ”

လုံခြုံရေးအစောင့်က တံခါးဖွင့်ပေးပြီး ဟာဂျီအီဘရာဟင် ဝင်လာသည်။ အစောင့်က ဆရာဟင်အား လက်နှစ်ဖက်ကို မြှောက်ရန်ပြောပြီး ကိုယ်ပေါ်တွင် လက်နက်ပါမပါ အဖွေမည် လုပ်သည်။

“မလုပ်ပါနဲ့ မလိုပါဘူး ဂီဒီယံက လှမ်းပြောသည်။ (သူတို့နှစ်ယောက် မဆုံခဲ့ကြသည်မှာ သုံးနှစ်တိတိ ရှိခဲ့ပြီ။ ထို့ကြောင့် ပထမတွင် ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကြောင်အမ်းအမ်းဖြစ်နေကြသည်။ ခဏ တော့မှ ဂီဒီယံက ထိုင်ရာမှထ၍ လက်ကိုဆုပ်ကိုင်ပြီး နှစ်ယောက်သား အားရပါးရ လျက် တစ်ယောက်ပခုံးကို တစ်ယောက်ပုတ်ပြီး လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ကြသည်။

ဒီသံက အီဘရာဟင်အား သူနှင့်မျက်နှာချင်းဆိုင် ကုလားထိုင်တွင်ထိုင်ရန် လက်ညှိုး ဆိုးလိုက်သည်။

"ဘယ်လိုလဲ၊ ကလေးတွေ နေကောင်းကြရဲ့လား"

အီဘရာဟင်က ခေါင်းညိတ်သည်။ ထို့နောက် နှစ်ယောက်စလုံး စကားမ ငြိမ်နေကြသည်။ တစ်ခန်းလုံးတွင် နေရာလပ်မရှိအောင် စာအုပ်တွေ တောင်ပုံရာပုံ ချီ သည်ကို အီဘရာဟင်သတိပြုမိသည်။

"ခင်ဗျား ဘယ်လိုများနေသလဲလို့ ကျွန်တော် တစ်ခါတလေတွေးမိတယ်" ဒီ ရာဟင်က ပြောသည်။ "ဒီမှာ စာအုပ်တွေကအများကြီးပဲ၊ အာရေဗစ်ဘာသာနဲ့ စာအုပ် လည်း တွေ့တယ်၊ ခင်ဗျား ဘယ်နှစ်ဘာသာလောက် တတ်သလဲ"

ဂီဒီယံက
ပခုံးတွန့်လိုက်ပြီး"ငါးဘာသာ...ခြောက်ဘာသာ...ခုနစ်ဘာသာလောက်ပါ"

"သိပ်ပြီးအံ့ဩစရာကောင်းတာပဲ၊ အစ္စမေလဲ ကျွန်တော့်ကို ပါလက်စတိုင်း သတင်းစာကို ဖတ်ပြတယ်"

အီဘရာဟင်၏ အခြေအနေသည် တင်းမာနေဆဲရှိသေးသည်ကို ဂီဒီယံသတ် မိသည်။ သို့သော် သူက ဘာမှမပြောဘဲ စိတ်ရှည်စွာစောင့်ကြည့်နေသည်။ ထို့နေ စားပွဲအံဆွဲကြီးကိုဖွင့်ပြီး ဝီစကီပုလင်းကို ထုတ်ယူသည်။ ဖန်ခွက်တစ်လုံးကို စားပွဲ တင်လိုက်သည်။ ပြီးတော့ သူကပြောသည်။

'ကျွန်တော်တို့ကျေးရွာရှင် ဗြိတိသျှတွေရဲ့ လက်ဆောင်ပါ" အီဘရာဟင်က လက်ကာပြရင်း"ဒီပစ္စည်းက ကျွန်တော့်ကို ဖျက်ဆီးမယ်ဆိုတာ ခင်ဗျားသိပါတယ်"
'ဒီဝိုင်အရက်က ဖျက်ဆီးမှာလား"

အီဘရာဟင်က ဘာမှပြန်မပြော။ ဂီဒီယံက တခြားအံဆွဲတစ်ခုကိုဖွင့်ပြီး တမာ ထုတ်ယူလိုက်သည်။ တမာဂူကို အီဘရာဟင်ဆီသို့ ကမ်းပေးရင်း

"ခင်ဗျားက တမာဂူရှူ၊ ကျွန်တော်က အရက်သောက်မယ်"

"အစောင့်တွေ မြင်သွားမှာပေါ့"

”မပူပါနဲ့ သူတို့မသိပါဘူး”

တမာဂူ နှစ်ကြိမ်၍ အရက်နှစ်ခွက် သောက်ကြပြီးသောအခါ တင်းမာနေ အခြေအနေ လျော့သွားသည်။

အီဘရာဟင်က တစ်ချက်ညည်းလိုက်ပြီး ဦးခေါင်းကို လက်နှစ်ဖက်နှင့်အုပ်ရင်

”အင်း…ဒီပြဿနာကြီး တစ်ခုလုံးကတော့ ပင်လယ်ကိုဆည်ဖို့ ကြိုးစားရသည် ဖြစ်နေပြီ ဂီဒီယံ”

'ကျွန်တော်ကလဲ ဒီစစ်ပွဲကို လုံးဝမလိုလားပါဘူး အီဘရာဟင်”

“ကျွန်တော့်ကိုယ်ကျွန်တော် ဘီဒိုယင်တစ်ယောက်သာ ဖြစ်လိုက်ချင်တယ် ဘီ ယင်တွေက ဘယ်အန္တ ရာယ်မျိုးကိုမဆို ကျော်လွှားနိုင်ကြတယ်”

နောက်ထပ် တမာဂူတစ်ဖာထပ်ရိုက်လိုက်သောကြောင့် ဦးနှောက်ထဲ ရီဝေသော သည်။

“ကျွန်တော် ရို့ ၍ပင်နာရွာကို မြင်ခဲ့တယ်၊ အဲဒီနားက ဖြတ်သွားလို့”

“ဩော်…ဖောဇီကဘား၊ ကောက်ဂျီ၊ အဗ္ဗဒူကဒါတို့နဲ့ တွေ့ဖို့အတွက် ဒမတ်စကတ် သွားခဲ့တုန်းကလား၊ အဆိုးလားအကောင်းလားတော့ မသိဘူး၊ အဗ္ဗဒူကဒါတစ်ယောက်တော့ လူ့ပြည်က ထွက်ခွာသွားရှာပြီ၊ သူတို့က ခင်ဗျားကိုခေါ်တွေ့တာ ခင်ဗျားဆီက သံလွင်သီးဝတ် glas ကိစ္စတော့ မဟုတ်ပါဘူးထင်တယ်”

“ကျွန်တော့်ရွာသားတွေ အခုလိုထွက်ပြေးနေကြတာ အင်မတန် ရှက်စရာကောင်း တယ်၊ အခုလိုအရှက်ခွဲခံရတာဟာ ခင်ဗျားတို့ ဂျူးတွေအတွက်တော့ မထူးတော့ပါဘူး၊ ဗျားတို့က နေရာတကာမှာ အကြိမ်ပေါင်းများစွာခံခဲ့ရဖူးပြီ၊ ဒါပေမယ့် ကျွန်တော်တို့ အာရပ်တွေအတွက်တော့ အခုလို အရှက်ခွဲခံရတာဟာ သေတာနဲ့အတူတူပါပဲ”

“ဘာကိုဆိုလိုတာလဲ အီဘရာဟင်' “ကျွန်တော့်ကို တဘားရွာက

ပြောင်းရွှေ့သွားဖို့အတင်းခိုင်းနေပြီ "ကျွန်တော်လည်း သိပါတယ်" ။

"ကျွန်တော့်ရွာသားတွေကို ခဏပဲဖြစ်ဖြစ် ခေါ်ထုတ်သွားပြီးတဲ့နောက် ရွာကိုပြန်လာ လို့ ရပါဦးမလား"

"ကျွန်တော်တို့ ဘုံရိပ်သာကထွက်သွားလျှင် ကျွန်တော်တို့ကို အာရပ်တွေက ပြန် လာခွင့်ပြုပါဦးမလား"

ဂီဒီယံက တန်ပြန်မေးခွန်းဖြင့် ပြန်ဖြေလိုက်သည်။ "ဘယ်ခွင့်ပြုပါ့မလဲ၊ ခွင့်မပြုဘူးဂီဒီယံ၊ အဲဒီတော့ ခင်ဗျားအနေနဲ့ ဘယ်လိုပြော ခလဲ"

"ကျွန်တော်တို့မှာ အာရပ်တွေကို ပါလက်စတိုင်းက နှင်ထုတ်ဖို့ပေါ်လစီမရှိဘူး၊ အိမ်နီးချင်းတွေနဲ့ ငြိမ်းချမ်းရေးမလုပ်ဘဲ အစ္စရေးနိုင်ငံထူထောင်လို့ ရနိုင်မယ်လို့လည်း ကျွန်တော်တို့ မယုံကြည်ဘူး၊ ကျွန်တော်တို့အနေနဲ့ ဘယ်သူနဲ့မှလည်း ရန်မဖြစ်ချင်ဘူး၊ ဆက်ရန်ပွဲကိုလဲ သားစဉ်မြေးဆက် လက်ဆင့်မကမ်းချင်ဘူး၊ ဒါကို ဘုရားသခင်သိပါတယ်၊ ကျွန်တော်တို့က အာရပ်ခေါင်းဆောင်တိုင်းနဲ့ ငြိမ်းချမ်းရေးစကား ပြောခဲ့ပါတယ်၊ ဒါပေမယ့် သူတို့က စစ်တိုက်ဖို့ကိုပဲ လိုလားကြတယ်"

"ဒီလိုဆို ခင်ဗျားတို့က အာရပ်ရွာတစ်ရွာရွာနဲ့ရော မဆွေးနွေးခဲ့ကြဘူးလား"

"ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ ဂျေရုဆလင်ပတ်ဝန်းကျင်က ရွာတိုင်းနဲ့ ဆွေးနွေးခဲ့ပါတယ်" ။

"ဘယ်လိုဆွေးနွေးခဲ့တာလဲ"

"ကျွန်တော်တို့ကို မတိုက်ပါနဲ့၊ ခင်ဗျားတို့ကိုလည်း ကျွန်တော်တို့မတိုက်ဘူးလို့ ဆွေးနွေးခဲ့တယ်၊ ဒီလောက်ဆို လုံလောက်နေပြီပဲ။ အမှန်ပြောရလျှင် ဒီအချိန်မှာ နယ်စပ် က ခင်ဗျားတို့ ညီအစ်ကိုအာရပ်တွေအတွက် ခင်ဗျားတို့ တာဝန်ယူဆောင်ရွက်ပေးတာထက် ငါလက်စတိုင်းဂျူးတွေက ခင်ဗျားတို့ အနာဂတ်ကောင်းမွန်ရေးအတွက် ပိုပြီး အလေး အနက်ထားပါတယ် အီဘရာဟင်"

"အဲဒီတော့ တဘားရွာကို အဲဒီလိုသဘောထားဖို့ ကျွန်တော်မေတ္တာရပ်ခံလျှင် တယ်လိုနေမှာလဲ"

"အခုအချိန်မှာ ခင်ဗျားရွာက ရန်သူရွာစာရင်းဝင်နေပြီ၊ ခင်ဗျားရွာသား သုံးဆယ် ကျော်လောက်ဟာ ဘာသာတော်တပ်မဟာထဲ ဝင်သွားကြပြီ၊ ငါးဆယ်လောက်ကလည်း ကာစယ်ခံတပ်ဝင်တိုက်တာမှာ ပါဝင်တယ်၊ ပြီးတော့ ဂျေရုဆလင်က ဂျူးတွေအားလုံး ဘဲ အစာပြတ်ပြီး သေအောင်လုပ်တာမှာလည်း ခင်ဗျားတို့ရွာသားတွေ ပါဝင်ကြတယ်၊ ကျွန် တော့်အနေနဲ့တော့ တဘားရွာကိုတိုက်ပါလို့ ဘယ်တော့မှပြောမှမဟုတ်ဘူး အီဘရာဟင်၊ Ba.com ဒါပေမယ့် စစ်ဖြစ်လာပြီဆိုလျှင် ဘယ်သူ့ကို ဘယ်သူတားလို့ရနိုင်မှာလဲ"

"ဒါဆိုလျှင် ကျွန်တော်တော့သွားပြီ၊ အမှန်က ကျွန်တော့်ကိုမောင်းထုတ်တာ ဂျူးတွေမဟုတ်ဘူး၊ အာရပ်တွေကပဲ မောင်းထုတ်တာ"

"အဲဒါကို ကျွန်တော်လည်းသိပါတယ်"

"တစ်ရွာလုံး ရုတ်ရုတ်သဲသဲဖြစ်နေပြီး မိုးပေါ်ကို သေနတ်တစ်ချက် ထောင်ပစ်လိုက် တာနဲ့တစ်ပြိုင်နက် တစ်ရွာလုံးထွက်ပြေးကြတော့မှာပဲ"

ဂီဒီယံက သူ့ရှေ့တွင်ထိုင်နေသော ပုဂ္ဂိုလ်ကို ကြင်နာစွာကြည့်နေမိသည်။ တကယ် တော့ ကမ္ဘာစစ်ကြီးဖြစ်စကတည်းကပင် တဘားရွာတွင် ဂျူမုန်းတီးရေးစိတ်ထား ပေါက် ဖွားခဲ့သည်။

အီဘရာဟင် ထိုင်ရာမှထရပ်လိုက်သည်။ ဂီဒီယံက စာရွက်တစ်ရွက်တွင် ဂဏန်းတွေရေးပြီး အီဘရာဟင်အား ကမ်းပေးသည်။

"ဒီဖုန်းနံပါတ်တွေနဲ့ဆက်လျှင် ကျွန်တော့်ဆီရောက်တယ်၊ ခင်ဗျား အခက်အခဲ တစ်ခုခုကြုံလျှင် ကျွန်တော်အတတ်နိုင်ဆုံး ကူညီပါ့မယ်"။

ထိုအခိုက် တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာသည်။ တစ်ဖက်မှ ဟီးဘရူးစကားဖြင့် ပြောသည်ကို ဂီဒီယံကစိတ်လှုပ်ရှားစွာဖြင့် နားထောင်နေသည်။ သူက ကျုပ် အခုချက်ချင်း လာခဲ့ပါမယ်ဟု ပြောပြီးနောက် တယ်လီဖုန်းကို ပြန်ချလိုက်သည်။ ပြီးတော့ အီဘရာဟင်ကို မျက်စိမျက်နှာပျက်ပျက်နှင့် ကြည့်လိုက်သည်။

"အာဂွန်းတပ်တွေက ဂျေရုဆလင်နားက အာရပ်ရွာတစ်ရွာကို

ဝင်တိုက်သတဲ့။ ဒီဃာယက်ဆင်ရွာ”

“အဲဒီတော့ ဘာတွေဖြစ်ကုန်သလဲ”

”တစ်ရွာလုံး သတ်လိုက်ကြတယ်”

ဂီဒီယံသည် နာရီပိုင်းအတွင်း ဒီဃာယက်ဆင်ရွာသို့ ရောက်သွားသည်။ ဗိုလ်မှူးကြီး ဘရွမ်တန်လည်း ရောက်ရှိနေသည်။ ဖြစ်ပျက်ပုံကို ဗိုလ်မှူးကြီးကပြောပြသည်။

ဂီဒီယံသည် အစီရင်ခံစာတစ်စောင်ရေးပြီး ပါးလ်မက်ချ်တပ်မှ စစ်ဗိုလ်ကလေး တစ်ဦးအား ဂျေရုဆလင်သို့ အမြန်လိုက်ပို့ခိုင်းလိုက်သည်။

ထို့နောက် သူသည် သေဆုံးသူများ၏အလောင်းများကို စစ်ဆေးသည်။ ဒဏ်ရာရ သူများအား နှစ်သိမ့်စကားပြောသည်။

မီးလောင်သေဆုံးသူများ၏ အလောင်းများမှ ထွက်လာသော မှော်နံ့များနှင့် ယမ်းနံ့များ မွှန်ထူနေသည်။ ဂီဒီယံက ရနိုင်သမျှ ဂျူးဆေးဝန်ထမ်းများ၏ အကူအညီဖြင့် ဆေးဝါးကုသပေးသည်။ လောလောဆယ် သူတတ်နိုင်သည်မှာ ဤမျှသာဖြစ်သည်။

စင်စစ် ဤဖြစ်ရပ်သည် ဖြစ်သင့်ဖြစ်ထိုက်၍ ပေါ်ပေါက်လာသောဖြစ်ရပ်သာ ဖြစ်သည်။ ဟာဂနာတပ်ဖွဲ့များက ထောက်ပို့ယာဉ်တန်းသုံးတန်းဝင်ရောက်နိုင်ရန် လမ်းမ ကြီးကို ဖွင့်ပြီးနောက် အာရပ်တွေက ပြန်ပိတ်လိုက်သည်။ ဂျူးတို့၏ယာဉ်တန်းများအား အမြဲတမ်း ပိတ်ဆို့တားဆီးနေသော အာရပ်ရွာများအနက် အနောက်ဂျေရုဆလင်အစွန်ရှိ ဒီဃာယက်ဆင်ရွာသည် အန္တရာယ်အပေးဆုံး ဖြစ်သည်။

eelassc.com ထို့ကြောင့် ဟာဂနာတပ်များ၏ အောင်မြင်မှုကိုအားကျပြီး အာဂွန်းတပ်များကလည်း ဘယက်ဆင်ရွာကို တိုက်ခိုက်ကြသည်။

သို့သော် အာဂွန်းတပ်ကရရှိသော ထောက်လှမ်းရေးသတင်းက မှားနေသည်။ သူတို့က ကာပယ်ခံတပ်ဝင်သိမ်းစဉ်ကလို ရွာသားများကိုရွာပြင်သို့ လွယ်ကူစွာ မောင်း ထုတ်နိုင်မည်ဟု တွက်ထားကြသည်။ ထိုအချိန်တွင်

ဒီယာယက်ဆင်ရွာထဲ၌ ဘာသာ တော်တပ်မဟာတပ်ဖွဲ့ များ ရှိနေကြောင်း သူတို့လုံးမသိကြ။

တကယ်ဝင်တိုက်သောအခါ ခုခံအားမှာ အလွန်ပြင်းထန်နေသည်။ အညံ့ဆုံးပစ် တ်က အကြမ်းဆုံးဖြစ်သည်ကို တွေ့ကြရသည်။ အာဂွန်းပြောက်ကျားတပ်သားများမှာ ထိုက်ပွဲအတွေ့အကြုံမရှိ၍ ရမ်းချင်တိုင်းရမ်း၊ ကြမ်းချင်တိုင်းကြမ်းကြသည်။ သိမ်းပိုက်ရရှိ သမ္ဗျာအိမ်များကို မီးတင်ရှို့ကြသည်။

အာရပ်တပ်များ နောက်ဆုတ်သွားသောအခါ ရွာသားများနှင့် ရင်ဆိုင်တိုးရသည်။ သားများ သွေးရူးသွေးတန်း ထွက်ပြေးကြသည်။ အာရပ်တပ်များက ရွာသားများကို ကာအကွယ်ယူပြီး ပြန်လည်ခုခံကြသည်။ ဤတွင် ရွာသားများမှာတိုက်ပွဲကြားတွင် သက်မိနေတော့သည်။ ထိုအခါ အာဂွန်းတပ်သားများ စည်းကမ်းဖောက်ပြီး တွေ့ရသမျှ လူတွေကို ပစ်သတ်ကြတော့သည်။ ဂီဒီယံသည် တိုက်ပွဲမြင်ကွင်းအခြေအနေကို အသေးစိတ်လေ့လာပြီးနောက် လူမ အော့သော အိမ်တစ်အိမ်သို့ အပြေးဝင်သွားပြီး အန်ပစ်လိုက်သည်။ ဗိုလ်မှူးကြီးဘရွန်တန်က ဆက်မှ ဝင်လိုက်လာသည်။ ထိုအချိန်တွင် ဂီဒီယံမှာ နေသာထိုင်သာ ရှိသွားပြီ။

"အလောင်းတွေကို ရေကြည့်တော့ နှစ်ရာ့ငါးဆယ်ကျော်တာတွေ့ရတယ်"ဟု စက်မှူကြီးက ပြောသည်။ "တစ်ဝက်လောက်က မိန်းမတွေနဲ့ ကလေးတွေ"

ဂီဒီယံ၏မျက်နှာတွင် ချွေးပြန်နေသည်။ သူက အင်္ကျီလက်မောင်းနှစ်ဖက်ကို ဆွဲ တင်ပြီး မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ထားလိုက်သည်။

"ဒီဖြစ်ရပ်ကို ကျုပ်တို့မလိုလားဘူး၊ လုံးဝမလိုလားဘူး၊ ဟာဂနာတပ်ဆိုလျှင် မျိုးကို ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး ။

"ဟုတ်ပါတယ်၊ အဲဒါတော့အမှန်ပဲ၊ ဒါပေမယ့် ဒီဖြစ်ရပ်အတွက် ခင်ဗျားမှာ ရှိတယ်" ။

ဂီဒီယံက မျက်နှာမော့ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။ ဂျူးတွေအားလုံးတွင် အန်ရှိကြောင်း သူသိသည်။ သူသည် ပြတ်နေသောလက်ကို

အပေါ်မြှောက်လိုက်ပြီး

”အင်္ဂဒက်ဒူးရပ်ကွက်က အဖြစ်မျိုးပဲ၊ သိပ်ပြီးဆိုးရွားတဲ့အဖြစ်၊ တကယ်တော့ သင်ဘဝတစ်လျှောက်လုံးမှာ လူသတ်တာတွေနဲ့ပဲ ကြုံ နေခဲ့ရတာပဲ၊ ဒါပေမယ့် အခုအဖြစ်က ခြားအဖြစ်တွေနဲ့ မတူဘူး၊ အခုအဖြစ်က ဂျူးတွေက ကျူးလွန်တာ၊ ဂျူးတွေက တ်တာ၊ ကျုပ်ဟာ အာရပ်တွေကြားမှာ နေလာခဲ့တယ်၊ အာရပ်တွေကိုခင်တယ်၊ မခင် တဲ့အဖြစ်မျိုး ကြုံရတာတောင်မှ လေးစားကြရမယ်လို့ အမြဲတမ်း ယုံကြည်နေတယ်၊ ကို ကျုပ်တို့က နမူနာပြရမယ်၊ ဒါမှသာ ကျုပ်တို့အချင်းချင်း ငြိမ်းချမ်းစွာ အတူနေနိုင် Cယ်။

“..ကျုပ်ဟာ ဂျူးတစ်ယောက်ပါ ဗိုက်မှူးကြီး၊ ဒါပေမယ့် ဂျူးတွေ အသက်ရှင် နိုင်ဖို့အတွက် အာရပ်တွေကို သတ်ရတယ်ဆိုတာကို ကျုပ် ဘယ်နည်းနဲ့မှ ဝမ်းမသာနိုင်ဘူး .   JU ကျုပ်တို့ကလေးတွေကို အာရပ်တွေကသတ်တာ ကျုပ်ခွင့်လွှတ်နိုင်ပါတယ်။ ဒါပေမယ့် သူတို့ အာရပ်တွေကို ကျုပ်တို့က သတ်ဖြစ်အောင်လုပ်နေကြတာကိုတော့ ကျုပ် လုံး ခွင့်မလွှတ်နိုင်ဘူး”

“ ဒါကြောင့်မို့ သန့်ရှင်းတဲ့ ဇီယွန်ဝါဒမှာ အခုလို ဆိုးဆိုးရွားရွား သွေးစွန်းရတာလဲ ဟု ဗိုလ်မှူးကြီးကပြောသည်။

“ဟုတ်ပါတယ်၊ ဒီအဖြစ်ဟာ အလွန်ဆိုးရွားတဲ့အဖြစ်ပါ၊ နောက်ပိုင်းမှာ အာရပ်တွေက ဒီထက်ဆိုးရွားတဲ့ အဖြစ်မျိုးတွေ လုပ်လာကြလိမ့်မယ်”

“သူတို့ကတော့ တစ်သက်လုံးလုပ်ကြမှာပဲ၊ နောက်နှစ်ပေါင်းတစ်ရာအထိဆက်လုပ် မှာပဲ၊ ဒါပေမယ့် အခုအဖြစ်က ဂျူးတွေက မွတ်စလင်တွေကို ပထမဆုံးအကြိမ် အစုလိုက် အပြုံလိုက်သတ်တာ၊ ဒီဖြစ်ရပ်ဟာ သမိုင်းမှာတော့ မှတ်တမ်းဝင်သွားတော့မှာပဲ”

“ဘုရားသခင်သိပါတယ် ဗိုလ်မှူးကြီး၊ ကျုပ်တို့က ဒီအဖြစ်မျိုးတွေ မပေါ်ပေါက်ချင်သူ ဆိုတာ ဘုရားသခင်သိပါတယ်”

“ဒီဖြစ်ရပ်မျိုး နောက်ထပ်မပေါ်ပေါက်အောင် ခင်ဗျားကတားရလိမ့်မယ်”

”ဘယ်လိုတားမှာလဲ”

အာဂွန်းအုပ်စုကို လွှတ်မထားဘဲ ထိန်းထားရမယ်၊ သူတို့ဟာ ခင်ဗျားတို့လူတွေ ခင်ဗျားမှာတာဝန်ရှိတယ်" ။

ဂီဒီယံသည် ပြတင်းပေါက်ကိုမှီကာ အပြင်ဘက်သို့ ကြည့်လိုက်သည်။ ခေတ်ငွေ့ မျက်နှာဖုံးစွပ်ထားသော စစ်သားများက အလောင်းတွေကို ထမ်းစင်များနှင့် သယ်ယူ နေကြသည်။ ဂီဒီယံသည် ရင်ထဲတွင်နာကျင်လာသဖြင့် နှုတ်ခမ်းကို တင်းတင်းကို လိုက်သည်။

ဗိုလ်မှူးကြီးက ပြောသည်။

"ခင်ဗျားက လူသားအချင်းချင်း အကြင်နာတရားထားကြဖို့ ကျွန်တော်တို့ ၊ တရားတွေဟောခဲ့တယ်၊ အခုတော့ ခင်ဗျားကို ကျွန်တော်ကပြန်ပြီး တရစးဟောရလိမ့်မယ် ။ " ဂီဒီယံက ပြန်လှည့်ပြီး ဗိုလ်မှူးကြီး၏မျက်နှာကို တည့်တည့်ကြည့်လိုက်သည်။

"ခင်ဗျား ဘင်ဂူရီယံနဲ့ တွေ့တဲ့အခါ ပြောဖြစ်အောင်ပြောပြပါ၊ အာဂွန်တပ်၍ ဖျက်သိမ်းပြီး ဟာဂနာတပ်နဲ့ ပေါင်းပစ်လိုက်ပါ၊ အခုလိုသာ တရားလက်လွတ် စစ်တပ် ကလေးတစ်တပ်ကို လွတ်လွတ်လပ်လပ် ဆက်ပြီး လှုပ်ရှားခွင့်ပေးထားမယ်ဆိုလျှင် အာရပ်တွေကြားထဲ ဖြစ်ပေါ်နေတဲ့အတိုင်း မင်းမဲ့ဝါဒကို မြှောက်ပေးနေသလို ဖြစ်နေလိမ့်မယ်၊ အိုင်ယာလန်မှာ အိုင်အာအေတပ်ရှိနေသလို ခင်ဗျားတို့မှာ အာဂွန်းတပ်ရှိနေသမျှ ဒီလိုဖြစ်ရာ ဆိုးတွေနဲ့ ဆက်ပြီးကြုံနေရဦးမှာပဲ"

"ဒီအချက်ကို ကျုပ်တို့လည်း သတိပြုမိပါတယ်၊ ဒါပေမယ့် ဒါက ပြဿနာတွေ အများကြီးထဲက ပြဿနာတစ်ခုပါ"

"ဒါပေမယ့် ဒီပြဿနာက ပိုပြီးအရေးကြီးတယ်၊ တကယ်တော့ တစ်ခုတည်းသော ဗဟိုအာဏာပိုင်အဖွဲ့ သာ ရှိရမယ်"

ထိုနေ့ နောက်ပိုင်းတွင် ဂီဒီယံ၏ လက်ထောက်စစ်ဗိုလ်ကလေး ဂျေရုဆလင်မှ ပြန်ရောက်လာသည်။ ဂီဒီယံသည် ဗိုလ်မှူးကြီးဘရွမ်တန်နှင့် ထပ်မံတွေ့ဆုံ၍ အခြေအနေကို ပြောပြသည်။

အခု တဲလ်အဗစ်မြို့မှာ သတင်းစာရှင်းလင်းပွဲလုပ်နေပြီ၊ ဒီယာယက်ဆင် လူသတ်ပွဲကို ရှုတ်ချကြတယ်၊ ကျွန်တော်တို့က အာဝွန်းအုပ်စုနဲ့လည်း အဆက်အသွယ်လုပ်ပြီးပြီ။

ဘို့က ဒီယာယက်ဆင်ရွာကိုပဲ အပြစ်တင်မြဲတင်နေကြတယ်၊ ဒူးထောက်ပို့ကားတွေကို အနှောင့်အယှက် အပေးဆုံးရွာဖြစ်လို့ အခုလိုရှင်းပစ်ရတာလို့ ဆင်ခြင်ပေးကြတယ်၊ အဲဒီ ထို အနှောင့်အယှက်မပြုဖို့ ရွာအကြီးအကဲနဲ့ ရွာသားတွေကို ခြောက်ကြိမ်တိတိ သတိပေး နေတယ်လို့လည်း ဆိုတယ်၊ ပြီးတော့ တကယ်လို့ အာရပ်တပ်တွေက သူတို့ရွာမှာ အပ်လာစွဲလျှင် ရွာသားတွေ တစ်နေရာကို ပြောင်းနေကြဖို့လည်း ကြိုတင်ပြီး အကြောင်း ကြားခဲ့တယ်လို့ဆိုတယ်” ။

“အဲဒါ လုပ်ရိုးလုပ်စဉ် ရေးဟောင်းတိုက်ပွဲ အစီအစဉ်ဆွဲတာပဲပေါ့၊ မဟုတ်ဘူးလား”

“အင်း ... ဆန်းတော့ တော်တော်ဆန်းတာပဲ၊ ကျုပ်တို့ ဂျူးတွေက အခုလို ညစ်ပတ်တဲ့အလုပ်မျိုး လုပ်မိခဲ့ကြပြီ၊ မွတ်စလင်ကမ္ဘာက ပေါ်ထွက်လာတဲ့ ရက်စက်မှုတွေကို ဗိုလ်မှူးကြီးတို့ ကောင်းကောင်းသိကြပါတယ်။ ဒါပေမယ့် အဲဒါတွေကို ကမ္ဘာကသိအောင် ဗိုလ်မှူးကြီးတို့က မပြောရဲကြဘူး၊ ဂျူးတွေလုပ်လျှင်တော့ တစ်ကမ္ဘာလုံးက အပြစ်တင် , မှာပဲ”

ဗိုလ်မှူးကြီးက ဂီဒီယံ၏ ဒေါသမျက်လုံးများကို ရှောင်လွှဲလိုက်သည်။ “ဒါနဲ့ ခင်ဗျားကို ဂျေရုဆလင်ကို ကျွန်တော် လိုက်ပို့ရမှာလား”

”ဟုတ်ကဲ့၊ လိုက်ပို့ပါ”

”အင်း...ပထမဆုံး ကျူးလွန်တဲ့လူသတ်မှုဟာ အဆိုးဆုံးပေါ့ မစ္စတာဂီဒီယံ”

“ဒီလိုဖြစ်ရတာကို ကျုပ်တို့ ဂျူးလူမျိုးတွေက ကျေနပ်ကြတယ်လို့ ဗိုလ်မှူးကြီး ဆင်သလား၊ အဲဒီလိုထင်လျှင် မှားလိမ့်မယ်၊ ကျုပ်တို့ဟာ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ဆန်းစစ်ဖို့ ကောက်ကြပါဘူး၊ ကျုပ်တို့ဟာ ကျုပ်တို့အပြစ်ကို မဖုံးတတ်ကြပါဘူး”

“အဲဒီလိုပဲ ဖြစ်ပါစေဗျာ၊ ဒါပေမယ့် အာရပ်တွေကတော့ အနာဂတ်မျိုးဆက်အထိ လက်စားပြန်ချေဖို့ အမွေပေးလိုက်ပြီးပြီ မစ္စတာဂီဒီယံ”

နေသူရိန်ဘုံရိပ်သာမှ ဟာဂျီအီဘရာဟင် ပြန်လာသောအခါ ရွာလယ်ကွက်လပ်တွင် တစ်ရွာလုံး စုရုံးရောက်ရှိနေကြသည်ကို တွေ့ရသည်။ တခြားနီးနားဝန်းကျင် ရွာများမှ သူရွာသားများလည်း တဖွဲဖွဲရောက်ရှိလာကြသည်။

သူတို့၏ အကြီးအကဲကို မြင်လိုက်ရသောအခါ လူထုပရိသတ်က တစ်ခဲနက် အော်ဟစ် ကြွေးကြော်ကြသည်။

“ဟာဂျီ အီဘရာဟင်၊ ကျွန်တော်တို့ ညီအစ်ကိုတွေကို ဂျူးတွေ သတ်ကုန်ကြပြီ”

”ဒီယာယက်ဆင်ရွာက လူတွေအားလုံး ဂျူးတွေကသတ်လိုက်ပြီ “ထောင်နဲ့ချီပြီး အသတ်ခံလိုက်ရပြီ”

”နောက်တစ်ကြိမ်ဆိုလျှင် ဂျူးတွေက တဘားရွာကို ဦးလှည့်လာတော့မယ်”

အီဘရာဟင်သည် ရွာခေါင်းဆောင်များနှင့် ရပ်မိရပ်ဖများကိုခေါ်ယူပြီး ဒည့်ရိပ် သာခန်းမတွင် ဆွေးနွေးပွဲပြုလုပ်သည်။ ဆွေးနွေးပွဲတွင် တစ်ယောက်တစ်ပေါက် ပြောချင်ရာ ပြောပြီး ဆူညံနေသည်။ သို့သော် ဘယ်သူကမျှ အကျိုးရှိသောအဆိုတစ်ခုကို မတင်ပြနိုင်ကြ အားလုံးပင် အလွန်ကြောက်လန့်နေကြသည်။

အီဘရာဟင်က သူ့ဘာသာသူ ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။

သူက တဘားရွာကို နောက်ဆုံးအနေဖြင့် ကာကွယ်ရန် ဆုံးဖြတ်လိုက်သည်။ ဤလုပ်ရပ်သည် ဖောဇီကဘားကို အန်တုလိုက်ခြင်းပင် ဖြစ်သည်။

နောက်ဆုံးတွင် အီဘရာဟင်က ရွာသားများအား ကိုယ့်အိမ်ကိုယ်ပြန်ပြီး ကိုယ့် အလုပ်ကို လုပ်မြဲလုပ်နေကြရန် အမိန့်ပေးလိုက်သည်။ ရွာသားများမှာ မပြန်ချင်ပြန်ချင် နှင့် ပြန်သွားကြသည်။

အီဘရာဟင်က အခြေအနေကို သုံးသပ်လျက်ရှိနေစဉ် အာရပ်တို့က ဒီယာယက်ဆင် ရွာအတွက် လက်စားပြန်ချေလိုက်ကြသည်။

စကိုပတ်တောင်ပေါ်ရှိ ဟာဒါဆာဆေးရုံမှအမှုထမ်းများနှင့် တာဝန်လဲရန် ဆေးအဖွဲ့ ယာဉ်တန်းတစ်တန်း အနောက်ဂျေရုဆလင်မှ ထွက်ခွာလာခဲ့ကြသည်။ ယင်းယာဉ်တန်းသည် ဗြိတိသျှအုပ်ချုပ်မှုအောက်ရှိ လမ်းမကြီးပေါ်မှ အရှေ့ဂျေရုဆလင်ကိုဖြတ်၍ ဝင်လာသည်။ ဗြိတိသျှကင်းတပ်နှင့် ကိုက်တစ်ရာလောက်အကွာသို့ ရောက်သောအခါ အဆိုပါကြက်ခြေ ယာဉ်တန်းကို အာရပ်တို့က နေ့ခင်းကြောင်တောင်တွင် ချုံခိုတိုက်ခိုက်ကြသည်။ အပြစ်ကင်း သော ဆရာဝန်များနှင့် သူနာပြု ဆရာမပေါင်း ၇၇ ယောက်တို့ကို သတ်ဖြတ်လိုက်ကြသည်။ ဤကိစ္စကို ဗြိတိသျှတို့က မည်သို့မျှ အရေးယူဆောင်ရွက်ခြင်းမလုပ်။

သို့သော်လည်း ဂျေရုဆလင်ဂျူးတို့ကား ဘယ်နေရာသို့မှ ထွက်ပြေးခြင်းမပြုကြ။

ကြက်ခြေနီယာဉ်တန်း သတ်ဖြတ်မှုကြီးသည် သွေးဆာနေသော အာရပ်ပြည်သူတို့ အကြား အုတ်အော်သောင်းတင်း ဖြစ်သွားကြသည်။ သူတို့က ကလဲ့စားပြန်ချေလိုက်ပြီး သောအခါ ဂျူးတို့ကလည်း အနေးနှင့်အမြန် အလားတူတုံ့ပြန်လာမည်ဟု ယူဆပြီး အာရပ်တို့သည် မိမိတို့ကျေးရွာများမှ အုပ်စုလိုက် ပြောင်းရွှေ့ထွက်ပြေးကြတော့သည်။

တဘားကျေးရွာတွင် အီဘရာဟင်က ပိုနေမြဲကျားနေမြဲနေကြရန် အမိန့်ထုတ်ထား သော်လည်း ရွာသားများမှာ တွေးကြောက်လာပြီး အလျှိုအလျှို တိတ်တဆိတ်ထွက်ပြေး ကြတော့သည်။ ပထမညတွင် အိမ်ထောင်စု တစ်ဒါဇင်ခန့် ထွက်ပြေးသွားသည်။ ဒုတိယ ညတွင် နောက်ထပ်တစ်ဒါဇင်ခန့် ထွက်ပြေးသွားကြပြန်သည်။

နောက်ဆုံးတွင် အခြေအနေကို အီဘရာဟင် လုံးဝမထိန်းနိုင်တော့။

တတိယနေ့ နံနက်တွင် ရွာဗလီကျောင်း၌လူစုသည်။ အီဘရာဟင်သည် ရွာသူ ရွာသားများ၏မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ သူတို့အား သူ့အနေဖြင့်

လုံး၀ မထိန်းနိုင်တော့ဆိုသည်ကို ချက်ချင်းပင်သဘောပေါက်မိသည်။

ထို့နောက် တစ်ရွာလုံး စုပေါင်း၀တ်ပြုကြသည်။ ၀တ်ပြုပြီးသောအခါ အီဘရာဟင် သည် တရားဟောစင်ရှေ့တွင် ရပ်လိုက်သည်။

"တစ်ရွာလုံး ကိုယ့်ပစ္စည်းတွေ ကိုယ်ယူလာပြီး ရွာလယ်ကွက်လပ်မှာစုကြ ကျုပ်တို့အားလုံး တဘားရွာနဲ့ အေယာလုံမြစ်ဝှမ်းက ပြောင်းရွှေ့သွားကြတော့မယ်"

အခန်း (၁၂)

ကျွန်တော်တို့ရွာမှ လယ်သမားအားလုံးသည် ၎င်းတို့၏ လယ်ထွန်ကိရိယာများကို ဘောင်ကုန်းပေါ်မှ တမန်တော်၏ သင်္ချိုင်းဂူအနီးတွင် စုပုံလိုက်ကြသည်။ ဤမြင်ကွင်းမှာ ကျွန်တော်တို့ ဆယ့်နှစ်နှစ်သားအရွယ် ကလေးတစ်ယောက်အဖို့ တစ်သက်လုံး မမေ့နိုင်စရာ ခြင်ကွင်းပင် ဖြစ်တော့သည်။

သူတို့က ထိုပစ္စည်းများကို ထိုနေရာတွင်သာထားခဲ့ကြခြင်းမှာ ထိုနေရာသည် ထွတ်အမြတ်နေရာ ဖြစ်သောကြောင့်ဖြစ်သည်။ မိုက်တွင်းအနက်တကာ့ အနက်ဆုံး လူမိုက်များသာလျှင် ထိုသို့သောနေရာမျိုးမှ ပစ္စည်းများကို ခိုးယူကြလိမ့်မည်။

"ကျုပ်တို့ ကောက်သိမ်းချိန်အမီ ပြန်လာနိုင်ကြမှာပါ။ အဲဒါကိုတော့ ကိုင်ရိုက န်းသေပေါက် အာမခံထားတယ်"

"ဟုတ်ပါတယ်၊ အဆင်ပြေလျှင် တစ်ပတ်အတွင်းတောင် ပြန်ချင်ပြန်လာနိုင်မှာပါ" ဘာတွေကို ယူသွားရမှာလဲ၊ ဘာတွေကို ထားပစ်ခဲ့ရမှာလဲ။

လူတစ်ယောက်သည် မိမိ၏ရပ်ရွာနှင့် မိမိလယ်မြေများ စွန့်ခွာသွားရတော့မည် ဆိုလျှင် ထိုအချက်များမှာ ဘာမှမထူးခြားတော့ပါ။

ကျွန်တော့်ဖေဖေသည် လက်ဖက်ရည်ဆိုင်ရှေ့ရှိစားပွဲတွင် တည်ငြိမ်စွာထိုင်ရင်း မေးခွန်းများကို ဖြေကြားနေသည်။ ညွှန်ကြားချက်များ ပေးနေသည်။ အစီအစဉ်များ မှတ်နေသည်။

ကျွန်တော်တို့၏ခရီးတာသည် အလွန်နှေးကွေးပြီး ဂျက်ဖာသို့ရောက်ရန် အနည်းဆုံး သုံးရက်တိတိ ကြာလိမ့်မည်ဟု ဖေဖေက တွက်ထားသည်။ ပထမညတွင် စခန်းချရန် ရမ်လီမြို့အနီး၌ သင့်လျော်သောလယ်ကွင်း၊ သို့မဟုတ် ဥယျာဉ်ခြံမြေတစ်ခုခု ရှာဖွေထား ရန်လည်း ကျွန်တော်တို့မျိုးနွယ်စုမှ လူတော်တော်များများကို ကြိုတင်လွှတ်ထားခဲ့သည်။ ကျွန်တော်သည် ကျေးရွာမှတ်တမ်းစာအုပ်ကိုယူကာ ဖေဖေ့ဘေးတွင်ထိုင်လျက် လူဦးရေကို ရေတွက်နေသည်။ ရွာမှထွက်ခွာမသွားသေးဘဲ ကျန်နေသူများမှာ စုစုပေါင်း ခြောက်ရာ ကျော်သည်။

ရှိသမျှ မြင်းလှည်းနှင့် နွားလှည်းများကို ကွက်လပ်တွင်စုပြီး လေးရက်စာရိက္ခာ များ အလုံအလောက်တင်ရန် ဖေဖေက ညွှန်ကြားသည်။ တန်ဖိုးရှိသော ပစ္စည်းမှန်သမျှ nes အကုန်ယူကြသည်။ သို့မှသာ ဂျက်ဖာသို့ရောက်သောအခါ ရောင်းချနိုင်မည်ဖြစ်သည်။ အိမ်ထောင်စုတိုင်းအား ဆိတ် သို့မဟုတ် သိုးတစ်ကောင် သို့မဟုတ် နှစ်ကောင်အ ယူခွင့်ပြုသည်။ ၎င်းတို့ကို အစာအတွက်လည်း သတ်စားနိုင်သည်။ ဂျက်ဖာဈေးတွင် ရောင်းမည်ဆိုလျှင်လည်း ရောင်းနိုင်သည်။ ဤသည်မှလွဲလျှင် မယူမဖြစ်သော ပစ္စည်းများ ကိုသာ ယူခွင့်ပြုသည်။

သူဌေးကြီးဖောဇီကဘားသည် သူကတိပြုထားသောပိုက်ဆံကို ယခုအထိ ပို့ သေး။ ဤအတိုင်းဆိုလျှင် ကျွန်တော်တို့အား ဂါဇာသို့ပို့ပေးမည် သင်္ဘောစင်းလုံးငှာ၊ ကိုယ်ပေါ်တွင် ပတ်ထားသောအင်္ကျီကစပြီး အားလုံးရောင်းရမည့်ကိန်း ကြုံနေပြီး - မိန်းမများသည် သွေးရူးသွေးတန်း ငိုယိုမြည်တမ်းရင်း အိမ်နှင့်လှည်းများဆီ လူးလားဆန်ခတ်ပြေးလွှားကာ ပစ္စည်းများကိုတင်နေကြသည်။

“လက်နက်တွေ ခဲယမ်းမီးကျောက်တွေအားလုံး တစ်ခုမကျန် ယူသွားကြရ၏။ ဟု ဖေဖေက ပြောသည်။ “ရေကော ဘယ်လောက်ယူသွားရမှာလဲ ဟာဂျီအီဘရာဟင်”

”အိမ်ထောင်စုတစ်ခုအတွက် နှစ်ကရားနဲ့ တိရစ္ဆာန်တွေအတွက် လုံလောက် အောင်ယူကြ”

“ဒါနဲ့ ဂျူးတွေက ကျွန်တော်တို့ရွာကို သိမ်းကြမှာလား၊ သူတို့က

ရှိသမျှပစ္စည်း ယူပြီး အိမ်တွေကိုမီးတင်ရှို့ကြမှာလား”

“အဲဒါတော့ ကျုပ်တို့ပြန်လာတော့မှာသိရမှာပဲ”

”ဒါနဲ့ သူတို့က သင်္ချိုင်းဂူတွေကိုရော ဖောက်ကြဦးမှာလား”

”အဲဒါတော့ လုပ်မယ်မထင်ဘူး”

”ဒီစိန်ရွှေတွေကိုရော ဘယ်လိုလုပ်မှာလဲ”

”အဲဒါတွေကိုယူခဲ့၊ ပြန်ရောင်းသင့်ရောင်းရမယ်”

“ပြီးတော့ ကြက်တွေကိုရော၊ နောက်ပြီး မင်္ဂလာလက်ဖွဲ့ သေတ္တာတွေ၊ ခတ်ပုံတွေ မျိုးစပါးတွေလဲ ကျန်သေးတယ်”

“စောင် ... စောင် ... စောင်တွေ အရေးကြီးတယ်၊ ရှိသမျှယူခဲ့ကြ၊ သိပ်ပြီး လိမ့်မယ်”

“ကိုရန်ကျမ်းရော ဘယ်လိုလုပ်ရမှာလဲ”

”အိမ်ထောင်စုတစ်ခု တစ်အုပ်စီယူခဲ့ကြ

”ကျွန်တော်တို့ စိုက်ခင်းတွေထဲ ရှိသမျှအသီးအနှံတွေကို ဂျူးတွေခိုးယူကြမှာ ကျိန်းသေပဲ”

“ဘာသာတော်တပ်မဟာက သူတို့ကိုလက်ဦးအောင် မဆော်နိုင်လျှင်တော့ ခိုးယု မှာ သေချာတယ်”

“ကျွန်တော့်မှာ သမီးခြောက်ယောက်တောင်ရှိတယ်၊ သူတို့ကို ဘယ်သူက ကာကွယ် မှာလဲ”

“မျိုးနွယ်စုတိုင်း ကိုယ့်အုပ်စုကို ကိုယ်တာဝန်ယူကြ” - ကွက်လပ်ထဲတွင် လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။ မိန်းမတွေက ပစ္စည်းများ ထုပ်ပိုးတင်ဆောင်နေကြစဉ် ယောကျာ်းတွေက အချင်းချင်းစကားများပြီး ရန်ဖြစ်နေကြသည်။

သည်ကြားထဲ ဒီဃာယက်ဆင်လူသတ်ပွဲအကြောင်းကလည်း ပြောမဆုံးပေါင် ဖြစ်နေသည်။ ယောကျ်ားတွေကို ခေါင်းဖြတ်သတ်ပြီး မိန်းမတွေကျတော့ မုဒိမ်းကျင့်ပြီးမှ သတ်ပစ် သည်ဟု ဆိုသည်။

တချို့ ရွာသားများမှာ ဂျက်ဖာတွင် အမျိုးတွေရှိကြသည်။ သို့သော် အများစုမှာတော့ တည်းခိုရန်မရှိကြ။ ကျွန်တော့်ဖေဖေမှာ ချမ်းသာနေသော ဝမ်းကွဲညီအစ်ကို ကုန်သည်ကြီး ယောက်ရှိသည်။ ကျွန်တော်တို့ မိသားစုအနေဖြင့် သူ့ကိုပင် မှီခိုအားထားကြရ ည်။ ဖေဖေသည် နေရာထိုင်ခင်းရရှိရေးနှင့် သဘော်ာစင်းလုံးငှားရမ်းရေးအတွက် ရှေ့ဆုံးမှ င် ထွက်ခွာသွားချင်သည်။ သို့သော် သူက ကျွန်တော်တို့အား ထားပစ်ခဲ့ရမှာကို မချ။

ဗြိတိသျှတို့၏စစ်ကားများ လာထရွှန်ခံတပ်မှ ဥဒဟို သွားလိုက်လာလိုက် လုပ်နေ ကြသည်။ သူတို့က ရမ်လီအထိလမ်းရှင်းထားမည်ဟု ပြောသည်။ သို့သော် ကျွန်တော်တို့အား အနီးဆုံးရောက်သည်အထိ ကာကွယ်စောင့်ရှောက်ရန်တော့ တာဝန်မယူကြ။ ထိုလမ်းတစ် လျှောက်တွင် ဘာသာတော်တပ်မဟာမှတပ်ဖွဲ့များ ရှိနေသောကြောင့် အားလုံးပင် တွေး ကြောက်နေကြသည်။

“မကြောက်ကြနဲ့၊ ဘာမှ မကြောက်ကြနဲ့၊ ကျုပ်တို့ဟာကျုပ်တို့ ကာကွယ်စောင့်ရှောက် ကြမယ်" ဖေဖေက အားပေးစကားပြောသည်။

ကျွန်တော်သည် မေမေနှင့် အတူလိုက်ပြီး ကျွန်တော်တို့အိမ်ကို အကြိမ်တစ်ရာမက သွားကြည့်သည်။ မေမေသည် မျက်ရည်စက်လက်ဖြင့် ပစ္စည်းများကို လှည်းပေါ်သို့တင် ည်။ နာဒါအားစောင့်ရှောက်ရန်မှာ ကျွန်တော်၏ အဓိကတာဝန်ဖြစ်သည်။ ကျွန်တော် ထို့နှစ်ယောက် အတူကစားခွင့်မပြုသည်မှာ ကြာပြီ။ သို့သော်လည်း ကျွန်တော်က သူ့ကို အမြဲတမ်းချစ်နေသည်။ သူကလည်း ကျွန်တော့်ကိုချစ်သည်။ နာဒါ့အပေါ်ဘယ်အန္တရာယ်မျိုးမှ ရောက်နိုင်အောင် ကျွန်တော်က ကျွန်တော့်ဆောင်ဓားဖြင့် ကာကွယ်ရမည်။

ဖေဖေနှင့် ဦးကြီးဖရောက်တို့ စတိုးဆိုင်ထဲသို့ ဝင်သွားသည်ကို မြင်လိုက်ရသည်။ သူတို့နှစ်ယောက်သည် အခန်းတံခါးပိတ်ပြီး တစ်စုံတစ်ရာကို အပြင်းအထန် ငြင်းခုံ ဆွေး နေကြသည်။ ကျွန်တော်က အနောက်ဘက်မှ တိတ်တိတ်ကလေးဝင်ပြီး အသာချောင်း အဆောင်နေသည်။

“ကျွန်တော်တို့ လှည်းနှစ်စီးချန်ထားခဲ့မယ်၊ အသုံးဝင်မယ့်ပစ္စည်းတွေ အကုန်လုံး ဆင်လာခဲ့ပါ”

ဟု ဖေဖေကပြောသည်။ “မင်းရူးနေပြီလား၊ အီဘာရာဟင်" ဦးကြီးဖရောက်က ပြန်ပြောသည်။

"ဒီပစ္စည်းတွေ အကုန်တင်လျှင် လှည်းအစီးနှစ်ဆယ်လောက်နဲ့မှ လောက်လိမ့်မယ်၊ မင်းပြောနေပုံက ရှိသမျှပစ္စည်းတွေကို ဂျူးတွေအတွက် ချန်ထားခဲ့လို့ ပြောနေတာနဲ့ ဘုတုပ်၊ ဒီပစ္စည်းတွေအကုန်လုံးနဲ့ သိုးအကောင်လေးငါးဆယ်လောက် ယူသွားနိုင်လျှင် ဂျက်ဖာရောက်တော့ ပြန်ရောင်းလို့ရနိုင်မယ်၊ ဒါမှ တို့မှာ သွေးရူးသွေးတန်းလိုအပ်နေတဲ့ ပါ ဆံရနိုင်တော့မှာပေါ့”

' 'ဟုတ်ပြီ၊ ဒါဆို အဲဒီပစ္စည်းတွေ အားလုံးသယ်သွားဖို့အတွက် တမန်တော် မိုဟမ္မက်က ကျွန်တော့်အတွက် နတ်တမန်တစ်ယောက် လွှတ်ပေးပါလိမ့်မယ်၊ စိတ်ချ ဖေဖေကသရော်သံဖြင့်ပြောလိုက်သည်။ သို့သော် ဦးကြီးဖရောက်ကတော့ အ အနက် ထပ်ပြောသည်။

“ဒီပစ္စည်းတွေ ဒီလိုဖြစ်လာဖို့အတွက် ငါက နှစ်ပေါင်းနှစ်ဆယ်လုံးလုံး တာဝန်ယူပြီး စုဆောင်းလာခဲ့ရတာ၊ ကုန်တင်ကားတွေ ဘယ်မှာရှိတယ်ဆိုတာ ငါသိတယ်၊ ဘတ်စ်ကားတွေ ဘယ်မှာရှိတယ်ဆိုတာလည်း သိတယ်။ ဘီယက်ဂျာရက်ရှ်မှာ ဘတ်စ်ကားတစ်စီးရှိတယ်။ ငါ့ကို လူဆယ့်ငါးယောက်သာပေးပါ။ ဒီည ဘီယက်ဂျာရက်ရှ်ကို ဝင်တိုက်မယ်၊ ကားကို ထိုင်ခုံတွေ အားလုံးဖြုတ်ပစ်ပြီး ပစ္စည်းတွေစင်းလုံးပြည့်တင်မယ်၊ တိရစ္ဆာန်တွေလည်း တင်လာခဲ့မယ်။ မနက်ဖြန်နေ့လယ်လောက်ကျတော့ တို့က မင်းတို့ကို လမ်းမကြီးပေါ်မှာ ဆုံမယ်”

“အဲဒါဆိုလျှင် ဘာသာတော်တပ်က ဘတ်စ်ကားကို ငါးမိနစ်အတွင်း တိုက်ယူ လိမ့်မယ်”

“ခေါင်မိုးပေါ်မှာ လက်နက်ကိုင်ဆယ့်ငါးယောက်ပါလျှင် သူတို့ ဘယ်နည်းနဲ့ တိုက်လို့မရပါဘူး ။

စီမံကိန်းကတော့ ချောနေသည်။ သို့သော် ဖေဖေက ဦးကြီးဖရောက်ကိုစိတ်မချ ဖေဖေ့တွင် ဂျက်ဖာဘဏ်၌ ပေါင်တစ်ထောင် စုထားသည်။ တချို့ကို သူပိုင်ပြီး တချို့ ရွာသားတွေအတွက် စုပေးထားခြင်းဖြစ်သည်။ ထိုငွေကို ဦးကြီးဖရောက်ကဝင် တာ။ ယူသည်။

"ဒါနဲ့ ဘဏ်ငွေစုစာအုပ် ကျွန်တော့်ကိုပေးလိုက်ပါ ဖေဖေက တောင်းသည်။ "ရပါတယ်"

ဦးကြီးဖရောက်က မပွင့်တပွင့်ပြောသည်။ ထို့နောက် စားပွဲအံဆွဲဖွင့်ပြီး ဟိုစမ်း သည့်စမ်းရှာသည်။ ပြီးတော့ ဘာကလေဘဏ်ငွေစုစာအုပ်ကို ဖေဖေ့ကို ကမ်းပေးလိုက်သည်း ဖေဖေက နောက်ဆုံးစာမျက်နှာကိုလှန်ပြီး စောင်းကြည့်လိုက်သည်။ အပ်ထားသော အတိအကျရှိ၍ ကျေနပ်သွားပုံရသည်။

"ကျွန်တော်က အဲဒီတိုက်ပွဲကို ကိုယ်တိုင်ဦးဆောင်ပြီး တိုက်ချင်ပါတယ်၊ ဒါပေ ဒီမှာကမလွယ်ဘူး၊ နေ့လယ်ပိုင်းမှာ မထွက်ခွာလျှင် အားလုံးရုတ်ရုတ်သဲသဲဖြစ်ကုန်လိမ့်မယ်။ ကျွန်တော်မပါလျှင် သူတို့အနေနဲ့ လမ်းမကြီးကို ဘယ်တော့မှ ကျော်နိုင်မှာမဟုတ်ဘူး အဲဒီတော့ မျိုးနွယ်စုတိုင်းက လူငယ်လေးယောက်စီခေါ်သွားပါ။ အိမ်ထောင်မရှိတဲ့လူ ဖြစ်ပါစေ ကျွန်တော်တို့ မျိုးနွယ်စုထဲကအမ်ဂျက်ကို ခေါင်းဆောင်တင်ပြီး တိုက်ခိုင်း အဲဒါဆိုလျှင် အလုပ်ဖြစ်မှာပါ"

"မင်းစိတ်ကူး သိပ်မှန်တယ် အီဘရာဟင် ဂျက်ဖာမှာ အခက်အခဲတွေ့ သေချာတယ်၊ အဲဒီတော့ တို့မှာပါလာတဲ့ ပစ္စည်းတွေ ရောင်းလိုက်လျှင် ပိုက်ဆံ တစ်ပုံကြီးရမှာပဲ"

ဘကြီးဖရောက်သည် တိုက်ခိုက်ရေးအတွက် လူစုရန်ထွက်သွားသည်။ ဖေဖေသည် ချက်ချင်းပင် အရုပ်ကြိုးပြတ်ခွေကျသွားသည်။ သူသည် နံရံတွင်မှီပြီး ညည်းညူမြည်တမ်းရင်း ဘိုကလေး ငိုနေသည်။ ထို့နောက် သူက ကျွန်တော့်ကိုမြင်သွားပြီး ဆိုင်ထဲမှ ပြန် ထွက်လာခဲ့သည်။

"အင်း...ဒါဟာ အရှုံးလုပ်ရပ်ပဲ" သူကလေသံဖြင့်ပြောသည်။ "တို့အနေနဲ့ တဘား ကို ဘယ်တော့မှစွန့်ခွာမသွားသင့်ဘူး အစ္စမေ"

“ဒါဆို ဖေဖေက အခု ဘာလို့ထွက်သွားမလို့ လုပ်နေတာလဲ”

”သွေးလန့်နေတဲ့ခွေးကို မပြေးပါနဲ့လို့ တားလို့မရဘူးသား၊ သူ့ သခင်ခေါ်တာတောင်မှ က အပြေးရပ်မှာမဟုတ်ဘူး၊ သူတို့အားလုံးဟာ ငါ့သားသမီးတွေချည်းပဲ၊ သူတို့မှာ ဘာအပြစ်မှမရှိဘူး၊ ငါသာမရှိလျှင် သူတို့အားလုံး အလိမ်ခံကြရမယ်၊ သူတို့က ဘာကိုမှ ဆုံးဖြတ်ချက် မချနိုင်ကြဘူး၊ သူတို့ ထမင်းငတ်ရေငတ်ပြီး သေကုန်ကြမယ်၊ လုယက် တိုက်ခိုက်ခံရမယ်၊ မိန်းမတွေ မုဒိမ်းကျင့်ခံရမယ်၊ အဲဒီလိုမဖြစ်ရအောင် ငါကကာကွယ် မယ်”

'ဂျူးတွေလဲ တော်တော်ရိုင်းလိမ့်မယ် ဖေဖေ”

”ငါက ဂျူးတွေကို မကြောက်ပါဘူး” ဖေဖေ့စကားက တော်တော်ဆန်းနေသည်။ “ဒီဃာယက်ဆင်လူသတ်ပွဲ ဖြစ်ပြီးတာတောင်မှ ဖေဖေက မကြောက်သေးဘူးလား”

“အဲဒါတောင်မှ မကြောက်သေးဘူး၊ ကိုယ့်ကိုယ်ကိုယ် လေးစားတဲ့လူတွေဟာ တိုက်ခိုက်ခြင်းမပြုဘဲနဲ့ ကိုယ့်အိမ်ကိုယ့်ယာ ကိုယ့်လယ်မြေတွေကိုမစွန့်ကြဘူး၊ သူတို့ကို ဆောင့်ရှောက်ကာကွယ်ဖို့အတွက် အလ္လာအရှင်က ငါ့ကိုစေလွှတ်လိုက်တာ”

“ဒါနဲ့ ဖေဖေ ဦးကြီးဖရောက်ကိုယုံသလား”

”ဘာလို့မယုံစရာရှိသလဲ၊ ငါ့လက်ထဲ ဘဏ်စာအုပ်ရောက်နေပြီပဲ” ထို့နောက် ဖေဖေသည် အသက်တစ်ချက် ပြင်းပြင်းမှုတ်ထုတ်လိုက်ပြီးနောက် “ကဲ…မြင်းကုန်းနှီးတင်တော့၊ အယ်လ်ဘူရတ်ကို ကွက်လပ်ကိုယူလာခဲ့”

ရွာထဲတွင် လူတွေ ဟိုပြေး သည်ပြေးနှင့် သွေးရူးသွေးတန်း ဖြစ်နေကြသည်။ းစပ်မှလည်း ညည်းလိုက်၊ ကျိန်ဆဲလိုက် လုပ်နေကြသည်။ ရွာလူကြီးတစ်ယောက်သည် တွင်းနားမှ ကျောက်တုံးပေါ်တွင်ရပ်ပြီး အော်ပြောလိုက်သည်။

“ဘယ့်နှယ်လ်ဗျာတို့၊ ထွက်မပြေးဘဲနဲ့ ခံတိုက်မယ့်လူ တစ်ယောက်မှ မရှိ တော့ဘူးလား”

”ကျွန်တော်တို့ ထွက်မပြေးလို့မဖြစ်ဘူး” တစ်ယောက်က ပြန်အော်လိုက်သည်။ “ကျွန်တော်တို့ကို ရန်သူနဲ့ပူးပေါင်းတဲ့လူတွေဆိုပြီး အာရပ်စစ်တပ်က ပစ်သတ်က မှာမယ်”

ဖေဖေသည် သူ့ကိုယ်သူ သူတော်စင်ကြီးတစ်ဦးဟန်မျိုးဖြင့် တည်ငြိမ်စွာလျှောက် သွားပြီး ကုန်တင်လှည်းများကို တစ်ခုချင်းစစ်ဆေးသည်။ လူတွေမေးသမျှ မေးခွန်းတွေကို သည်။ ဤမြင်ကွင်းကို ကျွန်တော့်တစ်သက် မမေ့နိုင်စရာမရှိတော့ပါ။

ဖေဖေက ကလေးတွေကို ပစ္စည်းတွေအပေါ်က တင်သွားရန် လှည်းသမားများအား ညွှန်ကြားသည်။ မိန်းမများက နို့စို့ကလေးငယ်များကို ခါးထစ်ချီ၍ ခေါင်းပေါ်တွင် ပစ္စည်းများကိုရွက်ပြီး ခြေကျင်သွားကြရန်ပြောသည်။ ကျွန်တော်က မြင်းကို ယူဆွဲလာ သောအခါ ဖေဖေက အစောင့်တပ်တစ်တပ်ဖွဲ့ ပေးသည်။ ထိုနောက် မြင်းပေါ်သို့တက်သည်။ ' 'တစ်ယောက်မှ နောက်ကိုပြန်လှည့်မကြည့်ကြနဲ့”

ဖေဖေက အမိန့်သံဖြင့်ပြောလိုက်သည်။ ထို့နောက် လူတန်းကြီး စတင်ထွက်ခွာ လာခဲ့သည်။

ကျွန်တော်တို့ လူတန်းကြီး နေသူရိန်ဘုံရိပ်သာကို ဖြတ်ကျော်လာစဉ် ရိပ်သာအတွင်း ၌ လူရိပ်လူယောင်မျှပင် မမြင်ရပါ။

လမ်းမကြီးပေါ်တွင် ဗြိတိသျှစစ်သား အပြည့်တင်လာသော ဂျစ်ကားတွေ အများကြီး တွေ့ရသည်။ ၎င်းတို့သည် ကားသွားကားလာများကိုရပ်ခိုင်းပြီး စစ်ဆေးနေကြရာ ကား ဟွန်းသံများ နားကွဲမတတ် ဆူညံနေသည်။

' မကြာမီမှာပင် အချို့ လှည်းတွေ ကျိုးပျက်ကုန်သည်။ လူတန်းကြီးတုံ့ခနဲ ရပ်သွား သည်။ ချက်ချင်းပြန်ပြင်ရန် မလွယ်သောလှည်းများကို ဘေးသို့တွန်းချလိုက်ကြသည်။ ထိုလှည်းမှ ပစ္စည်းများကို တခြားလှည်း များပေါ်သို့ မှူတင်ကြသည်။ လမ်းမကြီးပေါ်တွင် ကုန်တင်ကားကြီးများနှင့် ဘတ်စ်ကားများကိုရှောင်ရ၍ လှည်းတွေကို လမ်းဘေးသို့ ခဏ ခဏ မောင်းချနေကြရသည်။ အဝေးတောင်ကုန်းများဆီမှ ပေါ်ထွက်လာသော

သေနတ်သံများ ကြားနေရသည်။ ထို့နောက် လေကြမ်းတိုက်ခတ်လာသည်။

ရွာသားတွေ မြင်ကွင်းမှပျောက်ကွယ်သွားသောအခါ ဖရောက်သည် တဘားရွာ ဆင်းလာပြီး လမ်းမကြီးကိုကျော်ဖြတ်သည်။ ထို့နောက် နေသူရိန်ဘုံရိပ်သာဂိတ်သို့ လျှောက်လာသည်။ ဂီဒီယံအက်ရှ်နှင့် တွေ့ပါရစေဟု ခွင့်တောင်းသည်။

"တဘားရွာသားတွေ ထွက်သွားကြပြီ၊ ကျွန်တော်နဲ့ တခြားလူ ၁၄ ယောက်အပြင် မလိုက်ချင်လို့ ပုန်းကျန်ရစ်တဲ့ မိသားစုခြောက်ခုပဲ ကျန်နေရစ်ခဲ့တယ်၊ ကျွန်တော်တို့က တဘားရွာကို ကျွန်တော်တို့ပဲ ပိုင်တယ်လို့တောင်းဆိုတယ်၊ တဘားရွာကို ခင်ဗျားတို့ကဖြစ်ဖြစ် ဘာသာတော်တပ်ကဖြစ်ဖြစ် လာတိုက်လျှင် ကျွန်တော်တို့အနေနဲ့ ကာကွယ်နိုင်တဲ့အင်အား မရှိဘူး၊ ကျွန်တော်တို့မှာ ကျားသနားမှန္တားချမ်းသာမယ့် အခြေအနေဖြစ်နေပါတယ်"

ဂီဒီယံက ဖရောက်၏ အကြံကို ချက်ချင်းရိပ်မိသည်။ ဟာဂနာတပ်က တဘားရွာ ကုန်းမြင့်ကို ကင်းစောင့်စခန်းအဖြစ်အသုံးပြုပြီး ခြေကုပ်ယူကာကွယ်ထားလိမ့်မယ်။ ရွာသား အချို့ ကျန်နေသေးသောကြောင့် အိမ်ယာအဆောက်အအုံအများစုကို သူ့အတိုင်းပင်ထား၍ လိမ့်မည်။ ဂျူးတွေအောင်ပွဲခံလျှင် ဖရောက်က တဘားရွာကို အပိုင်ယူလိမ့်မည်။

အေယာလုံမြစ်ဝှမ်းဒေသတွင် အာရပ်တပ်တွေ အောင်ပွဲခံလျှင်လည်း ဖရောက်လာ တဘားရွာတွင် ဆက်လက်ရှိနေပြီး သူတို့ကိုကြိုဆိုလိမ့်မည်။ ပြီးတော့ နေသူရိန်ဘုံရိပ်သာ တောင်းလိမ့်မည်။ ဤသည်ပင်လျှင် အာရပ်ညီအစ်ကိုစိတ်ဓာတ်ဖြစ်သည်ဟု ဂီဒီယံထ တွေးမိသည်။

"ကျွန်တော်က တအားကို ပါးလ်မက်ချ်တပ်စိတ်ကလေးတစ်စိတ်လွှတ်ဖို့ စိတ် ထားတယ်"

*ဒီယံက ပြောသည်။

”သူတို့ကို ဘာမှကြောက်စရာမလိုဘူးလို့ ခင်ဗျားလူတွေကိုပြောပြပါ၊ ဘာသာတော် ရဲ့ လူပ်ရှားမှုမှန်သမျှ ကျွန်တော့်ဆီကို ချက်ချင်းသတင်းပို့ပါ”

ဖရောက်က ခယဝပ်တွားဟန်ဖြင့် အကြိမ်ကြိမ်ဦးညွတ်အလေးပြုသည်။ သူ သစ္စာ ဆင့်သီပါမည်ဟုလည်း ကတိပေးသည်။

“ခင်ဗျားက အခုလို အပိုင်ကြံထားတာကို ခင်ဗျားညီမရိပ်မိဘူးလား” ဟု ဂီဒီယံကမေးသည်။

“ကျွန်တော်တစ်ယောက်သာ သတ္တိရှိလို့ အခုလိုကျန်နေရစ်ရတာကို ခင်ဗျားက ဆို ဘာလို့မေးရတာလဲ”

“ကဲ…ကောင်းပါပြီ၊ ကောင်းပါပြီ၊ ခင်ဗျား အခု ဗလီကိုပြန်သွားပြီး ခင်ဗျားပါဝင် ဘက်အတွက်သာ ဆုတောင်းမေတ္တာပို့ပေတော့”

”လောလောဆယ်မှာ ကျွန်တော်ပဲ ရွာအကြီးအကဲအဖြစ်နဲ့ ရပ်ရွာကိစ္စအားလုံးကို ယူဆောင်ရွက်ပါ့မယ်”

✣--- www.ebooks4mm.org ---✣

အခန်း (၁၃)

လှူတန်းကြီးက မညီမညာနှင့် ဟိုတစ်စုသည်တစ်စု အုပ်စုကွဲနေကြသည်။ လှည်းဝင် သံများက တအီအီပေါ်ထွက်နေသည်။ မြင်းတွေနှင့်နွားတွေက အော်မြည်နေကြသည်။ မိန်းမများ၏ ခေါင်းပေါ်တွင် အထုပ်အပိုးတွေ ကိုယ်စီရွက်ကာ နို့စို့ကလေးငယ်များအား တဘက်နှင့်သိုင်းသွယ်ရင်း ငိုကာယိုကာဖြင့် ရမ်လီမြို့ဆီသို့ တရွေ့ရွေ့ တဖြည်းဖြည်း ခြေကျင်လျှောက်သွားနေကြသည်။

ဖရိုဖရဲနှင့်မညီမညာ တကွဲတပြားစီ လျှောက်သွားနေကြသော အဆိုပါလှူတန်းကြီး ကျွန်တော့်ဖေဖေက ဦးဆောင်ကွပ်ကဲလာခဲ့ခြင်း ဖြစ်သည်။ အရောင်တပြောင်ပြောင် တောက်နေသော အဖိုးတန်အာရပ်ဝတ်စုံကြီးကိုဝတ်ဆင်ကာ ခန့်ညားသောမြင်းကြီးကို စီးလာသော ဖေဖေ၏ ရုပ်သွင်မှာ တည်ငြိမ်ပြီးကျက်သရေရှိလှသည်။

" ကျွန်တော်တို့သည် နေမဝင်မီကလေးတွင် မြို့စွန်သို့ ရောက်ရှိ၍ လယ်ကွင်းဖြင့် ကြီးတစ်ခုထဲသို့ ဝင်လာခဲ့ကြသည်။ လယ်ကွင်းကြီးကို ဓေါင်းကြမ်းပင်များဖြင့် ပတ်ပတ်လည် ကာရံထားပြီး မျက်နှာပေါက်ဆိုးသော ဘာသာတော်တပ်သားများက စောင့်ကြပ်နေ သည်။ ဤလူများမှာ ကျွန်တော်တို့၏ ညီအစ်ကိုတော် အာရပ်အမျိုးသားများပင် ဖြစ် သည်။ သာမန်ရွာသူရွာသားများနှင့် သာမန်မြို့သူမြို့သားများပင် ဖြစ်ကြသည်။ သူတို့သည် သာမန်အရပ်သားဘဝတွင် အေးဆေးပြီး ဖော်ရွေလှိုက်လှဲသူများ ဖြစ်ကြသည်။ သို့ ယခု လက်နက်ကိုင်တပ်သားဘဝတွင်ကား သူတို့သည် ခက်ထရော်ကြမ်းတမ်းသူများ ဖြစ်လာကြသည်။

သူတို့က ဖေဖေ၏မြင်းကြီးကို လိုချင်မျက်စိဖြင့် ကြည့်ကြသည်။ ထို့ကြောင့် ဖေဖေက လုံခြုံရေးတပ်ဖွဲ့ တစ်ဖွဲ့ ချက်ချင်းဖွဲ့ လိုက်ရသည်။ တခြားရွာများမှ ထောင်၌ များစွာသော ရွာသူရွာသားများလည်း လယ်ကွင်းကြီးထဲသို့ ရောက်နှင့်နေကြသည် သူတို့ကို ကြည့်ရသည်မှာ တကယ့်အနိဋ္ဌာရုံမြင်ကွင်းကြီး

ဖြစ်သည်။ ရေမရှိ၊ အိမ် မရှိ။

ဖေဖေသည် သူ့လူများအား တစ်နေရာတွင် ခြံစည်းရိုးထိုးခိုင်းသည်။ လုံခြုံ တပ်ဖွဲ့ တစ်ဖွဲ့လည်း ဖွဲ့လိုက်သည်။ ထို့နောက် အုပ်စုခေါင်းဆောင်များအား စုရုံးခေါ် လိုက်သည်။

ed

”အားလုံးသိအောင် စကားလက်ဆင့်ကမ်းလိုက်၊ အစားအစာတွေကို နား စားကြနဲ့၊ နည်းနည်းပဲစားကြ၊ ကျုပ်တို့မှာ ရိက္ခာတွေအများကြီးပါလာမှန်း သိသွားလျှင် တခြားလူတွေက လုကြလိမ့်မယ်”

ရမ်လီမြို့တွင် ဖေဖေ့ကိုလူသိများသည်။ ကုန်သည်တွေတော်တော်များများသည် ဒေဖေ ကျေးဇူးနှင့်မကင်းကြ။ ယခုအချိန်သည် သူတို့ထံသွားလည်ရန် အကောင်းဆုံး အချိန်ပင် ဖြစ်သည်။ ထို့ကြောင့် ဖေဖေသည် မြင်းကို အိုမာနှင့်ထားခဲ့ပြီး ကျွန်တော်ရယ်၊ မီလ်ရယ်နှင့် ကမယ်တို့ကိုခေါ်ကာ မြို့ထဲသို့ထွက်လာခဲ့သည်။

ဈေးဆိုင်တိုင်းလိုလိုပင် တံခါးများပိတ်ထားကြသည်။ ဆိုင်တော်တော်များများတွင် လည်း “အင်္ဂလိပ်ငွေနှင့်သာ ရောင်းမည်” ဟူသော ဆိုင်းဘုတ်များ ချိတ်ဆွဲထားကြသည်။ နှစ်ပေါင်းများစွာ ဈေးဆိုင်ခန်းများဖွင့်လာခဲ့ကြသော ဈေးရုံကြီးထဲတွင် အမှိုက်သရိုက် အညစ်အကြေးများသာ စုပုံနေကြသည်။ ကုန်ပစ္စည်းများကို ဆိုင်ခန်းများထဲတွင် ဝှက်ထား ကြမည်မှာသေချာသည်။ ဖေဖေသည် နောက်ဖေး လမ်းကြိုလမ်းကြားများအထိဝင်ကာ အခြေအနေကိုလေ့လာသည်။ ထိုနေရာများတွင် တိုးတိုးတိတ်တိတ် အရောင်းအဝယ် ဒစ်နေကြသည်။ သို့သော် ဈေးကတော့ ခေါင်ခိုက်နေသည်။

ထို့နောက် ဖေဖေသည် အသိအိမ်များကိုလိုက်ရှာသည်။ တဘားရွာနှင့် အရောင်း အဝယ် လုပ်ခဲ့ဖူးကြသောလူတိုင်းပင် ကျွန်တော်တို့တစ်ရွာလုံး ပြောင်းရွှေ့လာခဲ့ပြီဟူသော တင်းကို ကြားသိကြပြီးဖြစ်မည်။ ထို့ကြောင့် သူတို့သည် ကျွန်တော်တို့နှင့် မတွေ့အောင် တမင်ရှောင်နေကြခြင်းဖြစ်သည်။ တစ်ချိန်က

ရမ်လီမြို့တွင် မသိသူမရှိခဲ့သော ဖေဖေ့မှာ ယခုအခါ အသိမိတ်ဆွေဆို၍ တစ်ယောက်မျှမရှိတော့။

ကျွန်တော်တို့သည် စိတ်မချမ်းသာစွာဖြင့် လယ်ကွင်းကြီးထဲသို့ ပြန်လာခဲ့ကြသည်။ ကလေးတွေကဝမ်းဆာ၍ တစာစာအော်ငိုနေကြသည်။ သို့သော် ကျွန်တော်တို့တွင် ရိက္ခာ - စွည်း အလုံအလောက်ပါကြောင်း မည်သူမျှမသိအောင် နှုတ်ပိတ်ထားကြသည်။ လုချင် ကိုချင်သူတွေက ဝိုင်းဝိုင်းလည်နေသည်။

ကျွန်တော်တို့သည် တာလမ်းမကြီးအနီးမှ မီးဖိုကလေးဘေးတွင် ဝိုင်းပြီးထိုင်နေ ကြသည်။ ဘာသာတော်တပ်မဟာမှယာဉ်များ လူးလာခေါက်ပြန် မောင်းနှင်သွားလာ ကြသည်။ စစ်သားတွေ တော်တော်များများပင် သေနတ်များကို မိုးပေါ်ထောင်၍ စံခတ်ကြသည်။ သေနတ်သံကြားရလျှင် သူတို့အဖို့ သတ္တိသွေးဝင်လာသောကြောင့် ယင်းသို့ ပစ်ခတ်နေကြခြင်းဖြစ်သည်ဟု ဖေဖေကပြောသည်။

ပါလက်စတိုင်းဒေသ၏ အကြီးဆုံးလေယာဉ်ကွင်းမှာ အနီးအနားတွင် ရှိနေသည်း - ကာမီတွင် လေယာဉ်ကွင်းပိုင်ဆိုင်ရရှိရေး တိုက်ပွဲကြီးဖြစ်ပွားလာတော့မည်။ ထို့ကြောင့် ဘာသာတော်တပ်ဖွဲ့ဝင်များက သူတို့ကိုယ်သူတို့ ရဲဆေးတင်နေကြခြင်းဖြစ်သည်။

မီးဖိုမှမီးညွှန့်ကျိုး၍ ပြာပုံသာကျန်တော့သည်။ ကွင်းပြင်ကြီးတစ်ခုလုံးကောက်စရာ ကောင်းလောက်အောင် တိတ်ဆိတ်နေသည်။ ဖေဖေသည် မျက်နှာသေကြီးနှင့်ထိုင်ရင်း တွေးနက်နေသည်။

ကျွန်တော်က ထုံးစံအတိုင်း ဖေဖေ့ဘေးတွင် ကပ်ထိုင်နေသည်။ ကျွန်တော်တို့ သားစုအားလုံး မြေကြီးပေါ်တွင် တစ်စုတစ်ဝေးတည်း လှဲအိပ်နေကြသည်။ ဖေဖေ သူ့ဘာသာသူ တစ်ယောက်တည်း စကားပြောသည်။

e Coas

”တကယ်တော့ ငါဟာ ရှိတ်အဇစ်ရဲ့ စကားကို နားထောင်ခဲ့ဖို့ကောင်းတယ်၊ သူက ဘီဒိုယင်လူမျိုးစုတွေကို ဂျူးစစ်တပ်နဲ့ရော အာရပ်စစ်တပ်နဲ့ရော ကင်းကင်းရှင်းရှင်းဖြစ် အောင်လုပ်ထားတယ်၊ သူ့အနေနဲ့ ဘယ်လိုအန္တရာယ်မျိုးနဲ့မှ

ကြုံရမှာမဟုတ်ဘူး၊ ဒါပေမယ့် သူတို့ဆီ ငါတို့သွားလျှင် သူတို့က လူပေါင်းခြောက်ရာကို ဘယ်လိုလုပ်ပြီး လက်ခံကျွေးမွေး ထားနိုင်ပါ့မလဲ၊ သဲကန္တာရက တို့ကို ဘယ်လိုမှ ကျွေးမွေးထားနိုင်မှာမဟုတ်ဘူး အစ္စ

”ဒါဆို ကျွန်တော်တို့ ကိုယ့်ရွာကိုယ် ပြန်သွားနိုင်သေးတာပဲ ဖေဖေ”ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။

“တောင်ကုန်းကို ရေထွက်အောင် မလုပ်နိုင်ဘူးငါ့သား၊ တို့ အာရပ်လူမျိုးတွေဟာ အကြောင်းမဲ့ ဘဝင်မြင့်နေကြတယ်၊ အဲဒီအတွက် တို့အပြစ်နဲ့တို့ခံကြရမှာပဲ၊ ငါဟာ ဟာဂနာဂျူးတပ်ဖွဲ့ တချို့ကို တဘားရွာထဲ ဝင်ခွင့်ပေးလိုက်လျှင်ရပါတယ်၊ ဒီကိစ္စက လွယ်လွယ်ကလေးပါ။ ဂျူးတွေဟာ ဘာသာတော်တပ်ဖွဲ့ဝင်တွေထက် တို့အပေါ်မှာ ကြင်နာစိတ် ရှိပါတယ်လို့ ဂီဒီယံကပြောခဲ့ဖူးတယ်၊ သူ့စကားမမှားဘူးလို့ ငါထင်တယ် ဒါပေမယ့် အာရပ်တပ်တွေက ဂျူးတွေကို အပြုတ်တိုက်နိုင်ပါစေလို့ပဲ တို့အနေနဲ့ ဆု တောင်းရလိမ့်မယ်” ။

ဖေဖေသည် ခေါင်းတညိတ်ညိတ်လုပ်ရင်း ငိုက်မျဉ်းလာသည်။ ထို့နောက် မျက်လုံး များ ပြန်ပွင့်လာပြီး ဆက်ပြောပြန်သည်။

“တိရစ္ဆာန်တွေနဲ့ ကုန်ပစ္စည်းတွေကို ဖရောက်ယူလာနိုင်လျှင် သိပ်ကောင်းမှာပဲ။ ' တို့က ပိုက်ဆံမကို ရနိုင်သမျှစုရမယ်၊ ပိုက်ဆံရှိလျှင် နယ်မြေသစ်ရှာပြီး အတည်တကျ နေနိုင်မယ်၊ ဒါမှမဟုတ် ဂျက်ဖာမှာ ကုန်စုံဆိုင်ဖွင့်ပြီးနေလျှင်လည်း ဖြစ်နိုင်တယ်၊ ဒီလူ တွေကို တာဝန်ယူဦးဆောင်နေရတာကို ငြီးငွေ့လှပြီ ဘာပဲဖြစ်ဖြစ် ဂျူးတွေက ဂျက်ဖာ ကိုတော့ ဘယ်တော့မှသိမ်းမှာမဟုတ်ဘူး”

“ဖေဖေ...ဖေဖေ သိပ်ပြီးပင်ပန်းနေပြီ၊ အိပ်ပါတော့လား ကျွန်တော်မအိပ်ဘဲ ထိုင်စောင့်နေပါ့မယ်' “ကောင်းပြီသား၊ ငါ အိပ်ချင်လှပြီ၊ ငါ အိပ်တော့မယ်”

နောက်နေ့မနက်ကျတော့ ဆီးနှင်းဒဏ်ကို အလူးအလဲခံကြရသည်။ လူတိုင်း ဆာလောင်မွတ်သိပ်နေကြသည်။ သို့သော် ဘယ်သူမှ အစာမစားကြရန် ဖေဖေက အမိန့် ထုတ်ထားသည်။ အစောင့်တွေချထားသော်လည်း ကုန်တင်လှည်းတွေ

တော်တော်များများ လုယက်ခံကြရသည်။

ဖေဖေသည် ကျေးရွာဒါဇင်ဝက်ခန့်မှ အကြီးအကဲများနှင့်တွေ့ဆုံပြီး ညှိနှိုင်းဆွေး နွေးသည်။ သို့သော် အခြေအနေမှာ ထိန်းမနိုင်သိမ်းမရအောင် လှုပ်လှုပ်ရွရွ ဖြစ်နေသည်။

ကောလာဟလသတင်းများလည်း မျိုးစုံပေါ်ထွက်နေသည်။ ရွာတိုင်းရွာတိုင်းသည် အာရပ် နယ်မြေအတွင်းရှိ မိမိတို့၏ လူမျိုးစုများထံသွားရန် စိုင်းပြင်းနေကြသည်။ သို့သော် ဘယ် လမ်းကအန္တရာယ်ကင်း၍ ဘယ်လမ်းကအန္တရာယ်ရှိကြောင်း ဘယ်သူမှမသိကြ။

ကျွန်တော်တို့ အုပ်စုအဖို့တော့ ဂျက်ဖာသို့သွားရန် တစ်လမ်းသာရှိသည်။ ဂျက်ဖာတွင် ကျွန်တော်တို့ ပိုက်ဆံတွေအပ်နှံထားသော ဘဏ်တိုက်ရှိသည်။ ပြီးတော့လည်း ဘကြီးဖရောက် သည် ကုန်ပစ္စည်းများနှင့် တိရစ္ဆာန်တွေကို သယ်ဆောင်ပြီး ဂျက်ဖာသို့ပင် ရောက်ရှိလာမည် ဖြစ်သည်။

သို့ဖြင့် မျိုးနွယ်စုတွေ တစ်စုပြီးတစ်စု ကိုယ့်လမ်းကိုကိုယ် အသီးသီး ထွက်သွား ည်။ သို့သော် ဘယ်လမ်းက ဘယ်လိုရှိသည်၊ ဘယ်နေရာတွင် ရိုက္ခာရနိုင်သည်ဆိုသည် သကြားနိုင်သည့် အာရပ်အာဏာပိုင်ဆို၍ တစ်ယောက်မျှမရှိ။ ဗြိတိသျှတပ်များကိုလည်း ရောမှာမှ အရိပ်အယောင်မျှပင် မမြင်မတွေ့ကြရ။ “ကျုပ်တို့ ဒီနေ့ ခရီးပြင်းနှင်ရမယ်၊ ဂျက်ဖာကိုရောက်အောင်သွားရမယ်”

လမ်းမကြီးပေါ် ပြန်ရောက်လာသောအခါ လုံခြုံရေးအတွက် စိုးရိမ်မကင်းဖြစ် ကြရပြန်သည်။ သို့သော် ဒုတိယညကုန်လွန်သောအချိန်တွင် ကျွန်တော်တို့သည် သို့ ရောက်ရှိလာကြသည်။

ကျွန်တော်တို့သည် အလွန်စိုးရိမ်ပူပန်နေကြသော်လည်း ဗလီဝတ်ကျောင်းမျှော်စင် နှင့် မီးပြတိုက်များကို မြင်လိုက်ရသောအခါ စိတ်အားတွေပြန်တက်လာကြသည်။

န်းကျင်တွင် ဗြိတိသျှစစ်သားများ ရှိနေကြသည်။ ကျွန်တော်တို့အား မြို့ပြင် ရှုရှ သခိုးကျောင်းအနီးမှ ပန်းခြံကြီးထဲသို့ မောင်းသွင်းလာခဲ့ကြသည်။

ဖေဖေသည် ကျွန်တော်တို့အုပ်စုပတ်ပတ်လည်တွင် ခြံစည်းရိုးဝိုင်းစေပြီး ယူလာသော စ္ဆာန်အချို့ကို အစားအစာအဖြစ် သတ်ဖြတ်ကြရန်ညွှန်ကြားသည်။ ယခုအချိန်အထိ ဦးရောက် ရောက်မလာသေးသည့်အတွက် ဖေဖေ အလွန်စိတ်ပူနေသည်မှာ ထင်ရှား ဤကိစ္စကို တစ်ယောက်ယောက်က စကားစဖော်သောအခါတွင်မူ သူက “လမ်းအခြေအနေက မကောင်းဘူး၊ တောတော့ကို ရှုပ်ထွေးနေတယ်၊ ဒါကြောင့် ဆားတဲ့ အချိန်အတိုင်း သူရောက်လာနိုင်ဖို့ မလွယ်ဘူး၊ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် က်ဖြန်မနက်မှာတော့ သူ ဂျက်ဖာကိုရောက်လာမှာ သေချာပါတယ်” ဟု ပြန်ပြောတတ် ဤသို့လျှင် ဖေဖေသည် သူ့ကိုယ်သူဖြေသိမ့်ရင်း ကျွန်တော့်ကိုခေါ်ပြီး သူ၏ တို့ညီအစ်ကိုတော်သူ မစ္စတာဘက်ဆမ်အယ်ဘက်ဆမ်၏အိမ်သို့လာခဲ့သည်။ မစ္စတာ ဆမ်သည် စီးပွားရေးကုမ္ပဏီပိုင်ရှင်တစ်ဦး ဖြစ်သည်။ ဘကြီးဖရောက်သည် မစ္စတာ ဆမ်ထံမှ ကုန်ပစ္စည်းများကို လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်ကပင် ဝယ်ယူ သည်။ မစ္စတာဘက်ဆမ်တွင် ငွေရေးကြေးရေး အဆင်မပြေသောအခါများတွင် က ငွေထုတ်ချေးခဲ့သည်။ သီးနှံများကိုလည်း အကြိမ်ပေါင်းများစွာ အကြွေးရောင်း မစ္စတာဘက်ဆမ်သည် ဖေဖေ့ကို ရိုးရာထုံးစံအတိုင်း ဖက်လှဲတကင်း ကြိုဆိုနှုတ် “ည်။ သို့သော်လည်း ဖေဖေ၏လက်ရှိအခြေအနေနှင့် ပတ်သက်၍ သူက ဘယ်လိုမှ သောနိုင်သည်ကတော့ ထင်ရှားသည်။ မစ္စတာဘက်ဆမ်၏ ဈေးဆိုင်ကလေး နောက် တွင် ရုံးခန်းနှင့် ကုန်လှောင်ခန်းရှိသည်။ အခန်းထဲတွင် မဆလာနံ့နှင့် ကော်ဖီနံ့များ သည်။ မစ္စတာဘက်ဆမ်၏ လက်ရွေးစင် လူခြောက်ယောက်တို့က ဈေးဆိုင်ကို ကြပ်နေကြသည်။

ကော်ဖီသောက်ရင်း နှစ်ယောက်သား စကားပြောကြသည်။ “အခုလို ကျွန်တော်တို့လူမျိုးတွေ အစုလိုက်အပြုံလိုက် ထွက်ပြေးကြတာ ဘယ်လို သလို စဖြစ်လာတယ်ဆိုတာ ကျွန်တော်တော့ လုံးဝမပြောတတ်တော့ပါဘူး”

ဟု မစ္စတာဘက်ဆမ်က ပြောသည်။ အမှန်က ဒီကိစ္စအတွက် ဟိုင်ဖာမြို့တော်ဝန် လုံးဝတာဝန်ရှိတယ်၊ အခုလို လူတွေ ထောင်သောင်းချီပြီး ထွက်ပြေးနေကြတာ သူ့အနေနဲ့ လုံးဝခွင့်မပြုသင့်ဘူး”

”

“သူက ဂျူးတွေဆီမှာ ဒူးထောက်အညံ့ခံဖို့ စိတ်ကူးထားလို့ဖြစ်မှာပေါ့” ဟု ဖေဖေက ပြန်ပြောသည်။ မစ္စတာဘက်ဆမ်က လက်နှစ်ဖက်ကို မြှောက်လိုက်ပြီး

”ကျွန်တော့် ဆွေမျိုးတွေ ထွက်မပြေးဘဲနေကျန်ရစ်တာ ရှိပါတယ်၊ သူတို့အနေ အခု အစ်ကိုကြုံနေရတဲ့အဖြစ်ထက် အများကြီးကောင်းတယ်၊ တကယ်ဒီအဖြစ်ဟာ ခွဲခြမ်းရေးစီမံကိန်း မဲခွဲပြီးတဲ့အချိန်ကစပြီး ပေါ်ပေါက်ခဲ့တာပဲ၊ ဘာဖြစ်လို့လည်း ဆိုတော့ အဲဒီအချိန်ကစပြီး ပါလက်စတိုင်း အာရပ်သူဌေးတွေက အလျင်ထွက်ပြေး တာကိုး”

“ဒီကအခြေအနေ ဘယ်လိုရှိသလဲ”

“ဂျက်ဖာမှာ အာရပ်လူမျိုး ခုနစ်သောင်းကျော်ကျော်ရှိတယ်၊ ကာကွယ်ရေးအတွက် လည်း အဆင်သင့်လက်နက်တပ်ဆင်ထားတယ်၊ ဒါပေမယ့် ဂျက်ဖာအနေအထား ဂျူးတွေကြားထဲရောက်နေတယ်၊ မြောက်ဘက်မှာ တဲလ်အဗစ်မြို့ရှိပြီး တောင်ဘက်မှာ ဂျူးတွေရဲ့ ဘက်ယမ်မြို့ရှိနေတယ်၊ ကျွန်တော့်မိတ်ဆွေ ဟာဂနာတပ်မှူးတစ်ယောက် ပြောပြချက်အရဆိုလျှင်တော့ ဂျူးတွေက ဂျက်ဖာကိုဝင်တိုက်ဖို့ လုံးဝမရည်ရွယ်ဘူးဆိုတာ

”...ဒီအချက်ကို ကျွန်တော့်မိတ်ဆွေ ဗြိတိသျှဗိုလ်မှူးကြီး ဝင်းသရော့ကလထောက်ခံတယ်၊ ဂျက်ဖာဟာ ခွဲခြမ်းရေးစီမံကိန်းအရလဲ ဂျူနိုင်ငံနယ်နိမိတ်အပြင်ရောက်နေတယ်၊ ဗြိတိသျှတို့ကလည်း သူတို့ရဲ့ နောက်ဆုံးလုပ်ရပ်အဖြစ်နဲ့ ဂျက်စာအာရပ်တွေလက်ထဲမှာပဲထားရှိဖို့ ဆုံးဖြတ်ထားတယ်” ။

“မနက်ဖြန်မှာ ကျုပ်အနေနဲ့ ပထမဆုံးလုပ်ရမယ့်အလုပ်ကတော့ ဘာကဘဏ်ကိုသွားဖို့ကိစ္စပဲ” ဟု ဖေဖေကပြောသည်။ “အဲဒီတော့ မင်းလည်း ငါနဲ့အတူလိုက် စေချင်တယ်”

“ဟုတ်ကဲ့၊ လိုက်ခဲ့ပါမယ်”

“ပြီးတော့ မနက်ဖြန် ဖရောက်ရောက်လာတဲ့အခါ ရောင်းစရာကုန်ပစ္စည်း အများကြီးပါလာလိမ့်မယ်၊ တိရစ္ဆာန်တွေလည်း ပါလာမယ်၊ အဲဒါတွေအပြင် မိသာအဖိုးတန်ပစ္စည်းတွေလည်း ပါလိမ့်ဦးမယ်၊ တို့ကတော့ ရောင်းလို့ရသမျှအကုန်ရောင်း တဲ့နောက် ဂါဇာကို သင်္ဘောစင်းလုံးငှားပြီးသွားကြမှာပဲ”

“ဒီကိစ္စအတွက် ဘာမှမပူပါနဲ့၊ ကျွန်တော်ကြည့်ပြီး လုပ်ပေးပါ့မယ်၊ ကျွန်တော့်အတွက် ကော်မရှင်တွေဘာတွေ တစ်ပြားမှ ပေးစရာမလိုပါဘူး၊ ကုန်ပစ္စည်းတွေနဲ့ တိရစ္ဆာန်တွေ ပေါက်ဈေးနဲ့ ကျွန်တော်ဝယ်ထားလိုက်ပါ့မယ်၊ တခြားမိသားစုသုံး ပစ္စည်းတွေကို အပြင်ဈေးမှာပဲ ရောင်းလိုက်ပါ”

“တို့က ဂျက်ဖာမှာ အကြာကြီးမနေချင်ဘူး၊ ဂါဇာကို သင်္ဘောစင်းလုံးငှာ) နိုင်ပါ့မလား၊ သင့်တော်မျှတတဲ့ဈေးနဲ့ပေါ့”

မစ္စတာဘက်ဆမ်သည် ခေတ္တစဉ်းစားနေပြီးနောက်... စစ် “ဖြစ်နိုင်စရာရှိပါတယ်၊ ကမ်းရိုးတန်းသွား ဂရိသင်္ဘောကလေးတွေ တော်ဘေးရှိတယ်။ အများစုဟာ ဆိုက်ပရပ်ကလာကြတာတွေပဲ အားလုံးလိုလို ကျွန်တော်နဲ့ ကြပါတယ်၊ ဒါပေမယ့် သတိတော့ထားရလိမ့်မယ်၊ ဂရိတွေအကြောင်း အစ်ကိုလည်း တယ်၊ သူတို့က စပေါ်ငွေယူပြီး ဘယ်တော့မှပေါ်မလာတော့ဘဲ လစ်ပြေးသွားတတ် . တယ်၊ တချို့ကျတော့လည်း ခရီးသည်တွေကို ဘာမှမကျွေးဘဲ ထားတတ်ကြတယ်၊ တော့ ဒီကိစ္စမှာ ကျွန်တော်ဝင်ပြီး ဈေးဆစ်ပေးမှဖြစ်လိမ့်မယ်” သင်္ဘောငှားခက ဘယ်လောက်ပေးရမှာလဲ”

”ဒီလောက် လူဦးရေနဲ့ဆိုလျှင် ပေါင် ၃၅၀ လောက်တော့ ပေးရလိမ့်မယ်”

”များလွန်းတာပေါ့၊ ဂါဇာက တစ်နေ့ခရီးပဲရှိတာ”

“သင်္ဘောငှားခက ခရီးတာနဲ့ မဆိုင်ဘူး၊ အန္တ ရာယ်ဘယ်လောက် ရှိတယ်ဆိုတဲ့ ပေါ်မှာကြည့်ပြီး ယူကြတာ၊ သင်္ဘောပိုင်ရှင်တွေက အသက်စွန့်ပြီးလုပ်နေကြရတယ်၊ လေ ပိုပြီးစိတ်ချရတဲ့သင်္ဘော ရနိုင်လေပဲ၊ ကျွန်တော်က သူတို့နဲ့ တစ်သက်လုံး ဆက်ဆံလာတာ၊ ပိုပြီးစိတ်ချရတဲ့သင်္ဘော ရှာပေးပါ့မယ်၊ ဒါပေမယ့် စပေါ်တော့ ပေးရ

”ဒီကိစ္စကို ဖရောက်ရောက်လာလို့ ဘဏ်ကငွေထုတ်ပြီးတဲ့အခါမှ ပြန်ပြီး ဆွေးနွေး တာပေါ့၊ နောက်တစ်ခုက တို့နေထိုင်ဖို့ အိမ်တွေဘာတွေ သက်သက်သာသာနဲ့ ရနိုင်

”မရနိုင်စရာမရှိပါဘူး၊ တဲလ်အဗစ်မြို့နားတစ်ဝိုက်ကလူတွေ ထွက်ပြေးသွားကြတော့ မရှိတဲ့အိမ်တွေ တော်တော်များများရှိမှာပါ၊

ကြိုးကြားကြိုးကြား ချောင်းမြောင်းပစ်ခတ် ဘတော့ ရှိလိမ့်မယ်၊ ဒါပေမယ့် အများအားဖြင့်တော့ လုံခြုံစိတ်ချရပါတယ်၊ ကျွန်တော် ကိုယ်တိုင် သုံးလေးလမ်း လောက်သွားပြီး စနည်းနာကြည့်ခဲ့ပြီးပါပြီ။

"...အဲဒီတော့ ရောင်းလို့ရတာတွေအကုန်သာ အမြန်ဆုံး ရောင်းပစ်လိုက်၊ ကျွန်တော့် အလှောင်ခန်းကြည့်ပါလား၊ ဘာပစ္စည်းမှ မရှိတော့သလောက်ပဲ၊ ဒီတစ်ဝိုက်မှာ သီးခြား လှုပ်ရှားနေတဲ့ လက်နက်ကိုင်တပ် သုံးလေးတပ်ရှိနေတယ်၊ သူတို့က လိုချင်တာရှိလျှင် နတ်တော့ပြီး အားလုံးယူကြတယ်၊ ဘာဥပဒေ ဘာအုပ်ချုပ်ရေးမှမရှိဘူး၊ ပုလိပ်တွေ လည်း ဘာမှမတတ်နိုင်ဘူး၊ သူတို့ကလည်း ပိုက်ဆံတစ်ပြားတစ်ချပ်ရလျှင် မျက်စိမှိတ် မမြင်ချင်ယောင်ဆောင်နေကြတယ်" 'တို့မှာ ရောင်းကုန်အများစုက သီးနှံတွေပဲဖြစ်နေတယ်"

"အဲဒါတွေ ရောင်းပစ်လိုက်ပါ၊ ခရစ်ယာန်ဘုရားကျောင်းတွေ စုပေါင်းပြီး စိန်အန် ဆော်ဒီဘုရားကျောင်းမှာ ကယ်ဆယ်ရေးစားသောက်ဆောင် ဖွင့်ထားတယ်၊ အစ်ကိုလူတွေ အဲဒီမှာ တစ်နေ့တစ်ထပ်တော ကောင်းကောင်းစားလို့ရပါတယ်၊ အစ်ကိုနဲ့ မိသားစုကိုတော့ ကျွန်တော့်ဧည့်သည်အနေနဲ့ ကျွန်တော်ကပဲ ကျွေးမွေးပါ့မယ်"

ဖေဖေက မစ္စတာဘက်ဆမ်၏စေတနာကို ကျေးဇူးတင်ကြောင်း၊ သူ့အနေဖြင့် ငွေတာဘက်ဆမ်၏အိမ်တွင် ကြုံလျှင်ကြုံသလို လာစားမည်ဖြစ်ကြောင်း၊ ရွာသားများ သာအတူနေလိုကြောင်း၊ သူ့မြင်းကို တာဝန်ယူထိန်းသိမ်းပေးမည်ဆိုလျှင် အလွန် ကျေးဇူးတင်မည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

"အယ်လ်ဘူရတ်က ငါနဲ့အတူ ဂါဇာကိုလိုက်ရမှာ" ဟု သူကဆိုသည်။

ဖေဖေနှင့် မစ္စတာဘက်ဆမ်တို့သည် ဂျက်ဖာမြို့မြောက်ဘက်အစွန်ရှိ မန်ရှိယနယ် မြေမှ လူမရှိသော အိမ်တွေအားလုံးကို လိုက်လံကြည့်ရှုကြသည်။ ထိုနယ်မြေမှလူများမှာ အလွန်ဆင်းရဲကြသည်။ အိမ်တွေမှာလည်း တဲအိမ်သာသာရှိကြသည်။ လမ်းတွေကလည်း အမှိုက်သရိုက်အညစ်အကြေးများ ရှုပ်ပွေနေပြီး အလွန်ညစ်ပတ်သည်။ တစ်ရပ်ကွက်လုံး နောက်ဖေးနံ့နှင့် အညစ်အကြေးနံ့များ နံဟောင်နေသည်။

ဤနယ်မြေတွင် ယခင်က ပြည့်တန်ဆာများ၊ လူဆိုးသူခိုးများ၊ မှောင်ခိုများနှင့် သူတောင်းစားများ နေထိုင်ခဲ့ကြသည်။ သို့သော် တစ်ချိန်လုံး ကျွန်တော်တို့အား မလိုက် ဖြင့် စောင့်ကြည့်ခံနေရသော ကွင်းပြင်တွင် တဲထိုးထိုင်ရသည်ထက်တော့ ဤနေရာက အများကြီး ပိုကောင်းပါသေးသည်။

ဂျက်ဖာသို့ ရောက်ရှိနေကြသော ရပ်ရွာအကြီးအကဲများအနက် မိမိရွာသားများအတွက် အဆင်ပြေပြေ နေရာချထားရေးကိစ္စကို အရေးတယူဆောင်ရွက်သူဟူ၍ ဖေဖေတစ် ယောက်သာရှိသည်။ အများစုမှာ အားလုံးကိုထားပစ်ခဲ့ပြီး ကိုယ်လွတ်ထွက်ပြေးသွားကြ သည်။ ကျွန်တော်တို့ စခန်းပတ်ပတ်လည်ရှိ တခြားရွာများမှ ထောင်ပေါင်းများစွာသော ရွာသူရွာသားများမှာ စားစရာလည်းဘာမျှမရှိ၊ ရောင်းစရာလည်းနတ္ထိ။ ထို့ကြောင့် ကျွန်တော် ။ တို့ အခြေအနေမှာ အမြဲတမ်း တွေးကြောက်နေကြရသည်။

"ဒီနေရာက နှစ်လမ်းကျော်လောက်မှာ လဟာပြင်ဈေးရှိတယ်" မစ္စတာဘက်ဆမ်က ပြောသည်။

"ဂျူးတွေ တဲလ်အဗစ်မြို့က ဆင်းလာပြီး အရောင်းအဝယ် လုပ်နေကြတုန်း ဈေးကလည်း တော်တော်စည်တယ်၊ အဲဒီမှာ လက်ဝတ်ရတနာတွေနဲ့ အဝတ်အစား ရောင်းလျှင် ဈေးကောင်းရနိုင်ပါတယ်" ။

ပန်းခြံထဲက ကျွန်တော်တို့၏တဲစခန်းသို့ ပြန်ရောက်သောအခါ တော်တော်မှောင် နေပါပြီ။ မနက်မိုးလင်းလျှင် နေရာရွှေ့ပြောင်းရန်အတွက် အားလုံးအဆင်သင့်ဖြစ်နေ ဖို့ ဖေဖေကအမိန့်ထုတ်သည်။ ဘကြီးဖရောက်အကြောင်းကို စုံစမ်းကြည့်သောအခါ တာလမ်းမကြီးပေါ်၌ တိုက်ပွဲပြင်းထန်နေကြောင်းသိရှိရသည်။ ဤအတွက်ကြောင့် ဘကြီး ဖရောက် ခရီးနှောင့်နှေးနေခြင်း ဖြစ်ရမည်။

နောက်တစ်နေ့ နံနက်အရုဏ်တက်သောအခါ ကျွန်တော်တို့သည် မန်ရှိယရပ်ကွက် သို့ ပြောင်းရွှေ့လာခဲ့ကြသည်။ ကိုယ့်အုပ်စုနှင့်ကိုယ် သီးသီးသန့်သန့်နေနိုင်ရန် ခြံဝင်း ခတ်ကြသည်။ ကျွန်တော်တို့ရပ်ကွက်မှ မြောက်ဘက်သို့ သုံးလေးလမ်းကျော်လျှင် ဂျူးတို့၏ တဲလ်အဗစ်မြို့စွန်သို့ ရောက်သည်။

တဲလ်အဗစ်မြို့တွင် ယီမင်နိုင်ငံမှပြောင်းရွှေ့ လာသော အရှေ့တိုင်းဈွေးများ အများ ဆုံးနေထိုင်ကြသည်။ မြို့နှစ်မြို့ကြားရှိလမ်းများတွင်တစ်ကြိမ်က ဂျူးနှင့်အာရပ်တို့ ခွေးရော ယှက်တင် ညစ်ပတ်ရှုပ်ထွေးစွာ နေထိုင်ခဲ့ကြသည်။ ယခုအချိန်တွင်မူ ထိုလမ်းများသည် လူသူတစ်ယောက်မျှမရှိသော တစပြင်လမ်းများ ဖြစ်နေကြသည်။

ဂျက်ဖာတွင် ဘယ်လောက်ကြာကြာ နေရမည်ဆိုသည်ကို ကျွန်တော်တို့ တစ်ယောက် ဖြစ် မျှမသိကြ။ ကျွန်တော်တို့သည် တိရစ္ဆာန်များအား ကြာရှည်ကျွေးမွေးထားရန် ဘယ်လို မတတ်နိုင်တော့။ ထို့ကြောင့် ဖေဖေက တိရ ထို့နောက် အရောင်းအဝယ် အကျွမ်းကျင်ဆုံး ရွှာသားနှစ်ယောက်ကိုရွေးပြီး တိရစ္ဆာန်များအား ဒီ တိရစ္ဆာန်အားလုံး စုရုံးစာရင်းကောက်ခိုင်းသည်။

ထို့နောက် အရောင် က တွင်သွားရောင်းရန် တာဝန်ပေးလိုက်သည်။ မိန်းမများအားလည်း ရှိသမျှ ကိုယ်ပိုင်ပစ္စည်း တွေကိုစုပြီး သွားရောင်းရန် ညွှန်ကြားသည်။

ဈေးရောင်းထွက်သူတိုင်းပင် ကိုးနာရီလောက်တွင် ပြန်ရောက်လာကြသည်။ သူတို့ ရောင်းချ၍ ရလာသမျှပိုက်ဆံအားလုံးကို ဖေဖေ့ရှေ့၌ ဖြန့်ခင်းထားသောစောင်ပေါ်တွင် စုပုံကြသည်။ ကျွန်တော်က ရေတွက်ကြည့်သည်။ အားလုံးစုစုပေါင်းမှ ပေါင်နှစ်ရာပင် မပြည့်။ ထိုပိုက်ဆံလောက်နှင့် ဘယ်လိုမှ သင်္ဘောခစင်းလုံးငှား၍ မရနိုင်။ ဂါဇာတွင် နေကြခိုက် ကျွန်တော်တို့အားလုံး၏ စားစရိတ်အတွက်လည်း မလုံလောက်၊ ယာယီနေ ထိုင်ရေးအတွက် မြေဝယ်ရန်လည်း မဖြစ်နိုင်။

ဒါပေမယ့် ဘာမှမပူကြပါနဲ့၊ တို့မှာ ဒါရှိပါသေးတယ်' ဟု ဖေဖေက သူ့အိတ်ကပ်ထဲမှ ဘဏ်ငွေစုစာအုပ်ကို ပုတ်ပြရင်းပြောသည်။

“အခုအချိန်မှာ ဖရောက်သာရောက်လာလျှင် ဘယ်လောက် ကောင်းလိမ့်မလဲ၊ စတိုးဆိုင်ကပစ္စည်းတွေနဲ့ တိရစ္ဆာန်တွေရောက်လာလျှင် တို့အတွက် ဘာမှပူစရာမရှိတော့ ကားလမ်းမကြီးပေါ်တွင် တိုက်ပွဲများရပ်စဲသွားပြီဖြစ်၍ ဂျက်ဖာမြို့သို့ အသွား အပြန် ကားများ မူလအတိုင်း ပုံမှန်ပြေးဆွဲလျက် ရှိနေပြီဖြစ်ကြောင်း သတင်းများရရှိသည်။ ဖေဖေသည်

မစ္စတာဘက်ဆမ်ထံသို့ပြန်သွားရန် အလွန်ဆန္ဒပြင်းပြနေသည်။ အဘယ်ကြောင့်ဆိုသော် ယခုအချိန်တွင် ဘကြီးဖရောက်သည် မစ္စတာဘက်ဆမ်ထံသို့ ရောက်ရှိ နေလောက်ပြီ။

သို့ဖြင့် ကျွန်တော်တို့သည် အချိန်ဆွဲမနေတော့ဘဲ ဂျက်ဖာမြို့သို့ပြန်လာခဲ့ရာ ဘဏ်ဖွင့်ချိန်နှင့်အံကိုက် နံနက်ဆယ်နာရီမထိုးမီး ရောက်ရှိလာခဲ့သည်။ သို့သော် ဘကြီး ဖရောက်ကား မရောက်လာသေးပါ။ ဘာသတင်းမှလည်း မကြားရပါ။

"လမ်းမှာ အခက်အခဲတစ်ခုခုတွေ့နေလို့ ဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် အစ်ကိုကြီး ဖရောက်က လည်ပါတယ်၊ ဘာအခက်အခဲမဆို ဖြေရှင်းနိုင်မှာပါ"

မစ္စတာဘက်ဆမ်က ထင်မြင်ချက်ပေးသည်။

'ငါတော့ ဒီကိစ္စကို ရိုးရိုးမထင်ချင်တော့ဘူး၊ နောက်ချေးပုံ မရှိတဲ့ရွာဆိုတာ မရှိဘူး၊ အခုလဲ ငါ့ နှာခေါင်းထဲ နောက်ချေးနံ့ရနေပြီ၊ ငါက ဒါမျိုးလုံးဝမကြိုက်ဘူး" ဟု ဖေဖေက ပြန်ပြောသည်။

"ကပါ...ကျွန်တော်တို့ ဘဏ်ကိုပဲအလျင်သွားလိုက်ကြရအောင် အစ်ကိုကြီးဖရောက် ကိစ္စ နောက်မှစဉ်းစားကြတာပေါ့"

ဘဏ်သို့ မစ္စတာဘက်ဆမ်လိုက်ပါလာသဖြင့် ကျွန်တော်တို့အတွက် ကံကောင်း သည်ဟုဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ဘဏ်တွင် လူတွေပွတ်ခဲပြီး ကြိတ်ကြိတ်တိုး နေကြသည်။ မစ္စတာဘက်ဆမ်က ဘဏ်မန်နေဂျာနှင့် ရင်းနှီးသည်။ မန်နေဂျာမှာ အင်္ဂလိပ်လူမျိုးဖြစ်သည်။ နာမည်က မစ္စတာဟောင်းဝပ်၊ ကျွန်တော်တို့သည် လူအုပ်ကြီးထဲဝင်ရောက်တိုးပြီး မစ္စတာဟောင်းဝပ်၏ ရုံးခန်း ထဲသို့ ဝင်လာခဲ့ကြသည်။

မစ္စတာဟောင်းဝပ်သည် အနောက်တိုင်းသားဝတ်စုံကို အချိုးကျကျဝတ်ထား သည်။ အပြင်ဘက်တွင် လူတွေ ဆူညံတိုးကြိတ်နေကြသော်လည်း မစ္စတာဟောင်းဝပ်ကတော့ တည်ငြိမ်အေးဆေးလှသည်။

“တဘားရွာအကြီးအကဲ ဟာဂျီအီဘရာဟင်ရဲ့ အစ်ကိုဖရောက် အယ်ဆူကိုရီကို မစ္စတာဟောင်းဝပ် သိမှာပါ”

မစ္စတာဘက်ဆမ်က ပြောလိုက်သည်။ “ဟုတ်ကဲ့သိပါတယ်၊ ကောင်းကောင်းသိပါတယ်”

”ကျွန်တော်တို့အပ်ထားတဲ့ပိုက်ဆံကို ပြန်ထုတ်ချင်ပါတယ်”

ဖေဖေကပြောသည်။ “စုစုပေါင်း ၇၁၅ ပေါင်၊ အဲဒီအထဲမှာ ကျွန်တော့် ပိုက်ဆံရော ရွာသားတွေ ပိုက်ဆံရော ပါပါတယ်”

“ဘာကလေဘဏ်တိုက်က ဘဏ်ခွဲတွေ မြို့ တိုင်းမှာရှိတယ်ဆိုတာ ဟာဂျီအီဘရာဟင် သိပါလိမ့်မယ်၊ အမှန်က ရှိသမျှပိုက်ဆံကို ဘဏ်တိုက်တစ်ခုတည်းမှာစုထားတာ သိပ် မကောင်းဘူး၊ ဒါနဲ့ ဟာဂျီအီဘရာဟင်က ဘယ်ကိုသွားမှာလဲ”

'ဂါဇာ”

'ဒါဆို အခုတစ်ဝက်ပဲထုတ်သွားပါလား၊ ကျန်တစ်ဝက်ကို ဂါဇာဘဏ်ခွဲမှာ လွှဲပြောင်းအပ်ထားလိုက်တာပေါ့ ကျွန်တော် ဘဏ်လွှဲစာ ရေးပေးလိုက်ပါ့မယ်”

“ကျုပ် ဒီကိစ္စတွေ ဘာမှနားမလည်လို့ပါ မစ္စတာဟောင်ဝပ်” ဤတွင် မစ္စတာဘက်ဆမ်က ကြားဝင်ပြီး ၊

”မစ္စတာဟောင်ဝပ်က အစ်ကို့ပိုက်ဆံ ပိုပြီးလုံခြုံမှုရှိအောင်ပြောတာပါ၊ အဲဒီအစီအစဉ် သိပ်ကောင်းပါတယ်” ။

“အခုလို စေတနာထားတာ အများကြီးကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်က ကိုယ့်အိတ်ထဲပိုက်ဆံအပြည့်ရောက်နေမှ စိတ်ချမ်းသာလို့ပါ”

“ဒီလိုဆိုလဲ လူကြီးမင်းသဘောအတိုင်းပါပဲ၊ ဘဏ်စာအုပ်ပါလာပါသလား”

”ဟုတ်ကဲ့၊ ပါလာပါတယ်”

ဖေဖေက ဝတ်ရုံခေါင်းထဲလက်နှိုက်၍ ဘဏ်စာအုပ်ကို ထုတ်ယူပြီးနောက်

ဂုဏ်ယူစွာ ဖြင့် စားပွဲပေါ်သို့ တင်ပေးလိုက်သည်။ မစ္စတာဟောင်းဝပ်က စာအုပ်ကိုယူပြီး တစ်ရွက်ချင်း လှန်ကြည့်ရင်း ရုတ်တရက် မျက်မှောင်ကြုတ်သွားသည်။

"တစ်ခုခုမှားနေလို့လား မစ္စတာဟောင်းဝပ်"

"ဒီစာအုပ်က စာရင်းပိတ်သွားပြီ၊ ငွေလက်ကျန် ဘာမှမရှိတော့ဘူး"

"ဟာ... ဒါတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ နောက်ဆုံးစာမျက်နှာက ပေါင်ခုနစ်ရာ ကျော်ဟာ ကျုပ်တို့အပ်ထားတဲ့ ပိုက်ဆံပဲမဟုတ်လား"

မစ္စတာဟောင်းဝပ်က ဘာစကားမှမပြောသေးဘဲ လည်ချောင်းတစ်ချက်ရှင်းလိုက် . သည်။ ထို့နောက် ဖေဖေ့ကို အလွန်သနားသည့်မျက်နှာနှင့် ကြည့်နေသည်။

ဖေဖေ့မျက်နှာတွင် သွေးဆုတ်သွားသည်။ ငါတော့ လှလှကြီး အညာခံလိုက်ရပြီ ဟုလည်း ချက်ချင်းသိလိုက်မိသည်။

မစ္စတာဟောင်းဝပ်က လေသံအေးအေးဖြင့် "နောက်ဆုံးထုတ်ငွေကို မသိသာအောင် သေသေချာချာ ဖျက်ထားတယ်၊ ဒီမှာကြည့် s လား၊ ပထမစာမျက်နှာပေါ်က တံဆိပ်ခေါင်းရှိသလို နောက်ဆုံးအပ်ငွေအောက်မှာလဲ အဆိပ်ခေါင်းရှိရမယ်၊ ခုတော့ ဒီအောက်ကတံဆိပ်ခေါင်းကို ခွာဆုတ်ထားတယ်၊ သေချာချာကြည့်လျှင် သိသာပါတယ်"

"ကျုပ်က အဲဒါတွေ ဘာမှနားမလည်ဘူး၊ အကုန်လုံး အင်္ဂလိပ်လိုချည်း ရေးထားတာ" မစ္စတာဟောင်းဝပ်က ဘဏ်စာအုပ်ကို မစ္စတာဘက်ဆမ်ထံသို့ ကမ်းပေးသည်။ "ဟုတ်တယ် အစ်ကို၊ ငွေစုစာရင်းကို အကုန်ပယ်ဖျက်ထားပြီးပြီ၊ ဘာစုငွေမှ ဘုန်တော့ဘူး"

ဖေဖေက ဘဏ်စာအုပ်ကိုဆွဲယူပြီး ကျွန်တော့်လက်ထဲ ထိုးပေးသည်။ ဟုတ်ပါတယ်။ မစ္စတာဟောင်းဝပ်နှင့် မစ္စတာဘက်ဆမ်တို့ ပြောသည့်အတိုင်း နေသည်။ သို့သော် ကျွန်တော်က ဖေဖေ့ကိုပြန်မပြောရဲ။ သူ့မျက်နှာကို မော်မကြည့်ရဲ ဘကြောင့်ဖြစ်သည်။ မစ္စတာဟောင်းဝပ်က ပြောသည်။

"ဒီလိုဖြစ်ရတာ ကျွန်တော်အများကြီး စိတ်မကောင်းပါဘူး၊ တကယ့်ကို စိတ်မ ဆောင်းပါဘူး ဟာဂျီအီဘရာဟင်"

ဖေဖေသည် အပြန်ခရီးတွင် တစ်လမ်းလုံး အကြီးအကျယ်ဒေါပွလာသည်။ ကဘက်ဆမ်၏ ကုမ္ပဏီရုံးခန်းသို့ ရောက်သောအခါမှာတော့ ဖေဖေဒေါသအိုး ဒါက်ကွဲတော့သည်။

'ငါ အခုညတွင်းချင်း တဘားရွာကိုပြန်သွားမယ်၊ ဒီလူယုတ်မာကို ငါ့လက်နဲ့ သေသတ်ရမှ ကျေနပ်မယ်"

"အစ်ကိုခံစားချက်ကို ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမယ့် အခုညတော့ သွားပါနဲ့ အဲဒီတစ်ဝိုက်မှာ တိုက်ပွဲတွေ ပြင်းထန်နေတုန်းရှိသေးတယ်"

"ကိစ္စမရှိပါဘူး၊ ငါ ကြည့်ရှင်းသွားပါ့မယ်၊ ဒီလောက်တောင် မိုက်တွင်းနက်လှတဲ့လူကို ကိုယ်တိုင် လည်ပင်းညှစ်ပြီး မသတ်ရလျှင် အိပ်ပျော်မှာ မဟုတ်ဘူး၊ သူ့ လည်မျိုးကို ဖြတ်ထုတ်ပစ်ရမှ ငါအိပ်ပျော်လိမ့်မယ်"

"ဖေဖေ တစ်ခုခုဖြစ်သွားလျှင် ဘယ်လိုလုပ်မလဲဖေဖေ' ကျွန်တော်က ငိုပြီး ပြောလိုက်သည်။ "ဖေဖေထွက်သွားလျှင် ကျွန်တော်တို့ မိသားစုကို ဘယ်သူစောင့်ရှောက် 'ငါ့သူ့ကိုသတ်ရမှ ကျေနပ်နိုင်မယ် အစ္စမေ' "ဒီကိစ္စက နောက်တော့မှ အေးအေးဆေးဆေးလုပ်လဲ ဖြစ်ပါတယ်အစ်ကို" မစ္စတာဘက်ဆမ်က ဖျောင်းဖျသည်။ "သူ့ကိုမသတ်ရသမျှ ငါလုံးဝအိပ်လို့ ရမှာ မဟုတ်ဘူး"

"စဉ်းစားပြီးလုပ်ပါ ဖေဖေ၊ ဖေဖေပြန်လာပြီဆိုတာ ဘကြီးဖရောက်သိလျှင် သူ တစ်နေရာသွားပုန်းနေမှာပေါ့"

"အစ္စမေပြောတာ သိပ်မှန်တယ်အစ်ကို၊ တဘားတစ်ရွာလုံးတွင် အကျိုးနှင့်အကြောင်း ဆက်စပ် စဉ်းစားတတ်သူဆို၍ ၁၀ အဖေတစ်ယောက်သာရှိသည်။ ထို့ကြောင့် ယခုအချိန်တွင်လည်း ဖေဖေ့အနေဖြင့် အကျိုးနှင့် အကြောင်းဆက်စပ်၍ တွေးခေါ်စေချင်သည်။ သူထွက်သွားလျှင် ကျွန်တော်တို့မိသားစုတွေ အမိမဲ့သား ရေနည်းငါးလို ဖြစ်ကျန်ရစ်တော့မည်။ မည်သူ့ကိုမျှ အားကိုး၍ရတော့မည်။ မဟုတ်။ အဆုံးစွန်ပြောရလျှင် မစ္စတာတာဘက်ဆမ် ကိုယ်တိုင်ပင်လျှင် ဖေဖေရှိနေတုန်းမှာလို ကျွန်တော်တို့ကို

ကူညီလိမ့်မည်ဟု ကျွန်တော် လုံးဝမထင်ပါ။ ဖေဖေမရှိလျှင် ကျွန်တော်တို့ ဘာမှလုပ်တတ်တော့မည် မဟုတ်သည်မှာ သေချာသည်။

ဖေဖေသည် မခံမရပ်နိုင်အောင် ဒေါသထွက်နေရာမှ တစ်နာရီခန့်ကြာသောအခါ သွေးအေးသွားလေသည်။ ဤအတွက် ကျွန်တော့်မှာ ဝမ်းသာ၍မဆုံးတော့။

ဖေဖေက စိတ်ပျက်လက်ပျက်ဖြင့် ညည်းတွားလိုက်သည်။

"ငါ့လူတွေကို ငါဘယ်လိုပြန်ပြောရမှာလဲ၊ ဘယ်လိုပြန်ပြောရမှာလဲ၊ တောက်.. ဆိုးလိုက်တဲ့အဖြစ်၊ သိပ်ဆိုးတဲ့အဖြစ် ငါမကျေဘူး၊ ဘယ်တော့မှ မကျေနိုင်ဘူး"

အခန်း (၁၄)

အာရပ်တို့က ၎င်းတို့၏ တိုက်မြင့်ကြီးများပေါ်မှနေ၍ တဲလ်အဗစ်မြို့ကို ချောင်းမြောင်း ဆော်နေခြင်းနှင့် မြို့တွင်း၊ မြို့ပြင် လမ်းမကြီးများပေါ်တွင် ချုံခိုတိုက်ခိုက်နေခြင်းတို့ကို လုပ်လျှင် မိမိတို့အနေဖြင့် ဂျက်ဖာမြို့ကို လုံးဝတိုက်ခိုက်လိမ့်မည်မဟုတ်ဟု၍ ဟာဂနာတပ်ဖွဲ့မှ အလင်း ကြေညာချက် ထုတ်ပြန်လိုက်သည်။ ထို့ကြောင့် အခိုက်အတန့်အားဖြင့် တစ်ဖက်နှင့်တစ်ဖက် အပစ်အခတ် ရပ်စဲသွား သို့သော် ဂျက်ဖာမြို့မှာ ဂျူးနယ်မြေကြားထဲ ပိတ်ညပ်နေသောကြောင့် ဂျူးတို့အနေဖြင့် သံချောင်းထဲ အရိုးမျက်ခံနေ ရသလို ဖြစ်နေသည်။

မစ္စတာဘက်ဆမ်ကတော့ ဂျက်ဖာမှ အာရပ်များသည် ခွဲခြမ်းရေးစီမံကိန်းကို ထက်ခံလိမ့်မည်၊ ဟိုင်ဖာရှိသူတို့၏ညီနောင်သားချင်းများအပေါ် ကြမ္မာဆိုးမကျရောက်နိုင် အောင် စစ်ကို မလွဲမသွေရှောင်လိမ့်မည်ဟု ဖေဖေအား ကျိန်းသေပေါက်ပြောပြသည်။

ဗြိတိသျှတို့က ဂျက်ဖာကို အာရပ်မြို့အဖြစ် ထားရှိခြင်းမှာ သူတို့၏ဂုဏ်သိက္ခာကို လိုသောကြောင့်ဖြစ်သည်ဟူသော အချက်ကို

မစ္စတာဘက်ဆမ်က အလေးအနက် ခဲ့ခတ်ထားသည်။

သို့သော် တကယ့်ဖြစ်ရပ်ကတော့ သူထင်သလိုမဟုတ်။

ကျွန်တော်တို့ ရောက်လာပြီးနောက် ရက်ပေါင်းတော်တော် ကြာသောအခါ ဘသာတော်တပ်မဟာနှင့် ကောက်ဂျီ၏ အာရပ်လွတ်မြောက်ရေးတပ်မတော် နှစ်ခုလုံးမှ တပ်ဖွဲ့များ ဂျက်ဖာမြို့တွင်းသို့ ဝင်လာကြတော့သည်။ သူတို့သည် ဂျူးမြို့ဖြစ်သော အဗစ်နှင့် အနီးကပ်ဆုံးဖြစ်သော မန်ရှိယနယ်မြေတွင် အများဆုံးနေရာယူတပ်ခွဲကြ အာရပ်တပ်သားများသည် မင်းသားရုပ်နှင့် ဝင်လာကြသော်လည်း မကြာမီတွင်ပင် ရုပ် ပေါ်ကုန်ကြတော့သည်။

သူတို့သည် သူတို့လိုချင်တာမှန်သမျှ အဓမ္မသိမ်းယူကြသည်။ ဈေးဆိုင်တွေကို အက်ဖွင့်ပြီး ပစ္စည်းတွေကိုယူကြသည်။ ဆိုင်ရှင်တွေကို ရိုက်နှက်ကြသည်။ ကြောင်နှင့် ပဲ အားကို အကြောင်းမဲ့ လက်တည့်စမ်း၍ပစ်သတ်ကြသည်။ ဆိပ်ကမ်းကုန်ရုံများကို ဝင်စီးပြီး ကုန်ပစ္စည်းများကို သိမ်းယူကြသည်။ ကုန်စုံဆိုင်များနှင့် စားသောက်ဆိုင်များကို ပိတ်ခိုင်းကြသည်။ သည့်ထက်ဆိုးရွားသည်ကား ဂျူးတို့နှင့် သဘောတူထားသော အပစ်အခတ် ရပ်စဲရေးကတိကို ဖောက်ဖျက်ပြီး တဲလ်အဗစ်မြို့ကို အမြဲတမ်းပစ်ခတ်နေခြင်းပင် ဖြစ်သည် ကျွန်တော်တို့မှာ ညစဉ်ညတိုင်း အိပ်ကောင်းခြင်းမအိပ်ကြရ။ အခန်းနံရံများကို ကျည်ဆန်တွေ တဝီဝီဖြင့် ဖြတ်ဖောက်သွားကြသည်။ ကျွန်တော်တို့သည် ကြမ်းပြင်တွင် ဝမ်းလျားမှောက်ကာ ဘုရားတရင်း အသက်ကိုဖက်ရွက်နှင့် ထုတ်ထားကြရသည်။

ဤတွင် အာရပ်တို့၏ရန်စခြင်းကို ဂျူးတို့က ဆက်လက်သည်းမခံနိုင်တော့။

ဟာဂနာတပ်ဖွဲ့ က ဂျက်ဖာမြို့ပတ်ဝန်းကျင်ရှိ အာရပ်ရွာများကို ဝင်စီးပြီး တစ်မြို့လုံး ပိတ်ဆို့ထားလိုက်သည်။ ဂျက်ဖာမြို့ မြောက်ဘက်တွင် တဲလ်အဗစ်မြို့၊ တောင်ဘက်တွင် ဘက်ယမ်မြို့ ရှိသည်။ ယခုအခါ ဟာဂနာတပ်မတစ်ခုက အရှေ့အနောက် ကားလမ်းမကြီးကို သိမ်းပိုက်ထားပြီး ဖြစ်သည်။ ဟာဂနာတပ်ဖွဲ့ဝင်များသည် တဲလ်အဗစ်မြို့မှနေ၍ ကျွန်တော် တို့ ရပ်ကွက်ကို လှမ်းပစ်ကြသည်။ ထို တဘားရွာသားများ ပထမဆုံးအကြိမ် စစ်ဒဏ်ကိုခံကြရတော့သည်။ အဘွားကြီး တစ်ယောက်နှင့် ကလေးတစ်ယောက်

ပြင်းထန်စွာဒဏ်ရာရသွားသည်။ ထို့နောက်တွင်ကာ ကျောချမ်းစရာကောင်းသောသတင်းကို ကြားကြရတော့သည်။

အာဂွန်းဂျူးတပ်ဖွဲ့ဝင်ခြောက်ရာတို့က ကျွန်တော်တို့ရပ်ကွက်ကို ချေမှုန်းရန် အသင့် နေရာယူထားကြပြီဟူသော သတင်းပင်ဖြစ်သည်။

ကျွန်တော်တို့ ရွာသားများအတွက် မြို့တွင်း၌ လုံခြုံသောနေရာများရှာဖွေ ဖေဖေက သူ့လူများကို အမိန့်ပေးသည်။ အားလုံး တစ်စုတစ်ပေါင်းတည်း မနေရလျှင် နေပါစေ၊ လုံခြုံစိတ်ချရဖို့သာ အရေးကြီးသည်ဟု ဖေဖေကပြောသည်။ အိမ်ထောင်ဦးစီးတိုင် မိမိ၏မိသားစုကို တာဝန်ယူရမည်ဟုလည်း ပြောသည်။

ဤဖြစ်ရပ်မျိုး တစ်ကြိမ်မျှမကြုံဖူးသဖြင့် ရွာသားများမှာ အကြောက်လွန်ပြီး ဘာမှမလုပ်တတ်အောင် ဖြစ်နေကြသည်။ ကျွန်တော်တို့ တစ်စုတစ်ပေါင်းတည်းရှိနေလျှင် လုံခြုံမှုရှိသည်။ တကွဲတပြားစီဖြစ်သွားလျှင် စိတ်ဓာတ်ကျပြီး အားလုံး ကစဥ့်ကလျား ဖြစ်ကုန်တော့မည်။ သို့သော် ဖေဖေ့အမိန့်ကို မည်သူမျှမဖီဆန်ဝံ့ကြ။

သေနတ်သံများက တစ်ညလုံး စဲသည်ဟူ၍မရှိ။ မိန်းမများ ညည်းတွားသံနှင့် ကလေးတွေငိုသံတို့ကိုလည်း မပြတ်ကြားနေရသည်။ သေနတ်သံများသည် တစ်နေ့ထက် တစ်နေ့ ပို၍ပို၍သာ များလာသည်။

ကျွန်တော်တို့အုပ်စုမှလူတွေ နေရာသစ်ရှာဖွေရန်အတွက် ထွက်သွားကြသည်။ သူတို့သည် ယနေ့ညတွင်ပင် ဗဟိုနာရီစင်ကြီးရှေ့၌ ဖေဖေနှင့် ဆုံကြရမည်ဖြစ်သည် ဖရိုဖရဲဖြစ်နေသော လူစုကြီးကို စောင့်ရှောက်ရန် လုံခြုံရေးတပ်ဖွဲ့များ ဖွဲ့စည်းလိုက်သည်။ ကျွန်တော်တို့မိသားစုတွင် ဂျမီလ်နှင့် အိုမာတို့အား နေရာသစ်ရှာဖွေရန် တာဝန်ပေးပြီး ကမယ်ကိုမူ မိသားစုကိုစောင့်ရှောက်နေရစ်ရန် တာဝန်ပေးသည်။

မကြာမီတွင် မစ္စတာဘက်ဆမ် ရောက်လာသည်။ ဂျက်ဖာမှ လူပေါင်းများ ထွက်သွားနေကြပြီဟု သူကပြောသည်။ ကျွန်တော်တို့အတွက် သင့်တော်သော သတ် တစ်စင်းလည်း တွေ့ထားပြီဟုဆိုသည်။

မမနာဒါနှင့် ကျွန်တော်တို့အား ရေပုံးများရှာ၍ သုံးလေးလမ်းကျော်တွင် ရေး

peesecl s အိုင်ဖွင့်လျက် မိသားစုအတွက်ရေသွားခပ်ရန် တာဝန်ပေးသည်။ ဖေဖေကတော့ သဘော်ာကပ္ပတိန်နှင့် စကားပြောရန် မစ္စတာဘက်ဆမ်နောက်သို့ လိုက်သွားသည်။

နာဒါနှင့် ကျွန်တော်တို့သည် အနီးအနားမှဈေးထဲတွင် သံလွင်ဆီပုံးခွံများ တွေ့ရှိ ကြသည်။ နာဒါက ခေါင်းပေါ်တွင်ရွက်သည်။ ကျွန်တော်က တုတ်တစ်ချောင်းဖြင့် သံပုံးနှစ်လုံး ထမ်းယူလာသည်။ ရေဘုံဘိုင်သို့ ကျွန်တော်တို့ ရောက်သွားချိန်တွင် လူတွေ များကြီး တန်းစီနေရာယူထားကြပြီ။ သို့ဖြင့် ကျွန်တော်တို့ မောင်နှမနှစ်ယောက်လည်း နောက်ဆုံးမှဝင်၍တန်းစီပြီး ကိုယ့်အလှည့်ကို စောင့်နေကြသည်။

ထိုအခိုက် စစ်သားတွေ အပြည့်ပါလာသော ထရပ်ကားကြီးနှစ်စီးသည် လမ်းထဲသို့ အတင်းမောင်းဝင်လာသည်။ တန်းစီနေသောလူတန်းကြီးကို ဝင်တိုက်လုမတတ် အရမ်း မောင်းဝင်လာပြီး ခပ်လှမ်းလှမ်းတွင် ထိုးရပ်လိုက်ကြသည်။ ၎င်းတို့ကား ကောက်ဂျီ၏တပ်မှ စစ်သားများဖြစ်သည်။

စစ်သားတွေ ကားပေါ်မှ အလျှိုအလျှို ခုန်ဆင်းပြီး တပ်ဖြန့်နေရာ ယူလိုက်ကြသည်။ အော်ဟစ်၍ အမိန့်ပေးကြသည်။ ကျွန်တော်တို့နှင့် ခပ်လှမ်းလှမ်းဖြစ်နေ၍ သူတို့ ဘာကို အမိန့်ပေးကြောင်း ကျွန်တော် နားမလည်လိုက်။ ထို့နောက်တွင်တော့ သေနတ်သံများ ဆက်တိုက်ပေါ်ထွက်လာပြီး မိန်းမများ၏အော်သံများကို ကြားရတော့သည်။

ကျွန်တော်တို့အုပ်စုမှ မိန်းမများကို စောင့်ရှောက်ရန် တာဝန်ပေးထားခဲ့သော လူတွေ သွေးရူးသွေးတန်း ထွက်ပြေးလာကြသည်။ ကမယ်ကို လှမ်းမြင်လိုက်သည်။ သူ့ လက်ထဲတွင် သေနတ်မပါ။ သူ့နောက်သို့ ကျွန်တော်ပြေးလိုက်သွားသည်။ နောက်ဆုံး သူ့ကိုလိုက်မိပြီ။ နောက်မှ ဆွဲဖက်လိုက်ရာ နှစ်ယောက်စလုံး မြေကြီးပေါ်သို့ လဲကျသွားသည်။ မယ်မှာ အကြောက်လွန်ပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ "သူတို့ တို့လမ်းကို ပိတ်ထားလိုက်ပြီ၊ သူတို့ဖေဖေ့ကို လိုက်ရှာနေကြပြီ"

ကျွန်တော်က အကြောင်းရင်းကို ချက်ချင်းသိလိုက်သည်။ ကောက်ဂျီသည် ဖေဖေ အား လက်စားချေရန် လိုက်ရှာနေခြင်းဖြစ်သည်။ ဖေဖေက သူ့တပ်ကို

လယ်ကွင်းများ မီးရှို့ပြီး တိုက်ခိုက်ချေမှုန်းခဲ့ခြင်းအတွက် သူက လက်တုံ့ပြန်ရန် လာခဲ့ခြင်းဖြစ်သည်။ သင်းတိုက်ပွဲအကြောင်းကို ရွာလယ်လက်ဖက်ရည်ဆိုင်တွင် ကျွန်တော် ညတိုင်းကြားခဲ့ သည်။

သို့သော် ... တော်ပါသေးရဲ့။ ယခုအချိန်တွင် ဖေဖေက မစ္စတာဘက်ဆမ်နှင့်အတူ လုံခြုံသောတစ်နေရာသို့ ရောက်သွားပြီ။ ကမယ်မှာ အကြောက်လွန်ပြီး အရူးတစ်ယောက် လို ဖြစ်နေသည်။ ဖေဖေ့ဆီသို့ လိုက်သွားရန်ကလည်း ဖေဖေဘယ်ရောက်နေမှန်းမသိ။ ကျွန်တော်က တခြားလူတွေထက် မေမေ၊ ရာမီဇာ၊ ဖာတမာနှင့် သူ့ကလေးတို့အတွက်ပဲ မှီ၍ စိုးရိမ်နေမိသည်။

ကျွန်တော်က မမနာဒါအား အနီးအနားမှ လုံခြုံရာတွင် သွားပုန်းနေရန် ပြောလိုက် သည်။ သူက ကျွန်တော်တို့ကို အတင်းဖက်ထားပြီး အိမ်သို့ပြန်မလာရန် တတွတ်တွတ် တောင်းပန်နေသည်။ ကျွန်တော်က သူ့ကို တစ်ချက်ရိုက်ပြီး ကျွန်တော့်ထံမှ ဆွဲခွာလိုက် သည်။ မမနာဒါအား ကျွန်တော် ဘယ်တုန်းကမျှ လက်နှင့်တောင်မတို့ခဲ့ဖူးပါ။ သို့သော် လောလောဆယ်တွင် အခြေအနေအရလိုအပ်၍ ကျွန်တော်က ရိုက်လိုက်ရခြင်း ဖြစ်သည်။ ပြီး ကျွန်တော်က လူကောင်သေးသလောက် အလွန်မြန်သည်။ ကျွန်တော်သည် ကို nags နေရာဝင်ပုန်း၊ သည်နေရာဝင်ပုန်းဖြင့် နောက်သို့ပြန်ပြေးလာခဲ့သည်။ အန္တရာယ်ကင်းသော နေရာတစ်နေရာသို့ ရောက်သောအခါ အပြေးရပ်ပြီး အခြေအနေကို အကဲခတ်လိုက်သည်။ ကျွန်တော် လမ်းကိုဖြတ်ပြေးပြီး အိမ်ခေါင်မိုးပေါ် ရောက်သွားနိုင်လျှင် ကျွန်တော်တို့ ရပ်ကွက်ထဲတွင် ဘာတွေဖြစ်နေသည်ကို အကုန်မြင်နိုင်မည် ဖြစ်သည်။

ကျွန်တော် လမ်းကိုအတင်းဖြတ်ပြေးသည်။ ကျည်ဆန်တွေ ကျွန်တော့် ခြေထောက် နားမှပွတ်ပြီး ဖြတ်သွားကြသည်။ ပြတင်းပေါက်ပွင့်နေသော အိမ်တစ်အိမ်ထဲ ခုန် လိုက်သည်။ ထို့နောက် ပြတင်းပေါက်မှတစ်ဆင့် ခေါင်မိုးပေါ်သို့ ကုတ်ခြစ်တက်သည်။ ခေါင်မိုးပေါ်သို့ ရောက်လာသည်။ ခေါင်မိုးပေါ်တွင် ပြားပြားမှောက်ပြီး ဝပ်နေလိုက်သည်။

လမ်းထဲသို့ လှမ်းကြည့်လိုက်တော့ မိန်းမတွေနှင့် ကလေးတွေကို

လက်နက်ကိုင်များက လှံစွပ်နှင့်တွေ့ပြီး အုပ်လိုက်မောင်းသွင်းလာကြသည်။ သူတို့၏ယူနီဖောင်းနှင့် စကားပြော ကြောင့် ကောက်ဂျီတပ်မှ အီရတ်တပ်သားများဖြစ်ကြောင်း ကျွန်တော် ချက်ချင်းသိလိုက် သည်။ တခြားတပ်သားများက လမ်းထိပ်နှစ်ဖက်ကို ပိတ်ဆို့ထားကြသည်။ တချို့ တစ်အိမ်ပြီးတစ်အိမ်ဝင်ပြီး တံခါးတွေကို ကန်ကျောက်ဖွင့်နေကြသည်။

ကျွန်တော်သည် စောစောက မိန်းမများနှင့် ကလေးတွေအုပ်စုဆီသို့ သွေးချင်း သွေးတန်းဖြင့် လှမ်းကြည့်လိုက်သည်။ သူတို့အထဲတွင် မေမေ၊ ရာမီဇာနှင့် ဖာတမာတို့မပါဒါ အိမ်ခေါင်မိုးပေါ်မှ တိတ်တိတ်ကလေး ပြန်ဆင်းသည်။ ကျွန်တော်တို့အိမ်ဘက်၌ မြင်နိုင်သောနေရာသို့ ရောက်သောအခါ ရပ်ပြီး လှမ်းကြည့်လိုက်သည်။

မြင်လိုက်ရသော မြင်ကွင်းက သွေးလန့်စရာပင် ဖြစ်တော့သည်။

ကျွန်တော်တို့အိမ်နှင့် ဘေးချင်းကပ် အိမ်ကြားရှိ ကွက်လပ်ကလေးထဲတွင် လက် နက်ကိုင် ဆယ့်ကိုးယောက်နှင့် ဗိုလ်တစ်ယောက်။ ဗိုလ်လုပ်သူ၏ လက်ထဲတွင် ခြောက် လုံးပြူးသေနတ်ကိုင်ထားသည်။

မေမေက ရာမီဇာနှင့် ဖာတမာတို့ကို လက်နှစ်ဖက်ဖြင့် ဖက်ထားသည်။ ရာမီဇာ ဖာတမာတို့ကလည်း မေမေ့ကို အတင်းပြန်ဖက်ထားကြသည်။

ဗိုလ်လုပ်သူက သူ့မျက်နှာပေါ်မှ အမာရွတ်ကြီးကို လက်နှင့်ထောက်ပြပြီး

”ဒီဟာ ဘာလဲသိလား၊ ဟာဂျီအီဘရာဟင်ပေးခဲ့တဲ့ လက်ဆောင်ပေါ့၊ ငါ သူ့ကို စောင့်နေခဲ့တာ ဆယ်နှစ်ရှိပြီ၊ အခု သူဘယ်မှာလဲ၊ ပြောစမ်း”

“ကျွန်တော် မသိဘူး၊ ကျွန်မ ဘာမှမသိဘူး” မေမေက ပြန်ပြောသည်။ “ခွေးတိရစ္ဆာန်မ၊ ဒူးထောက်လိုက်စမ်း”

ဗိုလ်လုပ်သူက လက်တစ်ဖက်ထောင်ပြလိုက်သည်။ သူ့တပ်သားများက မေမေတို့ သုံးယောက်သား ပတ်ပတ်လည်သို့ သေနတ်ဖြင့် ထပ်ကာထပ်ကာ ပစ်ထည့်သည်။

“မသေချင်လျှင် ငါပြောသလိုလုပ်ပါ၊ မြန်မြန်လုပ်ပါ”

"သူပြောသလို လုပ်ကြပါကွယ်၊ ဘာမှဆန့်ကျင်ဖို့ မကြိုးစားကြပါနဲ့" မေမေက ရာမီဇာနှင့် ဖာတမာတို့အား တိုးတိုးပြောလိုက်သည်။ "ကျွန်မမှာ မသန့်ရှင်းဘူး" ဖာတမာက တိုးတိုးပြန်ပြောသည်။ "ကိစ္စမရှိဘူး၊ ခိုင်းသလိုသာလုပ်လိုက်၊ သူတို့ရိုက်လို့ တို့ကိုယ်ပေါ်မှာ ဒဏ်ရာတွေ ခေါ်သွားလျှင် နောက်ပိုင်းမှာ ဒီအပြစ်ထက်ဆိုးလိမ့်မယ်"

ထို့နောက်တွင်တော့ ကျွန်တော် ဆက်မကြည့်ရဲတော့။ မျက်လုံးနှစ်ဖက်ကို စုံမှိတ် ထားလိုက်တော့သည်။

ကျွန်တော် အလွန်ကြောက်နေသည်။ ကျွန်တော် ဘာမှ သတ္တိမရှိတဲ့အကောင်ပါလား။ ကျွန်တော် ဘာဆက်လုပ်ရမှာလဲ။ အလ္လာအရှင်မြတ်သိပါသည်။ ကျွန်တော် ဘာမှ လုပ်နိုင်ပါ။ ဘာမှမလုပ်နိုင်။ ဘာမှမလုပ်နိုင်...။

ကျွန်တော် လုံးဝမကြည့်ရဲ။ မျက်လုံးကို ပိတ်မြဲပိတ်ထားသည်။ သို့သော် မမြင် သော်လည်း အားလုံးကို ကြားနေရသည်။ မျက်လုံးနှင့် မြင်ရတာထက် ပိုဆိုးသည်။ နားနှစ်ဖက်ကို လက်ဝါးနှင့် ပိတ်ထားလိုက်သည်။

ငါ လူကြောက်။ လူကြောက်။ အို...အလ္လာအရှင်... ကယ်တော်မူပါ။ တပည့်တော် ဘာလုပ်ရမှာလဲ။ ဘာလုပ်ရမှာလဲ။ အစ္စမေ... စဉ်းစားပါ။ စဉ်းစားပါ။ မင်းဖေဖေ ပြန်လာလျှင် သူတို့က အခုမြင်ကွင်းကို တစ်ဝကြည့်ခိုင်းပြီးမှ ရက်ရက်စက်စက် သတ်ပစ် ကြလိမ့်မယ်။ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါဖေဖေ့ဆီပြေးသွားပြီး ပြောမယ်။ မဖြစ်ဘူး၊ မဖြစ် ဘူး။ မေမေတို့ချည်း ပစ်ထားခဲ့လို့မဖြစ်ဘူး။ ရပါတယ်။ သွား... သွားသာသွား။ အို... စ်ဘူး၊ မဖြစ်ဘူး။ ဘယ်မှမသွားနဲ့၊ မသွားနဲ့ ...... ။

ဖေဖေရေ ပြန်မလာပါနဲ့။ ပြန်မလာပါနဲ့။ သူတို့ ဘယ်လောက်များ ကြာမှာပါလိမ့်။ ဒေဖေပြန်လာလျှင်တော့ ဒုက္ခပါပဲ။ ဘုရား...ဘုရား။ အလ္လာအရှင်မြတ် ကယ်တော်မူပါ ဘုရား။

ဗိုလ်လုပ်သူက မိန်းမသုံးယောက်ကို ခေါးစာခံအဖြစ် စောင့်ကြည့်ထားရန် သူ့တပ်သား များအား အမိန့်ပေးသံကြားလိုက်ရသည်။ ကျွန်တော်

မျက်လုံးပြန်ဖွင့်ကြည့်လိုက်သည်။ လက်နက်ကိုင်တပ်သားများ ဒယီးဒယိုင်ဖြင့် အိမ်ပြင်သို့ထွက်သွားကြပြီ။

ဤဖြစ်ရပ်သည် ကျွန်တော့်ဘဝတွင် တစ်သက်လုံး အမာရွတ် ထင်ကျန်ရစ်တော့ သည်။ ဘယ်တော့မှ မေ့ဖျောက်၍ ရနိုင်စရာမရှိတော့။ သို့သော် လောလောဆယ်တွင်တော့ ထားရန် ကျွန်တော်ကြိုးစားရမည်။)

ရာမီဇာနှင့် ဖာတမာတို့သည် မြေကြီးပေါ်တွင်လဲနေကြသည်။ မေမေလည်း မှုးတူးဝေဝေ ဖြစ်နေပုံရသည်။ သို့သော် သူက ရာမီဇာနှင့် ဖာတမာ၏ အောက်ပိုင်းတွင် ကျံနေသော သွေးများကိုသုတ်ပေးသည်။ ထို့နောက် ရင်ခွင်ထဲပွေ့ယူကာ ကလေးငယ်တစ် ယောက်ပမာ လှုပ်ချော့နေရှာသည်။ “မေမေ” ကျွန်တော်က တိုးတိုးကလေး ခေါ်လိုက်သည်။

မေမေ အလန့်တကြားဖြစ်သွားပြီး ကျွန်တော့်ကို ကြောက်ကြောက်လန့်လန့်နှင့် ၊ ကြောင်ကြည့်နေသည်။

“ဘာမှ မကြောက်ပါနဲ့ မေမေ၊ ကျွန်တော် ဖေဖေ့ကို ဘယ်တော့မှပြန်မပြောပါဘူး၊ ဒီကိစ္စ ဘယ်သူမှလဲမသိစေ့ရပါဘူး”

“အို... သားရယ်”

သည်။

မေမေက ပြောရင်းငိုသည်။

“ရှက်စရာကောင်းလိုက်တာ သားရယ်၊ မေမေမနေတော့ဘူး၊ မေမေ့ကို ဓားမြှောက် ပေးစမ်းပါ၊ ပေးစမ်းပါ၊ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပစ်လိုက်တာ အကောင်းဆုံးပါပဲ သားရယ်”

“မလုပ်ပါနဲ့ မေမေ၊ မလုပ်ပါနဲ့၊ သား တောင်းပန်ပါတယ်မေမေ”

“သားရေ...ပြေး၊ ပြေး၊ ဒီမှာမနေပါနဲ့၊ ပြေးပါ ပြေးပါ၊ သားမြင်ခဲ့ရတာတွေကိုလည်း မေ့ပစ်လိုက်ပါ သားရယ်၊ အဟီး...ဟီး...ဟီး...”

“မငိုပါနဲ့ မေမေရယ်၊ မငိုပါနဲ့တော့၊ အားလုံးပြီးသွားပါပြီ၊ နောက်ထပ် ဘာ

မဖြစ်တော့ပါဘူး၊ သားတို့ မသေနိုင်တော့ပါဘူး”

“မေမေ သေချင်တယ်သားရယ်၊ မေမေ ဒီလောကမှာမနေချင်တော့ဘူး... အဟီး.. ဟီး... ဟီး...”

မေမေ့ကို တောင်းပန်နေ၍ ဘယ်လိုမှ ရတော့မည်မဟုတ်။ ဤတွင် ကျွန်တော်က ဒေါသအိုးပေါက်ကွဲပြီး မေမေ၏ ပခုံးနှစ်ဖက်ကို တအားဆွဲကိုင်လှုပ်ခါလိုက်သည်။

“ပြောနေတာ နားမထောင်ဘူးလား” ကျွန်တော်က တအားအော်ပြောလိုက်သည်။

မေမေက ဘာမှပြန်မပြော။ ကျွန်တော် သူ့ကိုယ်ကို နောက်တစ်ကြိမ် တအား လှုပ်ခါလိုက်ပြန်သည်။

သည်တော့မှ သူက ဦးခေါင်းကို အသာအယာညိတ်ပြသည်။ ငိုသံလည်း တိ၍ ၊ သွားသည်။

“ဒီနေရာက ဘယ်မှမသွားနဲ့၊ ကိုယ်လက်တွေလဲ ဆေးပစ်လိုက်ကြ၊ ညမှောင်လာလျှင် တဲလ်အဗစ်က ပစ်ခတ်သံတွေပေါ်လာဦးမယ်၊ အာရပ်အစောင့်တပ်သားတွေ တမာရ နေကြတယ်။ သေနတ်သံကြားလျှင် တစ်ယောက်စီ အသာလေး အလစ်ထွက်ပြီး ဈေးထဲကို ရောက်အောင်သွားကြ၊ ပြီးတော့မှ သုံးယောက်စလုံး မြို့လယ်က နာရီစင်ဆီကို ဆက်ပြီးသွားကြ”

မေမေက ကျွန်တော့်ကို လှမ်းဖက်သည်။ သူ့မျက်လုံးတွေ နီရဲနေသည်။ မျက်ရည် တွေ စီးကျလာကြသည်။

“အို...သားရယ်၊ မေမေတို့ အဖြစ်ဆိုးလှချည်လား..သားရယ်၊ အဟီး..ဟီး “ငိုနေပြန်ပြီလား၊ ပြောနေတာမကြားဘူးလား၊ တိတ်စမ်း”

“ကောင်းပါပြီ သားရယ်၊ မေမေ မငိုတော့ပါဘူး၊ ဒါနဲ့ သားဖေဖေကော ဘယ်မှာလဲဟင်၊ သူဘယ်မှာလဲဟင်”

“သူ တစ်နေရာမှာရှိတယ်၊ ဘာမှမပူနဲ့၊ သူသိမှာကိုလဲ လုံးဝမကြောက်နဲ့၊

ဘယ်သူ မှလည်း မသိစေရဘူး၊ စိတ်ချ”

မေမေက ကျွန်တော့်ပါးပြင်ကို လက်ဝါးနှင့်ပွတ်သပ်နေသည်။ သူ့လက် တုန်ယင်နေသည်။ ကျွန်တော်က မေမေ့လက်ကိုဆုပ်ကိုင်ပြီး သူ့မျက်နှာကို စိုက်ကြည့် သည်။ ကျွန်တော့်စကားနားထောင်ရန် မျက်လုံးများနှင့် တောင်းပန်နေခြင်းဖြစ်သည် “

နောက်ဆုံး မေမေသဘောပေါက်သွားသည်။ ကျွန်တော်က မေမေ့ကို တစ်ချက်နမ်းပြီး မျက်ရည်တွေကို လက်နှင့်သုတ်ပေးသည်။

”ကိုယ်ဟာကိုယ် ဘာမှမဖြစ်သလို နေပါတော့မေမေ၊ ကျွန်တော် ဖေဖေ့ဆီသွား ဦး ဒီကိုပြန်မလာဖို့ သွားပြောမယ်၊ မေမေတို့ကို သူတို့က ဖေဖေ့အကြောင်းကိုပဲ မေး ဘယ်လောက်သာ ကျွန်တော် ဖေဖေ့ကိုပြောပြပါ့မယ်၊ နောက်ထပ် ဘာမှမလုပ်ပါဘူးလို့ ပြောပြပါ့မယ်၊ စိတ်ချပါ”

ကျွန်တော် ထွက်ပြေးလာခဲ့သည်။ ကျွန်တော့်နောက်မှ သေနတ်သံများ ပေါ်ထွက် သည်။ ကျွန်တော့်ကို လိုက်ပစ်ကြတာလား ဆိုသည်ကို ကျွန်တော်ဘာမှမသိတော့။ သို့သော အတင်းစွတ်ပြေးလာခဲ့တော့သည်။

မမနာဒါနှင့် အစ်ကိုကြီးကမယ်တို့ကို ကျွန်တော်ပြန်တွေ့ရသည်။ ဖေဖေ့ကို အမိ အရန် မေမေတို့ သုံးယောက်ကို ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်းလောက်သာ ကျွန်တော်က သူတို့အားပြောပြသည်။

“ဘယ်မှမသွားကြနဲ့၊ ဒီမှာပဲနေကြ၊ ဂျမီလ်နဲ့အိုမာတို့ ပြန်လာမလား စောင့်ကြည့်နေ ကြ သူတို့ ရောက်လာလျှင် နာရီစင်ရှေ့မှာ အားလုံးပြန်ဆုံကြမယ်၊ အဲဒီကိုသာလာခဲ့ ဘော့”

ထို့နောက် ကျွန်တော်သည် သုတ်ခြေတင်၍ ဆက်ပြေးလာခဲ့သည်။ ဖေဖေ့အသက် ကို အချိန်မီကယ်ရဦးမည်။

အခန်း (၁၅)

မစ္စတာဘက်ဆမ်က သူသည် ဆိုက်ပရပ်ဂရိလူမျိုး ဟာရစ်စီယာဒစ်နှင့် နှစ်ပေါင်း နှစ်ဆယ်မျှ စီးပွားဘက်လုပ်ကိုင်လာခဲ့ကြောင်း ဟာဂျီအီဘရာဟင်အား ပြောပြသည်။ ဘေရွတ်မြို့သို့ သင်္ဘောစင်းလုံးငှားခ သူတောင်းသော ပေါင်လေးရာမှာ အလွန်မျှတသော နှုန်းထားဖြစ်သည်ဟုလည်း ပြောသည်။ သို့သော် ဟာဂျီအီဘရာဟင်က ဘေရွတ်ကို သွားရန် ငြင်းသည်။ သူက ဂါဇာသို့သာသွားလိုသည်။

"ကျွန်တော် ဂါဇာက ပြန်ပြေးလာလို့ ရောက်ခါစပဲရှိသေးတယ်" ဟာရစ်စီယာဒစ်လာ ပြောသည်။ "ပေါင်ငါးထောင်ပေးလည်း ကျွန်တော်တော့ ဂါဇာကို နောက်ထပ်မသွားတော့ဘူး ပင်လယ်ပြင်မှာ အီဂျစ်ရေတပ်သင်္ဘောတွေ စောင့်နေကြတယ်။ သူတို့က လှုပ်လှုပ်မြင်တာ လှမ်းပစ်တာဗျ၊ လွန်ခဲ့တဲ့သုံးရက်လောက်ကပဲ သင်္ဘောတစ်စင်းကို ပစ်ခတ်နှစ်မြှုပ်လိုက်ကြ ပြီ၊ ကျွန်တော် ဂါဇာကို ငါးခေါက်တိတိသွားခဲ့ဖူးပြီ၊ တော်ပြီ၊ နောက်ထပ်ဘယ်တော့ မသွားတော့ဘူး၊ အသက်အန္တရာယ်နဲ့ သိပ်နီးတဲ့ခရီး၊ အမှန်အတိုင်းပြောရလျှင် ကျွန်တော် ဘေရွတ်ကိုတောင် လိုက်ပို့ချင်တာမဟုတ်ဘူး၊ ခုတော့ ဆိုက်ပရပ်အပြန်နဲ့ လမ်းကြုံနေလို့ လက်ခံတာပါ"

"ဒါပေမယ့် ကျုပ်တို့က ဘေရွတ်မှာ ဘာသွားလုပ်ရမှာလဲ၊ ဆွေမျိုးသားချင်းဆိုလို့ တစ်ယောက်မှမရှိတာဘဲ"

ဟာဂျီအီဘရာဟင်က ပြန်ပြောသည်။ "ကျွန်တော်က ပိုပြီးစိတ်ချရတဲ့ နေရာကိုပို့တာပါ၊ ဈေးကလည်း လူခြောက်ရာကြီး တောင်အတွက်ဆိုလျှင် ပုံမှန်ဈေးပါ။ အဲဒါ သွားမလား မသွားဘူးလား တစ်ခွန်းပဲပြောပါ 'ဟာရစ်စီယာဒစ်တောင်းတဲ့ ဈေးက မများပါဘူး၊ အင်မတန်မျှတတဲ့ဈေးပါ" မစ္စတာဘက်ဆမ်က ဝင်ပြောသည်။

သို့သော် ဟာဂျီအီဘရာဟင်မှာက လောလောဆယ်တွင် ပိုက်ဆံ ပေါင် ၁၈၀ သာရှိသည်။ ဘာကလေဘဏ်တွင် စုထားသော ပေါင် ၇၀၀ ကျော်ကလည်း ပြောင်တ တ် လင်းခါသွားပြီ။ ဖရောက် ရောက်မလာသည့်အတွက် ယင်းအရေအတွက်နှင့် ညီမျှသော ကုန်ပစ္စည်းတွေမှာလည်း ရေစုန်မျောသွားခဲ့ပြီ။

ဟာဂျီအီဘရာဟမ်က လက်နှစ်ဖက်ကို အပေါ်မြှောက်လိုက်ပြီး- လိ

”အင်း…တကယ်တော့ ကျုပ် တဘားကထွက်လာမိတာ အမှားကြီးမှားတာပဲ။ ရွှတ်…ဘေရွှတ်၊ ဘေရွှတ်က ဘာလုပ်ဖို့လဲ၊ ကဲ… ထားလိုက်ပါတော့ ဒီလိုဆို ကျုပ် ပိုက်ဆံရှာရအောင် ခင်ဗျားက အချိန်ဘယ်လောက်ပေးမှာလဲ”

ဂရိသင်္ဘောပိုင်ရှင်ကြီး တော်တော်စိတ်ပျက်သွားပုံရသည်။ သူက ဟာဂျီအီဘရာဟင် = ပိုက်ဆံအလုံအလောက်ရှိသည်ဟု ထင်မှတ်နေခဲ့သည်။

“အခုအချိန်က မလွယ်ဘူးဗျ၊ အပစ်အခတ် ရပ်စဲရေးကလဲ ကျိုးပေါက်သွားပြီ။ တစ်ဖက်နဲ့တစ်ဖက် သဲသဲမဲမဲ ပြန်ဆော်နေကြပြီ၊ ဂျက်ဖာကို ဝင်မတိုက်ဘူးလို့ ဘယ်သူပြော နိုင်မှာလဲ၊ ခင်ဗျားပြောနိုင်သလား၊ ဘက်ဆမ်ပြောနိုင်သလား၊ ဘယ်သူမှ မပြောနိုင်ဘူး၊ ကဲ..ကျွန်တော် ပြောမယ်၊ ၂၄ နာရီ အချိန်ပေးတယ်၊ ဒီအတွင်း အပြီးအပိုင်အကြောင်း

”မနက်ဖြန် သင်္ဘောပေါ်တက်တာနဲ့ တစ်ဝက်ပေးမယ်” ဟာဂျီအီဘရာဟင်က ပြောသည်။ “ဘေရွှတ်ရောက်တော့ ကျန်တစ်ဝက်ယူပါ”

ဟာရစ်စီယာဒစ်က ခေါင်းကို ခါယမ်းလိုက်သည်။

ဟာဂျီအီဘရာဟင်က အင်္ကျီအိတ်ထဲမှ ပိုက်ဆံတွေကိုထုတ်ယူပြီး စားပွဲပေါ်တင် ကိုက်သည်။

“ကဲ…ဒါ ကျုပ်မှာရှိတာ အားလုံးပဲ”

”ဘယ်လောက်လဲ”

”ပေါင်နှစ်ရာမှာ နည်းနည်းလျော့မယ်”

ဟာရစ်စီယာဒစ်က ပခုံးတစ်ချက်တွန့်လိုက်ပြီး

”ကျွန်တော် အမှန်အတိုင်းပဲပြောမယ်၊ ဒီခရီးက ကျွန်တော့်အတွက် ပေါင် ၃၅၀ တံတိ ကုန်ကျမယ်၊ ဒီခရီးကို သင်္ဘောသားတိုင်း မလိုက်ရဲဘူး။ ဒါကြောင့် သာမန်နှုန်းထက် ဆ သုံးဆ ပိုပေးရတယ်” ။

သူက ခဲတံတစ်ချောင်း ဆွဲထုတ်ပြီး ဟိုရေးသည်ခြစ်လုပ်နေသည်။

ထို့နောက် တ်ခမ်းကိုကိုက်ပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။ “ကဲ ... ၃၂၅ ပေါင်ပဲ ထားတော့ဗျာ၊ ဒါတောင် ကျွန်တော် တော်တော်ရှုံးနေပြီ”

ဟာဂျီအီဘရာဟင်က ဝတ်ရုံထဲမှ အထုပ်နှစ်ထုပ်နှိုက်ယူပြီး စားပွဲပေါ်တင်လိုက် ပြန်သည်။ တစ်ထုပ်ကို ဖြေလိုက်သည်။ ဂန်ဂျာ ငါးကီလိုထွက်လာသည်။ ဟာရစ်စီယာဒစ် က အနည်းငယ်ယူပြီး နမ်းကြည့်သည်။ ပြီးတော့ လျှာပေါ်မှာတင်ကြည့်သည်။

“ပေါင်နှစ်ဆယ် ပေးမယ်” သူက ပြောလိုက်သည်။ “အလကားယူပါလား” မစ္စတာဘက်ဆမ်က ဝင်ပြောသည်။

“ဒါတွေကို လက်ဘနွန်မှာ ဘယ်သူမှမသုံးဘူးဗျ၊ အေသင်သဘော်ဆိပ်မှာရောင်းမှ ပေါင်သုံးဆယ်ပဲရမှာ”

”ကောင်းပြီ၊ ပေါင်နှစ်ဆယ်ပဲပေးပါ”

ဟာဂျီအီဘရာဟင်က သဘောတူသည်။ “နောက်ကော ဘာကျန်သေးသလဲ”

အီဘရာဟင်က ဒုတိယအထုပ်ကို လက်ညှိုးထိုးပြသည်။ ထိုအထုပ်ကို ဖြေသည်။ ယင်းမှာ ဟာဂျီအီဘရာဟင်၏ အမြတ်ဆုံးပစ္စည်း ဖြစ်သည့် မျိုးဆက်ဖြစ်သည်။ ဤခြောသည် နှစ်ပေါင်းသုံးရာခန့် သက်တမ်းရှိပြီ။

“ဒါမျိုးတွေတော့ ကျွန်တော်နားမလည်ဘူး”

”ဒါက တကယ့်ရတနာတစ်ပါးပဲ၊ တန်ဖိုးက ပေါင် ၂၀၀ လောက်ရှိတယ်" ဟု မစ္စတာဘက်ဆမ်က ပြောသည်။ ဟာရစ်စီယာဒစ်က ခြောကိုယူပြီး စေ့စေ့စပ်စပ်ကြည့်သည်။ “ပေါင်နှစ်ဆယ်ပေးမယ်၊ ဒါတောင် ကျွန်တော်က စွန့်စားပြီးဝယ်ရတာပါ”

”

ဒါလောက်ကလေးနဲ့တော့ ကျုပ်ကို ကျုပ်လက်မလွှတ်နိုင်သေးဘူးဗျာ၊ ကျုပ် ဆက်ပြီးပဲ သိမ်းထားမယ်၊ ဒီခြောကို အသုံးချရမယ့် အထူးကိစ္စတစ်ခုပဲ

ရှိနေသေးတယ်

"ကဲ... ကျွန်တော်တို့ ပေါင်တစ်ရာကျော်လောက် ထပ်ဖြည့်ဖို့ လိုနေသေးတယ် ဟာရစ်စီယာဒစ်က ပြောသည်။

အီဘာရာဟင်သည် ထိုင်ရာမှထ၍ ကုန်ရုံဘက်သို့သွားသော တံခါးကိုဖွင့်လိုက်သည် ထို့နောက် သူ့မြင်းကြီးရှိရာသို့ ခေါင်းညိတ်ပြလိုက်သည်။ မြင်းကြီးကိုမြင်တော့ ဟာရင်စီ ယာဒစ်၏ မျက်လုံးများ ပြူးကျယ်သွားသည်။

"ဒီမြင်းကို ကျွန်တော် ဝယ်မယ်" မစ္စတာဘက်ဆမ်က အလျင်အမြန် ဝင်ပြောသည်။ "ပေါင် ၁၅၀ ပေးမယ်" ။

"အယ်လ်ဘူရတ်အတွက် ပေါင် ၁၅၀ ဟုတ်လား" အီဘာရာဟင်က မယုံနိုင်သလို ပြန်မေးလိုက်သည်။

"နောက်ထပ် ၂၅ ပေါင်တိုးပေးမယ်၊ ခေတ်ကြီးကမကောင်းဘူး၊ အားလုံး ၊ ပျက်နေတယ်"

"ဒါဆို သူ့ကို လိုငွေချေလိုက်တော့ အီဘာရာဟင်က ပြောသည်။ မစ္စတာဘက်ဆမ်က ပိုက်ဆံအိတ်ထုတ်၍ ငွေချေသည်။ လက်ကျန်ငွေကို အီဘာရာဟင်အားပေးသည်။

သူတို့ လက်ဆွဲနှုတ်ဆက်ကြပြီးနောက် အချိန်သတ်မှတ်သည်။

"ဒါနဲ့တစ်ခု ပြောစရာကျန်သေးတယ်" ဟာရစ်စီယာဒစ်က ပြောသည်။ "သင်္ဘော သေနတ်ယူမလာရဘူး၊ ကျွန်တော့်သင်္ဘောသားတွေက ရိုးသားပါတယ်၊ ကျွန်တော်လည်း ရိုးသားတဲ့ လူတစ်ယောက်ပါ။ ပြီးတော့ မိန်းမတွေ အင်္ကျီခေါင်းထဲမှာလည်း လက်နက် ဝှက်မယူလာပါစေနဲ့၊ ဘေရွတ်ရောက်လျှင် လူတိုင်း တစ်ကိုယ်လုံးအနှံ့ ရှာဖွေခံရ သူတို့က ဒုက္ခသည်တွေဆီက တွေ့သမျှအကုန်ယူကြတာ၊ ဂါဇာကျတော့လဲ အီဂျစ်တွေ လူတိုင်း စစ်ဆေးရှာဖွေတာပါပဲ"

"ကျုပ်တို့မှာ လက်နက်မပါလျှင် ဘာလုံခြုံရေးမှရှိတော့မှာ မဟုတ်ဘူး" အီဘာရာဟင်က ပြောသည်။

'ခင်ဗျားတို့ဆီက လက်နက်ရှာတွေ့သွားလျှင် ဘေရွတ်ကို ကျွန်တော် ဘယ်သွားခွင့်ရတော့မှာမဟုတ်ဘူး၊ ဘေရွတ်မသွားရလျှင် ကျွန်တော်လည်း ဘာမှအလုပ်မဖြစ် ဘူး၊ နောက်တစ်ခုက သင်္ဘောပေါ်ရောက်လျှင် ကျွန်တော်က ရေတော့ပေးမယ်၊ ဒါပေ အစားအသောက်ကိုတော့ ကိုယ့်ဟာကိုယ် စီစဉ်ကြရလိမ့်မယ်”

”ကျုပ်တို့မှာ စားစရာ ဘာမှမရှိတော့ဘူး၊ အားလုံး ရောင်းပစ်လိုက်ပြီ၊ လောလော သံဘောင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းကကျွေးလို့ စားနေကြရတာ” မစ္စတာဘက်ဆမ် ဘက်သို့လှည့်လျက် “ကျုပ်မြင်းကို သားချင်းတစ်ယောက်အဖြစ် ဈေးလျှော့ရောင်းတာ၊ အတွက် ဘက်ဆမ်က ကျုပ်တို့ကို ရိက္ခာတော့ နည်းနည်းပေးလိုက်စေချင်တယ်၊ နဲ့ အသီးအနှံအပြင် ကလေးတွေအတွက်နို့ပါပေါ့”

အီဘရာဟင်က စားပွဲပေါ်မှ မျိုးဆက်ကို တစ်လှည့် ဘက်ဆမ်ကိုတစ်လှည့် ထည့်နေသည်။ သဘောကတော့ ရိက္ခာမပေးလျှင် ဤမြားနှင့်ဖြေရှင်းရလိမ့်မည်ဟူသော ဘောပင်ဖြစ်သည်။ ဘက်ဆမ်က သဘောပေါက်သွားပြီး“ကောင်းပါပြီ၊ ရိက္ခာကိစ္စကို ကျွန်တော်တာဝန်ယူပါ့မယ်”

ကျွန်တော်သည် ဖေဖေတို့ အလုပ်ကိစ္စပြီးသွားချိန်တွင် မစ္စတာဘက်ဆမ်၏ ကုခံဘိုက်သို့ ရောက်ရှိသွားသည်။

ခရီးရောက်မဆိုက်ပင် ကောက်ဂျီတပ်များက ဖေဖေ့ကို ပိုက်စိပ်တိုက်လိုက်ရှာ ကြောင်း ပြောပြလိုက်သည်။ သို့သော် မေမေတို့ မုဒိမ်းကျင့်ခံရခြင်းကိုတော့ လုံးဝ ပါ။ မစ္စတာဘက်ဆမ်က သူ့နဖူးကို လက်ဖြင့် ရုတ်တရက်ပုတ်လိုက်ပြီး“အဲဒါမှ ဒုက္ခပဲ၊ အစ်ကို့အနေနဲ့ သင်္ဘောပေါ်တက်ဖို့ လွယ်မှာမဟုတ်ဘူး”

”ဘာဖြစ်လို့”

“ဆိပ်ကမ်းကို သူတို့က စောင့်ကြည့်နေကြမှာ၊ အဲဒါဆိုလျှင် အစ်ကို့ကို တွေ့သွား “မ့်မယ်”

“ဒါဖြင့် တို့ ခြေကျင်လျှောက်သွားတာပေါ့” ‘လမ်းတွေလည်း

အားလုံးပိတ်ဆို့ထားတယ်”

”ဒါဆို တို့ လှောင်ပိတ်ခံနေရပြီပေါ့”

“ရွာသားတွေ သင်္ဘောပေါ် အလျင်တက်ကြပါစေ၊ အီရတ်တပ်သားတွေက သူ ကို တော်တော်ကြာကြာရှာဖွေနေလိမ့်မယ်၊ အဲဒီအချိန်မှာ အစ်ကိုက တစ်နေရာမှာ နံ့ပါ”

“ငါက ငါ့လူတွေနဲ့ ခွဲနေလို့မဖြစ်ဘူး “ဒီနည်းအပြင် တခြားဘာရှိသေးလို့လဲ”

“ဖေဖေ' ကျွန်တော်က ဝင်ပြောလိုက်သည်။ “မစ္စတာဘက်ဆမ် ပြောတဲ့အတိုင်း အုပ်မှဖြစ်မှာပါ”

”

ဖေဖေ တော်တော်စိတ်ခတ်ကျသွားသည်။ သူအရှုံးပေးလိုက်ရပြီ။ ထို့နောက်တွင် မစ္စတာဘက်ဆမ်က ဖေဖေ့အား သင်္ဘောဆိပ်အနီးမှ ငါးဈေးသို့ သွားသည်။ ဖေဖေသည် ထိုနေရာတွင် အတန်ကြာပုန်းအောင်းနေပြီးမှ ပို၍လုံခြုံသော ရောကို ရှာရမည်ဖြစ်သည်။

နောက်ပိုင်းမှ ညွှန်ကြားချက်အရ ကျွန်တော်က သူ့ကို လာရောက်တွေ့ဆုံရမည်။

အလ္လာအရှင်မြတ်၏ ကျေးဇူးတော်ကြောင့် ကျွန်တော်တို့မိသားစုများ နာရီစင်တွင် တစ်စုတစ်ဝေးတည်း ဆုံစည်းမိကြသည်။ ကျွန်တော်တို့ ရွာသားတွေလည်း တော်တော်များ ရောက်ရှိကြသည်။ ကျွန်တော်တို့က သူတို့အား သင်္ဘောနာမည်၊ ထွက်မည့်နေရာ ထွက်မည့်အချိန်တို့ကို တိုးတိုးတိတ်တိတ်ပြောပြရသည်။ ထို့နောက် သူတို့သည် ကောက် ၏ တပ်သားများ မမြင်အောင် ပုန်းလျှိုးကွယ်လျှိုးဖြင့် အသီးသီး ထွက်ခွာသွားကြသည်။

ကျွန်တော်သည် လမ်းတစ်ဖက်မှဗလီဝတ်ကျောင်းကြီးကို စောစောကပင် လှေ့လာ ထားပြီး ဖြစ်သည်။ ကျွန်တော်တို့ရွာသား တော်တော်များများသည် ဗလီကြီးရှေ့တွင် စုရုံးစုရုံး ဖြစ်နေကြသည်။ ညအမှောင်ရိပ်သမ်းလာချိန်တွင် စစ်သားများသည် မန်ရိုး ရပ်ကွက်ဘက်သို့ ချီတက်သွားကြသည်။ မကြာမီမှာပင်

သေနတ်သံများ ထွက်ပေါ်လာသော သည်။

တော်တော်မှောင်လာပြီ။ ကျွန်တော်လည်း အလွန်ကြောက်နေသည်။

ထိုအခိုက် ကျွန်တော့်အနီးမှ မစ္စတာဘက်ဆမ် ဖြတ်လျှောက်သွားသည်။ ကျွန်တော် ခေတ္တစောင့်ကြည့်နေပြီး သူ့နောက်သို့လိုက်သွားသည်။ သူသည် လမ်းကျဉ်းကလေးတစ် ထဲသို့ ချိုးဝင်သွားသည်။ ကျွန်တော်လည်း ဝင်လိုက်သွားသည်။ သူက မှောင်ရိပ်သို့ရောက် သွားပြီ။ သူ့ကို ကျွန်တော် မျက်ခြည်ပြတ်သွားသည်။

“အစ္စမေ”

”ခင်ဗျာ”

”မင်းတို့ မိသားစုတွေ အခြေအနေဘယ်လိုလဲ၊ လုံခြုံရေးရှိရဲ့လား”

”ရှိပါတယ် ခင်ဗျာ၊ ဗလီကြီးထဲ ဝင်ပုန်းနေကြပါတယ်”

'ကောင်းတယ်၊ ကောင်းတယ်၊ မင်း ဖေဖေကိုတော့ ငါ စိန့်ပီတာဘုရားရှိခိုးကျောင်း ထဲ ဝှက်ထားခဲ့ပြီ၊ မင်း အဲဒီနေရာ သိတယ်မဟုတ်လား”

“ဟုတ်ကဲ့၊ သိပါတယ် ခင်ဗျာ”

“ဒီတော့ မင်းမေမေတို့အုပ်စုကိုခေါ်ပြီး ဘုရားရှိခိုးကျောင်းနောက်ဘက်ကိုသူ အဲဒီမှာ ဟင်နရီဆိုတဲ့ ကိုယ်တော်ကလေးနဲ့ တွေ့လိမ့်မယ်၊ သူက ခရစ်ယာန်အာရပ်လူမျိုး ငါနဲ့သိပ်ရင်းနှီးတယ်၊ သူတို့က မင်းတို့မိသားစုကို ဘုရားရှိခိုးကျောင်းထဲမှာ ခိုလှုံခွင့် လိမ့်မယ်”

“ဒါနဲ့ ဦးအတွက်ရော၊ စိတ်ချရပါ့မလား”

“အဲဒါတော့ အတပ်မပြောနိုင်သေးဘူးကွ၊ သူတို့က ငါ့အိမ်နဲ့ဈေးဆိုင်ကိုလည်း စောင့်ကြည့်နေကြတယ် ထင်တာပဲ၊ မတတ်သာလျှင် ငါကောင် သင်္ဘောနဲ့လိုက်ရလိမ့် ထင်တယ်၊ အတိအကျတော့ မပြောနိုင်သေးဘူး”

ယင်းသို့ ပြောပြီးနောက် သူပြန်ထွက်သွားသည်။

ကျွန်တော်တို့ မိသားစုအားလုံး ဘုရားရှိခိုးကျောင်းမှ ကျက်သရေ တိုက်ခန်းများ ကလေးထဲသို့ ရောက်ရှိနေကြသည်။ ပြတင်းပေါက်မှ ကြည့်လိုက်လျှင် ဆိပ်ကမ်း ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းအပေါ်မှ တဲလ်အဗစ်မြို့တို့ကို ကောင်းစွာမြင်နေရသည် ညနေစောင်းတော့ မစ္စတာဟာရစ်စီယာဒင်၏ "ကလီယိုပါတရာ" သင်္ဘောဆိပ် တံတားသို့ ဝင်လာသည်ကို မြင်ရသည်။

ကျွန်တော်သည် ဘုရားကျောင်းထဲမှ တိတ်တိတ်ကလေးထွက်ကာ သင်္ဘောဆိုက် ကပ်ထားသော နေရာအနီးရှိ မီးပြတိုက်ဆီသို့ ဆင်းလာခဲ့သည်။ တဘားရွာသားများ အားလုံး သင်္ဘောဆိပ်သို့ ရောက်နေကြပြီ။

ကောက်ဂျီ၏ တပ်သားတစ်ရာခန့်တို့က လူအုပ်ထဲတွင် တိုးဝှေ့တွန်းကန်ရင်း ဒေဖေ့ကို သဲသဲမဲမဲလိုက်ရှာနေကြသည်။ ဖေဖေ့ကို ရှာမတွေ့သောအခါ ဆိပ်ကမ်းအာဏာ နိုင်မှာက သင်္ဘောထွက်ခွာချိန်ကို တမင်ဆိုင်းငံ့ထားကြသည်။ မစ္စတာဟာရစ်စီယာဒစ်က သူ့သင်္ဘောထွက်ချိန် နောက်ကျနေပြီဖြစ်ကြောင်း မကျေမနပ်နှင့် တတွတ်တွတ် ညည်းတွား သည်။

ထို့နောက် တဲလ်အဗစ်နှင့်ဂျက်ဖာအကြားရှိ ရေ့တန်းစစ်မျက်နှာများ ကျိုးပေါက် ကုန်ပြီဟူသောသတင်း ရောက်ရှိလာသည်။ ဤတွင် အီရတ်တပ်သားတွေအားလုံး သင်္ဘော ဆိပ်မှ အလျင်အမြန် ထွက်ခွာသွားကြသည်။ ထိုအခါမှ ရွာသားတွေလည်း သင်္ဘောပေါ်သို့ သူ့ထက်ငါ အလုအယက်တိုးဝှေ့တက်ကြတော့သည်။ သင်္ဘောကုန်းပတ် တစ်ခုလုံးခြေချ ရောမရှိအောင် လူတွေ ပြွတ်သိပ်ပိတ်ကျပ်နေသည်။ ကျွန်တော်တို့ မိသားစုကိုသွားခေါ်ရန် နံမရှိတော့။ ကျွန်တော်တို့မိသားစုမှာ ဂျက်ဖာတွင် သောင်တင်ကျန်ရစ်ခဲ့ရတော့သည်။ "ကလီယိုပါတရာ" သည် ဆိပ်ခံတံတားမှ ခွာစပြုနေပြီ။

ကျွန်တော်သည် နောက်ပြန်လှည့်ပြီး ဘုရားရှိခိုးကျောင်းရှိရာ တောင်ကုန်းပေါ်သို့ ပေးတက်လာခဲ့သည်။ သင်္ဘောသည် ကျွန်တော့်အောက်ဘက်တွင် တရွေ့ရွေ့နှင့် မောင်း ထွက်ခွာနေပြီ။

သ ည် ကျွန်တော် ရပ်ကြည့်နေစဉ်မှာပင် သင်္ဘောသည် ဆိပ်ကမ်းအစွန်သို့ ရောက်သွားပြီ။ နောက် တဖြည်းဖြည်းနှင့် ပင်လယ်ပြင်ထဲသို့ ရောက်ရှိသွားပြီ။

ကျွန်တော်သည် စိန့်ပီတာဘုရားရှိခိုးကျောင်းသို့ ပြန်လာခဲ့သည်။ အပြင်ဘက်တွင် အရည်ဆန်တန်းနှစ်တန်း အဆက်မပြတ် ဖြတ်သွားနေသည်ကို ပြတင်းပေါက်မှ မြင်နေကြရ သည်။ ဤအခြေအနေကို ကြည့်ခြင်းအားဖြင့် ယနေ့ညတိုက်ပွဲသည် ဖြိုးဖြိုးဖြောက်ဖြောက် နှောင်းပစ်တိုက်ပွဲမဟုတ်ဘဲ တကယ့် သဲသဲမဲမဲတိုက်ပွဲကြီးဖြစ်လိမ့်မည်ဆိုသည်ကို သေချာ ခေါက် ပြောနိုင်သည်။

ကလီယိုပါတရာသင်္ဘောသည် နေလုံးကြီးနှင့်အတူ မိုးကုပ်စက်ဝိုင်းအောက်သို့ ရောက်သွားပြီ။ ထို့နောက် မြင်ကွင်းမှ လုံးဝပျောက်ကွယ်သွားတော့သည်။

အခန်း (၁၆)

အာဂွန်းအုပ်စုသည် တခြားမည်သည့် ဂျူးတပ်ဖွဲ့များ၏ အကူအညီကိုမျှမ ဂျက်ဖာမြို့ မန်ရှိယနယ်မြေကို အလုံးအရင်းဖြင့် ထိုးစစ်ဆင်တိုက်ခိုက်သည်။ ကတုတ် ကောင်းကောင်းဖြင့် အကာအကွယ်ယူထားသော အာရပ်လက်နက်ကိုင် တပ်ပေါင်း ကလည်း သဲကြီးမဲကြီးတိုက်ပြီးရင်းတိုက်ရင်း ပြန်တိုက်သည်။ - အာဂွန်းတပ်ဖွဲ့ များက အတင်းထိုးဖောက်တိုက်ခိုက်ပြီး မြို့ပြင်ရွာအချို့ကို သိမ် နိုင်သည်။ သို့သော် အာဂွန်းတပ်ဖွဲ့တွင် စနစ်တကျ တိုက်ခိုက်ရေးလေ့ကျင့်မှုမရှိခြင်း ခေါင်းဆောင်မှု ညံ့ဖျင်းခြင်းတို့ကြောင့် ကြိုးစားသလောက် အရာမထင်ဖြစ်နေသည်။ ထို့ကြောင့် သိမ်းယူထားသော ရွာများကို ပြန်လည်လက်လွှတ်ရပြီး အရုဏ်တက်ချိန်းသူ တဲလ်အဗစ်သို့ ပြန်ဆုတ်လာခဲ့ကြရသည်။

အာဂွန်းတပ်ဖွဲ့ က မိမိ၏အရှုံးကို ပြန်ချေရန်အတွက် ဟာဂနာတပ်ဖွဲ့ထံ အကူ တောင်းသည်။ ပါလက်စတိုင်းတစ်ခွင်တွင် တိုက်ပွဲများ ပြင်းထန်လာသည်နှင့်အမျှ လက်နက်ကိုင် တပ်ဖွဲ့ နှစ်ဖွဲ့ တို့၏ ပဋိပက္ခများလည်း မကြာခဏဖြစ်ပွားခဲ့ကြရသည်။ ယခုသော် ဂျူးလက်နက်ကိုင်တပ်ဖွဲ့ များတွင် မည်သူက အာဏာပိုင်နေရာကို ရရှိမည်ဟူ အချက်ကို ပြတ်ပြတ်သားသား သိရှိကြရတော့သည်။

သို့ဖြင့် တပ်ဖွဲ့ နှစ်ဖွဲ့ အမြန်ဆုံးတွေ့ဆုံဆွေးနွေးကြသည်။

ဂျက်ဖာစစ်မြေပြင် ဟာဂနာတပ်ဖွဲ့၏ဦးဆောင်မှုကို လက်ခံပါက အာဂွန်းတပ်ဖွဲ့ မှ တောင်းခံသောအကူအညီ ပေးမည်ဟု ဟာဂနာတပ်ဖွဲ့ က တင်ပြသည်။ အာဂွန်းတပ်ဖွဲ့ကလက်ခံပြီး ဟာဂနာတပ်ဖွဲ့ အကူအညီဖြင့် မန်ရှိယနယ်မြေကို ထပ်မံတိုက်ခိုက်သည်။)

တစ်ချိန်တည်းတွင် ဟာဂနာတပ်ဖွဲ့ ကလည်း ဂျက်ဖာတစ်ဝိုက်ကို ထိုးသော တိုက်ခိုက်သည်။ ၎င်းတို့၏ရည်ရွယ်ချက်မှာ ဂျက်ဖာနှင့် လိုင်ဒါကြားရှိ အာရပ်တပ်အား ကို မောင်းထုတ်ပစ်ရန် ဖြစ်သည်။ သို့မှသာလျှင် သူတို့အနေဖြင့် အာရပ်တို့ဘက်မှ စစ် ဖြည့်တင်းမှုကို မကြောက်ရဘဲ လေယာဉ်ကွင်းကို အလွယ်တကူ သိမ်းယူနိုင်မည်ဖြစ်သော ဂျက်ဖာမြို့ကိုသိမ်းရန် ဂျူးတို့၏ စီမံကိန်းသည် ဗြိတိသျှတို့အတွက် လည်ချောင်း အရိုးမျက်စရာ ဖြစ်နေသည်။ ဗြိတိသျှတို့ကလည်း အာရပ်မြို့ဖြစ်သော ဂျက်ဖာကို လက်မှ ကယ်တင်လိုသည်။ ထို့ကြောင့် ဗြိတိသျှတို့သည် ပါလက်စတိုင်းမှ ဆုတ်ခွာသွား သည့်တိုင်အောင် အီဂျစ်နှင့်ဆိုက်ပရပ်ရှိတပ်များကို ပါလက်စတိုင်းသို့ ချက်ချင်း ပြန်လည် ချီတက်စေသည်။

သို့သော် ဂျက်ဖာကို ဂျူးတို့က လက်ဦးအောင် ဝင်ရောက်သိမ်းပိုက်ထားလိုက်ပြီ ဖြစ်သည်။ ထိုအခါ ဗြိတိသျှတပ်များမှာ ဘာမှလုပ်စရာမရှိတော့ဘဲ အာရပ်လူမျိုးများထွက် လိုလျှင် လုံခြုံစွာ ထွက်ပြေးနိုင်ရေးအတွက် အကူအညီပေးရုံမျှသာ လုပ်ပေးနိုင်တော့ ည်။ ဂါဇာတစ်ဝိုက်ရှိ အာရပ်နယ်မြေများကို အကာအကွယ်ပေးရန် တစ်လမ်းရှိ သည်။ ဂျူးမြို့ဖြစ်သော ဘက်ယမ်မြို့က လမ်းပိတ်ထားသည်။

ဗြိတိသျှတပ်များက ဘက်ယမ်မြို့ကို ကုန်းကြောင်း၊ လေကြောင်းဖြင့်ဝင်တိုက်ပြီး ထမ်းရင်းရန် သံချပ်ကာကားကြီးများဖြင့် ဖောက်ဝင်လာသည်။ အဖြစ်ကတော့ အလွန်လေလုံ သော ဆိုဒါ ပုလင်းဖုံး ဖောက်ဖွင့်လိုက်သည်နှင့် အလွန်တူသည်။ ဂျက်ဖာမှ အာရပ်တွေ ထွက်လာပြီး တောင်ဘက်သို့ထွက်ပြေးကြတော့သည်။ ဟာဂနာတပ်ဖွဲ့ ကလည်း ဗြိတိ သူတို့နှင့် ထိပ်တိုက်ရင်ဆိုင်ချင်သောကြောင့် အာရပ်များအား လုံးဝအန္တ ရာယ်မပြုဘဲ ခွာပေးလိုက်ပြီး ဂျက်ဖာကို လေးဖက်လေးတန် ဝိုင်းထားလိုက်ကြသည်။

ကျွန်တော်တို့သည် တိုက်ပွဲများကို ဘုရားရှိခိုးကျောင်းကုန်းမြင့်ပေါ်မှ မြင်နေရသည်။ အစံညလုံး တရစပ်ပစ်ခတ်နေကြသည်။

တိုက်ပွဲတတိယမြောက်နေ့တွင် မစ္စတာဘာက်ဆမ်တစ်ယောက် ပျောက်သွားကြောင်း ကိုယ်တော်ကလေးဟင်နရီက ကျွန်တော်တို့အား လာရောက်သတင်းပေးသည်။ မစ္စတာ အက်ဆမ်သည် ထွက်ပြေးသွားခြင်းလား၊ သို့တည်းမဟုတ် ကျွန်တော်တို့မိသားစုအား အကူအညီ ပေးသောကြောင့် ကောက်ဂျီတပ်များက သတ်ပစ်ခြင်းလားဆိုသည်ကိုတော့ ပ်မပြောနိုင်ဟု ပြောသည်။

ထို့ပြင် ဗြိတိသျှတပ်များက ဘက်ယမ်အထိ လမ်းဖွင့်ထားကြောင်း၊ ထို့ကြောင့် ကျွန်တော်တို့မိသားစုလည်း ပြောင်းရွှေ့သွားကြသော ဒုက္ခသည်များနှင့်ရောာ၍ လိုက်သွား သင့်ကြောင်း ကိုယ်တော်လေးက အကြံပေးသည်။

သို့သော် ဖေဖေက မုသားစကားအနည်းငယ်သုံးပြီး ငြင်းပယ်လိုက်သည်။ ဂျက်ဖာ ထွက်ရန် နှစ်လမ်းသာရှိသည်။ တစ်လမ်းမှာ လမ်းမကြီးအတိုင်း တောင်ဘက်သို့သွားရန် ဖြစ်ပြီး၊ နောက်တစ်လမ်းမှာ ဆိပ်ကမ်းမှ ထွက်ခွာရန်ဖြစ်သည်။ ယင်းနှစ်လမ်းလုံးတွင် ကောက်ဂျီ၏တပ်များက ဖေဖေ့ကို သဲသဲမဲမဲလိုက်ရှာနေကြောင်း ဖေဖေက ပြောပြသည်။

(သို့ဖြင့် ကျွန်တော်တို့သည် စိန့်ပီတာဘုရားရှိခိုးကျောင်းတွင်ပင် ဆက်လက်နေထိုင် ခွင့်ရကြသည်။

ဗြိတိသျှတပ်များ ဆုတ်ခွာသွားသောအခါ ဂျူးတို့က ဂျက်ဖာမြို့ကို သိမ်းလိမ့်မည်ဟု ဒေဖေက ကျွန်တော့်ကိုပြောသည်။သူ့အနေဖြင့် ယခုလည်း ကောက်ဂျီ၏ရန်ကို ကြောက်နေ မည့်အတူတူ ဂျူးတွေကသတ်လျှင်လည်း မထူးတော့။ အသေခံရုံသာ ရှိတော့သည်ဟု သည်။

သို့သော် ဖေဖေ၏စိတ်ထဲမှာတော့ တစ်မျိုးခံယူထားသည်။ ဂျူးတွေက ဂျက်ဖာကို သိမ်းလျှင် သူ့ကို တဘားသို့ ပြန်ခွင့်ပြုလိမ့်မည်။ ယင်းသို့ဖြင့် သူသည် ဘကြီးဖရောက်အ   လက်စားချေခွင့် ကောင်းကောင်းရနိုင်လိမ့်မည်ဟု

မျှော်လင့်ထားသည်။

နောက်နှစ်ရက်အကြာတွင် ကိုယ်တော်လေးဟင်နရီသည် ကျွန်တော်တို့ထံသို့ ရေးကြီးသုတ်ပြာနှင့် ရောက်လာသည်။ ကောက်ဂျီ၏ တပ်သားအချို့သည် ဘုရားရှိခိုး ကျောင်းတစ်ဝိုက်တွင် ရစ်သီရစ်သီလုပ်ကာ အနံ့ခံနေကြကြောင်း၊ ကျွန်တော်တို့ အကြောင်း ကိုလည်း စစ်ဆေးမေးမြန်းကြကြောင်း၊ ထို့ကြောင့် ဘုရားရှိခိုးကျောင်းတွင် ကျွန်ုပ်တို့အား ဆက်လက်၍ ဝှက်မထားနိုင်တော့ကြောင်း သူက တုန်တုန်ယင်ယင်နှင့် ပြောပြသည်။

ဤတွင် ဖေဖေသည် အကြံကုန် ဂဠုန်ဆားချက်ရတော့သည်။ သူ့အဖို့ နောက်ဆုံး အားထားရာဆိုလျှင် ဂီဒီယံအက်ရှ်သာ ရှိတော့သည်။ သူသည် ဂီဒီယံအက်ရှ် ပေးထားသော ဖုန်းနံပါတ်များကို သိမ်းထားသည်။ သို့သော် ဂျက်ဖာမှ တယ်လီဖုန်းလိုင်းကြိုးအားလုံးရဲ့ ဖြတ်ထားသည်ဟု ကိုယ်တော်လေးက ပြောသည်။ သို့ဖြင့် ဖေဖေနှင့် ကျွန်တော်တို့သည် သွေးရူးသွေးတန်းဖြင့် အကြံထုတ်ကြရတော့သည်။

ထိုနေ့ညဦးပိုင်းတွင် ကျွန်တော်တို့သည် ဘုရားရှိခိုးကျောင်းမှ တိတ်တဆိတ်ထွက် သည်။ မှောင်မည်းနေသော လမ်းကြိုလမ်းကြားကလေးများကိုဖြတ်ပြီး ရှေ့တန်းစစ် နှာသို့ဦးတည်ထွက်လာခဲ့သည်။ ကျွန်တော့်မှာ ချာတိတ်ကလေးတစ်ယောက်ဖြစ်၍ ဘယ် သူကမျှ အလေးအနက် ဂရုမစိုက်ကြသောကြောင့် ကံကောင်းသည်ဟုဆိုရမည်။ ပြီးတော့ လည်း လူငယ်လက်နက်ကိုင်တပ်တွင် ကျွန်တော့်အရွယ်နှင့် ကျွန်တော့်ထက် နည်းနည်း ကြီးသော ကလေးများပင် လက်နက်ကိုင် တိုက်ခိုက်နေကြသောကြောင့် ကျွန်တော်ကို သံသယဖြစ်စရာ အကြောင်းမရှိ။

ကျွန်တော်က လူသာငယ်သော်လည်း လည်တော့ တော်တော်လည်သည်။ ပြီး ကျွန်တော်သည် ဗီဇကိုကလည်း ထက်မြက်သည်။ ယခုအချိန်တွင် တိုက်ပွဲများ ဖြစ်ပွား သည့်တိုင်အောင် မြို့နှစ်မြို့ကြားရှိလေဟာပြင်ဈေးတော့ ဖွင့်ကောင်းဖွင့်လိမ့်မည်ဟု ကျွန်တော် တွေးမိသည်။ ကျွန်တော့်အတွေး

တကယ်ပင်မှန်နေသည်။

ကျွန်တော်သည် အိမ်ခေါင်မိုးပေါ်မှနေ၍ ဈေးခင်းထဲသို့ လှမ်းကြည့်လိုက်သည်။ ဈေးထဲတွင် လူတွေကြိတ်ကြိတ်တိုးနေကြသည်။ သို့ သော် လက်နက်ကိုင်တော့ တစ်ယောက် မျှမတွေ့ရ။ လူတိုင်းသည် သယ်ယူမသွားနိုင်သည့်ပစ္စည်းမှန်သမျှကို ဈေးထဲတွင် ရောင် နေကြသည်။

ကျွန်တော် ဈေးခင်းထဲ ဝင်လာခဲ့သည်။ ရောင်းကုန်ပစ္စည်းအဖြစ် ရာမီဇာ နောက်ဆုံးကျန်နေသော လက်ကောက်တစ်ကွင်း ပါလာသည်။ ထို့ပြင် ကျွန်တော်ကိုယ် အင်္ဂလိပ်လိုရေးထားသော စာတစ်စောင်လည်း ပါလာသည်။

ကျွန်တော် ဈေးဆိုင်များရှေ့မှ ဖြတ်လျှောက်လာသည်။ ကျွန်တော့်လက်ထဲ စာကိုပေးရန် ယုံကြည်ရမည့်သူ တစ်ယောက်ယောက်များ တွေ့မည်လားဟု လူတိုင်း အကဲခတ်၍ ကြည့်လာသည်။ ယုံကြည်ရမည့် ရုပ်ရည်ရှိသည့် လူတစ်ယောက်မျှမ ကျွန်တော်က သိပ်ငယ်သေးတော့ သူတို့က ကျွန်တော့်ကို တစ်ပတ်လှည့်နှင့် နှပ်သူ ကျွန်တော်က လက်ကောက်ကို လုယူသွားဖို့ စကားစမြည်ပြော ကျွန်တော်သည် ဂျူးကုန်သည်များရှိရာသို့ ကပ်သွားပြီး စကားစမြည်ပြောကြ သည်။ သို့သော် ကျွန်တော်က ဟီးဘရူးစကားကို သိပ်ပြီး ရေရေလည်လည် မ တတ်ကြ။ ပြောတတ်သူတွေကလည်း ယုံကြည်နိုင်လောက်သော လက္ခဏာမရှိကြ ဈေးတန်းအဆုံးတွင် ခြံစည်းရိုးတစ်ခုရှိသည်။ တံခါးပေါက်မှ လူတွေ ဝင်လိုက် ထွက်လိုက်လုပ်နေကြသည်။ တစ်ဖက် ခပ်လှမ်းလှမ်းတွင်တော့ ဈေးထဲမှ ပြန်ထွက်သွားကြ များကို ဂျူးစစ်သားများက စစ်လားဆေးလား လုပ်နေကြသည်။ ဟုတ်ပြီ ဤသည်ပင်လျှင် ကျွန်တော့်အတွက် အခွင့်အရေးဖြစ်တော့သည်။

ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် အားတင်းလိုက်သည်။

ကဲ...အစ္စမေ။ ကြိုးစားလိုက်စမ်း။ ခြံစည်းရိုးထဲ ဝင်သွားလိုက်စမ်း။ အတန်ကြာကြာ ဆိုင်းနေပြီးတော့မှ ခြံစည်းရိုးနားသို့ ကျွန်တော်ကပ်လာခဲ့သည်။ မကြောက်နဲ့။ မပြေးနဲ့။ ပေးလျှင် ပစ်လိမ့်မယ်။ လူဝဝကြီးတွေကိုကြည့်။ သူတို့ကြားကဝင်ပြီး အသာလေးကပ် လိုက်သွား။

ဟုတ်ပြီ။ မမျှော်လင့်ဘဲ ကံကောင်းတာပဲ။ က်... လိုက်သွားလေ။

လိုက်သွားပါ။ ဘူး။ သွား...။

သို့ဖြင့် ဈေးသည်မြင်းလှည်းတစ်စီး၏နောက်သို့ ကျွန်တော် စွေ့ခနဲ ခုန်တက်လိုက် သည်။ ပုံစံကတော့ ကိုယ့်အိမ်က လှည်းပေါ်ကိုယ်တက်လိုက်လာသည့် သဘောမျိုးပဲပေါ့။

ဟန်ကျပြီ။ ကျွန်တော် ဂျူးရပ်ကွက်ထဲသို့ ရောက်လာခဲ့သည်။ လှည်းမောင်းသမားက ကျွန်တော်လိုက်ပါလာသည်ကို လုံးဝမရိပ်မိ။

နောက်ဆုံးတွင် ကျွန်တော်တို့လှည်းသည် လုံခြုံရေးစခန်းဂိတ်ဝသို့ ရောက်လာသည်။

လက်တစ်ချောင်းက ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်ပြီး ကျွန်တော့်ကို လှည်းပေါ်မှ ဖြုတ်ခနဲဆွဲချလိုက်သည်။ ဂျူးစစ်သားတစ်ယောက်။

သူက ကျွန်တော့်ကို မျက်နှာထားတင်းတင်းနှင့် စိုက်ကြည့်နေသည်။ ငါတော့ သွားပြီဟု ထင်လိုက်မိသည်။

“မင်း ဒီဘက်ကို မလာရဘူး” သူက ဟီးဘရူးစကားဖြင့် ပြောသည်။ “ရဲဘော် အင်္ဂလိပ်စကားပြောတတ်သလား” ကျွန်တော်က ပြန်မေးလိုက်သည်။

ဂျူးစစ်သားက ကျွန်တော့်ကို ဘေးသို့တွန်းပစ်လိုက်ပြီး တစ်ဖက်ခြမ်းသို့ ပြန်သွားရန် ကဲကိုဌေ့ရမ်းပြသည်။

ကျွန်တော်က သူ့အနား ပြန်ကပ်သွားပြီး “အင်္ဂလိပ်၊ အင်္ဂလိပ်၊ အင်္ဂလိပ်" ဟူ၍ အော်ပြောလိုက်သည်။

အလ္လာအရှင်မြတ် ကျေးဇူးဟုပင် ဆိုရလိမ့်မည်။ ကျွန်တော့်ကို တခြားစစ်သားတစ် ယောက်က စိတ်ဝင်စားသွားသည်။ “ချာတိတ်က ဘာလိုချင်လို့လဲ” ဟု သူက အင်္ဂလိပ်လိုမေးသည်။

ကျွန်တော်သည် အသက်တစ်ချက် မှုတ်ထုတ်လိုက်ပြီး မျက်လုံးများမှိတ်ကာ ၊ အိတ်ကပ်ထဲမှ စာရွက်ကို ဆွဲထုတ်လိုက်သည်။ ထို့နောက် စာရွက်ကို စစ်သားလက်ထဲ ထည့်ပေးလိုက်သည်။

စစ်သားက ခေါင်းကုတ်ရင်း စာကို ဖြည်းဖြည်း ဖတ်နေသည်။

၉ ကျွန်တော့်နာမည် အစ္စမေဖြစ်ပါတယ်။ ကျွန်တော့် ဖေဖေက ဟာဂျီ အီဘရာဟင်အေလ်ဆူကိုရီအေလ်ဝါဟာဘီ ဖြစ်ပါတယ်။ သူဟာ တဘားရွာအကြီးအကဲပါ။ ဖေဖေဟာလူကြီးမင်းတို့ရဲ့ တပ်မှူးကြီး ဂီဒီယံ အက်ရှ်နဲ့ အလွန်ခင်မင်ရင်းနှီးပါတယ်။ ကျွန်တော်တို့ ဒုက္ခရောက်လျှင် သူ့ဆီကို ဖုန်းဆက်ပါလို့ မစ္စတာဂီဒီယံက ဟောဒီ... ဖုန်းနံပါတ်ကို ပေးထားပါတယ်။ အခု ကျွန်တော်တို့ မိသားစုအားလုံး ဝိုင်းပိတ်ခံနေ ရပါတယ်။ ကျေးဇူးပြုပြီး မစ္စတာဂီဒီယံဆီ ဖုန်းဆက်ပေးစေလိုပါတယ်။ အများကြီး ကျေးဇူးတင်ပါတယ် ခင်ဗျား။

ထိုအချိန်တွင် စစ်ဗိုလ်တစ်ယောက်ရောက်လာပြီး စာကိုယူဖတ်ကြည့်သည်။ သူတို့ သုံးယောက်စလုံး ကျွန်တော့်ကို စေ့စေ့စပ်စပ် အကဲခတ်နေကြသည်။

“ဒါ ဉာဏ်ဆင်တာ ဖြစ်နိုင်တယ်” စစ်သားတစ်ယောက်က ပြောသည်။ “

“ဉာဏ်ဆင်တာ မဟုတ်ပါဘူးခင်ဗျား၊ ဉာဏ်ဆင်တာမဟုတ်ပါဘူး၊ တည့်တည့် အဖြစ်ပါ။ ကောက်ဂျီက ဖေဖေ့ကိုသတ်ဖို့ လိုက်ရှာနေတာ အမှန်ပါခင်ဗျား၊ ကျေးဇူးပြုပြီး ကူညီပါခင်ဗျား”

ကျွန်တော်က သွေးရူးသွေးတန်းဖြင့် တောင်းပန်လိုက်သည်။ “နေဦး၊ ခဏနေဦး ချာတိတ်”

စစ်ဗိုလ်က ယင်းသို့ ပြောပြီးနောက် ကင်းရုံဖြစ်ဟန်တူသော အိမ်ကလေးတစ် ထဲဝင်သွားသည်။ ခဏကြာတော့ အခြားစစ်ဗိုလ်တစ်ဦးနှင့်အတူ ပြန်ရောက်လာသည်။ ဒုတိယစစ်ဗိုလ်က စာကိုယူဖတ်ပြန်သည်။ ပြီးတော့ ကျွန်တော့်ကို သေသေချာချာ အ ခတ်သည်။ သူ ဝေခွဲမရ ဖြစ်သွားဟန်တူသည်။

“ကျွန်တော်တို့က အိမ်နီးချင်းတွေပါ ခင်ဗျား၊ နေသူရိန်ဘုံရိပ်သာနဲ့ တဘား အိမ်နီးချင်းတွေပါ”

ဟု ကျွန်တော်က ပြောလိုက်သည်။

“ကောင်းပြီလေ” ဒုတိယစစ်ဗိုလ်က ပြောသည်။ “သူ့ဆီကို ငါ ဒီညဆက်လိုက် မနက်ဖြန် မင်းပြန်လာခဲ့ပေါ့ ဟုတ်လား”

“မနက်ဖြန် မလုပ်ပါနဲ့ခင်ဗျား၊ အခုပဲ သူ့ကို ဆက်ပေးပါ၊ ကျွန်တော် မစ္စတာ ဒီယံနဲ့ မတွေ့ဘဲ ပြန်သွားလို့ မဖြစ်လို့ပါ ခင်ဗျာ ။

“ဒါပေမယ့် မင်း ဒီမှာနေလို့မဖြစ်ဘူး ချာတိတ်၊ နောက်တစ်နာရီဆိုလျှင် - ပိတ်တော့မယ်၊ ဈေးပိတ်လျှင် ဒီတစ်ဝိုက် ပစ်ကြခတ်ကြတော့မယ်”

“ကျေးဇူးပြုပြီး ကူညီပါခင်ဗျား”

ကျွန်တော်သည် လက်ကောက်ကို အိတ်ထဲမှဆွဲထုတ်ပြီး စစ်ဗိုလ်အား ကမ်းလိုက်သည်။

“မင်းအိတ်ထဲ ပြန်ထည့်ထားပါ၊ လာ၊ ငါ့နောက်လိုက်ခဲ့”

ထို့နောက်တွင်တော့ စစ်ဗိုလ်က ကျွန်တော့်ကို လက်ဆွဲပြီး ခေါ်သွားပါတော့သည် ကျွန်တော်တို့သည် စစ်ဆေးရေးဂိတ်ကို ဖြတ်လာခဲ့ပြီးနောက် ကားဟောင်းတစ်စီး တက်ကြသည်။ စစ်ဗိုလ်ကိုယ်တိုင်ကားမောင်းပြီး တဲလ်အဗစ်ကို ထွက်ခွာလာခဲ့သည်။

”ငါက အာဂွန်းတပ်ဖွဲ့ ကပဲကွ” ဟု စစ်ဗိုလ်က ပြောသည်။ ဘုရား…ဘုရား… ဒီတစ်ခါတော့ ကျွန်တော် တကယ်သေပြီ။ စစ်ဗိုလ်က ဆက်လက်၍“မင်းကို ငါ အနီးဆုံး ဟာဂနာတပ်ဖွဲ့ကိုပို့ပေးမယ်” . သည်တော့မှ ကျွန်တော် အနည်းငယ်စိတ်သက်သာရာရသွားသည်။ ငါ့ကို သူတို့ သတ်ပါဘူးဟုလည်း ယုံကြည်ချင်လာသည်။

မကြာမီတွင် ကျွန်တော်တို့သည် ဆင်းရဲသားရပ်ကွက်တစ်ခုထဲသို့ဝင်လာပြီး စစ်သား များနှင့်ပြည့်နေသော အိမ်တန်းများရှေ့တွင် ကားကိုရပ်လိုက်သည်။ ပထမတော့ ကျွန်တော် တော်တော်ကလေးကြောက်နေမိသည်။ ခဏကြာတော့မှ ကြောက်ပြေသွားသည်။ ကျွန်တော့်ကို ဘယ်သူမှ မေးလားမြန်းလားမလုပ်ကြပါ။ ခြောက်လား လှန့်လားလည်း လုပ်ကြပါ။

အာဂွန်းစစ်ဗိုလ်က ကျွန်တော့်အပေါ် အတော်ကြင်နာမှုရှိကြောင်း သိသာပါသည်။

ကျွန်တော့်ကို အိမ်ကြီးတစ်ဆောင်ထဲသို့ ခေါ်လာခဲ့သည်။

အတွင်းတံခါးဝတွင် စစ်သားတစ်ယောက် စောင့်နေသည်။ အာဂွန်းစစ်ဗိုလ်က စစ်သားနှင့်စကားပြောသည်။ စောင့်စစ်သားက ကျွန်တော်တို့အား အခန်းထဲသို့ ဝင်ခွင့်ပြုသည်။

စားပွဲနောက်တွင် ဟာဂနာစစ်ဗိုလ်ကြီးတစ်ယောက် ထိုင်နေသည်။ သူ့ကို ကြည့်ရ သည်မှာ တခြားစစ်ဗိုလ်များထက် ရာထူးကြီးပုံရသည်။ သူက ကျွန်တော့်ကို အာရေဗစ် စကားနှင့် ပြောသည်။ ကျွန်တော်က ဖြစ်ကြောင်းကုန်စင်ကို ပြောပြသည်။ ထို့နောက် ခန်းမထဲသို့ခေါ်လာခဲ့ပြီး အခန်းတစ်ခန်းထဲသို့ ဝင်လာကြသည်။ အခန်းထဲတွင် ကုလားထိုင် နှစ်လုံးသာရှိပြီး လူတစ်ယောက်မျှမရှိ။

ကျွန်တော့်ကို ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ခိုင်းသည်။

စစ်ဗိုလ်ကြီးသည် ကျွန်တော့်ကို မေးခွန်းတွေ စုံနေအောင်မေးသည်။ မိသားစု အမည်များနှင့် တဘားရွာအကြောင်း နေသူရိန်ဘုံရိပ်သာအကြောင်းတို့ကို အသေးစိတ် မေးသည်။ ကျွန်တော်တို့မိသားစုသည် ဘယ်ယမ်ကိုဖြတ်ပြီး ဘာကြောင့် ထွက်မပြေးကြ ဘလဲဟု ခဏခဏမေးသည်။

သူက ကျွန်တော့်ကို တော်တော့်ကို သံသယဖြစ်နေပုံရသည်။ ဤသို့ဖြစ်ရသည်မှာ ကျွန်တော်က အသက်ငယ်သည်၊ အာရပ်လူမျိုးဖြစ်သည်၊ ဘာသာစကား သုံးမျိုးပြော တတ်သည်။

နောက်ဆုံးတွင် မစ္စတာဂီဒီယံ တစ်ယောက်သာနားလည်မည့် စကားဝှက်တစ်ခွန်း ပြောနိုင်ပါ့မလားဟု သူက ကျွန်တော့်ကိုမေးသည်။ ကျွန်တော် အကြာကြီးစဉ်းစားနေသည်။ ဤအချက်သည် ကျွန်တော်တို့မိသားစုအတွက် အလွန်အရေးကြီးသည်။ သေရေးရှင်ရေး ဇင်သည်။

'ရာမိဇာရဲ့ ကလေး သေတဲ့ညက မစ္စတာဂီဒီယံကို ကျွန်တော် သွားခေါ်ခဲ့ရပါတယ်လို့ ခေါ် သုကိုပြောပြပါ”

ဟု ကျွန်တော်က စကားဝှက်ပြောလိုက်သည်။

'

”ဘယ်လောက်ကြာမယ်တော့ မပြောတတ်ဘူးကွ၊ မင်း ဒီမှာပဲထိုင်နေ၊

ဘယ် ထွက်သွားဖို့ မကြိုးစားနဲ့”

ယင်းသို့ပြောပြီး စစ်ဗိုလ်ပြန်ထွက်သွားသည်။

ခဏအကြာတွင် အိပ်ရာခင်းနှင့် စားစရာများယူပြီး စစ်သားတစ်ယောက် ဝင်လာ သည်။ ရွာမှ ထွက်လာသည့်နေ့ကစပြီး ကျွန်တော် ထမင်းဝအောင်မစားခဲ့ရ။ ထို့ကြောင့် ပလုတ်ပလောင်းနှင့် အငမ်းမရစားပစ်လိုက်သည်။

စစ်သားများ တစ်ယောက်ပြီးတစ်ယောက် ဝင်လာပြီး ကျွန်တော့်ကို ခဏခဏ လာကြည့်ကြသည်။ အားလုံးပင် ကျွန်တော့်အပေါ် ကြင်နာစွာဆက်ဆံကြသည်။ ကျွန်တော် နေသာထိုင်သာရှိသွားသည်။

ကျွန်တော် တော်တော်ပင်ပန်းနေပြီ။ သို့သော် အိပ်ချင်စိတ်လုံးဝမရှိ။ မအိပ်ရ ကြိုးစားအားတင်းထားရင်းမှ မှေးခနဲ ငိုက်မျဉ်းသွားသည်။

“အစ္စမေ”

ကျွန်တော့်နာမည်ကို ခေါ်သံကြား၍ မျက်လုံးဖွင့်ကြည့်လိုက်သည်။ မစ္စတာဂီ၏ သည် ကျွန်တော့်ဘေးတွင် ဒူးထောက်ထိုင်နေသည်။ ကျွန်တော်က သူ့ကိုအတင်းဖက်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်မိသည်။ ကျွန်တော်သည် ငိုနေရင်းမှပင် ပါးစပ်မှလည်း ဘာ စကားသုံးမျိုးစလုံးရောပြီး စကားတွေ အလောသုံးဆယ်ပြောနေသည်။ ကျွန်တော်တို့ ဖြစ် ရပ်အားလုံးကို အစအဆုံး ပြောပြလိုက်သည်။

ထို့နောက် ကျွန်တော်တို့သည် တပ်မှူး၏ရုံးခန်းသို့ လာခဲ့ကြသည်။ မစ္စတာဂီဒီယံ တပ်မှူးတို့နှစ်ယောက်သား အကြာကြီး စကားပြောနေကြသည်။ ထို့နောက် စားပွဲပေါ်တွင် မြေပုံစာရွက်တစ်ချပ်ကို ဖြန့်ခင်းလိုက်သည်။

“မင်း မြေပုံဖတ်တတ်သလား အစ္စမေ”

”ဟုတ်ကဲ့၊ တတ်ပါတယ် ခင်ဗျား

”ဒါဆို ဟုတ်ပြီ၊ ဒီမှာကြည့်၊ ဒါက စိန့်ပီတာဘုရားရှိခိုးကျောင်း၊ ဒါက ဗလီ၏ ကျောင်းကြီး၊ ဟောဒါက မျှော်စင်”

”ဟုတ်ပါတယ်၊ အဲဒါတွေအားလုံး ကျွန်တော်သိပါတယ်” နောက်ပြီး ဒီမှာ စာတိုက်၊ လမ်းကျယ်ကြီး ပြီးတော့ မောနွေလဘုရားရှိခိုးကျောင်း ကျွန် တော်က နားလည်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် မစ္စတာဂီဒီယံက မြေပုံပေါ်မှတစ်နေရာကို လက်ညှိုးထောက်ပြရင်း

”ဟောဒီ ဂျက်ဖာလမ်းမကြီးအတိုင်းလျှောက်လာပြီး ဘုရားရှိခိုးကျောင်းကို ထိုး သုံးရာလောက် ဖြတ်လာခဲ့၊ ဒီနေရာကို ရောက်လာလိမ့်မယ်၊ လမ်းကြားကလေးတ တွေ့လိမ့်မယ်၊ အဲဒီမှာ ထရပ်ကားတစ်စီး ရပ်ထားလိမ့်မယ်၊ ဒါနဲ့ မင်းမှာနာရီပါလာ

”မပါဘူးခင်ဗျာ” သူက သူ့ လက်ပတ်နာရီကိုဖြုတ်ပြီး ကျွန်တော့်ကိုပေးသည်။

“အဲဒီနေရာမှာ နှစ်နာရီခွဲအထိ စောင့်နေပါ။ ငါ ကင်းလှည့်တပ်ဖွဲ့ ခေါ်ပြီး လတ်) မယ်၊ ငါက “တဘား”လို့ လှမ်းအော်လိုက်မယ်၊ မင်းက “နေသူရိန်”လို့ ပြန်အော်လိုက် ကျွန်တော်သည် ညွှန်ကြားချက်များကို ခေါင်းတညိတ်ညိတ်ဖြင့် အကြိမ်ကြိမ် နေမိသည်။

”ကဲ...မင်းက ဘာပြောချင်တာရှိသေးသလဲ”

”အဲဒီနေရာတစ်ဝိုက်မှာ အာရပ်စစ်သားတွေရှိနေလျှင် ဘယ်လိုလုပ်မလဲ”

ဟာဂနာတပ်မှူးက ကြားဝင်ပြီး မစ္စတာဂီဒီယံအား ဟီးဘရူးစကားနှင့် ပြောသည်။ ကျွန်တော်က တစ်လုံးစ နှစ်လုံးစလောက်သာ နားလည်သည်။ ကျွန်တော့်ကို စိတ်ချရကြောင်း တာဂီဒီယံက ပြောသည်။

“အဲဒီနေရာမှာ အာရပ်တပ်တွေ မရှိကြတော့ပါဘူး၊ တကယ်လို့ သူတို့က ပစ်ခတ် တွင်လည်း တို့ကင်းလှည့်တပ်ကိုသာ ပစ်ကြမှာပါ။ ဒါပေမယ့် မပူပါနဲ့၊ ဒီကောင်တွေကို ထို့က လွယ်လွယ်နဲ့ မောင်းထုတ်ပစ်နိုင်မှာပါ”

ထိုနေ့ နောက်ပိုင်းတွင်တော့ ကျွန်တော်သည် မိသားစုကိုခေါ်ပြီး အာရပ်စစ်သား များကိုရှောင်ကာ နောက်ဖေးလမ်းများမှတစ်ဆင့် စုရပ်သို့လာခဲ့ကြသည်။ လမ်းထဲတွင် ရပ်ကားတစ်စီး ရပ်ထားသည်ကို

မြင်လိုက်ရသောအခါ ကျွန်တော် ထခုန်မတတ် သောသွားမိသည်။

ကျွန်တော်က ကားခေါင်းခန်းတွင် ဖေဖေနှင့် မစ္စတာဂီဒီယံတို့ကြား၌ ထိုင်သည်။ မိသားစုက ကားနောက်ပိုင်းတွင်စုထိုင်ကြသည်။ ကျွန်တော်သည် စိတ်မောလူမောဖြင့် တံမျဉ်းရင်း ကျွန်တော့်မေမေ၊ ကျွန်တော့်မိထွေးနှင့် ကျွန်တော့်မရီးတို့ မုဒိန်းကျင့်ခံရပုံကို ချက်လုံးထဲတွင် မြင်ယောင်လာမိသည်။

ယခုအချိန်တွင်မူ ကျွန်တော်သည် ဖေဖေ၏ လုံခြုံနွေးထွေးသောရင်ခွင်ထဲသို့ ရောက်ရှိနေပြီ ဖြစ်သည်။ ဖေဖေက ကျွန်တော့်ပခုံးကိုပွတ်သပ်ပြီး တကယ်သတ္တိရှိတဲ့ အသားလေးပဲဟု ခဏခဏပြောနေသည်။ ကျွန်တော်သည် ဖေဖေနှင့် မစ္စတာဂီဒီယံတို့ ကားပြောနေကြသည်ကို မကြားတစ်ချက် ကြားတစ်ချက်ဖြင့် ငိုက်မျဉ်း၍ လိုက်ပါလာ ထရပ်ကားသည် တဲလ်အဗစ်မြို့ကို ဖြတ်ကျော်ပြီး မြောက်ဘက်သို့ ဆက်လက် မောင်းနှင်လာခဲ့သည်။ ကျွန်တော့်မှာ အလွန်ပင်ပန်းနေသောကြောင့် ဂျူးတို့၏ မြို့တော် ကိုပင် မခံစားနိုင်အောင် ဖြစ်နေသည်။

“ခင်ဗျားတို့ တူလကမ်အနီးက ဖြတ်သွားရလိမ့်မယ်၊ အဲဒီမှာ ဆာအစ်ဆိုတဲ့ လူ တစ်ယောက် စောင့်နေမယ်”

'ကျုပ်တို့မိသားစု နေသားတကျဖြစ်ပြီးတဲ့အခါ မိုင်ပေါင်းတစ်ထောင်လောက် လွယ်တဲ့ ရွံ့တောကြီးကိုဖြတ်ပြီး တဘားကို ကျုပ်ပြန်သွားမယ်၊ အဲဒီတော့မှ သစ္စာဖောက် အနောက်ကို ကောင်းကောင်းကြီး ဆုံးမရမယ်”

“ခင်ဗျား တဘားပြန်သွားလို့ မဖြစ်ဘူး”

”ဖြစ်အောင်သွားမယ်၊ ကျုပ်အသက်နဲ့ ရင်းလျှင်ရင်းရပါစေ”

”အဲဒါလည်း ဟုတ်တော့ဟုတ်တာပေါ့လေ၊ ခင်ဗျားက ဖရောက်ကိုပြန်ပြီး က်စားချေရဦးမှာကိုး၊ ဒါပေမယ့် တဘားမှာဘာမှမရှိတော့ဘူး အီဘရာဟင်၊ ခင်ဗျားတို့ ထွက်သွားတော့ ကျွန်တော်တို့က အဲဒီကို ဟာဂနာတပ်ဖွဲ့ တစ်ဖွဲ့ ပြောင်းရွှေ့ ထားလိုက်တယ်။

သမှာပဲ ဘာသာတော်တပ်ကဝင်တိုက်ပြီး ကျွန်တော်တို့တပ်က ပြန်စီးတော့ တစ်ရွာလုံ့ ကို မီးတင်ရှို့လိုက်တယ်၊ တစ်ရွာလုံး ပြောင်တလင်းခါသွားပြီ”

”ကျုပ်အိမ်ပါ ကုန်ရောလား”

”ခင်ဗျားအိမ်တော့ ကျန်သေးတယ်၊ အခု ဖရောက်နေနေတယ်”

ထရပ်ကား ရုတ်တရက် ထိုးရပ်သွားသည်။ လမ်းဆုံးကင်းဂိတ်သို့ ရောက်လာပြီ။ အားလုံး ကားပေါ်မှဆင်းကြသည်။ မစ္စတာဂီဒီယံက ကျွန်တော်တို့အား အနီးအနားမှ တောအုပ်ကလေးထဲသို့ ခေါ်လာခဲ့သည်။ အမှောင်ရိပ်သမ်းလာသည်အထိ စောင့်နေကြ သည်။

ဖေဖေနှင့် မစ္စတာဂီဒီယံတို့ လက်ဆွဲနှုတ်ဆက်ကြသည်။ မစ္စတာဂီဒီယံက ဖေ လက်ထဲသို့ပိုက်ဆံအတင်းထည့်ပေးသည်။ ဖေဖေက ငြင်းချင်သော်လည်းမငြင်းရဲ။ ကျွန်တော် တို့ လက်ထဲတွင် ပိုက်ဆံခြူးတစ်ပြားမှ မရှိတော့။

“ကျုပ်တို့ပြဿနာတွေကို အတူတူလက်တွဲပြီး ဖြေရှင်းခွင့်မရတာ အလွန်ဆိုးတာဘဲ" ဖေဖေက လေသံတိုးတိုးဖြင့် ညည်းပြောပြောလိုက်သည်။

“တော်တော်ကြာကြာတုန်းက ကျွန်တော့်ကို ခင်ဗျားပြောဖူးတယ်။ ရေသွင်း ထုတ်စက်ကို ကျွန်တော်တို့မပိုင်ဘဲ ခင်ဗျားသာ ပိုင်မယ်ဆိုလျှင် အခြေအနေဟာ တစ်နေ့ ပြောင်းလဲသွားလိမ့်မယ်လို့ ခင်ဗျားပြောခဲ့တာ ကျွန်တော်သတိရမိတယ်” ။

“အဲဒါမှန်တယ်၊ အဲဒီလိုသာဆိုလျှင် ခင်ဗျားတို့အားလုံး ရေငတ်ပြီးသေကုန်ကြမှာပါ မစ္စတာဂီဒီယံက ရယ်သည်။

“အခုတော့ ကျုပ်တို့အခြေအနေတွေက တခြားစီဖြစ်နေပါပြီ၊ ဒါနဲ့ တဘားရွား ခင်ဗျားတို့ကို သတင်းပေးတာဘယ်သူလဲ၊ အဲဒါ ကျုပ်သိချင်တယ်”

'သတင်းပေးတွေကတော့ အများကြီးပေါ့၊ ဒါပေမယ့် ခင်ဗျား အစ်ကိုကတော့ အတော်ဆုံးပဲ”

“သူက ကျုပ်အစ်ကို မဟုတ်ဘူး၊ ခင်ဗျားသာ ကျုပ်အစ်ကိုပါ”

အမှောင်ထဲတွင် လက်နှိပ်ဓာတ်မီးရောင် ဖျတ်ခနဲလင်းလက်သွားသည်။ မစ္စတာ ဂီဒီယံက ပြန်လည်အချက်ပြလိုက်သည်။

ကျွန်တော်က မိသားစုကို လိုက်စုသည်။ ထို့နောက် ဆာအစ်နှင့် မိတ်ဆက်ပေးသည်။ ဆာအစ်နောက်မှ မိသားစုလိုက်ပါသွားသည်။

“ကဲ…သွားကြပေတော့၊ မြေကြီးကို အမြဲတမ်းနားစွင့်ပြီးသွားကြ၊ ကျွန်တော့် ဆာအစ်အပြင် အာရပ်နယ်မြေဘက်မှာလည်း အဆက်အသွယ်တွေ အများကြီးရှိပါတယ်။ အခက်အခဲကြုံလျှင် သူတို့ဆီမှာ အကူအညီတောင်း၊ ကျွန်တော်နဲ့ ဘယ်လိုဆက်သွယ်ရမည် ဆိုတာ သူတို့ သိပါတယ်၊ ကဲ… ရှလွမ်”

“ရှလွမ်” ဖေဖေနှင့် ကျွန်တော်တို့သည် မိသားစုကိုမီအောင် အပြေးကလေး လိုက်လာခဲ့ သည်။

အဝေးတွင် တူလကမ်မြို့မှ မီးရောင်များကိုမြင်နေရပြီ။ ကျွန်တော်က ရုတ်တရက် ရပ်လိုက်ပြီး “ဟာ…ဖေဖေ၊ မစ္စတာဂီဒီယံကို နာရီပြန်ပေးဖို့မေ့သွားပြီ”

”နေပါစေ၊ ရပါတယ်၊ သူက မင်းကို အပိုင်ပေးတာပါ အစ္စမေ   နောက် သုံးလေးရက်ကြာသောအခါ ဟာဂနာတပ်ဖွဲ့နှင့် အာဂွန်းတပ်ဖွဲ့ တို့က ဂျက်ဖာကို ဝင်သိမ်းလိုက်သည်။ နောက်ဆုံး မြို့သိမ်းတိုက်ပွဲကြီး ပြီးဆုံးသွားချိန်တွင် အစုပေါင်း အာရပ်လူဦးရေခုနစ်သောင်းရှိသည့်အနက် လူဦးရေသုံးထောင်သာလျှင် ဂျက်ဖာ တွင် ကျန်ရှိလေတော့သည်။

၁၉၄၈ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ဂျူးအမျိုးသားခေါင်းဆောင်ကြီး ဒေးဗစ် ထင်ရီယံက အစ္စရေးနိုင်ငံလွတ်လပ်ရေး ကြေညာစာတမ်းကို ဖတ်ကြားသည်။

နာရီပိုင်းအတွင်းမှာပင် အာရပ်နိုင်ငံများက အစ္စရေးကိုဝင်တိုက်ကြတော့သည်။

✣---- www.ebooks4mm.org ----✣

တတိယပိုင်း - ကွမ်ရန်မြို့ဟောင်း

အခန်း(၁)

ကျွန်တော်တို့သည် တူလကမ်မြို့သို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာခဲ့ကြသည်။ လမ်းပြမစ္စတာဆာအစ်မှာ ကျွန်တော်တို့နှင့် တွဲနေရသည်ကို မလုံမလဲဖြစ်နေပုံရသည်။

သည် မယားအပြင် ကလေးငါးယောက်နှင့်အတူ ဖခင်ဖြစ်သူ၏အိမ်တွင် အခန်းကျဉ်း ကလေး၌ ချို့တဲ့ဆင်းရဲစွာနေထိုင်ရသော ဆေးစပ်အလုပ်သင်တစ်ဦးသာဖြစ်ကြောင်း သိ ရေသည်။ သူက ကျွန်တော်တို့ အား မြို့လယ်သို့ရောက်မည့်လမ်းကို ညွှန်ပြပြီး အလွန့် အလွန်အရေးမကြီးလျှင် သူနှင့် လုံးဝမဆက်သွယ်ရန် ဖေဖေ့ကိုပြောသည်။

ထို့နောက် သူပြန်ထွက်သွားတော့သည်။

ကျွန်တော်တို့သည် မိနစ်ပိုင်းအတွင်းမှာပင် မြို့လယ်ဈေးကွက်ထဲသို့ ရောက်လာ ရာ အိမ်မဲ့ယာမဲ့ ဒုက္ခသည်ပေါင်းများစွာကို မြင်တွေ့ကြရသည်။

“ဒီညတော့ တို့ ဗလီမှာပဲအိပ်ကြရမှာပဲ၊ မနက်ကျတော့မှအခြေအနေ ကြည့်ကြ အပေါ့”

ဟု ဖေဖေက ပြောသည်။

ဗလီသို့ရောက်သွားသောအခါ ကျွန်တော်တို့လိုဒုက္ခသည်တွေ ပြည့်ကျပ်နေသဖြင့် အလီနှင့်ကိုက်တစ်ရာအကွာသို့ပင် မကပ်နိုင်ကြပါ။ မိသားစုတစ်ယောက်ယောက်သေဆုံး ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် အနက်ရောင်ဝတ်ရုံဝတ်ထားသော မိန်းမများသည် ကလေးငယ်များကို ပွေ့ဖက်ကာ မြေကြီးပေါ်တွင် လှဲအိပ်နေကြသည်။ ယောကျ်ားများကမူ အစုဖွဲ့ပြီး

လျှောက်လှည့်နေကြသည်။ ကျွန်တော်တို့မိသားစုမှာ ဘဝတူဒုက္ခသည် အုပ်စုကြီးထဲတွင် နာမည်မရှိဂုဏ်မရှိသော အခြေမဲ့အနေမဲ့ အညတြများဖြစ်နေကြသည်။

ဖေဖေသည် ဤဒုက္ခသည်ပင်လယ်ပြင်ကြီးထဲတွင် လှော်တက်မပါသော လှေသမား တစ်ယောက်ပမာ ငူငူကြီးရပ်လျက်ရှိသည်။

"တို့ ဒီနေရာမှာ နေလို့မဖြစ်ဘူး ဟု သူကပြောသည်။

ဖေဖေ၏ အားကိုးရာမဲ့ ဆောက်တည်ရာမရ ဖြစ်နေသောအခြေအနေကို ကျွန်တော် ထမဆုံးအကြိမ် မြင်ဖူးရခြင်းပင်ဖြစ်သည်။

ကျွန်တော်တို့သည် မြို့တွင်းသို့ ပြန်ဝင်လာခဲ့ကြသည်။ တစ်လမ်းလုံး လူတွေနှင့် ပင် ပြွတ်သိပ်နေသည်။ မြို့ပြင်သို့ရောက်လာသောအခါတွင်မှ လူပါးသွားသည်။ အမိုးအကာရှိ သော အဆောက်အအုံတစ်ခုခု၊ အကာအရံရှိသော ကွက်လပ်တစ်ခုခုကို မျက်ခြည်မပြတ် ရှာဖွေကြည့်ရှုလာခဲ့ကြသည်။

တူလကမ်မြို့မှအိမ်များသည် ကျွန်တော်တို့အား လက်မခံလိုကြောင်း ဝမ်းနည်း မြင်တွေ့ကြရသည်။ ဆိတ်စသော မွေးမြူရေးတိရစ္ဆာန်များကို သူခိုးရန်ကြောင့် ခြံကြောင့် သယ်ယူနေကြသည်။ အစာမစားရ၍ နံရိုးပြိုင်းပြိုင်းပေါ်နေသော ခွေးများက ကျွန်တော်တို့ သွားဖြဲပြီး မာန်ဖီပြကြသည်။ အိမ်တိုင်းလိုလိုပင် ပြတင်းပေါက်များ ပိတ်ထားကြသော်လည်း အိမ်ထဲမှတစ်ယောက်က သေနတ်နှင့်ချိန်ပြီး ကျွန်တော်တို့ကို စောင့်ကြည့်နေသည့် အ လက္ခဏာများ တွေ့ရသည်။

မြို့ပြင်ရောက်လာသောအခါ လယ်ကွင်းတွေတွေ့ရသည်။ ဒုက္ခသည်ပေါင်း မြောက် မြားစွာတို့သည် လမ်းဘေးမြောင်းထဲတွင် ခြေပစ်လက်ပစ် အိပ်နေကြသည်။ လယ်သမား များက သီးနှံများကို လူမခိုးနိုင်အောင် ပတ္တာရောင်လှည့်၍ စောင့်နေကြသည်။ မိုင်ဝက် ရောက်သောအခါ သံလွှင်ခြံကြီးကို ကာရံထားသော ကျောက်တံတိုင်းကြီးတစ်ခုတွေ့ ရသည်။ အစောင့်တစ်ယောက်မှမတွေ့ရ ကျွန်တော်တို့သည် ကျောက်တံတိုင်းကြီးကို ကျော်တက်ပြီး သံလွှင်ခြံထဲသို့ ဝင်လာခဲ့ကြသည်။

ဖေဖေက ကျွန်တော်တို့အား နာမည်ခေါ်ပြီး လူစုသည်။ ထို့နောက်

သူ့ခြောက်လုံး ပြူးသေနတ်ကို အိုမာအားပေးပြီး မြေကြီးပေါ်တွင် လှဲအိပ်လိုက်သည်။ ကျွန်တော် ဖေဖွေ့မျက်နှာကို တစေ့တစောင်း လှည့်ကြည့်လိုက်သည်။ သူ့မျက်လုံးတွေ နီရဲနေသည်။ အကြီးမားဆုံး ဒုက္ခနှင့်ရင်ဆိုင်ရတော့မည်ကို ကြောက်လန့်နေသည့် မျက်လုံးမျိုးပင်ဖြစ်သည်။ သူ့မျက်လုံးတွေကိုကြည့်ပြီး ကျွန်တော် ကြောက်လာမိသည်။

"မင်းက ငါ့ကို ဘာကြောင့်ကြည့်နေရတာလဲအစ္စမေ" ဖေဖေက တိုးတိုးညင်သာ မေးသည်။ "ကျွန်တော်တို့မှာ ဒီနေရာမှာ ဆွေမျိုးတစ်ယောက်မှ မရှိဘူးဖေဖေ"

ဒါမေမယ့် တို့ကတခြားနိုင်ငံရောက်နေကြတာမှ မဟုတ်တာဘဲသားရယ်၊ ကိုယ် နိုင်ငံထဲမှာ ရှိနေကြသေးတာပဲ၊ စစ်ဖြစ်လာလျှင် ဒီလောက်တော့ ဒုက္ခတွေ့ကြရမှာ ဒါပေမယ့် ကိုယ့်လူမျိုးတွေကြားထဲ ရောက်နေကြတာကိုပဲ ဝမ်းသာကြရမှာပါ"

"ဒါပေမယ့် သူတို့က ကျွန်တော်တို့ကို ဘယ်မှမပြေးနိုင်အောင် ပိတ်လှောင်ထား ပြီ ဖေဖေ"

"အဲဒီလို မဟုတ်ပါဘူး၊ အဲဒီလို မဟုတ်ပါဘူး၊ သူတို့ကလည်း ကြောက်နေကြတာပါ။ လမ်းမကြီးတစ်ဖက်မှာ ဂျူးတွေရှိတယ်၊ မင်းကြည့်နေပါ၊ တစ်နေ့မှာ တို့ကို စားစရာ နေစရာပေးလိမ့်မယ်၊ ဒုက္ခသည်စခန်းတွေ ဆောက်ပေးပါလိမ့်မယ်" ။

"ဟုတ်ပါ့မလား ဖေဖေ"

"ဟုတ်ပါတယ်၊ ဒီလူတွေဟာ တို့ရဲ့ညီအစ်ကိုတော်တွေပါ။ တို့ဟာ တစ်ယောက် တစ်ယောက် ကျွေးမွေးစောင့်ရှောက်ရမယ်လို့ ကိုရန်ကျမ်းထဲမှာလည်း ဆိုထားတစ် မဟုတ်လား"

"ကိုရန်ကျမ်းထဲမှာ အဲဒီလိုပဲ တကယ်ရေးထားသလား ဖေဖေ" - ကျွန်တော့်မေးခွန်းကြောင့် ဖေဖေတွေဝေသွားသည်။ ကျွန်တော်တို့သည် ရမ်လီ ဂျက်ဖာနှင့် ယခု တလကမ်းမြို့ တိကို ဖြတ်လာခဲ့ကြပြီ။ ဘယ်မြို့ က န်တော်တိ နပ်စရာကောင်းလောက်အောင် ကျွေးမွေးစောက်ရှောက်ခြင်း မပြုခဲ့ကြ။ ဧည့်ဝတ် .

ပွန်ခြင်းမလေ့သည် ကျွန်တော်တို့ ကိုယ်ခန္ဓာထဲတွင် အရိုးစွဲနေခဲ့ကြသည်။ အထူးသဖြင့် ခင်းအစွဲသည် ဖေဖေစိတ်ထဲတွင် ပို၍နက်ရှိုင်းစွာ တည်ရှိနေသည်။ ကျွန်တော်တို့သည် ည့်ဝတ်ကျေပွန်ခြင်းအတွက် အမြဲတမ်း ဂုဏ်ယူနေခဲ့ကြသည်။ ဧည့်သည်အား ကာကွယ် ဆောင့်ရှောက်ခြင်း၊ ကျွေးမွေးဧည့်ခံခြင်းသည် အာရပ်လူမျိုးတို့၏ ရိုးရာကျင့်ဝတ်ဖြစ်သည်။

“အိပ်ပါတော့လား သားရယ်”

”ဟုတ်ကဲ့ ဖေဖေ”

သို့သော် ကျွန်တော်တို့ တစ်ယောက်မျှ အိပ်မပျော်ကြပါ။ အိပ်မပျော်သော်လည်း စကားတော့ ဘယ်သူမှမပြောကြ။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြသည်။

နောက်ဆုံးတွင် ဖေဖေသည် မျက်လုံးများကိုမှိတ်လိုက်ပြီး သူ့မိန်းမများအနီးသို့ “ရွှေ့ သွားသည်။

ကျွန်တော်လည်း မျက်တောင်တွေစင်းပြီး ငိုက်မျဉ်းလာသည်။ သို့သော် ကျွန်တော် မပျော်။ စိတ်အာရုံက တည်ငြိမ်ခြင်းမရှိ။ ကျွန်တော်သည် သံလွင်ခြံထဲက မြေကြီးပေါ်တွင် အိပ်နေသည်။ ကိုယ်လက်များကို နည်းနည်းကလေးမျှ လှုပ်၍မရ။ ပင်ပန်းလွန်းသော ကြောင့် တစ်ကိုယ်လုံး ဖွဲအိတ်လိုဖြစ်နေသည်။ စိတ်အာရုံထဲသို့လည်း ခြောက်အိပ်မက်တွေ တစ်မျိုးပြီးတစ်မျိုး ဝင်ရောက်လာသည်။ ဖေဖေသည် သူ့ဘဝတွင် အဆိုးရွားဆုံးဒုက္ခနှင့် ရင်ဆိုင်နေရသည်ကို ကျွန်တော်သတိပြုမိသည်။ မေမေ့အဖြစ် တွေးလိုက်ပြန်တော့လည်း ရင်နာစရာ ကောင်းလှပါသည်။ ဖေဖေသည် ကျွန်တော်တို့ကို ဘယ်လိုမှ အကာအကွယ် ပေးနိုင်တော့ပါ။ ဘယ်လိုမှ ဦးဆောင်ဆုံးဖြတ်နိုင်ခြင်းမရှိတော့ပါ။ သွားပြီ။ ကျွန်တော်တို့ တော့ ရေစုန်မျောခဲ့ပြီ။ “တို့နယ်မြေထဲက ထွက်သွားကြ”

ခွေးဟောင်သံများကြားရ၍ ကျွန်တော်တို့အားလုံး လန့်နိုးလာခဲ့ကြသည်။ သေနတ် ထိုင်ထားသော လူတစ်စုက ကျွန်တော်တို့ကို မောင်းထုတ်နေကြပြီ။ ဖေဖေက လှဲအိပ်နေရာမှ ရေပ်လိုက်သည်။ ကျွန်တော်တို့က တံတိုင်းနံရံတွင် ကျောကပ်ပြီး စုထိုင်နေကြသည်။ ဒေဖေက လက်နက်ကိုင်များကို တစ်ယောက်ချင်း

အကဲခတ်ပြီးနောက် အော်ပြောလိုက် သည်။

"မင်းတို့က အာရပ်တွေ မဟုတ်ဘူး၊ ဂျူးတွေလဲ မဟုတ်ဘူး၊ တို့ကို ဘာမှမလုပ်နဲ့၊ ငါ့အခုထွက်သွားမယ်"

သို့ဖြင့် ကျွန်တော်တို့မိသားစု ထွက်ခွာလာခဲ့ကြသည်။ သစ်ပင်ကြီးတစ်ပင်အောက် ရောက်သောအခါ ခေတ္တရပ်နားကြသည်။ - ဖေဖေ၏အမိန့်အရ မြေကြီးပေါ်တွင် စောင်တစ်ထည် ဖြန့်ခင်းလိုက်သည်။ ပြီး တော့ ဖေဖေ၏ ခြောက်လုံးပြူးသေနတ်နှင့် မျိုးဆက်မှတစ်ပါး မစ္စတာဂီဒီယံ ပေး သော ပိုက်ဆံအပါအဝင် ကျန်ရှိနေသမျှ ပစ္စည်းအားလုံးကို စောင်ပေါ်တွင် စုပုံလိုက် ကြသည်။ ကျွန်တော့်နာရီကိုတော့ ဆက်လက်သိမ်းထားရန် ဖေဖေကပြောသည်။ နားကပ်၊ ထက်ကောက်၊ လက်စွပ်နှင့် ဖေဖေ၏ ငွေခါးပတ်များအပြင် မေမေသိမ်းထားသော ရွှေစ ည်းငယ် ကျန်နေသေးသည်။ ဤပစ္စည်းတွေကို ရောင်းလိုက်လျှင် သုံးလေးပတ် ဒီကြာတော့ လုံလောက်နိုင်သေးသည်ဟု ဖေဖေကပြောသည်။

ထို့နောက် မေမေကဈေးထဲသွားပြီး စားစရာများဝယ်လာသည်။ ဖေဖေက ကျွန်တော်တို့ ညီအစ်ကိုအား အိမ်ခန်းသွားရှာရန် အမိန့်ပေးသည်။ သူက မိန်းမများကို စောင့်ရှောက်ကျန်ရစ်မည်ဟု ပြောသည်။ သာမန်ကာလဆိုလျှင် တူလကမ်တွင် အခန်း တစ်ခန်းကို တစ်လအတွက် တစ်ပေါင်နှစ်ပေါင်ပေးလျှင် ရနိုင်သည်။ ယခုတော့ မြို့ ပြင်မှာပင် တစ်ခန်းကို ငါးပေါင်အထိ တောင်းနေကြသည်။ ကျွန်တော်တို့ ညီအစ်ကိုသည် အိမ်ခန်းရှာရင်းနှင့် မြို့လယ်ကွက်လပ်သို့ ရောက်လာကြသည်။

ဗလီဝတ်ကျောင်းကြီး တစ်ဝိုက်တွင် လူတွေ ကြိတ်ကြိတ်တိုးနေကြဆဲဖြစ်သည်။ ဗလီမျှော်စင်တွင် တပ်ထားသောအသံချဲ့စက်မှ စစ်ချီသီချင်းများ အဆက်မပြတ် ၏ ထွက်နေသည်။ တစ်ခါတစ်ခါ ကြားဖြတ်ကြေညာချက်များလည်း ပေါ်ထွက်လာသည်။

"အာရပ်တပ်ကြီး ဂျော်ဒန်ကို ဖြတ်ကျော်လာပြီ"

"အီရတ်တပ်တွေ နာဗလူးကို ရောက်နေပြီ"

”တဲလ်အဗစ်မြို့ကို အီဂျစ်လေတပ်က ဗုံးကြဲတိုက်ခိုက်လိုက်ပြီ”

”ဆီရီးယားတပ်တွေ ဂိုလန်ကုန်းမြင့်ကဆင်းပြီး ဂါလီလီမြောက်ပိုင်းကို ဝင်ရောက် လာပြီ”

“တောင်ပိုင်းစစ်မျက်နှာမှာ လက်ဘနွန်တပ်တွေ အောင်ပွဲခံနေပြီ”

အာရပ်တပ်များ အောင်ပွဲတွေ တစ်ပွဲပြီးတစ်ပွဲခံနေကြောင်း လူတိုင်းပါးစပ်မှ နေကြသည်။ ဂျူးတွေနာလန်မထူနိုင်အောင် အလူးအလိမ့်ခံနေရပြီဟူ၍ အသံချဲ့စက် ကြေညာချက်အဆုံးတွင် အမြဲတမ်းထည့်ပြောနေသည်။

ကျွန်တော့်အစ်ကိုများနှင့် ကျွန်တော်တို့မှာ တစ်ဖက်တွင် စစ်နိုင်သတင်းများကြား ရ၍ အလွန်ဝမ်းသာနေကြသည်။ အခြားတစ်ဖက်တွင်မူ ဆာလောင်မွတ်သိပ်ခြင်း၊ နေရာ နေရာမရှိခြင်းနှင့် ကျွန်တော်တို့၏ အထွေထွေဒုက္ခတို့ကြောင့် အလွန်စိတ်ဓာတ်ကျနေကြ သည်။

နောက်နာရီဝက်ခန့်အတွင်းမှာပင် ကျွန်တော်တို့အတွက် ဘယ်အိမ်ခန်းမှ မရရှိနိုင်သည်) ကို ထင်ထင်ရှားရှား သိရှိကြရတော့သည်။

စတုတ္ထမြောက်နေ့သို့ ရောက်သောအခါ ကျွန်တော်တို့၏ ဒုက္ခဆင်းရဲမှာ ကြီးမားလာသည်။ ကျွန်တော်တို့သည် သစ်ပင်ကြီးတစ်ပင်အောက်တွင် နေထိုင်ကြပြီး ပိုက်ဆံလည်း ပြတ်လုနီးပါး ဖြစ်နေကြပြီ။ ဘယ်နေရာသို့သွား၍ ဘာလုပ်ရမည် ဆိုသည် ကိုလည်း လုံးဝမစဉ်းစားတတ်ကြတော့။ ဘယ်အစိုးရဌာန၊ သို့မဟုတ် ဘယ်အသင်းအဖွဲ့ ကမှလည်း ဘာအကူအညီမှ မပေးကြ။

ဖေဖေသည် ဘယ်လိုမှ မကြံတတ်တော့အောင် ဘေးကျပ်နံကျပ် အခြေအနေ ရောက်ရှိနေပေပြီ။ ဤအတွက်ကြောင့် ကျွန်တော်တို့၏စိုးရိမ်ပူပန်မှုမှာ ပို၍ကြီးမာရေး ရသည်။

ကောလဟာလသတင်းတွေကလည်း သစ်ပင်မှသစ်ရွက်များ ကြွေလွင့်သလိုအမျိုး ပေါ်ထွက်နေကြသည်။ အာရပ်တပ်များ အောင်ပွဲတွေ တစ်ပွဲပြီးတစ်ပွဲ ဆက်တိုက်ခံနေကြောင်း သတင်းကောင်းတွေ မပြတ်ကြားနေကြရသည်။ အာရပ်တပ်များ၏ လေလုံးထွားခြင်း ၊

အမြဲတမ်းမယုံတတ်သော ဖေဖေကိုယ်တိုင်ပင် ယခုအခါ ယုံချင်လာပုံရသည်။ အာရပ်များ ဘွက်လမ်းရှင်းရန် ကျွန်တော်တို့အား နေရာရွှေ့ခိုင်းခြင်းသည် သူတို့ဘက်မှ အမှန်တကယ် အောင်ပွဲခံနေ သောကြောင့်ဖြစ်နိုင်ကြောင်း ဖေဖေကပြောသည်။ ကျွန်တော်တို့၏ အဓိက သဃနာမှာ တဘားရွာသို့ ပြန်မသွားနိုင်သေးမီကာလအတွင်း နေရာထိုင်ခင်းနှင့် အစားအစာ မှျတစွာရရှိရန် ဖြစ်သည်။

ကျွန်တော်တို့သည် မြေတစ်နေရာရှင်းပြီး ရှိသမျှ တိရစ္ဆာန် သားရေ၊ ကင်းဘတ်ပြား၊ သစ်သားနှင့် သွပ်ပြားများဖြင့် နေစရာတဲထိုးကြသည်။ ဤကာလအတွင်း ကျွန်တော်တို့ ညီအစ်ကိုတွေအားလုံး ပို၍ ချစ်ချစ်ခင်ခင်ရှိလာကြသည်။ ကျွန်တော်သည် အစ်ကိုကြီး ကမယ်နှင့်ပင် အဆင်ပြေပြေပေါင်းလို့ရလာသည်။

ကျွန်တော်တို့သည် အနောက်ဘက်မြစ်ကမ်းပါးမှ ဆမာရိယနယ်ထဲသို့ ရောက်ရှိနေ ကြသည်။ တူလကမ်၊ နင်နှင့် နာဗလူးသုံးမြို့သည် တြိဂံပမာတည်ရှိကြသည်။ ယင်း ဘွင်း၌ ရှိသမျှကျေးရွာများမှာ အာရပ်ကျေးရွာများချည်း ဖြစ်သည်။ ကောက်ဂျီ၏ အာရပ်လွတ်မြောက်ရေးတပ်မတော် ဝင်လာသည်။ ကျွန်တော်တို့က မကြောက်ကြတော့။ က ဖေဖေ့ကို ဆက်လက်လိုက်ရှာနေသည်ဟူ၍ မထင်ကြတော့သောကြောင့် ဖြစ်သည်။

မကြာမီမှာပင် အီရတ် အမြဲတမ်းတပ်များနှင့် အာရပ်လွတ်မြောက်ရေးတပ်များ ဆက်မိကြသည်။ ကျွန်တော်တို့ ယခုရောက်ရှိနေသောနေရာမှ ဆယ်မိုင်ခန့်တွင် ပင်လယ်နှင့် မြို့ဖြစ်သော နေတန်ယာမြို့ တည်ရှိသည်။ ကောက်ဂျီ၏တပ်နှင့် အာရပ်တပ်များက တန်ယာမြို့ကို ဝင်တိုက်နိုင်လျှင် ဂျူးတွေ ခါးပြတ်သွားမည်မှာ သေချာသည်။

ကျွန်တော်တို့ နီးနားဝန်းကျင်တွင် တိုက်ပွဲကလေးများ မကြာမကြာ ဖြစ်ပွားနေ သည်။ တိုက်ပွဲဖြစ်ပွားတိုင်း လယ်သမားများ တစ်နေရာသို့ ထွက်ပြေးကြသည်။ တချို့ လည်း လုံခြုံရာတွင် ပုန်းနေကြသည်။ ကျွန်တော်တို့ ညီအစ်ကိုများက ဤအချက်ကို အခွင့်ကောင်းယူကာ သစ်သီးခြံများတွင်

ဝင်ခိုးကြသည်။ လယ်ကွင်းများမှ ရနိုင်သမျှကို ဆုကြသည်။ ထွက်ပြေးလာသော တိရစ္ဆာန်များကိုဖမ်းဆီးကြသည်။ ဤနည်းဖြင့် ကျွန်တော် မှာ ဗိုက်ပြည့်လာသောအခါ စိတ်ဓာတ်များလည်း တက်ကြွလာကြသည်။

အာရပ်တပ်များအောင်ပွဲခံ၍ ဆက်လက်ချီတက်လာကြသည်။ အီရပ်တပ်များနှင့် ကောက်ဂျီတပ်တို့ပူးပေါင်းပြီး ပင်လယ်ဘက်သို့ အတင်းထိုးဖောက်လာကြသည်။ ပါလက်စ တိုင်းတစ်ခွင်ရှိ ဂျူးတပ်များအားလုံး ခံစစ်ကိုသာ ခုခံတိုက်ခိုက်နေကြရသည်။

အီဂျစ်တပ်များက စစ်ကြောင်းကြီးနှစ်ကြောင်းဖြန့်၍ ချီတက်လာသည်။ ဂါဇာနှင့် ဘီယာရှီဘာမြို့များကို သိမ်းပိုက်လိုက်သည်။ ထို့နောက် “ယက်မော်ဒီချယ်" ဘုံရိပ်သာကို ဆက်လက် သိမ်းပိုက်လိုက်ပြန်သည်။

ဆီရီးယားတပ်များက မိရှာဘုံရိပ်သာကိုသိမ်းပြီး ဂါလီလီအလယ်ပိုင်းသို့ ထိုး ဖောက် ဝင်ရောက်လာကြသည်။

အီဂျစ်တပ်များ၏ ဦးဆောင်ကွပ်ကဲမှုဖြင့် မွတ်စလင်ညီနောင်များတပ်ရင်းက ဂျေရုဆလင်ကို ထိုးဖောက်ရန် ပင်လယ်သေသို့ ချီတက်လာသည်။

ဂျော်ဒန်တပ်များကလည်း အောင်ပွဲများ တစ်ပွဲပြီးတစ်ပွဲခံနေသည်။ အယ်ဇီယံ = အလောက်နယ်မြေမှ ဘုံရိပ်သာလေးခုအပြင် ဂျေရုဆလင်မြို့တော်ဟောင်းရှိ ဂျူးရပ်ကွက် ကိုပါ သိမ်းပိုက်လိုက်သည်။ အနောက်ဂျေရုဆလင်ကိုလည်း စတင်တိုက်ခိုက်နေကြပြီ။

လာထရွန်မြို့မှ ရဲကင်းစခန်းအားလုံး ဂျော်ဒန်တပ်များလက်ထဲ ရောက်ကုန်ကြပြီ။ ထို့ ကြောင့် ဂျော်ဒန်တပ်များသည် တဘားရှာနှင့်နှစ်မိုင်မျှသာ ကွာဝေးတော့သည်။

ယင်းသို့လျှင် အာရပ်တို့ဘက်မှ အောင်ပွဲခံသတင်းများကို နားထော်အောင် ကြားနေ ရစဉ် တွင်ပင် သွေးလန့်စရာ ဆန့်ကျင်ဘက်သတင်းများ ရုတ်တရက် ပေါ်ထွက်လာ သည်။

အာရပ်တပ်များက သိမ်းပိုက်လိုက်ပြီဟု ယခင်ကသတင်းထုတ်ပြန်ခဲ့သော ဂျူးဘုံ၌ သာသားများက ယခုအခါ အလုံးအရင်းနှင့် ပြန်လည်ခုခံတိုက်ခိုက်နေပြီ။ အီရတ်တပ်များ က နေတန်ယာမြို့ကို ထိုးဖောက်ဝင်ရောက်သွားပြီဟူသော သတင်းမှာလည်း လုံးဝမဟုတ် တကယ်အဖြစ်မှန်ကား ဂျူးတို့က တြိဂံမြို့သုံးမြို့ကို တိုက်ခိုက်နေကြပြီဟူသော သတင်း များပင် ဖြစ်သည်။

ဤသို့ဖြင့် နောက်ဆုံးတွင် အာရပ်တပ်များက အပစ်အခတ်ရပ်စဲရေးကို သဘောတူ လက်ခံလိုက်ရပြီး ဂျူးတပ်များ၏ ပိတ်ဆို့ထားခြင်းကို ခံနေကြရတော့သည်။ ဤအချိန်တွင် အာရပ်တပ်များ၏ အခြေအနေမှာ အောင်ပွဲခံတပ်မတော်တစ်ခု၏ အသွင်လက္ခဏာ လုံးဝမရှိတော့ချေ။

ဇွန်လလယ်၏ တစ်ခုသောညတွင် ဖေဖေက ကျွန်တော်တို့ အားလုံးကို မီးဖိုမှာ သို့ခေါ်၍ ပြောသည်။

“တို့ ဒီနေရာမှာ ဆက်နေလို့မဖြစ်တော့ဘူး၊ မနက်ဆို ထွက်ခွာသွားကြရတော့မယ် “ဘာဖြစ်လို့လည်း ဖေဖေ”

“ဘာဖြစ်လို့လည်းဆိုလျှင် တို့အလိမ်ခံရလို့ပေါ့၊ အပစ်အခတ်ရပ်စဲရေးကို လက် လိုက်ရပြီဆိုကတည်းက တို့ဘက်က ရှုံးနေပြီဆိုတာ ထင်ရှားနေပြီ၊ ပင်လယ်ဘက်သို့ ရှိ တက်တိုက်ခိုက်တဲ့ တို့တပ်တွေ ပြိုကွဲသွားကြပြီး ဒီအတိုင်းဆိုလျှင် နောက်ရက်ပိုင်းအတွင်း မှာပဲ ဂျူးတွေက တူလကမ်ကို တိုက်လာကြတော့မှာ ကျိန်းသေပဲ”

“ဒါပေမယ့် အာရပ်တပ်မတော်က မြို့တော်ဟောင်းကိုသိမ်းထားပြီပဲ ဖေဖေ”

“ဂျူးတွေကို ဂျေရုဆလင်က ဘယ်သူတွေမှ မောင်းထုတ်လို့မရနိုင်ဘူး၊ ငါပြောတာ ယုံစမ်းပါ”

နောက်တစ်နေ့မနက်ကျတော့ ကျွန်တော်တို့ တဲစခန်းများဖျက်သိမ်းပြီး လမ်းမပေါ် ပြန်ရောက်လာကြပြန်တော့သည်။ ဤတစ်ကြိမ်တွင် အာရပ်နယ်မြေထဲသို့ အတွင်းကျကျ ဝင်လာခဲ့ကြသည်။ ဆမာရိယတောင်တန်းများကိုဖြတ်ကျော်၍ နာဗလူးမြို့သို့ ဝင်လာခဲ့ကြခြင်း

ဖြစ်သည်။ သို့သော် ဤအကြိမ်တွင်လည်း ကျွန်တော်တို့အား ကူညီမည့်လူ တစ်ယောက် မတွေ့ဘဲ ပိတ်ထားသော တံခါးများနှင့်သာ ရင်ဆိုင်ကြရပြန်တော့သည်။

အခန်း (၂)

နာဗလူးမြို့သည် ဆမာရိယနယ်၏ အဓိကမြို့တော်ဖြစ်ပြီး ပါလက်စတိုင်းဒေသ၏ တစ်ဝက်ခန့်အထိ ဆင်းသွားသော တောင်တန်းနိမ့်များ၏အလယ်တွင် တည်ရှိသည်။ မ္ဘာကျမ်းစာခေတ်တွင် ရှေခင်မြို့ဟူ၍ ထင်ရှားခဲ့သည်။ ယခုအခါ နာဗလူးမြို့တွင် ဦးရေ လေးသောင်းခန့်ရှိသည်။ နာဗလူးမြို့သူမြို့သားများသည် စိတ်တိုတတ်သည်ဟု နာမည်ကြီးကြသည်။ ထရန်စ်-ဂျော်ဒန်မှလာသော မှောင်ခိုစီးပွားရေးလမ်းမကြီးများရှိ ကျူးကျော်သူ တူရကီအော်တိုမန်တို့အား ပြန်လည်တိုက်ထုတ်လိုက်ပြီးသည့်အချိန် ၌ နာဗလူးမြို့တော်သည် ဘက်ရှာလူမျိုးစုတို့၏ ကံကျွေးချနယ်မြေ ဖြစ်လာခဲ့သည်။ ခုအခါ ကလိုဗစ်ဘက်ရှာက အုပ်ချုပ်နေသည်။

ကလိုဗစ်ဘက်ရှာသည် စိတ်ထားနူးညံ့ပြီး လိမ္မာရေးခြားရှိသည်။ ဘေရွတ်မြို့ရှိ အမေရိကန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး ယခင်က ကျောင်းဆရာလုပ်ခဲ့ဖူးသည်။ အာရပ်လူမျိုးတို့သည် ပညာတတ်များကို အလွန်လေးစားကြသည်။ ထို့ကြောင့်လည်း ဆက်ရှာမိသားစု၏ မျိုးဆက်တာဝန်ကိုဆက်ခံနိုင်ရန် တက္ကသိုလ်တွင် သားသမီးတစ်ယောက် နှစ်ယောက် အမြဲတမ်းရှိနေကြသည်။

သို့သော် စစ်ပြေးဒုက္ခသည်များအဖို့မူ နာဗလူးမြို့သည် မည်သို့မျှ ထူးခြားမှုမရှိ။ ထူလကမ်မြို့မှာတုန်းကလိုပင် မကြင်နာသောမျက်နှာ၊ ဆုတ်ထားသောလက်များနှင့်သာ ရင်ဆိုင်ကြရသည်။ ဤဒေသသည် ကုန်းတွင်းပိုကျပြီး အာရပ်နယ်မြေများနှင့်လည်း ပို၍ နီးကပ်သည်။ ပုန်းခိုနေထိုင်စရာ လှိုဏ်မြောင်တောင်ကြားများလည်း များစွာရှိသည်။ သို့သော် အစားအစာမရကြ။ နာဗလူးမြို့သားတို့၏ ဆက်ဆံမှုကား အေးတိအေးစက်

နိုင်ဘိတောင်း။

နာဗလူးမြို့စွန်ရပ်ကွက်မှာ အလွန်ရှေးကျသည်နှင့်အမျှ ပြိုပျက်နေသော တိုက်အို ထိုက်ဟောင်းများ၊ တဲအိမ်များနှင့် ပြွတ်သိပ်ပြည့်ညပ်နေသည်။ ဟာဂျီအီဘရာဟင်သည် ဤပ်ကွက်တွင် တစ်လလျှင် သုံးပေါင်နှင့် တိုက်ဟောင်းခေါင်မိုးထပ်တစ်ခုကို ငှားရမ်း ရေးသည်။ ယင်းတိုက်ခေါင်မိုးပေါ်တွင် ရရာပစ္စည်းမျိုးစုံဖြင့် မိသားစုနေသာရုံ တဲတစ်လုံး သည်။

' နာဗလူးမြို့ပတ်ဝန်းကျင်တွင် သဘာဝရေစမ်း ဆယ့်ခြောက်စမ်းရှိသည့်အပြင် မြို့စွန်ရပ်ကွက် အလယ်တွင်လည်း ရေတွင်းတစ်တွင်းရှိသည်။ ထို့ကြောင့် ကျွန်တော်တို့ အတွက် အဓိကအရေးကြီးသော ရေဒုက္ခကတော့ ကင်းဝေးရသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့အဖို့ နေစရာတစ်နေရာတော့ရကြပြီ။ သို့သော် သည်အတိုင်း ထိုင်စားနေ၍မဖြစ်သေး။ အလုပ်တစ်ခုခုတော့ လုပ်ကြရမည်။ အလုပ်ကလည်း အလွန်ရှားသည်။ ဤဒေသတွင် အလုပ်ကြမ်းလုပ်ခြင်းကို ဂုဏ်ယူလေ့မရှိကြ။ အား တန်းစားတို့အလုပ်ဆိုကာ ရှုတ်ချကြသည်။ ဟာဂျီအီဘရာဟင်အနေဖြင့် အခြေအနေ အလုပ်ကြမ်းလုပ်ရခြင်းကို လက်ခံသည်။ သို့သော် အလုပ်လုပ်နိုင်သော သားလေးယောက် ၍ သူကိုယ်တိုင် လုပ်စရာမလို။

နာဗလူးမြို့တွင်းနှင့် ပတ်ဝန်းကျင်ဒေသများသို့ ရောက်ရှိနေကြသော စစ်ပြေးဒုက္ခသည် များအနက် ရောဂါဖြစ်၍လည်းကောင်း၊ အစာငတ်၍လည်းကောင်း သေဆုံးသူများ တိုင်းရှိနေကြသည်။ တစ်နေ့လျှင် အနည်းဆုံး တစ်ယောက် နှစ်ယောက်မှ ဆယ့်နှစ်ယောက် အထိ အမြဲတမ်းသေဆုံးနေကြသည်။

သေဆုံးသူများ၏ အလောင်းများကို သည်အတိုင်းပစ်ထားကြရာ ချမ်းသာသူများ အပုပ်နံ့မခံနိုင်သည့်အခါ မြပ်နံ့ရေးကိစ္စအတွက် မြူနီစီပါယ်အဖွဲ့က လှုပ်လှုပ်ရှရှလုပ် ကြသည်။ ဤအခါတွင်မှ အလုပ်မရှိသူတွေအတွက် အလုပ်တွေလည်း ပေါ်လာသည် အိုမာနှင့် ဂျမီလ်တို့သည် သုဘရာဇာအလုပ်ဖြင့် ကျွန်တော်တို့မိသားစုကို မ အောင် မဝစာထမင်း ကျွေးထားနိုင်ကြသည်။

ကျွန်တော်လည်း အစ်ကိုများနှင့်အတူ သုဘရာဇာအလုပ်ကိုလုပ်ချင်သည်။ သို့ ကျွန်တော့်ကိုလုပ်ခွင့်မပြု။ ထို့ပြင် ပိုက်ဆံလိုက်တောင်းခြင်းနှင့် ညောင်စေးသကြား ရောင်းခြင်းတို့ကိုလည်း ခွင့်မပြုကြ။

သို့သော် ကျွန်တော်ကမနေနိုင်။ တစ်ခုခုတော့ လုပ်ချင်သည်။ ကျွန်တော့်အသက် က ဆယ်နှစ်ရှိပြီ။ ကျွန်တော်လည်း ကျွန်တော် တတ်နိုင်သည့်အလုပ်ကိုလုပ်ပြီး မိသား တာဝန်ကို မျှဝေထမ်းဆောင်ချင်သည်။

နီးနားဝန်းကျင်တွင် အီရတ်စစ်စခန်းတွေဝိုင်းဝိုင်းလည်နေသည်။ ထို့ကြောင့် ကျွန် အရွယ် ကလေးတွေအတွက် စစ်တပ်ထဲတွင်အလုပ်မျိုးစုံရနိုင်သည်။ စစ်သားတွေ ခိုင်း လုပ်ပေးရပြီး လုပ်ပေးခအဖြစ်တစ်နေ့ကို နှစ်ပဲနို၊ သုံးပနိခန့်ရကြသည်။ သို့ဖြင့် ကျွန် အရွယ်ကလေးတွေ အလုပ်လုပ်ရင်း၊ ရန်ဖြစ်ကြရသည်မှာ နေ့တိုင်းလိုလိုပင် ဖြစ်သည်။

တချို့ ကံကောင်းသူများမှာ စစ်ဗိုလ်တွေထံတွင် အလုပ်ရကြသည်။ ဖိနပ်တို့ ခါးပတ်တိုက်၊ စားပွဲထိုးအလုပ်များ ဖြစ်သည်။ မိန်းမချောချောသော ကလေးအချို့ဆိုရင် စစ်သားတွေအတွက် သူတို့ကိုယ်ခန္ဓာကိုပင် ရောင်းစားကြသည်။

စစ်တပ်နှင့်ပြည့်တန်ဆာအလုပ်သည် ခွဲခြားမရသောအရာများ ဖြစ်သည်။ နား မြို့တွင် ထမင်းငတ်နေသောမိန်းမတွေနှင့် ပြည့်ကျပ်နေသည်။ မူလကတည်းက ရှိနေ ပြည့်တန်ဆာများအပြင် စစ်ပြေးဒုက္ခသည် အမျိုးသမီးများအထဲကလည်း ထောင်နှင့် ပေါ်ပေါက်လာကြသည်။ သူတို့တစ်တွေသည် အခြေအနေအရ မလုပ်မဖြစ်၍ လုပ်ကြရ ဖြစ်သည်။ အူမမတောင့်၍ သီလမစောင့်နိုင်တော့ခြင်းပင် ဖြစ်သည်။

သို့သော် သူတို့အဖို့ သည်အလုပ်ကိုလုပ်ရသည်မှာ လွယ်ကူလှသည်ဟုတော့ ထင်လိုက်ပါနှင့်။ အသက်စွန့်၍ လုပ်ရခြင်းဖြစ်သည်။ လင်ယောက်ျားများ၊ အစ်ကို မောင်ဖွားများ၊ သားများမသိအောင် သတိကြီးစွာဖြင့် လျှို့လျှို့ဝှက်ဝှက် လုပ်ကြရသည်။ မူဆိုးမများ၊ ကိုယ်ဝန်တစ်လနှစ်လ မိန်းမများနှင့် အပျိုဟိုင်းကြီးများအတွက် အန္တရာယ် ကင်းဆုံး ဖြစ်သည်။ ယောက်ျားများသိသွားလျှင်တော့ ချက်ချင်းအသက်ထွက်ပြီသာ တ်ပေတော့။

ပြည့်တန်ဆာမတွေ ပေါ်လာသောအခါ "ခေါင်း"တွေလည်း အလိုအလျောက် ခေါ်လာရသည်။ အထူးသဖြင့် တခြားမျိုးနွယ်စုမှ လူငယ်ကလေးတွေက ခေါင်းလုပ်ကြသည်။ ဒီ၍ လုံခြုံစိတ်ချရသောကြောင့် ဖြစ်သည်။ တချို့လူလည်ကလေးများဆိုလျှင် ပြည့်တန်ဆာ နှစ်ယောက်သုံးယောက်ကို နေ့စဉ်တပ်ထဲသို့ ခေါ်သွားနိုင်သောကြောင့် မိသားစုတစ်ခုလုံးကို ဝင် ထမင်းဝအောင် ကျွေးထားနိုင်ကြသည်။

နာဗလူးမြို့တွင် မူလကပင် ရှိနေပြီးသော ပြည့်တန်ဆာနှင့် ခေါင်းလုပ်ငန်းအတွင်းသို့ နောက်ထပ် လူသစ်များဝင်ရောက်လာသောအခါ အချင်းချင်းသတ်ဖြတ်မှုများ မကြာခဏ ပေါ်ပေါက်လာတော့သည်။ ပြည့်တန်ဆာခေါင်း လူငယ်များအားသတ်လျှင် အင်္ဂါဇာတ်ကို ဖြတ်၍သတ်ကြသည်။ မိမိတို့၏မယားများနှင့် ညီမများ ပြည့်တန်ဆာလုပ်စားကြောင်း၊ တွေ့ရှိလျှင်လည်း လင်ယောကျ်ားများနှင့် အစ်ကိုမောင်ဖွားများက ချက်ချင်းသတ်ပစ် လေ့ရှိကြသည်။ ရပ်ကွက်ထဲတွင် ပြည့်တန်ဆာများအပြင် လူဆိုးသူခိုးများ၊ လူလိမ်များ၊ မှောင်ခိုများနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများလည်း ပြည့်နှက်လျက်ရှိသည်။

အီရတ်စစ်သားများမှာ အလွန်ဆင်းရဲကြသော်လည်း အပျော်အပါးကိစ္စအတွက်မူ အကြံအဖန်တွေရှိကြသည်။ ဆေးလိပ်၊ ဖိနပ်၊ ရာရှင်ရိက္ခာ စသည်တို့ပေးပြီး နီးရာချုံပုတ် များတွင် ဖြစ်သလိုပျော်ပါးကြရသည်။ မိန်းမများမှာ သူတို့ကိုမမှတ်မိအောင် မျက်နှာကို ဖုံးအုပ်ထားကြသည်။ တချို့မိန်းမတွေများ၊ တစ်နာရီအတွင်း တပ်စိတ်တစ်စိတ်လောက်ကို ဝင် ဖျော်ဖြေနိုင်သည်ဟု ဆိုသည်။

စစ်သားတွေက ဖြစ်သလို စခန်းသွားကြရသော်လည်း စစ်ဗိုလ်များကတော့ ဇိမ် ကျခံစားကြသည်။ မီးရောင်မှိန်မှိန်လင်းသော ကော်ဖောခင်းအခန်းထဲတွင် ယဇ်ရွှေရည် အားဆေး၊ ဂန်ဂျာတို့ကိုမှီဝဲပြီး တခမ်းတနားပျော်ပါးကြသည်။

အိုမာနှင့်ဂျမီလ်တို့သည် သုဘရာဇာအလုပ်ကို လုပ်နေကြဆဲဖြစ်သော်လည်း ကျွန်တော်တို့မိသားစုအတွက် ထမင်းဝအောင် မကျွေးနိုင်ကြ။ ဤတွင် ကျွန်တော်လည်း မိန်းကလေး နှစ်ယောက်သုံးယောက်လောက် ဆက်သွယ်ပြီး ခေါင်းလုပ်ရကောင်းမည်လားဟု တ်ကူးဝင်လာသည်။ မိန်းကလေးတွေက

ကျွန်တော့်ကို အလွန်သဘောကျသည်။ သူတို့ အတွက် ခေါင်းလုပ်ပေးရန်လည်း အကြိမ်ပေါင်းများစွာ ပြောဖူးသည်။

သို့သော် လက်တွေ့ ကျတော့ ကျွန်တော်က နောက်ဆံတင်းနေမိသည်။ ကျွန်တော်က ကိုယ့်သိက္ခာကိုလည်း လေးစားသည်။ မိန်းမသိက္ခာကိုလည်း လေးစားသည်။ သို့သော် သိက္ခာပြီး တာရှည်အငတ်ခံနိုင်ပါ့မည်လား။ ဤကိစ္စကို စဉ်းစားမိတိုင်း ဂျက်ဖာတွင် မေမေတို့ မုဒိမ်းအကျင့်ခံခဲ့ကြရသည်ကို မြင်ယောင်လာသည်။ ထိုအခါ ခေါင်းလုပ်ချင် သောစိတ်လည်း ကုန်ခန်းသွားသည်။

နောက်တစ်ကြောင်းမှာ...ဤကိစ္စကိုစဉ်းစားမိတိုင်း ကျွန်တော်က မမနာဒါအကြောင်း ကိုလည်း အမြဲထည့်တွက်သည်။ ကျွန်တော်သည် နာဒါအား ပြည့်တန်ဆာဖြစ်ပြီး ထမင်း စားရခြင်းထက် ထမင်းငတ်ပြီး သေသွားသည်ကိုသာ ပို၍မြင်ချင်သည်။ ပြီးတော့လည်း ရွာမှထွက်လာသည့် အချိန်ကစ၍ သူ့ကိုအသက်ပေး၍ ကာကွယ်စောင့်ရှောက်ရန် ကျွန်တော် ကိုယ် ကျွန်တော် သစ္စာဆိုလာခဲ့သည်။

မမနာဒါမှာ ၁၄ နှစ်အရွယ်ရှိနေပြီ။ မိန်းမအင်္ဂါ အစိတ်အပိုင်းများဖွံ့ဖြိုးပြီး အပျိုကြီးဖားဖားဖြစ်နေပြီ။ ကျွန်တော်က သူ့အား ရပ်ကွက်ထဲ တစ်ယောက်တည်း ဘ တော့မှမသွားခိုင်း။ ကျွန်တော့်မမကိုချစ်လျှင် တခြားမိန်းကလေးတွေအတွက်လည်း ကျွန်တော်က ခေါင်းလုပ်ရန်မသင့်။ အကယ်၍ မလွှဲမရှောင်သာ၍ ကျွန်တော် ခေါင်းလုပ်လျှင် လည်း ဖေဖေသိသွားပါက အသတ်ခံရမည်မှာ သေချာသည်။

ထို့ကြောင့် ကျွန်တော်သည် တခြားအလုပ်တစ်ခုခုရှာဖွေရန်သာ ဆုံးဖြတ်ချက် ချလိုက်တော့သည်။

မကြာမီတွင်ပင် အခွင့်အလမ်းပေါ်လာသည်။ ကျွန်တော့်အတွက် မိုးပေါ်မှကျလာ သော အခွင့်အရေးပင် ဖြစ်သည်။ ဒုက္ခသည် လူငယ်ကလေးများစွာတို့သည် အီရတ်စစ်တယ်။ ရိက္ခာမှူးစခန်းသို့သွားပြီး ထရပ်ကားများပေါ်မှ ရိက္ခာတွေကိုသယ်ချပေးကြသည်။ ဤလုပ်၏ အတွက် လုပ်ခအဖြစ် ကျွန်တော်တို့အား စစ်သားများက ပိုက်ဆံပေးသည်။ ဤနည်းဖြင့် ကျွန်တော်လည်း မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ ပိုက်ဆံရှာပေးနိုင်လာသည်။

တစ်နေ့တွင် ရိက္ခာတင်ကား ဆယ့်နှစ်စီးခန့် ပြုံးပြီးရောက်လာသဖြင့် ကျွန်တော် ကလေးတွေအားလုံး လက်မလည်အောင် အလုပ်များကြသည်။ ကျွန်တော်တို့က ရိ တွေကို ဂိုဒေါင်ထဲသို့ သယ်ယူနေစဉ် တာဝန်ကျစစ်သားများ ကြက်ပျောက်ငှက်ပျော ပျောက်သွားကြသည်။ ခေါင်းဆောင်စစ်ဗိုလ်လည်း နာဗလူးမြို့ထဲသို့ ဝင်သွားသည်။

ကျွန်တော်တို့အား စောင့်ကြည့်ကျန်ရစ်သော စစ်သားအချို့ကလည်း မိုးရွာသော ကြောင့် ကားခေါင်းခန်းထဲ ဝင်ထိုင်နေရင်း မကြာမီတွင် တခေါခေါနှင့် အိပ်ပျော်သွားကြသည် ဤတွင် အကွက်ချောင်းနေကြသော လူလည်ကလေးများက မြည်းလေးကောင်ယူလာပြီး ရိက္ခာနှင့် လက်နက်အချို့ကို ခိုးယူထွက်ပြေးသွားကြသည်။

ကျွန်တော်ကတော့ အရဲစွန့်ကာ မပြေးဘဲနေကျန်ရစ်သည်။ ခေါင်းဆောင်စစ်ဗိုလ် ရောက်လာသောအခါ ကျွန်တော်ကငိုပြီးတိုင်သည်။ ရိက္ခာအချို့နှင့် စက်သေနတ် ဆယ့်နှစ် လက်တိတိ ပျောက်ဆုံးနေကြောင်းတွေ့ရှိရသည်။

ပထမတွင် စစ်ဗိုလ်က အလွန်ဒေါသထွက်ပြီး ထွက်ပြေးသွားသောကလေးများကို ထုတ်ဖော်ပြောရန် ကျွန်တော့်အား အတင်းအကျပ် ခြိမ်းခြောက်သည်။ သို့သော် ၎င်းတို့ သိလျှင်လည်း ဘာမျှထူးတော့မည် မဟုတ်ကြောင်း၊ ယခုအချိန်တွင် ရပ်ကွက်ထဲတွင် ရှိ တော့ဘဲ လုံခြုံရာသို့ ထွက်ပြေးသွားလောက်ပြီဖြစ်ကြောင်း၊ ဘာပစ္စည်းမှ မပျောက်သည်။ တစ်နည်းနည်းဖြင့် စာရင်းဖျောက်ထားလိုက်လျှင် သူ့အတွက် လုံးဝ တာဝန်ကင်းသွား မည်ဖြစ်ကြောင်း ကျွန်တော်က ပြောပြသောအခါ စစ်ဗိုလ်က သဘောပေါက်သွားသည် ဘယ်လိုပင်ဖြစ်ဖြစ် ဗိုလ်ကြီးအမ်ရမ်းနှင့် ကျွန်တော်တို့ကတော့ ထိုအချိန်မှစ၍ အလွန်ရင်းနှီးသွားကြသည်။ ဤသို့ဖြင့် ကျွန်တော်သည် အီရတ်စစ်တပ်တွင် နေ့တိုင်းလိုက် အလုပ်တစ်ခုခုရပြီး ဝင်ငွေမှန်နေသည်။ ကျွန်တော့်အစ်ကို ကမယ်မှုကလည်း စာရေး အဖတ်တတ်သောကြောင့် တပ်ထဲတွင်အလုပ်ရသည်။ ထို့ကြောင့် ကျွန်တော်တို့မိသားစု သောက်ရေးမှာ ယခင်ကထက် ပိုပြီး အဆင်ပြေလာခဲ့သည်။

သို့သော် ဟာဂျီအီဘရာဟင်ကတော့ ဒုက္ခသည်များ ကြုံတွေ့နေရသော အခြေအနေကို ညီးညီးကလေးမျှ မကျေနပ်နိုင်။ သူ၏တဘားရွာတွင်ဆိုလျှင် ဘယ်လောက် ဆင်းရဲသူပဲ ဖြစ်ဖြစ် ထမင်းတစ်နပ်ပင် ငတ်ဖူးသည်ဟူ၍ ဘယ်တော့မှမရှိခဲ့။ ယခုမူ အစဉ်အလာအားဖြင့် ဝတ်ကျေပွန်သည်ဟု သမိုင်းတွင်ခဲ့သော ညီနောင်ရင်းချာ အာရပ်လူမျိုးများအလယ်တွင် တစ်ပြေးဒုက္ခသည်ပေါင်းများစွာ ထမင်းငတ်နေကြရသည်။ ဟာဂျီအီဘရာဟင်သည် ဝမ်းလည်း သုံးနည်းမိသည်။ ဤအတွက် ဒေါသလည်း အထူးထွက်မိသည်။

သည်ကြားထဲ အလောင်းတွေကို တစ်နေကုန်မြှုပ်နှံပြီးနောက် တစ်ကိုယ်လုံး ပုပ် ခံနှင့် ညတိုင်းပြန်ရောက်လာကြသော အိုမာနှင့် ဂျမီလ်တို့၏အဖြစ်ကိုမြင်ရတော့ ပင် ဒေါသထွက်မိရသည်။ အပုပ်နံ့ကလည်း သူတို့အနီးသို့ မကပ်နိုင်အောင် ဆိုးရွား သည်။ တစ်ခါတလေ ပုပ်ပွလောက်ကျနေသော အလောင်းတွေကို မြှုပ်နှံခဲ့ရပုံကို ပြန် လည်ပြောပြရင်း သူတို့နှစ်ယောက် အော့အန်ကြသည်။

ဖေဖေသည် ဤအကြောင်းကို ကြားရသောအခါ အကြီးအကျယ် စိတ်မချမ်းသာ ရသည်။ ထို့ကြောင့် သူ့ဝတ်ရုံအစုတ်ကြီးကို မိန်းမများအား ဖာထေးချုပ်လုပ်ခိုင်းပြီးနောက် ဘော်ဝန် ကလိုဗစ်ဘက်ရှာနှင့် တွေ့ဆုံ၍ အဖြစ်စုံကိုရှင်းပြရန် မြို့တော်ခန်းမသို့ ထွက် သွားသည်။

သို့သော်လည်းအချည်းနှီးသာဖြစ်သည်။ မြို့တော်ခန်းမရှေ့တွင် နေထွက်မှ နေဝင် သည်အထိ လူထုပရိတ်သတ်အပေါင်း ထောင်ချီ၍ တန်းစီရောက်ရှိနေကြသည်။ သူတို့အားလုံး လည်း ဖေဖေကဲ့သို့ပင် စစ်ပြေးဒုက္ခသည်များဖြစ်ပြီး နေစရာနှင့် စားစရာပေးရန် မြို့တော် ဝန်ထံ အသနားခံဖို့ ရောက်ရှိလာကြခြင်းဖြစ်သည်။

သို့ဖြင့် ဖေဖေ့မှာ လူအုပ်ထဲဝင်မတိုးနိုင်ဘဲ စိတ်ပျက်လက်ပျက်နှင့်သာ ပြန်လာ ခဲ့ရသည်။

ဖေဖေ၏ဒုက္ခကိုမြင်ရတော့ ကျွန်တော် တော်တော်စိတ်မချမ်းသာ ဖြစ်ရသည်။ ထို့ကြောင့် တစ်နည်းတစ်လမ်းမှ ကူညီရန် ကျွန်တော်အကြံထုတ်သည်။

ကျွန်တော်သည် ဗိုလ်ကြီးအမ်ရမ်း၏စားပွဲမှ အီရတ်တပ်မတော်

တံဆိပ်ပါသော အရေးစက္ကူတစ်ရွက်ယူ၍ မြို့တော်ဝန်ထံသို့ စာတစ်စောင်ရေးသည်။

လေးစားအပ်ပါသော မြို့တော်ဝန်မင်း ခင်ဗျား။

ကျွန်တော်သည် အီရတ်တပ်မတော်မှ စစ်ရေး ဗိုလ်မှူးကြီး အိုင်၊ ဂျေ၊ ဟက်ကား ဖြစ်ပါသည်။ အနောက် ဂျေရုဆလင်ကိုသိမ်းရန်အတွက် ကျွန်တော်နှင့် ကျွန်တော့်တပ်များကို တာဝန်ပေးထားပါသည်။ အပစ်အခတ် ရပ်စဲရေးကာလ ကုန်ဆုံးလျှင် ကျွန်တော်တို့ လုပ်ငန်းစတင်ပါတော့မည်။ ထို့ကြောင့် မြို့တော်ဝန်မင်းထံသို့ ကျွန်တော်ကိုယ်တိုင် မလာရောက်နိုင် ခြင်းအတွက် အနူးအညွတ် ခွင့်လွှတ်စေလိုပါသည်။

ကျွန်တော် သိရသလောက်ဆိုလျှင် နာဗလူးမြို့တွင် ပြန်လည်တည်ငြိမ် RJ အေးချမ်းမှု ရသည်အထိ ကျွန်တော်နှင့် ကျွန်တော့်တပ်များ ဆက်လက်တပ်စွဲ နေရဦးမည် ဖြစ်ပါသည်။

သို့ပါ၍ မြို့တော်ဝန်မင်းနှင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးခင်မင်မှု ရရှိလို ပါသဖြင့် အခွင့်အရေးတစ်ခုကို လေးစားစွာတောင်းခံလိုပါသည်။

ယခု စာယူလာသူမှာ ကျွန်တော်၏ အရင်းနှီးဆုံးမိတ်ဆွေကြီး ဟာဂျီအီဘရာဟင် အေလ်ဆူကိုရီအေလ်ဝါဟာဘီ ဖြစ်ပါသည်။ သူသည် တဘားရွာ၏အကြီးအကဲတစ်ယောက် ဖြစ်ပြီး သူ့နယ်မြေတွင် အလွန်သြဇာ တိက္ကမရှိသောပုဂ္ဂိုလ်လည်း ဖြစ်ပါသည်။ ယခုအခါ သူသည် စစ်ပြေးဒုက္ခသည် အဖြစ် နာဗလူးမြို့ရောက်ရှိနေပါသည်။

ကျွန်တော်၏တပ်များသည် ဤမြို့တွင် ရက်အကန့်အသတ်မရှိ နေ နေရဦးမည် ဖြစ်၍ ဤသို့သောကိစ္စရပ်များ မလွဲမသွေ ရှိနေပါလိမ့်ဦးမည်။ သို့ပါ၍ ဟာဂျီအီဘရာဟင်အား မြို့တော်ဝန်မင်းနှင့် တွေ့ဆုံခွင့်ပြုရန် ကျွန်တော် အထူးလေးစားစွာ မေတ္တာရပ်ခံပါသည်။ သူသည် တိုင်းပြည်၏ ပစ္စက္ခအရေးနှင့် အနာဂတ်အရေးတို့ကို အလွန်စိတ်ဝင်စားသော ပုဂ္ဂိုလ်လည်း ဖြစ်ပါသည်။

မြို့တော်ဝန်မင်း၏ ရုံးတော်အပြင်ဘက်တွင် စောင့်နေသော ဟာဂျီ အီဘရာဟင်၏ သားငယ်အစ္စမေမှတစ်ဆင့် ဟာဂျီအီဘရာဟင်နှင့် ဆက်သွယ် နိုင်ပါသည်ခင်ဗျား။

အောင်ရမည်။ အလ္လာအရှင်မြတ် စောင်မပါစေ။

အိုင်၊ ဂျေ၊ ဟက်ကား စစ်ရေး ဗိုလ်မှူးကြီး၊ နီဟာဝန် တပ်မဟာ အီရတ်တပ်မတော် ကျွန်တော်သည် စာအိတ်ကို ချိတ်ပိတ်၍ ဖဲကြိုးနှင့်ချည်ပြီးနောက် မြို့တော်ခန်းသို့ လာခဲ့သည်။

ဗိုလ်မှူးကြီး၏ နာမည်ကို ဖတ်မရအောင်ရေးထားသည်။ 'နီဟာဝန်” တပ်မဟာ မှာ ခုနစ်ရာစုနှစ်က ပါရှန်းတပ်အား အာရပ်တို့ကအောင်ပွဲခံခဲ့သော တိုက်ပွဲအမည်ကို ယူထားခြင်း ဖြစ်သည်။ “ ကျွန်တော်သည် မြို့တော်ဝန်၏ ရုံးအပြင်ဘက်ရှိ လူအုပ်ကြီးထဲသို့ တိုးဝင်လာ သည်။ တစ်ယောက်ယောက်က လမ်းပိတ်ထားသောအခါတိုင်း စာအိတ်ကိုမြှောက် သူတို့က လေးစားစွာဖြင့် လမ်းဖယ်ရှဲပေးကြသည်။

မြို့တော်ဝန်၏ အပြင်ရုံးခန်းတွင် စာရေးလေးယောက်ရှိပြီး သူတို့က အနီး ကပ်လာသောလူများအား အော်ငေါက်၍ မောင်းထုတ်နေကြသည်။ ကျွန်တော်က လက်ထဲ စာအိတ်ကို စာရေးတစ်ယောက်၏ မျက်နှာရှေ့သို့ ထိုးပေးလိုက်သည်။ သူက စာအိတ်ကိုယူ မြို့တော်ဝန်ရုံးခန်းထဲသို့ ဝင်သွားသည်။

ခဏအကြာတွင် စာရေးပြန်ထွက်လာသည်။

မြို့တော်ဝန်သည် မနက်ဖြန်နံနက်တွင် သူ့ကအိမ်၌ ကျွန်တော့်ဖေဖေအဇ္ဇာလ တွေ့ဆုံမည်ဟု စာရေးကပြောသည်။

အခန်း(၃)

ဖေဖေနှင့်မြို့တော်ဝန်တို့ တွေ့ဆုံနိုင်ရန် ကျွန်တော်ကလုပ်ကြံပြီး စာရေးသားခြင်း အတွက် ပထမတွင် ဖေဖေက သိပ်ပြီးသဘောမကျချင်။ သို့သော် ဗိုလ်မှူးကြီးဟက်ကားဆိုသူ အကယ်ရှိနေကြောင်း သိရသောအခါ သူကကျေနပ်သွားသည်။

“ဒီလိုအချိန်၊ ဒီလိုအခြေအနေမျိုးမှာ ဒီလိုလိမ်တာဟာ လုပ်သင့်တဲ့အလုပ်ပဲ” ဟုလည်း သူက ပြောသည်။

ကမယ်နှင့် ကျွန်တော်တို့သည် အပျင်းထူသော အီရတ်စစ်ဗိုလ်အမ်ရမ်းထံတွင် အလုပ်လုပ်နေသဖြင့် ကျွန်တော်တို့က စီးကရက်များ အမြဲတမ်းခိုးယူကြသည်။ ယခုအချိန်တွင် ဆေးလိပ်က ပိုက်ဆံထက်တန်ဖိုးရှိသည်။ ပြန်ရောင်းလျှင် တခြားပစ္စည်းများထက် ဈေး ကောင်းသည်။ ထို့ကြောင့် မြို့တော်ဝန်နှင့်သွားတွေ့ရန် ဝတ်ရုံသစ်ဝယ်ဖို့ ကျွန်တော်တို့က ဖေဖေ့ကို ပြောသည်။ သို့သော် ဖေဖေကသဘောမတူ။

"မလိုပါဘူးကွာ၊ ငါ ဒီအတိုင်းပဲ သွားတွေ့မယ်၊ ဒါမှ တို့ ရဲ့ အခြေအနေမှန်ကို အမှန်အတိုင်း သူသိနိုင်မယ်၊ တကယ်တော့ ငါ့ခါးမှာ မျိုးဆက်ခါးချိတ်ထားသမျှ ငါ့ နေနဲ့ ဂုဏ်သိက္ခာရှိနေတာပဲ၊ မင်းကို ခေါ်သွားခွင့်မရတာတော့ ငါစိတ်မကောင်းပါဘူး အမေ"

ဖေဖေသည် ကျွန်တော့်ခေါင်းကို လက်နှင့်ပွတ်သပ်ပြီးနောက် မြို့တော်ခန်းမသို့ ထွက်သွားလေသည်။

မြို့တော်ဝန် ကလိုဗစ်ဘက်ရှာနှင့် တွေ့ဆုံရခြင်းသည် ဟာဂျီအီဘရာဟင်အဖို့ မိတ်ဆွေဟောင်းနှင့် ထပ်လောင်းတွေ့ရှိရခြင်းပင် ဖြစ်သည်။ ဟာဂျီအီဘရာဟင်သည် မဟာမင်းကြီး၏ ပုန်ကန်မှုကာလအတွင်းက ဘက်ရှာမိသားစုနှင့် စတင်သိကျွမ်းခဲ့ရသည်။ ထက်ရှာမိသားစုများသည် တဘားရွာတွင် မကြာခဏလာရောက် ပုန်းခိုနေခဲ့ဖူးကြသော ကြောင့် ဖြစ်သည်။

ယခု ကလိုဗစ်ဘက်ရှာ၏ ကြိုဆိုညှော်ခံမှုမှာ ရင်းနှီးမှုရှိသော်လည်း လှိုက်လှဲမှုတော့ မရှုံသလို ထင်ရသည်။

ကလိုဗစ်ဘက်ရှာမှာ ကိုယ်ခန္ဓာပုညက်ပြီး အမူအရာသိမ်မွေ့သည်။ တက္ကသိုလ် ပညာတတ်ဟန်မျိုးရှိသည်။ စီးကရက်အလွန်သောက်သူဖြစ်၍ လက်ချောင်းများတွင် ဆေးချေးများ ပေကျံနေသည်။

"ဒီအချိန်မှာ နာဗလူးကို ဘယ်သူတွေရောက်နေတယ်ဆိုတာ ကျုပ်အနေနဲ့ အားလုံး မသိနိုင်တာကတော့ အမှန်ပဲ ဟာဂျီအီဘရာဟင်၊ ခင်ဗျားရောက်နေမှန်း သိလျှင်တော့ ..

"မြို့တော်ဝန်မင်းရဲ့ အခက်အခဲကို ကျွန်တော်သဘောပေါက်ပါတယ်"

သူတို့သည် မြို့တော်ဝန်မင်း၏ စံအိမ်တော်ဝရန်တာတွင်ထိုင်နေကြသည်။ စံအိမ် တော်ပတ်လည်တွင် သစ်ပင်ကြီးတွေ အုပ်ဆိုင်းနေသဖြင့် မြို့တွင်းကိုမမြင်ကြရ။ အနီ အနားတွင် စမ်းချောင်းကလေးတစ်ခု စီးဆင်းလျက်ရှိသည်။ စမ်းချောင်းဘေးတွင် လက်ဖက် ရည်ဆိုင်ရှိသည်။ ယင်းမှာ ဘက်ရှာလူမျိုးစုတို့၏ စုဝေးရာဌာနဖြစ်သည်။ တိုင်းပြည်ငြိမ်းချမ်း သောကာလတွင် ကလိုဗစ်ဘက်ရှာသည် စမ်းချောင်းဘေးတွင်ရုံးထိုင်ကာ မြို့ရွာကိစ္စမှာ ကို ဆောင်ရွက်သည်။

ဝရန်တာတွင် တခြားလူတစ်ယောက် ထိုင်စောင့်နေသည်ကို အီဘရာဟင် သတိပြုမိသည်။ ထိုသူသည် နှုတ်ခမ်းမွေးကို သပ်သပ်ရပ်ရပ်ညှပ်ထားသည်။ အကောင်း အနောက်တိုင်းဝတ်စုံကိုဝတ်၍ အာရပ်ရိုးရာဦးထုပ်ကို ဆောင်းထားသည်။

"သူက ကျုပ်ရဲ့ အရင်းနှီးဆုံးမိတ်ဆွေ မစ္စတာဖရစ်ဇီယတ် ဆိုတာပဲ၊ ခင်ဗျာ။ အတွေ့အကြုံနဲ့ လေ့လာချက်တွေကို သူက သိပ်ပြီးစိတ်ဝင်စားပါလိမ့်မယ်"

အိမ်တော်စေများက ကော်ဖီပွဲလာချသည်။ အီဘ. ရာဟင်က မစ္စတာဇီယတ် မသိမသာအကဲခတ်နေသည်။ သူသည် ဘယ်သူပဲဖြစ်ဖြစ် အထက်တန်းစား ပုဂ္ဂိုလ်တော် ယောက် ဖြစ်သည်ကတော့ သေချာသည်။

ကလိုဗစ်ဘက်ရှာက စီးကရက်တစ်လိပ်ညှိ၍ ဖိမ်ယူပြီး ဖြည်းဖြည်းကလေး ရှိုက် သောက်နေသည်။ အတန်ကြာတော့မှ "ခင်ဗျား နာဗလူးမှာရှိနေတုန်း ကျုပ်ဘက်က တတ်နိုင်သမျှကူညီပါ့မယ်" အီဘရာဟင်က ခေါင်းတစ်ချက်ပိတ်ပြီးနောက် 'ကျွန်တော်က အရေးမကြီးတဲ့ ကိုယ်ရေးကိုယ်တာကိစ္စပြောဖို့ လာတာမဟုတ်ပါ ဘူး၊ တခြားအရေးကြီးတဲ့ ကိစ္စရှိလို့ အခုလို လာတွေ့တာပါ"

"ဟာဂျီအီဘရာဟင်ဟာ စကားပြောလျှင် ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ် တာကို ကျုပ်တို့ သိပြီးသားပါ"

"ဒီကလူတွေက ဆက်ဆံပုံကို ကျွန်တော် တော်တော်စိတ်ပျက်မိတယ်၊ ကျွန်တော် တို့လူမျိုးဟာ အစဉ်အလာအရ ဧည့်ဝတ်ကျေပွန်ပြီး ရက်ရောတဲ့လူမျိုးပါ၊

ဒါပေမယ့် အခုတော့ အဲဒီစရိုက်လက္ခဏာမျိုး လုံးဝမတွေ့ရဘူး”

“အဲဒါကတော့ မှန်ပါတယ်” ။

“ကျွန်တော်တို့ဟာ တခြားနိုင်ငံကလာတဲ့လူတွေ မဟုတ်ပါဘူး၊ တူရကီတွေလည်း မဟုတ်ဘူး၊ ဂျူးတွေလည်း မဟုတ်ဘူး ။

“ဒါကတော့ ဒီလိုရှိပါတယ်၊ အခုလိုဒုက္ခသည်တွေ ထောင်သောင်းချီပြီး လိမ့်ဝင် * လာတော့ ကျုပ်တို့လည်း ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ကုန်ကြတာပဲ”

“ကျွန်တော်တို့ဟာ ဒုက္ခသည်တွေမဟုတ်ပါဘူး၊ ကျွန်တော့်ရွာဟာ ဒီနေရာကဆိုလျှင် င်တောင်မဝေးပါဘူး၊ ကျွန်တော်ဟာ ကိုယ့်နိုင်ငံမှာ ကိုယ့်လူမျိုးတွေနဲ့အတူတူရှိ တဲ့ ပါလက်စတိုင်းသားပါ၊ ဒုက္ခသည်မဟုတ်ပါဘူး”

”အခြေအနေအရ အိမ်မဲ့ယာမဲ့ဖြစ်နေတဲ့ စစ်ပြေးဒုက္ခသည်တွေ ဆိုပါတော့”

”ကျွန်တော် ပါလက်စတိုင်းသားပါ၊ ပါလက်စတိုင်းထဲမှာပဲ ရှိနေတဲ့လူပါ”

”မှန်ပါတယ်၊ မှန်ပါတယ်”

“ကျွန်တော့်ကို ကျွန်တော့်ရွာက မောင်းထုတ်ခံရတယ်ဆိုတာ သိစေချင်ပါတယ်၊ ဒါပေမယ့် ဂျူးတွေကမောင်းထုတ်တာမဟုတ်ဘူး၊ အာရပ်တွေကမောင်းထုတ်တာ အာရပ် အားလုံးက ကျွန်တော်တို့ကို “ထွက်သွားကြ…ထွက်သွားကြ”ဆိုပြီး တစ်သံတည်းပဲ အပေးခဲ့ကြတယ်”

“ဇီယွန်ဝါဒီ ဂျူးတွေရဲ့ အန္တရာယ်က ကျုပ်တို့ကို အမြဲတမ်းခြောက်လှန့်နေတာကြောင့် ဒီလို့ ဖြစ်ရတာပါ”

“ကျွန်တော်တို့မှာ စားပွဲတွေ ကုလားထိုင်တွေ ကော်ဖီတွေ လူတွေရှိပါတယ်၊ အချင်းချင်း ကော်ဖီသောက်ရင်း စားပွဲမှာထိုင်ပြီး ငြိမ်းချမ်းရေးစကား ပြောလို့ရပါတယ်၊ ထွတော်ဟာ ဂျူးဘုံရိပ်သာနဲ့ ဘေးချင်းကပ်ပြီး ကျွန်တော့် အသက်တစ်ဝက် နေလာခဲ့ပြီးပါပြီ။

တော့် ဝါသနာအတိုင်း ပြောင်ပြောင်ပြောရလျှင် လွန်ခဲ့တဲ့နှစ်လလောက်က ကျွန်တော့် ပေါ်မှာ ကျွန်တော်တို့ညီအစ်ကို အာရပ်တွေလုပ်ခဲ့တဲ့ အလုပ်မျိုးကို

ဂျူးတွေက လုံးဝ လုပ်ခဲ့ကြပါဘူး”

“ဒါပေမယ့် ခင်ဗျားရွာဟာ ဒီယာဘက်ဆင်ရွာလို တစ်ရွာလုံး အသတ်မခံရတာ လွန်ကံကောင်းပါသေးတယ်”

“ကျွန်တော်ကလည်း ကျွန်တော့်ရွာကို အဲဒီလိုတော့ ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ပါ

”တကယ်တော့ ငြိမ်းချမ်းရေးသမားတွေဘက်က အားနည်းနေလို့ ဒီအခြေအနေ ရောက်လာရတာပါ။ ဂျူးတွေကို မျိုးပြုတ်အောင် သုတ်သင်ချင်တဲ့စိတ်ဓာတ်က သိပ်ပြီး ပြင်းထန်နေကြတာကိုး”

ထို့နောက် လုံး တိတ်ဆိတ်သွားသည်။ ခပ်လှမ်းလှမ်းရှိ ရေတံခွန်ကလေးမှ ရေကျသံကိုပင် ကြားနေရသည်။

“ဒီမှာ ကျွန်တော်တို့ကို ဆက်ဆံပုံကတော့ တော်တော့်ကို ရင်နာစရာကောင်းပါတယ် မြို့တော်ဝန်မင်း၊ ထမင်းတစ်လုတ် စောင်တစ်ထည် ရေတစ်မှုတ်တောင် ဘယ်သူမှ မပေးကြဘူး ။

“ဒီအဖြစ်ကို ကျုပ်လည်း သတိထားမိပါတယ် ဟာဂျီအီဘရာဟင် ဒီလိုဖြစ်ရတဲ့ အတွက် ကျုပ်အများကြီး စိတ်မကောင်းဖြစ်မိပါတယ်၊ ဒါပေမယ့် ဒါဟာ ကျုပ်တို့မြို့သူ သားတွေရဲ့ ပုံမှန်အပြုအမူတော့ မဟုတ်ပါဘူး၊ တစ်မနက်မှာ လူတွေထောင်သောင်းချီပြီး အုပ်စုလိုက်ပြေးလာကြတော့ ကျုပ်တို့လည်း အံ့အားကြီးသင့်ပြီး ရုတ်တရက် နိုးလာကြတော့ တာပဲ၊ ကျွန်တော်တို့ကအာရပ်နယ်မြေမှာရှိလို့ လုံခြုံစိတ်ချရတာတောင်မှ အခုလို သွေးရူး သွေးတန်းပြေးလာကြတဲ့ လူစုလူဝေးကြီးကိုမြင်လိုက်ရတော့ အကြီးအကျယ် ကြောက်လန့် သွားမိကြတာပေါ့၊

”...ပထမ ကောက်ဂျီတပ်တွေ ရောက်လာပြီး ကျုပ်တို့သီးနှံတွေကို လုယက်သွား ကြတယ်၊ နောက်တော့ အီရတ်တပ်တွေ ရောက်လာပြန်တယ်၊ သူတို့က ကျုပ်တို့အပေါ်မှာ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံကြတယ်၊ သူတို့ကိုလည်း အများအားဖြင့် ကျုပ်တို့ကပဲကျွေးမွေး ရတာပဲ သူတို့က ဈေးဆိုင်တွေကပစ္စည်းတွေကို ပိုက်ဆံမပေးဘဲ အဓမ္မသိမ်းယူကြတယ် ခင်ဗျားတို့က

မျိုးချစ်အာရပ်တွေ မဟုတ်ဘူးလားဆိုပြီးတောင် သူတို့က မေးလိုက်သေးတယ်။

"...အဲဒီတော့...အဲဒီလို ကြုံနေရတဲ့အချိန်မှာ ပါလက်စတိုင်းနယ်မြေထဲကို ဒုက္ခသည်တွေ...အို...ကျုပ်မှားသွားတယ်၊ ခွင့်လွှတ်ပါ...အိမ်မဲ့ယာမဲ့လူတွေ ပြုပြီးရောက် လာကြတော့ ဒီကလူတွေလည်း အကုန်သွေးလန့်ကုန်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်ကုန်ကြ တော့တာပေါ့"

"ဒီအကြောင်းပြချက်လောက်နဲ့ ကျွန်တော် လက်မခံနိုင်သေးဘူး၊ ကျွန်တော်တို့ စစ်သားတွေရဲ့ လုပ်ပုံကတော့ အာရပ်တစ်မျိုးသားလုံးရဲ့ သိက္ခာကို ရက်ရက်စက်စက် ချတာပဲ၊ ကျွန်တော်ဟာ တဘားရွာမှာ အကြီးအကဲလုပ်လာတာ နှစ်ပေါင်းအစိတ်ရှိပါပြီ ၊ ကိုယ့်ရွာကိုရောက်လာတဲ့ သူစိမ်းတစ်ယောက်ကိုတောင် ထမင်းတစ်လုတ် ရေတစ်မှုတ် မကျွေးဘဲ တစ်ခါမှ မနှင်ထုတ်ခဲ့ဖူးပါဘူး မြို့တော်ဝန်မင်း"

"ဒါပေမယ့် ခင်ဗျားက ကျုပ်တို့လိုမှ မကြုံဖူးတာဘဲ၊ တစ်နေ့တည်းမှာပဲ ခင်ဗျာ။ ရွာကကွက်လပ်ထဲ လူပေါင်းတစ်သောင်းငါးထောင်လောက် ပြုံရောက်လာကြလျှင် ဘတ် လိုနေမှာလဲ၊ တကယ်တော့ ဒါဟာ ကပ်ကြီးဆိုက်တာပဲ၊ ကပ်ကြီးဆိုက်တာက မြ လွန်းတော့ ကျုပ်တို့လည်း စောစောကပြောသလို ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ကုန် တော့တာပေါ့"

"မြန်လွန်းတယ်ဆိုတာက ဘာကိုဆိုလိုတာလဲ၊ ကျွန်တော်တို့ဟာ ဒီစစ်ပွဲအတွက် ဆယ်နှစ်လုံးလုံး ကြိုတင်ပြင်ဆင်နေခဲ့ကြတာ မဟုတ်လား၊ ခုမှ နေ့ချင်းညချင်း ဖြုန်းစားကြီး ပေါ်ပေါက်လာတဲ့စစ်ပွဲမှ မဟုတ်တာဘဲ ကုလသမဂ္ဂက ဆုံးဖြတ်ချက်ချတာလည်း လပေါင် များစွာကြာခဲ့ပါပြီ၊ ကျွန်တော်တို့ စစ်တပ်တွေအတွက် လမ်းဖွင့်ပေးဖို့ ကျွန်တော်တို့ ရွာတွေ ရွှေ့ပြောင်းပေးရမယ်ဆိုတာ အစောကြီးကတည်းက ပြောနေခဲ့ကြတာပဲ။

"....အဲဒီတော့ ကျွန်တော်တို့ကို ပြောင်းရွှေ့ခိုင်းတဲ့ ခေါင်းဆောင်တွေ ဘာလုပ်နေ ကြတာလဲ၊ ကျွန်တော်တို့ကို နေရာချထားပေးဖို့ ကျွေးမွေးထားဖို့ သူတို့မှာ တာဝန်မရှိ ဘူးလား၊ စစ်တပ်တိုင်းမှာ စစ်ပွဲအတွက် ကြိုတင်ပြင်ဆင်ရေးတပ်ဖွဲ့ဆိုတာ ရှိပါတယ်။ ကျွန်တော်တို့အတွက် ဘယ်သူက ကြိုတင်ပြင်ဆင်ပေးသလဲ၊ ကယ်ဆယ်ရေးစခန်းတစ်ခု ဆောက်ပေးသလား၊

ကျွေးမွေးရေးစခန်းတစ်ခု ဆောက်ပေးသလား၊ ဘာတစ်ခုမှ လုပ်မပေ တဲ့အပြင် ကျွန်တော်တို့ကို ဘယ်နေရာသွားလျှင် ပိုပြီးလုံခြုံစိတ်ချရတယ်ဆိုတာ လမ်းညွှန် လူတောင် တစ်ယောက်မှမရှိပါဘူး”

“ကျုပ်တို့က ရေရှည်စီမံကိန်းချပြီး ဆောင်ရွက်တဲ့အပိုင်းမှာ အားနည်းတာတွေ အမှန်ပဲ၊ ပြီးတော့ ဘယ်အတိုင်းအတာအထိ အခြေအနေဆိုးလိမ့်မယ် ဆိုတာကိုလည်း ဘယ်သူမှ ကြိုတင်မတွက်ဆတတ်ဘူး၊ ဟုတ်ပါတယ်၊ ကျုပ်တို့က ဖြစ်ပေါ်လာမယ်။ အခြေအနေအတွက် အဆင်သင့် ပြင်ထားတာတော့အမှန်ပဲ”

မြို့တော်ဝန်သည် နောက်ထပ် စီးကရက်တစ်လိပ်ယူပြီး ညှိုသောက်ပြန်သည်။

ဟာဂျီအီဘရာဟင်က ဆက်ပြောသည်။ “ပြည်သူတွေအတွက် ဘာမှလုပ်မပေးလျှင် ခေါင်းဆောင်ဆိုတာ ဘာလုပ်ဖို့လဲ / ရဆိုတာ ဘာလုပ်ဖို့လဲ”

“ကျုပ်တို့ ပါလက်စတိုင်းမှာ အစိုးရအဖွဲ့ဆိုတာ မရှိသေးပါဘူး ဟာဂျီအီဘရာဟင်၊ အာရပ်ကမ္ဘာတစ်ခုလုံးဟာ နိုင်ငံတွေပေါင်းထားတဲ့ အဖွဲ့ အစည်းတစ်ခု မဟုတ်ပါဘူး၊ လူစုတွေပေါင်းထားတဲ့ အစုအဝေးတစ်ခုသာဖြစ်ပါတယ်၊ ကျုပ်ဟာ လွန်ခဲ့တဲ့ ဆယ်နှစ် လောက်က ကျုပ်အစ်ကိုကို မဟာမင်းကြီးဂိုဏ်းသားတွေ သတ်ပစ်လိုက်တဲ့အချိန်ကစပြီး လုံးမှာ မြို့တော်ဝန်ဖြစ်လာခဲ့တယ်၊ အခု ဒီပတ်ဝန်းကျင်ကို ကြည့်လိုက်စမ်းပါ။ ကြည့်လို့လှရဲ့ လား၊ လုံးဝမလှဘူး 'ဘာကိုဆိုလိုတာပါလဲ”

“ဒါဟာ လှပတဲ့ရပ်ကွက်မဟုတ်ဘူး၊ တံတိုင်းကာထားတဲ့ အိမ်တွေစုနေတာပဲဖြစ် ငယ်၊ လူတွေက အမှိုက်သရိုက် အညစ်အကြေးတွေကို တံတိုင်းအပြင်ဘက် လွှမ်းပစ်ကြ တယ်။ ပြီးတော့အမှိုက်မသိမ်းဘူးဆိုပြီး ကျုပ်ဆီလာပြီးတိုင်ကြတယ်။ အစိုးရက ဘာဖြစ်လို့ မိုက်မသိမ်းတာလဲလို့ မေးကြတယ်။ အဲဒီတော့ ကျုပ်ကပြန်ပြောရတယ်၊ အမှိုက်သိမ်း က ပိုက်ဆံပေးရတယ်၊ ခင်ဗျားတို့က အစိုးရကိုအခွန်မပေးကြဘူး၊ ဒါကြောင့် အစိုးရက ငှက်မသိမ်းတာလို့ ပြန်ပြောလိုက်တယ်။

' ဒီမှာ ဟာဂျီအီဘရာဟင်၊ တဘားရွာမှာ ခင်ဗျား အခွန်ကောက်တာလမ်းလုပ်ပေး လား၊ ဆေးခန်းတို့ ကျောင်းတို့ ဆောက်ပေးခဲ့သလား၊ ရပ်ရွာ စည်ပင်ဖွံ့ဖြိုးရေးအတွက် ကော်မတီတစ်ခုမှ ဖွဲ့ ပေးခဲ့သလား၊ တကယ်တော့ ကျုပ်တို့လူတွေက လူမှုရေးလုပ်ငန်းတွေ ဘယ်လိုလုပ်ရတယ်ဆိုတာ နားမလည်ကြဘူး၊ သူတို့အဖို့ အစိုးရဆိုတာ ဘာသာရေးလိုပဲ၊ ပေါ်ကကျလာတဲ့ အရာတွေလို သဘောထားကြတယ်၊ သူတို့က အစစအရာရာ အစိုးရ ချည်းပဲ အားကိုးကြတယ်၊ သူတို့နဲ့ထိုက်တန်တဲ့ အစိုးရကိုပဲရနိုင်တယ်ဆိုတာ သဘော ဒေါက်ကြဘူး”

“ မြို့တော်ဝန်က အခုလို ဘာကြောင့် တရားဟောနေရတာလဲ”

'ပါလက်စတိုင်းသားတွေဟာ သူတို့ကိုယ်သူတို့ ဘယ်တုန်းကမှ မအုပ်ချုပ်ခဲ့ကြ ဘူး၊ အုပ်ချုပ်ဖို့လည်း မကြိုးစားခဲ့ကြဘူးဆိုတာ သိစေချင်လို့ပြောနေတာပါ၊ ကျုပ်တို့က လက်စတိုင်းအပြင်ဘက်က လူတွေကိုသာ ကျုပ်တို့ရဲ့ ကောင်းကျိုး ဆိုးကျိုးအတွက် ဆုံးဖြတ်ချက် ချခိုင်းလာခဲ့ကြတာ နှစ်ပေါင်းတစ်ထောင်ကျော်လာခဲ့ပြီ၊ ဒါကြောင့်လည်း စစ်ကြီးဖြစ်လာလျှင် ကျုပ်တို့ပြည်သူတွေအတွက် ဘယ်လို နေရာချထားပေးမယ်ဆိုပြီး တာဝန်ယူမယ့်ပုဂ္ဂိုလ် တစ်ယောက်မှ မရှိတာပေါ့၊ မဟာမင်းကြီးက ဒီလူတွေအတွက် အစားအစာနဲ့ နေရာထိုင်ခင်း စီစဉ်ပေးလိမ့်မယ်လို့ ခင်ဗျားထင်သလား”

မစ္စတာ ဖရစ်ဗီယက်က ကြားဖြတ်ပြီး“ဟာဂျီအီဘရာဟင် စစ်ရေးအခြေအနေနဲ့ ပတ်သက်ပြီး ခင်ဗျားဘယ်လိုမြင်ပါသလဲ”

အင်း… ဒီလူ ဒီရောက်နေတာ အကြောင်းတော့ရှိမှာပဲ။ သူ့ကြည့်ရတာ ဂျော်ဒန်လူမျိုး ဖြစ်နိုင်တယ်။ ဘက်ရှာလူမျိုးစုတွေက မဟာမင်းကြီးကို တိုက်ခိုက်ခဲ့ကြတယ်။ မဟာမင်းကြီးနဲ့ ကမ္ဘာ့ရန်ဘက်ဖြစ်နေတယ်၊ ကလိုဗစ်ဘက်ရှာဟာ ဂျော်ဒန်ဘုရင်အဗ္ဗဒူလာနဲ့ပေါင်းပြီး ကိုယ်ကျိုးရှာဖို့ ကြံနေတာဖြစ်မယ်။ ဒီစစ်မျက်နှာမှာ ကောက်ဂျီတပ်နဲ့ အီရတ်တပ်တွေ ဖြန့်ချထားပါလျက်နဲ့ ဂျော်ဒန်တပ်တွေလည်း စိမ့်ဝင်နေကြတယ်။ ဒါဟာ ဘာသဘောလဲ။ နောက်ပိုင်းမှာ အနောက်ဘက်ကမ်းကို လိုချင်လို့ဖြစ်လိမ့်မယ်။ ဂျော်ဒန်တွေက မဟာမင်းကြီး ရဲ့ ရန်သူတွေဖြစ်တဲ့ ရပ်ရွာအကြီးအကဲတွေ၊

မြို့တော်ဝန်တွေနဲ့ ထင်ရှားတဲ့ ပါလက်စတိုင် သားတွေကို အယုံသွင်းပြီးပေါင်းနေတာ။ ငါ့ကိုလည်း အဲဒီလိုလုပ်ဖို့ ကြံနေတာဖြစ် . ဟု အီဘရာဟင်က တွေးပါသည်။

“စစ်ရေးအခြေအနေကို ဘယ်လိုမြင်သလဲဟုတ်လား၊ ဒီမေးခွန်းကို ကျွန်တော်မ တတ်ပါဘူး၊ ကျွန်တော်က စစ်သားမှမဟုတ်တာ၊ ကျွန်တော်က လမ်းပေါ်ကလူ ယောက်ပါ၊ လမ်းပေါ်ပြေးနေရတာ နှစ်လတောင်ကျော်သွားပါပြီ”

'ကိုယ့်ကိုယ်ကိုယ် ဒီလိုနှိမ့်ချပြောလို့ဘယ်ဖြစ်မလဲ၊ ခင်ဗျားက စစ်ရေးအရ မ ဗျူဟာ အကျဆုံးရွာကို အထူးသဖြင့် ယောလုံမြစ်ဝှမ်းဒေသအများဆုံးကို အုပ်ချုပ် ကာ ရာစုနှစ်လေးပုံတစ်ပုံတောင် ရှိနေပြီ”

“တကယ်တော့ စောစောကမေးခွန်းကို ကျွန်တော်က ခင်ဗျားကိုမေးမှ ပိုပြီးသ ကျပါလိမ့်မယ် မစ္စတာဇီယတ်” ။

“ဟုတ်ပါတယ်၊ သဘာဝကျပါတယ်၊ ဒါပေမယ့် အဲဒါဟာ ကျွန်တော့်သဘော သက်သက်ပဲ ဖြစ်လိမ့်မယ်၊ အာရပ်တပ်တွေဟာ အပစ်အခတ်ရပ်စဲထားတုန်းမှာ နောက် ထိုးစစ်အတွက် ပြန်ပြီးစုစည်းနေကြတယ်၊ အာရပ်တပ်မတော်က အနောက်ဂျေရုဆလင် ဂျူးတွေကို အပြတ်တိုက်ထုတ်မယ်၊ ကောက်ဂျီတပ်နဲ့ အီရတ်တပ်တွေက ပင်လယ်ဘက် ကိုဆင်းပြီး ဂျူးတွေကို ခါးဖြတ်ပစ်ကြမယ်၊ အပစ်အခတ်ရပ်စဲရေးကာလ ပြီးဆုံးပြီးတဲ့နောက် တစ်လအတွင်းမှာ ဒီအတိုင်းဖြစ်လာလိမ့်မယ်” ။

“မုန်တိုင်းတိုက်တဲ့အချိန်မှာ လေပုန်းလို့ အလကားပဲ မစ္စတာဇီ အောင်ပွဲခံနေတဲ့တပ်ဟာ အပစ်အခတ်ရပ်စဲရေးကို ဘယ်တော့မသဘောမတူဘူး၊ ကျွန်တော် တပ်တွေက ခြေကုန်လက်ပန်းကျနေပြီ၊ ကျွန်တော်တို့က ဂျူးတွေကို ပထမတစ်ချက်တည်း အလဲမထိုးနိုင်လျှင် သူတို့ကိုနိုင်ဖို့မလွယ်တော့ဘူး၊ ပွဲဦးထွက်မှာ ကျွန်တော်တို့က ဘုံရိပ် ငါးဆယ်ခြောက်ဆယ်လောက် သိမ်းနိုင်ရမယ်၊ အခိက ဂျူးမြို့တစ်မြို့ လောက် သိမ်းနိုင် မယ်၊ အခုဆိုလျှင် ဂျူးအမြောက်တပ်တွေ လာတော့မယ်”

“ကျွန်တော်ပြောတာမမှားလျှင် ဂျူးတွေက တြိဂံနယ်မြေကို

စပြီးထိုးဖောက်နေကြည် ဂျူးတွေမှာ ဂျာမန်လေယာဉ်ပျံတွေတောင် ရှိနေပြီး ကောင်းကင်မှာ လေယာဉ်ပျံမြင်တွင် ကျွန်တော်တို့ လိုက်ပြီးလက်ပြလို့ မရတော့ဘူးပုန်းကျင်းထဲဝင်ပြေးဖို့သာ ကြိုးစားကြရ မယ်၊ အပစ်အခတ်ရပ်စဲရေးကာလပြီးလျှင် ဂျူးတွေက ခံစစ်မဟုတ်တော့ဘဲ ထိုးစစ် တိုက်ခိုက်ကြတော့မယ်၊ မကြာခင်မှာ နာဇလူးအထိတောင် ရောက်လာနိုင်တယ်” ။

“စစ်ရေးရာ ဘာမှမသိဘူးဆိုတဲ့လူက တော်တော်စိတ်ဝင်စားစရာကောင်းတဲ့ ထင် ချက်တွေ ပြောနိုင်ပါကလား”

ဟု မြို့တော်ဝန်က ပြောသည်။

'ဂျူးတွေက လယ်ကွင်းထဲမှာ အိပ်မနေကြဘူး၊ ကျွန်တော်တို့ကသာ အိပ်နေကြတာ သူတို့က သူတို့ဘုံရိပ်သာတွေကို လုံခြုံအောင် အကာအကွယ်လုပ်ထားကြတယ်၊ သူတို့ ထွက်မပြေးဘူး၊ လက်နက်မချဘူး၊ တစ်ယောက်တည်းကျန်တဲ့အထိ တိုက်လိမ့် သူတို့က ရေဒီယိုနဲ့သတင်းစာတွေကသာ စကားပြောတာမဟုတ်ဘူး၊ စစ်မြေပြင်မှာလည်း စကားပြောတယ်၊ ခင်ဗျားကစစ်သားတစ်ယောက်ပါ မစ္စတာဇီယတ်၊ အဲဒီတော့ ကျွန် တို့က တဲလ်အဗစ်၊ ဟိုင်ဖာနဲ့ ဂျေရုဆလင်မြို့တွေကို သိမ်းနိုင်ဖို့အတွက် လူပေါင်းဘယ် လောက် စတေးခံမှာလဲ၊ တစ်သန်းလား နှစ်သန်းလား”

'ဒါထက် ခင်ဗျားက ကျွန်တော့်ကို ဘာဖြစ်လို့ စစ်သားလို့ထင်ရတာလဲ”

“ခင်ဗျားကျောရိုးကဖြောင့်နေလို့ပါခင်ဗျားစကားပြောတော့လဲ ထရန်စ်-ဂျော်ဒန် နဲ့ အင်္ဂလိပ်သံရောနေတယ်ပြီးတော့ ခင်ဗျားက ဘီဒိုယင်သွေးပါတယ်၊ ခင်ဗျားလက်ခုံ က ဆေးမင်ကြောင်ရုပ်ကပြောတာ ဖင်စီရှူးဖိနပ်စီးထားတာထောက်တော့ ခင်ဗျားဟာ တပ်မတော်က စစ်ဗိုလ်တစ်ယောက်ဖြစ်ရမယ်။ မြို့တော်ဝန်ဘက်ရှာနဲ့ အဗ္ဗဒူလာ ဘုရင်တို့ လျှို့ဝှက်မဟာမိတ်ဖွဲ့ ထားတယ်ဆိုတာ လမ်းပေါ်ကလူတွေတောင် သိပါတယ်”

'ခင်ဗျားထင်တဲ့အတိုင်း ကျွန်တော်က အာရပ်တပ်မတော်က ဗိုလ်မှူးကြီးတစ်ယောက် (အဗ္ဗဒူလာဘုရင်မင်းမြတ် သံတမန်အဖြစ် လာရောက်တာဖြစ်တယ်။ စစ်ပြီးသွားပြီ တဲ့ ခင်ဗျားထင်မြင်ချက်က

ဆင်ခြေကောင်းပေမယ့် လူတိုင်းလက်မခံနိုင်တဲ့ ထင်မြင် ကံပါ။
အာရပ်နိုင်ငံအားလုံးအနက် ဂျော်ဒန်နိုင်ငံသာလျှင် ပါလက်စတိုင်းပြဿနာကို ဆုံးသတ်ဖြေရှင်းနိုင်မယ်ဆိုတာ ခင်ဗျားသဘောပေါက်ပါလိမ့်မယ်၊ ကျွန်တော်တို့က အာထရွန်က ရဲကင်းစခန်းကိုလဲ သိမ်းထားပြီးပြီး တဘားကန့် ဆိုလျှင် နှစ်မိုင်လောက်ပဲ ပါတယ်။ ကျွန်တော်တို့က နောက်တစ်ဆင့်တက်ပြီး ရမ်လီနဲ့ လိုင်ဒါကို သိမ်းလိုက်လျှင် ဘေးအနေနဲ့ ကိုယ့်ရွာကို စိတ်ချလက်ချပြန်နိုင်ပြီ”

“ကျွန်တော့်ကို သေသေချာချာကြည့်စမ်းပါဗိုလ်မှူးကြီး၊ ကျွန်တော့်မှာ ဘာမှမရှိတော့ ဘူး၊ လူသေတစ်ယောက်ဆီက သူခိုးတစ်ထောင် ဘာမှမရနိုင်ပါဘူး၊ ခင်ဗျားတို့ တပ်မ အော်ဟာ ကျွန်တော်တို့ရဲ့ အကောင်းဆုံးတပ်ပါ၊ ဒါပေမယ့် ခင်ဗျားတို့ တပ်ဖြန့်ထားတာ ပြီးကျဲတယ်၊ သိပ်ပြီးအလှမ်းဝေးတယ်၊ ရန်သူထိုးဖောက်ဖို့ အလွန်လွယ်တယ်” ဗိုလ်မှူးကြီးဇီယတ်က ဖြတ်ပြောမည်လုပ်သောအခါ အီဘရာဟင်က အလျင်အမြန် ဆက်ပြောသည်။

ဂျူးတွေဟာ လာထရွန်ကိုဖြတ်ပြီး ဂျေရုဆလင်အထိလမ်းမကြီး ဖောက်ထားတာကို မှူးကြီးအသိပါ၊ ခင်ဗျားတို့က အဗ္ဗဒူလာဘုရင်အတွက် တြိဂံနယ်မြေကို ဝင်တိုက်ဖို့ သုံးနေကြတယ်၊ ခင်ဗျားတို့အနေနဲ့ ဂျူးတွေကို ဘယ်လိုမှ မအောင်မြင်နိုင်ပါဘူး၊ ကယ်တော့ ဒီစစ်ပွဲကရှုံးနေပါပြီ”

ဗိုလ်မှူးကြီးနှင့် မြို့တော်ဝန်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အားသင့်နေကြသည်။

“ကဲ.. ဒီတော့ ခင်ဗျားတို့က ကျွန်တော့်ဆီက ဘာလိုချင်ကြတယ်ဆိုတာသာ ပါ" ဗိုလ်မှူးကြီးက မြို့တော်ဝန်အား ခေါင်းညိတ်ပြလိုက်သည်။ မြို့တော်ဝန်က ပြောသည်။

'ဂျူးပြဿနာနဲ့ပတ်သတ်ပြီး အဗ္ဗဒူလာဘုရင်က သွေးရူးသွေးတန်းလုပ်နေတာ ဟုတ်ပါဘူး၊ သူဟာ ဒီစစ်ပွဲကို မတိုက်ချင်ဘဲ တိုက်နေရတာပါ”

“ပြီးတော့ အဗ္ဗဒူလာဘုရင်က ဂျူးတွေနဲ့ ငြိမ်းချမ်းရေးလုပ်တာကို တခြားအာရပ်နိုင်ငံ က ဘယ်တော့မှခွင့်မပြုဘူးဆိုတာတော့ ကျွန်တော်က

သေချာပေါက်ပြောချင်တယ်”

ဟာဂျီအီဘရာဟင်က ပြန်လည်ချေပလိုက်သည်။ “ငြိမ်းချမ်းရေးက အချိန်တန်လျှင်လာပါလိမ့်မယ်” မြို့တော်ဝန်က ဝင်ပြောသည်။ ဂဂ တပ်တို့က ဒီစစ်ပွဲကို တာမရှည်စေချင်ပါဘူး။ အရေးကြီးတာကတော့ အာရပ်တွေလက်ထဲ မှာ ရှိခဲ့တဲ့နယ်မြေတွေဟာ အာရပ်တွေလက်ထဲမှာပဲ ရှိနေဖို့လိုတယ်၊ ခင်ဗျားက ကျုပ် အချင်းချင်း အုပ်ချုပ်ရေးကိစ္စပြောတယ်၊ အဲဒါ ကျုပ်တို့မလုပ်နိုင်ဘူး၊ မဟာမင်းကြီး သူ့လူတွေက ဂါဇာမှာစုနေကြတယ်၊ သူတို့က အနောက်ဘက်ကမ်းကို အီဂျစ်ထောက်ခံ နဲ့ ပါလက်စတိုင်းနိုင်ငံထုတောင်ဖို့ ကြိုးစားနေကြတယ်” ။

“အဲဒါက ကျွန်တော်တို့ကို ကုလသမဂ္ဂက ပေးထားပြီးသားပဲ၊ ကျွန်တော်တို့က ဒီစစ်ပွဲကို ဘာကြောင့်တိုက်နေကြတာလဲ၊ ကျွန်တော်တို့လူတွေက လယ်ကွင်းထဲမှာ ကြောင့် အိပ်နေကြတာလဲ” ,

”ကျုပ်တို့ စစ်တပ်တွေက နိုင်ငံကိုမဖြိုဖျက်ရမချင်း ဘယ်တော့မှ ကျေနပ် မဟုတ်ဘူး၊ သူတို့ကတိုက်တယ်၊ မအောင်မြင်ဘူး၊ အဲဒီတော့ ကျုပ်တို့ရွေးရမှာ အဗ္ဗဒူလာဘုရင်နဲ့ မဟာမင်းကြီးပဲရှိတော့တယ်”

ဗိုလ်မှူးကြီးဇီယတ်က ကြားဖြတ်ပြီး

”ကျွန်တော်က ကျွန်တော့်ကိုယ်ကျွန်တော် ပါလက်စတိုင်းသား တစ်ယောက် တစ်သက်လုံး မှတ်လာတာ၊ အမ္မန်မြို့သူမြို့သားတွေကလည်း သူတို့ကိုယ်သူတို့ ပါလ စတိုင်းသားလို့ပဲ ယုံကြည်နေကြတယ်၊ ဗြိတိသျှတို့က ဂျော်ဒန်နိုင်ငံကို ထူထောင်တဲ့ ပါလက်စတိုင်း အစိတ်အပိုင်းတစ်ခုကို ပြောင်းလဲခေါ်ဝေါ်တာပဲရှိတယ်၊ ကျွန်တော်တို့ သမိုင်းတူတဲ့ လူမျိုးတစ်မျိုးတည်းပါ၊ အဗ္ဗဒူလာဘုရင်ရဲ့ အလံတော်ဟာ အရှေ့ဂျေရုဆ မှာ တလူလူလွင့်နေပါပြီ၊ ကျွန်တော်တို့က အနောက်ဘက်ကမ်းကိုသိမ်းနိုင်လျှင် - သေးသေးကလေးကို နိုင်ငံကြီးအဖြစ် ထုထောင်နိုင်လိမ့်မယ်”

“ဒီကိစ္စကိုတော့ အီဂျစ်က ဘယ်လိုမှသဘောတူနိုင်မှာ မဟုတ်ဘူး”

ဟာဂျီအီဘရာဟင်က ပြောလိုက်သည်။ မြို့တော်ဝန်က ကြားဝင်ပြီး

”ဂျော်ဒန်ဟာ ပါလက်စတိုင်းရဲ့ အစိတ်အပိုင်းတစ်ခု အမြဲတမ်းဖြစ်ခဲ့တယ်ဆိုတာ ကျုပ်တို့လက်ခံရလိမ့်မယ်၊ အဲဒီအချက်ကြောင့်ပဲ ကျုပ်တို့မှာ အစဉ်အလာဘုရင်တစ်ပါး။ အမြဲတမ်း တပ်မတော်ကြီးတစ်ခု ရှိထိုက်တယ်။ ဒါမှသာ မဟာမင်းကြီးကိုရပ်တန့် ရပ်အောင်လုပ်နိုင်မယ်”

ဤတွင် ဗိုလ်မှူးကြီး ဇီယတ်ကဖြတ်ပြီး 'ကျွန်တော် လိုရင်းကို ပွင့်ပွင့်လင်းလင်းပဲပြောပါရစေ၊ ဟာဂျီအီဘရာဟင်လာ ကိစ္စမှာ ကျွန်တော်တို့ကို ကူညီနိုင်တဲ့ အနေအထားမှာရှိပါတယ်။ စစ်ပွဲကြောင့် အိမ်မဲ့ ဖြစ်ကြတဲ့ ပါလက်စတိုင်းသားတိုင်းကို ဂျော်ဒန်နိုင်ငံက တံခါးဖွင့်လက်ခံမယ်ဆိုတာ အဗ္ဗဒူလာဘုရင်က မကြာခင်ကြေညာလိမ့်မယ်၊ လယ်ကွင်းတွေထဲက လူတွေအားလုံး ကျွန်တော်တို့က တာဝန်ယူစောင့်ရှောက်ကျွေးမွေးထားမယ်။

... ဟာဂျီအီဘရာဟင်က အရေးပါတဲ့ပုဂ္ဂိုလ်ဖြစ်လို့ လူပေါင်းများစွာကို အမှန် ခေါ်လာနိုင်မှာ သေချာပါတယ်၊ ဒါဟာ ယာယီသဘောမဟုတ်ပါဘူး၊ ဆန္ဒရှိတဲ့ ပါ စတိုင်းသားမှန်သမျှကို ဂျော်ဒန်နိုင်ငံသားအဖြစ် တစ်သက်လုံးလက်ခံဖို့ အစီအစဉ် ကျွန်တော်တို့ကိုကူညီတဲ့ ပါလက်စတိုင်းသားတွေရဲ့ အရေးပါမှုကို ကျွန်တော်တို့ အမှတ်ပြုတဲ့ သဘောဖြစ်ပါတယ်၊ တကယ်လို့ ဟာဂျီအီဘရာဟင်အနေနဲ့ ကျွန်တော် အစီအစဉ်ကို လက်ခံမယ်ဆိုလျှင် ဝန်ကြီးရာထူးအထိပေးဖို့ ကျွန်တော်တို့ဘက်က လက် မရှိပါဘူး”

“ဒါဆိုလျှင် ကျွန်တော်နဲ့ ဂီဒီယံအက်ရှ်တို့ရဲ့ ဆက်ဆံရေးကို ဘယ်လိုသဘောထားမလဲ အီဘရာဟင်က မေးလိုက်သည်။ ဗိုလ်မှူးကြီးဇီယတ် အံ့သြသွားပြီး 'ဒီကိစ္စက ကျွန်တော် ပြောခဲ့ပြီးတဲ့အတိုင်း အဗ္ဗဒူလာဘုရင်ဟာ ဂျူးနိုင်ငံထူထောင်ရေး ပတ်သက်ပြီး ဘယ်လိုမှမကန့်ကွက်ပါဘူး၊ ကျွန်တော်တို့က ဂျူးနိုင်ငံထူထောင်တာကို ငါတော့ အသိအမှတ်မပြုနိုင်ဘူး ဂျူးတွေနဲ့ငြိမ်းချမ်းရေးစာချုပ်လည်း မချုပ်နိုင်ဘူး၊ သော်လည်း ဂျူးတွေနဲ့ လိမ္မာပါးနပ်စွာ ပေါင်းသင်းသွားရမယ်ဆိုတာတော့ သဘော ဆက်ထားပြီးသာပါ၊ လိုအပ်တဲ့အခါ ငြိမ်းချမ်းစွာ ပူးတွဲနေထိုင်သွားသင့်လျှင် နေထိုင်သွား ဆိုတာလည်း တွေးမိပြီးသားပါ”

”ဘာပဲပြောပြော ဒီစစ်ကြီးပြီးဆုံးသွားတဲ့အချိန်မှာ အာရပ်တွေအနေနဲ့

အကြီးကျယ်ဆုံး က်တကွဲအကျိုးနည်း ဖြစ်ရလိမ့်မယ်ဆိုတာတော့ ထင်ရှားနေပါတယ် ဗိုလ်မှူးကြီး၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းနဲ့ ဘာသာရေးက ဂျူးတွေကို အမြဲတမ်းတိုက်ခိုက်သွားရမယ်လို့ သကြားထားပြီးသားပါ”

“ကျုပ်တို့က လောလောဆယ် ပစ္စုန်ပွန်သက်သက်ကိုပဲကြည့်တာ ပိုကောင်းလိမ့် မယ်' မြို့တော်ဝန်ကဝင်ပြောသည်။ အနာဂတ်အတွက် ကြိုပြီးပူနေစရာ မလိုပါဘူး၊ အဂတ်ကိစ္စက နောင်ခါလာနောင်ခါချေးပဲ ထားလိုက်ပါ”

အစည်းအဝေး ပြီးဆုံးသွားပြီ။ ဗိုလ်မှူးကြီးဇီယတ်က သူသည် အနောက်ဘက်ကမ်း တွင် လုပ်စရာရှိသည်များကို နှစ်ရက် သုံးရက်လုပ်ပြီးနောက် အမ္မန်မြို့သို့ ပြန်သွားမည် ဖြစ်ကြောင်း၊ ထို့နောက် အဗ္ဗဒူလာဘုရင်ထံမှ အမိန့်အတိအကျကိုယူဆောင်၍ ဟာဂျီအီဘ ဟင်ထံသို့ ပြန်လာမည်ဖြစ်ကြောင်းပြောသည်။

ထို့နောက် သူသည် အစည်းအဝေးခန်းထဲမှ ပြန်ထွက်သွားသည်။ မြို့တော်ဝန်က တစ်စုံတစ်ရာကို ရုတ်တရက်သတိရမိသည့်အလား သူ့နဖူးကို က်ဝါးနှင့် ပုတ်လိုက်ပြီးနောက်

”သော် .... ဟုတ်ပါရဲ့၊ ကျုပ်မေ့နေလိုက်တာ၊ တခြားမဟုတ်ပါဘူး၊ ကျုပ်ညီမှာ ဒီအနားမှာ စံအိမ်ကလေးတစ်ဆောင်ရှိတယ်၊ သူက ခွဲခြမ်းရေးကိစ္စပေါ်ပြီးကတည်းက ဥရောပကိုထွက်သွားတာ၊ ပညာဆက်သင်ဖို့ထွက်သွားတာ၊ အဲဒီအိမ်ကို ဟာဂျီအီဘရာဟင်နဲ့ သားစုအတွက် ကျုပ်ပေးပါတယ်” ထို့နောက် သူက တရားဝင်စာတစ်စောင်ရေးသည်။ စာတွင် ဟာဂျီအီဘရာဟင်အား လခြမ်းနီအသင်း ကုန်လှောင်ရုံသို့သွား၍ ရိက္ခာ၊ ဆောင်၊ အဝတ်အစား၊ ဆေးနှင့် တခြားလိုအပ်သောပစ္စည်းများ ထုတ်ယူခွင့်ပြုကြောင်း ရေးသားထားသည်။

“အများကြီး ကျေးဇူးတင်ပါတယ် မြို့တော်ဝန်၊ ဒါပေမယ့် ကျွန်တော် သိရသလောက် တော့ နာဗလူးမြို့မှာ ကယ်ဆယ်ရေးပစ္စည်း လုံးဝမရှိပါဘူး”

ဤတွင် မြို့တော်ဝန်က လက်နှစ်ဖက်ကိုကာပြပြီး “ကျုပ်တို့ အခြေအနေက တပ်မတော်ကို ပထမဦးစားပေးရပါတယ် ဟာဂျီအီ ရောဟ”

အခန်း (၄)

စံအိမ်ကလေးသို့ ပြောင်းရွှေ့လာသောအခါ ကျွန်တော်တို့၏ အခြေအနေ နေချင်းညချင်း ပြောင်းလဲသွားလေသည်။ ဤမျှ ခမ်းနားကောင်းမွန်သော အိမ်တစ်ဆောင် အတွင်းသို့ ဖေဖေမှတစ်ပါး ကျွန်တော်တို့တစ်ယောက်မျှ မဝင်ရောက်ဖူးခဲ့ကြပါ။ မိန်းမများ မှာ အိမ်တွင်းမှု အလုပ်တွေလုပ်ရင်း မြူးတကြွကြွဖြစ်နေကြသည်။ ရာမီဇာရောက်လာကြ တည်းက တစ်ခါမှမပြုံးမရယ်တော့သည့် မေမေပင်လျှင် ယခုစံအိမ်သို့ ရောက်လာသောအခါ ပျော်တပြုံးပြုံးဖြစ်နေလေသည်။

အိမ်ရှင်မှာ မြို့တော်ဝန်၏ညီဖြစ်သည်။ သူသည် ပါလက်စတိုင်းခွဲခြမ်းရေးပြဿနာ ပေါ်ပြီးနောက် တိုင်းပြည်မှထွက်ပြေးသွားသည်။ သူသည် အင်ဂျင်နီယာတစ်ယောက် ဖြစ် သည်။ သူ၏ရုံးခန်းကလေးထဲတွင် အင်္ဂလိပ်နှင့် အာရေဗစ်ဘာသာဖြင့် ရေးသားထားသော စာအုပ်တွေ တစ်ပုံကြီးတွေ့ရသောအခါ ကျွန်တော့်မှာ ပုရွက်ဆိတ် ထန်းလျက်အိုးတွေ့ သည့်ကိန်းနှင့် ကြုံရတော့သည်။

နောက်ထပ် ဝမ်းသာစရာတစ်ခု ကြုံရသည်မှာ နာဗလူးမြို့တွင် အထက်တန်းကျောင်း ရှိခြင်းပင်ဖြစ်သည်။ ကျွန်တော့်အနေဖြင့် အခါအခွင့်သင့်သောအခါ ဖေဖေ့ကိုပြောဖြင့် စောင့်နေ ရန်သာ ရှိသည်။

ကျွန်တော်တို့ ပြောင်းရွှေ့လာပြီးနောက် ရက်သတ္တတစ်ပတ်ခန့်အကြာ၊ တစ်နေ့ညတွင် ဖေဖေက သူနှင့်စကားပြောရန် ကျွန်တော့်ကိုဝရန်တာသို့ခေါ်သည်။ ကျွန်တော်တို့ အခြေ အနေ ယခင်ကထက် အများကြီး ကောင်းမွန်လာသော်လည်း ဖေဖေကဝမ်းသာပုံမရပါ။

“မင်းကို ငါမေးစရာရှိတယ် အစ္စမေ”

ဖေဖေ့လို ပုဂ္ဂိုလ်ကြီးတစ်ယောက်က ကျွန်တော့်ကို အရေးတယူ တိုင်ပင်နှီးနှော ခြင်းလုပ်သည့်အတွက် ကျွန်တော်အလွန်ဂုဏ်ယူမိသည်။ အထက်တန်းကျောင်းသို့ တစ် ရောက်သင်ကြားလိုစိတ်သည် ကျွန်တော့်ရင်ထဲတွင် အလွန်ပြင်းပြနေသည်။ ယခုအခါ တွင် ယင်းကိစ္စကို ဖေဖေ့အားပြောပြရန်

အကောင်းဆုံးအချိန်ပင် ဖြစ်သည်။)

”တို့မိသားစုအတွက် တစ်နှစ်မှာ သံလွင်ဆီ ဘယ်နှစ်လုံးကုန်မယ်ဆိုတာ မင်းတွင် တတ်သလား”

ဖေဖေ့မေးခွန်းကြောင့် ကျွန်တော် အံ့အားသင့်သွားမိသည်။ ကျော်

”အများကြီးကုန်မှာပေါ့ ဖေဖေ”

ကျွန်တော်က စဉ်းစားမနေတော့ဘဲ လွှတ်ခနဲပြန်ဖြေလိုက်သည်။ “အများကြီးကုန်မှာပေါ့ ဆိုတဲ့အမျိုး ငါမလိုချင်တော့ဘူး၊ ဘယ်နှယ့်ပုံးကုန်မယ် တဲ့ အတိအကျအပ် လိုချင်တယ်" 'အဲဒါဆို မေမေ့ကိုမေးကြည့်ပြီးမှ ဖြစ်လိမ့်မယ် ဖေဖေ”

”ပြီးတော့ ပဲ၊ ဆန် စတဲ့ တာရှည်ခံသီးနှံတွေကော ဘယ်လောက်ကုန်မှာလဲ”

”တစ်နှစ်မှာ”

”အများကြီး ကုန်မှာပေါ့”

”အတိအကျ ပြောစမ်းပါ”

ဖေဖေ့အသံက မာသည်။ ကျွန်တော် လန့်သွားမိသည်။ ကျွန်တော်တို့ရွာတွင် ခံများကို စဉ့်အိုးများ၊ အိတ်များ၊ သေတ္တာကြီးများနှင့် ထည့်ထားသည်ကို မြင်ယောင်မိ ည်။ “ဟုတ်ကဲ့ ဖေဖေ”

ကျွန်တော်က ခပ်လန့်လန့်ဖြင့် ပြန်ပြောလိုက်သည်။

“ပြီးတော့ ရေနံဆီကရော ဘယ်နှစ်ဂါလံလောက်ကုန်မှာလဲ၊ ချက်ပြုတ်ဖို့၊ မီးထွန်းဖို့၊ အနွေးဓာတ်ပေးဖို့အတွက် တစ်နှစ်တာကုန်ကျမယ့် ဂါလံအရေအတွက်ပေါ့”

“အတိအကျ ပြောလို့တော့ မရဘူးဖေဖေ၊ ဒါပေမယ့် အနီးစပ်ဆုံး ခန့်မှန်းခြေတော့ တွက်လို့ရနိုင်ပါတယ်”

“အေး…ကောင်းပြီး ကောင်းပြီ၊ ဒါနဲ့ ပြောစမ်းပါဦး၊ တို့မိသားစုအတွက်

တခြား ရှိမဖြစ် လိုအပ်တဲ့ပစ္စည်းတွေ မင်းစဉ်းစားလို့ရသလား၊ ဆိုပါတော့ ဥပမာ...အိပ်ဖို့ဖာ၊ ခွက်ပန်းကန်၊ စောင်၊ ဆပ်ပြာ၊ ပြီးတော့ မီးခြစ်...စတဲ့ တဘားကတို့အိမ်မှာသုံးတဲ့ -စွည်းမျိုးတွေပေါ့၊ တို့လိုချင်တဲ့ ပစ္စည်းတွေကို ပြောတာမဟုတ်ဘူး၊ လိုအပ်တဲ့ပစ္စည်း လောက်ပဲပြောတာ၊ အဝတ်အစားသစ် မလိုဘူး၊ အဟောင်းတွေ ဖာထေးချုပ်လုပ်ဖို့ အပ်တို့၊ အပ်ချည်တို့ပဲ လိုတယ်”

“အများကြီးလိုမှာပေါ့ ဖေဖေ”

”လုပ်ပြန်ပြီ၊ ဒီအများကြီး “ခုချက်ချင်း တွက်ချက်ဖို့တော့ မလွယ်ဘူး ဖေဖေ”

‘လွယ်ပါတယ်၊ ငါလည်း ကူတွက်ပေးမှာပေါ့၊ အဓိကပြဿနာကတော့ အဲဒီပစ္စည်း တွေအားလုံး အီရတ်စစ်တပ်က ထရပ်ကားကြီးတစ်စီးထဲမှာ တင်သွားလို့ရနိုင်ပါ့မလား ဆိုတာပဲ၊ အဲဒီပစ္စည်းတွေအပြင် တို့မိသားစုဆိုပါလျှင် ဘယ့်နှယ်လဲ၊ ကားပေါ်မှာ ဆံ့ပါ့ မလား”

ဖေဖေ့စကားကြောင့် ကျွန်တော့်တစ်ကိုယ်လုံး သွေးဆုတ်သွားသလို ထင်မှတ်လိုက် မိသည်။ ကျွန်တော်တို့ ဒီနေရာက ဘာကြောင့်ပြောင်းရွှေ့ရမှာလဲ။ ဘာဖြစ်လို့ ဒုက္ခထပ်ခံကြ ဦးမှာလဲ။ သို့သော် ဖေဖေ့စကားကို ပြန်လှန်ချေပနေစရာမလို။

“ဒီကိစ္စက ခုချက်ချင်းအဖြေပေးလို့ မရနိုင်ပါဘူး ဖေဖေ၊ အချိန်ယူပြီး စဉ်းစားရမယ့် ကိစ္စပါ

”ဒါပေမယ့် လာမယ့်ဥပုသ်နေ့မတိုင်ခင် အပြီးလုပ်ရမယ်”

ဘုရားရေ... အဲဒါမှ ဒုက္ခပဲ။ လေးရက်အတွင်း အပြီးလုပ်ရမယ်တဲ့။ သို့သော် ကျွန်တော်တို့ အာရပ်လူမျိုးများ၏စရိုက်တွင် တစ်စုံတစ်ယောက်၏ အမိန့် သို့မဟုတ် ဆန္ဒကို ငြင်းဆန်ခြင်းကို မည်သူမျှမကြိုက်ကြ။ ယခုလည်း ဖေ အမိန့်ကို ကျွန်တော်က ငြင်းဆန်၍ရမည်မဟုတ်။ ထို့ကြောင့် ကျွန်တော်က ကမန်းကတန်း နှင့်ပင် ခေါင်းညိတ်လက်ခံလိုက်ရသည်။

“ပြီးတော့ ကမယ်ကို ကားမောင်းသင်ခိုင်းလျှင် ဘယ်လောက်ကြာမလဲ”

"ကျွန်တော်တို့ နည်းနည်းပါးပါးတော့ မောင်းတတ်နေကြပါပြီ၊ အပစ်အခတ်ရပ်စဲ ရေးကာလ ကုန်ဆုံးတော့မှာမို့လို့ ဘဂ္ဂဒက်မြို့က ထောက်ပို့ယာဉ်တန်းတွေ အများကြီးဝင် နေတယ်။ အဲဒီကားတွေက ကုန်တွေချပြီးတဲ့နောက် ချက်ချင်းပြန်ထွက်ချင်လည်း ထွက် သွားတယ်၊ အိပ်ချင်လဲ အိပ်နေကြတယ်၊ ကုန်တွေချတဲ့အခါ ကမယ်နဲ့ကျွန်တော်တို့က ကြီးကြပ်ပြီး တခြားကလေးတွေကို ချခိုင်းတယ်၊ သူတို့ကို လုပ်ခအဖြစ် စီးကရက် ပေးတယ်၊ ကုန်ချပြီးတဲ့အခါ ကမယ်နဲ့ကျွန်တော်တို့က ကားပေါ်တက်မောင်းပြီး ကား၏ မှာသွားထားကြရတယ်" ။

"ဒါနဲ့ မင်းပြောတဲ့ ဗိုလ်ကြီးအမရမ်းက လုံးဝမလာဘူးလား"

"သူက တစ်ခါတလေမှလာပါတယ်။ သူပြန်ထွက်သွားပြီးတဲ့နောက် စစ်သားချေ လည်းလစ်ထွက်သွားကြတာပါပဲ၊ အဲဒီဗိုလ်ကြီး အပျော်အပါးသိပ်ဝါသနာပါတယ်၊ ဒါထက် ဖေဖေဘာတွေစီစဉ်နေတယ်ဆိုတာ ကျွန်တော်တော့ လုံးဝသဘောမပေါက်သေးဘူး၊ ပြောတဲ့ပစ္စည်းတွေလည်း ကျွန်တော်တို့ကုန်ရုံမှာ တော်တော်များများမရှိပါဘူး"

ဖေဖေက ကျွန်တော့်အား စာတစ်စောင်ထုတ်ပေးပြီး ဖတ်ခိုင်းသည်။ မြို့တော် ရုံးတော်တံဆိပ်ဖြင့် ရေးထားသောစာဖြစ်သည်။ ဟာဂျီအီဘရာဟင်အလိုရှိသော ပစ္စည်းများကို အနီးအနားရှိ လခြမ်းနီအသင်းကုန်ရုံမှ ထုတ်ပေးရန် မြို့တော်ဝန်က ညွှန်ကြားထားသည်။ ကုန်ရုံနှစ်ခုပေါင်းလျှင်တော့ ကျွန်တော်တို့လိုသမျှပစ္စည်း အပြည့်အစုံရနိုင်မှာသေချာသည်။ မြို့တော်ဝန်စာပါလျှင် အားလုံးပြီးနေပြီ။

"ဒါပဲလား ဖေဖေ၊ နောက်ဘာရှိသေးလဲ"

"ဘာမှမရှိတော့ဘူး၊ ဒါပေမယ့် တို့မှာ စက်သေနတ်တစ်လက်၊ ရိုင်ဖယ်လေးလက် ကျည်ဆန်တော့ အများကြီးပါရလိမ့်မယ်၊ အရေးအကြီးဆုံးကတော့ ဂျမီလ်၊ ကမယ် အိုမာတို့အတွက် အီရတ်စစ်သားယူနီဖောင်းပဲ၊ အဲဒါတော့ မရလို့မဖြစ်ဘူး"

"ယူနီဖောင်းက ရနိုင်ပါတယ်၊ သေနတ်တွေကတော့ မလွယ်ဘူး၊

လက်နက်တိုက် ဗိုလ်ကြီးအမ်ရမ်း မအုပ်ချုပ်ရဘူး၊ အစောင့်တွေလည်း အချိန်ပြည့်ချထားတယ်”

“စက်သေနတ်မပါလျှင်လည်း ရတော့ရပါတယ်၊ ရိုင်ဖယ်သေနတ်ရဖို့က မခက်ပါဘူး ကောက်ဂျီတပ်နဲ့ အီးရတ်တပ်က လူတွေအများကြီးထွက်ပြေးနေကြတယ်၊ သူတို့က သူတို့ လက်နက်တွေကို မှောင်ခိုဈေးမှာ ရောင်းပစ်ခဲ့ကြတယ်၊ စီးကရက်နဲ့လဲလျှင် လွယ်လွယ်နဲ့ ရနိုင်တယ်၊ တို့က စီးကရက်များများရဖို့ပဲလိုတယ်”

“စီးကရက်ကတော့ ရနိုင်ပါတယ်၊ ဒါနဲ့ ကျွန်တော်တို့က ဒီနေရာက ဘာဖြစ်လို့ ပြောင်းရမှာလဲ ဖေဖေ၊ နောက်ထပ် ဒီလိုနေရာမျိုးမှာနေရဖို့ မလွယ်ပါဘူး”

“ဒီအိမ်ကြီးကို တို့ဘာကြောင့်ရသလဲဆိုတာ မင်းသိရဲ့လားအစ္စမေ့ “ဖေဖေက နာမည်ကြီးတဲ့အကြီးအကဲတစ်ယောက် ဖြစ်လို့...”

ehen

”ဒီ တစ်ဝိုက်က လယ်ကွင်းတွေ လျှိုမြောင်တွေ တောင်ကုန်းတွေမှာ ငါ့လို နာမည် ကြီးတဲ့ အကြီးအကဲတွေ တင်းကြမ်းပြည့်နေတယ်၊ အဗ္ဗဒူလာဘုရင်အကြောင်းကို မင်းက ခဏခဏဖတ်ပြဖူးတယ်မဟုတ်လား၊ အဗ္ဗဒူလာဘုရင်ဟာ ဘယ်သူဆိုတာ မင်းသိ ‘ဂျော်ဒန်နိုင်ငံက ဟာရှီမိုက်မျိုးနွယ်ဝင်ဘုရင်”

”မင်းက ပညာတတ်တဲ့ကလေး၊ အဲဒီတော့ ဟာရှီမိုက်မျိုးနွယ်ဆိုတာ ဘယ်သူတွေ ကလည်း မင်းသိမှာပေါ့”

“ဟုတ်ကဲ့ သိပါတယ်၊ ဟာရှီမိုက်တွေဟာ တမန်တော်မိုဟမ္မက်နဲ့ မျိုးနွယ်စု ဘုဘုပဲ၊ သူတို့က အာရေဗီးယားက ဆင်းသက်လာကြတယ်၊ သူတို့ဟာ မက္ကာမြို့မှာရှိတဲ့ ဖြတ်တဲ့နေရာတွေကို ထိန်းသိမ်းစောင့်ရှောက်လာကြတယ်”

“အဲဒါ မှန်တယ်၊ သူတို့ဟာ ဗလီဝတ်ကျောင်းတွေကို အစဉ်အဆက် ထိန်းသိမ်း ရောက်လာတဲ့လူတွေပဲ၊ ဒါပေမယ့် သူတို့က တို့မျိုးနွယ်စုတွေလောက်

အရင်းအမြစ် ဘူး၊ တို့ကတမန်တော်ဆီက တိုက်ရိုက်ဆင်းသက်လာတဲ့လူတွေ၊ တကယ်ဆိုလျှင် က အဗ္ဗဒူလာထက်ပိုပြီး ဂျော်ဒန်ဘုရင်ဖြစ်သင့်တာ၊ လွန်ခဲ့တဲ့ သုံးလလောက်ကအထိ တရံမိုက်မျိုးနွယ်ဝင်မင်းဆက်ဆိုတာ လုံးဝမရှိခဲ့ဘူး၊ ဗလီဝတ်ကျောင်း ထိန်းသိမ်းစောင့် ရောက်တဲ့ လူတွေဆိုတာသာရှိခဲ့တာ၊ အခုမှ ဗြိတိသျှနိုင်ငံခြားရေးရုံးက တီထွင်လိုက်လို့ လာဘုရင်ဆိုတာ ဖြစ်ပေါ်လာတာ၊ ဂျော်ဒန်နိုင်ငံဆိုတာလဲ အဲဒီအတိုင်းပဲ၊ ဗြိတိသျှတွေ ကဖန်တီးလို့ ဖြစ်ပေါ်လာတာ" . ။

ဖေဖေသည် လက်နှစ်ဖက်ကို နောက်ပစ်လျက်ပုတီးစိပ်ရင်း အလ္လာအရှင်မြတ်၏ အတော်များကို တတွတ်တွတ်ရွတ်ဆိုနေသည်။ အတန်ကြာတော့မှ ဆက်ပြောသည်။

"တို့ဒီနေရာက ထွက်သွားမှဖြစ်မယ်၊ နို့မဟုတ်လျှင် တို့က အဗ္ဗဒူလာဘုရင်လက် အောက် ရောက်သွားလိမ့်မယ်၊ အဲဒါဆိုလျှင် တို့တစ်တွေ တစ်သက်လုံး ခွေးဖြစ်သွားကြ တော့မယ်၊ နာဗလူးမှာဆက်နေလျှင် ငါကလူတွေကိုစည်းရုံးပြီး ဂျော်ဒန်နိုင်ငံအမ္မန်မြို့ကို သွားရမယ်၊ အဗ္ဗဒူလာက တို့ကိုဂျော်ဒန်နိုင်ငံသားလုပ်ပစ်ပြီး သူ့နိုင်ငံအတွက် လူဦး များလာအောင်ဖန်တီးနေတာ၊ ငါက မောရှေ့မဟုတ်ဘူး၊ ဂျော်ဒန်နိုင်ငံလည်း တို့ရဲ့ မြင့် တ်တဲ့ "ကတိခံနိုင်ငံ' မဟုတ်ဘူး၊ ဂျော်ဒန်နိုင်ငံမှာ ကုလားအုတ်ချေးနဲ့ သဲပဲရှိတယ်၊ ဆင်းရဲလွန်းလို့ အခုရှိနေတဲ့ လူတွေကိုတောင် ထမင်းဝအောင်မကျွေးနိုင်ဘူး၊ နောက်ထပ် ဝင်လာတဲ့ လူတွေကို ကျွေးနိုင်ဖို့ဆိုတာကတော့ ဝေလာဝေး၊ အဲဒီသွားလျှင် တို့အနေနဲ့ ဦးဝပြန်လမ်း မရှိတော့ဘူး ။

"ဟုတ်ကဲ့၊ ကျွန်တော်သဘောပေါက်ပါပြီ ဖေဖေ" ကျွန်တော့် မျက်လုံးများထဲတွင် မျက်ရည်များပင် လည်ချင်သလို ခံစားရမိသည်။

"ဒါပေါ့၊ မင်း သဘောပေါက်ရမှာပေါ့၊ ဂျော်ဒန်မြစ်တစ်ဖက်ကမ်းက အဲဒီဖုန်းဆိုး နိုင်ငံကို ကိုယ့်ရပ်ကိုယ့်ရွာထက် အကောင်းထင်လျှင် ထင်တဲ့လူအရူးပေါ့၊ ပြီးတော့ အဗ္ဗ ဒုလာဟာ တို့ဘုရင်မဟုတ်ဘူး၊ ဂျော်ဒန်ဟာလည်း တို့နိုင်ငံမဟုတ်ဘူး၊ အာရပ်ကမ္ဘာမှာ အဗ္ဗဒူလာလောက် ရန်သူများတဲ့လူလည်း တစ်ယောက်မှမရှိဘူး ။

ဖေဖေသည် ခြေပစ်လက်ပစ်ဖြစ်သွားသည်။ သူ့မျက်နှာတွင်သောကရိပ်များ အထင် သားပေါ်နေသည်။ သူ့လက်ထဲမှ စိပ်ပုတီးသည်ငြိမ်သွားသည်။ အတန်ကြာတော့မှ အိုက ညည်းပြောပြောပြန်သည်။

“အင်း…တဘား တဘား တို့ချစ်မြတ်နိုးတဲ့ တဘားကို တို့ပြန်ကို ပြန်ရ၏။ တို့ပိုင်တဲ့မြေကို တို့ပြန်တောင်းရမယ်၊ ဒီနယ်မြေက အရှူးတွေကတော့ ပါလက်စတိုင်း ပိုင်ဆိုင်ဖို့အတွက် အချင်းချင်းတစ်သက်လုံး သတ်နေကြတော့မှာပဲ”

သူက ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်လျက်

”ငါ တဘားကို မနက်ဖြန်တောင် ပြန်သွားချင်တယ် အစ္စမေ၊ ဂျူးတွေ သိမ်းလျှင်လည်း သိမ်းထားပါစေ၊ ငါတော့ ပြန်ကိုပြန်ချင်တယ်”

ဤအကြိမ်သည် ဖေဖေက သူ့ရင်ထဲခံစားနေရသည့် ဝေဒနာကို ကျွန်တော့် ပထမဆုံးအကြိမ် ပွင့်လင်းစွာဖွင့်ဟခြင်းပင် ဖြစ်သည်။ ဤအဖြစ်ကို ကျွန်တော် ဘယ် မှ မမေ့နိုင်တော့ပါ။

“ကျွန်တော် စိတ်ကူးထားတာတစ်ခုရှိတယ် ဖေဖေ” ဖေဖေက ကျွန်တော့်ပုခုံးပေါ် လက်တင်လိုက်ပြီး

”ငါ့သားကို ဖေဖေအားကိုးပါတယ်၊ တို့သားအဖ နှစ်ယောက်ဟာ တစ်လျှောက် ကိစ္စအတော်များများမှာ တိုင်တိုင်ပင်ပင် လုပ်လာခဲ့ကြတာပဲမဟုတ်လား”

'ကျွန်တော့်စိတ်ကူးကတကယ်အောင်မြင်မှာပါ၊ ဒါနဲ့ ကျွန်တော်တို့ ဘယ်ကိုမှ ကြမှာလဲ ဖေဖေ”

“တို့ဒီနေရာကထွက်ပြေးလျှင် နောက်ဆုံးအဆင့်မှာ တို့တမင်ဖန်တီးထားတဲ့ တို့ မိတ်ဆွေကြီး ဗိုလ်မှူးကြီးဟက်ကားရဲ့ အကူအညီကိုတော့ ယူရလိမ့်မည်၊ ဒီတော့ မင်း ဗိုလ်မှူးကြီးဟက်ကားနာမည်နဲ့ အမိန့်စာတစ်စောင်ရေးရလိမ့်မယ်၊ ပြီးတော့ မင်းအစ်ကို က အီရတ်စစ်သားယူနီဖောင်းဝတ်လိုက်လျှင် တို့အကြံအောင်မြင်မှာ သေချာပါတယ်

”အောင်မြင်မှာပါ ဖေဖေ”

'ငါ မင်းအရွယ်လောက်တုန်းက တဘားမှာ ပလိပ်ရောဂါဖြစ်တယ်၊ ဒါနဲ့ ။ ဝါဟာဘီလူမျိုးစုတွေဆီ ပို့လိုက်ကြတယ်၊ ဖရောက်ကိုတော့ ခရစ်ယာန်သာသနာပြုတွေ့ ခေါ်သွားပြီး စာသင်ပေးကြတယ်၊ တို့မျိုးနွယ်စုတွေက နွေရာသီမှာ ဘီယာရှိတာနယ် အမြဲတမ်းပြောင်းရွှေ့ပြီး ပင်လယ်သေတစ်လျှောက် လှည့်လည်နေထိုင်ကြတယ်၊ ပင်လယ် ခရီးတစ်ဝက်လောက်မှာ မာဆဒါလို့ခေါ်တဲ့ ရှေးဟောင်းဂျူးခံတပ်ရှိတယ်။

...အဲဒီ မာဆဒါခံတပ်မြောက်ဘက် ဂျယ်ရီကိုမြို့နားက ပင်လယ်ဆုံးသူ တဲ့နေရာမှာ သဘာဝတောင်ခေါင်း၊ ကျောက်ခေါင်းတွေ ရာနဲ့ထောင်နဲ့ချီပြီး ရှိတယ်၊ လိုဏ်ခေါင်းတွေဟာ ကမ္ဘာဦးကစပြီး မှောင်ခိုကုန်သည်တွေ၊ သူတော်စင်တွေနဲ့ စစ် တပ်မတော်တွေအတွက် အကောင်းဆုံး ခိုလှုံရာဖြစ်ခဲ့တယ်၊ အဲဒီလိုဏ်ခေါင်းတွေ့ နွေရာသီမှာ နေလို့ထိုင်လို့ အလွန်ကောင်းတယ်၊ တချို့လိုဏ်ခေါင်းတွေဟာ အိမ် အိမ်လောက်ကို ကြီးကြတယ်။ အများစုဟာ ပင်လယ်နဲ့ တစ်မိုင်လောက်သာဝေးကြတယ်

”အဲဒီနေရာကို ကားနဲ့သွားလို့ ရောက်နိုင်မလား ဖေဖေ”

“ခရီးတစ်ဝက်လောက်ပဲ ရောက်နိုင်မယ်၊ နောက်တစ်ဝက်ကတော့ ခြေကျင်ပဲသည် ရမယ် အဲဒီကိုသွားလျှင် ကျောကုန်းပေါ်မှာ ဝန်ထုတ်ချည်ဖို့ စက်သီးကြိုးလုပ် ကြီး တွေတော့ အများကြီးလိုတယ်၊ ပစ္စည်းတွေကို ကားပေါ်ကချပြီးတဲ့အခါ ကမယ်က အရှေ့ဂျရုဆလင်ကို ကားနဲ့လိုက်ပို့ရမယ်၊ အဲဒီမှာ ကားကိုရတဲ့ဈေးနဲ့ရောင်းဖို့မခက်တော့သူ 'ရေချိုကော ရနိုင်ပါ့မလား” ပင်လယ်သေမှာ ဆားငန်ဖြစ်၍ ကျွန်တော်က မေးလိုက်ခြင်းဖြစ်သည်။

“မင်းစိတ်ကူးမဆိုးဘူး၊ ဒါပေမယ့် မပူပါနဲ့။ အဲဒီမှာ အင်းဒီလို့ခေါ်တဲ့ သမိုင်းဝင် ခံစစ်စမ်းလောက်ရှိတယ်၊ တို့ရဲ့ ရှေးဟောင်းသမိုင်းလာ ဒါဝိတ်ဘုရင်ဟာ ဣသရေလ ရင် ရှောလုရဲ့ ရန်ကိုရှောင်ပြီး အဲဒီမှာပုန်းအောင်းနေခဲ့တာပေါ့၊ အဲဒီအနီးအနားမှာ ဂျူး ရိပ်သာ တစ်ခုလည်းရှိတယ်၊ အခုတော့ အာရပ်တွေလက်ထဲ ရောက်နေပြီလား၊ ဒါမှ ဟုတ် ဂျူးတွေလက်ထဲမှာပဲ ရှိသေးသလားဆိုတာတော့ မသေချာဘူး”

“အဲဒီလိုဏ်ခေါင်းတွေကို တခြားလူတွေရောမသိကြဘူးလား”

”သိချင်လည်းသိကြမှာပေါ့၊ ဒါပေမယ့် ရိက္ခာအလုံအလောက်မရှိဘဲနဲ့ အဲဒီလောက် ဝေးကြီးကို ဘယ်သူသွားနိုင်ပါ့မလဲ၊ ငါစိုးရိမ်တာကတော့ ဘီဒိုယင်လူမျိုးစုတွေရဲ့ အန္တ ရာယ်ပဲ၊ သူတို့က တို့ကို အဝေးကြီးကတည်းက အနံ့ ရနိုင်တယ်၊ ဒါကြောင့်မို့ အဲဒီ သွားလျှင် တို့မှာ သေနတ်ပါသွားမှဖြစ်မယ်”

“ဖေဖေ၊ ကျွန်တော် တစ်ခုတော့တောင်းပန်ပါရစေ၊ ကျွန်တော်တို့က အဲဒီမှာ ကောကြီး နေချင်နေရလိမ့်မယ်၊ ဒါကြောင့်မို့ ကျွန်တော် စာအုပ်တွေတော့ ယူသွားချင်ပါ တယ် ခွင့်ပြုပါ ဖေဖေ”

“အိုး...စာအုပ်တွေ ယူသွားချင်တယ်ဟုတ်လား၊ မင်းက စာအုပ်ကိုတော့ တော်တော် က်တာပဲနော်၊ ကောင်းပြီလေ..ယူပါ၊ ယူပါ၊ ဒါပေမယ့် စာအုပ်ထက် ရိက္ခာက ပိုပြီး အရေးကြီးတယ်၊ စာအုပ်တွေချည်း နင်းကန်ယူမလာပါနဲ့”

“စိတ်ချပါဖေဖေ၊ ဒါဖြင့် ဒီကိစ္စကို ကမယ်တို့ ဂျမီလ်တို့ အိုမာတို့ကို ဘယ်တော့ ပြောပြမှာလဲ” ''ခရီးထွက်ခါနီး နှစ်မိနစ်အလိုမှာမှ ပြောမယ်”

ရိက္ခာပစ္စည်း တွက်ချက်ရသည့်အလုပ်မှာ ခေါင်းခဲရသောအလုပ် ဖြစ်သည်။ ကျွခ်တော့်မှာ အိပ်ချိန်၊ စားချိန်ပင်မရှိသလောက်ဖြစ်ရသည်။ သို့သော် ဖေဖေနှင့် တစ်ချိန် ဆုံး နီးနီးကပ်ကပ်တွဲနေရ၍ ကျွန်တော်အလွန်ဝမ်းသာသည်။ ကျွန်တော်တို့ သားအဖနှစ် သောက် အကြာကြီး စကားပြောနေကြသည်ကို မြင်ရသောကြောင့် ကျွန်တော့်အစ်ကိုများက သင်္ကာဖြစ်နေကြသည်။

ရိက္ခာစာရင်းပြုလုပ်ပြီးသောအခါ ရိက္ခာထုတ်ယူရမည့် နေရာများကို ကျွန်တော်က မြေပုံတစ်ခုဆွဲသည်။ ရိက္ခာများကို အီရတ်စစ်တပ်ရိက္ခာရုံနှင့် လခြမ်းနီအသင်းရိက္ခာရုံများမှ ဆတ်ယူရမည်ဖြစ်သည်။ ကျွန်တော်သည် စီးကရက်အထုတ်ပေါင်း ဒါဇင်များစွာယူလာပြီး ဖေဖေ့ကို ပေး ည်။ ဖေဖေသည် တစ်ရက်အတွင်းမှာပင် စီးကရက်နှင့်လဲ၍ စက်သေနတ်တစ်လက်၊ ရိုင်ဖယ်နှစ်လက်အပြင် လက်ပစ်ဗုံးများ၊ ယမ်းဘီလူးများနှင့် ကျည်ဆန်များရလာခဲ့သည်။

ကျွန်တော့်စီမံကိန်းမှာ ရိုးရိုးကလေးဖြစ်သည်။ ကျွန်တော်တို့ အလုပ်စတင်မည့်နေ့ တွင် ဗိုလ်ကြီးအမရမ်းကို တပ်ထဲတွင်မရှိစေရန်

စီစဉ်ထားသည်။ ရုပ်ချောသော ပြည့်တန် ဆမတစ်ယောက်နှင့် အလုပ်လုပ်နေသော လူငယ်တစ်ယောက်ကို ဗိုလ်ကြီးအမ်ရမ်းနှင့် ဆက်ပေးထားသည်။ သူသည် ထိုမိန်းမနှင့် တစ်နေ့လုံးပျော်ပါးနေမည် ဖြစ်သည်။

ထို့ပြင် ကျွန်တော်သည် လမ်းခရီးတွင်တွေ့ရမည့် စစ်တပ်ကင်းဂိတ်များကို လွယ် လွယ်ကူကူ ကျော်ဖြတ်နိုင်ရေးအတွက် လိုအပ်သော အထောက်အထား စာရွက်စာတမ်း များနှင့် ဗိုလ်မှူးကြီးဟက်ကက်၏ ထောက်ခံချက်တစ်စောင်တို့ကိုလည်း အဆင်သင့် ပြင် ဆင်ထားသည်။

သို့သော် ကျွန်တော်တို့အတွက် အကြီးဆုံးအခက်အခဲမှာ ဂျယ်ရီကိုမှထွက်သည်နှင့် ကားသွားလမ်းမရှိတော့ဘဲ ကုလားအုတ်လမ်းသာ ရှိနေခြင်းဖြစ်သည်။ အကယ်၍ သဲမုန် တိုင်းနှင့်ကြုံခဲ့သော် ရှေ့သို့ခရီးဆက်ရန် ဘယ်လိုမှဖြစ်နိုင်စရာမရှိတော့။ သို့သော်လည်း ဤအကြောင်းကို ကျွန်တော်က ဖေဖေ့အား လောလောဆယ်မပြောသေးဘဲ အချိန်အခါကို စောင့်ကြည့်နေသည်။

တစ်နေ့တော့ ဖေဖေက ကျွန်တော့်ကိုပြောသည်။ “နောက်နှစ်ရက်ကြာလျှင် ဂျော်ဒန်ဗိုလ်မှူးကြီးဇီယတ် နာဗလူးကို ရောက်လာ တော့မယ်”

“ဖေဖေ၊ ကျွန်တော် ဖေဖေ့ကို အမှန်အတိုင်းပြောပါရစေ၊ ကျွန်တော်တို့ သွားရမယ့် ခရီးက တောင်တန်းကြီးတွေဖြတ်ပြီးသွားရမှာ၊ အဲဒီတောင်တန်းတွေကို ကားနဲ့ဖြတ်ပြီး ဘယ်လိုမှသွားလို့ရမှာ မဟုတ်ဘူး၊ ပြီးတော့ အီရတ်စစ်တပ်က ကားတွေ တစ်ဝက်လောက် ကလည်း ကားစုတ်တွေချည်းပဲ၊ ခဏခဏပျက်လို့ ခဏခဏပြင်နေရလိမ့်မယ်၊ အဲဒီတော့ ခရီးဆုံးမရောက်ခင် သုံးမရအောင်ပျက်စီးသွားမှာ သေချာတယ်” ။

ကျွန်တော့်စကားကြောင့် ဖေဖေ့မျက်နှာကျသွားသည်။ လမ်းတစ်ဝက်တွင် ကားပျက်သွားလျှင် ရိက္ခာတွေအလုခံရရုံသာမက လူတွေပါအသတ်ခံရမည်မှာ သေချာသည် ကို ဖေဖေက ကြိုတွေးမိသောကြောင့် ဖြစ်သည်။ သူ့မျက်နှာမှာ သွေးမရှိသလို ဖြူရော် သွားသည်။

“ကျွန်တော် တစ်ခုတွေးမိတယ် ဖေဖေ”

”လုပ်စမ်းပါဦး ငါ့သား”

"စစ်တပ်ထဲက ကားပြင်ရုံမှာ အလုပ်လုပ်တဲ့လူငယ်တစ်ယောက်ကို ကျွန်တော် သိတယ်။ သူ့နာမည်က ဆာဘာရီဆာလမာတဲ့၊ အသက်က ဆယ့်ခြောက်နှစ်လောက်ရှိပြီး သူက စက်ပြင်သိပ်တော်တယ်၊ ကားလည်းကောင်းကောင်း ပြင်တတ်တယ်၊ ပျက်နေတဲ့ကား က ပစ္စည်းတွေကိုယူပြီး တခြားကားပျက်ကို ကောင်းအောင်ပြင်တတ်တယ်၊ ပြီးတော့ ကားမောင်းလည်း သိပ်ကျွမ်းတယ်၊ သူတို့မြို့မှာ တိုက်ပွဲဖြစ်ခဲ့တုန်းက သူ့မိသားစုနဲ့ ကွဲသွားတယ်၊ တိုက်ပွဲဖြစ်နေတုန်း သူက နာဗလူးကိုရောက်နေလို့ သူတို့မြို့ကို မပြန်နိုင်ဘဲ ဖြစ်နေတယ်၊ သူ့မိဘတွေ ဂါဇာကိုထွက်ပြေးသွားတာ ဖြစ်မယ်လို့ သူကထင်နေတယ်၊ အဲဒါ သူ နာဗလူးမြို့က သိပ်ပြီးထွက်သွားချင်နေတယ်၊ ကျွန်တော်တို့ကခေါ်လျှင် သူ လိုက်မှာသေချာတယ်" ။

ဖေဖေ၏မျက်နှာတွင် သံသယရိပ်များပေါ်လာသည်။

"သူ့မှာ အတောင်မရှိလျှင် နာဗလူးကနေပြီးဂါဇာကို ဘယ်တော့မှ မရောက်နိုင်ဘူး။ သူက စက်ပြင်တတ်တယ်ဆိုတော့ ဒီမှာပဲ စစ်တပ်ကားတွေပြင်ပြီး ဇိမ်နဲ့နေလို့ရပါတယ်"

"ဒါပေမယ့် သူက ကျွန်တော့်ကို ပြောပြ...ပြောပြ... "ဘာပြောပြလဲ"

"အီရတ်စစ်ဗိုလ်တစ်ယောက်က သူ့ကိုအတင်းခေါ်ပြီး၊ အတင်းခေါ်ပြီး... အတင်း မတရားပြုကျင့်တယ်တဲ့"

ဖေဖေက ကျွန်တော့်ပါးကို ဖြန်းခနဲရိုက်လိုက်သည်။ နောက်တစ်ချက်ဆိုလျှင် က်နာနိုင်သည်။ သို့သော် ကျွန်တော်က အရဲစွန့်ပြီးဆက်ပြောသည်။

"အဲဒါ သူ့အပြစ်မဟုတ်ပါဘူး၊ စစ်ဗိုလ်က အကြမ်းဖက်နှိပ်စက်ပြီး အတင်းပြုကျင့် ဖေဖေသည် ဒေါသပြေသွားပြီး "သူက သူ့အလုပ်ကို ဘယ်လိုတတ်လာတာလဲ၊ ငါမေးတာက စက်ပြင်အလုပ်ကို

"သူ့အဖေမှာ ထရပ်ကားငါးစီးရှိတယ်၊ သူတို့မြို့ ပတ်ဝန်းကျင်ရွာတွေက သီးနှံတွေကို ဒီကားတွေနဲ့တင်ပြီး ဂျက်ဖာမြို့ကို နဝလီပို့တယ်တဲ့"

"သူတို့မြို့က ဘာမြို့လဲ"

"ဘိတ်ဘာလတ်"

"ဘိတ်ဘာလတ်တဲ့လား၊ သူခိုးမြို့ ပဲ၊ မဟာမင်းကြီးရဲ့ ပါးကွက်သားတွေ ခိုအောင်း ရာပေါ့"

ဖေဖေ ကျွန်တော့်ကို အသေသတ်ချင် သတ်ပါစေတော့။ ပြောစရာရှိတာကိုတော့ ကို ပြောရတော့မည်။ ဤအကြောင်းကို မပြောမိ၍ ကျွန်တော်တို့ မိသားစုတစ်ခုလုံးကို ရောက်ရမည်ကို ကျွန်တော် လုံးဝ မလိုလား။

"ဖေဖေ နေရာတိုင်းမှာ ကျွန်တော်တို့ကို ဂရုမစိုက်ကြသလို အခုလည်း ကိုယ့်လူမျိုး ငယ်လေးတစ်ယောက်ကို ဖေဖေက ဂရုမစိုက်သလိုပြောနေပြန်ပြီ"

ဖေဖေက ကျွန်တော့်ပါးကို ထပ်ရိုက်ပြန်သည်။ တစ်ခေါင်းလုံး ချာချာလည်သွားသလို တင်လိုက်ရသည်။ ဒါဆို ဖေဖေဟာ ဖေဖေပဲ အဲဒီကို မောင်းသွားတော့ဟု အော်ပြောလိုက် ချင်သည်။ သို့သော် ကျွန်တော်က ဘာမှမပြောဘဲ ရပ်မြဲရပ်နေသည်။ မိနစ်နှစ်ဆယ်ခန့် သွားမည်ဟု ထင်သည်။ ပြီးတော့မှ ဖေဖေက ပြောသည်။ "အဲဒီ ဆာဘရီဆိုတဲ့ ကောင်ကလေးကို ငါ့ဆီ ခေါ်လာခဲ့၊ ငါ သူနဲ့ စကားပြော ဖေဖေက အခြေအနေအရ သူ့မာနကို လျော့ပေးလိုက်ခြင်းမှာ ကျွန်တော်တို့အတွက် ကံကောင်းသည်။ ဆာဘရီမှာ အလွန်တော်သော ဒရိုင်ဘာတစ်ယောက် ဖြစ်ရုံသာမ =န်တော်တို့ခရီးအတွက် မရှိမဖြစ်အသုံးကျသော လူတစ်ယောက်လည်း ဖြစ်သည်ကို အဒေ ကောင်းစွာသဘောပေါက်သွားသည်။

ကျွန်တော်တို့သည် ညပိုင်းအစား နေ့ပိုင်းတွင် စတင်ထွက်ခွာရန် ဆုံးဖြတ်ကြသည်။ ပိုင်းတွင် ကျွန်တော်မမြင်နိုင်သော မျက်လုံးများက ကျွန်တော်တို့ကို စောင့်ကြည့်နေကြမည် ဖြစ်သည်။ အကယ်၍ ကားပျက်သွားလျှင်လည်း နေ့ဘက်တွင် ထင်ထင်လင်းလင်း ပြြန် နိုင်မည်။

ကျွန်တော်တို့က ပြင်ထားပြီးခါစ ထရပ်ကားကို ယူမည်လုပ်နေတုန်း စစ်သားတွေက ကျွန်တော်တို့လက်မှ ပြန်ယူသွားကြသည်။ သို့ဖြင့် အခြားကားဟောင်းတစ်စီးကိုယူလာ ပစ္စည်းတွေတင်ကြသည်။

ကုန်တင်ပြီးသောအခါ ကျွန်တော်တို့အားလုံး ကားပေါ်တက်ပြီး ခရီးစထွက်ကြသည်။ နာဗလူးနှင့် ဂျယ်ရီကိုကြားတွင် လေးကြိမ်တိတိကားပျက်သည်။ ထိုခရီးမှာ တောင်တက်လမ်းဖြစ်ပြီး စတင်ထွက်ခွာလာသည့်နေရာမှ မိုင်ငါးဆယ်ပင် မပြည့်သေး ကားပျက်တိုင်း ကျွန်တော်တို့က လက်နက်ကိုယ်စီဖြင့် စောင့်နေကြရသည်။

ကျွန်တော်တို့သည် ဂျယ်ရီကိုမြို့အောက်ဘက်ရှိ ပင်လယ်ကမ်းရိုးတန်းအတိုင်း မောင်းနှင်လာခဲ့သည်။ လမ်းဆိုးလွန်းသောကြောင့် တစ်ကိုယ်လုံး အရိုးတွေကျိုးကုန် မတတ် ခံစားကြရသည်။

“ရောက်တော့မယ်၊ ရောက်တော့မယ်၊ မြို့ပျက်နေရာတွေ မြင်ကြရဲ့လား” ဟု ဖေဖေက ပြောသည်။ “ဟိုမှာ ဟိုမှာ မြင်ရပြီ” ဟု အိုမာကအော်ပြောလိုက်သည်။

ကျွန်တော်တို့သည် ရှေးဟောင်းကွမ်ရန်မြို့သို့ ရောက်လာခဲ့ကြပြီ။ ကွမ်ရန်ဟောင်းမှာ လုံးဝပျက်စီးနေပြီး ကျောက်တုံးကျောက်ခဲ အစုအပုံအဖြစ်သာ ကျန်ရှိတော့သည်။ ထရပ်ကားကြီးကို တောင်ကြားတစ်နေရာတွင် ရပ်လိုက်သည်။ ယခုမှ နေပူဒဏ်နှင့် ခု မှုန့်ဒဏ်တို့မှ လွတ်ကင်းကြရတော့သည်။

မကြာမီတွင် အမှောင်သမ်းလာသည်။ နောက်တစ်နေ့မနက်ကျတော့မှသာ ခိုင် စရာ အကောင်းဆုံးနေရာကို ရှာကြရတော့မည်။

ကျွန်တော့်အသက်မှာ ဆယ့်နှစ်နှစ်မျှသာ ရှိသေးသည်။

သို့သော် ယခုမူ ကျွန်တော်သည် အခြေအနေအရ အာရပ်ဗိုလ်ချုပ်ကြီးတစ်ယောက် ဖြစ်နေသည်။

✥--- www.ebooks4mm.org ---✥

အခန်း (၅)

ကျွန်တော်တို့သည် နေနှင့်အတူ အိပ်ရာမှထကြသည်။ ဆာဘာရီသည် ချက်ချင်းပင် ကို ပြင်သည်။ ထရပ်ကားမှာ ဆိုးဆိုးရွားရွား ပျက်စီးနေသည်ဟု သူကပြောသည်။

မိန်းမများနှင့် ဆာဘာရီတို့ကိုစောင့်နေရန် ဂျမီလ်ကို တာဝန်ပေးခဲ့ပြီးနောက် ဖေအပါအဝင် ကျန်ယောကျ်ားလေးယောက်တို့က ခိုအောင်းစရာရှာရန် မတ်စောက်သော ဆင်ခြေလျှောပေါ်သို့ တက်လာခဲ့ကြသည်။ ဤနေ့သည် ကျွန်တော့်အဖို့ မမေ့နိုင်သောနေ့ ဖြစ်သည်။ ကျွန်တော့်ဘဝတွင် ပထမဆုံးအကြိမ် သေနတ်ကိုင်ရသောနေ့ ဖြစ်သည်။

ကျွန်တော်တို့သည် ရေမရှိသော သဲချောင်းအတိုင်း ပေပေါင်းများစွာ တက်လာခဲ့ကြရာ နောက်ဆုံးတွင် မြေပြန့်လွင်ပြင်သို့ ရောက်လာခဲ့ကြသည်။ ထို့နောက် ချောက်ကမ်းပါးကြီး ဘက်သို့ ဆက်လက်တက်လာခဲ့ကြသည်။ မိုင်ဝက်ခန့်ရောက်သောအခါ ဒုတိယတောင်ကြား တစ်ခုကိုတွေ့ကြရပြီး နှစ်ယောက်တစ်တွဲစီ ဝင်လာခဲ့ကြသည်။ ဖေဖေနှင့် ကျွန်တော်တို့က ဆစ်တွဲ၊ အိုမာနှင့်ကမယ်တို့က တစ်တွဲဖြစ်သည်။

ကျွန်တော့်မှာ မစ္စတာဂီဒီယံပေးသော လက်ပတ်နာရီပါလာသည်။ ကမယ်မှာလည်း အီရတ်စစ်ဗိုလ်တစ်ယောက်ပေးသော လက်ပတ်နာရီပါသည်။ ကျွန်တော်တို့အားလုံး တစ် ရောတွင်ပြန်ဆုံကြရန် အချိန်သတ်မှတ်ဖို့ ကျွန်တော်ကအကြံပေးသည်။ သို့သော် ဖေဖေ = နာရီဖြင့်သတ်မှတ်သောအချိန်ကို လက်မခံ။ သူက နေကိုလက်ညှိုးထိုးပြပြီး နေမွန်း တည့်ချိန်တွင် ဤနေရာ၌ပြန်ဆုံကြပြီး မိမိတို့တွေ့ရှိချက်များကို တင်ပြကြရန် ညွှန်ကြားသည်။

ဖေဖေနှင့် ကျွန်တော်တို့သည် မိုင်ဝက်လောက်အတွင်းတွင် လိုဏ်ခေါင်းတွေတော် ဘော်များများ တွေ့ကြရသည်။ သို့သော် တစ်ခုမျှနေထိုင်ရန်မကောင်း။ တက်ရဆင်းရ ခက်သောလိုဏ်ခေါင်းများ ဖြစ်နေသည်။ ခက်ရင်းခွတောင်ကြားတစ်ခုသို့ ရောက်လာကြ သည်။ ဖေဖေက

ပင်မသဲချောင်းလမ်းအတိုင်း ဆက်လိုက်သွားမည်ဟု ဆိုသည်။

ကျွန်တော်က တောင်ကြားလမ်းထဲသို့ ဝင်လာခဲ့သည်။ ကျွန်တော်တို့ နှစ်ယောက် ထမ်းခွဲလိုက်ခြင်းမှာ အမှားကြီးမှားသည်။ ကျွန်တော်တောင်ကြားထဲသို့ ဝင်လာသောအခါ နောက်ထပ် လမ်းခွဲတောင်ကြားတစ်ခု ထပ်တွေ့ရပြန်သည်။ ကျွန်တော်လာခဲ့သော လမ်း ကို ပြန်၍ခြေရာခံကြည့်သောအခါ ခြေရာခံ၍မရတော့။ ကျွန်တော် လမ်းပျောက်နေပြီ။ ၂၀၀ စက်ပါတောင်ကြားထဲ ရောက်နေပြီ။

နေကလည်း တဖြည်းဖြည်းမြင့်လာရာ တောင်ကြားနံရံနှစ်ခုကြားထဲသို့ အပူရှိန်စုပြီး ထိုးကျနေသလိုထင်မြင်ရသည်။ ကျွန်တော်သည် အာခေါင်ခြောက်ကပ်လာသဖြင့် ရေဘူး ထဲမှရေကို ခဏခဏသောက်ပေးနေရသည်။ ကိုယ့်ကိုယ်ကိုယ်လည်းမကြောက်ရန် အားပေး နေရသည်။ တစ်နာရီခန့်ကြာသောအခါ ကျွန်တော်သည် စက်ဝိုင်းထဲလှည့်ပတ်သွားနေ ကြောင်း သတိရမိတော့သည်။ လာရာလမ်းကြောင်းကို ရှာမရတော့။ ထွက်ပေါက်ကို ရှာမတွေ့တော့။

မကြာမီတွင်ပင် ခေါင်းပေါ်မှနေလုံးကြီး မွန်းစောင်းလာသည်။ ကျွန်တော်ကအော်၍ အသံပြုသည်။ လေချွန်သည်။ တောင်ကြားနံရံနှစ်ခုကြားတွင် ပဲ့တင်သံသာလျှင် တုံ့ပြန်ပေါ် ထွက်လာသည်။

တောင်ကမ်းပါးယံက အလွန်နက်စောက်သည်။ နေရောင်ညှိပြီး အပူရှိန်လျော့ လာသည်။ မကြာမီတွင်နေဝင်တော့မည်။ ကျွန်တော်က အလန့်တကြားနှင့် ထ၍အော်ခေါ် ပြန်သည်။ သို့သော် ဘာမျှမထူး။ ပဲ့တင်သံသာ ပြန်ပေါ်လာသည်။ ကျွန်တော်သည် မြေကြီးပေါ်တွင် ထိုင်ချလိုက်သည်။ မျက်နှာကိုလက်ဝါးအုပ်ပြီး ငိုတော့မည်လုပ်တုန်း အပေါ်သို့ ရုတ်တရက်လှမ်းကြည့်လိုက်သည်။

ပေငါးဆယ်ခန့်ဝေးသော တောင်ကမ်းပါးယံတွင် လိုဏ်ဂူပေါက်တစ်ခုကို မြင်ရသလို ထင်မှတ်မိသည်။ ကွဲကွဲပြားပြားမြင်ရရန် တောင်ကြားလမ်းအတိုင်း ပြေးလာခဲ့သည်။

ဟုတ်ပါသည်။ ကျွန်တော့်အပေါ်တွင် လိုဏ်ဂူကြီးတစ်ခု တွေ့ရသည်။

ထိုလိုဏ်ဂူကို ပထမဆုံးတွေ့ရှိသူအဖြစ် ဂုဏ်ယူချင်စိတ် ပြင်းပြင်းပြပြ ဖြစ်ပေါ်မိသည်။ ကြောက်စိတ်လည်း တော်တော်ပြေသွားသည်။

တောင်ကမ်းပါးယံက အလွန်မတ်စောက်သည်။ သို့သော် ကျွန်တော့်လက်နှင့် ခြေတွေက အလွန်သွက်သည်။ အလွန်မြဲမြံသည်။ ကျွန်တော်သည် ပင့်ကူတစ်ကောင်သို့ တွယ်ကပ်တက်လာခဲ့သည်။ နံနေကျုအနံ့များ နှာခေါင်းဝသို့ဝင်လာသည်။ အလောင်းအုပ် အနံ့မျိုးဖြစ်သည်။ ဆက်တက်ရမည်လား ပြန်ဆင်းရမည်လားဟု စဉ်းစားရင်း တောင်ခံ တွင် ချိတ်တွယ်ပြီးရပ်နေသည်။

ကိုင်း... မထူးပါဘူး အစ္စမေ။ ဆက်သာတက်ပါ။ ဆက်သာတက်ပါ။ ကိုယ့်ကိုယ်ကိုယ်အားပေးပြီး ဆက်တက်လာခဲ့သည်။ တဖြည်းဖြည်းနှင့် အပေါက် အစွန်သို့ ရောက်လာသည်။ ကြောက်စိတ် ပြန်ဝင်လာပြန်သည်။ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်သည်။ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသည်။ ကျွန်တော်တို့အိမ်ထက် အဆပေါင်းများစွာကျယ်သော ဧရာမလိုဏ်ခေါင်းကြီးကို တွေ့ရသည်။

လိုဏ်ခေါင်းနံရံများကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ ပင်မအခန်းကြီး ဘေးတွင် စကြံဆင့်တွေအများကြီးရှိသည်။ ကျွန်တော်သည် ရှေ့သို့ဆက်မသွားရဲဘဲဖြစ် နေသည်။ လိုဏ်ခေါင်းထဲဝင်သွားလျှင် လမ်းပျောက်ပြီး ပိုဆိုးနေမည်ကို စိုးရိမ်မိသည်။

ရုတ်တရက် ကျွန်တော် လန့်ဖျပ်သွားသည်။ တောင်ပံခတ်သံများ၊ တအား အော်မြည်သံများနှင့်အတူ လင်းတကြီးတွေ ကျွန်တော့်အပေါ်မှ ပျံဝဲနေကြသည်။ စုစုပေါင်း ဒါဇင်ဝက်လောက် ရှိသည်။ ကျွန်တော့်အား တောင်စောင်းမှ ကိုက်ဆွဲချတော့မည့်အလာ ခေါင်းပေါ်မှ ဝိုင်းပျံနေကြသည်။ ကျွန်တော်က ရိုင်ဖယ်ကိုမောင်းဖြုတ်ပြီး ပစ်ခတ်လို သည်။ တစ်ကောင်မှ မထိ။ သို့သော် သေနတ်သံကြောင့် လင်းတတွေ အဝေးသို့ ရဲသူ ပြန်ပြေးချင်စိတ်ကို အတင်းပယ်ဖျောက်ပြီး ရှေ့သို့တိုးလာခဲ့ သည်။ လိုဏ်ခေါင်းထဲသို့ စပ်စပ်ပဲ့ကြည့်လိုက်သည်။ မီးရောင်အောက်တွင် လူသေအလောင်းများကို တွေ့ရတော့ ည်း မိန်းမလေးယောက်၊ ယောကျ်ားတစ်ယောက်နှင့် ကလေးတွေ၊ သူတို့ သေဆုံးသည် အ လေးငါးရက်မျှသာရှိကြဦးမည်။ ဘီဒိုယင်လူမျိုးစုများ၏

လက်ချက်ပင် ဖြစ်မည်။

ပေါ်တွင် အားလုံးအဝတ်မရှိဗလာနတ္တိ၊ မရေမတွက်နိုင်သော လောက်ကောင်ကလေး က သူတို့ကိုဝါးမျိုနေကြပြီ။

ကိုယ့်အသက်ရှူသံကို ကိုယ်ပြန်ကြားပြီး ကျွန်တော် ကြောက်စိတ်ဝင်လာသည်။ ခေါင်းထဲမှ အခြားအသံဗလံများလည်း ကြားနေရသည်။ ဘီဒိုယင်တွေက ကျွန်တော့်ကို ဆောင့်ကြည့်နေကြသလား။ ကျွန်တော်သည် ရွံ့စရာကောင်းလှသော ပိုးလောက်များနှင့် လည်ရန်ခက်ခဲလှသော ဘီဒိုယင်လူမျိုးစုများ၏ ပိုင်နက်ထဲသို့ ကျူးကျော်ဝင်ရောက်နေ ရောလား။ သို့သော် လိုဏ်ခေါင်းကြီးမှာ အလွန် ကျယ်ဝန်းသောကြောင့် ကျွန်တော်က ဆက်လက်၍ စုံစမ်းသည်။ ငှက်ချေးတွေ တစ်ပုံတစ်ခေါင်းကြီး တွေ့ရသည်။ လင်းနို့တွေ ကြီးရှိကြောင်း ထင်ရှားသည်။

ကျွန်တော်သည် လိုဏ်ခေါင်းအစွန်သို့ ပြန်ဆုတ်လာခဲ့သည်။ ဤနေရာမှ လှမ်း ကြည့်လိုက်လျှင် လက်တက်တောင်ကြားတစ်ခု၏အဝကို ကောင်းစွာမြင်ရသည်။ ကျွန်တော့် ပေါ်မှ တောင်ကြားနံရံကြီးမှာ ပေတစ်ထောင်လောက်မြင့်သည်။

ထရပ်ကား ရပ်ထားသည့်နေရာသို့ ကျွန်တော် ဘယ်လိုပြန်သွားရပါမည်နည်း။ နောက်တစ်နေ့မနက် ဤလိုဏ်ခေါင်းကို ပြန်ရှာလို့တွေ့ နိုင်ပါ့မလား။ လူသေအလောင်းတွေကို အပြင်ဆွဲထုတ်လိုက်လျှင် လင်းတတွေကိုကြည့်ပြီး ဤလိုဏ်ခေါင်းရှိရာအရပ်ကို ရှာတွေ့ နိုင်မည်လား။

ကျွန်တော် တော်တော်ကြာကြာ စဉ်းစားနေသည်။ နောက်ဆုံးတွင် ယတိပြတ်ဆုံး ဖြတ်ချက်ချလိုက်ပြီး လိုဏ်ခေါင်းထဲ ဝင်လာခဲ့သည်။ လူသေအလောင်းတွေကို အပြင်သို့ ဆွဲထုတ်ပြီး လိုဏ်ခေါင်းအဝနားတွင် ပစ်ထားလိုက်သည်။ မကြာမီတွင် လင်းတတွေ စုပြုံး လာကြပြီး ထိုးဆိတ်စားသောက်ကြတော့သည်။

အလို… ဟိုမှာ ကြိုးလှေကားတစ်ခုပါလား။

လိုဏ်ခေါင်းအစွန်းတစ်နေရာတွင် ဘီဒိုယင်တွေ

ကြိုးလှေကားတပ်ထားကြခြင်း ဖြစ်မည်။ ကျွန်တော် အပြေးကလေးသွားပြီး တအားဆွဲဖြတ်ကြည့်သည်။ ကြိုးတွေက အခိုင်ကြီးရှိသေးသည်။ ကျွန်တော် ဘာမျှစဉ်းစားမနေတော့ဘဲ ကြိုးလှေကားမှ အမြန်ဆင်း လာခဲ့သည်။

(အမှောင်ရိပ်က တော်တော်သိပ်သည်းလာသည်။ ကျွန်တော် ဤနေရာတွင်ပင် တစ်ညလုံးနေပြီး မနက်ကျမှ ဖေဖေနှင့်အစ်ကိုများ လိုက်ရှာတာကို စောင့်ရမည်လား။ ကျွန်တော် လင်းတတွေဆီသို့ သေနတ်တစ်ချက် ပစ်ထည့်လိုက်သည်။ တစ်ကောင်မျှမထိ။ လင်းတအုပ် ပြန့်ကျဲပြီးအုပ်ကွဲသွားသည်။ သို့သော်ကိစ္စမရှိ။ သေနတ်သံကို ဖေဖေ ကြား လျှင်တော်ပြီ။

ကျွန်တော်သည် ကျောက်နံရံတွင် အမှတ်အသားတွေ ရေးမှတ်သည်။ လိုဏ်ခေါင်းသို့ ဂ ပြန်လာလျှင် မှတ်မိအောင်ဖြစ်သည်။

ညတော်တော်မှောင်လာပြီ။ ကျွန်တော် ကြောက်စိတ်ဝင်လာသည်။ ရှေ့ဆက်၍လည်း ဘယ်မှမသွားနိုင်တော့။ အက်ကွဲကြောင်းတစ်ခုထဲသို့ ဆင်းလာခဲ့သည်။ ထို့နောက် နတ်ကိုမောင်းတင်ပြီး အမှောင်ထုထဲသို့စိုက်ကြည့်ရင်း ထိုင်စောင့်နေသည်။

အသံဗလံမျိုးစုံက ကျွန်တော့်ကို ခြောက်လှန့်နေကြသည်။ ကျောက်တုံးလိမ့်ကဒ် ကျွန်တော့်အနီးရှ၍ ခွေးအဟောင်သံ၊ ငှက်ဆိုးထိုးသံများကို မပြတ်ကြားနေရသည်။

ကျွန်တော်သည် ထိုင်နေရင်းမှ တဖြည်းဖြည်းနှင့် အိပ်ငိုက်လာသည်။ ကျီကျီကျားက အသံကြားတိုင်း ဖျတ်ခနဲ ခေါင်းထောင်လာမိသည်။

“အစ္စမေ... အစ္စမေ...အစ္စမေ... အစ္စမေ... အစ္စမေ”

ကျွန်တော် မျက်လုံးတွေကို ဖွင့်လိုက်သည်။ ရင်ထဲက တထိတ်ထိတ်ခုန်နေသည်။ အာခေါင်ခြောက်ကပ်နေသည်။

“အစ္စမေ...အစ္စမေ... အစ္စမေ ... အစ္စမေ ... အစ္စမေ”

အလင်းရောင်နှင့် အမှောင်ရိပ်များက တောင်ကြားနံရံကို လာထိုးကြသည်။ ကွန် တော့်ခေါင်းပေါ်တွင် ကုဋ္ဌေကုဋ္ဌာကြယ်တာရာများ လက်လင်းနေကြသည်။

လောလေ ဆယ်တွင် ကျွန်တော် ဘယ်ရောက်နေမှန်းမသိ။ ကျွန်တော့်အား မကောင်းဆိုးဝါးများ လှည့်စားနေတာများလားဟု တွေးမိသောအခါ ကြောက်စိတ်ဝင်လာပြန်သည်။

“အစ္စမေ ...အစ္စမေ...အစ္စမေ....အစ္စမေ...အစ္စမေ”

အော်ခေါ်သံက တောင်ကြားတစ်လျှောက် ပဲ့တင်ထပ်၍ပေါ်ထွက်လာသည်။ အလ္လာအရှင်မြတ်က ငါ့ကို သူ့ဆီလာဖို့ ခေါ်တာဖြစ်မယ်၊ အို...မဟုတ်ဘူး မဟုတ်ဘူး၊ ဒါ ဖေဖေ့ခေါ်သံ။ ဖေဖေခေါ်တာ...။

ကျွန်တော်ကလည်း ပြန်၍ အော်ခေါ်လိုက်သည်။ “ဖေဖေ...ဖေဖေ ...ဖေဖေ...ဖေဖေ...ဖေဖေ”

အို...အလ္လာအရှင်။ တပည့်တော်ရဲ့ အသံကို ဖေဖေကြားအောင် ကူညီစောင့်တော်မူပါဘုရား။

“အစ္စမေ...”

”ဖေဖေ...”

”အစ္စမေ ...”

”ဖေဖေ...”

လရောင်ရှိသော်လည်း ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက်မမြင် သို့သော် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်အော်ရင်း တဖြည်းဖြည်းတော့နီးကပ် လာသည်။

“မင်း ငါခေါ်နေတာ ကြားရရဲ့လား”

”ကြားရတယ် ဖေဖေ”

“ဒါဆို နေရာမရွှေ့နဲ့၊ အဲဒီမှာပဲနေ၊ မနက်မိုးလင်းတော့မှ တို့နဲ့ဆုံမယ်၊ တို့တစ်ညလုံး ဒီလိုပဲ ခဏခဏလှမ်းခေါ်နေကြမယ်”

'ကမယ်နဲ့ အိုမာတို့ရော ဖေဖေနဲ့အတူရှိနေသလား”

မရှိဘူး။ ဒါပေမယ့် သူတို့အသံကိုလည်း ငါသဲ့သဲ့ကြားနေရတယ်၊ ဘာမှမကြောက်နဲ့ ငါ့သား၊ မင်းကို အလ္လာအရှင်မြတ် စောင့်ရှောက်လိမ့်မယ်”

ဤအချိန်တွင် ကျွန်တော်သည် အလ္လာအရှင်မြတ်အစား ဖေဖေနှင့်သာ အတူတူနေ ည်သို့သော်လည်း ကြောက်စိတ်ကတော့ မကြာခင်မှာပင် ပျောက်ပြယ်သွားသည်။ လသည် ကောင်းကင်တစ်ဝက်စောင်း ဆင်းလာခဲ့ပြီ။ တောင်နံရံများကို ထင်ထင် မြင်နေရသည်။ ကျွန်တော်က စိန်ပွင့်ကလေးများလို တဖျပ်ဖျပ်တောက်ပနေသော ခွင့်များကိုကြည့်ရင်း ပျော်နေမိသည်။

ကျွန်တော်လည်း ဘီဒိုယင်လူမျိုးစုမှ ဆင်းသက်လာသူတစ်ယောက်ပင် ဖြစ်သည်။ ကြောင့် ဘီဒိုရင်လူမျိုးစုများကဲ့သို့ပင် မျက်လုံးတစ်ဖက်နှင့် နားရွက်နှစ်ဖက်ဖွင့်ပြီး၊ ရာထိုင်ရင်း ငိုက်မျဉ်းနေသည်။ ဖေဖေက ကျွန်တော့်ကို တစ်ညလုံး ခဏခဏလှမ်း ပြီး အားပေးနှစ်သိမ့်နေသည်။

အရုဏ်တက်ချိန်တွင် ဖေဖေနှင့် အစ်ကိုများ ကျွန်တော့်ဆီသို့ လာနေကြသည်ကို က်ရသည်။ ကျွန်တော့်ရင်ထဲတွင် ထူးဆန်းသော ခံစားချက်တစ်ခု ဖြစ်ပေါ်လာသည်။ စ်တော့်ကို သူတို့က ကယ်စေချင်သည်။ သို့သော် ကျွန်တော်ကကြောက်စိတ်မမွေးရန်တော့ ကိုယ်ကိုယ် ထိန်းထားသည်။ ညအချိန်တွင် သဲကန္တာရခရီး ကျွန်တော်သွားခဲ့ဖူးသည်။ အတွေ့အကြုံမျိုးကို ကျွန်တော် ပို၍ပင်ရချင်မိသည်။

သူတို့ဆီ ကျွန်တော်လျှောက်လာခဲ့သည်။ ကျွန်တော်ကြောက်နေသည့်ပုံမျိုး သူတို့ စေရန် ကျွန်တော် ကိုယ့်ကိုယ်ကိုထိန်းထားသည်။ သို့သော် သူတို့အား လိုဏ်ခေါင်းသို့ ဆင်ခေါ်သွားသော အခါမှာတော့ ကျွန်တော် အလွန်စိတ်ခတ်တက်ကြွနေသည်။ ခေါင်းကို လွယ်လွယ်ပင် ရှာတွေ့သည်။ လင်းတတွေ အုပ်နှင့်ချီ၍ ပျံဝဲနေ သောကြောင့် ကျွန်တော်တို့သည် ကြိုးလှေကားဖြင့်တက်ပြီး လိုဏ်ခေါင်းထဲ ဝင်လာခဲ့ကြသည်။ အဖေက ရန်သူကိုကာကွယ်နိုင်သော နေရာများကို အသေးစိတ်လေ့လာသည်။

“သိပ်ကောင်းတဲ့နေရာပဲ၊ အဲဒီတော့ လင်းတတွေ မြန်မြန်ပြန်သွားပြီး၊ ဘီဒိုယင်တွေ ကို နောက်ထပ်ရောက်မလာဖို့ပဲ လိုတော့တယ်” ။

“ဒီအသေကောင်တွေက ဘယ်ကလူတွေများ ဖြစ်မလဲမသိဘူး” ကမယ်က

ပြောသည်။ "အဲဒါတော့ အလ္လာအရှင်မှသိမှာပဲ" ဖေဖေက ပြန်ပြောသည်။ "ယောက်ျားက ယောက်တည်း ဖြစ်လိမ့်မယ်။ ကျန်လူတွေက မိန်းမနဲ့ကလေးတွေ တခြားယောက်ျား ရိက္ခာရှာဖို့သွားနေတုန်း အခု သေသွားတဲ့လူက မိန်းမနဲ့ကလေးတွေကို စောင့်ကျန်ရစ် က ဖြစ်မယ်၊ နောက်ဆုံးမှာ ဟိုလူတွေလမ်းပျောက်ပြီး လိုဏ်ခေါင်းရှာမတွေ့ကြတော့ဘူး၊ ဒါနဲ့ ဒီကလူတွေ အစာရေစာပြတ်ပြီး သေကုန်ကြတာဖြစ်နိုင်တယ်"

ဖေဖေပြောတာမှန်သည်။ အဘယ်ကြောင့်ဆိုသော် နောက်တစ်ရက်တွင် တခြား အောင်းစောင်းတစ်ခုထဲ၌ ယောက်ျားအလောင်းသုံးလောင်း တွေ့ရသောကြောင့်ဖြစ်သည်။ သူတို့တွင် အဝတ်အစားတွေရော ဘာမှမရှိတော့။ ဧကန္တ တော့ ဘီဒိုယင်တွေက အဝတ် တေးတွေကို ချွတ်ယူသွားတာ ဖြစ်ရမည်။

ကျွန်တော်တို့သည် ကျွန်တော်တို့ ပထမဆုံးလာခဲ့သော မူလသဲချောင်းကို ပြန်တွေ့ ရသည်။ ပြန်လာလျှင် လွယ်လွယ်နှင့်ရောက်နိုင်အောင် တောင်နံ့ရံတွင် အမှတ်အသားတွေ လုပ်ထားခဲ့ကြသည်။ ကြယ်ထွက်ချိန်တွင် ထရပ်ကားရှိရာသို့ ကျွန်တော်တို့ ပြန်ရောက်လာ ကြသည်။ မိန်းမများက ကျွန်တော်တို့ကိုကြည့်ပြီး ငိုကြသည်။ ကျွန်တော်တို့ လမ်းပျောက်ပြီး ပြန်လာနိုင်မှာ မဟုတ်တော့ဟု သူတို့က တစ်ထစ်ချယူဆထားကြသည်။ ဆိုသည်။

ကားကိုကြည့်ပြီး ကျွန်တော် အလွန် စိတ်ဓာတ်ကျသွားမိသည်။ ဆာဘာရီး ကားကို ပြင်နေတုန်းပင် ရှိသေးသည်။ မြေကြီး၌ ခင်းထားသော စောင်ပေါ်တွင် ကားပစ္စည်းကိရိယာတွေ ပြန့်ကျဲလျက်။

"တစ်ကားလုံး ဖုန်နဲ့သဲတွေ တင်းကြမ်းပြည့်ဖြစ်နေတယ်၊ အားလုံး ပြန်ဖြုတ်သည် ပြီးမှ ပြန်တပ်ရမယ်"

"မောင်းလို့ ရပါဦးမလား"

"ဒီအတိုင်းတော့ မရသေးဘူး၊ ရေဒီယေတာလည်း ကွဲသွားတယ်၊ အထဲမှာ တစ်စက်မှ မရှိဘူး"

"ဒီကားကို အမြန်ပြင်ပြီးရောင်းမပစ်နိုင်လျှင် တို့အနေနဲ့ အများကြီး အန္တရာယ် နိုင်တယ်"

ဟု ဖေဖေက ပြောသည်။

ဖေဖေသည် ပြန့်ကျဲနေသော ကားပစ္စည်းတွေကိုကြည့်ပြီး အလွန်စိတ်ခတ်ကျ ပုံရသည်။ သူက ဤကားကို ဘယ်တော့မှ ပြန်ပြင်၍မရနိုင်တော့ဟု ယူဆထားပြီး သိသာလှသည်။

ထို့နောက် ကျွန်တော်တို့ အစီအစဉ်ဆွဲကြသည်။ ဆာဘာရီက ကားကိုဆက်လက် ဆင်နေခဲ့ရန် ဆုံးဖြတ်ကြသည်။ ယခုအချိန်တွင် အချိန်ကအလွန်တန်ဖိုးရှိသည်။ ကျန်လူ က ကားပေါ်မှ ပစ္စည်းတွေကိုသယ်ချကြပြီး လိုဏ်ခေါင်းသို့ ယူသွားကြမည်။ တောင် တွေကမြင့်ပြီး နေကလည်း အလွန်ပူမည်ဖြစ်၍ လူတစ်ယောက်လျှင် ၂၅ ပေါင်မှ ၅၀ အထိသာ သယ်ယူနိုင်ကြမည်။ တောင်နံရံတွင် မှတ်ထားခဲ့သော အမှတ်အသား မထိရောက်မည်ကိုလည်း စိုးရိမ်ရသည်။ အမှတ်အသားများလျှင် လမ်းမှားသို့ ရောက်သူ နိုင်သည်။

'ကျွန်တော့်အဖေ ကားမထောင်ခင်တုန်းက ကျွန်တော်က သိုးကျောင်းခဲ့ရတယ် ဆာဘာရီက ပြောသည်။ "ဆောင်းတွင်းမှာ သိုးအုပ်ကို ဘက်အယ်ဝဒ်တောင်ကြားက ကျက်အထိ မောင်းသွားရတယ်၊ အပြန်ကျတော့ လမ်းဘေးခမ်းလှမ်းလှမ်းတိုင်းမှာ ကောင် ခဲတွေ တစ်ပုံစီပုံပြီး အမှတ်အသားလုပ်ထားခဲ့တယ်" ။

သူ့စိတ်ကူးက ချီးကျူးလောက်သည်။ သို့သော် ယင်းစိတ်ကူးကြောင့် ကျွန်တော် စိတ်အနှောင့်အယှက် ဖြစ်ရသည်။ ကျွန်တော်က ဆာဘာရီအားသိကျွမ်းရသည်မှာ ရက်ပိုင် မျှသာရှိသေးသည်။ သို့သော်လည်း သူက ကျွန်တော်တို့၏ အခက်အခဲတိုင်းလိုလိုကို ရှင်းပေးနိုင်သည်။

ကျွန်တော်က စာတတ်သောကြောင့် အစ်ကိုကြီး ကမယ်ကိုကျော်တက်နိုင်ခဲ့သည်။ ဂျမီလ်နှင့် အိုမာတို့ကိုလည်း ဘေးသို့ဖယ်ထားနိုင်ခဲ့သည်။ ထို့ကြောင့် ဖေဖေက ကျွန်တော် ပို၍မျက်နှာသာပေးခဲ့သည်။ ယခုမူဆာဘာရီရောက်လာခြင်းမှာ ကျွန်တော့်အဖို့ ပြိုင်ဘက်တစ်ဦး ရောက်လာသလို ဖြစ်နေသည်။ သို့သော် တစ်ဖက်မှ တွေးကြည့်ပြန်တော့လည်း ဆာဘာ မှာ ကျွန်တော်တို့အဖို့ အခြေအနေအရ

အလွန်လိုအပ်သော လူတစ်ယောက် ဖြစ်နေသည်။

ကျွန်တော်တို့၏ ပထမအခေါက်ခရီးမှာ မျှော်လင့်ထားသည်ထက် ခက်ခဲလှသည်။

ည်းများကို နေရာတကျသိမ်းဆည်းရန် လုံးဝမဖြစ်နိုင်။ ထို့ကြောင့် ပထမဦးစွာ ဦးခေါင်းကို ရေနံဆီလောင်းပြီး မီးရှို့ကြသည်။ လောက်ကောင်များနှင့် လင်းနို့များ သွားရန် ဖြစ်သည်။ သို့သော် လိုဏ်ခေါင်းအတွင်းပိုင်း၌ လင်းနို့များ အများအပြား မည်ဟု ကျွန်တော်ထင်သည်။

မီးငြိမ်းပြီး မီးခိုးတိတ်သွားသောအခါ ရိက္ခာပစ္စည်းများကို ကြိုးနှင့်ဆွဲ၍ သယ်ယူ သည်။ ဖေဖေက ကျွန်တော်တို့အား ရိက္ခာပစ္စည်းများကို အလှည့်ကျစောင့်ခိုင်းသည်။ မားကတော့ ရိက္ခာကားပေါ်တွင်ပင် နေနေကြသည်။ ကျွန်တော်တို့သည် ရိက္ခာများ တစ်နေ့လျှင်နှစ်ခေါက်ကျ သယ်ယူကြသည်။ စစ်တပ်သုံး ငါးဂါလံဝင်သံပုံးများဖြင့် ယူလာသော သောက်သုံးရေမှာ ရက်ပိုင်းအတွက်သာကျန်တော့ရာ အလွန်စိုးရိမ်ရ က အခြေအနေသို့ ရောက်ရှိလာသည်။

သို့နှင့် ကွမ်ရန်မြို့ဟောင်းအပျက်အစီးများထဲတွင် ရေတွေ့လိုတွေ့ငြား အနှံ့အပြား ရာကြသည်။ သို့သော် ဘယ်နေရာမှမတွေ့။ ဒီရေတကျချိန်က ရေလှောင်ထားသော များမှာလည်း ပျက်စီးနေတာကြာလှပြီ။ ဤဒေသတွင် မကြာခဏ ငလျင်လှုပ် သောကြောင့် ရေလှောင်ကန်များ ကွဲအက်ပျက်စီးကုန်ကြသည်။

ဤဒေသတွင် ဆောင်းရာသီ၌သာ မိုးရွာသောကြောင့် ရေလှောင်ကန်ပြုလုပ်၍ ရေကာတာပြုလုပ်၍ဖြစ်စေ ရေလှောင်ထားရန် ဖေဖေကပြောသည်။ မိုးရွာသောအခါ တင်ပေါ်မှရေတွေ စီးဆင်းလာပြီး ကျဉ်းမြောင်းသော တောင်ကြားများထဲတွင် ရေတွေ လှို့သွားသည်။ တောင်ကြားထဲတွင် ရေတွေမဆံ့သောကြောင့် သဲချောင်းများထဲသို့ ဆင်းကြပြန်သည်။ ထိုမှတစ်ဆင့် ရေတွေလျှံပြီး ပင်လယ်သေထဲသို့ စီးဝင်သွားကြသည်။

ယခုအချိန်မှာ နွေလယ်ကာလဖြစ်သောကြောင့် မိုးရွာရန် လပေါင်းများစွာ စောင့်ရဦး ည်း လောလောဆယ်တွင် ကျွန်တော်တို့မှာ သောက်သုံးရေက ဆယ်ရက်စာလောက်သာ တော့သည်။ ကျွန်တော်တို့သည် ရိက္ခာပစ္စည်းများကို အခေါက်ခေါက်အခါခါ သယ်ယူနေရ ဖြင့် အလွန်တရာမှရေငတ်လှသည်။ သို့သော် ရေကိုအာသာရှိသလောက် မသောက် ရေး အလွန်ချွေတာပြီး အာသာပြေရုံလောက်သာ သောက်နေကြရသည်။

ကားပေါ်မှ ရိက္ခာပစ္စည်းများသယ်ယူရာတွင် တစ်ပတ်တိတိ ကြာသွားသည်။ ချိန်တွင် ဆာဘရီမှာလည်း ကားကိုပြန်ပြင်ရင်း နားချိန်ပင်မရအောင် အလုပ်များနေ သို့သော် အခြေအနေကတော့ လုံးဝမကောင်း။ ရေဒီယေတာမှာ ချို့ယွင်းချက်တွေ တော်တော်ရှိနေသည်။ အင်ဂျင်မှရေတွေ အားလုံးထွက်ကုန်ပြီ။ ဘက်ထရီကလည်း ကွဲ ဆီး အသင့်ပါလာသော အပိုပစ္စည်းတွေကလည်း အလုပ်မဖြစ်။ အပိုပစ္စည်းအသစ်များနှင့် ဆင်ဆင်သည့်တိုင်အောင် ကားကို သုံး၍ရနိုင်တော့မည်မဟုတ်ဟု ဆာဘရီကပြောသည်။

ထိုအချိန်တွင် လိုဏ်ခေါင်းကတော့ မိန်းမများအတွက် နေလို့ထိုင်လို့ ကောင်းစွာ သွားပြီ။ ပေါ်ဆယ် လှေကားတပ်ထားသောကြောင့် သူတို့အဖို့ လွယ်ကူစွာ ဆင်းနိုင် ဆက်နိုင်ကြသည်။ လိုဏ်ခေါင်းထဲတွင် အအေးဓာတ်ရ၍ နေလို့ထိုင်လို့ အဆင်ပြေသည်။ ထို့ပြင် ပင်မ ခန်းမဆောင်အပြင်ဘက်တွင် စကြံန်လမ်းများလည်း တော်တော်များများ တွေ့ သည်။ စကြံန်လမ်းများမှာ မှောင်မည်းနေသော်လည်း ကျွန်တော်တို့အားလုံးအတွက် ကိုယ်ပိုင်သီးသန့်ဆောင်အဖြစ်တော့ အသုံးဝင်သည်။

သို့သော်လည်း လက်နှိပ်ဓာတ်မီးများပါလာသောကြောင့် အချိန်မရွေးသွားလာ နိုင်သည်။ ထိပ်ဝတွင် ထွက်ပေါက်ရှိနေသော တခြား ဥမင်လိုဏ်ခေါင်းတစ်ခုကိုလည်း ကျွန်တော်ရှာဖွေတွေ့ရှိသည်။ ဥမင်လိုဏ်ခေါင်းအစွန်း ခုံဆင့်ပေါ်မှကြည့်လိုက်လျှင် ပင် လယ်သေ မြောက်ဘက်အစွန်ပိုင်းကို ထင်ထင်ရှားရှားမြင်ရသည်။ ထိုနေရာကို ဆာဘရီနှင့် ကျွန်တော်တို့သာ ပိုင်ဆိုင်ကြောင်း ကျွန်တော်က တောင်းဆိုသောအခါ အစ်ကိုများက မကျေမနပ် ဖြစ်ချင်ကြသည်။ ကျွန်တော့်လို ပိုင်ဆိုင်ချင်လျှင် ကျွန်တော့်လိုကြိုးစားပြီး "ရှာကြရန် ကျွန်တော်က ပြန်ပြောလိုက်သည်။

ပင်မခန်းမဆောင်၏အဆုံးတွင် အလင်းပေါက်ကလေး တစ်ပေါက်တွေ့ရသဖြင့် ကျောက်ခဲကျောက်တုံးများကို ဖယ်ရှားလိုက်သောအခါ အပြင်ဘက်သို့ မီးခိုးထွက်နိုင်သော သဘာဝမီးခိုးခေါင်းတိုင်တစ်ခုကို ရရှိကြပြန်သည်။ မီးခိုးခေါင်းတိုင်ပေါက်ကို တွေ့ရှိခြင်းမှာ ကျွန်တော်တို့အတွက် အလွန်တရာမှအကျိုးရှိသည်။ မီးခိုးခေါင်းတိုင်အောက်မှ မီးဖိုတစ် လုပ်လိုက်လျှင် ချက်ပြုတ်ရေးအတွက်ရော၊ ပင်မလိုဏ်ခေါင်းအတွင်း အလင်းရောင်ရရေး အတွက်ပါ အဆင်ပြေသွားမည်ဖြစ်သည်။

ကျွန်တော်တို့သည် အသင့်ပါလာသော ရေနံဆီ၊ ဓာတ်ဆီများကို မသုံးသင့် ချွေတာသိမ်းဆည်းထားပြီး မီးဖိုအတွက် ထင်းလိုက်ရှာကြသည်။ သဲချောင်းများထဲတွင် အမှိုက်သရိုက်များ စုပုံတွေ့ ရှိရသောကြောင့် ထင်းပြဿနာအတွက်လည်း အတန်အသင့် စိတ်အေးသွားကြရပြန်သည်။ နောက်ဆုံးတွင် တာရတင်ဆီပင်ကြီးတစ်ပင် တွေ့ရှိရသော အခါ ထင်းအတွက် လုံးဝပူစရာမလိုသော အခြေအနေသို့ ရောက်ရှိသွားသည်။

ဟင်းလျာအတွက် သဲကန္တရယုန်များကို ပစ်ခတ်ဖမ်းဆီးကြသည်။ သို့သော် ကလေးတွေမှာ အလွန်လျင်မြန်သောကြောင့် ပစ်တိုင်းမမှန်နိုင်ကြ။ ဤတွင်လည်း ဆာဘာရီး သူတတ်သောပညာကို အသုံးချပြန်သည်။ ယုန်ထောင်နည်းကို သူကောင်းကောင်းကျွမ်းသည့် စပါးလက်တစ်ဆုပ်စာလောက်ကို အသုံးပြု၍ ထောင်ဖမ်းလျှင် လာစားသည့်ယုန်မှာ နေ မလွတ်တော့။ ဤနည်းဖြင့် ကျွန်တော်တို့သည် ယုန်သားကင်ကို နေ့စဉ်မပြတ် အလျှံ စားသုံးနိုင်ကြလေသည်။

ကားကို ပြန်လည်တပ်ဆင်ပြီးသွားသောအခါ ကျွန်တော်တို့တွင် သောက်သုံး လေးရက်စာခန့်သာ ကျန်တော့သည်။

"ကျွန်တော် ဂျေရုဆလင်ကို သွားပြီး ရေဒီယေတာအသစ်တစ်ခု သွားဝယ်မယ် ပြီးတော့ တခြားလိုအပ်တဲ့ အပိုပစ္စည်းတွေလည်း ဝယ်ရမယ်"

ဟု ဆာဘာရီက ပြောသည်။ . အပြောလွယ်သလောက် သွားရမည့်ခရီးကမလွယ်လှ။ ပထမဦးစွာ ဂျယ်ရီကိုသို့ တစ်နေ့ခရီး လမ်းလျှောက်ရမည်။ ထို့နောက် ဂျေရုဆလင်သို့ ဘတ်စ်ကားဖြင့် တစ်နေ့ခရီး သွားရဦးမည်။ ဆာဘာရီက ဂျေရုဆလင်အရှေ့ပိုင်းရှိ ဝပ်ရှော့ဆိုင်ကို သူကောင်းစွာသံ

ကြောင်း၊ သူ့အဖေကားထောင်တုန်းက ထိုဆိုင်သို့ သူ မကြာခဏ အပိုပစ္စည်းသွားတယ် ခဲ့ဖူးကြောင်း ပြောပြသည်။

ဆာဘာရီသွားလျှင် ကျွန်တော်တို့မှာ ရှိသမျှ ပိုက်ဆံအားလုံးကို ပေးလိုက်ရမည်။ သူပိုက်ဆံယူပြီး ထွက်ပြေးသွားလျှင် ဘယ်လိုလုပ်ရမည်နည်း။ ပို၍ စိုးရိမ်စရာကောင်းသည် = ကွန်တော်တို့တွင် ဒေါ်လာထောင်ပေါင်းများစွာတန်သော ရိက္ခာပစ္စည်းများ ရှိနေခြင်းပင် ဖြစ်သည်။ ဆာဘာရီက လူဆိုးဓားပြတွေခေါ်လာပြီး ကျွန်တော်တို့ကိုသတ်၍ ပစ္စည်းတွေအား ယူသွားလျှင် ဘယ်လိုလုပ်မည်နည်း။ သို့သော် ကျွန်တော်တို့အဖို့ တခြားရွေးစရာလမ်း အနည်းတော့။ ရှိစုမဲ့စု ပိုက်ဆံအားလုံးကို ဆာဘာရီအား ထုတ်ပေးလိုက်ရတော့သည်။

ဆာဘာရီသည် ပိုက်ဆံယူပြီး ဂျယ်ရီကိုသို့ ထွက်ခွာသွားသည်။ ကျွန်တော်တို့က , သူ့နောက်ကျောကို ရပ်ကြည့်ကျန်ရစ်ကြသည်။ စိတ်ထဲကတော့ ဒီလူ့ကို နောက်ထပ် ပြန်တွေ့ခွင့်မှ ရနိုင်ပါဦးမည်လားဟု တွေးနေမိကြသည်။

ဆာဘာရီထွက်သွားပြီးနောက် တတိယမြောက်နေ့တွင် ကားကိုစောင့်ရန် ကျွန်တော့် လှည့်ကျသည်။ ကျွန်တော်သည် ကားဘေးအရိပ်တွင်ထိုင်ကာ စာဖတ်နေသည်။ သို့ သော် ကျွန်တော့် မျက်လုံးများက ပင်လယ်ဘက်သို့သာ မကြာခဏ လှမ်းကြည့်နေမိသည်။

စိတ်ထဲကလည်း ဆာဘာရီမြန်မြန်လာပါစေဟုသာ ဆုတောင်းနေမိသည်။ လူဆိုး ဆွေများ ရုတ်တရက်ရောက်လာမှာလားဟုတွေးပူကာ မှန်ပြောင်းကြီးနှင့်လည်း အရပ်လေး မျက်နှာကို ခဏခဏလှမ်းကြည့်နေမိသည်။

လိုဏ်ခေါင်းထဲတွင် နေထိုင်ရသော ကျွန်တော်တို့၏ အခြေအနေမှာ အလွန်စိုးရိမ်စရာ ကောင်းသည်။ သောက်သုံးရေ ပြတ်နေကြပြီ။ ကားထဲတွင် ငါးဂါလံရှိသေးသော်လည်း ရေကို လက်နှင့်ပင် မတို့ရဲမထိရဲကြ။ တကယ်လို့ ဆာဘာရီ ပြန်လာလျှင် ရေဒီယေတာတွင် ထည့်ရဦးမည် ဖြစ်သည်။ မနက်ဖြန်ဆိုလျှင် ဖေဖေ့အနေဖြင့် ဆုံးဖြတ်ချက်တစ်ခုကို လွှဲမသွေချရတော့မည်။ ဤလိုဏ်ခေါင်းမှ ထွက်ခွာပြီး ဂျယ်ရီကိုသို့ပင် သွားကြမည်လား၊ သို့မဟုတ် အလင်ဘီတံတားကိုဖြတ်ကျော်ပြီး အမ္ဗန်မြို့သို့သွားကာ ဂျော်ဒန်နိုင်ငံသားအဖြစ် ထင်ခံယူကြမည်လား။ ယင်းနှစ်လမ်းအနက် တစ်လမ်းလမ်းကိုတော့ ယတိပြတ်

ရွေးချယ် ရတော့မည် ဖြစ်သည်။

ကျွန်တော်သည် လူနေဒေသတစ်ခုခုကို တွေ့လိုတွေ့ငြား၊ မိုးကုပ်စက်ဝိုင်းဆီသို့ ပြောင်းဖြင့် ရှာဖွေကြည့်ရှုနေရာမှ စောစောကမြင်ခဲ့ရသော တစ်စုံတစ်ရာကို ထပ်မံ ရသဖြင့် စူးစူးစိုက်စိုက်ကြည့်နေမိသည်။ အဝေးကြီးမှ လက်ယာဘက် ပင်လယ်ကမ်း တစ်နေရာတွင် အစိမ်းရောင် ကွင်းပြင်တစ်ခုကို လှမ်းမြင်ရသည်။ တောင်ဘက်သို့ တစ်မိုင်ကျော်ကျော် နှစ်မိုင်ခန့် ဝေးလိမ့်မည်။ ဂျူးစစ်တပ်များ၊ ဘီဒိုယင်လူမျိုးစုများနှင့် တွေ့မည်စိုး၍ တောင်ဘက်သို့ လုံးဝမသွားကြရန် ဖေဖေက ကျွန်တော်တို့အား တင်းကြပ်စွာ အားမြစ်ထားသည်။

ကျွန်တော်သည် မျက်လုံးများ ဝေဝါးလာသည်အထိ အဆိုပါ အစိမ်းရောင်ကွင်းပြင်ကို အထူးအာရုံစိုက်၍ ကြည့်ရှုနေသည်။ ထို့နောက် ကုန်းမြင့်ပေါ်သို့တက်၍ ဆက်လက်ကြည့်ရှု သည်။

သဲကန္တာရကား ကြောက်စရာကောင်းသော ဖြားယောင်းမှုများဖြင့် ပြည့်နှက်နေ တတ်သည်။ သို့သော် ယခုကျွန်တော် မြင်နေရသော အစိမ်းရောင်ကွင်းပြင်ကတော့ ကျွန်တော့်ကို ဖြားယောင်းနေခြင်းမဟုတ်ဟု ကျွန်တော် အလေးအနက်ယုံကြည်မိသည်။

မွန်းတည့်သောအခါ ကျွန်တော့်တာဝန်ပြီးဆုံး၍ အိုမာက ဆက်လက်စောင့်သည်။

“ကျွန်တော် တောင်ဘက် ပင်လယ်ကမ်းခြေတစ်လျှောက် တစ်မိုင်နှစ်မိုင်လောက် ပဲ သွားကြည့်ချင်တယ် အစ်ကို”

'

”မင်းက ဘာလို့ရှူးချင်ရတာလဲ အစ္စမေ”

”ရှူးတာမဟုတ်ဘူး အစ်ကို၊ အဲဒီမှာ ကျွန်တော် တစ်ခုခုလှမ်းမြင်လို့”

”ဘာမြင်လို့လဲ”

“အတိအကျတော့မပြောတတ်ဘူး၊ တစ်ခုခုတော့ တစ်ခုခုပ်၊ သွားကြည့်မှ အ

အကျသိရမယ်၊ ကျွန်တော်လိုဏ်ခေါင်းကိုပြန်ပြီး ဖေဖေ့ဆီမှာ ခွင့်တောင်းနေလျှင် မနက် အထိ သွားခွင့်ရမှာမဟုတ်ဘူး၊ တကယ်လို့ မနက်ဖြန်မှာ ဆာဘာရီပြန်လာပြီး ကားကို ပြသ ကောင်းအောင်မပြင်နိုင်လျှင် ကျွန်တော်တို့အတွက် သိပ်နောက်ကျသွားလိမ့်မယ်”

“အဲဒါဆိုလျှင် မင်းဖေဖေစကားကို ဖီဆန်ရာရောက်လိမ့်မယ်”

”ကျွန်တော်တို့ ဂျယ်ရီကိုကို ခြေကျင်လျှောက်သွားရမယ်ဆိုလျှင် နေပူထဲမှာမလွယ် ဘူး၊ မေမေလဲ လျှောက်နိုင်မှာမဟုတ်ဘူး၊ ဖာတမာရဲ့ ကလေးလည်း အပူဒဏ် ၊ သေလိမ့်မယ်”

“မင်းဟာမင်း သွားချင်သွားပေါ့၊ ဒါပေမယ့် တစ်ခုခုဖြစ်လျှင်တော့ မင်းဟာမင် တာဝန်ယူရလိမ့်မယ်”

ဘာမျှပြန်ပြောမနေတော့ဘဲ အစိမ်းရောင်ကွင်းပြင်ဆီသို့ ဦးတည်ထွက်ခွာလာ သည်။ ကျွန်တော်သည် ညတိုင်းလိုလိုပင် အိပ်မက်ထဲတွင် ရေတံခွန်များ၊ မြစ်များနှင့် ရေများကိုသာ မြင်မက်နေခဲ့သည်။

တဖြည်းဖြည်းနှင့် အစိမ်းရောင် ကွင်းပြင်နှင့်နီးလာခဲ့ပြီ။ သို့သော် ကျွန်တော် ဇောမကြီး။ ခြေလှမ်းမှန်မှန်ဖြင့်သာ လျှောက်လာခဲ့သည်။ ဂျူးတွေနှင့် ဘီဒိုယင် အန္တရာယ်ကို မျက်ခြည်မပြတ်အကဲခတ်၍ သတိကြီးစွာနှင့် လျှောက်လာခဲ့သည်။

ပတ်ဝန်းကျင်တစ်ခွင်လုံး ငြိမ်သက်တိတ်ဆိတ်နေသည်။ လှုပ်ရှားမှု တစ်စုံတစ်ရာ မတွေ့ရ။ ငါ့ကို ရန်သူတွေစောင့်ကြည့်နေတာ မဖြစ်ပါစေနှင့်ဟူ၍ ကျိတ်ပြီးဆုတောင်း မိသည်။ တဖြည်းဖြည်းနှင့် နီးသည်ထက်နီးလာပြီ။ ရေကျသံများကြားရပြီ။ တအာ တက်လာပြီး ခပ်သွက်သွက် ဆက်လျှောက်လာခဲ့သည်။ ဟော... မြင်ရပြီ။ တွေ့ပြီ။

ပင်လယ်ကမ်းစပ်အနီးရှိ ကျောက်ဆောင်ပေါ်မှ ရေတွေပန်းထွက်ပြီး အောက်ဘက် တွင် ရေအိုင်ကြီးနှစ်အိုင် ပြည့်လျှံနေသည်။ ရေအိုင်များမှ လျှံထွက်လာသောရေတွေ ပင်လယ်ထဲသို့ စီးဆင်းသွားကြသည်။ . ကျွန်တော်သည် မြေကြီးပေါ်တွင် လေးဖက်ထောက်၍ ဝပ်လိုက်ပြီးနောက် ကို တစ်ခု၏အနီးသို့ ဖြည်းဖြည်းချင်းလေးဖက်တွား၍ ချဉ်းကပ်လာခဲ့သည်။ တစ်ယောက် ယောက်က

ကျွန်တော့်ကို သေနတ်နှင့် လှမ်းပစ်လိုက်လျှင် ပွဲချင်းပြီး သေသွားနိုင်ကြောင့်ဖြစ်သည်။

(ကျွန်တော်သည် ရေအိုင်ဘေးတွင် အကြာကြီးထိုင်ကာ ကိုယ့်ကိုယ်ကိုယ်အားတင်း သည်။ ကျွန်တော် မတ်တတ်ရပ်၍ မရတော့။ မဝံ့မရဲနှင့်ပင် လက်တစ်ဖက်ကို ရေထဲသို့ နှစ်လိုက်သည်။ လက်ကိုပြန်ရုပ်ပြီး လျှာနှင့်တို့ကြည့်လိုက်သည်။

ရေချို....ရေချို့ ...။

ကျွန်တော် မတ်တတ်ထရပ်လိုက်သည်။ ချောင်းကြည့်နေသူ တစ်ယောက်ယောက် က သေနတ်နှင့် အချိန်မရွေးပစ်ထည့်လိုက်နိုင်သည်ကိုပင် သတိမရတော့ဘဲ ဝမ်းမြောက် ဝမ်းသာအော်ဟစ်ရင်း ရေအိုင်ထဲသို့ ဝုန်းခနဲခုန်ဆင်းလိုက်သည်။ “

ထို့နောက် ကမ်းပေါ်သို့ ကမန်းကတန်း ပြန်တက်ပြီး ကားဆီသို့ မနားတမ်း ပြန်ပြေးလာခဲ့သည်။ အသာငမ်းငမ်းဖြင့် ရေကို ဗိုက်ကားအောင် သောက်လာခဲ့သောကြောင့် ဗိုက်ထဲမှ နာလှသော်လည်း လုံးဝမနားဘဲ အတင်းဒုန်းစိုင်းလာခဲ့သည်။

“ရေ...ရေ...ရေ...ရေ... ကျွန်တော့်အဖြစ်က အရူးတစ်ယောက်လို ဖြစ်နေလိမ့်မည်။ အိုမာက ကျွန်တော့်ကို ဆေးဖက်ပြီး ကိုယ်ကိုလှုပ်ယမ်းကာ ကမန်းကတန်း မေးမြန်းနေသည်။ ကျွန်တော်ကလည်း သောတကြီး ပြန်လည်ပြောပြသည်။ သို့သော် လိုရင်းမရောက်ဘဲ စကားလုံးတွေက ဆပ်နေသည်။ တကယ်ပင် အရူးစကားလို ဖြစ်နေသည်။ အိုမာက ကျွန်တော့်စကားကို လုံးဝမယုံ။

ကျွန်တော် ရေတွေ့ခဲ့တာ တကယ်ဟုတ်ရဲ့လား၊ တကယ် ရေသောက်ခဲ့ရသလား။ တကယ် ရေကူးခဲ့ရသလား။ အသက်ထွက်ခါနီးလူလို သဲကန္တာရ၏ ဖြားယောင်းမှုကို ကယောင်ကတမ်း ပြောနေတာလား။ ကျွန်တော် တကယ်များ ရူးနေပြီလား။ ဒါမှမဟုတ် ခြောက်ဘက် မိုးကုပ်စက်ဝိုင်းအနီးမှ အမည်းရောင်ကွက်ကလေးကို တကယ်မြင်ခဲ့ရသလား။

ကျွန်တော်သည် အိုမာ၏လက်ထဲမှ မှန်ပြောင်းကြီးကို ဆတ်ခနဲဆွဲယူပြီး

အမည်း ရောင်ကွက်ကလေးကို လှမ်းကြည့်လိုက်သည်။ အမည်းကွက်ကလေးသည် တဖြည်းဖြည်း ကြီး၍ကြီး၍လာသည်။ ဟုတ်ပြီ။ ဂျယ်ရီကိုဘက်မှ တကယ်ပင် လူတစ်ယောက် လျှောက်လာ နေသည်။

ကျွန်တော်သည် မြင်ကွင်းပို၍ပြတ်သားလာသည်အထိ မျက်တောင်မခတ် စောင့် ကြည့်နေသည်။ ဟုတ်ပါပြီ။ ဆာဘာရီမှ ဆာဘာရီအစစ်။ သူသည် ရေဒီယေတာကို ပခုံး ပေါ်တွင် ထမ်းယူလာသည်။ လက်နှစ်ဖက်တွင်လည်း အထုပ်တစ်ထုပ်စီ ပါလာသည်။

ကျွန်တော်သည် လိုဏ်ခေါင်းသို့ပြန်ပြေးလာပြီး သတင်းပို့လိုက်သည်။ ကမယ်အား ဆောင့်ထားခဲ့ပြီး ကျန်လူတွေအားလုံး ကြိုးလှေကားအတိုင်း ပြေးဆင်းလာခဲ့ကြသည်။ ရေပုံးများကို စက်သီးဖြင့် ဆွဲချပြီးနောက် ထရပ်ကားဆီသို့ လာခဲ့ကြသည်။

ဆာဘာရီမှာ ခရီးပန်းနေသော်လည်း အနားမယူဘဲ ကားကို ချက်ချင်းပြန်သည်။ နောက်ဆုံးကျန်နေသော ရေပုံးကို ရေဒီယေတာထဲသို့ လောင်းထည့်လိုက်သည်။ ထို့နောက် ဘာဘရီသည် ကားပေါ်သို့ ခုန်တက်လိုက်သည်။ ဖေဖေက “အလ္လာအရှင်မြတ် စောင်မ ဘော်မူပါ”ဟု ဆုတောင်းလိုက်သည်။

ကျွန်တော်တို့ အားလုံးကလည်း စိတ်အားထက်သန်စွာဖြင့် သံပြိုင်ဆုတောင်းလိုက် ကြသည်။ ဆာဘာရီက ကားသော့ကို လှည့်လိုက်သည်။ ဘာမျှမထူးခြား။ ဆာဘာရီသည် ကားပေါ်မှ ပြန်ဆင်းပြီး စက်ခေါင်းဖုံးကိုဖွင့်ကာ ဝါယာကြိုးများကို စစ်ဆေးကြည့်သည်။ ထို့နောက် ကားပေါ်ပြန်တက်၍ စက်နှိုးပြန်သည်။ ဤအကြိမ်တွင်လည်း ဘာမှမထူးခြား။

“မီးမလိုက်သေးလို့ပါ၊ ကျွန်တော် ဝါယာကြိုးနဲ့ ခတ်ပေးလိုက်မယ်”

အင်ဂျင်စက်သံ ဝူးခနဲပေါ်ထွက်လာသည်။ ကျွန်တော်တို့အားလုံး ဝမ်းသာလွန်း၍ ကားကိုပတ်ပြီး ကခုန်ကြသည်။ ကျွန်တော်တို့ ညီအစ်ကိုတွေ တစ်ယောက်ကိုတစ်ယောက် ဖက်ယမ်း နမ်းရှုပ်ကြသည်။ ဆာဘာရီအား ဖက်ပြီးနမ်းကြသည်။ ကျွန်တော်က ရေစမ်း ပေါက်ကို တွေ့လာသောကြောင့် ကျွန်တော့်ကိုလည်း ဖက်ယမ်းနမ်းရှုပ်ကြသည်။

ဖေဖေသည် ကားပေါ်သို့ ခုန်တက်လိုက်ပြီးနောက် လိုက်သည်။

“ကိုင်း...တို့ ဒီကားကိုသွားရောင်းကြမယ်၊ ပြီးတော့ မြည်းတွေဝယ်လာမယ် နှစ်ရက်ပဲကြာမယ်"“

“ခဏနေပါဦး ဖေဖေ၊ ခဏနေပါဦး' ကျွန်တော်က ကမန်းကတန်း အော်ပြော လိုက်သည်။ “ကျွန်တော်တို့ ရေစမ်းပေါက်ကိုအလျင်သွားပြီး ရေခပ်ကြလျှင် ပိုကောင်းလိမ့် မယ်”

ဖေဖေသည် သူ့နဖူးကို လက်ဝါးနှင့်ရိုက်လိုက်ပြီး

”အို...ဟုတ်ပါရဲ့၊ ငါမေ့နေလိုက်တာ၊ ကိုင်း ... ကိုင်း.....အားလုံးတက်ကြ၊ အားလုံး တက်ကြ”

ကျွန်တော်သည် ကားပေါ်သို့ခုန်တက်ပြီး ဖေဖေနှင့်ဆာဘဲရီတို့ဘေးတွင် ဝင်ထိုင်

”ဒါနဲ့ ဖေဖေ၊ ကျွန်တော်တို့ရေခပ်ပြီးလျှင် ဖေဖေဂျယ်ရီကိုကိုသွားပြီး ကျန်နေတဲ့ စီးကရက်တွေကို သီးနှံနဲ့လဲလျှင် မကောင်းဘူးလား၊ ဒါမှ ကားကိုမရောင်းခင် သီးနှံတွေကို သယ်လာနိုင်မှာပေါ့”

ဖေဖေက နဖူးကို လက်နှင့်တစ်ချက်ထပ်ရိုက်လိုက်ပြန်သည်။

“ဟာ...သိပ်ကောင်းတဲ့အကြံပေါ့ သားရယ်၊ ဟုတ်ပြီ၊ တို့ ဂျယ်ရီကိုကို အလျင်သွား ပြီး သီးနှံတွေ သွားသယ်ကြမယ်”

“အဲဒီတော့ဖေဖေ သွားနေတုန်း ဒီမှာဘယ်သူကတာဝန်ယူပြီး အုပ်ချုပ်မှာလဲဟင် ဖေဖေက ကျွန်တော့်ကို အဓိပ္ပာယ်ပါပါနှင့်လှည့်ကြည့်ရင်း

”မင်းက ငယ်လဲငယ်တယ်၊ တော်လဲတော်တယ်၊ မင်းနဲ့ အသင့်တော်ဆုံးပဲ၊ အဲဒီတော့ မင်းပဲ တာဝန်ယူအုပ်ချုပ်ရမယ်၊ ငါ ခရီးမထွက်ခင် တခြားလူတွေကိုပြောပြမယ်”

ကျွန်တော်တို့ ရေစမ်းပေါက်သို့ ရောက်သွားသောအခါ ဝမ်းသာမဆုံး ဖြစ်နေကြ သည်။ အားလုံးပင် ဗိုက်ကားအောင် ရေတဝသောက်ကြသည်။ ပြီးတော့

ရေပုံးတွေကို အပြည့်ဖြည့်ကြသည်။ ဖေဖေက မိန်းမများအား ကားနောက်ဘက်တွင်နေကြရန် ပြောသည်။ ကျွန်တော်တို့ ယောကျ်ားများက အဝတ်တွေ အကုန်ချွတ်ပြီး ရေအိုင်ထဲခုန်ဆင်းကြသည်။ ကျွန်တော်တို့အဖို့ ရက်သတ္တနှစ်ပတ်အတွင်း ပထမဆုံးအကြိမ် ရေချိုးကြရခြင်းဖြစ်သည်။ ကျွန်တော်တို့ ချိုးပြီးသောအခါ ကားနောက်ဘက်တွင် ကွယ်နေကြပြီး မိန်းမတွေကို ဆွဲ ခိုင်းသည်။

“ကျွန်မ တစ်ခုပြောချင်တယ်” အားလုံး ရေချိုးပြီးသောအခါ မေမေက ဖေဖေ့ကိုပြောသည်။ 'ဘာပြောမှာလဲ”

“ဩော်...ဒီလိုပါ၊ ကျွန်မတို့ မြည်းနှစ်ကောင်ဝယ်မယ့်အစား တစ်ကောင်ပဲဝယ်လျှင် မကောင်းဘူးလားလို့ပါ။ ကျွန်မတို့မှာ ရေလည်းတွေ့နေပြီပဲ”

“မြည်းနှစ်ကောင်နဲ့ ရေသယ်လျှင် တစ်ကြိမ်မှာ နှစ်ခေါက်စာ တစ်ခေါက်တည်း ရနိုင်တာပေါ့၊ ပိုပြီးအလုပ်တွင်တာပေါ့”

“မြည်းတစ်ကောင်တည်းနဲ့လည်း ဖြစ်ပါတယ်။ တစ်ကောင်တည်းနဲ့ လုပ်ဖြစ်နေတာကို ဘာလို့ နှစ်ကောင်လုံးသုံးရမှာလဲ၊ အစာကျွေးရတာ ပိုကုန်မှာပေါ့”

“တို့က မြည်းနှစ်ကောင်လောက်တော့ ကောင်းကောင်း ကျွေးနိုင်ပါတယ်။ နောက် ပိုင်း မလိုအပ်တဲ့အခါ အချိန်မရွေး ပြန်ရောင်းလို့ရပါတယ်”

“ကျွန်မတို့မှာ ထင်းဆိုက်ဖို့အတွက် မြည်းချေးလိုအပ်လျှင်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အခုအချိန်မှာ မြည်းချေးသုံးစရာမလိုတော့ဘူး၊ ထင်းတွေ တစ်ပုံကြီးရှိနေတာပဲ”

“ငါက မြည်းနှစ်ကောင် ကျွေးနိုင်လျက်သားနဲ့ တစ်ကောင်တည်းမလိုချင်ဘူး၊ နှစ်ကောင်ပဲ လိုချင်တယ်”

“ကျွန်မတို့မှာ မြည်းတစ်ကောင်မှ မရှိခင်တုန်းကလည်း ဖြစ်သလိုပဲလုပ်ကိုင်နိုင်ခဲ့တာ ဝဲမဟုတ်လား”

'တစ်ကောင်ခြေထောက်ကျိုးသွားလျှင် ဘယ်လိုလုပ်မှာလဲ”

”ကျွန်မကတော့ မြည်းခြေကျိုးတာ တစ်ခါမှမတွေ့ခဲ့ဖူးပါဘူး”

‘နှစ်ကောင်ဆိုတော့ အဖော်ရတာပေါ့”

“မြည်းအချင်းချင်းမှ အဖော်ရတာမဟုတ်ပါဘူး၊ ကျွန်မတို့လူတွေရှိလျှင်လည်း အဖော်ရပါတယ်” ။

မေမေပြောတာ ကျိုးကြောင်းညီညွတ်သည်ဟု ဖေဖေက သဘောပေါက်မိပုံရသည်။ “ဟုတ်ပြီလေ၊ တစ်ကောင်ဆိုလည်း ဖြစ်ပါတယ်”

”မြည်းတစ်ကောင်နဲ့ ဆိတ်တစ်ကောင်ဝယ်မယ်”

”ဆိတ်က ဘာလုပ်မလို့လဲ၊ ဖာတမာနို့က မကောင်းလို့လား”

”ဟုတ်တယ်၊ သူ့နို့ ကချဉ်တယ်” ။ “ဒါပေမယ့် ရပါတယ်၊ ရေတွေ အများကြီးရှိနေပြီပဲ”

”ဖာတမာမှာ ကိုယ်ဝန်ရှိနေပြီ”

”ကိုယ်ဝန်သည်တစ်ယောက်တည်းရှိတာနဲ့ ဆိတ်ဝယ်စရာမလိုသေးပါဘူး”

”တစ်ယောက်တည်းမကဘူး၊ ရာမီဇာမှာလည်း ကိုယ်ဝန်ရှိနေပြီ” မေမေက ယင်းသို့ ပြောပြီးနောက် ကားနောက်ပိုင်းတွင် တက်ထိုင်လိုက်လေ သည်။

အခန်း (၆)

ဂျယ်ရီကိုမြို့သည် လူသားတို့၏ ရှေးအကျဆုံးမြို့တစ်မြို့ဖြစ်ပြီး ဂျေရုဆလင်မြို့ပြီးလျှင် ဒုတိယအထင်ရှားဆုံး သမိုင်းဝင်မြို့လည်း ဖြစ်သည်။ ဂျေရုဆလင်မြို့၏ အရှေ့ဘက်မျက်နှာ စာတွင် တည်ရှိသောကြောင့် များစွာသောဘုရင်၊ ဘုရင်လောင်းများနှင့် ၎င်းတို့၏ တပ်မ တော်များသည် ဂျယ်ရီကိုမြို့ကို အကြိမ်ပေါင်းများစွာ ဖြတ်ကျော်သွားခဲ့ကြဖူးသည်။

ဂျေရုဆလင်မြို့၏မျက်ကွယ်တွင် တည်ရှိသောကြောင့် ဂျယ်ရီကိုမြို့သည် နိုင်ငံရေး စက်ပုန်းခုတ်သူများ၊ လုပ်ကြံသူများနှင့် လူသတ်သမားများ၏ ပုန်းအောင်းရာလည်း ဖြစ် သည်။ စစ်ရှုံးသော စစ်သူရဲများအဖို့

သဲကန္တာရသို့ထွက်ပြေးရာတွင် ခရီးတစ်ထောက် နားခိုရာစခန်းလည်း ဖြစ်သည်။ ကမ္ဘာပေါ်တွင် မြေနိမ့်ပိုင်းအကျဆုံး မြို့လည်းဖြစ်၍ အပူရှိန် အပြင်းဆုံးမြို့တစ်မြို့လည်း ဖြစ်သည်။

ယခုအချိန်တွင် ပို၍ပင် ဆိုးရွားနေသေးသည်။ မြို့တွင်းရှိ ဘယ်နေရာကို ကြည့် လိုက်ကြည့်လိုက် လူတွေနှင့် ပိတ်ဆို့ပြွတ်သိပ်နေသည်ကိုသာ တွေ့ရသည်။ လမ်းမပေါ်တွင် လည်းကောင်း၊ လမ်းဘေး ရေမြောင်းထဲတွင်လည်းကောင်း၊ လယ်ကွင်းများထဲတွင်လည်း ကောင်း၊ တောင်ကုန်းများ တစ်ဝိုက်တွင်လည်းကောင်း ထောင်ပေါင်းများစွာသော စစ်ပြေးဒုက္ခ သည်များ တုံးလုံးပက်လက် အိပ်နေကြသည်။ သူတို့ကိုမြင်ရသည်မှာ ငရဲပြည်မှ ငရဲသား များကို မြင်ရသလို ထင်မှတ်ရသည်။

မနီးမဝေးတွင် အလင်ဘီတံတားရှိသည်။ ယင်းတံတားကိုဖြတ်ကျော်လျှင် ဂျော်ဒန် နိုင်ငံသို့ ရောက်သည်။ တချို့က တံတားကိုဖြတ်ကျော်ပြီး ဂျော်ဒန်နိုင်ငံထဲသို့ ဝင်သွားကြ သည်။ တချို့က ဂျယ်ရီကိုမြို့မှာပင် ဖြစ်သလို ဆက်လက်နေထိုင်နေကြသည်။ အလင် တံတားသည် ပြန်လမ်းမရှိသော ဂျော်ဒန်မြစ်ကို ဖြတ်ထိုးထားသောကြောင့် ဤတံတားကို ဖြတ်ကျော်သွားသူများအဖို့ရာတွင်လည်း အနာဂတ်ဘဝသည် မရေရာမသေချာ။

ကြားနေရသော စစ်ရေးသတင်းတွေကလည်း တစ်ကွက်မျှ အားတက်စရာမရှိ။ သို့သော် ဤအတွက် ဟာဂျီအီဘရာဟင်ကတော့ မအံ့သြတော့။ ဒုတိယအကြိမ် အပစ်အခတ် ရပ်စဲရေးလုပ်ထားကြသည်။ သို့သော်စစ်မျက်နှာတိုင်းတွင် အာရပ်တပ်များ အထိုက်နေသည် ကတော့ တကယ့်အဖြစ်မှန်ပင် ဖြစ်သည်။ နီဂျက်သဲကန္တာရတွင် အီဂျစ်တပ်များတပ်လန် ဆုတ်ခွာနေရခြင်းမှာ အဆိုးထားဆုံး အခြေအနေဖြစ်သည်။

urm ဂျော်ဒန် တပ်မတော်တစ်ခုသာလျှင် အထိုက်အလျောက် အောင်ပွဲခံနေဆဲဖြစ်သည်။ လာထရွန်ခံတပ်၊ အရှေ့ဂျေရုဆလင်နှင့် ဂျော်ဒန်မြစ်အနောက်ဘက်ခြမ်းပေါ်မှ အရေးပါသော အာရပ်နယ်မြေများကို ဂျော်ဒန်တပ်မတော်က သိမ်းပိုက်ထားသည်။ ကျန်စစ်မျက်နှာအား လုံးတွင် အာရပ်တို့ အရှုံးကြီးရှုံးနေသည်ကို တစ်ကမ္ဘာလုံးက သိကြသည်။

ဂျယ်ရီကိုမြို့ရှိ တခြားလူတွေက ကောလာဟလသတင်းများကို ယုံရမလို မယုံရမလို ဖြစ်နေကြချိန်တွင် ဟာဂျီအီဘရာဟင်ကတော့ အာရပ်တို့ဘက်မှဘယ်နည်းနှင့်မျှ အောင်ပွဲ မခံနိုင်တော့ဆိုသည်ကို ပြတ်ပြတ်သားသား မြင်ထားပြီးဖြစ်သည်။ ဂျော်ဒန်တပ်မတော်သည် လာထရွန်ခံတပ်ကိုစွန့်လွှတ်ပြီး တခြားဘယ်နေရာကိုမှ သွားတိုက်မည်မဟုတ်ဆိုသည်ကို ကဂျီအီဘရာဟင်က ကောင်းစွာသိထားပြီးဖြစ်သည်။

ယခုအချိန်တွင် အဗ္ဗဒူလာဘုရင်သည် အနိုင်ရထားသမျှနှင့် ရောင့်ရဲတင်းတိမ်နေ သည်။ သူ၏ ဂျူးမုန်းတီးရေးစိတ်ဓာတ်လည်း ဟန်ပြသဘောလောက်သာရှိသည်။ သူ့ အနေဖြင့် စစ်ထဲဝင်လာရခြင်းမှာလည်း ဗြိတိသျှ စစ်အရာရှိများဖြင့် လေ့ကျင့်ထားသော သူ့စစ်တပ်ကို ပွဲထုတ်စမ်းသပ်ကြည့်ရန် ရည်ရွယ်သောကြောင့်သာဖြစ်သည်။ သူ့အနေဖြင့် ဂျူးတွေကို တကယ်အပြုတ်တိုက်ချင်လျှင် လာထရွန်တွင် ဘာ့ကြောင့် အငြိမ့်သားထိုင်နေရ မည်နည်း။

ဘယ်ဘက်ကတွေးတွေး ဟာဂျီအီဘရာဟင်အဖို့တော့ တစ်ချက်မှကျေနပ်စရာမရှိ။ တဘားရှာသည် အစ္စရေးနိုင်ငံနယ်နိမိတ်ထဲတွင် အမြဲတမ်းရှိနေတော့မည့်အဖြစ်မှာ အဆိုးရွား ဆုံး ဖြစ်လေသည်။

မြည်းတစ်ကောင်နှင့် ဆိတ်တစ်ကောင်အတွက် အစာလုံလောက်စွာဝယ်၍ လိုဏ် ခေါင်းသို့ပြန်လာခဲ့ပြီးနောက် ဟာဂျီအီဘရာဟင်နှင့် ဆာဘရီတို့သည် ကားကိုရောင်းရန် အရှေ့ဂျေရုဆလင်သို့ ထွက်ခွာလာခဲ့ကြသည်။

သူတို့သည် ဂျူးဆရာဝန်များနှင့် သူနာပြုဆရာမများအား ချုံခိုတိုက်ခိုက်ပြီးသတ် ဖြတ်ခဲ့ကြသော ဝါဒီအယ်ဂျော့ဇ်လမ်းသို့ ရောက်လာကြသည်။ ဤလမ်းထဲတွင် မှောင်ခိုပစ္စည်း ရောင်းဝယ်သူများ၊ ပြည့်တန်ဆာများနှင့် လူဆိုးတွေ ကျက်စားကြသည်။

ဤလမ်းထဲသို့ ရောက်လာသည်ကို ဟာဂျီအီဘရာဟင်က လုံခြုံမှုမရှိသလို ခံစား ရသည်။ အချိန်မရွေး၊ အန္တရာယ်ကြုံနိုင်သော အခြေအနေရှိသည်ဟုထင်မိသည်။ သူသည် ထရပ်ကားကိုရောင်းပြီး

ပိုက်ဆံတွေရလာသောအခါ ကျိန်းသေပေါက် လုယက်သတ်ဖြတ်ခြင်း ခံရမည်ဟု ယုံကြည်မိသည်။ ထို့ကြောင့် သူက ဆာဘရီအား ကားကိုပြန်လှည့်ရန်ပြော သည်။ ကီဒရွန်မြစ်ဝှမ်းမှ အက်ဘ်ဆလွမ်သင်္ချိုင်းဂူအနီးသို့ ရောက်သောအခါ ကားကို လမ်းဘေးသို့ထိုးရပ်လိုက်သည်။

"ကိုင်း ... မင်း ဝါဒီအယ်ဂျော့ဇ်လမ်းကို လမ်းလျှောက်သွားပြီး ကားဝယ်ချင်တဲ့လူ ကို ခေါ်လာခဲ့၊ ဒါပေမယ့် အုပ်လိုက်ခေါ်မလာခဲ့ပါနဲ့၊ တစ်ကြိမ်မှာ တစ်ယောက်စီသာ ဟု ဟာဂျီအီဘရာဟင်က ဆာဘရီကိုခိုင်းလိုက်သည်။ များမကြာမီတွင် ဆာဘရီသည် ဆီးရီးယားစစ်ဗိုလ်တစ်ယောက်နှင့်အတူ ပြန်ရောက်လာသည်။ ထိုစစ်ဗိုလ်မှာ တပ်ပြေးစစ်ဗိုလ်တစ်ယောက်ဖြစ်ပြီး အခြားတပ်များထံမှ လက်နက်များဝယ်ကာ မှောင်ခိုလက်နက် အရောင်းအဝယ်လုပ်နေသူ ဖြစ်သည်။

သူက ကားကိုကြည့်ပြီး

"ခင်ဗျားတို့ကားက အစုတ်ကြီးပဲ၊ ကျုပ်က ဒီကားထက် ပြည့်တန်ဆာတစ်ယောက် ကိုသာ ပိုက်ဆံပေးလိုက်ချင်တယ်"

ဟုပြောကာလှည့်ထွက်သွားသည်။ ဟာဂျီအီဘရာဟင်သည် ဆာဘရီအား ကားကို မြို့တော်ဟောင်းရှိခြသေ့်ဂိတ်တံခါးသို့ရွှေ့ခိုင်းပြီး ဒုတိယကုန်သည်တစ်ဦးနှင့် တွေ့ဆုံသည်။ ထိုကုန်သည်ကလည်း "ဒီကားက တစ်စီးလုံးဖျက်ပြီး အပိုပစ္စည်း ရောင်းစားဖို့လောက်ပဲ ကောင်းတာ"ဟု ပြောပြီး ပြန်ထွက်သွားသည်။

ထို့နောက် တတိယတစ်နေရာသို့ ပြောင်း၍ပြပြန်သည်။ တတိယနှင့် စတုတ္ထမြောက် ကုန်သည်တို့ကလည်း ယခင်လူများအတိုင်းပင် ကားကိုကြည့်ပြီး ပြန်ထွက်သွားကြသည်။ နောက်ဆုံးတွင် ပဥ္စမမြောက်ကုန်သည်က အကျိတ်အနယ်ဈေးဆစ်ပြီးနောက် ပေါင်သုံးရာ ပေးမည်ဟု ပြောသည်။ ဤမျှလောက်ပိုက်ဆံနှင့်ဆိုလျှင် မြည်းတစ်ကောင်၊ ဆိတ်တစ် ကောင်နှင့် လအတန်ကြာအတွက်ရိက္ခာများ အလုံအလောက် ဝယ်နိုင်သည်ဟု အီဘရာဟင် ကတွက်၍ ကားကိုရောင်းလိုက်သည်။

ကားဝယ်သူသည် ကားကို မောင်းထွက်သွားသည်။ သူတို့နောက်မှ

တစ်စုံတစ်ယောက် လိုက်လာမလာကို သေချာစွာအကဲခတ်ပြီးနောက် ဟာဂျီအီဘရာဟင်သည် ဆာဘာရီ ခေါ်၍ ဆူလေမန်လမ်းအတိုင်း ဘတ်စကားဂိတ်သို့ လျှောက်လာခဲ့သည်။

"အခုလို အကျိုးဆောင်ပေးတာ အများကြီးကျေးဇူးတင်ပါတယ် ဆာဘာရီ"

ဟာဂျီအီဘရာဟင်က ယင်းသို့ပြောပြီး ဆာဘာရီအား ငါးပေါင်တန် ငွေစက္ကူတစ်ချပ် ထုတ်ပေးသည်။

"ဒီနေ့ည မင်း မြို့ထဲလျှောက်လည်ချေ၊ မနက်ကျမှ ဂျယ်ရီကိုမြို့ဈေးထဲမှာ ဆုံး မယ်"

သူ့ကို ဟာဂျီအီဘရာဟင်က စိတ်ချလက်ချမယုံသေးကြောင်း ဆာဘာရီ သ ပေါက်မိသည်။ ဟာဂျီအီဘရာဟင်က ငွေထုတ်ကြီးပိုက်ပြီး ဆာဘာရီနှင့် လမ်းလျှောက် မသွားချင်။ ဆာဘာရီကသစ္စာဖောက်ပြီး တစ်ယောက်ယောက်ကို လက်ထောက်ချလိုက်သော ကို တွေးကြောက်မိသည်။

ဆာဘာရီသည် ဟာဂျီအီဘရာဟင် ကမ်းပေးသော ပိုက်ဆံငါးပေါင်ကို အောင့်သက် သက်ဖြင့် လှမ်းယူလိုက်ပြီးနောက် မြို့ထဲသို့ထွက်သွားသည်။

ဘက်အယ်ဝဒ်တောင်ကြားလမ်းတွင် တိုက်ပွဲများဖြစ်ပွားနေဆဲရှိသေးသည်။ ထို့က ပုံမှန်ပြေးနေသော ဘတ်စကားလမ်းနှင့်လည်း အလွန်နီးကပ်သည်။ ထို့ကြောင့် ဟာဂီ ရာဟင်သည် ပထမဦးစွာ ရာမလာမြို့အနောက်ဘက်ဆီသို့ ထွက်ခွာလာခဲ့သည်။ ထို့နောက် အာရပ်သို့သွားသောဘတ်စ်ကားနှင့် လိုက်လာခဲ့သည်။

ဘတ်စ်ကားသည် လာထရွန်ခံတပ်နှင့် တစ်မိုင်ခန့်ဝေးသောနေရာတွင် စိတ်ကို သည်။ ထိုနေရာသည် ဂျော်ဒန်တပ်မတော်၏အပြင်ဘက်ကျသည်။ ထိုနေရာတွင် လယ်သမားများနှင့် ခေါင်းရွက်ဗျပ်ထိုးဈေးသည်များက လမ်းဘေးဈေးခင်းပြီး စစ်သားများ အား ရောင်းချနေကြသည်။ "

ခံတပ်သို့သွားသော လမ်းမကြီး၏ဘေးဘက် ကိုက်နှစ်ရာ သုံးရာခန့်အကွာတွင် ကင်းစခန်းတစ်ခု ရှိသည်။ ထိုလမ်းကို စစ်သားများမှတစ်ပါး

အခြားမည်သူမျှ ဖြတ်ကျော် သွားလာခွင့်မပြု။ ဟာဂျီအီဘရာဟင်သည် ကင်းစခန်းသို့ လျှောက်လာသည်။

“ဟေ့ ...ရပ်လိုက်၊ ရှေ့ကို ကိုးမသွားနဲ့” အစောင်စစ်သားက လှမ်းအော်ပြီးတားလိုက်သည်။

ဟာဂျီအီဘရာဟင်သည် အီရတ်စစ်တပ်မှ တကယ်မရှိသော ဗိုလ်မှူးကြီးဟက်ကား စာကိုထုတ်ယူပြီး အစောင့်စစ်သားလက်ထဲသို့ ခပ်တည်တည်ဖြင့် ထည့်ပေးလိုက်သည်။

ဆောင့်စစ်သားက လုံးဝစာမတတ်။ နောက်ထပ် စစ်သားနှစ်ယောက် ထပ်မံရောက်လာ ကြသည်။ တစ်ယောက်က စာကိုဘယ်ပြန်ညာပြန် လှန်ဖတ်သည်။ သူလည်း စာကိုနားမ သည်။ နောက်ဆုံး စစ်ဗိုလ်တစ်ယောက်ကို သွားခေါ်လာကြသည်။

စစ်ဗိုလ်က စာကိုဖတ်ကြည့်ပြီး ဟာဂျီအီဘရာဟင်အား တာဝန်မှူးထံသို့ ခေါ်လာ သည်။ 'ခင်ဗျား ဘာလိုချင်လို့ ဒီကိုလာတာလဲ” တာဝန်မှူးက မေးသည်။ “ကျွန်တော်ဟာ အီဘရာဟင်အယ်လ်ဆူကိုရီအယ်လ်ဝါဟာဘီ ဖြစ်ပါတယ်၊ တဘား အကြီးအကဲပါ၊ ကျွန်တော်ခေါင်မိုးပေါ်တက်ပြီး ကျွန်တော့်ရွာကို လှမ်းကြည့်ချင်ပါ

”ဒီနေရာဟာ တပ်မြေဆိုတာမသိဘူးလား၊ ဒီနေရာကို ဘယ်သူမှ ဖြတ်သွားဖြတ်လာ ခွင့်မရှိဘူး”

“ကျွန်တော်က ခေါင်မိုးပေါ်တက်ပြီး ကျွန်တော့်ရွာကို ခဏလေးကြည့်ချင်တာပါ”

”လုံးဝမဖြစ်နိုင်ဘူး၊ ခင်ဗျားကို ကျုပ်မဖမ်းခင် ပြန်ထွက်သွားလျှင် ကောင်းလိမ့်မယ်”

“ကျွန်တော့်ရွာမကြည့်ရဘဲနဲ့တော့ ကျွန်တော်ပြန်မသွားနိုင်ဘူး၊ ကျွန်တော် တပ်မှူးနဲ့ တွေ့ပါရစေ”

ဤသို့ဖြင့် တစ်ယောက်တစ်ခွန်း အော်ကြီးဟစ်ကျယ်ပြောနေသံကို တစ်ဖက်ခန်းရှိ တိသျှဒု ဗိုလ်မှူးကြီး ချက်စတာဘာဂလေကကြား၍ သူ့ရုံးခန်းထဲမှ

ထွက်လာသည်။

“ဆူညံဆူညံနဲ့ ခင်ဗျားတို့ ဘာဖြစ်နေကြတာလဲဗျ”

”ဒီလူက သူ့ကိုယ်သူ တဘားရွာအကြီးအကဲဆိုပြီး လာပြောနေတယ် ဗိုလ်မှူးကြီး၊ က ခေါင်မိုးပေါ်တက်ပြီး သူ့ ရွာကို လှမ်းကြည့်ချင်တယ်ဆိုပြီး အတင်းတောင်းဆိုနေတယ်”

ဒုဗိုလ်မှူးကြီး ဘာဂလေက ဟာဂျီအီဘရာဟင်ကို သေသေချာချာ အကဲခတ်ကြည့်ရှု သည်။ ဤအချိန် ဤကာလတွင် အဝတ်အစား စုတ်စုတ်ချာချာဝတ်ထားတိုင်း ကလေ ကချေ လူတစ်ယောက်မဟုတ်နိုင်။ အီဘရာဟင်၏ ရုပ်သွင်နှင့် ဟိတ်ဟန်ကိုကြည့်လျှင် တစ်ချိန်က ဩဇာတိက္ကမရှိသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နိုင်စရာရှိသည်။

ဒုဗိုလ်မှူးကြီးဘာဂလေသည် စာကို စေ့စေ့စပ်စပ် ပြန်ဖတ်ကြည့်သည်။ ပြီးနောက် “ကဲ…ကျုပ်နောက်လိုက်ခဲ့ပါ”ဟု ပြောပြီး သူ့ရုံးခန်းထဲသို့ ခေါ်လာခဲ့သည်။

ဟာဂျီအီဘရာဟင်အား ကုလားထိုင်တွင်ထိုင်ခိုင်းပြီးနောက် ဒုဗိုလ်မှူးကြီးဘာလေ က စားပွဲပေါ်မှ ဆေးတံကိုကောက်ယူပြီး ဆေးစာထည့်ရင်း

”တခြား ဘာစာတွေပါသေးသလဲ”

”ဒီကာလမှာ တခြားဘာစာများရနိုင်ဦးမှာလဲ”

”ခင်ဗျား ဒီစာကအတုကြီးပဲ”

“မှန်ပါတယ်၊ ဒီစာကအတုပါ။ ဒါပေမယ့် ဒီစာသာမရှိလျှင် ကျွန်တော် ကျွန်တော့်မိသားစုတွေ သေကုန်တာကြာလှပြီ" တော်တော် အတင့်ရဲတဲ့လုပ်ဟု ဒုဗိုလ်မှူးကြီးက တွေးလိုက်မိသည်။ ထို့နောက်

”ဒီနေရာမှာ ကျုပ်တို့ တိုက်ပွဲကြီးနှစ်ကြိမ်ဖြစ်ပြီးပြီ၊ နောက်လည်း အများကြီး ဖြစ်စရာရှိသေးတယ်၊ ခင်ဗျား ခေါင်မိုးပေါ်တက်ပြီး ကျုပ်တို့ စစ်တပ်အခြေအနေ ထောက်လှမ်းရေးလုပ်လျှင် ဘယ်လိုလုပ်မှာလဲ”

“ဗိုလ်မှူးကြီးက ကျွန်တော့်ကို သူလျှိုလို့ထင်လို့လား”

“အဲဒီလို မထင်ရအောင် ခင်ဗျားက ကျုပ်ကို တခြား ခိုင်လုံတဲ့အထောက်အထား ဘာပြနိုင်လို့လဲ”

“ဒီမှာ ဗိုလ်မှူးကြီး၊ ဗိုလ်မှူးကြီး ပြောသလိုသာဆိုလျှင် ကျွန်တော်ဟာ ဒီကမ္ဘာ အညံ့ဆုံး သူလျှိုဖြစ်နေပြီ ။

“အတော်ဆုံး သူလျှိုလည်း ဖြစ်နိုင်တာပဲ”

“အားဟား…ဒါဆိုလျှင် ကျွန်တော့်အနေနဲ့ ဂုဏ်ယူစရာပဲ၊ ဒီနေရာက သုံးလေးမိ ခရီးအတွင်းမှာ ကျေးရွာတွေ အများကြီးရှိပါတယ် ဗိုလ်မှူးကြီး၊ ကျွန်တော့်ကို ဗိုလ်မှူးကြီး မယုံလျှင် အဲဒီရွာတွေသွားမေးကြည့်ပါ၊ ကျွန်တော်ဟာ တဘားရွာအကြီးအကဲ အစစ်အမှန် ဆိုတာ လူတိုင်းသိပါတယ် ။

“ခင်ဗျားပြောတာလည်း ပြောတာပေါ့၊ ဒါပေမယ့် ဒီကာလဟာ သာမန်ကာ မဟုတ်ဘူးမိတ်ဆွေကြီး၊ စစ်ဖြစ်နေတဲ့ကာလဆိုတာ ခင်ဗျားလည်း သိပါတယ်”

“ဗိုလ်မှူးကြီး၊ ကျွန်တော် အများကြီးလေးစားပါတယ်၊ ကျွန်တော်ဟာ လာထဇ တစ်ဝိုက်မှာရှိတဲ့ ကတုတ်ကျင်းတွေ ကင်းစခန်းတွေအားလုံးကို သိပါတယ်။ ပြီးတော့ ဗိုလ်မှူးကြီးရဲ့ တပ်စုတွေ အားလုံးရဲ့ နာမည်တွေကိုလည်း သိပါတယ်၊ သေနတ်သံ ချက်လောက်ကြားရတာနဲ့ ဗိုလ်မှူးကြီးတို့မှာ ဘယ်လိုလက်နက်တွေရှိတယ်ဆိုတာလည်း ကျွန်တော် အတိအကျပြောနိုင်ပါတယ်၊ ဒီဟာတွေအားလုံးကို ဂျူးတွေကလည်း သိ တယ်။ ဒါတွေဟာ လျှို့ဝှက်ချက် မဟုတ်တော့ပါဘူး၊ ဒီမှာရှိနေတဲ့ ဗိုလ်မှူးကြီးတို့တင် အင်အားက အများကြီးကောင်းပါတယ်။ ဂျူးတွေကို ကောင်းကောင်းကြီး ကာကွယ်တိုက် ခိုက်နိုင်ပါတယ်၊ တကယ်တော့ လာထရွှန်မှာရှိတဲ့ စစ်အင်အားအနေအထားက လျှို့ဝှက် ကိစ္စ မဟုတ်တော့ပါဘူး၊ လူတိုင်းသိနေတဲ့ကိစ္စပါ”

သူ့ရှေ့တွင်ထိုင်နေသော အာရပ်အမျိုးသား၏ ရဲတင်းမှုနှင့် ပွင့်လင်းမှုကြောင့် ဒုဗိုလ်မှူးကြီးဘာဂလေ အံ့အားသင့်သွားမိသည်။ သူက ဆေးတံကိုမီးညှိသည်။

“ဗိုလ်မှူးကြီး၊ ကျွန်တော်ဟာ ကျွန်တော့်ရွာကို ကြည့်ချင်တဲ့စိတ် ပြင်းပြလွန်းလို့ အခုလို အရဲစွန့်ပြီးလာခဲ့တာပါ၊ ကျွန်တော့်ရွာကို ကျွန်တော်

နောက်ထပ်မြင်ခွင့်ရတော့မှာ မဟုတ်ဘူးဆိုတာ အလ္လာအရှင်မြတ် သိပါတယ်၊ ကျွန်တော်ဟာ ရှိခိုးဦးတင်တောင်းပန်ရ မယ့် လူတစ်ယောက် မဟုတ်ပါဘူး၊ ကျေးဇူးပြုပြီး ဗိုလ်မှူးကြီးကို ကျွန်တော် ရှိခိုးမတောင်းပန် စေနဲ့ ဗိုလ်မှူးကြီး”

”ဘာပဲပြောပြော၊ ဒီစာယူပြီး ခင်ဗျား ဒီကိုလာတာတော့ တကယ်ရူးတာပဲ။ ကို အချိန်မရွေးပစ်သတ်လို့ရတယ်”

”ကျွန်တော်ရဲ့ ပြင်းပြတဲ့ဆန္ဒကို နည်းနည်းမှ မထောက်ထားနိုင်တော့ဘူးလား

”ခင်ဗျား အရူးပဲ” သူက စာရွက်ကို အီဘရာဟင်ထံသို့ ပြန်ကမ်းပေးရင်း…“ဒီစာကို အား သိမ်းထားချင်လျှင်သိမ်းထားပါ၊ ဒါပေမယ့် စာဖတ်တတ်တဲ့လူကိုတော့ သွားမပြ နဲ့က်…လာပါ၊ ဟာဂျီအီဘရာဟင်၊ ကျွန်တော်နဲ့လိုက်ခဲ့ပါ”

ဒု ဗိုလ်မှူးကြီးဘာဂလေသည် ကပ်လျက်အခန်းတံခါးကို ခေါက်လိုက်ပြီး အခန်းထဲ ဝင်လာသည်။ စားပွဲနောက်တွင် ဂျော်ဒန်ဗိုလ်မှူးကြီးလွတ် ထိုင်နေသည်။ သူသည် ယင်မျိုးနွယ်ဖြစ်ကြောင်း အီဘရာဟင်က ချက်ချင်းသိလိုက်သည်။ သူ့ အသားအရေမှာ လောင်ထား၍ ကာကီရောင်တောက်နေသည်။ မာနကြီးပြီး ရက်စက်မည့်ပုဂ္ဂိုလ် ဖြစ် ကြောင်း သူ၏ မျက်ပေါက်ကျဉ်းမျက်လုံးများက ဖော်ပြနေသည်။ ပြောင်လက်နေအောင် ဦးထားသောဆံပင်နှင့် နှုတ်ခမ်းမွေးကားကားတို့ကြောင့် ယောက်ျားပီသသော ရုပ်သွင်ကို ဆောင်နေသည်။

ဗြိတိသျှနှင့် ဂျော်ဒန်စစ်တပ် ပူးတွဲစစ်ဆင်ရေးတွင် ဗြိတိသျှစစ်ဗိုလ်က “အကြံပေး” အဖြစ် ဆောင်ရွက်ရသော်လည်း ဂျော်ဒန်စစ်ဗိုလ်က ဗြိတိသျှစစ်ဗိုလ်ထက် အာဏာရှိသည်။ သို့သော် လက်တွေ့တွင်မူ ဗြိတိသျှစစ်ဗိုလ်သာလျှင် အခရာဖြစ်သည်။ လာထရွန်ခံတပ်ကို တို့က နှစ်ကြိမ်တိုင်တိုင်ဝင်တိုက်ခဲ့သည်ကို ကြံ့ကြံ့ခံတွန်းလှန်တိုက်ထုတ်နိုင်ခဲ့သည်မှာ ဗြိတိသျှ ဒု-ဗိုလ်မှူးကြီး ချက်စတာဘာဂလေ၏ ဦးဆောင်ကွပ်ကဲမှုကောင်းခြင်းကြောင့်သာ ဖြစ်သည်။

ဒုဗိုလ်မှူးကြီး ချက်စတာဘာဂလေက ဟာဂျီအီဘရာဟင်၏

မေတ္တာရပ်ခံချက်ကို ဗိုလ်မှူးကြီးလွတ်ထံ ချိုသာယဉ်ကျေးစွာ တင်ပြသည်။

“မရဘူး၊ ကျုပ် ခွင့်မပြုနိုင်ဘူး” ဗိုလ်မှူးကြီးဂျလွတ်က အပြတ်ပယ်ချသည်။

“ဒီအချိန်ဟာ ဒီနေရာကို ဧည့်သည်လာရမယ့်အချိန်မဟုတ်ဘူး၊ ဒီလူ့ကို ဖမ်းချုပ်ထား ထိုက်ပါ၊ သူ့ကို ခံတပ်ဝင်းထဲ ဝင်ခွင့်ပြုတဲ့ကောင်တွေကိုလည်း ကျုပ်ဆီခေါ်လာခဲ့”

“အဲဒီလိုလုပ်လျှင် နယ်ခံလူထုနဲ့ အဆက်ပြတ်သွားလိမ့်မယ်၊ ဟာဂျီအီဘရာဟင် က သာမန်အရပ်သားတစ်ယောက် မဟုတ်ဘူး၊ တဘားရွာအကြီးအကဲလုပ်လာတာ ပေါင်းအစိတ်လောက်တောင် ရှိပါပြီ၊ ဒီအချက်ကို ထောက်ထားရလိမ့်မယ်”

“ဘာကို ထောက်ထားရမှာလဲဗျ၊ ဒီလူက လျှို့ဝှက်စစ်နယ်မြေထဲ ကျူးကျော်ဝင်ရောက် တတဲ့လူပဲ၊ ကဲဗျာ…သူ့ကို ဒီနေရာက မြန်မြန်မောင်းထုတ်လိုက်စမ်းပါ၊ နို့မဟုတ်လျှင် ဒီလူ အကြီးအကျယ် ဒုက္ခရောက်သွားလိမ့်မယ်”

“သူ့အတွက် ကျုပ်တာဝန်ယူပါတယ်” ဒုဗိုလ်မှူးကြီး ဘာဂလေက အလေးအနက် ပြန်ပြောလိုက်သည်။

စစ်အရာရှိကြီးနှစ်ယောက် အပြန်အလှန် ပြောဆိုနေကြပုံကို ကြည့်ပြီး အီဘရာဟင် " က အလွန်စိတ်ဝင်စားနေသည်။ ဒုဗိုလ်မှူးကြီးဘာဂလေမှာ ရာထူးအဆင့်အတန်းအားဖြင့် ဗိုလ်မှူးကြီးဂျလွတ်ထက် နိမ့်သော်လည်း ဤခံတပ်စခန်း၏ အဓိကတာဝန်ခံတပ်မှူး ဩ သည်။ တကယ်တော့ နောက်ပိုင်းတွင် တစ်စုံတစ်ရာပြဿနာပေါ်လာလျှင် မိမိ တာဝန် နေမည်ကို ကြောက်သောကြောင့် ဗိုလ်မှူးကြီးဂျလွတ်က အပြတ်ငြင်းဆန်နေခြင်း ဖြစ်သည်။

သူသည် အီဘရာဟင်အား မသင်္ကာစိတ်ဖြင့် မျက်လုံးကျွတ်ကျမတတ် စိုက်ကြည့် နေသည်။ သူ့ကိုကြည့်ရသည်မှာ အီဘရာဟင်၏ တစ်ကိုယ်လုံးကိုချွတ်ပြီး စိတ်ရှိလက် ရှာဖွေစစ်ဆေးချင်ပုံရသည်။ သို့သော် အီဘရာဟင်ကတော့ အရေးကြုံသက်လုံကောင် အောင် ကြိုတင်ပြင်ဆင်လာခဲ့ပြီး ဖြစ်သည်။ သူသည် ခံတပ်စခန်းသို့မလာမီ ကားဂိတ်အနီး လယ်ကွင်းထဲတွင်

ပိုက်ဆံတွေကိုမြုပ်ထားခဲ့ပြီးဖြစ်သည်။ သူ့ ကိုယ်တွင်ပါလာသော တ တည်းသော အဖိုးတန်ပစ္စည်းမှာ ကျောက်စီမျိုးဆက်ခေါ်းသာဖြစ်သည်။ ဗိုလ်မှူးကြီး လွတ် သည် အီဘရာဟင်၏ခါးမှ မျိုးဆက်ကို အကြာကြီးစိုက်ကြည့်နေသည်။ ပြီးတော့မှ

”ဒီကိစ္စက ပေါ့ ပေါ့သေးသေးကိစ္စမဟုတ်ဘူး၊ သိပ်ပြီး အရေးကြီးတဲ့ကိစ္စ၊ ကျုပ် စွန့်စားပြီး တာဝန်ယူရမယ့်ကိစ္စ၊ အဲဒီတော့ ကျုပ်ကစွန့်စားပြီး တာဝန်ယူရသလို ခင်ရာ ဘက်ကလည်း အလားတူ တာဝန်ယူရလိမ့်မယ်”

ဟာဂျီအီဘရာဟင်က အင်း... ခါးကိုပါ ဝှက်မထားခဲ့မိတာ ငါမှားတာပဲဟုရေး လိုက်ပြီးနောက်

”ကျွန်တော့်ဘက်က တာဝန်ယူစရာဘာမှမရှိပါဘူး၊ ဘာမှမရှိတဲ့လူတစ်ယောက် ဘာမှလုပ်လို့ မရဘူးဆိုတာ အလ္လာအရှင်မြတ် သိတော်မူပါတယ် ဗိုလ်မှူးကြီး

”ကျုပ်မျက်လုံးတွေက အမြင်မှားမိတာလဲ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်လေ” ဗိုလ်မှူးကြီးလွတ်က အီဘရာဟင်၏ခါးပေါ်မှ မျက်လုံးမခွာဘဲ ပြောသည်။ “ဒီခါးကတော့ ကျွန်တော့်ရဲ့ သိက္ခာပဲ”

”ရွှေနားကွပ် ဝတ်ရုံဝတ်ထားတဲ့ ပုဂ္ဂိုလ်မှသာ ဂုဏ်သိက္ခာနဲ့ထိုက်တန်ပါတ် “အဲဒါကတော့ ဒီအခြေအနေမှာ ကျွန်တော် လုံးဝမတတ်နိုင်တဲ့ကိစ္စပါ”

“ကျုပ်က ခင်ဗျားကို သိမ်းလိုက်လျှင် ခင်ဗျားမှာ ဘယ်မှာသိက္ခာရှိနိုင်ဦးမှာလဲ အဲဒီတော့ ခင်ဗျားလျှာနဲ့ လက်ချောင်းတွေ အဖြတ်မခံရခင် ဒီနေရာကထွက်သွားလျှင် ကောင်းလိမ့်မယ်”

ဤတွင် ဒုဗိုလ်မှူးကြီးဘာဂလေက ကြားဝင်ပြီး

”ဗိုလ်မှူးကြီးလွတ်၊ ဒီပုဂ္ဂိုလ်ကို သူ့ရွာကို ကြည့်ခွင့်ပြုဖို့ ကျွန်တော်တောင်းခံပါတယ်”

ဗိုလ်မှူးကြီးဂျလွတ်သည် ကိုယ်ကို ကုလားထိုင်တွင် နောက်ပစ်မှီကာ သူ့ခါးတွင် ချိတ်ထားသော ပစ္စတိုသေနတ်ကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်ပြီးနောက်

”အေးလေ ...ဒီလိုဆိုလည်း သွားကြည့်ပေါ့၊ ဒါပေမယ့် ကျုပ်က ငါးမိနစ်ပဲ အချိန် ဟု ခွင့်ပြုလိုက်သည်။ ထို့နောက် စားပွဲပေါ်မှ စာရွက်များကို လှန်လှောကြည့် သည်။

အီဘရာဟင်က ကြမ်းပြင်ပေါ်သို့ တံတွေးထွေးလိုက်သည်။ တံတွေးက ဗိုလ်မှူးကြီး ဂျလွတ်၏ ခြေထောက်အနီးသို့ စီးသွားသည်။ အီဘရာဟင်က တံခါးဝသို့ ခြေလှမ်းလိုက် ဗိုလ်မှူးကြီးဂျလွတ်က ကုလားထိုင်မှ ဝုန်းခနဲခုန်ထလိုက်ပြီး ပေးနိုင်မယ်” ။

”ခွေးတိရစ္ဆာန်၊ ရိုင်းလှချေလား”

အီဘရာဟင်သည် ဗိုလ်မှူးကြီးလွတ်၏ စားပွဲသို့ ပြန်လှည့်လာပြီး သူ့ခါးပတ်တွင် ချိတ်ထားသော ဓားရိုးကိုဆုပ်ကိုင်လိုက်သည်။ ထို့ နောက် ဓားကို ဓားအိမ်မှရုတ်တရက် ဆွဲနုတ်ပြီး စားပွဲပေါ်တွင်ထိုးစိုက်လိုက်သည်။ ဗိုလ်မှူးကြီးနှစ်ယောက်စလုံး အံ့အားသင့် နေချိန်တွင် အီဘရာဟင်က စားပွဲအစွန်ကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လိုက်ပြီး ဗိုလ်မှူးကြီး လွတ်၏ မျက်နှာကို စိုက်ကြည့်နေသည်။ “ကိုင်း....နုတ်စမ်းပါ၊ ဓားကိုနုတ်စမ်းပါ” အီဘရာဟင်က စိန်ခေါ်လိုက်သည်။

ဗိုလ်မှူးကြီးဂျလွတ်က ဒုဗိုလ်မှူးကြီးဘာဂလေ၏မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့် လိုက်သည်။ ဒုဗိုလ်မှူးကြီးဘာဂလေက ဘာမှမပြောဘဲ ပြုံးရုံသာပြုံးနေသည်။

ဗိုလ်မှူးကြီးဂျလွတ်က စားပွဲပေါ်တွင်ထိုးစိုက်ထားသောဓားကို ပြန်နုတ်ရန် စိတ်ကူး သည်။ သို့သော် စိတ်သာရှိပြီး လက်ကမနုတ်ရဲ။ နောက်ဆုံးတွင် သူသည် ကုလားထိုင်တွင် ပြန်၍ထိုင်ချလိုက်သည်။

“ကိုင်း...လာ”

ဒုဗိုလ်မှူးကြီးဘာဂလေက ဓားကိုပြန်နုတ်ပြီး အီဘရာဟင်၏လက်သို့ ကမ်းပေး လိုက်သည်။

“ခင်ဗျားကို ကျုပ်ကိုယ်တိုင် ခေါင်မိုးပေါ်လိုက်ပို့မယ်၊ ပြီးတော့ ကားဂိတ်ကို

ပြန်ပို့ပေးမယ်”

ဗိုလ်မှူးကြီးဂျလွတ်၏ လက်သည် တယ်လီဖုန်းပေါ်သို့ ရောက်သွားသည်။ ဒုဗိုလ်မှူး ကြီး ဘာဂလေက တယ်လီဖုန်းကိုပြန်ယူပြီး ပုခက်ပေါ်တွင် ပြန်တင်ထားလိုက်သည်။

အီဘရာဟင်က တံခါးဝသို့လျှောက်သွားစဉ် ဒုဗိုလ်မှူးကြီးဘာဂလေက ဗိုလ်မှူးကြီး ဂျလွတ်အား နောက်ပြန်လှည့်ကြည့်လိုက်သည်။ ဗိုလ်မှူးကြီးလွတ်သည် အံ့အားကြီးသင့် ကာ ကုလားထိုင်တွင် ငြိမ်သက်စွာထိုင်နေသည်။

ဒုဗိုလ်မှူးကြီးဘာဂလေက တံခါးရွက်ကိုဆောင့်ပိတ်ရင်း ပြောလိုက်သည်။

“အလကား....အဓိပ္ပာယ်မရှိ၊ ခင်ဗျားတို့က လူတွေစိတ်ညစ်အောင် သိပ်လုပ်ချင် ကြတာပဲ”

အခန်း (၇)

ကျွန်တော်တို့အာရပ်လူမျိုးများသည် အလွန်စိတ်ရှည်ကြသည်။ ထို့ပြင် ပင်ကိုသဘာ အားဖြင့် ကြီးပွားတိုးတက်လိုစိတ် နည်းပါးကြသည်။ အခြေအနေအလိုက် ဖြစ်သလို ထိုင်တတ်ကြသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့အဖို့ လိုဏ်ခေါင်းထဲတွင် နေထိုင်ရခြင်း ကို စိတ်ပျက်စရာဟူ၍ မထင်မှတ်ကြတော့ပါ။

ကျွန်တော်တို့တွင် လပေါင်းများစွာခံသော ရိက္ခာတွေ အလုံအလောက်ရှိသည် မီးဖိုရန် ထင်းရှိသည်။ သောက်သုံးရန် ရေရှိသည်။ ဟင်းလျာချက်ရန် တိရစ္ဆာန်ငယ်များ ငှက်များရှိသည်။

ကျွန်တော်တို့၏ ပုံမှန်နေ့စဉ်လုပ်ငန်းမှာ ထင်းရှာခြင်း၊ အမဲလိုက်ခြင်း၊ ကင်းစောင့် ခြင်းနှင့် ရေစမ်းပေါက်သို့သွား၍ ရေခပ်ခြင်းတို့ ဖြစ်သည်။ တခြားအချိန်များတွင် - လှောင်ရန် ရေကာတာများဆောက်လုပ်ကြသည်။ ရေကာတာများကို ကျောက်တုံးကျောက် ခဲတွေ အဆင့်ဆင့်စီပြီး ဆောက်လုပ်ကြခြင်းဖြစ်သည်။

အမြင့်ဆုံး ရေကာတာတွင် ရေတွေပြည့်လျှံလာလျှင် ပို၍နိမ့်သော ရေကာတာ သို့ ရေလွှဲပေးကြသည်။ နောက်ဆုံးတွင် ရောမကျောက်တုံးကြီးကိုထွင်း၍ ရေလှောင် ကြီးပြုလုပ်ကြသည်။ ဤနည်းဖြင့် ကျွန်တော်တို့အတွက် သောက်ရန်သုံးရန် ရေ အလုံအလောက် ရရှိလေတော့သည်။

ကျွန်တော်တို့တွင် များသောအားဖြင့် အားလပ်ချိန်တွေ တစ်ပုံကြီးရှိနေသည် အားလပ်ချိန်များတွင် မိမိတို့စိတ်ကြိုက်ရွေးချယ်ထားသော သီးသန့်နေရာကလေးများသည် အနားယူပြီး အပူဒဏ်ကိုရှောင်ကြသည်။ ပင်လယ်ပြင်နှင့် သဲကန္တာရလွင်ပြင်တို့ကိုကြည့်ရင် အနားယူအပန်းဖြေကြသည်။

ဤကာလအတွင်း ကျွန်တော့်အစ်ကိုများအကြောင်းကို ကျွန်တော် ပို၍ နားက် လာသည်။ အစ်ကိုကြီးကမယ်သည် ကျွန်တော့်ကို အမုန်းဆုံးဖြစ်သည်။ မျိုးဆက်အစဉ်အ သူရရှိမည့်နေရာကို ကျွန်တော်က ဝင်ယူသောကြောင့်ဖြစ်သည်။ နှင့် သို့သော် သူ့တွင် ကျွန်တော့်ကို ဖယ်ထုတ်နိုင်သည့် အခြေအနေလည်းမရှိ။ လည်းမရှိ။ သူက ပင်ကိုအားဖြင့်ထုံထိုင်းပြီး ကြီးပွားတိုးတက်လိုစိတ် နည်းပါသည်။ သို့ ကြောင့် သူသည် သူ့မိန်းမဇာတမာကိုပင် လွှမ်းမိုးနိုင်ခြင်းမရှိ။

ရာမရောက်နိမ့်သော ရေ အနည်းဖြင့်

”၃အလောက် မရီးဖာတမာကို ကျွန်တော် အလွန်ခင်မင်သည်။ သူသည် ကျွန်တော့်တို့အားလုံးကို ဆင်ပြေအောင်ပေါင်းတတ်သည်။ ရယ်စရာလည်းပြောတတ်သည်။ ထို့ပြင် အိမ်ထောင်မှု တာဝန်များကိုလည်း မေမေနှင့်တန်းတူ ရင်ပေါင်တန်း၍ တက်တက်ကြွကြွ လုပ်ကိုင်နိုင် ည်။

သို့သော်လည်း ကျွန်တော်တို့မိသားစုရှိ မိန်းမလေးယောက်အနက် မေမေတစ်ယောက် သာလျှင် အလုပ်အများဆုံးဖြစ်သည်။ ကျန်သုံးယောက်ဖြစ်သော မရီးဖာတမာ၊ မိထွေး နာမီဇာနှင့် အစ်မနာဒါတို့မှာ အလုပ်လုပ်စရာသိပ်မရှိသောကြောင့် လိုဏ်ခေါင်းထဲတွင် အကျဉ်းခံအမျိုးသမီးများဘဝသို့ ရောက်ရှိနေကြသည်။ အထူးသဖြင့် ဖာတမာနှင့် ရာမီဇာ ငါ့နှစ်ယောက်မှာ ကိုယ်ဝန်ရှိနေကြ၍ အများအားဖြင့် ကိုယ့်နေရာတွင်သာကိုယ် အချိန်ကုန် ကြရသည်။ သို့သော်သူတို့သည် ယင်းသို့နေထိုင်ကြရသည်ကို စိတ်မပျက်ကြ။ အာရပ်အမျိုး သမီးများသည်

ပုံမှန်အချိန်တွင်ပင် အိမ်တွင်းမှအိမ်ပြင် ထွက်လေ့မရှိကြသောကြောင့်ဖြစ် သည်။ သူတို့အများဆုံးသွားသော နေရာများမှာလည်း ရွာဘုံရေတွင်းနှင့် ရွာဘုံမုန့်ဖိုတို့သာ ဖြစ်သည်။ ရွာပြင်သို့ထွက်လိုလျှင် မိသားစုဝင် ယောကျ်ားတစ်ယောက်ယောက် အဖော်ပါမှ သွားနိုင်ခွင့် ရရှိသည်။ ဤကား အာရပ်လူမျိုးတို့၏ရိုးရာ "ဆူနာထုံးတမ်းဓလေ့ပင်တည်း။

ရာမီဖာတွင် ကိုယ်ဝန်ရှိသည့်အတွက် ကျွန်တော့်အစ်ကိုများက စိုးရိမ်မကင်းဖြစ်နေ ကြသည်။ သားယောကျ်ားကလေးမွေးလာလျှင် မိသားစုမျိုးဆက် အရိုက်အရာဆက်ခံရေး၌ ပြဿနာရှိလာနိုင်သောကြောင့် ဖြစ်သည်။

သို့သော် ကျွန်တော့်အနေဖြင့်တော့ သိပ်ပြီးမစိုးရိမ်လှပါ။ ကျွန်တော်တို့သည် လူသူမနီးသော တောင်ခေါင်းထဲမှ ဘာကိုများလုယူနိုင်ပါမည်နည်း။

ကျွန်တော်က ဆာဘရီကိုသာ ပို၍ကြောက်မိသည်။ ကျွန်တော်သည် ဆာဘရီကိုသာ ဗုဂ္ဂိုလ်ရေးအရ ချစ်ခင်ပါသည်။ သူသည် လိမ်လည်း အလွန်လိမ္မာသည်။ စိတ်ကူးဉာဏ်လည်း အလွန်ကောင်းသည်။ ကျွန်တော့်အတွင်းစိတ်ကတော့ ဆာဘရီအား သိပ်ပြီးမတော်စေချင်ပါ။ သူနှင့်ကျွန်တော်တို့ ညီအစ်ကိုမတော်စပ်သည့်ကိုပင် ကျွန်တော် ဝမ်းသာ၍မဆုံးတော့။

အားလပ်ချိန်များတွင် အစ်ကိုအိုမာနှင့် အစ်ကိုဂျမီလ်တို့သည် ကျွန်တော့်နေရာသို့ တမင်ရောက်လာတတ်သည်။ ကျွန်တော်တို့က သူတို့အား စာသင်ပေးသည်။ ပထမတွင် ဤလုပ်ရပ်ကို ဖေဖေကသဘောမတူချင်။ သို့သော်လည်း ကန့်ကွက်ရန် ခိုင်လုံသောအကြောင်း ပြချက် မရှိသောကြောင့် ဖေဖေကမဟန့်တားတော့ပါ။ ဤသို့ဖြင့် သူတို့အကြောင်းကို ကျွန်တော် ပိုမိုသိရှိခွင့် ရရှိလာတော့သည်။

အစ်ကိုအိုမာသည် အသက်နှစ်ဆယ်နားနီးနေပြီ။ သူသည် ရွာမှာတုန်းက ကုန်စုံဆိုင် နှင့်လက်ဖက်ရည်ဆိုင်တို့တွင် လုပ်ကိုင်ခဲ့ဖူးသည်။ သူ့စရိုက်က အခိုင်းခံဘဝကို နှစ်သက် ပုံရသည်။ ယခုလည်း တောက်တိုမည်ရခိုင်းစရာရှိလျှင် သူ့ကိုပင်ခိုင်းကြသည်။ ကင်းစောင့် တာဝန်ကိုလည်း သူများထက်ပို၍ ယူသည်။

ရေသွားခပ်စရာရှိလျှင်လည်း သူများထက်ပို၍ သွားခပ်သည်။ ထို့ကြောင့် သူ့ကို ကျွန်တော်တို့အားလုံးက သဘောကျကြသည်။

သူကလည်း သူ့ဘဝကိုသူ ကျေနပ်ပုံရသည်။ အစ်ကိုအိုမာက ရိုးသည်။ ဉာဏ်လည်းခပ် ထိုင်းသည်။ သည်ဘဝမျိုးနှင့်ပင် တစ်သက်လုံး အရိုးထုတ်သွားမည့်လူစား ဖြစ်သည်။

ထို့ကြောင့် မိသားစုမျိုးဆက်ခံရေးအတွက် သူ့ကို ထည့်တွက်စရာလုံးဝမလို။

သို့သော် အစ်ကိုဂျမီလ်ကတော့ တစ်ပုံစံဖြစ်သည်။ နားလည်ရအခက်ဆုံး လူစား ဖြစ်သည်။ သူက စကားနည်းသည်။ တည်တည်နေသည်။ တခြားလူတွေနှင့် မရောင်း သူ့အရွယ်နှင့် သူအနေအထားအရ သိုးကျောင်းသား (နောက်ပိုင်းတွင်) လယ်သမားသာ ဖြစ်ရမည့်သူဖြစ်သည်။ ကျွန်တော် သိုးကျောင်းသားအရွယ် ရောက်လာသောအခါ တင် ရှောင်ပြီး ရမ်လီမြို့၌ ပညာသွားသင်နေခဲ့သည်။ ဤအတွင်း အစ်ကိုဂျမီလ်က ကျွန်တော် ကျိတ်ပြီး စိတ်ဆိုးနေသည်။ ကျွန်တော်တို့သည် တစ်ယောက်နှင့် တစ်ယောက် ရန်တွေ ဘယ်တော့မှမဖြစ်ကြ။ သို့သော် သူ့စိတ်ထဲကတော့ ကျွန်တော့်ကို လုံးဝမကျေနပ်။

သူက အိုမာထက်ဉာဏ်ကောင်းသည်။ မကြာခင်မှာပင် ရေးတတ်ဖတ်တတ်လာ သည်။ ကျွန်တော်တို့က သူ ယခုလောက်ဉာဏ်ကောင်းလိမ့်မည်ဟု မထင်ခဲ့ကြ။ တကယ် တော့ သူသည် ကျွန်တော်ကလွဲလျှင် ဉာဏ်အထက်ဆုံးဖြစ်သည်။

စာဖတ်တတ်လာသောအခါ သူ၏အတွင်းကျိတ် မကျေနပ်ချက်မှာ ပို၍ကြီးထွား လာသည်။ ကျွန်တော်တို့မိသားစုတွင် ဂျမီလ်တစ်ဦးသာလျှင် စိတ်ယောက်ယက်ခတ်ပြီး ဂနာမငြိမ်ဆုံးဖြစ်သည်။ ယခုတလော သူသည် မကြာခဏစိတ်တိုပြီး အလိုလိုဒေါသကြီး နေသည်။ သူသည် ပို၍ စာတတ်လာသည့်အလျောက် ယခင်ကထက်ပို၍ ဆင်ခြေဆင်လက် များလာသည်။ သို့သော်လည်း ကျွန်တော်ကတော့ သူ့ကို အရေးကြီးသောပြိုင်ဘက်ဟူ၍ သဘောမထားပါ။

ကျွန်တော် အစိုးရိမ်ဆုံးမှာ အစ်မနာဒါအတွက်သာ ဖြစ်သည်။ မေမေ၊

ဖာတမာနှင့် ရာမိဇာတို့မှာ လိုဏ်ခေါင်းထဲတွင် သူတို့အလုပ်နှင့်သူတို့ မအားလပ်အောင်ရှိနေကြသည်။ နာဒါအနေဖြင့် လိုဏ်ခေါင်းထဲတွင် ဘာအလုပ်မှ အထွေအထူးလုပ်စရာမလို။

နာဒါက ကျန်းမာသန်စွမ်းသည်၊ ကြိုးလှေကားကို လွယ်ကူစွာ တတ်နိုင်ဆင်းနိုင် သည်။ ထို့ကြောင့် ထောင်ချောက်ဆင်ရန် ရေလှောင်ကန်လုပ်ရန် ရှိသောအခါ သူ့ကို ကျွန်တော် မကြာခဏခေါ်သွားသည်။

နာဒါ၏ အဓိကတာဝန်မှာ တစ်ပတ်နှစ်ကြိမ် ရေစမ်းပေါက်သို့သွား၍ အဝတ်လျှော် ရခြင်းဖြစ်သည်။ သူ ရေစမ်းပေါက်သို့ သွားသောအခါတိုင်း ကျွန်တော်ကပင် ဦးဆောင်၍ ခေါ်သွားသည်။

ကျွန်တော်တို့၏ မြည်းကလေးကို အက်ဘ်ဆလွမ်ဟု နာမည်ပေးထားသည်။ ကျွန်တော်သည် အက်ဘ်ဆလွန်ကို လျှို့မြောင်လမ်းအတိုင်း စီးသွားသောအခါ နာဒါက နောက်မှ ခြေကျင်လိုက်ပါလာသည်။ ဤသည်မှာ ကျွန်တော်တို့၏ ရိုးရာထုံးစံအရ ယောကျ်ားနှင့်မိန်းမ သူ့နေရာနှင့်သူ သတ်မှတ်ထားခြင်းဖြစ်သည်။

သို့သော်လည်း ကျွန်တော်တို့၏လုံခြုံရေးအစောင့် မမြင်နိုင်သောနေရာသို့ ရောက် သောအခါ ကျွန်တော်က နာဒါအား မြည်းပေါ်တင်၍ ကျွန်တော့်နောက်က စီးခိုင်းသည်။ သူသည် ကျွန်တော့်ပခုံးနှစ်ဖက်ကိုဖက်ပြီး လိုက်ပါလာသည်။ သူ့ ရင်သားက ကျွန်တော့် ပခုံးကိုလာထိသောအခါ ကျွန်တော့်မှာ မရိုးမရွခံစားရသည်။ သို့သော်လည်း မိမိနာဒါ အပေါ်တွင် မကောင်းသောစိတ်မဖြစ်မိပါ။ ကျွန်တော်သည် မမနာဒါအား ကျွန်တော့်အစ်ကို များထက် ပို၍ချစ်သည်။

urme အမှန်အတိုင်းပြောရလျှင် ကျွန်တော်သည် ဆာဘာရီကိုလည်း ကျွန်တော့်အစ်ကိုများ ဆက် ပို၍ချစ်သည်။ ဆာဘာရီနှင့် ကျွန်တော်တို့နှစ်ယောက်တွင် တူညီသောအချက်တွေ ခပ်းကြီးရှိသည်။ ကျွန်တော်တို့နှစ်ယောက်သည် တစ်ချိန်လုံး အတူတူတွဲတွဲနေပြီး အိပ်တော့လည်း တစ်ခန်းတည်း တစ်အိပ်ရာတည်းအိပ်ကြသည်။

ဆာဘာရီနှင့် မှာဒါတို့သည် တစ်ယောက်ကိုတစ်ယောက် ရိုတ်တိတ်တိတ်ကြည့်ခြင်း၊ ညီမသာ တို့ကနန်းဆိတ်ကနန်း ပြုကြခြင်းတို့ကို

ကျွန်တော် သတိထားမိသောအခါ ကျွန်တော့်အနေဖြင့် မည်မျှအထိ အလန့်တကြားဖြစ်မိလိမ့်မည် ဆိုသည်ကို စာဖတ်သူ မှန်းဆ ကြည့်နိုင်ပါလိမ့်မည်။ အာရပ်အမျိုးသမီးကလေးတစ်ယောက်၏ အကြည့်သည် တစ်ခုတည်းသောအရာကိုသာ ဆိုလိုသည်။

ကျွန်တော့်အစ်မနာဒါကို တခြား ယောကျ်ားကလေးတစ်ယောက်က မရိုးသားသော ကြည့်ဖြင့် ကြည့်သည်ဟူသော ခံစားချက်ကြောင့် ပထမတော့ ကျွန်တော့်စိတ်ထဲတွင် တော်တော်ကလေး ခံပြင်းမိသည်မှာအမှန်ပင်။

သို့သော် သွေးအေးအေးဖြင့် တွေးကြည့်ပြန်တော့လည်း ဘာမှခံပြင်းစရာမရှိပါ။ အဒါမှာ အရွယ်ရောက်ပြီးသည့် အပျိုကလေးတစ်ယောက်ဖြစ်သည်။ သည်အရွယ်တွင် ယောကျ်ားကလေးတစ်ယောက်၏ အကြည့်ကြောင့် စိတ်လှုပ်ရှားမိမည်မှာ ဖိုမသဘာဝပင် ဖြစ်သည်။ သူ့ပတ်ဝန်းကျင်တွင် စိတ်လှုပ်ရှားစရာ သူစိမ်းယောကျ်ားဆို၍လည်း ဆာဘရီတစ် ယောက်သာရှိသည်။

သို့တိုင်အောင် ဤအကြောင်းကို တွေးမိတိုင်း ကျွန်တော့်ရင်ထဲတွင် နာကျင်ခံပြင်းခြင်း မိနေတုန်းပင် ဖြစ်သည်။ ကျွန်တော်၏ စိတ်ရင်းအမှန်ကိုပြောရလျှင် ဆာဘရီကို လူတော်ကလေးတစ်ယောက်မဖြစ်စေချင်ပါ။ ထို့အတူပင် နာဒါက ဆာဘရီအား သဘော ၍ ချစ်ကြိုက်သွားမည်ကိုလည်း ကျွန်တော်မလိုလားပါ။ ဆာဘရီအား ကျွန်တော်ခင်မင် သော်လည်း သူ့လုပ်ရပ်တိုင်းကိုတော့ ကျွန်တော်လက်မခံချင်ပါ။ ကုန်ကုန်ပြောရလျှင် သူ့ကို ကျွန်တော် အကြွင်းမဲ့မယုံရဲပါ။ မယုံချင်ပါ။

တကယ်တော့ ဆာဘရီသည် ကျွန်တော်တို့ မိသားစုအဖို့ သူစိမ်းပြင်ပြင် တစ် ယောက်သာဖြစ်သည်။ ထို့ကြောင့် သူ့အနေဖြင့် နာဒါ၏ဂုဏ်သိက္ခာကို ကာကွယ်ရန် တာဝန်မရှိသလို ကာကွယ်နိုင်စွမ်းရှိသည်ဟုလည်း ကျွန်တော်မယုံကြည်ပါ။ ဆာဘရီ သည် နာဒါအား တစ်ခုခုတော့ နမ်းပြီးဖြစ်လိမ့်မည်။ ထို့ထက် ပိုချင်လည်းပိုနိုင်သည်။ တစ်ခုကံကောင်းသည်မှာ ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက် အခန်းချင်းကပ် ကြခြင်းပင် ဖြစ်သည်။

ထို့ကြောင့် သူတို့နှစ်ယောက်အတူအပြင်ထွက်လျှင်လည်း ကျွန်တော်တို့က ကောင်း ကောင်းမြင်နိုင်သည်။ သူတို့နှစ်ယောက် အဝေးသို့သွားရန် ဘယ်လိုမှမဖြစ်နိုင်ပါ။ ကျွန်တော် သို့မဟုတ် ကျွန်တော့်အစ်ကို တစ်ယောက်ယောက်က သူတို့နှစ်ယောက်ကို အမြဲတမ်း မျက်လုံးဒေါက်ထောက် ကြည့်နေကြသည်။

ကျွန်တော်တို့အဖြစ်ကိုကြည့်ပြီး မေမေ၊ ဖာတမာနှင့် ရာမီဇာတို့က ကျွန်တော်တို့ နောက်ကွယ်တွင် အချင်းချင်းလက်တို့ပြီး တီးတိုးအတင်းပြောကြသည်။ တခစ်ခစ်နှင့် ရယ်ကြသည်။ သူတို့က ဤပြဿနာကို ကျွန်တော်တို့လို အလေးအနက် သဘောမထား ကြသောကြောင့်ဖြစ်သည်။

ဖေဖေသည် ကျွန်တော်တို့၏ကင်းစခန်းနေရာကို သဘောအကျဆုံး ဖြစ်သည် ထိုနေရာသည် တမင်လုပ်ထားသလို အလွန်လှပသောတောင်စောင်းရှိ အက်ကွဲကြောင်း ကလေးဖြစ်သည်။ ဤနေရာမှ အောက်ဘက်သို့ ငုံ့ကြည့်လိုက်လျှင် လျှိုမြောင်လမ်း ကြီး၏ တစ်ခုတည်းသောဝင်ပေါက်ကို ထင်ရှားစွာမြင်ရသည်။ ထို့ကြောင့် လျှိုမြောင်ထဲ တိတ်တဆိတ် ဝင်ရောက်လာသူမှန်သမျှ ကျွန်တော်တို့၏ စက်သေနတ်ပစ်မှတ်ကို ဖြတ်သွားနိုင်စရာလမ်း မရှိပါ။

ကင်းလှည့် ဂျော်ဒန်စစ်သားများသည် ကျွန်တော်တို့၏ ပစ်မှတ်နှင့် ကိုက် သုံးလေးရာအတွင်းသို့ အကြိမ်ပေါင်းများစွာ ဝင်ရောက်လာတတ်ကြသည်။ သို့သော်လည်း သူတို့သည် ဝက်ပါလမ်းကဲ့သို့ ကွေ့ကောက်ရှုပ်ထွေးလှသော လျှိုမြောင်လမ်း တစ်ကြိမ်မျှဝင်လာခြင်း မရှိကြပါ။

ကျွန်တော်တို့ အကြောက်ဆုံးမှာ ဘီဒိုယင်လူမျိုးများသာဖြစ်သည်။ သူတို့ကိုလည်း ညအချိန်တွင်သာ အကြောက်ဆုံးဖြစ်သည်။ သူတို့သည် ကျွန်တော်တို့ မမြင်နိုင်သော မျက်လုံးများဖြင့် ကျွန်တော်တို့အား တစ်ချိန်လုံး စောင့်ကြည့်နေကြကြောင်း ကျွန်တော်တို့ ကောင်းကောင်းသိကြသည်။

ဤအန္တရာယ်အတွက်လည်း ဆာဘရီကပင် အဖြေရှာပေးသည်။ ဆာဘရီး ကျွန်တော်တို့သည် ညတိုင်းပင် လက်ပစ်ဗုံးများကို အသုံးပြု၍ ထောင်ချောက်ဆင် လမ်းအတိုင်းသာ တစ်ယောက်ယောက်ဝင်လာလျှင် ဝါယာကြိုးတစ်ချောင်းချောင်းနှင့် တိုးပြီး လက်ပစ်ဗုံးစာ

ကောင်းကောင်းကြီးမိမည်မှာ ကျိန်းသေသည်။

- ဘီဒိုယင်လူဆိုးများသည် တစ်နေရာရာကို ဝင်စီးတော့မည်ဆိုလျှင် လမိုက်ရက်ကို သော်လည်းကောင်း၊ သဲမုန်တိုင်းတိုက်ချိန်ကိုသော်လည်းကောင်း စောင့်ဆိုင်းနေတတ် သည်။ ထောင်ချောက်ဆင်ထားသော လမ်းအတိုင်းသူတို့ဝင်လာ၍ ဝါယာကြိုးကို ဝင်တို့ မိသောအခါ လက်ပစ်ဗုံးက ဝုန်းခနဲပေါက်ကွဲတော့သည်။ လက်ပစ်ဗုံးပေါက်ကွဲသံသည် ကျောက်ဆောင်လမ်းကြားအတိုင်း ဝင်ရောက်လာသောကြောင့် ပွဲတင်သံမှာ အမြောက်သံ ပမာ နားကွဲမတတ် ဟိန်း၍ပေါ်ထွက်လာသည်။

တစ်ချိန်တည်းတွင် ကျွန်တော်တို့က ရှိသမျှလက်နက်များဖြင့် အဆက်မပြတ် တရစပ်ပစ်ခတ်ကြရာ သူတို့သည် တောင်ကြား အက်ကွဲကြောင်းများအတွင်းသို့ အသက်ကို ဖက်နှင့်ထုပ်၍ ဝင်ပြေးသွားကြသည်။ မနက်မိုးလင်း၍ သွားကြည့်သောအခါ ရန်သူ သဲလွန်စကို တစ်ခုမျှရှာမတွေ့ ရတော့။

နောက်တစ်ချက်မှာ ကျွန်တော်တို့ အပြင်ထွက်သောအခါ ဘီဒိုယင်များက ချောင်း၍ ဖမ်းမည်ကို အကြောက်ဆုံးဖြစ်သည်။ ထို့ကြောင့် ရေစမ်းပေါက်သို့ သွားသောအခါတွင် ဖြစ်စေ၊ ဂျယ်ရီကိုမြို့သို့ သွားသောအခါတွင်ဖြစ်စေ တစ်ယောက်တည်း ဘယ်တော့မှ မသွားကြပါ။ အနည်းဆုံး နှစ်ယောက်တော့ အမြဲတမ်းသွားကြသည်။ ယင်းသို့သွားတိုင်း လည်း သေနတ်တစ်လက်တော့ အမြဲတမ်းဆောင်သွားကြသည်။

သို့သော်လည်း ဖေဖေကတော့ ဘီဒိုယင်အန္တရာယ်ကို အမြဲတမ်းသတိကြီးစွာထား သည်။ သူတို့နှင့် ကျွန်တော်တို့ အနီးအနားရှိ ကျောက်ဆောင်တွေကြားတွင် ပုန်းအောင်းနေပြီး အခွင့်သာသည့်အချိန်တွင် ကျွန်တော်တို့ လိုဏ်ခေါင်းကို ဝင်စီးနိုင်သည်ဟု ဖေဖေက ယူဆသည်။ ထို့ကြောင့် ဒုတိယလုံခြုံရေးကင်းတစ်ခုကို ပင်လယ်နှင့်ပို၍နီးသောနေရာတွင် ထားသည်။ ထိုနေရာမှကြည့်လိုက်လျှင် နေ့အချိန်တွင် ရန်သူ၏ လှုပ်ရှားမှုအားလုံးကို တော်ဝေးဝေးအထိ ထင်ရှားစွာမြင်နိုင်သည်။ ဘီဒိုယင်များ၏မျက်လုံးများသည် ကျွန်တော် ဖို့ ပထမဆုံး အဓိကအန္တ ရာယ်ပင် ဖြစ်သည်။

ဒုတိယအကြီးဆုံး အန္တ ရာယ်ကတော့ ကျွန်တော်

မကြာခဏမြင်မက်တတ်သော ဆက်အိပ်မက်ဖြစ်သည်။ ဂျက်ဖာမြို့တွင် မေမေအပါအဝင် အမျိုးသမီးသုံးယောက် ဆိုင့်ခံခဲ့ရသောမြင်ကွင်းကို ကျွန်တော့်စိတ်အာရုံထဲမှ ဖျောက်ဖျက်၍မရပါ။ မမနာဒါကို ထားခဲ့ခြင်းအတွက်ရော၊ ဤအကြောင်းကို သူ လုံးဝမသိခြင်းအတွက်ပါ အလ္လာအရှင်မြတ် ကျွန်တော်ကျေးဇူးအထူးတင်မိပါသည်။

ကျွန်တော်သည် ဤအကြောင်းကို တစ်ညလည်းမက၊ နှစ်ညလည်းမက မကြာခဏ ခံနေတတ်သည်။ ယင်းသို့တွေးမိတိုင်း ဒေါသလည်း အလွန်ထွက်မိသည်။ မျက်ရည်ကျ ဘတ် ရင်တွေတလှပ်လှပ်နှင့် ချွေးသီးချွေးပေါက်များစီးကျကာ တစ်ညလုံး အိပ်မပျော် ည်အထိလည်း ခံစားရသည်။ အီရတ်စစ်သားများ၏ အသောရမ္မက်ငမ်းငမ်းတက်နေ သော မျက်လုံးများသည် ကျွန်တော်၏စိတ်အာရုံထဲမှ ဘယ်တော့မှထွက်တော့မည်မဟုတ်။ အံ့အထဲကတစ်ယောက်ယောက်နှင့်သာ ကျွန်တော်ပြေးပြီး ရင်ဆိုင်တွေ့လိုက်ချင်သည်။ လည်း တွေကိုတွေ့ရမည်။

မေမေတို့ မုဒိမ်းကျင့်ခံရပုံကို ပြန်လည်တွေးမိခြင်းမှာ စိတ်ချောက်ချားစရာကောင်း သည်။ ထို့ထက်ပင်ပို၍ကြောက်စရာကောင်းတာကတော့ ယင်းအဖြစ်အပျက်ကို ဖေဖေ အောင် ဖုံးဖိထားခြင်းပင် ဖြစ်သည်။ ဤသို့ ဖုံးဖိထားခြင်းကြောင့် ကျွန်တော်အနေဖြင့် မေတို့အပေါ်တွင် ဩဇာရှိလာသည်ကတော့ အမှန်ပင်။ သူတို့က ကျွန်တော့်ကိုယုံကြည် စိတ်ချလိမ့်မည်ဟု ကျွန်တော်ယုံကြည်သည်။ သို့သော်လူတစ်ယောက်က အခြားတစ်ယောက် ၏ လျှို့ဝှက်ချက်ကိုသိသောအခါ ထိုသူကသူ့အပေါ်တွင် သံသယဝင်လာတတ်သည်။

ဆာဘာရီသည် အီရတ်စစ်ဗိုလ်တစ်ယောက်နှင့် လိင်တူချင်းဆက်ဆံဖူးကြောင်းကို လည်း ဖေဖေနှင့်ကျွန်တော်တို့က လျှို့ဝှက်သိရှိထားကြသည်။

အလားတူပင် ဆာဘာရီနှင့် မမနာဒါတို့တွင်လည်း သူတို့နှစ်ယောက်သာသိသော လျှို့ဝှက်ချက် ရှိကောင်းရှိနိုင်သည် ကျွန်တော်တို့က မည်မျှပင်သတိထားစေကာမူ သူတို့ နှစ်ယောက်ကို တစ်ချိန်လုံး စောင့်ကြည့်မနေနိုင်ကြပါ။ တစ်ခါတရံ နာဒါသည် လမ်းကြား ကလေးထဲသို့

တစ်ယောက်တည်း လျှောက်ထွက်သွားသည်ကို မြင်ကြရသည်။ နောက်ဆယ်စ်ခန့်အကြာတွင် ဆာဘာရီလည်း ယင်းလမ်းအတိုင်း နောက်မှလိုက်သွားသည်ကိုလည်း ကြရသည်။ သို့သော် သူတို့လည်း သူတို့၏လျှို့ဝှက်ချက်ကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖီထားကြမည် ဖြစ်သည်။

မေမေ၊ ဖာတဖာနှင့်ရာမီဇာတို့မှာလည်း လျှို့ဝှက်ချက်များ ရှိကောင်းရှိကြလိမ့် မည်။ သူ့တို့အနီးသို့ ကျွန်တော်တို့ယောကျ်ားတစ်ယောက်ယောက် ရောက်သွားသောအခါ တိုင်း ပြောလက်စစကားသံများ တိုးသွားတတ်ခြင်းမှာ သာဓကပင်ဖြစ်သည်။

ထို့ပြင် ကျွန်တော့် အစ်ကိုများတွင်လည်း လျှို့ဝှက်ချက်များ ရှိကောင်းရှိနိုင်သည်။ ပဲ အဘယ်ကြောင့်ဆိုသော် သူတို့သည် မကြာခဏဆိုသလို တောချုံစပ်တွင် တီးတိုးစက်   ပြောနေတတ်ကြသောကြောင့် ဖြစ်သည်။

အချုပ်ဆိုသော် ကျွန်တော်တို့အားလုံးတွင် ကိုယ့်အကြောင်းနှင့်ကိုယ် လျှို့ဝှက်ချက် များ ရှိနေကြပြီး လူတိုင်းပင် ကိုယ့်အကြောင်းနှင့်ကိုယ် ရေငုံနှုတ်ပိတ်နေကြသည်က အမှန်ပင်။

ဖေဖေတစ်ဦးတည်းသာ ဖြေရှင်းပေးနိုင်သော ပြဿနာမျိုး ပေါ်ပေါက်လာ ကျွန်တော်က အားလုံးကိုယ်စားလှယ်အဖြစ် ဖေဖေ့ဆီသို့သွား၍ တင်ပြရသည်။ သို့သော ချက်ချင်းသွား၍ တင်ပြခြင်းတော့မဟုတ်။ ဖေဖေ စိတ်အေးလက်အေး ရှိမရှိအကဲခတ်ပြီး သွား၍တင်ပြခြင်းဖြစ်သည်။

တစ်ခါတစ်ရံ ကျွန်တော်သည် ဘာစကားမှမပြောသေးဘဲ ဖေဖေ့အနီးတွင် အကြောက် ထိုင်နေရတတ်သည်။ ဖေဖေ၏တရားအာရုံမပျက်အောင် အမြဲတမ်း သတိထားရသောကြောင့် ဖြစ်သည်။ သို့သော်လည်း သူ့အနီးသို့ ကျွန်တော်ရောက်နေသည်ကို ဖေဖေက တစ်နည်း ဖြင့်သိတတ်သည်။

ဖေဖေသည် တရားထိုင်နေရင်းမတ်တပ်မှ ကျွန်တော့်ကိုလှည့်မကြည့်ဘဲ သူ့ကိုယ်သူ ပြောနေသလို အသံထွက်ပြီး

”ငါဘီဒိုယင်တွေ အနံ့ရတယ်၊ အခုလို ညအချိန်မှာ ရှေ့တန်းလုံခြုံရေးကင်မှာ လူနှစ်ယောက်ရှိနေတာ သိပ်ကောင်းတယ်၊

တစ်ယောက်က ကင်းစခန်းမှာ အမြဲတမ်းရှိနေ နောက်တစ်ယောက်က ကင်းလှည့်နိုင်တာပေါ့”

ဟူ၍ ပြောသည်။ ကျွန်တော်က ဘာမျှပြန်မပြော။ ဖေဖေဆက်ပြောမည့် စကားကိုသာ နားစွင့်နေသည်။

“ငါ ဒီနေရာမှာပဲ တစ်နေ့လုံးတစ်ညလုံး နေနေမယ်၊ တကယ်လို့ သူတို့က တို့ ကင်းစခန်းကိုဝင်စီးလျှင် မိန်းမတွေကို ငါကာကွယ်မယ်”

“အဲဒါ သိပ်ကောင်းတဲ့စိတ်ကူးပဲ ဖေဖေ”

“သိပ်ကောင်းတဲ့ စိတ်ကူးမဟုတ်ပါဘူး၊ အမှန်အတိုင်းပြောလျှင် အလ္လာအရှင်မြတ် "ရဲ့ အလိုတော်ကလွဲပြီး ဘာအကာအကွယ်မှမရှိဘူး အစ္စမေ”

ကျွန်တော်သည် ဘာမှပြန်မပြောဘဲ အကြာကြီးငြိမ်နေပြီးတော့မှ “ဒီစကားကို လေးလေးနက်နက် စဉ်းစားပြီးတော့မှ ကျွန်တော်ပြောတာ ဖေ “ကောင်းပါတယ်၊ လေးလေးနက်နက်စဉ်းစားမှသာ ယုတ္တိရှိတဲ့အဖြေကို ရနိုင်တယ်

”ကျွန်တော်တို့ ဒီနေရာမှာနေရတာ ပျော်ပါတယ်ဖေဖေ၊ ဒါပေမယ့် လပေါင်းများ အကြာကြီးနေလာတဲ့အခါမှာ ကျွန်တော်တို့ အစတုန်းက ကြိုတင်မမျှော်လင့်ခဲ့တဲ့ တ ပြဿနာတွေဟာ မသိမသာပေါ်လာကြပါတယ်”

“မင်းပြောတဲ့စကားက တွေးစရာတွေအများကြီးပဲ”

”ကျွန်တော်က လုံခြုံရေးကိစ္စ၊ ကာကွယ်ရေးကိစ္စကိုပြောတာပါ။ ဒီကိစ္စ ထားလို့ ပါလေ၊ ကျွန်တော်တို့ တခြားကိစ္စပြောကြတာပဲ ကောင်းပါတယ် ဖေဖေ”

“ဟုတ်တယ်၊ တို့တခြားကိစ္စကို ဆွေးနွေးလို့ရတယ်၊ ညဥ့်နက်သန်းခေါင်အထိလည်း ဆွေးနွေးလို့ရတယ်၊ ဒါပေမယ့် တို့ တခြားဘာကိစ္စတွေကိုပဲ ဆွေးနွေးဆွေးနွေး နောက်ဆုံး ဘော့ စောစောကမင်းပြောတဲ့ ပထမကိစ္စကိုပဲ ပြန်ရောက်လာတာပါပဲ”

“တကယ်တော့ ဖေဖေက ကျွန်တော်တို့အားလုံးရဲ့ အကြီးအကဲခေါင်းဆောင်ပါ။ ဒါကြောင့်မို့ ကျွန်တော်တို့ မိသားစုထဲက တခြားလူတွေ

အရည်အချင်းကို အကဲဖြတ်ဖို့ ဟာ ကျွန်တော်နဲ့ မဆိုင်ပါဘူး”

'ဒါပေမယ့် တူညီတဲ့အခြေအနေတစ်ခုနဲ့ ပတ်သက်ပြီး အမှန်တရားတွေ အများကြီး L ရှိနိုင်တယ်၊ ဖြစ်ပေါ်လာတဲ့ အခြေအနေပေါ်မှာမူတည်ပြီး ပြောတာပါ”

“ကျွန်တော်တို့ အခြေအနေကတော့ သဘာ်ာသဘောအရ ပြောရလျှင် အချိုးမညီမမျှ ဖြစ်နေတယ် ဖေဖေ”

“ဘာတွေ မညီမမျှဖြစ်နေလို့လဲ”

”အခုအထိတော့ ကျွန်တော်တို့ယောက်ျားတွေ ကိုယ့်တာဝန်နဲ့ကိုယ် အဆင်ပြေပြေ ချောမွေ့မွေ့ ဖြစ်နေတုန်းပါပဲ၊ ကင်းစောင့်တာ၊ ဂျယ်ရီကိုကိုသွားတာ၊ ရေခပ်သွားတာ၊ ဆောင်ချောက်ဆင်တာ၊ ထင်းရှာတာ၊ ရေလှောင်ကန်လုပ်တာတွေမှာ အားလုံးအဆင်ပြေ ဘုန်းပါပဲ”

”အဲဒီတော့ မင်းပြောတဲ့ မညီမမျှဖြစ်နေတယ်ဆိုတာက ဘာတွေလဲ”

”ညဘက်မှာ အစောင့်နှစ်ယောက်ချထားရတာပင်လယ်ဘက်ကို ကင်းလှည့်ရတာကို တာပါ၊ ကျွန်တော့်ကိုခွင့်လွှတ်ပါ ဖေဖေ၊ ကျွန်တော်ရိုးရိုးသားသားပြောတာပါ၊ ကမယ်ကို စောင့်ထားတာဟာ အလကားပဲ၊ အိုမာကတော့ ပြောစရာမလိုပါဘူး၊ အရေးကြီးတာက ဆာဘရီရယ်၊ ဂျမီလ်ရယ်၊ ကျွန်တော်ရယ်ပဲ”

“မင်းက ညီအငယ်ဆုံးပါ၊ ညီအစ်ငယ်ဆုံးက အစ်ကိုကြီးတွေကို ဝေဖန်နေတာလား” 'ကျွန်တော် တောင်းပန်ပါတယ်ဖေဖေ၊ ကျွန်တော့်စိတ်ထဲမှာ ရိုးရိုးသားသားခံစား တာကို ပွင့်ပွင့်လင်းလင်းပြောပြတာပါ၊ တကယ်တော့ ဖေဖေသိပြီးသားကိစ္စကို ကျွန်တော် က ထပ်ပြောနေတာပါ”

“ဒါဆို မင်းက ငါ့ကိုဆရာလုပ်နေတာပေါ့ ဟုတ်လား”

“အို…ဖေဖေ၊ မဟုတ်ပါဘူး အဲဒီလိုမဟုတ်ပါဘူး၊ ဖေဖေမရှိလျှင် ကျွန်တော်တို့ဆို ဘ အလကားလူတွေပါ၊ ဒါပေမယ့် တစ်ခါတလေမှာ တမန်တော်တောင်မှ သတိပေးဖို့လူ အပ်ပါတယ် ဖေဖေ”

"ဟုတ်ပါတယ်၊ မင်းလေ့လာထားတာတွေဟာ ငါ့အတွက် သတိထားစရာတွေ ဖြစ်နိုင်ပါတယ်"

'ကမယ်ဟာ ညပိုင်းမှာ သူ့မျှားနဲ့ပဲနေဖို့သင့်တဲ့လူပါ ဖေဖေ၊ အန္တ ရာယ်နဲ့ ရင်ဆိုင် ရတဲ့အခါ သူထွက်ပြေးသွားတာ ကျွန်တော်မြင်ခဲ့ရပြီးပါပြီ"

"ဘယ်မှာလဲ"

"ဂျက်ဖာမှာပါ၊ ကျွန်တော်တို့က သူ့ကို မိန်းမတွေစောင့်ရှောက်ဖို့ တာဝန်ပေးထား တာ သူကထွက်ပြေးသွားတယ်၊ မိန်းမတွေမှာ ဘာမှအန္တရာယ်မဖြစ်လို့ တော်သေးတာပေါ့"

"ငါလဲ ကမယ်ကို သံသယရှိပါတယ်၊ ဒီစကားကြားရတာ ဝမ်းနည်းစရာပဲ"

"သူ့ကို ပင်လယ်နားမှာ အစောင့်ချထားမယ့်အစား အက်ဘ်ဆလွမ်နဲ့ ဆိတ်မကို ချထားလျှင်တောင် အရေးအကြောင်းဆို အော်ပြီးအသံပေးဖော်ရလိမ့်ဦးမယ်"

"အဲဒီတော့ အိုမာကိုရော ဘယ်လိုလုပ်မှာလဲ"

"အိုမာ မတော်တာက သတ္တိမရှိတာမဟုတ်ဘူး၊ သူကအ,တာပါ၊ သူ့ကို တစ်ယောက် တည်း ညစောင့်ချထားလို့မရပါဘူး၊ သူက အကင်းမပါးဘူး၊ မလျင်ဘူး၊ ကျွန်တော် သူနဲ့အတူ နှစ်ခါ ကင်းစောင့်ဖူးတယ်၊ ကျွန်တော်က မိုးလင်းတဲ့အထိ သူ့ကိုပဲပြန်ပြီး စောင့်ကြည့်နေခဲ့ရပါတယ်"

"ဂျမီလ်နဲ့ ဆာဘာရီတို့ရော"

"သူတို့က သိပ်ပြီးတော်ပါတယ်"

"ဂျမီလ်ကို မင်းက ဒီလောက်အထင်ကြီးလိမ့်မယ်လို့ ငါဘယ်တုန်းကမှ မတွေးမိ ခဲ့ဖူးဘူး"

"သူက ကျွန်တော့်အစ်ကိုပါ၊ သူ့ကို ကျွန်တော်ချစ်ပါတယ်"

"ကမယ်နဲ့ အိုမာတို့လဲ မင်းအစ်ကိုတွေကိုပဲ မဟုတ်လား"

“ကမယ်ရဲ့ အရည်အချင်းကို ကျွန်တော်အသိအမှတ်ပြုပါတယ်၊ သူက တိုက်ချင်ခိုက် ချင်စိတ် သိပ်ပြီးပြင်းထန်ပါတယ်”

“မင်းပြောတာတွေကို ပြန်ပြီးစဉ်းစားကြည့်ဦးမယ်၊ ဒီကြားထဲမှာ ညစောင့်တာဝန် ကို မင်းတို့သုံးယောက်ကပဲ ယူကြဦးပေါ့”

“အဲဒါဆိုလျှင် အချိုးမညီမမျှဖြစ်နေဦးမှာပဲ၊ ဒီအချက်ကို ကျွန်တော်တော့ လုံး သဘောမကျဘူး၊ ကျွန်တော်က ဘယ်ဘက်ကမှ ဘက်မလိုက်ဘဲ ရိုးရိုးသားသားပြောတာ ဖေဖေ၊ ကျွန်တော်တို့မှာ ပင်လယ်နားမှာစောင့်ဖို့အတွက် အတွဲညီတဲ့လူတော်နှစ်ယောက် လိုကိုလိုနေပါတယ်”

'ဒါနဲ့ မင်းက ငါ့ကိုတော့ အရေးအကြီးဆုံးဖြစ်တဲ့ အခုနေရာကနေပြီး တခြားပို့ ၊ မရည်ရွယ်ပါဘူးနော်”

“အို..... အဲဒီလိုအတွေးမျိုး ကျွန်တော့်ခေါင်းထဲ တစ်ခါမှ မဝင်ဖူးပါဘူး ဖေဖေ ကျွန်တော် အမှန်အတိုင်း ပြောတာပါ”

“ဒါဆို မင်းပြောတဲ့မညီမျှမှုကို ပြန်ပြင်နေစရာ ဘာလိုလို့လဲ”

”ပြင်သင့်တယ်လို့ ကျွန်တော့်စိတ်ထဲမှာ ထင်နေလို့ပါ”

“မင်းက ငါ့ကို အကျိုးအကြောင်းရှင်းပြနေတာလား၊ ဒါမှမဟုတ် တိုက်တွန်းနေတာ လား အစ္စမေ”

“မညီမျှမှုကို ပြင်ဖို့ပြောပြနေတာပါ ဖေဖေ၊ ကျွန်တော်တို့က ကမယ်နဲ့အိုမာတို့ နေ့ဘက်မှာလုပ်နိုင်တဲ့ အလုပ်တွေ ပိုပေးသင့်ပါတယ်၊ ဖေဖေသိတဲ့အတိုင်း ကျွန်တော်တို့က သူတို့နှစ်ယောက်ကို“ဂျယ်ရီကိုကိုလွှတ်လို့မရပါဘူး၊ ဟိုတုန်းက သူတို့ကိုလွှတ်လိုက်တာ ကပေါက်ကချာတွေပဲ လုပ်လာခဲ့ကြတာပဲ မဟုတ်လား၊ သူတို့ရလာတဲ့သတင်းကလည်း တလွဲတွေပဲ၊ ကျွန်တော်တို့နေရာကို ဖော်ပြခဲ့တာဘဲ ကျေးဇူးတင်ရဦးမယ်။

...ဒါပေမယ့်တစ်နေ့မှာ ဒီလူတွေ ပြောချင်ပြောမှာပဲ၊ စိတ်ချရတာ မဟုတ်ဘူး အဲဒီတော့ သူတို့နှစ်ယောက်ကို ထင်းရှာတာတို့

ထောင်ချောက်ဆင်တာတို့ ရေခပ်တာတို့ ၊ လောက်ပဲ ခိုင်းသင့်ပါတယ်၊ တာဝန်ယူပြီး ဆုံးဖြတ်ချက်ချရမယ့်အလုပ်မျိုးကို လုံးဝမ သင့်ပါဘူး”

“မင်းပြောတာကို ပြန်စဉ်းစားကြည့်ဦးမယ်၊ ငါသဘောကျလျှင် ညစောင့်တာဝန် အတွက် လူသုံးယောက်ချထားမယ်”

”အဲဒါဆိုလျှင် ကျွန်တော်တို့အတွက် သိပ်ပြီး တာဝန်လေးနေလိမ့်မယ်၊ သင်္ချာနည်း ပြောတာပါ”

“ဒီမှာ အစ္စမေ၊ မင်းက ငါ့ကို သိပ်ပြီးပညာမပေးချင်ပါနဲ့၊ တို့မှာ ယောကျ်ားခြောက် ယောက်ရှိတယ်၊ ငါက ပင်ရင်းဌာနချုပ်မှာနေမယ်၊ မင်းပြောတဲ့အတိုင်းဆိုလျှင် နှစ်ယောက်က အသုံးလို့မရဘူး၊ အဲဒီတော့ နောက်သုံးယောက်ကျန်ဦးမယ်”

ကျွန်တော်သည် မျက်လုံးမှိတ်ပြီး အသက်ကိုရှူထုတ်လိုက်သည်။ ပြီးတော့မှ

”ကျွန်တော်တို့မှာ ကျန်းမာသန်စွမ်းပြီး အလုပ်လုပ်နိုင်တဲ့ မိန်းမတစ်ယောက်ကျန် အသေးတယ် ဖေဖေ၊ အခုအချိန်အထိ သူ့မှာ ဘာအလုပ်မှ မည်မည်ရရမရှိသေးပါဘူး”

“မင်းပြောတာ ငါသဘောမပေါက်ဘူး”

“ဖေဖေ... မမနာဒါကို ကျွန်တော်သေနတ်ပစ် သင်ပေးထားပါတယ်၊ ဖေဖေကလွဲ တွင် ဒီမှာရှိတဲ့ယောကျ်ားတွေကို သူ ကောင်းကောင်းယှဉ်နိုင်ပါတယ်”

“ပြီးတော့ မင်းက သူ့ကို မြည်းပေါ်တင်ပြီး မင်းနောက်ကလည်း စီးခိုင်းသေးတယ် ဟုတ်လား၊ ပြီးတော့ စာရေးစာဖတ်လည်း တိတ်တိတ်ကလေး သင်ပေးထားတယ် တ်လား”

ဘုရား... ဘုရား။ ငါတော့ သွားပြီ။ ကျောက်ဆောင်စွန်းက ကန်ချခံရတော့မယ်။ ကျွန်တော် မျက်လုံးများကို စုံမှိတ်ထားလိုက်ပြီး ဖေဖေပေးမည့် ပြစ်ဒဏ်ကို သည်းတထိတ်ထိတ်နှင့် စောင့်နေမိသည်။ ကျွန်တော် အထူးလျှို့ဝှက်ထားခဲ့သည့်လုပ်ရပ် သွားပြီ။ ကျွန်တော် လုလုကြီးဒုက္ခရောက်ချေတော့မည်။

ဖေဖေ့အသံ ပေါ်ထွက်လာသည်။ “ဆာဘာရီနဲ့ နာဒါတို့ လုံးဝမလုပ်လိုက်ပါနဲ့ ဖေဖေ” ကျွန်တော် ထိုင်ရာမှခုန်ထရင်း ပြောလိုက်သည်။ “ကျွန်တော်နဲ့ ဂျမီလ်တို့ပဲ စောင့်ပါရစေ ဖေဖေ”

”ထိုင်ပါ' ဖေဖေက ညင်သာစွာပြောသည်။ “နာဒါအတွက် မင်းလုပ်ပေးချင်တာ က အလုပ်မဖြစ်ပါဘူး၊ အဲဒီလိုဆိုလျှင် သူ့ဘဝပိုဆိုးသွားနိုင်တယ်”

”ကျွန်တော်တို့အားလုံးလည်း ဘဝဟောင်းပျက်ကုန်ကြပြီပဲ ဖေဖေ”

“ပျက်ကုန်ပေမယ့် ဘဝဟောင်းကို ပြန်ရောက်အောင်ကြိုးစားရမှာပဲ၊ အကြာကြီး ဆောင့်ပြီးမှ ပြန်ရချင်ရလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ဒီကြားထဲမှာ တို့က တို့သိထားတာတွေကို ပစ်ရဘူး၊ တို့ဟာတို့ ဘယ်သူတွေပဲဆိုတာကို အမြဲတမ်း သတိရနေကြရမယ်၊ သိနေ ရမယ်၊ ဒါနဲ့ နာဒါ စာရေးစာဖတ်တတ်လို့ ဘာများအကျိုးထူးလာမှာတဲ့လဲ”

“ကျွန်တော်တို့ ဒီကပြန်ပြီး....ဒီကပြန်ပြီး....တဘားကိုပြန်ရောက်တဲ့အခါ...ကြာတော့ ကြာဦးမှာပေါ့... အဲဒီအချိန်မှာ သူအလုပ်လုပ်ချင်လျှင်...”

“ဘယ်တော့မှမလုပ်ရဘူး”

”ဒါပေမယ့် စာတတ်လျှင် သူ့ဘဝမှာ ပျော်ရွှင်မှုပိုရနိုင်ပါတယ် ဖေဖေ”

”ငါပေးစားတဲ့လူကိုယူလျှင် သူပျော်ရွှင်မှာပဲ”

”ဖေဖေ ခေတ်ကြီးပြောင်းနေပါပြီ”

“ဘယ်တော့မှ မပြောင်းတာတွေလည်း ရှိသေးတယ် အစ္စမေ၊ မိန်းမတွေကိုဦးစားပေး တွင် မင်းတစ်သက်လုံး ရင်မောနေရလိမ့်မယ်”

ဖေဖေက အလွန်ခေါင်းမာသည်။ နာဒါအား စာမသင်ပေးရ၊ ဘာအကူအညီ မပေးရဟူသော သူ့အမိန့်သည် တစ်ချက်လွှတ်အမိန့် ဖြစ်သည်။ ကျွန်တော် ကြိုးပမ်း သဲထဲရေသွန်ဖြစ်ရပြီ။ ကျွန်တော် ထိုင်ရာမှထရပ်လိုက်သည်။

"ထိုင်ပါ"

ဖေဖေက အမိန့်ပေးပြန်သည်။ သူသည် သဲကန္တာရဘက်သို့ လှမ်းမျှော်ကြည့်ရင် ဆက်ပြောသည်။

"တို့ဆာဘာရီကို သတိထားပြီး ကြည့်နေရမယ်၊ ဒီကောင်က သူခိုးကြမ်းပိုးပေါ်တဲ့။ ကလာတာ၊ မိသားစုတစ်ခုမှာ ယောကျ်ားကလေးတွေ အများကြီးရှိချင်ရှိမယ်၊ ဒါပေ အားကိုးလောက်တဲ့သားကတော့ တစ်ယောက်တည်းပဲရှိတယ်၊ မင်းဟာဆာဘာရီနဲ့ ရင် နှီးနှီး ပေါင်းသင်းပြီး ပထမဆုံးသင်ခန်းစာကိုရယူတယ်၊ အဖေ့ခြေရာရယူနိုင်တဲ့ သား ချင်လျှင် မင်းအနေနဲ့ ကိုယ့်ပတ်ဝန်းကျင်မှာ ရှိသမျှလူတွေအကြောင်းကို ချေးခါ သိအောင် လေ့လာရမယ်၊ မင်းတစ်ယောက်တည်းကိုသာ သစ္စာရှိရှိနဲ့ အလုပ်အကျွေး မယ့်လူတွေ၊ လျှော့နှံနှစ်ဖက်နင်းမယ့်လူတွေ ပြီးတော့ မင်းကိုအန္တ ရာယ်ပြုမယ့်လူတွေ လူတွေအကြောင်းကို အတွင်းအပြင်သိအောင် လေ့လာရမယ်။

... ခေါင်းဆောင်တိုင်းဟာ ရန်သူကို မနှိမ်နင်းနိုင်ဘူး၊ နည်းနည်းပါးပါးလေး သာ နှိမ်နှင်းနိုင်ကြတယ်၊ မင်းမှာမိတ်ဆွေတစ်ရာရှိလျှင် ကိုးဆယ့်ကိုးယောက်ကို ပယ်ထုတ် ပစ်လိုက်၊ ကျန်တစ်ယောက်ကို အထူးသတိထား၊ တကယ်လို့ အဲဒီလူဟာ မင်းကိုသတ်မည့် ဖြစ်နေလျှင် သူက မင်းကိုမသတ်ခင် မင်းက သူ့ကို လက်ဦးအောင်သတ်ပစ်လိုက် ကျွန်တော်သည် အလကားလူညံ့တစ်ယောက်လို ဖြစ်နေပြီလားမသိ။ ကျွန် ပါးစပ်တွေ ခြောက်ကပ်နေသည်။ ဘာစကားမှ ပြော၍မထွက်။

"

ငါ့သား... မင်းက လမ်းလျှောက်တတ်တဲ့အရွယ်ကတည်းက အကြီးအကဲဖြစ် မျှော်မှန်းလာခဲ့တဲ့ လူပါ" ''ကျွန်တော်က လူမိုက်တစ်ယောက်ပါ ဖေဖေ"

"လူတစ်ယောက်ဟာ ကိုယ့်ရဲ့ မိုက်မဲမှုတွေကိုလေ့လာပြီး သင်ခန်းစာယူတတ် တန်ဖိုးရှိတဲ့လူတစ်ယောက် ဖြစ်လာနိုင်တယ်၊ ယောကျ်ားနဲ့မိန်းမတို့ရဲ့ အားပြိုင်မှု သဲကန္တာရမှာ အသက်ရှည်ရေးအတွက် အားပြိုင်ရသလိုပဲ သိပ်ပြီးအန္တ ရာယ်ကြီးတယ် ဒါကြောင့် ဒီကိစ္စကို

အပျော်သွားမစမ်းနဲ့၊ ဆာဘာရီကိုစွနဲ့ ပတ်သက်လို့ကတော့.. 'ကျွန်တော်တော့ သိပ်ရှက်တာပဲ” ကျွန်တော်က လေသံဖြင့်ပြောလိုက်သည်။

“ဆာဘာရီအကြောင်းကို ငါအစကတည်းက သိတယ်၊ သူဟာ အီရတ်စစ်ဗိုလ် တကယ်အိပ်ခဲ့တယ်လို့ မင်းကယုံကြည်သလား”

'သူက ထမင်းငတ်နေတဲ့လူပဲ”

'ကားပြင်တတ်တဲ့ လူငယ်တစ်ယောက်က နာဗလူးမှာ ထမင်းငတ်စရာ ရှိသလား၊ အဲလေ.. သူ့အနေနဲ့ အခက်အခဲတွေ့ကြုံနေရတဲ့အချိန်မှာ အီရတ်စစ်တပ်သိပ်ပြီး အကူအညီတွေပေးတာကြောင့် ဖြစ်ချင်ဖြစ်နိုင်တာပေါ့”

“ဒါဆိုလျှင် သူက ကျွန်တော်တို့နဲ့ ဘာဖြစ်လို့လိုက်လာရသလဲ” ဖေဖေက ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြီး

”ဒါကတော့ သူက သူ့အီရတ်မိတ်ဆွေကြီးကို ငြီးငွေ့လာတဲ့အတွက်လည်း ဖြစ် ချင် ဖြစ်မှာပေါ့၊ ဒါမှမဟုတ် သူ့မိတ်ဆွေကြီးက သူ့ကို ဒါမှမဟုတ် သူတို့နှစ်ယောက် နှစ်ဖြစ်လို့လည်းဖြစ်ချင်ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် ဆာဘာရီဟာ အီရတ်စစ်တပ်က ပစ္စည်း ခိုးယူနေတာကို စစ်တပ်ကသိသွားပြီး သတ်မှာကြောက်လို့ ထွက်ပြေးလာတာလည်း ဖြစ်ချင်ဖြစ်နိုင်တယ်၊ တကယ့်အဖြစ်မှန်ကိုတော့ သူပဲသိမှာပေါ့။ ဒီကောင်က အခွင့်အရေး သမားပါ၊ သူဟာ နာဗလူးမှာ ပြဿနာတွေကြုံနေရလို့ တို့နဲ့လိုက်လာတာ အကောင်း ဆုံးပဲဆိုပြီး ထွက်ပြေးလာတာလည်း ဖြစ်ချင်ဖြစ်နိုင်တယ်” ။

ဆာဘာရီအကြောင်းက တော်တော်အတွေးရခက်သည်။ တွေးလိုက်တိုင်းလည်း တ်ရှုပ်စရာတွေသာ ခံစားရသည်။ သူသည် ကျွန်တော့်အား ဖက်ယမ်းခြင်း၊ လက်ကို ဆုပ်ကိုင်ခြင်းများ အကြိမ်ပေါင်းများစွာ လုပ်ခဲ့ဖူးသည်။ သူ့ အပြုအမူတွေက လုံးဝမရိုး သား။ ညကျတော့လည်း တော်တော်နှင့်မအိပ်ဘဲ သူ့ကိုယ်ကို ကျွန်တော့်ကိုယ်နှင့်ပူးကပ် ဦး တအားဖက်ထားတတ်သည်။

ဆာဘာရီနှင့် နာဒါတို့ ဘာတွေဖြစ်နေကြသလဲ။ သူတို့နှစ်ယောက်၏ ဆက်ဆံရေး တယ်အခြေအနေအထိ ရောက်နေပြီလဲ။

ကျွန်တော်၏ နုံချာမိုက်မဲမှုအတွက် ကိုယ့်ကိုယ်ကိုယ် အလွန်ရှက်မိသည်။ တကယ် ဘော့ ဆာဘာရီသည် ကျွန်တော်တို့ကိုပညာပြနေပြီ။ သူသည် သူ၏ရုပ်ရည်ဖြင့် လူတစ် ယောက်ကို ကောင်းကောင်းကြီး သိမ်းသွင်းနိုင်သည်။ သူ့ကို မိတ်ဆွေကောင်းတစ်ယောက် ဟု ယုံကြည်လာအောင်လည်း စည်းရုံးနိုင်သည်။ တစ်ချိန်တည်းတွင် မိတ်ဆွေတစ်ယောက် အစ်မ၊ သို့မဟုတ် ညီမကိုလည်း အပိုင်စီးနိုင်သည်။ ကျွန်တော့်အနေဖြင့် လူတွေအကြောင်း သိလာအောင် လေ့လာရမည်။

ဖေဖေသည် သဲကန္တာရဘက်သို့ကြည့်ရင်း သူ့စကားကို ဆက်သည်။

“ဒီကောင်ကို အထူးသတိထားပြီး ကြည့်နေကြရမယ်၊ မင်းက ဆာဘာရီကို ယုံ တယ်၊ လူယုံဟာ အဆိုးဆုံးသစ္စာဖောက် ဖြစ်တတ်တယ်၊ သူသာ မင်းအစ်မကို လက်နဲ့ ထိလျှင်တော့ သူ့ကိုအပြတ်ရှင်းပစ်ရမှာပဲ၊ ဒီမှာ အစ္စမေ၊ မင်းက အကြီးအကဲ ဖြစ်ချင်တဲ့လူ ဆိုတော့ လက်တွေ့ သင်ခန်းစာ ယူရလိမ့်မယ်၊ အခြေအနေမဟန်လျှင် မင်းက ဆာဘာရီကို ဟောဒီဓားနဲ့သာ တစ်ချက်တည်းပိုင်းပစ်လိုက်တော့

✣ --- www.ebooks4mm.org --- ✣

အခန်း(၈)

ကျွန်တော့် ကျောက်ဆောင်စွန်းအပေါ်မှ တစ်စုံတစ်ရာက ကျွန်တော့်စိတ်ကို မရိုး မရွှဖြစ်အောင် ဆွနေသည်။ မြူဆွယ်နေသည်။ ယင်းမှာ အခြားမဟုတ်။ ကျွန်တော့်အပေါ် ပေပေါင်း လေးငါးခြောက်ရာခန့်အမြင့်တွင် လိုဏ်ခေါင်းတစ်ခု၏ အဝင်ဝကို လှမ်းမြင်နေ ရခြင်းပင် ဖြစ်သည်။

ကွမ်ရန်မြို့ဟောင်း ပတ်ဝန်းကျင်တွင် လိုဏ်ခေါင်းတွေ အမြောက်အမြား ရှိကြသည်။ လွယ်ကူစွာ သွားရောက်နိုင်သော လိုဏ်ခေါင်းများသို့ ကျွန်တော်တို့ မကြာခဏ သွားရောက် လေ့လာကြသည်။ သို့သော် တောင်တက်ကိရိယာ အပြည့်အစုံပါသော တောင်တက်သမား များမှသာလျှင် တက်နိုင်မည့် တောင်ပေါ်လိုဏ်ခေါင်းများလည်း များစွာပင်ရှိနေသော သည်။

ကျွန်တော်တို့အပေါ်မှ လိုဏ်ခေါင်းမှာ မက်စောက်သော တောင်စောင်းလိုဏ်ခေါင်း ဖြစ်သည်။ သို့သော်လည်း မည်မျှမြင့်စောက်သော တောင်ကမ်းပါးယံကိုပင်ဖြစ်စေ တက် ရောက်နိုင်သည့်လမ်းပေါင်း အများကြီးရှိကြောင်း ကျွန်တော် ကြားသိဖူးသည်။ သမာရိုးကျ နည်းလမ်းမှာ လက်ကုပ်ကုပ်ကောင်းခြင်း၊ အခုန်အလွှားကောင်းခြင်းနှင့် တောင်တက် ကြိုးကို အသုံးပြုခြင်းဖြင့် တက်သောနည်းဖြစ်သည်။

ကျွန်တော်သည် တောင်ဆိတ်များ၏ သွားလာလှုပ်ရှားမှုများကို မှန်ပြောင်းနှင့် ကြည့်၍ နာရီပေါင်းများစွာ၊ နေ့ ပေါင်းများစွာ လေ့လာမှတ်သားသည်။ ဤလိုဏ်ခေါင်း သည် ကျွန်တော့်ကိုစိန်ခေါ်နေပြီ။ တခြားလိုဏ်ခေါင်းများတွင် အဖိုးတန်ပစ္စည်းဟူ၍ ဘာတစ်ခုမျှ မတွေ့ရ။ ဤလိုဏ်ခေါင်းတွင်တော့ အဖိုးတန်ရတနာတွေ ရှိကိုရှိရမည်ဟု ကျွန်တော့်စိတ်ထဲ စွဲနေသည်။ ဤလိုဏ်ခေါင်းသည် ကျွန်တော့်အား မြို့စားထားလေပြီး တစ်နေ့နံနက်တွင် ကျွန်တော်သည် ကျွန်တော့်ကျောက်ဆောင်စွန်းပေါ်တွင် မမနာဒါ နှင့်အတူထိုင်၍ အေးအေးလူလူ အချိန်ဖြုန်းနေကြစဉ် ကျွန်တော်တို့ဆီ ဆာဘာရီ ရောက် လာသည်။

ကျွန်တော်သည် သူတို့နှင့်အတူ ပြောဆိုနေထိုင်ရလျှင်

အမြဲတမ်းစိတ်ချမ်းသော် သည်။ ထို့ကြောင့် ဖေဖေ၏ သတိပေးချက်ကိုပင် ဂရုမစိုက်မိတော့။ ကျွန်တော်တို့က တခြား ဘာမှမဟုတ်ဘဲ စကားထိုင်ပြောနေခြင်းသာ ဖြစ်၍လည်း ကိုယ့်လိပ်ပြာကိုယ်သန့် သည်။

ကြိုးကို အသုံးပြုသည် တောင်ဆိတ်စွာ လေ့လာမှတ်တွင် အဖိုးတန်ပစ္စည်းဟု ကျွန်တော်တို့သုံးယောက်သည် ရောက်တတ်ရာရာ ပြောဆိုနေကြရင်းမှ မကြာမီတွင် အောင်မြင့်လိုဏ်ခေါင်းဆီသို့ မျက်လုံးရောက်သွားကြသည်။ သွားကြည့်လိုသောဆန္ဒများ လည်း တဖွားဖွား ဖြစ်ပေါ်လာကြသည်။

“တက်မယ်ဆိုလျှင် လမ်းတော့ရှာလို့ရလိမ့်မယ်လို့ ငါယုံကြည်တယ်” ကျွန်တော်က စတင်ပြောလိုက်သည်။ “ပြဿနာ မရှိနိုင်ပါဘူး”

ဆာဘာရီက ထောက်ခံသည်။ “ဒါဆို တို့တက်ကြည့်ကြရအောင်လား” မမမာဒါက ဆွပေးသည်။ ဆာဘာရီက ပခုံးနှစ်ဖက်တွန့်လိုက်ပြီး... “ငါတော့ ဒီနေ့မတက်ချင်ဘူး၊ နေကသိပ်ပူနေပြီ" 'ဒါဆို မနက်ဖြန်တက်ကြမယ်”

”ကောင်းပါတယ်၊ မနက်ဖြန်မှ တက်ကြတာပေါ့” ‘သော်... နေဦး” ကျွန်တော်က ရုတ်တရက်ပြောလိုက်သည်။ “မနက်တက်လို့ မဖြစ်သေးဘူး၊ ငါ့ကင်းလှည့်ရှိတယ်၊ သန်ဘက်ခါမှ တက်ကြရ အောင်' “သန်ဘက်ခါဆိုလျှင်တော့ ငါမလိုက်နိုင်ဘူး၊ ရေစမ်းပေါက်မှာ ရေသွားခပ်ရဦးမယ်” ဟု ဆာဘာရီက ပြောသည်။ “ဖိန်းနွဲခါကျတော့လဲ ငါ့မှာ တခြားအလုပ်တွေ ရှိနေသေးတယ်" ဟု ကျွန်တော်က ပြောလိုက်သည်။ “ဒါဆို နောက်အပတ်ထဲပေါ့” `ဟုတ်ပြီ၊ နောက်အပတ်ထဲမှပေါ့”

ဤတွင် နာဒါသည် ထိုင်ရာမှရုတ်တရက်ထရပ်ပြီး ကျွန်တော် တို့ နှစ်ယောက်ကို ကြည့်ရယ်ရင်း...၊ 'နင်တို့က လူကြောက်တွေပဲ၊ နှစ်ယောက်လုံး သတ္တိမရှိဘူး”

”အဲဒီလို မဟုတ်ပါဘူး”

”ကြောက်လို့ မဟုတ်ပါဘူး” ကျွန်တော်တို့နှစ်ယောက်စလုံးက ပြိုင်တူပြန်ပြောလိုက်ကြသည်။ “ဒါဆို တို့တက်ကြမယ်”

သူသည် ကျောက်ဆောင်ဆီသို့ ပြေးသွားပြီး တောင်ဆိတ်တစ်ကောင်လို

တက် သွားရင်း ...

”လာကြလေ... လာစမ်းပါ' ဟု ကျွန်တော်တို့ကို လှမ်းခေါ်နေသည်။

အမှန်အတိုင်း ပြောရလျှင် မိန်းကလေးတစ်ယောက်၏ စော်ကားခြင်းကို ခံရသော ကြောင့် ဆာဘာရီနှင့် ကျွန်တော်တို့ နှစ်ယောက်စလုံး၏ စိတ်ထဲတွင် မခံချင်စိတ် ဖြစ်မိကြ သည်။ ထို့ကြောင့် ကျွန်တော်တို့ နှစ်ယောက်စလုံး ထိုင်ရာမှ မထချင်ထချင်ထင် ရင်ကော့ပြီး အသက်ရှူထုတ်လိုက်ကြသည်။

‘တက်မယ်ဆိုလျှင် ဒီအတိုင်းမဖြစ်သေးဘူး၊ တောင်တက်ကြိုးတွေ ဘာတွေ သူများ ယူရဦးမယ်”

ဟု ကျွန်တော်က ပြောလိုက်သည်။ ကျွန်တော့်ရည်ရွယ်ချက်ကတော့ ကျွန်တော် ပြန်လာချိန်တွင် နာဒါက သူ့အကြံကိုလက်လျှော့သွားစေရန် ဖြစ်သည်။

သို့ဖြင့် ကျွန်တော်သည် လေးလံသောခြေလှမ်းများဖြင့် လိုဇ်ခေါင်းသို့ ပြန်လာ သည်။ ကြိုးတစ်ပင်ကိုခွေပြီး ပခုံးတွင်စွပ်လိုက်သည်။ ထို့နောက် လိုအပ်သော ရိက္ခာပစ္စည်း များနှင့် လက်နှိပ်ဓာတ်မီးတစ်လက်ကို ကျောပိုးအိတ်တွင်ထည့်ပြီးပြန်လာခဲ့သည်။ ကျွန်တော် ခြေလှမ်းများမှာ အလာတုန်းကထက်ပင် ပို၍ နှေးကွေးနေသေးသည်။

ဘုရားရေ... အပါး... ပါး။ နာဒါသည် သူ့အကြံကို လက်လျှော့ဖို့ နေနေသာသာ ကျောက်တောင်ပေါ်သို့ ပေနှစ်ရာလောက်ပင်ရောက်နေပြီ။ သူသည် သူ့အောက်မှ တ ရွေ့ဖြင့် ချိတ်တက်လာသော ဆာဘာရီကိုပင် လက်ညှိုးထိုးပြီး ရယ်ကာမောကာ လှောင် ပြောင်သရော် နေလိုက်သေးသည်။

ကျွန်တော့် ဒူးနှစ်ဖက် တဆတ်ဆတ်တုန်နေသည်။ ကျွန်တော့်ကို စိတ်ဓာတ်ခွန်အား ပေးသနားတော်မူရန် အလ္လာအရှင်မြတ်ထံ ကျွန်တော် ကျိတ်၍ ဆုတောင်းလိုက်သည်။ ဘုရားရေ... တကယ့်ကို အသည်းယားစရာကြီးပါကလား။

ကျွန်တော်သည် ကျောက်စွန်းကိုကုတ်ထားသော ကျွန်တော့်လက်နှစ်ဖက်ကို ကြည့် လိုက်သည်။ တစ်ချိန်တည်းတွင် ခြေထောက်နှစ်ဖက်ကို ဟန်ချက်ယူပြီး အပေါ်သို့ ချိတ် တက်သည်။ သို့သော်

စိတ်ကမရဲ။ အပေါ်သို့ မော့ကြည့်လိုက်သည်။ နာဒါသည် ဝတ်စုံ အနက်ကြီးဝတ်ပြီး အကြောက်အလန့်မရှိ တက်ပြီးရင်းတက်ရင်း ဆက်တက်နေသည်။

သူက အောက်သို့ လှမ်းအော်ပြောသည်။ "လာစမ်းပါ၊ တက်ခဲ့စမ်းပါ၊ အပေါ်ကကြည့်ရတာ သိပ်လှတာပဲ"

အလို... အံ့သြစရာပါကလား။ သူတို့နှစ်ယောက် မြေပြန့်ကွက်လပ်ကလေးပေါ်တွင် ရပ်ပြီး အနားတောင်ယူနေကြပါရော့လား။

ကျွန်တော် သူတို့ဆီရောက်သွားတဲ့အခါ ဆက်မတက်ဖို့ ဆုံးဖြတ်ပါစေဟု ကျိတ်ပြီး ဆုတောင်းလိုက်သည်။ ကျွန်တော်တရွေ့ရွေ့နှင့် ကြိုးစားပြီး ဆက်တက်လာခဲ့သည်။ နောက်ဆုံး သူတို့ဆီသို့ရောက်လာခဲ့သည်။ နာဒါသည် တစ်စက်ကလေးမျှ အားမလျှော့သည့် အပြင် ဆာဘရီကိုပင် ဆက်တက်ရန် အားပေးစကားတွေ ဘာတွေ ပြောနေသေးသည်။ ဆာဘရီမှာ ကြောက်စိတ်ကြောင့် ဒူးတွေတုန်နေသည်။ စကားပင်မပြောနိုင်ရှာ။

ကျွန်တော်က အသက်ကို မှုတ်ထုတ်လိုက်ရင်း

"တို့ပြန်ဆင်းလျှင် ပိုကောင်းလိမ့်မယ်၊ ဘယ်လိုမှ မဖြစ်ပါနဲ့ ဆာဘရီ၊ ပြန်ဆင်းတာ ရှက်စရာ မဟုတ်ပါဘူး၊ မင်း ဒီအတိုင်း မဆင်းနိုင်လျှင် တို့က ကြိုးနဲ့သိုင်းပြီး ပြန်ချပေး ပါ့မယ်"

ကျွန်တော်က သူ့ပခုံးကို သိုင်းဖက်လိုက်သည်။ တကယ်တော့ ကျွန်တော်ကြိုယ်တိုင် လည်း ဆာဘရီလိုပင် ဒူးတုန်နေသည်ပင်။ သို့သော် ကျွန်တော်ကဟန်ဆောင်ပြီး သူ့ကို အားပေးစကားပြောနေသည်။

erme

"ကဲ... ဆက်ကြိုးစားလိုက်ဦးစို့၊ လာစမ်းပါဆာဘရီ၊ ကြောက်မနေပါနဲ့၊ တက်ခဲ့ပါ၊ ၊ ယောက်ျားတွေပဲ ကြောက်မနေစမ်းပါနဲ့"

ကျွန်တော် အပေါ်သို့မော့ကြည့်လိုက်သည်။ နာဒါ ဆက်တက်သွားပြီ။ "နာဒါ... ' ကျွန်တော်က အော်ခေါ်လိုက်သည်။ "နာဒါ... ပြန်ဆင်းခဲ့ပါ၊ ပြန်ဆင်းခဲ့ပါ၊ ဒါ ငါအမိန့်ပေးနေတာ"

”အို… ဒီအထိရောက်လာမှပဲ၊ ဘာလို့ပြန်ဆင်းရမှာလဲ နင် ယောက်ျား၊ မရှက်ဖူးလား၊ စမ်းပါ၊ တက်ခဲ့စမ်းပါ၊ ဒီမှာ အက်ကြောင်းကြီးရှိတယ်၊ တက်ရတာ သိပ်လွယ်တာပဲ”

ကျွန်တော် အပေါ်သို့” မော့ကြည့်လိုက်သည်။ ပြီးတော့ အောက်သို့ငုံ့ကြည့်လိုက် သည်း ဘုရားရေ… အပေါ်ကြည့်ကြည့်၊ အောက်ကြည့်ကြည့် အားလုံးကြောက်စရာချည်း ကလား။

“ကဲပါ ဆာဘာရီ မထူးတော့ပါဘူး၊ တို့ ဆက်တက်ကြရအောင်၊ အပေါ်မှာ နာဒါ အတွေ့ထားပြီ”

“ငါ… ငါ… မတက်ရဲဘူး” ဆာဘာရီက ကတုန်ကယင်ဖြင့် ပြန်ပြောသည်။

ဆာဘာရီအား အတင်းတိုက်တွန်းသော်လည်း ရတော့မည်မဟုတ်။ သူ့တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေပြီ။

“ဒါဆို မင်းဒီနေရာမှာပဲ နေကျန်ရစ်၊ ဘယ်မှမသွားနဲ့၊ တို့ မကြာခင် ပြန်ဆင်းလာ ဆယ်၊ ဟုတ်ပြီလား”

ဆာဘာရီက ခေါင်းကို အားယူပြီးညိတ်သည်။

ဒါ့ပြောသည့်အတိုင်းပင် အတက်လမ်းမှာ တော်တော်လွယ်ကူသည်။ ကျွန်တော့် ကြောက်စိတ်ကြွေ ပြေပျောက်သွားကြသည်။ လိုဏ်ခေါင်းနှင့် တဖြည်းဖြည်းနီးလာသောအခါ တော့်မှာ ပို၍အားတက်လာသည်။ နာဒါကတော့ လုံးဝကြောက်စိတ်ရှိပုံမရ။ သူသည် ကျောက်နံရံကြီးကို တိရစ္ဆာန်တစ်ကောင်ပမာ လွယ်လွယ်ကူကူနှင့် ကုတ်ခြစ်တက်သွား ည်။ တကယ်မိန်းကလေးပါလား။ သူ့ကို ဘီလူးသရဲများ စီးနေတာလား။

ကျွန်တော်တစ်သက်တွင် ဘယ်ကိစ္စမှာမဆို မိန်းကလေးတစ်ယောက်အပေါ်တွင် ဘယ်တော့မှ မှီခိုအားကိုးခြင်းမရှိခဲ့စဖူး။ ယခုတော့ ကျွန်တော်သည် နာဒါကို လုံးဝ အားကိုးမှီခိုနေရပြီ။ မာဒါသည် ကျွန်တော့်လက်ကိုလှမ်းဆွဲပြီး ကျွန်တော့်အား အနီးသို့ တင်လိုက်သည်။ 'ကဲ… ငါပြောတယ်မဟုတ်လား၊ လွယ်ပါတယ်ဆို”

”ဟုတ်ပါတယ်၊ လွယ်လွယ်ကလေးပဲ”

နာဒါနှင့် ကျွန်တော်တို့သည် တစ်ယောက်လက်ကိုတစ်ယောက် ဆွဲကာ လိုဏ်ခေါင်း ပေါက်ဝတွင် ရပ်နေကြသည်။ အတော်ကလေးကြာတော့မှ ကျွန်တော်က လက်နှိပ်ဓာတ်မီး နှင့် ထိုးကြည့်ပြီး နာဒါအား ရှေ့မှသွားရန် တွန်းလိုက်သည်။

နာဒါသည် ခြေဖျားထောက်လျက် ရှေ့သို့တိုးသွားသည်။ သူ ခေတ္တရပ်နေလိုက် သည်။

“လင်းနို့တွေ ဘာတွေ ရှိမယ်ထင်တယ်”

ကျွန်တော် သူ့နောက်သို့လိုက်လာသည်။ လိုဏ်ခေါင်းထဲသို့ လက်နှိပ်ဓာတ်မီး ထိုးကြည့်လိုက်သည်။

နာဒါသည် ရုတ်တရက် လန့်အော်လိုက်ပြီး ကျွန်တော်ကို ဖက်ထားလိုက်သည် ကျွန်တော်က သူစိုက်ကြည့်နေသောနေရာဆီသို့ လှမ်းကြည့်လိုက်သည်။

ဘုရား ... ဘုရား...လူရိုးတွေ စုပုံနေကြပါကလား။ “မကြောက်ပါနဲ့ သေသွားပြီးတဲ့ လူတွေပဲဟာ” ကျွန်တော်က ကိုယ်ကိုယ်ကိုယ်အားတင်းပြီး တိုးတိုးပြောလိုက်သည်။

ထို့နောက်တွင်တော့ ပို၍စိတ်မချမ်းသာစရာကောင်းသော မြင်ကွင်းကို မြင်ကြရ ပြန်သည်။

ရောမအိုးကွဲကြီးတစ်လုံးထဲတွင် ကလေးငယ်တစ်ယောက်၏ အရိုးစုများ။ အိုးသား ကလေးတစ်လုံးနှင့် ဆန်စေ့အချို့။

“ဒီကလေးဟာ ဘယ်သူများပါလိမ့်နော်” နာဒါကမေးသည်။ ကျွန်တော် ဘာမှပြန်မပြော။

ထို့နောက် အနီးအနားတစ်ဝိုက်ကို ကျွန်တော်တို့ လက်နှင့်ယက်၍ ကြည့်သောအခါ နောက်ထပ်ကလေးငယ်များ၏ အရိုးစုများကိုပါ

ထပ်မံတွေ့ကြရသည်။ ယင်းအရိုးစုများကို ယဇ်ပလ္လင်နှင့်တူသော ကျောက်တုံးပေါ်တွင် တွေ့ရခြင်းဖြစ်သည်။ မီးဖိုထားသော အမှတ်အသားများကိုလည်း တွေ့ကြရသည်။ ဤအရာများသည် ဘာကြောင့်ဘယ်လို ဖြစ်ရသည်ကို ကျွန်တော်တို့ မတွေးတတ်ကြပါ။ သို့သော်လည်း သိချင်စိတ်ကြောင့် ကြောက်စိတ် များ ပြေပျောက်သွားသည်ကတော့ အမှန်ပင်။

ကျွန်တော်တို့သည် ဆက်လက်ပြီး အခန်းသုံးခန်းကို ရှာဖွေကြည့်ရှုကြသည်။ ယခင်က လူတွေ နေထိုင်သွားသည့် အထောက်အထားများကို တွေ့ရသည်။ အိုးသားက တစ်ဒါဇင်ခန့်အနက် အများစုမှာ ကွဲနေကြပြီ။ ထို့ပြင် ညှပ်ဖိနပ်တစ်ဖက်၊ ဆံစုတစ်ခု ဆန်စေ့တချို့ အဝတ်စများ၊ ခြင်းတောင်းများ၊ ခွင်ခလောက် မီးဖိုတစ်ခုနှင့် ပန်းကန်ခွက် ယောက်များ... ။

ဓာတ်ခဲအားနည်းလာ၍ ကျွန်တော့် လက်နှိပ်ဓာတ်မီးရောင် မှိန်သွားသည်။ “ကဲ... တန်ဖိုးရှိတာ ဘာမှမရှိပါဘူးနာဒါ၊ တို့ပြန်ထွက်ကြစို့”

”ခဏနေပါဦး၊ ဟောဟိုမှာ ဘာများရှိမလဲ”

သူက ကျောက်ဂူဝတစ်ခုကို လက်ညှိုးထိုးပြရင်း ပြောသည်။ ဂူဝမှာ အလွန်နိမ့်သော ကြောင့် နာဒါသည် လေးဖက်ထောက်ပြီး ဝင်ရသည်။ “လာစမ်းပါ နာဒါ၊ ဓာတ်ခဲကုန်သွားလျှင် မလွယ်ဘူး”

နာဒါသည် ကျွန်တော့်စကားကို လုံးဝနားမထောင်ဘဲ ဂူခေါင်းထဲသို့ ဝင်သွားသည်။ ကျွန်တော် တော်တော်စိတ်ပေါက်မိသည်၊ သို့သော် ကျွန်တော်က ဘာမှမတတ်နိုင်။ နာ နောက်မှ လေးဖက်တွားပြီးသာ လိုက်ဝင်လာခဲ့ရသည်။

“ဂူက သိပ်နိမ့်တယ်၊ ဒီအထဲမှာ ဘယ်သူမှ မနေနိုင်ပါဘူး” ဟု ကျွန်တော်က ပြောလိုက်သည်။ “လူမနေနိုင်ပေမယ့် ဝှက်ထားတဲ့ ပစ္စည်းတွေ ဘာတွေ ရှိနိုင်တာပေါ့ ကျွန်တော်တို့သည် ဂူခေါင်းအဆုံးသို့ ရောက်လာကြသည်။ ရှေ့ဆက်သွား၍ တော့၊ နောက်သို့ ပြန်လှည့်ရန်ပင် တော်တော်ခက်နေပြီ။ ကျွန်တော် ဘေးပတ်လည်သို့ က်နှိပ်ဓာတ်မီး ထိုးကြည့်လိုက်သည်။ တုတ်ချောင်းပုံတစ်ခုမှလွဲ၍ ဘာပစ္စည်းမှမတွေ့ရ။ “ဘာမှမရှိပါဘူး “ဒါ

”ဒီတုတ်ချောင်းတွေက ဘယ်လို ရောက်လာတာလဲ၊ တစ်ယောက်ယောက်

ယူလာတာ ရမယ်”။ “အဲဒီတော့ ဘာဖြစ်လဲ”

”နေဦး၊ နားထောင်စမ်း”

” ငါတော့ ဘာသံမှမကြားရပါဘူး”

”လက်နှိပ်ဓာတ်မီး နောက်ကို ပြန်ထိုးကြည့်လိုက်စမ်းပါဦး”

”ကျောက်ခဲတွေ လိမ့်ကျတာ ဖြစ်မှာပါ”

”မီးသာ ထိုးစမ်းပါ၊ ဘာများပါလိမ့်”

ကျွန်တော်တွေ့ရသည်မှာ ကျောက်တုံးတွေကြားမှ ပေါ်ထွက်နေသော ခြင်းတောင်း ကလေးတစ်လုံးသာ ဖြစ်သည်။ နာဒါက ကျောက်တုံးတွေကိုဖယ်ပြီး တုတ်တစ်ချောင်းနှင့် နေသည်။ မြေခေါင်းကြီး ရုတ်တရက်ပွင့်သွားသည်။ ပစ္စည်းတွေ အများကြီးပေါ်လာ သည်။ စုစုပေါင်းခြောက်ခု၊ အောက်မှာလည်း အများကြီး ရှိချင်လည်းရှိနိုင်သေးသည်။ ကျွန်တော်တို့က ဝပ်ပြီးနေရ၍ ဖွင့်ကြည့်ရန်မလွယ် ကျွန်တော်က တုတ်တစ်ချောင်းယူပြီး တွင်းခေါင်းကိုချဲ့သည်။ လက်နှိုက်သာသောအခါ တွင်းခေါင်းထဲ လက်သွင်းပြီး တွေ့ရာကို ဆွဲထုတ်လိုက်သည်။ သံနှင့်လုပ်ထားသော ပစ္စည်းသုံးခုပါလာသည်။ ထိုအခိုက် လက်နှိပ် ဓာတ်မီး မီးရောင်မှာ မှိန်သွားသည်။

“ကဲ.. နင်ယူနိုင်သလောက်ယူ၊ ကျန်တာတွေ ငါယူလာခဲ့မယ်၊ တို့ အပြင်ပြန် ငှက်ကြရအောင်”

ကျွန်တော်တို့ ဂူဝသို့ရောက်သောအခါ လက်နှိပ်ဓာတ်မီး လုံးဝ အားကုန်သွားသည်။

ယူလာသောပစ္စည်းများကို မြေကြီးပေါ်ချပြီး ကြည့်ရှုကြသည်။ သံနှင့် ကြေးနီများဖြင့် လုပ်ထားသော အလွန်လှပသည့်ပစ္စည်းများဖြစ်သည်။ ပစ္စည်းတစ်ခုတွင် တောင်ဆိတ်ခေါင်း ပြုလုပ်ထားသည်။ နောက်တစ်ခုက သရဖူပုံ။ အပေါ်တွင် ငှက်ရုပ်များပါသည်။ အခြား စ္စည်းနှစ်ခုကို ဆင်စွယ်နှင့်ထုလုပ်ထားပြီး အပေါက်အခေါင်းကလေးတွေ အများကြီး မော်ထားသည်။

“ ဒါတွေဟာ ဘာတွေလဲ အစ္စမေ”

”ငါလည်း မသိဘူး၊ ဒါပေမယ့် တန်ဖိုးတော့ရှိမှာပဲ”

”ဒါတွေကို ထည့်ယူသွားစရာ ဘာမှမရှိဘူး၊ အဲဒီတော့ ဒီမှာပဲဝှက်ထားခဲ့လျှင် ကောင်းဘူးလား၊ ပြီးတော့မှ တောင်းနဲ့ လာသယ်ယူမယ်လေ”

“အဲဒီလိုလုပ်လို့မဖြစ်ဘူး နာဒါ၊ တစ်ယောက်ယောက်တွေ့သွားလျှင် ယူသွားလိမ့်မယ်၊ ကဲ… ဒီလိုလုပ်မယ်၊ ငါ့အင်္ကျီချွတ်ပြီး ထုတ်ယူသွားမယ်၊ ကျန်တာတွေ ဘယ်လိုလုပ်မလဲ။ ဟုတ်ပြီ နှင့်စကတ်ချွတ်”

နာဒါသည် သူ့စကတ်ကို ချက်ချင်းချွတ်လိုက်သည်။ သူ့ကိုယ်ပေါ်တွင် ခြေမျက်စိထိ ရောက်သော အတွင်းခံဘောင်းဘီရှည်သာ ကျန်တော့သည်။

“နင် ဘယ်လိုမှမဖြစ်နဲ့၊ နင့်ကို ငါမကြည့်ပါဘူး”

”အဲဒါက အရေးမဟုတ်ပါဘူး၊ နင်ကငါ့မောင်ပဲဟာ၊ ဒီပစ္စည်းတွေက ပိုအရေးကြီး တယ်”

ကျွန်တော်တို့၏ ဝမ်းသာပျော်ရွှင်မှုက အပြန်ခရီးကို အလာခရီးထက် လွယ်ကူ မောစေသည်။ ကျွန်တော်တို့ ဆာဘရီထံသို့ ရောက်သောအခါ သူ့အခြေအနေမဆိုးလှ တွေ့ကြရသည်။ သူ့ကိုယ်သူထိန်းပြီး စိတ်ရှည်လက်ရှည် စောင့်နေသည်။

ကျွန်တော် တွေးပူမိသောအချက်မှာ ဤကိစ္စနှင့်ပတ်သက်၍ ဖေဖေ့ကို ဘယ် ပြောပြရမှာလဲဟူသော ပြဿနာပင်ဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ဖေဖေ့ကိုတော့ လိင် လိမ်ပြောရတော့မည်။ သို့မှလည်း အားလုံးအတွက် အဆင်ပြေနိုင်မည် ဖြစ်သည်။

“နာဒါ ငါတစ်ခုပြောမယ်၊ တို့သုံးယောက် ဒီလိုလုပ်ကြတာကို ဖေဖေ့ကို လို့တော့ လုံးဝမဖြစ်ဘူး၊ တို့က မင်းကိုခေါ်သွားတာကို ဖေဖေသိလျှင် အားလုံး ခု ရောက်ကုန်လိမ့်မယ်၊ ငါစိတ်ကူးမိတာက ငါတစ်ယောက်တည်း သွားတာလို့ပြောမယ် ဒါပေမယ့် ဖေဖေကယုံမှာမဟုတ်ဘူး၊ ဘာလို့လဲဆိုတော့

ဒီပစ္စည်းတွေအားလုံးကို ငါ ယောက်တည်း သယ်ယူမလာနိုင်ဘူးဆိုတာ သူတွေးမိလိမ့်မယ်၊ အဲဒီတော့ ဆာဘာ ငါနဲ့ သွားကြတာလို့ပြောမှဖြစ်လိမ့်မယ်” ။

နာဒါက မျက်လုံးဝိုင်းကြီးများဖြင့် ကျွန်တော့်ကို စိုက်ကြည့်နေသည်။ သူ့ရင်ထဲတွင် တော်တော်ခံစားနေရဟန်တူသည်။ ဆာဘာရီကတော့ ဘယ်သူ့ကိုမှမကြည့်ဘဲ မျက်နှာ အောက်စိုက်ထားသည်။ “ဖေဖေ့အကြောင်းကို နင်တို့သိပါတယ်” ကျွန်တော်က ဆက်ပြောသည်။

“ဒီအကြောင်းသိလျှင် သူ့ကိုရိုက်လိမ့်မယ်၊ ဆာဘာရီကိုတော့ အ တော သတ်ပစ်နိုင်တယ်၊ ပြီးတော့ နင်လည်းသက်သာမှာမဟုတ်ဘူး”

ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက် တစ်ခွန်းမှ စကားမ အကြာကြီး ငြိမ်ဆိတ်နေကြသည်။ နောက်ဆုံးတွင် နာဒါသည် ကျွန်တော့်လက်ကို ကိုင်လိုက်သည်။ ပြီးတော့ ဆာဘာရီ၏လက်ကိုလည်း ဗွဲဗွဲစားစားဆွဲကိုင်လိုက်သည်။

“နင်ပြောတာမှန်ပါတယ် အစ္စမေ၊ ဒီပစ္စည်းတွေကို နင်နဲ့ ဆာဘာရီတို့ နှစ်ယောက်တည် သွားတွေ့တာလို့ပဲ ပြောပါ၊ ငါ လုံးဝမပါဘူးလို့ပြောပါ”

ကျွန်တော်ဒီလျှင် သူ့ကိုအသာမှာမဟုတစ်ခွန်းမှ စကား

အခန်း(၉)

သဲကန္တာရတွင် မွေးဖွားကြီးပြင်းသော ဘီဒိုယင်တစ်ယောက်ကို “သဲကန္တာရကြွက်”ဟု ကြသည်။ သဲကန္တာရကြွက်သည် သဲကန္တာရ၏ ဆိုးရွားသောရာသီဥတုဒဏ်ကို ကြံ့ကြံ့ တာသက်ရှင်ရပ်တည်နိုင်သည်။ သဲကန္တာရတွင် မွေးဖွားကြီးပြင်းသူမဟုတ်လျှင် ထိုသူ အား သဲကန္တာရက အရှင်လတ်လတ် ဝါးမျိုသွားလိမ့်မည်။

ကျွန်တော် ဆယ့်သုံးနှစ်သားမပြည့်မီ လအနည်းငယ်ခန့်တွင် ကျွန်တော်၏ ပျော် ရာကောင်းသော ဘဝဘုံဗိမာန်ကလေး ပြိုကွဲသွားခဲ့သည်။

ပထမတွင် သဲမုန်တိုင်းဆင်သည်။ ကောင်းကင်တစ်ပြင်လုံး ပိန်းပိတ်အောင်

မည်းမှောင်သွားသည်။ အစတွင် အသိန်းအသန်းမကသော ကျိုင်းကောင်တွေများလား၊ သို့မဟုတ် သဲမှုန့်တွေလားဆိုသည်ကို မခွဲခြားနိုင်ကြ။ ထို့နောက်တွင် သဲကန္တာရဘက်မှ ထင်လယ်ဘက်ဆီသို့ လေပြန်တိုက်ခတ်လာသည်။

ဤလေသည် သတ္တုကျိုသော မီးဖိုမှအပူရှိန်ကဲ့သို့ အလွန်ပူပြင်းသည် ဤလေတိုက် လာပြီဆိုလျှင် တခြားဘာမှလုပ်စရာမရှိ။ နာရီပေါင်းများစွာ ကြာသည်အထိ မြေကြီးပေါ်တွင် ပြားပြားဝပ်ပြီး သေလုမျောပါး ပင့်သက်ရှူနေရုံသာ ရှိတော့သည်။ မရေမတွက်နိုင်သော သဲပွင့်ပေါင်းမြောက်မြားစွာတို့သည် တစ်ကိုယ်လုံးကို ဝါးမျိုးကိုက်စားကြသည်။ ကိုယ်ခန္ဓာကို လှုပ်ရှား၍မရ၊ ရွှေ့သွား၍မရ။ မျက်လုံးကို လုံးဝမဖွင့်နိုင်။ မျက်လုံးဖွင့်လျှင် သဲမှုန့်တွေဝင်ပြီး စုံလုံးကန်းသွားလိမ့်မည်။ သဲမှုန့်များသည် ကိုယ်ပေါ်မှအဝတ်ကို ထိုးဖောက်ကြသည်။ အရေပြားကို စူးဝင်ကြသည်။ အသက်ရှူမရအောင် မွန်းကျပ်စေသည်။

လိုဏ်ခေါင်းထဲသို့ သဲမှုန့်များ မဝင်နိုင်အောင် မည်မျှပင်ဖုံးအုပ် ကာကွယ်ကြသော်လည်း ကာကွယ်၍မရ။ သဲမှုန့်များသည် လမ်းပေါက်ရှာ၍ ဝင်လာကြပြီး အရာဝတ္ထုတိုင်း ပေါ်တွင် ဖုံးလွှမ်းနေကြတော့သည်။ ကျွန်တော်တို့သည် တစ်ပတ်ခန့်အထိ ပါးစပ်ထဲမှ သဲမှုန့်များကို ထွေးပစ်နေကြရသည်။ လိုဏ်ခေါင်းထဲတွင် အမျိုးမျိုး သန့်ရှင်းရေးပြု လုပ်ကြသော်လည်း သဲမှုန့်တွေ မစင်နိုင်ဘဲရှိသည်။ ပါးစပ်နှင့် နှာခေါင်းထဲတွင် သဲတွေ ဝင်နေသည်။ စားသမျှအစာတိုင်း သဲတရှပ်ရှပ်နှင့်ဖြစ်နေသည်။

သဲမုန်တိုင်းပြီးလျှင် သန်းကြီးတွေ ရောက်လာကြသည်။ ၎င်းတို့သည် မျက်ခုံးမွေး စ၍ လူတစ်ကိုယ်လုံးရှိ အမွေးရှိသမျှ နေရာတိုင်းတွင် ဝင်စွဲကြသည်။ ကျွန်တော်တို့သည် သန်းကြီးပျောက်အောင် တစ်ယောက်ကိုတစ်ယောက် ခေတ်ဆီလိမ်းကြသည်။ ထို့နောက် ရေစမ်းပေါက်သို့သွားကာ ဆပ်ပြာတိုက်ပြီး ရေချိုးကြသည်။ သန်းကြီးပျောက်ဆေး ခေတ်ဆီလိမ်းသောကြောင့် ကျွန်တော်တို့တစ်ကိုယ်လုံး အပူလောင်ပြီး အရေပြား ဖူးရောင်ကာ နေမထိထိုင်မသာ ဝေဒနာခံစားကြရသည်။ “ သဲမုန်တိုင်းတိုက်ပြီးလျှင် သေနတ်များကို ပြန်ဖြုတ်ပြီး တိုက်ချွတ်ကြရသည် ရိက္ခာပစ္စည်းတွေကို လိုအပ်သည်ထက်ပို၍ အမြန်ဆုံးသုံးစွဲပစ်ကြရသည်။ ထို့ အမဲဆီ၊ ခေတ်ဆီ၊ ရေနံဆီ၊ ဆပ်ပြာနှင့် စားသောက်ရိက္ခာများ လျော့နည်းလာသည် ထိုပစ္စည်းများကို

ဂျယ်ရီကိုမြို့တွင် ဝယ်ယူပြန်ဖြည့်ရန် ဘယ်နည်းနှင့်မျှ မရနိုင် ဂျယ်ရီကိုမြို့တွင် အရာရာတိုင်း ရှားပါးပြတ်လပ်နေသည်။ စစ်ပြေးဒုက္ခသည်တွေကလည်း နေ့စဉ်နေ့တိုင်း တိုးတက်ရောက်ရှိနေကြသည်။ မှောင်ခိုဈေးကြီးကလည်း အလွန်စည်က သည်။ ကုန်ပစ္စည်းတိုင်း ဈေးနှုန်းတွေ မိုးထိအောင် လှေကားထောင်တက်နေကြသည် ဂျယ်ရီကိုမြို့သို့ ရောက်လာကြသည့် ဒုက္ခသည်များတွင် မကြာမီမှာပင် ပိုက်ဆံ လာကြသည်။ လက်ဝတ်လက်စားတွေကို မတန်တဆဈေးနှင့် ရောင်းကြရသည်။ မှောင်ခံ တွင် ကိုယ်ကရောင်းလျှင် ဈေးနှိမ်ခံရသည်။ သူများထံမှဝယ်လျှင်မူ မူလဈေးနှုန်း အဆပေါင်း သုံးလေးဆယ်ပေးရသည်။

တောတွင်းလိုဏ်ခေါင်းထဲတွင် နေထိုင်ရသော ကျွန်တော်တို့၏ အခြေအနေ အလွန်စိုးရိမ်နေရသည့်အဆင့်သို့ ရောက်နေပြီ။ ကုန်သွားသော ရိက္ခာပစ္စည်းများကို လုံး ပြန်မဖြည့်နိုင်တော့။ နောက် နှစ်လလောက်ဆိုလျှင် ကျွန်တော်တို့မှာ ရိက္ခာလုံးဝပြတ်ပြီး အစာငတ်ရုံသာ ရှိတော့သည်။

သဲမုန်တိုင်းဒဏ်ခံရခြင်းနှင့် ရိက္ခာပြတ်လပ်လာခြင်းတို့ကြောင့် ကျွန်တော်တို့ အားလုံးပင် စိတ်ဓာတ်ကျလာကြသည်။ သည်ကြားထဲ ဖာတမာနှင့် ရာမီဇာတို့မှာ ကို လေးလက်ဝန်ကြီးဖြင့် အန်လိုက်အော့လိုက် ငိုလိုက်ရယ်လိုက်ဖြစ်နေကြရာ စိတ်ပျက်စရာ ကောင်းလှသည်။ ကျန်လူတွေလည်း အလိုလိုစိတ်တိုလာကြသည်။ ဘာမဟုတ်သည့်တီ ကလေးဖြင့် အချင်းချင်းစကားများလာကြသည်။ ကိုယ့်အကြောင်းနှင့်ကိုယ် လျှို့၏ ချက်တွေ ခံစားချက်တွေ ရှိနေကြသော်လည်း တစ်ယောက်ကိုတစ်ယောက် ဖွင့်မပြော မျိုသိပ်ထားကြသည်။

ထို့နောက် ရေပြဿနာပေါ်လာပြန်သည်။ ပထမဦးစွာ ဆောင်းရာသီမိုးရွာ ရေကြီးသည်။ ရေဖြည့်ထားသောဆည်များနှင့် ရေလှောင်ကန်များ ကျိုးပဲ့ပျက်စီးကုန်သည် ရေတွေအားလုံးညစ်ပတ်ပြီး သောက်မရသုံးမရ ဖြစ်ကုန်သည်။

ကျောက်ဆောင်ကျောက်စွန်း အက်ကွဲကြောင်းများမှတစ်ဆင့် ရေတွေစီးဝင်လာပြီး လိုဏ်ခေါင်းထဲတွင် ခြေမျက်စိအထိ ရေတွေပြည့်လျှံသွားသည်။

ရိက္ခာပစ္စည်းတွေ ရေစီ ပုပ်သိုးကုန်သည်။

လိုဏ်ခေါင်းတစ်ခုလုံး စွတ်စိုနေသောအခါ ကြွက်စသော ပိုးမွှားတိရစ္ဆာန်များလာ အလိုအလျောက် ရောက်လာကြသည်။ ၎င်းတို့သည် စားနပ်ရိက္ခာများကို ဖျက်ဆီးကြသည် ညအချိန်တွင် အိပ်၍မရအောင် သောင်းကျန်းကြသည်။

ကျွန်တော်တို့၏ တစ်ယောက်လျှင် တစ်ရံစီသာရှိသော ဖိနပ်တွေလည်း ပျက်စီးကုန် ကြပြီ။ ကျောက်ဆောင် ကျောက်စွန်းများနှင့် ထိရှမိ၍ ခြေထောက်တွေလည်း ပွန်းပဲ့နေကြ ချောင်းဆိုးရောဂါ၊ ဝမ်းကိုက်ရောဂါများနှင့် အဖျားရောဂါများ မကြာခဏ ဖြစ်ပွားသည်။ ခေတ်မီဆေးဝါးမရှိ၊ တောဆေး အုံဆေးနတ္ထိ။ ထို့ပြင် အင်္ကျီအဝတ်အစားတွေလည်း အကုန်လုံး ညစ်ပတ်စုတ်ပြဲကုန်သောကြောင့် အပူဒဏ်ကို အကာအကွယ်မပေးနိုင်ကြတော့။

အချုပ်ဆိုသော် ကျွန်တော်တို့၏အခြေအနေမှာ ဖေဖေ့မျက်နှာကိုသာ အချိန်ရှိတိုင်း တ ကြည့်ကြည့် ကြည့်နေကြရသည့်အခြေအနေမျိုးသို့ ရောက်လာသည်။ ဖေဖေ့ပါးစပ်မှ စကားများ ထွက်လာမလဲဟူ၍ တမျှော်မျှော် မျှော်နေရသောဘဝသို့ ရောက်လာကြ သည်။ ဤလိုဏ်ခေါင်းထဲတွင် ဆက်လက်နေထိုင်ခြင်းထက် တစ်နေရာသို့ ထွက်သွားခြင်းက ၍ကောင်းလိမ့်မည်။ ဤနေရာမှ ထွက်သွားရန် ဖေဖေ ဘယ်တော့ပြောလိမ့်မလဲဟူ၍ အားလုံးကပင် မျှော်တလင့်လင့် ဖြစ်နေကြသည်။

ကျွန်တော်တို့ အားလုံး၏ အကြီးအကဲ၊ ကျွန်တော်တို့အားလုံး၏ ခေါင်းဆောင်၊ ကွန်တော်တို့အားလုံး၏ အားထားမှီခိုရာဖြစ်သော ဖေဖေကိုယ်တိုင်ပင်လျှင် သူ့ကိုယ်သူ တင်းထားရန် စွမ်းနိုင်ပုံမရတော့။ သို့ဖြင့် ကျွန်တော်တို့သည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက် ကင်းလာကြသည်။ စိုးရိမ်ကြောင့်ကြမှုတွေ ဝင်လာကြသည်။ စိတ်ဓာတ်တွေ ကျလာကြသည်။ သံသယစိတ်တွေ တိုးပွားလာကြသည်။

ဂျယ်ရီကိုမြို့မှလာသော သတင်းဆိုးများကြောင့် ဟာဂျီအီဘရာဟင်အဖို့ ခါးရိုးကို အချိုးခံရသလို အကြီးအကျယ် ခံစားရသည်။

ဒုတိယအကြိမ် အပစ်အခတ်ရပ်စဲရေးကာလ ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် တိုက်ပွဲ တွေ ပြန်လည်ဆင်နွှဲကြသည်။ အီဂျစ်ရေတပ်မှ ရှေ့ပြေးစစ်သင်္ဘောများ နှစ်မြှုပ်ခံရသည်။ ထို့နောက် ဘီယာရှီဘာကို ဂျူးတပ်များက သိမ်းပိုက်လိုက်သည်။ ဂျူးတပ်များသည် အီဂျစ်တပ်များကို နီဂျက်ဒေသမှမောင်းထုတ်ရင်း ဆိုင်နိုင်းသဲကန္တာရထဲသို့ ဝင်ရောက် လာနေကြပြီ။ နောက်တစ်ဆင့်တွင် ကောက်ဂျီတပ်များနှင့် ဂျော်ဒန်တပ်များကို နယ်စပ်မှ မောင်းထုတ်ပစ်ရန်သာ ရှိတော့သည်။ ဆီးရီးယားတပ်များလည်း ဂါလီလီတွင် ပိတ်မိနေပြီ။ လက်ဘနွန်တပ်များကိုမူ ထည့်တွက်စရာပင်မလိုတော့။

ဂျူးတပ်များသည် လာထရွန်ကို သိမ်းပိုက်ရန် နှစ်ကြိမ်တိုင်တိုင် ထိုးစစ်ဆင်သည်။ သို့သော် အာရပ်တပ်များကို မထိုးဖောက်နိုင်။ ထို့ကြောင့် ဂျူးတပ်များသည် ဂျေရုဆလင်သို့ တက်ပြီး ဂျူးရပ်ကွက်များကို သိမ်းပိုက်လိုက်သည်။ . အာရပ်တပ်များ အရေးနိမ့်လာကြောင်း သိလာသောအခါ အာရပ်လူမျိုးအချင်းချင်း လုပ်ကြံသတ်ဖြတ်မှုများ ပေါ်ပေါက်လာတော့သည်။

ဂျေရုဆလင်မဟာမင်းကြီး၏ လက်ပါးစေတစ်ဦးက နာဗလူးမြို့တော်ဝန် ကလိုဗစ် တက်ရှာအား လုပ်ကြံသတ်ဖြတ်လိုက်သည်။ မြို့တော်ဝန်က ဂျော်ဒန်ဘုရင် အဗ္ဗဒူလာကို ထောက်ခံသည့်အတွက် ယင်းသို့ လုပ်ကြံသတ်ဖြတ်လိုက်ခြင်းဖြစ်သည်။ ဤတွင် အဗ္ဗဒူလာ ဘုရင်ကလည်း ချက်ချင်းပင်လက်တုံ့ပြန်သည်။ ၎င်း၏အထူးတပ်များကို စေလွှတ်ပြီး မဟာမင်းကြီး၏လူများကို ဖမ်းဆီးပြီး အမ္မန်မြို့တွင် အကျဉ်းချထားလိုက်သည်။

ဂျူးတို့အား မျိုးပြုတ်အောင်သုတ်သင်ရေး စီမံကိန်းကြီး ပျက်သွားသောအခါ အာရပ်နိုင်ငံများအတွင်း အချင်းချင်း စက်ပုန်းခုတ် ကြံစည်မှုများ အလျှိုအလျှိုပေါ် ကြသည်။

ဤလုပ်ငန်းကို ဆော်ဒီအာရေဗျနိုင်ငံက ပထမဆုံး စတင်အကောင်အထည် ဖော်သည်။ ဆော်ဒီအာရေဗျနိုင်ငံသည် ဒန်နိုင်ငံနှင့် နယ်စပ်ချင်း တစ်နံတစ်လျား ဆက်စပ်နေသည်။ ထို့ပြင် ဆော်ဒီမိသားစုသည် အဗ္ဗဒူလာဘုရင်နှင့်လည်း သမိုင်းနှင့်ချီ၍ မျိုးဆက်ရန်ကြွေး ရှိနေခဲ့သည်။ အဗ္ဗဒူလာနှင့် ၎င်း၏ဟာရှီမိုက်မိသားစုတို့အား အာရေဗျ ကျွန်းဆွယ်မှ

မောင်းထုတ်ခဲ့သူများမှာလည်း ဆော်ဒီတို့ပင်ဖြစ်သည်။

ဤသည်ကို နှစ်ဖက်စလုံးက တစ်သက်လုံး မေ့ပျောက်နိုင်စရာမရှိ။ ထို့ကြောင့် အဗ္ဗဒူလာဘုရင် အင်အားကြီးလာသည်ကို ဆော်ဒီတို့ကကြောက်ကြသည်။ မကြာမီတွင် မျိုးဆက်ရန်ကြွေးကို ပြန်လည်ပေးဆပ်လာမည်ကို စိုးရိမ်ကြသည်။

ထို့ကြောင့် ဆော်ဒီတို့က အဗ္ဗဒူလာဘုရင်အား စစ်ထဲဝင်လာစေရန် သွေးဆောင် ဖြားယောင်းနိုင်ရေးအတွက် အီဂျစ်၊ အီရတ်နှင့် ဆီးရီးယားနိုင်ငံများအား ငွေကြေးအမြောက် အမြား ထောက်ပံ့သည်။ ၎င်းတို့၏အကြံမှာ အဗ္ဗဒူလာ၏တပ်များ အနောက်ဘက်ကမ်းပါး အထိ ချီတက်သိမ်းပိုက်သောအခါ အဗ္ဗဒူလာဘုရင်ကို လုပ်ကြံသတ်ဖြတ်ပြီး ဂျော်ဒန်နိုင်ငံကို ၎င်းတို့အချင်းချင်း ခွဲဝေယူရန်ဖြစ်သည်။

သို့သော် အဗ္ဗဒူလာကလည်း ပါးနပ်သည်။ မြွေမြွေချင်း ခြေမြင်သည်။ သူ့အား လုပ်ကြံမည့်အန္တရာယ်ကို မျက်ခြည်မပြတ် သတိချပ်နေသည်။ တစ်ချိန်တည်းတွင် အနောက်ဘက်ကမ်းပါးကိုလည်း အမိအရသိမ်းပိုက်ပြီး ခြေကုပ်ယူထားသည်။

ဒုတိယအကြံကို အီဂျစ်နိုင်ငံက ဦးဆောင်စီမံသည်။ အီဂျစ်တို့က ဂါဇာကမ်းမြောင် ဒေသကို သိမ်းပိုက်ထားပြီး ဂျေရုဆလင်မဟာမင်းကြီးအား ဂါဇာသို့ခေါ်လာသည်။ မဟာမင်းကြီးနှင့် ၎င်း၏ နောက်လိုက်များက ဂါဇာတွင် "ပါလက်စတိုင်းအစိုးရအဖွဲ့"၌ တည်ထောင်သည်။ တကယ်ဆိုသော် အီဂျစ်တို့က ဂါဇာကမ်းမြောင်ဒေသကို ပါလက်စတိုင် နယ်မြေဟူ၍မသတ်မှတ်။ ၎င်းတို့၏ စစ်အုပ်ချုပ်ရေးနယ်မြေတစ်ခုအဖြစ်သာ သဘောထား သည်။

ယခုအချိန်တွင် အဗ္ဗဒူလာ၏ လျှို့ဝှက်လုပ်ရပ်များ စတင်အကောင်အထည် လာပြီ။ ဗိုလ်ချုပ်ကြီးကောက်ဂျီသည် အဗ္ဗဒူလာ၏ လူယုံတော်ဖြစ်ကြောင်း အားလုံး သိကြသည်။ ကောက်ဂျီသည် မဟာမင်းကြီး၏ ဘက်တော်သားများကို သူနှင့်ပေါင်း၍ ပရိယာယ်အမျိုးမျိုးဖြင့် ဖြားယောင်းသိမ်းသွင်းပြီး လုပ်ကြံသတ်ဖြတ်သည်။ ဤလုပ်ရပ် ကြောင့် အဗ္ဗဒူလာဘုရင်က ကောက်ဂျီအား ပါလက်စတိုင်းဒေသ အနောက်ဘက်ကမ်းပါး၏ ပထမဆုံးဘုရင်ခံအဖြစ် ခန့်ထားလိုက်သည်။ ဤသို့ ဖြင့် ကောက်ဂျီသည် အဆိုပါဒေသကို

အဗ္ဗဒူလာဘုရင်ကိုယ်စား အုပ်ချုပ်ရသည်။

ထိုအချိန်တွင် အီဂျစ်၊ အီရတ်နှင့် ဆီးရီးယားနိုင်ငံများ၌ အချင်းချင်း ဖြုတ်ထုတ်သတ် လုပ်ရပ်များ ပေါ်ပေါက်လာသည်။ စစ်ရှုံးသောကြောင့် ဗိုလ်ချုပ်ကြီးများနှင့် ဝန်ကြီးအဖွဲ့ များ ဖြုတ်ထုတ်သတ်ခံကြရသည်။ ဤသို့လျှင် အာရပ်နိုင်ငံများ၏ အစိုးရအဖွဲ့များ ယိမ်းယိုင်ချည့်နဲ့လျက် ရှိနေတော့သည်။

၁၉၄၉ ခုနှစ်၊ နှစ်သစ်ကူးကာလ လွန်မြောက်ပြီးနောက် အဆိုးရွားဆုံးသော နှစ်တိုင်းကြီးတိုက်ခတ်သည်။ အကြီးအကျယ်ရေကြီးပြီး သဲချောင်းတွေ ရေလျှံကုန်သည်။ ကျွန်တော်တို့၏ လိုဏ်ခေါင်းထဲတွင်လည်း နေရာအနှံ့အပြား ရေတွေလွှမ်းကုန်သည်။ ကျွန်တော်တို့မှာ နေစရာမရှိတော့သဖြင့် ဤနေရာမှ ထွက်ပြေးရတော့မည့် အခြေအနေ သို့ ဆိုက်ရောက်လာသည်။

ကမယ်နှင့် ကိုယ်ဝန်ဆောင်မိန်းမများမှာ အကြောက်လွန်ပြီး ခိုက်ခိုက်တုန်နေကြ သည်။ ဂျမီလ်နှင့်အိုမာတို့က အကြောင်းထူးမရှိဘဲနှင့် အချင်းချင်းရန်ဖြစ်ကြသည်။

ဤတွင် သံမဏိကဲ့သို့ စိတ်ဓာတ်မာကျောသော မေမေပင်လျှင် စိတ်ဓာတ်ကျစပြု သည်။

တစ်နေ့တွင် ကျွန်တော် ဂျယ်ရီကိုမြို့မှပြန်လာသည်။ ဖေဖေကို သေနတ်ကိုင်ပြီး ကတုတ်ကျင်းထဲတွင် တွေ့ရသည်။ သူသည် တစ်ကိုယ်လုံးရွှဲရွှဲစိုပြီး တဆတ်ဆတ်တုန် သည်။

“ဖေဖေ .. ဖေဖေ၊ စစ်ပြီးတော့မယ်၊ စစ်ပြီးတော့မယ်၊ နောက်ထပ် အပစ်အခတ် ဆစဲရေးလုပ်လိုက်ပြီ၊ ပြီးတော့ စစ်ပြေငြိမ်းရေးအတွက်လည်း သူတို့ ဆွေးနွေးနေကြပြီ”

ကျွန်တော်က အားရဝမ်းသာ အော်ပြောလိုက်သည်။

ဖေဖေက ကျွန်တော့်ကို လှည့်ကြည့်သည်။ သူ့မျက်နှာမှ ရေတွေစီးကျနေသည်။ က်ရည်တွေလား၊ ရေတွေလားဆိုသည်ကို ကျွန်တော်မခွဲခြားနိုင်။

"ကျွန်တော်တို့ အဖွဲ့ဒူလာဘက်ကို လိုက်ရဦးမှာလား ဖေဖေ" ကျွန်တော်က ထပ်မေးလိုက်သည်။ ဖေဖေက ပြုံးမဲ့မဲ့မျက်နှာဖြင့် … "မလိုက်ဘူးသား၊ မလိုက်ဘူး" ဖေဖေ့အသံက အလွန်တိုးညှင်းသည်။

"သူတို့က တို့ကို ရွာကနှင်ထုတ်လိုက်ကြတယ်၊ ဒါပေမယ့် စစ်ဘေးစစ်ဒဏ်ကို ငါ့တစ်တွေပဲ အများဆုံးခံကြရတယ်၊ ဂျူးတွေအောင်ပွဲခံနေပြီ အစ္စမေ၊ ဂျူးတွေကို သူတို့ ဘယ်တော့မှ မနိုင်နိုင်ပါဘူး၊ ဘယ်တော့မှ မနိုင်နိုင်ပါဘူး၊ တို့ မစောင့်နိုင်တော့ဘူး မေ၊ တို့စောင့်မနေနိုင်တော့ဘူး၊ သူတို့အချင်းချင်း သွေးချောင်းစီးအောင် သတ်ဖြတ် ကြပါစေ၊ တို့တစ်တွေကို ရွာကမောင်းထုတ်တဲ့လူတွေ သေချင်းဆိုးနဲ့ သေကြပါစေ၊ ငါ့အတွက် သူတို့ ဘာမှလုပ်မပေးနိုင်ပါဘူး၊ တို့အတွက် လုပ်စရာအလုပ်က တစ်ခုပဲ ရှိတယ်၊ တို့ရွာကို တို့ပြန်ကြရမယ်၊ တဘားကို ပြန်သွားဖို့ကိုပဲ စိတ်ကူးကြရမယ်၊ ကြံထုတ်ကြရမယ်၊ တဘားကို ပြန်ရောက်ဖို့ကိုသာ စဉ်းစားပါ အစ္စမေ"

အခန်း (၁၀)

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ…။

ဂီဒီယံအက်ရှိသည် ဂျော်ဒန်ထောက်လှမ်းရေးတပ်မှ ဗိုလ်မှူးကြီးဖရစ်ဇီယတ်နှင့် ။ ဆက်သွယ်ဆွေးနွေးရသည်ကို နှစ်သက်မိသည်။ ဗိုလ်မှူးကြီးဇီယတ်သည် ဆင်းဒ်ဟာတ်စစ် တက္ကသိုလ်ဆင်းဖြစ်၍ ဗြိတိသျှစစ်ပညာကို အပြည့်အဝရရှိထားသူဖြစ်သည်။

သူတို့နှစ်ယောက်သည် မထင်ရှားသော တာလားရွာကလေးတွင် လျှို့ဝှက်စွာ တွေ့ဆုံဆွေးနွေးလေ့ ရှိကြသည်။ ဤရွာကလေးမှာ ရာမလာတစ်ဝိုက်ရှိ စစ်ကြောင်းများနှင့် နီးကပ်စွာတည်ရှိသောကြောင့် ရွာပိုင်လယ်ကွင်းအချို့မှာ ဂျူးတို့သိမ်းပိုက်ထားသော နယ်မြေအတွင်း ပါဝင်နေသည်။ ဤဒေသတွင် တစ်ဖက်နှင့်တစ်ဖက် နားလည်မှုဖြင့် တိုက်ပွဲများ ရပ်ဆိုင်းထားသောကြောင့် လယ်သမားများအနေဖြင့် မိမိတို့၏လယ်ကွင်း များသို့ လွတ်လပ်စွာသွားလာနိုင်ကြသည်။

မကြာခဏဆိုသလို ဂျော်ဒန်တပ်စုကလေးတစ်စုသည် ရွာထဲသို့ရုတ်တရက် ဝင်ရောက်လာပြီး ရွာသားများအား ရွာပြင်မထွက်ဘဲ မိမိတို့ အိမ်ထဲတွင်ပင် ငြိမ်ငြိမ်နေ ရန် အမိန့်ပေးလေ့ ရှိသည်။ ထို့နောက် မကြာမီမှာပင် ဗိုလ်မှူးကြီးဇီယတ်စီးလာသော ကားတစ်စီး ရောက်ရှိလာပြီး ကင်းစခန်းဟောင်းနေရာတွင် ထိုးရပ်လိုက်သည်။ နောက်မိနစ် အနည်းငယ်ကြာသောအခါ ဂျူးဘုံရိပ်သာဘက်မှ လူတစ်ယောက်သည် ရွာဦးသို့ ရောက် ရှိလာပြီး လက်ဆွဲမီးအိမ်ဖြင့် အချက်ပြလိုက်သည်။ ထိုသူကား အခြားသူမဟုတ်၊ ဂီဒီစံ အက်ရှ်ပင် ဖြစ်သည်။ ဂျော်ဒန်တပ်စုမှ ပြန်၍အချက်ပြသောအခါ ဂီဒီယံအက်ရှိသည် ချိန်းဆိုထားသော ကင်းစခန်းဟောင်းနေရာသို့ ဆက်လျှောက်လာခဲ့သည်။

ဂီဒီယံအက်ရှ်အား စားပွဲပေါ်မှ တံဆိပ်နက်ပတ် ဂျော်နီဝေါ့ကားဝီစကီပုလင်းက အရန်သင့် ကြိုဆိုနေသည်။ ဤအရက်မှာ ဤကာလတွင် အရှားပါးဆုံးဖြစ်ပြီး ဂီဒီယံအက်ရှိ အနေဖြင့် ဗိုလ်မှူးကြီးဇီယတ်နှင့် တွေ့ဆုံရသောအခါတွင်မှ တွေ့ရတတ်သောပစ္စည်းဖြစ်သည်။ ဂီဒီယံအက်ရှိသည် ဆွေးနွေးပွဲစားပွဲတွင် ဝင်ထိုင်လိုက်သည်။ ဗိုလ်မှူးကြီးဇီယတ်က အရက်ခွက်များတွင် အရက်ငှဲ့ထည့်သည်။

“ကျုပ်တို့ ရဲ့ ကျေးဇူးရှင် ဗြိတိသျှတွေအတွက်” ဗိုလ်မှူးကြီးဇီယတ်က အရက်ခွက်ကိုမြှောက်ရင်း ဆုတောင်းလိုက်သည်။

ဒီယံအက်ရှ်ကလည်း သူ့ဖန်ခွက်ကို ကိုင်မြှောက်လိုက်ပြီး - “ပြဿနာကတော့ ပြေလည်သွားပြီ ဗိုလ်မှူးကြီး၊ ရှိဒီးစ်ကျွန်းမှာ စစ်ပြေငြိမ်းရေး ဆွေးနွေးဖို့ သဘောတူလိုက်ကြပြီ၊ ရပ်ဖယ်ဘန့်ချ်ကလည်း ကြားဝင်ဖျန်ဖြေပေးဖို့ ဟာဘုတယ်၊ ဒီအကြောင်းကို အခုနာရီပိုင်းအတွင်းမှာ အဗ္ဗဒူလာဘုရင်ကို အမ္မန်မြို့မှာ နင်လိမ့်မယ်”

”ဒါဆို ဂျော်ဒန်နိုင်ငံက ခင်ဗျားနဲ့ ပထမဆုံး စကားပြောရမှာပေါ့' ဗိုလ်မှူးကြီးဇီယတ်က အားတက်သရောမေးသည်။ “ကျွန်တော်နဲ့ မဟုတ်ပါဘူး၊ အီဂျစ်နဲ့ ပထမဆုံးဆွေးနွေးရမှာပါ”

“ကျွန်တော်တို့ချင်း ပထမဆုံးဆွေးနွေးရမယ်လို့ ခင်ဗျားပဲပြောခဲ့တာပါ၊

ကျွန်တော် ဆတ်နိုင်ဆုံး ကြိုးစားကြည့်ပါ့မယ်လို့ ပြောခဲ့တာပါ၊ ဒါပေမယ့် ကျွန်တော်ကြိုးစားတာ အောင်မြင်ခဲ့ပါဘူး”

“ဒါ လုံးဝအဓိပ္ပာယ်မရှိဘူး၊ အီဂျစ်စစ်တပ်က ပြိုကွဲနေပါပြီ၊ ကျုပ်တို့ကသာ နယ် တစ်ခုလုံးကို သိမ်းထားတာပဲ၊ ခင်ဗျားတို့က ကျုပ်တို့နဲ့သာ ပထမဆုံးဆွေးနွေးရမယ်”

“ဒါပေမယ့် နိုင်ငံကြီးတွေက အီဂျစ်ကိုသာ အဓိကအာရပ်နိုင်ငံကြီးအဖြစ် လက်ခံ ကြတယ်”

”အီဂျစ်တွေက မိန်းမတွေလို တိုက်ကြတာပါ” ဂီဒီယံက ပခုံးနှစ်ဖက်တွန့်လိုက်သည်။ ဇီယတ်က မေးသည်။ “ ဒီတော့ ဆွေးနွေးပွဲက ဘယ်တော့စမှာလဲ”

”ဇန်နဝါရီ ၁၀ ရက်လောက်မှာ စဖြစ်လိမ့်မယ်ထင်တာပဲ” ဇီယတ်က အရက်ခွက်ကိုလှုပ်ပြီး တစ်ကျိုက်သောက်လိုက်သည်။ “အီဂျစ်နဲ့ အပစ်အခတ်ရပ်စဲရေးကိစ္စက ဘယ်လောက်ကြာဦးမှာလဲ” 'သိပ်တော့ မကြာတော့ပါဘူး” သူ့အနေဖြင့် နီဂျက်သို့လေယာဉ်ဖြင့်သွား၍ ကိုယ်တိုင်အမိန့်ပေးရန် ကျန်နေ သောကြောင့် ဂီဒီယံကမယုတ်မလွန် ပြောလိုက်ခြင်းဖြစ်သည်။

“အီဂျစ်တွေကတော့ ယိုင်လဲတော့မယ့်ဆဲဆဲ ဖြစ်နေပြီ၊ နောက်နှစ်ရက်သုံးရက် လျှင် ဂါဇာကမ်းမြောင်ဒေသကို ခင်ဗျားတို့ဆီ ထိုးအပ်ရတော့မှာသေချာတယ်”

“ကျွန်တော်တို့က ဂါဇာဒေသကို မရည်ရွယ်ပါဘူး ။ “ကျုပ်ကို စကားလှလှရွေးပြီး ပြောနေစရာမလိုပါဘူး” သူ့အသံတွင် ဒေါသရိပ် ည်းငယ်ပါသည်။ “ဂျော်ဒန်နိုင်ငံအနေနဲ့ ဂါဇာကမ်းမြောင်ဒေသကိုရမှဖြစ်မယ်၊ ဒါမှ အရေးပိုင်နယ်မြေကိုဖြတ်ပြီး ပင်လယ်ကိုထွက်ပေါက်ရနိုင်မယ်”

“ဂျော်ဒန်ခေါင်းဆောင်တွေက အနာဂတ်အတွက် စီမံကိန်းချထားပြီးပြီဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်” ။

“ဂျော်ဒန်နိုင်ငံအနေနဲ့ အကွာတာမှာ ပင်လယ်ဘက်ကို ထွက်ပေါက်ရှိပြီးသားပါ။ စ်တွေက သူတို့သဘောအတိုင်း လုပ်နိုင်တယ်၊ ကျုပ်တို့ကတော့ သူတို့လက်ဝေခံအဖြစ်နဲ့ ခံနိုင်ဘူး၊ ကျုပ်တို့အတွက် ဂါဇာမှာ ဆိပ်ကမ်းတစ်ခုတော့ ရကိုရမှဖြစ်မယ်” ။

“အရှေ့ပါလက်စတိုင်းကို ဗြိတိသျှတွေ ခြယ်လှယ်တုန်းက ဒီအကြောင်းကို ထည့် တွက်ခဲ့ဖို့ကောင်းပါတယ် ဗိုလ်မှူးကြီး၊ ပြီးတော့လည်း ဒီကိစ္စမှာ ဘယ်သူက မဟာမိတ် ဘယ်သူက ရန်သူဆိုတာကိုရော ဗိုလ်မှူးကြီး တွေးမိရဲ့လား”

“ခင်ဗျားက ကျုပ်ကို ပြောစေချင်လို့လား၊ ကောင်းပြီ၊ ကျုပ်ပြောမယ်၊ အစ္စရေးဟာ ကျုပ်တို့ရန်သူပဲ၊ ဒါပေမယ့် အီဂျစ်က ကျုပ်တို့အတွက် အစ္စရေးထက် ပိုပြီး ကြောက်ဖို့ကောင်း တယ်၊ ဂါဇာကို ကျုပ်တို့ ဘာကြောင့်လိုချင်တယ်ဆိုတာ ကျုပ်တို့သိပါတယ်၊ အပြန်အလှန် အဖြစ် ခင်ဗျားတို့ ဘာလိုချင်တယ်ဆိုတာကိုလည်း ကျုပ်တို့သိပါတယ်၊ ဒီကိစ္စအတွက် နှစ်ဦးနှစ်ဝ အတည့်အောင်ဆွေးနွေးဖို့ ကျုပ်တို့ဘက်က အဆင်သင့်ပါ”

“ဂါဇာကမ်းမြောင်ဒေသကို ဗိုလ်မှူးကြီးတို့အတွက် ကျွန်တော်တို့က သိမ်းယူပေးရမယ် ဆိုလျှင် ကျွန်တော်တို့ကလည်း အပေးအယူသဘောနဲ့ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဖို့ တောင်းဆို ချင်တယ်။ ကျွန်တော်တို့လိုချင်တာက အပစ်အခတ်ရပ်စဲရေးမဟုတ်ဘူး၊ စစ်ပြေငြိမ်းရေး မဟုတ်ဘူး၊ လုံးဝ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဖို့ပဲလိုချင်တယ်၊ ဒါပေမယ့် အဗ္ဗဒူလာဘုရင် အနေနဲ့ ဆန္ဒရှိသည့်တိုင်အောင် ငြိမ်းချမ်းရေးစာချုပ် ချုပ်နိုင်လောက်တဲ့အထိ အင်အားရှိ သေးဘူးဆိုတာ ဗိုလ်မှူးကြီးသိပါတယ်”

ဂျူးနိုင်ငံသစ်နှင့် အချင်းချင်းပြေလည်အောင် ဆက်ဆံရေးကိစ္စကို အဗ္ဗဒူလာဘုရင် က အလွန်စိတ်ဝင်စားသည်။ ဂျူးတို့နှင့်ပူးပေါင်းပြီး မိမိနိုင်ငံစီးပွားရေးတိုးတက် ဆောင်ရွက်လိုသောကြောင့် ဖြစ်သည်။

ဤသို့ဖြင့် အစ္စရေးနှင့် ဂျော်ဒန်နိုင်ငံများမှာ အတွင်းကျိတ်နားလည်မှု ယူထား ကြောင့် အီဂျစ်၊ အီရတ်နှင့် ဆီးရီးယားနိုင်ငံများအနေဖြင့် နောက်ထပ်တိုက်ပွဲ မဆင်း အများကြီး စဉ်းစားရမည့်အခြေအနေမျိုးသို့ ရောက်ရှိလာသည်။ ဂျူးတို့နှင့် အဗ္ဗဒူလာဘုရင် တို့မှာ ဟန်ဆောင်ရန်သူများသာ ဖြစ်နေကြသည်။

အစ္စရေးနှင့် ဂျော်ဒန်နိုင်ငံတို့ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုဖို့ကိစ္စ မှာ အလွန့်အလွန် အတင့်ရဲသောစိတ်ကူးဖြစ်သည်။ ယင်းသို့အစ္စရေးနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုလျှင် အဗ္ဗဒူလာဘုရင်အား အာရပ်လူမျိုးမဟုတ်သူအဖြစ်လည်းကောင်း၊ ကပ်ပါး သို့မဟုတ် အနုအဖြစ်လည်းကောင်း အာရပ်နိုင်ငံအားလုံးက ဝိုင်းပယ်ကြမည်မှာ သေချာသည်။ သူ၏အာရပ်တပ်မတော်ကလည်း သူ့ကို ဆန့်ကျင်တော်လှန်နိုင်သည်။ ထို့ကြောင့် ယခု ကဲ့သို့သော အတင့်ရဲသောလုပ်ရပ်မျိုးကို လုံးဝမလုပ်သင့်။

ဗိုလ်မှူးကြီးဇီယတ်သည် ချိတ်မပိတ်ရသေးသော နန်းတော်သုံး စာအိတ်တစ်အိတ် ကို ဆွဲယူလိုက်ပြီး "ဒီစာကလေး ဖတ်ကြည့်ပါဦး၊ ပြီးတော့မှ ချိတ်ပိတ်တာပေါ့" မစ္စတာဒေးဗစ်ဘင်ဂူရီယံ ဝန်ကြီးချုပ် အစ္စရေးနိုင်ငံ။

လေးစားအပ်သော ဝန်ကြီးချုပ်ခင်ဗျား။

ကျွန်ုပ်တို့သည် လူပေါင်းများစွာ သေကြေဆုံးရှုံးရသော စစ်ပွဲကြီးကို မတိုက်ချင်ဘဲနှင့် တိုက်ခိုက်နေကြရသည်။

ဤစစ်ပွဲကြောင့် လွယ်ကူစွာ ဖြေရှင်း၍မရနိုင်သော ပြဿနာပေါင်း သောင်း - ခြောက်ထောင်လည်း ပေါ်ပေါက်လာခဲ့ရသည်။ တူညီသော အခြေအနေတစ်ရပ်နှင့် ပတ်သက်၍ အမှန်တရားများစွာ ရှိနိုင်သောကြောင့်လည်းကောင်း ကျွန်ုပ်အဖို့ အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုသည် အရေးတကြီး လိုအပ်လျက်ရှိ သည်။

အဆွေတော်သိသည့်အတိုင်း ကျွန်ုပ်တို့သည် အချိန်မရွေး လွတ်လပ်စွာ ဆောင်ရွက် နိုင်ခွင့် မရှိကြပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် သည်းခံစောင့်ဆိုင်းခြင်း သည် အချိန်တန်လျှင် အမှန်ပင်အကျိုးရှိလိမ့်မည်။ သို့သော်လည်း ဖွင့်မ ပြောသောစကားနှင့် ထုတ်ဖော်ကြေညာခြင်းမပြုသော နားလည်မှုများသည် အဓိပ္ပာယ်မရှိသော စစ်ပြေငြိမ်းရေးစာချုပ်ထက် အစွမ်းထက်နိုင်သည်။ ဤသို့သော အချင်းချင်းနားလည်မှုများသည်သာလျှင် ကျွန်ုပ်တို့အတွက် ရေရှည်ငြိမ်းချမ်းရေးနှင့် တိုးတက်မှုကို ပေးနိုင်ပါလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ ဘုံရန်သူကို မောင်းထုတ်နိုင်ရန် ဂါဇာကမ်းမြောင်

ဒေသကို အပြီးအပိုင်သိမ်းယူပါရန်နှင့် အနာဂတ်တွင် ထိုဒေသကို ကျွန်ုပ်တို့က အုပ်ချုပ်ခွင့်ပြုပါရန် အဆွေတော်အား ကျွန်ုပ်မေတ္တာရပ်ခံလိုပါသည်။ ဤသို့ဖြင့် အနောက်ဘက်ကမ်းပါးဒေသကို ကျွန်ုပ်က သိမ်းယူနိုင်မည်ဖြစ်ရာ ကျွန်ုပ်တို့ နှစ်ဦးနှစ်ဝ ပူးပေါင်းဆောင်ရွက်မှု၏ ကြီးစွာသော အကျိုးတရားကို ခံစားကြရမည်ဖြစ်ပါသည်။

ဂါဇာကမ်းမြောင်ဒေသကို ဘယ်လိုနည်းနှင့်မျှ ' အီဂျစ်တို့ မရနိုင်အောင် ကျေးဇူးပြု၍ ကူညီစေလိုပါသည်။

ချစ်ကြည်စွာဖြင့်

အဗ္ဗဒူလာ

ဂီဒီယံအက်ရှ်သည် အနောက်ဂျေရုဆလင်မြို့၊ ခရော့စ်ခရစ်ယာန်ဘုန်းကြီးကျောင်း အနီးရှိ အရေးပေါ်လေယာဉ်ကွင်းကလေးထဲတွင် အသင့်စောင့်နေသော ပိုက်ပါးကလာပ် လေယာဉ်ပေါ်သို့ တက်လာသည်။

“တဲလ်အဗစ်ကိုသွားမှာလား”

လေယာဉ်မှူးက မေးသည်။ “မဟုတ်ပါဘူး၊ တောင်ပိုင်းစစ်မျက်နှာက ရှေ့တန်းစစ်ဌာနချုပ်ကို သွားမှာပါ”

”အဲဒီဌာနချုပ်က ဘယ်မှာလဲ”

ဂီဒီယံက မြေပုံစာရွက်ကိုဖြန့်ပြီး အယ်လ်အရစ်ရှ်မှ သုံးလေးမိုင်ခန့်ကွာဝေးသော ဆိုင်နိုင်းသဲကန္တာရရှိ နေရာတစ်နေရာကို စက်ဝိုင်းဝိုင်းပြလိုက်သည်။

“ဒီနေရာတစ်ဝိုက်မှာ အရေးပေါ်လေယာဉ်ကွင်းတစ်ခုရှိတယ်။ ခင်ဗျားတို့မှာ ရေဒီယို သတင်းပို့စက် ပါသလား”

“ပါပါတယ်၊ ဒါပေမယ့် ထရန်စမစ်တာက တော်တော့်ကိုအားနည်းနေတယ်”

“ကိစ္စမရှိပါဘူး၊ ရပါတယ်၊ ကျုပ်တို့ အနီးရောက်တဲ့အခါ နေရာအတိအကျကို လှမ်းမေးမယ်”

လေယာဉ်သည် ဂျေရုဆလင်မြို့ပြင်သို့ထွက်လာပြီးနောက် သုံးပတ်လှည့်ကာ ပုံမှန် အနေအထားဖြင့် ပျံသန်းလာခဲ့သည်။ ဝဲယာတစ်ဖက်တစ်ချက်တွင် လှျိုမြောင်တောင်ကြား များကို မြင်နေရသည်။ မကြာမီတွင် မြေပြန့်ပေါ်သို့ ရောက်လာသည်။ လက်ဝဲဘက်သို့ လှည့်ကာ နီဂျက်နယ်မြေဘက်သို့ ဆက်လက်ပျံသန်းလာခဲ့သည်။

သဲမုန်တိုင်း စတင်တိုက်ခိုက်မည့် အရိပ်လက္ခဏာများကြောင့် လေယာဉ်ကလေးသည် လေထုထဲတွင် လှည့်ပတ်လှုပ်ခါစ ပြုလာသည်။ မြင်းစီးသူရဲကောင်းအဖြစ် နာမည်ကြီးသော ဂီဒီယံ၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

လေယာဉ်မှူးက ရယ်သည်။ သူသည် ရာသီဥတုအဆိုးရွားဆုံး အခြေအနေတွင် ဝေးလံ၍ အဆက်အသွယ်ပြတ်သော ဆိပ်ခေါင်တောင်ဖျား ဘုံရိပ်သာများသို့ ရိက္ခာနှင့် ၊ လက်နက်ခဲယမ်းမီးကျောက်များကို လေထီးဖြင့် အကြိမ်ပေါင်းများစွာ ချပေးခဲ့ဖူးသည်။

"ခါးပတ်ကိုသာ တင်းတင်းပတ်ထားပါ မစ္စတာဂီဒီယံ၊ ကျွန်တော်တို့ မြင်းကလေးကို ဒုန်းစိုင်းကြရတော့မယ်"

စစ်ပွဲအဆုံးသတ်ရေးနှင့်ပတ်သက်၍ ဘင်ဂူရီယံနှင့် သူ၏ ဗိုလ်ချုပ်ကြီးများအကြား တွင် သဘောတရားရေးအရ ကွဲလွဲချက်များရှိနေသည်မှာ တော်တော်ပင်ကြာခဲ့ပြီ။ ဘင်ဂူရီယံ သည် နှစ်ဆယ်ရာစုအစ ပါလက်စတိုင်း ရွံ့ဗွက်အိုင်ထဲမှ ရုန်းထွက်လာသော အမျိုး သားတို့၏ ရှေ့ဆောင်လမ်းပြလည်းဖြစ်သည်။ ဂျူးအမျိုးသားတို့၏ နိုင်ငံရေးလှုပ် ခေါင်းဆောင်ကြီးလည်း ဖြစ်သည်။ သူသည် အဆိုပါလုပ်ရပ်အချို့ကို ပိုလန်နိုင်ငံမှနေ၍ လှုံ့ဆော်ဆောင်ရွက်ခဲ့သည်။

ဘင်ဂူရီယံသည် ပင်ကိုဂျူးစိတ်ဓာတ်အရ စစ်တပ်ကို ယုံကြည်ခြင်းမရှိ။ ထို့ပြင် ဂျူးတို့၏ တိုက်ခိုက်ရေးစွမ်းရည်ကိုလည်း လုံးဝဥဿုံမယုံကြည်။ အင်အားကြီးသော ဂျူးစစ်တပ်ကြီး ပေါ်ပေါက်လာမည်ကို သူအလွန်ကြောက်သည်။ ထို့ကြောင့် ပါးလ်မက်ခ်နှင့် ဟာဂနာစသည့် တပ်ဖွဲ့များမှ လူငယ်အရာရှိများနှင့် အစ္စရေးကာကွယ်ရေးတပ်မတော် လူကြီးများကြားတွင် မျိုးဆက်ကွာဟချက်ကြီး

ပေါ်ပေါက်လာသည်။

မျိုးဆက်သစ်က ဘင်ဂူရီယံအား လေးစားသောအားဖြင့် "အဘိုးကြီး" ဟု ခေါ် သည်။ အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေး ကြေညာစာတမ်းကို ဖတ်ကြားကြေညာသည့်နေ့တွင် အဘိုးကြီးသည် သူ ဆောင်ရွက်ချက် အဆုံးစွန်သို့ရောက်ရှိသွားပြီဟု စစ်ဘက်မျိုးဆက်သစ် များစွာတို့က ယုံကြည်ကြသည်။

သူသည် လက်နက်ဖြင့် ဖြေရှင်းခြင်းထက် နိုင်ငံရေးအရဖြေရှင်းခြင်းကို ပို၍နှစ်သက် သည်။ ထို့ကြောင့် သူသည် ပါးလ်မက်ချ်နှင့် ဟာဂနာတပ်ဖွဲ့များမှ လူငယ်စစ်ဗိုလ်များ နှင့် ကင်းကွာလာသည်။ သူသည် အင်အားကြီးနိုင်ငံတစ်နိုင်ငံ၏ ကျောထောက်နောက် အကူအညီမရရှိဘဲ မည်သည့်နိုင်ငံငယ်တစ်နိုင်ငံမျှ စစ်ပွဲကိုမဖန်တီးသင့်ဟူသော ရှေးဟောင်း အယူအဆကို အရိုးစွဲဆုပ်ကိုင်ထားသည်။

ဤအချက်သည် မဖြစ်နိုင်သောကြောင့် သူကအရာရာတွင် နိုင်ငံရေးအရ ဖြေရှင်း နည်းကိုသာ အသုံးပြုသည်။ ထို့ကြောင့် သူ၏တပ်မတော်အရာရှိများနှင့် မကြာခဏ စကားများရသည်။ အငြင်းပွား ရသည်။ တပ်မတော်အရာရှိများက စစ်တပ်အင်အားကို တိုးချဲ့ချင်ကြသည်။ လက်နက်မျိုးစုံဝယ်နိုင်ရန် ပိုက်ဆံအများကြီးလိုချင်ကြသည်။ အစ္စရေး သစ်သည် နယ်စပ်လုံခြုံရေးအတွက် အင်အားကောင်းသော တပ်မတော်တစ်ရပ်ကို ကိုဖွဲ့စည်းရမည်ဟု တပ်မတော်အရာရှိများက အလေးအနက် ယုံကြည်ထားကြသည်။

"အဘိုးကြီး' နှင့် သဘောထားကွဲလွဲမှုကို ဦးဆောင်သောပုဂ္ဂိုလ်မှာ ယီဂယ်အေလွန် ဖြစ်သည်။ အလွန်မှာ လူငယ်ဗိုလ်ချုပ်ကလေး တစ်ယောက်မျှသာ ဖြစ်သော်လည်း ရွယ်နှင့်မလိုက်အောင် နာမည်ကြီးနေသည်။ သမ္မာကျမ်းစာဝင် ဗိုလ်ချုပ်ကြီးများဖြစ်ကြ သော ယောရှုနှင့် ယာဘတို့နောက်ပိုင်းတွင် အကျော်ကြားဆုံး အမျိုးသား ဗိုလ်ချုပ်အဖြစ် ထင်ရှားသည်။

အေလွန်သည် ဂီဒီယံအက်ရှ်ကဲ့သို့ပင် ဂါလီလီတွင်မွေးဖွားခဲ့သည်။ ရှေးဦး ဘုံရိပ်သာ ထူးဆောင်သူတစ်ဦးလည်း ဖြစ်သည်။ ပါးလ်မက်ချ်တပ်ဖွဲ့ စစ်ဗိုလ်ကလေးဘဝကပင် လက်အောက်ငယ်သားများ၏ ချစ်ခင်လေးစားမှုကို ရရှိခဲ့သူလည်းဖြစ်သည်။ အလွန် ၌ စစ်ဗိုလ်တစ်ယောက်၌ရှိရမည့် အရည်အချင်းတွေ

အားလုံးရှိသည်။ သူသည် စေ့စပ် ဒုတတ်သူ၊ ပညာပေးတတ်သူ ဖြစ်သည်။

ထို့ပြင် ရိုးသားမှန်ကန်သူလည်း ဖြစ်သည်။ မိမိအလုပ်ကို ချစ်မြတ်နိုးသူလည်း ဖြစ်သည်။ သူသည် အစ္စရေးလွတ်လပ်ရေးတပ်မတော်မှ အခြားခေါင်းဆောင် စစ်ဗိုလ်များ သို့ပင် အခြားသောတပ်မတော်မှ ဗိုလ်ချုပ်များထက် သူ့လူများအကြောင်းကို ပို၍ သည်။

ထို့ကြောင့်လည်း သူသည် ပါးလ်မက်ချ်တပ်ဖွဲ့ ၏ ပထမဆုံးတပ်မှူး ဖြစ်လာသည်။ တပ်မဟာများ ဖွဲ့စည်းသောအခါတွင်လည်း ပထမဆုံးတပ်မှူးဖြစ်လာသည်။ တကယ်တော့ ဒယ်အေလွန်သည် အစ္စရေးတပ်မတော်သစ်ကို စတင်တည်ထောင်သူဖြစ်သည်။ အစ္စရေး တပ်မတော်သစ်၏ဖခင်ဖြစ်သည်။ ယခုအခါ သူ့အသက်မှာ သုံးဆယ်သာရှိသေးသည်။

သော်လည်း သူသည် တစ်နေ့သောအခါတွင် အစ္စရေးနိုင်ငံ၏ဝန်ကြီးချုပ် မဖြစ်နိုင်သည့် ထိုင်အောင် တပ်မတော်ဦးစီးချုပ်တော့ သေချာပေါက်ဖြစ်လာလိမ့်မည်ဟု အားလုံးက ကြည်ကြသည်။

တဲလ်အဗစ်နှင့် ဂျေရုဆလင်မြို့များပါဝင်သော သေချာပေါက် စစ်မျက်နှာသည် ရေးတို့အတွက် အဓိကအကျဆုံးစစ်မျက်နှာ ဖြစ်သည်။ ယင်းစစ်မျက်နှာကို ဗိုလ်ချုပ်ယီဂယ် လွန်ပင်လျှင် ဆက်လက်ကွပ်ကဲသင့်သည်ဟု အားလုံးကဆန္ဒရှိနေကြသည်။ သို့သော် ခံကြီးချုပ်ဘင်ဂူရီယံက အလွန်အား အလယ်ပိုင်းစစ်မျက်နှာသို့မပို့ဘဲ သဲကန္တာရမှ အောင်ပိုင်းစစ်မျက်နှာသို့သာ ပို့လိုက်လေသည်။

မြေပြင်တွင် လေယာဉ်ဆိုက်လျှင်ဆိုက်ချင်း ဂီဒီယံအက်ရှ်အား ချိန်းထားသည့်နေရာ ခေါ်လာခဲ့ကြသည်။ ယီဂယ်အလွန်နှင့် ဂီဒီယံတို့သည် တစ်ယောက်ကိုတစ်ယောက် ဒက်၍ လှိုက်လှဲစွာနှုတ်ဆက်ကြသည်။

အလွန်က ခရီးရောက်မဆိုက်ပင် သူ့တပ်အခြေအနေကို ဂီဒီယံအား ပြောပြသည်။ အယ်လ်အရစ်ရှ် ပတ်ဝန်းကျင်တစ်ဝိုက်တွင် ရေးအထက်ကျော် ကာရီမှစ၍ တိုက်ပွဲပေါင်း ငံ့ချီ၍ ဖြစ်ပွားခဲ့ဖူးသည်။

အယ်လ်အရစ်ရှိသည် ဆိုင်နိုင်းသဲကန္တာရထဲသို့ ဖြတ်ဝင်လမ်းသော ဂါဇာကမ်းမြောင်) အောက်ဘက်တွင်ရှိသည်။ မီးရထားသံလမ်းသည် ပင်လယ်ကမ်းရိုးတန်းနှင့်အပြိုင် ဆူးအက် တူးမြောင်းနှင့် ကိုင်ရိုမြို့များအထိရောက်သည်။

"ထောက်လှမ်းရေးသတင်းအရ အတွဲနှစ်ဆယ်ပါတဲ့ ရထားတစ်စီး ရောက်နေတယ် သိရတယ်" ယီဂယ်အလွန်ကပြောသည်။ "အီဂျစ်စစ်တပ်ကအရာရှိတွေ ဒီနေ့ည ထွက် ကြံနေကြတယ်၊ ကျွန်တော်က ရထားသံလမ်းကို ဖျက်ထားတယ်၊ ဒါကြောင့် သူတို့ရ မနက်ဖြန်အထိ ထွက်နိုင်ဦးမှာမဟုတ်ဘူး၊ ကျွန်တော်တို့က အယ်လ်အရစ်ရှိတစ်ဝိုက်ကို သေသေချာချာ စုံစမ်းထားပြီးပြီ၊ သူတို့ထွက်သွားလျှင် ဘာမှကျန်ရစ်တော့မှာ မဟုတ်သူ ကျွန်တော်ကတပ်ရင်းနှစ်ရင်းနဲ့ ချီတက်ပြီး ဂါဇာကမ်းမြောင်ဒေသတစ်ခုလုံးကို ပိတ်ဆို့ထား လို့ရတယ်"

ဂီဒီယံက အပစ်အခတ်ရပ်စဲရေးအမိန့်ကို ထုတ်ပြန်ရန် စိတ်ကူးမိသည်။ သို့သော် သူကမထုတ်ပြန်။

အေလွန်က ဆက်ပြောသည်။ "တိုက်မိန့်ရဖို့အတွက် ကျွန်တော် အဘိုးကြီးနဲ့ တွေ့ခွင့်တောင်းနေတာ နှစ်ရက်ရှိပြီး ဘာမှပြန်ကြားချက်မရဘူး၊ အဲဒီတော့ အခု ကျွန်တော်တိုက်ရမှာလား"

ဂီဒီယံက ဘာမျှပြန်မပြော။ အေလွန်အနေဖြင့် ဘင်ဂူရီယံနှင့်သော်လည်းကောင်း အစိုးရအဖွဲ့နှင့်သော်လည်းကောင်း၊ စစ်ဦးစီးချုပ်နှင့်သော်လည်းကောင်း၊ တိုက်ခိုက်ရေး ဦးစီးမှူးနှင့်သော်လည်းကောင်း တိုက်ရိုက်ဆက်သွယ်ပြောဆိုနိုင်ခွင့် ရှိသည်။

အတန်ကြာတော့မှ ဂီဒီယံကပြောသည်။

"ခင်ဗျားက မတိုက်ပါဘူးလို့ ကတိပေးလျှင် မနက်ဖြန်မနက်မှာ အဘိုးကြီးနဲ့ တွေ့ရအောင် ကျုပ်စီစဉ်ပေးမယ်"။

"အပစ်အခတ်ရပ်စဲရေးအမိန့် ထုတ်မှာမို့လား"

အခု ကျုပ်မှာတော့ အမိန့်ပါမလာဘူး” သူက လိမ်ပြောသည်။ “ကျုပ် တစ်ခု ပြောမယ် ယီဂယ်၊ ခင်ဗျားစစ်ဌာနချုပ်နဲ့ မဆက်သွယ်ဘဲ ဆယ့်နှစ်ရက်လောက်နေ၏။ ခင်ဗျားဆီကို အမိန့်တိုက်ရိုက်ရောက်မလာလျှင် ခင်ဗျားအနေနဲ့ ဘာမှလုပ်စရာမလိုပါဘူး ကျုပ်ပြောတာမဟုတ်ဘူးလား၊ မရှုံးစမ်းပါနဲ့ကိုယ့်လူရာ၊ ကျုပ်ပြောသလိုသာ လုပ်စင် ပါ၊ ခင်ဗျားနဲ့ အဘိုးကြီးနဲ့ပြေလည်အောင် ကျုပ်ကြိုးစားပေးပါ့မယ်၊ စိတ်ချပါ” ။

ဒေးဗစ်ဘင်ဂူရီယံသည် ကိုယ်လုံးကိုယ်ဖန်သေးသည်။ မဟာနဖူးက အလွန်ကျယ်ပြီး ဆံပင်တွေ တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူနေသည်။

ဂီဒီယံရောက်သွားချိန်တွင် “အဘိုးကြီးသည် အလွန်စိတ်ဆိုးနေသည်။ သူသည် အပစ်အခတ်ရပ်စဲရေးကိစ္စအတွက် လုံးပမ်းရင်း အလွန်စိတ်မောလူမော ဖြစ်ခဲ့ရသည်။ တခြားတပ်ဖွဲ့များနှင့် အားလုံးအဆင်ပြေသော်လည်း အီဂျစ်တပ်များက သူ့စကားကို နားမထောင်၊ ဆက်လက်တိုက်ခိုက်နေကြဆဲ ဖြစ်သည်။

သည်ကြားထဲတွင် တပ်မှူးကြီးယီဂယ်အလွန်ကလည်း သူနှင့် နှစ်ယောက်ခြင်း တွေ့လိုကြောင်း အတင်းတောင်းဆိုနေပြန်သည်။ ဂီဒီယံအား မြင်လိုက်သောအခါ အဘိုးကြီး သည် အခိုက်အတန့်အားဖြင့် ရွှင်လန်းသွားမိသည်။

“မင်း အလွန်နဲ့ တွေ့ခဲ့ပြီးပြီလား”

သူက အားတက်သရော မေးလိုက်သည်။ “ဟုတ်ကဲ့၊ လွန်ခဲ့တဲ့ နှစ်နာရီလောက်က တွေ့ခဲ့ပြီးပါပြီ”

”ဒါဆို အပစ်အခတ်ရပ်စဲရေးအမိန့် သူရပြီပေါ့၊ တော်ပါသေးရဲ့၊ ဘုရားသခင်

”သူမရသေးဘူး၊ ကျွန်တော်မပေးခဲ့သေးဘူး”

အဘိုးကြီးမျက်နှာ ရှုံ့မဲ့သွားသည်။ သံသယစိတ်တွေ လွှမ်းခြုံသွားသည်။ ဂီဒီယံက ဆက်လက်အစီရင်ခံသည်။

“ယီဂယ်က ဝန်ကြီးချုပ်နဲ့တွေ့ဖို့ ကြိုးစားနေတာ နှစ်ရက်ရှိပြီ၊ ဝန်ကြီးချုပ်က အုံ တမင်သက်သက်ပစ်ထားတယ်။ သူဟာ ဝန်ကြီးချုပ်ရဲ့

တောင်ပိုင်းစစ်မျက်နှာမှူးပါ။ အနေနဲ့ ဝန်ကြီးချုပ်ကိုရော အစိုးရအဖွဲ့ကိုပါ တိုက်ရိုက်တင်ပြနိုင်ခွင့်ရှိပါတယ်”

“ဟေ့ …ဂီဒီယံ၊ မင်းကိုယ်မင်း ဘယ်သူလို့ထင်နေသလဲ၊ ဘာလဲ…မင်းက အမိန့်ဖီဆန်မှုနဲ့ ပထမဆုံးသုတ်သင်ခံရတဲ့ ဂျူးဖြစ်ချင်လို့လား၊ ဒီကိစ္စဟာ ဘယ်လောက အရေးကြီးတယ်ဆိုတာ မင်းခေါင်းထဲမှာ တွေးမိရဲ့လား”

“ဒါပေမယ့် ယီဂယ်အနေနဲ့ ဝန်ကြီးချုပ်ကိုတော့ တိုက်ရိုက်စကားပြောခွင့်ရှိပါ ။

“ဘာအတွက်ပြောမှာလဲ၊ အီဂျစ်တပ်တွေကို အပြတ်ချေမှုန်းပစ်ဖို့အတွက် ခွင့်တောင်း လား၊ ဂါဇာကမ်းမြောင်တစ်ဝိုက်မှာ စစ်ပြေးဒုက္ခသည်တွေလည်း နှစ်သိန်းခွဲကျော် သေးတယ်၊ အဲဒါ မင်းသိရဲ့လား”

ဂီဒီယံက စားပွဲပေါ်မှ ခဲတံတစ်ချောင်းကောက်ယူပြီး နှစ်ပိုင်းချိုးလိုက်သည်။ နောက်“အီဂျစ်တပ်တွေက ဒီနေရာမှာပိတ်မိနေပြီ၊ အဲဒါ အပြတ်ရှင်းလိုက်ဖို့ပဲ ရှိတော့တယ်”

”မင်းကို ပစ်သတ်တာ ငါမြင်ချင်တယ်၊ ယီဂယ်ကို ပစ်သတ်ဟာ ငါမြင်ချင်တယ်”

“ပစ်သတ်ပါ၊ ကျွန်တော့်ကို ပစ်သတ်ပါ၊ တော်ပြီ၊ ကျွန်တော်တာဝန်မယူတော့ဘူး၊ ဒီအချိန်ကစပြီး ကျွန်တော်နုတ်ထွက်လိုက်ပြီ”

ဂီဒီယံကအော်ပြောရင်း စားပွဲမှပြန်ထလိုက်သည်။ 'ဟေ့…ဟေ့…လာစမ်းပါဦး၊ လာပါဦး၊ ခဏထိုင်ပါဦး" အဘိုးကြီးက အသံနှိမ့်ပြီး ကမန်းကတန်းပြောလိုက်သည်။ "ဒါနဲ့ မင်း ယီဂယ်ဆီက ဘယ်အချိန်ကထွက်လာတာလဲ”

“ကျွန်တော် သုံးနာရီတိတိမှာ လေယာဉ်နဲ့ထွက်လာခဲ့တယ်၊ သဲမုန်တိုင်း မတိုက် ကလေးမှာပဲ”

'ဒါဆို နောက်မိနစ်လေးဆယ်အကြာမှာ သဲမုန်တိုင်းတိုက်နေတုန်း၊ နောက်ထပ် လေယာဉ်နဲ့ ဘယ်သူလိုက်သွားတယ်ဆိုတာ မင်းသိလား၊ ငါပြောမယ်

ဒီယံ၊ ဒီကိစ္စမှာ ဗြိတိသျှတွေပါဝင်လာတာ မင်းသိရဲ့လား၊ တို့က အီဂျစ်တွေကို အပြတ်ချေမှုန်း နိုင်အောင် သူတို့က အတင်းလိုက်ပြီးတားနေတယ်၊ အခုဆိုရင် ဆိုက်ပရပ်က ဗြိတိသျှ စစ်သင်္ဘောတွေ ထွက်လာကြပြီ၊ ပြီးတော့ တိုက်လေယာဉ် ငါးစင်းကိုလဲ တို့စစ်ကြောင်း တွေဘက် လွှတ်လိုက်ပြီ၊ အဲဒါ တို့ကို ရပ်တန်းကရပ်ဖို့ ကြိုတင်သတိပေးတဲ့သဘောပါ။

"သူတို့က တိုက်လေယာဉ်တွေတောင် လွှတ်လိုက်ပြီတဲ့လား၊ ကျွန်တော်တို့ကို တိုက်ဖို့ဆိုပါတော့"

"ဟုတ်တယ်၊ တို့က အီဂျစ်တပ်ကိုတိုက်လျှင် ဗြိတိသျှတွေက တို့ကိုတိုက်၏ နေဦး၊ ငါပြောဦးမယ်၊ တို့က အဲဒီလေယာဉ်တွေကို ပစ်ချလိုက်တယ်၊ အခု သူတို့လေလာ တွေကို လိုက်ရှာနေကြတယ် သူတို့ လေယာဉ်တွေကိုပစ်ချပြီး နာရီဝက်လောက်အကြာ အမေရိကန်သံအမတ်ကြီးက ငါ့ဆီဖုန်းဆက်တယ်၊ အခုချက်ချင်း အပစ်အခတ်ရပ်စဲတွင် အမေရိကန်က တို့ကို ပိုက်ဆံတစ်ပြားမှာ အကူအညီပေးမှာမဟုတ်ဘူးတဲ့၊ အခု တို့လက်ထဲ ပိုက်ဆံ ခြူးတစ်ပြားတောင် မရှိတော့ဘူးဆိုတာ မင်းတွေးမိရဲ့လား ဂီဒီယံ"

ဂီဒီယံက စားပွဲကို လက်သီးဆုပ်နှင့်တစ်ချက်ထုလိုက်ပြီး -

"အလကား...ခွေးမသားတွေ သူတို့က အီဂျစ်တွေကို ဖအေမို့ ဝင်ကယ် တာလား၊ ဂျေရုဆလင်တစ်မြို့လုံး ဝတ်နေတုန်းကတော့ ခွေးမသားတွေ ဘာလုပ်နေကြ လဲ၊ ကောင်းတယ်၊ သိပ်ကောင်းတယ်၊ သူတို့လေယာဉ်တွေ ပစ်ချလိုက်တာ သိပ်ကောင် တယ်"

"အဘိုးကြီး၊" က ဂီဒီယံစိတ်ငြိမ်သွားသည့်အထိ စောင့်နေပြီးတော့မှ"ကိုင်း...ဒီတော့ ငါ ဘာလုပ်သင့်တယ်လို့မင်းထင်သလဲ"

"ဟောဒီမှာ ခဲတက်ဆီပါလာတယ်၊ မီးရှို့ ရုံပဲ"

ဂီဒီယံက ယင်းသို့ပြောရင်း အဗ္ဗဒူလာ၏စာကို အဘိုးကြီးရှေ့သို့ ထိုးပေးလိုက် သည်။

အဘိုးကြီးက စာကိုဖတ်ကြည့်သည်။ ထို့နောက် စိတ်ပျက်လက်ပျက်

အမူအရာ လက်နှစ်ဖက်ကို ဘေးသို့ဖြန့်ကားလိုက်ပြီး

”ဒီ အဗ္ဗဒူလာဆိုတဲ့လူက တကယ့်အရူးပဲ၊ လာထရွန်ကို သိမ်းပေးတုန်းကလည်း ကျုပ်ကလေးတွေ ထောင်နဲ့ချီပြီးကျဆုံးခဲ့ပြီးပြီ၊ အခုတစ်ခါလာပြန်ပြီ၊ ဂါဇာကမ်းမြောင် သူ့အတွက် ကျုပ်တို့က တိုက်ပေးရဦးမယ်တဲ့၊ ဒီလူတကယ်အရူးပဲ”

“အဲဒါသာ တွေးကြည့်တော့ဝန်ကြီးချုပ်၊ ကျွန်တော်တို့က ဂါဇာကိုတိုက်ပေးလျှင် အဗ္ဗဒူလာက အပြန်အလှန်သဘောနဲ့ ကျွန်တော်တို့ကို လာထရွန်နဲ့ မြို့တော်ဟောင်း ဂျူးရပ်ကွက်ကို ပေးလိမ့်မယ်၊ အဲဒါတွင် မကသေးဘူး၊ ကျွန်တော်တို့က ရိုဒီးစ်အိုင်လင်း ကျွန်း ဧ့စပ်ဆွေးနွေးပွဲတက်လျှင် အများကြီးပိုတောင်းလို့ ရနိုင်သေးတယ်၊ အီဂျစ်တွေက လည်း သူတို့တပ်တွေ ဘေးမဲ့ထွက်သွားခွင့်ပြုလျှင် ကျွန်တော်တို့လိုချင်တာပေးမှာပဲ”

အဘိုးကြီးက သူ၏ ဆွတ်ဆွတ်ဖြူနေသော ဦးခေါင်းကို ခါယမ်းလိုက်သည်။

“ငြိမ်းချမ်းရေးဆွေးနွေးပွဲက ပြောသလောက် မလွယ်သေးဘူး ဂီဒီယံ၊ ဆယ်နှ လည်း ကြာချင်ကြာနိုင်တယ်၊ အဲဒီတော့ တို့ရဲ့ ပထမဆုံးငြိမ်းချမ်းရေးစာချုပ်ကို အီဂျစ်နဲ့ ချုပ်ရလိမ့်မယ်၊ အဲဒီလိုမှ မဟုတ်လျှင် တခြားအာရပ်နိုင်ငံတွေက လုံးဝပါဝင်လာ မဟုတ်ဘူး၊ တို့က သူတို့ကိုထပ်ပြီးအရှက်ခွဲလျှင် နောက်နှစ်ပေါင်းငါးဆယ်ကြာမှ သူတို့ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဖို့ စကားဆိုလာလိမ့်မယ်”

“သူတို့ အရှက်ကွဲတော့ရောဘာဖြစ်လဲ၊ ကွဲကွဲပစေပေါ့၊ သူတို့က ဘာမှမတတ်နိုင်တဲ့ အချိန်ကျတော့မှ ငြိမ်းချမ်းရေးလုပ်ဖို့ပြောလာမှာ သူတို့အတွက် အကျိုးရှိသလောက်သာ ငြိမ်းချမ်းရေးစာချုပ်ကို ထိန်းသိမ်းမယ့်လူစားတွေပါ ကျွန်တော်တို့က ဂါဇာကမ်းမြောင်ကို ပေးလိုက်လျှင် ဒီမောင်တွေ ဘယ်လောက်ဝမ်းသာကြမယ်ထင်သလဲ။ သူတို့က အဲဒီက ခြေကုပ်ယူပြီး ကျွန်တော်တို့ကို ပြောက်ကျားစစ်ဆင်ရေးတွေနဲ့ အကြိမ်ပေါင်း မရေမတွက်နိုင် အောင် ပြန်တိုက်မှာကျိန်းသေပဲ၊ ကျွန်တော်တို့ ဂျူးလူမျိုးတွေ သွေးမြေကျဖို့အတွက် သူတို့ကို ဂါဇာကိုပေးရမှာလား”

အဘိုးကြီးသည် ထိုင်ရာမှထ၍ ပြတင်းပေါက်သို့ လျှောက်သွားသည်။ အပြင်ဘက် မြက်ခင်းကို ငေးကြည့်နေရင်းမှ

”ငါ ယီဂယ်နဲ့ အခုချက်ချင်းတွေ့မယ်”

”ဘာလဲ၊ အပစ်အခတ် ရပ်စဲခိုင်းမလို့လား”

“ဟုတ်တယ်၊ ရပ်စဲခိုင်းမယ်' စားပွဲဆီသို့ ပြန်လျှောက်လာရင်း “ဒီမှာကိုယ့်လူ၊ ကျုပ်ပြောမယ်၊ တို့တစ်တွေဟာ ဇီးရှက်လောက်ရှိတဲ့ နိုင်ငံကလေးတစ်ခုရဖို့အတွက် မျှော်လင့်ချက်တွေအများကြီးနဲ့ စိတ်ကူးယဉ်ခဲ့ကြတယ်၊ အခုဆိုလျှင် တို့တစ်တွေမှာ မျှော်လင့်တာထက် အများကြီး ပိုပြီးရလာခဲ့ကြပြီ၊ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည် နိုင်တဲ့ နိုင်ငံကိုထူထောင်နိုင်ခဲ့ပြီ”

“.....ဒါပေမယ့် တို့မှာ ပိုက်ဆံတစ်ပြားမှမရှိဘူး၊ နယ်စပ်လုံခြုံရေးလည်း မရှိဘူး၊ သို့သော် တို့ရပ်တည်နိုင်တယ်၊ ရှင်သန်နိုင်တယ်၊ အချိန်မရွေးလုပ်ကြံခံရဖို့ ပစ်မှတ်ကြီးဖြစ် နေတဲ့ အဗ္ဗဒူလာလို အင်အားမရှိတဲ့ဘုရင်နဲ့ ပါးလူနာလူးလုပ်နေလျှင် တို့အနေနဲ့ ဘယ် တော့မှ မပြီးဆုံးနိုင်တဲ့ စစ်ပွဲတွေကို မကြာခဏတိုက်နေရလိမ့်မယ်” ။

“ဒါပေမယ့် ဂါဇာကမ်းမြောင်ကိုပေးလိုက်ရုံနဲ့ အဲဒီစစ်ပွဲတွေကို မရှောင်နိုင်ပါဘူး၊ အီဂျစ်တွေကို မြောက်ပေးသလိုသာ ဖြစ်လိမ့်မယ်၊ သူတို့က ကျွန်တော်တို့ရဲ့ သက်ညှာမှုကို ခုတုံးလုပ်ပြီး ကျွန်တော်တို့ကိုပဲ ပြန်ဆော်မှာသေချာတယ်”

“အဲဒီလိုပဲ ပြောကြတာပဲ၊ အဲဒီလို စစ်ပွဲတွေဖြစ်လာလျှင် တို့အနေနဲ့ တို့ဘက်က မှန်တယ်ထင်သလောက်သာ ဝင်တိုက်မယ်၊ အဲဒါဟာ တို့ရဲ့ အားစမ်းပွဲပဲဖြစ်မယ်၊ တို့ရဲ့ အင်အားတွေကို တခြားကိစ္စတွေမှာရှိနေတဲ့ ဂျူးဒုက္ခသည်တွေကို ပြန်ထုတ်ရဦးမယ်၊ ဥရောပနိုင်ငံတွေမှာ ကျန်နေသေးတဲ့ဂျူးတွေကိုလည်း ရှာဖွေစုံစမ်းပြီး ပြန်ခေါ်ရဦးမယ်။ အာရပ်နိုင်ငံတွေမှာရှိနေတဲ့ ဂျူးတွေကိုလည်း အစုလိုက်အပြုံလိုက် အသတ်မခံရခင် အချိန်မီပြန်ခေါ်ရဦးမယ်။ “... ပြီးတော့ ကုန်တင်သင်္ဘောတွေလည်း ဝယ်ရဦးမယ်၊

အမျိုးသား လေကြောင်းဌာန လည်း ဖွင့်ရဦးမယ်၊ တို့ရဲ့ သိပ္ပံပညာရှင်တွေ၊ အနုပညာရှင်တွေနဲ့ အတတ်ပညာရှင်တွေ အသိပညာရှင်တွေကို ကမ္ဘာကသိအောင် ဖော်ထုတ်ရဦးမယ်၊ သဲကန္တာရကို စိမ်းလန်းစိုပြည် အောင် ဖန်တီးရဦးမယ်၊ ဂျူးနိုင်ငံဟာ အာရပ်တွေနဲ့ ပြေးတမ်းလိုက်တမ်းကစားနေလို့ မပြီးသေးဘူး၊ အဲဒီကိစ္စထက် အရေးကြီးတဲ့ တခြားကိစ္စတွေကို ဦးစားပေးပြီး လုပ်ရလိမ့် မယ်”

“ဒါပေမဲ့ အီဂျစ်တွေက ဂါဇာကမ်းမြောင်ကို ခြေကုပ်ယူပြီး ကျွန်တော်တို့ကို ပြန် တိုက်လာမှာကိုတော့ မမေ့ပါနဲ့၊ ကျွန်တော်တို့ကို ပြန်သတ်နိုင်အောင် သူတို့ကို ကယ်တင်ပေး တာမျိုးတော့ လုံးဝမဖြစ်သင့်ဘူး”

“ပြီးတော့ အိမ်နီးချင်းနိုင်ငံသစ်တွေ ရှာရဦးမယ်” အဘိုးကြီးက ဆက်ပြောသည်။

“အချိန်တွေ အများကြီးကြာမယ်၊ အများကြီး အချိန်ယူရလိမ့်မယ်၊ အစ္စရေးနိုင်ငံ) အထူးတာဝန်ရှိတယ်၊ ကမ္ဘာမှာတစ်မူထူးခြားတဲ့ သီးသန့်တာဝန်ရှိတယ်၊ တို့က အခြောက် တိုင်း ဒီမိုကရေစီစနစ် အကျိုးအတွက် ကိုယ်ကျိုးပြုရမယ်၊ ဟုတ်တယ် ဒီမိုကရေစီထွန်းကား ရေးအတွက် တို့မှာအထူးတာဝန်ရှိတယ်၊ ဒီမိုကရေစီကို အမြဲတမ်း ဦးထိပ်ပန်ဆင်နေပါတယ် ဆိုတဲ့ ဗြိတိသျှတွေတောင်မှ တို့ကို လက်နက်နဲ့ခြိမ်းခြောက်လာတယ်။ အမေရိကန်ကလည်း စီးပွားရေးနဲ့ အကျပ်ကိုင်ဖို့ စိတ်ကူးနေတယ်။

“…ဘယ်လိုပဲဖြစ်ဖြစ်၊ နောက်ဆုံးတစ်နေ့မှာတော့ အာရပ်တွေအကြောင်း သူတို့ ကောင်းကောင်းသိလာကြမှာပါ၊ အဲဒီတော့မှ အစ္စရေးနိုင်ငံမပါလျှင် သူတို့ရဲ့ ရပ်တည်မှုကို လည်း အန္တရာယ်ပြုလာနိုင်တယ်ဆိုတာ သူတို့ သဘောပေါက်လာကြလိမ့်မယ်”

“ဝန်ကြီးချုပ်ရဲ့ အဲဒီစိတ်ကူးယဉ်အိပ်မက်ကြီးက ဘယ်တော့ အကောင်အထည် ပေါ်လာမှာလဲ၊ ဘယ်လောက်ကြာဦးမှာလဲ၊ ခရစ်ယာန်နိုင်ငံတစ်နိုင်ငံရဲ့ ကံကြမ္မာကို ဂျူးလူမျိုး တွေလက်ထဲထိုးအပ်ဖို့ ဘယ်လောက်အထိ အချိန်ကြာဦးမှာလဲ၊ ဘာပဲပြောပြော ကျွန်တော် ကတော့ ယီဂယ်ကိုထောက်ခံတယ်၊ ယီဂယ်ဘက်က ရပ်တည်တယ်”။

ဂီဒီယံသည် ယင်းသို့ အားပါးတရပြောပြီးနောက် ဝန်ကြီးချုပ်၏ရုံးခန်းထဲမှ ဖြစ် ထွက်သွားသည်။

✣--- www.ebooks4mm.org ---✣

စတုတ္ထပိုင်း - ဂျယ်ရီကိုမြို့ဟောင်း

အခန်း (၁)

၁၉၄၉ ခုနှစ်၊ ဆောင်းနှောင်းကာလ...။

တတိယအကြိမ် အပစ်အခတ်ရပ်စဲရေးကာလ ကုန်ဆုံးပြီးနောက် ရက်တစ်ရက်တွင် ဖေဖေက သူ့ ကျောက်ဆောင်အစွန်းကလေးသို့ ကျွန်တော့်ကို ခေါ်၍ပြောသည်။

“တို့ ဒီမှာဆက်နေလို့ မဖြစ်တော့ဘူး အစ္စမေ၊ ဂျယ်ရီကိုကိုသွားမှာ ဖြစ်တော့မယ် ဘယ်လိုမှ မတတ်နိုင်တော့ဘူး၊ အလ္လာအရှင်မြတ် အလိုတော်အတိုင်း လိုက်နာကြရမှာပဲ (အင်း....အလ္လာအရှင်မြတ်ဟာ တို့အတွက် ဘယ်ဆုံးဖြတ်ချက်ကိုမှ အခုလောက် မြန်မြန်ဆန်ဆန်ကြီး မချမှတ်ခဲ့ပါလားဟု ကျွန်တော်တွေးလိုက်မိသည်။

ယခုအချိန်တွင် ကျွန်တော်တို့၏ လိုဏ်ခေါင်းမှာလည်း ဆက်လက်နေထိုင်၍ ရေ လောက်အောင် အခြေအနေဆိုးရွားနေသည်။ ပိုးမွှားနှင့် မိုးရေတို့ကြောင့် ရိက္ခာပစ္စည်းများ လျင်မြန်စွာပျက်စီးကုန်ကြသည်။ လိုဏ်ခေါင်းတစ်ခုလုံး စိုထိုင်းအေးစက်နေပြီး မှိုနံ့မှာ လည်း မွန်ဟောင်နေသည်။ စိုထိုင်းခြင်းနှင့် မှိုနံ့များပျောက်အောင် မီးရှိန်ပြင်းပြင်းဖြင့် မီးမြိုက်ကြသည်။

သို့သော်လည်း တစ်ခါတစ်ခါတွင် မီးခိုးပေါက်များမှ ရေဝင်လာပြီး မီးဖိုကို ရောက် သောကြောင့် လိုဏ်ခေါင်းတစ်ခုလုံး မီခိုးတွေ အူနေတော့သည်။ သို့ဖြင့် အသက်ရှူကျပ်ပြီး သေမှာကြောက်သောကြောင့် တစ်ခါတစ်ရံ မုန်တိုင်းတိုက်နေချိန်တွင်ပင် လိုဏ်ခေါင်းအပြင်ကို ထွက်၍နေကြရသည်။

မုန်တိုင်းတိုက်နေချိန်တွင် ရာမီဇာသည် ခြေကုပ်လွတ်၍ ကျောက်စွန်းပေါ်တွင် ချော်လဲပြီး ကိုယ်ဝန်ပျက်ကျသည်။ ဤနေရာ

ဤအခြေအနေမျိုးတွင် သန္တေသားသော နို့စို့ကလေးငယ်များပင်
အသက်ရှင်နေရန်မဖြစ်နိုင်ပါ။ ကျွန်တော်တို့မိသားစုတွင် အစ်ကို ကြီးကမယ်နှင့်
မိထွေးရာမီဇာတို့မှာ အပျော့ညံ့ဆုံးဖြစ်၍ သူတို့ကြောင့် အားလုံးအတွက်
တာဝန်ပိစေသည်။ ရာမီဇာ ကိုယ်ဝန်ပျက်ကျခြင်းအတွက် ကျွန်တော်တို့က တာဝန်
စိတ်မချမ်းသာယောင်ဆောင်ကြသော်လည်း တာရှည်တော့ ဝမ်းနည်းမနေကြပါ>
လိုဏ်ခေါင်းထဲတွင် နေကြရစဉ်အတွင်း နေ့တိုင်းလိုပင် ဆင်းရဲဒုက္ခ တစ်မျိုးမဟုတ်၊ '
တစ်မျိုး ကြုံတွေ့ နေကြရသည်။ ထို့ကြောင့် ဤနေရာမှာ ထွက်ခွာသင့်ပြီဟု
အခြေအနေက သေနတ်အနီးတွင် လက်နက်ပတ်ပတ်လည်မှ တောင်ရိုကိုမြို့မှ
ကုန်းတွင်း ဂျယ်ရီကိုဝန်ပေးသည်။ က်လျက်ရှိသည်" တန်းနေရာ ကျွန်တော်တို့အား
နှိုးဆော်တိုက်တွန်းနေပြီ။

ကျွန်တော်တို့သည် အစားအစာကိုလည်း ဝဝလင်လင်မစားနိုင်ကြတော့ပါ။
ရိဆွေက လုမတတ် ဖြစ်နေပြီ။ အဓိက စဉ်းစားစရာတစ်ရပ်မှာ ကျွန်တော်တို့၏
လက်နက်များကို ဘယ်လိုလုပ်မလဲဟူသော ပြဿနာပင်ဖြစ်သည်။

ဤကာလတွင် သေနတ်များမှာ အချိန်မရွေး ရောင်း၍ဝံ့သော
ကုန်ပစ္စည်းဖြစ်နေ ည်း ပိုက်ဆံပြတ်လျှင် ရိုင်ဖယ်သေနတ်ကိုဖြစ်စေ၊
ခြောက်လုံးပြူးကိုဖြစ်စေ ဘယ်နေရာ တွင်မဆို ရောင်း၍ရသည်။ သို့သော်
ဖေဖေ့လိုပုဂ္ဂိုလ်တစ်ယောက်သည် မိမိလက်ဝယ်ရှိပြီး သေနတ်များကို
လွယ်ကူစွာရောင်းပစ်ရန် စိတ်ကူးသူမဟုတ်ပါ။ ဂျယ်ရီကိုမြို့အနီးတွင် လက်နက်များ
ဝှက်ထားရန် သင့်တော်သောတစ်နေရာရာ ဖို့ ကျွန်တော့်ကိုတာဝန်ပေးသည်။
မြို့ပတ်ပတ်လည်မှ တောင်ကတုံးများ၏ ကမ်းပါး များပေါ်တွင်
ဒုက္ခသည်တဲစခန်းများ ပြည့်နှက်လျက်ရှိသည်။ ဂျယ်ရီကိုမြို့မှ ကုန်းတွင်း တွင်
မြင့်မားသော ကျောက်ဆောင်ကျောက်ကမ်းပါးများ သွယ်တန်းနေရာ ကျွန်တော်
လိုဏ်ခေါင်း တည်ရှိရာဒေသနှင့် အလွန်တူသည်။

မြို့နှင့် မိုင်အနည်းငယ်သာ ကွာဝေးသော အဆိုပါကမ်းပါးမြင့်ကြီး
တစ်ခုပေါ်တွင် ဂျေဟုခေါ်သော ဂရိခရစ်ယာန်ဘုန်းကြီးကျောင်းတစ်ကျောင်းရှိသည်။
မည်သူမှ မသိ ဆင် ပုန်းအောင်းနေလိုလျှင် ကမ္ဘာတွင် ဂရိဘုန်းများထံ၌ပုန်း၍
အလုံဆုံးဖြစ်သည်။ ဗန်းဘော်ကြီးကျောင်းသို့ သွားသောလမ်းသည်
ဂျေရုဆလင်လမ်းမကြီးမှ ခွဲထွက်သွားပြီး က်စွာ ခြေကျင်လျှောက်သွားရသည်။

ဂျယ်ရီကိုမြို့ဘက်မှကြည့်လျှင် ဘုန်းကြီးကျောင်း မေင်ရ။ ယင်းဘုန်းကြီးကျောင်းအောက်ဘက်မှ ကမ်းပါးယံကို တက်နိုင်လျှင် သေနတ်များထားရန် အကောင်းဆုံးသောနေရာကို တွေ့ ကိုတွေ့ရမည်ဟု ကျွန်တော်ယုံကြည်သည်။

လက်နက်များမြှုပ်ထားရန် တွင်းခေါင်း၊ သို့မဟုတ် မြောင်းတူး၍တော့ လုံးဝမဖြစ်ပါ။ သယ်ကြောင့်ဆိုသော် သဲကန္တာရမြေမှာ အများအားဖြင့် အလွန်မာကျောသောကြောင့် ဖြစ်သည်။ ထို့ကြောင့် လူသေအလောင်းများကိုပင် တွင်းတူးပြီးမမြှုပ်နိုင်၍ ကျောက်တုံးများဖြင့် ထိပ်နှံ့ကြရခြင်း ဖြစ်သည်။ ထို့ပြင် အကယ်၍ ကျွန်တော်က မြေကြီးကိုတူးဆွလျှင် ည်း ဘီဒိုယင်များက ချက်ချင်းလိုပင် တွေ့ရှိသွားနိုင်ပါသည်။)

ထို့ကြောင့် လုံခြုံစိတ်ချရပြီး မြင်းနှင့်သွား၍ ရောက်နိုင်သော တောင်နံရံခေါင်း၊ ဟုတ် လိုဏ်ခေါင်းကလေးတစ်ခုကို တွေ့အောင်ရှာရမည်။ သို့သော် ဤတာဝန်ကို ကျွန်တော်တစ်ယောက်တည်း မထမ်းဆောင်နိုင်ပါ။ ထို့ကြောင့် နောက်တစ်ယောက် ဘယ်သူ့ကို ခေါ်ရမလဲဟု ဖေဖေနှင့်ကျွန်တော်တို့ တိုင်ပင်ကြသည်။ ကျွန်တော်ကတော့ ကို ခေါ်ချင်သည်။ သို့သော် သည်အကြောင်း ဖေဖေ့ကိုလုံးဝမပြောရပါ။ ဆာဘာရီကို တ်ကူးမိကြသေးသည်။ သို့သော် ကျွန်တော်တို့ကသူ့ကို ဘယ်တော့မှအကြွင်းမဲ့ မယုံပါ။ ဤသို့ဖြင့် နောက်ဆုံးတွင် ဂျမီလ်ကို ရွေးချယ်လိုက်ကြသည်။

ဂျမီလ်နှင့် ကျွန်တော်တို့သည် သန်းခေါင်လောက်တွင် ကွမ်ရန်မြို့မှ ထွက်ခွာပြီး ချယ်ရီကိုမြို့နှင့် ဒုက္ခသည်စခန်းများအနီးမှဖြတ်ကာ စိန်ဂျော့ဘုန်းကြီးကျောင်းအောက်ဘက် ဆောင်ကမ်းပါးယံပေါ်သို့တက်၍ ရက်ပေါင်းများစွာ နေရာရှာကြသည်။

စိန်ဂျော့
ဘုန်းကြီးကျောင်းသည်“မောင့်တင့်ပတေးရှင်း”ခေါ်သွေးဆောင်တောင်”၏ အောင်ထွတ်ပေါ်တွင် တည်ရှိသည်ကို တွေ့ရသောကြောင့် ကျွန်တော် စိတ်ခတ်ကျသွားလဲ မိသည်။ ခရစ်တော်သည် မာရ်နတ်အားနှိမ်နင်းရင်း ဤတောင်ပေါ်တွင် ရက်ပေါင်း လေး ဆယ်တိတိ နေထိုင်ခဲ့သည်ဟု

ခရစ်ယာန်ဘာသာဝင်တို့က ယုံကြည်ကြသည်။ ကွမ်ရန်မြို့ ဟောင်းအနီးမှ ကျွန်တော်တို့၏ လိုဏ်ခေါင်းသည် ခရစ်တော်နှင့် ဒါဝိဒ်တို့ နေထိုင် သွားခဲ့သော လိုဏ်ခေါင်းအစစ်ဖြစ်သည်ဟု ကျွန်တော်အသေအချာယုံကြည်သည်။ ခရစ်ယာန်တို့နှင့် တို့သည် သမိုင်းဝင်နေရာ အတော်များများနှင့်ပတ်သက်၍ အမှတ်အယူလွဲမှား နေကြသည်။ အထူးသဖြင့် သူတော်စင်များနှင့် တမန်တော်များ၏ သင်္ချိုင်းနေရာများကို အမှတ်မှားကြသည်။ သူတို့သည် ပထမတွင် မောရှေနှင့် ရှမွေလတို့၏ သင်္ချိုင်းမြေများ ကို အတိအကျမသိခဲ့ကြ။ နောင်တွင် တမန်တော်မိုဟမ္မက်သည် အလ္လာရှင်မြတ်ထံမှ နှုတ်ကပတ်တော်ကို ကြားနာရပြီး နေရာမှန်ကို ထုတ်ဖော်မိန့်ကြားသောခါတွင်မှ အတိအကျ သိခဲ့ရခြင်းဖြစ်သည်။ ဤအကြောင်းများကြောင့် ခရစ်ယာန်ဘုရားဖူးများသည် တလွဲနေ များသို့ သွားရောက်၍ ရာစုနှစ်ပေါင်းများစွာ ဝတ်ပြုခဲ့ကြရသည်။

ဘုန်းကြီးကျောင်းပတ်ပတ်လည်တွင် ကင်းထောက်စခန်းများ အများအပြား သောကြောင့် တောင်ကမ်းပါးယံသို့ အထူးသတိထား၍ တက်ကြရသည်။ ကျွန်တော်တို့ ကွမ်ရန်နယ်မြေတွင် လပေါင်းများစွာ နေထိုင်လာခဲ့ပြီး ဖြစ်သောကြောင့် သဲခြောက်ရောင် များနှင့် တောင်ကြားလမ်းကျဉ်းကလေးများအတိုင်းလိုက်၍ တက်နည်းကို ကောင်း ကျွမ်းကျင်နေကြပြီဖြစ်သည်။ ကျွန်တော်တို့သည် ယင်းကျွမ်းကျင်မှုကို အသုံးပြုပြီး သူ မြင်နိုင်အောင် ကျောက်သားရောင်ပုတ်သင်နှစ်ကောင်လို တွယ်ကပ်တွန့်လိမ်၍ တက် ရသည်။

တတိယမြောက်နေ့တွင် ဂျမီလ်က ကျွန်တော့်အား အက်ကွဲကြောင်းတစ်ခု လှမ်းခေါ်သည်။ အက်ကြောင်းမှာ နှစ်ပေခန့်နက်သည်။ အလုပ်ဖြစ်နိုင်မည့် အလား ရှိသည်။ အနီးအနားတွင်လမ်းမရှိ။ အပေါ်မှဘုန်းကြီးကျောင်းက လှမ်းကြည့်လျှင်လည်း မမြင်နိုင်။ ကျွန်တော်တို့၏ မြည်းကိုလည်း တဖြည်းဖြည်းချော့ပြီး မောင်းယူသွား နိုင်သည်။ ကျွန်တော်တို့သည် အက်ကြောင်းထဲတွင် ကိုယ်ကိုတွန့်လိမ်၍ လျှောက် ရသည်။ အဝမှာ အလွန်ကျဉ်းသောကြောင့် လက်နှစ်ဖက်စလုံးဖြင့် ထိန်းကိုင်၍မရသ သို့သော်လည်း လက်မနှစ်ဆယ်ခန့်ကျယ်သော အက်ကြောင်းတစ်နေရာမှာ တူးမြောင် ဖြစ်နေသည်။

ယင်းတူးမြောင်းတိုင်း လိုက်သွားသောအခါ ဒုတိယအက်ကြောင်းတစ်ခုကို

ထပ် တွေ့ရှိရသည်။ အပေါက်ဝကလည်း တော်တော်ကလေး ကျယ်သည်။ မိုးရေဝင်နိုင်သည်။ အခြေအနေ ရှိမရှိ စစ်ဆေးကြည့်သောအခါ မိုးရေလုံနိုင်ကြောင်းတွေ့ရှိရ၍ ကျွန်တော် အလွန်ဝမ်းသာသွားမိကြသည်။

ကျွန်တော်တို့သည် ထိုညတွင် ပထမအသုတ်လက်နက်များကို မြည်းပေါ်တင်း သယ်ယူလာကြသည်။ မိုးမလင်းခင် ကိစ္စပြီးအောင် ကြိုးစားပမ်းစား ဆောင်ရွက်ကြပြီးနောက် ခက်ခဲစွာဖြင့် ပြန်ဆင်းလာကြရသည်။

လက်နက်များကို လုံခြုံစွာဝှက်ထားကြပြီးသောအခါ ကျွန်တော်တို့သည် လိုက် ခေါင်းထဲ၌ကျန်ရှိသမျှ အဖိုးတန်ပစ္စည်းများကို ရှင်းလင်းသိမ်းဆည်းကြသည်။ ထို့နောက် ထုပ်အပိုးများထုပ်ပိုးပြီး အများစုကို ယောက်ျားများကကျောပိုး၍ အချို့ကို မိန်းမများက ခေါင်းပေါ်တွင် ရွက်ကြသည်။ ကိုယ်ဝန်ခြောက်လရှိသော ဖာတမာပင်လျှင် ခါးတွင် နှစ်အရွယ် သမီးငယ်ကိုချီကာ ခေါင်းပေါ်တွင် အထုပ်တစ်ထုပ်ရွက်သည်။

မြည်းပေါ်တွင်တော့ ဝန်နည်းနည်းသာတင်သည်။ ဖေဖေစီးရန် နေရာပေးရသော ကြောင့် ဖြစ်သည်။ ဖေဖေမြည်းပေါ်တက်တော့ သူ့မြင်းကြီး အယ်လ်ဘူရတ်ကို စီးသကဲ့သို့ ညားမှုတော့မရှိပါ။ ဖေဖေက ရှေ့ဆုံးမှမြည်းစီး၍ ဦးဆောင်သွားပြီး ကျွန်တော်တို့က နောက်မှတန်းစီ၍ လိုက်လာကြသည်။ ဖိနပ်တွေ ပေါက်ပြဲနေ၍ သတင်းစာစက္ကူများဖြင့် ဆိုဖာထေးပြီး စီးလာကြရသည်။ အိုမာနှင့် ကမယ်တို့မှာ ဖိနပ်မရှိတော့သဖြင့် ခြေ ဆောက်များကို အဝတ်စုတ်နှင့်ပတ်၍ လျှောက်လာကြသည်။ တစ်မိုင်လောက်ရောက် သောအခါ ဖေဖေမှတစ်ပါး ကျွန်တော်တို့အားလုံး ခြေထောက်တွေပွန်းပဲ့ပြီး သွေးထွက် ကုန်ကြသည်။

ဖာတမာနှင့် နာဒါတို့ကိုကြည့်၍ ကျွန်တော်အံ့သြမိသည်။ သူတို့နှစ်ယောက်စလုံး ဘက်ျားတွေထက်ပင် ခံနိုင်ရည်ရှိကြသည်။ ကျွန်တော်တို့က ဒယီးဒယိုင်ဖြင့် ကိုယ်ကို ဆွတ်ဆွဲရလုမတတ် ဂျယ်ရီကိုမြို့ဆီသို့ တအိအိနှင့် လျှောက်နေကြချိန်တွင် သူ့တို့နှစ် ယောက်က လန်းဆန်းဖျတ်လတ်စွာဖြင့် ခြေပြင်းနှင်နေကြသည်။ မေမေမှာ ကိုယ်ခန္ဓာ သောကြောင့် အလွန်ပင်ပန်းရှာသည်။ တစ်ကြိမ်တွင် မေမေသည်အမောဆို့ပြီး မေ့မြော ကေသွားသည်။ ဖေဖေက မေမေ့အား သနားသွားပြီး မြည်းပေါ်တင်၍ ခရီးဆက်လာခဲ့

ဂျယ်ရီကိုမြို့ပတ်ဝန်းကျင်တွင် ဒုက္ခသည်များ၏ တဲစခန်းမြို့နှစ်မြို့ရှိသည်။ မြို့၏ မြောက်ပိုင်းအစွန်တွင် ရှေးဟောင်းဂျယ်ရီကိုမြို့ပျက်များ "အိန်အက်စ်ဆူလတန်" ဟုခေါ်သော စမ်းပေါက်တစ်ခုရှိသည်။ ဤရေစမ်းပေါက်ကြောင့် ဂျယ်ရီကိုမြို့သည် လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်းခန့်ကပင် ဖြစ်ပေါ်တိုးတက်လာခဲ့ခြင်း ဖြစ်သည်။ ယခုအချိန်တွင်လည်း ထောင်ပေါင်းများစွာသော စစ်ပြေးဒုက္ခသည်တို့သည် ယင်းရေစမ်းပေါက်ကိုပင် အားကိုးမှီခို ခံကြရသည်။

ဒုတိယ ဒုက္ခသည်စခန်းမြို့မှာ ဂျယ်ရီကိုမြို့တောင်ပိုင်း အက္ကဘက်ဂျဘားနယ်မြေ တွင် တည်ရှိသည်။ သွေးဆောင်တောင်နှင့်နီးသော တောင်ကုန်းများပေါ်တွင် တဲအိမ်များ ဆောက်လုပ်နေထိုင်ကြခြင်းဖြစ်သည်။ ထိုနေရာသည် ကျွန်တော်တို့၏ လက်နက်များ က်ထားသောနေရာနှင့် အတော်ကလေးနီးသောကြောင့် ကျွန်တော်တို့လည်း ထိုနေရာတွင် ခန်းချကြသည်။

ဒုက္ခသည်စခန်းတွင် ကြီးကြပ်သူမရှိ။ ဘယ်အရာမျှ စနစ်တကျမရှိ။ ထောင်ပေါင်း များစွာသောလူတွေ တလှုပ်လှုပ်တရွရွဖြင့် ရည်ရွယ်ချက်မရှိ လမ်းသလားနေကြသည်။ အိမ်သာမရှိ။ ထမင်းဟင်းချက်ရန် မီးဖိုနေရာ သတ်သတ်မှတ်မှတ်မရှိ။ ဆေးဝါးကုသရေး ဌာနမရှိ။ လခြမ်းနီအသင်းကားတွေတော့ အမ္မန်မြို့မှ ကြိုးကြားကြိုးကြား ရောက်လာတတ် သည်။ ရွက်ထည်တဲ၊ အစားအသောက်၊ စောင်နှင့် ဆေးဝါး ဝေခြမ်းရေးတာဝန်ခံများမှာ ဂ အလွန်ဖြူရိုကရက်ဆန်ကြသည်။ ဒုက္ခသည်များအတွက် ပစ္စည်းအများစုမှာ မှောင်ခိုဈေးသည် တွေလက်ထဲ ရောက်ကုန်ကြသည်။ ဒုက္ခသည်များအား ကြက်တွေငှက်တွေလို မှတ်ကြသလား မသိ၊ စားစရာတွေကို ပစ်ပေးကြသည်။

ရေတစ်ပုံးရရန်အတွက် ရေဝေကားတွင် တစ်နေကုန် တန်းစီကြရသည်။ တစ်ခါတစ်ရံ လူတွေက ကြိုတင်တန်းစီနေနှင့်ကြသည်။ သို့သော် ရေဝေကားကရောက်မလာ။ တစ်ခါတစ်ရံ ရေဝေနေရင်း တန်းတစ်ဝက်အရောက်တွင်ရေပြတ်သွားသည်။ ပထမနှစ်ပတ်တွင် ကျွန်တော် တို့သည် ဘူမိကမ္ဗလာမြေမွေ့ရာပေါ်တွင်ပင် အိပ်ကြရသည်။ သဲသဲမဲမဲရွာချသော မိုးဒဏ်ကို နှစ်ရက်တိတိ အလူးအလိမ့်ခံလိုက်ကြရသည်။

နောက်ဆုံးတွင် ကယ်ဆယ်ရေးပစ္စည်းများ အပြည့်တင်ဆောင်လာသော

ယာဉ်တန် တစ်တန်း ဒမတ်စကတ်မြို့မှ ရောက်ရှိလာသည်။ ဒုက္ခသည်များအား လမ်းမပေါ်တွင် တန်းစီခိုင်းထားပြီး ယာဉ်တန်းဖြတ်မောင်းသွားစဉ် မှတ်တမ်းတင်ရုပ်ရှင်အဖွဲ့ တစ်ဖွဲ့က ရုပ်ရှင်ရိုက်သည်။ ထို့နောက် ဘာပစ္စည်းမှဝေမပေးသေးမီ တာဝန်ခံပုဂ္ဂိုလ်များက စစ် ဒုက္ခသည်တွေ ဤနေရာသို့ ရောက်လာရခြင်းမှာ ဇီယွန်ဝါဒီဂျူးတို့ကြောင့်ဖြစ်ကြောင်း ဒုက္ခသည်များ အစစအရာရာအဆင်ပြေရေးအတွက် ညီအစ်ကို အာရပ်များက အပူတပြင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သုံးနာရီလောက် မိန့်ခွန်းခြွေကြသည်။

ကလေးငယ်များအား ရိက္ခာကားပတ်ပတ်လည်တွင် ဝိုင်းအုံခိုင်းသည်။ ရုပ်ရှင်အဖွဲ့ ဓာတ်ပုံဆရာက အချက်ပြသောအခါ ကျွန်တော်တို့က သူတောင်းစားတွေပမာ လက် လက်မောင်းတန်း၍ အသံကုန် အော်ဟစ်ကြရသည်။

ကျွန်တော်တို့အား အိပ်ရန်ဖျာများနှင့် ခြောက်ယောက်အိပ်စစ်သုံး ရွက်ထည်တဲမှာ ထုတ်ပေးသည်။ သို့သော် ယင်းပစ္စည်းများမှာ အာရပ်နိုင်ငံများမှ ပေးခြင်းမဟုတ်၊ က နိုင်ငံပေါင်းစုံက နိုင်ငံတကာကြက်ခြေနီအသင်းမှတစ်ဆင့် ပေးခြင်းသာဖြစ်သည်။

ယခုမှ တကယ့်ပြဿနာနှင့် ကြုံကြရသည်။ ဒုက္ခသည်အများစုမှာ တစ်ရွာလုံး လူမျိုးစုတစ်စုလုံး၊ မျိုးနွယ်စုတစ်ခုလုံး တစ်စုတစ်ရုံးတည်း တွက်ပြေးလာကြခြင်းဖြစ်သည်။ အဏ္ဏဘက်ဂျာဘားနယ်မြေရှိ လူများစုနေချင်သော နေရာများမှာ ဂျယ်ရီကိုမြို့နှင့် အနီးကပ် ဆုံးနေရာများဖြစ်သည်။ နေရာချထားရေးနှင့် ပတ်သက်၍ တာဝန်ခံမရှိသောကြောင့် ဒုက္ခသည်အုပ်စုချင်း အငြင်းပွားကြရသည်။ ထိုအခါ ယောကျ်ားဦးရေများများပါသောအုပ် က ကောင်းဆုံးနေရာများကို ယူကြသည်။ ကျွန်တော်တို့မိသားစုတွင် လူဦးရေအနည်းဆုံးရှိ ပြီး မိမိမျိုးနွယ်စုနှင့် အုပ်ကွဲသွားသည်။ အလ္လာအရှင်မြတ် သနားတော်မူလျှင် သူတို့သည် လက်ဘနွန်တစ်နေရာတွင် အသက်ထင်ရှား ရှိနေနိုင်သည်။

ကျွန်တော်တို့ကဲ့သို့ ဘက်ပဲ့နေသော တခြားမိသားစုတွေရှိကြသေးသည်။ ဖေဖေသည် ၎င်းတို့ကိုလိုက်ရှာပြီး သူ၏ ခေါင်းဆောင်မှုဖြင့် အားလုံးကို တစ်စုတပေါင်းတည်း စုစည်း သည်။ ဖေဖေ၏ ဩဇာတိက္ကမအရှိန်အဝါကြောင့်

မိသားစုအမြောက်အမြားကို စုစည်းနိုင် သည်။ ၎င်းတို့သည် ဖေဖေ့အား တဘားရွာအကြီးအကဲအဖြစ်လည်း သိထားကြသည်။ ကွမ်ရန်မြို့ရှိစဥ် တောင်စောင်းလိုဏ်ခေါင်းထဲတွင် စွန့်စွန့်စားစား သွားရောက်နေထိုင်ခဲ့ ကြောင်းကိုလည်း သိထားကြသည်။ ဖေဖေသည် သူ၏ နောက်လိုက်များ၏ အင်အားကို ယုံကြည်ပြီး လိုအပ်ချက်များကို ဦးဆောင်၍ အရေးဆိုတောင်းခံသည်။ ကျွန်တော်တို့ အုပ်စုနေထိုင်သောနေရာကို တဘားဟုအမည်ပေးထားကြသည်။ အခြားအုပ်စုများကလည်း သူတို့၏ မူလရွာအမည်များကို အသီးသီးပေးထားကြသည်။

ကျွန်တော်တို့သည် ပထမတွင် ရွှံ့အိမ်များဆောက်ရန် ကြိုးစားကြသေးသည်။ သို့သော် ရွှံ့မခြောက်ခင် မိုးရွာသောကြောင့် ရွှံ့တွေ အကုန်အရည်ပျော်ကုန်ကြသည်။ သို့ဖြင့် ရွက်ထည်တဲများနှင့်ပင် နေကြရသည်။

ဖေဖေသည် သီးခြားရွက်ထည်ထဲတစ်လုံးတွင် မေမေနှင့် ရာမီဇာတို့နှင့်အတူအိပ် သည်။ တခြား ခြောက်ယောက်အိပ် ရွက်ထည်တဲကို အဝတ်ကန့်လန့်ကာခြား၍ သုံးခန်း ခွဲလိုက်သည်။ အိုမာ၊ ဂျမီလ်၊ ဆာဘာရီနှင့် ကျွန်တော်တို့လေးယောက်က တစ်ခန်း။ ကမယ်၊ ဖာတမာနှင့် သမီးငယ်တို့သုံးယောက်က တစ်ခန်း။ နာဒါတစ်ယောက်တည်း တစ်ခန်းအိပ်သည်။ အိပ်ချိန်တန်၍ ဖျာများဖြန့်ခင်းပြီးသောအခါ လမ်းလျှောက်ရန် နေရာမရှိ တော့။ လျှောက်လျှင်လည်း လူပေါ်ကျော်၍ လျှောက်ကြရသည်။

ဘီဒိုယင်များက သူတို့၏တဲအိမ်များကို သားရေနှင့်သားမွေးများဖြင့် ဆောက်လုပ် ကြသောကြောင့် အဆိုးရွားဆုံး ရာသီဥတုဒဏ်ကိုပင် ခံနိုင်ကြသည်။ အီတလီမှလာသော ကျွန်တော်တို့၏ ရွက်ထည်တဲများမှာမူ ပိတ်ပါးဖြင့် ချုပ်လုပ်ထားသောကြောင့် ရာသီဥတုနှင့် မကိုက်ဖြစ်နေသည်။ မိုးသည်းထန်သောအခါ မိုးရေတွေယိုကျပြီး လူတွေအားလုံး ရွဲရွဲစိုကုန် ကြသည်။ မိုးစဲသွားပြီးနောက် သဲမုန်တိုင်းတိုက်ခတ်လာသောအခါ သဲမှုန်တွေက ရွက်ထည် တဲကို ကျည်ဆန်တွေလို ထိုးဖောက်ကြပြန်သည်။ နေပူပြန်တော့လည်း မသက်သာ။ အပူ ရှိန်က ရွက်ထည်ကိုဖောက်ထွင်း၍ လူပေါ်ကို လာဟပ်ပြန်သည်။

ပထမနှစ်အတွင်း လူတိုင်းပင် ကပ်ရောဂါဒဏ်ကို ခံကြရသည်။

ဝမ်းကိုက်ရောဂါ၊ ကာလဝမ်းရောဂါနှင့် အူရောင်ငန်းဖျားရောဂါတို့ကြောင့် အများအပြား သေဆုံးကြရသည်။ အထူးသဖြင့် ကလေးငယ်များ ပျက်စီးဆုံးပါးကြရသည်။ ကမယ်နှင့် ဖာတမာတို့၏ သမီးကလေးလည်း ကပ်ရောဂါနှင့် ပါသွားရရှာသည်။

ဆရာဝန်ဆို၍ ဂျယ်ရီကိုမှလာသော ဆရာဝန်တစ်ယောက်၊ ဂျက်ဖာမှ သူနာပြု ခြောက်ဦးနှင့် ရောက်လာသော အခြားဆရာဝန်တစ်ယောက်သာရှိသည်။ သူတို့သည် မြို့ပတ်ပတ်လည်ရှိ ဒုက္ခသည်စခန်းငါးခုမှ လူပေါင်းငါးသောင်းကို တာဝန်ယူ ကုသပေးကြ ရသည်။ ကျောက်ရောဂါကာကွယ်ဆေးမှာ လူတစ်ဝက်ခန့်အတွက်သာ လုံလောက်သည်။ အင်အားကောင်းသောလူစုများနှင့် လာဘ်ထိုးနိုင်သူများသာ ဆေးဝါးကုသမှု အပြည့်အဝ ရှိကြသည်။

နွေရာသီရောက်လာသောအခါ အပူဒဏ်ကို အလူးအလဲခံကြရပြန်သည်။ အပူရှိန်မှာ ဘယ်တော့မှ ကိုးဆယ်ဒီဂရီအောက်မကျ။ သဲကန္တာရမှ လေပူတိုက်ခတ်သောအခါများတွင် ၁၃၀ ဒီဂရီအထိပင် တက်သွားတတ်သည်။ အက္ကာဘက်ဂျာဘားနယ်မြေတွင် ယင်ကောင် တွေ ပေါလိုက်တာကလည်း လွန်ပါရော။ ရေတွက်၍သာရလျှင် ကုဋေကုဋာပင်ကျော်လိမ့် မည်။ ယင်ထက် ခြင်ကပိုဆိုးသေးသည်။

ပတ်ဝန်းကျင် မသန့်ရှင်းမှုကြောင့် အနံ့အသက်ဆိုးများကလည်း လေထုထဲတွင် သိပ်ခဲနေသည်။ အက္ကာဘက်ဂျာဘားနယ်မြေတွင် အရိပ်ခိုစရာသစ်ပင်လည်း တစ်ပင်မျှမရှိ။ ကလေးများအတွက် ကစားကွင်းမှာလည်း ပင်လယ်သေအထိရှည်သော ရေပုပ်မြောင်းဘေး လမ်းကျယ်ကြီးများသာ ဖြစ်သည်။

”

ကိုရန်ကျမ်းတွင် ငရဲဘုံများအကြောင်းကို ကြောက်စရာကောင်းအောင် အကျယ် တဝင့် ဖော်ပြထားသည်။ ကိုရန်ကျမ်းလာ ငရဲဘုံများ၏ ဆင်းရဲဒုက္ခအားလုံးကို ပေါင်း လိုက်လျှင် ယခု အက္ကာဘက်ဂျာဘာတွင် ကျွန်တော်တို့ ခံစားနေရသော ဆင်းရဲဒုက္ခနှင့် ညီမျှလိမ့်မည်။

ဒုက္ခသည်အများစုက မိမိတို့ခံစားနေရသော ဒုက္ခဆင်းရဲကို

ရင်စည်းခံကြသည်ကို ကြည့်ပြီး ကျွန်တော်အံ့သြပင် အံ့သြမိသည်။ မွတ်စလင်သူတော်ကောင်းတစ်ယောက် သည် အလ္လာအရှင်မြတ်၏ အလိုတော်အတိုင်း ကံစီမံရာကို ကြည်သာစွာ လက်ခံကြရမည်ဟု ဆိုသည်။ အများစုမှာ ဖြစ်ချင်ရာဖြစ်ပါစေတော့ ကံတရားအတိုင်းပဲဟု လက်ခံထားကြသောကြောင့် မိမိတို့ကြုံနေရသော အခြေအနေဆိုးမှ ရုန်းထွက်နိုင်အောင် ဘယ်လိုမှမကြိုးစား ကြ။ ကြိုးစားလိုသောဆန္ဒလည်း မရှိကြ။

တကယ်ဆိုတော့ ကျွန်တော်တို့၏ဘဝသည် အသက်ရှင်လျက် သေနေသောဘဝ ဖြစ်သည်။ ဖေဖေသည် ကျွန်တော်တို့ကို တစ်လျှောက်လုံး ဦးဆောင်လာခဲ့သည်။ ကျွန်တော်တို့အကျိုးအတွက် တစ်လျှောက်လုံး တိုက်ခိုက်လာခဲ့သည်။ သို့သော် ယခုတော့ ဖေဖေလည်း ဘာမှ မစွမ်းနိုင်တော့။ သူ့ကိုယ်သူ ကံတရားလက်ထဲ ဝကွက်အပ်နှံထားလိုက် လေပြီ။ အဆုံးစွန်ဆိုရလျှင် ကျွန်တော်တို့မှာ လူတွေနှင့်ပင် မတူတော့ဘဲ တိရစ္ဆာန်တွေနှင့်သာ တူနေကြတော့သည်။

မိုးလင်းမှ မိုးချုပ်အထိ ဒုက္ခသည်တွေပြောကြသောစကားမှာ ဒုက္ခသည်များအား ပေယျာလကန်ပစ်ထားကြောင်း၊ မိမိတို့ရပ်ရွာများသို့ ပြန်လိုကြောင်းများသာ ဖြစ်သည်။ “လောလောဆယ်တွင် တိုက်ပွဲများ ရပ်စဲသွားကြပြီ။ သို့သော် ကျွန်တော်တို့၏ အခြေအနေက ဘာမျှထူးခြားမလာ။ အမွန်မြို့တစ်ဝိုက်ရှိ ဒုက္ခသည်စခန်းများမှာလည်း အင်္ဂဘက်ဂျာဘာရှိ ဒုက္ခသည်စခန်းများနှင့် အတူတူပင်ဖြစ်သည်ဟု သိရသည်။ ကျွန်တော်တို့အတွက် ကယ်ဆယ် ရေးအကူအညီမှာ မဖြစ်စလောက်ကလေးမျှသာ ရရှိကြသည်။ ရရှိသမျှမှာလည်း အာရပ်နိုင်ငံ များမှမဟုတ်။

ကျွန်တော်တို့ ကြုံနေရသည်မှာ ခြောက်အိပ်မက်ကြီးမက်ရသလိုဖြစ်သည်။ အဆိုး ဆုံးက ပါလက်စတိုင်းဘက်ရှိ အနောက်ဘက်ကမ်းပါးတွင်လည်း ဒုက္ခသည်စခန်းပေါင်း များစွာ ရှိနေခြင်းပင်ဖြစ်သည်။ ကျွန်တော်တို့သည် ပါလက်စတိုင်းဒေသမှ ပါလက်စတိုင်း လူမျိုးများ ဖြစ်ကြသည်။ သို့သော် ကျွန်တော်တို့လူမျိုးတွေက ကျွန်တော်တို့ကို ဘာအကူ အညီမျှမပေးကြ။ သူတို့က ကျွန်တော်တို့အား အနာကြီးရောဂါသည်များပမာသာ ဝိုင်းပယ်စွန့် ထားကြသည်။

ဖေဖေ့တွင် အုပ်စုကွဲနေသောနောက်လိုက်ပေါင်းများစွာရှိသည်။ ထို့ကြောင့် ဖေဖေ သည် အဏ္ဏဘက်ဂျာအားဒုက္ခသည်စခန်း ခေါင်းဆောင်များအနက် တစ်ဦးအပါအဝင် ဖြစ် လာသည်။ ဖေဖေနှင့် တခြားမျိုးနွယ်စုအကြီးအကဲ လေးငါးဦးတို့သည် မိမိတို့ မျိုးနွယ်စု များ၏ဂုဏ်သိက္ခာကို ပြန်လည်၍ အဖတ်ဆည်နိုင်အောင် မနားမနေ ကြိုးပမ်းကြသည်။

ကျွန်တော်တို့အထဲတွင် လက်သမားများ၊ ပန်းပဲလုပ်သားများ၊ ဖိနပ်ချုပ်သဲမားများ၊ အပ်ခပ်သမားများ စသည့်လက်မှုပညာသည်တွေအများကြီးပါလာသည်။ ထို့ပြင် ကျောင်း ရာများနှင့် ကုန်သည်တွေလည်း အနည်းအကျဉ်းပါလာသည်။ သို့သော်လည်း ယနေ့အထိ ဘော်တို့ ဘာမှမထုတ်လုပ်နိုင်ကြသေး။ သစ်ပင်လည်း တစ်ပင်မှ မစိုက်နိုင်ကြသေး။ န်းပင်လည်း တစ်ပင်မှ မစိုက်နိုင်ကြသေး။ စာသင်ကျောင်းတစ်ကျောင်းလည်း မဖွင့် ကြသေး။ လယ်ယာလည်းတစ်ကွက်မှ မထွန်ယက်နိုင်ကြသေး။ စက်မှုလက်မှုလုပ်ငန်း ကို စတင်ရန်လည်း လုံးဝမကြိုးစားကြသေး။ အဆုံးစွန်ပြောရလျှင် ကျွန်တော်တို့ ည် ကိုယ်စွန့်ပစ်ထားသော အမှိုက်သရိုက် အညစ်အကြေးများကိုပင် မသိမ်းနိုင်ကြသေး။

ဖေဖေသည် တစ်နေကုန် အစည်းအဝေးတွေ တစ်ခုပြီးတစ်ခုတက်သည်။ သန်းခေါင် လောက်မှ ကိုယ့်စခန်းသို့ ပြန်ရောက်တတ်သည်။ သူနှင့် မဟာမိတ်အကြီးအကဲတို့က အန်းကို စနစ်တကျ ကွပ်ကဲအုပ်ချုပ်ရန် စီမံကိန်းတွေချပြီး ကြိုးပမ်းကြသည်။ သို့သော် မျိုးစုအခွင့်အရေး၊ မျိုးနွယ်စုအခွင့်အရေးတွေ တောင်းဆိုရင်း အချင်းချင်း အငြင်းပွားကြ သောကြောင့် ဘာလုပ်ငန်းမှ အကောင်အထည်ပေါ်မလာ။

သူတို့ အဓိက ငြင်းခုံရသောအချက်မှာ ဒုက္ခသည်စခန်း တိုးတက်သာယာရေးအတွက် စ်စုံတစ်ရာဆောင်ရွက်လျှင် ဒုက္ခသည်များအနေဖြင့် မိမိတို့ဘဝကို ကျေနပ်နှစ်သိမ့် ကြသည်ဟု ဂျူးများနှင့် တခြားနိုင်ငံများက ယူဆကြလိမ့်မည်ဟူသောအချက် ဖြစ်သည်။ ကျွန်တော်တို့က ဘာမှမလုပ်ဘဲနေမှသာလျှင် တစ်ကမ္ဘာလုံးသို့ အကူအညီတောင်း၍ရ သည်။ သို့မှသာ အာရပ်ခေါင်းဆောင်များက အစ္စရေးနိုင်ငံကို အနှောင့်အယှက်ပေးနိုင်မည် ဖြစ်သည်။ . ဖေဖေသည် ကျွန်တော်တို့၏ တဲစခန်းသို့ပြန်လာတိုင်း

စိတ်ပျက်လက်ပျက်ဖြင့် ညည်းတွားကျိန်ဆဲနေတတ်သည်။ ကျွန်တော်တို့ အာရပ်လူမျိုးများ၏ တွေဝေမှုနှင့် သိက္ခာ ခဲ့မှုတို့ကို ယူကျုံးမရ ဖြစ်မိသောကြောင့်ဖြစ်သည်။ တချို့ တဲစခန်းများ နယ်စပ်နှင့်နီးရာ အရပ်သို့ ပြောင်းရွှေ့ကြသောအခါ ခိုးယူထားသော သူတို့၏လယ်မြေများကို နေ့ရောညပါ စောင့်နေကြရသည်။ ဤသို့ဖြင့် အုပ်စုတစ်ခုနှင့်တစ်ခု ရန်လိုမုန်းတီးမှုများ ပေါ်ပေါက်လာ သည်။ ဤဖြစ်ရပ်များကို မြင်ရသောအခါ ဖေဖေသည် အလွန်စိတ်ဓာတ်ကျမိလေသည်။

တစ်ညတွင် ဖေဖေသည် တခြားအုပ်စုအကြီးအကဲများနှင့် ဆွေးနွေး၍ ပြန်လာပြီး နောက် သွေးဆောင်တောင်ခြေရင်းတွင် ကျွန်တော်နှင့်အတူ လမ်းလျှောက်ကြသည်။ အောက်ဘက်သို့ လှမ်းကြည့်လိုက်သောအခါ ဖျက်ဆီးခံထားရသော ရွှံ့ တဲအိမ်အပျက်အစီး များကို မြင်ကြရသည်။

ဖေဖေသည် ယင်းအပျက်အစီးများကိုကြည့်ပြီး မကြည်သောမျက်နှာဖြင့် တိုးတိုး ပြောသည်။ “အစ္စမေ၊ တို့တစ်တွေ သစ္စာဖောက်ခံခဲ့ရပြီ၊ တို့တစ်တွေဟာ အကျဉ်းသားဖြစ်နေကြပြီ ဘာပြစ်မှုမှ မကျူးလွန်ဘဲနဲ့ အကျဉ်းသားဘဝရောက်နေကြရပြီ၊ နောက်ဆုံးမှာ ဒီတဲစခန်း တွေကို ဘယ်သူတွေက သိမ်းယူကြမယ်ဆိုတာ မင်းသိရဲ့လား၊ အင်အားကောင်းတဲ့ လူသတ်သမားတွေက သိမ်းယူကြလိမ့်မယ်၊ တို့တစ်တွေ ဒီမှာ ဘာတွေလုပ်နေကြတယ်၊ ဘာကြောင့် ဒုက္ခခံနေရတယ်ဆိုတာ အလ္လာအရှင်မြတ်သာ သိလိမ့်မယ်၊ တို့က ဂျူးတွေကို အကြောင်းမဲ့သက်သက် အကြီးအကျယ် မုန်းတီးနေကြတယ်၊ ဒါကြောင့်မို့ တို့တစ်တွေဟာ လူသားမဆန်တဲ့ လုပ်ရပ်တွေကို တစ်ဖောက်ကန်း တစ်ဇွတ်ထိုးလုပ်နေကြတာ”

ဖေဖေက ကျွန်တော့် ပခုံးပေါ်လက်တင်လိုက်ပြီး

”အစ္စမေ မင်းနဲ့ငါနဲ့ ဂျယ်ရီကိုမြို့ထဲကို နေ့တိုင်းသွားကြမယ်၊ သတင်းထောက်လှမ်း ကြမယ်၊ စုံစမ်းကြမယ်၊ ရှာကြည့်ကြမယ်၊ ဂီဒီယံအက်ရှ်နဲ့တွေ့ရအောင် လမ်းညွှန်ပေးနိုင်တဲ့ တစ်ယောက်ယောက်တော့ မြို့ထဲက တစ်နေရာရာမှာ ရှိတန်ကောင်းပါရဲ့၊ ဂီဒီယံနဲ့တွေ့လျှင် ငါဆွေးနွေးကြည့်မယ်၊ တဘားကိုပြန်လို့ ဖြစ်နိုင်မဖြစ်နိုင် အတိအကျမေးကြည့်မယ်

တို့တစ်တွေ တဘားကိုမပြန်ဖြစ်လျှင်တော့ ဒီငရဲစခန်းမှာပဲ ခွေးသေဂဏ်သေ သေကြတော့မှာပဲ အစ္စမေ”

အခန်း (၂)

ဂျယ်ရီကိုမြို့သည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးမြို့တစ်မြို့ဖြစ်ကြောင်း ကျွန်တော် တ်သားဖူးသည်။ သက်တမ်းအားဖြင့် အနည်းဆုံး တစ်သောင်းခန့်ရှိပြီဟု ဆိုသည်။ အုတ်တံတိုင်းကာထားသော မြို့မှာလည်း နှစ်ပေါင်းကိုးထောင်လောက် သက်တမ်းရှိပြီ ဖြစ်သည်။ ဂျယ်ရီကိုမြို့သည် ခေတ်အဆက်ဆက်တွင် အာရပ်မြို့ဖြစ်ခဲ့သည်။ ရှေးခေတ်က အွန်တော်တို့ကို ခါနာန်လူမျိုးဟု ခေါ်ခဲ့ကြသည်။ လွန်ခဲ့သော နှစ်ပေါင်းသုံးထောင်ခန့် က ခါနာန်တစ်ပြည်လုံးကို ယောရှုက ပထမဆုံးအကြိမ် တိုက်ခိုက်သိမ်းယူခဲ့သည်။

ဂျူးလူမျိုးတို့က သူတို့၏သမ္မာကျမ်းတွင် ဂျယ်ရီကိုမြို့ သမိုင်းနှင့် ပတ်သက်၍ မဟုတ်မမှန်ရေးသားထားခဲ့ကြသည်ကို တမန်တော်မိုဟမ္မက်နှင့် ကိုရန်ကျမ်းတို့က အမှန် အတိုင်း ပြန်ပြောပြနိုင်ခဲ့သောကြောင့် ကျွန်တော် အလွန်ဝမ်းသာမိသည်။ ဂျူးတို့သည် ဒါဝိဒ်ဘုရင်ကို မယုံကြည်သောကြောင့် ပုန်ကန်ထောင်ထားကြသည်။ ဒါဝိဒ်ဘုရင်သည် ချယ်ရီကိုသဲချောင်းအကြောင်းနှင့် ပတ်သက်သော သမိုင်းဝင် “ဆာလမ် ၂၃”ကို ရေးသားခဲ့ သည်။ ဒါဝိဒ်ဘုရင်က အဆိုပါသဲချောင်းကို “သေမင်း၏အရိပ်လွှမ်းမိုးသောချိုင့်”ဟူ၍ ကင်ပွန်းတပ်ခဲ့သည်။ ဒါဝိဒ်ဘုရင်ကား သာမန်ဘုရင်မဟုတ်။ မွတ်ဆလင်သူတော်စင်နှင့် တမန်တော်တစ်ပါးပင်တည်း။

ဒါဝိဒ်ဘုရင်သည်အနာဂတ်ကို နမိတ်ဖတ်နိုင်သူဖြစ်သောကြောင့် အက္ကဘက်ဂျဘား ဒေသနှင့် ဂျယ်ရီကိုတစ်ဝိုက်မှ စစ်ပြေးဒုက္ခသည်စခန်းများကို မျှော်မှန်းသိမြင်ခဲ့လိမ့်မည်။ ထို့ကြောင့်လည်း သူက ယင်းဒေသကို “သေမင်းချိုင့်ဝှမ်း”ဟူ၍ ကြိုတင်နာမည်ပေးထားခဲ့ ခြင်း ဖြစ်လိမ့်မည်။

ရောမနိုင်ငံရေးသုခမိန် မတ်အန်တိုနီသည် အီဂျစ်ပြည့်ရှင် မာယာရှင် ကလီရိုပါ အရာအား ဂျယ်ရီကိုမြို့ကို လက်ဆောင်ပေးခဲ့သည်။ ခရစ်တော်သည်

ဤဒေသတွင် လည့်လည်နေထိုင်ခဲ့သောကြောင့် ဂျယ်ရီကိုမြို့ ဝန်းကျင်ဒေသအကြောင်းကို ကောင်းစွာသိ သည်။ သူသည် ဂျယ်ရီကိုမြို့ထဲတွင် လမ်းလျှောက်ရင်း မျက်မမြင်သူတောင်းစား တစ် ယောက်ကို စက္ခုနှစ်ကွင်း အလင်းပြန်ရအောင် ဆောင်ကြဉ်းပေးခဲ့သည်။

ဂျူးလူမျိုးတို့အား အုပ်စိုးခဲ့သော အာရပ်ဘုရင်ဟီရော့ဒ်သည် ဂျယ်ရီကိုမြို့၌ ဝင် အပန်းဖြေစံနန်းတော်ကြီးနှင့် ရေပူကန်များကို ဆောက်လုပ်ထားခဲ့သည်။ သူ၏ထီးနန်းကို လုပ်ကြံသော ဆွေတော်မျိုးတော်တို့အား ရေပူကန်များထဲ၌ ပစ်ချ၍ကွပ်မျက်ခဲ့သည်။

ဤသို့လျှင် ဂျယ်ရီကိုမြို့သည် တစ်ချိန်သောအခါက အလွန်ထင်ရှားသော သမိုင်း ဝင်မြို့ ဖြစ်ခဲ့သည်။ ယခုသော် ဂျယ်ရီကိုမြို့မှာ အနိဋ္ဌာရုံ ဒုက္ခဘုံမြို့တော် ဖြစ်နေလေပြီ။

ကျွန်တော်တို့သည် မြည်းကိုအစာမကျွေးနိုင်တော့သောကြောင့် ရောင်းပစ်ရတော့ မည့် အခြေအနေသို့ ရောက်လာသည်။ မြည်းက အလွန်လိမ္မာသည်။ ကျွန်တော့်ကိုလည်း အလွန်ခင်သည်။ လိုဏ်ခေါင်းတွင်နေခဲ့စဉ်က ရေစမ်းပေါက်သို့ ရေခပ်သွားသောအခါတွင် လည်းကောင်း၊ ဂျယ် ရီကိုမြို့သို့ သွားသောအခါတွင်လည်းကောင်း ကျွန်တော်တို့နှစ်ယောက် စကားတွေ အများကြီးပြောခဲ့ကြသည်။ ဤဒေသတွင် လယ်သမားများသည် သူတို့၏ မြည်း များကို ရက်စက်စွာ ရိုက်နှက်ခိုင်းစေတတ်ကြသည်။

ထို့ကြောင့် ကျွန်တော်တို့သည် စိတ်ကောင်းရှိသူကို ပင်ပန်းခံ၍ရှာဖွေပြီး ကျွန်တော် တို့ မြည်းကို ရောင်းလိုက်သည်။ မြည်းကို ဝယ်သူဆွဲသွားသောအခါ နာဒါသည်ရှိုက်ကြီး တငင် ငိုလေသည်။ ကျွန်တော်တို့ကိုယ်တိုင်လည်း မျက်ရည်ကို အနိုင်နိုင်ထိန်းထားခဲ့ ရသည်။

ဖေဖေနှင့်ကျွန်တော်တို့မှာ အက္ကဘက်ဂျဘားမှနေ၍ ဂျယ်ရီကိုမြို့ထဲသို့ နေ့တိုင်းသွား ရောက်ကာ စစ်ရပ်စဲရေးနယ်နိမိတ်ကိုကျော်ပြီး ဂျူးတို့နှင့် အဆက်အသွယ် လုပ်ပေးနိုင် မည့်လူကို ရှာကြသည်။ ကျွန်တော်တို့သည် လက်ဖက်ရည်ဆိုင်တိုင်းနှင့် ဈေးဆိုင်တိုင်းကို ဝင်ရောက် စနည်းနာကြသည်။

လမ်းဘေးဈေးသည်များနှင့် သူတောင်းစားများကို ချဉ်းကပ် ကြသည်။

ထို့ပြင် ကားဂိတ်များ၊ လခြမ်းနီအသင်းရုံးချုပ်၊ အလင်ဘီတံတား၊ ဂျော်ဒန်စစ်တပ် နှင့် ဗလီဝတ်ကျောင်းများသို့လည်း သွားရောက်ကြသည်။ သို့သော် တစ်လခန့် ကြိုးစားရှာ သော်လည်း မည်သို့မျှ အကြောင်းမထူးပါ။

တစ်ညနေ့တွင် ဂျယ်ရီကိုမြို့မှ ကျွန်တော်ပြန်လာပြီးနောက် မည်သို့မျှ ထူးခြားချက် မရှိကြောင်း ဖေဖေ့အားပြောပြသည်။ ဖေဖေသည် လက်နှစ်ဖက်ကိုဆန့်တန်းပြီး စိတ်ပျက် ဟန်ဖြင့် တစ်ဖက်သို့လှည့်သွားသည်။ ကျွန်တော်လည်း ဖေဖေ့လိုပင် အလွန်စိတ်ဓာတ်ကျ သွားသည်။ ဂျူးတို့နှင့် အဆက်အသွယ်ရဖို့ကိစ္စကို ဆောင်ရွက်မပေးနိုင်သည့်အတွက် ကျွန်တော်လည်း အထူးပင် စိတ်မကောင်းဖြစ်မိရသည်။

ကျွန်တော် အောင်မြင်နိုင်သည့် အခြားအကြောင်းများတော့ ရှိသည်။ ဖေဖေသည် ဆာဘရီအား တော်တော်ဘောကျနေပြီ။ သူက ကားပြင်အလွန်တော်သည်။ ထို့ကြောင့် သူ့အနေဖြင့် ဂျယ်ရီကိုမြို့တွင် တခြားလူများထက် လွယ်ကူစွာအလုပ်ရသည်။ သူအလုပ်လုပ် ၍ရသောပိုက်ဆံကို အပတ်စဉ် ဖေဖေ့အားပေးသောအခါ ဖေဖေက သူ့ ခေါင်းကိုပွတ်သပ်ပြီး အလွန်လိမ္မာသည့်လူငယ်အဖြစ် ချီးကျူးပြောဆိုတတ်သည်။

ဂျမီလ်လည်း တစ်နေ့ထက်တစ်နေ့ ထင်ပေါ်လာသည်။ သူသည် လက်စားချေဖို့ ကိစ္စကို အမြဲတမ်းပြောနေကြသော လူငယ်တစ်စုနှင့် အချိန်ရှိတိုင်း သွားလာလှုပ်ရှားနေ သည်။ သူတို့အား လူကြီးများကမြှောက်ပေးကြသည်။ သို့သော် စကားသာပြောနေကြပြီး အလုပ်ကတော့ ဘယ်တော့မှ အကောင်အထည်ပေါ်မလာ။ ဖေဖေသည် လက်စားချေရေးထုံ လက်ခံသူမဟုတ်။ သို့သော်လည်း လက်စားချေရေးစကားကိုသာ နေ့ရောညပါ ကြားနေရ သောအခါ သူလည်း စိတ်ပါလာပုံရသည်။

ကျွန်တော်သည် လျှို့မြောင်ထဲတွင် အမှောင်လွှမ်းလာသောအခါ လူတွေနှင့်မရောချင် သောကြောင့် “သွေးဆောင်တောင်”ခြေရင်းသို့ တစ်ယောက်တည်းသွားပြီး တရားထိုင်လေ့ ရှိသည်။ တစ်ညတွင် ကျွန်တော်သည် ကျောက်တောင်ပေါ်တွင်ထိုင်ရင်း ကျွန်တော်တို့၏ ပြဿနာများကို တွေးတောနေစဉ်

မိုက်ခန်အိပ်ပျော်သွားသည်။

သိုးကျောင်းသား၏ ပလွေသံကြောင့် ကျွန်တော်လန့်နိုးလာသည်။ အချိန်မှာ နေ့ တည်းမဟုတ်၊ ညလည်းမဟုတ်။ ကျွန်တော့် ပတ်ပတ်လည်တွင် ထူးဆန်းသော ရောင်စဉ် များ ဖြာထွက်နေသည်။ အပြာရောင်၊ ခရမ်းရောင်နှင့် အဝါရောင်များသည် ကျောက်ဆောင် မှ ပေါ်ထွက်နေသလို ထင်ရသည်။

ကျွန်တော်သည် ပလွေသံထွက်ပေါ်လာရာသို့ လျှောက်လာခဲ့သည်။ ကျောက်တုံး တစ်တုံးဘေးတွင် ကိုယ်လုံးကိုယ်ဖန်သေးသေးနှင့် အသားအရေခပ်ပြည့်ပြည့်- လူတစ် ယောက်ထိုင်နေသည်။ သူ့ခေါင်းမှ ငွေရောင်ဆံပင်များမှာ ပြောင်လုမတတ် ရှိနေပြီ။

“မင်္ဂလာညနေခင်းပါခင်ဗျာ” ကျွန်တော်က ယဉ်ကျေးစွာ နှုတ်ဆက်လိုက်သည်။ “ကျွန်တော်တို့ အခုလိုဆုံတွေ့တာကို ဘုရားသခင် ကောင်းချီးမင်္ဂလာပေးပါစေ”

”ဘုရားသခင် ကောင်းချီးမင်္ဂလာပေးပါတယ် အစ္စမေ” ထိုသူက ပလွေကို ဘေးတွင်ချထားလိုက်ပြီးနောက် ပြန်ပြောသည်။ “ကျွန်တော့်နာမည်ကို ဘယ်လိုလုပ်ပြီး သိပါသလဲခင်ဗျား” ကျွန်တော်က ပြန်မေးလိုက်သည်။

“ငါက မွတ်ဆလင်သူတော်စင်တမန်တော်ဖြစ်လို့သိတာ၊ ဗျာဒိတ်တော်ဆိုတာ သင်ကြားဖူးသလား”

“သင်... သင်... ဘယ်သူပါလဲ” ကျွန်တော်က တုန်တုန်ယင်ယင်ဖြင့် ပြန်မေးလိုက်သည်။ “ငါ ခရစ်တော် ယေရှုဖြစ်ပေတယ်” ကျွန်တော်သည် ထွက်ပြေးချင်စိတ်များ ရုတ်တရက်ပေါ်ပေါက်လာမိသည်။

သို့သော် ထူးဆန်းသောစွမ်းအားတစ်ခုက ကျွန်တော့်ကို လျှင်မြန်စွာ ထိန်းချုပ်ထား လိုက်သည်။

“ကြောက်ရွံ့ စိုးရိမ်ခြင်း မဖြစ်ပါနဲ့ ... လူကလေး”

သူမည်သူမည်ဝါပင်ဖြစ်ဖြစ် လူကောင်းတစ်ယောက်ဆိုတာတော့ သေချာသည်။ ထို့ကြောင့် သူ့ကို ကျွန်တော်ကြောက်ရွံ့ခြင်း လုံးဝမရှိတော့။

“သင့်ရုပ်က သင့်ရုပ်တုတွေနဲ့လဲ မတူပါလား” ကျွန်တော်က အရဲစွန့်၍ မေးလိုက်သည်။

“ပန်းပုရုပ်ထုတွေကို ပြောတာလား၊ ငါက အရပ်ရှည်ရှည် ဆံပင်နီနီနဲ့ ပါးမြိုင်းမွေး ထုလဗျစ်နဲ့လား”

“မဟုတ်ပါဘူး”

“အဲဒီရုပ်မျိုးသာဆိုလျှင် ငါဟာ ဘယ်နည်းနဲ့မှ ခရစ်တော်မဖြစ်နိုင်ဘူး၊ ငါပြန်ရောက် တာနဲ့ပတ်သက်လို့ ကောလာဟလစကားတွေ ဘယ်လိုကဘယ်လို စပြီးပေါ်ပေါက်လာ တယ်ဆိုတာတော့ ငါမသိဘူး၊ ပြီးတော့ ငါ့လို ပုံသဏ္ဌာန်ရှိတဲ့ လူတစ်ယောက်ဟာ စ အဲဒီရုပ်တုတွေလောက် ဘာဖြစ်လို့ဘုန်းမကြီးသလဲဆိုတာလဲ ငါမသိဘူး”

ယင်းသို့ ပြောပြီးနောက် သူသည် ရုတ်ခြည်းပျောက်ကွယ်သွားသည်။ “သင် ဘယ်ရောက်သွားသလဲ၊ ဘယ်မှာလဲ” ဟု ကျွန်တော်က အော်၍မေးလိုက်သည်။ “ငါ ဒီမှာရှိတယ် ဒီမှာရှိတယ်”

ကျောက်သားနံရံများကို ရိုက်ခတ်ပြီး ပဲ့တင်သံ ပေါ်ထွက်လာသည်။

ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် အမှတ်မထင် ပြန်ကြည့်လိုက်မိသည်။ ကျွန်တော် ကိုယ်ပေါ်မှာ အဝတ်အစားဟောင်းတွေ မရှိကြတော့။ ကျွန်တော်သည် ရွှေနားကွပ်ထားသော အနက်ရောင်နှင့် အဖြူရောင်ဝတ်ရုံကြီးကို ဝတ်ထားသည်။ ရင်လွှားတွင် ကျောက်မျက် ရတနာများ စီခြယ်ထားသည်။

“ဒီမှာ... ဒီမှာ" အသံက ခေါ်သည်။

ကျွန်တော့်ခန္ဓာကိုယ်သည် မြေကြီးပေါ်မှ အပေါ်သို့ ရုတ်တရက်မြင့်တက်သွားသည်။ ကျွန်တော့်အောက်ဘက်မှ တစ်စုံတစ်ရာ လှုပ်ရှားနေရသလို ခံစားရ၍ ငုံ့ကြည့်လိုက်ရာ ကျွန်တော်သည် အလွန်လှပသော တိရစ္ဆာန်ကြီးတစ်ကောင်ကို စီးထားပြီး “သွေးဆောင် တောင်” ပေါ်မှ ပျံသန်းလျက်ရှိသည်ကို တွေ့ရသည်။

ထိုတိရစ္ဆာန်ကြီး၏ ခြေထောက်များတွင်

ဘာပစ္စည်းမှတပ်ဆင်ထားခြင်းမရှိသည့် လည်း သူသည် အာကာသထဲတွင် လျင်မြန်သောအဟုန်ဖြင့် ခုန်လွှားပျံသန်းနေသည်။ သူ့နှာခေါင်းမှလည်း မည်သည့်အသံမှမပြုဘဲ အပြာရောင်အလင်းတန်းများကို မှုတ်ထုတ် နေသည်။ ' သူသည် ကျွန်တော့်ကိုလှည့်ကြည့်ပြီး ပြုံးပြသည်။ ဘုရားရေ.. သူက ကျွန်တော်တို့မြည်းကြီး အက်ဘ်ဆလွန်ဖြစ်နေပါရောလား။ သို့သော် စေ့စေ့စပ်စပ်ကြည့် အက်ဘ်ဆလွန်နှင့်လည်းမတူ၊ သူ့အရောင်က ပျားရည်ရောင်။ သူ့ကိုယ်ပေါ်တွင်လည်း ကျွန်တော်လိုပင် လှပသောဝတ်ရုံကြီးကို ခြုံလွှမ်းထားသည်။ ဟုတ်ပါသည်။ အက်ဘ်ဆလွန်း အက်ဘ်ဆလွန်အစစ်ပါ။

သို့သော် သူ့မျက်နှာက နာဒါ၏မျက်နှာနှင့် တူနေသည်။ သူ့ခွာလေးဖက်စလုံးတွင် စိန်တွေစီထားသည်။ ကျောပေါ်တွင်တော့ကုန်းနှီးမတင်။ ထို့ကြောင့် ကျွန်တော် သူ့လည် ဆံမြီးကိုကိုင်ထားရသည်။ လည်ဆံမြီးမှာ သုံးပေခန့်ရှည်ပြီ မဟူရာအရောင် ပြောင်လက် နေသည်။

“ဒီမှာ... ဒီမှာ” ကျွန်တော်တို့သည် မိုင်ပေါင်းများစွာဝေးရာသို့ ခုန်ပျံတက်သွားစဉ် အသံထ လှမ်းခေါ်နေသည်။ အက်ဘ်ဆလွန် နတ်မြင်းပျံသည် အောက်ဘက်မှ ရှည်မျောရော ကြယ်တံခွန်တစ်ခု၏ အမြီးပိုင်းဆီသို့ ရုတ်တရက် ဦးစိုက်ထိုးဆင်းလိုက်သော်လည်း ကျွန်တော်မကြောက်မိ၊ ကိုယ့်ကိုယ်ကိုယ် လုံခြုံစိတ်ချလျက်ပင် ရှိသည်။ ကြယ်တံခွန် ရောင်စဉ်တန်းများ ဖြာထွက်သွားစဉ်တွင် မွတ်ဆလင်သူတော်စင်များ၏ မျက်နှာများကို ကျွန်တော် ထင်ရှားစွာမြင်လိုက်ရသည်။

သို့သော် သေသေချာချာကြည့်သောအခါ ထိုမျက်နှာများသည် လွန်ခဲ့သောကာလ က ကျွန်တော်တို့ တဘားရွာတွင် ကွယ်လွန်သွားခဲ့ကြသည့် လူကြီးများ၏မျက်နှာများ နှင့် ချွတ်စွပ်တူနေကြသည်။ ကျွန်တော်တို့သည် ကြယ်တံခွန်ကို ဖြတ်ကျော်ပြီးနောက် ၂ ကောင်းကင်တစ်ပြင်လုံး ဖြာလင်းသွားသော အလင်းရောင်ထုကြီးထဲသို့ ဝင်ရောက်လာ သည်။

ထို့နောက်တွင် ပင်လယ်ပြင်ပေါ်သို့ ရောက်လာသည်။ ရေမျက်နှာပြင်သည် အဒါ၏အသားအရေကဲ့သို့ ချောမွတ်နူးညံ့နေသည်။ အက်ဘ်ဆလွန်သည် ပင်လယ်ပြင် ကြယ်ကို လွှားခနဲခုန်ကျော်လိုက်သည်။ ထို့နောက်

ပေတစ်ထောင်ခန့်မြင့်သော တောင်စောင်း ထိုဏ်ခေါင်းကြီးပေါ်မှ ဖြတ်ကျော်ပျံသန်းသည်။ လိုဏ်ခေါင်းလွန်သောအခါ အမှောင်ထုထဲသို့ ရောက်ရှိလာသည်။ လေထဲတွင် အလွန်မွှေးကြိုင်သောရနံ့များ သင်းပျံ့နေသည်။

"မြည်းပေါ်က ပြန်ဆင်းတော့ အစ္စမေ၊ ပြန်ဆင်းတော့"

အသံက အမိန့်ပေးသည့်အတိုင်း ကျွန်တော်သည် မဆုတ်မဆိုင်း ပြန်ဆင်းလိုက်သည်။ သခုအခါ ကျွန်တော်သည် စကြဝဠာ၏အလယ်ဗဟိုတွင် ရပ်နေသည်ကို သတိပြုမိသည်။ ဘေးဘီသို့ လှည့်ကြည့်လိုက်သည်။ အက်ဘ်ဆလွန်မရှိတော့။ သို့သော် ကျွန်တော့်စိတ် ထဲတွင် ကြောက်ရွံ့စိုးရိမ်ခြင်း အလျှင်းမဖြစ်မိ။

ကျွန်တော် ရှေ့တွင် လမ်းတစ်လမ်း ဖြောင့်တန်းစွာပေါ်လာသည်။ လမ်းဘေး လက်ဖဝါးများကို ဖြူဖွေးသော ကျောက်သလင်းများဖြင့် ခင်းထားသည်။ ထိုလမ်းအတိုင်း ဘွန်တော်လိုက်လာခဲ့သည်။ သံလွင်ခြံကြီးတစ်ခြံထဲသို့ ဝင်ရောက်လာသည်။ သံလွင်ပင်များ၏ အကိုင်းများမှာ ဆင်စွယ်ကဲ့သို့ ဆွတ်ဆွတ်ဖြူနေကြသည်။ အရွက်များက ပတ္တမြားအရောင် ကဲ့သို့ တလက်လက် တောက်ပနေကြသည်။ အသီးတွေမှာ ကြောင်ကျောက်များကိုစီခြယ် ထားသကဲ့သို့ ထင်ရသည်။

ပလွေသံက ကျွန်တော့်အား ရေတံခွန်တစ်ခုဆီသို့ မြူခေါ်နေသည်။ ရေတံခွန်မှ ရေများသည် ဝိုင်အရက်ကန်တစ်ခုထဲသို့ စီးဆင်းနေကြသည်။ ဝိုင်အရက်ကန်ဘေးတွင် ကျယ်ပြောလှပသော မြက်ခင်းပြင်ကြီး တစ်ခုရှိသည်။ မြက်ခင်းပြင်ပေါ်တွင် ရောင်မျိုးစုံ နှင်းဆီဝတ်လွှာများကို ဖြန့်ခင်းထားသည်။ မြက်များကို လက်နှင့်ကိုင်ကြည့်သောအခါ တခြား မည်သည့်မြက်နှင့်မျှမတူဘဲ အလွန်တရာမှ နူးညံ့နေသည်ကို တွေ့ရသည်။

ခရစ်တော်သည် နှင်းဆီဝတ်လွှာများပေါ်တွင် ထိုင်နေသည်။ "ကျွန်တော်တို့ အခု ဘယ်နေရာရောက်နေကြတာလဲ" ကျွန်တော်က မေးလိုက်သည်။ "ပထမ ပရဒိသုဘုံကိုရောက်နေတယ်၊ ငါ ရှေ့ဆက်မသွားနိုင်တော့ဘူး"

"ဒါပေမယ့် သင်ဟာ ကောင်းကင်ဘုံမှာ ဘယ်နေရာမဆို

သွားနိုင်တာပဲမဟုတ်လား”

“အလ္လာအရှင်မြတ်က ငါကိစ္စကို နောက်ဆုံး အဆုံးအဖြတ် မပေးမချင်းသွားလို့မရဘူး၊ ငါ ပထမဆုံးရောက်လာတဲ့အခါ ကောင်းကင်ဘုံကို ငါနှင့်တကွ ယုံကြည်သူတွေအားလုံး ကြိုက်သလို အသုံးချနိုင်တယ်လို့ ခွင့်ပြုတော်မူတယ်၊ ငါ့အလျင် ကမ္ဘာမြေပေါ်မှာနေထိုင်ပြီး သေဆုံးသွားကြသူတွေအားလုံးကို နှင်ထုတ်ရမှာကို ငါ စိတ်မချမ်းမသာ ဖြစ်မိတယ်၊ ဂျူးတွေကို နှင်ထုတ်ရမှာကို ငါစိတ်မချမ်းသာဆုံးပဲ။

“.. သင်သိတဲ့အတိုင်း ငါဟာ တစ်ချိန်တုန်းက ရေဟူဒီတရားဟောဆရာ ဖြစ်ခဲ့ ဖူးတယ်၊ သို့သော်လည်း ဘာသာတစ်ခုလုံးကို ငါ့နာမည်နဲ့ သမုတ်ပေးပြီး အလ္လာအရှင်မြတ်က သူတို့ကို ကောင်းကင်ဘုံကိုပေးတော်မူတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ သူတို့သာလျှင် စစ် လူ့လောကတစ်ခုလုံးရဲ့ အမှန်တရားကို သိကြလို့ပဲ ဖြစ်တယ်၊ ငါတို့ဟာ သူရောက်တွင် တဲ့အခါ အမြင့်ဆုံးကောင်းကင်ဘုံအထိတက်လို့ရတယ်”

“သူဆိုတာက ဘယ်သူလဲ”

”မိုဟမ္မက်”

”သင်က မိုဟမ္မက်ကို သိသလား”

“ကောင်းကောင်းသိတာပေါ့၊ သူမရောက်လာမချင်း ငါ့ကို အလ္လာ အရှင်မြတ်နဲ့ သားတော်အဖြစ် သတ်မှတ်ကြလိမ့်မယ်၊ မိုဟမ္မက်ဟာ ရာစုနှစ်ပေါင်းများစွာ အပြင်းအထန် ငြင်းခုံချေပတယ်။ သင် တစ်ချိန်က တက်ခဲ့တဲ့ အဆင့်ကိုရောက်အောင် တက်ရလိမ့်မယ် အဲဒီတော့မှ အဖြေကိုတွေ့လိမ့်မယ်”

“ဒါပေမယ့် ... ဒါပေမယ့်...”

“နောက်ထပ် ဘာမှမမေးနဲ့တော့၊ သင့်ရဲ့ ကိုယ်ပိုင်စိတ်ကို အသုံးချပါ။ ငါသွား တော့မယ်၊ သွားစရာခရီးက အဝေးကြီးကျန်သေးတယ်၊ ငါ့မှာ မြင်းမပါဘူး”

ရွှေလှေကားကိုတက်ရာတွင် ပထမတော့ အလွန်ပျော်စရာကောင်းသည် အံ့ စရာလည်းကောင်းသည်။ သို့သော် ဆက်၍တက်လာသောအခါ

လေှကားတစ်ထစ်တက် တိုင်း ခန္ဓာကိုယ်က ယခင်ထက်ပို၍ လေးလံလာသလို ထင်ရသည်။ ခြေထောက် လက်များလည်း နင်း၍ ကိုင်၍ မမြဲသလိုဖြစ်လာသည်။ ရုတ်တရက် ခြေချော်သွားသည် လှေကားမရှိတော့။ " ကျွန်တော်သည် အလွန်မတ်စောက်သော ချောက်ကမ်းပါးကြီးကို ကုတ်ခြစ်တွယ် တက်နေသည်။ အကြောက်လွန်ပြီး တစ်ကိုယ်လုံးချွေးပြန်ကာ ဆတ်ဆတ်တုန်နေသည်။ ကျောက်ဆောင်စွန်း တစ်ခုပေါ်သို့ ပြုတ်ကျလာသည်။ တစ်ကိုယ်လုံး သွေးတွေပေကျံနေသည် ကျွန်တော် ဝမ်းနည်းလွန်း၍ ရှိုက်ကြီးတငင်ငိုနေမိသည်။

ကျွန်တော့်ရှေ့တွင် တံခါးကြီးတစ်ခုပေါ်လာသည်၊ တံခါးဆီသို့ လျှောက်လာခဲ့သည် တံခါးရွက်များပွင့်သွားသည်။ အခန်းကျယ်ကြီးတစ်ခုထဲသို့ ရောက်လာသည်။ နန်းတော် ခန်းမဆောင်ကြီးကဲ့သို့ ခမ်းနားကြီးကျယ်လှသည်။ သို့သော် အခန်းထဲတွင်ရှေးဟောင်း အိုးကလေးပေါ်တွင် 'အတိတ်ကာလ၏အရိုးပြာများ' ဟူ၍ စာတန်းထိုးထားသည်။

ထိုအခိုက် ကျွန်တော်သည် ကျွမ်းပြန်လိမ့်ကျသွားသည်။ ကျပြီးရင်းကျရင်း နေသည်။ ထူးဆန်းသော မြင်ကွင်းတွေမြင်ရသည်။ ထူးဆန်းသော အနံ့တွေ ရှူရှိုက်ရသည် ထူးဆန်းသောအသံတွေ ကြားရသည်။ ထိုအရာအားလုံး ရောထွေးသွားပြီး ကျွန်တော့်အား သရော်ပြောင်လှောင်နေကြသည်။

ကျွန်တော် လူသားဂြိုဟ်ကမ္ဘာကို မြင်လာရသည်။ ကျွန်တော်သည် အောက်သို့ မြန်သည်ထက်မြန်မြန် ကျနေသည်။ အက္ကဘက်ဂျာဘာမှ မီးရောင်များကို အဝေးတွင် လှမ်းမြင်ရပြီ။ မီးရောင်များ ကြီး၍ကြီး၍လာသည်။ ကျွန်တော့်တစ်ကိုယ်လုံး ကုဋ္ဌေကုဋ္ဌာ အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားတော့သည်။

ကျလာပြီ... ကျလာပြီ... ကျလာပြီ... အို အလ္လာအရှင်။ တပည့်တော်ကို ရ ကယ်တော်မူပါ။

နေရောင်တန်းလာထိုးသောကြောင့် ကျွန်တော့်မျက်လုံးတွေ ပွင့်လာကြသည်။ ကျွန်တော်သိပြီ... ကျွန်တော်သိပြီ။

ကျွန်တော်သည် “သွေးဆောင်တောင်” ပေါ်မှ အပြေးဆင်းကာ အက္ကဘက်ဂျာဘားသို့ ဆောင်းပြေးလာခဲ့သည်။ အမြန်ပြေးသောကြောင့်

ခဏခဏလဲကျပြီး လက်တွေဒူးတွေ ခဲ့ကုန်ကြသည်။

အသက်ပင်မရှူနိုင်ဘဲ ကျွန်တော်တို့ တဲအိမ်ထဲသို့ ပြေးဝင်လာခဲ့သည်။ ဖေဖေ့ကို တင်းဆွဲပြီး အိမ်ပြင်သို့ ခေါ်ထုတ်လာခဲ့သည်။ ပြီးတော့ ပါးစပ်ကိုနားဝတွင်ကပ်၍ ဘိုးပြောလိုက်သည်။

"ဂျူးတွေနဲ့ ဘယ်လို ဆက်သွယ်ရမယ်ဆိုတာ ကျွန်တော်သိခဲ့ရပြီဖေဖေ"

အခန်း (၃)

ပထမ ပရဒိသုဘုံသို့ ကျွန်တော် သွားရောက်ခဲ့သည့်အကြောင်းကို ဖေဖေ့ကို ပြောပြ၍မဖြစ်ပါ။ ကျွန်တော်ပြောပြလျှင် မိသားစုအားလုံးက ယုံကြမှာတော့သေချာသည်။ သို့သော်လည်း ခရစ်တော်နှင့် ကျွန်တော် တွေ့ခဲ့ရသည်ကို သူတို့က မနာလိုဖြစ်ကြလိမ့်မည်။

ဖေဖေသည် တဘားရွာအကြီးအကဲဘဝတုန်းက လက်ဖက်ရည်ဆိုင်တွင်ထိုင်ရင် ထူးထွေဆန်းပြားသော ဇာတ်လမ်းပေါင်းများစွာကို ကြားဖူးခဲ့သည်။ ဖြစ်တောင့်ဖြစ်ခဲ့သော ထူးထူးဆန်းဆန်းဖြစ်ရပ်များကို ကျွန်တော်တို့က မယုံမကြည်မရှိကြပါ။

တကယ်တော့ ကျွန်တော်တို့အဖို့ စိတ်ကူးယဉ်ဖြစ်ရပ်နှင့် တကယ့်ဖြစ်ရပ်မှန်ကို ခွဲခြား၍မရပါ။ စိတ်ကူးယဉ်ဖြစ်ရပ်များကို ဖေဖေတစ်ယောက်တည်းသာ သံသယဖြစ် တတ်သည်။ သို့သော်လည်း ပြောပြသူကို စော်ကားရာရောက်မည်စိုး၍ ဘယ်တော့ ပြန်လည်မေးမြန်းခြင်း၊ ငြင်းခုံခြင်း မပြုပါ။

ကျွန်တော်၏ ကောင်းကင်ဘုံခရီးသည် အမှန်တကယ်ဖြစ်ပြီး ရှုပ်ထွေးဆန်းကြယ် သော ပြဿနာတစ်ရပ်ကို ဖြေရှင်းပေးခဲ့သည်ဟု ကျွန်တော်အလေးအနက် ယုံကြည်သည်။ သို့သော်လည်း ဖေဖေက ကျွန်တော့်အားအရူးဟုပြောမည်စိုး၍ ဤအကြောင်းကို တစ်ခွန်း မျှမဟရဲပါ။ ဤပြဿနာကို ယုတ္တိဗေဒဖြင့်ဖြေရှင်းရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် တုံ့ပြန်ပေးနိုင်သော ပုဂ္ဂိုလ်အနည်းငယ်တွင် ဖေဖေလည်း

ပါဘဲ သောကြောင့် ဖြစ်သည်။

"ဟိုမှာ ကြည့်လိုက်စမ်းပါ"

ကျွန်တော်က လမ်းတစ်ဖက်ရှိ တဲအိမ်ဒုတိယထပ်တွင် ချိတ်ဆွဲထားသော ဆိုင် ဘုတ်ကို လက်ညှိုးထိုးပြလိုက်သည်။

ဆိုင်းဘုတ်တွင် ရေးထားသည်မှာ "ဒေါက်တာရီမူဒီ၊ ရှေးဟောင်း သုတေသ ပါမောက္ခ ဟူ၍ ဖြစ်သည်။

'ကဲ... မင်းက ငါ့ကို ဘာပြောချင်လို့လဲ ပြောစမ်းပါဦး" ဖေဖေက တောင်းဆိုသည်။

"တဘားမှာတုန်းက လမ်းမကြီးတစ်ဝိုက်မှာ ကလေးတွေ ဝိုင်းအုံနေတတ်ကြတာကို ဖေဖေသတိရမှာပေါ့၊ အဲဒါ သူတို့ ဘာလုပ်ကြတာလဲ"

"သူတို့ ပိုက်ဆံတောင်းကြတာပေါ့"

"နောက်ရော ဘာလုပ်ကြသေးသလဲ"

"အဖျော်ရည် ရောင်းကြတယ်၊ ခြံထွက်သီးနှံရောင်းကြတယ်"

"ပြီးတော့ရော..."

"သားက အဖေကို ပဟေဠိနဲ့စကားမပြောရဘူး"

"ပြီးတော့ သူတို့ ဘာတွေရောင်းကြသေးလဲ" ကျွန်တော်က ထပ်မေးလိုက်သည်။ "မြားစူးရောင်းတယ်၊ ရှေးဟောင်းအိုးခြမ်းကွဲတွေ ရောင်းတယ်"

"အဲဒါတွေကို ဘယ်သူတွေက ဝယ်ကြသလဲ"၊ "အများဆုံးကတော့ ဂျူးတွေဝယ်ကြတာပဲ" ဖေဖေသည် ကျွန်တော့်ပစ်မှတ်ထဲဝင်ရောက်လာခဲ့ပြီ။

"ဖေဖေမသိဘဲနဲ့ နေသူရိန်ဂျူးဘုံရိပ်သာထဲ ကျွန်တော်သွားခဲ့တာကို အလ္လာအရှင်မြတ် ခွင့်လွှတ်ပါစေ၊ ကျွန်တော် ဘာတွေတွေ့ခဲ့သလဲဆိုတာ ဖေဖေ့ကိုပြောပြပါ့မယ်၊ ဂျူးတွေက ရှေးဟောင်းပစ္စည်းတွေကို

ပြတိုက်ကြီးဆောက်ပြီး ထိန်းသိမ်းထားကြတယ်၊ သူတို့က ရှေးဟောင်းပစ္စည်းဆိုလျှင် ဘာပစ္စည်းမဆိုဝယ်တယ်၊ အဲဒါကို တဘားက ကလေးတွေ အားလုံးသိကြတယ်၊ တခြား ဂျူးရိပ်သာတွေမှာလဲ အဲဒီလိုပြတိုက်တွေရှိကြတယ်လို့ ကျွန်တော်ကြားဖူးတယ်၊ ဂျူးတွေက ရှေးဟောင်းပစ္စည်းဆိုလျှင် အရူးအမူးပဲ”

ဖေဖေ့မျက်နှာ ကြည်လင်သွားသည်။ ကျွန်တော်က အားတက်သရော ဆက်ပြော သည်။

“တစ်နှစ်မှာ တစ်ခါနှစ်ခါလောက်စီ ရှေးဟောင်း ရေတကောင်းတွေ၊ ကရားတွေ တတ်ကြတာ ဖေဖေမှတ်မိမှာပေါ့၊ အဲဒါတွေရလျှင် ဂျေရုဆလင်ကို ယူသွားကြတယ်၊ မြို့တော်ဟောင်းက ရှေးဟောင်းပစ္စည်းဝယ်သူတွေက ဈေးကောင်းကောင်း ပေးကြတယ်။ ထွန်တော်တို့ရောင်းလိုက်တဲ့ ပစ္စည်းတွေဟာ နောက်ဆုံးတော့ နေသူရိန်ဘုံရိပ်သာပြတိုက်ထဲ အားလုံးရောက်သွားကြတာပဲ၊ စစ်မဖြစ်ခင်ကလေးက ပါလက်စတိုင်းပို့စ်သတင်းစာမှာ ကျွန်တော်ဖတ်ပြတာ ဖေဖေမှတ်မိဦးမှာပေါ့၊ ကွမ်ရန်မြို့ဟောင်းနားက တူးဖော်ရရှိတဲ့ ပုရပိုက်တွေကို ပေါင်စတာလင်ငွေ သန်းနဲ့ချီပြီးပေးခဲ့တာလေ”

“အေး... ဟုတ်တယ်၊ အဲဒါ ငါ ကောင်းကောင်းမှတ်မိတယ်”

“ပင်လယ်သေတစ်လျှောက်မှာ လိုဏ်ခေါင်းတွေ ထောင်နဲ့ချီပြီးရှိတယ် ဖေဖေ၊ အော်ဒန်နိုင်ငံဘက်အခြမ်းမှာလဲ အများကြီးပဲ၊ ရှေးဟောင်းမြို့တွေနဲ့ ပတ်သက်တဲ့ပစ္စည်းတွေ သဲကန္တာရမှာ ပြည့်နေတယ်၊ ဘီဒိုယင်တွေက အဲဒီနေရာတွေကို ရှာဖွေတူးဖော်ကြတယ်၊ လာတဲ့ပစ္စည်းတွေကို ရောင်းစားကြတယ်” ။

ကျွန်တော်က ဒေါက်တာနူရီမူဒီ ဆိုင်းဘုတ်ကို လက်ညှိုးထိုးပြပြီး... “အဲဒီတော့ သူလည်း အဲဒီပစ္စည်းတွေကို ဂျူးတွေကိုရောင်းနေတာပေါ့”

”မင်းပြောတာမှန်တယ် အစ္စမေ’ ကျွန်တော့်စကားကို ဖေဖေအလေးထားလာပြီ။

ကျွန်တော်သည် လက်ကို ဝတ်ရုံထဲသို့နှိုက်ပြီး နာဒါနှင့် ကျွန်တော်တို့

ရလာသော စွည်းကို ထုတ်ယူလိုက်သည်။ ထိုပစ္စည်းမှာ တစ်ပေခန့်ရှည်သော လက်ကိုင်တွ”

ဖြစ်သည်။ လက်ကိုင်ထိပ်တွင် တောင်ဆိတ်ရုပ် ထုထားသည်။ ဖေဖေက စက္ကူပတ် ခွာကြည့်သည်။ ပြီးတော့ ပြန်ပိတ်လိုက်သည်။

“တခြား ဘာပစ္စည်းတွေ ရှိသေးသလဲ”

”တခြားပစ္စည်းတွေကို သိမ်းထားလျှင်ပိုကောင်းမယ်”

”မင်းစိတ်ကူးကောင်းတယ် အစ္စမေ”

”ပစ္စည်းတစ်ခုကို ရောင်းတဲ့အခါ ဝယ်သူပေးတဲ့ဈေးကို မကြိုက်လျှင်ပြန်ယူလာ “မင်းက ငါ့ကို ဈေးရောင်းနည်း သင်ပေးနေတာလား”

“အဲဒီလို မဟုတ်ပါဘူး၊ ကျွန်တော်က ကလေးပါဖေဖေ၊ ဒါပေမယ့် ကျွန်တော် ဖေဖေတွေးကြည့်ပါ၊ သူပေးတဲ့ဈေးကို ချင့်ချိန်ပါ၊ ပြီးတော့ ကိုယ့်မှာ ဒီလိုပစ္စည်း အများကြီး ရှိသေးတယ်ဆိုတာ သူသိပါစေ”

“ငါလည်း မင်းပြောသလိုပဲ စိတ်ကူးမိပါတယ်”

ဖေဖေသည် ယင်းသို့ပြောပြီးနောက် လမ်းမကိုဖြတ်ပြီး တစ်ယောက်တည် လျှောက်သွားသည်။

ဟာဂျီအီဘရာဟင်သည် ယိုင်နဲ့နဲ့လှေကားမှတက်၍ ဒုတိယထပ်ခန်းမထဲသို့ လာ သည်။ ခန်းမထဲတွင် စုစုပေါင်း ရုံးခန်းလေးခန်းသာရှိသည်။ ၎င်းတို့မှာ ဂျယ်ရီကိုမြို့ တစ်ဦးတည်သောဆရာဝန်၊ တစ်ဦးတည်းသောရှေ့နေ၊ အနောက်ဘက်ကမ်းပါးမှ ကော် နိုင်ငံသို့ သီးနှံများ၊ သယ်ယူပို့ပေးသည့် တစ်ဦးတည်းသော ပို့ဆောင်ရေးကုန်သည်။ ဒေါက်တာမူရီမူဒီတို့၏ ရုံးခန်းများဖြစ်သည်။

ဟာဂျီအီဘရာဟင်သည် ဒေါက်တာနူရီမူဒီ၏ ရုံးခန်းတံခါးကိုခေါက်ပြီး ဝင်လာသည်။

ရုံးခန်းက အကျယ်ကြီး။ စာအုပ်တွေ၊ စာရွက်စာတမ်းတွေနှင့် ရှုပ်ပွနေသည်။

နံရံနှစ်ဖက်တွင် ရှေးဟောင်းပစ္စည်းများကို ဆေးကြောသန့်ရှင်းသော ခုံတန်းရှည်များ အလျားလိုက်ချထားသည်။ ခုံတန်းတစ်ခုပေါ်တွင် အိုးခြမ်းကွဲများ စုပုံတင်ထားသည် မူလအိုးကြီးအတိုင်းဖြစ်လာရန် အိုးခြမ်းကွဲများကို ဆက်စပ်နေခြင်းဖြစ်သည်။

အခြား ခုံတန်းတစ်ခုပေါ်တွင်မူ ရှေးဟောင်းပစ္စည်းများ၏ ပုံများနှင့် အတိုင်းအတာ ကို ရေးဆွဲထားသော စာရွက်စာတမ်းများ တင်ထားသည်။ နံရံများတွင် ဂုဏ်ပြုလက်မှတ်များ ထောက်ခံစာများနှင့် ဓာတ်ပုံများ ချိတ်ဆွဲထားသည်။ ဓာတ်ပုံများအနက် ရှေးဟောင်းမြေ တွင် ပါမောက္ခကြီး တူးဆွနေသောပုံများနှင့် တက္ကသိုလ်ဂုဏ်ပြုပွဲတွင် မိန့်ခွန်းပြောနေ ပုံများ ပါဝင်သည်။

ဟာဂျီအီဘရာဟင်သည် ဂုဏ်ပြုလက်မှတ်များကို မဖတ်ရှုနိုင်သောကြောင့် ဓာတ်ပုံများ ကိုသာ စိတ်ဝင်တစားကြည့်ရှုနေသည်။ ဓာတ်ပုံများထဲတွင် အနောက်တိုင်းသားများ ပုံများလည်း ပါဝင်သည်။ အများစုမှာ ဂျူးလူမျိုးများဖြစ်ကြသည်။ ပါမောက္ခကြီးသ မျှားနှင့် ဆက်သွယ်နေသည်ဟု အစ္စမေကပြောခြင်းမှာ တကယ်ပင်မှန်နေသည်။

ရုံးခန်းအတွင်း တံခါးပွင့်လာသည်။ ဒေါက်တာမူဒီ၏ ခြေထောက်တစ်ဖက် လိမ်ကောက်နေသည်။ ဘယ်ဘက်ချိုင်းကြားတွင် ချိုင်းထောက်ထောက်ထားသည်။ လက် ဘက် လက်မောင်းတစ်ဖက်ကလည်း သိမ်နေသည်။

ဒေါက်တာကပင် စတင်၍ နှုတ်ဆက်သည်။ “မင်္ဂလာရှိတဲ့နေ့ပါ”

“အများကြီး ကျေးဇူးတင်ပါတယ် ဆရာကြီး၊ ဆရာကြီးရုံးခန်းမှာ စိတ်ဝင်စားစရာ ညးတွေနဲ့ ပြည့်နေတာ အလွန်ဂုဏ်ယူစရာကောင်းပါတယ်”

“ဘာကိစ္စများ ရှိလို့ပါလဲ ။ 'ဆရာကြီးလို ပညာဉာဏ်ကြီးမားတဲ့ ပုဂ္ဂိုလ်တစ်ယောက်နဲ့ လူတိုင်းတွေ့ချင်ကြမှာ နာပါတယ် ဆရာကြီး”

“မိတ်ဆွေက အမြင်လည်းစူးရှတယ်၊ စကားလည်းတတ်တယ်၊ ကိုရမ်ကျမ်းကို နတ်ရထားတဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်”

“မှန်ပါတယ်၊ ကိုရန်ကျမ်းက အလွန်တရာမှ ကြီးမြတ်လှပါတယ်”

ပါမောက္ခကြီးက ညှေ့သည်အား သူ့စားပွဲသို့ခေါ်လာခဲ့ပြီး ကုလားထိုင်တွင် ထိုင်ပေသည်။

ထိုအချိန်တွင် ကော်ဖီနှင့်မုန့်ပွဲရောက်လာသည်။ “မိတ်ဆွေရဲ့ နာမည် သိပါရစေလား" ပါမောက္ခကြီးက မေးသည်။ “အီဘရာဟင်ပါခင်ဗျား၊ အက္ကဘက်ဂျာဘားမှာ အခြေအနေအရ ခဏရောက်နေတဲ့ သည်တစ်ယောက်ပါ”

”ကျုပ်က ဘာများကူညီရပါမလဲ၊ အမိန့်ရှိပါမိတ်ဆွေ”

“ကျွန်တော် ဟိုနေရာသည်နေရာ ပြောင်းရွှေ့သွားလာရင်းနဲ့ စိတ်ဝင်စားစရာပစ္စည်း င်း တွေ့ ရလို့ပါခင်ဗျာ”

“အခုလို ကျုပ်ဆီလာလည်တာကို ဂုဏ်ယူပါတယ် အီဘရာဟင်" ထို့နောက် သူတို့နှစ်ယောက် ကော်ဖီသောက်ကြသည်။ စီးကရက်သောက်ကြသည်။

ပြီးတော့ အီဘရာဟင်က စက္ကူထုပ်ကိုဖြေ၍ ရှေးဟောင်းပစ္စည်းကို စားပွဲပေါ် ဆင်လိုက်သည်။ ပါမောက္ခကြီးသည် စားပွဲပေါ်မှပစ္စည်းကို မျက်မှောင်ကြုတ်၍ ကြည့်နေ သည်။ သူအလွန်စိတ်ဝင်စားပုံရသည်။ ပြီးနောက် စားပွဲမှမီးခလုတ်ကိုဖွင့်လိုက်ပြီး ပစ္စည်းကို မှန်ဘီလူးဖြင့် သေသေချာချာ ကြည့်နေသည်။ အတော်ကလေးကြာတော့မှ ... ‘ဆက်ပြီး စစ်ဆေးကြည့်ဖို့ လိုအပ်သေးတယ်” ။ “ဒါဖြင့် ဆရာကြီးက ဒီပစ္စည်းကိုစိတ်ဝင်စားတာပေါ့”

”စိတ်ဝင်စားပါတယ်၊ ဝယ်လာတာလား၊ ကောက်ရတာလား အီဘရာဟင်”

”ကောက်ရတာပါ ဆရာကြီး”

“မေးဖို့မလိုပေမယ့် မေးတော့မေးရမှာပဲ၊ ဒီပစ္စည်းကို တွေ့ ရတဲ့နေရာနဲ့ တွေ့ ပုံတွေ့နည်း ကိုသိမှသာ တန်ဖိုးဖြတ်လို့ရလိမ့်မယ်”

“ဒီဒေသတစ်ဝိုက်က ရှာဖွေတွေ့ရှိတာပါ ဆရာကြီး “ဒီတစ်ခုတည်းပဲ တွေ့သလား”

”မဟုတ်ပါဘူး၊ နောက်ထပ်လဲ တော်တော်များများ ကျန်ပါသေးတယ်”

”တစ်ဒါဇင်လောက်ရှိသလား”

”မကပါဘူး၊ အများကြီးပါ”

" ပါမောက္ခကြီးက ရှေးဟောင်းပစ္စည်းနှင့် မှန်ဘီလူးကို စားပွဲပေါ်ပြန်ချလိုက်ပြီး“အချိန်မကုန်အောင် ပွင့်ပွင့်လင်းလင်းပဲ ပြောကြပါစို့လား အီဘရာဟင်”

”ကျွန်တော်ကလည်း အဲဒီလိုပဲသဘောထားပါတယ် ဆရာကြီး”

”မိတ်ဆွေဟာ ဟာဂျီအီဘရာဟင်အယ်လ်ဆူကိုရီအယ်လ်ဝါဟာဘီ မဟုတ် “ဟုတ်ပါတယ်၊ ဆရာကြီးက ဘယ်လိုလုပ်ပြီးသိတာလဲ”

“ကွမ်ရန်နဲ့ ဂျယ်ရီကိုမြို့တွေမှာ မိတ်ဆွေကို လူတိုင်းသိကြပါတယ်၊ ဒီပစ္စည်းကို လည်း ကွမ်ရန်မြို့နောက်ဘက်က လိုဏ်ခေါင်းမှာ တွေ့ခဲ့တာမဟုတ်လား”

အီဘရာဟင်က ပြန်မဖြေ။

‘ဟာဂျီအီဘရာဟင်၊ မိတ်ဆွေဟာ အကြောင်းအမျိုးမျိုးနဲ့ ထင်ရှားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါ တယ်၊ ဒါပေမယ့် ရှေးဟောင်းပစ္စည်း သုတေသနပညာမှာတော့ မိတ်ဆွေဟာ မူလတန်းသား အဆင့်ပဲရှိပါသေးတယ်၊ ရှေးဟောင်းပစ္စည်း ရောင်းဝယ်သူတွေဟာ သူခိုးတွေပါ၊ ကျုပ် ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်၊ အခု ဒီပစ္စည်းဟာ ရှားပါးပစ္စည်းတစ်ခုပါ၊ တန် အများကြီးရှိပါတယ်”

(ပါမောက္ခကြီး၏ ပွင့်လင်းမှုကို အီဘရာဟင်ကသဘောကျမိသည်။ သို့သော် ဒီလူကြီး ။ ငါ့ကိုလိမ်ချင်လို့ လှည့်စားနေတာလားဟု သံသယဝင်မိသေးသည်။

“ကျုပ်က ကိုယ့်ကိုယ်ကိုယ် ကြွားမပြောချင်ပါဘူး၊ ဒါပေမယ့် ကျုပ်ဟာ မမှန်တာ ဘယ်တော့မှ မလုပ်ဘူးဆိုတာတော့ ပြောချင်တယ်၊ ဘီဒိုယင်တွေကို လိမ်ညာပြီး ရသော တဲ့ ဂုဏ်သိက္ခာမျိုးကို ကျုပ်မလိုချင်ပါဘူး၊ တကယ်တော့ မိတ်ဆွေရဲ့ ဦးရီးလည်းဖြစ် ယောက္ခမလဲဖြစ်တဲ့ ရှိတ်ဝါလစ်အဇစ်ဟာ ကျုပ်ရဲ့ မိတ်ဆွေကြီးပါ၊ သူဟာ အခု မိတ်ဆွေ နေတဲ့ကုလားထိုင်မှာ ခဏခဏထိုင်ဖူးပါတယ်” ။

“ကျွန်တော်မေးတာ ခွင့်လွှတ်ပါဆရာကြီး၊ ရှိတ်ဝါလစ်အဇစ်ဟာ သူ့လူမျိုးစု ရှာဖွေတွေ့ရှိတဲ့ ရှေးဟောင်းပစ္စည်းတွေကို ဘီယာရီဘာက ရှေးဟောင်းပစ္စည်း ရောင်းဝယ် ဆီမှာ လာရောင်းတယ်မဟုတ်လား ဆရာကြီး”

“ရှေးဟောင်းပစ္စည်း ရောင်းဝယ်တဲ့လူတွေကတော့ အများကြီးရှိတာပဲ၊ ဘီယာင့် မှာလည်းရှိတယ်၊ ဂါဇာမှာလည်းရှိတယ်၊ အရှေ့ဂျေရုဆလင်မှာလည်းရှိတယ်၊ ဒါပေ ပါလက်စတိုင်းတစ်နယ်လုံးမှာတော့ ရှေးဟောင်းပစ္စည်းနဲ့ပတ်သက်လျှင် ကျုပ်တစ်ယောက် သာအကျွမ်းဆုံးပဲ၊ ဘီယာရီဘာကဝယ်သူဆီမှာ ရှိတ်အဇစ်ရောင်းတဲ့ပစ္စည်းတွေကသာ မြေထည်ပစ္စည်းတွေပါ၊ သူက လူတိုင်းလိုပဲ မြေအိုးတစ်လုံး၊ ဒါမှမဟုတ် ဆီမီးခွက်တစ်ခွက် တန်ဖိုးလောက်ကိုတော့ ကောင်းကောင်းသိပါတယ်။

“…ဒါပေမယ့် ဆင်စွယ်၊ သံထည်၊ မှန်သားနဲ့ လုပ်ထားတာတွေ၊ ရွှေ ငွေထည်ပစ္စည်းတွေရလျှင်တော့ သူ ကျုပ်ဆီကိုပဲ လာတတ်ပါတယ်၊ မိတ်ဆွေသိတဲ့အတို ကျုပ်က ဒီပစ္စည်းရဲ့ တန်ဖိုးကိုသိတယ်၊ ဒါကြောင့်မို့လို့ တန်ရာတန်ဖိုးပေးပြီး ဝယ်မယ့်သူ ကျုပ်က တိုက်ရိုက်ဆက်သွယ်ပေးနိုင်တယ်” ။

ပါမောက္ခ ဒေါက်တာမူဒီသည် စားပွဲအံဆွဲကို ဖွင့်၍ မြေသားနှင့်လုပ်ထား ချေးပိုးထိုးရုပ်တုကလေး လေးကောင်ကို အီဘရာဟင်ရှေ့သို့ တင်လိုက်သည်။

“ဘီဒိုယင်တွေဆီက ဝယ်ထားတာတွေပဲ၊ ဒီလူတွေပဲ မိတ်ဆွေတို့ရဲ့ ကွမ်ရန်သဲရော စခန်းဝင်စီးဖို့ကြိုးစားခဲ့တာ မိတ်ဆွေတို့က ပြန်လည်ခုခံလို့ ပြန်ပြေးလာခဲ့ကြရတာ အီဘရာဟင်က ရုပ်တုတစ်ခုကို ကောက်ယူကြည့်ပြီး… “ဒါ ဘယ်လောက်တန်သလဲ”

”ပေါင်တစ်ရာ တစ်ရာ့ငါးဆယ်လောက်တန်တယ်”

”ရလှချည်လား၊ အားကျစရာပဲ”

ပါမောက္ခကြီးက ရုပ်တုသုံးခုကို စက္ကူနှင့်သေသေချာချာ ပြန်လုပ်နေသည်။ အီဘရာဟင်က သူ့လက်ထဲမှရုပ်တုကို ပါမောက္ခကြီးအားကမ်းပေးစဉ် လက်ထဲတွင် ကြေသွားသည်။

"အို…နှမြောစရာပဲ၊ နှမြောစရာပဲ" ပါမောက္ခကြီးက ပြောသည်။

"ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ဘာမှမဖြစ်ပါနဲ့၊ ဒီလို ရှေးဟောင်း ပစ္စည်းတွေဟာ သိပ်ပြီးနူးညံ့တာကလား၊ ကျုပ်ဆီ ဒီပစ္စည်းတွေ ယူလာတဲ့လူတွေလည်း ဒီလိုပဲ မကြာခဏ ကြုံကြရတာပဲ၊ ဒါပေမယ့် သူတို့ကတော့ လုံးဝမနှမြောကြပါဘူး"

အီဘရာဟင်က အားနာစွာဖြင့် တောင်းပန်ရန် ပါးစပ်ပြင်လိုက်စဉ် ပါမောက္ခကြီးက အခုံးတွန့်ပြီး ခေါင်းယမ်းရင်းထားလိုက်သည်။

ထို့နောက် အီဘရာဟင်က သူယူလာသော သံထည်ပစ္စည်းကို လက်ညှိုးထိုးပြပြီး … "ဒီပစ္စည်းကို ဝယ်မယ့်လူ ရှိပါ့မလား ဆရာကြီး"

"ပစ္စည်းစစ်လျှင် ဝယ်မယ့်လူတွေ ရှိပါတယ်"

"ဒီပစ္စည်းက ဘယ်လိုပစ္စည်းများပါလဲ"

"ဒီပစ္စည်းကို ကျုပ်တို့က အောက်ခံခုံလို့ခေါ်တယ်၊ အလှထုထားတဲ့ ပစ္စည်းပဲ၊ ခေါင်းပေါက်မှာစွပ်တဲ့ သစ်သားထောက်လည်း ဖြစ်နိုင်တယ်၊ ဒီဒေသမှာတော့တွေ့ရခဲ တယ်၊ ပါလက်စတိုင်းမှာ ဒီပစ္စည်းမျိုးမတွေ့ဖူးသေးဘူး၊ အီရန်တို့ အီရတ်တို့မှာအများဆုံး တွေ့ရတတ်တယ်၊ ဒီပစ္စည်းကို ရောင်းမယ်ဆိုလျှင် အစစ်အမှန်ဟုတ်မဟုတ် စစ်ဆေးကြည့်ဖို့ လိုအပ်တယ်၊ အဲဒီတော့ နှစ်ပတ် သုံးပတ်လောက်တော့ ကျုပ်ဆီမှာပေးထားပါ"

"ဘာကြောင့်ပါလိမ့်" ။ "စစ်ဆေးကြည့်ဖို့ပေါ့"

"ဆရာကြီးက ဒီပညာမှာပါရဂူပဲ၊ မြင်ရုံနဲ့ အစစ်အမှန် ဟုတ်မဟုတ်သိမှာပေါ့"

"ဒီပစ္စည်းဟာ ဘာဆိုတာ ကျုပ်သိပါတယ်၊ သို့သော် ရှေးဟောင်းသုတေသနပညာ တာက ကိုရန်ကျမ်းထက် နားလည်ရခက်တယ်၊ ဒါကြောင့် သက်တမ်းအတိအကျနဲ့ စစ်မစစ် စမ်းသပ်စစ်ဆေးရဦးမယ်၊ ကျုပ်အထင်တော့ အနည်းဆုံး သက်တမ်းခြောက်ထောင် လောက် ရှိလိမ့်မယ်ထင်တယ်၊ ဒါပေမယ့် ဘယ်ဒေသက လုပ်တယ်ဆိုတာတော့ ပြောလို့ ရသေးဘူး၊ ကြေးနီနဲ့ လုပ်ထားတာဆိုလျှင် စိန်ခေတ် ဘယ်လောက်ပါသလဲဆိုတာ

ခတ်ခွဲကြည့်ရမယ်။ ဒါမှသာ ဒီသတ္တုမိုင်းဘယ်မှာရှိတယ်ဆိုတာ သဲလွန်စရမယ်”

“ဒီပစ္စည်းကို ဆရာကြီးဆီမှာ တစ်ပတ်ထားပစ်ခဲ့လျှင် ကျွန်တော့်မှာ လက်မဲ့ဖြစ်သွား ဘော့မှာပေါ့”

“မိတ်ဆွေဆီမှာ ဒါမျိုးတွေ တစ်ဒါဇင်လောက်တောင် ရှိသေးတယ်ဆို၊ အဲဒါတွေ အားလုံးကို ဝယ်မယ့်လူတွေအများကြီးရှိပါတယ်၊ စိတ်ချပါ၊ ဘာမှမစိုးရိမ်ပါနဲ့၊ ကျုပ်ဆီမှာ ထက် ဘယ်မှာမှ ပိုပြီးမလုံခြုံနိုင်ပါဘူး”

”ဒါဆိုလဲ ကောင်းပါပြီ၊ တစ်ပတ်တော့ အချိန်ပေးနိုင်ပါတယ်”

”မိတ်ဆွေ စိတ်ကူးမှန်ပါတယ်၊ စိတ်ချပါ၊ ဘာမှမစိုးရိမ်ပါနဲ့” (ပါမောက္ခကြီးသည် ထိုင်ရာမှထ၍ ချိုင်းထောက်ကြီးဖြင့် အီဘရာဟင်အား တံခါးဝအထိ လိုက်ပို့သည်။

“ကျုပ် ဂျေရုဆလင်ကို အမြန်ပြေးလိုက်ပါ့မယ်၊ ဒီပစ္စည်းက စိတ်ဝင်စားစရာ အလွန်ကောင်းပါတယ်”

✥--- www.ebooks4mm.org ---✥

အခန်း (၄)

ရက်သတ္တပတ်တွေအများကြီး ကုန်လွန်သွားခဲ့သည်။ ပါမောက္ခ ဒေါက်တာနူရီမူဒီ ထံမှ မည်သည့်စကားပြန်မှမရ။ ဖေဖေသည် သည်းခံခြင်းနှင့်ပတ်သက်သော ဆုံးမသြဝါဒများ ကို အမြဲမပြတ် ရွတ်ဖတ်နေသူဖြစ်သော်လည်း ဤတစ်ကြိမ်တွင်တော့ သူ့ကိုယ်သူ လုံးဝ မထိန်းနိုင်တော့။ သူသည် လိမ်ညာခံရမည်ကိုတွေး၍ ပူလာသည်။ ကျွန်တော်တို့လက်ထဲတွင် ကွန်ရှိနေသော တခြားရှေးဟောင်းပစ္စည်းကိုးခုကို ဂျော်ဒန်သားတွေ ဝင်လုမည်ကိုလည်း တွေးပြီး စိုးရိမ်လာမိသည်။ ထို့ကြောင့် ထိုပစ္စည်းများကိုယူပြီး လက်နက်များ ဝှက်ထားသော နေရာတွင် သွား၍ဝှက်ထားရန် ကျွန်တော့်ကိုခိုင်းသည်။

နောက်ဆုံးတွင် ပါမောက္ခ ဒေါက်တာရီမူဒီထံမှ စာရောက်လာသောအခါ ဖေဖေ သည် ရင်တထိတ်ထိတ်ဖြင့် ဂျယ်ရီကိုမြို့သို့ လိုက်သွားလေသည်။

"အား ... ကြွပါ၊ ကြွပါ ဟာဂျီအီဘရာဟင် ယခုလိုရောက်လာတာကို အလ္လာ အရှင်မြတ် ကောင်းချီးပေးပါစေဗျား"

ပါမောက္ခကြီးက လှိုက်လှဲဝမ်းသာ ကြိုဆိုနှုတ်ဆက်သည်။

"ဆရာကြီးကိုလည်း အလ္လာရှင်မြတ်အောင်မပါစေခင်ဗျား၊ ဆရာကြီးဆီက ရုတ်တရက် စာရောက်လာတော့မှပဲ ကျွန်တော်သတိရမိတော့တယ်၊ ကျွန်တော်က ဒီလောက်မြန်လိမ့်မယ်လို့ ထင်ဘူးခင်ဗျာ"

ရှေးဟောင်းပစ္စည်းကို ပါမောက္ခကြီး၏စားပွဲပေါ်တွင် တင်ထားသည်။ သူစိမ်းနှစ် ယောက်က စားပွဲတွင်ထိုင်ကာ ကော်ဖီသောက်နေကြသည်။

အီဘရာဟင်က အခြေအနေကို သတိနှင့်အကဲခတ်နေသည်။ ပါမောက္ခမူဒီသည် ရှေးဟောင်းအနုပညာပစ္စည်းကို ကောက်ယူလိုက်ပြီးနောက် ...

"ဒီပစ္စည်းက တော်တော်စိတ်ဝင်စားစရာကောင်းတယ်၊ သို့သော် ဒီပစ္စည်းနဲ့

တ်သက်ပြီး လေ့လာစရာတွေက အများကြီးရှိသေးတယ်"

"အဲဒီလေ့လာစရာတွေက ဆရာကြီးနဲ့တကွ ဟောဒီကလူကြီးမင်းများရဲ့ ဉာဏ်ပညာ ထက် ပိုပြီးကျော်လွန်နိုင်စရာ မရှိပါဘူး"

"အဲဒီလို လေ့လာရာမှာ ခင်ဗျားရဲ့ ရိုးသားစွာ ပူးပေါင်းကူညီမှု လိုအပ်ပါတယ်။ လျှို့ဝှက်ချက်တွေ အများကြီးရှိနေတယ်၊ ဒါကြောင့် ကျုပ်တို့က ရနိုင်သမျှ အထောက်အကူ အကြောင်းပြချက်တွေကို စုဆောင်းရမယ်"။

"ဒါနဲ့ ဒီပစ္စည်းကိုဝယ်မယ့်ပုဂ္ဂိုလ် ရှိပြီလား"

"ရှိပါပြီ အလွန်အားကိုးလောက်တဲ့ပုဂ္ဂိုလ်ပါ"

"ဒါဆိုလျှင် အလ္လာရှင်မြတ်ကို ကျေးဇူးတင်ရမှာပဲ"

"ဒါပေမဲ့ ခင်ဗျားဘက်က တစ်ခုတော့ လိုက်လျောရလိမ့်မယ်၊ ခင်ဗျားမှာရှိ ရှေးဟောင်းပစ္စည်းအားလုံးကို ဝယ်သူကို ကြည့်ရှုစစ်ဆေးခွင့်ပြုရလိမ့်မယ်"

"ရှိသမျှပစ္စည်းအားလုံးကို ဟုတ်လား"

"ဟုတ်ပါတယ်"။ "အဲဒီပစ္စည်းတွေကို ကျွန်တော်က ဆရာကြီးဆီ လွှဲအပ်ရမယ်ဆိုပါတော့"

"ဝယ်သူက ဂျယ်ရီကိုမှာမရှိဘူး၊ သူ့အနေနဲ့ ဒီကိုလာဖို့ဆိုတာလည်း မလွယ်ဘူး သူဒီကိုလာနိုင်တောင်မှ စမ်းသပ်စစ်ဆေးမှုကို ဂျယ်ရီကိုမြို့မှာ လုပ်လို့မရဘူး"

ဟာဂျီအီဘရာဟင် စဉ်းစားနေသည်။ ပါမောက္ခကြီးက ရှေးဟောင်းပစ္စည်းကို ကောက်ယူပြီးဆက်ပြောသည်။

"ဒီပစ္စည်းဟာ အလွန့်အလွန် ရှေးကျတယ်ဆိုတာတော့ ကျုပ်တို့ အကြမ်းအားဖြင့် မှန်းဆလို့ရပါတယ်၊ ဒီပစ္စည်းက တော်တော့်ကို စစ်ဆေးဖို့ခက်တဲ့ပစ္စည်း၊ အထူးသဖြင့် သူ့ခေတ်ကို အတိအချဆုံးဖြတ်ဖို့ခက်တယ်၊ ဟောဒီမှာ လက်ကိုင်က အလိမ်အတွန့်သော အတွင်းကအခေါင်း၊ ပြီးတော့

တောင်ဆိတ်ခေါင်း၊ ဒါတွေက ခေတ်တိုင်းမှာ အသုံးပြု အနုပညာလက်ရာတွေပဲ၊ ကျောက်ခေတ်နဲ့ ကြေးခေတ်နှစ်ခုစလုံးမှာ အသုံးပြုခဲ့တဲ့ လက်ရာ တွေပဲ”

“အဲဒီ ကျောက်ခေတ်နဲ့ ကြေးခေတ်ဆိုတာက ဘာကိုဆိုလိုပါသလဲ ဆရာကြီး 'ကျောက်ခေတ်သစ် နောက်ပိုင်းကာလကိုပြောတာပါ၊ တစ်နည်းအားဖြင့် ကြေး ခေတ်လို့လဲ ခေါ်ကြတယ်။ ကျောက်ခေတ်နဲ့ကြေးခေတ်စပ်ကြား နှစ်ပေါင်း တစ်ထောင် လောက်ကာလကိုခေါ်တာ၊ ကျောက်ခေတ်လူသားတွေရဲ့ ဦးခေါင်းခွံတွေ၊ မြားစူးတွေ လယ်ထွန်ကိရိယာတွေ တော်တော်များများကို ကျုပ်တို့တူးဖော်တွေ့ရှိကြတယ်။ ဒါ အဲဒီနောက်ပိုင်းကာလ ပစ္စည်းတွေကိုတော့ မတွေ့ရသလောက်ပဲ။

“.. ဒီမှာကြည့်ပါလား ဒီအနုပညာလက်ရာကိုကြည့်ရင် လွန်ခဲ့တဲ့နှစ်ပေါင်း ခြောက်ထောင် ခုနှစ်ထောင်လောက်က အသုံးပြုခဲ့တဲ့လက်ရာတွေလို့ မှန်းဆရတယ်။ ဘာကြောင့်လဲဆိုတော့ ဒီပစ္စည်းတွေကိုထုလုပ်ပြီးတဲ့နောက် နှစ်ပေါင်းသုံးထောင်ကြ တဲ့တိုင်အောင် ကမ်းနားဒေသတစ်ဝိုက်မှာ ကြေးနီသတ္တုမိုင်း မတူးဖော်သေးတဲ့အတွက် ကြောင့်ပဲ၊ အဲဒီခေတ်ကလူတွေဟာ ဘယ်သူတွေလဲ၊ ပါလက်စတိုင်းကို သူတို့ဘယ်လို လာကြတာလဲ ၊ အဲဒီတော့ ရထားတဲ့ပစ္စည်းတွေအားလုံးကို သေသေချာချာ စမ်းသပ် ဆေးပြီးမှ ကျုပ်တို့အနေနဲ့ သဲလွန်စရနိုင်လိမ့်မယ်” ။ “ဒီလိုဆို သူတို့တန်ဖိုးတွေကိုလည်း သိနိုင်မှာပေါ့”

ရှင်းရှင်းပြောရလျှင် ပြတိုက်ပစ္စည်းအဖြစ်နဲ့တော့ ဒီပစ္စည်းဟာ တန်ဖိုးမဖြတ်နိုင်သူ သို့သော် တစ်ချိန်တည်းမှာ တစ်ပြားမှမတန်တဲ့ အလကားပစ္စည်းလည်း ဖြစ်နိုင်တယ်

”ဆရာကြီးပြောတာ ကျွန်တော်တော့ လုံးဝသဘောမပေါက်ဘူးခင်ဗျ”

”ချမ်းသာတဲ့ ရှေးဟောင်းပစ္စည်း ရောင်းဝယ်သူဆိုတာပဲရှိတယ်၊ ချမ်းသာတဲ့ ဟောင်းပစ္စည်း သုတေသနပညာရှင်ဆိုတာမရှိဘူး၊ ပြီးတော့ ရှေးဟောင်းပစ္စည်းရောင်းစား ထမင်းဝနေတဲ့ ဘီဒိုယင်လူမျိုးဆိုတာလည်း မရှိဘူး၊ ကျုပ်တို့အာရပ်တွေက အတိတ် လကပစ္စည်းတွေကို ထိန်းသိမ်းစောင့်ရှောက်ထားရမှန်း မသိကြဘူး၊ အီဂျစ်က အီရတ်အထိ ကျုပ်တို့ရဲ့ ရှေးဟောင်းသမိုင်းဝင်နေရာတွေကို ခေတ်အဆက်ဆက်မှာ ကျုပ်တို့လူမျိုးတွေ

ချင်းချင်းလုပယူခဲ့ကြတယ်။ ဂျော်ဒန်နိုင်ငံမှာ ရှေးဟောင်းပစ္စည်းတွေ ထိန်းသိမ်းထားတဲ့ ကလေးတစ်ခုတော့ ဖွင့်ထားပါရဲ့ … ဒါပေမဲ့ ရှေးဟောင်းသမိုင်းသုတေသနတက္ကသိုလ်ဆိုတာ မရှိဘူး၊ ရှေးဟောင်း သမိုင်းပြတိုက်ဆိုတာ မရှိဘူး၊ အဲဒီရှေးဟောင်းပစ္စည်းဌာန ဆိုတာကလည်း နိုင်ငံခြားသားတွေ ရှေးဟောင်းပစ္စည်းလာတူးချင်အောင် ဆွဲဆောင်ဖွင့်ထားတဲ့ ဌာနပဲဖြစ်တယ်၊ နိုင်ငံခြားသား က သူတို့တူးလို့ရတဲ့ အဖိုးတန်ရှေးဟောင်းပစ္စည်းတွေ အားလုံးကို ကျုပ်တို့နိုင်ငံတွေက ထုတ်ယူသွားကြတယ်။

… ဒါကြောင့်မို့ ရှေးဟောင်းအီဂျစ်သမိုင်းကို လေ့လာချင်လျှင် အင်္ဂလန်နိုင်ငံက ဒန်မြို့မှာသွားပြီးလေ့လာရတယ်၊ တကယ်တော့ ရှေးဟောင်းသမိုင်းပညာရှင်ဆိုတာ သူ့လုပ်ငန်းကိုချစ်လို့၊ သူ့လုပ်ငန်းမှာပျော်လို့၊ သူရှာဖွေတွေ့ရှိတာတွေကို ရေးထားတဲ့ စာအုပ်ပေါ်မှာ သူ့နာမည်ကို ပုံနှိပ်ထားတာမြင်ချင်လို့ အဲဒီအလုပ်ကိုလုပ်နေတဲ့သူပါ၊ အတိတ်သမိုင်းရဲ့ ရှုပ်ထွေးနေတဲ့ပြဿနာတွေကိုဖြေရှင်းပြီး အဖြေရှာရတဲ့အလုပ်ကို နှစ်သက် သို့ အဲဒီအလုပ်ကို လုပ်နေတဲ့သူပါ … သူရှာဖွေတွေ့ရှိတဲ့ ရှေးဟောင်းပစ္စည်းတွေကို တန်ဖိုး ဘယ်လောက်ပဲရှိရှိ သူ့ကိုယ်ကျိုးအတွက် သိမ်းမထားဘူး၊ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းပစ္စည်းရတနာသိုက်ကို တွေ့ရှိပေမယ့် ရှေးဟောင်းသမိုင်းပညာရှင်က အများကြီးမလိုချင်ဘူး၊ သူ့အိမ်မှာ တင့်တောင်း တင့်တယ်ထားဖို့ ပစ္စည်းကလေးတစ်ခုလောက်ရလျှင် သူ့အနေနဲ့ကျေနပ်နေပြီ၊ ကျန်တာတွေ အားလုံးကိုတော့ ရှေးဟောင်းပစ္စည်းကုန်သည်တွေဆီမှာပဲ ရောင်းပစ်လိုက်မှာပဲ”

'ဒါနဲ့ ဆရာကြီး ရှေးဟောင်းပစ္စည်းရောင်းဝယ်သူဆီကို ကျွန်တော်ကိုယ်တိုင်သွား ပြီး ရောင်းလျှင် ဘယ်လိုနေမှာလဲ”

“အခုလို အဖိုးတန်ပစ္စည်းကို မှောင်ခိုသမားတွေ၊ အနုပညာပစ္စည်းကို တန်ဖိုးမထားတဲ့ ကုန်သည်တွေဆီမှာ သွားရောင်းပစ်တာမျိုးကို ကျုပ်တော့ အလွန်ရွံတာပဲ၊ ဒီလူတွေက တိုင်းပြည်ရဲ့ အဖိုးတန်အမွေအနှစ်တွေကို ခိုးပြတိုက်နေတဲ့ လူမိုက်တွေ”

“ဘယ်ရှေးဟောင်းသမိုင်းပညာရှင်မှ သူရှာတွေ့တဲ့ပစ္စည်းတွေကို

ကိုယ်ပိုင်သိမ်းမထား ဘူးဆိုတာ အမှန်ပဲလားဆရာကြီး”

“ကျုပ်တော့ မကြားဖူးပါဘူး၊ ဒါကြောင့်မို့လည်း ပါလက်စတိုင်းတစ်နယ်လုံးမှာ အာရပ်အမျိုးသား ရှေးဟောင်းသမိုင်းပညာရှင်ဆိုလို့ ကျုပ်တစ်ယောက်တည်းရှိတာပေါ့၊ အဲဒီလိုသိမ်းထားလျှင် ကမ္ဘာ့ပညာရှင်လောကမှာ သူချက်ချင်းသိက္ခာကျသွားမယ်၊ ကျုပ်တို့ အနေနဲ့ အခု ဒီပစ္စည်းကို အဆုံးရှုံးမခံနိုင်ဘူး၊ ဒါပေမဲ့ ပိုက်ဆံများများရချင်လျှင်တော့ - အရှေ့ဂျေရုဆလင်က ဝယ်သူတွေဆီ သွားရောင်းတာအကောင်းဆုံးပဲ၊ ကျုပ်လိပ်စာတွေ့ ပေးလိုက်ပါမယ်၊ အဲဒီလူတွေနဲ့ သွားပြီးကစားပေါ့၊ ခင်ဗျားကို အလ္လာရှင်မြတ် စောင့်ရှောက်ပါစေလို့ ကျုပ်ဆုတောင်းပါတယ်”

အီဘရာဟင်က လက်ဝါးကာပြရင်း... “နေပါစေ ဆရာကြီး၊ ဆရာကြီးစကားကိုပဲ ကျွန်တော်နားထောင်ပါ့မယ်”

”အားလုံး ပစ္စည်းဘယ်နှစ်ခုရှိသလဲ”

”နောက်ထပ် ကိုးခုရှိသေးတယ်”

”အားလုံး အရည်အသွေးတူတွေပဲလား”

”ကျွန်တော် မြင်ရသလောက်တော့ အားလုံး အရည်အသွေးတူတွေပဲ” ပါမောက္ခမူဒီက ပခုံးကို တွန့်လိုက်ပြီးနောက်... ။

“ကျုပ်က ဈေးဖြတ်တဲ့ အလုပ်မှာတော့ပါရဂူမဟုတ်ပါဘူး၊ ဒါပေမဲ့ ဒေါ်လာသောက် ချီပြီး တန်တယ်ဆိုတာတော့ ကျုပ်ပြောနိုင်ပါတယ်”

အီဘရာဟင်၏ ရင်ထဲတွင် တဒိန်းဒိန်းခုန်နေသည်။ သို့သော် ပါမောက္ခကြီး ၏ မိအောင် သူ့ကိုယ်သူ ဟန်ဆောင်ထိန်းထားပြီး...။

'ဝယ်မယ့်လူတွေက ဘယ်သူဘယ်ဝါတွေဆိုတာတော့ ကျွန်တော်သိချင်ပါတယ် ဆရာကြီး၊ ဒီပစ္စည်းတွေကို ထိုက်တန်တဲ့လူတွေလက်ထဲ ရောက်သွားစေချင်တဲ့သ

”ဟာဂျီအီဘရာဟင် ခင်ဗျားဆီရောက်လာတာဟာ အမှတ်မထင်

ရောက်လာ မဟုတ်ပါဘူး၊ အီရတ်စစ်တပ်က ရိက္ခာမှုူးဆီ ရိက္ခာတွေယူပြီး နာဗလူးမြို့က ခင်း ထွက်ပြေးသွားတဲ့သတင်းကို လက်ဖက်ရည်ဆိုင်မှာ လူတိုင်းပြောနေကြတယ်၊ ခင် ကွမ်ရန်ကိုထွက်ပြေးတဲ့ အကြောင်းကလဲ လူတိုင်းပါးစပ်ကို ရောက်နေတယ်၊ ပြီး ခင်ဗျားဟာ အဗ္ဗဒူလာဘုရင်နဲ့ရော ဂျော်ဒန်သားတွေနဲ့ရော အကြီးအကျယ်ဆက်ဆံရေး တင်းမာနေတယ်ဆိုတာကိုလည်း လူတိုင်းသိပါတယ်”

“ဒါက နိုင်ငံရေးကိစ္စပါ၊ ကျွန်တော်က နိုင်ငံရေးကို နားမလည်ပါဘူးဗျာ”

“ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် နှိမ်ချပြောတာအလွန်ကောင်းပါတယ်၊ ဒါနဲ့ ခင်ဗျားတို့ ကျန်နေတဲ့ ပစ္စည်းတွေကို စစ်ဆေးကြည့်နိုင်အောင် ကျုပ်ကို ပေးမှာလား မပေးဘူးလာ ဟာဂျီအီဘရာဟင်က မျက်နှာပေါ်မှ ချွေးတွေကိုသုတ်လိုက်ပြီး ...။

“ကျုပ်ပစ္စည်းကိုးခုကို သိမ်းထားတာက ကျွန်တော့်အတွက် ဈေးကောင်းရန် အခွင့်ကောင်းပဲလို့ ဆရာကြီးကပြောခဲ့တယ်။ အခုတော့ အဲဒါတွေအားလုံး ဆရာကြီး တောင်းနေပြီ။ ကျွန်တော့်ကို ထိုက်တန်တဲ့ဈေး ရရစေမယ်လို့ ဘယ်သူကအာမခံမှာ တကယ်လို့ တစ်ပြားမှမရလိုက်ဘဲ အားလုံးဆုံးရှုံးသွားလျှင် ဘယ်လိုလုပ်ရမှာလဲ”

“ဒါဖြင့် ကျုပ်ပြောင်ပြောင်ပဲ ပြောရမှာလား”

”အကောင်းဆုံးပဲပေါ့”

“ထိုက်တန်တဲ့ဈေး ပေးပါမယ်လို့ ပြောတဲ့လူက တခြားလူမဟုတ်ဘူး၊ ခင်ဗျာ မိတ်ဆွေကြီး ဂီဒီယံအက်ရှိပဲဗျ”

အခန်း (၅)

ကျွန်တော်တွေ့ဖူးသမျှ ပုဂ္ဂိုလ်များအနက် ဖေဖေမှလွဲလျှင် ပါမောက္ခ ဒေါက်တာ မုဒီသည် အကြီးကျယ်ဆုံး အာရပ်အမျိုးသားဖြစ်သည်။ ပါမောက္ခကြီးမေးသမျှကို သားစွာဖြေဆိုရန် ဖေဖေက ကျွန်တော့်ကိုသတိပေးသည်။ ဤသည်မှာ ကြောက်စရာ ဘောင်းသော အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။

ကျွန်တော်သည် အခြားရေးဟောင်းပစ္စည်းကိုးခု ထုပ်ထားသောအထုပ်ကို ခုံတန်းရှည် တွင် တင်ထားလိုက်သည်။ ပြီးတော့အထုပ်ကိုဖြေ၍ ပစ္စည်းများကို ဘေးချင်းကပ်လျက် ပေါ်တွင် တင်ထားလိုက်သည်။ ပါမောက္ခကြီးသည် မှန်ဘီလူးကိုကိုင်ကာ ချိုင်းထောက် ကြီးဖြင့် ထော့နင်းထော့နင်း လျှောက်လာသည်။ သူသည် ခွေးခြေပေါ်တွင်ထိုင်လိုက်ပြီး ငွေ့ည်းများကို မျက်နှာနားကပ်၍ တစ်ခုချင်း စေ့စေ့စပ်စပ်ကြည့်ရှုနေသည်။

ထို့နောက် သူကပြောသည်။ "အင်း ... တော်တော်တော့ ထူးခြားတာပဲ"

ဆရာကြီး မြင်ဖူးပြီးသော တောင်ဆိတ်ခေါင်းနှစ်ခုပါ အောက်ခံခုံအပြင် နောက်ထပ် အလားတူပစ္စည်းနှစ်ခုလည်း ပါသေးသည်။ တတိယပစ္စည်းမှာ လင်းယုန်ငှက်ရုပ်ပါသည်။

ထို့ပြင် စန်းစသော်တာပုံထုထားသော ဆင်စွယ်ပစ္စည်းနှစ်ခု။ ၄င်းတို့သည် အလှ လုပ်ထားသော တံစဉ်များဖြစ်မည်ဟု ပါမောက္ခကြီးကယူဆသည်။ သတ္တမပစ္စည်းမှာ ကြေးဖြင့်ပြုလုပ်ထားသော ထမ်းပိုးနှင့်တူသည်။ အဋ္ဌမပစ္စည်းကတော့ ကျိုင်းတော် သို့ ဟုတ် တင်းပုတ်ဦးခေါင်းနှင့်တူသည်။ အထူးခြားဆုံးကတော့ နောက်ဆုံးပစ္စည်းဖြစ်သည်။

ပစ္စည်းကိုကြည့်ပြီး ပါမောက္ခကြီးမှာ ဝမ်းသာလွန်း၍ မျက်ရည်များပင်လည်လာသည်။ ဆံပစ္စည်းမှာ အခြားမဟုတ် သရဖူနှင့်တူသော ကွင်းဝိုင်းအထူကြီးဖြစ်သည်။ အပေါ်ဆုံးအနား တ်လည်တွင် ငှက်ခေါင်းပုံတွေ အများကြီးထုလုပ်ထားသည်။

ပါမောက္ခကြီးသည် အဆိုပါပစ္စည်းများကို မှတ်စုရေးမှတ်၍ အတိုင်းအတာယူနေစဉ် ဘွခ်တော်က သူ့အလုပ်ခန်းကို မျက်လုံးကစားကြည့်လိုက်သည်။ ခေတ်ပုံများနှင့် ဂုဏ်ပြု က်မှတ်များကို မြင်ရခြင်းဖြင့် သူသည် ပါလက်စတိုင်းအပြင်ဘက်မှ ထင်ရှားသောဌာန ဆင်းများစွာတွင် ဟောပြောပို့ချမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ သူသည် ကမ္ဘာကျော်) သောရှင်ကြီးဖြစ်သော်လည်း ဟိတ်ဟန်မရှိ။ အဝတ်အစားကိုလည်း ရိုးရိုးပင်ဝတ်ဆင်သည်။

ပစ္စည်းများကို စစ်ဆေးမှတ်သားပြီးသောအခါ ပါမောက္ခကြီးသည် ကျွန်တော်တို့က သူ့ရုံးခန်းထဲသို့ ခေါ်လာခဲ့သည်။ “

“အစ္စမေက ဆရာကြီးမေးတာတွေကို အမှန်အတိုင်းဖြေလိမ့်မယ် ဆရာကြီး ဖေဖေက ပြောသည်။

“ဒီကလေးက အသက်အရွယ်နဲ့မလိုက်အောင် ထက်မြက်ပါတယ်၊ သူဟာ ကျွန် လူယုံပါပဲ၊ ဘယ်တော့မှ မလိမ်တတ်ပါဘူး။ ဂီဒီယံကို ကျွန်တော်လိုက်ရှာနေတာ အားလုံးကိုလည်း သူသိပါတယ်၊ ပြီးတော့ ဆရာကြီး ဟာ ရှေးဟောင်းသမိုင်းသုတေသ ပညာရှင်အနေနဲ့ ဂျူးတွေနဲ့အဆက်အသွယ် ရှိနိုင်တယ်ဆိုတာကိုလည်း ကျွန်တော့် သူကပဲ အကြံပေးပါတယ်” ။

“ဒီပစ္စည်းတွေဟာ အဖိုးတန်ပစ္စည်းတွေဆိုတာတော့ လူကလေးသိမှာပေါ့” ဆရာကြီးက ပြောသည်။ “ဟုတ်ကဲ့ သိပါတယ်ခင်ဗျား

”လူကလေး တော်တယ်၊ ဂျူးတွေဟာ ရှေးဟောင်းပစ္စည်းတွေကို အငမ်းမရလိုက် နေကြတယ်၊ သူတို့က သူတို့ရဲ့ မူလအခြေအမြစ်တွေကို အလွန်မြတ်နိုးကြတယ်”

ပါမောက္ခကြီးသည် ကောင်းကင်မြေပုံများ၊ ကွမ်ရန်ပတ်ဝန်းကျင်ရှိ ကျောက်ဆောင် များနှင့် သဲချောင်းများ၏ ခါတ်ပုံများကို ဖြန့်ခင်းလိုက်ပြီး။

“ဒီမြေပုံတွေ ခါတ်ပုံတွေကို သေသေချာချာလေ့လာရမယ်၊ မောင်ရင်တို့နေခဲ့ လိုဏ်ခေါင်းနဲ့ ရှေးဟောင်းပစ္စည်းတွေတွေ့တဲ့လိုဏ်ခေါင်း နှစ်ခုစလုံးကို အသေးစိတ် လေ့လာဖို့လိုတယ်”

ကျွန်တော် ကိုယ့်ကိုယ်ကိုယ် တော်တော်အထင်ကြီးသွားမိသည်။ သို့သော် မြေပုံများ ခါတ်ပုံများကို ကြည့်လိုက်သောအခါ စိတ်ခါတ်ကျသွားသည်။ ကျွန်တော် ဘာမှနားမလည် သောကြောင့် ဖြစ်သည်။ ပါမောက္ခ မူဒီက ရှင်းလင်းပြောပြသောအခါတွင်မှ အနည်းငယ် သဘောပေါက်လာသည်။

“ဒီမှာကြည့်”

ပါမောက္ခကြီးက ထောက်ပြသည်။ ဖေဖေကဘာမျှနားမလည်ဘဲနှင့်

ခေါင်းညိတ် လိုက်သည်။

"ဒီတော့ လူကလေးက လိုဏ်ခေါင်းအထက်မှာ အခေါင်းပေါက်တစ်ခုကို မြင်တွေ တက်ကြည့်ချင်စိတ် ဖြစ်လာတယ်ဆိုပါတော့"

"ဟုတ်ပါတယ် ခင်ဗျား "တက်တော့ တစ်ယောက်တည်းတက်သလား" ကျွန်တော်မဖြေမီမှာပင် ဖေဖေက ဝင်ဖြေသည်။

"သူက ဆာဘာရီလို့ခေါ်တဲ့ ကလေးတစ်ယောက်ကို ခေါ်သွားတယ်၊ အဲဒီကလေး နာဗလူးမှာနေတုန်းက ကျွန်တော်တို့ခေါ်ထားတဲ့ကလေးပါ၊ အခု သူ ဂျယ်ရီကိုမှာ အလုပ် လုပ်နေပါတယ်၊ ဒါပေမဲ့ သူနဲ့တွေ့ချင်လျှင် ကျွန်တော်ခေါ်ပေးပါ့မယ်"

ဖေဖေက ကျွန်တော့်ဘက်သို့လှည့်ပြီး .... "ကဲ ဆရာကြီးမေးတာဖြေ အစ္စမေ၊ မင်းတို့နှစ်ယောက် အတူတူတက်ကြသလား 'ဆာဘာရီက တစ်လျှောက်လုံး မတက်ပါဘူး၊ အမြင့်ရောက်တော့ သူကြောက်လာ က်မတက်ပဲ ကျန်ရစ်ခဲ့တယ်"

"ဒါဆို နောက်ပိုင်းတစ်လျှောက်လုံး လူကလေးတစ်ယောက်တည်းပဲ တက်တယ်ဆို ပါမောက္ခကြီးက မေးသည်။ "တစ်ယောက်တည်း မဟုတ်ပါဘူးခင်ဗျား ကျွန်တော်က ဖေဖေ့ကိုလှည့်ကြည့်လိုက်ပြီး ... "ဖေဖေ ကျွန်တော် ဖေဖေ့ကို အမှန်အတိုင်းမပြောခဲ့ပါဘူး၊ ဖေဖေ စိတ်ဆိုးမှာကြောက် ဒါ။ တကယ်တော့ ကျွန်တော် နာဒါနဲ့အတူ တက်ခဲ့ပါတယ်၊ ဒီပစ္စည်းတွေကိုလည်း ဒါပဲတွေ့တာပါ"

ဖေဖေ့ မျက်နှာ တင်းမာသွားသည်။ ပါမောက္ခကြီး၏ ရှေ့တွင်မို့လို့ ကျွန်တော့်ပါး ကို မရိုက်ခြင်းဖြစ်သည်။ သို့သော် နောက်ပိုင်းကျတော့ သက်သာမည်မဟုတ်ဆိုသည်ကို မက်လုံးများက ဖော်ပြနေကြသည်။ နာဒါက သူ့စကတ်အင်္ကျီချွတ်ပြီး ပစ္စည်းတွေကို ထုတ်ယူလာကြောင်းကိုမူ ကျွန်တော် လုံးဝမပြောပါ။

"ဒါဆို သူ့ကို ဒီခေါ်လာခဲ့ပါ"

"အဲဒါတော့ ဖြစ်နိုင်မှာမဟုတ်ဘူး ဆရာကြီး" ဖေဖေက ဖျတ်ခနဲ ဝင်ပြောလိုက်သည်။

ကျွန်တော် လိမ်ပြောရမည်။ ကျွန်တော့်ကို ဆာဘာရီက ထောက်ခံလိမ့်မည်။ ကျွန်တော်က နာဒါ့အကြောင်းကို ဖေဖေ့အား အလွန်ပြောပြချင်နေသည်။

ပါမောက္ခမူဒီသည် ကျွန်တော့ကို တစ်ချက်ကြည့်ပြီး ဖေဖေ့ဘက်သို့ နားလည်စွာဖြင့် ငေး့ကြည့်လိုက်သည်။

“ကဲ ဆက်ပြောပါဦး” ကျွန်တော်က လိုဏ်ခေါင်း အနေအတထားကို ပုံကြမ်းဆွဲပြသည်။ ပါမောက္ခကြီးက စုတွေလိုက်ရေးသည်။

“အရိုးစုတွေက ကျွန်တော်တို့ ပထမဆုံးတွေ့ရတာတွေပါ၊ အဲဒါတွေ့လိုက်ရတော့ န်တော်တို့ တော်တော်ကြောက်သွားမိပါတယ်”

အိုးကြီးထဲတွင် ကလေးငယ်များ၏ အရိုးစုများကိုတွေ့ရခြင်းမှာ ယင်းတို့ကိုမြှုပ်နှံ သူများသည် နတ်ကိုယုံကြည်ကြသည်ဟု ယူဆနိုင်ကြောင်း ပါမောက္ခကြီးကပြောသည်။ သေဆုံးသွားသောကလေးငယ်များ ကောင်းကင်ဘုံသို့ ရောက်ရှိရန်ရည်ရွယ်ကာ အိုးထဲတွင် ထည့်၍ မြှုပ်နှံခြင်းဖြစ်သည်။ မီးကျွမ်းထားသော ကျောက်တုံးအနီးမှ အခြားကလေးအရိုးစု များကတော့ ယဇ်ပူဇော်ထားခြင်း ဖြစ်သည်။

ထို့နောက် ပါမောက္ခကြီးက အလောင်းတွင်ပတ်ထားသောအဝတ်များ၊ ကောက်ပဲသီး ်များ၊ မီးဖိုထားသောနေရာများနှင့် အခြားပစ္စည်းများအကြောင်းကို ဆက်လက်မေးမြန်း သည်။

‘မြေအိုးတွေကတော့ အကောင်းတွေ အကွဲတွေအများကြီးပဲဆရာကြီး၊ ကျောက် ဆောင်က သိပ်မြင့်နေလို့ အဲဒါတွေကို သယ်ယူလာဖို့မလွယ်ဘူး”

ယခုအချိန်လောက်ဆိုလျှင် လိုဏ်ခေါင်းကို ဘီဒိုယင်တွေ ဝင်ရောက်မွှေနှောက် သွားပြီးဖြစ်မည်ဟု ပါမောက္ခကြီးကပြောသည်။ သူသည် ထိုဒေသတစ်ဝိုက်တွင် ရှေးမင်း ပစ္စည်း များရှာဖွေသော တာမီရာဘီဒိုယင် လူမျိုးစုအကြီးအကဲထံသို့ပေးရန် စာတစ်စောင် ရေးသည်။

“ဒီနေရာနဲ့ မာဆာဒါအကြားမှာရှိတဲ့ လိုဏ်ခေါင်းတွေကို ခရစ်တော်ပေါ်ပြီးနောက် ရေဟူဒီတော်လှန်ရေးခေါင်းဆောင် ဘာကိုချဘာ

အသုံးပြုခဲ့တဲ့ အထောက်အထားတွေတွေ့ ရတယ်။ ရောမကို သူတော်လှန်ခဲ့တာဟာ အစ္စရေးမှာ ဂျူးတွေတစ်ခန်းရပ်တာကို ပထမဆုံးအကြိမ် အချက်ပေးလိုက်တာပဲ”

ဘာကိုချဘာစစ်သည်တော်များနှင့် ၄င်းတို့၏ မိသားစုများသည် လိုဏ်ခေါင်းထဲတွင် နေထိုင်သွားကြသော်လည်း ရတနာပစ္စည်းများ ဝှက်ထားသည်ကို မတွေ့ခဲ့ကြခြင်းဖြစ်မည်ဟု ပါမောက္ခကြီးက ပြောသည်။

“ဟုတ်ပါတယ် ဆရာကြီး၊ အဲဒါ သိပ်ပြီးဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒီပစ္စည်းတွေကို အက်ကွဲကြောင်းအနက်ကြီးထဲက အခန်းကလေးတွေထဲမှာ ဝှက်ထားကြ တယ်။ အခန်းတွေက သုံးလေးပေလောက်သာမြင့်လို့ အဲဒီအထဲကို လူဝင်လို့မရပါဘူး အဲဒါတွေကို တူးယူမှသာတွေ့နိုင်မယ်။ ဒါတွေ့တာကတော့ အပေါ်ကပတ်ထားတဲ့ အဝတ်စပေါ်နေတာကြောင့် ဖြစ်ပါတယ်၊ ဖုံးဖိထားတဲ့ကျောက်ခဲတွေနေရာရွှေ့ပြီး အောက်က ပစ္စည်းတွေပေါ်လာလို့ တွေ့ရတာ”

ထို့နောက် ပါမောက္ခမူဒီက လိုဏ်ခေါင်းထဲမှတွေ့ရသော သစ်သားတုတ်မှာ အကြောင်းကို မေးသည်။ ကျွန်တော် ကောင်းကောင်းမှတ်မိသည်။ ထိုပစ္စည်းများကို လူတွေမတွေ့နိုင်အောင် အထူးတလည်ဝှက်ထားခြင်းဖြစ်သည်ဟု ပါမောက္ခကြီးက သည်။ ထိုတုတ်များကို သမိုင်းမတင်မီခေတ်က တွင်းတူးကိရိယာအဖြစ် အသုံးပြုခဲ့ကြသည်ဟု ဆိုသည်။ နက်ရှိုင်းသောလိုဏ်ခေါင်းထဲတွင် စိုထိုင်းမှုမရှိသောကြောင့် တုတ်ချောင်း သို့မဟုတ် ကောက်ပဲသီးနှံ စသည်တို့သည် ပျက်စီးခြင်းမရှိဘဲ နှစ်ပေါင်းများစွာခံသည်။

ပါမောက္ခကြီးသည် ကျွန်တော့်အား တစ်မနက်လုံး မေးမြန်းခဲ့သည်။ နောက်ဆုံးတွင် လက်ထဲမှခဲတံကိုပြန်ချကာ မျက်လုံးကိုလက်နှင့် ပွတ်သပ်ရင်း…

”အင်း… ပြဿနာတွေကတော့ တစ်ခုပြီးတစ်ခု ပေါ်လာတာပဲ၊ ဟောဒီမှာ ကြည့် ပါလား”

သူက ချိုင်းထောက်ကို ချိုင်းကြားတွင်ကျင်လည်စွာညှပ်လိုက်ပြီး အလုပ်ခန်းထဲသို့ လျှောက်သွားကာ သူ့ကိုပထမဆုံးပေးထားသည့် တောင်ဆိတ်ခေါင်းနှစ်လုံးပါ အောက် ကို ယူလာသည်။

“ဒီပစ္စည်းကို စမ်းသပ်ကြည့်တော့ စိန်ခါတ်ပါတာတွေ့ရတယ်၊ အဲဒီအချက် ထောက်လျှင် ဒီပစ္စည်းဟာ အာမေးနီးယားသတ္တုတွင်းတွေက လာတယ်ဆိုတာသိရတယ်။ အာမေးနီးယန်းယဉ်ကျေးမှုဟာ ဂျယ်ရီကိုယဉ်ကျေးမှုနဲ့ လခြမ်းဒေသယဉ်ကျေးမှုလိုင် အလွန်ရှေးကျတယ်။ အာမေးနီးယားဟာ အလွန်ရှေးကျတဲ့ ခရစ်ယာန်နိုင်ငံပဲ၊ အခု ပစ္စည်းလို အလားတူပစ္စည်းတွေကို အီရန်နိုင်ငံတစ်ဝိုက်မှာလည်း တွေ့ရတယ်။ ဒါကြောင့် အာမေးနီးယားကို ထည့်မတွက်လို့မဖြစ်ဘူး၊ ... ဒါပေမဲ့ ဒီသရဖူကိုကြည့်ဦး၊ ကြေးနီက သိပ်ပြီးသန့်စင်တယ်။ ပါလက်စင် တစ်ဝိုက်မှာရှိတဲ့ သတ္တုမိုင်းတွေကထွက်တဲ့ကြေးနီနဲ့ တစ်ထေရာတည်းပဲ”

သူက သရဖူနှင့် အောက်ခံခုံနှစ်ခုစလုံးကို ကိုင်မြှောက်ရင်း .... “

”ဒီပစ္စည်းနှစ်ခုဟာ သတ္တုတွင်းတစ်ခုတည်းကထွက်တာ မဟုတ်ဘူး၊ ဒေသတစ်ခု ကထွက်တာ မဟုတ်ဘူး။ ဒါပေမဲ့ ကြေးနီပါတဲ့ ပစ္စည်းရှစ်ခုလုံးဟာ ကျောက်ခေတ်နဲ့ ခေတ်သုံးပစ္စည်းတွေ ဖြစ်တယ်ဆိုတာတော့သေချာတယ်၊ ဓာတ်လမ်းကတော့ ပိုရှုပ် တယ်”

သူက အခေါင်းပါသော ဆင်စွယ်ပန်းပုနှစ်ခုကို ကိုင်မြှောက်ပြပြီး ...၊ “ဒီပစ္စည်းတွေက ရိုးရိုးဆင်စွယ်မဟုတ်ဘူး ရေမြင်းအစွယ်။ ပါလက်စတိုင်းနဲ့ စပ်ဆုံးကတော့ အာဖရိကအလယ်ပိုင်း နိုင်းလ်မြစ်ဝှမ်းအထက်ပိုင်းမှာ ရေမြင်းတွေရှိ ည်၊ အဲဒီဒေသကလူတွေဟာ ဝေးဝေးလံလံခရီးသွားလေ့မရှိကြဘူး၊ သူတို့ဟာ မြေသြဇာ ဆောင်းတဲ့ မြစ်ဝမ်းဒေသမှာ နေထိုင်ကြတယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ကိုင်ကြတယ်။ ငါ့မှာ သင်္ဘောမရှိဘူး၊ ကုလားအုတ်နဲ့ မြင်းမရှိဘူး။ ဒါနဲ့တောင် လုံးဝကွဲပြားခြားနားတဲ့ တွေကလာတဲ့ ဒီပစ္စည်းသုံးခုဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းခုနစ်ထောင်လောက်က အဲဒီ ခေါင်းထဲကို အတူတူ ဘယ်လိုရောက်နေကြသလဲ။ ဒီအချက်ဟာ သိပ်ပြီးစိတ်ဝင်စားစရာ ကောင်းတယ်”

“ကျွန်တော်သိပြီ ဆရာကြီး၊ ကျွန်တော်သိပြီ” ကျွန်တော်က အော်ပြောလိုက်သည်။

ရှင်မြတ်က ကောင်းကင်တမန်တွေလွှတ်ပြီး ဂူထဲမှာ အဲဒီပစ္စည်းတွေ

သိမ်းထားခိုင်း က ဆရာကြီး”

“လူကလေးပြောတာ တော်တော်ကောင်းတဲ့ အကြောင်းပြချက်ပဲ၊ ဒါပေမဲ့ ဒီအချက်ကို ဆံပညာရှင်တွေကတော့ လက်ခံနိုင်မှာမဟုတ်ဘူးကွယ့်”

'ဆရာကြီးကို ကျွန်တော် လိုဏ်ခေါင်းကိုလိုက်ပို့ပါ့မယ် ဆရာကြီး”

“ဒီရှေးဟောင်းရတနာသိုက်ကို ကျုပ်က ဂျူးတွေကိုရောင်းလိုက်လျှင် အဗ္ဗဒူလာ ဘုရင်က ကျုပ်ကိုကွမ်ရန်ကိုလွှတ်ပြီး တူးဖော်ခိုင်းမယ်ထင်သလား၊ အဗ္ဗဒူလာမှာ အဲဒီလို ဆံကုမရှိပါဘူး။ ပြီးတော့ ဂျူးတွေကလည်း အဲဒီလိုဏ်ခေါင်းဒေသတစ်ဝက်လောက် ကို ပိုင်ထားကြတာ၊ သူတို့လည်း သူတို့ကိုယ်တိုင် တူးချင်ကြမှာသေချာတယ်” သူက ကျွန်တော့်ခေါင်းကို လက်နှင့်ပွတ်သပ်ရင်း “ဒါနဲ့ … လူကလေးက ကိုယ်တိုင်သွားတူးချင် ည် မဟုတ်လား”

”ဟုတ်ပါတယ် ဆရာကြီးတူးချင်ပါတယ်”

”ကျုပ်ဟာ ကလေးဘဝကတည်းက ရှေးဟောင်းပစ္စည်းတူးခဲ့တယ်၊ ဂျယ်ရီကို ဟောင်းထဲမှာ ကျောက်ခေတ်ကတံတိုင်းကြီးရှိတယ်လို့ ကျုပ်ထင်တယ်၊ အဲဒီတံတိုင်းဟာ ကျေးပြီး လူသားတွေရဲ့ သမိုင်းမှာ ရှေးအကျဆုံးဖြစ်နိုင်တယ်။ ကျုပ်ဟာ ဒေါက်တာ အက်သလင်းကင်ယွန်ဆိုတဲ့ ရှေးဟောင်း သမိုင်းသုတေသနပညာရှင်တစ်ဦးနဲ့ စာအဆက် သွယ်လုပ်ခဲ့ဖူးတယ်။ သူက အခု လန်ဒန်မှာရှိတယ်၊ အဲဒီတံတိုင်းကြီးကို သူသိပ်ပြီး တ်ဝင်စားတယ်၊ ဒါပေမဲ့ အဲဒီတံတိုင်းကြီးကို တူးဖော်မယ်ဆိုလျှင် လိုအပ်တဲ့ပိုက်ဆံ ဖို့အတွက် သူ့အနေနဲ့ နှစ်နှစ်သုံးနှစ်လောက်တော့ အချိန်ယူရလိမ့်မယ်”

”သူ့နာမည်က ကက်သလင်းတဲ့လား၊ ခရစ်ယာန်အမျိုးသမီး နာမည်ပါလား' ဖေဖေက ပြန်မေးလိုက်သည်။ ပါမောက္ခ မူဒီက ဖေဖေ့မျက်နှာကို ခပ်တင်းတင်းကြည့်ရင်း …။ “ဟုတ်ပါတယ်အမျိုးသမီးပါ၊ ဒါပေမဲ့ ဂျူးလူမျိုးတော့မဟုတ်ဘူး၊ သူက ပါလက် စတိုင်းဒေသအကြောင်းနဲ့ သမ္မာကျမ်းစာအကြောင်းကို လေ့လာစူးစမ်းနေတဲ့ ကမ္ဘာကျော် ရှေးဟောင်းသုတေသနပညာရှင် အမျိုးသမီးပဲ”

စကားပြတ်သွားကြသည်။ တိတ်ဆိတ်ငြိမ်သက်ခြင်းက ကျွန်တော်တို့အား မရိုးမရွ ဖြစ်စေသည်။ ဖေဖေ့ကိုကြည့်ရသည်မှာ တော်တော် ဒေါသထွက်နေပုံရသည်။ ဂျူးတွေ - မိန်းမတွေ ..။ သူက ဂျူးတွေနှင့်လည်း အဆက်အသွယ်လုပ်ချင်သည်။ တစ်ဖက်ကလည်း ရှေးဟောင်းပစ္စည်းများကို မည်သည့်အာရပ်နိုင်ငံကမှ မဝယ်ကြခြင်းအတွက် သူ့အနေဖြင့် ဘယ်လိုနည်းနှင့်မျှ ဘဝင်မကျနိုင်အောင်ဖြစ်မိသည်။ ပြီးတော့ မိန်းမရှေးဟောင်းသမိုင်း ပညာရှင်ဆိုသည်ကိုလည်း သူက ဘယ်လိုမှ စဉ်းစား၍မရ။ တကယ်တော့ ဖေဖေသည် • မိန်းမကို ဘယ်နေရာမှာမှ ထည့်တွက်သူမဟုတ်။

"အဲဒီတော့ ဒီပစ္စည်းတွေ နောက်ဆုံးဘယ်ကိုရောက်သွားကြမှာလဲ" ဖေဖေက ခပ်ပြတ်ပြတ်မေးလိုက်သည်။ "ဟီးဘရူးတက္ကသိုလ်ကို ရောက်မယ်၊ အဲဒါနေရာမှန်ပဲ"

"ဒီပစ္စည်းကိုဝယ်မယ့် အာရပ်အနုပညာပြတိုက်၊ ဒါမှမဟုတ် အာရပ်အမျိုးသား စေတနာရှင်ဆိုတာ လုံးဝမရှိဘူးလား။ ဒီပစ္စည်းတွေကို အာရပ်လူမျိုးက တွေ့တာ အရှေ့ဂျေရုဆလင်က ရော့ခ်ဖဲလားပြတိုက်က ဘယ်လိုရှိလဲ"

"အာရပ်အမျိုးသား စေတနာရှင်တွေက မိဘမဲ့ကလေးဂေဟာတွေအတွက် အထိုက်အလျောက် ကူညီထောက်ပံ့နေကြတယ်။ ကိုင်ရိုက ဘဂ္ဂဒက်အထိ အာရပ်နိုင်ငံ မှာရှိတဲ့ ပြတိုက်တွေဆိုတာ နာမည်လောက်သာရှိကြတာ၊ ရော့ခ်ဖဲလားပြတိုက်ထဲ သက်တမ်းထောင်ကျော်တဲ့ ကိုရန်ကျမ်းစာမူတွေ ခြစားပြီးပျက်စီးနေတာ ကျုပ်တွေ့ တယ်။ အဖိုးတန် ရှေးဟောင်းပစ္စည်းတွေဆိုလို့ အနောက်ဂျေရုဆလင်က ဂျူးပြတိုက် ပဲရှိတာ"

"ဒီကောင်တွေက ကျွန်တော်တို့ကို သိက္ခာကျအောင် အရှက်ကွဲအောင်လုပ်နေကြတာ

"ဂျူးတွေနဲ့ ဆက်ဆံတာကို ခင်ဗျားကမကြိုက်ဘူး၊ ကျုပ်က ဂျူးတွေနဲ့ပေါင်း လုပ်ကိုင်နေတာကိုတောင် မကြိုက်ချင်ဘူးဆိုတာ ကျုပ်သိပါတယ်"

တိတ်ဆိတ်မှုသည် ကသိကအောက်အနေအထားမှ

ကြောက်စရာအနေအထား ရောက်လာသည်။ ဖေဖေသည် သူ့ကိုယ်သူ ပြစ်မှုကျူးလွန်သူ တစ်ယောက်လိုထင်မှတ် သစ္စာဖောက်အဖြစ် သမုတ်ခံရမည်ကို တွေးကြောက်လာမိသည်။ ပါမောက္ခမူဒီက ဆေး ပြောသည်။

"ကျုပ်တို့က ဂျူးမုန်းတီးရေးကို အကြီးအကျယ် ပြောဆိုလုပ်ကိုင်နေတဲ့ အခုလိုအကျိုး အနေမျိုးမှာ ဂျူးတွေနဲ့ဆက်ဆံရတာ သိပ်ပြီးခက်ခဲတယ်"

ထို့နောက် လက်နှစ်ဖက်ကို ရှေ့သို့ဆန့်တန်းကာ ထရပ်လိုက်ပြီး ... ။

"အခု ခင်ဗျားရှေ့မှာရပ်နေတဲ့ ဒီသတ္တဝါအကြောင်းကို ကျုပ်ပြောပြမယ် 'ဟာ အီဘရာဟင်၊ ဒါမှ ခင်ဗျားအနေနဲ့ အံ့ဩတော့မှာမဟုတ်ဘူး"

"ကျွန်တော်က ဆရာကြီးကို စော်ကားဖို့ မရည်ရွယ်ပါဘူးဆရာကြီး" ဖေဖေက အားနာစွာဖြင့် တောင်းပန်လိုက်သည်။ "ခင်ဗျား အခုမြင်ရတဲ့အတိုင်း ကျွန်တော်မွေးလာခဲ့တာပဲ" ဟု ပါမောက္ခမူဒီက ပြောသည်။

'ကျုပ်အဖေနဲ့ ကျုပ်အမေတို့ဟာ မောင်နှမဝမ်းကွဲတွေဖြစ်တယ်၊ အဲဒါကြောင့် ကို ဒီပုံအတိုင်းမွေးလာခဲ့တာပေါ့။ အာရပ်နိုင်ငံတွေမှာ အဲဒီလို ဝမ်းကွဲမောင်နှမချင်း လက်ထပ်ကြတဲ့အတွက် ကျုပ်လို လူစဉ်မမီတဲ့ကလေးတွေ သန်းနဲ့ချီပြီး မွေးဖွားလာတာပေါ့။

အေးတို့ရွာမှာရော အင်္ဂါမစုံတဲ့ ဒုက္ခိတကလေးတွေ မရှိဘူးလား" . ကျွန်တော်တို့ရွာမှာလည်း ရှိပါသည်။ သို့သော် ဖေဖေက ဘာမျှပြန်မပြောဘဲ ဆိတ်နေသည်။ ပါမောက္ခကြီးက ဆက်ပြောပြန်သည်။

"ခင်ဗျားတို့က ဂျူးတွေနဲ့ တွေ့ချင်လို့ ကျုပ်ဆီလာကြတယ်၊ ဒါပေမဲ့ ဂျူးတွေနဲ့ ဆက်ဆံရမှာကိုလဲ သိက္ခာကျတယ်လို့ထင်နေတယ်။ အဲဒါဆိုလျှင် ကျုပ်ဆီ ဘာဖြစ်လို့ တာလဲ။ ကျုပ်တို့ခေါင်းဆောင်တွေစကားကို နားထောင်ပြီး ဒုက္ခသည်စခန်းမှာ ဆက်နေမယ်ဆိုလျှင် အသေဆိုးနဲ့သေရမှာဖြစ်လို့ ဒီသူငယ်အတွက် လုံခြုံစိတ်ချရတဲ့ဘဝ ဆက်အောင် နည်းလမ်းရှာဖို့လာတာလား၊ . ဒါမှမဟုတ် ဂျူးတွေကို နယ်မြေတစ်လက်မပေးမယ့်အစား ပါလက်စတိုင်း ဒုက္ခသည်တွေအားလုံးကို သတ်ပစ်လိုက်တာကမှ ပိုကောင်းသေးတယ်လို့ ပြီးခဲ့တဲ့အပတ် ကပြောခဲ့တဲ့ ဆီးရီးယားဝန်ကြီးချုပ်ရဲ့ စကားကို

ဆန့်ကျင်ချေပဖို့လာတာလား။ ပြီးတော့ က ပြောသေးတယ်၊ ဒုက္ခသည်လူပေါင်း ငါးသိန်းလောက်သေသွားလျှင် အနည်းဆုံး နောက်နှစ်ပေါင်း တစ်ထောင်လောက်အထိတော့ ဂျူးဆန့်ကျင်ရေးအာဇာနည်တွေအဖြစ် ခင်မျှားနေလိမ့်မယ်တဲ့”

(ပါမောက္ခကြီးသည် သူ့ရုံးခန်းထဲသို့ ကယိုင်ကပါးဖြင့် ပြန်ဝင်သွားပြီး ကုလားထိုင် တွင် ထိုင်သည်။ ဖေဖေနှင့်ကျွန်တော်တို့လည်း လိုက်ဝင်သွားကြသည်။

“ထိုင်ပါ၊ လူကလေးလည်း ထိုင်ပါ”

”ကျုပ်က သားကိုးယောက်ထဲက အလယ်လူ” ပါမောက္ခကြီးက သူ့ကိုယ်သူ တစ်ယောက်တည်းပြောသလို ပြောနေသည်။

“ကျုပ်အဖေက သိုးဆိတ်ကုန်သည်၊ ကျုပ်လေးနှစ်သားအရွယ်ရောက်တော့ ကျုပ် အဖေက ကျုပ်ကို အလင်ဘီတံတားကိုသွားပြီး သူတောင်းစားလုပ်ခိုင်းတယ်၊ ဂုဏ်ယူပါ ငါ့သားတဲ့၊ ကျုပ်အဖေက ပြောတယ်။ တောင်းစားတာဟာ ဂုဏ်ယူစရာကောင်းတဲ့အလုပ်၊ ကိုယ့်ကိုယ်ကိုယ် ရုပ်ပျက်ဆင်းပျက်ဖြစ်အောင်လုပ်ပြီးတောင်းလျှင် ဘယ်မွတ်စလင်လူမျိုး ဆို ပေးကမ်းဖို့ လက်မနှေးကြဘူး၊ ပေးကမ်းစွန့်ကြဲခြင်းဟာ အစ္စလာမ်ဘာသာရဲ့ မဏ္ဍိုင်ပဲ ကွယ်တဲ့။ သူက ပြောတယ်၊ ဒါနဲ့ ဘတ်စ်ကားတွေ စစ်ဆေးခံဖို့ တံတားမှာရပ်ကြတဲ့အခါ ကျုပ်အပါအဝင် ကလေးတွေ တစ်ဒါဇင်လောက်ပေါ့။ အားလုံး ကျုပ်လို မစွမ်းမသန်တွေ၊ ချည်းပဲ၊ အဲဒါ ကျုပ်တို့က ကားတွေကိုဝိုင်းအုံပြီး ပိုက်ဆံတောင်းကြတယ်၊ ကျုပ်မျက်နှာ တစ်ခုလုံးက ယောင်ကိုင်းနေတော့ ပိုက်ဆံကလဲ သူများထက်ပိုပြီး တောင်းလို့ရတာပေါ့။

.. ကျုပ် ရှစ်နှစ်သားအရွယ်ရောက်တော့ တောင်းစားဖို့ကလွဲပြီး တခြား ဘာအလုပ်မှ မလုပ်တော့ဘူး။ အဲဒီနှစ်မှာပဲ ကမ္ဘာကျော် ရှေးဟောင်း သမိုင်းသုတေသနပညာရှင်ကြီး ဒေါက်တာဖာဘားဆိုတာ ရှေးဟောင်းပစ္စည်းတူးဖို့ ဂျယ်ရီကိုကို ရောက်လာတယ်။ သူ တူးဖော်တဲ့နေရာမှာ ကျုပ်ရစ်သီရစ်သီနဲ့ အမြဲတမ်းကြည့်နေတယ်၊ သူခိုင်းတာတွေ ဘောက်တိုမည်ရ လုပ်ပေးတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ ကျုပ်တော်တော်ကလေး နေမကောင်းဘူး၊ ဒေါက်တာဖာဘားက ကျုပ်ကို ဆေးရုံတင်ရမယ်လို့ပြောတယ်၊ နို့မဟုတ် လျှင်

ကျုပ်သေသွားလိမ့်မယ်တဲ့”

“ဒါနဲ့ သူက ကျုပ်ကို ဟာဒါဆာဆေးရုံကိုတင်တယ်၊ ကျုပ်အဖေသိသွားတော့ ကျုပ်ကို ဆေးရုံကဆွဲချပြီး သေလုမျောပါးရိုက်တယ်။ “နောက်ကို မင်း အလင်ဘီတံတား ဘယ်မှမသွားရဘူး” လို့လည်း ပြောတယ်။ နောက်တော့ ဒေါက်တာဖာဘားက ကျုပ်ကို ကျုပ်အဖေဆီက ပေါင်တစ်ရာနဲ့ဝယ်လိုက်တယ်၊ သူ့ခမျာ သူများဆီကချေးပြီးဝယ်ရတာ

”ဒါနဲ့ ဆရာကြီးက ကျုပ်ကို သူ့အိမ်ခေါ်သွားပြီး ဆေးဝါးကုသပေးတယ်၊ ကျန် ကျန်းမာလာတဲ့အခါ စာသင်ပေးတယ်”

သူ စကားရပ်လိုက်သည်။ မျက်ရည်မကျအောင် မနည်းထိန်းထားရဟန် သည်။

“ဆရာကြီးကို စော်ကားသလိုပြောမိတာကို ကျွန်တော် အများကြီးစိတ်မကောင်းပါ ဘူး ဆရာကြီး”

ဖေဖေက ထပ်ပြီး တောင်းပန်နေပြန်သည်။

“မဟုတ်ပါဘူး ခင်ဗျား ကျုပ်ကို ဘာမှမစော်ကားပါဘူး၊ စိတ်မကောင်းမဖြစ်ပါနဲ့ ဘာတဲ့... အဲ... ရာသီကုန်လို့ တူးဖော်တာရပ်သွားတဲ့အခါ ကျုပ်က “အဲဒီနေရာမှာနေဝါ စေ ကျွန်တော် စောင့်နေပါ့မယ်”လို့ ခွင့်တောင်းတယ်၊ ဒါနဲ့ ကျုပ်ကလည်း အခွင့်ကောင်း ပြီဆိုပြီး အားအားရှိတိုင်း မြေကြီးကိုတူးပြီးရင်းတူးနေတယ်၊ တစ်နွေလုံး ကျုပ်တူးလိုက် ကာ ဘာပြောကောင်းမလဲ လက်တွေပေါက်ပြီးတဲ့အထိပဲ၊

”ကျုပ်ကလည်း ကံကောင်းချင်တော့ ကျောက်ခေတ်နှောင်းပိုင်း ဦးခေါင်းခွံတစ်လုံး တွေ့ရတယ်။ အဲဒီအချိန်ကတော့ တကယ့်ကို တွေ့ တောင့်တွေ့ခဲတွေ့ရတဲ့ ရှေးဟောင်း သမိုင်းပစ္စည်းပါပဲ။ ကျုပ်က အဲဒီပစ္စည်းကို ဒေါက်တာဖာဘာကိုပေးလိုက်တယ်၊ အဲဒီ ကျုပ် ဘာရတယ်မှတ်သလဲ ဘာရမှာလည်း ဟောဒါပဲပေါ့”

သူက နံရံပေါ်မှာ ဂုဏ်ထူးဆောင်လက်မှတ်ကို လက်ညှိုးထိုးပြရင်း ..

”အဲဒါ ဟီးဘရူးတက္ကသိုလ်မှာပေးတာ၊ ဒါနဲ့ ကျုပ်တွေ့တဲ့ပစ္စည်းလည်း သူခိုးလက်ထဲ ရောက်သွားတော့တာပဲဗျ”

ဖေဖေက ကျွန်တော့်အားပြန်ရန် ခေါင်းညိတ်ပြသည်။ ထို့နောက် ကျွန်တော်တို့ သားအဖ ထိုင်ရာမှထပြီး ပြန်ထွက်လာခဲ့ကြသည်။

“အဲဒီတော့ ကျွန်တော် ဘာလုပ်ရမှာလဲ၊ ဘာပြောရမှာလဲ ဆရာကြီး ဖေဖေက မေးလိုက်သည်။

“ကျုပ်တို့က စိတ်ဓာတ်ကျနေတဲ့လူတွေ၊ မုန်းတီးရေးစိတ်ဓာတ် ပြင်းထန်နေတဲ့ လူတွေ၊ အမှောင်ထဲရောက်နေတဲ့လူတွေ၊ ကျုပ်တို့ အမှောင်ထဲက ထွက်ချင်လျှင် ဂျူး ကို တံတားထိုးရမယ်၊ ဂျူးတွေကို လေ့ကားခုံလုပ်ရမယ်” ။

ဖေဖေသည် ကုလားထိုင်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်ရင်း ......

”အစ္စမေကို စိတ်ချလက်ချယုံပါဆရာကြီး၊ သူက သိပ်ပြီးနှုတ်လုံပါတယ်၊ ကျွန်တော် ကိုတောင်မှ မပြောသင့်လျှင်လုံးဝမပြောဘူး။ သူ့ကြောင့်တော့ ဆရာကြီး ဘယ်တော့ အန္တရာယ်မဖြစ်နိုင်တာ သေချာပါတယ်၊ အဲဒီပစ္စည်းယူသွားပြီး စျေးကောင်းကောင် ။

ရအောင်သာ လုပ်ပေးပါဆရာကြီး”

“ကျုပ်ကို တစ်ခုတော့ ကတိပေးပါဟာဂျီအီဘရာဟင်၊ သူ့အစ်မကို ခေါ်သွားတဲ့ အတွက် အစ္စမေကိုတော့ လုံးဝမရိုက်ပါနဲ့၊ နာဒါဟာ သာမန်မိန်းကလေးမဟုတ်ပါဘူး၊ တခြားယောက်ျားကလေးတစ်ယောက်က ကြောက်ပြီး မတက်ရဲတာကို သူက သတ္တိရှိရှိနဲ့ တက်ခဲ့တယ်၊ အဲဒီလိုစွန့်စားမှုကြောင့် လူ့လောကအတွက် သမိုင်းအတွက် အများကြီး အကျိုးပြုနိုင်ခဲ့တယ်။ ဒီလိုသမီးမျိုးအတွက် အဖေ့မှာလည်း အများကြီးဂုဏ်တက်ပါတယ်”

ဖေဖေက သက်ပြင်းမှုတ်ထုတ်လိုက်သည်။ ပြီးနောက် ... ။

“ဒီတစ်ကြိမ်မှာတော့ ကျွန်တော့်သားရဲ့ အပြစ်ကို ကျွန်တော် ခွင့်လွှတ်ပါတယ် ဆရာကြီး၊ ဒါနဲ့ ဂီဒီယံအကျ်ရှ်ဆီက ဘာသတင်းများရပါသလဲ”

"အဗ္ဗဒူလာနဲ့ ပါလက်စတိုင်းသားတွေ ဆွေးနွေးပွဲလုပ်ဖို့ ကြိုးစားနေကြတယ်။ သူ့အပေါ် ခင်ဗျား ဘယ်လိုမြင်တယ်ဆိုတာကိုလည်း လူတိုင်းသိနေပါပြီ။ လောလော ဆယ်တော့ သူ့အနေနဲ့ ခင်ဗျားလိုအဆင့်အတန်းရှိတဲ့ ပါလက်စတိုင်းသားတွေကို ဘယ်လိုမှ ဆန့်ကျင်မှာမဟုတ်ဘူး။ ပါလက်စတိုင်းသားတိုင်းက သူ့ကို ထောက်ခံတယ်ဆိုတာကို သူလိုချင်နေတယ်၊ အဲဒီအတိုင်းသာ တကယ်မှန်လျှင်တော့ ရွှေငါးကလေးက ငါးမန်းကြီးကို ချဖို့ ကြိုးစားသလိုဖြစ်လိမ့်မယ်၊ အဲဒီတော့ ကျုပ်အနေနဲ့ အကြံပေးချင်တာကတော့ အဲဒီဆွေးနွေးပွဲကို ခင်ဗျားလည်း ကိုယ်စားလှယ်တစ်ယောက်အဖြစ် တက်သင့်တယ်။ ခင်ဗျားလို စိတ်ကူးကောင်းတဲ့ တခြားပုဂ္ဂိုလ်တွေလည်း ရှိပါသေးတယ်၊ အဲဒီလူတွေကို တွေ့ရအောင်ရှာပါ"

ဖေဖေသည် အချိန်အတော်တော်ကြာကြာ စဉ်းစားနေသည်။ ပြီးတော့မှ..

"ကျွန်တော့်ဘဝမှာ ဆန္ဒတစ်ခုရှိပါတယ် ဆရာကြီး၊ ကျွန်တော် တဘားပြန်သွား ချင်တယ်။ ကျွန်တော့်လူတွေကို ပြန်ပြီးပေါင်းစုပေးချင်တယ်၊ သူတို့ဟာ အခုလက်ဘနွန် တစ်နေရာရာကို ရောက်နေကြတယ်၊ တဘားကို ကျွန်တော်တစ်ယောက်တည်း ပြန်လို့ မဖြစ်ဘူး၊ အာရပ်လူမျိုးတွေကို ကျွန်တော် သစ္စာမဖောက်ချင်ဘူး၊ မှန်သည်ဖြစ်စေ " မှားသည်ဖြစ်စေ ဒါကိုတော့ ကျွန်တော် ဘယ်နည်းနဲ့မှ မလုပ်နိုင်ပါဘူး၊ ကျွန်တော်က ပါလက်စတိုင်းအမျိုးသား ဒုက္ခသည်ပေါင်းများစွာကို ဦးဆောင်ပြီးတော့မှ တဘားကို ချင်ပါတယ်"

"ခင်ဗျားဘဝအတွက် အရေးကြီးဆုံး လျှို့ဝှက်ချက်ကို ကျုပ်ပြောပြတော့မယ်။ ဘင်ဂူရီယံနဲ့ သူ့နောက်လိုက်ဂျူးတွေက ငြိမ်းချမ်းရေးစာချုပ်ချုပ်ဖြစ်လျှင် အာရပ်လူမျိုး တစ်သိန်းလောက်ကို သူတို့ရပ်ရွာတွေကို အမြန်ဆုံးပြန်လွှတ်ချင်နေကြတယ်၊ ဒါကြောင့် မို့လို့ အဲဒီဆွေးနွေးပွဲကို ခင်ဗျားအနေနဲ့ တက်ကိုတက်သင့်တယ်"

"လူပေါင်း တစ်သိန်းလောက်၊ ဟုတ်လားဆရာကြီး" ဖေဖေက အံ့ဩစွာမေးလိုက်သည်။ "ဟုတ်ပါတယ် တစ်သိန်းလောက်ကို ပထမအသုတ်အနေနဲ့ ပြန်လွှတ်ချင်နေကြ တယ်"

အခန်း (၆)

ချစ်စွာသော စာဖတ်သူမိတ်ဆွေ…။ ယခုစကားပြောနေသူမှာ တခြားသူ မဟုတ်ပါ။ စာဖတ်သူမိတ်ဆွေအား ဤဇာတ်လမ်းကို တစ်လျှောက်လုံးပြောပြလာခဲ့သော အစ္စခေင် ဖြစ်ပါသည်။

အမှန်ကတော့ ကျွန်တော်တို့သည် ဂျော်ဒန်နိုင်ငံ၏အကျဉ်းသားများ ဖြစ်နေကြ ပါသည်။ ဂျော်ဒန်ဘုရင် အဗ္ဗဒူလာအကြောင်းနှင့် သူ၏အရူးဆန်သော စိတ်ကူးတို့ကို စာဖတ်သူသိထားရန် မလွဲမသွေလိုအပ်ပါသည်။

အဗ္ဗဒူလာသည် မက္ကာမြို့ ဟာရှင်မိသားစုမှ ဆင်းသက်လာသူဖြစ်သည်။ ဟာရှင် မှာ တမန်တော်မိုဟမ္မက်၏အဘိုး ဖြစ်သည်။ အစ္စလာမ်ဘာသာ တိုးတက်ပြန့်ပွားစတွင် ဟာရှင်မိသားစုများသည် အလွန်အရေးပါသောပုဂ္ဂိုလ်များ ဖြစ်ခဲ့ကြသည်။ သို့သော် အစ္စလာမ်ဘာသာသည် ယင်း၏ဘူမိနက်သန်ဖြစ်သော အာရေဗျမှ ဒမတ်စကတ်၊ ဘဂ္ဂဒက် စသည်တို့သို့ ပြောင်းရွှေ့ ပြန့်ပွားလာသောအခါ ဟာရှင်မိသားစုများလည်း တဖြည်းဖြည်း နှင့် ဩဇာတိက္ကမလျော့ပါးပြီး မက္ကာမြို့နှင့် မဒီနာမြို့များရှိ မြင့်မြတ်သော သာသနာ့နယ်မြေ များကို ထိန်းသိမ်းစောင့်ရှောက်ရသူများအဆင့်သို့ ရောက်ရှိသွားခဲ့ကြသည်။

ရာစုနှစ်ပေါင်းများစွာ ကုန်လွန်သွားခဲ့သည်။

မက္ကာမြို့တော်၏ မဟာမင်းကြီးဖြစ်သော ဟာရှင်မိသားစုအကြီးအကဲသည် ပထမ ကမ္ဘာစစ်ကြီးတွင် ဗြိတိသျှတို့နှင့် မဟာမိတ်ဖွဲ့ပြီး တူရကီ (အော်တိုမန်) အင်ပါယာ တိုက်ခိုက်ခဲ့သည်။ ဗြိတိသျှတို့နှင့်ပူးပေါင်းသည့်အတွက် စစ်ကြီးပြီးဆုံးသောအခါ “မဟာ အာရပ်နိုင်ငံတော်၏ ဘုရင်ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ သို့သော် စစ်ကြီးပြီး၊ သောအခါ အရိုးအမြင်းမျှကိုသာရရှိခဲ့သည်။ နောက်ဆုံးတွင် ကမ္ဘာ့ရန်ဖြစ်သာ ဆော်ဒီတို့က အာရေဗျမှ မောင်းထုတ်လိုက်သောကြောင့် နောက်ပိုင်းသက်တမ်းတစ်လျှောက်လုံး နိုင်ငံခြား တိုင်းပြည်များတွင်သာ နေထိုင်သွားခဲ့ရသည်။

နောက်ပိုင်းတွင် မဟာမင်းကြီး၏သားဖြစ်သူ အဗ္ဗဒူလာအား ဗြိတိသျှတို့က ပါလက် ၊ စတိုင်းအရှေ့ပိုင်း၏ရုပ်သေးဘုရင်အဖြစ်ခန့်ထားသည်။ ထိုဒေသသည်

ထရန်စ်-ဂျော်ဒန်) နယ်မြေအတွင်းရှိ အလွန်ခေါင်သော သဲကန္တာရဒေသဖြစ်သည်။ ထိုဒေသကို နိုင်ငံတစ်နိုင် အဖြစ် ဗြိတိသျှတို့က ဖန်တီးပေးခြင်းမှာ ၄င်းတို့၏ အခြေခံစစ်စခန်းအဖြစ်ထား ရည်ရွယ်သောကြောင့်ဖြစ်သည်။

ထရန်စ်ဂျော်ဒန်စော်ဘွားနယ်မြေသည် စားဝတ်နေရေးအတွက် ကုလားအုတ်ကိုသာ အားထားနေရသော ဘီဒိုယင်လူမျိုးစုများသာ အများဆုံးနေထိုင်သည့် လွင်တီးခေါင် သဖြစ်သည်။ ဘီဒိုယင်လူမျိုးစုများသည် ကုလားအုတ်နို့ကို သောက်ကြသည်။ ကုလားအုတ် သားကို စားကြသည်။ ကုလားအုတ်သားရေမိုး တဲအိမ်များတွင် နေထိုင်ကြသည်။ အလားအုတ်အမွေးဖြင့် ရက်လုပ်သော အဝတ်အထည်များကို ဝတ်ကြသည်။ ကုလားအုတ် ဖြင့် မီးဖို၍ ချက်ပြုတ်ကြသည်။ ကုလားအုတ်ကိုစီး၍ သွားလာကြသည်။ ကုလားအုတ် သည် အရုပ်ဆိုးသလောက် စိတ်လည်းယုတ်သည်။ အနံ့အစော်လည်း အလွန်နံသည်။

သို့သော် သဲကန္တာရတွင် ဘီဒိုယင်လူမျိုးစုများသာ အသက်ရှင်ရပ်တည်နိုင်သလို အလားအုတ်များလည်း အသက်ရှင်ရပ်တည်နိုင်ကြသည်။ ထရန်စ်- ဂျော်ဒန်ဒေသတွင် လူတွေ၏အဆင့်အတန်းမှာ ကမ္ဘာဦးလူသားအဆင့်မျှသာရှိ၏။ ရိုင်းစိုင်းကြသည်။ လူမျိုးစု မင်းချင်း အမြဲတမ်းတိုက်ခိုက် သတ်ဖြတ်နေကြသည်။ အဗ္ဗဒူလာမှာ ၄င်း၏သခင် သျှတို့၏ လက်ခုပ်ထဲကရေမျှသာဖြစ်၍ သူ့အား အာရပ်ခေါင်းဆောင်များက မုန်းတီး သည်။

ဉာဏ်အမြော်အမြင်ရှိသော အင်္ဂလိပ်လူမျိုး ဂျွန်ဘားဂေါ့ကလပ်သည် ဂျော်ဒန်တပ် ဘော်ကို ပြန်လည်ဖွဲ့စည်းပေးပြီး အချင်းချင်းရန်ပြုနေသော လူမျိုးစုများကိုစုစည်းလျက် လာဘုရင်၏ သစ္စာတော်ကို ခံယူအောင် ဆောင်ရွက်ပေးခဲ့သည်။ ခေတ်မီစစ်ပညာနှင့် မီလက်နက်များ၊ ခေတ်မီယူနီဖောင်းဝတ်စုံများ တပ်ဆင်ပေးသောကြောင့် ဘီဒိုယင် လူမျိုးစုများအား ဆွဲဆောင်စည်းရုံးနိုင်ခဲ့သည်။ ဤသို့ဖြင့် ဂျော်ဒန်တပ်မတော်သည် အရပ်ကမ္ဘာတွင် တစ်ခုတည်းသော ပထမတန်းစား တပ်မတော်ဖြစ်လာသောကြောင့် အခြားအာရပ်နိုင်ငံများက အဗ္ဗဒူလာဘုရင်အား ပို၍ မနာလိုဖြစ်လာခဲ့ကြသည်။

နောင်အခါတွင် ထရန်စ်-ဂျော်ဒန်သည် ဂျော်ဒန်ဘုရင်နိုင်ငံ ဖြစ်လာခဲ့သည်။

သော်လည်း ပို၍တိုးတက်မလာ။ သမိုင်းဦးလူသားတို့၏ အဆင့်အတန်းသာသာရှိသော ဦးရေငါးသိန်းခန့်တို့ နေထိုင်သည့် မတိုးတက်ဆုံးနိုင်ငံအဖြစ်သာ ဆက်လက်တည်ရှိ ခဲ့သည်။ နိုင်ငံတစ်နိုင်ငံ၏ အင်္ဂါနှင့်ပြည့်စုံသော ယဉ်ကျေးမှုမရှိ၊ စာပေမရှိ၊ တက္ကသိုလ် ရှိ၊ အဆင့်အတန်းမီသော ဆေးရုံဆေးခန်းမရှိ။

အဗ္ဗဒူလာသည် ရည်မှန်းချက်ကြီးသလောက် ဖွဲလည်းကြီးသည်။ ဒုတိယကမ္ဘာစစ်ကြီး တွင်း သူ၏တပ်မတော်ကို ဗြိတိသျှအလိုကျ အသုံးချခွင့်ပြုခဲ့သည်။ ဤသို့ဖြင့် မဟာ မိတ်နိုင်ငံများနှင့်လက်တွဲသော တစ်ဦးတည်းသော အာရပ်ခေါင်းဆောင်ဖြစ်လာခဲ့သည်။

ရည်ရွယ်ချက်မှာ မဟာမိတ်တို့၏ အောင်မြင်မှုကို အခွင့်ကောင်းယူပြီး မိမိ၏ရင်ထဲတွင် ငံးများစွာကတည်းကပင် ကိန်းအောင်းနေသောဆန္ဒကို အကောင်အထည်ဖော်ရန် ဖြစ်သည်။

အဗ္ဗဒူလာ၏ဆန္ဒကို စာဖတ်သူမိတ်ဆွေ သိချင်လိမ့်မည်။ သူ့ဆန္ဒသည် သူ့ ဖခင်နှင့် သူ့အစ်ကိုဖိုင်စယ်တို့၏ ဆန္ဒထက် ပိုလည်းမပို၊ လျော့လည်းမလျော့သည့် ဆီးရီးယား၊ အီရတ်၊ လက်ဘနွန်၊ ပါလက်စတိုင်းနှင့် ဆော်ဒီအာရေဗျနိုင်ငံများပါဝင်သော “မဟာ အာရပ်နိုင်ငံတော်၏ ဘုရင်အဖြစ် အုပ်စိုးလိုသည့်ဆန္ဒပင်ဖြစ်သည်။

အဗ္ဗဒူလာသည် စကားပြောလျှင် အမြဲတမ်းကြွားတတ်သည်။ ထို့ကြောင့် ဖေဖေက သူ့ကို အဓိကရန်သူအဖြစ် သတ်မှတ်ထားသည်။ ဖေဖေက သူ့ကို အဓိကရန်သူအဖြစ် ပဲ သတ်မှတ်ထားသော်လည်း ဂျော်ဒန်နိုင်ငံလည်းမရှိ၊ ပါလက်စတိုင်းနိုင်ငံလည်းမရှိ၊ ဟာရှင်   မိသားစုဝင်များ အုပ်ချုပ်ရမည့် မဟာဆီးရီးယားနိုင်ငံဟူ၍သာရှိကြောင်း အဗ္ဗဒူလာက ပြောင်ပြောင်တင်းတင်း ထုတ်ဖော်ကြွားပါသည်။

အာရပ်နိုင်ငံပေါင်းချုပ်အသင်းက မလောက်လေးမလောက်စား နိုင်ငံကလေးမှ ဘုရင်ကလေးအား ဖယ်ရှားပစ်ချင်သော်လည်း ထိုဘုရင်ကလေးသည် ဗြိတိသျှခြင်္သေ့ကြီး ၏ရင်ခွင်ထဲတွင် ဝင်ပုန်းနေသောကြောင့် မည်သို့မျှမလုပ်သာ။

အဗ္ဗဒူလာဘုရင်ကို လူတိုင်းမုန်းတီးသည်။ အာရပ်ကမ္ဘာ၏ အသည်းနှလုံးနှင့် ထိပ်တန်းနိုင်ငံဟု ခံယူထားသော အီဂျစ်နိုင်ငံကလည်း မုန်းတီးသည်။ ဟာရှင်မိသားစုများ အား အာရေဗျမှနှင်ထုတ်ခဲ့သည့် (အဗ္ဗဒူလာက လက်စားပြန်ချေမည်ကို ကြောက်နေသော ဆော်ဒီလူမျိုးများကလည်း မုန်းတီးသည်။ သူတို့နိုင်ငံကို အဗ္ဗဒူလာက သိမ်းယူရန်ကြံရွယ် နေသောကြောင့် ဆီးရီးယားလူမျိုးများကလည်း မုန်းတီးသည်။ ပါလက်စတိုင်းကို သူ၏ ပုဂ္ဂလိကပိုင်နယ်မြေအဖြစ် မှတ်ယူထားသော ဂျေရုဆလင်မဟာမင်းကြီးကလည်း မုန်းတီး သည်။ သူတို့အားလုံးသည် အဗ္ဗဒူလာကို လုံးဝဖယ်ရှားရန် ကျိတ်ပြီးကြံစည်နေကြသည်။

ဂျူးတို့နှင့်စစ်ဖြစ်သော အာရပ်ခေါင်းဆောင်များအနက် အဗ္ဗဒူလာတစ်ယောက်တည်း သာလျှင် အောင်မြင်မှုတွေ့ရပြီး နယ်မြေတွေ သိမ်းပိုက်နိုင်ခဲ့သည်။ ဂျော်ဒန်နိုင်ငံအလံကို အရှေ့ဂျေရုဆလင်တွင် စိုက်ထူနိုင်ခဲ့သည်။

ထို့ပြင် ပါလက်စတိုင်းသားတွေ ထွက်ပြေးလာသောကြောင့် သူ့နိုင်ငံရှိလူဦးရေ ထက် နှစ်ဆများသောလူတွေ ဂျော်ဒန်နိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့သည်။

သူ့နိုင်ငံမှ ပြည်သူအများစုမှာ လုံးဝစာမတတ်သည့် ဆင်းရဲသား လယ်သမားများ သာဖြစ်သည်။ သို့သော်လည်း ပါလက်စတိုင်းမှ ဝင်လာသူများတွင် ပညာတတ် အများအပြားပါဝင်သည်။

အဗ္ဗဒူလာသည် သူ့နိုင်ငံထဲသို့ဝင်လာကြသော စစ်ပြေးဒုက္ခသည်များအား နိုင်ငံသာ အဖြစ် အသိအမှတ်ပြုသည်။ ဝင်ချင်သလောက် ဝင်ခွင့်ပြုသည်။ ပညာတတ်ပါလက်စတိုင် သားများအား အစိုးရဌာနများတွင် ရာထူးကြီးများပေးသည်။ ရည်ရွယ်ချက်မှာ အနောက် ဘက်ကမ်းဒေသကို ကျူးကျော်သိမ်းပိုက်လိုသောကြောင့် ဖြစ်သည်။ ပါလီမန်အမတ် ရေတစ်ဝက်မှာ ပါလက်စတိုင်းသားများ ဖြစ်ကြသည်။ သို့သော် မည်သည့်ရာထူးကို ဘုရင်က ခန့်နိုင်ဖြုတ်နိုင်ခွင့်ရှိသည်။ ပါလီမန်ကိုလည်း သူ့ဆန္ဒအတိုင်း အချိန်မ ဖျက်သိမ်းနိုင်သည်။

အနောက်ဘက်ကမ်းကို ကျူးကျော်နယ်ချဲ့ခြင်းကို အာရပ်နိုင်ငံပေါင်းချုပ်အသင်းက လုံးဝအသိအမှတ်မပြု။ အမြဲတမ်းဆန့်ကျင်သည်။ ထို့ကြောင့် အဗ္ဗဒူလာမှာ ရန်သူတွေ ဝိုင်းဝိုင်းလည်လျက်ရှိသည်။

အဗ္ဗဒူလာ၏ ကမ္ဘာ့ရန်ဖြစ်သူ ဂျေရုဆလင်မဟာမင်းကြီးသည် ဂါဇာမြို့သို့ ထွက်ပြေး သွားရသည်။ သူသည် ထိုနေရာမှနေ၍ အဗ္ဗဒူလာကို ဆန့်ကျင်လှုပ်ရှားသည်။ သို့သော် မဟာမင်းကြီး၏ လှုပ်ရှားမှုများမှာ အောင်မြင်မှုမရှိ။ သူ၏ဘုန်းသမ္ဘာသည် နေဝင်ချိန်သို့ ရောက်ခဲ့ပြီ။

ဒုတိယကမ္ဘာစစ်အတွင်းက မဟာမင်းကြီးသည် အကျဉ်းစခန်းများတွင် ဂျူးတို့အား အစုလိုက်အပြုံလိုက် သတ်ဖြတ်သည်ကို စစ်ဆေးကြည့်ရှုရန် ပိုလန်နိုင်ငံသို့ သွားရောက်ခဲ့ သည်။ ပါလက်စတိုင်းကို ဂျာမန်တို့ မလွဲမသွေသိမ်းပိုက်နိုင်မည်ဟု ယုံကြည်သောကြောင့် နာဇလူးမြို့မြောက်ဘက်ရှိ ဒိုသန်မြစ်ဝှမ်းတွင် ဓာတ်ငွေ့ လူသတ်ဖိုများ တည်ဆောက်ရန်

”

က ဟစ်တလာထံ အဆိုပြုခဲ့သည်။ ရည်ရွယ်ချက်မှာ ဂျာမန်များသိမ်းပိုက်ရရှိသော အလယ်ပိုင်းဒေသမှ ဂျူးလူမျိုးများအပါအဝင် ဂျူးလူမျိုးမှန်သမျှကို အစုလိုက်အပြုံ တင်းကို မီးလောင်တိုက်သွင်းရန်ဖြစ်သည်။

မဟာမင်းကြီး ဟာဂျီအာမင်ဟူစိန်နီ၏ ပါလက်စတိုင်းနယ်မြေ အောင်နိုင်ရေးစီမံ ကို အီဂျစ်နိုင်ငံကလည်းထောက်ခံသည်။ သို့သော် အီဂျစ်နိုင်ငံ၏ ထောက်ခံမှုမှာ စသာပါပြီးလက်ကမပါ။ တကယ်ဆိုသော် မဟာမင်းကြီး၏အရှိန်အဝါသည် အာရပ် အားလုံး၏ အရှိန်အဝါထက် တာရှည်ခံသည်ဟုဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ည် နောက်ဆုံးတွင် နိုင်ငံရေးအရ ကျဆုံးသွားခဲ့ရသော်လည်း ဘာသာရေးခေါင်းဆောင် စ် ဆက်လက်ရပ်တည်နိုင်ခဲ့သောကြောင့် ဖြစ်သည်။

အဗ္ဗဒူလာ၏ နယ်ချဲ့စီမံကိန်းကို ဆန့်ကျင်သူများထဲတွင် ပါလက်စတိုင်းသားများ လည်း အများအပြားပါဝင်သည်။ ပါလက်စတိုင်းသားအားလုံး သူ၏ အလံတော်အောက်သို့ င်ရောက်ခြင်းမရှိသည်ကို သိရသောအခါ

အဗ္ဗဒူလာဘုရင်သည် အလွန်ထိတ်လန့်သွား သည်။ သို့သော် သူကအရေထူသည်။ သူ့အားဆန့်ကျင်သော အရေးပါသည့်ပုဂ္ဂိုလ်များနှင့် တိုက်ရင်ဆိုင်ခြင်းမပြုဘဲ အနောက်ဘက်ကမ်းကို ဆက်လက် ထိန်းသိမ်းထားသည်။ ဆင်ချိန်တည်းတွင် စစ်ပြေးဒုက္ခသည်များအနေဖြင့် တန်ပြန်တော်လှန်ရေးမလုပ်နိုင်အောင် သည်း အဘက်ဘက်မှ ထိန်းချုပ်ထားသည်။

အဗ္ဗဒူလာ၏ သူလျှိုများနှင့် သူ့ကိုထောက်ခံသူများသည် အနောက်ဘက်ကမ်းရှိ များနှင့် ဒုက္ခသည်စခန်းများသို့စိမ့်ဝင်ပြီး အကြမ်းနည်းဖြင့်သော်လည်းကောင်း၊ လာဘ် ဦး၍သော်လည်းကောင်း၊ ရာထူးဌာနန္တရဖြင့် ဖြားယောင်း၍သော်လည်းကောင်း စည်းရုံး ထိမ်းသွင်းကြသည်။

ဂျော်ဒန်ဘက်ကမ်းရှိ ဒုက္ခသည်စခန်းများမှာ အမ္မာန်မြို့ပတ်ပတ်လည်တွင် ဝိုင်းလျက် ကြသည်။ ယင်းစခန်းများမှ ဆန့်ကျင်သူများကို တိတ်တဆိတ် ဖမ်းဆီးထောင်ချသည်။ က်သည်မပေါ်အောင် လုပ်ကြံသတ်ဖြတ်ပစ်သည်။

အဗ္ဗဒူလာဘုရင်သည် သူ၏အုပ်ချုပ်ရေးအာဏာ ခိုင်ခံ့ရေးအတွက် အနောက်ဘက် အမ်းတွင် ဆွေးနွေးပွဲများ အကြိမ်ကြိမ်အလီလီ ကျင်းပသည်။ နောက်ဆုံးတွင် သူသည် န်မြို့၌ ညီလာခံကြီးတစ်ရပ်ကျင်းပရန် စီစဉ်သည်။ ရည်ရွယ်ချက်မှာ ပါလက်စတိုင်း ဒေသတစ်ခုလုံးကို သိမ်းသွင်းပြီးနောက် ဆက်လက်၍ ဆီးရီးယားတစ်ပြည်လုံးကို သူ့ လက် အောက်သို့ သွတ်သွင်းရန်ဖြစ်သည်။

ဖေဖေသည် အဗ္ဗဒူလာဘုရင်၏ လှုပ်ရှားမှုများကို သတိကြီးစွာဖြင့် စောင့်ကြည့် သည်။ သူသည် အကြီးအသေး အစည်းအဝေးပေါင်းများစွာသို့ တက်ရောက်သည်။ သို့ သော်လည်း သူ့ကိုယ်သူ ထင်ပေါ်အောင်မနေဘဲ သာမန်ကိုယ်စားလှယ်တစ်ယောက်အဖြစ် သာ နေထိုင်လှုပ်ရှားသည်။ ဖေဖေသည် ပါမောက္ခဒေါက်တာနူရီမူဒီနှင့်လည်း မပြတ် ဆက်သွယ်နေသည်။

အမ္မန်ညီလာခံကြီး ကျင်းပသောအခါ မဖြစ်ဖြစ်အောင်တက်ရမည်ဟု ဖေဖေက ဆုံးဖြတ်ထားသည်။ သူ့ကိုဖမ်းဆီး၍ ထောင်ချချင်ချပါစေ၊ သတ်ပစ်ချင်သတ်ပစ်ပါစေ၊ သူ၏ခံယူချက်များကိုတော့ ညီလာခံတွင် တင်ပြဖြစ်အောင်တင်ပြမည်ဟုလည်း သန္နိဋ္ဌာန် ထားသည်။

အခန်း (၇)

၁၉၅၀ ပြည့်နှစ်၊ နှစ်ဦးကာလ ...။

အမ္မန်မြို့။ သမ္မာကျမ်းစာလာ အမ်မွန်နိုက်လူမျိုးတို့၏ မြို့တော်ဖြစ်ခဲ့သည် ရောမလူမျိုးတို့က ဖီလာဒဲလ်ဖီးယားမြို့ဟု ခေါ်ခဲ့ကြသည်။ ဤမြို့တွင် ရှေးခေတ် ဘုရင်သည် သူ၏စစ်ဗိုလ် ယူရိယာ၏ အလွန်ချောမောလှပသော ဇနီးကလေး ဘက်သ်ရှီး ကို သိမ်းပိုက်လိုသဖြင့် ယူရိယာအား မလွဲမသွေ အသက်စွန့်ရမည့်တိုက်ပွဲသို့ စေလွှတ် သည်။ အမ္မာန်မြို့သည် ရှေးခေတ်ဆိုဒွမ်မြို့ကဲ့သို့ပင် အပျော်အပါးလွန်ကဲမှုဖြင့် ထင်ရှား သည်။ ထို့ကြောင့်ပင် အမ္မန်မြို့သည် တစ်ချိန်သောအခါတွင် ပျက်သုဉ်းသွားလိမ့်မည် တမန်တော် အေမို့စ်နှင့် ဂျီယာမီးယတို့က ကြိုတင်ဟောကိန်းထုတ်ခဲ့ခြင်းဖြစ်သည်။

သို့သော် အဆိုပါတမန်တော်များ၏ ဟောကိန်းမှာ တစ်ဝက်တစ်ပျက်သာ သည်။ အမ္မာန်မြို့သည် လုံးဝပြိုကွဲပျက်သုဉ်းမသွားခဲ့။ အမ္မန်မြို့သည် စာဝင်ပေဝင်တောင်း ခုနှစ်လုံးပေါ်တွင်ဖြန့်၍ တည်ရှိနေဆဲဖြစ်သည်။ အပြင်ဘက်ကမ္ဘာအကြောင်းကို အ မသိဘဲ ပူပြင်းသောနေရှိန်အောက်တွင် ရပ်တည်လာခဲ့သည်မှာ နှစ်ပေါင်းနှစ်ထောင်နီးပါး တိုင်ခဲ့ပြီ။

ထို့နောက် ရည်မှန်းချက်ကြီးမားသော အဗ္ဗဒူလာနှင့် ဗြိတိသျှတို့ရောက်လာ ဘီဒိုယင်လူမျိုးစုများကို စည်းရုံးကာ တပ်မတော်ကြီးဖွဲ့စည်းပေးခဲ့သည်။ ဤတွင် အ သည် လေပြင်းတိုက်၍ ဖုန်အလိမ်းလိမ်းကပ်နေသော အညတြမြို့တော်ဘဝမှ ခေါင်း လာပြီး အာရပ်ကမ္ဘာ၏ နိုင်ငံရေးအရှုပ်အထွေးများ ကိန်းအောင်းရာ ဘူမိနက်သန်ဖြစ် ခဲ့သည်။

အမ္မန်မြို့၌ကျင်းပမည့် ဒီမိုကရေစီညီညွတ်ရေးညီလာခံကြီးသို့ ကျွန်တော့်ကို သွားမည်ဟု ဖေဖေကပြောသောအခါ ကျွန်တော် အကြီးအကျယ် စိတ်လှုပ်ရှားမိသူ ဂုဏ်လည်းအလွန်ယူမိသည်။ အာရပ်နိုင်ငံများသည် ညီလာခံတွေတစ်ခုပြီးတစ်ခု အ လုပ်ခဲ့ဖူးပြီ။ သို့သော်လည်း ယင်းညီလာခံများသို့ ကျွန်တော် တစ်ကြိမ်တစ်ခါမျှ ရေ ရောက်ခဲ့ဖူးပျူ အက္ကာဘက်ဂျဘားနှင့် ဂျယ်ရီကိုပတ်ဝန်းကျင်ရှိ ဒုက္ခသည်စခန်းများတွင် လူတိုင်း လူတိုင်း ဒီမိုကရေစီညီလာခံကြီးအကြောင်း

တပြောတည်း ပြောနေကြသည်။ ဂျော်ဒန်ကိုယ်စား ထယ်များက ကျွန်တော်တို့အား ဖြားယောင်းစည်းရုံးကြသည်။ ညီလာခံသို့တက်ရောက်မည့် ကိုယ်စားလှယ်ဦးရေမှာ စုစုပေါင်း တစ်ထောင်ကျော်သည်။ အနောက်ဘက်ကမ်းမှတစ်ဝက် ဒန်တွင်ရောက်ရှိနေသော ပါလက်စတိုင်းသားများထဲမှ တစ်ဝက်ဖြစ်သည်။ ကိုယ်စားလှယ် ဆယ်ရာခိုင်နှုန်းမှာ အဗ္ဗဒူလာ၏ဘက်တော်သားတွေ။ ၎င်းတို့က ဘယ်လိုဆန္ဒမဲပေးကြ သည်ဆိုသည်ကို အထူးစဉ်းစားနေစရာမလို။

ကိုယ်စားလှယ်တွေ တစ်သုတ်ပြီးတစ်သုတ် နေ့စဉ် ရောက်လာမစဲတဖွဲဖွဲ ရှိနေကြ သည်။ ၎င်းတို့အနက် အနောက်ဘက်ကမ်းမှ မြို့တော်ဝန်များ၊ လူမျိုးစု အကြီးအကဲများ၊ ရွာခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် ထင်ရှားသော ပါလက်စတိုင်း အားများပါဝင်ကြသည်။ ၎င်းတို့အားလုံးလိုလိုပင် အဗ္ဗဒူလာ၏လူတွေဖြစ်ကြသည်။ ယခု ကျင်းပမည့်ညီလာခံသည် ဒီမိုကရေစီသဘောတရားကို လေးစားသည်ဟု ကမ္ဘာ့နိုင်ငံများ = ယုံကြည်စေရန် အထူးသီးသန့်ရွေးချယ်ထားသော အတိုက်အခံကိုယ်စားလှယ် အနည်းငယ် ကိုလည်း တက်ရောက်ခွင့်ပြုသည်။ သို့သော် ၎င်းတို့မှာ ထိန်းချုပ်၍ရနိုင်သော ပုဂ္ဂိုလ်များ သာဖြစ်သည်။

ဖေဖေသည် အတိုက်အခံအုပ်စုတွင်ပါဝင်သည်။ အက္ကာဘက်ဂျဘားနှင့် ဂျယ်ရီကို တ်ဝန်းကျင်ဒေသများမှ ဒုက္ခသည်စခန်းများတွင် လူဦးရေ ငါးသောင်းခန့်ရှိသော်လည်း ညီလာခံတက်ရန် ကိုယ်စားလှယ်နှစ်ဆယ်တည်းသာ ရွေးချယ်ခွင့်ပြုသည်။

သို့သော် ယင်းကိုယ်စားလှယ် နှစ်ဆယ်လောက်ကလေးကို ရွေးချယ်ရသည်မှာပင် လွယ်ကူသည်မဟုတ်။ တက်ချင်သူတွေများနေ၍ တစ်ယောက်တစ်ပေါက်ဖြင့် ရုတ်ရုတ် သဲသဲဖြစ်ရသေးသည်။ ပထမတွင် မဲဆန္ဒဖြင့်ရွေးချယ်ရန် စဉ်းစားကြသေးသည်။ သို့သော် ဆန္ဒပေးနည်းကိုလည်း မသိကြ၊ မဲဆန္ဒပေး၍ ရွေးချယ်ခြင်းကိုလည်း အယုံအကြည်မရှိ ။ သို့ဖြင့် နောက်ဆုံးတွင် ရိုးရာနည်းကိုပင် ကျင့်သုံးကြရသည်။ ရိုးရာနည်းမှာ အခြား ဟုတ်၊ အင်အားကောင်းသော လူမျိုးစုအကြီးအကဲများနှင့် မဟာမိတ်များသောပုဂ္ဂိုလ်များ အင်အားပြိုင်၍ အားသာသူက အနိုင်ရသောနည်းပင် ဖြစ်သည်။

ဖေဖေသည် ဂျော်ဒန်အုပ်စုဘက်မှ အပြင်းအထန်ကန့်ကွက်နေသည့် ကြားမှပင် ဂျယ်ရီကိုကိုယ်စားလှယ်အုပ်စု၏ ခေါင်းဆောင် ဖြစ်လာခဲ့သည်။

အစတွင် အဗ္ဗဒူလာကိုလိုလားသူ ကိုယ်စားလှယ်တစ်ဝက်သာပါတာကြောင့် ကျန် တစ်ဝက်ပါ ပါလာအောင် ဂျော်ဒန်ကိုယ်စားလှယ်တွေက စည်းရုံးရေးဆင်းကြသည်။ အဗ္ဗဒူလာကိုထောက်ခံလျှင် ကိုယ်စားလှယ်စရိတ် ပိုပေးမည်၊ အစိုးရအဖွဲ့ ဖွဲ့သောအခါ ထိုက်တန်သောရာထူးများပေးမည်ဟု အစာပြပြီး ဆွယ်ကြသည်။ ဂျော်ဒန်ကိုယ်စားလှယ် များ၏ စည်းရုံးရေးလုပ်ငန်းပြီးဆုံးသောအခါ အဗ္ဗဒူလာ၏ အနောက်ဘက်ကမ်း ကျူးကျော် ရေးလုပ်ငန်းကို ဆန့်ကျင်သူ တစ်ဒါဇင်လောက်သာကျန်တော့သည်။

ယင်းအနက်မှ အတက်ကြွဆုံး ခေါင်းဆောင်နှစ်ယောက်ကို လုပ်ကြံသတ်ဖြတ် လိုက်ကြသည်။ နောက်ထပ်နှစ်ယောက်ကို မှောင်ခိုစီးပွားရေးလုပ်ငန်း လုပ်ကိုင်သည်ဟု စွပ်စွဲပြီး ဖမ်းဆီးလိုက်ကြသည်။ စွဲချက်တင်ရန် အလွန်လွယ်သည်။ အဘယ်ကြောင့်ဆိုသော် ဤပြစ်မှုများကို လူတိုင်းကျူးလွန်နေသောကြောင့်ဖြစ်သည်။ အထူးသဖြင့် ဂျော်ဒန်စစ်သား များနှင့် ၎င်းတို့၏တပ်မှူးများက ဤပြစ်မှုများကို ကျူးလွန်နေကြသည်။

လစ်လပ်သွားသော ကိုယ်စားလှယ်နှစ်နေရာအတွက်ထပ်ဖြည့်ရန် ဖေဖေက ကြိုး စားသောအခါ ဖြည့်ခွင့်မပြုတော့ စာရင်းပိတ်သွားပြီဟု ပြောသည်။

ကိုယ်စားလှယ်များ၏ အဆင့်အတန်းကို ၎င်းတို့အား အမ္မန်မြို့သို့ပို့ဆောင်ပေးပုံနှင့် နေရာထိုင်ခင်းစီစဉ်ပေးပုံတို့ဖြင့် ခွဲခြားသိရှိနိုင်သည်။ အဗ္ဗဒူလာအားထောက်ခံသော ထင်ရှား သည့်ပုဂ္ဂိုလ်များအား သီးသန့်ကားများဖြင့် ပို့ဆောင်ပြီး စံအိမ်များနှင့် ဟိုတယ်များတွင် တခမ်းတနား နေရာချထားပေးသည်။ ဒုက္ခသည်စခန်းများမှ ဖေဖေ့ကဲ့သို့သော အခြားကို စားလှယ်များကိုမူ မြစ်ကိုဖြတ်၍ ဘတ်စ်ကားများဖြင့်ပို့ဆောင်ကာ အမ္မန်မြို့မှ ခြောက်မိုင် ဝေးသော ရှနီလာစခန်းတွင် ရွက်ထည်တဲများဖြင့် နေရာချထားပေးသည်။ ရှနီလာစခန်းနှင့် အက္ကဘက်ဂျဘားစခန်းတို့တွင် လူဦးရေအတူတူလောက် ရှိကြသော်လည်း ရှနီလာစခန်း ကိုယ်စားလှယ်ပေါင်းတစ်ရာအထိ တက်ခွင့်ရကြသည်။ ဤအချက်ဖြင့် ဒီမိုကရေစီညီညွတ် ရေးညီလာခံသည် ဒီမိုကရေစီမကျကြောင်း ထင်ရှားသည်။

ကျွန်တော်တို့အား ဒုတိယတန်းစား ကိုယ်စားလှယ်များအဖြစ် တမင်နှိမ်ထားသော လည်း ကျွန်တော်ကတော့ ခရီးတစ်လျှောက်လုံး အလွန်စိတ်လှုပ်ရှားနေမိသည်။ အလင် တံတားကို ဖြတ်ကျော်ပြီး ဆော့မြို့နှင့်ဆူဝေလီမြို့များမှတစ်ဆင့် အပွန်မြို့သို့ ညအချိန်တွင် ဝင်ရောက်လာသည်မှာ ကျွန်တော့်အဖို့ အိပ်မက်ခရီးသဖွယ် ဖြစ်နေသည်။

ဖေဖေနှင့် ကျွန်တော်တို့အား ရွက်ထည်တဲကလေးတစ်လုံးတွင် နေရာချထားသည်။ စားသောက်ပြီးသောအခါ ဖေဖေက ကျွန်တော့်အား သူ့အနီးသို့ခေါ်ကာ ညီလာခံအစီအစဉ် ဖတ်ပြခိုင်းသည်။ ထို့နောက် ကျွန်တော့်ကို သူ့ရှေ့တွင်ရပ်ခိုင်းပြီး ကျွန်တော့်နားရွက်နှစ်ဖက် ကို လက်နှင့်ကိုင်၍ ဆွဲလှုပ်ရင်း… ။

"ဒီနားရွက်တွေကို ကောင်းကောင်းအသုံးချရမယ် သိရဲ့လား"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ပထမ ဒီစခန်းကို သေသေချာချာ လေ့လာမှတ်သားပါ၊ ဂျော်ဒန်နိုင်ငံထဲက စခန်းတွေက အနောက်ဘက်ကမ်းက စခန်းတွေထက် အများကြီးကောင်းတယ်။ ငါး အဖြစ်မှန်ကို အတိအကျသိချင်တယ်၊ ဂျော်ဒန်ဘက်က ဒုက္ခသည်တွေဟာ အလုပ်အကိုင် တွေလည်းရကြတယ်၊ ကလေးတွေလည်း ကျောင်းနေကြရတယ်လို့ အဗ္ဗဒူလာက တယ်။ အဲဒါဟုတ်မဟုတ် သေသေချာချာစူးစမ်းကြည့်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"မင်းက အငြိမ်မနေဘဲ လျှောက်ကြည့်ပြီး လေ့လာမှတ်သား၊ ငါ့လို တခြား ဆန့်ကျင်ဘက်ပုဂ္ဂိုလ်ရှိမရှိ စုံစမ်း။ ဒါပေမဲ့ သတိတော့ကြပ်ကြပ်ထား၊ အဲဒီလူတွေ တိုက်ရိုက်အဆက်အသွယ် မလုပ်နဲ့။ သူတို့ ဘယ်သူဘယ်ဝါတွေဆိုတာကိုသာ ငါ့ လာပြော"

"စိတ်ချပါ ဖေဖေ"

"ပြီးတော့ အရေးအကြီးဆုံးအချက်က အလိမ်မခံရအောင်လဲ ကြပ်ကြပ်သတိထား နောက်တစ်နေ့မနက်တွင် စိတ်လှုပ်ရှားစွာဖြင့် ကျွန်တော် အိပ်ရာမှနိုးလာသည်။ နံမြို့တွင်းသို့ သွားရောက်ရမည့်အတွက်

ကျွန်တော်အလွန်ပျော်သည်။

အမ္ဗန်မြို့၏မြို့လယ်ရပ်ကွက်သည် ရမ်လီမြို့နှင့် လိုင်ဒါမြို့ထက် များစွာမကြီးပါ။ မြို့လယ်တွင် ဗလီဝတ်ကျောင်းတစ်ကျောင်းနှင့် ရှေးဟောင်း ရောမခေတ် ပြိုင်ပွဲရုံကြီးတစ်ခု ခဲ့သည်။ ယင်းတို့အလယ်တွင် ရေပန်းကျောက်တိုင်ကလေးရှိသည်။ မနီးမဝေးတွင် ဖီလာ ဖီးယားဟိုတယ် ရှိသည်။ ဤဟိုတယ်တွင် ညီလာခံကျင်းပမည်ဖြစ်သည်။ ဟိုတယ်ရှေ့မှ ဆမ်းမပေါ်ဖြတ်၍ ဆိုင်းဘုတ်စာတန်းကြီး ချိတ်ဆွဲထားသည်။

"ပါလက်စတိုင်းနှင့် ဂျော်ဒန်သည် တစ်နိုင်ငံတည်းဖြစ်သည်။ ဒီမိုကရေစီ ညီညွတ် ညီလာခံကြီးက လှိုက်လှဲစွာကြိုဆိုပါ၏"

မြို့လယ်တွင် ကြိုဆိုရေးအလံကလေးများကလည်း စိုက်ထားကြသည်။ သို့သော် မြင်သာဆုံးအရာကတော့ ဂျော်ဒန်တပ်မတော်မှ စစ်သားများဖြန့်ချထားခြင်းပင် ဖြစ်သည်။

တို့သည် အဖြူစက်များပါသော အနီရောင်ခေါင်းပတ်များ ပတ်ထားကြသည်။ ခြေမျက်စိ "ရောက်သော အနီရောင်မြင်းစီးဝတ်ရုံကြီးများကို ဝတ်ထားကြသည်။ သာမန်ထက် ထုထဲသောနှုတ်ခမ်းမွှေးများကြောင့် သူတို့၏မျက်နှာပေါက်များမှာ ကြောက်စရာအသွင် ဆောင်နေကြသည်။

ဂျော်ဒန်တပ်မတော်သားများနှင့်အတူ ဘုရင့်သစ္စာတော်ခံ ဘီဒိုယင်စစ်သားများ အုံလည်း တွေ့ရသည်။ ဘင်နီရှုကာလူမျိုးစုမှ လက်နက်ကိုင်တပ်သား ရာပေါင်းများစွာ အံ့သည် ရွှေနားကွပ်အပြာနုနှင့် အဖြူရောင်ဝတ်ရုံများကို ဝတ်ထားကြသည်။ ပခုံးတွင် ကည်ဆန်အိတ်များကို သိုင်းလွယ်ထားကြသည်။

ဘီဒိုယင်လူမျိုးများအနက်ဘင်နီရှန်လူမျိုးစုသည် တိုက်ခိုက်ရာတွင် အကြမ်းဆုံး အရမ်းဆုံးအဖြစ်နာမည်ကြီးသည်။ ယခု ဂျော်ဒန်နိုင်ငံတွင် ဘင်နီရှုကာစစ်သားများအား အော်ဒန်စစ်သားများနှင့်အတူတွေ့ရခြင်းမှာ အဗ္ဗဒူလာဘုရင်အား လွယ်ကူစွာတိုက်ခိုက် ၍ မရနိုင်ကြောင်း ဖော်ပြနေခြင်းဖြစ်သည်။ ထို့ပြင် ကိုယ်စားလှယ်များ၏ လုံခြုံရေး အတွက်လည်း

ကိုယ်စားလှယ်တစ်ယောက်လျှင် ဂျော်ဒန်စစ်သားဆယ်ယောက်ကို အစောင့်ချ ပေးထားသည်။

ဖေဖေနှင့် ကျွန်တော်တို့သည် ဖီလာဒဲလ်ဖီးယားဟိုတယ်သို့ လာခဲ့ကြသည်။ ဖေဖေ့အား ကိုယ်စားလှယ်ခန့်အပ်လွှာပေးအပ်ပြီး ကော်မတီတစ်ခုတွင် တာဝန်ပေးသည်။

ကော်မတီအများစုမှာ ဘာမျှအဓိပ္ပါယ်မရှိ။ ကိုယ်စားလှယ်များအနေဖြင့် သူတို့ကိုယ်သူတို့ အရေးပါသည့် ပုဂ္ဂိုလ်များဟုထင်အောင် တမင်ရည်ရွယ်ပြီး ကော်မတီတစ်ခုခုတွင် တာဝန်ချပေးထားခြင်းသာဖြစ်သည်။ ဖေဖေ့အား “အစ္စလာမ်ဘာသာ တန်ဖိုးတိုးတက် ရေးကော်မတီ'တစ်ခုတွင် တာဝန်ပေးသည်။ ဖေဖေက လက်မခံဘဲ ငြင်းဆန်လိုက်သောအခါ ကျွန်တော်တို့အား ဘေးခန်းတစ်ခန်းထဲသို့ ခေါ်လာခဲ့သည်။

စားပွဲနောက်တွင် မျက်နှာထားတင်းတင်းနှင့် ဗိုလ်မှူးကြီးဇီယတ်ထိုင်နေသည်။ “အား ဟာဂျီအီဘရာဟင်ပါလား ခင်ဗျား၊ ကွမ်ရန်မြို့က ပြန်လာတယ်ထင်တယ်” သူ့စကားတွင် သရော်သံပါသည်။ ဖေဖေက ဘာမျှပြန်မပြော။

။ ကျွန်တော့်မှာအကြောက်လွန်ပြီး ဒူးတွေတုန်နေသည်။ တို့တော့ ဂျော်ဒန်အကျဉ်း ဆောင်ထဲမှာ ဘဝဆုံးရတော့မှာပဲဟုလည်း တွေးလိုက်မိသည်။ ဗိုလ်မှူးကြီးဇီယတ်သည် စားပွဲကိုလက်ဖြင့် တဒေါက်ဒေါက်ခေါက်ရင်း တစ်စုံတစ်ရာကို စဉ်းစားနေသလိုလုပ်နေ သည်။ ပြီးတော့မှ ... 'ခင်ဗျားအရှူးပဲ တော်တော်ရူးတဲ့ အရူးပဲ”

ကျွန်တော့်ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရသည်။ မျက်နှာထားလည်း ပြောင်းသွား ပုံရသည်။ အဘယ်ကြောင့်ဆိုသော် ဖေဖေက ကျွန်တော့်ကို ငြိမ်ငြိမ်နေရန် ပခုံးကိုကိုင် လှုပ်လိုက်သောကြောင့် ဖြစ်သည်။

ဗိုလ်မှူးကြီးဇီယတ်က ဆက်ပြောသည်။

“ဒီညီလာခံက ဒီမိုကရေစီကိုလေးစားတဲ့ညီလာခံပါဗျ။ ခင်ဗျားမကြိုက်လျှင် ခင်ဗျာ ကို ကျုပ် နောက်ကော်မတီတစ်ခုမှာ ပြောင်းထည့်ပေးမယ်” ။

သူက စာရွက်စာတမ်းများကို မွှေနှောက်ရှာဖွေသည်။ စာရွက်တစ်ရွက်ဆွဲထုတ်ပြီး ဖေဖေ၏နာမည်ကိုရေးသည်။ ပြီးတော့ အမိန့်စာတစ်စောင်ရေးသည်။

“ခင်ဗျားကို “ဒုက္ခသည်ရေးရာကော်မတီ”မှာ ပြောင်းပြီးတာဝန်ပေးမယ်”

”ဒုက္ခသည်ဆိုတဲ့ စကားလုံးကိုသုံးတာ ကျွန်တော်လုံးဝလက်မခံနိုင်ပါဘူး” ဖေဖေက ခပ်ဆတ်ဆတ်လေသံဖြင့် ပြန်ပြောလိုက်သည်။

“အဲဒါဆိုလျှင် ခင်ဗျား ကော်မတီဝင်တွေကိုတင်ပြပေါ့၊ ကျုပ်တို့ဟာ ဒီမိုကရေစီ သဘောတရားကို လေးစားတဲ့လူတွေဆိုတာတော့ သတိရစေချင်တယ်”

ညီလာခံတွင် ရုတ်ရုတ်သဲသဲ ဘာမျှမဖြစ်စေရဟူ၍ အဗ္ဗဒူလာဘုရင်က ညွှန်ကြား ချက်ထုတ်ထားသောကြောင့်သာ ဖေဖေ့အနေဖြင့် ဘာမှ အန္တရာယ်မကြုံရခြင်းဖြစ်သည် ဤအချိန်တွင် ကျွန်တော်တို့အား ငြိမ်နေအောင်လုပ်ရန်မှာ သာမန်ကိစ္စလေးမျှသာဖြစ်သည်။ သို့သော် ဗလီဝတ်ကျောင်းကြီး၏ ရင်ပြင်တွင် ကျွန်တော်တို့အားလုံးကို စုရုံးခိုင်းသည့် အချိန်အထိ ကျွန်တော့်မှာ ကြောက်စိတ်မပြေသေးပါ။ နိုင်ငံတော်၏ ဘာသာရေးခေါင်း ဆောင်ဖြစ်သူ အမွန်မြို့မဟာမင်းကြီးက ညီလာခံကိုဖွင့်လှစ်ပေးသည်။

ကိုယ်စားလှယ်အားလုံး ဆုတောင်းမေတ္တာပို့သကြပြီးသောအခါ ကိုရန်ကျမ်းအခန်း (၅၇)မှ အစ္စလာမ်ဘာသာကို မယုံကြည်သူများအား ပြစ်ဒဏ်ခတ်ခြင်းနှင့် ပတ်သက်သော ဂါထာများကို တရားဟောခုံမြင့်ပေါ်မှနေ၍ မဟာမင်းကြီးက အသံကျယ်ကျယ်ဖြင့် အော်ဟစ်ရွတ်ဖတ်သည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များအား အလ္လာအရှင်မြတ်က စောင်မကူညီပါ စေဟု ဆုတောင်းသည်။

ဆုတောင်းပြီးသောအခါ ကျွန်တော်တို့သည် ရောမပြိုင်ပွဲရုံသို့လာခဲ့ကြပြီး အနောက် ဘက်ကမ်းမြို့ဖြစ်သော ဟီဘရွန်မြို့၏မြို့တော်ဝန် ပြောကြားသည့်မိန့်ခွန်းကို သုံးနာရီတိတိ နားထောင်ကြရသည်။ မြို့တော်ဝန်မှာ ပါလက်စတိုင်းတွင် အဗ္ဗဒူလာဘုရင်၏ အားအကိုးရဆုံး လူယုံဖြစ်သည်။ သူသည်

ဂျူးလူမျိုးတို့အား ကလေ့စားချေရေးနှင့်ပတ်သက်ပြီး ပထမပိုင်းတွင် တစ်နာရီကြာမျှ ပြောကြားသည်။ နောက်ပိုင်းတွင် အစ္စလာမ်ဘာသာ၏ ဂုဏ်ရည်နှင့် အာရပ်နိုင်ငံအချင်းချင်း စည်းလုံးမှု၏ အကျိုးကျေးဇူးများကို ပြောကြားသွားသည်။

ဟီဘရွန်မြို့တော်ဝန် ပြောကြားပြီးသောအခါ နောက်ထပ်ကိုယ်စားလှယ်ခြောက် ယောက်တို့က နယ်မြေတိုးချဲ့သိမ်းပိုက်ရေးနှင့် ပတ်သက်၍ ထောက်ခံပြောကြားကြသည်။ အတိုက်အခံ ကိုယ်စားလှယ်တစ်ဦးက ထ၍ပြောသောအခါ အဗ္ဗဒူလာ၏ ဘက်တော်သား မှာက ဒီမိုကရေစီကျစွာဖြင့် ဝိုင်းအော်ကန့်ကွက်ကြသည်။

ဤလုပ်ရပ်ကြောင့် တခြားလက်တစ်ဆုပ်စာမျှသော ကိုယ်စားလှယ်များက အကြီး ကျယ်ဒေါသထွက်ကြသည်။ ထို့ကြောင့် အဗ္ဗဒူလာဆန့်ကျင်ရေး ကြွေးကြော်သံများ အော်ဟစ်ပြီးဆူပူကြသည်။ ဤတွင် ကျွန်တော်တို့အား ဒုက္ခရာအနာတရမဖြစ်စေဘဲ အော်ဒန်စစ်သားများက ထိန်းချုပ်လိုက်ပြီး ညီလာခံကို အရှိန်မပျက် ဆက်လက်ကျင်းပ သွားသည်။

ကြိုဆိုနှုတ်ဆက် အခမ်းအနားပြီးဆုံးသောအခါ ကျွန်တော်တို့အား ရှေးဟောင်း မရဲတိုက်ကြီးတည်ရှိသည့် ဂျဘားအယ်လ်ကွာလာတောင်ကုန်းသို့ ခေါ်ဆောင်လာခဲ့သည်။ ကျယ်ဝန်းသောရင်ပြင်ကြီးထဲတွင် ဟာကျူလီဝတ်ကျောင်းပျက်ကြီး တည်ရှိသည်။ ထိုနေ ရာတွင် ကျွန်တော်တို့အား စားပွဲထိုးပေါင်းများစွာတို့က ကျွေးမွေးဧည့်ခံကြသည်။ ဗြိတိသျှ ပိုက်ဆံနှင့် ဘယ်ပုံ ဧည့်ခံကျွေးမွေးရမည်ဆိုသည်ကို အဗ္ဗဒူလာဘုရင်က ကောင်းစွာသိသည်ဟု ဖေဖေက မှတ်ချက်ချသည်။ ဤနေရာမှမျှော်ကြည့်လိုက်လျှင် အဗ္ဗဒူလာဘုရင်၏ ဟာရင် ယနန်းတော်နှင့် ပတ်ဝန်းကျင်တောင်ကုန်းများကို လှမ်းမြင်နေရသည်။

ယခုအချိန်သည် ကျွန်တော်တို့အတွက် အထူးသတိထားရမည့်အချိန်ဖြစ်သည်။ ကွန်တော်တို့သည် အစာမစားမီ ရေပန်းတစ်ခုတွင်လက်ဆေးနေစဉ် ရိုးရာသဲကန္တာရဝတ်ရုံ (ဝတ်ထားသော ကိုယ်စားလှယ်တစ်ယောက် ဖေဖေ့အနီးသို့ တမင်တကာကပ်သွားသည်ကို ကွန်တော် လှမ်းမြင်မိသည်။ သို့ဖြင့် ကျွန်တော်သည် သူတို့အနီးသို့ အမှတ်မထင်တွေ့သွားပြီး သူတို့စကားကို နားထောင်လိုက်သည်။

'ကျွန်တော့်နာမည် ရှိတ်အာမက်တာဂျီပါ” စောစောက ကိုယ်စားလှယ်က လေသံ ခပ်တိုးတိုးဖြင့်ပြောသည်။ “ကျွန်တော့်ရွာသားတွေနဲ့ ကျွန်တော်တို့က ဟီဘရွန်စခန်းမှာ နေ ကြပါတယ်”

ဖေဖေကလည်း အသံတိုးတိုးဖြင့် သူ့နာမည်နှင့် သူ့အဆင့်အတန်းကို ပြောပြလိုက်သည်။

ရှိတ်အာမက်တာဂျီက ဆက်လက်၍ ...

”ခင်ဗျား ဘယ်သူဆိုတာ ကျွန်တော် အစကတည်းကသိပြီးသားပါ။ ဒီနေ့ ဖီလာ ဒဲလ်ဖီးယားဟိုတယ်မှာရော စည်းဝေးခန်းမထဲမှာရော ခင်ဗျားလုပ်ပုံတွေကို ကျွန်တော်မြင် တယ်၊ ခင်ဗျားတော်တော်ရူးတာပဲ”

ထို့နောက် သူက ဖေဖေ့အား ပစ္စည်းတစ်ခုကမ်းပေးသည်။ ထိုပစ္စည်းမှာ အနက် ရောင်ကျောက်နှင့်လုပ်ထားသော အဆောင်တစ်ခုလို့ ထင်ရသည်။ ဖေဖေက ထိုပစ္စည်းကို လှမ်းယူပြီး အင်္ကျီအိတ်ထဲသို့ မြန်မြန်ကလေးထည့်လိုက်သည်။

'ညီလာခံပြီးလျှင် ကျွန်တော်တို့တွေ့ကြရအောင်” ရှိတ်အာမက်တာဂျီက လေသံ ဖြင့်ပြောသည်။ “ခင်ဗျားဆီက စာကလေးတစ်စောင်နဲ့ စောစောက ကျွန်တော်ပေးတဲ့ပစ္စည်း ကို ကျွန်တော့်ဆီပြန်ပေးလိုက်ပါ၊ ကျွန်တော် ခင်ဗျားဆီလာခဲ့ပါ့မယ်”

ဖေဖေက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် နှစ်ယောက်သား လူချင်း ခွဲလိုက်ပါ ကြသည်။ ကျွန်တော်က ထိုပုဂ္ဂိုလ်ကို ကောင်းကောင်းမှတ်မိကြောင်း သူ့အကြောင်းကို ဆက်လက်စုံစမ်းမည်ဖြစ်ကြောင်း ဖေဖေ့ကို ပြောပြလိုက်သည်။

ငှားရမ်းလာရံဟောင်းများကိုသင်းဝင်လာကြသည်။ ယင်း၏ နန်း ထိုနေ့ညနေပိုင်းတွင် အဗ္ဗဒူလာဘုရင်နှင့် တွေ့ဆုံနှုတ်ဆက်ရန် ကျွန်တော်တို့ အား ဟာရှင်မိယနန်းတော်သို့ ခေါ်ဆောင်လာခဲ့ကြသည်။ ကျွန်တော့်တစ်သက်တာတွင် နန်းတော်ကိုလည်းကောင်း၊ ဘုရင်ကိုလည်းကောင်း တစ်ကြိမ်မျှမမြင်ဖူးသောကြောင့် အလွန်ပျော်ရွှင်နေမိသည်။ ဖေဖေနှင့် ကျွန်တော်တို့သည် အင်္ကျီဘက်ဂျာစခန်း ငှားရမ်းလာသော ဝတ်ကောင်းစားလှများကို ဝတ်ဆင်လာကြသည်။ သို့သော် ကိုယ်စားလှယ်

အများစုကတော့ ဝတ်ရုံဟောင်းများကိုသာ ဝတ်နိုင်ကြသည်။ ကိုယ်စားလှယ်များသာ တန်းစီပြီး ဗိုလ်ရှုခံခန်းမကြီးထဲသို့ ဖြည်းဖြည်းချင်းဝင်လာကြသည်။

ထိုနေ့တွင် ကျွန်တော်သည် ဒုတိယအကြိမ်ဒူးတုန်မိသည်။ အဗ္ဗဒူလာ၏နန်းတော် မှာ တော်တော်ခမ်းနားသည်။ ရောမပြိုင်ပွဲရုံကြီးနှင့် ရဲတိုက်ကြီးတို့မှလွဲလျှင် ကျွန်တော် မြင်ခဲ့ရသမျှ တွင် အလှဆုံးအဆောက်အအုံတစ်ခုဟု ဆိုရပါမည်။ သို့သော် ကောင်းကင်ကို သို့ ကျွန်တော်ရောက်ခဲ့စဉ်က မြင်ခဲ့ရသည့် အဆောက်အအုံများလောက်တော့ လှပခမ်းနား ခြင်း မရှိလှပါ။ ဘယ်လိုပင်ဖြစ်ဖြစ် ဤနန်းတော်သည် အဗ္ဗဒူလာဘုရင်နှင့် ဂျော်ဒန်နိုင်ငံ၏ အတွက်တော့ အိုးတန်ဆန်ခတ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်သို့ ကျွန်တော်ရောက်လာခဲ့ပြီ။ ကျွန်တော် အထင်နှင့်အမြင်လွဲ၍ တော်တော်စိတ်ပျက်သွားမိသည်။ ဘုရင်မင်းမြတ်၏ပလ္လင်မှာ - ထားသောစင်မြင့်ပေါ်မှ ကုလားထိုင်ကြီးတစ်လုံးမျှသာဖြစ်နေသည်။ ဘုရင်မင်းမြတ်သည်။ ကိုယ်စားလှယ်များအား နှုတ်ဆက်ရန် ကုလားထိုင်ပေါ်မှ စင်မြင့်ပေါ်သို့ဆင်းလာသည်။ ဘုရင်မင်းမြတ်အား ကိုယ်ရံတော်တပ်ဖွဲ့ဝင်များက ဝိုင်းဝိုင်းလည်ပိတ်ညှပ်ထားကြသည်။ ကိုယ်ရံတော်တပ်ဖွဲ့ဝင်များမှာ အာရပ်လူမျိုးစစ်စစ်များ မဟုတ်ကြပါ။

လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာကတည်းကပင် ဂျော်ဒန်သို့ ရောက်လာကြသည်။ ရုရှမွတ်စလင်များဖြစ်ကြသည်။ သူတို့သည် ဘုရင်၏ ငွေသရဖူတံဆိပ်ပါသော သားမွေးဦးသူ ကြီးများကို ဆောင်းထားကြရာ ရုပ်ပုံထဲတွင် ကျွန်တော်မြင်ဖူးသော ကော့ဆက်မြင်းသည် တော်များနှင့် တူနေသည်။ အကြံပေးပုဂ္ဂိုလ်များကတော့ အာရပ်အုပ်ပေါင်းနှင့် အနောက်တိုင် ဝတ်စုံများကိုဝတ်ကာ ဘုရင်၏ ဘေးတစ်ဖက်တစ်ချက်မှ ကပ်၍လိုက်လာကြပြီး ကိုယ် လှယ်များ လွန်သွားသောအခါ ဘုရင်၏နားနားသို့ကပ်၍ လေသံဖြင့်စကားပြောကြသည်။

အဗ္ဗဒူလာသည် ဘုရင်တစ်ပါးအနေဖြင့် အတော်ကလေးအရုပ်ပုသည်။

သူ့ဝတ်ရုံ အဆန်းတကြယ်စီခြယ်၍မထား။ သို့သော် သူ၏ အနက်ရောင်ရှူးဖိနပ်ကတော့ ကျွန်တော် မြင်ဖူးသမျှတွင် အပြောင်လက်ဆုံးဖြစ်သည်။ သူ့အမူအရာ ရွှင်လန်းနေသည်ကိုမြင်ရင် ကျွန်တော် အံ့အားသင့်သွားမိသည်။ အဘယ်ကြောင့်ဆိုသော် အဗ္ဗဒူလာဘုရင်သည်လည်း သူ့ဘေးမှကပ်လိုက်လာသော ဗိုလ်မှူးကြီးဇီယတ်လိုပင် မျက်နှာထားတင်းမာလိမ့်မည်။ ကျွန်တော်က ကြိုတင်မှန်းဆထားခဲ့သောကြောင့် ဖြစ်သည်။

" ဘုရင့်အနီးသို့ ကျွန်တော်တို့ရောက်သွားစဉ်တွင် ဗိုလ်မှူးကြီး ဇီယတ်က ဘုတ် တစ်စုံတစ်ရာတိုးတိုးပြောလိုက်သည်။ ဤတွင် ဘုရင်၏မျက်နှာ၌ အပြုံးပန်းများပွင့်သွား ဖေဖေ့အား လှိုက်လှဲဝမ်းသာဖက်ယမ်း၍ ပါးနှစ်ဖက်ကို နမ်းရှုပ်နှုတ်ဆက်သည်။ ထို့နောက် ဆွန်တော့်ခေါင်းကို သူ့လက်ဖြင့် ချစ်စနိုးပွတ်သပ်သည်။ ဘုရင်၏ အရပ်သည် ကျွန်တော့် အရပ်နှင့် မတိမ်းမယိမ်း ဖြစ်နေသည်။

“ကြိုဆိုပါတယ် ဟာဂျီအီဘရာဟင် ကြိုဆိုပါတယ်။ ကျုပ်နိုင်ငံမှာ ပျော်ပျော်ရွှင်ရွှင် ထိုင်ပါ၊ ကိုယ့်အိမ်ကိုယ့်ယာလိုသဘောထားပါ၊ ခင်ဗျား အခုလိုရောက်လာတာ ကျုပ်တို့ ကြီးဂုဏ်ရှိပါတယ်။ ခင်ဗျားကို နောက်နေ့တွေမှာလဲ အလ္လာရှင်မြတ် စောင်မကူညီပါ လို့ ဆုတောင်းပါတယ်”

”အခုလိုကြားရတာ အတိုင်းမသိဝမ်းသာလှပါတယ် ဘုရင်မင်းမြတ်”

”ခုပဲဖြစ်ဖြစ် နောင်ပဲဖြစ်ဖြစ် လိုချင်တာကိုသာပြောပါ။ အားလုံး ဆန္ဒပြည့်စေရပါ့မယ် အီဘရာဟင်” ထို့နောက် ကျွန်တော့်ဘက်လှည့်၍ “ဒါနဲ့ ...သားနာမည်က ဘယ်လို သလဲကွယ်”

”အစ္စမေလို့ ခေါ်ပါတယ် ဘုရင်မင်းမြတ်” ကျွန်တော်က နန်းဆန်စွာဖြင့် ပြန်လည်လျှောက်ထားလိုက်သည်။

နောက်လူများက တံတောင်ဖြင့် မသိမသာတွက်လိုက်သောကြောင့် ဘုရင်နှင့် စကားပြောချိန်မရတော့ဘဲ ကျွန်တော်တို့အပြင်ဘက်ရှိ ရောမရွက်ထည်မဏ္ဍပ်ကြီးတစ်ခု အောက်သို့ ရောက်လာခဲ့ကြသည်။

ဤရွက်ထည်မဏ္ဍပ်မှာ ကိုယ်စားလှယ်အားလုံးဆုံသော ကြောင့် ကျွန်တော်မြင်ဖူးသမျှတွင်အကြီးဆုံးဖြစ်သည်။ ကိုယ်စားလှယ်များအနက် အချို့ ခ ရွှေနားငွေနားကွပ် ဝတ်ရုံသစ်ကြီးများကိုလည်းကောင်း၊ အချို့မှာမူ ဟောင်းနွမ်းစုတ် ကြံနေသော ဝတ်ရုံများကိုလည်းကောင်း ဝတ်ဆင်လာကြသောကြောင့် ဘယ်သူက စစ်ပြေး ဒုက္ခသည်၊ ဘယ်သူက သူဌေးသူကြွယ်ဆိုသည်ကို မြင်ရုံနှင့် ခွဲခြားသိနိုင်သည်။

ကျွေးမွေးညှော့ခံပွဲမှာလည်း တဘားရွာအကြီးအကဲအဖြစ် ဖေဖေ ကျွေးမွေးခဲ့ဖူးသော ညှော့ခံပွဲထက် အဆပေါင်းများစွာကြီးကျယ်သည်။ ကျွန်တော်တို့အများစုမှာ ယခုလိုအစား အသောက်မျိုးကို မစားရသည်မှာကြာပြီဖြစ်၍ ဗိုက်ကားအောင် အငမ်းမရ စားသောက် ကြသည်။ စားသောက်ပြီးသောအခါ ဂီတ၊ အကဖြင့် ညှော့ခံဖျော်ဖြေသည်။ ခမ်းနား၍ မရိုလှသည်။ ဂန်ဂျာရှုရင်း ဂီတနှင့်အကကို ရှုစားရသည်မှာလည်း တစ်သက်မမေ့နိုင် စရာအတွေ့အကြုံဖြစ်သည်။

ထို့နောက် ကုလားအုတ်ပြိုင်ပွဲ၊ မြင်းပြိုင်ပွဲနှင့် လင်းယုန်ငှက်တိုက်ပွဲများဖြင့် ဆက်လက်ညှော့ခံသည်။ ပြီးတော့ အတီးအမှုတ်၊ အကအခုန်တို့ဖြင့် ထပ်မံညှော့ခံပြန် သည်။

ထိုနေ့ညနေပိုင်းတွင် ရေဒီယိုမှကြားရသည်မှာ အဗ္ဗဒူလာဘုရင်သည် ညီလာခံတွင် ဝင်စွက်လိုခြင်း မရှိသောကြောင့်လည်းကောင်း၊ ဒီမိုကရေစီသဘောတရား ပျက်ပြားမည်ကို မလိုလားသောကြောင့်လည်းကောင်း အမွန်မြို့မှ ထွက်ခွာသွားပြီဟူ၍ဖြစ်သည်။

နောက်တစ်နေ့တွင် ဖေဖေသည် သူတို့၏ ကော်မတီအစည်းအဝေးသို့ တက်ရောက် သည်။ ဖေဖေက အစည်းအဝေးအစီအစဉ်ကို တိုးဖြည့်ရန်နှင့် ကြိုတင်ဆုံးဖြတ်ထားပြီးသော အချက်များကိုသာ အတည်ပြုခြင်းမပြုလုပ်ရန် အဆိုပြုရင်းနှင့်သာ အစည်းအဝေးတစ်ခုလုံး ဆူညံနေသည်။ "ဒုက္ခသည်"ဟူသော စကားအသုံးအနှုန်းကို ပြင်ဆင်သင့်ကြောင်း ဖေက တင်ပြသောအခါတွင်လည်း အခြားကော်မတီဝင်များက ပယ်ချကြသည်။

ဤတွင် ကျွန်တော်လည်း စိတ်မရှည်တော့ဘဲ ဖေဖေစုံစမ်းခိုင်းထားသော

သတင်း အချက်အလက်များရှာဖွေရန် အစည်းအဝေးမှ ထွက်ခွာလာခဲ့တော့သည်။

ကျွန်တော် စုံစမ်းသိရှိရသောသတင်းများကို ဖေဖေ့အား ထိုနေ့ညနေတွင် ပြော သည်။ "

ရှိတ်အာမက်တာဂျီသည် အကွာဘာပင်လယ်ကွေ့ မြောက်ပိုင်း၌နေထိုင်သော နေ သလုံးအိမ်တိုင်တစ်ပိုင်း လူမျိုးစုများ၏ အကြီးအကဲဖြစ်သည်။ ဂျူးတို့နှင့်စစ်ဖြစ်သောအခါ အီဂျစ်တို့က အဆိုပါလူမျိုးစုများအား စစ်ထဲဝင်ရန်အတင်းသိမ်းသွင်းသောကြောင့် ထိုလူမျိုး တို့သည် ဟီဘရွန်သို့ ထွက်ပြေးလာခဲ့ကြသည်။ စစ်ပြီးသောအခါ ဂျူးတို့က နီဂျက်သဲကန္တာ ကို သိမ်းပိုက်နိုင်ခဲ့ကြသည်။ ထွက်မပြေးဘဲကျန်ရစ်ခဲ့သော အခြားဘီဒိုယင်လူမျိုးစုများသည် ဂျူးတို့နှင့် ငြိမ်းချမ်းစွာ ဆက်ဆံနေထိုင်ကြသည်ကို မြင်ရသောအခါ ရှိတ်အာမက်တာမှာ မိမိ၏အမှားအတွက် နောင်တရမိသည်။

သူသည် ဟီဘရွန်ဒုက္ခသည်စခန်းသို့ ရောက်ရှိနေပြီး စိတ်ဆင်းရဲစရာ အခြေအနေ ဆိုးများနှင့် နေ့စဉ်ရင်ဆိုင်နေရသည်။ ဟီဘရွန်မြို့တော်ဝန်မှာ အဗ္ဗဒူလာဘုရင်၏ လက်ကို မ တုတ်ဖြစ်၍ ဟီဘရွန်ဒုက္ခသည်စခန်းကို အဗ္ဗဒူလာ၏ နောက်ဘက်ကမ်းရှိ အမာခံစခန် အဖြစ်သို့ အတင်းပြောင်းပစ်ခဲ့သည်။

ဖေဖေသည် သူ့အား ရှိတ်တာဂျီပေးခဲ့သော အဆောင်ပစ္စည်းကလေးကို ကျွန်တော် အားထုတ်ပြသည်။ ထိုပစ္စည်းမှာ နဂါးသို့ ကျောက်နက်ဖြင့် ထုလုပ်ထားသော ဆွဲကြိုးကလေ ဖြစ်သည်။ ဘီဒိုယင်လူမျိုးစုတို့သည် မကောင်းဆိုးဝါးအန္တ ရာယ်ကို ကာကွယ်ရန် ဤပစ္စည်းကို အမြဲတမ်းဆောင်ထားတတ်ကြသည်။

"ဒီပစ္စည်းကို ရှိတ်တာဂျီဆီ ပြန်ပေးလိုက်လျှင် သူ ငါနဲ့လာတွေ့လိမ့်မယ်၊ ဒါ ဒီစခန်းမှာ မင်း ဘာတွေစုံစမ်းလို့ရသလဲ"

ကျွန်တော် ဟန်ပါပါဖြင့် လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီးနောက် ...။ "ရှနီလာနဲ့ အမ္မန်တစ်ဝိုက်က စခန်းတွေအားလုံး အက္ကာဘက်ဂျာဘာစခန်းထက် ဆိုးပါတယ်။ ဒုက္ခသည်တွေဟာ အမိန့်အတိုင်း လိုက်နာနေထိုင်ကြတယ်၊ သေကြရတယ်။ အဗ္ဗဒူလာက သက်ကြီးရွယ်အို ကျေးရွာအကြီးအကဲတွေနဲ့

မိသားစုတွေကို လခြမ်းနီသူနာ အဖွဲ့ မှာ အလုပ်ပေးတယ်၊ ဘုရင်ကိုဆန့်ကျင်လျှင် အစာမကျွေးဘဲထားတယ်။ တချို့ သတ်ပစ်တယ်၊ တချို့ကို ထောင်ထဲသွင်းလိုက်တယ်။ ဒီလိုနဲ့ နောက်ဆုံးတော့ ဘုရင် ဆန့်ကျင်တဲ့လူတွေအားလုံး ကုန်သွားတယ်”

“အင်း ငါထင်တဲ့အတိုင်းပါပဲ”

“အမ္မန်မြို့ထဲက အခြေအနေတွေလည်း အတူတူပဲ၊ ဘုရင်ကို သစ္စာခံတဲ့လူ မြို့ထဲမှာအလုပ်ရတယ်။ ဂျော်ဒန်တစ်နိုင်ငံလုံးက ဒုက္ခသည်စခန်းတွေအားလုံး ဒီအတိုင်း ချည်းပဲလို့ပြောနေတာ ကြားခဲ့ရတယ်ဖေဖေ”

နောက်ထပ် ကျွန်တော်စုံစမ်းသိရှိရသော တခြားပုဂ္ဂိုလ်တစ်ယောက်အကြောင်း ကျွန်တော်က ဖေဖေ့အားပြောပြသည်။ ထိုပုဂ္ဂိုလ်မှာဘုရင့်ကိုဆန့်ကျင်သော်လည်း ဖေ ကိုမဖာ၊ သူ့ခံစားချက်ကို ရင်ထဲမှာသာ ထိန်းသိမ်းထားသည်။

“သူ့နာမည်က "မန်းတဲ့ ဖေဖေ၊ ဟိုင်ဖာအားကစားနဲ့ ကာယပညာသင်ကျောင်း (ဆရာတစ်ယောက်ပဲ။ သူက ရာမလာကော်မတီမှာ တော်တော်နာမည်ကြီးတယ်”

‘သူ့အကြောင်း ငါကြားဖူးပါတယ်၊ ရာမလာအုပ်စုကတော့ တော်တော် အင်အား ဆောင်းတာပဲ၊ ဒါနဲ့ ဒီလူ့ကို ယုံရပါ့မလား အစ္စမေ”

”တစ်ချက်ကလွဲလျှင် ယုံနိုင်စရာရှိပါတယ်” 'ဘယ်အချက်လဲ”

”သူက ခရစ်ယာန်ဖြစ်နေတယ်၊ ခရစ်တော်ဟာ သူတို့ရဲ့ ကယ်တင်ရှင်ဆိုပြီး လိမ်ညာနေကြတာ ဖေဖေသိပါတယ်”

”မင်းပြောချင်တာ ဒီတစ်ချက်ပဲလား”

”ဟုတ်ပါတယ် ဖေဖေ”

“အဲဒါအဓိပ္ပာယ်မရှိဘူး၊ ခရစ်ယာန်နဲ့ မွတ်စလင်တွေဟာ ပါလက်စတိုင်းမှာ ရာစု သစ်ပေါင်းများစွာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေထိုင်လာခဲ့ကြတယ်။ ဒီဒေသမှာ

ဘာသာရေး ထိုက်ပွဲတွေဖြစ်နေတာက လက်ဘနွန်တွေ အရှုံးထတဲ့ကိစ္စပါ၊ တို့ဟာ မဟာမင်းကြီးပုန်ကန်မှု ပေါ်ပေါက်တဲ့အထိ ဂျူးတွေနဲ့ အသင့်အတင့်နေလာခဲ့ကြတာပဲ”

ဖေဖေ့စကားကြောင့် ကျွန်တော် တွေဝေသွားမိသည်။ မန်းမှာလည်း ကျွန်တော် သို့နှင့် သုံးလေးလမ်းသာဝေးသော ရှုနီလာစခန်းတွင်ရှိနေသည်။

“သူ့နားကိုသွားပြီး မယောင်မလည်နဲ့စုံစမ်းပါ၊ မရိပ်မိစေနဲ့၊ သူ တစ်ယောက်တည်းရှိတဲ့အခါ သတိထားပြီးချဉ်းကပ်၊ စကားနဲ့ဖြစ်ဖြစ် စာနဲ့ဖြစ်ဖြစ် ကိုယ့်ကိုယ့်ကိုယ် မိတ်ဆက်၊ ငါ သူနဲ့စကားတစ်ခွန်း နှစ်ခွန်းလောက်ပြောချင်တယ်လို့ ပြောပြ”

“ဘယ်နေရာမှာပြောမှာလဲ ဖေဖေ”

ကျွန်တော်တို့ နှစ်ယောက်စလုံး တော်တော်ကြာကြာ စဉ်းစားနေကြသည်။ ပြီး ကော့မှ ဖေဖေက ...၊ “အိမ်သာထဲမှာပေါ့ အဲဒီနေရာ အကောင်းဆုံးပါပဲ”

သို့ဖြင့် ကျွန်တော်သည် ချားမန်း၏အနီးတွင် နှစ်နာရီခန့်မျှ အရိပ်အခြည်ကြည့်ပြီး ဆောင့်နေခဲ့သည်။ သို့သော် ကိုယ်စားလှယ်တွေ တစ်ယောက်ပြီးတစ်ယောက် ဝင်လိုက် ထွက်လိုက်လုပ်နေကြသဖြင့် သွားမန်းနှင့် နှစ်ယောက်ချင်းတွေ့ရန် လုံးဝအခွင့်မသာဖြစ် သည်။ ထို့ကြောင့် စာတိုကလေးတစ်စောင်ရေးကာ ညေ့သည်ပြတ်ချိန်တွင် အလျင် အမြန်ဝင်ပြီး ကမ်းပေးလိုက်သည်။

ချားမန်းမှာ ဖေဖေ့ထက်အသက်ကြီးသည်။ မျက်ဝန်းများတွင် သောကအရေး ကြောင်းများ အထင်းသားပေါ်လွင်နေသည်။ သူက ကျွန်တော့်စာကို ဆေးလိပ်သောက် လွန်း၍ လက်ချောင်းများဝါထိန်နေသော လက်ဖြင့်လှမ်းယူသည်။

“ကျွန်တော်သည် ဟာဂျီအီဘရာဟင် အယ်လ်ဆူကိုရီအယ်လ်ဝါဟာဘီ၏ သား အစ္စမေဖြစ်ပါသည်။ မနက်ဖြန်နံနက် ၂ နာရီတွင် လူကြီးမင်းအား အိမ်သာထဲ၌ ကျွန်တော် အဖေက တွေ့ လိုပါသည်ခင်ဗျား”

မစ္စတာချားမန်းသည် စာကိုဖတ်ပြီးနောက် ဆုတ်ဖြဲလုံးခြေပစ်လိုက်သည်။

ပြီးတော့ စစ် ကျွန်တော့်အား ခေါင်းညိတ်ပြသည်။

ဖေဖေနှင့် ကျွန်တော်တို့သည် နံနက်နှစ်နာရီမထိုးခင်ကပင် ကျွန်တော်တို့ စခန်းထဲမှ တိတ်တဆိတ်ထွက်လာပြီး အိမ်သာအနီးတွင် စောင့်နေကြသည်။ မကြာမီတွင်ပင် ယိုင်နဲ့ ပုံနှင့် လူရိပ်တစ်ခုပေါ်လာသည်။ သူသည် ဘေးဘီကို အကဲခတ်ကြည့်လိုက်ပြီးနောက် အိမ်သာထဲသို့ ဝင်သွားသည်။ ဖေဖေလည်း သူ့နောက်မှချက်ချင်းပင် ဝင်လိုက်သွားသည်။ ကျွန်တော်ကတော့ လူသူလေးပါး စောင့်ကြည့်ရန် အဝင်ဝအမှောင်ရိပ်ထဲတွင် ရပ်ဆောင် ကျန်ရစ်သည်။ မစ္စတာမန်းက မတ်တတ်ရပ်ပြီး ဆီးသွားဟန်ဆောင်သည်။

“ကျွန်တော်တို့ တခြားတစ်ဖက်မှာ သွားတွေ့မှကောင်းလိမ့်မယ်” ဖေဖေက ပြောသည်။ “အဲဒါ ကောင်းပါတယ်” မစ္စတာချားမန်းက ပြန်ပြောသည်။ “ဟီဘရွန်စခန်းက ရှိတ်အာမက်တာဂျီဆိုတာကို သိသလား”

”သိပါတယ် လူကောင်းတစ်ယောက်ကပါ၊ ယုံလည်းယုံကြည်ရပါတယ်”

”သူ့ကိုလည်း ကျွန်တော်ခေါ်လာခဲ့ဦးမယ်”

”ကောင်းပါတယ်” ။ “ဒီတော့ ကျွန်တော်တို့ ဘယ်လိုဆက်သွယ်ကြမလဲ”

“ခင်ဗျားနဲ့ ရှိတ်တာဂျီတို့ အဆင်သင့်ဖြစ်တဲ့အခါ ခင်ဗျားသားကလေးကို ရာမ ကိုလွှတ်လိုက်ပါ၊ ကျုပ် ဘီရာစခန်းမှာရှိပါတယ်။ အဲဒီမှာ ကျုပ် စာသင်ခန်းကလေးတစ် ဖွင့်ထားတယ်၊ အဲဒီရောက်လျှင် လွယ်လွယ်နဲ့တွေ့နိုင်ပါတယ်”

“ကျွန်တော်တို့တွေ့ကြတာ လုံခြုံစိတ်ချရဖို့ သိပ်ပြီးအရေးကြီးတယ်”

“အဲဒီအတွက်စိတ်ချပါ၊ ဂျေရုဆလင်မြို့ဟောင်းထဲမှာ စိတ်ချရတဲ့တစ်နေရာက တွေ့ထားတယ်၊ ဇီယွန်သာသနာပြု သီလရှင်ကျောင်းကို ခင်ဗျားသိသလား”

“မသိဘူး”

“ခြသေ့်ဂိတ်အတိုင်း မြို့ဟောင်းထဲဝင်လာပါ၊ သီလရှင်ကျောင်းကို ရောက် သီလရှင်မေရီအမေလိယကို မေးပါ၊ သူက အဲဒီကျောင်းကိုဖွင့်ထားတာ၊ သူက ခင်ဗျား

လက်ခံစကားပြောလိမ့်မယ်”

“ဘယ်လိုမှတော့မထင်ပါနဲ့ မစ္စတာမန်း၊ ဒါပေမဲ့ သူက မိန်းမဖြစ်နေတယ်၊ စိတ်ချရပါ့မလား”

“စိတ်ချပါ သူက ကျူပ်သမီးပါ”

”လူလာနေတယ် လူလာနေတယ်” ကျွန်တော်က တိုးတိုးလှမ်းပြောလိုက်သည်။

ဖေဖေက မစ္စတာချားမန်းအား “မကြာခင်ပြန်တွေ့ကြမယ်”ဟု ပြောလိုက် ကျွန်တော်နှင့်အတူ အလျင်အမြန်ပြန်ထွက်လာခဲ့သည်။

.com ညီလာခံနောက်ဆုံးနေ့ညနေပိုင်းတွင် ဆုံးဖြတ်ချက်များကို ကိုယ်စားလှယ်အားလုံး ထောက်ခံအတည်ပြုရန် ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများက တစ်ယောက်ပြီတစ်ယော နဲ့ တင်ပြကြသည်။

ကိုယ်စားလှယ်အားလုံးကလည်း ခေါင်းတညိတ်ညိတ်ဖြင့် တစ်ပြိုင်တည်း ထောက်ခံ အတည်ပြုလိုက်ကြသည်။

ဆုံးဖြတ်ချက် (၁) သွေးဖြင့်ပေးခဲ့ရသောအရာကို သွေးဖြင့်ပင် ပြန်ယူရမည်။ ဆုံးဖြတ်ချက် (၂) အယူမှားသူများကြောင့် အစ္စလာမ်ဘာသာ၏တန်ဖိုး ကျဆင်းရသည်။ ထို့ကြောင့် ၎င်းတို့သည် အစ္စလာမ်ဘာသာဝင် နိုင်ငံများ၌ နေထိုင်ရန်မထိုက်တန်။ ဆုံးဖြတ်ချက် (၃) အာရပ်နိုင်ငံအားလုံးသည် တစ်စုတစ်ပေါင်းတည်း ဖြစ်သည်။

ယခုကဲ့သို့ စည်းလုံးညီညွတ်မှုမျိုးကို ဘယ်တုန်းကမျှ မရရှိခဲ့ စဖူး။ ဆုံးဖြတ်ချက် (၄) ဇီယွန်ဝါဒီများနှင့် ရောနှောဆက်ဆံနေထိုင်သော အာရပ်လူမျိုး များသည် ကြီးစွာသောပြစ်မှုကို ကျူးလွန်ရာရောက်သည်။ ထို့ကြောင့် ၎င်းတို့အား အယ်လ်အကစာဗလီဝတ်ကျောင်းနှင့် အခြား မြင့်မြတ်သောနေရာဌာနများသို့ ဝင်ရောက်ခွင့်မပြုရ။ ဆုံးဖြတ်ချက် (၅) ဇီယွန်ဝါဒီများနှင့် ရောနှောဆက်ဆံနေထိုင်သော အာရပ်လူမျိုး များသည် မိမိလူမျိုးကို သစ္စာဖောက်သူများဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့သည် မိမိတို့ရပ်ရွာများမှ

ထွက်ပြေးနေရသော ဆွေမျိုးသားချင်းများနှင့် ပြန်လည်ဆုံတွေ့ခွင့်မရှိစေရ၊ ဆွေမျိုး သားချင်းများထံသို့ သွားရောက်လည်ပတ်ခွင့် မရှိစေရ။ ဤသို့လျှင် ဆုံးဖြတ်ချက်ပေါင်း နှစ်ဒါဇင်ခန့်ကို ကန့်ကွက်ရဲသူမရှိဘဲ တညီတညွတ် တည်း သဘောတူဆုံးဖြတ်လိုက်ကြသည်။

အနောက်ဘက်ကမ်းမှ ဒုက္ခသည်စခန်းများနှင့်ယှဉ်လျှင် ဂျော်ဒန်ဘက်မှ စခန်းများ က ပို၍အခြေအနေကောင်းကြောင်းကို ဖေဖေပါဝင်သော ဒုက္ခသည်ရေးရာကော်မတီက အစီရင်ခံစာတင်သွင်းသည်။ ရည်ရွယ်ချက်မှာ ဂျော်ဒန်နိုင်ငံ၏အလံတော်အောက်သို့ ဝင် ရောက်ခိုလှုံသူများသာလျှင် အခွင့်အရေးပေးခံရကြောင်း အများသိအောင်တင်ပြခြင်းဖြစ် သည်။ အမှန်ဆိုသော် ဂျော်ဒန်နိုင်ငံသည် ဒုက္ခသည်များအား အလုပ်အကိုင်ပေးခြင်း၊ မြေယာပေးခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ပေးခြင်းတို့ဖြင့် ကူညီမည်ဟု ကတိပေးခဲ့ သော်လည်း ကတိမတည်ခဲ့ချေ။ ဂျော်ဒန်နိုင်ငံ၏သစ္စာတော်ကို ခံယူသော ပါလက်စတိုင်း သားများကိုသာလျှင် အခွင့်အရေးများပေးခဲ့သည်။

ထို့နောက် “စစ်ရပ်စဲရေး နယ်နိမိတ်သတ်မှတ်ရေးကော်မတီ”၏ အစီရင်ခံစာကို တင်သွင်းသည်။ နယ်နိမိတ်သတ်မှတ်ရေးမျဉ်းကြောင်းများမှာ ဝက်ပါလို တွန့်လိမ်ကောက် ကွေးနေသောကြောင့် တပ်ဖွဲ့များသည် ယာယီနယ်နိမိတ်အတွင်း ညှပ်ပူးညှပ်ပိတ် ဖြစ်နေ ကြသည်။ ထို့ပြင် မိုင်သုံးရာခန့်ရှည်သော နယ်စပ်မျဉ်းကြောင်းကလည်း တစ်တပ်နှင့် တစ်တပ်ကို ဆက်စပ်ထားပြန်သည်။ ထို့ကြောင့် ယခင် အာရပ်ပိုင် လယ်ကွင်းများရနိုင် သမျှ ပြန်ရရေးအတွက် တောင်းဆိုရန် “ဂျော်ဒန်နယ်နိမိတ်သတ်မှတ်ရေးကော်မရှင်”ကို ဖွဲ့လိုက်ကြသည်။

စစ်ပြေးဒုက္ခသည်များအနေဖြင့် မိမိတို့၏မူလပိုင်နယ်မြေအားလုံး ပြန်လည်ရရှိ အတွက် ဦးစားပေး၍ဆောင်ရွက်ရန် “စစ်ရပ်စဲရေး နယ်နိမိတ်သတ်မှတ်ရေးကော်မတီက ဆုံးဖြတ်သည်။ တစ်ဦးချင်း သို့မဟုတ် တစ်အုပ်စုချင်း သို့မဟုတ် တစ်ရွာချင်း တောင်း ဆိုမှုများကို အနောက်ဘက်ကမ်းနှင့် ဂျော်ဒန်ပေါင်းစည်းမှုရရှိပြီးလျှင် ရရှိပြီးချင်း ဆောင်ရွက် ပေးမည်ဟု တာဝန်ယူသည်။

"အဗ္ဗဒူလာက အလကားညာတာ"ဟု ဖေဖေက မကျေနပ်စွာဖြင့် မှတ်ချက်ချသည်။ "သူ့အနေနဲ့ အဲဒီနယ်မြေကို တစ်လက်မတောင်မရနိုင်ပါဘူး"

ဖေဖေက အစီရင်ခံစာကိုကန့်ကွက်ရန် ထိုင်ရာမှထရပ်လိုက်သောအခါ သူ့အနီး လူများနှင့် ဂျော်ဒန်စစ်သားများက ဝိုင်းထားလိုက်ကြသည်။ ဤတွင် ဖေဖေလည်း ဘာ မတတ်နိုင်တော့ဘဲ ပါးစပ်ကိုပြန်ပိတ်လိုက်ရသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် မစ္စတာချားမန်း မှာ ကျွန်တော်တို့နှင့် မနီးမဝေးတွင် ထိုင်နေရာမှ ဖေဖေ့ကိုလှမ်းကြည့်သည်။ သည်တော့ ဖေဖေလည်း သူ့စိတ်သူပြန်ထိန်းပြီး ကုလားထိုင်တွင် ပြန်လည်ထိုင်ချလိုက်တော့သည်။

"ဒီမိုကရေစီ ညီညွတ်ရေးကော်မတီမှ နောက်ဆုံးအစီရင်ခံစာ တင်သွင်းသည်။ "အမျိုးသားပူးပေါင်းရေးဥပဒေကြမ်း"ကို ဂျော်ဒန်ပါလီမန်က ပြဋ္ဌာန်းလိုက်ပြီဟု ကြေညာ သောအခါ အဗ္ဗဒူလာ၏ဘက်တော်သားများက လက်ခုပ်သြဘာတီးကြသည်။ ထို့နောက်တွင် "မဟာပါလက်စတိုင်း" စီမံကိန်းကို ညီလာခံက ထောက်ခံမဲ ၉၇၀၊ ကန့်ကွက်မဲ ၂၀ ဖြင့် အတည်ပြုလိုက်ကြသည်။

နောက်ဆုံးတွင် "စစ်ပြေးဒုက္ခသည်များ၏ တောင်းဆိုချက်နှင့်အခွင့်အရေး" ညီလာ ခံတစ်ရပ်ကို ဆွစ်ဇာလန်နိုင်ငံ၊ ဇူးရစ်မြို့၌ကျင်းပမည်ဟု ကြေညာသည်။ စစ်ပြေးဒုက္ခ သည်များကိစ္စကို ဘက်မလိုက်နိုင်ငံများ၏ "နိုင်ငံတကာ ပြဿနာဖြေရှင်းရေးကော်မရှင် တွင် တင်ပြပေးမည်ဟုဆိုသည်။ စစ်ပြေးဒုက္ခသည်များအတွက် လိုအပ်သမျှ အခွင့်အရေး အားလုံးကို ရရှိနိုင်ရန် ဂျော်ဒန်ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ စေလွှတ်ပေးမည် ဖြစ်သည်။

ဤတွင် ဖေဖေသည် ဒေါသဖြင့်လက်သီးကို တင်းတင်းဆုပ်လိုက်သည်။ ကျွန်တော် ဖေဖေ့လက်ကို တအားဆွဲဆုပ်ပြီး ညီလာခံခန်းမထဲမှ ခေါ်ဆောင်လာခဲ့သည်။

ထို့နောက်တွင်တော့ ကျွန်တော်တို့သည် စိတ်ပျက်စွာဖြင့် အမ္မန်မြို့မှ ပြန်လည် ထွက်ခွာလာခဲ့ကြတော့သည်။

အခန်း (၈)

မြောင်းပုပ်များနှင့် အမှိုက်ပုံများကြောင့် ယင်နှင့်ခြင်များ မရေမတွက်နိုင်အောင် ပေါက်ပွားလာကြသည်။ အပုပ်နံ့ကလည်း တထောင်းထောင်းထွက်နေသည်။

ဘာအလုပ်မှမရှိသော စိတ်ကူးယဉ်အဘိုးကြီးများက လူငယ်များကို မြှောက်ပေး ကြသည်။ "အမျိုးဂုဏ်ကိုမြှင့်တင်ကြ"

"သတ္တိသွေးကိုမွေးမြူကြ"။

ဤသို့ဖြင့် စစ်ပြေးဒုက္ခသည်စခန်းများတွင် "လက်တုံ့ပြန်သောကျားသစ်" ဟူသော လူငယ်မျိုးဆက်သစ်တစ်ရပ် ပေါက်ဖွားလာခဲ့သည်။

ယင်းတို့အထဲတွင် ကျွန်တော့်အစ်ကို ဂျမီလ်လည်း ခေါင်းဆောင်တစ်ယောက်ဖြစ် သည်။ သူတို့သည် ယူနီဖောင်းဝတ်စုံမဝတ်ကြ။ တောက်ပသော လိမ္မော်ရောင်ခေါင်းပတ်ကို သာ ပတ်ထားကြသည်။

အယ်လ်ရှာရေစမ်းပေါက်အနီးရှိ အိန်-အက်စ်-ဆူလ်တန်စခန်းမှ လူငယ်အဖွဲ့ နာမည်မှာ "လွတ်မြောက်သောငါးမန်း' ဖြစ်သည်။ တာလမ်းမကြီးအထက်ဘက်ရှိ ဘီဒို ယင်စခန်းမှ လူငယ်အဖွဲ့ နာမည်ကတော့ "သဲကန္တာရဝံပုလွေ ။ ပြီးတော့ မြောက်ပိုင်းမှ နုဝေမီစခန်းကလေးမှ အဖွဲ့ နာမည်က "မှောင်မည်းသောမေ" ဂျူးလူမျိုးများ လွတ်လပ်ရေး ကြေညာခဲ့သော လအမည်ကိုယူ၍ မှည့်ခေါ်ထားသည်။ ဤလူငယ်အဖွဲ့ အားလုံးသည် စိတ်ကူးယဉ်လူကြီးများနှင့် "မွတ်စလင်ညီနောင်အဖွဲ့ 'မှ တဇောက်ကန်း အီဂျစ်များ၏ မြှောက်ပေးမှုကြောင့် ပေါ်ပေါက်လာကြခြင်းဖြစ်သည်။

အက္ကာဘက်ဂျဘားစခန်းတွင် "လက်တုံ့ပြန်သောကျားသစ်"အဖွဲ့ကို အားလုံး ကြောက်နေကြရသည်။ ၎င်းတို့သည် ကျွန်တော်တို့လိုလူငယ်များအား အတင်းစည်းရုံးပြီး တပ်သားစုဆောင်းကြသည်။ ၎င်းတို့အဖွဲ့ထဲမဝင်လျှင် သေလုအောင်ရိုက်နှက်ကြသည်။ ကျွန်တော်ကတော့ ဂျမီလ်ကြောင့် သူတို့အဖွဲ့ထဲ မဝင်ဘဲနေလို့ရသည်။ ကျွန်တော်က သူ့ကိုကျော်တက်မည်ကြောက်၍ ဂျမီလ်က သူတို့အဖွဲ့တွင် ကျွန်တော့်ကို လက်မခံလိုခြင်း ဖြစ်သည်ဟု ကျွန်တော်ထင်သည်။

ညအချိန်တွင် လူငယ်အဖွဲ့များသည် "သွေးဆောင်တောင်" ပေါ်သို့

တက်ရောက်ကာ အဖွဲ့ဝင်သစ်များအား သွေးဖောက်သောက်ခိုင်းပြီး ကတိသစ္စာခံယူပွဲများ ပြုလုပ်ကြသည်။) လျှို့ဝှက်အချက်ပြသင်္ကေတများ သတ်မှတ်ပေးပြီး ဂျူးတို့အား တွေ့ရာသင်္ချိုင်းခေါ်မဆိုင်း သုတ်သင်ကြရန် အမိန့်ဒဏ်ပြုကြသည်။ ကြွေးကြော်သံများ အော်ဟစ်ကြသည်။

သူတို့၏သတ္တိကို စမ်းသပ်သည့်အနေဖြင့် သစ်သားလုံ့စွပ်ထိုးခြင်း၊ အမြင့်မှ ခုန်ချခြင်း အဆက်မပြတ် ခဲပစ်နေသည့်ကြားမှ ဖြတ်ပြေးခြင်း၊ မီးပုံကို ခုန်ကျော်ခြင်း၊ ကြက် မြွေခေါင်းများကို ကိုက်ဖြတ်ခြင်းနှင့် ကြောင်များကို လည်ပင်းညှစ်သတ်ခြင်းတို့ကို လုပ်ကြသည်။ သူတို့သည် မိမိတို့၏ နေ့စဉ်ကြုံတွေ့နေရသော ငြီးငွေ့ဖွယ်ဘဝကို ဤ နည်းဖြင့်ပင် နှစ်သိမ့်ဖြေဖျော် နေကြရသည်။

ဤလူငယ်မျိုးဆက်များသည် လူကြီးများ၏ ထိန်းကွပ်မှုကို အန္တ ရာယ်ပြုလာနိုင် ကြောင်း ဖေဖေနှင့် ကချို့လူကြီးများက ကြိုတင်မြင်မိကြသည်။ သို့သော် ၎င်းတို့က လူငယ်များအား ဖြောင်းဖြောင်းဖျဖျ ဆုံးမခြင်းမှတစ်ပါး တခြားဘာမျှ မလုပ်နိုင်ကြ လူငယ်တွေအတွက် စာသင်ကျောင်းမရှိ၊ စနစ်တကျ ကစားခုန်စားကွင်းမရှိ၊ ရုပ်ရှင်မရှိ ဖြေဖျော်စရာဆို၍ တဂျီဂျီတဂျာဂျာမြည်နေသော ရေဒီယိုတစ်ခုသာရှိသည်။ ရေဒီယိုကလည်း မွတ်စလင်ညီနောင်အဖွဲ့မှ တိုက်ပွဲခေါ်သံထုတ်လွှင့်ချက်များကိုသာ ထပ်တလဲလဲ ထုတ်လွှင့် နေသည်။

“သင်တို့သည် အလ္လာအရှင်၏ စစ်သည်တော်များဖြစ်သည်။ အသက်ပေး၍ ကလုံး စားချေရန် သစ္စာဆိုထားသော အာဇာနည်လောင်းများဖြစ်သည်”

သူတို့သည် ကလဲ့စားပြန်ချေရမည်ဟူသော အမိန့်သံကို ဂျယ်ရီကိုမြို့တွင်လည်း ကြားကြရသည်။ ဒုက္ခသည်စခန်းရှိ လမ်းဘေးလက်ဖက်ရည်ဆိုင်ကလေးများတွင်လည်း ကြားကြရသည်။ သူတို့၏ အိမ်တွင်လည်း အမြဲတမ်းကြားနေကြရသည်။

ထို့ကြောင့် သူတို့၏အခြေအနေသည် ဆိုးရွားလာသည်။ တစ်ယောက်မျှ အလုပ် မလုပ်ကြ၊ လုပ်ချင်စိတ်လည်းမရှိကြတော့။ ကောက်သိမ်းချိန်တွင် လယ်ယာလုပ်သား တွေလိုအပ်သော်လည်း ထိုအလုပ်ကို ဘယ်သူမျှဝင်မလုပ်ကြ။ သူတို့ကိုယ်စား သူတို့၏ မိခင်များနှင့် အစ်မ ညီမများက လုပ်ကြရသည်။

သူတို့လုပ်သောအလုပ်ကတော့ လယ်သမား များ၏ လယ်ကွင်းများကို ကာကွယ်ပေးရန်ဆိုပြီး အစောင့်အဖြစ် အခယူ၍လုပ်ကိုင် ကြသည်။

ဒုက္ခသည်စခန်းတွင် လူတစ်ယောက်သည် "ကျားသစ်"ဂိုဏ်းသားများနှင့် ပက်ပင်း တိုးလျှင် သူ့အိမ်ကို "ကျားသစ်" များ အတင်းဝင်ပြီး အလုခံရမည်။ အကြီးဆုံးသား အရိုက်ခံရမည်။ အလင်ဘီတံတားတွင်လည်း ကျားသစ်ဂိုဏ်းသားတွေ အမြဲတမ်းရှိနေ တတ်သည်။ အကြောင်းမှာ ဂျော်ဒန်အကောက်ခွန်အရာရှိများ၏ အစစ်ဆေးခံရန်အတွက် ကုန်တင်ကားများသည် ထိုတံတားတွင် တန်းစီ၍ ရပ်ပေးကြရသည်။ မိမိအလှည့်စောင့်ရင်း ကားဆရာ အိပ်ပျော်သွားသောအခါတွင်လည်းကောင်း၊ သို့မဟုတ် တစ်နေရာရာသို့ ခဏ တဖြုတ် ထွက်သွားသောအခါတွင်လည်းကောင်း ကျားသစ်ဂိုဏ်းသားများ အတင်းဝင်စီးပြီး ကားပေါ်တွင် ပါလာသမျှပစ္စည်းတွေကို အကုန်ယူသွားကြတော့သည်။

ကျားသစ်ဂိုဏ်းနှင့် အခြားဂိုဏ်းများသည် မှောင်ခိုဈေးစည်ကားရေးအတွက် အဓိက ပုဂ္ဂိုလ်များဖြစ်နေသည်။ ယင်းသို့လုပ်ကိုင်နိုင်ရန် သူတို့သည် ဂျော်ဒန်လက်အောက်ရှိ စခန်းထိန်းပုလိပ်များနှင့် ကျိတ်ပြီး ပူးပေါင်းလုပ်ဆောင်နေကြသည်။ ကျားသစ်ဂိုဏ်းဝင် ၁ များသည် ရပ်ရွာလုံခြုံရေးအတွက် ကင်းလှည့်ဟန်ဆောင်ရင်း ဂျယ်ရီကိုမြို့တွင်းသို့ လည်ကာ ပုလိပ်ကလက်ထောက်ချပေးသော ကုန်သည်များထံမှငွေညှစ်ကြသည်။ လခြမ်း သင်းပိုင် ကုန်လှောင်ရုံများကို အချိန်မှန်မှန် တိုက်ခိုက်လုယက်ကြသည်။

အခြေအနေ အလွန်ဆိုးရွားလာသောအခါ ဂျော်ဒန်စစ်သားများက လူငယ်အချို့ကို တမ်းဆီးပြီး အန်မြို့တွင် ထောင်ချထားလိုက်သည်။ သို့သော် ဤသို့လုပ်တိုင်း အဖမ်းခံရ ခွေး၏ မိဘများက အမြဲတမ်းဆန္ဒပြ ကန့်ကွက်တတ်ကြသည်။

ကျွန်တော့်အစ်ကို ဂျမီလ်သည် ကျားသစ်ဂိုဏ်းခေါင်းဆောင်တစ်ယောက် ဖြစ်သော ကြောင့် အခြေအနေတွေလည်း အများကြီးပြောင်းလဲလာသည်။ ခေတ်ခဲရေဒီယိုတွေ၊ လက်ပတ်နာရီတွေ ဘာတွေနှင့် ဖြစ်လာသည်။ ရှူးဖိနပ်ကလည်းအသစ်။ ဒါတင်မက =၊ မိန်းကလေးများအားပေးရန်

ဖန်လက်ကောက်တွေ၊ ဖန်ပုတီးတွေလည်း ဝယ်လာ နိုင်သည်။ အစားအစာကိုလည်း အကောင်းစားတွေ ဝယ်စားလာသည်။ အဆုံးစွန်ဆိုရ တွင် ဂန်ဂျာပင်လာသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဖေဖေက သူ့ကို ဘာမျှမေးလားမြန်းလားမလုပ်။ သို့သော် အဖေနှင့် ကျွန်တော်တို့ကတော့ ဗုက်ထားသောလက်နက်များအတွက် ကျိတ်ပြီး စိုးရိမ်မိ ကြသည်။ ယင်းလက်နက်များကို ဂျမီလ်ကသွားဖော်ယူပြီး ရောင်းစားပစ်မည်ကို တွေးပူ သည်။ အထူးသဖြင့် ကျားသစ်ဂိုဏ်းကို ရောင်းပစ်မည်ကို ပိုပြီးစိုးရိမ်မိသည်။

ဂျမီလ်သည် လူဆိုးသူခိုးတစ်ယောက် ဖြစ်နေပြီဆိုတာကို ကျွန်တော်တို့ အားလုံးက သိအမှတ်ပြုထားကြပြီ။ သူသည် တစ်နေ့ထက်တစ်နေ့ အတင့်ရဲလာသည်။ တစ်နေ့ထက် တစ်နေ့ ပြောင်ပြောင်ရောင်ရောင်ဖြစ်လာသည်။ အင်္ကျီအိတ်ထဲမှာလည်း ပိုက်ဆံ အမြဲတမ်း ပြတ်။ မေမေ့အတွက် လက်ဆောင်ပစ္စည်းများ၊ ဖေဖေ့အတွက် ဆေးတံသောက်ဆေး များနှင့် မိသားစုအတွက် ထွေထွေရာရာစားစရာများလည်း မကြာမကြာ ဝယ်လာတတ် သည်။

ဤသို့ဖြင့် သူသည် မိသားစုအပေါ် အမိုးအခိုကင်းလာပြီး သူ့ကိုယ်သူ လူတစ်လုံး သူတစ်လုံးဖြစ်ပြီဟု ထင်လာပုံရသည်။ ထိုမျှသာမကသူ့ကိုယ်သူ ဖေဖေနှင့် တန်းတူအဆင့် သို့ ရောက်လာပြီဟုလည်း ခံယူလာပုံရသည်။

ဂျမီလ်၏ အတင့်ရဲမှုသည် ဖေဖေ့မိတ်ဆွေတစ်ယောက်၏အိမ်ကို ကျားသစ်ဂိုဏ်း သားများ ဝင်စီးသောနေ့တွင် အထွတ်အထိပ်သို့ ရောက်ရှိလာသည်။

တစ်နေ့ ထမင်းစားချိန်တွင် ဖေဖေက ကျွန်တော်တို့အား အိမ်ပြင်ထွက်နေ ကြရန် ပြောသည်။ ထိုအချိန်တွင် ဂျမီလ်သည် လမ်းထဲသို့ဝင်လာပြီး အိမ်ဘက်သို့ ဆက်လျှောက်သွား သည်။ ကျွန်တော်က သူ့ နောက်သို့ ပြေးလိုက်သွားပြီး ..

”အစ်ကို ခဏနေဦး၊ ကျွန်တော် ပြောစရာတစ်ခုရှိလို့ပါ၊ အစ်ကို သတိနဲ့နေထိုင်ပါ ဒါအောက်အယ်ဟမ်ဒန့်အိမ်ကို ဓားပြတိုက်မှုနဲ့ပတ်သက်ပြီး ဖေဖေ သိပ်ပြီး စိတ်မချမ်း ဘဖြစ်နေတယ်”

“သူ စိတ်မချမ်းသာဖြစ်တော့ ဘာဖြစ်သလဲ၊ ဖြစ်ဖြစ်ပေါ့”

ဖေဖေနှင့်ပတ်သက်၍ ဤစကားမျိုးကို ကျွန်တော်တို့မိသားစုတွင် တစ်ယောက်မျှ ပြောဖူးပါ။ ပြောလည်း မပြောရဲပါ။ ယခု ဂျမီလ်က ပထမဆုံးအကြိမ် ပျော်နေပြီ။ သူ မျှားရူးနေပြီးလား မသိ။ ကျွန်တော်က သူ့လက်ကို လှမ်းဆွဲလိုက်သည်။ သူက ကျွန်တော့်လက်ကို အတင်းဆွဲဖြုတ်ပစ်လိုက်သည်။

"ဖေဖေက ခေတ်ကုန်သွားပြီကွ၊ သူတို့လို အဘိုးကြီးတွေအားလုံး ဘာမှသြဇာမရှိ ကြတော့ဘူး၊ တို့လူငယ်တွေခေတ်ကို ရောက်လာပြီသိရဲ့လား"

ကျွန်တော်က မယုံကြည်စွာဖြင့် မျက်လုံးကိုမှိတ်ထားလိုက်မိသည်။ ဂျမီလ်က အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီ။ ဖေဖေ့လောက် အရပ်ရှည်ပြီး ကိုယ်လုံးကိုယ်ပေါက်ကလည်း ဖေဖေ့လောက် ထွားကျိုင်းသည်။

"အစ်ကို ရူးနေပြီလား၊ ဒီစကားမျိုး မပြောသင့်ပါဘူး"

"ပြောတော့ဘာဖြစ်သလဲ၊ ဖေဖေက တို့အတွက် ဘာလုပ်ပေးနိုင်လို့လဲ၊ သူ့ တို့အားလုံး ဒီလို ဒုက္ခရောက်ကြရတာ၊ သူသတ္တိကြောင်လို့ ရွာကထွက်ပြေးတာ တို့ရွာကို တို့ပြန်ရအောင် တို့လူငယ်တွေပဲ ပြန်တိုက်ကြရမှာ၊ အဘိုးကြီးတွေက ဘာ လုပ်မပေးနိုင်တော့ဘူး"

ကျွန်တော်က ဖေဖေ့ကို ပြေးပြီးတိုင်ပြောလိုက်ချင်သည်။ သို့သော် ဂျမီလ်လှာ ထွက်သွားသည်ကိုသာ ရပ်ကြည့်နေလိုက်မိတော့သည်။

ဂျမီလ် အိမ်ထဲသို့ဝင်သွားသည်။ ကျွန်တော်က သူ့နောက်မှ သတိနှင့်လိုက်သူ သည်။ သူအိမ်ထဲသို့ဝင်ချိန်တွင် ဖေဖေသည် ကုလားထိုင်တွင်ထိုင်ကာ ပုတီးစိပ်နေသည် ဂျမီလ်သည် ဖေဖေ၏ရှေ့တွင် ဒူးထောက်ပြီး ဖေဖေ့လက်ကိုမနမ်းဘဲနှင့် အိမ်ထဲဝင်သူ သည်။

"ထမင်းမစားရသေးဘူးလား" ဂျမီလ်က မေးလိုက်သည်။

ဖေဖေသည် ကုလားထိုင်မှဖြည်းဖြည်းထ၍ ဂျမီလ်နှင့် မျက်နှာချင်းဆိုင်လို သည်။ ဖေဖေ၏လက်သီးက လျင်မြန်လွန်းသောကြောင့် ကျွန်တော်မမြင်လိုက်မိ။ ဂျ သည် ကြမ်းပြင်ပေါ်သို့လဲကျသွားပြီး ပါးစပ်မှ သွေးတွေစီးကျလာသည်။

"ဂျမီလ် ... ငါ့သား" ဖေဖေက ညင်သာစွာပြောသည်။

"ကဲ ... အိမ်ထဲကပြန်ထွက်ပါ၊ ပြီးတော့မှ ပြန်ဝင်ပြီး မင်း ဖေဖေ့ကို ပြနေကျအတိုင်း အရိုအသေပြုပါ"

ဂျမီလ်က လေးဖက်ထောက်၍ထကာ မော့ကြည့်ပြီး ... "ဖေဖေနဲ့ ကျွန်တော်နဲ့ ဘာမှမဆိုင်တော့ဘူး" ဟု ပြောလိုက်သည်။

ဖေဖေက ဂျမီလ်၏ နံဘေးကိုပိတ်ကန်လိုက်သည်။ ဂျမီလ်သည် အခန်းနံ။ သွားတိုက်မိသည်။ နံရံမှရွှံ့ ပြားတွေ ကျိုးထွက်ကုန်ကြသည်။

"ဂျမီလ်.. ငါ့သား" ဖေဖေက ညင်သာစွာပြောပြန်သည်။

"အိမ်ထဲကပြန်ထွက်ပါ။ ပြီးတော့မှ ပြန်ဝင်ပြီး မင်း ဖေဖေ့ကို ပြနေကျအတို အရိုအသေပြုပါ"

ဂျမီလ်သည် အခန်းနံရံကို တွယ်ချိတ်ပြီးကုန်းထသည်။ ထို့နောက် လက်တစ်ဖက် နံရိုးကိုထောက်ပြီး ကျန်တစ်ဖက်ဖြင့် သွေးထွက်နေသော ပါးစပ်ကိုပိတ်လျက် ဖေဖေ့ဆီ တိုးလာသည်။ ပြီးတော့ အသံကုန်အော်ဟစ်ပြီး ဖေဖေ့မျက်နှာကိုရိုက်သည်။ ကျွန်တော် သမျှ ကြောက်စရာအကောင်းဆုံး အပြုအမူဖြစ်သည်။ ကျွန်တော်က ဖေဖေ့ဘက်မှဝင် အိမ်ထဲသို့ဝင်လာခဲ့သည်။ သို့သော် ဖေဖေက ကျွန်တော့်ကို လက်ဖြင့်ထားပြီး သူ ထုတ်ပစ်လိုက်သည်။

"ဩော်... ဒီလိုလား ငါ့သား ကျားသစ်ကလေးက အားစမ်းချင်သကိုး ကောင်းတယ် ကောင်းတယ်"

သူက ယင်းသို့ပြောပြီး ဂျမီလ်၏နားနှစ်ဖက်ကို လက်ဖမိုးဖြင့် တအားပိတ်ညှပ် ထားသည်။ ဂျမီလ်က အော်ညည်းသည်။ ထို့နောက် ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

ဖေဖေက ဆက်ပြောပြန်သည်။

"ဂျမီလ်... ငါ့သား" သူ့အသံက ညင်သာသည်။ "အိမ်ထဲက ပြန်ထွက်ပါ။ ပြီးတော့မှ ပြန်ဝင်ပြီး မင်း ဖေဖေ့ကို ပြနေကျအတိုင်း အရိုအသေပြုပါ"

"မ.. မ မ မသထွက်လာသည်။

ဂျမီလ်၏ပါးစပ်မှ မပီမသထွက်လာသည်။

ဖေဖေက ဂျမီလ်၏ဝမ်းဗိုက်ကို ခြေထောက်နှင့်ဆောင့်ကန်လိုက်သည်။ ဂျမီလ်မှာ တစ်ကိုယ်လုံးတွန့်လိမ်ပြီး ပက်လက်လန်လဲကျသွားသည်။ ဖေဖေက ဂျမီလ်၏ ရင်ဘတ်ကို ခြေထောက်ဖြင့်နှင်းထားပြီး ယခင်အတိုင်း သူ့ကို အရိုအသေပြုရန် ပြောသည်။

"ဖေဖေ မလုပ်ပါနဲ့ မလုပ်ပါနဲ့၊ သူသေသွားလိမ့်မယ်" ကျွန်တော်က အော်ပြီးတားလိုက်သည်။ "မသေဘူး မသေဘူး၊ ငါက သူ့ကို လိမ္မာအောင်ဆုံးမနေတာပါ၊ ကဲ လိမ္မာပြီးလား

"နောက် မလုပ်တော့ပါဘူး"

"ဘာကို မလုပ်တော့တာလဲ"

"အခုလို မလုပ်တော့ပါဘူး"

ထို့နောက် ဂျမီလ်သည် သူ့ကိုယ်သူအားတင်းလျက် လေးဖက်ထောက်ပြီး တံခါးဆီ သို့ တွားသွားသည်။ ပြီးတော့ ပြန်လှည့်လာပြီး ဖေဖေခြေရင်းတွင် ဝမ်းလျားမှောက်က ဖေဖေ့လက်ကိုကိုင်ပြီး နမ်းသည်။

"ကဲ... ငါ့သား ကျားသစ်ကလေး၊ ငါပြောတာ သေသေချာချာနားထောင်၊ နောင် တုံ တို့တဘားအုပ်စုက တစ်ယောက်ယောက်ကို တိုက်ခိုက်လုယက်မှု ထပ်ပြီးပေါ်ပေါက် လျှင် အခုခံရတာထက် အဆပေါင်းများစွာ ခံရလိမ့်မယ်၊ ငါပြောတာနားလည်ရဲ့လား"

"ဟုတ်ကဲ့ ဖေဖေ' သူက လေသံဖြင့် ပြန်ပြောသည်။

"ဒီမှာ ဂျမီလ်၊ တို့ဝှက်ထားတဲ့ လက်နက်တစ်မျိုးမျိုးကို ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ် မင်းလက်နဲ့သွားထိလျှင်တော့ မင်းကို ငါ သတ်ရလိမ့်မယ်၊ မင်းတို့ ကျားသစ်ဂိုဏ်း သားတွေ ကြက်တွေကို အရှင်လတ်လတ် လည်ပင်းကိုက်သတ်သလို မင်းလည်ချောင်းကို သွားနဲ့ ကိုက်သတ်ရလိမ့်မယ်၊ ကဲ ..မင်း ဒါအောက်အယ်ဟာမ်ဒန့်အိမ်ကိုသွား၊ သူ့ဆီက လုယူလာတဲ့ပစ္စည်းတွေ အကုန်ပြန်ပေးလိုက်၊ ပြီးတော့ မှားမိကြောင်းကို ဝန်ချတောင်းပန်"

ဖေဖေက ကိုယ်ကိုကုန်းလျက် ဂျမီလ်၏ကုပ်ပိုးကိုဆွဲကိုင်ပြီး အိမ်ပြင်သို့ တွန်းထုတ် လိုက်သည်။

လူကြီးများကို ကျားသစ်လူငယ်များက သွေးမြေမကျဘဲနှင့် မတော်လှန်နိုင်ကြောင်း မီလ် ကောင်းကောင်းသဘောပေါက်သွားသည်။ ထို့ကြောင့် သူသည် သူ့ခံစားချက်ကို မြို့သိပ်ပြီး နောက်တစ်နည်းဖြင့် လှုပ်ရှားသည်။ တဘားရွာသားတို့၏ လုံခြုံရေးအတွက် ကာကွယ်ပေးသူ၊ မိသားစုစားဝတ်နေရေးကို အကူအညီပေးသော ဟာဂျီအီဘရာဟင်၏ သားလိမ္မာအသွင်ဖြင့် တစ်ဖန်ဘဝပြောင်းလာခဲ့သည်။

သို့သော် သူ့ရင်ထဲတွင်တော့ နာကြည်းမှု၊ မုန်းတီးမှု အမြဲတမ်းပြည့်လျှံနေသည်။ ဖေဖေ ဆုံးမခံနေရသည့်နေ့မှစ၍ သူ့မျက်လုံးများသည် မီးလျှံ ရဲရဲတောက်လာကြသည်။ သို့သော် သူသည် ဖေဖေ့ကိုတော့ နောက်ထပ်အာခံခြင်း မပြုတော့။

ဖေဖေ့ရှေ့တွင် ဝပ်တွားအရိုအသေပြုခြင်းဖြင့် သူ့ကိုယ်သူ သားလိမ္မာတစ်ယောက် အဖြစ် နေထိုင်ကျင့်ကြံလာသည်။

နောက် ရက်သတ္တပတ် အနည်းငယ်ကြာသောအခါ အနောက်ဘက်ကမ်းနှင့် ဂျော်ဒန်ပူးပေါင်းခြင်း အထိမ်းအမှတ်ပွဲတော်ကျင်းပရန် အဗ္ဗဒူလာဘုရင်က အမိန့်ထုတ် ကြောင်း သိရှိရသည်။ စင်စစ်ဤပွဲတော် ကျင်းပရန်စီစဉ်ခြင်းမှာ ဘုရင်၏ဆန္ဒအရမဟုတ်။ ဂျော်ဒန်နိုင်ငံက အနောက်ဘက်ကမ်းကို ကျူးကျော်သိမ်းပိုက်ခြင်းကို အပြင်းထန်ဆုံး ကန့်ကွက်ခဲ့သော အာရပ်နိုင်ငံပေါင်းချုပ်အသင်း၏ အတင်းတိုက်တွန်းမှုကြောင့်သာဖြစ် သည်။

ဂျော်ဒန်နိုင်ငံ၏နယ်ချဲ့ကျူးကျော်မှုကို အနောက်ဘက်ကမ်းနိုင်ငံများမှ အသိအမှတ် ပြုကြလိမ့်မည်ဟု အဗ္ဗဒူလာ၏ဝန်ကြီးများက မျှော်လင့်နေကြသည်။ အဗ္ဗဒူလာကတော့ သူ့တွင် ဘာအပြစ်မှမရှိသလို ဟန်မပျက်ငြိမ်နေသည်။

ပါလက်စတိုင်းသားတို့အား အဗ္ဗဒူလာဘုရင်က အတင်းအကျပ် သိမ်းသွင်းခြင်းကို အလ္လာရှင်မြတ်က လုံးဝခွင့်လွှတ်တော်မူလိမ့်မည်မဟုတ်။ သို့သော် အဗ္ဗဒူလာ၏ ဝန်ကြီးမှာ ကတော့ ပေါင်းစည်းရေးညီလာခံသည်

ပါလက်စတိုင်းသားတို့၏ ဆန္ဒမှန်ကိုဖော်ပြ တကယ့်စစ်မှန်သည့် ဒီမိုကရေစီညီလာခံဖြစ်သည်ဟု ထုတ်ပြန်ကြေညာသည်။

ဂျော်ဒန်နိုင်ငံ၏ ကျူးကျော်မှုကို ဗြိတိန်နှင့် ပါကစ္စတန်နိုင်ငံတို့ကသာ အသိအမှတ် ပြုသည်။ ဗြိတိန်နိုင်ငံသည် ယခုတိုင် အဗ္ဗဒူလာဘုရင်၏ဆရာအဖြစ်ရှိနေသေးပြီး ကော် တပ်မတော်ကို ချုပ်ကိုင်ထားဆဲရှိသေးသည်။

အာရပ်နိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအများစုက အသိအမှတ်ပြုခြင်းမရှိသော်လည်း အဗ္ဗဒူလာက စိတ်မပျက်။ သူသည် ဘုန်းသမ္ဘာနှင့်ပြည့်စုံသော သာသနာပြု ဘုရင်တစ် ဖြစ်သောကြောင့် သူ့လုပ်ရပ်ကိုဆက်လုပ်ရမည်။ အလ္လာအရှင်မြတ်ပေးအပ်သည့် မြင့်မြတ်သောတာဝန်ကို ဆောင်ရွက်နေသော ဘုရင်တစ်ပါးအား မည်သူကမျှ မတားဆီးနိုင်ခံယူထားသည်။

ထို့ပြင် ပါလက်စတိုင်းသားတို့သည် မိမိ၏လက်အောက်သို့ ၄င်းတို့၏ဆန္ဒအလျောက် ဝင်ရောက်လာကြလိမ့်မည်။ ဤသို့ဖြင့် ကမ္ဘာ့နိုင်ငံများအား အရှုံးဖြစ်အောင် လုပ်နိုင်လိမ့်မည်ဟုလည်း လေးနက်စွာယုံကြည်ကြသည်။ ထို့ကြောင့် သူ့လုပ်ရပ်သည် ပြည့်သူ့ဆန္ဒကိုက်ညီကြောင်း လူထုလှုပ်ရှားမှုကြီးဖြင့် ပြသရန်လည်း ရည်ရွယ်ထားသည်။

ညီညွတ်ရေးကွန်ဖရင့်၏ ဆုံးဖြတ်ချက်ကို အတည်ပြုရန် အနောက်ဘက်ကမ်းတွင် ပြည်သူ့ဆန္ဒခံယူပွဲတစ်ရပ်ကျင်းပရန် ဗြိတိသျှတို့က အကြံပေးသည်။ သို့သော့်စ်အဗ္ဗဒူလာ ဘုရင်က မိမိ၏ ဗီတိုအာဏာဖြင့် ပယ်ဖျက်၍မရနိုင်သော မဲဆန္ဒခံယူခြင်းမျိုးကို လုံး၀ ကိုထား၊ ပါလက်စတိုင်းသားများက လုံး၀ဥဿုံထောက်ခံမဲသာ ပေးကြလိမ့်မည်ဟု က ကျိန်းသေပေါက် ယုံကြည်သည်။ သို့သော်လည်း သူ့အနေဖြင့် မဲဆန္ဒစနစ်ကိုတော့ အယုံအကြည်မရှိ။ သူသည် ဘုရင်တစ်ပါးအနေဖြင့် ပြည်သူတို့၏အမှားကို ပြုပြင် ဆီးနိုင်ခွင့် ရှိသည်။

သို့ဖြင့် သူသည် သူ၏မဟာမိတ် ဗြိတိသျှတို့၏ အကြံပေးချက်ကိုလက်မခံဘဲ နောက်ဘက်ကမ်းရှိ မြို့ကြီးတိုင်းတွင် စစ်ရေးပြပွဲများကျင်းပရန် အမိန့်ထုတ်လိုက် ဘီဒိုယင်ကုလားအုတ်တပ်များနှင့်

သဲကန္တာရမြင်းစီးပုလိပ်တပ်များ အလင်ဘီတံတား ကို ဖြတ်ကျော်ကြသည်။ ဂျော်ဒန်စစ်သားများက လင့်ရိုဗာကားများ၊ သံချပ်ကာကားများနှင့် “တပ်မတော်ကားများဖြင့် ဂျော်ဒန်မြစ်ကိုဖြတ်ကူးကြသည်။ ခြေလျင်တပ်နှင့် ဘင်ခရာ ဝင်များက ထရပ်ကားကြီးများဖြင့် ကူးလာကြသည်။ ၎င်းတို့သည် အနောက်ဘက်ကမ်း ခေါ်ဖြစ်ကြသော ဟီဘရွန်၊ ဘက်သလီဟမ်၊ ဂျယ်ရီကို၊ နာဗလူးနှင့် ရာမလာမြို့များသို့ တပ်ရင်းများဖြန့်ပြီး ချီတက်သွားကြသည်။

အရှေ့ဂျေရုဆလင်ကိုမူ ဂျူးတပ်များက တုံ့ပြန်တိုက်ခိုက်မည်စိုး၍ လုံးဝရှောင် သံ အဗ္ဗဒူလာသည် စစ်ရပ်စဲရေးစည်းကမ်းချက်များကို လိုက်နာခြင်းမပြုဘဲ ဂျူးတို့၏ တ်မြတ်ဆုံး ဝတ္တကမြေဖြစ်သော အနောက်ဘက်တံတိုင်းကို ဂျူးတို့သိမ်းပိုက်ထား ကိုလည်း ဆက်လက်ဆန့်ကျင်နေဆဲဖြစ်သည်။ ထို့ကြောင့် ဂျူးတို့အားဆွပေးလျှင် သာလျှင် မောင်းထုတ်ခံရမည်ဆိုသည်ကို အဗ္ဗဒူလာကကောင်းစွာသိထားသည်။

စစ်ရေးပြပွဲနေ့ကြီးတွင် ဒုက္ခသည်စခန်းများနှင့် မြို့ရွာများမှ လူထုပရိသတ်ပေါင်း ောင်ပေါင်းများစွာတို့သည် အလံများ၊ ကြက်လျှာများနှင့် ပန်းကုံးများ ကိုယ်စီကိုင်ဆောင် က သူတို့၏ကယ်တင်ရှင် မဟာဂျော်ဒန်သားတို့အား ကြိုဆိုနေကြသည်။

ဖေဖေသည် ကျွန်တော့်ကိုခေါ်ကာ ဂျယ်ရီကိုမြို့သို့ ဒေါ်မာန်ပါပါဖြင့် ထွက်လာ ည်။ ထုံးစံအတိုင်းပင် ကျွန်တော်က ခြေတစ်လှမ်းနောက်ချန်၍ ဖေဖေ၏ လက်ယာဘက်မှ လျှောက်လာသည်။ မြို့ထဲသို့ရောက်သောအခါ ပါမောက္ခဒေါက်တာ နူရီမူဒီ၏ တိုက်အပေါ် ဆပ်သို့တက်၍ ကြည့်ကြသည်။ စစ်ရေးပြပွဲအခမ်းအနားကို အပေါ်စီးမှ မြင်ကွင်းကျယ် ကြရသည်။

စစ်ရေးပြပွဲကို အမုန်မြို့တွင် ကျွန်တော်တို့အားဖြေဖျော်ခဲ့သော ဘုရင့်ဘင်ခရာတပ်မှ ဆောင်ချီတက်လာသည်၊ ဂျယ်ရီကိုတစ်မြို့လုံး စစ်ချီသီချင်းသံများဖြင့် လွှမ်းခြုံသွားသည်။ ကင်ခရာတပ်နောက်မှ အမြောက်တပ်များ၊ သံချပ်ကာကားတပ်များနှင့် ၎င်းတို့နောက်မှ ဒန်တပ်မတော်သားများ ချီတက်လာကြသည်။ ကောင်းကင်တွင် သုံးစင်းတစ်တွဲစီဖွဲ့၍ ယာဉ်ပျံများက အနိမ့်ကလေးမှ ပျံသန်းကြသည်။

ထို့နောက်တွင် ကုလားအုတ်အော်သံများ ပေါ်ထွက်လာသည်။ ဆော်ဒီအာရေဗျ ငင်ံနှင့် နယ်နိမိတ်ချင်းဆက်နေသော ဂျော်ဒန်နိုင်ငံ၏ ကျယ်ပြောလှသည့် သဲကန္တာရ သေမြေကို ကင်းလှည့်စောင့်ကြပ်ရသော သဲကန္တာရကုလားအုတ်တပ်ကြီး ချီတက်လာ ခြင်းဖြစ်သည်။ စစ်သားများသည်ကုလားအုတ်ကျောပေါ်တွင် ဘယ်ညာယိမ်းလျက် ဇိမ်နှင့် က်ပါလာကြသည်။ မကြာမီတွင် "အလ္လာ အလ္လာ"ဟူ၍ အော်ဟစ်ကာ ကျားသစ်ဂိုဏ်းသားများ ကုလားအုတ်တပ်ရှေ့သို့ ပြေးထွက်လာကြသည်။ ၎င်းတို့သည် လိမ္မော်ရောင် ခေါင်းစည်း အဝတ်များကိုပတ်ထားကြသည်။ ကြည့်နေရင်းမှပင် ကျားသစ်ဂိုဏ်းသားများက ကုလား အုတ်တပ်ကို ခဲများဖြင့်ဝိုင်းပေါက်ကြပြီး လူအုပ်ကြီးထဲသို့ ပြေးဝင်သွားကြသည်။

ကုလားအုတ်တစ်ကောင် ဒူးညွတ်ပြီးခွေလဲသွားသည်။ ကျောပေါ်မှစစ်သားလည်း လွင့်စဉ်လိမ့်ကျသွားသည်။ နောက်မှကုလားအုတ်တွေ ရှေ့မတိုးနိုင်ဘဲ ပိတ်ဆို့ပြီး ရုတ်ရုတ် သဲသဲ ဖြစ်ကုန်ကြသည်။ ကုလားအုတ်တွေ ထိန်းမနိုင်သိမ်းမရနှင့် လူအုပ်ကြီးထဲ အတင်း ဝင်ပြေးကြသည်။ လူအုပ်ကြီးမှာ တချို့ လဲသူလဲ၊ တချို့ကစဥ့်ကရဲဖြင့် ဦးတည်ရာ ထွက်ပြေးကြသည်။

ကုလားအုတ်တွေက လမ်ဘေးဈေးဆိုင်တွေကို ဝင်တိုးကြသည်။ သေနတ်သံနှင့် အော်ဟစ်သံတွေ ပေါ်ထွက်လာသည်။ လူတွေအုပ်စုကွဲပြီး ခြေဦးတည့်ရာသို့ သွေး သွေးတန်း ထွက်ပြေးကြသည်။ စစ်သားတွေ ကားပေါ်မှခုန်ဆင်းပြီး နီးရာလူကို သေနတ် ဘောင်နှင့် လိုက်ရိုက်ကြသည်။ သေနတ်သံများ ဆက်လက်ပေါ်ထွက်လာသည်။ မိန်းမ တစ်ယောက် လမ်းမပေါ်တွင်လဲကျပြီး ငြိမ်သက်သွားသည်။

ထိုနေ့ညတွင် ကျွန်တော်တို့သည် ရေဒီယိုဘေးတွင်ဝိုင်းအုံကာ အရှေ့ဂျေရုဆလင် မြို့နှင့် အဥ္စန်မြို့တို့မှလာသောသတင်းကို နားထောင်ကြသည်။ သို့သော် မနက်ကဖြစ်ပွား ခဲ့သော အရေးအခင်းနှင့်ပတ်သက်၍ မည်သည့်သတင်းမှမကြေညာ။ သို့နှင့် ဒမတ်စကတ် မြို့နှင့် ကိုင်ရိုမြို့တို့မှလာသော သတင်းကို ထပ်ဖွင့်ကြည့်ကြသည်။ အနောက်ဘက်ကမ်းရှိ မြို့အားလုံးတွင် လုံးဝ သတင်းမှောင်ချထားကြောင်းကိုသာ သိကြရတော့သည်။

နောက်တစ်နေ့မနက် သတင်းစာများတွင်လည်း စစ်ရေးပြပွဲအရေးအခင်းသတင်း လုံးဝပါမလာ။ နေ့လယ်ပိုင်းရောက်တော့မှ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် သတင်းတွေ ပြန့်လာသည်။ အဓိကရုဏ်းသည် ဂျယ်ရီကိုတစ်မြို့တည်းတွင်သာမက ရာမလာမြို့နှင့် နာဗလူးမြို့များတွင်လည်း ဖြစ်ပွားသည်။ လူထုက ဂျော်ဒန်စစ်သားတွေကို ခဲများနှင့် ပေါက်ကြသည်။ စုစုပေါင်း ပြည်သူခြောက်ယောက် ပစ်သတ်ခံရသည်ဟုဆိုသည်။

ကျွန်တော်တို့စခန်းတစ်ခုလုံး ရုတ်ရုတ်ရုတ်ရုတ် ဖြစ်နေသည်။ အဗ္ဗဒူလာဘက်တော် သားတွေက မဟာမိတ်ရှာရန် လိုက်လံစည်းရုံးနေကြသည်။ ကျွန်တော်တို့တဲအိမ်သို့လည်း ရပ်ရွာအကြီးအကဲတွေ တစ်ယောက်ပြီးတစ်ယောက် ဖေဖေနှင့်ပူးပေါင်းရန် ရောက်လာကြ သည်။ ဖေဖေစိတ်ထဲကတော့ ရယ်ချင်မိသည်။ သို့သော် သူကမရယ်ရဲ။ ဣသိက္ခာဖြင့် လက်ခံစကားပြောသည်။

ဂျမီလ်ကတော့ သူတို့မျိုးဆက်သာဆိုလျှင် တကယ့်လွတ်မြောက်ရေး မျိုးဆက် ဖြစ်မည်ဟု ယုံကြည်နေပုံရသည်။ သူ့ယုံကြည်ချက်ကို သူ့မျက်လုံးများနှင့် သူ့အမူအရာမှာ က ဖော်ပြနေသည်။ တကယ့်အောင်ပွဲသည် လူကြီးများ၏လက်ထဲတွင်မရှိ၊ လူငယ်များ၏ လက်ထဲတွင်သာရှိနေသည်ဟု သူက ယုံကြည်နေသည်။

သစ္စာခံများ ပြန်သွားသောအခါ ဖေဖေက ကျွန်တော့်အား သူ့ အနီးသို့ ခေါ်ပြီး စိတ်အားထက်သန်စွာပြောသည်။

“တို့တစ်တွေဟာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရမယ့်အချိန်ရောက်လာပြီ အစ္စ ဖေဖေ့စကားတွင် အားမာန်အပြည့်ပါသည်။ “ဒီတော့ မင်း မနက်ဖြန်ဘတ်စ်ကားစီးပြီး ရာမလာကိုသွားပါ။ အဲဒီက တစခန်းမှာ သွားမန်းကိတေ လိမ့်မယ်၊ ဟန်သီလရှင် ကျောင်းမှာ လျှို့ဝှက်တွေ့ဆုံဖို့အတွက် သူက ရက်ချိန်းပေးလိမ့်မယ်။ သူ့ဆီက ရက်ချိန်းရ သင် ဟီဘရွန်ကိုဆက်သွားပြီး ရှိတ်တာဂျီကို သတင်းပေးပါ”

“ဟုတ်ကဲ့ စိတ်ချပါဖေဖေ”

ဖေဖေက ကျွန်တော့်အား အဆောင်ရုပ်တုကလေးကို ထုတ်ပေးသည်။ ကျွန်တော့် ဘယ်သူက လွှတ်လိုက်ခြင်းဖြစ်ကြောင်း မစ္စတာချားမန်း

ချက်ချင်းသိနိုင်ရန်ဖြစ် ထိုနေ့က ကျွန်တော့်မျက်စိထဲ စွဲနေသောအရာမှာ ဂျယ်ရီကိုမြို့၏ ရှုခင်းမဟုတ်။ ကဒ်သရော်တော်တော် မျက်နှာပေးသာဖြစ်သည်။

✥--- www.ebooks4mm.org ---✥

အခန်း (၉)

ဗီယွန် သီလရှင်သာသနာပြုကျောင်းသည် ရှေးဟောင်းရောမခေတ် အန်တိုနီ ခံတပ်ပျက်ကြီးရှိရာ ကုန်းပေါ်တွင်တည်ရှိသည်။ ဤခံတပ်ကြီးမှာ ခရစ်တော်နှင့်ပတ်သက် နေသည်။ ရောမစစ်သည်တော်များက ခရစ်တော်အား ညှဉ်းဆဲနှိပ်စက်ခဲ့သော မြေတိုက် ထဲတွင် သီလရှင်ဆရာကြီး မေရီအမေလိယက ဧည့်သည်သုံးဦးတို့အား နေရာချထား နောက် အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။

သူတို့သုံးဦး စိတ်လှုပ်ရှားစွာဖြင့် လက်ဆွဲနှုတ်ဆက်ကြပြီးနောက် စားပွဲတင် ဝင်ထိုင်ကြသည်။

“အဗ္ဗဒူလာကျဆုံးသွားပြီဆိုတာကတော့ ရှင်းနေပါပြီ မိတ်ဆွေတို့” ဟာဂျီအီဘရာဟင်က စတင်ပြောလိုက်သည်။ “ဒဏ်ရာရသွားတာလောက်ပါ မသေသေးပါဘူး” ချားမန်းက စီးကရက်မီးညှိပြီး ပြောသည်။ “အဲဒါဆိုလျှင် သူ့ကို ဒီနေရာကို သံမှိုနဲ့ တအားရိုက်ထည့်လိုက်ကြရအောင် မုတ်ဆိတ်မွေးဖြူနေသော ရှိတ်တာဂျီက သူ့နဖူးကို လက်ညှိုးနှင့် ထောက်ပြ ပြောသည်။

“ကျုပ်တို့ သူ့နဖူးကို သံမှိုနဲ့ ရိုက်ထည့်ချင်လျှင်တော့ ကျုပ်တို့ အခုရောက်နေ နေရာဟာ နေရာမှန်ပဲ”

ဟု "မန်းက မှတ်ချက်ချသည်။ “အဲဒီတော့ ကျုပ်တို့ဘာလုပ်ကြမှာလဲ”

ဟာဂျီအီဘရာဟင်က မေးသည်။ “သူ့ကို လုပ်ကြံသတ်ဖြတ်တာ အကောင်းဆုံးပေါ့” ရှိတ်တာဂျီက အဆိုပြုသည်။

“ဒီအကြံကို ကျွန်တော်တို့ မကန့်ကွက်ချင်ပါဘူး” ဟာဂျီအီဘရာဟင်က] သည်။ “ဒါပေမဲ့ဒီလိုလုပ်တဲ့အတွက် ကျွန်တော်တို့လုပ်ငန်း မအောင်မြင်နိုင်ပါဘူး၊ ပါ စတိုင်းကို ငမ်းငမ်းတက်လိုချင်နေကြတဲ့ နိုင်ငံတွေကို မြှောက်ပေးသလိုသာ ဖြစ်သွားသည် မယ်”

”ဟာဂျီအီဘရာဟင်ပြောတာ မှန်ပါတယ်” များမန်းက ထောက်ခံသည်။

“အဗ္ဗဒူလာကိုသက်လျှင် ကျုပ်တို့ကိုသာ ပြန်ပြီး အကြမ်းဆုံးဖိနှိပ်လာလိမ့်မယ်။ ဒူလာသေသွားလျှင် ဟီဘရွန်တစ်မြို့လုံး သွေးလွှမ်းသွားလိမ့်မယ်”

“အဗ္ဗဒူလာကို လုပ်ကြံသတ်ဖြတ်လို့ အကျိုးမရှိဘူးဘဲထားလိုက်ပါတော့” ရှိတ်တာဂျီ က ပြောသည်။ 'ဒါပေမဲ့ သူ့အခြေအနေ မဟာန်တော့တာကတော့သေချာတယ်၊ အဲဒီတော့ ဤရုပ်တို့က တစ်ခုခုလုပ်မှဖြစ်လိမ့်မယ်၊ ကျုပ်တို့က လွတ်လပ်ရေးကြေညာလိုက်လျှင် ဖြစ်ဘူးလား”

“လွတ်လပ်ရေးကြေညာမယ် ဟုတ်လား” ဟာဂျီအီဘရာဟင်က စိတ်ဝင်စားစွာဖြင့် ပြန်မေးလိုက်သည်။ “ဒီစိတ်ကူး ဆိုတော့မဆိုးဘူး”

သူတို့နှစ်ယောက်လုံး မျှားမန်းဘက်သို့ လှည့်ကြည့်လိုက်ကြသည်။ မျှားမန်းက နောက်ထပ်စီးကရက်တစ်လိပ် မီးညှိလိုက်ပြီး ...

”ကျုပ်တို့ကို လွတ်လပ်ရေးပေးခဲ့ပြီပဲ၊ ကျုပ်တို့ကမယူခဲ့တာ၊ မယူဘဲ ငြင်းပယ် ကြတယ် မဟုတ်လား”

“ကျုပ်တို့ကို ဘယ်တုန်းက လွတ်လပ်ရေးပေးခဲ့လို့လဲ” ရှိတ်တာဂျီက ပြန်မေးလိုက်သည်။

“ကုလသမဂ္ဂက ပေးခဲ့တာပေါ့၊ အမှန်တော့ ကျုပ်တို့က သူတို့ပေးတာကိုယူပြီး ထွက်မပြေးဖို့သင့်တာ၊ ဒါပေမဲ့အခုတော့ ကျုပ်တို့ကမယူဘဲ ထွက်ပဲပြေးတယ်။ မဟာမင်း ကြီးရော အဗ္ဗဒူလာရော ပါလက်စတိုင်းကိုသိမ်းယူဖို့ ကြိုးစားခဲ့ကြတယ်၊ တစ်ယောက်က အီဂျစ်အကူအညီနဲ့ တစ်ယောက်က ဗြိတိသျှအကူအညီနဲ့၊ ... ကျုပ်တို့ကျတော့ ဘယ်သူက ကူညီမှာလဲ ၊ ကျုပ်တို့က ဘယ်သူလဲ၊ ကျုပ်တို့က ခရစ်တော်ရဲ့ ဝိညာဉ်နဲ့အတူ ဒီအခန်းထဲမှာ ထိုင်နေကြတဲ့ ငမွဲဒုက္ခသည် သုံးယောက်။ စစ်ပြေးဒုက္ခသည်မဟုတ်တဲ့ ကျုပ်တို့ညီအစ်ကိုတော် ပါလက်စတိုင်းသားတွေက ကျုပ်တို့ကို တိုက်ကြလိမ့်မယ်၊ ကျုပ်တို့က လွတ်လပ်ရေးကြေညာလိုက်တာကြောင့် ဂျော်ဒန်တပ်မတော် က သွေးလန့်ပြီး သေသွားမယ်ထင်လို့လား”

“ဒါဆိုလျှင် ကျုပ်တို့ မဆုံးနိုင်တဲ့တိုက်ပွဲကြီး ဆင်နွှဲရတော့မှာပေါ့” ဟု

ရှိတ်တာဂျီက ပြောသည်။

"တိုက်တော့ ဘာနဲ့ တိုက်မှာလဲ' ချားမန်းက ပြန်ထောက်သည်။ "ကျုပ်တို့မှာ အဖွဲ့ အစည်းမရှိဘူး၊ ကျုပ်တို့က ဘယ်သူ့ကို ကိုယ်စားပြုမှာလဲ။ ကျုပ်တို့ကို ဘယ်သူက ထောက်ခံမှာလဲ၊ အမေရိကန်တွေက ဂျူးတွေကိုထောက်ခံတယ်၊ ဗြိတိသျှက အဗ္ဗဒူလာကို ဆောက်ခံတယ်၊ ပြီးတော့လည်း ကျုပ်တို့ကို ဘယ်သူက အသိအမှတ်ပြုမှာတဲ့လဲ၊ မဒါဂါ ကောကလား၊ အယ်လ်ဘေးနီးယားကလား၊ အပြင် မွန်ဂိုလီးယားကလား"

ချားမန်း၏ ပြင်းထန်သောဝေဖန်ချက်ကြောင့် ဘီဒိုယင်အဘိုးကြီး ရှိတ်တာဂျီ စိတ်ဓာတ်ကျသွားသည်။ သူက အကူအညီရလိုရငြား ဟာဂျီအီဘရာဟင်ဘက်သို့ လှည့်ကြည့် သည်။

ဟာဂျီအီဘရာဟင်က သူ့အဖော်နှစ်ယောက်ကို ကြည့်ပြီး အကဲခတ်နေသည်။ မန်းက ပဿာသည်။ တောင်းဆိုသတ်စားခေါ်တတ်သည်။ အရပ် နိုင်ငံရေးအတွက် တကယ်လိုအပ်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ ရှိတ်တာဂျီကတော့ ထိန်းပေးနိုင်လျှင် အလွန်အသုံးကျမည်။ သူ့တွင် စိတ်ဓာတ်အားမာန်အပြည့်ရှိသည်။

"ကျုပ်တို့မှာ ဘာလွတ်လပ်ရေးရှိလို့ ဘယ်သူက လွတ်လပ်ရေးကြေညာမှာတဲ့လဲ ဟာဂျီအီဘရာဟင်က ဆွပေးလိုက်သည်။ 'ဒါဆိုလျှင် ခင်ဗျားက ကျုပ်ပြောတာသဘောပေါက်တာပေါ့" ရှိတ်တာဂျီက ကမန်းကတန်းဝင်မေးလိုက်သည်။

"ဟုတ်ပါတယ် သဘောပေါက်ပါတယ်၊ ဒါပေမဲ့ တခြားတစ်ဖက်ကလည်း မိတ်ဆွေကြီးများမန်းရဲ့ တင်ပြချက်ကိုလည်း ထည့်ပြီးစဉ်းစားရလိမ့်မယ်" ။

"ဘာတင်ပြချက်လဲ"

"ကျုပ်တို့က လွတ်လပ်ရေးကြေညာလျှင် သဲကန္တာရမုန်တိုင်းကြီး တိုက်နေချိန်မှာ တီးတိုးစကားပြောသလို ဖြစ်သွားလိမ့်မယ်တဲ့"

'ကဲ..မိတ်ဆွေတို့၊ မိတ်ဆွေတို့၊ ကျုပ် တစ်ခုပြောပါရစေဦး"

"မန်းက ခွင့်တောင်းသည်။

"ကျုပ်တို့လူမျိုးရဲ့ သမိုင်းက သိပ်ပြီးဆိုးဝါးပါတယ်၊ ကျုပ်တို့မှာ ကိုယ့်လူမျိုးများ ကိုယ်အုပ်ချုပ်နိုင်တဲ့ အရည်အချင်းရှိတယ်လို့ ကျုပ်တို့က ယုံကြည်ကြတယ်၊ သို့သော် သမိုင်းကို ပြန်ကြည့်ပါ၊ ရှေးခေတ် ဟေဗြိုလူမျိုးတွေ လက်ထက်ကတည်းက ပါလက်စတိုင်း ကို ပါလက်စတိုင်းသားတွေက မအုပ်ချုပ်ခဲ့ပါဘူး၊ တခြားလူမျိုးတွေကသာ အုပ်ချုပ်လာခဲ့ တာတွေ့ရလိမ့်မယ်" ။

သူက လက်ကိုထောင်ပြီး လက်ချောင်းများကိုဖြန့်ကာ တစ်ချောင်းချင်း ရေတွက် သည်။

"ပထမဆုံး ရောမလူမျိုးတွေက အုပ်ချုပ်ခဲ့တယ်၊ နောက် ဘိုင်ဇန်တိုင်ခရစ်ယာန်တွေ ပြီးတော့ အာရေဗျကအာရပ်တွေ၊ ခရစ်ယာန် ခရုဆိတ်ဒါးတွေ၊ ပြီးနောက် ဆလာဒင် အဲဒီနောက် အီဂျစ်က မာမေလုခ်ဘုရင်တွေ ပြီးတော့ တူရကီတွေ၊ ပြီးတော့ ဗြိတိသျှတွေ နောက်တစ်ခါ ဂျူးတွေ၊ အဲဒီလို လူမျိုးခြားတွေ တစ်မျိုးပြီးတစ်မျိုး အုပ်ချုပ်လာခဲ့ကြတယ်

"ဂျူးတွေက ဒီဒေသမှာ သူတို့မြို့တော်ရှိနေတယ်လို့ အမြဲတမ်းယုံကြည်နေကြတယ် ကျုပ်တို့နဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်မှန်သမျှကို အပြင်လူတွေကပဲ ဆုံးဖြတ်နေကြတယ်။ ဒါကြောင့်မို့ ကျုပ်တို့လူမျိုးတွေဟာ တစ်ကမ္ဘာလုံးကို အသနားခံနေတဲ့ ဒုက္ခသည်တွေကို ဖြစ်နေကြရတယ်၊ လွတ်လပ်ရေးဟာ ကျုပ်တို့အတွက် အမြဲတမ်းမက်တဲ့ အိပ်မက် ရှိတ်အာမက်တာဂျီက မုတ်ဆိတ်မွေးကို လက်ဖြင့် ပွတ်ကစားနေသည်။ ကို အီဘရာဟင်က နှုတ်ခမ်းမွေးကို လက်ဖြင့်သပ်ကစားနေသည်။

တံခါးခေါက်သံ ပေါ်ထွက်လာသည်။

ချားမန်းက ထိုင်ရာမှသွားပြီး တံခါးဖွင့်ပေးသည်။ ပြီးနောက် သမီးဖြစ်သူထံ ကော်ဖီပွဲကို လှမ်းယူသည်။ တံခါးပြန်ပိတ်လိုက်သည်။ ပန်းကန်သုံးလုံးထဲသို့ ကော် ငံ့ထည့်သည်။

'မိတ်ဆွေကြီးလို အမြော်အမြင်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်က ဘာဖြစ်လို့ ဟိုင်ဖား ထွက်ပြေးရသလဲ" ဟာဂျီအီဘရာဟင်က "မန်းကို မေးလိုက်သည်။

”ဂျူးမုန်းတီးရေးစျေးကွက်ကို ခင်ဗျားတို့မွတ်စလင်တွေဟာ လက်ဝါးကြီးအုပ်ထား တယ်လို့ထင်သလား၊ ကျုပ်က ဂျူးတစ်ယောက်နဲ့ ထိုင်ပြီးဆွေးနွေးရတာကို အလွန်ရှုံ့တာ၊ အားကို ကျုပ်ထပ်မေးပါရစေ၊ ကျုပ်တို့ကို ဘယ်သူကအသိအမှတ်ပြုမှာတဲ့လဲ၊ ကျုပ်တို့ အခွင့်အရေးတွေ ကျုပ်တို့တောင်းဆိုချက်တွေကို ဘယ်သူက အသိအမှတ်ပြုမှာတဲ့လဲ။ အခုလိုကပ်ဆိုးကြီးဆိုက်နေတဲ့အချိန်မှာ ဂျူးတွေကသာ ကျုပ်တို့နဲ့အတူတူထိုင်ပြီး ဆွေးနွေး လိမ့်မယ်၊ အဲဒီ “အစ္စရေး” လို့ခေါ်တဲ့ စကားလုံးကို ကျုပ်တို့က ဘာဖြစ်လို့ ဒီလောက် ကြောက်နေကြရတာလဲ”

သူတို့သည် ကော်ဖီသောက်ရင်း ငြိမ်သက်နေကြသည်။ ပြီးတော့ ဆေးလိပ်သောက် ကြသည်။

“ကျုပ်စကားတွေ တော်တော်များများပြောမိတယ်၊ ခင်ဗျားကို စော်ကားသလို ဖြစ်သွားမှာကို ကျုပ် စိုးရိမ်မိပါတယ် အာမက်တာဂျီ ချားမန်းက တောင်းပန်စကားဆိုသည်။

“မ... မ... မဟုတ်ပါဘူး၊ ကျုပ်ကို မစော်ကားပါဘူး၊ ဒီကိစ္စက ကျုပ်တို့အတွက် စားရအခက် မျိုးရအခက်ဆိုသလို ဖြစ်နေတာ”

“သူတို့ပြောတဲ့ မုသားစကားတွေထဲမှာ အကြီးဆုံးမုသားစကားကတော့ ထွက်မပြေး တဲ့ လူတွေအားလုံးကို ဂျူးတွေက သတ်ပစ်မယ်ဆိုတဲ့စကားပဲ၊ အစ္စရေးမှာနေနေတဲ့ ကျုပ်တို့ အာရပ်အမျိုးသားတွေ ဘာဖြစ်ကြသလဲ၊ ကျုပ်တို့က ဂျူးတွေကို ပင်လယ်ထဲမောင်း ပစ်မယ်လို့ ကြွေးကြော်သလို ဂျူးတွေက သူတို့ကို ပင်လယ်ထဲမောင်းချပစ်လို့လား။ သူတို့ကို စားပစ်ကြသလား၊ ယဇ်ပလ္လင်မှာ စတေးပစ်ကြသလား၊ ထွက်ပြေးတဲ့လူတွေက သလား၊ ဒါမှမဟုတ် မပြေးဘဲကျန်နေရစ်တဲ့ လူတွေကပဲ ရှုံးသလား”

“ကျုပ်ကတော့ အီဂျစ်တွေမောင်းထုတ်လို့ ထွက်ပြေးလာခဲ့ရတာ၊ သူတို့တပ်တွေ အတွက် လမ်းပွင့်အောင်လုပ်တဲ့သဘောပဲ၊ ဒါနဲ့ ဟာဂျီအီဘရာဟင်ကရော ဘာကြောင့် ထွက်ပြေးလာရတာလဲ”

“အခုကျွန်တော့်ရွာကို ကျွန်တော့်အစ်ကိုကအုပ်ချုပ်နေတယ်၊ ကျွန်တော့်ကို

ရွာက ထွက်ပြေးအောင် အကွက်ဆင်ပြီးလှည့်စားလိုက်တယ်၊ ဂျူးတွေကမောင်းထုတ်လို့ ပြေးလာ ရတာမဟုတ်ပါဘူး၊ ဒီတော့ ကျွန်တော့်တို့သုံးယောက်ဟာ ကိုယ့်ကိုယ်ကိုယ် အရူးပါလို့ ဝန်ခံသင့်တဲ့ အရူးတွေပဲ၊ ဒါပေမဲ့ ကျွန်တော်တို့က ကိုယ့်ကိုယ်ကိုယ် အရူးလို့ဝန်ခံတဲ့ အရူးပေါင်း ငါးသိန်းထဲမှာ ပါဝင်နေကြတယ်”။

ရှိတ်အာမက်တာဂျီသည် အသက်ရှူပြင်းလာသည်။ သူသည် မျက်လုံးများကို မှိတ် ထားလိုက်ပြီး အသံတုန်တုန်ဖြင့်ပြောသည်။

“ကျုပ်က ဒုက္ခသည်စခန်းထဲမှာ ဘဝမဆုံးချင်ဘူး၊ မသေချင်ဘူး” သူ့ အသံက တိုးတိုးကလေး။ “အဲဒီတော့ ကျုပ်တို့ဘာလုပ်ကြရမှာလဲ များမန်း 'ကျုပ်တို့ လုပ်သင့်တာတွေကတော့ တစ်ချိန်မှာ တစ်ခုစီ တစ်ဆင့်ပြီးတစ်ဆင့် လုပ်သွားရမှာပဲ။ ပထမဆုံးလုပ်ရမှာကတော့ အဆင့်မြင့်ကော်မတီတစ်ရပ်ဖွဲ့ဖို့ပဲ၊ ဒါမှ ဒုက္ခသည်တွေအနေနဲ့ ကိုယ့်ကိစ္စကို ပြောခွင့်ဆိုခွင့် ရလာနိုင်တယ်” ။

“ဟား ဟား” ရှိတ်တာဂျီက သရော်သံဖြင့် ရယ်လိုက်သည်။ “အာရပ်တွေအနေနဲ့ပဲ ဘယ်ကော်မတီဖွဲ့ ဖွဲ့၊ ဘယ်ကိစ္စမှာ ဘယ်တုန်းက သဘောတူညီမှုရဖူးလို့လဲ” လို

”ချားမန်း ဆက်ပြောပါစေ” ဟာဂျီအီဘရာဟင်က ဖြတ်ပြောလိုက်သည်။ “ကျုပ်တို့ သုံးယောက်ပေါင်းလျှင် အဆင့်မြင့်ကော်မတီဖွဲ့နိုင်တယ်” များမန်းက ဆက်ပြောသည်။ “အင်း ဆိုးတော့မဆိုးဘူး ရှိတ်တာဂျီက ထင်မြင်ချက်ပေးသည်။ ချားမန်းက ဆက်ပြောပြန်သည်။

“ပြီးတော့ ကျုပ်တို့ကော်မတီက အနောက်ဘက်ကမ်း စစ်ပြေးဒုက္ခသည်များရဲ့ ဒီမိုကရေစီညီလာခံတစ်ရပ်ကို ခေါ်မယ်” ။

“ဒီမိုကရေစီညီလာခံတဲ့လား အဲဒီညီလာခံမျိုး ကျုပ်တို့အမ္မန်မှာ တက်ခဲ့ကြပြီးပြီပဲ ဟု ဟာဂျီအီဘရာဟင်က ထောက်သည်။

“ချားမန်း ဆက်ပြောပါစေ' ရှိတ်တာဂျီက သတိပေးသည်။ “ကဲ ချား ဆက်ပြောပါ” ဟာဂျီအီဘရာဟင်က ပြောသည်။

မျှားမန်းက စီးကရက်အသစ်တစ်လိပ် ထပ်ညှိသည်။ ယခင်ဆေးလိပ်များ ညှိစဉ်၊ ကထက် အတွေးနက်နေသည့်ပုံမျိုး။

“ဂျူနိုင်ငံမှာနေရတာ ပိုကောင်းမယ်လို့ထင်သလား၊ ကျုပ်တို့ဟာ ကလဲ့စားချေ စိတ်မကူးဘဲနဲ့ အနိမ့်ခံဘဝမှာ နေနိုင်ကြမယ်ထင်သလား”

“ကျွန်တော်ကတော့ အခြေအနေပိုပြီး ဆိုးမလာနိုင်ဘူးလို့ထင်တယ်" ဟာဂျီအီဘရာဟင်က ထင်မြင်ချက်ပေးသည်။ “ကျုပ်ကလဲ ဒုက္ခသည်စခန်းမှာ မသေချင်ဘူး” ရှိတ်တာဂျီက သူ့ဆန္ဒကို ထပ်ပြီးဖွင့်ဟသည်။

“ဂျူးတွေအနေနဲ့ စေ့စပ်ဆွေးနွေးမှာလား မဆွေးနွေးဘူးလား၊ မိတ်ဆွေတို့ နှစ်ယောက်က ဘယ်လိုထင်သလဲ”

ချားမန်းက မေးလိုက်သည်။

အီဘရာဟင်နှင့် တာဂျီတို့က ပြန်မဖြေဘဲ နှုတ်ပိတ်နေကြသည်။ ဂျူးတို့အနေဖြင့် စစ်ပြေးဒုက္ခသည် တစ်သိန်းခန့်ကို ချက်ချင်းပြန်ခေါ်လိုသည့် ဆန္ဒရှိကြောင်း ဟာဂျီ ရာဟင် လျှို့ဝှက်သိရှိထားသည်။ ထိုအချက်ကို "မန်းလည်းသိထားပြီးလားဟု သူ တွေးမိသည်။ ထို့ပြင် ရှိတ်တာဂျီကရော ဘယ်သူနှင့် အဆက်အသွယ်ရှိနေသနည်း။ သို့ဖြင့် သူတို့သုံးယောက်သည် တစ်ယောက်အကြောင်းတစ်ယောက် တွေးနေကြသည်။

“ဒီကိစ္စနဲ့ပတ်သက်လို့ မိတ်ဆွေကြီးက သတင်းများရထားပြီးပြီလား”

ဟာဂျီအီဘရာဟင်က မေးလိုက်သည်။

“ဟုတ်တယ် ကျုပ်ဟာကျုပ်တွက်ကြည့်တော့ ကျုပ်တို့ဟာ အီဂျစ်တို့ ဆီးရီးယား တို့ထက် ဂျူးတွေနဲ့ ပိုပြီးဆက်ဆံရေးအခြေအနေ ကောင်းနိုင်စရာရှိတယ်၊ အဗ္ဗဒူလ အကြောင်းကို ဘာမှထည့်မပြောရင်ပေါ့”

မွန်းက ပြန်သည်။

”ဒီသတင်းက ဘယ်လောက်သေချာသလဲ” အီဘရာဟင်က သံသယနှင့်ပြန်မေးလိုက်သည်။

“ဟိုင်ဖာက ကျုပ်မိတ်ဆွေနဲ့ ကျုပ်နဲ့ အဆက်အသွယ်ရှိတယ်၊ သူတို့က ဂျူးအစိုးရ အရာရှိတချို့နဲ့ စကားပြောကြည့်ပြီးပြီ၊ ဂျူးတွေဘက်ကတော့ အမြဲတမ်း တံခါးဖွင့်ထား တယ်”

“ဒီတော့ သူတို့က ဘယ်လောက်ပြန်ခေါ်မှာလဲ၊ အရေအတွက်အတိအကျ ရပြီး လား”

”အဲဒါတော့ အတိအကျမရသေးဘူး”

တကယ်တော့ စောစောက များမန်းကတစ်သိန်းခန့်ဟု ပြောခဲ့သည်မှာ မှန်းဆချက် သက်သက်သာဖြစ်သည်။

“ဒါနဲ့ လူကြီးမင်းကရော ဘာသတင်းရသလဲ” ဟာဂျီအီဘရာဟင်က ရှိတ်တာဂျီဘက်သို့လှည့်၍ မေးလိုက်သည်။

'ကျုပ်ရတဲ့သတင်းက တခြားလူဆီကမဟုတ်ဘူး၊ အခု နီဂျက်သဲကန္တာရထဲမှာ လွတ်လွတ်လပ်လပ် လှည့်လည်သွားလာနေတဲ့ ခင်ဗျားရဲ့ ဦးရီး ရှိတ်ဝါလစ်အဇစ်ဆီက တဲ့သတင်းပဲ၊ ကျုပ်နဲ့ ကျုပ်လူမျိုးစုတွေ ကိုယ့်ရွာကိုယ်ပြန်လာလျှင် ဂျူးတွေက မကန့် တွက်ဘူးလို့ သူက သတင်းပေးတယ်။ ကျုပ်တို့က ဂျူးတွေကို ဘယ်လိုမှ ဒုက္ခမပေးရင် ပေါ့လေ”

“ဟာဂျီအီဘရာဟင်ကရော ဘယ်လိုသတင်းရသလဲ” ချားမန်းက မေးသည်။ “ကျွန်တော်တို့ ရတဲ့ သတင်းတွေကတော့ အတူတူချည်းပါပဲ၊ သူတို့က စေ့စပ် ဆွေးနွေးကြလိမ့်မယ်ဆိုတာတော့ ကျွန်တော်တကယ်ယုံကြည်ပါတယ်” ။

“ဒီအလုပ်ကို ကျုပ်တို့လုပ်ရင်တော့ အာရပ်တွေက အကြီးအကျယ် ဒေါသထွက်ကြ မှာပဲ၊ ကျုပ်တို့ကို သစ္စာဖောက်တွေလို့ ကြေညာမှာကျိန်းသေပဲ”

ဂျာမန်းက ပြောသည်။

“အဲဒီလောက်ကလေး စွပ်စွဲခံရရုံနဲ့တော့ ကျုပ်တို့ ဒီကျိန်စာသင့်တဲ့ ဒုက္ခသည်စခန်း မှာ အသေမခံနိုင်ဘူးဗျ”

ဟာဂျီအီဘရာဟင်က ပြောသည်။

'ဒါဆိုရင်ကျုပ်တို့လုပ်ရမှာက အနောက်ဘက်ကမ်း စစ်ပြေးဒုက္ခသည်များ ညီလာ ခံကျင်းပဖို့ပဲ၊ စစ်ပြေးဒုက္ခသည်တွေပဲပါမယ်၊ ထွက်ပြေးလာတဲ့ သူဌေးကြီးတွေ လုံးဝမပါဘူး၊ ပြီးတော့ အဗ္ဗဒူလာရဲ့ လက်ကိုင်တုတ်တွေ လုံးဝမပါဘူး၊ ကျုပ်တို့ ကိုယ့်ဒေသကိုယ်ပြန် နိုင်ရေးအတွက် ဂျူးတွေနဲ့ဆွေးနွေးဖို့ ညီလာခံမှာဆုံးဖြတ်ချက်ချမယ်၊ အရေးအကြီးဆုံး ကတော့ ဖူးရစ်မြို့က "နိုင်ငံတကာပြဿနာဖြေရှင်းရေးကောင်မရှင်"ကို ကျုပ်တို့ရဲ့ ကိုယ် စားလှယ်အဖွဲ့ တစ်ဖွဲ့ စေလွှတ်ဖို့ပဲ"

"ဒီကိစ္စကို စပြီးစိတ်ကူးတာကလူကြီးမင်းပဲ" ရှိတ်တာဂျီက ပြောသည်။ "အဲဒီတော့ လူကြီးမင်းပြောတဲ့ ဆုံးဖြတ်ချက်တွေကို လူပေါင်းငါးရာက တညီတညွတ်တည်း ဆုံးဖြတ် နိုင်အောင် ဘယ်လိုလုပ်မှာလဲ"

'ဒီကိစ္စက မခက်ပါဘူး၊ အမှန်တကယ် အရေးပါတဲ့ လူတွေလောက်ကိုပဲ ဖိတ် ရင်ဖြစ်ပါတယ်၊ ကျုပ်က ရာမလာမြောက်ပိုင်းစခန်းတိုင်းကကိုယ်စားလှယ်တွေကို ကောင် ကောင်းထိန်းနိုင်ပါတယ်"

ရှိတ်တာဂျီသည့် မုတ်ဆိတ်မွှေးကိုပွတ်ပြီး စဉ်းစားနေသည်။ "ကျုပ်မှာ ရန်ပုံငွေရှိလျှင်တော့ ဒီကိစ္စအတွက် ပြဿနာမရှိပါဘူး"

"အရေးကြီးတာက ညီလာခံတက်လာတဲ့ ကိုယ်စားလှယ်တိုင်းကို အပိုင်ကိုင်နိုင်ဖို့ ပဲဗျ၊ ကိုယ်စားလှယ်တိုင်း မိမိတို့မိသားစုနဲ့အတူ အမြန်ဆုံးပြန်ပါ့မယ်ဆိုတဲ့ကတိ ရဖို့ကို တယ်၊ ကျုပ်ကတော့ ဒီလူတွေဝမ်းမြောက်ဝမ်းသာနဲ့ ချက်ချင်းပြန်ကြလိမ့်မယ်လို့ တကယ် ယုံကြည်တာပဲ"

'ဒါ ဖြစ်နိုင်စရာရှိပါတယ်" ရှိတ်တာဂျီက ပြောသည်။ "ဟာဂျီအီဘရာဟင်ကရော ဘယ်လိုထင်သလဲ"

"ဂျယ်ရီကိုက စခန်းတွေက အုပ်စုကွဲပြီး စည်းရုံးမှုပျက်နေကြတာ၊ အဲဒီတော့ ကျွန်တော်လုပ်ချင်တာက ပထမဆုံး ညီလာခံတက်မယ့် ကိုယ်စားလှယ်စာရင်းကို ကြေညာ မယ်၊ အဲဒီမှာ သူတို့အထဲမှာ ဆန့်ကျင်ရေးအုပ်စုတွေ ရှိမရှိကြည့်မယ်" ။

“ဘာဖြစ်လို့လဲ”

“အဲဒီမှာ လူတိုင်းကို အနှောင့်အယှက်ပေးနေတဲ့ လူငယ်အုပ်စုဂိုဏ်းတွေ ရှိနေတယ် ကျွန်တော်က အဲဒီလူငယ်တွေကို အကျိုးရှိအောင်အသုံးချချင်တယ်”

“ဟုတ်ပြီ အဲဒီတော့ အလုပ်စဖို့ပဲရှိတော့တယ်” ချားမန်းက ပြောသည်။

“ညီလာခံလုပ်မယ့်ရက်ကို ဂျော်ဒန်တွေမသိအောင် လျှို့ဝှက်ထားပါ၊ ညီလာခံမလုပ် ခင် နှစ်ရက်လောက်ရောက်မှ လုပ်မယ့်ရက်ကို ကြေညာမယ်၊ အရေးကြီးတာက ဆုံးဖြတ်ချက်အားလုံးကို တစ်နေ့တည်းနဲ့အပြီး ဆုံးဖြတ်ဖို့ပဲ၊ ပြီးတော့ ဂျော်ဒန်တွေမသိခင် မှာဘဲ ညီလာခံကို ရုပ်သိမ်းလိုက်ရမယ်”

“ဟုတ်ကဲ့ သိပ်ကောင်းတဲ့အစီအစဉ်ပါပဲ”

ဟာဂျီအီဘရာဟင်က ထောက်ခံသည်။ “အဲဒီတော့ ညီလာခံကို ဟီဘရွန်မှာကျင်းပကြရအောင်” ရှိတ်တာဂျီက အဆိုပြုသည်။

“ဟီဘရွန်မှာ ကျင်းပလို့မဖြစ်ဘူး’ချားမန်းက ကန့်ကွက်သည်။ “ခင်ဗျားစခန်း အဗ္ဗဒူလာရဲ့ အနောက်ဘက်ကမ်းအမာခံနယ်မြေထဲမှာ ရောက်နေတာ၊ အဲဒီတော့ ခြသေ့် ဘာဖြစ်လို့ ပြေးဝင်ချင်ရတာလဲ”

“မစ္စတာချားမန်း ပြောတာမှန်ပါတယ်” အီဘရာဟင်က ထောက်ခံသည်။ “ဟီဘရာ မှာလုပ်လျှင် ထောင်ချောက်ထဲဆင်းတာနဲ့ တူလိမ့်မယ်၊ ဂျယ်ရီကိုကျတော့လဲ အလင် တံတားနဲ့ သိပ်နီးကပ်နေတယ်၊ ရာမလာစခန်းကလူတွေက စည်းရုံးရေးအကောင်းဆုံး ဒီတော့ ရာမလာမှာလုပ်လျှင် မကောင်းဘူးလား”

“ရာမလာဟုတ်လား၊ ပါလက်စတိုင်းမှာ ရာမလာကို လူအထင်ကြီးတာမဟုတ် ရှိတ်တာဂျီက ကန့်ကွက်သည်။

“မိတ်ဆွေတို့ … "မန်းက ချင့်ချင့်ချိန်ချိန်ဟန်ဖြင့် ပြောသည်။ “ကျုပ်က ဘက်သလီဟမ်မှာပဲ လုပ်ချင်တယ်”

”ဘက်သလီဟမ်”

”တက်သလီဟာမ်”

'ဘက်သလီဟာမ်” ရှိတ်တာဂျီက ရှိသေသမှုဖြင့် လက်ဝါးကို ရင်ဘတ်တွင်အုပ်လိုက် ပြီးနောက် “တက်သလီဟာမ်က မိတ်ဆွေကြီးများမန်းအတွက် အထွတ်အမြတ်မြို့တော်ပဲ။

မဲ့ ဒီမြို့က တစ်နှစ်လုံးမှာမှ တစ်ရက်သာ သန့်စင်တာကလွဲပြီး ပါလက်စတိုင်းမှာ ပြည့်တန်ဆာအပေါဆုံးမြို့အဖြစ် နာမည်ကြီးတာကတော့ အဆိုးဆုံးပဲဗျ”

“ဟာ တယ်လည်းဆိုးရွားတဲ့ အဖြစ်ပါလား”

ဟာဂျီအီဘရာဟင်က ပြောလိုက်သည်။ “ဒါပေမဲ့ သူပြောတာမှန်ပါတယ်”

”မန်းက ထောက်ခံလိုက်သည်။ “ဘက်သလီဟာမ်မှာ ပြည့်တန်ဆာပေါတာ လူတိုင်းသိတဲ့အချက်ပါ၊ ဒါပေမဲ့ ကံ ဆောင်းတာကတော့ ပါလက်စတိုင်းကလူတွေလည်း သိတဲ့အချက်ပဲ၊ အပြင်လောက ကတော့ ဘက်သလီဟာမ်ကို ဘာသာရေးအထွတ်အမြတ် မြို့တော်အဖြစ်ပဲ သိနေကြတာ။ ဒါကြောင့် ဘက်သလီဟာမ်မှာညီလာခံလုပ်လျှင် နိုင်ငံခြားသတင်းစာတွေက အသားပေးပြီး ဖော်ပြကြမှာတော့ ကျိန်းသေပဲ”

ရှိတ်တာဂျီက မုတ်ဆိတ်မွေးကို ဟန်ပါပါနှင့်ပွတ်သပ်ရင်း ဟာဂျီအီဘရာဟင်ဘက် အံ့ လှမ်းကြည့်လိုက်သည်။ ဟာဂျီအီဘရာဟင်က သဘောတူကြောင်း ခေါင်းညိတ်ပြလိုက် ပြီးနောက် ...

”ဒါဆိုဟုတ်ပြီပေါ့။ နောက်တစ်လကြာလျှင် အက်သလီဟာမ်မှာ ညီလာခံကျင်းပ တယ်၊ ကျွန်တော်တို့ ကိုယ့်စခန်းကိုယ်ပြန်ပြီး ကိုယ်စားလှယ်တွေ သေသေချာချာရွေးမယ်၊ ပြီးတော့ ဒီမိုကရေစီညီလာခံကျင်းပကြရုံပဲပေါ့”

ချားမန်းက ဆေးချေးတက်နေသော သူ့လက်ကို ရှေ့သို့ကမ်းပေးလိုက်သည်။ နှုတ်တာဂျီက ချားမန်း၏လက်ကို ဆုပ်ကိုင်လိုက်သည်။ ဟာဂျီအီဘရာဟင်ကလည်း ထက်ချင်းထပ် ဆုပ်ကိုင်လိုက်သည်။

ထို့နောက် သုံးယောက်သား အားရပါးရလက်ချင်းယှက်၍

လှုပ်ယမ်းလိုက်ကြ ည်။ သူတို့သုံးယောက်အဖို့ လပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် ပြုံးရယ်နိုင် သောအချိန်ပင် ဖြစ်တော့သည်။

အခန်း (၁၀)

ဟာဂျီအီဘရာဟင်နှင့် အပေါင်းအပါပုဂ္ဂိုလ်များသည် ညီလာခံအတွက် ကိုယ်စား လှယ်ရွေးချယ်ရေးလုပ်ငန်းကို အတတ်နိုင်ဆုံး လျှို့ဝှက်စွာ လုပ်ကိုင်ကြသည်။ မည်သူ မည်ဝါတွေကို ရွေးချယ်မည်ဟု မည်သူ့ကိုမျှ ကြိုတင်ပြောမထား။ မိမိတို့ဒေသကို ဖြစ် သွားရေး ဆုံးဖြတ်ချက်ကို ညီလာခံတွင် ထောက်ခံမဲပေးပါမည်ဟု ကတိပေးသူများကိုသာ ကိုယ်စားလှယ်အဖြစ် ရွေးချယ်မည်ဖြစ်သည်။

ဖေဖေသည် ဂျမီလ်ကိုခေါ်၍ သူ့ကိုယ်သူ ပြန်လည်အဖတ်ဆည်ခွင့် ပေးသည်။ ဖေဖေက ကိုယ်စားလှယ်စာရင်း ကြေညာပြီးသည့်နောက်တွင် ဆန့်ကျင်ရေးအုပ်စုများ နိုင်အောင်ဟန့်တားဖို့ ကျားသစ်လူငယ်များအား တာဝန်ပေးသည်။ ဂျမီလ်မှာ တိုက်ချင် ခိုက်ချင်စိတ် အလွန်ပြင်းပြနေသောကြောင့် ယခုကဲ့သို့ ဖေဖေက တာဝန်ပေးသောအခါ သူ့အဖို့ "အချိုရှာသကာတွေ့" ဖြစ်သွားသည်။

အုပ်စုဖွဲ့၍ ဆန့်ကျင်လှုပ်ရှားသူများတော့မရှိ။ တစ်ယောက်ချင်း ဆန့်ကျင်ပြော သူများတော့ အနည်းအကျဉ်းရှိသည်။ ယင်းသို့ ဆန့်ကျင်ပြောဆိုသူများအား ကျောက် လူငယ်များက အန္တ ရာယ်အချက်ပေးသည့်သဘောဖြင့် ၎င်းတို့၏အိမ်တံခါးဝတွင် ကြောက် သေ၊ ခွေးသေ၊ ကြွက်သေနှင့် မြွေသေကောင်တစ်ခုခုကို သံနှင့်ရိုက်ထားကြသည်။

ကတိသစ္စာခံယူသော ကိုယ်စားလှယ်ခုနှစ်ရာခန့် ရွေးချယ်ပြီးသောအခါ ချာမန် အရှေ့ဂျေရုဆလင်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်သည်။ အရှေ့ဂျေရုဆလင်တွင် အနောက် နိုင်ငံများနှင့် အာရပ်နိုင်ငံများ၏ သတင်းဌာနများစုံသောကြောင့် ဖြစ်သည်။ ဒီမိုကရေ ကျကျ ရွေးချယ်ထားသော ကိုယ်စားလှယ်ခုနစ်ရာတက်ရောက်မည့် "အနောက်ဘက်က

စစ်ပြေးဒုက္ခသည်များညီလာခံ”ကို ဘက်သလီဟာမ်မြို့တွင် နောက်နှစ်ရက်အတွင်း ကျင်း မည်ဖြစ်ကြောင်း သွားမန်းကတိုတိုတုတ်တုတ်ပင် ကြေညာသည်။ သို့သော် ကိုယ်စားလှ စာရင်းကိုတော့ သူက ထုတ်ဖော်ကြေညာခြင်းမပြု။

ဂျော်ဒန်တပ်များမှာ ဘာမျှမသိလိုက်ဘဲ အငိုက်မိသွားသည်။ စစ်ရေးပြပွဲတစ် ကလည်း ဆန့်ကျင်ဆူပူမှုများနှင့် ကြုံတွေ့လိုက်ရသောကြောင့် သူတို့ ခြေလှမ်းတုံ့သွားသည် ထို့ပြင် အနောက်ဘက်ကမ်း ကျူးကျော်မှုကိုလည်း ကမ္ဘာ့နိုင်ငံများက အသိအမှတ် သောကြောင့် သူတို့အဖို့ အခိုက်အတန့်အားဖြင့် ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားကြသည် ။

အမ္မန်မြို့တွင် သတင်းစာဆရာများက ဂျော်ဒန်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား တွေ့ဆုံမေးမြန်းသောအခါ သူတို့အနေဖြင့် တခြားရွေးစရာလမ်းမရှိတော့ဘဲ စစ်ပြေးဒုက္ခသည် ညီလာခံ ကျင်းပခြင်းကို အထွေအထူးကန့်ကွက်စရာမရှိကြောင်း ကြေညာရန်သာ ခဲ့တော့သည်။

ကိုယ်စားလှယ်ရွေးချယ်ရေးကို အထူးသတိထား၍ လျှို့ဝှက်လုပ်ကိုင်ကြသော်လည်း ဝိုယ်စားလှယ်စာရင်းထဲတွင် အဗ္ဗဒူလာ၏လူများ အတန်အသင့်ပါဝင်နေသည်ကို တွေ့ ကြရသည်။

ဖေဖေသည် ကျားသစ်လူငယ်များနှင့် အလားတူ တခြားလူငယ်အုပ်စုများအား စည်းအဝေးခန်းမထဲတွင် အကူဝန်ထမ်းများအဖြစ် ဆောင်ရွက်စေသည်။ အပြင်ဘက် တွင်တော့ မင်ဂျာရင်ပြင်ကိုဝိုင်းပြီး လုံခြုံရေးတာဝန်ယူကြရသည်။ ဘက်သလီဟာမ်မြို့သို့ ကျွန်တော်တို့ စတင်ထွက်ခွာကြတော့ ယင်းအခြေအနေအားလုံးကို ကြိုတင်ကြားသိနေ သည်။

ကျွန်တော်တို့ မြို့နားနီးလာသောအခါ လမ်းမကြီးဘေးတစ်လျှောက်တွင် ဂျော်ဒန် စစ်သားများ ဖြန့်ချထားသည်ကိုတွေ့ကြရသည်။ ညီလာခံကိုယ်စားလှယ်များသည် အနောက် ဘက်ကမ်းတွင် ရနိုင်သမျှ ကားစုတ်ကားပျက်များနှင့် တစ်သုတ်ပြီးတစ်သုတ် ရောက်လာ သည်။ မင်ဂျာရင်ပြင်တစ်ဝိုက်တွင် ကျားသစ်လူငယ်များနှင့် အခြားလူငယ်အုပ်စုများ ဝိုင်းလည်နေကြသည်။ တိုက်တာအိမ်ယာ အဆောက်အအုံခေါင်မိုးများပေါ်တွင် လက်နက် ကိုင် ဂျော်ဒန်စစ်သားများဖြင့် ပြည့်နှက်နေသည်။

“ရှက်ပတ်ကွင်း'ထဲတွင် ညီလာခံကိုယ်စားလှယ် ဒုက္ခသည်များအတွက် နေရာထိုင် အင်း ဖြစ်ကတတ်ဆန်း စီစဉ်ပေးထားသည်။ သူတို့သည် အမိုးအခင်းနှင့် အိပ်ရာလိပ်များ အံ့သာမက စားစရာရိက္ခာပစ္စည်းများကိုပါ ယူလာကြရသည်။ မြင်ကွင်းကတော့ တကယ့်ကို စိတ်ပျက်စရာ ကောင်းလှပါဘိတော့သည်။

ဘက်သလီဟမ်မြို့သည် ဂျယ်ရီကိုမြို့ကဲ့သို့ပင် သာသနာဝင် အထွတ်အမြတ်မြို့ ဖြစ်သည်။ ဤမြို့တွင် ယေရှုခရစ်တော်မွေးဖွားရာဂူနှင့် ဇာတိတော်ဘုရားရှိခိုးကျောင်းရှိ သည်။ ရင်ပြင်ပတ်ပတ်လည်တွင် ဈေးဆိုင်တန်းများရှိသည်။ ဘုရားဖူးများနှစ်သက်သော သံလွင်သားလက်ဝါးကပ်တိုင် ရုပ်တုတော်များ၊ တခြား ခရစ်ယာန်ဘာသာ အထွတ်အမြတ် စွည်းများနှင့် တက်သလီဟမ် ဇာထိုး၊ ပန်းထိုးအထည်များနှင့် ပြည့်နှက်နေသည်။

ရင်ပြင်ထဲတွင် ခေါင်းရွက်ဈေးသည်များ၊ သူတောင်းစားများ၊ ဘုရားဖူးများနှင့် ကျားသစ်လူငယ်အဖွဲ့ ဝင်များ ခြေချင်းလိမ်နေကြသည်။ ၎င်းတို့အား ဂျော်ဒန်စစ်သားများက က်လုံးဒေါက်ထောက် စောင့်ကြည့်နေကြသည်။

ရင်ပြင်အပြင်ဘက် ဘေးစွန်တွင် ဟောင်းမြင်းပျက်စီးနေသော ရုပ်ရှင်ရုံတစ်ရုံရှိ သည်။ ညီလာခံကို ထိုရုပ်ရှင်ထဲတွင် ကျင်းပမည်ဖြစ်သည်။ ကိုယ်စားလှယ်အသီးသီး ရုပ်ရှင်ရုံထဲသို့ ဝင်လာကြပြီးနောက် အသင့်ယူလာသော ဝတ်ပြုအခင်းများကိုခင်း၍ ထိုင် ကြသည်။ ကိုယ်စားလှယ်များတွင် ဗုံးများ၊ ပေါက်ကွဲပစ္စည်းများ၊ မီးရှို့ပစ္စည်းများ၊ လက်နက်များနှင့် တခြားအန္တ ရာယ်ပြုနိုင်သော လျှို့ဝှက်ပစ္စည်းများ ပါမပါကို လုံခြုံရေး အဖွဲ့ဝင်များက စစ်ဆေးရှာဖွေကြသည်။

ရုပ်ရှင်ရုံထဲတွင် အသံချဲ့စက်တပ်ဆင်သော အလုပ်သမားများ ဟိုကူးသည့်ကိုး နှင့် မရပ်မနား အလုပ်များနေကြသည်။ အသံချဲ့စက်မှ ကျယ်လောင်သောအသံကြီး ပေါ်ထွက်လာသောအခါ ကိုယ်စားလှယ်များ နားနှစ်ဖက်ကို လက်နှင့်ပိတ်ထားကြ သည်။ သည်ကြားထဲ အနံ့အသက်ဆိုးများကလည်း မွန်ဟောင်နေသည်။ စင်မြင့်ပေါ်ရှိ စားပွဲရှည်ကြီးနောက်တွင် ခေါင်းဆောင်အသီးသီး နေရာယူကြသည်။ ဖေဖေက ကျွန်တော် အား သူ့ဘေးသို့ခေါ်၍ တိုးတိုးပြောသည်။

"မင်းကို ဘယ်သူမှဂရုမစိုက်နိုင်တဲ့ တစ်နေရာမှာနေ၊ ဒီမှာ အန္တရာယ်ရှိချင်ရှိနိုင် မယ်၊ တကယ်လို့ အန္တရာယ်တစ်ခုခုပေါ်ပေါက်လာလျှင် ငါ့ဆီလာဖို့မကြိုးစားနဲ့၊ အင်္ဂလိပ် ဂျာဘားကို အမြန်ပြန်ပြီး မင်းမေမေတို့ကိုကာကွယ်"။

ကျွန်တော် ဖေဖေ့ထံမှပြန်ထွက်လာခဲ့သည်။ တံခါးမကြီးနောက်တွင် ကျောက်တုံး လှေကား ကျဉ်းကျဉ်းကလေးတစ်ခုတွေ့ရသည်။ လှေကားအတိုင်း တက်လာခဲ့ရာ အခန်း ကလေးတစ်ခုထဲ ရောက်လာသည်။ ရုပ်ရှင်ပြစက်ခန်းကလေး ဖြစ်သည်။ ဆလိုက်မီး ထိုးသော အပေါက်ကလေးမှ ရှုံထဲကြည့်လိုက်သောအခါ အတွင်းခန်းမကြီးတစ်ခုလုံးကို ကောင်းစွာမြင်ရသည်။

ထို့ပြင် ရင်ပြင်ဘက်သို့ဖွင့်ထားသော ပြတင်းပေါက်တစ်ပေါက်လည်း ရှိသည်။ ပြတင်းပေါက်မှ အပြင်သို့လှမ်းကြည့်လိုက်သောအခါ ဂျမီလ်နှင့် သူ့တပ်သားများကို မြင် ရသည်။ ဒုက္ခသည်စခန်းများတွင် စိုက်ပျိုးခဲ့သော အမုန်းမျိုးစေ့ကို ယခု ဘက်သလီဟက် အစည်းအဝေးသို့လည်း ဂျမီလ်တို့အုပ်စုက သယ်ယူလာသည်ကို ထင်ရှားစွာမြင်နိုင်သည်။ အကယ်၍သာ ဖေဖေမျှော်လင့်သလိုဖြစ်မလာလျှင် အနာဂတ်တွင် ဘယ်လိုဖန်တီးလာ လိမ့်မည်ဆိုသည်ကို ကြိုတင်ပြောရန် မဖြစ်နိုင်ပါ။

'ညီတော် နောင်တော်များခင်ဗျား၊ ကျေးဇူးပြု၍ နားဆင်ကြပါခင်ဗျာ" ရှိတ်အာမက်တာဂျီ၏ အသံ ပေါ်ထွက်လာသည်။

"လူဟာ တစ်ယောက်တည်းရှိနေလျှင် ဝံပုလွေစာမိသွားတတ်ပါတယ်၊ လက်တစ် ဖက်တည်းနဲ့လဲ လက်ခုပ်တီးလို့မရနိုင်ပါဘူး။ ဒီသဘောတရားကို ကျွန်တော်တို့တစ်တွေ ကောင်းစွာ သိနားလည်ကြတဲ့အတွက် ကျွန်တော်တို့ညီတော်နောင်တော်တစ်တွေ အခုလို ဒီနေရာကို စုဝေးရောက်ရှိလာကြခြင်း ဖြစ်ပါတယ်၊ ရန်သူကို မုန်းတီးခြင်းနဲ့ ကလဲ့စားချေခြင်းဟာ မြင့်မြတ်တယ်၊ သို့သော်လည်း အကြောင်းမညီညွတ်တဲ့အတွက် ကျွန်တော်တို့လုပ်ငန်းဟာ နှောင့်နှေးနေခဲ့ရခြင်း ဖြစ်ပါတယ် ကျွန်တော်တို့ဟာ ဂျူးတွေကပြန်ခေါ်တဲ့အတွက် ကျွန်တော်တို့ဒေသကို ပြန်သွားကြမှာ မဟုတ်ပါဘူး။ သူတို့ပြန်ခေါ်လို့ ကျွန်တော်တို့ မသွားပါဘူး၊ သူတို့က

ကျောင်း ဆေးရုံတွေနဲ့ ဖြားယောင်းလို့ ကျွန်တော်တို့ မသွားပါဘူး၊ ကျွန်တော်တို့ကို အဲဒီလို လာဘ်ထိုးဖြားယောင်းပေမယ့် ကျွန်တော်တို့က လုံးဝအောက်ကျို့မခံပါဘူး၊ .. ကျွန်တော်တို့ဟာ ရန်သူကို ပြန်ပြီး ကလဲ့စားချေနိုင်ဖို့အတွက်သာ ကိုယ့်နယ်မြေ ကိုယ့်ဒေသကို ပြန်ကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ အင်အားပြည့် အောင် စုစည်းပြီးတော့မှ ရန်သူကို အလဲထိုးလက်စားချေကြမှာ ဖြစ်ပါတယ်”)

ရှိတ်အာမက်တာဂျီ၏ မိန့်ခွန်းက ကျိုးကြောင်းယုတ္တိမရှိသော်လည်း ဆွဲဆောင်အား တော့ အပြည့်ရှိသည်။ “ညီတော်နောင်တော်များခင်ဗျား စိတ်ရှည်ခြင်းဟာ သမုဒ္ဒရာတွေကို ခြောက်ခန်း နိုင်ပါတယ်၊ တောင်တွေကို ဖြိုဖျက်နိုင်ပါတယ်၊ အလ္လာအရှင်မြတ်ဟာ စိတ်ရှည်ခြင်းသည် ဒါပဲ၊ ဒါကြောင့် စိတ်ရှည်ခြင်းဟာ ဘဝလွတ်မြောက်ရေးအတွက် အဓိကသော့ချက် ဖြစ် တယ်။ ကျွန်တော်တို့ ဒုက္ခသည်တွေဟာ ကျွန်တော်တို့ရဲ့ မြင့်မြတ်တဲ့မြေပေါ်မှာ ပြန် နေထိုင်နိုင်အောင် ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ပြန်လည်ပြုပြင်ကြရပါလိမ့်မယ်”

“ဒါမှသာလျှင် ကျွန်တော်တို့ဟာ လိုအပ်တဲ့အလုပ်၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကို လုပ်နိုင်ကြပါလိမ့်မယ်၊ ဒါကြောင့်မို့ ကျွန်တော်တို့အားလုံး ကိုယ့်ရပ်ရွာကိုယ့်ဒေသကို ပြန်ကြပါစို့၊ အနာဂတ်တိုက်ပွဲအတွက် အဆင်သင့်ပြင်ဆင်ကြပါစို့ “

သူ့စကားက အဆက်အစပ်မရှိသော်လည်း ကြားရသူများအတွက်တော့ အားတက် သည်။

“ကျွန်တော်တို့ဟာ ကံဆိုးတဲ့ဒုက္ခသည်တွေဖြစ်ပါတယ်၊ ကံဆိုးခြင်းဟာ လူတစ် ယောက်ကို နိမ့်ကျစေပါတယ်၊ နိမ့်ကျတဲ့လူတစ်ယောက်ကို လူတိုင်းက နင်းခြေချင်ကြတယ်။ ကွန်တော်တို့ဟာ လူစဉ်မမီ သူချင်းမမျှတဲ့ဘဝကို ရောက်နေကြရတယ်၊ ကျွန်တော်တို့ဟာ စားရမဲ့ သောက်ရမဲ့ဘဝကို ရောက်နေကြရပါတယ်၊ အစားတစ်လုတ်အတွက် အချင်းချင်း ရန်ဖြစ်နေကြရပါတယ်၊ ဝတ်မွတ်ဆင်းရဲခြင်းကြောင့် ကျွန်တော်တို့တစ်တွေ စိတ်ဆင်းရဲနေ ကြရပါတယ်၊ စိတ်တိုပြီး ဒေါသထွက်နေကြရပါတယ်။

"အို .. ညီတော်နောင်တော်အပေါင်းတို့၊ ရန်သူကို သွားဖြိုပြကြပါ၊ ဒါမှ သူတို့က ကျွန်တော်တို့ကို ကြောက်ကြလိမ့်မယ်၊ သူတို့က ကျွန်တော်တို့ကို ပါးစပ်ထဲမှာငုံထားကြ တယ်။ ဒါပေမဲ့ မျိုးလို့တော့မချနိုင်ပါဘူး၊ ကျွန်တော်တို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ အချင်းချင်းနားလည်ကြပါတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ဟာ တစ်အူတုံဆင်း ညီအစ်ကိုအရင်းအချာပမာ ဖြစ်လို့ပါပဲ၊ ညီတော်နောင်တော်များခံစားနေရသလို ကျွန်တော် လည်း အလားတူခံစားနေရတာပါပဲ၊ ဒီဘဝဆိုးကြီးအတွက် ကျွန်တော်တို့မှာ ဘာအကာ အကွယ်မှ မရှိကြဘူး၊

"..ဒါပေမဲ့ ဘဝရဲ့ချိုမြိန်တဲ့အရသာကို ခံစားဖူးတဲ့ ကျွန်တော်တို့ဟာ ဘဝရဲ့ သီးတဲ့အရသာကို ခံစားဖူးရမှာပါပဲ၊ စိတ်ချမ်းသာမှုနဲ့အတူ စိတ်ဆင်းရဲခြင်းဆိုတာ အမြဲတမ်း ကပ်ပါလာတယ်၊ စိတ်ချမ်းသာမှုနဲ့ စိတ်ဆင်းရဲမှုကို အချိန်ကာလအားဖြင့်သာလျှင် ခွဲထုတ်နိုင်ပါတယ်၊ ညီတော်နောင်တော်များ ခင်ဗျား .. ဒီအချိန်ဟာ ကျွန်တော်တို့အတွက် သမိုင်းသစ်ရေးထိုးရမယ့်အချိန် ဖြစ်ပါတယ်၊ ဒါကြောင့်မို့ ခါးသီးတဲ့အရသာကို ခံစားကြပါ၊ ဒါမှသာ ချိုမြိန်တဲ့ အရသာရဲ့ တန်ဖိုးကို သိနိုင်ကြပါလိမ့်မယ်" ။

ညီလာခံတစ်ခုလုံး လက်ခုပ်သံများဖြင့် ပွက်ပွက်ညံသွားသည်။

ချားမန်းသည် စကားပြောခုံနောက်တွင် ရပ်လိုက်သည်။ သူ့ပုံပန်းက ရှိတ်အာမက် ဟာဂျီနှင့် လုံးဝဆန့်ကျင်ဘက် ဖြစ်သည်။ ကိုယ်ခန္ဓာက ပိန်ပိန်သေးသေး ဝတ်ထား သည့် အနောက်တိုင်းဝတ်စုံက ခေါက်ရိုးကြေပြီး ဟောင်းနွမ်းနေပြီ။ သူက စာမျက်နှာ အများကြီးပါလာသော အစီရင်ခံစာထူထူကြီးကို လှန်ပြီးဖတ်သည်။ သူ့အသံက လေယူ လေသိမ်းမပါ။ တစ်သံတည်းဖြစ်နေသည်။ သို့သော် စကားလုံးတွေကတော့ သင်တုန်း ခေးသွားလို ထက်သည်။

သူ့အစီရင်ခံစာမှာ ကျွန်တော်တို့ စစ်ပြေးဒုက္ခသည်ဘဝသို့ ရောက်လာကြရပုံ) အခြေအနေမျိုးစုံကို သုံးသပ်တင်ပြချက်ဖြစ်သည်။ ကျွန်တော်တို့ တစ်သက်တာတွင် ဤသို့သောအစီရင်ခံစာမျိုးကို ပထမဆုံးအကြိမ် နားထောင်ကြရခြင်းပင် ဖြစ်သည်။

ပရိသတ်သည် တုတ်တုတ်မလှုပ်ပဲ ပါးစပ်ဟောင်းလောင်းဖြင့် ငြိမ်သက်စွာ

ထောင်နေသည်။

"ကျွန်တော်တို့ အခုကြုံနေရတဲ့ဒုက္ခဟာ အာရပ်ခေါင်းဆောင်တွေရဲ့ လုပ်ရပ်ကြောင့် ဖြစ်တယ်၊ ဒါကြောင့် ကျွန်တော်တို့ရဲ့ ပြဿနာအားလုံးကို သူတို့ကတာဝန်ယူပြီး ရှင် ပေးရမယ်၊ သေနတ်တစ်ချက်တောင် မဖောက်ခင် ထွက်ပြေးသွားကြတဲ့ ပါလက်စတိုင် သူဌေးတွေနဲ့ ကျွန်တော်တို့ကို ခေးမိုးအုပ်ချုပ်ဖို့ကြိုးစားတဲ့ မဟာမင်းကြီးတို့ဟာ လုံး အားကိုးစရာမရှိတဲ့ အလကားလူတွေပဲ။

သူတို့ကပြောတယ် 'ညီတော်နောင်တော်တို့ ခင်ဗျားတို့အကျိုးအတွက် ကျပ် လုပ်နေကြတယ်၊ အောင်ပွဲက လက်တစ်ကမ်းကိုရောက်နေပြီတဲ့၊ တကယ်တော့ သူတို့ ပြောသလို လုံးဝမဟုတ်ဘူး၊ ဒီလူတွေ အလကားညာပြောနေတာပါ၊ ဒီလူတွေ ကို ညာခဲ့ပေါင်းများလှပြီ"

ပရိသတ်များ သဘောကျသောကြောင့် တစ်ယောက်တစ်ပေါက်နှင့် ရုတ်ရုတ်သဲ ဖြစ်သွားသည်။ ချားမန်းက ဆက်ပြောသည်။

"ဒီဃာယက်ဆင်ရွာ သတ်ဖြတ်မှုဟာ တကယ့်အဖြစ်ထက် ပိုပြီး ပုံကြီးချဲ့ ပြောတဲ့ဖြစ်ရပ်ပါ၊ အလားတူပဲ ဂျူးတွေရဲ့ ရက်စက်မှုဆိုတာလည်း အလကား ညာပြော တာပဲ၊ ဟ် ဒီအထဲက ကိုယ့်မိန်းမအစော်ကားခံရပြီး ကလေးကိုအရှင်လတ်လတ် ရေတွင် ထဲပစ်ချခံရတဲ့ လူတစ်ယောက်ရှိလျှင် ကျွန်တော့်ဆီလာပြီး တိုးတိုးကလေးပြောပြစမ်း တကယ်တော့ ဒါတွေဟာ လုံးဝမမှန်ပါဘူး၊ သက်သက်မဲ့ လိမ်ညာပြောတဲ့သတင်းတွေပါ။

"... လောလောဆယ် အစ္စရေးနိုင်ငံထဲမှာ နေကျန်ရစ်တဲ့ ကျွန်တော်တို့ အာရပ်လူ တစ်သိန်းခွဲလောက်သာ ဂျူးတွေနဲ့ ငြိမ်းချမ်းစွာ ဆက်ဆံနေထိုင်ကြတာ လူတိုင်းအသိပါ။ ဖြစ်ရပ်မှန်ကတော့ ရှင်းနေပါတယ်၊ အစ္စရေးနိုင်ငံထဲမှာ နေကျန်ရစ်တဲ့ အာရပ်လူမျိုးမှန်သမျှ ဂျူးတွေက သတ်ပစ်လိမ့်မယ်ဆိုပြီး အာရပ်ခေါင်းဆောင်တွေက တမင်ဝါဒဖြန့်နေတာ ပရိသတ်အချို့ ထိုင်ရာမှထ၍ အော်ပြောကြသည်။ "မစ္စတာချားမန်းပြောတာ မှန်တယ်"

"ကျုပ်တို့ တမင်သက်သက် အညာခံရတာပဲ"

”သစ္စာဖောက်ခေါင်းဆောင်တွေ ကျဆုံးပါစေ”

”လူညာတွေ သေချင်းဆိုးနဲ့ သေပါစေ”

ချားမန်းက ပရိသတ်ငြိမ်သွားအောင် လက်ဝါးကာပြလိုက်ပြီးနောက် ဆက်သည်။

“တကယ်တော့ ဒီလူတွေက ကျွန်တော်တို့ကို အနိုင်ကျင့်ပြီး စစ်ကြီးထဲ ပစ်သွင်းလိုက်ကြတာ၊ ကျွန်တော်တို့ဟာ ဘာမှပြင်ဆင်မှုမရှိဘဲ ဒီစစ်ကြီးထဲကို ဝင်ရောက် လာကြတာ၊ ဒီစစ်ဟာ ကျွန်တော်တို့အတွက် လုံးဝမလိုအပ်ပါဘူး၊ ဒီစစ်ကြီးကြောင့် ကျွန်တော်တို့ လယ်ယာလုပ်ငန်းတွေပျက်စီးကုန်တယ်၊ လူတွေ အလုပ်လက်မဲ့ ဖြစ်ကုန် တယ်၊ မှောင်ခိုစီးပွားရေးလုပ်ငန်းတွေ ပေါ်ပေါက်လာတယ်၊ ငတ်မွတ်ခေါင်းပါးခြင်းကပ် ဆိုက်လာရတယ်၊ ကိုယ့်ရွာကိုယ့်ဒေသကို စွန့်ခွာထွက်ပြေးလာကြရတယ်၊ ဖြ

”.. တစ်ချိန်က ကျွန်တော်တို့ရဲ့ တပ်မတော်က အစ္စရေးနယ်စပ်ကို ထိုးဖောက်ပြီး သူတို့ရဲ့ ဘုံရိပ်သာတွေကို တိုက်ခိုက်လုယက်ခဲ့ကြတယ်၊ ဂျူးတွေဟာ သူတို့ကိုရန်ပြုလာတဲ့ အာရပ်တွေကို ပြန်လည်ခုခံဖို့မရည်ရွယ်ခဲ့ပါဘူး၊ တကယ်လို့ ကျွန်တော့်ဘက်က စစ်နိုင်လျှင် တွေကို မျိုးပြုတ်အောင်မသတ်ဘူးလို့ ဘယ်သူပြောနိုင်သလဲ”

ပရိသတ်ထဲတွင် တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုရင်း ရုတ်ရုတ်သဲသဲ ဖြစ် သွားပြန်သည်။ "မန်းက အသံမြှင့်၍ထပ်ပြောသည်။

“ကျွန်တော်တို့ကို ဂျူးတွေက ဒုက္ခပေးတာနဲ့ အာရပ်တွေက ဒုက္ခပေးတာလည်း နိုင်းယှဉ်ကြည့်စမ်းပါ၊ ဆီးရီးယားကဒုက္ခသည်စခန်းတွေမှာ ကျန်းမာရေးအတွက် ရေမြောင်း ငါ့ အိမ်သာတို့ လုံးဝမလုပ်ပေးပါဘူး၊ အဝတ်အထည်ဝေငှတာ လုံးဝမရှိဘူး၊ ကျွေးမွေး ကလည်း သူတို့ကျွေးတာမဟုတ်ဘူး၊ နိုင်ငံတကာက လှူတဲ့အစားအစာကို ကျွေးတာပါ။

... ဆီးရီးယားမှာ ဘယ်ပါလက်စတိုင်းလူမျိုးမှ ကိုယ်နေထိုင်တဲ့ စခန်းအပြင်ကို ထွက်လို့မရပါဘူး၊ ကျွန်တော်တို့ ပါလက်စတိုင်းလူမျိုး ရာပေါင်းများစွာကို မတရားဖမ်းဆီး အမှုမစစ်ဘဲ ထောင်ထဲသွားထားကြပါတယ်၊

ဒုက္ခသည်တွေက အခွင့်အရေးတောင်း အတွက် စည်းရုံးလှုံ့ဆော်ပြန်တော့လဲ ရက်ရက်စက်စက် ဖိနှိပ်ဖြိုခွဲပစ်ကြတယ်”

“.. ပြီးတော့ လက်ဘနွန်သားတွေဆိုပြန်တော့လည်း ပိုက်ဆံချမ်းသာတဲ့ ကျွန်တော်တို့လူမျိုးတွေကို လှည့်ဖြားပြီး လိမ်ညာစားနေကြတယ်၊ ကျွန်တော်တို့ သူဌေး တွေကလည်း ဂုဏ်သိက္ခာကို ပိုက်ဆံနဲ့ဝယ်ယူနေကြတယ်၊ ဒါပေမဲ့ သူတို့နေထိုင်ရတဲ့ အခန်းအဆောက်အုံတွေဟာ ကျွန်တော်တို့ရဲ့ ကြွက်သိုက်စခန်းတွေထက် ပိုပြီးမသာပါဘူး၊ လခြမ်းနီအသင်းကပေးတဲ့ ပစ္စည်းတွေကို ဘယ်နေရာမှာရနိုင်တယ်မှတ်သလဲ၊ ဘေရွတ်မြို့ ထဲက လမ်းတကာမှာ ပြောင်းရောင်းနေကြတယ်၊ ...လက်ဘနွန်နိုင်ငံသားတွေက ကျွန်တော်တို့အပေါ်မှာ သိပ်ပြီး စေတနာထားပါ တယ်၊ သူတို့က ကျွန်တော်တို့လူမျိုးတွေကို အလုပ်ပေးပါတယ်၊ ဘယ်လိုလူတွေကိုပေး ကလဲ ၊ အရွယ်မရောက်သေးတဲ့ ကလေးတွေကိုသာပေးတာပါ၊ ဘာအလုပ်တွေကို ပေး ကာလ် ၊ လမ်းပေါ်မှာတံမြက်လှည်းတဲ့အလုပ်၊ လက်ဖက်ရည်ဆိုင်တွေမှာ ပန်းကန်ဆေးတဲ့ အလုပ်၊ မိလ္လာကျုံးတဲ့ အလုပ်တွေကိုသာပေးတာပါ၊ '... ဒါပေမဲ့ ပါလက်စတိုင်းလူမျိုး ကလေးသူငယ်တွေကို စာသင်ခွင့် ကျောင်းတက် ခွင့်တော့ လုံးဝမပေးပါဘူး၊ ပြီးတော့ လက်ဘနွန်သားတွေက ကျွန်တော်တို့အပေါ်မှာ ဘယ်လောက်အထိ စေတနာသဒ္ဓါတရား ကောင်းကြသလဲဆိုလျှင် ဒုက္ခသည်စခန်းမှာ ချင်တဲ့သူတွေကို အပြင်ထွက်ပြီး အိမ်ခန်းငှားရမ်းနေထိုင်ခွင့် ပြုပါတယ်၊ အိမ်ခန်းခကျတော့ သူတို့လူမျိုးကို ငှားရမ်းတာထက် နှစ်ဆပိုပြီးယူပါတယ်၊

”... ဒုက္ခသည်စခန်းပေါင်း တော်တော်များများမှာ သောက်ရေကလည်း ရှားရှားပါးပါး ရှိသလို၊ ရေဝယ်သောက်နေရလို့ ဒုက္ခသည်တွေခများမှာ ရှိစုမဲ့စု နောက်ဆုံးပိုက်ဆံကလေးတွေ ပြောင်တလင်းခါကုန်ကြပြီ၊ ဟောဒီမှာ မိတ်ဆွေတို့ ..
“လက်ဘနွန်ဒုက္ခသည်များကော်မတီ'က ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်ပါတယ်”

သူက ကြေညာစာရွက်ကို အပေါ်မြှောက်ပြရင်း

”သူတို့က သူတို့ အခုလိုဒုက္ခခံနေကြရတဲ့အတွက် ဂျေရုဆလင်မဟာမင်းကြီးနဲ့ အာရပ်ခေါင်းဆောင်တွေကို အပြစ်တင်ထားပါတယ်၊ သူတို့က ဂျူးတွေကို လုံးဝအပြစ် မတင်ကြပါဘူး၊ ကျွန်တော်တို့ အာရပ်လူမျိုးတွေကိုသာ အပြစ်တင်ကြပါတယ်၊ ဒီကြေညာ စာရွက်ကို ဖတ်ကြည့်ကြပါ၊ ဖတ်ပြီး ငိုကြပါမိတ်ဆွေတို့၊ '... ပြီးတော့ ဂျော်ဒန်နိုင်ငံအကြောင်းကို ပြောရဦးမှာလား၊ ဂျော်ဒန်နိုင်ငံမှာ ရှိနေတဲ့ ကျွန်တော်တို့ ညီတော်နောင်တော်ဒုက္ခသည်တွေ ဘယ်လောက်အထိ ဒုက္ခရောက် နေကြတယ်ဆိုတာကို ကျွန်တော်တို့သိကြပါလား မိတ်ဆွေတို့

”အဗ္ဗဒူလာဘုရင် ကျဆုံးပါစေ”

”ဂျော်ဒန်တပ်မတော် ကျဆုံးပါစေ” ပရိသတ်ထဲမှ လူအချို့ ထ၍ ကြွေးကြော်ကြသည်။

“သတိထားကြပါ မိတ်ဆွေတို့၊ သတိထားကြပါ" ချားမန်းက အော်၍ပြောလိုက် သည်။ “ကျွန်တော်တို့ ပရိသတ်တွေထဲမှာ အဗ္ဗဒူလာရဲ့ လူယုံတော် သူလျှိုတွေရှိနေတယ်။ ဒီလူတွေရဲ့ နားရွက်တွေကိုဖြတ်ပြီး အိုးသိပ်ချဉ်ထည့်ထားရမယ်” ။

သူက အစီရင်ခံစာကိုငုံ့ကြည့်ပြီး စာရွက်များကိုလှန်လိုက်သည်။ ပြီးတော့ ပရိသတ် ဘက်ကြည့်၍ ပိုမိုတက်ကြွသောအသံဖြင့် ပြောပြန်သည်။

“ကျွန်တော် အခုဆက်လက်ပြီး အနောက်ဘက်ကမ်းက ပါလက်စတိုင်း ညီအစ် ကိုတော်တွေအကြောင်း ပြောပါ့မယ်၊ ကျွန်တော်တို့ အခုလို တဲစခန်းတွေနဲ့ နေရတာဟာ သူတို့ကြောင့်ဆိုလျှင် မမှားဘူး၊ သူတို့က အိမ်ငှားခတွေကို ခါတိုင်းထက် ငါးဆယ်ရာခိုင်နှုန်း ပိုပြီးတင်ထားကြတယ်၊ ပြီးတော့ လူသေလို့ မြေမြှုပ်ရင်လည်း ပိုက်ဆံပေးရသေးတယ် ဒုက္ခသည်စခန်းတွေကို လခြမ်းနီအသင်းက အလကားဆောက်ပေးထားတာတောင်မှ ကျွန်တော်တို့က အနီးဆုံးမြို့တွေကို မြူနီစပါယ်ခွန်ဆောင်နေကြရတယ်၊ ဒါပေမဲ့ ကျွန်တော် တို့ကို အလုပ်လုပ်ခွင့်မပေးဘူး၊ ကျွန်တော်တို့ကလေးတွေကို ပညာသင်ခွင့်မပြုဘူး၊

”... ကျွန်တော့်စကား မဆုံးသေးပါဘူး၊ အဆိုးထဲက အဆိုးဆုံးဖြစ်ရပ်တွေ

အများကြီး ပြောစရာကျန်ပါသေးတယ်၊ အီဂျစ်တွေအုပ်ချုပ်ထားတဲ့ ဂါဇာကမ်းမြောင်ဒေသ က ဒုက္ခသည်စခန်းတွေနဲ့စာလျှင် ကျွန်တော်တို့စခန်းတွေက နတ်ဗိမာန်လောက် ကောင်း ပါသေးတယ်၊ ဂါဇာကနေပြီး အီဂျစ်ကိုသွားချင်တဲ့ ဒုက္ခသည်တစ်ယောက်ဟာ ခရီးသွား လက်မှတ်ကလေးတစ်စောင် ရဖို့အတွက် ဘယ်လောက်ထိ ဒုက္ခခံရတယ်ဆိုတာ မိတ်ဆွေတို့ သိကြပါသလား၊

”ပထမဆုံး ခရီးသွားခွင့်လက်မှတ်ရဖို့အတွက် သက်ဆိုင်ရာအရာရှိ ဒါဇင်ဝက် လောက်ကို လာဘ်ထိုးရပါတယ်၊ တစ်ခါ နယ်စပ်ရောက်တော့လည်း အကောက်ခွန်က တနင့်တပိုးဆောင်ရသေးတယ်၊ အဲဒီလိုမှမလုပ်ရင် ပါလာသမျှပစ္စည်းတွေကို အီဂျစ်တွေက သိမ်းယူထားလိမ့်မယ်၊ အဲဒါထက်ဆိုးတာက ဒုက္ခသည် လူငယ်လူရွယ်တွေကို ညပိုင်း မှာဝင်ဖမ်းပြီး အီဂျစ်စစ်သင်တန်းပေးပြီး စစ်ပညာရည်မဝသေးဘဲနဲ့ တိုက်ပွဲဝင်ခိုင်းတယ်

”.. ဒါတွင်မကသေးပါဘူး ကျုပ်တို့ ညီတော်နောင်တော်တွေကို အကြောင်းအမျိုးမျိုး နဲ့ဖမ်းဆီးပြီး ထောင်ချသေးတယ်၊ ထောင်ထဲမှာ နှိပ်စက်ခံရလို့ ဘယ်နှစ်ယောက်သေ သွားပြီဆိုတာ ဘယ်သူမှမပြောနိုင်ဘူး၊ အဆုတ်ရောဂါ၊ တိုက်ဖွိုက်ရောဂါ၊ ဝမ်းကိုက် ရောဂါ၊ ကာလဝမ်းရောဂါတွေဖြစ်ပြီး သေတဲ့လူတွေကလဲ တစ်နေ့တည်းမှာပဲ တစ်ရာ ကျော်ရှိတယ်။

'ဂါဇာစခန်းမှာ ဒုက္ခသည်တွေ အခွင့်အရေးရရေးအတွက် လှုပ်ရှား စည်းရုံးမှု တစ်ခုခုလုပ်ရင် ဘယ်လိုဖြစ်လာမယ်ထင်သလဲ၊ အီဂျစ်တွေရဲ့ အမိန့်နဲ့ ဂျေရုဆလင် မဟာ ကြီးက လုပ်ကြံသူများကိုစေလွှတ်လိုက်တယ်၊ စည်းရုံးလှုပ်ရှားတဲ့ ဒုက္ခသည်ခေါင်းဆောင် ကို သတ်ဖြတ်လိုက်ပြီးတဲ့နောက် ဒါမှမဟုတ် ထောင်ထဲသွင်းထားလိုက်ပြီးတဲ့နောက် အချစ်စစ်သားတွေက အဲဒီလူအိမ်ကိုသွားပြီး သူ့အမေ၊ သူ့မယား၊ သူ့အစ်မ၊ ညီမ၊ တွေကို မုဒိမ်းကျင့်ကြတယ်”

” ဒါတော့ လုံးဝမဖြစ်နိုင်ဘူး”

”ချားမန်း အလကားညာပြောတာ”

”ချားမန်း အသေဆိုးနဲ့သေပါစေ”

ပရိသတ်ထဲမှအော်သံများ ပေါ်ထွက်လာသည်။ တချို့က စင်မြင့်ဆီသို့

ကုလား ဆိုင်တွေနှင့် ကိုင်ပေါက်ကြသည်။

ဤတွင် ကျားသစ်လူငယ်များက အင်္ကျီခါင်းထဲမှ ဝှက်ယူလာသော နံပါတ်တုတ် များကိုဆွဲထုတ်ပြီး ဝိုင်းလာကြသည်။ သို့သော်လည်း ပရိသတ်ကိုထိန်းမရသဖြင့် ရုတ်ရုတ် သဲဖြစ်ပြီး အစည်းအဝေးခန်းမထဲမှ ထွက်သွားရန် တံခါးပေါက်များဆီသို့ ပြုတိုးလာ ကြသည်။

ထိုအချိန်တွင် ဖေဖေသည် ရုတ်တရက် ထိုင်ရာမှထသွားပြီး မစ္စတာချားမန်းအား ထက်မောင်းကိုဆွဲကာ ကုလားထိုင်တွင် ပြန်ထိုင်ခိုင်းလိုက်သည်။ ပြီးနောက် ဖေဖေသည် စကားပြောခုံဆီသို့လျှောက်လာပြီး ဝတ်ရုံထဲမှ ခြောက်လုံးပြူးသေနတ်ကိုဆွဲထုတ်လျက် စကားပြောခွက်ရှေ့နားသို့ကပ်၍ တစ်ချက်ပြီးတစ်ချက် ပစ်ဖောက်လိုက်သည်။ သေနတ် သံသည် အမြောက်ပစ်သံကဲ့သို့ နားကွဲမတတ်ဟိန်း၍ ထွက်လာသည်။ ပရိသတ်များ ဝမ်းလျားထိုးမှောက်ပြီး ကာဗာယူလိုက်ကြသည်။

ဖေဖေက တည်ငြိမ်သောအသံဖြင့် ပြောလိုက်သည်။

"ကျေးဇူးပြုပြီး သစ္စာဖောက်တွေကို ဆွဲထုတ်သွားပါ၊ ပြီးတော့ ကျွန်တော်တို့ အစည်းအဝေး ဆက်လက်ပြီးကျင်းပသွားပါ့မယ်"

သူ့စကားကို မည်သူမျှ နားမထောင်ကြ။ ပရိသတ်များ ဝပ်နေရာမှပြန်ထပြီး ရုတ်ရုတ်သဲသဲ ဖြစ်နေကြပြန်သည်။ ဤတွင် ဖေဖေက သေနတ်ကို အချက်ပေါင်းများစွာ ထပ်မံ၍ပစ်ဖောက်လိုက်ပြန်သည်။

"ညီအစ်ကိုတော်များ ခင်ဗျား...... ကျေးဇူးပြု၍ ငြိမ်သက်စွာနားထောင်ကြပါခင်ဗျား။ ကျွန်တော်တို့ အစည်းအဝေး မပြီးသေးပါဘူး၊ ဒီ အစည်းအဝေးဟာ ဒီမိုကရေစီအစည်းအဝေး ဖြစ်ပါတယ်၊ ဒါကြောင့်မို့ ကိုယ့်နေရာမှာ ကိုယ်ပြန်ထိုင်ကြဖို့ မေတ္တာရပ်ခံပါတယ်"

သည်တော့မှ ပရိသတ်များ ပြန်ထိုင်ကြပြီး ခန်းမကြီးတစ်ခုလုံးပြန်လည် ငြိမ်သက် သွားသည်။

"ကျွန်တော်တို့ဟာ အကုသိုလ်အမှုကြီးတစ်ခုကို ကျူးလွန်ခဲ့ကြတယ်"

ဖေဖေက အောင်မြင်သောအသံဖြင့် ပြောလိုက်သည်။

"ကျွန်တော်တို့ဟာ ဂျူးတွေအပေါ်မှာ ရာစုပေါင်း ၁၄ ရာစုလောက် အမုန်းတရားတွေ ပွားလာပြီးတဲ့နောက် ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံးနဲ့ ဂျူးတွေကိုတိုက်ခိုက်ပြီး စစ်ကြီး ဖြစ်အောင် ဖန်တီးခဲ့ကြတယ်၊ ဒီစစ်ပွဲကို ကျွန်တော်တို့သာ မလွဲမသွေ အောင်ပွဲခံရမယ်လို့လည်း ကျွန်တော်တို့ ထင်ခဲ့ကြတယ်၊ .. ဒါပေမဲ့ ကျွန်တော်တို့ထင်သလို ဖြစ်မလာခဲ့ပါဘူး၊ ကျွန်တော်တို့ဟာ ကိုယ့် နိုင်ငံကိုကိုယ် မကာကွယ်နိုင်ခဲ့ကြပါဘူး၊ ကျွန်တော်တို့ကို အာရပ်ခေါင်းဆောင်တွေ လိမ်ညာလှည့်ဖြားခဲ့ကြတယ်၊ အခံရဆုံးကတော့ အနောက်ဘက်ကမ်းက ပါလက်စတိုင်း သားတွေပါပဲ။

"ကျွန်တော်တို့ အာရပ်ဘာသာစကားမှာ 'ကာအစ်'လို့ခေါ်တဲ့ စကားတစ်လုံး ရှိ ပါတယ်" ဖေဖေက စာစောကထက် လေသံပျော့ပျော့ဖြင့် ပြောသည်။ "ဒီစကားလုံးဟာ ကျွန်တော်တို့အတွက် အများကြီးအဓိပ္ပာယ်ရှိပါတယ်၊ သူ့ အဓိပ္ပာယ်က ဘာလဲဆိုတော့ ဘာမှမပြောနဲ့၊ ဘာမှမလုပ်နဲ့၊ ဘာမှမတွေးနဲ့လို့ အဓိပ္ပာယ်ရတယ်၊ ဒါဟာ အကောင်းဆုံး စိတ်ရှည်ခြင်း၊ အကောင်းဆုံးသည်းခံခြင်းပဲလို့ ကျွန်တော်တို့ကယုံကြည်ကြတယ်။ အမှန် ကတော့ ဒါဟာ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ လိမ်ညာနေကြတာပဲ၊ ကိုယ်အပိုင်း ထူတာ ကိုယ်အသုံးမကျတာကို ကြီးကြီးကျယ်ကျယ် ဇာချဲ့ ထားတဲ့ အလကားအတွေးအခေါ် တစ်ရပ်ပဲ၊ ဒီအတွေးအခေါ်ဟာ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ စိတ်ကူးယဉ်မှိုင်းတိုက် ထားတဲ့ အတွေးအခေါ်ပဲ၊ .. ကျွန်တော်တို့ဟာ "ကာအစ်"အတွေးအခေါ်ထဲမှာ နှစ်မျော တွေဝေနေပြီး ကျွန်တော်တို့ ခံစားနေရတဲ့ဒုက္ခကို မေ့နေကြတယ်၊ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့အတွက် အဆင်သင့်မဖြစ်သေးတဲ့စစ်ပွဲမှာ အရှုံးကြီးရှုံးခဲ့ရတယ်၊ နောက်ထပ် ကျွန်တော်တို့ အရှုံး ရဲဦးမှာလား၊ ကျွန်တော်တို့ရဲ့ ကလေးတွေကို ပညာသင်ပေးစရာမလိုဘူး၊ လက်တွေ့ဘဝက သင်ပေးသွားလိမ့်မယ်လို့ ကျွန်တော်တို့ တစ်သက်လုံး ယုံကြည်လာခဲ့ကြတယ်၊ အဲဒီတော့ ကျွန်တော်တို့ရဲ့ ကလေးတွေကို လက်တွေ့ဘဝက ပညာသင်ပေးတာကို မိတ်ဆွေတို့ နောက်ထပ်ကြည့်ချင် မြင်ချင်ကြသေးသလား"

ဖေဖေ့စကားသည် အလွန်ထိရောက်သည်။ ပရိသတ်အားလုံး

တုတ်တုတ်မျှမလှုပ်၊ ငြိမ်သက်စွာနားထောင်နေကြသည်။
ဖေဖေယခုလိုစကားပြောသည်ကို ကျွန်တော် တစ်ကြိမ် မျှ မမြင်ခဲ့ဖူးပါ။ ဖေဖေ ယခုလိုပြောနိုင်ခြင်းမှာ နှစ်ပေါင်းများစွာ တရားထိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ပရိသတ်ကြီးသည် တမန်တော်တစ်ဦး၏ မိန့်ကြားချက်ကို နားထောင်နေရသလို စကားပြောစင်မြင့်သို့သာ တစ်ချိန်လုံးအာရုံစိုက်နေကြသည်။

"ကျွန်တော်တို့ဟာ စိတ်ကူးယဉ်လောကထဲမှာနစ်မျောပြီး ကိုယ့်ကိုယ်ကိုယ် အထင် ကြီးနေကြတယ်၊ အဲဒီလိုအထင်ကြီးနေကြတဲ့အတွက် သူတစ်ပါးဆီက အကူအညီယူမယ့် အစား အသေသာခံမယ်ဆိုပြီး တစ်ယူသန် အစွဲကြီးနေကြတယ်၊ အဲဒီလို ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေရင် အခုလို ဒုက္ခသည်စခန်းတွေမှာ ခွေးလိုဝက်လိုနေကြရတာကို ဘာလို့ သည်းခံနေကြတာလဲ။

... ကျွန်တော်တို့ဟာ အဲဒီလို အဓိပ္ပာယ်မရှိတဲ့ အစွဲအလမ်းတွေကို စွန့်ပစ်ဖို့ အချိန်ရောက်နေပါပြီ၊ လက်စားချေရမှကြေမယ်ဆိုတဲ့ မကောင်းတဲ့စိတ်ထားကို စွန့်ပစ် ကြရမယ်၊ ကိုယ်မိုက်လို့ မှားမိခဲ့တဲ့အမှားကြီးကို ဝန်ခံကြရမယ်၊ အဲဒီလို ကိုယ့်ကိုယ်ကိုယ် ပြန်လည်ပြုပြင်ကြမှသာ ကျွန်တော်တို့ဟာ ကျဉ်းမြောင်းတဲ့ဘဝထဲက လွတ်မြောက်နိုင်မယ်။ ကိုယ့်ဒေသကိုယ့်ရပ်ရွာကို ပြန်ရောက်နိုင်ကြမယ်၊ အဲဒီလိုမှ မဟုတ်ရင်တော့ ကျွန်တော် တို့အားလုံး အစာရေစာပြတ်ပြီး အရိုးပေါ်အရေတင်ဘဝနဲ့ သေကြရလိမ့်မယ်၊

"

ဂျူးတွေကတော့ ၁၉၄၈ ခုနှစ်ကလည်း ထွက်မပြေးခဲ့ကြပါဘူး၊ နောင်လည်း ထွက်ပြေးကြမှာမဟုတ်ဘူး၊ ဂျူးတွေကိုအောင်နိုင်ရေးဆိုတာ အပြောသက်သက်သာ ဖြစ် တယ်၊ လက်တွေ့ အလုပ်မဟုတ်ဘူး၊ ကျွန်တော်တို့ဟာ ဂျူးတွေနဲ့ ရန်ဖြစ်နေလို့ အကျိုးမရှိဘူး၊ ငြိမ်းချမ်းစွာ ဆက်ဆံပေါင်းသင်းသွားနိုင်မှသာ အကျိုးရှိမယ်၊ ဂျူးတွေကိုသတ်လို့ ကျွန်တော် ငါ့အတွက် ဘာအကျိုးအမြတ်မှ ရလာမှာမဟုတ်ဘူး၊ ဂျူးတွေနဲ့ ရိုးသားစွာ ဆွေးနွေးခြင်း လုပ်နိုင်ဖို့ကိစ္စသာလျှင် ကျွန်တော်တို့အတွက် အဓိကအလုပ်ဖြစ်တယ်။ ဒါမှသာ အနောက် ကမ္ဘာနိုင်ငံတွေကလည်း ကျွန်တော်တို့အပေါ် လေးစားလာမယ်၊ ယုံကြည်လာမယ်"

ဖေဖေ စကားပြောပြီးသောအခါ ပရိသတ်ထဲမှ

လက်ခုပ်တီးသူမရှိသလောက်ဖြစ် သည်။ တကယ်တော့ ဖေဖေသည် ရာစုနှစ်ပေါင်းများစွာကပင် အရိုးစွဲလာသော ဂျူမုန်း တီးရေးစိတ်ထားကို တစ်ယောက်တည်း ရေဆန်တိုက်ခိုက်နေခြင်း ဖြစ်သည်။ တစ်ယူသန် သမားအချို့က ဖေဖေ့ကို လုပ်ကြံသတ်ဖြတ်ပစ်မည်ကို ကျွန်တော်တွေးကြောက်မိသည်။ သို့သော် ဖေဖေ၏သတ္တိနှင့် အားမာန်ကို တွေးမိသောအခါ ကျွန်တော် ကြောက်စိတ် ပေသွားသည်။

ထို့နောက် များမန်းကထပ်ပြောသည်။

"အခုအချိန်ကစပြီး ညီလာခံဆုံးဖြတ်ချက်တွေကို မဲဆန္ဒပေးပြီးအတည်ပြုဖို့ ဖြစ်ပါ တယ်၊ ဆုံးဖြတ်ချက်တွေကို ကျွန်တော်ဖတ်ပြပါ့မယ်၊ "စစ်ဘေးအန္တရာယ်ကို အဓိကခံစားရ သူများဖြစ်သော၊ အမှန်တကယ် ကိုယ်စားပြုသော ကိုယ်စားလှယ်များသာလျှင် ဤညီလာခံ သို့ တက်ရောက်ကြခြင်းဖြစ်သည်၊ ကျွန်ုပ်တို့၏ကံကြမ္မာကို ကျွန်ုပ်တို့ကိုယ်တိုင် ဖန်တီးရေး အတွက် ကျွန်ုပ်တို့အားလုံးတွင် တူညီသော ဖွင့်ဟပြောဆိုပိုင်ဆိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့ လေးနက်စွာယုံကြည်သည်။

.. ပါလက်စတိုင်းကို မည်သူပင် အုပ်ချုပ်စေကာမူ ကျွန်ုပ်တို့သည် မိမိတို့သက်ဆိုင် ရာ ကျေးရွာအသီးသီးသို့ ပြန်နိုင်ရေးနှင့် ကျွန်ုပ်တို့၏ လယ်ယာမြေများကို အတိအကျ ပြန်လည်ရရှိရေးအတွက် ဆွေးနွေးညှိနှိုင်းရန် ကျွန်ုပ်တို့အားလုံးက တညီတညွတ်တည်း ဘောင်းဆိုကြသည်။ ကျွန်ုပ်တို့၏ စစ်ပြေးဘဝအဆုံးသတ်ရေးအတွက် အစ္စရေးနိုင်ငံအစိုးရ ၏ ကိုယ်စားလှယ်များနှင့် မျက်နှာချင်းဆိုင်ထိုင်၍ ဆွေးနွေးရန် ကျွန်ုပ်တို့အားလုံး သဘောတူကြသည်။

.. ယခုနွေရာသီနှောင်းပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဖူးရစ်မြို့၌ကျင်းပမည့် "နိုင်ငံ တကာပြဿနာဖြေရှင်းရေးကော်မရှင်"တွင် ကျွန်ုပ်တို့၏ လိုလားချက်များကို တင်ပြနိုင်ရေး အတွက် ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ ရွေးချယ်စေလွှတ်ရန် အားလုံးကသဘောတူကြသည်။ ကိုယ်စားလှယ်အဖွဲ့တွင် ဟာဂျီအီဘရာဟင်၊ မစ္စတာချားမန်းနှင့် ရှိတ်အာမက်တာဂျီတို့ ပါဝင်ကြမည်ဖြစ်သည်" ။

ထို့နောက် ကိုယ်စားလှယ်များက မဲပေးကြသည်။ ကိုယ်စားလှယ်အသီးသီး စင်မြင့်ပေါ်မှစားပွဲသို့ တန်းစီလျှောက်သွားကြပြီး မဲပြားများထုတ်ယူကြရသည်။

ထောက်ခံ မဲပြားက အဖြူရောင်၊ ကန့်ကွက်မဲပြားက အမည်းရောင်။ မဲပေးပြီးနောက် အလှူခံသေတ္တာ ကြီးထဲသို့ ပိုက်ဆံများထည့်ကြသည်။ ဖူးရစ်မြို့သို့စေလွှတ်သည့် ကိုယ်စားလှယ်အဖွဲ့ အတွက် အထွေထွေစရိတ်အဖြစ် ထည့်ဝင်ကြခြင်းဖြစ်သည်။

ညီလာခံခန်းမထဲမှ ကိုယ်စားလှယ်များထွက်သွားပြီးနောက် အလှူခံသေတ္တာထဲမှ ပိုက်ဆံကိုရေတွက်ကြသည်။ ပိုက်ဆံရေတွက်သူများမျက်နှာ ညှိုးသွားကြသည်။ အလှူခံရသည့်ပဲ ပိုက်ဆံမှာ အလွန်နည်းလွန်းသည်။ ကိုယ်စားလှယ် သုံးယောက်အတွက် ခရီးစားရိတ်မင် မလုံလောက်။

"ဒီခရီးအတွက် ဘယ်လောက်ကုန်ကျမယ်ဆိုတာ ဘယ်သူမှ မစဉ်းစားမိကြဘူးလား အသံချဲ့စက်မှ တစ်စုံတစ်ယောက်က ပြောလိုက်သံ ပေါ်ထွက်လာသည်။

"အဲဒါက ဖူးရစ်မှာ ဘယ်လောက်ကြာကြာနေမှာလဲ ဆိုတဲ့အပေါ်မှာ မူတည်တယ် ဖေဖေက ပြောလိုက်သည်။ "ဒေါ်လာသောင်းနဲ့ချီပြီး လိုမှာကတော့သေချာတယ်"

"ကျွန်တော့်အတွက် လေယာဉ်စရိတ်ကိုတော့ ခရစ်ယာန်အသင်းရန်ပုံငွေက ထုတ် ပေးလိုက်မယ်၊ ပြီးတော့ ဖူးရစ်ရောက်တော့လည်း တည်းခိုခန်းအတွက် အပြီးစီစဉ်ပေးမယ် ချားမန်းက ပြောသည်။

"ကျုပ်တို့တော့ ဒုက္ခပါပဲ" ရှိတ်တာဂျီက ညည်းလိုက်သည်။ "ကျုပ်တို့ အားလုံး သူတောင်းစားဘဝ ရောက်နေကြပြီ ။

"မပူပါနဲ့ အလ္လာအရှင်မြတ်က တစ်နည်းနည်းနဲ့ စောင်မပါလိမ့်မယ်" ဖေဖေက နှစ်သိမ့်သည်။ "အလ္လာအရှင်မြတ်က ကျုပ်တို့ဒုက္ခကို မြင်မယ်မထင်ပါဘူး" ရှိတ်တဂျီက ပြောသည်။

"အလ္လာအရှင်မြတ်က ကျွန်တော်တို့ကို စောင်မအောင် ကျွန်တော်ကြိုးစားပါ့မယ် လျှို့ဝှက်ရန်ပုံငွေရှိနေတယ်ဆိုတာ ကျွန်တော်သိထားပါတယ်၊ ဒီအတွက်တော့ မင်း ပါနဲ့"

ဖေဖေက ပြန်ပြောလိုက်သည်။

ကျွန်တော် စက်ခန်းထဲမှ ပြန်ထွက်မလို့လုပ်တော့ အခြေအနေအားလုံး ဖြန်း ပြောင်းလဲသွားသည်။ ဝီစီမှုတ်သံများ၊ စစ်မိန့်ပေးသံများနှင့် ပြေးသံလွှားသံများ ရုတ်တရက် ပေါ်ထွက်လာသည်။

ကျွန်တော်သည် ပြတင်းပေါက်သို့ ကမန်းကတန်းပြေးသွားပြီး အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ဂျော်ဒန်စစ်သားများသည် အရပ်လေးမျက်နှာမှ ထွက်ပေါ်လာကြပြီး ကျားသစ်လုပ် များနှင့် လက်ပတ်နီပတ်ထားသော အခြားလူငယ်အဖွဲ့ဝင်များအား ဆွဲလားရမ်းလားဖြင့် ရိုက်နှက်ဖမ်းဆီးနေကြသည်။ ကျွန်တော့်အစ်ကို ဂျမီလ်ကိုလည်း ဂျော်ဒန်စစ်သားလေး ယောက်က အတင်းဆွဲယူသွားပြီး ဘုရားရှိခိုးကျောင်းရှေ့တွင် ရပ်ထားသော ထရပ်ကာ တစ်ဒါဇင်ခန့်အနက်မှ တစ်စီးပေါ်သို့ ပစ်တင်လိုက်ကြသည်။

ဖေဖေ၊ ရှိတ်တာဂျီနှင့် များမန်းတို့သည် ရုပ်ရှင်ရုံထဲမှ ပြေးထွက်လာကြသည်။ စစ်သားခြောက်ယောက်တို့က ဖေဖေတို့သုံးယောက်အား သေနတ်ပြောင်းဝနှင့်တော့လျက် ခေါ်ယူသွားကြသည်။

ဤကား ... ကျွန်တော်နောက်ဆုံးမြင်လိုက်ရသော မြင်ကွင်းပင်တည်း။

အခန်း (၁၁)

ဗိုလ်မှူးကြီး ဖရစ်ဇီယတ်၏ “မင်ဂျာရင်ပြင်လူဖမ်းပွဲ”သည် ချောမောအောင်မြင်စွာ ပြီးဆုံးသွားသည်။ စာရင်းချုပ်လိုက်သောအခါ သီးခြား ဒုက္ခသည်စခန်းဆယ်ခုမှ ကျားသစ် သူငယ်များနှင့် ၎င်းတို့၏ မဟာမိတ်လူငယ်ဂိုဏ်းသားပေါင်း ငါးဆယ့်နှစ်ယောက်တိတိ အဆီးမိသည်။ ဤလုပ်ရပ်သည် ဇူးရစ်ညီလာခံတွင် ပြဿနာပေါ်စေရန် အားကောင်းသော ဆပ်တစ်ချောင်း ရိုက်သွင်းခြင်းပင် ဖြစ်သည်။

စစ်သားတစ်ယောက်သည် ဗိုလ်မှူးကြီးဇီယတ်၏ ရုံးခန်းထဲသို့ဝင်လာပြီး လုံခြုံရေး တပ်ဝတွင် ဟာဂျီအီဘရာဟင် ရောက်ရှိနေကြောင်း သတင်းပို့သည်။

ဗိုလ်မှူးကြီးသည် သူ့အင်္ကျီရင်ဘတ်တွင် ဂုဏ်ထူးဆောင်တံဆိပ်များကို အပြည့်အစုံ ထပ်လိုက်ပြီးနောက် ကိုယ်လုံးပေါ်မှန်ထဲတွင် သူ့ရုပ်သွင်ကိုသူ ကြည့်လိုက်သည်။ ပြီးနောက် သူ့ကိုယ်သူ ကျေနပ်သွားဟန်ဖြင့် စားပွဲနောက်မှ ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။

"သူ့ကို ခေါ်လာခဲ့"

ဟာဂျီအီဘရာဟင် ဝင်လာသည်။ ဗိုလ်မှူးကြီးက ကုလားထိုင်မှထ၍ ဧည့်သည်ကို နေရာပေးသည်။ ပြီးတော့ ကော်ဖီလှမ်းမှာလိုက်သည်။ ရင်ဆိုင်ရမယ့် အခြေအနေကတော့ မလွယ်ဘူးဟု ဟာဂျီအီဘရာဟင်က တွေးလိုက်မိသည်။

"ရှိတ်တာဂျီနဲ့ ချားမန်းတို့ ဘယ်ရောက်နေကြသလဲ" ဟာဂျီအီဘရာဟင်က မေးလိုက်သည်။ 'သူတို့ကို တောင်းပန်ပြီး ပြန်လွှတ်လိုက်ပြီ"

"ဒါဖြင့် ကျုပ်သား ဂျမီလ်ရော ဘယ်မှာရှိသလဲ"

"သူ့ကိုလုံခြုံရေးအတွက် လောလောဆယ်ထိန်းသိမ်းထားတယ်၊ သူနဲ့အတူ တခြား လူငယ်တွေလည်းပါတယ်"

ဗိုလ်မှူးကြီးက စားပွဲပေါ်မှာ စာရွက်တစ်ရွက်ကိုစောင်းကြည့်ရင်း ... "အားလုံးပေါင်း ငါးဆယ့်နှစ်ယောက်ရှိပါတယ်"

"ဒါဟာ တမင်သက်သက် နှောင့်ယှက်တာပဲ၊ ဗိုလ်မှူးကြီးက ဒုက္ခသည် စခန်းတွေမှာ ဆူဆူပူပူ ဖြစ်စေချင်လို့လား

"ခင်ဗျားတို့က မြှောက်မပေးလျှင် ဘာမှမဖြစ်နိုင်ပါဘူး၊ ဒီကလေးတွေကို ထိန်းသိမ်း ထားရင် ခင်ဗျားတို့ကလည်း ဘယ်လိုမှမြှောက်ပေးလို့မရပါဘူး"

"ဒါဆို သူတို့ကို ထိန်းသိမ်းထားတာက လုံခြုံရေးအတွက်ပေါ့ဟုတ်လား"

"ဟုတ်ပါတယ် လုံခြုံရေးအတွက်ပါ"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး နိုင်ငံခြားသတင်းစာတွေက ဘုရင်မင်းမြတ်အပေါ်သွားမှာ မဟုတ်ဘူးဆိုတာ ဗိုလ်မှူးကြီးသိပါတယ်"

"ကျုပ်က ပိုပြီးအဆင်ပြေမယ့်နည်းလမ်းကိုတင်ပြတော့ ခင်ဗျားတို့ သုံးယောက် လက်မခံဘူး၊ ဒီအစည်းအဝေးကို တမင်ဖန်တီးကြတယ်၊ နိုင်ငံခြားသတင်းစာဆရာတွေ ကို တမင်ဖိတ်တယ်၊ ဒါပေမဲ့ကိစ္စမရှိပါဘူး၊ ကျုပ်တို့က ဒီကိစ္စနဲ့ပတ်သက်ပြီး အသေးစိတ် ရှင်းလင်းချက် ထုတ်ပြန်လိုက်ပြီးပါပြီ"

သူက အီဘရာဟင်အား စာရွက်တစ်ရွက် ကမ်းပေးသည်။ "ကျုပ်မှ အင်္ဂလိပ်စာမဖတ်တတ်တာ"

'ဒါဆို နားထောင် ကျုပ်ဖတ်ပြမယ်၊ "ယနေ့ဖမ်းဆီးမှုသည် ဘုရင်အဗ္ဗဒူလာ ဂျော်ဒန်အာဏာပိုင်များအား နည်းအမျိုးမျိုးဖြင့် အနှောင့်အယှက်ပေးနေခြင်းကို လပေါင်း များစွာ စုံစမ်းထောက်လှမ်းပြီးနောက် တရားဥပဒေအရ အရေးယူလိုက်ခြင်းဖြစ်သည်။ ရမ်းကားသော လူငယ်တစ်စုသည် လူကြီးအချို့၏ သွေးထိုးမြှောက်ပေးမှုကြောင့် ဒုက္ခသည် စခန်းများတွင် ဆူပူသောင်းကျန်းခဲ့ကြသည်။ ၎င်းတို့သည် ဆူပူသောင်းကျန်းရုံသာမက တရားဥပဒေကိုဖောက်ဖျက်သော မှောင်ခိုမှု၊ ခိုးမှု၊ ငွေညှစ်မှု၊ လုယက်မှု စသည့် စသည့် ပြစ်မှုမျိုးစုံကိုလဲ ကျူးလွန်ခဲ့ကြသည်"

"အဲဒီပြစ်မှုတွေကို အနောက်ဘက်ကမ်းက ဂျော်ဒန်အစိုးရအရာရှိတွေလည်း ကျူးလွန်နေကြတယ်ဆိုတာ နိုင်ငံခြားသတင်းစာတွေက အချိန်မရွေး ဖွင့်ချနိုင်ပါတယ်။ အဲဒီလူတွေကို ဂျော်ဒန်စစ်တပ်ကလည်း အကူအညီပေးနေတယ်"

ဗိုလ်မှူးကြီးဇီယတ်သည် ကုလားထိုင်တွင် နောက်မှီထိုင်လိုက်ပြီးနောက် လက်တစ် ဖက်ကိုမြှောက်ရင်း

"ခင်ဗျားကို ကျုပ်ပြောချင်တာလည်း ဒီကိစ္စပဲ ဟာဂျီအီဘရာဟင်၊ နာဗလူးက ကွယ်လွန်သူ ကလိုဗစ်ဘက်ရှားရဲ့ အိမ်မှာ ခင်ဗျားနဲ့ကျုပ်တို့ ပထမဆုံးအကြိမ် ဆုံကြတာ ကို ကျုပ်ပြန်ပြီး သတိရမိတယ်၊ အဲဒီတုန်းက ခင်ဗျားဟာ အလွန်ထက်မြက်တဲ့ ပုဂ္ဂိုလ် တစ်ယောက်ဆိုတာ ကျုပ်ကောက်ချက်ချခဲ့တယ်၊ ဒါပေမဲ့နောက်ပိုင်းမှာ ခင်ဗျား ကျုပ်ကို အနှောင့်အယှက်ပေးတာ သုံးကြိမ်တိတိရှိပြီ၊ အခုထက်ထိ ကျုပ်သည်းခံနိုင်သေးပေမယ့် ကြာရင်တော့ မလွယ်ဘူးထင်တယ် ဟာဂျီအီဘရာဟင်"

“အဲဒီတော့ ကျုပ်တို့ပါးစပ်တွေပိတ်သွားပြီး ကျုပ်တို့ခံစားချက်တွေ မြုံသွားအောင် လို့ ဗိုလ်မှူးကြီးက ကလေးတွေကို ထိန်းသိမ်းထားတယ်ဆိုပါတော့”

“ဒီစကားသိပ်မှန်ပါတယ်၊ ဟုတ်ပါတယ်၊ သူတို့ကို အခြေအနေအရ ထိန်းသိမ်းထား တာပါ။ မကြာခင်မှာသူတို့လုပ်ရပ်တွေကို စစ်ဆေးမယ်၊ တရားခွင်ကိုတင်ပြီး စစ်ဆေးချင် လည်း စစ်ဆေးမယ်၊ တရားခွင်ကို တင်ချင်မှလည်းတင်မယ်၊ ဒါတော့ အခြေအနေအရT

”ဖူးရစ်ညီလာခံက ပေါ်ထွက်လာတဲ့ ဆုံးဖြတ်ချက်တွေပေါ်မှာ တည့်တယ်ဆိုပါတော့ ။

”ဒါလဲ မှန်သင့်သလောက်မှန်ပါတယ်၊ ဒါပေမဲ့ အခုတောင်မှ တချို့က သူတို့လုပ်ရပ် ကို ဖြောင့်ချက်ပေးကြပြီးပြီ၊ အားလုံးကို စွဲချက်တင်စစ်ဆေးတဲ့အခါကျတော့ ကျန်လူ ဆွေရဲ့ လုပ်ရပ်တွေလည်း ဘူးပေါ်သလိုပေါ်လာမှာပါ”

“ဗိုလ်မှူးကြီးပြောတာတွေ ကျုပ်စိတ်ဝင်စားပါတယ်”

”ကောင်းပါတယ်”

ဗိုလ်မှူးကြီးက ပြုံးပြီး စီးကရက်ဘူးကိုဖွင့်သည်။ ဟာဂျီအီဘရာဟင်ကို တစ်လိပ် အမ်းပေးသည်။ သူ တစ်လိပ်ယူသည်။ ပြီးနောက် သူကပင် မီးညှိပေးသည်။

“နာဗလူးမှာ ကျုပ်တို့ပြောခဲ့တဲ့ စကားတွေကို ခင်ဗျားမှတ်မိဦးမှာပေါ့ ဟာဂျီ”

”အသေးစိတ် မှတ်မိပါတယ်”

“ဒါဆိုလျှင် ဘုရင်အဗ္ဗဒူလာဟာ ဂျူးပြဿနာနဲ့ပတ်သက်ပြီး ခင်ဗျားတို့လို တစ် အောက်ကန်း မလုပ်တတ်ဘူးလို့ အဲဒီတုန်းက ကျုပ်ပြောခဲ့တာကိုလည်း မှတ်မိဦးမှာပေါ့၊ အမှန်အတိုင်းပြောရလျှင် သူဟာ သူ့ဆန္ဒမပါဘဲနဲ့ စစ်ထဲဝင်လာရတယ်၊ ဒါဖြင့် သူဘာ ကြောင့် စစ်ထဲဝင်လာတာလဲ၊ အဓိကအချက်ကတော့ အာရပ်နိုင်ငံတွေ ညီညွတ်မှုအတွက် ဝင်လာရတာ။

.. ဂျူးဆန့်ကျင်ရေးနဲ့ပတ်သက်ပြီး သူမကြာခင်က ပြောခဲ့တဲ့စကားတွေဟာ သူ့ဆန္ဒအတိုင်းပြောခဲ့တာတွေမဟုတ်ဘူး၊ အာရပ်ခေါင်းဆောင်တွေမှာ ခိုင်မာတဲ့ညီညွတ် ရေးတပ်ဦး ရှိနေတယ်လို့ ကမ္ဘာကထင်အောင် တမင်ဟန်ဆောင်ပြီး ပြောခဲ့တဲ့စကား တွေပါ၊ ဒီအချက်ကိုတော့ ခင်ဗျားလက်ခံလိမ့်မယ်လို့ ကျုပ်ယုံကြည်ပါတယ်"

"ခုအချိန်အထိတော့ ဗိုလ်မှူးကြီးပြောတာကို ကျုပ်လက်ခံပါတယ်"

"ကောင်းပြီ အဲဒါဆိုလျှင် ကျုပ်တို့အချင်းချင်း တစ်ယောက်အခြေအနေကို တစ် ယောက် နားလည်နိုင်ပါတယ် ခင်ဗျားတို့ဒုက္ခသည် စခန်းတွေထဲမှာ နေနေကြရတာကို ကျုပ်တို့အနေနဲ့ ဘယ်လိုမှ ဝမ်းမသာနိုင်ပါဘူး၊ ဒါကြောင့်မို့လို့လည်း ကျုပ်တို့နိုင်ငံက တခြားအာရပ်နိုင်ငံတွေထက် ပိုပြီးကူညီခဲ့တာပါ၊ ကျုပ်တို့က ဒုက္ခသည်အားလုံးကို နိုင်ငံ သားအဖြစ်လည်း ချက်ချင်းအသိအမှတ်ပြုခဲ့တယ်၊ လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်နဲ့ အလုပ်လုပ်ကိုင်ခွင့်တွေလည်း ပေးခဲ့တယ်၊ သင့်တော်တဲ့ ပုဂ္ဂိုလ်တွေကို အစိုးရဌာနတွေမှာ ဝင်လုပ်ခွင့်ပေးခဲ့တယ်" ။

"ဖိနှိပ်မှုတွေလည်း လုပ်တယ်"

"ဟုတ်ပါတယ် ဖိနှိပ်မှုရှိသင့်သလောက် ရှိပါတယ်၊ လူပေါင်း ငါးသိန်းလောက်ဟာ အထိန်းအကွပ်မရှိဘဲ မင်းမဲ့ဝါဒီတွေလို ကျင့်သုံးလာတာကို ကျုပ်တို့က လက်ပိုက်ကြည့်နေ လို့ မရဘူး"

"ကျုပ်တို့မှာ ရပိုင်ခွင့်တွေရှိပါတယ်"

"ဟုတ်ပါတယ်၊ ဘုရင်မင်းမြတ်က ခွင့်ပြုနိုင်သမျှ အခွင့်အရေးတွေကိုတော့ ရပိုင် ခွင့်ရှိပါတယ်"

"ကျုပ်တို့က အဗ္ဗဒူလာဘုရင်ကို ကယ်တင်ရှင်ကြီးလို သဘောမထားကြဘူး၊ သူ့ကို ဒူးတုပ်ဦးတင်မလုပ်ကြဘူး၊ ဒါကြောင့် ဗိုလ်မှူးကြီးတို့က ကျုပ်တို့ကိုသဘောမကျဘူး"

"ပြောင်ပြောင်ပြောရလျှင် ဒီအချိန်မှာ ကျုပ်တို့က ဘာကိုမှဂရုမစိုက်ဘူး၊

ခင်ဗျားတို့ လဲ ရပိုင်ခွင့်ကိုလည်း ဂရုမစိုက်ဘူး။ ကျုပ်တို့လိုချင်တာတွေကို ပါလက်စတိုင်းသားတွေဆီက ရပြီးပြီ၊ ကျန်တဲ့လူတွေလည်း အဖြစ်မှန်နဲ့ ရင်ဆိုင်လာရတဲ့အခါ နားလည်သွားကြပါလိ မယ်၊ ခင်ဗျားက ပြောင်ပြောတတ်တော့ ကျုပ်ကလည်း ပြောင်ပဲပြောမယ်”

… ကျုပ်တို့ သေသေချာချာ လေ့လာကြည့်တဲ့အခါ ပါလက်စတိုင်းသားတွေအနေနဲ့ တော်လှန်ရေးစိတ်ဓာတ် မရှိဘူးဆိုတာ တွေ့ရတယ်၊ ခင်ဗျားတို့ ညီအစ်ကိုတော်တွေဟာ အင်မတန်အုပ်ချုပ်ရလွယ်တယ်၊ ခင်ဗျားတို့ဟာ တိုက်ခိုက်ရေးသမားတွေ မဟုတ်ကြဘူး။ ခင်ဗျားတို့သမိုင်းကို ဆယ့်သုံးရာစုထက်ပိုပြီး အပြောင်းအလဲလုပ်နိုင်လိမ့်မယ်လို့ ကျုပ်တို့ မထင်ဘူး”

အီဘရာဟင်က ဒေါသစိတ်ကိုထိန်းပြီး …။

“ကျုပ်တို့ဟာ အခုလောက် ဘယ်တုန်းကမှ အချုပ်အချယ်မခံခဲ့ရဖူးဘူး၊ အခု ကျားသစ်လူငယ်တို့ ငါးမန်းလူငယ်တို့ဆိုတာတွေ ပေါ်ပေါက်လာတာဟာ နောက်ထပ် ဆက်ခံမယ့် ပါလက်စတိုင်းမျိုးဆက်သစ်ဟာ တစ်မျိုးတစ်မည် ကွဲပြားခြားနားလာလိမ့်မယ် ဆိုတာကို ကြိုတင်သတိပေးခြင်းပဲ။ ဂျူးတွေဟာ ငြိမ်းချမ်းစွာနေထိုင်ကြတယ်၊ ဒါကြောင့် လွယ်လွယ်နဲ့ ချေမှုန်းလို့ရလိမ့်မယ်လို့ တစ်ချိန်က ကျုပ်တို့အားလုံး ယုံကြည်ခဲ့ကြတယ်။ ဒါပေမဲ့ မျိုးဆက်ဆိုတာ ပြောင်းလဲတတ်တဲ့သဘောရှိတယ်၊ ဒီအချက်ကို လေးလေးနက်နက် သင်ခန်းစာယူဖို့သင့်တယ် ဗိုလ်မှူးကြီး”

“ခင်ဗျား ဘာပဲပြောပြော ကျုပ်တို့ကတော့ ဒီကလေးတွေကို လူရမ်းကားကလေးတွေ ဖြစ်သွားအောင် လွှတ်မထားနိုင်ဘူး၊ သူတို့ကို တူညီဝတ်စုံတွေ သေသေသပ်သပ်ဝတ်ပေး ရမယ်၊ သူတို့ရဲ့ လွဲမှားနေတဲ့စိတ်ထားတွေကို မှန်ကန်အောင် ပြုပြင်ပေးရမယ်၊ ဆိုလိုတာ ကတော့ သူတို့ရင်ထဲမှာ ဂျူးမုန်းတီးရေးစိတ်ဓာတ်သွင်းပေးပြီး ဂျူးတွေကို တိုက်ခိုက်မယ့် ပြောက်ကျားလူငယ်တပ်ဖွဲ့ အဖြစ် ပြောင်းလဲပေးရမယ်။ ဒါမှသာ ကျုပ်တို့ဟာ သူတို့နဲ့အတူ တိုက်ပွဲဝင်နေတယ်ဆိုတာကို အာရပ်ညီအစ်ကိုတော်တွေက သိကြလိမ့်မယ်၊ … ပါလက်စတိုင်းသားအများစုနဲ့ ပတ်သက်လို့ပြောရလျှင်တော့ သူတို့ဟာ ဒုက္ခသည်စခန်းတွေထဲမှာပဲ သေတဲ့အထိဒီအတိုင်းနေသွားကြတော့မှာပဲ၊

သူတို့မှာ စိတ်ဓာတ် အားမာန်လည်းမရှိဘူး၊ ဂုဏ်လည်းမရှိဘူး၊ မျက်ရည်ခံထိုးပြီး လက်ဖြန့်တောင်း နေရတဲ့ဘ၀ ကို ရောက်နေကြပြီ”

အီဘရာဟင်သည် ကုလားထိုင်မှထပြီး ဗိုလ်မှူးကြီးဇီယတ်၏စားပွဲပေါ်သို့ ကိုယ်ကို ကိုင်းကာ စကားပြောရန်အားယူလိုက်သည်။ သို့သော် သူ့ပါးစပ်မှ ဘာစကားမှထွက် မလာ။ သူသည် မျက်လုံးကိုစုံမှိတ်လျက် ကုလားထိုင်တွင် ဖြည်းဖြည်းကလေး ပြန်ထိုင် လိုက်သည်။ ဤဖြစ်ရပ်ကို ကြားရသည်မှာ ကြောက်စရာကောင်းလှသည်။ ထို့ကြောင့် လည်း ဤအကြောင်းကို ဘယ်တုန်းကမှ မပြောခဲ့ခြင်းပင်ဖြစ်သည်။

ဗိုလ်မှူးကြီးဇီယတ်က ထပ်ပြောသည်။

“ဟုတ်ပြီ ကျုပ်တို့ကဒီအခြေအနေဆိုးကို ကောင်းကောင်းကြီးသိပါတယ်၊ အဲဒီတော့ ကျုပ်တို့အချင်းချင်း ရန်သူလိုဆက်ပြီး ဘာကြောင့်စခန်းသွားနေရမှာလဲ၊ ရည်မှန်းချက် ပန်းတိုင်တူနေလျှင် သဘောတရားကွဲလွဲချက်တွေကို ညှိလို့ရနိုင်တဲ့နည်းလမ်းတွေ အများကြီး ရှိပါတယ်၊ ကျုပ်က ခင်ဗျားကို လာဘ်ထိုးဖို့ ကြိုးစားနေတာမဟုတ်ပါဘူး၊ လာဘ်ထိုးလို့ အလုပ်မဖြစ်ဘူးဆိုတာ နာဗလူးမှာကတည်းက ကျုပ်သိခဲ့ရပါပြီ၊ ခင်ဗျာဖ ခံယူချက် ရှိတဲ့ပုဂ္ဂိုလ်ပဲ၊ တော်တော်လည်းရှားပါတယ်၊ ကျုပ်က ခင်ဗျားကို အကျိုးအကြောင်း ချိတ်တဲ့ လက်ဆောင်တစ်ခုပေးမလို့ပါ”

“ကျွန်တော့်မှာလဲ အကျိုးအကြောင်းသင့်ခံယူတတ်တဲ့ နားနှစ်ဖက်ရှိပါတယ်”

”ကောင်းတယ် ဒီအစည်းအဝေးဟာ အများကြီးမင်္ဂလာရှိပါတယ်”

ဗိုလ်မှူးကြီးက ယင်းသို့ပြောပြီးနောက် စားပွဲအံဖုံးတံခါးကိုဖွင့်ကာ စကော့ဝီစကီ လင်းကို ဆွဲထုတ်လိုက်သည်။ ပြီးတော့ ဟာဂျီအီဘရာဟင် အတွက် အရက်တစ်ခွက် သည်။

“ဟာမလုပ်ပါနဲ့ ကျေးဇူးတင်ပါတယ်၊ ဝီစကီသောက်လျှင် ကျွန်တော့်အသည်းတွေ ဆွမ်းကုန်ပါလိမ့်မယ်”

အီဘာရာဟင်က ရုတ်တရက်ငြင်းလိုက်ပြီးတော့မှ နောက်ထပ်စိတ်ကူး တစ်မျိုးပေါက်

"ကဲပါလေ မထူးပါဘူး၊ နည်းနည်းတော့လုပ်ပါ နည်းနည်းကလေးပါ"

"အဲဒီတော့ အဓိကအချက်ကို ပွင့်ပွင့်လင်းလင်းပြောရရင် ဘုရင်အဗ္ဗဒူလာကတော့ မဟာဆီးရီးယားနိုင်ငံတော် ထူထောင်ရေးလုပ်ငန်းကို ဘယ်တော့မှစွန့်လွှတ်မှာမဟုတ်ဘူး၊ သူ့ကို ဘယ်သူမှလည်း တားဆီးလို့ရမှာမဟုတ်ဘူး၊ ဒီလုပ်ရပ်ကို အာရပ်ခေါင်းဆောင်တွေက ဝေဖန်မှာမဟုတ်ဘူး၊ စစ်ပြေးဒုက္ခသည်တွေကလည်း ဝေဖန်မှာမဟုတ်ဘူး၊ ဂျူးတွေကလည်း ဝေဖန်မှာမဟုတ်ဘူး၊ ဒီလုပ်ငန်းဟာ မလွှဲမသွေလုပ်ရမယ့်လုပ်ငန်း၊ မြင့်မြတ်တဲ့လုပ်ငန်း၊ ဒီတော့ ကျုပ်တို့လုပ်ငန်း အောင်မြင်ရေးအတွက် ဂျူးတွေကိုအသုံးချရမယ်"

"ဘုရင်အဗ္ဗဒူလာရဲ့ ရည်မှန်းချက်အောင်မြင်လျှင် သူ့အနေနဲ့ ဂျူးနိုင်ငံကို ဖြိုဖျက် နိုင်လိမ့်မယ်လို့ ထင်သလား"

(ဟာဂျီအီဘရာဟင်က သရော်သံမပါအောင် သူ့ကိုယ်သူထိန်း၍ မေးခွန်းထုတ်လိုက် သည်။

"ဂျူးနိုင်ငံကို ဖြိုဖျက်စရာမလိုဘူး၊ ပူးပေါင်းပစ်လိုက်မယ်"

"ပူးပေါင်းပစ်မယ်ဟုတ်လား"

"ဟုတ်တယ် မဟာဆီးရီးယားနိုင်ငံတော်ရဲ့ ပြည်နယ်တစ်ခုအဖြစ် ပူးပေါင်းပစ်မယ်"

"ဒီအကြောင်း ဂျူးတွေသိပြီးပြီလား"

"သိချိန်တန်လျှင် သိရလိမ့်မယ်၊ ဘုရင်အဗ္ဗဒူလာရဲ့ သစ္စာတော်ခံပြည်နယ်အဖြစ် နေရတာဟာ သူတို့ရဲ့ အနာဂတ်အတွက် ပိုပြီးလုံခြုံစိတ်ချရတယ်ဆိုတာကို သူတို့ သဘော ပေါက်သွားစေရမယ်"။

"သူတို့က အဲဒီလိုအနေအထားမျိုးကို ဘယ်တော့မှ

သဘောတူမှာမဟုတ်ဘူး၊ ဂျူးတွေကို မဟာမိတ်အဖြစ်ဆက်ဆံမှာလား”

“မဟာမိတ်အဖြစ် မဆက်ဆံဘူး၊ အအုပ်ချုပ်ခံအဖြစ် ဆက်ဆံမှာ၊ ရှေးခေတ် တုန်းက ဂျော်ဒန်မှာ ကျုပ်တို့ဟာ ဂီဘီယံလူမျိုးတွေဖြစ်ခဲ့ကြတယ်၊ အဲဒီတုန်းက ဂီဘီယံ ဟာ အစ္စရေးရဲ့ ပြည်နယ်တစ်ခုအဖြစ် တည်ရှိခဲ့တယ်၊ ဒါဝိဒ်ဘုရင်နန်းတော်မှာ မိုအာဘိတ် လူမျိုးတွေ၊ ဟိတ္တိလူမျိုးတွေနဲ့ ဖိလိတ္တိလူမျိုးတွေ အမှုထမ်းခဲ့ကြတယ်၊ ရှောလမုန်းဘုရင် လက်ထက်မှာလည်း ကဲလလူမျိုးတွေနဲ့ ရိန်းလင်းလူမျိုးတွေ အမှုထမ်းခဲ့ကြတာပဲ”

ဗိုလ်မှူးကြီး ဇီယတ်၏ အသံက ကျယ်လောင်စူးရှပြီး မျက်လုံးတွေက ပြူးကြောင် ဂ ကြောင်ဖြစ်လာသည်။ ဟာဂျီအီဘရာဟင်သည် သူ့ကိုကြည့်ပြီး အံ့သြနေမိသည်။ မယုံကြည် နိုင်အောင် ဖြစ်နေမိသည်။ နောက်တော့မှ အဖြစ်မှန်ကို သူနားလည်သွားသည်။ ဖြိတိ လက်အောက်တွင် ဘီဒိုယင်လူမျိုးစုဝင်တစ်ယောက်ဖြစ်ခဲ့သော ဗိုလ်မှူးကြီးဇီယတ်သည် ယခုအချိန် တွင် သူ့ကိုယ်သူ ဂျူးပြည်နယ်တစ်ခုကို အုပ်ချုပ်ရသော ဗိုလ်ချုပ်ကြီးတစ်ဦး အထင်ရောက်နေသည်။ အာရပ်နိုင်ငံရေးတွေးခေါ်မှု ညံ့ဖျင်းပုံကို ဤတွင်မှ ဟာဂျီအီဘ၏ သဘောပေါက်မိတော့သည်။ - - - ဗိုလ်မှူးကြီးဇီယတ်က ဆက်ပြောသည်။

“ခင်ဗျားဟာ လိုဏ်ခေါင်းထဲက ထွက်လာခဲ့ပြီးတဲ့နောက်ပိုင်းမှာ ဂီဒီယံအက် အဆက်အသွယ်လုပ်ခဲ့တယ်လို့ ကျုပ်ယုံကြည်တယ်။ ခင်ဗျား မငြင်းခင် ကျုပ်တစ်ခု ချင်တယ်၊ ခင်ဗျားအိတ်ကပ်ထဲမှာ တစ်ခုခုမရှိဘူးဆိုလျှင်၊ ခင်ဗျားတို့အချင်းချင်း နားလည် တစ်ခုခု မရှိဘူးဆိုလျှင် ခင်ဗျား ဒီနေ့ပြောတဲ့စကားမျိုး ပြောမှာမဟုတ်ဘူးလို့ ကျုပ်ထင်တယ်

”ဗိုလ်မှူးကြီးပြောတဲ့စကားကို ကျွန်တော်အတည်လည်း မပြုလိုဘူး၊ ငြင်းသည် မငြင်းလိုဘူး”

“ဒီလောက်ဆို လုံလောက်ပါပြီ”

”ဆက်ပြောပါဦး၊ ကျွန်တော် သိပ်ပြီးစိတ်ဝင်စားလို့ပါ”

“ခင်ဗျားတို့ဒုက္ခသည်တွေက ဘာလိုချင်သလဲ၊ ကိုယ်အိမ် ကိုယ့်ရွာ

ပြန်ချင်ကြ အဲဒါဆိုလျှင် ဖူးရစ်က ဂျူးတွေနဲ့အလုပ်ဖြစ်အောင်လုပ်ပေါ့၊ ခင်ဗျားနဲ့အတူ လူတစ် ငါးသောင်း၊ နှစ်သိန်း … ခေါ်ချင်သလောက်ခေါ်သွားပါ၊ ကျုပ်တို့က ဒီလူတွေအ တာဝန်မယူနိုင်ဘူး၊ ခင်ဗျားတို့ကို ဂျူးတွေက အိမ်ဆောက်ပေးလိမ့်မယ်၊ ထမင်းကျွေတ် မယ်၊ ပညာသင်ပေးလိမ့်မယ်၊ အဲဒါ သူတို့ရဲ့ အားနည်းချက်ပဲပေါ့၊ .. မဟာဆီးရီးယားနိုင်ငံတော်ထူထောင်ဖို့ အချိန်တန်တဲ့အခါ အစ္စရေးနိုင်ငံကို ငြိမ်းချမ်းစွာပြောင်းလွဲယူနိုင်အောင် ကျုပ်တို့မှာ အာရပ်ညီအစ်ကိုတော်တွေ သိန်းသန်းချီပြီး ရှိနေလိမ့်မယ်၊ သို့သော် တစ်ခုတော့သတိပေးပါရစေ၊ ခင်ဗျားတို့ဘာတွေပ် အပေးအယူလ လုပ် တိတ်တိတ်ဆိတ်ဆိတ်တော့ လုပ်စေချင်တယ်၊ တစ်ကမ္ဘာလုံးသိအောင် မလုပ်ပါနဲ့ ခင်ဗျားတို့စခန်းတွေကို အေးအေးဆေးဆေးသိမ်းပြီး ဒုက္ခသည်တွေကို တိတ်တိတ်ကလေး ခေါ်ထုတ်သွားပါ”

“ကျုပ်တို့ ဂျော်ဒန်နိုင်ငံကတော့ အားလုံးကို လူသိရှင်ကြားဆက်လက်ပြီး ဆန့်ကျင်း ဗိုလ်မှူးကြီးဇီယတ်က ဆက်ပြောသည်။

“အာရပ်နိုင်ငံချင်း စည်းလုံးညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့ အရေး ကြီးတယ်၊ ဒါကြောင့် ဖူးရစ်ညီလာခံတက်မယ့် ခင်ဗျားတို့ ကိုယ်စားလှယ်အဖွဲ့ ကိုလည်း ဆန့်ကျင်ရမှာပဲ”

“ဗိုလ်မှူးကြီးတို့က ဘယ်လိုဖြစ်စေချင်လို့လဲ”

“အဗ္ဗဒူလာဘုရင်ကို ဆန့်ကျင်တဲ့လုပ်ငန်းမလုပ်ပါနဲ့၊ ဒူးမန်းကို ကမ္ဘာ့စာနယ်ဇင်း 1 တွေကို သတင်းမဖြန့်စေပါနဲ့၊ ပြီးတော့ ဂျူးတွေနဲ့ ခင်ဗျားတို့ အပေးအယူလုပ်တာကို] လျှို့လျှို့ဝှက်ဝှက်လုပ်စေချင်တယ်၊ ကဲ .. ကျုပ်ပြောတာကို ဘယ်လိုသဘောရသလဲ”)

”ကျွန်တော် စဉ်းစားပါ့မယ်။ ကျွန်တော့်မိတ်ဆွေတွေနဲ့ တိုင်ပင်ရဦးမယ်၊ ဒါနဲ့ ဗိုလ်မှူးကြီးတို့ ဖမ်းထားတဲ့ကလေးတွေကိစ္စက ဘယ်လိုလဲ”

မှာပဲ”

e

”ကျုပ်တို့ ပွင့်ပွင့်လင်းလင်းပြောလို့ရဦးမှာလား”

”ရပါတယ် ပွင့်ပွင့်လင်းလင်းပဲပြောပါ”

ဒုရစ်ညီလာခံမှာ ခင်ဗျားတို့ ဆူဆူညံညံလုပ်ရင်တော့ တချို့ကောင်လေးတွေ ကဆုံးရှုံးမှာမဟုတ်ဘူး 'ကျွန်တော့်သားကို ကျွန်တော်တွေ့ချင်တယ် - “ရပါတယ် လာပါ သူ့ဆီကျုပ်လိုက်ပို့ပါ့မယ် ။ ဗိုလ်မှူးကြီးဇီယတ်သည် ရုံးခန်းထဲမှထွက်လာစဉ်တွင် ဟာဂျီအီဘရာဟင်အကြောင်း ဘူးလာသည်။ ဟာဂျီအီဘရာဟင်သည် သူ့သားဂျမီလ် အသက်ဆုံးရှုံးရသည့်တိုင် ဆင် ထွေထွေထူးထူး ခံစားရမည့်ပုဂ္ဂိုလ်မဟုတ်။ သူအချစ်ဆုံးမှာ သားငယ် အစ္စမေ = ဖြစ်သည်။ အစ္စမေ အတွက်ဆိုလျှင် သူ့အနေဖြင့် အသက်ပေး၍ပင်ကာကွယ်လိမ့် သည်။ ထို့ကြောင့် ဒူးရစ်မြို့သို့ ဟာဂျီအီဘရာဟင် ထွက်သွားလျှင်ထွက်သွားချင်း အစ္စမေ ကိုလည်း ဖမ်းဆီး ထိန်းသိမ်းရလိမ့်မည်။

ဂျမီလ်သည် သူ့ကိုဖမ်းဆီးထိန်းသိမ်းထားခြင်းအတွက်ရော၊ ကျားသစ်လူငယ် ခေါင်းဆောင်ဖြစ်ရခြင်းအတွက်ပါ သူ့ကိုယ်သူ အလွန်ဂုဏ်ယူနေပုံရသည်။

သူ့ ဖခင်က ပြောသည်။

“ငါ ဒူးရစ်ကို မကြာခင်သွားတော့မယ် ဂျမီလ်၊ ဂျော်ဒန်တွေက မင်းကိုဓားစာခံအဖြစ် ဆက်ပြီးထိန်းသိမ်းထားလိမ့်မယ်၊ တို့ပါလက်စတိုင်းမှာလို သူတို့မှာ ဗြိတိသျှဥပဒေမရှိဘူး ဆိုတာ သိထားပါ၊ သူတို့ဥပဒေဆိုတာက ဘုရင့်ပါးစပ်က ထွက်တဲ့စကားပဲ။ သူတို့က မင်းကို သူတို့စွဲချင်တဲ့ပုဒ်မနဲ့ စွဲချက်တင်နိုင်တယ်၊ ဒါကြောင့် ဂျော်ဒန်စစ်ခုံရုံးမှာ မင်း အနေနဲ့ ဘာအခွင့်အရေးမှ ရနိုင်စရာအကြောင်းမရှိဘူး၊ ဒါကြောင့် မင်းလူတွေကို ငြိမ် အောင်ထိန်းပါလို့ ငါတောင်းပန်ချင်တယ်၊ မင်းတို့ ဆူဆူပူပူလုပ်လျှင် သူတို့က မင်းတို့ လက်ကိုဖြတ်ပစ်လိမ့်မယ်၊ ငါပြောတာသဘောပေါက်ရဲ့ လား”

ဂျမီလ်၏မျက်နှာ ကြောင်အမ်းအမ်းဖြစ်သွားပြီး ...

”ကျွန်တော့်အတွက် ဘာမှမပူပါနဲ့ ဖေဖေ၊ ကျွန်တော် ဘာပဲဖြစ်ဖြစ် အရေး မဟုတ်ပါဘူး၊ ဒူးရစ်မှာ ဖေဖေလုပ်စရာရှိတာကိုသာ ဖြစ်မြောက်အောင်လုပ်ပါ”

“မင်းကြည့်ရတာ ဒီလုပ်ငန်းကို သိပ်ပြီးသဘောကျနေတယ်ထင်တယ်”

“အဲဒါတော့ ကျွန်တော်မသိဘူး၊ ကျွန်တော့်အနေနဲ့ သေမထူးနေမထူး ဘဝရောက် နေပြီဆိုတာပဲ ကျွန်တော်သိတယ်” ။

“အဲဒီလို မပြောစမ်းပါနဲ့၊ လောကမှာ အကြောင်းမဲ့သက်သက် ဘယ်သူမှ မသေ ချင်ပါဘူး”

“ဖေဖေတို့လုပ်ခိုင်းတဲ့ကိစ္စကြောင့် ကျွန်တော်နဲ့ ကျွန်တော့်မိတ်ဆွေတွေအားလုံး အနေးနဲ့အမြန် သေကြရမှာပဲ၊ ကျွန်တော်တို့အဖို့ သေဖို့ကလွဲပြီး တခြားဘာမှမရှိတော့ပါဘူး၊ ကျွန်တော်တို့ ဘယ်မှလည်းသွားလို့မရဘူး၊ ဘာမှလည်း လုပ်လို့မရဘူး၊ လက်စားချေဖို့နဲ့ ကိုယ့်ဒေသ ကိုယ်ပြန်ကြဖို့ကိုပဲ ကျွန်တော်တို့ကို အမြဲတမ်းပြောနေတာပဲ”

“မင်းတို့ အခြေအနေ ဆိုးဆိုးရွားရွားမဖြစ်အောင် ငါ ကြိုးစားနေပါတယ်”

ဂျမီလ်က သရော်သံဖြင့်ရယ်လိုက်ပြီး ဦးခေါင်းကိုခါယမ်းရင်း ..

”ကျွန်တော်သေသွားပေမယ့်လည်း ဖေဖေ့အဖို့ အကျိုးမယုတ်နိုင်ပါဘူး ဖေဖေ ကျွန်တော် အာဇာနည်ဖြစ်သွားလျှင် ဖေဖေ့အတွက်ပိုပြီးတောင် အကျိုးရှိနိုင်ပါတယ်”

“ဟော့ကောင် ဘာစကားပြောတာလဲ တိတ်စမ်း”

”ဖေဖေမကြိုက်လျှင် ရိုက်စမ်းပါ ဖေဖေ”

“ဂျမီလ် မင်းဟာ ငါ့သားပါ၊ မင်း ဒီဘဝကလွတ်မြောက်နိုင်အောင် ငါ ကြိုးစား နေပါတယ်”

“ဘာကြောင့်လည်း မထူးပါဘူး၊ ကျွန်တော့်အတွက် အပင်ပန်းခံပြီး ကြိုးစားမနေပါနဲ့ ဖေဖေ၊ ကျွန်တော်က ဖေဖေ့သားလည်း မဟုတ်ပါဘူး၊ ဖေဖေ့မှာက သားတစ်ယောက်တည်း သာရှိပါတယ်၊ အစ္စမေသာ ဖေဖေ့သားပါ၊ ကျွန်တော်ပြောတာ မဟုတ်ဘူးလား”

ဖခင်က သားဖြစ်သူ၏ပါးပြင်ကို လက်ဝါးဖြင့် ဖြန်းခနဲ

တစ်ချက်ရိုက်လိုက်သည်။ ဂျမီလ်သည် ထိုင်ရာမှထရပ်လိုက်ပြီး …၊

”တစ်ခါက ကျွန်တော် ဖေဖေ့ကို ပြန်ရိုက်ခဲ့ဖူးပါတယ်၊ အဲဒါကိုတွေးပြီး ကျွန်တော် ယနေ့အထိ ဝမ်းသာနေတုန်းပဲ၊ ကဲ .. ထောင်မှူး၊ ထောင်မှူး ကျွန်တော့်ကို အချုပ်ခန်းထဲ မြန်မြန်ပြန်ပို့ပါတော့”

နောက်ရက်အနည်းငယ်အကြာတွင် ဖေဖေသည် အက္ကဘက်ဂျဘားသို့ ပြန်ရောက် လာပြီး ကျွန်တော့်ကို ဂျယ်ရီကိုမြို့သို့ခေါ်လာခဲ့သည်။

ကျွန်တော်တို့သည် ပါမောက္ခဒေါက်တာ နူရီမူဒီ၏ ရုံးခန်းစားပွဲတွင် ထိုင်ကြသည်။ ပါမောက္ခကြီးက ခရီးရောက်မဆိုက်ပင် …. ။

“ခင်ဗျားရေးဟောင်းပစ္စည်းတွေ ရောင်းချလို့ ကျုပ် ဒေါ်လာရှစ်ထောင်ရတယ်။ ဟောဒီမှာ ခင်ဗျားနဲ့ ရှိတ်တာဂျီတို့အတွက် လေယာဉ်ပျံလက်မှတ်တွေ၊ ခင်ဗျားတို့အနေနဲ့ အပွန်မြို့ကိုပြန်မသွားတာ အကောင်းဆုံးပဲလို့ကျုပ်တို့သဘောရတယ်၊ ဒါကြောင့် အရှေ့ ဂျေရုဆလင်ကနေပြီး လေယာဉ်နဲ့ဆိုက်ပရပ်ကိုသွား၊ အဲဒီကမှတစ်ဆင့် ဖူးရစ်ကို ဆက်သွား ကျုပ်က အရှေ့ဂျေရုဆလင်ကတစ်ဆင့် ပြည်ပကို ရှေးဟောင်းပစ္စည်းတွေ အများကြီးပို့ တယ်၊ လေယာဉ်ကွင်းကလူတွေကိုလည်း ကောင်းကောင်းသိတယ်၊ လေယာဉ်လက်မှတ်နဲ့ တချို့အရာရှိတွေကို ပေးရတဲ့အတွက် ဒေါ်လာနှစ်ထောင့်ရှစ်ရာ ကုန်သွားတယ်၊ ဟော တွေက ခရီးသွားစာရွက်စာတမ်းတွေ၊ ဗီဇာတွေလည်း ပူးတွဲထားတယ်” ။

“ဒါပေမဲ့ ဒါတွေက ပတ်စပို့မှမဟုတ်ဘဲဆရာကြီး'ဟု ဖေဖေက ပြန်ပြောလိုက်သော အခါ ဆရာကြီးက ဦးခေါင်းခါယမ်းပြီး … ။

“ပါလက်စတိုင်းနိုင်ငံဆိုတာမရှိဘူး၊ ဂျော်ဒန်နိုင်ငံဆိုတာပဲရှိတယ်၊ ဂျော်ဒန်နိုင်ငံက ခင်ဗျားတို့ကို ပတ်စပို့ထုတ်ပေးမှာမဟုတ်ဘူး၊ ဒီစာရွက်တွေနဲ့ပဲ ခင်ဗျားတို့ ခရီးသွားရမှာပဲ ဖေဖေက စာရွက်တစ်ရွက်ကို ကောက်ကြည့်ပြီးတော့ ကျွန်တော့်ကိုကမ်းပေးရင်း “ဘာတွေရေးထားတာလဲ”

“ဖေဖေဟာ နိုင်ငံမရှိတဲ့လူတစ်ယောက်တဲ့၊ ဒီစာရွက်နဲ့ ဆွစ်ဇာလန်နိုင်ငံကိုသွားပြီး ရက်ပေါင်းသုံးဆယ်အတွင်း ပြန်လာရမယ်တဲ့”

rmestlass

"အဲဒီစာရွက်တစ်ရွက်စီအတွက် ဒေါ်လာတစ်ထောင်စီ ပေးရတာတော့ ကျပ်ပါဘူး ပါမောက္ခကြီးက ပြောသည်။ "အစ္စရေးက ထုတ်ပေးတဲ့ပတ်စပို့ကို အလကားရနိုင်ပေမယ့် ဇူးရစ်ရောက်လျှင် အေးတို့ကိုယ်စားလှယ်အဖွဲ့ကို တရားဝင်အသိအမှတ်ပြုမှာ မဟုတ်ဘူး၊ အာရပ်တွေက ကြလိမ့်မယ်"

"ဒါဆို ပိုက်ဆံဘယ်လောက်ကျန်ဦးမှာလဲ" ဖေဖေက ကျွန်တော့်ကိုမေးသည်။ "ဒေါ်လာ သုံးထောင့်နှစ်ရာ" ကျွန်တော်က ပြန်ဖြေလိုက်သည်။ ပါမောက္ခဆရာကြီးက ဆက်လက်ပြီး ...။ "အဲဒီအထဲက နောက်ထပ် ငါးရာနုတ်ရဦးမယ်၊ ပိုက်ဆံကို ဒီအတိုင်း ယူသွားခွင့် ဘူး၊ ဒါကြောင့် ကျုပ်က ခင်ဗျားငွေတွေကို ခရစ်ယာန် သာသနာ့အလှူငွေအဖြစ် လွှဲ ပြောင်းရမယ်၊ အဲဒီအတွက် ဂိုဏ်းချုပ်ကြီးကျောင်းတော်က ဘုန်ကြီးတစ်ပါးပါးကို ဒေါ်လာ ရာလောက်တော့ပေးကိုပေးရမယ်၊ အဲဒီတော့ ခင်ဗျားနဲ့ ရှိတ်တာဂျီတို့အတွက် အဝတ် စားတွေဝယ်ပြီးရင်တော့ တည်းခိုခနဲ့ စားစရိတ် တစ်ယောက်တစ်ထောင်လောက်တော့ ဦးမှာပဲ"

ဖေဖေက ...

"အဲဒါဆိုရင်တော့ ကျွန်တော့်မိသားစုအတွက် တစ်ပြားမှပေးထားခဲ့နိုင်မှာမဟုတ် ဘူး သူတို့က ဆာဘာရီရဲ့ လုပ်ခနဲ့စားနေကြရတာ၊ လခြမ်းနီအသင်းတစ်ခုတည်းကိုသာ အားကိုးနေလျှင် ထမင်းငတ်ပြီးသေကြလိမ့်မယ်၊ ဒါနဲ့ ဆွစ်ဇာလန်ရောက်တော့ ပိုက်ဆံပြတ် ခြားရင် ဘယ်လိုလုပ်မလဲ"

ပါမောက္ခကြီးသည် စားပွဲအံဆွဲကိုဆွဲဖွင့်၍ ဂျော်ဒန်ပိုက်ဆံတစ်ထုပ်ကို ဆွဲထုတ်လိုက်

"ခင်ဗျားမိသားစုသုံးဖို့အတွက် ခင်ဗျားကို ကျုပ်ပိုက်ဆံချေးမယ်၊ ပြန်ဆပ်ဖို့ကိစ္စကို တမပူမနေနဲ့၊ ခင်ဗျား ဇူးရစ်မှာနေနေတုန်း ပိုက်ဆံပြတ်သွားရင်တော့ ဂီဒီယံအက်ရှ်က ကဝန်ယူပါလိမ့်မယ်"

ဖေဖေက ပိုက်ဆံနှင့် စာရွက်စာတမ်းများကိုလှမ်းယူရင်း

”ဩော်… ဘုရား ဘုရား ကျွန်တော်တို့လည်း တဖြည်းဖြည်းနဲ့ သူတောင်းစားတွေ ဖြစ်ကုန်ပါရောလား ။

“ကျုပ် စိတ်မကောင်းပါဘူး ဟာဂျီအီဘရာဟင်၊ ကျုပ်လည်း ကျုပ်တတ်နိုင်သလောက် ကူညီတာပါ”

“စိတ်မကောင်းမဖြစ်ပါနဲ့ ဆရာကြီး၊ စိတ်မကောင်းမဖြစ်ပါနဲ့၊ ဆရာကြီးကျေးဇူး အများကြီး ကြီးပါတယ်ခင်ဗျာ” ဖေဖေက ကျွန်တော့်ဘက်သို့ လှည့်ကာ “အစ္စမေ .. မင်း ဆရာကြီးအလုပ်ခန်းထဲ သွားထိုင်နေ၊ ငါဆရာကြီးနဲ့ အတွင်းစကားပြောစရာရှိလို့”

သူတို့နှစ်ယောက် တော်တော်ကြာကြာ စကားပြောနေကြသည်။ အချိန် ဘယ် ။ လောက်ကြာသွားမှန်းတောင် ကျွန်တော် သတိမထားမိတော့။ အဘယ်ကြောင့်ဆိုသော် ဆရာကြီး၏အလုပ်ခန်းထဲ လျှောက်ကြည့်နေရလျှင် ကျွန်တော် အမြဲတမ်းပျော်နေသော့ ကြောင့်ဖြစ်သည်။ သူ့အလုပ်ခန်းထဲတွင် ကြည့်စရာ လေ့လာစရာ အထူးအဆန်းပစ္စည်း တွေကလည်း တင်းကြမ်းပြည့်နေသည် မဟုတ်လား။ သူ့အလုပ်စားပွဲပေါ်မှာ ဘိုင်ဇန်တိုင်ဆက် မှန်စီရွှေချကားချပ်ကြီးမှာ ကြည့်မဝနိုင်စရာ။ ဆရာကြီးသည် ထိုကားချပ်ကြီးကို ဘုရားကျောင်း တစ်ခု၏ ကြမ်းပြင်အောက်မှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကျွန်တော်သည် ထိုကားချပ်ကို ကို အသေးစိတ်ကြည့်ရှုလေ့လာရင်း အလွန်စိတ်ဝင်စားနေသည်။

ထိုအခိုက် ရုံးခန်းတံခါးပြန်ပွင့်လာပြီး ကျွန်တော့်အား ပြန်ဝင်လာရန်ခေါ်သည်။ ကျွန်တော် ကုလားထိုင်တွင် ပြန်ထိုင်သည်။

“မင်းက ဆရာကြီးနဲ့အတူ နေရစ်ခဲ့ရမယ်”ဟု ဖေဖေက အသံမာမာဖြင့် ပြောသည်။ “ကျွန်တော် သိပ်သဘောမပေါက်ဘူး ဖေဖေ”

”ငါ ခရီးထွက်နေတုန်းမှာ မင်းအနေနဲ့ အင်္ကာဘက်ဂျဘာမှာမနေတာ အကောင်းဆုံး “ဘာဖြစ်လို့လဲ ဖေဖေ”

”မင်းအတွက် အန္တရာယ်ရှိလို့ပေါ့” ဖေဖေက အော်၍ပြောသည်။ “အဲဒါဆိုလျှင် ကျွန်တော့်အနေနဲ့ သူရဲဘောကြောင်ရာ ရောက်နေမှာပေါ့”

”သူရဲဘောကြောင်ရာ မရောက်ဘူး၊ လိမ္မာရာတောင်ရောက်သေးတယ်”

”ဒါဆို မေမေတို့တစ်တွေကို ဘယ်သူစောင့်ရှောက်မှာလဲ”

“ဆာဘာရီရှိတယ်၊ အိုမာလည်းရှိတယ်၊ ကမယ်လည်းရှိတယ်၊ အဲဒါဆိုရင် မိန်း တွေအတွက်လုံခြုံပြီ”

“ဆာဘာရီက အလုပ်လုပ်ရမယ် ဖေဖေ၊ ကမယ်က အလကားလူပါ။ အိုမာကလည်း သူ့ဟာသူ ဘာမှလုပ်တတ်တဲ့လူမဟုတ်ဘူး”

“မလုပ်တတ်လျှင် လုပ်တတ်လာအောင် ခိုင်းရမှာပေါ့”

”ဒါဖြင့် ကျွန်တော်က ဘယ်သွားနေရမှာလဲ”

'ဂျော်ဒန်မြစ်ကိုဖြတ်ရမယ်” ပါမောက္ခမူဒီက ဝင်ပြောသည်။ “ပြီးတော့ အီရတ်န၏ စပ်အထိ သဲကန္တာရထဲကိုရောက်အောင်သွားရမယ်၊ အဲဒီမှာ ငါ့မိတ်ဆွေ အယ်လ်ဆာဟ၊ ဘီဒိုယင်မိသားစုတွေရှိတယ်၊ မင်း သူတို့ဆီမှာနေရမယ်၊ မင်း ငါ့စာအုပ်တွေကို ကြိုက် လောက်ယူသွားနိုင်တယ်” ။

ကျွန်တော် ငိုချင်လာသည်။ ထို့နောက် စိတ်ထဲတွင် ထူးထူးဆန်းဆန်း တစ်မျိုးကြီး ခံစားရသည်။ အံ့သြစရာအကောင်းဆုံး ခံစားချက်ပင်ဖြစ်သည်။

ဖေဖေသည် ကျွန်တော့်အပေါ်မှ စီးမိုးပြီးရပ်လိုက်သည်။ ထို့နောက် ကျွန်တော့်ပခုံး နှစ်ဖက်ပေါ်သို့ ကြင်နာမှုအပြည့်ဖြင့် လက်တင်လိုက်သည်။

ဂျမီလ်ကိစ္စရော ဘယ်လိုလုပ်မလဲ ဖေဖေ” ကျွန်တော်က ရုတ်တရက်ပေါက်ကွဲပြီး မေးလိုက်မိသည်။

“အပွန်က ခွေးတိရစ္ဆာန်တွေက ငါ့ကိုအကျပ်ကိုင်တာ ငါ မခံနိုင်ဘူး၊ ဂျမီလ်ရဲ့ ကံကြမ္မာကတော့ အလ္လာအရှင်မြတ်အလိုတော်အတိုင်းပဲ၊ ငါ့အနေနဲ့ ဘယ်သားကို ကယ်တင် ၊ ရမလဲဆိုတာ ငါ့ကို အလ္လာအရှင်မြတ်က ဆုံးဖြတ်ခိုင်းတယ်၊ တော်တော့်ကို ဆုံးဖြတ်ရခက်တဲ့ ကိစ္စပဲ…”

ဖေဖေ့မျက်နှာကို ကျွန်တော့် မော့ကြည့်လိုက်သည်။ “ဒါပေမဲ့ မတတ်နိုင်ဘူး၊ ငါး အပြီးအပိုင်ဆုံးဖြတ်ချက်ချလိုက်ပြီးပြီ အစ္စမေ”

✣--- www.ebooks4mm.org ---✣

အခန်း (၁၂)

သူဌေးကြီးဖောဇီကဘားသည် ဇူးရစ်မြို့ဆင်ခြေဖုံး ဇိုလီကွန်နယ်မြေရှိ ရေကန်စပ် နိုင်သာကြီးထဲမှ ခမ်းနားလှပသော ရောမခေတ်သုံး ညောင်စောင်းကြီးပေါ်တွင် လဲလျောင်း အက်ရှိသည်။ ညောင်စောင်းမှ လှေကားလေးထစ်ဆင်းလျှင် ဖျာခင်းထားသော ခန်းမဝိုင်း ကြီးထဲသို့ရောက်သည်။ ခန်းမထဲတွင် ကိုယ်လုံးပေါ်မှန်တွေ ပတ်ပတ်လည်တပ်ဆင်ထားသည်။

သူဌေးကြီး၏ လက်တစ်ကမ်းတွင် ထိန်းချုပ်ခလုတ်တွေ အများအပြားရှိသည်။ တ်တစ်ခုကိုနှိပ်လိုက်လျှင် ကမ္ဘာကျော် ဂီတပညာရှင်ကြီးများ၏ ဂန္ထဝင်တေးဂီတများနှင့် တ်ပေါ်တေးဂီတမျိုးစုံကို နားဆင်နိုင်သည်။ နောက်ခလုတ်တစ်ခုကို နှိပ်လိုက်လျှင် အလင်းရောင်အမျှင်တန်းများကိုရော၊ ရုတ်တရက် တစ်ပြိုင်နက် အရောင်မျိုးစုံဖြိုးပြက်သော လျှပ်စစ်မီးရောင်များကိုရော အလိုရှိသလို ကစားနိုင်သည်။

နောက်ထပ် ခလုတ်တစ်ခုကိုနှိပ်လျှင် သူဌေးကြီး၏ညောင်စောင်းသည် ပတ်ပတ် လည်သွားပြီး အောက်ဘက်မှခန်းမကြီးကို ထောင့်ကြိုထောင့်ကြားမကျန် မြင်နိုင်သည်။ ညောင်စောင်းကို ဓာတ်လှေကားကဲ့သို့ အပေါ်သို့မြှင့်၍လည်းရသည်။ အောက်သို့ချ၍လည်း သည်။

မီးရောင်စုံခန်းမကြီးအပြင် အရက်မျိုးစုံထားရှိသော ဘားခန်းနှင့် စားသောက်ခန်း၊ ရေတံခွန်ရှိသော ရေနွေးကန်အခန်း၊ ရှေးခေတ်ဂရိဝတ်စုံများမှစ၍ သားရေဝတ်စုံ၊ တိရစ္ဆာန် အရေဝတ်စုံနှင့် ကစားစရာမျိုးစုံ ထားရှိသောအခန်း၊ ကြာပွတ်၊ လက်ထိတ် ခြေထိတ်၊ မျက်နှာဖုံးခေါင်းစွပ်၊ ဓားလှံလက်နက်မျိုးစုံအခန်း၊ လိင်မှုကိစ္စအပျော်ကျူးရန် ပစ္စည်းမျိုးစုံ ထားရှိသောအခန်းနှင့် မူးယစ်ဆေးဝါးမျိုးစုံ ထားရှိသောအခန်းတို့ ဖြစ်သည်။

ဤရိပ်သာကို ဥရောပတိုက်မှ အကောင်းဆုံး စက်မှုပညာရှင်များနှင့် အလှဆင် ညာရှင်များကို ငှားရမ်း၍ပြင်ဆင်ခဲ့ရာ စုစုပေါင်းဒေါ်လာငွေ

နှစ်သန်းကျော်မျှ ကုန်ကျခဲ့ သည်။

ဖောဇီကဘားသည် ဖျာခင်းထားသောအခန်းတွင် ဘယ်တော့မှမထိုင်။ ညောင်စောင်း ခေါ်တွင်သာ အမြဲတမ်းထိုင်သည်။ ယင်းသို့ ထိုင်နေတိုင်းတွင်လည်း လူကောင်းပကတိ ဘယ်တော့မှမရှိ။ အမြဲတမ်း မူးယစ်နေပြီး လူမှန်းမသိဘဲ ဖြစ်ချင်တိုင်းဖြစ်နေတတ်သည်။ စစ် သို့သော်လည်း သူ၏ကာမဂုဏ်အာရုံ၌ အလွန်အကျူးတပ်မက်သောစိတ်ကား ဘယ်တော့မှ ကုန်ခန်းမသွား။ သူသည် မိမိကိုယ်ကို ထိခိုက်နာကျင်အောင်လုပ်ပြီးမှသာ ကာမဂုဏ်စိတ် တက်ကြွလာတတ်သူဖြစ်သည်။

သူဌေးကြီးသည် ဂျာမန်အမျိုးသားများနှင့် အမျိုးသမီးများကို အလွန်သဘောကျ သည်။ ထို့ကြောင့် သူ၏အပျော်မယား ဂျာမန်သူအာဆူလာသည် မြူးနစ်မြို့ သို့သွားရောက်ကာ အကောင်းဆုံးပြည့်တန်ဆာများနှင့် အပျော်ကျူးသူများကို အထူးတလည် ခေါ်ယူလာခဲ့သည်။

သူတို့သည် အကောင်းဆုံးအစားအစာ၊ အကောင်းဆုံးယမကာနှင့် မူးယစ်ဆေးဝါး များကို စားသုံးပြီး အဆန်းတကြယ် မြူးတူးပျော်ပါးကြသည်။ ဤပါတီပွဲတစ်ပွဲအတွက် အထွေထွေကုန်ကျစရိတ် အားလုံးပေါင်းလိုက်လျှင် ဒေါ်လာတစ်သိန်းအထိပင် ကုန်ကျသည်။

ယနေ့ညတွင် အပျော်ကျူးသူများသည် တတိယညလွန်မြောက်၍ အရုဏ်တက်ချိန် သို့ပင် ရောက်နေပြီ။ သူဌေးကြီးမှာ ထုံးစံအတိုင်း သေးအလူးလူးဖြင့် လူမှန်းမသိသော မူးယစ်လျက်ရှိသည်။ သူသည် ညောင်စောင်းပေါ်တွင် လူးလိမ့်ရင်း အော်ညည်းနေသည် အာဆူလာသည် ညောင်စောင်းပေါ်တွင်ဝင်ထိုင်ကာ သူဌေးကြီး၏ နှာခေါင်းဝထဲသို့ ဆေးတစ်လုံးခြေ၍ ထည့်ပေးလိုက်သည်။ သူဌေးကြီးသည် တွန့်လိမ့်လူးလွန့်ရင်း လေးအင် ထောက်၍ ထရန်ကြိုးစားသည်။ သူ့ ဗိုက်ပူပူကြီးက ညောင်စောင်းကြမ်းပြင်နှင့် ထိ မတတ် ဖြစ်နေသည်။ သူဌေးကြီးသည် ညောင်စောင်းပေါ်တွင် လေးဖက်ထောက်၍ အ နေသည်။

အာဆူလာက သူ့နှာခေါင်းထဲသို့ နောက်ထပ်ဆေးတစ်လုံးခြေ၍ ထည့်ပေးလိုက် သည်။ ပြီးတော့ သူ့ကိုယ်ပေါ်သို့ ရေခဲရေလောင်းပေးသည်။

သူဌေးကြီးက မျက်လွှာပင့်ကြည့်သည်။ သူ့တစ်ကိုယ်လုံး ရေတွေနှင့်စိုရွှဲနေသည် သူ့မျက်လုံးတွေက ပြူးကျယ်ပြီး ကလည်ကလည်ဖြစ်နေသည်။ ညောင်စောင်းပေါ် မျက်နှာအပ်ပြီးလဲကျသွားသည်။ အာဆူလာက တင်သားကိုတအားရိုက်ပြီး နိုးသည်။

“ကဲပါ... ထပါတော့ ထပါတော့”

မျက်နှာဖုံးစွပ်ထားသော အပျော်ကျူးသမားအချို့က လှေကားခြေရင်းမှရပ် ဟားတိုက်ပြီး သရော်ပြောင်လှောင်နေကြသည်။

“ခွေးစုတ်မ သွားစမ်း ငါ့အနားမလာနဲ့”

သူဌေးကြီးက အော်ငေါက်လိုက်သည်။ ပြီးတော့ ညောင်စောင်းပေါ်မှ ကုန်းထသည် သူ့တစ်ကိုယ်လုံး အမွေးဆီများနှင့် ရေတွေစိုနေသဖြင့် ညောင်စောင်းပေါ်မှ လျှောကျသူ သည်။ ကြမ်းပြင်ပေါ်တွင် စန့်စန့်ကြီးလဲနေသည်။ အပျော်ကျူးသမားတွေက စပျစ်ရည်မှာ အရက်များနှင့် လောင်းကြသည်။ အာဆူလာက မောင်းထုတ်မှ လူအုပ်ရဲသွားကြသည် သူဌေးကြီးသည် အသက်ရှုပ်ကျပ်ကာ မောဟိုက်နေသည်။ “မင်းသားကြီး အလီရာမန်ဆီက ဖုန်းလာတယ်အစ်ကိုကြီး”

အာဆူလာက ပြောသည်။ “နောက် နာရီဝက်လောက်မှ ပြန်ဆက်ပါ့မယ် ကျွန်မ ပြန်ပြောလိုက်တယ်”

“အို ... ဘုရားရေ ကိုယ်တော်ကြီးဆီကလား..?သူ ထထိုင်ရန် အားယူလိုက်သည် ပြန်လဲကျသွားသည်။ “ငါ... ငါ... အို.. ဘုရား... ဘုရား ဒါနဲ့ ဘယ်အချိန်ရှိပြီလ

”မနက်လေးနာရီထိုးပြီ”

”အို ... ဘုရား၊ ဘုရား ကိုယ်တော်ကြီးဆီက ဆက်တာလား၊ တော်ပြီ တော် လောက်ဆိုတော်ပြီ၊ ခေါင်းတွေ ကွဲထွက်တော့မယ် ဘုရား...ဘုရား”

”ကဲ ... ထ ထ”

အာဆူလာက အမိန့်ပေးလိုက်သည်။ ပြီးနောက် အစေခံနှစ်ယောက်အား ရေအေးနှင့် ရေပတ်ယူလာရန် လှမ်းပြောလိုက်သည်။ အစေခံများက သူဌေးကြီးအား ရေပတ်သုတ်၍ သန့်စင်ပေးကြသည်။ ထိုအချိန်တွင် အခြားအပျော်ကျူးသူများမှာ ခွေလဲသူလဲ၊ နှစ်ယောက် တစ်တွဲ၊ သုံးယောက်တစ်တွဲ အိပ်သူအိပ်၍ တချို့လည်း ကိုယ်လက်သန့်စင်ရန် ရေချိုးခန်းထဲ သို့ လေးဖက်တွားပြီး ဝင်သွားကြသည်။ အာဆူလာက ဆူညံနေသောဂီတသံကို လျှော့ချ လိုက်သည်။ မီးရောင်ကိုလည်း မှိန်မှိန်ကလေးပြောင်း၍ ဖွင့်လိုက်သည်။ - သူဌေးကြီးကို ထူမပြီးထိုင်ခိုင်းသည်။ ပြန်ပြီးလဲကျသွားသည်။ ကြမ်းပြင်ပေါ်တွင် ခြေပစ်လက်ပစ်စန့်နေသည်။ အာဆူလာက ကျောကုန်းမှပွေ့ပြီး မထူလိုက်သည်။

“သိပ်ပျော်စရာ ကောင်းတာပဲနော်” သူဌေးကြီးက ပြောသည်။

“ဟုတ်တယ် အစ်ကိုကြီး သိပ်ပြီးပျော်ရတဲ့ပွဲပဲ” ပြီးတော့ သူဌေးကြီး၏ တစ်ကိုယ်လုံး ကို သူ၏ ချွန်ထက်သောလက်သည်းများနှင့် ခပ်စပ်စပ်ကလေး ကုတ်ခြစ်ပေးရင်း “တကယ့် ကို ပျော်စရာကောင်းတဲ့ပွဲပဲ အစ်ကိုကြီး”

“ဆရာဝန်ခေါ်စမ်းပါ ငါ နေမကောင်းဘူး၊ ဆေးတစ်လုံးလောက် ထိုးချင်တယ်”

”မပူပါနဲ့ အခုပ် ဆရာဝန်လာနေပါပြီရှင်”

သူဌေးကြီး ဖောဇီကဘားသည် နာရီပိုင်းအတွင်း နေသာထိုင်သာရှိသွားသဖြင့် မင်းသားကြီးအလီရာမန်ထံသို့ တယ်လီဖုန်းပြန်ဆက်သည်။ မင်းသားကြီးသည် အတော် ကလေး ဒေါသထွက်နေသောကြောင့် သူဌေးကြီးအား ညစ်ညမ်းသောစကားလုံးများဖြင့် ဆဲရေးတိုင်းထွာပြီး ကြိမ်းမောင်းပြောဆိုနေသည်။

သို့သော်လည်း သူဌေးကြီး ဖောဇီကဘားက မင်းသားကြီးစိတ်ပြေသွားသည်အထိ သည်းခံစောင့်ဆိုင်းပြီး “ဟုတ်ပါတယ် ကိုယ်တော်ကြီးခင်ဗျား”

”မဟုတ်ပါဘူး ကိုယ်တော်ကြီး ခင်ဗျား’... ဟူ၍သာ ပြန်ပြောနေသည်။

နောက်ဆုံး မင်းသားကြီးက မေးလိုက်သည်။ "ခင်ဗျား ဒီနေ့မနက် သတင်းစာတွေဖတ်ပြီးပြီလား"

"မဖတ်ရသေးပါဘူး ကိုယ်တော်ကြီးခင်ဗျား၊ ကျွန်တော်က မနက်ငါးနာရီမှာ အိပ်ရာကထပြီး သတင်းစာဖတ်လေ့မရှိပါဘူးခင်ဗျား မင်းသားကြီးက မျက်နှာဖုံးသတင်းကိုအော်ပြီးဖတ်ပြသည်။ သတင်းမှာ... ဂျော်ဒန် မြစ် အနောက်ဘက်ကမ်းရှိ စစ်ပြေးဒုက္ခသည်များစခန်းမှ အဖွဲ့ဝင်သုံးဦးပါသော ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ ဇူးရစ်မြို့သို့ရောက်ရှိလာပြီး နိုင်ငံတကာဒုက္ခသည်များပြဿနာ ဖြေရှင်း ရေးညီလာခံသို့ တက်ရောက်ခွင့် တောင်းဆိုကြောင်း... အဆိုပါကိုယ်စားလှယ်အဖွဲ့ က သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ကြောင်း... ဂျော်ဒန်ဘုရင် အဖွဲ့ဒူလာသည် စစ်ပြေးဒုက္ခ သည် လူငယ်ငါးဆယ့်နှစ်ယောက်တို့အား ဓားစာခံအဖြစ် အမ္မန်မြို့အကျဉ်းထောင်၌ ချုပ်နှောင်ထားကြောင်း ...။

"ဒါနဲ့ အဲဒီလူရှုပ်သုံးယောက်က ဘယ်သူတွေလည်း ကိုယ်တော်ကြီး၊ သူတို့နာမည်   တွေက ဘယ်လိုပါလဲ"

သူဌေးကြီးဖောဇီကဘားက ပြန်မေးလိုက်သည်။

"ရှိတ်အာမက်တာဂျီဆိုတဲ့ ဘီဒိုယင်လူမျိုးစုတစ်ယောက်ဗျ။ ပြီးတော့ ကျုပ်တို့သိတဲ့ ဟို "မန်းဆိုတဲ့ မိစ္ဆာဒိဋ္ဌိတစ်ယောက်လည်းပါတယ်ဗျ၊ နောက်တစ်ယောက်ကတော့ ဟာဂျီအီဘရာဟင် အယ်လ်ဆူကိုရီ အယ်လ်ဝါဟာဘီ ဆိုတဲ့လူပဲဗျာ"

"အား ဒီလူသုံးယောက်စလုံး ကျွန်တော်သိတယ်ခင်ဗျ"

"အဲဒီလူတွေ သုံးယောက်စလုံး အပြတ်ရှင်းပစ်လိုက်ဗျာ" မင်းသားကြီးက အော်ပြောလိုက်သည်။

"မလုပ်ပါနဲ့ ကိုယ်တော်ကြီးရယ်၊ ကျွန်တော် အထူးတောင်းပန်ပါတယ်၊ ဆွစ်ဇာလန် နိုင်ငံထဲမှာ အဲဒီလိုလုပ်ရင် ကျွန်တော်တို့အတွက် အကျိုးမရှိနိုင်ပါဘူး၊ ဒီလိုလုပ်ပါကိုယ် တော်ကြီး ကျွန်တော့်ကို တစ်နာရီလောက်အချိန်ပေးပါ၊ ကိုယ်တော်ကြီးစံအိမ်ကို လာခဲ့ မယ်"

" မင်းသားကြီး အလီရာမန်သည် အာရပ်မင်းညီမင်းသားများ နံ့နက်ပိုင်းဝတ်ဆင်လေ့ ရှိသော အဖြူရောင်ပိုးသားဝတ်စုံကို သပ်ရပ်စွာဝတ်ဆင်ထားသည်။

သူ့မျက်နှာက ရှည်မျောမျော၊ သူ့နှာခေါင်းက သဲကန္တာရသိမ်းငှက်နှုတ်သီးလို တကယ့် ဆော်ဒီမင်းမျိုးမင်းနွယ်ပီသသည့်ပုံမျိုး။

သူသည် ဆော်ဒီအာရေဗျနိုင်ငံ၏ ထီးရိုက်နန်းရာကိုဆက်ခံရန် အလှမ်းဝေးလှ သော်လည်း ထီးမူနန်းနွယ် ရာပေါင်းများစွာရှိသည့် ဆော်ဒီမင်းဆက်နန်းတော်တွင် အရေးပါအရာရောက်သော မင်းသားကြီးတစ်ပါး ဖြစ်သည်။

မင်းသားကြီးအလီရာမန်သည် သူ၏ဘိုးဘွားဘီဘင်များအတွက် အလွန်ဂုဏ်ယူသည်။ သူသည် နှစ်ဆယ်ရာစုနှစ်အစတွင် အာရေဗျကျွန်းဆွယ်ကို ဆော်ဒီမင်းဆက်က ချုပ်ကိုင်နိုင် ရေးအတွက် သူ၏ကမ္ဘာကျော်ဘိုးတော်အိုင်ဘင်ဆော့နှင့်အတူ ဘေးချင်းယှဉ်၍ မြင်းစီးကာ တိုက်ပွဲဝင်ခဲ့ဖူးသည်။

အိုင်ဘင်ဆော့သည် တူရကီ၊ ဗြိတိသျှနှင့် ကမ္ဘာ့ရန်ဘက် ဟာရှီမိုက်လူမျိုးများအား အာရေဗျကျွန်းဆွယ်မှ တိုက်ထုတ်လျက် သူ့မိသားစုနာမည်ဖြင့် နိုင်ငံသစ်တစ်ခုကို ထူထောင်ခဲ့သူဖြစ်သည်။ ၁၉၃၀ ပြည့် ပတ်ဝန်းကျင်နှစ်များမှစ၍ အမေရိကန်နိုင်ငံနှင့် ပူးပေါင်းပြီး ရေနံအကြီးအကျယ် တူးဖော်ထုတ်လုပ်လာခဲ့သောကြောင့် ဆော်ဒီအာရေဗျနိုင်ငံ သည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

မင်းသားကြီး အလီရာမန်သည် စီးပွားရေးလုပ်ငန်းသစ်များအတွက် အရင်းအနှီး တိုးချဲ့မြှုပ်နှံရေးကို တာဝန်ယူရသည်။ သူသည် နိုင်ငံတကာစီးပွားရေးကိစ္စတွင် ထူးထူးချွန်ချွန် ကျွမ်းကျင်နားလည်သူ တစ်ယောက်တော့မဟုတ်။ သို့သော် ပင်ကိုဗီဇအားဖြင့် အကင်းပါး ထက်မြက်သော ပုဂ္ဂိုလ်တစ်ယောက်တော့ဟုတ်သည်။

သူ့ငွေကြီး ဖောဇီကဘားဆိုလျှင်လည်း စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍

ဆွစ်ဇာလန်နိုင်ငံနှင့် နှစ်ပေါင်းများစွာ ဆက်သွယ်လုပ်ကိုင်လာခဲ့သူ ဖြစ်သည်။ သူသည် စစ်အတွင်းက လက်နက်အရောင်းအဝယ်လုပ်ခြင်းနှင့် လျှို့ဝှက်ရန်ပုံငွေရှာခြင်းတို့တွင် ကျွမ်းကျင်သောကြောင့် အလွန်စီးပွားဖြစ်ထွန်းခဲ့သည်။ မွန်တီကာလို လောင်းကစားပွဲ - အာရပ်မင်းသားတစ်ပါးပါး ဒေါ်လာသန်းနှင့်ချီ၍ အကြွေးတင်ပြီး ရုတ်တရက် နိုင်သောအခါ ထိုမင်းသားသည် ထောင်နန်းစံရတော့မည့်ကိန်းမျိုး ကြုံရတတ်သည်။

ထိုအခါမျိုးတွင် ဖောဇီကဘားသည် အခွင့်အရေးသိစွာဖြင့် ထိုမင်းသားအား ရောက် ကယ်တင်တတ်သည်။ ဤအချက်ကို မင်းသားကြီးရာမန်က သတိပြုမိပြီး အဒီကဘားကို မျက်စိကျသွားခြင်း ဖြစ်သည်။

ဖောဇီကဘားသည် နိုင်ငံတကာစီးပွားရေးလုပ်ငန်းမျိုးစုံတွင် ကျွမ်းကျင်သည်။ ရင်းနှီးမြှုပ်နှံခြင်းနှင့် အတိုးနှုန်းကြီးကြီးဖြင့်ငွေချေးခြင်း လုပ်ငန်းများဖြင့် ဆော်ဒီလူမျိုး အတွက်ရော၊ သူ့အတွက်ပါ အကြီးအကျယ်အကျိုးရှိအောင် ဆောင်ရွက်ပေးခဲ့သည်။

ထို့ကြောင့်လည်း ဆော်ဒီမင်းသားကြီး အလီရာမန်သည် လျှို့ဝှက်ငွေကြေးလုပ်ငန်း ဘုမိနက်သန်ဖြစ်သော ဇူးရစ်မြို့သို့ ပြောင်းရွှေ့ လာခဲ့ခြင်းဖြစ်သည်။ ဤနည်းအားဖြင့် သူဌေးကြီးဖောဇီကဘားသည် ဇီလီကွန်မြို့နယ်ရှိ သူ၏စံအိမ်ကြီးထဲမှနေ၍ မြောက်မြားစွာသော ဘဏ်လုပ်ငန်းရှင်များ၊ လက်နက်ကုန်သည်များ၊ မူးယစ်ဆေးဝါးကုန်သည်များ၊ သဘာဝသယံ၊ ဇာတပစ္စည်းကြွယ်ဝသော နိုင်ငံငယ်ကလေးများနှင့် ဆက်သွယ်ကာ အကြီးအကျယ်စီးပွား ဖြစ်သည်။

ဆော်ဒီမင်းဆက်သည် ၎င်း၏ ထီးညွန့်နန်းလျာကလေးများအား အမေရိကန်နှင့် သျှတက္ကသိုလ်များသို့ပို့၍ ပညာသင်ယူစေသည်။ လောလောဆယ်တွင် ဆော်ဒီထီးညွန့် ဒေါ်လာ ငါးဆယ်ခန့်တို့သည် ၎င်းတို့၏အခြွေအရံများနှင့်အတူ အဆိုပါနိုင်ငံများတွင် ညာသင်ကြားလျက် ရှိနေကြသည်။

သူဌေးကြီးဖောဇီကဘားသည် ၎င်းတို့၏ ပညာရေးရန်ပုံငွေများကို ထိန်းသိမ်းစီမံရ သည်။ ၎င်းတို့အတွက် လောင်းကစားကြွေးများပေးဆပ်ခြင်း၊

ဟိုတယ်စရိတ်ပေးချေခြင်း၊ ကျောက်မျက်ရတနာနှင့် ကားဝယ်ခြင်း၊ အပျော်အပါးအတွက် ဥရောပသူ လှပျိုဖြူကလေးများ ရှာဖွေပေးခြင်းစသည်တို့ကို အလုံးစုံ တာဝန်ယူဆောင်ရွက်ပေးရသည်။

ထို့ပြင် အဆိုပါ မင်းညီမင်းသားများ၏ အရှုးအမူးအပျော်ကြူးရမ်းကားမှုများကို လည်း နိုင်ငံတကာစာနယ်ဇင်းများက မဖော်ပြနိုင်အောင် သက်ဆိုင်ရာတို့အား လာဘ်ထိုးပြီး ကာကွယ်ပေးရသေးသည်။

အာရပ်စစ်ဒုက္ခသည်များ၏ ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတကာညီလာခံ တစ်ရပ်ကျင်းပရန် ကုလသမဂ္ဂအဖွဲ့ကြီးက ဆော်ဩစီစဉ်သောအခါ ဖောဇီကဘားက ယင်းညီလာခံကို ယင်းညီလာခံကို ဖူးရစ်မြို့တွင်ကျင်းပဖြစ်ရန် ကြိုးပမ်းရုံသာမက၊ ပါလက်စတိုင်းကိုယ်စား လှယ်အဖွဲ့ တစ်ဖွဲ့ ၏ ခေါင်းဆောင်အဖြစ် သူကိုယ်တိုင် ပ ကိုယ်တိုင် ပါဝင်အောင်လည်း စွမ်းဆောင် နိုင်ခဲ့သည်။

ဖောဇီကဘားနှင့် တစ်စိတ်တည်းတစ်ဉာဏ်တည်း ကြံဖော်ကြံဖက်ဖြစ်သူ ဆော်ဒီမင်း သားကြီး အလီရာမန်ကလည်း ဖူးရစ်ရှဗတ်မြို့နယ်ရှိ သူ၏ ကြီးကျယ်ခမ်းနားလှသော စံအိမ်တော်ကြီးကို ညီလာခံကျင်းပရန် ငှားရမ်းခဲ့သည်။ ရည်ရွယ်ချက်မှာ ညီလာခံကို သူတို့နှစ်ယောက်က ကြိုးကိုင်ခြယ်လှယ်နိုင်ရန်ဖြစ်သည်။

ရေနံအကြီးအကျယ်ထွက်၍ ပိုက်ဆံအကြီးအကျယ် ချမ်းသာလာခြင်း၊ မတရားနည်း ဖြင့်ငွေရှာခြင်းနှင့် ပိုက်ဆံပေး၍ မဟာမိတ်စုဆောင်းခြင်းတို့သည် ဆော်ဒီနိုင်ငံရေးအကွေး အခေါ်ကို ကဏ္ဍသစ်ဖွင့်ပေးလိုက်ခြင်း ဖြစ်သည်။ သူဌေးကြီးဖောဇီကဘားကို ချုပ်ကိုင်နိုင်လျှင် အာရပ်ကမ္ဘာတစ်ခုလုံးကို ချုပ်ကိုင်နိုင်မည်။ မတတ်သာသည့်အဆုံး အခြားအာရပ်နိုင်ငံ များအား မိမိတို့အလိုကျ စည်းရုံးသိမ်းသွင်းနိုင်မည်ဟူသောအချက်ကို မင်းသားကြီး အလီရာမန်က တစ်ထစ်ချယုံကြည်ထားသည်။

"အာရပ်နိုင်ငံအားလုံးနှင့် ကိုယ်စားလှယ်အဖွဲ့များအနေဖြင့် ၎င်းတို့ ဆန္ဒအလျောက် အစ္စရေးနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ သဘောတူစာချုပ် ချုပ်ဆိုခြင်း တစ်စုံတစ်ရာ လုံးဝမပြုလုပ်နိုင်ရန် ဖြစ်သည့်နည်းဖြင့်

တားဆီးဖို့ကိစ္စသည် ဖောဇီကဘား၏ ပထမဆုံး အဓိကခြေလှမ်းဖြစ်သည်။

အာရပ်နိုင်ငံများနှင့် အစ္စရေးနိုင်ငံတို့ စစ်ဖြစ်ရာတွင် ဆော်ဒီအာရေဗျနိုင်ငံက ပါဝင်တိုက်ခိုက်ခြင်း မပြုခဲ့။ စတိသဘော တစ်စုကလေးတစ်စုကိုသာ စေလွှတ်ခဲ့သည်။ ထို့ပြင် စစ်ပြေးဒုက္ခသည်များကိစ္စတွင်လည်း ဆော်ဒီတို့က လုံးဝပါဝင်ပတ်သက်ခြင်း မပြုခဲ့။ ၎င်းတို့ ၏အဓိကရည်ရွယ်ချက်မှာ ဂျူးလူမျိုးတို့ ကြောင့်ကျဆင်းခဲ့ရသော အာရပ် လူမျိုးတို့ ၏ ဂုဏ်သိက္ခာကို ပြန်လည်အဖတ်ဆည်ရန်နှင့် အာရပ်ကမ္ဘာတစ်ခုလုံး၏ ခေါင်းဆောင်နေရာကို ရယူရန်သာဖြစ်သည်။

ယင်းသို့ လျှင် မင်းသားကြီးအလီရာမန်နှင့် ဖောဆီကဘား နှစ်ယောက်သား ပူးပေါင်း ၍ ကျိတ်ကြံနေသော စီမံကိန်းကြီးသည် လောလောဆယ်တွင် အနောက်ဘက်ကမ်းမှ ရောက်ရှိလာသည့် စစ်ပြေးဒုက္ခသည် ကိုယ်စားလှယ်အဖွဲ့ဝင်သုံးဦးကြောင့် ပြိုကွဲပျက်စီး တော့မည့်ကိန်း ဆိုက်ရောက်လျက်ရှိချေပြီတကား။

“အဲဒီဒုက္ခသည် ခွေးသုံးကောင်ကို ကျုပ်တို့ ဘာပြုလို့ ကိစ္စတုံး ရှင်းမပစ်နိုင်ရမှာလဲ” မင်းသားကြီး အလီရာမန်က မေးလိုက်သည်။

“အကြောင်းက ဒီလိုရှိပါတယ်ကိုယ်တော်ကြီး၊ ကျွန်တော်တို့ဟာ ဆွစ်ဇာလန်နိုင်ငံရဲ့ ဧည့်သည်တွေ ဖြစ်ပါတယ်၊ တစ်နည်းပြောရလျှင် ကျွန်တော်တို့ဟာ သူတို့ရဲ့ အိမ်ခေါင်းမိုး အောက်မှာ တည်းခိုနေကြရပါတယ်၊ သူတို့ဟာ တခြားလူတွေရဲ့ ရန်ပွဲမှာ လုံးဝ ပါဝင်ပတ် သက်လေ့ မရှိကြပါဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ သူတို့ က တခြားလူတွေရဲ့ ငွေရေး ကြေးရေးကိစ္စမှာသာ ပါဝင်ကူညီလိုကြတဲ့အတွက် ဖြစ်ပါတယ်၊ ဒါဟာ သူတို့ ရဲ့ ကမ္ဘာ ကျော်တဲ့ စရိုက်လက္ခဏာပါပဲ၊ ဒါကြောင့်မို့လို့ တိုင်းတစ်ပါးသားတွေ အချင်းချင်း သူတို့နိုင်ငံမှာလာပြီး သတ်ဖြတ်ကြတာကို ဘယ်နည်းနဲ့မျှ ခွင့်ပြုနိုင်မှာမဟုတ်ပါဘူး၊ ဒီလိုကိစ္စမျိုးမှာ သူတို့က သိပ်ပြီးခေါင်းမာကြပါတယ်”

“ဒါဆိုလျှင် ကျုပ်တို့ ပိုက်ဆံတွေကို သူတို့ နိုင်ငံမှာစုမထားဘဲ တခြားနိုင်ငံတွေမှာ သွားစုမှာပေါ့”

'ဒါက ပြောသလောက်မလွယ်ပါဘူး ကိုယ်တော်ကြီး၊ ဆွစ်လူမျိုးတွေက ငွေရေး ကြေးရေးကိစ္စ ကိုယ်တွယ်ရာမှာ အလွန်စေ့စပ်သေချာပါတယ်။ ဒီအတွက်ပဲ သူတို့ နိုင် ကမ္ဘာကျော်နိုင်ငံ ဖြစ်လာရတာပါပဲ၊ ငွေကြေးကိစ္စနဲ့ ပတ်သက်ရင် ဆွစ်ဇာလန်နိုင်ငံလုံး ဘယ်နိုင်ငံမှ လုံခြုံမှုမရှိပါဘူး၊ ကျွန်တော်တို့ ပိုက်ဆံတွေကို သူတို့ နိုင်ငံမှာစုထားလျှင် ဘယ်လို ရန်သူမျိုးငါးပါးကိုမှ ကြောက်စရာမလိုပါဘူး၊ ဒါဟာဆွစ်လူမျိုးတို့ရဲ့ ထူးခြား ဥ်ကျေးမှုပါ၊ ထူးခြားတဲ့တီထွင်မှုပါ၊ ကျွန်တော်တို့က သူတို့နိုင်ငံအတွင်းမှာ လူသတ်မှု လွန်ရင် ကျွန်တော်တို့ စုထားတဲ့ငွေတွေကို လက်ခံတော့မှာမဟုတ်ဘူး၊ ပြီးတော့လည်း ဘော်တို့က ဒုက္ခသည်ကိုယ်စားလှယ်တွေကို သတ်ဖြတ်လာရင် နိုင်ငံတကာ စာနယ်ဇင်း က ဝိုင်းပြီးထိုးနှက်ကြမှာ ကျိန်းသေပဲ”

“ဒီနိုင်ငံတွေကသတင်းစာတွေကို ဘုရင့်နန်းတော်ကဖြစ်ဖြစ် ဒါမှမဟုတ်ရင် အစိုးရ ကဖြစ်ဖြစ် မချုပ်ကိုင်နိုင်တာကို ကျုပ်တော့ ဘယ်လိုမှနားမလည်နိုင်ဘူး”

“ဟုတ်ပါတယ်၊ တော်တော် ကြောက်စရာကောင်းတဲ့စနစ်ပါ၊ ဒီအချက်ကို ကျွန်တော် ည်းသဘောတူပါတယ်၊ ဒါပေမယ့် ဘယ်လိုပဲပြောပြော အနောက်နိုင်ငံ သတင်းစာတွေ က သိပ်ပြီးသြဇာကြီးတာကတော့ သေချာပါတယ်။ ဒီလူတွေဟာ ဘာမှမဟုတ်တာကို လည်း အဟုတ်ဖြစ်လာအောင်လုပ်နိုင်တယ်၊ ကျွန်တော်တို့ရဲ့ အလွန်မွန်မြတ်တဲ့ လုပ်ငန်း ကြီးကိုလည်း အရှက်တကွဲအကျိုးနည်းဖြစ်သွားအောင် ဖျက်ဆီးပစ်နိုင်တယ်”

“ဒါဆိုရင် မင်းညီမင်းသားတစ်ယောက်အနေနဲ့ ဘာအခွင့်အရေးမှ မရှိတော့ဘူးပေါ့”

“ဟုတ်ပါတယ်၊ အနောက်နိုင်ငံသားတွေရဲ့ စရိုက်လက္ခဏာဟာ အလွန်ထူးဆန်း တယ်”

“ကောင်းပြီလေ၊ ကျုပ်တို့ကလောလောဆယ် ဒီခွေးတိရစ္ဆာန်သုံးကောင်ကို သတ်လို့ ဘူးဆိုရင် သူတို့ကိုပိုက်ဆံပေးပြီး ကိုယ့်ဘက်ပါအောင် သိမ်းသွင်းကြတာပေါ့၊ ဒီလူ တွေက တခြားကိုယ်စားလှယ်တွေလောက် စျေးကြီးမယ်မထင်ပါဘူး

”ဒီကိစ္စလည်း ပြောသလောက်မလွယ်ဘူး ကိုယ်တော်ကြီး၊ အထူးသဖြင့် များမန်းနဲ့ ဟာဂျီအီဘရာဟင်တို့နှစ်ယောက်ကို ဘယ်နည်းနဲ့မှ လာဘ်ထိုးလို့မရနိုင်ပါဘူး”

“ဟုတ်ရဲ့လား၊ ကျုပ်တော့လုံးဝမယုံဘူး”

”

ဒါပေမယ့် တစ်ခုတော့ရှိပါတယ်၊ ရှိတ်တာဂျီတစ်ယောက်ကိုတော့ ကျွန်တော်တို့ စည်းရုံးလို့ ရနိုင်စရာရှိပါတယ်၊ သူတို့နှစ်ယောက်နဲ့ ခွဲထုတ်ပစ်ဖို့နည်းလမ်းရှာရုံပဲ၊ ဒါဆို ရင် သူတို့ကိုယ်စားလှယ်အဖွဲ့ အများကြီးအားယုတ်သွားမှာသေချာတယ်၊ ဒါ တကယ်ကောင်း တဲ့အကြံပဲ ကိုယ်တော်ကြီး

”ကောင်းတယ်၊ ကောင်းတယ်၊ ဒီကိစ္စ ဖြစ်အောင်လုပ်စမ်းပါ”

“စိတ်ချပါကိုယ်တော်ကြီး၊ ကျွန်တော် အမြန်ဆုံးလုပ်ပါမယ်၊ ဒါပေမယ့် ဟာဂျီက လူမျိုးစုတွေကို ပြန်လည်နေရာချထားပေးဖို့ တောင်းဆိုလာနိုင်စရာရှိတယ်၊ အထူးသဖြင့် ဆော်ဒီအာရေဗျနိုင်ငံမှာ နေရာချထားပေးဖို့ တောင်းဆိုမှာသေချာတယ်” ။

”

ဒါတော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ ကျုပ်ဘိုးတော်ကကဲ လုံးဝခွင့်ပြုမှာမဟုတ်ဘူး၊ စစ်ပြေးဒုက္ခသည်တွေကို ကျုပ်တို့နိုင်ငံမှာ လုံးဝပြန်လည်နေရာချထားခြင်း မပြုဘူးလို့ ဆုံးဖြတ်ချက်ချထားတယ်”

“ဟုတ်ပါတယ် ကိုယ်တော်ကြီး၊ ဘယ်သူ့ကိုမှ ပြန်လည်နေရာချထားခြင်း မပြုပါဘူး၊ ဒါဖြင့် ရှိတ်တာဂျီကို မက်လောက်တဲ့ အတိုင်းအတာအထိ ခပ်များများကလေးပေးမှ ဖြစ်လိမ့်မယ်။ ဆိုကြပါစို့၊ သူ့ကို အိုင်ဘင်ဆော့ ဘုရင်မင်းမြတ်ရဲ့ စစ်ပြေးဒုက္ခသည်ရေးရာ အထူးအတိုင်ပင်ခံအဖြစ် ခန့်ရရင် ဘယ်လိုနေမှာလဲ”

“ဒါဖြင့် သူ့ကို ဘယ်လောက်ပေးရမှာလဲ”

”အဲဒါကတော့ သူတို့သုံးယောက်ကို အုပ်စုခွဲပစ်တာ ကျွန်တော်တို့အတွက် ဘယ် အတိုင်းအတာအထိ အကျိုးရှိသလဲဆိုတဲ့အပေါ်မှာ တည်ပါတယ်”

“တစ်သိန်းပေါ့ ဒေါ်လာတစ်သိန်း”

”တစ်သိန်း၊ ဖြစ်ပါတယ်၊ ဒါပေမယ့် စတာလင်ပေါင်တစ်သိန်းမှဖြစ်မယ်”

ယင်းငွေထဲမှ ဖောဇီကဘားက သူ့အတွက်ဝေစုအဖြစ် ဘယ်လောက်အထိ ဖဲ့ယူမည် မသိဟု မင်းသားကြီးက တွေးမိသည်။ သို့သော် အရေးမဟုတ်။ အလုပ်ဖြစ်ဖို့သာအဓိက။ ဤမျှလောက်သော ငွေကြေးပမာဏမှာ ထောက်ပံ့ကြေးသဘောမျှသာဖြစ်သည်။ ဖောဇီကဘား ဆက်ပြောရန် မင်းသားကြီးက ခေါင်းညိတ်ပြလိုက်သည်။

ဖောဇီကဘားက ဆက်လက်၍“ကျန်လူနှစ်ယောက်ကိုတော့ ညီလာခံတက်ခွင့်ပြုလိုက်တာ ကောင်းပါတယ်”

”ခင်ဗျားရူးနေပြီလား”

“ကျေးဇူးပြုပြီး ကျွန်တော်ဆုံးအောင် ပြောပါရစေ၊ ညီလာခံစည်းကမ်းဥပဒေက ဒီလိုရှိပါတယ်၊ ကိုယ်စားလှယ်အဖွဲ့တွေ အားလုံးကို သူ့အတိုင်းမထားဘဲ ဆပ်ကော်မတီ ကလေးတွေ ပြန်ခွဲပစ်မယ်၊ အဲဒီဆပ်ကော်မတီကလေးအားလုံးဟာ နိုင်ငံတကာ ပြဿနာဖြေ ရှင်းရေးကော်မရှင်ကို တင်သွင်းတဲ့ အစီအစဉ်ကိုရော၊ တောင်းဆိုချက်တွေကိုရော အကုန်လုံး ထောက်ခံကြရမယ်၊ ချားမန်းနဲ့ ဟာဂျီအီဘရာဟင်တို့ကို ဒီနည်းနဲ့ခွဲပစ်ပြီး အားနည်းသွား အောင် လုပ်ပစ်လိုက်မယ်၊ အဲဒါဆိုရင် ဒီမောင်တွေ ဘာလုပ်နိုင်တော့မှာလဲ”

“အဲဒါဆိုရင် အန္တ ရာယ်ရှိလာနိုင်တယ်၊ သူတို့အချင်းချင်းပူးပေါင်းပြီး လုပ်ကြံမှုတွေ ပေါ်ပေါက်လာနိုင်တယ်” ။

“ကိုယ်တော်ကြီး၊ ကိုယ်တော်ကြီးဟာ အိုင်ဘင်ဆော့ဘုရင်မင်းမြတ်ရဲ့ မြေးတော်ပါး ဘုရင်မင်းမြတ်ကို အလ္လာအရှင်မြတ် အမြဲတမ်းစောင့်ရှောက်တော်မူနေပါတယ်၊ ကျွန်တော် တို့ရဲ့ သံမဏိစည်းကမ်းတွေက ဘာတွေလဲ၊ ဂျူးတွေနဲ့ ငြိမ်းချမ်းရေးမလုပ်ရ၊ ဂျူးတွေနဲ့

ဆွေးနွေးညှိနှိုင်းခြင်းမလုပ်ရ၊ ဒုက္ခသည်တွေ ဂျူးနယ်မြေထဲကို ဝင်ရောက်နေထိုင်ခြင်းမပြုရေး အာရပ်နယ်မြေထဲမှာ ဒုက္ခသည် တွေကိုပြန်လည် နေရာချထားခြင်းမပြုရ၊ ဒီစည်းကမ်းကို တခြားကိုယ်စား လှယ်တွေအားလုံး လက်ခံတယ်၊ ကျွန်တော်တို့အတွက်ကတော့ အမာခံပဲ ဒီတော့ ဒီလူရှုပ်တွေကရော ဘာလို့လက်မခံရမှာလဲ၊ ဒီမောင်တွေကို ကျွန်တော်တို့က ကြိုးရှည်ရှည်နဲ့ လှန်ထားမယ်၊ ပြီးတော့စည်းရုံးမယ်၊ တစ်ပတ်ကြာချင်ကြာမယ်၊ တစ်လ ကြာချင်ကြာမယ်၊ ခြောက်လကြာချင်ကြာမယ်၊ နောက်ဆုံးတော့ ဒီလူတွေ ဒူးထောက်ရမှာပဲ”

“ဒါနဲ့ တခြားကိုယ်စားလှယ်အဖွဲ့ တွေကို ဘယ်လိုလုပ်ထားသလဲ”

”သူတို့ကို အုပ်စုခွဲထားတယ်။ ဒါမှ ကျွန်တော်တို့ လိုချင်သလိုလုပ်လို့ရမယ်”

”ဟိုလူမည်းကောင် ကိစ္စကရော”

“လူရှေ့သူရှေ့မှာ အဲဒီလိုမခေါ်ပါနဲ့ ကိုယ်တော်ကြီး၊ ဒေါက်တာရပ်ဖဲသ်ဘန့်ချ်က လူမည်းဖြစ်ပေမယ့် သိပ်ပြီးလေးစားလောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ”

“သူ့ကိုရော စည်းရုံးလို့လွယ်ပါ့မလား”

“ဒီကိစ္စကိုတော့ အလွန်သတိထားပြီးလုပ်ရလိမ့်မယ်၊ သူ့ကိုဘယ်နည်းနဲ့မှ လာဘ် ထိုးလို့မရနိုင်ပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့ကိုင်နိုင်ပါတယ်၊ သူက ကျွန်တော်ကို အကြံ အစည်ကို လုံးဝမသိပါဘူး၊ ကျွန်တော်တင်ပြထားတဲ့ အချက်တွေကို ကိုယ်တော်ကြီးရဲ့ ဘိုးတော်ဘုရားကြီးက ကိုယ်တော်ကြီးကြိုက်သလိုလုပ်ဖို့ ညွှန်ကြားထားပြီးပြီပဲ”

”ဘာကိုပြောတာလဲ”

'သီလာခံပြီးသွားတဲ့နောက် ဆီးရီးယားနဲ့ အီဂျစ်မှာ ပိတ်ဆို့ထားမယ့် ကျွန်တော် ကို ရေရှည်စီမံကိန်းကိုပြောတာပါ”

မင်းသားကြီးက ခေါင်းတစ်ချက်ညိတ်ရင်း

”ဒါဆို ဟုတ်ပြီ၊ အီဂျစ်တွေနဲ့ ဆီးရီးယန်းတွေကို ပြောလိုက်ပါ၊ သူတို့အတွက် က်က်ဝယ်ဖို့ ဆော်ဒီအာရေဗျနိုင်ငံက တစ်နေ့ကို ဒေါ်လာတစ်သန်းစီ ပေးမယ်လို့ ပြောလိုက်”

“အလွန်ကောင်းတဲ့ အစီအစဉ်ပဲ ကိုယ်တော်ကြီး၊ သူတို့က ဒီစကားကိုပဲ သိပ်ပြီး ကြားချင်နေကြပါတယ်၊ အဲဒီတော့ နောက်တစ်ချက်က

”ဘာကိစ္စလဲ”

“ကျွန်တော် ပြောခဲ့ပြီးတဲ့အတိုင်း အနောက်တိုင်းသတင်းစာတွေက သိပ်ပြီးဩဇာ ကြီးမားပါတယ်၊ အနောက်နိုင်ငံတွေကလည်း ကျွန်တော်တို့ဆီက ရေနံတွေ ဝယ်ယူနေကြ တယ်။ ဒီတော့ဒုက္ခသည်ကယ်ဆယ်ရေးအတွက် သူတို့ဆီကလည်း အလှူငွေတွေ ထည့် ခင်ကအောင်စည်းရုံးရမယ်” ။

“မလုပ်နဲ့၊ မလုပ်နဲ့ ဒါတော့ ကျုပ်သဘောမတူနိုင်ဘူး၊ ဒီကိစ္စမှာ သူတို့ပါဝင်လာလို့ ဖြစ်ဘူး၊ တကယ်တော့ ဒုက္ခသည်တွေက သူတို့ပြဿနာ သူတို့ဖန်တီးကြတာပါ”

“ဒါပေမယ့် ဒီဇီယွန်ဝါဒသူရဲကြီးကို ဖန်တီးတာကတော့ ကုလသမဂ္ဂမှာပဲ အဓိက ဘဝန်ရှိတယ်၊ ဒီပြဿနာဟာ နိုင်ငံတကာပြဿနာ၊ အာရပ်ပြဿနာမဟုတ်ဘူး၊ ဒုက္ခ သည်တွေကို သူတို့စခန်းတွေမှာ ဝဝလင်လင်ကျွေးမွေးထားရင် တစ်သက်လုံး နေသွားကြ မှာမယ်၊ ဒါကြောင့် သူတို့ကို အငတ်ငတ်အပြတ်ပြတ်ထားမှ ဖြစ်မယ်၊ ဒါမှ ဂျူးတွေကို ချေချင်စိတ်တွေ ပေါ်ပေါက်လာမယ်”

'ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် အကြံတစ်ခုရပါတယ်၊ ကိုယ်တော်ကြီး သည်းခံပြီး နားထောင်စေချင်ပါတယ်၊ ကျွန်တော့်အကြံကဒီလိုပါ၊ ကျွန်တော်တို့က အာရပ်မြေထဲမှာ ဒုက္ခသည်တွေကို ပြန်လည်နေရာချထားဖို့ အစီအစဉ်တွေရှိကြောင်း အနောက်တိုင်းစာနယ် ဇင်းတွေကတစ်ဆင့် တစ်ခုပြီးတစ်ခု ဝါဒဖြန့်မယ်”

'ဘာ၊ ဘာပြောတယ်” ။

“သည်းခံပါ ကိုယ်တော်ကြီး၊ ကျွန်တော်ဆုံးအောင်ပြောပါရစေ၊

ကျွန်တော်တို့အနေနဲ့ အနောက်နိုင်ငံတွေရဲ့ ထောက်ခံမှုကိုရဖို့ သိပ်ပြီးအရေးကြီးပါတယ်၊ ဒီအချက်ကို လျှော့မတွက် သင့်ပါဘူး၊ ဆိုကြပါစို့၊ အီဂျစ်က ဂါဇာကမ်းမြောင်ဒေသမှာ ဒုက္ခသည်တွေကို ယာယီလက်ခံ ထားပြီး နောက်တော့မှ ဆိုင်နိုင်းဒေသမှာ အမြဲတမ်းနေရာချပေးမယ်လို့ ကြေညာမယ်၊ အလားတူပဲ လစ်ဗျားကလည်း ဒုက္ခသည်တွေအတွက် အစီအစဉ်လုပ်ထားကြောင်းကြေညာ မယ်၊ ပြီးတော့ ဆီးရီးယားကလည်း ဆီးရီးယားနဲ့ လက်ဘနွန်တို့မှာရှိနေတဲ့ ဒုက္ခသည်တွေကို ယူဖရေးတီးမြစ်ဝှမ်းဒေသကို ပြောင်းရွှေ့ပေးမယ်လို့ကြေညာမယ်”။

“ဒီစကားပြောတာ ခင်ဗျား လျှာဖြတ်ခံရမှာမကြောက်ဘူးလား”

“အို ... ကိုယ်တော်ကြီး၊ ကျေးဇူးပြုပြီးချမ်းသာပေးပါ၊ သည်းခံတော်မူပါ၊ ကျွန်တော် ဘ ဆက်ပြီးပြောပါရစေဦး၊ အဲဒီနိုင်ငံတွေက ကြေညာချက်တွေထုတ်ပြန်ပြီး တော့မှ ဒုက္ခသည် များ ပြန်လည်နေရာချထားရေး လုပ်ငန်းအတွက် ဆော်ဒီအာရေဗျနိုင်ငံက တစ်နေ့ကို ဒေါ်လာတစ်သန်းစီ ကူညီထောက်ပံ့မယ်လို့ ကြေညာချက်ထုတ်ပြန်မှာ ဖြစ်ပါတယ် မင်းသားကြီး၏မျက်နှာ နီရဲသွားသည်။ သို့သော် တစ်ချိန်တည်းတွင် ဖောဇီ တွေးခေါ်မှု ပါးနပ်လိမ္မာပုံကိုလည်း အကဲခတ်မိပါသည်။ . ဖာဇီကဘားက အရဲစွန့်၍ဆက်ပြောသည်။

“တကယ်တော့ ဒီလိုလုပ်တာတွေ အားလုံးဟာ အနောက်နိုင်ငံတွေကို ပရိယာယ် ဆွယ်တာပါ၊ ကျွန်တော်တို့ဟာ စေတနာယုတ်တဲ့ လူတွေမဟုတ်ဘူး၊ လူသားမေတ္တာ ပုဂ္ဂိုလ်တွေပါဆိုတာကို သူတို့သိအောင်ပြတာပါ၊ ဒီလိုနဲ့ အချိန်တွေကုန်လွန်သွား ဒီညီလာခံကြီးလဲ ပြီးဆုံးသွားမယ်၊ အချိန်တွေ ကုန်လွန်သွားတာနဲ့အမျှ ပြန်လည်နေရာ ထားရေးစီမံကိန်းတွေလည်း သဲကန္တာရက ညနေစောင်းနေလုံးကြီးလို မိုးကုပ်စက်ဝိုင်း တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားလိမ့်မယ်၊ အဲဒီတော့ ကျွန်တော်တို့က တစ်နေ့တစ်သန်း ထောက်ပံ့နေစရာလည်း မလိုတော့ပါဘူး”

ယခုတော့မှ မင်းသားကြီး ဒေါသပြေသွားသည်။ သူတို့စီမံကိန်းကြီး၏ အလားအ ကောင်းခြင်းကိုလည်း မှန်းဆမိသည်။

“ကောင်းပြီလေ၊ ဒါပေမယ့် ဒီကိစ္စကို ကျုပ်ဘိုးတော်ဆီ တင်မပြခင် အီရတ် ဆီးရီးယားနဲ့ လက်ဘနွန် နိုင်ငံခြားရေးဝန်ကြီးတွေကို ကျုပ်တွေ့ချင်တယ်၊ ဒီအခန်းထဲမှာ တွေချင်တယ်၊ ကျုပ်တို့အချင်းချင်း ကြိုတင်နားလည်မှုယူချင်တဲ့အတွက်ပါ”

ဖာဇီးကဘားက သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ ဦးခေါင်းကို ခါယမ်းလိုက်ပြီး နောက် “

ဒါတော့ လုံးဝမဖြစ်နိုင်ဘူး ကိုယ်တော်ကြီး' “ကုန်ကျစရိတ်အားလုံး ကျုပ်တို့ခံမှာပေါ့၊ သူတို့ ကျုပ်ဆီလာတွေ့ရမယ်”

“ကျွန်တော် တောင်းပန်ပါတယ် ကိုယ်တော်ကြီး၊ ကျွန်တော် သူတို့နဲ့ အလျင် တွေ့ပါရစေဦး”

“ကျုပ် သူတို့နဲ့အတူ ဘာဖြစ်လို့စကားမပြောနိုင်ရမှာလဲ”

“ကိုယ်တော်ကြီးအပေါ်မှာ ကျွန်တော် အမြဲတမ်း ရိုးသားစွာဆက်ဆံလာတာကို ကိုယ်တော်ကြီး သိပါတယ်”

“ကျုပ်တောင်းဆိုတယ်၊ ကျုပ် သူတို့နဲ့ ဒီနေ့ ဒီနာရီ ဒီမိနစ်မှာ တွေ့ချင်တယ် ဖောဇီကဘာက သက်မတစ်ချက် ချလိုက်ပြန်သည်။ ပြီးတော့မှ -
“ကျွန်တော်ရှင်းပြတာ ကျေးဇူးပြုပြီး နားထောင်ပါဦးကိုယ်တော်ကြီး၊ အခု ဒီကို ရောက်နေကြတဲ့ ကိုယ်စားလှယ်အဖွဲ့တွေက တခြားကိုယ်စားလှယ်အဖွဲ့ တွေရှေ့မှာ ဘာ မလုပ်ရဲကြပါဘူး၊ ဆီးရီးယန်းတွေက အီဂျစ်တွေကို မယုံဘူး၊ လက်ဘနွန်တွေကျတော့ ငွေလောက်ပဲ မက်တယ်၊ ဂျော်ဒန်တွေကျပြန်တော့လည်း ဘယ်သူမှ အယုံအကြည်မရှိဘူး ပါလက်စတိုင်း ကိုယ်စားလှယ်အဖွဲ့ တွေကိုကျတော့ သူတို့ရဲ့ အိမ်ရှင်နိုင်ငံတွေက ကြိုး ကိုင်ထားကြတယ်၊ သူတို့က ကော်မတီကလေးတွေ ကျိတ်ဖွဲ့ပြီး ငြင်းခုံနေကြတယ် ကျွန်တော်တို့လိုချင်တဲ့ အခြေအနေပါပဲ။

“ဒါပေမယ့် ပြဿနာဖြေရှင်းရေး ကော်မရှင်ရှေ့ကျတော့ ဘာမှမပြောဘဲ ရေငုံ] ကြတယ်၊ အကြောင်းကတော့ တစ်ယောက်ကိုတစ်ယောက် ကြောက်နေကြရလို့ပဲ၊ သူတို့ အချင်းချင်း တစ်ယောက်ကိုတစ်ယောက်မယုံကြဘူး၊

အချင်းချင်းစက်ပုန်းခုတ်ပြီး အကွက် ချောင်းနေကြတယ်၊ တချို့ကျတော့ ဂျူးတွေနဲ့အပေးအယူလုပ်ဖို့တောင် ကြိတ်ပြီး ကြိုးစား

”

တယ်၊ ကျွန်တော်တို့က သူတို့ကို တစ်ခန်းတည်းမှာ အတူတူထားလို့ မဖြစ်ဘူး ကိုယ်တော်ကြီး၊ ဒါတော့ တကယ်ယုံပါ၊ ကိုယ်တော်ကြီးသိတဲ့အတိုင်း ကျွန်တော်တို့ ချင်းချင်း စည်းလုံးညီညွတ်မှုရတာက ဂျူးတွေကို မုန်းတီးရေးကိစ္စမှာသာရတာပါ”

မင်းသားကြီးက ဖောဇီကဘား၏ စိတ်ထားနှင့် စိတ်ကူးကို သဘောပေါက်မိသည်။ ယခုအလုပ်က အလွန်သိမ်မွေ့ခက်ခဲသောအလုပ်။ သို့သော် ယခုအချိန်အထိတော့ အားလုံး ဘဏ္ဍေ ပြေလည်နေပြီ။ ညီလာခံကြီးလည်း ဂျူးမုန်းတီးရေးကြွေးကြော်သံဖြင့် ပြီးဆုံးသွား လိမ့်မည်။ သို့သော် ယခုကိစ္စတွင် မိမိကပဲ ဖောဇီကဘားကို ပညာပြနေတာလား၊ ဒါမှ မဟုတ် ဖောဇီကဘားကပဲ မိမိကို ပညာပြနေတာလား။

အာရပ်ကိုယ်စားလှယ်အဖွဲ့အားလုံး ပန်းတိုင်ချင်းတူညီနေလျှင် ဆော်ဒီအာရေဗျနိုင်ငံ သန်းနှင့်ချီပြီး ဘာကြောင့်ပေးနေစရာလိုသေးသနည်း။ ဟုတ်ပြီ။ ဤပြဿနာ၏ အဖြေကို သိပြီ။ ဆော်ဒီအာရေဗျနိုင်ငံက ပိုက်ဆံတွေ အများကြီးသုံးနိုင်သောကြောင့် ဖြစ်သည်။ စက်ထဲကို ကုလားအုတ်ချေး ပစ်မထည့်ပါနှင့်။ အိုင်ဘင်ဆော့ဘုရင်ရှေ့တွင် အမှားကို မလုပ်မိပါစေနှင့်။ မင်းသားကြီးအလီရာမန်က ယင်းသို့တွေးမိသည်။

ထို့နောက် မင်းသားကြီးသည် တစ်ခန်းလုံးကို မသင်္ကာစိတ်ဖြင့် မျက်လုံးကစားကြည့် လိုက်သည်။ အခန်းထဲတွင် သူနှင့် ဖောဇီကဘားတို့နှစ်ယောက်သာ ရှိသော်လည်း သူ့ တ်ထဲတွင် သင်္ကာမကင်းဖြစ်မိသောကြောင့် ဖြစ်သည်။

ပြီးတော့မှ ကိုယ်ကို ရှေ့သို့ကိုင်းလျက် - 'ဒါနဲ့ အဗ္ဗဒူလာဘုရင်ကို လုပ်ကြံဖို့ကိစ္စ ဘယ်လိုစီစဉ်ထားသလဲ”

ဖောဇီကဘားက သစ်သီးခွက်ထဲမှ စပျစ်သီးတစ်လုံး

ခြွေယူလိုက်ပြီးနောက်"ဒီကိစ္စက ပရိယာယ်အများကြီးသုံးဖို့ လိုပါတယ်၊ အဗ္ဗဒူလာဟာ လုပ်ကြံမှုတွေကို ကျော်လွှားလာခဲ့တာ နှစ်ပေါင်းသုံးဆယ်တောင်ရှိလာခဲ့ပါပြီ၊ သူ့နန်းတော်ကို ဂျော်ဒန်လုံခြုံ ရေးတပ်က အမြဲတမ်းဝိုင်းထားတယ်၊ သူကသူ့လုံခြုံရေးတပ်သားတွေ သစ္စာစောင့်သိအောင် ဗြိတိသျှပေါင်စတာလင် ပိုက်ဆံတွေကို သကြားလုံးတွေပေးသလို ပေးထားတယ်၊ နန်းတော် အတွင်းအပြင်မကျန် အစောင့်တွေအပြည့်ချထားတယ်၊ နန်းတွင်းထဲမှာ ကိုယ်ရံတော်တပ်သား တွေကိုလည်း စာကေးရှန်းတပ်သားတွေကိုမှ တမင်ရွေးပြီးခန့်ထားတယ်"

"သူက မွတ်စလင်တပ်သားတွေကိုတောင်မထားဘဲ ရုရှတပ်သားတွေမှ ရွေးခန့်ထား သကိုး"

"ဟုတ်ပါတယ်၊ အခြေအနေမှန်ကို ကျွန်တော်ဆက်ပြီးတင်ပြပါမယ်၊ အမှန်အတိုင်း ပြောရလျှင် အဗ္ဗဒူလာကို သတ်ရဲမယ့်ပုဂ္ဂိုလ်ကိုတောင် အခုအထိ ရှာမတွေ့သေးပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့ဆက်ပြီး မပြတ်ကြိုးစားနေပါတယ်၊ အလားအလာမဆိုးပါဘူး၊ ဖူးရစ်မြို့ကိုရောက်နေတဲ့ ဂျော်ဒန်ဝန်ကြီးတစ်ယောက်နဲ့ အဆက်အသွယ်လုပ်နေတုန်းပါ၊ သူက ဘုရင်ရဲ့ သွားလာလှုပ်ရှားမှုမှန်သမျှကို ကြိုတင်သိရတဲ့ ပုဂ္ဂိုလ်ပါ၊ ဒီပုဂ္ဂိုလ်က ကြေးကြီးတော့ပေးရမှာပဲ၊ သို့သော် တကယ်လုပ်မယ့်လူပါ၊ သူအမ္မာန်မြို့ကိုပြန်ရောက်တော့ အဗ္ဗဒူလာဘုရင် ဘယ်နေရာကို ဘယ်နေ့ဘယ်အချိန်မှာ ထွက်မယ်ဆိုတာ ကျွန်တော်တို့ဆီ ကို လျှို့ဝှက်သတင်းပို့မယ်။

"... ဟီဘရွန်ကိုဖြစ်ဖြစ်၊ နာဗလူးကိုဖြစ်ဖြစ်၊ အရှေ့ဂျေရုဆလင်ကိုဖြစ်ဖြစ် အဗ္ဗဒူလာ ရောက်နေကြောင်း တစ်ပတ်ကြိုပြီးသိရတဲ့အခါ ကျွန်တော်တို့က အီဂျစ်က မွတ်စလင် ညီနောင်အဖွဲ့ဝင်တစ်ယောက်ကိုဖြစ်စေ၊ ဒါမှမဟုတ် မဟာမင်းကြီးရဲ့ လုပ်ကြံရေးတပ်သား တစ်ယောက်ကိုဖြစ်စေ အချိန်မီခေါ်ယူပြီး လုပ်ကြံခိုင်းမယ်၊ လုပ်ကြံမယ်လူတွေကတော့ အများကြီးရှိပါတယ်၊ အမြန်ဆုံးခေါ်ယူလို့လည်းရပါတယ်၊ ပြဿနာရှိတာကတော့ ဘုရင့် အနီးကို ဘယ်သူမှကပ်လို့မရနိုင်ပါဘူး၊ ဒါကြောင့် ဓားနဲ့ထိုးသတ်လို့တော့ လုံးဝ မဖြစ် နိုင်ဘူး၊ လက်ဖြောင့်သေနတ်သမားက အဝေးကနေပြီး သေနတ်နဲ့ပစ်တောင်မှ ဒီလူ အသက်မသေဘဲ လွတ်မြောက်နိုင်ဖို့ မလွယ်ဘူး၊ ဒါကြောင့်မို့လို့ ဒီအလုပ်က

အသေခံပြီး လုပ်ကြံရဲတဲ့လူနဲ့မှဖြစ်မှာ၊ လူအုပ်ထဲဝင်ပြီး ပစ္စတိုနဲ့ အနီးကပ်ပစ်သတ်မှဖြစ်မှာ၊ အဲဒီတော့ ကျွန်တော်တို့ဘက်က သည်းခံပြီးသာ အခွင့်အခါကို စောင့်ကြည့်နေရမှာပဲ”

ထို့နောက် များစွာအရေးမကြီးသော ငွေရေးကြေးရေးကိစ္စများကို ဆက်လက် ဆွေးနွေးကြသည်။ မင်းသားကြီး၏အချစ်တော် မြေးကလေးသည် ဆိုဘွန်းတက္ကသိုလ်သို့ လာဘ်ထိုး၍ ဝင်ရောက်ပြီးလျှင် ပါရီမြို့ပြင်ရှိ လေးဆယ်ပါစံအိမ်တစ်ဆောင်ကို ဝယ်ယူခဲ့ သည်။ မင်းသားကြီးက အလွန်ဒေါသထွက်ပြီး သူ့မြေးကိုကျိန်ဆဲသည်။ သို့သော် နောက် ဆုံးတော့ ကုန်ကျသမျှ သူကပင် ရှင်းပေးလိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် ဤ မင်းသားကလေးသည် တစ်နေ့တွင် ထီးမွေနန်းရာဆက်ခံနိုင်သူဖြစ်၍ ပညာရေးအတွက် အတတ်နိုင်ဆုံး ချီးမြှောက်ပေးရမည်း ၊ အိုင်ဘင်ဆော့ဘုရင် ကိုယ်တိုင်ကလည်း ဤကိစ္စမျိုးအတွက်ဆိုလျှင် ပိုက်ဆံကိုလုံးဝ မနှမြော။ ရက်ရက်ရောရော ခွင့်ပြုသည်။ သို့သော် ဥရောပတိုက်တွင် ပညာသင်နေကြသော ဆော်ဒီထီးညွန့်နန်းလျာပေါင်း ငါးဆယ်တို့သည် အီဂျစ်နှင့် ဆီရီးယားတို့အား ထောက်ပံ့မည် ဆိုသော တစ်နေ့လျှင် ဒေါ်လာတစ်သန်းမက သုံးစွဲနေကြသောကြောင့် ဆော်ဒီရွှေနန်းတော် ဘဏ္ဍာတိုက်မှ ဘဏ္ဍာငွေတွေ နေ့စဉ်နှင့်အမျှ ဒလဟောထွက်နေရသည်။

ဆွေးနွေးပွဲအချိန် တော်တော်ကြာပြီဖြစ်၍ ဖောဇီကဘားမှာ ခေါင်းတွေအုံပြီး ခွေး ပြန်နေပြီ။ မြန်မြန်ပြီးပါတော့ဟု ကျိတ်ပြီးဆုတောင်းနေမိသည်။

သို့သော် မင်းသားကြီးကဆက်လက်၍ - “နောက်တစ်ခု ကျန်သေးတယ်” ။ “ဟုတ်ကဲ့ အမိန့်ရှိပါကိုယ်တော်ကြီး

”တကယ်လို့ မန်းနဲ့ ဟာဂျီအီဘရာဟင် တို့က သူတို့သဘောနဲ့သူတို့ ဂျူးတွေနဲ့ စေ့စပ်ဆွေးနွေးဖို့ ဆုံးဖြတ်လျှင် ဘယ့်နှယ်လုပ်မလဲ”

“ဂျူးတွေက ပြဿနာဖြေရှင်းရေးကော်မရှင်ကို အမျိုးမျိုးကမ်းလှမ်းနေကြပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဘက်ကလဲ ဣရှိရှိလုပ်ကိုင်ဖို့ အရေးကြီးပါတယ်၊ ဒါပေမယ့် ချားမန်းနဲ့ ဟာဂျီအီဘရာဟင်တို့ကတော့ အာရပ်ကိုယ်စားလှယ်အဖွဲ့အားလုံး ထောက်ခံချက်

မရဘဲနဲ့ တရားဝင်စာချုပ်မချုပ်ဆိုနိုင်ပါဘူး၊ အဲဒီတော့ ကျွန်တော်တို့က အာရပ်သတင်းစာ တွေနဲ့ အသံလွှင့်ဌာနတွေကတစ်ဆင့် အင်တိုက်အားတိုက် စစ်ဆင်ရေးကြီး ဆင်နွှဲရလိမ့်မယ်၊ အာရပ်တစ်မျိုးသားလုံးက ဒီလူနှစ်ယောက်ကို သစ္စာဖောက်တွေပါလို့မြင်လာအောင် ဝါဒ ဖြန့်ပြီး အပုပ်ချရမယ်၊ ဒါဆိုရင် ဒီလူနှစ်ယောက်မခံနိုင်ပါဘူး၊ တံတွေးခွက်မှာ ပက်လက် မျောကြရောပေါ့”

အခန်း (၁၃)

၁၉၅၀ ပြည့်နှစ် ဆောင်းဦးကာလ။ “ဒေါင်ဒင် ဒေါင်ဒင် ဒေါင်ဒင် ဒေါင်ဒင် ဒေါင်ဒင်”

လေဒီကက်သဒရယ်ဘုရားရှိခိုးကျောင်း မျှော်စင်နာရီကြီးမှ ငါးချက်ထိုးသံ ပေါ်ထွက် လာသည်။ ရှေ့ဆင့်နောက်ဆင့်ပင် စိန့်ပီတာဘုရားရှိခိုးကျောင်း နာရီစင်မှ ငါးချက်ထိုးသ လည်း ဆက်တိုက်ပေါ်ထွက်လာသည်။

ဟာဂျီအီဘရာဟင်သည် မီးမှိန်မှိန်လင်းနေသော ညီလာခံခန်းမမှ မီးထိန်ထိန်လင်း နေသောလမ်းမပေါ်သို့ ထွက်လာခဲ့သည်။ ဆောင်းရာသီဝင်စမို့ အပြင်တွင်လေက အေးစိမ့် နေသည်။ ဟာဂျီအီဘရာဟင်တွင် ယခုဝတ်ထားသော ဝတ်စုံဟောင်းတစ်ထည်သာပါ လာသည်။ ချားမန်းက ကုတ်အင်္ကျီဟောင်းတစ်ထည်ရှာပေး၍တော်ပါသေးသည်။ ပါလက် စတိုင်းနှင့်မတူသော ရာသီဥတုကြောင့် သူ့ကိုယ်သူ သူစိမ်းပြင်ပြင်တစ်ယောက်ပမာခံစား ရမိသည်။ သူသည် ညီလာခံခန်းမမှထွက်ကာ တက္ကသိုလ်အနီးမှ မြစ်ကိုဖြတ်၍ တည်းခိုခန်းသို့ လမ်းလျှောက်ပြန်လာခဲ့သည်။

“ပါလက်စတိုင်းပြဿနာဟာ အာရပ်နိုင်ငံပေါင်းစုံ စုပေါင်းဖြေရှင်းမှရနိုင်မယ့် အာရပ်ပြဿနာဖြစ်တယ်၊ အနောက်ဘက်ကမ်းက ဒုက္ခသည်ကိုယ်စားလှယ်အဖွဲ့က ဘာဆိုင် လို့ ဒီညီလာခံကိုရောက်လာရတာလဲ”

ညီလာခံတွင် အာရပ်နိုင်ငံများမှဝန်ကြီးများက ယင်းသို့လျှင် တစ်သံတည်းထွက်ခဲ့ ကြသည်။ ဤစကားသည် ဟာဂျီအီဘရာဟင်၏ အခန်းကဏ္ဍကို သေးသိမ်စေသည်။

ညီလာခံတွင် အစည်းအဝေးအကြိမ်ပေါင်း လေးဆယ်တိတိပြုလုပ်ခဲ့သည်။ ရက် ပေါင်းလေးဆယ် အချည်းနှီး ကုန်လွန်သွားခြင်းပင် ဖြစ်သည်။

အီဂျစ်က လုံခြုံရေးအကြောင်းပြကာ နီဂျက်သဲကန္တာရတောင်ပိုင်းကို တောင်းဆို သည်။ ဂျော်ဒန်က ကန့်ကွက်သည်။

- ဆီးရီးယားက အော်တိုမန်အင်ပိုင်ယာ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဂါလီလီအနောက် ဘက်ဒေသကို တောင်းဆိုသည်။ လက်ဘနွန်က ကန့်ကွက်သည်။

ဂျော်ဒန်က အနောက်ဘက်ကမ်းကို ကျူးကျော်သိမ်းပိုက်ခြင်းအတွက် တရားဝင် ဝင် အတည်ပြုရန် တောင်းဆိုသည်။ အားလုံးက ကန့်ကွက်သည်။

တောင်ပေါင်း လက်ဘနွန်က ဂါလီလီအရှေ့ဘက်ဒေသကို ကျူးကျော်သိမ်းပိုက်ရန် တောင်းဆို သည်။ ဆီးရီးယားက ကန့်ကွက်သည်။

ဤသို့လျှင် တစ်ဘက်နှင့် တစ်ဘက် စကားစစ်ထိုးရင်း အချိန်တွေသာ အလဟဿ ကုန်သွားသည်။ ဘာဆုံးဖြတ်ချက်မှ ပြတ်ပြတ်သားသား မချနိုင်ကြ။ စကားတစ်ခွန်း တည်းကိုပင် အီဂျစ်က တစ်မျိုးကြားသည်။ ဆီးရီးယားက တစ်မျိုးအဓိပ္ပာယ်ကောက်သည်း အီရတ်က နားပင်းနေသည်။

“ပါလက်စတိုင်းနိုင်ငံ နယ်နိမိတ်နဲ့ပတ်သက်ပြီး ခင်ဗျားတို့ကော်မတီက ဆုံးဖြတ်ချက် ချပြီးပြီလား”

ပါလက်စတိုင်းပြဿနာဆိုင်ရာ ကုလသမဂ္ဂလက်အောက် အထွေထွေအတွင်းရေးမှူး ဒေါက်တာ ရပ်ဖဲလ်ဘန့်ချ်က မေးသည်။

“ကျွန်တော်တို့အချင်းချင်း သဘောကွဲလွဲမှုကလေးတွေကို ညှိနှိုင်းဖို့ ကျန်နေ၏ သေးတယ်”

“ခင်ဗျားတို့ရဲ့ ကိုယ်ပိုင်အယူအဆတွေကို တစ်ယောက်ချင်းလာပြီး ကော်မရှင်အဖွဲ့ မှာ တင်ပြကြပါလို့ ကျွန်တော်အကြိမ်ကြိမ်ပြောခဲ့ပြီပဲ”

“ဒါပေမယ့် ကျွန်တော်တို့က အဲဒီလိုလုပ်လို့မရဘူး၊ ကျွန်တော်တို့အားလုံး ညီညွတ်ရေး စာချုပ် လက်မှတ်ထိုးထားကြတာ”

'အဲဒီတော့ ဂျေရုဆလင်အနေအထားနဲ့ ပတ်သက်လို့ ခင်ဗျားတို့ကော်မတီက သဘောတူဆုံးဖြတ်ချက် ချမှတ်ပြီးပြီလား”

“ကျွန်တော်တို့ ဆွေးနွေးနေကြတုန်းပါ”

ဒီမှာဒေါက်တာဘန့်ချ်၊ တကယ်တော့ ကျွန်တော်တို့ ဆွေးနွေးနေကြတာ မဟုတ်ပါ ဘူး၊ အချင်းချင်း စကားစစ်ထိုးနေကြတာပါ”

ဟာဂျီအီဘရာဟင်က စိတ်ပေါက်ပေါက်ဖြင့် အော်ပြောလိုက်သည်။ အီဂျစ်ကိုယ်စားလှယ်က ...

”ကျွန်တော်တို့ဟာ တောထဲကလူတွေ မဟုတ်ပါဘူး၊ စည်းနဲ့ကမ်းနဲ့ ငြင်းခုံခြင်းကို လိုက်နာရမှာပါ၊ ဟာဂျီအီဘရာဟင် စကားကို ဆင်ခြင်ပြောစေချင်တယ်၊ နို့မဟုတ်ရင် ခင်ဗျားကို ဒီညီလာခံတက်ခွင့်ပြုသင့် မပြုသင့် စဉ်းစားရလိမ့်မယ်”

ဒေါက်တာဘန့်ချ်က -

”ဒီအတိုင်းဆို ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ဘာမှထိထိရောက်ရောက် မဆုံးဖြတ်နိုင် သေးဘူးဆိုပါတော့”

“ကျွန်တော်တို့ ကော်မတီက ဆက်လက်ဆွေးနွေးနေတုန်းပါ”

“နိုင်ငံတကာ ပြဿနာဖြေရှင်းရေးကော်မရှင်ကို ခေါ်ယူတာဟာ အမိန့်ပေးဖို့ဖြစ်၍ တယ်' ဒေါက်တာဘန့်ချ်က ပြောသည်။

“အစ္စရေးနိုင်ငံကတင်သွင်းတဲ့ အဆိုပြုချက်တွေနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ဘက်က ဝေဖန်တင်ပြဖို့ ကျွန်တော်မေတ္တာရပ်ခံခဲ့ပါတယ်၊ တကွဲတပြားစီဖြစ်နေကြတဲ့ မိသားစုတွေကို ပြန်ပေါင်းပေးဖို့ ကိစ္စနဲ့ပက်သက်ပြီးအစရေးနိုင်ငံအလိုက်အန်တယ်၊ ပြီးတော့ မအသုတ်အဖြစ် လူပေါင်းတစ်သိန်း ပြန်ပို့ပေးဖို့ကိစ္စကိုလည်း သဘောတူတယ်၊ ဒါတွင်မကသေးဘူး၊ စစ်မဖြစ်ခင်ကစိုက်ပျိုးခဲ့တဲ့ အာရပ်လယ်မြေတွေအတွက် လျော်ကြေး ဖို့ ကိစ္စကိုလည်းမငြင်းဘူး၊ နောက်ပြီး အစ္စရေးဘဏ်တွေမှာသိမ်းထားတဲ့ငွေနဲ့ ရတနာ သစ္စည်းတွေကို ပြန်ပေးဖို့လဲသဘောတူတယ်၊ အဲဒီတော့ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး

ခင်ဗျား ကော်မတီက ဘယ်လိုဆုံးဖြတ်သလဲ”

”ရှင်းရှင်းပြောရလျှင် အစ္စရေးနိုင်ငံတည်ရှိတယ်ဆိုတာကို ကျွန်တော်တို့က လုံးဝ အမှတ်မပြုပါဘူး ဒေါက်တာဘန့်ချ်၊ ဒါကြောင့် ကျွန်တော်တို့က အသိအမှတ်မပြုတဲ့ နိုင်ငံ စကားမပြောလိုပါဘူး”

“အား ဒါတော့လုံးဝမမှန်ဘူး၊ သူတို့က ဗူးရစ်မြို့အနှံ့အပြားမှာ ဂျူးတွေနဲ့ကျိတ်ပြီး ဆွေးနွေးနေကြတာပါ”

“တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင် မဆွေးနွေးဘဲနဲ့ ဘယ်လိုလုပ်ပြီး သဘောပေါက်နားလည်နိုင်မှာလဲ”

“ကျွန်တော်တို့က မျက်နှာမရှိတဲ့လူနဲ့ မဆွေးနွေးလိုဘူး၊ ကျွန်တော်တို့ တောင်းဆို ဘာတွေကို ဂျူးတွေကလက်ခံရင်လက်ခံ၊ လက်မခံရင်တော့ တစ်သက်လုံးတိုက်နေမှာပဲ”

“ဒီလိုဆို ခင်ဗျားတို့က ဘာတွေကိုတောင်းဆိုမှာလဲ” လုံးဝ တိတ်ဆိတ်နေသည်။ နာရီထိုးသံပေါ်ထွက်လာသည်။ `ဒေါင် ဒေါင် ဒေါင်”

“ကိုယ့်ရပ်ကိုယ့်ရွာကိုပြန်ဖို့အတွက် ကျွန်တော်ဆွေးနွေးချင်တယ်” ဟု ဟာဂျီအီဘ ရာဟင်က ပြောလိုက်သည်။

“ဒီအချက်ဟာ ဦးစားပေးလုပ်ရမယ့်အချက်လို့ကျွန်တော်ယူဆပါတယ်” ဟု ဒေါက်တာ တချ်က ပြန်ဖြေသည်။

ဤတွင် ကိုယ်စားလှယ်အားလုံးက ရုတ်တရက်ထရပ်လိုက်ကြသည်။

“ဒါဟာ တရားဝင်အာရပ်အစိုးရအဖွဲ့တွေကို စော်ကားတဲ့လုပ်ရပ် ဖြစ်ပါတယ်။ ဒေါက်တာဘန့်ချ်က ဒီအဖျက်သမားတွေကို မတရားသဖြင့် အခွင့်အရေးပေးနေပါတယ်။ သူတို့ကို ညီလာခံကိုယ်စားလှယ်အဖြစ်က ထုတ်ပယ်ပစ်ဖို့ ကျွန်တော်တို့တောင်းဆိုပါ တယ်”

“ဒီကိုရောက်လာတဲ့ ကိုယ်စားလှယ်တိုင်းကို ကျွန်တော်တို့က ညီလာခံတက်ခွင့်ပေး ထားပြီးဖြစ်ပါတယ်”

ဒေါက်တာဘန့်ချ်က ပြန်ဖြေသည်။ "

ဒါကြောင့် ဘယ်သူ့ကိုမှ ထုတ်ပယ်ဖို့ မရည်ရွယ်ပါဘူး၊ အနောက်ဘက်ကမ်း ဒုက္ခသည်တွေမှာလည်း ဒီညီလာခံကို တက်ရောက်နိုင်ခွင့် အပြည့်အဝရှိပါတယ်"

"ဒါပေမယ့် ဒီလူက ဂျူးတွေနဲ့ပေါင်းတဲ့လူ၊ သစ္စာဖောက်တွေနဲ့ ပေါင်းတဲ့လူဆိုတာ ဒေါက်တာဘန့်ချ်သိပါတယ်"

ဟာဂျီအီဘရာဟင်သည် လက်နှစ်ဖက်ကို နောက်ပိုက်လျက် လင်းမတ်မြစ်ပေါ်မှ တံတားဆီသို့ လျှောက်လာခဲ့သည်။ တစ်ချိန်က ဤနေရာတွင် ရှိမန်တို့က အကောက်ရိုး ရှိခဲ့ဖူးသည်။ တစ်ချိန်က လီနင်၊ အိန်စတိုင်၊ ဂျန်း၊ ဂျိမ်းဂျိုက်၊ ဂါထားနှင့် ရစ်ချတ်ဝဂ္ဂနား စသော ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများသည် ဤလမ်းပေါ်တွင် လျှောက်သွားခဲ့ကြဖူးသည်။

ထို့ကြောင့်ဇူးရစ်မြို့ကို ကမ္ဘာကျော်တွေးခေါ်ရှင်များ၊ အနုပညာရှင်များနှင့် မျိုးချစ် ပုဂ္ဂိုလ်များ ပေါ်ထွန်းရာမြို့တော်အဖြစ် ထင်စရာရှိသည်။ သို့သော် အဆိုပါပုဂ္ဂိုလ်များ သည် များသောအားဖြင့် ဤမြို့တွင် ခေတ္တခဏ နေထိုင်သွားလာခဲ့ကြခြင်းသာ ဖြစ်သည်။ ဤမြို့သည် ပါရီမြို့တော်မဟုတ်။ ခြေသလုံးအိမ်တိုင် ပုဂ္ဂိုလ်များအတွက် ခေတ္တကွန်းခိုရာ ဌာနမျှသာ ဖြစ်သည်။

စားသောက်ဆိုင်များ၌ အငွေ့တစ်ထောင်းထောင်းဖြင့် ခူးခပ်ထားသော အစား အသောက်များကို မြင်ရသောအခါ ဟာဂျီအီဘရာဟင်သည် အလွန်ဝမ်းသာလာမိသည်။

ချောင်းကမ်းနံဘေး ဆည်းဆာဂီတဝိုင်းမှ ဂီတသံများ ငြိမ့်ညောင်းစွာ ပေါ်ထွက်လာ သည်။ ဂီတဝိုင်းတွင် လူငယ်လူရွယ်များမတွေ့ရ။ လမ်းသွားလမ်းလာ လူကြီးများသာ နားထောင်နေကြသည်ကို တွေ့ရသည်။

လမ်းပေါ်တွင် ဓာတ်ရထားများ ဥဒဟိုသွားလာနေကြသည်။ လမ်းသွားလမ်းလာ များသည် စည်းကမ်းသေဝပ်စွာဖြင့် လျှောက်သွားနေကြသည်။ လူတိုင်းသည် အေးအေးလူလူ အသွင်ဆောင်နေကြသည်။ ကားဟွန်းသံ လုံးဝမကြားရ။ ဈေးဝယ်သူနှင့် ဈေးရောင်းသူတို့ အပြန်အလှန်ငြင်းခုံသံများ မကြားရ။ ပစ္စည်းတစ်ခုတန်ဖိုးသည် ယင်းပစ္စည်း၏တန်ဖိုးဝင် ဖြစ်သည်။

အရာခပ်သိမ်းသည် စနစ်တကျရှိနေကြသည်။ ပန်းစိုက်အိုးများ၊ သစ်ပင်များ ခုံတန်းလျားများ၊ ကဖေးဆိုင်များ၊ မြစ်ကမ်းနှစ်ဖက်မှ ငါးထပ်တိုက်များ အားလုံးဝင် သန့်ရှင်းညီညာ အဆင်ပြေစွာရှိနေကြသည်။ သမ္မာန်များသည် ဆွစ်ဇာလန်နိုင်ငံ၏အလံများ တဖျတ်ဖျတ်လှုပ်ခတ်ရင်း တငြိမ့်ငြိမ့် ရွေ့သွားနေကြသည်။ ဝမ်းဘဲများကလည်း ညီညာစွာ အုပ်စုဖွဲ့ ကာ ရေကူးနေကြသည်။

အရာရာတိုင်း သန့်ရှင်းနေသည်။ ညီညာပြေပြစ်နေသည်။ အချိုးကျနေသည်။ ကျူးကျော်တဲအိမ်များမရှိ။ ရဲတိုက်ကြီးများမရှိ။ မြက်ခင်းများ ပြန့်ပြူးညီညာနေသည်။ တစ်မြို့လုံးပုံစံကျနေသည်။ လှပနေသည်။

ဟာဂျီအီဘရာဟင်သည် မန်စတာတံတားသို့ ရောက်လာသည်။ မြစ်ကမ်းနှစ်ဖက်ရှိ ဘုရားရှိခိုးကျောင်းနှစ်ခုမှ စုလစ်မွန်းချွန်များသည် မိုးယံသို့ထိုးလျက်ရှိသည်။ လေဒီကက် သဒရယ် ဘုရားရှိခိုးကျောင်းနှင့် ဧရာမနာရီစင်ကြီးတို့က တံတိုင်းကာရှေးဟောင်းမြို့ကို နယ်နိမိတ်ကြားထားကြသည်။

ဟာဂျီအီဘရာဟင်သည် သောက်နေကျကဖေးမှ ထိုင်နေကျစားပွဲတွင် ဝင်ထိုင်သည်။ မှာနေကျစားပွဲထိုးအား မှာနေကျကော်ဖီ မှာလိုက်သည်။ ရှိတ်တာဂျီတွင် ယနေ့အဖို့ကော်မတီ အစည်းအဝေးမရှိ။ သို့သော် သူမရောက်လာသေး။ ဤနေ့ပါဆိုလျှင် သူကဖေးဆိုင်သို့ မလာတာ သုံးရက်တိတိရှိသွားပြီ။ ကဖေးဆိုင်သို့ မလာသည်မဟုတ်၊ တည်းခိုရိပ်သာသို့ မလာသည်မှာလည်း သုံးညတိတိရှိပြီ။ သူက အစကတည်းကပင် ဇူးရစ်မြို့မှာသိပ်မပျော်၊ အပျော်အပါး မျိုးစုံပေါသော နိဒါဒေါ့ဖက်မြို့ဟောင်းကိုသာ သူက ပို၍သဘောကျသည်။

သူဌေးကြီး ဖောဇီကဘားသည် ရှိတ်တာဂျီအား ထိုနေရာတွင်ပင် တွေ့ဆုံခြင်းဖြစ် သည်။ တက္ကသိုလ်ရိပ်သာလမ်းမှ ဇိုလီကွန်နယ်မြေသို့ ရိုးလ်ဂျိုက်စ်ကားဖြင့်သွားလျှင် ခဏကလေးသာ ကြာသည်။

erme သဲကန္တာရသားကြီး ရှိတ်တာဂျီသည် သည်းခံစိတ်ရှည်ခြင်းနှင့် ပတ်သက်သော များ၊ ကျင့်ဝတ်များကို အလွန်ပြောဟောတတ်သည်။ သို့သော်

သူသည် သူတို့ ကော်မတီ၏ ဆယ့်ငါးကြိမ်မြောက် အစည်းအဝေးပြီးဆုံးချိန်မှစ၍ လုံးဝသည်းခံစိတ်ရှည် ခြင်းမရှိတော့။ ယင်းအတွက် သူ့ကို ဘယ်သူက အပြစ်တင်၍ရမည်နည်း။ သူ့အခြေအနေ ယိုင်လာသည်ကို ဟာဂျီအီဘရာဟင် သတိထားမိသည်။ သို့သော် ဘာမှမတတ်နိုင်။ ဘုံအီဘရာဟင်အဖို့ ပါလက်စတိုင်းအရေးသည် ဝေဒနာဖြစ်သည်။ ဆာလောင်မွတ် င်မှု ဖြစ်သည်။ ရှိတ်တာဂျီ အဖို့မူ ရေရေရာရာမဟုတ်တော့၊ သူသည် တွေဝေလာသည်။ ကြားစကားကို နားယောင်လာသည်။

တစ်နေ့တွင် ရှိတ်တာဂျီသည် ရွှေလက်ပတ်နာရီသစ် ဝတ်လာသည်။ ဟာဂျီအီဘ ဟင်နှင့် စကားများကြသည်။ ခါးဆွဲ တုတ်ဆွဲ အခြေအနေအထိ ရောက်သွားသည်။

မှစ၍သူတို့နှစ်ယောက် ခပ်တန်းတန်းဖြစ်သွားကြသည်။ နောက်တစ်ပတ်ကျတော့ ရှိတ်တာဂျီသည် ဝတ်စုံသစ်နှင့်ဖြစ်လာသည်။ နောက်တစ်ညကျတော့ အမေရိကန်ဒေါ်လာ အတော်ကလေး သုံးဖြုန်းသည်။

သူတို့ အစည်းအဝေးခန်းမမှ ပြန်ထွက်လာတိုင်း အခြား ကိုယ်စားလှယ်များအား ခံကားတွေ တန်းစီစောင့်ကြိုနေကြသည်။ ဟာဂျီအီဘရာဟင်သည် မသင်္ကာသဖြင့် တံတာဂျီ၏ နောက်မှ လိုက်ကြည့်သည်။ ရှိတ်တာဂျီသည် ဘီသိုဗင်လမ်းထိပ်တွင် ရပ် ထားသော ရိုးလ်ဂျိုက်စ်ဖိမ်ခံကားကြီးတစ်စီးပေါ်သို့တက်၍ အစွင့်သားလိုက်ပါသွားသည်။

ရှိတ်တာဂျီ၏ သစ္စာဖောက်ခြင်းသည် အလွန်ပြင်းထန်သော ထိုးနှက်ချက်ဖြစ်သည်။ သို့သော် ဟာဂျီအီဘရာဟင်အနေဖြင့် ဘာမှမတတ်နိုင်။ ဘုရားသခင်ထံမှာသာ ဆုတောင်း ရတော့သည်။

စိတ်မချမ်းသာစွာဖြင့် ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည်။ သူ့မိတ်ဆွေ သစ်စားပွဲထိုး ဖရန့်ရောက်လာပြီး ကော်ဖီနှင့် မုန့်တွေချပေးသည်။ ဟာဂျီအီဘရာဟင်က ကျေးဇူးတင်ကြောင်း ပြုံးပြလိုက်သည်။ သူတို့သည် ထမင်းစားရေသောက်မျှသာတတ်သော အာရေဗစ်နှင့် ဂျာမန်ဘာသာများဖြင့် အလ္လာပသလ္လာပ ပြောကြသည်။ ခဏကြာတော့ ဖရန့်ပြန်ထွက်သွားသည်။

ဟာဂျီအီဘရာဟင် ကော်ဖီတမြုံ့မြုံ့သောက်ရင်း ထိုင်စောင့်သည်၊ ဒေါင်ဒင်...ဒေါင်ဒင်...ဒေါင်ဒင်...ဒေါင်ဒင်...ဒေါင်ဒင်... ဒေါင်ဒင်...ဒေါင်ဒင်။ ခြောက်နာရီတောင် ထိုးသွားပြီ။ ချားမန်းတစ်ယောက် ရောက်ချိန်တန်ပြီ။

ဟာဂျီအီဘရာဟင်သည် ပတ်ဝန်းကျင်စားပွဲများသို့ မျက်လုံးကစားကြည့်လိုက်သည်။ ယောက်ျားမိန်းမအားလုံး စကားတပြောပြောနှင့် အေးအေးလူလူ စားသောက်နေကြသည်။ သူတို့ကိုမြင်ရသည်မှာ စိတ်ချမ်းသာစရာကောင်းလှသည်။ သူတို့ ၏မျက်နှာတွင် လောဘ ဒေါသ အရိပ်အယောင်တွေမမြင်ရ။ နီဒါဒေါ့ဖ်မြို့ဟောင်းမှ ဆင်းရဲသားများသည်ပင်လျှင် အေးဆေးငြိမ်းချမ်းသောအသွင် ရှိကြသည်။ ဤကဲ့သို့သော နေရာမျိုးတွင် မိမိတစ်သက်လုံး နေနိုင်ပါ့မလား။ နေလျှင် ဘာအလုပ်လုပ်မည်နည်း။

လက်ထဲတွင် ပိုက်ဆံသိပ်မရှိတော့။ သို့သော် နောက်ထပ် ကော်ဖီတစ်ခွက်မှာ သောက်သည်။ ဆွစ်ကော်ဖီက တော်တော်အရသာရှိသည်။

မိမိတော့ စားလို့သောက်လို့ ဗိုက်သွားပြီ။ ယခုအချိန်အထိ ချားမန်းပေါ်မလာသေး။

ချားမန်းက တကယ့် မိတ်ဆွေစစ်မိတ်ဆွေမှန်။ သူက ရိုးသားသည် သစ္စာရှိသည် ကောက်ကျစ်လိမ်ညာလိုစိတ်မရှိ။ ဤသဘောတရားတွေမရှိလျှင် အစည်းအဝေးတစ်ရပ် ဘယ်နည်းနှင့်မျှ မအောင်မြင်နိုင်။ ယခုမူ ယင်းသို့မဟုတ်။ သူတို့က ဝေ့လည်ချောင် လုပ်ကြသည်။ တစ်ပတ်ရိုက် လှည့်စားကြသည်။ လိမ်ညာဖြီးဖြန်းပြီး မြူဆွယ်စည်းရုံး သည်။

စည်းဝေးပွဲများမှ ဘာအကျိုးတရားမှ ထွက်ပေါ်မလာသောအခါ ချားမန်းသည် သူတို့ခရစ်ယာန် အသင်းအဖွဲ့များနှင့် ပူးပေါင်းစပြုလာသည်။ အာရပ်တွေက ခရစ်ယာန် ကိုတော့ သူတို့ခါးပိုက်ထဲ မထည့်နိုင်ကြ။ စာရင်းအတိအကျ မဟုတ်သော်လည်း ဒုက္ခ သည်များထဲတွင် ခရစ်ယာန်ဘာသာဝင် ဆယ်ရာခိုင်နှုန်းခန့် ပါဝင်လိမ့်မည်ဟု ခန့်မှန်း ကြသည်။

ညီလာခံ စတင်ကျင်းပကတည်းကပင် ဗာတီကန်မြို့တော်မှ ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်တော် ဘုန်းတော်ကြီးဂရီနယ်လီသည်

ညီလာခံအခြေအနေကို လေ့လာရန် ဖူးရစ်မြို့သို့ ရောက်ရှိနေခဲ့သည်။ သူက ပုပ်ရဟန်းမင်းကြီးထံသို့ အောက်ပါအတိုင်း အစီရင်ခံခဲ့သည်။

"အနောက်ဘက်ကမ်းမှ ဒုက္ခသည် ကိုယ်စားလှယ်အဖွဲ့မှတစ်ပါး အခြား ကိုယ်စားလှယ်အဖွဲ့အားလုံးက ဒုက္ခသည်များအား လက်ရှိစခန်းများမှာဝင် ဆက်လက်နေထိုင်သွားကြရန် စိုင်းပြင်းနေကြသည်။ ရည်ရွယ်ချက်မှာ ဒုက္ခသည် စခန်းများ၌ ဆင်းရဲကျပ်တည်းစွာ နေထိုင်ရခြင်းဖြင့် ဂျူးတွေအပေါ် ပိုမို မုန်းတီးစိတ်ပွားလာစေရန် ဖြစ်သည်။ သူတို့သည် အစ္စရေးနိုင်ငံနှင့်ဖြစ်နေသော ပဋိပက္ခကြောင့် လူသားများစွာ ဒုက္ခရောက်နေရသည်ကို လုံးဝ ထည့်သွင်းစဉ်းစား လိုခြင်း မရှိကြသည်မှာထင်ရှားသည်။

အခြား တစ်ပါးတွင်မူ အစ္စရေးနိုင်ငံသည် လက်ရှိအခြေအနေနှင့် ပတ်သက်၍ အာရပ်တို့နှင့် ရိုးသားစွာ ဆွေးနွေးဖြေရှင်းလိုစိတ် ရှိနေသည်။ သို့သော်လည်း အာရပ်တို့ဘက်က ဂျူးတို့နှင့် မျက်နှာချင်းဆိုင်ဆွေးနွေးရန်ကို အကျောက်အကန် ငြင်းဆိုနေကြသည်။ သို့တိုင်အောင် သူတို့သည် နေရာပေါင်းများစွာတွင် လျှို့ဝှက် ဆွေးနွေးပွဲများ လုပ်နေကြသည်။ အစ္စရေးနှင့် လူသိရှင်ကြား ဆွေးနွေးလိုသော ဆန္ဒရှိသည့် အာရပ်ခေါင်းဆောင် တစ်ဦးဦးအား အခြားအာရပ်ခေါင်းဆောင်များက လျှို့ဝှက်လုပ်ကြံရန် အားထုတ်နေကြသည်။

...ထို့ကြောင့် ဒုက္ခသည်စခန်းများတွင်ရှိနေကြသော ကျွန်ုပ်တို့၏ ခရစ်ယာန် ဘာသာဝင် ညီအစ်ကိုမောင်နှမများအား ကယ်ဆယ်ရေးလုပ်ငန်းမျိုးစုံဖြင့် ကယ်တင်ရန် လေးနက်စွာအကြံပေးတင်ပြလိုပါသည်'"

ဤအစီရင်ခံစာ ရောမမြို့ကိုရောက်သွားပြီး နောက်တစ်လခန့်အကြာတွင် ဘုန်း တော်ကြီးဂရီနယ်လီအား ဆွေးနွေးတိုင်ပင်ရန် ရုတ်တရက်ပြန်ခေါ်လိုက်သည်။ ရောမမြို့) တွင် ဘာတွေကိုဆွေးနွေးနေကြောင်းနှင့် ဂရီနယ်လီ ဘယ်အချိန်တွင် ပြန်လာမည်ဖြစ် ကြောင်း များမန်းအနေဖြင့် လုံးဝမသိရ။ သို့သော် သူတို့သည် တစ်စုံတစ်ရာကို အရေးယူ ဆောင်ရွက်နိုင်ရန် အကြိတ်အနယ် ဆွေးနွေးနေပြီဟူသော သိုးသိုးသန့်သန့်သတင်းတော့ ကြားသိရသည်။

ခြောက်နာရီခွဲသွားပြီ။ စားပွဲထိုးရန်က ကာဂျီအီဘုရာ့ဟင်ကိုကြည့်ပြီး ပခုံးတွန့် ယခုလောက် ကြာကြာထိုင်နေသည်ကို ဖရန့်က

မကြည့်ချင်တော့ဟန်တူသည်။ အေးဒဏ်ကလည်း တော်တော်ပြင်းထန်လာသည်။ ဟာဂျီအီဘရာဟင်သည် ကို တင်းတင်းဆွဲဝတ်လိုက်ပြီး ကဖေးဆိုင်ထဲမှ ပြန်ထွက်လာခဲ့သည်။ ဒုသည် တည်းခိုရိပ်သာသို့ သွားလိုစိတ်မရှိသေးသဖြင့် ဘယ်သွား၍ ဘာလုပ်ရမည် ကို စဉ်းစားကြည့်သည်။
အင်မာဒေါ့ဖမန်းထံဖုန်းဆက်ရန် စိတ်ကူးရသည်။ အင်မာ တက္ကသိုလ်အနီးတွင် ကုန်စုံဆိုင်ကလေးဖွင့်ထားသော မုဆိုးမဖြစ်သည်။ သူ့ဆိုင်တွင် ကိရိယာများ၊ ကျောင်းသုံးပစ္စည်းများ၊ မဂ္ဂဇင်းများနှင့် ဆေးလိပ်မျိုးစုံရောင်းသည်။

သူနှင့် သူ၏ကွယ်လွန်သူ ခင်ပွန်းသည်တို့သည် ကိုင်ရိုမြို့တွင် နှစ်ပေါင်းများစွာ ထိုင်ခဲ့ဖူးသည်။ သူ့ခင်ပွန်းသည် ဆွစ်လူမျိုးပိုင် စက်ပစ္စည်းစက်ရုံတစ်ခုတွင် ကြီးကြပ် အဖြစ် လုပ်ကိုင်ခဲ့သည်။ အင်မာသည် ကိုယ်လုံးဝဝဖိုင့်ဖိုင့်နှင့် ဆွဲဆောင်မှုရှိသည်။ ဗစ်စကားကိုလည်း အတော်အတန်ပြောတတ်သည်။ ဤနှစ်ချက်ကြောင့် ဟာဂျီ ရာဟင်က အင်မာကို သဘောကျမိသည်။ အင်မာ့ဆိုင်သို့ သုံးလေးခေါက်လောက် သွားလည်ပြီးနောက် သူတို့နှစ်ယောက် သွားခဲ့ကြသည်။ နောက်တော့ မရှောင်မလွှဲသာသော ဓမ္မတာအတိုင်း သူတို့နှစ်ယောက် သွားကြတော့သည်။ အင်မာနှင့်တွေ့ရခြင်းကြောင့် ဟာဂျီအီဘရာဟင်အဖို့တော့ အဆင်ကို ဆိုသည်။ သေွးသားတောင့်တမှု ဖြေဖျောက်ရန် ပြည့်တန်ဆာအိမ်သွားနေစရာ မလိုတော့။ တွင် သွားစရာလည်းပိုက်ဆံမရှိတော့။

ဟာဂျီအီဘရာဟင်သည် ရှုမယ်ဇာတ်လမ်းနှင့် စတန်းဝတ်လမ်းထောင့်သို့ လျှောက် ခဲ့သည်။ တည်းခိုရိပ်သာရှိသော လမ်းကြားထဲသို့ မျှော်ကြည့်လိုက်သည်။ ထို့နောက် ရုတ်တရက် စိတ်ကူးတစ်မျိုးပေါက်လာပြီး တက္ကသိုလ်အဆောက်အအုံဘက်သို့ လျှောက်လာ ခဲ့သည်။ တက္ကသိုလ် အဝင်ဝအနီး တယ်လီဖုန်းရုံတွင် တန်းစီနေသည်။

တယ်လီဖုန်းရုံထဲဝင်သွားပြီး ဖုန်းဆက်သည်။ တစ်ဖက်မှစကားပြောသံ ပေါ်ထွက်လာသည်။ "ဟယ်လို ဘယ်သူပါလဲရှင်၊ အင်မာ စကားပြောနေပါတယ်"

"အင်မာ၊ ကျွန်တော် အီဘရာဟင်ပါ"

"သော်-ကျွန်မက ဘယ်သူများပါလိမ့်မလဲလို့၊ နေကောင်းရဲ့လား

အီဘရာဟင်၊ ဒါနဲ့ ဘာကိစ္စများရှိလို့လဲဟင်”

“နေကောင်းပါတယ် အင်မာ၊ ကျွန်တော် အင်မာ့ဆီ လာချင်လို့ပါ၊ အင်မာကို သတိရလို့ပါ”

“ဘုရားရေ၊ အဲဒါမှဒုက္ခပါပဲ၊ ရှင် ဘာဖြစ်လို့ စောစောက မဆက်တာလဲ၊ ရှင် မနေ့ညကလည်း လာသွားသေးတော့ ဒီနေ့လာမှာ မဟုတ်တော့ဘူးလို့ ကျွန်မထင်နေတာ၊ အခု ဒီမှာ ကျွန်မဆီ မေမေနဲ့ ညီမရောက်နေကြတယ်၊ ရှင် မနက်ဖြန်မှလာခဲ့ပါလား”

“ရပါတယ်လေ' “အီဘရာဟင်၊ ရှင် နေလို့တော့ကောင်းပါတယ်နော်”

”နေကောင်းပါတယ် အင်မာ”

”ဒီနေ့ မခေါ်နိုင်တာ ကျွန်မတကယ်စိတ်မကောင်းပါဘူးရှင်”

ဟာဂျီအီဘရာဟင်သည် မျက်လုံးကိုစုံမှိတ်ပြီး သွားကို ကြိတ်ထားလိုက်သည်။ " သူမျက်ရည်ကျလုမတတ် ခံစားနေရသည်။ ထို့နောက်မှ အရဲစွန့်ပြီး

”ကျွန်တော့်မှာ အဖော်မဲ့သလို ခံစားနေရတယ်အင်မာ၊ အင်မာ့ကို သိပ်ပြီးအောက် မိတယ်”

အင်မာသည် သည်လိုစကားမျိုးကို ဟာဂျီအီဘရာဟင်ထံမှ ဤတစ်ကြိမ်ပဲ ဖူးသေးသည်။ အီဘရာဟင်သည် ယခင်က သည်စကားမျိုး ဘယ်တော့မှမပြောခဲ့

”ဒါဆိုလဲ ဒီလိုလုပ်ပါလား အီဘရာဟင်၊ ကျွန်မကို တစ်နာရီလောက်အချိန်ပေးပါ။ ကျွန်မ သူတို့ကို အဆင်ပြေအောင်ပြောပြီး ပြန်လွှတ်လိုက်မယ်၊ ပြီးတော့မှရှင် မြန်မြန် ကြွခဲ့ပေတော့ဟုတ်လား”

“ကောင်းပါပြီ အင်မာ၊ ကျေးဇူးပါပဲ”

အီဘရာဟင်သည် အင်မာ၏ဘေးတွင် တခေါခေါ ဟောက်ရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။

တယ်လီဖုန်းသံကြောင့် သူ လန့်နိုးလာသည်။ အင်မာက တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ “ရှင့်ဆီကို ဆက်တာ” အင်မာ့ထံမှ ဖုန်းကိုလှမ်းယူပြီး နားထောင်လိုက်သည်။

“ဒီနေ့ ကျွန်တော် ခင်ဗျားနဲ့မဆုံမိတာကိုရော၊ အခုလိုအချိန်မှာ ဖုန်းဆက်တာကိုရေးသည် ခွင့်လွှတ်ပါ အီဘရာဟင်၊ ဒါနဲ့ ခင်ဗျား ဒီညနေထုတ်သတင်းစာတွေ ဖတ်ပြီးပြီလား ရေဒီယိုကော နားထောင်မိသေးသလား”

“ဟင့်အင်း ဘာမှမလုပ်မိဘူး' “တာဂျီ သစ္စာဖောက်သွားပြီ အီဘရာဟင်” အီဘရာဟင်သည် စောင်ကိုကမန်းကတန်းဆွဲခွာပြီး ခုတင်ပေါ်တွင် ထထိုင်လို သည်။

“ဒီတော့ ခွေးမသားအခုဘယ်ရောက်နေသလဲ၊ ဘယ်မှာရှိသလဲ”

“ဒီမှာ မရှိတော့ဘူး၊ ဆွစ်ဇာလန်က ထွက်ပြေးသွားပြီ၊ သူ့ကို လေယာဉ်ကွင်းမှာ ဖောဇီကဘားနဲ့ မင်းသားကြီးအလီရာမန်တို့နဲ့ နောက်ဆုံးတွေ့လိုက်ရတာပဲ၊ သူ ဆော်ဒီနန် တော်မှာ ဒုက္ခသည်ရေးရာ အကြံပေးပုဂ္ဂိုလ်ရာထူးကို လက်ခံလိုက်ပြီဆိုပြီး သတင်းစာဆရာ တွေကို ပြောသွားတယ် ဒီလူ ရာထူးမက်ပြီး သူ့လူမျိုးစုကိုရော၊ သူ့မိသားစုကို ကျွန်တော်တို့ကိုပါပစ်ပြီး ထွက်သွားပြီ၊ သူက ခင်ဗျားနဲ့ကျွန်တော်တို့ဟာ ညီလာခံကို ဖျက်ဖို့လာတဲ့ လူတွေဆိုပြီးတောင် အပုပ်ချသွားသေးတယ်၊ အဲဒီနောက်တော့ မင်းသားကြီး ကိုယ်ပိုင်လေယာဉ်နဲ့ အငြိမ့်သားလိုက်ပါသွားလေရဲ့”

“ဒီတော့ ကျွန်တော်တို့ ဘယ်လိုဖြစ်နိုင်သလဲ ချား”

“ဘယ်လိုဖြစ်နိုင်မလဲ၊ ခင်ဗျားတို့ ကျွန်တော်တို့ ကိုယ့်အသက်အန္တ ရာယ် လုံခြုံအောင် သတိထားဖို့ပဲရှိတော့တာပေါ့၊ အကောင်းဆုံးကတော့ ဒီနိုင်ငံက အမြန်ဆုံးထွက် သွားကြဖို့

”ကျွန်တော်မထွက်ဘူးဗျာ" အီဘရာဟင်က အော်ပြောလိုက်သည်။ “ဘယ်တော့မှ မထွက်ဘူး၊ သူတို့သတ်ရင်လဲ သတ်ပါစေ၊ ဘယ်တော့မှ မထွက်ဘူး”

✥--- www.ebooks4mm.org ---✥

အခန်း (၁၄)

ဟာဂျီအီဘရာဟင်ကား မရပ်မနား မီးကုန်ယမ်းကုန်နှင်လေပြီ။ ရိုတ်အာမက်တာဂျီ ဖောက်၍ ထွက်ပြေးသွားပြီး နောက်တစ်လအတောအတွင်း သူသည် ကော်မတီအားလုံး ၏ ရုံးခန်းများသို့သွားရောက်ကာ စားပွဲကို လက်သီးဖြင့်ထု၍ သူ့အယူအဆများကို အန်သည်။ သူဖြစ်ချင်တာတွေကို တင်ပြသည်။ သူလိုချင်တာတွေကို တောင်းဆိုသည်။ သူသည် သတင်းစာဆရာများနှင့်လည်း တွေ့ဆုံရှင်းပြသည်။ ကိုယ်စားလှယ်အဖွဲ့ အသီးသီး လည်း ဆွေးနွေးညှိနှိုင်းသည်။

ထို့ပြင် တက္ကသိုလ်သို့သွားရောက်၍ ဆရာများနှင့်ကျောင်းသားများအား ဟောပြော သည်။ ညီလာခံတွင် အာရပ်ကိုယ်စားလှယ်အဖွဲ့များက လက်ရုံးအားကိုးဖြင့် မီတိုအာဏာ သုံးခြင်းကိုရှုတ်ချသည်။ သူသည် အာရပ်လူမျိုးတိုင်း ပြောဆိုသုံးနှုန်းခြင်းမပြုရဟု တားမြစ် ထားသော “အစ္စရေး” ဟူသော စကားလုံးကိုလည်း ပြောဆိုသုံးနှုန်းသည်။

သူသည် နိုင်ငံတကာပြဿနာဖြေရှင်းရေး ကော်မရှင်ကိုလည်း တစ်ယောက်တည်း သွားကာ ပထမအသုတ် လူပေါင်းတစ်သိန်းကို ကိုယ့်ရပ်ကိုယ့်ရွာပြန်ပို့ရန်နှင့် သူတို့၏ သိမ်းထားသောပစ္စည်းများကို ပြန်ပေးရန်တောင်းဆိုသည်။

ယင်းသို့ ဟာဂျီအီဘရာဟင်က တစ်ကိုယ်တော် တိုက်ပွဲကို အင်တိုက်အားတိုက် ဆင်နွှဲနေချိန်တွင် အာရပ်ကိုယ်စားလှယ်အဖွဲ့များက ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီး ဟာဂျီအီဘရာဟင်ကို တန်ပြန်တိုက်ခိုက်ကြသည်။ ဟာဂျီအီဘရာဟင်၏ နိုင်ငံရေးလုပ်ရပ် နှင့် အကျင့်စာရိတ္တကို အပုပ်ချကြသည်။

ဟာဂျီအီဘရာဟင်သည် တို့ထံမှလာဘ်ယူပြီး အာရပ်အမျိုးသားရေးကို ဖျက်ဆီး နေသည်။ ဟာဂျီအီဘရာဟင်သည် လိမ်မှုပွေသော အကျင့်ပျက်တစ်ယောက်ဖြစ်သည်။ စိတ်မနှံ့သူတစ်ယောက်ဟူ၍ စွပ်စွဲကြသည်။

ဤရာသီတွင် ဖူးရစ်မြို့၌ တစ်နေ့ထက်တစ်နေ့ အအေးပိုက်လာခဲ့ပြီ။ သည်ကြားထဲ မိုးကလည်း နေ့စဉ်ရက်ဆက် သည်းထန်စွာရွာနေသည်။

ဟာဂျီအီဘရာဟင်သည် ကြမ်းပြင်တွင်ခင်းထားသော ဆုတောင်းဖျာပေါ်မှ ပြန်ထ ပြီးနောက် ပြတင်းပေါက်သို့သွားကာ အောက်ဘက်လမ်းမကြီးသို့ ကြည့်လိုက်သည်။ မိုးသည်းနေသောကြောင့် လမ်းပေါ်တွင် လူသူအသွားအလာ ကင်းရှင်းနေသည်။ ထို့နောက် စစ် ခုတင်ပေါ်တွင် လှဲအိပ်ပြီး ညည်းတွားလိုက်သည်။

”ဒေါက် ဒေါက် ဒေါက်" တံခါးခေါက်သံ ပေါ်ထွက်လာသည်။ “ဟုတ်ကဲ့ ဝင်ခဲ့ပါ”

ချားမန်း ဝင်လာသည်။ လေးထောင့်စားပွဲကလေးပေါ်တွင် စက္ကူအိတ်ကို သွန်ချ လိုက်သည်။

၊ ဝက်အူချောင်း၊ ပေါင်မုန့်၊ ဒိန်ခဲ၊ ကိတ်မုန့်နှင့် အပေါစား ဝိုင်အရက်ပုလင်းများ ပါလာသည်။

'ဟောဒီမှာ လိမ္မော်သီးနှစ်လုံးလည်း ပါလာသေးတယ်”

”ဒါဆို ကျွန်တော်တို့ သုဌေးတွေပဲပေါ့” ဟာဂျီအီဘရာဟင်က ယင်းသို့ပြောရင်း အိပ်ရာမှထထိုင်သည်။

လိမ္မော်သီးကို နွှာစားကြသည်။ ချားမန်းမျက်နှာညှိုးနေသည်ကို ဟာဂျီအီဘရာဟင် သတိပြုမိသည်။ သူ့မျက်နှာ ခါတိုင်းထက်ကျနေသည်။

“က်… ချား၊ ဘာများထူးသလဲ ပြောပါဦး”

”ကျွန်တော့် မျက်နှာကိုကြည့်ပြီးမေးတာလား”

”ခင်ဗျား ကုလားအုတ်ကုန်သည်လုပ်လျှင် အရင်းတောင် ပြုတ်သွားနိုင်တယ်”

“မနေ့ညက ပုပ်ရဟန်းမင်းကြီးရဲ့ ကိုယ်စားလှယ် ဂရီနယ်လီ ရောမမြို့ကပြန်ရောက် လာတယ်”

ဟာဂျီအီဘရာဟင် ရုတ်တရက် ကျောချမ်းသွားသည်။ ဝိုင်ပုလင်းကို ဖောက်တံနှင့် ဖွင့်ရင်း သူ့ကိုယ်သူ ဟန်မပျက်အောင် ထိန်းထားလိုက်သည်။

“သတင်းကောင်းများ ပါလာသလား”

"မန်းက ခေါင်းညိတ်ရင်း ...

”ကျွန်တော့်ကို ပုပ်ရဟန်းမင်းကြီးက ဗာတီကန်မြို့တော်ကိုလာဖို့ ဖိတ်ခေါ်လိုက် တယ်”

“ပုပ်ရဟန်းမင်းကြီးက ဖိတ်ခေါ်တယ်ဟုတ်လား၊ အင်း ... စိတ်ဝင်စားစရာတော့ တော်တော်ကောင်းတာပဲ၊ ဒါနဲ့ ရဟန်းမင်းကြီးက ဘာလိုချင်လို့လဲ၊ ခင်ဗျားသိသလား

”သိပါတယ်”

”ဒါဆိုပြောပါဦး”

“ဒုက္ခသည်စခန်းမှာရှိတဲ့ ခရစ်ယာန်ဘာသာဝင် အာရပ်လူမျိုးတွေအတွက် ပြောင်းရွှေ့ နေရာချထားရေးလုပ်ငန်းကို ရဟန်းမင်းကြီးက ကျွန်တော့်ကိုတာဝန်ပေးချင်နေတယ်”

“မဆိုးဘူး၊ သိပ်ထူးခြားတဲ့ သတင်းပဲ” အရက်ပုလင်းပွင့်သွားသည်။ လက်မတုန်အောင် သတိထားပြီး ဖန်ခွက်ထဲလောင်းထည့်သည်။

“ဒီသတင်းက ကျွန်တော့်အတွက်လည်း အကျိုးရှိပါတယ်၊ ကျွန်တော်က ဒီအ ကြောင်းကို ပြဿနာဖြေရှင်းရေးကော်မရှင်မှာတင်ပြမယ်၊ ပြီးတော့ အီဂျစ်နဲ့ ဆီးရီးယား တို့ဆီက အလားတူ အခွင့်အရေးတောင်းဆိုမယ်၊ ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်တို့ ပြောင်းရွှေ့ပေးရေးနဲ့ပတ်သက်ပြီး သူတို့လုပ်နေပုံက ဘာမှမရေရာဘူး၊ ကျွန်တော် ဒီကိစ္စ ကို ကော်မရှင်မှာတင်ပြလိုက်ရင် သူတို့ကလည်း ဘယ်လိုမှငြင်းနိုင်တော့မှာ မဟုတ်ဘူး သဘောတူစာချုပ်လိုက်သလို ဖြစ်သွားနိုင်တယ်”

”ဒီမှာ အီဘရာဟင်၊ စာချုပ်ဆိုတာက နှစ်ဖက်စလုံးက

လိုက်နာနေတဲ့အချိန်မှာသာ အပွာယ်ရှိတာပါ၊ ဘယ်အာရပ်နိုင်ငံမှ သူတို့ကို စာချုပ်နဲ့ ချည်လို့မရဘူးလို့ ယူဆထား ဘာကလား”

“ဒါပေမယ့် ဒါဟာလက်နက်ပဲ ချား၊ ဒီလိုလုပ်လိုက်တာဟာ သူတို့ကို ပထမဆုံးအကြိမ် ပြောင်ပြောင်တင်းတင်း ဆွဲထုတ်လိုက်တာပဲ”

ချားမင်းက အီဘရာဟင်၏လက်ကို ဆုပ်ကိုင်ပြီးနောက် လက်ထဲမှအရက်ခွက်ကို ကာ စားပွဲတွင်ချထားလိုက်သည်။

“ရဟာန်းမင်းကြီးက ကန့်သတ်ချက်တစ်ခုတော့ ပေးထားတယ်၊ အဲဒီလိုလုပ်တဲ့ ဘွက် အာရပ်တွေနဲ့ လူသိရှင်ကြားတိုက်ရမယ်ဆိုရင်တော့ သူမလုပ်ဘူးတဲ့၊ ဒါကြောင့် ဒီကိစ္စကို စားပွဲပေါ်မှာမလုပ်ဘဲ စားပွဲအောက်မှာသာ လုပ်ရမှာတဲ့”

'ဒါဖြင့် ခင်ဗျား ဗာတီကန်ကလည်း ဘာအသုံးကျလို့လဲ၊ ဘာမဆို လျှို့ဝှက်လုပ် တောပဲ”

ချေမန်းက စီးကရက်တစ်လိပ် ထုတ်ပေးသည်။ အီဘရာဟင်က ငြင်းသည်။ “ဒုက္ခသည်တွေကို ကယ်ဆယ်ချင်တဲ့အတွက် ပါဝင်လာတာဟာ သိပ်ပြီး လေးစားလောက်တဲ့ စိတ်စေတနာမဟုတ်လား၊ ခင်ဗျားသိတဲ့အတိုင်း အစ္စလာမ်ဘာသာကို တယ်ရဟာန်းမင်းမှ ပြောင်ပြောင်တင်းတင်း အန်မတုနိုင်ပါဘူး၊ ခရူဆိတ်စစ်ပွဲလို နောက်ထပ် အနှစ်တစ်ရာစစ်ပွဲမျိုး ဖြစ်ချင်သေးလို့လား အီဘရာဟင်”

'ဘယ်ဖြစ်ချင်ပါ့မလဲ၊ ဟုတ်ပါပြီ၊ ခင်ဗျားရှင်းပြတာ အဓိပ္ပာယ်ရှိပါတယ်” သူ သွေးအေးသွားပြီ။ “ဒါနဲ့ ဒီကိစ္စမှာ ဂျူးတွေရောပါဝင်လာမလား”

“သူတို့က သိမ်းထားတဲ့ပစ္စည်းတွေ ပြန်ပေးဖို့သဘောတူတယ်”

”သူတို့က ခရစ်ယာန်ဘာသာဝင်တွေကိုရော အစ္စရေးကို ပြန်လာခွင့်ပြုမှာလား” 'လာခွင့်တော့ပြုမယ်၊ တရားဝင် အသိအမှတ်တော့မပြုဘူး” - “ဟုတ်ပါပြီ၊ ဘယ်အာရပ်နိုင်ငံတွေကရော ခရစ်ယာန်တွေကို လာခွင့်ပြုသလဲ”

”ဘယ်နိုင်ငံကမှ မပြုဘူး”

"ဒါဆို ဘယ်လိုလုပ်ပြီး အလုပ်ဖြစ်ပါ့မလဲ"

"တခြားနိုင်ငံတွေ လိုက်ရှာရမှာပေါ့၊ အဲဒါ ကျွန်တော်လုပ်ရမယ့်လုပ်ငန်း တစ်စိတ် တစ်ပိုင်းပဲ၊ ကျွန်တော်က သူတို့ကိုပြောင်းပေးဖို့ နေရာလိုက်ရှာရမှာ၊ အမေရိကန်ကတော့ အမြဲတမ်းတံခါးဖွင့်ထားတာပဲ။ ပြီးတော့ ဗဟိုအမေရိကနဲ့ ဟွန်ဒူရပ်တို့မှာလည်း ဈေးသည် တွေလိုနေတယ်၊ အေးလေ အတိအကျတော့ ဘယ်ပြောနိုင်ပါ့မလဲ၊ ဘယ်လိုပဲဖြစ်ဖြစ် လူပေါင်း သုံးလေးသောင်းလောက်အတွက်တော့ နေရာရှာပေးရလိမ့်မယ်"

"ဒါဖြင့် ညီလာခံပြီးရင် ခင်ဗျား လုပ်ငန်းစတော့မှာပေါ့"

"ညီလာခံကပြီးနေပြီပဲ ဟာဂျီ၊ အမှန်ကတော့ ညီလာခံဟာ စတောင်မစခဲ့ရပါဘူး၊ ညီလာခံက တကယ့်ညီလာခံဖြစ်မလာဘဲ တစ်ယောက်ကိုတစ်ယောက် ဉာဏ်ကစားပြီး အားစမ်းတဲ့ပွဲပဲ ဖြစ်သွားတာပဲ"

"ခင်ဗျား ဘယ်တော့ပြန်မှာလဲ ချား"

"ခင်ဗျားက ကောင်းချီးပေးတဲ့အခါ ပြန်မယ်"

"လက်စသတ်တော့ ခင်ဗျားက ခရစ်ယာန်တွေကို ကယ်တင်ဖို့အတွက် ဒီကို လာတာကိုး၊ အဲဒီတော့ ပြန်ပါတော့"

"ခင်ဗျား ကောင်းချီးပေးမှ ကျွန်တော်ပြန်မယ် အီဘရာဟင်"

ဟာဂျီအီဘရာဟင်သည် ကုလားထိုင်တွင် ခြေပစ်လက်ပစ် နောက်မှီပြီး ထိုင် လိုက်သည်။ ထို့နောက် လက်သီးများကို တင်းတင်းဆုပ်ထားသည်။ တုန်ရင်သောလက်ဖြင့် ဖန်ခွက်ကိုကိုင်ကာ တစ်ကျိုက်တည်း မော့ချလိုက်သည်။ ပြီးတော့ စီးကရက်တစ်လိပ် တောင်းသည်။

"ကျွန်တော့်တစ်သက်တာမှာ သားနှစ်ယောက်နဲ့ သမီးနှစ်ယောက်ကို မြှုပ်နှံသင်္ဂြိုဟ် ခဲ့ဖူးပါတယ်၊ ဂျမီလ်လည်း အခု ဂျော်ဒန်ထောင်ထဲရောက်နေပြီ၊ ကျွန်တော့်ပရောဂကြောင့် သူလဲ သေဘေးနဲ့ သိပ်ပြီးနီးနေတယ်၊ ဒါပေမယ့် ကျွန်တော် လုံးဝမငိုခဲ့ပါဘူး၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားအတွက် ကျွန်တော်ဝမ်းသာပါတယ် ချား"

“အီဘရာဟင် … ကျွန်တော် လေးလေးနက်နက် တောင်းပန်ပါတယ်၊ ခင်ဗျားလည်း ဒီနိုင်ငံက အမြန်ဆုံးထွက်သွားဖို့သာ ကြိုးစားပါတော့၊ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ဇူးရစ်မှာ ခင်ဗျားနေဖို့ မသင့်တော်တော့ပါဘူး”

“ကျွန်တော်နေဦးမယ်၊ လက်မလျှော့သေးဘူး၊ တစ်ချိန်မှာ တစ်ယောက်ယောက် တော့ ကျွန်တော့်စကားကို နားထောင်ပါလိမ့်မယ်”

“အားလုံးပြီးသွားပါပြီ မိတ်ဆွေကြီး၊ ပြန်သာပြန်တော့”

”ဘယ်ကိုလဲ၊ အင်္ဂလန်ကိုလား”

”အစ္စရေးကို”

“ကျွန်တော်လည်း ဒီကိစ္စကို ညပေါင်းများစွာစဉ်းစားကြည့်ခဲ့ပါတယ် ချား၊ ဒီကီး လုပ်နိုင်ဖို့အတွက် ကျွန်တော့်ကို အားမာန်ပေးတော်မူပါလို့လည်း အကြိမ်ကြိမ် ဆုတောင်း ခဲ့ပါတယ်၊ ဒါပေမယ့် ဘယ်လိုမှမဖြစ်နိုင်ပါဘူး၊ အဲဒီလိုလုပ်ရင် ကျွန်တော်တစ်သက်လုံး စိတ်ဆင်းရဲနေရလိမ့်မယ်၊ ဟာဂျီအီဘရာဟင်ဟာ သစ္စာဖောက်ဖြစ်သွားလိမ့်မယ်”

“ဘယ်သူ့ကို သစ္စာဖောက်ရမှာလဲ”

”ကိုယ့်ကိုယ်ကိုယ်ပေါ့”

“ခင်ဗျားတို့ အာရပ်ညီအစ်ကိုတော်တွေက ခင်ဗျားကို တစ်သက်တစ်ကျွန် ထောင်ချထားတယ်၊ ဒုက္ခသည်စခန်းတွေဟာ အရှုးထောင်တွေ ဖြစ်သွားလိမ့်မယ်၊ ဒီမှာ အီဘရာဟင်၊ ခင်ဗျားရော ကျွန်တော်ရော သိပါတယ်၊ ဂျူးတွေဟာ ဆက်ဆံလို့လွယ်တဲ့ လူတွေပါ၊ မျှမျှတတ တွေးခေါ်တတ်တဲ့လူတွေပါ၊ သူတို့ကို မြေပေါ်က ပျောက်ကွယ်သွား အောင် လုပ်ဖို့ကြိုးစားရင် ခင်ဗျားအကြီးအကျယ် မှားလိမ့်မယ်၊ အစ္စရေးမှာ သစ်ပင်တွေ မြင့်တက်လာနေကြပြီ၊ အင်္ဂလန်ဂျဘားမှာ တစ်ပင်မှတောင် မပေါက်သေးဘူး’

”ချား၊ ခင်ဗျားက ကျွန်တော့်ဆီမှာ ကောင်းချီးမင်္ဂလာတောင်းတယ်နော်၊ ကျွန်တော် ခင်ဗျားကို ကောင်းချီးပေးပါတယ်၊ ဒီကိစ္စမှာတော့ ကျွန်တော် တကယ်ရိုးသားပါတယ် ခင်ဗျားကို ကျွန်တော်သွားခွင့်ပြုပါတယ်။ ခင်ဗျားဟာ

ကျွန်တော့်အဖို့ ညီအစ်ကိုအရင်း ထက်တောင် ကောင်းပါသေးတယ်၊ က်
သွားပေတော့မိတ်ဆွေကြီး သွားပေတော့၊ ကျင်း တာကိုကြည့်ပြီး သွားပါလေတော့”

“ခင်ဗျားက ဂီဒီယံအက်ရှ်နဲ့ မတွေ့ချင်ဘူး၊ ပြန်ပြီးစဉ်းစားစေချင်ပါတယ် မိတ်ဆွေ ကြီး၊ ဟောဒီမှာ ဆွစ်လူမျိုးစက်ရုံပိုင်ရှင်တစ်ယောက်ရဲ့ လိပ်စာ၊ ဗူးရစ်ကနေပြီး ရထားနဲ့ သွားလျှင် မိနစ်နှစ်ဆယ်ခရီးပဲရှိတယ်။ သူက ဂျူးလူမျိုး၊ လေးစားလောက်တဲ့ ပုဂ္ဂိုလ်ပါ၊ ဂီဒီယံအက်ရှ်နဲ့ အာရပ်ကိုယ်စားလှယ်အဖွဲ့တွေ လျှို့ဝှက်တွေ့ဆုံနိုင်အောင် သူကပဲလုပ် ပေးနေတာ”

ချားမန်းသည် နေရပ်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်ကို ရေးပြီးနောက် စာရွက်ကို အရက်ပုလင်းအောက်တွင် ဖိထားလိုက်သည်။

ထို့နောက် အီဘရာဟင်၏ ကျောကုန်းကို လက်နှင့်ပုတ်ကာ နေရာမှ ပြန်ထွက် သွားသည်။

ဟာဂျီအင်ဘရာဟင်သည် မျက်နှာကို လက်ဝါးနှင့်အုပ်လျက် ရှိုက်ကြီးတငင် ငိုချ လိုက်လေတော့သည်။

အခန်း (၁၅)

ဂျာမန်အမျိုးသားစာဆိုရှင်ကြီး ဂါထားသည် “ရွှေဦးခေါင်း’ဟိုတယ်နှင့် ပျော်ပွဲစား တွင် လာရောက်စားသောက်ခဲ့ဖူးသည်။ ရွှေဦးခေါင်းဟိုတယ်သည် ဘူးလက်ဘန်းဟော နယ်မြေတွင်ရှိသည်။ ဤနယ်မြေသည် ဗူးရစ်မြို့နှင့် လေယာဉ်ကွင်းအကြားတွင် ရှိသည် ဟာဂျီအီဘရာဟင်သည် မြို့ပြင်သို့ ရထားစီး၍လာခဲ့သည်။ မိနစ်နှစ်ဆယ်ခန့် အကြာတွင် ရထားပေါ်မှဆင်းလိုက်သည်။

ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ ကြိုနေသူက သူ့ကို ချက်ချင်းမှတ်မိ သွားသည်။

“ဟာဂျီအီဗရာဟင်ပါလား”

”ဟုတ်ပါတယ်”

”ကျွန်တော် ဟားရှိလိုစဘတ်ပါ”

သူကလက်ကမ်းပေးပြီး နှုတ်ဆက်သည်။ ထို့နောက် အီဘရာဟင်အား အသင့်ရပ် ထားသောကားဆီသို့ ခေါ်လာခဲ့သည်။

ရှိလိုစဘတ်သည် ဘူးလက်ဘန်းဟော့ဖ်နယ်မြေရှိ ဂျူးအမျိုးသား နှစ်ယောက်အနက် မှ တစ်ယောက်ဖြစ်သည်။ နာရီပစ္စည်းထုတ်လုပ်သော စက်ရုံကလေးတစ်ခု၏ ပိုင်ရှင်ဖြစ် သည်။

သူသည် မြို့ဟောင်းကိုဖြတ်ပြီး မောင်းလာခဲ့သည်။ “ရွှေဦးခေါင်း” ဟိုတယ်ရှေ့မှ ဖြတ်မောင်းသွားစဉ် ရှိလိုစဘတ်က - “စာဆိုရှင်ကြီးဂါထား ဒီဟိုတယ်မှာတည်းဖူးတယ်” အီဘရာဟင်က ခေါင်းညိတ်လိုက်သည်။

ရှိလိုစဘတ်သည် ကားကိုသစ်ပင်တွေကြားထဲမှ တိုက်အိမ်တစ်အိမ်ရှေ့တွင် ထိုးရပ် လိုက်သည်။

ကားပေါ်မှ ဆင်းကြပြီးနောက် အီဘရာဟင်အား စာကြည့်ခန်းထဲသို့ ခေါ်လာခဲ့သည်။ တံခါးကို ပြန်ပိတ်လိုက်သည်။

စားပွဲနောက်တွင် ဂီဒီယံအက်ရ်ထိုင်နေသည်။

“ခင်ဗျား တော်တော်ဆိုးတဲ့လူပဲ၊ စောစောကတည်းက ကျွန်တော်နဲ့လို့ မဆက် သွယ်ရယ်”

ဂီဒီယံက စိတ်ဆိုးသံဖြင့် အပြစ်တင်သည်။ သူသည် ကုလားထိုင်မှထကာ ပြတင်းပေါက်သို့သွားပြီး ရှုမျှော်ခင်းကို ငေးကြည့် အီဘရာဟင်က သူ့အနီးသို့လျှောက်သွားသည်။ နှစ်ယောက်စလုံး စကားမပြောကြ ဘဲ ရှုခင်းကိုသာ ကြည့်နေကြသည်။ နောက်ဆုံးတွင် မိတ်ဆွေဟောင်းနှစ်ယောက် က်နှာချင်းဆိုင်လိုက်ပြီး တစ်ယောက်ကိုတစ်ယောက် လှိုက်လှဲစွာ ပွေ့ဖက်လိုက်ကြသည်။

အပြင်ဘက်မှ ဝီစကီအရက်ရောက်လာသည်။ “တစ်စက်နှစ်စက်လောက်ပဲလုပ်ပါ” အီဘရာဟင်က ပြောလိုက်သည်။ ထို့နောက်ဂီဒီယံက -

”ဒါနဲ့ ခင်ဗျားက ဘာတွေလျှောက်လုပ်နေတာလဲ၊ လွန်ခဲ့တဲ့သုံးလလောက်ကသာ ဆိုရင် ကျွန်တော်တစ်ခုခုလုပ်ပေးနိုင်မှာပဲ၊ အပြန်အလှန်အပေးအယူလုပ်ငန်းပေါ့၊ ခုတော့ ခင်ဗျားတို့ အဆော်ခံလိုက်ရပြီမဟုတ်လား”

“အစ္စရေးလဲ ဘာထူးလဲ၊ အတူတူပဲပေါ့”

”ကျွန်တော်သာဆိုလျှင် အဏ္ဏဘက်ဂျဘားမှာထက် တဲလ်အဗစ်မှာပဲနေမယ်”

”ကျွန်တော်လည်း နေမှာပဲ၊ ဂျူးတစ်ယောက်သာဆိုရင်ပေါ့”

ဂီဒီယံ တော်တော်အရွယ်ကျသွားပြီ။ သူက အရက်ခွက်ကို မော့သောက်လိုက်သည်။ နောက်တစ်ခွက် ထပ်ငှဲ့ သည်။

“တကယ်တော့ ကျွန်တော်တို့ရှုံးတာပါ” အီဘရာဟင်က ဝန်ခံသည်။ “ဒါပေမယ့် မူးရစ်ရောက်စတုန်းကတော့ မျှော်လင့်ချက် အများကြီးရှိခဲ့ပါတယ်၊ နောက်ဆုံးတော့ ကျွန်တော်တို့ အမွန်ကိုမသွားရဘဲ တကယ့် ဒီမိုကရေစီထွန်းကားတဲ့ အနောက်နိုင်ငံကို ရောက်လာရတာ အမြတ်ပါပဲ၊ ဒီမှာတစ်ကမ္ဘာလုံးက ကျွန်တော်တို့ကို မျက်လုံးဒေါက်ထောက် ကြည့်နေကြတယ်၊ ကျွန်တော်တို့ကိုယ်စားလှယ်အဖွဲ့ဟာ ယဉ်ကျေးပြီး လေးစားလောက်တဲ့ အပြုအမူမှရှိပါ့မလားလို့ အကဲခတ်နေကြတယ်။

“သတင်းစာဆရာတွေကလည်း ကျွန်တော်တို့တစ်တွေကို စေတနာထားကြတယ်။ ကျွန်တော်ကတော့ ဘာမှနားမလည်တဲ့လူတစ်ယောက်ပါ၊ ကျွန်တော့်ကို ဘယ်သူ အရေးစိုက် မလဲ၊ အေး ဂျူးတွေကတော့ စိုက်ချင်စိုက်မယ်၊ ကျွန်တော်တို့ ဘာတွေပြောကြတယ်ဆိုတာ ခင်ဗျားသိပါတယ်၊ ဂျူးတွေဟာ ဆက်ဆံရေးပျော့ပျောင်းတယ်၊ အဲဒါကြောင့် သူတို့ကို တစ်ပတ်လှည့်ပြီး အခွင့်အရေးယူရမယ်တဲ့”

“ပြီးတော့ ကျွန်တော်တို့ကို အမျိုးပြုတ်အောင်လုပ်နိုင်မယ်လို့လည်း ခင်ဗျားတို့က ယုံကြည်နေကြတယ်၊ ဒါပေမယ့် ကျွန်တော်တို့ မျိုးပြုတ်မသွားပါဘူး၊ ကျွန်တော်တို့ကို ရှေးအဆက်ဆက်ကလည်း လူမျိုးစုံက မျိုးပြုတ်အောင်လုပ်ဖို့

ကြိုးစားခဲ့ကြပြီးပါပြီ”

ဂီဒီယံ၏ စကားကြောင့် အီဘရာဟင် အောင့်သက်သက်ဖြစ်သွားမိသည်။ သို့သော် ဂီဒီယံနှင့်ရန်ဖြစ်နေလို့ ဘာအကျိုးရှိမှာလဲ။

“ကျွန်တော် ခင်ဗျားနဲ့ အစကတည်းက လာတွေ့ရင်လည်း ဒီအတိုင်းပဲနေမှာပါ၊ ဘာမှထူးမှာ မဟုတ်ပါဘူး၊ ဆီးရီးယားတွေနဲ့ အီဂျစ်တွေက လူသားတွေအကျိုးကို လုံးဝ ထည့်တွက်တာမဟုတ်ဘူး၊ သူတို့က အမုန်းတရားအငွေ့ရှည်ဖို့ပဲ ကြိုးစားနေကြတာ ဒီလုပ်ငန်းမှာတော့ သူ့တို့ တကယ်အောင်မြင်ပါတယ်”

“အဲဒါတော့ မှန်ပါတယ်” ဂီဒီယံကသဘောတူသည်။ “သူတို့က မြင်းကိုလျှာပွတ်နဲ့ ထပ်ကာထပ်ကာ ရိုက်နေကြတယ်၊ ဒီစစ်ပွဲဟာ ကြာမှာပါ၊ တော်တော်နဲ့ မပြီးပါဘူး။ ညီလာခံတွေ တစ်ခုပြီးတစ်ခုလုပ်ကြမယ်၊ အဲဒီနောက် စစ်ပွဲတွေ တစ်ပွဲပြီးတစ်ပွဲဖြစ်လာ မယ်၊ ဒါနဲ့မိတ်ဆွေကြီး၊ ခင်ဗျားက အက္ကာဘက်ဂျာဘားမှာပဲ ဆက်နေဦးမှာလား”

“ဘာလုပ်ဖို့ ဆက်နေရမှာလဲ”

“သူပုန်ထဖို့ပေါ့၊ ဒါပေမဲ့ အာရပ်လူမျိုးတွေဆီက တော်လှန်ရေးဆိုတာ ဘယ်တော့မှ ပေါ်ပေါက်လာမှာမဟုတ်ပါဘူး၊ အာဏာသိမ်းပွဲတွေသာ ပေါ်ပေါက်လာမှာပါ၊ ဘာသာ စစ်ပွဲတွေ၊ လုပ်ကြံမှုတွေသာ ပေါ်ပေါက်လာမှာပါ၊ ဒါနဲ့ ခင်ဗျားက အဲဒီ စစ်ဖိနပ်နဲ့ တစ်ဘက်စွန်းသမား ဘာသာရေးဆရာတွေအောက်မှာ ဘာလို့ နေချင်ရတာလဲ”

အီဘရာဟင်က အရက်ခွက်ကိုမော့သောက်လိုက်သည်။ ဂီဒီယံ သဘောမကျသည် ကိုပင် ဂရုမစိုက်တော့။ တဟွတ်ဟွတ် ချောင်းဆိုးနေရင်းမှ နောက်တစ်ခွက် ထပ်တောင်း သည်၊ နောက်ဆုံး သူက မေးလိုက်သည်။ “ကျွန်တော့်သား အစ္စမေဆီက ဘာသတင်းများကြားရသလဲ”

“ဘာမှ မကြားရဘူး၊ ပါမောက္ခမူဒီအနေနဲ့ ကျွန်တော့်ဆီ လှမ်းဆက်သွယ်ဖို့ မလွယ်တာကြောင့်ဖြစ်မှာပါ၊ သတင်းပို့သူတွေက ယုံရတာမဟုတ်ဘူး၊ ပါမောက္ခမူဒီကိုလည်း အန္တ ရာယ်စက်ကွင်းထဲ ဆွဲသွင်းနိုင်တယ်”

“ကျွန်တော် သဘောပေါက်ပါတယ်”

“အစ္စမေကတော့ အန္တရာယ်ကင်းနိုင်မယ်ထင်ပါတယ်၊ သို့သော် ဂျမီလ်အတွက် ကတော့ အဲဒီလိုမထင်ရဲဘူး၊ ကျွန်တော် ဗိုလ်မှူးကြီးဇီယတ်နဲ့ ဆက်သွယ်ပြီးပြီ၊ သူက ခင်ဗျားကိုဖိထောင်းဖို့ ကြိုးစားနေတယ်” ။

“သူ့ကို ကျွန်တော်မကြောက်ပါဘူး၊ ကောင်းကောင်းကိုင်နိုင်ပါတယ်”

“ဟုတ်မှာပါ၊ ခင်ဗျားမှာ အရှိန်အဝါရှိနေသမျှတော့ ခင်ဗျားကို ဂျော်ဒန်တွေက ဘာမှလုပ်မှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဇီယတ်က လူရိုင်းလူကြမ်းဆိုတာ သတိရပါး သူကဗြိတိသျှတပ်ထွက်ဆိုတော့ အပြင်ပန်းကတော့ မင်းသားခေါင်းစွပ်ထားမှာပဲ၊ ဒါပေမဲ့ စိတ်ကတော့ ဘီလူးစိတ်၊ သူ့ဆီက အကြင်နာတရားဆိုတာ ဘယ်တော့မှ မမျှော်လင့်ပါနဲ့၊ ခင်ဗျား အားနည်းလာတဲ့အချိန်ကို သူစောင့်နေတာ၊ ကျွန်တော်တော့ ဂျမီလ်အတွက် တော်တော်စိုးရိမ်မိတယ်”

“ကျွန်တော် ပါလက်စတိုင်းကထွက်သွားရင် ဘာဖြစ်လာမယ်ဆိုတာ ကျွန်တော် သိပါတယ်”

“ကျွန်တော့်ဆီက ဂျော်ဒန်တွေလိုချင်တာ တချို့ ရှိတယ်၊ ခင်ဗျားနဲ့ ခင်ဗျားမိသားစု အန္တရာယ်မရှိအောင် ကျွန်တော်ကြိုးစားကြည့်ပါမယ် ကျွန်တော် စိတ်ကူးတစ်ခုရထားလို့ပါ

”ကျွန်တော်က ကျွန်တော့်သား သတ္တိကို သိက္ခာကျအောင်မလုပ်ချင်ဘူး'
“ဘာသတ္တိလဲ၊ ဘယ်သူ့အတွက် သတ္တိလဲ၊ အကြမ်းဖက်သမားဘဝ ရောက်လာ အောင် လုပ်မယ့်သတ္တိလား၊ တကယ်လို့ အစ္စမေသာ ထောင်ထဲရောက်နေတယ်ဆိုတော့ ကို ခင်ဗျား သူ့ အတွက်ကြိုးစားမှာလား” .

”မကြိုးစားဘူး၊ သူသေရင်လည်း သေပါစေ”

ဂီဒီယံ၏မျက်နှာ ဒေါသကြောင့်နီရဲသွားသည်။ ဒေါသပေါက်ကွဲပြီး စားပွဲကို က်သီးဖြင့်ထုလိုက်သည်။ စကားတော့ တစ်ခွန်းမှမပြော။

“ကျွန်တော် ခင်ဗျားနဲ့ ရန်ဖြစ်ဖို့လာတာ မဟုတ်ပါဘူး ဂီဒီယံ၊

အာရပ်တွေဟာ စ်ဇောက်ကန်း တစ်ရှူးထိုး စွတ်လုပ်နေကြတယ်လို့ ခင်ဗျားပဲ အမြဲတမ်းပြောခဲ့တယ် ဟုတ်လား၊ အာရပ်ကမ္ဘာတစ်ခုလုံးကို ခင်ဗျားစည်းရုံးနိုင်မယ်လို့ထင်သလား”

သူက အရက်တစ်ခွက် ထပ်ငှဲ့လိုက်ပြန်သည်။ “ခင်ဗျားတို့ခေါင်းဆောင်ကြီး ဘင်ဂူရီယံ ဘာကိုကြောက်နေတယ်ဆိုတာ ကျွန်တော် ပြမယ်၊ သူက အစ္စရေးနိုင်ငံဟာ နောက်ဆုံးမှာ ကျွန်တော်တို့အာရပ်နိုင်ငံတွေ လုပ်လိုလုပ်လာမှာကို သိပ်ပြီးကြောက်နေတယ်” ။

“အဲဒါတော့ မဟုတ်ပါဘူး၊ အဲဒီလိုလဲ လုံးဝမဖြစ်နိုင်ပါဘူး၊ ဘာဖြစ်လို့လည်းတော့ ကျွန်တော်တို့က ငြိမ်းချမ်းရေးကို သိပ်ပြီးမြတ်နိုးတယ်၊ မေတ္တာတရားကိုလည်း မြတ်နိုးတယ်” သူက ကုလားထိုင်မှထ၍ လမ်းလျှောက်သည်။

“ကျွန်တော်ဒီဇူးရစ်ကိုလာတာ အမှန်တရားကလေးတစ်ခု၊ ဆင်ခြင်တုံတရားကလေး တစ်ခုကြောင့်လာတာ၊ အဲဒီအမှန်တရားကလေး ဆင်ခြင်တုံတရားကလေးက ခင်ဗျား ခေါင်းထဲမှာခတ်ထားတဲ့ သော့ခလောက်ကို ဖွင့်နိုင်လိမ့်မယ်လို့ ယုံကြည်လို့လာခဲ့တာ”

သူက အီဘရာဟင်၏ မျက်နှာအနီးသို့ကပ်၍ စားပွဲတွင်မှီလိုက်သည်။ “လမ်းလွဲနေတဲ့ လူ့အဖွဲ့ အစည်း၊ ဘာသာတရား၊ ယဉ်ကျေးမှုဆိုတာ ဘာလဲ။ သားတွေအတွက် ဘယ်လိုအကျိုးပြုနိုင်မှာလဲ၊ လူသားဆိုတာဘာလဲ၊ လူသားတွေကို ခမ်းတီးတဲ့ ဘာသာတရား၊ ယဉ်ကျေးမှု၊ လူ့အဖွဲ့ အစည်းဆိုတာဘာလဲ၊ လူသားတွေအကျိုး ဘယ်လို ဆောင်ရွက်နိုင်မှာလဲ၊ ကဲ ... ဒါလောက် ပါပဲဗျာ၊ ခင်ဗျားသားကို သေစေရင်လည်း သေပါတော့ပေါ့၊ ခင်ဗျားဂုဏ်ယူပေါ့ အီဘရာဟင်”

နှစ်ယောက်သား မတ်တတ်ရပ်၍ လက်ဆွဲနှုတ်ဆက်ကြသည်။ ဂီဒီယံကပြောသည်။ “ကဲ ဆက်သာလုပ်၊ ခေါ်ကိုသာဆွဲထုတ်တော့၊ ခင်ဗျားက ဒါပဲသိတာမဟုတ်လား”

ဟာဂျီအီဘရာဟင်က တစ်ဖက်သို့ မျက်နှာလှည့်သွားပြီး

”ကျွန်တော်တို့ နောက်ထပ်ပြန်တွေ့ချင်မှ တွေ့ကြရတော့မယ်၊ ဒီလိုဖြစ်ရတာ ကျွန်တော်မလိုချင်ဘူး” သူဒီယံထံသို့ လျှောက်လာသည်။

လက်နှစ်ဖက်ဖြင့် သိုင်းဖက် က်သည်။ "ကျွန်တော်တော့ အလဲထိုးခံခဲ့ရပြီ ဂီဒီယံ၊ အလဲထိုးခံခဲ့ရပြီ" သူ ရှိုက်ကြီးတငင်ငိုသည်။ "အစ္စရေးနယ်စပ်ကိုဖြတ်ပြီး ဝင်ရောက်တဲ့အချိန်မှာ ကျွန်တော့်နှလုံးသွေး ရပ်သွား မဲ့မယ်"

"ကျွန်တော်နားလည်ပါတယ် အီဘရာဟင်၊ ကျွန်တော်နားလည်ပါတယ်"

"ဒီယံ မိတ်ဆွေကြီးဂီဒီယံ၊ ကျွန်တော် အလဲထိုးခံလိုက်ရပြီဗျ" သူ ပြောရင်း နေသည်။

ဂီဒီယံက သူ့ကို တင်းတင်းဖက်ထားသည်။ ထို့နောက် ကုလားထိုင်မှာ ပြန်ထိုင် ခိုင်းသည်။

ဂီဒီယံသည် စားပွဲပေါ်လက်နှစ်ဖက်တင်ပြီး မျက်နှာကို လက်ပေါ်အပ်ထားလိုက် သည်။

"ခင်ဗျားနဲ့ ကျွန်တော်တို့နှစ်ယောက်သာဆိုရင် ငြိမ်းချမ်းရေးရမှာ သေချာတယ် ဂီဒီယံ၊ ကျွန်တော်ပြောတာ မဟုတ်ဘူးလားဟင်"

ဂီဒီယံ ခေါင်းခါလိုက်သည်။

"ကျွန်တော်တို့ ရေစက်ခလုတ်ကို ခင်ဗျားလက်ထဲမှာမထားမှသာ အဲဒီလို ဖြစ် နိုင်မှာပါ အီဘရာဟင်"

တော်တော်ကြာကြာ တိတ်ဆိတ်နေကြသည်။

"ကျွန်တော့်ကို အလ္လာအရှင်မြတ်သာ စိတ်ချမ်းသာအောင် လုပ်ပေးနိုင်တော့မှာ ဂီဒီယံ"

ဟာဂျီအီဘရာဟင်က စိတ်လျှော့လက်လျှော့သံဖြင့် ညည်းတွားလိုက်သည်။

စာကြည့်ခန်းတံခါး ပြန်ပိတ်သံပေါ်ထွက်လာသည်။ ဂီဒီယံ စားပွဲပေါ်မှခေါင်းခွာ ကြည့်လိုက်သည်။

ဟာဂျီအီဘရာဟင် မရှိတော့။ ဟာဂျီအီဘရာဟင် ရာသက်ပန် ထွက်ခွာသွားလေပြီး

အခန်း (၁၆)

ဟာဂျီအီဘရာဟင်သည် နေ့စဉ်သောက်နေကျအတိုင်း ကော်ဖီဖိုး မတတ်နိုင်သော် လည်း ကဖေးဆိုင်သို့ လာဖြစ်အောင်လာခဲ့သည်။ စားပွဲထိုးဖရန့်က သူ့ကို လေးလေးစားစား ကြိုဆိုနှုတ်ဆက်ပြီး အခန်းထောင့်စားပွဲတစ်လုံးတွင်နေရာချပေးသည်။ ပြီးနောက် ကော်ဖီ နှင့်မုန့်များ လာချပေးသည်။ အပြင်တွင် အအေးလွန်ကဲလာသောအခါ စွတ်ပြုတ်ပူပူ ကလေးများပင် လာ၍ချပေးသည်။

"ဟာဂျီအီဘရာဟင်' ကို "ဘာလဲ ဖရန့်' "မန်နေဂျာရုံးခန်းထဲမှာ ဖုန်းလာနေတယ်"

"ငါ့ဆီကို ဆက်တာလား"

"ဟုတ်ပါတယ်၊ အမျိုးသမီးတစ်ယောက်ပဲ၊ သူက ကျွန်တော့်ကို ပထမဆုံး မေး တယ်၊ ရှင်ဟာ အာရပ်လူကြီးလူကောင်းတစ်ယောက်ကို အမြဲတမ်း စားပွဲထိုးနေတဲ့ လူကြီးလူကောင်းပါလားတဲ့၊ ပြီးတော့မှ သူဟာ ဒမတ်စကတ်မှာ ဟာဂျီအီဘရာဟင်နဲ့ တွေ့ခဲ့တဲ့ မိတ်ဆွေအမျိုးသမီးပါလို့ ပြောတယ်"

"ဒါဖြင့် ငါ ဘယ်မှာသွားဆက်ရမှာလဲ"

ဖရန့်က ဟာဂျီအီဗရာဟင်အား မန်နေဂျာအခန်းထဲသို့ခေါ်သွားပြီး သူ ပြန်ထွက် သွားသည်။

"ဟယ်လို"

"ဟယ်လို ဟာဂျီ အီဘရာဟင်လား"

"ဟုတ်ပါတယ်" ။ "အခုဆက်နေတာ ဘယ်သူဆိုတာ သိရဲ့လား"

"ချမ်းအေးတဲ့နေရာမှာ နွေးထွေးတဲ့အသံပဲ"

"ရှင့်ဆီကို အခုလို အခြေအနေမျိုးနဲ့ ဆက်သွယ်ရတာ ကျွန်မ စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ရှင်နားလည်ပါတယ်"

“ဟုတ်ပါတယ်”

”ရှင်နဲ့ အရေးတကြီး ဆွေးနွေးစရာရှိတယ်၊ ကျွန်မနဲ့ လာတွေ့နိုင်မှာလား”

ဟာဂျီအီဘရာဟင်က သိသဖြင့် - “ဖြစ်ပါတယ်”

”ရှင် ဘန်းဟော့ဖ်ကိုသိသလား”

“ကျွန်တော်က မှန်ပြတင်း အလှပြင်ခန်းတွေကိုပဲ လျှောက်ကြည့်နိုင်ပါတယ်၊ ဘာမှမဝယ်နိုင်ပါဘူး”

“ကျွန်မပြောတာ ကုန်ပဒေသာဆိုင်မဟုတ်ဘူး၊ လမ်းနာမည်ကိုပြောတာပါ၊ ဘောအော လက်ဟိုတယ်နားမှာ မဒမ်ဟစ်လ်ဒီဂတ်ဆိုတဲ့ ဆိုင်တစ်ဆိုင်တွေ့လိမ့်မယ်၊ လက်ကိုင်အိတ် တွေရောင်းတဲ့ဆိုင်၊ ကျွန်မ အခု အဲဒီကဆက်နေတာ၊ ရှင် ချက်ချင်းလာခဲ့ပါ၊ ရှင့်နောက်က တစ်ယောက်ယောက် ထောက်လှမ်းရေး လိုက်လာမလာဆိုတာလည်း သတိနဲ့ကြည့်ပြီး လာခဲ့ပါ”

အီဘရာဟင်က ဘာမှပြန်မပြော။ .

”ရှင် ဘာတွေစဉ်းစားနေတယ်ဆိုတာ ကျွန်မသိပါတယ်၊ ရှင်ဘာမှ အန္တရာယ်မဖြစ် စေရပါဘူး၊ စိတ်ချပါ၊ ကျွန်မက ဒီမြို့မှာ အများကြီးကျွမ်းပါတယ်၊ စိတ်ချရတဲ့နေရာတွေ အများကြီးရှိပါတယ်၊ ပြီးတော့ မဒမ်ဟစ်လ်ဒီဂတ်ကလည်း ကျွန်မနဲ့ရင်းနှီးတဲ့ မိတ်ဆွေ၏။ ကျွန်မတို့နှစ်ယောက် အပြန်အလှန် နားလည်မှုတွေရှိပါတယ်”

“ကောင်းပြီလေ၊ ကျွန်တော် မကြာခင်ရောက်လာမယ်”

“အထူးဝင်ပေါက်ကဝင်ပါ၊ နောက်ဘက်မှာ အထူးဧည့်သည်တွေအတွက် သီးသန့် အခန်းကလေးရှိတယ်။ ရှင်ခေါင်းလောင်းတီးလျှင် သူကဖွင့်ပေးလိမ့်မယ်”

ဘန်းဟော့ဖ်လမ်းသည် ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံးသော ကုန်ဈေးတန်းလမ်း ကြီးဖြစ်သည်။ အဆောက်အအုံတွေက ပုံစံတူ ဆယ့်ကိုးရာစုလက်ရာတွေ။

ဟာဂျီအီဘရာဟင်သည် မဒမ်ဟစ်လ်ဒီဂတ်ဆိုင်ကို လွယ်ကူစွာပင်

တွေ့သည်။ စိတ်ထဲက မသိုးမသန့်ဖြင့် ခေါင်းလောင်းကိုနှိပ်လိုက်သည်။

တံခါးပွင့်လာသည်။ သူ့ရှေ့တွင် လာရပ်သောမိန်းမမှာ အသက် ၅၀ ဝန်းကျင် ခန့်ရှိမည်ဟု ခန့်မှန်းမိသည်။ သို့သော် တစ်ကိုယ်လုံး ညွှန့်နေအောင် ခြယ်သထားသဖြင့် အသက်ထက် နုပျိုနေပုံရသည်။ အထက်တန်းစား အသိုက်အဝန်းတွင် ရေပန်းစား သူတစ်ယောက်ဖြစ်သည်မှာ ထင်ရှားသည်။

"အာဆူလာ စောင့်နေပါတယ်"

အမျိုးသမီးက ယင်းသို့ပြောကာ ဟာဂျီအီဘရာဟင်အား နောက်ဖေးခန်းသို့ - လာခဲ့သည်။ အခန်းထဲရောက်တော့ ဟာဂျီအီဘရာဟင် မျက်လုံးကစားကြည့်လိုက်သည် အာဆူလာသည် ဇာမျက်နှာဖုံးပါသော ဦးထုပ်ကိုဆောင်းပြီး ရပ်နေသည်။

'ဒါဟာ မဒမ်ဟစ်လ်ဒီဂတ်က ဖောက်သည်တွေကို ကျောက်စီလက်ဝတ်အိတ် ထုတ်ပြတဲ့အခန်းပေါ့"

"မင်း မင်း တကယ်အာဆူလာပဲနော်"

"ရှင့်ကို ကျွန်မ လှိုက်လှိုက်လှဲလှဲ နှုတ်မဆက်မိတာခွင့်လွှတ်ပါ၊ ကျွန်မ နေတတ် မကောင်းဘူးဆိုတာ ရှင် မကြာခင်သိရပါလိမ့်မယ်" ။

အာဆူလာသည် ရှေ့သို့လျှောက်လာပြီး ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည် ဟာဂျီအီဘရာဟင်လည်း အာဆူလာရှေ့မှ ကုလားထိုင်တွင် ဝင်ထိုင်သည်။ အာဆူလာသည် နှာဖုံးကို မချွတ်သေး။ "ကျွန်မ ဆေးသုံးထားတယ်၊ ဒမတ်စကတ်မှာ ရှင်သိခဲ့တဲ့ အာဆူလာမဟုတ်တော့ဘူး"

"ဒါပေမယ့် မင်းကို ငါ အခုလည်းစွဲနေတုန်းပါပဲ" အာဆူလာက သိမ့်ခနဲတစ်ချက်ရယ်သည်။ "ရှင် တော်တော်စကားတတ်တာပဲ"

"တကယ်ပြောတာပါ၊ မညာပါဘူး"

"ကဲ၊ အရေးကြီးတဲ့စကားပြောကြမယ်"

"ပြောပါ၊ ငါ့ကို ဘာလို့ခေါ်တာလဲ"

”ဖောဇီကဘာက ရှင့်ကို သတ်ဖို့ကြံစည်နေလို့”

”ဒါ သတင်းလို့ငါ မထင်ဘူး၊ ဒါပေမယ့် ပြောပါ၊ ဆက်ပြောပါ”

“မင်းသားကြီး အလီရာမန်က ဖောဇီကဘားကို သူ့ခါးပိုက်ထဲထည့်ထားတာ၊ ဒါကို ရှင်သိပါတယ်”

'ငါ ကြားတော့ကြားဖူးပါတယ်”

“ပထမဆုံး ညီလာခံစဖွင့်တော့ သူတို့က ရှင်တို့သုံးယောက်ကိုရှင်းပစ်ဖို့ ဆွေးနွေး ကြတယ်၊ ကဘားက အဲဒီလိုလုပ်လို့မဖြစ်နိုင်ကြောင်း ရှင်းပြတယ်၊ ဆွစ်ဇာလန်မှာလုပ်လျှင် အန္တရာယ်ရှိတယ်လို့ ပြောတယ်၊ အခု ရှိတ်တာဂျီနဲ့ ချေမန်းတို့ မရှိတော့တဲ့အခါကျတော့ သူတို့ကတစ်မျိုးကြံကြပြန်တယ်၊ ရှင့်ကို သူတို့က သိပ်ပြီးမျက်စိစပါးမွေးစူးနေကြတယ်၊ အခွင့်သာတာနဲ့ တစ်ပြိုင်နက် ရှင့်ကိုသတ်လိမ့်မယ်”

“သူတို့က ငါ့ကို ဘယ်လိုသတ်မလို့လဲ”

“ရှင်သွားရာကို လိုက်ကြည့်ခိုင်းထားတယ်၊ တည်းခိုရိပ်သာကိုရော၊ ရှင့်မိတ်ဆွေမ ပရောဒေါ့ဖမန်းအိမ်ကိုရော သူတို့က မျက်ခြည်မပြတ် စောင့်ကြည့်နေတယ်၊ ရှင် ဒေါ ဖမန်းအိမ်က သန်းခေါင်းလောက်အပြန်မှာ သူတို့ကောင်းပြီး သတ်ကြလိမ့်မယ်”

“ဓားနဲ့ ထိုးသတ်မှာလား”

“မဟုတ်ဘူး၊ ကဘားမှာ လူမိုက်မွေးထားတာရှိတယ်၊ အဲဒီလူက အီရန်လူမျိုး၊ နာမည်က စူလတန်တဲ့၊ သူတို့ကတော့ ပါရှန်းလို့ခေါ်ကြတယ်၊ သူက ဟဲဗီးဝိတ်လက်ဝှေ့ သမားဟောင်း၊ ပေါင်သုံးရာလောက်သွားတယ်၊ သိပ်ပြီးသန်မာတဲ့လူပဲ၊ သူက ရှင့်ကို အလစ်ဝင်ဖမ်းပြီး လည်ပင်းညှစ်ထားမယ်၊ နောက်တစ်ယောက်က ရှင် မေ့မြောသွားအောင် ခေါင်းကို တုတ်နဲ့ ရိုက်မယ်။

“ပြီးတော့ ရှင့်ကိုကားနဲ့တင်ပြီး ကဘားရဲ့ စံအိမ်ထဲက ဆိပ်ကမ်းရိပ်သာဆောင်ကို ခေါ်သွားမယ်၊ အဲဒီမှာ ရှင့်ကို အမျိုးမျိုးနှိပ်စက်ပြီး သေအောင်သတ်မယ်၊ ရှင့်အလောင်းကို ရေထဲချပစ်လိုက်မယ်၊ ဒီနည်းနဲ့

သဲလွန်စမရှိနိုင်အောင် ဖျောက်ဖျက်ပစ်ကြမယ်”

“သော် ဘုရား ဘုရား”

ဟာဂျီအီဘရာဟင်က မုတ်ဆိတ်ကို လက်နှင့်ပွတ်သပ်ကစားရင်း ညည်းတွားလိုက် သည်။ “တော်တော်ဆန်းတာပဲ အာဆူလာ၊ အသတ်ခံရမယ့်လူက သူဘယ်လို အသတ်ခံရမယ် ဆိုတာ အခုလိုအသေးစိတ်သိရဖို့ တော်တော့ကို မလွယ်ပါဘူး၊ ငါ့မှာ သေနတ်ကောင်းကောင်း ဆောင်ထားပါတယ်၊ အဲဒီ ပါရှန်းကောင် ဘာမှမလုပ်နိုင်ခင် သူ့ဗိုက်ထဲ ကျည်ဆန်တွေ ထည့်လိုက်မှာပေါ့”

”အတင့်မရဲချင်စမ်းပါနဲ့ အီဘရာဟင်၊ ကဘားနဲ့ ရာမန်တို့က သိပ်ပြီးဉာဏ်များတဲ့ လူတွေ၊ သူတို့မှာ အဆက်အသွယ်တွေ အများကြီးရှိတယ်၊ ရှင့်ကို တစ်နည်းနည်းနဲ့ သတ်ကိုသတ်ကြလိမ့်မယ်” ။

“ဖူးရစ်က ထွက်ပြေးလျှင်တော့ လွတ်နိုင်မယ်ထင်တယ်။ အခုလို သတိပေးတာ ကျေးဇူးအများကြီးတင်ပါတယ် အာဆူလာ၊ အဲဒီတော့ ငါ အကြံထုတ်ရလိမ့်မယ်”

အာဆူလာက မှောင်ထဲတွင် စမ်းပြီး ဟာဂျီအီဘရာဟင်၏လက်ကို သူ့လက်ဖြင့် ဆုပ်ကိုင်လိုက်သည်။

“ရှင် လက်စားချေချင်ရင် ကျွန်မလည်းချေချင်တယ်”

”ဘာဖြစ်လို့လဲ၊ ပြောပါဦး အာဆူလာ”

“အို ပြောရရင်တော့ ဆုံးနိုင်မှာမဟုတ်ပါဘူး၊ ဇာတ်လမ်းက အရှည်ကြီးပဲ၊ ဒီမှာ အီဘရာဟင်၊ ကျွန်မက သိလျက်သားနဲ့ ကဘားနဲ့ ပါဝင်ပတ်သက်ခဲ့မိတယ်၊ အဲဒီတုန်းက ကျွန်မက သိပ်ငယ်ပါသေးတယ်လေ၊ စစ်ပြီးသွားတော့လည်း ကျွန်မက ဘာမှနားမလည် သေ ဘူး၊ ပိုက်ဆံသာရမယ်ဆိုရင် အကုန်လုပ်တာပဲ၊ တကယ်တော့ မကောင်းတဲ့အလုပ် ဆိုတာ ဖြတ်ဖို့သိပ်ခဲယဉ်းတယ် အီဘရာဟင်၊ ပြည့်တန်ဆာအလုပ်က ပိုတောင်ခဲယဉ်းသေး တာပေါ့၊ အခုလည်းပဲ ကျွန်မ မဖြတ်ကျော်နိုင်သေးတဲ့ အတားအဆီးတွေ ရှိနေသေးတာပါ တကယ်တော့

ဒီလောကကြီးက ကျွန်မကို လှည့်စားနေတာပါပဲလေ”

“မင်း ခေါင်းထဲကို ဒီအတွေးအခေါ်တွေဝင်လာတာ အင်မတန် အဖိုးတန်ပါတယ် အာဆူလာ”

“ကဘားဟာ ဒုစရိုက်ဖခင်ပဲ အီဘရာဟင်၊ သူ့ရဲ့ ဒုစရိုက်လုပ်ရပ်တွေက တစ်နေ့ ထက်တစ်နေ့ ရွံစရာကောင်းလာတယ်၊ သူက မိန်းမပြည့်တန်ဆာသာမက ယောက်ျား ပြည့်တန်ဆာတွေပါ ပိုက်ဆံပေးပြီး မွေးထားတယ်”

သူ စကားနားနေပြီးမှ အသံကတုန်ကရင်ဖြင့် -

”ကျွန်မပြောတာ ရှင်ယုံချင်မှယုံမယ်၊ မယုံမရှိပါနဲ့၊ ကျွန်မ ကိုယ်တွေ့ကို အမှန် အတိုင်း ပြောနေတာပါ”

အာဆူလာသည် မျက်နှာဖုံးကိုခွာပြီး မျက်နှာကို အလင်းရောင်ဘက်သို့ လှည့်လိုက် သည်။ သူ့မျက်နှာတစ်ပြင်လုံး မြေဖြူလိမ်းထားသလို ဖွေးဖွေးဖြူနေသည်။ မျက်လုံးတွေက မပွင့်တပွင့်။ ပါးတစ်ဖက်တွင် ခရမ်းရောင်အကွက်ကြီး ထင်းနေသည်။

“ကျွန်မကို သေသေချာချာကြည့်စမ်းပါ ဟာဂျီ၊ ဒါပေမယ့် တကယ့်အမာရွတ်က အပြင်မှာ မရှိပါဘူး၊ ကျွန်မရင်ထဲမှာသာ ရှိနေပါတယ်၊ သူက ကျွန်မထွက်သွားမှာကို သိပ်ပြီး ကြောက်နေတယ်၊ ဘာပဲပြောပြော သူလုပ်ချင်တဲ့ မကောင်းမှုမှန်သမျှ ကျွန်မ လုပ်ပေးခဲ့ပါတယ်၊ ကျွန်မကို ဟီရိုးအင်းအတင်းထိုးပေးတယ်၊ အခုတော့ ရှင်မြင်တဲ့အတိုင်း ကျွန်မဘဝ ပျက်ပါပြီ၊ ကျွန်မ ဆေးသမားစစ်စစ်ဖြစ်နေပြီ”

“ဘုရား ဘုရား၊ ငါ ဘယ်စကား ပြန်ပြောရမှန်းတောင် မသိတော့သလိုပါပဲလား အာဆူလာ”

ဟာဂျီအီဘရာဟင်က ကရုဏာသက်စွာဖြင့် ပြောလိုက်သည်။ -

”ကျွန်မ သူ့ဆီက ထွက်ပြေးနိုင်ရင်တော့ ဒီဘဝကလွတ်မှာပဲ၊ ဆေးခန်းတွေရှိပါတယ် ကျွန်မအခြေအနေက အလွန်အကျွံဘဝ မရောက်သေးပါဘူး၊ ကဲ- ဟာဂျီအီဘရာဟင်း ရှင်ဘယ်လိုသဘောရသလဲ၊ ဒီလူကြီးကို

လက်စားချေမလား၊ မချေဘူးလား”

“မင်းကော ချေချင်သလား”

”ချေမယ်၊ ချေကိုချေမယ်” 'ဒါဆိုဟုတ်ပြီ၊ ငါ့မှာ အဖော်ကောင်းတစ်ယောက်ရတာပဲ”

ပါရှန်းလူသန်ကြီးသည် ကမ်းစပ်ရိပ်သာအတွင်းရှိ လျှပ်စစ်မီးအားလုံးကို ဖွင့်ပြီး အခန်းတိုင်းကို စစ်ဆေးကြည့်သည်။ အားလုံးရှင်းနေသည်။ သူသည် သူ့ဆရာကို အာဆူ လာထံမှ တွဲခေါ်လာခဲ့သည်။ ဖောဇီကဘားသည် မူးယစ်ဆေးဝါးသုံးစွဲထား၍ ယီးတီး ယောင်တောင် ဖြစ်နေသည်။ သူ့ကို ညောင်စောင်းပေါ်သို့ တင်ပေးလိုက်သည်။ အာဆူလာက မီးရောင်စုံခလုတ်များကိုနှိပ်ပြီး တေးဂီတကို ခပ်တိုးတိုးဖွင့်လိုက်သည်။

“သူတို့လာရင် သူတို့လာရင်” ကဘားက လျှာလေးသံကြီးနှင့် ပြောနေသည်။ “ဒီညောင်စောင်းကို ကြည့်ကြပါစေ၊ ကျုပ်ပြန်ပြင်တာ ဆွစ်တွေကို ဒေါ်လာတစ်သောင်း တောင်ပေးရတယ်၊ ဒီမှာကြည့်စမ်း၊ ဘယ်လောက် ဇိမ်ကျသလဲ၊ အထက်မြှင့်လို့လည်းရ တယ်၊ အောက်နှိမ့်လို့လည်းရတယ်၊ ဟောဒီလို ချာချာလည်နေအောင် လုပ်လို့လည်းရတယ်” သူက ခလုတ်တွေကိုနှိပ်ရင်း ပြောသည်။

“သူတို့က ကြိုးတန်းပေါ်မှာ လုပ်စရာရှိသေးတယ်” အာဆူလာက ပြောသည်။ “အလကားသူခိုးတွေ”

”စိတ်ရှည်ရှည်ထားစမ်းပါ အစ်ကိုကြီးရယ်၊ အခုပွဲမှာ ဒီညောင်စောင်းကြီး မလိုပါ

”သူတို့က ဘယ်လိုလုပ်မလို့လဲ၊ အရင်ဟာတွေနဲ့ မတူတာလုပ်ပြမယ်ဆို၊ မင်းပဲ ပြောတာပဲ”

“ဟုတ်ပါတယ်၊ သူတို့မကြာခင် ရောက်လာကြတော့မှာပါ။ အစ်ကိုကြီး မြင်ရပါ လိမ့်မယ်၊ ဘယ်တုန်းကမှ မမြင်ဖူးသေးတာတွေ မြင်ရလိမ့်မယ်၊ သူတို့ စုံတွဲကလည်း အသစ်စက်စက်တွေပဲ”

အာဆူလာက ပါရှန်းလူသန်ကြီးစူလတန်ကို ခေါင်းညိတ်ပြလိုက်သည်။ စူလတန် က တံ့ဆိုင်းဆိုင်း လုပ်နေသည်။ အာဆူလာ တစ်စုံတစ်ခုကိုတွေးမိပြီး ကြောက်စိတ်ဝင် လာသည်။

“ဘာဖြစ်နေတာလဲ' သူက မေးလိုက်သည်။ “ကျွန်တော်ဆာတယ်”

”ဒီနေ့ညက နှစ်ယောက်တွဲပွဲပဲ၊ ကျွန်မ စားဖို့မှူးကို တာဝန်မပေးထားဘူး”

”ဒါပေမယ့် ကျွန်တော်က ဆာလွန်းလို့သေတော့မယ်”

“ဒါဆို ရှင့်အတွက် ကျွန်မ မီးဖိုခန်းထဲသွားပြင်ပေးမယ်၊ ပြီးတော့ ရှင့်ဆီ ယူလာ မယ်၊ ရှင့်တာဝန်သာ ရှင်သွားလုပ်ချည်”

စူလတန်က ရွှေသွားတွေပေါ်အောင် ပြုံးလိုက်သည်။ သူသည် သူ၏ ရောမအတ္တ ဘောကြီးကိုသယ်ပြီး စင်္ကြံလမ်းဘက်သို့ ဖြည်းဖြည်းလျှောက်သွားသည်။ စင်္ကြံလမ်းအဆုံးတွင် အပျော်စီး အမြန်မော်တော်ကလေးတစ်စင်းနှင့် ရွက်လှေခြောက်စင်း ဒေါက်တင်ထားသည်။

လုံခြုံရေးအခန်းက ကျဉ်းသော်လည်း ခေတ်မီလုံခြုံရေးကိရိယာတွေ အပြည့်အစုံရှိသည်။

ကမ်းစပ်ရိပ်သာရှိ အခန်းအားလုံးတွင် လူမပါဘဲ အလိုအလျောက် ဓာတ်ပုံရိုက်နိုင် သောကင်မရာတွေ တပ်ဆင်ထားသည်။ ဓာတ်ပုံတွေကို ပုံရိပ်မှန်ပြင်ခြောက်ခုပေါ်တွင် မြင်နိုင်သည်။ စူလတန်သည် ငိုက်မျဉ်းနေသော သူ့ဆရာကြီးပုံနှင့် မီးဖိုခန်းထဲမှ အားရ လာတို့ပုံကို ပုံရိပ်မှန်ပြင်တွင် ပြတ်သားစွာမြင်နေရသည်။

အာဆူလာသည် စူလတန်၏ ဇူဇကာဗိုက်ကြီးအတွက် စားစရာတွေကို လင်ပန်းနှင့် အပြည့်ထည့်နေသည်။ သူသည် ကင်မရာကိုကျောပေးထားရင်း စားစရာများတွင် ဆိုင်ယာနိုင် အဆိပ်မှုန့်များ ဖျန်းလိုက်သည်။ ပြီးတော့ စားစရာဗန်းကို စူလတန်ထံသို့ ယူလာခဲ့သည်။

“ရော့၊ သဘောရှိသာ ထွေးပေတော့”

”အာဆူလာ၊ ဒီည မင်းတို့ဘာတွေလုပ်ကြမလဲဟင်”

စူလတန်က တိုးတိုးကလေးမေးလိုက်သည်။ * အရင်ဟာတွေနဲ့ လုံးဝမတူဘူး၊ ရှင့်ဟာရှင် မှန်ပြင်ပေါ်မှာသာ တစ်ဝကြီး ကြည့် ပေတော့”

စူလတန်က ဝက်ကလေးပေါင်တစ်ဖဲ့ကို ကောက်ကိုင်ပြီး ပြောင်စပ်စပ်နှင့် မျက် တစ်ချက်ပစ်လိုက်ရင်း 'ကျွန်တော်လည်း ပစ်မထားပါနဲ့ဗျာ၊ နည်းနည်းတော့မျှပါဦးနော်”

'ထုံးစံအတိုင်း အဘိုးကြီးခွေသွားပြီးနောက် ရှင်လည်းတစ်ခန်းတော့ပါရမှာ မပူပါနဲ့၊ ကျွန်မကြည့်လုပ်ပေးပါ့မယ်၊ ရှင့်ကို ကျွန်မ ဘယ်တုန်းကပစ်ထားဖူးလို့လဲ”

“ကျေးဇူးပါပဲ ကျေးဇူးရှင်မကြီးရယ်”

အာဆူလာက ပြုံးပြပြီးပြန်ထွက်လာသည်။ ခန်းလုံးပြည့် မှန်တပ်ခန်းမကြီးသို့ ဝင်လာခဲ့သည်။ လုံခြုံရေးခန်းမှ အော်ညည်းသံကိုမကြားနိုင်အောင် ဂီတသံကို ဆူညံစွာ မြှင့်ပေးလိုက်သည်။

ဘုရား … ဘုရား … သူ့ထံသို့ စကြံလမ်းအတိုင်း စူလတန်လျှောက် လာနေပါ ရောလား။ မျက်လုံးကြီးတွေကလည်း ကြောက်စရာ ပြူးကျယ်လို့။ မျက်နှာကြီးကလည်း တွန့်ရှုံ့ပြီး သရဲသဘက်ကြီးတစ်ကောင်ပမာ။

စူလတန်သည် တစ်ချက်အော်ညည်းလိုက်သည်။ ထို့နောက် လည်ပင်းကို လက်နှစ် ဖက်ဖြင့်အုပ်ကာ ဒူးညွတ်လဲကျသွားတော့သည်။ ကြမ်းပြင်ပေါ်တွင် စူလတန် စန့်စန့်ကြီး ဖြစ်နေသည်။ သူ့အနားသို့ အာဆူလာ မဝံ့မရဲကပ်လာသည်။ စူလတန်သည် ဆတ်ခနဲ တစ်ချက်တွန့်ပြီးနောက် ငြိမ်သက်သွားသည်။

အာဆူလာသည် အခန်းတံခါးကို ဖြည်းဖြည်းပြန်ပိတ်လိုက်သည်။ “ဘာသံပါလိမ့် ။

ဖောဇီကဘားက ညောင်စောင်းပေါ်မှလှမ်းမေးသည်။ “ဘာသံမှမကြားပါလား အစ်ကိုကြီး”

”ငါက တို့လူတွေဆီက အသံလားလို့ပါ”

‘သူတို့မရောက်သေးပါဘူး၊ မကြာခင်လာကြတော့မှာပါ၊ ဒါနဲ့ ကျွန်မတို့ တစ်လုံး လောက်စီ သွင်းလိုက်ကြရင် ကောင်းမယ်ထင်တယ်အစ်ကိုကြီး၊ ဒါမှ ပိုပြီးဇိမ်ရှိတာပေါ့။ မျက်လုံးပြန်ဖွင့်လိုက်တဲ့အခါ အားလုံးအဆင်သင့်ဖြစ်နေမယ်လေ”

”ကောင်းတယ် သိပ်ကောင်းတယ်၊ လုပ်ပါအာဆူလာ၊ လုပ်ပါ”

အာဆူလာသည် ကတ္တီပါလက်ကိုင်တပ်ထားသော သားရေသေတ္တာကလေးတစ် ကိုဖွင့်သည်။ ထို့နောက် အပ်နှင့်ဆေးကိုထုတ်ပြီး အဘိုးကြီး၏လက်မောင်းထဲသို့ ကျွမ်းကျင်စွာ ထိုးသွင်းပေးလိုက်လေသည်။

ကမ္ဘာကျော်ဂီတပညာရှင်ကြီး ဘီသိုဗင်၏ သတ္တမတေးသွားမှ “အသုဘအခမ်းအနား လုံးသည် ဆူညံစွာပေါ်ထွက်လာသည်။ အလင်းရောင်အမျှင်တန်းပေါင်း ထောင်ပေါင်းများ ကလည်း လေးဖက်လေးတန်မှ ပေါ်ထွက်လာသည်။ အာဆူလာသည် ဇဝက်သာရှူဆေး ဆောင့်ကို ဖောဇီကဘား၏ နှာဝသို့တေ့ပေးလိုက်သည်။ အဘိုးကြီးသည် ညည်းညူရင်း ဘိရလာသည်။ အလင်းရောင်ကိုမခံနိုင်၍ မျက်လုံးတွေကို ဖွင့်လိုက်မှိတ်လိုက် လုပ်နေ သည်။ ဂီတသံဆူညံလွန်း၍ နားဝကို လက်နှစ်ဖက်ဖြင့်ပိတ်ရန် ကြိုးစားသည်။ သို့သော် “ လက်သူမ၍မရတော့။ လက်နှစ်ဖက်ကို နောက်ပစ်ပြီး လက်ထိတ်ခတ်ထားသောကြောင့် ဖြစ်သည်။

“အာဆူလာ” တအားအော်ခေါ်လိုက်သည်။

“ကျွန်မရှိပါတယ် အစ်ကိုကြီး” အာဆူလာက ညောင်စောင်းခြေရင်းမှ လှမ်းပြော သည်။ “အစ်ကိုကြီး နိုးလာပြီလားဟင်”

“ငါ့လက်တွေကို လက်ထိတ်ခတ်ထားတယ်”

”အဲဒါ ကျွန်မတို့ပြကွက်ထဲက တစ်ကွက်လေ အစ်ကိုကြီး”

အဘိုးကြီး အားယူပြီးတွန့်လိမ်လှုပ်ရှားသည်။ လှုပ်လို့မရ။ ခြေထောက်တွေကိုလည်း ခြေထိတ်ခတ်ထားသောကြောင့် ဖြစ်သည်။

'ဒီပြကွက်မျိုး ငါမကြိုက်ဘူး၊ ပြန်ဖြုတ်စမ်းပါ”

“အဲဒါဆိုလျှင် အစီအစဉ်တွေအားလုံး ပျက်ကုန်လိမ့်မယ် အစ်ကိုကြီး၊ အခုပဲ ကစားမယ်လူတွေ ရောက်လာပါပြီ၊ အားလုံးသုံးယောက်ပါ အစ်ကိုကြီး၊ အစ်ကိုကြီး တစ်ယောက်၊ ကျွန်မတစ်ယောက် သိပ်ပြီးအံ့သြသွားသလားဟင်”

ဖောဇီကဘားသည် စူးပြင်းသောမီးရောင်နှင့် ဆူညီသောဂီတသံတို့ကြောင့် ချွေးပြန်ပြီး မောဟိုက်နေသည်။ သူ့ကျောကုန်းကို တစ်စုံတစ်ယောက်က လက်နှင့်လာစမ်းသလို စားလိုက်ရသည်နှင့် တစ်ချိန်တည်းပင်...

”ပြီးတော့ ကျုပ်လည်းတစ်ယောက်" အသံတစ်သံက ပြောသည်။

ဖောဇီကဘားသည် အသံရှင်ကိုကြည့်ရန် လည်ပင်းကို တွန့်လိမ်ကြိုးစားသည်။ သို့သော် ခန္ဓာကြီးကဝလွန်းသောကြောင့် ဘယ်လိုမှကြိုးစား၍မရ။

“ကျုပ် ဘယ်သူလဲ၊ မှန်းကြည့်စမ်းပါ”

”ကျုပ် ဒါမျိုးမကြိုက်ဘူး၊ ကျုပ်ကို ချက်ချင်းပြန်ဖြုတ်စမ်းပါ” အဘိုးကြီးက အော်ပြောသည်။ “ဘယ်လိုမှ ဖြုတ်လို့မရတော့ဘူး အစ်ကိုကြီး” ဖောဇီကဘားသည် အားယူပြီး ကိုယ်ကို တစောင်းလှည့်လိုက်သည်။ မျက်နှာဖုံးစွပ် ထားသော လူတစ်ယောက် သူ့ကိုယ်ပေါ်မှ စီးမိုး၍ရပ်နေသည်။ ထိုလူသည် မျက်နှာဖုံးကို ဖြည်းဖြည်းချင်း ပြန်ချွတ်နေသည်။ ဖောဇီကဘား၏ မျက်လုံးတွေ ပြူးကျယ်သွားသည်။ သူ့တစ်ကိုယ်လုံးမှ ချွေးသီးချွေးပေါက်တွေ စီးကျလာသည်။

“စူလတန် .. စူလတန်' သူက တအားအော်ခေါ်သည်။ “မခေါ်ပါနဲ့တော့၊ သူ ဘယ်တော့မှ မကြားနိုင်တော့ပါဘူး အစ်ကိုကြီး” အာဆူလာက ပြောသည်။ “သူသေသွားပြီလေ၊ သူစက်လှေထဲကနေပြီး အစ်ကိုကြီးကိုစောင့်နေလေရဲ့ အာဆူလာသည် ဂီတသံကို သံကုန်မြှင့်လိုက်သည်။ ဟာဂျီအီဘရာဟင်က ဖောဒီ ကဘား၏ ကိုယ်ပေါ်တွင်ခွ၍ ရပ်လိုက်သည်။ ထို့နောက် မျိုးဆက်ကို မားအိမ်မှရွှမ်းခန်း ဆွဲလိုက်သည်။

“မလုပ်ပါနဲ့၊ မလုပ်ပါနဲ့ဦး၊ ကျုပ်တောင်းပန်ပါတယ် ခင်ဗျားတို့

ဘာလိုချင်သလဲ ပြောပါ၊ လိုချင်တာသာပြောပါ၊ ကျုပ်တို့ စကားပြောကြရအောင်”

အဘိုးကြီးက သွေးရူးသွေးတန်း တောင်းပန်နေသည်။ “ပြောပါ၊ ခင်ဗျားပဲပြောပါ” အီဘရာဟင်က ပြန်ပြောလိုက်သည်။

“ငွေလိုချင်သလား၊ ရွှေလိုချင်သလား၊ လိုချင်သလောက် ရပါစေ့မယ်၊ သိန်း.. သန်း... ကုဋေ ... လိုချင်သလောက် ရပါစေ့မယ်”

ဟာဂျီအီဘရာဟင်သည် ညောင်စောင်းအစွန်တွင် ဝင်ထိုင်လိုက်သည်။ ပြီးနောက် လည်ချောင်းသွေးကြောကို ဓားဦးနဲ့ တေ့ပြီး ခပ်တင်းတင်းကလေး ဖိထားလိုက်သည်။

“ခင်ဗျား သန်းပေါင်းဘယ်လောက်ထိပေးမယ် စိတ်ကူးသလဲ”

”အများကြီး... အများကြီး၊ ငါးသန်း... ဆယ်သန်း လိုချင်သလောက်”

”ဒါပေမယ့် ခင်ဗျားပိုက်ဆံကျုပ်ယူရင် ကျုပ်ကို ပုလိပ်ဖမ်းမှာပေါ့”

“မဖမ်းဘူး မဖမ်းဘူး၊ ကျုပ်က ခုချက်ချင်းလက်ငင်းပေးမှာ၊ ကျုပ် ခုချက်ချင်း ပေးမှာ”

“မင်း ကြားတယ်နော် အာဆူလာ၊ သူက ငါ့ကို ပိုက်ဆံပေးမယ်တဲ့”

“အလကား လူညာကြီးပါအီဘရာဟင်း သူ့မှာ ဘဏ်တိုက်မှာ စကားဝှက်ရှိတယ် သိရဲ့လား” ''ကျုပ်မညာပါဘူး၊ တကယ်ပြောတာပါ၊ ကျုပ်တကယ်ပြောတာပါ”

ဟာဂျီအီဘရာဟင်သည် ကဘား၏မျက်နှာကို လက်ပြန် ဖြတ်ရိုက်လိုက်သည်။ ထို့နောက် ဆံပင်ကိုဆွဲကိုင်ပြီး ခေါင်းကိုလှုပ်ခါရင်း သူ့မျက်နှာကို အနီးကပ် စိုက်ကြည့် နေသည်။ အဘိုးကြီး မျက်ရည်သွယ်သွယ်ကျကာ ငိုသည်။ စကားတွေလည်း မပီမသဖြင့် လျှောက်ပြောနေသည်။

အီဘရာဟင်၏ နှုတ်ခမ်းအစုံသည် ယိုယွဲ့ကလေးပြုံးရောင်သမ်းလာသည်။

သူက ဖောဇီကဘားကို သူ့အပြစ်နှင့် ထိုက်တန်အောင် ညှဉ်းသတ်ချင်သည်။ ဘယ်လိုသတ်မှာလဲ။ ကျာပွတ်နှင့်ရိုက်သတ်မှာလား။ ဦးခေါင်းကိုခြေအိတ်နှင့် စွပ်သတ်ရမှာ လား။ အီဘရာဟင်သည် သူလုပ်ရမည့် အကုသိုလ်အလုပ်အတွက် သွေးကြောက်ပြီး “ တုန်တုန်ယင်ယင် ဖြစ်လာသည်။ ဂီတသံများက နားကွဲမတတ်ဆူညံနေသည်။ မီးရောင် အစည်း အရည်ကွာမတတ် စူပြင်းလှသည်။

အာဆူလာအား ဂီတသံကိုပိတ်လိုက်ရန် အချက်ပြလိုက်သည်။ “သိပ်ကောင်းတယ်။ ဒီအချိန်ကစပြီး သူ့နှလုံးခုန်သံကို သဲသဲကွဲကွဲကြားနိုင်ပြီ”

တစ်ခန်းလုံး ကြောက်ခမန်းလိလိတိတ်ဆိတ်နေသည်။ သုံးယောက်သား၏ အသက် သားကိုသာ ကြားနေရသည်။

“ကျွန်တော် ဘီဒိုင်လူမျိုးစုတွေနဲ့ သွားနေခဲ့တုန်းက ကျွန်တော့်ဦးရီး ရှိတ်ဝါလစ် ဇင်ရဲ့ အချစ်ဆုံး သမီးကလေးတစ်ယောက် မုဒိမ်းကျင့်ခံရတယ်၊ မုဒိမ်းကောင်ကို သူကိုယ် ထိုင် အဆုံးစီရင်တာကို ကျွန်တော်မြင်ခဲ့ရတယ်”

“မိတ်ဆွေကြီး… မိတ်ဆွေကြီး ကျုပ်အသက်ကို ချမ်းသာပေးပါ၊ ချမ်းသာပေးပါ၊ ဆွေကြီးလိုချင်တာ အားလုံးယူပါ၊ သိန်းသန်းကုဋေ လိုချင်သလောက်ယူပါ”

ဓားဦးသည် ဖောဇီကဘား၏ စလုတ်မှနေ၍ ညှပ်ရိုးအထိ ခပ်ဖော့ဖော့ကလေး ဗိုက်ဆင်းသွားသည်။ ထို့နောက် အီဘရာဟင်သည် ဓားဦးကို ခပ်ပြင်းပြင်းကလေး ေင့်ထိုးလိုက်ပြီး အောက်ဘက်သို့ဆွဲချသွားသည်။ “ကျုပ်… ကျုပ် ဝန်ခံပါပြီ၊ ဝန်ခံပါပြီ၊ ကျုပ်ကို ခွင့်လွှတ်ပါ… ခင့်လွှတ်' လည်ပင်းမှ သွေးတွေပန်းထွက်လာသည်။

အာဆူလာက အနီးသို့ကပ်လာပြီး ဖောဇီကဘား၏ မျက်နှာပေါ်သို့ ပက်ခနဲ ဘေးထွေးလိုက်သည်။

“ဒီတိရစ္ဆာန်ကြီးကို မြန်မြန်သာရှင်းပစ်လိုက်ပါတော့ အီဘရာဟင်”

“ယား … ဟား … ယား’ အီဘရာဟင်သည် ဓားဦးကိုတအားစိုက်ပြီး အရိုးထိအောင် ထိုးသွင်းလိုက်သည်။

"ယား... ဟား... "

သူသည် ခေါးကိုပြန်နုတ်ပြီးနောက်မတ်တတ်ရပ်လိုက်သည်။ အာဆူလာက သူ့ကို ရင်း မျက်လုံးများကို မှိတ်ထားလိုက်သည်။

အီဘရာဟင်သည် ဖောဇီကဘား၏ အလောင်းကို ညောင်စောင်းပေါ်မှ ကန်ချ လိုက်သည်။ အလောင်းကောင်သည် လှေကားထစ်များအတိုင်း လိမ့်ဆင်းသွားသည်။

ထို့နောက် လက်ထဲမှ မျိုးဆက်ကို ကြမ်းပြင်ပေါ်သို့ပစ်ချကာ အာဆူလာအား တ်ခန်ကောက်ချီပြီး ခုတင်ပေါ်သို့ ပွေ့တင်လိုက်လေသည်။

. ။

အီဘရာဟင်သည် အလောင်းကောင်ကို ပလတ်စတစ်ဖြင့် အထပ်ထပ်ပတ်သည်။ အာဆူလာက သွေးတွေကိုဆေးကြောပြီး သဲလွန်စမကျန်အောင် သန့်ရှင်းသည်။

ထို့နောက် အလောင်းကိုသယ်ယူလာပြီး စက်လှေထဲမှ လူသန်ကြီးဘေးသို့ ပစ်ချ လိုက်သည်။

ပြီးတော့ အလောင်းကောင်ခြေထောက်များတွင် ကျောက်ဆူးကိုချည်သည်။ ခဏအကြာတွင် စက်လှေသည် ရေလယ်သို့ အရှိန်ဖြင့်မောင်းထွက်သွား လေတော့ သည်။

အာဆူလာရော၊ ဟာဂျီအီဘရာဟင် ပါ ဓူးရစ်မြို့တွင် ဣန္ဒြေမပျက်ဆက်နေကြ သည်။ သူဌေးကြီး ဖောဇီကဘားသည် အကြာကြီး ပျောက်ဆုံးနေသည်။ အဖြစ်မှန်ကို ဘယ်သူမှမသိ။

သူဌေးကြီးသည် ဆော်ဒီအာရေဗျသို့ထွက်သွားတာ ဖြစ်ရမည်ဟု လူတိုင်းက ထင် မြင်ချက်ပေးနေကြသည်။ နောက်ပိုင်းကျတော့ သူပျောက်ဆုံးနေကြောင်း သိလာကြသည်။ သို့သော် အသတ်ခံရသည်ဟု ဘယ်သူမှအတိအကျမပြောနိုင်ကြ။ ဘယ်သူမှမသိ၊ သက်သေ မရှိ သဲလွန်စမတွေ့။

ဆိုင်ရာတို့က တာဝန်ကျေ စုံစမ်းမှုပြုလုပ်သည်။ နောက်ဆုံးတွင် သူဌေးကြီးနှင့် သူ့ကိုယ်ရံတော်တို့သည် သဲလွန်စတစ်စုံတစ်ရာမရှိဘဲ ပျောက်ဆုံးသွားကြောင်း ပုလိပ်အဖွဲ့က အစီရင်ခံစာတင်သွင်းလိုက်သည်။ ဤတွင် သူဌေးကြီးဇာတ်လမ်းသည် နိဂုံးကမွတ်အဆုံး သတ်သွားတော့သည်။

ဆောင်းဦးပေါက်တွင် နိုင်ငံတကာပြဿနာဖြေရှင်းရေးကော်မရှင်လည်း ဖရိုဖရဲ ပြိုကွဲသွားသည်။

အလွန်ချမ်းအေးသော ဒီဇင်ဘာလတစ်နေ့တွင် ဖရောအင်မာဒေါ့ဖမန်းနှင့် စားပွဲထိုး ဖရန့်တို့သည် ဟာဂျီအီဘရာဟင်အား လေယာဉ်ကွင်းသို့ လိုက်ပို့ကြသည်။

အာဆူလာမှာ ဇူးရစ်မြို့တွင် တော်တော်ကြာကြာ နေနေသေးသည်။ ထို့နောက် တွင်ကား သူဌေးကြီးဖောဇီကားအား နှစ်ပေါင်းများစွာပြုစုခဲ့သော နည်းလမ်းဖြင့် ဆက်လက် စီးပွားရှာရန် ဆွစ်ဇာလန်နိုင်ငံမှ လူမသိသူမသိ တိတ်တိတ်ကလေး ပြန်လည်ထွက်ခွာသွား လေသတည်း။

အခန်း (၁၇)

ဇူးရစ်မြို့၌ ညီလာခံကျင်းပနေစဉ် ဗိုလ်မှူးကြီးဖရစ်ဇီယတ်သည် မင်ဂျာရင်ပြင်တွင် ဖမ်းဆီးခဲ့သော ကျွားသစ်လူငယ်ဂိုဏ်းဝင်အများစုထံမှ ဖြောင့်ချက်များရရှိသည်။ အစိုးရ က်သေအဖြစ် ကူညီသောလူငယ်များအား ထောင်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးကာ အထူးပြောက်ကျားတပ်ဖွဲ့ သို့မဟုတ် လွတ်မြောက်ရေးတပ်ဖွဲ့သို့ အပျော်တမ်းတပ်သား အဖြစ် ဝင်ရောက်စေသည်။ နောင်တွင် အစ္စရေးနိုင်ငံအား ပြောက်ကျားစစ်ဆင်ရေး ဖြင့်တိုက်ခိုက်ရန် စစ်သင်တန်းများပေးသည်။

နည်းအမျိုးမျိုးဖြင့် နှိပ်စက်စစ်ဆေးသော်လည်း ဖြောင့်ချက်မပေးသူများကိုမူ နှစ် ရှည် ထောင်ဒဏ်များ ပေးလိုက်သည်။

ဗိုလ်မှူးကြီးဇီယတ်သည် တရားခံများအား သွားကျွတ်အောင် ကန်ကျောက်သည်။ ကျောကွဲအောင် ရိုက်နှက်သည်။ ဤသည်မှာ

သာမန်နှိပ်စက်သောနည်းသာ ဖြစ်သည်။ အထူးနှိပ်စက်နည်း ရှိသေးသည်။

အခံရဆုံးကတော့ ဂျမီလ်။ သူ့မှာ သွားတစ်ချောင်းမှ မကျန်တော့။ တစ်ကိုယ်လုံး လည်း အပ်ဖျားချစရာမရှိအောင် ဒဏ်ရာဒဏ်ချက်တွေနှင့် ပြည့်နှက်နေသည်။

ဟာဂျီအီဘရာဟင် အေသင်မြို့၌ လေယာဉ်ပြောင်းစီးချိန်ခန့်တွင် စစ်သားနှစ်ယောက် က ဂျမီလ်ကို ဗိုလ်မှူးကြီး ဇီယတ်ရှေ့သို့ ဆွဲသွင်းလာကြသည်။ သူ့ခမျာ နာလွန်းသော ကြောင့် နွားအော်ကျွဲအော် အော်ညည်းရင်းပါလာသည်။ သို့သော် သတိတော့မပျက်။

“ဟုတ်ပြီ၊ ခွေးတိရစ္ဆာန်ကလေး၊ မင်းမျက်နှာ ငါကြာကြာမကြည့်ချင်တော့ဘူး၊ အခု ငါဘာလုပ်မယ်ဆိုတာ သိရဲ့လား၊ ငါက မင်းကို မင်းဖအေအတွက် လက်ဆောင်ပေး လို့ကွ”

ထို့နောက် ဂျမီလ်အား ထောင်ထဲမှ သီးသန့်ခန်းကလေးတစ်ခုထဲသို့ ခေါ်လာကြသည်။ အလောင်းကို ခေါင်းသွင်းသည်။ ခေါင်းအဖုံးကို ပိတ်ထားလိုက်သည်။ နောက်တစ်နေ့တွင် ကြေညာချက် ထုတ်ပြန်လိုက်သည်။

ဂျမီလ်သည် ဂျူးတို့အားတိုက်ခိုက်နေရင်းမှ မြေမြှုပ်မိုင်းကိုနင်းမိ၍ သေဆုံးသွားပြီ ဖစ်ကြောင်း။ လူရုပ်မပီအောင် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားသောကြောင့် အဖုံးဖွင့်ခေါင်းဖြင့် စစ် ထားတော့ကြောင်း။

ဟာဂျီအီဘရာဟင် အမ္မန်မြို့သို့ရောက်သောအခါ ခေါင်းသွင်းထားသော ဂျမီလ် အလောင်းကို သူရဲကောင်းများအတွက် ဂုဏ်ပြုအခမ်းအနားဖြင့် လက်ဆောင်ပေးအပ်သည်။

ထိုအချိန်တွင် အဏ္ဏဘက်ဂျဘားတစ်မြို့လုံးက ဟာဂျီအီဘရာဟင်အား သစ္စာဖောက် ဂျူးတို့၏သူလျှို၊ လိမ္မော်ခြံကေပေါင်းများစွာကို ဂျူးတို့အားရောင်းစားသူဟူ၍ မစွပ်စွဲ တော့။

ဂျမီလ်၏ အသုဘအခမ်းအနားတွင် ပရိသတ်တွေ ကြက်ပျံမကျစည်ကားလှသည် ခေါင်းကိုအုပ်စုလိုက်ထမ်း၍ သယ်ယူလာကြသည်။

ဂျယ်ရီကိုဗလီသို့သွားသော လမ်းမကြီး ပေါ်တွင် ဒုက္ခသည် တစ်သောင်းခွဲကျော်တို့ဖြင့် ပြည့်နှက်နေသည်။ ရင်ဘတ်စည်တီ ငိုကြွေးဟစ်အော်၍ အမောဆို့ကာ လေးငါးခြောက်ကြိမ်မျှ လဲကျသွားသည်။

ယနေ့မှစ၍ ဟာဂါအား လူတိုင်းက“ဂျမီလ်၏မိခင်” ဟူ၍သာ ခေါ်ကြပေတော့ မည်။ ဤနာမည်မှာ မီလ်သေဆုံး၍ ဂုဏ်ပြုမှည့်ခေါ်သော နာမည်ဖြစ်သည်။

“တော်လှန်ရေး … တော်လှန်ရေး”ဟူ၍ စာတန်းရေးထားသော ပိုစတာများနှင့် ဂျမီလ်၏ ဓာတ်ပုံပါသော ပိုစတာများကို အပေါ်မြှောက်၍ ကိုင်ဆောင်လာကြသည်။

ဂျမီလ်၏ ကြွင်းကျန်သောရုပ်ကလာပ်ကို ဗလီဝင်းထဲ၌ ဂုဏ်ပြုအခမ်းအနားဖြင့် သင်္ဂြိုလ်မြှုပ်နှံချိန်တွင် “လွတ်မြောက်ရေးတပ်ဖွဲ့”ဟူ၍ နာမည်သစ်ပြောင်းထားသော ယခင် ကျားသစ်တပ်ဖွဲ့ဝင် ရဲဘော်များကသူ၏သင်္ချိုင်းမြေပုံပေါ်မှကျော်၍ သေနတ်များ ပစ်ဖောက် လိုက်ကြသည်။ ဗလီဆရာများကလည်း ဂျမီလ်အား သတ်ဖြတ်ခဲ့သော ဂျူးတို့အား ဖြစ် လည်လက်စားချေရန် သစ္စာဓိဋ္ဌာန်ပြုလိုက်ကြသည်။

ပါလက်စတိုင်းသားတို့၏ ပထမဆုံး အာဇာနည်သူရဲကောင်းကား မြေကြီးထဲ လဲလျောင်းသွားခဲ့လေပြီတကား။

✥--- www.ebooks4mm.org ---✥

ပဉ္စမပိုင်း - နာဒါအကြောင်း

အခန်း (၁)

ဗုံးရစ်မြို့တွင် ဖေဖေရှိနေစဉ်ကာလအတွင်း ကျွန်တော်သည် အယ်လ်ဆာဟန် ဘီဒိုယင်လူမျိုးစုများထံသို့ သွားရောက်နေထိုင်ခဲ့ရသည်။ သူတို့ဒေသသည် အီရတ်နှင့် ဆော်ဒီအာရေဗျနိုင်ငံများနှင့် နယ်ချင်းစပ်နေသော ဂျော်ဒန်နိုင်ငံအရှေ့ပိုင်း သဲကန္တာရ ဖြစ်၍ အလွန်ခေါင်သည်။ အရပ်လေးမျက်နှာ မိုင်တစ်ရာခန့် ပတ်ပတ်လည်လည်တွင် ခေတ်မီတိုးတက်သော လူ့ယဉ်ကျေးမှုလုံးဝမရှိ။ ပါမောက္ခ ဒေါက်တာနူရီမူဒီ၏ အရှိန်အဝါ ကြောင့် ထင်ရှားသော မျိုးနွယ်စုကြီးတစ်ခု၏ အကြီးအကဲဖြစ်သူ ရှိတ်အယ်လ်ဘာကွီက ကျွန်တော့်ကို လိုလိုချင်ချင်လက်ခံပြီး သားအရင်းသဖွယ် ဆက်ဆံပြုစုသည်။

ရှိတ်အယ်လ်ဘာကွီနှင့် သူ့သားများက ကျွန်တော့်အား မြင်းစီးအတတ်၊ လင်းယုန်ငှက် ဖမ်းဆီးလေ့ကျင့်သင်ကြားပေးခြင်းအတတ်၊ လမ်းသစ်ရှာခြင်းအတတ်နှင့် အထူးသဖြင့် သဲကန္တာရကို လေ့လာမှတ်သားခြင်းအတတ်များကို သင်ကြားပေးကြသည်။

ကျွန်တော်သည် အယ်လ်ဆာဟန်လူမျိုးစုများထံသို့ ရောက်လာသောအခါမှသာ စိတ်ကူးယဉ် အတွေးသမားဘဝမှ လွတ်မြောက်ခဲ့ရသည်။ ဂျက်ဖာ၊ ကွမ်ရန်နှင့် အက္ကာဘက် ဂျာဘားမြို့တွင် နေထိုင်ခဲ့စဉ်ကမူ လောလောဆယ်တွင် ဘယ်လိုပင် ဒုက္ခဆင်းရဲကြုံရကြုံရ ကံတရားဆိုတာ အမြဲတမ်း အဆိုးချည်းမရှိ။ တစ်နေ့ကျတော့ အကောင်းနှင့်လည်း မလွဲ မသွေ ကြုံရမည်သာဟူ၍ စိတ်ကူးယဉ်နေမိခဲ့သည်။

ထို့ကြောင့် ကံကောင်းလာသောတစ်နေ့တွင် ကျွန်တော်သည် အလွန်သာယာ ချမ်းသော တဘားရွာရှိ ကျွန်တော်တို့စံအိမ်ကြီးတွင် ပြန်နေရလိမ့်မည်။ ထို့ထက်ကံကောင်း လျှင် ကိုင်ရိုမြို့တော် သို့မဟုတ်

ဒမတ်စကတ်မြို့တော်ရှိ တက္ကသိုလ်ကြီးတစ်ခုခုသို့ပင် တက်ရောက်၍ ပညာဆည်းပူးရလိမ့်မည်ဟူ၍ စိတ်ကူးဖြင့် လေထဲတွင် တိုက်အိမ်ဆောက်နေခဲ့မိသည်။ သို့သော် လူ့ဘဝဆိုသည်မှာ ကျွန်တော်တွေးထင်သလိုမဟုတ်၊ ဖြစ်ချင်တာလည်း ဖြစ်မလာတတ်၊ မဖြစ်ချင်တာလည်း ဖြစ်လာတတ်ကြောင်းကို သဲကန္တာရနှင့် ဘီဒိုယင်လူမျိုးစု များက ကျွန်တော့်အား သင်ကြားပေးခဲ့သည်။

ဤဒေသတွင် အပူရှိန်ကလည်း အလွန်တရာပြင်းသည်။ လူတွေကလည်း လူစဉ်မမီ သူစဉ်မမှီအောင် ဆင်းရဲကြသည်။ သစ်ရိပ်ချုံရိပ်ကလေးများနှင့် တံလျှပ်များကိုကြည့်ရင်း ဘဝတွင်နေပျော်အောင် နေနိုင်အောင် မိမိကိုယ်ကို အလိုလိုပြုပြင်လာရသည်။ ဘီဒိုယင်များ နေထိုင်ရသောကြောင့် ကျွန်တော့်အဖို့ အသိပညာတွေ အများကြီးတိုးပွားလာရသည်။

မှ ကြမ်းတမ်းဆင်းရဲသောဘဝကို အာရပ်လူမျိုးများ ဘာကြောင့်ကြည်ဖြူနှစ်ခြိုက်စွာ ခက်ခံနေရကြောင်းကို ကျွန်တော် သိရှိလာရသည်။

သူတို့သည် အရာရာကို ကံတရားအတိုင်းပဲဟူ၍ စွဲမှတ်ထားကြသည်။ မိမိလုပ် ချင်တိုင်းလုပ်၍မရ၊ မဟာပထဝီက ခွင့်ပြုသလောက်ကိုသာ လုပ်ဆောင်နိုင်ကြသည်။ နောက်ဆုံး ကောင်းကင်ဘုံသို့ရောက်ရှိမှသာ အကောင်းဆုံး ချမ်းသာစည်းစိမ်ကို ခံစား စားကြရမည်။ ဤကား ဤဒေသမှ အာရပ်လူမျိုးများ၏ ဘဝအမြင်ပင်တည်း။ အယ်လလ်ဆာဟန် လူမျိုးများသည် လူတန်းစားခွဲခြားကြသည်။ ဇာတ်စနစ်လည်း လွန်ကြီးသည်။ လူတစ်ယောက်သည် မွေးဖွားလာသည်မှစ၍ သေသည်အထိ လူမှုအခွင့် အရေးဘာမှမရှိဘဲ တင်းကျပ်သောဇာတ်စနစ်အောက်တွင်သာ နေထိုင်သွားရသည်။ သို့သော် တန်းစားမတူသော မိသားစုချင်း အိမ်ထောင်ပြုခြင်းများလည်း အနည်းအကျဉ်းတော့ရှိ သည်။

ရှိတ်အယ်လ်ဘာကွီ၏မျက်နှာနှင့် တစ်ကိုယ်လုံးသည် ကြမ်တမ်းသော ဘဝရုန်းကန် မှုနှင့် အကြီးအကဲတစ်ဦးဖြစ်လာရန် ကြိုးစားခဲ့ရသော လက္ခဏာများကို ဖော်ပြနေသည်။ သူ့တွင်ကျွန်လူငယ်ခြောက်ယောက်ရှိသည်။ (ကျေးကျွန်စနစ်ကို တရားဥပဒေအရ တားမြစ် ထားသော်လည်း အယ်လ်ဆာဟန်လူမျိုးစုများ၏ ဒေသသည် ဝေးလံသီခေါင်လွန်းသော ကြောင့်

ဥပဒေအာဏာစက် မပျံ့နှံ့မရောက်ရှိနိုင်။)

ကျွန်လူငယ် ခြောက်ယောက်အနက် သုံးယောက်က သိုးကျောင်းရသည်။ နောက်တစ် ယောက်က လက်စွဲအစေခံ။ ကျန်နှစ်ယောက်ကိုတော့ သင်းကွပ်ပြီး မိန်းမစိုး လုပ်ခိုင်း ထားသည်။ သူတို့သည် အကြီးအကဲ၏ မိန်းမများနှင့် အပျော်မယားများကို စောင့်ရှောက်ကြ ရသည်။ ကျွန်ခြောက်ယောက်အနက် နှစ်ယောက်ကို ပိုက်ဆံဖြင့် ဝယ်ယူထားခြင်းဖြစ်ပြီး ကျန်လူများကိုမူ လူမျိုးစုချင်းတိုက်ပွဲမှ ဖမ်းဆီးရရှိထားခြင်း ဖြစ်သည်။

ရှိတ်အယ်လ်ဘာကွီသည် ရန်ဘက်လူမျိုးစု တစ်စုနှင့် ရှစ်နှစ်ကြာမျှ သွေးမြေကျ တိုက်ပွဲဖြစ်ခဲ့ပြီးနောက် ငြိမ်းချမ်းရေးလုပ်နေကြချိန်တွင် ကျွန်တော်ရောက်ရှိသွားခြင်း ဖြစ်သည်။ အယ်လ်ဘာဟန်လူမျိုးစုမှ မိန်းကလေးတစ်ယောက်ကို ယောကျ်ားကလေး တစ်ယောက်က ခိုးယူပြီးနောက် ဆော်ဒီအာရေဗျနယ်စပ်ရှိ တခြားလူမျိုးစုတစ်စုထံသို့ ဝင်ရောက်ခိုလှုံသွားရာမှအစပြု၍ လူမျိုးစုစစ်ပွဲ ဖြစ်ပွားရခြင်းဖြစ်သည်။

နောက်ဆုံးတွင် အဆိုပါမိန်းကလေးသည် အသတ်ခံရ၍ သေဆုံးသွားသောအခါ တွင်မှ စစ်ပွဲပြီးဆုံးသွားသည်။ စစ်ပွဲပြီးဆုံးခြင်း အထိမ်းအမှတ်အဖြစ် ယခင် ရန်ဘက်ဟောင်း လူမျိုးစုနှစ်ခုတို့၏ ပျော်ပွဲကြီးကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပခဲ့ကြသည်။

ဤဒေသတွင် အရွယ်ရောက်သူတိုင်းပင် လိင်မှုကိစ္စကို အလေးအနက်ထားကြသည်။ အထူးစိတ်ဝင်စားကြသည်။ သို့သော် ဤဒေသမှမိန်းမများသည် ကျွန်တော်တို့ တဘားရွာမှ မိန်းမများထက်ပင် လိင်ကိစ္စနှင့်ပတ်သက်၍ ချုပ်ချယ်ကွပ်ညှပ်ခြင်းခံခဲ့ကြရသည်။ အလုပ် ကတော့လည်း ယောကျ်ားများထက် ပို၍ကြမ်းတမ်းပင်ပန်းစွာ လုပ်ကြရသည်။ ယောကျ်ား များက မိန်းမများအား ကျေးကျွန်သဖွယ် သဘောထားကြသည်။ အဘွားအိုများကိုမူ - လေးစားရိုသေကြသည်။ မီးဖိုဘေးတွင် ယောကျ်ားများနှင့်အတူထိုင်၍ စကားပြောဆိုနိုင် ကြသည်။ သို့သော် အရွယ်ရှိသေးသော မိန်းမများတွင်မူ လူမှုအခွင့်အရေး ဘာမှမရှိ။

ယောကျ်ားတွေ ခိုင်းသမျှ လုပ်ကိုင်ရပြီး အိမ်တွင်းအောင်းဘဝဖြင့်သာ

တစ်သက်လုံး နေထိုင်သွားကြရသည်။

ဤသို့ဖြင့် သူ့ခမျာများမှာ လိုဘမပြည့်သောကြောင့် စိတ္တဇဝေဒနာများစွဲကပ်ပြီး အချိန်ရှိသရွေ့ ငိုကျွေးခြင်းဖြင့်သာ မိမိတို့ဘဝကို ဖြေသိမ့်ကြရသည်။ ဘီယင်မိန်းမများ သည် တစ်ယောက်နှင့်တစ်ယောက် အလွန်ချစ်ခင်ကြသည်ကို ကျွန်တော်သတိထားမိသည်။ သူတို့၏ အချုပ်အချယ် တင်းကျပ်သောဘဝကို ဤနည်းဖြင့်ဖြေသိမ့်ကာ ပျော်ရွှင်မှုမှာ နေကြခြင်းဖြစ်သည်ဟု ကျွန်တော်ယူဆသည်။

ဤဒေသတွင် တရားဥပဒေသည် ကိုရန်ကျမ်းမှအမြဲတမ်းမလာ၊ သူတို့၏ ဘဝကြမ်း မှ ထွက်ပေါ်လာသော ဥပဒေကိုသာ အထူးသဖြင့် လိုက်နာကြသည်။

လူတွေအချင်းချင်း သတ်နိုင်သည်။ သို့သော် ချောင်းမြောင်းသတ်ဖြတ်ခြင်း ၊ ရ။ မျက်နှာချင်းဆိုင် သတ်ဖြတ်မှသာ တရားဝင်သည်။

သူတစ်ပါးပစ္စည်းကို ခိုးဝှက်နိုင်သည်။ သို့သော် မိမိလူမျိုးစု၏ပစ္စည်းကို မခိုးရ ရန်ဘက်လူမျိုးစုမှ မိန်းမများကို မုဒိမ်းကျင့်လျှင်အပြစ်မရှိ။

တခြားလူမျိုးစုဝင် တစ်ယောက်ယောက်အား လိမ်ညာခြင်းပြုလျှင်လည်း လုံးဝ အပြစ်မရှိ။ ပညတ်ထားသော တရားဥပဒေကို ဖောက်ဖျက်သူများအား အပြင်းထန်ဆုံး အပြစ်ပေးနည်းမှာ ခြေလက်များကို ဖြတ်ပစ်ခြင်းဖြစ်သည်။ အသက်သည် အလွန်တန်ခိုး ရှိသည်။ ထို့ကြောင့် အသက်ရှင်ရေးအတွက် ရက်စက်မှုကို ကျင့်သုံးကြရသည်။

သဲကန္တာရသည် ကောက်ကျစ်စဉ်းလဲသော ဆရာနှင့်တူသည်။ သို့သော် သဲကန္တာရကို လုံးဝဥဿုံ ပိုင်ဆိုင်သူမှာ ဘီဒိုယင်လူမျိုးစုများသာ ဖြစ်သည်။ အကြင်သူတစ်ဦးသည် သဲကန္တာရထဲသို့ဝင်ရောက်သွားလျှင် ဘီဒိုယင်တို့၏ လက်ခုပ်ထဲကရေဘဝသို့ ရောက်ရှိ သွားသည်။ သူတို့က သေဆိုလျှင်သေ၊ ရှင်ဆိုလျှင်ရှင်။ သို့သော် သူတို့၏ ဓလေ့ထုံးစံကို ဖောက်ဖျက်လျှင်ကား လုံးဝရှင်လမ်းမရှိတော့။

ကျွန်တော်သည် သူတို့ထံမှ ရနိုင်သမျှ သင်ခန်းစာယူသည်။ ကိုယ်ဒုက္ခမရောက် အောင် အစစအရာရာ သတိထား၍ နေထိုင်သည်။ ထို့ကြောင့်

ကျွန်တော့်ကို တစ်ရွာလုံးက လေးစားလာကြသည်။ တစ်ကြောင်းကလည်း သူတို့လူမျိုးစုတစ်ခုလုံးတွင် စာတတ်သူဆို ကျွန်တော်တစ်ယောက်သာ ရှိသောကြောင့်ဖြစ်သည်။

ဘီဒိုယင်တို့၏ဘဝတွင် ပျော်စရာအကောင်းဆုံးမှာ မီးဖိုတွင်ဝိုင်းထိုင်ကာ ကော်ဖီ သောက်ရင်း လူမျိုးစုတိုက်ပွဲများအကြောင်း သို့မဟုတ် တိုက်ပွဲဝင် သူရဲကောင်းများ အကြောင်းကို ပြန်ပြောင်းပြောဆိုကြခြင်းပင်ဖြစ်သည်။ တစ်ခါတစ်ရံ မှော်ဆရာမိသားစု များက ကျွန်တော်တို့ မီးဖိုဝိုင်းသို့ရောက်လာပြီး စကားစမြည် ပြောလေ့ရှိသည်။

သူတို့သည် မကောင်းဆိုးရွားများကို သူတို့ပညာဖြင့် နှိမ်နင်းနိုင်သည်ဟု ဆိုသည်။ သူတို့သည် ပယောဂဝင်လာသောအခါ ဖိနပ်မပါဘဲနှင့် မီးပုံကိုနင်း၍ လမ်းလျှောက်ကြသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် သူတို့၏ မှော်ပညာ အစွမ်းထက်လာသည်ဟု ဆိုသည်။

ဘီဒိုယင်တို့၏ ဘဝသည် ဘာမှပြောင်းလဲမှုမရှိသောဘဝ ဖြစ်သည်။ အတိတ် စားမြုံ့ပြန်ခြင်းဖြင့် လက်ရှိဘဝ၏ အဖြစ်မှန်ကို မေ့နေကြသည်။ မ တစ်ခါတစ်ရံ မီးဖိုဝိုင်းတွင် မိုးလင်းသည်အထိ ရှိတ်အယ်လ်ဘာကွီ နှင့် ကျွန်တော်တို့ နှစ်ယောက်သာ ထိုင်ကျန်နေရစ်တတ်သည်။

သည်။ အတိတ် ဖြစ်မှန်ကို မေ့နေကြသည်။

တစ်ခါတစ်ရံ မီးဖိုဝိုင်း

”ချမ်းသာခြင်းနဲ့ ဆင်းရဲခြင်းဟာ အလ္လာအရှင်မြတ်က မတရားခွဲခြားပေးထားတဲ့ တွေပဲ အစ္စမေ” ရှိတ်အယ်လ်ဘာကွီက ပြောသည်။ “တို့လူမျိုးတွေ ကပ်ကြီးသုံးပါးဆိုက် သေခဲ့ပေါင်းများလှပြီ၊ ဒါပေသိ မဆန်းပါဘူး၊ သဲကန္တာရဒေသမှာသေတာ ဝမ်းနည်းစရာ ဟုတ်ပါဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် တို့လူမျိုးတွေဟာ လွတ်လပ်မှုတော့ရှိကြတယ် အစ္စမေ၊ ထယ်သမားဟာ သူ့ လယ်မြေရဲ့ ကျေးကျွန်ပဲ၊ မြို့ကြီးသားကတော့ ပိုက်ဆံနဲ့ စက်ပစ္စည်းတွေ နဲ့ ကျေးကျွန်ဖြစ်တယ်၊ သူတို့ဘဝဟာ အလွန်ဆိုးရွားပါတယ်၊ ဒါကြောင့် တို့ဘီဒိုယင် တွေက မြို့ကြီးသားတွေကို အထင်မကြီးပါဘူး၊ သူတို့ဘဝကို အားလည်းမကျဘူး၊

ကိုလည်းမလိုအပ်ပါဘူး”

သူပြောတာ ဟုတ်ကောင်းဟုတ်လိမ့်မည်။ ဘီဒိုယင်လူမျိုးတို့၏ ဝင်ငွေအများစုမှာ ရေနံပိုက်လိုင်းများကို ကာကွယ်စောင့်ရှောက် ခြင်းလုပ်ငန်းမှ ရရှိခြင်းဖြစ်သည်။ ဆော်ဒီအာရေဗျနိုင်ငံ၏ ရေနံပိုက်လိုင်းများသည် ဘီဒိုယင်နယ်မြေကို ဖြတ်သွားသောကြောင့် နယ်မြေကဏ္ဍအလိုက် တာဝန်ယူ စောင့်ရှောက် ဆရခြင်းဖြစ်သည်။ ပိုက်လိုင်းအသစ်များ ထပ်မံတပ်ဆင်သောအခါ အလုပ်တွေ ထပ်မံပေါ် ပေါက်လာတတ်သည်။

သို့သော် ဆော်ဒီတို့က လုပ်ခငွေအနည်းငယ်သာ ပေးသောကြောင့် ဘီဒိုယင်တို့က ကျေနပ်ကြ။ ထိုအခါမျိုးတွင် ပိုက်လိုင်းတွေကို ချိုးဖောက်ဖျက်ဆီးကြသည်။ တစ်ခါတွင် ဘွန်တော်လည်း လိုက်ပါဖျက်ဆီးသည်။ ရက်များမကြာမီမှာပင် ကျွန်တော့်အား နယ်နှင် နဲ့ ရောက်ရှိလာတော့သည်။ ကျွန်တော် အင်္ဂလန်ဘက်ဂျဘားသို့ အမြန်ဆုံးပြန်သွားရမည်တဲ့။

ကျွန်တော့်အပေါ် ချစ်ခင်လေးစားကြသော ဘီဒိုယင်လူမျိုးများနှင့် ခွဲခွာသွားရ တော့မည့်အတွက် ကျွန်တော့်အနေဖြင့် များစွာဝမ်းနည်းခြင်း ဖြစ်မိရပါသည်ဟု ကျွန်တော် ပြောလိုပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်ရင်ထဲ တွင် ဖေဖေနှင့် အစ်မနာဒါတို့အား ပြန်တွေ့လိုသောဆန္ဒ အလွန်ပြင်းပြနေသောကြောင့် ဖြစ်သည်။

သို့သော် ကျွန်တော့်အဖို့ ပညာတော့တိုးလာခဲ့သည်။ အာရပ်လူမျိုးနှင့် ကံသာမူလ ဒသည် ခွဲမရအောင် ဒွန်တွဲနေသည်ဟူသောအချက်ကို ကျွန်တော် ကောင်းစွာနားလည် ရှိလာခဲ့သည်။

အခန်း (၂)

ကျွန်တော် အင်္ဂလန်ဘက်ဂျဘားသို့ ပြန်ရောက်လာတော့ စိတ်မချမ်းသာစရာဖြစ်ရပ် နှင့်ပက်ပင်းတိုးရသည်။ ဂျမီလ်သည် သူ့အသက်ကိုပေးပြီး ကျွန်တော့်အပေါ်တွင် ကျော်တက် သွားခဲ့ပြီ။ သူ့အနေဖြင့် အသက်ရှင်လျက်နှင့် ဘယ်တော့မှမရနိုင်သည့် အခွင့်အရေးကြီး ဖြစ်သည်။ ယခုအခါ သူသည်

အာဇာနည်သူရဲကောင်းကြီး ဖြစ်သွားခဲ့ပြီ။ ဤအတွက်ကြောင့် ကျွန်တော် များစွာစိတ်ထိခိုက်ခြင်း ဖြစ်ရသည်။

ကျွန်တော်သည် ဖေဖေ၏ အချစ်တော်သားအဖြစ်သို့ရောက်အောင် တစ်လျှောက် လုံး အပြင်းအထန် ကြိုးစားလာခဲ့ရသည်။ ထို့ကြောင့်လည်း ကျွန်တော့်ကို ဖေဖေ၏သားမှာ အနက် အလိမ္မာဆုံး၊ သတ္တိအရှိဆုံးသား ဟူ၍လည်းကောင်း၊ ဖေဖေ့အရိုက်အရာကို ဆက်ခံရန် အထိုက်တန်ဆုံးသားဟူ၍လည်းကောင်း လူတိုင်းက အသိအမှတ်ပြုခဲ့ခြင်း ဖြစ်သည်။

ကျွန်တော်သည် အစ်ကိုကြီးကမယ်ကို ကျော်တက်နိုင်ခဲ့သည်။ အစ်ကိုလ အိုမာကိုလည်း ဘေးသို့ ဖယ်ထုတ်နိုင်ခဲ့သည်။ ထို့ကြောင့် ကျွန်တော်သည် ဖေဖေ အားထားရဆုံး ညာလက်ရုံးဘဝသို့ ရောက်ရှိလာခဲ့သည်။

သို့သော် ယခုမူ ယင်းအခြေအနေမျိုးမဟုတ်တော့။ အခြေအနေ လုံးဝပြောင်းလဲ သွားခဲ့ပြီ ဖြစ်သည်။

အက္ကာဘက်ဂျာဘားမြို့ထဲမှ လက်ဖက်ရည်ဆိုင်တိုင်းတွင် အာရပ်အမျိုးသား ခေါင်း ဆောင်ကြီးများ၏ ဓာတ်ပုံများနှင့်ဘေးချင်းယှဉ်ကာ ဂျမီလ်၏ဓာတ်ပုံများကို ချိတ်ဆွဲထား ကြပြီဖြစ်သည်။

ဂျော်ဒန်နိုင်ငံက ကျားသစ်လူငယ်များနှင့် အခြားလူငယ်အုပ်စုများကို အတင်း အဓမ္မရော စည်းရုံးသိမ်းသွင်းပြီး ပြောက်ကျားတပ်ဖွဲ့များဖွဲ့စည်းကာ နယ်စပ်ကိုဖြတ်ကျော် ၍ ဂျူးတို့အား အတင်းဝင်တိုက်ခိုင်းသည်။ ဂျူးတွေလက်ချက်ကြောင့် ဂျမီလ်ကျဆုံးလ သည်ဟုကြေညာပြီး ဂျမီလ်ကို ဂုဏ်ပြုသောအားဖြင့် ပြောက်ကျားတပ်ရင်းတစ်ရင်း “ဂျမီလ်တပ်ရင်း” ဟူ၍ နာမည်ပေးသည်။

ဂျမီလ် အသက်ထင်ရှားရှိနေတုန်းက လုံးဝဂရုမစိုက်ခဲ့ကြသော ကျွန်တော်၏မိ များမှာ ဂျူးတို့လက်ချက်ဖြင့် ဂျမီလ်ကျဆုံးကြောင်း သိရသောအခါ ရင်ဘတ်စည်တီ :ည်းကြသည်။ ဂျမီလ်၏ ဓာတ်ပုံကို အိမ်ဦးခန်းတွင် တလေးတစား ချိတ်ထား - ဓာတ်ပုံရှေ့တွင် သန္တိုးတင်ထားပြီး ဖယောင်းတိုင်သို့ထွန်းထားကြသည် မေမေသည် ယခုအခါ 'မီလ်၏မိခင်” ဟု၍ ဂုဏ်ပြုခေါ်ဝေါ်ခြင်းခံရ၍ ဂုဏ်ယူ

ငမ်းသာမဆုံးဖြစ်နေသည်။ အံ့သြစရာအကောင်းဆုံးကတော့ ဖေဖေ၏ အမူအရာ သွားခြင်းပင် ဖြစ်သည်။ ယခင်တုန်းက ဖေဖေသည် ဂုမီလ်အား ရက်ရက်စက်စက် ခြင်းကျဲ့ခဲ့သည်။ ဂျမီလ်အား သေမင်းလက်သို့ ပို့ပေးခဲ့သည်။ ယခုတော့ သုက ဂျမီလ်သေဆုံးခြင်းအတွက် ယူကျုံးမရ အပူလုံးကြွနေပြီ။ သူ့ သတ်ခဲ့သည်ဟု ဖေဖေက တကယ်ပင်ယုံကြည်နေသည်။ မီလ်ထက် အဘက်ဘက်ကသာလွန်ခဲ့သော ကျွန်တော်သည် ဂျမီလ်လောက် ဒီဇရီသော အလကားကောင်ကလေးဘဝသို့ ရောက်ရှိသွားပြီ။ ကျွန်တော့်ကို နို့စို့ တစ်ယောက်ပမာ လူတိုင်းက ဆက်ဆံကြသည်။ ကျွန်တော့်ခေါင်းကို ပွတ်သပ် သိမ့်စကားဆိုကြသည်။ ကျွန်တော် ဂုဏ်ယူဝမ်းသာရပါမည်လော။

တချို့ကလည်း "အစ္စမေဆိုတဲ့ကောင်လေးက လူရိုင်းကလေးပဲ၊ အစ်ကိုတစ်ယောက် ဆုံးသွားတာတောင်မှ မျက်နှာတစ်ချက်မညိုဘူး၊ မေတ္တာစိတ်ခေါင်းပါးတဲ့ အလကား အနက်ကလေး'ဟူ၍ ကဲ့ရဲ့သဂြိုဟ် အပြစ်ဆိုကြသည်။

တကယ်တော့ ကျွန်တော့်ကို ယင်းသို့မနှိမ်သင့်ပါ။ ကျွန်တော်သည် လူတိုင်းအမြင် တွင် ကလေးတစ်ယောက်ဖြစ်သော်လည်း ကျွန်တော်က ဗီဇအားဖြင့် အလွန်ထက်မြက် သံ အလွန်သန်မာသည်။ ကျွန်တော့်ကို တော်ရုံတန်ရုံလူ မယှဉ်နိုင်ပါ။ သို့သော် ကျွန်တော် သင်ခန်းစာတစ်ခုရပြီး၊ လောကတွင် အသက်ရှင်ခြင်းထက် အများအတွက် ကိစ္စန့်လွှတ်ခြင်းက ပို၍အရေးကြီးသည်ဟူသော သင်ခန်းစာပင်ဖြစ်သည်။

ဘယ်လိုပင်ဖြစ်ဖြစ် ကျွန်တော်ကတော့ ကျွန်တော်၏ နေရာမှန်ကိုရရန် ကြိုးစားရ သာဖြစ်သည်။

အမှန်ကို ဝန်ခံရလျှင် အယ်လ်ဆာဟန်ဘီဒိုယင် လူမျိုးစုများထံတွင် ကျွန်တော်သွား ရောက်နေထိုင်ခဲ့ရစဉ် ကာလအတွင်း တခြားသူများတို့ထက် ကျွန်တော့်အစ်မ နာဒါကိုသာ ရအောက်မေ့ဆုံးဖြစ်သည်။ ကျွန်တော်တို့လူမျိုးများသည် မိန်းမတို့၏ ဂုဏ်သိက္ခာကို ကွယ်ရန် အလွန်အရေးထားကြသည်။ ဤသည်မှာ မိန်းမများ၏ အကျိုးအတွက်မဟုတ် ကျွန်တော်တို့ ယောကျ်ားများ၏ မာနနှင့်ဂုဏ်ကို ထုတ်ဖော်လိုသောကြောင့်သာဖြစ်

မာဒါကို ကျွန်တော်အလွန်ချစ်သည်။ သို့သော် ကျွန်တော့်အချစ်သည် တခြား သူ၏ အချစ်နှင့် လုံးဝမတူ။ တဏှာချစ်လည်းလုံးဝမဟုတ်။ နာဒါသည် စိတ်ကောင် ည်။ ကျွန်တော့်ကိုလည်း အမြဲတမ်းကြင်နာသည်။ ထို့ကြောင့် သူ့ကို ကျွန်တော် ချစ်သည်။

နာဒါ၏ မျက်လုံးများသည် အမြဲတမ်း ရှင်သန်တောက်ပနေကြသည်။ အရာရာကို ငံလိုသောသဘောကို ဆောင်သည်။ ထို့ကြောင့် သူ့မျက်လုံးများကို ကျွန်တော် ချစ် ည်။ ရေစမ်းပေါက်တွင် သု ရေချိုးနေသည်ကိုလည်းကောင်း၊ သူ၏ ရှည်လျားထူထဲသော ပင်များကို ဖြီးသင်နေသည်ကိုလည်းကောင်းထိုင်ကြည့်နေရတာကိုလည်း ကျွန်တော် လဲ သည်။ လမ်းလျှောက်သောအခါ သူ့တင်သားများ လှုပ်ခါသွားပုံကိုလည်း ကျွန် ဖြစ်သည်။ ဦးခေါင်းကို နှောက်လန်ပြီး သူ တဟားဟားရယ်နေသောအခါ သူ၏ ဒေသ သွားတွေကို ကြည့်နေရတာကိုလည်း ကျွန်တော်ချစ်သည် ။

အဆုံးစွန်ပြောရလျှင် ကျွန်တော်မိန်းမယုလျှင်လည်း ဒီလိုမိန်းကလေးမျိုး သာယူချင်သည်။ ကျွန်တော်အိမ်ထောင်မပြုသေးသမျှကာလပတ်လုံး နာဒါ၏ဂုဏ် ကို ကာကွယ်စောင့်ရှောက်ရန်မှာ ကျွန်တော်၏ အဓိကတာဝန်ဖြစ်သည်ဟု လေးနက်စွာ ခံယူထားသည်။

ထို့ကြောင့် ကျွန်တော့်အစ်မကို ကျွန်တော်ချစ်သည်။ ကျွန်တော့်အစ်ကို မ ခြင်းအတွက်မူ ကျွန်တော် တစ်ချက်ကလေးမျှ ဝမ်းမနည်းမိ။ ပွင့်ပွင့်လင်းလင်း လျှင် ကျွန်တော်သည် ကျွန်တော့်မိဘများလို ဟန်ဆောင်တတ်သူမဟုတ်ပါ။ မ တော့ ကျွန်တော် နားလည်သည်။

ထို့ကြောင့် သူ့ကိုခွင့်လွှတ်၍ရသည်။ သို့သော် ဖေဖေ့ကိုမူ ကျွန်တော် ကို နားမလည်ပါ။ ထို့ကြောင့် သူ့ကို ကျွန်တော် ခွင့်လွှတ်၍မရပါ။ သူအမြင်မှန် ပြန်ရနိုင်ပါ ဟုသာ ကျွန်တော်ကျိတ်ပြီး ဆုတောင်းနေမိတော့သည်။

ကျွန်တော်သည် နာဒါကိုအလွန်ချစ်သောကြောင့် သူ့လှုပ်ရှားမှုမှန်သမျှကို မျက် ဒေါက်ထောက် အကဲခတ်နေခဲ့သည်။ ထို့ကြောင့် ကျွန်တော်မရှိတုန်းတွင် သူနှင့် ဆာ တို့ မရိုးမသားဆက်ဆံနေခဲ့ကြသည်ကို ကျွန်တော်ချက်ချင်းသတိပြုမိသည်။ တကယ် တော့ ဤကိစ္စကို ကျွန်တော့်ထက်

ဖေဖေက ပို၍စိုးရိမ်သောကြောင့် ဖေဖေလည်း မ လိမ့်မည်သာ ဖြစ်သည်။

သို့သော် ဖေဖေကား ဗုံးရစ်မှ ပြန်ရောက်လာသည့်အချိန်မှစ၍ မယုံကြည်နိုင် ပြောင်းလဲသွားခဲ့ပြီ။ ယခင်က ဖေဖေမျိုး လုံးဝမဟုတ်တော့။ ဖေဖေသည် ရုပ်က စိတ်ဓာတ်အားမာန်လည်း အလွန်ကျဆင်းသွားခဲ့ပြီ။ ဗုံးရစ်တွင်နေခဲ့စဉ်က ဖေဖေ့အ ကြောက်စရာကောင်းသော အဖြစ်ဆိုးများနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့်လည်း ဖြစ် သည်။ ထို့ပြင် မီလ်အတွက် သောကမီးတောက်ရ၍ လရာဖိထောင်းသလို ခံစားနေရ ကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ', ' မေမေ၊ ရာမီဇာနှင့် ဖာကမာတို့သည် ဒါနှင့် ဆာဘာရီတို့အကြောင်းကို ကောင်းသိနိုင်သည်။ မေမေတို့သုံးယောက်တွင် သူတို့အချင်းချင်းသာသိသော လျှို့ဝှက် တွေ အများကြီးရှိသည်။ တဘားနှင့် အက္ကာဘက်ဘားကွင် စေခဲ့စဉ်က မျိုးနွယ်စုမိန်းမ တွေအချင်းချင်း မကြာခဏရန်ဖြစ်လေ့ရှိပြီး တစ်ယောက်နှင့်တစ်ယောက် ခွန်းကြီးခွန်း ဆဲဆိုပုတ်ခတ်ကြသည်။

သို့သော်လည်း သူတို့အချင်းချင်း သိက္ခာချခြင်းမျိုးကား လုံးဝမရှိကြ။ အဘယ်ကြေ ဆိုသော် သူတို့၏ ဖောက်ပြန်မှုကို ဖော်ထုတ်လျှင် အသက်ဆုံးရှုံးရမည် ဖြစ်သောကြောင့် ထို့ကြောင့် သူတို့ကိစ္စကို ယောကျ်ားတွေသိအောင် သွားပုပ်လေလွင့် အတင်းပြော မရှိကြသလောက်ပင် ဖြစ်သည်။

ကျွန်တော်တို့ မိသားစုအတွင်းသို့ ဆာဘာရီဝင်ရောက်လာခြင်းသည် ဘုရားသစ် ကောင်းချီးပေးခြင်းပင် ဖြစ်သည်။ သူ၏ကျွမ်းကျင်မှုနှင့် တီထွင်ဉာဏ်တို့ကြောင့် ကျွန်တော်တို့ မိသားစုအားလုံး ဝတ်မသေကြခြင်း ဖြစ်သည်။

ရှေးဟောင်းပစ္စည်းများ ရောင်း၍ရသော ပိုက်ဆံအားလုံးကိုလည်း ဖေဖေ ဥရော - ခွဲပစ်ခဲ့သည်။ ကျွန်တော်တို့မှာ ဝှက်ထားသောလက်နက်များရှိသေး၍ ပိုက်ဆံ မ်ကော့ ရှိပါသေးသည်။ သို့သော်လည်း လောလောဆယ်တွင် ကျွန်တော်တို့ ရပ်တည်နိုင်ရေးအတွက် ဆာဘာရီ၏လစာကိုသာ အားကိုးနေရသည်ကတော့ - ဆာဘာရီသည် သုရသမျှပိုက်ဆံ အားလုံးကို ဖေဖေ့အားပေးရသော်လည် ကလေးမျှ ညည်းညူခြင်းမရှိ ပထမတော့ ကျွန်တော့်စိတ်ထဲ မကျေမနပ်ဖြစ်မိသည်။

ဆာဘာရီသည် ဖေဖေ့ထံတွင် သာအများကြီးရနေသည်။ သို့သော်
ထိုအချက်အတွက်တော့ သိပ်ပြီး စိုးရိမ်စရာ အဆုံး ~ ဇာတွင် ဆာဘာရီ၏မိဘများ
ရှိနေကြသည်။ မိဘများထံသို့ သွားရောက်လိုကြောင်း ကာခဏပြောတတ်သည်။
ဖေဖေသည် ဆာဘာရီအပေါ်တွင် စောစောတုန်းက သံသယ
အတော်ကလေးဝင်ခဲ့ဖူးသည်။ ဤအချက်ကြောင့် ဆာဘာရီနှင့် ကျွန်တော်တို့မိသားစု
ဆက်ဆံရေးမှာ ခပ်မှန်မှန်ခပ်တန်းတန်းသာ ရှိနေခဲ့သည်။

ဆာဘာရီသည် အီရက်စစ်ဗိုလ်တစ်ယောက်နှင့်ရော အခြားလူတွေနှင့်ပါ ဖောက်ပြန် သော လိင်ဆက်ဆံမှု ပြုလုပ်ခဲ့သည်။ ကျွန်တော့်ကိုလည်း မသိလိုက်မသိသာ စခဲ့ဖူးသည်။

သော် သူ့ အပြုအမူကြောင့် ကျွန်တော်တို့အဖို့ အကျိုးယုတ်စရာတော့ တစ်ခုမျှမရှိခဲ့သည် က အမှန်။

ဘယ်လိုပင်ဖြစ်ဖြစ် ကျွန်တော်ကတော့ သူနှင့် မှာဒါတို့ကို စိတ်မချနိုင်။ ဖေဖေ ကလည်း ယခုအချိန်တွင် ဤကိစ္စကို အလေးအနက်ထားတော့ဟန်မတူ၊ ထို့ကြောင့် တို့နှစ်ယောက် အတွင်းရေးကို အတိအကျသိရန် မျက်ခြည်မပြတ် စောင့်ကြည့်မည်ဟု တော် ဆုံးဖြတ်လိုက်သည်။

ဆာဘာရီသည် ဂျယ်ရီကိုမြို့မှ ကားဂိုဒေါင်ကြီးတစ်ခုတွင်အလုပ်လုပ်သည်။ ကား ဒေါင်ကြီးမှာ ယခင်က အနောက်ဘက်ကမ်းမှကောက်ပဲသီးနှံများကို ဂျော်ဒန်နှင့် ဆော်ဒီ အာရေဗျသို့ သင်္ဘောဖြင့်တင်ပို့ရန် သိုလှောင်ထားသောဂိုဒေါင်ကြီး ဖြစ်ခဲ့သည်။ စစ်အတွင်း က သည်အတိုင်းပစ်ထားခဲ့ပြီး နောက်ပိုင်းတွင် အလင်ဘီတံတားကိုဖြတ်၍ အမ္မန်မြို့သို့ အသောကားများနှင့် အမ္မန်မြို့မှထွက်သော ကားများအတွက် ကားဂိုဒေါင်ကြီး အဖြစ် အသုံးပြုခဲ့သည်။ ကားဂိုဒေါင်ကြီးနောက်ဘက်တွင် ဆာဘာရီနှင့် အခြားစက်ပြင်ဆရာ တစ်ဦးအိပ်သော အခန်းကလေးတစ်ခန်း ရှိသည်။ သူတို့နှစ်ယောက်သည် ညစောင့်အဖြစ် လည်း အလည့် တာဝန်ထမ်းဆောင်ကြသည်။

ဆာဘာရီသည် အက္ကာဘက်ဂျာဘားရှိ ကျွန်တော်တို့စခန်းသို့ ပြန်မအိပ်သော်လည်း သူ့ကို တစ်ယောက်ကမျှ အပြစ်မတင်ကြ။ ကျွန်တော်တို့စခန်းက ညစ်ပတ်သည့်အပြင် ညတိုင်းလိုလိုပင်

မိသားစုတစ်စုနှင့်တစ်စု အော်ကြီးဟစ်ကျယ် ရန်ဖြစ်တတ်ကြသေးသည်။

ဂျယ်ရီကိုတွင် ဆာဘာရီအိပ်သောညများ၌ နာဒါသည် နေမဝင်မီ အိမ်ပြင်သို့ လစ် ထွက်သွားလေ့ရှိသည်ကို ကျွန်တော်သတိပြုမိသည်။ တစ်ညတွင် နာဒါ ထွက်သွားပြီး နောက် ဆယ့်ငါးမိနစ်အထိ ကျွန်တော်စောင့်နေသည်။ သို့သော်လည်း နာဒါကား ပြန်မ လာသေး။ သို့ဖြင့် ကျွန်တော်သည် ဂျယ်ရီကိုမြို့ထဲသို့ ထွက်လာခဲ့သည်။

ညအချိန်ဖြစ်၍ ကားဂိုဒေါင်ကြီးကို ပိတ်ထားသည်။ ကျွန်တော်သည် နောက်ဘက် သို့ပတ်ကြည့်ပြီးနောက် တံခါးကိုဖွင့်ကြည့်သည်။ တံခါးကိုသော့ခတ်ထားသည်။ ထို့နောင့်ပဲ ပြတင်းပေါက်များကို ဖွင့်ကြည့်သည်။ နှစ်ပေါင်းများစွာ မဖွင့်ဘဲထား၍ တံခါးဂျက်တွေ ပိတ်ကျပ်နေသောကြောင့် တစ်ပေါက်ဖွင့်မရ။

နောက်ဆုံးတွင် ကျွန်တော်သည် ခြေကုပ်စရာနေရာ ရှာတွေ့သဖြင့် ခေါင်မိုးပေါ်သို့ ချိတ်တက်သည်။ လျှို့ဝှက်အံဖုံး တံခါးနှစ်ပေါက်တွေ့ရသည်။ နှစ်ပေါက်စလုံးပင် သော့တံ ထားသည်။ သံချေးတက်နေသောပတ္တာများကို တုတ်ဖြင့်ကလန့်ပြီးဖွင့်သည်။ အံဖုံးပွင့် သွားသောအခါ အပေါက်နှုတ်ခမ်းကို လက်ဖြင့်တွယ်ချိတ်ပြီး အောက်သို့ခုန်ဆင်းလိုက် သည်။ ကုန်တင်ကားတစ်စီး၏ နောက်ပိုင်းသို့ကျလာသည်။ အခြေအနေကို ခေတ္တမျှ အကဲခတ်ကြည့်နေသေးသည်။ ပြီးတော့မှ ဆာဘာရီ၏အခန်းရှိရာသို့ သတိဖြင့် ဖြည်းဖြည်း လျှောက်လာခဲ့သည်။

အခန်းတံခါးကို နားကပ်၍ နားထောင်လိုက်သည်။ အထဲမှ အသံဗလံများကြား ရသည်။ အခန်းထဲတွင် ဆာဘာရီနှင့် နာဒါတို့ရှိနေကြသည်။ သူတို့သည် ချစ်သူအချင်းချင်း ပြောတတ်သော ကယုကယင်စကားများကို တတွတ်တွတ်ပြောနေကြသည်။ တံခါးဘုကို ဖြည်းဖြည်းလှည့်လိုက်သည်။ တံခါးပွင့်သွားသည်။

ကျွန်တော်သည် တံခါးရွက်ကို ဝုန်းခနဲဖွင့်ပြီး အခန်းထဲသို့ဝင်လိုက်သည်။

သူတို့နှစ်ယောက်သည် ကြမ်းပြင်ပေါ်တွင်ဖျာခင်းပြီး ဘေးချင်းကပ်၍ လှဲနေကြသည်။ သို့သော် သူတို့ကိုယ်ပေါ်တွင် ဝတ်စုံအပြည့်နှင့် နာဒါက

ကျွန်တော့်ကို အလျင်မြင်သွားသည်။ ကျွန်တော် ဆာဘာရီ၏ ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်သောအခါ နာဒါကလန့်အော်လိုက်သည်။

“ခွေးမသား၊ မင်းကို ငါသတ်ပစ်မယ်” ကျွန်တော်က အော်ပြောလိုက်သည်။

ကျွန်တော်သည် ဆာဘာရီထက် အသက်ငယ်သည်။ သို့သော်လည်း သဲကန္တာရ အတွေ့အကြုံကြောင့် သူ့ထက်မာသည်။ သူ့သက်သတ္တိရှိသည်။ သို့နှင့် သူ့ကိုယ်လုံးပေါ် စီးအုပ်ပြီး မျက်နှာကိုလက်သီးဖြင့် ဆက်တိုက်ထိုးပစ်လိုက်သည်။

ကျွန်တော့်အပြုအမူကြောင့် ဆာဘာရီ အံ့အားသင့်နေသည်။ ကျွန်တော့်ကို ပြန်မထိုး ဘဲ သူ့ကိုယ်သူ ကာကွယ်သည့်သဘောဖြင့် လက်နှစ်ဖက်ကိုသာကာ၍ ခံနေသည်း ကျွန်တော်က ပါးစပ်မှလည်း တတွတ်တွတ်ဆဲဆိုရင်း လက်သီးဖြင့် တစ်လုံးပြီးတစ်လုံး ဆက်ထိုးနေသည်။ သူ့နှုတ်ခမ်းနှင့် နှာခေါင်းမှ သွေးတွေစီးကျလာသည်။ ထို့နောက် ကျွန်တော်က သူ့လည်ပင်းကို လက်နှစ်ဖက်ဖြင့် တအားညှစ်ထားလိုက်သည်။

ထိုအခိုက် ကျွန်တော့်ဦးခေါင်းပေါ်သို့ တစ်စုံတစ်ခု ပြင်းထန်စွာလာထိသည်း တစ်ခေါင်းလုံး ချာချာလည်ပြီး မှောင်အတိကျသွားသည်။

ကျွန်တော် သတိပြန်ရလာသည်။ မျက်လုံးကို အားယူပြီး ဖွင့်ကြည့်လိုက်သည်။ နာဒါသည် ကျွန်တော့်အပေါ်မှ စီးမိုးရပ်နေသည်ကို ခပ်ဝါးဝါး မြင်ရသည်။ သူ့လက်ထဲတွင် ဝက်အူလှည့်တစ်ချောင်း ကိုင်ထားသည်။

“အစ္စမေ၊ ငါပြောတာနားထောင်၊ နှင် ဘာမှမလုပ်နဲ့တော့” နာဒါက အော်၍ပြောသည်။

ကျွန်တော်သည် လဲနေရာမှ ကုန်း၍ထကြည့်သည်။ ထ၍မရ။ ခေါင်းနောက်ပိုင်း မှ အလွန်နာကျင်နေသည်။ နောက်စေ့မှ သွေးတွေစီးကျလာသည်။ ကိုကိုယ်ကိုယ် အားတင်းပြီး တစ်ခန်းလုံးကို မျက်လုံးကစားကြည့်လိုက်သည်။ “

. ဆာဘာရီသည် အခန်းထောင့်တွင် ကုပ်ကုပ်ကလေးထိုင်ကာ မျက်နှာကို လက်ဝါးနှစ် ကံနှင့်အုပ်ရင်း ငိုနေသည်။

“ငါ့ကို ဟာဂျီအီဘရာဟင်သတ်တော့မှာပဲ၊ ငါ့ကို သူသတ်တော့မှာပဲ”

ဟုလည်း ေးစပ်မှ တတွတ်တွတ်ပြောနေသည်။

ကျွန်တော်သည် တံတောင်နှစ်ဖက်ထောက်၍ အားယူပြီးထသည်။ နာဒါက တော့်မျက်နှာရှေ့တွင် ဝက်အူလှည့်ကို လှုပ်ပြသည်။ "အို... မ... မ...လုပ်ပါနဲ့ မလုပ်ပါနဲ့" ကျွန်တော်က ကမန်းကတန်း တောင်းပန်လိုက်သည်။

နာဒါ၏လက်ထဲမှ ဝက်အူလှည့်လွတ်ကျသွားသည်။ ကျွန်တော့်ဘေးတွင် ဒူးထောက် ထိုင်ချလိုက်သည်။

"ငါ့ကို ခွင့်လွှတ်ပါ အစ္စမေ" နာဒါက ငိုရှိုက်ပြီးပြောသည်။

နာဒါသည် တစ်မျက်နှာလုံးရှုံ့မဲ့ပြီး အဆက်မပြတ်ငိုနေသည်။ သူ့ကိုယ်သူ ကြမ်း ပြင်တွင် ပစ်လှဲလိုက်ပြီး ကြမ်းပြင်ကို လက်သည်းဖြင့်ကုတ်ခြစ်ရင်း အရူးပမာ ဖြစ်နေသည်။ အဆက်မပြတ် ရိုက်ငိုနေသောကြောင့် အသက်ရှုကျပ်ပြီး မောဟိုက်နေသည်။

"ဟာ... ဒုက္ခပါပဲ" ကျွန်တော်က တစ်ချက်ညည်းလိုက်သည်။ ထို့နောက် ကျွန်တော်တို့သုံးယောက်စလုံး ကိုယ့်နေရာတွင်ကိုယ် ငိုနေကြသည်။

နောက်ဆုံးတွင် နာဒါသည် ရုတ်တရက်ထရပ်ပြီး အခန်းထဲမှ ထွက်သွားသည်။ မကြာမီတွင် ရေပုံနှင့် အဝတ်စုတ်များယူကာ ပြန်ဝင်လာသည်။ ထို့နောက် ကျွန်တော် ဦးခေါင်းမှဒဏ်ရာကို ဆေးကြောသန့်စင်ပေးသည်။ ပြီးလျှင် ကျွန်တော့်ကို ကစားစရာအရုပ် ကလေးပမာ ကိုယ်ကိုလှုပ်၍ချော့မြူသည်။

ခဏကြာတော့ ဆာဘရီဆီသို့လျှောက်သွားပြီး မျက်နှာမှဒဏ်ရာများကို ဆေးကြော သုတ်သင်ပေးသည်။

ကျွန်တော်တို့အားလုံး ငြိမ်သက်နေကြသည်။ အချိန်အများကြီး ကြာသွားသည်ဟု ထင်မိသည်။

နာဒါသည် အသနားခံသည့် မျက်နှာကလေးဖြင့် ကျွန်တော့်ကို ပြန်ကြည့်နေသည် တကယ်တော့ သူသည် သူ့အသက်ကို ချမ်းသာပေးရန် ကျွန်တော့်ကို တောင်းပန်ခြင်း ဖြစ်သည်။

“ ငါတော့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး " ကျွန်တော်က ပြောလိုက်သည်။ “တို့ကို မသတ်ပါနဲ့ အစ္စမေရယ်” နာဒါက အသနားခံသည်။

“နောင်ကို တို့ဒီလို ဘယ်တော့မှမလုပ်တော့ပါဘူး၊ အခုလည်းတို့ ဘာမှ မလုပ်ကြ ပါဘူး၊ တို့နှစ်ယောက် တမင်သက်သက်ကစားနေကြတာပါ၊ တို့ကိုမသတ်ပါနဲ့ ငါ့ဘောင်း ပန်ပါတယ် အစ္စမေရယ်”

“ဩော် ... ဘုရား၊ ဘုရား၊ အလ္လာကယ်တော်တော်မူပါ” ကျွန်တော်က တိုးတိုးညည်းလိုက်သည်။

ပေါ်သို့

”အစ္စမေ’ ဆာဘာရီက ခေါ်လိုက်သည်။ “နာဒါ့အပေါ်မှာ စော်ကားလိုစိတ် ငါ့မှာ လုံးဝမရှိပါဘူး၊ ငါနာဒါကိုချစ်တယ်၊ ဆူဒါအတွက် ဂုဏ်လည်းယူတယ်၊ တို့ဘာလုပ်ရမှာ လဲ၊ တို့ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေကြတယ်၊ တို့နှစ်ယောက်ကို လက်ထပ်ခွင့်ပြုပါလို့ ဟာဂီအီဘရာဟင်ဆီ သွားပြီးခွင့်တောင်းဖို့ တိုင်ပင်နေကြတာ၊ တို့က ဆင်းရဲဒုက္ခရောက် နေတဲ့လူတွေ၊ ငါ့မှာ ပိုက်ဆံတစ်ပြားမှမရှိဘူး၊ အဲဒီတော့ ဟာဂျီအီဘရာဟင်က ဘယ်နည်းနဲ့မျှ ခွင့်ပြုမှာမဟုတ်ဘူး၊ ဒါကို မင်းလည်းသိပါတယ်”

နာဒါက ကျွန်တော့်အနီးသို့ လျှောက်လာပြီး... တို့စိတ်ကို တို့မထိန်းနိုင်တော့ဘူးဆိုတာသိရတော့ ငါက ဆာဘာရီကို ဒီကထွက် ပြေးဖို့ပြောတယ် အမေ၊ သူ့မိဘတွေက ဂါဇာမှာရှိနေကြတယ်မဟုတ်လား

”မင်းတို့မိသားစု ဂုဏ်သိက္ခာကျအောင် ငါမလုပ်ချင်ပါဘူး၊ ဒါကြောင့် ငါထွက် သွားချင်ပါတယ် ဒါပေမယ့် ငါဘယ်လိုလုပ်ပြီး ထွက်သွားလို့ရမှာလဲ၊ ငါ့မှာ ပိုက်ဆံလည်း မရှိဘူး ခွင့်ပြုချက်စာရွက်စာတမ်းတွေလည်း ဘာမှမရှိဘူး”

သူတို့နှစ်ယောက် ကြံရာမရဖြစ်ပြီး အလွန်စိတ်ဆင်းရဲနေကြကို ကျွန်တော်ကိုယ် ချင်းစာနာမိသည်။ . ဒ၊”. ကျွန်တော့်လက်ကိုဖမ်းဆုပ်ပြီး နမ်းရှုပ်ရင်း ... ကို င် မသက်ပါဘူးနော်... အမေ” ကျွန်တော်က သူ့ မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး .... “ငါ မပြောနိုင်ဘူး၊ ဒါပေမယ့် ဆာဘာရီတော့ ထွက်သွားမှဖြစ်မယ်”

သူတို့ နှစ်ယောက် ပွေ့ဖက်လိုက်ကြသည်။ ကျွန်တော်က သူတို့ကို ဆွဲခွဲထားလိုက် သည်။ ကျွန်တော်တို့အားလုံး ငိုကြပြန်သည်။ ထို့နောက် ကျွန်တော်တို့ ထိုင်ကြသည်။ ရှေးဟောင်းပစ္စည်းများတွေ့တုန်းက ကျောက်ဆောင်စွန်းပေါ်မှာထိုင်သလို ဝိုင်းထိုင်ကြ သည်။ ပြီးတော့တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ရင်းသစ္စာဆိုကြသည်။ သို့သော် သစ္စာဆိုပေမယ့် ဆာဘာရီ၏ ပြဿနာက ပြေလည်၍မသွား။

အားက ပြောသည်။

အမှန်အတိုင်းပြောရလျှင် မာဒါကြောင့် ငါဘယ်မှ ထွက်မသွားချင်ဘူးဒါပေမယ့် ငါဆက်နေရင် ဒါကိုသိက္ခာချသလို ဖြစ်နေလိမ့်မယ်ဆိုတာကိုလည်း ငါသဘောပေါက် မိတယ်၊ ငါဟာငါ အလုပ်လုပ်လို့ရသမျှပိုက်ဆံတွေကို တစ်ပြားမကျန် မင်းတို့ဖေဖေကို အပ်ခဲ့ပါတယ် ငါ့လက်ထဲမှာ တစ်ပြားမှမရှိတော့ဘူး၊ ခရီးသွားခွင့် စာရွက်စာတမ်းရဖို့ အကွက် သက်ဆိုင်ရာအရာရှိတွေကို ဒေါ်လာတစ်ထောင်လောက်ပေးနိုင်မှဖြစ်မယ်၊ ငါ့မိဘ တွေနဲ့ တွေ့ဖို့အတွက် ဂျော်ဒန်ကိုဖြတ်ရမယ်၊ ဆီးရီးယားကိုသွားရမယ်၊ လက်ဘနွန်ကနေပြီး ဂါဇာကို သင်္ဘောစီးရမယ်ခရီးစရိတ်ကလည်း ခရီးသွားခွင့်လက်မှတ်ခလောက် ကုန်မှာပဲ ငါတော့ ဘယ်လိုမှမကြံတတ်တော့ဘူး အမေ”

ကျွန်တော်က ကျိတ်ပြီးဆုတောင်းလိုက်မိသည်။ နာဒါက ကျွန်တော့်လက်ကိုလာ ကိုင်သည်။ ရှေးဟောင်းရတနာသိုက်သို့တက်တုန်းက ကျွန်တော့်လက်ကို သူလှမ်းဆွဲလိုက် သည်ကို ပြန်လည်သတိရမိသည်။ ကျွန်တော် အကြံရပြီ။ ကျွန်တော် ဘာလုပ်ရမည်ဆိုသည်ကို ကျနော်သိပြီ။

'မင်း ပိုက်ဆံရနိုင်မယ့်နေရာကို ငါသပွဲါယ်”

”ဒေါ်လာနှစ်ထောင်အထိ ရနိုင်မယ့်နေရာလား” 'ဟုတ်တယ်၊ တို့မှာ သေနတ်တွေပါလာတာ မင်းသိတယ်မဟုတ်လား၊ အဲဒီလက်နက် တံ - မီလ်နဲ့ငါနဲ့ “သွေးဆောင်တောင်'ပေါ်မှာ ဝှက်ထားတယ်၊ အဲဒါတွေကို ငါ ရောင်း

”ဒါပေမယ့် လက်နက်တွေပျောက်သွားတာ မင်းဖေဖေသိရင်

မင်းကိုသတ်မှာပေါ့”

ငါ့အတွက် မပူပါနဲ့ ငါပြောသလိုသာလုပ်ပါ၊ မင်းက ဖေဖေ့ဆီကို စာတစ်စောင် ဘယ်လိုရေးရမလဲဆိုရင် ဂျမီလ်ဟာ သူမသေခင်က အဲဒီသေနတ်တွေအကြောင်း ကို ကြွားဝါပြောခဲ့တဲ့အကြောင်း၊ ပြီးတော့ သေနတ်တွေ ဘယ်မှာဝှက်ထားတယ်ဆို လည်း ပြောခဲ့တဲ့အကြောင်း ထည့်ရေးပါ၊ ဒါဆိုလျှင် ဖေဖေက ယုံမှာသေချာတယ်။ ကလည်း နဂိုကတည်းက ဂျမီလ်ကို သိပ်ပြီးစိတ်ချတာမဟုတ်ဘူး၊ သေနတ်တွေ ဝှက် တဲ့နေရာကို ဂျမီလ်က တစ်နေ့နေ့မှာ ဖော်ပြောလိမ့်မယ်လို့ သူ့စိတ်ထဲမှာ သံသယ ဘယ်၊ ဒီတော့ မနက်ဖြန်မှာ ငါ သေနတ်တွေကိုသွားဖော်မယ်၊ မင်း ဝယ်မယ့်လူ မှာလား”
‘ရှာနိုင်ပါတယ်”

ဆာဘာရီက တိုးတိုးကလေး ပြန်ပြောသည်။ “နင့်အတွက် အန္တရာယ်အများကြီးရှိနိုင်တယ် အစ္စမေ” နာဒါက စိုးရိမ်မကင်းသံဖြင့်ပြောသည်။ “ကိစ္စမရှိပါဘူး၊ တို့အားလုံးမှာ လျှို့ဝှက်ချက်တွေရှိကြတာပဲ၊ ဒီကိစ္စကိုလည်း လျှို့ဝှက်ထားရမှာပေါ့”

”ဒါပေမယ့် … အစ္စမေ” နာဖို့ စကားမဆုံးခင် ကျွန်တော်ကဖြတ်ပြီး ..

”တို့အနေနဲ့ ဒါပဲလုပ်စရာရှိတာပဲ။ အဲဒီတော့… မင်းစာကို ဒီည ငါ့ကို ရေးပေး ဗ.. ဆာဘာရီ”

ကျွန်တော်ထိုင်ရာမှထကာ အခန်းထဲမှ ပြန်ထွက်လာခဲ့ပြီး ကားဂိုဒေါင်ထဲက ရပ်စောင့်နေသည်။ ကျွန်တော် နောက်ဘက်ကို လုံးဝလှည့်မကြည့်။ ဆာဘာရီနှင့် နာဒါ ငါ့မှာ ပြောစရာတွေအများကြီး ရှိလိမ့်ဦးမည်။

နောက်ဆုံး သူတို့နှစ်ယောက် ထွက်လာကြသည်။ ဆာဘာရီက ကျွန်တော့်ကို ဖက်ပြီး စကားပြောရန်ကြိုးစားသည်။ သို့သော် သူ့ပါးစပ်မှ ဘာစကားမှထွက်မလာ။ သူ အသက်ရှူကျပ်သလိုဖြစ်နေသည်။ ကျွန်တော့်လက်ကို ပြန်လွှတ်ပြီး သူ့အခန်းသို့ ချာခနဲ လှည့်ထွက်သွားသည်။ ထို့နောက် အခန်းတံခါးကို ဂျိန်းခနဲပြန်ပိတ်လိုက်သည်။

နာဒါက ကျွန်တော့်ဦးခေါင်းမှ ဒဏ်ရာကို လက်နှင့်ပွတ်ကြည့်သည်။

“တော်ပါသေးရဲ့ သွေးတိတ်သွားပြီ”

”ကိစ္စမရှိပါဘူး၊ ဒဏ်ရာက နည်းနည်းကလေးပါ”

ထို့နောက် ကျွန်တော်တို့ မောင်နှမနှစ်ယောက် အက္ကာဘက်ဂျာအားသို့ ပြန်လာခဲ့ကြ တ် သည်။

ကျွန်တော်တို့ စခန်းသို့လှမ်းမြင်ရသောအခါ အမှောင်ထဲတွင် ရပ်လိုက်ကြသည်။ နှစ်ယောက်သား တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားကြသည်။ တာလမ်းမကြီး၊ ပေါ်မှနေ၍ ရွံ့ တဲများဆီသို့ လှမ်းမျှော်ကြည့်လိုက်ကြသည်။

ထို့နောက် “သွေးဆောင်တောင်”ပေါ်သို့ တက်လာခဲ့ကြပြီး ကောင်းကင်ပေါ် ကြယ်တွေကို ထိုင်ကြည့်နေကြသည်။

အတော်ကလေးကြာတော့မှ နာဒါက စကားစပြောသည်။

““ငါ ဘယ်လိုသိသလဲလို့ နင်ပြန်မမေးပါနဲ့ အစ္စမေ၊ ဒါပေမယ့် ငါ တကယ်သိး တယ်၊ တခြားကိစ္စမဟုတ်ပါဘူး၊ ဂျက်ဖာတုန်းက မေမေတို့သုံးယောက် ဘာဖြစ်ခဲ့ကြတယ် ဆိုတာကိုပြောတာပါ”

“ဟင် ... နှင်... တကယ်”

“နေပါဦး၊ ငါဆက်ပြောရဦးမယ်၊ ဒီကိစ္စဟာ ကြောက်စရာအကောင်းဆုံး လူ ဝှက်ချက်ပါ အစ္စမေ၊ ဒီလျှို့ဝှက်ချက်ကို နင်တစ်ယောက်တည်း ထိန်းသိမ်းထားရ အများကြီးပင်ပန်းပါတယ်၊ အဲဒါကြောင့် နှင့်ဒုက္ခကို ငါလည်း မျှဝေခံစားချင်တယ် ဒီဆန္ဒဟာ ငါ့မှာအကြာကြီးကတည်းက ပေါ်ပေါက်ခဲ့တယ်၊ နင်ဒီလောက်အထိ အောင် နိုင်တာ ငါ သိပ်ပြီးအံ့သြမိတယ်၊ နင်ဟာ သာမန်လူတစ်ယောက်မဟုတ်ဘူး၊ တစ် ကျော်ကြီးကျယ်တဲ့လူတစ်ယောက် ဖြစ်လာလိမ့်မယ်လို့လည်း ငါ တွေးမိတယ်” • ကျွန်တော့်ပခုံးပေါ်မှ လေးလံလှသော ဝန်ထုပ်ကြီး ယခုမှကျသွားပါတော့သည်။

“နင့်ကို ငါ အများကြီးချစ်ပါတယ် အစ္စမေ” နာဒါက ဆက်ပြောသည်။ “အခု အတိုင်းပြောရရင် နင့်ကို ဆာဘာရီထက်တောင် ပို့လို့ချစ်ပါတယ်”

“ဒီစကားကို နင်ပြောစရာမလိုပါဘူး ။

”ပြီးတော့နင်က ဖေဖေ့ထက်လည်း တော်တယ်၊ ဖေဖေ့ထက် စိတ်ကောင်တယ်၊ ဘာဖြစ်လို့လည်းဆိုရင် နင်က လူတွေကိုမုန်းတာထက် ချစ်တာကပိုများတယ် 'ငါက ဖေဖေ့ကို သိပ်ပြီးလေးစားတယ် နာဒါ၊ ဖေဖေ့ကို ငါ အားလည်းကျတယ်။ ဒါကြောင့် ငါလည်းကြီးလာရင် ဖေဖေ့လိုလည်းဖြစ်ချင်တယ်” ။

“နင်က ဖေဖေနဲ့မတူပါဘူး၊ တခြား ဘယ်သူနဲ့မှလဲမတူဘူး၊ ဆာဘာရီနဲ့တောင် မတူပါဘူး’ နာဒါက ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ရင်းပြုံးလိုက်သည်။

လရောင်အောက်တွင် သူ့သွားကလေးတွေက ကြယ်ကလေးတွေလို ဖြူစင်လင် လက်သွားသည်။

“နင်က နင်ချစ်တဲ့လူတွေကို သတ်မပစ်တတ်ဘူး၊ အဲဒါကြောင့် နင့်ကိုငါ သိပ်ပြီး ချစ်တာ အစ္စမေ”

❖--- www.ebooks4mm.org ---❖

အခန်း (၃)

၁၉၅၁ ခုနှစ် ဇူလိုင်လ ချားမန်း အသတ်ခံရခြင်းသတင်းသည် ဖေဖေ့အား ဘယ်တော့မှ နာလန်မထူနိုင် အောင် အလဲထိုးလိုက်သည်နှင့်တူသည်။

ခရစ်ယာန်ဘာသာဝင် ဒုက္ခသည်များအား ပြန်လည်နေရာချထားရေး စီမံကိန်း ကောင်းသည် အာရပ်ခေါင်းဆောင်များ၏ နားထဲသို့ မိုးကြိုးပစ်သံကဲ့သို့ ဟိန်း၍ ဝင် ရောက်လာခဲ့သည်။ ဂျူးတို့အားမုန်းတီးရေးတွင် အာရပ်လူမျိုးအချင်းချင်း စည်းလုံး ညွတ်မှုရရှိလိုသောကြောင့် ခရစ်ယာန်ဘာသာဝင် အာရပ်လူမျိုးများကိုလည်း မွတ်စလင် ဘာသာဝင် အာရပ်လူမျိုးများကဲ့သို့ပင် ဒုက္ခသည်စခန်းများ၌ ဆက်လက်နေထိုင်စေချင် သည်။ များမန်းအသတ်ခံရခြင်းသည် အာရပ်ကမ္ဘာတွင် ဗုံးဖောက်ခွဲလိုက်သလို ဖြစ်သွား - ည်။

ချားမန်းသည် အရှေ့ဂျေရုဆလင်တွင် အစည်းအဝေးတစ်ခုမှ ထွက်ခွာလာပြီးနောက် ပေးဆွဲခံရသည်။ နောက်သုံးလေးရက်အကြာတွင် သူ့အလောင်းကို ရာမလာမြို့အနီးမှ အမှိုက်ပုံထဲတွင် တွေ့ကြရသည်။ သူ၏စအိုဝထဲသို့ သုံးလက်မပိုက်လုံးကိုထိုးသွင်းထားပြီး မင်းပိုက်ထဲသို့ ရောဂါပိုးပါသော ကြွက်သေးသေးကလေးပေါင်းများစွာကို ထည့်ထားသည်။ အဆိုပါကြွက်ကလေးများသည် ပိုက်ခေါင်းအတိုင်း သူ၏အစာအိမ်ထဲသို့ ဝင်ရောက်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ သု ဘယ်လိုမှ မတတ်သာအောင် ခြေလက်များကိုလည်း ကြိုးနှင့် ည်ထားလိုက်သေးသည်။

ဖေဖေတစ်သက်တာတွင် မိသားစုနှင့် ဆွေမျိုးသားချင်းတို့၏ သေဆုံးခြင်းများစွာကို ကြုံခဲ့ရပြီဖြစ်သည်။ သို့သော် ဖေဖေသည် ဘယ်သူသေဆုံးခြင်းကိုမျှ ယခု ဒူးမန်းသေဆုံး ခြင်းလောက် တုန်လှုပ်ချောက်ချားခြင်းပင် မဖြစ်မိခဲ့။

အသုဘအခန်းအနားသို့ တက်ရောက်ရာတွင် ဖေဖေ့ကို ကျွန်တော်တွယ်မပြီး ခေါ်သွားရသည်။ ချားမန်း၏ ရုပ်ကလာပ်ကို ဂျယ်ရီကို

တာလမ်းမကြီးပေါ်ရှိ ဂျေရုဆလင် မြို့ပြင်မှ ဘက်သဘုရားရှိခိုးကျောင်း၏ မြေအောက်ခန်းတွင် မြှုပ်နှံသဂြိုဟ်သည်။ ထို နေရာသည် ယေရှုခရစ်တော်က လာဇရုအား သေခြင်းမှရှင်ပြန်ထမြောက်အောင် ဖန်ဆင်း ပေးခဲ့သောနေရာဖြစ်သည်။ ယခုမူ ချားမန်းအား ရှင်ပြန်ထမြောက်အောင် ဘယ်သူကမျှပဲ ဖန်ဆင်းပေးနိုင်တော့မည်မဟုတ်။

ချားမန်းသေဆုံးသွားခြင်းအတွက် မျှော်လင့်ချက်ရောင်ခြည်တစ်ခုတော့ သမ်းလာ သည်ဟု သူ၏သမီးဖြစ်သူ သီလရှင်မေရီအမေလီယာက ကျွန်တော်တို့ကို ပြောပြသည်။ ယင်းမျှော်လင့်ချက်ရောင်ခြည်မှာ အခြားမဟုတ်။ အာရပ်အမျိုးသား ခရစ်ယာန်ဘုန်းကြီး များက ချားမန်း၏ လုပ်ငန်းကို ဆက်လက်လုပ်ကိုင် သွားကြမည်ဖြစ်ပြီး ခရစ်ယာန်ဘာသာ ဝင် အာရပ်များအား ဒုက္ခသည်စခန်းများမှထုတ်ယူရန် ကြိုးစားကြမည်ဟူသော အချက် ပင်ဖြစ်သည်။

ထိုနေ့က နေလည်းအလွန်ပူသည်။ လေပြင်းကလည်း အလွန်တိုက်သည်။ အသုဘ အခမ်းအနား ကျင်းပနေစဉ်အတွင်း ဖေဖေသည်မေ့မြောပြီး လဲကျသွားတော့မတတ်ခံစား ရသည်။ အက္ကဘက်ဂျဘားသို့ ပြန်သွားနိုင်ရန် အခြေအနေပင်မရှိ။ ကျွန်တော်တို့သာ အဖနှစ်ယောက် တည်းခိုခန်းတစ်ခုတွင် တည်းခိုသင့်ကြောင်း သီလရှင်မေရီအမေလိယာက အကြံပေးသည်။ တော်ပါသေးသည်။ ဖေဖေသည် ထိုနေ့တစ်ညလုံး ဝေဒနာပြင်းထန်စွာ ခံစားရပြီးနောက် မနက်ကျတော့ သူ့ကိုယ်သူထိန်းနိုင်သည့်အခြေအနေသို့ ရောက်ရှိလာ သည်။

နောက်နေ့သည် မွတ်စလင်ဥပုသ်နေ့ဖြစ်သည်။ အရှေ့ဂျေရုဆလင်တွင်ရှိနေတုန်း အယ်လ်အကစာဗလီသို့သွား၍ ဒူးမန်းအတွက် ဆုတောင်းမေတ္တာပို့သင့်သည်ဟု ဖေဖေက ပြောသည်။ ထိုအချိန်က ဂျေရုဆလင်မြို့ကို ဂျက်ဖာဂိတ်တံခါးအနီးမှနေ၍ နှစ်ခြမ်းခွဲထား သည်။ တစ်ခြမ်းနှင့်တစ်ခြမ်း လက်တစ်ကမ်းဆက်စပ်နေသည်။

ဖေဖေသည် ချားမန်းအတွက် အကြီးအကျယ် သောကရောက်နေသည့်ကြားမှပင် ရဲတိုက်ကြီး၏ မုခ်ဝလှေကားများကို အားတင်းပြီးတက်လာခဲ့သည်။ ထိုနေရာမှ မျှော်ကြည့် လိုက်လျှင် ဂျူးတို့ပိုင်သော

ဂျေရုဆလင်မြို့ကိုလည်းကောင်း၊ ဝိုင်အမ်စီအေမျှော်စင်ကို လည်းကောင်း၊ ဘက်အယ်ဝဒ်တောင်ကြားကိုလည်းကောင်း ထင်ရှားစွာ မြင်ရသည်။ ကျွန်တော်တို့ တဘားရှာမှာလည်း နာရီဝက်ခရီးမျှသာ ကွာဝေးတော့သည်။

"လာပါ ဖေဖေ၊ ပြန်ကြရအောင်၊ ဒီနေရာမှာ ကြာကြာနေလို့မကောင်းပါဘူး" ဟု ကျွန်တော်က ပြောလိုက်သည်။

ဖေဖေက ကျွန်တော့်အား သူ့လက်ကိုဆွဲခိုင်းသည်။ ကျွန်တော်က ရှေ့ဆုံးမှ ဦး ဆောင်ပြီး လှေကားအတိုင်း ပြန်ဆင်းလာခဲ့ကြသည်။ မကြာမီတွင် ကျွန်တော်တို့သည် လူစုလူဝေးကြီးအထဲသို့ ဝင်ရောက်လာခဲ့သည်။ ဥပုသ်သည်ဝတ်စုံဖြူများ ဝတ်ဆင်ထား ကြသော လူထုပရိသတ် ထောင်ပေါင်းများစွာတို့သည် ဂျက်ဖာဂိတ်တံခါးနှင့် ဒမတ်စကတ် ဂိတ်တံခါးများမှနေ၍ မြို့တော်ဟောင်းထဲသို့ စုပြုံဝင်ရောက်လာကြသည်။ လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့တွင် ဟာရမ်းအက်ရှ်ရရစ်ဝတ္တကမြေသို့ ရှေးရှုသွားနေကြသော လူထုပရိသတ် ကြီးနှင့် ပြည့်ကျပ်နေသည်။

ဥပုသ်သည်ပေါင်း ထောင်ပေါင်းများစွာ ပြည့်နှက်နေသော ကုန်းမြင့်ရင်ပြင်ကျယ်ကြီး ပေါ်သို့ ရောက်လာသောအခါ ရွှေရောင်ဝင်းနေသော "မဟာကျောက်ခုံးကြီး"သည် ကျွန်တော် တို့အပေါ်မှ စီးမိုးလျက်ရှိသည်။ ကျွန်တော်သည် အစဉ်အလာအရ ခြေထောက်ဆေး 'သန့်စင်ရေပန်း" တွင် အတန်ကြာမျှ စောင့်ဆိုင်းနေကြရသည်။ ၁ ထို့နောက် အယ်လ်အကစာဗလီသို့ ဖြည်းဖြည်းချင်း လျှောက်လာကြသည်။ ဤ ဗလီကြီးသည် တမန်တော်မိုဟမ္မက်သခင် မက္ကာမြို့မှ ကောင်းကင်ဘုံသို့ တက်ရောက် နောက် အောင်မြင်စွာပြန်ဆင်းလာခြင်း အထိမ်းအမှတ်အဖြစ် ဆောက်လုပ်ထားသော ကရဇဗလီကြီး ဖြစ်သည်။

ဗလီတံခါးဝတွင် ထောင်သောင်းမကသောဖိနပ်များ စုပုံနေသည်။ ကျွန်တော်တို့သည် တံခါးဝသို့ ဖြည်းဖြည်းချင်း တိုးလာခဲ့ကြသည်။ ဗလီထဲမှ ကိုရန်ကျမ်းရွတ်ဖတ်သံကို ပြတ်သားစွာကြားကြရပြီ။

ထိုအချိန်တွင် ရင်ပြင်တစ်ခုလုံး အုံးအုံးကြွက်ကြွက်နှင့် လှုပ်လှုပ်ရှားရှားဖြစ်သွား သည်။

အဗ္ဗဒူလာဘုရင်နှင့် သူ၏မြေးတော် မင်းသားကလေးဟူစိန်တို့ ဝတ်ပြုရန် ကြွယ် လာခြင်းကြောင့်ဖြစ်သည်။

ကျွန်တော်တို့သည် ဘုရင်ကြီးနှင့် မင်းသားကလေးတို့ ကျွန်တော်တို့ရှေ့မှ ဖြတ်သွား သည်ကို အနီးကပ်မြင်နိုင်သော အနေအထားတွင် ရောက်ရှိနေကြသည်။ ကျွန်တော်သည် ကျွန်တော်နှင့် ရွယ်တူခန့်ရှိသော မင်းသားကလေးအား အနီးကပ်မြင်ရမည်ဖြစ်၍ အလွန် ဝမ်းသာနေမိသည်။ တစ်ချိန်တည်းတွင် ကျွန်တော်သည် အမွန်မြို့မှ ခမ်းနားကြီးကျယ်သော ဟာရှင်မိယနန်းတော်ကြီးကိုလည်း မြင်ယောင်လာမိသည်။

ကျွန်တော်တို့ အသက်ထင်ရှား ရှိနေကြသေးကြောင်းကို မင်းသားကလေး ညီမ သိပါလေစ။ ကျွန်တော်တို့အကြောင်းနှင့် ပတ်သက်၍ မင်းသားကလေးအား သူ့ဘိုးဘော် ဘုရင်ကြီးက ဘယ်လိုများ ပြောပြလိမ့်မည်နည်း။ မင်းသားကလေး၏ဘဝသည် တယ် လောက်များ ကြီးကျယ်မြင့်မြတ်လိမ့်မည်နည်း။

ဘုရင့်ကိုယ်ရံတော်တပ်ဖွဲ့သည် လူထုပရိသတ်ထဲတွင် အတင်းတိုးဝှေ့ပြီး နေရာယူ ကာကွယ်ထားကြသည်။ သို့သော်လည်း လူထုပရိသတ်က ဘုရင်ကို အနီးကပ်မြင်ရန် အတင်းတိုးလာနေကြသည်။ သူ့ကိုဖူးမြင်လိုသော လူထုကြီးကို ပိတ်ဆို့မထားရန် ကရင်ကြီး က ကိုယ်ရံတော်တပ်သားများအား အော်ငေါက်၍ အမိန့်ပေးနေသည်။ ကိုယ်ရံတော်တပ် သားများက ရှဲပေးလိုက်သောအခါ လူထုကြီးက ဘုရင့်အနီးသို့တိုးကပ်သွားပြီး ဘုရင်နှင့် လွတ်လပ်စွာ လက်ဆွဲနှုတ်ဆက်ကြသည်။ စကားစမြည် ပြောကြသည်။

ထိုအချိန်တွင် ဘုရင့်အနီး၌ ကိုယ်ရံတော်တပ်သားများ အလွန်ကျဲသွားသည်ကို ကျွန်တော် သတိပြုလိုက်မိသည်။ ခဏအကြာတွင် ဘုရင်ကြီးနှင့်မြေးတော်မင်းသားကလေး တို့မှာ အလွန်မြင်ချင်ဇော ပြင်းပြနေသော လူထုပရိသတ်ကြီးထဲတွင် စုံစုံမြုပ်လုမတတ် ဖြစ်သွားတော့သည်။

ဘုရင်ကြီးနှင့် မြေးတော်မင်းသားကလေးတို့သည် ဖေဖေနှင့် ကျွန်တော်တို့ရှေ့မှ အနီးကပ် ဖြတ်ကျော်သွားကြသည်။ ကျွန်တော့်ရင်ဘတ်သည် တဖျပ်ဖျပ်ခုန်နေသည်။

ဘုရင်ကြီးနှင့် မြေးတော်မင်းသားကလေးတို့သည် ဗလီတံခါးဝအနီးသို့ ရောက်ရှိ သွားကြပြီ။ ဘုရင်ကြီးက နောက်ပြန်လှည့်ကာ လူထုပရိသတ်ဘက်သို့ လက်ကိုဝှေ့ယမ်း နှုတ်ဆက်နေသည်။

ထိုခဏတွင် လူတစ်ယောက်သည် ဗလီအတွင်းအမှောင်ရိပ်ထဲမှ ထွက်လာပြီး နောက် ဘုရင်ကြီး၏ ဦးခေါင်းအနီးသို့ကပ်၍ ပစ္စတိုကိုချိန်ကာ ခလုတ်ကိုဖြုတ်လိုက်သည်။

သေနတ်ကျည်ဆန်သည် နောက်စေ့မှဝင်ပြီး မျက်စိမှ ဖောက်ထွက်သွားသည်ကိုပဲ ကျွန်တော် ပြတ်သားစွာမြင်လိုက်ရသည်။ ဘုရင်ကြီးသည် မြေကြီးပေါ် ပုံလျက်စီး လဲကျသွားပြီး ခေါင်းတွင်ပတ်ထားသော ဦးပေါင်းလည်း ကျွတ်ထွက်သွားသည်။

ဒုက္ခတော့ လှလှကြီးတွေ့ကြပြီ။ "ဘုရင်ကြီး သေနတ်မှန်သွားပြီ" တစ်စုံတစ်ယောက်က အော်ပြောလိုက်သည်။

ကိုယ်ရံတော်တပ်သားများ ပြေးဝင်လာကြသည်။ သေနတ်သံများ ပွက်ပွက်၍ သွားသည်။ ဗလီထဲမှ ကိုရန်ကျမ်းရွတ်ဖတ်နေသူသည် သေနတ်သံများကို ကြားပုံရေး သူ့အသံသည် အသံချဲ့စက်မှ ကျယ်လောင်စွာပေါ်ထွက်နေဆဲ ဖြစ်သည်။

လူသတ်သမားသည် သူ့သေနတ်ကို သွေးရူးသွေးတန်းနှင့် အဆက်မပြတ် ပစ်ခတ် နေသည်။ ကိုယ်ရံတော်တပ်သားများက လူသတ်သမားကို ပစ်သတ်လိုက်စဉ် ဖေဖေနှင့် ကျွန်တော်တို့က နောက်သို့အတင်းဆုတ်ပေးလိုက်ကြသည်။ လူသတ်သမားသည် ကျွန်တော် တို့ခြေရင်းတွင် အရုပ်ကြိုးပြတ်လဲကျသွားသည်။

"ဘုရင်ကြီး အသက်မရှိတော့ဘူး"

မင်းသားကလေးဟူစိန် လဲကျသွားပြီး မူးမူးဝေဝေနှင့် ကယောင်ချောက်ချား ဖြစ် နေသည်။ သို့သော် အသက်ရှင်နေတုန်း ရှိသေးသည်။

ကျွန်တော်က သူ့ဆီပြေးသွားရန် ခြေလှမ်းလိုက်သည်။ ဖေဖေက နောက်မှနေ၍ ကျွန်တော့်လက်မောင်းကို တံ့ခနဲဖမ်းဆွဲထားလိုက်ပြီး

လေသံဖြင့်တိုးတိုးကလေးပြောသည်။

'မသွားနဲ့ နောက်ကို ဖြည်းဖြည်းချင်း အမြန်ပြန်ဆုတ်၊ ဒီကိစ္စ ဝင်မပါစေနဲ့ ပြေးမထွက်နဲ့၊ ဖြည်းဖြည်းချင်းဆုတ်၊ မကြာခင် လူအုတ်ထဲရောဝင်သွားလိမ့်မယ်"

အဗ္ဗဒူလာဘုရင်ကို လုပ်ကြံသူမှာ ဂျေရုဆလင်မဟာမင်းကြီး၏ လက်ပါးစေ ပါလက်စတိုင်းသားတစ်ယောက် ဖြစ်သည်။

အဗ္ဗဒူလာဘုရင် လုပ်ကြံခံရခြင်းကြောင့် သူ၏ ပြည်သူပြည်သားများဖြစ်သော ဘီဒိုယင်လူမျိုးစုများအတွင်း အကြီးအကျယ် ဂယက်ရိုက်ခတ်သွားခဲ့သည်။ အဗ္ဗဒူလာ ဘုရင်သည် ဘီဒိုယင်တို့အား စည်းရုံးသိမ်းသွင်း၍ နှစ်ပေါင်းသုံးဆယ်တိုင်တိုင် အုပ်စိုး လာခဲ့သည်။ ဘီဒိုယင်တို့ကလည်း ဘုရင့်အပေါ်တွင် အရူးအမူး သစ္စာစောင့်သိခဲ့ကြ သည်။

ဘီဒိုယင်လူမျိုးစုများသည် ဒေါသအိုးပေါက်ကွဲကာ သဲကန္တာရထဲမှ အလုံးအရင်းနှင့် ပြုထွက်လာကြပြီးနောက် ဂျော်ဒန်ဘက်ကမ်းရှိ ဒုက္ခသည်စခန်းများကို လက်စားချေ တိုက်ခိုက်ရန်ကြိုးစားကြသည်။ အာဏာပိုင်များက ပါလက်စတိုင်းသား ဆယ့်နှစ်ယောက်ကို ဖမ်းဆီးကာ ဒုက္ခသည်စခန်းများ၏ ဂိတ်ဝများတွင် ကြိုးစင်တင်သတ်ဖြတ်လိုက်သည်။

နောက်တစ်နေ့နံနက်တွင် အလောင်းများကို မြင်းနောက်ပိုင်းတွင် ကြိုးနှင့်ချည်၍ ဒရွတ်တိုက်ဆွဲကာ ဒုန်းစိုင်းယူဆောင်လာခဲ့ကြသည်။ ခြေလက်များကိုခုတ်ဖြတ်ပြီး လူထု ပရိသတ်ထဲသို့ ပစ်ပေးကြသည်။ ခြေလက်မရှိသော အလောင်းကောင်များကို ခြေထောက်ဖြင့် ကန်ကျောက်ကြသည်။ တံတွေးပစ်ထွေးပြီး ဓားမြှောင်နှင့်ထိုးဆွကြသည်။ - တရားခံများအား ရက်စက်စွာ သုတ်သင်ရှင်းလင်းပြီးဖြစ်သော်လည်း လုပ်ကြံမှု ဂယက်က ငြိမ်သက်မသွားသေး။ ဘီဒိုယင်လူမျိုးစုများသည့် ဒုကသည်နန်းများကိုဝင်စီးရန် အစ နေကြသည်။ နောက်ဆုံးတွင် အုပ်စုလိုက် လူသတ်ပွဲကြီး မပေါ်ပေါက်စေရန် ခံတပ်မတော်က ကာကွယ်ရမည်ဟု ပါလက်စတိုင်းသားဖြစ်သူ ဂျော်ဒန်ဝန်ကြီးချုပ်က တစ်ရပ်ထုတ်ပြန်လိုက်သည်။

ဤတွင် ဂျော်ဒန်စစ်သားများမှာ (မိမိတို့ဆန္ဒနှင့်ဆန့်ကျင်ပြီး)

ပါလက်စတိုင်းသား ၏ အသက်အန္တရာယ်ကိုကာကွယ်ရန် အမ္မန်၊ ဆော့၊ ဆူဝေလီနှင့် မာဒဘာမြို့များနှင့် ဒုက္ခသည်စခန်းများကို ဝိုင်းထားလိုက်ကြရလေသည်။

အဗ္ဗဒူလာဘုရင်၏ ရုပ်ကလာပ်ကို အမ္မန်မြို့ပြင်ရှိ တောင်ကုန်းဘေးတွင် ဖုတ်ကျည်း အကြဲပ်ပွဲသို့ တက်ရောက်လာသော ကိုင်ရိုမြို့မှ သတင်းစာဆရာတစ်ဦးက "ကိုယ့်မင်း ကိုယ်ချင်းနှင့် အုပ်ချုပ်နေသော အာရပ်နိုင်ငံများသည် အုပ်ချုပ်ရေးအတွေ့အကြုံ နုနယ်သေး ည့် လွန်ခဲ့သောခြောက်နှစ်တာကာလအတွင်း သူတို့ကိုယ်တိုင် တင်မြှောက်ထားသော င်းဆောင်ပေါင်းများစွာကို သူတို့ကိုယ်တိုင် သတ်ဖြတ်ပစ်ခဲ့ကြောင်းဖြင့် မှတ်ချက်ချ သွားခဲ့လေသည်။

အဗ္ဗဒူလာဘုရင်အပြင် အခြားလုပ်ကြံခံသွားရသော နိုင်ငံခေါင်းဆောင်များမှာ ... - ယီမင်နိုင်ငံအကြီးအကဲ အီမန်ယာယာ၊ - ဆီးရီးယားသမ္မတ ဟူစနီအက်ဇ်ဇီယမ်၊ - အီဂျစ်နန်းရင်းဝန်ချုပ် အာမက်မဟာပါရှား၊ - အီဂျစ်နန်းရင်းဝန်ချုပ် နိုကရာရှိပါရှား၊ - ဆီးရီးယားဝန်ကြီးချုပ် မူဆင်အယ်လ်ဘရာဇီ၊ - ဂျော်ဒန်နိုင်ငံသို့ သွားရောက်လည်ပတ်နေစဉ် လုပ်ကြံခံရသော လက်ဘနွန်ဝန်ကြီးချုပ်တစ်ဦး၊ - ဆီးရီးယားဗိုလ်ချုပ်ကြီး ဆမီအယ်လ်ဟင်နာဝီ၊ - အီဂျစ်နိုင်ငံ၊ မွတ်စလင်ညီနောင်အဖွဲ့ ခေါင်းဆောင် ရှိတ်ဟာဆန် အယ်လ်ဘန်းနား၊ - အီဂျစ်ဝန်ကြီး အမင်အိုစမန်နှင့် အခြားဝန်ကြီးများ၊ တရားသူကြီးများ၊ ရဲမင်းကြီးများနှင့် စစ်ဗိုလ်ချုပ်ကြီးများ။ လုပ်ကြံမှု မအောင်မြင်သော ဖြစ်ရပ်များကိုမူ ဤစာရင်းတွင် ဖော်ပြရန်မလိုတော့။ အီရတ်နိုင်ငံတွင် အာဏာသိမ်းမှု လေးကြိမ်ပေါ်ပေါက်ခဲ့သည်။ ဂျော်ဒန်နိုင်ငံတွင် လစဉ် ပုံမှန်နှုန်းဖြင့် ဝန်ကြီးချုပ်များ ပြောင်းလဲခန့်ထားခဲ့သည်။

ထို့ပြင် အကျင့်ပျက်ဖောက်ပြန်နေသော အီဂျစ်နိုင်ငံ ဖရောက်ဘုရင်အား စစ်ဗိုလ် တစ်စုကတော်လှန်ကာ နန်းချခဲ့သည်။ (ဖရောက်ဘုရင်သည် ပြည်နှင်ဒဏ်ပေးခံရပြီး တိုင်းတစ်ပါးတွင်ပင် ကွယ်လွန်သွားခဲ့ရသည်။)

အဗ္ဗဒူလာဘုရင် လုပ်ကြံခံရပြီးနောက် သားတော်တာလားက ဂျော်ဒန်နိုင်ငံ၏ ဘုရင်ဖြစ်လာသည်။

ဘုရင်တာလားသည် နှစ်ပေါင်းနှစ်ဆယ်ကျော်မျှ ရန်သူ၊ ဂျော်ဒန်နိုင်ငံတွင်

ဖြိတိသျှတို့၏ခြယ်လှယ်မှုကို အဆုံးသတ်စေမည့် မျိုးချစ်ပုဂ္ဂိုလ် အခြားသော အာရပ်ခေါင်းဆောင်များက ချီးကျူးထောမနာပြုခဲ့ကြသည်။

တကယ်သော်ကား ဘုရင်တာလားမှာ စိတ်ရူးပေါက်ဝေဒနာရှင်တစ်ယောက် ဖြစ်နေသည်။ ထို့ကြောင့်လည်း သူ၏ လူငယ်ဘဝသက်တမ်းတစ်ဝက်သည် ဥရောပနိုင်ငံများ ရှိ စိတ်ရောဂါကုဆေးရုံများ၌ ကုန်လွန်ခဲ့ရခြင်းဖြစ်သည်။ နောက်ဆုံး ဂျော်ဒန်ထီးနန်း ဆက်လက်သိမ်းပိုက်ရန် ဆွစ်ဇာလန်နိုင်ငံ စိတ်ရောဂါကုဆေးရုံမှ ပြန်ထွက်လာပြီး နိုင်ငံသို့ ပြန်လာခဲ့သည်။ သို့သော် သူ့ခမျာ နန်းသက်မရှည်ရှာခဲ့။ ဖြိတိသျှနှင့် ကံ တပ်မတော်တို့ကထောက်ခံ၍ ဘုရင်ဖြစ်လာသော်လည်း သူကား ဘုရင်ရာထူးနှင့် ထိုင်း တန်သူမဟုတ်။

ထို့ကြောင့် တပ်မတော်နှင့် ပြည်သူ့လွှတ်တော်တို့အချင်းချင်း လျှို့ဝှက်သဘောတည် ချက်အရ ဘုရင်တာလားကိုနန်းချပြီး တိုင်းပြည်မှ နှင်ထုတ်လိုက်သည်။

ဤသို့ဖြင့် သူ၏နောက်ပိုင်းဘဝတာတစ်လျှောက်လုံး ပြည်ပတွင်သာ နေထိုင်မှု ခဲ့ရသည်။ ပထမတွင် အီဂျစ်နိုင်ငံ၌နေထိုင်ပြီး နောက်ပိုင်းတွင် တူရကီနိုင်ငံ အစွန်အဖျား သက်ဆုံးတိုင် နေထိုင်သွားခဲ့ရသည်။

ဘုရင်တာလားနောက်တွင် သားတော်ကြီးဟူစိန်က ရင်ခွင်ပိုက်ဘုရင်အဖြစ် ရော် ထီးနန်းကို ဆက်ခံသည်။

အယ်လ်အကစာ ဗလီဝတ်ပြုပွဲ၌ လူသတ်သမား၏ သေနတ်ကျည်ဆန်မှ လွတ် မြောက် လာခဲ့သော ဆယ့်ငါးနှစ်အရွယ် ဘုရင်ကလေးသည် သူ့ရင်ဘတ်တွင် တပ်ဆင် ထားသော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များကို ရာဇပလ္လင်ပေါ်တွင် ထိုင်နေရင်းမှ မသိ တစ်ချက်စောင်း ကြည့်လိုက်မိလေသတည်း။

အခန်း (၄)

အဗ္ဗဒူလာဘုရင် လုပ်ကြံခံရသောအချိန်သည် သူပုန်ထရန် အကောင်းဆုံးအချိန်ပင် ဖြစ်သည်။

ဂျော်ဒန်နိုင်ငံ၏ ဖိနှိပ်မှုကြောင့် အနောက်ဘက်ကမ်း ဒုက္ခသည်စခန်းများတွင် ဆူပူထကြွမှုများ ပေါ်ပေါက်လာသည်။ ဆူပူသူများသည် အကြမ်းဖက်ကြသည်။ သတ်ဖြတ် များလည်း မကြာခဏပေါ်ပေါက်သည်။ သို့သော် ဆူပူသူများတွင် တိကျပြတ်သားသော ည်ရွယ်ချက်မရှိ။ သူတို့၏ မျိုသိပ်ထားရသောဒေါသကို ဖော်ထုတ်ပြီး စိတ်သက်သာရာ အောင်လုပ်သည့် သဘောလောက်သာရှိသည်။

တကယ်တော့ ကျွန်တော်တို့အားလုံးကို ဦးဆောင်စည်းရုံးနိုင်သည့် ခေါင်းဆောင် ဆောင်းတစ်ဦး အရေးတကြီးလိုအပ်နေသည်။ ကျွန်တော်က ဖေဖေ့ကိုမျှော်လင့်ထားခဲ့သည်။ အဖေသည် ရှေ့တန်းသို့ထွက်လာပြီး ကျွန်တော်တို့အားလုံးကို မှန်ကန်သော လမ်းညွှန် ခေါင်းဆောင်မှုပေးနိုင်လိမ့်မည်ဟု ကျွန်တော်ယုံကြည်ခဲ့သည်။

သို့သော် ဖေဖေကား ယခင်ကဖေဖေ မဟုတ်တော့ပြီ။ ယခင်ကလို စိတ်ဓာတ်အားမာန် ည့်ဝသောဖေဖေ မဟုတ်တော့ပြီ။ ယခင်ကလို သတ္တိရှိသော၊ မြင့်မြတ်သော၊ ကျွန်တော်၏ နမူနာတင်ရာဖြစ်သည့် ပုဂ္ဂိုလ်ကြီး ဖေဖေ၏ပါးစပ်သည် ယခုအချိန်တွင် လုံးဝပိတ်သွား ပြီး သူ့ရင်ထဲတွင် အရှိန်ပြင်းစွာ တောက်လောင်နေခဲ့သော မီးကြီးသည် ငြိမ်းလုမတတ် အခြေအနေသို့ ရောက်ရှိသွားခဲ့ပြီ။ ဤအတွက်ကြောင့် ကျွန်တော့်အနေဖြင့် ယူကျုံးမရ ဖြစ်မိသည်။ အကြီးအကျယ် စိတ်ဓာတ်ကျမိသည်။

ဆူပူထကြွသော ဒုက္ခသည်များအား ဂျော်ဒန်တပ်မတော်က ရက်ရက်စက်စက်နှိမ်နင်း သောအခါ ဟာဂျီအီဘရာဟင်နှင့် ကြွင်းကျန်နေသော ခေါင်းဆောင်များသည် သူတို့၏ သက်အိုးအိမ်စည်းစိမ်များ မပျက်စီးဖို့ အရေးလောက်ကိုသာ ဦးစားပေး၍လုပ်ဆောင် ကြသည်။ သူတို့သည် လွတ်ရာသို့ထွက်ပြေးရန်နှင့် မိမိတို့ရပ်ရွာသို့ ပြန်သွားရန်လောက် ကိုသာ အမြဲမပြတ် ညည်းညူတမ်းတနေကြတော့သည်။

ယခင်က သူတို့တွင်ရှိခဲ့သော ဂုဏ်သိက္ခာနှင့် စိတ်ဓာတ်အားမာန်တို့မှာ ယခုအခါ ကုန်းကောက်စရာပင် မကျန်ကြတော့။ ဤအတွက် သူတို့အား ကျွန်တော်အထင်သေးမိသည်။ ထင်သေးရုံသာမက မုန်းပင်မုန်းတီးလာမိသည်။

သူတို့သည် ယခုမှ တကယ့်ကို ဒုက္ခ သည်စစ်များ ဖြစ်သွားကြပြီ။ ဂျော်ဒန်သားတို့ပြသမျှနေရသည့် လက်ဝေခံဒုက္ခသည်များ ဖြစ်သွားကြပြီ။

မကြာမီတွင် ဒုက္ခသည်များအတွက် တာဝန်ယူဆောင်ရွက်ရန် ကုလသမဂ္ဂအဖွဲ့ကြီး ဝင်ရောက်လာခဲ့သည်။ ကုလသမဂ္ဂမှစေလွှတ်သော အုပ်ချုပ်ရေးအရာရှိများ၏ မျက်လုံး တွေက အပြာရောင်၊ ဆံပင်တွေက အဝါရောင်။ သူတို့သည် ကျွန်တော်တို့၏ကံကြမ္မာကို ဖန်တီးကြမည့်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ယခုအချိန်တွင် ဂျော်ဒန်သားတို့သည် ကျွန်တော့်ဖေဖေနောက်ကို ကောက်ကောက် ပါအောင်လိုက်၍ ထောက်လှမ်းခြင်း မပြုကြတော့။ ယခုအခါ ဖေဖေ့မှာ တန်ခိုးသတ္တိတွေ မရှိတော့။ ဖေဖေ့ပါးစပ်လည်း ပိတ်သွားခဲ့ပြီ။ ဖေဖေ့လုပ်ရပ်တွေလည်း ရပ်ဆိုင်းသွားခဲ့ပြီး တစ်ချိန်ကမြွေဟောက်ဖြစ်ခဲ့သော ဖေဖေသည် ယခုအခါတစ်ဖြစ်လဲဘဝပြောင်းပြီး ရေ ဖြစ်သွားခဲ့ပြီ။

သို့သော် ဖေဖေ့တွင် အတိတ်လုပ်ရပ်များနှင့် သားဖြစ်သူမီလ်၏ အာဇာနည်လုပ်ရပ် တို့ကြောင့် ဂုဏ်သိက္ခာနှင့် အဆင့်အတန်းတော့ ရှိနေသေးသည်။ ထို့ကြောင့် ကုလသမဂ္ဂက သူ့အား စီမံကိန်းကော်မတီတစ်ခု၏ အုပ်ချုပ်ရေးမှူးအဖြစ် ခန့်လိုက်သည်။ ယင်းကော်မတီ၏ လုပ်ငန်းမှာ ဂျယ်ရီကိုဒေသတွင် စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများ တီထွင်ဖန်တီးရန်ဖြစ် သည်။

ဖေဖေ၏ အရှိန်အဝါကြောင့် ကမယ်လည်း ကုလသမဂ္ဂဒုက္ခသည် ကယ်ဆယ်ရေး အကူအညီအဖွဲ့ ၊ ဆေးဝါးပစ္စည်း ထောက်ပံ့ရေးဌာနတွင် အလုပ်ရသည်။ ကမယ်အဖို့တော့ အလွန်အဆင်ပြေနေတော့သည်။ သူ့အနေဖြင့် ဘာမှလုပ်စရာမရှိ။ သူ့ရုံးခန်းကလေးထဲတွင် တစ်နေကုန်ငိုက်နေပြီး အချိန်တန်၍ သူ့လက်ထောက်စာရေးက ကော်ဖီလာပေးလျှင် ဇိမ်နှင့်သောက်ရန်သာ ဖြစ်သည်။ တကယ်တော့ ကျွန်တော်သည် ကမယ်ကို ဘယ်တုန်းက အထင်မကြီးခဲ့။ ယခုတော့ မောင်မင်းကြီးသား စိုင်ကော်လို့ခြုံပေါ်ရောက်သွားခဲ့ပြီ။

တစ်ချိန်တုန်းက တက်တက်ကြွကြွနှင့် ပျော်ပျော်ရွှင်ရွှင်နေတတ်သော ဖာတမာ လည်း ယခုအချိန်တွင် အက္ကဘက်ဂျဘား အတွေ့အကြုံကြောင့် စိတ်ဓာတ်တွေကျသွားခဲ့ပြီး သူတို့လင်မယားနှစ်ယောက်သည် ကိုယ့်မျက်နှာပေါ်လာ၍ ချေးပါသော ယင်ကောင်ကို မောင်းထုတ်နိုင်လောက်သည့်

အားမာန်ပင်မရှိကြတော့။

သို့သော် ဘယ်လိုပင်ဖြစ်ဖြစ် အနာဂတ်ဘဝက ဖြောင့်တန်းနေသည်။ အသက်ကြီး လာလျှင် ဖခင်မျိုးဆက်လိုက်ပြီး လက်ဖက်ရည်ဆိုင်ဖွင့်မည်။ ကြွေကစားမည်၊ ရေပြွန်တပ် တမာဂူဆောက်မည်၊ တဘားရွာမှစံအိမ်ကြီးတွင် ဇိမ်နှင့်နေမည်။ သူ့သားတွေအရွယ်ရောက် လျှင် ပြောက်ကျားတပ်ထဲဝင်ခိုင်းပြီး ဇီယွန့်ဝါဒီဂျူးတွေထံ ဆုံးရှုံးခဲ့ရသော အခွင့်အရေး များကို ပြန်လည်ရရှိရန် တိုက်ပွဲဝင်ခိုင်းမည်။ ကမယ်၏ ဘဝရည်မှန်းချက်ကား ဤမျှသာ ဖြစ်သည်။

.con အစ်ကို အိုမာကတော့ အံ့ဩစရာပင်ကောင်းသည်။ သူသည် ဂျယ်ရီကိုမြို့တွင်သာ အများဆုံးနေပြီး ဈေးဆိုင်ပိုင်ရှင်တွေထံ မကြာခဏသွားကာ နားပူနားဆာ အလုပ်တောင်း သည်။ နောက်ဆုံး ကုန်ဆုံဆိုင်ရှင်တစ်ယောက်က သူ့ကိုအလုပ်ပေးသည်။

အိုမာသည် အလင်ဘီတံတားကိုဖြတ်ကျော်ရန် စောင့်နေကြသော ယာဉ်တန်းသို့ သွား၍ ကော်ဖီနှင့်သကြားလုံးများရောင်းခြင်းဖြင့် သူ့အလုပ်ကို တိုးချဲ့သည်။ ပြီးတော့ ကုန်တင်ကား ဒရိုင်ဘာများအတွက် လက်တိုလက်တောင်း ခိုင်းစေသူအဖြစ်လည်းလုပ် သည်။ နောက်ဆုံးကျတော့ သူ့ကိုယ်ပိုင် စာပို့အလုပ်ကို တီထွင်လုပ်ကိုင်သည်။

ဒုက္ခသည်စခန်းများသို့ စာပို့ရသောလုပ်ငန်းမှာ တော်တော်မလွယ်သောလုပ်ငန်း ဖြစ်သည်။ ထို့ကြောင့် စာတိုက်မှ လုံးဝလာ၍မပို့။ ကိုယ့်ထံသို့ စာရောက်စရာရှိလျှင် စာတိုက်သို့ ကလေးတစ်ယောက်စေလွှတ်ရသည်။ သို့သော် စာတိုက်သို့သွားယူ၍လည်း စာကို လွယ်လွယ်နှင့်ရနိုင်သည်မဟုတ်။ စာတစ်စောင်အတွက် နာရီပေါင်းများစွာ တန်းစီ ရတတ်သည်။ တစ်နေကုန် တန်းစီးနေရပြီးတော့မှ ဘာစာမှမရခဲ့ဘဲ ပြန်လာခဲ့ကြရသည့် အဖြစ်မျိုးလည်း မကြာခဏကြုံရတတ်သည်။

ထို့ကြောင့် လာဘ်မြင်သော အိုမာက သူ့ဘာသာသူ စာပို့လုလင်လုပ်သည်။ သုက စာတစ်စောင်အတွက် ပဲနီဝက်ယူပြီး ပါဆယ်တစ်ထုပ်အတွက် တစ်ပဲနီယူသည်။ ဤအလုပ်သည် မလွယ်လှပါ။ အဘယ်ကြောင့်ဆိုသော် ဒုက္ခသည်စခန်းများရှိ ရွှံ့အိမ်များမှာ အိမ်နံပါတ်မရှိ၍ အိုမာအနေဖြင့် မိသားစုများ၊

မျိုးနွယ်စုများနှင့် လူမျိုးစုများ၏ နေရပ် ' လိပ်စာကိုမှတ်မိအောင်
မနည်းကြိုးစားရသောကြောင့် ဖြစ်သည်။

ဖေဖေ့အနေဖြင့် ကုလသမဂ္ဂကယ်ဆယ်ရေးအဖွဲ့တွင် အရေးပါသော ရာထူးတစ်ခု ရသောကြောင့် ကျွန်တော်တို့မိသားစုအတွက် ရာရှင်ပစ္စည်းများနှင့် အခြားအခွင့်အရေးများ ရရှိလာသည်။ ထို့ပြင် ကမယ်နှင့် အိုမာတို့ကလည်း အလုပ်လုပ်နေကြပြီဖြစ်၍ ကျွန်တော်တို့ မိသားစုဝင်ငွေတိုးလာသည်။

"ဆာဘာရီသည် ဗုက်ထားသောသေနတ်များကို ခိုးယူရောင်းချပြီးနောက် ပိုက်ဆံ ယူ၍ ထွက်ပြေးသွားသည်" ဟူသောသတင်း ထွက်ပေါ်လာသည်။

ဤသတင်း၏ အဖြစ်မှန်ကို နာဒါနှင့် ကျွန်တော်တို့နှစ်ယောက်သာ သိကြ၏။ ကျွန်တော်တို့မောင်နှမနှစ်ယောက်၏ အသက်နှင့်ရင်း၍ သစ္စာဆိုခဲ့ရသောကိစ္စကြီး မဟုတ် ပါလား။

လောလောဆယ်တွင် ကျွန်တော့်မှာ ဘာအလုပ်မှမရှိ။ ကျွန်တော် ဘာလုပ်ရပါမည် နည်း။ ကျွန်တော်က ဘာမှမလုပ်ဘဲ အလကားထိုင်မနေချင်။

ထို့ကြောင့် ကျွန်တော်သည် "သွေးဆောင်တောင်" ပေါ်တွင် နာဒါအား တိတ်တိတ် ကလေးစာသင်ပေးသည်။ အိုမာ၏ စာပို့လုပ်ငန်းတွင်လည်း ဝင်ကူလုပ်ကိုင်ပေးသည်။ အားနေသည့်အချိန်များတွင် ပါမောက္ခနုရီမူဒီ၏ ရုံးခန်းသို့သွား၍ အလုပ်တစ်ခုခု ရလိုရငြား စနည်းနာသည်။

သို့သော် ဤရက်များတွင် ဆရာကြီးမှာလည်း အလုပ်မရှိသလောက်ဖြစ်သည်။ လောလောဆယ်တွင် သူသည် ရှေးဟောင်းသုတေသန စာတမ်းတစ်စောင် ပြုစုနေသည်။ ယင်းစာတမ်းမှာ ပညာရပ်စာတမ်းဖြစ်၍ အလွန်ခက်ခဲသောကြောင့် ကျွန်တော့်အနေဖြင့် ဘာမှ ကူညီလုပ်ပေးနိုင်စရာမရှိပါ။

ကျွန်တော့်အတွက် အလုပ်ကလေးတစ်ခုခုတော့ရပါစေဟု ကျွန်တော် မကြာခင် ဆုတောင်းသည်။ ကျွန်တော့်ဆုတောင်းပြည့်ပါသည်။ အက္ကဘက်ဂျဘားတွင် လူသိများ အတွက် စာသင်ကျောင်းဖွင့်မည်ဟူ၍ သိရသောအခါ ကျွန်တော် ဘယ်လောက်အထိ ဝမ်းသာလိမ့်မည်ဆိုသည်ကို

စာဖတ်သူ တွေး၍သာကြည့်ပါတော့။

ကျောင်းသားဦးရေက သုံးရာတိတိသာ လက်ခံမည်တဲ့။ ပညာသင်အရွယ် လူငယ် ပေါင်းက ထောင်ပေါင်းစွာရှိနေသည်။ သို့သော်လည်း ကျွန်တော်တော့ တက်ခွင့်ရမည် ဆိုသည်ကို ကျွန်တော်အတပ်သိသည်။ လူမျိုးစုအကြီးအကဲများ၊ ရပ်ရွာခေါင်းဆောင်များနှင့် ကုလသမဂ္ဂကယ်ဆယ်ရေးအဖွဲ့ အရာရှိများ၏ သားများကိုသာ ဦးစားပေးလက်ခံသည် မဟုတ်ပါလော။

ညီနောင်သားရင်း ဒုက္ခသည်များကိုကူညီရန်ဆိုကာ အာရပ်နိုင်ငံတိုင်းက လူယုံ ပါလက်စတိုင်းသား ကိုယ်စားလှယ်များကို လခပေး၍ခန့်ထားသည်။ သို့သော် စင်စစ် သော်ကား ယင်းကိုယ်စားလှယ်များသည် ဒုက္ခသည်များ အကျိုးထက် ၎င်းတို့အား လခ ထားသော နိုင်ငံအကျိုးကိုသာ အဓိကထား၍ ဆောင်ရွက်ကြသည်။

ဒေါက်တာ မိုဟမ္မက်၊ ကော၊ မိုဟမ္မက်သည် စစ်မဖြစ်မီ အထက်တန်းလွှာများ အစုလိုက်အပြုံလိုက် ထွက်ပြေးကြစဉ်ကပင် ဂျက်ဖာမြို့မှထွက်ပြေးလာခဲ့သော နာမည်ကျော် သမားတော်ကြီးတစ်ဦးဖြစ်သည်။ ဒုက္ခသည်စခန်းများတွင် ပညာတတ်ပုဂ္ဂိုလ်များ အလွန် ရှားပါးသောကြောင့် အထွေထွေဆရာဝန် သွားဆရာဝန်၊ ရှေ့နေနှင့် ကျောင်းဆရာ စသည့်ပညာရှင်များကို အလွန်လိုလားကြသည်။ အလွန်လေးစားကြသည်။

ဒေါက်တာ မိုဟမ္မက်သည် အလွန်အကင်းပါးသော နိုင်ငံရေးသမားတစ်ယောက် လည်း ဖြစ်သည်။ သူသည် သူ၏ဆေးပညာရှင်ဂုဏ်သိက္ခာကို ခြေနင်းခုံလုပ်ပြီး "ပါလက် စတိုင်းဒုက္ခသည်များကူညီရေးအသင်း" ကို ကိုင်ရိုမြို့တွင်တည်ထောင်သည်။ ဖရောက် ဘုရင်ကိုဖြုတ်ချသော ခေတ်ပြောင်းတော်လှန်ရေး ပေါ်ပေါက်လာသောအခါ ဒေါက်တာ မိုဟာမ္မက်သည် သူ့အသင်းကိုရော သူ့ပညာကိုပါ လိုအပ်သလိုအသုံးချရန် တော်လှန်ရေး အစိုးရသို့ ပေးအပ်သည်။

အီဂျစ်တော်လှန်ရေးအစိုးရအဖွဲ့ သည် ဒေါက်တာမိုဟမ္မက်ထံမှ အနာဂတ်တွင် ရရှိ လာနိုင်မည့် အကျိုးအမြတ်ကို မြင်သောကြောင့် ဒေါက်တာမိုဟမ္မက်အား ဒုက္ခသည်များ ၏ စစ်မှန်သောခေါင်းဆောင်ကြီးအဖြစ် နိုင်ငံရေးစစ်ပွဲတပ်ဦးသို့ တွန်းပို့လိုက်သည်။

အီဂျစ်နိုင်ငံသည် ဂျူးတို့နှင့်စစ်ဖြစ်ရာတွင် ဆုံးရှုံးနစ်နာမှုတွေ အမြောက်အမြား ရှိခဲ့သည့်တိုင်အောင် အာရပ်နိုင်ငံများအထဲတွင်တော့ ဩဇာအာဏာအရှိဆုံးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေနိုင်သေးသည်။ ပါလက်စတိုင်းနယ်မြေတွင် အီဂျစ်နိုင်ငံအနေဖြင့် ဩဇာထိရောက်မှုအရှိဆုံးမှာ ဂါဇာကမ်းမြောင်ဒေသဖြစ်သည်။

ထိုဒေသတွင် စစ်ပြေးဒုက္ခသည်ပေါင်းတစ်သိန်းခန့်ရှိသည်။ သို့သော်လည်း အီဂျစ် နိုင်ငံသည် ဆီးရီးယားနှင့် အီရတ်နိုင်ငံများနှင့်အပြိုင် ကွယ်လွန်သူ အဗ္ဗဒူလာဘုရင်၏ အနောက်ဘက်ကမ်းမှနယ်မြေကို အပိုင်စီးရန် မျက်ခြည်မပြတ် အကွက်ချောင်းနေသည်။

ဂျယ်ရီကို ဒုက္ခသည်စခန်းတွင် ကလေးသူငယ်များအတွက် စာသင်ကျောင်းတည် ထောင်ရန် အမေရိကန်စေတနာရှင်တစ်ဦး ရောက်လာသောအခါ ဒေါက်တာမိုဟမ္မက်သည် ရန်ပုံငွေလက်ခံရေးအဖွဲ့တွင် ခေါင်းဆောင်ဖြစ်သည်။ သူသည် ရန်ပုံငွေများကို ကစ်ယူနိုင်ရန် ရည်ရွယ်ပြီး သူ၏ဒုက္ခသည်များကူညီရေးအသင်းကိုလည်း ကုလသမဂ္ဂကယ်ဆယ်ရေး အဖွဲ့ လက်အောက်သို့ လိမ္မာပါးနပ်စွာဖြင့် လွှဲပြောင်းပေးလိုက်သည်။ ဤတွင် အီဂျစ်နိုင်ငံ အနေဖြင့် ခြေကုပ်ယူရန် အခွင့်ကောင်းပေါ်လာသည်။

ကျွန်တော်တို့စခန်းနှင့် အိန်အက်စ်စူလတန် စခန်းအကြားရှိ တာလမ်းမကြီးဘေးတွင် ကျောင်းတစ်ကျောင်း ဆောက်လုပ်လိုက်သည်။ ကျောင်းနာမည်ကို “ဝါဒီဘက်ကား” ၏ မည့်ခေါ်သည်။ ခရစ်နှစ် (၇၁၁) တွင် အာရပ်တို့က ဗီစီဂေါ့သပ်လူမျိုးတို့အား အောင်ပွဲခံခဲ့သောတိုက်ပွဲကို ဂုဏ်ပြုမှည့်ခေါ်ခြင်းဖြစ်သည်။

ဒေါက်တာမိုဟမ္မက်သည် လိင်စိတ်နှစ်မျိုးရှိသော ပုဂ္ဂိုလ်ဖြစ်သည်ဟူသောအချက် Eုဘိုင်းသိသော လျှို့ဝှက်ချက်ဖြစ်သည်။ သူ့ မိန်းမနှင့် သားသမီးများသည် အလက် ရီးယားမြို့ရှိ စံအိမ်ကြီးတွင်ကြေသည်။ သို့သော် ဒေါက်တာမိုဟမ္မက်သည် သူ့ မိသားစု ဆက် ယောက်ျားအဖော်အပေါင်းများနှင့်သာ အများဆုံးဆက်ဆံနေထိုင်လေ့ရှိသည်။

ဒေါက်တာမိုဟမ္မက်သည် ဥပဓိရုပ်ကောင်းသောပုဂ္ဂိုလ် ဖြစ်သည်။

နှုတ်ခမ်းမွေး ဆောင်းကောင်းနှင့် မျက်နှာတည်သည်။ အကောင်းဆုံး အနောက်တိုင်းဝတ်စုံကို ဝတ်သည်။ အသက်ကငါးဆယ်ခန့်၊ ကိုယ်လုံးကိုယ်ပေါက်က သာမန်အချိုးအစားအတိုင်း။ သို့သော် ရုပ်သွင်ကအလွန်တက်ကြွသည်။ အာဝဇ္ဇန်းလည်း အလွန်ကောင်းသည်။ ဝါဒီဘက်ကား ကြောင်း တည်ထောင်နိုင်ခြင်းသည် သူ၏ ပုဂ္ဂလိကအောင်မြင်မှုပင်ဖြစ်သည်။ ထိုကျောင်း ကို သူကိုယ်တိုင် ကြီးကျယ်ခမ်းနားစွာဖွင့်သည်။ / ကျောင်းဖွင့်ပြီးသော်လည်း အရည်အချင်းရှိသော ကျောင်းဆရာ အလွန်ရှားသည်။ သော်လည်း ဒေါက်တာမိုဟမ္မက်ကတော့ ရနိုင်သည်ဟုယုံကြည်သည်။ ပါလက်စတိုင်း ကွသည်အဖြစ် ဟန်ဆောင်လာသော မွတ်စလင်ညီနောင်များ အဖွဲ့ဝင်များသည် အနောက် က်ကမ်းမှ ဒုက္ခသည်စခန်းများသို့ မသိမသာ စိမ့်ဝင်ရောက်ရှိနေကြသည်။ အများစုမှာ ကျမ်းစာသင်ဆရာများဖြစ်၍ ကိုရန်ကျမ်းကိုတတ်ကျွမ်းကြသည်။ ကိုရန်ကျမ်းသည် ကျွန်တော် တို့၏ အခြေခံပညာသင်ကြားရေးတွင် အခရာဖြစ်သည်။

ကျွန်တော်သည် အချိန်ပိုင်းဆရာအဖြစ် ဆောင်ရွက်ရသော အတော်ဆုံး အထက် တန်း ကျောင်းသားဆယ်ယောက်တွင် တစ်ယောက်အပါအဝင်ဖြစ်သည်။

ကျွန်တော်တို့သင်ယူရသော သမိုင်းနှင့် ပထဝီစာအုပ်များမှ မြေပုံများတွင် အစ္စရေး နိုင်ငံကို လုံးဝဖော်ပြထားခြင်းမရှိ။ “အစ္စရေး”ဟူသော စကားလုံးကို စကားစပ်၍ သုံးနှုန်း ဆိုလျှင်လည်း ရှုတ်ချပုတ်ခတ်၍သာ အမြဲတမ်းပြောဆိုသည်။ ခါနာန်ဒေသည် အာရပ်လူမျိုးများပိုင်ဖြစ်ကြောင်း၊ အာရပ်တို့ထံမှ ယောရှုက ခိုးယူသွားခြင်းဖြစ်ကြောင်း သင်ကြားရသည်။ ပါလက်စတိုင်းဒေသသည် နှစ်ပေါင်းလေးထောင်တိတိ ခိုးရာပါနယ်မြေ ဒစ်ခဲ့သည်။

“ခရုဆိတ်” နယ်ချဲ့သားတို့အား မောင်းထုတ်ရန် အစ္စလာမ်ဘာသာ ပေါ်ထွန်းလာ ပြီးနောက် တူရကီအော်တိုမန်တို့သည် အစ္စလာမ်ဘာသာကို အယူတလွဲဖြင့် အားနည်း အောင်လုပ်ခဲ့ကြသည်။ ကမ္ဘာ့ခေါင်းဆောင်များအဖြစ် ထင်ရှားခဲ့သော အာရပ်လူမျိုးများ အခန်းကဏ္ဍကို သေးသိမ်သွားအောင် ဖျက်ဆီးခဲ့ကြသည်။

နောက်ပိုင်းတွင် ဗြိတိသျှတို့က ဂျူးလူမျိုးတို့အား ၎င်းတို့၏ နယ်ချဲ့

ရှေ့တော်ပြေး ကိုယ်စားလှယ်များအဖြစ် ပါလက်စတိုင်းသို့ ခေါ်သွင်းလာခဲ့ကြသည်။ ဂျူးတို့က မိစ္ဆာ နတ်ဆိုးနှင့် ချုပ်ဆိုခဲ့သည့်စာချုပ်အရ ပါလက်စတိုင်းကို ဆက်လက်ဖျက်ဆီးခဲ့ကြသည်။

အာရပ်လူမျိုးတို့ ရှုံးနိမ့်ရသော ကပ်ဆိုးပေါင်းများစွာအတွက် အာရပ်လူမျိုးတွင် " ဘယ်တော့မှ တာဝန်မရှိ။ ကျွန်တော်တို့ တိုက်ပွဲတစ်ပွဲရှုံးနိမ့်လျှင် ယင်းမှာ ကျွန်တော်တို့သည် တကယ့်စစ်မှန်ပြည့်ဝသော မွတ်စလင်များ မဟုတ်သေးကြောင်း အလ္လာအရှင်မြတ်က သတိပေးခြင်းသာဖြစ်သည်။

အတန်းကလေးများအား သင်္ချာသင်သောအခါတွင် “သင့်တွင် လက်ရှိ ဂျူးအလောင် ကောင် ဆယ်ကောင်ရှိပြီး နောက်ထပ်ခြောက်ကောင်ထပ်သတ်လျှင် စုစုပေါင်း ဂျူးအလောင်း ကောင် ဘယ်လောက်ရှိမည်နည်း”ဟူသော ပုစ္ဆာများဖြင့် အပေါင်းနှင့်အနုတ်ကို သင်ကြား ပေးသည်။ အတန်းကြီးများတွင် အမြှောက်နှင့် အစားကို သင်ပေးရာ၌လည်း အလားတူ ပုစ္ဆာများကို ခက်ခဲစွာ မေးလေ့ရှိသည်။

စာသင်ခန်းတိုင်းတွင် နံရံများ၌ ကျောင်းသားများကိုယ်တိုင် ရေးဆွဲသော ပန်းချီ များ ကပ်ထားသည်။ ပန်းချီပုံအားလုံးလိုလိုပင် နှာခေါင်းကောက်ကောက်နှင့် သွေးဆာ နေသော ဂျူးတွေက အာရပ်လူမျိုးကလေးတွေကို ခြေလက်ဖြတ်၍သတ်နေကြပုံ၊ ဂျူး လေယာဉ်ပျံတွေက အာရပ်ဒုက္ခသည်စခန်းများကို ဗုံးကြဲဖျက်ဆီးနေကြပုံ အာရပ်ပြောက် ကျား စစ်တပ်သားတွေက ဂျူးတွေကို လှံစွပ်နှင့်ထိုးသတ်နေကြပုံ မတရားသဖြင့် စီးပွား ရှာ၍ရသော ပိုက်ဆံတွေကို အိတ်အပြည့်ထည့်လာသည့် ဂျူးများအား အာရပ်ပြောက်ကာ များက ဖမ်းဆီးနေကြပုံ၊ သူရဲဘောကြောင်ပြီး ထွက်ပြေးသောဂျူးတွေကို အာရပ်ပြောက် ကျားတွေက လိုက်လံဖမ်းဆီးနေကြပုံ၊ တဲလ်အဗစ်မြို့ ရှိ ဂျူးလူမျိုးတို့၏ အရိုးစုပုံကြီး ပေါ်တွင် အာရပ်ပြောက်ကျားတပ်သားများ ရပ်နေကြပုံနှင့် ပြောက်ကျားများက ကလေးငယ် များအား ဇာတိမာန်ကဗျာများ ရွတ်ပြနေကြပုံများဖြစ်သည်။

ကျောင်းသားများသည် ရံဖန်ရံခါ ပန်းပွင့်တဲအိမ်၊ ရေတွင်း၊ သစ်ပင်၊ ငှက်နှင့် ကိရဏ္ဍာန်ပုံများကိုလည်း ရေးဆွဲကြသည်။ သို့သော် ယင်းပုံများကို အားမပေး၊ ဆုလည်း ဘယ်တော့မှမရ။

လစဉ်ကဗျာပြိုင်ပွဲလည်း ပြုလုပ်လေ့ရှိသည်။ အကြောင်းအရာကတော့ ဘယ်တော့ မပြောင်း။

ဂျူးဆိုတာ ကမ္ဘာ့လူသတ်သမား၊ သူ့လက်ချက်ကြောင့်၊ ကလေးတွေ၊ သစ်ပင်တွေ၊ ငှက်တွေ သေလို့သွား။ ဆင်းရဲသားတိုင်း ငိုကြွေးကြ၊ သူတို့အိမ်တွေ ဖျက်ဆီးခံရ၊ တစ်ကမ္ဘာလုံးကပြန်ချမည်။

အတန်းကြီးလာလေလေ၊ စကားလုံးများက ပို၍ ရင့်သီးပြင်းထန်လာလေလေ ဖြစ်သည်။ ငါ့ကိုရိုက်ပါ ကျာပွတ်နဲ့၊ ကြာပွတ်တွေ အများကြီးယူလာခဲ့၊ လူသတ်ကောင်တွေ အများကြီးခေါ်လာခဲ့၊ ထောင်သောင်းချီ၍ ခေါ်လာခဲ့။ အရေကွာအောင် ငါ့ကိုရိုက်၊ ဒဏ်ရာတွေ ဆားနဲ့ ပွတ်တိုက်၊ ဒဏ်ရာဟောင်းရော ဒဏ်ရာသစ်ရော တိုက်သာတိုက်၊ တိုက်ပွဲခေါ်သံ ပြည်လုံးညံ။ ငါ့သွေးနှင့် ရေးမည်အမှန်။

ကျွန်တော်တို့တွင် နိုင်ငံပေါင်းမျိုးစုံ ကျောင်းသုံးစာအုပ်တွေရှိသည်။ “အီဂျစ်အထက် တန်းကျောင်းသုံးဖတ်စာကို သင်ကြရသည်။

အစ္စရေးမိခင်သို့ အို အစ္စရေးမိခင်၊ သင့်မျက်ရည်ကို သုတ်လေ့။ သဲကန္တာရတွင် သွန်းလောင်းသော၊ သင့်ရင်သွေးတို့၏ သွေးများသည်။ ဆူးပင်မှတစ်ပါး၊ ဘယ်အပင်ကိုမျှ ရှင်သန်စေလိမ့်မည် မဟုတ်။ အို အစ္စရေးမိခင်၊ သင့်သွေးကို သုတ်လေ့။ သဲကန္တာရကို သနားပါ၊ ညစ်ညမ်းသော၊ သင့်သွေးနှင့်၊ မစွန်းထင်းစေရာ။ အို အစ္စရေးမိခင်၊ သင့်ရင်သွေးတို့၏ အလောင်းများကို ဖယ်ရှားလေ့၊ သူတို့ ၏ အသားကြောင့်၊ ကျီးအ,များ ဗိုက်နာကြလိမ့်မည်။ သူတို့၏ အပုပ်နံ့ကြောင့်၊ အော့အန်ကြလိမ့်မည်။ အို ... အစ္စရေးမိခင်၊ ငိုချင်သလောက် ငိုလေ့၊ ဂျူးတို့၏အိမ်တိုင်းသည် အသုဘအိမ်များ ဖြစ်စေသတည်း။

ဂျူးတို့အား အသက်နှင့်လဲ၍ အပြုတ်တိုက်မည်ဟူ သော ကြွေးကြော်သံများကို လည်း စာသင်ခန်းနံရံတိုင်းတွင် အပြည့်ကပ်ထားကြသည်။

ကျောင်းသားအချင်းချင်း ရယ်စရာမောစရာများ ပြောကြသောအခါတွင်လည်း ... “ဟော့... ဗောက်စ်ဝက်ဂွန်းကားတစ်စီးမှာ ဂျူး ဘယ်နှစ်ယောက်ဆံ့သလဲ”

"သုံးဆယ်ဖြေတယ်ကွ၊ ထိုင်ခုံပေါ်မှာ လေးယောက်၊ ကားခေါင်းခန်းက ဆေးလိပ်ပြာ ပဲ ခွက်ထဲမှာ နှစ်ဆယ့်ခြောက်ယောက်"

ကျွန်တော်တို့၏ ကာယပညာသင်ခန်းစာမှာ စင်စစ် စစ်သင်တန်းပေးခြင်းပင် ဖြစ်သည်။ ကျွန်တော်တို့သည် "သဘာဝလေ့လာမှု" အတွက်ဟုဆိုကာ ကုလသ ကယ်ဆယ်ရေးအဖွဲ့ စည်းကမ်းအရ ခရီးရှည်လမ်းလျှောက်ထွက်ကြရသည်။ ပြောက်ကား တပ်သားများ၏ လျှို့ဝှက်စစ်ရေးလေ့ကျင့်ရေး စခန်းများသို့လည်း သွားရောက်လေ့လာ - ရသည်။

ကျွန်တော်တို့သင်ကြားရသော ပညာရပ်များတွင် ကွင်းပြင်၌ စခန်းချခြင်း လမ်းသစ်ရှာဖွေခြင်း၊ လက်ဖြင့်တိုက်ခိုက်ခြင်း၊ ဓားဖြင့်တိုက်ခိုက်ခြင်း၊ သံဆူးကြိုးအောက်မှ ကွာဝင်ခြင်း၊ မီးပုံကိုခုန်ကျော်ခြင်း၊ လက်ပစ်ဗုံးပစ်ခြင်းနှင့် သတ္တိကိုစမ်းသည့်သဘောဖြင့် တိရစ္ဆာန်များကို အရှင်လတ်လတ် သတ်ဖြတ်ခြင်းတို့ ဖြစ်သည်။

ကျွန်တော်တို့သည် သေနတ်ကိုင်၍ လေ့ကျင့်ခွင့်ရရန် သူ့ထက်ငါ အပြိုင်အဆိုင် အစွမ်းကုန်ကြိုးစားကြသည်။ သေနတ်ကိုင်၍ လက်တွေ့ပစ်ခွင့်ရသောအခါ ကျွန်တော် တို့မှာ သွေးနားထင်ရောက်ကာ ဝမ်းသာမဆုံးဖြစ်ကြရသည်။ ကျွန်တော်တို့အထဲတွင် ကိုး နှစ်သား ကလေးတစ်ယောက်သည် လက်အဖြောင့်ဆုံးအဖြစ် ဂုဏ်ပြုခံရသည်။

ကျွန်တော်အပါအဝင် အထက်တန်းကျောင်းသား ဆယ်ယောက်တို့အား မွတ်စလင် ညီနောင်များအဖွဲ့ မှ ဘာသာရေးဆရာတစ်ဦးထံ အထူးအခွင့်အရေးအနေဖြင့် အပ်နှံသင် ကြားစေသည်။

ကျွန်တော်တို့၏သင်ခန်းစာမှာ ကိုင်ရိုမြို့၌ပြုလုပ်ခဲ့သော "အစ္စလာမ်ဘာသာ သုတေ သနအကယ်ဒမီညီလာခံ" အကြောင်းဖြစ်သည်။ ထိုညီလာခံသို့ ကမ္ဘာ့နိုင်ငံများမှ ထိပ်တန်း မွတ်စလင်ပညာရှင်များနှင့် အစ္စလာမ်ဘာသာဝင် နိုင်ငံအားလုံးမှ ဘာသာရေးခေါင်းဆောင် များ တက်ရောက်ခဲ့ကြသည်။ အာရပ်နိုင်ငံများမှသာမက တိုဂိုလင်း၊ ရုရှ၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ယူဂိုဆလားဗီးယား၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့မှ ကိုယ်စားလှယ်များလည်း တက် ရောက်ခဲ့ကြသည်။

၎င်းတို့မှာ မဟာမင်းကြီးများ၊ ပါမောက္ခများနှင့် သာသနာရေးဝန်ကြီးများ ဖြစ်ကြ သည်။ သင်ကြားရသောစာများမှာ မိန့်ခွန်းများ၊ ဟောပြောချက်များ၊ သုတေသနစာတမ်း များ၊ ဆွေးနွေးချက်များနှင့် ညီလာခံဆုံးဖြတ်ချက်များဖြစ်သည်။ အားလုံးပင် "အကြောင်း ရပ်ကြီးငါးခု' နှင့် သက်ဆိုင်သည်။

(၁) ဂျူးလူမျိုးများသည် ဘုရားသခင်နှင့် လူသားအားလုံး၏ ရန်သူဖြစ်သည်။ (၂) ဂျူးတို့သည် သမိုင်းစဉ်တစ်လျှောက် မကောင်းမှုများ ကျူးလွန်ခဲ့ကြသည်။

၎င်းတို့၏ ကျမ်းစာတွင် အကျင့်ပျက်မှုများနှင့် ညစ်ညမ်းမှုများဖြင့် ပြည့်နှက်နေသည်။ ဤအချက်သည် ၎င်းတို့ဘာသာ၏ သရုပ်မှန်ကိုဖော်ထုတ်သည်။ ၎င်းတို့၏ ကျန်းမာသည် ဘုရားသခင်၏ ဒေသနာကို ဖျက်ဆီးထားသော မိစ္ဆာဒိဋ္ဌိကျမ်းစာ ဖြစ်သည်။ (၃) ဂျူးတို့သည် ယုတ်မာညစ်ညမ်းကြသည်။ ထို့ကြောင့် တရားဝင် ကိုယ်ပိုင်နိုင်ငံ နှင့် မထိုက်တန်။ (၄) အစ္စရေးနိုင်ငံကို ဖျက်ဆီးပစ်ရမည်။ အဘယ်ကြောင့်ဆိုသော် ထိုနိုင်ငံသည် ဂျူးလူမျိုးတို့၏ သမိုင်းကြောင်းအရ၊ ယဉ်ကျေးမှုအရ အကျင့်ပျက်မှုများကို စုစည်းရာ ဗိမာန်ဖြစ်သောကြောင့်တည်း။ သူတို့၏နိုင်ငံသည် ဘုရားသခင်၏

"အစ္စလာမ်ဗိမာန်"နှင့် လုံးဝဥဿုံကွဲပြားခြားနားသည်။ (၅) အစ္စလာမ်ဘာသာသည် အထက်တန်းကျသည်။ အခြားဘာသာ အားလုံးထက် မြင့်မြတ်သည်။ သမိုင်းစင်တစ်လျှောက်အာရပ်များဆုံးရှုံးခဲ့ခြင်းမှာ မွတ်စလင် တို့၏ သန့်စင်မှုနှင့် ရည်ရွယ်ချက်ခိုင်မာမှုကို သွေးသစ်လောင်းရန် အလ္လာ အရှင်မြတ်က သင်ခန်းစာပေးခြင်းဖြစ်သည်။ မျက်လုံးပြာပြာ၊ ဆံပင်ဝါဝါနှင့် ကုလသမဂ္ဂအရာရှိများကို ကျွန်တော်တို့ တစ်ခါ တစ်ရံမှသာ မြင်ကြရသည်။ သူတို့သည် များသောအားဖြင့် အမှုန်မြို့ရှိ စံအိမ်ကြီးများတွင် သာ ဇိမ်ယစ်နေကြသည်။ စာသင်ကြားမှုမှန်သမျှကို အာရပ်များအား လွှဲအပ်ထားသည်။ ကာ့ဒ်တော်တို့အား ကုလသမဂ္ဂအရာရှိများစစ်ဆေးရန် လာမည်ဆိုလျှင် အမြဲတမ်း ကြို တင် အသိပေးထားသည်။ ကျောင်း၏ လျှို့ဝှက်ချက်လုပ်ရပ်ကြီးကို လူနည်းစုလောက်သာ သိကြသည်။ ကျောင်း၏မြေအောက်ခန်းတွင် လက်နက်ခဲယမ်းမီးကျောက်များ ဝှက်ထား သည်။

ကျွန်တော်တို့ကျောင်း၏ နှစ်ပတ်လည်ပွဲအမီ ဒေါက်တာမိုဟမ္မက်

ပြန်ရောက်လာ ည်။

နှစ်ပတ်လည်ပွဲ အခမ်းအနားကို ကျောင်းဝင်းအတွင်း နေပူထဲမှာပင်ကျင်းပသည်။ ပုဂ္ဂိုလ်ပေါင်းတော်တော်များများက ကျွန်တော်တို့၏ တိုးတက်မှုနှင့် ဆုံးဖြတ်ချက်ခိုင်မာ မှုကို ချီးကျူးပြောကြားသည်။ ကျွန်တော်တို့သည် စိတ်ဓာတ်ရေးရာအားဖြင့် အလွန် တိုးတက်လာသောကြောင့် အနာဂတ်တွင် ပြောက်ကျားတပ်သားကောင်းများ ဖြစ်လာကြ မည်။ ကျွန်တော်တို့၏ ညီအစ်ကိုတော် အာရပ်များသည် ဂျူးမျိုးဖြုတ်ရေးစစ်ပွဲကိုဆင်နွှဲရန် နယ်စပ်တွင် အသင့်စောင့်နေကြသည်။ ကျွန်တော်တို့အနက် များစွာသောလူငယ်များသည် တစ်နေ့တွင် မျိုးချစ်သူရဲကောင်းများ ဖြစ်လာကြလိမ့်မည်။

ဒေါက်တာမိုဟမ္မက် စကားပြောရန် စင်မြင့်ပေါ်သို့ တက်လာသောအချိန်တွင် ကျွန်တော်တို့မှာ ခြစ်ခြစ်တောက်ပူပြင်းသော နေပူရှိန်ကြောင့် မြေနေကြလေပြီ။

ဒေါက်တာမိုဟမ္မက်က လက်သီးဆုပ်ကို အပေါ်မြှောက်ရင်း ...

”ဒီနေ့ဟာ ခရစ်ယာန်ပြက္ခဒိန်အရ နိုဝင်ဘာလနှစ်ရက်နေ့ ဖြစ်တယ်၊ ဒါဟာ ဘာကိုဆိုလိုတယ်ဆိုတာ မောင်တို့သိကြရဲ့လား”

“မသိပါဘူး”

အားလုံးက သံပြိုင်ရေရွတ်လိုက်ကြသည်။ “

”ဒီနေ့ဟာ အာရပ်လူမျိုးတို့ရဲ့ သမိုင်းမှာ မှောင်ကြီးကျတဲ့နေ့ပဲ”

”ဩော်... ဟုတ်လား” အားလုံးက သံပြိုင်ရေရွတ်လိုက်ကြသည်။

“ဒီနေ့ဟာ ဗြိတိသျှနယ်ချဲ့ခွေးတွေက ပါလက်စတိုင်းမှာရှိတဲ့ တို့ ရဲ့ မြင့်မြတ်တဲ့) နယ်မြေတွေကို ဂျူးတွေကိုပေးပြီး တို့ ရဲ့ မွေးရာပါအခွင့်အရေးကို ရောင်းစားပစ်ခဲ့တဲ့နေ့ အားလုံးသံပြိုင် ... “ဩော် ... ဟုတ်လား”

“ဒီနေ့ဟာ နာမည်ဆိုးနဲ့ထင်ရှားတဲ့ “ဘဲလ်ဖိုးကြေညာချက်”ကို သူတို့က ထုတ်ပြန် တဲ့နေ့ပဲ၊ ဘဲလ်ဖိုးကြေညာချက်ကျဆုံးပါစေ”

(ဒေါက်တာမိုဟမ္မက် နောက်ဘက်မှ စင်မြင့်တွင်ထိုင်နေကြသော ကျွန်တော်တို့၏ ဆရာများအားလုံး ထရပ်ပြီး သံပြိုင်အော်လိုက်ကြသည်။

“ဘဲလ်ဖိုးကြေညာချက် ကျဆုံးပါစေ” ကျွန်တော်တို့ အထက်တန်းကျောင်းသားများကလည်း ထိုင်ရာမှ ထရပ်လိုက်

”ဘဲလ်ဖိုးကြေညာချက် ကျဆုံးပါစေ”

ထို့နောက် ဒေါက်တာမိုဟမ္မက်သည် စကားပြောစင်မြင့်ပေါ်မှ ဆင်းလာပြီး ကျွန်တော်တို့ကို တန်းစီခိုင်းသည်။ ပြီးလျှင် သူက ရှေ့ဆုံးမှချီတက်ပြီး ကျွန်တော်တို့က နောက်မှလိုက်ကာ ကျောင်းဝင်းထဲသို့လျှောက်လာရင်း သံပြိုင်ကြွေးကြော်လာခဲ့ကြသည်။ “ဘဲလ်ဖိုးကြေညာချက် ကျဆုံးပါစေ”

ကျောင်းဝင်းအပြင်ရှိ လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်လာသောအခါ ဆိုင်ထဲမှလူများ က ကျွန်တော်တို့နှင့်အတူ တန်းဝင်စီပြီး ကြွေးကြော်ကြသည်။

ဘဲလ်ဖိုးကြေညာချက် ကျဆုံးပါစေ”

ကျွန်တော်တို့သည် တာလမ်းမကြီးပေါ်သို့ ရောက်လာကြသည်။ လမ်းမကြီးပေါ်တွင် မိန်းမများနှင့် ကလေးတွေ ရာပေါင်းများစွာတို့သည် ရေဝေကားအလာကို စောင့်ဆိုင်းရင်း တန်းစီရပ်နေကြသည်။

သူတို့အနီးသို့ ကျွန်တော်တို့ ရောက်လာသောအခါ သူတို့ကလည်း.... “ဘဲလ်ဖိုးကြေညာချက် ကျဆုံးပါစေ”ဟု သံပြိုင်အော်ကြသည်။

ကျွန်တော်တို့ အိန်အက်စ်စူလတန် စခန်းဘက်သို့ ဆက်လက်ချီတက်လာကြသည်။ မိန်းမများနှင့် ကလေးတွေလည်း ကျွန်တော်တို့နောက်မှ တန်းစီလိုက်ပါလာကြသည်။ အဘက်ဂျဘားစခန်းမှ လူတွေလည်း ပြုံးပြီး ထွက်လာကြသည်။ မကြာမီတွင် တာလမ်းမကြီး ပေါ်၌ လူထုပရိသတ်ကြီးဖြင့် ပြည့်နှက်သွားသည်။

“ဘဲလ်ဖိုးကြေညာချက် ကျဆုံးပါစေ”

ကျွန်တော်တို့သည် သီးသန့်နှစ်ထပ်အိမ်ကလေး တစ်အိမ်ရှေ့သို့

ရောက်လာကြ သည်။ ထိုအိမ်မှာ အာမေနီယံလူမျိုး ဖိနပ်ချုပ်ဆရာတိုမာစီယံ၏အိမ်ဖြစ်သည်။ သူသည် ဂျယ်ရီကိုမြို့တွင် တစ်သက်လုံးနေထိုင်လာခဲ့သည်။

"ဘာတွေဖြစ်နေတာလဲဗျ" တိုမာစီယံက လသာဆောင်မှထွက်၍ အော်မေးလိုက်သည်။ "လသာဆောင် ကျဆုံးပါစေ"

လူထုထဲမှ တစ်ယောက်က အော်လိုက်သည်။ ကျန်လူတွေကလည်း လိုက်သော ကြသည်။

"လသာဆောင် ကျဆုံးပါစေ" မြင်းလှည်းဈေးသည်တစ်ဦး ကျွန်တော်တို့ လူစုလူဝေးကြီးကိုမြင်တော့ လမ်းဘေး၊ မောင်းပြေးသည်။ ကျွန်တော်တို့က လိုက်အော်ကြသည်။ "မြင်းလှည်းဈေးသည် ကျဆုံးပါစေ" ထို့နောက်တွင်တော့ ကြွေးကြော်သံများ မိုးမွှန်သွားတော့သည်။ "အဗ္ဗဒူလာအလောင်းကောင် ကျဆုံးပါစေ"

"ကုလသမဂ္ဂကျဆုံးပါစေ"

"အမေရိကန် ရာဇဝတ်ကောင်တွေ ကျဆုံးပါစေ"

ယခုအချိန်တွင် လူထုအုံကြွမှုကြီးကို မွတ်စလင်ညီနောင်များအဖွဲ့က ဦးဆောင် ကဲ၍ လိုက်ပါလာသည်။ အုပ်စုကွဲသွားပြီး တိုမာစီယံ၏အိမ်ကို အတင်းဝင်ရောက် ဒက်ဆီးကြသည်။ တိုမာစီယံကိုလည်း "သစ္စာဖောက်၊ သစ္စာဖောက်"ဟူ၍ သံပြိုင်အော် ကြသည်။

"ဂျီဟတ်... ဂျီဟတ်"

"ဘာသာတော်စစ်... ဘာသာတော်စစ်"

"ဘာမေနီယံတွေ ကျဆုံးပါစေ"

အိန်အက်စ်စုလတန်စခန်းမှ မွတ်စလင်ညီနောင်များအဖွဲ့ဝင် ကျောင်းဆရာတစ် သောက်သည် သူ့နောက်မှ ကျောင်းသားတစ်ရာခန့်နှင့်အတူ ကျွန်တော်တို့ထံသို့ ပြေးလိုက် လာသည်။ ကျွန်တော်တို့ထံသို့ ရောက်သောအခါ

ကျောင်းသားကလေးတွေမှာ အပူရှိန် ကြောင့် ချွေးဒီးဒီးကျပြီး မောဟိုက်နေကြသည်။ ကလေးတစ်ယောက်သည် ရှေ့သို့ ဟပ်ထိုးလဲကျသွားသည်။ ထို့နောက် တစ်ယောက်၊ နောက်ထပ်တစ်ယောက်... ။ မကြာခင်မှာပင် လူတွေ တစ်ယောက်ပြီးတစ်ယောက် တေ ေ နှင့် အန်ကြတော့သည်။

"ဂျူးတွေက ရေစမ်းပေါက်ကို အဆိပ်ခတ်ထားတာ"

"ဂျူးတွေ ကျဆုံးပါစေ" လမ်းမကြီးပေါ်တွင် လူတွေ ဒူးခွေလဲကျပြီး အော့အန်မဆုံးဖြစ်နေသည်။ "ဂျူးတွေ အဆိပ်ခတ်လို့ ဒီလိုဖြစ်တာ"

ရာပေါင်းများစွာသောလူတွေ မြေကြီးပေါ်မှာ ခွေလဲနေကြသည်။ ညည်းသူညည်း၊ အော်သူအော်နှင့် တကယ့်အနိဋ္ဌာရုံမြင်ကွင်းကြီး ဖြစ်နေသည်။

ဂျယ်ရီကိုမှ လခြမ်းနီအသင်းသူနာပြုကားတွေ ရောက်လာသော်လည်း လူဦးရေ နှင့် မမျှသောကြောင့် ထိရောက်ခြင်းမရှိ။ မိန်းမများနှင့်ကလေးများ မူးမေ့နေကြသည်။ ယောကျ်ားတွေက တစ်ယောက်တစ်ပေါက် အော်ကျယ်ဟစ်ကျယ် စကားပြောရင်း သွေးရူး သွေးတန်း ပြေးလိုက်လွှားလိုက်ဖြင့် ပျာယာခတ်နေကြသည်။

လူအုပ်ကြီးနှင့် ပိတ်ဆို့နေသော ကုန်တင်ကားများက ဟွန်းသံတွေတအားပေး ကြသည်။ လူအုပ်ကြီးက ကားတွေကိုဝိုင်းပြီး တွန်းမှောက်ကြသည်။ ဓာတ်ဆီလောင်း၍ မီးတင်ရှို့ကြသည်။ လေထဲတွင် ကျောက်ခဲဒိုးကျည်တွေ တစ်လုံးပြီးတစ်လုံး တဝီဝီနှင့် ပလူပျံနေသည်။ မြေပြင်တွင် အန်ဖတ်နှင့်သွေးများ တစ်သားတည်း ရောနှောသွားကြ လေတော့သည်။

"လသာဆောင် ကျဆုံးပါစေ"

"လသာဆောင် ကျဆုံးပါစေ"

အခန်း (၅)

ကုလသမဂ္ဂကယ်ဆယ်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူးသစ် ပါအိုလဆင်

ကျွန်တော်တို့ တဲအိမ်သို့ ရောက်လာသည့်အချိန်မှစ၍ ဤပုဂ္ဂိုလ်တော့ တခြားဗျူရိုကရက်အရာရှိတွေနှင့် တူလိမ့်မည်မဟုတ်ဟု ကျွန်တော်တို့ ခန့်မှန်းမိကြသည်။ သူက ဒိန်းမတ်လူမျိုး၊ အသက်က ငါးဆယ်ခန့်။ သို့သော် သူသည် အခြားသောကုလသမဂ္ဂအရာရှိများလို မျက်လုံးလည်း မပြာ၊ ဆံပင်လည်းမဝါ။ သူကား ကိန်းကြီးခန်းကြီးမရှိ၊ ယဉ်ကျေးသိမ်မွေ့ပြီး ဆက်ဆံရေး အလွန်ကောင်းသော နိုင်ငံခြားသားတစ်ယောက်ဖြစ်သည်။

ပါအိုလဆင်သည် ကမ္ဘာ့သမိုင်းတွင် သွေးမြေအကျဆုံး ပြည်တွင်းစစ်တစ်ခု အတွင်း နာမည်ကောင်းရရှိခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ ယင်းပြည်တွင်းစစ်မှာ အခြား မဟုတ်။ အိန္ဒိယနိုင်ငံမှ မွတ်စလင်နှင့် ဟိန္ဒူတို့၏ သွေးချောင်းစီးစစ်ပွဲပင် ဖြစ်သည်။ ယင်းစစ်ပွဲကြောင့် အိန္ဒိယနိုင်ငံမှ ပါကစ္စတန်နိုင်ငံကို ခွဲထုတ်လိုက်သောအခါ စစ်ပြေးဒုက္ခ သည်ပေါင် သန်းနှစ်ဆယ်အထိ နေ့ချင်းညချင်း ပေါ်ပေါက်လာခဲ့ရသည်။

ပါအိုလဆင်သည် ယင်းဒုက္ခသည်များအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို စိတ်စေတနာကောင်းဖြင့် အောင်မြင်စွာလုပ်ကိုင်ခဲ့သောကြောင့် နာမည်ကောင်း ရခဲ့ခြင်းဖြစ် သည်။ ယခု သူ့အနေဖြင့် ဂျယ်ရီကိုသို့ရောက်ရှိလာခြင်းမှာ သာမန်ရာထူးအပြောင်းခံရခြင်း ထက် ထူးခြားမှုရှိသည်။

ပါအိုလဆင်သည် သူ့တာဝန်အရ အာရပ်အမျိုးသား လုပ်ဖော်ကိုင်ဖက်များနှင့် အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးသည်။ ဖေဖေသည် ပါအိုလဆင်အား အစကတည်းကပင် သဘောကျမိသည်။

'ဒီလူ သိပ်တော်တဲ့လုပ်ကွယ့်၊ သူဒီလာတာ အထူးတာဝန် ပါလာပုံရတယ်”ဟု ဖေဖေက ကျွန်တော့်ကိုပြောပြသည်။

ယခုအခါ ကျွန်တော့်အသက် ၁၇ နှစ်ပြည့်ပြီဖြစ်၍ အင်္ဂလိပ်စာကိုလည်း ကျွမ်းကျင် ကျင်ကျင် ကက်မြောက်နေပြီ။ ထို့ကြောင့် ဝါဒီဘက်ကားကျောင်းတွင် အချိန်မှန် ဆ လုပ်ရသည့်အပြင် ကစ်ဖက်တွင်လည်း ဖေဖေ၏ စကားပြန်အဖြစ် လုပ်ရသေးသည်။ ထို ကောင့် ဖေဖေနှင့် ပါအိုလဆင်တို့၏ မိတ်ဆွေဘဝဆက်ဆံရေးတွင် ကျွန်တော်လည်း တစ်ပိုင်းတစ်ကဏ္ဍအဖြစ်

အစကတည်းက ပါဝင်လာရခြင်းဖြစ်သည်။

မစ္စတာ ပါအိုလာဆင်သည် သူနှင့် ပူးတွဲလုပ်ကိုင်ရမည့် အမှုထမ်းအင်အားနှင့် အခြေအနေများကို အသေးစိတ်လေ့လာပြီးသည့်နောက်တွင် ကျွန်တော်တို့အိမ်သို့ အလည် ရောက်ရှိလာသည်။

"ဟာဂျီအီဘရာဟင်က အတွေ့အကြုံများတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဆိုတော့ ကျွန်တော့် (အနေနဲ့ ဟာဂျီအီဘရာဟင်ကိုပဲ အားကိုးရမှာပဲ၊ ဒီတော့ ကျွန်တော့်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် အဖြစ် ဆောင်ရွက်စေချင်ပါတယ်" ။

"ကျုပ်က ကုလသမဂ္ဂကခန့်ထားတဲ့ သာမန်အမှုထမ်းတစ်ယောက်ပါ မစ္စတာ အီလဆင်၊ မစ္စတာအိုလဆင်တာဝန်ပေးသမျှ ကျေပွန်အောင် ထမ်းဆောင်ရမှာပါ"

"ကျွန်တော်တို့ ဒီမှာလုပ်စရာတွေ အများကြီးရှိပါတယ်"

သူက အကျီအိတ်ထဲမှ ဆေးပြင်းလိပ်ထုပ်ကိုထုတ်ယူလိုက်ပြီး ဖေဖေ့ကို တစ်လိပ် ကမ်းပေးသည်။ ဆေးပြင်းလိပ်က တော်တော်ရှည်သည်။

"အား ..... တစ်မျိုးကလေးပဲ၊ တော်တော်ကောင်းတယ်"

သူတို့နှစ်ယောက် တော်တော်ကြာကြာ ဆေးလိပ်ဖွာနေကြသည်။ နောက်ဆုံးတွင် ပါအိုလဆင်က ... ။

'ကဲ ... ဆေးလိပ်တော့ တော်တော်ကလေးဖွာပြီးကြပြီ၊ အိမ်ထဲမှာလည်း မီးခိုးတွေ မွန်နေပြီ၊ ဒီအချိန်ကစပြီး အလုပ်စကားပြောကြရအောင်၊ ဒါပေမယ့် ကျွန်တော်က ဟာဂျီ အီဘရာဟင်ကို မိတ်ဆွေတစ်ယောက်အနေနဲ့မပြောဘူး၊ ကျွန်တော့်ကိုကူညီမယ့် ပုဂ္ဂိုလ် တစ်ယောက်အနေနဲ့ပဲ ပြောမယ်"

ဖေဖေက ပြုံးနေသည်။

"ကျွန်တော့်အကြောင်းကို ဟာဂျီအီဘရာဟင် ဘာသိချင်သလဲ၊ သိချင်တာမေးပါ၊ အားနာစရာမရှိပါဘူး"

"မေးစရာမလိုတော့ပါဘူး၊ မစ္စတာအိုလဆင်ရဲ့ တာဝန်နဲ့ ဂုဏ်ထူးတွေအရ

သိရ ပြီးပါပြီ”

“ဒုက္ခသည်ပြဿနာနဲ့ ပတ်သက်လျှင် ကျွန်တော် အိန္ဒိယနဲ့ ပါကစ္စတန်နယ်စပ်မှာ အဆိုးဆုံးအခြေအနေတွေကို မြင်ခဲ့ရပြီးပါပြီ၊ ကျွန်တော် ဒီမှာဘာတွေလုပ်ဖို့ ရည်ရွယ်ထား တယ်ဆိုတာ အသေးစိတ်ပြောပြရဦးမှာလား”

“အိန္ဒိယကို ပါလက်စတိုင်းလို လုပ်နိုင်မလားဆိုတာ အချိန်ကသာပြောပါလိမ့် မယ်”

“ကျွန်တော်ဟာ လူသားတွေရဲ့ ဆင်းရဲဒုက္ခကို အများကြီးမြင်ဖူးခဲ့တယ်၊ လူသား တွေရဲ့ စိတ်ထားယုတ်ညံ့မှုကိုလည်း အများကြီးမြင်ဖူးခဲ့တယ်၊ တိုတိုပြောရရင် ကျွန်တော် ဟာ ချမ်းသာတဲ့မိသားစုက မွေးလာတဲ့လူလည်းမဟုတ်ဘူး၊ ဆင်းရဲတဲ့မိသားစုက မွေးလာ တဲ့လူလည်း မဟုတ်ဘူး၊ ကျွန်တော်ရဲ့ ပထမအိမ်ထောင်ဟာ ဂျူးအမျိုးသမီးပါ၊ ဒါချူး အကျဉ်းစခန်းမှာ နာဇီတွေသတ်လို့ သေသွားတယ်၊ သားသမီးတစ်ယောက်မှ မရခဲ့တာ ကံကောင်းတယ်၊

”အခု ကျွန်တော့်မိန်းမက မွတ်စလင်အမျိုးသမီး၊ သူနာပြုဆရာမ၊ အိန္ဒိယမှာ ကျွန်တော်နဲ့ တွဲလုပ်ခဲ့တယ်၊ ကျွန်တော်တို့မှာ သားသမီးသုံးယောက်ရှိတယ်၊ ဒီတော့လဲ ဟာဂျီအီဘရာဟင်သိတဲ့အတိုင်း ကျွန်တော်ကတော့ လူစုံတစ်ယောက်ပဲ”

”ဆေးပြင်းလိပ်က အလွန်ကောင်းတာပဲ” ဖေဖေက အားရပါးရဖွာရှိုက်နေရင်းမှ ပြောသည်။

ထို့ နောက် နှစ်ယောက်သား စကားမပြောဘဲ အကြာကြီး ငြိမ်သက်နေကြသည်။ ကာလ၊ ဒေသ၊ ယဉ်ကျေးမှုကွာဟချက်နှင့် သံသယစိတ်များကိုဖြေရှင်းရန် ကြိုးစားနေကြ ခြင်းဖြစ်သည်။

အတန်ကြာတော့မှ ဖေဖေက မေးလိုက်သည်။ “အဲဒီတော့ မစ္စတာအိုလဆင်က ဘာလိုချင်တာလဲ၊ ဘာလုပ်ချင်တာလဲ”

“ကျွန်တော့်ကို ဂျယ်ရီကို ကိုလွှတ်တော့ ကျွန်တော်က လိုလိုချင်ချင်ပဲလက်ခံ တယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော့်အနေနဲ့ ဒီမှာ

အထူးလုပ်စရာတွေ ရှိနေတယ် လို့ ယုံကြည်လို့ပဲ၊ ဟာဂျီအီဘရာဟင်သိတဲ့အတိုင်း အပျင်းထူခြင်းနဲ့ စိတ်ဓာတ်ကျခြင်း ဟာ ဒုက္ခသည်တွေရဲ့ အဆိုးရွားဆုံး ကျိန်စာသင့်ခြင်းပဲ၊ ငတ်မွတ်ခြင်းနဲ့ ရောဂါဖြစ်ခြင်း ကို လွယ်လွယ်နဲ့ ဖြေရှင်းလို့ရပါတယ်၊ အဲဒါတွေ အားလုံးပေါင်းလိုက်ရင် ရာဇဝတ်မှုတွေ ပေါ်ပေါက်လာတယ်။ အကြမ်းဖက်မှုတွေ ပေါ်ပေါက်လာတယ်၊ တစ်ဖောက်ကန်း ထင်ရာ စွတ်လုပ်တာတွေ ဖြစ်လာတယ်၊

”ကျွန်တော်ကတော့ မမြင်ရတဲ့ဘုရားသခင်ကို အားမကိုးဘူး၊ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းခြင်း၊ ကိုယ့်ကိုယ်ကိုယ် အားကိုးခြင်းကိုပဲ ယုံကြည်တယ်၊ အခု ကျွန်တော် လာတာဟာ ခင်ဗျားတို့အနေနဲ့ ကိုယ့်ကိုယ်ကိုယ်အားကိုးကြရအောင် ကူညီလုပ်ကိုင်ပေးဖို့ လာတာပါ၊ ဒီက ဒုက္ခသည်တွေ ဒုက္ခဆင်းရဲရောက်နေတာကို ကူညီလုပ်ကိုင်ပေးဖို့လာ တာပါ”

“မစ္စတာ အိုလဆင်က အာရပ်လူမျိုးတွေအကြောင်း ဘယ်လောက်များသိပါသလဲ

”ကျွန်တော် အရူးမဟုတ်ပါဘူး ဟာဂျီအီဘရာဟင်၊ ဒါကြောင့်မို့လို့လည်း ခင်ဗျာ ဆီ ကျွန်တော်လာခဲ့တာပဲ၊ ခင်ဗျားအကြောင်း ကျွန်တော် ပထမဆုံးသိရတာက ဗာတီကန် သာသနာပိုင်မြို့တော်က ဒုက္ခသည်ရေးရာလေ့လာသူ ဘုန်းတော်ကြီးဂရယ်နယ်လီ ပြော ပြလို့သိရတာ၊ ဇူးရစ်မြို့မှာ ခင်ဗျား တစ်ကိုယ်တော်တိုက်ပွဲဝင်ခဲ့တာတွေကို သူက အသေး စိတ်ပြောပြတယ်၊ အဲဒီမှာ ကျွန်တော် ခင်ဗျားနောက်ကြောင်းကို တော်တော်ပြည့်ပြည့် စုံစုံ သိခဲ့ရတာပဲ၊ အဲဒီတော့ ခင်ဗျားဘာပြောချင်သလဲ၊ ကျွန်တော့်မှာ ရန်ပုံငွေအရံ အလောက်ရှိတယ်၊ စီမံကိန်းတွေရှိတယ်”

“ကျုပ် ပထမဆုံးအကြံပေးချင်တာကတော့ ဖြည်းဖြည်းပဲလုပ်ပါ၊ ဖြည်းဖြည်း လုပ်ပါ၊ သိပ်ပြီးဇောမကြီးပါနဲ့ မစ္စတာအိုလဆင်”

မစ္စတာအိုလဆင်နှင့် ကုလသမဂ္ဂကယ်ဆယ်ရေးအဖွဲ့တို့၏ တွန်းအားကြောင့် ဖေဖေသည် စိတ်ဓာတ်တွေ တော်တော်တက်ကြွလာပုံရသည်။ မကြာမီမှာပင် ဂျယ်ရီ မြစ်ဝှမ်းဒေသ၌ တူသံဆောက်သံများ ပေါ်ထွက်လာသည်။

စုစုပေါင်း စာသင်ကျောင်းခြောက်ကျောင်း ဆောက်လုပ်သည်။ မိန်းကျောင်းက နှစ်ကျောင်း၊ ယောကျ်ားလေးကျောင်းက လေးကျောင်း။ ဖ ထို့ပြင် ... ကျန်းမာရေးဆေးခန်း၊ ငှက်ဖျားရောဂါနှိမ်နင်းရေးဌာနနှ ရေသန့်စင်

” အဟာရချို့တဲ့သော ကလေးသူငယ်များအား အာဟာရဖြည့်တင်းရေးဌာနများ ညချင်း ပေါ်ပေါက်လာသည်။ တာလမ်းမကြီးတစ်လျှောက်တွင် ဗလီ၊ သားသတ်ရုံ၊ ဆိုင်၊ ရဲစခန်း၊ ကုန်လှောင်ရုံ၊ ကုန်စည်ဖြန့်ဖြူးရေးဌာနနှင့် သယ်ယူပို့ဆောင်ရေးဌာန မှာ အစီအရီပေါ်ပေါက်လာသည်။

ကျွန်တော်တို့၏ အခြေအနေသည် နေ့ချင်းညချင်းပြောင်းလဲသွားသည်။ ထိုင်းမှိုင်း ဝေနေသည့်ဘဝမှ တက်ကြွနိုးကြားသည့်ဘဝသို့ ရောက်လာသည်။ သေရာမှပြန်ရှင် လာသည်ဟုပင် ဆိုနိုင်လောက်သည်။

မစ္စတာ ပါအိုလဆင်သည် ဖေဖေ့ကို အောင်သွယ်လုပ်ကာ လူမျိုးစုအကြီးအကဲများ ရပ်ရွာခေါင်းဆောင်များအား အောင်မြင်စွာ စည်းရုံးသိမ်းသွင်းနိုင်ခဲ့လေသည်။

မစ္စတာအိုလဆင် ရောက်လာပြီးနောက် ခြောက်လခန့်အကြာ တစ်ညနေတွင် ဒေဖေနှင့် ကျွန်တော်တော်တို့ သူ့ရုံးခန်းထဲသို့ ရောက်ရှိနေကြလေသည်။ ကျွန်တော်တို့ ယောက်သား ဆေးပြင်းလိပ်သောက်ရင်း ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြရာမှ စ္စတာအိုလဆင်က သူ့စားပွဲအံဆွဲကို ဖွင့်လိုက်ပြီးနောက်...

”ဟောဒီမှာ ဒုက္ခသည်များ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဒီစီမံကိန်း အောင်မြင်ရေး အတွက် ကျွန်တော့်ကို လုံးဝ တာဝန်ပေးအပ်လိုက်တယ် စက်ရုံတွေ၊ သတ္တုတွင်းတွေ၊ က်မှုလုပ်ငန်းနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေအတွက် စီမံကိန်း အတိအကျရေးဆွဲထားတယ်၊ စီမံကိန်းအောင်မြင်ရင် အနောက်ဘက်ကမ်း ဒေသတစ်ခုလုံးပါ အများကြီးတိုးတက် သွားမယ်”

`အဲဒါတွေအားလုံးအတွက် ပိုက်ဆံတွေအများကြီးကုန်မှာပေါ့”

”ဒါပေါ့၊ ကုန်မှာပဲ၊ ဒါပေမယ့် ငါးနှစ်အတွင်းပြန်ပြီးကျေနိုင်တယ်”

'ငါးနှစ်ကြီးတောင် စောင့်ရမှာလား”

”ခင်ဗျားပဲပြောတာပဲ၊ ဖြည်းဖြည်းလုပ်ပါဆို”

“ဟုတ်ပါတယ်၊ ဖြည်းဖြည်းပဲလုပ်ရမှာပါ၊ ဒီဒေသမှာက အရာရာတိုင်း ဖြည်းဖြည်းပဲ စခန်းသွားနေတယ်။ ကျွန်တော်တို့က အပြင်ကလာတဲ့ အထူးအဆန်းတွေနဲ့ အကျွမ်းဝင် သေးဘူး၊ ဒါပေမယ့် အရင်းအောင် ငါးနှစ်အထိ စောင့်ရမယ်လို့ ခင်ဗျားက ပြောတယ်၊ ကျွန်တော်တို့က ဂျယ်ရီကိုမှာ တစ်သက်လုံးနေသွားဖို့ မရည်ရွယ်ဘူး”

“ဘယ်လောက်ပဲနေနေ၊ နေသလောက်တော့ အကျိုးရှိမှာပေါ့၊ ဒီဒေသမှာ လုပ်ငန်း ကိုင်ငန်းတွေပေါ်လာရင် ရေရှည်အတွက် အများကြီး အကျိုးရှိနိုင်တယ်၊ ခင်ဗျားတို့ မနေ ချင်လို့ ပြောင်းသွားရင်လည်း တခြားလူတွေလာကြမှာပါ”

“ဒီကလူတွေကို နားလည်လက်ခံအောင်ရှင်းပြဖို့ မလွယ်ဘူးထင်တယ် မစ္စတာအို လဆင်”

“ဒါဆိုလျှင် ခင်ဗျားက ဒီစီမံကိန်းကို လက်မခံနိုင်ဘူးဆိုပါတော့”

“ကျွန်တော်ဟာ ဂျူးတွေနဲ့ ဘေးချင်းကပ်ပြီး အကြာကြီးနေလာခဲ့တယ်၊ သူတို့ ဘာတွေလုပ်နေတယ်ဆိုတာ ကျွန်တော်တို့လူမျိုးတွေ နားမလည်ကြဘူး၊ ကျွန်တော်တို့ကလဲ လက်ရှိဘဝအတိုင်း ရိုးရိုးအေးအေးပဲ နေချင်ကြတယ်၊ ဒါပေမယ့် ဆော်ဒီလူမျိုးတွေကတော် အမှန်ပဲ”

သူတို့ကိုယ်သူတို့ ခေတ်သစ်လူ့ဘောင် ထူထောင်နိုင်တယ်လို့ ထင်ချင်ထင်ကြမှာပေါ့လေ။ ကျွန်တော်တော့ ဘာမှနားမလည်ဘူး မစ္စတာ အိုလဆင်၊ ကျွန်တော် ဘာမှနားမလည်ကာ

”ဒီအတွက် မပူပါနဲ့၊ ကျွန်တော့်ကိုသာကူညီပါ ဟာဂျီအီဘရာဟင်၊ ကျွန်တော်တို့ လုပ်ငန်းအောင်မြင်ရင် ကမ္ဘာ့အရပ်ရပ်က တခြားလူတွေအများကြီးအတွက်လည်း အကျိုး အောင်လုပ်ပေးနိုင်မှာ သေချာပါတယ်”

ဂျယ်ရီကိုစီမံကိန်းကို ကမ္ဘာကသိအောင် ထုတ်ပြန်ကြေညာလိုက်သည်။

ကမ္ဘာ့နိုင် အသီးသီးမှ ပါရဂူတွေ တဖွဲဖွဲရောက်ရှိလာကြသည်။ သိပ္ပံပညာရှင်တွေ၊ ဆရာဝန်တွေ အင်ဂျင်နီယာတွေနှင့် ကျောင်းဆရာတွေက ဖေဖေ့ထံတွင် အကြံဉာဏ်များတောင်းခံ သည်။ ဖေဖေသည် နေ့ချင်းညချင်း အတိုင်ပင်ခံပညာရှိသုခမိန်ဘဝသို့ ရောက်ရှိသွားသည်။ သူ၏နယ်မြေကျွမ်းကျင်မှုနှင့် လက်တွေ့ဘဝ ဗဟုသုတပြည့်ဝမှုတို့ကြောင့် တန်ဖိုးရှိသော ပုဂ္ဂိုလ်ကြီး ဖြစ်လာခဲ့သည်။

ဤသို့ဖြင့် ဖေဖေသည် အတိတ်ကဆုံးရှုံးမှုများကို မေ့စပြုလာသည်။ တကယ်တော့ ဖေဖေသည် အတိတ်ကိုသာ မေ့သည်မဟုတ်။ ပစ္စုပ္ပန် လက်တွေ့ဖြစ်ရပ်မှန်ကိုပါ မေ့နေ သည်။

မည်သို့ပင်ဖြစ်စေ ဤအချိန်သည် ကျွန်တော့်အတွက်တော့ အကောင်းဆုံးချိန်ဖြစ် သည်။ ဖေဖေ့ကို နေ့စဉ်သတင်းစာများဖတ်ပြခြင်းနှင့် အစည်းအဝေးမှတ်တမ်းများကို ဘာသာပြန်ပေးခြင်းတို့ဖြင့် အသိပညာနှင့်အတွေ့အကြုံတွေ အများကြီးရလာသည်။ တစ်ချိန် တည်းတွင် နာမည်ကျော်ပုဂ္ဂိုလ်ကြီး ဟာဂျီအီဘရာဟင်၏ အရေးပါအရာရောက်ဆုံးသား အဖြစ်လည်း အသိအမှတ်ပြုခြင်းခံလာရသည်။

"ကျွန်တော်တို့လုပ်တာ သိပ်မြန်နေတယ် မစ္စတာအိုလဆင်" ဖေဖေက သတိပေးသည်။ မစ္စတာအိုလဆင်က ...

"မမြန်လို့မဖြစ်ဘူး ဟာဂျီအီဘရာဟင်၊ အကောင်အထည်ဖော်စရာ စီမံကိန်းတွေက အများကြီး"

သော် ... စီမံကိန်း၊ စီမံကိန်းတဲ့။ စီမံကိန်းဆိုတာ ဘာများပါလိမ့်။

ဂျော်ဒန်လတာပြင်နှင့် ပင်လယ်သေတစ်လျှောက်တွင် မိုးနည်းပြီး မြေလွှာအခြေအနေ မကောင်းသောကြောင့် ဘယ်တုန်းကမျှ စိုက်ပျိုးရေးမလုပ်ခဲ့သော ဖုန်းဆိုးမြေကေပေါင်း ထောင်ပေါင်းများစွာရှိသည်။ ယင်းအထဲမှ မြေကေတော်တော်များများကို ရွေးချယ်ပြီး ဂျော်ဒန်မြစ်မှရေသွင်း၍ စမ်းသပ်စိုက်ပျိုးရန် ရည်ရွယ်သည်။ မည်သည့် သီးနှံများ၏ စမ်းသပ်စိုက်ပျိုးပြီး လက်ရှိသီးနှံများကို အထွက်တိုးအောင် ဘယ်လိုလုပ်မည်ဆိုသည်တို့ကို

သုတေသနပြုကြသည်။

သိုးနှင့် အခြားစိုက်ပျိုးမွေးမြူရေး တိရစ္ဆာန်များအတွက် သဲကန္တာရတွင် စားကျက် များပျိုးထောင်မည်။ သံလွင်၊ လိမ္မော်၊ ငှက်ပျော၊ စပျစ်၊ ဝါ၊ မြေပဲနှင့် ဂျုံ တို့ကိုလည်း အများအပြား စိုက်ပျိုးမည်။

ဂျယ်ရီကို စိုက်ပျိုးရေးစီမံကိန်းအရ မြေကွက်ပေါင်း နှစ်သောင်းကျော်တွင် လယ်ယာ တပ်သားပေါင်း တစ်ထောင်ခန့်တို့က စိုက်ပျိုးလုပ်ကိုင်ကြမည်။ သီးနှံရိတ်သိမ်းချိန်တွင် သင်သားပေါင်းနှစ်ထောင်ခန့် တိုးတက်လာလိမ့်မည်။

နောက် စီမံကိန်းတစ်ခုမှာ ပင်လယ်သေကိုအသုံးချရန်ဖြစ်သည်။ ပင်လယ်သေတွင် ဒီတက်နှင့် အခြားဓာတ်သတ္တုများ အများအပြားရှိသည်ဟု ဆိုသည်။ ဂျော်ဒန်မြစ်သည် န္တာကမ္ဘောကပင် ပင်လယ်သေထဲသို့ စီးဆင်းခဲ့သည်။ သို့သော် ပင်လယ်တွင် ထွက် ဆက်မရှိ။ ထို့ကြောင့် သဘာဝသယံဇာတ ဓာတ်သတ္တုများကို စုပုံထားရှိသလို ဖြစ်နေ သည်။ ပင်လယ်သေတောင်ပိုင်းဒေသကို ဂျူးတို့က အောင်မြင်စွာ အသုံးချနေကြပြီဖြစ် ထို့ကြောင့် ကွမ်ရန်နယ်မြေတွင် သတ္တုတူးဖော်ရေးလုပ်ငန်းစတင်ရန် ပုံစံပြာများ ဆွဲကြသည်။ ဤလုပ်ငန်းတွင် လုပ်သားပေါင်းသုံးရာခန့် လိုအပ်မည်ဖြစ်သည်။

ဂျယ်ရီကိုစီမံကိန်း၏ တတိယကဏ္ဍမှာ စက်မှုလုပ်ငန်းပိုင်းဖြစ်သည်။ ပထမဆုံး ခေတ်မီစက်ရုံကြီးတစ်ရုံ တည်ဆောက်မည်။ ထိုစက်ရုံမှ သီးနှံများကို စည်သွပ်မည်။ ပင်လယ်သေမှရသော သတ္တုများကို ဓာတ်စင်အဖြစ် အရည်ကျိုသန့်စင်ပြီးနောက် ဂျော်ဒန် နိုင်ငံ၏ တစ်ခုတည်းသောဆိပ်ကမ်းဖြစ်သော အကွာဘာဆိပ်ကမ်းမှတစ်ဆင့် နိုင်ငံခြားသို့ တင်ပို့မည်။ ဤလုပ်ငန်းအတွက် အဓိကလမ်းမကြီးနှင့် အခြားလမ်းများ ဖောက်လုပ်ရမည်။

ထို့ပြင် ဒုက္ခသည်များ၏စွမ်းရည်အလျောက် လုပ်ကိုင်နိုင်သော အသေးစားစက်မှု လုပ်ငန်းကလေးများကိုလည်း ထူထောင်ပေးသည်။ လူငယ်များအတွက် စက်မှုပညာသင် ကျောင်း ဖွင့်လှစ်ပေးသည်။ အသေးစားစက်မှုလုပ်ငန်းကလေးများက စောင်များ၊ ဆောက်လုပ် ရေးကိရိယာများ၊ အဝတ်အထည်များ၊ ပန်းကန်ခွက်ယောက်များနှင့် ဆောက်လုပ်ရေး စွည်းများထုတ်လုပ်သည်။ ကျောက်ကျင်းက ကျောက်ပြားများထုတ်လုပ်သည်။

သဲနှင့် ကျောက်စရစ်များကို မှန်ထည်စက်ရုံအတွက် ကုန်ကြမ်းအဖြစ်အသုံးပြုမည်။

ပါရဂူအသီးသီးတို့က လုပ်ငန်းအလားအလာများကို ကွင်းဆင်းလေ့လာသုံးသပ် ကြပြီးသောအခါ ဂျယ်ရီကိုစီမံကိန်းတစ်ခုလုံးကို လူထုသဘောပေါက်လက်ခံအောင် ဆောင်ရွက်ရန်တာဝန်သည် ဖေဖေ၏ပခုံးပေါ်သို့ ကျရောက်လာတော့သည်။

ကျွန်တော်သည် အစည်းအဝေး တစ်ခုပြီးတစ်ခုသို့ ဖေဖေ့နောက်မှ တကောက်ကောက် လိုက်ပါနေရသည်။

'ကျုပ်တို့က ဂျူးတွေကို သူတို့လုပ်ငန်းနဲ့ ပြန်သတ်မယ်" ဖေဖေက လူထုကို ရှင်းပြသည်။ "ကျုပ်တို့ဟာ အင်္ကဘက်ဂျဘားကို ရေပြည်ဘဝကနေပြီး နတ်ပြည်ဘဝ) ရောက်အောင် ထူထောင်ကြမယ်၊ မိသားစုတွေအားလုံးအလုပ်ရမယ်၊ လခရမယ်၊ ဒီအခွင့် အရေးဟာ ကျုပ်တို့ရဲ့ တဲအိမ်တွေကို တိုက်ဆောက်ပေးမယ့် အခွင့်အရေးကြီးပဲ၊ ကျုပ် တို့ဟာ စုတ်ပြတ်နေတဲ့ အဝတ်စုတ်တွေကို ဝတ်နေခဲ့ကြရတာ နှစ်ပေါင်းများစွာ ကြာ လှပြီ၊ ဒီစီမံကိန်းကြီးအောင်မြင်ရင် ကျုပ်တို့အားလုံး လူစင်မီမီဝတ်နိုင်စားနိုင်ကြမယ်"

ဟာဂျီအီဘရာဟင်သည် အရူးတစ်ယောက်မဟုတ်။ သူသည် ပါးစပ်မှ ပြောပြော နေသော်လည်း စိတ်ထဲတွင် သံသယတွေဆူဝေနေသည်ကို ကျွန်တော် ခန့်မှန်း၍ရသည်။

ကျွန်တော်တို့ လူမျိုးများသည် မျှော်လင့်ချက်မရှိဘဲ၊ အလုပ်မကြိုးစားဘဲ နှစ်ပေါင်း များစွာ နေလာခဲ့ကြသည်မဟုတ်ပါလား။ သူတို့သည် ကမ္ဘာ့ပြည်သူတို့၏ အထောက်အပံ့ဖြင့် မိမိတို့ဘဝကို ရပ်တည်လာခဲ့ကြသည် မဟုတ်ပါလား။

ဂျယ်ရီကိုစီမံကိန်းကို သူတို့ လက်ခံကြပါမည်လား။

ကုလသမဂ္ဂ ကယ်ဆယ်ရေးအဖွဲ့ က ဆောက်လုပ်ရေးလုပ်သားများ ခန့်ထားရန် ကြေညာချက် ထုတ်ပြန်လိုက်သည်။ အင် ဘာမှ ဒုက္ခသည် မ " အလုပ်နေရာ သုံးပုံတစ်ပုံတွင်သာ အင်္ကဘက် ဖေဖေက အတန်တန်တောင်းပန်ဟန့်တားနေသည့်ကြားမှပင် ပြင်ပကန်ထရိုက် များနှင့် အလုပ်သမားများကို သဘော်ာဖြင့်ခေါ်ယူခန့်ထားကြသည်။ လမ်းဖောက်လုပ်ငန်း နှင့်

လယ်ယာလုပ်သားများ ခေါ်ယူသောအခါတွင်လည်း ဤနည်းအတိုင်းပင် ပြင်ပ ကန်ထရိုက်များနှင့် အလုပ်သမားများကိုသာ ခေါ်ယူခန့်ထားခဲ့သည်။

စာသင်ကျောင်းများတွင် ကျောင်းသားလက်ခံသောအခါ စာသင်ခုံတစ်ဝက်ပင် မပြည့်၊ ကျောင်းတက်သော ကျောင်းသားများမှာလည်း တက်တစ်ရက်၊ မတက်တစ်ရက် လူမျိုးစုအလိုက် လောဘဇောတိုက်မှုတွေ ပေါ်ပေါက်လာသည်။ ကြီးကျယ်ခမ်းနား လှသော စီမံကိန်းကြီးမှာ မွေးစကတည်းကပင်သေနေပြီ။ မျိုးနွယ်စုအသီးသီးမှ ဩဇာရှိ သူတိုင်း ဦးဆောင်မှုနေရာ လိုချင်လာကြသည်။ အလုပ်လိုချင်သော မျိုးနွယ်စုတွေ သူတို့ နောက်မှ တစ်ပြုံတစ်ခေါင်းကြီး လိုက်ပါလာကြသည်။ ရာထူးနေရာလုခြင်းသည် အာဏာ လုခြင်းပင် ဖြစ်သည်။ မဆုံးနိုင်သောတိုက်ပွဲတွေ ပေါ်ပေါက်လာသည်။ စီမံကိန်းအစည်း အဝေးများတွင် လက်သီးလက်မောင်းတန်း၍ ငြင်းခုံကြသည်။ ခါးမှ သေနတ်ဆွဲထုတ် ကြသည်။ အားနည်းသူများ နောက်ဆုတ်သွားကြသည်။ အားကြီးသူများ အာဏာရလာ သည်။ တစ်ယောက်စာအလုပ်တွင် မိမိသားချင်းထဲမှ လူငါးယောက်အထိခန့်ထားသည်။ ဆောက်လုပ်ရေးပစ္စည်းများ ရောက်လာသောအခါ အလစ်သုတ် ခိုးဝှက်မှု အလျှိုလျှို ပေါ်ပေါက်လာသည်။ ဆောက်လုပ်ရေးလုပ်ငန်းကြီးတစ်ခုလုံး ရပ်တန့်နေသည်။ ကွမ်း ကျင်သော အလုပ်သမားရှားပါးခြင်း၊ ကျွမ်းကျင်သောအုပ်ချုပ်မှု မရှိခြင်း၊ စီမံကိန်းအတိုင်း အတိအကျမလုပ်ခြင်းတို့ကြောင့် လုပ်ငန်းကြီးတစ်ခုလုံး ရေစုန်မျောနေတော့သည်။

လူတစ်ယောက်အလုပ်ကို လူငါးယောက်လုပ်ကိုင်သောအခါ လေးယောက်လူက အကူအညီမဖြစ်ဘဲ အနှောင့်အယှက်သာဖြစ်နေသည်။ သည်ကြားထဲ ရာဘာတံဆိပ်ကိုင်နိုင် သော ရုံးဝန်ထမ်းများကလည်း ပညာပြလာကြသည်။ ပါမစ်လျှောက်လွှာများနှင့် စစ်ဆေး ရေးလုပ်ငန်းများ သောင်တင်နေသည်။ သံတစ်ပိသာရဖို့အတွက် လနှင့်ချီ၍ စောင့်နေ သည်။ ခက်ခဲသောလုပ်ငန်းများသည် ဘာတစ်ခုမှမတတ်သူများ၏ လက်ထဲသို့ ရောက်ရှိ နေသည်။

ထို့နောက် ပြောက်ကျားတပ်ဖွဲ့ဝင်များ ရောက်လာကြသည်။ ရခိုးဝှက်မှုများက ကယ်ရန် လုံခြုံရေးကော်မတီဖွဲ့ သည်။ (တကယ်တော့ ခိုးဝှက်မှုများကို သူတို့ကိုယ်တိုင် ခြောက်ပေးနေခြင်းဖြစ်သည်)

ပြောက်ကျားတပ်ဖွဲ့ဝင်များက လက်နက်နှင့် ခဲယမ်းမီးကျောက် ဝက်စက်ရုံတစ်ရုံ တည်ဆောက်မည်ဟု ဖေဖေနှင့် အခြားအာရပ်ခေါင်းဆောင်များထံ တောင်းဆိုလာကြသည်။

ထို့နောက် ဗလီဆရာများဝင်ရောက်လာသည်။ ဂျယ်ရီကိုစီမံကိန်းကို ဆန့်ကျင်သူ များထံမှ လာဘ်စားပြီး လုပ်ငန်းပျက်အောင် လူထုကို တရားဟောစည်းရုံးကြသည်။

ဤတွင် အခြေအနေမှာ ဆိုးသည်ထက်ဆိုးလာတော့သည်။

ကျွန်တော်တို့ လူထု၏စိတ်ထဲတွင် ကုလသမဂ္ဂကယ်ဆယ်ရေးအဖွဲ့သည် သူတို့၏ အစိုးရသစ်ဟု စွဲမှတ်ထားကြသည်။ သူတို့အတွက် အစစအရာရာလုပ်ပေးမည့်ဖခင်အဖြစ် ဆနေကြသည်။ သို့သော် သူတို့ဘက်ကမူ မည်သည့်တာဝန်မျှ မယူလိုကြ။ တို့လုပ်နေစရာ ဘာမှမလိုဘူး။ တို့က ကိုယ့်အိမ်ကိုယ့်ယာပစ်ပြီး လာခဲ့ကြရတာ။ တို့အတွက် ကယ်ဆယ်ရေး အဖွဲ့က အားလုံးတာဝန်ယူလိမ့်မယ်ဟု သဘောပေါက်ထားကြသည်။

ကုလသမဂ္ဂကယ်ဆယ်ရေးအဖွဲ့မှ အုပ်ချုပ်ရေးအရာရှိတွေ စိတ်ပျက်လာကြပြီ။

ဆုံးဖြတ်ချက်တစ်ခုမျှ မချနိုင်ဘဲ အစည်းအဝေးတွေ တစ်ခုပြီးတစ်ခု ပျက်သွားသည်။ ဒေဖေလည်း အားလျှော့စပြုလာပြီ။

“မဖြစ်နိုင်ဘူး အီဘရာဟင်၊ ဘယ်နည်းနှင့်မှမဖြစ်နိုင်ဘူး၊ ဂျော်ဒန်မြစ်ထဲကရေ ကို ကျွန်တော်တို့ တစ်စက်မှယူလို့မဖြစ်ဘူး၊ အဲဒီလိုယူရင် ကျွန်တော်တို့က ဂျူးတွေနဲ့ သဘောတူလုပ်ကိုင်နေသလို ဖြစ်သွားလိမ့်မယ်၊ ရေမသောက်ရလို့ သေရင်သာသေပါစေ၊ တွေနဲ့တော့ အဲဒီမြစ်ရေကို အတူတူမသုံးစွဲနိုင်ဘူး”

“သေသေချာချာလည်း စဉ်းစားကြည့်ပါဦး ဟာဂျီအီဘရာဟင်၊ ကျွန်တော်တို့က ဂယ်ရီကိုမှာစက်ရုံတွေဆောက်ရင် ကျွန်တော်တို့အနေနဲ့ ဒုက္ခသည်ဘဝကို ကျေကျေနပ်နပ် လက်ခံသွားကြပြီလို့ ဂျူးတွေကယူဆကြတော့မှာပေါ့”

မျိုးနွယ်စုခေါင်းဆောင်တွေက ယင်းသို့လျှင် ဖေဖေ့ကိုထိုးနှက်လာကြသည်။

ကုလသမဂ္ဂ ကယ်ဆယ်ရေးအဖွဲ့ ၏ ရပ်ရွာသာယာလှပရေးစီမံကိန်းအရ သစ်ပင်တွေ ဒိုက်သည်။ ပန်းဥယျာဉ်နှင့် ကစားကွင်းတွေတည်ဆောက်သည်။ လမ်းမီးတိုင်တွေ စိုက် ထုသည်။ မကျေနပ်သောလူထုက အားလုံးကို ဖျက်ဆီးပစ်ကြသည်။ ဆန္ဒပြကြွေးကြော် ကြသည်။

'ကုလသမဂ္ဂ ကယ်ဆယ်ရေးအဖွဲ့ ကျဆုံးပါစေ”

”နယ်ချဲ့ကိုယ်စားလှယ်တွေ ကျဆုံးပါစေ”

”ရာရှင်ကတ်တွေ ထုတ်ပေး၊ ထုတ်ပေး”

ဤအချိန်တွင် ကယ်ဆယ်ရေးအဖွဲ့ကို တစ်ပတ်ရိုက်ခြင်းသည် အလွန်တွင်ကျယ်နေ သည်။ ကလေးတစ်ယောက်မွေးဖွားလျှင် မိခင်က ကလေးကို မွေးစာရင်းတွင်မှတ်ပုံတင်၍ ရာရှင်ကတ်ထုတ်ယူသည်။

နောက်တစ်နေ့တွင် ယင်းမိသားစုမှ ယောကျ်ားတစ်ယောက်က ထိုကလေးကိုပင် မှတ်ပုံတင်ကာ နောက်ထပ်ရာရှင်ကတ်တစ်ခု ထုတ်ယူပြန်သည်။ ဤသို့ဖြင့် ကလေးတစ် ယောက်ကို နာမည်ခြောက်မျိုးလောက်ဖြင့် မှတ်ပုံတင်ပြီး ရာရှင်ကတ်ခြောက်ခု ထုတ်ယူ ကြသည်။

ဤကိစ္စကို သက်ဆိုင်ရာသို့ မည်သူမျှ မတိုင်ကြားကြ။ သက်ဆိုင်ရာကလည်း စစ်ဆေးအရေးယူခြင်းမရှိ။ လူတစ်ယောက်သေလျှင်လည်း သေစာရင်းမတိုင်။ ထိုသို့ အတွက် ရာရှင်ကတ်ကို ပြန်သိမ်းမည်စိုးသောကြောင့် ဖြစ်သည်။ ဤသို့ဖြင့် အက္ကာဘတ်ဂျာဘာ မြို့မှလူတွေ ဒုက္ခသည်စခန်းသို့ပြောင်းလာပြီး ရာရှင်ကတ်ထုတ်ယူကြသည်။ သဲကန္တာရ ဘီဒိုယင်လူမျိုးစုတွေလည်း ဒုက္ခသည်စာရင်းသွင်းကာ လစဉ်ရာရှင်ရိက္ခာတွေ မှန်မှန်ထုတ် ယူနေကြသည်။

အချို့မှာ ရာရှင်ရိက္ခာလိမ်ထုတ်ပြီး ရောင်းစားခြင်းဖြင့် သူဌေးဖြစ်သွားသောကြောင့် အရှေ့ဂျေရုဆလင်နှင့် နာဗလူးမြို့များသို့ပင် ပြောင်းရွှေ့ နေထိုင်နိုင်ကြသည်။ သူတို့၏ အမြဲတမ်းနေရပ်လိပ်စာကတော့ ဒုက္ခသည်စခန်းစာရင်းတွင် အမြဲတမ်းရှိနေသည်။ အချို့ဆို လျှင်

ကားသစ်တွေစီး၍ပင် ရိက္ခာလာထုတ်ကြသည်။

ဂျော်ဒန်နှင့် အနောက်ဘက်ကမ်းမှ ဆင်းရဲသားလယ်သမားတွေကလည်း ဒုက္ခသည် စခန်းသို့ ပြောင်းရွှေ့ လာပြီး ရိက္ခာရလိုမှုဖြင့် တောင်းဆိုကြသည်။ ဤသို့ဖြင့် ရာရှင်ကတ် မှောင်ခိုဈေးကြီး ပေါ်ပေါက်လာသည်။

တဲအိမ်များပြုပြင်ရန် ဆောက်လုပ်ရေးပစ္စည်းများ ထုတ်ပေးသောအခါ တချို့က မယူကြ။ "ကျုပ်တို့အမြဲတမ်းအိုးအိမ်ဆောက်ပြီး နေထိုင်ကြတော့မယ်လို့ ဂျူးတွေ အထင် မခံနိုင်ဘူး" ဟု သူတို့ကအကြောင်းပြကြသည်။

သို့သော် အများစုကတော့ ပစ္စည်းတွေထုတ်ယူပြီး မှောင်ခိုဈေးတွင် ရောင်းစား ကြသည်။ အမြတ်ငွေနှင့် အိုးသစ်အိမ်သစ်တွေ ဆောက်လုပ်ကြသည်။

ဒုက္ခသည်လူဦးရေ တစ်နေ့တခြားတိုးပွားလာသည်။ စစ်ဖြစ်စတွင် အာရပ်စစ်ပြေး ဒုက္ခသည် ငါးသိန်းခန့်သာရှိခဲ့ရာမှ ယခုအချိန်တွင် တစ်သန်းကျော်အထိ တိုးတက်လာခဲ့ သည်။ ကုလသမဂ္ဂကယ်ဆယ်ရေးအဖွဲ့တွင်အမှုထမ်းနေသော အာရပ်အရာရှိများက မမြင် ယောင်ဆောင်နေသောကြောင့် ဒုက္ခသည်ဦးရေ ဘယ်ရွေ့ဘယ်မျှရှိသည်ကို အတိအကျမ သိနိုင်။

လူထုအုံကြွဆန္ဒပြပွဲတွေ ပေါ်ပေါက်လာသည်။ အများအားဖြင့် စာသင်ကျောင်း တွေက စတင်ပေါ်ပေါက်သည်။ ကျောင်းသားတွေအပေါ်တွင် ဆရာတွေက မိဘတွေထက် ဩဇာညောင်းသည်။ ဆန္ဒပြပွဲများ၏ပစ်မှတ်မှာ အများအားဖြင့် ကုလသမဂ္ဂကယ်ဆယ်ရေး အဖွဲ့ ရုံးချုပ်ဖြစ်သည်။ ဆန္ဒပြပွဲတစ်ခု ပေါ်ပေါက်လာပြီဆိုလျှင် ဘယ်လိုအဆုံးသတ်မည် ဆိုသည်ကို ဘယ်လိုမှမပြောနိုင်။

ဆန္ဒပြရခြင်းအကြောင်းရင်းမှာ နေ့စဉ်ကြုံတွေ့နေရသောဒုက္ခနှင့် ကိုယ့်ရပ်ကိုယ့်ရွာ စွန့်၍ တစ်ပြည်တစ်ရွာကို ရောက်နေရသောအဖြစ်တို့ကို မကျေနပ်ခြင်းကြောင့်ပင် ဖြစ် သည်။ အခြားအကြောင်းတစ်ရပ်ကတော့ အကြောက်လွန်ခြင်းကြောင့်ဖြစ်သည်။ ရာရှင် ကတ်သိမ်းမည်ကို ကြောက်သည်။ ကပ်ရောဂါများ ဖြစ်ပွားလာမည်ကိုကြောက်သည်။ ရေဝေကားမလာမည်ကို ကြောက်သည်။ ဆေးပေးခန်းတစ်ခုတွင် ဝန်ထမ်းမရှိ၍ မဖွင့်နိုင် လျှင်လည်း

ဆန္ဒပြကြသည်။

ဆန္ဒပြသူများက တစ်ညတွင် ဆေးခန်းတစ်ခုမီးတင်ရှို့ပြီး ဟာဂျီအီဘရာဟင်” လည်း ဂျူးတို့၏လက်ကိုင်တုတ်အဖြစ် ကြွေးကြော်စွပ်စွဲကြသည်။ ဆေးခန်းကို မီးရှို့ ကြခြင်း အကြောင်းမှာ ဝမ်းရောဂါရုတ်တရက်ဖြစ်ပွားလာ၍ အစ္စရေးမှ အရေးပေါ်ထိုးဆေးများ မှာယူခြင်းကို မကျေနပ်သောကြောင့်ဖြစ်သည်။

နောက်တစ်နေ့တွင် ကျွန်တော်တို့သည် မစ္စတာပါအိုလဆင်ထံသို့ ရောက်သွား -ည်။ မစ္စတာအိုလဆင်၏ လုံခြုံရေးအတွက် ဂျော်ဒန်စစ်သားများက စောင့်ကြပ် သည်။ သူသည် အလုပ်မှထွက်စာရေးပြီး စားပွဲပေါ်တွင် အဆင်သင့်တင်ထားပြီး သည်။

“အားလုံး ရေစုန်မျောပြီ ဟာဂျီအီဘရာဟင်၊ ဂျယ်ရီကိုစီမံကိန်းကြီး လုံးဝရပ်ဆိုင်း သွားပြီ”ဟု သူကပြောသည်။

ဖေဖေက … “ဆန္ဒပြပွဲတွေ ရပ်သွားစေချင်ရင် ရာရှင်ကတ်တွေပြန်သိမ်းပါ မစ္စတာအိုလဆင်”

“တော်ပါပြီ … တော်ပါပြီ။ ကျွန်တော်တော့ လုံးဝ လက်လျှော့လိုက်ပြီး မစ္စတာ အီလဆင်က စိတ်ဆိုးသံဖြင့် ပြောသည်။ “သူတို့လုပ်တာတွေက လူမဆန်ဘူး၊ လူသား တစ်ယောက် သည်းခံနိုင်တဲ့အတိုင်းအတာထက် လွန်နေပြီ၊ တော်ပြီ၊ ကျွန်တော်လည်း တော့မယ်”

“ကျုပ်တို့အပေါ်မှာ ခင်ဗျားမြင်တဲ့အမြင်အတွက် စိတ်မကောင်းပါဘူး မစ္စတာအိုလ ဆင်၊ ခင်ဗျားအနေနဲ့ ကျုပ်တို့ကို အပြစ်တင်ရင်လည်းခံရမှာပါပဲ”

“အဲဒီလို မဟုတ်ဘူးမိတ်ဆွေကြီး၊ ကယ်ဆယ်ရေးအဖွဲ့ ဟာ ဒီလိုဖြစ်လာစေဖို့ မရည်ရွယ်ပါဘူး၊ တကယ်တော့ ကြီးကြပ်သူတွေက ရိုးသားဖို့လိုတယ်၊ အဲဒါဆိုရင် သူ့ဟာနဲ့သူ အဆင်ပြေသွားမယ်၊ နောက်ဆုံးတော့ ဂျူးတွေကိုပဲ အပြစ်ပုံချကြမှာပဲ၊ အခြေအနေကတော့ ဘယ်လိုမှလုပ်လို့ မရနိုင်တော့ပါဘူး၊ ဘာတွေဖြစ်နေတယ်ဆိုတာ မိတ်ဆွေကြီး မြင်တဲ့အတိုင်းပါပဲ”

“ဒီအတွက် ကျုပ်လည်းအများကြီး စိတ်မကောင်းပါဘူး မစ္စတာအိုလဆင်”

“ကဲ ... ဒီလောက်နဲ့ပဲ လမ်းခွဲကြပါစို့၊ ခင်ဗျားအတွက် ကျွန်တော် လက်ဆောင်တစ်ခု ပေးခဲ့မယ်၊ ဆေးပြင်းလိပ်လေးထုပ်ပါ၊ တော်တော်ကြာကြာ သောက်ရမှာပါ”

ကျွန်တော်တို့သည် အလွန်စိတ်မချမ်းသာစွာဖြင့် ပြန်လာခဲ့ကြသည်။ ဖေဖေ့မျက်နှာ ကို အကဲခတ်ကြည့်မိသည်။ ဖေဖေ တော်တော်အိုစာသွားပြီ။

စိုက်ပျိုးရေးစီမံကိန်းကြီး စတင်ထားသော တစ်ပိုင်းတစ်စလုပ်ငန်းများကို မြင်ရ သည်။ ဘယ်တော့မှ ထွန်ယက်စိုက်ပျိုးနိုင်တော့မည်မဟုတ်။

ဆောက်လုပ်ဆဲစက်ရုံများကို မြင်ရသည်။ ဘယ်တော့မှ ကုန်ပစ္စည်းတစ်ခု ထုတ်လုပ် နိုင်တော့မည်မဟုတ်။

“ဒီလို ဘာကြောင့်ဖြစ်ရတာလဲ ဖေဖေ” ကျွန်တော်က အောင့်မထားနိုင်၍ မေးမိသည်။ ဖေဖေက သက်မတစ်ချက်ချ၍ ပြောသည်။

“စုပေါင်းစိတ်ဓာတ်လိုတယ် အစ္စမေ၊ စုပေါင်းလုပ်ငန်းမှာ ယုံကြည်မှုလိုတယ်။ တို့လူတွေက အချင်းချင်းမယုံကြည်ကြဘူး၊ တို့ကိုယ်တို့ သိပ်တော်တယ်လို့ ထင်နေကြ တယ်။ တကယ်တော့ တို့ ဟာ တကယ်ချော်တဲ့လူတွေ၊ 'ဆောက်လုပ်ရေးပစ္စည်းတွေ အများကြီးကျန်နေသေးတယ်” ဖေဖေက နာကြည်း သံဖြင့် ပြောသည်။ “အဲဒါတွေယူပြီး လမ်းမကြီးနားမှာ အိမ်ကောင်းကောင်း တစ်ဆောင် ဆောက်ကြမယ်၊ ဒါမှ ကုလသမဂ္ဂ ကယ်ဆယ်ရေးအဖွဲ့ အရာရှိရာထူးနဲ့ လိုက်ဖက်လိမ့် မယ်”

အခန်း (၆)

မစ္စတာပါအိုလဆင်တော့ အပြီးအပိုင်ပြန်သွားခဲ့လေပြီ။ သို့သော်လည်း ဖေဖေက တော့ သူ့ရာထူးကိုသူ တော်တော်ကျေနပ်နေပုံရသည်။

ဂျယ်ရီကိုစီမံကိန်းကြီးမပျက်စီးခင်က ဖေဖေသည် သူ့ရာထူးအရှိန်အဝါကို အသုံးချ ပြီး မည်သည့်အခွင့်အရေးမျှမယူကြရန် ကျွန်တော်တို့ကို တားမြစ်ခဲ့သည်။

ယခုတော့ သူ ဘာမျှမပြောတော့။

ကျွန်တော်တို့ မိသားစုတွင် ကမယ်နှင့် ဖာတမာတို့၏ မွေးစကလေးအပါအဝင် စုစုပေါင်း လူဦးရေကိုးယောက်ရှိသည်။ ရာရှင်ကတ်ကဆယ့်လေးခု။

ဖေဖေသည် ဆောက်လုပ်ရေးပစ္စည်းများကိုယူပြီး လမ်းမကြီးအနီးတွင် အိမ်ကောင်း ကောင်းတစ်ဆောင်ဆောက်သည်။

မစ္စတာပါအိုလဆင်၏နေရာတွင် အစားရောက်လာသူမှာ မြန်မာနိုင်ငံသား နေနေ့ ဆိုသူဖြစ်သည်။ သူက ပုပုညှက်ညှက်ကလေး။ သို့သော်ဖေဖေက သူ့အရည်အချင်းကို လျှော့မတွက်။ နေဆွေ ကလည်း ပါးနပ်လိမ္မာသည်။ ဟာဂျီအီဘရာဟင်နှင့်ပေါင်းမှ သူ့လုပ် ငန်း အဆင်ပြေမည်ဆိုတာကို ကောင်းကောင်းသဘောပေါက်သည်။

ဖေဖေသည် ယခုအချိန်အထိ တဘားရွာမှရွာသူရွာသားများအကြောင်းကို တစ်ခွန် တစ်ပါဒမျှမဟပါ။ ၎င်းတို့နှင့် ဆက်သွယ်ရန်လည်း လုံးဝမကြိုးစားပါ။ သို့သော် သူ့ ရွာသို့ ပြန်လိုကြောင်းကိုတော့ မကြာခဏ ထုတ်ဖော်ပြောတတ်သည်။

တကယ်တော့ ရွာသားများနှင့် ကွဲကွာနေခြင်းမှာ ဖေဖေ့အပြစ်မဟုတ်။ သို့သော် ယင်းသို့ကွဲကွာနေခြင်းအတွက် သူ့ကိုယ်သူ အပြစ်ရှိသူတစ်ယောက်ဟု ထင်မှတ်နေ သည်။ ဤအချက်ကို ကျွန်တော် ထူးထူးခြားခြားတွေးမိသည်။

“ဘယ်လို အကြောင်းကြောင့်ပဲဖြစ်ဖြစ် သိုးကျောင်းသားဟာ သူ့သိုးတွေကို ရ ပျောက်အောင် ထိန်းကျောင်းရမယ်”ဟု ဖေဖေက ပြောလေ့ရှိသည်။ . အိမ်သစ်ဆောက်လိုက်ခြင်းသည် ဖေဖေ့အနေဖြင့် စစ်ပြေးဒုက္ခသည်ဘဝက္ကို နေပြီဟု ဆိုနိုင်သည်။ သို့သော် သူသည် တဘားရွာကိုတော့မမေ့ပါ။ သူ့ဘာလိုမှန် အနေ ကြာလေလေ သူ့မိတ်ဆွေဟောင်းကြီးများကို ပို၍သတိရလေလေ ဖြစ်သည်။ ထို့ကြောင့် လ်များကိုလိုက်ရှာရန် ကျွန်တော့်ကိုခိုင်းသည်။

ဖေဖေ၏ ရာထူးကြောင့် ကုလသမဂ္ဂကယ်ဆယ်ရေးအဖွဲ့ မှတစ်ဆင့် စာရေး၍ အစမ်းနိုင်သည်။ ထို့ပြင် ဖေဖေ့တွင် မိသားစုများနှင့်အတူ ထွက်ပြေးသွားကြသော အိမ် ဆောင်သည် ဣမီးနှစ်ယောက် (ကျွန်တော်၏အစ်မများ) လည်း ရှိသေးသည်။ သူတို့နှင့် ဆက်အသွယ်မရသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ သူတို့အား စုံစမ်းစာများကိုလည်း သည်။

လပေါင်းများစွာ ကြာသောအခါတွင်မှ ပြန်စာများရရှိသည်။ ကျွန်တော်တို့ ရွာ သားများသည် လက်ဘနွန်နိုင်ငံ၊ ဘေရွတ်မြို့ပြင်ရှိ ရှာတီလာစခန်းတွင် အသက်ထင်ရှား ရှိဆဲဖြစ်သည်။ ကျွန်တော့်အစ်မများလည်း ရှာတီလာစခန်းအနီးမှ ဘဲလ်တားစခန်း တွင်ရှိနေကြောင်း သိရသည်။

သူတို့ထံမှ စာရရှိသောအခါတွင်မှ သူတို့ကို ပိုပြီး တွေ့ချင်မြင်ချင်လာကြသည်။ သူတို့ထံမှစာများကို မေမေတို့အမျိုးသမီးများအား တစ်နေ့လျှင် နှစ်ကြိမ်သုံးကြိမ် အမြဲတမ်း ဖတ်ပြရသည်။ ဖတ်ပြတိုင်းသူတို့ငိုကြသည်။ ဘယ်သူတွေက အိမ်ထောင်ကျနေပြီ၊ ဘယ် သူတွေ သားသမီးရနေပြီ၊ ဘယ်သူတွေ ဘယ်မှာ အလုပ်လုပ်နေကြသည်။ လောလော ဆယ်တွင် ဘယ်သူက ယာယီအကြီးအကဲအဖြစ် တာဝန်ယူနေသည် စသည်တို့ကိုလည်း တော်တို့ သိကြရသည်။

ထို့ပြင် လက်ဘနွန်နိုင်ငံသားများက သူတို့အား ရိုင်းစိုင်းစွာဆက်ဆံကြသော်လည်း တို့အခြေအနေမှာ ဂျယ်ရီကိုမှလူတွေ၏ အခြေအနေထက်သာကြောင်းကိုလည်း သိရှိကြ သည်။

နောက်ထပ် စာတွေရောက်လာကြသည်။ သူတို့ထံသို့ ဖေဖေလာပြီး သူတို့ကို ဆောင်အုပ်ချုပ်ရန် တိုက်တွန်းထားသည်။ ကုလသမဂ္ဂအရာရှိ နေဆွေက ဖေဖေ့ကို လက်မလွှတ်နိုင်။ သို့သော်လည်း ဖေဖေအား ဘေရွတ်မြို့သို့ လွှဲပြောင်းပေး၍ရနိုင်သည့် အလားအလာရှိသည်ဟုတော့ သူကပြောသည်။

ထခုန်မိတော့မတတ် ကျွန်တော် အလွန် ဝမ်းသာသွားသည်။ ဘေရွတ်မြို့တွင် နာမည်ကျော် အမေရိကန်တက္ကသိုလ်ကြီးရှိသည်။ ဂျော်ဒန်မှာမရှိ။ အနောက်ဘက်ကမ်း မှာလည်း မရှိ။ တက္ကသိုလ်ကျောင်းသားဖြစ်ရမည့်အရေးကို ကျွန်တော့်တစ်သက်တွင် အိပ်မက်ပင် မမက်ခဲ့စဖူး။

ဘေရွတ်သို့ ပြောင်းရမည့်အရေးကိုပြောဆိုကြတိုင်း ပထမတွင် ကျွန်တော်တို့အားလုံး အလွန်စိတ်ခာတ်တက်ကြွနေသည်။ နှစ်ပေါင်းများစွာကွဲကွာနေသော အစ်မများနှင့် ရပ်ဆွေ ရပ်မျိုးများကို ပြန်တွေ့ရတော့မည်။ ကျွန်တော်တို့အားလုံး သိုက်သိုက်ဝန်းဝန်း ပြန်လည် ဆုံစည်းကြရတော့မည်။

ထို့နောက် နောက်ပိုင်းကျတော့ ကျွန်တော့်စိတ်ခာတ်တွေ တစ်နေ့ထက်တစ်နေ့ ကျဆင်းလာသည်။ ဖေဖေ့ကြောင့်ဖြစ်သည်။ ဖေဖေ့ကိုမြင်ရသည်မှာ အားတက်စရာမရှိ။ အေးတိအေးစက်နိုင်လှသည်။

မိသားစုအားလုံး ဘေရွတ်သို့ပြောင်းရန်မှာ အလွန်တာဝန်ကြီးသည်။ ယခုအချိန်တွင် ပါ ဖေဖေသည် ဂျော်ဒန်သားတွေနှင့် အဆင်ပြေနေသည်။ ရာထူးလည်းရနေသည်။ အလုပ်များ မလုပ်ရဘဲနှင့် သြဇာအာဏာတွေ အများကြီးရှိနေသည်။ ကျွန်တော်တို့၏ လူနေမှုအဆင့် အတန်းကလည်း ယခင်ကနှင့် ဘယ်လိုမှမယှဉ်သာအောင် အများကြီးမြင့်နေပြီ။

ထို့ကြောင့် တစ်ခါမှမရောက်ဖူးသော နိုင်ငံသို့ ဘာကြောင့်ပြောင်းရမည်နည်း။ ဟိုရောက်သွားလျှင် ယခုလက်ရှိ အဆင့်အတန်းမျိုးရအောင် အကြာကြီးရုန်းကန်ရဦးမည်။ တကယ်တော့ဖေဖေသည် တွေဝေနေသည်။ တွေးကြောက်နေသည်။ ဂျက်ဖာ၊ ကွမ်ရန်နှင့် ဖူးရစ်တို့တွင် နေထိုင်ခဲ့ရသည့်ဘဝများ၊ ပြီးတော့ဂျမီလ်ကိစ္စ၊ "မန်းကိစ္စနှင့် ဂျယ်ရီကို ကိန်းကြီး ပျက်စီးရခြင်းတို့ကြောင့် ဖေဖေစိတ်ခာတ်သည် အစိတ်စိတ်အမြွာမြွာ ပျက်စီးသွား ကျွန်တော်က ဘေရွတ်သို့ပြောင်းရန် အခွင့်သာတိုင်းတိုက်တွန်းသည်။ သို့သော်လည်း ဖေဖေက အကြောင်းအမျိုးမျိုးပြပြီး ယောင်တိယောင်ဝါးလုပ်နေသည်။

ကျွန်တော်သည် အစ်မများနှင့် ရွာသားများဆီသို့ သီးခြားစာတစ်စောင်စီ သည်။ သို့သော်လည်း ကျွန်တော့်အနေဖြင့် သူတို့မျက်နှာများကိုပင် သေသေချာချာမမှတ် မိချင်တော့။ ကျွန်တော့်ကိုထားတော့၊ ဖေဖေတောင်မှပင် သူတို့အပေါ်တွင် နှစ်နှစ်ကာကာ သံယောဇဉ်မရှိတော့ဟု ကျွန်တော်ထင်သည်။

ဤသို့ဖြင့်ပင် အချိန်တွေကုန်လွန်သွားခဲ့သည်။ အချိန်တွေ ကုန်လွန်သွားသည်နှင့် အမျှ ဘေရွတ်မြို့သို့ ပြောင်းရွှေ့ရေးအစီအစဉ်မှာလည်း

တံလျှပ်ပမာ ပြယ်ပျောက်သွား တော့သည်။

ဖေဖေနှင့် နေဆွေတို့ သီးသန့်ဆွေးနွေးပွဲလုပ်လျှင် ကျွန်တော်က သူတို့ကြားတွင် စကားပြန်လုပ်ရသည်။ အချင်းချင်း နားလည်မှုမလွဲအောင် အထူးသတိထား၍ ရှင်းလင်းပြော ဆိုရသည်။

ဖေဖေသည် ကျောင်းရှေ့လမ်းတစ်ဖက် လက်ဖက်ရည်ဆိုင်မှ ကျွန်တော့်ကို ထိုင် စောင့်နေတတ်သည်။ သင်တန်းပြီးသောအခါ ကျွန်တော်တို့ သားအဖနှစ်ယောက် ကုလသ ကယ်ဆယ်ရေးအဖွဲ့ရုံးချုပ်သို့ လမ်းလျှောက်လာကြသည်။ ယင်းသို့ လမ်းလျှောက်လာရင်း ဖေဖေ့ကို ကျွန်တော်အကဲခတ်သည်။ ဖေဖေ တော်တော်ပြောင်းလဲနေပြီ။ သူသည် အလွန် သံတမန်ဆန်လာသည်။ လက်တွေ့ကိုသာ အားကိုးလာသည်။ ပြဿနာကို အတတ်နိုင်ဆုံး ရှောင်ချင်လာသည်။ ယခင်ကလို ဒေါသမကြီးတော့ဘဲ အလွန် ပရိယာယ်များလာသည်။

တစ်နေ့တွင် ဖေဖေ့ကိုစာသင်ခန်းဝတွင် မြင်လိုက်ရတော့ ကျွန်တော် တော်တော် အံ့အားသင့်သွားသည်။ သူမျက်နှာပျက်နေသည်။ လူရှေ့သူရှေ့တွင် ယခုလို ဘယ်တော့ မဖြစ်စဖူး။ သူက ခေါင်းညိတ်ပြသည်။ ကျွန်တော်က ဆရာ့ထံခွင့်ပန်ပြီး သူ့ နောက် လိုလ်လာခဲ့သည်။

လမ်းမပေါ်သို့ရောက်တော့ ရပ်လိုက်ပြီး ကျွန်တော့်လက်ကို ဆုပ်ကိုင်သည်။ သို့ မျက်နှာတွင် စိုးရိမ်ရိပ်တွေ အထင်းသားပေါ်နေသည်။

'ငါ အမွန်က လျှို့ဝှက်သတင်းရတယ်၊ နောက်နှစ်ပတ်အတွင်းမှာ ကျော်ဒန်က စစ်ထဲမဝင်မနေရ အမိန့်ထုတ်လိမ့်မယ်၊ အရွယ်ရောက်တဲ့ လူငယ်တိုင်း ဂျော်ဒန့်တပ်မတော် ထဲ ဝင်ရလိမ့်မယ်”

”ဒါ တကယ်ပဲလားဖေဖေ” ကျွန်တော်က တုန်လှုပ်စွာမေးလိုက်သည်။
“တကယ်ပဲ၊ ဒါပေမယ့် မင်းမဝင်ရဘူး၊ အိုမာပဲဝင်ရမယ်”

အိုမာအတွက်မပူဘဲ ကျွန်တော့်အတွက် ဝမ်းသာမိခြင်းကြောင့်

ကျွန်တော့်ကိုယ် ကွန်တော်ပင် ရှက်သွားမိသည်။

ဂျော်ဒန်နိုင်ငံတွင် အဗ္ဗဒူလာဘုရင်အသတ်ခံရပြီး တာလားဘုရင် နန်းချခံရပြီး နောက် ရင်ခွင်ပိုက်ဘုရင်ကလေး ဟူစိန်သည် တင်းတင်းကျပ်ကျပ် အုပ်ချုပ်လာခဲ့သည်။ မော်ဒန်သားတို့၏ အနောက်ဘက်ကမ်း ကျူးကျော်သိမ်းပိုက်ရေးလောဘသည် ပြန်လည် ထကြွလာပြန်လေပြီ။ ပါလက်စတိုင်းလူငယ်များအား ဂျော်ဒန်ယူနီဖောင်းဝတ်ပေးရန် တိကူးသည်။ အလွန်လိမ္မာပါးနပ်သော ပရိယာယ်လှည့်ကွက်ဖြစ်သည်။ ပါလက်စတိုင်း သားတွေက ဂျော်ဒန်ဘုရင်၏ သစ္စာတော်ကိုခံယူကြောင်း လူအများက ထင်မြင်စေရန် ဖြစ်သည်။

တစ်ကြောင်းကလည်း ဆူပူမှုနှင့်ဆန္ဒပြမှုများ ပေါ်ပေါက်လာလျှင် အကြမ်းဖက် သတ်ဖြတ်ရေးလုပ်ငန်းကို ဂျော်ဒန်စစ်တပ်ထဲက ပါလက်စတိုင်းတပ်သားများအား လုပ်ခိုင်း ရန် ရည်ရွယ်သောကြောင့် ဖြစ်သည်။ ပါလက်စတိုင်းသားများအား အချင်းချင်း သတ်ဖြတ် ခိုင်းခြင်းဖြင့် ဂျော်ဒန်ကအပြစ်မရှိသလို နေနိုင်ရန်ဖြစ်သည်။

ဖေဖေ အကြီးအကျယ်တုန်လှုပ်သွားသည်။ ဘာကြောင့်နည်း။ ယခုအခါ သူသည် နိုင်ငံရေးသားကောင်တစ်ကောင် မဟုတ်တော့။ ဂျော်ဒန်တွေနှင့်လည်း ငြိမ်းချမ်းစွာ ပူးတွဲ လုပ်ကိုင်နေပြီ။ တကယ်တော့ အိုမာအား ဂျော်ဒန်တပ်ထဲမဝင်ရအောင် ဖေဖေ တစ်နည်းနည်း နှင့်တော့ လုပ်နိုင်လိမ့်မည်မှာ သေချာသည်။ ဖေဖေ၏ တုံ့ပြန်လှုပ်ရှားပုံကို ကျွန်တော် နားမလည်နိုင်အောင် ဖြစ်မိရသည်။

နေဆွေသည် ဖေဖေ၏စိုးရိမ်မှုကို ကြိုတင်သိထားသည့် အမူအရာမျိုးဖြင့် ကျွန်တော် တို့အား ကြိုဆိုနှုတ်ဆက်သည်။ ဂျော်ဒန်ဝန်ကြီးတစ်ဦးက ဖေဖေ့အား လျှို့ဝှက်သတင်း ကြောင်း ကျွန်တော်ကပြောပြသည်။ “ဖေဖေက အိုမာကို လက်ဘနွန်ကိုပို့လိုက်ချင်တယ်၊ ဒါကြောင့် ခရီးသွား စာရွက် စာတမ်းတွေ မြန်မြန်လုပ်ချင်တယ်လို့ ပြောပါတယ်” ။

နေဆွေက မျက်တောင်ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။ ဗျူရိုကရေစီ ညည်ဆိုး ကြောင့် လာဘ်ထိုးရမည့်အဖြစ်နှင့် အချိန်ကာလတိုတောင်းမှုကို

တွေးမိဟန်တူသည်။ သူသည် အတန်ကြာစဉ်းစားနေပြီးတော့မှ ...

”အမြန်ဆုံးနည်းကတော့ အိုမာကို ဘေရွတ်က ကုလသမဂ္ဂကယ်ဆယ်ရေးအဖွဲ့ မှာ အလုပ်ခန့်လိုက်ဖို့ပဲ”

“အချိန်မီ လုပ်နိုင်ပါ့မလား”

”ဖြစ်နိုင်ပါလိမ့်မယ်”

ဂျေရုဆလင်မြို့ထဲမှ “မိစ္ဆာတောင်ကုန်းပေါ်တွင် ရောမ ကုလသမဂ္ဂအဆောက်အအုံ ကြီးတစ်ခုရှိသည်။ နေဆွေသည် ထိုနေရာမှနေ၍ ဘေရွတ်မြို့ရှိ ကုလသမဂ္ဂကယ်ဆယ်ရေး အဖွဲ့ရုံးသို့ ရေဒီယိုဖြင့် အဆက်အသွယ်လုပ်နိုင်သည်။

ကျွန်တော်တို့ ပြန်လာကြသောအခါ ဖေဖေသည် တစ်လမ်းလုံး စကားတစ်ခွန်းမှ   မပြောဘဲ တိတ်ဆိတ်စွာ လိုက်ပါလာသည်။

အိမ်ထဲသို့ ကျွန်တော်တို့ဝင်လိုက်စဉ်မှာပင် ဖေဖေ ဘာကြောင့်စိတ်ညစ်နေရသည်ကို ကျွန်တော် နားလည်မိသည်။ ဂျမီလ်၏ ခေတ်ပုံမှန်ကားရှေ့တွင် ပန်းအိုးကလေးတစ်လုံး တင်ထားသည်။ ဖယောင်းတိုင်တစ်ချောင်းကိုလည်း ထွန်းညှိထားသည်။ ဂျမီလ်သည် သချိုင်းဂူထဲမှ လက်လှမ်းဖိတ်ခေါ်နေချေပြီ။

ဗိုလ်မှူးကြီး ဖရစ်ဇီယတ်သည် မှတ်ဉာဏ်ကောင်းသလောက် စိတ်လည်းအလွန် စိတ်ရှည်သူ ဖြစ်သည်။ ဇီယတ်၏ လက်စားချေလိုစိတ်သည် ဂျမီလ်သေရုံနှင့် ကျေနပ်မှု မရသေးသည်ကို ဖေဖေ အလွန်တွေးကြောက်သည်။ အိုမာ စစ်တပ်ထဲဝင်သွားလျှင် နောက်ပိုင်း ဘာဖြစ်လာမည်ကို ဘုရားသခင်သာလျှင် သိပေလိမ့်မည်။ သားနှစ်ယောက် စလုံး သေခြင်းဆိုးဖြင့် ဆုံးရှုံးရမည်ကို ဖေဖေ့အနေဖြင့် ဘယ်လိုမှမဖြေသာအောင် ရှိနေ လေသည်။

အိုမာအတွက် ခရီးသွားလက်မှတ်များကို တစ်ပတ်အတွင်းမှာပင်ရရှိသည်။ ဝတ်စုံ သစ်နှင့် ရှူးဖိနပ်များလည်း ဝယ်ယူသည်။ အမေရိကန် ဒေါ်လာငွေများလည်း လွယ်ကူ စွာရရှိသည်။ ဘေရွတ်သို့ရောက်လျှင် ကျွန်တော်တို့မျိုးနွယ်စုများက သူ့ကို

ကောင်းစွာ လက်ခံ စောင့်ရှောက်ကြလိမ့်မည်။

အိုမာသည် မကြာမီတွင် လက်ဘနွန်ကိုထွက်ခွာသွားရတော့မည်။

အိုမာ့အဖြစ်သည် ဂမီလ်၏အဖြစ်နှင့်တော်တော်တူသည်။ သူ့ကို မိသားစုတစ်ခုလုံး က တစ်လျှောက်လုံး ပေယျာလကန်ပစ်ထားခဲ့သည်။ အိုမာသည် ရိုးသားသည်၊ စိတ် ကောင်းသည်၊ အလုပ်ကိုကြိုးစားသည်။ . , သူထွက်သွားသောအခါ တမန်တော်၏ သားတစ်ယောက် ဆုံးရှုံးသွားဘိသည့်အလား ကျွန်တော်တို့အားလုံးပင် ငိုကြသည်။ သူထွက်မသွားခင် ဓာတ်ပုံရိုက်ထားလိုက်သည်။ နောက်ပိုင်းတွင် သူ့ဓာတ်ပုံကို ဂျမီလ်၏ပုံဘေးတွင် ချိတ်ဆွဲထားရန်ဖြစ်သည်။

တကယ်တော့ အိုမာကို ဆုံးရှုံးရသောကြောင့် ဖေဖေစိတ်ဓာတ်ကျခြင်းမဟုတ်။ သူ့မှာမိသားစုကိုကာကွယ်ရန် စွမ်းအားမရှိတော့သောကြောင့် စိတ်ဓာတ်ကျရခြင်းသာ ဖြစ်သည်။

အိုမာထွက်သွားခြင်းကြောင် ဖေဖေ တော်တော့်ကို ခံစားရသည်။ သူသည် အခက်အခဲ များစွာကို ကျော်လွှားနိုင်ခဲ့သည်။ သူများတွေမခံနိုင်သော ဒုက္ခဆင်းရဲကိုလည်း ရင်စည်း၍ ခံနိုင်ခဲ့သည်။ သူသည် သူ့ရွာကိုလည်း လက်လွှတ်ခဲ့ရသည်။ သူ့မျိုးနွယ်စုကိုလည်း လက်လွှတ်ခဲ့ရသည်။ သားတစ်ယောက်ကိုလည်း လက်လွှတ်ခဲ့ရသည်။ ယခုတစ်ဖန် နောက်ထပ် သားတစ်ယောက်ကိုလည်း လက်လွှတ်လိုက်ရပြန်ပြီး သူဘယ်လိုမှ မတတ် နိုင်တော့။ သူ့မှာ တန်ခိုးအာဏာမရှိတော့။

ကျွန်တော့်အနေဖြင့် ပြောရလျှင်လည်း ဤအချိန်သည် စိတ်မချမ်းသာ ဖြစ်ရဆုံး အချိန်ဖြစ်သည်။ ဖေဖေ့တွင် အားကိုးစရာဆို၍ ကျွန်တော်တစ်ယောက်သာ ကျန်တော့သည်။ သူသည် တစ်နေ့ထက်တစ်နေ့ ပို၍ပို၍သာ ကျွန်တော့်အပေါ် မှီခိုအားထားလာတော့သည်။ သူက ကျွန်တော့်ကို လူကြီးတစ်ယောက်လို ဆက်ဆံလာသည်။ တစ်ခါတစ်ရံတန်းတူရည်တူ - ဆက်ဆံလာသည်။

ကျွန်တော်ကိုယ်တိုင်ပင် ထွက်သွားရကောင်းမည်လားဟု ခဏခဏ တွေးမိသည်။ အဲ့ဒီတိုင်းလည်း စိတ်မကောင်းဖြစ်ရသည်။ ဖေဖေနှင့် မေမေတို့

ရှိနေသမျှကာလပတ်လုံး ထွခံဘော်ဘယ်ကိုမှ ထွက်သွားနိုင်လိမ့်မည်မဟုတ်။ ယင်းသို့ထွက်သွားလျှင် ကျွန်တော် ဖေဖေ့ကို သစ္စာဖောက်ရာရောက်လိမ့်မည်။ ကျွန်တော် သစ္စာဖောက်ဘ၀ကို ဘယ်လို ရောက်ခံနိုင်ပါမည်နည်း။

ဆုကိုရီလူမျိုးစု၏ မျိုးဆက်သွေးသည် ကျွန်တော်မှတစ်ဆင့် ရှင်သန်နေရမည်ဟု ဒေ ခဏခဏပြောဖူးသည်။ ကျွန်တော်သည် ဖေဖေ၏ လက်ရွေးစင် စံပြသားကောင်း ဖြစ်သည်။ ထို့ကြောင့်လည်း ထိုဂုဏ်ထူးအတွက် ကျွန်တော် ဆက်လက်ရပ်တည်ရန် ကိုဆုံးဖြတ်လိုက်သည်။

နောက်ပိုင်းတွင် ဖေဖေ၏ အတွေးအမြင်များသည် တဖြည်းဖြည်းပြောင်းလဲလာ သည်။ ကျွန်တော်တို့ဒုက္ခရောက်ရသည့်တရားခံမှာ ဂျူးတွေသာဖြစ်သည့်ဟု သူက စွဲမှတ် ထားသည်။ သူသည် မိမိလူမျိုးနှင့်ခေါင်းဆောင်များ၏ စရိုက်ဆိုး၊ ဉာဉ်ဆိုးများကို ပြုပြင် ပြောင်းလဲ၍ မရနိုင်သောအခါ နယ်စပ်မှရန်သူနှင့် ဆက်ဆံရေးပြေလည်အောင် ကြိုးစား သည်။

အီဂျစ်တွင် စစ်တပ်မှအာဏာသိမ်းမှု ပေါ်ပေါက်လာသည်။ ညှံ့ဖျင်းသော သက်ဦး ငံဘုရင်စနစ်ကျဆုံးသွားသည်။ အီဂျစ်သမ္မတနိုင်ငံသစ် ထူထောင်လိုက်သည်။ အာဏာ ထမ်းခေါင်းဆောင်မှာ ဂါမယ်အဘဒယ်နာဆာဟုခေါ်သော တပ်မှူးကလေးတစ်ဦး ဖြစ်သည်။ အဆာသည် ဂျူးတွေနှင့် ဖြစ်ပွားသောစစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သည်။ ဂျူးတွေဖမ်းဆီးခြင်း ခံခဲ့ရသည်။

ထို့ကြောင့် သူသည် ဂျူးတွေကိုအလွန်မုန်းသည်။ သူ့အမုန်းသည် ကမ္ဘာကျော်သည်။ သူ့အကြောင်းကို လူတွေတဖွဖွပြောလာကြသည်။ သူသည် အာရပ်အမျိုးသားရေး စိတ်ဓာတ် လျှံကို ယပ်ခတ်ပေးလိုက်သည်။

အနောက်ဘက်ကမ်းမှ ဒုက္ခသည်များသည် အာရပ်ရေဒီယိုကို အလုအယက် နား ဆောင်ကြသည်။ သူတို့သည် နာဆာကို အလွန်အကြူး ကြည်ညိုလေးစားနေကြပြီ။ အဆာသည် သူတို့အား လွတ်မြောက်စေလိမ့်မည်။ သူတို့အား မိမိတို့ရပ်ရွာများသို့ ပြန်ပို့ ပေးလိမ့်မည်။

တစ်စတစ်စဖြင့် နာဆာဟူသောနာမည်သည် ဖေဖေ၏ နှလုံးသားထဲသို့

စိမ့်ဝင် လာသည်။ ဖေဖေ၏ တစ်ချိန်က အလွန်ကြည်လင်သော ဆင်ခြင်တုံတရား ပိုးကောင်းကင်တွင် “မ်ညိုမိလ္လာတွေ ယှက်သမ်းလာကြလေပြီ။

✣--- www.ebooks4mm.org ---✣

အခန်း (၇)

၁၉၅၅ ခုနှစ်။

ဘောရွတ်မြို့သို့ အိုမာ ဘေးမသီရန်မခဘဲ ကောင်းမွန်စွာ ရောက်ရှိကြောင်းနှင့် အလုပ်လည်းရနေပြီဖြစ်ကြောင်း ဂျေရုဆလင်မြို့ရှိ ကုလသမဂ္ဂ ကယ်ဆယ်ရေးအဖွဲ့ ရေဒီယိုသတင်းပေးပို့ချက်အရ သိရှိကြရသည်။ ပြည်ပသို့ထွက်ခွာသွားသော အခြား အစ်ကိုများကဲ့သို့ပင် အိုမာကလည်း မိသားစုထံသို့ ပိုက်ဆံပို့ပေးလိမ့်မည်။

အိုမာအနေဖြင့် ပြည်ပသို့ထွက်သွားရန် မလိုအပ်ကြောင်း နောက်ပိုင်းတွင် ကျွန်တော်တို့ သတိရမိကြသည်။ ဂျော်ဒန်နိုင်ငံသည် အရွယ်ရောက်ပြီးသော ပါလက်စတိုင် လူငယ်များအား ဂျော်ဒန်တပ်မတော်ထဲသို့ မဝင်မနေရအမိန့်ဖြင့် ဝင်ခိုင်းသည်။ ၎င်းတို့အား ဗြိတိသျှစစ်ဗိုလ်များက စစ်သင်တန်းပေးကြသော်လည်း စည်းကမ်းမရှိခြင်း၊ အများအပြား ထွက်ပြေးခြင်းနှင့် ပြဿနာအမျိုးမျိုးလုပ်ခြင်းတို့ကြောင့် တပ်ပျက်ကြီးလို ဖြစ်နေသည်။

ထို့ပြင် ၎င်းတို့သည် ဒုက္ခသည်များ၏ ထကြွဆူပူမှုများကို နှိမ်နင်းရန်ငြင်းဆိုကြ သည်။ ဂျော်ဒန်ဘုရင်၏ သစ္စာတော်ကိုလည်း လိုလိုလားလား ခံယူခြင်းမရှိကြ။ ထို့ကြောင့် မကြာမီတွင်ပင် ၎င်းတို့သည် တိုက်ရည်ခိုက်ရည်လုံးဝမရှိဟူ၍ ဗြိတိသျှတို့က မှတ်ချက်ချကြ တော့သည်။

သို့နှင့် ပါလက်စတိုင်းတပ်ရင်းကို ဖျက်သိမ်း၍ ဂျော်ဒန်အမြဲတမ်းတပ်နှင့် ပေါင်းပင် လိုက်သည်။ သို့သော် ပါလက်စတိုင်းစစ်သားများနှင့် ဂျော်ဒန်စစ်သားများအကြား မကြာ ခဏ ရန်ပွဲများဖြစ်ပွားလာသည်။ လပေါင်းအတော်ကြာသောအခါ တပ်များပူးပေါင်းရေး စီမံကိန်း လုံးဝပျက်စီးသွားသည်။ သို့ဖြင့် နောက်ထပ် ပါလက်စတိုင်း စစ်သားစုဆောင်းရေး မလုပ်တော့။

နောက်ဆုံးတွင် ပြောက်ကျားတပ်ဖွဲ့ကြီးကို အကြီးအကျယ်

တိုးချဲ့ဖွဲ့စည်းလာသည်။ အစ္စရေးနယ်စပ်ကို အလုံးအရင်းနှင့် ဝင်တိုက်ရန် ရည်ရွယ်သောကြောင့်ဖြစ်သည်။ ဝါး ဘက်ကားကျောင်းတွင် ကိုးနှစ်အရွယ်ကလေးများကိုပင် စစ်သင်တန်းပေးနေကြသည်။] ကျွန်တော်တို့၏ မိဘများက ရိုးရာအစဉ်အလာအရ သားသမီးများအပေါ်တွင် ဩဇာညောင်းကြသော်လည်း ကျောင်းသားလူငယ်များအပေါ်တွင် ဆရာများ၏ ဩဇာလ ပိုပြီးစူးရှသည်။

ကျောင်းသား လူငယ်များအား အသက်အရွယ်အလိုက် ကလာပ်စည်းများ ဖွဲ့စည်းပေး သံ။ ကလာပ်စည်းများအား တော်လန်ရေးနာမည်များမှည့်သည်။ ဤသို့ဖြင့် သူတို့သည် ဘာ၏သား၊ ညာ၏သား”ဟူသော နာမည်များရလာကြသည်။

“အိုင်ဘင်နီမား” ဆိုသည်မှာ “ကျား၏သား” ဟူ၍ အဓိပ္ပာယ်ရသည်။ ထို့အတူ သေ့်၏သား”၊ “လင်းယုန်၏သား”၊ “မုန်တိုင်း၏သား”၊ “မီး၏သား”၊ “မိုးကြိုး၏ ” စသည်ဖြင့် မှည့်ခေါ်ကြသည်။ ထို့ပြင် အစ္စရေးကိုသွားတိုက်ရာမှ ပြန်မရောက်လာ သောသူများအားလည်း “မိုဟမ္မက်သား”ဟူ၍ ဘွဲ့ထူးပေးကြသည်။ ကျွန်တော့်အစ်ကို မီလ်နာမည်ဖြင့် မှည့်ခေါ်သော “အိုင်ဗင်ဂျမီလ်” (ဂျမီလ်၏သား) များလည်း ပေါ်ထွက် တသည်။

လူငယ်တပ်ဖွဲ့ဝင်များသည် ကြေညာစာရွက်များဖြန့်ဝေကြသည်။ နံရံကပ် ကြော်် များနှင့် ကြွေးကြော်သံများ ကပ်ကြသည်။ အထူးသဖြင့် ၎င်းတို့သည် အထက်မှ ချက်ချင်းအမိန့်ပေးချက်အရ အကြောင်းအမျိုးမျိုးပြ၍ ဆန္ဒပြရသူများ၏ ကျောရိုးများ ဇစ် ကြသည်။

စစ်သင်တန်းဆင်းပွဲတွင် မိဘများရှေ့၌ လုပ်ပြရပုံကိုကြည့်ပြီး ကျွန်တော် ကြက်သီး + မိသည်။ သင်တန်းဆင်း ကျောင်းသားလူငယ်များသည် မြွေခေါင်းများကို ကိုက်ပြခြင်းဖြင့် စစ်သွေးစစ်မာန်နှင့် သူရသတ္တိကို ထုတ်ဖော်ပြသကြရသည်။ ထို့နောက် အောင်ပွဲခံသည့် နေဖြင့် မြွေသေကောင်များကို မီးဖုတ်စားကြရသည်။ အခြားကျောင်းများတွင်မူ ကျောင်းသား ကလေးများအား ခွေးကလေးများကိုသတ်ပြီး သွေးကို သောက်ခိုင်းကြသည်ဟုသိရသည်။

ကျွန်တော်သည် အိုမာထွက်သွားခြင်းနှင့် ပိတ်လှောင်ခံနေရသော မိမိဘဝ အခြေ , အနေဆိုးတို့ကြောင့် အလွန်စိတ်ဓာတ်ကျနေသည်။ ထို့ကြောင့်

နာဒါ၏ဒုက္ခကိုပင် သတိ ရနိုင်သလို ဖြစ်နေမိသည်။

ယခုအခါ နာဒါသည် အသက် ၂ဝ ပြည့်ပြီ။ ထုံးစံအရဆိုလျှင် အိမ်ထောင်ပြုရန် ရွယ်ပင်လွန်နေပြီ။ ဤအတွက် မေမေ့မှာ နေ့တိုင်းစိတ်ဆင်းရဲနေရသည်။ အဘယ်ကြောင့် သော် လင်သားမရှိသော သမီးမိန်းကလေးသည် မိသားစုဂုဏ်သိက္ခာကို ညှိုးမှိန်စေသော ကြောင့်ဖြစ်သည်။

နာဒါသည် အလွန်လှသည်။ သက်တူရွယ်တူ ယောက်ျားကလေးများသာမက အသက် ကြီးသော မုဆိုးဖိုများကပင် သူ့ကို အလွန် လက်ထပ်ချင်ကြသည်။ သို့သော် ဖေဖေက အားလုံးကိုပယ်ချသည်။ ကျွန်တော်တို့အားလုံး တဘားရွာသို့ ပြန်ရောက်ပြီးသောအခါမှ “ငါ့ကို အဆင့်အတန်းတူ သတို့သားနှင့် လက်ဆက်ပေးမည်ဟု ဖေဖေကအကြောင်းပြ ည်။ သူ့စကားကို သူ တကယ်ပင် ယုံကြည်ပါ၏လောဟု ကျွန်တော် စဉ်းစားမိသည်။ ဘာပဲပြောပြော ဖေဖေသည် နာဒါအား လက်မလွှတ်ချင်သည်ကတော့ သိသာလှသည်။

ပြောက်ကျားတပ်တွေက မိန်းကလေးတွေကိုလည်း စည်းရုံးသိမ်းသွင်းသည်။ သို့ဖြင့် “ဒါသည် ပြောက်ကျားတွေနှင့် ကူးလူးဆက်ဆံလာသည်။ ဤအချက်သည် အစဉ်အလာကို ပြင်းထန်စွာချိုးဖောက်ခြင်း ဖြစ်သည်။ ဖခင်နှင့် သမီးတို့၏ ပဋိပက္ခကို ဖန်တီးခြင်းပင်) ခံသည်။ နာဒါအတွက် အစစအရာရာ ကျွန်တော့်တွင် လုံးဝတာဝန်ရှိသည်။ ထို့ကြောင့် သူ့ကိုလိမ္မာပါးနပ်စွာဖြင့် ဖျောင်းဖျပြောဆိုမည်ဟု ကျွန်တော်ဆုံးဖြတ်လိုက်သည်။

ကျွန်တော်သည် ယခင်က မကြာခဏပြုလုပ်ခဲ့သလို နားနားနေနေ စကားပြောရန် ပေါ်သို့လာခဲ့သည်။ ဖေဖေက သူ့အား မိန်းကလေး ကျောင်းသို့ တက်ခွင့်မပြုသည်မှာ တော်တော်စိတ်မကောင်းစရာပင်။ နာဒါက အလွန်ထက် သည်။ သာမန်ယောက်ျားကလေးတွေထက် တော်သည်။ သူ့အတွက် အချိန်တွေအလဟဿ ဖြစ်နေသည်။ သူကျောင်းတက်ခွင့်မရခြင်းသည် အလွန်မတရားဟု ကျွန်တော်ထင်သည်။

နာဒါသည် ပြောက်ကျားတပ်သားများနှင့် ပို၍ပို၍ရောလာသည်။ သူက

သူ့လိုဘဝ တူ အခြားမိန်းကလေးတွေကိုလည်း ပြောက်ကျားတပ်ဖွဲ့နှင့် ဆက်သွယ်ပေးသည်။ သူတို့ သည် ကျောင်းဆရာများ၊ မွတ်စလင်ညီနောင်အဖွဲ့ဝင်များနှင့် ကွန်မြူနစ်များ၏ လျှို့ဝှက် ဟောပြောပွဲများသို့ တက်ရောက်နားထောင်ကြသည်။

ထို့ကြောင့် ကျွန်တော်က သူ့ကို ခပ်ပြင်းပြင်းကလေး သတိပေးဆုံးမရန် စိတ်ကူး ထားသည်။ သို့သော်လည်း ဤအကြောင်းကို တွေးမိလေလေ သူ့ကို သနားမိလေလေ ဖြစ်ရသည်။

ကျွန်တော်က စကားစတော့ သူက ...၊ "မပူပါနဲ့ အစ္စမေ၊ ငါက သစ္စာဆိုထားပြီးသားဖြစ်နေပြီ" ကျွန်တော် တော်တော်အံ့သြသွားမိသည်။

"ငါ အခု တော်လှန်ရေးရဲမေ ဖြစ်နေပြီ၊ ငါတို့တပ်ကို "ငှက်မငယ်တပ်ဖွဲ့" လို့ နာမည်ပေးထားတယ်၊ ဘာဖြစ်လို့လည်းသိလား၊ ငါသီချင်းဆိုတာကို သူတို့ပဲကြားလို့ပဲ

"ဒီအတိုင်းဆိုရင် နင်မလွယ်ဘူး နာဒါ၊ တစ်နေ့ အကြီးအကျယ် ဒုက္ခတွေ့လိမ့်မယ် "ငါ မပူပါဘူး ။ "ဒါပေမယ့် ဖေဖေကပူတယ်"

"ဖေဖေက ဟုတ်လား၊ ဖေဖေက ငါ့အတွက်ပူတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ ဖေဖေက နင့်အတွက် သိပ်ပြီးပူတယ်"

"ဘာပူတာလဲ၊ ငါ့ကိုလိုချင်တဲ့ လူကောင်းသူကောင်းကလေးတွေ အများကြီး အဲဒါသူက အားလုံးမောင်းထုတ်ပစ်တယ်၊ အဲဒါ ငါ့အတွက်ပူတာတဲ့လား"

"ဒါက တို့ရဲ့ လောလောဆယ် အခြေအနေကြောင့်ပါ" ။

"ဖေဖေက သူ့သိက္ခာကို ငါထိန်းစေချင်တဲ့အတွက်လောက်သာ ပူတာပါ အစ္စ ဘယ်လိုပဲဖြစ်ဖြစ် ဖေဖေ့ကိုလည်း ငါဂရုမစိုက်ပါဘူး"

"အဲဒါ ငါပြောမလို့ပဲ"

တကယ်တော့ နာဒါမှာ ဇရှိသည်။ ပြခွင့်မရလို့သာ မပြနိုင်ခဲ့ခြင်းဖြစ်သည်။ နား ရင်ထဲက မီးလျှံကို ကျွန်တော်တစ်ယောက်သာ သဘောပေါက်သည်။

ဆာဘာရီလည်း နည်းနည်းပါးပါးတော့ သိကောင်းသိလိမ့်မည်။ နာဒါအိမ်မှာရှိနေရင် ဘယ်တော့မှစကာ မပြော၊ ဘယ်သူနှင့်မှမပြော၊ လုပ်စရာရှိလျှင် ဘာမှမပြောဘဲ ပြီးအောင်လုပ်သည်။

"ဒီကိစ္စကို တို့ လေးလေးနက်နက် ဆွေးနွေးကြရအောင်" ကျွန်တော်က လူကြီးလေ သံဖြင့် ပြောလိုက်သည်။ 'နင်အဲဒီလူတွေနဲ့ ပေါင်းနေရင် ဒုက္ခလှလှ တွေ့လိမ့်မယ်"

"အစ္စမေ၊ ငါဟာ နင့်စကားကို အမြဲတမ်းနားထောင်ခဲ့ပါတယ်၊ ဒါပေမယ့် တချို့ ကိစ္စတွေမှာတော့ ငါ့စိတ်ငါ တုံးတုံးချထားပါပြီ"

"ဘာကိစ္စမှာလဲ"

"ငါတို့ဟာ ဒီနေရာက ဘယ်တော့မှ ထွက်မသွားနိုင်တော့ဘူးဆိုတာ ငါ တုံးတုံး ထားပြီးပြီ"

နှစ်ယောက်စလုံး ငြိမ်သက်နေကြသည်။ အတန်ကြာတော့မှ ကျွန်တော်က ... "အခြေအနေကတော့ စိတ်ပျက်စရာပဲ၊ ဒါပေမယ့် စိတ်ကူးမလွဲစမ်းပါနဲ့နာဒါ"

"ပြောက်ကျားတပ်ဖွဲ့ အပေါ်မှာ နင်ဘယ်လို သဘောထားတယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် သူတို့ဟာ ငါ့ကို လူသားတစ်ယောက်လို ပထမဆုံး ဆက်ဆံကြတဲ့ပုဂ္ဂိုလ် တွေပဲ၊ သူတို့က ငါ့ကို ဂုဏ်ရှိတဲ့၊ သိက္ခာရှိတဲ့ လူသားတစ်ယောက်လို ဆက်ဆံကြတယ်။ ဒါကြောင့် ငါ သူတို့တပ်ဖွဲ့ထဲဝင်တာ၊ ငါတို့အားလုံးစုပြီး သီချင်းဆိုကြတယ်၊ ပုံပြောကြ တယ်၊ ရယ်ကြတယ်၊ လူငယ်တွေကလည်း သူတို့ဟာ ခွေးတွေမဟုတ်ဘူး၊ တစ်နေ့ကျ တော့ လူကြီးဖြစ်လာမယ်ဆိုတာ နားလည်လာကြတယ်" ။ ''ဟုတ်ပါတယ်၊ သူတို့ သိပ်ပြီးလူကြီးဆန်တာကို ငါလည်း မြင်ဖူးပါတယ်" ကျွန်တော် က သရော်တော်တော်လေသံဖြင့် ပြောလိုက်သည်။ "သူတို့က တိုက်ပွဲမဝင်ခင် ထရပ်ကား ပေါ်မှာ မတ်တပ်လိုက်ပြီး မိုးပေါ်ကို သေနတ်ဖောက်ကြတယ်၊ အဲဒါသတ္တိစမ်းတာတဲ့။ အစ္စရေးနယ်စပ်ရောက်တော့ သေနတ်တွေလွှင့်ပစ်ပြီး ခွေးပြေးဝက်ပြေး ပြေးကြတယ်"

"အချိန်တန်တော့ သူတို့လည်းသတ္တိရှိလာကြမှာပါ၊ ငါတို့ကို

အင်္ဂလိပ်ဂျာဘာက ဘယ်သူ ကွယ်ထုတ်နိုင်မယ်ထင်သလဲ၊ ဖေဖေက ကယ်ထုတ်နိုင်မှာလား၊ ဖေဖေက အို သွားပြီ၊ ဘာမှမစွမ်းနိုင်တော့ဘူး၊ တို့ရဲ့ လွတ်မြောက်ရေးကို ပြောက်ကျားတပ်သားတွေက သာ လုပ်ပေးနိုင်မယ် အစ္စမေ၊ သူတို့သာ တို့ကို နေရာမှန်ကို ပြန်ပို့နိုင်ကြမှာ”

“ဘယ်က နေရာမှန်လဲ၊ ငါတို့ဟာ ဘယ်သူတွေလို့ နင်ထင်သလဲ” ပါလက်စတိုင်းသားတွေက ကမ္ဘာမှာ ပညာအတတ်ဆုံး ဉာဏ်အရှိဆုံး”

“ထွတ်သရီး၊ ဒါကြောင့်ပေါ့၊ ပညာတတ်ပါလက်စတိုင်းတွေက ပိုက်ဆံ နှစ်ဒေါ် လာရတာနဲ့ ငါတို့ကိုဟိုတုန်းကတည်းက ပစ်ပြီးထွက်ပြေးသွားတယ်မဟုတ်လား။ ဟိုမှာ ကြည့်လိုက်စမ်းပါ နာဒါ၊ နင် ဘာဖြစ်သလဲ၊ တို့လူမျိုးတွေဟာ ဂုဏ်သိက္ခာရှိတဲ့လူမျိုးပါ

” ဒါကြောင့်မို့ တို့က ပြောက်ကျားတပ်ဖွဲ့ ကို အားကိုးရမှာပေါ့”

ကျွန်တော် နားနှစ်ဖက်ကို လက်ဝါးနှင့် အုပ်ထားလိုက်သည်။ နာဒါ အလွန် စိတ် လှုပ်ရှားနေသည်။ ကျွန်တော့်မျက်လုံးတွေကို စိုက်ကြည့်နေသည်။ ကျွန်တော် စိတ်ကို ထိန်းထားပြီး သူ့ပခုံးပေါ် အသာလက်တင်လိုက်သည်။

“နာဒါ ငါပြောတာ နင် နားထောင်ပါ့မယ်ဆို၊ ခဏနားထောင်ပါ၊ ငါပြောပြမယ်၊ နင်တို့ကြွေးကြော်သံတွေကို ကျောင်းမှာ ငါနေ့တိုင်းကြားနေရတယ်၊ တို့က ဒုက္ခရောက်ပြီး စိတ်ဆင်းရဲနေကြတဲ့အတွက် အဓိပ္ပာယ်မရှိတဲ့ စကားတွေကိုလည်း ယုံလွယ်ကြတယ်၊ ငါတို့ကိုဦးဆောင်မယ့် အဲဒီ ပြောက်ကျားတွေက ဘယ်သူတွေလဲ၊ အစိုးရဆိုတာကိုပဲ သူတို့ ဘယ်လောက်နားလည်သလဲ၊ လွတ်လပ်ရေးဆိုတာကို ဘယ်လောက်နားလည်သလဲ၊ မှာ”

အမှန်တရားဆိုတာကို ဘယ်လောက်နားလည်သလဲ၊ ကျိုးကြောင်းညီညွတ်တဲ့ ဆင်ခြင်တုံ တရားဆိုတာကို ဘယ်လောက် နားလည်သလဲ၊ သူတို့က ဈေးဆိုင်တွေက ခိုးကြတယ်။ သူတောင်းစားတွေဆီက လုကြတယ်၊ မှောင်ခိုဈေးဖွင့်ကြတယ်၊ မူးယစ်ဆေးဝါးသုံးကြ တယ်၊ သူတို့ မဟုတ်တာလုပ်နေတာကို တော်လှန်ရေးအလံနဲ့ ဖုံးထားကြတယ်၊ အဲဒါဟာ

မြင့်မြတ်တဲ့အလုပ်လို့ဆိုမှာလား”

သည်တစ်ကြိမ်တော့ နာဒါက သူ့နားနှစ်ဖက်ကို လက်ဝါးနှင့် ပိတ်ထားသည်။ ကျွန်တော်က သူ့လက်ကို ဆွဲဖြုတ်လိုက်သည်။

“ပြီးတော့ သူတို့က ငါ့အရွယ်လူငယ်တွေကို အသေခံတပ်ဖွဲ့ပြီး အစ္စရေးကို တိုက် ခိုင်းကြတယ်၊ သူတို့မှာ မြေပုံလည်းမပါဘူး၊ ပစ်မှတ်ကိုလည်းမသိဘူး၊ သင်တန်းလည်း ပြည့်ပြည့်ဝဝ မတက်ဖူးဘူး။ သူတို့က ထွက်ပြေးတဲ့ ဂျူးအရပ်သားတွေကို လိုက်ဖမ်းကြ တယ်၊ ဂျူးအဘိုးကြီး၊ ဂျူးကလေးငယ်၊ ဂျူးအမျိုးသမီးတွေကို လိုက်ဖမ်းပြီးသတ်ပစ် ကြတယ်၊ ဒီလိုလုပ်ရင် တို့တဘားရွာကို ပြန်ရောက်နိုင်မယ်လို့ နင်ထင်သလား”

“ဂျူးတွေက ငါတို့ပိုင်တဲ့နယ်မြေကို ခိုးထားတာပဲ”

“နင် ပါးစပ်ပိတ်ထားစမ်းပါ၊ ငါပြောတာသာနားထောင်စမ်းပါ နာဒါ၊ နင်ခာတ်ပုံ ဆရာဝါဒီကို သိသလား”

“သိသားပဲ သူဘာဖြစ်လို့လဲ”

“ငါလည်းသိတယ်၊ သူလည်း ပြောက်ကျားတပ်ထဲ ဝင်သွားတယ်၊ သူ အသေခံ တပ်ထဲဝင်သွားတယ်၊ တကယ်တော့ သူ့ကို သူ့မိဘတွေက ဒေါ်လာတစ်ရာနဲ့ ရောင်းလိုက် တာလဲ ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် သူ့ကို မဝင်မနေရဆိုပြီး အကျပ်ကိုင်တာကြောင့်လဲ ဖြစ်နိုင်တယ်၊ ဒါနဲ့ သင်တန်းတက်တော့ သူ့ကို ခာတ်ပုံရိုက်ယူထားတယ်။ ဘာဖြစ်လို့ လည်း သိရဲ့လား၊ သူ သင်တန်းတက်နေတုန်းကတည်းက သူ့ခာတ်ပုံနဲ့ နံရံကပ်ပိုစတာ တွေ ရိုက်ထားပြီး၊ တကယ်လို့ အစ္စရေးမှာ သူတိုက်ပွဲကျသွားခဲ့ရင် အဆင်သင့် ဝါဒဖြန့် ကြော်ငြာကပ်နိုင်အောင်ပေါ့လို့၊ ဒီလိုနဲ့ သူဟာ အာဇာနည်သူရဲကောင်း ဖြစ်သွားမှာပေါ့”

“နင်ပြောတာ ငါမယုံပါဘူး”

“အို မယုံမရှိနဲ့၊ အလားတူဖြစ်ရပ်တွေအများကြီးပါ ဒါနာ၊ လွန်ခဲ့တဲ့သုံးပတ်လောက် က သူတိုက်ပွဲမထွက်ခင် သူ့ကို နာဗလူး ဒါမှမဟုတ်

ဘက်သလီဟာမ်ကို ပို့လိုက်တယ်၊ မကောင်းတဲ့မိန်းမနဲ့ ပျော်ပါးမလို့၊ သူ့ကို မူးယစ်ဆေးဝါးတွေလည်း သုံးခိုင်းတယ်၊ အဲဒီနောက်တော့ သူ့ကို နယ်စပ်ကို လွှတ်လိုက်တော့တယ်၊ သေမင်းဆီလွှတ်လိုက်တာနဲ့ အတူတူပဲပေါ့၊ သူတို့က အသေခံအာဇာနည် လိုချင်တာကိုး၊ ဒါဟာ နင်တို့တော်လှန်ရေး ဆိုတာလား ... ဟင် ... နာဒါ၊ ပြီးတော့ နင်တို့ ပြောက်ကျားခေါင်းဆောင်တွေရော သူတို့ကိုယ်တိုင် တိုက်ပွဲဝင်တာ နင်မြင်ဖူးသလားဟင်၊ ဝေးပါသေးရဲ့၊ သူတို့က ဘာမှမသိတဲ့ လယ်သမားလူငယ်တွေကို သေမင်းလက်ထဲပို့ကြတယ်၊ ဂျူးမုန်းတီးရေးဝါဒဖြန့်နိုင်အောင်၊ သူတို့လိမ်ညာတာတွေကို ဖုံးကွယ်နိုင်အောင် လူငယ်တွေကို ခားစာခံလုပ်ကြတယ်။ ကို

”အို ... ငှက်မငယ်တို့၊ လာလေ့၊ ငါတို့အတွက် သီချင်းဆိုပါလေ့၊ ငါတို့ရဲ့ ကြီးမြတ်တဲ့ လှုပ်ရှားမှုကြီးအကြောင်းကို ကဗျာဖွဲ့ ပါလေ့၊ သင်တို့အား သင်တို့၏ ဇာတိရပ်ဌာနီသို့ ငါတို့ ပို့ပေးပါမည်၊ သင်တို့သည် ယောကျ်ားကလေးများနှင့်အတူ လမ်းမပေါ်မှာ ပြေးလွှားကြလေ့၊ ဆန္ဒပြကြလေ့၊ ကဲ... ဘယ်လောက် ကောင်းလိုက်တဲ့ ဘ်ခေါ်ချက်လဲ၊ တကယ်တော့ နင်ဟာ သူတို့အသုံးချတာကို ခံနေရပြီ ... နာဒါ”

“တော်ပါတော့ အစ္စမေ၊ တော်ပါတော့” 'ငါ အမှန်တွေကို ပြောပြနေတာပါ... နာဒါ

”ငါလည်း သိပါတယ် အစ္စမေ၊ ဒါပေမယ့် ငါ့ဘဝကိုနင်သိပါတယ်၊ ငါ ဒီအိမ်က ထွက်ပြေးချင်တယ်၊ ဒီအိမ်မှာနေရတာ ငါမွန်းကျပ်နေတယ်၊ လှောင်ပိတ်နေတယ်၊ ငါ့မှာ မိတ်ဆွေမရှိဘူး၊ ငါမိတ်ဆွေလိုချင်တယ်” ။

“ဒါပေမယ့် အခု နင်ပေါင်းနေတာက မိတ်ဆွေတွေ မဟုတ်ဘူးနာဒါ၊ မိတ်ဆွေ တွေမဟုတ်ဘူး၊ တို့တစ်တွေကို ဒုက္ခပေးနေတဲ့လူတွေပါ၊ တို့ကိုသေမင်းလက်ထဲ ပို့နေတဲ့ လူတွေပါ၊ သူတို့က တို့အကျိုးကို ဘာမှ မဆောင်ရွက်နိုင်ပါဘူး၊ သူတို့ ပိုက်ဆံရဖို့ပဲ ကြိုးစားနေကြတဲ့လူတွေပါ၊ ဒီတိုက်ပွဲမှာ တို့လူငယ်တွေ ဘယ်လောက်သေသေ သူတို့ လုံးဝဂရုမစိုက်ဘူး၊ သူတို့လိုချင်တာက လူငယ်တွေသေဆုံးရတဲ့အတွက် ဂျူးတွေအပေါ် မှာ ပိုပြီးမုန်းတီးစိတ်ပွားလာဖို့ပဲ၊ အဲဒါပဲ သူတို့လိုချင်တယ်”

“နင် ထင်ရာတွေလျှောက်ပြောမနေပါနဲ့ အစ္စမေ”

နာဒါသည် ထိုင်ရာမှထပြီး လျှောက်ထွက်သွားသည်။ အက္ကာဘက်ဂျာဘားကို လှမ်း မြင်ရသောနေရာသို့ရောက်တော့ သူက ကျွန်တော့်ဘက် ပြန်လှည့်ပြီး မေးသည်။

“တခြား ဘယ်နည်းလမ်းများရှိသေးသလဲ အစ္စမေ၊ ဖေဖေက တစ်နည်းတစ်လမ်း ကြိုးစားတယ်၊ အဲဒါကို သူတို့က လိုက်ဖက်တယ်၊ တို့ ဒီနေရာမှာ ဘယ်လောက်ကြာကြာ နေရဦးမှာလဲ၊ နင်ကရော ဘယ်လိုဖြစ်လာနိုင်သလဲ”

'ငါ ထောင်ချောက်ထဲ ရောက်နေတယ်၊ ထောင်ချောက်ထဲ ရောက်နေတယ်” ကျွန်တော်က အော်ပြောလိုက်သည်။

“နင် တစ်ယောက်တည်းသာ မဟုတ်ပါဘူးအစ္စမေ၊ တို့အားလုံး ထောင်ချောက် မိနေကြတာပါ၊ တို့ဟာ မွေးလာတဲ့နေ့ကစပြီး ထောင်ချောက်မိနေကြတာ”

“ငါ ထောင်ချောက်မိနေပြီ”

ကျွန်တော် အသံကုန်အော်လိုက်မိသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ပဲ့တင်သံတွေ ဟိန်းပြီး ပေါ်ထွက်လာသည်။

'နင်ပြောတာမှန်တယ် အစ္စမေ’ နာဒါက ပြောပြန်သည်။

“ငါက သူတို့ တော်လှန်ရေးလုပ်ရပ်တွေကို အားလုံးမယုံပါဘူး၊ ဒါပေမယ့် ငါ ပြောပြမယ်၊ နင့် သေသေချာချာနားထောင်ပါ”

ကျွန်တော် သူ့စကား နားထောင်ရမည်ကို လန့်နေမိသည်။

“လာပါ၊ တို့ အမြင့်ကိုတက်ကြမယ်၊ ပြီးတော့ အက္ကာဘက်ဂျာဘားကို မမြင်နိုင်တဲ့ နေရာမှာထိုင်ပြီး ပြောကြမယ်”

သူက ကျွန်တော့်လက်ကိုဆွဲပြီးတက်လာခဲ့ကြသည်။ နာဒါသည် ဖိနပ်မပါဘဲနှင့် တောင်တက် အလွန်ကျွမ်းကျင်သည်။ ကျွန်တော်ကတော့ မောနေပြီ။ ရေငတ်လွန်း၍ နှုတ်ခမ်းကို လျှာနှင့်လျက်နေမိသည်။

"နင်က နင့်အတွက် ငိုပြီးပြီ၊ အခု ငါ့အတွက်လည်းငိုပါဦး၊ ငါဟာ ငါ့တစ်သက် လုံး လွတ်လပ်မှုဆိုတာ လုံးဝမရခဲ့ဖူးဘူး၊ ငါ့စိတ်၊ ငါ့အသံ၊ ငါ့ဆန္ဒအားလုံး ထောင်ကျပ် နေခဲ့တယ်၊ ကိုယ့်အိမ်မှာတောင် အားလုံးနဲ့ စုစုဝေးဝေးစကားပြောခွင့်မရခဲ့ဘူး၊ ညှော့ခန်း

"

Hi လည်းဝင်ခွင့်မရဘူး၊ ညှော့ခန်းထဲမှာလည်း ထမင်းတစ်ခါမှမစားခဲ့ဖူးဘူး၊ ငါဟာ ရေတွင် ကလွဲပြီး ဘယ်နေရာကိုမှ တစ်ယောက်တည်း သွားခွင့်မရှိဘူး၊ ပြီးတော့ စာလည်းသင်ခွင့် မရဘူး၊ ယောကျ်ားတွေရှေ့မှာ မရယ်ရဘူး၊ သီချင်းမဆိုရဘူး၊ ငါ့အစ်ကိုတွေ၊ မောင် တွေရှေ့မှာတောင် ရယ်ခွင့် သီချင်းဆိုခွင့် မရဘူး၊ နောက်ပြီး ယောကျ်ားကလေးတစ် ယောက်ကို လက်နဲ့မထိမတို့ရဘူး၊ ပြန်ပြီးရှင်းပြခွင့်မရှိဘူး၊ ငါ့ဘက်က မှန်နေတာတောင် မှ ပြန်မပြောရဘူး၊ အမိန့်ပေးတာကိုပဲ အမြဲတမ်းမှာခံ၊ သူများက ပြောခိုင်းတာကိုသာ ပြော၊ သူများက လုပ်ခိုင်းတာကိုသာလုပ်၊ အဲဒါ ငါ့ဘဝပါပဲ။)

"တဘားမှာတုန်းက အဖြစ်တစ်ခုကို သတိရတယ်၊ မိန်းမတစ်ယောက် မိဘတွေနဲ့ ဘတ်စ်ကားဂိတ်မှာ ရပ်နေတယ်၊ သူ့ရင်ခွင်မှာ အရုပ်ကလေးတစ်ရုပ်ကို ပိုက်ထားတယ် သူက အရုပ်ကလေးကို ငါ့ကိုပြတယ်၊ အရုပ်ကလေးက သိပ်လှတာပဲ၊ ဒါပေမယ့် အရုပ် ကလေးဟာ ဘာမှမလုပ်တတ်ဘူး၊ သူ့ကျောကုန်းကို ရိုက်လိုက်ရင် မျက်လုံးပိတ်လိုက် ဖွင့်လိုက်နဲ့ ငိုရုံလောက်ပဲတက်တယ်၊ ငါလည်း အဲဒီအရုပ်ကလေးလို ဖြစ်နေတယ် အစ္စမေ။

"ပြောတာ နားထောင်၊ ခိုင်းတာလုပ်၊ အဲဒါ ပျော်ရွှင်မှုလား အစ္စမေ၊ သော် … မောင်လေးရယ်၊ ရေစမ်းပေါက်မှာ ရေမြင်ရလို့ လယ်ကွင်းတွေဖြတ်ပြီး နင်းပြေးသွားတာ ငါမြင်ယောင်နေပါသေးတယ်၊ နင် ညှော့ခန်းထဲဝင်တာ၊ ဖေဖေနဲ့ စကားပြောနေတာ၊ နင် စာဖတ်နေတာတွေကိုလည်း ငါမြင်ရတယ်၊ စာဖတ်တတ်တာ ဘယ်လောက် ပျော်စရာ ကောင်းလိမ့်မလဲနော်၊ နှင် ရမ်လီကို နေ့တိုင်းကျောင်းတက်သွားတာ၊ နင် ဘတ်စ်ကားပေါ် ကက်သွားတာ၊ နင် မြင်းစီးပြီးသွားတာတွေကိုလည်း ငါမြင်ပါတယ်၊ တစ်ခါက နင်တို့ ညီအစ်ကိုတစ်တွေ လိုင်ဒါမှာ ရုပ်ရှင်သွားကြည့်ကြတာကိုလည်း ငါသတိရတယ်၊ အဲဒီတုန်းက ငါဟာ

ရုပ်ရှင်မကြည့်ရလို့ အခန်းထောင့်မှာ ကုပ်ပြီးငိုမိတာ၊ ပြီးတော့ နှင် ဖေဖေနဲ့ အတူ မြင်းကြီး အယ်လ်ဘူရတ်ကိုစီးသွားတာ၊ ဖေဖေ့နောက်ကထိုင်ပြီး ဖေဖေ့ကိုဖက်ပြီး လိုက်သွားတာကိုလည်း ငါ သတိရတယ်။

တကယ်တော့ ငါဟာ ဘာခံစားချက်မှမရှိအောင် ပုံသွန်းထားတဲ့ ရုပ်တုတစ်ခု နဲ့ အတူတူပါပဲကွယ်၊ ငါ့ခံစားချက်တွေကို ဘယ်တော့မှ ဖွင့်မထုတ်ရဘူး၊ ကလေးဘ၀ ကတည်းက ကျွန်ဘ၀ကို ရောက်ခဲ့ရတယ်၊ ဘာမလုပ်ရဘူး၊ ညာမလုပ်ရဘူး၊ အားလုံးကို ချုပ်ချယ်ထားတယ်၊ ပိတ်ပင်ထားတယ်၊ တားမြစ်ထားတယ်၊ ရှက်စရာတဲ့၊ ရှက်စရာ၊ ရှက်စရာ၊ ရှက်စရာလုပ်ရင် ပါးကိုအရိုက်ခံရတယ်၊ ငါဟာ ငါ့ကိုယ်ကိုတောင် မပိုင်ဘူး၊ ခန္ဓာဟာ ဖေဖေ့ဂုဏ်သိက္ခာ ကာကွယ်ဖို့လောက်ပဲ ဖြစ်ပေါ်လာတာ၊ ငါပိုင်တဲ့ ငါ့ကိုယ် ခန္ဓာမဟုတ်ဘူး၊ ငါ့ကိုယ်ခန္ဓာကို ဘယ်လိုပျော်ရွှင်မှုအတွက်မှ အသုံးချခွင့်မရဘူး၊ ငါ့ကို အိမ်ထောင်ပြုပြီး ရောင်းစားလိုက်တဲ့အခါကျပြန်တော့လည်း ငါ့လင်ခိုင်းသမျှ သူ့ဆန္ဒ အတိုင်း သူကျေနပ်အောင် အမြဲတမ်းလုပ်ပေးနေရတော့မယ်၊ ဘယ်ကိစ္စ၊ ဘယ်အရေးမှာမှ ငါဝင်ပြောလို့မရဘူး၊ ကဲ... နှင်က နှင်ဟာ ထောင်ချောက်မိခံနေရတယ်ဆို၊ ငါ့အဖြစ်ကို တော့ နှင် ဘယ်လိုပြောမှာလဲဟင် ... အစ္စမေ”

'ငါ ဘယ်လိုမှတောင် မပြောတတ်ပါဘူး နာဒါ၊ ငါကိုယ့်ကိုယ်ကိုယ် တွေးပြီး သိပ်ရှက်မိတယ် နာဒါ”

“ဪ... မောင်လေးရယ်၊ တို့လောကမှာ မိန်းမတစ်ယောက်ဖြစ်ရတာ ဒုက္ခကြီး --- ဘယ်ကွယ်၊ မေမေ့ကို ကြည့်ပါလား၊ ဘာခံစားချက်မှမရှိတော့ဘူး၊ ခံစားချက်တွေ သွားပြီ၊ နာလည်းဘာမှမနာတော့ဘူး၊ အဲဒီလို ချုပ်ချယ်မှုတွေကိုမခံနိုင်လို့ အခုတော့ - ယောကျ်ားကလေးတွေနဲ့ အတူတူလည်းသွားလာတယ်၊ အတူတူ သီချင်းလည်းဆိုတယ်။ အတူတူ ဆန္ဒလည်းပြတယ်၊ ဆန္ဒပြတယ်ဆိုတာဘာလဲဆိုတာ ငါ့အနေနဲ့ စဉ်းစားနေဖို့ လိုသေးသလား ... ဟင်၊ ငါက သူတို့ရဲ့ သီချင်းဆိုတဲ့ငှက်မငယ်ပဲ မဟုတ်လား၊

”

ဒါကြောင့် ငါဟာယောကျ်ားလေးတွေကို ကြည့်လဲ ကြည့်တယ်၊ ပြီးလည်း

ပြုံးပြတယ်၊ သူတို့ရှေ့ကဖြတ်ပြီး ပွတ်သီးပွတ်သပ်လည်း လျှောက်သွားတယ်၊ ရင်လှုပ် တင်လှုပ်လည်း လုပ်ချင်လုပ်တယ်၊ လူ့ဘဝမှာ အင်မတန်ရိုင်းပြီး အင်မတန်လှတဲ့ အရာ တစ်ခုကို ဆာဘာရီက ငါ့ကိုပြသွားတယ်၊ ငါ ဘာဖြစ်လို့ အဲဒါကို စမ်းမကြည့်ဘဲ နေရ မှာလဲဟင်”

‘နင့် ဒီစကားမျိုးပြောတာတော့ ငါလက်မခံနိုင်ဘူး နာဒါ”

”ဒါနဲ့ နင့်မှာ ရည်းစားရှိသလားဟင်”

”ငါ မပြောချင်ဘူး”

”ဒါဆို နင် မိန်းမနဲ့ဆက်ဆံဖူးလားဟင်”

”ငါ မပြောချင်ဘူး”

“ဟုတ်ပါပြီ၊ နင့်မှာ အတွေ့အကြုံရှိတယ်ဆိုတာ ငါသိပါတယ် အစ္စမေ၊ နင် မုဆိုးမတွေနဲ့ ဆက်ဆံဖူးတာ ငါရိပ်မိပါတယ်၊ နှင်ကတော့ ယောကျ်ားကလေးကို နင် လုပ်ချင်တာလုပ်နိုင်တာပေါ့လေ၊ ငါ့မှာတော့ ဘာဆိုဘာမှ ...”

“နာဒါ တော်စမ်း၊ နှင့်စကားတွေလွန်လာပြီ၊ နင် ဒီစကားမျိုးမပြောသင့်ဘူး”

နာဒါက ကျွန်တော့်စကားကြားပုံမရ။ သူ့မျက်လုံးစုံမှိတ်ပြီး ဆက်ပြောနေသည်။ သူ့တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင် ဖြစ်နေသည်။

“ငါ ... ယောကျ်ားကလေးတွေကို သိပ်ပြီး ... သိပ်ပြီးချစ်တယ် အစ္စမေ၊ သူတို့ကို ကြည့်နေရရင် ငါ သိပ်ပျော်တယ်၊ သူတို့က ငါ့ကိုကြည့်ရင်လည်း ငါသိပ်ပျော်တာပဲကွယ်၊ ပြီးတော့ .... “

“နာဒါ... တော်ဆိုတော်စမ်း၊ ငါပြောနေတယ်နော်”

“မတော်ဘူး၊ မတော်ဘူး၊ ငါ့စိတ် ငါ့ကိုယ်ငါပိုင်တယ် ငါပြောချင်တာပြောမယ်၊ ငါက မေမေ့လိုမဟုတ်ဘူး၊ ရာမီဇာတို့ ဖာတမာတို့လို မဟုတ်ဘူး၊ သူတို့လို လှောင်ချိုင့် ထဲမှာ အထည့်မခံနိုင်ဘူး”

“ငါ တောင်းပန်ပါတယ် မှာဒါရယ်၊ နင် ဘာမှမပြောပါနဲ့တော့၊ ကဲ... တို့ပြန်

ကြစို့ နာဒါ”

အိုမာနှင့် ဂျမီလ်တို့ မရှိတော့သည့်နောက်ပိုင်းတွင် မိသားစုအတွင်း အခြေအနေ ပြောင်းလဲလာသည်ကို ဖေဖေသတိပြုမိလာသည်။ နာဒါ အိမ်မှထွက်သွားရင်လည်း သူ သတိထားမိသည်။ ခုတစ်လော နာဒါတစ်ယောက် အလွန်ခြေမြန်နေသည်။ ခဏခဏ အိမ်ပြင်ထွက်သည်။ ဘယ်သွားမှန်းလဲမသိရ။ တော်လှန်ရေးပြောက်ကျား ငှက်မကလေး တွေစုရုံးစုရုံးဖြင့် အလွန်မြူးနေကြသည်။ သည်အပြုအမူကို ဖေဖေလုံးဝမကြိုက်။ တစ်နေ့ နေ့မှာတော့ နာဒါနှင့် ဖေဖေတို့ ထိပ်တိုက်တွေ့ကြတော့မည်မှာ သေချာနေသည်။

တစ်နေ့မနက် စားသောက်ပြီးချိန်တွင် ဖေဖေက အိမ်သားအားလုံးကို ခေါ်သည်။ ဤအချိန်မျိုးတွင် ဤကဲ့သို့ တစ်ခါမှမခေါ်စဖူး၊ ယနေ့ အလွန်ထူးခြားသည်။

ဧည့်ခန်းထဲသို့ ကျွန်တော်တို့ တစ်ယောက်စီဝင်လာကြသည်။ ဒူးထောက်ဝပ်တွား ပြီး ဖေဖေ့လက်ကို နမ်းကြသည်။ ကမယ်နှင့် ကျွန်တော်တို့က ဖေဖေ့ဘေး တစ်ဖက် တစ်ချက်တွင် ကုလားထိုင်နှင့် ထိုင် ကြသည်။ မိန်းမတွေက နံရံဘေးမှ ခွေးခြေပေါ်တွင် ထိုင်ကြသည်။

“နာဒါ … မတ်တပ်ရပ်စမ်း” ဖေဖေက ပြောသည်။ နာဒါ မတ်တပ်ထရပ်သည်။

“အမ္မန်မြို့က ကုလသမဂ္ဂအရာရှိတစ်ယောက်အိမ်မှာ သမီးအတွက် ဖေဖေ အလုပ် တစ်ခုရထားတယ်၊ တော်တော်ကံကောင်းတယ်လို့ ဆိုရမှာပဲ၊ အဲဒီလူက ထင်ရှားတဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်း ဆီးရီးယားလူမျိုးပါ၊ သူ့နာမည်က မစ္စတာဟာမ်ဒီအိုသမန် တဲ့၊ သူက အေလာဝိုက်ဘာသာဝင်ဖြစ်ပေမယ့် ကုလသမဂ္ဂကယ်ဆယ်ရေးအဖွဲ့ အရာရှိတွေ ထဲမှာ အင်မတန်လေးစားလောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ သူ့မှာ ကလေးသုံးယောက်ရှိ ဟယ်၊ သမီးက သူတို့ကို ထိန်းရမယ်၊ သမီးအနေနဲ့ အိမ်ကို နှစ်လတစ်ကြိမ် ပြန်လာခွင့် ရအောင်လည်း ဖေဖေ စီစဉ်ထားတယ်”

“ဘယ်ဘက်ကပဲကြည့်ကြည့် ဒီအလုပ်ရတာဟာ သမီးအတွက်

အလွန်ကံကောင်း တယ်လို့ ပြောရမှာပဲ၊ အိုသမန်တို့လင်မယားက စိတ်စေတနာလည်း သိပ်ပြီးကောင်းတယ် ယုတို့လင်မယား အနောက်နိုင်ငံတွေအနှံ့ ခရီးထွက်ခဲ့ကြပြီးပြီ ဒီအိမ်မှာ လူများလှတယ် ဟိုအိမ်ရောက်တော့ သမီးကိုယ်ပိုင်အခန်းနဲ့ နေရမယ်၊ တခြား မိန်းကလေးနှစ်ယောက်လည်း သမီးအခန်းမှာ နေကြလိမ့်မယ်၊ သမီးတော့ သိပ်ပြီးသဘောကျမှာပဲလို့ ဖေဖေထင်တယ်”

အားလုံးငြိမ်သက်နေသည်။ အတော်ကလေးကြာတော့မှ .... “ဘယ်လိုလဲ၊ သမီး သဘောကျတယ်မဟုတ်လား”

”ကျပါတယ်... ဖေဖေ”

“ဒါဆို ဟုတ်ပြီ၊ သမီးသဘောကျရင် ဖေဖေလည်းသဘောကျတာပဲ၊ သမီးနှလုံးသား ထဲမှာ အမြဲထိန်းသိမ်းထားရမှာကတော့ ဆုကိုရီလူမျိုးစုရဲ့ ဂုဏ်သိက္ခာပဲ၊ သမီး အဲဒီကိုမသွား ခင်မှာ သမီးဆံပင်ကို သမီးမေမေက ဖြတ်ပေးလိမ့်မယ်၊ သမီးဟာလူတွေရှေ့မှာ ခေါင်းမြီး ခြုံထားရလိမ့်မယ်၊ မကြာခင် မစ္စတာအိုသမန်တို့လင်မယား သမီးကိုလာခေါ်လိမ့်မယ်”

ဖေဖေ ထိုင်ရာမှထသွားသည်။

ထုံစံအတိုင်းပင် မေမေတို့တစ်တွေ တရှုပ်ရှုပ်ငိုရှိုက်သံများ အဆက်မပြတ်ထွက် ပေါ်လာသည်။ သို့သော် နာဒါကတော့ အလျှင်းမစိုး သည်အတွက် မေမေ၊ ရာမီဇာနှင့် ဖာတမာတို့က အလွန်ဒေါသထွက်ကြသည်။ သူတို့မျက်လုံးတွေ မီးထတောက်တော့မ လောက် ဒေါသခိုးတွေ ပြည့်လျှံနေကြသည်။ ဤအဖြစ်မျိုးကို ကျွန်တော် ဤတစ်ကြိမ်သာ မြင်ဖူးသေးသည်။

နာဒါ၏ ညိုမောင်းလှပသောဆံပင်တွေကို မေမေက ကတ်ကြေးဖြင့် တိခနဲ့တိခနဲ့ ဖြတ်ချနေသည်။ သို့သော် မာဒါက တုတ်တုတ်မလှုပ်ဘဲ ငြိမ်ခံနေသည်။ ဆံပင်တွေ အဆုပ်လိုက်အဆုပ်လိုက် သူ့ခြေထောက်ပေါ်သို့ကျလာသည်။ တစ်ခေါင်းလုံး ပြောင်သွား သောအခါ မေမေကခေါင်းကို ပဝါပတ်ပေးသည်။

ထို့နောက်တွင်တော့ အဝတ်အစားများထုပ်ပိုးရန် နာဒါ ပြေးထွက်သွားတော့

သည်။

ကျွန်တော့်မှာ အဖော်မရှိတော့။ ကျွန်တော် အထီးကျန်ဖြစ်ကျန်ရစ်ပြီ။ ဒေါက် တာ မူထံသို့လည်း သွားလိုစိတ်မရှိ။ စိတ်ညစ်လာလျှင် ကျွန်တော် "သွေးဆောင်တောင်"

သွား၍ ထိုင်နေတတ်သည်။ ကျွန်တော် ဖေဖေ့ကို မုန်းချင်လာသည်။ ဂျမီလ်နှင့် အံမာတို့၏ ခေတ်ပုံဘေးတွင် နာဒါ့ခေတ်ပုံမရှိ။ တစ်အိမ်လုံးက နာဒါကို ပေယျာလကန် ဗစ်ထားလိုက်ကြသည်။

ကျွန်တော်သည် အိမ်မှထွက်ပြေးရန် အမျိုးမျိုးကြံကြည့်သည်။ အမ္ဗုန်မြို့သို့ နာဒါ အံ့ ခိုးထုတ်မည်။ မောင်နှမနှစ်ယောက် ဘေးကင်းရာသို့ ထွက်ပြေးကြမည်။ သဲကန္တာရ ထွက်ပြေးပြီး အယ်လ်ဆာဟန် ဘီဒိုယင်လူမျိုးစုများထံတွင် သွားနေလျှင်ဖြစ်သည်။ သော်… ဘုရား… အဲဒီရောက်သွားတော့လည်း မလွယ်ပါဘူး။ နာဒါကို ဇရာအို ရှိတ် အကြီးအကဲက တော်ကောက်မှာ သေချာသည်။

ဘေရွတ်သို့သွားလျှင် ဖြစ်နိုင်သည်။ သို့သော် ခရီးလက်မှတ်အတွက် ပိုက်ဆံလို ည်။ ပိုက်ဆံက ခိုးလျှင်တော့ ရနိုင်သည်။ အဲဒါဆို အချိန်ကြာဦးမည်။ အကြံထုတ်ရဦး မည်။ လက်ဘနွန်သို့သွားလျှင်တော့ ကိုယ့်လူမျိုးတွေဆီသွားလို့မဖြစ်။ ဖေဖေသိသွားပြီး တွန်တော်တို့နောက် လိုက်လာနိုင်သည်။

ကိုင်ရို… သည်လောက်အဝေးကြီးကို ယောကျ်ားကလေးတစ်ယောက်က မိန်းကလေး တစ်ယောက်ကို ခေါ်သွားရန်မဖြစ်နိုင်။ အီဂျစ်နိုင်ငံထဲ လုံးဝဝင်ခွင့်ရမည်မဟုတ်။

တခြားဒုက္ခသည်စခန်းတစ်ခုခုသို့ပြေးလျှင် ဘယ်လိုနေမှာလဲ။ ကျွန်တော့် ဦးနှောက်ထဲ တ်ကားတွေ ဆူဝေနေသည်။

ဒမတ်စကတ်…။ သတ္တိကို အစွမ်းကုန်မွေး၍ ဒမတ်စကတ်အထိ ခြေကျင်လျှောက် သွားကြရမည်။ ဒါပေမယ့် ကျွန်တော်တို့ကို တရားဝင် အသိအမှတ်ပြုလိမ့်မည်မဟုတ်။ ကျတော်တို့စခန်းမှ တချို့လူတွေ စမ်းကြည့်ဖူးပြီ။ ထောင်ထဲသွင်းပြီး နှိပ်စက်ခံရတာပဲ ဖတ်တင်သည်။ ကံမကောင်းလျှင် နားဖို့ကို

မုဒိမ်းကျင့်ခံရဦးမည်။

သည်တော့ ကျွန်တော်တို့မောင်နှမ ဘာလုပ်ရမှာလဲ။ ဘယ်သွားရမှာလဲ။ ဘယ်လိုမှ ကြံတတ်တော့။ ကျွန်တော်တို့ ထောင်ချောက်မိခံနေရပြီ။ ကျွန်တော်တို့ အကျဉ်းသား ဖြစ်နေကြပြီ။

သော်... ဘုရား...ဘုရား... အလ္လာအရှင်မြတ် ကယ်တော်မူပါဘုရား ...။

-w/

"အစ္စမေ၊ မင်းဟာ နာဒါ အမွှန်ကိုထွက်သွားတဲ့နေ့ကစပြီး ငါ့ကိုလုံးဝ စကားမပြော တော့ပါလား"

တစ်နေ့တွင် ဖေဖေကယင်းသို့မေးသည်။ "ကျွန်တော် စိတ်မချမ်းသာဘူး ဖေဖေ"

သည်။

"ဟုတ်ပါတယ်၊ ငါလည်း မင်းလိုခံစားရတာပါပဲ၊ နာဒါ့အပေါ်မှာ ငါ တော်တော် ရက်စက်မိတယ်"

"ဖေဖေ မရက်စက်ပါဘူး၊ သားသမီးအပေါ်မှာ သိပ်ပြီးကြင်နာတတ်တဲ့ ဖေဖေဒါ ဖေဖေက ကျွန်တော့်ပါးကို ဖြန်းခနဲရိုက်သည်။ သို့သော်လည်း ကျွန်တော်က နာရမှန်းမသိ။ ခံစားချက်တွေ ကျွန်တော့်တစ်ကိုယ်လုံး ဗလောင်ဆူဝေပြီး ထုံကျင်နေ

"မင်းက မင်းအစ်မကို ဘယ်လိုဖြစ်စေချင်လို့လဲ၊ အက္ကဘက်ဂျဘားမှာ တစ်သက်လုံး နေသွားစေချင်လို့လား"

"ကျွန်တော် မပြောတတ်ဘူး"

"အို...ဒီလိုလား၊ ဒီမှာ အစ္စမေ၊ ငါ အားလုံးသိတယ်၊ မင်းက မင်းအစ်မကို ဘယ်လိုဖြစ်စေချင်သလဲ၊ သူတို့က မိန်းကလေးတွေကို ပြောက်ကျားတပ်ဖွဲ့ ပေးတာကို မင်းက ဘယ်လိုထင်သလဲ၊ မြင့်မြတ်တဲ့တော်လှန်ရေးအတွက်လို့ ထင်သလား"

"ကျွန်တော် မပြောတတ်ဘူး"

"မင်းအစ်မနှစ်ယောက် ဘေရွတ်မြို့မှာ ရှိနေတယ်၊ သူတို့ကို လူတော်လူကောင်း ကလေးတွေနဲ့ညားအောင် ငါ စီစဉ်ပေးခဲ့တယ်၊ အခုဆိုရင် သူတို့ဟာ လင်နဲ့ သားနဲ့ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြရပြီ၊ ငါ သူတို့ကို ကောင်းအောင်လုပ်ပေးခဲ့တယ်၊ ဒီမှာဆိုရင် နာငါ့အတွက် ငါ ဘာလုပ်ပေးနိုင်မှာလဲ၊ သူက အထွေးဆုံးသမီး၊ ဒီနေရာမျိုးမှာ သူ့ဘဝ ကောင်းကျိုးကို ငါဘယ်လိုလုပ်ပြီး လုပ်ပေးနိုင်မှာလဲ၊ ငါက သူ့ကို လင်ကောင်းသားကောင်း ရစေချင်တယ်၊ ဒီနေရာမှာ လင်ကောင်းသားကောင်း မရနိုင်ဘူး"

"ကျွန်တော် သူ့ကို ဘေရွတ်ကိုခေါ်သွားပါရစေ ဖေဖေ' ကျွန်တော် အရဲစွန့်၍ ပြောလိုက်သည်။ "အိုမာလည်း အလုပ်ရနေပြီ၊ ကျွန်တော်လည်း အလုပ်ကောင်းကောင်း တစ်ခုရအောင်ရှာမယ်၊ နာဒါကို ကျွန်တော်တို့ စောင့်ရှောက်ပါ့မယ်၊ လင်ကောင်းသားကောင်း ရအောင်လည်း ကြိုးစားရှာပေးမယ်"

"ငါမပါဘဲနဲ့ပေါ့ ဟုတ်လား၊ ငါမပါဘဲနဲ့ ငါ့သမီးကို လွှတ်ပေးလိုက်ရမှာပေါ့ ဟုတ်လား။ မင်းစကားက ပြောက်ကျားစကားပဲ၊ သွားစမ်း၊ မိသားစုကို ပစ်သွားစမ်း သေကြစမ်း၊ သူတို့က ရုပ်ချောတဲ့မိန်းကလေးတွေကို သူတို့အတွက် ပြည့်တန်ဆာလုပ်ချင်လို့ တော်လှန်ရေးသမားအရေခြုံပြီး သိမ်းသွင်းနေကြတာ၊ သူတို့က မိသားစုတွေကို ရှင်ကွဲ သေကွဲ ကွဲအောင် ဖျက်ဆီးနေကြတာ"

"ဟုတ်ပါတယ် ဖေဖေ၊ မဟုတ်ပါဘူး ဖေဖေ"

"လာစမ်းပါ၊ ဒီအနားတိုးစမ်းပါ"

"တို့ မိသားစုဂုဏ်သိက္ခာကို ထိန်းနိုင်အောင် နာဒါကို ကြည့်ပြီးစီစဉ်ပေးတာ အဲဒါကို အချိန်တန်ရင် မင်းသိလာလိမ့်မယ်"

"ဟုတ်ကဲ့ ဖေဖေ"

"ဒါကို မင်းသဘောပေါက်ပါ၊ မင်းက ငါ့အနားမှာ အမြဲတမ်းနေသွားရမယ် အစ္စမေ"

"ဟုတ်ကဲ့ ဖေဖေ" နာဒါကို အက္ကဘက်ဂျဘာမှာပဲ သူချစ်သောသူနှင့်

လက်ထပ်ဖို့ ကျွန်တော် ကို တောင်းပန်ချင်သည်။ သို့သော် ကျွန်တော့်ပါးစပ်မှ ဘာစကားမှထွက်မလာ။

ဖေဖေက ကျွန်တော်တို့ကို နားမလည်တော့။ သူ့သဘောထား ရိုးမှရိုးသေးရဲ့လား ပင် ကျွန်တော်သံသယဝင်လာမိပြီ။ ယောကျ်ားကလေး တစ်ယောက်ယောက်က နာဒါ ကို အချိန်မရွေးခိုးပြေးသွားနိုင်သည်ဆိုတာကို ဖေဖေ သဘောပေါက်ရဲ့ လား။ နာငါ့ကိုချစ် သော သူ့အချစ်က ချစ်ရာမရောက် နှစ်ရာသာရောက်နေပါရောလား။

အခန်း (၈)

နှုတ်ဆက်လိုက်ပါတယ်... အစ္စမေ။

ဒီစာကို ရေးလိုက်တဲ့သူဟာ မင်းရဲ့ မိတ်ဆွေဟောင်း ဆာဘာရီဆာလမာပါး စာကို ငါ လပေါင်းများစွာရေးခဲ့ရတယ် အစ္စမေ။ ရေးပြီးတော့လည်း တော်တော်နဲ့ ဖြစ်ခဲ့ဘူး။ မင်းလက်ထဲကို တိုက်ရိုက်ထည့်ပေးနိုင်တဲ့ စိတ်ချရတဲ့လူ မတွေ့သေးလို့ ဒီစာကို မင်းဖတ်ပြီးတဲ့အခါ ငါ့အခက်အခဲတွေကို မင်းသဘောပေါက်လာပါလိမ့်မယ်။

မင်းရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ဖခင်ကြီး ဟာဂျီအီဘရာဟင်ကိုလည်း ငါ နှုတ်ဆက် လိုက်ပါတယ်။

မင်းရဲ့ စိတ်ကောင်းရှိတဲ့ အစ်ကိုတွေဖြစ်ကြတဲ့ ကမယ်နဲ့ အိုမာတို့ကိုလည်း ပါ နှုတ်ဆက်လိုက်ပါတယ်။

အခုလို မင်္ဂလာရှိတဲ့အချိန်မှာ ငါဟာ သူခိုးတစ်ယောက် မဟုတ်ပါဘူးလို့ ခင် ဖေဖေကို ပြောလိုက်ချင်ပါတယ်။ လက်နက်တွေရောင်းလို့ရတဲ့ငွေကို ၄ချေးယူလာ တဲ့အတွက် အဆင်ပြေတဲ့တစ်နေ့မှာ ပြန်ဆပ်မယ်ဆိုတာ ငါအမြဲတမ်း အာရုံပြုနေပါတယ်။ လောလောဆယ်တော့ ငါမတတ်နိုင်သေးပါဘူး။ သို့သော် တစ်နေ့တော့ ဆပ်ဖြစ်ဆောင် ဆပ်နိုင်ပါလိမ့်မယ် အစ္စမေ။

လွန်ခဲ့သော နှစ်နှစ်လောက်ကတည်းက မင်းတို့ဆီက ငါ ထွက်လာခဲ့ပြီးတဲ့နောက် ငါ စွန့်စားလှုပ်ရှားခဲ့ရတာတွေဟာ ပုံပြင်ထဲက

သဘော်သသားဆင်းဘတ်ရဲ့ ဘဝနဲ့တော့ လုံးဝမတူပါဘူး။

ငါဟာ မှောင်ခိုကုန်သည်တစ်ယောက်ကို လက်နက်တွေရောင်းခဲ့ပြီးတဲ့နောက် အန်မြို့ကိုလာခဲ့ပြီး ကားပြင်ဆရာလုပ်နေခဲ့တယ်။ သဲကန္တာရမှာ ကုန်တင်ကားတွေ အမြဲတမ်းပျက်နေကြတော့ ငါ့အတွက် အခွင့်အရေးတစ်ရပ်လို ဖန်လာခဲ့တာပေါ့။ ငါက ကားတွေပြင်တော့ ဘယ်ကားစီးစီး ပိုက်ဆံပေးစရာမလိုတော့ဘူးလေ။

, ငါဟာ ကြောက်စိတ်ကြီးနှစ်ခုကို ရင်မှာပိုက်ပြီး စွန့်စားခန်း ထွက်ခဲ့ရတယ်။ ပထမအကြောက်က ငါ့မှာပါလာတဲ့ စာရွက်စာတမ်းတွေဟာ ဆီးရီးယားနိုင်ငံထဲ ဝင်နိုင် လောက်ရုံပဲ ခရီးရောက်မယ်။ အဲဒီကနေပြီး ဘယ်မှဆက်သွားလို့ မရနိုင်တော့ဘူး။ အဲဒီ တော့ ငါ့အနေနဲ့ ဒုက္ခသည်စခန်းတန်းသွားရုံသာ ရှိတော့တာပေါ့။ စီ ဒုတိယအကြောက်က ငါ့မှာ ပိုက်ဆံတွေ အများကြီးပါလာတဲ့အတွက်ပဲ။ ငါဟာ တ်အစားအစုတ်အပြတ်တွေကို ဝတ်ထားပေမယ့် သူတို့ကငါ့ကို ရှာဖွေစစ်ဆေးကြမှာ သေချာတယ်။ ဒါနဲ့ လိုလျှင်ကြံဆနည်းလမ်းရဆိုသလို ငါ့ဟာငါ အကြံထုတ်ရတော့တာပေါ့။ ဘယ်လိုလုပ်သလဲဆိုတော့ ပိုက်ဆံတွေကို အမေရိကန်ငွေစက္ကူနဲ့ထုပ်ပြီးတော့ ပလတ် စတစ်အိတ်ထဲမှာထည့်ပြီး မျိုချလိုက်တယ်။ နောက်ဖေးသွားပြီးတိုင်း အိတ်ကိုပြန်ဆေးပြီး ပြခံမျိုချတယ်။ မင်းကတော့ ယုံချင်မှ ယုံလိမ့်မယ်။ မယုံမရှိနဲ့ ကိုယ်တွေ့ အစ္စမေ၊ ကိုယ်တွေ့။ ငါ့လိုခရီးသွားရရင် မင်းကိုယ်တိုင်ကြုံရလိမ့်မယ်။

ဒါနဲ့ ဆီးရီးယားနယ်စပ်ကို ကားဖြတ်ဝင်တဲ့အချိန်ဟာ ငါအကြောက်ဆုံးအချိန်ပဲ။ အုံ့အားလုံးကိုဖမ်းဆီးပြီး နယ်စပ်ခံတပ်ကိုခေါ်သွားကြတယ်။ အဲဒီရောက်တော့ ထောင်ထဲ ထည့်ထားလိုက်တယ်။ ရက်ပေါင်းများစွာ စစ်ဆေးကြတယ်။ နယ်စပ်မှာ ဘာမှလုပ်စရာမရှိ လို့ အကြောင်းမရှိအကြောင်းရှာပြီး စစ်ဆေးကြတာပါ။ ဘာပဲဖြစ်ဖြစ် ငါကတော့ ပိုက်ဆံ တွေကို ငါ့နည်းငါ့ဟန်နဲ့ လုံခြုံအောင်သိမ်းထားဖို့ကိုပဲ ဂရုစိုက်နေရတော့တယ်။

ကံကောင်းချင်တော့ နယ်စပ်ခံတပ်က ဆီးရီးယားဗိုလ်ကြီးတစ်ယောက်နဲ့ မိတ်ဆွေ ဖြစ်သွားတယ်။ ငါ့ကိုလည်း သူ့ဆီမှာ နောက်တစ်ပတ်

နေခွင့်ပြုလိုက်တယ်။ သူက ငါ ဒမတ်စကတ်မြို့ကို ဆက်သွားနိုင်အောင် ထောက်ခံစာတစ်စောင်အပြင် သူ့ဆွေမျိုးတစ် ယောက်ဆီကိုလည်း မိတ်ဆက်စာတစ်စောင် ရေးပေးသေးတယ်။ သူ့ ဆွေမျိုးက ချမ်းသာ တဲ့ ကုန်သည်တစ်ယောက်တဲ့။ သူသာမကယ်ရင် ငါဟာဒုက္ခသည်စခန်းကိုပဲ တန်းသွားမှာသေချာတယ်။ ဆီးရီးယားတွေက ပါလက်စတိုင်းသားတွေကို မျက်ခြည်မပြတ်စောင့် ကြည့်နေကြတယ်။ စာရွက်စာတမ်းမပါဘဲ ဝင်လာရင် ထောင်ဒဏ်သုံးနှစ်ဆိုတာ ကျိန်း သေပဲ။

ငါ့ကို အလ္လာအရှင်မြတ် ကယ်တော်မူတာပဲထင်ပါရဲ့။ စောစောကပြောတဲ့ ကုန် သည်ကြီးမှာ ကားမောင်းသူ လောလောဆယ် ဆုံးသွားတာနဲ့သွားကြုံတယ်။ ဒါနဲ့ သူက ငါ့ကို ချက်ချင်းပဲခန့်လိုက်ပါလေရော။ သူဟာ ငါ့အပေါ်မှာ သိပ်ပြီးကောင်းရှာပေမယ့် ငါကမပျော်ဘူး။ ထွက်ပြေးဖို့ပဲ အကွက်ချောင်းနေမိတယ်။ ကုန်သည်ကြီးကလည်း ငါ့ကို လုံးဝလက်မလွှတ်ချင်ဘူး။ ငါက ကားမောင်းရော၊ စက်ပြင်ရော ကျွမ်းတာကိုး။

ငါ့ရဲ့ တခြားပြဿနာတစ်ခုက လက်ဘနွန်ကို ဘယ်လိုရောက်နိုင်မလဲ ဆိုတာပဲ။ ပါလက်စတိုင်းသား တစ်ယောက်အနေနဲ့ သိပ်ပြီးခက်ခဲတဲ့ကိစ္စ၊ အန္တရာယ်အလွန်များတဲ့ ကိစ္စ။ နယ်စပ်မှာအဖမ်းခံရရင် နှစ်ရှည် ထောင်နန်းစံရမှာ သေချာတယ်။

ဒီပြဿနာကို ငါဘယ်လို ဖြေရှင်းရမှာလဲ။ တစ်နေ့မှာ ငါဟာ ကုန်သည်ကြီးကို ပါတီပွဲတစ်ခုကအပြန် ကားနဲ့မောင်းပြီးလာခဲ့တယ်။ သူက အလွန်အကျွံ မူးနေတယ်။ လုံးဝသတိမရဘူး။ အဲဒီမှာတင် ငါအကြံတစ်ခု လက်ခန်ရလာတယ်။ ငါက သူ့အတွက် လုံခြုံရေးလည်း တာဝန်ယူရတော့ ငါ့မှာ သေနတ်အမြဲတမ်းဆောင်ထားတယ်။ ဒါနဲ့ သူ့ကိုသေနတ်နဲ့ပစ်ပြီး လုံခြုံရာမှာ မြှုပ်ထားလိုက်တယ်။ အဲဒီနောက် တခြားအိမ်စေ တစ်ယောက်ရဲ့ စာရွက်စာတမ်းတွေကိုခိုးပြီး လက်ဘနွန်နယ်စပ်ကို ကားနဲ့ထွက်ပြေးခဲ့ တယ်။ ငါဟာဒရိုင်ဘာ ဝတ်စုံ ဝတ်ထားတယ်။ အထောက်အထား စာရွက်စာတမ်းတွေလည်း ပါလာတယ်။ ကားကတော့ ဇိမ်ခံ အမေရိကန်ကက်ဒီလက်ကားကြီး။ ဂ နယ်စပ်ရောက်တော့ လက်ဘနွန်စစ်သားတွေကို ငါတစ်ပတ်လှည့်ရတော့တာပေါ့။

ငါဟာ ဘေရွတ်မြို့က ငါ့ဆရာဆီသွားတာ။ ငါ အချိန်မီရောက်မသွားရင် သူတို့ ဒုက္ခ ရောက်သွားကြလိမ့်မယ်လို့ ငါက ခပ်တည်တည်နဲ့ ပြောပြတယ်။ ဒါပေမယ့် သူတို့က ငါကို ရုံးခန်းတစ်ခန်းပြီးတစ်ခန်း ခေါ်သွားပြီး အချိန်ဆွဲထားကြတယ်။ ဒါနဲ့ ငါက ငါ့ ဆရာဆီဖုန်းဆက်ချင်တယ်လို့ ပြောလိုက်တယ်။

ဒီတော့ သူတို့ လန့်သွားကြပြီး ငါ့ကိုပြန်လွှတ်လိုက်ကြတယ်။ တစ်ဒုက္ခအတွက် စိတ်အေးရပေမယ့် နောက်တစ်ဒုက္ခက ရှိနေသေးတယ်။ ကက်ဒီလက်ကားကြီးဒုက္ခပေါ့။ ဒီကားကြီးဆက်သုံးနေရင် ငါ တစ်နေ့အဖမ်းခံရမှာ သေချာတယ်။ ဒါနဲ့ ကားကို တစ်ပိုင်း တစ်စစီဖြုတ်ပြီး သယ်နိုင်သလောက်သယ်ပြီး ရောင်းလိုက်ရတယ်။ ငါ ရင်ကွဲမတတ် ခံစားရတယ် အစ္စမေ။ အဲဒီနောက်တော့ ငါ ဘေရွတ်ကိုဆက်ပြီး ထွက်လာခဲ့တော့တယ်။

ဘေရွတ်ရောက်တော့ ပုန်းနေစရာနေရာတွေက မရှားပါဘူး ။ မြို့ပတ်ပတ်လည်မှာ ဒုက္ခသည်စခန်းတွေနဲ့ ပြည့်နေတယ်။ ပါလက်စတိုင်းသားတွေကိုလည်း လွတ်လပ်စွာသွား လာခွင့်ပြုထားတယ်။ အဲဒီအတွက် ငါတို့က လက်ဘနွန်သူဌေးအိမ်တွေမှာ ခိုင်းသမျှအလုပ် တွေ လုပ်ကြရတယ်။ သိပ်ရက်စက်တဲ့လူတွေပဲ။ ခရစ်ယာန်တွေက ပိုတောင်ဆိုးသေး တယ်။ သူတို့က တို့ဒုက္ခရောက်နေတာကို အခွင့်ကောင်းယူပြီး မညှာမတာ ရက်ရက်စက်စက် ခိုင်းကြတယ်။

မင်းကို လက်ဘနွန်မှာခေတ်စားနေတဲ့ ဟာသတစ်ခု ပြောပြရဦးမယ်။ အမေး။ ပါလက်စတိုင်းသားလေးယောက်မှာ ဘောင်းဘီဘယ်နှစ်ထည် ရှိသလဲ။ အဖြေ။ လေးယောက်ပေါင်း တစ်ထည်ပဲရှိတယ်။

လက်ဘနွန်သားတွေက ပိုက်ဆံကိုပဲမက်ကြတယ်။ တစ်နေ့ကျတော့ ဆီးရီးယား တွေကိုပြန်ချသလို လက်ဘနွန်သားတွေကိုလည်း တို့ပြန်ဆော်ရမယ်။

လက်ဘနွန်က ဒုက္ခသည်စခန်းတွေက ဘာလုံခြုံမှုမှမရှိဘူး။ စခန်းတွေကို မျိုးနွယ်စု အလိုက် ခွဲခြားထားတယ်။ သူစိမ်းတွေကို ချက်ချင်းသိတယ်။ မသင်္ကာကြဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ အိမ်ခြေယာခြေမရှိတဲ့ လက်ဘနွန်မှတ်စလင်တွေက ဒုက္ခသည် ဟန်ဆောင်ပြီး

စခန်းတွေထဲဝင်လာကြတယ်။ ရာရှင်ရိက္ခာကတ် ရဖို့အတွက်ပေါ့။ ကိုယ့်လူမျိုးတွေထဲ ရောက်လာရပေမယ့် စိတ်ချလို့ မရသေးဘူး။ အထောက်အထားမပါရင် ငွေညှစ်တတ် ကြတယ်။

လူငယ် လူရမ်းကားကလေးတွေက အုပ်စုဖွဲ့ပြီး ဒုက္ခသည်စခန်းတွေထဲ ဝင်နှောက် လို ဝင်နှောက်၊ ဒုက္ခသည်တွေကို ခြိမ်းခြောက်လိုခြိမ်းခြောက် လုပ်ကြတယ်။ သတ္တိမရှိတဲ့ လက်ဘန္ဒန်သားတွေက လူငယ်တွေ ပြောက်ကျားတပ်ဖွဲ့ ဖွဲ့ မှာကို သိပ်ပြီးကြောက်တဲ့အတွက် လုံးဝဖွဲ့ ခွင့်မပြုကြဘူး။ ပြီးတော့ နယ်စပ်ကိုဖြတ်ပြီး ဂျူးနယ်မြေထဲ ဝင်တိုက်တာမျိုးကို လည်း လုံးဝခွင့်မပြုကြပါဘူး။ ငါပြောတာယုံပါ အစ္စမေ။ အချိန်တန်ရင် လက်ဘန္ဒန်သော တွေဟာ တို့ရဲ့ လွတ်မြောက်ရေးလှုပ်ရှားမှုထဲကို ပါဝင်ပတ်သက်လာကြမှာ မလွဲပါဘူး ငါဟာ သတ္တိရှိရှိနဲ့ လှုပ်ရှားမှ ဖြစ်တော့မယ်ဆိုတာ ငါတွေးမိတယ်။ ငါဒီအတိုင်း လို့ မဖြစ်တော့ဘူး။ ဆိပ်ကမ်းကိုဆင်းပြီး လှုပ်ရှားမှဖြစ်တော့မယ်။ ဘေရွတ်မြို့ထဲ “ပြင်သစ်ရိပ်သာလမ်း”ဆိုတဲ့ လမ်းတစ်လမ်းရှိတယ်။ အဲဒီလမ်းထဲမှာ သင်္ဘောသား အပျော်ကြူ အပန်းဖြေတဲ့ ညကလပ်တွေနဲ့ပြည့်နှက်နေတယ်။ အဲဒီလမ်းနဲ့ ရဲဌာနအကြ မှာ ပြည့်တန်ဆာတွေ အများဆုံးကျက်စားကြတယ်။

ဒါကြောင့် သင်္ဘောသားတွေနဲ့ ကမ္ဘာလှည့်ခရီးသည်တွေသာမက ဆော်ဒီနဲ့ ကူဝိတ် သူဌေးကြီးတွေလည်း ခဏတာ ပျော်ဖော်ပျော်ဖက်ရှာရင်း အဲဒီလမ်းထဲမှာ ခြေချင်းလိမ် နေကြတာပေါ့။ အဲဒီမှာ ပြည့်တန်ဆာခေါင်းတွေကလည်း တော်တော်ကြောက်စရာကောင်း တယ်။ အပျော်ကြူးသူတွေအနေနဲ့ ခေါင်းတွေကျေနပ်အောင်မပေးရင် သေပြီသာမှတ်ပေ ဘူး။ အဆက်အသွယ် အသိအကျွမ်းမပါဘဲ တစ်ယောက်တည်းသွားပြီး မလည်ရှုပ် သွားလုပ်မယ်တော့ မကြံလေနဲ့၊ အသက်နဲ့ ကိုယ် အိုးစားကွဲမှာကျိန်းသေပဲ။

ငါက ပုလိပ်စုံထောက်တစ်ယောက်ကို ပိုက်ဆံပေးပြီး ညကလပ်ကိုပို့ခိုင်းတယ်။ အဲဒီပုလိပ်က ငါ့အတွက် လုံခြုံရေးတာဝန်ယူထားတော့ ငါ့ကို ဘယ်ကောင်မှ လာမစမ်းရဲကြ တော့ဘူးပေါ့။

ဒါနဲ့ငါဟာ ကောင်မလေးတွေ တော်တော်များများနဲ့ ပျော်ပါးပြီး တော်တော်ကလေး ပိုက်ဆံဖြုန်းပစ်လိုက်တယ်။ အဲဒီကောင်မလေးတွေက

အများအားဖြင့် ချက်ဖော်ဗိုက်ဖော် ဥရောပကချေသည်မလေးတွေပဲ။ အကောင်းကြီးတော့မဟုတ်လှပါဘူး။ ဒါပေမယ့် ရွှေဝါ ရောင်ဆံပင်နှင့် ညှင်ကက်မယ်လေးတွေကို လူတိုင်းနီးပါး ကြိုက်ကြတာပါပဲ။ အထူးသဖြင့် ဆော်ဒီတွေက ပိုကြိုက်ကြတယ်။ ဒါနဲ့ရက်အတော်ကြာတဲ့အခါ "မိုင်ယာမီကလပ်" ပိုင်ရှင်နဲ့ ငါနဲ့ ရင်းနှီးသွားတယ်။ ငါက သူ့ကားကိုပြင်ပေးတဲ့အတွက် ငါ့ကို သူ သိပ်ပြီးသဘော ကျသွားတယ်။ သူကအဲဒီကားနဲ့ ဂန်ဂျာရှူဆေးတွေသယ်ပို့ပြီး အကြီးအကျယ် စီးပွားဖြစ် နေတာကိုး။

ဒီလိုနဲ့ ငါဟာ မိုင်ယာမီကလပ်နဲ့ အနီးအနားမှာရှိတဲ့ ဟိုတယ်တို့ကို အခြေပြုပြီး သင်္ဘောအထွက်အဝင်တွေကို သိခွင့်ရလာတယ်။ ဒီအလုပ်ဟာ တော်တော်ကလေးတော့ စိတ်ရှည်ရတယ်။ ဒါပေမယ့် နောက်ဆုံးတော့ ငါ့အဖို့ စိတ်ရှည်စောင့်ဆိုင်းရကျိုးနပ်ပါ တယ်။ ဘာဖြစ်လို့လည်းဆိုတော့ တစ်နေ့မှာ ဂါဇာမြို့ကို ပေါ်တူဂီမီးသင်္ဘောတစ်စင်း ထွက်စရာရှိတယ်ဆိုတာ သိရတဲ့အတွက်ပဲ။ ဒီအကြောင်း ငါ ဘယ်လိုသိရတယ်ထင်သလဲ အစ္စမေ။

တစ်ညမှာ ကလပ်ကို ပေါ်တူဂီသင်္ဘောသားတွေ ရောက်လာကြတယ်။ တချို့မောင် တွေက ကလပ်ကကောင်မလေးတွေခေါ်လာပြီး ငါတည်းနေတဲ့ဟိုတယ်မှာ ပျော်ပါးကြ တယ်။ သူတို့အထဲက တစ်ယောက်ဟာ လူမှန်းမသိအောင်မူးနေတယ်။ အဲဒါ သူ့အဖော် တွေက လှုပ်နှိုးဆွဲခေါ်ပေမယ့် ဘယ်လိုမှမရတာနဲ့ သူ့ကို ဟိုတယ်မှာပဲထားပစ်ခဲ့ကြ တယ်။ သူနဲ့တွဲတဲ့ ကောင်မလေးကို ငါသိနေတဲ့အတွက် ကျေရာကျေကြောင်းပြောဆိုပြီး ကလပ်ကို ပြန်လွှတ်လိုက်တယ်။ ပြီးတော့ သင်္ဘောသားကို ငါ့ဘာသာငါ ချီပိုးပြီးတော့ သင်္ဘောကိုလာခဲ့တယ်။ သင်္ဘောကပ္ပတိန်က ငါ့ကို သိပ်ပြီးကျေးဇူးတင်သွားတယ်။

အဲဒီနောက် တစ်ယောက်နဲ့တစ်ယောက်မိတ်ဆက်ရင်း ငါ့အခြေအနေကို ပြောပြ လိုက်တယ်။ ကပ္ပတိန်က ငါ့ကို သူ့သင်္ဘောနဲ့ ဂါဇာကိုခေါ်သွားမယ်လို့ပြောတယ်။ ဒါပေ မယ့် အလကားတော့ မဟုတ်ပါဘူး။ ပိုက်ဆံတော့ပေးရမယ်လို့ သူကပြောတယ်။ အဲဒါ ဆိုရင် ငါ့မှာ ပိုက်ဆံတစ်ပြားမှ လက်ကျန်ရှိတော့မှာမဟုတ်ဘူး။

ငါဘာလုပ်ရမလဲ အစ္စမေ။ သင်္ဘောပေါ်ရောက်လာပါပြီ။ သင်္ဘောလည်း

ဆိပ်ကမ်း ကခွာပြီး ရေလယ်ကိုရောက်လာခဲ့ပြီ။ တကယ်လို့ သူကငါ့ကို ရေထဲပစ်ချပြီး ငါးမန်း ကျွေးလိုက်ရင် ဘယ်နှယ်လုပ်မလဲ။ ဒီတော့ ငါကသူ ကို ကြိုတင်ပြီး ပိုက်ဆံပေးရတော့မယ့် ကိန်းဆိုက်လာတယ်။ သင်္ဘောကလည်း တော်တော်ဟောင်းနေပြီ။ စက်ခန်းကလည်း အခြေအနေ တော်တော် ဆိုးနေပြီ။ ဒါနဲ့ ငါက ငါ့ ပညာနဲ့ ပြင်သင့်တာတွေပြင်ပေးလိုက် တယ်။ ကပ္ပတိန်က ငါ့ကိုသိပ်ပြီး သဘောကျသွားတယ်။ နှစ်ယောက်သား ရင်းလည်း တော်တော်ရင်းနှီးသွားတယ်။ အဲဒါကြောင့် ငါ့ဆီက ပိုက်ဆံမတောင်းတော့ဘဲ အလကား စီးခွင့်ပြုတယ်။ ဒီလိုနဲ့ ဂါဇာကိုရောက်လာခဲ့ရတယ် အစ္စမေ။

ငါဟာ တစ်ပတ်တိတိ နေရာအနှံ့ လိုက်လံစုံစမ်းရှာဖွေပြီးတဲ့နောက်မှ ငါတို့မိသားစု နဲ့ပြန်တွေ့ရတယ်။ သူတို့က အီဂျစ်နဲ့ ဆိုင်းနိုင်းသဲကန္တာရနယ်စပ်မှာရှိတဲ့ ရာဇာစခန်းမှာ ရောက်နေကြတယ်။ ဒါပေမယ့် သူတို့နဲ့ ပြန်တွေ့ရတဲ့နေ့ဟာ ငါ့အဖို့တော့ ကြေကွဲဝမ်းနည်း ရဆုံးနေ့ပါပဲ အစ္စမေ။ ငါဟာသူတို့နဲ့ ပြန်တွေ့ရလို့လည်းငိုမိတယ်။ သူတို့အကြောင်းကို တွေးပြီးလည်း ငိုမိတယ်။ ငါရောက်သွားတဲ့အချိန်မှာ ငါအချစ်ဆုံး ဖေဖေတစ်ယောက် အဆုတ်ရောဂါဖြစ်လို့ သေမင်းနောက်ပါသွားပြီ အစ္စမေ။ ပါလက်စတိုင်းနယ်တစ်ခွင်မှာ အတော်ဆုံးကားပြင်ဆရာဖြစ်တဲ့ ငါ့ဖေဖေဟာ ဒီလိုနေရာမျိုးမှာ ကပ်ရောဂါဆိုးနဲ့ ခွေးသေ ဝက်သေ သေသွားရတာကိုတော့ ငါဝမ်းနည်းလို့မဆုံးနိုင်ဘူး အစ္စမေ။

ဖေဖေရှိတုန်းက မိသားစုတစ်ခုလုံး စားသောက်နေထိုင်ရေး အဆင်ပြေခဲ့တယ်။ အခုတော့ ဖွတ်ကျောပြာစုခရုဆံကျွတ်ဘဝနဲ့ အငတ်ငတ်အပြတ်ပြတ်ဖြစ်နေကြပြီ။ ငါတို့ မျိုးနွယ်စု ဆယ့်ခြောက်ယောက်ဟာ နှစ်ခန်းတွဲတဲအိမ်ကလေးထဲမှာ ငါးပိသိပ် ငါးချဉ်သိပ် နေထိုင်ကြရတယ်။ ကလေးသုံးယောက်လည်း ဖေဖေနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ ဆုံးသွား ကြရှာတယ်။ ကျန်မိသားစုတွေလည်း ရောဂါသည်တွေဖြစ်နေကြတယ်။ ရာဇာစခန်းက အက္ကာဘက်ဂျဘားစခန်းထက် ပိုကြီးတော့ ဒုက္ခသည်တွေအခြေအနေကလည်း ပိုဆိုးတော့ တာပေါ့။

ငါဟာ ကောင်းတာတွေတစ်ခုမှမပြောဘဲ ဆိုးတာတွေချည်း လျှောက်ပြောနေတယ် လို့ မင်းက ထင်ကောင်းထင်လိမ့်မယ်။ ဟုတ်ပါတယ်။

ကောင်းတာတွေလည်း ရှိပါတယ်။

ဂျော်ဒန်တွေက ငါတို့ကို လွတ်လပ်စွာခရီးသွားလာခွင့် ပြုထားပါတယ်။ ဒီအချက်ဟာ အလွန်ကောင်းတဲ့အချက်ပါပဲ။ ဒါပေမယ့် ဒီလိုရှိပါတယ် အစ္စမေ။ ဂါဇာကမ်းမြောင်ဒေသ တစ်လျှောက်မှာ နေရာလပ်မကျန်အောင် လူတွေ ပြည့်ကျပ်ပွတ်သိပ်နေတယ်။ ဘာနဲ့တူ သလဲဆိုတော့ အီဂျစ်ကဆောက်ထားတဲ့ အကျဉ်းထောင်ကြီးထဲ ရောက်နေကြရသလိုပဲ အစ္စမေ။

တို့တစ်တွေဟာ ကျုံးသွင်းခံနေကြရတဲ့ တိရစ္ဆာန်တွေနဲ့ ဘာမှ မထူးတော့ပါဘူး သူငယ်ချင်းရယ်။ ကုလသမဂ္ဂကယ်ဆယ်ရေးအဖွဲ့ မလာခင်ကဆိုလျှင် ဒုက္ခသည်တွေရဲ့ ဘဝဟာ အီဂျစ်တွေရဲ့ လက်ခုပ်ထဲကရေလို ဖြစ်နေခဲ့ရတယ်။ သူတို့နှိပ်စက်သမျှ အလူး အလိမ့်ခံနေခဲ့ကြရတယ်။ ငါရောက်သွားပြီးတဲ့နောက် အပိုရိက္ခာရာရှင်ကတ်တွေထုတ်ပြီး မိသားစုကို မသေအောင် အသက်ဆက်ပေးခဲ့ရတယ်။

ဒီစခန်းမှာ ပြောက်ကျားတပ်ထဲ အစမ်းဝင်ခိုင်းတဲ့လုပ်ရပ်ကလည်း အဏ္ဏဘက်ဘား မှာထက် ပိုဆိုးတယ်။ ပြီးတော့ ပြောက်ကျားတွေက အလုပ်ရှိတဲ့လူတွေ။ အခွင့်ထူးခံလူတန် စားတွေ။ သာမန်အလုပ်သမားတွေထက် သူတို့က လုပ်ခငါးဆပိုရကြတယ်။ ပြောက်ကျား တပ်တွေဟာ ဂျူးနယ်မြေတွေကို မကြာခဏဝင်တိုက်ကြတယ်။ ဒါပေမယ့် အကျအဆုံး များစွာနဲ့ တပ်လန်ပြီး ပြန်ဆုတ်လာရတာချည်းပဲ။

အဲဒီတော့ ဒီလိုနေရာမျိုးမှာ ဘာလုပ်ရမှာလဲ။ အီဂျစ်အထူးတပ်ဖွဲ့ တစ်ဖွဲ့ ရှိတယ်ဆို တာ ငါသိရတယ်။ တွေကို ဘာသာတော်စစ်ပွဲ ဆင်နွှဲဖို့အတွက် အထူးစစ်သင်တန်းပေး ထားတဲ့ ပါလက်စတိုင်း ကွန်မင်ဒိုတပ်သားတွေနဲ့ ဖွဲ့ထားတာ။ ဒီတပ်ဖွဲ့ဟာ အခွင့်ထူးခံ ထိပ်တန်းတပ်ဖွဲ့ပဲ။ ဒီတပ်ထဲဝင်တဲ့လူတိုင်းကို အီဂျစ်နိုင်ငံကို သွားခွင့်ပြုမယ်လို့ အီဂျစ် တွေက ကတိပေးတယ်။ ငါကတော့မယုံပါဘူး။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ။

ငါ့အနေနဲ့တော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ထွက်ပေါက်ရှာရတော့တာပေါ့။ မေမေ အမြတ်တနိုး ကုက်ကတ်သိမ်းထားတဲ့ ကျောက်မျက်ရတနာကလေးတွေကို ရောင်းလိုက် တယ်။ ရောင်းလို့ရတဲ့ပိုက်ဆံနဲ့ ကွန်မင်ဒိုတပ်များကို လာဘ်ထိုးတယ်။

ဒါနဲ့ သူက ငါ့ကို တပ်ကြပ်ကြီးအဆင့်နဲ့ မော်တော်ယဉ်ပြုပြင်ထိန်းသိမ်းရေးတပ်စုမှူးအဖြစ် ခန့်လိုက်တယ်။

ငါဟာ ဒီနည်းနဲ့ အသက်ကိုရော၊ ငါ့မိသားစုအသက်ကိုရော ကယ်တင်နိုင်ခဲ့တယ်။ တကယ်လို့သာ ငါဟာ သာမန်ကွန်မင်ဒိုတပ်သားအဖြစ်ဝင်ရောက်ခဲ့လျှင် မင်းဆီ ကို အခုလို စာရေးခွင့်ရနိုင်တော့မှာမဟုတ်ဘူး အစ္စမေ။ ကွန်မင်ဒိုတပ်က တပ်ကြပ်ကြီးနဲ့ တပ်ကြပ်ကြီးအထက်အရာရှိတွေဟာ တိုက်ပွဲမသွားကြရဘူး။ ရိုးရိုးတပ်သားတွေ၊ ဒုတပ်ကြပ် တွေနဲ့ တပ်ကြပ်တွေသာ ရှေ့တန်း သွားကြရတယ်။ အသက်မသေဘဲ တိုက်ပွဲကပြန်လာ တဲ့ တပ်သားတွေကိုလည်း အရာရှိတွေက ဆိုးဆိုးရွားရွား ဆက်ဆံနှိပ်ကွပ်ကြတယ်။

အဲဒါကြောင့် တပ်သားတွေ ခဏခဏထွက်ပြေးသွားကြတယ်။ ဒါပေမယ့် ဒါက သူတို့ပြဿနာပါ။ ငါနဲ့ ဘယ်လိုနဲ့မှမဆိုင်ပါဘူး။ ငါ့အဖို့တော့ အစဉ်ကို ချောနေတာပဲ။ ငါက မော်တော်ယာဉ်တပ်စုကို ကွပ်ကဲရတဲ့လူဆိုတော့ ပိုက်ဆံက တဖွဲဖွဲဝင်နေတော့ တာပေါ့။ အဲဒီပိုက်ဆံတွေနဲ့ မှောင်ခိုဈေးမှာ ရာရှင်ကတ်တွေ ထပ်ဝယ်တယ်။ ဒီလိုနဲ့ ငါတို့မိသားစု စားရေးသောက်ရေးအတွက် လုံးဝပူစရာမလိုတဲ့အခြေအနေ ရောက်လာ ခဲ့ရတယ်။

နောက်ဆုံး ဖောက်ပြန်ပျက်စီးနေတဲ့ အီဂျစ်ဘုရင်ကို ဗိုလ်ချုပ်ကြီး နာဂစ်၊ ဗိုလ်မှူး ကြီး နာဆာနဲ့ 'လွတ်လပ်သောအရာရှိများ အုပ်စုက ရာဇပလ္လင်ပေါ်က ဆွဲချလိုက်တာဟာ ငါတို့အတွက် နတ်ကောင်းနတ်မြတ်တွေ ကယ်မလိုက်သလိုပါပဲ။ ဆူးအက်တူးမြောင်း တစ်လျှောက်မှာ တပ်စွဲထားတဲ့ ဗြိတိသျှတပ်တွေကို အသစ်တက်လာတဲ့ အီဂျစ်အစိုးရအဖွဲ့ ဝင် စစ်ဗိုလ်တွေက ဦးဆောင်ပြီးတော့ အကြိမ်ကြိမ်ထိုးစစ်ဆင်ကြတယ်။ မျှော်လင့်သ လောက်တော့ အောင်မြင်မှုမရဘူး။ ဒါပေမယ့် အစိုးရအဖွဲ့သစ်ကို ပြည်တွင်းပြည်ပသတင်း စာတွေက တစ်တပ်တစ်အား ဝိုင်းပြီး ထောက်ခံမြှောက်ပေးကြတယ်။

ဒါကြောင့် အီဂျစ်တပ်မတော်နဲ့ အစိုးရအဖွဲ့ဟာ သိပ်ပြီးနာမည်ရလာတယ်။ လူ တိုင်းက ကြိုဆိုထောက်ခံကြတယ်။ တိုက်ပွဲတစ်ပွဲမှာ အီဂျစ်တွေဘက်က အကြီးအကျယ် အထိနာခဲ့တယ်။ ဗိုလ်ချုပ်ကြီး နာဂွစ်က စစ်သားတွေကို ကိုင်ရိုမြို့ကိုပြန်ခေါ်ပြီး စစ်ရေး ပြပွဲ အခမ်းအနားကျင်းပတယ်။ အဲဒီစစ်ရေးပြပွဲမှာ

ဗိုလ်ချုပ်ကြီးက ပါလက်စတိုင်းတပ်စု ကို အထူးပြုပြီး သူ ကိုယ်တိုင် သူရသတ္တိဘွဲ့အပ်နှင်းတယ်။ အဲဒီမှာ ငါဟာ တပ်ဖွဲ့မှူးကို ဒုတိယအကြိမ် လာဘ်ထိုးပြီး တပ်ထဲက ပြန်ထွက်လိုက်တယ်။ တခြားကြောင့် မဟုတ်ပါဘူး။ ကိုင်ရိုတက္ကသိုလ်ကို တက်ချင်လို့ပါ။

ပြောလက်စနဲ့ပြောရဦးမယ် သူငယ်ချင်း။ တက္ကသိုလ်ဆိုပေမယ့် ငါအထင်ကြီးပဲ ခဲ့တဲ့ တက္ကသိုလ်မျိုး မဟုတ်ပါဘူး။ ခန်းမကြီးတစ်ခန်းတည်းမှာ ကျောင်းသားငါးဆူ နေကြရတယ်။ ခုတင်တွေကိုလည်း တစ်လုံးနဲ့တစ်လုံးကြားမှာ ခုံရှည်တွေနဲ့ ဖြစ်ကတတ် ဆန်း ခွဲခြားထားတယ်။ အခန်းကို နှစ်ပေါင်းများစွာ မသန့်ရှင်းဘဲထားလို့ အနံ့ဆိုးတွေက လည်း တထောင်းထောင်း မွန်ဟောင်နေတာပဲ။ ပထမညမှာပဲ ငါ့အဝတ်အစားတွေနဲ့ ရှိ သမျှပိုက်ဆံတွေ လူခိုးခံရတယ်။

ဒါနဲ့ ငါ့မှာ ကျောင်းတက်တော့ ညဝတ်ဘောင်းဘီဝတ်ပြီးတက်ရတယ်။ ဘယ်သင် တန်းမှ အလကားမတက်ရတာကတော့ အဆိုးဆုံးပါပဲ။ ဆရာတွေကိုလာဘ်ထိုးမှ တက်ခွင့် ရတယ်။ ချမ်းသာတဲ့ကျောင်းသားတွေသာ အဆင့်ကောင်းကောင်းရကြတယ်။ ဒီအကြောင်း တွေကို ငါလုပ်ကြံပြီးပြောနေတာ မဟုတ်ပါဘူး။ အဖြစ်မှန်ကို ရိုးသားစွာပြောပြတာပါ။ အီဂျစ်တွေက ငါတို့ကို လူရာမသွင်းကြဘူး။ နေစရာမရှိတဲ့ ကပ်ပါးတွေလို သဘောထား ကြတယ်။ အရာရာမှာ နှိမ်ချင်ကြတယ်။ သူတို့က ငါတို့ကိုမုန်းတီးကြတယ်။ ဂါဇာကမ်း မြောင်မှာပဲ လှောင်ပိတ်ပြီးထားချင်ကြတယ်။

အာရပ်နိုင်ငံပေါင်းချုပ်အသင်းက ကျောင်းသားတွေအတွက် ကျောင်းလခထောက် ပံ့တယ်။ စားစရိတ်အတွက်လည်း တစ်လကို အီဂျစ်ငွေ လေးပေါင်ပေးတယ်။ သူတို့က ထောက်ပံ့ကြေး ဖြတ်လိုက်ရင်တော့ ကိုယ့်ဖာကိုယ်လိပ်ပြီး အဆောင်ကထွက်သွားဖို့သာ ပြင်ပေတော့။

ကိုင်ရိုမြို့ပြင်မှာ လေးမိုင်လောက်ရှည်လျားတဲ့ သင်္ချိုင်းမြေတစ်ခုရှိတယ်။ အုတ် တွေကထောင်နဲ့ချီပြီးရှိတယ်။ အဲဒီသင်္ချိုင်းကို “မရဏာမြို့တော်”လို့ ခေါ်ကြတယ်။ သင်္ချိုင်း ထဲမှာ လူသေတွေသာမက လူရှင်တွေလည်း သန်းနဲ့ချီပြီးနေ နေကြတယ်။ အများစုဟာ မွေးကတည်းက သင်္ချိုင်းထဲမှာပဲ တစ်သက်လုံးနေလာခဲ့ကြတယ်။ ငါနဲ့မိတ်ဆွေကျောင်းသား လေးယောက်တို့ဟာ

တစ်လကို အီဂျစ်ငွေခြောက်ပေါင်ပေးပြီး အုတ်ဂူကြီးတစ်ခုငှားပြီး နေကြရတယ်။

ငါတို့မှာ ပိုက်ဆံပြတ်ပြီး ငတ်ကိန်းကြုံနေကြပြီ။ ဒါနဲ့ အာရပ်နိုင်ငံပေါင်းချုပ် အသင်းရုံးရှေ့ကိုသွားပြီး ဆန္ဒပြတယ်။ နေ့စဉ်ရက်ဆက် အကြိမ်ပေါင်းများစွာ ဆန္ဒပြတော့ မှ ငါတို့အတွက် ပညာသင်ထောက်ပံ့ကြေးနဲ့ စားစရိတ်ပိုက်ဆံကို ပြန်ပေးတယ်။

ငါတို့အတွက် ပညာသင်ထောက်ပံ့ကြေးကို အကြိမ်ပေါင်းများစွာ အဖြတ်ခံရတယ် ငါတို့က စလိုက်တာကြောင့် ဆန္ဒပြတဲ့ပါလက်စတိုင်းကျောင်းသားတွေ တစ်ချိန်ထက်တစ်ချိန် ပို့လို့ပိုလို့များလာတယ်။ ဆန္ဒပြတဲ့အတွက် ရလဒ်ကတော့ ငါနဲ့ငါ့မိတ်ဆွေတွေအားလုံး ထောင်ထဲမှာ အများဆုံး အချိန်ဖြုန်းကြရခြင်းပါပဲ။ ငါဟာ စုစုပေါင်းခြောက်ကြိမ်တိတိ ထောင်ကျခံခဲ့ရတယ်။ ဒါပေမယ့် ငါတို့ကလက်လျှော့မသွားပါဘူး။ ဖအတ်တက္ကသိုလ်နဲ့ တခြားတက္ကသိုလ်တွေက ပါလက်စတိုင်းကျောင်းသားတွေလည်း ငါတို့လိုပဲ ခံနေကြရတာ နောက်ပိုင်းကျတော့ ငါတို့က "ပါလက်စတိုင်းကျောင်းသားများသမဂ္ဂ ဖွဲ့ လိုက်ကြ တယ်။ မွတ်စလင်ညီနောင်များအဖွဲ့က အီဂျစ်အစိုးရသစ်ကို ဖြုတ်ချဖို့ လျှို့ဝှက်ကြံစည်နေကြတယ်။ ငါတို့သမဂ္ဂဝင်တွေလည်း မွတ်စလင်ညီနောင်များအဖွဲ့ ထဲ ဝင်လိုက်ကြတယ်။ အီဂျစ်အစိုးရသစ်ကလည်း ငါတို့ကို ပြင်းပြင်းထန်ထန် နှိပ်ကွပ်ကြတယ်။ သမဂ္ဂ - ဝင်တွေ အများကြီးကျဆုံးသွားတယ်။ ဒါပေမယ့် သမဂ္ဂကပြိုကွဲမသွားပါဘူးလှုပ်ရှားမှု လည်း ရပ်တန့်မသွားပါဘူး။

လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်လောက်က ဗိုလ်မှူးကြီး နာဆာကို မွတ်စလင်ညီနောင် များ အဖွဲ့ က ရန်ပြုလုပ်ကြံဖို့ ကြိုးစားခဲ့ကြတယ်။ ဒါပေမယ့် အထမမြောက်ခဲ့ပါဘူး။ လုပ်ကြံရန်အားထုတ်သူများနဲ့ ရောရောနှောနှောလုပ်တယ်လို့ အကြောင်းပြုပြီး ဗိုလ်မှူးကြီး တစ်ကို နာဆာက ဖြုတ်လိုက်တယ်။ အစိုးရအဖွဲ့ကို သူ့လက်ထဲ လွှဲပြောင်းယူလိုက် တယ်။ ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေဖြစ်တဲ့ ငါနဲ့ အပေါင်းပါသုံးယောက်တို့ကို လည်း ရက်ပေါင်း ၆၄ ရက် အချုပ်ထဲမှာချုပ်ထားခဲ့တယ်။ ငါတို့အချုပ်ထဲမှာ ရှိနေတဲ့ ကာလအတွင်း ငါတို့ရဲဘော်တွေက မကြာခဏ ဆန္ဒပြနေကြတယ်။

တစ်နေ့မှာ ဒေါက်တာ မိုဟမ္မက်၊ ကော၊ မိုဟမ္မက် ငါတို့ဆီကို လာလည်တယ်။ သူက "ပါလက်စတိုင်းဒုက္ခသည်ကူညီရေးအသင်း"ရဲ့ အကြီးအကဲ။ သူဟာ တို့ရဲ့ ရန်သူ။ ဘာဖြစ်လို့လဲဆိုတော့ တို့က သူ့ကို အစိုးရလက်ကိုင်တုတ်လို့ သတ်မှတ်ထားလို့ပဲ။ တကယ်တော့ တို့သိပ်မှားခဲ့ကြတယ်။ ဒေါက်တာမိုဟမ္မက်ဟာ တို့ထင်သလို သစ္စာဖောက် မဟုတ်တာကို တွေ့ရတယ်။ သူဟာ ပါလက်စတိုင်းပြည်သူတွေရဲ့ တကယ့်မိတ်ဆွေ ကောင်းကြီးတစ်ယောက်ဖြစ်ကြောင်း သိကြရတယ်။

တို့ကျောင်းသားလူငယ်တွေဟာ တော်လှန်ရေးရဲ့ တစ်ဦးဖြစ်တဲ့အတွက် ပါလက် တိုင်းကဂျူးတွေကို မောင်းထုတ်တဲ့လုပ်ငန်းမှာ ကျောင်းသားတွေနဲ့ မဟာမိတ်ဖွဲ့ မှဖြစ် မယ်လို့ ဗိုလ်မှူးကြီး နာဆာကပြောကြောင်း ဒေါက်တာမိုဟမ္မက်က တို့ကိုပြန်ပြောပြတယ်။ ဗိုလ်မှူးကြီး နာဆာက ငါတို့လေးယောက်ကို ပြန်လွှတ်မိန့်ထုတ်ရုံသာမက ငါတို့ကိုလည်း ဆီဖိတ်ပြီး ခေါ်တွေ့တယ်ဆိုရင် မင်းယုံချင်မှယုံလိမ့်မယ် အစ္စမေ။

ပထဝီမြေပြင်ပေါ်မှာ အလ္လာအရှင်မြတ်ရှိတယ်ဆိုရင် အဲဒီအရှင်မြတ်ဟာ ဗိုလ်မှူး ကြီး နာဆာပဲ ဖြစ်လိမ့်မယ်။ ဘာဘရီဆာလမာဆိုတဲ့ ငါဟာအလွန်ကြီးကျယ်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးနဲ့ တကယ်ပဲ မျက်နှာချင်းဆိုင်တွေ့ခဲ့ရတယ်။ စကားပြောခဲ့ရတယ်။ သူက ကျောင်းသားတွေနဲ့ အကြွင်းမဲ့ ငြိမ်းချမ်းရေးလုပ်တယ်။ လျှို့ဝှက်ချက်တွေကိုလည်း ကိုထုတ်ပြောတယ်။ ယခုအချိန်မှာ ပြောက်ကျားတပ်ဖွဲ့ဝင်တွေဟာ ဂါဇာဒေသမှာ တံခါးမရှိဓားမရှိ လွတ်လပ်စွာသွားလာနိုင်ကြတော့မယ်။ ဆုကြေးငွေတွေလည်း အများ ကြီးရကြလိမ့်မယ်။ တပ်စုတွေ အမြန်ဆုံးပြန်ဖွဲ့၊ သင်တန်းတွေပေးပြီး တိုက်ပွဲတွေဆင်နွှဲ မယ်။

သူက အကြီးကျယ်ဆုံး လျှို့ဝှက်ချက်ကိုလည်း ပြောပြတယ်။ အဲဒါက တခြားမ ဟုတ်ဘူး။ မကြာခင်မှာ ချက်ကိုစလားဗီယားနိုင်ငံက လက်နက်ခဲယမ်းမီးကျောက်တွေ အမြောက်အမြား ရောက်လာတော့မယ်ဆိုတဲ့ မင်္ဂလာသတင်းကြီးပဲ။ ဗိုလ်မှူးကြီးနာဆာ က တိုင်ရန်ရေလက်ကြားထဲက ဂျူးသင်္ဘောလိုင်းတွေကိုလည်း လုံးဝဖြတ်တောက်ပစ်လိုက် တယ်။ မကြာခင်မှာ ဆူးအက်တူးမြောင်းကို ဗြိတိသျှလက်ထဲက ပြန်သိမ်းနိုင်တော့မယ်။

အစ္စမေ ... မကြာခင်မှာ တို့တစ်တွေ တညီတညွတ်တည်း ပေါင်းစည်းကြတော့မယ် အာရပ်လူမျိုးတွေအားလုံး ခေါင်းဆောင်ကြီး နာဆာရဲ့ အောက်မှာ စုစုစည်းစည်း ရှိနေကြ ဘုမယ်။ ငါဟာ ဒေါက်တာ မိုဟမ္မက်နဲ့အတူ ခရီးထွက်ပြီး စည်းရုံးရေးဆင်းရတော့မယ်။ အာရပ်အစိုးရအဖွဲ့တွေအားလုံး တို့ရဲ့ အရေးတော်ပုံထောက်ခံကြဖို့၊ ပြောက်ကျားတပ်ဖွဲ့ တွေကို ရက်ရက်ရောရာကူညီကြဖို့ တို့က ပြောပြစည်းရုံးကြတယ်။ ၁၀ မကြာခင်မှာ တို့တစ်တွေဟာ အခြေပျက်၊ အနေပျက်၊ ဘဝပျက်၊ အနှိမ်ခံဘဝ ကနေပြီး ဂုဏ်သိက္ခာရှိတဲ့လူ မျိုးတွေဘဝကို ရောက်လာကြတော့မယ်။ ဆင်ခြင်တုံတရား မရှိတဲ့ ဆီးရီးယားနဲ့ အီရတ်နိုင်ငံတို့ကတော့ တို့ ပါလက်စတိုင်းသားတွေကို သူတို့ထင်သလို ခြယ်လှယ်လွှမ်းမိုးနိုင်လိမ့်မယ်လို့ ထင်နေကြတယ်။ နောက်ဆုံးမှာတော့ သူတို့ကိုသာ ငါတို့က လွှမ်းမိုးနိုင်မှာဖြစ်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ ငါတို့က အရင်လို တကွဲတပြာသံ မရှိကြတော့ဘဲ စည်းလုံးညီညွတ်တဲ့လူမျိုးတွေ ဖြစ်လာကြပြီမဟုတ်လား။

အစ္စမေ ... မင်း အဘူရွှမ်းမဲဆိုတဲ့ နာမည်ကိုကြားရရင် အဲဒီလူဟာ တခြားလူ မဟုတ်ဘူး။ မင်းသူငယ်ချင်းဖြစ်တဲ့ ငါပဲလို့သာ မှတ်လိုက်တော့။ အဲဒီနာမည်ဟာ ကမ္ဘာ စစ်ကြီးအတွင်းက အီဂျစ်နိုင်ငံကို ကယ်တင်နိုင်လုမတတ် စွမ်းဆောင်နိုင်ခဲ့တဲ့ ဂျာမန်စစ် ဗိုလ်ချုပ်ကြီး ရွှမ်းမဲရဲ့ နာမည်ကိုယူပြီး ဂုဏ်ပြုမှည့်ခေါ်ထားတဲ့ ငါ့ရဲ့ တော်လှန်ရေးနာမည် သစ်ပဲ။ မင်းလည်း ပြောက်ကျားတပ်ဖွဲ့ လှုပ်ရှားမှုတွေမှာ တတ်နိုင်သမျှပါဝင်လှုပ်ရှား ပါလို့ ငါ အလေးအနက် တိုက်တွန်းလိုက်ပါတယ် အစ္စမေ။ ငါတို့ တပ်ဖွဲ့ဝင်တွေကို လက်နက်တပ်ဆင်ရာမှာ ပိုက်ဆံတွေ အများကြီးကုန်ကျနေတယ်။

အဲဒါကြောင့် ငါ ဆပ်စရာရှိတဲ့ပိုက်ဆံကို မကြာခင်ဆပ်နိုင်အောင် ကြိုးစား မယ်လို့ မင်းဖေဖေကိုပြောပြပါသူငယ်ချင်း။ ငါ့ကို မင်း နောက်တစ်ကြိမ် တွေ့ရတဲ့အချိန် မှာတော့ ငါဟာ ရွှေလက်ပတ်နာရီနဲ့ ကိုယ်ပိုင်ကားနဲ့ ဖြစ်နေလောက်ပါပြီ အစ္စမေ။

ချစ်လှစွာသော သူငယ်ချင်း။ ငါ့စာကို အဆုံးသတ်ပါတော့မယ်။ မြင့်မြတ်တဲ့ တော်လှန်ရေးကြီးကိုဂုဏ်ပြုပြီး မင်းကိုထပ်ပြီး မင်္ဂလာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ငါတို့ရဲ့ မြင့်မြတ်တဲ့ မေတ္တာရှင်ပုဂ္ဂိုလ်ကြီး

ဒေါက်တာမိုဟမ္မက်သက်တော်ရာကျော် ရှည် စေ။ ငါတို့ကို ဂုဏ်သိက္ခာရှိတဲ့လူမျိုးဘဝပြန်ရောက်အောင် ကယ်တင်ပေးမယ့် အာရပ်တစ်မျိုးသားလုံးရဲ့ ခေါင်းဆောင်ကြီး ဂါမယ်အဘာဒယ်နာဆာ သက်တော်ရာကျော်ရှည်ပါစေ။

ဂျူလက်ချက်ကြောင့် ကျဆုံးသွားတဲ့ မင်းရဲ့ အာဇာနည်အစ်ကိုကြီး ဂျမီလ်အတွက် ငါမျက်ရည်စက်စက် ကျခဲ့မိပါတယ်။ တဲလ်အဗစ်တစ်မြို့လုံး ပြာပုံဖြစ်စေရမယ်။ နိုင် ပင်လယ်ရေမျက်နှာတစ်ပြင်လုံး သွေးရူးသွေးတန်းထွက်ပြေးတဲ့ ဂျူးတွေရဲ့ သွေးနဲ့ လွှမ်းစေရမယ်။ တို့အောင်ရမယ်။ တို့အောင်ရမယ်။

မင်းတို့မိသားစုတွေအားလုံး ရွှင်လန်းကျန်းမာစေကြောင်း ဆုတောင်းလိုက်တယ်။

အဘူရှင်

အခန်း (၉)

နာဒါတစ်ယောက် မိသားစုနှင့် ရုတ်တရက်ခွဲခွာသွားရတော့မည့်အတွက် မေမေ ရယ်၊ ရာမီဇာရယ်၊ ဖာတမာရယ်တို့မှာတော့ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေကြတော့သည်။ သို့သော်လည်း ဟာဒီအိုသမန်၏ အဖြူရောင်ဇိမ်ခံကားကြီး ကျွန်တော်တို့ အိမ်ရှေ့မှာ ထိုးဆိုက်လိုက်သည့်အချိန်တွင် နာဒါတစ်ယောက်ကတော့ မျက်နှာတောင် တစ်ချက်ကလေး မမပျက်။ သူ့ကို အိုသမန်တို့ လင်မယားနှင့် မိတ်ဆက်ပေးသည်။ သူက မျက်လွှာချပြီး ရပ်နေသည်။ ဖေဖေနှင့်အိုသမန်တို့ အပြန်အလှန် အာမခံချက်တွေပေးကြသည်။ နာဒါသည် ာဏ်ထက်ပြီး သွက်လက်ချက်ချာသည့် မိန်းကလေးဖြစ်ကြောင်း ဖေဖေက ပြောသည်။ ဘဒါ့အရည်အချင်းကို ပထမဆုံးအကြိမ် ထုတ်ဖော်ချီးကျူးခြင်းပင်ဖြစ်သည်။ အိုသမန်က လည်း နာဒါအား ကောင်းစွာပြုစုစောင့်ရှောက်ပါမည်ဟု ကတိပေးသည်။

ကားမောင်းသူက နာဒါ၏ အဝတ်ထုပ်ကိုယူပြီး ကားထဲ ထည့်ထားလိုက်သည်။ ဓာဒါနှင့် မဒမ်အိုသမန်တို့ အိမ်ပြင်သို့ထွက်သွားကြသည်။

မစ္စတာအိုသမန်က ဟာဂျီအီဘ ရာဟင်နှင့် အလ္လာပသလ္လာပ ပြောဆိုနေသည်။

နာဒါက ပတ်ဝန်းကျင်ကို သွေးရူးသွေးတန်း မျက်လုံးကစားကြည့်လိုက်သည်။ အစ္စမေ မရှိတော့။ သူ ရှောင်ထွက်သွားပြီ။

နာ၏ ရင်ထဲတွင် ဆို့နင့်သွားသည်။ သို့သော် သူ စိတ်ကိုထိန်းပြီး ငြိမ်နေလိုက် သည်။

နာဒါသည် တစ်သက်လုံး နှစ်ကြိမ်သာကားစီးခဲ့ဖူးသည်။ သို့သော် ကုန်တင်ကား များသာ ဖြစ်သည်။ ယခုလို ဇိမ်ခံကားမဟုတ်။ ဇိမ်ခံကားစီးရခြင်းနှင့် မဒမ်အိုသမန်၏ ဆက်ဆံရေးကောင်းခြင်းတို့ကြောင့် နာဒါသည် ဝမ်းနည်းစိတ်များပျောက်ပြီး ပျော်သလိုလို ဖြစ်လာသည်။

စခန်းထဲသို့ ကားတွေဝင်လာလျှင် ကလေးတွေ အမြဲတမ်း ဝိုင်းအုံလာတတ်သည်။ ကားဆရာသည် ကားကို ကလေးအုပ်ထဲမှဖြတ်ပြီး ကျင်လည်စွာမောင်းထွက်လာခဲ့ သည်။ နာဒို့မေမေ၊ ဖာတမာနှင့် ရာဇာတို့၏ မျက်နှာများသည် ပြတင်းပေါက်များမှ ပေါ်လာကြသည်။ သူတို့သည် မျက်ရည်စက်လက်နှင့် တရှုပ်ရှုပ်ငိုနေကြသည်။ ဟာ အီဘရာဟင်ကတော့ အိမ်ထဲတွင် ငြိမ်ပြီး ထိုင်ကျန်ရစ်သည်။

ကားသည် ဂျယ်ရီကိုမြို့ကို ဖြတ်မောင်းလာခဲ့သည်။ ယခုအချိန်တွင် နာဒါသည် ရင်ထဲတွင် ပေါ့သွားသလိုခံစားရသည်။ ဟာဒီအိုသမန်၏မျက်နှာကို အမှတ်မထင် လှည့် ကြည့်မိသည်။ သူ့မျက်နှာက သုန်သုန်မှုန်မှုန်။ သို့သော် ဥပဓိရုပ်ကတော့ တကယ် ခန့်ညားသည်။

ရှေ့တွင် အလင်ဘီတံတား၌ ကားတွေတန်းစီရပ်နေကြသည်။ အိုသမန်က ထို ကားများကို ကျော်မောင်းရန် ဒရိုင်ဘာကို အမိန့်ပေးလိုက်သည်။

“ခဏရပ်ပါဦး ... ခဏရပ်ပါဦး” နာဒါက ရုတ်တရက်အော်ပြောလိုက်သည်။ “ဘာဖြစ်လို့လဲ”

”ဟိုမှာ... ကျွန်မမောင်လေး အစ္စမေ၊ အစ္စမေ”

မစ္စတာအိုသမန်က ကားတံခါးကိုဖွင့်ပေးလိုက်သည်။ နာဒါသည်

ကားပေါ်မှအတင်း ပြေးဆင်းသွားပြီး အစ္စမေကို ပွေ့ဖက်လိုက်သည်။

"နင်က ငါ့ကိုတောင် နှုတ်မဆက်တော့ဘူးလား အစ္စမေ"

"ငါ တခြားလူတွေလို သဘောမထားနိုင်ဘူး နာဒါ၊ ငါ့ရင်ထဲမှာ တစ်မျိုးကြီး ခံစားနေရတယ်"

"နင့်ကို ငါချစ်ပါတယ် အစ္စမေ"

"ဟင် ... နင့်ခေါင်းမှာလဲ ဆံပင်တွေမရှိတော့ပါလား"

"ခေါင်းရှိသေးရင် ဆံပင်မရှိလဲ ကိစ္စမရှိပါဘူးဟယ်၊ စိတ်မကောင်း မဖြစ်ပါနဲ့ မောင်လေးရယ်၊ ငါတော့ စိတ်မကောင်းမဖြစ်ပါဘူး၊ နင် နားလည်ပါတယ်၊ ငါ လုံးဝ စိတ်မကောင်းမဖြစ်ပါဘူး"

ကားသည် တံတားပျဉ်ခင်းများပေါ်မှ တဂွမ်းဂွမ်း အသံပေးရင်းမောင်းလာစဉ် အစ္စမေကို တဖြည်းဖြည်းနှင့် သေးသေးကလေးသာမြင်ရတော့သည်။ ကားသည် အမွန် မြို့ဆီသို့ ဦးတည်မောင်းနှင်လာခဲ့သည်။ နာဒါ့ရင်ထဲတွင် ဝမ်းနည်းစိတ် လုံးဝမဖြစ်မိ၊ တကယ်တော့ သူသည် မျှော်လင့်ချက်ဖြင့် အလွန်ပျော်နေသည်။ လွတ်ပြီ ... ကျွတ်ပြီ။ ကြောက်စရာဝန်ထုပ်ဝန်ပိုးကြီး ပုခုံးပေါ်မှကျသွားခဲ့ပြီ။

ဟာဒီအိုသမန်၏စံအိမ်တွင် အိမ်ဖော်အားလုံးမှာ ဒုက္ခသည်စခန်းမှ ခေါ်ယူထားသူ များချည်း ဖြစ်သည်။ အားလုံးစုစုပေါင်း ၁၄ ယောက်။ အိမ်စေအားလုံးကို သီးသန့်တန်းလျား ဆောက်ပေးထားသည်။ လခကို မဖြစ်စလောက်သာ ပေးသော်လည်း စည်းကမ်းကတော့ အလွန်တင်းကျပ်သည်။ အချိန်နာရီအတိအကျ အလုပ်လုပ်ကြရသည်။

ကားဒရိုင်ဘာ၊ ဥယျာဉ်မှူး၊ ကိုယ်ရံတော်၊ စားပွဲထိုးနှင့် အိမ်ဖော်ယောက်ျား ကလေးများအတွက် သီးသန့်အဆောင်တစ်ဆောင် အမျိုးသမီးအိမ်ဖော် ခြောက်ယောက် အတွက် သီးသန့်တန်းလျားတစ်ခုထားရှိသည်။ လေးယောက်က မီးဖိုဆောင်အလုပ် လုပ် ရသည်။ တစ်ယောက်က မဒမ်အိုသမန်၏ ကိုယ်ရေးကိုယ်တာအိမ်ဖော်။ ကျန်တစ်ယောက် က နာဒါ။

နာဒါသည် သုံးနှစ်နှင့် လေးနှစ်အရွယ် မိန်းကလေးနှစ်ယောက်နှင့် ငါးနှစ်အရွယ် ယောကျ်ားကလေးတစ်ယောက်တို့ကို ထိန်းရသည်။ နာဒါက ကလေးထိန်း အလွန်တော်သည်။ ကလေးတွေကို သီချင်းဆိုပြသည်။ သူဖတ်တတ်သလောက် စာများကို ဖတ်ပြသည်။ အထူးအဆန်း ရေးဟောင်းပုံပြင်တွေ ပြောပြသည်။ နာဒါသည် ကလေးတွေကို ဘယ်တော့ ဗမရိုက်။ လိုအပ်လျှင် မျက်နှာထားဖြင့်သာ ဆုံးမသည်။ အသံမာမာဖြင့်သာ ကြိမ်းသည်။ ဒါသည် အလုပ်လည်း အလွန်လုပ်သည်။ အလုပ်မရွေး အချိန်မရွေး လုပ်သည်။

မဒမ်အိုသမန်၏ အနီးနေ အိမ်ဖော်မှလွဲလျှင် စံအိမ်ကြီး၏ အလယ်ခန်းမထဲသို့ ဒါတစ်ယောက်သာ ဝင်ခွင့်ရသည်။ သူ့တွင် အခြားအမျိုးသမီးအိမ်ဖော်များနှင့်အတူ ကန့်လန့်ကာခြား၍ သီးသန့်ခန်းရှိသော်လည်း မိန်းကလေးထိန်းခန်း ကြမ်းပြင်တွင်သာ ာခင်း၍အိပ်သည်။

“နာဒါ”

”နာဒါ”

နာဒါ”

မနက် အိပ်ရာမှနိုးလာလျှင် ကလေးသုံးယောက်စလုံး နာဒါ ကို အော်ခေါ်ရင်း သူ့ ထက်ငါဦးအောင် နာငါ့ရင်ခွင်ထဲ ပြေးဝင်တတ်ကြသည်။

“ကဲ .. ဒီဝက်ဝံကလေးသုံးယောက်ကို ငါ တစ်ပြိုင်တည်း ဘယ်လိုလုပ် ချီထား လို့ရပါ့မလဲ”

နာဒါက ယင်းသို့ပြောပြီး သုံးယောက်စလုံးကို ပွေ့ဖက်လိုက်၏။

မိခင်လုပ်သူက အားအားရှိတိုင်း အမျိုးသမီးကလပ်တွင်သာ အချိန်ကုန်သောကြောင့် ကလေးတွေမှာ မေတ္တာငတ်နေကြသည်။ သူတို့က နာဒါကိုအလွန်ချစ်ကြသည်။

နာဒါ… ဘာဖြစ်လို့ဆံပင်မရှိတာလဲဟင်'' “ကလေးတို့ ရယ်ရအောင်လို့ တမင်တုံးထားတာ”

အိုသမန်စံအိမ်ကြီးကို ယခင်က ဗြိတိသျှအရာရှိတစ်ယောက် ပိုင်ခဲ့သည်။ အခန်း ပေါင်း နှစ်ဆယ်ကျော်ရှိသည်။ သီးသန့်ရုံးခန်းတွင် အိုသမန်နှင့် သူ၏ ကုလသမဂ္ဂကယ် ဆယ်ရေးအဖွဲ့ အမှုထမ်းများ အလုပ်လုပ်ကြသည်။ အမှုထမ်းများအနက် အိုသမန်၏ ကိုယ်ရေးအတွင်းဝန် ဘားနတ်ဂျိုဇေမှာ ပြင်သစ်အမျိုးသားလူငယ် ဖြစ်သည်။ ဘားနတ် သည် သူ့ဆရာလိုပင်ရုပ်ချောသည်။ ဆရာ့အလိုကိုလည်းသိတတ်သည်။ သူက အိမ်ထောင် မရှိ၊ လူပျို။ သူ့အခန်းသည် စံအိမ်ကြီး၏ ဒုတိယထပ်တွင် ရှိသည်။ မစ္စတာအိုသမန် အလုပ်တာဝန်နှင့် ခရီးထွက်လျှင် ဘားနတ်က မဒမ်အိုသမန်၏ အထူးကိုယ်ရံတော်တာဝန် ကို ယူရသည်။ သူသည် ကောက်တဲ့ပါတီပွဲများတွင် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်သည်။ သို့သော် အာရပ်နိုင်ငံတစ်နိုင်ငံတွင် မိန်းမပွေလျှင် အလွန်သတိထားရသည်။

အိုသမန်စံအိမ်တွင် အမျိုးသမီးအိမ်ဖော်များအတွက် တံတိုင်းကာ အဝတ်လျှော်ရုံနှင့် ရေချိုးခန်း သီးသန့်ဆောက်ပေးထားသည်။ ဘားနတ်ဂျိုဇေ၏အခန်းမှ အောက်သို့ငုံ့ကြည့် လျှင် တံတိုင်းကာခြံဝင်းထောင့်ကို မြင်ရသည်။ ထို့ကြောင့် ရေချိုးလျှင် သတိနှင့်ချိုးရန် - တခြားအိမ်ဖော်များက နာဒါကိုသတိပေးကြသည်။

နာဒါ ရောက်လာသည့်အတွက် တစ်အိမ့်လုံး အသက်ဝင်ရှင်သန်လာသည်။ အထူး သဖြင့် ဘားနတ်ဂျိုဇေတစ်ယောက် အပြုအမူတွေ ပြောင်းလဲလာသည်။ ကလေးတွေကို ပွေ့ချီသည်။ ခေါင်းပေါ်မြှောက်ချီ၍ချော့မြူးကစားသည်။ သည်လိုနှင့် နာဒါနှင့် ကြိုးကြား ကြိုကြား စကားပြောခွင့်ရလာသည်။ ဘားနတ်နှင့် စကားပြောခွင့်ရသောအခါတိုင်း နာဒါက သူ့မျက်လုံးတွေကို အများဆုံးအသုံးချသည်။ နာဒါ မျက်လုံးကစားလျှင် ဘားနတ် ရင်ထဲ နတ်ကျသလို တဒိန်းဒိန်းခုန်လာသည်။ တစ်ယောက်နှင့်တစ်ယောက် ဆုံစည်းမိ အောင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တမင်ကြိုတင်ကြံစည်လာကြသည်။

နောက်ဆုံး နာဒါသည် အိပ်မက်ထဲတွင် ဘားနတ်နှင့် ညတိုင်းလိုလို ဆုံတွေ့လာ သည်။

နာဒါက တခြားအိမ်ဖော်တွေထက် လွတ်လပ်သည်။ သူသည် ရေချိုးရုံထဲတွင် ဘယ်သူမှမရှိသောအခါ တစ်ယောက်တည်းရေချိုးသည်။

ဘားနတ်က သူ့အခန်းထဲမှ ချောင်းကြည့်နေမည်ကို နာဒါအတပ်သိသည်။

တစ်နေ့တွင် သူသည် ရေချိုးပြီးနောက် အပြင်သို့ထွက်၍ ကိုယ်လက်တွေ သုတ် နေသည်။ သူသည် ဘားနတ်အခန်းသို့ ခဏခဏ မျက်စောင်းထိုးကြည့်ရင်း ကိုယ်လက် များကို အကြာကြီးသုတ်နေသည်။

'နာဒါ မင်းကြောင့် ငါရူးရတော့မယ်"

ဘားနတ်က ပြောသည်။ "အဲဒီတော့"

"အဲဒီတော့ ဘယ်လွယ်မလဲ၊ သိပ်ပြီးအန္တရာယ်များတယ်၊ ဒါကို မင်းလည်းသိပါ၊ ဟယ်"

"အဲဒီတော့"

"အဲဒီတော့ မင်းက ငါ့ကို ဘာလုပ်စေချင်တာလဲ" ရှင်ကရော ကျွန်မကို ဘာလုပ်စေချင်သလဲ"

ဘားနတ်က သက်မကြီးချလိုက်သည်။ ဒါက ဘားနတ်၏ မျက်နှာကိုသာ မျက်လုံးကျွတ်ထွက်မတက် စိုက်ကြည့်နေသည်။ ဘားနတ်တံတွေး မျိုချလိုက်သည်။

ငါ ဒီလောက်နဲ့ပဲ ရပ်ချင်တယ် နာဒါ၊ ဒါမှမဟုတ်ရင် အားလုံးသိကွဲခါကျကုန် လိမ့်မယ်"

"နေပါဦး၊ ကျွန်မတစ်ခုမေးမယ်၊ ရှင် မိန်းမတွေ အများကြီး တွေ့ဖူးသလားဟင်"

"တော်တော် ရယ်စရာကောင်းတဲ့မေးခွန်းပဲ"

"ရယ်စရာမဟုတ်ပါဘူး၊ ကျွန်မ တကယ်မေးနေတာပါ။ ကျွန်မက အတွေ့အကြုံ များတဲ့ ယောကျ်ားနဲ့မှတွေ့ချင်တယ်" ။

"နာဒါ ဒီကိစ္စဟာ တစ်နေ့ အကြီးအကျယ်ပြဿနာတက်နိုင်တယ်ဆိုတာ နှင် တွေးမိရဲ့လား"

"တွေးမိပါတယ်"

“အထူးသဖြင့် ငါ့အလုပ်ကို ထိခိုက်နိုင်တယ်၊ ပြီးတော့ မိဘဂုဏ်သိကိုလည်း ထည့်တွက်ရဦးမယ်”

၀

”ဒါနဲ့ ရှင်က ကျွန်မကို မချစ်ဘူးလား”

”ဘယ့်နှယ်ပြောပါလိမ့် နာဒါ၊ အရမ်းချစ်တာပေါ့၊ ဒါပေမယ့်”

“ဘားနတ်... ရှင့်ဆီက ကျွန်မ တခြားဘာမှမလိုချင်ပါဘူး၊ ရှင့်ရဲ့ ကြင်နာမှုနဲ့ စိတ်ရှည်မှုကိုပဲ လိုချင်ပါတယ်၊ ရှင့်ကို ကျွန်မပြဿနာမပေးပါဘူး၊ ရှင့်အတွက်လည်း ကျွန်မ အသည်းမကွဲပါဘူး”

“ဘာဖြစ်လို့လဲ နာဒါ၊ ဘာဖြစ်လို့လဲဟင်”

“ပြောရရင် အရှည်ကြီးပါ၊ ဒါပေမယ့် ကျွန်မ အချစ်ဆိုတာကို နားလည်ချင်တယ်၊ ကျွန်မဟာ ကလေးမဟုတ်တော့ပါဘူး၊ ရှင်ကကြင်နာမှုရှိတယ်၊ ဒါကြောင့် ရှင့်ကို နှမကြိုက်တယ်”

“နာဒါ”

“ဒီည အိုသမန်တို့လင်မယား အိန္ဒိယသံရုံးညှေ့ခံပွဲကိုသွားလိမ့်မယ်၊ ညဥ့်နက်မှ လာကြလိမ့်မယ်”။

“ကျွန်မသိပါတယ်၊ ကလေးတွေလည်း တစ်နေ့လုံးဆော့ကစားထားလို့ တော်တော် မောနေကြတယ်၊ အစောကြီး အိပ်ရာဝင်ကြလိမ့်မယ်”

“ကဲ ... ရေသွားချိုးချည်တော့၊ ငါ အခန်းတံခါးဖွင့်ထားမယ်”

“လာစမ်းပါဦး နာဒါ၊ ထိုင်စမ်းပါဦး”

ဟာဒီအိုသမန်က ပြောလိုက်သည်။ “ဟုတ်ကဲ့ရှင့်”

”ခုတလော မင်းကြည့်ရတာ တော်တော်အူမြူးနေသလိုပဲ”

”ကလေးတွေနဲ့နေရတာ ကျွန်မ သိပ်ပြီးပျော်ပါတယ်ရှင်”

”ကလေးတွေနဲ့ သက်သက်ပဲလား”

နာဒါက အိုသမန်၏ မျက်နှာကိုကြည့်လိုက်သည်။ သူ့မျက်လုံးတွေ အရောင်ဘောက်နေသည်။

“ဒီမှာနေရတာ အက္ကာဘက်ဂျဘားမှာထက် အများကြီး ကောင်းပါတယ်၊ ကျွန်မ အလုပ်ကိုလဲ တန်ဖိုးရှိတယ်လို့ထင်ပါတယ်”

“ကလေးတွေက မင်းကို ချစ်ကြတယ်ဆိုတာ ငါသိပါတယ်၊ မင်း ခေါင်းကပဝါ ချွတ်လိုက်စမ်းပါ”

“ဆံပင်က သိပ်မရှည်သေးဘူးရှင့်”

”မင်းက ရှက်နေလို့လား”

”မရှက်ပါဘူး၊ ဒါပေမယ့် ကျွန်မကို လူတွေကြည့်ရင် တစ်မျိုးဖြစ်နေမှာစိုးလို့ပါ”

”ကဲပါ ပါချွတ်လိုက်စမ်းပါ”

နာဒါက ပဝါချွတ်လိုက်သည်။ ဆံပင်က နှစ်လက်မခန့်သာ ရှည်သေးသည်။ သူ့ကို ကြည့်ရသည်မှာ ပိုပြီးတောင် ဆွဲဆောင်မှုရှိလာသလို ထင်ရသည်။

“တကယ်တော့ မင်းက အရမ်းလှတဲ့ မိန်းကလေးပဲ၊ မင်းကို ဣသိက္ခာအောင်လို့ မင်းဖေဖေက ခေါင်းတုံးရိတ်ပေးလိုက်တာ မဟုတ်လား”

“ဟုတ်ပါတယ်ရှင့်”

”ဒါဖြင့် မင်းက ဣသိက္ခာနဲ့ နေသလား”

”မနေပါဘူးရှင့်" နာဒါက အကြောက်အလန့်မရှိဘဲ ပွင့်ပွင့်လင်းလင်း ဖြေလိုက်သည်။ အိုသမန်က တိတ်ရီကော်ဒါကို စားပွဲပေါ်တင်လိုက်သည်။ “မင်း ဒါမျိုးမြင်ဖူးသလား၊ ဘာပစ္စည်းလဲဆိုတာသိလား”

”မသိပါဘူး

”ဒါ အသံဖမ်းစက်လို့ခေါ်တယ်၊ လူတွေရဲ့ အသံတွေလို ဖမ်းထားလို့ရတယ်၊ မင်း အသံကို မင်းမကြားချင်ဘူးလား”

“ဘားနတ်နဲ့ ကျွန်မတို့အသံကို ပြောတာလား” နာဒါ၏ ပွင့်လင်းမှုကို အိုသမန် အလွန်အံ့သြသွားမိသည်။

“ဒီကိစ္စကို မင်းဖေဖေသိသွားရင် ဘယ်လိုဖြစ်လာမယ်ဆိုတာ စဉ်းစားမိရဲ့လား သူ့အသံက ခြိမ်းခြောက်သည့်လေသံ။

နာဒါက ပခုံးနှစ်ဖက်ကိုတွန့်လိုက်သည်။ အိုသမန်က နာဒါကို အကြာကြီး အကဲ ခတ်နေသည်။ သည်ကလေးမသည် သူ့ကိုမကြောက်။

“ဆီးရီးယားက ကုလသမဂ္ဂကယ်ဆယ်ရေးအဖွဲ့မှာ ရာထူးကြီးကြီးတစ်ခု လိုနေ တယ်၊ ဘားနတ်ကို အဲဒီရာထူးခန့်လိုက်မယ်”

“အပြစ်ပေးတဲ့ သဘောမျိုးလား”

”ရာထူးတိုးပေးတာပါ” ‘သူ သိပြီးပြီလား”

”သိပြီးပြီ၊ သူက အမ္မန်မြို့ကို ချက်ချင်းထွက်သွားချင်တယ်”

”ကောင်းပါတယ် မစ္စတာအိုသမန်' “သူ့အတွက် မင်း စိတ်မချမ်းသာမဖြစ်မိဘူးလား”

“သူ့ကိုတော့ ကျွန်မ အများကြီးသတိရမှာပါ။ ဒါပေမယ့် ကျွန်မတို့က တစ်ယောက် နဲ့ တစ်ယောက် ကတိပြုထားကြတာမဟုတ်ပါဘူး၊ သူ့ကိုလည်း ကျွန်မ ဆွဲမထားချင်ပါ ဘူး၊ ကျွန်မတို့ဟာ ယာယီသဘောမျိုး ဆက်ဆံနေကြတာကို ကျွန်မတို့နှစ်ယောက်စလုံး သိနေကြပါတယ်” ။

“ကဲ ဒီတော့ မင်းကို ငါဘာလုပ်ရမှာလဲ၊ ပြောစမ်းပါနာဒါ”

“ကျွန်မ ဒီအိမ်မှာဆက်နေချင်ပါတယ်၊ ကလေးတွေကိုလည်း ကျွန်မ သိပ်ချစ်ပါ တယ်၊ သူတို့နဲ့နေရတာ ကျွန်မသိပ်ပြီးပျော်ပါတယ်" ,

”မင်းနဲ့ ဘာနတ်ကိစ္စက သိပ်ပြီး အရေးကြီးတယ်၊ ဒီကိစ္စကို ငါတစ်ယောက်

တည်းသာသိတာ မင်းသိပ်ကံကောင်းတယ်၊ အဲဒီတော့ ဒီအတိုင်းပဲ လျှို့ဝှက်ထားရမှာ

”ကြိုက်သလိုလုပ်ပါ မစ္စတာ အိုသမန်၊ ကျွန်မကတော့ တောင်းပန်နေမဟုတ် တော့ပါဘူး ။

'ဒါနဲ့ မင်း ကိုယ်ပိုင်အခန်းနဲ့ မနေချင်ဘူးလား”

ဘယ်တုန်းကမှလဲ ကိုယ်ပိုင်အခန်းနဲ့ မခဲ့ဖူးပါဘူး၊ မျှော်လဲမမျှော်လင့်ပါဘူး

”မင်းရဲ့ လျှို့ဝှက်လုပ်ရပ်ကို ဒီအတိုင်းဆက်ပြီး လျှို့ဝှက်မယ်ဆိုရင် ငါမင်းအတွက် ကိုယ်ပိုင်အခန်းလုပ်ပေးမယ်၊ ငါက ဘားနတ်လို လူငယ် တစ်ယောက်တော့မဟုတ်ဘူး၊ ပေမယ့် ငါက သူ့ထက် အတွေ့အကြုံရှိတယ်၊ သူ့ထက် ရင့်ကျက်တယ်၊ မင်းသိတဲ့ အတိုင်း ငါ့မိန်းမက သိပ်ပြီး အလုပ်များတယ် အထူးသဖြင့် ကြာသပတေးနေ့တွေမှာ ပြီး အလုပ်များတယ်၊ ညနေတိုင်း အလှပြင်ဆိုင်မှာအချိန်ကုန်တယ်၊ ညကျတော့လည်း ကလပ်သွားပြီး တရိုက်အမဲကစားတယ်၊ အဲဒီတော့ ငါပြောချင်တာက ...”

“ကျွန်မနဲ့ အိပ်ချင်တယ်မဟုတ်လား” အိုသမန်က ရယ်လိုက်ပြီး - “မင်း ဘယ်လည်းသွေးအေးတဲ့ မိန်းကလေးပါလား”

“မစ္စတာ အိုသမန်က အလွန်ချောပါတယ်၊ ကျွန်မက မစ္စတာအိုသမန်ရဲ့ မိန်းမအိမ် ပေါ်မှာ သူ့ယောကျ်ားနဲ့ကြာမခိုချင်ပါဘူး၊ မစ္စတာအိုသမန်မှာ မိန်းမတွေအများကြီးရှိမှာ Si၊ ဒါပေမယ့် ကျွန်မ လျှို့ဝှက်ချက်ပေါ်မှာကြောက်လို့တော့ ကျွန်မဒီကိစ္စကို မလုပ်ချင် နာဒါက သရော်ပြုံးပြုံးလိုက်ပြီး၊

”ကျွန်မ ဆက်နေရမယ်ဆိုရင် ဥပုသ်နေ့နဲ့ တခြားတစ်နေ့ကို အားလပ်ခွင့်ပေး စေချင်ကယ် မီးဖိုခန်းက ဘဲက အဲဒီနေ့တွေမှာ ကျွန်မတာဝန်ကို ယူနိုင်ပါတယ်၊ သူ့ကို ကလေးတွေကလည်း သိပ်ချစ်ပါတယ်”

“မင်းက အဲဒီနေ့တွေမှာ ဘာလုပ်ချင်လို့လဲ”

”ပြောက်ကျားတပ်သားတွေနဲ့ သွားနေချင်လို့”

“နာဒါ ငါ့ကိုမှန်မှန်ပြောစမ်းပါ၊ ငါနဲ့ ဘားနတ်နဲ့ ဘယ်သူက ပိုပြီးတော်သလဲဟင်”

”ရှင်က သိပ်တော်ပါတယ်” 'ဘားနတ်လောက်တော်ရဲ့ လား”

”ကျွန်မရော မဒန်အိုသမန်လောက်တော်ရဲ့ လား”

“မင်းက သိပ်ပြီးတော်တာပေါ့၊ ဒါနဲ့ မင်းလို တောသူကလေးတစ်ယောက် ဒီလောက် တောင် ဘယ်လိုလုပ်ပြီးတော်နေရတာလဲဟင်”

နာဒါသည် ဂျိုးကိုတွေ့ရသည့်နေ့မှ စွဲချစ်မိသည်။ ဂျိုအား တကယ့်အချစ်စစ် အချစ်မှန်နှင့် ချစ်နိုင်လိမ့်မည်ဟုလည်း ယုံကြည်သည်။

ဂျိုးက အလွန်သတ္တိကောင်းသော ပြောက်ကျားတပ်မှူး။ အစ္စရေးနယ်စပ်တွင် သုံးကြိမ်တိတိ အောင်မြင်စွာတိုက်ပွဲဆင်နိုင်ခဲ့သူ။

“အိုး ... ရှင့်ကို ကျွန်မသိပ်ချစ်တယ်၊ နောက်ပိုင်းဘာပဲဖြစ်ဖြစ် ကျွန်မ မကြောက်ပါဘူး၊ " နောင်ခါလာ နောင်ခါချေးပေါ့။ ကျွန်မကို ရှင် ဘာကတိမှလည်း ပေးစရာမလိုပါဘူး 'ငါလည်း မင်းကိုအရူးအမူးချစ်နေပြီ “

”ဒါဆိုရင် ကျွန်မတို့ ဆက်ချစ်ကြရုံပဲပေါ့၊ ဒါပေမယ့် ကျွန်မ တစ်ခုတော့ပြောမယ်၊ ကျွန်မအပျိုမဟုတ်တော့ဘူး၊ ဂျိုး”

ဂျိုး ပါးစပ်ဟောင်းလောင်းဖြင့် အံ့သြသွားသည်။

'ကျွန်မတို့ ရွာကထွက်ပြေးလာပြီးတဲ့နောက် ဂျက်ဖာမှာနေတုန်းက ဖြစ်ခဲ့တာ တစ်နေ့မှာ ကျွန်မဈေးကအပြန် လမ်းကျဉ်းကလေးအတိုင်း လျှောက်လာခဲ့တယ်၊ အဲဒီမှာ အီရတ်စစ်သားတွေက ကျွန်မကိုဖမ်းပြီး အဓမ္မကျင့်ကြတယ်၊ အားလုံးသုံးယောက် ...”

ဂျိုးက နာဒါ၏ ညှိုးငယ်နေသောမျက်နှာကို စိုက်ကြည့်နေသည်။ သူ့ မျက်လုံးများမှ မျက်ရည်တွေ စီးကျလာသည်။

“ရှင် ကျွန်မကိုမုန်းသွားပြီလား”

”မမုန်းပါဘူး၊ ပိုပြီးတောင်မှ ချစ်လာသေးတယ်” ဂျိုးက နာဝါ့တစ်ကိုယ်လုံးကို ကျုံးဖက်လိုက်သည်။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် လပေါင်းများစွာ ချစ်နေခဲ့ကြသည်။

နာဒါသည် အင်္ဂလန်ဘက်ဂျဘားသို့ အလည်ပြန်ချိန်ရောက်သော်လည်းမသွား။ နေမ ကောင်း၍မလာနိုင်ဟု စာရေးအကြောင်းကြားကာ ဂျိုးနှင့် တိတ်တိတ်ပုန်း ဆက်လက် စခန်းသွားနေသည်။

တဖြည်းဖြည်းနှင့် အပုပ်နံ့ထွက်လာသည်။ နာဒါနှင့်ဂျိုးတို့ စက်ပုန်းခုတ်နေသည် ကို ဂျိုး၏မိတ်ဆွေတစ်ယောက် သိသွားသည်။

နောက်ဆုံး လူသိရှင်ကြားဖြစ်လာသောအခါ ဂျိုးမှာ အကြောက်လွန်ပြီး ထွက်ပြေး သွားတော့သည်။

အခန်း (၁၀)

အိုမာနှင့် နာဒါတို့ထွက်သွားကြပြီးနောက် မကြာမီတွင်ပင် ကျွန်တော့်စိတ်ဓာတ် တွေ မမျှော်လင့်ဘဲ ရုတ်တရက် ပြန်လည်တက်ကြွလာသည်။

ကျွန်တော်သည် အလုပ်တစ်ခုခုရလိုရငြား ဒေါက်တာ နူရီမူဒီထံသို့ အမြဲတမ်း သွားသည်။ သို့သော် ဆရာကြီးက အမြဲလိုလိုပြန်လွှတ်သည်။ ဖွဲကောင်းကောင်းဖြင့်အကြိမ် ပေါင်းများစွာသွားတော့မှ နောက်ဆုံးတွင် ကျွန်တော့်ကိုလက်ခံသည်။

ဗြိတိသျှ ရှေးဟောင်းသမိုင်းတူးဖော်ရေး အဖွဲ့ တစ်ဖွဲ့ က ဂျယ်ရီကိုမြို့ဟောင်းကို တူးဖော်နေခဲ့သည်မှာ နှစ်ပေါင်းများစွာကြာနေပြီ။ ယင်းလုပ်ငန်းတွင် ပါမောက္ခ မူဒီသည် လည်း အာရပ်တို့ဘက်မှ တွဲဖက်အတိုင်ပင်ခံအဖြစ် လုပ်ကိုင်ရသည်။ ပထမတွင် ဤ လုပ်ငန်းနှင့် မပတ်သက်ရန် ဖေဖေက ကျွန်တော့်ကို တားမြစ်သည်။ ယင်းသို့တားတော့မှ ကျွန်တော်က ပို၍လုပ်ချင်လာသည်။

နာငါ့ကို တစ်နယ်တစ်ကျေးသို့ပို့လိုက်ပြီးနောက် ကျွန်တော် စိတ်အချဉ်ပေါက်လာ သည်ကို ဖေဖေသိသည်။ ဤအလုပ်ကို လုပ်ခွင့်မပြုလျှင် ကျွန်တော်အိမ်မှထွက်ပြေးမည် ကိုသိ၍ နောက်ဆုံးတွင် ဖေဖေကခွင့်ပြုသည်။ ဝါဒီဘက်ကားကျောင်းမှ ထွက်ရသည်ကို ကျွန်တော်အလွန်ဝမ်းသာမိသည်။ တကယ်တော့ ထိုကျောင်းမှာ စာသင်ကျောင်းမဟုတ် တော့ဘဲ ဂျုံးမုန့်းတီးမှု ထုတ်လုပ်ရေးစက်ရုံသာ ဖြစ်နေသည်။ ထိုနေရာတွင် ငြိမ်းချမ်းရေး နှင့် မေတ္တာတရားဆိုသည်ကို လုံးဝရှာမတွေ့နိုင်ပါ။

နီဘိုတောင်ခြေတွင် ဘီဒိုယင်မိသားစုများက ရှေးဟောင်းဟီဘရူး အနုပညာပစ္စည်း မှာ တွေ့ ရှိသောကြောင့် ထိုဒေသတွင် ဆက်လက်တူးဖော်ရန် အကြောင်းပေါ်လာသည်။ ပါမောက္ခမူဒီ ဦးစီးသော ရှေးဟောင်းပစ္စည်းတူးဖော်ရေးအဖွဲ့ တွင် ကျွန်တော်က အာရပ်အလုပ် သမားများကို အုပ်ချုပ်ရသည်။

နီဘိုတောင် တူးဖော်ရေးအဖွဲ့တွင် ရှေးဟောင်းသမိုင်းသုတေသနပညာရှင် တစ် ယောက်၊ ဥရောပမှအပျော်တမ်းလေ့လာသူ ကျောင်းသားကျောင်းသူ ဆယ်ယောက်နှင့် တူးဖော်ရေးအလုပ်သမား တစ်ဒါဇင်ပါဝင်သည်။ ကျွန်တော်က အာရပ်လုပ်သားများ၏ ကြီးကြပ်ရေးမှူးအဖြစ် လခထုတ်ပေးခြင်း၊ ရိက္ခာထိန်းသိမ်းခြင်း၊ ဆေးပစ္စည်းဝေငှခြင်းနှင့် ဘီဒိုယင်လူမျိုးစုများ၏အန္တရာယ်မှ ကာကွယ်ရန် လုံခြုံရေးချထားခြင်းတို့ကို တာဝန်ယူရ င် သည်။

ကျွန်တော့်အလုပ်က တော်တော်ဟန်ကျသည်။ ကျွန်တော် ကိုယ်ပိုင် အသုံးပြုရန် ဂျစ်ကားတစ်စီးလည်း ရရှိသည်။ ထို့ကြောင့်အမုန်မြို့သို့ ဆယ့်ငါးရက်တစ်ကြိမ်သွားပြီး နာဒါနှင့် တွေ့ဆုံနိုင်သည်။ မာဒါသည် အချစ်ကို အငမ်းမရရှာဖွေနေကြောင်း ကျွန်တော် သိသည်၊ သို့သော် သူ၏လျှို့ဝှက်ချက်များကို ကျွန်တော့်အား လုံးဝထုတ်ဖော်ပြောပြခြင်း ရှိပါ ဒါသည် ယခင်ကထက် အလွန်လှလာသည်။ သူသည် ချိုမြိန်သော အချစ်၏ အရသာကို လွတ်လပ်စွာခံစားနေသည်။ နာဒါစိတ်ချမ်းသာလျှင် ကျွန်တော်ဝမ်းသာလှပြီ။ ထို့ ကြောင့် သူနှင့် ချစ်သူများအား အနှောင့်အယှက်ပေးလိုစိတ်လည်း မရှိတော့ပါ။ တကယ်တော့ ဤသို့လုပ်ခြင်းဖြင့် ကျွန်တော်သည် ကိုယ့်သိက္ခာကိုယ်ချခြင်းပင် ဖြစ်သည်။ ဖြစ်ချင်ရာဖြစ်ပေတော့၊ နာဒါစိတ်ချမ်းသာဖို့သာ အဓိက။

ကျွန်တော်မကြိုက်တာကတော့ ဖေဖေနှင့် နာဒါတို့၏ ဆက်ဆံရေးအခြေအနေ ဖြစ်သည်။ သူတို့၏ဆက်ဆံရေးသည် တစ်နေ့ထက်တစ်နေ့ တင်းမာလာသည်။ “ဒါ တစ်ယောက် ယခင်ကနှင့် လုံးဝမတူတော့ဘဲ သူ့ စိတ်နှင့်သူ ပြုမူလှုပ်ရှားခြင်းကို ဖေဖေ သတိပြုမိသည်။ သူသည် အဘက်ဘာရှိမိသားစုထံသို့ မှန်မှန်လာ၍လည်းသော်လည်း သူ၏ မူမမှန်သော အမူအရာများကို ဖေဖေအကဲခတ်မိလာသည်။

သည်ကြားထဲတွင် ကျွန်တော်ကိုယ်တိုင် အင်္ဂလိပ်မကလေးတစ်ယောက်နှင့် ငြိသွား သည်။ သူက အပျော်တမ်းရှေးဟောင်းသုတေသနကျောင်းသူ။ အသက်က ၂၀။ နာမည်က ဆီဘီလ်။ ကျွန်တော်က ဆီဘီလ်အား ကျွန်တော့်ဂျစ်ကားပေါ်တင်ပြီး သဲကန္တာရထဲက လျှို့ဝှက်ကွန်းခိုရာကလေးသို့ အမြဲတမ်းခေါ်သွားသည်။ ကျွန်တော်သည် မုဆိုးမများနှင့် အတွေ့အကြုံ အများကြီးရှိခဲ့သော်လည်း ဆီဘီလ်က ကျွန်တော့်ထက် အများကြီးရင့် သည်။

၁၉၅၆ ခုနှစ်၊ နွေရာသီရောက်တော့ တူးဖော်ရေးလုပ်ငန်း ရပ်နားလိုက်သည်။ ဆီဘီလ်နှင့် အခြားအဖော်များလည်း ဥရောပသို့ ပြန်သွားကြသည်။ ထိုအခါ ကျွန်တော့်မှာ အသည်းကွဲ ကျန်ရစ်ခဲ့လေတော့သည်။

တူးဖော်ရေးရာသီ ပြီးဆုံးသွားသော်လည်း ကျွန်တော့်တွင် လုပ်စရာလုပ်ငန်းတွေ အများကြီးကျန်ရှိနေသေးသည်။ ပါမောက္ခ မူနှင့် ပူးတွဲပြီး မှတ်တမ်းတင်ခြင်း၊ ပြုပြင် ထိန်းသိမ်းခြင်း၊ တိုင်းတာခြင်းနှင့် ပုံဆွဲခြင်းလုပ်ငန်းများကို လက်မလည်အောင် ဆက်လက် လုပ်ကိုင်နေသည်။

တစ်နေ့တွင် အိုးခြမ်းကွဲအပိုင်းအစနှစ်ရာလောက်ကို ကျွန်တော် ပြန်လည်ဆက်စပ် ပြုပြင်နေစဉ် ပါမောက္ခ မူဒီက သူ့စားပွဲတွင်ပုံဆွဲနေရာမှ လှမ်း၍ပြောသည်။

“မင်းကြည့်ရတာ အလုပ်မှာစိတ်မဝင်စားသလိုပဲ အစ္စမေ၊ လက်ရာတွေကလည်း ခါတိုင်းလိုမသေသပ်ဘူး၊ တော်တော်ညံ့နေတယ်”

ကျွန်တော်က ဘာမှပြန်မပြော။

“တူးဖော်ရေးရာသီကုန်သွားရင် ပျင်းစရာတော့ အမြဲတမ်း

ကောင်းတာချည်းပါပဲ။ ဒါမေယ့်နောက်နှစ်ကျရင် နောက်ထပ် ဆီဘီလ်တစ်ယောက် ရောက်လာမှာပါ အစ္စမေ”

asic. ကျွန်တော်က အချစ်ကိစ္စ နောက်ထပ်မကြားချင်သဖြင့် စကားလွှဲပြီး “ဒါနဲ့ ဒီအလုပ်တွေပြီးရင် ဆရာကြီးဘာလုပ်မှာလဲ၊ ဘယ်ကိုသွားမှာလဲ ဆရာကြီး”

“ငါ့ကို လန်ဒန်ကဖိတ်ထားတယ်၊ တူးဖော်တွေ့ရှိချက်တွေနဲ့ ပတ်သက်ပြီး စာအုပ် ထုတ်ဖို့ စီစဉ်ထားတယ်၊ ပြီးတော့ ကျန်းမာရေးအခြေအနေလည်း စစ်ဆေးစရာရှိတယ်”

“ဒီလိုဆို ဂျူးတွေနဲ့ဆက်သွယ်တဲ့အလုပ် ဘယ်သူလုပ်မှာလဲ”

”တခြား တစ်ယောက်ယောက် လုပ်လိမ့်မပေါ့”

”ဆရာကြီးကို ဘယ်သူမှမဖမ်းမိတာ အံ့စရာပဲနော်”

“ကျုပ်က စပိုင်အစစ်မှမဟုတ်တာဘဲ၊ ငါ့ကို အပြန်အလှန်အသုံးချဖို့ နှစ်ဖက်စလုံး က အကြာကြီးကတည်းက မျက်စိကျခဲ့တယ်၊ ဂျော်ဒန်နဲ့ အစ္စရေးတို့ ဆက်သွယ်နေတယ် ဆိုတာ လူတိုင်းသိနေတာပဲ”

ဤတာဝန်ကို ကျွန်တော့်အားပေးမည်ကို ကျွန်တော်ကြောက်သည်။ ထို့ကြောင့် စကားဦးပြောင်းပြီး .... ။

“ဖေဖေကတော့ နာဆာကို သိပ်အားကိုးတာပဲ ဆရာကြီး၊ ဖေဖေက ပြောတယ်၊ ယွန်ဝါဒီတွေဟာ အာရပ်နိုင်ငံတွေကဂျူးတွေကို ထောင်သောင်းချီခေါ်လာပြီး ပါလက်စ တိုင်းမှာ နေရာချပေးနေကြတယ်တဲ့၊ ဒါပေမယ့် သူ့တို့စခန်းတွေလည်း အက္ကဘက်ဂျဘားက ၁ခန်းတွေနဲ့ ဘာမှမထူးပါဘူး၊ ညစ်ပတ်စုတ်ပြတ်နေကြတာပါပဲ”

“ဒါပေမယ့် ဂျူးတွေက သူတို့လူမျိုးတွေအတွက် တစ်ကမ္ဘာလုံးကို ကယ်ပါကူပါလို့ လက်ဖြန့်ပြီးအကူအညီမတောင်းဘူး၊ မြို့သစ်တည်ပြီးတာနဲ့ တစ်ပြိုင်နက် ဒုက္ခသည်စခန်း တွေကို ချက်ချင်းဖျက်သိမ်းပစ်ကြတယ်၊ သူတို့ဟာ အိမ်ကောင်းယာသာတွေနဲ့ နေထိုင်ပြီး အကျိုးရှိတဲ့အလုပ်တွေကို လုပ်ကြတယ်၊ မြေယာတွေကို ရှင်းလင်းပြီး စိုက်ပျိုးကြတယ်၊ အာရပ်နိုင်ငံတွေကပြေးလာကြတဲ့

ဂျူးဒုက္ခသည်တွေဟာ မင်းတို့ထက် အများကြီး အခြေ အနေကောင်းတယ်" ။

'... ဒီနေ့ အိန္ဒိယကနေပြီး အာဖရိကတိုက်အထိ တစ်ကမ္ဘာလုံးမှာ ဒုက္ခသည်ပေါင်း သန်းနှစ်ဆယ်ရှိနေတယ် အစ္စမေ၊ အဲဒီဒုက္ခသည်တွေအားလုံးအနက် အာရပ်လူမျိုး ဒုက္ခ သည်တွေမှသာ သူတို့ဆန္ဒရှိရင် ဒုက္ခသည်ပြဿနာဖြေရှင်းနိုင်တဲ့ အခြေအနေရှိနေတယ်၊ တို့မှာ ရေနံရောင်းလို့ရတဲ့ပိုက်ဆံတွေအများကြီးရှိတယ်၊ ပင်လယ်ကွေ့ နိုင်ငံတွေမှာ ပါလက် စတိုင်းသားတွေအားလုံးကို အလုပ်ပေးနိုင်တဲ့ အလုပ်အကိုင်တွေရှိတယ်၊ ယူဖရေးတီး မြစ်ဝှမ်းနဲ့ လစ်ဗျားနိုင်ငံတွေမှာ စိုက်ပျိုးနိုင်တဲ့မြေယာတွေ အများကြီးရှိတယ်၊ ဒါပေမယ့် ဂျူးတွေမှာ အများကြီးရှိနေတဲ့ အရာတစ်ခုတော့ တို့မှာမရှိဘူး"

"အဲဒါက ဘာလဲဆရာကြီး"

"အဲဒါက မေတ္တာတရားပဲ၊ ဟုတ်တယ်၊ ဂျူးတွေဟာ အချင်းချင်းသိပ်ပြီး မေတ္တာ ရှိကြတယ်၊ တစ်ယောက်ကိုတစ်ယောက် ကူညီကြတယ်"

"ဒီအချက်ကို ဖေဖေလည်း လေးလေးနက်နက်သိပါတယ် ဆရာကြီး၊ ဒါပေမယ့် ဒါကိုသူဝန်မခံဘူး၊ သူလုပ်နေတာတွေက တခြားပဲ၊ တစ်ခါတလေ သူ့ကို ကျွန်တော် တယ်လိုနားလည်ရမှန်းတောင် မသိတော့သလိုပဲ၊ သူကပြောတယ်၊ နာဆာဟာ ရုရှတွေရဲ့ ဝ" အကူအညီနဲ့ အာရပ်တစ်ကမ္ဘာလုံးကို စည်းရုံးနိုင်လိမ့်မယ်တဲ့" ။

"လုံးဝ အဓိပ္ပာယ်မရှိဘူးတို့အာရပ်တွေက ပိုဆိုးတယ် တို့က တခြားလူ အတူမနေနိုင်ဘူး၊ တို့အချင်းချင်းတောင် အတူမနေနိုင်တာက ပိုဆိုးတာပေါ့၊ နောက်ဆုံးမှာ အာရပ်တွေက ဂျူးတွေကိုမတိုက်ဘဲ အာရပ်တွေက အာရပ်တွေကိုပဲ ပြန်တိုက်လာလိမ့် မယ်၊ တစ်နေ့ကျတော့ တို့ရေနံတွေလည်း အကုန်လုံးပြောင်သလင်းခါသွားလိမ့်မယ်"

ထို့နောက် ကျွန်တော်တို့နှစ်ယောက်သား ကော်ဖီသောက်ရင်း ငြိမ်သက်နေကြသည်။ အတန်ကြာမှ ဆရာကြီးက ...။

"အစ္စမေ၊ မင်း ငါနဲ့ အတူ လန်ဒန်ကိုလိုက်ဖို့ စိတ်မကူးမိဘူးလား"

'ဘယ့်နှယ်ပြောပါလိမ့် ဆရာကြီး၊ ကျွန်တော် သိပ်ပြီးလိုက်ချင်တာပေါ့၊ ဒါပေမယ့် ကျွန်တော် ဒီနေရာကထွက်သွားရင် ကျွန်တော့်ကိုယ်ကျွန်တော် ဘယ်တော့မှ လိပ်ပြာသန့် တော့မှာမဟုတ်ဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော် သစ္စာဖောက်တစ်ယောက်လို့ပဲ အမြဲတမ်း ထင်နေတော့မယ်”

“မင်းက ဘယ်သူ့ကိုသစ္စာဖောက်ရမှာလဲ၊ မင်းကို ဘယ်တော့မှလွတ်လပ်ခွင့်မပေး တဲ့ လူမှုရေးစနစ်ကို သစ္စာဖောက်တာလား၊ ဒါမှမဟုတ် ဘယ်သူ့ကိုသစ္စာဖောက်တာလဲ”

'နာငါ့အတွက် လုံခြုံစိတ်ချရခြင်းမရှိသေးသမျှကျွန်တော်ဒီနေရာက ဘယ်မှထွက် သွားလို့မဖြစ်သေးဘူး ဆရာကြီး ပြီးတော့ ဖေဖေ့ကိုလည်း ထည့်တွက်ရဦးမယ်”။

“မင်းမသိဘူးလား အစ္စမေ၊ မင်းနဲ့နာဒါဟာ တကယ်တော့ မင်းဖေဖေရဲ့ သားကောင် တွေဖြစ်နေကြတယ်၊ မင်းဖေဖေ ဘာမှမသိတဲ့လောကတစ်ခုအတွက် ဓားစာခံတွေ ဖြစ်နေ ကြတယ်၊ အစ္စမေဟာ ဟာဂျီအီဘရာဟင်ရဲ့ မပီပြင်တဲ့ အနာဂတ်မျှော်မှန်းချက်၊ နာဒါက အတိတ်ကာလရဲ့ မှုန်ဝါးတဲ့အမှတ်သညာ၊ ဟာဂျီအီဘရာဟင်က နာဒါကို လူမျိုးစုအကြီး အကဲ သူဌေးကြီးတစ်ယောက်ယောက်နဲ့ပေးစားပြီး သူ့ ဂုဏ်ကိုပြန်တင်ဖို့ ကြိုးစားစိတ်ကူး နေတယ်၊ အဲဒီတော့ အဘိုးကြီးတစ်ယောက်ရဲ့ စိတ်ကူးယဉ်ကမ္ဘာထဲမှာပဲ မင်းဘဝကို မင်းမြှုပ်နှံသွားတော့မှာလား”

“ဒီစကား ဆက်မပြောပါနဲ့တော့ ဆရာကြီး၊ ဒါနဲ့ ဆရာကြီးကပဲ ပြောဖူးတယ် မဟုတ်လား၊ လူတစ်ယောက်ဟာ အာရပ်အဖွဲ့စည်းရဲ့ နှောင်ကြိုးကိုဖြတ်တောက်လို့ မရ နိုင်ဘူးဆိုတာလေ၊ ဆရာကြီးကရော လန်ဒန်ရောက်တော့ လွတ်လပ်ပြီလို့ထင်သလား”

“မလွတ်လပ်ပါဘူး၊ ဘယ်တော့မှလည်း မလွတ်လပ်ပါဘူး၊ ဒါပေမယ့် ငါ့ အနေနဲ့ နာကြည်းမှုတွေ၊ အာဃာတတွေကင်းရှင်းစွာနဲ့တော့ ဘဝကို ကုန်လွန်သွားရမှာ သေချာ တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အားလုံးကိုမရတောင်မှ တစ်ဝက်တော့ရနိုင်ပါလိမ့်မယ်၊ အဲဒီတော့ မင်းလည်းကြိုးစားပေါ့ အစ္စမေ၊ မင်းအစ်မခေါ်ပြီး ထွက်ပြေးပေါ့”

"ဒီကိစ္စကို ကျွန်တော် အကြိမ်ပေါင်း မရေတွက်နိုင်အောင် အကြံထုတ်နေခဲ့ပါတယ် ဆရာကြီး"

"ဒါဆို လုပ်တော့ လူကလေး … လုပ်တော့"

ကျွန်တော်သည် ဖေဖေနှင့်အတူ ဂျယ်ရီကိုမြို့ထဲသို့ ဝင်လာခဲ့သည်။ ကျွန်တော် အဆုတ်ထဲတွင် အောက်သိုးသိုးလေများနှင့် ပြည့်ဖောင်းနေသည်။ လက်ဖက်ရည်ဆိုင်များနှင့် ဈေးဆိုင်များရှေ့မှ ဖြတ်လျှောက်လာစဉ် ဖေဖေအား လေးစားသောအားဖြင့် လူတိုင်းကပင် ပြောက်ကျားတပ်သားများ အပြည့်တင်ဆောင်လာသော ထရပ်ကားတစ်စီးသည် လမ်းမကြီးအတိုင်း မောင်းဝင်လာသည်။ ကားနောက်ပိုင်းတွင် ဖုန်တွေတထောင်းထောင်း ထကျန်ရစ်သည်။ ပြောက်ကျားများက သေနတ်တွေကို မိုးပေါ်ထောင်၍ ပစ်ခတ်ကြသည်။ ပါးစပ်မှလည်း "ဂျူးတွေကျဆုံးပါစေ" ဟူ၍ ဟစ်အော်သွားကြသည်။

အသံချဲ့စက်မှ ကိုင်ရိုရေဒီယိုသတင်းကြေညာချက် ကျယ်လောင်စွာ ပေါ်ထွက်လာ သည်။

သမ္မတ နာဆာက အမေရိကန်နှင့် ဂျူးတို့၏ ပူးပေါင်းသစ္စာဖောက်မှုကို စိန်ခေါ်လိုက် လေပြီ။

စစ်မီးကြီးတောက်လောင်တော့မည်။ လူတိုင်းပင် အစ္စရေးကိုတိုက်ခိုက်ရန် တောင်း ဆိုနေကြပြီ။

လမ်းပေါ်တွင် လူပေလူတေကလေးများက ရေမြောင်းထဲတွင် ကစားနေကြသည်။

ကျွန်တော်သည် လူရုပ်မပီတော့သော သူတောင်းစားတစ်ယောက်ရှေ့တွင်ရပ်ကာ ပိုက်ဆံတစ်ပြား ပေးလိုက်သည်။ ဆရာကြီးဒေါက်တာ မူဒီလည်း တစ်ချိန်က သူတောင်းစား ဖြစ်ခဲ့ဖူးသည်။ သို့သော် သူသည် ကံကောင်းထောက်မ၍ သူတောင်းစားဘဝမှ လွတ်မြောက် လာခဲ့သည်။ ယခု သူတောင်းစားကတော့ ကံမကောင်းရှာ။

တစ်ချိန်က အာရပ်လူမျိုးတို့၏ ကမ္ဘာကျော်အင်္ဂလိပ်အမျိုးသား သူရဲကောင်းကြီး တီ၊အီးလောရင့်ရေးခဲ့သော စာတစ်ပုဒ်ကို ဆရာကြီး ဒေါက်တာမူဒီက ကျွန်တော့်ကိုဖတ်ပြ ခဲ့ဖူးသည်။ နေပါဦး။ ဘာပါလိမ့်။ ဟုတ်ပြီ။ ကျွန်တော်မှတ်မိပြီ။

"အာရပ်လူမျိုးတို့၏ တွေးခေါ်မြော်မြင်မှုတွင် ပြေပြစ်ညီညွတ်မှုမရှိ၊ ...သူတို့သည် ညှိနှိုင်းဖြေယူမှုကို နားမလည်၊ ဆန့်ကျင်ဘက် ဆုံးဖြတ်ချက်များ၏ သဟဇာတမဖြစ်မှုကို မမြင်ဘဲ ဆင်ခြင်တုံတရားမပါသော အတွေးအခေါ်များကို လက်ခံကြသည်၊ သူတို့သည် ပကတိဉာဏ်ဖြင့် တွေးခေါ်ကြပြီး ဖြတ်ထိုးဉာဏ်ဖြင့် လုပ်ကိုင်ကြသည်"

အလွန်ပညာရှိသော "အာရေဗျ၏လောရင့်" ပါပေ။

❖--- www.ebooks4mm.org ---❖

အခန်း (၁၁)

၁၉၅၆ ခုနှစ်၊ အောက်တိုဘာ ၂၉၊ တနင်္လာနေ့ ။ စစ်ပွဲ … စစ်ပွဲ။

ဗိုလ်မှူးကြီး ဂါမယ်အဘဒယ်နာဆာသည် လွန်ခဲ့သောနှစ်နှစ်ခန့်က အီဂျစ် အစိုးရ အဖွဲ့ကို ဦးဆောင်လာခဲ့သည့်အချိန်မှစ၍ တစ်လမ်းတည်းကိုသာ ဦးတည် လျှောက်လှမ်း လာခဲ့သည်။ သူ၏ပန်းတိုင်မှာ အစ္စရေးနိုင်ငံအား လုံးဝဥဿုံ ချေမှုန်းပစ်ရန်ဖြစ်သည်။

ဖေဖေနှင့် ကျွန်တော်တို့သည် ပေါ်ပေါက်လာသော အရေးအခင်းများကို ဆန့်ကျင် တက် အမြင်ကိုယ်စီဖြင့် စောင့်ကြည့်နေကြသည်။ စစ်ပွဲကြီး ဖြစ်ပွားလာခြင်းဖြင့် ပါလက် စတိုင်းဒုက္ခသည်များအတွက် မည်သည့်အကျိုးကိုမှ ကျွန်တော်မမြင်။ ဆာဘရီက နာဆာအား အလွန်အထင်ကြီးနေသော်လည်း နာဆာသည် ကျွန်တော်တို့အခြေအနေကို ဘယ်လိုမျှ ကောင်းလာအောင် လုပ်နိုင်စရာမရှိ။ သူအောင်ပွဲခံ၍ ကျွန်တော်တို့ ကိုယ့်ရပ်ကိုယ်ရွာ ပြန်ကြလျှင်လည်း ကျွန်တော်တို့အနေဖြင့် ဂျော်ဒန်တို့၏ အဓမ္မအုပ်စိုးခြင်းအစား အီဂျစ် တို့၏ အဓမ္မအုပ်စိုးခြင်းကိုသာခံရမည်ဖြစ်သည်။ တကယ်ဆိုတော့ နာဆာသည် ကျွန်တော် တို့အား သူ့နိုင်ငံအကျိုးအတွက် အသုံးချနေခြင်းသာဖြစ်သည်။

ဆာဘရီသာမက ကျွန်တော့်ဖေဖေသည်လည်း နာဆာ၏ပခြုပ်ထဲသို့ ရောက်ရှိနေ သည်။ သူက ဂျူးတွေနှင့် စစ်ပြိုင်ဖို့ ကိုသာ အဓိကထား၍ တွက်နေသည်။ ကျွန်တော်တို့ ကိုယ့်ရပ်ကိုယ့်ရွာသို့ ပြန်ရောက်ပြီးနောက် ဘာတွေဖြစ်လာနိုင်သည်ဆိုသည်ကို သူ လုံးဝ မမြင်။ လုံးဝမမြင်နိုင်။

ကျွန်တော်သည် ပေါ်ပေါက်လာသော ကောလာဟလ သတင်းများကို ဆက်စပ်၍ တွေးခေါ်ကြည့်သည်။ ယင်းသတင်းများသည် တစ်ခုနှင့်တစ်ခု တပ်နေကြသည်။ ယှက်လိမ် ရောထွေးနေကြသည်။ ဘယ်လိုပင်ဖြစ်စေ နာဆာနှင့် အခြားအာရပ်ခေါင်းဆောင်များ၏ လုပ်ရပ်မှန်သမျှကတော့ အလွန်အရေးကြီးသည်။

အနောက်ဘက်ကမ်းတွင် ဒုက္ခသည်များ အုံကြွမှုဖြစ်ပွားအောင်

လှုံ့ဆော်ပေးခြင်း ဖြင့် နာဆာသည် ဂျော်ဒန်နိုင်ငံကိုလှုပ်ခါလိုက်သည်။ ထို့နောက် သူ၏လက်အောက်တွင် ဂျော်ဒန်နိုင်ငံနှင့် စစ်ရေးမဟာမိတ် အတင်းဖွဲ့စည်းလိုက်သည်။ နာဆာအား ဆော်ဒီအာရေဗျ နိုင်ငံက ငွေကြေးအမြောက်အမြား ထောက်ပံ့သည်။ ဆော်ဒီအာရေဗျနိုင်ငံမှာ ဟာရှီမိုက် နွယ်ဝင် ဂျော်ဒန်တို့၏ ကမ္ဘာရန်ဖြစ်သည်။ ထို့ကြောင့် ဆော်ဒီတို့ကလည်း ဂျူးတွေကို အပတ်ချေမှုန်းပစ်ချင်သလို ဂျော်ဒန်ကိုလည်း အပြတ်ရှင်းပစ်ချင်သည်။

အစ္စရေးနိုင်ငံ၏ အဓိကရေဝေဌာခံ ဖြစ်သည့် ဂျော်ဒန်မြစ်အထက်ပိုင်းကို ပိတ်ဆို့ ထားရန် နာဆာက ဆီးရီးယားနိုင်ငံအားမြှောက်ပေးသည်။ ထို့ပြင် အစ္စရေးနိုင်ငံသို့သွားသော ဘောဟူသမျှ ဆူးအက်တူးမြောင်းကို လုံးဝမဖတ်ရဟု ပိတ်ပင်လိုက်သည်။ အီလတ်မြို့သို့ သွားသောသင်္ဘောများနှင့် အီလတ်မြို့၊ မှထွက်သော သင်္ဘောများ တိုင်ရန်ရေလက်ကြားကို - ဖြတ်ကျော်နိုင်ရန် ပိတ်ထားလိုက်သည်။ ထို့ကြောင့် အစ္စရေးသင်္ဘောများ အရှေ့ပိုင်းနိုင်ငံ သို့ မသွားနိုင်တော့။ ဤသို့ နိုင်ငံတကာရေကြောင်းလမ်းကို ပိတ်ထားလိုက်ခြင်းသည် စ် ဖြစ်ရန် ရန်စသောလုပ်ရပ်ပင် ဖြစ်သည်။

နိုင်းမြစ်ပေါ်၌ “အဆွမ်း” ရေကာတာကြီး တည်ဆောက်ရေးတွင် အမေရိကန်နိုင်ငံက ငွေကြေးအကူအညီပေးရစ် သဘောဘုသည်။ သို့သော် မာဆာက ဆူးအက်တူးမြောင်း မည်သူပိုင်သိမ်းလိုက်သောကြောင့် ရေကာတာကြီးအတွက် ငွေကြေးထောက်ပံ့မှုကို အမေရိ က ပင်လည်ရုပ်သိမ်းလိုက်သည်။

ရုရှနိုင်ငံသည် နှစ်ပေါင်းများစွာကတည်းကပင် ရေနွေးဆိပ်ကမ်းတစ်ခု ရလိုသော ဆန္ဒရှိခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသတွင် ခြေကုပ်ယူရန် ဆန္ဒပြင်းပြနေသည်။ ထို့ကြောင့် အမေရိကန်နိုင်ငံ ထွက်သွားသောနေရာတွင် ရုရှနိုင်ငံ အပြေးဝင်ရောက်လာသည်။ အီဂျစ် တွင် ရေကာတာကသံဆောက်ရမ် ရုရှ ရူဘယ်ဘီလံ၊ပေါင်းများစွာ ထောက်ပံ့မည်ဟုကတိ ပေးသည်။ အကုသိနှင်အတု လုပ်လက်နက်မျိုးစုံလည်း အီဂျစ်သို့ ရောက်ရှိ လာသည်။

ဆူးအက်တူ မောင်းကို သိမ်းယူပြီးနောက် နာဆာသည် အနာဂတ်ရေကြောင်း ပမ်.ခရီးကိစ္စများကို ဆွေ နွေ-ရန်ကျင်းပသော

နိုင်ငံတကာရေကြောင်းလမ်း ညီလာခံသို့ ာက်ရောက်ရန်ငြင်းဆန်လိုက်သည်။ ဤသို့ဖြင့် အနောက်နိုင်ငံများ၏ စီးပွားရေးကိုထိခိုက် လာပြီး အရှေ့အလယ်ပိုင်းဒေသတွင် ရုရှနိုင်ငံက ခြေကုပ်ယူနိုင်လာခဲ့သည်။

နာဆာ၏ နောက်တွင် ဆီးရီးယား၊ ယီမင်နှင့် ဆော်ဒီအာရေဗျစစ်တပ်များ အသင့်ရှိ ပြီး အီရတ်နှင့် အခြားအာရပ်နိုင်ငံများကလည်း ကူညီရန် ကတိပေးထားသည်။

ဤကာလအတွင်း အီဂျစ်နိုင်ငံက ပါလက်စတိုင်းပြောက်ကျားများကို လက်နက် တပ်ဆင်ပေးပြီး စစ်သင်တ်ပေးသည်။ ပြောက်ကျားတပ်ဖွဲ့ဝင်များသည် အစ္စရေးနိုင်ငံ ထဲသို့ အကြိမ်ပေါင်းသုံးထောင်တိတိ ဝင်တိုက်ခဲ့ကြသည်။

နာဆာသည် ဂျူးလူမျိုးတို့အား အပြတ်သုတ်သင်မည်ဟု ကြွေးကြော်ပြီး ရုရှလုပ် လက်နက်များတပ်ဆင်ထားသော သူ့ စစ်တပ်ကြီးကို ဆိုင်နိုင်းကျွန်းဆွယ် စစ်မဲ့ဒေသများ တစ်ဆင့် ချီတက်စေခဲ့သည်။

အောက်တိုဘာလ ၂၉ ရက်နေ့တွင် အစ္စရေးနိုင်ငံက ပထမဆုံး စတင်တိုက်ခိုက် တော့သည်။

စစ်ရိပ်စစ်ငွေ့များ သမ်းလာပုံကို ကျွန်တော်ကောင်းစွာမှတ်မိနေသည်။ အခြေအမ် တစ်ခုလုံး ကြောက်စရာကောင်းလောက်အောင် တင်းမာနေရာမှ လျှပ်စီးလက်သလို ပေါက် ကွဲပေါ်ထွက်လာသည်။ နေ့လယ်ပိုင်းဖြစ်သော်လည်း ကောင်းကင်တစ်ပြင်လုံး အုံ့မှိုင်းမည်း မှောင်နေသည်း၊ ဘားရှာမ ကျွန်တော်တို့ထွက်လာခဲ့ရသော နောက်ဆုံးနေ့ကအတိုင်း ပင်ဖြစ်သည်။

နောက်တော့မှကျွန်တော်တို့သိရှိရသည်မှာ အစ္စရေးနိုင်ငံသည် ဗြိတိသျှနှင့် ပြင်သစ် တို့နှင့် လျှို့ဝှက်မဟာမိတ်ဖွဲ့ ထားကြသည်ဟုဆိုသည်။ အီဂျစ်က ဆူးအက်တူးမြောင်းသိမ်း ယူသည်ကို သူတို့က မကျေမနပ်နိုင်အောင် ခံပြင်းနေကြဆဲဖြစ်သည်။ သူတို့၏ တိုက်ပွဲစီမံ ကိန်းတွင် အဆင့်နှစ်ဆင့်ပါဝင်သည်။ ပထမအဆင့်တွင် အစ္စရေးတပ်များက ဆိုင်နိုင်း ကျွန်းဆွယ်ကိုဖြတ်ကျော်ချီတက်ပြီး ပထမဆုံးတိုက်ခိုက်မည်။ ဒုတိယအဆင့်တွင် ဗြိတိသျှ နှင့် ပြင်သစ်တပ်များက တူးမြောင်းကို ဝင်သိမ်းမည်။

အမေရိကန်နှင့် ရုရှတို့က အကျပ်ကိုင်သောကြောင့် ဗြိတိသျှနှင့် ပြင်သစ်တို့ စစ်ပွဲ ပွဲတစ်ဝက်တွင်နောက်ဆုတ်သွားကြသည်။ ထို့ကြောင့် အစ္စရေးတစ်နိုင်ငံတည်းသာ ဆက် တိုက်သည်။

ပထမနေ့တွင် အောင်ပွဲတစ်ပွဲပြီးတစ်ပွဲ ဆက်တိုက်ရနေကြောင်း ကိုင်ရိုရေဒီယိုက ကြေညာသည်။ အနောက်ဘက်ကမ်း ဒုက္ခသည်စခန်းများတွင် လူထုဆန္ဒပြ ထောက်ခံပွဲ ကြီးလုပ်ကာ မာဆာအား အာရပ်တို့၏ ကယ်တင်ရှင်ကြီးအဖြစ် ကြွေးကြော်ကြသည်။ ကြားရသောသတင်းများမှာအလွန်အားတက်စရာကောင်းသည်။ လူထုတစ်ရပ်လုံး ဝမ်းသာ ခုန်ပေါက်နေကြသည်။ ကျွန်တော်တို့သည် ရက်ပိုင်းအတွင်း မိမိတို့ရပ်ရွာများသို့ ပြန်ကြရ တော့မည်ဟု ယုံကြည်နေကြသည်။

ပထမညတွင် ရှည်လျားလှသည်။ ကျွန်တော်တို့သည် စစ်သတင်းများကိုနားထောင် ပြီး မအိပ်နိုင်အောင် ပျော်ရွှင်နေကြသည်။ ဒုတိယနေ့နံနက်တွင် လူတိုင်း ပင်ပန်းနွမ်းနယ် နေကြသည်။ သို့သော် အောင်ပွဲရသတင်းများကြောင့် ဝမ်းသာမဆုံးဖြစ်နေကြသည်။

ထိုမှနောက်ပိုင်းတွင်ကား အခြေအနေသိပ်မကောင်းတော့။ ကိုင်ရိုရေဒီယိုမှ လွှင့် ထုတ်သောသတင်းများ တစ်မျိုးဖြစ်လာတော့သည်။

ပြင်သစ်နှင့် ဗြိတိသျှလေတပ်များက ဆေးရုံနှင့်ကျောင်းများကို ဗုံးကြဲတိုက်ခိုက် ကြသည်။ ပထမနေ့တွင် အစ္စရေးနိုင်ငံထဲသို့ ချီတက်တိုက်ခိုက်ခဲ့သော အီဂျစ်တပ်များ ခံစစ်အသွင်သို့ပြောင်း၍ အလူးအလိမ့် တိုက်ခိုက်နေရသည်။ သိမ်းထားသောနယ်မြေများကို ကာကွယ်ရန် အသေအလဲ ခုခံတိုက်ခိုက်နေရသည်။

ကျွန်တော်တို့၏ အရှုံးအမှုးအော်ဟစ်မြူးထူးသံများ ရပ်စဲသွားသည်။

ဆီးရီးယားက ဘာလုပ်နေသလဲ။ ဂျော်ဒန်က ဘာလုပ်နေသလဲ။ သူတို့ ဘာကြောင့် စစ်ထဲဝင်မလာကြတာလဲ။

တတိယနေ့ ကုန်ဆုံးချိန်ရောက်တော့ အမှန်တရားကို ဖုံးကွယ်လို့မရတော့။ တစ် မိနစ်ပြီး တစ်မိနစ်၊ တစ်နာရီပြီး တစ်နာရီ သတင်းဆိုးတွေ တစ်မျိုးပြီးတစ်မျိုး

ကြားလာ ကြရတော့သည်။

အစ္စရေးတပ်များက အီဂျစ်တပ်များကို မောင်းထုတ်လိုက်ပြီ။ ဆိုင်နိုင်းကျွန်းဆွယ်) တစ်ခုလုံး ဂျူးစစ်သားတွေနှင့် ပြည့်ကုန်ပြီ။ တိုက်ပွဲစ၍ နာရီကိုးဆယ်မပြည့်ခင်မှာပင် မာဆာ၏တပ်သားတွေ မှုန့်မှုန့်ညက်ညက် ချေမှုန်းခံလိုက်ရပြီ။ တူးမြောင်းအရှေ့ဘက်ကမ်း သို့ သွေးရူးသွေးတန်း ဆုတ်ခွာထွက်ပြေးခဲ့ရပြီ။

စတုတ္ထနေ့ညတွင် အခြေအနေအားလုံး ရှင်လင်းသွားသည်။ ကျွန်တော်လည်း နီဘိုတောင်တူးဖော်ရေးစခန်းသို့ ပြန်လာခဲ့သည်။ ဒေါက်တာ မူဒီထံမှ ရေဒီယိုသတင်းပို့ချက်ကြောင့် အိပ်ရာမှနိုးလာခဲ့သည်။

"အစ္စမေ ... မင်းဂျယ်ရီကို ကို ခုချက်ချင်းပြန်လာပါ၊ ဒုက္ခသည်စခန်းတွေ အကြီး အကျယ်လန့်နေကြတယ်၊ မင်းဖေဖေကိုလည်း ရှာမတွေ့ဘူး၊ သူ့ကို တွေ့အောင်ရှာပြီး ငါ့ရုံးခန်းကို ခေါ်လာခဲ့ပါ၊ သိပ်အရေးကြီးတယ်"

မှောင်မည်းနေသောကြောင့် သဲကန္တာရတွင် လမ်းရှာရတာသိပ်မလွယ်ပါ။ တာလမ်း မကြီးဆီသို့ရောက်ဖို့ အတော်ကလေးရှာယူရသည်။ ထို့ကြောင့် ခရီးကမဝေးလှသော်လည်း ဂျယ်ရီကိုသို့နာရီများစွာလာခဲ့ရသည်။ အလင်ဘီတံတားတွင် ဂျော်ဒန်စစ်သားတွေ ဖြန့်ချ ထားသည်။ ကျွန်တော့်တွင် လိုအပ်သော စာရွက်စာတမ်းများ အသင့်ပါလာသောကြောင့် လွယ်လွယ်ကူကူပင် ဖြတ်ကူးလာနိုင်ခဲ့သည်။ အက္ကဘက်ဂျဘားရောက်တော့ သန်းခေါင် ကျော်နေပြီ။

ဂျူးတွေက အာရပ်ဒုက္ခသည်များကို သတ်ပစ်မည်ဟူသော ကောလာဟလသတင်း တွေ ပျံ့နှံ့နေသည်။ ဒုက္ခသည်တွေအားလုံး အကြီးအကျယ် ကြောက်လန့်နေကြသည်။ တချို့က ပစ္စည်းတွေထုပ်ပိုးနေကြသည်။ တချို့က ဟိုပြေးသည်ပြေးဖြင့် မျက်ကလူးဆန်ပျာ ဆောက်တည်ရာမရ ဖြစ်နေကြသည်။ သော် .. တကယ့်ကို တိုင်းပြည်ပျက်သည့်နှယ် ပါတကား။

"သွေးဆောင်တောင်" ပေါ်တွင် ဖေဖေတရားထိုင်တတ်သောနေရာ တစ်နေရာရှိ သည်။ ကျွန်တော်လည်း အကြိမ်ပေါင်းများစွာ သူနှင့်လိုက်၍ တရားထိုင်ခဲ့ဖူးသည်။ ကျွန်တော်စခန်းကိုဖြတ်ပြီး တောင်ကုန်းဆီသို့ပြေးလာခဲ့သည်။

ကျောက်ဆောင်နံရံများကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးရင်း ပြေးလာခဲ့သည်။

"ဖေဖေ"

ကျွန်တော် အော်ခေါ်လိုက်သည်။ ဖေဖေ့အသံကို မကြားရ။ ကျွန်တော့် အသံသာ ပဲ့တင်ပြန်ပေါ်လာသည်။

"ဖေဖေ... ဖေဖေ... ဖေဖေ"

လက်နှိပ်ဓာတ်မီးက ဖေဖေ့ကို သွားထိုးမိသည်။ သူသည် အာရုံခံစားမှု မရှိသူတစ် ယောက်ပမာ မလှုပ်မယှက်ထိုင်နေသည်။ သူ့မျက်လုံးတွေက အကြီးအကျယ် ညှိုးရော်နေ သည်။ သူ့ မုတ်ဆိတ်မွေးတွေအားလုံး ဖြူကုန်ပြီဆိုတာကို ကျွန်တော် ပထမဆုံးအကြိမ် သတိပြုမိသည်။ သူသည်ကျွန်တော့်ကို တွေတွေကြီးစိုက်ကြည့်နေသည်။ သို့သော် ကျွန်တော့် ကိုမြင်ပုံမရ။ ပါးပြင်ပေါ်သို့ မျက်ရည်တွေစီးကျလာသည်။

"ဖေဖေ" ကျွန်တော် ပင့်သက်တစ်ချက်ရှိုက်၍ ခေါ်လိုက်သည်။ "အားလုံးပြီးသွားပြီလား အစ္စမေ"

"ဟုတ်ကဲ့ ဖေဖေ"

"သော် ... အလ္လာ" ဖေဖေညည်းလိုက်သည်။

"ဒီအချိန်ဟာ အဆိုးရွားဆုံးအချိန်ပဲ၊ ငါလည်း နားယောင်သွားခဲ့မိတယ်၊ ငါလည်း တခြားဘာမှမသိတဲ့ လယ်သမားတစ်ယောက်လို နားထောင်ခဲ့ပါတယ်၊ တကယ်တော့ ငါ အရှုပ်၊ ... နာဆာ၊ နာဆာ ... ထွီ"

ဖေဖေသည် ယင်းသို့ အော်ပြောပြီးနောက် မြေကြီးပေါ်သို့ တံတွေးထွေးလိုက်သည်။

"ဒီအချိန်မှာ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေလို့ အကျိုးမရှိတော့ပါဘူး ဖေဖေ၊ လူတွေက သိပ်ကြောက်နေကြတယ်။ သူတို့ကို ဂျူးတွေသတ်တော့မယ်ဆိုပြီး အုပ်လိုက် အော်ပြေးနေကြတယ်၊ တချို့လဲ ထွက်ပြေးဖို့လုပ်နေကြပြီး ဒေါက်တာမူဒီဆီက သတင်း လာတယ် ဖေဖေ၊ ဖေဖေနဲ့ကျွန်တော်တို့ သူ့ဆီကို

အခုချက်ချင်းလာခဲ့ပါတဲ့"

"ဒုက္ခသည်တွေ ထွက်ပြေးကြတော့မလို့လား၊ ဘာဖြစ်လို့ပြောရမှာလဲ၊ သူတို့ကို ကာကွယ်ဖို့ ပြောက်ကျားတပ်သားသုံးထောင် ရှိနေတာပဲ"

"အဲဒီပြောက်ကျားတွေလဲ ပြေးကုန်ကြပြီဖေဖေ"

ဒေါက်တာမူဒီ၏ရုံးခန်းသို့ ရောက်လာချိန်တွင် ဖေဖေ စိတ်ကိုသူ ထိန်းနိုင်သွားပြီး အချိန်က နံနက်လေးနာရီကျော်ပြီ။ အရုဏ်တက်လျှင် ထွက်ပြေးကြရန် ဂျယ်ရီကိုမြို့ထဲတွင် ဒုက္ခသည်တွေ အုပ်စုဖွဲ့ နေကြသည်။

ကျွန်တော်တို့သည် အလုပ်ခန်းထဲသို့ တန်းဝင်လာခဲ့ကြသည်။ ဒေါက်တာမူဒီသည် ပြတင်းပေါက်ဝတွင်ရပ်ကာ လမ်းမပေါ်သို့လှမ်းကြည့်နေသည်။ အခန်းတစ်ဖက်တွင် အခြား လူတစ်ယောက် စာအုပ်ဗီရိုကိုမှီ၍ ရပ်နေသည်။

"ဟင် ... ဗိုလ်မှူးကြီးဇီယတ်" ။ "ဟုတ်ပါတယ်၊ ကျုပ်ပါ ဟာဂျီအီဘရာဟင်"

အင်း ... ဖေဖေကတော့ သူ့ကို ဘယ်လောက်များ သတ်ချင်လိမ့်မလဲ။ ဖေဖေက သူ့လက်သီးကို ဆုပ်လိုက်ဖွင့်လိုက်လုပ်နေသည်။ ကျွန်တော်က စိုးရိမ်စိတ်ဖြင့် သူတို့နှစ် ယောက်ကြားတွင် ဝင်ရပ်လိုက်သည်။

"ခင်ဗျား သားကလေးတော်တယ်၊ မဆိုးဘူး" ဗိုလ်မှူးကြီး ဇီယတ် ပြောသည်။

"ကိုင်း အီဂျစ်တပ်မတော်တော့အတွယ်ခံလိုက်ရပြီ၊ နာဆာရဲ့ မိုက်မဲမှုထဲမှာ ဘုရင် ဟူစိန်မပါဝင်တာ သိပ်ပညာရှိတယ်၊ ကျုပ်တို့က ဂျူးတွေနဲ့ အပေးအယူလုပ်ထားတယ်။ ကျုပ်တို့ကလည်း သူတို့ကိုမတိုက်ဘူး၊ သူတို့ကလည်း အရှေ့ဂျေရုဆလင်နဲ့ အနောက်ဘက် ကမ်းကိုမတိုက်ဘူး"

"ဟိုလမ်းပေါ်မှာ အခုလို သွေးရူးသွေးတန်းဖြစ်နေဖို့ အကြောင်းမရှိပါဘူး"ဟု ဒေါက်တာမူဒီက ဝင်ပြောသည်။

ဖေဖေက ... "သူတို့ ဒီလိုဖြစ်နေကြရင် ဘယ်လိုမှတားလို့ရမှာ

မဟုတ်တော့ဘူး” ဒေါက်တာဒီသည် ပြတင်းပေါက်မှ ကျွန်တော်တို့အနီးသို့ ပြန်လျှောက်လာသည်။

“ဗိုလ်မှူးကြီး ဇီယတ်က တံတားမှာ တပ်ရင်းနှစ်ရင်းချထားတယ်၊ တံတားကိုဖြတ်ဖို့ ကြိုးစားတဲ့လူကို ပစ်သတ်ဖို့လည်း အမိန့်ပေးထားတယ်” 'ဘုရားရေ... ဘာဖြစ်လို့ ပစ်သတ်ရမှာတဲ့လဲ၊ သူတို့ကိုပစ်သတ်ရင် ဒီလူတွေ ဦးတည်ရာထွက်ပြေးကြလိမ့်မယ်၊ သူတို့မယားတွေ၊ ကလေးတွေနဲ့ ထွက်ပြေးတဲ့လူပေါင်း ' နှစ်ထောင်သုံးထောင်လောက်ကို ပစ်သတ်လို့ ဘာအကျိုးရှိမှာတဲ့လဲ”

“ဂျော်ဒန်မှာ ပါလက်စတိုင်းတွေပိုများတယ်၊ ဒါကြောင့် ကျုပ်တို့နိုင်ငံအတွက် ပိုပြီးအန္တရာယ်ကြီးတယ်၊ ကျုပ်တို့မှာက ကိုယ့်လူနဲ့ကိုယ် ပြည့်ကျပ်နေပြီ ဟာဂျီအီဘ ရာဟင်၊ အဲဒီတော့...”

“အဲဒါထားစမ်းပါ ဗိုလ်မှူးကြီး ဒေါက်တာမူဒီက ဝင်တားသည်။ “ဗိုလ်မှူးကြီးတို့ ဘာလုပ်မယ်ဆိုတာ ကျုပ်သိပါတယ်၊ တကယ်တော့ ကျုပ်တို့နိုင်ငံ သမိုင်းတစ်လျှောက်မှာ လူတွေကို အစုအလိုက်အပြုံလိုက်သတ်ပစ်တာ အဆန်းမဟုတ်ပါဘူး”

သူက ဖေဖေ့ဝတ်ရုံကို ဆုပ်ကိုင်လိုက်ပြီး ... ။

“ဒီလူတွေ တံတားဖြတ်ပြီး မပြေးအောင် ငြိမ်းချမ်းစွာတားဆီးဖို့ ဘုရင်က အမိန့် ၊ ထုတ်လိုက်တာ ကံကောင်းတယ်၊ အဲဒီတော့ ဒီလူတွေ နောက်ပြန်ဆုတ်အောင်လုပ်နိုင် တဲ့လူက ခင်ဗျားတစ်ယောက်ပဲရှိတော့တယ် ဟာဂျီအီဘရာဟင်”

အလင်ဘီတံတားကသာမန်တံတားအို တံတားပျက်ကလေးတစ်ခုမျှသာ ဖြစ်သော် လည်း ယင်းတံတားပေါ်မှဖြစ်ရပ်ကတော့ အလွန်ကြီးမားသည်။

“ဗိုလ်မှူးကြီးရဲ့ တပ်တွေကို ခပ်ဝေးဝေးကိုပြန်ဆုတ်ပေးပါ” ဖေဖေက ဗိုလ်မှူးကြီး ဇီယတ်ထံ တောင်းဆိုလိုက်သည်။ “ပြီးတော့ ကျွန်တော့်ကို အသံချဲ့စက်တစ်ခု ရှာပေးပါ”

"သူတို့က ခင်ဗျားနဲ့တံတားကို ဖြတ်ကျော်ရင်တော့ ကျုပ်တို့ ပစ်ကိုပစ်သတ်မှာပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော်သိပါတယ်၊ ဗိုလ်မှူးကြီးက ဒီလူတွေကို ကျွန်တော်ကား လို့ မရနိုင်ဘူးလို့ ထင်နေတယ်မဟုတ်လား"

အရုဏ်အချိန် ...။ ကျွန်တော်သည် တံတားရှေ့တွင် ဖေဖေ့ဘေးမှာကပ်၍ နေရာယူလိုက်သည်။

ခပ်လှမ်းလှမ်းတွင် သေနတ်အသင့်ပြင်ထားသော စစ်သားတွေနှင့် ပြည့်နေသည်။ ဂျယ်ရီကိုမြို့မှထွက်၍ ကျွန်တော်တို့ထံသို့ လာနေသော လူအုပ်ကြီးမှာ သဲကန္တာရထဲမှ ထွက်လာသော ကျိုင်းကောင်တွေနှင့်တူနေသည်။

ထိုအချိန်တွင် ဖေဖေသည် သူ့စိတ်ကိုတင်ထားပြီး သွေးရူးသွေးတန်းဖြစ်နေသော လူထုကြီးနှင့် ရင်ဆိုင်လိုက်သည်။

သူ၏ ခန့်ညားသောဥပဓိရုပ်ကြောင့် လူထုကြီးသည် ကိုယ်ရှိန်သတ်ကာ တုံ့ခနဲ ရပ်သွားကြသည်။

"ရှေ့ကို ဆက်မသွားကြပါနဲ့၊ ရှေ့ကို ဆက်မသွားကြပါနဲ့" ဖေဖေက အော်လံကြီးမှနေ၍ အော်ပြောလိုက်သည်။ "မတားပါနဲ့ ဟာဂျီအီဘရာဟင်၊ မတားပါနဲ့၊ ကျွန်တော်တို့ ဆက်သွားပါရစေ"

"ပင်လယ်သေမှာ ဂျူးတွေဝင်တိုက်နေပြီ"

"နောက်မကြာခင် ဂျယ်ရီကို ကို ရောက်လာကြလိမ့်မယ်"

"သူတို့ ဗုံးကြဲလေယာဉ်ပျံတွေလည်း လာနေပြီတဲ့"

"အရှေ့ဂျေရုဆလင်မှာ လူတွေ ထောင်နဲ့ချီပြီးသတ်ပစ်လိုက်ကြပြီတဲ့"

"ရာချစ် ... ရှေ့ကိုတိုးလာခဲ့စမ်းပါ" ခေါင်းဆောင်လုပ်သူအား ဖေဖေက ခေါ်လိုက်သည်။ ရိုတ်ရာချစ်သည် နောက်သို့ လှည့်ကြည့်ပြီး လူထုကြီးအားငြိမ်ငြိမ်နေကြရန် လက် မြှောက်ပြလိုက်သည်။ ထို့ နောက်

ကျွန်တော်တို့ဆီသို့ လျှောက်လာသည်။

'တားလို့မရတော့ဘူး အီဘရာဟင်၊ တားလို့မရတော့ဘူး”

“ကျွန်တော်တို့ အရင်တုန်းကလဲ တစ်ခါထွက်ပြေးခဲ့ကြရပြီ၊ အခုတစ်ခါထွက်ပြေးကြရင် ပိုပြီး ဒုက္ခရောက်ကြလိမ့်မယ်”

“မပြေးရင် ကျွန်တော်တို့ အသတ်ခံရမှာပေါ့" လူအုပ်ထဲမှ တစ်ယောက်က အော်ပြောသည်။ “ဟာဂျီအီဘရာဟင် ဘေးကိုဖယ်ပေးပါ၊ ဖယ်ပေးပါ” ရှိတ်ရာချစ်က ပြောလိုက်သည်။ လူအုပ်ကြီးက ရှေ့သို့ တိုးလာသည်။

“ကျုပ် သွေးဆောင်တော်ပေါ်ကို ရောက်ခဲ့တယ်၊ ကျုပ် တမန်တော်နဲ့ စကားပြော ခဲ့ရတယ်”

လူအုပ်ကြီး ငြိမ်သက်သွားသည်။ ဖေဖေက ဆက်ပြောသည်။

“မနေ့ညက ကျွန်တော့်ဆီ တမန်တော်ရောက်လာတယ်၊ သူကပြောတယ်၊ အလ္လာ အရှင်မြတ်က ဒီတံတားနဲ့ ဒီမြစ်ကိုကျိန်စာပေးထားတယ်တဲ့၊ ဒီတံတားနဲ့ ဒီမြစ်ကို ပထမ ဆုံး ဖြတ်ကျော်ဖို့ ကြိုးစားတဲ့လူဟာ အသက်နဲ့မရောက်နိုင်ဘူးတဲ့၊ အလ္လာအရှင်မြတ်က သူ့ကို မျက်လုံးကန်းသွားအောင် ပြစ်ဒဏ်ခတ်လိမ့်မယ်၊ အလ္လာအရှင်မြတ်က အဲဒီလူရဲ့ ဝမ်းဗိုက်ကိုဖွင့်ပြီး အသည်းအူတွေကို လင်းတစာကျွေးလိမ့်မယ်”

'အီဘရာဟင် ညာပြောတာ” ရှိတ်ရာချစ်က အော်လိုက်သည်။ ဖေဖေက ဘေးသို့ ဖယ်ပြီး ရပ်လိုက်သည်။

“ဒီလိုဆိုလျှင် ရှိတ်ရာချစ် အလျင်ဖြတ်သွားကြည့်စမ်းပါ၊ တံတားဟိုဘက်ကို အသက် နှင့်ရောက်သွားလျှင် အလ္လာအရှင် သေဒဏ်ခတ်လို့ ခုချက်ချင်းလဲသေပါစေ”

ရှိတ်ရာချစ် ရှေ့ကိုမတိုးဘဲ နောက်သို့ဆုတ်လိုက်သည်။ “အဲဒါဆိုရင် ကျွန်တော်တို့ကို ဂျူးအန္တရာယ်က ဘယ်သူကယ်တင်မှာလဲ”

“ခင်ဗျားတို့ကို တမန်တော် ကယ်တင်လိမ့်မယ်ဆိုတာ ကျုပ် ဟာဂျီအီဘရာဟင်က ကတိပေးပါတယ်၊ ခင်ဗျားတို့အားလုံး ဘာအန္တရာယ်မှ

မဖြစ်စေရပါဘူး၊ ကဲ… ဒီတော့ ခင်ဗျားတို့အားလုံး ကိုယ့်အိမ်ကိုယ်ပြန်ကြပါတော့”

“ဟာဂျီအီဘရာဟင်၊ တို့ခေါင်းဆောင်၊ တို့ခေါင်းဆောင်”

”တို့ကို အလ္လာအရှင် ကယ်တင်လိမ့်မယ်။ ကယ်တင်လိမ့်မယ်" ပထမတွင် သုံးလေးယောက် အုပ်စုကလေးများဖွဲ့၍ ဂျယ်ရီကိုဘက်သို့ ပြန်လှည့် သွားကြသည်။ နောက်တော့ တဖြည်းဖြည်းနှင့်အကုန်လုံး နောက်သို့ပြန်လှည့်သွားကြ သည်။ နောက်ဆုံးတွင် ရိုတ်ရာချစ်လည်း နောက်ပြန်လှည့်၍ထွက်ခွာသွားသည်။

၊ ဖေဖေနှင့် ကျွန်တော်တို့သာ ရပ်ကျန်ရစ်ခဲ့ကြတော့သည်။ ဖေဖေက ကျွန်တော့်ပခုံး ပေါ် လက်တင်လိုက်ပြီး…

”မင်းဟာ သတ္တိရှိတဲ့လူငယ်တစ်ယောက်ပဲ အစ္စမေ၊ ကိုင်း … ငါ့ကို အိမ်ပြန်ပို့ ဘော့၊ ငါပင်ပန်းလှပြီ”

“ဖေဖေ့ကို ကျွန်တော်ချစ်ပါတယ် ဖေဖေ၊ ကျွန်တော်ချစ်ပါတယ်”

အခန်း (၁၂)

စစ်ပွဲပြီးဆုံးပြီးနောက် တစ်ပတ်အကြာတွင် နီဘိုတောင်စခန်းသို့ ကျွန်တော် ပြန်လာခဲ့သည်။ အာရပ်တို့ဘက်မှ အရေးနိမ့်၍ ဒုက္ခသည်အားလုံး ညှိုးချုံးပူဆွေးနေကြသောလည် . .ပနေကြသော်လည်း ဖေဖေနှင့် ကျွန်တော်တို့ကတော့ ခံစားချက်တစ်မျိုးစီဖြင့် လန်းဆန်းနေကြသည်။ ဖေဖေ သည် ရှည်လျားမှောင်မည်းသော ဥမင်လိုဏ်ခေါင်းတစ်ခုကို ဖြတ်ကျော်လာခဲ့ရသူနှင့် တူ နေသည်။ သူဖြစ်ရပ်မှန်ကို မြင်လာပြီ။ ဗိုလ်မှူးကြီးနာဆာ စကားကိုလည်း မယုံကြည် တော့။

ကျွန်တော်တို့အတွက် အင်္ဂဘက်ဂျကားမှာထက် အဆင်ပြေပြေနေရဖို့ အလားအလာ ရှိကြောင်း သူက စောင်းပါးရိပ်ခြည် တစ်ခါနှစ်ခါပြောပြသည်။ သူသည် တဘာသို့ပြန်ဖို့ ကိစ္စကိုလည်းကောင်း၊ ဂျူးတို့နှင့် ပြေလည်အောင် ညှိနှိုင်းဆွေးနွေးဖို့ကိစ္စကိုလည်းကောင်း လုံးဝမပြောတော့။ သို့သော် သူသည် ဒေါက်တာ မူဒီထံသို့တော့ အကြိမ်ပေါင်းများစွာ သွားလည်သည်။ ကျွန်တော်တို့၏

ဒုက္ခသည်ဘဝ အဆုံးသတ်ရေးအတွက် သင့်လျော်သော နည်းလမ်းများ ရှာဖွေနေခြင်းဖြစ်မည်ဟု ကျွန်တော်စဉ်းစားမိသည်။

သဲကန္တာရပြင်ကျယ်တွင် နေရသောကြောင့် ကျွန်တော်သည် ကြယ်တာရာများနှင့် တိတ်ဆိတ်မှုကို အလွန်သဘောကျသည်။ သို့သော်လည်း ကျွန်တော်၏ အသွေးအသားထဲတွင် ကိန်းအောင်းနေသော ဆန္ဒကြီးတစ်ခုတော့ အလွန်ပြင်းပြသည်။ ကျွန်တော်သည် အချိန်ယူ စဉ်းစားပြီးတော့မှ ကျွန်တော့်ဆန္ဒကို ဖေဖေ့ကိုဖွင့်ပြောသည်။

ကျွန်တော် တက္ကသိုလ်ပညာကို ဆက်လက်သင်ယူလိုကြောင်း၊ သုံးလေးနှစ်ကြာ လျှင် ကျွန်တော်တို့အားလုံး ပြန်ဆုံပြီး ပိုမိုကောင်းမွန်သော တစ်နေရာတွင် အခြေချနိုင် ကြောင်း၊ ထိုနေရာသည် ပါလက်စတိုင်း၊ သို့မဟုတ် အာရပ်နိုင်ငံများနှင့် အဝေးကြီးလည်း ဖြစ်ချင်ဖြစ်နိုင်ကြောင်း ဖေဖေ့ကိုပြောပြသည်။

ဘုရားရေ.. ငါရူးများနေပြီလားမသိ။ နာဒါ့အကြောင်း လုံးဝထည့်မစဉ်းစားဘဲ ထင်ရာတွေစိတ်ကူးနေသည်။ နာဒါ အပျိုမဟုတ်တော့ကြောင်းကို ဖေဖေသိလို့လုံးဝမဖြစ် ဒီအကြောင်းသူသိသွားလျှင် ကျွန်တော်၏ အနာဂတ်စီမံကိန်းတစ်ခုလုံး ပျက်ကုန်လိမ့် မည်။ ထို့ကြောင့် သူတို့နှစ်ယောက် ပြေလည်မှုရအောင်လုပ်ပေးရမည်။ သူတို့နှစ်ယောက် ည် တစ်ယောက်ကိုတစ်ယောက် တော်တော်သံယောဇဉ်ကြီးခဲ့ကြသည်။ သို့သော်လည်း "ဒါအိမ်သို့ အလည်ပြန်လာတိုင်း အဆင်ချောသည်ဟူ၍မရှိဘဲ ခိုးလိုးခုလုဖြစ်ရပ်များနှင့် အမြဲတမ်းကြုံနေရသည်။

နာငါ့ရင်ထဲတွင် ပေါက်ကွဲလုမတတ် ခံစားချက်တစ်ရပ် ကိန်းအောင်းနေသည်။ တကယ်တော့ သူသည် သူ့ဘဝကို အပြီးအပိုင် စီရင်ချက်ချထားပြီးဖြစ်သည်။ သို့သော် သူသည် ဖေဖေ့ကိုတော့ မျက်နှာချင်းဆိုင် ကဏာကောစဘယ်တော့မှမလုပ်။ သူဖေဖေ့ကို ဘော်တော်မုန်းနေသည်ဟု တစ်ခါတစ်ရံ ကျွန်တော်ခံစားမိသည်။ မှန်သည်။ ဖေဖေကလည်း လွတ်လပ်စွာ ကျင့်ကြံနေထိုင်သော မိန်းမတစ်ယောက်ကို တစ်စက်ကလေးမျှ ကြည့်၍ မရ။ သို့သော် သူတို့နှစ်ယောက်မှာ အချင်းချင်း အပြန်အလှန် လေးစားရမည့်အကြောင်းတော့ ရှိပုံရသည်။

ဒါနှင့်များ ဖေဖေက နာဒါ့အပေါ် အမြဲတမ်း ဘာကြောင့်အပြစ်မြင်နေရတာလဲ။

ဟုတ်ပြီ။ သူတို့နှစ်ယောက် ဆက်ဆံရေးပြေလည်မှုရအောင်လုပ်ရန်မှာ ကျွန်တော့် တာဝန်ပင် ဖြစ်သည်။ ထို့နောက်တွင် ကျွန်တော်တို့ ပြောင်းရွှေ့ ရေးကိစ္စကို ခေါင်းအေးအေး ဖြင့် စဉ်းစားနိုင်ပြီး၊ ကောင်းကင်ကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ ရာသီဥတုက သိပ်မကောင်း။ မာဒါသည် မနက်ဖြန်တွင်မိသားစုထံ သုံးရက်ကြာလာလည်လိမ့်မည်။ သို့သော် ကျွန်တော့် မှာ လောလောဆယ်လုပ်စရာတွေ ရှိနေသေးသည်။ မိုးမရွာခင် အခန်းတစ်ခန်းမိုးစရာ ကျန်နေသေးသည်။

ဒေါက်တာ မူဒီထံသို့ ရေဒီယိုအသံလွှင့်စက်ဖြင့် ဆက်လိုက်သည်။ ‘ဆိုပါ အစ္စမေ၊ ဘာကိစ္စပါလိမ့်”

“ကျွန်တော် မနက်ဖြန်ပြန်မလာနိုင်သေးပါဘူး ဆရာကြီး၊ အမိုးမိုးစရာ ကျန်နေ သေးတယ်၊ အမိုးမမိုဘဲ သုံးရက်တိတိ ဒီအတိုင်းထားပစ်ခဲ့လို့ မဖြစ်ပါဘူး”

“မင်းတော်တယ် အစ္စမေ၊ မင်းတော်တယ်”

“အဲဒီတော့ ဖေဖေနဲ့ နာဒါတို့ဆီကို ခဏသတင်းပို့ပေးပါ ဆရာကြီး၊ ကျွန်တော် တစ်ရက်တော့ နောက်ကျလိမ့်မယ်လို့”

“ဟုတ်ပြီစိတ်ချ၊ ငါ သတင်းပို့လိုက်ပါ့မယ်၊ ဒါနဲ့ မင်းစခန်းမှာ လုပ်ရကိုင်ရတာ အဆင်ပြေရဲ့လား”

“အားလုံးအဆင်ပြေပါတယ် ဆရာကြီး၊ ကျွန်တော်ဒီမှာ ပျော်လဲ သိပ်ပြီးပျော်ပါတယ်”

နောက်နေ့တွင် နာဒါ လာလည်မည့်အတွက် ဟာဂျီအီဘရာဟင်က ဝမ်းသာနေ သည်။ နာဒါကို သူ တော်တော်သတိရနေသည်။

ဒေါက်တာမူဒီ ရောက်လာပြီး အစ္စမေ နောက်ကျမည့်အကြောင်း သတင်းပို့သော အခါ ဟာဂျီအီဘရာဟင်ခေါင်းထဲ စိတ်ကူးတစ်ခုဝင်လာသည်။ အစ္စမေမရှိတုန်း နာဒါနှင့် မျက်နှာချင်းဆိုင် စကားပြောမည်။ သူ နာဒါနှင့်

အေးအေးဆေးဆေး တစ်ကြိမ်မှ စကား မပြောခဲ့ရသေး။ နာဒါက အမ္ဘန်မြို့သို့ ရောက်သွားပြီးမှ တော်တော်ပြောင်းလဲသွား သည်။

ဟာဂျီအီဘရာဟင် ပြန်တွေးကြည့်သည်။ သူ့တွင် သေသူရှင်သူ စုစုပေါင်းသားသမီး ဆယ့်တစ်ယောက် ထွန်းကားခဲ့သည့်အနက် အစ္စမေပြီးလျှင် မာဒါကို သူအချစ်ဆုံးဖြစ်သည်။ သည်အခေါက် နာဒါရောက်လာလျှင် ခါတိုင်းလိုစကားကြမ်းမပြောဘဲ ချိုချိုသာသာပြော မည်ဟု ဆုံးဖြတ်လိုက်သည်။ ငါ့သမီးလေးကို ငါဒီလောက်တောင်ချစ်လျက်သားနဲ့ ဘာ ဖြစ်လို့များ သူ့ကိုအမြဲတမ်း ကြိမ်းမောင်းရိုက်နှက်နေခဲ့တာပါလိမ့်ဟုလည်း တွေးမိသည်။

နာဒါ အိမ်သို့ ရောက်လာချိန်တွင် ဟာဂါ၊ ဖာကမာနှင့် ရာမီဇာတို့ မီးဖိုခန်းထဲ တွင် ရှိနေကြသည်။ သူတို့က နာဒါကိုကြည့်ပြီး တအံ့တသြ ဖြစ်နေကြသည်။ နာဒါသည် ထူးထူးခြားခြား လှလာသည်။ အလျင်တစ်ခေါက်ကထက် ပို၍လှလာသလိုထင်ရသည်။ နာဒါ၏ ပြောဆိုပုံ၊ လှုပ်ရှာပုံများလည်း အများကြီး ပြောင်းလဲသွားပြီ။ သူ့ဟန်ပန်မူရာ တွေက တခြားအများစုသော မိန်းမများ၏ ဟန်ပန်မူရာနှင့် လုံးဝမတူတော့။

နာဒါသည် အိမ်သို့ပြန်လာတိုင်း ဖာတမာ၏ ကလေးတွေအတွက် လက်ဆောင် ပစ္စည်းများနှင့် ကစားစရာအရုပ်ကလေးတွေ အမြဲတမ်းယူလာသည်။ ထိုပစ္စည်းများမှာ အိုသမန်တို့လင်မယား၏ကလေးများ မကစားတော့ဘဲ ပစ်ထားသော ပစ္စည်းဟောင်းများ ဖြစ်သည်။ ကစားစရာမရှိသောနေရာတွင် ယင်းပစ္စည်းများမှာ တန်ဖိုးရှိလှသည်။

“ကဲ .. လာ နာဒါ၊ သမီးကို ဖေဖေစောင့်နေတယ်” ။ မိခင်ကြီး ဟာဂါက သမီးဖြစ်သူအား လက်ဆွဲ ခေါ်လာခဲ့သည်။

“ဒီတစ်ခါတော့ သူ့ကိုဘာမှပြန်မပြောပါနဲ့ သမီးရယ်၊ သူက သမီးကို တော်တော် အောက်မေ့နေပုံရတယ်”

နာဒါ ဧည့်ခန်းထဲသို့ဝင်လာခဲ့သည်။ တခြားမိန်းမများက သူ့နောက်မှ ဝင်လိုက်လာ ပြီး ခွေးခြေများပေါ်တွင် ထိုင်ကြသည်။

ဟာဂျီအီဘရာဟင်သည် သူ၏ ကုလားထိုင်အသစ်ကြီးပေါ်တွင်

ထိုင်နေသည်။ နာဒါက ရှေ့သို့တိုးလာပြီး ဖခင်ကြီးအားဦးညွှတ်ကာ အရိုအသေပြုသည်။ ထို့နောက် သူက ပြုံးသည်။ သို့သော် ချိုလွင်သောအပြုံးတော့မဟုတ်။ မသိမသာ မဲ့ပြုံးကလေး။

ဖခင်ကြီးက သမီးငယ်အား တော်တော်ကြာကြာ အကဲခတ်ကြည့်နေသည်။ ပြီး တော့ နာဒါအား ခွေးခြေတစ်ခုယူလာပြီး သူ့ အနားတွင်ကပ်ထိုင်ရန် ပြောလိုက်သည်။

"လမ်းခရီးမှာ လာရတာ အဆင်ပြေရဲ့လား သမီး"

"အမ္ဗန်ကကားဂိတ်နဲ့ ဂျယ်ရီကိုက ကားဂိတ်ကြားမှာကတော့ အရင်အတိုင်းပါပဲ ဘာမှမထူးပါဘူး"

"ငါက အစ္စမေကို အကြိုလွှတ်လိုက်မလို့ စိတ်ကူးထားတာ၊ ဒါပေမယ့် သူက နီဘိုတောင်မှာ အလုပ်များနေတယ်၊ သမီး အခုလိုတစ်ယောက်တည်း သွားလာနေတာ မသင့်တော်ဘူးဆိုတာ ဖေဖေသိပါတယ်၊ ဒါပေမယ့် လမ်းက တိုက်ရိုက်လမ်းဆိုတော့ သိပ်ဆိုးမယ်မထင်ပါဘူး။ ဘာပဲဖြစ်ဖြစ်နောက်ဆိုရင်တော့ ဒီလိုတစ်ယောက်တည်း မသွား ရတော့ဘူး"

"ဘာမှ ပူစရာမလိုပါဘူး ဖေဖေ "ဒါနဲ့ ဟာဒီအိုသမန်တို့မိသားစု နေကောင်းကြရဲ့လား" နာဒါက ခေါင်းညိတ်ပြလိုက်သည်။ "ပြီးတော့ သမီးအခြေအနေရော အဆင်ပြေရဲ့လား"

ခေါင်းညိတ်လိုက်ပြန်သည်။

ဤအပြုအမူကို ဟာဂျီအီဘရာဟင်က သဘောမကျ။ ထို့ပြင် နာဒါက သူ့မျက်နှာကို ဝံ့ဝံ့စားစား စိုက်ကြည့်နေပုံကိုလည်း ခံပြင်းမိသည်။ နာဒါ တော်တော်အတင့်ရဲလာ သည်။ ဂုဏ်သရေရှိ မိန်းကလေးတစ်ယောက်၏ ပုံစံမျိုး မဟုတ်။ သည်အပြုအမူမျိုးကို ပြင်ပစ်ရမည်။ သူ့ကို သေသေချာချာ မေးမြန်းရမည်။ သို့သော် ဒေါသမပါစေရ။ စိတ် ရှည်ရှည်ထားရမည်။

"နင် မြို့ကြီးမှာ နေတာလည်းကြာပြီ၊ ပြောစရာအကြောင်းတွေလည်း အများ ကြီးရှိမှာပေါ့"

“လူမမည်ကလေးသုံးယောက်ကို ထိန်းရတာ ဘာမှထူးထူးဆန်းဆန်း ပြောစရာ မရှိပါဘူး၊ ဒါကို ဖာတမာ ကောင်းကောင်းသိပါလိမ့်မယ်”

ဖာတမာက သဘောကျ၍ ခစ်ခနဲရယ်လိုက်သည်။

“ခမ်းနားကြီးကျယ်တဲ့ စံအိမ်ကြီးမှာ ကြီးကျယ်တဲ့အရာရှိကြီးတွေ ဝင်လိုက်ထွက် လိုက်နေကြတာ အများကြီး စိတ်ဝင်စားစရာကောင်းမှာပါ”

“အဲဒါက ကျွန်မနဲ့မဆိုင်ပါဘူး ဖေဖေ၊ ကျွန်မက ကလေးတွေမအိပ်ခင် မိဘတွေဆီ , သွားပြတဲ့အခါမှာသာ အိမ်ကြီးထဲဝင်ရတာပါ”

မဒမ်အိုသမန်ကရော နင့်အပေါ်မှာကောင်းရဲ့လား”

”အခြေအနေအရ ကောင်းတဲ့အခါလည်း ကောင်းပါတယ်”

”ဘယ်လို အခြေအနေအရလဲ”

“ကျွန်မက အစေခံတစ်ယောက်ပါ၊ သူတို့မှာ ကျွန်မလို တခြားအစေခံတွေ အများ ကြီးရှိပါသေးတယ် ။

“ဒါပေမယ့် နင်က အထူးအစေခံပဲ”

”ကျွန်မက အဲဒီလိုမထင်ပါဘူး “

“ဟုတ်ပါတယ်၊ နင်က အထူးအစေခံပါ၊ နင်ကသာမန်မိန်းကလေးမှ မဟုတ်တာ၊ ဟာဂျီအီဘရာဟင် အယ်လ်ဆူကိုရီအယ်လ်ဝါဟာဘီရဲ့ သမီးပဲ”

နာဒါက သူ့မျက်နှာကို စိုက်ကြည့်နေသောကြောင့် ဟာဂျီအီဘရာဟင် လက်ယား နေသည်။

“ဒီနေ့တော့ နင်နဲ့ငါနဲ့ သေသေချာချာ စကားပြောရလိမ့်မယ်၊ ဟုတ်ရဲ့လား”

”ဖေဖေ့သဘောပါ ဖေဖေ”

နာဒါ၏ အေးစက်တင်းမာသော အမူအရာကြောင့် ဟာဂျီအီဘရာဟင် ထောင်းခနဲ ဒေါသထွက်သွားသည်။ သူ သံသယဝင်နေတာ မှန်နေပြီ၊ နာဒါသည်

မြို့ကြီးပြကြီးက စံအိမ်ကြီးထဲမှာ အကျင့်သိက္ခာမရှိသော မိန်းကလေးတွေနှင့် ပေါင်းသင်းနေရသည်။ သူ့ကို ပို့မိတာ လုံးဝမှားသွားပြီ။ အခု သူ ဖခင်ကိုပင် အာခံချင်လာပြီ။ တကယ်တော့ သူ့ကို ကြမ်းကြမ်းတမ်းတမ်း မဆုံးမချင်။ သို့သော် ဒီပုံစံကို ပြင်အောင်တော့လုပ်ရမည်။ ဖခင်ကြီးအပေါ် ယခုလိုဆက်ဆံတာမျိုးကိုတော့ ဘယ်လိုနည်းနှင့်မှ ခွင့်မလွှတ်နိုင်။

'နာဒါ... နင့်ကို ငါ တော်တော်အံ့သြမိတယ်၊ အရင်တစ်ခေါက်ကနဲ့ လုံးဝ မတူ ဘဲ တွေ့ဘူး၊ အိမ်ထောင်ပြုရမယ့်အရွယ်တောင် လွန်လာပြီ၊ ဒီလိုဖြစ်ရတာလည်း ဒီမှာ နေရတဲ့ တို့ရဲ့ ဆိုးရွားတဲ့အခြေအနေကြောင့် ငါက ဒီကိစ္စကို သိပ်ပြီးမြန်မြန်မလုပ်ချင်လို့ ဖြစ်ရတာ၊ ဒါပေမယ့် ခုတော့ တို့အခြေအနေ အရင်ထက်ပိုကောင်းလာပါပြီ၊ အိုမာဟာ မကြာခင်မှာ ကူဝိတ်ကိုသွားမယ်၊ အဲဒီကဟိုတယ်ကြီးတစ်ခုမှာ စာရေးအလုပ်ရမယ်...

"ပြီးတော့ အစ္စမေကလဲ ဒေါက်တာမူဒီဆီမှာလုပ်ပြီး လခကောင်းကောင်းရနေပြီ။ ဒါကြောင့် တို့မိသားစုအခြေအနေ အများကြီးကောင်းလာပြီ။ အဲဒီတော့ နင့်ကို အိမ်ထောင်ပြု ဖို့ကိစ္စ ပြန်ပြီးစဉ်းစားရတော့မယ်၊ သတို့သားလောင်းဖခင်တွေ တော်တော်များများက ငါ့ ကိုကမ်းလှမ်းကြတယ်၊ ငါက နင့်ကို တခြားနှင့်အစ်မတွေလိုပဲ လင်ကောင်းသားကောင်း ရစေချင်တယ်၊ နင်က ရင့်ကျက်တဲ့အရွယ် ရောက်လာပြီ၊ အိမ်ထောင်ရှင်မတစ်ယောက်ရဲ့ တန်ဖိုးလဲ ပိုပြီးကြီးလာမယ်၊ အဲဒီတော့ သင့်တော်တဲ့သတို့သားက ကမ်းလှမ်းလာရင် အမြန်ဆုံး မင်္ဂလာဆောင်ဖို့ပဲ လိုတော့တယ်" ။

တခြား မိန်းမတွေက ဝမ်းမြောက်ဝမ်းသာဖြင့် လက်နှစ်ဖက်ကို မြှောက်လိုက်ကြ သည်။

"ကျွန်မကတော့ မမြန်ချင်ဘူး ဖေဖေ၊ ကျွန်မ အမွန်မြို့မှာနေရတာ သိပ်ပြီးပျော် နေပါတယ်"

"နင် ဒီကိုလာတုန်း ပြေပြေလည်လည် ဆွေးနွေးရတာ၊ နင်က ငါ့ရဲ့ သမီးအငယ်ဆုံး ဖြစ်နေတဲ့အတွက် နင့်ကို အထူးဦးစားပေးပြီးတိုင်ပင်တာ၊ ဒါပေမယ့် သင့်တော်တဲ့လူကို ရွေးဖို့က ငါ့အလုပ်၊ ငါက ဒီအလုပ်ကို အများကြီးကျွမ်းတာ"

နာဒါသည် ထိုင်ခုံပေါ်မှထ၍ ဖခင်ကြီးရှေ့သို့ လျှောက်လာသည်။
"ကျွန်မဘက်က အဆင်သင့် မဖြစ်သေးဘဲနဲ့ ကျွန်မ လက်မထပ်နိုင်သေးဘူး"

ဖခင်ကြီးအား အာခံသောစကားပင် ဖြစ်သည်။ တခြားမိန်းမများ မျက်လုံးမျက် ဆန်ပြူးကာ နောက်သို့တွန့်သွားကြသည်။

ဟာဂျီအီဘရာဟင်က မျက်ခွံကျုံ့၍ ကြည့်လိုက်ပြီး ...၊

"နင်က ငါထင်တဲ့အတိုင်း ဖြစ်နေပြီ၊ ဖခင်ကိုမလေးစားတဲ့ မကောင်းတဲ့ မိန်းက လေးတွေနဲ့ ပေါင်းနေပြီ။ နောက်ထပ် ဒီလိုစကားမျိုး ဘယ်တော့မှမပြောနဲ့၊ နင်ဘယ်သူနဲ့ ဘယ်နေရာမှာ ဘယ်တော့ လက်ထပ်ရမယ်ဆိုတာ ငါပြောမယ်"

ဟာဂျီအီဘရာဟင်သည် လက်ခုပ်တစ်ချက် တီးလိုက်သည်။ သူ့မိန်းမများနှင့် ဖာတမာတို့ ပြန်ထွက်သွားကြသည်။ "နေပါဦး၊ မသွားကြနဲ့ဦး ။ နာဒါက အမိန့်သံဖြင့် ပြန်ခေါ်လိုက်သည်။ မိန်းမတွေအားလုံး အကြီးအကျယ် အံ့သြသွားကြသည်။

"ကျွန်မဘက်က အဆင်သင့်မဖြစ်သေးဘဲနဲ့ ကျွန်မ လက်မထပ်နိုင်ဘူး" သူက စောစောက ပြောခဲ့သောစကားကိုပင် ပြန်ပြောသည်။ "ပြီးတော့လည်း ကျွန်မနှစ်သက်တဲ့ ယောကျ်ားကိုမှ လက်ထပ်နိုင်မယ်"

ဟာဂျီအီဘရာဟင်သည် ကုလားထိုင်မှ ခန့်ညားစွာထရပ်ပြီးနောက် နာဒါ၏ပါး ကို ရိုက်လိုက်သည်။

"နင် ငါပြောတဲ့အတိုင်း လူတွေရှေ့မှာ မျက်နှာကိုဖုံးထားရဲ့ လား"

" "မဖုံးထားပါဘူး" နောက်ထပ် တစ်ချက်ရိုက်ပြန်သည်။ ထို့နောက် နာဝါ့ခေါင်းစည်းဝါကို ဆွဲချွတ် လိုက်သည်။

"ဆံပင်တွေအများကြီးရှည်နေပြီး ဒါငါ့ကိုစော်ကားတာပဲ၊ ဟေ့ ဟာဂါ၊ ကတ်ကြေး ယူလာခဲ့စမ်း"

" ဒါတော့ မလုပ်ပါနဲ့ဖေဖေ၊ ကျွန်မဆံပင် မဖြတ်ပါနဲ့"

"ဟာဂါ ငါပြောနေတာ မကြားဘူးလား၊ ကတ်ကြေး ခုချက်ချင်းယူခဲ့စမ်း၊

ဒီမှာ မာဒါ၊ ငါပြောမယ်၊ ငါ့မိသားစုရဲ့ ဂုဏ်သိက္ခာကိုတော့ နှင်ထိန်းရမယ်”

“ဖေဖေ့သိက္ခာကိုရော ကျွန်မသိက္ခာကိုပါ ဘာမှ ထိန်းစရာမရှိတော့ဘူး”

”ဟော့ ... နာ ငြိမ်ငြိမ်နေစမ်းပါ' သူ့မိခင်က အော်ပြောလိုက်သည်။ ဟာဂျီအီဘရာဟင်သည် ဘယ်လိုမှ မယုံကြည်နိုင်အောင် အံ့သြသွားမိသည်။ “နှင် ဘာပြောတာလဲ နာဒါး နှင် ဘာပြောတာလဲဟင်”

”ကျွန်မ အပျိုမဟုတ်တော့ဘူး”

မိန်းမတွေက သံပြိုင် အော်ညည်းလိုက်ကြသည်။ ရာမီဇာသည် မူးမေ့ပြီး လဲကျ သွားသည်။ ဟာဂျီအီဘရာဟင်၏ မျက်လုံးများ မီးဝင်းဝင်းတောက်နေသည်။

“နှင် လိမ်ပြောတာ” သူက သံကုန်အော်သည်။ လက်နှစ်ဖက်ကို ဖြန့်ကားလိုက်ပြီး ... 'နှင် တကယ်ပြောတာလား နာဒါ၊ တကယ်ပြောတာလား၊ မြန်မြန်ပြောစမ်းပါ။ မြန်မြန်ပြောစမ်းပါ”

“ဟုတ်ပါတယ်” 'နှင့်ကို အလိုမတူဘဲ အဓမ္မအကျင့်ခံရတာလား၊ အဲဒီလိုအကျင့်ခံရတာ မဟုတ်ဘူး

”မဟုတ်ပါဘူး ဖေဖေ၊ ကျွန်မကိုယ်တိုင် အလိုတူလို့ပါ”

”ဒါ... ဒါဆို၊ နှင့်မှာ အခု ကိုယ်ဝန်ရှိနေပြီပေါ့”

”ရှိချင်လဲရှိမယ်၊ မရှိချင်လဲမရှိဘူး၊ ဒါပေမယ့် ဘာထူးတော့မှာလဲ”

”အဲဒီလူ ဘယ်သူလဲ” ‘သူမဟုတ်ဘူး၊ သူတို့ပါဖေဖေ”

”နှင်က ဒီလိုလုပ်တာ ငါ့ကိုသိက္ခာချချင်လို့လား” 'ဟုတ်ပါတယ်ဖေဖေ”

“ဘုရား ... ဘုရား ... ငါ့ကို ... ငါ့ကို တမင်သိက္ခာချချင်လို့တဲ့လား၊ တမင်သိက္ခာ ချင်လို့ဟုတ်လား”

“ခြသေ့်ပါးစပ်က အပုပ်နံ့နံ့ပါတယ်လို့ ဘယ်သူပြောရဲမှာလဲဆိုတာ ဖေဖေ ခဏ မေးခဲ့တာ ကျွန်မကြားဖူးပါတယ်၊ ဖေဖေလည်း ခြသေ့်ပဲ၊ ဖေဖေက သိပ်ပြီးရိုင်းတယ်၊ ရက်စက်တယ်၊ ဖေဖေနာချင်သလောက် နာပါ၊ ဖေဖေဟာ

ကျွန်မကို တစ်သက်လုံး အောင်လုပ်လာခဲ့လို့ ဒီလိုဖြစ်လာရတာ၊ ကျွန်မ သေရမှာမကြောက်တော့ဘူး၊ ကျွန်မက မွေးကတည်းက သေနေတဲ့လုပ်၊ ကျွန်မစိတ်နဲ့ ကျွန်မကိုယ် ဘာကိုမှမလုပ်ခဲ့ရဘူး၊ ဖေဖေ တာကိုသာ လုပ်နေခဲ့ရတယ်၊ အဲဒီတော့ ဖေဖေလုပ်ချင်သလို လုပ်ပါတော့၊ ကျွန်မ ဝင် အဘွက်တော့ နေမထူးသေမထူးတော့ပါဘူး”

”နာဒါ ဒီကိုပြန်လာစမ်း”

”ထားပါတော့ ဖေဖေ”

“မှာ”

“ယောရှုရဲ့ သူလျှိုတွေကို ဝှက်ထားတဲ့ ဂျယ်ရီကိုက မိန်းမပျက်တွေအကြောင်း တစ်ခါက ကျွန်မကို အစ္စမေ ဖတ်ပြဖူးတယ်ဖေဖေ၊ ကျွန်မလည်းဖေဖေ့ကို အရှက်ခွဲတဲ့ မိန်းမပျက်ဖြစ်နေပြီ၊ အဲဒီတော့ ဖေဖေ့အရှက်အတွက် ကျွန်မကိုလက်စားချေပါ၊ ကျွန်မ ဟာ ဂျယ်ရီကိုမြို့က လမ်းကြိုလမ်းကြားတွေမှာ လမ်းလျှောက်နေတာ၊ ဖေဖေ အချိန်မရွေး တွေ့ပါလိမ့်မယ်”

နာဒါ ပြန်ထွက်သွားသည်။

ဟာဂျီအီဘရာဟင်သည် အိပ်ခန်းထဲသို့ တစ်ဟုန်တည်း ပြေးဝင်သွားသည်။ ချက် ချင်းလိုပင် မျိုးဆက်ဓားချိတ်ထားသော ခါးပတ်ကိုပတ်ရင်း ပြေးထွက်လာသည်။ ဟာဂါက ရှေ့မှဆီးရပ်ပြီး ဟာဂျီအီဘရာဟင်၏ ခြေထောက်ကိုဖက်ထားသည်။

“မလုပ်ပါနဲ့ အီဘရာဟင်၊ မလုပ်ပါနဲ့၊ သည်းခံပါရှင်၊ ကျွန်မ အထူးတောင်းပန် ပါတယ်၊ သူ့ကို အိမ်ကနှင်ထုတ်ပစ်လိုက်ပါ၊ သူ့အကြောင်း ကျွန်မတို့ တစ်သက်လုံးမပြော တော့ပါဘူး”

ရာမီဇာ ကလည်းပြေးလာပြီး ဟာဂျီအီဘရာဟင်၏ လက်နှစ်ဖက်ကို ဖမ်းချုပ်ထား သည်။ ဟာဂျီအီဘရာဟင်က အတင်းရုန်းထွက်ပြီး မိန်းမနှစ်ယောက်စလုံးကို ကန်ထုတ် ပစ်လိုက်သည်။ ဟာဂျီအီဘရာဟင် အိမ်ပြင်သို့

ပြေးထွက်သွားသည်။ ဟာဂါနှင့် ရာမီဇာ တို့မှာ ကြမ်းပြင်တွင်ဆံပင်ဖားလျားနှင့် လူးလိမ့်ကျန်ရစ်ကြသည်။

နောက်တစ်နေ့နံနက်တွင် ဂျယ်ရီကိုမြို့တွင်းမှ ရေမြောင်းထဲ၌ နာဒါ၏အလောင်း ကို တွေ့ကြရသည်။

လည်ပင်းကျိုးနေပြီး လည်ချောင်းဟက်တက်ကွဲနေသည်။ ဆံပင်တွေကိုလည်း အကြမ်းပတမ်း လှီးဖြတ်ထားသည်။

အခန်း (၁၃)

ဒေါက်တာ မူဒီကို အလင်ဘီတံတားတွင် ကျွန်တော် တွေ့ရသည်။ သူ့မျက်နှာ အကြီးအကျယ်ပျက်နေသည်။ ဘာတွေဖြစ်နေသည်ကို မမေးဘဲနှင့် ကျွန်တော်သိလိုက်

”နားဒါ” သူက သည်လောက်ပဲပြောသည်။

တော်တော် အံ့ဩစရာကောင်းသည်။ ကျွန်တော် တစ်စက်ကလေးမှ မျက်ရည် ထွက်။ ဒေါက်တာ မူဒီက ကျွန်တော့်ကို ဖေဖေဆီပြန်မသွားတော့ဘဲ သူနှင့်အတူလန်ဒန် လိုက်ခဲ့ရန် တောင်းပန်သည်။ “မဖြစ်ဘူး၊ ကျွန်တော် အခုချက်ချင်းအိမ်ပြန်ရမယ်”

မှန်သည်။ အလွန် အံ့ဩစရာကောင်းသည်။ ကျွန်တော် လုံးဝမငို။ ကြောက်လည်း လုံးဝမကြောက်။

အိမ်နားသို့ ကျွန်တော်ရောက်လာစဉ် အိမ်နီးချင်းများ၏ ညှိုးငယ်သောမျက်နှာ များနှင့် မေမေ၏ သွေးလန့်နေသော မျက်နှာများကို မြင်တွေ့လိုက်ရသည်။ ကျွန်တော် ဧည့်ခန်းထဲသို့ တန်းဝင်လာခဲ့သည်။

ဖေဖေသည် သူ့ကုလားထိုင်ကြီးတွင်ထိုင်ကာ ကျွန်တော့်ကိုစောင့်နေသည်။ သူ့ မျက်လုံးတွေကနီရဲပြီး ပုံမှန်ထက်နှစ်ဆပြူးကျယ်နေသည်။ အိုမာနှင့် ဂျမီလ်တို့၏ ခေတ်ပုံ အရှေ့မှ ဖယောင်းတိုင်မီးရောင်အောက်တွင် ဖေဖေ၏မျက်နှာသည်

ပိန်ချုံးညှိုးနွမ်းနေ သည်။ ကျွန်တော်သည် သူ့မျက်နှာကို အကြာကြီးစိုက်ကြည့်နေသည်။ တစ်နာရီလောက်ပင် ကြလိမ့်မည်ဟုထင်ရသည်။ ကျွန်တော်တို့၏ အသက်ရှူသံမှတစ်ပါး တခြားဘာအသံမှ ကားရ။ ပကတိ ကိတ်ဆိတ်နေသည်။ "ပြောစမ်းပါ၊ ပြောစမ်းပါ၊ မင်းကို ငါအမိန့်ပေးနေတယ်" ဤအသံမျိုးကို ဤတစ်ကြိမ်သာ ကျွန်တော်ကြားဖူးသေးသည်။

နောက်ထပ် တစ်နာရီလောက် ကြာသွားသည်ဟု ထင်ရသည်။ ဖေဖေ့မျက်လုံးတွေ ကလည်ကလည် ဖြစ်နေသည်။ သူကုလားထိုင်မှ အားယူ၍ ထလိုက်သည်။ စားပွဲဆီသို့ ယီးဒယိုင်လျှောက်လာသည်။ ဝတ်ရုံကိုဖွင့်ပြီး ဆောင်ဓားကို ဆွဲထုတ်လိုက်သည်။ ဓား သွားပေါ်တွင် နာဒါ၏ သွေးများ စွန်းထင်းနေဆဲရှိသေးသည်။ ဓားကို စားပွဲပေါ်တွင် ဒေါင်းခနဲ ထိုးစိုက်လိုက်သည်။

"မင်း ... မင်းကို ငါ အများကြီးအားကိုးခဲ့တယ်" ။ သူက အသက်ငင်ပြီးပြောသည်။ "ဒါပေမယ့် မင်းက မိန်းမတစ်ယောက်လောက်တောင် သတ္တိမရှိတဲ့အကောင်...' သူ ကျွန်တော့်အနီးသို့ ကပ်လာသည်။ လည်ပင်းကို မော့ပေးသည်။ "လုပ်ပါ... အစ္စမေ မင်း ငါ့ကိုသတ်လိုက်စမ်းပါ"

"ဩော်.. ဟုတ်...ဟုတ်ကဲ့ ကျွန်တော် ဖေဖေကိုသတ်မယ်၊ ကျွန်တော်သတ်မယ်၊ ဒါပေမယ့် ကျွန်တော့်နည်းနဲ့ ကျွန်တော်သတ်မယ်၊ ကျွန်တော် ဖေဖေ့ကိုမလိုချင်ဘူး၊ ကျွန်တော် ဖေဖေနဲ့ စကားပြောမယ် ဖေဖေလ်သေတဲ့အထိ ပြောမယ်၊ သေသေ ချာချာ နားထောင်ပါ ဖေဖေ၊ သေသေချာချာ နားထောင်ပါ"

သူ ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ကျွန်တော် ဆက်ပြောသည်။

"ဂျက်ဖာတုန်းက ဖေဖေ့မိန်းမတွေနဲ့ ဖာတမာတို့ကို အီရတ်စစ်သားတွေ မုဒိမ်း ကျင့်ကြတယ်၊ အဲဒါကို ကျွန်တော့်မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရတယ်"

"မင်းလိမ်ပြောတာ"

သူက သံကုန်အော်လိုက်သည်။ ''ကျွန်တော် မလိမ်ဘူး၊ ကျွန်တော် တကယ်ပြောနေတာ အားလုံးပေါင်း စစ်သာ ဆယ့်ကိုးယောက်လောက်ရှိတယ် သူတို့အားလုံး မေမေတို့ သုံးယောက်ကို တစ်ယောက်ပြီး တစ်ယောက် မုဒိမ်းကျင့်ကြတယ်၊ ကျွန်တော့်မျက်စိရှေ့မှာ ကျင့်ကြတယ်"

“မင်း … လူလိမ်”

“ကျွန်တော် မလိမ်ဘူး၊ သူတို့က မိန်းမတွေကို အတင်း ဆွဲလားရမ်းလားလုပ်ပြီး ဘီလူးသရဲတွေလို မုဒိမ်းကျင့်ကြတယ်”

“မင်း … လိမ်ပြောတာ

”ကျွန်တော် မလိမ်ဘူး၊ ကျွန်တော် အမှန်ကိုပြောနေတာ လုပ်စမ်းပါ ဖေး လုပ်လိုက်စမ်းပါ၊ ဖေဖေ့ကိုဆွဲနုတ်ပြီး ကျွန်တော်တို့အားလုံးကို သတ်လိုက်စမ်းပါ”

ထိုအခိုက် ဖေဖေသည် သူ့ရင်ဘတ်ကို လက်နှင့်အုပ်ကာ တအားအော်ညည်းလိုက် သည်။ သူ အသက်ရှူကျပ်ပြီး မောဟိုက်နေသည်။

'ငါ့နှလုံး… ငါ့နှလုံး”

သူ တစ်ကိုယ်လုံး ချာရပတ်လည်သွားသည်။ စားပွဲကုလားထိုင်များနှင့် ဝင်တိုက်ပြီး ကြမ်းပြင်ပေါ်သို့ တုံးခနဲလဲကျသွားသည်။

ကျွန်တော်က သူ့ကိုယ်ပေါ်မှ စီးမိုးပြီးရပ်လိုက်သည်။

“ဖေဖေ… ခားကို ဆွဲမနုတ်နိုင်တော့ဘူးလားဟင်၊ ခားကို ဆွဲမနုတ်နိုင်တော့ဘူး ဆွဲမနုတ်နိုင်တော့ဘူး… ဟုတ်လား၊ အဖြစ်ဆိုးလှချည်လား ဖေဖေ၊ ကျွန်တော့်မေမေ။ သူတို့လူပေါင်းခြောက်ယောက်က ကြမ်းပြင်ပေါ်မှာ အတင်းဆွဲယမ်းပြီး မုဒိမ်းကျင့်ကြတယ် ဖေဖေ၊ ကြမ်းပြင်ပေါ်မှာ… ကြမ်းပြင်ပေါ်မှာ”

'ဟား… ဟား… ဟား… ဟား” သူ လေးဖက်ထောက်၍ ကုန်းထသည်။ ထွားလာသည်။ အသက်ရှူကျပ် သည်။မောဟိုက်နေသည်။ နှာခေါင်း၊ မျက်လုံးနှင့် ပါးစပ်များမှ အရည်တွေ ထွက်လာသည်။ နှာရည်၊ မျက်ရည်နှင့် အချွဲသလိပ်တွေ အားလုံးရောသွားသည်။

“ဟား… ဟား… ဟား… ယား”

သူ စားပွဲစွန်းကို လက်နှင့် လှမ်းကိုင်သည်။ အတင်းအားယူ၍ ကုန်းထသည်။ ခားရိုးကိုဆုပ်ကိုင်လိုက်သည်။ အံကြိတ်ပြီးအတင်းဆွဲနုတ်သည်။ နုတ်၍မရ။ စားပွဲရော လူပါ ကျွမ်းပြန်လဲသွားသည်။

ကြမ်းပြင်ပေါ်တွင် တဦးဦးနှင့် အော်ညည်းနေသည်။ မကြာမီတွင်ပင် လုံးဝငြိမ်သက် သွားတော့သည်။

အခန်း (၁၄)

မိသားစုအားလုံး အိမ်ထဲပြန်ဝင်လာကြသည်။ တစ်အိမ်လုံး သုသာန်တစ်စပြင် ပမာ ကြောက်စရာအသွင်ဆောင်နေသည်။ ကျွန်တော့်ခြေရင်းတွင် တုံးလုံးလဲ၍ သေဆုံး နေသော ဖေဖေ၏အလောင်းကိုကြည့်ပြီး သူတို့တစ်တွေ ဆဲရေးတိုင်းထွာ ပြောဆိုကြ လိမ့်မည်ဟု ကျွန်တော် မျှော်လင့်ထားခဲ့သည်။ သို့သော် သူတို့တစ်တွေ ဘာစကားမှမပြော ကြ။ ကျွန်တော့်မျက်နှာကိုသာ စူးစိုက်ကြည့်နေကြသည်။ ခဏကြာတော့ ကျွန်တော့်ကို ကြောက်လာသလို မျက်နှာသေကလေးများနှင့် ရပ်နေကြသည်။ ဤတွင် တစ်စုံတစ်ရာကို ကျွန်တော် ရုတ်တရက်သတိရလိုက်သည်။ သူတို့အားလုံးက ကျွန်တော့်ကို အကြီးအကဲ အဖြစ် အသိအမှတ်ပြုလိုက်ကြပြီ။ - ကျွန်တော်သည် မတုန်မလှုပ် ဆက်လက်ရပ်နေသည်။ ခံစားချက်ကင်းမဲ့သူလို ဖြစ်နေသည်။

ခဏကြာတော့ ဖျတ်ခနဲ အသိဝင်လာသည်။ ကျွန်တော် အလွန်ပျော်သွားသည် အလွန်ဝမ်းသာသွားသည်။ ကျွန်တော်သည် ကျွန်တော်၏ ချစ်လှစွာသော အစ်မအတွက် လက်စားချေလိုက်ရပြီ။ ကျွန်တော့်တစ်သက်တာတွင် ဩဇာအာဏာအရှိဆုံးနှင့် ကြောက်စရာ အကောင်းဆုံး ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို ကျွန်တော် လက်စားချေလိုက်ရပြီ။ ကျွန်တော် ဝမ်းသာလွန်း၍ ခုန်ပေါက်၍ပင် အော်လိုက်ချင်သည်။

သို့သော် သူ့ကို ကျွန်တော်လုံးဝမမုန်း။ သူ့ကို ကျွန်တော်ချစ်နေတုန်းပင်။

ဘုရား ... ဘုရား ... ။ အဖြစ်က ဆန်းကြယ်လှပါတကား။ သည်အဖြစ်မျိုးကို စာဖတ်သူအ နားလည်ခံစားနိုင်ပါမည်လား။ ယုံကြည်နိုင်ပါမည်လား။ ယုံချင်မှယုံပါ။ မယုံချင်လည်းနေပါ။ တကယ်ပါပဲ။ ကျွန်တော်ကတော့ သူ့ကို ချစ်မြတ်နိုးနေတုန်းပါ။

သတင်းက တစ်မုဟုတ်ချင်း ပြန့်သွားသည်။ လက်ဖက်ရည်ဆိုင်နှင့်

စျေးဆိုင်များ လူတွေပြုံထွက်လာပြီး ကျွန်တော်တို့အိမ်သို့ အုပ်လိုက်ရောက်လာကြသည်။ အိမ်ခြံထဲတွင် ရ လူပရိသတ်ကြီးဖြင့် ပြည့်နှက်နေသည်။

ကျွန်တော် ဝရန်တာသို့ထွက်ပြီး ရဲတင်းစွာဖြင့် လှမ်းကြည့်လိုက်သည်။ ရာပေါင်းများ စွာသောလူတွေ ဖွေးဖွေးလှုပ်နေသည်။ တချို့လည်းလာနေကြဆဲ။ တီ သူတို့သည် ကျွန်တော့်ကို ဆန့်ကျင်သောစကား တစ်ခွန်းမျှပင်မပြောကြ။ သူတို့သည် ကျွန်တော့်ကို ပြိုင်ဆိုင်လိုသောအမူအရာလည်း လုံးဝမပြကြ။ သူတို့သည် ဖြစ်ပေါ်လာသော အနေအနေကို အကြွင်းမရှိလက်ခံလိုက်ကြပြီ။ ကွယ်လွန်သူ ဟာဂျီအီဘရာဟင်၏ သား ဖြစ်သူ ကျွန်တော်အစ္စမေကို သူတို့၏ အကြီးအကဲ၊ သူတို့၏ ခေါင်းဆောင်သစ်အဖြစ် အသိအမှတ်ပြုလိုက်ကြပြီ။

ငြိမ်သက်နေသော ပရိသတ်ကြီးအား ကျွန်တော်က တည်ငြိမ်စွာဖြင့် ကြေညာ လိုက်သည်။

“ကျွန်တော်တို့ကို ဟာဂျီအီဘရာဟင် စွန့်ခွာသွားပါပြီ၊ သူ နှလုံးရောဂါနဲ့ကွယ်လွန် သွားရှာပါပြီ”

ဟာဂျီအီဘရာဟင်၏ဘဝတွင် ဂုဏ်ယူစရာအကောင်းဆုံးကာလသည် သူကွယ်လွန် ပြီးသည့်နောက်တွင်မှ ရောက်ရှိလာခဲ့သည်။

အလွန်တရာမြင့်မြတ်သော သူတော်စင်များနှင့် နိုင်ငံတော်အကြီးအကဲများ ကွယ် လွန်သောအခါ လူသားပေါင်းများစွာတို့သည် ထိုပုဂ္ဂိုလ်တို့၏ ဂုဏ်သိက္ခာကို အမှတ်ရ၍ ယူကျုံးမရ ဝမ်းနည်းပူဆွေးကြရသည်။

ယခုလည်း ဟာဂျီအီဘရာဟင်၏ အသုဘအခမ်းအနားသို့ အနောက်ဘက်ကမ်း နှင့် ဂျော်ဒန်နိုင်ငံရှိ ဒုက္ခသည်စခန်းပေါင်းများစွာတို့မှ လူသားပေါင်း ထောင်သောင်းချီ၍ လာရောက်ပူဆွေးကြသည်။ ယူကျုံးမရ တသသဖြစ်ကြရသည်။ အာရပ်လူမျိုးများသည် ဟာဂျီအီဘရာဟင်အား ရိုသေခဲ့ကြသည်။ လေးစားခဲ့ကြသည်။ ကြည်ညိုခဲ့ကြသည်။ ပူဇော်ခဲ့ကြသည်။ သို့သော် ဘာကြောင့် ယင်းသို့ဖြစ်ခဲ့ရသည်ကိုမူ သူတို့မသိခဲ့ကြ။

ယခုတော့ ခေါင်းဆောင်ကြီး ဟာဂျီအီဘရာဟင် ကွယ်လွန်သွားခဲ့ပြီ။

သူတို့အားလုံး အမိမဲ့သားရေနည်းငါးလို ဖြစ်ကျန်ရစ်ခဲ့ကြပြီဆိုသည်ကို သူတို့သိခဲ့ကြရပြီ။

အင်္ဂလိပ်ဂျာဘားကို စီးမိုးမြင်နေရသော သွေးဆောင်တောင်ပေါ်တွင် သင်္ချိုင်းဂူနှင့် ဗလီဝတ်ကျောင်းကလေးတစ်ကျောင်း ဆောက်လုပ်လိုက်ကြသည်။ ဤနေရာတွင် သူ့ကို ဥသွင်းမြှုပ်နှံကြပြီးနောက် ဂျူးတို့အား ပြန်လည်လက်စားချေရန် အဓိဋ္ဌာန်ပြုကြသည်။ ဤသို့ ဘာကြောင့်ပြုလုပ်သည်ကို ကျွန်တော်တော့ လုံးဝနားမလည်နိုင်အောင် ဖြစ်ရသည်။

ကျွန်တော်သည် ဝမ်းနည်းကြေကွဲဖွယ် တစ်ချိန်လုံးတွင် လုံးဝ စကားမပြောဘဲ တိတ်ဆိတ်နေသည်။ ကိုယ့်အတွေးနှင့်ကိုယ်၊ ကိုယ့်အပူနှင့်ကိုယ် လုံးဝ နှုတ်ပိတ်နေသည်။ ကျွန်တော့်နောက်ကွယ်တွင် တီးတိုးအတင်းပြောနေကြသော်လည်း ကျွန်တော့်ရှေ့တွင်တော့ တယ်သူတစ်ယောက်မျှ ဆန့်ကျင်ပြောဆိုကြခြင်းမရှိ၊ တကယ်တော့ သူတို့သည် သူတို့၏ ခေါင်းဆောင်သစ် ဘယ်သူဘယ်ဝါဆိုတာ သိသွားကြပြီ။ ကျွန်တော်၏ ဩဇာအာဏာ အရှိန်အဝါကို နားလည်သွားကြပြီ။

သူတို့သည် ကျွန်တော့်ထံသို့လာရောက်၍ ဝမ်းနည်းစကားပြောကြသည်။ ကျွန်တော့် ပါးကို နမ်းကြသည်။ အများစုက ဝမ်းလျှားမှောက်၍ ကျွန်တော့်လက်ကို လာနမ်းသည် အထိပင်။

အနာဂတ်ကာလတွင် ဟာဂျီအီဘရာဟင်၏သင်္ချိုင်းဂူကို မြင့်မြတ်သော နေရာဌာန တစ်ခုအဖြစ် သတ်မှတ်ကြလိမ့်မည်။ သူ့ကိုလည်း မြင့်မြတ်သော သူတော်စင်တစ်ပါးပမာ ကိုးကွယ်ကြလိမ့်မည်။

အသုဘအခမ်းအနားပြီးဆုံးသောအခါ အသုဘရှုပရိသတ်တွေ လူစုကွဲကာ အလျှိုလျှို ပြန်သွားကြပြီ။ ထိုအခါ ကျွန်တော် အားငယ်စိတ်ဝင်လာပြီး ဆောက်တည်ရာမရ ဖြစ်လာမိသည်။ ကျွန်တော် ဤနေရာမှ ထွက်သွားရမည်။ ကျွန်တော့်အား နှစ်သိမ့်စကား ပြောနိုင်မည့်ပုဂ္ဂိုလ်ထံသို့ သွားရမည်။

ဒေါက်တာမူဒီသည် ကျွန်တော့်ကိုမြင်တော့ ကြောက်နေသည်။ ဖေဖေ့ကို ကျွန်တော် ချစ်နေတုန်းပင်ဖြစ်ကြောင်း ဒေါက်တာမူဒီအား တဖွဖွပြောနေမိသည်။

ကျွန်တော် ပေါက် ကွဲတော့မည်ဆိုသည်ကို သူ သိနေပုံရသည်။ နာဒါ အသတ်ခံရပြီးကတည်းကပင် နာဒါ့ အကြောင်းကို ကျွန်တော်ဘာတစ်ခုမှမပြောဘဲ လုံးဝရေငုံနှုတ်ပိတ်နေခဲ့သည် မဟုတ်လား။ ကျွန်တော်က နာဒါ့အကြောင်း မတွေးမိရန် ကိုယ့်စိတ်ကို တမင်ထိန်းချုပ်ထားခဲ့သည်။

"သြော်... နာဒါ ... မာဒါ" ကျွန်တော် မြည်တမ်းရင်း ပါမောက္ခမူဒီ၏ရင်ခွင်ထဲတွင် ခွေကျသွားသည်။

"ဆရာကြီး ကျွန်တော့်ကိုပြောစမ်းပါ ဆရာကြီး၊ နာဒါဘယ်မှာလဲ၊ နာဒါဘယ်ရောက် နေသလဲ၊ သူအေးအေးဆေးဆေး နေရမယ့်နေရာကို ကျွန်တော်ခေါ်သွားချင်လို့ပါ"

"မဖြစ်နိုင်တော့ဘူး သားရယ်၊ မဖြစ်နိုင်တော့ဘူး"

"ဖြစ်အောင်လုပ်မယ်၊ ကျွန်တော်ဖြစ်အောင်လုပ်မယ်"

"မဖြစ်နိုင်တော့ပါဘူးကွယ်" - 'ဆရာကြီး ကျွန်တော့်ကို ဘာပြောနေတာလဲ၊ ဘာပြောချင်သလဲ"

"အခု မပြောပါရစေနဲ့ သားရယ်၊ နောက်မှ အေးအေးဆေးဆေး ပြောပြပါ့မယ် ကွယ်"

'ပြောစမ်းပါ၊ ခုပြောစမ်းပါ၊ ကျွန်တော် အမိန့်ပေးနေတယ်၊ အခု ပြောစမ်းပါ"

"နာဒါ မရှိတော့ဘူး အစ္စမေ၊ သူချောင်းနံဘေးက အမှိုက်ပုံထဲမှာ ကြေမွပျက်စီးသွား ပြီ၊ နောက်ထပ် ဆက်မပြောပါရစေနဲ့တော့ သားရယ်"

"ကျွန်တော် ပြန်ပြီးလက်စားချေမယ် ကျွန်တော့်အစ်မအတွက် ကျွန်တော် ငံ့မခံနိုင် ဘူး၊ ပြန်ပြီးလက်စားချေမယ်၊ လက်စားချေမယ်"

ကျွန်တော် သံကုန်အော်ပြောလိုက်သည်။ ဆရာကြီးက ကြေကွဲစွာဖြင့် သက်မကြီးချလိုက်သည်။

"ဟုတ်ပါတယ်၊ မင်း လက်စားချေရမယ်၊ မင်း လက်စားချေရမယ်" သူ့အသံက တိုးတိုးကလေး။

ကျွန်တော်သည် အခန်းထဲတွင် သွေးရူးသွေးတန်းပြေးနေသည်။ ကျွန်တော့် ရင် ထဲတွင် အလုံးကြီးဆို့နေသည်။

ဆရာကြီးရှေ့တွင် ရုတ်တရက်ရပ်ပြီး သူ့တစ်ကိုယ်လုံး ကိုင်လှုပ်လိုက်သည်။

“ကျွန်တော် ဘာဖြစ်လို့ အော်ငိုလို့မရတာလဲ၊ ကျွန်တော် ငိုချင်တယ်၊ ဘာဖြစ်လို့ ကျွန်တော် ငိုလို့မရတာလဲ”

ကျွန်တော် ဒူးထောက်ထိုင်ချပြီး ဆရာကြီးကို ဖက်ထားလိုက်သည်။

“ကျွန်တော်တို့ ဘာလုပ်ခဲ့လို့လဲ၊ ဘာလုပ်ခဲ့လို့လဲ၊ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ။ ဘာဖြစ်လို့လဲ”

ဆရာကြီးက ကျွန်တော့်ဦးခေါင်းကို သူ့ပေါင်ပေါ်တွင်တင်ကာ လက်ဖြင့်အသာ အယာ ပွတ်သပ်နေသည်။ ကျွန်တော်က တရှုပ်ရှုပ်နှင့် ရှိုက်ငိုသည်။ ကျွန်တော့်ရင်ထဲ ရှင်းသွားအောင် ငိုပစ်လိုက်သည်။

ဝင်လုဆဲနေရောင်ခြည်သည် အခန်းထဲတွင် ထိန်လင်းနေသည်။ ကျွန်တော်တို့သည် အမှောင်သမ်းလာသည်အထိ တိတ်ဆိတ်နေသည်။

“ပြောစမ်းပါ ဆရာကြီး၊ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ၊ ပြောစမ်းပါ”

ကျွန်တော် လေသံဖြင့်ပြောလိုက်သည်။

“မင်းတို့သုံးယောက်က တစ်ယောက်ကိုတစ်ယောက် သိပ်ပြီးချစ်ကြတယ်၊ ဒါပေ မယ့် မင်းတို့ဟာ အချစ်ကို ဖော်မပြနိုင်တဲ့နေရာ၊ အချစ်ကို ဖော်မပြနိုင်တဲ့ ယဉ်ကျေးမှုထဲမှာ မွေးလာကြတယ်၊ တို့တစ်တွေဟာ သက်ရှိသတ္တဝါတွေထဲမှာ ကျိန်စာသင့်နေတဲ့လူသားတွေ ဖြစ်နေကြတယ် အမေ”

“အဲဒီတော့ ကျွန်တော်တို့အားလုံး ဘာတွေဖြစ်လာဦးမှာလဲ” ကျွန်တော်က ညည်းတွားသံဖြင့် မေးလိုက်သည်။ ဆရာကြီးသည် ဘာမှပြန်မပြောဘဲ အကြာကြီးငြိမ်နေသည်။ “ပြောစမ်းပါ ဆရာကြီး၊ ပြောစမ်းပါ”

”ပြောပါ့မယ်ကွယ်၊ ပြောပါ့မယ်” သူက ကြေကွဲသံဖြင့် ညင်သာစွာပြောသည်။

"တို့မှာ တစ်ယောက်ကို တစ်ယောက် ချစ်ခင်နိုင်ခွင့်မရှိဘူး၊ တို့မှာ အဲဒီအရည် ခြင်းမရှိခဲ့တာကြာလှပြီ အစ္စမေ၊ လွန်ခဲ့တဲ့နှစ်ပေါင်းထောင့်နှစ်ရာကတည်းကပဲ၊ အဲဒီလို သမိုင်းထိုးခဲ့တာ၊ တို့ရဲ့ မျိုးဆက်အမွေဟာ အမုန်းတရားပဲ၊ တို့ဟာ မျိုးဆက်တစ်ဆက် တစ်ဆက် အမုန်းတရားတွေကို အမွေအဖြစ် လက်ဆင့်ကမ်းလာခဲ့ကြတယ်၊ ရာစုနှစ် ဒေါင်းများစွာ လက်ဆင့်ကမ်းလာခဲ့ကြတယ်၊ ပါလက်စတိုင်းကို ဂျူးတွေပြန်ရောက်လာ ခြင်းဟာ အဲဒီအမုန်းတရားကို ပြန်ပြီးကြီးထွားလာစေခဲ့တယ်၊ ပန်းတိုင်မရှိဘဲနဲ့ ရိုင်းစိုင်း ပေါက်ကွဲပြီး ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး ဖျက်ဆီးခဲ့ကြတယ်၊ နောက် ဆယ်နှစ်၊ အနှစ် နှစ်ဆယ်၊ အနှစ်သုံးဆယ်ကြာရင် တို့ရဲ့ ယုံကြည်မှုဟာ ပိုပြီးပြင်းထန်လာလိမ့်မယ်၊ တို့ကို မီးလောင်တိုက်သွင်းလိမ့်မယ်၊

"တို့ဟာ တို့အချင်းချင်း ငြိမ်းချမ်းစွာနေလို့မရဘူး၊ ဘယ်တုန်းကမှလည်း မနေခဲ့ကြ ဘူး၊ တို့ဟာ ပြင်ပကမ္ဘာနဲ့လည်း ပူးတွဲနေလို့မရဘူး၊ ဘယ်တော့မှလည်းမရခဲ့ဘူး၊ တို့ဟာ အပြောင်းအလဲဒဏ်ကိုမခံနိုင်ဘူး၊ တို့ကိုရှုးအောင်လုပ်တဲ့ နတ်ဆိုးက တို့ကိုဝါးမျိုနေပြီ၊ ဟာ တို့ကိုယ်ကိုယ် ရပ်တန်းကရပ်လို့မရတော့ဘူး၊ တို့ကိုယ်ကိုယ် မထိန်းနိုင်ကြတော့ * တို့ဟာ ကမ္ဘာပျက်မယ့်နေ့ကို မြင်နေကြရပြီ၊ ကမ္ဘာပျက်ဖို့ စပြီးဖျက်ဆီးနေကြပြီ ဘယ်အချိန်တွင် ကျွန်တော့်တစ်ကိုယ်လုံးကို မှောင်အတိဖုံးသွားကြောင်း ကျွန်တော် ဘော့။

၄ ကျွန်တော် သတိရလာသောအချိန်တွင် ကျွန်တော်သည် ခရီးထွက်ရန် အဝတ်အစား များကိုထုပ်ပိုးနေသည်။ သို့သော်လည်း ကျွန်တော့်လက်တွေက ဘာပစ္စည်းကိုမှ ကိုင်၍ မရတော့ပါ။ ကျွန်တော့်စိတ်အာရုံတစ်ခုလုံး မြူတွေဆိုင်းနေသည်။

ကျွန်တော့် စိတ်အာရုံ ပြတ်သားကြည်လင်လာအောင် အစွမ်းကုန်ကြိုးစားကြည့် သည်။ သို့သော် ကြိုးကြားကြိုးကြားသာ ဦးနှောက်ထဲတွင် လက်လင်းလာသည်။

အမှောင်ထု၏ ဖိစီးမှုက တစ်နေ့ထက်တစ်နေ့ သိပ်သည်းလေးလံလာသည်။

ကြာ တော့ ကျွန်တော် ဘာကိုမှ ခုခံနိုင်စွမ်းမရှိတော့အောင် ခြေကုန်လက်ပန်းကျလာသည်။

နောက်ဆုံး ကျွန်တော်လုံးဝ အရှုံးပေးလိုက်ရတော့သည်။

ကျွန်တော် လုံးဝ စကားမပြောတော့။ ထို့ကြောင့် ကျွန်တော် သွက်သွက်လည်အောင် ရူးသွားပြီဟု လူတိုင်းက ပြောနေကြသည်။

ကျွန်တော်ထံသို့ ဒေါက်တာဒီ ခဏခဏရောက်လာသည်။ နှစ်သိမ့်စကားတွေ အများကြီးပြောသည်။ ကျွန်တော်ကလည်း အလွန်ပြောပြချင်သည်။ သို့သော် တစ်ခွန်းမှ ပြောလို့မရ။ သူ့စကားတွေက အလွန်ခက်ခဲနေသည်။ သူ့စကားကို ကျွန်တော်တစ်လုံးမှ နားမလည်နိုင်တော့။

တစ်ညတွင် ကျွန်တော်သည် နာငါ့ကို အလွန်သတိရပြီး ကိုယ့်ကိုယ်ကိုယ် ထိန်း မရအောင် ပေါက်ကွဲတော့သည်။ ဂျမီလ်၊ အိုမာနှင့် ဖေဖေတို့၏ ဓာတ်ပုံများကို ပေါက်ခွဲ ပစ်လိုက်သည်။

ထို့နောက်တွင်တော့ ကျွန်တော့်ကို ကွပ်ပျစ်ပေါ်မှ နံရံတွင် သံကြိုးခတ်ထားလိုက် ကြသည်။

နာဒါ့အကြောင်းကို တွေးလိုက်တိုင်း ကျွန်တော့်ရင်ထဲတွင် မခံမရပ်နိုင်အောင် နာကျင်လာသည်။ ကျွန်တော် ဘာကိုမှထိန်း၍မရတော့။ ထိန်းတိုင်း ထိန်းတိုင်း လွတ်၍ လွတ်၍သာ သွားတော့သည်။

တစ်နေ့လုံး ကလေးတွေ ကျွန်တော့်အခန်းသို့လာပြီးချောင်းကြည့်ကြသည်။ လက် ညှိုးထိုးပြီး ပြောင်လှောင်ကြသည်။ ကျွန်တော်က လုံးဝဂရုမစိုက်။

ကျွန်တော့်ကို သံကြိုးခတ်ထားဆဲဖြစ်သည်။ နေ့တိုင်းလိုလို မေမေလာပြီး ကျွန်တော့် ကို တံတွေးနှင့်ထွေးသည်။ ခြေထောက်နှင့် ကန်ကျောက်သည်။ ကျွန်တော့်ကို ပြောက်ကျား တပ်ဖွဲ့၊ အသေခံတပ်သို့ရောင်းချရန် မေမေနှင့်ကမယ်တို့ ကျိတ်ပြီးတိုင်ပင်နေသံ ကြား ရသည်။ သူတို့ပိုက်ဆံ အကြီးအကျယ်လိုနေသည်။ ကျွန်တော့ကို အမေရိကန်ဒေါ်လာ သုံးရာနှင့်ရောင်းစားဖို့ ကြံနေကြသည်။ ကျွန်တော် အရူးမဟုတ်။

သူတို့က ပိုက်ဆံကို သွေးရူးသွေးတန်းလိုချင်နေကြသည်။ ကမယ်မှာ အလုပ်မရှိ အိုမာ၏လခကလည်း သူတို့ကို ထမင်းဝအောင်မကျွေးနိုင်။

ဟုတ်သည်။ သူတို့တိုင်ပင်နေသံကို ကျွန်တော်ကြားသည်။ ဒါပေမယ့် ကျွန်တော် စိတ်မကောင်းမဖြစ်တော့။ ကျွန်တော် စိတ်ချမ်းသာနေပြီ။ ကျွန်တော် နာဒါနှင့် စကား ပြောနိုင်ပြီ။ ညတိုင်းညတိုင်း နာဒါလာသည်။ ကျွန်တော့ကို စကားလာပြောသည်။ သူက ကျွန်တော့်ကိုထွက်ပြေးရန် အမြဲတမ်း တိုက်တွန်းနေသည်။ “

ကမယ်က အလွန်တုံးတဲ့လူ။ ဘာကိုမှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်တတ်။ အခန်းနံရံမှာ ကျွန်တော်အပေါက်ဖောက်ပြီး ဂျလက်ထိုးထားတာကိုလည်း သူမသိ။ ယင်း ဂျလက်များကိုဆွဲဖွင့်ပြီး ကျွန်တော် အချိန်မရွေးထွက်ပြေးနိုင်သည်။

ဟုတ်ပြီ၊ နာဒါ။ ငါ ထွက်ပြေးလာခဲ့မယ်။ နှင့်နောက်ကို ငါလိုက်လာခဲ့တော့မယ်။

သဲခြောက်ချောင်းအတိုင်း တောင်စောင်းလိုဏ်ခေါင်းသို့ လိုက်လာခဲ့သည်။ နေရောင် က အလွန်လင်းထိန်နေသည်။

ကျွန်တော် သတိမေ့သွားသည်။ ရေနှင့်ဖိနပ် ယူလာခဲ့လျှင် အလွန်ကောင်းမည်။ သို့သော် နာငါ့ကို မမီမှာကြောက်၍ ဘာမှမယူလာခဲ့မိ။ သူ့ကို မျက်ခြည်ပြတ်သွားမည် စိုး၍ အမြန်လိုက်လာခဲ့ရသည်။

လျှိုမြောင်လမ်းကြားအတိုင်း အဝေးကြီးလျှောက်လာခဲ့ရသည်။ ခြေထောက်တွေ လည်း ပွန်းပဲ့ပြီး သွေးထွက်ကုန်ကြပြီ။ အမောပြေနားဦးမှဖြစ်မည်။ အရေးထဲ လက်ထိတ် ကြီးကလည်း တစ်ဒုက္ခ။

ဘုရားရေ။

ဟောဟိုမှာ နာဒါတစ်ယောက် ကျောက်ဆောင်ပေါ်တောင် ရောက်သွားပြီ။

“နာဒါ...၊ နေပါဦး... နေပါဦး၊ ငါ တက်လာခဲ့မယ်၊ ခဏစောင့်နေပါဦး၊ အို... ငါ့ကိုမစပါနဲ့ နာဒါရယ်” ။

တက်... တက် ... ဆက်တက် ခြေမချော်စေနဲ့ ... မကြောက်နဲ့။

"နာဒါ ငါ့လက်ကိုလှမ်းဆွဲပါ၊ ငါ့ကိုကူညီပါ နာဒါ၊ လက်ထိတ်ကြီးက လေးနေလို့ပါ"

ဘုရား... ဘုရား... ၊ ပူလိုက်တာ ရင်ထဲကပူလိုက်တာ၊ မီးတောက်တော့မလား တောင် ထင်ရပါလား။ ငါ ရေယူမလာခဲ့မိတာ သိပ်မှားတာပဲ။

ကျွန်တော် ထွက်ပြေးလာခဲ့ရသောကြောင့် ရေယူမလာနိုင်ခဲ့။ ထွက်မပြေးရင်လည်း သူတို့က ကျွန်တော့်ကို ပြောက်ကျားတပ်ထဲ ဆွဲခေါ်သွင်းကြလိမ့်မည်။

ဘုရားရေ... ။ ငါ လမ်းများမှားသွားပြီလား။ နာဒါ့ကို လုံးဝမမြင်ရတော့ဘူး၊ အို ... ဟိုမှာ ဟိုမှာ နာဒါ။ နာဒါကို ပြန်တွေ့ရပြီ။ သူတက်နေလိုက်တာများ တောင်ဆိတ်တစ်ကောင် ကျနေတာပဲ။ သိပ်ပြီး ကြည့်လို့လှတာ ဟန်ချက်ညီညီနှင့် တက် နေလိုက်တာ။

ရုတ်တရက် ကျောက်ဆောင်စွန်းတွင် ထိုင်ချလိုက်သည်။ သူက ကျွန်တော့်ကိုကြည့် ပြီး ပြောင်လှောင်ရယ်မောနေသည်။

"ငါ ဆက်ပြီးတက်လာခဲ့မယ် နာဒါ၊ အဲဒီရောက်တော့မှ နင်နဲ့ ငါနဲ့ ကောင်းကင်ဘုံ ကို ဆက်ပြီးပျံတက်ကြမယ် နာဒါ ကျွန်တော် အမြင့်ကြီးသို့တက်လာခဲ့သည်။ ဤနေရာမှကြည့်လိုက်လျှင် သဲကန္တာရ ပြင်ကျယ်ကြီးကို မျက်စိတစ်ဆုံး မြင်နေရသည်။ ပင်လယ်သေကိုလည်း မြင်ရသည်။ နီကို တောင်သို့သွားသော မြစ်ရိုးတစ်လျှောက်ကိုလည်း ထင်ထင်ရှားရှား မြင်နေရသည်။

အလို။ ဘာအသံတွေပါလိမ့်။ ကျိုင်းကောင်တွေ မြည်သံများလား။ အို ... မဟုတ် ဘူး။ မဟုတ်ဘူး။ ကျိုင်းကောင်တွေ မဟုတ်ဘူး။ သူတို့က ကျိုင်းကောင်တွေထက် ကြီး တယ်။ သူတို့ ... သူတို့ ... ။

အို... လူတွေ... လူတွေ... နည်းနည်းနောနောမဟုတ်ဘူး၊ သိန်း... သန်း... ကုဋေ... လူတွေ... လူတွေ သဲကန္တာရတစ်ခုလုံး လူတွေနဲ့ပြည့်နေတယ်။

ကျွန်တော့်ကို သူတို့မြင်သွားပြီ။ သူတို့က ကျွန်တော့်ကို လှမ်းခေါ်နေကြသည်။ “အစ္စမေ တို့ကိုကယ်ပါ”

”အစ္စမေ တို့ကိုကယ်ပါ”

“ခင်ဗျားတို့ ပြန်သွားကြ၊ အားလုံးပြန်သွားကြ၊ ရှေ့ကို တိုးမလာကြနဲ့၊ ပြန်ကြ၊ ပြန်ကြ၊ ခင်ဗျားတို့ကို ကျုပ်အမိန့်ပေးနေတယ်”

သူတို့က ကျွန်တော့်အမိန့်ကို လုံးဝနားမထောင်။ ရှေ့သို့သာ ဆက်လက်ပြီး ချီတက်လာနေကြသည်။ သိန်းပေါင်းများစွာ သန်းပေါင်းများစွာ... ။

“အစ္စမေ တို့ကိုကယ်ပါ”

”အစ္စမေ တို့ကိုကယ်ပါ”

“ခင်ဗျားတို့ အရူးတွေ၊ ပြန်ကြ၊ ပြန်ကြ၊ ဒါမှမဟုတ်ရင် ခင်ဗျားတို့အားလုံး အရှင်လတ်လတ် မီးလောင်တိုက် သွင်းခံရလိမ့်မယ်၊ အားလုံးပြန်ကြပါ၊ ကမ္ဘာမီးကြီး လောင်ကျွမ်းတော့မယ်”

သော်...ဘုရား...ဘုရား...ငါ့စကားကိုလည်း တစ်ယောက်မှ နားမထောင်ကြ ပါလား။

သူတို့အားလုံး ဆက်လက်ချီတက်လာနေကြသည်။ သူတို့ကို ကျွန်တော် စကား ပြောရဦးမည်။ ထပ်ပြီး အမိန့်ပေးရဦးမည်။ သို့သော် ကျွန်တော် သိပ်ပြီးပင်ပန်းနေပြီ။ အမြင့်ကြီးသို့တက်လာခဲ့ရ၍ အားတွေကုန်ခန်းနေပြီ။ လက်ထိပ်ဒဏ်ကြောင့်လည်း အလွန် ပင်ပန်းနေပြီ။

ပထမဦးစွာ ကျွန်တော်နားရမည်။ ခဏလေးဖြစ်ဖြစ် နားမှဖြစ်မည်။ ကျောက်ဆောင် နှင့်မျက်နှာ ကပ်နေသောကြောင့် မခံမရပ်နိုင်အောင်ပူသည်။ ကျွန်တော်ထရပ်မှ ဖြစ်တော့ မည်။ သို့သော် ခြေထောက်များကို လုံးဝမ၍ မရတော့။ တကယ်တော့ ကျွန်တော်ပင်ပန်း လွန်းလို့ မေ့ခနဲ တစ်ချက်အိပ်ပျော် သွားခဲ့ပုံရသည်။ နေကလည်း ခြစ်ခြစ်တောက်ပူ နေသည်။ ကျွန်တော် အလွန်မောပန်းနေပြီ။ ကျွန်တော် အကြီးအကျယ် မောပန်းသွားပြီ... ။

မောင်ပေါ်ထွန်း

၁၉၈၈၊ ဇွန် - ၁၆

✥--- www.ebooks4mm.org ---✥